# LIFT
# နှစ်ပတ်လည် အစီရင်ခံစာ ၂၀၂၀



Livelihoods and Food Security Fund

UKaid

EUROPEAN UNION

Australian Aid

USAID

Canada

NEW ZEALAND

Irish Aid
Rialtas na hÉireann
Government of Ireland

Norwegian Ministry
of Foreign Affairs

managed by UNOPS

# LIFT
# နှစ်ပတ်လည် အစီရင်ခံစာ ၂၀၂၀

# ကျေးဇူးတင်လွှာ

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသမှ ဖွံ့ဖြိုးမှု နောက်ကျနေသူများ၏ အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့ ပိုမို ကောင်းမွန်လာစေရေးအတွက် စေတနာဖြင့် ထည့်ဝင်လှူဒါန်းခဲ့သည့် ဩစတြေးလျ၊ ကနေဒါ၊ ဥရောပ သမဂ္ဂ၊ အိုင်ယာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန် ပြည်ထောင်စု တို့မှ အစိုးရများအား ကျေးဇူးဥပကာရ တင်ရှိပါသည်။ ၎င်းတို့၏ ကူညီပံ့ပိုးမှုများအား အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) မှ ကျေးဇူးတင်စွာနှင့် မှတ်တမ်းတင်အပ်ပါသည်။

# အသိပေးကြေငြာချက်

ဤအစီရင်ခံစာ ကို ၂၀၂၀ ခုနှစ်အတွင်း ဩစတြေးလျ၊ ကနေဒါ၊ ဥရောပ သမဂ္ဂ၊ အိုင်ယာလန်၊ နယူးဇီလန်၊ နော်ဝေး၊ ဆွစ်ဇာလန်၊ ယူနိုက် တက်ကင်းဒမ်း နှင့် အမေရိကန် ပြည်ထောင်စုတို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့သည့် စီမံချက်များမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ရေးသားပြုစုထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသား ဖော်ပြထားသော အမြင်များသည် LIFTတွင် ထည့်ဝင်လှူဒါန်း ထားကြသည့် အလှူရှင်များ၏ တရားဝင်အမြင်များဟု ထင်မြင်ယူဆခြင်း မပြုသင့်ပါ။

ငွေလဲလှယ်နှုန်း – ဤအစီရင်ခံစာတွင် ၂၀၂၀ခုနှစ်အတွင်း ပျမ်းမျှငွေလဲနှုန်းဖြစ်သည့် အမေရိကန် ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၁,၃၉၀ ဖြင့် ဖော်ပြထားပါသည်။

ဤအစီရင်ခံစာသည် ထုတ်ဝေပြီးသည့် နှစ်ပတ်လည်အစီရင်ခံစာများအပေါ် အခြေခံ၍ ရေးသား ပြုစုထားပါသည်။ ယင်းအစီရင်ခံစာများအား www.lift-fund.org/publicationsတွင် ရယူနိုင်ပါသည်။

# အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ

**UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး**
၁၂(အို) ပြည်သူ့လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ
ဖုန်း ။ ။ +၉၅ ၁ ၆၅ ၇၂ ၈၀–၈၇
ဖက်စ်။ ။ +၉၅ ၁ ၆၅ ၇၂ ၇၉
အီးမေးလ်။ ။ lift@unops.org
lift-fund.org | facebook.com/liftfund



# အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| **ADB** | Asian Development Bank |
| **CBO** | Community-based Organisation |
| **CSO** | Civil Society Organisation |
| **DAR** | Department of Agricultural Research |
| **DC** | Donor Consortium |
| **DoA** | Department of Agriculture |
| **DoF** | Department of Fisheries |
| **DRD** | Department for Rural Develop-ment |
| **DSW** | Department of Social Welfare |
| **FMO** | Fund Management Office |
| **FB** | Fund Board |
| **FDI** | Foreign Direct Investment |
| **FRD** | Financial Regulatory Department |
| **HH** | Households |
| **IDP** | Internally Displaced Person |
| **IEC** | Information, education and communication |
| **IMAM** | Integrated management of acute malnutrition |
| **IP** | Implementing Partner |
| **LBVD** | Livestock Breeding and Veterinary Department |
| **LEARN** | Leveraging Essential Nutrition Actions To Reduce Malnutrition project |
| **MAM** | Moderate acute malnutrition |
| **M&E** | Monitoring and evaluation |
| **MADB** | Myanmar Agriculture Development Bank |
| **MEAL** | Monitoring, evaluation, accountability and learning |
| **MoALI** | Ministry of Agriculture, Livestock and Irrigation |
| **MoE** | Ministry of Education |
| **MoHS** | Ministry of Health and Sports |
| **MoNREC** | Ministry of Natural Resources and Environmental Conservation |
| **MIYCF** | Maternal and infant and young child feeding |
| **MUAC** | Mid-upper arm circumference |
| **NNC** | National Nutrition Centre |
| **SAM** | Severe acute malnutrition |
| **SBCC** | Social and behaviour change communication |
| **WASH** | Water, sanitation & hygiene |

# မာတိကာ


၁ မာတိကာ ၁

၂ အနှစ်ချုပ်တင်ပြချက် ၅

၃ ရလဒ်များ ၁၁

၃.၁။ မာတိကာ ၁၁
၃.၂။ LIFT ၏ စီမံကိန်းအဆင့် ညွှန်းကိန်းရလဒ်များနှင့် အောင်မြင်မှုများ ၁၆

၄ အကြောင်းအရာ အလိုက် အစီအစဉ်များ ၅၃

၄.၁။ အာဟာရ ဖွံ့ဖြိုးမှု ၅၅
၄.၂။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများ ၈၇
၄.၃။ စိုက်ပျိုးရေး ၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ ၁၁၃
၄.၄။ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု ၁၂၅

၅ ပဋိပက္ခဒဏ်ခံ ဒေသများ ၁၆၃

၅.၁ ရခိုင် ၁၆၅
၅.၂ အရှေ့မြောက်ပိုင်း – ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း ၁၇၉
၅.၃ အရှေ့တောင်ပိုင်းဒေသ ၁၉၇

၆ အားလုံးနှင့်အကျုံးဝင်သည့် နယ်ပယ်များ ၂၀၉

၆.၁ မူဝါဒ ၂၁၁
၆.၂ ဒေသတွင်းအခြေအနေနှင့် ကိုက်ညီစွာ ဆောင်ရွက်ခြင်း ၂၂၅
၆.၃ အရှေ့တောင်ပိုင်းဒေသ ၂၃၇
၆.၄ ကျား၊ မ ရေးရာ ၂၅၁

၇ အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ

၇.၁ LIFT ၏ စီမံ အုပ်ချုပ်မှု ၂၅၇
၇.၂ LIFT ရန်ပုံငွေများ ခွဲဝေ ချထားခြင်း ၂၆၀
၇.၃ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ၂၆၆
၇.၄ ဘဏ္ဍာရေး ၂၆၆
၇.၅ တာဝန်ခံမှုနှင့် သင်ယူမှုအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း (MEAL) ၂၆၇
၇.၆ ဆက်သွယ်ရေး ၂၆၉


၈ ငွေကုန်ရကျိုးနပ်မှု ၂၈၃

၉ နောက်ဆက်တွဲများ ၂၉၅

၉.၁ LIFT ၏ စီမံချက် တည်နေရာများ ၂၉၆
၉.၂ ၂၀၂၀ ခုနှစ်အတွင်း ဆောင်ရွက်ဆဲစီမံချက်များ ၂၉၈
၉.၃ COVID –19 ကပ်ရောဂါ တုန့်ပြန် ကာကွယ်ရေးဆိုင်ရာ ရန်ပုံငွေထောက်ပံ့မှု ၃၀၁
၉.၄ စီမံချက်၏ နောက်ဆုံး အခြေအနေ တင်ပြချက်များ ၃၀၃
၉.၅ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်အဖွဲ့အစည်းများ ၃၂၂
၉.၆ မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ၃၂၃
၉.၇ LIFT ၏ ယုတ္တာဗေဒ မူဘောင် ၃၃၄

# LIFT
# နှစ်ပတ်လည် အစီရင်ခံစာ ၂၀၂၀

LIFT
နှစ်ပတ်လည်
အစီရင်ခံစာ



# ၁

## နိဒါန်း

အလှူရှင်များ ပံ့ပိုးမှုဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) သည် မြန်မာနိုင်ငံရှိ ပြည်သူလူထုအား စီးပွားရေးအရ လုပ်ကိုင်နိုင်စွမ်းကို အပြည့်အဝ အသုံးချနိုင်ပြီး အာဟာရဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်လာခြင်း၊ ဝင်ငွေရလမ်း အမျိုးမျိုး ဖန်တီးပေးခြင်း နှင့် ကျွမ်းကျင်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်းတို့ဖြင့် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်စွမ်းရည် တိုးတက်စေရန်အတွက် အထောက်အကူပေးရန် ဆောင်ရွက်နေသည်မှာ (၁၁) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

LIFT ၏ 2019–2023 မဟာဗျူဟာကာလအတွင်း၌ မဟာဗျူဟာမြောက် အပြောင်းအလဲ လေးခုဖြင့် အားနည်း ထိခိုက်လွယ်မှု အများဆုံးသူများအား ပါဝင်စေရန် ရည်ရွယ်သည့် LIFT ၏ အလေးထားအာရုံစိုက်မှုအား ပိုမို၍ အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

- » အားလုံးပါ ဝင်စေမှု နှင့် လူမှုပေါင်းစည်း ညီညွတ်မှုတို့တွင် အလေးထား အာရုံစိုက်မှု တိုးမြှင့်ခြင်း
- » ကျား၊ မ ရေးရာ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများအား အရှိန်အဟုန် မြှင့်တင်ခြင်း
- » တိုင်းရင်းသား / နယ်စပ် ဒေသများ နှင့် ပဋိပက္ခ ဒဏ်ခံ ဒေသများတွင် အလေးထားဆောင်ရွက်မှု တိုးမြှင့်ခြင်း
- » LIFT ၏ ဖွံ့ဖြိုးရေး စီမံကိန်းများအတွင်း ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ နှင့် နေရပ်ပြန်များအား ပါဝင်စေခြင်း

LIFT ၏ ၂၀၁၉–၂၀၂၃ အဆင့် စီမံကိန်းလုပ်ငန်းများတွင် မြန်မာနိုင်ငံတဝှမ်းရှိ မိသားစုများအနေဖြင့် 'တက်လှမ်း'၊ 'ထွက်ခွာ' (သို့) 'တောင့်ထား' နိုင်ရန်အတွက် အကူအညီပေးမည့် တမူထူးခြားစွာ ရေးဆွဲထားသော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ မဟာဗျူဟာသည် အဓိကကျသည့် အခန်း ကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။ LIFT ၏ မဟာဗျူဟာနှင့် စီမံကိန်းလုပ်ငန်းများအား အာဟာရ ဖွံ့ဖြိုးမှု၊ ငွေကြေးဆိုင်ရာတွင် အားလုံးလက်လှမ်းမီ ပါဝင်စေခြင်း၊ စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ နှင့် သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှုတို့တွင် ကဏ္ဍအလိုက် တင်ပြထားပြီး နယ်ပယ်တစ်ခုချင်းစီအလိုက် မူဝါဒ၊ စနစ် နှင့် အိမ်ထောင်စု/ တစ်ဦးချင်း အဆင့်အထိ ပြောင်းလဲမှုများအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ LIFT သည် အားလုံးနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများဖြစ်သည့် မူဝါဒ ရေးရာ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း အားကောင်းစေခြင်း၊ ကျား၊မ ရေးရာ နှင့် လူမှု ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍများတွင် လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နေပါသည်။

၂၀၂၀ ခုနှစ်တလျှောက် LIFT ၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အဆိုပါ ဦးစားပေး စီမံကိန်း လုပ်ငန်း လေးခုမှ ဦးဆောင် ခဲ့ပါသည် –

LIFT မှ ဆောင်ရွက်နေသည့် **အာဟာရ ဖွံ့ဖြိုးမှု စီမံကိန်း**၏ ဦးစားပေးလုပ်ငန်းမှာ အသက် ငါးနှစ်အောက် ကလေး ငယ်များ ပုညှက်ခြင်းကို လျှော့ချရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အသက် ငါးနှစ်အောက် ကလေးသူငယ် သုံးဦးတွင် တစ်ဦးမှာ ပုညှက်နေပြီး ဘဝအစ ပထမရက် ၁,၀၀၀ မှာ ဘဝတလျှောက် အကောင်းဆုံး ကြီးထွားမှု၊ ဖွံ့ဖြိုးမှု နှင့် ကောင်းမွန်သည့် ကျန်းမာရေးတို့ ရရှိစေနိုင်မည့် အခွင့်အလမ်း တစ်ခု ဖြစ်ပါသည်။ ဘဝအစ ရက်ပေါင်း ၁,၀၀၀ စီမံချက်အား လိုအပ်သည့် အတိုင်းအတာအထိ ကျယ်ကျယ်ပြန့်ပြန့်ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါက ပြည်သူလူထု၏ စီးပွားရေး အခြေအနေများကို အသွင်ပြောင်းနိုင်မည် ဖြစ်ပါသည်။ LIFT သည် မြန်မာနိုင်ငံတွင်၂၀၁၄ ခုနှစ်မှ စတင်၍ အာဟာရ ဖွံ့ဖြိုးမှုကဏ္ဍတွင် ဦးဆောင်ဦးရွက်ပြုပြီး၊ ညှိနှိုင်းဆောင်ရွက်ပေးကာ၊ အထောက်အကူပေးသည့် အဖွဲ့ အစည်းတစ်ခုဖြစ်လာရန် ကိုယ်တိုင် တည်ဆောက်ခဲ့ပြီး ပဋိပက္ခဖြစ်ပွားသည့် ဒေသ များနှင့် တိုင်းရင်းသားလူမျိုးများ နေထိုင်သည့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတွင်းရှိ နေရာဒေသ အများအပြားတွင် ကိုယ်ဝန်ဆောင် မိခင်များ

နှင့် ၄င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အထိ ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (MCCT) ကို ရှေ့ပြေး စမ်းသပ်ဆောင်ရွက်ပေးခြင်းဖြင့် အစိုးရမှ အားလုံးပါဝင်သည့် MCCT အစီအစဉ်အား အလုံးစုံ တာဝန်ယူ ဆောင်ရွက်နိုင်သည်အထိ ပံ့ပိုးပေးခဲ့ကာ၊ အစိုးရမှ ဖော်ဆောင်လျက်ရှိသည့် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS–NPAN) အား ပံ့ပိုးပေးရာတွင် အဓိက အခန်းကဏ္ဍမှာ ပါဝင်လျက် ရှိသည့်အပြင် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ နှင့် အမျိုးသမီးများအတွက် အာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သည့် အကျိုးသက်ရောက်မှုရှိသည်ဆိုသည်ကို သက်သေ ပြနိုင်ခဲ့သည့် အာဟာရ အလေးထား ချဉ်းကပ် နည်းလမ်းများ နှင့် အာဟာရ ဇောင်းပေးချဉ်းကပ်နည်းလမ်းများအား အလေးထား အာရုံစိုက်မှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

**LIFT ၏ အားလုံးပါဝင်သည့် ငွေကြေးဆိုင်ရာ အစီအစဉ**်သည် နိုင်ငံတစ်ဝန်းရှိ ကျေးရွာများနှင့် ရပ်ကွက်များရှိ အားနည်းထိခိုက်လွယ်မှု အများဆုံးသူများ အနေဖြင့် ၎င်းတို့၏ စီးပွားရေး နှင့် လူမှုရေး အဆင့်အတန်း မည်သို့ပင်ရှိ စေကာမူ ကျေးလက်ဒေသ ငွေကြေးဆိုင်ရာ ဈေးကွက် ဖော်ဆောင်ခြင်းမှ အကျိုးကျေးဇူး သေချာစွာ ရရှိနိုင်စေရန် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ လူမှုရေးအရ တာဝန်ယူမှုရှိပြီး အားလုံး ပါဝင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် စီးပွားရေး ကဏ္ဍအတွက် အကျိုးကျေးဇူး ကျယ်ကျယ် ပြန့်ပြန့် ရရှိစေနိုင်ရန် ပံ့ပိုး ပေးလျက် ရှိသော်လည်း ဝန်ဆောင်မှု မရရှိသည့် (သို့) ဝန်ဆောင်မှု အပြည့်အဝ မရရှိသည့် ပြည်သူအများ အပြားတို့ ရှိနေဆဲ ဖြစ်ပါသည်။ ၂၀၁၄ခုနှစ်မှ စတင်၍ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင် စေသည့် အစီအစဉ် ၏ အသေးစား ငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ အားကောင်းစွာ လက်လှမ်းမီ ရောက်ရှိနိုင်ခဲ့ပြီး ငွေကြေးကဏ္ဍဆိုင်ရာ ပြောင်းလဲတိုးတက်မှုများ နှင့် မိုဘိုင်းလ်ဖုန်း ပိုင်ဆိုင်မှု အလျင်အမြန် တိုးတက်မြင့်မားလာမှုတို့က စုငွေများနှင့် ဒီဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား စတင်အသုံးပြုနိုင်လာသည့် အခွင့်အလမ်း အများအပြား ပွင့်လာစေခဲ့ပါသည်။ အားလုံး ပါဝင်သည့် ငွေကြေးဆိုင်ရာ စီမံကိန်း ၂၀၁၉–၂၀၂၃ မှ အရင်းအနှီးဈေးကွက်များ တိုးချဲ့ခြင်း၊ ဆင်းရဲနွမ်းပါးသူများ အကျိုး ဖြစ်ထွန်းစေမည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးချဲ့ခြင်း၊ ငွေကြေးစုဆောင်းစေရန် စည်းရုံးခြင်း၊ စိုက်ပျိုး စီးပွား လုပ်ငန်းများအား ထောက်ပံ့ပေးခြင်း နှင့် အားလုံးပါဝင်သည့် လူမှုရေးအရ တာဝန်ခံမှုရှိသော ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများအတွက် လုပ်ကိုင်နိုင်စွမ်းရှိစေမည့် မူဝါဒဝန်းကျင် ဖြစ်စေခြင်း အပါအဝင် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများအား ဆက်လက်၍ ကူညီပံ့ပိုးပေးလျက် ရှိပါသည်။

**LIFT ၏ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာထုတ်လုပ်မှု စနစ်များ အစီအစဉ်**သည် အမျိုးသမီးများ အနေဖြင့် ငွေကြေးဆိုင်ရာ လက်လှမ်းမီမှု၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ၊ တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုများနှင့် ကြီးထွား တိုးတက်မှု ပိုများသည့် ဈေးကွက်များသို့ ဝင်ရောက်ခြင်း တို့တွင် မကြာခဏဆို သလို အခက်အခဲများ တွေ့ကြုံနေရသဖြင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း နှင့် ကျား၊ မ တန်းတူ ညီမျှမှု တို့ကို ဖြေရှင်းပေးနိုင်ရန် အပတ်တကုတ် ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။ စိုက်ပျိုးရေးကဏ္ဍသည် စီးပွားရေး ဖွံ့ဖြိုးမှု အတွက် ပံ့ပိုးပေးရာတွင် ဝန်ဆောင်မှုကဏ္ဍ နောက်တွင် ဒုတိယ လိုက်သည့် ကဏ္ဍဖြစ်ပြီး ပြည်တွင်း အသားတင် ထုတ်ကုန်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းနီးပါးခန့်အား ပံ့ပိုးပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ၊ ငါးလုပ်ငန်း နှင့် သစ်တောကဏ္ဍတွင် ကုန်ထုတ်လုပ်မှု နှင့် စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအားတို့တွင် တိုးတက်မှုရှိသည့် အလားအလာ အများအပြား ရှိသော်လည်း စိန်ခေါ်မှုအများအပြားကိုလည်း ရင်ဆိုင်နေရပါသည်။ LIFT ၏ အစီအစဉ်မှ အားလုံး ပါဝင်သည့် တန်ဘိုးမြင့် ကွင်းဆက် ချဉ်းကပ်နည်းလမ်းကို ချမှတ်ပြီး မြေယာ နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု တို့အတွက် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် ပုဂ္ဂလိက ကဏ္ဍတို့နှင့် ပူးပေါင်းဆောင်ရွက်ကာ ယင်း၏ အာဟာရ ဇောင်းပေး စိုက်ပျိုးရေးကို အလေးပေး အာရုံစိုက် ဆောင်ရွက်ခြင်း မှတဆင့် အာဟာရဆိုင်ရာ အကျိုးရလဒ်များ ပိုမိုကောင်းမွန် လာစေရန်အတွက် ပံ့ပိုးကူညီပေး ပါသည်။

**LIFT ၏ သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု အစီအစဉ်**သည် ၎င်း၏ ချဉ်းကပ်နည်းလမ်းအား ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများအား အားနည်းထိခိုက်လွယ်မှု အများဆုံး လုပ်သားထုအဖြစ် သတ်မှတ်ထားလျက် မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်အတွင်းတွင် ကောင်းမွန်သည့် အလုပ်အကိုင် အခြေအနေများ ဖန်တီးပေးနိုင်ရန် အလေးထား အာရုံစိုက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ပိုမိုပွင့်လင်း ပြီး ဈေးကွက် စီးပွားရေးစနစ်ကို ဦးတည်၍ အသွင်ကူးပြောင်းလျက်ရှိသဖြင့် အလုပ်အကိုင်ခန့်ထားနိုင် သည့် စီးပွားရေးလုပ်ငန်းများနှင့် ပထဝီအနေအထား တည်နေရာများကြား လုပ်သားများ ရွှေ့ပြောင်းသွားလာမှု အား အရှိန်အဟုန် မြင့်တင် ပေးလျက်ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံရှိ အလုပ်အကိုင်ခန့်ထားမှု အခြေအနေ များ အလျင်အမြန် ပြောင်းလဲလာခြင်းက ကောင်းမွန်သည့် လုပ်ငန်းခွင် အခြေအနေများ ရရှိစေနိုင်ခြင်း နှင့် လုပ်အား ခေါင်းပုံဖြတ်မှုအား တားဆီး ကာကွယ်ခြင်းတို့အတွက် ကြီးမားသည့် စိန်ခေါ်မှုများ ဆောင်ကြဉ်းလာခဲ့ ပါသည်။ အစီအစဉ်၏ မူဘောင်အား အခိုင်အမာ ထောက်ပံ့ပေးခြင်းသည် မြန်မာနိုင်ငံတွင် သင့်တင့်လျောက်ပတ် သည့် အလုပ်အကိုင်ရရှိစေရန်အတွက် အခြေခံအား တည်ဆောက်ရာတွင် အဓိကကျသည့် အုတ်မြစ်အနေဖြင့် အခြေခံကျသည့် အလုပ်သမား အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်ပါသည်။ ဤအစီအစဉ် သည် မူဝါဒနှင့် ဥပဒေများ အားကောင်းစေရန်၊ နည်းပညာ အရင်းအမြစ်များ ခိုင်မာအားကောင်းစေရန်၊ ပတ်သက် ဆက်နွယ်သူများ၏ အသိအမြင်နှင့် စွမ်းဆောင်ရည် တိုးမြှင့်လာစေရန် နှင့် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး များ၊ အမျိုးသားများနှင့် အခြား အားနည်းထိခိုက်လွယ်သည့် အလုပ်သမားများအတွက် သတင်းအချက်အလက် များ၊ သင်တန်းများ နှင့် ဝန်ဆောင်မှုများ ပိုမို ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။

LIFT သည် ယင်း၏ ၂၀၁၉–၂၀၂၃ အဆင့်တွင် တိုင်းရင်းသားလူမျိုးစု/နယ်စပ်ဒေသ ပြည်နယ်များနှင့် ပဋိပက္ခ ဒဏ်ခံ ဒေသများရှိ အားနည်း ထိခိုက်လွယ်မှု အများဆုံးသူများအပေါ် အာရုံစိုက်မှုကို အရှိန်အဟုန်မြှင့်ပေးလျက် ရှိပါသည်။ LIFT သည် ကာလရှည်ကြာ ဖြစ်ပွားခဲ့သည့် ကပ်ဘေးများနှင့် မေ့လျော့ဖယ်ကြဉ်ခံရသည့် ဒေသများရှိ ရပ်ရွာလူထုများအတွက် ဆင်းရဲနွမ်းပါးမှု နှင့် ငတ်မွတ်မှုလျော့ချနိုင်ရန်၊ လူသားချင်း စာနာမှုဆိုင်ရာ ဖွံ့ဖြိုး






တိုးတက်မှု အသွင် ကူးပြောင်းရေးအား ကူညီပံ့ပိုးပေးခြင်းဖြင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် နေရပ်ပြန်သူများအား ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ပါဝင်လာစေရန် ဆောင်ကျဉ်းပေးနိုင်ရန်၊ ပိုမိုကောင်းမွန် သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ ရရှိစေရန်အတွက် ပံ့ပိုးပေးရန်၊ နေရပ်စွန့်ခွာတိမ်းရှောင်သူများ အား အလုပ်အကိုင်များနှင့် ဝင်ငွေများ ရရှိစေရန်အတွက် ကူညီပေးရန်၊ လူကုန်ကူးခံရသူများအား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမှ တားဆီး ကာကွယ်ပေးရန် ၊ ကာကွယ်စောင့်ရှောက်ပေးသည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် နှင့် ဒေသခံ လူမှု အသိုက်အဝန်းနှင့် ပေါင်းစည်းညီညွတ်မှု တည်ဆောက်ရန်တို့အတွက် ရေရှည်တည်တံ့ပြီး ပိုမို လှုပ်ရှားတက်ကြွသည့် ချဉ်းကပ် နည်းလမ်းများဖြင့် ထောက်ပံ့ကူညီပေးရန် ဦးတည်ရည်ရွယ်ပါသည်။

COVID–19 ကမ္ဘာ့ကပ်ရောဂါသည် မြန်မာနိုင်ငံသို့ ၂၀၂၀ ခုနှစ် မတ်လတွင် ရောက်ရှိလာခဲ့သဖြင့် စီမံကိန်း ဆောင်ရွက်ချက်များ ပြောင်းလွယ်ပြင်လွယ် ဖြစ်စေရန် နှင့် လုပ်ဆောင်ချက်များ လိုအပ်လာခဲ့ပါသည်။ LIFT နှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများသည် မြန်မြန် ဆန်ဆန် တုံ့ပြန်ဆောင်ရွက်ခဲ့ကြပြီး ရှိဆဲအရင်းအမြစ်များအား အားနည်းထိခိုက်လွယ်မှု အများဆုံးသူများအတွက် ကူညီပံ့ပိုးပေးရန် အရေးပေါ် ကြိုတင်ပြင်ဆင်မှုများနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အဓိကထား ဦးတည်ရည်ရွယ်ခဲ့ကြပါသည်။ စီမံချက် များသည် COVID–19 ဆိုင်ရာ ကန့်သတ်မှုများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခဲ့ကြပြီး LIFT ၏ အကြောင်းအရာလိုက် စီမံကိန်းများနှင့် အားလုံးနှင့် အကျုံးဝင်သော နယ်ပယ်များရှိ စီမံကိန်းလုပ်ငန်းများအား ကြိုတင် စီစဉ်ရေးဆွဲထားသည့် အတိုင်း ပြီးစီးနိုင်စေရန် ဆက်လက် လုပ်ဆောင်ခဲ့ကြပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ၂၀၂၀ ခုနှစ်အတွင်း COVID–19 ကာလ ခက်ခဲသော အခြေအနေကို ကောင်းစွာ ဖြတ်သန်းနိုင်ခဲ့ပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ LIFT ၏ ရလဒ်အများအပြားကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်းတို့၏ နောက်ဆုံးပေါ် အခြေအနေများနှင့် အသိအမြင်များအား LIFT ကို အသိပေး တင်ပြခဲ့ပြီး LIFT အနေဖြင့် ရည်မှန်းထားသည့် ပန်းတိုင်များနှင့် လိုက်လျောညီထွေ ဖြစ်မည့် လက်ရှိအခြေအနေ မှ ပေါ်ထွက်လာသည့် ရပ်ရွာလူထုအတွက် လိုအပ်မည့် ဦးစားပေး လုပ်ငန်းများအား ပံ့ပိုးကူညီပေးရန်အတွက် ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ LIFT သည် ဒေသတွင်း အဖွဲ့အစည်းများအား အားပေးရန်နှင့် ကူညီ ပံ့ပိုးပေးရန်အတွက် တိုက်ရိုက် နှင့် သီးသန့် ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်သည့် ဒေသအလိုက် သတ်မှတ်ထားသည့် ပန်းတိုင် (၅) ခု ကို ဖော်ဆောင်ထားခဲ့ပါသည်။

LIFT ၏ ကန်ဒေါ်လာ (၅၇၉) သန်းထိ ရှိသည့် ထောက်ပံ့မှုသည် အကြမ်းဖျင်းအားဖြင့် နိုင်ငံ၏ ကျေးလက်ဒေသနေ ပြည်သူများ၏ ၃၈ ရာခိုင်နှုန်းခန့် ရှိသည့် ကျေးလက်နေပြည်သူ (၁၂.၈) သန်း ထံရောက်ရှိခဲ့ပါသည်။LIFT ၏ ပထဝီ အနေအထား လွှမ်းခြုံမှုမှာ ကျယ်ပြန့်ပြီး ၂၀၂၀ခုနှစ်တွင် မြို့နယ်ပေါင်း (၂၅၅) မြို့နယ် အထိ ရောက်ရှိခဲ့ပါသည်။ နိုင်ငံတစ်ဝန်းတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် LIFT ၏ မိတ်ဖက် အဖွဲ့အစည်း များမှာ ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများ၊ ပညာရေးနှင့် သုတေသန အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ကဏ္ဍတို့ ဖြစ်ကြပါသည်။ LIFT သည် မြန်မာနိုင်ငံ အစိုးရအတွက် နည်းပညာ အကူအညီနှင့် လမ်းညွှန်မှုလည်း ပံ့ပိုးပေးလျက် ရှိပါသည်။




*ပုံ ၁–၁။ ၂၀၁၀ မှ ၂၀၂၀ ခုနှစ်အတွင်း LIFT ပံ့ပိုးမှုများ ရောက်ရှိခဲ့သည့် မိသားစုများ*



# အနှစ်ချုပ်တင်ပြချက်

# ၂

**၁။ LIFT သည် ၂၀၂၀ခုနှစ် ၏ စိန်ခေါ်မှုများနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ခဲ့ပြီး ကောင်းမွန်သည့် ရလဒ်များ ရရှိနိုင်စေရန် ရှေ့ဆက် ဆောင်ရွက်ခဲ့ပါသည်။** COVID–19 ကမ္ဘာ့ကပ်ရောဂါ နှင့် ဖြစ်ပွားခဲ့သည့် နှစ်တစ်နှစ် ၏ စိန်ခေါ်မှုများ အားလုံးကို ကြုံတွေ့ခဲ့ရသော်လည်း LIFT ၏ စွမ်းဆောင်နိုင်မှုမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ LIFT အနေဖြင့် ၂၀၂၀ ခုနှစ်တွင် ညွှန်းကိန်း (၃၇ ခု ) အနက်မှ (၂၄ ခု) (၆၅ ရာခိုင်နှုန်း) ပြည့်မီ (သို့) ကျော်လွန်ခဲ့ပြီး မူဝါဒဆိုင်ရာ ရလဒ်ညွှန်းကိန်း ၈ ခုလုံးတွင် ကျော်လွန်ခဲ့ပါသည်။ COVID –19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်မှု အစီအစဉ်များကြောင့် အားလုံးအပေါ် သက်ရောက်မှုများ ရှိခဲ့ပြီး အထူးသဖြင့် စီမံကိန်းလုပ်ငန်းများတွင် ကန့်သတ်မှုများ နှင့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ရလဒ်များ အပါအဝင် ထိခိုက်မှုများ ရှိခဲ့သော်လည်း LIFT ၏ အကြောင်းအရာလိုက် နယ်ပယ် လေးခုလုံးတွင် စွမ်းဆောင်မှု ကောင်းမွန်ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ LIFT သည် အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင် အာဟာရ ပြည့်ဝမှု ကောင်းမွန်စေခြင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လူကုန်ကူးခြင်းတို့အား လျော့ကျစေခြင်း၊ ငွေကြေးဆိုင်ရာ အသိပညာ နှင့် ချေးငွေရရှိမှု တိုးမြှင့်စေခြင်းတို့ဖြင့် အမျိုးသမီးများအတွက် ဆက်လက်ကူညီပံ့ပိုးပေးလျက် ရှိပါသည်။ LIFT မှ ထောက်ပံ့ပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများ၏ ၉၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြပါသည်။

**၂။ ၂၀၂၀ ခုနှစ်သည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေ၏ ၁၁ နှစ်မြောက် နှစ်ဖြစ်ပါသည်။** ၂၀၂၀ခုနှစ်တွင် LIFT မှ မြန်မာနိုင်ငံရှိ မြို့နယ်များ၏ (၇၇) ရာခိုင်နှုန်းဖြစ်သည့် မြို့နယ်ပေါင်း (၂၅၅) မြို့နယ်တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ခုနှစ်အကုန်တွင် LIFT မှ ကျေးလက်နေပြည်သူ (၁၂.၈) သန်း (သို့) မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူလူထု၏ အကြမ်းဖျင်းအားဖြင့် ၃၈ ရာခိုင်နှုန်းထံ ရောက်ရှိခဲ့ပါသည်။

**၃။ ၂၀၂၀ ခုနှစ်တွင် စီမံချက် အများအပြား အပြီးသတ်ခဲ့ပြီး စီမံချက်အသစ်များ စတင်ခဲ့ပါသည်။** LIFT သည် ၂၀၂၀ ခုနှစ်တွင် ထောက်ပံ့မှု (၈၇) ခုအား စီမံခန့်ခွဲခဲ့ပြီး (၂၈) ခုကို အပြီးသတ်ခဲ့ပါသည်။ LIFT သည် ၂၀၁၉–၂၀၂၃ မဟာဗျူဟာသို့ ဆက်လက် ကူးပြောင်းသည့် ကာလတွင် စီမံချက် (၂၁) ခု စတင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်ကုန်တွင် LIFT တွင် ဆောင်ရွက်ဆဲ စီမံချက် (၅၉) ခု ရှိပြီး မိတ်ဖက်အဖွဲ့ ၅၇ဖွဲ့နှင့် လက်တွဲဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်နှစ်ကုန်တွင် ကန်ဒေါ်လာ (၅၃၉) သန်းမှ ကန်ဒေါ်လာ (၅၇၉) သန်းအထိ တိုးမြှင့် ပံ့ပိုးနိုင်ခဲ့ပါသည်။

**၄။ LIFT သည် COVID–19 ကမ္ဘာ့ကပ်ရောဂါ စတင် ဖြစ်ပွားချိန်တွင် အားနည်းထိခိုက်လွယ်ဆုံးသူများအား ကူညီထောက်ပံ့ပေးရန်အတွက် ရှိရင်းဆဲ ရင်းမြစ်များအား အဓိကထား ဦးတည်ရည်ရွယ်ခြင်းဖြင့် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။** LIFT သည် COVID –19 ဗိုင်းရပ်စ် ရောဂါပိုး ကူးစက်ပြန့်ပွားသည့် ဖြစ်စဉ်တွင် မြေပြင်တွင် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ခြင်း၊ အရေးတကြီးလိုအပ်သည့် နယ်ပယ်များအတွက် ကာလလတ် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် လူမှုစီးပွားအကျိုးသက်ရောက်မှုများအတွက် ရေရှည်တုံ့ပြန် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ကန်ဒေါ်လာ (၂၈.၉) သန်း သတ်မှတ်လျာထားခဲ့ပါသည်။ ၂၀၂၀ခုနှစ်အတွင်း ဖြည့်စွက်ပေးသည့် ကြိုတင်မှန်းဆထားခြင်းမရှိသော ရန်ပုံငွေဆိုင်ရာဆုံးဖြတ်ချက်များ အများအပြားချမှတ်ခဲ့ရပြီး ၂၀၁၉ –၂၀၂၃ မဟာဗျူဟာ ကာလအတွင်း သဘောတူညီမှုစာချုပ် ချုပ်ဆိုရန် စီစဉ်ထားသည့် စီမံကိန်းများအတွက် ရန်ပုံငွေပံ့ပိုးမှု မပြုရန် ဆုံးဖြတ်ချက်များကိုလည်း ခက်ခက်ခဲခဲ ချမှတ်ခဲ့ရပါသည်။ ရခိုင်ပြည်နယ်စီမံကိန်းအတွက် အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်ချက်များအား ၂၀၂၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။

**၅။ LIFT ၏ အာဟာရ ဖွံ့ဖြိုးမှု စီမံကိန်းသည် COVID–19 ကမ္ဘာ့ ကပ်ရောဂါကြောင့် သိသိသာသာ ထိခိုက်ခံစားခဲ့ရသည့် အာဟာရချို့တဲ့မှု၏ အခြေခံ အကြောင်းရင်းများအား ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မူဝါဒ၊ စနစ်နှင့် အိမ်ထောင်စုအဆင့်များတွင် အာဟာရ သီးသန့် စီမံကိန်းလုပ်ငန်းများနှင့် အာဟာရဇောင်းပေး စီမံကိန်းလုပ်ငန်းများအား လိုက်လျောညီထွေ ဖြစ်စေခြင်းနှင့် တိုးချဲ့ဆောင်ရွက်ခြင်းတို့ဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။** LIFT အနေဖြင့် အစိုးရ၏ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS–NPAN) အား အတည်ပြုခဲ့သည့် ၂၀၁၈ ခုနှစ်မှ စတင်၍ ကူညီပံ့ပိုးပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တော်ကော်မတီ အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ် (၂၄) ဦး ပါဝင် တက်ရောက်ခဲ့သော ထောက်ခံအားပေးသည့်

အဆင့်မြင့် အစည်းအဝေး ကျင်းပနိုင်ရန် ပံ့ပိုးပေးခဲ့ပြီး အဆိုပါ အစည်းအဝေးမှ ရင်းမြစ်များ နှင့် ဘတ်ဂျက်ခွဲဝေပေးမှုများအတွက် အထောက်အပံ့များ ရရှိစေရန် နှင့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ ဒေသန္တရ အဆင့် ဖွံ့ဖြိုးရေး စီမံချက်များနှင့် ဘတ်ဂျက်များတွင် MS–NPAN အား ပေါင်းစည်း ထည့်သွင်းနိုင်ရေးအတွက် အောင်မြင်စွာ စည်းရုံးဆောင်ရွက် နိုင်ခဲ့ပါသည်။ ကဏ္ဍပေါင်းစုံမှ တုံ့ပြန်ဆောင်ရွက်ရန်အတွက် လိုအပ်ချက်မှာ COVID–19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ပိုမို ထင်ရှားလာပါသည်။

**၆။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းသည် အိမ်ထောင်စုပေါင်း ၂,၉၁၂,၂၇၂ စု (၉၀ ရာခိုင်နှုန်းမှာ အမျိုးသမီး) တို့ထံ ရောက်ရှိသည့် LIFT ၏ တစ်ခုတည်းဖြစ်သည့် အကြီးမားဆုံးသော စီမံကိန်း ဆောင်ရွက်ချက်အဖြစ် ဆက်လက် ရပ်တည်နေဆဲဖြစ်ပါသည်။** ပိုမို၍ ခိုင်မာအားကောင်းပြီး အားလုံးပါဝင်စေသည့် ကျေးလက်ငွေကြေး ဈေးကွက်သည် ပြည်သူများအနေဖြင့် စီးပွားရေး အခွင့်အလမ်းများ၏ အကျိုးကျေးဇူးကို ရယူရန် နှင့် ပြင်ပရိုက်ခတ်မှုများကြောင့် ဆင်းရဲနွမ်းပါးသည့် ပြည်သူများ၏ ထိခိုက်လွယ်မှုများအား လျှော့ချနိုင်ရန်တို့အတွက် အထောက်အကူ ပေးပါသည်။ LIFT သည် ဝန်ဆောင်မှု ရယူအသုံးပြုသူများထံ ချေးငွေ ကန်ဒေါ်လာ (၁,၄၁၆) သန်း ထုတ်ချေးပေးခဲ့သည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း (MFI) ၂၃ ခုအား ထောက်ပံ့ပေးခဲ့ပါသည်။ COVID–19 ကမ္ဘာ့ကပ်ရောဂါသည် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ နှင့် ဝန်ဆောင်မှု ရယူသူများ၏ ဝင်ငွေများအပေါ် ကြီးမားသည့် သက်ရောက်မှု ရှိခဲ့ပြီး ယင်းမှ ၂၀၂၀ ခုနှစ်အတွင်း MFI များ၏ ရေရှည် ရပ်တည်နိုင်မှုအား ထိခိုက်စေခဲ့ပါသည်။ ကမ္ဘာ့ကပ် ရောဂါ ဖြစ်ပွားစ ကာလတွင် အာမခံ မထားသော/ အာမခံ ထက်ချေးငွေ တန်ဖိုးမြင့်သည့် ချေးငွေအတွက် အတိုးနှုန်းများ လျှော့ချပေးသည့် အစိုးရ၏ ညွှန်ကြားချက်များကြောင့် MFI များတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုများ လျော့နည်းသွားမည်ကို စိုးရိမ်မကင်း ဖြစ်စေခဲ့ပါသည်။ LIFT၊ မိတ်ဖက်အဖွဲ့အစည်းများ နှင့် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေး အသင်းတို့မှ အစိုးရအား ယင်းသို့ စိုးရိမ်မကင်း ဖြစ်မှုများအား အကြောင်းကြားခဲ့ပြီးနောက် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍအတွက် နိုင်ငံခြားချေးငွေများအတွက် အတိုးနှုန်းများအား ပြန်လည် ချိန်ညှိပေးခဲ့ပါသည်။ LIFT သည် ယင်း၏ MFI များ အရင်းအနှီး ဖော်ဆောင်ရေး အစီအစဉ်မှ တဆင့် ကန်ဒေါ်လာ (၅.၅) သန်း ရယူနိုင်ခဲ့ပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍအတွင်းသို့ နိုင်ငံတကာ အရင်းအနှီး ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ (၆၇.၁၃) သန်း အထိ အားဖြည့်ပေးခဲ့နိုင်ခဲ့သည့် ကန်ဒေါ်လာ (၅.၅) သန်းအား ရယူနိုင်ခဲ့ပါသည်။

**၇။ LIFT နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ လိုက်လျောညီထွေ ဖြစ်စေသည့် စီမံခန့်ခွဲမှု မဟာဗျူဟာများသည် COVID –19 ကပ်ရောဂါ ကြောင့် ထိခိုက်ခံစားကြရသည့် ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူ (၁.၄) သန်း အတွက် မြန်မာနိုင်ငံတွင် ကပ်ရောဂါဆိုင်ရာ တုံ့ပြန် ကာကွယ်မှုဆိုင်ရာ အကြီးမားဆုံး စီမံကိန်းအစီအစဉ်အား ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၀ ခုနှစ် စက်တင်ဘာလ တွင် တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူ (၁.၄) သန်း (အမျိုးသမီး ၆၀ ရာခိုင်နှုန်း) အား ကူညီထောက်ပံ့မှုများ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။** LIFT ၏ သင့်တင့် လျောက်ပတ်သော အလုပ်အကိုင် နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု အစီအစဉ်၏ မိတ်ဖက် အဖွဲ့အစည်းများက မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၂) ခု တို့တွင် ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်မှုများ ပံ့ပိုးပေးရန်အတွက် ဘတ်ဂျက် ပြန်လည်ခွဲဝေမှုများ ဆောင်ရွက်ခဲ့ကြပါသည်။ စီမံချက် ၁၀ ခု တို့သည် ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်ခံစားရသည့် ရွှေ့ပြောင်းသွားလာသူများအတွက် ကူညီပံ့ပိုးမှုများ တိုးမြှင့်ပေးနိုင်ရန် LIFT မှ ပံ့ပိုးပေးသည့် ရန်ပုံငွေများအနက်မှ ကန်ဒေါ်လာ (၃) သန်းအတွက် အဆိုပြုလွှာအသစ်များ ရေးဆွဲ တင်သွင်းခဲ့ပါသည်။ စီမံကိန်းအစီအစဉ်၏ မိတ်ဖက် အဖွဲ့အစည်းများမှ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရန် အသုံးပြုသည့် ရေဒီယိုနှင့် လူမှု ကွန်ရက် ပလက်ဖောင်းများအား မြန်မာနိုင်ငံတဝှမ်းနှင့် ဆိုက်ရောက်နိုင်ငံများရှိ လူသန်းပေါင်းများစွာထံ တိုက်ရိုက် ရောက်ရှိစေရန်အတွက် COVID–19 ကပ်ရောဂါ ကာကွယ်တားဆီးရေး ဆိုင်ရာ သတင်းအချက်အလက်များအား ပိုမို ကျယ်ပြန့်များပြားသည့် ပရိသတ်များထံသို့ ဖြန့်ဝေရာတွင် အကောင်းဆုံး အသုံးချနိုင်ခဲ့ပါသည်။ ကမ္ဘာ့ကပ်ရောဂါသည် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေ မူဘောင်များတွင် အားနည်းချက်များ ရှိနေကြောင်း ရှင်းရှင်းလင်းလင်း မြင်သာစေခဲ့ပါသည်။ LIFT ၏ ကူညီပံ့ပိုးမှုဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ (ILO) မှ နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေ ရေးဆွဲရာတွင် နည်းပညာ အကူအညီ အများအပြား ပံ့ပိုးပေးခဲ့ပြီး ဥပဒေမှာ ပြဋ္ဌာန်းနိုင်တော့မည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ သို့သော်လည်း ၂၀၂၀ခုနှစ်အတွင်း တိုင်ပင်ဆွေးနွေးမှုများ ရက်ရွှေ့ခဲ့ပြီး ၂၀၂၁ ခုနှစ် စစ်တပ် အာဏာသိမ်းမှုကြောင့် နှစ်ပေါင်းများစွာ ရေးဆွဲပြုစုခဲ့ပြီး ၂၀၂၀ခုနှစ်အတွင်း ပြဋ္ဌာန်းရန် နီးစပ်နေပြီ ဖြစ်သည့် ဤဥပဒေမှာ မြန်မာနိုင်ငံတွင် ကျား–မရေးရာ တန်းတူညီမျှမှု ဆိုင်ရာ ထင်ရှားသည့် မှတ်တိုင် တစ်ခု ဖြစ်လာနိုင်သည့် အိမ်အကူ အလုပ်သမားများဆိုင်ရာ ဥပဒေမူကြမ်း နည်းတူ ချောင်ထိုးခြင်း ခံလိုက်ရပါတော့သည်။

**၈။ LIFT နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) တို့ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဆန်စပါးမျိုးစေ့ ကဏ္ဍတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးရန်အတွက် လုပ်ငန်းတွင် ပါဝင် ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်း(Cash–for–work) ရှေ့ပြေးစမ်းသပ် စီမံချက်ကို အကောင်အထည် ဖော်ခဲ့ပြီး စီမံချက်အတွက် ကန်ဒေါ်လာ (၉၅၀,၀၀၀) သတ်မှတ် ချထားပေးခဲ့ပါသည်။** Cash–for–work စီမံချက်သည် ကမ္ဘာ့ကပ်ရောဂါကြောင့် ဖြစ်ပွားစေခဲ့သည့် လူမှုစီးပွား အကျိုးသက်ရောက်မှုကို လျော့နည်းစေရန် ရည်ရွယ်သည့် အစိုးရ၏ COVID–19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) ၏ ဦးစားပေးလုပ်ငန်း တစ်ရပ် ဖြစ်ခဲ့ပါသည်။ ကချင် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း စီမံကိန်း အစီအစဉ်နှင့် အရှေ့တောင်ပိုင်း စီမံကိန်း အစီအစဉ်တို့ အောက်တွင် စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာထုတ်လုပ်မှု စနစ်များ(AMFS) ဆိုင်ရာ စီမံချက်အသစ် လေးခုအား ခွင့်ပြုပေးခဲ့ပြီး စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ယင်းစီမံချက်များသည် ပဋိပက္ခဒဏ်ခံဒေသများတွင် မြေယာ နှင့် သဘာဝ သယံဇာတများ စီမံခန့်ခွဲရန်တို့အတွက် အဓိကထား အာရုံစိုက်ပါသည်။ သို့သော်လည်း ၂၀၂၀ခုနှစ်တွင် မြန်မာနိုင်ငံတွင် COVID–19 ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများ ပြန်လည်ခွဲဝေ သတ်မှတ်ရသဖြင့် LIFT ၏ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ (AMFS) စီမံကိန်း အစီအစဉ် အတွက် သတ်မှတ်ပေးထားသည့် ရန်ပုံငွေစုစုပေါင်းမှာမူ လျော့နည်းသွားခဲ့ပါသည်။





**၉။ အထူးသဖြင့် ပဋိပက္ခဒဏ်ခံဒေသများရှိ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဒေသခံ လူမှု အသိုက်အဝန်းများသည် COVID–19 ကမ္ဘာ့ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများအား ထိခိုက်ခံစားကြရပြီး LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသနှင့် ရခိုင်ပြည်နယ်တို့တွင် ရှေ့တန်းမှ အရေးပေါ် တုံ့ပြန်ကာကွယ်ဆောင်ရွက်ရန်အတွက် အဓိကထား ဦးတည် ရည်ရွယ်ခဲ့ကြပါသည်။** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသတို့တွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် သတင်းအချက်အလက်များ၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး WASH ဆိုင်ရာ စီမံကိန်းဆောင်ရွက်မှုလုပ်ငန်းများ နှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် တစ်ကိုယ်ရေသုံး ရောဂါ ကာကွယ်ရေး ပစ္စည်းကရိယာ (PPE) များ ပံ့ပိုးပေးခြင်းဖြင့် စခန်းများ၊ အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာ (Quarantine Centre) များ နှင့် ရပ်ရွာလူထုများအား ရောဂါပိုးကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေး ပိုမို ကောင်းမွန်လာစေရန် အစိုးရ ကျန်းမာရေး နှင့် လူမှုဝန်ထမ်းဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အစိုးရထိန်းချုပ်မှုမရှိသော ဒေသများတွင် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းလက်တွဲ ဆောင်ရွက်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် LIFT ၏ ကပ်ရောဂါ ဘေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ကူညီပံ့ပိုးမှုအား ဖြည့်ဆည်းပေးခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းနှင့် လက်လှမ်းမီ ရယူနိုင်ခြင်း၊ WASH ဆိုင်ရာလုပ်ငန်းများ ပံ့ပိုးပေးခြင်း နှင့် လက်လှမ်းမီ ရရှိစေခြင်းတို့အား အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်ခြင်း၊ ငွေကြေး ထောက်ပံ့မှုများ နှင့် အသေးစား နှင့် အငယ်စား စီးပွားရေး လုပ်ငန်းများအား ပံ့ပိုးကူညီပေးခြင်းတို့ဖြင့် COVID–19 ကပ်ရောဂါ၏ လူမှုစီးပွားဆိုင်ရာ အကျိုးသက်ရောက်မှုများအား လျော့ကျစေခြင်း တို့မှ တဆင့် အားနည်းထိခိုက်လွယ်သည့် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၊ ဌာနေ လူမှု အသိုက်အဝန်းများ နှင့် ကျေးလက်နှင့် မြို့ပြနေ ပြည်သူလူထုများကြား ဗိုင်းရပ်စ်ပိုး ပြန့်နှံ့မှုမှ ဟန့်တားနိုင်ရန် အလေးထား အာရုံစိုက်ခြင်း ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် LIFT ၏ COVID–19 ကပ်ရောဂါဆိုင်ရာ ကူညီပံ့ပိုးပေးမှုမှ တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူ (၂၉၃,၃၇၃) ဦး (အမျိုးသမီး ၅၂ %) နှင့် နေရာပေါင်း (၅၁၉) နေရာတွင် ခန့်မှန်းချေအားဖြင့် နောက်ထပ် သွယ်ဝိုက် အကျိုးခံစား ခွင့်ရှိသူ (၁၇၈,၀၂၅) ဦး တို့ထံ ရောက်ရှိခဲ့ပါသည်။

**၁၀။ ၂၀၂၀ ခုနှစ်အတွင်းတွင် LIFT တစ်ခုလုံးအနေဖြင့် မူဝါဒဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုပေါင်း (၁၀၀) ခု ကျင်းပ နိုင်ခဲ့ပြီး မူဝါဒရေးရာ ထုတ်ဝေမှုပေါင်း (၈၀) ထုတ်ဝေနိုင်ခဲ့ပါသည်။** မူဝါဒဆိုင်ရာ အပြောင်းအလဲ (၁၂) ခုရှိခဲ့ပြီး အစိုးရ၏ ဘတ်ဂျက် ခွဲဝေသတ်မှတ်မှုတွင် ပြောင်းလဲမှု နှစ်ခုရှိကြောင်း အစီရင်ခံ တင်ပြထားပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် လှုပ်ရှားဆောင်ရွက်မှုများ၏ (၅၅) ရာခိုင်နှုန်းအား စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ထုတ်ဝေမှုများ၏ (၉၀) ရာခိုင်နှုန်းကို ထုတ်ဝေခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် နေပြည်တော် ၌ ပြုလုပ်သည့် မူဝါဒ ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုမှ ခိုင်မာသော အစပြုမှု ရရှိခဲ့ပါသည်။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အစိုးရများကြား မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရန် အတွက် အထောက်အကူဖြစ်စေရန် မတ်လတွင် ကယားပြည်နယ်သို့ လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သည့် ကွင်းဆင်းလေ့လာမှု ခရီးစဉ် တစ်ရပ် စီစဉ်ခဲ့ပါသည်။ ဖေဖော်ဝါရီလတွင် MS–NPAN စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဆိုင်ရာ နောက်ဆုံးအခြေအနေများအား တင်ပြမည့် MS–NPAN ပင်မအဖွဲ့အား ပြည်သူ့လွှတ်တော် ကော်မတီများမှ လက်ခံတွေ့ဆုံခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲ၏ ရလဒ်အနေဖြင့် ၂၀၂၀ခုနှစ် ဇူလိုင်လတွင် လွှတ်တော် အစည်းအဝေး ကျင်းပနေစဉ်အတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ MS–NPAN နှင့် စပ်လျဉ်းသည့် မေးခွန်းအား မေးမြန်း ခဲ့ပါသည်။

**၁၁။ လူမှုဘဝ ပြောင်းလဲရေး လှုပ်ရှားဆောင်ရွက်သူ ဒေသခံများသည် LIFT ၏ COVID–19 ကပ်ရောဂါ တုံ့ပြန် ဆောင်ရွက်ရေး လုပ်ငန်းများတွင် အဓိကကျပြီး ၎င်းတို့၏ လက်လှမ်းမီ ရောက်ရှိမှုမှာ အံ့မခန်း ဖြစ်ပါသည်။** LIFT ၏ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်များသည် LIFT ၏ COVID–19 ကပ်ရောဂါ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ (၂.၉) သန်း၏ (၆၄) ရာခိုင်နှုန်းထံ ရောက်ရှိခဲ့ပါသည်။ LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်း ငါးဖွဲ့မှ အဆိုပါ လူဦးရေ၏ ထက်ဝက်ကျော်ထံ ရောက်ရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့ကပ်ရောဂါကို အရပ်ဘက် လူမှုအဖွဲ့အအစည်းများမှ တုံ့ပြန်ဆောင်ရွက်မှုသည် စွမ်းဆောင်နိုင်စွမ်းရှိပြီး ထိရောက်သည့် တုံ့ပြန်ဆောင်ရွက်မှု ဖြစ်စေရန် အထောက်အကူပေးသည့် လက်ရှိ ဆောင်ရွက်နေသည့် ကွန်ရက်များ နှင့် ဆက်နွယ်မှုများနှင့်အတူ ဒေသခံများ ဦးစီးသည့် တုံ့ပြန်ဆောင်ရွက်မှုများ၏ အရေးပါမှုကို သက်သေပြခဲ့ပါသည်။

**၁၂။ အားနည်းထိခိုက်လွယ် အိမ်ထောင်စုများအတွက် COVID–19 ငွေကြေးထောက်ပံ့မှုများ ပေးအပ်နိုင်ရန် LIFT ၏ ဆောင်ရွက်ဆဲ လူမှု ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအား တိုးချဲ့ခဲ့ပါသည်။** LIFT သည် မတ်လမှ စတင်၍ ရှိဆဲ ငွေကြေးထောက်ပံ့မှုကို ဖြန့်ဝေပေးသည့် နည်းလမ်းများအား အသုံးပြု၍ ကိုယ်ဝန်ဆောင် မိခင်များ နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အထိ ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (MCCT) နှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့်ရှိသူများအတွက် ‘ထပ်ဆောင်း’ ထောက်ပံ့ကြေးများအား ပေးနိုင်ရန် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် (၂၃၈,၄၁၀) ဦး နှင့် အသက် (၈၅) နှစ် နှင့်အထက် သက်ကြီးရွယ်အို ဦးရေ ၂၀၀,၀၀၀ နီးပါးခန့်အတွက် တစ်ဦးလျှင် မြန်မာကျပ်ငွေ (၃၀,၀၀၀) (ကန်ဒေါ်လာ ၂၂) စီ ထောက်ပံ့ ပေးခဲ့ပါသည်။ အိမ်ထောင်စုဝင်များပါ ထည့်သွင်း တွက်ချက်ပါက ၂၀၂၀ခုနှစ်အတွင်း အဆိုပါ ငွေကြေးထောက်ပံ့မှုများမှ လူဦးရေ (၁.၈) သန်း နီးပါး အကျိုးခံစားခွင့် ရရှိခဲ့ပါသည်။ LIFT မှ လက်ရှိ ပံ့ပိုးပေးလျက်ရှိသည့် MCCT နှင့် လူမှုရေးပင်စင်များ ဖြန့်ဖြူးပေးသည့် ပလက်ဖောင်းများသည် အားနည်းထိခိုက်လွယ်မှု အများဆုံးသူများအတွက် ငွေကြေးထောက်ပံ့မှုများ အလျင်အမြန် ပံ့ပိုးပေးခြင်းဖြင့် အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရာတွင် ထိရောက်ပြီး စွမ်းဆောင်နိုင်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ ထောက်ပံ့ကြေးများသည် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ (၆၄,၇၈၅) ဦး၊ ကမ္ဘာ့ ကပ်ရောဂါ ကာလအတွင်း အလုပ်အကိုင် ဆုံးရှုံးကြသည့် အထည်ချုပ်စက်ရုံ အလုပ်သမား (၈,၀၀၀) ကျော်ထံ ရောက်ရှိခဲ့ပြီး ဧရာဝတီတိုင်း

ဒေသကြီးရှိ Cash-for-work အစီအစဉ်များမှ (၁,၄၃၅) ဦး အကျိုးခံစားခွင့် ရရှိခဲ့ပါသည်။ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့တွင် မသန်စွမ်းများအတွက် ဦးတည် ဆောင်ရွက်ပေးလျက်ရှိသည့် မိတ်ဖက် အဖွဲ့အစည်းများသည် ကိုယ့်အားကိုယ်ကိုး အဖွဲ့များ ကူညီ ဖွဲ့စည်းပေးခဲ့ပြီး လူမှုအသိုက်အဝန်းများအား ကမ္ဘာ့ကပ်ရောဂါ ၏ သက်ရောက်မှုများအား ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်နိုင်စေရန် ကူညီပေးခဲ့ပါသည်။


**၁၃။ ကျား၊ မ ရေးရာ တန်းတူညီမျှမှု နှင့် လူမှု ပူးပေါင်းပါဝင်မှု တို့အပေါ် COVID-19 ၏ သက်ရောက်မှုမှာ အလွန်ကြီးမားခဲ့ပါသည်။** LIFT သည် COVID-19 ကပ်ရောဂါမှ အမျိုးသမီးများနှင့် အမျိုးသားများအပေါ် မည်သို့ မည်ပုံ ကွဲပြားခြားနားစွာ ထိခိုက်စေခဲ့သည် ဆိုသည်နှင့် အရေးပေါ် တုံ့ပြန်ကာကွယ်မှုများ ဆောင်ရွက်ရာတွင် ကျား၊မ ရေးရာ တန်းတူညီမျှမှုအား မည်သို့ ထည့်သွင်းစဉ်းစားသည် ဆိုသည်ကို အသိပညာ ဖြန့်ဝေပေးရန်အတွက် လူမှုကွန်ရက် ပလက်ဖောင်းများအား အသုံးပြုခဲ့ပါသည်။ LIFT သည် အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုပေးသည့် ကာလအတွင်း ကျား၊ မ ရေးရာ လိုအပ်ချက်များအား လက်တွေ့ကျကျ ဖြေရှင်း ဆောင်ရွက်နိုင်မည့် လွယ်ကူရိုးရှင်းသည့် ကျား၊ မ ရေးရာ လမ်းညွှန်မှတ်စုများအား ဒေသခံများ၏ ဘာသာ စကားများဖြင့် မိတ်ဖက် အဖွဲ့အစည်းများ အသုံးပြုရန်အတွက် ထုတ်ဝေခဲ့ပါသည်။ ထို့အပြင် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် ကျား၊ မ အခြေပြု အကြမ်းဖက်မှုနှင့် ပတ်သက်၍ ပရိသတ်များအတွက် သီးသန့် ရည်ရွယ်စီစဉ်ထားသည့် အသိပညာပေးရေး လှုပ်ရှားမှုများ၊ ဟောပြောပွဲများ၊ မာလ်တီမီဒီယာ သတင်းစကားများ နှင့် လမ်းညွှန်များအား စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါကြောင့် အသွားအလာ ပိတ်ပင်ထားသည့် (lockdown) ကာလများတွင် ကျား၊မ အခြေပြု အကြမ်းဖက်မှုများ သိသိသာသာ တိုးတက်များပြားလာခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများက COVID-19 ကပ်ရောဂါ တုံ့ပြန် ဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် ကျား၊ မ အခြေပြု အကြမ်းဖက်မှု ကျူးလွန်ခံရပြီးနောက် ကြိုးပမ်း ရှင်သန်နေရသူများအတွက် စိတ်ပိုင်း၊လူမှုရေးပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှု၊ ငွေကြေးထောက်ပံ့မှု နှင့် ဥပဒေရေးရာ အကူအညီများ ပံ့ပိုးပေးခဲ့ပါသည်။





*LIFT သည် COVID-19 ကမ္ဘာ့ကပ်ရောဂါ စတင် ဖြစ်ပွားချိန်တွင် အားနည်းထိခိုက်လွယ်ဆုံးသူများအား ကူညီထောက်ပံ့ပေးရန်အတွက် ရှိဆဲ ရင်းမြစ်များအား အဓိကထား ဦးတည်ရည်ရွယ်ခြင်းဖြင့် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။*

# ရလဒ်များ



# ၃

## ၃.၁။ နိဒါန်း

LIFT သည် ၂၀၁၉ ခုနှစ် နှစ်ကုန်၌ ချမှတ်ခဲ့သည့် ပြန်လည် ဆန်းသစ်ထားသော တာဝန်ခံမှုနှင့် သင်ယူမှု တို့အတွက် စောင့်ကြည့် စစ်ဆေး ခြင်းနှင့် အကဲဖြတ်ခြင်း မူဘောင် (MEAL) အား ၂၀၂၀ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ စီမံကိန်း လုပ်ငန်း အများစုသည် ပြန်လည် ဆန်းသစ်ထားသော ၂၀၁၉–၂၀၂၃ ယုတ္တိဗေဒ မူဘောင်နှင့် ကိုက်ညီမှု အပြည့်အဝ ရှိခဲ့ပါသည်။ ပြီးခဲ့သည့် (၂၀၁၅–၂၀၁၈ ခုနှစ်) ကာလ ကုန်ဆုံးခါနီး အချိန်၌ စတင်ခဲ့သည့် စီမံချက် (၂၂)ခုမှာ ၂၀၂၀ ခုနှစ်တွင် ပိတ်သိမ်းခဲ့ပါသည်။

၂၀၂၀ ခုနှစ် အခြေအနေမှာ LIFT ၏ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နယ်ပယ်များ အားလုံးတွင် လူမှုအသိုက်အဝန်းများ၏ အသက်မွေးဝမ်းကျောင်းမှုများ အပေါ် အကျပ်အတည်းများ ဖြစ်စေခဲ့သည့် COVID–19 ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးဆက်များ ထင်ထင်ရှားရှား ရှိခဲ့ပါသည်။ သို့ဖြစ်၍ LIFT သည် စီမံကိန်းလုပ်ငန်းများအား လိုက်လျောညီထွေ ဖြစ်စေရန် ပြောင်းလဲခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဒုတိယနှစ်ဝက်တွင် LIFT သည် အစိုးရ၏ COVID–19ဆိုင်ရာ စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) တွင် အစီအစဉ်ချလျာထား ထားသည့် လူသားချင်းစာနာမှုနှင့် သက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ အရေးပေါ် လိုအပ်ချက်များအတွက် တုံ့ပြန်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အစိုးရအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ LIFT ၏ COVID–19 ကမ္ဘာ့ကပ်ရောဂါ ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သည့် စီမံကိန်း လုပ်ငန်းအချို့သည် စီမံချက်များ၏ လက်ရှိ ပြောင်းလဲမှုဆိုင်ရာ သီအိုရီများနှင့် စီမံချက် တိုင်းတာခြင်း ဆိုင်ရာ မူဘောင်များနှင့် တိုက်ရိုက် ကိုက်ညီမှု ရှိခဲ့ပါသည်။ အဆိုပါ စီမံကိန်း လုပ်ငန်းများ၏ အကျိုးခံစားခွင့်ရှိသူထံ ရောက်ရှိမှု အခြေအနေအား ၂၀၂၀ ခုနှစ်အတွက် ရည်မှန်းချက်များ ပြီးစီးအောင်မြင်မှု၏ တစ်စိတ်တစ်ဒေသ အဖြစ် သက်ဆိုင်ရာ ညွှန်းကိန်းများအောက်တွင် အစီရင်ခံ တင်ပြထားပါသည်။

**LIFT ၏ ပြန်လည်ဆန်းသစ်ထားသော MEAL မူဘောင်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း**

MEAL မူဘောင်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွယ်နေသည့် လုပ်ငန်းတာဝန် (၃)ရပ်အား ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။

- **တာဝန်ခံယူမှုရှိခြင်း** – LIFT ၏ ရင်းနှီးမြှုပ်နှံမှုများသည် LIFT ၏ မဟာဗျူဟာနှင့် ကိုက်ညီမှု ရှိသည့် အတိုင်းအတာနှင့် အဓိကရလဒ်များအား ကျွမ်းကျင်ပိုင်နိုင်မှုရှိပြီး ထိထိရောက်ရောက်ဖြင့် ငွေကုန်ရကျိုးနပ်ကာ ရရှိအောင်မြင်ခဲ့သည့် အတိုင်းအတာတို့အား သက်သေ သာဓကတို့ဖြင့် လက်တွေ့ပြသခြင်း
- **လေ့လာသင်ယူခြင်းနှင့် လိုက်လျောညီထွေရှိစွာ စီမံခန့်ခွဲနိုင်မှု** – စွမ်းဆောင်နိုင်မှုအား တိုးတက်စေရန်နှင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေရန် အမှားပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်တို့အတွက် မည်သည်တို့က အလုပ်ဖြစ်သည် မည်သည်တို့က စွမ်းဆောင်မှု တိုးတက်ခြင်းမရှိသည် တို့နှင့် ပတ်သက်၍ ၎င်းကို သင်ခန်းစာယူပြီး အထောက်အထားများအား ဖော်ထုတ်ခြင်း၊ မျှဝေခြင်းနှင့် အသုံးပြုခြင်း
- **မူဝါဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးခြင်း** – ပြည်သူ့ရေးရာမူဝါဒများနှင့် အများပြည်သူအတွက် ဆောင်ရွက်သည့် စီမံကိန်းများ၏ ဒီဇိုင်းပုံစံ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် သတင်းအချက်အလက်ပေးနိုင်ရန်အတွက် မူဝါဒဆိုင်ရာ အထောက်အထားများ နှင့် ကျင့်သုံးမှုဆိုင်ရာ အထောက်အထားများအား ဖော်ထုတ်ခြင်းနှင့် အသုံးပြုခြင်း

LIFT ၏ ရန်ပုံငွေစီမံခန့်ခွဲရေးရုံး (FMO) သည် ၂၀၁၅–၂၀၁၈ ခုနှစ် MEAL မူဘောင်ဆိုင်ရာ ပြန်လည် သုံးသပ်မှုမှ ရှာဖွေတွေ့ရှိချက်များအား ထည့်သွင်းစဉ်းစားပြီး MEAL မူဘောင်အား လက်တွေ့ အသုံးချရန်အတွက် မည်ကဲ့သို့ လုပ်ဆောင်ရမည် ဆိုသည်ကို သဘောတူညီမှု ရယူရန်အတွက် ၂၀၂၀ ခုနှစ် ပထမ သုံးလပတ် အတွင်း၌ အဖွဲ့အစည်းတွင်း အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခု ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲ၏ ရလဒ်အပေါ် အခြေခံ၍ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး (FMO) သည် ပြန်လည် ဆန်းသစ်ထားသည့် MEAL မူဘောင်အား အကောင်အထည်

ဖော်ရန်အတွက် ပြီးပြည့်စုံသည့် လမ်းညွှန်ချက်များအား ရေးဆွဲခဲ့ပါသည်။ ပြောင်းလဲမှုဆိုင်ရာ သီအိုရီများ၊ လိုက်လျောညီထွေ စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ၊ မဟာဗျူဟာမြောက် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ မေးခွန်းများ၊ အကောင်အထည်ဖော်ရေး မိတ်ဖက်ဆိုင်ရာ MEAL မူဘောင် နှင့် အစီရင်ခံ တင်ပြခြင်းဆိုင်ရာ လမ်းညွှန်ချက်များအား ရေးဆွဲခဲ့ပြီး LIFT ၏ စီမံကိန်း တာဝန်ရှိသူများ၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ဆိုင်ရာ တာဝန်ရှိသူ များနှင့် မိတ်ဆက်ပေးခဲ့ ပါသည်။ LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများအတွက် လုပ်ငန်းဝင်သင်တန်းများ နှင့် ဆက်နွှယ်နေသည့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများအား လမ်းညွှန်ချက်များအပေါ် အခြေခံ၍ ၂၀၂၁ ခုနှစ် အတွင်းတွင် ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**LIFT ၏ ပြန်လည်ဆန်းသစ်ထားသော ယုတ္တိဗေဒ မူဘောင်နှင့် အစီရင်ခံ တင်ပြခြင်း**

မဟာဗျူဟာမြောက် ယုတ္တိဗေဒ မူဘောင်အသစ်တွင် တာဝန်အဆင့် ညွှန်းကိန်း (၁၁) ခု၊ အကျိုးရလဒ် (၂၆) ခု နှင့် ရလဒ် (၂၆) ခု ပါဝင်သည့် စီမံကိန်းအဆင့်ညွှန်းကိန်း (၅၂)ခု၊ စုစုပေါင်း ညွှန်းကိန်း (၆၃)ခု ရှိပါသည်။ ၂၀၂၀ ခုနှစ် ပထမ သုံးလပတ်အတွင်း လုပ်ဆောင်ခဲ့သည့် ညွှန်းကိန်းများ ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲ ပြီးဆုံးခဲ့သည့် နောက်ပိုင်းတွင် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ညွှန်းကိန်း တစ်ခု ဖြစ်သည့် (DS- ၁.၂- အလုပ်အကိုင် ခန့်ထားမှုနှင့် အလုပ်အကိုင် ခန့်ထားမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများ နှင့် ဆက်နွှယ်နေသည့် ကျင့်ဝတ်များအတိုင်း လိုက်နာ ဆောင်ရွက်ပြီးခြင်း ရှိ၊ မရှိ စစ်ဆေးမှု ခံယူပြီးသည့် ပုဂ္ဂလိက ကဏ္ဍမှ စီးပွားရေး လုပ်ငန်းများ၏ အရေအတွက်) အား ဖြုတ်ထားခဲ့ပါသည်။ သို့ဖြစ်၍ LIFT ၏ လက်ရှိ ယုတ္တိဗေဒ မူဘောင်တွင် ညွှန်းကိန်း (၆၂)ခု ပါဝင်ပါသည်။

တာဝန်အဆင့်ညွှန်းကိန်းများသည် အောက်ဖော်ပြပါ သက်ရောက်မှု အဆင့် အကျိုးရလဒ်များမှတဆင့် သတ်မှတ်ထားသော LIFT ၏ ရည်မှန်းချက် ပန်းတိုင်နှင့် ရည်ရွယ်ချက်များအတွက် LIFT ၏ ပံ့ပိုးမှုများ တိုင်းတာပါသည်။

- **အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ပိုမိုတိုးတက် ကောင်းမွန်လာသည့် အာဟာရ ဖွံ့ဖြိုးမှု အဆင့်အတန်း** – အိမ်ထောင်စုများ၏ အစာအာဟာရ မျှတစုံလင်စွာ စားသောက်မှု၊ ပုညက်မှု၊ အနိမ့်ဆုံးအဆင့် အစာ အာဟာရ မျှတစုံလင်စွာ စားသုံးမှုတို့မှတဆင့် တိုင်းတာခဲ့ပါသည်။
- **ဝင်ငွေနှင့် အခြေခံပစ္စည်းများအပေါ် အမျိုးသမီးများ၏ ထိန်းချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာခြင်း**– အိမ်ထောင်စု၏ ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ အဆင့်များ၊ ဝင်ငွေ၊ အခြေခံပစ္စည်းပိုင်ဆိုင်မှုနှင့် အခြေခံပစ္စည်းများ နှင့် ဝင်ငွေတို့ အပေါ် အမျိုးသမီးများနှင့် အမျိုးသားများ၏ ထိန်းချုပ်ထားမှု တို့မှတဆင့် တိုင်းတာခဲ့ပါသည်။
- **အိမ်ထောင်စုများနှင့် လူတစ်ဦးချင်းစီတို့၏ အားနည်းထိခိုက်လွယ်မှုအား ရုတ်ချည်းကျရောက်သည့် အကျပ်အတည်းများ၊ ဖိစီးမှုများနှင့် ကျရောက်နိုင်ချေရှိသည့် အန္တရာယ်များမှ လျှော့ချနိုင်ခြင်း** – အလယ်အလတ်နှင့် ဆိုးရွားပြင်းထန်သည့် စားနပ်ရိက္ခာ မဖူလုံမှု၊ အိမ်ထောင်စုများ၏ ကြံ့ကြံ့ခံနိုင်စွမ်း၊ အားနည်း ထိခိုက်လွယ်မှုနှင့် လယ်ယာ ပြင်ပအလုပ်အကိုင်များတွင် အလွတ်သဘော လုပ်ကိုင်နေရမှုတို့တဆင့် တိုင်းတာခဲ့ ပါသည်။

**ကျန်ရှိနေသည့် ညွှန်းကိန်း (၅၁)ခုသည် စီမံကိန်းနှင့် စီမံချက်အဆင့်များ၌ ပြောင်းလဲမှုများကို တိုင်းတာပါသည်–**

- **အာဟာရ ဖွံ့ဖြိုးမှု** – မူဝါဒဆိုင်ရာ ညွှန်းကိန်း (၄)ခု (အကျိုးရလဒ်အဆင့် (၂)ခုနှင့် ရလဒ်အဆင့် (၂)ခု)၊ စနစ်အဆင့် ညွှန်းကိန်း (၃)ခု (ရလဒ်များ အားလုံး)နှင့် အိမ်ထောင်စုအဆင့် ညွှန်းကိန်း (၅)ခု (အကျိုးရလဒ်များ အားလုံး)
- **ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု** – မူဝါဒဆိုင်ရာ ညွှန်းကိန်း (၄)ခု (အကျိုးရလဒ် ၂ ခုနှင့် ရလဒ် ၂ ခု)၊ စနစ်အဆင့် ညွှန်းကိန်း (၄)ခု (ရလဒ်အဆင့်များအားလုံး) နှင့် အိမ်ထောင်စုအဆင့် ညွှန်းကိန်း (၅)ခု (အကျိုးရလဒ်အဆင့်များအားလုံး)
- **စိုက်ပျိုးရေး၊ ဈေးကွက်နှင့် စားနပ်ရိက္ခာ စနစ်များ** – မူဝါဒဆိုင်ရာ ညွှန်းကိန်း (၄)ခု (အကျိုးရလဒ် ၂ ခုနှင့် ရလဒ် ၂ ခု)၊ စနစ်အဆင့် ညွှန်းကိန်း (၄)ခု (ရလဒ်များအားလုံး) နှင့် အိမ်ထောင်စုအဆင့် ညွှန်းကိန်း (၅)ခု (အကျိုးရလဒ်များ အားလုံး)
- **သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု** – မူဝါဒဆိုင်ရာ ညွှန်းကိန်း (၄)ခု (အကျိုးရလဒ် ၂ ခုနှင့် ရလဒ် ၂ ခု)၊ စနစ်အဆင့် ညွှန်းကိန်း (၂)ခု (ရလဒ်များအားလုံး) နှင့် အိမ်ထောင်စု အဆင့် ညွှန်းကိန်း (၇)ခု (အကျိုးရလဒ် ၄ ခုနှင့် ရလဒ် ၃ ခု)

LIFT သည် ညွှန်းကိန်းများ အားလုံးအတွက် ရည်မှန်းချက်များ ချမှတ်ပြီး အဆိုပါ ရည်မှန်းချက်များအား နှစ်စဉ် ပြန်လည် သုံးသပ်ပါသည်။ ပြန်လည် သုံးသပ်သည့် လုပ်ငန်းစဉ်တွင် စီမံကိန်းလုပ်ငန်းများအပေါ် သက်ရောက်မှု ရှိသော အခြေအနေ ပြောင်းလဲမှုများ၊ သက်သေ အထောက် အထားဖြင့် အချက်အလက်များကို ပိုမိုခိုင်မာစေသည့် ယူဆချက်များတွင် ပြောင်းလဲမှုများ အပြင် အစီရင်ခံ တင်ပြခဲ့သည့် ပြီးစီးအောင်မြင်မှု များကို လည်း ထည့်သွင်း စဉ်းစားပါသည်။ ၂၀၂၀ ခုနှစ်အတွက် LIFT ၏ အကြောင်းအရာအလိုက် စီမံကိန်းလုပ်ငန်းများသည် ၂၀၁၈ ခုနှစ်တွင် သတ်မှတ်ထားခဲ့သည့် ယုတ္တိဗေဒမူဘောင် ညွှန်းကိန်း ရည်မှန်းချက်များအား ပြန်လည်သုံးသပ်ခဲ့ပါသည်။ ပြန်လည် သုံးသပ်ရန်အတွက် အဓိကအားဖြင့် ၂၀၁၉–၂၀၂၃ မဟာဗျူဟာ အောက်၌ ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် စာချုပ်ချုပ်ဆိုခဲ့သည့် စီမံချက်များမှ သတင်းနှင့် အချက် အလက်များဖြင့် အကြောင်းကြား အစီရင်ခံခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများ၏ ဒီဇိုင်းပုံစံမှာ ၂၀၂၀ ခုနှစ်တွင် ဆက်လက် ဆောင်ရွက်ဆဲဖြစ်ပြီး LIFT အနေဖြင့် ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်တွင် နောက်ထပ် ပြည့်စုံလုံလောက်သည့် ညွှန်းကိန်းများဆိုင်ရာ ရည်မှန်းချက်များအား ပြန်လည် သုံးသပ်သည့် လုပ်ငန်း လုပ်ဆောင်ရန် မျှော်မှန်းပြီး ကြိုတင်ပြင်ဆင်ထားပါသည်။ နောက်ဆုံးအနေဖြင့် အမျိုးမျိုးသော စီမံကိန်းဆောင်ရွက်ချက်များအား COVID-19 ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းခဲ့သော်လည်း ယုတ္တိဗေဒ မူဘောင်တွင် သက်ဆိုင်သည့် ညွှန်းကိန်း ဆိုင်ရာ ရည်မှန်းချက်များအား ပြင်ဆင်ညှိနှိုင်းမှု မပြုလုပ်ခဲ့ပါ။ COVID-19 စီမံကိန်း လုပ်ငန်းအများစုအား ရေတို လုပ်ငန်းများ အဖြစ်သာ စဉ်းစားခဲ့ပြီး၊ အများအားဖြင့် ဦးတည်ရည်ရွယ်သည့် အကျိုးခံစားခွင့်ရှိသူများသည် ပုံမှန် စီမံကိန်းများမှ အကျိုးခံစားခွင့် ရှိသူများနှင့် အတူတူပင် ဖြစ်သောကြောင့် ဤဆုံးဖြတ်ချက်အား ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

**ကိန်းဂဏန်း အချက်အလက်နှင့် အစီရင်ခံတင်ပြခြင်း**

၂၀၂၀ ခုနှစ်၌ စီမံချက် (၈၃)ခုအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ စီမံချက်များအနက်မှ စီမံချက် (၂၂) ခုသည် ၂၀၁၅–၂၀၁၈ မဟာဗျူဟာအဆင့်မှ ဆက်လက်ဆောင်ရွက်သည့် စီမံချက်များဖြစ်ပြီး ယင်းတို့အား ၂၀၂၀ ခုနှစ် အတွင်း ပိတ်သိမ်းခဲ့ပါသည်။ ၂၀၂၀ ခုနှစ် အတွက် စွမ်းဆောင်နိုင်မှုမှာ စီမံကိန်းအဆင့်နှင့် မိတ်ဖက် အဖွဲ့အစည်းအဆင့် ညွှန်းကိန်း (၄၀)ခု အတွက် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ ပေးအပ်သည့် ကိန်းဂဏန်း အချက်အလက် တစ်ခုတည်း အပေါ်၌သာ အခြေခံ ထားပါသည်။

LIFT သည် အစီရင်ခံ တင်ပြခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပုံစံများအား ၂၀၁၉ ခုနှစ် MEAL စနစ်များ ပြန်လည် သုံးသပ်သည့် ကာလအတွင်း အစီရင်ခံ တင်ပြခြင်းဆိုင်ရာ စနစ်နှင့် ပတ်သက်၍ လက်ခံရရှိခဲ့သော တုံ့ပြန်ချက်များအား ဖြေရှင်း ပေးရန် ရည်ရွယ်သည့် ရှုဒေါင့်မှ ပြန်လည် သုံးသပ်ခဲ့ပါသည်။ ပြန်လည် ပြင်ဆင်ထားသည့် အစီရင်ခံ တင်ပြခြင်းဆိုင်ရာ လမ်းညွှန်ချက်များတွင် LIFT ၏ မဟာဗျူဟာမြောက် အကဲဖြတ်ခြင်း ဆိုင်ရာ မေးခွန်း (SEQ) များ အား မိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်း အစီရင်ခံစာများ၏ ဖွဲ့စည်းတည်ဆောက်ပုံတွင် ထည့်သွင်း ထားပါသည်။ ထိုသို့ ထည့်သွင်းရခြင်းမှာ SEQ များ၏ စွမ်းဆောင်နိုင်မှုများအား အလွယ်တကူ ပြန်လည် သုံးသပ်နိုင်ရန်နှင့် စီမံချက်တစ်ခုချင်းစီ အဆင့်၌ စီမံခန့်ခွဲသည့် စွမ်းဆောင်နိုင်မှုတို့အား သေချာစေရန် အတွက် ရည်ရွယ်ပါသည်။ ယင်းမှတဆင့် နောက်ဆုံးတွင် အကြောင်းအရာ/ မြေမျက်နှာသွင်ပြင်အလိုက် စီမံကိန်း အဆင့်၌ ပေါင်းစပ်ညှိနှိုင်းပြီး စုပေါင်းထားသည့် စွမ်းဆောင်မှုဆိုင်ရာ ပြန်လည် သုံးသပ်သည့် လုပ်ငန်းစဉ်အား ပံ့ပိုးကူညီပေးနိုင်ရန် အတွက်လည်း မျှော်မှန်းထားပါသည်။ သို့ဖြင့် အာရုံစိုက်ရန် လိုအပ်သည့် ဦးစားပေး နယ်ပယ်များကို ရှာဖွေ ဖော်ထုတ်နိုင်သောကြောင့် ပြုပြင် တည့်မတ်ပေးနိုင်မည့် ဆောင်ရွက်မှုများ၊ ထပ်မံ လမ်းညွှန်မှုများနှင့် စွမ်းဆောင်ရည် ဆိုင်ရာ ကူညီပံ့ပိုးမှုတို့ကို ပေးအပ်နိုင်မည် ဖြစ်ပါသည်။

**အိမ်ထောင်စု စစ်တမ်းဆိုင်ရာ အချက်အလက်များနှင့် အစီရင်ခံ တင်ပြခြင်း**

LIFT သည် အိမ်ထောင်စု စစ်တမ်းများအား တာဝန်အဆင့်နှင့် အချို့သော အကျိုးရလဒ် ညွှန်းကိန်းများအား တိုင်းတာရန် (၂)နှစ်လျှင် တစ်ကြိမ် ကောက်ယူပါသည်။ အိမ်ထောင်စု စစ်တမ်းများ ကောက်ယူခြင်း မရှိသည့် ကြားကာလနှစ်တွင် LIFT သည် အိမ်ထောင်စု အညွှန်း စစ်တမ်း (Tracker Survey) များအား အရေအတွက် ပိုနည်းသည့် နမူနာလူဦးရေပမာဏဖြင့်သာ ကောက်ယူသဖြင့် ညွှန်းကိန်းအချို့ကိုသာ တိုင်းတာနိုင်ပြီး အိမ်ထောင်စု စစ်တမ်းတွင် ရယူနိုင်သည့် အချက်အလက် အပြည့်အစုံလောက် ရယူနိုင်ခြင်း မရှိပါ။ ၂၀၁၉ ခုနှစ်တွင် ကောက်ယူမည့် အိမ်ထောင်စု စစ်တမ်းအား ရွှေ့ဆိုင်းခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ကောက်ယူရန် ပြန်လည် အစီအစဉ် ရေးဆွဲခဲ့ပါသည်။ သို့သော်လည်း အစိုးရမှ COVID-19 ကပ်ရောဂါ ပြန့်နှံ့မှုအား လျှော့ချရန် အစီအမံများ ချမှတ်ခဲ့သည့် အတွက်ကြောင့် ၂၀၂၀ ခုနှစ်တွင်လည်း ကောက်ယူနိုင်ခြင်း မရှိခဲ့ပါ။

**သို့ဖြစ်၍ LIFT အနေဖြင့် အိမ်ထောင်စု စစ်တမ်း အချက်အလက်များမှတဆင့် ၂၀၂၀ ခုနှစ်တွင် အစီရင်ခံ တင်ပြရန် အတွက် ကြိုတင် လျာထားခဲ့ သော တာဝန်အဆင့် ညွှန်းကိန်း (၁၁)ခု၊ အကျိုးရလဒ် ညွှန်းကိန်း (၁၀)ခုနှင့် ရလဒ် ညွှန်းကိန်း (၁)ခု တို့ အား အစီရင်ခံ တင်ပြနိုင်ခြင်း မရှိပါ။**

အိမ်ထောင်စု စစ်တမ်းအချက်အလက်များအပေါ် မှီတည်နေသည့် စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များ ဆိုင်ရာ အကြောင်းအရာလိုက် နယ်ပယ်အတွက် နောက်တိုး အကျိုးရလဒ် ညွှန်းကိန်း (၃)ခု အား LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ ပေးအပ်သည့် အချက်အလက်များအပေါ် အခြေခံ၍ အစီရင်ခံ တင်ပြပါသည်။

LIFT သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သုတေသနဆိုင်ရာ ကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ် သုံးသပ်မှု ဘုတ်အဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနတို့မှ ခွင့်ပြုချက်များ ရရှိရန် ကြိုးပမ်းခြင်း အပါအဝင် အိမ်ထောင်စု စစ်တမ်းအတွက် လိုအပ်သော နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ အား ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ အဓိက အိမ်ထောင်စုစစ်တမ်းအတွက် အဖွဲ့အစည်း (၂)ရပ်ထံမှ ခွင့်ပြုချက်များ ရယူရာတွင် COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ကြောင့် နှောင့်နှေးနိုင်သည်ဟု ကြိုတင် မှန်းဆ ထားသဖြင့် LIFT သည် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်း မရှိဘဲ ပြုလုပ်နိုင်သည့် တယ်လီဖုန်းဖြင့် အလျင်အမြန် ကောက်ယူနိုင်သည့် စစ်တမ်းတစ်ရပ်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ တယ်လီဖုန်းဖြင့် အချက်အလက်များ ကောက်ယူ စုဆောင်းရာတွင် အကန့်အသတ်များ ရှိနေသောကြောင့် ကိုယ်တိုင်သွားရောက်၍ လေ့လာရန် မလိုအပ်သော ခက်ခဲရှုပ်ထွေးမှု နည်းပါးပြီး အကန့်အသတ် ရှိသည့် မေးခွန်းများ ဖြင့်သာ မေးမြန်းနိုင်ခဲ့ပါသည်။ ထို့ကြောင့် တယ်လီဖုန်းဖြင့် ပြုလုပ်သော စစ်တမ်းအား ညွှန်းကိန်း (၂၂)ခုအနက် (၁၃)ခုကိုသာ တိုင်းတာရန် အတွက် ဒီဇိုင်း ပုံစံ ရေးဆွဲ ခဲ့ပါသည်။ LIFT သည် တယ်လီဖုန်းဖြင့် ပြုလုပ်သည့် စစ်တမ်းအတွက် လိုအပ်သော ခွင့်ပြုချက်များ အား ရယူခဲ့ပြီး အိမ်ထောင်စု များ ရွေးချယ်ရန် နမူနာရယူသည့် လုပ်ငန်းစဉ်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ သို့သော်လည်း ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် စစ်တပ်မှ အာဏာသိမ်းယူ လိုက်သဖြင့် ဖြစ်ပေါ်လာသော မျှော်လင့်မထားသည့် အဖြစ်အပျက် များနှင့် အကျိုးဆက်များကြောင့် တယ်လီဖုန်းဖြင့် ပြုလုပ်သည့် စစ်တမ်းတွင် ဦးတည် ရည်ရွယ်ထားသည့် လူမှုအသိုက်အဝန်းများ ပါဝင်မှုနှင့် အချက်အလက် တစ်ခုလုံး၏ အရည်အသွေးပိုင်းဆိုင်ရာတို့ အရ ဖြစ်နိုင်မှု မရှိတော့သဖြင့် ပြုလုပ်ခဲ့ခြင်းမရှိပါ။

**အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ အစီရင်ခံ တင်ပြသည့် အချက်အလက်များ**
၂၀၁၉–၂၀၂၃ မဟာဗျူဟာ ယုတ္တိဗေဒမူဘောင်နှင့် နောက်ဆက်တွဲ ပြုပြင်မွမ်းမံ ထားသည်များ အပေါ် အခြေခံ၍ LIFT မိတ်ဖက် အဖွဲ့ အစည်း များသည် ညွှန်းကိန်း (၄၀) ခု၊ အကျိုးရလဒ် ညွှန်းကိန်း (၁၇) ခုနှင့် ရလဒ်ညွှန်းကိန်း (၂၃) အတွက် အစီရင်ခံ တင်ပြရန် တာဝန်ရှိပါသည်။

LIFT သည် အောက်ဖော်ပြပါ ညွှန်းကိန်း (၃)ခုမှလွဲ၍ ညွှန်းကိန်းများအားလုံးအား အစီရင်ခံ တင်ပြနိုင်ပါသည်။

- FP– ၁.၂ – LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုနှင့် ဆက်နွယ်နေသည့် အစိုးရ ကဏ္ဍာ ဘတ်ဂျက် ခွဲဝေခြင်း/ သုံးစွဲခြင်း ဆိုင်ရာ ပြောင်းလဲမှုများ၏ အရေအတွက်အား အစီရင်ခံ တင်ပြနိုင်ခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဤညွှန်းကိန်းအား ဖြေရှင်းရန်အတွက် တိကျမှုရှိသော စီမံကိန်းဆောင်ရွက်ချက် များအား ဒီဇိုင်းပုံစံရေးဆွဲထားခဲ့ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။
- AS–၁.၄ – LIFT မှ ပံ့ပိုးပေးသည့် အားနည်းထိခိုက်လွယ်သူများ အတွက် ဖန်တီးပေးခဲ့သော တန်ဖိုးမြှင့် ကွင်းဆက် နှင့် သက်ဆိုင်သည့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များ၏ အရေအတွက်အား အစီရင်ခံ တင်ပြနိုင်ခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဤညွှန်းကိန်းအား အထောက်အကူ ဖြစ်စေရန် အတွက် ဆောင်ရွက်သည့် စီမံချက် လုပ်ငန်းအများစုသည် ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပိတ်သိမ်းသွား သောကြောင့် ဖြစ်ပါသည်။
- DP–၁.၂ – LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမားရေးရာ သက်ဆိုင်သည့် အစိုးရကဏ္ဍာ ဘတ်ဂျက် ခွဲဝေခြင်း/ သုံးစွဲခြင်းဆိုင်ရာ ပြောင်းလဲမှုများ၏ အရေအတွက်အား အစီရင်ခံ တင်ပြနိုင်ခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် ၂၀၂၀ ခုနှစ်တွင် မည်သည့် အောင်မြင်မှုကိုမျှ လက်တွေ့ အကောင်အထည် မဖော်နိုင်သောကြောင့် ဖြစ်ပါသည်။

ရလဒ်အဆင့် အစီရင်ခံတင်ပြခြင်းအား အခြေခံအားဖြင့် အမျိုးမျိုးသော လှုပ်ရှားဆောင်ရွက်မှုများမှတဆင့် ရရှိခဲ့သော ရောက်ရှိမှုအပေါ် အခြေခံထားပါသည်။ အဆိုပါ ညွှန်းကိန်းများအတွက် အချက်အလက်များအား LIFT ၏ အစီရင်ခံ တင်ပြခြင်း ဆိုင်ရာ လိုအပ်ချက်များနှင့်အညီ (၆)လတစ်ကြိမ် အစီရင်ခံ တင်ပြရပါသည်။ LIFT တွင် အသက်အရွယ်အလိုက် အုပ်စုများ၊ မသန်စွမ်းဖြစ်မှု ဆိုင်ရာ အမျိုးအစားများနှင့် အဆင့် အမျိုးမျိုး၊ အကျိုးခံစားခွင့်ရှိသူ၏ အလုပ်အကိုင်နှင့် တည်နေရာများ အပါအဝင် ထပ်မံ၍ ခွဲခြားထားသည့် အဆင့်များ၏ အချက်အလက်များ ရယူရန်အတွက် ပြုပြင် မွမ်းမံထားသော စံသတ်မှတ်ထားသည့် အစီရင်ခံ တင်ပြရမည့် ပုံစံစာရွက် ရှိပါသည်။ မိတ်ဖက် အဖွဲ့အစည်းများသည် အစီရင်ခံ တင်ပြရမည့် ပုံစံစာရွက်ရှိ အစိတ်အပိုင်း အမျိုးမျိုးအား ဖြည့်စွက်နည်း သင်တန်းများအား တက်ရောက်ပြီးဖြစ်ကာ စဉ်ဆက်မပြတ် ရည်ညွှန်းနိုင်ရန်အတွက် အသုံးပြုသူ လက်စွဲရှိကာ ယင်းတို့သည် ပြန်လည် ဆန်းသစ်ထားသည့် ယုတ္တိဗေဒ မူဘောင်ဆိုင်ရာ ရည်ညွှန်းပုံစံ စာရွက်များတွင် ထည့်သွင်း အသုံးပြုခဲ့ပြီး ညွှန်းကိန်းများအား တိုင်းတာသည့် အသေးစိတ် လမ်းညွှန်ချက်များအား လက်ခံ ရရှိခဲ့ပြီး ဖြစ်ပါသည်။ ဤသည်မှ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ ဆိုင်ရာ စီမံကိန်းနှင့် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံကိန်းတို့တွင် အိမ်ထောင်စု အဆင့် အကျိုးရလဒ် ညွှန်းကိန်းများအတွက် အစီရင်ခံ တင်ပြခြင်းအား ပိုမိုတိုးတက်ကောင်းမွန်စေရန် ပံ့ပိုးပေး ခဲ့ပါသည်။

LIFT သည် အစီရင်ခံ တင်ပြသည့် အချက်အလက်များ၏ အရည်အသွေးအား သေချာစေရန်အတွက် အသေးစိတ် စီစဉ်ပြင်ဆင်ထားသော ပြန်လည် သုံးသပ်ခြင်းနှင့် စစ်ဆေးအတည်ပြုခြင်း ဆိုင်ရာ လုပ်ငန်းစဉ် တစ်ရပ်အား ထား ရှိထားပြီး ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် ပါဝင်သည့် အဆင့်များမှာ–

- အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း၏ အချက်အလက်များအား ပေါင်းစပ်ရာတွင် တိကျမှု ရှိခြင်း၊ ပြီးပြည့်စုံမှုရှိခြင်းနှင့် (၂)ခါ ပြန် ရေတွက်ခြင်း ရှိမရှိတို့အပေါ် အာရုံစိုက်၍ ပထမအဆင့် ပြန်လည် သုံးသပ်ရန်နှင့် အရည်အသွေး စစ်ဆေးမှုများ ပြုလုပ်ရန် အတွက် LIFT ၏ အကြောင်းအရာ/ ဒေသအလိုက် စီမံကိန်း အရာရှိများထံ ပထမဦးစွာ တင်ပြပါသည်။
- အတည်ပြုပြီးသည့် ကိန်းဂဏန်း အချက်အလက်များအား လုပ်ငန်း အစီရင်ခံစာများနှင့် ကိုက်ညီမှုရှိမရှိအား အာရုံစိုက်၍ ဒုတိယ အဆင့်သုံးသပ်ရန် အတွက် LIFT ၏ အကြောင်းအရာအလိုက် စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်းဆိုင်ရာ အရာရှိများထံ တင်ပြပါသည်။
- အတည်ပြုပြီးသည့် ကိန်းဂဏန်း အချက်အလက်များအား LIFT၏ database အတွင်းသို့ ထည့်သွင်းပြီး အရည်အသွေး စစ်ဆေးခြင်းနှင့် စုစည်းခြင်းများကို အပြီးသတ် ပြုလုပ်ပြီးနောက် ညွှန်းကိန်းဆိုင်ရာ တိုင်းတာမှုများအရ အောင်မြင်မှု အဆင့်များအား သက်သေပြရန် တို့အတွက် အပြီးသတ် ဆောင်ရွက်ရန် LIFT ၏ အချက်အလက်စီမံခန့်ခွဲမှု အရာရှိထံ တင်ပြပါသည်။
- LIFT ၏ database အတွင်း ကိန်းဂဏန်း အချက်အလက်များအား စစ်ဆေး အတည်ပြုပြီးနောက် အပြီးသတ် ဆောင်ရွက်မှုနှင့် အချက်အလက်များ ဆိုင်ရာ အစီရင်ခံစာများအား ပြုစုပြီး နောက်ဆုံးအစီရင်ခံ တင်ပြရန် အတွက် LIFT ၏ MEAL ကျွမ်းကျင်သူထံ တင်ပြပါသည်။

**ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး (FMO)**
အကြောင်းအရာအလိုက်ကဏ္ဍာ (၄)ခုစလုံးရှိ အချို့သော ကိစ္စရပ်များတွင် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း နှင့် အရပ်ဘက် အဖွဲ့အစည်းအား ကူညီပံ့ပိုးပေးခြင်းတို့ အပါအဝင် LIFT ၏ လှုပ်ရှားဆောင်ရွက်မှုအချို့အား LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး (FMO) မှ တာဝန်ယူ ဆောင်ရွက်ပါသည်။ အဆိုပါ ဆောင်ရွက်မှုများမှ ကိန်းဂဏန်း အချက်အလက်များအား FMO မှ တာဝန်ရှိသူများမှ ကောက်နုတ် စုစည်းပြီး သက်ဆိုင်ရာ ညွှန်းကိန်းများ အတွင်းသို့ ထည့်သွင်း ပေါင်းစပ်ပါသည်။ LIFT ၏ စီမံကိန်းလုပ်ငန်းအစီရင်ခံစာများတွင် ဖော်ပြထားသည့် ကျယ်ပြန့်စွာ လေ့လာ သင်ယူခြင်း၊ ဖြစ်ရပ်မှန် လေ့လာခြင်းနှင့် ထိုးထွင်းသိမြင်ခြင်း တို့အတွက် အထောက်အကူဖြစ်ရန် နှစ်စဉ် အကဲဖြတ် သုံးသပ်ခြင်းနှင့် အထူး လေ့လာခြင်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် တာဝန်ပေးအပ် ထားပါသည်။

LIFT ၏ အစီရင်ခံ တင်ပြခြင်းဆိုင်ရာ နည်းလမ်းနှင့်အညီ အစီရင်ခံ တင်ပြသည့် ကိန်းဂဏန်းအချက်အလက် များတွင် LIFT ၏ စီမံကိန်း လုပ်ငန်း ဆောင်ရွက်ခဲ့သည့် ကာလအပိုင်းအခြား တလျှောက်လုံးတွင် LIFT ၏ ယေဘုယျ တိုးတက်မှုအား ညွှန်ပြသည့် ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ အဆင့်ဆင့် စုစည်းထားသည့် ကိန်းဂဏန်း ပြီးစီးအောင်မြင်မှုများ ပါဝင်ပါသည်။ သို့သော်လည်း ညွှန်းကိန်းအသစ်များနှင့် ပြင်ဆင်မွမ်းမံထားသည့် ညွှန်းကိန်း များအတွက် အဆင့်ဆင့် စုစည်းထားသည့် အချက်အလက်များတွင် ယင်းတို့အား ပထမဆုံးအကြိမ် တိုင်းတာသည့် ၂၀၁၉ ခုနှစ်မှ အောင်မြင်မှုများသာ ပါဝင်ပါသည်။ အစီရင်ခံ တင်ပြသည့် ရလဒ်များအား ဖော်ပြသည့် နောက်ပိုင်း ကော်လံများတွင် လက်ရှိနှစ်၏ အောင်မြင်မှု အတိအကျအား အသေးစိတ် ဖော်ပြထားပြီး မူလချမှတ်ထားသည့် ရည်မှန်းချက်များနှင့် ရည်မှန်းချက်များအား ရရှိ အောင်မြင်ခဲ့သည့် ရာခိုင်နှုန်းတို့ဖြင့် ရှင်းလင်း တင်ပြထား ပါသည်။

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်းနှင့် နယ်မြေဒေသအလိုက်၊ အကြောင်းအရာအလိုက် စီမံကိန်း များအား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် LIFT ၏ အဓိက စီမံကိန်းလုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း တစ်ခုတည်းကိုသာ ဆောင်ရွက်နေသည့် ဒေသများအကြား ကွဲပြားခြားနားစေရန် ဆောင်ရွက်ထားပါသည်။ အဓိက စီမံကိန်းဒေသ များအား Tier 1/ အလွှာ (၁) ဟု သတ်မှတ်ထားပြီး၊ ငွေကြေး ဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း ကဏ္ဍာတစ်ခုတည်းကို လုပ်ဆောင်သည့် ဒေသများအား Tier 2/ အလွှာ (၂) ဟု သတ်မှတ်ထားပါသည်။ နှစ်ကြိမ် ရေတွက်ခြင်းမှ ရှောင်ရှားရန်အတွက် အလွှာ ၂ မှ ကိန်းဂဏန်းများတွင် ယခု နှစ်အတွက် အသေးစား ငွေရေးကြေးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများမှ အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စု အားလုံးအား ထည့်သွင်းတွက်ချက်ထားပြီး လက်ရှိ အသေးစား ငွေရေးကြေးရေး စီမံကိန်းလုပ်ငန်းများမှ အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုများ အား အလွှာ(၁) ကိန်းဂဏန်းများမှ ဖယ်ထုတ်ထားပါသည်။ ထို့နောက် ဤနှစ်အတွက် အောင်မြင်မှုများအား ရရှိနိုင်ရန်အတွက် အလွှာ (၁) နှင့် အလွှာ (၂) မှ ကိန်းဂဏန်းများအား ထပ်ပေါင်းထားပါသည်။

၂၀၂၀ ခုနှစ်အတွက် အလွှာ (၂)[၁] စီမံကိန်းမှ ရောက်ရှိမှုအပေါ် အခြေခံသည့် ရောက်ရှိခဲ့သော အိမ်ထောင်စု အရေအတွက်မှာ ၂,၆၉၀,၁၉၃[၂] စု (အမျိုးသမီး ၉၀%) ဖြစ်ပါသည်။

၁။ LIFT ၏ အကြောင်းအရာအလိုက် စီမံကိန်းများ၊ ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း တို့ အကောင်အထည်ဖော် ဆောင်ရွက်သည့် LIFT ၏ 'အဓိက' စီမံကိန်း ဒေသများ နှင့် အခြား စီမံကိန်း များကြား ခွဲခြားထားပါသည်။ 'အဓိက' စီမံကိန်း ဒေသများ tier–1/ အလွှာ၁ ဟု သတ်မှတ်ထားပြီး ငွေကြေး ဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း၊ လုပ်ငန်းတစ်မျိုးတည်း ကိုသာ ဆောင်ရွက်သည့် ဒေသများအား tier–2/ အလွှာ၂ ဟု သတ်မှတ်ထားပါသည်။ နှစ်ကြိမ်ရေတွက်ခြင်းမှ ရှောင်ရှားရန် အတွက် စုစုပေါင်း ရောက်ရှိခဲ့သည့် အရေအတွက်မှာ tier–2/ အလွှာ၂ မှ ရောက်ရှိခဲ့သည့် စုစုပေါင်း အရေအတွက်ပေါ်တွင် အခြေခံ ထားပါသည်။

၂။ ဤပြီးစီးအောင်မြင်မှုတွင် MFI တစ်ဖွဲ့မှ ဝန်ဆောင်မှုရယူသူများအား ထင်ဟပ်ခြင်း မရှိပါ။ လက်ရှိတွင် LIFT မှ ကိန်းဂဏန်း အချက်အလက်များအား သုံးသပ်ပြီး အတည် ပြု ဆဲ ဖြစ်ပါသည်။ အတည်ပြုပြီးပါက ၂၀၂၀ ခုနှစ်အတွက် စုစုပေါင်း ရောက်ရှိမှုကို ဖြည့်သွင်းမည် ဖြစ်ပါသည်။

# ၃.၂။ LIFT ၏ စီမံကိန်းအဆင့် ညွှန်းကိန်းရလဒ်များနှင့် အောင်မြင်မှုများ

## အာဟာရဖွံ့ဖြိုးမှု – မူဝါဒအဆင့်

**NP-၁ – အသစ် နှင့်/သို့ တိုးတက်လာသော ကျားမရေးရာ အလေးပေးသည့် အစိုးရကဏ္ဍ မူဝါဒများ၊ စီမံကိန်းများ နှင့် အသုံးစရိတ်များသည် အောက်ပါတို့အား ကူညီပံ့ပိုးပေးပါသည်-**

- » MCCT နှင့် MIYCF[၃] တို့အတွက် SBCC[၄] ၊ IMAM[၅] တိုးချဲ့ခြင်း၊ အာဟာရ ပြည့်ဝသည့် စားနပ်ရိက္ခာကဏ္ဍနှင့် ADS[၇] ၏ အာဟာရ ဖေါင်းပေး စိုက်ပျိုးရေး အစိတ်အပိုင်းများ အပါအဝင် MS-NPAN[၆] အကောင်အထည်ဖော် ဆောင်ရွက်ခြင်း
- » MS-NPAN အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် ဒေသဆိုင်ရာအဆင့်၌ ပံ့ပိုးကူညီမှုအား တိုးမြှင့်ခြင်း
- » MCCT ၊ လူမှုရေးပင်စင်နှင့် မသန်စွမ်းသူများ အပါအဝင် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (NSPSP) အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀-၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀-၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| NP-၁.၁ – LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပြည်သူ့ ကဏ္ဍမူဝါဒများနှင့် စီမံကိန်းများ ရှိ ပြောင်းလဲမှုများ၏ အရေအတွက် | ၉ | ၂ | ၁၁ | ၁၂ | ၉၂ | စီမံကိန်း / IPs |
| NP- ၁.၂ – LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အစိုးရ ဘတ်ဂျက် ခွဲဝေမှု နှင့် သုံးစွဲမှု ဆိုင်ရာ အပြောင်းအလဲများ ၏ အရေအတွက် | ၅ | ၁ | ၆ | ၅ | ၁၂၀ | စီမံကိန်း / IPs |
| NP- ၁.၃ – LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ အထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှုများ၏ အရေအတွက် | ၄၈ | ၂၉ | ၇၇ | ၂၅ | ၃၀၈ | စီမံကိန်း / IPs |
| NP- ၁.၄ – အရေးပါသည့် မူဝါဒ ချမှတ်သူများ ထံ ပေးပို့ခဲ့သော LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက် | ၁၈ | ၉ | ၂၇ | ၂၀ | ၁၃၅ | စီမံကိန်း / IPs |

*ဇယား ၃.၁။ စီမံကိန်းအဆင့် NP ၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

**NP-၁.၁ – LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပြည်သူ့ရေးရာမူဝါဒများနှင့် စီမံကိန်းများရှိ ပြောင်းလဲမှုများ၏ အရေအတွက်**

၂၀၂၀ ခုနှစ်အတွက် အစီရင်ခံ တင်ပြသည့် ပြီးစီး အောင်မြင်မှု များကို LIFT ၏ မိတ်ဖက်အဖွဲ့အစည်း (၂)ဖွဲ့ ဖြစ်သည့် လူမှုဝန်ထမ်း ဦးစီးဌာန (DSW) နှင့် Lodestar Company Ltd/ SPRRG တို့၏ စီမံကိန်းလုပ်ငန်းများ မှတဆင့် လက်တွေ့ အကောင်အထည်ဖော်ခဲ့ပါသည်။ COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) အောက်မှ လူမှုဝန်ထမ်း ဦးစီးဌာန၏ တုံ့ပြန် ဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် MCCT နှင့် လူမှုရေးပင်စင် အကျိုးခံစားခွင့် ရှိသူများအတွက် ထပ်မံ ဖြည့်ဆည်း ပေးသည့် ထောက်ပံ့ကြေးများအား COVID-19 ကပ်ရောဂါမှ အိမ်ထောင်စု၏ အသက်မွေး ဝမ်းကျောင်းမှုအပေါ် သက်ရောက်မှုများအား လျှော့ချရန်အတွက် ဆောင်ရွက်သည့် စီမံကိန်း လုပ်ငန်းများအနက် တစ်ခုအနေဖြင့် ထည့်သွင်းခဲ့ပါသည်။ ထို့အပြင် LIFT ၏ နောက်ထပ် မိတ်ဖက် အဖွဲ့အစည်း ဖြစ်သည့် HelpAge International မှ ဦးဆောင်သော စဉ်ဆက်မပြတ် အသိပေးအရေးဆိုသည့် ကြိုးပမ်းအားထုတ်မှုများ၏ ကျေးဇူးကြောင့် အစိုးရမှ တစ်ကြိမ်တည်းသာ ပေးအပ်သည့် လူမှုရေး ပင်စင် ရယူနိုင်သည့် အသက်အရွယ်အား (၈၅ နှစ်မှ ၈၀ နှစ်) လျှော့ချခြင်းကို အတည်ပြုပေးခဲ့ပါသည်။ COVID-19 ကပ်ရောဂါ အခြေအနေအား တုံ့ပြန် ဆောင်ရွက်ရန်အတွက် LIFT မှ ပုံမှန် MCCT နှင့် လူမှုရေးပင်စင် အကျိုးခံစားခွင့် ရှိသူများ အတွက် ထပ်မံ ဖြည့်ဆည်း ပေးသည့် ထောက်ပံ့ကြေးအား ပံ့ပိုး ပေးခဲ့ပြီး အစိုးရမှလည်း LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခြင်း မရှိသည့် အခြား ပြည်နယ်နှင့် တိုင်းဒေသကြီး များ တွင် MCCT အကျိုးခံစားခွင့် ရှိသူများအား တစ်ကြိမ်တည်းသာ ပေးအပ်သည့် ထောက်ပံ့ကြေးများ အတွက် ငွေကြေး ထောက်ပံ့ပေးခဲ့ပါသည်။

ဒုတိယမြောက် မူဝါဒဆိုင်ရာ အထောက်အကူပြုသည့် ဆောင်ရွက်မှုမှာ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန (DRD) ၏ M&E မူဘောင်တွင် မသန်စွမ်းသူများ (PwD) တို့အား ထည့်သွင်းခြင်းနှင့် CERP တွင် မသန်စွမ်းသူ ဆိုင်ရာ စုပေါင်းထားသည့် အချက်အလက်များ ထည့်သွင်းခြင်းတို့ ဖြစ်ပါသည်။ ဤပြီးစီးအောင်မြင်မှုမှာ လက်ရှိ လှုပ်ရှားဆောင်ရွက်နေသူများ၏ လုပ်ကိုင်နိုင်စွမ်းအား ဖြည့်ဆည်းပေးခြင်းဖြင့် အားလုံး ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု (IDEA) စီမံချက်အောက်ရှိ SPRRG ၏ စီမံကိန်းလုပ်ငန်းများမှ ထွက်ပေါ်လာသည့် အထောက်အထားရလဒ် ဖြစ်ပါသည်။ SPRRG သည် မတူညီသည့် လူမှု အသိုက်အဝန်း (၂)ခုဖြစ်သော အာဟာရ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများ ပို့ချပေးသည့် မြစိမ်းရောင် (MSY) စီမံချက်မှ အကျိုးခံစားခွင့်များအား ရရှိခဲ့သည့် ကျေးရွာများ နှင့် မရရှိသော ကျေးရွာများတွင် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ SPRRG သည် မြို့နယ်၊ ခရိုင်နှင့် ဒေသဆိုင်ရာ အဆင့် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ IDEA စီမံချက်မှ အဓိက လေ့လာ သင်ယူခဲ့သည့် သင်ခန်းစာမှာ လူမှုဝန်ထမ်းဦးစီးဌာန၏ စီမံကိန်းများတွင် မသန်စွမ်းသူများအား ထည့်သွင်းခြင်းမှာ ဖြစ်နိုင်ချေရှိပြီး လူမှုဝန်ထမ်း ဦးစီးဌာန၏ စီမံကိန်း ဒီဇိုင်းပုံစံအား အနည်းငယ် ပြုပြင်မွမ်းမံခြင်းဖြင့် မသန်စွမ်း သူများ၏ အကျိုးခံစားခွင့် များကို လက်လှမ်းမီ ရယူနိုင်မှုအား တိုးမြှင့် ပေးနိုင်မည် ဖြစ်ပါသည်။

**NP-၁.၂ – LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အစိုးရဘတ်ဂျက် ခွဲဝေမှု နှင့် သုံးစွဲမှုဆိုင်ရာ အပြောင်းအလဲများ၏ အရေအတွက်**

အထက်ဖော်ပြပါ NP- ၁.၁ တွင် ဖော်ပြထားသည့် မူဝါဒ ဆိုင်ရာ ပြီးစီးအောင်မြင်မှုများအား ရရှိပြီးသည့်နောက်၌ အကျိုး ခံစားခွင့်ရှိသူ အရေ အတွက် သည် LIFT မှ ပေးအပ်သည့် ရန်ပုံငွေထက် ကျော်လွန်နေသောကြောင့် မကွေး နှင့် နေပြည်တော် ရှိ အချို့နေရာများတွင် လူမှုရေး ပင်စင်အား ထပ်မံ၍ ဖြည့်ဆည်း ပေးရန်အတွက် လူမှုဝန်ထမ်း ဦးစီးဌာန၏ ဘတ်ဂျက်မှ မြန်မာ ကျပ်ငွေ ၆၅၅,၉၂၀,၀၀၀ (ကန်ဒေါ်လာ ၅၀၀,၀၀၀ ခန့်) အား ခွဲဝေသတ်မှတ်ပေး ခဲ့ပါသည်။

**NP- ၁.၃ – LIFT မှ ပံ့ပိုးပေးခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ မူဝါဒ အထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှုများ၏ အရေအတွက်**

LIFT သည် FMO နှင့် ယင်း၏ မိတ်ဖက် အဖွဲ့အစည်းများမှ တဆင့် မြန်မာနိုင်ငံ၏ အာဟာရ ဖွံ့ဖြိုးမှု အစီအစဉ်အား ကူညီပံ့ပိုးပေးရန်အတွက် မူဝါဒဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများကို စည်းရုံး မြှင့်တင်ရာတွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့ကြောင်း ကို မှတ်တမ်း တင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း၌ LIFT FMO, WFP/ SBN ၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ Community Partners International နှင့် HelpAge International တို့မှ မူဝါဒဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု (၂၉)ခု အား ဦးဆောင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါ လှုပ်ရှား ဆောင်ရွက်မှု များမှ အချို့အား အောက်တွင် အလေးပေး ဖော်ပြထားပါသည်-

**ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ် စီမံကိန်း (MS-NPAN)** – ဖေဖော်ဝါရီလတွင် LIFT ၏ မူဝါဒနှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ တာဝန်ရှိသူများ အဖွဲ့ သည် သက်ဆိုင်ရာ လွှတ်တော် ကော်မတီများအား MS-NPAN စီမံကိန်း ရေးဆွဲခြင်းနှင့် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၏ နောက်ဆုံး အခြေအနေ ကို အသိပေးရန်အတွက် ထောက်ခံ အားပေးသည့် အဆင့်မြင့် အစည်းအဝေး တစ်ရပ်အား လွှတ်တော်အမတ်များနှင့် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသည် MS-NPAN ရေရှည်တည်တံ့ ခိုင်မြဲစေရန် အတွက် ကူညီပံ့ပိုးပေးရန် ရင်းမြစ်များ ရယူခြင်းနှင့် သက်ဆိုင်သည့် ပိုမို ကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ် တစ်ပိုင်း ဖြစ်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါအား တုန့်ပြန် ကာကွယ်သည့် လုပ်ငန်း၏ တစ်စိတ် တစ်ဒေသ အနေဖြင့် LIFT FMO သည် အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာန (NNC) နှင့် UNREACH တို့နှင့်အတူ ပြည်ထောင်စု အဆင့် MS-NPAN အဓိက ဆက်သွယ် ဆောင်ရွက် ရမည့် အဖွဲ့အစည်းများ (ပညာရေးဝန်ကြီးဌာန၊ စိုက်မွေးဆည် ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ သယံဇာတ နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန) နှင့် COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့် အခြေအနေ၌ MS-NPAN အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် အတွက် အဆိုပြု ထားသည့် အဆင့်များနှင့် လုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများသဘောတူညီမှု ရရှိနိုင်ရန် ဇွန်လ နှင့် နိုဝင်ဘာလ အကြား၌ ကဏ္ဍပေါင်းစုံအား ဆွေးနွေးသော အစည်းအဝေး (virtual meeting) (၆)ကြိမ် ကျင်းပ ခဲ့ပါသည်။ အစည်းအဝေးများ၌ ပြည်နယ်/ တိုင်းဒေသကြီး အဆင့်၌ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ စတင် လုပ်ဆောင်ရန်ကိုလည်း ဆွေးနွေးခဲ့ ပါသည်။ ကရင်ပြည်နယ် MS-NPAN ဆိုင်ရာ ကဏ္ဍစုံမှ အဓိက ဆက်သွယ်ဆောင်ရွက်ရမည့် အဖွဲ့အစည်းများနှင့် ပြည်နယ်အဆင့် ဆွေးနွေးတိုင်ပင် သဘောထား ရယူသည့် Online အစည်းအဝေး (၂)ကြိမ်ကိုလည်း ကျင်းပခဲ့ပါသည်။ အစည်းအဝေးများတွင် ကဏ္ဍတစ်ခုချင်းစီမှ ပြန်လည် ပြင်ဆင်ထားသည့် ရည်မှန်းချက်များနှင့် စီမံကိန်း လုပ်ငန်းများအား မျှဝေရန်ကို အဓိက ဆက်သွယ် ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များ အားလုံးနှင့်အတူ သဘောတူညီခဲ့ပြီး ဒုတိယအကြိမ် အစည်းအဝေး

၃။ ကိုယ်ဝန်ဆောင် မိခင်၊ မွေးကင်းစနှင့် ကလေးသူငယ်များအား ဖြည့်စွက်စာ ကျွေးခြင်း

၄။ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း

၅။ လတ်တလော အာဟာရ ချို့တဲ့မှု ဘက်စုံ ကုသစောင့်ရှောက်ခြင်းဆိုင်ရာ ကုထုံး

၆။ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS-NPAN)

၇။ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ

တွင် ဆွေးနွေးခဲ့သည်များနှင့် အကြံပြု ထောက်ခံခဲ့သည် များအပေါ် အခြေခံသည့် ပြန်လည် ပြင်ဆင်ထားသော ကုန်ကျ စရိတ်များကို မျှဝေ ကျခံရန်အတွက်လည်း သဘောတူညီခဲ့ပါသည်။

၂၀၂၀ ခုနှစ် ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် LIFT ၏ FMO သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန နှင့် သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန တို့မှ အဓိက တာဝန်ရှိ သူများ တက်ရောက်သည့် အစည်းအဝေး တစ်ခုအား UNREACH နှင့်အတူ ကျင်းပခဲ့ပါသည်။ စိုက်မွေးဆည် ဝန်ကြီးဌာန၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဆေးသုတေသန ဦးစီးဌာန တို့မှ အမျိုးသား အစားအသောက် ဥပဒေ အတွက် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန်နှင့် အဏုအာဟာရ စစ်တမ်း အား တတိယအကြိမ် လွှတ်တော် အစည်းအဝေး ကျင်းပချိန်၌ တင်ပြရန် သဘောတူညီခဲ့ပါသည်။

**ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့ပေးခြင်း အစီအစဉ် (MCCT)** – LIFT ၏ FMO သည် အာဟာရဖွံ့ဖြိုးမှု ရလဒ်များအတွက် လူမှု အမူအကျင့် ပြောင်းလဲရေး – MCCT စီမံကိန်းမှ နှင့် MCCT စီမံကိန်းအတွက် ရယူခဲ့သော သင်ခန်းစာများ နှင့် မူဝါဒ ဆိုင်ရာ သက်ရောက်မှုများ ခေါင်းစဉ်ဖြင့် အခမ်းအနားတစ်ခုအား ဖေဖော်ဝါရီလတွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် LIFT မှ မတူညီသည့် လူမှုအမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) ပုံစံများနှင့် ရေရှည် တည်တံ့သော အစိုးရမှ ဦးဆောင်သည့် ချဉ်းကပ်နည်းလမ်း၏ အကျိုးဆက်များအား ပူးပေါင်း ဆန်းစစ်သုံးသပ်မှု မှ ရရှိလာသည့် တွေ့ရှိချက်များအား မျှဝေခဲ့ပါသည်။ တက်ရောက် ဟောပြောသူများနှင့် ဦးဆောင်ဆွေးနွေး သူများတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ လူ/ကယ်/ပြန် ဝန်ကြီးဌာန၊ DFID ၊ ကမ္ဘာ့ဘဏ်နှင့် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ပါသည်။ IPA မှ အပူပိုင်းဇုန် တွင် LEGACY စီမံချက် မှ ဆောင်ရွက်ခဲ့သည့် ကျပန်းထိန်းချုပ်သည့် စမ်းသပ်မှု (RCT) မှ အထောက်အထားများကို မျှဝေပေးခဲ့ပြီး Save the Children မှ MCCT စီမံကိန်းများတွင် အသုံးချခဲ့သည့် ပုံစံအမျိုးမျိုးအား ရှင်းလင်း တင်ပြ ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် LIFT နှင့် Access to Health တို့သည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင် သည့် ငွေကြေး ထောက်ပံ့သည့် အစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ချင်းပြည်နယ်၏ အာဟာရ ဖွံ့ဖြိုးမှု အဆင့်အတန်း တိုးတက်စေမည့် နည်းလမ်းများ ကို ဆွေးနွေးခဲ့သည့် ချင်းပြည်နယ် ကျန်းမာရေးဦးစီး ဌာနမှ ခေါင်းဆောင်များ တက်ရောက်ခဲ့သော ချင်းပြည်နယ် အာဟာရ ဖွံ့ဖြိုးမှု အစီအစဉ် လေ့လာသုံးသပ်ရေး အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခုအား ကျင်းပခဲ့ပါသည်။

**SUN စီးပွားရေးကွန်ရက် (SBN)** – SBN သည် ဝန်ကြီးဌာနမှ တာဝန်ခံ အရာရှိများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ အလှူရှင် အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ SUN အာဟာရ မြှင့်တင်ရေး လူမှု အဖွဲ့အစည်းများ ကွန်ရက် (SUN CSA) မှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ အဓိက တာဝန်ရှိ သူများ တက်ရောက်ခဲ့သည့် အကြံပေး ကော်မတီ အစည်းအဝေး အား ဖေဖော်ဝါရီလ (၁၄)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ တက်ရောက်သူများမှ SBN မဟာဗျူဟာ မူကြမ်း၊ အကြံပေး ကော်မတီ၏ လုပ်ငန်းလမ်းညွှန် နှင့် SBN အဖွဲ့ဝင် စုဆောင်းသည့် လုပ်ငန်းစဉ်တို့အား ဆွေးနွေးခဲ့ပါသည်။ ဇွန်လ (၁၇)ရက်နေ့တွင် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန (DOPH)၊ အမျိုးသားအာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာန (NNC) နှင့် အစားအသောက် နှင့် ဆေးဝါး ကွပ်ကဲရေးဌာနတို့မှ အရာရှိများနှင့် မူဝါဒဆိုင်ရာ ထောက်ခံအတည်ပြုရန်အတွက် အစည်းအဝေး (Virtual Meeting) တစ်ရပ်အား ထပ်မံစီစဉ် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေး၌ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန (DoPH) ၏ ညွှန်ကြားရေးမှူးချုပ် (SUN ၏ နိုင်ငံဆိုင်ရာ အဓိကတာဝန်ခံ)မှ SBN မဟာဗျူဟာအား အတည်ပြု ပေးမှု ရရှိ ခဲ့ခြင်းနှင့် အကြံပေး ကော်မတီအား NNC ၊ FDA ၊ စိုက်မွေးဆည် ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားကူးသန်း ဝန်ကြီးဌာန (စားသုံးသူရေးရာ ဦးစီးဌာန)နှင့် (DoPH) ၏ ပန်ကြားမှုဖြင့် ပါဝင်လာသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) တို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် နည်းပညာ အထောက်အကူပြု အဖွဲ့သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ခြင်းတို့ဖြင့် တိုးတက်မှုများ ရရှိခဲ့ ပါသည်။ တစ်နိုင်ငံလုံးရှိ လုပ်ငန်းခွင်များတွင် ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှု တို့နှင့် ဆက်နွယ်နေသည့် လက်ရှိ လမ်းညွှန်ချက်များ/ မူဝါဒများ ရေးဆွဲရန်နှင့် ခိုင်မာအားကောင်းစေရန် ရည်ရွယ်၍ ဆွေးနွေးတိုင်ပင် သဘောထား ရယူသည့် အစည်းအဝေး တစ်ခုအား ဒီဇင်ဘာလ (၂၁)ရက်နေ့တွင် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ NNC ၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမား ဝန်ကြီးဌာန၊ လူဝင်မှုနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာနတို့နှင့်အတူ ကျင်းပခဲ့ပါသည်။ တက်ရောက်သူများမှ စက်ရုံလုပ်ငန်းခွင် အာဟာရ ဖွံ့ဖြိုးမှု အကဲဖြတ် သုံးသပ်မှုအား ဆက်လက် ဆောင်ရွက်ခြင်း၊ စီမံကိန်း ဒီဇိုင်း ပုံစံအား ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ /ကုမ္ပဏီ နှင့် စက်ရုံ ထိတွေ့ဆောင်ရွက်မှု တစ်ခုစီတိုင်းအတွက် မူဘောင်များအား စောင့်ကြည့် စစ်ဆေးခြင်း တို့အပါအဝင် SBN မြန်မာ၏ လုပ်ငန်းခွင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများအတွက် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါသည်။

**လူမှုရေးပင်စင်** – HelpAge International သည် ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၂၇)ရက်နေ့တွင် သက်ကြီးရွယ်အို ဆိုင်ရာ အမျိုးသား ကော်မတီ အစည်းအဝေး (၂၀၂၀) အား လူမှုဝန်ထမ်း ဦးစီးဌာန (DSW) နှင့် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ဥပဒေကြမ်း (နည်းဥပဒေများ) အား အပြီးသတ် ပြင်ဆင်ခဲ့ပြီး နောက် အစိုးရအဖွဲ့





ထံ တင်ပြခဲ့ပါသည်။ လူမှုဝန်ထမ်း ဦးစီးဌာနမှလည်း သက်ကြီး ရွယ်အိုဆိုင်ရာ အမျိုးသား မူဝါဒမူကြမ်း၏ အဓိက အချက်များအား တင်ပြခဲ့ပြီး လုပ်ငန်းအစီအစဉ် မူဘောင် မူကြမ်းကိုလည်း စတင် မိတ်ဆက်ပေးခဲ့ပါသည်။

**NP– ၁.၄ – အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သော LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ အထောက်အကူ ပြု ထုတ်ဝေမှုများ၏ အရေအတွက်**

LIFT ၏ မူဝါဒဆိုင်ရာ ထုတ်ဝေမှုများမှာ ဥပဒေပြုရေးနှင့် မူဝါဒဆိုင်ရာ မူဘောင်များ ခိုင်မာအားကောင်းစေရန် အတွက် LIFT ၏ ပိုမို ကျယ်ပြန့်သော မူဝါဒဆိုင်ရာ အစီအစဉ်တွင် အလွန် အရေးပါသော လိုအပ်ချက် တစ်ရပ် အနေဖြင့် ဆက်လက် ရှိနေပါသည်။ ၂၀၂၀ ခုနှစ်အတွင်း မူဝါဒ အထောက်အကူပြု ထုတ်ဝေမှု (၁၀)ခုအား LIFT FMO, Save the Children, The Border Consortium နှင့် HelpAge International တို့မှ ရေးသား ထုတ်ဝေခဲ့ ပါသည်။

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် LIFT ၏ FMO သည် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် (၂)နှစ် အောက် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့သည့် အစီအစဉ်များတွင် အာဟာရဖွံ့ဖြိုးမှုအတွက် လူမှုရေး နှင့် အမူအကျင့် ပြောင်းလဲခြင်း – မြန်မာနိုင်ငံရှိ မူဝါဒနှင့် စီမံကိန်း လုပ်ငန်းများအတွက် သင်ခန်းစာများ[၁၀] ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင် ထုတ်ဝေခဲ့ပါသည်။ ဤစာတမ်းတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ပေးသည့် စီမံကိန်းများနှင့် ကမ္ဘာ့နိုင်ငံများမှ အထောက်အထားများမှ ရရှိသည့် ကိန်းဂဏန်းအချက်အလက်များနှင့် အသိအမြင်များအား ကိုးကားပြု၍ MCCT စီမံကိန်းများတွင် ကောင်းမွန်သည့် အာဟာရဆိုင်ရာ အကျိုး ရလဒ်ကောင်းများ ရရှိနိုင်ရန် အတွက် ပုံမှန် ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ထောက်ပံ့ငွေပေးခြင်းအပြင် လူမှု အမူအကျင့် ပြောင်းလဲခြင်း ဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်အား ပံ့ပိုးပေးခြင်းဖြင့် မည်သို့ အထောက်အကူ ပြုနိုင်မည် ဆိုသည်ကို ဆန်းစစ် လေ့လာထားပါသည်။ စာတမ်းမှ ပူးတွဲ ဆောင်ရွက်မှုနှင့် စီမံကိန်း တိုးတက်မှုတို့ရှိစေရန်အတွက် ဦးစားပေး လုပ်ဆောင်ရမည့် (၁၀)ချက်နှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် LIFT တို့အတွက် သီးသန့်ရည်ရွယ်သည့် ထောက်ခံ အကြံပြုချက်များကို ဖော်ထုတ်ပေးပါသည်။ ဆန်းစစ်မှုမှ ရှာဖွေ တွေ့ရှိချက် များအား LIFT ၊ လူ/ကယ်/ပြန် ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်များ တက်ရောက်ခဲ့သည့် ဖေဖော်ဝါရီလ (၁၉)ရက်နေ့၌ ကျင်းပခဲ့သည့် အခမ်းအနား၌ တင်ပြခဲ့ပါသည်။

၂၀၂၀ ခုနှစ်၌ ထုတ်ဝေခဲ့သည့် ထုတ်ဝေမှုများတွင် အောက်ပါတို့ ပါဝင်ပါသည်–

- အမျိုးသား လူမှုရေးပင်စင် ရလဒ်များ အကဲဖြတ် သုံးသပ်ခြင်း အစီရင်ခံစာ သည် အမျိုးသား လူမှုရေး ပင်စင် လက်ခံရရှိသည့် သက်ကြီး ရွယ်အိုများ၊ ယင်းတို့၏ အိမ်ထောင်စုများ၊ လူမှုအသိုက်အဝန်းများနှင့် ဒေသ ဆိုင်ရာ စီမံ အုပ်ချုပ်မှုတို့အား မည်ကဲ့သို့ သက်ရောက်ခဲ့သည်ကို လေ့လာ ဖော်ထုတ်ခဲ့ပါသည်။ (HelpAge International ၂၀၂၀ ခုနှစ် ဇွန်လ)
- (HURFOM – Border Consortium ၏ မိတ်ဖက် အဖွဲ့အစည်း) မှ အင်္ဂလိပ်၊ မြန်မာဘာသာတို့ဖြင့် ထုတ်ဝေသော စာရင်းမပါသည့် လက်ဗလာများ– COVID–19 ကူးစက်ရောဂါကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်းရှိ နေရပ်စွန့်ခွါ ထွက်ပြေး တိမ်းရှောင်ရသူများ၏ စားဝတ်နေရေး ရုန်းကန်မှု အစီရင်ခံစာသည် အသွားအလာ ကန့်သတ်မှုများမှ ပြည်တွင်း နေရပ် စွန့်ခွာ တိမ်းရှောင်သူ များ၏ အသက်မွေး ဝမ်းကျောင်းမှုများအပေါ် သက်ရောက်မှုများအား မှတ်တမ်းတင်ထားပါသည်။ မွန်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အနေဖြင့် မြန်မာနိုင်ငံ နှင့် ထိုင်းနိုင်ငံရှိ လယ်ကွင်းများ၊ အလုပ်အကိုင်နှင့် ဈေးကွက်များ သို့ သွားရောက်ရန် ကန့်သတ် ထားခြင်းအား ကိုင်တွယ် ဖြေရှင်းကြပုံအား ရိုက်ကူးထားသည့် သတင်းမှတ်တမ်း ဗီဒီယို (၁)ခုကိုလည်း ထုတ်လုပ်ခဲ့ ပါသည်။
- မရေရာမှုများဆီသို့ တိုးဝင်ခြင်း– မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်တွင်း၊ ပြည်ပ ဒုက္ခသည်များ၏ နေရပ် ပြန်သည့် အတွေ့အကြုံများ (KHRG & Border Consortium Partner)
- မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါကာလအတွင်း လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ထားသည့် NiE စီမံကိန်းလမ်းညွှန်ချက် (SUN UN Network)
- မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါဖြစ်ပွားနေသည့် အခြေအနေ၌ အာဟာရ ဖောင်းပေး လမ်းညွှန်ချက် (LIFT ၏ ကူညီပံ့ပိုးမှုဖြင့် SUN UN Network ၊ ၂၀၂၀ ခုနှစ် စက်တင်ဘာလ)
- မြန်မာနိုင်ငံတွင် နို့စို့ကလေးနှင့် ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်း ဆိုင်ရာ အမိန့်အား ပိုမိုခိုင်မာ အားကောင်းသည့် စည်းမျဉ်းစည်းကမ်းနှင့် ယင်းတို့ အား လိုက်နာ ဆောင်ရွက်ရန်အတွက် ကူညီပံ့ပိုးပေးရာ တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက် (Save the Children International / SUN CSA) ထုတ်ပြန်ချက်တွင် စင်္ကာပူနိုင်ငံရှိ MS Nutrition Pte Ltd. မှ ထုတ်လုပ် သည့် Nutrilatt ကုန်အမှတ်တံဆိပ်ပါ မိခင်နို့ရည် အစားထိုးသည့် ကုန်ပစ္စည်းများအား ဝယ်ယူ စားသုံးခြင်း မပြုရန်

၁၀။ https://www.lift-fund.org/sites/lift-fund.org/files/publication/LIFT_tech-ful-report_SBCC-modalities-in-MCCT_Myanmar_Feb_2020.pdf

FDA ၏ အများပြည်သူသို့ ကြေငြာ သည့် ကြေငြာချက်အား ထောက်ခံပေးခဲ့ပါသည်။

## အာဟာရဖွံ့ဖြိုးမှု – စနစ် အဆင့်

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀–၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀–၂၀၂၀ | စုပေါင်းထားသည့် ပြီးစီး အောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| NS–၁.၁– LIFT မှ ပံ့ပိုးပေးသည့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သည့် လူဦးရေ အရေအတွက် | ၄၀,၁၂၂<br>၄၀,၁၂၂ (မ) | ၄,၇၅၉<br>၃,၇၅၁(မ)<br>၁,၀၀၈(ကျား) | ၄၄,၈၈၁<br>၄၃,၈၇၃(မ)<br>၁,၀၀၈(ကျား) | ၁၉,၅၉၁ | ၂၂၉ | IPs |
| NS–၁.၂– LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဇောင်းပေး စီမံကိန်း ဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သည့် လူဦးရေ အရေအတွက် | ၁၅၁,၉၉၂<br>၁၃၁,၃၈၉(မ)<br>၂၀,၆၀၃(ကျား) | ၇၂,၁၉၄<br>၅၆,၂၃၃(မ)<br>၁၅,၉၆၁(ကျား) | ၂၂၄,၁၈၆<br>၁၈၇.၆၂၂(မ)<br>၃၆,၅၆၄(ကျား) | ၂၉၅,၉၅၇[11] | ၇၆ | IPs |

*ဇယား ၃.၂။ စီမံကိန်းအဆင့် NS–၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

### NS–၁.၁– LIFT မှ ပံ့ပိုးပေးသည့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သည့် လူဦးရေ အရေအတွက်

LIFT ၏ ၂၀၁၉–၂၀၂၃ ယုတ္တိဗေဒ မူဘောင်တွင် အာဟာရချို့တဲ့ရသည့် လတ်တလော အကြောင်းတရားများ၊ လုံလောက်သည့် အစာ အာဟာရ စားသုံးမှုနှင့် နာမကျန်း ဖြစ်ခြင်းတို့ကို ဖြေရှင်းပေးသည့် LIFT မှ ပံ့ပိုးပေးသော အာဟာရ သီးသန့် စီမံကိန်း လုပ်ဆောင်ချက်များမှ ရောက်ရှိခဲ့သည့် လူဦးရေ အရေအတွက်အား တိုင်းတာရန် အတွက် NS– ၁.၁ အား ညွှန်းကိန်း အသစ်အနေဖြင့် ထပ်မံ ထည့်သွင်းထားခဲ့ပါသည်။ မျိုးဆက်ပွားနိုင်သော အရွယ်ရှိသည့် အမျိုးသမီးများ၊ ဆယ်ကျော်သက် မိန်းကလေးများနှင့် အသက် (၅)နှစ်အောက် ကလေးသူငယ် များကိုသာ တိုက်ရိုက် ဦးတည် ရည်ရွယ်ပြီး (က) စီမံကိန်း ဆောင်ရွက်ချက်များသည် အထူးသဖြင့် ၎င်းတို့ထံ ရောက်ရှိရန်အတွက် ရည်ရွယ်ထားခြင်း (ခ) စီမံချက်တွင် အဆိုပါ အုပ်စုများမှ စီမံချက် ဆောင်ရွက်ချက်(များ) အား အသုံးချရန်အတွက် ထိရောက်စွာ မြှင့်တင်အားပေးရန် အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းထားခြင်း (ဂ) စီမံကိန်း ဆောင်ရွက်ချက်များကို အသုံးချခြင်းအား တနည်းနည်းဖြင့် စောင့်ကြည့် စစ်ဆေးခြင်းဖြင့် ညွှန်းကိန်းအား တိုင်းတာ လုပ်ဆောင်ပါသည်။ LIFT ၏ စီမံကိန်း လုပ်ငန်းသည် အထူးသဖြင့် အမျိုးသမီးများနှင့် အာဟာရ ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါသည့် အခွင့်အလမ်း ကာလဖြစ်သည့် မွေးဖွားပြီးသည်မှ ရက်(၁,၀၀၀) အတွင်း ရှိသည့် ကလေး သူငယ်များကို ဦးစားပေးပါသည်။

၂၀၂၀ ခုနှစ်တွင် LIFT ၏ မိတ်ဖက် အဖွဲ့အစည်း (၃)ဖွဲ့ (Save the Children International ၊ The Border Consortium နှင့် World Concern Myanmar) တို့သည် အာဟာရသီးသန့် စီမံကိန်း လုပ်ဆောင်ချက်များမှတဆင့် (၄,၇၅၉) ဦး (အမျိုးသမီး/ မိန်းကလေးငယ် ၇၉%) ထံသို့ ရောက်ရှိခဲ့ပါသည်။ ရောက်ရှိခဲ့သည့် အမျိုးသားများမှာ အာဟာရ သီးသန့် စီမံချက်များမှ အကျိုးကျေးဇူးများကို ခံစားနေသည့် အသက် (၅)နှစ်အောက် ယောကျာ်းလေး များ ဖြစ်ပြီး ရောက်ရှိခဲ့သည့် အမျိုးသမီးများမှာ မျိုးဆက်ပွားနိုင်သည့် အသက်အရွယ် ရှိသည့် အမျိုးသမီးများ၊ ဆယ်ကျော်သက် အရွယ် မိန်းကလေးများနှင့် အသက်(၅) နှစ်အောက်ရှိ မိန်းကလေးငယ်များ ဖြစ်ပါသည်။ ဤ ညွှန်းကိန်းအတွက် စုပေါင်း ထားသည့် ပြီးစီးအောင်မြင်မှုမှာ ရည်မှန်းချက် တစ်ခုလုံးထက် များစွာ ကျော်လွန် နေလျက် ရှိပြီး ၂၀၂၀ ခုနှစ်တွင် အာဟာရသီးသန့် စီမံချက်များ မှတဆင့် ရောက်ရှိခဲ့သည့် လူဦးရေအရေအတွက် မှာ လွန်ခဲ့သည့်နှစ်နှင့် စာလျှင် အလွန်နည်းပါးပါသည်။ ဤသည်မှာ ၂၀၁၉ ခုနှစ်တွင် အစီရင်ခံ တင်ပြခဲ့သည့် ပြီးစီး အောင်မြင်မှုများတွင် ညွှန်းကိန်း၏ ပြီးစီးအောင်မြင်မှု ၉၀% ကျော် အတွက် အထောက်အကူ ပေးသည့် Save the Children မှ တာဝန်ယူ ဆောင်ရွက်သည့် စီမံချက်လုပ်ငန်းများနှင့် ၂၀၁၉ ခုနှစ် နှစ်ကုန်နှင့် ၂၀၂၀ ခုနှစ် နှစ်ဆန်း ပိုင်းတွင် ပိတ်သိမ်းခဲ့သည့် Catholic Relief Services နှင့် CDN တို့မှ အကောင်အထည်ဖော်သည့် အခြား စီမံချက် များအား အဓိကထား ထည့်တွက်ခြင်း ကြောင့် ဖြစ်ပါသည်။

အာဟာရသီးသန့် လုပ်ငန်းများ ဆောင်ရွက်နေသည့် မိတ်ဖက် အဖွဲ့အစည်း (၃)ဖွဲ့လုံးသည် ၎င်းတို့ နှင့် ကိုက်ညီမှု ရှိမည့် အာဟာရ ဇောင်းပေး လုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ချိန်ညှိခဲ့ပါသည်။

Save the Children ၏ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပဋိပက္ခဒဏ်ခံဒေသများ၏ ကြံ့ကြံ့ခံနိုင် စွမ်းရည် တည်ဆောက်ခြင်း စီမံချက် (BRICKS) သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ကို မြှင့်တင်ပေးခြင်းဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ အားနည်းထိခိုက်လွယ်သည့်သူများ၏ ဝင်ငွေများ နှင့် အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်းတို့အား ပိုမိုတိုးတက် ကောင်းမွန်စေရန် ရည်ရွယ်ပါသည်။ BRICKS သည် ဆယ်ကျော်သက်ရွယ်လူငယ် ယောကျာ်းလေးများနှင့် မိန်းကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ ပြည်တွင်း နေရပ် စွန့်ခွာတိမ်းရှောင်သူများအတွက် တည်ထောင်ထားသည့် စခန်းများတွင် နေထိုင်သည့် မွေးကင်းစ မှ အသက် ၂၃ လ (နှစ်နှစ်)ရှိ ကလေးသူငယ်များ၊ ဒေသခံ လူမှုအသိုက်အဝန်းများနှင့် ပဋိပက္ခဒဏ် ခံရသည့် ကျေးရွာများအား ဦးတည်ရည်ရွယ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် Save the Children သည် စီမံချက်လုပ်ငန်းများ ဆောင်ရွက်သည့် ဒေသရှိ (၆)မြို့နယ်မှ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စုခေါင်းဆောင် မိခင်များအတွက် အစည်းအဝေးများ စီစဉ်ကျင်းပခဲ့ရာ အကျိုးခံစားခွင့်ရှိသူ အသစ် (၁,၅၀၅) ဦးထံ ရောက်ရှိခဲ့ကာ ယင်းအနက်မှ (၁,၄၆၀) ဦးမှာ မိခင်အုပ်စုများ၏ အဖွဲ့ဝင်များ ဖြစ်ပြီး ကလေးသူငယ် (၄၅)ဦး (အမျိုးသမီး/ မိန်းကလေး ၆၂%) သည် အာဟာရချို့တဲ့မှုနှင့် စိတ် လူမှု ကူညီပံ့ပိုးမှု တို့အတွက် ညွှန်းပို့ပေးခြင်းများအား လက်ခံ ရရှိခဲ့ပါသည်။

Save the Children ၏ ကျန်းမာရေးနှင့် ညီညွတ်သည့် ရွေးချယ်မှုများ စီမံချက်သည် ရန်ကုန်မြို့ပြ ဝန်းကျင်ရှိ ရွှေပြည်သာ မြို့နယ်တွင် ဦးတည် ရည်ရွယ်သည့် ရပ်ကွက် (၄)ရပ်ကွက်၌ သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အား ရေရှည်လက်လှမ်းမီ ရယူနိုင်ခြင်း၊ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အမူအကျင့်များ တိုးတက်စေခြင်းနှင့် ရေကြောင့် ကူးစက် ပျံ့နှံ့သည့် ရောဂါနှင့် ကူးစက် ပျံ့နှံ့တတ်သော ရောဂါများမှ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို လျှော့ချခြင်းတို့ မှတဆင့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသည့် အမျိုးသမီးများနှင့် ယင်းတို့၏ ကလေးသူငယ် များအတွက် ဘဝအစ ရက်ပေါင်း ၁,၀၀၀ အတွင်း လုံလောက်သည့် ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှု ရှိရန်အတွက် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၂၀ ခုနှစ်တွင် Save the Children မှ အကျိုးခံစားခွင့်ရှိသူ အမျိုးသမီး (၁,၅၀၂) ဦးထံသို့ ရောက်ရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်ရှိ Save the Children ၏ အာဟာရ သီးသန့် Tat Lan Plus စီမံကိန်း တွင် ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူ စခန်းများရှိ မွတ်စလင်မ် ကလေး သူငယ်များအကြား ပြင်းထန် အာဟာရချို့တဲ့မှု ဝေဒနာ ပြုစုကုသခြင်းလည်း ပါဝင်ပါသည်။ စီမံချက်သည် စစ်တွေနှင့် ပေါက်တောမြို့နယ်များ ရှိ ဦးတည် ရည်ရွယ်သည့် ဒေသများမှ IDP စခန်းနှင့် ကျေးရွာများတွင် အာဟာရချို့တဲ့သည့် လူနာများအား စော လျင်စွာ ရှာဖွေ ဖော်ထုတ်ရန်အတွက် လက်မောင်းလုံးပတ် တိုင်းတာခြင်း (MUAC) ပြုလုပ်သည့် စစ်ဆေးခြင်းအား လုပ်ဆောင်ခဲ့ရာ စိုးရိမ်ဖွယ် အခြေအနေရှိသော ပြင်းထန်အာဟာရချို့တဲ့ ဝေဒနာ ခံစား နေရသည့် ကလေးသူငယ် (၄၃၃) ဦး (မိန်းကလေး ၅၈%) တို့ ကုသမှုနှင့် ပံ့ပိုးကူညီမှုတို့အား ခံယူရရှိခဲ့ပြီး ရောဂါ ပျောက်ကင်းကာ ဆေးရုံ မှ ဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ အာဟာရချို့တဲ့မှု၏ နောက်ဆက်တွဲများကို လေ့လာသုံးသပ်ခြင်း နှင့် အာဟာရမ လုံလောက်မှု၏ အကြောင်းရင်းခံများအတွက် စီမံချက် စနစ်ပိုင်းဆိုင်ရာ အချက်အလက်များကို ၄.၁ အာဟာရ ကဏ္ဍ နှင့် ၅.၁ ရခိုင် အပိုင်းများတွင်လည်း တင်ပြထားပါသည်။

World Concern ၏ ကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံရသူများ၏ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ရလဒ်များ တိုးတက် ကောင်းမွန်စေခြင်း စီမံချက်သည် မိခင်အုပ်စု ဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခြင်း၊ အသက် (၅)နှစ်အောက် ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုကို လစဉ် စောင့်ကြည့် စစ်ဆေး ခြင်းနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များ ဖြည့်စွက်စာ ကျွေးခြင်း (IYCF) တို့ပါဝင်သည့် LIFT မှ ပံ့ပိုးပေးသည့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက် များနှင့်အတူ အကျိုးခံစားခွင့်ရှိသူ (၁,၆၅၄) ဦး (အမျိုးသမီး ၅၄%) ထံ ရောက်ရှိခဲ့ပါသည်။

The Border Consortium ၏ တောင်တန်းဒေသအတွက် အာဟာရဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးအတွက် ရေရှည် တည်တံ့သည့် အသွင် ကူးပြောင်းမှု (STAND UP) အဆင့် (၂) စီမံချက်သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း တစ် ခုလုံးရှိ ပဋိပက္ခဒဏ်ခံ လူမှုအသိုက်အဝန်းများ နှင့် နေရပ်စွန့်ခွာ တိမ်းရှောင် သည့် လူမှုအသိုက်အဝန်းများတွင် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်စွမ်းအား၊ အာဟာရဖွံ့ဖြိုးမှုနှင့် လူမှုကာကွယ် စောင့်ရှောက်မှုတို့အား မြှင့်တင်ပေး ပါသည်။ TBC မှ အကျိုးခံစားခွင့်ရှိသူအသစ် (၁၁၅) ဦး (အမျိုးသမီး ၆၅%) ထံ ရောက်ရှိခဲ့ပြီး (၅၂) ဦး (မိန်းကလေး ၅၂%) မှာ နောက်ဆက်တွဲ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပံ့ပိုးကူညီမှုများ ရရှိခဲ့သော အာဟာရချို့တဲ့သည့် အသက် (၅) နှစ် အောက် ကလေးသူငယ်များ ဖြစ်ပါ သည်။

The Consortium of Dutch NGOs (CDN'S) ၏ ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးလက်နေ နွမ်းပါးသူများ၏ ဝင်ငွေတိုးရေးနှင့် အာဟာရဆိုင်ရာ ဖွံ့ဖြိုးမှုရလဒ်များ ပိုမိုကောင်းမွန်စေရေး စီမံချက်သည် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စု ဆွေးနွေးပွဲများနှင့် ပုည့်ကျမှုများ လျှော့ချရန် ကလေးသူငယ် ဖွံ့ဖြိုးမှုအား စောင့်ကြည့် စစ်ဆေးရေးတို့အား ဆက်လက် အကောင်အထည်ဖော်ခဲ့ပါသည်။ CDN မှ အကျိုးခံစားခွင့် ရှိသူ (၂,၁၄၃) ဦးထံ ရောက်ရှိခဲ့သော်လည်း ၎င်းတို့တွင် အကျိုးခံစားခွင့်ရှိသူအသစ် မပါဝင်သဖြင့် ၂၀၂၀ ခုနှစ်တွင် NS– ၁.၁ အတွင်း ထည့်သွင်းရေတွက်ခြင်း မပြုလုပ်ခဲ့ပါ။

### NS– ၁.၂ – LIFT မှ ပံ့ပိုးပေး သည့် အာဟာရ ဇောင်းပေး စီမံကိန်း ဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သည့် လူဦးရေ အရေအတွက်

NS–၁.၂ အား LIFT မှ ထောက်ပံ့ပေးသည့် အာဟာရ အလေးပေးသည့် စီမံကိန်းလုပ်ဆောင်ချက်များနှင့်အတူ ရောက်ရှိ ခဲ့သည့် သီးခြား တစ်ဦးချင်း စီ၏ အရေအတွက်အား တိုင်းတာရန်အတွက် LIFT ၏ ယုတ္တိဗေဒ မူဘောင် အတွင်းသို့ ထည့်သွင်းခဲ့ ပါသည်။ အာဟာရ သီးသန့်နှင့် အာဟာရ ဇောင်း ပေးသည့် စီမံကိန်း ဆောင်ရွက်ချက် များသည် သဟဇာတ ဖြစ်ပြီး (၂)ခုစလုံးသည် အာဟာရ ချို့တဲ့မှုအား ဖြေရှင်းရာ၌ လိုအပ်ပါသည်။ အာဟာရ ဇောင်းပေးသည့် စီမံကိန်း ဆောင်ရွက်ချက်များသည် အာဟာရချို့တဲ့မှုဖြစ်စေသည့် အကြောင်းရင်းခံများနှင့် အခြေခံ အကြောင်းရင်းများကို ဖြေရှင်းပေးသည့် ဆောင်ရွက်ချက်များ ဖြစ်ပါသည်။[12] LIFT ၏ အဓိပ္ပါယ် ဖွင့်ဆို ချက်အရ အာဟာရ ဇောင်း ပေးသည့် စီမံကိန်း ဆောင်ရွက်ချက်များ အဖြစ် သတ်မှတ်ချက် ပြည့်မီရန်အတွက် စီမံချက်များတွင် အာဟာရဖွံ့ဖြိုးမှု ပိုမိုတိုးတက်ကောင်းမွန်စေရန် ပြည့်စုံ ရှင်းလင်းစွာ ဖော်ပြထားသော ရည်ရွယ်ချက်များ တနည်းနည်းဖြင့် ပါဝင် ရမည် ဖြစ်ပြီး အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုး ရလဒ်များ၏ ပြီးစီးအောင်မြင်မှုများအား

၁၁။ ၅၄၀,၈၀၃ မှာ LIFT ၏ ညွှန်းကိန်း PR- ၅.၁– အာဟာရဆိုင်ရာ သတင်း အချက် အလက်များကို လက်လှမ်းမီ ရရှိသော LIFT အိမ်ထောင်စု အရေအတွက် ၏ (၂၀၁၀–၂၀၁၈) အတွက် စုပေါင်းလာသည့် ပြီးစီးအောင်မြင်မှု ဖြစ်ပါသည်။ သို့ရာတွင် ညွှန်း ကိန်း အား သိသိသာသာ ပြောင်းလဲ လိုက်ပြီ ဖြစ်သဖြင့် ယင်း ကိန်းဂဏန်းအား NS–၁.၂ ၏ အလုံးစုံ ပြီးစီးအောင်မြင်မှုအတွက် ထည့်သွင်းတွက်ချက် ထားခြင်း မရှိပါ။

၁၂။ ၂၀၁၃ ခုနှစ် တွင် ထုတ်ဝေခဲ့သည့် The Lancet ဂျာနယ်အရ အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များမှ ကမ္ဘာ့အာဟာရဖွံ့ဖြိုးမှု ပြဿနာ ၏ ၂၀ ရာခိုင်နှုန်း ကိုသာ ဖြေရှင်းနိုင်ပြီး ကျန် ၈၀ ရာခိုင်နှုန်းအား စိုက်ပျိုးရေး၊ လူမှု ကာကွယ် စောင့်ရှောက်ရေး၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်၊ ပညာရေး စသဖြင့် တို့ အပါအဝင် အာဟာရ ဇောင်းပေး စီမံကိန်း ဆောင်ရွက် ချက် များ မှတဆင့် ကိုင်တွယ် ဖြေရှင်းရမည် ဟု ဆိုပါသည်။

ခြေရာကောက်ရမည် ဖြစ်ပါသည်။[၃၃] အာဟာရဇောင်းပေးသည့် စီမံချက်များမှ ပိုမို များပြား ကျယ်ပြန့်သည့် လူများအား အကျိုးကျေးဇူး ရရှိစေနိုင်သော်လည်း ဤညွှန်းကိန်းတွင် သီးသန့် ဦးတည်ရည်ရွယ်သည့်သူများမှာ ကမ္ဘာတစ်ဝှမ်းမှ အာဟာရဆိုင်ရာ အားနည်းထိခိုက်လွယ်မှု အရှိဆုံးသူ များအဖြစ် သတ်မှတ်ထားသော အုပ်စု များဖြစ်သည့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများ၊ ဆယ်ကျော်သက် မိန်းကလေးများနှင့် အသက်(၅)နှစ်အောက် ကလေးသူငယ်များ ဖြစ်ပါသည်။ အကယ်၍ စီမံကိန်း လုပ်ငန်းများသည် ဦးတည်ရည်ရွယ် သည့် ပြည်သူများမှ ကောင်းမွန်သည့် အမူအကျင့်များအား လက်ခံ ကျင့်သုံးရာတွင် ပံ့ပိုးကူညီရန်အတွက် အဓိက ဩဇာလွှမ်းမိုးနိုင်သူများအား ဦးတည်၍ ကူညီပံ့ပိုးပေးပါက အဓိကဩဇာလွှမ်းမိုးနိုင်သူများ အဖြစ် ဦးတည် ရည်ရွယ်ထားသူများ ကိုလည်း ဤညွှန်းကိန်း (NS ၁.၂) ၌ ထည့်သွင်း ရေတွက်နိုင်မည် ဖြစ်ပါသည်။[၃၄]

အာဟာရဇောင်းပေး စီမံကိန်း လုပ်ငန်းများမှတဆင့် လူဦးရေ (၇,၂၁၉၄) ဦးထံသို့ ရောက်ရှိခဲ့သည့် ပြီးစီးအောင်မြင်မှုမှာ အဓိကအားဖြင့် LIFT ၏ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များကြောင့် ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် လူမှုဝန်ထမ်း ဦးစီးဌာန၊ CDN ၊ CORAD ၊ TBC ၊ PATH (ကောင်းမွန်သည့် ရွှေ့ပြောင်း သွားလာမှု စီမံချက်များ – SMART MOVE ) ၊ KMSS ၊ Golden Pearl ၊ HPA၊ Nyeing (Shalom) ၊ SCI (Healthy Choices) ၊ BRICKS နှင့် Tat Lan Plus စီမံချက်များ) ၊ People In Need နှင့် World Concern Myanmar တို့ကဲ့သို့သော အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ အားလုံးသည် အာဟာရ ဇောင်းပေးသည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်းက အခြေအနေ ကဲ့သို့ပင် မိတ်ဖက်အဖွဲ့အစည်း များ၏ ပံ့ပိုးကူညီမှုနှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်သည့် LIFT မှ ပံ့ပိုးပေးသော MCCT စီမံကိန်းများ မှ အလွန်မြင့်မားသည့် အရေအတွက်ရှိသော အကျိုးခံစားခွင့်ရှိသူများ ထံသို့ ရောက်ရှိခဲ့ပြီး ဤညွှန်းကိန်း၏ ပြီးစီး အောင်မြင်မှု အတွက် သိသာထင်ရှားစွာ ပံ့ပိုးပေးခဲ့ပါသည်။

ချင်း၊ ကယားနှင့် ကရင်ပြည်နယ်များတွင် LIFT ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လူမှုဝန်ထမ်းဦးစီးဌာန၏ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်(၂)နှစ်အောက် ကလေးသူငယ် များအား ငွေကြေးထောက်ပံ့မှု (MCCT) စီမံကိန်းတွင် ငွေကြေး ထောက်ပံ့မှုအား ဖြန့်ဝေခြင်း အပြင် SBCC ချဉ်းကပ်နည်းလမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေခြင်းတို့ ပါဝင် ပါသည်။ အမျိုးသမီးများနှင့် ဘ၀အစ ရက်ပေါင်း (၁၀၀၀)အတွင်းရှိ ကလေး သူငယ်များ၏ အာဟာရဆိုင်ရာ ရလဒ်များ တိုးတက် ကောင်းမွန်စေရန်အတွက် ရည်ရွယ်သည့် MCCT သည် စုစုပေါင်းအားဖြင့် ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်နှင့် ယင်းတို့၏ ကလေးသူငယ် (၁၁၉,၈၆၆) ဦးအား အကျိုးကျေးဇူး ခံစားရစေခဲ့ပါသည်။ အဆိုပါ အကျိုးခံစားခွင့် ရှိသူများ တွင် MCCT စီမံကိန်းမှ ချင်းပြည်နယ်၌ (၃၂,၈၈၂) ဦး၊ ကရင်ပြည်နယ်၌ (၇၁,၂၁၉) ဦးနှင့် ကယားပြည်နယ်၌ (၁၅,၇၆၅) ဦးထံ ရောက်ရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် ချင်း၊ ကယားနှင့် ကရင်ပြည်နယ်တို့၌ အကျိုးခံစားခွင့်ရှိသူ လူ သစ်များထံ ရောက်ရှိမှုမှာ (၂၂,၀၄၆) ဦး ဖြစ်ပါသည်။ ချင်းပြည်နယ် စီမံကိန်းမှ တစ်နှစ် ပတ်လုံးအတွက် အကျိုးခံစားခွင့်ရှိသူ အသစ်များကို အစီရင်ခံ တင်ပြနိုင်သော်လည်း ပထမနှစ်ဝက်အတွက်သာ ကယားနှင့် ကရင်ပြည်နယ်တို့မှ အစီရင်ခံ တင်ပြနိုင်ခဲ့ပါသည်။ MCCT အကျိုး ခံစားခွင့်ရှိသူ များသည် ကြိုတင် ခန့်မှန်းနိုင်သော ပုံမှန်ပေးသည့် ငွေကြေးထောက်ပံ့မှု – စီမံကိန်းမှ ဝန်ဆောင်မှုပေးသည့် အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက် (၂)နှစ်အောက် ကလေးငယ် ရှိသည့် မိခင် များသည် သုံးလလျှင် တစ်ကြိမ် မြန်မာကျပ်ငွေ ၄၅,၀၀၀ (ကန်ဒေါ်လာ ၃၂)အား လက်ခံရရှိရန် အရည်အချင်း ပြည့်မီပါသည်။ လက်ခံရရှိပါသည်။ ငွေကြေး ထောက်ပံ့မှုမှ ကလေးများ၏ ဘ၀အစ ရက်ပေါင်း (၁၀၀၀)အတွင်း အာဟာရဖွံ့ဖြိုးမှု၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးတို့ အတွက် အသုံးပြုရန် ရည်ရွယ်သည့် အပိုဝင်ငွေအား မိခင်များအား ပေးအပ်ပါသည်။ အာဟာရဖွံ့ဖြိုးမှု၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ ကောင်းမွန် သည့် အမူအကျင့်များကို လက်ခံကျင့်သုံးခြင်းအား ပံ့ပိုးကူညီပေးရန်အတွက် စေတနာ့ဝန်ထမ်း ကျန်းမာရေး လုပ်သားများ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန (DoPH) မှ အခြေခံ ကျန်းမာရေး ဝန်ထမ်းများသည် ကျေးရွာ ခေါင်းဆောင်များ (သို့) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးတို့၏ ကူညီပံ့ပိုးမှုဖြင့် ကျေးရွာအဆင့်၌ မိခင် အချင်းချင်း ရိုင်းပင်းကူညီသည့် အုပ်စု ဆွေးနွေးပွဲများ အပါအဝင် SBCC ကွင်းဆင်း ဆောင်ရွက်သည့် လုပ်ငန်းများအား အကောင် အထည်ဖော် ဆောင်ရွက်ပါသည်။

LIFT မှ ပံ့ပိုးပေးသည့် အစိုးရမှ ပထမဦးဆုံးဦးဆောင်သည့် ချင်း MCCT စီမံကိန်း တွင် ၂၀၂၀ ခုနှစ်၌ ခန့်မှန်းခြေ အားဖြင့် အကျိုးခံစားခွင့် ရှိသူ အသစ် (၁၀,၇၁၃) ဦးထံ ရောက်ရှိခဲ့ပါသည်။ ငွေကြေး ထောက်ပံ့ပေးပြီးနောက် စောင့်ကြည့်စစ်ဆေးသည့် တွေ့ရှိချက်များမှ အကျိုးခံစားခွင့် ရှိသူများသည် ထောက်ပံ့သည့် ငွေကြေးအား ၎င်းတို့ ကိုယ်တိုင်အတွက် နှင့် ၎င်းတို့၏ ကလေးများအတွက် စားနပ်ရိက္ခာ နှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကုန်ကျစရိတ်များအတွက် အသုံးပြုခဲ့သည်ကို ဆက်လက် ပြသနေပါသည်။ ဥပမာအားဖြင့် မိခင်များ၏ ၈၅% မှ ငွေကြေးအား ၎င်းတို့၏ ကလေးငယ်များ စားသုံးရန်အတွက် ထပ်မံ၍ အစားအသောက်မျိုးစုံအား ဝယ်ယူရန် ငွေကြေးအား အသုံးပြုနေပါသည်ဟု အစီရင်ခံတင်ပြခဲ့သဖြင့် ပြီးခဲ့သည့် စောင့်ကြည့်စစ်ဆေးသည့် အကြိမ်၌ တွေ့ရှိခဲ့သည့် ၅၄% ထက် သိသိသာသာ တိုးတက်မှုရှိကြောင်းမှာ ထင်ရှား ပါသည်။ ရလဒ်များမှ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မိခင်များသည် ၎င်းတို့၏ အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး လိုအပ်ချက်များအား ဖြည့်ဆည်းရန် အတွက် ငွေကြေးသုံးစွဲခြင်း၏ အရေးပါမှု နှင့်စပ်လျဉ်း၍ SBCC မှတဆင့် အသိအမြင်များ တိုးတက်လာကြောင်းကို ပြသနေပါသည်။

ကယားပြည်နယ် MCCT တွင် ၂၀၂၀ ခုနှစ်၌ အကျိုးခံစားခွင့်ရှိသူ အသစ် (၁,၁၆၁) ဦးသည် စီမံကိန်း၌ ပါဝင်လာခဲ့ ပါသည်။ ကယားပြည်နယ်တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်ခဲ့သည့် MCCT စီမံကိန်းသည် ယခုအခါတွင် စုပေါင်းလာသည့် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (၁၅,၇၅၆) ဦးထံ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။ ငွေကြေးထောက်ပံ့မှု (၄) ကြိမ်ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ပေးအပ်သည့် မြန်မာကျပ်ငွေ (၄၅,၀၀၀) (ကန်ဒေါ်လာ ၃၂)အား အစိုးရမှ ထိန်းချုပ် ထားသည့် ဒေသများတွင် လူမှုဝန်ထမ်းဦးစီးဌာန နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ သုံးလတစ်ကြိမ် ပေးအပ်ခဲ့ပြီး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ထိန်းချုပ်ထားသည့် ဒေသများတွင် ဤထောက်ပံ့မှု အား ရပ်ရွာလူထု ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုကွန်ရက် (CHDN) မှ ပေးပါသည်။ အခြား MCCT စီမံကိန်းများကဲ့သို့ပင် အမျိုးသမီးများသည် ကျန်းမာရေး ဝန်ထမ်းများနှင့် CHDN ဝန်ထမ်းများမှ တည်ထောင်ပြီး ကူညီပံ့ပိုးပေးသည့် မိခင် အချင်းချင်း ရိုင်းပင်း ကူညီသည့် အဖွဲ့များမှ တဆင့် ငွေကြေးသာမက အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများကို လည်း ရရှိနေပါသည်။ ငွေကြေးထောက်ပံ့ ပေးပြီးနောက်ပိုင်း စောင့်ကြည့် စစ်ဆေးသည့် စစ်တမ်းအား ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြုလုပ်ခဲ့ပြီး အမျိုးသမီး ၉၀% တို့သည် MCCT ငွေကြေးထောက်ပံ့မှုကို လက်ခံရယူရမည့် အချိန် နှင့် နေရာအား ကြိုတင်၍ သတင်းအချက်အလက်များ ရရှိကြောင်း တွေ့ရှိခဲ့ပါသည်။ စာရင်း ပေးသွင်းထားသည့် အကျိုးခံစားခွင့်ရှိသူများအနက် ၉၉% သည် သုံးလတစ်ကြိမ် ပေးအပ်သည့် ထောက်ပံ့ငွေအား စီစဉ်ထားသည့် အချိန်အတိုင်း ရရှိခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူများ၏ (၇၀% ဝန်းကျင်သည် သားဖွားဆရာမများနှင့် အရန် သားဖွားဆရာမများ အပါအဝင် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်မှုရှိသော ပုဂ္ဂိုလ်များမှ ပေးခဲ့သည့် အသိပညာပေး ဟောပြောပွဲများကို တက်ရောက်ခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူများ၏ ၈၄% မှ ၎င်းတို့အတွက် အရေအတွက် (သို့) အမျိုးအစား ပိုမိုများပြားသည့် အစားအသောက်များ ဝယ်ယူပါသည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူများ၏ ထက်ဝက်သည် ၎င်းတို့၏ ကလေးများအတွက် အစားအသောက် ဝယ်ယူရန် ငွေကြေး အား အသုံးပြုခဲ့ကြပြီး ၄၁% သည် ၎င်းတို့ ကိုယ်တိုင်အတွက် အစားအသောက် ဝယ်ယူရာတွင် အသုံးပြုခဲ့ကြ ပါသည်။ သုံးပုံ တစ်ပုံခန့်သည် ထောက်ပံ့ငွေ အား ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ ကုန်ကျစရိတ်များအတွက် အသုံးပြုခဲ့ကြပါသည်။ အကျိုးခံစားခွင့်ရှိသူများ၏ ကျန်းမာရေး စောင့်ရှောက်မှု ရယူသည့် အမူအကျင့်များအရ ကျွမ်းကျင် သားဖွားဆရာ/မ များမှ ၉၆% ရှိသော အကျိုးခံစားခွင့်ရှိသူများအား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ပေးခဲ့ပြီး ယင်းတို့အနက်မှ ၉၁% အား မီးဖွား စဉ် ကာလ အတွင်း ကူညီပေးခဲ့ပါသည်။ သို့သော်လည်း ၁၆% သော မိခင်များသည်သာ ၎င်းတို့၏ အငယ်ဆုံး ကလေးငယ်အား မီးဖွားပြီးသည့်နောက် (၄၈) နာရီအတွင်း လာရောက် ကြည့်ရှုခြင်း အနိမ့်ဆုံး တစ်ကြိမ်သာ လက်ခံရရှိခဲ့ပါသည်။ တစ်ကိုယ်ရည် သန့်ရှင်းရေး ဆိုင်ရာ အမူအကျင့်များအား ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလျက်ရှိကြောင်း အစီရင်ခံ တင်ပြခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူများ၏ ၉၄% မှ ၎င်းတို့၏ လက်များအား ရေနှင့် ဆပ်ပြာတို့ဖြင့် ဆေးကြောကြောင်း အစီရင်ခံ တင်ပြခဲ့ကြပါသည်။ ခြုံငုံသုံးသပ်ရလျှင် ရှာဖွေ တွေ့ရှိမှုများအရ အမျိုးသမီးများသည် ငွေကြေးအား မှန်ကန်သည့် ရည်ရွယ်ချက်များအတွက် အသုံးပြုနေကြ ပြီး အာဟာရဖွံ့ဖြိုးမှုနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အလေ့အကျင့်များဆိုင်ရာ အသိအမြင်များ အဆင့် တိုးတက် ကောင်းမွန်မှု ရှိသည်ဟု ညွှန်ပြနေပါသည်။

ကရင်ပြည်နယ် MCCT စီမံကိန်းတွင် အမျိုးသမီးအသစ် (၁၀,၃၇၂) ဦးသည် စီမံကိန်းတွင် ပါဝင်လာခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၌ပင် စတင်ခဲ့သော ကရင်ပြည်နယ် စီမံကိန်းသည် ယခုအချိန်တွင် စုပေါင်းလာသည့် အကျိုးခံစားခွင့် ရှိသူ စုစုပေါင်း (၇၁,၂၁၉) ဦးထံ အသိပညာ ပေး ဆွေးနွေး ပွဲများနှင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့မှ (၃)လတိုင်း ပေးဝေသည့် ငွေကြေး ပေးအပ်မှုနှင့်အတူ ရောက်ရှိ ခဲ့ပြီး ဖြစ်ပါသည်။ ကရင်အမျိုးသား အစည်းအရုံး အုပ်ချုပ်မှုအောက်ရှိ ဒေသများတွင် ကရင် ကျန်းမာရေးနှင့် လူမှုဝန်ထမ်းဌာနမှ ဝန်ဆောင်မှု ပေးခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှုမှာ (၄)ကြိမ် လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။

Save the Children ၏ Tat Lan Plus စီမံချက်သည် အကျိုးခံစားခွင့်ရှိသူ အသစ် (၁၄,၃၉၂) ဦး (အမျိုးသမီး ၅၄%)၊ စုပေါင်း လာသည့် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (၁၇,၆၂၀) ဦး (အမျိုးသမီး ၆၂%) ထံ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။ Tat Lan Plus စီမံချက်မှ ကိုယ်ဝန်ဆောင်နှင့် ကလေးကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုတို့နှင့် ဆက်နွယ်နေ သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ပညာပေး လုပ်ငန်းများ အပါအဝင် အာဟာရဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး သတင်းစကားပြောကြားခြင်း၊ (SBCC) လုပ်ငန်းများအား မိခင်များ၊ ဖခင်များနှင့် အဓိက ဩဇာလွှမ်းမိုးမှု ရှိသူများထံ ဟောပြောပို့ချပါသည်။ ကရင်၊ ကယား၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးရှိ The Border Consortium (TBC) ၏ STAND UP အဆင့် (၂) စီမံချက်သည် သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားဖြင့် IYCF ပညာပေးခြင်း၊ MUAC စစ်ဆေးခြင်း၊ နေ့ကလေးထိန်းကျောင်းများတွင် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ကူညီ ထောက်ပံ့မှုပေးခြင်း၊ ရပ်ရွာလူထု ကျန်းမာရေး လုပ်သားများအား စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် အာဟာရချို့တဲ့မှုအား စစ်ဆေး ကြည့်ရှုခြင်းကဲ့သို့သော လုပ်ငန်းများမှတဆင့် အကျိုးခံစားခွင့်ရှိသူ အသစ် (၁၄,၆၃၈) ဦး (အမျိုးသမီး ၆၁ %) ထံ ရောက်ရှိခဲ့ပါသည်။

KMSS ၏ အာဟာရ ဖွံ့ဖြိုးမှုအတွက် ပဋိပက္ခဒဏ်ခံရသည့် အမျိုးသမီးများနှင့် ကလေးငယ်လေးများအား ကူညီ ပံ့ပိုးပေးခြင်း (SAFE WIN) မှ အမျိုးသမီး သီးသန့် အကျိုးခံစားခွင့်ရှိသူ (၂,၇၉၆) ဦးထံ စောင့်ရှောက်မှု ပေးသည့် အုပ်စုများမှတဆင့် ရောက်ရှိခဲ့ပါသည်။ အမျိုးသမီးများသည် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များ နှင့် အိမ်ထောင်စုအခြေပြု အစားအသောက် ထုတ်လုပ်ရန်အတွက် မျိုးစေ့များအား လက်ခံရရှိခဲ့ပါသည်။ PATH ၏ Smart Move စီမံချက်မှ အကျိုးခံစားခွင့်ရှိသူ (၉,၃၁၈) ဦး (အမျိုးသမီး ၉၉%) ထံ အခြေခံ အာဟာရဖွံ့ဖြိုးမှု၊ ကျန်းမာ ရေး နှင့် ညီညွတ်သည့် အစားအစာများ၊ အစားအသောက် ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ဘ၀အစ ရက်ပေါင်း (၁,၀၀၀) အတွင်း မိခင်များနှင့် ကလေးများအတွက် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ SBCC သင်တန်းများနှင့်အတူ ရောက်ရှိ ခဲ့ပါသည်။ Save the Children ၏ Healthy Choices စီမံချက်မှ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ

၃၃။ ၂၀၁၃ ခုနှစ် ယူနီဆက်ဖ်၏ အာဟာရဖွံ့ဖြိုးမှု နိမ့်ကျခြင်း ဖြစ်ရသည့် ကြောင်းကျိုး ဆက်နွယ်မှု မူဘောင်အရ အခြေခံ အကြောင်းရင်းများ တွင် အိမ်ထောင်စု စားနပ်ရိက္ခာ မဖူလုံမှု၊ လုံလောက်မှုမရှိသည့် လူမှုရေးနှင့် စောင့်ရှောက်မှု ဝန်းကျင်၊ ကျန်းမာရေးနှင့် မညီသည့် ပတ်ဝန်းကျင်၊ ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီ ရရှိမှု နိမ့်ကျခြင်း၊ ဝင်ငွေ နိမ့်ကျ၍ ဆင်းရဲ နွမ်းပါးခြင်း၊ နိုင်ငံရေး တည်ငြိမ်မှုမရှိခြင်း၊ ပညာရေး လက်လှမ်းမီ ရရှိမှုတွင် အကန့်အသတ်ရှိခြင်း၊ ကျား-မရေးရာ တန်းတူညီမျှမှု မရှိခြင်း၊ ဘဏ္ဍာရေး/ ရုပ်ပိုင်းဆိုင်ရာ/ လူသား အရင်းအမြစ်/ လူမှုရေး/သဘာဝ အရင်းအနှီး စသဖြင့်တို့ မရှိခြင်း။

၃၄။ အဆိုပါ အရေးပါသည့် ဩဇာလွှမ်းမိုးမှုရှိသူများ တွင် ဖခင်များ၊ အဖွားများ၊ လူမှု အသိုက်အဝန်း ခေါင်းဆောင်များ၊ ကျန်းမာရေး လုပ်သားများ (သို့) မျိုးဆက် ပွား နိုင်သည့် အသက်အရွယ်အတွင်းရှိ အမျိုးသမီးများ၊ ဆယ်ကျော်သက်ရွယ် မိန်းကလေး များ နှင့် အသက် ၅ နှစ်အောက် ကလေးသူငယ်များ အပေါ် ကောင်းစွာ လွှမ်းမိုးနိုင်ရန် အတွက် ရည်ရွယ်၍ ကူညီပံ့ပိုးပေးနိုင်သည့် အခြားသူများ ပါဝင်နိုင် ပါသည်။ ဤ ညွှန်းကိန်း ၏ ပြီးစီးအောင်မြင်မှုတွင် တစ်ဦးချင်းစီကို ထည့်သွင်းနိုင်ရန် အတွက် စီမံကိန်း ဆောင်ရွက်ချက်အား အဆိုပါ တစ်ဦးတစ်ယောက်ချင်းစီထံသို့ အတိအကျ ရောက်ရှိနိုင်ရန် ရည်ရွယ် ဆောင်ရွက်ရမည် ဖြစ်သည်။ စီမံချက်တွင် အဆိုပါ အုပ်စု များမှ စီမံကိန်းဆောင်ရွက်ချက်များ၏ ကမ်းလှမ်းချက်များကို လက်ခံ ကျင့်သုံး ရန် အတွက် တက်ကြွစွာ မြှင့်တင်ပေး နိုင်မည့် အစိတ်အပိုင်းတစ်ခု ပါဝင်ရမည် ဖြစ်ပြီး ထို လက်ခံကျင့်သုံးမှုကိုလည်း တနည်းနည်းဖြင့် စောင့်ကြည့်စစ်ဆေးရမည် ဖြစ်သည်။

ကျေးလက် ဒေသများမှ ရွှေ့ပြောင်းသွားလာသူများ နေထိုင်သည့် ရန်ကုန်မြို့ပြဝန်းကျင်ရှိ ရွှေပြည်သာမြို့နယ်မှ ရပ်ကွက် (၄)ခုအား ဦးတည် ရည်ရွယ်ပြီး စီမံချက်မှ ငွေကြေးထောက်ပံ့မှုနှင့် SBCC သင်တန်း တစ်ကြိမ် ရရှိခဲ့သည့် မိခင် (၁,၄၄၇) ဦးထံ ရောက်ရှိခဲ့ပါသည်။

CDN ၏ ကရင်ပြည်နယ် မြောက်ပိုင်း ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများ၏ ဝင်ငွေများနှင့် အာဟာရ ဖွံ့ဖြိုးမှု ရလဒ်များ ပိုမို ကောင်းမွန်စေခြင်း စီမံချက်တွင် ကလေးသူငယ် အာဟာရချို့တဲ့မှုကို ဖြစ်ပေါ်စေသည့် ငုပ်လျှိုးနေသည့် အကြောင်းရင်းများကို ဖြေရှင်းရန်နှင့် အိမ်ထောင်စု၏ ကြံ့ကြံ့ခံနိုင်စွမ်းအားနှင့် အိမ်ခြံဥယျာဉ် စိုက်ပျိုးရေးနှင့် WASH လုပ်ငန်းများမှတဆင့် တည်ဆောက်ရန် တို့အတွက် အာဟာရ ဖောင်းပေးသည့် စီမံကိန်းလုပ်ငန်း ပါဝင်ပါသည်။ အာဟာရသီးသန့် စီမံကိန်းလုပ်ငန်းများ (အထက်ဖော်ပြပါ NS-၁.၁) အပြင် CDN သည် ယင်း၏ အာဟာရ ဖောင်းပေး စီမံကိန်း လုပ်ငန်းများမှတဆင့် စုပေါင်းလာသည့် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (၂၄,၅၃၃) ဦး (အမျိုးသမီး ၅၃ %) ထံ ရောက်ရှိခဲ့ပါသည်။ ယင်းတို့အနက်မှ (၁၁၈) ဦးသည် ဤအစီရင်ခံ တင်ပြသည့် ကာလတွင် NS-၁.၂ အတွက် သီးသန့် အကျိုးခံစားခွင့် ရှိသူများ ဖြစ်ပါသည်။

CDN မှ COVID-19 ကပ်ရောဂါကြောင့် ဈေးများသို့ သွားရောက်ရန်အတွက် ကန့်သတ်မှုများ ရှိနေသည့် အချိန်၌ အိမ်ခြံ ဥယျာဉ် စိုက်ပျိုးခြင်းသည် အာဟာရပြည့်ဝသည့် အစားအသောက်များအတွက် အရေးပါသည့် ရင်းမြစ်တစ်ခုဖြစ်ကြောင်းကို အစီရင်ခံတင်ပြခဲ့ပါသည်။ အိမ်ခြံ ဥယျာဉ် စိုက်ပျိုးမှု ထုတ်လုပ်သည့် အရေအတွက်ဆိုင်ရာ အချက်အလက်နှင့် စားသုံးမှုအပေါ် ယင်း၏ သက်ရောက်မှု များအား COVID-19 ဆိုင်ရာ ကန့်သတ်ချက်များကြောင့် ကောက်ယူနိုင်ခဲ့ခြင်း မရှိပါ။ သို့သော်လည်း မိတ်ဖက်အဖွဲ့အစည်း ဝန်ထမ်းများမှ လွန်ခဲ့သည့် (၂) နှစ်အတွင်း၌ အိမ်ခြံဥယျာဉ် စိုက်ပျိုးရေး လုပ်ငန်းများကြောင့် စီမံချက်၏ အကျိုးခံစားခွင့်ရှိသူများအကြား လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် စားသုံးမှု မြင့်တက်လာသည်ကို သတိပြုမိခဲ့ပါသည်။ စားနပ်ရိက္ခာဖူလုံမှုနှင့် ထိတ်လန့်မှုများအား ကြံ့ကြံ့ခံနိုင်စွမ်း တိုးတက်လာခြင်းအပေါ် အိမ်ခြံ ဥယျာဉ် စိုက်ပျိုးရေး၏ ကောင်းမွန်သည့် အကျိုးကျေးဇူးအား အထူးသဖြင့် COVID-19 ကပ်ရောဂါ ကာလအတွင်း အထူးသဖြင့် ကရင်ပြည်နယ်ရှိ ဝေးလံခေါင်သီသည့် ဒေသများတွင် စားနပ်ရိက္ခာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များ ပြတ်တောက်ပြီး ဝင်ငွေများ ကျဆင်းခဲ့သည့်အချိန်၌ မြင်သာမှု ရှိခဲ့ပါသည်။ WASH လုပ်ငန်းများ သည်လည်း ရေမှ ကူးစက်သည့် ဖျားနာမှုများအား လျှော့ချရာတွင် ကူညီပေးနိုင်သဖြင့် ဦးတည်ရည်ရွယ်သည့် ဒေသများတွင် အာဟာရချို့တဲ့မှု၏ အခြေခံ အကြောင်းရင်း များကို ဖြေရှင်းရာတွင် သိသာထင်ရှားစွာ ပံ့ပိုးပေးခဲ့ပါသည်။ CDN သည် ယင်း၏ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ပြုပြင် ပြောင်းလဲခြင်းတွင် ပူးပေါင်းပါဝင်သည့် (PHAST) ချဉ်းကပ်နည်းလမ်း၏ တစ်စိတ် တစ်ဒေသ အနေဖြင့် ရပ်ရွာလူထုမှ ဦးဆောင်သည့် တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးတို့အား ပိုမို တိုးတက် ကောင်းမွန်စေမည့် ချဉ်းကပ်နည်းလမ်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

CORAD ၏ ချင်းပြည်နယ် မြောက်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းမျိုးစုံ ဖြစ်ထွန်းရေးကို မြှင့်တင်ပြီး ဘက်စုံ စီးပွားဖြစ်ထွန်းရေး စီမံချက်သည် အချိန်တိုအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုကို မိတ်ဆက်ပေးခြင်းနှင့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ အလေ့အကျင့်များ တိုးတက် ကောင်းမွန်ခြင်းတို့မှတဆင့် အာဟာရပြည့်ဝသည့် သီးနှံများနှင့် ဟင်းသီးဟင်းရွက်များအား တနှစ်ပတ်လုံး ရရှိနိုင်ရန်အတွက် တိုးမြှင့် လုပ်ဆောင်ရန်နှင့် အစားအသောက် အမျိုးအမည်စုံလင်စွာ စားသုံးနိုင်မှုအား ပိုမိုကောင်းမွန်စေရန် တို့အတွက် ကြိုးပမ်း ဆောင်ရွက်နေပါသည်။ ၂၀၂၀ ခုနှစ်တွင် စီမံချက်မှ မျိုးစေ့အစုံအလင်အား ဖြန့်ဖြူးပေးခဲ့ပြီး အိမ်ခြံ ဥယျာဉ် စိုက်ပျိုးခြင်း ဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ကာ အကျိုးခံစားခွင့်ရှိသူ လူသစ် (၄,၇၄၆) ဦး (အမျိုးသမီး ၈၆%) ထံ ရောက်ရှိပါသည်။

Golden Pearl ၏ မသန်စွမ်းသူများ၏ လူမှုစီးပွားရေး အခြေအနေပိုမိုကောင်းမွန် တိုးတက်စေရေး စီမံချက်သည် အာဟာရ ဖွံ့ဖြိုးမှု နိမ့်ကျသည်နှင့် ဆက်နွယ်နေသော မသန်စွမ်းဖြစ်မှုအား တားဆီး ကာကွယ်ရန် ရည်ရွယ်၍ ကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ အလေ့အကျင့် များအား မြှင့်တင်ပေးပါသည်။ စီမံချက် ဆောင်ရွက်ချက်များတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ပညာပေးခြင်းနှင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက် မိခင် အမျိုးသမီးများ အထူးသဖြင့် မသန်စွမ်းသည့် ကလေးသူငယ်များရှိသည့် မိဘများအား အာဟာရ ဆိုင်ရာ ကူညီပံ့ပိုးပေးခြင်းတို့ ပါဝင်ပါသည်။ ၂၀၂၀ ခုနှစ်တွင် စီမံချက်မှ အကျိုးခံစားခွင့်ရှိသူ အသစ်စုစုပေါင်း (၄၂၁) ဦး (အမျိုးသမီး ၈၆ %) ထံ ရောက်ရှိခဲ့ပါသည်။

LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးသည့် နောက်ထပ်စီမံချက်များ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း လုပ်ငန်းများအတွက် အထောက်အကူပေးလျက် ရှိပါသည်။ သို့သော်လည်း ညွှန်းကိန်း NS-၁.၁ (သို့) NS- ၁.၂ အောက်ရှိ Koe Koe Tech ၏ ရွှေမေမေ စီမံချက်၊ World Food Programme (ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်) ၏ မြန်မာနိုင်ငံတစ်ဝန်း အားဖြည့်ဆန် ထုတ်လုပ်ရေးနှင့် စားသုံးမှုတိုးချဲ့ခြင်း စီမံချက်၊ PATH ၏ မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို မိတ်ဆက်ပေးခြင်း) တို့ရှိ အကျိုးခံစားခွင့်ရှိသူများ အရေအတွက် အတွက် အထောက်အကူ မပြုပါ။ အဆိုပါ စီမံချက်များရှိ အကျိုးခံစားခွင့်ရှိသူများကိုမူ စီမံချက်တွင် ရှင်းလင်း ပြတ်သားသည့် ရည်မှန်းချက် မရှိခြင်း (သို့) တစ်ဦးချင်းစီ အကြား အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များအား ခြေရာခံခြင်း မပြုလုပ်ခဲ့ခြင်း တို့ကြောင့် ထည့်သွင်းရေတွက်ရန်အတွက် သင့်လျော်ခြင်း မရှိပါ။ အဆိုပါ စီမံချက်များ၏ အကျိုးခံစားခွင့်ရှိသူများအား NS ၁.၁ နှင့် NS ၁.၂ တို့တွင် ထည့်သွင်းနိုင်ခြင်း မရှိသော်လည်း စီမံချက် များသည် ယုတ္တိဗေဒ မူဘောင်တွင် အာဟာရ ဖွံ့ဖြိုးမှုနှင့် မူဝါဒနှင့် ဆက်နွယ်နေသည့် ညွှန်းကိန်းအချို့အား ဖြည့်ဆည်းပေးပါသည်။ FMO သည် NS ၁.၁ နှင့် NS ၁.၂ ပြီးစီးအောင်မြင်မှုများအတွက် ဖြည့်ဆည်းပေးမည့် သက်ဆိုင်မှုရှိပြီး ဖြစ်နိုင်ခြေရှိသော စီမံချက်အသစ်များအား မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်လက် လုပ်ဆောင်လျက်ရှိပါသည်။

Koe Koe Tech ၏ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ မိခင်များနှင့် ၎င်းတို့၏ အိမ်ထောင်ဖက်များအတွက် လက်လှမ်းမီ ရယူနိုင်သော ယုံကြည် စိတ်ချပြီး အားထားရသည့် ဘဝအစ ရက်ပေါင်း (၁,၀၀၀)အတွက် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကြောင်းအရာများအား ပံ့ပိုးပေး လျက်ရှိသည့် ရွှေမေမေ စီမံချက်မှ ယင်း၏ m-health အပ်ပလီကေးရှင်းအား Koe Koe Tech မှ ညွှန်းပို့မှုများနှင့် PSI နှင့် World Vision မြန်မာအပါအဝင် ယင်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှတဆင့် အသုံးပြုသူအသစ် (၁၄,၅၈၃) ဦးထံသို့ ဖြန့်ဝေပေးခဲ့ပါသည်။ မေမေ အပလီကေးရှင်းတွင် အစိုးရ၏ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများနှင့် Save the Children ၏ LEARN စီမံချက်မှ ရေးသား ပြုစုသည့် အကြောင်းအရာများ အပါအဝင် ဒီဂျစ်တယ်စနစ်နှင့် ဂိမ်းကစားနိုင်ရန် ပြုလုပ်ထားသော အာဟာရ ဖွံ့ဖြိုးမှု နှင့် ကျန်းမာရေး ဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်ပါသည်။

PATH ၏ မြန်မာနိုင်ငံတွင် အားဖြည့်ဆန်အား မိတ်ဆက်ပေးခြင်း စီမံချက်မှ အကျိုးခံစားခွင့်ရှိသူအသစ် (၃၉,၃၇၃) ဦးထံ အားဖြည့်ဆန် ဝေငှပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ပညာပေးခြင်းနှင့် အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများအား အစည်းအဝေးများ ပြုလုပ်နိုင်ရန် ချိတ်ဆက် ပေးခြင်းတို့နှင့်အတူ ရောက်ရှိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်မှစ၍ ဤစီမံချက်သည် စုပေါင်းထားသည့် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (၁၀၃,၆၄၀) ဦးထံ ရောက်ရှိခဲ့ပါသည်။ စီမံချက်သည် ၂၀၂၀ ခုနှစ် ဇွန်လတွင် ပိတ်သိမ်းခဲ့ပါသည်။





World Food Programme ၏ မြန်မာနိုင်ငံတစ်ဝန်း အားဖြည့်ဆန် ထုတ်လုပ်ရေးနှင့် စားသုံးမှု တိုးချဲ့ခြင်း စီမံချက်မှ ၂၀၂၀ ခုနှစ်တွင် ပုံမှန်အစားအသောက် ဖြန့်ဝေပေးခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆန်ဖြန့်ဝေပေးခြင်းနှင့် ရခိုင်ပြည်နယ်ရှိ ဘေးဒုက္ခ ခံစားနေရသည့် လူများ၏ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ပေးခြင်းတို့မှတဆင့် အကျိုးခံစားခွင့်ရှိသူအသစ် (၂၉,၄၁၉) ဦး (အမျိုးသမီး ၅၅%) ထံ ရောက်ရှိခဲ့ပါသည်။ WFP သည် ရခိုင်ပြည်နယ် စစ်တွေ၊ ပေါက်တော၊ မြေပုံနှင့် ရသေ့တောင်မြို့နယ်များရှိ အကျိုးခံစားခွင့်ရှိသူလူ (၈၃,၂၁၀) ဦးထံ အားဖြည့်ဆန် (၆,၄၄၈) မက်ထရစ်တန်အား ဖြန့်ဝေပေးပြီး ဖြစ်ပါသည်။

# ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

### ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု- မူဝါဒအဆင့်

**FP-၁-: အသစ်နှင့်/သို့ တိုးတက်လာသည့် ကျား၊မ ရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်သည့် အစိုးရကဏ္ဍ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များသည်-**

» ငွေရေး ကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာန (FRD) ၏ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း (MFI များ) အား စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းအား ကူညီပံ့ပိုးပေးပါသည်။

» စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (MoPF) ၏ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကြေးစုဆောင်းမှုများ ပြုလုပ်နိုင်ရန် ဆော်ဩ စည်းရုံးသည့် မူဝါဒ အကောင်အထည်ဖော်ခြင်းအား ကူညီပံ့ပိုးပေးပါသည်။

» MFI များမှ ဝန်ဆောင်မှုရယူသူများ၊ငွေစုငွေချေးသူများ အတွက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ရရှိစေရန် အသေးစား အာမခံဆိုင်ရာ စည်းမျဉ်း စည်းကမ်းနှင့် အလေ့အကျင့်တို့အား ပြန်လည် ပြင်ဆင်ခြင်းအား ကူညီပံ့ပိုးပေးပါသည်။

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀-၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀-၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| FP-၁.၁- LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ အားလုံး ပါဝင် စေမှုနှင့် သက်ဆိုင်သော အစိုးရကဏ္ဍ မူဝါဒများနှင့် စီမံကိန်းများဆိုင်ရာ အပြောင်းအလဲ များ၏ အရေအတွက် | ၆ | ၆ | ၁၂ | ၄ | ၃၀၀ | စီမံကိန်း/IPs |
| FP-၁.၂ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုနှင့် သက်ဆိုင်သည့် အစိုးရကဏ္ဍ ဘတ်ဂျက် ခွဲဝေခြင်း/ သုံးစွဲခြင်းဆိုင်ရာ ပြောင်းလဲမှု များ၏ အရေအတွက် | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | မရနိုင်ပါ | |
| FP-၁.၃- LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုနှင့် ဆက်နွယ်နေသည့် မူဝါဒ အထောက်အကူပြု ဆောင်ရွက်မှုများအား စီစဉ် ဆောင်ရွက်ပေးခဲ့သည့် အရေအတွက် | ၂၉ | ၁၄ | ၄၃ | ၁၆ | ၂၆၉ | စီမံကိန်း/IPs |
| FP-၁.၄- အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည့် LIFT မှပံ့ပိုးပေးခဲ့သည့်ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက် | ၃ | ၂ | ၅ | ၆ | ၈၃ | စီမံကိန်း/IPs |

*ဇယား ၃-၃။ စီမံကိန်းအဆင့် FP-၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

**FP-၁.၁- LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ အားလုံး ပါဝင်စေမှုနှင့် သက်ဆိုင်သော အစိုးရကဏ္ဍ မူဝါဒများ နှင့် စီမံကိန်းများ ဆိုင်ရာ အပြောင်းအလဲ များ၏ အရေအတွက်**

ဤညွှန်းကိန်းအောက်ရှိ ပြီးစီးအောင်မြင်မှုများမှာ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးမှ တာဝန်ယူ ဆောင်ရွက်သော မူဝါဒဆိုင်ရာ ပူးပေါင်း ဆောင်ရွက်သည့် လှုပ်ရှား ဆောင်ရွက်မှုများမှတဆင့် ဖြစ်ထွန်းခဲ့ပါသည်။ LIFT ၏ ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) ၏ COVID-19 ကပ်ရောဂါ တုံ့ပြန် ကာကွယ် ဆောင်ရွက် ခြင်းနှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက်များနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်သည့် အချက်များအား ပြုစု ရေးသား၍ မြန်မာ နိုင်ငံတော် ဗဟိုဘဏ် (CBM) နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန (MoPFI) သို့ တရားဝင် အကြောင်းကြားစာ တစ်စောင် ပေးပို့ခဲ့ပါသည်။ အဆိုပါ အကြောင်းကြားစာတွင် ပါဝင်သည့် အဓိက အကြောင်းအရာများတွင် အာမခံ မထားသည့်/အာမခံထားသည့် ပစ္စည်းတန်ဖိုးထက် ကျော်လွန်၍ ထုတ်ချေးထားသည့် ချေးငွေများအတွက် အတိုးနှုန်း လျှော့ချရန် ဗဟိုဘဏ်၏ ညွှန်ကြားချက် ပါဝင်ပြီး LIFT နှင့် အခြား ပတ်သက်ဆက်နွယ်သူများက ထိုသို့ အတိုးနှုန်း လျှော့ချခြင်းကြောင့်

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုကို လျော့နည်းစေပြီး ငွေဖြစ်လွယ်မှု နှင့် မတည်ရင်းနှီးရန် ချေးငွေ (loan capital) ရရှိနိုင်မှုတို့ ထပ်မံ လျော့နည်းသွားမည် ဆိုသည့် အချက်ကို ထောက်ပြခဲ့ပါသည်။ ရလဒ် အားဖြင့် မြန်မာနိုင်ငံ အစိုးရ မှ ၂၀၂၀ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် COVID–19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) တွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကဏ္ဍအား ကူညီပံ့ပိုးပေးမည့် လုပ်ငန်း ဆောင်ရွက်ချက်များ ပါဝင်ပြီး ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် မှ MFI များ အတွက် နိုင်ငံခြား ချေးငွေများအား အတိုးနှုန်း ၁၆ ရာခိုင်နှုန်းဖြင့် ခွင့်ပြုပေးခဲ့ပြီး ယင်းအတိုးနှုန်း မှာ ယခင်ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များတွင် ပါဝင်သည့် လျှော့ချထားသော အတိုးနှုန်း ၁၄.၅ ရာခိုင်နှုန်းထက် မြင့်မားသည့် နှုန်းထားဖြစ်ပါသည်။

အခြား ဖြစ်ပေါ်ခဲ့သည့် အပြောင်းအလဲများမှာ–

» LIFT နှင့် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီမှု အသင်း တို့၏ ပူးပေါင်း ကြိုးပမ်း အားထုတ်မှုကြောင့် MoPFI ၏ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် COVID– 19 ကပ်ရောဂါ ဆိုင်ရာ စည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်များ အတွင်းတွင် MFI လုပ်ငန်းများ လုပ်ငန်းလည်ပတ်မှု စဉ်ဆက်မပြတ်စေရန် မည်သို့ ဆောင်ရွက်နိုင်မည် ဆိုသည်ကို ရှင်းလင်းဖော်ပြထားသည့် လမ်းညွှန်ချက် ၂/၂၀၂၀အား ဧပြီလ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်ချက်တွင် အခြား ကန့်သတ်ထိန်းချုပ်မှု များကြားတွင် MFI များ အနေဖြင့် အရေးပေါ် ဝန်ဆောင်မှုပေးခြင်း၊ ချေးငွေ ထုတ်ပေးခြင်းနှင့် အပ်ငွေ ငွေသွင်းငွေထုတ် ပြုလုပ်ခြင်းတို့ ဆောင်ရွက်ပေး နိုင်ရန် အတွက် ရုံးခွဲ ဝန်ထမ်းများအား အများဆုံး ငါးဦး အထိ ကန့်သတ်၍ လုပ်ငန်း ဆက်လက် လည်ပတ်ရန် ခွင့် ပြုခဲ့ပါ သည်။ သို့သော်လည်း ၎င်းတို့အား ချေးငွေ ပြန်လည်ကောက်ခံခြင်း၊အတိုး (သို့) စုဆောင်းငွေများ ကောက်ယူ လက်ခံခြင်း တို့အား ခွင့်ပြုထားခြင်း မရှိပါ။
» COVID –19 ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အစိုးရ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ လမ်းညွှန်များ နှင့် အညီ ဆောင်ရွက်ထားခြင်း ရှိမရှိအား စစ်ဆေးမှု ခံယူထားပြီးပါက လုပ်ငန်း လည်ပတ်ဆောင်ရွက်ခွင့်ရှိသည့် ဘဏ်လုပ်ငန်းနှင့် ငွေကြေး ဆိုင်ရာ လုပ်ငန်းများအပါအဝင် မရှိမဖြစ် ဆောင်ရွက်ရန် လိုအပ်သည့် စီးပွားရေး လုပ်ငန်းများစာရင်းကို အစိုးရ ထုတ်ပြန်ကြေငြာခဲ့ပါသည်။
» MoPFI/FRD မှ ၂၀၂၀ ခုနှစ် မေလ ၇ ရက်နေ့တွင် COVID –19 ကပ်ရောဂါ ကြိုတင် တားဆီးကာကွယ်ခြင်း နှင့် MFI များ လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်းဆိုင်ရာ ထပ်တိုး အသိပေးချက် MBSC ၂/၂၀၂၀ အား ထုတ်ပြန်ခဲ့ပါသည်။ MFI များအနေဖြင့် အစိုးရ၏ COVID–19 ကပ်ရောဂါ ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များအား လိုက်နာပါက လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်ခွင့် ပြုပါသည်။
» LIFT သည် COVID–19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေး အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ် (MADB) မှ ကန်ဒေါ်လာ ၂၁၀ သန်း ချေးငွေများ တိုးမြှင့် ထုတ်ချေးပေးရန် MoPFI အား ထောက်ခံ အကြံပြုခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လ မှ စတင်၍ MADB ဘဏ် သည် COVID–19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေး အတွက် ကန်ဒေါ်လာ သန်း ၁၈၀ ထပ်မံ၍ ထုတ်ပေးခဲ့ပါသည်။ MADB မှ တောင်သူများအတွက် ယခင်က ထုတ်ချေးပေးနေကြဖြစ်သည့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် ကျပ် ၁၅၀,၀၀၀ (ကန်ဒေါ်လာ ၁၀၈) အပြင် ထပ်ဆောင်း၍ COVID–19 ကပ်ရောဂါကာလ စီးပွားရေး ထိခိုက်မှု ကုစားရေး အထူးချေးငွေ တစ်ဧကလျှင် ကျပ် ၅၀,၀၀၀ (ကန်ဒေါ်လာ ၃၆) ထပ်ဆောင်း ထုတ်ချေးပေးခဲ့ပါသည်။

ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး FMO သည် လုပ်ငန်းလုပ်ဆောင်သည့် နေရာတွင် စစ်ဆေးခြင်း နှင့် လုပ်ငန်းနေရာ ပြင်ပတွင် စစ်ဆေးခြင်းတို့အတွက် စံပုံစံအသစ်များ ရေးဆွဲပေးခဲ့ပြီး FRD မှ လက်ခံ ပြဋ္ဌာန်းပေးကာ ဒေသအသီးသီးရှိ ရုံးများအားလုံးတွင် အသုံးပြုရန် ညွှန်ကြားပေးခဲ့ပါသည်။

**FP–၁.၂– LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုနှင့် သက်ဆိုင်သည့် အစိုးရကဏ္ဍ ဘတ်ဂျက် ခွဲဝေခြင်း/ သုံးစွဲခြင်းဆိုင်ရာ ပြောင်းလဲမှုများ၏ အရေအတွက်**

၂၀၂၀ ခုနှစ်အတွင်း ဤ ညွှန်းကိန်း၏ ပြီးစီးအောင်မြင်မှုနှင့် စပ်လျဉ်း၍ အစီရင်ခံစရာ မရှိပါ။

**FP–၁.၃– LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုနှင့် သက်ဆိုင်သည့် မူဝါဒ အထောက်အကူပြု ဆောင်ရွက်မှုများအား စီစဉ် ဆောင်ရွက်ပေးခဲ့သည့် အရေအတွက်**

ဤညွှန်းကိန်းအောက်မှ အစီရင်ခံ တင်ပြခဲ့သည့် မူဝါဒနှင့် ပတ်သက်၍ ဦးစားပေး ဆောင်ရွက်သည့် လှုပ်ရှား ဆောင်ရွက်မှု ၁၄ ခုစလုံးအား LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးမှ တာဝန်ယူ ဆောင်ရွက်ပါသည်။ အဆိုပါ လှုပ်ရှား ဆောင်ရွက်မှု အချို့မှာ–

» LIFT နှင့် အတိုင်ပင်ခံ ပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့သည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် ပူးပေါင်းလက်တွဲ၍ နေပြည်တော်တွင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (FRD) နှင့် မြန်မာပြည်သူများ၏ ရာသီဥတုပြောင်းလဲမှုနှင့် ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားစေရေး နည်းပညာပံ့ပိုးမှု စီမံကိန်း၏ နည်းပညာ အကူအညီ ကဏ္ဍ စတင် ဆောင်ရွက်ရန်အတွက် အစည်းအဝေး တစ်ရပ် ကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေးတွင် MoSWRR, MoALI တို့မှ အဆင်မြင့် အစိုးရ အရာရှိကြီးများ၊ DFID၊ ADB ၊ LIFT နှင့် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ အကူအညီပေးရေး အသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။ LIFT သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သက်ရောက်မှုနှင့် စီးပွားရေး ဆုံးရှုံးမှုများအတွက် ငွေကြေးပံ့ပိုးပေးခြင်းအား အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ MFI များ အကြား စွမ်းဆောင်ရည် တည်ဆောက်ပေးသည့် စီမံချက်၏ လုပ်ငန်းအစီအစဉ်နှင့် စီမံချက်အကြောင်းအရာအား ခြုံငုံ၍ တင်ပြခဲ့ပါသည်။





LIFT ၏ တာဝန်ရှိသူများသည် ADB မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် ဘေးအန္တရာယ် ရင်ဆိုင်နေရချိန်သည့် အရေးပေါ် အခြေအနေတွင် ငွေပေါ်လွယ်မှု စီမံချက် ၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် သဘာဝ ဘေးအန္တရာယ် ကျရောက်ချိန်တွင် MFI များ ကြံ့ကြံ့ခံနိုင်စွမ်းရည် ခိုင်မာအားကောင်းစေရေး ဆိုင်ရာ နှီးနှောဖလှယ်ပွဲ တစ်ခု ကို စီစဉ်ကျင်းပ ပေးခဲ့ပါသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ငွေရေးကြေးရေး စစ်ဆေးရေး ဦးစီးဌာန၊ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ဦးစီးဌာန၊ ADB၊ ကနေဒါနိုင်ငံ သံရုံး၊ MMFA နှင့် MFI များမှ ဒေသဆိုင်ရာ မန်နေဂျာများ တက်ရောက်ခဲ့ကြပါသည်။ ပါဝင်တက်ရောက်သူများမှ ဘေးအန္တရာယ်ဆိုင်ရာ အကဲဖြတ် ဆန်းစစ်ခြင်း၊ MFI များ ဖိစီးမှု စမ်းသပ်ခြင်း စံပုံစံများ၊ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသည့် အရေးပေါ်အခြေအနေတွင် ငွေပေါ်လွယ်မှု အစီအစဉ် ဒီဇိုင်းပုံစံ နှင့် MFI များ၏ ဘေးအန္တရာယ်ရင်ဆိုင်ခြင်းဆိုင်ရာ စီမံကိန်း အစီအစဉ် ရေးဆွဲခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ ကြပါသည်။

LIFT ၏ FMO သည် FRD နှင့် အတူပူးပေါင်း၍ အပ်ငွေ လက်ခံခြင်းဆိုင်ရာ လိုင်စင် ရယူခြင်း နှင့်စပ်လျဉ်း၍ လုပ်ငန်းနေရာတွင် စစ်ဆေးခြင်းနှင့် စနစ်တကျ စိစစ်ခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ လေးခုကို ကျင်းပပေးခဲ့ပါသည်။ ဆွေးနွေးပွဲ တွင် FRD ဒေသဆိုင်ရာ ရုံး ၁၀ ရုံး (ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီ၊ မကွေး၊ မွန်၊ ကရင်၊ ရခိုင် နှင့် ကချင်) တို့မှ ၄၇ ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ FMO မှ အင်တာနက် အွန်လိုင်းမှတဆင့် အခြေခံစာရင်းကိုင်ပညာ သင်တန်းနှစ်ခု ကိုလည်း ပို့ချပေးနိုင်ခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရုံးများအားလုံးမှ ၈၃ ဦး ပါဝင် တက်ရောက် ခဲ့ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး ၇ ခုရှိ FRD ရုံးများ (မွန်၊ ဧရာဝတီ၊ ပဲခူး၊ ကရင်၊ ရခိုင်၊ တနင်္သာရီ နှင့် ရန်ကုန်) တို့မှ သင်တန်းသား ၃၈ ဦးတို့အတွက် အွန်လိုင်း ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်း သင်တန်း ကိုလည်း ပို့ချပေးခဲ့ပါသည်။

**FP–၁.၄ – အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည့် LIFT မှ ထောက်ပံ့ပေးခဲ့သည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း နှင့် ဆက်နွယ်နေသည့် မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်**

LIFT သည် မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်ခဲ့သည့် သုတေသန လုပ်ငန်းများပေါ်တွင် အခြေခံ၍ အသေးစား ငွေရေးကြေးရေး ကဏ္ဍမှ စီးပွားရေးအရ ကြံ့ကြံ့ခံနိုင်စွမ်းအတွက် မြန်မြန်ဆန်ဆန် အထောက်အကူပြုရန်အတွက် စည်းကမ်းထိန်းသိမ်းသူများအား အပြုသဘော ဆောင်သည့် ထောက်ခံအကြံပြုချက်များပါဝင်သည့် စာတမ်းတွဲများ ထုတ်ပြန်ခဲ့ ပါသည်။ ထိုစာတမ်းများအနက် ကမ္ဘာ့ကပ် ရောဂါ စတင်ဖြစ်ပွားပြီး မကြာမီတွင် ပြုလုပ်ခဲ့သည့် သုံးသပ်မှုပေါ်တွင် အခြေခံ၍ IFPRI မှ ထုတ်ဝေခဲ့သည့် COVID–19 စီးပွားရေး အကြပ်အတည်းကာလ အတွင်း စားနပ်ရိက္ခာ ဖူလုံမှု၊ ခံနိုင်ရည်ရှိမှု နှင့် စီးပွားရေး ပြန်လည်ထူထောင်မှုတို့ကို ထောက်ပံ့ရန် မြန်မာ့ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအား ရေရှည်တည်တံ့ ခိုင်မြဲစေခြင်း ဟု အမည်ရသည့် ထုတ်ဝေမှု တစ်ခု ပါဝင်ပါသည်။ အဆိုပါ စာတမ်းတွင် COVID–19 ကျန်းမာရေးနှင့် စီးပွားရေး အကြပ်အတည်း ဖြစ်ပွားသည့် အချိန်တွင် မြန်မာနိုင်ငံရှိ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများမှ ရင်ဆိုင်တွေ့ကြုံရမည့် ကြီးမားသည့် ဆုံးရှုံးရနိုင်ခြေ အန္တရာယ်များနှင့် ဆင်းရဲနွမ်းပါးမှု နှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့အပေါ် သက်ရောက်မှုများကို ဆွေးနွေးတင်ပြထားပါသည်။ LIFT ၏ FMO သည် မြန်မာနိုင်ငံရှိ ငွေကြေး ဝန်ဆောင်မှုအား ဆွေးနွေး တင်ပြခြင်း (Myanmar Financial Services Brief) ဟု အမည် ရသည့် အပါတ်စဉ်ထုတ် သတင်းစဉ် မှတဆင့် မူဝါဒဆိုင်ရာ ထပ်ဆောင်း အကြံပြုတင်ပြချက်များအား ထုတ်ပြန်ခဲ့ ပါသည်။

# ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း – စနစ်အဆင့်

**FS- ၁- အားလုံးပါဝင်စေပြီး လူမှုရေးအရ တာဝန်ယူမှုရှိသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများပေးရာတွင် တိုးတက်မြင့်မားလာသည့် အဖွဲ့အစည်း ဆိုင်ရာ စွမ်းဆောင်ရည်**

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀-၂၀၁၉[၁၅] | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀-၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| FS-၁.၁ – ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်သည့် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ ရာခိုင်နှုန်း / အရေအတွက် | ၂၀ | ၁၄ | မရနိုင်ပါ | ၂၄* | ၅၈ | စီမံကိန်း/IPs |
| FS-၁.၂- ကောင်းမွန် ကျွမ်းကျင်စွာ လုပ်ငန်း လည်ပတ်ဆောင်ရွက် နေသည့် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ ရာခိုင်နှုန်း / အရေအတွက် | ၂၅ | ၁၉ | မရနိုင်ပါ | ၂၄* | ၇၉ | စီမံကိန်း /IPs |
| FS-၁.၃- LIFT မှ ပံ့ပိုးပေးသည့် ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်သူများ၏ အရေအတွက် (လက်ရှိ ဝန်ဆောင်မှုရယူသူ ဦးရေ) | ၃,၂၉၅,၀၄၀ ၂,၉၅၅,၄၆၆ (မ) ၃၃၉,၅၇၄ (ကျား) | ၂,၉၁၂,၂၇၁ ၂,၆၂၈, ၄၅၂ (မ) ၂၈၃,၈၁၉ (ကျား) | မရနိုင်ပါ | ၃,၀၀၀,၀၀၀ | ၉၇ | စီမံကိန်း /IPs |
| FS-၁.၄ – ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့် ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု တန်ဘိုး | ကန်ဒေါ်လာ ၂၅၇ သန်း (ရိုးမ) ကန်ဒေါ်လာ ၂၆၁ သန်း (TCX) | ကန်ဒေါ်လာ ၅၀.၅ သန်း (ရိုးမ) | ကန်ဒေါ်လာ ၃၀၇ သန်း (ရိုးမ) ကန်ဒေါ်လာ ၂၆၁ သန်း (TCX) | ၃၁၀,၀၀၀,၀၀၀[၁၆] | ၁၈၃ | စီမံကိန်း /IPs |

*ဇယား ၃.၄။ စီမံကိန်းအဆင့် FS –၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

**FS-၁.၁- ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်သည့် LIFT မှ ထောက်ပံ့ပေးထားသည့် MFI များ၏ ရာခိုင်နှုန်း / အရေအတွက်[၁၇]**

LIFT သည် ၎င်း၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ပေးအပ်သူများအား အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့ ခိုင်မြဲစွာ ရပ်တည်နိုင်ရန် ပံ့ပိုးပေးခြင်းဖြင့် ကျေးလက်နှင့် မြို့ပြဒေသများတွင် တာဝန်ယူမှုရှိသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု များကို လက်လှမ်းမှီ ရယူနိုင်စေရန် ရည်ရွယ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် LIFT သည် ၎င်းပံ့ပိုးပေးလျက်ရှိသည့် MFI (၂၄) ဖွဲ့ အနေဖြင့် ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး နိုင်မှု ရရှိရန် မျှော်မှန်းထားခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ခုနှစ်အတွင်း LIFT ၏ ပံ့ပိုးမှုဖြင့် လုပ်ငန်းလည်ပတ်နိုင်သည့် MFI ၂၃ ဖွဲ့သာ ရှိပါသည်။ အဆိုပါ MFI မိတ်ဖက် အဖွဲ့အစည်းများ ပြည်တွင်း အသေးစား ငွေရေးကြေးရေး လုပ်ငန်း (၁၀)ဖွဲ့၊ ငွေစုငွေချေး သမဝါယမအသင်း (၂)သင်း၊ နိုင်ငံတကာ အသေးစား ငွေရေး ကြေးရေး အဖွဲ့အစည်း (၁၅)ဖွဲ့နှင့် အသေးစား ငွေရေးကြေးရေး ဆိုင်ရာ ဖက်စပ်ကုမ္ပဏီ (၂)ခု) ၁၄ဖွဲ့ အနက်မှ ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုးနိုင်သည့် အခြေအနေ(ငွေကြေး ဆိုင်ရာ ကုန်ကျစရိတ်များနှင့် ငွေဖောင်းပွမှုတို့အား ကိုက်ညှိ ထားပြီး ဖြစ်သည့် ဝင်ငွေဖြင့် လုပ်ငန်းလည်ပတ်သည့် ကုန်ကျစရိတ် လုံလောက်မှုရှိနေခြင်း) တွင် ရှိပါသည်။

COVID-19 ကပ်ရောဂါသည် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုရယူသူများ၏ စီးပွားရေး လုပ်ငန်း များအပေါ် ကြီးမားသည့် သက်ရောက်မှု ရှိခဲ့သဖြင့် ရလဒ်အနေဖြင့် MFI ၏ ရေရှည်တည်တံ့နိုင်မှုကို ထိခိုက်စေခဲ့ပါသည်။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ထုတ်ပြန်သည့် ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလ အတွင်း ဝန်ဆောင်မှုရယူသူများ၏ ဖိစီးမှုများကို လျှော့ချနိုင်ရန်အတွက် MFI များမှ ချေးငွေ ကောက်ခံခြင်း နှင့် ချေးငွေ ထုတ်ပေးခြင်းများ ရပ်တန့်ထားရန် လမ်းညွှန်ချက်များကြောင့် MFI များ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု များအား ထိခိုက်စေခဲ့ပြီး ညွှန်းကိန်း ၁.၁ နှင့် ၁.၂ တို့ ပြီးစီးအောင်မြင်မှု လျော့ကျစေရန်အတွက် အကြောင်းရင်းခံ ဖြစ်ခဲ့ပါသည်။

၁၅။ ညွှန်းကိန်း FS-၁.၁၊ FS-၁.၂ နှင့် FS-၁.၃ တို့အတွက် ပြီးစီးအောင်မြင်မှုများမှာ စုပေါင်း ထားသည့် ရလဒ်များ မဟုတ်ပါ။ သို့ဖြစ်၍ ဖော်ပြထားသည့် ကိန်းဂဏန်း အချက်အလက် များမှာ ၂၀၁၉ ခုနှစ် အတွက် ဖြစ်ပါသည်။

၁၆။ ဤကိန်းဂဏန်းတွင် ၂၀၁၉ ခုနှစ်အတွက် စုပေါင်းလာသည့် မှတ်တိုင်များ (ကန်ဒေါ်လာ ၇၀,၀၀၀,၀၀၀ သန်း) နှင့် ၂၀၂၀ ခုနှစ် မှတ်တိုင်များ (ကန်ဒေါ်လာ ၂၄၀,၀၀၀,၀၀၀ သန်း) ပါဝင်ပါသည်။

၁၇။ FI ၏ ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး နိုင်မှု ကို တွက်ချက်ရာတွင် ငွေကြေးဖောင်းပွမှုအတွက် ထည့်သွင်းစဉ်းစား၍ လုပ်ငန်းလည်ပတ်သည့် စရိတ်များနှင့် ငွေကြေးဆိုင်ရာ စရိတ်များ/ဘဏ္ဍာရေး စရိတ်များ အား ကိုက်ညှိပါသည် (FS-၁.၁) ။ ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုးနိုင်သည့် MFI သည် စရိတ်များအားလုံး ပေးချေနိုင်ပြီး ၎င်းတို့၏ ဝင်ငွေများမှတဆင့် ကိုက်ညှိမှုများလုပ်နိုင်ရန် လျာထား သတ်မှတ်မှုများ လုပ်နိုင်ပါသည် (FS-၁.၂) ။ MFI သည် ၎င်း၏ ဝင်ငွေဖြင့် ကုန်ကျစရိတ်များအားလုံး ကို ဖြည့်ဆည်းနိုင်သည့်အချိန်တွင် လုပ်ငန်းလည်ပတ်မှုတွင် ကိုယ့် အားကိုယ်ကိုး ရပ်တည်နိုင်မည် ဖြစ်ပါသည်။



**FS-၁.၂- ကောင်းမွန် ကျွမ်းကျင်စွာ လုပ်ငန်း လည်ပတ်ဆောင်ရွက် နေသည့် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ အရေအတွက်နှင့် ရာခိုင်နှုန်း**

လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရေရှည်ရပ်တည်နိုင်မှု (OSS) ဆိုသည်မှာ လုပ်ငန်းလည်ပတ်ခြင်းဖြင့် ရရှိခဲ့သည့် ဝင်ငွေများသည် လုပ်ငန်း လည်ပတ်ခြင်း ဆိုင်ရာ အသုံးစရိတ်များအား ထေမိခြင်း ရှိမရှိကို ညွှန်ပြသည့် ရေရှည် ရပ်တည်နိုင်မှု၏ အတိုင်းအတာ ဖြစ်ပါသည်။ OSS ဟူသည် MFI တစ်ခု အနေဖြင့် အကယ်၍ ထောက်ပံ့ငွေ ထပ်မံ မရရှိပါက ကုန်ကျစရိတ်အား ထေမိသည့် အပေါ် အာရုံစိုက်ခြင်းဖြင့် ဆက်လက် လုပ်ငန်းလည်ပတ် ဆောင်ရွက် နိုင်သည့် စွမ်းဆောင်ရည်ကို ဆိုလိုခြင်းဖြစ်သည်။ MFI ၁၉ ဖွဲ့တို့သည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရေရှည် ရပ်တည်နိုင်မှု ရှိကြောင်း ပြသခဲ့ပြီး (MFI ၂၄ ဖွဲ့ပေါ်တွင် အခြေခံလျှင်) ၂၀၂၀ ခုနှစ်၏ ရည်မှန်းထားသည့်မှတ်တိုင် ၏ ၇၉ ရာခိုင်နှုန်း ရရှိအောင်မြင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ပြီးစီးအောင်မြင်မှုမှာ LIFT ၏ ကူညီပံ့ပိုးမှုဖြင့် လုပ်ငန်း လည်ပတ်နေသည့် MFI ၂၃ ဖွဲ့ ပေါ်တွင် အခြေခံသဖြင့် OSS သတ်မှတ်ချက်တွင် ပြီးစီးအောင်မြင်မှု ၈၃ ရာခိုင်နှုန်း ဖြစ်ပါသည်။

**FS-၁.၃ – LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ခြင်း ရှိသည့် လူအရေ အတွက် (လက်ရှိ ဝန်ဆောင်မှုရယူသူ ဦးရေ)**

ငွေရေးကြေးရေးဆိုင်ရာ အဆင့်နှင့် အဖွဲ့အစည်းဆိုင်ရာ အဆင့်၌ LIFT ၏ အသေးစား ငွေရေးကြေးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှတဆင့် အိမ်ထောင်စုများအတွက် ပေးအပ်သည့် ကူညီထောက်ပံ့မှုသည် ၂၀၁၁ ခုနှစ် မှစ၍ တသမတ်တည်း တိုးတက်လျက်ရှိပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်တွင် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား အဓိကအားဖြင့် ချေးငွေပုံစံဖြင့် ဝန်ဆောင်မှု ရယူသူ ၂,၉၁၂,၂၇၁ ဦးထံ ပေးအပ် ခဲ့ပါသည်။ ယင်းတို့၏ ၉၀% မှာ အမျိုးသမီးများ ဖြစ်ပါသည်။ ယင်းမှာ ၂၀၂၀ ခုနှစ် မှတ်တိုင်၏ ၉၇ ရာခိုင်နှုန်းအား ပြီးစီးခြင်း ဖြစ်ပါသည်။ ဝန်ဆောင်မှုရယူသည့် လူဦးရေ အရေအတွက် လျော့ကျရခြင်းမှာ LIFT နှင့် စာချုပ် ချုပ်ထားသည့် MFI ခြောက်ဖွဲ့ (Myanmar Finance၊ ASA မြန်မာ၊ Fullerton မြန်မာ၊ ACLEDA, Sathapana နှင့် CARD) တို့ ၏ စာချုပ် သက်တမ်း ကုန်ဆုံးခြင်းကြောင့်လည်း ဖြစ်ပါသည်။

**FS- ၁.၄- ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု တန်ဘိုး**

The Currency Exchange (TCX) နှင့် ရိုးမဘဏ် (လယ်ယာစီးပွား ငွေကြေး ဝန်ဆောင်မှုများ) တို့သည် LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း၏ ပုဂ္ဂလိကကဏ္ဍ မိတ်ဖက် အဖွဲ့အစည်းများ ဖြစ်ပါသည်။ ရိုးမဘဏ် သည် ၂၀၂၀ ခုနှစ်အတွင်း အသေးစားနှင့် အလတ်စား ကျေးလက်ဒေသ စိုက်ပျိုးစီးပွားလုပ်ငန်းများ အတွက် ကူညီပံ့ပိုးပေးရန် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ကန်ဒေါ်လာ ၅၀.၅ သန်း ပံ့ပိုးပေးခဲ့ပြီး ကျေးလက်နေ အိမ်ထောင်စုပေါင်း ၇၂၀,၀၀၀ ထံသို့ လက်လှမ်းမီ ရောက်ရှိခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများမှ အားဖြည့်ပေးသည့် ရန်ပုံငွေ ပမာဏမှာ ပြောင်းလဲသွားခြင်း မရှိဘဲ ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စရိတ်များ သိသိသာသာ တိုးမြှင့်သွားသည့် နှစ်တစ်နှစ်ဟု သတ်မှတ် နိုင်ပါသည်။ ၂၀၂၀ ခုနှစ် ဧပြီလတွင် LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့က MFI များ၏ COVID-19 ကပ်ရောဂါ ကာလ တုံ့ပြန်ကုစားရေး လုပ်ငန်းများအား ကူညီပံ့ပိုးပေးရန်အတွက် ကန်ဒေါ်လာ ၅.၅ သန်း ထပ်မံ အတည်ပြုပေးခဲ့ ပါသည်။ LIFT သည် ၂၀၂၀ ခုနှစ်တွင် COVID-19 အကြပ်အတည်း အား တုံ့ပြန်ဆောင်ရွက်ရန် စုစုပေါင်းအားဖြင့် ကန်ဒေါ်လာ ၁၁၃ သန်းအား အလျင်အမြန် ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ထိုအားဖြည့်ပေးမှုသည် LIFT ၏ စီမံကိန်း ဆောင်ရွက်ချက်များအတွင်း ပုဂ္ဂလိက ကဏ္ဍမှရင်းနှီးမြှုပ်နှံမှုများ တစ်စထက်တစ်စ တိုးတက်များပြားလာသည်ကို ထင်ဟပ်ပြီး စုပေါင်းလာသည့် ရလဒ်များက LIFT ၏ အကောင်းဆုံး ဆောင်ရွက်နိုင်သည့် ရလဒ်များကို ပြသ ပါသည်။ ၂၀၂၀ ခုနှစ်တွင် ဤညွှန်းကိန်းအတွက် ၂၀၁၉/၂၀၂၀ စုပေါင်း ရည်မှန်းချက်၏ ၁၈၃ ရာခိုင်နှုန်းအား ရရှိ အောင်မြင်ခဲ့ပါသည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု – အိမ်ထောင်စုအဆင့်

**FH-၁- လူမှုရေးအရ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား တိုးတက်အသုံးပြုလာမှု**

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀-၂၀၁၉** | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀-၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| FH-၁.၁- LIFT မှ ပံ့ပိုးပေးသည့် MFI များ နှင့် ဘဏ်များမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း ချေးငွေများအား ရယူနေသည့် ဝန်ဆောင်မှု အသုံးပြုသူများ၏ အရေအတွက် | ၃,၈၁၆,၉၃၆* (MFI) ၇,၃၈၈ (ရိုးမ၊ AFP) | ၂,၃၈၇,၉၇၈ (MFI) ၂၂,၃၉၄ (ရိုးမ၊ AFP) | မရနိုင်ပါ | ၂,၄၀၀,၀၀၀ (၈၀%) | ၁၀၀ % | စီမံကိန်း/IPs |
| FH-၁.၂-LIFT မှ ပံ့ပိုးပေးသည့် MFI များနှင့် ဘဏ်များမှ ထုတ်ပေးခဲ့သည့် ချေးငွေများ၏ စုစုပေါင်း တန်ဖိုး | ကန်ဒေါ်လာ သန်း ၃,၇၀၀ (MFI- ၃,၄၄၃၊ ရိုးမဘဏ် ကန်ဒေါ်လာ ၂၅၇ သန်း (ရိုးမဘဏ်) | ကန်ဒေါ်လာ ၁,၄၁၆ သန်း (MFI- ၁,၃၆၆ သန်း ရိုးမဘဏ် - ၅၀.၅ သန်း) | ကန်ဒေါ်လာ ၅,၀၄၈ သန်း (MFI- ၄,၇၄၁ သန်း ရိုးမဘဏ်- ၃၀၇ သန်း) | ကန်ဒေါ်လာ ၁.၃၅ ဘီလျံ | ၁၀၅% | စီမံကိန်း/IPs |
| FH-၁.၃ – LIFT မှ ပံ့ပိုးပေးသည့် MFI များ နှင့် ဘဏ်များမှ ချေးငွေပြန်လည်ပေးဆပ် ရမည့် စည်းမျဉ်းများအတိုင်း ပြန်လည် မပေးဆပ်နိုင်သည့် ဝန်ဆောင်မှု အသုံးပြုသူများ၏ ရာခိုင်နှုန်း | MFI –၁% ထက်နည်း (>ရက် ၃၀ ထက် ကျော်လွန်)* ဘဏ်- ၅% (> ရက် ၆၀ ထက် ကျော်လွန် )* | MFI–၂၁% (>ရက် ၃၀ ထက်ကျော်လွန်) ဘဏ်–၇% (> ရက် ၆၀ ထက် ကျော်လွန် ) | မရနိုင်ပါ | ၁% | ၂၀% [၁၈] | စီမံကိန်း/IPs |

*ဇယား ၃.၅။ စီမံကိန်း အဆင့် FH–၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

**FH–၁.၁ – LIFT မှ ပံ့ပိုးပေးသည့် MFI များနှင့် ဘဏ်များမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း ချေးငွေများအား ရယူနေသည့် ဝန်ဆောင်မှု အသုံးပြုသူများ၏ အရေအတွက်**

၂၀၂၀ ခုနှစ်တွင် LIFT မှ ပံ့ပိုးပေးသည့် MFI ၂ ခုဖွဲ့ များသည် မြန်မာနိုင်ငံတစ်ဝန်းရှိ နေရာဒေသအားလုံးတွင် ဝန်ဆောင်မှု အသုံးပြုသူဦးရေ ၂.၉ သန်းထံ ရောက်ရှိခဲ့ပါသည်။ ဝန်ဆောင်မှု အသုံးပြုသူ အားလုံးအနက်မှ ၂.၄ သန်းသည် ၎င်းတို့၏ ချေးငွေများအား အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ (စိုက်ပျိုးရေး၊ စီးပွားရေး လုပ်ငန်း၊ ကုန်သွယ်ရေး၊ ထုတ်လုပ်ရေး နှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ) တွင် အသုံးပြုခဲ့ပါသည်။ ဤပြီးစီး အောင်မြင်မှုသည် ၂၀၂၀ခုနှစ်အတွက် ရည်မှန်း ချက် ၏ ၁၀၀% အား ကိုယ်စားပြုပါသည်။

**FH–၁.၂– LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ ထုတ်ပေးခဲ့သည့် ချေးငွေများ၏ စုစုပေါင်း တန်ဖိုး**

၂၀၂၀ ခုနှစ် တွင် LIFT မှ ထောက်ပံ့ပေးသည့် ငွေကြေးဆိုင်ရာ လုပ်ငန်းများသည် ၎င်းတို့၏ ဝန်ဆောင်မှုအသုံးပြုသူများအတွက် ချေးငွေ တန်ဘိုး စုစုပေါင်း ကန်ဒေါ်လာ ၁,၄၁၆ သန်းအား ထုတ်ပေးခဲ့ပါသည်။ ထိုပမာဏတွင် MFI များမှ ဝန်ဆောင်မှု အသုံးပြုသူ ဦးရေ ၂.၄ သန်းအတွက် ကန်ဒေါ်လာ ၁,၃၆၆ သန်းအား ပံ့ပိုးပေးခဲ့ပြီး ရိုးမဘဏ်မှ ဝန်ဆောင်မှုအသုံးပြုသူ ၂၂,၃၉၄ ဦးအတွက် ကန်ဒေါ်လာ ၅၀.၅ သန်း အား ပံ့ပိုးပေးခဲ့ ပါသည်။ ၂၀၂၀ ခုနှစ်အတွက် ထုတ်ချေးပေးရန် ရည်မှန်းထားသည့် ငွေပမာဏ ကန်ဒေါ်လာ ၁ .၃၅ ဘီလီယံပေါ်တွင် အခြေခံပါက ဤညွှန်းကိန်း၏ အောင်မြင်မှုမှာ ၁၀၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

**FH–၁.၃ – LIFT မှ ပံ့ပိုးပေးသည့် MFI များနှင့် ဘဏ်များမှ ချေးငွေပြန်လည်ပေးဆပ်ရမည့် စည်းမျဉ်းများအတိုင်း ပြန်လည် မပေးဆပ်နိုင်သည့် ဝန်ဆောင်မှု အသုံးပြုသူများ၏ ရာခိုင်နှုန်း**

၂၀၂၀ ခုနှစ်တွင် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းအများစုသည် COVID –19 ကမ္ဘာ့ကပ်ရောဂါ နှင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအား အသွားအလာ ကန့်သတ်ထိန်းချုပ်မှုများကြောင့် သိသိသာသာ ထိခိုက်ခံစားခဲ့ကြရပါသည်။ အကျိုးဆက်အနေဖြင့် ဤအစီရင်ခံနေသည့် ကာလအတွင်း LIFT မှ ထောက်ပံ့ပေးထားသည့် MFI များ၏ ဝန်ဆောင်မှုအသုံးပြုသူများ၏ ၂၁ ရာခိုင်နှုန်းနှင့် ရိုးမဘဏ်၏ ဝန်ဆောင်မှု အသုံးပြုသူများ၏ ၇% တို့မှာ ၎င်းတို့ ပြန်လည်ပေးဆပ်ရမည့် စည်းကမ်းချက်များအား ဖြည့်ဆည်းနိုင်ခြင်းမရှိခဲ့ကြပါ။ စုစုပေါင်း ပြီးစီး အောင်မြင်မှု (၂၁)ရာခိုင်နှုန်းမှာ အခြေခံတန်ဖိုး (၁) ရာခိုင်နှုန်း မှ (၂၀) ရာခိုင်နှုန်း တိုးမြင့်လာခြင်းအား ရည်ညွှန်းခြင်းဖြစ်ပြီး ခြုံငုံသုံးသပ်ပါက စွမ်းဆောင်ရည် ကျဆင်းသည့်လက္ခဏာကို ပြပါသည်။

** ညွှန်းကိန်း FS–၁.၁၊ FS–၁.၂ နှင့် FS–၁.၃ တို့မှာ ပြန်လည်ဆန်းသစ်ထားသည့် LIFT မဟာဗျူဟာ ၂၀၁၉–၂၀၂၃ ယုတ္တိဗေဒ မူဘောင် အောက်ရှိ ညွှန်းကိန်း အသစ်များ ဖြစ်ပါ သည်။ သို့ဖြစ်၍ ဖော်ပြထားသည့် ပြီးစီးအောင်မြင်များမှာ (၂၀၁၀ ခုနှစ် မှစ၍) စုပေါင်း ထားသည့် ကိန်းဂဏန်းများမဟုတ်ဘဲ ၂၀၁၉ ခုနှစ် ပြီးစီးအောင်မြင်မှုများကို ကိုယ်စား ပြုပါသည်။

၁၈။ ညွှန်းကိန်း FS–၁.၁၊ FS–၁.၂ နှင့် FS–၁.၃ တို့မှာ ပြန်လည်ဆန်းသစ်ထားသည့် LIFT မဟာဗျူဟာ ၂၀၁၉–၂၀၂၃ ယုတ္တိဗေဒ မူဘောင် အောက်ရှိ ညွှန်းကိန်း အသစ်များ ဖြစ်ပါ သည်။ သို့ဖြစ်၍ ဖော်ပြထားသည့် ပြီးစီးအောင်မြင်များမှာ (၂၀၁၀ ခုနှစ် မှစ၍) စုပေါင်း ထားသည့် ကိန်းဂဏန်းများမဟုတ်ဘဲ ၂၀၁၉ ခုနှစ် ပြီးစီးအောင်မြင်မှုများကို ကိုယ်စား ပြုပါသည်။





## စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ(AMFS) – မူဝါဒ အဆင့်

**AP–၁။ အသစ်နှင့်/သို့ တိုးတက်လာသည့် ကျားမရေးရာ အလေးပေးသည့် ပြည်သူ့ရေးရာ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များသည် အောက်ပါတို့အား ကူညီပံ့ပိုးပေးပါသည်–**

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀-၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀-၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| AP–၁.၁ – LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ဆိုင်ရာ ပြည်သူ့ရေးရာ မူဝါဒများ နှင့် စီမံကိန်းများမှ အပြောင်းအလဲများ၏ အရေအတွက် | ၁၅ | ၂ | ၁၇ | ၉ | ၁၈၉ | စီမံကိန်း/IPs |
| AP–၁.၂ – LIFT မှ ပံ့ပိုးပေးခဲ့သည့် အစိုးရ ကဏ္ဍ စိုက်ပျိုးရေးဆိုင်ရာ ဘတ်ဂျက် ခွဲဝေ ချထားခြင်း/အသုံးစရိတ်တို့တွင် ပြောင်းလဲမှုများ၏ အရေအတွက် | ၂ | ၁ | ၃ | ၁ | ၃၀၀ | စီမံကိန်း/IPs |
| AP–၁.၃ – LIFT ၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့သည့် စိုက်ပျိုးရေး နှင့် သက်ဆိုင်သည့် မူဝါဒ အထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှုများ၏ အရေအတွက် | ၄၀ | ၂၈ | ၆၈ | ၁၇ | ၄၀၀ | စီမံကိန်း/IPs |
| AP–၁.၄ – အရေးပါသည့် မူဝါဒ ချမှတ်သူများ ထံ ပေးပို့ခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက် | ၂၉ | ၄၆ | ၇၅ | ၂၅ | ၃၀၀ | စီမံကိန်း/IPs |

*ဇယား ၃.၆။ စီမံကိန်း အဆင့် AP–၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

**AP–၁.၁။ LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေးဆိုင်ရာ ပြည်သူ့ရေးရာ မူဝါဒများ နှင့် စီမံကိန်းများမှ အပြောင်းအလဲများ၏ အရေအတွက်**

မီချီဂန် ပြည်နယ် တက္ကသိုလ် မှ COVID –19 ၏ အကျိုးသက်ရောက်မှု နှင့် ပတ်သက်၍ ဖုန်းဖြင့် ပြုလုပ်သည့် စစ်တမ်း မှ စိုက်ပျိုးရိက္ခာ စနစ် အတွင်း ရှိ လှုပ်ရှားဆောင်ရွက်သူများ (သွင်းအားစု လက်လီရောင်းချသူများ၊ စက်မှုလယ်ယာကဏ္ဍ အတွက် ဝန်ဆောင်မှု ပေးသူများ နှင့် စိုက်ပျိုးရေးသုံးပစ္စည်း လက်လီရောင်းချသူများ၊ တောင်သူများနှင့် ကုန်သည်များ) မှာ ငွေဖြစ်လွယ်မှုဆိုင်ရာ အကန့်အသတ်များ ကြုံတွေ့ခံစားနေကြရပြီး ဝင်ငွေ ရင်းမြစ် များ ဆုံးရှုံးရခြင်းနှင့် ဒေသတွင်းနှင့် အခြားဒေသများသို့ ကုန်သွယ်ရာတွင် အတားအဆီးများကြောင့် ဝင်ငွေများ လျော့ကျခြင်းတို့ကို ကြုံတွေ့ရလျက် ရှိကြောင်းကို အတည်ပြုပေးခဲ့ပါသည်။ ဤဆန်းစစ်မှုသည် အစိုးရမှ မိုးရာသီအတွက် မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေး ဘဏ် (MADB) မှတဆင့် COVID–19 ပြန်လည် ထူထောင်ရေး ချေးငွေ တစ်ဧကလျှင် ကျပ် ၅၀,၀၀၀ (ကန်ဒေါ်လာ ၃၆) ဖြင့် စိုက်ပျိုးဧက ၁၂ သန်း အတွက် စုစုပေါင်း ကျပ် သန်းပေါင်း ၆၀၀ (ကန်ဒေါ်လာ ၄၃၂ သန်း) ထပ်မံ ထုတ်ပေးရန် ဆုံးဖြတ်ချက်အတွက် အထောက်အကူ ဖြစ်စေခဲ့ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) များအား ဒုတိယအကြိမ် COVID–19 ကပ်ရောဂါကာလ SME ချေးငွေ ထုတ်ပေးရန်အတွက် အရည်အချင်း ပြည့်မီသည့် လုပ်ငန်းများစာရင်းတွင် ပါဝင်လာခဲ့ပါသည်။ စစ်တမ်းမှ တွေ့ရှိချက်များအား LIFT၊ USAID နှင့် စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေး ကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအုပ်စု ဝင် ပတ်သက် ဆက်နွယ်သူများအား မျှဝေပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ် မတ်လတွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးပြီး ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့(NAG)၊ မြေယာ မဏ္ဍိုင်အဖွဲ့ (LCG) နှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဗဟိုဌာန (CDE) တို့မှ အကောင်အထည်ဖော်လျက်ရှိသည့် REAL DEV စီမံကိန်း အောက်တွင် ဒေသဆိုင်ရာ စိုက်မွေးဆည် ဝန်ကြီး မှ ဥက္ကဌအဖြစ် ဦးဆောင်ပြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS) ညွှန်ကြားရေးမှူးမှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည့် အဆင့်မြင့် အရေးပေါ်ကော်မတီ တစ်ရပ် ဖွဲ့စည်းခဲ့ပါသည်။ စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းများတွင် အစိုးရ၏ ကတိကဝတ်ကို ပြသသည့် အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးမှ ဤအရေးပေါ် ကော်မတီအား မြေယာ ပြန်လည်ခွဲဝေချထားရေး လုပ်ငန်းစဉ်နှင့် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ မြေယာနှင့်ဆိုင်သည့် မည်သည့်ကိစ္စရပ်အတွက်မဆို မဟာဗျူဟာမြောက် လမ်းညွှန်မှုပေးရန် ဖွဲ့စည်းပေးခဲ့ပါသည်။

**AP–၁.၂။ LIFT မှ ပံ့ပိုးပေးခဲ့သည့်အစိုးရကဏ္ဍ စိုက်ပျိုးရေးဆိုင်ရာ ဘတ်ဂျက် ခွဲဝေချထားခြင်း/အသုံးစရိတ်တို့တွင် ပြောင်းလဲမှုများ ၏ အရေအတွက်**

AP–၁.၁ တွင် ဖော်ပြထားသည့်အတိုင်း အစိုးရမှ မိုးရာသီ အတွက် COVID–19 ကပ်ရောဂါကာလ ပြန်လည်ထူထောင်ရေး ချေးငွေ ထပ်ဆောင်းပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ မီချီဂန် ပြည်နယ် တက္ကသိုလ်၏ သုတေသနမှ ဤဆုံးဖြတ်ချက်အတွက် အထောက်အကူပြု ပေးခဲ့ပါသည်။

**AP–၁.၃။ LIFT ၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့သည့် စိုက်ပျိုးရေး နှင့် သက်ဆိုင်သည့် မူဝါဒ အထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှုများ၏ အရေအတွက်**

LIFT သည် ဤညွှန်းကိန်းနှင့် ပတ်သက်၍ သိသာထင်ရှားသည့် ပြီးစီးအောင်မြင်မှုများကို ပြီးခဲ့သည့် ငါးနှစ်စလုံးတွင် အစဉ်တစိုက် ရရှိခဲ့သည်ကို မှတ်တမ်းတင်ထားပါသည်။ LIFT ၏ FMO နှင့် Welthungerhilfe၊ မြေယာမဏ္ဍိုင် အဖွဲ့၊ ပေါင်းစည်းလုပ်အား အဖွဲ့နှင့် မီချီဂန်ပြည်နယ် တက္ကသိုလ်တို့ အပါအဝင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်း များသည် ၂၀၂၀ ခုနှစ်တွင် ဆောင်ရွက်ရန် ရည်မှန်းထားသည့် လှုပ်ရှားဆောင်ရွက်မှု စုစုပေါင်း (၉) ခု ထက် ကျော်လွန်၍ မူဝါဒ အထောက်အကူပြု ဆောင်ရွက် ချက် (၂၈) ခု အား ဆောင်ရွက်နိုင်ခဲ့ပါသည်။ အရေးပါသည့် ဆောင်ရွက်မှု များတွင် အောက်ပါတို့ ပါဝင်ပါသည် –

ပြည်ထောင်စုအဆင့်နှင့်ပြည်နယ်အဆင့်အစိုးရများကြား မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေရန် လွှတ်တော် ကိုယ်စားလှယ်များ အဖွဲ့၏ ကွင်းဆင်း ခရီးစဉ်တစ်ရပ် ဆောင်ရွက်ခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့သည် ကယား ပြည်နယ်တွင် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် IFDC တို့မှ မိတ်ဖက်ပြု၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် IFDC၏ (စိုက်ပျိုးရေး သွင်းအားစု နှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှု– တောင်တန်း ဒေသ စီမံချက်) သို့ သွားရောက်ခဲ့ပါသည်။

National Democratic Institute (NDI) နှင့် AHEFC နှင့် ပူးပေါင်းကျင်းပသည့် အမျိုးသား မြေအသုံးချမှု မူဝါဒ (NLUP) နှင့် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲ တွင် LCG မှ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်သည် တည်ဆဲ မြေယာ ဥပဒေများနှင့် NLUP တို့နှင့် မည်သို့မည်ပုံ အပြန်အလှန်ဆက်နွယ်နေသည်ဆိုသည်ကို ဆွေးနွေး တင်ပြခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲမှ ပြည်နယ်များနှင့် တိုင်းဒေသ ကြီးများရှိ အဓိပ္ပါယ် ဖွင့်ဆိုမှု အမျိုးမျိုးနှင့် တည်ဆဲ ဥပဒေအမျိုးမျိုးတို့ကြား အထူးသဖြင့် တိုင်းရင်းသား လူမျိုးစုများ နေထိုင်ရာ ပြည်နယ်များတွင် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် နှင့် စပ်လျဉ်း၍ ရှင်းလင်းပြတ်သားမှုရှိရန် ပိုမို လိုအပ်ကြောင်း မီးမောင်း ထိုးပြခဲ့ပါသည်။ ဤစဉ်းစားသုံးသပ်မှုများအားလည်း အမျိုးသား မြေယာ ဥပဒေ ရေးဆွဲဖော်ဆောင်ရာတွင် အစိတ်အပိုင်းအနေဖြင့် ထည့်သွင်းရန် လိုအပ်မည် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် Welthungerhilfe (WHH) မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် စပါး မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (RSDD) မှ အခြေခံအဆောက်အဦများ ထိန်းသိမ်းပြုပြင်ရေးအတွက် နှစ်စဉ် ဘတ်ဂျက်အား သတ်မှတ်ထားရှိပေးရန် တစိုက် မတ်မတ် ဆောင်ရွက်ခဲ့ သည့် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနထံ မျိုးစေ့ထုတ်လုပ်ခြင်းနှင့်ဆိုင်သည့် အခြေခံပစ္စည်းများအား တရားဝင် လွှဲပြောင်းပေးသည့် အခမ်းအနားကို ကျင်းပခဲ့ပါသည်။

REAL DEV စီမံကိန်းမှ ၂၀၂၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ဒေသန္တရ အရေးပေါ် ကော်မတီနှင့် အစည်းအဝေး သုံးကြိမ် ကျင်းပ ခဲ့ပါသည်။ ထို့ပြင် စီမံကိန်းမှ မြို့နယ်၊ ဒေသဆိုင်ရာနှင့် အမျိုးသား အဆင့် မြေယာ ပြန်လည်ခွဲဝေချထားရေး လုပ်ငန်းစဉ်များ ဆိုင်ရာ ပတ်သက်ဆက်နွယ် သူများအတွက် အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်ကိုလည်း ကျင်းပခဲ့ပါသည်။ ဩဂုတ်လတွင် မြေယာ ပြန်လည်ခွဲဝေချထားရေး လုပ်ငန်းစဉ် ဆိုင်ရာ အမျိုးသားအဆင့် ဗျူဟာ မြောက် အစည်းအဝေးအား လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (DALMS)၊ LIFT နှင့် စီမံကိန်းမှ တာဝန်ရှိသူများအဖွဲ့နှင့် ပူးပေါင်း ကျင်းပ ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ဥပဒေရေးရာ ကိစ္စရပ်များနှင့် စီမံကိန်း ဧရိယာအတွင်း စာရင်းပြုစုခြင်း တို့အား အဓိကထား ဆွေးနွေးခဲ့ပါသည်။

LCG မှ ၂၀၁၈ ခုနှစ် မြေလွတ်၊မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေအား သုံးသပ်ဆွေးနွေးရန် DALMS အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကူညီ ကျင်းပပေးခဲ့ပါသည်။ ထို အလုပ်ရုံဆွေးနွေးပွဲမှ မြေယာဥပဒေ ပြဋ္ဌာန်းခြင်း နှင့် ဆက်နွယ်နေသည့် စိန်ခေါ်မှုများ၊ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ နှင့် အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းရန်အတွက် အသုံးပြုမည့် စံသတ်မှတ် ထားသည့် လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပေါ်တွင် တူညီသည့် နားလည်သဘောပေါက်မှုများကို ရရှိခဲ့ပါသည်။ ဩဂုတ်လ အတွင်းတွင် LCG မှ အဆိုပါ ဥပဒေနှင့် စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေး သဘောထားရယူသည့် အစည်းအဝေး တစ်ရပ်အား ပြည်ထောင်စု ရှေ့နေချုပ်ရုံး (UAGO) မှ ညွှန်ကြားရေးမှူးချုပ် နှင့် ညွှန်ကြားရေးမှူးများနှင့် ကျင်းပပြုလုပ်ခဲ့ ပါသည်။ အဆိုပါ အစည်းအဝေးအပြီးတွင် ဆွေးနွေးတိုင်ပင်သည့်အချက်များအား UAGO ၏ အင်တာနက် ဝက်ဘ်ဆိုဒ်တွင် လွှင့်တင်ခဲ့ပြီး အများပြည်သူတို့၏ တုံ့ပြန်ဆွေးနွေးမှု များအား ကမ်းလှမ်းသည့် ဖိတ်ကြားချက် များအား သတင်းစာများနှင့် ရုပ်မြင်သံကြားတို့ တွင် ထုတ်ပြန်ခဲ့ပါသည်။

မီချီဂန် ပြည်နယ် တက္ကသိုလ်မှ webinar သုံးကြိမ် ကျင်းပခဲ့ပြီး မြန်မာ့ ကောက်ပဲသီးနှံ တန်ဖိုးမြှင့် ကွင်းဆက်များ၊ မြန်မာ့ စီးပွားရေး၊ငွေလွှဲပေးပို့မှုများ ကျဆင်းမှုကြောင့် ဆင်းရဲနွမ်းပါးမှု ဖြစ်ပေါ်ခြင်း နှင့် မြန်မာ့ မွေးမြူရေး နှင့် ရေလုပ်ငန်း ကဏ္ဍများအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများ ကို ဆန်းစစ်သုံးသပ်ရန်အတွက် ဆောင်ရွက်ခဲ့သည့် ဖုန်းဖြင့်ကောက်ယူသည့် စစ်တမ်းများမှ တွေ့ရှိချက်များကို တင်ပြဆွေးနွေးခဲ့ပါသည်။ ပတ်သက်ဆက်နွယ်သူများအား COVID–19 ကပ်ရောဂါကြောင့် ဖြစ်ပွားခဲ့သည့် စီးပွားရေး လုပ်ငန်းများ ထိခိုက် ခဲ့ပြီးနောက် မြို့ပြနှင့် ကျေးလက်နေ အိမ်ထောင်စုများနှင့် လူမှုအသိုက် အဝန်းများ၏ အလုပ်အကိုင်၊ ဝင်ငွေ နှင့် စားနပ်ရိက္ခာ ဖူလုံရေး နှင့်ဆိုင်သည့် နောက်ဆုံးရအခြေအနေများအား အသိပေးတင်ပြရန် ၂၀၂၀ ခုနှစ် ဒုတိယ နှစ်ဝက်တွင် နောက်ထပ် webinar ဆွေးနွေးပွဲ သုံးကြိမ် ကျင်းပခဲ့ပါသည်။

SPECTRUM သည် ၎င်း၏ စားသုံးနိုင်သော အင်းဆက်ပိုးများ လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာနိုင်ငံရှိ စားသုံးနိုင်သော အင်းဆက်ပိုး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် အမျိုးသား မူဝါဒ ရေးရာ Virtual ဆွေးနွေး ပွဲ ကို ၂၀၂၀ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် အရေးကြီးသည့် မူဝါဒ





ကွာဟမှုများ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ နှင့် ဤကဏ္ဍ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗျူဟာများကို ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် လွှတ်တော်အမတ်များ၊ ကရင်ပြည်နယ် ဝန်ကြီး နှင့် ညွှန်ကြားရေးမှူး၊ MoALI မှ ညွှန်ကြားရေးမှူး၊ MoHS မှ ညွှန်ကြားရေးမှူး (အာဟာရ ကဏ္ဍ)၊ သစ်တော ဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသား ပညာရေးမူဝါဒ ကော်မရှင် ဥက္ကဋ္ဌ၊ တက္ကသိုလ်များ၊ ငါးမွေးတောင်သူများ၊ တောင်သူအုပ်စုများ၊ INGO များ နှင့် NGO များမှ ပတ်သက်ဆက်နွယ်သူများ အပါအဝင် တက်ရောက်သူ (၁၀၀) ဦး ခန့်ရှိပါသည်။

**AP–၁.၄ – အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်**

မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများသည် စိုက်ပျိုးရေး ဈေးကွက်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု တို့တွင် ကျား၊မ ရေးရာ တုန့်ပြန်ဆောင်ရွက်သည့်၊ ရာသီဥတုနှင့် သဟဇာတဖြစ်သည့်၊ အာဟာရဖောင်းပေး မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပြုပြင်ပြောင်းလဲရေးတို့ လွှမ်းမိုးနိုင်ရန် LIFT ၏ အထောက်အထား အခြေခံ ချဉ်းကပ် နည်းလမ်း ၏ အရေးပါသော မဏ္ဍိုင်များ အဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ ၂၀၂၀ခုနှစ်အတွင်း ထုတ်ဝေမှု အများစုမှာ မီချီဂန် ပြည်နယ် တက္ကသိုလ် (MSU) မှ ဆောင်ရွက်ခဲ့သော သုတေသန လုပ်ငန်းများမှ ထွက်ရှိလာသည့် စာတမ်းများ ဖြစ်ပါသည်။

ရန်ကုန်မြို့ မြို့ပြ ဝန်းကျင်ဇုန် အတွင်း စီးပွားဖြစ် ကြက်/ဘဲ နှင့် ဝက် မွေးမြူရေး စာတမ်းတွင် ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသရှိ အလတ်စားနှင့် အကြီးစား ဝက်နှင့် ကြက်/ဘဲ မွေးမြူရေးခြံများအား ပြည့်စုံလုံလောက်သည့် စနစ်တကျ စီစဉ်ထားသော စစ်တမ်း ကောက်ယူမှုမှ ရရှိသည့် ရလဒ်များအား တင်ပြခဲ့ပါသည်။ မူဝါဒရေးရာ သက်ရောက်မှုများကို မီးမောင်းထိုးပြထားပါသည်။

ရှမ်းပြည်နယ် တောင်ပိုင်းတွင် ပြောင်းနှင့် ပဲစဉ်းငုံ စိုက်ပျိုးထုတ်လုပ်မှု၊ အမြတ်ရနိုင်မှု နှင့် စည်းနှောင်မှုရှိသည့် ချေးငွေ အကူအညီစာတမ်းအား MSU က ၂၀၂၀ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးသူများအား ကောက်ယူခဲ့သည့် ပြည့်စုံလုံလောက်မှုအရှိဆုံး စစ်တမ်း မှ တွေ့ရှိသည့် ရလဒ်များကို တင်ပြခဲ့ပါသည်၊ ဤသုတေသန မှာ မြန်မာနိုင်ငံတွင် စပ်မျိုးပြောင်းစေ့များ၏ ထူးခြားသည့် လက္ခဏာကို လက်တွေ့ကျကျ စမ်းသပ်ရန် ဒီဇိုင်းထုတ်ထားသည့် သုတေသန စာတမ်းဖြစ်ပြီး ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒနှင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့နှင့် သက်ဆိုင်သည့် အကျိုးဆက်များကိုလည်း ရှာဖွေဖော်ထုတ်ခဲ့ပါသည်။

စိုက်ပျိုးရေး သွင်းအားစု လက်လီရောင်းချသူများ၊ စက်မှုလယ်ယာကဏ္ဍအတွက် ဝန်ဆောင်မှုပေးသူများ နှင့် စိုက်ပျိုးရေးသုံးပစ္စည်း လက်လီရောင်းချသူများအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများကို ဖုန်းဖြင့် ကောက်ယူသည့် စစ်တမ်းများ နှင့် စားနပ်ရိက္ခာ နှင့် အာဟာရ ဖွံ့ဖြိုးမှု ဖူလုံရေးနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုများအား အကာအကွယ်ပေးရန်အတွက် လုပ်ကွက်ငယ် တောင်သူများ အားကောင်း လာစေရေး ကူညီပေးရမည့် နည်းလမ်းများကို အလေးပေးဖော်ပြထားသည့် မူဝါဒရေးရာ အကြံပြုစာတမ်း ၃၅ စောင်အား ရေးသားပြုစုခဲ့ပါသည်။ MSU သည် မြန်မာနိုင်ငံတွင် COVID–19 ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများအပေါ် လူမှုအသိုက်အဝန်း၏ သိမြင်နားလည်နိုင်စွမ်းနှင့် ဆိုင်သည့် မူဝါဒရေးရာ အကြံပြု စာတမ်း လေးစောင်ကိုလည်း ရေးသားပြုစုခဲ့ပါသည်။ ဤညွှန်းကိန်းအတွက် အခြား အားဖြည့်ပေးမှုကို ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် ဌာနေတိုင်းရင်းသားများ၏ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု ဆိုင်ရာ အလေ့အကျင့်များ စစ်တမ်း အစီရင်ခံစာကို ထုတ်ဝေခဲ့သည့် The Border Consortium မှ ရရှိပါသည်။

# စိုက်ပျိုးရေး၊ စျေးကွက်များ နှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု စနစ်များ– စနစ်အဆင့်

**AS– ၁ – အားလုံးပါဝင်သော ရာသီဥတု နှင့် သဟဇာတ ဖြစ်သည့် အာဟာရ ဇောင်းပေး စိုက်ပျိုးရေး တန်ဖိုးမြင့် ကွင်းဆက် လုပ်ရှားဆောင်ရွက်သူများ**

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀–၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀–၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| AS–၁.၁– LIFT မှ ပံ့ပိုးပေးသည့် အားလုံးပါဝင်သည့်၊ ရာသီဥတု နှင့် သဟဇာတဖြစ်သည့်၊ အာဟာရ ဇောင်းပေး စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ပေးသည့် တန်ဖိုးမြင့် ကွင်းဆက် ဝန်ဆောင်မှု ပေးသူ (အစိုးရ၊ ပုဂ္ဂလိက၊ CSO) များ၏အရေအတွက် | ၁၅၈ | ၃ | ၁၆၁ | ၇၂ | ၂၂၄ | IPs |
| AS–၁.၂– စီးပွားရေးတိုးတက်ကြောင်း အသိပေး အစီရင်ခံသည့် LIFT မှ ပံ့ပိုးပေးသည့် သွင်းအားစု ဝန်ဆောင်မှုပေးသူများ၏ ရာခိုင်နှုန်း/ အရေအတွက် | ၇၁ | ၃၆ | ၁၀၇ | ၇၅ | ၁၄၂ | IPs |
| AS–၁.၃ LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှု များမှ ရောက်ရှိခဲ့သူများ၏ ရာခိုင်နှုန်း/အရေအတွက် | ၃၀၂,၇၆၀<br>၁၀၅,၀၄၈ (မ)<br>၁၉၇,၇၁၂ (ကျား) | ၇၈၀၄<br>၃,၆၅၄ (မ)<br>၄,၁၅၀ (ကျား) | ၃၁၀,၅၆၄<br>၁၀၈,၇၀၂ (မ)<br>၂၀၁,၈၆၂ (ကျား) | ၃၃၁,၂၀၀ | ၉၄ | IPs |
| AS–၁.၄– LIFT မှ ပံ့ပိုးပေးသည့် အားနည်းထိခိုက် လွယ်သူများ အတွက် ဖန်တီးပေးခဲ့သော တန်ဖိုး မြင့်ကွင်းဆက် နှင့် သက်ဆိုင်သည့် သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်များ၏ အရေအတွက် | ၅၉၁ | ၀ | ၅၉၁ | ၈၄၀ | ၇၀ | IPs |

*ဇယား ၃.၇– စီမံကိန်းအဆင့် AS–1 ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

**AS–၁.၁။ LIFT မှ ပံ့ပိုးပေးသည့် အားလုံးပါဝင်သည့်၊ ရာသီဥတု နှင့် သဟဇာတဖြစ်သည့်၊ အာဟာရ ဇောင်းပေး စိုက်ပျိုး ထုတ်လုပ်မှုကို မြှင့်တင်ပေးသည့် တန်ဖိုးမြင့် ကွင်းဆက် ဝန်ဆောင်မှု ပေးသူ (အစိုးရ၊ ပုဂ္ဂလိက၊ CSO) များ၏ အရေအတွက်**

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့လေးဖွဲ့ (Mercy Corps၊ Welthungerhilfe၊ IFDC နှင့် CDN/ZOA) တို့က ၂၀၂၀ ခုနှစ်အတွင်း တန်ဖိုးမြှင့်ကွင်းဆက် ဝန်ဆောင်မှုပေးသူ ၄၁ ဦး နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ ထိုလုပ်ငန်း များအနက်မှ ၃၈ ခုအား ၂၀၁၉ ခုနှစ်အတွင်းကတည်းက သတ်မှတ်ဖော်ထုတ်ခဲ့ပြီး ကူညီပံ့ပိုးပေးခဲ့ပြီး ဖြစ်ကာ ဝန်ဆောင်မှု ပေးသူ အသစ် (၃) ဦး အား စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အတွင်း ၂၀၂၀ ခုနှစ်တွင် သတ်မှတ်ဖော်ထုတ်ခဲ့ ပါသည်။ COVID –19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်မှုများနှင့် AMFS အကြောင်းအရာ နယ်ပယ်အောက်တွင် စီမံချက် အသစ် အရေအတွက် လျှော့ချခြင်းတို့ကြောင့် စီမံကိန်း ဆောင်ရွက်ချက် အသစ်များ နည်းပါး ခဲ့ပါသည်။ အားလုံး စုပေါင်းလိုက်လျှင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ၂၀၁၉ ခုနှစ် က အစီရင်ခံခဲ့သည်နှင့် အလားတူ ခန့်မှန်း ထားသည့် ရည်မှန်းချက်များအား ကျော်လွန်၍ တန်ဖိုးမြှင့်ကွင်းဆက် ဝန်ဆောင်မှု ပံ့ပိုးပေးသူ (၁၆၁) ဦးထံ ရောက်ရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ် မှတ်တိုင်ဖြစ်သည့် ဝန်ဆောင်မှုပေးသူ (၇၂) ဦးအား အခြေခံ၍ တိုင်းတာပါက ဤညွှန်းကိန်း၏ ရည်မှန်းချက် ပြီးစီးအောင်မြင်မှုမှာ ၂၁၉ ရာခိုင်နှုန်း ဖြစ်ပါသည်။

Mercy Corps မှ တောင်သူ ၃၇၄ ဦးနှင့် ပုံသေသတ်မှတ်စျေးနှုန်းဖြင့် အကျိုးတူ လယ်ယာ ဆောင်ရွက်ရန် ကုမ္ပဏီ ငါးခု (Golden Sunland၊ ဦးလှရီ နှင့် အခြား ဆန်စက် ပိုင်ရှင်သုံးဦး) တို့အား အကူအညီပေးခဲ့ပါသည်။ စုစုပေါင်း အနေဖြင့် တောင်သူ ၁၈၂ ဦး တို့သည် Daung Capital (Golden Sunland နှင့် ပူးပေါင်း သည့် တောင်သူများ အတွက်) နှင့် ဦးလှရီ(ဆန်စက်ပိုင်ရှင်နှင့် အကျိုးတူလယ်ယာ လုပ်ကိုင်သည့် တောင်သူ များအတွက်) တို့ထံမှ ချေးငွေ များ ရရှိခဲ့ပြီး ချေးငွေ စုစုပေါင်း မှာ ကန်ဒေါ်လာ ၇၃,၀၀၀ ဝန်းကျင် ရှိခဲ့ပါသည်။ ကန်ဒေါ်လာ ၄,၀၀၀ တန်ဖိုးရှိ မျိုးစေ့များအား တောင်သူ ၁၈၆ ဦးထံ အကြွေးချပေးခဲ့ပြီး ကန်ဒေါ်လာ ၉၈,၀၀၀ တန်ဖိုးရှိသည့် ဓာတ်မြေဩဇာ များအား တောင်သူ (၃၀၅) ဦးအတွက် အကြွေးပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများတွင် ပုဂ္ဂလိက ကဏ္ဍမှ လှုပ်ရှားဆောင်ရွက်သူ ၅၃ ဦး ပူးပေါင်းခဲ့ပြီး လုပ်ကွက်ငယ် တောင်သူ ၂,၉၇၇ ဦး ( အမျိုးသမီး ၂၉ %) တို့သည် အသစ် (သို့) အဆင့်မြင့် ပုဂ္ဂလိက ကဏ္ဍတိုးချဲ့ပညာပေးရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိခဲ့ကြပါသည်။ Mercy Corps သည် Responsible Business Fund (RBF) မှ ပံ့ပိုးပေးသည့် မြစိမ်းရောင် ဘဏ္ဍာရေး အစီအစဉ်မှတဆင့် ပေးအပ်ခဲ့ခြင်းအပါအဝင် အခြား ငွေရေးကြေးရေးအရ အလားအလာ ရှိသည့် ရင်းမြစ်များအား လက်လှမ်းမီ ရရှိနိုင်ရန်အတွက် ဆန်စက်ပိုင်ရှင်များအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ Mercy Corps မှ ၂၀၁၉/၂၀၂၀ နွေစပါး အတွက် အကျိုးတူလယ်ယာ လုပ်ကိုင်သည့် လယ်ယာကုန်ထုတ်လုပ်သူများအဖွဲ့ (Farmer Producer Enterprises) များမှ တဆင့် ချေးငွေများ ထုတ်ပေးနိုင်ရန် A ဘဏ် နှင့် Daung Capital (MFI) တို့အား အကူအညီပေးခဲ့ပါသည်။



IFDC မှ သွင်းအားစု ဝန်ဆောင်မှု ပေးသူ (ISP) ၂၉ ဦး အား ကူညီပံ့ပိုးပေးအပ်ခဲ့ပြီး ယင်းတို့အနက်မှ ၅၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ပါသည်။ အချိန် နှင့် ရင်းမြစ်ဆိုင်ရာ ကန့်သတ်ချက်များကြောင့် ISP နှစ်ဦး အစီအစဉ်မှ နှုတ်ထွက်သွားခဲ့ပါသည်။ ISP များသည် များသောအားဖြင့် သိုလှောင်ရုံတိုးချဲ့ခြင်း၊ ရိတ်သိမ်းချိန်လွန် လုပ်ငန်းစဉ်များ (အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်း)၊ စက်ပစ္စည်းများ ဝယ်ခြင်း (ငှားရမ်းခြင်းနှင့် ပို့ဆောင်ပေးခြင်း ဝန်ဆောင်မှုများ အတွက်)နှင့် သွင်းအားစုအသစ်များတွင် ရင်းနှီးမြှုပ်နှံခြင်းတို့တွင် အာရုံစိုက်သည့် စီးပွားရေး ဖွံ့ဖြိုးမှု အစီအစဉ် များအား တင်ပြခဲ့ကြပါသည်။ ISP များနှင့် စီးပွားရေးဆိုင်ရာ သင်တန်း ၁၀ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ CDN/ZOA သည် ဖာလာစေ့ စိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလေ့အကျင့်များ နှင့်စပ်လျဥ်း၍ တောင်သူများ၏ စွမ်းဆောင်ရည် တည်ဆောက်ရန်အတွက် ပြည်တွင်း မိတ်ဖက်အဖွဲ့အစည်း လေးဖွဲ့၊ စိုက်ပျိုးရေး ဦးစီးဌာန (DoA) တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သည် စိုက်ပျိုးရေး ဆိုင်ရာ တိုးချဲ့ပညာပေး သင်တန်းရရှိပြီးသည့် သီးနှံ စိုက်ပျိုး ထုတ်လုပ်သူအဖွဲ့ ၉၇ ဖွဲ့ နှင့် ပူးပေါင်းလုပ်ကိုင်ခဲ့ပြီး သီးနှံ ဆိုင်ရာ လေ့လာရေးခရီးစဉ် များ ဆောင်ရွက်ခဲ့ပါသည်။

Welthungerhilfe ၏ စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း မှ သိုလှောင်ရုံ တည်ဆောက်ရေးလုပ်ငန်း ပြီးစီးသွားသဖြင့် မျိုးစေ့ သိုလှောင်နိုင်မှု ပမာဏ တိုးမြှင့်လာနိုင်သည့် ကုမ္ပဏီ သုံးခု နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ ပါသည်။ မျိုးစေ့ ကုမ္ပဏီများသည် ၎င်းတို့၏မျိုးစေ့ ထုတ်လုပ်မှုအား အကျိုးတူ လယ်ယာ ပုံစံဖြင့် တိုးချဲ့ခဲ့ပါသည်။ မျိုးစေ့ စိုက်ပျိုးသူ ၄၀ ဦး (အမျိုးသမီး ၅၀ %) သည် သိုလှောင်ရုံများ နှင့် လယ်ယာသုံး စက်ကိရိယာများ ထပ်မံဖြည့်တင်းခြင်းဖြင့် ၎င်းတို့၏ မျိုးစေ့ထုတ်လုပ်မှုစွမ်းရည်ကို တိုးမြှင့်စေခဲ့ပါသည်။ မျိုးစေ့ စိုက်ပျိုးသူ ၄၀ဦး တို့သည် ၎င်းတို့၏ လက်ရှိ မျိုးစေ့စိုက်ပျိုးရေး စွမ်းဆောင်ရည်ကို မထိခိုက်စေဘဲ COVID–19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ နှင့် မိုးရာသီ မျိုးစပါး စိုက်ပျိုးထုတ်လုပ်ရေး အစီအစဉ်များကို ရေးဆွဲခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**AS–၁.၂– စီးပွားရေးတိုးတက်ကြောင်း အသိပေးအစီရင်ခံသည့် LIFT မှ ပံ့ပိုးပေးသည့် သွင်းအားစု ဝန်ဆောင်မှု ပေးသူများ၏ ရာခိုင်နှုန်း/အရေအတွက်**

ဤညွှန်းကိန်းသည် LIFT မှ ပံ့ပိုးပေးသည့် သွင်းအားစု/ဝန်ဆောင်မှုပေးသူများ၏ စီးပွားရေး တိုးတက်မှုကို တိုင်းတာသည့် ညွှန်းကိန်းဖြစ်ပါသည်။ LIFT ၏ ကူညီပံ့ပိုးမှုအား ပုဂ္ဂလိက သွင်းအားစုနှင့် ဝန်ဆောင်မှု ပံ့ပိုးပေးသူများ (ISP)၊ တောင်သူများ၊ တိုးချဲ့ပညာပေး ဝန်ဆောင်မှုများ နှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့ အပါအဝင် အမျိုးမျိုးသော စျေးကွက် လှုပ်ရှားဆောင်ရွက်သူများကြား ကွန်ရက်များနှင့် ချိတ်ဆက်မှုများ ခိုင်မာ အားကောင်းစေရန်အတွက် အာရုံစိုက်ခဲ့ပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုသည်မှာ (သွင်းအားစု ပေးသွင်းသူများအတွက်) ပေးသွင်းသည့် သွင်းအားစု အရေအတွက်နှင့် တန်ဖိုး၊ (ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ပေးသူများအတွက်) ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ၏ တန်ဖိုး (သို့) သွင်းအားစု/ဝန်ဆောင်မှု ပေးခြင်းမှ ရရှိသည့် စုစုပေါင်း ဝင်ငွေ (သို့) အသားတင် အမြတ်ငွေတို့ ပါဝင်လွှမ်းခြုံထားသည်ဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။ ၂၀၂၀ ခုနှစ်အတွင်း သွင်းအားစု ဝန်ဆောင်မှု ပံ့ပိုးသူ ၃၂ ဦး (IFDC –၂၇၊ WHH– ၃ နှင့် CDN– ၆) တို့က စီးပွားရေး တိုးတက်လာကြောင်း အစီရင်ခံခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွက် မှတ်တိုင်ဖြစ်သည့် သွင်းအားစု/ဝန်ဆောင်မှု ပံ့ပိုးပေးသူ ၇၅ဦး ရည်မှန်းထားသည်ကို အခြေခံလျှင် ဤညွှန်းကိန်း ၏ ရည်မှန်းချက် ပြီးစီးအောင်မြင်မှုမှာ ၁၄၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

IFDC ၏ (စိုက်ပျိုးရေး သွင်းအားစု နှင့် လယ်ယာလုပ်ငန်းဝန်ဆောင်မ – တောင်တန်းဒေသ) – စီမံချက်မှ ကယားပြည်နယ်နှင့် ကရင် ပြည်နယ် တို့တွင် တောင်သူ သင်တန်းများ၊ သရုပ်ပြပွဲများ၊ တောင်သူကွင်းဆင်းနေ့များ နှင့် ဝင်ငွေနည်း လုပ်ကွက်ငယ် တောင်သူများနှင့် သွင်းအားစု ဝန်ဆောင်မှုပေးသူ (ISP) များအား စီးပွားရေး မြှင့်တင်ပေးရန်အတွက် ဦးတည်ရည်ရွယ်သော စရိတ်မျှပေး ထောက်ပံ့မှု ပုံစံတို့အား ပံ့ပိုးပေးခဲ့ပါသည်။ ISP များသည် ထောက်ပံ့ငွေ ၏ ၂၅–၃၀ ရာခိုင်နှုန်းကြားအား တောင်သူများထံ သွင်းအားစု နှင့်/သို့ ဝန်ဆောင်မှုများ ပေးသည့် ယန္တရားအတွက်၊ ၂၅ ရာခိုင်နှုန်းအား နည်းပညာ လွှဲပြောင်းပေးမှုအတွက် နှင့် ၅၀ ရာခိုင်နှုန်းအား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အသုံးပြုရန် လိုအပ်သော စီးပွားရေး ထောက်ပံ့မှုများ ရရှိခဲ့ကြပါသည်။

WHH–RSSD စီမံချက်အောက်ရှိ မျိုးစေ့စိုက်ပျိုးသူများ နှင့် အကျိုးတူလယ်ယာ စနစ်လုပ်ကိုင်သည့် တောင်သူ များသည် တောင်သူများအနေဖြင့် စျေးများသွားရောက်မှုကို ကန့်သတ်ထားခြင်း၊ မိုးရာသီအတွက် မျိုးစေ့ စိုက်ပျိုး ထုတ်လုပ်မှုကို အကန့်အသတ် ဖြစ်စေသည့် ငွေကြေးစီးဆင်းမှုအား ကန့်သတ်ထားခြင်းကဲ့သို့သော ကန့်သတ်မှု များကြောင့် COVID–19 ၏ ဆိုးကျိုးများကို ရင်ဆိုင်ခဲ့ကြရပါသည်။ RSSD သည် ကပ်ရောဂါ ကာလအတွင်း မျိုးစေ့ စိုက်ပျိုးသူများ နှင့် အကျိုးတူလယ်ယာ စနစ် လုပ်ကိုင်သည့် တောင်သူများအနေဖြင့် ၎င်းတို့၏ မျိုးစေ့စိုက်ပျိုး ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နိုင်စေရန်အတွက် အားပေးရန် ထောက်ပံ့ကြေး အလျင်အမြန် ပံ့ပိုးပေးသည့် နည်းလမ်း တစ်ခု ကို ဖော်ဆောင်ခဲ့ပါသည်။

**AS–၁.၃ – LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှု များမှ ရောက်ရှိခဲ့သူများ၏ ရာခိုင်နှုန်း/ အရေအတွက်**

LIFT မိတ်ဖက်အဖွဲ့အစည်းများသည် ကျေးရွာများရှိ လူတစ်ဦးချင်းစီအား တိုက်ရိုက် တိုးချဲ့ပညာပေးခြင်း၊ အဆင့် အမျိုးမျိုးအတွက် သင်တန်းများ ပို့ချပေးခြင်း၊ တောင်သူ သင်တန်းကျောင်းများ နှင့် ကျေးရွာနေ သင်တန်းဆရာများမှ ပို့ချပေးသည့် သင်တန်းများ အပါအဝင် အကြံပေး ဝန်ဆောင်မှုများအား နည်းလမ်းမျိုးစုံဖြင့် ဆက်လက် ပေးအပ် ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း လူပေါင်း ၇,၂၉၃ ဦး (အမျိုးသမီး ၄၆ %) ထံ အကြံပေး ဝန်ဆောင်မှုများ ရောက်ရှိခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် LIFT သည် ၂၀၁၀ ခုနှစ် မှ စ၍ ယခုအချိန်အထိ အိမ်ထောင်စုပေါင်း ၃၁၀,၀၅၃

ထံ ရောက်ရှိခဲ့ပါသည်။ အစီရင်ခံခဲ့သည့် ပြီးစီးအောင်မြင်မှုများမှာ အဓိကအားဖြင့် CORAD၊ CDN/ZOA၊ International Fertilizer Development Center (IFDC)၊ Welthungerhilfe၊ Awba၊ The Border Consortium နှင့် World Concern Myanmar တို့မှ ဆောင်ရွက်ခဲ့သည့် စီမံကိန်း လုပ်ငန်းများမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

CORAD သည် GRET၊ စိုက်ပျိုးရေး ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မျိုးစေ့ ရွေးချယ်ခြင်း၊ စိုက်ပျိုးသည့် နည်းစနစ်များ၊ ရေစီမံခန့်ခွဲမှုနှင့် အခြား အရေးပါသည့် အလေ့အကျင့်များဆိုင်ရာ သင်တန်းများ နှင့်အတူ ဆန်စပါးနှင့် ဟင်းသီးဟင်းရွက် တောင်သူ ၄,၈၉၅ ဦး (အမျိုးသမီး ၅၁ %) ထံ ရောက်ရှိခဲ့ပါသည်။

IFDC သည် စပါးတောင်သူများအတွက် ၎င်း၏ ပုံမှန် သင်တန်းများအား တိုးချဲ့ပညာပေးရေး ဗွီဒီယိုများအား အသုံးပြု၍ ပို့ချပေးခဲ့ပြီး COVID-19 ကပ်ရောဂါကာလ နေအိမ်တွင် နေထိုင်၍ အလုပ်လုပ်ခြင်း (work-at-home) အဆင့်တွင် ဗီဒီယို ၁၉ ခု ထုတ်လုပ်ခဲ့ပါသည်။ ဗွီဒီယိုများ အသုံး ပြုခြင်းကြောင့် သင်တန်းပေးမှုမှ လက်လှမ်းမီ ရောက်ရှိနိုင်သည့် တောင်သူ အရေအတွက်တွင် အကန့်အသတ်ရှိသဖြင့် လူကိုယ်တိုင် တက်ရောက် ရသည့် သင်တန်းမှ ပုံမှန်အားဖြင့် ၇၀၀ ဦးထံ ရောက်ရှိခဲ့သည်နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ခုနှစ်တွင် တစ်လလျှင် တောင်သူ ၃၉၀ ဦးသာ တက်ရောက် နိုင်ခဲ့ပါသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါ ကြောင့် အနည်းဆုံး တောင်သူ ဦးရေ ၂,၀၀၀ သည် သင်တန်းတက်ရောက်နိုင်သည့် အခွင့်အရေးကို ဆုံးရှုံးခဲ့ကြသည်ဟု IFDC မှ ခန့်မှန်းထားပါသည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နှင့် ဘတ်ဂျက်ရေးဆွဲခြင်း သင်တန်းများကို ၂၀၂၀ ခုနှစ်အတွင်း တောင်သူ ဦးရေ ၁,၄၀၀ တို့အား ပို့ချပေးနိုင်ခဲ့ပါသည်။

CDN မှ ထုတ်လုပ်သူအုပ်စုများအား စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ပညာပေးခြင်း၊ ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်သော အဆောက်အဦများ လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာအတွင်းရှိ အပင်အာဟာရ စီမံခန့်ခွဲမှုတို့တွင် သင်တန်းပေးခြင်းတို့ဖြင့် သီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ အသိအမြင်များ ပိုမိုတိုးတက်မြင့်မားလာစေရန် ပံ့ပိုးကူညီပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် CDN မှ အကျိုး ခံစားခွင့်ရှိသူ ၁၁၃ ဦး(အမျိုးသမီး ၂၆ %) ထံ ရောက်ရှိခဲ့ပါသည်။

Welthungerhilfe သည် မိုးရာသီ ကာလအတွင်း လယ်မြေ ၃၈၇ ဧက ဝန်းကျင်ခန့် အား မျိုးစေ့ စိုက်ပျိုးရန် အတွက် ကြိုတင်ပြင်ဆင်ရန် အကျိုးတူလယ်ယာ စနစ် တွင် ပါဝင်ဆောင်ရွက်သည့် တောင်သူ ၁၁၈ ဦးတို့အား ကူညီထောက်ပံ့ ပေးခဲ့ပါသည်။

Border Consortium (TBC) နှင့် World Concern Myanmar (WCM) တို့သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသတလျှောက် ပဋိပက္ခ ဒဏ်ခံ ဒေသများနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေရသည့် လူမှုအသိုက်အဝန်းများအား ရည်ရွယ်၍ စိုက်ပျိုးထုတ်လုပ်မှု၊ စိုက်ပျိုးစီးပွား၊ အာဟာရဖွံ့ဖြိုးမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်အမျိုးမျိုးတို့မှတဆင့် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၉၁၁ ဦး (အမျိုးသမီး ၄၇ %) တို့ ထံ ရောက်ရှိခဲ့ပါသည်။ TBC မှ ရေရှည်တည်တံ့သော စိုက်ပျိုးရေး ၊ ရေပေးဝေရေး တူးမြောင်းများ တိုးချဲ့ ခြင်းနှင့် ဈေးကွက်သို့ သွားရောက်နိုင်မည့် အခြေအနေ ပိုမိုကောင်းမွန်စေရန် မော်တော်ဆိုင်ကယ်လမ်းများ ပြုပြင်ခြင်း တို့နှင့် ဆိုင်သည့် အချိန်တိုအတွင်း စေ့စပ် ထိရောက်စွာ သင်ကြားပေးသည့် သင်တန်း (Intensive Training) များ ပို့ချပေးခဲ့ပါသည်။ WCM မှ ပို့ချပေးသည့် သင်တန်းများမှာ ထုတ်လုပ်သူ အုပ်စုများ ဖွဲ့စည်းခြင်း၊ အားလုံးပါဝင်စေသည့် စိုက်ပျိုးစီးပွား၊ ဆင်းရဲနွမ်းပါးသူများအတွက် ဈေးကွက်များ နှင့် တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုး တိုးတက်ရေး တို့တွင် အဓိကထား အာရုံစိုက်ပါသည်။

**AS-၁.၄- LIFT မှ ပံ့ပိုးပေးသည့် အားနည်းထိခိုက်လွယ်သူများအတွက် ဖန်တီးပေးခဲ့သော တန်ဖိုးမြှင့်ကွင်းဆက် နှင့် သက်ဆိုင်သည့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များ၏ အရေအတွက်**

၂၀၂၀ ခုနှစ်အတွင်း ဤ ညွှန်းကိန်း၏ ပြီးစီးအောင်မြင်မှုနှင့် စပ်လျဉ်း၍ အစီရင်ခံစရာ မရှိပါ။





# စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုစနစ်များ- အိမ်ထောင်စု အဆင့်

**AH-၁- စီးပွားဖြစ် လုပ်ကိုင်မှု နှင့်/သို့မဟုတ် ကွဲပြားခြားနားသည့် ရေရှည်တည်တံ့သော အာဟာရဇောင်းပေး စိုက်ပျိုးရေး မှတဆင့် ထုတ်လုပ်မှု၊ ဝင်ငွေ နှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးမြှင့်ခြင်း**

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၁-၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၁-၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| AH-၁.၁- စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)၊ သွင်းအားစုများနှင့် နည်းပညာများ (စက်မှုလယ်ယာ အပါအဝင်) အသုံးပြုသည့် LIFT မှ ပံ့ပိုးပေးသည့် အကြံပေး ဝန်ဆောင်မှုများမှ ရောက်ရှိ ခဲ့သည့်သူများ၏ ရာခိုင်နှုန်း/ အရေအတွက် | ၁၉,၈၁၉<br>၄,၇၃၁ မ<br>၁၅,၀၈၈ ကျား | ၆,၈၅၇<br>၃,၂၆၉ မ<br>၃,၅၈၈ ကျား | ၂၆,၆၇၆<br>၈,၀၀၀ မ<br>၁၈,၆၇၆ ကျား | ၂၂,၀၀၀ | ၁၂၁ | IPs |
| AH-၁.၂ - LIFT ဧရိယာများအတွင်းမှ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံး သည့် စိုက်ပျိုး မြေ ဧရိယာ/ရာခိုင်နှုန်း | ၁၇,၁၂၇ | ၁၈,၉၂၁ | ၃၆,၀၄၈ | ၃၇,၀၀၀ | ၉၇ | စီမံကိန်း/Ips |
| AH-၁.၄- စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေ တိုးခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ပံ့ပိုး ပေးသည့် တောင်သူများ၏ အရေအတွက်/ ရာခိုင်နှုန်း | ၇,၉၇၂ | ၁,၇၈၉ | ၉,၇၆၁ | ၁၈,၉၀၀ | ၅၂ | IPs |

*ဇယား ၃.၈။ စီမံကိန်းအဆင့် AH-၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

**AH-၁.၁- စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)၊ သွင်းအားစုများနှင့် နည်းပညာများ(စက်မှုလယ်ယာ အပါအဝင်) အသုံးပြုသည့် LIFT မှ ထောက်ပံ့ပေးသော အကြံပေး ဝန်ဆောင်မှုများမှ ရောက်ရှိခဲ့သည့်သူများ၏ ရာခိုင်နှုန်း/အရေအတွက်**

ဤညွှန်းကိန်းသည် GAP သင်တန်း၊ သွင်းအားစုများနှင့် နည်းပညာရရှိခဲ့သည့် တောင်သူများအား ဦးတည်၍ ပုံမှန်နှင့် သတ်မှတ်ချိန်အလိုက် ကိန်းဂဏန်း အချက်အလက်များ ကောက်ယူသည့် လုပ်ငန်းများမှ တစ်ဆင့် GAP လိုက်နာကျင့်သုံးမှုကို ခြေရာကောက် တိုင်းတာပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ GAP လိုက်နာကျင့်သုံးမှုနှုန်းများအား အကဲဖြတ်သုံးသပ်ရန်အတွက် အရည်အသွေးအရရော အရေအတွက်အရပါ ပေါင်းစပ် အကဲဖြတ်သည့် ချဉ်းကပ်နည်းလမ်းကို ကျင့်သုံးကြပါသည်။ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများသည် လူဦးရေ ၂၆,၆၇၆ ဦး (ပြီးစီးအောင်မြင်မှု ၁၂၁ %) တို့မှ အနည်းဆုံး GAP နည်းလမ်း တစ်ခုကို အသုံးပြုခဲ့ကြသည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ အိမ်ထောင်စုပေါင်း ၈,၀၀၀ နီးပါး(သို့) အကြမ်းဖျဉ်းအားဖြင့် ၂၉ ရာခိုင်နှုန်းမှာ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ၂၀၂၀ ခုနှစ်တွင် IFDC (၁,၁၅၉) ဦး၊ CORAD (၄,၈၀၆) ဦး၊ CDN (၅၅) ဦး၊ AWBA (၂၉၆) ဦး နှင့် TBC (၅၄၁) ဦး တို့ဖြင့် လူပေါင်း ၆,၈၅၇ ဦးထံ ရောက်ရှိခဲ့ပါသည်။ CORAD ၏ မြေဩဇာရည်နှင့် မြေဖုံးပစ္စည်း နည်းပညာများအား နောက်ဆက်တွဲပြုလုပ်သည့် စောင့်ကြည့်စစ်ဆေးမှု လုပ်ငန်းများသည် ကျေးရွာပေါင်း ၂၀ ရှိ တောင်သူများအား စမ်းသပ်စိုက်ခင်းများရှိ သီးနှံထွက်နှုန်းများကို မြင်တွေ့စေပြီး အခြားရွာများတွင် ထိုနည်းလမ်းကို အသုံးပြုနိုင်ရန် တောင်သူများအား ကြည့်ရှုလေ့လာခွင့် ရရှိစေခဲ့ပါသည်။ GAP ကျင့်သုံးသည့် တောင်သူ ၈၉၅ ဦး (အမျိုးသမီး ၅၂ %) မှ မြေဩဇာရည် ထည့်သွင်းစိုက်သည့် စိုက်ခင်းများမှ သီးနှံများ ထွက်နှုန်း ပိုမိုကောင်းမွန်လာကြောင်း အစီရင်ခံခဲ့ပါသည်။ GAP နည်းစနစ်များကို အသုံးပြုသည့် ချင်းတောင်သူများသည် ပြောင်းအထွက်နှုန်း ပျမ်းမျှ ၃၁.၂ တင်းထွက်ရှိပြီး ၎င်းအထွက်နှုန်းမှာ GAP စနစ် အသုံးမပြုသည့် တောင်သူများ၏ အထွက်နှုန်းထက် မြင့်မားပါသည်။ IFDC သည် တောင်သူများ နှင့် ပုဂ္ဂလိက ကဏ္ဍ/ဝန်ဆောင်မှု အထောက် အကူပြု သတင်း အချက်အလက် ဖလှယ်မှုကို ပိုမို အားပေးသည့် “တောင်သူတို့၏ ခရီးလမ်း” တိုးချဲ့ပညာပေးရေး စံပုံစံ အသစ်ကို အသုံးပြု၍ တောင်သူများထံမှ တုံ့ပြန်မှတ်ချက်များ ရယူပါသည်။ GAP အား လက်ခံကျင့်သုံးနေသူများ၏ တုံ့ပြန်မှတ်ချက်များမှ ဤနည်းလမ်းမှာ ကောင်းစွာ အလုပ်ဖြစ်သည့် နည်းလမ်း ဖြစ်ပြီး စိုက်ပျိုးရေး ဦးစီးဌာန၊ သွင်းအားစု ဝန်ဆောင်မှု ပံ့ပိုးပေးသူများနှင့် NGO များ အပါအဝင် အခြား ပတ်သက်ဆက်နွယ်သူများ လိုက်နာကျင့်သုံးသင့်သည့် နောက်ထပ် နည်းကိရိယာ တစ်ခု ဖြစ်ကြောင်း အကြံပြုထားပါသည်။

**AH-၁.၂- LIFT ဧရိယာများအတွင်းမှ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးသည့် စိုက်ပျိုးမြေ ဧရိယာ/ ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ GAP အသုံးပြုရန်အတွက် ကူညီပံ့ပိုးပေးခဲ့သည့် တောင်သူများမှ ယင်းစနစ်ကို အသုံးပြုထားသည့် စိုက်ပျိုးမြေ ဧရိယာကို တိုင်းတာပါသည်။ LIFT ၏ တောင်သူများသည် မြေ ၁၈,၉၂၁ ဧက တွင် အနည်းဆုံး GAP အလေ့အကျင့်တစ်ခုကို ကျင့်သုံးခဲ့ကြောင်းကို အကောင်အထည် ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ အစီရင်ခံတင်ပြခဲ့ပါသည်။ အကျိုးတူ လယ်ယာစနစ်များ

မှတဆင့် GAP စနစ် အောက်သို့ စိုက်ပျိုးမြေ ၉,၈၉၁ ဧက ခန့် ထည့်သွင်းထားပြီးဖြစ်ကြောင်းကို Mercy Corps မှ အစီရင်ခံ တင်ပြခဲ့ပါသည်။ တောင်သူ တစ်ဦးချင်း နှင့် အုပ်စုလိုက် မှတ်တမ်းများအရ ၄,၇၄၈ ဧကတွင် GAP စနစ် အသုံးပြုနေပြီ ဖြစ်ကြောင်း CORAD မှ အစီရင်ခံခဲ့ပါသည်။ WHH-RSSD စီမံချက်မှ အရည်အသွေး ပြည့်မီကြောင်း အသိအမှတ်ပြုလက်မှတ် ရရှိသည့် မျိုးစေ့ ထုတ်လုပ်ခြင်းအတွက် လယ် ဧက ၃,၂၀၃ ဧကအား အကျိုးတူလယ်ယာ စနစ် ပြုလုပ်ခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ Awba မှ မျိုးစေ့ ထုတ်လုပ်ခြင်း အတွက် လယ်ဧက ၁,၀၇၉- မတ်ပဲ (ရေဇင်း-၅) ၁၄.၄၄ ဧက၊ ကုလားပဲ (ရေဇင်း-၁၁) ၁.၇၇ ဧက၊ ကုလားပဲ (ရေဇင်း-၁၂) ၃၈.၈၂ ဧက၊ ကုလားပဲ (ရေဇင်း-၆) ၉၃.၆၁ ဧက၊ ပဲတီစိမ်း (ရေဇင်း-၁၄) ၃၉.၆၉ ဧက၊ နှမ်း (မကွေး နှမ်းနက်) ၇၃.၄၆ ဧက၊ နှမ်း (ဆင်း-၁၄) ၉၉.၈၇ ဧက၊ ပဲပိစပ် (ရေဇင်း-၁၅) နှင့် ဆန်စပါး စိုက်ပျိုးမှု အတွက် အသုံးပြုသည့် လယ်ဧက ၇၁၆.၄၁၅ ဧကတို့အား GAP စနစ် ကျင့်သုံးမှုအောက်သို့ ထည့်သွင်းခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။

**AH-၁.၄- စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် တောင်သူများ၏ အရေအတွက်/ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် ၂၀၁၉ ခုနှစ် မဟာဗျူဟာသစ် စတင်သည့် အချိန်မှစ၍ စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးလာကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ထောက်ပံ့ပေးသော အကြံပေးဝန်ဆောင်မှုများမှ ရောက်ရှိခဲ့သည့် အိမ်ထောင်စုများ၏ အရေအတွက်အား တိုင်းတာပါသည်။ ရာခိုင်နှုန်းမှာ AS-၁.၃ တွင် အစီရင်ခံထားသည့်အတိုင်း ဝင်ငွေတိုးလာခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် အကြံပေး ဝန်ဆောင်မှုများမှ ရောက်ရှိခဲ့သည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း၏ အစိတ်အပိုင်း ဖြစ်ပါသည်။ IFDC မှ ၎င်းတို့၏ ပြီးစီးအောင်မြင်မှုများမှာ မဟာဗျူဟာအဟောင်း ကုန်ဆုံးခါနီး ကောက်ယူခဲ့သည့် စစ်တမ်း၏ ကနဦး ဆန်းစစ်အကဲဖြတ်မှုပေါ်တွင် အခြေခံထားကြောင်း အစီရင်ခံခဲ့ပါသည်။ စုစုပေါင်း တောင်သူ ၁,၇၈၉ ဦး (တောင်သူအားလုံး၏ ၃၂ %) တို့မှ သီးနှံများအပေါ် မူတည်၍ ဝင်ငွေများ/စုစုပေါင်း ဝင်ငွေများ (၁၀) ရာခိုင်နှုန်းမှ – (၄၄) ရာခိုင်နှုန်းကြား အသီးသီး တိုးတက်ခဲ့ပြီး နှင့် ISP (၂၉) ခု တို့မှ စုစုပေါင်း ဝင်ငွေများတိုးတက်ခဲ့ပါသည်။ ကျန် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း သုံးဖွဲ့တို့သည် ၂၀၁၉ ခုနှစ်တွင် ရရှိခဲ့သည့် အောင်မြင်မှုများအား အစီရင်ခံခဲ့ပြီး စီမံချက်များ မှာ ပိတ်သိမ်းခဲ့ပြီး ဖြစ်သဖြင့် ၂၀၂၀ခုနှစ်အတွင်း မည်သည့် လေ့လာမှုမျှ ဆောင်ရွက်ခဲ့ခြင်း မရှိပါ။ စိုက်ပျိုးရေး စီမံချက်များ မှာ ၂၀၂၀ ခုနှစ် အစောပိုင်းတွင် ပိတ်သိမ်းခဲ့ပြီးဖြစ်ကာ မည်သည့် စိုက်ပျိုးရေး စီမံချက်အသစ်မျှ စာချုပ် ချုပ်ဆိုထားခြင်း မရှိသဖြင့် ဤညွှန်းကိန်း ၏ ပြီးစီးအောင်မြင်မှုမှာ (၅၂) ရာခိုင်နှုန်း ဖြစ်ပါသည်။





# သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု (DWLM) – မူဝါဒအဆင့်

**DP- ၁ – အသစ်နှင့် / သို့ တိုးတက်လာသည့် ကျား၊ မ ရေးရာ အလေးပေးသည့် အစိုးရကဏ္ဍ မူဝါဒများနှင့် စီမံကိန်း အသုံးစရိတ်များသည် အောက်ပါတို့အား ကူညီပံ့ပိုးပေးပါသည်။**

» အလုပ်သမား အခွင့်အရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး (ဥပမာ – စီ-၁၈၉၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ် တားဆီးပေးရေး ဥပဒေ၊ လူမှုဖူလုံရေးဥပဒေတို့အား အတည်ပြုခြင်း)

» အလုပ်သမားရွှေ့ပြောင်း သွားလာမှုဆိုင်ရာ စီမံအုပ်ချုပ်မှု (ဥပမာ- ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ၊ အလုပ်သမား ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ လုပ်ငန်းစီမံချက်)

» အဓမ္မ အလုပ်ခိုင်းစေခြင်း၊ ကလေးလုပ်သားနှင့် လူကုန်ကူးမှု တိုက်ဖျက်ခြင်း (ဥပမာ- အဓမ္မ အလုပ်ခိုင်းစေခြင်း ဆိုင်ရာ လုပ်ငန်း စီမံချက်၊ လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ဥပဒေ)

» အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး (ဥပမာ- ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေး (TVET) ဥပဒေ၊ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံနှုန်း)

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀-၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀-၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| DP- ၁.၁ – LIFT မှ ပံ့ပိုး ပေးသည့် အလုပ်သမားရေးရာ နှင့် သက်ဆိုင်သည့် ပြည်သူ့ရေးရာမူဝါဒများနှင့် စီမံကိန်းများတွင် ပြောင်းလဲမှုများ၏ အရေအတွက် | ၁၁ | ၁ | ၁၂ | ၁၂ | ၁၀၀ | စီမံကိန်း:/ IPs |
| DP-၁.၂ – LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမားရေးရာ နှင့် သက်ဆိုင်သည့် အစိုးရကဏ္ဍ ဘတ်ဂျက် ခွဲဝေခြင်း/ သုံးစွဲခြင်းဆိုင်ရာ ပြောင်းလဲမှုများ၏ အရေအတွက် | ၃ | ၀ | ၃ | ၁ | ၃၀၀ | စီမံကိန်း:/ IPs |
| DP-၁.၃ – LIFT မှ ပံ့ပိုး ပေးသည့် အလုပ်သမားရေးရာ နှင့် သက်ဆိုင်သည့် မူဝါဒ အထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှုများ ၏ အရေအတွက် | ၁၃၃ | ၃၇ | ၁၇၀ | ၉၇ | ၁၇၅ | စီမံကိန်း:/ IPs |
| DP-၁.၄ – LIFT ၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့သည့် အလုပ်သမား ရေးရာနှင့် သက်ဆိုင်သည့် မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက် | ၄၂ | ၂၆ | ၆၈ | ၁၉ | ၃၅၈ | စီမံကိန်း:/ IPs |

*ဇယား ၃.၉။ စီမံကိန်းအဆင့် DP-၁ ညွှန်းကိန်းနှင့် ပြီးစီးအောင်မြင်မှုများ*

**DP- ၁.၁ – LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမားရေးရာနှင့် သက်ဆိုင်သည့် ပြည်သူ့ရေးရာ မူဝါဒများနှင့် စီမံကိန်းများတွင် ပြောင်းလဲမှုများ၏ အရေအတွက်**

၂၀၂၀ ခုနှစ်တွင် ရွှေ့ပြောင်းသွားလာခြင်းအား စီမံကိန်းလုပ်ငန်းများတွင် ထည့်သွင်း ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်သူများဆိုင်ရာ အဖွဲ့အစည်း (IOM) ၏ ကူညီပံ့ပိုးမှုဖြင့် ယင်း၏ တွဲလက် စီမံချက်တွင် ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ ဤလုပ်ငန်းအဖွဲ့သည် နိုင်ငံတကာ အလုပ်သမားများ ရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှုဆိုင်ရာ (၅)နှစ်တာ လုပ်ငန်းစီမံချက်အား အကောင် အထည်ဖော်ရာတွင် တာဝန်ရှိသည့် ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည့်အဖွဲ့၏ အဖွဲ့ခွဲအနေဖြင့် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းအဖွဲ့၏အစည်းအဝေး အား သုံးလတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကာ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြား ရေးမှူးချုပ်မှ ဥက္ကဋ္ဌ အနေဖြင့် ဆောင်ရွက်မည် ဖြစ်ပြီး IOM မှ အတွင်းရေးမှူးအနေဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

**DP -၁.၂ – LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမားရေးရာနှင့် သက်ဆိုင်သည့် အစိုးရကဏ္ဍ ဘတ်ဂျက် ခွဲဝေခြင်း/ သုံးစွဲခြင်းဆိုင်ရာ ပြောင်းလဲမှုများ၏ အရေအတွက်**

၂၀၂၀ ခုနှစ်အတွင်း ဤ ညွှန်းကိန်း၏ ပြီးစီးအောင်မြင်မှုနှင့် စပ်လျဉ်း၍ အစီရင်ခံစရာ မရှိပါ။

**DP ၁.၃- LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမားရေးရာနှင့် သက်ဆိုင်သည့် မူဝါဒအထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှုများ၏ အရေအတွက်**

အစီရင်ခံ တင်ပြသည့် ပြီးစီးအောင်မြင်မှုများတွင် ILO၊ CARE၊ BBC Media Action၊ WON၊ People In Need၊ IFPRI၊ ADRA နှင့် LIFT ၏ FMO တို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျယ်ပြန့်သည့် မူဝါဒ အထောက်အကူပြု စီမံကိန်း လုပ်ငန်း အမျိုးမျိုးတို့အပေါ်တွင် အခြေခံပါသည်။ ဆောင်ရွက်လှုပ်ရှားမှုများတွင် နိုင်ငံတော်အဆင့်နှင့်ဒေသဆိုင်ရာအဆင့် အစိုးရ အရာရှိကြီးများနှင့် အပြန်အလှန် ဆွေးနွေး သည့် အစည်းအဝေးများ၊ လုပ်ငန်း အဖွဲ့အစည်းအဝေးများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် မည်သူမဆို တက်ရောက်နိုင်သည့် အခမ်းအနားများ ပါဝင်ခဲ့ပါသည်။ အဆိုပါ လှုပ်ရှား ဆောင်ရွက်မှုများတွင် အဓိကကိစ္စရပ်များဖြစ်သည့် အိမ်အကူ အလုပ်သမားများအတွက် အလုပ်သမားရေးရာ ကာကွယ် စောင့်ရှောက်ခြင်း၊ ကျွမ်းကျင်မှု များ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် ခန့်ထားခြင်းနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုး

တိုးတက်ရေး၊ အလုပ်သမား ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ စီမံအုပ်ချုပ်မှု၊ အဓမ္မအလုပ်ခိုင်းစေခြင်းနှင့် လူကုန်ကူးမှု၊ ရွှေ့ပြောင်း အလုပ်သမား အခွင့်အရေးများနှင့် အမျိုးသမီးများ၏ အခွင့်အရေးများ၊ ပြည်ပအလုပ်အကိုင် ခန့်ထားမှုနှင့် လူမှုဖူလုံရေးတို့နှင့် ဆက်နွယ်နေသည့် ဥပဒေများအား ဆွေးနွေးမှုနှင့် COVID-19 ကပ်ရောဂါနှင့် လိုက်လျောညီထွေဖြစ်စေမည့် စီမံချက် လုပ်ငန်းတို့အား ဆွေးနွေး အဖြေရှာပေးခဲ့ပါသည်။

ILO မှ တာဝန်ယူ ဆောင်ရွက်သည့် မူဝါဒဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု အချို့တွင် အောက်ပါတို့ ပါဝင်ပါသည်–

» အမျိုးသားလွှတ်တော်၏ လူဝင်မှုကြီးကြပ်ရေး၊ ပြည်တွင်းနှင့် ပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီနှင့် အိမ်အကူ အလုပ်အကိုင်ဆိုင်ရာ ဥပဒေမူကြမ်းအပေါ် တိုင်ပင် ဆွေးနွေး သဘောထားရယူသည့် အစည်းအဝေးနှင့် ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ အစည်းအဝေး နှစ်ခုလုံးအား ဖေဖော်ဝါရီလတွင် ကျင်းပခြင်း

» အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အမျိုးသား ကျွမ်းကျင်မှုဆိုင်ရာ "စံ" နှုန်းများ သတ်မှတ်သည့် အဖွဲ့တို့မှ တက်ရောက်ခဲ့သည့် ပတ်သက်ဆက်နွယ်သူများအား အထောက်အထားတင်ပြသည့် အလုပ်ရုံ ဆွေးနွေးပွဲ၌ တရားဝင် မဟုတ်သည့် ကဏ္ဍမှ ပြည်တွင်း ရွှေ့ပြောင်း သွားလာသူများအား လူမှုကာကွယ်စောင့်ရှောက်ရေးအား တိုးမြှင့်ပေးသည့် စာတမ်း မူကြမ်းအား တင်ပြခြင်း

» ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအား ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနနှင့် အစည်းအဝေး တစ်ရပ်အား အင်တာနက်ကို အသုံးပြု၍ ဇွန်လတွင် ကျင်းပခဲ့ပြီး အစည်းအဝေး အတွင်း၌ ပြင်ဆင်ထားသည့် ဥပဒေမူကြမ်းအား ပြဋ္ဌာန်းရန်အတွက် ဆောလျင်စွာ ရှေ့ဆက်လုပ်ဆောင်ရန် အတွက် သုံးပွင့်ဆိုင် ဆွေးနွေးတိုင်ပင်မှုများကို စီစဉ်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ပါသည်။

» ရခိုင်ပြည်နယ်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပထမဆုံးအကြိမ် အစည်းအဝေးအား ဖေဖော်ဝါရီလ၌ စီစဉ်ကျင်းပခဲ့ပါသည်။ အစည်းအဝေး၌ စီမံကိန်းများ၊ လုပ်ငန်း အစီအစဉ်များမှ အချက်အလက်များအား ကောက်ယူ စုဆောင်းပြီး ဆန်းစစ်အကဲဖြတ်မည့် Database တည်ဆောက်ခြင်း၊ TVET နှင့် လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ဆောင်မှု ပေးသူများနှင့် စီမံကိန်း ဆောင်ရွက်ချက်များ၏ ပြီးစီးအောင်မြင်မှုများအကြောင်းကို ဆွေးနွေးခဲ့ပါသည်။

» အဓိက ပတ်သက်ဆက်နွယ်သူများမှ နိုင်ငံရပ်ခြားတွင် ရွှေ့ပြောင်းလုပ်ကိုင်မှု၊ အငြင်းပွားမှု ဖြေရှင်းရေးနှင့် လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့နှင့် ဆက်နွယ်နေသည့် ကိစ္စရပ်များအား ဆွေးနွေးပေးသည့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်မည့် ဆွေးနွေးခန်း အစီအစဉ် အား ရိုက်ကူးခဲ့ပြီး အလုပ်သမားများအား မေးခွန်းများ တိုက်ရိုက် မေးမြန်းခွင့်ပြုပြီး အလုပ်သမားများ၏ အသံများအား အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေး နှင့် လူထု အင်အား ဝန်ကြီးဌာနအတွင်းမှ အဆင့်မြင့်မူဝါဒချမှတ်သူများ ကြားသိစေရန် ဆောင်ရွက်ပေး ပါသည်။

Care International မှ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ် တားဆီးသည့် ဥပဒေ ပြဋ္ဌာန်းရန်အတွက် ထောက်ခံအကြံပြုချက်များပေးရန်အတွက်သာမက ILO ၏ အကြမ်းဖက်မှုနှင့် နှောက်ယှက်မှုဆိုင်ရာ ညီလာခံ၊ ၂၀၁၉ (အမှတ် ၁၉၀)အား သဘောတူညီ အတည်ပြု လက်မှတ်ရေးထိုးခြင်းအပေါ် အကြံပေးရန်တို့အတွက် အားပေးထောက်ခံသည့် စာတမ်းတစ်စောင်အား တင်ပြခဲ့ပြီး၊ နောက်ဆက်တွဲ အစည်းအဝေးများအား လွှတ်တော် အမတ် (၄၃)ဦးနှင့် ကျင်းပခဲ့ပါသည်။ PIN မှ ၂၀၂၀ ခုနှစ် ဇွန်လတွင် အလုပ်သမား သမဂ္ဂများနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများမှ အပြုသဘောဆောင်သည့် မူဝါဒရေးရာ ဆွေးနွေးမှုအတွက် အားပေး ထောက်ခံသည့် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုအား စီစဉ်ကျင်းပခဲ့ပါသည်။ မီဒီယာနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပတ်သက်ဆက်နွယ် သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက် ကောင်းမွန်စေရန်အတွက် မီဒီယာနှင့် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (၂)ခုအား နေပြည်တော်နှင့် မွန်ပြည်နယ်တို့တွင် စီစဉ်ကျင်းပခဲ့ပြီး အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲ၌ လူဝင်မှု ကြီးကြပ်ရေး၊ ပြည်တွင်းနှင့် နိုင်ငံရပ်ခြား အလုပ်သမားရေးရာ ကော်မတီ (အမျိုးသား လွှတ်တော်) အမတ်များ၊ တောင်သူလယ်သမား နှင့် အလုပ်သမားရေးရာကော်မတီ (ပြည်သူ့လွှတ်တော်) အမတ် များမှ ရွှေ့ပြောင်း လုပ်သားများအား ကာကွယ် စောင့်ရှောက်ခြင်းကို တိုးမြှင့်ရန်အတွက် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ ဥပဒေ မူဘောင်အား ပြင်ဆင်ရန် ကတိပြုကြောင်း ပြောကြားခဲ့ပါသည်။

WON မှ လူဦးရေ (၁,၃၄၈) ဦး (အမျိုးသမီး ၅၃%) ပါဝင်ခဲ့သည့် (၁၆)ရက်တာ လှုပ်ရှားမှုကို စီစဉ်ကျင်းပခဲ့ပါသည်။ ထိုလှုပ်ရှားမှုမှ ရွှေ့ပြောင်း သွားလာသူ များ၏ အလုပ်သမား အခွင့်အရေးများ၊ အမျိုးသမီးများ၏ အခွင့်အရေးများ နှင့် အမျိုးသမီးများ၏ ဦးဆောင်မှုအခန်းကဏ္ဍ တို့နှင့် သက်ဆိုင်သည့် အသိအမြင်အား မြှင့်တင်ပေးခဲ့ပါသည်။

LIFTရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် UKကုန်သွယ်ရေးသံတမန်အား ရန်ကုန်မြို့ရှိ ဒေင်မြန်မာရုံးသို့ ကွင်းဆင်း သွားရောက် လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။LIFT၏ လက်တွေ့ကျင့်သုံးနေသည့် အသိုက်အဝန်း တစ်ခုအနေဖြင့် FMO သည် COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား လိုက်လျောညီထွေ စီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုအား အကောင်အထည်ဖော်ရေး မိတ်ဖက်များနှင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲတွင် INGO (၆)ဖွဲ့မှ ဆွေးနွေးတင်ပြခြင်းများ၊ ရှာဖွေဖော်ထုတ်ခဲ့သည့် သင်ခန်းစာများနှင့် လိုက်လျောညီထွေ စီမံခန့်ခွဲခြင်းဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များအား အုပ်စုလိုက် ဆွေးနွေးတင်ပြခြင်း တို့ပါဝင်ပါသည်။





**DP-၁.၄ – အရေးပါသည့် မူဝါဒချမှတ်သူများထံ ပေးပို့ခဲ့သော LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမားရေးရာနှင့် သက်ဆိုင်သည့် မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်**

LIFT ၏ မူဝါဒဆိုင်ရာ ထုတ်ဝေမှုများသည် အလုပ်သမားနှင့် လူမှုကာကွယ်စောင့်ရှောက်မှု၊ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု၊ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဥပဒေပြုရေးနှင့် မူဝါဒရေးရာ မူဘောင်များ ခိုင်မာ အားကောင်း စေရန်အတွက် ပိုမိုကျယ်ပြန့်သည့် မူဝါဒဆိုင်ရာ ဩဇာ လွှမ်းမိုးမှု သက်ရောက်သည့် အစီအစဉ်၏ အရေးပါသည့် လိုအပ်ချက် တစ်ရပ်အဖြစ်ဖြင့် ဆက်လက် ရှိနေပါသည်။ ၂၀၂၀ ခုနှစ်တွင် ရရှိခဲ့သည့် ပြီးစီးအောင်မြင်မှုများတွင် LIFT FMO နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ ထုတ်ဝေသည့် အောက်ဖော်ပြပါ ထုတ်ဝေမှု (၂၆)ခု ပါဝင်ပါသည်–

» CARE သည် ကျောင်းပြင်ပရောက် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ သင်တန်းနှင့် ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ဖြစ်နိုင်ချေအား လေ့လာသည့် အစီရင်ခံစာ တစ်စောင်၊ လုံခြုံစိတ်ချရပြီး လေးစားမှုကို ပြသသည့် လုပ်ငန်းခွင်များအတွက် အားပေးထောက်ခံခြင်း– မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအပေါ် တားဆီးရန် ပူးပေါင်း ဆောင်ရွက်သည့် အစီအစဉ် ၏ အတွေ့အကြုံများ ခေါင်းစဉ်ဖြင့် လေ့လာသုံးသပ်ချက် စာတမ်းတစ်စောင် နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား တားဆီးကာကွယ်သည့် ဥပဒေနှင့် ပြဋ္ဌာန်းချက် အမှတ် ၁၉၀ တို့နှင့် သက်ဆိုင်သော ထောက်ခံ သည့် စာတမ်းများအား ထုတ်ဝေခဲ့ပါသည်။

» IFPRI သည် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံတကာနှင့် ပြည်တွင်း ငွေလွှဲပေးပို့မှုများ ကျဆင်းမှုများ ကြောင့် မြန်မာနိုင်ငံ၌ အိမ်ထောင်စု ဝင်ငွေနှင့် ဆင်းရဲနွမ်းပါးမှုတို့အပေါ် ဖြစ်နိုင်ချေရှိသည့် သက်ရောက်မှု အပေါ် အာရုံစိုက်သည့် မူဝါဒရေးရာမှတ်စု အကြံပြုစာတမ်း တစ်စောင်အား ထုတ်ဝေခဲ့ပါသည်။

» ILO သည် COVID-19 ကပ်ရောဂါ- မြန်မာနိုင်ငံတွင် ရွှေ့ပြောင်း အလုပ်သမားများအပေါ် သက်ရောက်မှုနှင့် နိုင်ငံတော်၏ တုံ့ပြန်ဆောင်ရွက်မှု နှင့် COVID-19 ကပ်ရောဂါကာလအတွင်း ASEAN နိုင်ငံများရှိ ရွှေ့ပြောင်း သွားလာသူများ၏ အတွေ့အကြုံများတို့အား ထုတ်ဝေခဲ့ပါသည်။

» IOM သည် မြန်မာနိုင်ငံတွင် COVID-19 တုံ့ပြန်ဆောင်ရွက်နေသည့် အခြေအနေများဆိုင်ရာ အစီရင်ခံစာ (၁၁) စောင်အား ထုတ်ဝေခဲ့ပါသည်။

» PIN သည် ရှေပြည်သာမြို့နယ်တွင် COVID-19 အား တုံ့ပြန်ကာကွယ်ရန်အတွက် ပေးဝေမှုများ ပြုလုပ်ပြီး နောက်ပိုင်း စောင့်ကြည့်စစ်ဆေးသည့် အစီရင်ခံစာအား ထုတ်ဝေခဲ့ပါသည်။

» World Vision သည် ကချင်ပြည်နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ အိမ်ထောင်စုများနှင့် အားနည်းထိခိုက်လွယ်သည့် လူမှုအသိုက်အဝန်းများအတွက် ကိုက်ညီသည့် လုပ်သားဈေးကွက်ရေးဆွဲခြင်း နှင့် ကချင်ပြည်နယ်ရှိ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ စခန်းများအတွက် အိမ်ထောင်စု စီးပွားရေး ဆန်းစစ် လေ့လာမှုတို့အား ထုတ်ဝေခဲ့ပါသည်။

» LIFT ၏ FMO သည် ပြည်ပမှ ပြန်လာသည့် မြန်မာနိုင်ငံသားများအတွက် ကူညီပံ့ပိုးသည့်အပေါ် ကမ္ဘာ့ကုလသမဂ္ဂ၏ ပူးတွဲ ကြေငြာချက် မူကြမ်းရေးသားရာတွင် ပံ့ပိုးကူညီပေးခဲ့ပါသည်။

» LIFT၏ FMO သည် UNCDF ဒေသဆိုင်ရာနှင့် နိုင်ငံဆိုင်ရာ ရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံတွင် ရွှေ့ပြောင်း သွားလာသူများနှင့် ငွေလွှဲပေးပို့ခြင်းအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုနှင့် ပတ်သက်၍ မူဝါဒ အနှစ်ချုပ် တစ်စောင် ထုတ်ဝေခဲ့ပါသည်။

» ADRA သည် TVET ကာလတို သင်တန်း၏ သင်ရိုးညွှန်းတမ်း (၆)ခု ဖြစ်သည့် (၁) အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း (၂) အခြေခံ အိမ်တွင်း မီးကြိုးသွယ်တန်းခြင်းနှင့် တပ်ဆင်ခြင်း (၃) အခြေခံ ကွန်ပျူတာနှင့် ရုံးလုပ်ငန်း စီမံခန့်ခွဲခြင်း (၄) အခြေခံဆောက်လုပ်ရေး (၅) အဆင့်မြင့် မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း (၆) အပ်ချုပ်ပညာတို့အား ထုတ်ဝေခဲ့ပါသည်။

» ADRA သည် COVID-19 ကပ်ရောဂါ ၏ လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုအား အကဲဖြတ်သုံးသပ်ထားသည့် အစီရင်ခံစာ ထုတ်ဝေခဲ့ပါသည်။ သက်ရောက်မှု အကဲဖြတ် သုံးသပ်ခြင်းသည် ယခင်က ရှာဖွေဖော်ထုတ်ခဲ့သည့် ဆီလျော်မှုရှိသော ကုန်သွယ်မှုများ။ လက်ရှိနှင့် ဖြစ်ထွန်းနိုင်ခြေရှိသည့် ဈေးကွက်များ၏ အခြေအနေနှင့် အလားအလာ၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းတို့တွင် ကမ္ဘာ့ကပ်ရောဂါအား ထည့်သွင်းစဉ်းစား၍ ပြန်လည် အကဲဖြတ် သုံးသပ်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လုပ်သားဈေးကွက် လေ့လာမှု၏ နောက်ဆက်တွဲ ဖြစ်ပါသည်။ လေ့လာမှုသည် စီးပွားရေးလုပ်ငန်းများအပေါ် COVID-19 ကပ်ရောဂါ၏ ကာလတို၊ ကာလလတ်နှင့် ရေရှည် သက်ရောက်မှုများနှင့် အလုပ်အကိုင် ခန့်ထားနိုင်မှု အခြေအနေနှင့် သင်တန်းသားများအတွက် အလားအလာရှိသော အခွင့်အလမ်းများကို နားလည် သဘောပေါက်စေရန် အတွက် အဓိက စီးပွားရေးလုပ်ငန်း တစ်မျိုးချင်းစီတွင် လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများနှင့် ထိတွေ့ ဆက်ဆံခဲ့ပါသည်။

# သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု (DWLM) – စနစ်အဆင့်

**DS- ၁ – သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် (ကျား၊ မ အလိုက် လုပ်အားခ ကွာဟမှုအားလျှော့ချခြင်း အပါအဝင်) လုပ်သားရွှေ့ပြောင်း သွားလာမှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ခြင်းတို့အတွက် ကူညီပံ့ပိုးပေးရန် ပါဝင် ပတ်သက် ဆက်နွယ်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း**

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀–၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀–၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| DS-၁.၁ – သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် အလုပ်သမား ရွှေ့ပြောင်း သွားလာမှုတို့အား ကူညီပံ့ပိုးပေးရန်အတွက် လေ့ကျင့်သင်ကြားပေးခဲ့သည့် ပတ်သက် ဆက်နွယ်သူ ကိုယ်စားလှယ်များ၏ အရေအတွက် | ၄,၀၉၃<br>၂,၄၂၆ (မ)<br>၁,၆၆၇ (ကျား) | ၂,၇၆၅<br>၁,၅၈၆ (မ)<br>၁,၁၇၉ (ကျား) | ၆,၈၅၈<br>၄,၀၁၂ (မ)<br>၂,၈၄၆ (ကျား) | ၃,၉၉၉ | ၁၇၁ | IPs |
| DS-၁.၃ – အလုပ်သမားများ၏ နစ်နာမှုများအား ပြန်လည် ကုစားပေးခြင်း နှင့် နစ်နာမှု တောင်းခံခြင်းများအား ဖြည့်ဆည်းပေးခြင်းတို့ အတွက် ချီးမြှင့်သည့် ငွေပမာဏ (ပြန်လည် ပြင်ဆင်ထား သော) | မြန်မာကျပ် ၆၅၈.၈ သန်း (ကန်ဒေါ်လာ ၄၇၀,၅၇၁ နှင့် ညီမျှသည်) | မြန်မာကျပ် ၁၂၀၀.၇ သန်း (ကန်ဒေါ်လာ ၈၇၇,၀၈၆ နှင့် ညီမျှသည်) | မြန်မာကျပ် ၁၈၅၉.၅ သန်း (ကန် ဒေါ်လာ ၁,၃၄၇,၆၅၇ နှင့် ညီမျှသည်) | ကန်ဒေါ်လာ ၇၀၀,၀၀၀ | ၁၉၃ | IPs |

*ဇယား ၃.၁၀။ စီမံကိန်းအဆင့် DS–၁ ညွှန်းကိန်းများနှင့် ပြီးစီးအောင်မြင်မှုများ*

**DS- ၁.၁ – သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် အလုပ်သမားရွှေ့ပြောင်းသွားလာမှုတို့အား ကူညီပံ့ပိုး ပေးရန်အတွက် လေ့ကျင့်သင်ကြားပေးခဲ့သည့် ပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်များ၏အရေအတွက်**

LIFT ၏ မိတ်ဖက်အဖွဲ့အစည်း (၁၁)ဖွဲ့သည် အစိုးရဌာန၊ CSO များ၊ အလုပ်သမား အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍကုမ္ပဏီများ၊ မီဒီယာနှင့် ရပ်ရွာလူထု ခေါင်းဆောင်များမှ ကိုယ်စားလှယ်များ အပါအဝင် ပါဝင် ပတ်သက် ဆက်နွယ်နေသူ အမျိုးမျိုးအား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ သင်တန်းခေါင်းစဉ်များသည် အလုပ်သမား အခွင့်အရေးများ၊ ရွှေ့ပြောင်းသွားလာသူများအတွက် အလုပ်သမား သံအရာရှိ၏ ဝန်ဆောင်မှုများ၊ တိုင်ကြားနိုင် သည့် နည်းလမ်းများ၊ လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်ခြင်း၊ မီဒီယာမှတဆင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အစီရင်ခံ တင်ပြခြင်း၊ စက်ရုံများတွင် ကြီးကြပ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်း၊ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်မှု၊ TVET ဆရာများအတွက် သင်ကြားနည်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီး ကြိုးပမ်းရှင်သန် နေရသူများအတွက် ဖြစ်ရပ် စီမံခန့်ခွဲမှုနှင့် စိတ်ဒဏ်ရာအား နှစ်သိမ့်ဆွေးနွေးပေးခြင်းတို့တွင် အာရုံစိုက်ခဲ့ပါသည်။

IOM မှ ပို့ချခဲ့သည့် သင်တန်းများတွင် အောက်ပါတို့ပါဝင်ပါသည်–

» ဩစတြေးလျ အမျိုးသားတက္ကသိုလ် (ANU) နှင့် မိတ်ဖက်ပြု၍ မြန်မာ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့(CESD) အား ပို့ချခဲ့သည့် ရွှေ့ပြောင်း သွားလာရေးဆိုင်ရာ သုတေသန စွမ်းဆောင်ရည် တည်ဆောက် ပေးသည့် သင်တန်း။ ဤမိတ်ဖက်ပြုမှုအား ANU ၏ ရွှေ့ပြောင်း သွားလာရေး၊ လူမှုရေးဆိုင်ရာ စာရင်းအင်း ပညာ နှင့် သုတေသန ဒီဇိုင်းပုံစံဆိုင်ရာ ကျွမ်းကျင်သူမှ ပံ့ပိုးကူညီပေး သည့် ပြည်တွင်း သုတေသန ပညာရှင် ၂၁ ဦး (အမျိုးသမီး ၅၀%) အတွက် ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈)ရက်ကြာ စွမ်းဆောင်ရည် တည်ဆောက်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲဖြင့် အစပြုခဲ့ပါသည်။
» အင်တာနက်ကို အသုံးပြု၍ တွဲလက် စီမံချက် ၏ မိတ်ဖက်အဖွဲ့အစည်းများ မှ ဝန်ထမ်း (၃၇)ဦး (အမျိုးသမီး ၁၄%) ထံ ပို့ချခဲ့သည့် အရည်အသွေးဆိုင်ရာ သုတေသန အလေ့အကျင့်များနှင့် သက်ဆိုင်သည့် သင်တန်း
» လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာ နေထိုင်မှုဆိုင်ရာ သင်ရိုးညွှန်းတန်းအား ပို့ချပေးသည့် ဆရာဖြစ် သင်တန်း နှင့် လူကုန်ကူးခြင်း ခံရသည့်သူများအား တိုက်ရိုက် ပံ့ပိုးကူညီမှုဆိုင်ရာ သင်တန်း
» ဝန်ထမ်း ၁၂ဦး (အမျိုးသမီး ၆၇%) ထံ ပို့ချခဲ့သည့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရေးဆိုင်ရာ သင်တန်းနှင့် IOM ဝန်ထမ်းများအားလုံးနှင့် ပြည်တွင်း မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများအား ပို့ချခဲ့သည့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်တန်း
» တက်ရောက်သူ (၁၁)ဦး (အမျိုးသမီး ၅၅%) ထံ ပို့ချခဲ့သည့် လည်ပတ် ရံပုံငွေ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းနှင့် တက်ရောက်သူ ၁၃ ဦး (အမျိုးသမီး ၃၈%) ရှိသည့် ပြည်တွင်း CSO/ CBO မိတ်ဖက်အဖွဲ့အစည်းများအတွက် ပို့ချခဲ့သည့် ရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုဆိုင်ရာ သင်တန်း

World Vision သည် ကချင်ပြည်နယ်ရှိ စီမံချက်နေရာ ၇၁ခုမှ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် (၁၉၄)ဦးကို ကျား၊မ ရေးရာနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သင်တန်းအား ပို့ချပေးခဲ့ပါသည်။ စီမံချက်သည် ရပ်ရွာလူထု လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှတဆင့် အမျိုးသမီးများ နှင့် မသန်စွမ်းသူများ၏ အဆင့်အတန်းအား မြှင့်တင်ပေးရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။





CARE International သည် အောင်မြင်မှုစီမံချက်မှတဆင့် စစ်ကိုင်း၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးများ မှ အလုပ်သမား ခေါင်းဆောင်များအား လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုမှ တားဆီး ကာကွယ်ခြင်းဆိုင်ရာ သင်တန်းပေးအပ်နိုင်ရန်အတွက် အလုပ်သမားသမဂ္ဂ အဖွဲ့ချုပ်အား ကူညီပံ့ပိုးပေးခဲ့ပြီး တက်ရောက်သူ ၁၃၂ ဦး (အမျိုးသမီး ၈၃%)ထံ ရောက်ရှိခဲ့ပါသည်။ ActionAid Myanmar သည် အလုပ်သမား ဥပဒေများနှင့် ပိုမိုကိုက်ညီမှု ရှိစေရန်အတွက် ကူညီပံ့ပိုးပေးရန် ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသမှ ပုဂ္ဂလိက ကဏ္ဍမှ ကုမ္ပဏီများမှ ပတ်သက်ဆက်နွယ်သူ ၉၆ဦး (အမျိုးသမီး ၅၉%) အား သင်တန်းပို့ချပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများမှ စီစဉ်ပြုလုပ်ပေးသည့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာ ဆောင်ရွက်လှုပ်ရှားမှုများတွင် အစိုးရအရာရှိ ၁၂၀ ဦး ပူးပေါင်း ပါဝင်ခဲ့ပါသည်။ အလုပ်သမား သံအရာရှိများသည် ILO မှ ပို့ချပေးသည့် သင်တန်းအား တက်ရောက်ခဲ့ပြီး ဒေင် မြန်မာမှ ပို့ချသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး နှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ သင်တန်းနှင့် BBC Media Action မှ ပြုလုပ်ခဲ့သည့် မီဒီယာနှင့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအား အစိုးရအရာရှိကြီးများ တက်ရောက်ခဲ့ပါသည်။ ဒေင်မြန်မာမှ စိတ်ပညာ ဘွဲ့ရငါးဦးအား စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုအတွက် အသိပေး နှစ်သိမ့်ဆွေးနွေးပေးခြင်း အကြံပေးခြင်းဆိုင်ရာ သင်တန်းပေးခဲ့ပါသည်။

DS- ၁.၃ – အလုပ်သမားများ၏ နစ်နာမှုများအား ပြန်လည် ကုစားပေးခြင်းနှင့် နစ်နာမှု တောင်းခံခြင်းများအား ဖြည့်ဆည်းပေးခြင်းတို့အတွက် ချီးမြှင့်သည့် ငွေပမာဏ (ပြန်လည် ပြင်ဆင်ထားသော)

ဥပဒေရေးရာ ပံ့ပိုးကူညီခြင်းသည် ရွှေ့ပြောင်းအလုပ်သမားများအား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစား ပြုလုပ်ခြင်းတို့အတွက် တရားမျှတမှုရှိသည့် ကုစားမှုများအား ရရှိနိုင်စေရန်နှင့် ၎င်းတို့ ခံစားခွင့်ရှိသော လူမှုကာကွယ် စောင့်ရှောက်မှုဆိုင်ရာ အကျိုးခံစားခွင့်များကို တောင်းခံနိုင်စေရန်တို့အတွက် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများ မှ ပေးအပ်သည့် အဓိက ဝန်ဆောင်မှု ဖြစ်ပါသည်။ ILO ၏ CSO မိတ်ဖက်အဖွဲ့အစည်းများ နှင့် အလုပ်သမား ရေးရာ မိတ်ဖက်အဖွဲ့အစည်းများသည် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာနများမှ ဥပဒေ ရေးရာ ဝန်ဆောင်မှုများ ပေးခဲ့ခြင်း၏ ရလဒ်အနေဖြင့် ရွှေ့ပြောင်း လုပ်သား (၇၀၆) ဦး (အမျိုးသမီး ၃၀%) သည် နစ်နာကြေး ပမာဏ မြန်မာကျပ်ငွေသန်း ၄၉၀ (ကန်ဒေါ်လာ ၃၅၃,၀၀၀) ကျော် ရရှိခဲ့ကြောင်းအား အစီရင်ခံ တင်ပြခဲ့ပါသည်။ သွေးစည်းညီညွတ်သော အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် မြန်မာနှင့် Action Labour Rights တို့မှ အလုပ်သမား ကိစ္စရပ်များအား ကိုင်တွယ်ခဲ့သဖြင့် အလုပ်သမား (၅,၇၉၂) ဦး (အမျိုးသမီး ၈၅%) သည် နစ်နာကြေး မြန်မာကျပ်ငွေ (၆၇၀) သန်း (ကန်ဒေါ်လာ ၄၈၂,၀၀၀)ခန့်အား ရရှိခဲ့သည့် ရလဒ်အား ထွက်ပေါ်စေ ခဲ့ပါသည်။ ActionAid Myanmar မှ ဦးဆောင်သည့် SECURE စီမံချက်မှလည်း ဥပဒေရေးရာ ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပြီး လူဦးရေ (၁၀၅) ဦး (အမျိုးသမီး ၄၈%) သည် နစ်နာကြေးအဖြစ် မြန်မာကျပ်ငွေ ၃၃ သန်း (ကန် ဒေါ်လာ ၂၄,၀၀၀) ကျော်အား လက်ခံရရှိခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ ခြုံငုံကြည့်လျှင် အလုပ်သမား (၆,၆၂၈) ဦး (အမျိုးသမီး ၈၀%) သည် တစ်ဦးလျှင် ပျမ်းမျှ မြန်မာကျပ်ငွေ (၁၈၁,၁၆၀) ကန်ဒေါ်လာ (၁၃၀) ဖြင့် နစ်နာကြေး မြန်မာကျပ်ငွေ ၁.၂ ဘီလီယံ (ကန်ဒေါ်လာ ၈၆၄,၀၀၀) အား လက်ခံရရှိခဲ့ပါသည်။

# သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု (DWLM) အိမ်ထောင်စုအဆင့်

**DH- ၁ – ရွှေ့ပြောင်း သွားလာသူ အမျိုးသမီး၊ အမျိုးသားများနှင့် အခြား ထိခိုက်လွယ်သော အလုပ်သမားများ အတွက် သတင်းအချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှု တိုးပွားလာခြင်း။**

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀–၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀–၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| DH–၁.၁ – LIFT မှ ပံ့ပိုးပေးသည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သင်တန်းအား အောင်မြင်စွာ တက်ရောက်ပြီးခဲ့သည့်သူများ၏ အရေးအတွက် | ၇၆,၃၈၉<br>၄၈,၄၁၈ (မ)<br>၂၇,၉၇၁ (ကျား) | ၆,၀၈၃<br>၄,၃၆၄ (မ)<br>၁,၇၁၉ (ကျား) | ၈၂,၄၇၂<br>၆၂,၇၈၂ (မ)<br>၂၉,၆၉၀ (ကျား) | ၉၅,၁၈၆ | ၈၇ | IPs |
| DH–၁.၂ – LIFT မှ ပံ့ပိုးပေးသည့် သတင်း အချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား ပေးအပ်ခဲ့သည့် ရွှေ့ပြောင်း အလုပ်သမားများနှင့် မိသားစုဝင်များ၏ အရေအတွက် | ၈၅,၈၂၈<br>၄၈,၂၂၁ (မ)<br>၃၆,၂၅၀ (ကျား) | ၁,၀၀၄,၄၈၂<br>၅၇၉,၅၉၄ (မ)<br>၄၂၄,၈၈၈ (ကျား) | ၁,၀၈၈,၉၅၃<br>၆၂၇,၈၁၅ (မ)<br>၄၆၁,၁၃၈ (ကျား) | ၆၀,၀၀၀ | ၁,၈၁၅ | IPs |
| DH–၁.၃ – LIFT မှ ပံ့ပိုးပေးသည့် နားခိုရာ ရိပ်သာနှင့်/ သို့ အကူအညီ ပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည့် လူကုန်ကူးမှုမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေရသူများ၏ အရေအတွက် | ၂၇၆ (မ) | ၄၂၄<br>၃၆၆ (မ)<br>၅၈ (ကျား) | ၇၀၀<br>၆၄၂ (မ)<br>၅၈ (ကျား) | ၃၀၀ | ၂၃၃ | IPs |

*ဇယား ၃.၁၁ ။ စီမံကိန်းအဆင့် DH– ၁ ညွှန်းကိန်းနှင့် ပြီးစီးအောင်မြင်မှုများ*

**DH– ၁.၁ – LIFT မှ ပံ့ပိုးပေးသည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ သင်တန်းနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းတို့အား အောင်မြင်စွာ တက်ရောက်ပြီးခဲ့သည့်သူများ၏ အရေ အတွက်**

LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း (၂၀)ဖွဲ့သည် စုစုပေါင်း (၆,၀၈၃) ဦး (အမျိုးသမီး ၇၂%) အား လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယင်းတို့အနက်မှ (၈၈)ဦးတွင် မသန်စွမ်းမှု တစ်ခုသာရှိပြီး (၆)ဦးတွင် မသန်စွမ်းမှု တစ်မျိုးထက် ပိုသည့် မသန်စွမ်းမှုရှိသည်ဟု အစီရင်ခံ တင်ပြခဲ့ ပါသည်။ COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် အချို့သော သင်တန်းများအား ပြီးဆုံးအောင် ပို့ချနိုင်ခြင်း မရှိပါ (သို့) စီစဉ်ထားသကဲ့သို့ တာဝန်ယူဆောင်ရွက်နိုင်ခြင်း မရှိပါ။ ထိုအနှောင့်အယှက်များကြောင့် ၂၀၂၀ ခုနှစ်အတွက် အစီရင်ခံ တင်ပြသည့် ပြီးစီးအောင်မြင်မှုများတွင် ပိုမိုနိမ့်ကျသည့် ရလဒ်များ ထွက်ရှိလာစေခဲ့ပါသည်။ သင်တန်းတွင် အဓိက ဦးစားပေးသည့် အာရုံစိုက်မှုမှာ အသက်မွေး ဝမ်းကျောင်းနှင့် လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတို့ အပေါ် အာရုံစိုက်ခဲ့ပါသည်။ အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းသည် အထည်ချုပ်ကဏ္ဍ၊ ဆောက်လုပ်ရေး၊ ညှော်ဝန်ဆောင်မှု ၊ အိမ်အကူအလုပ်၊ လက်ဝတ် ရတနာ ပြုလုပ်ခြင်း၊ စက်ချုပ်လုပ်ငန်း၊ လေအေးပေးစက် ပြုပြင်ခြင်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းနှင့် လျှပ်စစ် မီးသွယ်တန်း ခြင်းတို့တွင် အလုပ်အကိုင် ရရှိမှုအတွက် လွန်စွာ လိုက်လျောညီထွေမှု ရှိခဲ့ပါသည်။ ဤပြီးစီးအောင်မြင်မှုအတွက် အဓိက အထောက်အကူ ပြုသည့် မိတ်ဖက်အဖွဲ့ အစည်း များမှာ –

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် လုပ်ကိုင် ဆောင်ရွက်နေသည့် Adventist Development & Relief Agency မှ ကွန်ပျူတာ အခြေခံ၊ မော်တော်ဆိုင်ကယ် ပြုပြင်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ ဘဝ သက်တာ ကျွမ်းကျင်မှုများနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများအား လူကိုယ်တိုင်တက်ရောက်ရသည့် သင်တန်းများနှင့် အင်တာနက်မှတဆင့် သင်ယူနိုင်သည့် သင်ရိုးများမှတဆင့် လူပုဂ္ဂိုလ် (၄၃၄) ဦး (အမျိုးသမီး ၂၅%) အား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ သင်တန်းသားများသည် လမ်းညွှန်ပြသမှု လက်ခံ ရရှိခဲ့ပါသည်။
- CARE International (အောင်မြင်မှုစီမံချက်) သည် အထည်ချုပ်ကဏ္ဍအတွက် လူပုဂ္ဂိုလ် (၈၃၈) ဦး (အမျိုးသမီး ၉၂%) အား သင်တန်းအမျိုးမျိုးပို့ချပေးခဲ့ပြီး အခြေခံ ကွန်ပျူတာ ကျွမ်းကျင်မှုများနှင့် အလုပ်သမားဥပဒေဆိုင်ရာ သင်တန်းများ ပေးအပ်ခဲ့ပါသည်။
- ဧဒင် (ရန်ကုန်မြို့တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် အတွက် လူကုန်ကူးခြင်း ခံရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ် များအား ကယ်ဆယ်ရေးစီမံချက်)မှ အမျိုးသမီး (၇၂၂) ဦးအား လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယင်းတို့အနက်မှ (၆၄၈) ဦးသည် COVID–19 ကမ္ဘာ့ကပ်ရောဂါအား ကာကွယ်တုံ့ပြန်ရန်အတွက် နှာခေါင်းစည်း ချုပ်လုပ်သည့် သင်တန်းအား တက်ရောက်ခဲ့ကြပြီး ကျန်ရှိနေသောသူများမှာ အပ်ချုပ်လုပ်ငန်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်း၊ ဆံပင် အလှပြင်ခြင်းနှင့် အလှပြင်ဆိုင် လုပ်ငန်းဆိုင်ရာ သင်တန်းများကို တက်ရောက်ခဲ့ပါသည်။
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) (ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းမှု၊ စီးပွားရေး အခွင့်အလမ်းများနှင့် ဘေးကင်းလုံခြုံမှု ရှိစေရန်အတွက် ကျွမ်းကျင်မှုများ (TVET) စီမံချက်) သည် ပုဂ္ဂိုလ် (၂၇၈) ဦး (အမျိုးသမီး ၅၀%) အား အုတ်စီခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း၊ စီးပွားရေးလုပ်ငန်း အစီအစဉ် ရေးဆွဲခြင်း၊ စွန့်ဦးတီထွင် စီးပွားရေး လုပ်ငန်း၊ ညှော်ဝန်ဆောင်မှု နှင့် အဝတ်အထည် လျှော်ဖွတ်သည့် ဝန်ဆောင်မှုများအား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။
- ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (IOM) (တွဲလက်စီမံချက်) သည် လူပုဂ္ဂိုလ် (၃၉၀)ဦး (အမျိုးသမီး ၆၉%) အား ဆံသခြင်း၊ အလှဖန်တီးမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ စက်ချုပ်ပညာ၊ အိမ်မှုကိစ္စ ထိန်းသိမ်းမှုနှင့် လေအေးပေး စက်ဆိုင်ရာ ဝန်ဆောင် မှုများ အပါအဝင် အကြောင်းအရာ ခေါင်းစဉ်များဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။
- People in Need (အေးချမ်းသောအိမ် စီမံချက်)မှ လူပုဂ္ဂိုလ် (၅၀၀) ဦး (အမျိုးသမီး ၆၄%) အား လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှု များ၊ သက်မွေးမှုလုပ်ငန်းအတွက် ဆွေးနွေးတိုင်ပင်ခြင်းနှင့် အစားအသောက် ရောင်းချသည့် ပုံကျစျေးသည် တို့၏ တကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းခြင်းတို့အပေါ် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။
- Save the Children (Tat Lan Plus စီမံချက်) မှ လူပုဂ္ဂိုလ် (၄၁၀) ဦး (အမျိုးသမီး ၅၂%) ကို ငွေကြေးဆိုင်ရာ အသိပညာ နှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများအား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။
- World Vision International (မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်းပေးသည့် စီမံချက်) မှ လူပုဂ္ဂိုလ် (၇၄၇) ဦး (အမျိုးသမီး ၉၃%) ကို စီးပွားရေး အမြင်ဖွင့် သင်တန်း၊ စာရင်းရေးသွင်းခြင်း၊ စီးပွားရေးဆိုင်ရာ စိတ်ကူးအကြံအစည်များအား ဖော်ထုတ်ခြင်းတို့အား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။
- Mercy Corps (လပွတ္တာအား ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း စီမံချက်)မှ လူပုဂ္ဂိုလ် ၂၀၀ ဦး (အမျိုးသမီး ၆၄%) တို့ကို စီးပွားရေး လုပ်ငန်း၊ စက်ချုပ်ပညာ နှင့် အထည်ချုပ်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ ယာဉ်မောင်းနှင်ခြင်း နှင့် စက်ပြင်လုပ်ငန်းများအား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။

**DH–၁.၂ – LIFT မှ ပံ့ပိုးပေးသည့် သတင်းအချက်အလက်များ၊ သင်တန်းနှင့် အကူအညီပေးသည့် ဝန်ဆောင်မှုများကို ပေးအပ်ခဲ့သည့် ရွှေ့ပြောင်း အလုပ်သမားများနှင့် မိသားစုဝင်များ၏ အရေအတွက်**

LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း (၂၀)ဖွဲ့သည် စီမံချက် ၁၄ ခုမှ တဆင့် အကျိုးခံစားခွင့်ရှိသူ (၁,၀၀၄,၄၈၂) ဦး (အမျိုးသမီး ၅၈%) ထံ သတင်းအချက်အလက်များ၊ သင်တန်းနှင့် အကူအညီပေးသည့် ဝန်ဆောင်မှုများနှင့်အတူ ရောက်ရှိခဲ့ပါသည်။ မြင့်မားသည့် ပြီးစီးအောင်မြင်မှုများတွင် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ကမ္ဘာ့ကပ်ရောဂါအား ကာကွယ်တုံ့ပြန်ရာတွင် တနိုင်ငံလုံး၌ ကြီးမားကျယ်ပြန့်သည့် အတိုင်းအတာဖြင့် ကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ် တစ်ဒေသ အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် COVID–19 ကပ်ရောဂါအား ကာကွယ်တုံ့ပြန်သည့် လုပ်ငန်းများအား ထည့်သွင်းတွက်ချက် ထားခဲ့ပါသည်။ သို့ဖြစ်၍ ဤအစီရင်ခံစာ တင်ပြသည့် ကာလအတွင်း စုစုပေါင်း ရောက်ရှိမှု၏ (၈၇%) သည် COVID–19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်သည့် လုပ်ငန်းများမှ ဟုမှတ်ယူ နိုင်ပါသည်။

ပုံမှန်လုပ်ရှားဆောင်ရွက်မှုများ၏ တစ်စိတ်တစ်ဒေသအနေဖြင့် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် ရွှေ့ပြောင်းသွားလာသူများ၊ ရွှေ့ပြောင်းသွားလာရန် ရည်ရွယ်နေသူများ နှင့် ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများအတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ သင်တန်း၊ ကိုက်ညီသည့် အလုပ်အကိုင် ရှာဖွေပေးခြင်း၊ ဥပဒေရေးရာ အကူအညီနှင့် စိတ်ပိုင်းဆိုင်ရာ၊လူမှုရေးရာ ကူညီပံ့ပိုးပေးခြင်း၊ ရွှေ့ပြောင်းသွားလာရန် အတွက် ငွေကြေးထောက်ပံ့ပေးခြင်း၊ ဘေးကြပ်နံကြပ် ဖြစ်နေသည့် အမျိုးသမီးများ အတွက် ယာယီနေထိုင်စရာ ထောက်ပံ့ပေးခြင်းနှင့် ကျား၊ မ အခြေ ခံသည့် အကြမ်းဖက်မှုမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန်နေသူများအတွက် အမှုအခင်း စီမံခန့်ခွဲမှုတို့ အပါအဝင် အသိ ပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် အကူအညီ ပေးသည့် ဝန်ဆောင်မှု အမျိုးမျိုး အား ဆက်လက် ပံ့ပိုးပေးခဲ့ပါသည်။ COVID–19 ကပ်ရောဂါ အား ကာကွယ် တုံ့ပြန်မှု၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများသည် ရွှေ့ပြောင်းသွားလာသူများ၊ နေရပ်ပြန်လာသူများနှင့် နေထိုင်သည့် ရွှေ့ပြောင်း သွားလာ သူများ၏ မိသားစုများအား ငွေကြေး ထောက်ပံ့မှု၊ စိတ်လူမှုဆိုင်ရာ ကူညီပံ့ပိုးမှု၊ တစ်ကိုယ်ရည် ကာကွယ်ရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ ပစ္စည်း များအား ဖြန့်ဝေပေးခြင်း အပါအဝင် ကူညီပံ့ပိုးမှုများအား ၎င်းတို့၏ နေအိမ်များ နှင့် အသွားအလာကန့်သတ် စောင့်ကြည့်ရာနေရာများ၌ ပေးအပ်ခဲ့ပါသည်။ ဤပြီးစီး အောင်မြင်မှုများ အတွက် အဓိက အထောက်အကူ ပြုသည့် အဖွဲ့အစည်းများမှာ–

- CARE International (အောင်မြင်မှု စီမံချက်)သည် ရွှေ့ပြောင်း သွားလာသူ (၇,၆၂၃) ဦး (အမျိုးသမီး ၈၈%) ထံ ဥပဒေရေးရာ အကူအညီပေးခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုနှင့် ကျားမအခြေပြု အကြမ်းဖက်မှု ဆိုင်ရာ အသိပညာပေးခြင်း နှင့် သင်တန်း ပို့ချပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ စီမံချက်မှ လူပုဂ္ဂိုလ် တစ်ဦးချင်း (၃၂,၄၁၈၂) ဦး (အမျိုးသမီး ၇၁%) ထံ COVID–19 ကယ်ဆယ်ရေး ထောက်ပံ့မှုများ ပေးအပ်ခဲ့ပြီး ယင်းတို့ အနက်မှ (၅၄၉) ဦး (အမျိုးသမီး ၈၁%) သည် တိုက်ရိုက် ငွေကြေးထောက်ပံ့မှုအား လက်ခံ ရရှိခဲ့ပါသည်။
- ဧဒင် (ရန်ကုန်မြို့တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်အတွက် လူကုန်ကူးခြင်းခံရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကယ်ဆယ်ရေး စီမံချက်) သည် ပုံမှန် လှုပ်ရှား ဆောင်ရွက်မှုများ အနေဖြင့် စိတ်ဒဏ်ရာရရှိပြီးနောက်ပိုင်း ဖိစီးမှုအား ဆန်းစစ် အကဲဖြတ်ခြင်းများ၊ စိတ်လူမှုဆိုင်ရာ ကူညီပံ့ပိုးမှုနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး သည့် သတင်းအချက်အလက်များကို လူပုဂ္ဂိုလ် ၁၀၅ ဦး (အမျိုးသမီး ၅၄%) ထံ ပေးအပ်ခဲ့ပြီး COVID–19 ကပ်ရောဂါ အား ကာကွယ် တုံ့ပြန်မှု၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် ဘေးကင်း လုံခြုံသည့် ကျန်းမာရေးဆိုင်ရာ အထောက်အပံ့ပစ္စည်းများနှင့် အစားအသောက် များအား (၁၀၄,၃၈၅) ဦး (အမျိုးသမီး ၅၄%) ထံ ပံ့ပိုးပေးခဲ့ပါသည်။
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ပြည်တွင်းနှင့် နိုင်ငံတကာ အလုပ်သမား ရွှေ့ပြောင်း သွားလာရေးဆိုင်ရာ အုပ်ချုပ်မှု စီမံချက်) သည် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပုံမှန်

လုပ်ရှား ဆောင်ရွက်မှုများနှင့် ထွက်ခွာခြင်း မပြုမီ အကြိုသင်တန်း၊ လူကိုယ်တိုင်နှင့် အရေးပေါ် တယ်လီဖုန်းလိုင်းမှတဆင့် ပေးအပ်သည့် ဥပဒေရေးရာ ဝန်ဆောင်မှုများနှင့် ရွှေ့ပြောင်း သွားလာခြင်းနှင့် အလုပ်သမားအခွင့်အရေးများအပေါ် ရပ်ရွာလူထုအား ဆော်ဩစည်းရုံးခြင်းတို့မှတဆင့် လူပုဂ္ဂိုလ် (၂၄,၈၀၅) ဦး (အမျိုးသမီး ၄၄%) ထံ ရောက်ရှိခဲ့ပါသည်။ ILO သည် COVID-19 နှင့် ဆက်နွှယ်နေသည့် ရွှေ့ပြောင်းသွားလာသူများ၊ ရွှေ့ပြောင်း သွားလာသူ များ၏ မိသားစုများနှင့် နေရပ်ပြန်များအား ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံရေးပစ္စည်းများ နှင့် အခြား ကူညီပံ့ပိုးမှု တို့နှင့် အတူ အကျိုးခံစားခွင့်ရှိသူ (၂၃၃,၈၉၉) ဦးထံ ရောက်ရှိခဲ့ပါသည်။

» ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (တွဲလက်စီမံချက်)သည် ရွှေ့ပြောင်း သွားလာသူများအား အကူအညီ ပေးသည့် စင်တာများနှင့် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာနမှ ပြုလုပ်သော ပြဇာတ်များနှင့် ပညာပေး ဖျော်ဖြေသည့် ပွဲများ၊ လွှဲပို့ငွေ စုဆောင်းခြင်းဆိုင်ရာ သင်တန်း၊ ရွှေ့ပြောင်း သွားလာခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်း မပြုမီတို့အား ပေါင်းစပ်ထားသည့် သင်တန်း၊ ဘဝသက်တာ ကျွမ်းကျင်မှုသင်တန်းနှင့် ရွှေ့ပြောင်းသွားလာခြင်းနှင့် ဆက်နွှယ်နေသည့် ဝန်ဆောင်မှုများမှတဆင့် လူပေါင်း(၄၂,၆၄၀) ဦး (အမျိုးသမီး ၅၆%) ထံ ရောက်ရှိခဲ့ပါသည်။ စီမံချက်သည် COVID-19 ကပ်ရောဂါအား ကာကွယ် တုံ့ပြန်ရန်အတွက် ကျန်းမာရေး ပစ္စည်းများ၊ အစားအသောက်မဟုတ်သော ပစ္စည်းများနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းများအား ဖြန့်ဝေပေးခဲ့ပြီး နေရပ်ပြန်သူများ၊ ရွှေ့ပြောင်းသွားလာသူများနှင့် ယင်းတို့၏ မိသားစုများအတွက် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခဲ့ကာ လူပေါင်း(၈၇,၅၇၅) ဦး (အမျိုးသမီး ၃၆%) ထံ ရောက်ရှိခဲ့ ပါသည်။ ရောဝတီတိုင်း ဒေသကြီးတွင် IOM မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာအဖြစ် အသုံးပြုခြင်း (MILDAS) စီမံချက်သည် ရွှေ့ပြောင်း သွားလာသူများ အတွက် ချေးငွေနှင့် ပစ္စည်းများ ပံ့ပိုးကူညီမှုနှင့်အတူ လူပေါင်း(၁,၆၃၉) ဦး (အမျိုးသမီး ၆၁%) ထံ ရောက်ရှိခဲ့ပြီး COVID-19 ကပ်ရောဂါအား ကာကွယ်တုံ့ပြန်သည့် အနေဖြင့် နေရပ်ပြန်သူ/ ရွှေ့ပြောင်း သွားလာသူ (၇,၇၄၆) ဦး (အမျိုးသမီး ၄၄%) အတွက် အစားအသောက် မဟုတ်သည့် ပစ္စည်းများနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည် နယ် မြောက်ပိုင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် ယင်း၏ SAFE စီမံချက်မှတဆင့် IOM သည် ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာ သင်တန်းနှင့် ဝန်ဆောင်မှုများအပေါ် အာရုံစိုက်သည့် ယင်း၏ ပုံမှန်ဆောင်ရွက်မှုမှတဆင့် လူပေါင်း (၅၅၆) ဦး (အမျိုးသမီး ၇၇%) ထံ ရောက်ရှိခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ကာကွယ်တုံ့ပြန်သည့် လှုပ်ရှားဆောင်ရွက်မှုများမှတဆင့် နောက်ထပ် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ (၇,၅၆၆) ဦး (အမျိုးသမီး ၃၆%) ထံ ရောက်ရှိခဲ့ပါသည်။ COVID-19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများ မှ တဆင့် နောက်ထပ် နေရပ်ပြန် ၇,၅၆၆ ဦး (အမျိုးသမီး ၃၆%) ထံ ရောက်ရှိခဲ့ပါသည်။

» People In Need (အေးချမ်းသော အိမ်စီမံချက်) သည် (၄၃,၇၃၉) ဦး (အမျိုးသမီး ၇၆%) ထံ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှု ဆိုင်ရာ သင်တန်း၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးရာ ဝန်ဆောင်မှုများ၊ သက်တူဆင့်တူ အပြန်အလှန် သွားရောက်သည့် လေ့လာရေး ခရီးစဉ်များ နှင့် ဥပဒေရေးရာ ပံ့ပိုးကူညီမှုတို့အား ပေးအပ်ခဲ့ပါသည်။ စီမံချက်မှ လက်ဆေးရည်များအား လူပေါင်း(၄၀,၃၀၁) ဦး (အမျိုးသမီး ၄၈%) ထံ ပံ့ပိုးပေးခဲ့ပါသည်။

» အမျိုးသမီးများ အဖွဲ့များ ကွန်ရက် (မြန်မာ) ၏ (ရွှေ့ပြောင်းလုပ်သားများ၏ အားနည်း ထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းအား အဆုံးသတ်ခြင်း စီမံချက်) သည် ကျား၊ မ အခြေပြု အကြမ်းဖက်မှုနှင့် အလုပ်သမား အခွင့်အရေးများဆိုင်ရာ သင်တန်းနှင့် အသိပညာပေးသည့် ပုံမှန် လှုပ်ရှားဆောင်ရွက်မှုများ၊ သက်တူဆင့်တူ စေတနာ့ဝန်ထမ်းဆိုင်ရာ သင်တန်း၊ နားခိုရာ ဝန်ဆောင်မှုများနှင့် ကိုက်ညီမှုရှိသည့် အလုပ်အကိုင် ရှာဖွေပေးသည့် ဝန်ဆောင်မှုများအား ဆောင်ရွက်ခဲ့ကာ အကျိုးခံစားခွင့်ရှိသူ (၁,၆၅၉) ဦး (အမျိုးသမီး ၉၀%) ထံ ရောက်ရှိခဲ့ပြီး COVID-19 ကပ်ရောဂါဆိုင်ရာ အစီအမံများ၏ တစ်စိတ်တစ်ဒေသအဖြစ် လက်သန့်စင်ရည်နှင့် ဆပ်ပြာရည်တို့အား လူပေါင်း (၆၃,၉၂၈) ဦး (အမျိုးသမီး ၇၉%)ထံ ဖြန့်ဝေပေးခဲ့ပါသည်။

**DH-၁.၃ – LIFT မှ ပံ့ပိုးပေးသည့် နားခိုရာ ရိပ်သာနှင့်/ သို့ အကူအညီ ပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည့် လူကုန်ကူးမှုမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေရသူများ၏ အရေအတွက်**

LIFT မိတ်ဖက် အဖွဲ့အစည်းများသည် လူကုန်ကူးမှုမှ လွတ်မြောက်လာသူများအား ပံ့ပိုးကူညီသည့် ဝန်ဆောင်မှုများ ပေးအပ်ရန်အတွက် ဆက်လက် ဆောင်ရွက်နေပါသည်။ ၂၀၂၀ ခုနှစ်တွင် ဒေင်၏ စီမံကိန်း၌ စာရင်းပေးသွင်းထားသည့် ရှင်သန်နေရသူ (၃၇)ဦးအား ရန်ကုန်နှင့် လားရှိုးရှိ ဒေင် ၏ နားခိုရာရိပ်သာများ၌ နားခိုစရာနေရာ ပေးအပ်ခဲ့ပါသည်။ ရှင်သန်နေရသူများသည် နှစ်သိမ့်ဆွေးနွေးခြင်း၊ ညွှန်းပို့ခြင်း၊ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းနှင့် ကိုက်ညီမှု ရှိသည့် အလုပ်အကိုင် ရှာဖွေပေးခြင်းတို့ အပါအဝင် ပြီးပြည့်စုံမှုရှိသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်ခံရရှိခဲ့ပါသည်။ ဒေင်သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ညွှန်းပို့သည့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေရသူ (၆၂)ဦးအား စိတ်ဒဏ်ရာရပြီးနောက် ဖိစီးမှုကြောင့် စိတ်ကစဉ့်ကလျား ဖြစ်နေသည်ဟု အကဲဖြတ်ခဲ့ပါသည်။

အောင်မြင်မှု စီမံချက်၏ ကူညီပံ့ပိုးမှုဖြင့် အားနည်းထိခိုက်လွယ် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး (၁၂၇)ဦးသည် အမျိုးသမီးများအတွက် သုံးပန်လှ (TPL) အရေးပေါ် ဆက်သွယ်ရေး လမ်းကြောင်း နှင့် သက်တူဆင့်တူ ခေါင်းဆောင်များမှတဆင့် ချက်ချင်း ကူညီပံ့ပိုး ပေးသည့် ဝန်ဆောင်မှုများအား ရရှိခဲ့ပါသည်။ ပေးအပ်သည့် ဝန်ဆောင်မှုများတွင် ယာယီ နေထိုင်ရမည့်နေရာ၊ အစားအသောက်၊ အဝတ်အထည်၊ အလုပ်အကိုင်နှင့် နေထိုင်စရာ နေရာချထားပေးခြင်း၊ ခရီးသွားစရိတ်များ၊ စိတ်လူမှုပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း နှင့် ဥပဒေရေးရာနှင့် ဆေးကုသမှု ပေးသည့် ဝန်ဆောင်မှုများ ပါဝင်ခဲ့ပါသည်။





၂၀၂၀ ခုနှစ်တွင် ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ IOM ၏ SAFE စီမံချက်သည် လူကုန်ကူးမှုမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန် နေရသူများအတွက် တိုက်ရိုက် ကူညီပံ့ပိုးပေးခြင်း၊ ညွှန်းပို့ခြင်း နှင့် ပြန်လည် ပေါင်းစည်းခြင်း ဆိုင်ရာ ဝန်ဆောင်မှုများအား အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ တဆင့် စတင် ပေးအပ်ခဲ့ပါသည်။ စီမံကိန်းမှ လူကုန်ကူးမှုမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေရသူများ၏ ဖြစ်ရပ် စီမံခန့်ခွဲမှုအတွက် သင်တန်းကို ရှမ်းပြည်နယ် မြောက်ပိုင်းရှိ CSO အဖွဲ့ (၅)ဖွဲ့အား ပို့ချပေးခဲ့ပါသည်။ IOM သည် ပြန်လည် ထူထောင်ရေး ဦးစီးဌာနနှင့် မိတ်ဖက်ပြု၍ သီးသန့်ထား စောင့်ကြည့်ခြင်း ခံနေရသည့် ရှန်းကန် ရှင်သန်နေသူ (၃၀)ဦးထံ တစ်ကိုယ်ရည် သန့်ရှင်းရေး၊ အခြားသန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများအား ပေးအပ်ခဲ့ပါသည်။

**DH- ၂ – အထူးသဖြင့် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း ခံရနိုင်ခြေရှိသည့် အန္တရာယ် မြင့်မားသည့် အလုပ်သမားများ အတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် ဆိုင်ရာ တိုးချဲ့ခဲ့သည့် အခွင့်အလမ်းများ**

| ညွှန်းကိန်း | ပြီးစီးအောင်မြင်မှု ၂၀၁၀-၂၀၁၉ | ပြီးစီးအောင်မြင်မှု ၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးမှုများ ၂၀၁၀-၂၀၂၀ | စုပေါင်းထားသည့် ပြီးစီးအောင်မြင်မှု မှတ်တိုင်များ ၂၀၂၀ | ရရှိခဲ့သည့် % | အချက်အလက် အရင်းအမြစ် |
|---|---|---|---|---|---|---|
| **DH-၂.၁ – LIFT မှ ပံ့ပိုး ပေးသည့် ကိုယ်ပိုင် စီးပွားရေး လုပ်ငန်း ထူထောင်သူများ (လူကုန်ကူးခြင်းမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေရသူများ အပါအဝင်) အတွက် သင်တန်း ပြီးဆုံးသည်အထိ အောင်မြင်စွာ တက်ရောက်ခဲ့သူများ၏ ရာခိုင်နှုန်း / အရေအတွက်** | ၁,၇၉၂<br>၁,၂၄၄ (မ)<br>၅၄၈ (ကျား)<br>(၇၆.၄%) | ၇၄၇<br>၅၃၉ (မ)<br>၂၀၈ (ကျား)<br>(၆၇%) | ၂,၅၃၉<br>၁,၇၈၃ (မ)<br>၇၅၆ (ကျား) | ၄၀% / ၁,၀၄၀ | ၂၄၄ | IPs |
| **DH-၂.၂ – LIFT မှ ပံ့ပိုး ပေးသည့် သက်မွေ့ဝမ်းကျောင်း ကျွမ်းကျင်မှုများ ဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ပြီးနောက် (၆)လ အတွင်း အလုပ်ခန့်ထားခြင်း ခံရသော သူများ၏ ရာခိုင်နှုန်း / အရေအတွက်** | ၁,၉၇၂<br>၁,၀၈၆ (မ)<br>၈၈၆ (ကျား)<br>(၇၄.၁%) | ၂,၅၉၆<br>၁,၇၁၇ (မ)<br>၈၇၉ (ကျား)<br>(၈၃%) | ၄,၅၆၈<br>၂,၈၀၃ (မ)<br>၁,၇၆၅ (ကျား) | ၆၀%/ ၁၆,၄၄၀ | ၂၈ | IPs (ခြေရာကောက် စစ်တမ်း) |
| **DH-၂.၃ – LIFT မှ ပံ့ပိုးပေးသည့် သင်တန်းအား အောင်မြင် ပြီးဆုံးအောင် တက်ရောက်ပြီး ၎င်းတို့၏ အလုပ်အကိုင် (သို့) စီးပွားရေး လုပ်ငန်းမှ ဝင်ငွေ တိုးတက် ရရှိလာသည့် သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း** | ၃,၆၇၃<br>၂,၂၉၄ (မ)<br>၁,၃၇၉ (ကျား)<br>(၇၅.၂%) | ၃,၃၄၃<br>၂,၂၅၆ (မ)<br>၁,၀၈၇ (ကျား)<br>(၇၉%) | ၇,၀၁၆<br>၄,၅၅၀ (မ)<br>၂,၄၆၆ (ကျား) | ၇၀%/ ၁၂,၂၃၆ | ၅၆ | IPs |

*ဇယား ၃.၁၂။ ။ စီမံကိန်းအဆင့် DH-၂ ညွှန်းကိန်းနှင့် ပြီးစီးအောင်မြင်မှုများ*

LIFT သည် အိမ်ထောင်စု အညွှန်း စစ်တမ်းများအတွက် နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များအား ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများနှင့် မျှဝေခဲ့ပါသည်။ လမ်းညွှန်ချက်များသည် ညွှန်းကိန်းများ ဖြစ်သည့် DH- ၂.၁ ၊ DH -၂.၂ နှင့် DH- ၂.၃ တို့အတွက် အချက်အလက်များ ကောက်ယူ စုဆောင်းရာတွင် စံသတ်မှတ်ရန်အတွက် ရည်ညွှန်းရမည့် နည်းကိရိယာများ ဖြစ်သဖြင့် စီမံကိန်း တစ်ခုလုံးရှိ အချက်အလက်များ၏ အရည်အသွေးကို မြှင့်တင်ပေးပါသည်။ LIFT သည် အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် ညွှန်းကိန်း တွက်ချက်သည့် နည်းစနစ် အပါအဝင် သက်ဆိုင်ရာ ညွှန်းကိန်း အညွှန်းစာရွက်များကိုလည်း ပြန်လည် ပြင်ဆင်ခဲ့ပါသည်။ ယခင်က ရာခိုင်နှုန်း တွက်ချက်မှုသည် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ အစီရင်ခံ တင်ပြခဲ့သည့် သင်တန်းများအား တက်ရောက်ခဲ့သည့် လူဦးရေ စုစုပေါင်း အပေါ်တွင် အခြေခံခဲ့ပါသည်။ ပြန်လည် ပြင်ဆင်ထားသည့် စာရွက်များတွင် တွက်ချက်သည့် အယူအဆမှာ ခြေရာကောက်စစ်တမ်းတွင် တုံ့ပြန် ဖြေကြားသူ စုစုပေါင်း၏ အရေအတွက် အပေါ် အခြေခံပါသည်။ ယင်းမှ ပိုမိုတိကျသည့် ဆန်းစစ်အကဲဖြတ်မှုကို ရရှိစေပါသည်။

**DH-၂.၁ – LIFT မှ ပံ့ပိုးပေးသည့် ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း ထူထောင်သူများ (လူကုန်ကူးမှုမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေရသူများ အပါအဝင်) အတွက် သင်တန်း ပြီးဆုံးသည်အထိ အောင်မြင်စွာ တက်ရောက်ခဲ့သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း**

ဤသည်မှာ DH- ၁.၁ အောက်ရှိ မည်သည့် စီးပွားရေးကဏ္ဍမဆို၌ အသေးစား (သို့) အလတ်စား စီးပွားရေး လုပ်ငန်းများ တည်ထောင်သော လေ့ကျင့် သင်ကြားပေးထားသူ တစ်ဦးချင်းစီ၏ အရေအတွက်အား တိုင်းတာသည့် ပြန်လည် ပြင်ဆင်မွမ်းမံ ထားသည့် ညွှန်းကိန်း ဖြစ်ပါသည်။ သို့သော် လယ်ယာလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူများအား ထည့်သွင်း တွက်ချက်ခြင်း မပြုဘဲ ချန်လှပ်ထားပါသည်။ ဤညွှန်းကိန်းအား အစီရင်ခံ တင်ပြခြင်းသည် သင်တန်းသားများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းအား တည်ထောင်ရာတွင် အောင်မြင်မှု ရရှိခြင်း ရှိမရှိအား IP များမှ တာဝန်ယူ ဆောင်ရွက်သည့် နောက်ဆက်တွဲ စောင့်ကြည့် စစ်ဆေးခြင်း (သို့) ဆန်းစစ် အကဲဖြတ်ခြင်းများအပေါ်တွင် အမှီပြုထားပါသည်။

၂၀၂၀ ခုနှစ် ဒီဇင်ဘာလအကုန်တွင် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း (၉) ဖွဲ့သည် သင်တန်း ပြီးဆုံးအောင် တက်ရောက်ပြီးနောက် ၎င်းတို့၏ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်း တည်ထောင်ပြီးသူ (၇၄၇) ဦး (အမျိုးသမီး ၇၂%) ရှိကြောင်းကို အစီရင်ခံ တင်ပြခဲ့ပါသည်။ အဆိုပါ ပုဂ္ဂိုလ်များအနက်မှ ၃၃% နီးပါးသည် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများ ဖြစ်သည့် Save the Children ၊ Danish Refugee Council နှင့် Relief International တို့မှ အသေးစား ထောက်ပံ့မှုနှင့် စီးပွားရေးလုပ်ငန်း စတင် တည်ထောင်ခြင်းဆိုင်ရာ သင်တန်းတို့အား တက်ရောက်ပြီးသည့်နောက်ပိုင်းတွင် ရခိုင်ပြည်နယ်၌ စီးပွားရေးလုပ်ငန်းများအား လည်ပတ် လုပ်ကိုင်နေခဲ့ကြ

ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၌ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင် သူများ အတွက် ဆောင်ရွက်နေသည့် LIFT ၏ ပြည်တွင်း မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် KDN မှ လူဦးရေ(၁၀၅) ဦး (အမျိုးသမီး ၇၃%) သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းနှင့် အသေးစား ထောက်ပံ့ကြေး ကူညီပံ့ပိုးမှုတို့အား လက်ခံရရှိပြီးနောက်ပိုင်းတွင် အသေးစား စီးပွားရေး လုပ်ငန်းများ ထူထောင်ခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် (၉၄) ဦး (အမျိုးသမီး ၆၇%) တို့ သည် အငယ်စား စီးပွားရေး လုပ်ငန်း ထူထောင်ခြင်းဆိုင်ရာ လမ်းညွှန်နည်းပြပေးသည့် သင်တန်းတက်ရောက်ပြီးနောက် အသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်ခဲ့သည်ဟု IOM မှ အစီရင်ခံ တင်ပြခဲ့ပါသည်။ စီးပွားရေးလုပ်ငန်း ဝန်းကျင်နှင့် အသက်မွေးဝမ်းကျောင်းမှုများ အပေါ် COVID-19 ကပ်ရောဂါ၏ အန္တရာယ် ဖြစ်စေသည့် သက်ရောက်မှုများမှာ ဆက်လက် ရှိနေမည်ဟု မျှော်မှန်းထားပြီး ရည်မှန်းချက်များ၏ ပြီးစီးအောင်မြင်မှုအပေါ် သက်ရောက်မှုများ ရှိနေမည် ဖြစ်ပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပိုမိုပြီးပြည့်စုံသည့် အချက်အလက်များဖြင့် အစီရင်ခံ တင်ပြနိုင်ရန် အတွက် ဆောင်ရွက်ဆဲ သင်တန်းနှင့် ကူညီပံ့ပိုးမှုတို့ လိုအပ်ပါသည်။

**DH-၂.၂ – LIFT မှ ပံ့ပိုး ပေးသည့် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ပြီးနောက် (၆)လ အတွင်း အလုပ်ခန့်ထားခြင်းခံရသော သူများ၏ ရာခိုင်နှုန်း /အရေအတွက်**

ဤညွှန်းကိန်းသည် LIFT မှ ပံ့ပိုးပေးသည့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ ဆိုင်ရာ ပြီးဆုံးအောင် တက်ရောက် ပြီးနောက် (၆)လအတွင်း အလုပ်အကိုင် ခန့်ထားခြင်း ခံရသော လေ့ကျင့်သင်ကြားပေးထားသည့် သူများ (DH ၁.၁) ၏ အရေအတွက်ကို တိုင်းတာပါသည်။ အလုပ်အကိုင် ခန့်ထားခံရခြင်းမှာ လယ်ယာပြင်ပရှိမည်သည့် စီးပွားရေး ကဏ္ဍမဆို၌ ဖြစ်နိုင်ပါသည်။ ဤသည်တွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် မိသားစုအား အကူအညီပေးသည့် အလုပ်သမားများ အပါအဝင် အခကြေးငွေ ရရှိသည့် အလုပ်အကိုင် ပုံစံအားလုံး ပါဝင်ပါသည်။ ယခင် ညွှန်းကိန်းကဲ့သို့ပင် အစီရင်ခံ တင်ပြထားသည့် ရောက်ရှိမှုမှာ DH- ၁.၁ အောက်၌ အစီရင်ခံ တင်ပြသကဲ့သို့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ ပို့ချပေးခဲ့သည့် LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ ပြုလုပ်ခဲ့သည့် ခြေရာကောက်သည့် လေ့လာမှုများအပေါ် အခြေခံပါသည်။

LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများမှ အမျိုးမျိုးသော သင်တန်းများ၏ အကျိုးကျေးဇူးများအား ရရှိခဲ့သူ (၂,၅၉၆) ဦး (အမျိုးသမီး ၆၆%) သည် ယခုအခါတွင် အလုပ်အကိုင် ရရှိခဲ့ပြီး ဖြစ်ကြောင်းကို အစီရင်ခံ တင်ပြခဲ့ပါသည်။ IOM (တွဲလက် စီမံချက်) မှ လူပေါင်း (၅၁၈) ဦး (အမျိုးသမီး ၅၄%) သည် အလုပ်အကိုင် ရရှိခဲ့ပြီး ဖြစ်ကြောင်းအား အစီရင်ခံ တင်ပြခဲ့ပါသည်။ IOM ၏ MILDAS စီမံချက်တွင် လူပေါင်း (၁၈၄) ဦး (အမျိုးသမီး ၄၂%) သည် အလုပ်အကိုင်များ ရရှိခဲ့ပြီး ဖြစ်ပါသည်။ ဒေင် သည် ယင်း၏ COVID-19 ဆိုင်ရာ အစီအစဉ်များ ထဲမှ အစီအစဉ် တစ်ခုအနေဖြင့် နှာခေါင်းစည်းနှင့် ဆပ်ပြာ ပြုလုပ်သည့် သင်တန်းအား ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး (၆၄၈) ဦးအား ပို့ချပေးခဲ့ပြီး ယင်းတို့အား လှိုင်သာယာရှိ နှာခေါင်းစည်းနှင့် ဆပ်ပြာ ထုတ်လုပ်သည့် လုပ်ငန်းတွင် အလုပ်အကိုင် ရရှိရန် ကူညီပံ့ပိုးပေးခဲ့ကာ အဆိုပါ အိမ်ထောင်စုများအား ငွေကြေးပိုမို ကြပ်တည်းမှု ကြုံတွေ့ရချိန်၌ ရှန်းကန်ရှင်သန် နိုင်ရန်အတွက် အထောက်အကူ ပေးပါသည်။ ဒေင် သည် ယင်း၏ ပုံမှန် လှုပ်ရှားဆောင်ရွက်မှုများ၏ အစိတ်အပိုင်း တရပ်အနေဖြင့် ဒေင် ၏ သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအား တက်ရောက်ခဲ့သည့် လူကုန်ကူးမှုမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေရသူ အမျိုးသမီး (၅၆) ဦးအား အလုပ်အကိုင် ရရှိစေခဲ့ပါသည်။ CARE International ၏ အောင်မြင်မှု စီမံချက်မှ ယင်း၏ သင်တန်းသားအနက်မှ (၃၂၁) ဦး (အမျိုးသမီး ၉၅%) သည် အထည်ချုပ် ကဏ္ဍတွင် အလုပ်အကိုင် ခန့်ထားခြင်းခံခဲ့ရသည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။

Danish Refugee Council and Relief International ရခိုင်ပြည်နယ်ရှိ ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင်သူစခန်းများနှင့် ဒေသခံ လူမှုအသိုင်းအဝိုင်းများမှ သင်တန်းတက်ရောက်ပြီးသူ (၂၈၆) ဦး (အမျိုးသမီး ၅၃%) သည် အလုပ်အကိုင် ရရှိခဲ့ပါသည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ လပွတ္တာရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းမှ အကျိုးခံစားခွင့်ရှိသူ (၂၅၀) ဦး (အမျိုးသမီး ၃၀%) အား Mercy Corps ၏ ကူညီပံ့ပိုးမှုဖြင့် အလုပ်အကိုင် အခွင့်အလမ်းများဖြင့် ချိတ်ဆက်ပေးခဲ့ပြီး နောက်ပိုင်းတွင် အလုပ်အကိုင် ခန့်ထားခြင်း ခံခဲ့ရပါသည်။ HelpAge International ၏ စီမံချက်သည် မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် အထူးကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတို့မှတဆင့် ဝင်ငွေရှာရန်အတွက် ၎င်းတို့၏ လက်လှမ်းမီမှုအား တိုးတက်စေသည့် ရည်မှန်းချက်နှင့် အတူ မသန်စွမ်းသူများနှင့် ယင်းတို့၏ မိသားစုများ အတွက် လုပ်ကိုင် ဆောင်ရွက်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ဤစီမံချက် မှ ပို့ချပေးသည့် သင်တန်း၏ အကျိုးကျေးဇူးအား ခံစားခဲ့ရသူ ၁၄၅ ဦး (အမျိုးသမီး ၄၈%) တို့ အလုပ်အကိုင် ရရှိခဲ့ကြပါသည်။

**DH-၂.၃ – LIFT မှ ပံ့ပိုးပေးသည့် သင်တန်းအား အောင်မြင် ပြီးဆုံးအောင် တက်ရောက်ပြီး ၎င်းတို့၏ အလုပ်အကိုင် (သို့) စီးပွားရေး လုပ်ငန်းမှ ဝင်ငွေ တိုးတက် ရရှိလာသည့် သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း**

ဤညွှန်းကိန်းသည် DH ၁.၁ တွင် အစီရင်ခံ တင်ပြခဲ့သည့် အသက်မွေးဝမ်းကျောင်း (သို့) စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ သင်တန်း ပြီးဆုံးအောင် တက်ရောက်ပြီးနောက် (၆)လ အတွင်း ဝင်ငွေ တိုးတက်ရရှိလာသူများ၏ အရေအတွက်အား တိုင်းတာပါသည်။

DH- ၁.၂ မှာ တုံ့ပြန်ဖြေဆိုသူများ၏ ကိုယ်ပိုင်ဝင်ငွေ တိုးတက်မှု ရှိသည်ဟူသော ပုဂ္ဂလိက အမြင်ပေါ်တွင် အခြေခံထားပြီး ပြောင်းလဲမှုအား ရေတွက်တိုင်းတာပြသည့် လက်တွေ့မျက်မြင် အချက်အလက်များကို ရယူနိုင်ခြင်း မရှိပါ။ ယင်းမှာ ယခင် အလုပ်အကိုင် မရှိသည့် အခြေအနေမှ အလုပ်အကိုင် ရရှိလာခြင်း၏ ရလဒ်ကြောင့် ဝင်ငွေတိုးတက်မှုများ ရှိသည်ဟု ခြုံငုံ သုံးသပ်ထားပါသည်။ IP ၏ ခြေရာကောက် လုပ်ငန်းစဉ်များ အား ထပ်မံ၍ မွမ်းမံမှုများ လုပ်ဆောင်ခြင်း မပြီးစီးမီ အချိန်အထိ၊ DH- ၂.၁ တွင် အစီရင်ခံ တင်ပြခဲ့သည့် စီးပွားရေးလုပ်ငန်းများ တည်ထောင်ရာတွင်





အောင်မြင်ခဲ့သည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ သင်တန်းသားများအားလုံးနှင့် DH- ၂.၂ တွင် တင်ပြခဲ့သည့် အကျိုးရှိသော အလုပ်အကိုင် ရရှိရန် စီမံခန့်ခွဲနိုင်သည့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းသားများ အားလုံးသည် ဝင်ငွေတွင် တိုးတက်မှု ရှိသည့်သူများအဖြစ် သတ်မှတ်ချက်ပြည့်မီသည်ဟု မှတ်ယူပါသည်။ ရာခိုင်နှုန်း တွက်ချက်သည့် ပိုင်းခြေမှာ IP များ၏ ခြေရာကောက်သည့် လေ့လာမှုတွင် တွေ့ဆုံမေးမြန်းခဲ့သည့် စုစုပေါင်း သင်တန်းသားများ၏ အရေအတွက် ဖြစ်ပါသည်။

DH ၂.၁ နှင့် DH ၂.၂ ညွှန်းကိန်းများအောက်မှ အစီရင်ခံ တင်ပြခဲ့သည့် ပြီးစီးအောင်မြင်မှုများ အပေါ် အခြေခံ၍ လူပေါင်း (၃,၃၄၃) ဦး (အမျိုးသမီး ၆၈%) သည် ၂၀၂၀ ခုနှစ်တွင် ယင်းတို့၏ စီးပွားရေးလုပ်ငန်းများမှ (သို့) အလုပ်အကိုင်ရရှိခြင်းမှ တဆင့် ဝင်ငွေ တိုးတက်မှု ရှိခဲ့သည်ဟု မှတ်ယူပါသည်။

# LIFT ၏ ၂၀၂၀ ခုနှစ် ရလဒ်များ အနှစ်ချုပ်

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါ နှင့် လိုအပ်သည့် အသွားအလာကန့်သတ်ထိန်းချုပ်ရေး အစီအမံများကြောင့် သက်ရောက်မှုများရှိခဲ့သည့် စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေသည့် ထူးခြားသော နှစ်တစ်နှစ် ဖြစ်သော်လည်း LIFT ၏ ယေဘုယျ စွမ်းဆောင်ရည်မှာ အကြောင်းအရာအလိုက် နယ်ပယ် လေးခုတွင် ကောင်းမွန်ပါသည်။

ခြုံငုံသုံးသပ်ရမည်ဆိုလျှင် LIFT သည် ၂၀၂၀ ခုနှစ်အတွင်းတွင် အစီရင်ခံသည့် ညွှန်းကိန်း (၃၇) ခုအနက် (၂၄) ခုတို့တွင် ရည်မှန်းချက် ပြည့်မီ (သို့) ကျော်လွန်ခဲ့ပါသည်။

အကြောင်းအရာ နယ်ပယ် လေးခုလုံးတွင် မူဝါဒဆိုင်ရာ ညွှန်းကိန်းများ – အထူးသဖြင့် ရလဒ်အဆင့် မူဝါဒ ရေးရာနှင့် ဆက်နွယ်နေသည့် လှုပ်ရှားဆောင်ရွက်မှုများ နှင့် ထုတ်ဝေမှုများ– ၌ စွမ်းဆောင်ရည်မှာ ထူးကဲစွာ မြင့်မားနေဆဲဖြစ်ပါသည်။ ညွှန်းကိန်း ရှစ်ခုလုံး (အကြောင်း အရာအလိုက် နယ်ပယ် တစ်ခုလျှင် ညွှန်းကိန်း နှစ်ခုစီ) ၏ ရည်မှန်းချက် မှတ်တိုင်များကို ကျော်လွန်၍ ရရှိခဲ့ပါသည်။ စွမ်းဆောင်ရည်မှာ LIFT အစီအစဉ်များ၏ ရလဒ်အဖြစ် အစိုးရ၏ မူဝါဒ နှင့် ဘတ်ဂျက် အပြောင်းအလဲများ အပေါ် အာရုံစိုက်သည့် အကျိုးရလဒ်အဆင့် ညွှန်းကိန်းများ အားလုံးတွင် ညီတူညီမျှ ကောင်းမွန်ပါသည်။ အာဟာရ ဖွံ့ဖြိုးမှုမှလွဲ၍ ကျန်အကြောင်းအရာလိုက်နယ်ပယ် သုံးခုလုံးတွင် အစိုးရ၏ မူဝါဒ အပြောင်းအလဲများဆိုင်ရာ ညွှန်းကိန်းများအတွက် ရည်မှန်းချက် မှတ်တိုင်များအားလုံး ပြည့်မီ (သို့) ကျော်လွန်ခဲ့ပါသည်။ အလားတူပင် ဘတ်ဂျက် ခွဲဝေသတ်မှတ်မှုနှင့် အသုံးပြုမှုတို့တွင် ဤညွှန်းကိန်း အတွက် အစီရင်ခံသည့် အကြောင်းအရာလိုက်နယ်ပယ် သုံးခုလုံး (အာဟာရ ဖွံ့ဖြိုးမှု၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့လျားသွားလာမှု နှင့် စိုက်ပျိုးရေး ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ) တွင် ၎င်းတို့၏ သက်ဆိုင်ရာ စုပေါင်းထားသည့် ရည်မှန်းချက်မှတ်တိုင်များအားလုံး ပြည့်မီ (သို့) ကျော်လွန်ခဲ့ပါသည်။ ဤစွမ်းဆောင်နိုင်မှုသည် လွန်ခဲ့သည့် အစိုးရ ဌာန အဆင့်များ အားလုံးတွင် မူဝါဒများ၊ စီမံကိန်းအစီအစဉ်များနှင့် ရင်းမြစ်များအားတွင် တိကျခိုင်မာပြီး လုပ်ကိုင် ဆောင်ရွက်နိုင်စွမ်းရှိသည့် ဆင်းရဲနွမ်းပါးသူ ဦးစားပေး အပြောင်းအလဲများ ဖြစ်လာစေရန် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုများအား နှစ်အတန်ကြာ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်မှုများ၏ အသီးအပွင့်များကို မီးမောင်းထိုးပြလျက် ရှိပါသည်။ တစ်ဘက်တွင်လည်း ဤစွမ်းဆောင်မှုသည် ရည်မှန်းထားသည့် မှတ်တိုင်များအား ပြန်လည်သုံးသပ်ရန်လိုသည့်အပြင် နှစ်ပေါင်းများစွာ အတွင်း ရရှိခဲ့သော ကောင်းမွန်သည့် ရလဒ်များနှင့် နှိုင်းယှဉ်၍ ထပ်မံသုံးသပ်မှုများ နှင့် လေ့လာသင်ယူခြင်းများ ပြုလုပ်ရန် လိုအပ်သည်ကိုလည်း မီးမောင်းထိုးပြခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် LIFT ၏ အိမ်ထောင်စုစစ်တမ်း ကောက်ယူခဲ့ခြင်းမရှိသဖြင့် အာဟာရဖွံ့ဖြိုးမှုနှင့်ဆိုင်သည့် တာဝန်အဆင့် နှင့် ရလဒ် အဆင့် ညွှန်းကိန်းများ တိုင်းတာရန် မည်သည့် ကိန်းဂဏန်းအချက်အလက်မျှ မရနိုင်သဖြင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စွမ်းဆောင်ရည်မှာ စနစ်များအဆင့် ရလဒ် ညွှန်းကိန်း NS. ၁.၁ နှင့် NS. ၁.၂ တို့ပေါ်တွင် အခြေခံထားပါသည်။ ညွှန်းကိန်း NS ၁.၁ – LIFT မှ ထောက်ပံ့ပေးသည့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သည့် အရေအတွက် ၏ မှတ်တိုင် သည် ရည်မှန်းထားသည်ထက် ကျော်လွန်ခဲ့သော်လည်း ၂၀၂၀ ခုနှစ်အတွင်း အာဟာရဖွံ့ဖြိုးမှု သီးသန့် စီမံချက်များမှ ရောက်ရှိခဲ့သည့် တစ်ဦးချင်း အရေအတွက်မှာ ယခင်နှစ်ကထက် နည်းပါသည်။ အကြောင်းမှာ ၂၀၁၉ ခုနှစ်တွင် အစီရင်ခံခဲ့သည့် ပြီးစီးအောင်မြင်မှုများသည် ဤညွှန်းကိန်း၏ ပြီးစီးအောင်မြင်မှုများအတွက် (၉၀) ရာခိုင်နှုန်းကျော်ကို ပံ့ပိုးပေးခဲ့သည့် Save the Children မှ ဆောင်ရွက်ခဲ့သော ရပ်ရွာလူထု အခြေပြု SBCC စီမံကိန်းဆောင်ရွက်ချက်များနှင့် ၂၀၁၉ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၂၀ ခုနှစ် အစောပိုင်းတွင် ပိတ်သိမ်းခဲ့ပြီး ဖြစ်သည့် CRS နှင့် CDN တို့မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံချက်များအား အဓိကထား တွက်ချက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် မှတ်တိုင်များတွင် ညွှန်းကိန်း NS-၁.၂- LIFT မှ ပံ့ပိုးပေးသည့် အာဟာရ ဖေ့ာင်းပေး စီမံကိန်းဆောင်ရွက်ချက်များ ရောက်ရှိခဲ့သည့် အရေအတွက်၏ စွမ်းဆောင်နိုင်မှုမှာလည်း ၇၆ ရာခိုင်နှုန်းရရှိပြီး ကောင်းမွန်ပါသည်။

AMFS စနစ်များအဆင့် ညွှန်းကိန်း လေးခုစလုံးတွင် စွမ်းဆောင်ရည် ကောင်းမွန်ကြောင်း မှတ်တမ်းတင်ခဲ့ပြီး ညွှန်းကိန်း နှစ်ခုဖြစ်သည့် AS-၁.၁- [LIFT မှ ပံ့ပိုးပေးသည့် အားလုံးပါဝင်သည့်၊ ရာသီဥတု နှင့် သဟဇာတဖြစ်သည့်၊ အာဟာရ ဖေ့ာင်းပေး စိုက်ပျိုး ထုတ်လုပ်မှုကို မြှင့်တင်ပေးသည့် တန်ဖိုးမြှင့် ကွင်းဆက် ဂန်ဆောင်မှုပေးသူ (အစိုးရ၊ ပုဂ္ဂလိက၊ CSO) များ၏ အရေအတွက်] နှင့် AS-၁.၂- (စီးပွားရေးတိုးတက်ကြောင်း အသိပေးအစီရင်ခံသည့် LIFT မှ ပံ့ပိုးပေးသည့် သွင်းအားစု ဂန်ဆောင်မှုပေးသူများ၏ ရာခိုင်နှုန်း/အရေအတွက် ) တို့တွင် ၂၀၂၀ ခုနှစ်အတွက် စုပေါင်းထားသော ရည်မှန်းထားသည့် သက်ဆိုင်ရာ မှတ်တိုင်များ ကျော်လွန်ရရှိ အောင်မြင်ခဲ့ပါသည်။ အဆိုပါ ညွှန်းကိန်း နှစ်ခုလုံး အတွက် ၂၀၂၀ ခုနှစ်နှင့်သက်ဆိုင်သော ပြီးစီးအောင်မြင်မှုများမှာ မျှော်မှန်းထားသည့် ပြီးစီးအောင်မြင်မှု အတိုင်းအတာအပိုင်းအခြား အတွင်း၌ ရှိပါသည်။ ညွှန်းကိန်း AS-၁.၁ အတွက် မျှော်မှန်းထားသည့် တန်ဖိုးမြှင့်ကွင်းဆက် ဝန်ဆောင်မှု ပံ့ပိုးပေးသူ (၇) ဦးနှင့် နှိုင်းယှဉ်ပါက အသစ်သုံးဦးနှင့် ပူးပေါင်းဆောင်ရွက်မှု

တည်ဆောက်နိုင်ခဲ့သော်လည်း ညွှန်းကိန်း AS-၁.၂ အတွက်မူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိသည်ဟု အစီရင်ခံတင်ပြခဲ့သည့် သွင်းအားစု ဝန်ဆောင်မှု ပေးသွင်းသူ (၃၀) ဦး ရှိမည်ဟု မျှော်မှန်းထားသည်နှင့် နှိုင်းယှဉ်လျှင် ၃၆ ဦး ရှိခဲ့ပါသည်။ ညွှန်းကိန်း AS-၁.၃ မှာ ၂၀၂၀ ခုနှစ်အတွက် စုပေါင်းထားသော ရည်မှန်းထားသည့် မှတ်တိုင်၏ (၉၄) ရာခိုင်နှုန်း ရရှိခဲ့သော်လည်း ဤပြီးစီးအောင်မြင်မှုမှာ အဓိကအားဖြင့် ၂၀၁၉ ခုနှစ် တွင် မှန်းထားသည့်ထက် ကျော်လွန်၍ ပြီးစီးအောင်မြင်မှုများ ရရှိခဲ့ခြင်း၏ အကျိုးဆက်သာ ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် LIFT မှ ကူညီပံ့ပိုးပေးသည့် စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှုများ ရရှိခဲ့သူများ၏ အရေအတွက်မှာ ကြိုတင် အစီအစဉ် ရေးဆွဲထားသည့် အရေအတွက် (၄၃,၀၀၀) နှင့်နှိုင်းယှဉ်ပါက (၇,၂၉၃) ဦး ထံသို့သာ ရောက်ရှိခဲ့ပါသည်။ အလားတူ AS-၁.၄ တွင် ၂၀၂၀ ခုနှစ်အတွက် စုပေါင်းထားသော ရည်မှန်းထားသည့် မှတ်တိုင်၏ (၇၀) ရာခိုင်နှုန်း ရရှိခဲ့သော်လည်း ယင်းမှာ ၂၀၁၉ ခုနှစ် တွင် မှန်းထားသည်ထက် ကျော်လွန်၍ ပြီးစီးအောင်မြင်မှုများ ရရှိခဲ့ခြင်း၏ အကျိုးဆက်သာ ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်အတွက် တန်ဖိုးမြှင့်ကွင်းဆက်အတွက် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်အသစ်များနှင့် စပ်လျဉ်း၍ အစီရင်ခံထားခြင်း မရှိပါ။ မျှော်မှန်းချက်မှာ အလုပ်အကိုင်အသစ် (၃၄၀) ဖန်တီးပေးရန် ဖြစ်ပါသည်။ ညွှန်းကိန်း AS-၁.၃ နှင့် AS-၁.၄ နှစ်ခုလုံးတွင် ဤသို့ဖြစ်ရခြင်းမှာ ၂၀၂၀ ခုနှစ်အတွင်း ကြီးမားသည့် စိုက်ပျိုးရေး စီမံကိန်းကြီးများ အများစုမှာ ပိတ်သိမ်းချိန် ရောက်ရှိနေပြီး ပိတ်သိမ်းသည့် လုပ်ငန်းစဉ်များ လုပ်ကိုင်နေကြခြင်းကြောင့် ဖြစ်ပါသည်။

LIFT အနေဖြင့် AFMS အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း (IP) အဆင့် အကျိုးရလဒ် ညွှန်းကိန်း (AH-၁.၁၊ AH-၁.၂၊ AH-၁.၃၊ AH-၁.၄) တို့အား ၎င်း ညွှန်းကိန်းများ တိုင်းတာမှုမှာ ခက်ခဲနက်နဲသဖြင့် LIFT ၏ အိမ်ထောင်စုစစ်တမ်းမှတဆင့် အစီရင်ခံရန် ရည်ရွယ်ခဲ့ သော်လည်း LIFT ၏ IP များက ညွှန်းကိန်း သုံးခု ဖြစ်သည့် (AH-၁.၁၊ AH-၁.၂ နှင့်AH-၁.၄) တို့အတွက် ၎င်းတို့၏ ပုံမှန် စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများအားမှ ရရှိသည့် ကိန်းဂဏန်း အချက်အလက်များကိုသာ ပေးအပ်ခဲ့ပါသည်။ AH-၁.၁ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)၊ သွင်းအားစုများနှင့် နည်းပညာများ(စက်မှုလယ်ယာ အပါအဝင်) အသုံးပြုသည့် LIFT မှ ထောက်ပံ့ပေးသော အကြံပေး ဝန်ဆောင်မှုများ ရောက်ရှိခဲ့သည့်သူများ၏ ရာခိုင်နှုန်း/ အရေအတွက်သည် ၂၀၂၀ ခုနှစ်အတွက် စုပေါင်းထားသော ရည်မှန်းထားသည့် မှတ်တိုင်ကို ကျော်လွန်ရရှိခဲ့ပြီး AH-၁.၂ LIFT ဧရိယာများအတွင်းမှ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးသည့် စိုက်ပျိုးမြေဧရိယာ/ရာခိုင်နှုန်းမှာ ၂၀၂၀ ခုနှစ် စုပေါင်းထားသော ရည်မှန်းထားသည့် မှတ်တိုင်များ၏ (၉၇) ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ညွှန်းကိန်း နှစ်ခုလုံးသည် ၂၀၂၀ခုနှစ်အတွက် ၎င်းတို့၏ သက်ဆိုင်ရာ မှတ်တိုင်၏ စွမ်းဆောင်ရည်ကိုလည်း ကျော်လွန် ရရှိခဲ့ပါသည်။ ညွှန်းကိန်း AH-၁.၄ တွင် (၅၂ ရာခိုင်နှုန်းဖြင့်) ပြီးစီးအောင်မြင်မှု လျော့နည်းခဲ့သည်မှာ အဓိကအားဖြင့် စီမံကိန်းများသည် ၂၀၂၀ခုနှစ် အစောပိုင်းတွင် ပိတ်သိမ်းခဲ့သဖြင့် GAP ဆိုင်ရာ သင်တန်းများ ပြုလုပ်ပေးခဲ့သည့် IP များထံမှ ထည့်သွင်းတွက်ချက်နိုင်သည့် ကိန်းဂဏန်း အချက်အလက်များ မရရှိခြင်းကြောင့် ဖြစ်ပါသည်။

DWLM စနစ်များအဆင့် နှင့် အိမ်ထောင်စုအဆင့် ညွှန်းကိန်းများ၏ ယေဘုယျ စွမ်းဆောင်နိုင်မှုမှာ ကောင်းမွန်ပါသည်။ စနစ်များအဆင့် ညွှန်းကိန်း နှစ်ခုဖြစ်သည့် DS- ၁.၁ နှင့် DS- ၁.၃ တို့အတွက် စုပေါင်းထားသော ရည်မှန်းထားသည့် မှတ်တိုင်များနှင့် ၂၀၂၀ ခုနှစ် ရည်မှန်းချက်များမှာ ကျော်လွန်ခဲ့ပါသည်။ DH-၁.၂- LIFT မှ ပံ့ပိုးပေးသည့် သတင်းအချက်အလက်များ၊ သင်တန်းနှင့် အကူအညီပေးသည့် ဝန်ဆောင်မှုများကို ပေးအပ်ခဲ့သည့် ရွှေ့ပြောင်း အလုပ်သမားများနှင့် မိသားစုဝင်များ၏ အရေအတွက် တွင် စွမ်းဆောင်ရည် ထူးထူးခြားခြား မြင့်မားနေခြင်းမှာ COVID-19 ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားချိန်တွင် ရွှေ့ပြောင်းလုပ်သားများနှင့် မိသားစုများ၏ အရေးပေါ် လိုအပ်ချက်များကို ဖြေရှင်းပေး ရန်အတွက် DWLM ၏ စီမံကိန်းဆောင်ရွက်ချက်များကို လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်လုပ်ဆောင်နိုင်ခဲ့ခြင်း၏ အောင်မြင်မှုမှ ထင်ဟပ်ခြင်း ဖြစ်ပါသည်။ ထိုလိုက်လျောညီထွေ ဖြစ်စေရန် ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် DWLM သည် ၂၀၂၀ ခုနှစ်အတွက် စုပေါင်း လာသည့် ရည်မှန်းချက်အား (၁,၈၁၅) ရာခိုင်နှုန်းဖြင့် ကျော်လွန် ရရှိခဲ့ပါသည်။ ၂၀၂၁ အတွင်း ချဉ်းနင်းဝင်ရောက်လာသည့်အခါ ဤညွှန်းကိန်းအတွက် ရည်မှန်းချက်အား ဖြစ်ပွားနေမည့် COVID-19 ကပ်ရောဂါ အခြေအနေအား ထည့်သွင်းစဉ်းစားပြီး လျော်ညီစွာ ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။ အကျိုးရလဒ် ညွှန်းကိန်း သုံးခုဖြစ်သည့် (DH-၂.၁၊ DH-၂.၂ နှင့် DH-၂.၃) တို့၏ စွမ်းဆောင်ရည်မှာ ညွှန်းကိန်း DH- ၁.၁ အောက်ရှိ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများမှ အကျိုးခံစားခွင့်ရှိသူများအတွက် အိမ်ထောင်စုအညွှန်း စစ်တမ်းလေ့လာမှုများ၏ ရလဒ်ပေါ်တွင် မူတည်ပါသည်။ ကြိုတင် စီစဉ် သတ်မှတ်ထားသည့် ရည်မှန်းချက်များ ပြီးစီးအောင်မြင်နိုင်ရန် အလွန် အရေးပါသည့် စီးပွားရေး နှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်း နှစ်မျိုးစလုံးအား အနှောင့်အယှက် ဖြစ်စေခဲ့သည့် COVID-19 ကပ်ရောဂါကြောင့် ညွှန်းကိန်းသုံးခုစလုံး၏ စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုများရှိခဲ့ပါသည်။ အဆိုပါ ဆိုးကျိုးမှာ ၂၀၂၁ ခုနှစ်ထဲအထိ ဆက်လက် ရိုက်ခတ်နိုင်မည့် အလားအလာ ရှိနေပါသည်။

ယေဘုယျအားဖြင့် COVID-19 ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှု အစီအမံများမှ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ နှင့် စီးပွားရေး လုပ်ငန်းများအပေါ် အဖက်ဖက်မှ သက်ရောက်မှု တစ်စိတ်တစ်ဒေသအားဖြင့် ရှိသောကြောင့် ညွှန်းကိန်း ထက်ဝက်၏ ရည်မှန်းချက် မှတ်တိုင်များမှာ ပြည့်မီနိုင်ခဲ့ခြင်း မရှိသော်လည်း ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းမှာ ဆက်လက်၍ ကောင်းမွန်စွာ စွမ်းဆောင်နိုင်လျက်ရှိပါသည်။ အကျိုးခံစားခွင့်ရှိသူများနှင့် စပ်လျဉ်း၍ ဤစီမံကိန်းမှာ အိမ်ထောင်စုပေါင်း (၂,၉၁၂,၂၇၁) စု (၉၀ ရာခိုင်နှုန်းမှာ အမျိုးသမီး) တို့ထံရောက်ရှိသည့် တစ်ခုတည်းဖြစ်သည့် အကြီးမားဆုံးသော စီမံကိန်းဆောင်ရွက်ချက်အဖြစ် ဆက်လက် ရပ်တည်နေဆဲ ဖြစ်ပါသည်။

ညွှန်းကိန်းများအားလုံး၏ ယေဘုယျ စွမ်းဆောင်နိုင်မှုမှ LIFT မှ ယခင်က ဆောင်ရွက်ခဲ့သည့် အချိန်သတ်မှတ်၍ ရည်မှန်းချက် ချိန်ညှိမှု/ ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များဆောင်ရွက်ရန် လိုအပ်ကြောင်း ပြသလျက်ရှိပြီး ယင်းအား ၂၀၁၉-၂၀၂၃ အဆင့်အတွင်း၌ နှစ်စဉ် ဆောင်ရွက်ရန် အကြံပြုထားပါသည်။ ၂၀၂၁ ခုနှစ်အတွက် ရည်မှန်းချက်ချမှတ်ရာတွင် လက်ရှိ ဆောင်ရွက်နေဆဲဖြစ်သည့် COVID-19 ထိန်းချုပ် ကန့်သတ်မှုဆိုင်ရာ အစီအမံများ ဆက်လက်





ထားရှိခြင်း၊ ယေဘုယျအားဖြင့် အိမ်ထောင်စုများနှင့် စီးပွားရေးတို့အပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများ၊ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ LIFT ၏ စီမံကိန်း လုပ်ငန်းများ၊ စိုက်ပျိုးရေး ဈေးကွက်များနှင့် စားနပ်ရိက္ခာ စနစ်များ စီမံကိန်း၏ လုပ်ငန်းများ လျှော့ချခြင်း နှင့် ညွှန်းကိန်းများ ပြီးစီးအောင်မြင်မှု၏ လက်ရှိ အနေအထား တို့အပါအဝင် အရေးပါသည့် အကြောင်းအချက် တချို့ကို ထည့်သွင်း စဉ်းစား၍ ချမှတ်မည် ဖြစ်ပါသည်။

၂၀၂၀ခုနှစ်တွင် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း **၂,၉,၁၂,၂၇၁** ဦး ထံရောက်ရှိခဲ့ပြီး ယင်းတို့အနက်မှ **၉၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ** ဖြစ်ပါသည်။

# စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းစဉ် ထိရောက်စေရန်အတွက် COVID-19 ကပ်ရောဂါ အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ခြင်းမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ ဖော်ထုတ်ခြင်း

၂၀၂၀ ခုနှစ်တွင် LIFT ၏ FMO သည် COVID-19 ကပ်ရောဂါကို တုံ့ပြန်ကာကွယ်သည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာလတို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ယန္တရား များ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့အား သင်တန်းများ၊ ဖြည့်တင်းရေး ပစ္စည်းများ ဖြန့်ဖြူးပေးခြင်း နှင့် အသိပညာပေးခြင်း အပြင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု လျှော့ချရေး နှင့် ဆက်နွှယ်နေသည့် ကရိယာနှင့် အခြေခံ အဆောက်အဦ များ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်းတို့ကဲ့သို့ သော အကျိုးခံစားခွင့် ရှိသူများထံ အကူအညီများ ရောက်ရှိမှုနှင့် စပ်လျဉ်းသည့် တိကျသည့် ရလဒ်များအား တိုင်းတာရန်အတွက် ရည်ရွယ် ဆောင်ရွက်ထားပါသည်။

ရွေးချယ်ထားသည့် COVID-19 ဆိုင်ရာ ညွှန်းကိန်းများ နှင့် ဆိုင်သည့် မိတ်ဖက်အဖွဲ့အစည်းများ၏ ကိန်းဂဏန်း အချက်အလက်များ လစဉ် စုစည်းနိုင်ရန် COVID-19 ကပ်ရောဂါ ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ခြေရာကောက်သည့် နည်းကရိယာနှင့် database တို့ စတင် မိတ်ဆက်အသုံးပြုခြင်းဖြင့် LIFT အနေဖြင့် COVID-19 ကပ်ရောဂါဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များ၏ ရလဒ်အဆင့် ပြီးစီးအောင်မြင်မှု များအား ထိထိရောက်ရောက် ခြေရာကောက် နိုင်ခဲ့ပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများ မှ အစီရင်ခံတင်ပြသည့် ကိန်းဂဏန်းများနှင့် သတင်းအချက်အလက်များ ၏ တိကျမှုနှင့် ကိုက်ညီမှု ရှိစေရန် သီးသန့် လမ်းညွှန်များ ကိုလည်း ရေးဆွဲအကောင်အထည်ဖော် ခဲ့ပါသည်။ အခြားဆောင်ရွက်ခဲ့သည့် စောင့်ကြည့်စစ်ဆေးရေးဆိုင်ရာ အရေးပါသည့် လုပ်ငန်းများတွင် ကမ္ဘာ့ကပ်ရောဂါကြောင့် ဖြစ်ပေါ် လာသည့် အခြေအနေ ပြောင်းလဲမှုများအား နားလည်သဘောပေါက်နိုင်ရန် လိုအပ်ချက်များ အလျင်အမြန် ဆန်းစစ်ခြင်းများ နှင့် ငွေကြေး ထောက်ပံ့မှု၊ ဘောင်ချာ ဖြတ်ပိုင်း နှင့် အစားအသောက်များ ဖြန့်ဝေပေးခြင်းတို့၏ စွမ်းဆောင်နိုင်မှုကို ဆန်းစစ်ရန် အတွက် ဖြန့်ဝေပြီးနောက် စောင့်ကြည့် စစ်ဆေးရေး တို့ ပါဝင်ပါသည်။

LIFT အနေဖြင့် M&E စနစ်များအား အလျင်အမြန် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ခြင်းဖြင့် LIFT ၏ ယုတ္တိဗေဒ မူဘောင်နှင့် ကိုက်ညီမှုရှိသည့် COVID-19 ကပ်ရောဂါဆိုင်ရာ စီမံကိန်းလုပ်ငန်းများနှင့် သီးသန့်သက်ဆိုင်သည့် ကိန်းဂဏန်း အချက်အလက်များအား ကောက်ယူနိုင်သဖြင့် LIFT မှ သီးသန့်ဖြစ်သည့် ပြီးစီးအောင်မြင်မှုများအား ခြေရာကောက်နိုင်ပြီး အစီရင်ခံနိုင်သည့်အပြင် ရလဒ်များကိုလည်း ယုတ္တိဗေဒ မူဘောင်ရှိ ညွှန်းကိန်းများနှင့် ချိတ်ဆက်နိုင်ပါသည်။

အလျင်အမြန်ပြောင်းလဲလျက်ရှိသည့် အခြေအနေတွင် LIFT အနေဖြင့် အရည်အသွေးပြည့်ဝသည့် ကိန်းဂဏန်း အချက်အလက်များ ရရှိ နိုင် စေရန် ခိုင်မာအားကောင်းပြီး လိုက်လျောညီထွေ ဖြစ်စေသည့် M&E စနစ်များမှာ အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပြီး အရေးပေါ် အခြေအနေများတွင် လိုအပ်သည့် နည်းကရိယာများ နှင့် လမ်းညွှန်များအား သင့်လျော်သလို လိုက်လျောညီထွေ ဖြစ်စေရန် အတွက် မိတ်ဖက် အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်ဆောင်ရွက် ပါသည်။ ၂၀၂၀ခုနှစ်အတွင်း လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လုပ်ငန်းများ အတွက် ဖြန့်ဝေပြီးနောက် စောင့်ကြည့်စစ်ဆေးသည့် ယန္တရားများ ဒီဇိုင်းရေးဆွဲရာတွင် ဖော်ထုတ်တွေ့ရှိခဲ့သည့် အဓိက သင်ခန်းစာမှာ စီမံကိန်းဆောင်ရွက်ချက်များ ၏ အကျိုးရလဒ်များအား စစ်တမ်းများမှတဆင့် တိုင်းတာရန် လိုအပ်သဖြင့် ဒီဇိုင်းရေးဆွဲချိန်တွင် M&E ဆိုင်ရာ မေးခွန်းများ ထည့်သွင်းရန်မှာ အလွန်အရေးကြီးသည် ဆိုသည့် သင်ခန်းစာ ဖြစ်ပါသည်။

တယ်လီဖုန်းဖြင့် အလျင်အမြန် ကောက်ယူသည့် စစ်တမ်းများသည် အကျိုးခံစားခွင့်ရှိသူများထံ ရောက်ရှိရန် အတွက် ထိရောက်သည့် နည်းလမ်း ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပြီး LIFT နှင့် ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် COVID-19 ကပ်ရောဂါဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များ ၏ လတ်တလော အကျိုးရလဒ်များအား သုံးသပ်နိုင်ခဲ့ပါသည်။ ထိုသို့သော စစ်တမ်းများ ကောက်ယူရာတွင် ကောက်ယူသည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ စိန်ခေါ်မှုများရှိသော်လည်း ထိုနည်းလမ်းများမှာ မျက်နှာချင်းဆိုင် တိုက်ရိုက်တွေ့ဆုံမေးမြန်း ခြင်း အစား ယုံကြည်အားထားနိုင်သည့် တခြားနည်းလမ်း တစ်ခု ဖြစ်နေဆဲ ဖြစ်ပါသည်။ သို့သော်လည်း အဓိက ကြုံတွေ့ရသည့် အကန့်အသတ်မှာ တယ်လီဖုန်းဖြင့် ကောက်ယူသည့် စစ်တမ်းများ ၏ ညွှန်းကိန်းဆိုင်ရာအချက်အလက်များ၏ အတိုင်းအတာနယ်ပယ်မှာ အကန့်အသတ် ရှိနေခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေမှာ ဆက်လက်ပြောင်းလဲနေသဖြင့်ပြောင်းလဲနေသည့် မြန်မာနိုင်ငံ၏ အခြေအနေတွင် LIFT နှင့် ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်ချေရှိသည့် ကိန်းဂဏန်းအချက်အလက်များ ကွာဟခြင်းကို လျှော့ချနိုင်ရန် ဤချဉ်းကပ်နည်းလမ်းတွင် ရင်းနှီးမြှုတ်နှံရန် စဉ်းစားမည် ဖြစ်ပါသည်။




# ၄

## အကြောင်းအရာအလိုက် အစီအစဉ်များ


| | | |
|---|---|---|
| ၄.၁ | အာဟာရ ဖွံ့ဖြိုးမှု | ၅၅ |
| ၄.၂ | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများ | ၈၇ |
| ၄.၃ | စိုက်ပျိုးရေး ၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ | ၁၁၃ |
| ၄.၄ | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု | ၁၂၅ |

# အာဟာရ ဖွံ့ဖြိုးမှု

အကြောင်းအရာအလိုက်
အစီအစဉ်များ

# ၄.၁

## ၄.၁။ အာဟာရ ဖွံ့ဖြိုးမှု

### ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအကြား ဆိုးဆိုးရွားရွား အဖြစ်များနေသည့် အာဟာရ ချို့တဲ့မှုဒဏ်အား ဆက်လက် ခံစားနေရကြောင်းကို ပုညှက်မှု၊ ကျုံလှီမှုနှင့် အဏုအာဟာရ ချို့တဲ့မှုများမှတဆင့် သိသာထင်ရှားစွာ ပြသလျက်ရှိပါသည်။ ရပ်ရွာလူထု အာဟာရ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှု လျော့ကျလာခြင်း၊ စားနပ်ရိက္ခာစနစ်များ ပြတ်တောက်ခြင်း၊ စားသောက်ကုန် ဈေးနှုန်းများ တစ်စ ထက်တစ်စ တိုးမြင့်လာခြင်း နှင့် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု လျှော့ချရေးနှင့် တားဆီး ကာကွယ်ရေး အစီအမံများကြောင့် ဝင်ငွေများကျဆင်းခဲ့ခြင်းတို့က ပိုမိုဆိုးရွားစေသည့် စိုးရိမ်ဖွယ်ရာ အခြေအနေများ ဖြစ်အောင် တွန်းပို့ပေးလျက်ရှိရာ မြန်မာနိုင်ငံရှိ အားနည်းထိခိုက်လွယ်ပြီးဖြစ်သော ပြည်သူများအား ပိုမိုဆိုးရွားသည့် အာဟာရ ချို့တဲ့မှုနှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာရလဒ်များသာ ရရှိစေမည့် အခြေအနေ ဖြစ်စေပါသည်။ COVID-19 ကပ် ရောဂါဆိုင်ရာ အစီအမံများသည် ပြည်သူတစ်ဦးချင်း၊ အိမ်ထောင်စုများ နှင့် လူမှုအသိုက်အဝန်းများမှ အလိုအပ်ဆုံး ဖြစ်နေသည့် အချိန်တွင် အထက်ဖော်ပြပါ အကြောင်းအချက်များကြောင့် လူမှုရေးနှင့် စီးပွားရေး ကြံ့ကြံ့ခံနိုင်စွမ်း ဆိုင်ရာ စွမ်းရည်များအားနည်းသည့် အထူးသဖြင့် ရောက်ရှိရန် ခက်ခဲသည့် ဒေသများတွင် ပိုမို သိသာခဲ့ပါသည်။

ပုညှက်မှု (သို့) နာတာရှည် အာဟာရချို့တဲ့မှုတို့သည် ၁၉၉၀ ပြည့်နှစ်များတွင် (၅၀%) ခန့်ရှိရာမှ ၂၀၁၆ ခုနှစ်တွင် (၂၉%)[၂၀]သို့ ကျဆင်းခဲ့ သော်လည်း ပုညှက်သည်ဟု သတ်မှတ်ထားသော အသက်(၅)နှစ်အောက် ကလေးသူငယ် (၁.၄) သန်း ခန့်ရှိနေပါသည်။ လတ်တလောအာဟာရ ချို့တဲ့မှု (သို့) ကျုံလှီမှုမှာ ဆက်လက်မြင့်မားနေပြီး မူကြို အရွယ် ကလေးသူငယ်များ၏ (၇%) မျှ ခံစားနေကြရပါသည်။ COVID-19 ကမ္ဘာ့ကပ် ရောဂါ၏ ရလဒ်အနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်၌ အမျိုးသားဝင်ငွေ တိုးတက်မှုနှုန်းတွင် (၈.၆%) လျော့ကျသည်ကို မြင်တွေ့ရမည်ဟု Global Modelling မှ ကြိုတင်ခန့်မှန်းခဲ့ ပါသည်။ သို့ဖြစ်ရာ အသက် (၅)နှစ်အောက် ကလေးသူငယ် နောက်ထပ် (၁၁၀,၀၀၀) ဦးသည် လတ်တလော အာဟာရချို့တဲ့မှု ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ ယင်းကလေးသူငယ်များသည် အာဟာရဓာတ်ပြည့်ဝစွာရသည့် ကလေးသူငယ်များနှင့် နှိုင်းယှဉ်ပါက ၎င်းတို့၏ ငါးနှစ်မြောက် မွေးနေ့[၂၁] မတိုင်မီ သေဆုံးနိုင်ချေ (၁၂) ဆ ရှိသည်ဟု အဓိပ္ပါယ်ရပါသည်။

ကလေးသူငယ်များ ကောင်းမွန်စွာ လူလားမြောက်လာစေရန် အာဟာရချို့တဲ့မှု မဖြစ်စေရန်အတွက် ကာကွယ် တားဆီးရန်နှင့် အထွေထွေ ကျန်းမာရေး နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များ ပိုမိုတိုးတက် ကောင်းမွန်စေရန်တို့အတွက် ဘဝအစရက်ပေါင်း (၁,၀၀၀)အတွက် ဦးတည် ရည်ရွယ် သည့် စီမံကိန်း ဆောင်ရွက်ချက်များအပေါ် အာရုံစိုက်၍ ဆက်လက် လုပ်ဆောင်ရန်မှာ ထိုက်သင့် လျော်ကန်မှု ရှိပြီး လိုအပ်နေဆဲ လုပ်ငန်း ဖြစ်ပါသည်။ အသက် (၆)လမှ (၅၉)လ အကြားရှိ ကလေးသူငယ်များ (၅၈%) နှင့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများ၏ (၄၆%) အကြားတွင် အလွန်ဆိုးရွားသည့် သွေးအားနည်း ရောဂါ ပြဿနာ၏ ဝန်ပိမှုနှင့်တကွ ဘဝအစရက်ပေါင်း (၁,၀၀၀)အတွင်း အာဟာရ ချို့တဲ့မှု နိမ့်ပါးခြင်းဆိုင်ရာ ညွှန်းကိန်းများသည် မြန်မာနိုင်ငံ အတွက် စိုးရိမ်မကင်း ဖြစ်စရာ အခြေအနေအဖြစ် ဆက်လက်ရှိဆဲ ဖြစ်ပါသည်။[၂၂]ဤရောဂါ ဖြစ်ရခြင်းမှာ အစားအသောက် ကောင်းမွန်စွာ စားသုံးမှု မရှိခြင်း နှင့် သံဓာတ်စားသုံးမှု နည်းပါးခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ချေ အလွန် များပါသည်။

---

၂၀။ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက်စစ်တမ်း၊ ၂၀၁၅-၂၀၁၆

၂၁။ နိုင်ငံတကာစားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့ (မြန်မာ) (၂၀၂၀ ခုနှစ် ဩဂုတ်လ) "မြန်မာနိုင်ငံရှိ မိခင်နှင့် ကလေး အာဟာရချို့တဲ့မှုအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများ"

၂၂။ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက်စစ်တမ်း၊ ၂၀၁၅-၂၀၁၆

မျိုးရိုးလိုက်သည့် အာဟာရချို့တဲ့မှု သံသရာသည် အိမ်ထောင်စုများနှင့် လူမှုအသိုက်အဝန်းများ လက်ရှိ ကြုံတွေ့နေရသည့် အားနည်း ထိခိုက် လွယ်မှု ဆက်ကြုံတွေ့စေမည် ဖြစ်ပါသည်။ မကြာသေးမီက ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသ[၂၃]မှ ရရှိသော အထောက်အထားများမှ အရပ်အမောင်း ပုသည့် အမျိုးသမီးများ (အရပ် ၁၄၅ စင်တီမီတာထက်ပုသော) သည် ပုညှက်သည့် ကလေး မွေးဖွားလာနိုင်ချေ (၆)ဆအထိ ရှိသဖြင့် ကိုယ်ဝန်ဆောင်မိခင် အာဟာရဖွံ့ဖြိုးမှု နှင့် ကလေးသူငယ် အာဟာရချို့တဲ့မှုတို့အကြား ခိုင်မာသည့် အပြန်အလှန် ဆက်နွယ်မှုရှိကြောင်းကို အတည်ပြု ပေးပါသည်။ မွေးကင်းစ ကလေးငယ် ကိုယ်အလေးချိန် လျော့နည်းရခြင်းမှာ ကိုယ်ဝန်ဆောင်စဉ် အာဟာရ ဖွံ့ဖြိုးမှု နိမ့်ပါးခြင်း၏ တိုက်ရိုက်ရလဒ် ဖြစ်သောကြောင့် မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့် မွေးကင်းစ ကလေးငယ် ကိုယ်အလေးချိန် လျော့နည်းမှုနှုန်း (၈%) သည် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသူငယ်အာဟာရ ဖွံ့ဖြိုးမှု နှစ်မျိုးလုံး၏ အရေးပါသည့် ညွှန်းကိန်း တစ်ခု ဖြစ်ပါသည်။[၂၄] ဤအထောက်အထားမှ အာဟာရဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ အိမ်ထောင်စု တစ်ခုလုံးအား ချဉ်းကပ်သည့် နည်းလမ်းအား အသုံးပြုရန်မှာ အလွန်အရေးပါသည်ဟူသောအချက်ကို ထပ်လောင်း အားဖြည့်ပေးပါသည်။ ဤချဉ်းကပ်နည်းလမ်းအရ မိသားစုများ၏ အားနည်းထိခိုက်လွယ်မှုများအားလုံးကို လျှော့ချရန်နှင့် ၎င်းတို့၏ ဆင်းရဲနွမ်းပါးမှုနှင့် ထိတ်လန့်တုန်လှုပ်မှုများကို ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုတိုးတက်ကောင်းမွန်စေရန်တို့အတွက် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများနှင့် ဆယ်ကျော်သက်ရွယ်မိန်းကလေးများ စားသုံးသည့် အစားအသောက်၏ အရည်အသွေး တိုးတက် ကောင်းမွန်စေခြင်း နှင့် အန္တရာယ်ဖြစ်နိုင်သည့် အရင်းခံအကြောင်းတရားများကို လျှော့ချပေးခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

ဘဝအစရက်ပေါင်း (၁,၀၀၀)အပါအဝင် အာဟာရဖွံ့ဖြိုးမှုအရ အားနည်းထိခိုက်လွယ်သည့် အသက်အရွယ်များအတွင်း၌ အစာအာဟာရ စုံလင် မျှတစွာ စားသုံးမှုနှင့် အရည်အသွေး ပြည့်ဝသည့် အစားအစာ စားသုံးမှုသည် မြန်မာတနိုင်ငံလုံးတွင် အလွန်နည်းပါးကြောင်းအား သိရှိပြီးဖြစ်ပါသည်။ရခိုင်၊ ကရင်နှင့် ကယားပြည်နယ်များရှိ LIFT ၏ စီမံချက်များမှ မကြာသေးမီက ရရှိခဲ့သော ကိန်းဂဏန်း အချက်အလက်များသည် အသက် ၆ လမှ ၂၄ လ အတွင်းရှိ ကလေးသူငယ် (၁၆)ရာခိုင်နှုန်းကသာလျှင် အာဟာရဖွံ့ဖြိုးမှုအတွက် လုံလောက်သည့် အစားအသောက်များအား စားသုံးနိုင်ကြောင်း တွေ့ရှိခဲ့သည့် အမျိုးသားအဆင့် စစ်တမ်းရလဒ်များနှင့် ကိုက်ညီမှုရှိပါသည်။ စားသောက်သင့်သည်ထက် လျော့နည်း စားသုံးခြင်းသည် ကလေးသူငယ်၏ ကျန်းမာရေးနှင့် ကလေးသူငယ်၏ လက်ရှိ အချိန်နှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးရွားစွာ ထိခိုက်စေမည့် သက်ရောက်မှုရှိ နိုင်ပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်စဉ်၊ နို့တိုက်နေစဉ်နှင့် ဖြည့်စွက်စာ ကျွေးမွေးနေစဉ် ကာလများအတွင်း ရိုးရာဓလေ့ထုံးစံအရ ခွင့်မပြုသည့် အစားအသောက်များနှင့် အစားရှောင်ခြင်းတို့က အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အစားအသောက် စားသုံးမှုများအပေါ် အလွန်အမင်း လွှမ်းမိုးမှု ရှိနေဆဲဖြစ်ပြီး၊ ဆင်းရဲ နွမ်းပါးမှုနှင့် အစားအသောက်များအား လက်လှမ်းမီ ရယူနိုင်မှု အပါအဝင် အခြားအကြောင်းခြင်းရာများကလည်း အာဟာရဖူလုံမှုအတွက် အဆုံးအဖြတ်ပေးသော ခိုင်မာသည့် အချက်များ ဖြစ်ပါသည်။ အထူးသဖြင့် ပဋိပက္ခဒဏ်ခံဒေသများနှင့် ရွှေ့ပြောင်း သွားလာသည့် လူမှုအသိုက်အဝန်းများ အကြားတွင် ပြည့်စုံလုံလောက်သည့် အရည်အသွေး ပြည့် အစာအာဟာရများ လက်လှမ်းမီရယူနိုင်ရန် အခက်အခဲ ရှိပါသည်။

ကျေးလက်နှင့် မြို့ပြရှိ လူမှုအသိုက်အဝန်းများအကြား ကွာဟချက်များအား မီးမောင်းထိုးပြသည့် အဓိကအရေးပါသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်းကိန်းများသည် ဒေသအလိုက်ကွဲပြားမှုရှိပြီး ပဋိပက္ခဒဏ်ခံဒေသများနှင့် ရောက်ရှိရန် ခက်ခဲသော ဒေသများတွင် ပိုမိုဆိုးရွားနေသည့် အခြေအနေ တစ်ရပ်လုံးအား ပြသလျက်ရှိပါသည်။ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် LIFT ၏ ပံ့ပိုးကူညီမှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR)၏ လူမှုဝန်ထမ်း ဦးစီးဌာန (DSW) ကိုယ်စား မကြာသေးမီက ကောက်ယူခဲ့သည့် ကနဦး စစ်တမ်းမှ ကယားပြည်နယ်တွင် ကလေးသူငယ် ပုညှက်မှုနှုန်းမှာ ရောက်ရှိရန် ခက်ခဲသည့်ဒေသများတွင် (၄၈%) အထိ မြင့်မားနေပြီး ဝန်ဆောင် မှုများနှင့် အသက်မွေးဝမ်းကျောင်းမှုများ လက်လှမ်းမီ ရယူနိုင်မှု အလွန် ကောင်းမွန်သည့် မြို့ပြဒေသများတွင် (၁၇.၄%) ရှိသည်အထိ လျော့နည်း ထင်ရှားစေခဲ့သည်ကို တွေ့ရှိရပါသည်။ ကလေးသူငယ် ပုညှက်မှု ဖြစ်ပွားနှုန်းမှာ နေရာဒေသအလိုက်ကွဲပြားမှုရှိပြီး မြို့ပြမှ ကျေးလက်၊ ကျေးလက်မှ ရောက်ရှိရန် ခက်ခဲသော ဒေသများတွင် ပို၍ ပို၍ များပြားလာပြီး ထင်ရှားလာသည် တွေ့ရှိရပါသည်။ ကယားပြည်နယ်တွင် ကျုံလှီမှု မှာ ကျေးလက်ဒေသများ၌ ၆% အထိ မြင့်ပြီး မြို့ပြဒေသများတွင် ၃.၈% အထိ နည်းပါသည်။ သို့သော်လည်း ဤသည်မှာ ပဋိပက္ခဒဏ် မခံရသည့်ဒေသများတွင် ဆက်တိုက် ဖြစ်ပွားလေ့ရှိသည့် နမူနာပုံစံတော့ မဟုတ်ပါ။ ဥပမာအားဖြင့် NNC ၊ UNICEF နှင့် WFP တို့မှ မကြာ သေးမီက ပြုလုပ်ခဲ့သည့် စစ်တမ်းမှရရှိသည့် ကိန်းဂဏန်း အချက်အလက်များအရ ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသများတွင် ကျုံလှီမှု ဖြစ်ပွားမှုနှုန်းမှာ တနိုင်ငံလုံးတွင် တွေ့ရှိရသည့် ကိန်းဂဏန်းများထက် (၉.၄%) ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။[၂၅]

အာဟာရ အမျိုးအမည်စုံလင်သည့် အစားအသောက်များအား လုံလုံလောက်လောက် ရယူနိုင်မှုတွင် အားနည်းနေခြင်းသည် မြန်မာနိုင်ငံရှိ မိသားစုများအတွက် စိန်ခေါ်မှု တစ်ရပ် ဖြစ်နေပြီး ဆက်လက်၍လည်း ဖြစ်နေဦးမည် ဖြစ်ပါသည်။ COVID–19 ကပ်ရောဂါ မဖြစ်ပွားမီ ကာလကတည်းကပင် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ (၉၀%) သည် ၎င်းတို့၏ ကာယဉာဏ စွမ်းအားအတွက် လိုအပ်ချက်များအား ပြည့်မီစေမည့် အစားအစာများအား ဝယ်ယူရန်အတွက် တတ်နိုင်သော်လည်း (၄၀–၅၂ % )တို့ကသာ ၎င်းတို့၏ အာဟာရ ဖွံ့ဖြိုးမှု လိုအပ်ချက် ပြည့်မီသည့် အစားအသောက်များကို ဝယ်ယူရန် တတ်နိုင်သည်ဟူသော အချက်က အစားအသောက်များအား သာတူညီမျှ လက်လှမ်းမီ ရယူနိုင်မှု မရှိကြောင်းကို မီးမောင်းထိုးပြလျက် ရှိပါသည်။[၂၆၂၇] ဤသည်မှာ တိရစ္ဆာန် ရင်းမြစ်များမှ လာသည့် အစားအသောက်များ၊ သစ်သီးနှင့် ဟင်းသီး ဟင်းရွက် အပါအဝင် အာဟာရကြွယ်ဝသည့် အစားအသောက်များ၏ ဈေးနှုန်း မြင့်မားခြင်းကြောင့် ဖြစ်ပါသည်။ COVID–19 ကပ်ရောဂါ ဖြစ်ပွားနေသည့် အထူးသဖြင့် ရောက်ရှိရန် ခက်ခဲသော ဒေသများ၌ ကုန်ဈေးနှုန်းများ မြင့်တက်မည်ဟု ခန့်မှန်း ထားသောကြောင့် ဤအကြောင်းခြင်းရာမှာ ပို၍ပို၍ စိုးရိမ်ပူပန်စရာ အခြေအနေ ဖြစ်လာပါသည်။ ဤအခြေအနေအား အလုပ်အကိုင်များ ဆုံးရှုံးခြင်းနှင့် အခြား စီးပွားရေးဆိုင်ရာ အခက်အခဲများပါ ထပ်ပေါင်းလိုက်သည့်အခါ မိသားစုများ၏ ဝယ်ယူနိုင်စွမ်းအားကို ကျဆင်းစေပြီး အစားအသောက်အမျိုးစုံကို လုံလောက်စွာ စားသုံး နိုင်ရန်အတွက် အကန့်အသတ်များ ဖြစ်စေပါသည်။

အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်းကိန်းများမှ အလွန်နိမ့်ကျနေသည်ဟု ညွှန်းပြပြီးဖြစ်သည့် အခြေအနေတွင် COVID–19 ကပ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ဟန့်တားရန် အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သော ကြိုးပမ်းအားထုတ်မှုများနှင့် အစီအမံများမှ မြန်မာနိုင်ငံရှိ အားနည်းထိခိုက်လွယ်မှုအရှိဆုံးသော လူမှုအသိုက်အဝန်းများ၏ အာဟာရဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုများ ရှိမည်ဟု မျှော်မှန်းထားပါသည်။ ကပ်ရောဂါ၏ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ရလဒ်များအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုများ နှင့် စပ်လျဉ်း၍ ခိုင်မာသည့် သုံးသပ်ချက်များ ချမှတ်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များ ရရှိမှုမှာ အကန့်အသတ်ရှိနေသော်လည်း အလုပ်အကိုင်၊ ပညာသင်ကြားရေးတို့တွင် အနှောက်အယှက်များ ရှိခြင်း၊ ငွေလွှဲပေးပို့မှုများ လျော့ကျသွားခြင်း၊ ရပ်ရွာလူထုအနေဖြင့် အာဟာရ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူရာတွင် အလျဉ်ပြတ်တောက‌သွားခြင်းတို့က အာဟာရ ဖွံ့ဖြိုးမှုအပေါ်၌ လတ်တလော၊ ကာလလတ်နှင့် ရေရှည် အကျိုးဆက်များ ရှိလာမည်ဆိုသည့် စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။

**LIFT ၏ အာဟာရ ဖွံ့ဖြိုးမှု အစီအစဉ်မှ COVID–19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ကာကွယ်မှု**

LIFT ၏ အာဟာရဖွံ့ဖြိုးမှု အစီအစဉ်၏ COVID–19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ကာကွယ်မှုသည် မိတ်ဖက် အဖွဲ့အစည်းများအနေဖြင့် အစား အသောက် လုံလောက်စွာမစားနိုင်ခြင်း နှင့် ကျန်းမာရေးမကောင်းခြင်း အပါအဝင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အရေးပေါ် လိုအပ်ချက်များနှင့် အာဟာရချို့တဲ့ခြင်းကို ဖြစ်ပေါ်စေသည့် လတ်တလော အကြောင်းရင်းများကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အာဟာရသီးသန့် စီမံကိန်း ဆောင် ရွက်ချက်များ ကို လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးပါသည်။ တစ်ချိန်တည်းမှာပင် LIFT သည် COVID–19 ကပ်ရောဂါဆိုင်ရာ အစီအမံများကြောင့် သိသိသာသာ ထိခိုက်ခံရသည့် အာဟာရချို့တဲ့ရခြင်း အကြောင်းရင်းများအား ဖြေရှင်းပေးသည့် အာဟာရ အလေးပေး စီမံကိန်း ဆောင်ရွက်ချက်များအား အဆင့်မြှင့်တင်ခြင်းနှင့် ဆောင်ရွက်ခြင်းတို့အတွက် ကူညီပံ့ပိုးပေး လျက် ရှိပါသည်။ LIFT ၏ အာဟာရဖွံ့ဖြိုးမှု အစီအစဉ်သည် COVID–19 ကပ်ရောဂါ အပါအဝင် လူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းများမှ အထိတ်တလန့် ဖြစ်မှုများ၏ သက်ရောက်မှုအား ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရာတွင် အဓိကကျသည့်အရာအားလုံး ပါဝင်ပြီး၊ ကဏ္ဍစုံစနစ်များ ခိုင်မာ အားကောင်းစေသည့် ချဉ်းကပ်နည်းလမ်းအား မြှင့်တင်ရန်နှင့် ပံ့ပိုးကူညီပေးရန် တို့အတွက် ဆက်လက် ဆောင်ရွက်ပါသည်။

အာဟာရဖွံ့ဖြိုးမှု တိုးတက် ကောင်းမွန်စေရန်အတွက် အဆင့်ဆင့် ဆောင်ရွက်သည့် နည်းလမ်းအမျိုးမျိုးအား အထောက်အကူပြုသည့် LIFT မှ ကူညီပံ့ပိုးပေးသည့် COVID–19 ကပ်ရောဂါဆိုင်ရာ ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည် –

» **လူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားမှတဆင့် ရင်းမြစ်များအား လက်လှမ်းမီ ရယူနိုင်မှု တိုးတက်လာခြင်း –** အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ အားနည်းထိခိုက်လွယ်သူတစ်ဦးချင်းစီအား ကူညီပံ့ပိုးပေးရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် တစ်နိုင်ငံလုံးအဆင့် တုံ့ပြန်ဆောင်ရွက်ပေးသည့် စီမံကိန်း (၂)ခု ဖြစ်သော ကိုယ်ဝန်ဆောင်မိခင်မှစ၍ မွေးဖွားလာသော ကလေးအသက် နှစ်နှစ်ပြည့်သည်အထိ ငွေကြေး အထောက်အပံ့ပေးရေးအစီအစဉ် (MCCT) နှင့် လူမှုရေး ပင်စင် အစီအစဉ်တို့အား တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။ MCCT နှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့်ရှိသူများအတွက် ပုံမှန်ပေးအပ်သည့် ထောက်ပံ့ငွေအပြင် တစ်ဦးချင်းစီအတွက် တစ်ကြိမ်တည်း ထပ်ဆောင်း ပေးအပ်သည့် ထောက်ပံ့ငွေ မြန်မာကျပ်ငွေ (၃၀,၀၀၀) (ကန်ဒေါ်လာ ၂၂) အတွက် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပြီး လူမှုဝန်ထမ်း ဦးစီးဌာနမှ ပေးအပ်ခဲ့ပါသည်။
» **အာဟာရ ဇောင်းပေး စားနပ်ရိက္ခာစနစ်များအား ကူညီပံ့ပိုးပေးခြင်း –** အိမ်ခြံခင်း စိုက်ပျိုးမွေးမြူရေးတို့မှ ရရှိသည်များနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းသာမက ဈေးကွက်နှင့် စားသောက်ကုန် ဈေးနှုန်းများအား စောင့်ကြည့်စစ်ဆေးခြင်းအပါအဝင် အာဟာရ အမျိုးအမည်စုံလင်သည့် စားသောက်ကုန် ထုတ်လုပ်ခြင်းအား တိုးမြှင့်ခြင်းမှတဆင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ စနစ်များအား အရှိန်အဟုန် မြှင့်တင်ခြင်း၊ COVID–19 ကပ်ရောဂါကြောင့် ပေါ်ပေါက်လာခဲ့သည့် စားနပ်ရိက္ခာစနစ်၏ အားနည်းထိခိုက်လွယ်နိုင်ချေ အလားအလာများအရ စီမံကိန်း ဒီဇိုင်းပုံစံ၊ ဦးတည်ရည်ရွယ်ခြင်းနှင့် တိုင်းတာခြင်းတို့တွင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အမြင်များဖြင့် ရှုမြင်ခြင်းတို့သည် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ သက်ရောက်မှုများ ရရှိနိုင်ရန်အတွက် အထူးအရေးပါပါသည်။

၂၃။ NNC ၊ UNICEF နှင့် WFP (၂၀၁၈) –ရန်ကုန်မြို့ရှိ မြို့နယ် (၁၄)မြို့နယ်မှ ဆင်းရဲနွမ်းပါးသည့် မြို့ပြ လူမှုအသိုက်အဝန်းများ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရ ချို့တဲ့မှု အဆင့်အတန်းနှင့် အဆုံးအဖြတ် ပေးသောအရာများ (SDFU)

၂၄။ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း၊ ၂၀၁၅–၂၀၁၆

၂၅။ NNC ၊ UNICEF နှင့် WFP (၂၀၁၈)–ရန်ကုန်မြို့ရှိ မြို့နယ် (၁၄)မြို့နယ်မှ ဆင်းရဲနွမ်းပါးသည့် မြို့ပြ လူမှုအသိုင်းအဝန်းများ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရချို့တဲ့မှု အဆင့်အတန်းနှင့် အဆုံးအဖြတ်ပေးသောအရာများ

၂၆။ WFP (၂၀၁၉) အာဟာရဓာတ်ကွာဟမှုအား ဖြည့်ဆည်းခြင်း စစ်တမ်း

၂၇။ Mahrt, K. နှင့် အခြားသူများ (၂၀၁၉) မြန်မာနိုင်ငံတွင် အိမ်ထောင်စု အစားအသောက် စားသုံးမှုပုံစံနှင့် အာဟာရ ပြည့်ဝသည့် အစားအစာ အတွက် ကုန်ကျစရိတ်၊ နိုင်ငံတကာစားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့၊ https:www.ifpri.org/publication/household-dictary-patterns-and-wst-netritious-dict-myanmar တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

- **ဈေးများတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်များအား အဆင့်မြှင့်တင်ပေးခြင်း** – LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် ပြည်သူများအား အစားအသောက် သန့်ရှင်းမှုမရှိခြင်းနှင့် ဖျားနာမှုဖြစ်ခြင်း တို့မှ ကာကွယ်စောင့်ရှောက်ရန်အတွက် ဈေးများတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး နှင့် COVID-19 ကပ်ရောဂါ ကာကွယ် တားဆီးရေးဆိုင်ရာ အစီအမံများအတွက် ကူညီပံ့ပိုးပေးပါသည်။
- **မရှိမဖြစ်လိုအပ်သော ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား ဆက်လက်ဆောင်ရွက်ခြင်း** – လူမှုအသိုက်အဝန်းများ အထူးသဖြင့် အားနည်းထိခိုက်လွယ်သည့်အုပ်စုများနှင့် ရောက်ရှိရန်ခက်ခဲသည့်ဒေသများမှ အုပ်စုများအနေဖြင့် လိုက်လျော ညီထွေဖြစ်စွာ နေထိုင်နိုင်ရန် ကူညီပံ့ပိုးပေးခဲ့ပြီး ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား ထောက်ပံ့ပေးခြင်းကို ဆက်လက်ဆောင်ရွက် ပေးလျက်ရှိပါသည်။ ဤ ကြိုးပမ်းအားထုတ်မှုများတွင် လတ်တလောအာဟာရချို့တဲ့မှုအား ဘက်စုံ စီမံခန့်ခွဲရာတွင် လူမှုအသိုက်အဝန်း ကဏ္ဍအားကောင်းစေရေး ကြိုးပမ်းမှုများလည်း ပါဝင်ပါသည်။
- **ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား အဆင့်မြှင့်တင်ခြင်း** – LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် အာဟာရဖွံ့ဖြိုးမှု စီမံချက်များတွင် ရောဂါ ကူးစက်မှုကာကွယ် တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်းတို့အား ထည့်သွင်းရန်အတွက် လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင် ပြောင်းလဲထားသည့် ပိုမိုကောင်းမွန်သော WASH ဆိုင်ရာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် WASH ဆိုင်ရာ အစိတ်အပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် အဆင့်မြှင့်တင်ခဲ့ပါသည်။

COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် အခြေအနေတွင် ကျန်းမာရေးကဏ္ဍနှင့် ကျန်းမာရေးစနစ်တို့မှ တဆင့်ပေးအပ်သည့် မရှိမဖြစ် လိုအပ်သည့် အာဟာရ သီးသန့်စီမံကိန်း ဆောင်ရွက်ချက်များ၏ ဆက်လက်လုပ်ဆောင်စေခြင်းအပြင် အာဟာရဇောင်းပေး စိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်ချက်များ၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်၊ လူမှုကာကွယ် စောင့်ရှောက်မှု၊ ကျား၊ မ ရေးရာ၊ ပညာရေးနှင့် အခြားကဏ္ဍများ သည်လည်း အလွန်အရေးပါသည်။

အာဟာရသီးသန့် စီမံချက်များသည် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အားနည်းထိခိုက်လွယ်သည့် အုပ်စုများအတွက် အာဟာရ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး နိမ့်ကျရခြင်း၏ တိုက်ရိုက်အဖြစ်ဆုံး အကြောင်းရင်းများအပေါ် အာရုံစိုက်ပါသည်။ ဥပမာများတွင် အသက် (၅)နှစ်အောက် ကလေးသူငယ်များအကြား လတ်တလောအာဟာရချို့တဲ့မှုအား ကုသခြင်း (သို့) ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များထံ အဏုအာဟာရ ဖြည့်စွက်စာများ ပံ့ပိုးပေးခြင်းတို့ ပါဝင်ပါသည်။ အားနည်းထိခိုက်လွယ်သူများ၏ လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များအား ဖြည့်စွက်ပေးရန် အာဟာရဇောင်းပေး စီမံကိန်းလုပ်ငန်းများသည် အာဟာရ ဖွံ့ဖြိုးမှု နိမ့်ကျရခြင်း၏ အဓိက အကြောင်းရင်းများနှင့် အခြေခံ အကြောင်းရင်းများကို ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ အာဟာရ ဇောင်းပေး စီမံချက်များသည် အမျိုးမျိုး ကွဲပြားခြားနား လျက်ရှိပြီး ယင်းတို့တွင် မိသားစုများ အနေဖြင့် အာဟာရ အမျိုးအမည် စုံလင်သည့် စားနပ်ရိက္ခာ များအား လက်လှမ်းမီ ရယူ နိုင်ရန် ကူညီပံ့ပိုးပေးခြင်း၊ အဏုအာဟာရ ကြွယ်ဝသည့် အစားအသောက် ထုတ်လုပ်မှု တိုးတက် များပြားလာခြင်း၊ သန့်ရှင်းသည့် ရေ ရရှိနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုရယူသည့် အမူအကျင့်များ၊ အမျိုးသမီးများ ဝင်ငွေရရှိမှု နှင့် အခြား အကြောင်းအရာများစွာ ပါဝင်ပါသည်။ စီမံချက်တွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်ရှိပြီး ယင်းရည်မှန်းချက် ပြီးစီးအောင်မြင်မှုဆီသို့ ဦးတည်သည့် တိုးတက်မှုအား ဦးတည် ရည်ရွယ်ထားသည့် ပြည်သူများအတွက် ဆောင်ရွက်ပေးသည့် လုပ်ငန်းပြီးစီးမှုများဖြင့် တိုင်းတာပါက အခြား အကြောင်းအရာလိုက် နယ်ပယ်များ အနက်မှ စိုက်ပျိုးရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်၊ ကျား၊မ ရေးရာနှင့် ပညာရေး စီမံချက်များသည် အာဟာရ ဇောင်းပေး စီမံချက်များ ဖြစ်လာနိုင်ပါသည်။ LIFT ၏ အာဟာရဖွံ့ဖြိုးမှု အစီအစဉ်သည် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်း ထိခိုက်မှု အလွယ်ဆုံးဖြစ်သည့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများ (အသက် ၁၅ နှစ်မှ ၄၉ နှစ်အကြား)၊ အလွန် ငယ်ရွယ် သည့် ဆယ်ကျော်သက်ရွယ် မိန်းကလေးများ (အသက် ၁၀ နှစ်နှင့် ၁၄ နှစ် အကြား)နှင့် ငါးနှစ်အောက် ကလေးသူငယ်များအား ဦးတည် ရည်ရွယ် ပါသည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များနှင့် အသက်(၂) နှစ်အောက် ကလေးများ ၏ ဘဝအစရက်ပေါင်း (၁,၀၀၀) ကာလတွင် အထူးအာရုံစိုက်ပါသည်။

**မိတ်ဖက်အဖွဲ့အစည်းများမှ COVID-19 ကပ်ရောဂါနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်း**

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းအများစုအတွက် ၂၀၂၀ခုနှစ်သည် စီမံချက်လုပ်ငန်းများနှင့် ဝန်ထမ်းများ၏ ပုံမှန်လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်းတို့အား COVID-19 ကပ်ရောဂါနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရန် လိုအပ်သော တမူထားခြားသည့် နှစ်တစ်နှစ်ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းအများအပြား၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအား ထိခိုက်စေသည့် အပြောင်းအလဲများမှာ ခရီးသွားလာမှုများ ကန့်သတ်ထားခြင်း၊ စီမံချက် ဧရိယာများတွင် တစ်စိတ်တစ်ပိုင်း (သို့) လုံးဝ အသွားအလာ ကန့်သတ်ထားခြင်း၊ သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရ အမိန့်ထုတ်ပြန်ခြင်း၊ လူစုလူဝေး ပြုလုပ်ရာတွင် လူဦးရေ ကန့်သတ်ခြင်း၊ အကန့်အသတ် ဖြင့်သာ ရောဂါပိုး စစ်ဆေး ပေးနိုင်ခြင်းနှင့် အသွားအလာ ကန့်သတ် စောင့်ကြည့်ခြင်းအတွက် ဒေသအလိုက် စည်းကမ်း သတ်မှတ်ခြင်းတို့ ဖြစ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် စီမံချက်များမှ လုပ်ငန်းအကောင်အထည် ဆောင်ရွက်နိုင်မည့် ဖြစ်နိုင်ခြေ ဆန်းစစ်အကဲဖြတ်မှု ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယနှစ်ဝက်တွင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် လုပ်ငန်း ဆောင်ရွက်မှုများ၊ စစ်တမ်း ကောက်ယူခြင်းနှင့် ဆက်သွယ် ဆောင်ရွက်ခြင်းတို့အတွက် အင်တာနက် အွန်လိုင်း ပလက်ဖောင်းများမှတဆင့် ပြောင်းရွှေ့ လုပ်ဆောင်ခြင်းဖြင့် (သို့) ရောဂါပိုး ပျံ့နှံ့မှုကို ကာကွယ်တားဆီးခြင်း၊ WASH ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအား တိုးချဲ့ခြင်းနှင့် ဒေသန္တရ အစိုးရ၏ ကာကွယ် တုံ့ပြန်မှုများတွင် ကူညီပံ့ပိုးပေးခြင်းတို့နှင့် ဆက်နွယ်နေသည့် လုပ်ငန်းများအပါအဝင် လုပ်ငန်းအသစ်များထံသို့ ရန်ပုံငွေထောက်ပံ့မှုများအား ပြောင်းရွှေ့အသုံးပြုခြင်းဖြင့် လုပ်ငန်းများ ဆက်လက် လုပ်ဆောင်နိုင်မည့် သမားရိုးကျ မဟုတ်သော မဟာဗျူဟာများကို ကြံဆ ဖန်တီးခဲ့ပါသည်။





၂၀၂၀ ခုနှစ်သည် ကျန်းမာရေးဆိုင်ရာ အရင်းအမြစ် အများအပြားအား COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ခြင်းအတွက် ပြောင်းရွှေ့ လိုက်ရသည့် စိန်ခေါ်မှုများသည့် နှစ်တစ်နှစ် ဖြစ်ခဲ့သော်လည်း အခွင့်အလမ်းအသစ်များအတွက်လည်း လမ်းခင်း ပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂ တို့မှစတင် ဆောင်ရွက်သည့် ကြီးမားသော အတိုင်းအတာဖြင့် ရင်းနှီး မြှုပ်နှံထားသည့် စီမံကိန်း အများအပြားမှ အာဟာရဖွံ့ဖြိုးမှု ကဏ္ဍ အပေါ် ကောင်းမွန်သည့် သက်ရောက်မှုများရှိခဲ့ပြီး LIFT အား အာဟာရ ဆိုင်ရာရလဒ်များ တိုးတက်ကောင်းမွန်စေရန်အတွက် မူဝါဒနှင့် စီမံကိန်းလုပ်ငန်းများမှတဆင့် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများ ပေးအပ်ခဲ့ပါသည်။ ယင်းတို့တွင် (၁) စီးပွားရေး ပြန်လည် ဦးမော့နိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရမှ ဦးဆောင်သည့် COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) – အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ် သီးသန့်အာရုံစိုက်မှုနှင့်အတူ CERP သည် အလုပ်အကိုင် နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား အကာအကွယ်ပေးရန်အတွက် စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့် ကွင်းဆက်အတွင်း လှုပ်ရှား ဆောင်ရွက်သူများအားလုံးကို ပန်ကြားခဲ့ပါသည်။ ထို့အပြင် CERP သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) မှ ဆောင်ရွက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေရေးလှုံ့ဆော်မှု အစီအစဉ်များ အား ကူညီ ပံ့ပိုးခြင်းနှင့် MCCT နှင့် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူများအတွက် ထပ်ဆောင်းပေးသည့် အကျိုးခံစားခွင့်များမှတဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးယန္တရား ခိုင်မာ အားကောင်း စေရေးအတွက် ကူညီပံ့ပိုးမှုအား ပေးအပ်ခဲ့ပါသည်။ (၂) ကမ္ဘာ့ဘဏ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန တို့သည် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် ခိုင်မာအားကောင်းစေမည့် အစီအစဉ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အမျိုးသား MCCT စီမံကိန်းအား တိုးချဲ့ရာတွင် ငွေကြေး ထောက်ပံ့ပေးမည့် နိုင်ငံတကာ ဖွံ့ဖြိုး တိုးတက်ရေးအသင်း (IDA) ချေးငွေ အတွက် လက်မှတ်ရေးထိုးခဲ့ပါသည်။ MCCT စီမံကိန်းအား ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ၂၀၂၁ ခုနှစ်၌ အပြည့်အဝ လုပ်ငန်းလည်ပတ် ဆောင်ရွက်ရန် စီစဉ်ထားခဲ့ပါသည်။[၂၈] ဤချေးငွေသည် လက်ရှိ IDA ၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းအတွက် ဖြည့်ဆည်းပေးပြီး ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ရာတွင်နှင့် အမျိုးသား ကျန်းမာရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်စေရန်တို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) အား ကူညီပံ့ပိုး ပေးခြင်းနှင့် အမျိုးသမီးများ ပညာရေး ခိုင်မာအားကောင်းစေရန် အတွက် ပညာရေးဝန်ကြီးဌာန (MoE) ၏ ကြိုးပမ်း အားထုတ်မှုများကို ကူညီပံ့ပိုး ပေးခြင်း အပါအဝင် အာဟာရချို့တဲ့မှု လျှော့ချရေးအတွက်လည်း အထောက်အပံ့ပေးပါသည်။ (၃) အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းပြမြေပုံ – အစားအသောက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း မူဘောင်အား MoLAI ၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) တို့၏ ကူညီပံ့ပိုးမှုဖြင့် ASEAN အစီအစဉ်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ရေးဆွဲခဲ့ပါသည်။ (၄) MS-NPAN ၏ အာဟာရဇောင်းပေးသည့် စိုက်ပျိုးရေး ဆိုင်ရာ ရည်မှန်းချက်များ ပြီးစီးအောင်မြင်မှု ရရှိရန်အတွက် ကူညီပံ့ပိုးပေးရန် ဥရောပသမဂ္ဂ ဘဏ္ဍာရေး ထောက်ပံ့မှုအစီအစဉ် မှ MoLAI ထံ ကူညီပံ့ပိုးပေးခဲ့ပါသည်။

| အကောင်အထည်ဖော် ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက်အမည် | အဓိကလုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့်ဒေသ |
|---|---|---|---|---|
| **Catholic Relief Services (CRS)** | ရပ်ရွာလူထုနှင့် ထိတွေ့ ဆောင်ရွက်မှု မှတဆင့် စိုက်ပျိုး ထုတ်လုပ်မှု မြင့်မားရေး (PACE) | အာဟာရဖွံ့ဖြိုးမှုနှင့် အာဟာရ ဇောင်းပေး စိုက်ပျိုးရေး | ၂၀၁၆ ဇွန်–၂၀၂၀ ဇွန် | ချင်းပြည်နယ်– ဖလမ်း၊ ထန်တလန်နှင့် မတူပီ မြို့နယ်များ |
| **Catholic Relief Services** | ပြည်သူ့ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အာဟာရ ဖွံ့ဖြိုးမှု နှင့် ကျား၊မ ရေးရာ လုပ်ကိုင်နိုင်စွမ်း (CHANGE) | အာဟာရဖွံ့ဖြိုးမှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း | ၂၀၂၀ ဇွန်– ၂၀၂၃ မေ | ချင်းပြည်နယ် |
| **Consortium of Dutch NGOs (CDN)– ZOA** | ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးလက်နေ ဆင်းရဲနွမ်းပါး သူများ၏ ဝင်ငွေများနှင့် အာဟာရ ဆိုင်ရာ ရလဒ်များ တိုးတက်စေခြင်း | အာဟာရဇောင်းပေး စိုက်ပျိုးရေး | ၂၀၁၆ ဇူလိုင်– ၂၀၂၀ စက်တင်ဘာ | ကရင်ပြည်နယ် မြောက်ပိုင်း |
| **Community Partners International (CPI)** | Project Nourish– အာဟာရဖွံ့ဖြိုး တိုးတက်ရေး (nutrition)၊ ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး လုပ်ငန်းများ (WASH) မှတဆင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပြည်သူများ၏ စွမ်းရည်များဖွံ့ဖြိုး တိုးတက်ရေး စီမံချက် | ကရင်ပြည်နယ် MCCT အား ကူညီပံ့ပိုးပေးရန် အာဟာရ ဖွံ့ဖြိုးမှုနှင့် WASH လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၂၀၂၀ စက်တင်ဘာ– ၂၀၂၃ ဩဂုတ် | ကရင်ပြည်နယ် |
| **Department of Social Welfare (DSW)** | မြန်မာနိုင်ငံအတွက် ပေးသည့် အထောက်အပံ့အား အကောင်အထည် ဖော်ခြင်း | အာဟာရဖွံ့ဖြိုးမှု– MCCT | ၂၀၁၇ မတ် – ၂၀၂၀ ဇွန် | ချင်းပြည်နယ် |
| **Department of Social Welfare (DSW)** | လူမှုဝန်ထမ်းဦးစီးဌာန၏ ကရင်ပြည်နယ် MCCT အစီအစဉ်အား ကူညီပံ့ပိုး ပေးခြင်း | အာဟာရဖွံ့ဖြိုးမှု – M&E | ၂၀၁၉ ဖေဖော်ဝါရီ – ၂၀၂၀ ဇွန် | ကရင်ပြည်နယ် |
| **Department of Social Welfare (DSW)** | လူမှုဝန်ထမ်းဦးစီးဌာန၏ ကယားပြည်နယ် MCCT အစီအစဉ်အား ကူညီပံ့ပိုး ပေးခြင်း | အာဟာရဖွံ့ဖြိုးမှု – M&E | ၂၀၁၉ ဖေဖော်ဝါရီ – ၂၀၂၀ ဇွန် | ကယားပြည်နယ် |

***ဇယား ၄.၁။ LIFT မှ ပံ့ပိုးပေးသည့် အာဟာရဖွံ့ဖြိုးရေး စီမံချက်များ***

၂၈။ ၂၀၂၁ ခုနှစ်တွင် ဤအစီရင်ခံစာရေးသားနေသည့် အချိန်၌ ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ ၎င်းမှာ ဖြစ်နိုင်ခြင်း မရှိတော့ပါ။

| အကောင်အထည်ဖော် ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက်အမည် | အဓိကလုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့်ဒေသ |
|---|---|---|---|---|
| **Health Poverty Action (HPA)** | ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ ပဋိပက္ခဒဏ် ခံစားရသည့် အားနည်း ထိခိုက်လွယ် ပြည်သူများ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်း ပိုမိုကောင်းမွန် စေခြင်း | အာဟာရဖွံ့ဖြိုးမှု | ၂၀၂၀ ဇန်နဝါရီ – ၂၀၂၂ ဒီဇင်ဘာ | ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကချင်ပြည်နယ် |
| **International Rescue Committee (IRC)** | ကယားပြည်နယ် ဘက်စုံ အာဟာရဖွံ့ဖြိုးမှု (KIN) စီမံချက် | အာဟာရဖွံ့ဖြိုးမှု | ၂၀၂၀ သြဂုတ် – ၂၀၂၃ ဇူလိုင် | ကယားပြည်နယ် |
| **Karuna Mission Social Solidarity (KMSS)** | ပဋိပက္ခဒဏ်ခံရသည့် အမျိုးသမီးများ နှင့် လူငယ်များအား အာဟာရဖွံ့ဖြိုးမှု နှင့် အလုပ်အကိုင်များ အတွက် ကူညီပံ့ပိုးပေးခြင်း (SAFEWAY NET) | အာဟာရဖွံ့ဖြိုးမှု | ၂၀၁၉ ဇူလိုင် – ၂၀၂၂ ဇွန် | ကချင်ပြည်နယ် – မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်၊ မန်စီနှင့် မိုးမောက် မြို့နယ်များ ရှမ်းပြည်နယ် မြောက်ပိုင်း– သိန္နီ၊ ကွတ်ခိုင်နှင့် မူဆယ် မြို့နယ်များ |
| | | | | |
| **Koe Koe Tech Co.,Ltd.** | ရွှေခရီးလမ်းဘောဂမေမေ (ရွှေမေမေ) | အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကား ပေးပို့ခြင်း | ၂၀၁၈ ဇွန် – ၂၀၂၀ ဇွန် | တနိုင်ငံလုံး |
| **PATH** | မြန်မာနိုင်ငံတွင် အားဖြည့်ဆန်အား မိတ်ဆက်ခြင်း | အာဟာရဖွံ့ဖြိုးမှုနှင့် အားဖြည့်ဆန် | ၂၀၁၃ ဇူလိုင် – ၂၀၂၀ ဇွန် | ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး နှင့် မန္တလေးတိုင်း ဒေသကြီးများ |
| | | | | |
| **PATH in Partnership with Terres des Hommes Italy, BKM, and BoPInc.** | SMART MOVE | စားနပ်ရိက္ခာစနစ်၊ အာဟာရ ထပ်ဖြည့် အစားအစာ | ၂၀၁၉ အောက်တိုဘာ– ၂၀၂၂ စက်တင်ဘာ | ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသ |
| **People in Need (PIN)** | အေးချမ်းသောအိမ်– ရွှေပြည်သာတွင် ရွှေ့ပြောင်း သွားလာသည့် အလုပ်သမား များအား လုပ်ကိုင်နိုင်စွမ်း ပေးအပ်ခြင်း | အာဟာရဖွံ့ဖြိုးမှု အစိတ်အပိုင်းပါရှိ သည့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့်အလုပ်သမား ရွှေ့ပြောင်း သွားလာမှု | ၂၀၁၉ အောက်တိုဘာ – ၂၀၂၂ စက်တင်ဘာ | ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသ |
| **Save the Children** | ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ပဋိပက္ခ ဒဏ်ခံရသည့် ဒေသများတွင် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း (BRICKS) | အာဟာရဖွံ့ဖြိုးမှု၊ လူမှု ကာကွယ် စောင့်ရှောက်ရေး | ၂၀၁၉ ဇူလိုင် – ၂၀၂၂ ဇွန် | ရှမ်းပြည်နယ် မြောက်ပိုင်း– ကွတ်ခိုင်၊ နမ့်ခမ်း၊ ကျောက်မဲနှင့် နမ့်မတူ မြို့နယ်များ ကချင်ပြည်နယ် – မန်စီနှင့် မိုးမောက် မြို့နယ်များ |
| | | | | |
| **Save the Children** | ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ | အာဟာရဖွံ့ဖြိုးမှု၊ ကျန်းမာရေး၊ WASH ကာကွယ် စောင့်ရှောက်ခြင်း နှင့် အသက်မွေး ဝမ်းကျောင်းများ/ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် | ၂၀၂၀ ဇန်နဝါရီ – ၂၀၂၂ ဒီဇင်ဘာ | ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသ |
| **Save the Children** | အာဟာရချို့တဲ့မှု လျှော့ချရန် အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း (LEARN) | အာဟာရဖွံ့ဖြိုးမှု – စွမ်းဆောင်ရည် တည်ဆောက်ခြင်း | ၂၀၂၀ မေ – ၂၀၂၃ မေ | တစ်နိုင်ငံလုံး |
| **Shalom Nyein Foundation** | မြန်မာနိုင်ငံ ကချင်ပြည်နယ် အာဟာရ ဖွံ့ဖြိုးမှုနှင့် အသက်မွေး ဝမ်းကျောင်းမှု တို့ အတွက် SGH မှ တဆင့် ထောက်ပံ့ပေးခြင်း | IDP များ၊ ကိုယ့်အားကိုယ်ကိုး အုပ်စုများအတွက် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အား လက်လှမ်းမီ ရရှိစေရန် အတွက် အာဟာရ ဖွံ့ဖြိုးမှု၊ အသက်မွေး ဝမ်းကျောင်းမှုများ ပံ့ပိုးပေးခြင်း | ၂၀၂၀ ဇန်နဝါရီ – ၂၀၂၁ ဒီဇင်ဘာ | ကချင်ပြည်နယ် |
| **Sustainable Development Knowledge Network (Spectrum)** | မြန်မာနိုင်ငံရှိ စားသုံးနိုင်သော အင်းဆက်ပိုးများ ကဏ္ဍ အနာဂတ် ဖွံ့ဖြိုးမှု အလားအလာ ဖော်ဆောင်ခြင်း | အာဟာရဖွံ့ဖြိုးမှု – စားသုံးနိုင် သည့် အင်းဆက် ပိုးများအား သုတေသနပြုခြင်း | ၂၀၁၈ စက်တင်ဘာ – ၂၀၂၀ စက်တင်ဘာ | တနိုင်ငံလုံး |
| **The Border Consortium (TBC)** | တောင်တန်းဒေသ အာဟာရဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးအတွက် ရေရှည်တည်တံ့သည့် အသွင်ကူးပြောင်းမှု (STAND UP) အဆင့် ၂ | အာဟာရဖွံ့ဖြိုးမှု နှင့် စိုက်ပျိုးရေး | ၂၀၁၉ အောက်တိုဘာ – ၂၀၂၂ စက်တင်ဘာ | တနင်္သာရီ၊ ကယား၊ ကရင် နှင့် မွန် |
| **World Food Programme (WFP)** | မြန်မာနိုင်ငံတွင် အစိုးရ၏ အမျိုးသား အာဟာရဆိုင်ရာ မဟာဗျူဟာများအား SBN (SUN Business Network) မှ တဆင့် ပေးအပ်ရန် စီးပွားရေး လုပ်ငန်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း | ပုဂ္ဂလိက ကဏ္ဍ အာဟာရ ဖွံ့ဖြိုးမှု၊ အာဟာရ ထပ်မံ ဖြည့်တင်းထား သည့် အစားအစာ၊ လုပ်ငန်းခွင်တွင် အာဟာရ ဖွံ့ဖြိုးမှု၊ စားနပ်ရိက္ခာ စနစ်များ၊ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး | ၂၀၁၉ နိုဝင်ဘာ – ၂၀၂၁ အောက်တိုဘာ | ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသ |
| **World Food Programme (WFP)** | မြန်မာနိုင်ငံ တဝှမ်း အားဖြည့်ဆန် ထုတ်လုပ်ရေး နှင့် စားသုံးမှု တိုးချဲ့ခြင်း | အာဟာရဖွံ့ဖြိုးမှု – အားဖြည့်ဆန် ဖြန့်ဝေပေးခြင်း | ၂၀၁၇ သြဂုတ် – ၂၀၂၀ ဇွန် | ရခိုင်ပြည်နယ် |





| အကောင်အထည်ဖော် ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက်အမည် | အဓိကလုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့်ဒေသ |
|---|---|---|---|---|
| **World Concern** | ကချင်ပြည်နယ်ရှိ ပဋိပက္ခ ဒဏ်ခံ ပြည်သူများ၏ အာဟာရ ဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေခြင်း | အာဟာရဖွံ့ဖြိုးမှု ၊ အာဟာရ ဇောင်းပေး စိုက်ပျိုးရေး | ၂၀၂၀ ဇန်နဝါရီ – ၂၀၂၂ ဒီဇင်ဘာ | ကချင်ပြည်နယ် |
| **World Vision** | ဘိုကလေးတွင် အသက်မွေးမှု တိုးပွားလာခြင်း | အာဟာရဖွံ့ဖြိုးမှု၊ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု၊ လွတ်လပ်သည့် အသေးစား ကုန်စုံ ဆိုင်များ အသင်း၊ အိမ်ခြံ ဥယျာဉ် စိုက်ပျိုးခြင်း၊ ရပ်ရွာ အခြေပြု အဖွဲ့အစည်းများ စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် ဘေးအန္တရာယ် လျှော့ပါးရေး | ၂၀၁၅ စက်တင်ဘာလ – ၂၀၂၀ ဇွန် | ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသ၊ ဘိုကလေးမြို့နယ် |

# စိတ်ဝင်စားဖွယ်ရာများ

## မူဝါဒအဆင့်

**MS–NPAN – COVID–19 ကပ်ရောဂါ ကာကွယ်တုံ့ပြန်ခြင်း ဆိုင်ရာ တိုးတက်မှုနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ခြင်း**

၂၀၁၈ ခုနှစ်တွင် အတည်ပြုခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှုအတွက် အမျိုးသားအဆင့် မဟာဗျူဟာနှင့် မူဝါဒလမ်းညွှန် ဖြစ်သည့် ကဏ္ဍပေါင်းစုံ ပါဝင် သော အမျိုးသား အာဟာရဆိုင်ရာ (၅)နှစ် စီမံကိန်း (MS–NPAN) သည် မြန်မာနိုင်ငံတွင် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် ဆယ်ကျော် သက်များ၏ အာဟာရဖွံ့ဖြိုးမှုတွင် စဉ်ဆက်မပြတ် တိုးတက် စေရန်အတွက် ကဏ္ဍအသီးသီးမှ အဓိကလှုပ်ရှားဆောင်ရွက်သူများနှင့် ပတ်သက် ဆက်နွယ်သူများအကြား ပူးပေါင်း ဆောင်ရွက်ခြင်းမှာ အလွန်အရေးကြီးသည်ဆိုသော ကြောင်းကျိုးဆက်နွယ်မှု ယူဆချက်ပေါ်တွင် အခြေခံထား ပါသည်။ ရပ်ရွာလူထုအဆင့်၊ အိမ်ထောင်စုအဆင့်နှင့် တစ်ဦးချင်းအဆင့်များ၌ ကဏ္ဍပေါင်းစုံမှ စုပေါင်း စွမ်းဆောင်မှုများအား တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များအပေါ် သိသာထင်ရှားသည့် သက်ရောက်မှု ရရှိနိုင်မည် ဖြစ်ပါသည်။ စီမံကိန်း ဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုများအား ကဏ္ဍမျိုးစုံမှ စွမ်းဆောင်နိုင်မှု အမျိုးမျိုးဖြင့် အားဖြည့်ပေးသော ထည့်ဝင်မှုများက ရည်မှန်းချက် တစ်ခုတည်းဆီသို့ ဦးတည် ဆောင်ရွက်နိုင်စေမည် ဖြစ်ပါသည်။ LIFT ၏ MS–NPAN လုပ်ငန်းစဉ်အတွက် တစိုက်မတ်မတ် လုပ်ကိုင် ဆောင်ရွက်မှုမှာ LIFT ၏ လက်ရှိမဟာဗျူဟာ၏ မူဝါဒရေးရာနှင့်စီမံကိန်းလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များတွင် ထင်ဟပ်လျက် ရှိပါသည်။ မဟာဗျူဟာသည် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့သည့် အစီအစဉ် (MCCT) နှင့် လူထုအတွင်း အသက် (၂)နှစ်အောက် ကလေးငယ် များ ဖြည့်စွက်စာကျွေးခြင်း (MYICF) တို့အတွက် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC)၊ လတ်တလော အာဟာရ ချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာ ကုထုံး (IMAM) အဆင့်မြှင့်တင်ခြင်းနှင့် အစားအသောက်တွင် အာဟာရဓာတ်များ ထပ်မံဖြည့်တင်းခြင်းတို့ အပါအဝင် MS–NPAN ၏ ဦးစားပေး စီမံကိန်း ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန် ကျား၊မ ရေးရာ အလေးပေးသည့် အစိုးရ ကဏ္ဍမူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များအား ကူညီပံ့ပိုးပေးပါသည်။

မြန်မာနိုင်ငံ MS–NPAN (၂၀၁၈–၂၀၂၂)၏ ရည်မှန်းချက်မှာ ဝန်ကြီးဌာန (၅)ခု ဖြစ်သည့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) ၊ ပညာရေး ဝန်ကြီးဌာန (MoE)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဦးစီးဌာန (MoSWRR) နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MoNREC) အသီးသီး၌ ပူးပေါင်းဆောင်ရွက်သည့် ကြိုးပမ်း အားထုတ်မှုနှင့် ပေါင်းစည်းမှုတို့မှတဆင့် မိခင်များ၊ ကလေးသူငယ်များနှင့် ဆယ်ကျော်သက်ရွယ် မိန်းကလေးများ တွင် ပုံစံမျိုးစုံဖြင့် အာဟာရ ချို့တဲ့နေခြင်းအား လျှော့ချရန် ဖြစ်ပါသည်။ စွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း၊ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ အဆင့် စီမံကိန်း ရေးဆွဲခြင်း၊ အချက်အလက်များ ဆန်းစစ်ခြင်းနှင့် ကဏ္ဍအလိုက် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ ဆိုင်ရာ အထူးကျွမ်းကျင်သူများ ပါဝင်သည့် အမျိုးသားအာဟာရ ဖွံ့ဖြိုးရေး သုတေသနဌာနခွဲ (NNC) မှ ဦးဆောင်သည့် အဖွဲ့ဝင် (၁၅)ဦး ပါဝင်သည့် MS–NPAN ပင်မအဖွဲ့လည်း ရှိပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်များ၏ ရန်ပုံငွေများ၊ အလှူရှင်များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများဖြင့် တည်ဆောက်ထားသည့် နည်းပညာ ဆိုင်ရာ ပညာပေးသည့် ကွန်ရက်မှ MS–NPAN အား ကူညီပံ့ပိုး ပေး ပါသည်။

LIFT သည် လွှတ်တော်ကော်မတီ အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးဖြင့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သော ထောက်ခံ အားပေးသည့် အဆင့်မြင့် အစည်းအဝေးအား ကူညီပံ့ပိုးပေးခဲ့ပါသည်။[၂၉] လွှတ်တော် ကိုယ်စားလှယ်များသည် အာဟာရ ဖွံ့ဖြိုးမှုနှင့် MS–NPAN လုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ရန်အတွက် NNC မှ ဦးဆောင်သည့် MS–NPAN ပင်မအဖွဲ့နှင့် အစည်းအဝေး ကျင်းပခဲ့ပါသည်။ အစည်း အဝေးသည် နားလည်မှု တည်ဆောက်ရာတွင် အောင်မြင်မှု ရရှိစေခဲ့ပြီး ရင်းမြစ်များ ရရှိအောင် ဆောင်ရွက်ခြင်းနှင့် ကဏ္ဍအလိုက် ဘတ်ဂျက် ခွဲဝေခြင်း တို့အတွက် လုပ်ဆောင်ရန် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ရရှိခဲ့ပါသည်။ အရေးပါဆုံးမှာ

၂၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေး ဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ကော်မတီ

MS–NPAN အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော် (၂)ရပ်စလုံးမှ လွှတ်တော် ကော်မတီများ၏ ကူညီပံ့ပိုးမှုနှင့် ကတိကဝတ်ပြုမှုတို့ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ် များက အမျိုးသားအဆင့်/ ဒေသဆိုင်ရာ အဆင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များနှင့် ဘတ်ဂျက်များအတွင်း ပြည်နယ်/ တိုင်းဒေသကြီး အဆင့် MS–NPAN အား ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန် ကတိကဝတ်ပြုခဲ့ခြင်း ဖြစ်ပါသည်။ ဧရာဝတီ၊ ကယား၊ ချင်း၊ ကရင်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် ဒေသအခြေအနေနှင့် ကိုက်ညီသည့် ပြည်နယ်/ တိုင်းဒေသကြီး ဆိုင်ရာ ကဏ္ဍပေါင်းစုံ ပါဝင်သော အာဟာရဆိုင်ရာ အစီအစဉ်များအား ရေးဆွဲခဲ့ကြပြီး MS–NPAN ကဏ္ဍအလိုက် တာဝန်ခံများမှ စိစစ်ပြီး အတည်ပြု ခဲ့ပါသည်။

### COVID–19 ကပ်ရောဂါ နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ခြင်း

မြန်မာနိုင်ငံမှ COVID–19 ကမ္ဘာ့ကပ်ရောဂါအား တုံ့ပြန်ကာကွယ် နေချိန်တွင် MS–NPAN သည် ပြောင်းလဲနေသည့် အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် ပြုပြင်ပြောင်းလဲခဲ့ပါသည်။ MS–NPANသည် လူတစ်ဦးချင်း၊ အိမ်ထောင်စု နှင့် ရပ်ရွာလူထု အဆင့်များ၌ ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းအားထုတ်မှုများဖြင့် ပေးအပ်သည့် အာဟာရသီးသန့်နှင့် အာဟာရဖေါင်းပေး စီမံကိန်းများမှတဆင့် အရေးပါပြီး ဆီလျော်မှုရှိသော မူဘောင်တစ်ရပ်အား ပြဋ္ဌာန်းပေး ပါသည်။ COVID–19 ကမ္ဘာ့ကပ်ရောဂါအား ရင်ဆိုင်နေရသည့် အချိန်တွင် ကဏ္ဍပေါင်းစုံ၌ တုံ့ပြန် ဆောင်ရွက်ရန် အတွက် (၁)စီမံကိန်းများသည် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်း ထိခိုက်လွယ်သူများအား ဦးတည် ရည်ရွယ်၍ ဆောင်ရွက်ခြင်း (၂) အကြောင်း အရာမျိုးစုံပါဝင်ပြီး အပြန်အလှန်ဆက်စပ်မှု ရှိနေသည့် အာဟာရဖွံ့ဖြိုးမှု မရှိခြင်း၏ အကြောင်းရင်းများအား ဖြေရှင်းရာတွင် အိမ်ထောင်စုအဆင့် စီမံကိန်း ဆောင်ရွက်ချက်များ၏ လွှမ်းခြုံမှုသည် ကဏ္ဍဆိုင်ရာ အစီအစဉ်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် လုပ်ဆောင်ရန် မှာ ယခင်က ထက် ပိုမိုလိုအပ်လျက်ရှိကြောင်း သိသာထင်ရှား လာခဲ့ပါသည်။

လုပ်ငန်းစဉ်အတွက် အရေးပါသည့် အားပေးထောက်ခံသူများနှင့် ရပ်တည် ကာကွယ်ပေးသူများ ဖြစ်သည့် ဒေသ ဆိုင်ရာမှ ကဏ္ဍအလိုက် ဦးဆောင်သူ များနှင့် တိုင်ပင် ဆွေးနွေး သဘောထား ရယူသည့်အစည်းအဝေးများ မှ နိုင်ငံတော်အဆင့် MS–NPAN အစီအစဉ်များအား COVID–19 ကပ်ရောဂါနှင့် လိုက်လျောညီထွေ ပြင်ဆင် ပြောင်းလဲနိုင်ခဲ့ပါသည်။

### COVID ကပ်ရောဂါ အလေးပေးသည့် စီမံကိန်းလုပ်ငန်းများအတွက် လမ်းညွှန်ချက်

LIFT သည် MS–NPAN ခေါင်းစဉ်အောက်မှ COVID–19 ကပ်ရောဂါ ကာကွယ် တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း တို့အတွက် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် ပြောင်းလဲမှုများ ပြုလုပ်ခြင်းနှင့် COVID–19 ကပ် ရောဂါ ပြန့်ပွားမှု လျှော့ချခြင်း၊ တားဆီး ကာကွယ် ခြင်း နှင့် ပြန်လည်ထူထောင်ခြင်းများ ဆောင်ရွက်နေသည့် အခြေအနေတွင် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် ပြုပြင် ပြောင်းလဲမှုများ လုပ်ဆောင် ရာတွင် မိတ်ဖက်အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်အတွက် ဒီဇိုင်းရေးဆွဲထားသော လမ်းညွှန်မှု စာတမ်း နှစ်စောင် ရေးသားပြုစုခြင်း[၃၀]တို့တွင် ကူညီပံ့ပိုးပေးသော အရေးပေါ် အခြေအနေများတွင် အာဟာရဖွံ့ဖြိုးမှု (NiE) ဆိုင်ရာ မဟာဗျူဟာမြောက် အကြံပေးအဖွဲ့ (SAG) တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည့် အဖွဲ့ဝင် ဖြစ်ပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် MS–NPAN မူဘောင်အတွင်း ဆောင်ရွက် သည့် အဓိကစီမံကိန်း ဆောင်ရွက်ချက် များအတွက် တန်ဘိုးရှိသော နည်းပညာဆိုင်ရာ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပါသည်။

### SBCC မဟာဗျူဟာ

အာဟာရဖွံ့ဖြိုးမှုနှင့် ချိတ်ဆက်နေသည့် အမူအကျင့်ဆိုင်ရာ အဆုံးအဖြတ်ပေးသည့်အရာ အများအပြားအား MS–NPAN တွင် လုံလောက် ပြည့်စုံစွာ ဖြေရှင်းပေးနိုင်စေရန်အတွက် LIFT သည် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) မဟာဗျူဟာရေးဆွဲရန် (သို့) SBCC– အာဟာရဆိုင်ရာ (၅)နှစ် စီမံကိန်း (SBCC–NPAN) ရေးဆွဲအကောင်အထည်ဖော်ရန်အတွက် UNICEF မြန်မာနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) ၏ အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသန ဌာနခွဲ (NNC) နှင့် ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ (HLPU) ဦးဆောင်မှုဖြင့် LIFT နှင့် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ (Access to Health) တို့သည် မဟာဗျူဟာအား ဆက်လက် အကောင်အထည်ဖော်ရန်အတွက် UNICEF နှင့် ပူးပေါင်း ဆောင်ရွက် နေပါသည်။

SBCC–NPAN တွင် မူဝါဒရေးရာ ရည်မှန်းချက်များအတွက် ဦးတည်ရည်ရွယ်သည့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဆိုင်ရာ စီမံချက်များ ပါဝင်သည့် အစီအစဉ် နှင့် MS–NPAN မှ အရေးပါသည့် အစိတ်အပိုင်းတရပ် ဖြစ်လာမည့် စီမံကိန်း ဆောင်ရွက်ချက်များအတွက် ကုန်ကျစရိတ်ပါဝင်သည့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အစီအစဉ်များ ပါဝင် မည် ဖြစ်ပါသည်။ အဆိုပါ စီမံကိန်း ဆောင်ရွက်ချက်များသည် MS–NPAN ရလဒ်များ ခိုင်မာအားကောင်းစေပြီး အရှိန်အဟုန် မြှင့်တင်ပေးခြင်းဖြင့် အသက်(၅)နှစ် အောက် ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှု ရလဒ်များ ဆီသို့ ဦးတည်စေမည် ဖြစ်ပါသည်။ SBCC–NPAN တွင် ပင်မ MS–NPAN ဆောင်ရွက်ချက်များ နှင့် LIFT ၏ စီမံကိန်း ဆောင်ရွက်ချက်များနှင့် လိုက်လျောညီထွေ ဖြစ်သည့် စီမံကိန်းလုပ်ငန်းများ ပါဝင်မည် ဖြစ် ပါသည်။ MoHS အတွင်း အကောင် အထည်ဖော် ဆောင်ရွက်နေသည့် SBCC ဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများ အပေါ် ကနဦး အာရုံစိုက်မည် ဖြစ်ပြီး SBCC–NPAN သည် လူမှုဝန်ထမ်းဦးစီးဌာန၏ ကိုယ်ဝန်ဆောင်နှင့် နို့တိုက် မိခင်မှ မွေးဖွားလာသော ကလေးအသက် နှစ်နှစ်ပြည့်သည်အထိ ငွေကြေး အထောက်အပံ့ပေးရေး အစီအစဉ် (MCCT) စီမံကိန်းအပါအဝင် အာဟာရဖေါင်းပေး ကဏ္ဍများရှိ အခြားစီမံချက်များအတွက် ဖြည့်ဆည်း ပံ့ပိုးပေး နိုင်မည် ဖြစ်ပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများမှ ဆက်လက်၍ ဖန်တီး၊ စမ်းသပ်၊ တိုင်းတာမည့် ဆန်းသစ် တီထွင်မှုရှိပြီး ထိရောက်မှုရှိသော SBCC ဆိုင်ရာ ချဉ်းကပ်နည်းလမ်းများနှင့် နည်းကိရိယာများသည် စီမံချက်များ ပါဝင်သည့် အစီအစဉ်အား ပံ့ပိုးပေးမည် ဖြစ်ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများ၏ စီမံချက်များသည် စိုက်ပျိုးရေး၊ သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်၊ WASH နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ အပါအဝင် အာဟာရ ဖွံ့ဖြိုးမှုအတွက် သက်ရောက်မှုရှိသော လမ်းကြောင်းများ အားလုံးတွင် ဆန်းသစ် တီထွင်မှုရှိသော နည်းနာများနှင့် ချဉ်းကပ်နည်းလမ်းများအား အဆင့်မြှင့်တင်ရန်နှင့် ပုံတူပွားနိုင်ရန်တို့အတွက် ကူညီပံ့ပိုး ပေးနိုင်မည် ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်အား ဦးဆောင်ရန်အတွက် သင့်လျော်သည့် ကျွမ်းကျင်မှု ရရှိနိုင်ရန် MoHS နှင့် ညှိနှိုင်းဆွေးနွေးခြင်း များအား ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း အပြီးသတ် ဝန်ဆောင်မှု အစီအစဉ်များ လုပ်ဆောင်ပေးရန်အတွက် နိုင်ငံအဆင့် SBCC မဟာဗျူဟာများအား ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ပြည်တွင်းအဖွဲ့အစည်းတစ်ဖွဲ့သည် အတွေ့အကြုံရှိပြီး နာမည်ကောင်းနှင့် ကျော်ကြားသည့် နိုင်ငံတကာ အဖွဲ့ အစည်းတစ်ခုနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်ရန် သဘောတူညီမှု ရရှိခဲ့ပါသည်။

### အာဟာရဖွံ့ဖြိုးမှုအဆင့်အတန်းအား မြှင့်တင်ခြင်း

မြန်မာနိုင်ငံရှိ အာဟာရမြှင့်တင်ရေး (SUN) သည် အာဟာရချို့တဲ့မှုအား တိုက်ဖျက်ရာတွင် စုပေါင်းတိုးတက်မှုကို ရရှိစေရန် အမျိုးမျိုးသော ပတ်သက်ဆက်နွယ်သူများအား တစ်ဦးချင်းစီ၏ စွမ်းအားများကို ညှိနှိုင်းဆောင်ရွက်ရန်၊ ပူးပေါင်းဆောင်ရွက်ရန်နှင့် တွန်းအား ပေးရန်တို့အတွက် အတူတကွ စုစည်းပေးမည့် ကဏ္ဍအလိုက် ပေါင်းစည်း ဆောင်ရွက်သည့် လှုပ်ရှားမှု တစ်ရပ် ဖြစ်ပါသည်။ LIFT သည် အာဟာရမြှင့်တင်ရေး လူမှုအဖွဲ့အစည်းများ ကွန်ရက်(SUN–CSA) နှင့် SUN စီးပွားရေး ကွန်ရက် (SUN–BN) အပါအဝင် မြန်မာနိုင်ငံရှိ SUN ၏ ကွန်ရက် (၅)ခု အနက်မှ (၂)ခုအား ရန်ပုံငွေ ထောက်ပံ့ပေးပါသည်။ SUN–BN သည် လူအများ၏ အစားအသောက်နှင့် အာဟာရ ဖွံ့ဖြိုးမှုအား ရယူနိုင်သည့် အခွင့်အရေးအား ကူညီပံ့ပိုးပေးရန်အတွက် စီးပွားရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှု များအား စုစည်းရန်နှင့် အရှိန်အဟုန် မြှင့်တင်ရန် တို့အတွက် တည်ထောင်ခဲ့ပါသည်။ SUN–CSA သည် ပုဂ္ဂလိက ကဏ္ဍ၊ အစိုးရ၊ ကုလသမဂ္ဂ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် SUN လှုပ်ရှားမှုဆိုင်ရာ သဘောသဘာဝ နှင့် ဖွဲ့စည်း တည်ဆောက်ပုံများကို အသုံးပြုပြီး မူဝါဒနှင့် စီမံကိန်းများတွင် ပါဝင် ဆောင်ရွက်ရန်အတွက် နိုင်ငံတော် နှင့် ဒေသဆိုင်ရာ အဆင့်များရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း အမျိုးမျိုးမှ လှုပ်ရှား ဆောင်ရွက်သူများကို စုစည်း ပေးပါသည်။

### SUN စီးပွားရေး ကွန်ရက် (SUN Business Network)

၂၀၂၀ ခုနှစ် တနှစ်လုံးတွင် SUN–BN သည် ကဏ္ဍပေါင်းစုံ ပါဝင်သည့် မဟာဗျူဟာများနှင့် အစိုးရ၏ စီမံကိန်း လုပ်ငန်းများမှ တဆင့် နိုင်ငံ၏ အာဟာရဖွံ့ဖြိုးမှုအစီအစဉ်တွင် ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်းပါဝင်လာစေရန် အတွက် အားပေးလှုံ့ဆော်ခဲ့ပါသည်။ SUN–BN သည် အာဟာရ ဖွံ့ဖြိုးမှု အတွက် တုံ့ပြန် ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ကဏ္ဍအတွက် မူဝါဒများ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်ရန်အတွက် အားပေး မြှင့်တင်နိုင် ရန်ကိုလည်း ရည်ရွယ် ထား ပါသည်။ SBN ၏ အဓိက အာရုံစိုက်သည့် နယ်ပယ်များမှာ (၁) အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း (၂) အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး (၃) လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးရေး (၄) အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အသိအမြင်ပေးခြင်းနှင့် ပညာပေးခြင်း တို့ဖြစ် ပါသည်။ ၂၀၂၀ ခုနှစ်တွင် အမျိုးသမီးများ ဦးဆောင်သည့် စီးပွားရေး လုပ်ငန်း (၆)ခု အပါအဝင် စီးပွားရေးလုပ်ငန်း (၁၆)ခု သည် SBN အဖွဲ့ဝင် ဖြစ်လာခဲ့ပါသည်။ ယခုအခါတွင် စုစုပေါင်း အနေဖြင့် နိုင်ငံတကာ ကုမ္ပဏီ (၁၀)ခုနှင့် မြန်မာကုမ္ပဏီ (၉)ခုတို့သည် SUN–BN ဖြင့် အဖွဲ့ဝင်များ အဖြစ် ရှိနေပါသည်။[၃၁]

SUN–BN တွင် LIFT ၏ စီမံချက် ဦးစားပေးများ အထူးသဖြင့် မြို့ပြဝန်းကျင် ဒေသစီမံကိန်းအတွင်း ကူညီပံ့ပိုး ပေးရန်အတွက် မူဝါဒနှင့် ထိတွေ့ ဆောင်ရွက်မှုဆိုင်ရာ မူဘောင်အား ဖြည့်ဆည်းပေးနိုင်မည့် အလားအလာ ရှိနေပါသည်။ SUN–BN ၏ ကနဦး အာရုံစိုက်မှုမှာ အစားအစာ ဘေး အန္တရာယ်ကင်းရှင်းရေး ၊ အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့် အာဟာရဓာတ် ထပ်မံဖြည့်သွင်းခြင်းဆိုင်ရာ သတ်မှတ်ချက်များ အပါအဝင် အစားအသောက် နှင့် ဆက်နွယ်နေသည့် မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပေါ်၌ ဖြစ်ပါသည်။ SBN သည် အဆိုပါ စံသတ်မှတ် ချက်များ ရေးဆွဲ အကောင်အထည် ဖော်ခြင်းနှင့် အသုံးချခြင်းတို့တွင် အစားအသောက် နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန (FDA) နှင့် NNC တို့ဖြင့် အနီးကပ် ပူးပေါင်း လုပ်ဆောင်ရန် ရည်ရွယ်ပြီး အဆိုပါ အဓိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို စတင်ခဲ့ပါသည်။ အစောပိုင်း အချိန်များတွင် ပုဂ္ဂလိက ကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှုမှာ တုံ့နှေးသော်လည်း SUN–BN သည် ဤလုပ်ငန်းအား ရှေ့ဆက် လုပ်ဆောင်ရန် လိုအပ်သည့် အစိုးရဌာနများအတွင်း ကူညီပံ့ပိုးမှုအား ဖြည့်ဆည်းပေးရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်း လုပ်ဆောင်ခဲ့ ပါသည်။

၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားလာမှုမှာ ပတ်သက် ဆက်နွယ်သူများ အထူးသဖြင့် အခြေတည်စ SUN–BN ၏ ပတ်သက်ဆက်နွယ်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံကိန်း လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိသော အစိုးရ၏ ဦးစားပေးလုပ်ငန်းများတွင် အပြောင်းအလဲဖြစ်ခြင်း ဆီသို့ ဦးတည်ခဲ့ပါသည်။ ဤသို့သော စိန်ခေါ်မှုများ ရှိနေသည့် အခြေအနေ ဖြစ်သော်ငြားလည်း လွှတ်တော် ကျင်းပနေစဉ်အတွင်း လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဝန်ကြီးများသည် နိုင်ငံအတွင်း အာဟာရ ဖွံ့ဖြိုးမှု ပိုမိုတိုးတက် ကောင်းမွန်စေရန်အတွက် SUN–BN နှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ကူညီ ထောက်ပံ့ပေးသည့် အခန်းကဏ္ဍအား အလေးပေးဆွေးနွေးခဲ့ကြပါသည်။

---

[၃၀]။ (၁)မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကာလအတွင်း လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲထားသည့် အရေးပေါ် အာဟာရ ဖွံ့ဖြိုးမှု စီမံကိန်း လမ်းညွှန်ချက် – အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များ (၂) မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကာလအတွင်း လိုက်လျောညီထွေစွာ ပြုပြင် ပြောင်းလဲထားသည့် အရေးပေါ် အာဟာရ ဖွံ့ဖြိုးမှု စီမံကိန်း လမ်းညွှန်ချက်၊ အာဟာရ ဖေါင်းပေး စီမံကိန်း ဆောင်ရွက်ချက်များ

[၃၁]။ SBN အဖွဲ့ဝင်များတွင် BASF ၊ DeHeus ၊ Dakota ၊ Fedwell ၊ Healthy and Healthy Families ၊ Kasanta ၊ Koe Koe Tech ၊ MAPCO ၊ METRO ၊ MILAS ၊ MRF ၊ Uniliver နှင့် Wilmar နှင့် အခြား အဖွဲ့အစည်းများ ပါဝင်ပါသည်။

## SUN အာဟာရမြှင့်တင်ရေး လူမှုအဖွဲ့အစည်းများ ကွန်ရက်(SUN–CSA)

LIFT သည် တိုင်းဒေသကြီး/ ပြည်နယ် အဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာ အဆင့်နှင့် ကမ္ဘာ့အဆင့်များ၌ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အားပေး ထောက်ခံသည့် ကြိုးပမ်းအားထုတ်မှုများအား အရှိန်အဟုန် မြှင့်တင်ရန် အတွက် SUN–CSA အား ၂၀၁၇ ခုနှစ်မှ စတင်၍ ကူညီ ပံ့ပိုးပေးခဲ့ပါသည်။ ယခုအခါတွင် SUN–CSA ၏ အဖွဲ့ဝင် အဖွဲ့အစည်းအရေအတွက်မှာ (၇၀)အထိ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။ မကြာသေးမီက ပြုလုပ်သည့် စီမံကိန်း စစ်တမ်းအရ အဆိုပါ အဖွဲ့အစည်းများအနက်မှ ၃၂ ဖွဲ့သည် MS–NPAN တွင် ပါဝင်ဆောင်ရွက်ခြင်း မှတဆင့် အမျိုးသား အာဟာရ ဖွံ့ဖြိုးမှု မြှင့်တင်ရေး အစီအစဉ် နှင့် အညီ ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၂၀ ခုနှစ်အတွင်း SUN–CSA သည် အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် ခိုင်မာ အားကောင်းစေခြင်း၊ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ အောင်မြင်မှုများအတွက် အားပေး ထောက်ခံသည့် ကြိုးပမ်း ဆောင်ရွက်မှုများအား အရှိန် အဟုန် မြှင့်တင်ခြင်း နှင့် ကွန်ရက်အား မိမိပိုင်ဆိုင်သည့် ကွန်ရက်အဖြစ် မှတ်ယူခြင်းနှင့် ကွန်ရက် ရေရှည် တည်တံ့ခိုင်မြဲမှု တို့အတွက် မြှင့်တင်ခြင်းတို့အပေါ် အာရုံစိုက်ခြင်းဖြင့် ကဏ္ဍပေါင်းစုံတွင် ဆောင်ရွက်လျက်ရှိကြသည့် အရပ်ဘက် လူမှု အဖွဲ့အစည်း လှုပ်ရှား ဆောင်ရွက်သူ များအား ကိုယ်စားပြုရန်အတွက်နှင့် ပူးပေါင်း ပါဝင်မှုအား သေချာစေရန် အတွက် ကြိုးပမ်း အားထုတ်ခဲ့ပါသည်။ SUN–CSA သည် SUN UN ပညာပေး နည်းပညာအဖွဲ့နှင့် ကိုယ်ဝန်ဆောင်၊ မွေးကင်းစနှင့် ကလေးသူငယ် အာဟာရဖွံ့ဖြိုးမှု (MICN) မဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ခြင်း အပါအဝင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပလက်ဖောင်း အချို့တွင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အရပ်ဘက် လူမှု အဖွဲ့ အစည်းများအား ကိုယ်စားပြုသည့် အရေးပါသော အဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်နေပါသည်။

## LEARN (အဆင့် ၃)

LEARN သည် LIFT မှ ပံ့ပိုးပေးသည့် နည်းပညာ အကြံဉာဏ် ဝန်ဆောင်မှုများအား ပေးအပ်သည့် စီမံချက် တစ်ခု ဖြစ်ပါသည်။ SUN–CSA သည် အရပ်ဘက် လူမှု လှုပ်ရှား ဆောင်ရွက်သူများထံ LEARN နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ မဟာဗျူဟာမြောက် ပံ့ပိုးပေးနိုင်ရန်အတွက် LEARN စီမံချက်နှင့် ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ ပါသည်။ ကူညီပံ့ပိုးပေးသည့် ပလက်ဖောင်း များတွင် SUN–CSA အင်တာနက် ဝက်ဘ်ဆိုဒ် စာမျက်နှာ နှင့် SUN–CSA ၏ အွန်လိုင်း ရင်းမြစ် စာကြည့်တိုက်တို့ ပါဝင်ပါသည်။ LEARN ၏ SUN–CSA များနှင့် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများထံ ကူညီပံ့ပိုးမှု အလွန်ကျယ်ပြန့်ပြီး အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း ဒီဇိုင်းရေးဆွဲခြင်း နှင့် ဆန်းစစ်အကဲဖြတ်ခြင်း၊ နည်းပညာဆိုင်ရာ သင်တန်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် သင်တန်းတို့ ပါဝင်ပါသည်။ စီမံကိန်း စတင်သည့် ကာလတခုတည်း အတွင်း၌ပင် SUN–CSA အဖွဲ့ဝင်များမှ ပြည်တွင်း CSO အဖွဲ့ဝင် ၈% သည် LEARN မှ ပို့ချခဲ့သည့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းမှ အကျိုးကျေးဇူး ရရှိခံစားခဲ့ကြရပါသည်။

LEARN အဆင့်သစ်၏ အဓိက ရည်မှန်းချက်မှာ တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများနှင့် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများ အပါအဝင် တိုင်းရင်းသား ဒေသများတွင် လုပ်ကိုင် ဆောင်ရွက်နေသည့် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန် အတွက် ဖြစ်ပါသည်။ LEARN သည် ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များအတွက် ကူညီပံ့ပိုးပေးရာတွင် အဆိုပါ အဖွဲ့အစည်းများ အနေဖြင့် ပါဝင်လုပ်ဆောင်နိုင်မည့် အခန်းကဏ္ဍများအား မည်ကဲ့သို့ အကောင်းဆုံး ရှာဖွေဖော်ထုတ်ရမည်ဆိုသည်နှင့် စပ်လျဉ်း၍ မဟာဗျူဟာ တစ်ရပ် ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။

## လူထု အခြေပြု ကျန်းမာရေး လုပ်သားဆိုင်ရာ မူဝါဒ

လူထု အခြေပြု ကျန်းမာရေးလုပ်သား (CBHW) ဆိုင်ရာ မူဝါဒအား ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ အတည်ပြု ပေးခဲ့ပြီး ၂၀၂၀ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ ဤမူဝါဒသည် လူထု နှင့် ဆေးဝါးကုသမှု နှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ ကွင်းဆင်း အကောင်အထည်ဖော်ခြင်းအား ကူညီပံ့ပိုးပေးရာတွင် အရေးပါသည့် မှတ်တိုင် တစ်ခု ဖြစ်ပါသည်။ မူဝါဒသည် ရပ်ရွာအခြေပြု ကျန်းမာရေးလုပ်သားများနှင့် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍများအတွက် မိတ်ဖက်အဖွဲ့အစည်းများအတွက် အရေးပါသည့် လမ်းညွှန်မှုပေးပြီး နိုင်ငံတော်အဆင့် နှင့် မြို့နယ် အဆင့်များ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လက်တွဲ၍ စည်းရုံးလှုံ့ဆော်ရန်နှင့် ပူးပေါင်း ဆောင်ရွက်ရန် ကူညီပံ့ပိုးပေးပါသည်။ LIFT နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများသည် ဤမူဝါဒနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် MCCT နှင့် IYCF စီမံကိန်းများ အကောင်အထည် ဖော်ရာတွင် အရန်သားဖွား ဆရာမ များနှင့် ရပ်ရွာအခြေပြု ကျန်းမာရေး လုပ်သားများ၏ အခန်းကဏ္ဍ အား ထပ်မံ ၍ အားဖြည့် ပေးနိုင်ခဲ့ပါသည်။ CBHW များ စနစ်တကျဖွဲ့စည်း ဖြစ်ပေါ်လာခြင်းသည် မြန်မာနိုင်ငံတွင် အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများပေးရာတွင် ရေရှည် အောင်မြင်မှု ရရှိနိုင်ရန်အတွက် အလွန်အရေးပါပါသည်။ ဤမူဝါဒအား လက်တွေ့ အသုံးချရာတွင် ကူညီပံ့ပိုး ပေးနိုင်ရန်အတွက် LIFT နှင့် Access to Health တို့သည် MCCT မှတဆင့် CBHW ဦးဆောင်သော အာဟာရနှင့် ဆက်နွှယ်နေသည့် အမူအကျင့် ပြောင်းလဲခြင်း ခိုင်မာအားကောင်းစေမည့် အလုံးစုံပါဝင်သည့် ချင်းပြည်နယ် အာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်း အစီအစဉ် ရေးဆွဲ အကောင် အထည် ဖော်ရန်အတွက် နိုင်ငံတော်အဆင့် MoHS နှင့် MoSWRR တို့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

လုပ်ငန်းလမ်းညွှန် (ToR) များနှင့် စံသတ်မှတ်ထားသည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း (SoP) များ ရေးဆွဲ အကောင်အထည်ဖော်နိုင်ခြင်း မပြုမီ MoHS ထံမှ နောက်ထပ် လမ်းညွှန်မှု လိုအပ်လျက်ရှိပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် မရှိမဖြစ် လိုအပ်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား လူမှုအသိုက်အဝန်း အတွင်း မည်ကဲ့သို့ ပေးနိုင်မည်နှင့် မည်သူမှ ပေးမည် ဆိုသည့် အပေါ် ပိုမို၍ ရှင်းလင်းသည့် ညွှန်ပြမှုကို ပေးမည် ဖြစ်ပါသည်။ LIFT နှင့် Access to Health တို့သည် များအား အတိအကျ သတ်မှတ်ထားသည့် ToR များ၊ သင်တန်း များနှင့် SOP များတွင် မရှိမဖြစ် လိုအပ်သော ရပ်ရွာလူထု အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ပြည့်စုံစွာ ထည့်သွင်းထားမည် ဖြစ်သည့် အဆိုပါ လမ်းညွှန်ချက်များအား ရေးဆွဲရာတွင် ကူညီ ပံ့ပိုးပေးရန် လိုလားပါသည်။





## အာဟာရမျှတ၍ ကျန်းမာစေရန် စားသောက်နည်းလမ်းညွှန်

အစိုးရမှ ဦးဆောင်သည့် ပြည်သူများ အာဟာရမျှတ၍ ကျန်းမာစေမည့် စားသောက်နည်း လမ်းညွှန်ချက်များ (FBDG) အား နိုင်ငံတကာနှင့် နိုင်ငံသား အကြံပေး ပုဂ္ဂိုလ်များ၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၂၀ ခုနှစ်တွင် စတင် ရေးဆွဲ ခဲ့ပါသည်။ FBDG များအား SBCC ချဉ်းကပ်နည်းလမ်းများမှ တဆင့် အာဟာရ ဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်စေရန် အတွက် ကူညီပံ့ပိုးပေးမည် အစိုးရနှင့် LIFT မိတ်ဖက် အဖွဲ့အစည်းများအတွက် တန်ဖိုးရှိသော အထောက်အထား အခြေခံသည့် လမ်းညွှန်ချက် ပေးအပ်ရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲထားပါသည်။ လမ်းညွှန်ချက်များအား မတူညီ သည့် ဦးတည် အုပ်စု (၇)စု ဖြစ်သည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ အသက် ၆ လမှ ၂၄ လအတွင်းရှိ ကလေးသူငယ်များ၊ ကျောင်းနေ အရွယ် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အရွယ်ရောက်ပြီးသူများနှင့် သက်ကြီးရွယ်အိုများအတွက် ရေးဆွဲမည် ဖြစ်ပါသည်။

အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးသုတေသန ဌာနခွဲ (NNC) ၏ ဦးဆောင်မှုဖြင့် FBDG လုပ်ငန်းအဖွဲ့အား ကုလသမဂ္ဂ အာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာ[၃၂]အဖွဲ့ဝင်များ[၃၃]၊ စားနပ်ရိက္ခာနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အရှေ့တောင် အာရှ ပညာရေးဝန်ကြီးများအဖွဲ့၊ စားနပ်ရိက္ခာနှင့် အာဟာရ ဖွံ့ဖြိုးရေး ဒေသဆိုင်ရာ ဌာန (SEAMEO RECFON) နှင့် International Food Policy Research Institute တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ပြည်သူ့ ကျန်းမာရေးတက္ကသိုလ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဆေးသုတေသန ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ (HLPU) နှင့် မကူးစက်တတ်သော ရောဂါများ ကာကွယ် နှိမ်နင်းရေး ဌာနခွဲ (NCD) အပါအဝင် မြန်မာနိုင်ငံ အစိုးရ ဌာန အဖွဲ့အစည်းများသည်လည်း အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများထံမှ ၎င်းတို့၏ နည်းပညာဆိုင်ရာ အားသာချက်များနှင့် စွမ်းဆောင် နိုင်မှုများအပေါ် မူတည်၍ သတ်မှတ်ထားသော ကူညီပံ့ပိုးမှုများကို ရယူခြင်းဖြင့် FDBG လုပ်ငန်းအဖွဲ့သည် PLW Food Plate ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အာဟာရတစ်ခွက် (FAO) ၊ Complementary Feeding Bowl ဖြည့်စွက်အာဟာရ ပန်းကန်လုံး (UNICEF) ၊ Banana Bag ငှက်ပျောသီးအိတ် (SCI/ UNICEF) ၊ Cost of Diet/ Fill the Nutrient Gap Analysis tool အစာအာဟာရအတွက် ကုန်ကျစားရိတ်/ အာဟာရဆိုင်ရာ ကွက်လပ်ဖြည့်ခြင်း ဆန်းစစ်ချက် နည်းလမ်း(WFP) ၊ အမျိုးသားအဆင့် SBCC မဟာဗျူဟာ (LIFT နှင့် UNICEF တို့၏ ကူညီပံ့ပိုးမှုဖြင့် MoHS) တို့အပါအဝင် အခြားအမျိုးသားအဆင့် ရင်းမြစ်များနှင့် အစီအစဉ်များတို့နှင့် စုပေါင်း ဆောင်ရွက်သည့် အကျိုးရလဒ်များ ရရှိအောင်ကိုလည်း ဆက်လက် လုပ်ဆောင်ခဲ့ ပါသည်။

၂၀၂၀ ခုနှစ်တွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် နို့တိုက်မိခင်များအတွက် FBDG အား အပြီးသတ် ရေးဆွဲခဲ့ ပါသည်။ ကျန်ရှိနေသည့် ဦးတည် ရည်ရွယ်သော အုပ်စုများအတွက်မှာမူ ဆက်လက် သုံးသပ်ဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် စားသောက်နည်းလမ်းညွှန် လမ်းညွှန်ချက်များ ဖန်တီးရန်အတွက် နိုင်ငံတော်အဆင့် ကြိုးပမ်း အားထုတ်မှုများ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ၂၀၂၀ ခုနှစ်တွင် ကျောင်းနေအရွယ် ကလေး သူငယ်များနှင့် ရွှေ့ပြောင်းသွားလာသူများနှင့် မသန်စွမ်းသူ (PWD) များ အပါအဝင် အခြားအားနည်းထိခိုက်လွယ်သော အုပ်စုများအား ဦးတည်ရည်ရွယ်သည့် လမ်းညွှန်ချက်များ ရေးဆွဲရန်အတွက် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် မိတ်ဖက် အဖွဲ့အစည်း ဖြစ်သည့် PATH မှ စီစဉ်လျက် ရှိပါသည်။

## အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း

အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်းသည် LIFT နှင့် MS–NPAN တို့အတွက် အဓိက အာရုံစိုက်သည့် နယ်ပယ်အဖြစ် ဆက်လက် ရှိနေဆဲ ဖြစ်ပါသည်။ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်းထိခိုက် လွယ်သူများ၏ အဓိက အဏုအာဟာရများအား လက်လှမ်းမီရယူနိုင်မှု တိုးတက်စေမည့် အာဟာရထပ်ဖြည့် အစားအစာများ၏ အလားအလာမှာ ကုန်ပစ္စည်းများအားဝယ်ယူရန် ငွေကြေးအရ တတ်နိုင်မှု၊ လက်လှမ်းမီ ရယူနိုင်မှုနှင့် လက်ခံစားသုံးမှုတို့ တိုးတက် ကောင်းမွန်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု၊ သုတေသနနှင့် အားပေး ထောက်ခံမှု စည်းရုံးလှုံ့ဆော်မှုတို့ ဆက်လက် လိုအပ်နေပါသေးသည်။ PATH ၏ ဦးဆောင်မှုအောက်၌ ရှိသည့် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသော Smart Move မိတ်ဖက် အဖွဲ့အစည်းများအပြင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ ပေးထားသော SUN–BN တို့သည် မြန်မာနိုင်ငံ၌ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်းဆိုင်ရာ ရည်မှန်းချက်များအား ရှေ့ဆက် ဆောင်ရွက်ရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်း အားထုတ်လျက် ရှိပါသည်။ SUN–BN ၏ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း အကြောင်းအရာဆိုင်ရာ အဖွဲ့သည် ဘေးကင်း စိတ်ချရပြီး အာဟာရပြည့်ဝသည့် အာဟာရဖြည့်စွက် အစားအစာ ဖွံ့ဖြိုး တိုးတက်ရေး၊ ဖြန့်ဖြူးရေးနှင့် ဈေးကွက်တင်ခြင်းတို့အား အားပေး မြှင့်တင်ပေးလျက်ရှိပါသည်။ အဖွဲ့၏ ကနဦး အာရုံစိုက်မှုမှာ အာဟာရ ထပ်မံ ဖြည့်စွက်ထားသည့် အစားအသောက်များအတွက် ဈေးကွက် မြှင့်တင် ခြင်းနှင့် ကုန်အမှတ်တံဆိပ်အား လူအများ အသိတွင် စွဲထင်အောင် လုပ်ခြင်းတို့အား ကူညီပံ့ပိုးပေးရန် ကိုယ်ပိုင် အမှတ်အသား ရေးဆွဲရန်၊ မြန်မာနိုင်ငံ၌ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း နှင့် ဆက်စပ် စဉ်းစားရမည့် အကြောင်းအရာအပေါ် လေ့လာမှုတစ်ရပ် စတင်ရန်၊ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်းဆိုင်ရာ လက်ရှိ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အဓိကမူဝါဒနှင့် စီမံကိန်းဆိုင်ရာ အကြံပြုထောက်ခံမှုများအား လိုရင်း အနှစ်ချုပ် ဖော်ပြနိုင်ရန် အတွက် အစီရင်ခံစာ တစ်စောင်အား ရေးသားပြုစုရန်တို့ ဖြစ်ပါသည်။ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံ ဖြည့်တင်းခြင်းဆိုင်ရာ အဓိက မိတ်ဖက် အဖွဲ့အစည်းများတွင် PATH ၊ BoPlnc ၊ BASF ၊ ဆန်စက်ပိုင်ရှင်များ၏ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် (MRF) နှင့် Wilmar တို့ ပါဝင်ပါသည်။

---

၃၂။ ယခင်က SUN UN ကွန်ယက်ဟု အမည်ရ ပါသည်။

၃၃။ WFP, FAO, UNOPS, UNICEF, UNFPA, WHO

ချင်းပြည်နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS)သည် အခြား အဓိက အာဟာရသီးသန့် လုပ်ငန်းများကို အကောင်အထည် ဖော်ခဲ့ပါသည်။ ပေါင်းစပ်ညှိနှိုင်းထားသည့် ရန်ပုံငွေထောက်ပံ့မှုအား အတည်ပြုခဲ့ပြီးဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှု ဝန်ထမ်းဦးစီးဌာနတို့သည် ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာရလဒ်များ ရရှိနိုင်ရန်အတွက် အာဟာရချို့တဲ့ရခြင်း၏ အဓိက အကြောင်းရင်း မျိုးစုံအပေါ် အကျိုးသက်ရောက်မှု ရှိစေရန် စနစ်များအဆင့်၌ ညီညွတ်စွာ ပေါင်းစည်းထားသည့် ချဉ်းကပ်နည်းလမ်းအား ကျင့်သုံးနိုင်ခဲ့ပါသည်။

ကယားပြည်နယ်တွင် အမျိုးသမီး (၁၅၇၆၅ ) ဦးအား ၃ လ တကြိမ် တစ်ဦးလျှင် မြန်မာကျပ်ငွေ ၄၅,၀၀၀ (ကန်ဒေါ်လာ ၃၂)ဖြင့် ပေးအပ်ခဲ့ပြီး SBCC စီမံကိန်းလုပ်ငန်းများအား မိခင်အချင်းချင်း ရိုင်းပင်းကူညီသည့် အုပ်စုများမှတဆင့် ပေးအပ်ခဲ့ပါသည်။ ပထမအကြိမ် ငွေကြေးထောက်ပံ့မှု ပေးအပ်ပြီးနောက် စောင့်ကြည့် စစ်ဆေးသည့် တွေ့ရှိချက်များမှ ထောက်ပံ့ငွေများအား ၎င်းတို့၏ အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအတွက် အသုံးပြုသည့် အကျိုးခံစားခွင့် ရှိသူများအတွက် ကောင်းမွန်သည့် တိုးတက်မှုရှိကြောင်း ပြသခဲ့ပါသည်။ ကရင်ပြည်နယ်တွင် အမျိုးသမီး (၇၁,၂၁၉) ဦးသည် MCCT ထောက်ပံ့ငွေအား (၄)ကြိမ် ရရှိခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ကျေးရွာ အုပ်စုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် MCCT သင်တန်းအား တက်ရောက်ခဲ့ပြီး ဖြစ်ပါသည်။ အစိုးရမှ ထိန်းချုပ်ထားသော ဒေသများတွင် ကျေးရွာခေါင်းဆောင်များ၏ ကူညီပံ့ပိုးမှုဖြင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများမှ SBCC အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အစိုးရထိန်းချုပ်မှု မရှိသော ဒေသများတွင် ကရင် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနသည် အကျိုးခံစားခွင့်ရှိသူများအား မှတ်ပုံတင်ပြီး၊ ထောက်ပံ့ငွေများ ပေးအပ်ပါသည်။

ကချင်ပြည်နယ်အတွက် MCCT စီမံကိန်းအား ၂၀၂၀/ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စတင်နိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနသည် လွှတ်တော်မှ ဘတ်ဂျက်ခွင့်ပြုချက်ကို ရယူနိုင်ခဲ့ပါသည်။ ပထမဦးဆုံး ခြေလှမ်းမှာ ကနဦး စစ်တမ်းကောက်ယူရန် ဖြစ်ပြီး ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် လုပ်ဆောင်နိုင်မည်ဟု မျှော်မှန်းထားပါသည်။

**MCCT အကျိုးခံစားခွင့်ရှိသူများအတွက် COVID-19 ကပ်ရောဂါ ဆိုင်ရာ ထပ်ဆောင်း ထောက်ပံ့မှု**

မေလနှင့် ဇွန်လတွင် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့မှုအစီအစဉ် (MCCT) စီမံကိန်းမှ ထောက်ပံ့ငွေ မြန်မာကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၂)အား ဆောင်ရွက်ဆဲ MCCT စီမံကိန်းမှ ပေးအပ်သည့် ထောက်ပံ့ငွေအပြင် ထပ်ဆောင်း ထောက်ပံ့ငွေအဖြစ် ကိုယ်ဝန်ဆောင် အမျိုးသမီးနှင့် အသက်(၂)နှစ်အောက် ကလေးငယ်ရှိသည့် မိခင် (၂၃၈,၄၁၀) ဦးထံ တပေါင်းတည်း ပေးအပ်ခဲ့ ပါသည်။ ဤကြိုးပမ်းအားထုတ်မှုအတွက် ဘတ်ဂျက်မှာ MCCT အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုများအတွက် ကန်ဒေါ်လာ (၄.၉)သန်းနှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုများအတွက် ကန်ဒေါ်လာ (၄.၁)သန်း ဖြစ်သဖြင့် စုစုပေါင်း ဘတ်ဂျက်မှာ ကန်ဒေါ်လာ (၉)သန်း ဖြစ်ပါသည်။ ငွေကြေး ထောက်ပံ့မှုများအား COVID-19 ကပ်ရောဂါ တားဆီးကာကွယ်ရေးနှင့် လျှော့ချရေးဆိုင်ရာ သတင်းအချက်အလက် များနှင့် အတူ စာအိတ်များတွင် ထည့်၍ ပေးဝေပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် LIFT ၏ COVID-19 ဆိုင်ရာ ငွေကြေးထောက်ပံ့မှု အစီအစဉ်အား ဤအစီရင်ခံစာ၏ ၅.၄ - လူမှုကာကွယ်စောင့်ရှောက်ရေးတွင် အပြည့်အစုံ တင်ပြထားပါသည်။

**မိတ်ဖက်အဖွဲ့အစည်းများသည် အမျိုးသား MCCT စီမံကိန်းနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခဲ့ခြင်း**

မိတ်ဖက်အဖွဲ့အစည်းများ၏ စီမံကိန်း အများအပြားသည် စီမံကိန်းဆိုင်ရာ လေ့လာသင်ယူခြင်း၊ မဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ငွေကြေးထောက်ပံ့မှုများအား ပံ့ပိုးပေးရန်အတွက် SBCC လှုပ်ရှား ဆောင်ရွက်မှုများအား စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း (သို့) SBCC လှုပ်ရှား ဆောင်ရွက်မှုများအတွက် ရပ်ရွာလူထုအခြေပြုသည့် ကူညီပံ့ပိုးခြင်းတို့အနက်မှ တနည်းနည်းဖြင့် အစိုးရ၏ MCCT စီမံကိန်းတွင် ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခဲ့ပါသည်။ ကယားပြည်နယ်ကဲ့သို့သော အစိုးရအုပ်ချုပ်ရေး လက်လှမ်းမမီသော ဒေသအချို့တွင် LIFT မိတ်ဖက် အဖွဲ့အစည်းများသည် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အကျိုးခံစားခွင့်ရှိသူများ အနေဖြင့် စီမံကိန်း အကျိုးခံစားခွင့်အား လူတိုင်း လက်လှမ်းမီ ရယူနိုင်စေရန်အတွက် စီမံကိန်း၏ ငွေကြေးထောက်ပံ့မှုအား ပေးအပ်သည့် အစိတ်အပိုင်းတွင်လည်း ကူညီပံ့ပိုးပေးခဲ့ပါသည်။

**ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသတွင် MCCT နှင့် SBCC ပေါင်းစပ်၍ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်း**

ပြီးခဲ့သည့် ကာလများအတွင်း LIFT ရန်ပုံငွေ ထောက်ပံ့ပေးသည့် MCCT စီမံကိန်းများမှ ငွေကြေးထောက်ပံ့မှုနှင့် SBCC အား ပေါင်းစပ် ဆောင်ရွက်သည့်အခါ ငွေကြေး ထောက်ပံ့မှုတစ်မျိုးတည်းကို ဆောင်ရွက်သည်ထက် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ နို့တိုက် မိခင်များနှင့် ကလေးသူငယ်များတွင် ပိုမိုထူးကဲသော အာဟာရဆိုင်ရာ ရလဒ်များကို ရနိုင်ကြောင်းကို သက်သေ သာဓကဖြင့် ထင်ထင်ရှားရှား ပြသခဲ့ပါသည်။ Save the Children International ၏ ရန်ကုန်မြို့ပြဝန်းကျင်အတွင်း ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ စီမံချက်သည် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လမှစ၍ MCCT ထောက်ပံ့မှုကို လက်ခံရရှိခဲ့သော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အမျိုးသမီး (၁,၅၀၂) ဦးအကြား အမူအကျင့် ပြောင်းလဲရေးကို ပံ့ပိုးကူညီပေးရန်အတွက် မိခင်အချင်းချင်းရိုင်းပင်းကူညီရေး အုပ်စု (၁၂၂)စုအား ဖွဲ့စည်းခဲ့ပါသည်။ ပြည်ထောင်စု အစိုးရမှ ဦးဆောင်သော ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ MCCT စီမံကိန်းနှင့်အညီ ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ စီမံချက်သည် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာလျက် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အမျိုးသမီးများအား ကလေးအသက် (၂)နှစ် ရောက်သည့် အချိန်ထိ တစ်ဦးလျှင် မြန်မာကျပ်ငွေ ၁၅,၀၀၀ (ကန်ဒေါ်လာ ၁၁) ပေးအပ်ပါသည်။ စီမံချက်မှ အမူအကျင့် ပြောင်းလဲရေးအတွက် ကူညီပံ့ပိုးပေးရန် မိခင်အုပ်စုများအား ဖွဲ့စည်းပေးခဲ့သော်လည်း COVID-19 ကပ်ရောဂါကြောင့် လစဉ် အစည်းအဝေးများအား စီစဉ်ထားသည့်အတိုင်း ကျင်းပနိုင်ခဲ့ခြင်းမရှိပါ။ ထိုအစား စီမံချက်သည် အုပ်စုများဖွဲ့စည်းခြင်းနှင့် အခြေခံ အာဟာရဖွံ့ဖြိုးမှု၊ အမူအကျင့် ပြောင်းလဲရေးအတွက် စီမံကိန်း ဒီဇိုင်းပုံစံ ရေးဆွဲခြင်းနှင့် မိခင်နို့ရည် တိုက်ကျွေးခြင်းဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှုတို့ အပါအဝင် အင်တာနက် အွန်လိုင်းမှပြုလုပ်သည့် အခြေခံသင်တန်းများအား အလေးပေး ဆောင်ရွက်ခဲ့ပါသည်။ မြို့ပြဒေသတွင်





တိုးချဲ့နိုင်ရန် အလားအလာရှိသည့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်သည့် ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်(၂)နှစ်အောက် ကလေးသူငယ်များ၏ ငွေကြေးထောက်ပံ့မှုပေးသည့် စီမံကိန်း သတင်းအချက်အလက်များပေးနိုင်ရန်အတွက် စီမံချက်သည် မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ လူမှု ဝန်ထမ်း ဦးစီးဌာနတို့နှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်ရန်နှင့် မြို့ပြဒေသများတွင် ဘဝအစ ရက်ပေါင်း (၁,၀၀၀)အတွင်း အာဟာရဖွံ့ဖြိုးမှုကို မြှင့်တင်ရန် စီမံချက်မှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများအား မျှဝေရန်တို့အတွက် စီစဉ်လျက် ရှိပါသည်။

**CDN ၏ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စုများအား အချိန်နှင့်တပြေးညီလွှဲပြောင်းပေးခြင်း**

ကရင်ပြည်နယ်တွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော CDN-ZOA သည် အစိုးရမှ ထိန်းချုပ်ထားသော ဒေသများ၌ လူမှုဝန်ထမ်းဦးစီးဌာနမှ MCCT စီမံကိန်းအား စတင် ဆောင်ရွက်သည့်အချိန်၌ စီမံချက်၏ SBCC ချဉ်းကပ်နည်းလမ်းအား ကူညီပံ့ပိုးပေးရန်အတွက် မိခင်အချင်းချင်း ရိုင်းပင်းကူညီသည့် အုပ်စုများ၏ အစည်းအဝေးများ နှင့် လစဉ် အသိပညာပေးပွဲများအား အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ CDN-ZOA သည် MoHS မှ စီစဉ်ဆောင်ရွက်သည့် SBCC ဆိုင်ရာ လုပ်ငန်းများအတွင်းသို့ စီမံချက်၏ လုပ်ငန်းများအား ပေါင်းစပ် ထည့်သွင်းရန်အတွက် MoHS နှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများနှင့် တွဲဖက်၍ လုပ်ကိုင်ခဲ့ပါသည်။ အစောပိုင်းကာလများတွင် ရပ်ရွာလူထု အဆင့်၌ အခြေခံ ကျန်းမာရေး ဝန်ထမ်းများသည် စီမံချက်မှ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း အရိပ်လက္ခဏာများ ပြသခဲ့ခြင်းများ ရှိခဲ့သော်လည်း စီမံချက် ပြီးဆုံးသည်အထိ လက်တွေ့ဖြစ်ပေါ်လာခြင်း မရှိခဲ့ပါ။ သို့သော်ငြားလည်း ရပ်ရွာလူထု အဆင့်၌ SBCC လုပ်ငန်းများအား အချိန်နှင့် တပြေးညီလွှဲပြောင်းပေးအပ်နိုင်ခဲ့ပါသည်။ CDN-ZOA စီမံချက်သည် စက်တင်ဘာလ တွင် ပြီးဆုံးခဲ့ပြီး၊ အစိုးရ ကျန်းမာရေးဝန်ထမ်းများမှ SBCC လုပ်ငန်း ဆောင်ရွက်မှုများကို အောက်တိုဘာလတွင် စတင်ခဲ့ပါသည်။

**ကယားနှင့် ကရင်ပြည်နယ် MCCT စီမံကိန်းများအား ကူညီပံ့ပိုးပေးရန် စီမံချက်များ စတင် ဆောင်ရွက်ခြင်း**

၂၀၂၀ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့သည့် International Rescue Committee ၏ ကယားပြည်နယ် ဘက်စုံ အာဟာရ ဖွံ့ဖြိုးရေးစီမံချက် (KIN) အား အစိုးရမှ ထိန်းချုပ်မှုရှိသော ဒေသများ နှင့် အစိုးရမှ ထိန်းချုပ်ထားခြင်း မရှိသောဒေသများတွင် စတင်ဆောင်ရွက်သည့် ကယားMCCTအား ပံ့ပိုးကူညီပေးရန် ဝန်ဆောင်မှုပေးသူများ၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲထားပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန၏ MCCT စီမံကိန်းမှာ ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ပြီး ငွေကြေးထောက်ပံ့မှု (၈) ကြိမ်မှတဆင့် အကျိုးခံစားခွင့်ရှိသူ (၁၅,၇၆၅) ဦးထံ ရောက်ရှိခဲ့ပါသည်။ လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက် (CHDN) နှင့် ကရင်နီ အမျိုးသမီးများ အစည်းအရုံး (KNWO) တို့နှင့် မိတ်ဖက်ပြု၍ အကောင်အထည် ဆောင်ရွက်နေပြီ ဖြစ်သော LIFT မှ ထောက်ပံ့ပေးသည့် စီမံချက်သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အနီးကပ် လက်တွဲ ဆောင်ရွက်လျက် ရှိပါသည်။ International Rescue Committee (IRC) သည် စီမံချက်တွင် အဓိက တွဲဖက် လုပ်ကိုင်နေသူများအကြား စီမံချက်၏ ဝန်ဆောင်မှုများနှင့် ပစ္စည်းများ (SBCC သတင်းစကားပေးပို့ခြင်း၊ သတင်း အချက်အလက်များ၊ ပညာရေးနှင့် သတင်းအချက်အလက်နှင့် ပြန်ကြားဆက်သွယ်မှုဆိုင်ရာ အထောက်အကူပြုပစ္စည်း (IEC) နှင့် သင်ထောက်ကူပစ္စည်းများ) ကို မိမိကိုယ်ပိုင်ပစ္စည်းများအဖြစ် ရှုမြင်စေရန်အတွက် လုပ်ဆောင်ခဲ့ပါသည်။ MCCT အာဟာရ ဖွံ့ဖြိုးမှုရလဒ်များအား မြှင့်တင်ရန် စီမံချက်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် တည်ဆောက်ထားသော WASH အခြေခံ အဆောက်အဦ၏ ရေရှည်တည်တံ့ ခိုင်မြဲမှုရှိစေရန်အတွက် စီမံချက်သည် အခြေခံ အဆောက်အဦ တည်ဆောက်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်တို့အတွက် လူမှု အသိုက်အဝန်းများ၏ စွမ်းဆောင်ရည်အား ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ် စက်တင်ဘာလတွင် Community Partners International (CPI) သည် ကရင်ပြည်နယ်ရှိ မြို့နယ် (၇) မြို့နယ်လုံးရှိ အစိုးရမှ ထိန်းချုပ်ထားသော ဒေသနှင့် အစိုးရမှ ထိန်းချုပ်ထားခြင်း မရှိသည့် ဒေသ နှစ်ခုလုံးတွင် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW)၊ ကရင်တိုင်းရင်းသားများ ကျန်းမာရေးအဖွဲ့အစည်း (KEHOC)၊ ရိုးမ လူမှုရေးနှင့် ဖွံ့ဖြိုးရေးအသင်း (YSDA)နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ ကရင်လူထုအတွက်ကော်မတီ(CIDKP) တို့နှင့် မိတ်ဖက်ပြုကာ အာဟာရဓာတ်ပြည့်ဝရေး စီမံချက် - မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အာဟာရဖွံ့ဖြိုးမှုနှင့် WASH ပိုမို တိုးတက် ကောင်းမွန်စေခြင်းမှတဆင့် လူအများအား လုပ်ကိုင်နိုင်စွမ်း ပေးအပ်ခြင်းကို စတင် ဆောင်ရွက်ခဲ့ပါသည်။ ဤစီမံချက်အား အမျိုးသား MCCT စီမံကိန်းစတင်ဆောင်ရွက်ရာတွင် ခိုင်မာအားကောင်းစေရန်အတွက်လည်း ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ CPI နှင့် ယင်း၏ ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများသည် ရပ်ရွာလူထုအား လှုံ့ဆော်သည့် ချဉ်းကပ်နည်းလမ်းအား အသုံးပြု၍ အာဟာရဖွံ့ဖြိုးမှုနှင့် WASH ဆိုင်ရာ အသိပညာ သဘောထားများနှင့် အလေ့အကျင့်များကို မြှင့်တင်ရန် လုပ်ဆောင်လျက် ကရင် ပြည်နယ်တွင် MCCT လုပ်ငန်း လည်ပတ်ဆောင်ရွက်မှု ပိုမို တိုးတက် ကောင်းမွန်စေရန် ရည်ရွယ်ပါသည်။ ကရင်ပြည်နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ MCCT စီမံကိန်းသည် ယခုအချိန်အထိ အကျိုးခံစားခွင့်ရှိသူ (၅၂,၀၀၀) ထံသို့ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။ အမျိုးသားအဆင့် MCCTစီမံကိန်း ဖွဲ့စည်းပုံ၏ တစ်စိတ်တစ်ဒေသဖြစ်သော စေတနာ့ဝန်ထမ်း ရပ်ရွာလူထုလူမှုရေးလုပ်သားများနှင့် မိခင်အချင်း ရိုင်းပင်းကူညီသည့် အုပ်စုများသည် စီမံချက်၏ အရေးပါသည့် အစိတ်အပိုင်းများ ဖြစ်ပါသည်။

**အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လက်တွေ့ကျင့်သုံးသည့် အသိုက်အဝန်းများမှ မြို့ပြဝန်းကျင် စီမံကိန်းများအား ပံ့ပိုးပေးခြင်း**

၂၀၂၀ ခုနှစ်တွင် ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသ၌ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကြောင်းအရာအလိုက် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်း ထူထောင် ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများသည် အကြောင်းအရာ အလိုက် နယ်ပယ် (၂)ခု အပေါ်၌ အာရုံစိုက်ရန် ဆုံးဖြတ်ခဲ့သဖြင့် SBCC လုပ်ငန်းအဖွဲ့နှင့် အစားအစာရောင်းချသူများ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပေါက်ပေါက်လာပါသည်။ နယ်မြေခြင်း နီးကပ်စွာတည်ရှိပြီး တူညီသည့် အကျိုး ခံစားခွင့်ရှိသည့် လူမှုအသိုက်အဝန်းများတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ လုပ်ငန်းအဖွဲ့ (၂)ဖွဲ့လုံးသည် သတင်း အချက်အလက်နှင့် နည်းပညာ ရင်းမြစ်မျှဝေခြင်း၊ တူညီသည့် ချဉ်းကပ်နည်းလမ်းများ ထူထောင်ခြင်း၊ တူညီသည့် အမူအကျင့်များနှင့် သတင်း စကားပေးပို့ခြင်းတို့ ဖြစ်စေရန် ချိန်ညှိခြင်းနှင့် ဒေသဆိုင်ရာ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် မဟာဗျူဟာများအား မျှဝေခြင်းတို့တွင် အလေးပေး

အာရုံစိုက်ခဲ့ပါသည်။ အဖွဲ့ (၂)ဖွဲ့ စလုံးသည် ၎င်းတို့ စီမံချက်များ၏ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အစိတ်အပိုင်း အားလုံးတွင် တူညီသည့် အမူအကျင့်များကို ရှာဖွေ ဖော်ထုတ်ရန်အတွက် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ မျိုးဆက်ပွားနိုင်သည့် အသက်အရွယ် ရှိသည့် အမျိုးသမီးများ နှင့် ဦးတည်ရည်ရွယ် လုပ်ကိုင်ဆောင်ရွက်နေသူများမှ တူညီသည့် အမူအကျင့် (၃)ခု ဖြစ်သည့် (၁)မိခင်များသည် ၎င်းတို့၏ ကလေးများအား ကလေးအသက် (၆)လပြည့်သည့် အချိန်ထိ မိခင်နို့ရည်တမျိုးတည်းကိုသာ တိုက်ကျွေးခြင်း (၂)မျိုးဆက် ပွားနိုင်သည့် အသက် အရွယ်ရှိသော အမျိုးသမီးများသည် နေ့စဉ် အစားအစာ အုပ်စု (၄)အုပ်စု စလုံးမှ အစားအသောက်များကို စားသုံးကြခြင်း (၃) အသက် (၂)နှစ် အောက် ကလေးငယ် မိခင်များနှင့် စောင့်ရှောက်ပေးသူများသည် အရေးကြီးသည့် အချိန်များတွင် ၎င်းတို့၏ လက်အား ဆပ်ပြာနှင့် ရေကို အသုံးပြု၍ ဆေးကြောကြခြင်း တို့အား တွေ့ရှိခဲ့ပါသည်။[၃၄] LEARN စီမံချက်၏ ကူညီပံ့ပိုးမှုဖြင့် အစားအစာ ရောင်းချသူများ လုပ်ငန်းအဖွဲ့မှလည်း ရောင်းချသူ၏ တကိုယ်ရေ သန့်ရှင်းရေး၊ အစားအသောက် သန့်ရှင်းရေး၊ အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက် များ စီးပွားဖြစ် ရောင်းချခြင်းနှင့် ဆက်နွယ်နေသည့် ၎င်းတို့၏ သင်တန်းများနှင့် အသိအမှတ်ပြု သော အစီအစဉ်များမှ တဆင့် မြှင့်တင်ရန်အတွက် တူညီသည့် အမူအကျင့်များအား ရှာဖွေ ဖော်ထုတ်ခဲ့ပါသည်။

## ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး (WASH)

### အာဟာရဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန်စေရန်အတွက် ရေရှိရေးအား တိုးမြှင့်ခြင်း

၂၀၂၀ ခုနှစ်တွင် CDN–ZOA သည် ကရင်ပြည်နယ် မြောက်ပိုင်းတွင် ဘေးကင်းစိတ်ချရသည့် သောက်သုံးရေ လက်လှမ်းမီ ရယူနိုင်မှု တိုးမြှင့်ရန် အပြင် တကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အသိဉာဏ် ဗဟုသုတနှင့် အလေ့အကျင့်များ ခိုင်မာအားကောင်းစေရန် တို့အတွက် WASH အစိတ်အပိုင်းပါဝင်သော ကဏ္ဍပေါင်းစုံ ပါဝင်သည့် (၄)နှစ် စီမံချက်ကို အဆုံးသတ်ခဲ့ပါသည်။ စီမံချက်သည် မိုးရာသီကာလအတွင်း ကာကွယ် စောင့်ရှောက်ထားသည့် ရေအရင်းအမြစ်မှ ရေကို အသုံးပြုသည့် အိမ်ထောင်စု အရေအတွက်မှာ ၃၉% မှ ၆၅% ထိ တိုးတက်လာခဲ့သည့် အတွက်ကြောင့် သိသိသာသာ တိုးတက်ပြောင်းလဲလာသည့် ရလဒ်များ ရရှိခဲ့ပါသည်။ စီမံချက် အကဲဖြတ် သုံးသပ်သည့် အဖွဲ့သည် ကျေးရွာ (၂၇)ရွာတွင် ရေနှင့် သက်ဆိုင်သည့် အခြေခံ အဆောက်အဦ ဆောက်လုပ်ခြင်း၏ ရလဒ်အနေဖြင့် ရေရရှိမှု တိုးမြှင့်လာသည်ဟု မှတ်ချက်ပေးခဲ့ပါသည်။ ယခုအခါတွင် လူအများအပြားသည် သောက်သုံးရန် အတွက်သာမက လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ ဆေးကြောခြင်း အပါအဝင် ဘေးကင်းစိတ်ချရသည့် တစ်ကိုယ်ရေနှင့် အိမ်သန့်ရှင်းရေး အမူအကျင့်များအတွက် အကာအကွယ်ရှိထားသည့် ရေအရင်းအမြစ်များမှ ရေပမာဏ အများအပြားအား အသုံးပြုနိုင်နေပြီ ဖြစ်ပါသည်။ စီမံချက် ပြီးဆုံးချိန်၌ တင်ပြသည့် အစီရင်ခံစာအရ ရေအရင်းအမြစ်များအား လက်လှမ်းမီ ရယူနိုင်မှု တိုးတက်လာခြင်းကြောင့် အိမ်သာအသုံးပြုသည့် အိမ်ထောင်စု အရေအတွက်မှာ (၆၉%) (၂၀၁၆ ခုနှစ်)မှ ၉၃.၅% (၂၀၂၀ ခုနှစ်) အထိ တိုးတက်လာခြင်းဆီသို့ ရောက်ရှိစေခဲ့ပါသည်။ အာဟာရ ဖွံ့ဖြိုးမှု စီမံကိန်း ဆောင်ရွက်ချက်များနှင့် ထပ်လောင်း ပေါင်းစပ်လိုက်သည့်အခါ ရေအား လက်လှမ်းမီ ရယူနိုင်မှု တိုးတက်လာခြင်းမှ ရောဂါဖြစ်စေသည့် အရာများအား မစင်မှ ခံတွင်းအတွင်းသို့ ဝင်ရောက်ခြင်းအား ကာကွယ်တားဆီးနိုင်သဖြင့် ဝမ်းရောဂါ ဖြစ်ပွားခြင်းကို ၂၉% မှ ၇.၉% ရာခိုင်နှုန်း အထိ ကျဆင်းအောင် လျှော့ချပေးခဲ့သည်အထိ အထောက်အကူဖြစ်စေနိုင်ခြေ ရှိခဲ့ပါသည်။

ရေပေးဝေရေး စနစ်အသစ်များ၏ နောက်ထပ် အကျိုးကျေးဇူးတစ်ခုမှာ ရေသယ်ယူရာတွင် အချိန်လျှော့ချနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ရေ (၂၀)မီတာ အား သယ်ယူရသည့်အချိန် ပျမ်းမျှ ၂၀ မိနစ်မှ ၆၀ မိနစ် အကြား ကြာမြင့်သည်မှ ၅ မိနစ်မှ ၁၀ မိနစ်ခန့်သာ ကြာမြင့်သည်အထိ သိသိသာသာ လျှော့ချနိုင်ခဲ့ခြင်းဖြင့် အမျိုးသမီးများနှင့် အခြားသူများအား စိုက်ပျိုးရေး၊ အိမ်တွင်း ဥယျာဉ်ခြံမြေမှ အစားအသောက်များ ထုတ်လုပ်ခြင်းနှင့် ဝင်ငွေတိုး လုပ်ငန်းများ အပါအဝင် အခြား အကျိုးရှိသည့် အလုပ်များ လုပ်ကိုင်နိုင်ရန်အတွက် အချိန် ပိုရစေပါသည်။

စီမံချက်မှတဆင့် CDN–ZOA သည် ရောက်ရှိရန် ခက်ခဲသော ဒေသများနှင့် ပဋိပက္ခဒဏ်ခံဒေသများတွင် အဓိက လုပ်ဆောင်ပေးနေသည့် ပြည်တွင်း အရပ်ဘက် လူမှုအဖွဲ့အစည်း KORD နှင့် အောင်မြင်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ KORD မှ တောင်ပေါ်ဒေသနှင့် စိန်ခေါ်မှု များသည့် မြေပြင် အနေအထားများ၌ ဆောင်ရွက်ရသည့် အင်ဂျင်နီယာလုပ်ငန်းနှင့် ဆက်နွယ်နေသည့် ကျွမ်းကျင်မှုကို ယူဆောင်လာနိုင်ခဲ့ပါသည်။ ယင်းအား CDN မှ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ပေါင်းစပ်လိုက်ခြင်းမှ မြောက်မြားစွာသော လူမှု အသိုက်အဝန်းများ အတွက် အကျိုးရှိစေသည့် ထိရောက်မှု ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ရေ ပေးဝေရေး စနစ်များအား မိတ်ဆက်ပေးနိုင်ခြင်းဆီသို့ ဦးတည်ခဲ့ပါသည်။

KORD နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် The Border Consortium (TBC) ၏ STAND UP အဆင့် (၂) စီမံချက်မှလည်း အိမ်တွင်း အသုံးပြုနိုင်သည့် အရည်အသွေးရှိသော ရေပေးဝေမှုအတွက် ကူညီပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ဒေသခံ မိတ်ဖက် အဖွဲ့အစည်းများဖြစ်သော BPHWT နှင့် KnMHC တို့သည် စီမံကိန်းဆောင်ရွက်ချက်များ လုပ်ဆောင်သည့် လုပ်ငန်းခွင်များအား မြို့နယ် (၆)ခုစလုံးတွင် ဖြန့်ကျက်ထားခဲ့ပြီး ကျေးရွာအုပ်စု (၅)စုတွင် မြေဆွဲအားကို အသုံးချ၍ စီးဆင်းစေသည့် ရေပေးဝေသည့် (Gravity Flow) စနစ်တပ်ဆင်ပေးခဲ့ပြီး ကျေးရွာအုပ်စု (၄)စုတွင် ရေတွင်း(၈)တွင်း တူးဖော်ပေးခဲ့ကော ကျေးရွာအုပ်စု (၁၀)စုတွင် အဆင့်ဆင့် ရေစစ်သည့် စနစ်များ တပ်ဆင်ပေးခဲ့ ပါသည်။ ထို့အပြင် မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် KDHW သည် ကျေးရွာအုပ်စု ကျန်းမာရေးဆေးခန်း ပတ်ဝန်းကျင်နေရာများ၌ မြေဆွဲအားကို အသုံးချ၍ စီးဆင်းစေသည့် ရေပေးဝေရေး စနစ် (၇)ခုအား တပ်ဆင်ပေးခဲ့ပါသည်။ ရေးမြို့နယ် တလျှောက်ရှိ မွန်ပြည်သစ်ပါတီ (NMSP) နှင့် အပစ်အခတ် ရပ်စဲထားသည့် ဒေသများတွင် မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် MNHC မှ စစ်တမ်း ကောက်ယူပြီးနောက် အိမ်ထောင်စု (၅၂၄) စုမှ လူဦးရေ (၂,၆၂၂) ဦးအတွက် အိမ်ထောင်စုအသုံးပြုရန် ရေရရှိမှု ပိုမိုကောင်းမွန်စေရန် မြေဆွဲအားကို အသုံးချ၍ စီးဆင်းစေသည့် ရေပေးဝေရေး စနစ် (၂)ခုအား တည်ဆောက်ပေးခဲ့ပါသည်။

၃၄။ (က) အိမ်သာအသုံးပြုပြီးနောက်/ အညစ်အကြေးစွန့်ပြီးနောက် (ခ) ကလေးငယ်အား သန့်ရှင်းရေး လုပ်ပေးပြီးနောက်/ သေးခံလဲပြီးနောက် (ဂ) တိရိစ္ဆာန် မစင်များအား ကိုင်တွယ်ပြီးနောက် (ဃ) ကလေးငယ်အတွက် အစားအသောက် မပြင်ဆင်မီနှင့် (င) ကလေးငယ်အား အစာမကျွေးမီ





အိမ်တွင်းအသုံးပြုရန် ရေလက်လှမ်းမီ ရယူနိုင်မှုမှာ အမှန်တကယ် တိုးတက် ကောင်းမွန်လာခဲ့သော်လည်း အရည်အသွေး ပိုမိုကောင်းမွန်စေရန်အတွက် ရေသန့်စင်သည့် စနစ်များတပ်ဆင်ရာတွင် COVID–19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ ကြောင့် နှောင့်နှေးနေခဲ့ပါသည်။ သို့သော်ငြားလည်း အိမ်တွင်း အသုံးပြုရန် ရေအား လက်လှမ်းမီ ရယူရာတွင် တိုးတက်ခဲ့မှုများ ရှိခဲ့သဖြင့် ပတ်ဝန်းကျင် သန့်ရှင်းရေးမှာလည်း တိုးတက်ခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ ကျန်းမာရေး လုပ်သားများ၏ဖြစ်ရပ် အစီရင်ခံစာများတွင် အဆိုပါ ဒေသများတွင် အရေပြား ရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် အော့အန်ခြင်းတို့ လျော့နည်း ကျဆင်းသွားခဲ့သည်ဟု ဖော်ပြထားပါသည်။ မွန်နှင့် ကရင်ပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည့် ရေအရည်အသွေးအား ထိန်းချုပ်ခြင်းနှင့် ဆက်နွယ်နေသည့် လူမှုအသိုက်အဝန်းများအား ဆန်းစစ် အကဲဖြတ်မှုများမှ ရှာဖွေ ဖော်ထုတ်ခဲ့သည့် တူညီသော အလေးထားစရာ အကြောင်းအရာမှာ ရေအရင်းအမြစ်များတွင် ဓာတုဗေဒနှင့် ဇီဝဗေဒဆိုင်ရာ ညစ်ညမ်းစေသည့် အရာများ ပါဝင်မှုကို စောင့်ကြည့် စစ်ဆေးရန်အတွက် စမ်းသပ်သည့် ကိရိယာများအား လက်လှမ်းမီ ရယူနိုင်မှုတွင် အကန့်အသတ်ရှိသည်ဟု ဖော်ပြထားပါသည်။

### မြို့ပြရှိ WASH စနစ်များ ခိုင်မာအားကောင်းစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

Save the Children International ၏ ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်မှုများ စီမံချက်တွင် ရပ်ရွာလူထုသည် ၎င်းတို့ ဖွံ့ဖြိုး တိုးတက်မှုအတွက် WASH ဆိုင်ရာ ဝန်ဆောင်မှုများအား ထိန်းသိမ်းကာကွယ်ရန်နှင့် ကြီးကြပ်ရန်တို့ အတွက် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် အဓိကနေရာ၌ ရှိနေပါသည်။ မိတ်ဖက်အဖွဲ့ အဖွဲ့အစည်း ဖြစ်သည့် WaterAid မှတဆင့် စီမံချက်သည် ကျူးကျော် ရပ်ကွက်များတွင် နေထိုင်သူများ၏ လိုအပ်ချက်များကို နားလည် သဘောပေါက်စေရန်နှင့် ဘေးကင်းစိတ်ချရသည့် သောက်သုံးရေနှင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲသည့် စနစ်များအတွက် ၎င်းတို့၏ အခွင့်အရေးများကို ထောက်ခံဆော်ဩပေးရန် တို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ (YCDC) အပါအဝင် သက်ဆိုင်ရာ အစိုးရဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်၌ စီမံချက်သည် ၂၀၂၀ ခုနှစ်၌ စီမံချက် ဝန်ထမ်းများအား နည်းပညာဆိုင်ရာ သင်တန်းပေးရန်အတွက် YCDC ထံမှ သဘောတူညီမှုအား ရရှိခဲ့ပြီး ဖြစ်ပါသည်။

### COVID–19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရန်အတွက် ဒေသခံဦးဆောင်သူများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း

COVID–19 ကပ်ရောဂါအား စနစ်များအဆင့် ကာကွယ် တုံ့ပြန်မှုများတွင် ကူညီပံ့ပိုးပေးခြင်း၏ အရေးပါမှုများ အသိအမှတ်ပြုလျက် LIFT အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ ကမ္ဘာ့ကပ်ရောဂါအား တိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများကို အားဖြည့်နိုင်ရန်အတွက် နိုင်ငံအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ဒေသဆိုင်ရာအဆင့် အစိုးရများ၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ခဲ့ပါသည်။

World Concern Myanmar ၏ ကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံရသူများ၏ အာဟာရ ရလဒ်များ တိုးတက်စေခြင်း စီမံချက်သည် (၁)နိုင်ငံတော်အဆင့် COVID–19 ကပ်ရောဂါ ကာကွယ် တုံ့ပြန်မှုများတွင် ကူညီပံ့ပိုးပေးရန်အတွက် MoHS နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း (၂)ဝန်ထမ်းများ ရောဂါကူးစက်မှုမှ ကာကွယ်တားဆီးရေး အစီအမံများ (၃) COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ ရပ်ရွာလူထုကြား အသိပညာပေးခြင်းအပါအဝင် ရပ်ရွာလူထုမှ ကာကွယ်တားဆီးသည့် အစီအမံများ အပါအဝင် COVID–19 ကပ်ရောဂါ ကာကွယ်တုံ့ပြန်သည့် လုပ်ငန်းများအား ဦးစားပေးနိုင်ရန် ပုံမှန်ဖွံ့ဖြိုးရေး လုပ်ငန်းများအား လျှော့ချခဲ့ပါသည်။

KMSS သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ မြို့နယ်များ၊ ကျေးရွာများနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ၌ အရေးပေါ် ကာကွယ် တုံ့ပြန်ရေး အဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် အရေးပေါ် တုံ့ပြန်ကာကွယ်သည့် ယန္တရား တစ်ခုအား စတင် အသက်သွင်းခဲ့ပါသည်။

ကယား၊ ကရင်နှင့် မွန်ပြည်နယ်များနှင့် တနင်္သာရီတိုင်း ဒေသကြီးရှိ TBC ၏ STAND UP အဆင့် (၂) စီမံချက်သည် ရေ ရယူနိုင်မှု တိုးမြှင့်ရန်အတွက် မြေဆွဲအားကို အသုံးချ၍ စီးဆင်းစေသည့် ရေပေးဝေရေး စနစ် တပ်ဆင်ခြင်းနှင့် ရေတွင်းတူးခြင်း၊ ရေအရေအသွေး ကောင်းမွန်စေရန် အဆင့်အမျိုးမျိုးဖြင့် ရေသန့်စင်သည့် စနစ်များ တပ်ဆင်ခြင်းနှင့် အိမ်သာ တည်ဆောက်ခြင်းများအပါအဝင် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် နောက်ထပ်ရင်းမြစ်များအား ထပ်မံ၍ ပြန်လည် ခွဲဝေသတ်မှတ်ခဲ့ပါသည်။ အဆိုပါ ပတ်ဝန်းကျင် သန့်ရှင်းရေး အဆင့်မြှင့်တင်မှုများနှင့် အတူ ကျေးရွာအုပ်စု (၁၇)လုံးတွင် လူထု အစည်းအဝေးများနှင့် ကျေးရွာအုပ်စု ကျန်းမာရေး ဆေးခန်း (၆)ခုမှ ရပ်ရွာလူထုအခြေပြု ကျန်းမာရေး လုပ်သားများအတွက် ရေတွင်း ပိုးသတ်ဆေးခတ်ခြင်း၊ ရေသန့်စင်စက်များ တည်ဆောက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးကြောခြင်း၊ စွန့်ပစ်အမှိုက် စီမံခန့်ခွဲခြင်းနှင့် ကိန်းဂဏန်း အချက်အလက်များ ကောက်ယူခြင်း စသည်ကဲ့သို့သော ခေါင်းစဉ်များ ပါဝင်သည့် ဝန်ထမ်း စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး သင်တန်းများ ပို့ချပေးခြင်းတို့ လုပ်ဆောင်ခဲ့ပါသည်။

Health Poverty Action (HPA) ၏ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ COVID–19 ကပ်ရောဂါ ကာကွယ်တားဆီးသည့် လုပ်ငန်းများမှလည်း ရပ်ရွာလူထုမှ ဦးဆောင်သည့် ကာကွယ်တားဆီးရေး မဟာဗျူဟာများမှတဆင့် ထိတ်လန့် တုန်လှုပ်ဖွယ်ရာများအား ပိုမိုကောင်းမွန်စွာ ကိုင်တွယ် ဖြေရှင်းနိုင်ရန်အတွက် အားနည်း ထိခိုက်လွယ်သည့် လူမှုအသိုက်အဝန်းများ အထူးသဖြင့် ရွှေ့ပြောင်း သွားလာသူများအား အကူအညီပေးရန် ရည်ရွယ်ခဲ့ပါသည်။ ယင်းတွင် ရပ်ရွာလူထု စေတနာ့ဝန်ထမ်းနှင့် လှုပ်ရှား ဆောင်ရွက်သူ များမှတဆင့် ကျရောက်နိုင်ချေရှိသည့် အန္တရာယ်များအား ဆက်သွယ် အသိပေးခြင်း၊ လက်ဆေးသည့် နေရာများ တည်ဆောက်ခြင်း နှင့် ဆပ်ပြာများ ဝေငှပေးခြင်း တို့ပါဝင်ခဲ့ပါသည်။

CDN-ZOA ပူးပေါင်းထားသည့် မိတ်ဖက် အဖွဲ့အစည်းများအား ကရင်ပြည်နယ်တွင် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်မှုတွင် ကူညီပံ့ပိုးပေးရန်အတွက် တောင်းဆိုခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများသည် သတင်းအချက်အလက်များနှင့် လမ်းညွှန်မှုများကို မျှဝေခြင်း၊ အာဟာရ ဖွံ့ဖြိုးမှုနှင့် WASH ဆိုင်ရာ ပုံမှန်အစည်းအဝေးများ တက်ရောက်ခြင်းတို့မှ တဆင့် ဆက်သွယ် အသိပေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း တို့အတွက် ကူညီပံ့ပိုးပေးနေသော တနင်္သာရီတိုင်းဒေသကြီး မြို့နယ် ကျန်းမာရေး အရာရှိ၊ ကရင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနတို့နှင့်အတူ လုပ်ကိုင် ဆောင်ရွက်သည့် အတွေ့အကြုံ ရှိပြီးသား ဖြစ်ပါသည်။ ဤဆက်ဆံရေးမှ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားသည့် အစောပိုင်း ကာလအတွင်း အစိုးရမှ ထိန်းချုပ်ထားသော ဒေသများနှင့် ကရင်အမျိုးသား အစည်းအရုံး ထိန်းချုပ်ဒေသများရှိ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမို၍ အံဝင်ခွင်ကျဖြစ်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် အခြား မိတ်ဖက် အဖွဲ့အစည်းများမှလည်း လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများဖြင့် ဒေသဆိုင်ရာ အစိုးရများထံ ပံ့ပိုးပေးခဲ့ပါသည်။ ဥပမာအားဖြင့် Save the Children သည် PPEများ၊ လေကာ-ရေကာ မျက်မှန်များ၊ လက်သန့်ဆေးရည်၊ ခွဲစိပ်ခန်းသုံး ဖိနပ်များ၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း များနှင့် N-95 နှာခေါင်းစည်းများ အပါအဝင် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းအစုံ (၅၀၀)အား ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည် မြောက်ပိုင်းနှင့် မကွေးတိုင်း ဒေသကြီးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနများထံ ဖြန့်ဝေပေးခဲ့ပါသည်။

**ကချင်ပြည်နယ်တွင် ဈေးကွက်ဆန်းစစ် အကဲဖြတ်ခြင်းနှင့် စားသောက်ကုန် ဈေးနှုန်းအား စောင့်ကြည့်စစ်ဆေးခြင်း**

COVID-19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ဝင်ငွေဆုံးရှုံးသွားသဖြင့် ရွှေ့ပြောင်းသွားလာသည့် လူမှု အသိုက်အဝန်းများမှ ကြုံတွေ့နေရသည့် စားနပ်ရိက္ခာ ပြတ်လပ်မှုနှင့် အာဟာရချို့တဲ့မှု ဖြစ်နိုင်ချေ အလွန်မြင့်မားသည် ဖြစ်ရာ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော Health Poverty Action (HPA) သည် မရှိမဖြစ် လိုအပ်သော စားသောက်ကုန်များအား ဝယ်ယူရရှိနိုင်မှုနှင့် ဝယ်ယူရန် ငွေကြေးတတ်နိုင်မှု ရှိမရှိတို့အား သိရှိနားလည်နိုင်ရန်အတွက် ဈေးကွက်ဆန်းစစ် အကဲဖြတ်ခြင်းဆိုင်ရာ နည်းလမ်းတစ်ခုအား ၂၀၂၀ ခုနှစ် ဧပြီလတွင် ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ကချင်ပြည်နယ်ရှိ ရွှေ့ပြောင်းသွားလာသူ စခန်းများ အနီးတဝိုက်နှင့် စခန်း အတွင်းရှိ စားသောက်ဆိုင်များနှင့် ပျံ့ကျဈေးချသည့် စားသောက်ဆိုင်များထံမှ လေ့ကျင့်သင်ကြားပေးထားသည့် စီမံချက်မှ ကွင်းဆင်းဆောင်ရွက်သည့် ဝန်ထမ်းများ ကောက်ယူခဲ့သည့် ကိန်းဂဏန်း အချက်အလက်များအပေါ်၌ အခြေခံသည့် အစားအသောက် ဈေးကွက် ဆန်းစစ် အကဲဖြတ်ခြင်းတွင် အစားအသောက်အုပ်စု (၈)စု ဖြစ်သည့် ကောက်ပဲသီးနှံများ၊ သားငါးများ၊ ပဲတောင့်ရှည်များ၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ၊ နို့ထွက်ပစ္စည်းများ၊ ကြက်ဥများနှင့် အခြား လူသုံးကုန်ပစ္စည်းများ ဝယ်ယူရရှိနိုင်မှုအပေါ် စားသောက်ကုန် ဈေးနှုန်းများ စောင့်ကြည့် စစ်ဆေးသည့် သတင်းအချက်အလက်များ ပါဝင်ပါသည်။ အစားအသောက် ဈေးကွက် ဆန်းစစ် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်မှ ဒေသတွင်းရှိ အစားအသောက် ဈေးကွက် အများစုမှာ အသေးစားနှင့် အလတ်စားများဖြစ်ပြီး နေ့စဉ် ရောင်းဝယ်ဖောက်ကားကြောင်း တွေ့ရှိခဲ့ပါသည်။

စောင့်ကြည့်စစ်ဆေးခဲ့သည့် ကိန်းဂဏန်း အချက်အလက်များအရ နို့ထွက်ပစ္စည်းများမှအပ စားသောက်ကုန် အများစုမှာ ကျယ်ကျယ်ပြန့်ပြန့် ဝယ်ယူရရှိနိုင်ပါသည်။ စားနပ်ရိက္ခာကွင်းဆက် တစ်ခုလုံးမှာ တည်တည်ငြိမ်ငြိမ် ရှိခဲ့သဖြင့် ကပ်ရောဂါကာလအတွင်း၌ပင် ဒေသခံ အစားအသောက် ရောင်းချသူများနှင့် စားသောက်ဆိုင်များသည် ဝိုင်းမော်နှင့် မြစ်ကြီးနားရှိ အလတ်စားနှင့် အကြီးစား ဈေးများထံမှ အစားအသောက်များကို ဝယ်ယူနိုင်ခဲ့ပါသည်။ သို့သော်လည်း သယ်ယူပို့ဆောင်ရာတွင် ထိန်းချုပ်ကန့်သတ်မှုများရှိနေသောကြောင့် စားသောက်ကုန်များ ပြန်လည် ဖြည့်တင်းရာတွင် နောက်ကျမှုအချို့ ရှိစေခဲ့ပါသည်။ စောင့်ကြည့်စစ်ဆေးသည့် ရလဒ်များမှ ၂၀၂၀ ခုနှစ် ဧပြီလနှင့် စက်တင်ဘာလအကြားတွင် ဆန်လက်လီဈေးမှာ အနည်းငယ်ကျဆင်း (၁% ထက်လျော့နည်း) ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ ဟင်းသီးဟင်းရွက်၊ အသားနှင့် ငါး အပါအဝင် လတ်ဆတ်သော အစားအသောက်များ၏ ဈေးကွက်ပေါက်ဈေးမှာ တည်ငြိမ်မှု ရှိခဲ့ပါသည်။ အစားအသောက် ဈေးကွက် ဆန်းစစ် အကဲဖြတ်မှု တခုလုံးမှ ရှာဖွေတွေ့ရှိချက်များမှာ အစားအသောက်များအား ရရှိနိုင်ပြီး ယေဘုယျအားဖြင့် လက်လှမ်းမီနိုင်သော်လည်း စီးပွားရေးအရ ခက်ခဲနေသောအချိန်တွင် လူအများ၏ အစားအသောက်ဝယ်ယူရန် ငွေကြေးအရ တတ်နိုင်စွမ်းမှာ သဲသဲကွဲကွဲ မသိနိုင်သေးသည့် အခြေ အနေ ဖြစ်ပါသည်။

**အိမ်ထောင်စုအဆင့်**

၂၀၂၀ ခုနှစ်တွင် မိတ်ဖက် အဖွဲ့အစည်းများသည် အခြေအနေသစ်နှင့် လိုက်လျောညီထွေဖြစ်သည့် လုပ်ငန်း လည်ပတ်မှုဆိုင်ရာ ချဉ်းကပ်နည်းလမ်းအချို့အား ပြုပြင် ပြောင်းလဲခဲ့ရသော်လည်း စီမံကိန်း လုပ်ငန်းအများအပြားအား စီစဉ်ထားသည့်အတိုင်း ဆက်လက် လုပ်ဆောင်နိုင် ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများသည် COVID-19 ကပ်ရောဂါ ပျံ့နှံ့မှုအား တားဆီး ကာကွယ်ရန်အတွက်သာ လုပ်ဆောင်ခဲ့ခြင်း မဟုတ်ဘဲ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်းထိခိုက်လွယ်မှုရှိသော အိမ်ထောင်စုများအပေါ် ကပ်ရောဂါ၏ အန္တရာယ် ဖြစ်စေသော သက်ရောက်မှုများအား လျှော့ချရန်အတွက်လည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

**COVID-19 ကပ်ရောဂါ**

အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများသည် အိမ်ထောင်စုများအပေါ် COVID-19 ကပ်ရောဂါ၏ ဆိုးကျိုးဖြစ်စေသော လူမှုစီးပွားရေး သက်ရောက်မှုများကို ဖြေရှင်းပေးရန်နှင့် ရောဂါပြန့်နှံ့မှုကို ကာကွယ်တားဆီးရန် တို့အတွက် အမျိုးစုံလှသည့် စီမံကိန်း ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ရန် ၂၀၂၀ ခုနှစ်တွင် ဦးတည်ရာ လမ်းကြောင်းအား အလျင်အမြန် ပြောင်းရွှေ့ခဲ့ကြပါသည်။ မိတ်ဖက် အဖွဲ့အစည်းများ၏ အိမ်ထောင်စု အဆင့် တုံ့ပြန်ကာကွယ်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည်-





**ရွှေ့ပြောင်းလုပ်သားများ၏ ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို တည်ဆောက်ရန် နှာခေါင်းစည်းများ ထုတ်လုပ်ခြင်း**

Smart Move ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်ဖြစ်သော BoPinc သည် အဝတ်ဖြင့် ပြုလုပ်သော နှာခေါင်းစည်း အရေအတွက် (၁၀,၀၀၀) အား ထုတ်လုပ်ပြီး ဖြန့်ဝေပေးရာတွင် ကူညီပံ့ပိုးပေးရန် အလုပ်အကိုင် ဆုံးရှုံးသွားသည့် အလုပ်သမားများကို အလုပ်ခန့်ထားပေးခြင်းမှတဆင့် ရွှေ့ပြောင်းလုပ်သားများ၏ ရေတို ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ရန်အတွက် BKM နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ဤလှုပ်ရှား ဆောင်ရွက်မှုအတွက် LIFT မှ ရန်ပုံငွေ တစ်စိတ်တစ်ပိုင်း ထောက်ပံ့ပေးခဲ့ပြီး BoPincမှ ကိုယ်ပိုင် မတည်ရင်းနှီးငွေဖြင့် ကျခံခဲ့ပါသည်။

**COVID-19 ကပ်ရောဂါအား ကာကွယ်တားဆီးနိုင်ရန် ပေးအပ်သည့် ငွေကြေးထောက်ပံ့မှုများ**

COVID-19 ကပ်ရောဂါကြောင့် နိုင်ငံစီးပွားရေး တုံ့နှေးသွားခြင်းမှ မရေတွက်နိုင်သော အသေးစား စီးပွားရေး လုပ်ငန်းများအား ထိခိုက်စေခဲ့သည့်အပြင် အထည်ချုပ်အလုပ်သမား အများအပြားသည် အလုပ်အကိုင် ဆုံးရှုံးခြင်းနှင့် အလုပ်ရှင်များမှ လုပ်ခလစာမပေးချေဘဲ တိမ်းရှောင်သွားခြင်းတို့အား တွေ့ကြုံခံစားနေကြပါသည်။ Save the Children ၏ ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသများရှိ ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ စီမံချက်မှတဆင့် ရည်ရွယ်ချက် အမျိုးမျိုးအတွက် ငွေကြေးထောက်ပံ့မှုများအား ထိခိုက်မှုအများဆုံးဖြစ်ခဲ့သည့် အထည်ချုပ်အလုပ်သမားများ (အမျိုးသမီး ၈၇%) နှင့် အသေးစား စီးပွားရေးလုပ်ငန်းရှင်များထံ ပေးအပ်ခဲ့ပါသည်။ မိသားစုများ ငွေကြေးအခက်အခဲ ကြုံတွေ့ရသည့် အခြေအနေများတွင် တွေ့ရလေ့ရှိသည့် ကလေး အလုပ်သမားနှင့် ကလေးသူငယ်များ အပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းခံရနိုင်သည့် အန္တရာယ်အား လျှော့ချပေးပြီး အိမ်ထောင်စု၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ပေးအပ်သည့် မြန်မာကျပ်ငွေ ၁၂၀,၀၀၀ (ကန်ဒေါ်လာ ၈၆) ထောက်ပံ့မှုအား အထည်ချုပ် အလုပ်သမား (၁,၂၀၀)ကျော်မှ လက်ခံရရှိခဲ့ပါသည်။ ငွေကြေးထောက်ပံ့ပေးပြီးနောက် ပြုလုပ်သည့် စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းစဉ်အရ တုံ့ပြန်ဖြေကြားသူများ၏ ၈၅% သည် ၎င်းတို့ ရရှိသော ငွေကြေးအား အစားအသောက် ဝယ်ယူရန်အတွက် အသုံးပြုသည်ကို တွေ့ရှိခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှုအား လက်ခံရရှိခဲ့သော အသေးစား စီးပွားရေးလုပ်ငန်း (၅၂)ခုသည် ကပ်ရောဂါကာလအတွင်း အသွားအလာ ကန့်သတ်သည့် စည်းမျဉ်းစည်းကမ်းများကြောင့် ရင်းနှီးမြှုပ်နှံမှုများ ဆုံးရှုံးခဲ့ကြသည် (သို့) ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများ ပိတ်သိမ်းခဲ့ကြပါသည်။

COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် TBC သည် တစ်ကြိမ်တည်း ပေးအပ်သည့် ငွေကြေးထောက်ပံ့မှု (သို့) အစားအသောက် ထောက်ပံ့ပေးမှုအား အကျိုးခံစားခွင့်ရှိသူ (၃,၀၀၀) ခန့်ထံ ပေးအပ်ခဲ့ပါသည်။ ငွေကြေး ထောက်ပံ့မှု (၁၅,၀၀၀ ကျပ်မှ ၂၀,၀၀၀ ကျပ်) အား (၁,၄၂၉) ဦးထံ ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာများမှတဆင့် (၈၆၀) ဦးထံ အစားအသောက်များ ထောက်ပံ့ပေးခဲ့ပါသည်။ ကျောင်းသား စုစုပေါင်း (၇၀၈) ဦးသည်လည်း မြန်မာကျပ်ငွေ (၂,၆၀၀) နှင့် ညီမျှသော စားသောက်ကုန်များ (သို့) ငွေကြေးအား လက်ခံရရှိခဲ့ပါသည်။

**ပစ္စည်းများဖြန့်ဝေပေးခြင်း**

စီမံချက်အချို့သည် လူမှုအသိုက်အဝန်းများသာမက ကျန်းမာရေး လုပ်သားများထံ ထောက်ပံ့ရေးပစ္စည်းများအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ လူဦးရေ ထူထပ်သောဒေသများတွင် COVID-19 ကပ်ရောဂါ ပျံ့နှံ့မှုအား ကာကွယ် တားဆီးရာတွင် အကူအညီပေးရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်မှုများ စီမံချက်သည် ရွှေပြည်သာမြို့နယ်ရှိ အိမ်ထောင်စု (၈၉,၁၀၀) စုထံ ဆပ်ပြာများ ဖြန့်ဝေပေးခဲ့ပါသည်။ ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသတွင်လည်း PATH ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော BKM မှ အရည်အသွေးမြင့် ဟင်းချက်ဆီ၊ ညှော်မထ အားဖြည့်ဆန် (၂) ကီလိုဂရမ်၊ နှာခေါင်းစည်းများနှင့် တကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများပါသည့် အထုတ်များအား ရွှေ့ပြောင်းသွားလာသူများ ထောက်ပံ့ကူညီရေး ဗဟိုဌာနမှတဆင့် အလုပ်အကိုင် ဆုံးရှုံးသွားသည့် အားနည်း ထိခိုက်လွယ်သော အမျိုးသမီး အထည်ချုပ်အလုပ်သမားများထံ ဖြန့်ဝေပေးခဲ့ပါသည်။

ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် TBS ၏ STAND-UP အဆင့် ၂ စီမံချက်မှ နှာခေါင်းစည်းများ၊ အနီအောက်ရောင်ခြည်သုံး အဖျားတိုင်း ကိရိယာများနှင့် လက်ဆေးကန်များကို ရပ်ရွာလူထု အခြေပြုသည့် ကျန်းမာရေးလုပ်သားများထံ ဖြန့်ဝေပေးခဲ့ပါသည်။ KMSS ၏ SAFE-WIN စီမံချက်မှ ဆပ်ပြာ၊ လက်ဆေးကန်နှင့် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ခြင်းအတွက် ပညာပေး ဗီနိုင်းပိုစတာ ကဲ့သို့သော ကာကွယ် တားဆီးရေး ဆိုင်ရာ ပစ္စည်းများအား မြို့နယ်ကျန်းမာရေး ဦးစီးဌာနများထံ ဖြန့်ဖြူးပေးခြင်းဖြင့် ကူညီထောက်ပံ့ခဲ့ပါသည်။ World Concern Myanmar မှ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ၊ ဆပ်ပြာများ၊ လက်ကိုင်စပီကာများနှင့် အနီအောက်ရောင်ခြည်သုံး အဖျားတိုင်း ကိရိယာများအား ဖြန့်ဝေပေးခြင်းဖြင့် လူမှုအသိုက်အဝန်း (၅၂)ခုထံ ကူညီပံ့ပိုးမှုများ ပေးအပ်ခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် Save the Children ၏ BRICKS စီမံချက်မှ မူဆယ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများအတွက် ဗီနိုင်းပိုစတာများ၊ လက်ကမ်းစာစောင်များ နှင့် ဆပ်ပြာများ ပေးအပ်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ LIFT ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းအား ဤအစီရင်ခံစာ၏ အခန်း ၅.၁.၁ -ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် တင်ပြထားပါသည်။

**COVID-19 ကပ်ရောဂါ နှင့် ဆက်နွှယ်နေသည့် အမူအကျင့်ပြောင်းလဲရေး**

COVID-19 ကပ်ရောဂါ သင့်ပြီး နောက်ပိုင်း အာဟာရဖွံ့ဖြိုးမှုအတွက် အမူအကျင့် ပြောင်းလဲရေးစီမံကိန်း လုပ်ငန်းများတွင် ဆောင်ရွက်နေကြသော LIFT ၏ မိတ်ဖက်အဖွဲ့အစည်းအချို့သည် လက်အား ရေနှင့်ဆပ်ပြာဖြင့် ဆေးကြောခြင်း အပါအဝင် ရောဂါ ကာကွယ် တားဆီးရေးဆိုင်ရာ အမူအကျင့်များကို ထည့်သွင်းလုပ်ဆောင်ရန် ၎င်းတို့၏ စီမံကိန်း ဆောင်ရွက်ချက်များကို တိုးချဲ့ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ မြှင့်တင်ပေးခဲ့သည့် COVID-19 ကပ်ရောဂါနှင့် ဆက်နွှယ်နေသော အမူအကျင့်များတွင် မိခင်နို့ရည် တစ်မျိုးတည်းကိုသာ ဆက်လက်တိုက်ကျွေးခြင်း၊ ကျန်းမာရေး ကောင်းမွန်စေရန် အထောက်အကူပြုသည့်

အမျိုးစုံလင်သော အစားအသောက်များ စားသုံးခြင်း၊ နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေခြင်း၊ လူထုထပ်သည့် နေရာများအား ရှောင်ရှားခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းနှင့် COVID-19 ကပ်ရောဂါ လက္ခဏာများ ပြလာပါက ကြိုတင်ကုသမှု ခံယူခြင်းတို့ ပါဝင်ခဲ့ပါသည်။ အချို့သော ဖြစ်ရပ်များတွင် သတင်းစကားများအား ထောက်ပံ့ရေး ပစ္စည်းများ (ဆပ်ပြာ၊ နှာခေါင်းစည်း၊ အစရှိသည်များ) ဖြန့်ဝေပေးခြင်းနှင့်အတူ ပေးပို့ခဲ့ပါသည် (သို့) မြှင့်တင်ပေးသည့် အမူအကျင့်များအား လက်ခံကျင့်သုံးရန်အတွက် စွမ်းဆောင်နိုင်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးရာတွင် အကူအညီပေးရန် အိမ်ထောင်စုအဆင့်နှင့် စနစ်များအဆင့်တို့၌ အခြားစီမံကိန်း ဆောင်ရွက်ချက်များမှ ပေးပို့ခဲ့ပါသည်။

## အာဟာရဖေးဖေးပေးစိုက်ပျိုးရေး

### အားဖြည့်ဆန်

၂၀၂၀ ခုနှစ်တွင် PATH မှ ဦးဆောင်သည့် Smart Move Consortium သည် ဆန်စက်ပိုင်ရှင် (၅)ဦးအတွက် အားဖြည့်ဆန် ထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့် လှုပ်ရှားဆောင်ရွက်သူများ (ကြိုတင်ရောနှောခြင်း၊ ဆန်စေ့တွင် အားဖြည့်ခြင်း၊ ရောစပ်ခြင်းလုပ်ငန်းများ) မှ ကုန်ကျစရိတ် လျှော့ချခြင်းမှတဆင့် အားဖြည့်ဆန် ဝယ်ယူရရှိနိုင်မှုနှင့် ဝယ်ယူရန် ငွေကြေးအရ တတ်နိုင်မှုတို့ကို တိုးမြှင့်လာစေရန် ဆောင်ရွက်ခဲ့ပါသည်။ ရောနှောသည့် ဗီတာမင်နှင့် သတ္တုဓာတ်များအား ဝယ်ယူနိုင်သည့် ရင်းမြစ်အသစ်များ ရှာဖွေဖော်ထုတ်ခြင်းဖြင့် တစ်ကီလိုဂရမ်လျှင် ကန်ဒေါ်လာ (၂၃)မှ (၁၂.၅) ဒေါ်လာသို့ ကျဆင်းစေခြင်းဖြင့် စားသုံးသူများအတွက် အားဖြည့်ဆန် ကုန်ကျစရိတ်အား ၂၇ % အထိ လျှော့ကျစေခဲ့ပြီး တစ်ကီလိုဂရမ်လျှင် မြန်မာကျပ်ငွေ ၅,၄၀၀ (ကန်ဒေါ်လာ ၃.၉) မှ မြန်မာကျပ်ငွေ ၃,၈၅၀ (ကန်ဒေါ်လာ ၂.၈) သို့ ကျဆင်းခဲ့ခြင်းဆီသို့ ဦးတည်ခဲ့ပါသည်။ ရောစပ်သည့် အချိုး (၉၈:၂ မှ ၉၉:၁) သို့ ပြောင်းလဲခြင်းအပါအဝင် ဈေးနှုန်းကျဆင်းလာခြင်းက စားသုံးသူ တစ်ဦးအနေဖြင့် ကုန်ကျစားရိတ် တစ်ကီလိုဂရမ်တွင် မြန်မာကျပ်ငွေ ၁၅၀ (ကန်ဒေါ်လာ ၀.၁၀) အထိ သက်သာစေခဲ့ပါသည်။ PATH သည် ညှော်မထ အမျိုးအစား အားဖြည့်ဆန် ထုတ်လုပ်ရန်နှင့် ယင်းဆန်အား ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် အပါအဝင် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုပေးသူများမှတဆင့် မြှင့်တင်ရန်၊ ယင်းဆန်အား ယင်းဝန်ဆောင်မှုပေးသူများမှ ဝေငှသည့် အစားအသောက်ထုတ်များတွင် ပါဝင်စေရန်တို့အတွက် ဆန်စက်ပိုင်ရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ လက်ရှိနှင့် အသစ်ရောင်းချသည့် နေရာများ ဖြန့်ဖြူးပေးသည့်နေရာများ ထပ်မံတိုးချဲ့ခြင်းနှင့် အစားအသောက်ရောင်းချသူများ/စားသောက်ဆိုင်ငယ်လေး (SFVs) မှ အားဖြည့်ဆန်အား ချက်ပြုတ်ရောင်းချခြင်းတို့မှတဆင့် ရွှေ့ပြောင်း လုပ်သားများ၊ အစားအသောက်ရောင်းချသူများ/စားသောက်ဆိုင်ငယ်လေး (SFVs) နှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအကြား အားဖြည့်ဆန်နှင့် ပတ်သက်၍ အသိပညာပေးခြင်းတွင် တိုးတက်မှု ရရှိခဲ့ပါသည်။

ဒီဇင်ဘာလတွင် SMART MOVE မှ ဈေးကွက်မြှင့်တင်နိုင်မည့်ပုံစံ (၃)ခုအား ရှာဖွေဖော်ထုတ်ခဲ့ပြီး COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ဗဟိုမှချုပ်ကိုင်ပြီး ဈေးကွက်မြှင့်တင်ခြင်းနှင့် ဖြန့်ဖြူးခြင်း ဆိုင်ရာ မဟာဗျူဟာတစ်ရပ်အား ရေးဆွဲရန်အတွက် ဆန်စက်ပိုင်ရှင်(၃)ဦးနှင့် ဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။ BoPinc နှင့် Be Kind Myanmar တို့မှ ရောင်းအားမြှင့်တက်စေရန်အတွက် အဓိက ရောင်းချရမည့်နေရာများနှင့် ဖြန့်ဖြူးပေးမည့်သူများကို ရှာဖွေဖော်ထုတ်ခဲ့ပြီး တချိန်တည်းမှာပင် မိတ်ဖက်အဖွဲ့အစည်းများမှ စားသုံးသူအဆင့်၌ ဝယ်လိုအားရှိလာစေရန် ဖန်တီးခဲ့ကြပါသည်။ စုစုပေါင်း အားဖြည့်ဆန် ၂၆ မက်ထရစ်တန် (MT) အား ထုတ်လုပ်ခဲ့ပြီး မိတ်ဖက်အဖွဲ့အစည်းအားလုံးမှတဆင့် ဖြန့်ဖြူးပေးခဲ့ပါသည်။ Smart Move ၏ ကြိုးပမ်းအားထုတ်မှုများမှတဆင့် အကျိုးခံစားခွင့်ရှိသူ (၁၈,၅၇၉) ဦးကျော်တို့ သည် ညှော်မထ အားဖြည့်ဆန်အား စားသုံးခဲ့ကြပြီး (၄၈)ဆိုင်မှ ရောင်းချပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် စီမံချက်သည် အားဖြည့်ဆန် စားသုံးရန်အတွက် အဓိက အတားအဆီး အချို့ဖြစ်သည့် – အားဖြည့်ဆန်သည် သဘာဝဆန် မဟုတ်၊ သို့အတွက်ကြောင့် ခန္ဓာကိုယ်ကို ဒုက္ခပေးနိုင်သည်။ အဆိုပါ ဆန်သည် လူချမ်းသာများအတွက်သာဖြစ်သည်– စသော စိုးရိမ်ပူပန်မှုများနှင့် ယုံကြည်စိတ်ချရသည့် အရောင်းဆိုင်များသည် အရေးပါမှု စသော အချက်များ ပါဝင်သည့် BoPinc မှ ဦးဆောင်သော စားသုံးသူနှင့် ဈေးကွက်ဆိုင်ရာ အသိအမြင်ကို လေ့လာသည့် သုတေသနမှတဆင့် သင်ခန်းစာ အချို့အားလည်း စုစည်းနိုင်ခဲ့ပါသည်။ အဆိုတွေ့ရှိချက်များအား တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် SMART MOVE စီမံချက်မှ ၎င်း၏ အားဖြည့်ဆန်ဆိုင်ရာ ပညာပေး ဝက်ဘ်ဆိုဒ်အား ရောင်းချသည့် နေရာများအဖြစ်ပါ ပြောင်းလဲခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အဆိုပါ ဝက်ဘ်ဆိုဒ်များမှတဆင့် အားဖြည့်ဆန် (၁,၂၁၃) အိတ်အား ရောင်းချပေးခဲ့ပြီး ဝန်ထမ်းများမှ အားဖြည့်ဆန် စားသုံးရသည့် အတွေ့အကြုံများနှင့် စပ်လျဉ်း၍ စားသုံးသူများ၏ တုံ့ပြန်မှတ်ချက်များ ကိုလည်း တောင်းခံခဲ့ပါသည်။

### အိမ်ခြံဝင်း စိုက်ပျိုးရေး

CDN-ZOA သည် ဝင်ငွေ၊ ပုညက်မှုအပြင် ပုညက်မှုနှင့် ကျုံလှီမှုကို ဖြစ်စေသည့် အဓိက လမ်းကြောင်းများအပေါ် သိသာထင်ရှားသည့် သက်ရောက်မှု ရှိသည့် WASH နှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အသိအမြင်နှင့် အလေ့အကျင့်နှင့် အာဟာရ အမျိုးစုံလင်သည့် အစား အသောက် များအား လက်လှမ်းမီ ရရှိနိုင်ခြင်းတို့အတွက် ဖြေရှင်းပေးရန် ဦးတည်ရည်ရွယ်သည့် ပေါင်းစပ်စီမံကိန်း ဆောင်ရွက်ချက်များအား ဆောင်ရွက်သည့် ကရင်ပြည်နယ် မြောက်ပိုင်းတွင် ကဏ္ဍစုံပါဝင်သည့် စီမံချက်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း လက်တွေ့ပြသခဲ့ပါသည်။ စီမံကိန်းပြီးဆုံးချိန် ဆောင်ရွက်သည့် စစ်တမ်းမှ စီမံကိန်းဆောင်ရွက်ချက်များ၏ အကျိုးကျေးဇူးအား အပြည့်အဝ ခံစားခဲ့ကြသည့် အဓိက ကျေးရွာ (၄၀)ရွာရှိ အသက်(၅)နှစ်အောက် ကလေးသူငယ်များ၏ ပုညက်မှုမှာ ၂၀၁၆ ခုနှစ်တွင် ၅၃% ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၄၆.၅% ထိ လျော့ကျခဲ့ကြောင်း နှင့် ကျုံလှီမှုတွင် ၁၅.၁% မှ ၆.၅% အထိ လျော့ကျခဲ့ကြောင်းအား တွေ့ရှိခဲ့ပါသည်။ စစ်တမ်းမေးခွန်းများအား တုံ့ပြန်ဖြေကြားသူများ၏ သုံးပုံနှစ်ပုံကျော် (၇၀%)မှ မော်တော်ဆိုင်ကယ်သွားလမ်း တည်ဆောက်ခြင်း၊ ရေ ပေးဝေရေးစနစ်များ ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊ အိမ်တွင်း ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းနှင့် ငွေစုငွေချေးလုပ်ငန်းများအား အဓိကထား၍ စီမံချက်မှ ၎င်းတို့၏ ဘဝများအား အလွန်တိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်ဟု အစီရင်ခံ ပြောကြားခဲ့ပါသည်။





စီမံချက်သည် အိမ်ခြံဝင်း စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များ၊ တာဝန်ခံ အမျိုးသမီးများ နှင့် ရပ်ရွာလူထုအား ပံ့ပိုးကူညီပေးသူများ၏ ပုံမှန်နှင့် အဓိကထား ပို့ချသည့် သင်တန်းများအပြင် အိမ်တွင်းဥယျာဉ်ခြံမြေစိုက်ပျိုးရေး လက်စွဲ ဖြန့်ဝေခြင်းနှင့် ရွေးချယ်ထားသည့် သွင်းအားစုများ (မျိုးစေ့ နှင့် စိုက်ပျိုးရေးသုံး ပစ္စည်းများ) ထောက်ပံ့ပေးခြင်း အိမ်ထောင်စု (၆၀၀)ကျော်တို့၏ အိမ်တွင်း ဥယျာဉ်ခြံမြေမှ အစားအသောက် ထုတ်လုပ်ရာတွင် ကူညီပံ့ပိုးပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ကနဦးစစ်တမ်းတွင် အိမ်ထောင်စုများ၏ ၁၀%ကျော်သည် သီးနှံ(၆)မျိုးကိုသာ စိုက်ပျိုး သော်လည်း စီမံကိန်း ပြီးဆုံးပြီးနောက် ပြုလုပ်သည့် စစ်တမ်းတွင် အိမ်ထောင်စုများ (၁၀%) ကျော်သည် သီးနှံ (၂၃)မျိုးအထိ တိုးတက်စိုက်ပျိုးခဲ့သည်ဟု ဖော်ပြထားသောကြောင့် စီမံချက်သည် အာဟာရပြည့်ဝသည့် ပိုမိုများပြားသည့် အစားအသောက် အမျိုးအစားများ ဒေသအတွင်း၌ ရရှိနိုင်မှု ပိုမိုတိုးတက်များပြားလာစေရန် ကူညီပေးခဲ့ပါသည်။ အမျိုးသမီး ၈၄.၃% မျှက လွန်ခဲ့သည့် (၃)နှစ်မှစ၍ အစားအသောက် ပိုမိုများပြားစွာ ရရှိခဲ့သည်ဟု ဖြေကြားခဲ့ပြီး ထိုသို့ ရရှိခြင်းမှာ ဟင်းသီးဟင်းရွက်/အိမ်တွင်းဥယျာဉ်ခြံမြေ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမှုနှင့် ဆက်နွှယ်နေသည်ဟုလည်း အတည်ပြုခဲ့ပါသည်။

အဆိုပါ တိုးတက်လာမှုများကိုလည်း မိခင်များ၏ အနိမ့်ဆုံးစားသုံးရမည့် အာဟာရအမျိုးအမည် စုံလင်စွာ စားသုံးမှု အချိုးတွင် (၂၁.၈%) မှ (၄၄%) ထိ တိုးတက်လာခြင်းနှင့် အသက် ၆ လမှ ၂၃လ အတွင်းရှိ ကလေးသူငယ်များ၏ ဗီတာမင်အေ ကြွယ်ဝသည့် အစားအသောက်များ စားသုံးမှုတွင် (၂၄%) မှ (၄၇%) ထိ တိုးတက်လာခဲ့သည်နှင့် သံဓာတ်ကြွယ်ဝသည့် အစားအသောက် စားသုံးမှုတွင် (၂၃%) မှ (၄၆%) ထိ တိုးတက်လာခြင်းတို့တွင်လည်း တွေ့မြင်ခဲ့ရပါသည်။

စီမံကိန်းပြီးဆုံးချိန်၌ ပြုလုပ်သည့်ဆန်းစစ်မှုမှ စီမံချက်၏အောင်မြင်မှုအတွက်လည်း ဖြည့်ဆည်းပံ့ပိုးပေးသည့် မရည်ရွယ်ဘဲ ရရှိလာသော ကောင်းမွန်သည့် အကျိုးဆက်မှာ အိမ်ထောင်စုများသည် ၎င်းတို့၏ ခြံမြေအတွင်း စိုက်ပျိုးမှုမှ ပိုလျှံသည့် ဟင်းသီးဟင်းရွက်များကို ဝေငှပေးသည်သာမက ၎င်းတို့ ရရှိခဲ့သည့် သွင်းအားစုများ နှင့် အသိအမြင်များကိုပါ မျှဝေပေးခဲ့သဖြင့် အခြားသူများမှလည်း ၎င်းတို့၏ အိမ်တွင်းဥယျာဉ်ခြံမြေ အတွင်း အစားအသောက် ထုတ်လုပ်မှု တိုးတက်လာကြောင်းကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

### ကချင်ဒေသခံ လူမှုအသိုက်အဝန်းများနှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အိမ်တွင်းဥယျာဉ်ခြံမြေအတွင်း သြဂဲနစ် အစားအသောက်များ ထုတ်လုပ်ခြင်း

အနီးပတ်ဝန်းကျင်ရှိ ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများကို ရောင်းချပေးရန်အတွက် အဏုအာဟာရ ကြွယ်ဝသည့် အစားအသောက်များအား တိုးတက် ထုတ်လုပ်ရာတွင် ကချင်ဒေသခံ လူမှုအသိုက်အဝန်းများအား ကူညီပံ့ပိုးပေးရန် Health Poverty Action (HPA) သည် အိမ်တွင်း ဥယျာဉ်ခြံမြေတွင် သြဂဲနစ် အစားအသောက် ထုတ်လုပ်ခြင်းအပြင် တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းများဦးဆောင် ပို့ချပေးခဲ့ပါသည်။ အိမ်ခြံဝင်း စိုက်ပျိုးရေးသင်တန်းတွင် အိမ်တွင်းဥယျာဉ်ခြံမြေတွင် သြဂဲနစ် အစားအသောက်များ စိုက်ပျိုးခြင်းဆိုင်ရာ အခြေခံနည်းစနစ်များ၊ မြေဆီနှင့် ရေ စီမံခန့်ခွဲခြင်း၊ သီးနှံဖျက်ပိုးမွှားနှင့် သြဂဲနစ် သီးနှံများအား ဖျက်ဆီးသည့် ပိုးမွှားများစီမံခန့်ခွဲခြင်းနှင့် ရိတ်သိမ်းပြီးနောက် စီမံခန့်ခွဲခြင်းဆိုင်ရာ သင်ခန်းစာများပါဝင်ပါသည်။ သင်တန်းအား စာသင်ခန်းအတွင်း လေ့လာသင်ယူခြင်းနှင့် စံပြစိုက်ခင်းများတွင် လက်တွေ့လေ့ကျင့်ခြင်းတို့ ပါဝင်သည့် သင်တန်းသားကိုယ်တိုင်ပူးပေါင်းပါဝင် ဆောင်ရွက်ရသည့်ပုံစံဖြင့် ပို့ချခဲ့ပါသည်။ သင်တန်းသားကိုယ်တိုင် ပါဝင်ဆောင်ရွက်ရသည့် တိရစ္ဆာန်မွေးမြူရေးသင်တန်းတွင် တိရစ္ဆာန်အစာကျွေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ကြက်ဘဲနှင့် ဝက်များအတွက် တိရစ္ဆာန်စီမံခန့်ခွဲခြင်းဆိုင်ရာ အဓိက ခေါင်းစဉ်များအား ပါဝင်ပါသည်။ အဆိုပါ သင်တန်းများ ပို့ချပြီးနောက် နောက်ဆက်တွဲအနေဖြင့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများနှင့် အသက် ငါးနှစ်အောက် ကလေးသူငယ်များရှိသော အိမ်ထောင်စုများထံ ကြက်ဘဲပေါက်စ ကလေးများ နှင့် ဝက်ပေါက်ကလေးများကို ဖြန့်ဝေပေးခဲ့ပါသည်။ သင်တန်းပို့ချပြီးနောက် စောင့်ကြည့် စစ်ဆေးမှုမှ သွားရောက် လေ့လာခဲ့သည့် အိမ်ထောင်စုများသည် သင်တန်းပြီးဆုံးအောင် တက်ရောက်ပြီးသည့်နောက်၌ ကိုယ်ပိုင်အိမ်တွင်း ဥယျာဉ်ခြံမြေ စိုက်ခင်းများ ထူထောင်ထားကြောင်း တွေ့ရှိခဲ့ပါသည်။ စောင့်ကြည့် စစ်ဆေးခြင်းမှ အိမ်တွင်း ဥယျာဉ်ခြံမြေ စိုက်ပျိုးရေးမှ ဟင်းသီးဟင်းရွက် အထွက်နှုန်းကောင်းလာသည့်အပြင် မိသားစုများသည် ၎င်းတို့၏ ထုတ်ကုန်များအား ၎င်းတို့ အိမ်နီးနားချင်းများထံ ဝေမျှပေးခဲ့သည်ကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ သင်တန်း တက်ရောက်ခဲ့သော အိမ်ထောင်စုအချို့သည် ဝင်ငွေရရှိစေရန်အတွက် အိမ်ခြံဝင်းအတွင်း ကြက်မွေးမြူရေးခြံ တည်ဆောက်ခြင်း ကဲ့သို့ တိရစ္ဆာန်မွေးမြူသည့် အသေးစား စီးပွားရေးလုပ်ငန်း များအား တည်ထောင်ရန် စီစဉ်လျက်ရှိပါသည်။

နှစ်ကုန်ပိုင်းတွင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (SAZ) ၌ HPA မှ ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် စိုက်မွေးဆည်ဝန်ကြီးဌာန၏ ဝန်ထမ်းများ၏ ကူညီပံ့ပိုးမှုဖြင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အမျိုးသမီးများ နှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များ ရှိသည့် အိမ်ထောင်စုများအတွက် တူညီသည့် အိမ်တွင်း ဥယျာဉ်ခြံမြေအတွင်း အစားအသောက်ထုတ်လုပ်ခြင်းနှင့် တိရစ္ဆာန် (ကြက်)မွေးမြူရေးတို့အား သင်ကြားပေးခဲ့ပါသည်။ မိသားစုများအား အိမ်တွင်း ဥယျာဉ်ခြံမြေတွင် အစားအသောက်ထုတ်လုပ်ခြင်းကို စတင်လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးပေးရန် ဟင်းသီးဟင်းရွက်မျိုးစေ့ (မုန်လာ၊ မုန်ညင်း၊ မုန်လာဥနီ၊ ပဲတောင့်ရှည် နှင့် ကြက်ပေါက်များအား ဖြန့်ဝေပေးခဲ့ပါသည်။ ဤကြိုးပမ်း အားထုတ်မှုများ၏ ရလဒ်များအား ၂၀၂၁ ခုနှစ်တွင် မြင်တွေ့ရမည် ဖြစ်ပါသည်။

### ပဋိပက္ခဒဏ်ခံရသည့် လူငယ်များအား အာဟာရ ဖေးဖေးပေး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များအား ပညာပေးခြင်း

The Border Consortium ၏ STAND UP (အဆင့် ၂) စီမံချက်သည် မြို့နယ် (၁၄)မြို့နယ်ရှိ ပဋိပက္ခဒဏ်ခံရသည့် လူမှုအသိုက်အဝန်းများတွင် တိုင်းရင်းသား ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) (၁၈)ဖွဲ့နှင့်အတူ လုပ်ကိုင် ဆောင်ရွက်နေပါသည်။ TBC သည် အဆိုပါ လူမှုအသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ပေးရန်အတွက် အာဟာရဖေးဖေးပေး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များကို လက်ခံကျင့်သုံးခြင်းကို မြှင့်တင်ပေးလျက်ရှိပါသည်။ ၂၀၂၀ ခုနှစ်၌ TBC ၏ မိတ်ဖက် အဖွဲ့အစည်းဖြစ်သော KAD သည် သံတောင်ကြီးမြို့နယ်ရှိ KNU မှ စီမံအုပ်ချုပ်သည့် အထက်တန်းကျောင်းမှ အဆောင်နေ ကျောင်းသူ၊ ကျောင်းသားများအား

အာဟာရဓာတ်ဖွံ့ဖြိုးရေး စိုက်ပျိုးရေးကို မိတ်ဆက်ပေးရန်အတွက် KNU ၏ ပညာရေးနှင့် ယဉ်ကျေးမှုဌာန၊ ခရိုင်ခေါင်းဆောင်များနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော MWO သည် ရေးမြို့နယ်၊ မွန်ပြည်သစ်ပါတီ (NMSP) စီမံအုပ်ချုပ်သည့်ဒေသရှိ ညီစားအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ အကြား ဩဂဲနစ် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းနှင့် သီးနှံပင်များ စိုက်ပျိုးခြင်း အပါအဝင် အာဟာရဓာတ်ဖွံ့ဖြိုးရေး စိုက်ပျိုးရေးနည်းစနစ်များအား မြှင့်တင်ရန်အတွက် မွန်အမျိုးသား ပညာရေးကော်မတီ (MNEC) နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် KESAN သည် ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပွားသည့်အခါ ၎င်းတို့၏ အာဟာရဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့အတွက် အာမခံနိုင်ရန်အတွက် သီးညှပ်စိုက်ပျိုးခြင်းနှင့် ဒေသခံ မျိုးစေ့အမျိုးစုံအား ဆက်လက် စိုက်ပျိုးခြင်းကဲ့သို့သော တိုင်းရင်းသားရိုးရာဓလေ့ ကျင့်သုံးမှုဆိုင်ရာ အသိအမြင်များအား ဆက်လက်ထိန်းသိမ်းထားမှုအပေါ် အလေးပေးသည့် ဖာပွန်မြို့နယ်၌ ပြုလုပ်သော မြေသြဇာပြုလုပ်ခြင်း နှင့် သဘာဝနည်းလမ်းအတိုင်း ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ သင်တန်းအား ပံ့ပိုးကူညီပေးခဲ့ပါသည်။

**ဘဝအစရက်ပေါင်း (၁,၀၀၀)အတွင်း လတ်ဆတ်သည့် အစားအသောက်များနှင့် လဲလှယ်နိုင်သည့် ဘောင်ချာဖြတ်ပိုင်း**

ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်း အဖွဲ့ဝင်များအနေဖြင့် အာဟာရပြည့်ဝသည့် အစားအသောက်များအား ဝယ်ယူနိုင်စွမ်းတွင် အကန့်အသတ်ရှိသည်အား ကျော်လွှားနိုင်ရန် Health Poverty Action (HPA) သည် အစားအသောက်နှင့် လဲလှယ်နိုင်သည့် ဘောင်ချာဖြတ်ပိုင်းများကို ကချင်ပြည်နယ်မှ စိုက်ခင်းများနှင့် အနီးပတ်ဝန်းကျင်ရှိ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးရှိသည့် အိမ်ထောင်စုများထံ ဖြန့်ဝေပေးခဲ့ပါသည်။ ယင်းမှ ရွှေ့ပြောင်းသွားလာသူများထံ စားသောက်ကုန်နှင့် အခြားစားသောက်ကုန် မဟုတ်သော ပစ္စည်းများကို အကြွေးရောင်းချပေးခဲ့ပြီး ထိုအကြွေးများအား ပြန်မဆပ်ကြသဖြင့် ဆုံးရှုံးမှုများကြုံတွေ့နေကြရသည်ဟု အစီရင်ခံတင်ပြခဲ့သည့် ဒေသခံအသေးစားနှင့် အလတ်စား ဈေးဆိုင်များအား ကူညီပံ့ပိုးပေးနိုင်သည့် အကျိုးအား ထပ်လောင်းရရှိစေခဲ့ပါသည်။ အများယုံကြည်ရသည့် အဖွဲ့အစည်းမှ အထောက်အပံ့ပေးသည့် အစားအသောက်နှင့် လဲလှယ်နိုင်သည့် ဘောင်ချာ ဖြတ်ပိုင်း အစီအစဉ်သည် ၎င်းတို့အား ပုံမှန်ဝင်ငွေ ရရှိမှုနှင့် ၎င်းတို့၏ ငွေကြေးအရ ဖူလုံမှု တိုးတက်လာစေရန် အကူအညီပေးပါသည်။ စိုက်ကွင်းများ ရှိသည့် ဒေသ(၃)ခုမှ ဘဝအစရက်ပေါင်း (၁,၀၀၀)အတွင်း ကလေးသူငယ်ရှိသည့် အိမ်ထောင်စုများအား အာဟာရပြည့်ဝသည့် အစားအသောက်များ ရရှိစေရန်အတွက် စုစုပေါင်း ဆိုင်ရှင် (၃၅)ဦး (ဆိုင်ရှင် ၂ ၁ဦး၊ မော်တော်ဆိုင်ကယ်ရောင်းသူ ၁၄)အား လေ့ကျင့် သင်ကြားပေးခဲ့ပြီး စာချုပ်များ ချုပ်ဆိုခဲ့ပါသည်။ အစားအသောက်နှင့် လဲလှယ်နိုင်သည့် ဘောင်ချာ ဖြတ်ပိုင်းများသည် အမျိုးသမီး (၄၅၁ ဦး) နှင့် အသက် (၂)နှစ်အောက် ကလေးသူငယ် (၃၄၂)ဦးထံ ရောက်ရှိခဲ့ပါသည်။ အမျိုးသမီးနှင့် ကလေးသူငယ်တစ်ဦးချင်းစီတို့သည် တစ်လလျှင် အသားငါး အတွက် မြန်မာကျပ်ငွေ ၅,၂၀၀ (၃၅%)၊ ဗီတာမင်အေနှင့် သံဓာတ်ကြွယ်ဝသော ဟင်းသီးဟင်းရွက်များအတွက် မြန်မာကျပ်ငွေ ၄,၀၀၀ (၂၅%) နှင့် ကြက်ဥ ၊ နို့၊ ပဲ နှင့် အခြား ကုန်ခြောက်များအတွက် မြန်မာကျပ်ငွေ ၅,၈၀၀ (၄၀%) ဖြင့် တဦးလျှင် တစ်လ စုစုပေါင်း မြန်မာကျပ်ငွေ ၁၅,၀၀၀ (ကန်ဒေါ်လာ ၁၁) အား ခံစားခွင့်ရှိခဲ့ကြပါသည်။

အစားအသောက်နှင့် လဲလှယ်နိုင်သည့် ဘောင်ချာ ဖြတ်ပိုင်းများ၏ တန်ဖိုးအား ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ အစားအသောက်များအတွက် အနိမ့်ဆုံး အသုံးစရိတ် သတ်မှတ်ချက် (တစ်လလျှင် မြန်မာကျပ်ငွေ ၁၅,၀၀၀) အပြင် ဦးတည်ရည်ရွယ်သည့် အစားအသောက်များ၏ လက်ရှိ ပေါက်ဈေးများအား ဈေးကွက်ဆန်းစစ်အကဲဖြတ်မှုမှ တွေ့ရှိချက်များအပေါ် အခြေခံ၍ တွက်ချက်ခဲ့ပါသည်။ ပုံမှန်ဈေးနှုန်း စောင့်ကြည့် စစ်ဆေးခြင်းအား အစားအသောက်နှင့် လဲလှယ်နိုင်သော ဘောင်ချာ ဖြတ်ပိုင်းများ၏ တန်ဖိုးသည် လက်ရှိ ဈေးကွက်ပေါက်ဈေးများနှင့် ကိုက်ညီမှုရှိစေရန်နှင့် အကယ်၍ လိုအပ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ချိန်ညှိနိုင်ရန် တို့အတွက် လုပ်ဆောင်ခဲ့ပါသည်။ ပုပ်သိုးလွယ်သည့် ပစ္စည်းများအားဝယ်ယူရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် အစားအသောက်နှင့် လဲလှယ်နိုင်သော ဘောင်ချာဖြတ်ပိုင်းများအား အကျိုးခံစားခွင့်ရှိသူများ ဈေးဝယ်လေ့ရှိသည့် ပုံစံနှင့်လည်း ကိုက်ညီမှုသည့် (၂)ပတ် တစ်ကြိမ်နှုန်းဖြင့် ပေးဝေပါသည်။

**တိရစ္ဆာန်မွေးမြူရေး**

ချင်းပြည်နယ်ရှိ CRS ၏ CHANGE စီမံချက်သည် အာဟာရဖွံ့ဖြိုးမှု၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကျား၊ မ တန်းတူညီမျှရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် ကောင်းမွန်သည့် ရလဒ်များရရှိစေရန် ဆင်းရဲနွမ်းပါးသူများနှင့် အားနည်းထိခိုက်လွယ်သည့် အုပ်စုများ အထူးသဖြင့် အမျိုးသမီးများနှင့် လုပ်ကွက်ငယ်တောင်သူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်း နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့အား ခိုင်မာအားကောင်းစေရန်တို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အာဟာရ ဓာတ်ဖွံ့ဖြိုးရေး စီမံချက်သည် ပုညက်မှုကို လျှော့ချရန်နှင့် အိမ်ထောင်စု၏ ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ရန် ဆောင်ရွက်သည့် လမ်းကြောင်းအချို့အပေါ် ထိရောက်သော အကျိုးသက်ရောက်မှု ရှိစေရန်အတွက် ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အမျိုးသမီးများနှင့် အသက်(၅)နှစ်အောက် ကလေးသူငယ်များရှိသည့် အိမ်ထောင်စုများကို ဦးတည်ရည်ရွယ်ပါသည်။ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း၊ ဝင်ငွေ တိုးတက်ရရှိစေခြင်းနှင့် အစားအသောက် စားသုံးနိုင်မှု ပိုမိုကောင်းမွန်စေခြင်းတို့အား ဆောင်ရွက် သည့် စီမံချက်၏ အလှူနှံအရေးပါသော အစိတ်အပိုင်းများမှာ အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုဝင်များ၏ ကြက်နှင့် ဝက်မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်မှု များ တည်ဆောက်ခြင်းဖြင့် တိရစ္ဆာန်မှ အစားအသောက် ထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာစေရန် ဖြစ်ပါသည်။ စီမံချက်သည် ဦးတည်ရည်ရွယ်သည့် သင်တန်းနှင့် လက်တွေ့ပြသခြင်းနှင့် အမျိုးသားနှင့် အမျိုးသမီးများ ပါဝင်သော တိရစ္ဆာန်မွေးမြူရေး အုပ်စုများ ဖွဲ့စည်းခြင်း တို့ မှတဆင့် ကြက်နှင့် ဝက်မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်မှုများအား လက်လှမ်းမီ ရယူနိုင်မှုကို တိုးတက်စေပါသည်။

စီမံချက်တွင် အမျိုးသမီးများ၏ပါဝင်မှုအား မြှင့်တင်ပေးရန်အတွက် အမျိုးသမီးများ ဦးစီးသည့် မွေးမြူရေးလုပ်ငန်းများတွင် ဝက်နှင့်ကြက်ကို အဓိက မွေးမြူလေ့ရှိသဖြင့် ဝက်နှင့် ကြက်တို့အား ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျား၊ မတန်းတူညီမျှမှုအား မြှင့်တင်ပေးသည့် သတင်းစကား ပေးပို့ခြင်းကို တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ သင်ခန်းစာများတွင် ထည့်သွင်းထားပါသည်။ ဥပမာအားဖြင့် တိရစ္ဆာန်မွေးမြူရေး သင်ခန်းစာများတွင် ခင်ပွန်းများနှင့် ဇနီးများ





အနေဖြင့် အလုပ်တာဝန်များအား ညီတူညီမျှ ခွဲဝေလုပ်ကိုင်ရမည်ဆိုသည့် သတင်းစကားများ ပါဝင်ပါသည်။ ကျား၊ မ ရေးရာ နှင့် ပတ်သက်၍ CHANGE ၏ ချဉ်းကပ်နည်းလမ်းမှာ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိခြင်း အပေါ်၌သာမက သာတူညီမျှရှိသည့် ဆုံးဖြတ်ချက်ချခွင့်တို့ ကျင့်သုံးရန် အမျိုးသားများအား တိုက်တွန်းအားပေးခြင်းနှင့် အိမ်အလုပ်များကို မျှဝေ လုပ်ကိုင်ခြင်းတို့ကို ကျင့်သုံးရန် အားပေးခြင်း အပေါ်၌လည်း အာရုံစိုက်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတဆင့် မွေးမြူရေးဆိုင်ရာ အလေ့အကျင့်များအား အများပြည်သူထံသို့ ထိထိရောက်ရောက် ရောက်ရှိစေရန် ရပ်ရွာအခြေပြု တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ (CAHWs) ၏ အခန်းကဏ္ဍ မှာ စီမံချက်၏ အောင်မြင်မှုအတွက် အလွန်အရေးပါပါသည်။ သို့သော်လည်း ၂၀၂၀ ခုနှစ် နှစ်ကုန်သည်အထိ ချင်းပြည်နယ်ရှိ CAHW များအတွက် စီစဉ်ထားသည့် သင်တန်းများ မရှိခဲ့ပါ။ ထို့အတောအတွင်း စီမံချက်၏ မွေးမြူရေးဆိုင်ရာ အဖွဲ့များသည် CHANGE မှ ရည်မှန်းထားသော ပါဝင်ဆောင်ရွက်နေသည့် အိမ်ထောင်စုများအတွင်း ဝက်နှင့် ကြက်ထုတ်လုပ်မှုအား ကူညီပံ့ပိုးပေးခြင်း မှတဆင့် ကနဦး လုပ်ဆောင်သွားမည်ဖြစ်ပြီး၊ ထို့မှတဆင့် ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ပေးအပ်သည့် ဝန်ဆောင်မှု ကွာဟချက်များကို ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါသည်။

**ရာသီဥတု ပြောင်းလဲခြင်း**

ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး အာဟာရဓာတ်ပေးသည့် Six-legged မွေးမြူရေး စီမံချက်သည် စိုက်ပျိုး မွေးမြူရေး နှင့် မြန်မာနိုင်ငံတွင် စားသုံးနိုင်သည့် အင်းဆက်များ စားသုံးခြင်းကို မြှင့်တင်ရန်အပြင် ပိုးမွှားဗေဒ နယ်ပယ်တွင် ပညာရပ် ဆိုင်ရာ သုတေသန ကွာဟချက်များကို ဖြည့်ဆည်းပေးရန် တို့အတွက် ဆန်းသစ်သော ချဉ်းကပ်နည်းလမ်းတစ်ရပ် ဖြစ်ခဲ့ပါသည်။ သုတေသနတွင် စားသုံးနိုင်သည့် အင်းဆက်များ စားသုံးမှုအပြင် မြန်မာနိုင်ငံ၌ ၎င်းတို့အား ရောင်းဝယ်ဖောက်ကားခြင်း၊ တန်ဖိုးမြှင့်ကွင်းဆက် များနှင့် ငါးစာအနေဖြင့် အသုံးပြုနိုင်သည့် အလားအလာတို့အား ဆန်းစစ်မှု တစ်ရပ် ပါဝင်ခဲ့ပါသည်။

စီမံချက်မှ အင်းဆက်များအား အစားအသောက်အနေဖြင့် ထိရောက်စွာ မြှင့်တင်ပေးခြင်းသည် အင်းဆက် မွေးမြူရေး လုပ်ငန်းတွင် စိတ်ဝင်စားမှု မြင့်တက်စေရန်အတွက် အထောက်အကူ ပြုမည်ဖြစ်ပြီး တိရစ္ဆာန် အစားအစာ ကဏ္ဍသည် စားနပ်ရိက္ခာ ကဏ္ဍ၏ တန်ဖိုးထက် ၁၀ ဆ ခန့် မြင့်မားနိုင်ချေရှိသည်ဟု သုံးသပ်ခဲ့ပါသည်။ စီမံချက်မှ တွေ့ရှိထားသည့် စားသုံးနိုင်သည့် အင်းဆက်များ ဖမ်းဆီးခြင်း၊ မွေးမြူခြင်းနှင့် ရောင်းဝယ်ခြင်း မှတဆင့် ရရှိနိုင်သည့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများနှင့် လူမှုစီးပွားရေး ဆိုင်ရာ အကျိုးအမြတ်များနှင့် ဆက်နွယ်နေသည့် ထူးခြားသည့် တွေ့ရှိချက်များ ရှိပါသည်။ အင်းဆက်များအား ပရိုတိန်းရင်းမြစ်တစ်ခုအနေဖြင့် စားသုံးခြင်းကို မြှင့်တင်ခြင်း၏ တန်ဖိုးနှင့် စပ်လျဉ်း၍ နားလည်သဘောပေါက်ရန် လိုအပ်သည့် အကြောင်းအရာ အတော်များများ ကျန်ရှိနေပါသေးသည်။

စားသုံးသူများ၏ အမူအကျင့်အပေါ် ဆန်းစစ်မှုနှင့် ဝယ်လိုအား လေ့လာမှုတို့အရ မြန်မာနိုင်ငံတွင် စားသုံးနိုင်သည့် အင်းဆက်များအား ကျယ်ကျယ်ပြန့်ပြန့် လက်ခံစားသုံးကြသည်ကို ပြသခဲ့ပါသည်။ Spectrum မှ ပြုလုပ်ခဲ့သည့် စစ်တမ်းတွင် တုံ့ပြန်ဖြေကြားသူများ၏ (၉၇% )သည် အင်းဆက်များ စားသုံးကြောင်းကို တွေ့ရှိခဲ့ပါသည်။ သို့သော်လည်း အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင်သာရှိသည့် အင်းဆက်များတွင် အာဟာရပါဝင်မှုနှင့် စပ်လျဉ်း၍ တိကျသည့် ကိန်းဂဏန်းအချက်အလက်များ မရှိခြင်းတို့ကြောင့် အလေးထားစရာ ကိစ္စများစွာ ရှိနေပါသေးသည်။ စီမံချက်သည် အင်းဆက် ဝယ်လိုအားများကို လှုံ့ဆော်ပေးရန်နှင့် ထုတ်လုပ်သူများအတွက် ရေရှည် တည်တံ့ခိုင်မြဲပြီး ရာသီဥတုနှင့် ကိုက်ညီသော ပရိုတိန်းရင်းမြစ်အဖြစ် ပိုမိုကြီးမားသည့် ဈေးကွက်များအား ဖော်ဆောင်ပေးရန်တို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အင်းဆက်ချက်ပြုတ်ခြင်းဆိုင်ရာ အသိပညာပေးရန် နေ့စဉ်အင်းဆက် ချက်နည်းပြုတ်နည်း စာအုပ်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ပြီးနောက် MITV နှင့် ပူးပေါင်း၍ သရုပ်ဖော် ရိုက်ကူးပြသခဲ့ပါသည်။

စီမံချက်မှ ၂၀၂၀ ခုနှစ်တွင် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆန်းစစ်မှုနှင့် ဓာတ်ခွဲခန်း စမ်းသပ်မှုတို့တွင် ပါဝင်ဆောင်ရွက် ခဲ့ပါသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါ ဆိုင်ရာ ကန့်သတ်မှုများကြောင့် မြို့နယ် (၂၈)မြို့နယ်ရှိဆိုင်များမှ ကောက်ယူခဲ့သည့် နမူနာများအား စက်တင်ဘာ ပွိုင့်ကိုင်နိုင်ငံတွင် ဆန်းစစ်မှုပြုလုပ်ရန် အတွက် ပေးပို့နိုင်ခြင်း မရှိခဲ့ပါ။ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအား အထောက်အထားမှတ်တမ်းဖြင့် ကောင်းမွန်စွာကျော်လွှားနိုင်ရန်အတွက် ရှေ့ဆက်ဆောင်ရွက်မည် မည်သည့် မဟာဗျူဟာမဆိုတွင် စားသုံးနိုင်သည့် အင်းဆက်များအား လူသားတို့ ဘေးကင်းစိတ်ချစွာ စားသုံးနိုင်ကြောင်း ထောက်ပံ့ပေးသည့် အထောက်အထားများအား အဓိက အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ထည့်သွင်းရန် လိုအပ်မည် ဖြစ်ပါသည်။

အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားအာဟာရ ဖွံ့ဖြိုးရေး သုတေသနဌာနခွဲမှ တက်ရောက်ခဲ့သည့် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သည့် မူဝါဒဆိုင်ရာ စားပွဲဝိုင်း ဆွေးနွေးပွဲသည် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရ ပြည့်ဝသည့် အစားအသောက်များအား လက်လှမ်းမီ ရယူနိုင်မှုအား တိုးတက် ကောင်းမွန်စေရန်အတွက် အာဟာရ ဖွံ့ဖြိုးမှု ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု၌ အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဤဆွေးနွေးပွဲတွင် သုတေသနမှ ရှာဖွေတွေ့ရှိချက် အချို့အား MS-NPAN အောက်ရှိ ဦးစားပေးမှုများနှင့် ချိန်ညှိထားပါသည်။

## ရပ်ရွာလူထုအဆင့်၌ လူမှု အမူအကျင့် ပြောင်းလဲရေး

လိုအပ်ချက်နှင့် အံဝင်ခွင်ကျ စီမံထားပြီး ထိရောက်မှုရှိသော နည်းကိရိယာများနှင့် ရင်းမြစ်များအား အသုံးပြုခြင်း ချင်းပြည်နယ်တွင် CRS နှင့် KMSS တို့မှ ဦးဆောင်သည့် CHANGE စီမံချက်သည် စောင့်ရှောက်ကူညီပေးသည့် အုပ်စု (Care Group) မော်ဒယ် ပုံစံမှတဆင့် ရပ်ရွာလူထုအဆင့်၌ အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များအတွက် အသုံးပြုရန် ချင်းပြည်နယ် သီးသန့် အစားအသောက် စားသုံးသည့် ပုံစံအပါအဝင် နည်းကရိယာများနှင့် ရင်းမြစ်များ ရေးဆွဲပြုစုရာ၌ ယခင်ကတည်းက ဆောင်ရွက်ခဲ့သည့် စီမံကိန်း ရင်းနှီးမြှုပ်နှံမှုများအား အသုံးချ၍ ဆက်လက် အကောင်အထည်ဖော်လျက်ရှိပါသည်။ ပြီးခဲ့သည့် စီမံချက်မှ လေ့လာသင်ယူခဲ့သည်များအပေါ် အခြေခံ၍ နည်းလမ်းများနှင့် ရင်းမြစ်များအား နောက်ဆုံး အခြေအနေများနှင့် ကိုက်ညီအောင် ပြင်ဆင်မွန်းမံခဲ့ပြီး LIFT ရန်ပုံငွေ ထောက်ပံ့ပေးသည့် အာဟာရချို့တဲ့မှု လျှော့ချရန် အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း စီမံချက် (LEARN) မှ ထပ်မံ ရရှိခဲ့သည့် အသိပညာများနှင့်အတူ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) မှ စံသတ်မှတ်ထားသည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကား စာအုပ်နှင့် ကိုက်ညီမှု ရှိစေရန် ပြင်ဆင် မွန်းမံခဲ့ပါသည်။ ယင်းအား ချင်းပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှ နှုတ်အားဖြင့် အတည်ပြု ပေးခဲ့ခြင်းသည် နယ်ပယ်တစ်ခုချင်းစီအလိုက် သက်ဆိုင်သည့် အခြေအနေနှင့် ကိုက်ညီကာ သတ်မှတ်ထားသည့် အမူအကျင့်များနှင့် အတားအဆီးများအား ဦးတည်ရည်ရွယ်သည့် နည်းလမ်းများအား ဖွံ့ဖြိုးအောင် တည်ဆောက် ပြုပြင်ရာတွင် အရေးပါသည့် ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။

## ရန်ကုန်မြို့ပြဝန်းကျင်ဒေသတွင် အမူအကျင့် ပြောင်းလဲရေးအတွက် အထောက်အထား အခြေခံသည့် စည်းရုံးလှုံ့ဆော်မှုများ

၂၀၁၉ ခုနှစ်တွင် Bridge Creative Agency မှ ဒီဇိုင်းရေးဆွဲပေးခဲ့ပြီး Save the Children နှင့်မိတ်ဖက်အဖွဲ့အစည်းများမှ ဦးဆောင်ခဲ့သည့် အလွန်အောင်မြင်ခဲ့သော မိခင်နို့တစ်မျိုးတည်းသာလိုအပ်သည့် ခြောက်လတာကာလ #6la စည်းရုံးလှုံ့ဆော်မှုအပေါ်၌ တည်ဆောက်ထားသည့် ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ စီမံချက်သည် ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသရှိ အမျိုးသမီးများအကြား မိခင်နို့ရည် တစ်မျိုးတည်းကိုသာ တိုက်ကျွေးမှု မြှင့်တင်ရန်အတွက် အမူအကျင့်ပြောင်းလဲရေး စည်းရုံးလှုံ့ဆော်မှုများကို တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ စည်းရုံးလှုံ့ဆော်မှုအတွက် ကြိုတင်ပြင်ဆင်ရာတွင် MCCT မြို့ပြ ရှေ့ပြေး စမ်းသပ်မှုအစီအစဉ်နှင့် ညှိနှိုင်းပြီး ၂၀၂၁ ခုနှစ် မတ်လတွင် လုပ်ဆောင်ရန် အစီအစဉ် ရေးဆွဲခဲ့ကာ Bridge သည် စည်းရုံးလှုံ့ဆော်မှုတွင် ပါဝင်ရမည့် အကြောင်းအရာ စာရွက်စာတမ်းများဖြင့် သုတေသန ပြုလုပ်ခဲ့ပါသည်။ ဒီဇိုင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများမှ တာဝန်ရှိသူများတက်ရောက်သည့် အလုပ်ရုံဆွေးနွေးပွဲများအား အွန်လိုင်းမှ ပြုလုပ်ခဲ့ကာ M&E အစီအစဉ် ပါဝင်သည့် စည်းရုံးလှုံ့ဆော်ရေး မဟာဗျူဟာကို ရေးဆွဲခဲ့ပါသည်။

## အားဖြည့်ဆန် ရောင်းအားမြှင့်တင်ရန်အတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်း

PATH ၏ Smart Move စီမံချက် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော BoPinc သည် အားဖြည့်ဆန်အတွက် စီမံချက်မှ စီးပွားဖြစ်လုပ်ဆောင်မည့် ချဉ်းကပ်နည်းလမ်းအား ဒီဇိုင်းပုံစံရေးဆွဲရန်အတွက် တာဝန်ယူထားပါသည်။ ဤချဉ်းကပ်နည်းလမ်းအတွက် စားသုံးသူများ၏ သဘောထား ဆန်းစစ်သည့် စစ်တမ်းအပြင် အားဖြည့်ဆန် ဈေးကွက်ဆန်းစစ်မှုတို့မှ ရရှိခဲ့သော သတင်းအချက်အလက်များကို အသုံးပြုခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ဖြစ်ပွားချိန်တွင် BoPinc သည် COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် အဆက်ပြတ်သွားခဲ့သည့် ရပ်ရွာလူထုအဆင့်လှုပ်ရှားဆောင်ရွက်မှုများအား လည်ပတ်လုပ်ဆောင်နိုင်ခဲ့ပါသည်။ အတွင်းသဘော ဆန်းစစ်သည့် စစ်တမ်းအား လူကိုယ်တိုင်တွေ့ဆုံခြင်း၊ အွန်လိုင်းမှ မေးမြန်းခြင်းတို့ဖြင့် ကောက်ယူခဲ့ပါသည်။ နေအိမ်တွင်သာ နေထိုင်ရသည့် ကာလအတွင်း အွန်လိုင်းဝန်ဆောင်မှုများ ပိုမိုအသုံးပြုလာခြင်းနှင့်အတူ ရောင်းလိုအားနှင့် ဝယ်လိုအား နှစ်ရပ်လုံးဆိုင်ရာ အသိအမြင်များသည် စီးပွားရေးနှေးကွေးမှု နှင့် နေ့စဉ်ဝင်ငွေနှင့် စပ်လျဉ်း၍ စိတ်ပူပန်ရမှုတို့ နှင့် ချိတ်ဆက်နေပါသည်။ ၂၀၂၀ ခုနှစ်တွင် BoPinc သည် ဆန်စက်ပိုင်ရှင်များအတွက် တည်ထောင်ထားသည့် ဖေ့စ်ဘုတ် စာမျက်နှာမှတဆင့် ကြည့်ရှုသူပေါင်း (၅,၂၈၆) ဦးထံ ရောက်ရှိခဲ့ပါသည်။ BoPinc သည် အွန်လိုင်းမှ ဝယ်လိုအား ဖန်တီးခြင်းနှင့် အသိပညာပေးသည့် လမ်းကြောင်းတို့အား တည်ဆောက်ရန် ဆန်စက်ပိုင်ရှင် (၃)ဦး နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဆန်စက်ပိုင်ရှင်တစ်ဦးအတွက် ရှေ့ပြေး စမ်းသပ်မှုတစ်ခုအား ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့သဖြင့် အဖွဲ့မှ လေ့လာသင်ယူနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အတွက် မဟာဗျူဟာအား ပြန်လည်မွန်းမံနိုင်ခဲ့ကာ အဆိုပါ အွန်လိုင်းမှတဆင့် အားဖြည့်ဆန်နှင့် ပတ်သက်သော လှုပ်ရှားဆောင်ရွက်မှုများအား NNC မှ စီမံခန့်ခွဲသည့် ဖေ့စ်ဘုတ် စာမျက်နှာ (ပြန်လည် ဆန်းသစ်ပြီးပါက)နှင့် အခြား ဆန်စက်ပိုင်ရှင် နှစ်ဦး၏ ဖေ့စ်ဘုတ်မှ ပြုလုပ်သည့် စည်းရုံးလှုံ့ဆော်မှုများနှင့် ပေါင်းစပ်နိုင်ခဲ့ပါသည်။ စီမံချက်သည် ဈေးကွက် ဝယ်လိုအား ဖန်တီးခြင်းနှင့် အာဟာရ ဖွံ့ဖြိုးမှု အသိပညာ ပေးခြင်း ဆိုင်ရာ ပုံမှန် လှုပ်ရှားဆောင်ရွက်မှုများ စီစဉ်ဆောင်ရွက်ရန်လည်း ရည်ရွယ်ထားပါသည်။

## ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ SBCC

KMSS ၏ SAFE WIN စီမံချက်၏ အလုံးစုံ ရည်မှန်းချက်မှာ ကာလရှည်ကြာ ဖြစ်ပွားနေသော ပဋိပက္ခဒဏ်ခံရသည့် ကချင်ပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပြည်သူများအကြား အာဟာရအမျိုးအမည်စုံလင်သည့် အစားအသောက်များ စားသုံးရန်နှင့် အာဟာရ ဖွံ့ဖြိုးမှုရှိအောင် လုပ်ဆောင်သည့် အမူအကျင့်များကို အားပေးထောက်ခံခြင်းဖြင့် အသိပညာ၊ စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုများနှင့် မိမိကိုယ်မိမိယုံကြည် အားထားခြင်းတို့ တိုးတက်ကောင်းမွန်စေရန်အတွက် ဖြစ်ပါသည်။ ဦးတည်ရည်ရွယ်သည့် အကျိုးခံစားခွင့်ရှိသူများမှာ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်ရှိသည့် မိခင်များ ဖြစ်ပါသည်။ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အမူအကျင့်ပြောင်းလဲရေးအား ပံ့ပိုးကူညီရန်နှင့် အာဟာရဇောင်းပေး စားနပ်ရိက္ခာဖူလုံမှု မြှင့်တင်ပေးရန်အတွက် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများအား ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ ရလဒ်များ ရရှိရန် အမျိုးအမည်စုံလင်သည့် အာဟာရ ပြည့်ဝသော အစားအသောက်များ ရရှိနိုင်မှု တိုးမြှင့်ရန် နှင့် ဦးဆောင်သည့် မိခင်အုပ်စုများ လည်ပတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ဒီဇိုင်း ရေးဆွဲထားပါသည်။ KMSS ၏ SBCC ချဉ်းကပ်နည်းလမ်းသည် အိမ်ခြံခင်း စိုက်ပျိုးရေး၊ ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်မှုများနှင့် ဒေသခံများ





နှင့် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတဆင့် အိမ်ထောင်စု၊ လူမှုအသိုက်အဝန်းနှင့် မူဝါဒအဆင့်များ၌ လုပ်ကိုင်ဆောင်ရွက်နေဆဲတွင် ဦးတည်ရည်ရွယ်သည့် အုပ်စုအဖွဲ့ဝင်(မိခင်များ)အကြား ကောင်းမွန်သည့် အမူအကျင့် ပြောင်းလဲလာစေရန် လုပ်ကိုင်နိုင်စွမ်းရှိသည့် ပတ်ဝန်းကျင် တစ်ရပ်အား ဖန်တီးပေးရန်အတွက် တစ်ဦးချင်း၊ မိသားစု၊ သက်တူဆင့်တူ၊ လူမှုအသိုက်အဝန်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ဆိုင်ရာ အဆင့်များ၌ လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။ စီမံချက်သည် COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စုများမှ ဦးဆောင်သူများထံ ကျန်းမာရေးဆိုင်ရာ သတင်းစကားများ မျှဝေပေးရန် Viber နှင့် Messenger ကဲ့သို့သော အွန်လိုင်း ဆက်သွယ်ရေး ပလက်ဖောင်းများအပေါ် အလွန်အမင်း မှီခိုလာခဲ့ပါသည်။ စီမံချက်သည် အမူအကျင့် ပြောင်းလဲရေးအား ကူညီပံ့ပိုးပေးရန်နှင့် မိသားစု စားသုံးရန်အတွက် အိမ်တွင်း ဥယျာဉ်ခြံမြေတွင် အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းအား ကူညီပံ့ပိုးပေးရန် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စုများမှ ဦးဆောင်သူများ မှ ဦးဆောင်သည့် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ပညာပေးခြင်းနှင့် အချက်အပြုတ် သရုပ်ပြပွဲများ ပြုလုပ်ပေးခြင်း နှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များအား ဦးတည်ရည်ရွယ်သည့် အိမ်ထောင်စုများထံ ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

စစ်ဘေးရှောင် စခန်းနှင့် စခန်းပြင်ပရှိ လူမှုအသိုက်အဝန်းများရှိ မိခင်များ၊ မွေးကင်းစမှ အသက် (၂၃) လရှိသည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက် လူငယ်များ၏ အာဟာရ ဖွံ့ဖြိုးမှုအဆင့်အတန်း တိုးတက်ကောင်းမွန်စေရန် အတွက် Save the Children ၏ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ ပဋိပက္ခဒဏ်ခံ ဒေသများတွင် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း (BRICKS) စီမံချက်သည် ရပ်ရွာလူထုအာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာ အကြံပေး (CNC) များ နှင့် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စုများမှ ဦးဆောင်သူများ မှတဆင့် SBCC လုပ်ငန်းများအား စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများသည် အစိုးရအုပ်ချုပ်ရေး လက်လှမ်းမမီသည့် ဒေသများတွင် အခြေခံကျန်းမာရေး လုပ်သားများနှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေခြင်းဖြင့် လူမှုအသိုက်အဝန်းများ လုပ်ကိုင်နိုင်စွမ်း ရှိစေရန်အတွက် ရည်ရွယ်ခဲ့ပါသည်။ အဖွဲ့အစည်းဆိုင်ရာ ပြန်လည်သုံးသပ်သည့် ဘုတ်အဖွဲ့ (IRB) လုပ်ငန်းစဉ် လုပ်ဆောင်ရန် တစ်လနောက်ကျပြီးသည့် နောက်ပိုင်းတွင် Save the Children သည် ၎င်းတို့၏ အမူအကျင့် ပြောင်းလဲရေး လုပ်ငန်းများအတွက် သတင်းအချက်အလက်များ ပေးအပ်နိုင်ရန် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် စီစဉ်ကောက်ယူခဲ့ပါသည်။ ဤအချက်အလက် ကောက်ယူသည့် ဆောင်ရွက်မှုအား ကြိုတင်ပြင်ဆင်ရာတွင် စီမံချက်သည် ဝန်ထမ်းများမှ ဦးဆောင်သည့် မိခင်ခေါင်းဆောင် အစည်းအဝေးများ၊ မိခင်ခေါင်းဆောင်များမှ ဦးဆောင်သည့် အိမ်နီးချင်းမိခင်များနှင့် အစည်းအဝေးပွဲများ၊ အခြေခံအာဟာရ ဖွံ့ဖြိုးမှုနှင့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအပါအဝင် ခေါင်းစဉ်အမျိုးမျိုးဖြင့် ပြုလုပ်သော ဆွေးနွေးပွဲများ ပါဝင်သည့် SBCC လှုပ်ရှားဆောင်ရွက်မှုအတွက် မြေပြင်တွင် လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်ချမှတ်ရန် အလေးထား အာရုံစိုက်ခဲ့ပါသည်။ လက်မောင်းလုံးပတ် တိုင်းတာခြင်း (MUAC)၊ အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ဖြည့်စွက်စာကျွေးခြင်း (c-IYFC) ၊ အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ မူဘောင်ရေးဆွဲခြင်း၊ စိတ်ကျန်းမာရေး နှင့် စိတ်လူမှုပိုင်းဆိုင်ရာ ကူညီ ပံ့ပိုးခြင်း၊ အာဟာရ ဖွံ့ဖြိုးမှုအတွက် ပံ့ပိုးကူညီပေးသည့် နည်းလမ်းများဆိုင်ရာ သင်တန်းအမျိုးမျိုးအား စီစဉ်ပို့ချပေးခဲ့ပါသည်။ အာဟာရဖွံ့ဖြိုးမှု ပညာပေး ဗီဒီယိုများ၊ ရုပ်ပြစာအုပ်များနှင့် လက်စွဲစာအုပ်များ အပါအဝင် SBCC ပစ္စည်းများအားလည်း SBCC လုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် ရိုက်ကူး ဖန်တီးခဲ့ပါသည်။ စီမံချက်သည် အဆိုပါ ပညာပေး စာအုပ်စာတမ်းနှင့် ဗီဒီယိုများအား မြန်မာ၊ ကချင်နှင့် ရှမ်းဘာသာ အပါအဝင် ဘာသာစကားအမျိုးသို့ ဘာသာပြန်ခဲ့ပါသည်။

## ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ကူညီပံ့ပိုးပေးခြင်း

World Concern Myanmar ၏ ကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံ ပြည်သူများ၏ အာဟာရဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေခြင်း စီမံချက်သည် ဆယ်ကျော်သက် မိန်းကလေးများ၊ အမျိုးသမီးများ၊ အသက်(၂)နှစ်အောက် ကလေးသူငယ်များအကြား အစားအစာ စားသုံးသည့် အလေ့အကျင့်များ တိုးတက် ကောင်းမွန်စေရန်၊ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ယင်းတို့၏ ဒေသခံ လူမှုအသိုက်အဝန်းတို့အကြား တကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ အလေ့အကျင့်များ ပိုမိုကောင်းမွန်စေရန်နှင့် အာဟာရကြွယ်ဝသည့် အစားအသောက်များအား ရပ်ရွာလူထု၏ လက်လှမ်းမီရယူနိုင်မှု ပိုမိုကောင်းမွန်စေရန် တို့အတွက် လုပ်ကိုင် ဆောင်ရွက်ပါသည်။ စီမံချက်သည် မသန်စွမ်းဖြစ်နေသည့် ကလေးသူငယ် များအား စောစီးစွာ ရှာဖွေဖော်ထုတ်ခြင်းနှင့် မသန်စွမ်းသူများအား ၎င်းတို့၏ ပုံမှန် စီမံကိန်းလုပ်ငန်း များတွင် ထည့်သွင်းခြင်း တို့အား သေချာစွာ လုပ်ဆောင်ပါသည်။ သင်တန်းများနှင့် လူစုဝေးခြင်းများအား အရေအတွက် လျှော့ချခြင်း(သို့) ဖျက်သိမ်းခြင်း၊ COVID-19 ရောဂါ ရှိမရှိ စစ်ဆေးသည့် စွမ်းဆောင်ရည်တွင် အကန့်အသတ်ရှိခြင်း အပြင် သီးသန့်ထား စောင့်ကြည့်စစ်ဆေးသည့် အကန့်အသတ်များကြောင့် ဝန်ထမ်းများ စခန်းများသို့ သွားရောက်ရာတွင် ကန့်သတ် ချုပ်ချယ်ခြင်းတို့ အပါအဝင် COVID-19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် ကန့်သတ်ထိန်းချုပ်မှုများ ရှိသော်လည်း စီမံချက်သည် ပုံမှန်စီမံချက် လုပ်ငန်းများမှတဆင့် စီမံကိန်း တစ်ခုလုံးမှ ဦးတည် ရည်ရွယ်ထားသည့် အကျိုးခံစားခွင့် ရှိသူများ၏ ၅၈% ရရှိအောင် ဆောင်ရွက်နိုင် ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် စီမံချက်သည် ကြီးထွားမှု စောင့်ကြည့်စစ်ဆေးခြင်း၊ မိခင်အုပ်စု အစည်းအဝေးများ၊ တစ်ဦးချင်း အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးလမ်းညွှန်ပေးခြင်း၊ ရပ်ရွာလူထု အသိပညာပေး ဆွေးနွေးပွဲများ၊ အစားအသောက်ထုတ်လုပ်သည့် အုပ်စုများအတွက် စီးပွားရေးသင်တန်းနှင့် မသန်စွမ်းမှု စစ်ဆေးခြင်းတို့တွင် အာရုံစိုက်ရန် ရည်မှန်းထားပါသည်။

## ပြင်းထန် အာဟာရ ချို့တဲ့မှု ဝေဒနာ (SAM) အား စစ်ဆေးခြင်း၊ လွှဲပြောင်းညွှန်းပို့ခြင်းနှင့် ကုသခြင်း

TBC ၏ STAND-UP စီမံချက်သည် ဘီးလင်း၊ သံတောင်ကြီးနှင့် ဖာပွန်မြို့နယ် များတွင် အသက် (၆)လမှ (၅၉)လ အကြားရှိ ကလေးသူငယ်များအား ပုံမှန်စစ်ဆေးမှု ပြုလုပ်ရာတွင် ကူညီပံ့ပိုးပေးခဲ့ပါသည်။ BPHWT နှင့် KDHW တို့သည် ၎င်းတို့၏ သက်ဆိုင်ရာ ဒေသများတွင် လက်မောင်း လုံးပတ် တိုင်းတာသည့် (MUAC) စစ်ဆေးမှုအား ပြုလုပ်ခဲ့ပြီး ကျေးရွာအုပ်စု (၁၁)စုမှ ကလေးသူငယ် (၄,၁၃၄) ဦးထံ ရောက်ရှိခဲ့ ပါသည်။ စုစုပေါင်းအနေဖြင့် ကလေးသူငယ် (၅,၄၃၈)ဦးအား စစ်ဆေးပေးခဲ့ပြီး (၅.၃%) တွင် အသင့်အတင့်နှင့် ဆိုးရွားသည့် အာဟာရချို့တဲ့မှု ရှိကြောင်း ရှာဖွေဖော်ထုတ်ခဲ့ပါသည်။

KNMHC နှင့် MNHC တို့သည် ကယားပြည်နယ်နှင့် မွန်ပြည်နယ်ရှိ အပစ်အခတ်ရပ်စဲထားသည့် ဒေသများရှိ အိမ်ထောင်စုများထံ သွားရောက် လေ့လာမှုများ ပြုလုပ်သည့် အချိန်အတွင်း ကလေးသူငယ် (၁,၁၂၇) ဦးအား ဆန်းစစ်မှု ပြုလုပ်ခဲ့ပါသည်။ KNMHC နှင့် MNHC တို့သည် STAND–UP အဆင့် ၂ စီမံချက်၏ မိတ်ဖက်အဖွဲ့အစည်းသစ်များ ဖြစ်သောကြောင့် MUAC ဆန်းစစ်မှုနှင့် ညွှန်းပို့ခြင်း တို့အတွက် လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များအား ရှင်းလင်းစွာ သိနိုင်ရန် လိုအပ်နေပါသေးသည်။ သို့သော်လည်း ကလေးသူငယ် (၅၆) ဦး (၄.၉%) သည် အသင့်အတင့် ကျုံလှီ၍ အာဟာရ ချို့တဲ့မှုရှိသည်ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

အသင့်အတင့်နှင့် ဆိုးရွားစွာ အာဟာရချို့တဲ့နေသည်ဟု ရှာဖွေဖော်ထုတ်ခဲ့သည့် ကလေးသူငယ်များအား အာဟာရ တိုက်ကျွေးရန်အတွက် ဒေသန္တရ ကျန်းမာရေးဆေးပေးခန်းများသို့ ညွှန်းပို့ပေးခဲ့ပါသည်။ BPHWT မှလည်း ကနဦး စမ်းသပ်သည့် ကျေးရွာအုပ်စု (၅)စုမှ ကိုယ်ဝန်ဆောင် အမျိုးသမီး (၃၃၆) ဦးအတွက် ဖြည့်စွက် အာဟာရ တိုက်ကျွေးသည့် အစီအစဉ်နှင့် မိတ်ဆက်ပေးခဲ့ပါသည်။ သို့သော်လည်း ဒေသန္တရ ကျန်းမာရေး ဆေးပေးခန်းများတွင် လက်ရှိအချိန်၌ ကုသပေးနိုင်သော ဆေးများ ရရှိနိုင်ခြင်း မရှိသေးပါ။ LIFT သည် လူမှုအသိုက်အဝန်းများ၌ ထပ်မံ ကူညီပံ့ပိုးပေးရန် လိုအပ်နေသည့် အာဟာရချို့တဲ့မှု လိုအပ်ချက်များ ရှိနေကြောင်း ရှာဖွေဖော်ထုတ်ခဲ့သည့် မိတ်ဖက် အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်အတွက် Access to Health ၊ UNICEF ၊ WFP နှင့် LEARN စီမံချက် တို့နှင့် ညှိနှိုင်းဆောင်ရွက်နေပါသည်။

**ရခိုင်ပြည်နယ်တွင် လတ်တလော ပြင်းထန်သည့် အာဟာရချို့တဲ့မှုအား ကုသရာတွင် ကူညီပံ့ပိုးပေးခြင်း**

တက်လမ်းပလပ်စ် စီမံချက်၏ တစ်စိတ်တစ်ဒေသအနေဖြင့် Save the Children နှင့် မိတ်ဖက် အဖွဲ့အစည်းများသည် စစ်တွေနှင့် ပေါက်တော မြို့နယ်များရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် မရှိမဖြစ် လိုအပ်သော အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများအား ဆက်လက် လုပ်ဆောင် ခဲ့ ပါသည်။

စီမံကိန်းသည် လက်မောင်းလုံးပတ်တိုင်းတာ စစ်ဆေးခြင်းနှင့် ဆွေးနွေးလမ်းညွှန်မှုပေးသည့် ဆောင်ရွက်မှုများအား COVID–19 ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာ၍ ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ ပြင်းထန်နှင့် အသင့်အတင့် လတ်တလော အာဟာရချို့တဲ့နေသည့် ကလေးသူငယ်များအား ပေါက်တော မြို့နယ်တွင် Save the Children နှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့မှ လည်ပတ်ဆောင်ရွက်နေပြီး စစ်တွေမြို့နယ်တွင် SCF နှင့် MHAA တို့မှ လည်ပတ်ဆောင်ရွက်နေသည့် ပြင်းထန်အာဟာရချို့တဲ့မှုကို ကုသပေးသည့် ဌာန (သို့မဟုတ်) ဖြည့်စွက်အဟာရ တိုက်ကျွေးသည့် အစီအစဉ်များသို့ ညွှန်းပို့ပေးခဲ့ပါသည်။

အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလော အာဟာရချို့တဲ့မှု စစ်ဆေးခြင်းနှင့် ကုသခြင်းအား လက်ရှိ ကျန်းမာရေး စနစ်အတွင်းသို့ ပေါင်းစပ်ရန်အတွက် အမျိုးသား လတ်တလော အာဟာရချို့တဲ့မှု ဝေဒနာ ဘက်စုံကုသ စောင့်ရှောက်ရေး (IMAM) အစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ Save the Children သည် ကျန်းမာရေး စေတနာ့ဝန်ထမ်းများမှ ဝေဒနာခံစားနေရသည့် လူနာများအား ရှာဖွေပြီး အာဟာရ တိုက်ကျွေးသည့် အစီအစဉ် (သို့) ပြင်းထန်အာဟာရချို့တဲ့မှုကို ကုသပေးသည့် ဌာန/အစီအစဉ်ထံ ညွှန်းပို့ပေးခြင်း တို့ဖြင့် အမျိုးသား IMAM လမ်းညွှန်ချက်များအတိုင်း စတင်ဆောင်ရွက်ရန် မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအား ကူညီပံ့ပိုး ပေးလျက် ရှိပါသည်။ ကျေးလက် ကျန်းမာရေးဌာနများအား အဆိုပါ ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် သင်တန်းများ ပေးခြင်း၊ လမ်းညွှန် ပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုများ ထောက်ပံ့ပေးခြင်း တို့ဖြင့် ကူညီပံ့ပိုး ပေးလျက် ရှိပါသည်။

LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် စီမံချက်သည် အခြေခံကျန်းမာရေး ဝန်ထမ်းများအား စစ်ဘေးရှောင် စခန်းများနှင့် ကျေးရွာများရှိ အာဟာရချို့တဲ့ နေသည့် လူနာများအား ဆောလျင်စွာ ရှာဖွေဖော်ထုတ်ရန်အတွက် လက်မောင်း လုံးပတ် တိုင်းတာသည့် (MUAC) စစ်ဆေး ခြင်း နှင့် ညွှန်းပို့ခြင်းများ ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း လွှမ်းခြုံနှုန်း ၈၉% ဖြင့် တစ်လလျှင် အသက် (၆)လမှ (၅၉)လ အကြား ရှိ ကလေးသူငယ် ဦးရေ ပျမ်းမျှ (၁၀,၀၀၀) အား စစ်ဆေးပေးခဲ့သဖြင့် စုစုပေါင်း အနေဖြင့် (၁၂၀,၀၀၀) ဦးအား စစ်ဆေး ပေးခဲ့ပါသည်။ သို့သော်လည်း အလယ်အလတ်အဆင့် လတ်တလော အာဟာရချို့တဲ့မှု ဝေဒနာခံစား နေရသည့် ကလေးသူငယ် (၇၇၆) ဦး၏ ၅၈% သည်သာ ကုသမှု ခံခဲ့ရပါသည်။ MAM ကုသပေးခြင်း လွှမ်းခြုံနိုင်မှု နည်းပါးရခြင်းမှာ အဖွဲ့အစည်းများသည် အများအားဖြင့် ကုသမှုပေးရာတွင် ရန်ပုံငွေ ကွာဟချက် များ ရှိနေခြင်း (သို့) ခရီးသွားလာရာတွင် အကန့်အသတ်ရှိနေခြင်းကြောင့် စိန်ခေါ်မှုများအား ကြုံတွေ့နေသောကြောင့် ဖြစ်ပါသည်။ Save the Children သည် လူနာများ စခန်းများသို့ ရောက်အောင်လာနိုင်ပါက ဦးစားပေးလူနာ ရွေးချယ်ရန်နှင့် လူနာတစ်ဦးချင်းစီ အနေဖြင့် တစ်ဦးချင်း ဆွေးနွေးလမ်းညွှန်မှုနှင့် ဂျုံနှင့် ပဲပိစပ်ရောပြီး သတ္တုဓာတ်များ ပေါင်းစပ်ထားသည့် အရည်နှင့် နွားနို့ (WSB ++) တို့အား ရရှိစေနိုင်ရန် အတွက် အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

စီမံချက်သည် မိခင်များအား ၎င်းတို့အနေဖြင့် ၎င်းတို့၏ ကလေးငယ်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိပါက စစ်ဆေးရန်အတွက် OTP စင်တာ များသို့ သွားရောက်ရန် တိုက်တွန်း အားပေးခဲ့ပါသည်။ အဆိုပါ နေရာများတွင် ကလေးငယ်များ အာဟာရချို့တဲ့မှုအတွက် စစ်ဆေးပေးပြီး ဤ နည်းလမ်း ဖြင့် ကလေးသူငယ် (၁,၂၀၃) ဦးအား စစ်ဆေးပေးခဲ့ပါသည်။

ပေါက်တောစခန်းရှိ OTP ကုသပေးသည့် နေရာတွင် SAM လူနာသစ် (၃၅၂) ဦးနှင့် ပြန်လည် တက်ရောက်ကုသသူ (၄)ဦးတို့အား လက်ခံ ကုသပေးပြီး ပျောက်ကင်းမှုနှုန်း ၉၉.၇% ရရှိခဲ့ပါသည်။ ဝန်ထမ်းများသည် အသင့်စား ကုထုံး အာဟာရ (RTUF) အသုံးပြု ရန် ကူညီပံ့ပိုးမှု ပေးအပ်ရန်အတွက် နှင့် နို့စို့ကလေးနှင့် ကလေးသူငယ် ဖြည့်စွက် အာဟာရ ပံ့ပိုးပေးရန်အတွက် နေအိမ်များသို့ သွားရောက်ကြည့်ရှု ပေးခြင်းမှ တဆင့် လတ်တလော ပြင်းထန် အာဟာရချို့တဲ့နေသည့် ကလေးသူငယ်များအား နောက်ဆက်တွဲ ကုသမှုများ ပေးခဲ့ပါသည်။





**မိခင်များမှ ကလေးသူငယ်များအား SAM စစ်ဆေးခြင်း**

Save the Children ၏ BRICKS စီမံချက်သည် ရပ်ရွာလူထု အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှု ပေးသူများအား လေ့ကျင့်သင်ကြားပေးခဲ့ပြီး ထို့နောက် ၎င်းတို့မှ မိခင်များနှင့် စောင့်ရှောက်မှု ပေးသူများအား အသက် (၆) လမှ (၂၄) လ အတွင်းရှိ ကလေးသူငယ် များအား MUAC ကို အသုံးပြု၍ စစ်ဆေးရန်နှင့် ဆောလျင်စွာ ဖော်ထုတ်နိုင်ရန် တို့အတွက် လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ ပထမ ၅ လတွင် ဆွေးနွေး လမ်းညွှန်မှု ပေးသူများသည် မိခင်များမှ လက်မောင်းလုံးပတ် တိုင်းတာခြင်းပြုလုပ်ရာတွင် စောင့်ကြည့်စစ်ဆေးပေးခဲ့ပြီး အကယ်၍ လိုအပ်ပါက နောက်ထပ် သင်တန်းများ ပေးအပ်ခဲ့ပါသည်။ ၅ လအတွင်း၌ ကလေးသူငယ် (၈၀၀) အား တိကျမှုနှုန်း ၉၉% ဖြင့် တိုင်းတာပေးခဲ့ပါသည်။ MAM ခံစားရသည့် ကလေးသူငယ် (၁၄)ဦးနှင့် SAM ခံစားရသည့်ကလေးသူငယ် (၃)ဦး ရှိခဲ့ပါသည်။

SAM ဖြစ်နေသည့် ကလေးသူငယ်များအား လူနာများအားကုသမှုပေးရာတွင် ကူညီပံ့ပိုးပေးနေသည့် အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (IRC) ထံ ညွှန်းပို့ပေးခဲ့ပါသည်။ IRC စီမံချက် ပိတ်သိမ်းသွားသည့်အခါ SAM ဝေဒနာခံစားနေရသည့် ကလေးသူငယ်များအား Access to Health ၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာနထံ ညွှန်းပို့ပေးခဲ့ပါသည်။ ရပ်ရွာလူထု အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှု ပေးသူများက MAM ခံစားနေရသည့် ကလေးသူငယ်များအား နှစ်သိမ့်ဆွေးနွေးပေးခြင်း နှင့် ၎င်းတို့၏ အခြေအနေကို စောင့်ကြည့်စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ဤစီမံချက်၏ ရလဒ်များသည် မိခင်များ (သို့) မိသားစုဝင်များ၏ MUAC တိုင်းတာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမည် ဆိုပါက အလွန်တရာ တန်ဖိုးရှိကြောင်း သက်သေပြခဲ့ပြီး၊ ရောက်ရှိရန် ခက်ခဲသည့် ဒေသများတွင် တိုင်းတာစစ်ဆေးခြင်းကို တိုးမြှင့်ရန် နှင့် ဆောလျင်စွာ ရှာဖွေဖော်ထုတ်နိုင်ခြင်း တို့နှင့်တကွ လုံလောက်သည့် ကုသမှု ရယူနိုင်ရန် ညွှန်းပို့ပေးရန်အတွက် အထောက်အကူ ဖြစ်ခြင်းဆီသို့ ဦးတည်သွားနိုင်မည် ဖြစ်ပါသည်။

မိခင်များ (သို့) မိသားစုဝင်များအား လတ်တလော အာဟာရ ချို့တဲ့မှုအတွက် ၎င်းတို့၏ ကလေးသူငယ်များကို စစ်ဆေးရန်အတွက် MUAC တိုင်းတာသည့်ကြိုး အသုံးပြုနည်း သင်တန်းပေးခြင်းသည် ကလေးသူငယ်များမှ ကျုံလှီသည့် အရိပ်လက္ခဏာများ ပြသသည်နှင့် ဖော်ထုတ် နိုင်ရန် ရိုးရှင်းသည့်နည်းကိရိယာအား အသုံးပြုခြင်းအား ထောက်ခံသည့် ကောင်းမွန်သည့် အထောက်အထားဖြစ်ပြီး ကမ္ဘာအနှံ့ရှိ နိုင်ငံများတွင် အစိုးရများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အသုံးပြုနေသော ချဉ်းကပ်နည်းလမ်းတစ်ခု ဖြစ်ပါသည်။ လတ်တလော အာဟာရချို့တဲ့မှုအား ဆောလျင်စွာ ရှာဖွေဖော်ထုတ်နိုင်ခြင်းသည် ဆေးရုံတက်ရသည့် အကြိမ်ရေ လျော့နည်းခြင်း၊ ရောဂါသစ်များ ထပ်တိုးလာသည့် အန္တရာယ်မှ လျော့ကျစေခြင်းနှင့်အတူ ရေရှည်တွင် အပြည့်အဝ ပြန်လည်ကျန်းမာလာစေရန်အတွက် အဓိကကျသည့် အကြောင်းအရင်းများအနက်မှ တစ်ခု ဖြစ်ပါသည်။ HARP ၊ Access to Health တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် ရန်ပုံငွေ (၃)ခု၏ တစ်စိတ်တစ်ဒေသ အနေဖြင့် LIFT သည် အထူးသဖြင့် ရပ်ရွာလူထု ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူရာတွင် အကန့်အသတ်ရှိသည့် ပဋိပက္ခဒဏ်ခံဒေသများနှင့် ဝေးလံခေါင်းပါးသည့် ဒေသများမှ လူမှုအသိုက်အဝန်းများတွင် မိသားစု မှ MUAC တိုင်းတာစစ်ဆေးရန် ဖြစ်နိုင်ခြေအား စူးစမ်းရှာဖွေသည့် ရခိုင်ပြည်နယ်ရှိ Action contre la Faim (FAC) အား ကူညီပံ့ပိုး ပေးခဲ့ပါသည်။ NNC နှင့် MoHS တို့သည် ဤလေ့လာမှု၏ ရလဒ်များအား မြင်တွေ့ရန် အလွန်စိတ်ဝင်စားခဲ့ကြပါသည်။ အကယ်၍ ဤလုပ်ဆောင်ချက်အား ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တိုးချဲ့ခြင်း နှင့် ကျန်းမာရေးစနစ်အတွင်းသို့ ပေါင်းစပ်ခြင်းတို့ ပြုလုပ်မည်ဆိုပါက စည်းရုံး လှုံ့ဆော်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ ဆက်လက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

**အာဟာရဖွံ့ဖြိုးမှုတွင် တိုးတက်မှုများ ရှိရန်အတွက် ကဏ္ဍစုံ ပါဝင်သည့် စီမံကိန်းလုပ်ငန်း**

ကမ္ဘာလုံးဆိုင်ရာ အထောက်အထားများသည် ဘဝအစရက်ပေါင်း (၁,၀၀၀) အတွင်း လူအများထံ ရောက်ရှိသည့် အာဟာရချို့တဲ့မှု လျှော့ချရန်အတွက် ကဏ္ဍစုံပါဝင်သည့် မဟာဗျူဟာများအား ကူညီပံ့ပိုးပေးရာတွင် ထပ်မံ၍ ဆက်လက်ပံ့ပိုးပေးလျက် ရှိပါသည်။

ကရင်ပြည်နယ်ရှိ CDN–ZOA စီမံချက်သည် ဘေးကင်းလုံခြုံစိတ်ချရသည့် ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့များ၊ ဈေးကွက်များ၊ အာဟာရအမျိုးအမည်စုံလင်သည့် အစားအသောက်များ၊ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ဝင်ငွေ တိုးတက်လာခြင်းတို့အား လက်လှမ်းမီ ရယူနိုင်ခြင်း အပါအဝင် အာဟာရချို့တဲ့မှု ဖြစ်စေသည့် လမ်းကြောင်းများအား သက်ရောက်မှုရှိသည့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သည့် စီမံကိန်းဆောင်ရွက်ချက်များသည် အာဟာရ ချို့တဲ့မှုအပေါ် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုများရှိနိုင်သည်ကို လက်တွေ့ပြသခြင်းဖြင့် ဤ အထောက်အထား အခြေခံအတွက် ကူညီပံ့ပိုးပေးနေပါသည်။ စီမံချက်မှ အာဟာရဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်ကောင်းမွန်စေခြင်းမှတဆင့် တစ်ဦးချင်းစီနှင့် အိမ်ထောင်စုအဆင့်များ၌ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်းဖြင့် ပုညက်မှုမှာ တနှစ်လျှင် (၂.၄%) ဖြင့် (၅၄%) မှ (၄၇%) အထိ ကျဆင်းစေခဲ့ပြီး ကျုံလှီမှုတွင် အမှတ် (၈%) လျော့ကျစေရန် ဆောင်ရွက်ပေးခဲ့ပါသည်။

စီမံချက်သည် အာဟာရချို့တဲ့မှုအား လျှော့ချခြင်း၊ ဘဝအစရက်ပေါင်း (၁,၀၀၀) အတွင်း အာဟာရ ဖွံ့ဖြိုးမှုတွင် အကျိုးသက်ရောက်မှုများ ပေးအပ်ရန် ကျွမ်းကျင်မှုများ ယူဆောင်လာသည့် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုမှုအား တည်ဆောက်ခြင်း၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အောင်မြင်ရန်အတွက် သက်သေအထောက်အထားများ ပေးခြင်း၊ အကောင်အထည်ဖော်သည့် အချိန်တွင် ကဏ္ဍစုံ ပါဝင်သည့် အစီအစဉ်ရေးဆွဲခြင်းနှင့် အလွန်အရေးပါသည့် ဦးတည်ရည်ရွယ်ချက်ချမှတ်ခြင်း တို့တွင် တူညီသည့် ရည်မှန်းချက် ပန်းတိုင်ရရှိ အောင်မြင်စေရန်အတွက် ကဏ္ဍအမျိုးမျိုးအား ပေါင်းစည်းထားသော မိတ်ဖက်အဖွဲ့အစည်းအမျိုးမျိုး ပူးပေါင်းထားသည့် အဖွဲ့အစည်း ဖြစ်ပါ သည်။

ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရာတွင် ရှိရင်းစွဲ စိန်ခေါ်မှု အချို့ရှိသော်လည်း ပူးပေါင်းထားသည့် အဖွဲ့အစည်းသည် အစားအသောက်များအား လက်လှမ်းမီ ရယူနိုင်မှုနှင့် ရရှိနိုင်မှု၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးတို့အပေါ် အကျိုးသက်ရောက်မှု ရှိစေရန်နှင့် ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အမျိုးသမီးများနှင့် အသက်(၅)နှစ်အောက် ကလေးများအား ဦးစားပေး ဆောင်ရွက်သည့် အမူအကျင့်နှင့် အလေ့အကျင့်များ တိုးတက် ကောင်းမွန်အောင် ကူညီပံ့ပိုးပေးရန် တို့အတွက် ချိန်ညှိထားသော စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ငွေစု၊ ငွေချေးအုပ်စုများနှင့်လည်း ခိုင်မာသည့် ချိတ်ဆက်မှုများပြုလုပ်ခဲ့ပြီး အဆိုပါအုပ်စုများတွင် မိခင်များ ပိုမိုပါဝင်နိုင်ရန် အခွင့်အရေးပေးခဲ့ပါသည်။

ဤရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ဦးတည်ရည်ရွယ်ခြင်းသည် ဘက်စုံ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်း၏ မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများနှင့် အထောက်အထားတို့သည် အဆိုပါ ချဉ်းကပ်နည်းလမ်းများအား မည်ကဲ့သို့ ချဲ့ထွင်နိုင်မည်ဆိုသည်နှင့် မြန်မာနိုင်ငံရှိ မည်သည့်နေရာများတွင် ပုံတူကူး ဆောင်ရွက်နိုင်မည်ဆိုသည်တို့အား ပုံဖော်ရာတွင် အထောက်အကူ ဖြစ်စေနိုင်မည် ဖြစ်ပါသည်။

**အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း**

အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းသည် LIFT စီမံကိန်းများအတွက် အောင်မြင်မှုရရှိစေရန်နှင့် ကိုယ်တိုင်အောင်မြင်မှု ရယူနိုင်သည့် မဟာဗျူဟာမြောက် ဦးစားပေးဖြစ်သည့်အပြင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေရန်အတွက် အရေးပါသည့်လမ်းကြောင်း တစ်ခုလည်း ဖြစ်ပါသည်။ LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးသည့် စီမံကိန်းများသည် အထူးသဖြင့် ပဋိပက္ခဒဏ်ခံ ဒေသများတွင် အမျိုးသားများနှင့်နှိုင်းယှဉ်လျှင် အဆင့်နိမ့်ခြင်း၊ ရင်းမြစ်များအား လက်လှမ်းမီ ရယူရာတွင် အကန့်အသတ်ရှိခြင်း၊ ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာ မရှိခြင်း၊ လုပ်ရမည့်အလုပ်ပမာဏ အလွန်များပြားခြင်း (အထူးသဖြင့် ကိုယ်ဝန်ဆောင်နေစဉ်နှင့် မိခင်နို့တိုက်ကျွေးနေချိန်)နှင့် စိတ်ပိုင်းလူမှုရေးပိုင်းဆိုင်ရာ သောက ဖိစီးမှုရှိခြင်းတို့ အပါအဝင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းတွင် အတားအဆီးအနေဖြင့် ရှိနေသော အကြောင်းခြင်းရာများအား ဖြေရှင်းပေးလျက်ရှိပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးနှင့် မြို့ပြနှင့် ကျေးလက်ဒေသများတွင် အမျိုးသမီးများ ကြုံတွေ့နေရသည့် အတွေ့အကြုံများနှင့် မညီမျှမှုများမှာ အမျိုးမျိုး ကွဲပြားခြားနားနေသော်လည်း တူညီသည့် ကိစ္စရပ်များလည်း ဆက်လက် ရှိနေပါသည်။

**အမျိုးသမီးအထည်ချုပ်အလုပ်သမားများအပေါ် စီးပွားရေး ကျဆင်းခြင်း၏ သက်ရောက်မှုများအား သက်သာစေရန် ကြားခံအဖြစ် ဆောင်ရွက်ပေးခြင်း**

ရန်ကုန်မြို့ပြဝန်းကျင်ဒေသတွင် LIFT ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ စီမံချက်များမှတဆင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအား တိုးတက်လာစေရန်အတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံချက် အများအပြားသည် အလုပ်သမားများ (၉၀%) ကျော်သည် အမျိုးသမီးများ[၃၅]ဖြစ်သည့် အထည်ချုပ်ကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အမျိုးသမီးများသည် ၎င်းတို့၏ နေအိမ်များတွင် လုပ်ခလစာမရသည့် အိမ်အလုပ်များဖြင့် ဝန်ပိနေသည့်အပြင် လုပ်ငန်းခွင်တွင် ကျား၊ မ လိုက်၍ လုပ်ခလစာကွာခြားမှု၊ ခွဲခြားဆက်ဆံမှုရှိသည့် အလုပ်ခန့်ထားရေးဆိုင်ရာ အလေ့အကျင့်များနှင့် အကြမ်းဖက်ခြင်းနှင့် ထိပါးနှောက်ယှက်ခြင်းတို့အား မကြာခဏဆိုသလို ခံစားနေကြရပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ထုတ်ပြန်ပြီးနောက် အလုပ်အကိုင် မရှိခြင်းအား  တုန့်ပြန်ရန်အတွက် ကျန်းမာရေးကောင်းမွန်စေမည့် ရွေးချယ်စရာများ စီမံချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဘက်စုံသုံးနိုင်ရန် ငွေကြေးထောက်ပံ့မှုများအား အကျိုးခံစားခွင့်ရှိသူ (၁,၂၇၃) ဦး (အမျိုးသမီး ၈၄%) ထံ ဖြန့်ဝေပေးခဲ့ပါသည်။ အဆိုပါ အမျိုးသမီးများ၏ ၇၅% မှ ၎င်းတို့သည် အဓိက ဝင်ငွေ ရှာနေသူများဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သော်လည်း (၂၉%) ကသာလျှင် မိမိကိုယ်ကို အိမ်ထောင်ဦးစီးများ ဖြစ်သည်ဟု မှတ်ယူကြကာ ငွေကြေးထောက်ပံ့မှုအား လက်ခံရရှိသူ အများစုမှာ အမျိုးသမီးများဖြစ်ကြသော်လည်း တုံ့ပြန်ဖြေကြားသူများ၏ ထက်ဝက်ထက်နည်းသည့် (၄၃%) ကသာ ၎င်းတို့၏ အိမ်ထောင်စုအတွက် ငွေကို မည်ကဲ့သို့ သုံးစွဲရမည်ဆိုသည့် ဆုံးဖြတ်ချက်အား ချမှတ်သည်ဟု ပြောကြားခဲ့ပါသည်။

အချိန်ကြာလာသည်နှင့်အမျှ မြို့ပြဝန်းကျင်စီမံကိန်းများရှိ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသော စီမံကိန်း ဆောင်ရွက်ချက်များသည် ကျား၊ မ ရေးရာနှင့် ပတ်သက်သည့် သဘောထားများ ပြောင်းလဲခြင်း၊ အိမ်ထောင်စုနှင့် လုပ်ငန်းခွင်တွင် အမျိုးသမီးများ၏ ဆုံးဖြတ်ပိုင်ခွင့်များ တိုးတက် ရရှိ စေခြင်း၊ အမျိုးသမီးများမှ ရင်းမြစ်များအား လက်လှမ်းမီရယူနိုင်မှု တိုးတက်ကောင်းမွန်စေခြင်းနှင့် အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးများအတွက် ကျား၊ မရေးရာ အမြင်ပြောင်းလဲရေး မူဝါဒများအား ကူညီပံ့ပိုးပေးခြင်းတို့အား တိုက်တွန်းအားပေးရန်အတွက် မူဝါဒ၊ စနစ်များနှင့် အိမ်ထောင်စုအဆင့်များ၌ လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ချင်းပြည်နယ်တွင် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအတွက် စီမံကိန်း ဆောင်ရွက်ချက်များ စတင်လုပ်ဆောင်နိုင်မည့် နေရာများအား CRS မှ ရှာဖွေဖော်ထုတ်ခြင်း**

ချင်းပြည်နယ်ရှိ CHANGE စီမံချက်တွင် အာဟာရဖွံ့ဖြိုးမှု/ WASH နှင့် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းအတွက် ပူးတွဲဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် တာဝန်ခွဲဝေယူခြင်း၊ အာဟာရဖွံ့ဖြိုးမှုနှင့် တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုကောင်းမွန်စေရန်တို့အတွက် ပူးတွဲဘတ်ဂျက်ရေးဆွဲခြင်းနှင့် ငွေကြေးစီမံခန့်ခွဲခြင်းတို့ အပါအဝင် ကျား၊မ တန်းတူ ညီမျှရေးဆိုင်ရာ အမူအကျင့်များနှင့် တိုက်ရိုက်ဆက်နွယ်နေသော အခြေခံရလဒ် (၂)ခု ရှိပါသည်။ အဆိုပါ အရေးပါသည့် နယ်ပယ်(၂)ခုအတွင်း စီမံကိန်း လုပ်ငန်းစတင်သည့် ကာလအတွင်း လုပ်ကိုင်ရမည့် လုပ်ငန်း၏ တစ်စိတ်တစ်ဒေသအနေဖြင့် CRS သည် ကျား၊ မ ရေးရာ နည်းပညာဆိုင်ရာ ဆန်းစစ်မှုတစ်ရပ်အား ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ရေတိုလက်တွေ့လိုအပ်ချက်များ (အာဟာရဖွံ့ဖြိုးမှု နှင့် တိရစ္ဆာန်မွေးမြူရေးအတွက် ဝင်ငွေအပါအဝင် အိမ်ထောင်စုအတွင်းလုပ်ငန်းများ ညီတူညီမျှခွဲဝေလုပ်ကိုင်ခြင်းနှင့် ရင်းမြစ်များ အသုံးပြုမှုအပေါ် ပူးတွဲဆုံးဖြတ်ချက်ချမှတ်ခြင်း) နှင့် ၎င်းတို့၏ ရေရှည် မဟာဗျူဟာမြောက် လိုအပ်ချက်များ (အမျိုးသမီးအမွေဆက်ခံပိုင်ခွင့်နှင့် အမျိုးသမီးများအတွက် မြေယာပိုင်ဆိုင်မှု)တို့အရ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းသည် ခိုင်မာသည့် အကြောင်းအရာတစ်ရပ်အနေဖြင့် ပေါ်ထွက်လာခဲ့ပါသည်။ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအား စီမံကိန်းလုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်းအတွင်းသို့ ထည့်သွင်းရန် လိုအပ်နေပြီး စီမံချက်မှ အဆိုပြုသည့် ဆောင်ရွက်နိုင်သော နည်းလမ်းတစ်ခုမှာ သင်တန်းများတွင် အမျိုးသမီးသီးသန့်နေရာများနှင့် ဆွေးနွေးပွဲများ ထည့်သွင်းစေခြင်း ရပ်ရွာလူထု အသိပညာပေးခြင်း၊ လုပ်ငန်းများတွင် အမျိုးသားများ ပါဝင်စေခြင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် အာဟာရဖွံ့ဖြိုးမှုတို့တွင် ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ အမူအကျင့်များ အားလုံးနှင့် အထူးသဖြင့် မိသားစုအတွင်း ပူးတွဲဆုံးဖြတ်ချက်ချခြင်း တို့နှင့် ပတ်သက်သည့် ကိစ္စရပ်များအား စတင်ဆွေးနွေးနိုင်သည့် အချက်များအဖြစ် အသုံးပြုခြင်း ဖြစ်ပါသည်။

**ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ပြုလုပ်သည့် KMSS ၏ ကျားမရေးရာနှင့် အာဟာရဖွံ့ဖြိုးမှု ဆန်းစစ်ချက်မှ တွေ့ရှိခဲ့သည့် ထိုးထွင်းသိမြင်မှုများ**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ KMSS ၏ SAFE WIN စီမံချက်တွင် အာဟာရဖွံ့ဖြိုးမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း တို့နှင့် ပတ်သက်၍ အပြန်အလှန် ဆောင်ရွက်မည့် ရည်မှန်းချက်များ ရှိပါသည်။ စီမံချက်သည် မိသားစုအတွင်း ဆက်ဆံရေးတွင် အခွင့်အာဏာမှ မည်သို့ သက်ရောက်သည် ဆိုသည်နှင့် အစားအသောက်နှင့် အာဟာရ ဖွံ့ဖြိုးမှုတို့နှင့် ဆက်နွယ်နေသည့် အမျိုးသားနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုတို့အား နားလည်သဘောပေါက်နိုင်ရန်သာမက အစားအသောက်နှင့် အာဟာရ ဖွံ့ဖြိုးမှု စံနှုန်းများနှင့် ဆက်နွယ်နေသည့် ဆုံးဖြတ်ချက် ချခြင်းဆိုင်ရာ ဒေသခံတို့၏ အမြင်များ နားလည်သဘောပေါက် နိုင်ရန် တို့အတွက် အာဟာရဖွံ့ဖြိုးမှုအပေါ် ကျားမရေးရာ ဆန်းစစ်မှု တစ်ရပ်အား ပြုလုပ်ခဲ့ပါသည်။ စာရွက်စာတမ်းများဖြင့် သုံးသပ်မှုမှ တွေ့ရှိချက်များမှ ဦးတည်ပေးသည့်အတိုင်း မိခင်များ၊ ဖခင်များနှင့် အဖွားများနှင့် ဦးတည်ရည်ရွယ်သည့် အုပ်စုလိုက် ဆွေးနွေးပွဲ (၆၈)ကြိမ်နှင့် မြစ်ကြီးနား၊ လားရှိုးနှင့် ဗန်းမော်ရှိ စီမံချက်များမှ အဓိက ဆက်သွယ်ဆောင်ရွက်ရမည့်သူများနှင့် တွေ့ဆုံမေးမြန်းမှု (၆)ကြိမ်အား ၂၀၂၀ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ပြုလုပ်ခဲ့ပါသည်။

ဆန်းစစ်မှုအရ နေ့စဉ်အစားအသောက် ပြင်ဆင်ခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း တို့သည် အသက်(၂)နှစ်အောက် ကလေးသူငယ်များ အား အစားအသောက် ကျွေးမွေးရန် တာဝန်ရှိသည့် မိခင်များမှ တာဝန်ယူထားကြောင်း တွေ့ရှိရပါသည်။ အဖွားများသည် နေ့စဉ် အစားအသောက် ပြင်ဆင်ခြင်းတွင် ပါဝင်ပတ်သက်မှု နည်းပါးသော်လည်း ၎င်းတို့(သို့) အခြား ဒုတိယ စောင့်ရှောက်မှုပေးသူများသည် အမျိုးသမီးများ ၎င်းတို့၏ ကိုယ်ဝန်တတိယ (၃)လပတ် ရှိနေချိန်နှင့် မီးဖွားပြီး (၁)လအတွင်း၌ ဤတာဝန်အား တာဝန်ယူလေ့ရှိပါသည်။ မိခင်များ အပါအဝင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း လုပ်ငန်းများနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့သူများမှ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာအသိအမြင်များ  ကိုယ်တိုင်သိရှိခဲ့ ကြောင်း အစီရင်ခံတင်ပြမှုမှာ  ယေဘုယျအားဖြင့် စီမံကိန်းဆောင်ရွက်ချက်များမှ ဦးတည်မှုနည်းပါးသည့် အဖွားများနှင့် ခင်ပွန်းများကဲ့သို့သော အရန် စောင့်ရှောက်ပေး သူများ ထက် ပိုမိုမြင့်မားပါသည်။ ရလဒ်အနေဖြင့် အဖွားများသည် ယေဘုယျအားဖြင့် မိရိုးဖလာ အစားအစာ စားသုံးသည့် အလေ့အကျင့်များကို အသုံးပြုသဖြင့် အဆိုပါ တူညီသည့် ဓလေ့ထုံးစံ များကို လေးစား လိုက်နာ စေရန် အတွက် ၎င်းတို့၏ သမီးများနှင့် ချွေးမများ အပေါ် ဖိအားပေးမှုများ ဖြစ်ပေါ်စေပါသည်။ ဆန်းစစ်မှုမှ အသိအမြင် အချို့အား ဖော်ထုတ်နိုင်ခဲ့ပါသည်။

အမျိုးသားပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ ဖခင်အများအပြားသည် ၎င်းတို့ကိုယ်ကို မိန်းမများနှင့် ကလေးသူငယ်များ၏ အာဟာရဖွံ့ဖြိုးမှုတွင် အရေးပါသည့် အခန်းကဏ္ဍ၌ ရှိနေကြောင်း စဉ်းစားမိလေ့မရှိကြပါ။ ဥပမာအားဖြင့် ဖခင်အများစုသည် ချက်ပြုတ်ခြင်းမှာ ၎င်းတို့ အတွက် ဦးစားပေး လုပ်ဆောင်ရမည့် အရာမဟုတ်သည့်အတွက် သူတို့ချက်ပြုတ်ခြင်း မပြုလုပ်ပါဟု ဆိုပါသည်။ တုံ့ပြန်ဖြေကြားသူ အမျိုးသမီးများ အားလုံးမှ အမျိုးသားများ၏ အဓိကတာဝန်မှာ မိသားစုအတွက် ဝင်ငွေရှာပေးခြင်း ဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။ ၎င်းတို့၏ ခင်ပွန်းများ ဝင်ငွေ ပုံမှန်မရှိခြင်းနှင့် ဝင်ငွေနည်းပါး ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် ဖိအားများကြောင့် အမျိုးသမီးများသည် ၎င်းတို့၏ ပုံမှန် အိမ်ထောင့် တာဝန်များ အပြင် မကြာခဏဆိုသလို အပိုဝင်ငွေ ရရှိအောင် အလုပ်လုပ်နေကြရပါသည်။ ထိုမှတဆင့် အမျိုးသမီးများအပေါ် အလုပ်ချိန်နှင့် အလုပ်ဝန်တို့ သိသိသာသာ ထပ်မံတိုးလာစေသည်သာမက စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် အလုပ်အကိုင် အခွင့်အလမ်းများတွင် နည်းပါးခြင်း၊ လုပ်ခလစာ နည်းပါးပြီး ပုံမှန်အလုပ်မရှိခြင်း၊ မှီခိုသူအချိုးအစားမြင့်မားသည့် မိသားစုများ ရှိနေခြင်းတို့မှ  မိသားစုဝင်များအားလုံး၏ စားနပ်ရိက္ခာဖူလုံမှုအား ပြည့်မီအောင် လုပ်ဆောင်ရာတွင် ထပ်မံ၍ စိန်ခေါ်မှုများ ရှိသည်ဆီသို့ ဦးတည် နေပါသည်။

ငွေရေးကြေးရေး ခက်ခဲမှုသည် မိသားစုများ အပြောအများဆုံး စိုးရိမ်ပူပန်စရာ ကိစ္စရပ် ဖြစ်ပြီး ယင်း၏ နောက်တွင် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် အိမ်ထောင်ရေး ကိစ္စများ လိုက်ပါသည်။ အာဟာရဖွံ့ဖြိုးမှု နှင့် ပတ်သက်ပါက မိခင်များအတွက် ၎င်းတို့၏ ကလေးများ အား ထူးချွန်ထက်မြက်ပြီး ပညာတတ်များ ဖြစ်စေချင်ကြောင်း၊ သို့မှသာ ၎င်းတို့ကဲ့သို့ အလုပ်ကြမ်းများ လုပ်ရန် မလိုတော့မှာဟု ပြောကြားခဲ့ သည့် မိခင်များအတွက် ကလေး၏ ဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် ဦးနှောက်ဖွံ့ဖြိုးမှုမှာ အရေးပါသည့် စိတ်ခွန်အားတက်စေရန် အားပေး လှုံ့ဆော်မှု တစ်ခု ဖြစ်ပါသည်။

ပဋိပက္ခဒဏ်ခံဒေသများတွင် ဆုံးဖြတ်ချက်နှင့် ဆက်နွယ်နေသည့် ဆက်စပ်မှု ရှိသော နောက်ထပ် ရှာဖွေတွေ့ရှိချက်တစ်ခုမှာ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် နေထိုင်သူများသည် ၎င်းတို့ စားသုံးသည့် အစားအသောက်များအတွက် ထိန်းချုပ်နိုင်မှုနှင့် ဆုံးဖြတ် နိုင်မှု တို့တွင် အကန့်အသတ် ရှိနေခြင်း ဖြစ်ပါသည်။ ထိုသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် ရွေးချယ်မှုများကို ပြုလုပ်နိုင်သည်ထက် ၎င်းတို့ အတွက် ပေးသည် ကိုသာ စားသုံးနေကြရပါသည်။

၃၅။ ILO ၏ ကျား၊မ ရေးရာဟန်ချက် - မြန်မာ့အထည်ချုပ်လုပ်ငန်း၏ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ။ ၂၀၁၉ ခုနှစ်

ဆန်းစစ်မှုမှ အဓိက အကြံပြုထောက်ခံပေးချက်များတွင် ကောင်းမွန်သည့် ကျား၊ မ ရေးရာနှင့် အာဟာရဖွံ့ဖြိုးမှု ရလဒ်များ နှစ်ခုလုံးကို ကူညီပံ့ပိုးပေးရန်အတွက် အမျိုးသမီးများအကြား ညှိနှိုင်းပြောဆိုနိုင်သည့် ကျွမ်းကျင်မှုများ တည်ဆောက်ခြင်းနှင့် စီမံကိန်းလုပ်ငန်းများတွင် ယောကျ်ားများနှင့် အဖွားများ အပါအဝင် အရန်စောင့်ရှောက်မှု ပေးသူများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော် လည်းကောင်း ထိတွေ့ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေခြင်းတို့ ပါဝင်ပါသည်။

# ရှေ့သို့မျှော်ကြည့်လျှင်

## မူဝါဒအဆင့်

### MS–NPAN

၂၀၂၀ ခုနှစ် နှစ်ကုန်တွင် MS–NPAN သည် အာဟာရ ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှု ရှိရန်အတွက် ကဏ္ဍပေါင်းစုံတွင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပြီး ဦးတည်ရည်ရွယ်ထားခဲ့သည့် စီမံကိန်း ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခြင်းအား စတင်ရန် အသင့်ဖြစ်ခဲ့ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်မှ သက်ဆိုင်ရာ အစိုးရဌာနများမှ ရေးဆွဲ အတည်ပြု ခဲ့သည့် အစီအစဉ်များ အပေါ် အခြေခံပါသည်။

စီမံချက်များအတည်ပြုခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး (၅)ခုတွင် ၂၀၂၁ ခုနှစ်အတွင်း လက်ရှိ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးမှု စတင်ရန် စီစဉ်နေချိန်အတွင်း စီမံကိန်း လုပ်ငန်းများ အဆင့်မြှင့်တင်ရန်၊ တိုးချဲ့ရန် (သို့) လုပ်ငန်း အသစ်များ စတင်မိတ်ဆက်ရန်အတွက်လည်း ရင်းမြစ်များရယူခဲ့ပါသည်။ အဆိုပါ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ပံ့ပိုးပေးမည့် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ လုပ်ငန်းစဉ်နှင့် စွမ်းဆောင်ရည်များ တည်ဆောက်ရန် လိုအပ်နေပါသေးသည်။ ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများမှ ပြည်နယ်တစ်ခုချင်းစီ၏ အစီအစဉ်များအတွင်းရှိ ရည်မှန်းချက်များ၏ ပြီးစီး အောင်မြင်မှုကိုရရှိရန် ပြုလုပ်ပေးမည့် ကူညီထောက်ပံ့မှုများအား ပြည်နယ်အဆင့် MS–NPAN စောင့်ကြည့် စစ်ဆေးသည့် စနစ်အတွင်း ထည့်သွင်းသွားမည် ဖြစ်ပါသည်။

ကြံ့ကြံ့ခံနိုင်စွမ်းရှိရန်နှင့် စိန်ခေါ်မှုရှိသည့် အခြေအနေများတွင် တိုးတက်မှု ရှိစေရန်လိုအပ်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား အာဟာရဆိုင်ရာ အားနည်းထိခိုက်မှု အလွယ်ဆုံး လူမှုအသိုက်အဝန်းများမှ ရရှိစေရန် ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးဒေသများမှာ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်း ဖြစ်ပါသည်။ ရခိုင်ပြည်နယ် အကြံပေး ကော်မရှင် (RAC) ၏ အကြံပြုထောက်ခံချက်များ အရ ဆောင်ရွက်ပေးရန် သဘောတူထားသည့် အရေးယူ ဆောင်ရွက်ချက်များ၏ ရလဒ်အနေဖြင့် ရခိုင်ပြည်နယ်တွင် ဘက်စုံ အာဟာရဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများသို့ ဦးတည်သည့် ကနဦး ခြေလှမ်းအချို့အား လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ LIFT သည် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တွင် အစိုးရ၏ MS–NPAN အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ကူညီပံ့ပိုးပေးရန်အတွက် International Rescue Committee (IRC) နှင့် Community Partner International တို့အား ရန်ပုံငွေ ထောက်ပံ့ပေးလျက်ရှိပြီး တိုင်းရင်းသား ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ကူညီ ပံ့ပိုးပေးလျက်ရှိပါသည်။ LEARN စီမံချက်နှင့် SUN–CSA တို့သည်လည်း MS–NPAN ပတ်သက်ဆက်နွယ်သူများ ပူးပေါင်းပါဝင်ခြင်း၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အား ကူညီပံ့ပိုးပေးရန် ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၀ ခုနှစ်တွင် LIFT သည် MS–NPAN ၏ လုပ်ငန်းစဉ်တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း လုပ်ငန်းစဉ်အား ကူညီပံ့ပိုးရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ခေါင်းဆောင်မှုအား အားပေးမြှင့်တင်ရန်တို့အတွက် Access to Health နှင့် အခြား ကုလသမဂ္ဂ မိတ်ဖက် အဖွဲ့အစည်းများနှင့် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ LIFT မှ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် တလျှောက်လုံး ကူညီပံ့ပိုးပေးခဲ့သည့် MS–NPAN ၏ ပင်မ အဖွဲ့သည် ၂၀၂၁ ခုနှစ် ပထမ နှစ်ဝက်တွင်လည်း အစိုးရ ဌာနများအတွင်း ရေရှည်တည်တံ့နိုင်မည့် နည်းပညာဆိုင်ရာ ရင်းမြစ်များအား ထူထောင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့နှင့် လုပ်ကိုင် ဆောင်ရွက်နေပါသည်။ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်း ... ဝန်ကြီးဌာနအတွက် ဥရောပသမဂ္ဂ ဘဏ္ဍာရေး ထောက်ပံ့မှုအစီအစဉ်မှ ပံ့ပိုးပေးပါသည်။

### SBCC မဟာဗျူဟာ

SBCC မဟာဗျူဟာအား ရှေ့ဆက်အကောင်အထည်ဖော်ရန် ရည်ရွယ်ထားပြီး LIFT စီမံကိန်းလုပ်ငန်းများ အားလုံးတွင် စမ်းသပ်ခဲ့ပြီး ဖြစ်သည့် အတွေ့အကြုံများနှင့် ချဉ်းကပ်နည်းလမ်းများ အပေါ်၌ တည်ဆောက်ရန်အတွက် MoHS အတွက် အခွင့်အလမ်းများအား ပေးအပ်သွားမည် ဖြစ်ပါသည်။ ယင်းမှ အာဟာရမျှတ၍ ကျန်းမာစေရန် စားသောက်နည်းလမ်းညွှန်ချက်များ၊ မြို့ပြဝန်းကျင်ဒေသ စည်းရုံးလှုံ့ဆော်မှုများနှင့် အစားအသောက် ရောင်းချသူများနှင့် လက်တွဲ လုပ်ကိုင်ခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့် MCCT–SBCC အစီအစဉ်များအား ချိတ်ဆက်ရန်အတွက် အခွင့်အလမ်းများအား ဆောင်ယူလာပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် မဟာဗျူဟာတွင် ပါဝင်ရမည့် အကြောင်းအရာများအတွက် ပံ့ပိုးပေးခြင်း၊ အတွေ့အကြုံ၊ အချက်အလက်များ၊ မည်သည်က လိုအပ်သည်၊ မည်သည်က အလုပ်ဖြစ်သည်တို့နှင့် စပ်လျဉ်း၍ သုံးသပ်ချက်အမြင်များ ပေးရာတွင် အလွန်အရေးပါမည် ဖြစ်ပါသည်။ ရေးဆွဲထားသည့်ပေါ်တွင် သဘောတူညီမှု ရရှိပြီးပါက မဟာဗျူဟာနှင့် နည်းကိရိယာများအား လိုက်လျောညီထွေဖြစ်ရန် ပြင်ဆင်ညှိနှိုင်းရန် လိုအပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် အသုံးချနိုင်ရန်အတွက် လုပ်ဆောင်ရမည် ဖြစ်ပါသည်။





### အာဟာရဖွံ့ဖြိုးမှုအား အဆင့်မြှင့်တင်ခြင်း

SUN UN ကွန်ရက် အဖွဲ့ဝင်အနေဖြင့် LIFT ၏ အာဟာရမြှင့်တင်ရေး လူမှုအဖွဲ့အစည်းများ ကွန်ရက် (SUN–CSA) နှင့် SUN စီးပွားရေး ကွန်ရက် (SUN–BN) တို့အတွက် ကူညီပံ့ပိုးမှုသည် အာဟာရ ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှု ရှိစေရန်အတွက် လုပ်ငန်းများချိန်ညှိရန် လိုအပ် သော ပတ်သက်ဆက်နွယ်သူ အမျိုးမျိုးအား တစ်စုတစ်စည်းတည်း ဖြစ်စေမည့် တန်ဖိုးရှိပြီး ထိုက်သင့်လျော်ကန်သော ပလက်ဖောင်းများ တည်ဆောက်ရန်အတွက် ဆက်လက် လုပ်ဆောင်ပေးမည် ဖြစ်ပါသည်။ အဆိုပါ ကွန်ရက်များ၏ အားသာမှုမှာ ၎င်းတို့၏ ကျယ်ပြန့်သည့် ပြည့်စုံလုံလောက်သည့် အဖွဲ့ဝင်များရှိခြင်းနှင့် ဖွံ့ဖြိုးရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများ၊ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများတွင် လုပ်ငန်းလည်ပတ်ရန်အတွက် ရှင်းလင်းပြတ်သားသည့် မဟာဗျူဟာရှိခြင်းတို့ ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် အဆိုပါ ကဏ္ဍအမျိုးမျိုးတို့အား ပေါင်းစည်းရန်နှင့် ဗဟိုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် (၂)ဆင့်လုံး၌ အချို့သော တူညီသည့် ရည်မှန်းချက်များအတွက် ကြိုးပမ်းအားထုတ်မှုများအား ပူးပေါင်းဆောင်ရွက်ရန် တို့အတွက် ကြိုးပမ်းအားထုတ်မှုများကို မြင်တွေ့ရမည် ဖြစ်ပါသည်။

SUN–BN သည် အာဟာရဖွံ့ဖြိုးမှုအပေါ် ကောင်းမွန်သည့် သက်ရောက်မှု ရရှိရန်အတွက် အစိုးရ၏ကဏ္ဍပေါင်းစုံ ပါဝင်သည့် မဟာဗျူဟာများနှင့် လုပ်ရှားဆောင်ရွက်မှုများတွင် စီးပွားရေးလုပ်ငန်းတို့နှင့် ထပ်မံ၍ ပူးပေါင်း ဆောင်ရွက်နိုင်ရန်နှင့် အာဟာရဖွံ့ဖြိုးမှု အထူးသဖြင့် အစားအ သောက်နှင့် အာဟာရဖွံ့ဖြိုးမှု၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အစားအစာများတွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း နှင့် အလုပ်သမားများ၏ အာဟာရဖွံ့ဖြိုးမှုတို့နှင့် ဆက်နွယ်နေသည်တို့နှင့် သက်ဆိုင်သည့် မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပုဂ္ဂလိကကဏ္ဍအတွက် ချမှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် အားပေးမြှင့်တင်ရန်တို့အတွက် ရည်ရွယ်သွားမည် ဖြစ်ပါသည်။

SUN–CSA သည် ပဋိပက္ခဒဏ်ခံဒေသများသို့ တိုးချဲ့ဆောင်ရွက်ရန်အတွက် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပြီး ထိုဒေသများတွင် CSA အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ ကွန်ရက်ကို ထပ်မံ၍ တည်ဆောက်ရန်အတွက်လည်း ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### အစားအစာများတွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း

SUN–BN သည် လက်ရှိအစားအသောက်တွင် အာဟာရ ထပ်မံထည့်သွင်းခြင်းဆိုင်ရာ အခြေအနေများ၊ အဓိက မူဝါဒနှင့် စီမံကိန်း ဆောင်ရွက်ချက်များအပေါ် ထောက်ခံ အကြံပြုချက်များနှင့်အတူ အစားအသောက်တွင် အာဟာရထပ်မံ ဖြည့်သွင်းရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား အကြမ်းဖျဉ်း ပုံဖော်ခြင်း အပေါ် နည်းပညာဆိုင်ရာ အနှစ်ချုပ် စာတမ်းတစ်စောင်အား ထုတ်ဝေသွားမည် ဖြစ်ပါသည်။

အားဖြည့်ဆန် စားသုံးမှုနှင့် ယုံကြည်လက်ခံမှု တိုးတက်အောင် မြှင့်တင်ရန်အတွက် SUN–BN သည် စားသုံးရာတွင် ထပ်မံကြုံတွေ့ရမည့် အတားအဆီးများအား အသေးစိတ် ဖော်ပြနိုင်မည့် ၁:၉၉ အချိုးဖြင့် ရောနှောထားသည့် အားဖြည့်ဆန်အား လက်ခံ စားသုံးမှုဆိုင်ရာ လေ့လာမှုအား ဆောင်ရွက်ရန်အတွက် PATH ၊ WFP ၊ NNC တို့နှင့် လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။ COVID–19 ကပ်ရောဂါကြောင့် နှောင့်နှေးမှု ရှိခဲ့သဖြင့် ဤလေ့လာမှုအား ၂၀၂၁ ခုနှစ်တွင် လုပ်ဆောင်မည် ဖြစ်ပါသည်။

### အာဟာရမျှတ၍ ကျန်းမာစေရန် စားသောက်နည်းလမ်းညွှန် (FBDG)

FBDG များအား အပြီးသတ်ရေးဆွဲပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် အတည်ပြုနိုင်မည်ဟု မျှော်မှန်းထားပါသည်။ SUN–BN နှင့် LIFT ၏ မြို့ပြဝန်းကျင်ဒေသ မိတ်ဖက်အဖွဲ့အစည်းများသည် FBDG များအပေါ် အခြေခံ၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ စားသုံးမှုကို မြှင့်တင်ရန်၊ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးတွဲစည်းရုံး လှုံ့ဆော်မှုတစ်ရပ်အား ရေးဆွဲအကောင်အထည်ဖော်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းအဖွဲ့အား ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။ သီးသန့်အုပ်စုများအတွက် ဦးတည်ရည်ရွယ်သည့် အဆိုပါ လမ်းညွှန်ချက်များအား အသုံးပြုခြင်းကို ကောင်းမွန်စွာ သုတေသနပြုခဲ့ပြီး အတည်ပြုပေးခဲ့ပါသည်။ သို့ဖြစ်၍ မိတ်ဖက် အဖွဲ့အစည်းများအား နိုင်ငံတော်အဆင့်၌ သဘောတူညီထားပြီး ဖြစ်သော တူညီသည့် ချဉ်းကပ်နည်းလမ်းများဖြင့် ပေါင်းစည်းနိုင်မည် ဖြစ်သော စာအုပ်စာတမ်းများ ရေးဆွဲနိုင်ရန်အတွက် အကောင်းဆုံးဖြစ်သည့် ရင်းမြစ်များအား ပေးအပ်ပါသည်။

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသားများအတွက် အာဟာရမျှတ၍ ကျန်းမာစေရန် စားသောက်နည်းလမ်းညွှန်တွင် နောက်ဆုံး အချက်အလက်များထည့်သွင်းနိုင်ရန်အတွက် အမျိုးသားအဆင့် ကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ဒေသအနေဖြင့် PATH သည် ရွှေ့ပြောင်းသွားလာသူများနှင့် မသန်စွမ်းသူများအပါအဝင် မူကြိုကျောင်းသားများ နှင့် အခြားအားနည်း ထိခိုက်လွယ်သူများအား ဦးတည်ရည်ရွယ်သည့် လမ်းညွှန်ချက်များ ရေးဆွဲရန်အတွက် အစီအစဉ် ရေးဆွဲနေပါသည်။

## စနစ်အဆင့်

### နောင်တွင် လုပ်ဆောင်မည့် ရခိုင်ပြည်နယ် စီမံကိန်းတွင် ပါဝင်သည့် အာဟာရဖွံ့ဖြိုးမှု

LIFT သည် စီမံကိန်း၏ အဓိက မဏ္ဍိုင် (၃)ခုအနက်မှ တစ်ခုဖြစ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အကြား အာဟာရ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေခြင်း ပါဝင်သည့် ရခိုင်ပြည်နယ် စီမံကိန်းအတွက် အယူအဆတင်ပြချက်များ တင်သွင်းနိုင်ရန်အတွက် ဖိတ်ခေါ် ခဲ့ပါသည်။ ရခိုင် ပြည်နယ်ရှိ ကလေးသူငယ်များ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်းမှာ အသက် (၅)နှစ်အောက် ကလေးများ ပုညှက်မှုနှုန်း ၃၈% နှင့် ကျုံလှီမှုနှုန်း ၁၄% တို့ဖြင့် နိုင်ငံအတွင်း အဆိုးရွားဆုံး ဒေသများအနက်မှ တစ်ခု ဖြစ်ပါသည်။ ရခိုင်ပြည်နယ် စီမံကိန်းတွင် LIFT သည် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများရှိ ဝန်ဆောင်မှု အပြည့်အဝ မရရှိသော လူမှုအသိုက်အဝန်းများ၊ ဒေသခံနှင့် အနီးဝန်းကျင်များရှိ လူမှုအသိုက်အဝန်းများအပေါ် အာရုံစိုက်သည့် ပုညှက်မှုနှင့် ကျုံလှီမှုအား ဖြေရှင်းရန် ဆောင်ရွက်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ (IMAM ၊ IYCF ၊ MCCT) အား ကူညီပံ့ပိုးပေးသည့် ယခင် ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်ပြီး အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအား

ကဏ္ဍာပေါင်းစုံ ပါဝင်သည့် စီမံကိန်းရေးဆွဲခြင်း၊ အစိုးရမှ ဦးဆောင်သည့် MCCT ၊ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းတို့ သာမက COVID–19 ကပ်ရောဂါ ကျရောက်နေသည့် အခြေအနေတွင် ကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များဆီသို့ ဦးတည်စေမည့် WASH လုပ်ငန်းများနှင့် အခြေခံ အဆောက်အဦများအတွက် ကူညီပံ့ပိုးခြင်း အပေါ် အာရုံစိုက်စေမည် ဖြစ်ပါသည်။

**ချင်းပြည်နယ် MCCT အတွက် မဟာဗျူဟာမြောက် ဆက်သွယ်ဆောင်ရွက်မှုများ**

၂၀၂၀ ခုနှစ်တွင် LIFT သည် ချင်းပြည်နယ်ရှိ MCCT စီမံကိန်းအတွက် ဆန်းသစ်တီထွင်မှုရှိသော အစိုးရဆက်သွယ်ဆောင်ရွက်မှုများ၏ ဒီဇိုင်းပုံစံနှင့် ရပ်ရွာလူထု တုံ့ပြန်မှုဆိုင်ရာ ယန္တရားရေးဆွဲရာတွင် လူမှုဝန်ထမ်းဦးစီးဌာန (DSW) နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းတစ်ခုအား ရန်ပုံငွေ ထောက်ပံ့ပေးရန် သဘောတူခဲ့ပါသည်။ ဆက်သွယ်ဆောင်ရွက်မှုများမှ လူမှုအသိုက်အဝန်း အဖွဲ့ဝင်များနှင့် အခြားပတ်သက်ဆက်နွယ်သူများအကြား၊ MCCT စီမံကိန်းအကြောင်းနှင့် ယင်းတွင် ပါဝင်နိုင်မည့် အရည်အချင်း သတ်မှတ်ချက်များအား အသိအမှတ်ပြု နားလည်သဘောပေါက်ခြင်းအား တည်ဆောက်ပေးနိုင်မည်ဖြစ်ပြီး MoHS မှ မြှင့်တင်ပေးနေသော အရေးပါသည့် ဘဝအစ ရက်ပေါင်း (၁,၀၀၀)ဆိုင်ရာ သတင်းစကားများကို ထပ်ဆင့်တိုးမြှင့်ပေးနိုင်ကာ MoSWRR မှ လက်ခံထားသည့် အာဟာရဖော်ပေး အမူအကျင့်များအား လက်ခံ ကျင့်သုံးခြင်းကို ကူညီပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ ရပ်ရွာလူထု တုံ့ပြန်မှုဆိုင်ရာ ယန္တရားသည် အစိုးရအတွက် အကျိုးခံစားခွင့်ရှိသူများနှင့် လူမှုအသိုက်အဝန်းများမှ တုံ့ပြန်မှုများကို တိုက်ရိုက် လမ်းကြောင်းမှ လက်ခံ ရရှိစေရန်အတွက် ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပြီး စီမံကိန်းနှင့် ပတ်သက်၍ တိုင်ကြားခြင်း (သို့) နစ်နာမှုများ၊ အကြံဉာဏ်များနှင့် အကြံပြုချက်များအား ဆက်သွယ်ဆောင်ရွက်ရာတွင် အမည်မဖော်လိုသူများပါ တုံ့ပြန်မှု ပြုလုပ်နိုင်သော သုံးစွဲသူများနှင့် အကျွမ်းတဝင်ဖြစ်စေမည့် ယန္တရား (သို့) ပလက်ဖောင်း တစ်ခုအနေဖြင့်လည်း ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ ယင်းတို့အား ဖန်တီးတည်ဆောက်ပြီးပါက ဆက်သွယ်မှုများနှင့် တုံ့ပြန်မှုဆိုင်ရာ ယန္တရားတို့အား LIFT ၏ ပံ့ပိုးကူညီမှုဖြင့် အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည်။

**ကချင် MCCT ကနဦးစစ်တမ်း**

၂၀၂၀ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အပြီးသတ် အတည်ပြုရန် ရည်ရွယ်ထားသော ကချင် MCCT အတွက် ကနဦး စစ်တမ်း ကောက်ယူရာတွင် LIFT မှ ကူညီပံ့ပိုးပေးရန်အတွက် မေတ္တာရပ်ခံခဲ့ပါသည်။ ကနဦး စစ်တမ်း မှ အချိန်ကြာလာသည်နှင့်အမျှ စီမံကိန်းမှ ရရှိလာမည့် ရလဒ်များနှင့် သက်ရောက်မှုများကို တိုင်းတာခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းတို့အတွက် အခြေခံ စနစ်တစ်ခုအား ပံ့ပိုးပေးရန် လိုအပ်သည့်အပြင် အနာဂတ်တွင် ပြုလုပ်မည့် ကနဦး စစ်တမ်းများအား လုပ်ဆောင်နိုင်ရန်အတွက် လူမှုဝန်ထမ်း ဦးစီးဌာနအတွင်း ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အရေး တစ်ရပ်အား ပေးအပ်ရန် လိုအပ်ပါသည်။ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ လက်တွေ့ကျင့်သုံးနေသည့် အသိုက်အဝန်း မြို့ပြဝန်းကျင်ဒေသရှိ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လက်တွေ့ကျင့်သုံးနေသည့် အသိုက်အဝန်း (CoP) များ ၏ အောင်မြင်မှုအပေါ် အခြေခံ၍ ကချင် ပြည်နယ် နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ မိတ်ဖက် အဖွဲ့အစည်းများအတွက် စီမံချက်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် နည်းပညာ ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်း တို့အား ကူညီပံ့ပိုးပေးမည့် CoP အား ၂၀၂၁ ခုနှစ်တွင် မိတ်ဆက် ပေးသွားမည် ဖြစ်ပါသည်။

**အိမ်ထောင်စုအဆင့်**

**အွန်လိုင်းမှမှာယူခြင်းများအား ပို့ဆောင်ပေးခြင်းမှတဆင့် အားဖြည့်ဆန်အား လွယ်လင့်တကူရှိစေခြင်း**

ကပ်ရောဂါကာလအတွင်း စားသုံးသူများသည် အွန်လိုင်းဈေးဝယ်ခြင်းနှင့် ပိုမို၍ အကျွမ်းတဝင် ရှိလာခဲ့ပြီး အစားအသောက် လုပ်ငန်းတွင် အွန်လိုင်းမှ မှာယူသည့် အစားအသောက်များအား အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည့်နည်းလမ်းကို တစ်စထက်တစ်စ ပိုမို အသုံးပြုလာကြပါသည်။ ဆန်စက်ပိုင်ရှင်များမှ ၂၀၂၁ ခုနှစ်တွင် စမ်းသပ်ဆောင်ရွက်မည့် ချဉ်းကပ်နည်းလမ်း အသစ်တစ်ခုဖြစ်သော အွန်လိုင်းမှ ဆန်ရောင်းချခြင်းအား မြှင့်တင်ရန်အတွက် ဆန်စက်ပိုင်ရှင်များအား BoPinc မှ ကူညီပံ့ပိုးပေးပါသည်။ PATH နှင့် ဆန်စက်ပိုင်ရှင်များသည် ထုတ်လုပ်မှုကို တိုးမြှင့်ရန်အတွက် ပူးပေါင်း ဆောင်ရွက်နေစဉ် လူမှုကွန်ရက်တွင် ကြေငြာသည့် အွန်လိုင်း အရောင်းဆိုင်သည် ပြည်သူများအားလုံးမှ အားဖြည့်ဆန်အတွက် ဝယ်လိုအားများကို တိုးမြှင့်လာစေရန်အတွက် ရည်ရွယ်သွားမည် ဖြစ်ပါသည်။

**ရပ်ရွာလူထု အခြေပြု စေတနာ့ဝန်ထမ်းများအတွက် အားပေးမြှင့်တင်သည့် စနစ်အား ရှေ့ပြေးစမ်းသပ်ခြင်း**

ကချင်ပြည်နယ်ရှိ LIFTရန်ပုံငွေ ထောက်ပံ့ပေးသည့် စီမံချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် World Concern Myanmar (WCM) သည် အသစ်ထုတ်ပြန်လိုက်သည့် ရပ်ရွာလူထု အခြေပြု ကျန်းမာရေးလုပ်သားဆိုင်ရာ အမျိုးသားမူဝါဒ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသား အဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ (NNC) မှ စိတ်ဝင်စားနေသည့် ရေရှည်တည်တံ့ပြီး အဆင့်မြှင့်တင်နိုင်သော စနစ်များအား အဆင့်မြှင့်တင်ခြင်းနှင့် ကိုက်ညီမှုရှိသည့် ရပ်ရွာလူထုအခြေပြုအစိုးရ စေတနာ့ဝန်ထမ်းများအတွက် အားပေးသည့်စနစ်အား ရှေ့ပြေးစမ်းသပ်ရန်နှင့် ဆန်းစစ်အကဲဖြတ်ရန်တို့အတွက် အစီအစဉ်ရေးဆွဲနေပါသည်။ WCM သည် ရပ်ရွာလူထု အခြေပြု စေတနာ့ဝန်ထမ်းများမှ အမှန်တကယ် လှုပ်ရှားဆောင်ရွက်သည့် လုပ်ငန်းများနှင့် အလုပ်ပြီးစီးမှုတို့အပေါ် အခြေခံ၍ အားပေးသည့် စနစ်အား စမ်းသပ်ရန် စီစဉ်ဆောင်ရွက်နေပြီး လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများကို စုစည်းရန်အတွက် ပြန်လည်သုံးသပ်သည့် လေ့လာမှုကို လုပ်ဆောင်နေပါသည်။





**စည်းရုံးဆော်ဩမှု နှစ်ရပ်အား စတင်ဆောင်ရွက်ရန်အတွက် အရှိန်အဟုန်မြှင့်တင်ခြင်း မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးသည့် ခြောက်လတာကာလ #6la နှင့် ကျန်းမာရေးနှင့် ညီညွတ်စေမည့် ရွေးချယ်စရာများ**

Save the Children ၏ မိတ်ဖက် အဖွဲ့အစည်းဖြစ်သော Bridge သည် ၂၀၂၀ ခုနှစ်တွင် မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးသည့် ခြောက်လ တာ ကာလ (#6la) စည်းရုံး လှုံ့ဆော်မှု အတွက် နောက်ဆုံးအဆင့် ပြင်ဆင်မှုအား စတင်လုပ်ဆောင်နေပြီး မြို့ပြဒေသ MCCT အကျိုးခံစားခွင့်ရှိသူများအကြား ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးခြင်းအား မြှင့်တင်နေသည့် ကျန်းမာရေးနှင့် ညီညွတ်စေမည့် ရွေးချယ်စရာများ စီမံချက်အတွက် ဆက်လက် လုပ်ဆောင်မည့် စည်းရုံး လှုံ့ဆော်မှုအတွက် ဒီဇိုင်းပုံစံ ရေးဆွဲမည် ဖြစ်ပါသည်။

*LIFT ၏ အာဟာရဖွံ့ဖြိုးမှု အစီအစဉ်သည် COVID–19 ကပ်ရောဂါ အပါအဝင် လူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းများမှ အထိတ်တလန့် ဖြစ်မှုများ၏ သက်ရောက်မှုအား ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရာတွင် အဓိကကျသည့် အရာအားလုံး ပါဝင်ပြီး၊ ကဏ္ဍစုံစနစ်များ ခိုင်မာ အားကောင်းစေသည့် ချဉ်းကပ် နည်းလမ်းအား မြှင့်တင်ရန်နှင့် ပံ့ပိုး ကူညီပေးရန် တို့အတွက် ဆက်လက် ဆောင်ရွက်ပါသည်။*

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများ

အကြောင်းအရာအလိုက်
အစီအစဉ်များ



# ၄.၂

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများ

### ခြုံငုံဖော်ပြချက်

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း (၂၀၁၉-၂၀၂၃) သည် အောက်ပါ အကြောင်းအရာများ ပေါ်တွင် အခြေခံပါသည်-

» မြန်မာ့စီးပွားရေး စတင် ပွင့်လင်းလာသည့် ၂၀၁၂ ခုနှစ်မှ အစပြု၍ ငွေကြေးဆိုင်ရာ ကဏ္ဍအား ကြီးကြီးမားမား တိုးချဲ့ခဲ့သော်လည်း အားနည်းထိခိုက်လွယ်မှုအများဆုံးသူများ အပါအဝင် ပြည်သူလူထု အများအပြားမှာ ဝန်ဆောင်မှု မရရှိခြင်း (သို့) ဝန်ဆောင်မှု အပြည့်အဝ မရရှိခြင်း ရှိနေဆဲ ဖြစ်ခြင်း

» မြန်မာနိုင်ငံရှိ အသေးစား ငွေရေးကြေးရေးလုပ်ငန်း (MFI) များ အနေဖြင့် ယင်းတို့၏ ချေးငွေ ဝန်ဆောင်မှု များအား တိုးချဲ့ဆောင်ရွက်ရန် ပိုမိုများပြားသည့် မတည်အရင်းအနှီးများ လက်လှမ်းမီရရှိရန် လိုအပ်ဆဲ ဖြစ်ခြင်း

» မြန်မာနိုင်ငံရှိ (MFI) များအနေဖြင့် အပ်နှံငွေ ရယူသည့် ဝန်ဆောင်မှုများ လက်လှမ်းမီ ရယူနိုင်မှု တိုးချဲ့ခြင်းတွင် တိုးတက်မှု နှေးကွေးနေ ဆဲဖြစ်ပြီး ယင်းတို့ အနေဖြင့် တင်းပြည့်ကြပ်ပြည့် ငွေကြေးဆိုင်ရာ ကြားခံလုပ်ငန်း များအဖြစ် ဖွံ့ဖြိုးတိုးတက်လာမှုတွင် အကန့်အသတ် ရှိနေ ခြင်း

» MFI အများစုသည် ချေးငွေအတွက်သာ ဝန်ဆောင်မှုပေးပြီး စုငွေစုဆောင်းရန် ဆော်သြစည်းရုံးခြင်းမှာ မြန်မာနိုင်ငံရှိ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ၏ အမေ့လျော့ခံ ကဏ္ဍတစ်ခု ဖြစ်နေဆဲဖြစ်ခြင်း

» မိုဘိုင်းလ်ဖုန်း ပိုင်ဆိုင်မှု တဟုန်ထိုး မြင့်တက်လာခြင်းမှ[၃၆] ဆင်းရဲနွမ်းပါးသူများထံသို့ စုငွေ၊ ချေးငွေ နှင့် ငွေလွှဲပို့သည့် ဝန်ဆောင်မှုများ ရောက်ရှိနိုင်ရန်အတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးချဲ့နိုင်မည့် အခွင့်အလမ်း အများအပြားကို လမ်းဖွင့်ပေးခဲ့ခြင်း

» လူမှုအရေးအရ တာဝန်ယူမှုရှိပြီး အားလုံးပါဝင်စေသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများမှ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ နှင့် စီးပွားရေးအတွက် အကျိုးကျေးဇူး အမျိုးမျိုးတို့ကို ပံ့ပိုးပေးခြင်း[၃၇]

မကြာသေးမီ ကာလများအတွင်း ငွေကြေးဆိုင်ရာ ကဏ္ဍ သည် ကြီးထွားလာခဲ့ပြီး အမျိုးအစားလည်း စုံလင်လာပါသည်။ စီးပွားရေး ဘဏ်များ၊ MFI များနှင့် သမဝါယမ အသင်းများ လျင်မြန်စွာ ကြီးထွားလာခဲ့ကြပါသည်။ ယခုအခါတွင် MFI များနှင့် သမဝါယမ အသင်းများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ် (MADB) မှ တချိန်က လွှမ်းမိုးချုပ်ကိုင် နေရာယူထားသည့် ကျေးလက်ကဏ္ဍတွင် အလားတူ ဝန်ဆောင်မှုရယူသူ အရေအတွက်များအား ဝန်ဆောင်မှု ပေးနေပြီ ဖြစ်ပါသည်။ တရားမဝင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများရှိနေဆဲ ဖြစ်သော်လည်း ၎င်းတို့၏ အရေးပါမှု ကျဆင်းသွားပြီဖြစ်ကာ တရားမဝင် ဝန်ဆောင်မှုအပေါ်တွင်သာ လုံးဝဥဿုံ မှီခိုနေမှုများမှာ လျော့နည်းလာပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အားလုံးပါဝင်နိုင်သည့် ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ ၂၀၁၉- ၂၀၂၃ အစီရင်ခံစာတွင် တရားဝင်ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း အစီအစဉ်တွင် ပါဝင်သည့် အရွယ်ရောက်ပြီးသူများမှာ (၃၀) ရာခိုင်နှုန်းမှ (၄၈) ရာခိုင်နှုန်း အထိ တိုးတက်များပြားလာခဲ့ပြီး ဝန်ဆောင်မှု အမျိုးအစား တစ်မျိုးထက်ပို၍ အသုံးပြုသည့်အရွယ်ရောက်ပြီးသူ အရေအတွက်မှာ (၆)ရာခိုင်နှုန်းမှ (၁၇) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်ဟု ဖော်ပြထားပါသည်။ ပြီးစီးအောင်မြင်မှု နှစ်ခုစလုံးမှာ အထက်ဖော်ပြပါ ရည်မှန်းချက်များဖြစ်သည့် (၄၀) ရာခိုင်နှုန်း နှင့် (၁၅) ရာခိုင်နှုန်း တို့ထက်ကျော်လွန် ပါသည်။[၃၈]

---

၃၆။ မိုဘိုင်းလ်ဖုန်း ပိုင်ဆိုင်မှုမှာ ၂၀၁၃ ခုနှစ်တွင် ၂၃ % မှ ၂၀၁၈ ခုနှစ်တွင် ၇၈ % သို့ မြင့်တက်ခဲ့ပါသည်- ၂၀၁၈ ခုနှစ် FinSCope လေ့လာဆန်းစစ်မှု ၂၀၁၈ ခုနှစ်

၃၇။ LIFT မဟာဗျူဟာ ၂၀၁၉-၂၀၂၃

၃၈။ UNCDF ၊ ငွေကြေးဆိုင်ရာတွင် လက်လှမ်းမီ ရယူနိုင်မှုအား ဖြစ်နိုင်အောင် ဆောင်ရွက်ခြင်း (MAP) ၊ မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးတွင် အားလုံးပါဝင်စေမည့် လမ်းပြမြေပုံ (၂၀၁၉-၂၀၂၃)၊ ၂၀၁၉ ခုနှစ်

မည်သို့ဆိုစေ မြန်မာနိုင်ငံအနေဖြင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ဆက်နွှယ်နေသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား ဆက်လက် ရင်ဆိုင် ကြုံတွေ့ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်း ငွေစုဆောင်းသည့်နှုန်းမှာ ပြည်တွင်း အသားတင်ထုတ်ကုန် (GDP) ၏ ၁၈ ရာခိုင်နှုန်းသာရှိပြီး အလွန်နည်းပါးနေဆဲ ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများအတွင်းသို့ စီးဝင်နိုင်မည့် ပြည်တွင်း စုငွေစုဆောင်းသည့်နှုန်းများအား  တိုးမြှင့်နိုင်ရန်မှာ စီးပွားရေး ဦးစားပေးတစ်ခု ဖြစ်ပါသည်။

လက်ရှိတွင် စိုက်ပျိုးရေးကဏ္ဍမှာ GDP ၏ ၂၇ ရာခိုင်နှုန်းရှိပြီး လူဦးရေ ၏ ၆၅ ရာခိုင်နှုန်းနေထိုင်သည့် ကျေးလက်ဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်း အများအပြား ပံ့ပိုးပေးနိုင်သဖြင့်  စိုက်ပျိုးရေးကဏ္ဍ အတွက် ငွေကြေးထောက်ပံ့ရန် လိုအပ်ချက်မှာ အလွန် အရေးကြီး ပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ[၃၉] မှ လယ်ယာထုတ်ကုန်များနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် လုပ်ကွက်ငယ် တောင်သူများ အနေဖြင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမှုရယူနိုင်မှု အကန့်အသတ်ရှိနေခြင်းမှာ  အဓိက စိန်ခေါ်မှုများအနက် တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။

မြန်မာနိုင်ငံအစိုးရမှ အလုပ်အကိုင်များ ဖန်တီးပေးမှု (အထူးသဖြင့် အသေးစားစီးပွားရေး လုပ်ငန်းများ) ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး နှင့် အိမ်ထောင်စုများ၏ ကြံ့ကြံ့ခံနိုင်စွမ်းတို့အား ပံ့ပိုးပေးရန်အတွက် ပတ်သက်ဆက်နွှယ်သူအားလုံး ပေါင်းစည်းကာ အတူတကွဆောင်ရွက်ခြင်းဖြင့်  တာဝန်ယူမှုရှိသည့် ငွေရေးကြေးရေးဆိုင်ရာ ထောက်ပံ့မှုတွင် နိုင်ငံတကာ အသိအမှတ်ပြု စံ သတ်မှတ်ချက် နှင့် ကိုက်ညီမှုရှိသည့် ငွေကြေးအရတတ်နိုင်ပြီး အရည်အသွေးပြည့်ဝကာ အကျိုးရှိရှိအသုံးပြုနိုင်သော ငွေရေးကြေးရေး ဝန်ဆောင်မှုအမျိုးမျိုးတို့နှင့်အတူ "မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၌ ၂၀၁၈ ခုနှစ်တွင် (၄၈) ရာခိုင်နှုန်း ရှိရာမှ ၂၀၂၃ ခုနှစ်တွင် (၆၀) ရာခိုင်နှုန်း အထိ တိုးတက်လာစေရေးနှင့် တစ်မျိုးထက်ပိုသည့်  ဝန်ဆောင်မှုများအား အသုံးပြု သည့် အရွယ်ရောက်သူ (၁၇) ရာခိုင်နှုန်း ရှိရာမှ (၂၅) ရာခိုင်နှုန်းအထိ  တိုးတက်လာစေရေး ဟူသည့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုတွင် ၂၀၁၉–၂၀၂၃ အတွက် ပန်းတိုင်အသစ်တစ်ခု သတ်မှတ် ပြဋ္ဌာန်းခဲ့ပါသည်။"[၄၀]

အဆိုပါ ရည်မှန်းချက်ပန်းတိုင်အား ရယူအောင်မြင်နိုင်ရန်အတွက် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စက်မှုဝန်ကြီးဌာန (MoPFI) မှ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအတွက် အလေးထား အာရုံစိုက်ရမည့် နယ်ပယ်များအဖြစ် – စိုက်ပျိုးရေးကဏ္ဍ ငွေကြေးထောက်ပံ့ပေးခြင်း၊ အငယ်စား၊ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များ အတွက် ငွေကြေးထောက်ပံ့ပေးခြင်း နှင့် ဝင်ငွေနည်းကဏ္ဍများအတွက် ငွေကြေးထောက်ပံ့ပေးခြင်းတို့အား သတ်မှတ်ခဲ့ပါသည်။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းသည် အဆိုပါ ရည်မှန်းချက်ပန်းတိုင်များနှင့် အလေးထား အာရုံစိုက်ရမည့် နယ်ပယ်များအား အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

LIFT ၏ စီမံကိန်းလုပ်ငန်း၏  အဓိက အလေးပေးသည့်အရာမှာ အားလုံးပါဝင်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူအဖြစ် ပံ့ပိုးပေးနိုင်သော အားလုံးပါဝင်သည့် ငွေရေးကြေးရေး ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိမှုအား တိုးချဲ့ရန် ဖြစ်ပါသည်။

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများ စီမံကိန်း၏ အရေးပါသည့် အစိတ်အပိုင်းများမှာ –

**အသေးစား ငွေရေးကြေးရေး လုပ်ငန်း –**  ဆင်းရဲနွမ်းပါးမှု နှင့် အားနည်း ထိခိုက်လွယ်မှု လျှော့ချခြင်းကို ကူညီပံ့ပိုးပေးရန်အတွက် မတူကွဲပြားသည့် ဈေးကွက် ကဏ္ဍများအတွက် သီးခြားစီ ရည်ရွယ်ဆောင်ရွက်ထားသည့် လိုအပ်ချက်မှ တွန်းအားပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု အမျိုးမျိုး ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးပေးရန်နှင့် ဝေးလံခေါင်သီသည့် ဒေသများ နှင့် ပဋိပက္ခ ဒဏ်ခံဒေသများတွင် MFI များ ရောက်ရှိမှုကို တိုးမြှင့်ရန်တို့ အတွက် MFI များ အား ကူညီပံ့ပိုးပေးခြင်း။

**ငွေကြေးဆိုင်ရာ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှု** – မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဈေးကွက်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်ရန် နှင့် နိုင်ငံတဝှမ်းတွင် အားလုံးပါဝင်နိုင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရရှိမှု တိုးပွားစေရန်တို့အတွက် ငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ဆုံးရှုံးရနိုင်ချေ နည်းပါးစေရန် ကူညီပံ့ပိုးပေးခြင်း။

**ဒီဂျစ်တယ် ငွေကြေး ဝန်ဆောင်မှုများ** – အဓိကအားဖြင့် အမျိုးသမီးများအား ဦးတည်ရည်ရွယ်သည့် ဒီဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု နည်းလမ်းများ တည်ဆောက်ပေးခြင်း။

**လယ်ယာစီးပွား ငွေကြေးပံ့ပိုးမှု**– လယ်ယာ ကဏ္ဍအတွက် ဦးတည်ရည်ရွယ် စီစဉ်ထားသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးရာတွင် ဆွဲဆောင်မှုများပေးခြင်း

---

၃၉။ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၂၀၁၈–၁၉ ~ ၂၀၂၂–၂၃)

၄၀။ UNCDF ၊ ငွေကြေးဆိုင်ရာတွင် လက်လှမ်းမီ ရယူနိုင်မှုအား ဖြစ်နိုင်အောင် ဆောင်ရွက်ခြင်း (MAP) ၊ မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးတွင် အားလုံးပါဝင်စေမည့် လမ်းပြမြေပုံ (၂၀၁၉–၂၀၂၃)၊ ၂၀၁၉ ခုနှစ်





**ရာသီဥတုကြောင့် ဖြစ်သည့် သဘာဝဘေးအန္တရာယ်မှ ပြန်လည်ထူထောင်မှု** – ရာသီဥတုကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် ငွေပေါ်လွယ်မှု ကွာဟချက်များအား ထေမိစေရန် နှင့် ငွေကြေးစီးဆင်းမှု ကို စီမံခန့်ခွဲရန် MFI များ နှင့် သမဝါယမများထံသို့ ရန်ပုံငွေများ စီးဆင်းနိုင်ရန်အတွက် ငွေကြေးဆိုင်ရာ နည်းကိရိယာများ ရေးဆွဲဖော်ဆောင်ပေးခြင်း။

**အမျိုးသမီးများ ပါဝင်မှုနှင့် လုပ်ကိုင်နိုင်စွမ်း** – အမျိုးသမီးများအား ဦးတည်ရည်ရွယ်ခြင်းနှင့် လုပ်ကိုင်နိုင်စွမ်းရှိစေခြင်းတို့မှာ စီမံကိန်း ၏ ဦးစားပေးခြင်း

မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ် မတ်လ၌ စတင် ဖြစ်ပွားခဲ့သည့် COVID–19 ကပ်ရောဂါသည် LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ယင်းတို့၏ ဝန်ဆောင်မှုရယူသူများ အပေါ် သက်ရောက်မှုများ ချက်ချင်း ဖြစ်စေခဲ့ပါသည်။

**COVID–19 ကမ္ဘာ့ ကပ်ရောဂါ**

COVID–19 ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်တွင် ပြဋ္ဌာန်းခဲ့သည့် ကန့်သတ်ချက်များ မှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများအား ယင်းတို့၏ ဝန်ဆောင်မှုအသုံးပြုသူများ နှင့် တွေ့ဆုံမှုများအား ရပ်တန့်စေခဲ့ပါသည်။ ကန့်သတ်ချက်များ၏ အကျိုးဆက်ကြောင့် နိုင်ငံတဝှမ်းရှိ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှု အသုံးပြုသူများအနေဖြင့် ချေးငွေရယူနိုင်မှုမှာ တဟုန်ထိုး ကျဆင်းသွားခဲ့ပြီး စုငွေထုတ်ယူမှုများ မြင့်မားလာခဲ့ပါသည်။ ဤကဏ္ဍတွင် အကြီးမားဆုံး သက်ရောက်မှုမှာ MFI များတွင် ငွေပေါ်လွယ်မှု (သို့) ရယူနိုင်သည့် ချေးငွေ အရင်းအနှီး လျော့နည်းကျဆင်းလာခြင်း ဖြစ်ပါသည်။ ထိုအခြေအနေသို့ရောက်ရှိရန် အကြောင်းအရာ အမျိုးမျိုးမှ တွန်းပို့ခဲ့ပါသည်။

COVID–19 ကမ္ဘာ့ကပ်ရောဂါ ပထမလှိုင်းတွင် ထိန်းချုပ်သည့် အစီအမံများကြောင့် ၂၀၂၀ ခုနှစ် ဧပြီ/မေ လတွင် ဒေသတွင်း ဈေးများ၊ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများ နှင့် စက်ရုံများ အား ပိတ်ထားကြရသဖြင့် MFI များ အပေါ် တိုက်ရိုက်ထိခိုက်ခဲ့ပါသည်။ နေအိမ်တွင်သာ နေထိုင်ရေး အစီအမံများကြောင့် စီးပွားရေးလုပ်ငန်းငယ်များ လုပ်ကိုင်နေကြသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု အသုံးပြုသူများ ဝင်ငွေ ဆုံးရှုံးခြင်းကို ဖြစ်စေခဲ့ပါသည်။ စက်ရုံများ ပိတ်သိမ်းခဲ့ပြီး ကျေးလက်ဒေသများသို့ ငွေလွှဲပို့ခြင်းများ သိသိသာသာ ကျဆင်းခဲ့ပါသည်။

ဇွန်လအတွင်း၌ World Vision မြန်မာ နှင့် VisionFund မြန်မာတို့က မြန်မာနိုင်ငံအတွင်း ယင်းတို့ စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ဒေသများတွင် အလျင်အမြန်ပြုလုပ်ခဲ့သည့် လိုအပ်ချက်များ ဆန်းစစ်လေ့လာမှုမှ အောက်ပါတို့ကို ဖော်ထုတ်နိုင်ခဲ့ပါသည်–

» COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် အိမ်ထောင်စုများ၏ (၃၃) ရာခိုင်နှုန်း (မြို့ပြများ၌ (၂၇) ရာခိုင်နှုန်းနှင့် ကျေးလက်ဒေသများ၌ (၆) ရာခိုင်နှုန်း) မှ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများ လုံးလုံးလျားလျား (သို့) ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ကြောင်း အစီရင်ခံခြင်း
» အိမ်ထောင်စုများ၏ (၆၀) ရာခိုင်နှုန်းမှ အသက်မွေးဝမ်းကျောင်းမှုများ ဆုံးရှုံးခြင်း၊ ဝင်ငွေ လျော့ကျခြင်းနှင့် ဝင်ငွေ အလုံးစုံလျော့ကျခြင်းတို့ ကြုံတွေ့ရကြောင်း အစီရင်ခံခြင်း
» အိမ်ထောင်စုများ၏ (၂၅) ရာခိုင်နှုန်းသည် အသက်မွေးဝမ်းကျောင်းမှုများ ပြတ်တောက်သွားသဖြင့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများအတွက် ဝယ်လိုအား လျော့ကျခဲ့ခြင်း
» အိမ်ထောင်စုများ၏ (၈) ရာခိုင်နှုန်းတို့သည် အခြားဝင်ငွေရလမ်းပေါ်တွင် မှီခိုနေကြရခြင်း

စီးပွားရေးလုပ်ငန်းများ ကမောက်ကမဖြစ်ကြရသဖြင့် ဝန်ဆောင်မှုရယူသူအများစုမှာ ၎င်းတို့ပုံမှန်ချေးငွေပြန်ဆပ်မှုများ လုပ်ဆောင်ရန်အတွက် အခက်အခဲများ ရင်ဆိုင်နေကြရပါသည်။  စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှု ဝန်ကြီးဌာန (MoPFI) ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (FRD) မှ MFI များနှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများအား မေလလယ်အထိ ချေးငွေပြန်လည်ပေးဆပ်မှုကောက်ခံခြင်း ရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့ပါသည်။ LIFT  မှ MFI မိတ်ဖက်အဖွဲ့အစည်းများသည် အသွားအလာ ကန့်သတ်ထားသည့် ကာလအတွင်း ပြန်ဆပ်ရမည့် ချေးငွေ ခန့်မှန်းခြေ ကန်ဒေါ်လာ ၁၁၅ သန်း နီးပါးခန့်မရခဲ့သဖြင့် ငွေကြေးစီးဆင်းမှု စီမံခန့်ခွဲရေးအား ထိခိုက်စေခဲ့ပြီး ရလဒ်အနေဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုရယူသူများအတွက် ချေးငွေထုတ်ချေးပေးနိုင်မှုကိုပါ ထိခိုက်စေခဲ့ပါသည်။ မတ်လတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) မှလည်း ဘဏ်အတိုးနှုန်း၊ အပ်ငွေအတိုးနှုန်းနှင့် ချေးငွေအတိုးနှုန်းများကို ထိန်းညှိသည့် ညွှန်ကြားချက်များ ထုတ်ပြန်ကြေငြာခဲ့ပါသည်။ LIFT အနေဖြင့် CBM ၏ ဆောင်ရွက်ချက်များ၏ ရည်ရွယ်ချက်အား သဘောတူသော်လည်း LIFT ၏ အရင်းအနှီးဈေးကွက်များ အစီအစဉ်မှတဆင့် MFI ကဏ္ဍအတွက် ရရှိထားသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ မရည်ရွယ်ဘဲနှင့် လျော့ကျသွားစေသည့်အပြင် ဆက်လက်၍ ဝန်ဆောင်မှုရယူသုံးစွဲသူများထံ ချေးငွေများ ထပ်မံထုတ်ချေးပေးရန်အတွက် MFIများ၏ စွမ်းဆောင်ရည် အပေါ် သက်ရောက်မှုများ ရှိစေခဲ့ပါသည်။

အကျိုးဆက်အနေဖြင့် အားနည်းထိခိုက်လွယ်သည့် ဝန်ဆောင်မှုရယူသူများအတွက် ပေးအပ်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လျော့ကျသွားခြင်း ဖြစ်ပါသည်။ MFI များသည် မိုးစပါး ရာသီ သီးနှံစိုက်ပျိုးရေးအတွက် ဒုတိယ အကြီးမားဆုံး ဝန်ဆောင်မှု ပံ့ပိုးပေးသည့် အဖွဲ့များဖြစ်ပြီး မိုးရာသီအလွန် ကျေးလက်ဒေသ စီးပွားရေးအတွက် ငွေကြေးဆိုင်ရာ အကြီးမားဆုံး ပံ့ပိုးပေးသည့် အဖွဲ့များ ဖြစ်ကြပါသည်။ MFI ၏ ငွေပေါ်လွယ်မှု ကိစ္စရပ်များအား ဖြေရှင်းနိုင်ခြင်းမရှိပါက မိုးရာသီ အလွန်ကာလ၌ ကျေးလက်ဒေသများတွင် ဝင်ငွေဆိုင်ရာနှင့် ပတ်သက်၍ ကြီးမားသည့် ဆိုးကျိုးများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း မှ မူဝါဒချမှတ်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် အသေးစားငွေရေးကြေးရေး ကဏ္ဍအတွက် ချေးငွေအရင်းအနှီးများ ပေးအပ်ရန်တို့အတွက် အဆင့်အမျိုးမျိုး၌ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။ LIFT ၏ ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း၏ မိတ်ဖက်အဖွဲ့အစည်းများမှလည်း အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ကပ်ဆိုက်နေသည့်ကာလ စီမံခန့်ခွဲရေးအတွက် တုံ့ပြန်ကာကွယ်ရေးဆိုင်ရာ အစီအစဉ်များအား အလျင်အမြန် ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။

**ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ ပြန်လည်ထူထောင်ရေး နှင့် စီးပွားရေးတိုးတက်မှုတို့အတွက် ချေးငွေများ ထပ်မံ၍ ဖြည့်သွင်းခြင်း**
ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ ပြန်လည်ထူထောင်ရေး နှင့် စီးပွားရေးတိုးတက်မှုရှိစေရန်အတွက် ကျေးလက်စီးပွားရေး အတွင်းသို့ ချေးငွေများထပ်မံ၍ ဖြည့်သွင်းခြင်းသည် ကမ္ဘာ့ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် အလွန်တရာ အရေးပါခဲ့ပါသည်။ LIFT သည် အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍတွင် ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုအား လျှော့ချရန်အတွက် ဆောလျင်စွာ တုံ့ပြန်ခြင်းအဖြစ် ကန်ဒေါ်လာ (၅.၅) သန်းအား ထည့်ဝင်ခဲ့ပါသည်။ ဤကန်ဒေါ်လာ (၅.၅) သန်း မှ LIFTမှ ပံ့ပိုးသော MFI များအတွက် အရင်းအနှီးဈေးကွက်များ ဖြစ်ထွန်းရေး အစီအစဉ်နှင့် ငွေလဲနှုန်းကြောင့် ဆုံးရှုံးနိုင်ချေများကို ကာမိစေမည့် ရန်ပုံငွေအစီအစဉ် (TCX) တို့မှတဆင့် အသေးစား ငွေရေးကြေးရေးကဏ္ဍအတွင်း နိုင်ငံတကာ မတည်ရင်းနှီးငွေ ကန်ဒေါ်လာ (၆၇.၁၃) သန်းအား ရင်းနှီး မြှုပ်နှံမှု ရရှိစေနိုင်ခဲ့ပါသည်။ ဒီဇင်ဘာလတွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်း MFI (၇)ဖွဲ့သည် COVID –19 ကပ်ရောဂါ အရေးပေါ် တုန့်ပြန်ကာကွယ်ရေး ဆောင်ရွက်ရန်အတွက် ဤရန်ပုံငွေထောက်ပံ့မှု အသစ်ထံမှ ချေးငွေများကို ရယူနိုင်ခဲ့ပါသည်။

**LIFT ၏ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း မိတ်ဖက်အဖွဲ့အစည်းများ တုံ့ပြန်ဆောင်ရွက်ခြင်း**
မြန်မာနိုင်ငံတွင် COVID –19 ကပ်ရောဂါ ပထမဦးဆုံး စတင် သက်ရောက်ခဲ့သည့် မတ်လလယ်မှ စတင်၍ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက် အဖွဲ့အစည်းများအားလုံးသည် ကပ်ဆိုက်နေသည့် ကာလ အတွင်း ဝန်ဆောင်မှုရယူအသုံးပြုသူများအား ကူညီပံ့ပိုးပေးရန်၊ ၎င်းတို့၏ ငွေကြေးဆိုင်ရာ တည်ငြိမ်မှုအတွက် အခြေအနေကို ထိန်းသိမ်းထားပေးရန်နှင့် ဝန်ဆောင်မှုရယူ အသုံးပြုသူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ကောင်းမွန်စေရန်တို့အတွက် ပံ့ပိုးပေးရန် တာဝန်ယူမှုရှိသော ချေးငွေထုတ်ပေးသည့်အဖွဲ့၏ အခန်း ကဏ္ဍကို ရယူခဲ့ပါသည်။ LIFT၏ MFI များသည် ချေးငွေများအပေါ် အရင်း ပြန်လည်ကောက်ခံမှုများနှင့် အတိုး နှုန်းတို့အား ဆိုင်းငံ့ခဲ့ပြီး ချေးငွေထုတ်ပေးခြင်းနှင့် အပ်နှံငွေလက်ခံခြင်းတို့ အတွက် လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်မွမ်းမံခဲ့ပါသည်။ ဇူလိုင်လတွင် ဝန်ဆောင်မှုရယူ အသုံးပြုသူများမှ ချေးငွေပြန်ဆပ်နိုင်စွမ်းအား ကောင်းစွာ နားလည်သဘောပေါက် ပြီးနောက် MFI ချေးငွေ အစီအစဉ်များကို အချိန်ပြောင်းလဲ သတ်မှတ်ပေးခဲ့ပါသည်။ ဒီဇင်ဘာလကုန်တွင် LIFT မှ ကူညီပံ့ပိုး ပေးထားသည့် MFI (၂၂) ဖွဲ့အနက်မှ (၂၀) ဖွဲ့တို့က ကန်ဒေါ်လာ (၄၇.၆) သန်းတန်ဖိုးရှိသည့် ချေးငွေ (၃၈၃,၁၈၈) ခုနီးပါးအား ပြန်ဆပ်ရမည့် အချိန်ဇယားကို ပြောင်းလဲရေးဆွဲပေးခဲ့ ကြောင်း အစီရင်ခံ တင်ပြခဲ့ပါသည်။

**၂၀၂၀ ခုနှစ် အောက်တိုဘာလအထိ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများမှ အိမ်ထောင်စု ၂.၉၄ သန်းအတွက် ကန်ဒေါ်လာ ၃၀၅.၇ သန်း ထုတ်ချေးပေးခဲ့ပါသည်။** LIFT ၏ MFI (၁၀)ဖွဲ့သည် ၎င်းတို့၏ စီမံကိန်းလုပ်ငန်းဆောင်ရွက်သည့် ဒေသများ၌ အစိုးရ၏ ငွေကြေး ထောက်ပံ့မှု အစီအစဉ်များထဲမှ တစ်ခုဖြစ်သော ငွေဖိုက်အစီအစဉ်အား ကူညီပံ့ပိုး ပေးခဲ့ပါသည်။

LIFT ၏ MFI များသည် ယင်းတို့၏ ဝန်ဆောင်မှုရယူသူများ နှင့် ယင်းတို့ လုပ်ငန်းဆောင်ရွက်မှုများ ရေရှည် တည်တံ့နိုင်မှုတို့နှင့် သင့်လျော်သည့် ဆုံးရှုံးရနိုင်ချေ လျှော့ချသည့်ဗျူဟာ အမျိုးမျိုး ရေးဆွဲ ချမှတ်ခဲ့ကြပါသည်။

- **ရိုးမဘဏ်**သည် ယင်းထံမှ ဝန်ဆောင်မှုရယူသူများအတွက် ချေးငွေ ပြန်ဆပ်ရမည့်ကာလအား သုံးလ ရွှေ့ဆိုင်း ပေးခဲ့ပြီး အတိုးများကိုသာ ကောက်ယူခဲ့ပါသည်။
- **သစ္စာဥယျာဉ်**သည် ချေးငွေ မြန်မာကျပ်ငွေ သန်း (၃၆၀) (ကန်ဒေါ်လာ ၂၆၀,၀၀၀) တန်ဖိုးရှိသည့် ချေးငွေများအား ပြန်ဆပ်ရမည့် အချိန်ဇယား ပြန်လည် ပြင်ဆင်ပေးခဲ့ပါသည်။ အဆုံးရှုံးခံလိုက်ရသည့် ချေးငွေ လုံးဝမရှိပါ။
- **Proximity** သည် မူလစီစဉ်ထားသည့် ချေးငွေ ထုတ်ပေးသည့် ရုံးခွဲများ နှင့် ဝန်ဆောင်မှုရယူသူများ တိုးချဲ့ ဆောင်ရွက်ရန် ပြုလုပ်ရမည့်အစား COVID–19 ကပ်ရောဂါ ကာလအတွင်း လက်ရှိ ဝန်ဆောင်မှုရယူသူများ အတွက် ချေးငွေများ ထုတ်ပေးရန် အလေး ထား အာရုံစိုက်ခဲ့ပါသည်။
- **ရိုးမဘဏ်** သည် IDA စီမံချက်မှတဆင့် IDA ဘဏ် ငွေစာရင်းရှိပြီးသားဖြစ်သည့် MCCT အကျိုးခံစားခွင့် ရှိသူများအား ကန်ဒေါ်လာ ( ၅၀ ) ထပ်မံထုတ်ပေးခဲ့ပြီး MCCT အကျိုးခံစားခွင့် ရှိသူအသစ်များအားလုံးအား ကန်ဒေါ်လာ ၁၅၀ ထုတ်ပေးခဲ့ပါသည်။
- **VisonFund မြန်မာ (VFM)** သည် အချိန်လွန် ပြန်ဆပ်ငွေများအတွက် ဒဏ်ကြေးများ ပယ်ဖျက်ပေးခဲ့ပါသည်။ ထို့ပြင် ဝန်ဆောင်မှု ရယူသူများအား ၎င်းတို့ပေးဆပ်ရမည့် ပမာဏအား ခွဲ၍ ပေးဆပ်ခွင့်ပေးခဲ့ပါသည်။ VFM သည် ဝန်ဆောင်မှု ရယူသူများအနေဖြင့် ၎င်းတို့၏ ငွေများ အလွယ်တကူ ထုတ်ယူနိုင်ရန်အတွက် စုငွေများ ထုတ်ရာတွင် တစ်လ ကြိုတင် အသိပေး အကြောင်းကြားရသည့် စနစ်ကိုလည်း ပယ်ဖျက်ပေးခဲ့ပါသည်။
- **VFM** သည် COVID–19 ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုခံစားခဲ့ရသည့် ဝန်ဆောင်မှရယူသူများအတွက် ပြန်လည်ထူထောင်ရေးချေးငွေများ ထုတ်ချေးပေးခဲ့ပြီး ကပ်ဘေး အခြေအနေများ (သဘာဝ ဘေးအန္တရာယ်၊ ကမ္ဘာ့ကပ်ရောဂါ၊ စသဖြင့်) ကြုံရချိန်တွင် ဝန်ဆောင်မှုရယူ သူများအတွက် ချေးငွေအမျိုးအစားအသစ် Offset Loan ကို ဖော်ဆောင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အတွင်း စတင် ထုတ်ချေးရန် စီစဉ်ထားပါသည်။





- **PGMF** သည် ဝန်ဆောင်မှုရယူသူများနှင့် ဆွေးနွေးညှိနှိုင်းမှုပေါ် အခြေခံ၍ ချေးငွေများ ပြန်ဆပ်မှုတောင်းခံ နေခြင်းကို ဆိုင်းငံ့ခဲ့ပြီး စုငွေထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အကျိုးခံစားခွင့်ရှိသူများ လူမှုဖူလုံရေး အစီအစဉ် (BWP) အား အထောက်အပံ့ပေးခြင်း၊ ချေးငွေ ပြန်ဆပ်ရမည့် ရက်များ ညှိနှိုင်းပြင်ဆင်ပေးခြင်း နှင့် ချေးငွေ ပြန်ဆပ်နိုင်ရန် ထပ်မံ ထုတ်ချေးပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါသည်။

**စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းသူများမှ COVID–19 ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်ကာကွယ်ခြင်း**
ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MoPFI) ၏ ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာန (FRD) မှ ဝန်ဆောင်မှုရယူသူများမှ ချေးငွေ ပြန်ဆပ်ခြင်းနှင့် ဆိုင်သည့် ဆုံးရှုံးရနိုင်ချေ လျှော့ချနိုင်ရန်အတွက် MFI များ၏ လုပ်ငန်းများ အား ရပ်ဆိုင်းစေခဲ့ပါသည်။ MFI များအား အောက်ပါအတိုင်း ညွှန်ကြားခဲ့ပါသည်–

- ဝန်ထမ်းဦးရေ အများဆုံး ငါးဦးအထိ လျှော့ချပြီး လုပ်ငန်းများ ဆက်လက်လည်ပတ်ဆောင်ရွက်ရန်
- ဝန်ဆောင်မှုအသုံးပြုသူများထံမှ ချေးငွေ အရင်းနှင့် အတိုးနှုန်း ပေးဆပ်မှုများ ကောက်ခံခြင်း မပြုရန်
- ချေးငွေ ထုတ်ပေးခြင်း အပ်နှံငွေ လက်ခံခြင်းများ မပြုရန် နှင့်
- လိုင်စင်ထုတ်ပေးခြင်း၊ တိုးချဲ့ခြင်း၊ ဝန်ဆောင်မှုရယူသူ အဖွဲ့များနှင့် အစည်းအဝေးများ ပြုလုပ်ခြင်း နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု အသစ်များ ဖော်ဆောင်ခြင်း တို့ကဲ့သော ပုံမှန် လုပ်ငန်းဆောင်ရွက်မှုများ ဆိုင်းငံ့ထားရန်

LIFT၊ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်း နှင့် ကုလသမဂ္ဂ ငွေရင်းငွေနှီး ဖွံ့ဖြိုးမှု ရန်ပုံငွေ (UNCDF) အပါအဝင် ပတ်သက်ဆက်နွယ်သူများက စည်းမျဉ်းစည်းကမ်း ကြီးကြပ်ထိန်းသိမ်း သူများ နှင့် ဆွေးနွေးညှိနှိုင်းပြီး COVID–19 ကပ်ရောဂါကြောင့် ဖြစ်ပွားသည့် အကြပ်အတည်း နှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍအပေါ် သက်ရောက်မှုများ နှင့် စပ်လျဉ်း၍ တပြေးညီ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ရန် စည်းရုံးနိုင်ခဲ့ပြီးသည့်နောက် အဆိုပါ ညွှန်ကြားချက်များအား မေလတွင် ရုတ်သိမ်း ပေးခဲ့ပါသည်။ ပတ်သက် ဆက်နွယ်သူများက အောက်ပါတို့အား တောင်းဆိုခဲ့ပါသည်–

- MFI များအား မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများအဖြစ် ကြေညာပေးရန် (ဗဟိုဘဏ်မှ ဘဏ်များ၏ အနေအထားနှင့် စပ်လျဉ်း၍ ကြေငြာပေးသကဲ့သို့) ။ သို့ဖြင့် မေလ ၁ ရက်နေ့တွင် MFI များလုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများ ပြန်လည် စတင်ခွင့်ပြုခဲ့ပါသည်။
- စီးပွားရေးအရ ကြံ့ကြံ့ခံနိုင်စွမ်းရှိလာစေရန် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍမှ အလျင်အမြန် ကူညီပံ့ပိုးပေးခွင့်ပြုရန်
- MFI များအနေဖြင့် မတည်ရင်းနှီးငွေ ဖြည့်သွင်းမှုများအား လက်လှမ်းမီ ရရှိစေနိုင်ရန် ဗဟိုဘဏ်နှင့် MoPFI တို့မှ ပြင်ပချေးငွေများအား လက်တွေ့ကျသည့် အချိန်ဇယားများဖြင့် မြန်မြန်ဆန်ဆန် ခွင့်ပြုပေးနိုင်ရန် အတွက် စဉ်းစားပေးရန်
- ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးနိုင်ရန် အရေးပါသည့် ဖိုရမ်များ သတ်မှတ် ကျင်းပခြင်း နှင့် အကောင်းဆုံးအသုံးချခြင်း
- COVID–19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေ ဖြစ်မည့် ချေးငွေဝန်ဆောင်မှုများ ခွင့်ပြုပေးရန်အတွက် စဉ်းစားပေးရန်
- မေလကဲ့သို့သော အဓိကကျသည့် ကာလမျိုးတွင် လယ်ယာစိုက်ပျိုးရေးအတွက် မိုးရာသီ ချေးငွေထုတ်ချေးခြင်းကို စဉ်းစားပေးရန်

ရလဒ်အနေဖြင့် ဧပြီလ(၂၇)ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရမှ ထုတ်ပြန်ကြေငြာခဲ့သည့် COVID –19 စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက်(CERP) တွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများအတွက် အစိုးရအသုံးစရိတ်များမှ ကုန်ကျစရိတ် နည်းပါးသည့် ရန်ပုံငွေများအား လက်လှမ်းမီ ရယူနိုင်ရန် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကဏ္ဍများအတွက် အရေးယူ ဆောင်ရွက်မှုများ ပါဝင်ခဲ့ပါသည်။ ယင်း ဆောင်ရွက်မှုအား CERP ၏ အပိုဒ် ၂.၃.၁ (က) တွင် “လက်ရှိတွင် ကြန့်ကြာမှုများ ကြုံတွေ့နေရသော ကောင်းမွန်သော ဂုဏ်သတင်းရှိသည့် ပုဂ္ဂလိကပိုင် လုပ်ငန်းကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများအား ပွင့်လင်းမြင်သာစွာနှင့် မြန်ဆန်စွာခွင့်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ် ဆောင်ရွက်ရန်” ဟူ၍ ထည့်သွင်း ဖော်ပြခဲ့ပါသည်”။ ဤအချက်မှာ MFI များအနေဖြင့် မိုးရာသီအတွက် ကျေးလက်စီးပွားရေးအတွင်း အချိန်မီ ချေးငွေများ ဖြည့်သွင်းနိုင်ရန်မှာ အရေးကြီးခဲ့ပါသည်၊ CERP ၏ အပိုဒ် ၁.၁.၁ *က) တွင် (က) “ဘဏ်” ချေးငွေနှင့် အပ်နှံငွေများအတွက် အများဆုံး အတိုးနှုန်းသတ်မှတ်ချက်အား အနည်းဆုံး (၃) ရာခိုင်နှုန်း အထိ လျှော့ချပေးရန် ပါဝင်ပါသည်။ CERP တွင် “ရောင်းအားကျဆင်း၍ ဝင်ငွေမရှိသော သို့မဟုတ် ပုံမှန် ငွေလွှဲပို့မှုများမှ ဝင်ငွေမရရှိတော့သော လုပ်ကွက်ငယ် တောင်သူလယ်သမားများ အနေဖြင့် မိုးရာသီ စိုက်ပျိုးချိန်အမီ လိုအပ်သည့် သွင်းအားစုများ ဝယ်ယူနိုင်ရန် ငွေကြေး (သို့) ချေးငွေများ ထောက်ပံ့ပေးရန်” လုပ်ငန်းစီမံချက် ပါဝင်ပြီး အပိုဒ် ၂.၁.၇ (ခ)အရ မြန်မာ လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) မှ ပုံမှန်ပေးနေကျဖြစ်သည့် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေ တစ်ဧကလျှင် ကျပ် (၁၅၀,၀၀၀) (ကန်ဒေါ်လာ ၁၀၈) အပြင် COVID–19 ပြန်လည်ထူထောင်ရေး အထူး ချေးငွေ တစ်ဧကလျှင် ကျပ် (၅၀,၀၀၀) (ကန်ဒေါ်လာ ၃၆) ထပ်မံ ပံ့ပိုးပေးခဲ့ပါသည်။

COVID–19 ကပ်ရောဂါ ဒုတိယလှိုင်း၏ အကျိုးဆက်အဖြစ် FDA မှ မတ်လက ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များ နှင့် အလားတူ ညွှန်ကြားချက်များကို အောက်တိုဘာလ၌ ထုတ်ပြန်ခဲ့ပြီး ကူးစက်နှုန်းမြင့်မားသည့် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် လုပ်ငန်းလုပ်ဆောင်လျက်ရှိသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေး သူများအား လုပ်ငန်းများ ရပ်ဆိုင်းစေခဲ့ပါသည်။

LIFT သည် ငွေကြေး ကဏ္ဍ ဆိုင်ရာ လုပ်ငန်းအဖွဲ့ မှ တဆင့် အောက်တိုဘာလ တွင် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များ နှင့် စပ်လျဉ်း၍ FRD နှင့် ဆွေးနွေးပြီး MFI များ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ နှင့် MFI များ၏ ငွေပေါ်လွယ်မှုအပေါ် COVID-19 ကပ်ရောဂါ ၏ သက်ရောက်မှုများအား စာရင်းပြုစုထားသည့် စာတမ်း တစ်စောင် တင်ပြခဲ့ပါသည်။ FRD မှ MFI များ၏ ချေးငွေ လျှော့က်လွှာများအား အလျင်အမြန် ခွင့်ပြုပေးသည့် လုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

အစိုးရ ချေးငွေဝန်ဆောင်မှုအသစ်မှတဆင့် FRD ၏ အသေးစား ငွေရေးကြေးရေး ကဏ္ဍတွင် ငွေပေါ်လွယ်မှု ထပ်မံ ချဲ့ထွင်ရန် အလေးထား အာရုံစိုက်မှုကြောင့် ပုံမှန်ပြုမြဲ မြို့နယ်အသစ်တိုးချဲ့ရန် နှစ်ဝက်ခွင့်ပြုမိန့်များအား နှောင့်နှေး စေခဲ့သဖြင့် MIDIFA ၏ ကချင်ပြည်နယ်တွင် တိုးချဲ့ ရန် အစီအစဉ်များ နှင့် EdM SOO၊ AMDA၊ နှင့် ECLOF တို့၏ အသေးစား ငွေရေးကြေးရေးဆိုင်ရာ ကုမ္ပဏီ စတင်တည်ထောင်မည့် အစီအစဉ်များအား ဆက်လက် နှောင့်နှေး စေခဲ့ပါသည်။

သို့သော်လည်း MFI မိတ်ဖက်အဖွဲ့အစည်း အများအပြားသည် ချေးငွေ ဝန်ဆောင်မှုအတွက် ငွေကြေးပံ့ပိုးမှုပေးရန် လျှောက်ထားခဲ့ပြီး ၂၀၂၀ခုနှစ် နှစ်ကုန်တွင် ခွင့်ပြုမိန့် ရရှိခဲ့ပါသည်။





# စိတ်ဝင်စားဖွယ်ရာများ

## အသေးစား ငွေရေးကြေးရေး လုပ်ငန်း

၂၀၂၀ ခုနှစ် ဒီဇင်ဘာလ အကုန်တွင် LIFT မှ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း၏ မိတ်ဖက်အဖွဲ့ အစည်း (၂၃) ဖွဲ့ (ပြည်တွင်း MFI (၁၀) ဖွဲ့၊ နိုင်ငံတကာ MFI (၁၀) ဖွဲ့၊ ဖက်စပ် ကုမ္ပဏီတစ်ခု နှင့် သမဝါယမ အသင်း နှစ်သင်း) အား ကူညီပံ့ပိုးပေးခဲ့ပါသည်။ PGMF မှလွဲ၍ MFI များ အားလုံးက ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခဲ့ကြပြီး ချေးငွေ ထုတ်ပေးခြင်းနှင့် စုဆောင်းငွေများ ဆော်သြစည်းရုံးခြင်းတို့ကို လုပ်ကိုင်ရန် အသေးစား ငွေရေးကြေးရေး လုပ်ငန်း အပြည့်အဝ လုပ်ကိုင်နိုင်သည့် လိုင်စင်များ ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် PGMF သည် အစိုးရမဟုတ်သည့် အဖွဲ့အစည်းမှ ကုမ္ပဏီ အဖြစ် စတင်အသွင်ပြောင်းလာခဲ့သော်လည်း လုပ်ငန်းစဉ်မှာ မပြီးစီးသေးပါ။ LIFT ၏ MFI မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုများအား နောက်ဆက်တွဲ ၅ တွင် ဖော်ပြထားပါသည်။

| ရင်းနှီးမြှုပ်နှံမှုအစုစု၏ ညွှန်းကိန်းများ | ၂၀၂၀ ခုနှစ် ဒီဇင်ဘာ လကုန်အထိ ရှိသည့် အခြေအနေ (စုစုပေါင်း) |
|---|---|
| ရောက်ရှိခဲ့သည့် ဝန်ဆောင်မှုရယူသူများ အရေအတွက် | 2,912,271 |
| အမျိုးသမီး ဝန်ဆောင်မှုရယူသူ အရေအတွက် | 2,628,452 |
| စုစုပေါင်းချေးငွေ ရင်းနှီးမြှုပ်နှံမှု | ကန်ဒေါ်လာ 1,366 သန်း (ထုတ်ချေးပြီး)<br>ကန်ဒေါ်လာ 1,093 သန်း (ပေးရန်ကျန်) |
| စုဆောင်းငွေ စုစုပေါင်း | ကန်ဒေါ်လာ ၁၄၇ သန်း |
| ရိုးမဘဏ် နှင့် TCX တို့၏ နိုင်ငံခြားငွေ ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးသည့် အစီအစဉ်မှတဆင့် MFI များတွင် ရင်းနှီး မြှုပ်နှံခဲ့သည့် စုစုပေါင်း ချေးငွေ အရင်းအနှီး | ကန်ဒေါ်လာ ၈၉ သန်း (ရိုးမ)<br>ကန်ဒေါ်လာ 135.96 (TCX) |

*ဇယား ၄.၂။ LIFT၏ ၂၀၂၀ ခုနှစ် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှု အစုစု*

**ဆင်းရဲနွမ်းပါးမှု အဆိုးရွားဆုံးနှင့် အားနည်းထိခိုက်လွယ်မှု အများဆုံးရှိသူများအား ဦးတည်ရည်ရွယ်ခြင်း**

LIFT ၏ MFI ဝန်ဆောင်မှုရယူသူ စုစုပေါင်း (2,912,271) ဦး (အမျိုးသမီး ၉၀%) မှာ ရွှေ့ပြောင်းသွားလာသူများ၊ အမျိုးသမီးများ နှင့် မြေယာမဲ့ (၂၈,၉၇၃) ဦး နှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (သို့) ပဋိပက္ခဒဏ်ခံ ဒေသများတွင် နေထိုင်သူ(၁၂,၇၇၅) ဦး အပါအဝင် မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှု အဆိုးရွားဆုံးနှင့် အားနည်း ထိခိုက်လွယ်မှုအများဆုံးရှိသူများ ဖြစ်ကြပါသည်။ ၂၀၂၀ခုနှစ်တွင် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းတွင် MFI ရင်းနှီးမြှုပ်နှံမှု၏ (၇၀)%မှာ စိုက်ပျိုးရေး လုပ်ငန်းများတွင် အဓိက မြှုပ်နှံသည့် ကျေးလက် ဒေသ အခြေပြု ချေးငွေများသာ ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် အကုန်တွင် နယ်မြေဒေသအလိုက် MFI ၏ ချေးငွေ အမျိုးအစား ပြန့်နှံမှုကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| ချေးငွေ အမျိုးအစား | မြစ်ဝကျွန်းပေါ် | အပူပိုင်းဇုန် | ရခိုင် | တောင်တန်းဒေသ | ပျမ်းမျှ |
|---|---|---|---|---|---|
| စိုက်ပျိုးရေး | ၂၆ | ၃၈ | ၉ | ၃၅ | ၃၂ |
| စီးပွားရေး (ကျပ် 500,000 အောက်) | ၂ | ၁ | ၃ | ၄ | ၂ |
| စီးပွားရေး (ကျပ် 500,000 အထက်) | ၂ | ၁ | ၃ | ၄ | ၂ |
| မွေးမြူရေး | ၁၂ | ၁၈ | ၂၇ | ၄ | ၁၄ |
| ထုတ်လုပ်ရေး | ၁ | ၂ | ၀.၃ | ၂ | ၁ |
| ထုတ်လုပ်ရေး (ကျပ် 500,000 အောက်) | ၀.၁ | ၀.၄ | ၀.၁ | ၀.၁ | ၀.၂ |
| ထုတ်လုပ်ရေး (ကျပ် 500,000 အထက်) | ၁.၃ | ၂ | ၀.၅ | ၁ | ၁ |
| ဝန်ဆောင်မှုများ | ၄ | ၃ | ၃ | ၆ | ၄ |
| ဝန်ဆောင်မှုများ (ကျပ် 500,000 အောက်) | ၃ | ၁ | ၁ | ၂ | ၂ |
| ဝန်ဆောင်မှုများ (ကျပ် 500,000 အထက်) | ၃ | ၃ | ၄ | ၂ | ၃ |
| လူမှုရေး | ၂ | ၆ | ၃ | ၄ | ၄ |
| ကုန်သွယ်ရေး | ၄၃ | ၂၆ | ၄၈ | ၃၇ | ၃၅ |
| အတိအကျမရှိ | ၀.၅ | ၀.၂ | - | - | ၀.၂ |

*ဇယား ၄.၃။ ချေးငွေ အမျိုးအစားနှင့် ဒေသအလိုက် LIFT ၏ ကျေးလက်ဒေသ ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပြန့်နှံပုံ (% အလိုက်)*

LIFT ၏ MFI မိတ်ဖက်အဖွဲ့အစည်းများသည် ဆင်းရဲနွမ်းပါးသူများထံ အကူအညီများ ရောက်နိုင်ရန်အတွက် ဖြစ်နိုင်မည့် နည်းလမ်းအားလုံးအသုံးပြု၍ ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။ ဥပမာ LIFT ၏ MFI မိတ်ဖက်အဖွဲ့ အစည်းများအနက်မှ တစ်ဖွဲ့ဖြစ်သည့် သစ္စာဥယျာဉ်က (၆၂) ရာခိုင်နှုန်းမျှသော ယင်းတို့၏ ဝန်ဆောင်မှု ရယူသည့် အိမ်ထောင်စုများသည် တစ်နေ့ဝင်ငွေ ကန်ဒေါ်လာ (၂.၅) အောက်မျှဖြင့်သာ နေထိုင် စားသောက်နေကြရပြီး (၂၉.၄) ရာခိုင်နှုန်းမှာ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု မျဉ်း အောက်တွင် ရှိကြောင်း အစီရင်ခံခဲ့ပါသည်။

၂၀၂၀ခုနှစ်တွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် MFI များသည် ယင်းတို့ ရောက်ရှိခဲ့သည့် အိမ်ထောင်စုများအား အိမ်ထောင်စုများ၏ စရိုက်လက္ခဏာများနှင့် အခြေခံပစ္စည်း ပိုင်ဆိုင်မှုအကြောင်းအား မေးခွန်း (၁၀) ခုပါ ဆင်းရဲနွမ်းပါးမှုတိုင်းတာသည့် ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ချေအညွှန်းကို အသုံးပြု၍ လူမှုဖူလုံရေး ဆန်းစစ်လေ့လာချက် စစ်တမ်းအား ဆောင်ရွက်ခဲ့ပါသည်။ Innovations for Poverty Action မှ LIFT နှင့် MFI ဝန်ထမ်းများအား PPI စစ်တမ်း ကောက်ယူပုံနည်းလမ်းကို သင်တန်းပို့ချပေးခဲ့ပါသည်။ LIFT ၏ MFI (၁၅) ဖွဲ့တို့က MFI ဝန်ဆောင်မှု အသုံးပြုသည့် အိမ်ထောင်စုပေါင်း (433,847) စုအား စစ်တမ်းကောက်ယူခဲ့ပါသည်။ ယုံကြည်စိတ်ချရမှု အဆင့်မှာ (၉၅) ရာခိုင်နှုန်းဖြစ်ပြီး မှားယွင်းနိုင်ချေ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုမျဉ်း သတ်မှတ်ရန်အတွက် ကောက်ယူခဲ့သည့် ဆင်းရဲ နွမ်းပါးမှု ဆိုင်ရာ အချက်အလက် များအား စိစစ်ချိန်ကိုက်မှု ဆောင်ရွက်ပါသည်။ ကိန်းဂဏန်းအချက်အလက်များအရ (၁၄.၆၅) ရာခိုင်နှုန်း နှင့် (၁၄.၉၅) ရာခိုင်နှုန်းကြားရှိ LIFT ၏ အကျိုးခံစား ခွင့်ရှိသူများမှာ နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုမျဉ်း အောက်တွင် နေထိုင်ရှင်သန်နေကြရကြောင်း ပြသလျက်ရှိပါသည်။[၄၁] နိုင်ငံတကာ အလယ်အလတ် အဆင့် ဝင်ငွေနည်း ဆင်းရဲနွမ်းပါးမှုမျဉ်းစံဖြင့် တိုင်းတာပါက (၁၃.၂၅) ရာခိုင်နှုန်း နှင့် (၁၃.၅၅) ရာခိုင်နှုန်းကြားရှိ LIFT ၏ အကျိုးခံစား ခွင့်ရှိသူများမှာ ၂၀၁၁ခုနှစ် တစ်ရက်ဝင်ငွေ ကန်ဒေါ်လာ ၃.၂ ဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်း (PPP) အောက်တွင် ရှိနေပြီး၊ နိုင်ငံတကာ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု မျဉ်းဖြင့် တိုင်းတာပါက LIFT ၏ အကျိုးခံစား ခွင့်ရှိသူများ၏ (၁.၂၅) ရာခိုင်နှုန်း နှင့် (၁.၅၅) ရာခိုင်နှုန်းတို့မှာ ၂၀၁၁ခုနှစ် တစ်ရက်ဝင်ငွေ ကန်ဒေါ်လာ (၁.၉) ဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်း (PPP) အောက်တွင် ရှိပါသည်။ ၂၀၂၀ ခုနှစ် PPI စစ်တမ်းမှာ LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးထားသည့် MFI များမှ ပထမဆုံး ကောက်ယူခဲ့သည့် စစ်တမ်းဖြစ်ပြီး ရလဒ်များအား စံ အဖြစ် သတ်မှတ် အသုံးပြုမည် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် စီမံချက်အပြီးသတ်ကာလ အကဲဖြတ်သုံးသပ်မှု နှင့် ကာလလယ် အကဲဖြတ်သုံးသပ်မှု အစီရင်ခံစာများ[၄၂]တွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိခြင်းက အိမ်ထောင်စု ကြံ့ကြံ့ခံနိုင်စွမ်းအား ခိုင်မာအားကောင်းစေပြီး ယုံကြည်စိတ်ချရသည့် ချေးငွေရင်းမြစ်များ ပံ့ပိုးပေးခဲ့ပြီး စုဆောင်းငွေများ ဆော်ဩစည်းရုံးနိုင်ခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ ယင်းမှနည်းလမ်းအမျိုးမျိုးဖြင့်လည်း ဝင်ငွေရလမ်း တိုးတက်လာပြီး၊ စားနပ်ရိက္ခာ ထုတ်လုပ်မှုနှင့် ထုတ်ကုန်အရောင်းများ တိုးမြင့်လာစေခဲ့ခြင်းဖြင့် အိမ်ထောင်စုများ၏ စားနပ်ရိက္ခာ နှင့် အာဟာရဖွံ့ဖြိုးမှုများ လက်လှမ်းမီရရှိမှုအပေါ် ကောင်းမွန်သည့် သက်ရောက်မှုများ ရှိလာခဲ့ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်သည့် အိမ်ထောင်စုများသည် အခြေခံပစ္စည်းများ တည်ဆောက်ခြင်း နှင့် ကာကွယ် စောင့်ရှောက်ခြင်း၊ ကိုယ်တိုင်ရွေးချယ်ထားသည့် သွင်းအားစုများဖြင့် ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံခြင်း၊ တစ်ဧက ထွက်နှုန်းတိုးတက်စေမည့် နည်းပညာအသစ်များ နှင့် အလေ့အကျင့်များ အသုံးချခြင်းတို့ကို လုပ်ဆောင်နိုင်ခဲ့ကြပါသည်။

**ပဋိပက္ခ ဒဏ်ခံဒေသများရှိ အသေးစား ငွေရေးကြေးရေးလုပ်ငန်း**

LIFT မှ ပဋိပက္ခ ဒဏ်ခံဒေသများတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည့် MFI ငါး ဖွဲ့၊ NGO တစ်ဖွဲ့နှင့် ပြည်တွင်း ဘဏ်တစ်ဘဏ်တို့အား ၂၀၁၅ ခုနှစ်မှ စတင်၍ ကူညီပံ့ပိုးပေးခဲ့ပြီး ထောက်ပံ့ငွေ စုစုပေါင်းမှာ ကန်ဒေါ်လာ (၁၈.၈) သန်း ရှိပါသည်။ စီမံချက်သုံးခုမှာ ပိတ်သိမ်းခဲ့ပြီး စီမံချက် ခြောက်ခုမှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။ ၂၀၂၀ခုနှစ် အကုန်တွင် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ ကန်ဒေါ်လာ (၈၉.၈) သန်း ဖြစ်ပြီး ပဋိပက္ခဒဏ်ခံ ဒေသများရှိ မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ဆောင်မှု ရယူသူပေါင်း (၁၉၉,၄၆၃) ဦးထံ ရောက်ရှိခဲ့ပါသည်။

ပဋိပက္ခဒဏ်ခံ ဒေသများရှိ မိတ်ဖက်အဖွဲ့အစည်း လေးဖွဲ့ဖြစ်သည့် VisionFund၊ PGMF၊ MIFIDA နှင့် Proximity တို့သည် TCX မှ အကောင် ထည်ဖော် ဆောင်ရွက်သည့် MFI များ မတည်ငွေ အရင်းအနှီး ဈေးကွက်ဖော်ဆောင်ရေး အစီအစဉ်မှတဆင့် ရင်းနှီးမြှုပ်နှံမှုများ ရရှိခဲ့ကြပါသည်။

| မိတ်ဖက် အဖွဲ့အစည်း | တည်နေရာ | ထုတ်ချေးပေးခဲ့သည့် ချေးငွေ (ကန်ဒေါ်လာ) | ချေးငွေ စုစုပေါင်း (ကန်ဒေါ်လာ) | ဆော်ဩစည်းရုံး နိုင်ခဲ့သည့် စုငွေ (ကန်ဒေါ်လာ) | ဝန်ဆောင်မှု ရယူသူ အရေအတွက် | စုစုပေါင်း ဝန်ဆောင်မှု ရယူသူ အရေအတွက် |
|---|---|---|---|---|---|---|
| VisionFund Myanmar | ရခိုင်ပြည်နယ် အလယ်ပိုင်း ကချင် ရှမ်းပြည်နယ် မြောက်ပိုင်း | ၂၃,၂၃၅,၂၅၂ | ၁၄,၂၃၈,၃၂၂ | ၁,၁၄၁,၇၂၇ | ၃၇,၇၂၃ (၈၆% မ) | ၅၀,၈၉၄ (၈၃% မ) |
| Pact Global Microfinance Fund (PGMF) | ရှမ်းပြည်နယ် မြောက်ပိုင်း ရခိုင် | ၅၇,၇၆၅,၅၅၈ | ၄၈,၄၂၃,၂၈၀ | ၆,၆၀၉,၅၇၈ | ၁၁၈,၀၁၀ (၉၉% မ) | ၁၂၅,၁၅၇ (၉၉% မ) |
| UNCDF’s Partners Wanlark၊ MIFIDA | ရခိုင် နှင့် ကချင် | ၆,၁၃၉,၂၈၆ | ၄,၁၇၅,၄၃၃ | ၆၇၀,၄၂၀ | ၁၉,၃၅၅ (၉၇% မ) | ၁၉,၀၃၅ (၉၇% မ) |
| Proximity Finance | ရှမ်းပြည်နယ် မြောက်ပိုင်း | ၅၁၇,၉၈၆ | ၅၁၆,၄၃၉ | ၂၇,၆၄၂ | ၁,၆၇၅ (၆၉% မ) | ၁,၆၇၅ (၆၉% မ) |
| Yoma Bank | ကချင်၊ ကရင်၊ ရခိုင်နှင့် ရှမ်း | ၂,၁၀၃,၀၇၉ | ၁၀,၉၄၂,၇၀၇ | ၃၃,၉၆၀ | ၂၅၂ | ၅၂၃ |
| BRAC | ကရင် | ၅၇၂,၃၃၈ | ၅၇၂,၃၃၈ | ၂၉,၂၇၃ | ၂,၁၇၉ | ၂,၁၇၉ |
| စုစုပေါင်း | | ၉၀,၃၃၃,၄၉၉ | ၇၈,၈၆၈,၅၁၉ | ၈,၅၁၂,၆၀၀ | ၁၇၉,၁၉၄ | ၁၉၉,၄၆၃ |

*ဇယား ၄.၄။ ၂၀၂၀ ခုနှစ်အတွင်း ပဋိပက္ခဒဏ်ခံ ဒေသများရှိ LIFT မှ ကူညီပံ့ပိုးပေးသည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ*[၄၃]





ပဋိပက္ခဒဏ်ခံဒေသများတွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်ချက်မှာ မြင့်မားသော်လည်း ထိုဒေသများရှိ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအနေဖြင့် အဆိုပါ ဒေသများတွင် ဝန်ဆောင်မှုများပေးရာ၌ ဆုံးရှုံးရနိုင်ချေအန္တရာယ်များနှင့် စိန်ခေါ်မှုများ ထပ်လောင်း ကြုံတွေ့ကြရသည့်အပြင် ဒေသတစ်ခုချင်းစီ၌လည်း သီးခြားထူးခြားသည့် စိန်ခေါ်မှုများ ရှိနေပါသည်။ ပဋိပက္ခဒဏ်ခံ ဒေသများရှိ LIFT မှ ကူညီပံ့ပိုးပေးသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများသည် ဆုံးရှုံးရနိုင်ချေအန္တရာယ်များ လျှော့ချရန်နှင့် စိန်ခေါ်မှုများအား ကျော်လွှားရန် အတွက် မတူကွဲပြားသည့် ဗျူဟာများ ချမှတ်ဖော်ဆောင်ကြရပါသည်။

ရခိုင်ပြည်နယ်တွင် ၂၀၂၀ခုနှစ်အတွင်း ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများ ရင်ဆိုင်ကြရသည့် အဓိက စိန်ခေါ်မှုများမှာ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်နက်ကိုင် ပဋိပက္ခနှင့် COVID-19 ကပ်ရောဂါဆိုင်ရာ တားမြစ်ကန့်သတ်မှုများ ဖြစ်ပါသည်။

မတ်လတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ၌ တပ်မတော်နှင့် ရခိုင့်တပ်မတော်တို့ကြား ဖြစ်ပွားခဲ့သည့် ပဋိပက္ခသည် UNCDF ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း မှ စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်သည့် ပုဏ္ဏားကျွန်းမြို့နယ် ပါဝင်လာသည်အထိ ကျယ်ပြန့်လာခဲ့ပါသည်။ ကျေးရွာ သုံးရွာမှ ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ ဝန်ဆောင်မှုရယူသူများအား အတင်းအကြပ် စွန့်ခွာစေခဲ့သဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများ နှင့် ချေးငွေ ပေးဆပ်ရမည့် အချိန်အတိုင်း ပေးဆပ်နိုင်စွမ်းတို့အား ထိခိုက်စေခဲ့ပါသည်။ ဥပမာအားဖြင့် ကျေးရွာနှစ်ရွာရှိ ရွာသားများအား အတင်းအကြပ် ရွှေ့ပြောင်းစေခဲ့သဖြင့် စိုက်ခင်းများ ထံသို့ မသွားနိုင်တော့သောကြောင့် ၎င်းတို့၏ ကောက်ပဲသီးနှံများ၏ (၂၀) ရာခိုင်နှုန်း ဆုံးရှုံးခဲ့ပြီး ကျွဲနွား တိရိစ္ဆာန်များလည်း သေကြေပျက်စီးခဲ့ကြပါသည်။ လုံခြုံရေး အခြေအနေများ တိုးတက်ကောင်းမွန်လာပြီး ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း နှင့် ယင်း၏ ဝန်ဆောင်မှု ရယူသူများကြား ချေးငွေ ပြန်လည်ပေးဆပ်ရန် အစီအစဉ်များ ပြင်ဆင်နိုင်ရန်အတွက် အလေးအနက် ဆွေးနွေးတိုင်ပင်နိုင်သည့် အချိန်အထိ ပြန်ဆပ်ရန် သတ်မှတ်ချိန်ထက် နောက်ကျနေသည့်ချေးငွေ မြန်မာကျပ်ငွေ (၁၁၁) သန်း (ကန်ဒေါ်လာ ၈၀,၀၀၀) နီးပါးခန့်သည် ‘ဆုံးရှုံးနိုင်ချေ အန္တရာယ်’ ရှိနေပါသည်။

ရခိုင်ပြည်နယ်တွင် VisionFund မြန်မာ (VFM) မှ လက်ရှိ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ မရရှိကြသည့် ပြည်သူများထံ ရောက်ရှိရန် ရည်ရွယ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် VFM မှ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများမှ ဝန်ဆောင်မှုရယူသူ (၈၆) ဦး (အမျိုးသမီး ၇၃%) အား ချေးငွေများ ပံ့ပိုးပေးခဲ့ပြီး အနီးပတ်ဝန်းကျင် ရွာကိုးရွာမှ မွတ်ဆလင် နှင့် ကမန် ဝန်ဆောင်မှုရယူသူများအား စုစုပေါင်း ကန်ဒေါ်လာ (၂၀၅,၈၉၈) တန်ဖိုးရှိ ချေးငွေ (၄၅၆) ခုအား ထုတ်ပေးခဲ့ပါသည်။ VFM မှ ၂၀၂၀ ခုနှစ်အတွင်း ယင်းတို့လုပ်ငန်းလည်ပတ် ဆောင်ရွက်သည့် နေရာများတွင် လုံခြုံရေးဆိုင်ရာ ဖြစ်ရပ်ပေါင်း (၈၂) ဖြစ်ပွားခဲ့ပြီး အချို့အခြေအနေများတွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုအား ယာယီ ရပ်ဆိုင်းကြရသည်အထိ ဖြစ်ခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ VFM မှ အခြေအနေများ တည်ငြိမ်သည့်အခါ လုပ်ငန်း အစီအစဉ်များ တိုးချဲ့နိုင်ရန်အတွက် ဆန်းစစ်လေ့လာရန် ဆုံးရှုံးရနိုင်ချေ ဇယားတစ်ခု ပြုစုရေးဆွဲခဲ့ပါသည်။ ပဋိပက္ခများကြောင့် မြောက်ဦးနှင့် ကျောက်တော်တို့တွင် လုပ်ငန်းဆောင်ရွက်မှုများ လျှော့ချခဲ့ရသဖြင့် စစ်တွေ ရုံးခွဲတွင် ဝန်ဆောင်မှုများ အလွန်အကျွံ စုပုံလာသည့်အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ကျောက်ဖြူ ခရိုင်တွင် ရုံးခွဲအသစ်များ တည်ထောင်နိုင်ရန် ဗျူဟာမြောက် အရွေ့တစ်ခု လုပ်ဆောင်ခဲ့ပါသည်။ VFM မှ ချေးငွေတာဝန်ခံ အရာရှိ၏ စွမ်းဆောင်နိုင်မှုနှင့် ရောက်ရှိရန်ခက်ခဲသည့် ဝန်ဆောင်မှုရယူသူများထံ ဝန်ဆောင်မှုများရောက်ရှိနိုင်စွမ်းတို့ တိုးမြှင့်နိုင်ရန် VFM ၏ cloud-based အခြေခံသည့် ပင်မ ဘဏ်လုပ်ငန်းစနစ်နှင့် ချိတ်ဆက်ထားသည့် ကွင်းဆင်း ဒီဂျစ်တယ် အပ်ပလီကေးရှင်းများကိုလည်း အသုံးပြု၍ လုပ်ငန်း လည်ပတ် ဆောင်ရွက် ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် BRAC Microfinance မှ ကရင်ပြည်နယ်တွင်းရှိ ပဋိပက္ခဒဏ်ခံ ဒေသများတွင် နေထိုင်သည့် ပြည်သူများ နှင့် ရန်ကုန် မြို့ပြဝန်းကျင်ရှိ ရွှေ့ပြောင်း အမျိုးသမီးအား ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ပါသည်။ အားနည်းထိခိုက်လွယ် အမျိုးသမီး (၂,၁၇၉) ဦးအတွက် ချေးငွေ ကျပ် (795,550,000) (ကန်ဒေါ်လာ 572,000) ထုတ်ပေးခဲ့ပါသည်။ ဤစီမံချက်မှ မသန်စွမ်းများကိုလည်း ဦးတည် ရည်ရွယ်ပြီး ဝန်ဆောင်မှုရယူသူများ အနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝရှိစွာ ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းမှုများ လုပ်ကိုင်နိုင်စေရန်အတွက် အထောက်အကူဖြစ်စေရန် ဒီဇိုင်းရေးဆွဲထားသည့် ကျွမ်းကျင်မှု သင်တန်းများလည်း ပို့ချပေးပါသည်။ ၂၀၂၀ ခုနှစ်တွင် BRAC မှ ကရင်ပြည်နယ်တွင် ပံ့ပိုးပေးလျက်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အနေဖြင့် ဒေသအခြေအနေ နှင့် ဝန်ဆောင်မှု ရယူသူတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် စီမံချက် မှ ငွေကြေးဆိုင်ရာ အသိပညာပေး သင်တန်းနှင့် အခြေခံ အသက်မွေးဝမ်းကျောင်းမှု သင်တန်း သင်ခန်းစာများအား စီမံချက် ဝန်ထမ်းအားလုံးကို ပို့ချပေးခဲ့ပြီး ၎င်းဝန်ထမ်းများမှ ဝန်ဆောင်မှု ရယူသူများအတွက် သင်တန်းများ ဆင့်ပွား ပို့ချပေးစေခဲ့ပါသည်။ သင်တန်းသင်ခန်းစာများအား ဒေသသုံး ဘာသာစကားများသို့ ဘာသာပြန်ဆိုခဲ့ပြီး ရပ်ရွာလူထုအား စမ်းသပ် ပို့ချခဲ့ပါသည်။

MFI မိတ်ဖက်အဖွဲ့အစည်းများအားလုံး၏ စီမံချက် လုပ်ငန်းများအားလုံးအား နောက်ဆက်တွဲ ၄ တွင် ဖော်ပြထားပါသည်။

---

၄၁။ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ခဲ့သည့် မြန်မာ့လူနေမှု အခြေအနေ စစ်တမ်း ၂၀၁၇ မှ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၂၆.၄ ရာခိုင်နှုန်းမှ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်တွင် နေထိုင်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

၄၂။ ၂၀၂၀ ခုနှစ်တွင် Cordaid Foundation ၊ GRET ၊ International Finance Corporation ၊ PGMG ၊ TCX ၊ UNCDF နှင့် CDF တို့မှ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းတွင် စီမံချက်များ ပြီးဆုံးချိန်နှင့် ကြားကာလ ဆန်းစစ် အကဲဖြတ်မှုများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၄၃။ ပဋိပက္ခဒဏ်ခံ ဒေသများရှိ ဝန်ဆောင်မှုရယူသူများနှင့် ချေးငွေပမာဏများအားလုံးမှာ အထက်တွင် အစီရင်ခံထားသည့် LIFT ၏ MFI များအတွက် ပံ့ပိုးပေးသည့် ပမာဏများတွင် ပါဝင်ပါသည်။

## အသေးစား ငွေရေးကြေးရေးလုပ်ငန်း အရင်းအနှီးဈေးကွက်များ အစီအစဉ်

**မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေး ဈေးကွက်အတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်း**

LIFT သည် ၂၀၁၆ ခုနှစ် နှောင်းပိုင်းတွင် မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍအတွက် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးရပ်ဝန်းကို စတင်ဖော်ဆောင်ခဲ့ပါသည်။ အကြောင်းမှာ ချေးငွေ အရင်းအနှီး လိုအပ်ချက်မြင့်မားခြင်းနှင့် ဒွန်တွဲနေသည့် ထိုလိုအပ်ချက်အတွက် ပြည်တွင်းဘဏ်များမှ ချေးငွေများ လက်လှမ်းမီ ရရှိနိုင်မှု မရှိခြင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံခြား ငွေလဲနှုန်းကြောင့် ဆုံးရှုံးရနိုင်ချေ အန္တရာယ် မြင့်မားခြင်းတို့ ဖြစ်ပါသည်။ ကူးသန်းရောင်းဝယ်ရေးချေးငွေအတွက် ဗဟိုဘဏ်၏ အတိုးနှုန်း (၁၃) ရာခိုင်နှုန်းအထိ မြင့်နေခြင်းနှင့် ငွေလဲလှယ်နှုန်း မတည်ငြိမ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကဏ္ဍတွင် ပြည်တွင်းငွေကြေးနှင့် ချေးငွေများ ထုတ်ချေးပေးရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားမှု အလွန်နည်းပါးပါသည်။ ထိုစိန်ခေါ်မှုများအား ရင်ဆိုင်နိုင်ရန်အတွက် LIFT မှ ငွေလဲနှုန်း ကာမိစေမည့် အရန်ရန်ပုံငွေ (TCX) နှင့် ပူးပေါင်း၍ နိုင်ငံခြားငွေလဲလှယ်နှုန်း ဆုံးရှုံးရနိုင်ချေကို အကာအကွယ် ပေးသည့် သတ်မှတ်ဈေးနှုန်းဖြင့် နိုင်ငံခြားငွေအား ပြန်လည်ဝယ်ယူနိုင်သည့် ဈေးကွက် (SWAP) ကို တည်ထောင်ခဲ့ပါသည်။ LIFT သည် ရန်ပုံငွေ အလှူရှင်ဖြစ်ပြီး TCX သည် ရင်းနှီးမြှုပ်နှံသူများအတွက် ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးရာတွင် လိုအပ်သည့် အကာအကွယ်ပေးသည့် ဝန်ဆောင်မှုပေးသည့် အဖွဲ့ ဖြစ်ပါသည်။ MFI များအနေဖြင့် LIFT မှ ကူညီထောက်ပံ့ပေးသည့် ရင်းနှီးမြှုပ်နှံငွေမပါဘဲ ၎င်းတို့၏ ချေးငွေ အရင်းအနှီး လိုအပ်ချက်များ ပြည့်မီရန်အတွက် အခြားနည်းလမ်းများအား တစ်စထက်တစ်စ တိုးတက် ရှာဖွေနိုင်မည်ဟူသော ယူဆချက်နှင့် အရေးအကြီးဆုံးဖြစ်သည့် မြန်မာနိုင်ငံ၏ အတိုးနှုန်း ဖွဲ့စည်းတည်ဆောက်ပုံမှာ ဈေးကွက်မှ ဦးဆောင်သည့် ပုံစံအတိုင်း ဖြစ်လာလိမ့်မည်ဟူသော ယူဆချက်တို့ပေါ်တွင် အခြေခံ၍ စီမံချက်မှ နှစ်နှစ်ကျော်ကာလအတွင်း ပြောင်းလဲရန် ရည်ရွယ်ထားပါသည်။ ၂၀၂၀ ခုနှစ် မတိုင်မီ၌ LIFT ၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးရသည့် ဖြစ်စဉ် နှစ်ကြိမ် ရှိခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် MFI များ၏ မတည့်ရင်းနှီးငွေဆိုင်ရာ လိုအပ်ချက်များ ပြည့်မီနိုင်စေရန်အတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရသည့် ပတ်ဝန်းကျင်မှာ COVID-19 ကပ်ရောဂါကြောင့် ပြောင်းလဲသွားခဲ့ပြီး ပြောင်းလွယ်ပြင်လွယ်ရှိမှု လိုအပ်ခဲ့ပါသည်။ LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့မှ TCX ၏ ဒုတိယအဆင့်အတွက် ကန်ဒေါ်လာ (၃) သန်း ထပ်မံ ခွင့်ပြုပေးခဲ့ပါသည်။ ကန်ဒေါ်လာ (၃) သန်း ပံ့ပိုးမှုအား TCX မှ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများနှင့် MFI များကို တွဲစပ်နိုင်သည့် အချိန်တွင် ပံ့ပိုးပေးခဲ့ခြင်း ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများ ရှိသော်လည်း TCX အစီအစဉ်အား ၂၀၂၀ ခုနှစ်အတွင်း အခက်အခဲမရှိ ချောချောမွေ့မွေ့ အကောင်အထည်ဖော်နိုင်ခဲ့ပြီး အသေးစားငွေရေးကြေးရေး လုပ်ငန်း ကဏ္ဍအတွင်းသို့ ကာလလတ် ရန်ပုံငွေ အမြောက်အမြား ဝင်ရောက်လာစေရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပြီး MFI များအတွက် ပေးအပ်သည့် ပမာဏများအား တိုးမြှင့်နိုင်ခဲ့ပါသည်။ LIFT ၏ ရင်းနှီးမြှုပ်နှံမှု မှ ခိုင်မာအားကောင်းသည့် အားဖြည့်ပေးမှုကို ဆက်လက် ရရှိစေနိုင်ခဲ့ပါသည်။ (ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စွမ်းဆောင်နိုင်မှုအား အောက်တွင် ဖော်ပြထားပါသည်)

၂၀၂၀ ခုနှစ်အတွင်း စိတ်ကျေနပ်ဖွယ် ရလဒ်များ ရရှိအောင်မြင်နိုင်ရန်အတွက် အထောက်အကူပေးခဲ့သည့် အချက်အလက်များမှာ –

- ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားလျက်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် မက်ခရို စီးပွားရေးဆိုင်ရာ တည်ငြိမ်မှုအား ဆက်လက် ထိန်းသိမ်းထားနိုင်ပြီး တစ်နှစ်အတွင်း မြန်မာကျပ်ငွေနှင့် ကန်ဒေါ်လာ ငွေလဲလှယ်နှုန်းဆိုင်ရာ ဆုံးရှုံးရနိုင်ချေအား အကာအကွယ် ပေးသည့် ဈေးနှုန်းမှာ တစ်နှစ်လျှင် ၁၁ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ အနည်းငယ်မျှသာ မြင့်တက်ခဲ့ခြင်း
- အသေးစား ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများမှ ချေးငွေ အရင်းအနှီး လိုအပ်ချက် မြင့်မားခြင်း
- ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားသည့် အခြေအနေ ရှိနေသော်လည်း နိုင်ငံတကာ ရင်းနှီး မြှုပ်နှံသူများမှ ချေးငွေများ စဉ်ဆက်မပြတ် ပံ့ပိုးပေးရန် ဆန္ဒရှိခြင်း

LIFT မှ TCX သို့ ပံ့ပိုးပေးသည့် ရန်ပုံငွေ အသုံးပြုမှုမှာ အလယ်အလတ် အခြေအနေတွင် ဆက်လက်ရှိနေပါသည်။ ရလဒ်အနေဖြင့် TCX နှင့် LIFT တို့မှ ၂၀၂၂ ခုနှစ် တလျှောက်လုံးတွင် ရန်ပုံငွေ ရရှိနိုင်သည့် အခြေအနေပေါ်တွင် မူတည်၍ ချေးငွေအသစ်များ ဆက်လက် ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ စီမံချက်မှ ၂၀၂၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့ အထိ ခြောက်လ သက်တမ်းတိုးခဲ့ပြီး ၂၀၂၂ ခုနှစ် အစောပိုင်းတွင် အစီအစဉ်အား ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ အထိ ထပ်မံ သက်တမ်းတိုးခဲ့ပါသည်။

**ရင်းနှီးမြှုပ်နှံမှုများ၏ စွမ်းဆောင်နိုင်မှု**

၂၀၂၀ ခုနှစ်ကုန်တွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူ (၂၂) ဦးမှ MFI ကိုးဖွဲ့အတွက် ကန်ဒေါ်လာ (၁၁၂.၇) သန်းတန် ချေးငွေ အသစ်များ ပံ့ပိုး ပေးခဲ့ ပါသည်။ အစီအစဉ်၏ ဒုတိယအဆင့်အတွင်း ထုတ်ပေးရန် ကြိုတင် မှန်းဆထားသည့် ပမာဏ စုစုပေါင်းမှာ ကန်ဒေါ်လာ (၁၃၅.၉) သန်း ဖြစ်ပါ သည်။

| MFI | ခန့်မှန်းချေပမာဏ (ကန်ဒေါ်လာ သန်းပေါင်း) |
|---|---|
| PGMF | ၃၃ |
| Dawn | ၂၈.၅ |
| Proximity Finance | ၂၅ |
| VisionFund | ၁၄.၂ |
| MIFIDA | ၅ |
| Thitsar Ooyin | ၂ |
| MAHA | ၂ |
| Advans | ၁.၅ |
| LOLC | ၁.၅ |
| စုစုပေါင်း | ၁၁၂.၇ |

*ဇယား ၄.၅ – မြန်မာ MFI များအတွက် TCX၏ ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးမှုမှ အကာအကွယ်ပေးရေး အစီအစဉ်မှတဆင့် ရရှိခဲ့သည့် ရင်းနှီးမြှုပ်နှံမှု*

| ၂၀၁၉-၂၀၂၀ စုပေါင်းထားသည့် ပမာဏများ | |
|---|---|
| ကန်ဒေါ်လာဖြင့် ထုတ်ပေးသည့် ခန့်မှန်းချေ ပမာဏ | ၁၃၅,၉၄၅,၀၀၁ |
| ကန်ဒေါ်လာဖြင့် ခန့်မှန်းချေ ထုတ်ပေးရမည့် ပမာဏ | ၇၅,၄၈၀,၀၀၀ |
| LIFT မှ တာဝန်ယူ ပံ့ပိုးပေးသည့် စုစုပေါင်း ပမာဏ (က) | ၁၅,၀၀၀,၀၀၀ |
| ပံ့ပိုးပေးသည့်ငွေ ကန်ဒေါ်လာဖြင့် အသုံးပြုသည့် ပမာဏ (ခ) | ၉,၁၁၆,၂၀၅ |
| ၂၀၂၀ ခုနှစ် ဒီဇင်ဘာကုန်ရှိ အသုံးပြုနိုင်သည့် ပံ့ပိုးပေးသည့် လက်ကျန်ငွေ ပမာဏ | ၅,၈၈၃,၇၉၅ |
| LIFT ၏ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့်ပေးမှု | ၁၅% |

*ဇယား ၄.၆– ၂၀၁၉ ခုနှစ်မှ အစပြုသည့် TCX အစီအစဉ်၏ စွမ်းဆောင်ရည်*

MFI များအနေဖြင့် မြန်မာ ကြီးကြပ်စစ်ဆေးသူများမှ သတ်မှတ်ထားသည့် ကန့်သတ်ချက်နှင့် အညီ တစ်နှစ်လျှင် (၁၆) ရာခိုင်နှုန်းဖြင့် မြန်မာကျပ်ငွေဖြင့် ချေးငွေများအား တသမတ်တည်း ရရှိခဲ့ပါသည်။ နိုင်ငံတော် ဗဟိုဘဏ် မှ အတိုးနှုန်း သတ်မှတ်ချက်အား (၁၆) ရာခိုင်နှုန်း မှ (၁၄.၅) ရာခိုင်နှုန်းသို့ လျှော့ချရန် ဆုံးဖြတ်လိုက်ချိန်တွင် TCX နှင့် LIFT တို့သည် ချေးငွေများအား အတိုးနှုန်း (၁၆) ရာခိုင်နှုန်းဖြင့် ဆက်လက် ဆောင်ရွက် ပေးနိုင်ခွင့်ရရှိရန် ဗဟိုဘဏ်မှ အရာရှိများနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါသည်။ သို့ဖြင့် TCX မှ ၎င်းတွင်ရှိသည့် ပံ့ပိုးပေးသည့် ရန်ပုံငွေအား အကောင်းဆုံး အသုံးချခွင့် ဆက်လက် ရရှိခဲ့ပါသည်။

TCX တွင် ၂၀၂၀ခုနှစ်ကုန်၌ ပံ့ပိုးပေးသည့် ရန်ပုံငွေလက်ကျန် ကန်ဒေါ်လာ ၅.၈၈သန်း ရှိခဲ့ပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းများအတွက် ချေးငွေအသစ်များ ထုတ်ပေးရန် ကန်ဒေါ်လာ ၇၅ သန်း ရှိပါသည်။

၂၀၂၀ခုနှစ် ဇွန်လတွင် LIFT မှ TCX စီမံကိန်း၏ ကာလလယ် အကဲဖြတ်သုံးသပ်မှု ပြုလုပ်ခဲ့ပြီး ချေးငွေ ရရှိရန် TCX ၏ အရည်အချင်း သတ်မှတ်ချက်များ ပြည့်မီရန် လိုအပ်ခဲ့သည့်အခြေအနေမှ MFI စီမံခန့်ခွဲမှုဆိုင်ရာ ကျင့်သုံးမှုများ တိုးတက်လာခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ ဤ အကဲဖြတ်သုံးသပ်မှုမှ နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် TCX ၏ လက်ရှိ လုပ်ငန်းကာလ ကျော်လွန်သည့်အချိန်တွင် LIFT အနေဖြင့် ဆက်လက် ပံ့ပိုးနိုင်မည် မဟုတ်

ဟူသော ကြိုတင်မှန်းဆချက်ဖြင့် မြန်မာနိုင်ငံအတွက် အခြားနည်းလမ်း နှင့် ရန်ပုံငွေ ပံ့ပိုးပေးနိုင်မည့် အစီအစဉ်များအား ယခုကတည်းက စဉ်းစားနေပြီဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

**MFI ချေးငွေထုတ်ပေးခြင်း– ရိုးမဘဏ်၏ ပြန်လည်ထုတ်ချေးရန် ပေးအပ်မည့် ချေးငွေရန်ပုံငွေများ**
ရိုးမဘဏ်မှ ယင်း၏ တစ်စိတ်တစ်ပိုင်း အာမခံ ထားသည့် ရန်ပုံငွေ ၏ အစိတ်အပိုင်းအဖြစ် ရိုးမဘဏ်၏ ပြန်လည်ထုတ်ချေးရန် ပေးအပ်မည့် ချေးငွေရန်ပုံငွေများ မြှင့်တင်ပေးပါသည်။ သို့ဖြင့် နိုင်ငံခြားမှ ရန်ပုံငွေများအား ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးနိုင်ခဲ့ပြီး တောင်သူများထံ အငယ်စား/အသေးစား ချေးငွေ ထုတ်ပေးသည့် MFI များအတွက် ချေးငွေ ဆက်ထုတ်ပေးနိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဒုတိယနှစ်ဝက်တွင် အတည်ပြုခဲ့သည့် ဥပဒေပြင်ဆင်မှုကြောင့် စီးပွားရေးဘဏ်များ မှ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများသို့ စတင်ငွေချေးနိုင်ခွင့် ရရှိခဲ့ပါသည်။ ရိုးမဘဏ်မှ ဝန်ဆောင်မှုရယူသူများထံ ငွေကြေးပံ့ပိုးပေးရန် လိုအပ်ချက်အား တုံ့ပြန်သည့် အနေဖြင့် ၄၀ ရာခိုင်နှုန်းအထိ နည်းသည့် ကန်ဒေါ်လာ ငွေသား အာမခံဖြင့် ချေးငွေ ၃ နှစ် သက်တမ်းရှိ ပြန်လည်ချေးငှားရန် ငွေကြေးပံ့ပိုးသည့် ဝန်ဆောင်မှုကို ဖော်ဆောင်ခဲ့ပါသည်။ LIFT မှ ယင်း ပြန်လည်ချေးငှားရန် ငွေကြေးပံ့ပိုးသည့် ဝန်ဆောင်မှု တစ်ခုစီအတွက် အာမခံ မထားသည့် (တစ်စိတ်တစ်ပိုင်း အာမခံထားသည့်) ချေးငွေ ပထမဆုံး ဆုံးရှုံးမှုအတွက် ၁၀ ရာခိုင်နှုန်းအထိ ကြားခံပေးခြင်းဖြင့် ဆုံးရှုံးနိုင်ချေကို မျှခံပေးခဲ့ပါသည်။

ဤချေးငွေဝန်ဆောင်မှုမှ ရိုးမဘဏ်အား ၎င်းတို့၏ ဒေါ်လာငွေဖြင့် သတ်မှတ်ထားသည့် အကြွေး နှင့်/သို့ ရှယ်ယာအား အာမခံပေးခြင်းဖြင့် MFI (၁၅)ဖွင့်၏ မြန်မာကျပ်ငွေ/ကန်ဒေါ်လာ ငွေလဲလှယ်နှုန်း အတက်အကျကြုံတွေ့ရခြင်းကို အကာအကွယ်ပေးနိုင်မည့် ငွေကြေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ ၂၀၂၀ခုနှစ် စက်တင်ဘာလတွင် ရိုးမဘဏ်မှ MFI (၁၅) ဖွဲ့အတွက် ကန်ဒေါ်လာ (၉၁) သန်း ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပြီး သွယ်ဝိုက်သောနည်းလမ်းဖြင့် လူပေါင်း (၃၀၀,၀၀၀) ခန့်အထိ အကူအညီများ ပေးနိုင်ခဲ့ပါသည်။

စီမံချက်မှ ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုမှာ စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရသော ခွင့်ပြုမိန့်ဆိုင်ရာ လုပ်ငန်းစဉ် ဖြစ်ပါသည်။

**MFI များအနေဖြင့် စည်းမျဉ်းစည်းကမ်းကြီးကြပ်မှုအတိုင်း လိုက်နာသည့် ငွေကြေးဆိုင်ရာ လုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲခြင်းအား ကူညီပံ့ပိုးပေးခြင်း**
UNCDF သည် ပြည်တွင်း MFI (၁၁) ဖွဲ့နှင့် နိုင်ငံတကာ MFI (၁)ဖွဲ့တို့အား အစိုးရမဟုတ်သည့် အဖွဲ့အစည်း MFI များအဖြစ်မှ စည်းမျဉ်းစည်းကမ်းကြီးကြပ်မှုအတိုင်းလိုက်နာသည့် ဘဏ္ဍာရေးအရ ရေရှည်တည်တံ့နိုင်သည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီများအဖြစ် ပြောင်းလဲနိုင်ရန် ကူညီပံ့ပိုးပေးခဲ့ပြီး ဝန်ဆောင်မှုအသုံးပြုသူများထံ ကွင်းဆင်းအထောက်အကူပြုမှု တိုးမြှင့်ရန် စည်းမျဉ်းစည်းကမ်းလိုက်နာသည့် အဖွဲ့အစည်းများအဖြစ် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအား ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ရန်တို့အတွက် MFI များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း MFI အဖွဲ့နှစ်ဖွဲ့မှ စည်းမျဉ်းစည်းကမ်းကြီးကြပ်မှုအတွက် သုံးသပ်နိုင်ရန် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီလိုင်စင် လျှောက်ထားမှု ပြီးစီးခဲ့ပြီး ခွင့်ပြုမိန့်ရရှိခဲ့ကာ ကုမ္ပဏီ အဆင့်အတန်းသို့ ပြောင်းလဲခဲ့ပါသည်။ MFI အဖွဲ့ ခြောက်ဖွဲ့၏ အခြေခံပစ္စည်းများအား စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှုအား လိုက်နာသည့် ကုမ္ပဏီ အသစ်များသို့ ပြောင်းရွှေ့ခဲ့ပါသည်။

UNCDF မှ MFI အဖွဲ့ငါးဖွဲ့အား တရားဝင် ချေးငွေဆိုင်ရာ သဘောတူညီမှု စည်းမျဉ်းစည်းကမ်းများ ရေးဆွဲခြင်းနှင့် ဒေသန္တရ နှင့် ဗဟို အစိုး၏ ချေးငွေ ခွင့်ပြုမိန့်ရရှိရန် စည်းမျဉ်းစည်းကမ်းကြပ်မတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခဲ့ပါသည်။ MFI အဖွဲ့ သုံးဖွဲ့မှ မြန်မာ့စီးပွားရေးဘဏ် (MEB) ၏ ချေးငွေအတွက် ငွေကြေးပံ့ပိုးမှုများ ရရှိခဲ့ပြီး တစ်ဖွဲ့ချင်းစီအတွက် ချေးငွေ စုစုပေါင်းမှာ ကျပ် သန်း (၁၀၀) (ကန်ဒေါ်လာ ၇၂,၀၀၀) စီ ရရှိခဲ့ပါသည်။ MFI အဖွဲ့ သုံးဖွဲ့သည် FRD ၏ ချေးငွေ ခွင့်ပြုချက်များ ရရှိရန် စောင့်ဆိုင်းဆဲဖြစ်ပါသည်။

ထိုနှစ်အတွင်း MFI (၁၁) ဖွဲ့လုံးအား စာရင်းစစ်ခြင်းလုပ်ငန်းစဉ် ပြီးစီးခဲ့ပါသည်။ MFI များ ၏ အဖွဲ့အစည်းတွင်း ထိန်းချုပ်မှုဆိုင်ရာ အားနည်းချက်များအား ဖော်ထုတ်နိုင်ခဲ့ပြီး UNCDF သည် WTA စာရင်းစစ်အဖွဲ့တို့မှ အဆိုပါ ကွာဟချက်များအား ဖြေရှင်းပေးရန်အတွက် နည်းပညာ အကူအညီ ပံ့ပိုးပေးခဲ့ပါသည်။

MFI မိတ်ဖက်အဖွဲ့အစည်း တစ်ဖွဲ့ ဖြစ်သည့် Social Vision Services (SVS) သည် ၂၀၂၀ ခုနှစ်တွင် လမ်းကြောင်းမှန်ပေါ်တွင် ရှိပြီး အသွင်ပြောင်းလဲခြင်းအတွက် အရည်အချင်းသတ်မှတ်ချက်အားလုံး ပြည့်စုံသော်လည်း စာရင်းစစ်လုပ်ငန်းစဉ်မှ တွေ့ရှိချက်များ ထွက်ပေါ်လာပြီးနောက် UNCDF ၏ နည်းပညာ အကူအညီ မိတ်ဖက်ပြုမှုမှ ၎င်းတို့သဘောဆန္ဒအရ ပြန်လည် ရုတ်သိမ်းသွားခဲ့ပါသည်။

၂၀၂၀ ခုနှစ်၏ ဒုတိယနှင့် တတိယ သုံးလပတ်တို့တွင် LIFT သည် PGMF မိတ်ဖက်ပြုမှုမှ တဆင့် MFI (၇) ဖွဲ့အတွက် အခြေပစ္စည်းများ စာရင်းပယ်ဖျက်ခြင်းအတွက် ခွင့်ပြုချက်များ ထုတ်ပေးခဲ့ပါသည်။ MFI အဖွဲ့ တစ်ဖွဲ့ဖြစ်သည့် Sun အသေးစား ငွေရေးကြေးရေးလုပ်ငန်းမှ နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာရေးအရ ရေရှည်တည်တံ့နိုင်မှု [ဆိုလိုသည်မှာ အမြတ်ရှိခြင်း (သို့) အရှုံးမရှိခြင်း] ဘဏ္ဍာရေး အဆင့်အတန်းကို ဆက်လက် ထိန်းသိမ်းထားနိုင်စွမ်း မရှိသဖြင့် အရည်အချင်းမပြည့်မီသည့် လုပ်ငန်းအဖြစ် ဆက်လက် ရှိနေပါသည်။





**ကမ္ဘာ့ကပ်ရောဂါနှင့် ပဋိပက္ခတို့မှ နှောင့်နှေးမှုများ**
ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ကြိုတင်စီစဉ်ထားသည့် အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှု တိုးချဲ့ရန်မှာ စစ်ရေး ပဋိပက္ခများနှင့် အစိုးရခွင့်ပြုချက်များ နှောင့်နှေးသဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ တိုးချဲ့မှုများအား ၂၀၂၁ ခုနှစ်အတွင်းသို့ ရွှေ့ဆိုင်းထားပါသည်။ သမဝါယမကဏ္ဍအတွက် ကူညီပံ့ပိုးမှုမှာလည်း ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ ထိန်းချုပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ကန့်သတ်ထိန်းချုပ်ထားသဖြင့် နှောင့်နှေးခဲ့ပါသည်။ ဝံလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းမှ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အသေးစား ငွေရေးကြေးရေးဆိုင်ရာ တိုးချဲ့မှုအား ဆိုးရွားပျက်ယွင်းနေသည့် လုံခြုံရေး အခြေအနေများနှင့် UNCDF ၏ ဆန်းစစ် အကဲဖြတ်မှုပေါ်တွင် မူတည်၍ အဖွဲ့အစည်း၏ သဘောဆန္ဒအလျောက် ရက်ရွှေ့ဆိုင်းခဲ့ပါသည်။ FRD မှ ကချင်ပြည်နယ်ရှိ ဗန်းမော်နှင့် မိုးကောင်းမြို့နယ်များတွင် တိုးချဲ့ရန် ခွင့်ပြုမိန့်များအား ထုတ်ပြန်ပေးရန် နှောင့်နှေးထားသဖြင့် မိတ်ဖက်ပြုမှုများ ဖွဲ့စည်းတည်ထောင်မှု ရှုပ်ထွေးစေခဲ့ပါသည်။

MFI ၁၁ ဖွဲ့အား ၁၂ လတာ ကူညီပံ့ပိုးပေးပြီးသည့်နောက် MFI များတွင် မတူညီသည့် ရည်မှန်းချက်များနှင့် စွမ်းဆောင်ရည်များ ရှိကြပြီး MFI တစ်ဖွဲ့ချင်းနှင့် သင့်လျော်မည့် နည်းပညာ အကူအညီများ စီစဉ်ပေးရန် လိုအပ်ကြောင်းUNCDF မှ သိရှိခဲ့ပါသည်။

**ငွေကြေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ခြင်း**
ငွေကြေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ခြင်းမှာ MFI များ၏ ဝန်ဆောင်မှုရယူသူများမှ ချေးငွေများ၊ စုငွေများနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအား ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အလွန် အရေးကြီးပါသည်။ အထူးသဖြင့်ငွေကြေးဆိုင်ရာ အသိပညာပေးမှုမှာ ဝန်ဆောင်မှုအသုံးပြုသူများ အနေဖြင့် အသက်မွေးဝမ်းကျောင်းမှုများ ထိခိုက်ခြင်း၊ ချေးငွေ ရရှိနိုင်မှု အကန့်အသတ်ရှိခြင်းနှင့် စုငွေများ အများအပြားထုတ်သုံးနေကြရသည့် ကမ္ဘာ့ကပ်ရောဂါကာလတွင် အလွန်တန်ဖိုးရှိပါသည်။ LIFT သည် ငွေကြေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်သည့် အစီအစဉ် အများအပြားအတွက် ကူညီပံ့ပိုးပေးပါသည်။

**မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေးအသင်း (MMFA)နှင့် မိတ်ဖက်ပြုခြင်း**
၂၀၂၀ ခုနှစ် မတ်လတွင် LIFT သည် MMFA နှင့် ပူးပေါင်း၍ ရုပ်ပြကာတွန်းပုံစံ ငွေကြေးဆိုင်ရာ အသိပညာပေးစာအုပ်ကို ထုတ်ဝေမှု စတင်ခဲ့ပါသည်။ LIFT မှ MFI (၈၆) ဖွဲ့အတွက် အုပ်ရေ (၁၅၀,၀၀၀) ဖြန့်ဝေပေးခဲ့ပါသည်။ LIFT မှ ကူညီပံ့ပိုးပေးသည့် PGMF၊ သစ္စာဥယျာဉ် ၊ Proximity Finance နှင့် မြို့နယ် ငွေချေးသမဝါယမ အသင်းနှစ်သင်းတို့မှ ဝန်ဆောင်မှု ရယူသူများအနေဖြင့် ချေးငွေရယူခြင်းမပြုမီ အသေးစား ငွေရေးကြေးရေးဆိုင်ရာ သင်ခန်းစာ ငါးခု၊ စည်းမျဉ်းစည်းကမ်းများ၊ ငွေကြေးဆိုင်ရာ အသိပညာပေးခြင်း သင်ခန်းစာ နှင့် အငယ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်သည့် အလွတ်သဘော စီးပွားရေး ပညာပေးသင်တန်း မဖြစ်မနေတက်ရောက်ရမည်ဟူသည့် လိုအပ်ချက်တစ်ရပ်သတ်မှတ်ထားပါသည်။

VisionFund Myanmar ၏ ငွေကြေးဆိုင်ရာ အသိပညာပေးခြင်းအား ချေးငွေထုတ်ပေးသည့် လုပ်ငန်းစဉ်ထဲတွင် ထည့်သွင်းထားပါသည်။ ၂၀၂၀ခုနှစ်တွင် ချေးငွေစာချုပ်ချုပ်ဆိုသည့် စက်ဝန်းတစ်ခုစီတိုင်းအတွက် ဝန်ဆောင်မှုရယူသူ (၁၁,၇၇၇) ဦးလုံးအား ငွေကြေးဆိုင်ရာ သင်တန်း ပို့ချပေးခဲ့ပါသည်။ ဤဗျူဟာ၏ အဓိက အာရုံစိုက်မှုမှာ VFM ဝန်ဆောင်မှုရယူသူများအနေဖြင့် ဒီဂျစ်တယ် ငွေကြေး ဝန်ဆောင်မှုများနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုတို့ အသုံးပြုနိုင်ရန်နှင့် လက်ခံကျင့်သုံးနိုင်ရန်တို့အတွက် ကျွမ်းကျင်မှုနှင့် မိမိကိုယ်ကို ယုံကြည်မှု တည်ဆောက်ပေးရန် ဖြစ်ပါသည်။ ဤ ဗျူဟာသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးဆုံးမည် ဖြစ်ပြီး အကောင်အထည်ဖော်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါသည်။

## ငွေကြေးဆိုင်ရာ သမဝါယမ အသင်းများ

**မြန်မာ– သမဝါယမအသင်းများမှတဆင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ချဲ့ထွင်ခြင်း (MyFINANCE) စီမံချက်**
CDF ကနေဒါ (ယခင် ကနေဒါနိုင်ငံ သမဝါယမအသင်း) သည် ကျေးလက်ဒေသ ဈေးကွက်များနှင့် အမျိုးသမီးများအား ဦးတည်ကာ ဘဏ်ဝန်ဆောင်မှု အသုံးမပြုသော အုပ်စုများအတွက် အပ်နှံငွေ ဝန်ဆောင်မှုများ နှင့် ငွေကြေးအရ တတ်နိုင်သည့် ချေးငွေ ဝန်ဆောင်မှုများ ပေးရန်အတွက် အပူပိုင်းဇုန် မြို့နယ်နှစ်မြို့နယ်တွင် ငွေစုငွေချေး သမဝါယမသင်းများ ထူထောင်ရန် LIFT မှ ရန်ပုံငွေ ကန်ဒေါ်လာ (၃.၂)သန်း အား ပံ့ပိုးပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်ကုန်တွင် သမဝါယမအသင်းများတွင် ဝန်ဆောင်မှုအသုံးပြုသူ (၆၅,၀၇၇)ဦးရှိပြီး ချေးငွေပေါင်း (၂၇,၅၇၂) ခု ထုတ်ပေးခဲ့ကာ စုစုပေါင်းထုတ်ပေးခဲ့သည့် ချေးငွေ ပမာဏမှာ ကျပ် (၅) ဘီလျံ (ကန်ဒေါ်လာ ၃.၆ သန်း) ရှိပါသည်။ သမဝါယမ အသင်းများမှ အပ်နှံငွေ စုစုပေါင်း ကျပ် (၇၀၈) သန်း (ကန်ဒေါ်လာ ၅၁၀,၀၀၀) ရရှိခဲ့ပါသည်။ အသင်းဝင်များအား သက်သာသော အတိုးနှုန်း၊ ငွေပေးငွေယူပြုလုပ်ရာတွင် ကုန်ကျစရိတ် နည်းပါးခြင်းနှင့် လယ်ယာ သွင်းအားစုများအတွက် ငွေကြေးလိုအပ်ချက်များနှင့် ကိုက်ညီစေရန် စီမံထားသည့် စိုက်ပျိုးစရိတ် ချေးငွေများဖြင့် ဆွဲဆောင် ထားပါသည်။

၂၀၂၀ ခုနှစ်တွင် ငွေကြေးဆိုင်ရာ အသိပညာပေးသင်တန်းအား ဒေသခံအမျိုးသမီးများ၊ အသင်းဝင် ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေး အရာရှိများ နှင့် CDF ကနေဒါမှ လေ့ကျင့်သင်တန်းပေးထားသည့် မိုဘိုင်းလ် ဘဏ် ဝန်ဆောင်မှု အရာရှိများဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ သင်တန်းတွင် ငွေကြေးဆိုင်ရာ အသိပညာ၊ ကျား၊ မ ရေးရာ နှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုတို့ ပါဝင်ပါသည်။ စွမ်းဆောင်ရည် တည်ဆောက်ရာတွင် သမဝါယမများ၏ စီမံအုပ်ချုပ်မှုနှင့် ချေးငွေနှင့် စုငွေ များ စီမံခန့်ခွဲမှုတို့ ခိုင်မာအားကောင်းစေရန် အလေးထား အာရုံစိုက်ပါသည်။

ချေးငွေလိုအပ်ချက်များပြားသဖြင့် သမဝါယမများက အလွန်နည်းပါးသည့် ချေးငွေပမာဏဖြင့် အသေးစား ချေးငွေ ဝန်ဆောင်မှုများ ဖန်တီးခဲ့ပြီး အသင်းသားများအနေဖြင့် ချေးငွေ တစ်ခုချင်းစီ၏ (၁၀) ရာခိုင်နှုန်းအား ပုံသေအပ်နှံငွေအဖြစ် ထည့်ဝင်ရန် သတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါ ပြောင်းလဲမှုများမှ ချေးငွေတိုင်းအတွက် အပ်နှံငွေထားရှိရန် မလိုဘဲ များပြားသည့်ချေးငွေများ ရယူလိုသည့် အသင်းဝင်များကြားတွင် လူကြိုက် နည်းခဲ့ပါသည်။ CDF မှ ဤကဏ္ဍအတွက် သမဝါယမ ဥပဒေများ၊ နည်းဥပဒေများ၊ မူဝါဒများ နှင့် ဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်းတို့အား ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း နှင့် အဆိုပါ ပြန်လည်သုံးသပ်ခြင်းများအတွက် ထောက်ခံစည်းရုံးရန် အစီအစဉ်များ လိုအပ်နေကြောင်း တွေ့ရှိခဲ့ပါသည်။ CDF မှ အသင်းဝင်များအနေဖြင့် လူမှုအရင်းအနှီး တည်ဆောက်ရာတွင် သမဝါယမ ချဉ်းကပ်နည်းလမ်းဖြင့် အကျိုးဖြစ်နိုင်ချေရှိသည့် ဝေးလံခေါင်ဖျား ပဋိပက္ခဒဏ်ခံ ဒေသများတွင် ငွေကြေးဆိုင်ရာ သမဝါယမအသင်းများ တည်ထောင်နိုင်မည့် အလားအလာကိုလည်း စူးစမ်းရှာဖွေမည် ဖြစ်ပါသည်။

**မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုမှတဆင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း လည်ပတ်ဆောင်ရွက်မှုကို ပံ့ပိုးကူညီခြင်း**

၂၀၂၀ ခုနှစ်တွင် LIFT မှ ကျေးလက်ဒေသ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးမည့် ဝန်းကျင်တစ်ရပ် ပျိုးထောင် နိုင်ရန်အတွက် အစီအစဉ်အမျိုးမျိုး ပံ့ပိုးပေးခဲ့ပါသည်။

မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေး အသင်း (MMFA) နှင့် မိတ်ဖက်ပြု၍ LIFT သည် MFI များနှင့် ယင်းတို့ ၏ ဝန်ဆောင်မှုရယူအသုံးပြုသူများအတွက် ချေးငွေ ရန်ပုံငွေများ တိုးမြှင့်နိုင်ရန်နှင့် အတိုးနှုန်းများ နှင့် ကြွေးဆုံးလျာထားငွေများ လျှော့ချရန်ရန် မူဝါဒရေးရာ ဝန်းကျင်၌ အပြောင်းအလဲများ ဖြစ်စေရန်အတွက် ထောက်ခံအားပေးခဲ့ပါသည်။ ဗဟိုဘဏ် မှ ၂၀၂၀ခုနှစ် ဧပြီလတွင် အာမခံ ပစ္စည်း ထက်ချေးငွေ တန်ဖိုးမြင့်မားသည့် ချေးငွေများ၏ အများဆုံး အတိုးနှုန်းအား (၁၆) ရာခိုင်နှုန်းမှ (၁၄.၅) ရာခိုင်နှုန်းအထိ လျှော့ချခဲ့ပါသည်။ သို့သော်လည်း ဤကဏ္ဍတစ်ခုလုံးအတွက် တပြေးညီထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ မရှိသဖြင့် ဗဟိုဘဏ်၏ ညွှန်ကြားချက်အား အဓိပ္ပါယ် အမျိုးမျိုးဖွင့်ဆို၍ အကောင်အထည်ဖော်ခြင်းတို့ ဖြစ်ပေါ်စေခဲ့ပါသည်။ ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရမှ MFI များအားလုံးအား ချေးငွေများအတွက် အတိုးနှုန်းများအား လျှော့ပေးစေခဲ့ပြီး အဆိုပါ လုပ်ရပ်မှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ ရပ်တည်ရှင်သန်မှုကို ခြိမ်းခြောက်လာသကဲ့သို့ ဖြစ်ခဲ့ပါသည်။

**မူဝါဒရေးရာ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း**

၂၀၂၀ ခုနှစ် ပထမခြောက်လအတွင်းတွင် LIFT သည် COVID – 19 ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေးအတွက် အသေးစား ငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ၊ ဗဟိုဘဏ် နှင့် စီမံကိန်း၊ဘဏ္ဍာရေး နှင့် စက်မှု ဝန်ကြီးဌာနအပါအဝင် မူဝါဒချမှတ်သူများနှင့် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှု အများအပြားတွင် ပါဝင် ဆောင်ရွက်ခဲ့ပါသည်။

ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ အောက်ပါ ထောက်ခံအကြံပြုချက်များနှင့် အပြောင်းအလဲများ ပြုလုပ်ခဲ့ပါသည် –

- အသေးစားငွေရေးကြေးရေးလုပ်ငန်းများထံ ချေးပေးသည့် နိုင်ငံတကာချေးငွေများအတွက် အလျင်အမြန်ဆောင်ရွက်ပေးသည့် (fast–track) လုပ်ငန်းစဉ်အား လက်ရှိတွင် (၃)လ (သို့) (၃)လထက်ပိုကြာသည့် အချိန်မှ (၂)ပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက်စေခြင်း
- MFI များမှ ချေးငွေထုတ်ချေးမှု တိုးမြှင့်နိုင်ရန် အတွက် MFI များ၏ အကြွေးနှင့် ပိုင်ဆိုင်မှု အချိုးအား (၄:၁) မှ (၅:၁) သို့တိုးမြှင့်ခြင်း
- လက်ရှိထုတ်ချေးပေးနေသည့် ချေးငွေများ တိုးမြှင့်နိုင်ရန်အတွက် လိုအပ်သည့် ငွေပေါ်လွယ်ကူမှု အချိုးအား (၂၅%) မှ (၂၀%) သို့ ဖြေလျှော့ပေးခြင်း
- ချေးငွေအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖွင့်ဆိုခြင်း

ကမ္ဘာ့ကပ်ရောဂါကြောင့် ဒေသအာဏာပိုင်များအနေဖြင့် ဆင်းရဲနွမ်းပါးသည့် လူမှုအသိုက်အဝန်းများတွင် အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ အသိအမြင် ဗဟုသုတ နည်းပါးကြောင်း ထင်ရှားစေခဲ့ပါသည်။ ကျေးရွာများ၊ မြို့နယ်များ၊ ပြည်နယ်များ နှင့် တိုင်းဒေသကြီးများတွင် ဒေသ အာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ် များ နှင့် CSO များအား အသိပညာပေးခြင်းနှင့် အသိအမြင်များ မျှဝေခြင်းတို့ ပိုမိုဆောင်ရွက်ရန်လိုအပ်ပါသည်။

**FRD အတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးခြင်း**

FRD သည် FMI များ၏ လုပ်ငန်းများနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအား ပုံမှန် လုပ်ငန်းလုပ်ဆောင်သည့် နေရာများသို့ သွားရောက် စစ်ဆေးခြင်း နှင့် လုပ်ငန်း ပြင်ပမှ စစ်ဆေးခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် စည်းမျဉ်းစည်းကမ်းလိုက်နာစေရန် ကြီးကြပ်ပေးပါသည်။ လုပ်ငန်းခွင် ပြင်ပမှ စစ်ဆေးခြင်းတွင် MFI များအနေဖြင့် ငွေစာရင်းရှင်းတမ်းများ အပါအဝင် လစဉ် တိုးတက်မှုအစီရင်ခံစာများ တင်ပြရန် လိုပါသည်။ လုပ်ငန်းခွင်တွင် စစ်ဆေးခြင်းအား FRD မှ တာဝန်ရှိသူများက MFI များသို့ တစ်နှစ်လျှင် နှစ်ကြိမ် စာရင်းစစ်ရန် သွားရောက်ခြင်းဖြင့် ဆောင်ရွက်ပါသည်။ FRD သည် MFI များအား အပ်နှံငွေ လက်ခံခွင့် လိုင်စင်များ မထုတ်ပေးမီ အထူးစုံစမ်းစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်ပါသည်။

LIFT မှ FRD အတွက် အစီရင်ခံသည့် ပုံစံများ ရေးဆွဲခြင်း နှင့် ကြီးကြပ်သူများအား အစီရင်ခံသည့် ပုံစံများ အသုံးပြုပုံနှင့် ရည်ရွယ်ချက်တို့နှင့် စပ်လျဉ်း၍ သင်တန်းပေးခြင်းတို့တွင် နည်းပညာအကူအညီ ပံ့ပိုးပေးခြင်း နှင့် မူဝါဒရေးရာနှင့် စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှုဆိုင်ရာ လမ်းညွှန်များ ရေးဆွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုတို့တွင် စွမ်းဆောင်ရည် တိုးတက်စေရေးပါဝင်သည့် နည်းပညာဆိုင်ရာ အကူအညီအား ပံ့ပိုးပေးပါသည်။





၂၀၂၀ ခုနှစ်တွင် (၂၁၁) ဦး (အမျိုးသမီး ၈၈ ရာခိုင်နှုန်း) အား သင်တန်းပေးခဲ့ပါသည်။ LIFT မှ ငါးရက်ကြာ လုပ်ငန်းခွင် စစ်ဆေးခြင်း နှင့် အပ်နှံငွေ လက်ခံခွင့် လိုင်စင်ရယူခြင်း လုပ်ငန်းစဉ်အတွက် စနစ်တကျ စိစစ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ သင်တန်းလေးကြိမ် ပို့ချပေးခဲ့ပြီး FRD ဒေသဆိုင်ရာ ရုံး (၁၀) ရုံးမှ သင်တန်းသား (၇၄) ဦး တက်ရောက်ခဲ့ပါသည်။ (၇) ရက်ကြာ စာရင်းပညာသင်တန်း လေးကြိမ် ပို့ချပေးခဲ့ပြီး FRD ဒေသဆိုင်ရာ ရုံး (၁၅) ရုံးမှ သင်တန်းသား (၉၇) ဦး တက်ရောက်ခဲ့ကြပါသည်။ (၇) ရက်ကြာ ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်လေ့လာမှု သင်တန်းအား online မှ နှစ်ကြိမ် ပို့ချပေးခဲ့ပြီး FRD ဒေသဆိုင်ရာရုံး (၇) ရုံးမှ သင်တန်းသား (၄၀) ဦး တက်ရောက်ခဲ့ကြပါသည်။

Online မှ ပို့ချသည့် သင်တန်းမှာ ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်းတွင် လိုအပ်သော်လည်း သင်တန်းသားများ ပါဝင်ဆွေးနွေးမှုနှင့် အင်တာနက် ဆက်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကြောင့် လူကိုယ်တိုင်တက်ရောက်သည့် သင်တန်းများထက် ထိရောက်မှု နည်းကြောင်း တွေ့ရှိရပါသည်။ သင်တန်း သင်ခန်းစာများအား ပိုမိုထိရောက်စေရန် ပြန်လည် ပြုပြင်ခဲ့ပြီး ကြိုတင်စီစဉ်ထားသည့် ရည်မှန်းချက်များ ပြီးစီးအောင်မြင်ခဲ့ပါသည်။ ၂၀၂၀ခုနှစ် ဒီဇင်ဘာလကုန်တွင် LIFT မှ သင်တန်း (၂၇) ကြိမ် ကျင်းပပေးခဲ့ပြီး FRD မှ ဝန်ထမ်းဦးရေ (၅၈၃) ဦးထံ ရောက်ရှိခဲ့ပါသည်။

MFI များနှင့် ၎င်းတို့၏ ဝန်ဆောင်မှုရယူသူများ ၏ ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုများ အသုံးပြုမှု တိုးမြှင့်လာခြင်းအတွက် ရည်ရွယ်၍ LIFT မှ ဒီဂျစ်တယ် ငွေကြေး ဝန်ဆောင်မှု (DFS) ပေးသူများထံမှ ဝန်ဆောင်မှုများ ရယူလျက်ရှိသည့် MFI များအတွက် ညွှန်ကြားချက်များဟု အမည်ရသည့် လမ်းညွှန်ချက်များအား FRDအတွက် ရေးသားပြုစုပေးခဲ့ပါသည်။

LIFT မှ MFI များ အနေဖြင့် FRD ၏ လိုက်နာရန် လိုအပ်သည့် အချက်များအား သဘောပေါက်နားလည်နိုင်ရန် ကူညီပံ့ပိုးမှုများ ထပ်မံ လိုအပ်ကြောင်း FRD အား အကြံပြုခဲ့ပါသည်။

**ဒီဂျစ်တယ် ငွေကြေး ဝန်ဆောင်မှုများ မြှင့်တင်ခြင်း**

ဒီဂျစ်တယ် ပလက်ဖောင်းများသည် အထူးသဖြင့် ကျေးလက်ဒေသနှင့် ဝေးလံခေါင်ဖျား ဒေသများတွင် နေထိုင်သူများထံသို့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ရောက်ရှိမှု တိုးမြှင့်ပေးပါသည်။ LIFT သည် ကျေးလက်ဒေသများရှိ ဝင်ငွေနည်း ပြည်သူများ အထူးသဖြင့် အမျိုးသမီးများအား ဦးတည်ရည်ရွယ်၍ ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုများ အသုံးပြုမှုနှင့် ရောက်ရှိမှု တိုးမြှင့်လာစေရေးတို့အတွက် မြှင့်တင်ပေးရန် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။


**တစ်ဦးချင်း အပ်ငွေ စာရင်း (IDA) အစီအစဉ်**

ရိုးမဘဏ်၏ IDA အစီအစဉ်သည် ရိုးမဘဏ် ၏ SMART အပလီကေးရှင်း အားအသုံးပြုခြင်း WAVE မိုဘိုင်းလ်ငွေစာရင်းများ နှင့် ငွေစာရင်းချင်း ချိတ်ဆက်ခြင်းတို့ဖြင့် ချေးငွေရရှိမှု မြှင့်တင်ရန် နှင့် စုငွေများစုရန် စည်းရုံးရန် အမျိုးသမီးများ နှင့် ကျေးလက်ဒေသ အိမ်ထောင်စုများအား ဦးတည် ဆောင်ရွက်ပါသည်။

ချဉ်းကပ်နည်းလမ်း နှစ်မျိုး အသုံးပြုပါသည် (၁) နှစ်ထပ်အပ်ငွေ– ရိုးမ ဘဏ်မှ ငွေအပ်နှံသူများမှ အပ်နှံသည့် IDA ရန်ပုံငွေများအား SMART ငွေစာရင်းများ နှင့် ချိတ်ဆက်ထားပါသည်။ အသုံးပြုနိုင်သည့် ငွေအပ်နှံသူများအနေဖြင့် IDA စုငွေ စာရင်းသို့ ကျပ် (၇၅,၀၀၀) (ကန်ဒေါ်လာ ၅၄) (သို့) ကျပ် (၁၅၀,၀၀၀) (ကန်ဒေါ်လာ ၁၀၈) အပ်နှံနိုင်ရန် ရွေးချယ်ခွင့် ရှိပါသည်။ ငွေများအား ၁၂ လအတွင်း ပြန်မထုတ်ပါက ဝန်ဆောင်မှု ရယူသူများ အနေဖြင့် မူရင်းအပ်ငွေ ပမာဏပေါ်မူတည်၍ ပမာဏတူ ထောက်ပံ့မှု ရန်ပုံငွေရယူရန် အရည်အချင်းပြည့်မီခြင်း နှင့် (၂) ကိုယ်ဝန်ဆောင်မိခင်မှစ၍ မွေးဖွားလာသော ကလေးအသက် နှစ်နှစ်ပြည့်သည်အထိ ငွေကြေး အထောက်အပံ့ပေးရေးအစီအစဉ် (MCCT) အကျိုး ခံစားခွင့်ရသူများသည် MCCT ထောက်ပံ့ငွေ ရသည့်အချိန်တွင် SMART အကောင့်များ ဖွင့်ခြင်းဖြစ်ပါသည်။ MCCT ထောက်ပံ့ငွေ ရရှိသူ များ ကိုလည်း အပ်ငွေနှင့် ပမာဏညီမျှသည့် ငွေကို ထုတ်ယူခွင့်ပြုပါသည်။ ငွေစာရင်းများတွင် (၁၂) လအထိ ဆက်လက်ရှိနေသည့် ငွေများ အတွက် (၈) ရာခိုင်နှုန်း အတိုးရရှိပါသည်။

ငွေအပ်သူများအနေဖြင့် ၎င်းတို့ အပ်နှံသည့် ငွေသား အာမခံပေါ်တွင် တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်း အတိုးဖြင့် သက်တမ်း တစ်လ မှ သုံးလအထိ ချေးငွေများ ရယူနိုင်ပါသည်။ ရန်ပုံငွေများအား မည်သည့် အရေးပေါ် လိုအပ်ချက်မဆိုအတွက် ထောက်ပံ့ပေးရန် ထားရှိပါသည်။

COVID–19 ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ဝန်ဆောင်မှုရယူသူများအား ကူညီပံ့ပိုးပေးရန် ရိုးမ ဘဏ်မှ MCCT ဝန်ဆောင်မှု ရယူသူများအား ကန်ဒေါ်လာ ၅၀ ထပ်မံ ပံ့ပိုးပေးခဲ့ပြီး ယင်းပမာဏအား ရိုးမဘဏ်မှ ငွေချေးရန်အတွက် ငွေသား အာမခံအဖြစ် အသုံးပြုနိုင်ပါသည်။ LIFT မှ အပ်ငွေ တစ်နှစ်သက်တမ်းအတွက် ရန်ပုံငွေများ ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ဝန်ဆောင်မှုရယူသူများမှ စုငွေ ပိုမို ထည့်ဝင်လေ ၎င်းတို့အနေ ဖြင့် နောက်ပိုင်းတွင် ချေးငှားနိုင်လေ ဖြစ်ပါသည်။




*ပုံ ၄.၁။ တစ်ဦးချင်း အပ်ငွေ စာရင်း (IDA) အစီအစဉ် ဖြုံငုံလေ့လာခြင်း*

IDA စီမံချက်မှ ကျေးလက်ဒေသများရှိ အမျိုးသမီးများအား အဓိကထား ဦးတည်ရည်ရွယ်ပြီး စီမံချက်မှ (၁၈,၈၂၄) ဦး (အမျိုးသမီး ၈၁%) ထံ ရောက်ရှိခဲ့ပါသည်။

၂၀၂၀ခုနှစ်အတွင်း အဓိကကျသည့် ပြီးစီးအောင်မြင်မှုမှာ ငွေအပ်သူများအနေဖြင့် ၎င်းတို့၏ ရိုးမဘဏ် ငွေစာရင်း နှင့် WAVE money ငွေစာရင်းတို့အား ဘဏ်ခွဲသို့ သွားရောက်ရန်မလိုဘဲ ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ပါသည်။ ရိုးမဘဏ်မှ ၂၀၂၀ခုနှစ် ပထမ နှစ်ဝက် အတွင်း ဝန်ဆောင်မှုရယူသူများအား ဒီဂျစ်တယ် ဝန်ဆောင်မှု စတင်အသုံးပြုရာတွင် လူကိုယ်တိုင်လာရောက်ရန် လိုအပ်သည့် တင်းကြပ်သည့် စည်းမျဉ်းစည်းကမ်းအချို့အား ကျော်လွှားနိုင်ခဲ့ပါသည်။ ရိုးမဘဏ်မှ တိုက်ရိုက် ပါဝင်ပတ်သက်ခြင်းမရှိသည့် တတိယအဖွဲ့များ မှတဆင့် ကူညီပေး၍ စတင်အသုံးပြုနိုင်ခွင့်ကို ဗဟိုဘဏ်မှ ရရှိခဲ့ပြီး LIFT နှင့် Opportunity Now တို့နှင့် မိတ်ဖက်ပြု၍ ဝန်ဆောင်မှု ရယူသူများ စတင်အသုံးပြုခြင်း နှင့် ဒီဂျစ်တယ်နည်းလမ်း အသုံးပြုခြင်းတို့တွက် လမ်းညွှန်ပေးခဲ့ပါသည်။ ၂၀၂၀ခု နှစ်ကုန်တွင် ဝန်ဆောင်မှုအသုံးပြုသူ (၁၈,၈၂၄) ဦးထံ ရောက်ရှိခဲ့ပြီး/ဝန်ဆောင်မှုကို စတင် အသုံးပြုခဲ့ကြပါသည်။ ယခုအခါ ရိုးမဘဏ် ဘဏ်ခွဲ အနီးတွင် နေထိုင်ခြင်းမရှိသည့် ကျေးလက်နေ ငွေအပ်နှံသူများအနေဖြင့် ၎င်းတို့၏ ငွေများအား ပုံမှန်ရိုးမဘဏ်ငွေစာရင်းများမှ ဒီဂျစ်တယ် နည်းပညာဖြင့် ရွှေ့ပြောင်းလိုပါက ၎င်းတို့ ကျေးရွာများရှိ WAVE money ကိုယ်စားလှယ် ကွန်ရက်ကို အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။ သို့ဖြင့် ငွေအပ်သူများ၏ အချိန်နှင့် ရင်းမြစ်များအား ချွေတာနိုင်ပြီး ရိုးမဘဏ်မှ ကျေးလက်ဒေသများတွင် ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိမှု နှင့် ချဲ့ထွင်နိုင်မှု တို့အား ကြီးကြီးမားမား ပံ့ပိုးပေးပါသည်။

| ဝန်ဆောင်မှုများ | SMART ငွေစာရင်းများ | ထုတ်ပေးခဲ့သည့် ပမာဏ (ကျပ် ဘီလျံပေါင်း ) | စုဆောင်းခဲ့သည့် ပမာဏ (ကျပ် ဘီလျံပေါင်း ) |
|---|---|---|---|
| **နှစ်ထပ်အပ်ငွေ အစီအစဉ်** | ၈,၇၀၉ | ၁.၃ | ၁.၃ |
| **MCCT** | ၁၀,၁၁၅ | ၂ | မရနိုင်ပါ |
| **စုစုပေါင်း** | ၁၈,၈၂၄ | ၃.၄ | ၁.၃ |

*ဇယား ၄.၇။ ၂၀၂၀ နှစ် IDA စွမ်းဆောင်ရည်*

ရိုးမ ဘဏ်သည် ဘဏ်စာရင်း (၁၈,၈၂၄) ခု ဖွင့်ပေးခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် ကာလတိုး အပ်နှံငွေမှာ မြန်မာကျပ်ငွေ ၄၆၈ သန်း (ကန်ဒေါ်လာ ၃.၄ သန်း) ရှိခဲ့ပြီး ယင်းတို့ အနက်မှ မြန်မာကျပ်ငွေ (၃၃၈) သန်း (ကန်ဒေါ်လာ ၂.၄ သန်း) အား LIFT မှရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။ ငွေစာရင်းတစ်ခုစီချင်းစီ၏ ပျမ်းမျှ ပမာဏမှာ မြန်မာကျပ်ငွေ (၁၄၈,၉၄၉) (ကန်ဒေါ်လာ ၁၀၇) ဖြစ်ပါသည်။





**ဒီဂျစ်တယ် ငွေကြေးဆိုင်ရာ စိန်ခေါ်မှုများ**

ဒီဂျစ်တယ်နှင့် ငွေကြေးဆိုင်ရာ အသိပညာများ အဆင့်နိမ့်ကျခြင်းသည် ဒီဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးချဲ့ရန်အတွက် အတားအဆီး ဖြစ်နေဆဲဖြစ်ပါသည်။ ဒီဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများသည် ဝန်ဆောင်မှုရယူသူများအား ဒီဂျစ်တယ် နည်းပညာ အသုံးပြုရာတွင် သက်တောင့်သက်သာ ဖြစ်စေပြီး ၎င်းတို့၏ စမတ်ဖုန်းများဖြင့် ဝန်ဆောင်မှုများ လွယ်လွယ်ကူကူ လက်လှမ်းမီပြီး အသုံးပြုနိုင်စေပါသည်။ ငွေအပ်သူများသည် WavePay နှင့် Yoma မိုဘိုင်းဖုန်းအပ်ပ်များ ဒေါင်းလုတ်လုပ်ရန်အတွက် ကျွမ်းကျင်မှုမရှိသဖြင့် အကူအညီလိုအပ်ပြီး ဘဏ်စာရင်းချင်းချိတ်ဆက်သည့် လုပ်ငန်းစဉ် လုပ်ဆောင်ရန် နှင့် လက်ကျန်ငွေ စစ်ဆေးခြင်း နှင့် ငွေလွှဲခြင်း အပါအဝင် မိုဘိုင်းလ်အပ်ပ် အသုံးပြုပုံ နည်းလမ်းများ၏ အဓိက လုပ်ဆောင်ချက်များ အသုံးပြုရန်အတွက် အကူအညီလိုအပ်ပါသည်။ ယင်းမှာ ကွင်းဆင်းဝန်ထမ်းများ မှ ဒီဂျစ်တယ် သင်တန်းပို့ချပေးရန် ကွင်းဆင်းဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု များများစားစားလိုအပ်ပြီး အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကနဦး စတင်အသုံးပြုသည်မှ အကူအညီပေးသည့် ကဏ္ဍပြီးစီးသွားသည့်တိုင် နည်းပညာအသုံးပြု ခြင်းနှင့် ပတ်သက်၍ မည်မျှ သက်တောင့်သက်သာ ရှိသည်ဆိုသည်မှာ သဲသဲကွဲကွဲ မရှိပါ။

အလားတူပင် ငွေကြေးဆိုင်ရာ အသိပညာသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်နိုင်ပြီး ဒီဂျစ်တယ် ချေးငွေကဲ့သို့ ရှုပ်ထွေး ခက်ခဲသည့် ဝန်ဆောင်မှုများသည် သမားရိုးကျ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကိုသာ အသုံးပြုလေ့ရှိသူများ (သို့) အတွက် ဝန်ဆောင်မှုများ ပထမဆုံးအကြိမ် အသုံးပြုသူများအား မဝံ့မရဲ ဖြစ်စေပါသည်။ ဒီဂျစ်တယ်နှင့် ငွေကြေးဆိုင်ရာ အသိပညာသည် ဒီဂျစ်တယ်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား တိုးချဲ့ရာတွင် အရေးကြီးပါသည်။

ကျေးလက် နှင့် မြို့ပြ အခြေအနေများတွင် မတည်ငြိမ်သည့် အင်တာနက် ချိတ်ဆက်မှုကလည်း ဒီဂျစ်တယ် ငွေကြေး စတင်အသုံးပြုခြင်းအတွက် စိန်ခေါ်မှုများ ဖြစ်စေခဲ့ပါသည်။ နောက်ထပ် စိန်ခေါ်မှုတစ်ခုမှာ ကျေးလက် အိမ်ထောင်စုများသည် များသောအားဖြင့် အိမ်ထောင်စုဝင်များသုံးရန် စမတ်ဖုန်း တစ်လုံးသာရှိပြီး လူများက မကြာခဏဆိုသလို ဖုန်းနံပါတ်များ ပြောင်းကိုင်တတ်ကြသဖြင့် ရိုးမဘဏ် ဝန်ထမ်းများ(သို့) ၎င်းတို့၏ ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဝန်ဆောင်မှုရယူသူများအား ယုံကြည်စိတ်ချစွာ ဆက်သွယ်ရန် ခက်ခဲလျက် ရှိပါသည်။

**ကျေးလက်နေ အမျိုးသမီးများအတွက် ဒီဂျစ်တယ် ငွေကြေး အစီအစဉ်**

LIFT မှ ရှမ်းပြည်နယ် မြောက်ပိုင်း နှင့် တောင်ပိုင်း၊ အပူပိုင်းဇုန်၊ မွန်၊ ကချင်နှင့် ကရင်ပြည်နယ်များအား လွှမ်းခြုံသည့် ကျေးလက်နေ အမျိုးသမီးများအတွက် ဒီဂျစ်တယ် ငွေကြေး အစီအစဉ် အစပြုရန် ရိုးမဘဏ်နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ဤအစီအစဉ်မှ ကျေးလက်နေ ဝင်ငွေနည်းအမျိုးသမီးများအား ဒီဂျစ်တယ်နည်းလမ်းဖြင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိစေရန် နှင့် ၎င်းတို့၏ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမို တိုးတက်ကောင်းမွန်စေရန် သင်တန်းများပို့ချပေးခြင်းတို့ဖြင့် ပံ့ပိုးပေးပါသည်။ ဝန်ဆောင်မှုအသုံးပြုသူထံမှ အပ်ငွေအပ်ထားရန် မလိုအပ်ပါ။ ဒီဂျစ်တယ် ဝန်ဆောင်မှုများအား ငွေပေးငွေယူကိစ္စများအတွက် ကုန်ကျစရိတ် မြင့်မားခြင်းကို လျှော့ချရန် နှင့် ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေ ပြည်သူများအား တရားဝင် ငွေကြေးစနစ် အတွင်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာနိုင်မှုကို အဟန့်အတား ဖြစ်စေသည့် ဝန်ဆောင်မှုများအသုံးပြုရန် ဘဏ်ခွဲသို့ ငွေအပ်သူများအနေဖြင့် လူကိုယ်တိုင်လာရောက်ရန်လိုအပ်ကို လျှော့ချရန် ရည်ရွယ် ပါသည်။

ကျေးလက်နေ အမျိုးသမီးများအတွက် ဒီဂျစ်တယ် ငွေကြေး အစီအစဉ်၏ အကျိုးခံစားခွင့်ရှိသူများသည် ရိုးမ၏ SMART နှင့် WAVE Pay အကောင့်များ/ စာရင်းများအား ၎င်းတို့၏ မိုဘိုင်းလ်ဖုန်းများမှ လက်လှမ်းမီ အသုံးပြုနိုင် သဖြင့် ဘဏ်ခွဲသို့ သွားရောက်ရန်မလိုဘဲ ငွေစာရင်း အချင်းချင်း ဒီဂျစ်တယ် နည်းပညာဖြင့် ငွေလွှဲနိုင်ပြီ ဖြစ်ပါသည်။

SMART Credit အကြွေး ဝန်ဆောင်မှုရယူသူများသည် (၁၂) လတာ ကာလအတွင်း ချေးငွေစက်ဝန်း သုံးခုတွင် ချေးငွေ ပမာဏ ကန်ဒေါ်လာ (၃၀၀) အထိ ရယူနိုင်ကာ လစဉ် ပမာဏတူအား အရစ်ကျ ပြန်ဆပ်ခြင်းဖြင့် နှစ်တိုးတွင် (၁၄.၅) ရာခိုင်နှုန်းရရှိပြီး ၎င်းတို့အနေဖြင့် ထိုငွေကို WAVE Pay အကောင့်သို့ ဒီဂျစ်တယ်နည်းပညာဖြင့် ငွေလွှဲပြီးနောက် နီးစပ်ရာ WAVE ကိုယ်စားလှယ် ထံမှ ထုတ်ယူနိုင်ပါသည်။ အရည်အချင်း ပြည့်မီသည့် ကျေးလက် အမျိုးသမီးများသည် ယင်းတို့၏ SMART အပ်ငွေစာရင်းသို့ ကန်ဒေါ်လာ (၁၀၀) ကာလတို အပ်ငွေအား နှစ်နှစ်တာ ကာလအတွင်း ထုတ်ယူနိုင်ခြင်းမရှိဘဲ တစ်နှစ်လျှင် သတ်မှတ်အတိုးနှုန်း (၂)ရာခိုင်နှုန်းဖြင့် ထည့်ပေးသည်ကို လက်ခံရရှိပြီး ၎င်းငွေအား SMART အကောင့်နှင့် WAVE အကောင့်အပြင် SMART Credit ချေးငွေအဖြစ် အသုံးပြု နိုင်ပါသည်။

၂၀၂၀ ခုနှစ် ပထမနှစ်ဝက်တွင် ရိုးမဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလအတွင်း IDA စိန်ခေါ်မှု များမှ သင်ယူလေ့လာ ခဲ့သည်များနှင့် COVID-19 ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများအား ထင်ဟပ်စေရန် စီမံချက် ချဉ်းကပ်နည်းလမ်းအား ပြန်လည် ပြင်ဆင်ခဲ့ပါသည်။ သင်ယူခဲ့သည်များတွင် အောက်ပါတို့ ပါဝင်ပါသည်–

» စီမံချက် ဝန်ထမ်းများမှ ဝန်ဆောင်မှုရယူသူများ၏ စမတ်ဖုန်းများအား ရိုးမဘဏ်၏ WAVE အပ်ပလီကေးရှင်း အသုံးပြုနိုင်ရန် နည်းပညာအရ ကိုက်ညီမှု ရှိမရှိ သေချာစေခြင်း.
» ဝန်ဆောင်မှု အသုံးပြုသူများအတွက် သီးခြားရည်ရွယ် စီစဉ်ထားသည့် ငွေကြေးဆိုင်ရာ အသိပညာ သင်တန်း (လုပ်ငန်းခွင် တည်နေရာ၌ နှင့် ဒီဂျစ်တယ် နည်းလမ်းဖြင့်)၊ ဒီဂျစ်တယ် သင်တန်း နှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာ သင်တန်းများ ရရှိခြင်း
» ရိုးမဘဏ်မှ LIFT နှင့် ဆက်လက် လက်တွဲ၍ ဝန်ဆောင်မှုအသုံးပြုသူများ စတင်အသုံးပြုရန်အတွက် ကွင်းဆင်းဆောင်ရွက်ခြင်း နှင့် Opportunity Now နှင့် လက်တွဲ၍ ငွေကြေးဆိုင်ရာ ဒီဂျစ်တယ် အသိပညာ သင်တန်းပေးခြင်း

၂၀၂၀ ခုနှစ် ဒီဇင်ဘာလအကုန်တွင် စီမံကိန်းသည် ဖေ့စ်ဘုတ်ကဲ့သို့သော လက်ရှိ လူမှုမီဒီယာ ပလက်ဖောင်းကို အသုံးပြု၍ အွန်လိုင်းမှ သင်ကြားပို့ချပေးခဲ့ပြီး ဝန်ဆောင်မှု ရယူသုံးစွဲသူ (၁,၅၂၈) ဦးထံ ရောက်ရှိခဲ့ပါသည်။

COVID–19 ကပ်ရောဂါမှ ၂၀၂၀ ခုနှစ်တွင် ဝန်ဆောင်မှု ရယူသုံးစွဲမည့်သူများ စတင်သုံးစွဲနိုင်ရန် အကူအညီပေးသည့် အစီအစဉ်အား အနှောင့်အယှက်ဖြစ်စေခဲ့သောကြောင့် စီမံကိန်းမှ ဦးတည်ရည်ရွယ်ထားသူများထံ ရောက်ရှိမှုအား ထိခိုက်စေခဲ့ပါသည်။

ရိုးမဘဏ်သည်လည်း ယင်း၏စနစ်များနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ခဲ့ပါသည်။ ဤအခက်အခဲအား လက်ရှိ Wave Pay နှင့် ရိုးမဘဏ် SMART ငွေစာရင်း နှစ်မျိုးလုံး ရှိသူများအတွက် အဆိုပါ ငွေစာရင်းများအား ဒီဂျစ်တယ် နည်းပညာဖြင့် အလွယ်တကူ ချိတ်ဆက်နိုင်ခဲ့ပြီး ငွေလွှဲပြောင်းခြင်းအား လုပ်ဆောင်နိုင်ခဲ့ခြင်းဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါသည်။

**MFI မိတ်ဖက် အဖွဲ့အစည်းများမှ ဒီဂျစ်တယ်စနစ် ငွေကြေးဆိုင်ရာ ဆန်းသစ် ပြောင်းလဲမှုများအား မြှင့်တင်ခြင်း**

LIFT ၏ MFI မိတ်ဖက် အဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုတွင် ထိရောက်စွာ စွမ်းဆောင်နိုင်မှု တိုးတက်ကောင်းမွန်စေရန်၊ ပဋိပက္ခဒဏ်ခံ ဒေသများတွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်ရာ၌ ဆုံးရှုံးရနိုင်ချေ အန္တရာယ်များအား လျှော့ပါးသက်သာစေရန် ဝန်ဆောင်မှု ရယူသုံးစွဲသူများအား ကွင်းဆင်း အထောက်အကူပေးမှု တိုးတက်လာစေရန်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ရန်တို့အတွက် ဒီဂျစ်တယ်စနစ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုခြင်းအား မြှင့်တင်ပေးခြင်း၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြပါသည်။

**Proximity အသေးစား ငွေရေးကြေးရေး လုပ်ငန်း**

Proximity သည် ယင်း၏ လက်ကိုင်ဖုန်းမှ ငွေကြေးဝန်ဆောင်မှုများ အသုံးပြုသည့်စနစ် (Mobile Money) ၏ ရှေ့ပြေး စမ်းသပ်မှုကို ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် စတင်လုပ်ဆောင်ခဲ့ပြီး ချေးငွေ အတိုးကောက်ယူရာတွင် ဒီဂျစ်တယ်စနစ်ဖြင့် ပေးချေမှုပေါင်း (၃၅,၀၀၀)ကျော်အား Ongo Mobile ငွေကြေးဝန်ဆောင်မှုနှင့်အတူ ကောက်ယူခဲ့ပြီး ဖြစ်ပါသည်။ Proximity သည် လက်ကိုင်ဖုန်း များမှတဆင့် ငွေပေးချေမှုများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိခဲ့သောကြောင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ အပါအဝင် အခြားရုံးခွဲများ၌ ဤအစီအမံအား စတင်လုပ်ဆောင်ရန် အစီအစဉ် ရေးဆွဲခဲ့ပါသည်။

**VisionFund Myanmar အသေးစား ငွေရေးကြေးရေး လုပ်ငန်း**

VFM သည် Musoni Cloud စနစ်အား အသုံးပြုပြီး VFM ၏ ပင်မဘဏ် လုပ်ငန်းစနစ်နှင့် ချိတ်ဆက်ကာ ကွင်းဆင်း ဆောင်ရွက်နိုင်သည့် ဒီဂျစ်တယ်စနစ် အပလီကေးရှင်းအသုံးပြု၍ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ MFI ဝန်ထမ်းများမှ ပဋိပက္ခဒဏ်ခံ ဒေသများနှင့် ဝေးလံခေါင်သီသည့် ဒေသများမှ ဝန်ဆောင်မှု ရယူသုံးစွဲသူများနှင့် တွေ့ဆုံရာတွင် အခက်အခဲ ရှိနိုင်သောကြောင့် ချေးငွေ လျှောက်ထားခြင်း၊ ချေးငွေထုတ်ပေးခြင်း များနှင့် ပြန်လည်ပေးဆပ်ခြင်းများအတွက် VFM ၏ လုပ်ငန်းလည်ပတ်မှုများ စဉ်ဆက်မပြတ် လုပ်ဆောင် နိုင်ရန် အတွက် ကူညီပံ့ပိုးပေးရန် ဖြစ်ပါသည်။

VFM မှ ချေးငွေပြန်ဆပ်ခြင်းများကို MPT Money အပလီကေးရှင်းမှတဆင့် ရှေ့ပြေးစမ်းသပ်မှုကိုလည်း အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပါပြီး ၎င်း၏ ရုံးခွဲများအားလုံးတွင် စတင် လုပ်ဆောင်ခဲ့ပါသည်။ ဒီဇင်ဘာလအထိ ချေးငွေ ပြန်လည် ပေးဆပ်မှုများ အားလုံး၏ (၁၃%) (သို့မဟုတ် ၁၇,၇၁၁ ကြိမ်) အား Mobile Money မှတဆင့် ပြုလုပ်နိုင်ခဲ့ခြင်းဖြင့် တစ်လထက်တစ်လ ပုံမှန် တိုးတက်အသုံးပြုလာကြောင်း ပြသခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်တွင် (၂%) တိုးတက်ခဲ့သည်ဟု မှတ်တမ်းတင်ခဲ့ပါသည်။

VFM ၏ ဒီဂျစ်တယ်စနစ်ဖြင့် ချေးငွေ ပြန်ဆပ်သည့် စနစ်သည် စွမ်းဆောင်နိုင်မှု Mobile Money ကိုယ်စားလှယ် များအကြား အီလက်ထရွန်နစ် ငွေကြေးဖြင့် ငွေဖြစ်လွယ်မှု၊ အချို့ မြို့နယ်များတွင် ကိုယ်စားလှယ် အရေအတွက်၊ နားလည်သဘောပေါက်မှု၊ ဝန်ဆောင်မှု ရယူသူများ မှ ဒီဂျစ်တယ်စနစ် အသုံးပြုသည့် လုပ်ငန်းစဉ်ကို အသုံးပြုနိုင်မှု တို့တွင် အကန့်အသတ်များ ရှိနေခြင်း အပါအဝင် စိန်ခေါ်မှု အချို့အား ကြုံတွေ့ ခဲ့ပါသည်။

လက်ရှိ VFM လုပ်ငန်းဆောင်ရွက်နေသည့် ဒေသများအားလုံးတွင် မိုဘိုင်းလ်အပလီကေးရှင်းမှတဆင့် ချေးငွေများ ပြန်လည်ပေးဆပ်မှုအတွက် လုပ်ကိုင်ခွင့် လိုင်စင် လျှောက်ထားခဲ့သော်လည်း မိုဘိုင်းလ် လမ်းကြောင်းများမှတဆင့် ချေးငွေ ထုတ်ပေးခြင်းများ လုပ်ဆောင်ရန်အတွက် FRD မှ အတည်ပြုချက်ရယူသည့် လုပ်ငန်းစဉ်များမှာ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

**စိုက်ပျိုးစီးပွား ငွေကြေးဆိုင်ရာ အစီအစဉ် (AFP)**

LIFT သည် ကျေးလက် စီးပွားရေးလုပ်ငန်းရှင်များအား လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရာတွင် ငွေကြေးပံ့ပိုးပေးရန်အတွက် ရိုးမဘဏ်နှင့်အတူ စိုက်ပျိုးစီးပွား ငွေကြေးပံ့ပိုးမှု အစီအစဉ်ကို ၂၀၁၆ ခုနှစ်တွင် စတင် မိတ်ဆက်လုပ်ဆောင်ခဲ့ပါသည်။ LIFT ၏ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ် တစ်စိတ်တစ်ပိုင်း အတွက် အာမခံပေးသော ကန်ဒေါ်လာ(၉)သန်း ရင်းနှီးမြှုပ်နှံမှုမှ ကျေးလက်ဒေသများတွင် ဤကဲ့သို့သော ချေးငွေ အမျိုးအစားမျိုးအား ရိုးမဘဏ်မှ ထုတ်ချေးလာစေရန် ဆွဲဆောင်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ကျေးလက် ငွေကြေး ဝန်ဆောင်မှုများ ပိုမိုပေးအပ်နိုင်ရန်အတွက် တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။





**AFP ၏ အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူခြင်း**

LIFT သည် ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်များ၏ တစ်စိတ်တစ်ပိုင်းအား အာမခံပေးသည် သာမက တောင်သူ များနှင့် ကျေးလက်စီးပွားရေး လုပ်ငန်းရှင်များမှ လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူရာတွင် ၎င်းတို့အနေဖြင့် အလွယ်တကူ ပေးဆပ်နိုင်မည့် ချေးငွေ စည်းကမ်းချက်များ၏ ဒီဇိုင်းပုံစံ ရေးဆွဲရန်အတွက် ရိုးမဘဏ်နှင့် ပူးပေါင်း လုပ်ဆောင်ခဲ့ပါသည်။ လိုအပ်သည့် စပေါ်ငွေအား (၃၀%) မှ (၁၀%) အထိ လျှော့ချပေးခဲ့ပြီး ချေးငွေ သက်တမ်းအား တနှစ်မှ သုံး နှစ်သို့ တိုးမြှင့် ပေးခဲ့ပါသည်။

စီမံကိန်း သက်တမ်းတလျှောက်လုံးမှ ရရှိခဲ့သည့် ရလဒ်များမှာ ရည်မှန်းချက်များထက် များစွာသာလွန် ကောင်းမွန်အောင် စွမ်းဆောင် နိုင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလအကုန်တွင် မြန်မာကျပ်ငွေ (၂၅၂) ဘီလီယံ (ကန်ဒေါ်လာ ၁၈၁ သန်း) တန်ဖိုးရှိသည့် လယ်ယာ စိုက်ပျိုးရေး သုံး စက်ကိရိယာများအတွက် ငွေကြေးထောက်ပံ့ခဲ့ပါသည်။ ငွေကြေး ထောက်ပံ့မှုပေးခဲ့သည့် စက်ကရိယာ (၈,၅၄၈)ခုတွင် လယ်ထွန်စက် (၅,၅၂၃) စီး၊ ရိတ်သိမ်းခြွေလှေ့စက် (၁,၂၈၄) ခု၊ ထွန်ယက်ပေါင်းသင်စက် (၄၁၆)ခုနှင့် သယ်ယူပို့ဆောင်ရေးယာဉ် (၁,၃၂၅) စီး ပါဝင်ပါသည်။

AFP စီမံကိန်း ပထမနှစ်တွင် ပြန်ပေးဆပ်ရန် အချိန်တန်သည့် ချေးငွေမရှိသဖြင့် ရရန်ချေးငွေ ဆုံးရှုံးနိုင်ချေ/ မပြေကျန်ငွေ (PAR)မှာ အလွန်နည်းပါးခဲ့ပါသည်။ “ရိုးမဘဏ်သည် LIFT မှ ပံ့ပိုးပေးသည့် ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်များအတွက် တစ်စိတ်တစ်ပိုင်း အာမခံ (ကြွေးဆုံး လျာထားငွေ)မှ ထုတ်ယူခဲ့ခြင်း မရှိခဲ့ပါ။ အရစ်ကျငွေချေသည့် စနစ်ဖြင့် ပေးအပ်သည့်ချေးငွေ သက်တမ်းစေ့သည့်အခါ၌ PAR မြင့်တက်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် စက်တင်ဘာလအကုန်တွင် AFP အရစ်ကျငွေချေစနစ် အထူးသီးသန့် ငွေစာရင်းမှ ကန်ဒေါ်လာ (၁.၄) သန်း (မြန်မာကျပ်ငွေ ၂ ဘီလီယံ) အား စာရင်းမှ ပယ်ဖျက်ခဲ့ပါသည်။ (ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်များ၏ တစိတ်တပိုင်းအား အာမခံပေးသည့် ရန်ပုံငွေ စုစုပေါင်း၏ ၁၆%) LIFT ၏ ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ (၉)သန်းမှ စိုက်ပျိုးရေး လုပ်ငန်းသုံး စက်ကိရိယာများ အရစ်ကျငွေချေသည့် စနစ်ဖြင့် ဝယ်ယူသည့် ချေးငွေများအတွက် ရိုးမ ဘဏ်မှ ပုဂ္ဂလိက ကဏ္ဍ အရင်းအနှီး ကန်ဒေါ်လာ (၁၅၂)သန်း ထည့်ဝင်စေရန်အတွက် တွန်းအား ပေးခဲ့ပါသည်။

| နှစ် | ဝန်ဆောင်မှု ရယူသုံးစွဲသူ အရေအတွက် | စက်ကိရိယာ ဈေးနှုန်း (ကန်ဒေါ်လာ–သန်း) | HP ချေးငွေ ပမာဏ (ကန်ဒေါ်လာ–သန်း) | အပြည့်အဝ ပြန်လည် ပေးဆပ်သည့် ဝန်ဆောင်မှု ရယူသုံးစွဲသူ အရေအတွက် | ချေးငွေပြန်လည် ပေးဆပ်ခဲ့သည့် ပမာဏ (ကန်ဒေါ်လာ–သန်း) | ချေးငွေပြန်လည် ရရှိရန် ကျန်ရှိနေသည့် ပမာဏ (ကန်ဒေါ်လာ–သန်း) |
|---|---|---|---|---|---|---|
| ၂၀၁၆ | ၂,၉၇၄ | ၅၆ | ၄၄ | ၀ | ၄ | ၄၀ |
| ၂၀၁၇ | ၂,၁၅၃ | ၅၀ | ၄၃ | ၂၅၇ | ၂၄ | ၅၉ |
| ၂၀၁၈ | ၁,၄၀၃ | ၃၃ | ၂၈ | ၂,၃၈၀ | ၃၄ | ၄၉ |
| ၂၀၁၉ | ၁,၂၀၅ | ၂၆ | ၂၂ | ၁,၄၂၆ | ၂၆ | ၄၂ |
| ၂၀၂၀ | ၈၁၃ | ၂၁ | ၁၇ | ၁,၀၉၂ | ၂၀ | ၄၃ |
| စုစုပေါင်း | ၈,၅၄၈ | ၁၈၅ | ၁၅၅ | ၅,၁၅၅ | ၁၀၇ | ၄၃ |

*ဇယား ၄.၈။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ AFP အရစ်ကျငွေချေသည့် စနစ်ဖြင့် ဝယ်ယူခဲ့သည့် ရင်းနှီး မြှုပ်နှံမှု အစုစု*


**အာမခံထက် ချေးငွေတန်ဖိုးမြင့်မားသည့် ချေးယူမှုအား အားပေး အထောက်အကူပြုခြင်း**

AFP သည် စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက်တွင် လှုပ်ရှား ဆောင်ရွက်မှုများအတွက် ချေးငွေ တန်ဖိုးထက် အာမခံ တစ်ဝက်သာရှိသည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် ချေးငွေများကိုလည်း အားပေးအထောက်အကူ ပြုပါသည်။

ရိုးမဘဏ်သည် အမျိုးမျိုးသော တန်ဖိုးမြှင့် ကွင်းဆက်များအား ကူညီပံ့ပိုးပေးသည့် အာမခံထက် ချေးငွေ တန်ဖိုး မြင့်မားသည့် ငွေချေးမှုများနှင့်အတူ စိုက်ပျိုးရေး ပစ္စည်းရောင်းချသည့် ကုန်သည်၊ သွင်းအားစုပေးသွင်းသူ၊ မွေးမြူရေးနှင့် သီးနှံထုတ်လုပ်မှုအတွက် တဆင့်ခံပြန်လည် ရောင်းချပေးသူ (၃၇၅)ဦးထံ ရောက်ရှိခဲ့ပါသည်။ ဥပမာ အားဖြင့် စိုက်ပျိုးရေး သွင်းအားစုများအတွက် တန်ဖိုးမြှင့်ကွင်းဆက် ဖြစ်ပါသည်။ ကုန်ပစ္စည်း ပေးသွင်းသည့် ကုန်သည်ကြီးများသည် ထုံးစံအတိုင်း တောင်သူများအတွက် ကုန်ပစ္စည်း ဖြန့်ဖြူးပေးသူများအဖြစ် ဆောင်ရွက် ပေးသူများဖြစ်သည့် ကိုယ်စားလှယ် ကွန်ရက်မှတဆင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်ပါသည်။ မျိုးစေ့များ၊ ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများအား အဆိုပါ ဖြန့်ဖြူးပေးသူများထံ အကြွေးရောင်းချပေးပြီး၊ ၎င်းတို့မှတဆင့် တောင်သူများထံ အကြွေးရောင်းချပေးပါသည်။ ငွေကြေး ထောက်ပံ့မှု မရရှိပါက အရည်အသွေးမြင့် သွင်းအားစုများအား လက်လှမ်းမီ ရယူနိုင်သည့် တောင်သူများမဟုတ်လျှင် ရယူနိုင်ခြင်း မရှိသည့် တောင်သူများအား ဖယ်ထုတ်လိုက်ခြင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ပုံစံအရ ကွင်းဆက်တစ်ခုလုံး ကြီးထွားနိုင်မည့် အလားအလာကို အကန့်အသတ် ဖြစ်စေပါသည်။ အဆိုပါ ချို့ယွင်းချက်များအား ဖြေရှင်းရန်အတွက် ရိုးမဘဏ်သည် သွင်းအားစု ပေးသွင်းသူများ၏ အပေါ်၌ ရှိနေသည့် အရောင်းကိုယ်စားလှယ်များ၏ အရောင်းလက်ခံ ဖြတ်ပိုင်းများအပေါ် မူလတန်ဖိုးထက် ဈေးလျှော့ပေးခြင်းဖြင့် စနစ်အတွင်းသို့ ငွေဖြစ်လွယ်မှုအား ဖြည့်သွင်းပေးပါသည်။ အလားတူပင် ဤချေးငွေ မှ သွင်းအားစု ပေးသွင်းသူများ၏ အရောင်း အားတက်စေနိုင်ခဲ့ပြီး ရလဒ်အနေဖြင့် ပိုမိုကြီးမားသည့် ပမာဏမှာ

တောင်သူများ/ ထုတ်လုပ်သူများထံ စီးဆင်းရောက်ရှိစေသည့် ရလဒ်အား ရရှိပါသည်။ ပေးသွင်းသူ တဦးချင်းစီအတွက် ရိုးမဘဏ်မှ အကြွေးအတွက် စျေးလျှော့ပေးမည့် ရွေးချယ်ထားသော ရရန်ရှိ အရောင်းကိုယ်စားလှယ် အရေအတွက်အား အတည်ပြုပေးပါသည်။ ချေးငွေမှတဆင့် အရောင်းကိုယ်စားလှယ်၏ သွင်းအားစု ပေးသွင်းသူများထံ ပေးရန်ရှိသည့် တာဝန်များအား အခြေခံအားဖြင့် ဘဏ်မှငွေကြေး စိုက်ထုတ် ပေးပါသည်။ ဤသည်မှ ပေးသွင်းသူများသည် အရောင်းကိုယ်စားလှယ်များထံ အကြွေးဖြင့် ပိုမိုရောင်းချပေးရန် ခွင့်ပြုပေးခဲ့ပြီး အပြန်အလှန်အားဖြင့် အရောင်းကိုယ်စားလှယ်များသည် ၎င်းတို့၏ တောင်သူများထံ ပိုမိုရောင်းချပေးနိုင်မည် ဖြစ်ပါသည်။

တန်ဖိုးမြင့်ကွင်းဆက်၏အပေါ်၌ ရရန်ရှိသည်များနှင့် ကုန်လက်ကျန်တို့အား စျေးလျှော့ပေးခြင်းဖြင့် ခန့်မှန်းခြေ တောင်သူ စုစုပေါင်း (၃၅,၄၇၅)ဦးသည် ၎င်းတို့၏ စိုက်ပျိုးရေးသွင်းအားစုများကို အကြွေးဝယ်ယူရရှိနိုင်မှု တိုးတက်လာခြင်းဖြင့် သွယ်ဝိုက်၍ အကျိုးကျေးဇူး ခံစားရပါသည်။





*ပုံ ၄.၂။ စျေးလျှော့ပေးသည့် ရရန်ရှိငွေစာရင်းများအတွက် ငွေကြေး ထောက်ပံ့မှုတွင် အကြွေးစီးဆင်းပုံ*

၂၀၂၀ ခုနှစ် စက်တင်ဘာလအကုန်၌ ရရန်ရှိသည့် ချေးငွေလက်ကျန် ပမာဏမှာ မြန်မာကျပ်ငွေ (၁၁.၁) ဘီလီယံ (ကန်ဒေါ်လာ ၈ သန်း) ဖြစ်ပါသည်။ ဤသည်မှာ လည်ပတ်နေသည့် ကိန်းဂဏန်း ဖြစ်သောကြောင့် စုစုပေါင်း ချေးပေးထားသည့် ရန်ပုံငွေ ထောက်ပံ့မှု (နှင့် ပြန်လည် ပေးဆပ်ခြင်း) သည် ပို၍ များပြားပါသည်။

| နှစ် | ချေးငှားသူများအတွက် အများဆုံး ကန့်သတ်ထားသည့် ပမာဏ (မြန်မာကျပ်-သန်းပေါင်း) | ကုန်လက်ကျန်/ ရရန်ရှိသည့် တန်ဖိုး (မြန်မာကျပ်-သန်းပေါင်း) | စုစုပေါင်း ပေးရန် ကျန်သည့် ပမာဏ (မြန်မာကျပ်-သန်းပေါင်း) | ခန့်မှန်းချေ ရောက်ရှိခဲ့သည့် တောင်သူ အရေအတွက် |
|---|---|---|---|---|
| ၂၀၁၇ | ၁,၅၀၀ | ၁,၂၆၄ | ၁,၂၁၀ | ၁,၁၃၀ |
| ၂၀၁၈ | ၉,၅၀၀ | ၁၉,၄၄၃ | ၉,၁၀၇ | ၂၀,၃၃၀ |
| ၂၀၁၉ | ၂၀,၆၄၃ | ၃၂,၂၉၇ | ၁၈,၃၄၄ | ၃၅,၀၀၀ |
| ၂၀၂၀ | ၁၁,၅၅၆ | ၁၅,၉၅၈ | ၁၁,၁၃၀ | ၃၅,၄၇၅ |

*ဇယား ၄.၉။ ၂၀၁၇-၂၀၂၀ အတွင်း AFP မှ ထုတ်ချေးပေးထားသည့် အာမခံထက် တန်ဖိုးမြင့်မားသည့် ချေးငွေ*

**အာမခံထက် ချေးငွေတန်ဖိုးမြင့်မားသည့် ချေးယူခြင်း – ပေးရန်ရှိသည်များအတွက် ငွေကြေးထောက်ပံ့မှု**
ရိုးမဘဏ်၏ သွင်းအားစုပေးသွင်းသူများထံ ပေးချေမှုအား ငွေကြေးထောက်ပံ့သည့်ဝန်ဆောင်မှုသည် တောင်သူများထံ ပေးသွင်းသူများ၏ ပစ္စည်းများအား ဖြန့်ဖြူး ရောင်းချပေးသည့် အရောင်းကိုယ်စားလှယ်များအား ငွေကြေး ထောက်ပံ့ပေးခြင်း ဖြင့်နောက်ထပ် ခြေလှမ်းတစ်လှမ်း ထပ်တိုးရန် ကြိုးပမ်းနေပါသည်။




*ပုံ ၄.၃။ ပေးရန်ရှိသည့် အရောင်းကိုယ်စားလှယ်အား ငွေကြေးထောက်ပံ့မှုတွင် အကြွေးစီးဆင်းပုံ*

ဤချေးငွေအမျိုးအစားအတွက် ဦးတည်ရည်ရွယ်ထားသည့် ဝန်ဆောင်မှုအသုံးပြုသူများမှာ သွင်းအားစု ပေးသွင်းသူများ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရောင်း ကိုယ်စားလှယ် များသည် စိုက်ပျိုးရေး သွင်းအားစုများအား အကြွေးဖြင့် ရောင်းချပေးသူများထံမှ ဝယ်ယူပြီးသည့်နောက် တဆင့်ခံ ရောင်းချသူများ နှင့်/သို့ တောင်သူများထံ





လက်လီ ရောင်းချသောကြောင့် ဖြစ်ပါသည်။ အရောင်းကိုယ်စားလှယ်များအား ငွေကြေး ထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့သည် ကုန်ပစ္စည်းများ လာရောက်ပို့ဆောင်သည့်အချိန်၌ ပေးသွင်းသူများထံ ငွေသားပေးချေနိုင်မည် ဖြစ်ပြီး အဆိုပါ ပစ္စည်းများအား အကြွေးဖြင့် တောင်သူများထံ ရောင်းချနိုင်မည် ဖြစ်ပါသည်။ ဘဏ်အတွက် စိန်ခေါ်မှုများမှာ (၁) အရောင်းကိုယ်စားလှယ် တစ်ဦးချင်းအတွက် သင့်တော်သည့် ချေးငွေပမာဏအား ဆုံးဖြတ်ရန် နှင့် (၂) ဤကုန်ပစ္စည်းအား စီမံခန့်ခွဲရာတွင် လုပ်ငန်း လည်ပတ် စရိတ် လျှော့ချစေရန်အတွက် လက်တွေ့ကျပြီး အလုပ်သမား လိုအပ်မှုနည်းသော ဖြန့်ဖြူးရောင်းချသည့် ကွန်ရက်တစ်ခုအား ရှာဖွေရန် တို့ဖြစ်ပါသည်။ စွန့်စားရနိုင်ခြေ လျှော့ပါးသက်သာစေရန်အတွက် ရိုးမဘဏ်သည် ကုန်ပစ္စည်း ပေးသွင်းသူများအား အရောင်းကိုယ်စားလှယ်များအတွက် အာမခံပေးသည့်သူများအဖြစ် အသုံးပြုပါသည်။

အရောင်းကိုယ်စားလှယ် တစ်ဦးချင်းစီနှင့် လက်ခံနိုင်ဖွယ်ရှိသော လုပ်ငန်းလုပ်ဆောင်နိုင်မှု မှတ်တမ်းများကို တည်ဆောက်ပြီးသည်နှင့် တပြိုင်နက် ပေးသွင်းသူများမှ အာမခံပေးရမည့် လိုအပ်ချက်အား ပယ်ဖျက်မည် ဖြစ်ပြီး အရောင်း ကိုယ်စားလှယ်များသည် ရိုးမဘဏ်၏ ချေးငွေဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်သည့် စွမ်းရည်အလိုက် ငွေချေးနိုင်မည် ဖြစ်ပါသည်။ ဤသည်အား အဆင့် -၂ အနေဖြင့် ထားရှိထားပါသည်။ ဤဝန်ဆောင်မှု၏ ရင်းနှီးမြှုပ်နှံမှု အစုစု၏ အခြေအနေအား အောက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားပါသည်

| နှစ် | အတည်ပြုထားသော စုစုပေါင်း ပမာဏ (ကျပ်သန်းပေါင်း) | ရရန်ရှိသည့် ချေးငွေ အရေအတွက် | စုစုပေါင်း ရရန်ရှိသည့် ပမာဏ (ကျပ်သန်းပေါင်း) | ခန့်မှန်းချေ ရောက်ရှိခဲ့သည့် တောင်သူများ၏ အရေအတွက် |
|---|---|---|---|---|
| ၂၀၁၇ | ၁၅၀ | ၂ | ၉၆ | ၂၀၀ |
| ၂၀၁၈ | ၆,၉၉၆ | ၂၇၁ | ၄,၃၇၆ | ၁၅,၇၃၃ |
| ၂၀၁၉ | ၁၀,၅၁၂ | ၄၁၄ | ၈,၇၇၂ | ၃၅,၀၀၀ |
| ၂၀၂၀ | ၁၁,၃၂၇ | ၆၅ | ၆,၆၆၁ | ၃၆,၅၀၃ |

*ဇယား ၄.၁၀ ။ ၂၀၁၇ မှ ၂၀၂၀ ခုနှစ်တွင်း ပေးရန်ရှိသည်များအတွက် ငွေကြေးထောက်ပံ့မှု၏ စွမ်းဆောင်နိုင်မှု*

**ပြောင်းနှင့် ဆန်စပါးအတွက် ရာသီအလိုက် ဘဏ်စာရင်းရှိငွေထက် ပိုထုတ်ချေးခြင်း**
ပြောင်းသည် အရေအတွက်ပမာဏအားဖြင့် ဆန်စပါးနှင့် ပဲမျိုးစုံပြီးလျှင် တတိယအရေးကြီးဆုံး သီးနှံတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ထုတ်လုပ်သော ပြောင်းပမာဏအများအပြားအား တိရိစ္ဆာန်အစာအဖြစ် အဓိကထား အသုံးပြုသော တရုတ်နိုင်ငံသို့ တင်ပို့ပါသည်။ သို့သော် နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်လာသဖြင့် ပရိုတင်းဓာတ် ကြွယ်ဝသည့် အစားအသောက်အတွက် ကြက်ဘဲမွေးမြူရေးကဲ့သို့သော လုပ်ငန်းများ၏ ပြည်တွင်း လိုအပ်ချက်မှာ တိုးတက်များပြားလာမည်ဖြစ်ပြီး ပိုမိုကြီးမားလာသည့် ပြည်တွင်းပြောင်းစျေးကွက်အတွက် ဖြည့်ဆည်းပေးမည် ဖြစ်ပါသည်။

ရိုးမဘဏ်၏ စီမံကိန်း ဆောင်ရွက်ချက်သည် လက်ရှိတောင်သူများ စျေးကွက်များနှင့် ချိတ်ဆက်နေသော အသေးစား နှင့် အလတ်စား ကုန်သည်များထံ လုပ်ငန်းလည်ပတ်သည့် အရင်းအနှီးကို ပံ့ပိုးပေးရန် ရည်မှန်းထားပါသည်။ ချေးငွေရရှိနိုင်မှုဆိုသည်မှာ ကုန်သည်များအနေဖြင့် ၎င်းတို့၏ ဖောက်သည်များမှ ၎င်းတို့အား ငွေချေပြီးမှ ပေးသည်ထက် တောင်သူများထံမှ ပြောင်းအား လာရောက်ယူသည့်နေ့၌ ၎င်းတို့မှ ပေးချေနိုင်ခြင်းဖြင့် တောင်သူများ၏ ငွေကြေး စီးဆင်းမှုဆိုင်ရာ စီမံခန့်ခွဲမှုတွင် တိုးတက်ကောင်းမွန်စေပြီး၊ တန်ဖိုးမြှင့် ကွင်းဆက်တလျှောက်တွင် ယုံကြည်မှု ဖြစ်ပေါ်စေကာ ထုတ်လုပ်မှုတွင် ပိုမိုတိုးတက်စေခြင်းကို ဆိုလိုပါသည်။

၂၀၁၉ ခုနှစ် မတ်လတွင် ဆန်စပါး ကဏ္ဍအတွက် ရာသီကြို ဘဏ်စာရင်းရှိငွေထက်ပိုထုတ်ချေးငွေ ဝန်ဆောင်မှုအား ရိုးမဘဏ်၏ ဝန်ဆောင်မှုများတွင် ထပ်မံထည့်သွင်းခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု အစုစု ကျဆင်းသွားခဲ့ရခြင်းမှာ ကုန်သည်များ၏ လှုပ်ရှားဆောင်ရွက်မှုအား ထိခိုက်စေခဲ့သည့် COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများကြောင့် ဖြစ်ပါသည်။

| ပြောင်းအတွက် ရာသီအလိုက် စာရင်းပို ချေးငွေ | ချေးငွေများ၏ အရေအတွက် | စုစုပေါင်း ထုတ်ချေးပေးခဲ့သည့် ပမာဏ (ကျပ်သန်းပေါင်း) | စုစုပေါင်းရရန် ရှိသည့် ပမာဏ (ကျပ်သန်းပေါင်း) | ခန့်မှန်းချေ ရောက်ရှိခဲ့သည့် တောင်သူ အရေအတွက် |
|---|---|---|---|---|
| ၂၀၁၇ | ၃၄ | ၃,၉၈၄ | ၃,၇၃၀ | ၆,၈၀၀ |
| ၂၀၁၈ | ၇၂ | ၈,၅၆၈ | ၇,၆၈၅ | ၁၄,၄၀၀ |
| ၂၀၁၉ | ၇၄ | ၉,၆၇၃ | ၄,၈၂၁ | ၁၄,၈၀၀ |
| ၂၀၂၀ | ၁၁ | ၁,၂၇၅ | ၉၈၂ | ၂,၂၀၀ |

*ဇယား ၄.၁၁။ ပြောင်းတန်ဖိုး ကွင်းဆက်တွင် ရိုးမဘဏ်မှ ငွေကြေးထောက်ပံ့မှု အခြေအနေ*

| ဆန်စပါးအတွက် ရာသီအလိုက် စာရင်းပို ချေးငွေ | ချေးငွေများ၏ အရေအတွက် | စုစုပေါင်း ထုတ်ချေးပေးခဲ့သည့် ပမာဏ (ကျပ်သန်းပေါင်း) | စုစုပေါင်း ရရန်ရှိသည့် ပမာဏ (ကျပ်သန်းပေါင်း) | ခန့်မှန်းချေရောက်ရှိခဲ့ သည့် တောင်သူများ၏ အရေအတွက် |
|---|---|---|---|---|
| ၂၀၁၉ | ၁၁၁ | ၁၄,၂၄၀ | ၈,၀၅၅ | ၂၂,၂၀၀ |
| ၂၀၂၀ | ၈၂ | ၈,၆၄၁ | ၇,၁၆၁ | ၁၆,၄၀၀ |

*ဇယား ၄.၁၂ ။ ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက်တွင် ရိုးမဘဏ်၏ ငွေကြေးထောက်ပံ့မှု အခြေအနေအား ပြသခြင်း*

**အသေးစားငွေရေးကြေးရေးဆိုင်ရာ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသည့် အရေးပေါ် အခြေအနေတွင် ငွေပေါ်လွယ်မှု အစီအမံ (MFI CDLF)**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် LIFT/ UNOPS တို့သည် မြန်မာနိုင်ငံ အစိုးရနှင့် အနီးကပ်ဆွေးနွေး တိုင်ပင်ပြီး အသေးစား ငွေရေးကြေးရေးဆိုင်ရာ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသည့် အရေးပေါ် အခြေအနေတွင် ငွေပေါ်လွယ်မှု အစီအမံအတွက် ဒီဇိုင်းပုံစံ ရေးဆွဲရန်အတွက် မိတ်ဖက်ပြုခဲ့ပါသည်။ MFI CDLF အား ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ ကျရောက်နေစဉ်အတွင်း လတ်တလော ဆုံးရှုံး သွားသည်များနှင့် ပြန်လည်ထူထောင်ရေး တို့အတွက် ငွေကြေးထောက်ပံ့မှုများနှင့် ပံ့ပိုးကူညီရန်အတွက်သာမက ဘေးအန္တရာယ်မှ ရုန်းထွက်ပြီး လျင်မြန်စွာ ဖွံ့ဖြိုး တိုးတက်လာစေရန် မတည်ရင်းနှီးငွေများ လက်လှမ်းမီ ရယူနိုင်ရန်တို့အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။

CDLF သည် ကြီးမားသည့် ရာသီဥတု ဘေးအန္တရာယ် ဖြစ်ပွားနေသည့်အခါ၌ ငွေဖြစ်လွယ်မှုရှိ ကွာဟချက်များကို လွှမ်းခြုံနိုင်ရန်နှင့် ငွေကြေးစီးဆင်းမှုကို ပိုမိုစီမံခန့်ခွဲနိုင်ရန် MFI များနှင့် ငွေချေးပေးသည့် သမဝါယမအသင်းများထံ ရန်ပုံငွေများ ပို့ဆောင်ပေးမည်ဖြစ်သည့် အထူး ရည်ရွယ်ချက်တစ်ခုအတွက် ပေါင်းစပ်ထားသည့် ငွေကြေးပံ့ပိုးမှု ဆိုင်ရာ အစီအမံတစ်ခု ဖြစ်ပါသည်။ CDLF သည် ပုဂ္ဂလိကနှင့် အစိုးရ ကဏ္ဍများမှ ကာလတိုနှင့် ကာလလတ် ချေးငွေများအတွက် အထောက်အကူပြုပြီး ညှိနှိုင်းဆောင်ရွက် သွားမည်ဖြစ်ကာ အလှူရှင်များထံမှ ရရှိသော အလှူရှင် တစ်ဦးချင်းအလိုက် ဖွံ့ဖြိုးရေးငွေစာရင်း (IDA) များမှတဆင့် ငွေကြေးလွှဲပြောင်းပေးပို့မှုများကို ပံ့ပိုး ကူညီပေးမည့် အစီအမံအဖြစ် ဖြည့်ဆည်းပေးနိုင်သည့် အလားအလာရှိပါသည်။ ထို့ပြင် CDLF သည် MFI များ/ သမဝါယမ အသင်းများအတွက် ပံ့ပိုးပေးရန် အလှူရှင်များ/ ရင်းနှီးမြှုပ်နှံသူများကိုယ်စား စနစ်တကျ စိစစ်ခြင်း နှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ ပေးမည်ဖြစ်ပြီး အလှူရှင်များ/ ရင်းနှီးမြှုပ်နှံသူများအတွက် ငွေဖြစ်လွယ်မှုစီးဆင်းခြင်းကို ကူညီပံ့ပိုးပေးရန် နောက်ထပ် အစီအမံများ လိုမလို အကဲဖြတ် သုံးသပ်မည် ဖြစ်ပါသည် ။

ဤစီမံချက်၏ အခြေခံအုတ်မြစ်မှာ ဝန်ဆောင်မှုရယူသူများအတွက် ဆက်လက်ထုတ်ချေးပေးရန် MFI များ အတွက် အရေးပေါ် ငွေဖြစ်လွယ်မှုအတွက် ပံ့ပိုးပေးခြင်းသည် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ချိန်တွင် အိမ်ထောင်စုများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို အရှိန် မြှင့်တင်ပေးမည့် ငွေကုန်ရကျိုးနပ်သည့် နည်းလမ်း ဖြစ်ကြောင်း ကမ္ဘာတလွှား တစ်စထက်တစ်စ တိုးတက်များပြားလာသည့် အထောက်အထားများပေါ်တွင် မှီတည် ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ (နှင့် မည်သည့်နေရာ၌မဆို) တွင် သဘာဝဘေးအန္တရာယ်မှ နိုးထလာသည့် အချိန် တွင် ပြန်လည်ပြုပြင် တည်ဆောက်ထားသည့် ချေးငွေများအား ပြန်လည်ပေးဆပ်နိုင်မည့် စွမ်းဆောင်နိုင်မှုတွင် ယေဘုယျအားဖြင့် ခိုင်မာအားကောင်းမှု ရှိပါသည်။ အကြောင်းမှာ MFI များသည် ဘေးအန္တရာယ် ကျရောက်ပြီး သည့်နောက်ပိုင်း ပြန်လည် ထူထောင်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသောကြောင့် ဖြစ်ပါသည်။ MFI များသည် ဝန်ဆောင်မှု ရယူသုံးစွဲသူများအား ပြန်လည်ပေးဆပ်ရမည့် အချိန် ကာလကို ရွှေ့ဆိုင်း ပေးခြင်း၊ မဖြစ်မနေ ငွေစုဆောင်းမှုများ ပြုလုပ်ရန်တို့အတွက် အကူအညီပေးနိုင်မည် ဖြစ်ပြီး ပြည်သူများမှ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ပြန်လည် ထူထောင်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် အကူအညီ ပေးနိုင်မည် ဖြစ်ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအား ယင်း၏ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များတွင် အားနည်း ထိခိုက်လွယ်မှု ရှိခြင်းနှင့် ဒေသအတွင်း၌ MFI များ၏ ခိုင်မာအားကောင်းသည့် လွှမ်းခြုံမှုရှိခြင်းတို့ကြောင့် ပံ့ပိုးပေးမှုအား ရှေ့ပြေး စမ်းသပ်မှု ပြုလုပ်ရန်အတွက် ရွေးချယ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် MFI (၁၉၃) ဖွဲ့ခန့် ရှိနေပြီး ဧရာဝတီတိုင်းဒေသကြီးတွင် MFI (၃၄)ဖွဲ့မှာ MFI များ၏ ဝန်ဆောင်မှုအား ရယူသုံးစွဲနေသူ (၇၂၅,၀၀၀)ဦး ရှိပြီး ရရန်ကျန်ရှိနေသည့် ချေးငွေအရပ်ရပ် မှာ ကန်ဒေါ်လာ (၁၇၅) သန်း ရှိပါသည်။ ရရှိရန် ကျန်ရှိနေသည့် ချေးငွေများသည် MFI များ၏ ရရန်ကျန်ရှိနေသည့် ချေးငွေ စုစုပေါင်း၏ ခန့်မှန်းချေ (၁၄%) အား ကိုယ်စားပြုပါသည်။ ယင်းဒေသတွင် သမဝါယမအသင်းသား ဦးရေ ခန့်မှန်းခြေ (၅၀၀,၀၀၀)ဦးခန့် ရှိနေပါသည်။

ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် MFI များအား ငွေကြေးထောက်ပံ့မှုအတွက် ဝင်ရောက် လုပ်ဆောင်ပေးနိုင်သည့် အချက် (၄)ချက် ရှိပါသည်။ CDLF ၏ တုံ့ပြန်ဆောင်ရွက်မှုအား ဒီဇိုင်းပုံစံ ရေးဆွဲရာတွင် ဝင်ရောက် လုပ်ဆောင်ပေးမည့် အချက် တစ်ချက်တိုင်းသည် ငွေကြေး ထောက်ပံ့မှုဆိုင်ရာ နည်းလမ်းများကို ပံ့ပိုး ကူညီသွားမည် ဖြစ်ပါသည်။

- မိခင်ကုမ္ပဏီများ (အရင်းအနှီးနှင့် ကြွေးမြီများအား ပံ့ပိုးပေးသူများ)၊ ကိုယ်ပိုင် အရင်းအနှီးနှင့် ကြွေးဆုံး လျာထားငွေများ မှတဆင့် MFI များ၏ အဖွဲ့အစည်းအတွင်း ရင်းမြစ်များ
- LIFT ၏ အရင်းအနှီး ဈေးကွက်စီမံကိန်း အစီအစဉ် မှ ပံ့ပိုးကူညီပေးသည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံပိုင် စီးပွားရေးဘဏ်များ
- အပ်နှံငွေများ ဆုံးရှုံးမှုကို အာမခံပေးမည် ဖြစ်သော အဆိုပြုထားသော MFI အပ်နှံငွေ အာမခံသည့် အစီအစဉ် မှတဆင့် မြန်မာနိုင်ငံအစိုးရ





- ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးနေသည့်အလှူရှင်များ ဥပမာ–မြစ်ဝကျွန်းပေါ် ဒေသအထက်ပိုင်းနှင့် အပူပိုင်းဇုန်တောင်ပိုင်းတွင် ၂၀၁၆ခုနှစ်က ရေကြီးရေလျှံမှုများ ဖြစ်ပွားနေစဉ်အတွင်း အလှူရှင်များသည် အရှုံးအမြတ်စာရင်းများ ပြန်လည်တည်ငြိမ်လာစေရန်နှင့် ပြန်လည်ထူထောင်ရေး ချေးငွေများ ပေးအပ်နိုင်ရန်တို့အတွက် အသုံးပြုခဲ့သော ထောက်ပံ့ရေး ရန်ပုံငွေများ ပံ့ပိုးကူညီပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ် နှစ်ကုန်၌ CDLF စီမံချက်မှ အောက်ပါတို့အား ဆောင်ရွက်ခဲ့ပါသည်–

- ရန်ပုံငွေအတွက် စီးပွားရေးဆိုင်ရာ ရပ်တည်ချက်အား ရေးဆွဲအကောင်အထည်ဖော်ခြင်း
- ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ နည်းကိရိယာ ဒီဇိုင်းပုံစံအား ရလဒ်အဖြစ် ရရှိနိုင်ရန်အတွက် ပတ်သက်ဆက်နွယ်သူများနှင့် ထိတွေ့ပူးပေါင်း ဆောင်ရွက်ခြင်း
- ဘေးအန္တရာယ်နှင့် ဆက်နွယ်နေသည့် ဖိအားများကို စမ်းသပ်စစ်ဆေးရန် MFI များအတွက် နည်းကိရိယာ ဆော့ဝဲလ်တစ်ခုအား ဖန်တီးပေးခြင်း
- အရေးပေါ်ငွေဖြစ်လွယ်မှုဆိုင်ရာ အထောက်အပံ့နှင့် အပ်နှံငွေ အာမခံဆိုင်ရာ မူဘောင်တစ်ရပ်အား ဒီဇိုင်းပုံစံ ရေးဆွဲခြင်း
- ဖိအားများအား စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ ပဏာမလုပ်ငန်းအား ဆောင်ရွက်ခဲ့ခြင်း
- ဦးတည်ရည်ရွယ်သည့်ဒေသရှိ MFI (၂၉)ဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး စီမံချက်တွင် ပါဝင်ရန်အတွက် (၁၄)ဖွဲ့မှ သဘောတူညီခဲ့ကာ ယင်းတို့အား ၂၀၂၀ ခုနှစ်တွင် သင်တန်းပို့ချပေးခြင်း

**အသေးစားငွေရေးကြေးရေးလုပ်ငန်းတွင် ကျား၊မ ရေးရာ အမြင်များ ထည့်သွင်း ပါဝင်စေခြင်း**

LIFT တွင် အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း (၂၃)ဖွဲ့ ရှိပြီး ယင်းတို့၏ ဝန်ဆောင်မှု များအား ရယူသုံးစွဲသူများ၏ ၉၁% မှာ အမျိုးသမီးများ ပါဝင်နေပါသည်။

LIFT သည် စီမံခန့်ခွဲသူများအဆင့်၌ ကျား၊ မ ရေးရာအမြင်များ ထည့်သွင်းလုပ်ကိုင်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန် ဆက်လက် လုပ်ဆောင်နေပါသည်။ မြို့နယ် ငွေစုငွေချေးသမဝါယမအသင်း နှင့် မိတ်ဖက်ပြုခြင်းဖြင့် ဒါရိုက်တာ အဖွဲ့မှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူရာတွင် အမျိုးသမီးများအား ဦးစားပေးသင့်ကြောင်း သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ သို့ရာတွင် အဖွဲ့ဝင်အများစုမှာ အမျိုးသမီးများဖြစ်သော်လည်း အခြေခံ သမဝါယမအသင်းအဆင့်၌ အမျိုးသမီးအနည်းငယ်သာလျှင် ခေါင်းဆောင်မှုပေးသည့်အဆင့်၌ ရှိနေပြီး အဖွဲ့ချုပ် အဆင့်၌ အမျိုးသမီး ခေါင်းဆောင်မရှိပါ။ အခြေအနေ ဆန်းစစ်လေ့လာမှုမှ  အသင်းသားအဖြစ် ပါဝင်နိုင်သည့် စည်းမျဉ်းစည်းကမ်းများတွင် သမဝါယမအသင်း၏ အဖွဲ့ဝင်အဖြစ် အိမ်ထောင်စု ဦးစီးသူသာ ပါဝင်နိုင်သည် ဟူသော လိုအပ်ချက်ကြောင့် အိမ်ထောင်စုဦးစီးများသည် များသောအားဖြင့် အမျိုးသားများ ဖြစ်နေသည့် အတွက် အစကတည်းကပင် နည်းဥပဒေနှင့် မူဝါဒများသည် သမိုင်းကြောင်းအရ ဘက်လိုက်မှုရှိခဲ့ပြီး ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

အနာဂတ်တွင် လုပ်ဆောင်မည့် စီမံကိန်း ဆောင်ရွက်မှုများတွင် LIFT အနေဖြင့် အဆင့်မြင့် စီမံခန့်ခွဲရေး အဖွဲ့တွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှု တိုးတက်ပါဝင်လာစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ကူညီပံ့ပိုးပေးရန် လိုအပ်မည့် အပြင် ရန်ပုံငွေ ထောက်ပံ့မှု၏ လိုအပ်ချက် တစ်ရပ်အနေဖြင့် ရည်ရွယ်ချက်ရှိရှိဖြင့် အမျိုးသမီးများအား ကွင်းဆင်း အထောက်အကူပြုခြင်းအား ထည့်သွင်းရန်အတွက်လည်း လိုအပ်မည် ဖြစ်ပါသည်။ ထို့အပြင် IP များတွင် လုပ်ကိုင်နေသည့် မန်နေဂျာများ/ ခေါင်းဆောင်များအား ၎င်းတို့၏ လုပ်ငန်းတာဝန်များနှင့် အခန်းကဏ္ဍများ စွမ်းဆောင်နိုင်စေရန် ၎င်းတို့၏ စွမ်းဆောင်ရည်များ တည်ဆောက်နိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုး ကူညီမှုများ ပေးအပ်သွားမည် ဖြစ်ပါသည်။

မတူကွဲပြားသည့် စီမံချက်အမျိုးမျိုး၏ အကဲဖြတ်သုံးသပ်ခြင်းမှ အဓိက ရှာဖွေတွေ့ရှိထားသည်များမှ အောက်ပါတို့အား ဖော်ထုတ်ပေးခဲ့ပါသည်–

- MFI များ၏ ချေးငွေဝန်ဆောင်မှုများသည် ကျား၊မ ခွဲခြားမှုမရှိဘဲ မည်သည့်ဝန်ဆောင်မှု ရယူသုံးစွဲသူ မည်သူမဆို အတွက် ဒီဇိုင်းပုံစံရေးဆွဲခဲ့ထားခြင်း။ အနာဂတ်တွင် အမျိုးသမီးများအတွက် သီးသန့်လိုအပ်ချက်များ နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများတွင် အမျိုးသမီးများအပြည့်အဝ ပါဝင်ဆောင်ရွက်မှုအား အဟန့်အတား ဖြစ်စေနိုင်သည့် ၎င်းတို့၏ မိသားစုများနှင့် လူမှုအသိုက်အဝန်းများအတွင်း ပါဝင်ဆောင်ရွက် နေသည့် အခန်းကဏ္ဍ အမျိုးမျိုးတို့အား   ဖြေရှင်းပေးရန်အတွက် ချေးငွေ ဒီဇိုင်းပုံစံရေးဆွဲသည့် အဆင့်၌ ထည့်သွင်းစဉ်းစားသင့်ပါသည်။
- အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ပင် ဝန်ဆောင်မှု ရယူသုံးစွဲသူကောင်းများ ဖြစ်ခြင်း
- အမျိုးသမီး အများစုသည် သူတို့၏ ခင်ပွန်းများနှင့် ၎င်းတို့၏ ချေးငွေများအား အတူတကွ သုံးစွဲကြခြင်း
- ချေးငွေများအား ပုံမှန်ပြန်ဆပ်နိုင်ရန်အတွက် အမျိုးသမီးများသည် ပြန်လည်ပေးဆပ်ရမည့်နေ့ မတိုင်မီ ကတည်းကပင် ငွေစုဆောင်းခြင်း
- အမျိုးသားများသည် အမျိုးသမီးများမှ ချေးငွေပြန်ဆပ်ရမည့် တာဝန်များအား ကျေပွန်စွာ ဆောင်ရွက်ရန် အတွက် ငွေကြေး လုံလောက်မှု မရှိသည့်အခါ အမျိုးသမီးများ ချေးငွေ ပြန်လည်ပေးဆပ်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးခြင်း
- အမျိုးသမီးများသည် အိမ်ထောင်စု၏ ငွေကြေးများအား စီမံခန့်ခွဲသည့် အနေအထားများမှတဆင့် အပြင် အာမခံပစ္စည်းအဖြစ် လိုအပ်သော မြေယာပိုင်ဆိုင်မှုအား ထိန်းချုပ်ထားသည့် အနေအထားတို့မှတဆင့် ချေးငှားရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် ဩဇာလွှမ်းမိုးမှုရှိသည့် အခန်းကဏ္ဍမှ ပါဝင်ဆုံးဖြတ်ခြင်း

# ရှေ့သို့မျှော်ကြည့်လျှင်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်းယူမှုနှင့် တဆက်တည်းဆိုသလို ဖြစ်ပေါ်လာသည့် လူမှုရေးနှင့် စီးပွားရေး ပြိုကွဲပျက်စီးသွားခြင်းတို့သည် အားလုံးပါဝင်စေသည့် ငွေရေးကြေးရေး ကဏ္ဍအပေါ် သက်ရောက်မှုများ ရှိနေပါသည်။ MFI များသည် ငွေဖြစ်လွယ်မှု မလုံလောက်ခြင်းများကို ထပ်မံ၍ ကြုံတွေ့နေရပါသည်။ ပြန်မဆပ်နိုင်သည့် ချေးငွေများနှင့် စုဆောင်းငွေများအား ပြန်လည်ထုတ်ယူမှုများလည်း မြင့်တက်လာနေပါသည်။ MFI များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ/ မတ်လတို့တွင် အင်အား (၂၀%) မှ (၃၀%) အကြားဖြင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်ခဲ့ကြပါသည်။ ဧပြီလတွင် လုပ်ငန်း ပြန်လည် စတင်လည်ပတ်ခဲ့ပြီး အချို့သော MFI များသည် မေလတွင် ၎င်းတို့၏ အင်အား (၅၀%) မှ (၈၀%) အကြားဖြင့် လည်ပတ်ဆောင်ရွက်ခဲ့ပါသည်။

LIFT နှင့် TCX တို့သည် LIFT မှ အရင်းအနှီး ဈေးကွက်များ စီမံကိန်း အစီအစဉ်အတွက် ကတိပြုပြီးဖြစ်သည့် ရန်ပုံငွေ ထောက်ပံ့မှုများကို အသုံးပြု၍ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံရှိ MFI များအတွက် နိုင်ငံတကာ ငွေကြေး ထောက်ပံ့မှုအတွက် ပံ့ပိုး ကူညီပေးရန်အတွက် ဆက်လက် လုပ်ဆောင်သွားရန် ရည်ရွယ်ထားပါသည်။

မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာ မဖူလုံမှု မြင့်တက်လာမည့် အန္တရာယ်လည်း ရှိနေပါသည်။ LIFT သည် သွင်းအားစု၊ ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ အကြွေးများပေးချေရန် ဆိုင်းငံ့ခြင်း၊ အခြေခံပြုပြင် ထုတ်လုပ်သည့် စက်ကိရိယာများ ဝယ်ယူခြင်း၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးများ၊ ငွေစုဆောင်း ခြင်းနှင့် စိုက်ပျိုးရေး အာမခံများအား မြှင့်တင်ပေးရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ ငွေရေးကြေးရေးဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှုနှင့် သုံးစွဲခြင်းတို့ တိုးတက်စေရန် ကူညီပံ့ပိုးပေးမည့် ဆန်းသစ် တီထွင်မှုရှိသော ဖြေရှင်းနည်းလမ်းများဖြင့် အားပေးအထောက်အကူပြုမည် ဖြစ်ပါသည်။ ကြိုတင်စီစဉ်ထားသည့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် အဓိက နယ်ပယ်များမှာ ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများအား စိုက်ပျိုးစီးပွားဆိုင်ရာ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှု အစုစုတို့အတွက် ၎င်းတို့၏ ငွေဖြစ်လွယ်မှု တိုးတက် ကောင်းမွန်စေရန်အတွက် ကြိုတင်သတ်မှတ်ထားသည့် ချေးငှားနိုင်သည့် ပမာဏပါဝင်သော တန်ဖိုးမြှင့် ကွင်းဆက် ငွေကြေးထောက်ပံ့မှုနှင့် ဆုံးရှုံးရနိုင်ချေ အန္တရာယ်များအား စီမံခန့်ခွဲနိုင်သည့် ရွေးချယ်စရာ နည်းလမ်းတို့ ဖြစ်ပါသည်။ ပဋိပက္ခဒဏ်ခံ ဒေသများတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော LIFT နှင့် ပံ့ပိုးပေးသည့် MFI များသည် စိန်ခေါ်မှုများအား ပိုမိုများပြားစွာ ကြုံတွေ့နေကြပါသည်။ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှု ပိုမိုတိုးတက် များပြားလာစေရန်နှင့် အဆိုပါ ဒေသများရှိ စိန်ခေါ်မှုများကို ဖြေရှင်းပေးရန်တို့အတွက် LIFT သည် ကျေးလက်ငွေစုငွေချေး အသင်းများ (VSLA) များနှင့် တရားဝင် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ချိတ်ဆက်မှုများအား မြှင့်တင်ပေးနိုင်မည့် အရာများအား စူးစမ်းရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ LIFT မှ စိုက်ပျိုးစီးပွား ငွေကြေးထောက်ပံ့မှု စီမံကိန်းအတွက် ရိုးမဘဏ်ထံ ကမ်းလှမ်းသည့် ဆုံးရှုံးရနိုင်ချေ အန္တရာယ်များအတွက် ကန်ဒေါ်လာ (၉)သန်းကဲ့သို့သော တစ်ပိုင်းတစ်စ အာမခံပေးခြင်းမျိုးအား MFI များအနေဖြင့် ပြည်တွင်းသုံး ငွေကြေးဖြင့် ထားရှိသည့် ရန်ပုံငွေများအား လက်လှမ်းမီ ရယူနိုင်ရန် စီးပွားရေး ဘဏ်များနှင့် MFI များအကြား ပြန်လည်ထုတ်ချေးရန် ပေးအပ်သည့် ချေးငွေ (Wholesale Loans) များဖြင့် ကူညီရာတွင် မက်လုံးပေးရန်အတွက် အသုံးပြုနိုင်ခြင်းရှိမရှိကိုလည်း ရှာဖွေသွားမည် ဖြစ်သည်။

COVID–19 ကပ်ရောဂါနှင့် စစ်တပ်အာဏာသိမ်းမှုတို့ ဖြစ်ပွားနေသည့် ကာလအတွင်း MFI များ ကြုံတွေ့နေရသည့် လက်ရှိ ဆုံးရှုံးရနိုင်ခြေများအား ထည့်သွင်းစဉ်းစားကာ LIFT သည် MFI ကဏ္ဍတွင် လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန်အတွက် ဘေးအန္တရာယ်နှင့် ဆက်နွယ်နေသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များအား ဖော်ထုတ်ဖန်တီးရန်နှင့် မြှင့်တင်ပေးရန်တို့အတွက် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်း (MMFA) နှင့် ထိတွေ့ ပူးပေါင်းဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်နေပါသည်။ MMFA နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် LIFT သည် ဤကဏ္ဍအတွင်း စွမ်းဆောင်ရည် မြှင့်သည့် ဆုံးရှုံးရနိုင်ချေ အန္တရာယ် စီမံခန့်ခွဲမှု၊ စားသုံးသူ အခွင့်အရေး ကာကွယ်ရေး နှင့် ငွေကြေးဆိုင်ရာ အသိပညာပေးခြင်း အလေ့အကျင့်များအားလည်း မြှင့်တင်မည် ဖြစ်ပါသည်။

LIFT သည် ငွေရေးကြေးရေးနှင့် ဒီဂျစ်တယ်စနစ်ဆိုင်ရာ အသိပညာတို့အား မြှင့်တင်ပေးရန်အတွက် Mobile Moneyဖြင့် ငွေလွှဲပေးပို့မှုများ၊ ဝန်ဆောင်မှုရရှိသုံးစွဲမည့်သူ အသစ်များ ပါဝင်လာစေမည့် လုပ်ငန်းစဉ်များ ချေးငွေထုတ်ချေးမှုနှင့် ပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်၊ ဒီဂျစ်တယ် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ရေးဆွဲအကောင်အထည်ဖော်ခြင်းအပါအဝင် ၎င်းတို့၏ ဒီဂျစ်တယ်စနစ်ငွေကြေးရေး ဝန်ဆောင်မှုများ လည်ပတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်အတွက် အစီအစဉ် ရေးဆွဲနေပါသည်။ LIFT သည် လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီပေးအပ်ရန် ဒီဂျစ်တယ်စနစ် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုမှုကို မြှင့်တင်ပေးရာတွင် နောက်ဆုံး အသုံးပြုသည့် ဝန်ဆောင်မှု ရယူသူများနှင့် အနီးကပ် ချိတ်ဆက်မှုများ ရရှိစေရန်အတွက် အီလက်ထရွန်နစ်နည်းဖြင့် ငွေပေးချေမှု စနစ်များနှင့် အီလက်ထရွန်နစ်နည်းဖြင့် ငွေပေးချေမှုအတွက် ပြင်ဆင်မှုများ ခိုင်မာအားကောင်းစေခြင်းအား ကူညီပံ့ပိုးပေးရန် အစီအစဉ် ရေးဆွဲနေပါသည်။



**မြန်မာနိုင်ငံတွင် COVID -19 ကပ်ရောဂါ ပထမဦးဆုံး စတင် သက်ရောက်ခဲ့သည့် မတ်လလယ်မှ စတင်၍ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက် အဖွဲ့အစည်းများအားလုံးသည် ကပ်ဆိုက်နေသည့် ကာလအတွင်း ဝန်ဆောင်မှုရယူအသုံးပြုသူများအား ကူညီပံ့ပိုးပေးရန် တာဝန်ယူမှုရှိသော ချေးငွေထုတ်ပေးသည့်အဖွဲ့၏ အခန်းကဏ္ဍကို ရယူခဲ့ပါသည်။**

စိုက်ပျိုးရေး ၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ

အကြောင်းအရာအလိုက် အစီအစဉ်များ

# ၄.၃

## စိုက်ပျိုးရေး ၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ

### ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဖိုး (GDP) ၏ ခန့်မှန်းခြေ (၃၀)% ပါဝင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယင်း၏ ထည့်ဝင်မှုမှာ ဝန်ဆောင်မှုများကဏ္ဍ ပြီးလျှင် ဒုတိယအများဆုံး ဖြစ်ပါသည်။ သို့ရာတွင် ဆင်းရဲနွမ်းပါးမှု၏ (၈၅%) နီးပါး မှာ လူဦးရေ၏ (၇၀%) ခန့် နေထိုင်သည့် ကျေးရပ်ဒေသများတွင် စုစည်းတည်ရှိနေပါသည်။ စိုက်ပျိုးရေးကဏ္ဍမှ နိုင်ငံ၏ အလုပ်သမား ဈေးကွက်ရှိသူများ၏ (၅၆%) အား အလုပ်အကိုင်ပေးထားသဖြင့် ယင်းသည် မြန်မာနိုင်ငံတွင် အလုပ်အကိုင် အများဆုံး ပေးသည့် ကဏ္ဍ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ COVID-19 ကပ်ရောဂါ အလွန်ကာလတွင် စိုက်ပျိုးရေး ကဏ္ဍသည် အလွန်အရေးပါလာမည် ဖြစ်ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာက စိုက်ပျိုးရေးကဏ္ဍသည် အခြားစီးပွားရေးကဏ္ဍများ[၄၄]နှင့် နှိုင်းယှဉ်လျှင် တိုးတက်မှု အခြေခံ အဆောက်အဦ၌ ရင်းနှီးမြှုပ်နှံမှု မရှိခြင်း၊ တောင်သူများ၏ ရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးပေးရန် ငွေရေးကြေးရေးဝ်ရာ ဝန်ဆောင်မှုများနှင့် သုတေသန စွမ်းဆောင်ရည်တို့တွင် အကန့်အသတ် ရှိခြင်းတို့ကြောင့် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း နှင့် သစ်တောလုပ်ငန်း တို့တွင် ထုတ်လုပ်မှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်မှုတို့အတွက် အလားအလာ အတော်များများရှိသော်လည်း စိုက်ပျိုးရေးကဏ္ဍတွင် စိန်ခေါ်မှု အတော်များများအား ကြုံတွေ့နေရပါသည်။ ယင်းတို့တွင် ကျေးလက်နှင့် ထိစပ်နေသော ကဏ္ဍများအကြား အခြေခံ အဆောက်အဦ အားနည်းခြင်း၊ ရှုတ်ထွေးပြီး အများအားဖြင့် မဖြေရှင်းနိုင်သေးသော လယ်ယာငှားရမ်းလုပ်ပိုင်ခွင့် ပြဿနာများ ရှိနေခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်နိုင်စွမ်းရည်နိမ့်ခြင်းနှင့် စိုက်ပျိုးရိက္ခာများ၏ယှဉ်ပြိုင်နိုင်စွမ်း နိမ့်ပါးခြင်း၊ စိုက်ပျိုးရေးသုတေသန၊ ပညာပေးရေးနှင့် တိုးချဲ့ပညာပေးရေး စနစ်များတွင် ရန်ပုံငွေထောက်ပံ့မှု နည်းပါးခြင်းနှင့် အလွန်ညံ့ဖျင်းစွာ စီမံဆောင်ရွက်ခြင်း၊ သွင်းအားစုများ (ဥပမာ မျိုးစေ့များ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ တိရိစ္ဆာန် ကျန်းမာရေးဆိုင်ရာ ဆေးများ စသဖြင့်)အား အချိန်မီ လက်လှမ်းမီ ရယူနိုင်မှု နှင့် အရည်အသွေးကောင်းများအား လက်လှမ်းမီ ရယူနိုင်မှုတွင် အကန့်အသတ် ရှိခြင်း၊ စိုက်ပျိုးရေး ထုတ်ကုန်များ၏ အရည်အသွေးနှင့် ဘေးကင်းစိတ်ချရမှု နိမ့်ပါးခြင်း၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် အခြားပတ်သက် ဆက်နွယ်နေသူ များအကြား ညှိနှိုင်း ဆောင်ရွက်မှု အားနည်း ခြင်းနှင့် သဘာဝဘေးအန္တရာယ်များ (ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း၊ ပင်လယ် ရေမျက်နှာပြင် မြင့်တက်လာခြင်း) နှင့် ရာသီဥတု ပြောင်းလဲခြင်း တို့တွင် အားနည်း ထိခိုက်လွယ်ခြင်းတို့ ပါဝင်ပါသည်။

အလုပ်သမား ဈေးကွက်အတွင်း ပေါ်ပေါက်လာခဲ့သည့် စီးပွားရေး စွမ်းဆောင်နိုင်မှုနှင့် အခွင့်အလမ်းများ တိုးတက်ကောင်းမွန် လာခြင်းအပေါ် တုံ့ပြန်မှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကဏ္ဍတစ်ခုလုံးတွင် လယ်ယာမြေဆိုင်ရာ ပြောင်းလဲမှု တစ်ရပ် ဖြစ်ပွားနေသည့် သက်သေ အထောက် အထားလည်း ရှိနေပါသည်။[၄၅]စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင် ဆောင်ရွက်ရန် လူငယ်လူရွယ်များ တွန့်ဆုတ်နေကြခြင်း ကြောင့် အလုပ်သမားခ များလည်း မြင့်တက်ခဲ့ပါသည်။ လုပ်သား ဈေးကွက်တွင်းရှိ အပြောင်းအလဲများနှင့် တောင်သူများမှ စွမ်းဆောင်ရည်မြင့် စေရန် ကြိုးပမ်းမှုများက စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲစေခဲ့ပြီး လုပ်သားအခြေပြု လယ်ယာစိုက်ပျိုးမှု စနစ်များ လျော့ကျစေခဲ့ပါသည်။

---

၄၄။ ADS ၂၀၁၈ ။ မြန်မာနိုင်ငံ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု စီမံချက် (၂၀၁၈-၂၀၁၉-၂၀၂၂-၂၀၂၃)

၄၅။ ADB ၂၀၁၅ ။ မြန်မာ -အလားအလာရှိသည်များအား ဖော်ထုပ်လမ်းဖွင့်ပေးခြင်း - မြင့်မားပြီး ရေရှည်တည်တံ့ခိုင်မြဲကာ အားလုံးပါဝင်သည့် ဖွံ့ဖြိုး တိုးတက်မှု အတွက် မဟာဗျူဟာ။ ADB ၏ စီးပွားရေး စာတမ်းများ အမှတ်စဉ် ၄၃၇

ဤအသွင်ကူးပြောင်းနေသည့် အခြေအနေအတွင်း၌ ရေရှည်တည်တံ့ခိုင်မြဲမှု မရှိသော သဘာဝအရင်းအမြစ်များအား အသုံးပြုခြင်းနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ လျော့ပါးသွားခြင်းနှင့်အတူ လုပ်ကွက်ငယ် တောင်သူများမှ အဆိုပါ ရင်းမြစ်များကို ညီတူညီမျှ လက်လှမ်းမီ ရယူနိုင်မှု မရှိခြင်းတို့နှင့် ဆက်နွယ်နေသည့် ရည်ရွယ်ချက်မရှိဘဲ ဖြစ်ပေါ်လာသည့် အကျိုးဆက်များ၏ ဖြစ်လာနိုင်သော အလားအလာအား အသိအမှတ်ပြုရန် လိုအပ်ပါသည်။ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု နှင့် အာဏာပိုင်များက သယံဇာတများ သိမ်းယူခြင်းတို့က လုပ်ကွက်ငယ်တောင်သူများ၏ ရပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန် ညှိနှိုင်းတောင်းဆိုနိုင်သည့် စွမ်းရည်ကို အားနည်းသဖြင့် ယင်းသယံဇာတများ လက်လှမ်းမီ ရရှိနိုင်ရန်အတွက် ကြီးမားသည့် နစ်နာဆုံးရှုံးမှု ဖြစ်စေပါသည်။ ဆင်းရဲနွမ်းပါးမှု လျော့ချခြင်း နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုတက်ရေး ပန်းတိုင်များအတွက် ပြည်သူများ၏ မျှော်လင့်ချက်များနှင့် နိုင်ငံတော်၏ ကတိကဝတ်များကို ပြည့်မီစေရန် ဖြည့်ဆည်းပေးမည့် သာတူညီမျှပြီး အားလုံးပါဝင်သည့် စီးပွါးရေး ဖွံ့ဖြိုးတိုးတက်ခြင်းရရှိစေရန် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆိုပါ ရင်းမြစ်များအား ညီတူညီမျှ လက်လှမ်းမီ ရယူနိုင်ခြင်းတို့မှာ အလွန်အရေးပါမည် ဖြစ်ပါသည်။ ဤသည်အား မြန်မာနိုင်ငံ၏ လက်ရှိစားနပ်ရိက္ခာစနစ်များ အတွင်းရှိ အားနည်းချက်များကို ဖြေရှင်းပေးနိုင်ပြီး စိုက်ပျိုးရေး ကဏ္ဍအား ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့် အစိုးရ၏ လမ်းပြမြေပုံနှင့် ကိုက်ညီသော ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး အထွက်တိုးစေမည့် အလေ့အကျင့်များနှင့် မူဝါဒများအား မြှင့်တင်ပြီး ကျင့်သုံးခြင်းတို့မှတဆင့် အကောင်းဆုံး အောင်မြင်ရရှိနိုင်မည် ဖြစ်ပါသည်။ ယင်းမှလည်း စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု၊ စိုက်ပျိုးရေး ဂေဟစနစ်များ တည်တံ့ခိုင်မြဲမှုနှင့် အသုံးချနိုင်မှုနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ရာသီဥတုအတွက် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်းတို့အတွက် အကူအညီ ပေးပါသည်။[၄၆] အထူးသဖြင့် ယင်းမှာ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သမျှမှ ပြန်လည်ထူထောင်သည့် ကာလအတွင်း အသုံးပြုနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍ အသွင်ကူးပြောင်းရေးတွင် အများအပြား လိုအပ်မည်ဖြစ်သော အခြေခံ အကြောင်းအရင်းများကို ပံ့ပိုးကူညီပေးနိုင်မည် ဖြစ်ပါသည်။

LIFT သည် ရေရှည်တည်တံ့ခိုင်မြဲသည့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအား ဆင်းရဲနွမ်းပါးမှု လျော့ပါး သက်သာအောင် ဆောင်ရွက်ရာတွင် ပံ့ပိုး ကူညီပေးမည်ဖြစ်သော မျှတပြီး အားလုံးပါဝင်သည့် စီးပွားရေး တိုးတက်မှု ရရှိစေမည့် မဟာဗျူဟာ တစ်ရပ်အနေဖြင့် ကူညီပံ့ပိုးပေးရန်အတွက် ရည်ရွယ်ထားပါသည်။

**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဈေးကွက်များအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများ**

COVID-19 ကပ်ရောဂါမှ စိုက်ပျိုးရေးကဏ္ဍအပေါ် အောက်ပါ သက်ရောက်မှုများ ရှိခဲ့ပါသည်–

- တောင်သူများ၏ ၂၀၂၀ ခုနှစ် မုတ်သုန်ရာသီ ထွန်ယက်စိုက်ပျိုးခြင်းအတွက် သွင်းအားစုများတွင် အလုပ်သမားနှင့် ထုတ်လုပ်မှုအား ရင်းနှီးမြှုပ်နှံရာတွင် ၎င်းတို့၏ စွမ်းဆောင်ရည်၌ အကန့်အသတ်ရှိခြင်းကြောင့် ကျေးလက်ဒေသရှိ တောင်သူများ၏ ဝင်ငွေများ သာမက အလုပ်အကိုင် အခွင့်အလမ်းများလည်း ကျဆင်းခဲ့ခြင်း
- သွင်းအားစု ရောင်းချသူများမှ နေရာအနှံ့အပြားတွင် သွင်းအားစု ရောင်းလိုအားနှင့် ဝယ်လိုအား ပြတ်တောက်မှုများ ရှိခဲ့သည်ဟု အစီရင် ခံ တင်ပြခဲ့ပါသည်။ အရောင်းများ ကျဆင်းခြင်းနှင့် ပုံမှန်ထက် ပိုမိုနည်းပါးသည့် ဖောက်သည်များသာ ရှိသောကြောင့် ၂၀၂၀ ခုနှစ်တွင် ဝင်ငွေများ လျော့ကျသွားခြင်းဆီသို့ ဦးတည်ခဲ့ပြီး ပြန်ဆပ်ရမည့် အကြွေးများကောက်ယူရာတွင်လည်း အခက်အခဲများ ကြုံတွေ့နေရခြင်း။[၄၇]
- ဧပြီ/မေလမှစ၍ ဩဂုတ်လ အနှောင်းပိုင်းအထိ မြန်မာတနိုင်ငံလုံးနှင့် အိမ်နီးချင်း နိုင်ငံများတွင် အသွားအလာ ကန့်သတ်သည့် ညွှန်ကြားချက်များ ချမှတ်လိုက်သဖြင့် ရွှေ့ပြောင်းလုပ်သားများ အလုပ်အကိုင်နှင့် ဝင်ငွေ များ ဆုံးရှုံးခဲ့ခြင်း။
- ငွေလွှဲပေးပို့မှုများ ကျဆင်းခဲ့ပြီး အနည်းဆုံး စီးပွားရေးလုပ်ငန်းများ ပြန်လည် စတင်လုပ်ကိုင်နိုင်ပြီး ရွှေ့ပြောင်းသွားလာသူများ အလုပ်ပြန်လည်ရရှိသည့်အချိန်ထိ ကျဆင်းမှုမှာ ကာလရှည်ကြာမည်ဟု မျှော်မှန်းထားခဲ့ပါသည်။ လေ့လာမှုများမှ နိုင်ငံတကာမှ ငွေလွှဲ ပေးပို့မှု များ (၅၀%) ကျဆင်းခြင်းနှင့် ပြည်တွင်းငွေလွှဲပေးပို့မှုများတွင် (၃၀%) ကျဆင်းသွားခြင်းသည် နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းတွင် (၇.၅%) မြင့်တက်လာသည့် ရလဒ်ကို ရရှိလိမ့်မည်ဟု ညွှန်ပြခဲ့ခြင်း။
- မြန်မာနိုင်ငံတွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်း (MFI) များ၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုများသည် အသွားအလာ ကန့်သတ်သည့် ကာလအတွင်း၌ ခေတ္တရပ်နားခဲ့ရပြီး ပြန်လည်ပေးဆပ်ရမည်များအား ကောက်ယူနိုင်ခြင်းမရှိခဲ့သဖြင့် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများ လိုအပ်ချက် အလွန်မြင့်မားသော တောင်သူများ အပါအဝင် ဖောက်သည်များထံ ချေးငှားနိုင်သည့် အရင်းလျော့နည်းစေခဲ့ပါသည်။ ယင်းမှ မိုးရာသီ စိုက်ပျိုး ထုတ်လုပ်မှုနှင့် လုပ်ကွက်ငယ် တောင်သူများ၏ ဝင်ငွေတို့အပေါ် သက်ရောက်မှုရှိခြင်း။
- စက်မှုလယ်ယာ ဝန်ဆောင်မှုပေးသူများသည် ၎င်းတို့၏ ဝန်ဆောင်မှုများအားရယူမှု ကျဆင်းခြင်းနှင့် ကျွမ်းကျင် အလုပ်သမားများ ရှားပါးသွားခြင်းတို့ကို ကြုံတွေ့ခဲ့ကြရပါသည်။ တဆက်တည်းမှာပင် ၎င်းတို့၏ ဝင်ငွေများလည်း လျော့ကျခဲ့ခြင်း
- ကျေးလက်ထုတ်လုပ်ရေးစနစ်များ၊ တန်ဖိုးမြှင့်ကွင်းဆက်များ၊ ကျေးလက်အိမ်ထောင်စုများ၏ ဝင်ငွေများအပေါ် COVID-19 ကပ် ရောဂါ ၏ သက်ရောက်မှုကြောင့် တနိုင်ငံလုံးတွင် စားနပ်ရိက္ခာနှင့် အာဟာရ ဖွံ့ဖြိုးမှုများ အခြေအနေ ဆိုးရွားသွားနိုင်သည့် အန္တရာယ်ရှိနေခြင်း

၄၆။ ၂၀၁၉ – မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပင်မစီမံချက် http://myanmar.un.org/en/25466-myanmar-climate-change-master-plan-2018-2030

၄၇။ နိုင်ငံတကာ စားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့ (IFPRI) စစ်တမ်း ၊ ၂၀၂၀ခုနှစ် မေလ





COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများအား ကာကွယ် တုံ့ပြန်ရာတွင် အစိုးရ၏ COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) သည် စိုက်ပျိုးနိုင်ရန်နှင့် ဝင်ငွေ ထိန်းသိမ်းထားရန် တို့အတွက် တောင်သူများ၊ အသေးစား စိုက်ပျိုးရေး ထုတ်ကုန် ထုတ်လုပ်သူများ၊ မျိုးစေ့စိုက် တောင်သူများနှင့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းတို့အား ကူညီပံ့ပိုးပေးရန်အတွက် အာရုံစိုက်ခဲ့ပါသည်။

**ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအား ကူညီပံ့ပိုးပေးရန်အတွက် LIFT ၏ COVID-19 ဆိုင်ရာ တုံ့ပြန်ကာကွယ်ခြင်း**

LIFT သည် ယင်း၏ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ စီမံကိန်း နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများမှ COVID-19 ကပ်ရောဂါ နှင့် ဆက်နွယ်နေသည့် ချက်ချင်း အရေးယူ ဆောင်ရွက်မှုများ ပေးအပ်နိုင်ရန်အတွက် လက်ရှိရင်းမြစ်များအား အသုံးပြုခဲ့ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် ခန့်မှန်းခြေ လူဦးရေ (၁၅၂,၂၀၀)ဦး (အမျိုးသမီး ၅၀%) ထံ ရောက်ရှိခဲ့ပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ (IPs) သည် တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းများ၊ လက်သန့်ဆေးရည်များ၊ လက်ဆေး ဆပ်ပြာများ၊ လက်အိတ်များ၊ ဗိုင်းရပ်စ်ပိုးနှိမ်နင်းသည့် ဖြန်းဆေးများ၊ တစ်ခါသုံး နှာခေါင်းစည်းများ၊ အဖျားတိုင်း ကိရိယာများနှင့် တကိုယ်ရေသုံးရောဂါ ကာကွယ်ရေးပစ္စည်း (PPE) ကဲ့သို့သော အသေးစား ဆေးဝါးကုသသည့် ပစ္စည်းများ၊ အစားအသောက် နှင့် ရေနှင့် သတင်းအချက်အလက်၊ ပညာပေးနှင့် ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ (IEC) ပစ္စည်းများအား ဖြန့်ဝေပေးခဲ့ပါသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ အချို့မြို့နယ်များတွင် ငွေသားကန်ဒေါ်လာ (၁၀၀) မျိုးစေ့စိုက်တောင်သူ (၄၀)ဦးနှင့် အကျိုးတူလယ်ယာသည့် တောင်သူ (၃၂)ဦးထံ အမြန် ပြန်လည်ထူထောင်ရာတွင် ကူညီပံ့ပိုးပေးသည့် အနေဖြင့် ပေးဝေပေးခဲ့ပါသည်။ မြို့နယ် (၁၂)မြို့နယ်တွင် COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးသည့် အစီအမံများအား ကြေငြာဘုတ်ကြီးများ စိုက်ထူကြေငြာခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ကယား၊ ကရင်နှင့် ချင်းပြည်နယ်များတွင် ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် နေရာများထံ ရေသန့်စင်စက်များနှင့် ကူညီပံ့ပိုးမှုတို့အား ပေးအပ်ခဲ့ပါသည်။ စိုက်ပျိုးစီးပွားလုပ်ငန်းများနှင့် ကျေးလက်အသက်မွေးဝမ်းကျောင်းမှုများအပေါ် သက်ရောက်မှုအား စူးစမ်းဖော်ထုတ်ရန်အတွက် မြစ်ဝကျွန်းပေါ် ဒေသတွင် ဈေးကွက် ဆန်းစစ် အကဲဖြတ်မှုအား အလျင်အမြန် ပြုလုပ်ရန်အတွက် ရန်ပုံငွေများ ထပ်မံ ခွင့်ပြုပေးခဲ့ပါသည်။

# စိတ်ဝင်စားဖွယ်ရာများ

မြန်မာနိုင်ငံတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါအား တုံ့ပြန် ကာကွယ်ရန်အတွက် ရန်ပုံငွေများအား ပြန်လည်ခွဲဝေသည့်အတွက်ကြောင့် ၂၀၂၀ ခုနှစ်တွင် LIFT ၏ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ (AMFS) စီမံကိန်း အစီအစဉ်အတွက် ရန်ပုံငွေ ထောက်ပံ့မှုမှာ လျော့ကျသွားခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်း စီမံကိန်းနှင့် အရှေ့တောင်ပိုင်း စီမံကိန်းတို့အောက်၌ AMFS စီမံချက်အသစ် (၄)ခုမျှသာ အတည်ပြုပေးခဲ့ပြီး စာချုပ်ချုပ်ဆိုခဲ့ပါသည်။ အဆိုပါ စီမံချက်များသည် ပဋိပက္ခဒဏ်ခံ ဒေသများတွင် မြေယာနှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအပေါ် အဓိကထား အာရုံစိုက်ခဲ့ပြီး အခန်း (၅) ပဋိပက္ခဒဏ်ခံဒေသများတွင် အစီရင်ခံ တင်ပြထားပါသည်။ အာဟာရ ဇောင်းပေး စိုက်ပျိုးရေးလုပ်ငန်းအား ဤအစီရင်ခံစာ၏ အခန်း ၄.၁ – အာဟာရဖွံ့ဖြိုးမှုတွင် အစီရင်ခံ တင်ပြထားပါသည်။

**မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

ပိုမိုကောင်းမွန်သည့် မျိုးစေ့များအား လက်လှမ်းမီ ရယူနိုင်မှု တိုးမြှင့်လာခြင်းမှ တောင်သူများ၏ ထုတ်ကုန်များ၏ ထွက်နှုန်းနှင့် ဈေးနှုန်းများ ပိုမိုကောင်းမွန်စွာ ရရှိနိုင်ရန်အတွက် ပံ့ပိုးကူညီပေးပါသည်။ အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြု လက်မှတ်ရရှိထားသော မျိုးစေ့များသည် အရည်အသွေးနိမ့်မျိုးစေ့အား အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်သည့် ထွက်နှုန်းနှင့် နှိုင်းယှဉ်လျှင် ထွက်ရှိမှု ၂၀% အထိ တိုးတက်ရရှိ နိုင်သည်ကို သက်သေပြနိုင်သည့် အထောက်အထား ရှိပါသည်။[၄၈] တောင်သူများသည် အရည်အသွေး ပိုမိုကောင်းမွန်သည့် သီးနှံများအား ပိုမိုမြင့်မားသည့်ဈေးဖြင့် ရောင်းချနိုင်ပြီး လုပ်ကွက်ငယ်တောင်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် အမြတ်အစွန်းတို့ တိုးတက်လာမည် ဖြစ်ပါသည်။ တနိုင်ငံလုံးရှိ ဆန်စပါး စိုက်ပျိုးသူများမှ ထုတ်လုပ်သည့် လက်ရှိ မျိုးစေ့ထုတ်လုပ်မှုမှာ အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြု လက်မှတ်ရ ဆန်စပါးမျိုးစေ့ လိုအပ်ချက်၏ ၁၀% အောက်သာ ဖြည့်ဆည်းပေးပါသည်။ အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြု လက်မှတ်ရ အရည်အသွေးမြင့် မျိုးစေ့ ထုတ်လုပ်ခြင်းအတွက် မရှိမဖြစ် လိုအပ်သော ပထမ မျိုးဆက် မျိုးစေ့ ထုတ်လုပ်ခြင်းတွင် နိုင်ငံပိုင်မျိုးစေ့ စိုက်ခင်းများ၏ အရွယ်အစားနှင့် စွမ်းဆောင်နိုင်မှုတွင် အကန့်အသတ် ရှိနေပါသည်။ LIFT သည် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တွင် ဆန်စပါးနှင့် ပဲအမျိုးမျိုးတို့၏ မျိုးစေ့ကဏ္ဍအတွက် အကောင်အထည် ဖော်နေသည့် စီမံချက်များကို ကူညီပံ့ပိုးပေးပါသည်။

**ဆန်စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

ဆန်စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (RSSD) စီမံချက်အား Welthungerhilfe (WHH) မှ ၂၀၁၇ ခုနှစ်တွင် LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် စတင် အကောင်အထည်ဖော်ခဲ့ပါသည်။ စီမံချက်သည် ဆန်စပါးမျိုးစေ့ တန်ဖိုးမြှင့်ကွင်းဆက် ခိုင်မာအားကောင်း စေခြင်းဖြင့် လုပ်ကွက်ငယ် တောင်သူများ၏ ကောင်းမွန်စွာ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ထားသည့် အရည်အသွေးဖြင့် ဆန်စပါးအား အသုံးပြုမှုကို တိုးတက်စေ ပါသည်။ စီမံချက်သည် အော်ပရေတာများနှင့် ဝန်ဆောင်မှု ပေးသူများ၏ စွမ်းဆောင်နိုင်မှု ပိုမိုတိုးတက်ကောင်းမွန် စေရန်နှင့် မျိုးစေ့ တန်ဖိုးမြှင့် ကွင်းဆက်အတွင်း လုပ်ရှားဆောင်ရွက်သူများအကြား ပူးပေါင်း ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရန်တို့အတွက် လုပ်ဆောင်ပါသည်။

၄၈။ ၂၀၁၉ – မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပင်မစီမံချက် http://myanmar.un.org/en/25466-myanmar-climate-change-master-plan-2018-2030

COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် စီမံချက် အကောင်အထည်ဖော်ရာတွင် ထိခိုက်မှုများရှိခဲ့သဖြင့် စီမံချက်သည် COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် အထောက်အကူပေးရန်အတွက် ရင်းမြစ်များအား လက်တွေ့အသုံးချခဲ့ပြီး ဧပြီလတွင် မျိုးစေ့ စိုက်ပျိုးသူများထံ ပတ်ဝန်းကျင်သန့်ရှင်းရေး ပစ္စည်းအစုံ (၁၀၇)စုံအား ပေးအပ်ခဲ့ကာ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် (၁၆)မြို့နယ်တွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီး COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတင်းစကားများ ပါဝင်သည့် ကြေငြာဘုတ်ကြီး (၁၈)ဘုတ်အား စိုက်ထူခဲ့ပါသည်။

ဧပြီလနှင့် မေလအတွင်း စီမံချက်သည် Mercy Corps နှင့် မိတ်ဖက်ပြု၍ ဈေးကွက် ဆန်းစစ်အကဲဖြတ်ခြင်း တစ်ခုအား အလျင်အမြန် လုပ်ဆောင်ခဲ့ပြီး တွေ့ရှိချက်များအား ဦးတည်ရည်ရွယ်သည့် မျိုးစေ့စိုက်ပျိုးသူများနှင့် အကျိုးတူလယ်ယာ စိုက်ပျိုးသည့် တောင်သူများမှ ကြံ့ကြံ့ ခံနိုင်စွမ်း တိုးမြှင့်စေရန်နှင့် အရည်အသွေးမြင့် ဆန်စပါး မျိုးစေ့များအား ဆက်လက်ပြီး ပုံမှန် ထုတ်လုပ် စေရန်တို့အတွက် အလျင်အမြန် ပြန်လည် ထူထောင်နိုင်ရန် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ဒီဇိုင်းပုံစံ ရေးဆွဲရာတွင် အသုံးပြုခဲ့ပါသည်။

**ပထမမျိုးဆက်မျိုးစေ့ လိုအပ်ချက်အား ကြိုတင်ခန့်မှန်းရာတွင် အထောက်အကူပေးသည့် မိုဘိုင်းလ်အပလီကေးရှင်းများ**

RSSD စီမံချက်သည် စိုက်ပျိုးရေးဦးစီးဌာန (DoA) နှင့် စိုက်ပျိုးရေး သုတေသန ဦးစီးဌာန (DAR) တို့မှ ပထမမျိုးဆက်မျိုးစေ့ လိုအပ်ချက်အား ကြိုတင်ခန့်မှန်းရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် အပလီကေးရှင်း (၂)ခုနှင့် အင်တာနက် ဝက်ဘ်ဆိုဒ်တစ်ခုတို့အား ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် အသုံးပြုသူ (၆,၀၁၉)ဦးသည် "အရည်အသွေးမြင့် မျိုးစေ့ Quality Seeds" မိုဘိုင်းလ် အပလီကေးရှင်းအား ရယူအသုံးပြုခဲ့ကြပါသည်။ မိုဘိုင်းလ် အပလီကေးရှင်း စနစ်အတွင်း၌ မျိုးစေ့ စိုက်ပျိုးသူ (၆၈၀)ဦး၊ မျိုးစေ့ပျိုးပင် (၃၇)ခုနှင့် သီးနှံ(၁၄)မျိုးတို့ မှတ်ပုံတင်ထားခဲ့ကြပါသည်။ WWH မှလည်း "ပထမ မျိုးဆက် မျိုးစေ့" အပလီကေးရှင်း အသုံးပြုသည့် သင်တန်းအား ရေဇင်း စိုက်ပျိုးရေး တက္ကသိုလ်မှ စတုတ္ထနှစ် ကျောင်းသား (၂၀၂)ဦး၊ DOA ဝန်ထမ်း (၃၆၆)ဦးနှင့် မြို့နယ် (၉)မြို့နယ်မှ အစိုးရဝန်ထမ်း (၇၂)ဦးထံ ပို့ချပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် ပထမမျိုးဆက် မျိုးစေ့ မိုဘိုင်းလ်အပလီကေးရှင်းအား တနိုင်ငံလုံး အတိုင်းအတာဖြင့် ချဲ့ထွင်သုံးစွဲနိုင်ရန်အတွက် ပြုပြင် မွမ်းမံ ခဲ့ပါသည်။

**မျိုးစေ့ထုတ်လုပ်မှုအတွက် စွမ်းဆောင်ရည် တိုးတက်စေခြင်း**

RSSD စီမံချက်သည် အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့ထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပုဂ္ဂလိက မျိုးစေ့ကုမ္ပဏီများ၊ စွန့်ဦးတီထွင် မျိုးစေ့ ထုတ်လုပ်သူများနှင့် ပူးတွဲ၍ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် ကုမ္ပဏီ (၃)ခုသည် သိုလှောင်ရုံများ ဆောက်လုပ်မှု ပြီးစီးခဲ့ပြီး ၎င်းတို့၏ မျိုးစေ့ သိုလှောင်သိမ်းဆည်းနိုင်သည့် ပမာဏ တိုးတက်လာသောကြောင့် မိုးရာသီတွင် အကျိုးတူလယ်ယာ စိုက်ပျိုးသည့် လုပ်ငန်းများအား တိုးချဲ့နိုင်သည့် ရလဒ်အား ရရှိခဲ့ပါသည်။ မိုးရာသီတွင် မြေဧက (၃၉၀)နီးပါးအား မျိုးစေ့ထုတ်လုပ်ရန်အတွက် ပြင်ဆင်ခဲ့ရာတွင် အကျိုးတူ လယ်ယာမျိုးစေ့ စိုက်ပျိုးသည့် တောင်သူ (၁၁၈)ဦး ပါဝင် ဆောင်ရွက်ခဲ့ပါသည်။ ကွန်ရက်အတွင်း လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် မျိုးစေ့ထုတ်လုပ်သူများမှ ကျိုက်လတ် ကုမ္ပဏီလီမိတက်ထံ မျိုးစေ့ ၄၇၀ တင်း (ပေါ်ဆန်းရင်အမျိုးအစား) အား ရောင်းချနိုင်ခဲ့ပြီး တစ်တင်းလျှင် မြန်မာကျပ်ငွေ (၁၇,၅၀၀) ရရှိခဲ့သဖြင့် ဒေသတွင်း ဈေးကွက်ရှိ မျိုးစေ့ ပေါက်ဈေးထက် တစ်တင်းလျှင် (၃,၅၀၀)ကျပ် ပိုမိုရရှိခဲ့ ပါသည်။

စီမံချက်မှ မြန်မာနိုင်ငံတွင် အကျိုးတူလယ်ယာ စိုက်ပျိုးခြင်းအား ကူညီပံ့ပိုးပေးရန်အတွက် ဥပဒေတစ်ရပ် လိုအပ်ကြောင်းကို ရှာဖွေ ဖော်ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

**မျိုးစေ့အရည်အသွေးအာမခံချက် တိုးတက်ကောင်းမွန်လာခြင်း**

RSSD စီမံချက်သည် အစိုးရမျိုးစေ့စိုက်ခင်းများ၏ အခြေခံအဆောက်အဦ တိုးတက်ကောင်းမွန်စေရန်နှင့် ပုသိမ်မြို့ရှိ မျိုးစေ့ စမ်းသပ်ခန်း အခြေခံ အဆောက်အဦနှင့် လိုအပ်သည့် အထောက်အပံ့ပစ္စည်းများအား အဆင့်မြှင့်တင်ရန်တို့အတွက် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ခဲ့ပါသည်။ ISO အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့ စမ်းသပ်ခန်းအား ၂၀၁၉ ခုနှစ် မေလတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ဖွင့်လှစ်ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် ဓာတ်ခွဲခန်းမှ မျိုးစေ့ နမူနာ (၁,၄၃၈)ခု အား လက်ခံ ရရှိခဲ့ပြီး နမူနာ (၄၁၃)ခုအား စမ်းသပ် စစ်ဆေးပေးခဲ့ကာ မျိုးစေ့ နမူနာ (၃၃၅)ခုအား အသိအမှတ်ပြုပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် မြို့နယ် အရည်အသွေး အာမခံသည့် စနစ်များအား ဘိုကလေးနှင့် လပွတ္တာတို့တွင် တစ်စိတ်တပိုင်း တည်ထောင်ခဲ့ပါသည်။ မျိုးစေ့ စမ်းသပ် စစ်ဆေးသည့် ပစ္စည်းကိရိယာများအား အိန္ဒိယနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော်လည်း ကမ္ဘာ့ကပ်ရောဂါကြောင့် တပ်ဆင်ရာတွင် နှောင့်နှေးခဲ့ပါသည်။

**မျိုးစေ့ကဏ္ဍ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်နှင့် ပူးပေါင်း၍ RSSD စီမံချက်သည် စီးပွားရေးလုပ်ငန်းမှ စီးပွားရေးလုပ်ငန်းသို့ (B2B) Web Portal တစ်ခု နှင့် စွမ်းဆောင်နိုင်မှု တိုးတက်စေရန် မျိုးစေ့လက်ကျန် စာရင်းစနစ်တို့ကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်အကုန်တွင် ကုမ္ပဏီ (၁၀)ခုသည် Web Portal တွင် ပူးပေါင်း ပါဝင်လာခဲ့ပါသည်။ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ B2B Web Portal အား LIFT မှ ရန်ပုံငွေထောက်ပံ့ပေးသည့် စီမံချက် ပြီးဆုံးသွားပြီးနောက်ပိုင်းတွင် ဆက်လက် ဆောင်ရွက်သွားရန်အတွက် ကတိပြုခဲ့ပါသည်။

ရပ်ရွာလူထုအဆင့်၌ စီမံချက်သည် အမျိုးသမီးများအား မျိုးစေ့စီးပွားရေးလုပ်ငန်းများအား စတင်လုပ်ကိုင်နိုင်ရန်နှင့် အမျိုးသမီး တောင်သူအသင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကူညီပံ့ပိုးပေးရန်တို့အတွက် ပြည်တွင်း အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အမျိုးသမီးများ ဦးဆောင်သည့်





စီးပွားရေးလုပ်ငန်းများအား ကူညီပံ့ပိုးပေးရန်အတွက် ကန်ဒေါ်လာ (၅၀,၀၀၀)အား ပူးတွဲ အားပေးသည့် ထောက်ပံ့ငွေအဖြစ် ပြန်လည် ခွဲဝေပေးခဲ့ပြီး အမျိုးသမီး (၁၀)ဦးအား ပူးပေါင်း ပါဝင်ရန်အတွက် ရွေးချယ်ခဲ့ပါသည်။

**အရည်အသွေးမြင့် ပဲမျိုးစုံမျိုးစေ့များ ပေးသွင်းမှု တိုးတက်စေရန်အတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း**

LIFT သည် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရ၏ထည့်ဝင်မှုတို့အား အရှိန်အဟုန်မြှင့်တင်ခြင်းဖြင့် အရည်အသွေးမြင့် ပဲမျိုးစုံမျိုးစေ့များ ပေးသွင်းမှုကို တိုးပွားလာစေရန်အတွက် ပုဂ္ဂလိက-အစိုးရ မိတ်ဖက်ပြုမှုကို တည်ဆောက်ပေးခဲ့ပါသည်။ ပထမမျိုးစေ့ ကုမ္ပဏီလီမိတက်အား တောင်သူများမှ အဖွဲ့ဝင်အဖြစ်နှင့် ရှယ်ယာပိုင်ဆိုင်ခွင့်ရှိစေခြင်းဖြင့် ဩဘာနှင့် မျိုးသန့် မြန်မာ (MTM) တို့မှ ပူးတွဲပိုင်ဆိုင်သည့် နိုင်ငံသားပိုင် ကုမ္ပဏီအဖြစ် ဖွဲ့စည်းခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ မျိုးစေ့ထုတ်လုပ်မှု ဌာနခွဲမှ မျိုးစေ့ဖောင်ဒေးရှင်းနှင့် မျိုးစေ့မှတ်ပုံတင်ခြင်းတို့ကို ပံ့ပိုးကူညီခဲ့ပါသည်။ တောင်သူများမှ မျိုးစေ့ထုတ်လုပ်မှုအတွက် ပုံမှန်ထည့်ဝင်မှုပေါ်တွင်မူတည်၍ အမြတ်နှင့် အကျိုးခံစားခွင့်များ ပေးအပ်ခဲ့ပါသည်။

တောင်သူ အဖွဲ့အစည်းဖြစ်သည့် မျိုးသန့်မြန်မာ (MTM) သည် ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၃၀)ရက်နေ့တွင် ဖက်စပ်ကုမ္ပဏီအဖြစ် တရားဝင် မှတ်ပုံတင်ခဲ့ပါသည်။ LIFT သည် MTM ကိုယ်စားကန်ဒေါ်လာ (၃)သန်းအား အရင်းအနှီးအနေဖြင့် ထည့်သွင်းစိုက်ထုတ်ပေးခဲ့ပြီး ဩဘာမှ ကန်ဒေါ်လာ (၃.၁)သန်းအား ပူးတွဲ ငွေကြေး ထောက်ပံ့ပေးခြင်းဖြင့် ပထမမျိုးစေ့ ကုမ္ပဏီအတွက် စုစုပေါင်း ရင်းနှီးမတည်ငွေ ကန်ဒေါ်လာ (၆.၁)သန်းအား ပေးအပ်ခဲ့ပါသည်။ LIFT မှ ကုမ္ပဏီ စတင်ထူထောင် လည်ပတ်ရာတွင် ကုန်ကျစရိတ်များ ကာမိစေရန်အတွက် စုစုပေါင်း ကန်ဒေါ်လာ (၃.၇)သန်းအား ထပ်တိုး ထောက်ပံ့ငွေအဖြစ်ထောက်ပံ့သည့်အပြင် ထပ်မံ၍ ကနဦးဆုံးရှုံးမှုများအတွက် ထေမိစေရန် ကန်ဒေါ်လာ (၁.၂၅)သန်းအား တိုးချဲ့ ထောက်ပံ့ပေးခဲ့ပါသည်။ အစုရှယ်ယာ ပိုင်ဆိုင်မှုမှာ MTM မှ (၄၉%) နှင့် ဩဘာမှ (၅၁%) ဖြစ်ပါသည်။ စီမံချက်အဖွဲ့သည် MTM တောင်သူအဖွဲ့အစည်းအတွက် တောင်သူအသစ်များအား ပါဝင်လာစေရန် စည်းရုံးရာတွင် ကူညီပံ့ပိုးပေးရန် နှင့် ကုမ္ပဏီ ၏ စီမံအုပ်ချုပ်မှုနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းများ တည်ဆောက်ရာတွင် ဦးဆောင်ရန် တို့အတွက် Mercy Corps နှင့် စာချုပ်ချုပ် ဆိုခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် မျိုးစေ့တန် (၈၉)တန်အား ထုတ်လုပ်ခဲ့ပြီး မျိုးစေ့ စိုက်ပျိုးသည့် နှုန်းအား ရှေးရိုးအသုံးပြုသည့် နှုန်းအား အသုံးပြု၍ ခန့်မှန်းပါက လယ်ဧက (၁၂,၇၀၀)စိုက်ပျိုးရန် လုံလောက်ပါသည်။ ဆိုလိုသည်မှာ ထပ်ဆင့်အကျိုး ၁:၃၅ ဖြစ်ပြီး ပထမမျိုးစေ့ကုမ္ပဏီမှ ထုတ်လုပ်သော မျိုးစေ့ (၁)တင်းသည် သီးနှံဧက (၃၅)ဧက စိုက်ပျိုးနိုင်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့် အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့မှ စုစုပေါင်း ဝင်ငွေ ရရှိမှုမှာ ကန်ဒေါ်လာ (၁၆၉,၂၉၀) ဝန်းကျင် ရှိပါသည်။ စိုက်ပျိုးသူများမှ စုစုပေါင်း အကြမ်းဖျဉ်းအမြတ် ကန်ဒေါ်လာ (၁၁၁,၇၄၂) အား ရရှိခဲ့ပါသည်။ တစ်ဧကလျှင် အကြမ်းဖျဉ်း အမြတ်အပေါ် ခန့်မှန်းခြေ သက်ရောက်မှုမှာ နောက်ထပ် ကန်ဒေါ်လာ (၁၄၁) ဒေါ်လာ ဖြစ်ပါသည်။

စီမံချက်မှ မြေဧက (၈၇၆) ဧက ကို အသုံးပြု၍ မျိုးစေ့ အသိအမှတ်ပြုလက်မှတ်ရ မျိုးစေ့ (၂၄၈)တန် (ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ နှမ်း နှင့် ပဲပိစပ်) ထုတ်လုပ်ခဲ့ပြီး ယခုအချိန်အထိ ထုတ်လုပ်ခဲ့သော အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့မှ ဝင်ငွေသည် ကန်ဒေါ်လာ (၈၃၈,၃၁၈) ဝန်းကျင်ရှိပါသည်။

ပထမမျိုးစေ့ ကုမ္ပဏီသည် အမျိုးသမီး ၂၅ ဦး အပါအဝင် တောင်သူ (၂၇၅)ဦးနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့ (၂၄၈,၄၆၇) ကီလိုဂရမ်အား ထုတ်လုပ်ခဲ့ပါသည်။ ၂၀၁၉ အောက်တိုဘာလမှ ၂၀၂၀ ဒီဇင်ဘာလအထိ ထုတ်လုပ်မှု စက်ဝန်းတွင် အမျိုးသမီး (၂၅) ဦး အပါအဝင် စိုက်ပျိုးသူ (၂၁၄)ဦး ရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စုစုပေါင်း ထုတ်လုပ်သည့် ဧရိယာမှာ (၇၁၆.၄)ဧက ရှိပြီး အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့ (၁၀၁,၁၁၇) ကီလိုဂရမ် ထုတ်လုပ်ခဲ့ပါသည်။

Mercy Corps အဖွဲ့သည် MTM လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများအတွက် လမ်းညွှန်ချက်များ ပြုစုခဲ့ပြီး ၂၀၂၀ ခုနှစ် စတုတ္ထ (၃)လပတ်တွင် အဖွဲ့ဝင် အသစ်များနှင့် စတင် စာချုပ်လက်မှတ်ရေးထိုးခဲ့ရာ ဒီဇင်ဘာလ၌ တောင်သူ (၁၅၆)ဦး တို့နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ အသစ်ပါဝင်လာသည့် တောင်သူများအတွက် လမ်းညွှန်ပြသသည့် ချဉ်းကပ်နည်းလမ်းအား အသုံးပြုပါသည်။ ဝန်ထမ်းအသစ်များသည် လက်ရှိ လုပ်ကိုင်နေ သည့် ဝန်ထမ်းများနှင့်တွဲ၍ အနည်းဆုံး သီးနှံ စိုက်ပျိုးရာသီ စက်ဝန်းတစ်ခု ကြာသည်အထိ တွဲဖက် လုပ်ကိုင်ခဲ့ပါသည်။ ယင်းနောက်တွင် မျိုးစေ့ စိုက်ပျိုး ထုတ်လုပ်မှုအတွက် စိုက်ပျိုးသူအသစ်များမှ ၎င်းတို့၏ တောင်သူ အုပ်စုများကို စီမံခန့်ခွဲပါသည်။ သီးနှံအများစု၏ ထွက်နှုန်းမှာ အလွန်ကောင်းသည်မှ အလွန်ညံ့ဖျင်းသည်အထိ အမျိုးမျိုး ကွဲပြားပါသည်။ စီမံချက်အဖွဲ့သည် ပိုမိုကျပ်တည်းသော တောင်သူ များနှင့် နေရာ ရွေးချယ် သည့် လုပ်ငန်းစဉ်များ တွင်ကူညီ ဆောင်ရွက်ပေးပါသည်။

လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်း (Cash for work) ရှေ့ပြေးစမ်းသပ်ဆောင်ရွက်မှု ၂၀၂၀ ခုနှစ်တွင် LIFT သည် မြန်မာနိုင်ငံအစိုးရအား COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးခဲ့ပါသည်။ LIFT နှင့် စိုက်မွေးဆည် ဝန်ကြီးဌာနတို့သည် COVID-19 ကပ်ရောဂါ ၏ သက်ရောက်မှုအား လျော့ပါး သက်သာစေပြီး ပြန်လည် ထူထောင်ရေး အစီအမံတစ်ခုအနေဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ကဏ္ဍတွင် ငွေကြေး ထောက်ပံ့မှုပေးသည့် ပုံစံများ ကို စမ်းသပ်ရန်အတွက် အလျင်အမြန် ရှေ့ပြေးစမ်းသပ်သည့် စီမံချက်အား ပူးပေါင်းပြီး အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ပါသည်။

LIFT နှင့် စိုက်မွေးဆည်ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး Welthungerhilfe (WWH) သည် စိုက်ပျိုးရေး ဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသန ဦးစီးဌာနတို့၏ မျိုးစေ့စိုက်ခင်း (၆)ခုနှင့် ရွေးချယ်ထားသည့် မျိုးစေ့ စီးပွားရေးလုပ်ငန်း (၂)ခုတို့အား ဦးတည်ရည်ရွယ်၍ အလုပ်လုပ်ကိုင်သည့်အတွက် ငွေကြေးထောက်ပံ့သည့် ရှေ့ပြေးစမ်းသပ်သည့် စီမံကိန်းလုပ်ငန်းများအား ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ စီမံချက် ၏ အလုံးစုံ ရည်ရွယ်ချက်မှာ မြစ်ဝကျွန်းပေါ်ဒေသတွင် COVID-19 ကပ်ရောဂါကြောင့် ဖြစ်လာသည့် ဆိုးကျိုးသက်ရောက်မှု အလားအလာများ လျော့ပါး

သက်သာစေရန် အလွန်အရည်အသွေး မြင့်မားသော ပထမမျိုးဆက် မျိုးစေ့များကို ပုံမှန်ထောက်ပံ့ပေးခြင်းအား သေချာရန်အတွက် ဖြစ်ပါသည်။ ရှေ့ပြေးစမ်းသပ်မှုမှ ချဉ်းကပ် လမ်းများ၊ အုတ်ရေနုတ်မြောင်းများနှင့် သိုလှောင်ရုံများ ဆောက်လုပ်ခြင်း အပါအဝင် အစီအစဉ်အတွက် အဆိုပြုထားသည့် လုပ်ငန်းဖြင့် အားနည်းထိခိုက် အလွယ်ဆုံး သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခဲ့ပါသည်။ ရှေ့ပြေးစမ်းသပ်မှုမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများအား Cash for Work အစီအစဉ်အား တနိုင်ငံလုံး အတိုင်းအတာဖြင့် တိုးချဲ့ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များ ပေးအပ်ရန်အတွက် ရည်ရွယ်ပါသည်။

Cash for Work ရှေ့ပြေးစမ်းသပ်မှု အစီအစဉ်အတွက် စုစည်းထားသည့် သူများအား အုတ်ရေမြောင်း ဆောက်လုပ်ရာတွင် လုပ်ကိုင်နိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဆောက်လုပ်မည့် နေရာနှင့် ဒီဇိုင်းပုံစံတို့အား နောက်ဆုံး အတည်ပြုပြီးသည်နှင့် တပြိုင်နက် အလုပ်ပုံစံများနှင့် မြောင်းမြရှိ မျိုးစေ့ စိုက်ခင်း အနီးအနားရှိ ကျေးရွာ (၅)ရွာမှ အလုပ်သမားများ ရွေးချယ်သည့် လုပ်ငန်းစဉ်တို့အား သတ်မှတ်နိုင်ရန်အတွက် ရပ်ရွာလူထု အစည်းအဝေးများအား ကျင်းပခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်တွင် အလုပ်သမား (၈၂)ဦး (အမျိုးသမီး ၂၇%) သည် ၁၅၄ မီတာ ရှည်လျားသည့် ရေမြောင်းအား ဘိလပ်မြေ အချောကိုင်ရန်သာ ကျန်သည်အထိ တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။ အလုပ်သမားများအား ၎င်းတို့ လုပ်ဆောင်ရသည့် အခန်းကဏ္ဍအပေါ် မူတည်၍ တစ်လလျှင် မြန်မာကျပ်ငွေ (၆,၀၀၀) (ကန်ဒေါ်လာ ၄) နှင့် မြန်မာကျပ်ငွေ (၁၂၀,၀၀၀) (ကန်ဒေါ်လာ ၈၆) တို့အကြား ပေးခဲ့ပါသည်။

**ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး**

Mercy Corps နှင့် ယင်း၏ မိတ်ဖက် အဖွဲ့အစည်းများသည် တောင်သူများအား ထုတ်လုပ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးတက်ကောင်းမွန်စေရန် အလေ့အကျင့်ကောင်းများ လက်ခံကျင့်သုံးစေရန်အတွက် ကူညီပံ့ပိုးပေးရန် လပွတ္တာအား ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း (LLM) စီမံချက်အား အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းမှ အောက်ဖော်ပြပါ ရလဒ်များ ရရှိခဲ့ပါသည်–

- တောင်သူ (၁,၃၄၂)ဦးသည် အရည်အသွေး မြင့်မားသည့် မျိုးစေ့များအား အသုံးပြုမှု မြင့်တက်ခဲ့ခြင်း (၂၉% မြင့်တက်ခဲ့ပါသည်)
- တောင်သူ (၅၁၆)ဦးသည် နွေရာသီ၌ ဆည်မြောင်းရေအား အသုံးပြု၍ ရေစိုတလှည့် ခြောက်တစ်ခါ ရေထိန်းစနစ်ကို အသုံးပြုခဲ့ခြင်း။ (၄၃% တိုးတက်ခဲ့ပါသည်။)
- တောင်သူအုပ်စုများသည် အုပ်စုလိုက် စုပေါင်းသိုလှောင်သည့်ပုံစံဖြင့် သိုလှောင်ခြင်းမှတဆင့် ကောင်းမွန်သော သိုလှောင်သိမ်းဆည်းသည့် အလေ့အကျင့်များအား လက်ခံကျင့်သုံးခဲ့သဖြင့် တောင်သူများသည် ၎င်းတို့၏ ထုတ်ကုန်များကို ရောင်းချရန် ပိုမိုကောင်းမွန်သည့် ဈေးကွက်အနေအထား ရောက်သည့် အချိန်အထိ စောင့်ဆိုင်းနိုင်ခဲ့သောကြောင့် အရည်အသွေး ကောင်းမွန်အောင် ထိန်းသိမ်းထားခဲ့ပြီး ဈေးကောင်းရရှိခဲ့ခြင်း
- စီမံချက်မှ တောင်သူ (၂,၉၈၇)ဦး (အမျိုးသမီး ၃၀%) ထံ ရောက်ရှိခဲ့ပြီး ဖြစ်ခြင်း

စုစုပေါင်းအနေဖြင့် စီမံချက်၏ ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက် အစိတ်အပိုင်းမှ အသားတင်ဝင်ငွေဆိုင်ရာ အကျိုးအမြတ် ကန်ဒေါ်လာ (၃.၉) သန်းအား ဖန်တီးပေးခဲ့ပြီး LIFT ၏ ရင်းနှီးမြှုပ်နှံမှု (၂.၉) သန်းမှ စီးပွားရေး အကျိုးအမြတ် ပြန်ရသည့်နှုန်း ၈.၃%အား ဖြစ်ထွန်းစေခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများကြောင့် စုစုပေါင်း တိုးတက်လာသည့် တောင်သူများ၏ ဝင်ငွေမှာ ကန်ဒေါ်လာ (၂.၃)သန်းရှိခဲ့ပြီး ဈေးကွက်အတွင်း လုပ်ရှား ဆောင်ရွက်သူများ၏ ဝင်ငွေမှာ ကန်ဒေါ်လာ (၁.၆)သန်း တိုးတက်ခဲ့ပါသည်။

စီမံချက်အား ၂၀၂၀ ခုနှစ်တွင် ပိတ်သိမ်းခဲ့ပြီး စီမံကိန်း ပြီးဆုံးချိန် လုပ်ဆောင်သည့် စစ်တမ်းမှ စီမံချက်၏ အကျိုးဆက်အနေဖြင့် တောင်သူများသည် စီမံချက်အခြေခံသည့် စီမံကိန်း လုပ်ဆောင်ချက်များမှတဆင့် နွေရာသီတွင် ပျမ်းမျှ ကန်ဒေါ်လာ (၆၉၉) ထပ်မံ ဝင်ငွေ ရရှိခဲ့ပြီး (တိုးတက်မှု ၁၂၂% ) မိုးရာသီတွင် ကန်ဒေါ်လာ (၃၀၀) (တိုးတက်မှု ၃၃%) ထပ်မံ ဝင်ငွေ ရရှိခဲ့ပါသည်။

ပျမ်းမျှအထွက်နှုန်းများမှာ နွေရာသီအတွင်း၌ တစ်ဧကလျှင် (၆၄၉) ကီလိုဂရမ် (တိုးတက်မှု ၆၀%) နှင့် မိုးရာသီတွင် တစ်ဧကလျှင် (၁၄၆) ကီလိုဂရမ် (တိုးတက်မှု ၁၇%) တိုးတက် ရရှိခဲ့ပါသည်။ မိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်မှုအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော်လည်း ဆားဓာတ်ပါဝင်မှု ရှိနေသဖြင့် ထုတ်လုပ်မှု နည်းပါးပါသည်။ ရေစိုတလှည့် ခြောက်တစ်ခါ ရေထိန်းစနစ်ကို ကျင့်သုံးခြင်းနှင့် ဓာတ်မြေဩဇာများ အချိုးညီစွာ အသုံးပြုခြင်း ကဲ့သို့သော အလေ့အကျင့်များအား ရေကြီးသည့်အတွက်ကြောင့် အလွယ်တကူ လက်တွေ့ အသုံးပြုခြင်း မလုပ်နိုင်ခဲ့ပါ။ မိုးရာသီတွင် တောင်သူများအားလုံး စိုက်ပျိုးကြသော်လည်း နွေရာသီတွင် ရေအရည်အသွေး ကွာဟချက်နှင့် ဆည်မြောင်း အခြေခံ အဆောက်အဦ မရှိခြင်းတို့ကြောင့် (၃၅%) သာ စိုက်ပျိုးကြပါသည်။

**ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက်အတွင်းရှိ ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေး**

တူညီသည့် စီမံချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် Mercy Corps သည် လုပ်ရှားဆောင်ရွက်သူများဖြစ်သည့် တောင်သူများ၊ ဆန်စက် ပိုင်ရှင်များ၊ ကုန်သည်များ၊ ပွဲစားများနှင့် သွင်းအားစု ဝန်ဆောင်မှု ပေးသူများ အားလုံး အတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ဈေးကွက် ပြောင်းလဲမှုများကို ဖန်တီးပေးရန်အတွက် ရည်မှန်းထားပါသည်။ အသုံးပြုသည့် ချဉ်းကပ်နည်းလမ်းများတွင် အကျိုးတူလယ်ယာ စိုက်ပျိုးခြင်း၊ အကြွေးစနစ်ဖြင့် မျိုးစေ့ရောင်းချပေးခြင်းနှင့် သီးနှံအာမခံထားရှိခြင်းတို့ ပါဝင်ပါသည်။ စီမံချက်သည် တန်ဖိုးမြှင့်ကွင်းဆက်အတွင်းရှိ လုပ်ရှား ဆောင်ရွက်သူများအား ပိုမိုကောင်းမွန်သည့် အမြတ်အစွန်းနှင့် ယှဉ်ပြိုင်နိုင်မှုတို့ကို ရရှိစေရန် ပြောင်းလဲမှုများကို အစဉ်အမြဲ လက်ခံနိုင်ရန်နှင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများ ချဲ့ထွင်ရန် တို့အတွက် လုပ်ဆောင် ပေးနိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် စီမံချက်သည် တောင်သူလယ်သမားများအတွက် ဈေးကွက်ဈေးနှုန်းအား ပုံသေသတ်မှတ်ထားသည့် ဈေးကွက်တစ်ခုအား ရယူပေးခဲ့ပါသည်။ ဆန်စက်ပိုင်ရှင်များအတွက် တူညီသော အရည်အသွေးရှိသည့် ဆန်စပါးများအား ပေးသွင်းပေးမည် ဆိုသည့် အာမခံချက် ရရှိခဲ့ပါသည်။



စီမံချက်သည် စင်္ကာပူနိုင်ငံမှ Golden Sunland ကုမ္ပဏီအား လပွတ္တာမြို့နယ်တွင် လုပ်ငန်းများ ထူထောင်ရန် တောင်သူများနှင့် ဒေသ အာဏာပိုင်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့် ကူညီပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ကုမ္ပဏီသည် ယင်း၏ နှစ်မျိုးစပ်ထားသည့် ဆန်စပါးအမျိုးအစားအား အသုံးပြု၍ ကွင်းဆင်း စမ်းသပ်မှု ပြုလုပ်ခဲ့ပါသည်။ စမ်းသပ်မှုမှ အောင်မြင်မှု ရရှိခဲ့သောကြောင့် Golden Sunland သည် ၂၀၁၉ ခုနှစ်တွင် လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုအား တိုးချဲ့ခဲ့ရာတွင် အကျိုးတူလယ်ယာ စိုက်ပျိုးသည့် တောင်သူ (၄၈)ဦး ပါဝင်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် တောင်သူ (၇၅)ဦး ပါဝင်ခဲ့ပါသည်။

Golden Sunland ၏ ဆန်အမျိုးအစားသည် တောင်သူများ၏ အထွက်နှုန်းအား ခန့်မှန်းခြေ (၁၀%) တိုးတက်စေပါသည်။ သို့သော် လည်း ဒေသခံ စားသုံးသူများ၏ ဝယ်လိုအား နည်းပါးသဖြင့် Golden Sunland သည် ရိတ်သိမ်းခဲ့သည်များ အားလုံးကို ဝယ်ယူခဲ့ပြီး စင်္ကာပူနိုင်ငံနှင့် ရန်ကုန်မြို့ တို့တွင် ရောင်းချခဲ့ရပါသည်။

Golden Sunland သည် တောင်သူများထံမှ ရိတ်သိမ်းပြီးနောက် ၂၄ နာရီအတွင်း စိုထိုင်းဆရှိနေသည့် စပါးများ ဝယ်ယူသည့် ဆန်းသစ် တီထွင်မှုရှိသော အသစ်တစ်ခုအား မိတ်ဆက်ပေးခဲ့ပါသည်။ တောင်သူများသည် ၎င်းတို့၏ ဆန်စပါးများကို အခြောက်ခံရန်အတွက် Golden Sunland နှင့် စာချုပ်ချုပ်ဆိုထားသော တိုင်းဝင်းဆန်စက် ပို့ပေးခဲ့ပါသည်။ တောင်သူများ၏ ၎င်းတို့၏ ဆန်စပါးများအား အခြောက်လှန်းရန် မလိုတော့သဖြင့် အလုပ်သမား များ သက်သာခဲ့ပါသည်။ ဆန်စပါးများအား ဆန်စက်ပိုင်ရှင်မှ အရည်အသွေး အာမခံချက်ဖြင့် မြန်မြန်ဆန်ဆန် အခြောက်ခံနိုင်သဖြင့် ဆန်စပါး၏ ထွက်နှုန်းနှင့် အရည်အသွေးမှာ တိုးတက်လာပါသည်။

Golden Sunland နှင့် Mercy Corps တို့သည် အကျိုးတူလယ်ယာစနစ် အစီအစဉ်အတွက် အားဖြည့်နိုင်ရန်နှင့် Golden Sunland တောင်သူများနှင့် ပိုမိုအားကောင်းလာသည့် ဆက်ဆံရေး နှင့် တန်ဖိုးမြှင့်ကွင်းဆက်တလျှောက် ပေါင်းစပ်ညှိနှိုင်းခြင်း တို့ကို ထပ်မံ အားဖြည့်ပေးရန် အခြား ကုမ္ပဏီများအား မိတ်ဆက်ပေးခဲ့ပါသည်။

ဤမိတ်ဖက်ပြုမှုမှ ရရှိသော အခြား ပြီးစီးအောင်မြင်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည် –

- Golden Sunland သည် မြန်မာ့ဩဘာမှ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား ဝယ်ယူခဲ့ပြီး အဆိုပါ သွင်းအားစုများအား တောင်သူများထံ တစ်လလျှင် အတိုးနှုန်း (၂.၅%) ဖြင့် အကြွေး ရောင်းချပြီး ပံ့ပိုးပေးခဲ့ခြင်း
- မှတ်ပုံတင်ထားသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း Daung Capital သည် Golden Sunland လမ်းကြောင်းမှတဆင့် တစ်ဧကလျှင် ကန်ဒေါ်လာ (၁၀၀)နီးပါးရှိသည့် လုပ်ငန်းလည်ပတ်သည့် အရင်းအနှီး ချေးငွေအား တလလျှင် ၂.၅% အတိုးနှုန်းဖြင့် ပေးအပ်ခဲ့ခြင်း
- တောင်သူများသည် ၎င်းတို့၏ စိုက်ပျိုးထုတ်လုပ်မှု စက်ဝန်းနှင့် ငွေကြေး လည်ပတ်သည့် အချိန်နှင့် ကိုက်ညီသော ရိတ်သိမ်းချိန်၌ ကျန်ရှိနေသည့် ချေးငွေများ အားလုံးအား ပြန်လည်ပေးဆပ်ခဲ့ခြင်း
- Village Link သည် အန်းဒရိုက်စမတ်ဖုန်းများတွင် အသုံးပြုနိုင်သော ယင်း၏ "ထွက်တိုး" မိုဘိုင်းလ် အပလီကေးရှင်းမှတဆင့် ရာသီဥတုနှင့် သီးနှံစိုက်ပျိုးရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း
- Golden Sunland နှင့် စာချုပ်ချုပ်ဆို စိုက်ပျိုးခဲ့သည့် တောင်သူများသည် ၎င်းတို့မှ ဒေသတွင်း ဈေးကွက်များသို့ ရောင်းချသည်ထက် ခန့်မှန်းခြေ (၄၀%) ဈေးပိုရသဖြင့် ပျမ်းမျှကန်ဒေါ်လာ (၁၅၀) ပိုမိုရရှိခဲ့ ခြင်း။ ဤတိုးတက်ရရှိမှုမှာ တိုးတက်ကောင်းမွန်သည့် နှစ်မျိုးစပ်မျိုးစေ့ အမျိုးအစားကြောင့် အထွက်နှုန်း တိုးတက်လာသည်နှင့် Golden Sunland မှ ဈေးကောင်း ရရှိသည့် အဆင့်မြင့် ဈေးကွက်များအား လက်လှမ်းမီသည့်အတွက်ကြောင့် ဈေးကွက်ဈေးနှုန်းထက် ပိုမိုသည့် မြင့်မားသည့် ဈေးဖြင့် ကမ်းလှမ်းသည့်အတွက်တို့ကြောင့် ဖြစ်ပါသည်။
- Golden Sunland အပြင် Mercy Corps သည် တောင်သူ (၂၅၈)ဦးနှင့် ဈေးနှုန်း အသေသတ်မှတ်ပြီး အကျိုးတူလယ်ယာ စိုက်ပျိုးသည့် စနစ်အား ဆန်စက်ပိုင်ရှင် (၄)ဦးနှင့် မိတ်ဆက်ပေးခဲ့ခြင်း

Golden Sunland ၏ အကျိုးတူလယ်ယာ စိုက်ပျိုးသော အစီအစဉ်သည် ၂၀၂၄ ခုနှစ်တွင် တောင်သူ (၅,၀၀၀)ဦးထံ ရောက်ရှိမည်ဟူသော ရည်မှန်းချက်နှင့်အတူ LLM မှ ဖန်တီး တည်ထောင်ပေးခဲ့သည့် တောင်သူအုပ်စုများကို အခြေခံအဖြစ် အသုံးပြုပြီး နောက်ထပ် စာချုပ်ချုပ်ဆို စိုက်ပျိုးမည့် တောင်သူများအား ထပ်မံ ပေါင်းစည်းကာ လပွတ္တာတွင် ဤစီမံချက်အား တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှု မြင့်မားမည် ဖြစ်ပါသည်။

စီမံချက်၏ အောင်မြင်မှုအပေါ် အခြေခံ လုပ်ရှားဆောင်ရွက်သူအမျိုးမျိုးအတွက် ရရှိခဲ့သော အဓိကသင်ခန်းစာများတွင် အောက်ပါတို့ ပါဝင် ပါသည်–

- ဈေးကွက် အခြေပြု စီမံကိန်းဆောင်ရွက်ချက်များအား စတင် မိတ်ဆက် လုပ်ဆောင်ရာတွင် အားလုံးပါဝင်သည့် ပလက်ဖောင်းတစ်ခုအား ဖန်တီးတည်ဆောက်ခြင်းသည် ဈေးကွက်ဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အဓိကကျခြင်း
- အရည်အသွေးမြင့်မားသည့် မျိုးစေ့များအား လက်လှမ်းမီရယူနိုင်ခြင်းသည် တောင်သူများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် ဝင်ငွေ တိုးတက်စေရန်အတွက် အထောက်အကူပြုခြင်း
- သင့်တော်သည့် မိတ်ဖက်ပြုမှုမှ ပိုမိုကြီးမားသည့် မိတ်ဖက်ပြုခြင်းဆီသို့ ဦးတည်နေပြီး တဆက်တည်းမှာပင် ဆန်စပါး တန်ဖိုးမြှင့်ကွင်းဆက်အတွင်းရှိ လုပ်ရှားဆောင်ရွက်နေသူများ အားလုံးအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်း
- တန်ဖိုးမြှင့်ကွင်းဆက်တလျှောက်ရှိ လုပ်ရှားဆောင်ရွက်သူ အမျိုးမျိုးအတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ကိစ္စရပ်များအား ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် ဖြစ်ပေါ်လာစေရန် ဝန်ဆောင်မှုများမှ စိုက်ပျိုးရေး ကဏ္ဍတွင် ကျရောက်နိုင်သည့် အန္တရာယ်များ လျော့ကျစေရန်အတွက် လုပ်ဆောင်ရမည့် လိုအပ်ချက် တစ်ရပ်ရှိနေခြင်း

**တောင်တန်းဒေသများတွင် လယ်ယာအကြံပေး ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာခြင်း**

International Fertilizer Development Center (IFDC) မှ အပူပိုင်းဇုန်၏ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် (၆)မြို့နယ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ခုနှစ် အောက်တိုဘာလအထိ ဆောင်ရွက်ခဲ့သည့် စီမံချက်အား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံချက်သည် အရည်အသွေးမြင့် သွင်းအားစုများအား မှန်ကန်စွာ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့် သတင်းအချက်အလက်များအား တောင်သူများထံ ပေးအပ်နေသည့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများနှင့် ဝန်ဆောင်မှုပေးသူများ၏ ကွန်ရက်အား တည်ထောင်ပေးခြင်း၊ ခိုင်မာအားကောင်းစေခြင်းဖြင့် လယ်ယာအကြံပေး ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေခဲ့ပါသည်။ ရလဒ်အနေဖြင့် တောင်သူများ၏ သီးနှံအပေါ်၌ရှိသည့် စိုးရိမ်ကြောင့်ကြစိတ်ကြောင့် အားနည်းထိခိုက်လွယ်မှုအား လျှော့ချပေးခဲ့ပြီး ဝင်ငွေများတိုးတက် ကောင်းမွန်စေခဲ့ပါသည်။ ချဉ်းကပ်နည်းလမ်း အောင်မြင်မှု၏ အဓိကအချက်မှာ တောင်သူများ၊ အစိုးရ တိုးချဲ့ ပညာပေးသည့် လုပ်သားများနှင့် ပုဂ္ဂလိက ကဏ္ဍတို့အကြား ဆက်ဆံရေးများ တိုးတက် ကောင်းမွန်ခဲ့ခြင်း ဖြစ်ခဲ့ပါသည်။

စီမံချက်သည် အပူပိုင်းဇုန်တွင် ပိတ်သိမ်းခဲ့ပြီး IFDC သည် ကယားပြည်နယ် (လွိုင်ကော် နှင့် ဒီမောဆိုး) နှင့် ကရင်ပြည်နယ် (ဖားအံ၊ ကော့ကရိတ် နှင့် ကြာအင်းဆိပ်ကြီး) ရှိ မြို့နယ် (၅)မြို့နယ်တွင် အစီအစဉ်များအား ပုံတူပွား ဆောင်ရွက်ရန် LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှု ရရှိခဲ့ပါသည်။

စီမံချက်သည် ကယားနှင့် ကရင်ပြည်နယ်များရှိ တောင်တန်းဒေသများတွင် အာဟာရဓာတ်အမျိုးစုံပါဝင်သည့် အစားအသောက်များနှင့် ရိက္ခာသီးနှံများ လက်လှမ်းမီ ရရယူနိုင်ရန်အတွက် အထောက်အကူရရန် စီးပွားဖြစ် သီးနှံ စိုက်ပျိုးခြင်းအပါအဝင် အာဟာရဓာတ် အမျိုးစုံပါဝင်သည့် အစားအသောက်များအတွက် ဖြည့်ဆည်းပေးသည့် သီးနှံများ ထုတ်လုပ်နိုင်စွမ်း မြှင့်တင်ပေးခြင်းကိုလည်း အာရုံစိုက်ခဲ့ပါသည်။ ရွေးချယ်ခဲ့သည့် သီးနှံများတွင် သဘော်သီး၊ ရုံးပတီသီး၊ တရုတ်ကိုက်လန်၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ပဲတောင့်ရှည်၊ ဆလပ်ရွက်နှင့် ဖရုံသီးတို့ ပါဝင်ပါသည်။

၂၀၂၀ ခုနှစ်တွင် IFDC သည် တောင်သူ ဦးရေ (၁၃,၀၀၀)နီးပါးထံ (အမျိုးသမီး ၆၂%) ထံ ရောက်ရှိခဲ့သဖြင့် ယခု အချိန်အထိ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တွင် ရောက်ရှိခဲ့သည့် စုစုပေါင်း တောင်သူအရေအတွက်မှာ (၃၁,၀၀၀)ဦး ရှိခဲ့ပြီ ဖြစ်ပါသည်။

တောင်သူများမှ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအား လိုအပ်သလောက်သာ အသုံးပြုခြင်းအပြင် စိုက်ပျိုးရာတွင် နေရာခြား၍ စိုက်ပျိုးခြင်းဖြင့် မျိုးစေ့ဖိုး ကုန်ကျစရိတ် လျော့ကျခဲ့ခြင်းတို့ကြောင့် ထုတ်လုပ်မှုစရိတ်တွင် (၂၀%) မှ (၂၅%) အထိ သက်သာစေခဲ့ကြောင်း နှင့် ထိုသို့ သက်သာခြင်းမှာ  သင်တန်းတွင် သင်ယူခဲ့သည့် သတင်း အချက်အလက်များကို လက်တွေ့အသုံးချခြင်းကြောင့် ဖြစ်ကြောင်း  သိရှိခဲ့ကြပါသည်။ စီမံချက်မှ တောင်သူများအား သီးနှံဘတ်ဂျက်များအား မည်ကဲ့သို့ အသုံးပြုရမည်ကို သင်ကြားပေးခဲ့ပြီး  တောင်သူများမှ စိုက်ပျိုးခြင်း မပြုမီ အသုံးချခဲ့ပါသည်။

စီမံချက်သည် သွင်းအားစု ဝန်ဆောင်မှုပေးအပ်သူ (ISP) ၇၉ ဦးအား ကုန်ပစ္စည်းများအား မှန်ကန်သည့် နည်းလမ်းဖြင့် ထားသို သိမ်းဆည်းခြင်း၊ ရောင်းချသည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု အမျိုးစုံရောင်းချပေးခြင်း၊ နှင့် ၎င်းတို့၏ ကိုယ်ပိုင်ဆိုင်များမှ (သို့) ပြန်လည် ဝယ်ယူရောင်းချသူများမှတဆင့် ရောင်းချမည့် နေရာအသစ်များ ဖွင့်လှစ်ခြင်း တို့တွင် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ စီမံဆောင်ရွက်မှု များသည် အရောင်း ပမာဏနှင့် အရေအတွက်တို့ တိုးပွားလာခြင်းဆီသို့ ဦးတည်ခဲ့ပါသည်။

ISP များအား ထောက်ပံ့ငွေ ကန်ဒေါ်လာ (၁၀,၀၀၀) အား ပေးအပ်ခဲ့ပြီး စရိတ်မျှပေးအစီအစဉ်အဖြစ် အနည်းဆုံး ကန်ဒေါ်လာ (၂,၀၀၀) ထည့်ဝင်ရန်လိုအပ်ပါသည်။  ထောက်ပံ့မှု တစ်ခုချင်းဆီတွင် ကြိုတင်သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များ ရှိပြီး – တောင်သူများမှ  ကုန်ပစ္စည်းများနှင့် လဲလှယ်နိုင်သည့် ဘောင်ချာများ အတွက် (၂၅%) မှ (၃၀%) ၊ နည်းပညာလွှဲပြောင်း ပေးမှု အတွက် (၂၅%) နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် (၅၀%) ဖြစ်ပါသည်။ ISP တစ်ဦးချင်းစီသည် တစ်ကြိမ်လျှင် တောင်သူ (၅၀) မှ (၇၀)  ဦးကြားအား ဦးတည် ရည်ရွယ်ရမည့် သင်တန်း (၄)ကြိမ်၊ တစ်ကြိမ်လျှင် တောင်သူ (၅၀)ဦးအား ဦးတည်ရည်ရွယ်၍ လက်တွေ့ စိုက်ပျိုးပြသမှုအတွက် စိုက်ခင်း (၃)ခင်းနှင့် တစ်ကြိမ်လျှင် တောင်သူ (၇၀) မှ (၁၀၀) ဦးအကြား ဦးတည်ရည်ရွယ်၍ တောင်သူ ကွင်းဆင်းဆောင်ရွက်သည့် ရက် (၃)ရက်တို့အား အစီအစဉ် ရေးဆွဲထားရန် ဖြစ်ပါသည်။

ISP များသည် တောင်သူ (၉,၇၉၉) ဦး (အမျိုးသမီး ၄၀%) မှ တက်ရောက်ခဲ့သည့် သင်တန်း အကြိမ်ရေ (၁၂၂)ကြိမ်အား ပြုလုပ်ပေးခဲ့ပြီး လက်တွေ့စိုက်ပျိုးပြသသည့် စိုက်ခင်း (၈၀) (ကရင်ပြည်နယ်တွင် ၅၁ ခင်းနှင့် ကယားပြည်နယ် တွင် ၂၉ ခင်း) အား တည်ထောင်ခဲ့ပြီးဖြစ်ကာ တောင်သူ (၅,၀၃၅) ဦး (အမျိုးသမီး ၄၀%) တို့မှ တက်ရောက်ခဲ့သည့် တောင်သူကွင်းဆင်း နေ့ရက်ပေါင်း (၆၀)အား စီစဉ် ပြုလုပ်ခဲ့ပါသည်။

ISP များသည် ၎င်းတို့နှင့် တောင်သူများအကြား အပြန်အလှန်ဆက်သွယ် ဆောင်ရွက်မှုများ တိုးတက်လာစေရန် ဈေးကွက်မြှင့်တင်သည့် နည်းကိရိယာ တစ်ခုအနေဖြင့် ဘောင်ချာတစ်ခုလျှင် တန်ဖိုး မြန်မာကျပ်ငွေ (၁၀,၀၀၀) (ကန်ဒေါ်လာ ၇)ခန့် တန်ဖိုးရှိသော ကုန်ပစ္စည်းများနှင့် အခမဲ့ လဲလှယ်ယူနိုင်သည့် ပြေစာ (၆,၄၈၉) ခုအား ဖြန့်ဝေပေးခဲ့ပါသည်။

စံပြကွက်များအား IFDC၏ စိုက်ပျိုးရေး ပညာရှင်များ၏ တိုက်ရိုက်တာဝန်ယူမှုအောက်၌ ထားရှိခဲ့ပါသည် (သို့) စိုက်ပျိုးရေး ဦးစီးဌာန၏ တိုးချဲ့ပညာပေးရေးဝန်ထမ်းများ၏ ကူညီပံ့ပိုးပေးမှုဖြင့် ISP များ၏ တာဝန်ယူမှု အောက်၌ ထားရှိခဲ့ပါသည်။ IFDC ၏ အစီရင်ခံစာများအရ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် စိုက်ခင်း (၁၁၆)ခင်းအား တည်ထောင်ခဲ့ပြီး (၅၀)ခင်းမှာ ဆန်စပါး၊ (၅)ခင်းမှာ ပြောင်း၊ (၃၆)ခင်းမှာ စီးပွားဖြစ်သီးနှံနှင့် (၂၅)ခင်းမှာ စီးပွားဖြစ် ဟင်းသီးဟင်းရွက် သီးနှံတို့အတွက် သီးသန့်ထားရှိခဲ့ပါသည်။





စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)အတွက် သင်ကြား ပို့ချပေးသည့် သင်တန်းတွင် ပျိုးပင်အတွက် အောက်ခံမြေ အနေအထား ပြုပြင်ခြင်း၊ ပျိုးကျဲခြင်း၊ ရေလောင်းခြင်း၊ မြေဆွေးပြုလုပ်နည်းအား လက်တွေ့ပြသခြင်း၊ အစေ့မှ အညှောက်ပေါက်သည်အထိ လက်တွေ့ ပြုစုခြင်းနှင့် မြေလွှာအမျိုးအစား ရွေးချယ်ခြင်း တို့ ပါဝင်ခဲ့ပါသည်။ သရုပ်ပြစိုက်ခင်းများမှ ပျမ်းမျှ အမြတ် (၃၅%) တိုးတက် ရရှိခဲ့ပါသည်။ အမြတ်များမှာ ဆန်စပါးအတွက် တစ်ဧကလျှင် မြန်မာကျပ်ငွေ (၁,၁၀၀,၀၀၀) (ကန်ဒေါ်လာ ၇၉၀) နှင့် ခရမ်းသီးအတွက် တစ်ဧကလျှင် မြန်မာကျပ်ငွေ (၁၀,၀၀၀,၀၀၀) (ကန်ဒေါ်လာ ၇,၂၀၀) ဟူ၍ အစားစား ရှိပါသည်။

**IFDC သည် တောင်သူများ၏ လေ့လာသင်ယူမှု တိုးတက်ကောင်းမွန်စေရန်အတွက် သင်တန်း နည်းစနစ်အမျိုးမျိုး အသုံးပြုခြင်း**

တောင်သူတိုးချဲ့ ပညာပေးလက်စွဲ –နည်းပညာများနှင့် တိုးချဲ့ပညာပေးဆိုင်ရာ အချက်အလက်များ (၂)ခုလုံး ပါရှိသည့် လက်စွဲ လမ်းညွှန်စာအုပ်အား ထုတ်ဝေခဲ့ပါသည်။ သတင်းအချက်အလက်များအား စိုက်မွေးဆည် ဝန်ကြီးဌာန၊ IFDC ၏ ယခင်စီမံချက်များနှင့် သွင်းအားစု ကုမ္ပဏီများ အပါအဝင် ရင်းမြစ်အချို့မှ ကောက်နုတ် စုစည်းခဲ့ပါသည်။ ဖြစ်နိုင်သည့် နေရာများတွင် စီမံချက်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ပြုလုပ်ခဲ့သည့် လက်တွေ့ သရုပ်ပြမှုများ၏ ရလဒ်များနှင့်အတူ သတင်းအချက်အလက်များအား တင်ပြခဲ့ပါသည်။ မတူညီသည့် ပရိသတ်များအား သင်တန်းပို့ချရာတွင် သင်ခန်းစာများ အကောင်းဆုံး အသုံးပြုနိုင်မည့် နည်းလမ်းများဆိုင်ရာ လမ်းညွှန်ချက်လည်း ပါဝင်ပါသည်။ လက်စွဲလမ်းညွှန်စာအုပ်တွင် ထည့်သွင်းထားသည့် မကြာသေးမီမှ ရရှိခဲ့သည့် သတင်း အချက်အလက်များအား COVID–19 ကပ်ရောဂါကာလအတွက် ကမ္ဘာ့ဘဏ်မှပို့ချခဲ့သည့် ဒီဂျစ်တယ် စိုက်ပျိုးရေးသင်တန်းအား ပြီးစီး အောင်မြင်စွာ တက်ရောက်ခဲ့သည့် စီမံချက်ဝန်ထမ်းများမှ စုစည်းပေးခဲ့ပါသည်။ လက်စွဲ လမ်းညွှန်စာအုပ်အား မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး နည်းပညာတွင် နောက်ဆုံး သတင်းအချက်အလက်များအား စုစည်းထားသည့် ထုတ်ဝေမှုအား စိုက်မွေးဆည် ဝန်ကြီးဌာနမှ သုံးသပ်ပြီး အတည်ပြုပေးခဲ့ပါသည်။

Farm Walks (စိုက်ကွင်းအတွင်း လမ်းလျှောက်ခြင်း) – စီမံချက်သည် ပုဂ္ဂလိက ကဏ္ဍ/ ဝန်ဆောင်မှု ဦးစားပေး သည့် သတင်း အချက်အလက် များကို တောင်သူများနှင့် ပိုမို၍ အပြန်အလှန် ဖလှယ်ခြင်းဆီသို့ လျှောက်လှမ်း သည့် ခြေလှမ်းတစ်ရပ်အနေဖြင့် စိုက်ကွင်းအတွင်း လမ်းလျှောက် ခြင်း (Farm Walks) တိုးချဲ့ ပညာပေးသည့် မိုဒယ်ပုံစံအသစ်ကိုလည်း မိတ်ဆက်ပေးခဲ့ပါသည်။ Farm Walks သည် စိုက်ပျိုးရေး ပညာရှင်များမှ ၎င်းတို့၏ ပုံမှန်လှုပ်ရှားမှုဖြစ်သော စိုက်ကွင်းအတွင်း လှည့်လည် ကြည့်ရှုပြီး စိုက်ကွင်း အတွင်း၌ တောင်သူများထံ ချက်ချင်း အကြံဉာဏ် ပေးခြင်းနှင့် ချိတ်ဆက်နေသည့် ကုန်ကျစရိတ် သက်သာသည့် နည်းစနစ်ဖြစ်ပါသည်။

ဗီဒီယိုများအား သင်တန်းပေးရာတွင် နည်း ကိရိယာများအဖြစ် အသုံးပြုခြင်း – သင်ကြားနည်း နည်းစနစ်အမျိုး မျိုး  အသုံးပြုနိုင်ရန် ဤကာလ အတွင်း ဗီဒီယိုဖိုင် (၁၉)ဖိုင်အား ထုတ်လုပ်ခဲ့ပြီး တောင်သူများထံ ဖြန့်ဝေပေးခဲ့ ပါသည်။

တန်ဖိုးမြှင့်ကွင်းဆက်သီးသန့်လုပ်ငန်းအဖွဲ့များ – သီးသန့် တန်ဖိုးမြှင့်ကွင်းဆက်များအတွက် အကြောင်းအရာအလိုက် လုပ်ငန်း အဖွဲ့များအား ဖွဲ့စည်းခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန (သို့) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ စိုက်ပျိုးရေးဌာနများ၊ ISP များ၊ တောင်သူများနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

IFDC ၏ ကယားနှင့် ကရင်ပြည်နယ်များရှိ စီမံချက်များသည် ရာသီဥတုနှင့် COVID–19 ကပ်ရောဂါနှင့် ဆက်နွယ် နေသည့် စိန်ခေါ်မှုများကို တွေ့ကြုံခဲ့ရပါသည်။

ပြီးခဲ့သည့် မိုးရာသီအတွင်း စီမံချက်ဒေသများ အားလုံးတွင် ပုံမှန် မိုးရေချိန်ထက် လျော့နည်းခြင်းနှင့် နွေရာသီတွင် လုံးဝ မိုးမရွာခြင်း ကြုံတွေ့ခဲ့ကြပါသည်။ ရလဒ်အနေဖြင့် မိုးကြိုကာလ စီးပွားဖြစ်  သီးနှံများ၏ ထုတ်လုပ်နိုင်မှု ကျဆင်းခဲ့ပြီး  တဆက်တည်းမှာပင်  သွင်းအားစု  ပေးသွင်းသူများ၏  ဝင်ငွေလည်း  ကျဆင်းသွားခဲ့ပါသည်။ COVID–19 ကပ်ရောဂါကြောင့် နယ်စပ်များ ပိတ်လိုက်သဖြင့် နိုင်ငံခြားပို့ကုန်များ ရပ်တန့်သွားခြင်း နှင့် ဒေသတွင်း ကုန်ဈေးနှုန်းများ ကျဆင်းခဲ့ခြင်းတို့မှ  ဤအခြေအနေအား ပိုမို ဆိုးရွားစေခဲ့ပါသည်။ ထို့အပြင် အစိုးရ၏ ထိန်းချုပ်သည့် အစီအမံများကြောင့် သယ်ယူပို့ဆောင်ခြင်းနှင့် ကုန်သွယ်ခြင်းတို့တွင် အချိန်အကန့်အသတ်ဖြင့်သာ ပြုလုပ်နိုင်ခဲ့သဖြင့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ တန်ဖိုးမြှင့်ကွင်းဆက်များတွင် ပြတ်တောက်မှု ရှိခဲ့ပါသည်။

အကြီးမားဆုံး စိန်ခေါ်မှုမှာ အဆိုပါအချက်များ သေချာရေရာမှုမရှိခြင်းမှ တောင်သူများအား ရင်းနှီးမြှုပ်နှံရန် အတွက် ဆုံးဖြတ်ချက်များ မချမှတ်နိုင်တော့ခြင်းနှင့် ဝင်ငွေများ ထိန်းသိမ်းနိုင်မှုမရှိတော့ခြင်းတို့ ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ ယင်းမှ တောင်သူများအတွက် စီးပွားရေးထိခိုက်စေသည့် သက်ရောက်မှုများဆီသို့ ဦးတည်ခဲ့ ပါသည်။ အိမ်ထောင်စုများမှ ဈေးများတွင် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် သားငါးဝယ်ယူမှု လျော့ကျခဲ့ခြင်း မှ ကုန်ပစ္စည်းများ ပိုလျှံခြင်း၊ ကုန်ဈေးနှုန်းများ ကျဆင်းခြင်း၊ ထုတ်လုပ်သူများအတွက် ဝင်ငွေလျော့ကျခြင်း၊ ၎င်းတို့၏ နေထိုင် စားသောက်မှုဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရန်နှင့် ဆုံးရှုံးသွားသည့် ဝင်ငွေများအား အစားထိုး ပေးရန်တို့အတွက် ချေးငွေ လိုအပ်ချက်များ မြင့်တက်လာခြင်းတို့ဆီသို့ ဦးတည်ခဲ့ပါသည်။ တရားဝင် မဟုတ်သော ရင်းမြစ်များမှ ချေးငှားခဲ့သော တောင်သူများသည် အကြွေးဒုက္ခများအား ကြုံတွေ့နေပါသည်။

စိုက်ပျိုးရေးတိုးချဲ့ ပညာပေးခြင်းအား ကူညီပံ့ပိုးပေးသည့် ချဉ်းကပ်နည်းလမ်းများသည် သင့်တော် အသုံးဝင်ကြောင်း နှင့် ထပ်မံ၍ ပုံတူပွားနိုင်ကြောင်းကို စီမံချက်မှ လက်တွေ့ပြသခဲ့ပြီး အကယ်၍ နည်းပညာ စွမ်းဆောင်ရည်အရ အခြေအနေပေးပါက ဈေးကွက်စနစ်အတွင်းရှိ မတူညီသည့် တန်ဖိုးမြှင့်ကွင်းဆက်တွင်းရှိ လှုပ်ရှား ဆောင်ရွက်သူ အမျိုးမျိုးအတွက် တိုးချဲ့ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

# ရှေ့သို့ မျှော်ကြည့်လျှင်

LIFT သည် ရေရှည်တည်တံ့ခိုင်မြဲမှုအား မြှင့်တင်ရန်နှင့် ကြံ့ကြံ့ခံနိုင်စွမ်းအား တည်ဆောက်ရန်တို့အတွက် စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ (AMFS) စီမံကိန်းရှိ ယင်း၏ လက်ရှိရင်းမြစ်များကို ဆက်လက် အသုံးပြုသွားမည် ဖြစ်ပါသည်။ LIFT သည် ယင်း၏ လက်ရှိ မဟာဗျူဟာအား ဆက်လက် ကျင့်သုံးသွားမည် ဖြစ်သော်လည်း COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် စစ်တပ်မှ အာဏာသိမ်းမှုတို့အား တုံ့ပြန်ဆောင်ရွက်ရာတွင် အသက်မွေးဝမ်းကျောင်း ခိုင်မာအားကောင်းစေသည့် စီမံကိန်း ဆောင်ရွက်ချက်များဆိုင်ရာ ချဉ်းကပ်နည်းလမ်း အသစ်များအတွက် ဒီဇိုင်းပုံစံ ရေးဆွဲသွားမည် ဖြစ်ပါသည်။ AMFS စီမံကိန်းသည် LIFT ၏ ငွေရေးကြေးရေးတွင် အားလုံးပါဝင်စေမှု စီမံကိန်းနှင့် ချိတ်ဆက်ပြီး လုပ်ကွက်ငယ် တောင်သူများနှင့် စီးပွားရေးလုပ်ငန်း ပိုင်ရှင်များအတွက် ချေးငွေများအား ရယူနိုင်ခြင်းအား တိုးမြှင့်ပံ့ပိုးပေးခြင်းနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် LIFT ၏ ဦးတည်ရည်ရွယ်သည့် အုပ်စုများ၏ ဝင်ငွေတိုးတက်ခြင်းတို့အတွက် ရေရှည်တည်တံ့သည့် လမ်းကြောင်းအနေဖြင့် ကုန်ပစ္စည်း တန်ဖိုးမြှင့်ကွင်းဆက်များ မြှင့်တင်ခြင်းနှင့် ၎င်းတို့အား ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်းတို့နှင့်အတူ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအား ဆက်လက် ကူညီပံ့ပိုးပေးခြင်းတို့နှင့်အတူ မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုအား ကူညီပံ့ပိုးပေးရန် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

LIFT သည် COVID-19 ကပ်ရောဂါ သက်ရောက်မှုနှင့် စစ်တပ်အာဏာသိမ်းမှုတို့အတွက် လျော့ပါးသက်သာစေပြီး ပြန်လည် ထူထောင်သည့် စီမံဆောင်ရွက်မှုများအနေဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ကဏ္ဍတို့တွင် ငွေကြေးထောက်ပံ့သည့် ပုံစံများဖြင့် ဆက်လက်ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ မျိုးစေ့ထုတ်လုပ်မှုကဏ္ဍတွင် အကျိုးခံစားခွင့်ရှိသူများအား အလုပ်အကိုင် အခွင့်အလမ်းများဖြင့် ကူညီပံ့ပိုးပေးရန်အတွက် Cash for Work နည်းလမ်းဖြင့် ငွေကြေးထောက်ပံ့မှုအား ရရှိမည် ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသ၌ အကောင်အထည်ဖော်ခဲ့သည့် ရှေ့ပြေးစမ်းသပ်မှုမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာ များအား ၂၀၂၁ ခုနှစ်တွင် အသုံးချသွားမည် ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများနှင့် Cash for Work အစီအစဉ်အား ကနဦး စမ်းသပ်မှုပြုလုပ်ခဲ့သည့် အစီအစဉ်အား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရာတွင် သင်ခန်းစာများ ဖော်ထုတ်ပြီး သတင်းအချက်အလက်များပေးနိုင်ရန်တို့အတွက် အစီအစဉ်တွင် အားနည်းထိခိုက်မှု အလွယ်ဆုံးသူများ (နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများ၊ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့/ စိုက်ပျိုးရေး အလုပ်သမားများ) ပါဝင်လာစေရန်အတွက် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။





*LIFT ၏ စိုက်ပျိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် ခန့်မှန်းခြေ လူဦးရေ (၁၅၂,၂၀၀)ဦး (အမျိုးသမီး ၅၀%) ထံ ရောက်ရှိခဲ့ပါသည်။*

သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု

အကြောင်းအရာအလိုက် အစီအစဥ်များ



# ၄.၄

## သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု

### ခြုံငုံဖော်ပြချက်

၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် COVID–19 ကပ်ရောဂါကာလအတွင်း စီးပွားရေး လုံးဝဥဿုံ ကျဆင်းခြင်းကို ကြုံတွေ့ရခြင်းမရှိသည့် နိုင်ငံအနည်းငယ် အနက်မှ တစ်နိုင်ငံဖြစ်သော်လည်း စီးပွားရေး အကြီးအကျယ် နှေးကွေးသွားခြင်း ဆင်းရဲနွမ်းပါးမှုမှာ သိသာထင်ရှားစွာ တိုးပွား လာခြင်းတို့ ကြုံတွေ့ခဲ့ရပါသည်။[၄၉] လူမှုစီးပွားအခြေအနေ ကျဆင်းသွားမှုကို ဖြေရှင်းရန် မြန်မာနိုင်ငံအစိုးရသည် အရေးပေါ် တုံ့ပြန်ကာကွယ်ရေး အစီအမံများ ပါဝင်ပြီး ဘဏ္ဍာရေးအရ ပြန်လည် ကောင်းမွန်လာစေရန်အတွက် လမ်းကြောင်းအား ချမှတ်ပေးသည့် ရည်မှန်းချက်မြင့်မားသော COVID–19 စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက် (CERP) အား ရေးဆွဲခဲ့ပါသည်။ ချမှတ်ထားသော ဆောင်ရွက်ချက်များ၏ တစ်စိတ်တစ်ဒေသအနေဖြင့် CERP သည် လူမှုဖူလုံရေးအဖွဲ့မှ ၎င်း၏ အဖွဲ့ဝင်များအား ထောက်ပံ့ကြေးများ တိုးမြှင့်ပေးခြင်းမှတဆင့် အလုပ်သမားများအပေါ် သက်ရောက်မှုအား လျှော့ပါးစေရန် ကြိုးပမ်းခဲ့ပါသည်။ အစိုးရမှ ရပ်ရွာလူထုဆိုင်ရာ အခြေခံ ဆောက်လုပ်ရာတွင် အလုပ်အကိုင် ဆုံးရှုံးခဲ့ကြသည့် သူများအတွက် လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်း အစီအစဥ်များ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။ သို့သော်လည်း အစိုးရ၏ အားနည်းထိခိုက်လွယ်သည့် အလုပ်သမားများ အတွက် ငွေကြေးထောက်ပံ့မှု အထူးသဖြင့် အလုပ်လက်မဲ့ ဖြစ်သွားသည့် အလုပ်သမားများနှင့် တရားဝင် မဟုတ်သည့် ကဏ္ဍများအတွက် လူမှုကာကွယ်စောင့်ရှောက်မှုပေးရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်အတွက် လုံလောက်မှု မရှိသောကြောင့် စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့ ပါသည်။[၅၀]

အထူးသဖြင့် အလွန် အရေးပါသည့် အထည်ချုပ်လုပ်ငန်းတွင် အလုပ်အကိုင် ရရှိထားသည့် ပြည်တွင်း ရွှေ့ပြောင်း သွားလာသူများသည် ထိခိုက် ခံစားခဲ့ရပါသည်။ ကန်ဒေါ်လာ (၄.၆) ဘီလီယံ တန်ဖိုးရှိသည့် အထည်ချုပ်ကဏ္ဍ သည် မြန်မာနိုင်ငံတွင် ပြည်ပသို့ အများဆုံး တင်ပို့နေသည့် လုပ်ငန်းဖြစ်ပြီး တရုတ်နိုင်ငံနှင့် ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များ ပြတ်တောက်ခဲ့ပြီး အဓိကဈေးကွက်များမှ အမှာစာများ ဖျက်သိမ်းခဲ့သည့် ရလဒ်ကြောင့် သိသိ သာသာနှေးကွေးသွားခဲ့ပါသည်။ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်းမှ အထည်ချုပ် စက်ရုံများသည် အမှာစာ (၇၅%) ကျဆင်းသွားသည်ကို ကြုံတွေ့ခဲ့ကြပြီး စက်ရုံများပိတ်သိမ်းမှုများ ထပ်မံ ကြုံတွေ့ရမည်ကို မျှော်လင့်ထားကြောင်း အစီရင်ခံ တင်ပြခဲ့ပါသည်။[၅၁] အထည်ချုပ် စက်ရုံများတွင် အမျိုးသမီးများ ဦးစားပေး ခန့်ထားလေ့ရှိသည့် သဘော သဘာဝရှိသည့်အတွက်ကြောင့် ထိုသို့ စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခြင်းကြောင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုများအား ကြီးမားစွာ ထိခိုက်နစ်နာစေခဲ့ပါသည်။

ကမ္ဘာ့ ကပ်ရောဂါ မဖြစ်ပွားမီကပင် ရွှေ့ပြောင်းသွားလာသူများ နေထိုင်သည့် မြို့ပြဝန်းကျင် ဒေသများသည် မြန်မာနိုင်ငံ၏ အားနည်း ထိခိုက်လွယ်မှု အဆိုးရွားဆုံးဖြစ်သည့် လူမှုအသိုက်အဝန်းများရှိသည့် ဒေသအချို့ ဖြစ်နေပြီး ဖြစ်ပါသည်။ ဝင်ငွေဆုံးရှုံးသွားခြင်းနှင့်အတူ ဒုက္ခေပါ လာသည့် စုဆောင်းငွေ၊ တစ်ကိုယ်ရေ သန့်ရှင်းမှုအား

၄၉။ Xinshen Diao, နှင့် အခြားသူများ – မြန်မာ့စီးပွားရေးအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများအား ဆန်းစစ်ခြင်း – အဖွဲ့အစည်း၏ လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ညွှန်းကိန်း (SAM) ၏ မြှောက်ကိန်း ချဥ်းကပ်နည်းလမ်း၊ မြန်မာ SSP မူဝါဒ၊ နိုင်ငံတကာ စားနပ်ရိက္ခာ မူဝါဒ သုတေသနအဖွဲ့ (IFPRI) ၊ ဝါရှင်တန်ဒီစီ၊ မေ–၂၀၂၀

၅၀။ Benjamin Harkins – COVID–19 ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း လိုအပ်နေသည့် မြန်မာ့အလုပ်သမားများ၏ အခွင့်အရေးများ ပိုမိုကောင်းမွန်အောင် ကာကွယ်စောင့်ရှောက်ခြင်း၊ ဧရာဝတီ၊ ၂၀၂၀၊ စက်တင်ဘာ ၅.

၅၁။ မျိုးပပစန်း – COVID ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အမှာစာများ ၇၅% ကျဆင်းခဲ့သည်ဟု အထည်ချုပ်စက်ရုံများမှ သတင်းပေးခြင်း၊ ဧရာဝတီ၊ ရန်ကုန်၊ ၂၀၂၀ စက်တင်ဘာ

အထောက်အပံ့ ဖြစ်စေမည့် ပစ္စည်းများ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းများနှင့် COVID-19 နှင့် ပတ်သက်၍ အသိအမြင်တို့ မရှိခြင်းတို့က အဆိုပါ အလုပ်သမားများ၏ လူမှုဖူလုံရေးသာမက ၎င်းတို့၏ နေရပ်ဒေသမှ လူမှုအသိုက်အဝန်းများရှိ ၎င်းတို့ ထောက်ပံ့ပေးသည့် မိသားစုများ၏ လူမှုဖူလုံရေးကိုလည်း ခြိမ်းခြောက်နေပါသည်။ ယင်းမှ အန္တရာယ်ရှိသော ကိုင်တွယ် ဖြေရှင်းသည့် ဗျူဟာများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများလည်း မြင့်တက်စေပါသည်။ အလျင်အမြန် ပြုလုပ်သည့် ဆန်းစစ် အကဲဖြတ်မှုများမှ ရန်ကုန်မြို့၏ ကျူးကျော်ရပ်ကွက်များရှိ အိမ်ထောင်စု အများအပြားသည် ၎င်းတို့ ကိုယ်တိုင်သုံးစွဲရန်နှင့် အစားအသောက် ဝယ်ယူရန်တို့အတွက် ပြန်လည်ပေးဆပ်နိုင်သည့် အခြေအနေ မရှိသော အကြွေးများကို ရယူနေသည်ဟု တင်ပြခဲ့ပါသည်။[၅၂] ဝင်ငွေဆုံးရှုံးမှုမှ ရွှေ့ပြောင်းသွားလာသူ အများအပြားအား အန္တရာယ်များပြီး ခေါင်းပုံဖြတ်နိုင်သည့် ပုံစံများရှိသော အလုပ်အား လုပ်ကိုင်ရန် တွန်းပို့သွား နိုင်ပြီး ကျား၊ မအခြေပြု အကြမ်းဖက်မှုများ တိုးပွားလာသည်ဟု ဝန်ဆောင်မှုပေးသူများမှ အစီရင်ခံခဲ့သည်များလည်း ရှိနေပါသည်။[၅၃]

COVID-19 ကပ်ရောဂါမှလည်း မြန်မာနိုင်ငံမှ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူ ၄.၂၅ သန်း အပေါ် သိသာထင်ရှားသည့် သက်ရောက်မှုရှိခဲ့ ပြီး အောက်တိုဘာလကုန်အထိ တရားဝင် နယ်စပ်ဂိတ်များနှင့် ကယ်ဆယ်ရေးလေယာဉ်များမှတဆင့် နေရပ် ပြန်လာသည့် ရွှေ့ပြောင်း သွားလာသူ (၁၈၇,၀၀၀) ဦးရှိခဲ့ပါသည်။[၅၄] ဆိုက်ရောက်နိုင်ငံများတွင် အလုပ်အကိုင် ဆုံးရှုံးခြင်းခဲ့ခြင်းနှင့်အတူ နေရပ်ပြန်လာခြင်းများ ကြောင့် အများစုမှာ ကျေးလက်နှင့် တိုင်းရင်းသား လူနည်းစု ဒေသများတွင် နေထိုင်သည့် အမျိုးသမီးများအား ထောက်ပံ့ပေးနေသည့် မြန်မာနိုင်ငံသို့ ငွေလွှဲပေးပို့သည့် ပမာဏ သိသိသာသာ လျော့ကျသွားခဲ့ပါသည်။ ယင်းမှ လုပ်အား ခေါင်းပုံဖြတ်ခြင်းတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် ပြဿနာများကိုလည်း ပိုမို ဆိုးရွားစေခဲ့ပါသည်။[၅၅] သာမန် အခြေအနေများ ၌ပင် လျှင် တရားမဝင် အလုပ်အကိုင် ခန့်ထားပေးခများ ရယူခြင်း၊ စာချုပ် ပြောင်းလဲ အစားထိုးခြင်း၊ လုပ်အားခများ ခိုးယူခြင်း/ ခေါင်းပုံဖြတ်ခြင်း နှင့် ရွှေ့ပြောင်းသွားလာသူများ အပေါ် အခြား အလွဲသုံးစားပြုခြင်းတို့မှာ သာမန်ဖြစ်ရိုးဖြစ်စဉ်များ ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါကာလအတွင်း သွားလာမှုများ တင်းကြပ်စွာ ကန့်သတ်လိုက်သဖြင့် ရွှေ့ပြောင်း လုပ်သား များ၏ အလုပ်လုပ်ကိုင်ရသည့် အခြေအနေများမှ ပိုမို၍ မရေမရာဖြစ်လာခဲ့ပြီး အလွဲသုံးစား အလုပ်ခံရခြင်းများ တဟုန်ထိုး တိုးပွားလာခဲ့ပါသည်။[၅၆]

COVID-19 ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုအား ကာကွယ်တားဆီးရန် ကြိုးပမ်းအားထုတ်မှု တစ်ရပ်အနေဖြင့် ထိုင်းနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသများတွင် နယ်စပ်ဖြတ်ကျော်သည့် နေရာများ၌ ရွှေ့ပြောင်းသွားသူများ ဝင်ထွက်သွားလာခြင်းအား တားဆီးရန် နှစ်ဖက်စလုံးမှ စစ်တပ်များအား တိုးချဲ့ချထားခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းမှ ရွှေ့ပြောင်းသွားလာမှုများအား လုံးဝတားဆီးနိုင်ခြင်း မရှိသည့်အပြင် ဗိုင်းရပ်စ်ထိန်းချုပ် ရာတွင်လည်း အောင်မြင်မှု မရရှိခဲ့သော်လည်း ရွှေ့ပြောင်း လုပ်သားများအတွက် နယ်စပ် ဖြတ်ကျော်သည့် လုပ်ငန်းစဉ်တွင် ပိုမိုအန္တရာယ်များပြီး၊ ပိုမိုကုန်ကျစရိတ် ကြီးမြင့်သည့်ရလဒ်ကို ဖြစ်ပေါ်စေခဲ့ပါသည်။ ပွဲစားများမှ အလွန်များပြားသည့် ဝန်ဆောင်ခရယူခဲ့ပြီး ရွှေ့ပြောင်း သွားလာသူ အများအပြားသည် ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်းနှင့် နိုင်ငံမှ နှင်ထုတ်ခြင်းတို့ကို ခံခဲ့ရပါသည်။အလုပ်သမား လိုအပ်ချက်များကို ဖြည့်ဆည်း နိုင်ရန်အတွက် ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သားများ အများအပြားအား အမြဲတမ်း လိုအပ်နေသည့် အခြေအနေအရ အနည်းငယ်သော ရွှေ့ပြောင်းလုပ်သားများအား အလုပ်ရှင်မှ အကုန်အကျခံသည့် သီးသန့်ထား စောင့်ကြည့်စစ်ဆေးသည့် စီစဉ် ဆောင်ရွက်မှုများဖြင့် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်ရန် အစီအစဉ်များ ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း ဩဂုတ်လအတွင်း ပိုမိုကြီးမားသည့် ဒုတိယလှိုင်းအား ကြုံတွေ့နေသောကြောင့် ထိုင်းနိုင်ငံသည် ၎င်း၏ နယ်စပ်လုံခြုံရေးအား တင်းကြပ်ခဲ့ပြီး မည်သည့် ပုံမှန် ရွှေ့ပြောင်းသွားလာခြင်းမျှ ခွင့်မပြုတော့ပါ။ ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ စမွတ်စခွန် (Samut Sakhon) ရှိ ငါးလမ်းလုပ်ငန်းနှင့် ပင်လယ်စာ ထုတ်လုပ်သည့် အချက်အချာနေရာ၌ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု  သိသိသာသာ ဖြစ်ပွားခဲ့ပါသည်။ ရောဂါ ကူးစက်ရသည့် အကြောင်းရင်းကို ရှင်းလင်းစွာ မသိရသော်လည်း ရောဂါဖြစ်ပွားရခြင်းမှာ မြန်မာနိုင်ငံမှ အထောက်အထား စာရွက်စာတမ်း မရှိသည့် ရွှေ့ပြောင်း သွားလာသူများကြောင့်ဟု ပြစ်တင်ခဲ့ခြင်းမှ နိုင်ငံခြားသားများအား မုန်းတီးခြင်းနှင့် ခွဲခြား ဆက်ဆံခြင်းဆီသို့ ဦးတည်စေခဲ့ပါသည်။

LIFT၏ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာခြင်း စီမံကိန်းမှ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် COVID-19 ကမ္ဘာ့ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှအစပြု၍ အရေးပါသည့် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ၊ သတင်းအချက်အလက်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီတို့အား ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများထံ ပေးအပ်ခြင်းဖြင့် ကပ်ရောဂါ ကာကွယ်တားဆီး ရေးလုပ်ငန်းများတွင်  ရှေ့တန်းမှ လုပ်ကိုင်ဆောင်ရွက်ခဲ့ ပါသည်။ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးသည် မတ်လတွင် ဖြစ်ပေါ်လာသည့် ဤခြိမ်းခြောက်မှုအား တုံ့ပြန်ကာကွယ်ရာတွင် စီမံကိန်းလုပ်ငန်းများအား ပြန်လည် ပြင်ဆင်ရန် မိတ်ဖက် အဖွဲ့အစည်းများနှင့် အလျင်အမြန် ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိ ကပ်ရောဂါအား အရေးပေါ် တုံ့ပြန်ကာကွယ်မှု ပြုလုပ်ရန်အတွက် လက်ရှိ ဘတ်ဂျက်များအား ပြန်လည် ခွဲဝေသတ်မှတ်ပြီး စီမံချက် (၁၀)ခုမှ ကပ်ရောဂါ၏ သက်ရောက်မှုအား

၅၂။ UN-Habitat – ရန်ကုန်မြို့တွင် ကျူးကျော် အခြေပြုနေထိုင်သူများအား အလျင်အမြန် ဆန်းစစ် အကဲဖြတ်ခြင်း၊ ရန်ကုန် ၂၀၂၀

၅၃။ CARE – မြန်မာနိုင်ငံရှိ ကျား-မရေးရာကဏ္ဍအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုအား အလျင်အမြန် ဆန်းစစ်ခြင်း၊ ရန်ကုန် ၂၀၂၀ခုနှစ်

၅၄။ အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်သူများဆိုင်ရာ အဖွဲ့အစည်း (IOM)– COVID-19 ကပ်ရောဂါ ဆိုင်ရာ တုံ့ပြန်ကာကွယ်သည့် အခြေအနေ အစီရင်ခံစာ-၁၂၊ ရန်ကုန် ၂၀၂၀ ခုနှစ်

၅၅။ Robin Gravestejin ၊ Paul Luchtenberg နှင့် Benjamin Harkis – မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသွားလာသူများနှင့် ငွေလွှဲပေးပို့မှုများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှု၊ ဘန်ကောက်၊ UNCDF နှင့် LIFT ရန်ပုံငွေ ၊ ၂၀၂၀ ခုနှစ်

၅၆။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကြီး  – COVID-19 ကပ်ရောဂါကာလအတွင်း ASEAN ရွှေ့ပြောင်းလုပ်သားများ၏ အတွေ့အကြုံများ၊ ကပ်ရောဂါကာလအတွင်း လုပ်ငန်းခွင် အခွင့်အရေးများ၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်းနှင့် ပြန်လည် ရွှေ့ပြောင်း သွားလာမည့် အစီအစဉ်များ၊ ဘန်ကောက်၊ ၂၀၂၀ ခုနှစ်





ခံရသည့် ရွှေ့ပြောင်းသွားလာသူများအတွက် ကူညီပံ့ပိုးမှုအား မြှင့်တင် လုပ်ဆောင်ရန် နောက်ထပ် ပေးအပ်သည့် ရန်ပုံငွေ ကန်ဒေါ်လာအတွက် (၃)သန်းအတွက် စီမံချက် အဆိုပြုလွှာအသစ်များကို ရေးသား ပြုစုခဲ့ပါသည်။

ဤလိုက်လျောညီထွေ ပြုပြင်စီမံခန့်ခွဲသည့် မဟာဗျူဟာသည် LIFT နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများအား မြန်မာနိုင်ငံရှိ ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများအတွက် COVID-19 ကပ်ရောဂါအား အကြီးဆုံး စီမံကိန်းဖြင့် တုံ့ပြန်ကာကွယ်မှုပေးရန် အတွက် လုပ်ဆောင် နိုင်ခဲ့ပြီး စက်တင်ဘာလအလယ်တွင် ကူညီပံ့ပိုးမှုနှင့် အတူ တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူ ၁.၄ သန်း (အမျိုးသမီး ၆၀%) ထံ ပေးအပ်နိုင်ခဲ့ပါသည်။ ကာကွယ်တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းများ၊ အစားအသောက် ထောက်ပံ့ပေးခြင်း၊ ငွေကြေးထောက်ပံ့မှု၊ နားခိုစရာနေရာ၊ သယ်ယူပို့ဆောင်ရေး၊ ဥပဒေရေးရာ အကူအညီနှင့် စိတ်လူမှု ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေး လမ်းညွှန်ခြင်းတို့ ပံ့ပိုးပေးခြင်း အပါအဝင် အားနည်း ထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူများအတွက် စီမံကိန်း လုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၂)ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ရေဒီယိုနှင့် လူမှုကွန်ရက် မီဒီယာများအား ပိုမိုများပြားသည့် ပရိသတ်များထံ COVID-19 ကာကွယ်တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရန်အတွက် တိုးမြှင့် လုပ်ဆောင်ခဲ့သဖြင့် မြန်မာနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများရှိ သန်းပေါင်းများစွာသောသူများထံ တိုက်ရိုက်ရောက်ရှိပါသည်။

| အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း | စီမံချက်အမည် | လွှမ်းခြုံသည့်ဒေသ | ဘတ်ဂျက် (ကန်ဒေါ်လာ သန်း) | ကာလ |
| --- | --- | --- | --- | --- |
| International Labour Organization (ILO) | ပြည်တွင်း ပြည်ပ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး စီမံကိန်း (DIILM) | တနိုင်ငံလုံး | ၄.၃ | ၂၀၁၆-၂၀၂၀ |
| BBC Media Action | မီဒီယာအတွက် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု (ရေကြည်ရာ) | တနိုင်ငံလုံး | ၃.၂ | ၂၀၁၆-၂၀၂၀ |
| International Organization for Migration (IOM) | စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက်ပြုမှု အားကောင်းစေခြင်းမှတဆင့် လုပ်သား ပြောင်းရွှေ့ သွားလာမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုး သက်ရောက်မှုများ တိုးပွားလာခြင်း (တွဲလက်) | ချင်း၊ မန္တလေး၊ မကွေး၊ ရှမ်း၊ မွန်၊ ကရင်၊ တနင်္သာရီ | ၁၃.၆ | ၂၀၁၇-၂၀၂၁ |
| CARE | လုံခြုံစိတ်ချရသည့် အလုပ်အကိုင်အတွက် လုပ်ငန်းဆိုင်ရာ ဖြေရှင်းနည်းလမ်းများ (အောင်မြင်မှု) | ရန်ကုန် | ၆.၇ | ၂၀၁၇-၂၀၂၁ |
| Eden Myanmar | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် (သို့) အတင်း အဓမ္မ လက်ထပ်စေရန် ရည်ရွယ်ချက်ဖြင့် ရွှေ့ပြောင်း သွားလာသူ မြန်မာအမျိုးသမီးများ နှင့် မိန်းကလေးများ ကယ်တင်ရေး ဒေင် စီမံချက် (ဒေင်) | ရန်ကုန်၊ ရှမ်း | ၀.၉ | ၂၀၁၇-၂၀၂၁ |
| International Organization for Migration (IOM) | ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှု မဟာဗျူဟာအဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း (MILDAS) | ဧရာဝတီ | ၁.၆ | ၂၀၁၅-၂၀၂၀ |
| World Vision | မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်းပေးသည်။ ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ များနှင့် ဌာနေ လူမှု အသိုက်အဝန်းများအတွက် အားလုံး ပါဝင်ပြီး ပြောင်းလဲစေ နိုင်သည့် အသက်မွေး ဝမ်းကျောင်းအား ကူညီပံ့ပိုးပေးခြင်း (SHE) | ကချင် | ၂.၆ | ၂၀၁၉-၂၀၂၂ |
| Adventist Development and Relief Agency | ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှု အသိုက်အဝန်းများအား ကူညီပံ့ပိုးပေးရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး (VEST) | ကချင်၊ ရှမ်း | ၂.၂ | ၂၀၁၉-၂၀၂၂ |
| International Organization for Migration (IOM) | တိုးပွားလာသည့် လုံခြုံစိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်း သွားလာမှုမှတဆင့် ကချင် ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ လူမှု အသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်း အားကောင်းစေခြင်း (SAFE) | ကချင်၊ ရှမ်း | ၁.၃ | ၂၀၁၉-၂၀၂၂ |
| ActionAid | ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသများတွင် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အတွက် လုံခြုံ စိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှု (SECURE) | ရန်ကုန် | ၂.၈ | ၂၀၁၉-၂၀၂၂ |
| People in Need (PIN) | ရွှေပြည်သာတွင် ရွှေ့ပြောင်းလုပ်သားများအား လုပ်ကိုင်နိုင်စွမ်း ပေးအပ်ခြင်း (အေးချမ်း အောင်မြင်) | ရန်ကုန် | ၃.၂ | ၂၀၁၉-၂၀၂၂ |
| Women's Organization Network | ရွှေ့ပြောင်း လုပ်သားများ၏ အားနည်း ထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရခြင်းမှ အဆုံးသတ်ခြင်း (EVE) | ရန်ကုန် | ၁.၁ | ၂၀၁၉-၂၀၂၂ |
| International Organization for Migration (IOM) | အရှေ့တောင်ပိုင်း နယ်စပ်မျဉ်း တလျှောက်တွင် ရွှေ့ပြောင်း သွားလာသူများ၏ ရွှေ့ပြောင်း သွား လာမှု အခွင့်အလမ်းများနှင့် လုပ်ကိုင်နိုင်စွမ်းတို့အတွက် အခြေခံ အဆောက်အဦ အသစ် | မွန်၊ ကရင်၊ တနင်္သာရီ | ၂ | ၂၀၂၀-၂၀၂၃ |
| Gender Equality Network | နေရပ်ပြန်ပို့ခံရသည့် ရွှေ့ပြောင်းလုပ်သားများနှင့် နေရပ်ပြန်လာသူများအတွက် အခွင့်အရေးများ နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား လက်လှမ်းမီ ရယူနိုင်ခြင်း (ARRIVE) | မွန်၊ ကရင်၊ တနင်္သာရီ | ၀.၆ | ၂၀၂၀-၂၀၂၃ |

***ဇယား ၄.၁၃။ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှုဆိုင်ရာ စီမံချက်များ***

# စိတ်ဝင်စားဖွယ်ရာများ

**အလုပ်သမားအခွင့်အရေးများနှင့် လူမှုကာကွယ်စောင့်ရှောက်ခြင်း၊ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု၊ လူကုန်ကူးမှု တိုက်ဖျက် ရေးနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် သက်ဆိုင်သည့် မူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းမှုများ ခိုင်မာအားကောင်းစေခြင်း**

**ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ**

ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ (၁၉၉၉)သည် မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ လုပ်သား ရွှေ့ပြောင်း သွားလာခြင်းအတွက် အလုပ်အကိုင် ခန့်ထားခြင်းနှင့် ရွှေ့ပြောင်းသွားလာသည့် လုပ်ငန်းစဉ်အား ဥပဒေပြုပေးသည့် ပထမဆုံးဥပဒေဖြစ်ပြီး၊ ရွှေ့ပြောင်း လုပ်သားများ၏ အခွင့်အရေးများအား ပိုမိုကောင်းမွန်စွာ အကာအကွယ်ပေးရန်အတွက် အရေးတကြီး ပြင်ဆင်ရန် လိုအပ်နေပါသည်။ နိုင်ငံတကာ ဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ILO ၏ ပြည်တွင်း ပြည်ပ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး (DIILM) စီမံကိန်း (https://www.ilo.org/yangon/publications/lang--en/index.htm) မှ ပေးအပ်သည့် ပြည့်စုံလုံလောက်သော နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုဖြင့် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနသည် ပြင်ဆင်သည့် ဥပဒေ မူကြမ်းအား လွန်ခဲ့သည့် (၂)နှစ်ခွဲကျော်လောက်က ရေးဆွဲ ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း အဆိုပြုခဲ့သည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရ မှ ဦးစားပေး ဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် ဥပဒေမူကြမ်းအား သဘောတူ လက်ခံခဲ့ခြင်း မရှိခဲ့ပါ။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု ဖြစ်လာသည့်အခါ လူမှုကာကွယ် စောင့်ရှောက်မှုများမရှိခြင်း၊ နိမ့်ကျသည့် လုပ်ငန်းခွင်နှင့် လူနေမှု အခြေအနေများ ကြုံတွေ့နေရသည့် ရွှေ့ပြောင်းသွားလာသူများ၏ အားနည်းထိခိုက်လွယ်မှုနှင့် အထောက်အထား စာရွက်စာတမ်းများ မရှိခြင်းကြောင့် ၎င်းတို့ ကြုံတွေ့ခဲ့သည့် အန္တရာယ်များ အပါအဝင် လက်ရှိ ဥပဒေမူဘောင်၏ အားနည်းချက်များ ပိုမို၍ ရှင်းလင်းထင်ရှားလာပါသည်။ ကပ်ရောဂါကာလအတွင်း ရွှေ့ပြောင်း သွားလာသူများ ကြုံတွေ့ နေရသည့် ကြီးမားသည့် ပြဿနာများအား တုံ့ပြန်ဆောင်ရွက်ရာတွင် သုံးပွင့်ဆိုင် ဆွေးနွေးမှုအား ဖြစ်နိုင်သမျှ အမြန်ဆုံး စီစဉ်ကျင်းပရန်နှင့် ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဥပဒေပြုရန်အတွက် ရှေ့ဆက် ဆောင်ရွက်ရန်တို့အတွက် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနသည် ILO နှင့် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း အစိုးရမှ ဆွေးနွေးတိုင်ပင် သဘောထားရယူမှုအား လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးလိုခြင်း နှင့် ဆက်တိုက်ဆိုသလို ညွှန်ကြား ရေးမှူးချုပ်မှ အငြိမ်းစားယူသွားခြင်း တို့ကြောင့် ၂၀၂၀ ခုနှစ်အတွင်း၌ ဆွေးနွေး တိုင်ပင် သဘောထားရယူမှုအား စီစဉ်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

**အိမ်အကူအလုပ်သမားများဆိုင်ရာ ဥပဒေမူကြမ်း**

အိမ်အကူအလုပ်သမားများ၏ အလုပ်သည် အလွတ်သဘောဆန်ပြီး တသီးတသန့် ဖြစ်နေသည့် သဘောသဘာဝအရ မြန်မာနိုင်ငံနှင့် နိုင်ငံရပ်ခြားရှိ အိမ်အကူအလုပ်သမားများသည် အလုပ်သမားဈေးကွက်အတွင်း အကာအကွယ်ပေးမှု အနည်းဆုံး ရရှိသည့် အလုပ်သမားများထဲ တွင် ပါဝင်ပြီး အလုပ်ရှင်များ၏ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းကြောင့် အားနည်း ထိခိုက်လွယ်မှု အများဆုံးသူများ ဖြစ်ပါ သည်။ CSO များ၊ အလုပ်သမား အဖွဲ့အစည်းများ၊ အစိုးရအရာရှိကြီးများနှင့် လွှတ်တော်အမတ်များ အကြား ပြောင်းလဲရန်အတွက် အရှိန်အဟုန်ဖြင့် နှစ်ပေါင်းများစွာ ပုံဖော်လာပြီးနောက် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် အိမ်အကူ အလုပ်သမားများ အတွက် အလုပ်သမား အခွင့်အရေး ကာကွယ်ပေးသည့် ဥပဒေကြမ်းအား ရေးဆွဲခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ လွှတ်တော်ကော်မတီ၊ အမျိုးသမီးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့တို့နှင့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဆွေးနွေး တိုင်ပင် သဘောထားရယူခြင်းများအတွက် ILO မှ ကူညီပံ့ပိုးပေးခဲ့ပါသည်။ ILO ၏ ဥပဒေရေးရာ အထူးကျွမ်းကျင်သူများ၊ ဥပဒေ ရေးရာ ကုစားရေးအဖွဲ့၊ မြန်မာနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ်တို့မှလည်း ဥပဒေမူကြမ်းအပေါ် သုံးသပ်ချက်များ ပေးခဲ့ကြပါသည်။ ယင်းသုံးသပ်ချက်များမှ အလုပ်ချိန်သတ်မှတ်ပေးရန် လိုအပ်မှု၊ အချိန်ပိုလုပ်ခ တွက်ချက်သည့် နည်းလမ်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြု လက်မှတ်အတွက် အခွင့်အလမ်းများ၊ တိုင်တန်းမှုများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် ရှင်းလင်း ပြတ်သားသည့် လုပ်ထုံး လုပ်နည်းများနှင့် အခြားကိစ္စရပ်များကို မီးမောင်း ထိုးပြခဲ့ပါသည်။ အချက်အလက်များ ထပ်မံ ဖြည့်သွင်းပြီးနောက် ဥပဒေကြမ်းအား ပြန်လည် ပြင်ဆင်ထားသည့် အဆိုအား အမျိုးသားလွှတ်တော် ကော်မတီမှ မျှဝေခဲ့ပြီး ILO မှ နောက်ထပ် နည်းပညာဆိုင်ရာ မှတ်ချက်များအား ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပေးအပ်မည် ဖြစ်ပါသည်။ သဘောတူလက်ခံပြီးပါက အိမ်အကူ အလုပ်သမားများဆိုင်ရာ ဥပဒေမူကြမ်းသည် မြန်မာနိုင်ငံတွင် ကျား၊မ တန်းတူညီမျှမှု၌ မှတ်တိုင်တစ်ခု ဖြစ်လာမည်ဖြစ်ပြီး အိမ်အကူအလုပ်အား လုပ်ငန်းပုံစံတစ်ခု အနေဖြင့် ဥပဒေအရ အသိအမှတ်ပြုခြင်းအား ပေးအပ်ကာ အမျိုးသမီးများ၏ အလုပ်အား တန်ဖိုးမထားသည့် ခွဲခြားဆက်ဆံသည့် လူမှုရေးဆိုင်ရာ စံနှုန်းများအား စိန်ခေါ်သွားမည် ဖြစ်ပါသည်။ အိမ်အကူ အလုပ်သမားများဆိုင်ရာ ဥပဒေမူကြမ်းသည် အတည်ပြုပြဋ္ဌာန်းပြီးပါက မြန်မာနိုင်ငံတွင် ကျား၊မ တန်းတူညီမျှမှုဆိုင်ရာ မှတ်တိုင်တစ်ခု ဖြစ်လာမည် ဖြစ်ပြီး အိမ်အကူအလုပ်အား လုပ်ငန်းပုံစံတစ်ခု အနေဖြင့် ဥပဒေအရ အသိအမှတ်ပြုပေးမည် ဖြစ်ကာ အမျိုးသမီး များ၏ အလုပ် အား တန်ဖိုးနိမ့်ချသော ခွဲခြားဆက်ဆံသည့် လူမှုရေးဆိုင်ရာ စံနှုန်းများအား စိန်ခေါ် သွားမည် ဖြစ်ပါသည်။

အိမ်အကူ အလုပ်သမားများ၏ အခြေအနေကို အများပြည်သူ စိတ်ဝင်စားမှုအား ဆက်လက် ထိန်းထားရန်နှင့် COVID-19 ကပ်ရောဂါကာလ အတွင်း အိမ်အကူ အလုပ်သမားများ အကာအကွယ်ပေးသည့် ဥပဒေ အတည်ပြုချမှတ်နိုင်ရန်အတွက် စည်းရုံးလှုံ့ဆော်မှုကို အထောက်အကူပြု အားဖြည့်ပေးရန်တို့အတွက် ILO သည် နိုင်ငံတကာ အိမ်အကူအလုပ်သမားများနေ့ အထိမ်းအမှတ် ဖေ့စ်ဘုတ်မှ တိုက်ရိုက်ထုတ်လွှင့်သည့် လှုပ်ရှားမှု အများအပြား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ အွန်လိုင်း စည်းရုံးဆော်သြမှု၏ အဓိကဆောင်ပုဒ်မှာ 'ကျွန်ုပ်တို့ သင်တို့အား စောင့်ရှောက်ပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်တို့အတွက်လည်း စောင့်ရှောက်ပေးပါ' ဟူ၍ ဖြစ်ပါသည်။ ILO သည် နိုင်ငံတကာ အိမ်အကူအလုပ်သမားများနေ့ကို ဆင်နွှဲနိုင်ရန်အတွက် အလုပ်သမား (၈၀၀) အထိ လူကိုယ်တိုင် တက်ရောက်နိုင်သည့် အခမ်းအနား တစ်ခုအား ကျင်းပရန် စီစဉ်ခဲ့သော်လည်း COVID-19 ကပ်ရောဂါ အခြေအနေကြောင့် ကျင်းပနိုင်ခဲ့ခြင်း မရှိပါ။ ထိုအစား ပေါ့ပ်အဆိုကျော် ချမ်းချမ်းမှ အိမ်အကူ အလုပ်သမားများအား အားပေးသည့် သီချင်းများ



သီဆိုပြီး အိမ်အကူ အလုပ်သမားများ၏ သတင်းစကားများကို ပါဝင်သည့် ဗီဒီယို (၅)ခုအား BBC Media Action နှင့် ထုတ်လုပ်ရေး ကုမ္ပဏီတို့၏ နည်းပညာ အကူအညီဖြင့် ရိုက်ကူးထုတ်လုပ်ပြီး တိုက်ရိုက် ထုတ်လွှင့်ခဲ့ပါသည်။ ထုတ်လွှင့်သည့်ရက် နောက်ဆုံးနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး မှ ကြည့်ရှုသူများအား သူမပါဝင်ဆောင်ရွက်သည့် ကော်မတီမှ အိမ်အကူ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှု ပေးရန်အတွက် ရေးဆွဲခဲ့သည့် ဥပဒေမူကြမ်းနှင့် ပတ်သက်၍ ပြောကြားခဲ့ပါသည်။ ILO မြန်မာ၏ ဖေ့စ်ဘုတ် စာမျက်နှာတွင် ထုတ်လွှင့်သည့် ဗီဒီယိုများအား ကြည့်ရှုသည့် အကြိမ်ရေ (၄၂,၇၀၀) ရှိခဲ့ပါသည်။

**အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု**

ILO သည် အလုပ်သမားရွှေ့ပြောင်းသွားခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ခိုင်မာအားကောင်းစေရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးခြင်းဖြင့် အရေးပါသည့် အဖွဲ့အစည်း ဖြစ်လာခဲ့ပြီး လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပတ်သက်ဆက်နွှယ်သူများ နှစ်ပတ်လည် အစည်းအဝေးနှင့် နိုင်ငံတကာ လုပ်သားရွှေ့ပြောင်း သွားလာမှုဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ဒုတိယမြောက် အမျိုးသား လုပ်ငန်း အစီအစဉ် (NPA) ရေးဆွဲ အကောင်အထည်ဖော်ခြင်းတွင် ယင်းအဖွဲ့အစည်းများအား အဓိက အခန်းကဏ္ဍမှ ပါဝင် စေခဲ့ပါသည်။ NPA အတွက် နှစ်အလိုက် လုပ်ငန်းအစီအစဉ်များ၏ ဒီဇိုင်းပုံစံရေးဆွဲရန် အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်း တည်ထောင်ခဲ့သည့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့တွင် အဆိုပါ အဖွဲ့အစည်းများ ပထမဆုံး အကြိမ် ပါဝင်လာခဲ့ပါသည်။




*ပုံ ၄.၄။ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေမှ နေပြည်တော်၌ ကျင်းပသည့် ILO ၏ လုပ်သား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ပတ်သက် ဆက်နွှယ်သူများ အစည်းအဝေး၌ မိန့်ခွန်း ပြောကြားစဉ်*

၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်း သွားလာသူများနေ့အား ဂုဏ်ပြုရန် ILO ၏ DIILM စီမံချက်သည် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ပြီး မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည့် ရွှေ့ပြောင်း သွားလာသူများ၏ အောင်မြင်ခဲ့သည့် ဘဝဇာတ်ကြောင်းများကို ပြသသည့် အွန်လိုင်း အခမ်းအနား တစ်ခုအား စီစဉ်ပြုလုပ်ခဲ့ပါသည်။ ဓာတ်ပုံများပါ ပါဝင်သည့် ဘဝဇာတ်ကြောင်း (၉)ခုအား ILO ဖေ့စ်ဘုတ်စာမျက်နှာတွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် တင်ပေးခဲ့ပါသည်။ ဘဝဇာတ်ကြောင်းများ အနက်မှ တစ်ခုမှာ ဧရာဝတီတိုင်းဒေသကြီးမှ အိမ်ထောင် မရှိသည့် မိခင်တဦး ဖြစ်သည့် အသက် ၃၃ နှစ်အရွယ် မယမင်းအိ ၏ ဘဝဇာတ်ကြောင်း ဖြစ်ပါသည်။ "ကျွန်မ ထိုင်းနိုင်ငံမှာ အလုပ်လုပ်တုန်းက စက်ချုပ်လုပ်ငန်းနဲ့ ပတ်သက်ပြီး လေ့လာခဲ့ပါတယ်။ ကျွန်မ မိသားစုရဲ့ အနာဂတ်အတွက် ကြိုတင် စဉ်းစားထားတဲ့အတိုင်း ကျွန်မ ဝင်ငွေထဲက တချို့ကိုစုခဲ့ပြီး ပြန်ရောက်တဲ့အခါကျတော့ ဒီ အင်္ဂပူမြို့နယ်မှာ အထည်ဆိုင် ဖွင့်ပါတယ်။ အသင့်ချုပ် အဝတ်အထည်တွေ ရောင်းသလို ကျွန်မကိုယ်တိုင်လည်း အဝတ်အထည်ချုပ် ပါတယ်။ ထိုင်းနိုင်ငံက ရရှိခဲ့တဲ့ ကျွန်မရဲ့ အတွေ့အကြုံတွေက ဒီဆိုင်ဖွင့်တဲ့နေရာမှာ တော်တော် အသုံးဝင်ပါတယ်" ဟု ပြောကြားခဲ့ပါသည်။ အခမ်းအနားသည် အထူးသဖြင့် COVID-19 ကပ်ရောဂါ ကာလ အတွင်း ရွှေ့ပြောင်း သွားလာသူများကို ဆန့်ကျင်သည့် စိတ်ခံစားချက်များမြင့်တက်နေသည့် အရေးကြီးသည့် အခြေအနေတွင် ရွှေ့ပြောင်း လုပ်သားများ၏ အထောက်အကူပြုသော လုပ်ဆောင်ချက်များအား ပိုမိုကျယ်ပြန့်စွာ နားလည် သဘောပေါက်စေရန် အထောက် အကူပြု ခဲ့ပါသည်။

IOM ၏ စီမံအုပ်ချုပ်မှုနှင့် မဟာမိတ်ပြုမှု ပိုမိုအားကောင်း စေခြင်းမှတဆင့် လုပ်သားရွှေ့ပြောင်း သွားလာမှု ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာ အကျိုးသက်ရောက်မှုများ တိုးပွားလာခြင်း (တွဲလက်) စီမံချက် မှ ကာလရှည်ကြာ ကြိုးပမ်း ဆောင်ရွက်ခဲ့သည့် ရွှေ့ပြောင်းသွားလာခြင်း အလေးပေး ဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့ တည်ထောင်ရေး မူဝါဒ ဆိုင်ရာ ရည်မှန်းချက်အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့အား အပြည်ပြည်ဆိုင်ရာ လုပ်သား ရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲမှု အတွက် ဒုတိယမြောက် အမျိုးသားလုပ်ငန်း အစီအစဉ်အား အကောင်အထည်ဖော်ရန်အတွက် တာဝန်ရှိသော ဝန်ကြီးဌာနများအကြား ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ခွဲအဖြစ် ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ယင်းတွင် အစိုးရဝန်ကြီးဌာန (၉)ခု၊ CSO (၈)ဖွဲ့၊ ကုလသမဂ္ဂအဖွဲ့ (၃)ဖွဲ့နှင့် အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်း(၁) သင်း တို့ဖြင့် ကိုယ်စားပြုမှု ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပါသည်။ ပထမ သုံးလပတ် လုပ်ငန်း အဖွဲ့ အစည်းအဝေးအား တက်ရောက်သူ ၄၈ ဦးဖြင့် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ငွေလွှဲပေးပို့မှုများအတွက် ဆန်းသစ်တီထွင်မှုရှိသည့် အစီအစဉ်နှင့် လုပ်ငန်းခွင်တွင်း ထိပါးနှောင့်ယှက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းတို့အား ထိရောက်စွာ ဖြေရှင်းရာတွင် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုများ လိုအပ်ခြင်းတို့အတွက် ဦးစားပေး ကူညီပံ့ပိုးရန် ဆွေးနွေးမှုများနှင့် အကြံပြုချက် ထောက်ခံချက်များ ပါဝင်ခဲ့ပါသည်။

IOM သည် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများဆိုင်ရာ ကုလသမဂ္ဂ ပင်မ အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်း၊ နှစ်ပတ်တကြိမ် အခြေအနေ အစီရင်ခံစာများ ရေးသား ထုတ်ဝေခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအား အကူအညီပေးခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည့် အဓိက ဆက် သွယ်ဆောင်ရွက်ရမည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးခြင်းတို့ဖြင့် မြန်မာနိုင်ငံတွင် COVID-19 ကမ္ဘာ့ ကပ်ရောဂါ ကြောင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ရှုထောင့်များအား ညှိနှိုင်းတုံ့ပြန် ဆောင်ရွက်ရာတွင် ဦးဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ဤပင်မအဖွဲ့သည် လူမှုစီးပွားရေး ပြန်လည် ထူထောင်ရေးအပေါ် ပြောင်းလဲ အာရုံစိုက်သဖြင့် တွဲလက်သည် အဓိက ပတ်သက်ဆက်နွယ်သူများအား ကူညီပံ့ပိုးပေးရန်နှင့် ပူးပေါင်း ဆောင်ရွက် နိုင်သည်များကို စူးစမ်းရှာဖွေရန်တို့အတွက် ဆက်လက် ဆောင်ရွက်နေပါသည်။ ထို့အပြင် IOM သည် ၂၀၂၀ ခု နှစ် မတ်လတွင် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌ ဖြစ်လာခဲ့ပါသည်။ အဆိုပါ ညှိနှိုင်း ဆောင်ရွက်ခြင်းဆိုင်ရာ အဓိက အခန်းကဏ္ဍများတွင် တာဝန်ယူထားသည့် IOM သည် မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်မှု လုပ်ငန်းတစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ရွှေ့ပြောင်းသွားလာခြင်း နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ခြင်းဆိုင်ရာ အစီအမံများအား လုပ်ငန်းတိုင်းတွင် ထိထိရောက်ရောက် ထည့်သွင်းနိုင်ရန် လုပ်ဆောင်ခဲ့ပါသည်။ ၎င်းတို့မှ လုံခြုံစိတ်ချရပြီး ပုံမှန်ရွှေ့ပြောင်း သွားလာမှုအတွက် အခွင့်အလမ်းများ လျော့ကျ နေသည့် အခြေအနေတွင် အဆိုပါ ကိစ္စရပ်များအပေါ် တုံ့ပြန်ဆောင်ရွက်သည့် မူဝါဒများနှင့် စီမံကိန်းလုပ်ငန်းများ ရေးဆွဲ အကောင်အထည်ဖော်ခြင်းအား အဓိက ပတ်သက်ဆက်နွယ်သူ အချို့အား အသိပေး အရေးဆိုရန်အတွက် အသုံးဝင်သည့် အခွင့်အလမ်း တစ်ခုအားလည်း ပေးအပ်ခဲ့ပါသည်။

People In Need ၏ ရှေပြည်သာတွင် ရွှေ့ပြောင်းလုပ်သားများအား လုပ်ကိုင်နိုင်စွမ်းပေးအပ်ခြင်း (အေးချမ်းသော အိမ်) စီမံချက်မှ အစိုးရ ကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားများ၏ ကိုယ်စားလှယ် များနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် သုံးပွင့်ဆိုင်ဆွေးနွေးမှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အွန်လိုင်းဆွေးနွေးပွဲအား စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အလုပ်သမားများ၊ အလုပ်ရှင်များနှင့် အလုပ်သမား အခွင့်အရေးများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုအား ဆွေးနွေးခဲ့ကြပါသည်။ People In Need မှ လည်း လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုနှင့် အလုပ်သမား အခြေအနေများအပေါ် အားပေးလှုံ့ဆော်သည့် အွန်လိုင်းမှတဆင့် ပြုလုပ်သော မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်သည့် အခမ်းအနား (၂)ခုအတွက် ကူညီ ပံ့ပိုးပေး ခဲ့ပါသည်။ အဆိုပါအခမ်းအနားအများအား လူပေါင်း (၁၂,၀၈၁) ဦးကျော်မှ ကြည့်ရှုခဲ့ပါသည်။ အထောက်အထား အခြေခံသည့် အားပေး လှုံ့ဆော်သော ဗီဒီယို (၂)ခုအားလည်း အပြီးသတ် လုပ်ဆောင်ခဲ့ပါသည်။

IOM ၏ အရှေ့တောင်ပိုင်း နယ်စပ်မျဉ်းတလျှောက်တွင် ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အခွင့်အလမ်းများနှင့် လုပ်ကိုင်နိုင်စွမ်း တို့အတွက် အခြေခံ အဆောက်အဦ အသစ် စီမံချက်သည် ၎င်း၏ စီမံကိန်း စတင်သည့် အဆင့်အား ဒီဇင်ဘာလအကုန်တွင် ပြီးစီးအောင် လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ ဤကာလအတွင်း၌ စီမံချက်၏ မူဝါဒဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းများအား အရပ်ဘက် လူမှု မိတ်ဖက် အဖွဲ့အစည်းများဖြစ်သော မွန်အမျိုးသမီးအဖွဲ့နှင့် ကရင်လူမျိုးနေရပ် စွန့်ခွာ တိမ်းရှောင်သူများအတွက် ကော်မတီ တို့နှင့်အတူ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုအဆင့် ဆွေးနွေးတိုင်ပင် သဘောထားရယူသည့် အစည်းအဝေးများအား အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့နှင့်အတူ ကျင်းပခဲ့ပြီး ကျင့်ဝတ်နှင့် ညီညွတ်သော အလုပ်အကိုင် ရှာဖွေရေး နှင့် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစဉ် နားလည်မှု သဘောတူညီစာချုပ်ချုပ်ဆိုရာတွင် ထိရောက်သည့် စနစ်အား အသုံးပြုခြင်းအပေါ် ဆွေးနွေးခြင်းတို့မှ ဂုဏ်သိက္ခာရှိသော နိုင်ငံတကာ အလုပ်အကိုင်ရှာဖွေရေး စနစ် အတွင်း ပါဝင် ဆောင်ရွက်ရန်အတွက် အလုပ်အကိုင် ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း (၆)ခု တို့မှ စိတ်ဝင်စားကြောင်း ဖော်ထုတ်လာခြင်းဆီသို့ ဦးတည်စေ ခဲ့ပါသည်။ အစိုးရ ထိန်းချုပ်ထားသည့် ဒေသများနှင့် အစိုးရ ထိန်းချုပ်မှု မရှိသည့် ဒေသများတွင် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အကြံပေးဗဟိုဌာနများ တည်ထောင်ခြင်းအပေါ် ဆွေးနွေးရန် အတွက် ဆွေးနွေးတိုင်ပင် သဘောထားရယူမှုများအား ကရင်အမျိုးသား အစည်းအရုံးနှင့် မွန်ပြည်သစ် ပါတီ အပါအဝင် မွန်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ အစိုးရ မဟုတ်သော လှုပ်ရှား ဆောင်ရွက်သူများ၊ လူမှုအသိုက်အဝန်းများနှင့် စီစဉ် ကျင်းပခဲ့ပါသည်။ ကနဦး စစ်တမ်းအား စတင်လုပ်ဆောင်ခဲ့ပြီး အလုပ်အကိုင် ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ နားလည်မှု စာချွန်လွှာ နှင့် အလုပ်အကိုင်ခန့်ထားရေး လုပ်ငန်းစဉ်တို့အား စီမံခန့်ခွဲရန်အတွက် ဒီဂျစ်တယ် သတင်း အချက်အလက်စနစ် ရေးဆွဲ အကောင်အထည်ဖော်ခြင်း အပေါ် လေ့လာ သုံးသပ်သည့် လေ့လာမှုတစ်ခုကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ နားလည်မှု စာချွန်လွှာတွင် အကျုံးဝင်သည့် ပုံမှန်





ရွှေ့ပြောင်း သွားလာခြင်းမှာ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ် မတ်လ ကတည်းမှ ရပ်ဆိုင်းသွားခဲ့ သော်လည်း ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်း လုပ်သားများအတွက် အလုပ်သမား ဈေးကွက်၏ လိုအပ်ချက်အရ ၂၀၂၁ ခုနှစ်တွင် လုပ်ငန်းစဉ်အား ပြန်လည်စတင်ရန် အဓိက ပတ်သက် ဆက်နွယ်သူများက ထက်သန်စွာ မျှော်လင့်နေ ကြပါသည်။

## လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား တိုက်ဖျက်ခြင်း

လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား တိုက်ဖျက်ခြင်းအတွက် မြန်မာနိုင်ငံတွင် အမျိုးသား ဥပဒေ မူဘောင် တစ်ရပ်အား တည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုများတွင် အဓိက ထိုးဖောက် ကျော်လွှားနိုင်မှုကို CARE လုံခြုံ စိတ်ချရသည့် အလုပ်အကိုင်အတွက် လုပ်ငန်းဆိုင်ရာ ဖြေရှင်းရေး နည်းလမ်းများ (အောင်မြင်မှု) စီမံချက် နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စုပေါင်းအားပေး ထောက်ခံမှုများမှတဆင့် ရရှိခဲ့ပါသည်။ (၇) နှစ်ကြာ မူကြမ်း ရေးဆွဲပြီးနောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး (POVAW) ဥပဒေမှာ အတည်ပြုရန် အတွက် အဆင်သင့် ဖြစ်နေပြီဖြစ်ပါသည်။ CARE သည် ကျား၊မ တန်းတူ ညီမျှရေး ကွန်ရက်မှ ပေးပို့သည့် ယေဘုယျ အကြံဉာဏ်နှင့် အချက်အလက်များအား ထပ်မံဖြည့်ဆည်းပေးခဲ့ပြီး လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ ခိုင်မာအားကောင်းစေရန်အတွက် ဦးတည်ရည်ရွယ်သည့် အားပေး ထောက်ခံမှုကို ပြုလုပ်ခဲ့ပါသည်။ POVAW ဥပဒေအတွက် အကြံပြု ထောက်ခံချက်များပေးသည့် အားပေး ထောက်ခံသော စာတမ်းတစ်စောင်အပြင် ILO ၏ အကြမ်းဖက်မှုနှင့် ထိပါး နှောက်ယှက်မှုဆိုင်ရာ ညီလာခံ (ဆုံးဖြတ်ချက်အမှတ် ၁၉၀)အား အတည်ပြု လက်မှတ်ရေးထိုးခြင်း နှင့် သက်ဆိုင်သည့် အကြံပြုချက် တစ်ရပ်တို့အား လွှတ်တော် ကိုယ်စားလှယ် ၇၉ ဦး ထံတင်ပြခဲ့ပြီး၊ ဤအကြောင်းအရာအား လွှတ်တော်ကိုယ်စားလှယ် ၂၉ ဦး နှင့် ပြုလုပ်သည့် အွန်လိုင်း အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြပါသည်။ ဥပဒေအား ပြဋ္ဌာန်းနိုင်ရေးမှာ ၂၀၁၉ ခုနှစ် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေအောက်ရှိ ကျား၊မ ရေးရာ အလေးပေးမှု နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား ကာကွယ်တားဆီးရေးဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ပေါင်းစပ်ရန် အတွက် CARE ၏ အောင်မြင်မှုရရှိခဲ့သော အားပေး လှုံ့ဆော်မှုအပေါ် တည်ဆောက်ခြင်းမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါကြောင့် လွှတ်တော် အစည်းအဝေးများ ရွှေ့ဆိုင်းခဲ့ရသဖြင့် POVAW ဥပဒေကြမ်းအား နိုဝင်ဘာ အထွေထွေ ရွေးကောက်ပွဲ မတိုင်မီ တင်သွင်းနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ သို့သော်လည်း အားပေး ထောက်ခံသည့် စာတမ်းသည် လွှတ်တော်ကိုယ်စားလှယ် (၅)ဦးနှင့် ပြုလုပ်သည့် ညီလာခံ ဆုံးဖြတ်ချက် ၁၉၀ အား အတည်ပြု လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်သည့် အစည်းအဝေး၌ ဆွေးနွေး ခဲ့သည့် အကြောင်းအရာ ဖြစ်ပါသည်။ ဤ သည်မှ ၂၀၂၀ ခုနှစ် ဇူလိုင်လ (၂၄)ရက်နေ့၌ ပြုလုပ်သည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် မှတ်တမ်း တင်ထားသည့်အတိုင်း အတည်ပြု လက်မှတ် ရေးထိုးရန်အတွက် လွှတ်တော်အမတ်များမှ အခိုင်အမာ တောင်းဆို သည့် အဆို တင်သွင်း ခဲ့သည့် ရလဒ်ကို ရရှိစေခဲ့ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ မဖြစ်ပွားမီက အမျိုးသမီး အဖွဲ့အစည်းများ ကွန်ရက် (WON) ၏ ရွှေ့ပြောင်းလုပ်သားများ၏ အားနည်းထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရခြင်းမှ အဆုံးသတ်ခြင်း (EVE) စီမံချက်မှ မတ်လ (၈)ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာ အမျိုးသမီးများနေ့အား ဂုဏ်ပြုရန်အတွက် စည်းရုံးလှုံ့ဆော်သည့် အခမ်းအနား (၃)ခုကို ဆက်တိုက် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားများ အနက် အကြီးကျယ်ဆုံးသော အခမ်းအနားမှာ တောင်ဒဂုံတွင် စီစဉ်ကျင်းပသည့် အခမ်းအနားဖြစ်ပြီး (၄၈၇) ဦး (အမျိုးသမီး ၇၇%) တက်ရောက်ခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အချို့မှ မိန့်ခွန်းပြောကြားခြင်း၊ အဆိုတော် သာဒီးလူ၏ ဖြေဖျော်တင်ဆက်မှု၊ အကများဖြင့် ဖြေဖျော်တင်ဆက်မှုများနှင့် နိုင်ငံတကာ အမျိုးသမီးများနေ့ ပေါ်ပေါက်လာရသည့် သမိုင်း ကြောင်းအား အသိပညာပေးခြင်းတို့ ပါဝင်ခဲ့သည့် မြူးကြွသော အစီအစဉ်ဖြင့် အဆိုပါ အခမ်းအနားအား အထင်ကရဖြစ်အောင် လုပ်ဆောင်ခဲ့ နိုင်ပါသည်။ အခမ်းအနားမှ အမျိုးသမီးများနှင့် အလုပ်သမားများ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အားပေး လှုံ့ဆော်သည့် အဓိက သတင်းစကား များတွင် မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်၌ ကျား-မအခြေပြုအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါး နှောက် ယှက်မှု အဆုံးသတ်ရန် လိုအပ်မှု၊ ကိုယ်ဝန်ဆောင်မိခင် ကာကွယ် စောင့်ရှောက်မှု ပေးခြင်းအား ရန် လိုအပ်မှု၊ ကျား-မလိုက်၍ လုပ်ခလစာ ကွာဟခြင်းအား လျှော့ချရန် လိုအပ်မှုတို့ ပါဝင်ခဲ့ပါသည်။ WON သည် နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ တို့တွင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု အဆုံးသတ်ရန်အတွက် အသိပညာပေးရန်၊ ခွဲခြား ဆက်ဆံသည့် သဘောထားများကို စိန်ခေါ် မေးခွန်းထုတ်ရန်၊ ဥပဒေများ နှင့် ဝန်ဆောင်မှုများ တိုးတက် ကောင်းမွန် စေရန် တို့အတွက် ကျား-မ အခြေပြု အကြမ်းဖက်မှုအား ဆန့်ကျင်သည့် (၁၆) ရက်တာ လှုပ်ရှားမှု အတွက် အခမ်းအနားများအား စီစဉ် ဆောင်ရွက်ခဲ့ ပါသည်။ ပါဝင်တက်ရောက်သူများတွင် ရွှေ့ပြောင်း သွားလာ သူ အမျိုးသားများနှင့် အမျိုးသမီးများ ပါဝင်ခဲ့ပါသည်။

## ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမတည်ခြင်း

လုပ်ငန်းခွင် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေမူကြမ်းရေးဆွဲမှုအပေါ် တိုးတက်မှုအား ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်နိုင် ခဲ့ပါသည်။ ဤဥပဒေမှ မြန်မာနိုင်ငံတွင် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် ဥပဒေပြုသည့် အခြေခံစနစ်အား ထူထောင်မည် ဖြစ်ပါသည်။ CARE သည် ဥပဒေအား ရေးဆွဲရန်အတွက် တက်ကြွစွာ ပံ့ပိုးကူညီပေးခဲ့သော်လည်း COVID-19 ကပ်ရောဂါနှင့် အထွေထွေ ရွေးကောက်ပွဲတို့ကြောင့် နှောင့်နှေးခဲ့သဖြင့် ၂၀၂၀ ခုနှစ်အတွင်း အပြီးသတ်နိုင်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်၍ ၂၀၂၀ ခုနှစ် ဇွန်လ စီမံချက် ပိတ်သိမ်းချိန် အထိ သင်တန်း ဗဟိုဌာနများအတွက် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးရန်ပုံငွေအား အလားအလာရှိသော ဘဏ္ဍာရေး ရင်းမြစ်ဟု စဉ်းစား ထားသည်မှာ လက်တွေ့ကျခြင်း မရှိဟု ကောက်ချက်ချခဲ့ပါသည်။ သင်တန်းဗဟိုဌာနများ၏ ဘဏ္ဍာရေးအရ ရေရှည်တည်တံ့ ခိုင်မြဲမှုအတွက် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေး ရန်ပုံငွေများ ပတ်သက်မှုမရှိ ဖြစ်နေပါသည်။ COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုအား ထင်ဟပ်သည့် ဈေးကွက်သုတေသနနှင့် ရေရှည် တည်တံ့ခိုင်မြဲရေး အစီအစဉ်အား ဒီဇင်ဘာလတွင် အကောင်အထည်ဖော်ခဲ့ပြီး သင်တန်းဗဟိုဌာနများအား အသင်း/ အကျိုးအမြတ် မယူသော အဖွဲ့အစည်း အဖြစ် မှတ်ပုံတင်ရန်နှင့် ပေးအပ်သည့် သင်တန်းများအတွက် အခကြေးငွေ ကောက်ခံရန်မှာ ဖြစ်နိုင်ခြေရှိနေကြောင်းအား ထောက်ခံ အကြံပြုခဲ့ပါသည်။

**အလုပ်သမား အခွင့်အရေးများဆိုင်ရာ ဆွေးနွေးမှုများအား မြှင့်တင်ခြင်း**

BBC Media Action ၏ မီဒီယာအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု (ရေကြည်ရာ) စီမံချက်သည် ရန်ကုန်မြို့ ဝန်ကြီးများရုံး အဆောက်အဦ၌ ပြုလုပ်သည့် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ ဆွေးနွေးပွဲအား အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် UK နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID) ၏ ဌာနမှူးတို့၏ အဖွင့်မိန့်ခွန်းများဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် အစီအစဉ်ကို စတင် ခဲ့ပါသည်။ အစီအစဉ်သည် အဓိက ဆုံးဖြတ်ချက်ချမှတ်သူများ၊ အစိုးရရှေ့နေများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍနှင့် အလုပ်သမား သမဂ္ဂများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလုပ်သမားနှင့် သက်ဆိုင်သော မူဝါဒဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဆွေးနွေးညှိနှိုင်း တိုင်ပင်မှုများနှင့် အစိုးရ၏ တာဝန်ခံမှုတို့အား တိုးမြှင့်ရန် ရည်ရွယ်ပါသည်။ အရေးကြီးသည့်အချက်မှာ ဆွေးနွေးပွဲမှ ထုံးစံအရ မူဝါဒချမှတ်သူများနှင့် ထုံးစံ တိုက်ရိုက်ထိတွေ့ ဆွေးနွေးနိုင်သည့် အခွင့်အရေးမရှိသော အလုပ်သမားများ၏အသံကို ထုတ်ဖော်ပြောဆိုနိုင်ရန် စီစဉ်ပေးခဲ့ ခြင်းပါသည်။ လွတ်လပ်သော သတင်းမီဒီယာလိုင်းများဖြစ်သည့် DVB (ကြည့်ရှုသူ ၆.၇ သန်း)နှင့် မဇ္ဈိမ သတင်းဌာန (ကြည့်ရှုသူ ၁.၆ သန်း) တို့မှ ဆွေးနွေးပွဲအပိုင်း (၁၁)ပိုင်းအား ထုတ်လွှင့်ပြသခြင်းဖြင့် အဓိက မူဝါဒ ရေးရာ နှင့် အလုပ်သမား အခွင့်အရေးဆိုင်ရာ ဆွေးနွေးမှုများအား မြန်မာနိုင်ငံတဝှမ်းလုံးရှိ များပြားသည့် ပရိသတ် အမျိုးစုံထံသို့ ရောက်ရှိသော မီဒီယာပလက်ဖောင်းပေါ်တွင် ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသည်။ ရေကြည်ရာ အစီအစဉ်အား မြန်မာ့ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသရန်အတွက် အလွတ်သဘော သဘောတူညီမှု ရရှိခဲ့ပြီး၊ ၎င်းတို့၏ ကူညီပံ့ပိုးမှု နှင့် ပါဝင်မှုများ တည်ဆောက်ရန် အကြိမ်ကြိမ် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း အစိုးရကွန်ရက်မှ ပါဝင်သည့် အကြောင်းအရာများမှ "အလွန် ထိလွယ်ရှလွယ်သည့် အကြောင်းအရာများ" ဟု ထင်မြင်ယူဆသဖြင့် အစီအစဉ်အား ထုတ်လွှင့်ပြသရန် နောက်ဆုံး၌ ငြင်းပယ်ခဲ့ပါသည်။

ရုပ်မြင်သံကြား အစီအစဉ် ဒီဇိုင်းပုံစံရေးဆွဲရာတွင် ထုတ်လုပ်ရေးအဖွဲ့သည် ပါဝင်ဆောင်ရွက်ခြင်း၊ ထိတွေ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ မူဝါဒပြုပြင် ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးမှုများ၏ သက်ရောက်မှုတို့အား အမြင့်ဆုံး ရရှိစေရန် ဆွေးနွေးမည့် ခေါင်းစဉ်များနှင့် ရိုက်ကူးမည့်နေရာတို့အား ဂရုတစိုက် ရွေးချယ်ခဲ့ပါသည်။ ရေကြည်ရာ ရုပ်မြင်သံကြား ဆွေးနွေးပွဲ (၁၁)ခုမှ လွှမ်းခြုံသည့် အဓိကအကြောင်းအရာနှင့် ၎င်းတို့အား ရိုက်ကူးသည့် နေရာများမှာ –

- » အိမ်အကူ အလုပ်သမားများ၏ အခွင့်အရေး၊ ပုသိမ်မြို့၌ ရိုက်ကူးခဲ့ပါသည်။
- » လုပ်ငန်းခွင်၌ ခွဲခြားဆက်ဆံခြင်း၊ မကွေးမြို့၌ ရိုက်ကူးခဲ့ပါသည်။
- » ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ မန္တလေးမြို့၌ ရိုက်ကူးခဲ့ပါသည်။
- » ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှု၊ ရန်ကုန်မြို့၌ ရိုက်ကူးခဲ့ပါသည်။
- » အလုပ်သမားသမဂ္ဂများ၊ ပဲခူးမြို့၌ ရိုက်ကူးခဲ့ပါသည်။
- » ကလေးအလုပ်သမား၊ ဖားအံမြို့၌ ရိုက်ကူးခဲ့ပါသည်။
- » လုပ်သားရွှေ့ပြောင်း သွားလာမှုလုပ်ငန်းစဉ်ဆိုင်ရာ နားလည်မှု စာချွန်လွှာ (MOU)၊ နေပြည်တော်၌ ရိုက်ကူးခဲ့ ပါသည်။
- » အလုပ်သမား အငြင်းပွားမှုများ၊ နေပြည်တော်တွင် ရိုက်ကူးခဲ့ပါသည်။
- » လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ကယားပြည်နယ်တွင် ရိုက်ကူးခဲ့ပါသည်။
- » နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားလာခြင်း၊ ရန်ကုန်မြို့၌ ရိုက်ကူးခဲ့ပါသည်။
- » လူမှုဖူလုံရေး၊ ရန်ကုန်မြို့၌ ရိုက်ကူးခဲ့ပါသည်။

ရေကြည်ရာ ရုပ်မြင်သံကြား အစီအစဉ်အတွက် ပြုလုပ်သည့် အကဲဖြတ်ခြင်းမှ တွေ့ဆုံမေးမြန်းခဲ့သူ အားလုံး နီးပါး (၉၅%)သည် ၎င်းတို့အနေဖြင့် အသိအမြင်သစ်တစ်ခု ရရှိခဲ့သည်ဟု ခံစားခဲ့ရပြီး၊ အများအပြားမှာ အစီအစဉ် ကြည့်ပြီးနောက်ပိုင်း လုပ်ကိုင်နိုင်စွမ်း ရှိလာသည်ဟု ခံစားခဲ့ရကြောင်း နှင့် "ရေကြည်ရာကို ကြည့်ပြီးတဲ့နောက်ပိုင်း အကယ်၍ ကျွန်တော်တစ်ခုခုဖြစ်လာလို့ရှိရင် ကျွန်တော်အဲဒီနေရာမှာပဲ ရပ်ပြီး ငြိမ်ခံနေဖို့ မလိုဘူးဆိုတာ ကျွန်တော် သိလာခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော် တစ်ခုခု ပြန်လုပ်လို့ရနိုင်တယ်။ ကျွန်တော့် အခွင့်အရေးတွေက ဘာတွေလဲဆိုတာကို ကျွန်တော် သိတယ်။ ပြီးတော့ သူတို့ကို ဘယ်လိုပြန်ရင်ဆိုင်ရမလဲ ဆိုတာတွေကို သိတဲ့အတွက် ကြောင့် ဥပဒေကြောင်းအရ အရေးယူဖို့ ကျွန်တော်မှာ ယုံကြည်ချက် ရှိတယ်လို့ ခံစားရပါတယ်" ဟု ပြောကြား ခဲ့ပါသည်။ ရုပ်မြင်သံကြား အစီအစဉ်ပွဲတွင် ကိုယ်တိုင် ပါဝင်ခဲ့သည့် ဦးဆောင် ဆွေးနွေးသူများ အနက်မှ ၉၄% တို့က ဆွေးနွေးခဲ့သည့် ကိစ္စရပ်များအပေါ် အရေးယူဆောင်ရွက်ရန်အတွက် စိတ်ပါလာအောင် ဆွဲဆောင်နိုင်သည်ဟု ခံစားရကြောင်းကို ပြောကြားခဲ့ပါသည်။ ဦးဆောင် ဆွေးနွေးသူ အနေဖြင့် ပါဝင်ခဲ့သော အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ်ကမူ "ကျွန်တော်အနေနဲ့ ပတ်သက်ဆက်နွှယ်သူများရဲ့ အမြင်အမျိုးမျိုး နှင့် ပြဿနာ အမျိုးမျိုးကို တစ်နေရာတည်းမှ ကြားသိခွင့်ရနိုင်ခဲ့ပါတယ်။ ပြီးတော့ ၎င်းတို့ မေးတဲ့ မေးခွန်းတွေကို လည်း ဖြေရှင်းဖို့ အခွင့်အရေး ရခဲ့ပါတယ်။ အကယ်၍ ကျွန်တော်တို့အနေနဲ့ အလုပ်သမား ဥပဒေကို ပိုကောင်းတဲ့ ဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲမယ်ဆိုရင် ပြဿနာတွေကို ထည့်သွင်း စဉ်းစားပေးနိုင်မှာဖြစ်ပြီး၊ ကဏ္ဍအသီးသီးက ထုတ်ဖော်ပြောဆိုတဲ့ အသံတွေကိုလည်း ထည့်သွင်း သွားမှာပါ" ဟု ပြောကြားခဲ့ပါသည်။ အိမ်အကူ အလုပ်သမား၏ အခွင့်အရေးများ နှင့် ပတ်သက်သည့် ရုပ်မြင်သံကြား အစီအစဉ်၏ အလွန်အရေးပါသည့် မူဝါဒဆိုင်ရာ သက်ရောက်မှုမှာ ပါဝင်ဆွေးနွေးသူ အများအပြားမှ လွှတ်တော်၌ ဥပဒေအား ဆွေးနွေးနေစဉ် ထိုအစီအစဉ်အား ထုတ်လွှင့်ခဲ့ခြင်းသည် အိမ်အကူအလုပ်သမား ဥပဒေမူကြမ်းကို အတည်ပြုရန်အတွက် အထောက်အပံ့ဖြစ်စေခဲ့သည်ဟု ခံစားခဲ့ကြခြင်း ဖြစ်ပါသည်။



*ပုံ ၄.၅ – သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ ရေကြည်ရာ ရုပ်မြင်သံကြား အစီအစဉ်မှ မြင်ကွင်းများ*

**သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်၊ လုပ်သားရွှေ့ပြောင်း သွားလာမှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ပတ်သက် ဆက်နွှယ်သူများ၏ အသိပညာနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း**

အလုပ်သမားရွှေ့ပြောင်းသွားလာမှု စီမံအုပ်ချုပ်ရေး အကောင်အထည်ဖော်ခြင်းအား တိုးတက်ကောင်းမွန်စေခြင်း ILO ၏ DIILM စီမံကိန်းသည် မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်း သွားလာမှု စီမံအုပ်ချုပ်ရေး အကောင်အထည်ဖော်ခြင်းအား တိုးတက် ကောင်းမွန်စေရန် အဓိက ပတ်သက်ဆက်နွှယ်သူများထံ စွမ်းဆောင်ရည် တည်ဆောက်သည့် သင်တန်းများပေးရန်အတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။၂၀၂၀ ခုနှစ်တွင် စီမံချက်သည် ထိုင်း၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံများရှိ ရာထူးနေရာများအတွက် အသစ် ရွေးချယ် ခန့်အပ်ခြင်းခံရသော အလုပ်သမား သံအရာရှိများအတွက် သင်တန်း ပို့ချပေးခဲ့ပါသည်။ ထို့အပြင် အလုပ်သမား တိုင်တန်းချက်များ အတွက် အချက်အလက်များ စီမံခန့်ခွဲသည့် နှစ်ရက်ကြာ ဆရာဖြစ် သင်တန်းများကို အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန မှ အစိုးရ အရာရှိများအတွက် စီစဉ်ပို့ချပေးခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲများ၏ ရလဒ်အနေဖြင့် ဆိုက်ရောက်နိုင်ငံအလိုက် တိုင်တန်းချက် အမျိုးအစား၊ လုပ်ငန်း ကဏ္ဍနှင့် တိုင်တန်းမှုများ ပြုလုပ်သည့် ကျား၊ မ ဆိုင်ရာ အချက်အလက်များ တောင်းဆိုသည့်အခါ ပေးအပ်ရသည့် အမျိုးသားအဆင့် အစီရင်ခံစာများ ပြုစု ရသည့် စွမ်းဆောင်ရည် အပါအဝင် ရွှေ့ပြောင်း လုပ်သားများမှ တိုင်တန်းသည့် အမှုများအား အမှုတွဲဖွင့်ခြင်း ဆိုင်ရာ အချက်အလက် ကောက်ယူသည့် စနစ်မှာ ထူးခြားစွာ တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ကျန်းမာရေးနှင့် ဆေးစစ်ခြင်း၊ မထွက်ခွာမီပေးသည့် သင်တန်း၊ နေရပ်ပြန်လာသူများအတွက် လုပ်ထုံးလုပ်နည်းနှင့် ရွှေ့ပြောင်း သွားလာသူများ လူမှုအသိုက်အဝန်းအတွင်း ပြန်လည် ပေါင်းစည်းခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ဦးနှစ်ဘက် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမား သမဂ္ဂ မိတ်ဖက်အဖွဲ့အစည်းများအတွက်လည်း သင်တန်း ပို့ချပေးခဲ့ပါသည်။

**ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပတ်သက်ဆက်နွှယ်သူများအား အသိပညာ မြှင့်တင်ပေးသည့် ၂၀၂၀ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကိန်းဂဏန်း အချက်အလက်များ၊ လေ့လာမှုများနှင့် မှတ်တမ်းရုပ်ရှင်များ တိုးတက် များပြားလာခြင်း**

ILO မှ ပြုစုခဲ့သည့် သုတေသန အစီရင်ခံစာ အမျိုးမျိုးအား ပတ်သက်ဆက်နွှယ်သူများထံ အထောက်အထား ပြသရန်အတွက် တင်ပြခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် လေ့လာမှု (၅)ခုအား ထုတ်ဝေခဲ့ပါသည်။ ပါမောက္ခ Maris Oliver မှ ပြုလုပ်သည့် ပုံစံတကျမဟုတ်သောစီးပွားရေးအတွင်းရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအတွက် လူမှုဖူလုံရေး အတိုင်းအတာကို တိုးချဲ့ဆောင်ရွက်ခြင်း ဆန်းစစ်လေ့လာမှုအား အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ လူမှု ဝန်ထမ်း ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့သည့် နေပြည်တော်၌ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ပါသည်။ စာတမ်း၏ ခိုင်မာသော ဆန်းစစ်မှုများအား အစိုးရ မှ ကောင်းမွန်စွာ လက်ခံခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့မှ တရားမဝင်ကဏ္ဍအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး အား တိုးချဲ့ခြင်း၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ အလွယ်တကူ ရယူနိုင်မှု တိုးတက် များပြားလာစေခြင်းနှင့် ရွှေ့ပြောင်းသွားလာသူများအတွက် လူမှုဖူလုံရေး ရန်ပုံငွေ ထူထောင်နိုင်ရန်အတွက် ဖြစ်နိုင်ခြေများကို စူးစမ်း ရှာဖွေခြင်း အပါအဝင် ထောက်ခံ အကြံပြုချက်များအား အကောင်အထည်ဖော်ရန် အတွက် နောက်အဆင့်များကို စူးစမ်းရှာဖွေရန် ILO နှင့် ပုံမှန် အစည်းအဝေးများ ပြုလုပ်ရန်အတွက် တောင်းဆိုခဲ့ပါသည်။ သုတေသန လေ့လာမှုအား ILO ၏ အင်တာနက် စာမျက်နှာတွင် အင်္ဂလိပ်၊ မြန်မာ ဘာသာတို့ဖြင့် ထုတ်ဝေခဲ့ပါသည်။

ILO မှ နေရပ်ပြန် မြန်မာရွှေ့ပြောင်းလုပ်သားများ၏ ကျွမ်းကျင်မှုများအား ဆန်းစစ်အကဲဖြတ်သည့် လေ့လာမှုကို ခိုင်လုံကြောင်း အထောက်အထားပြသသည့် အခမ်းအနားအား အွန်လိုင်းမှကျင်းပခဲ့ပြီး အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရွှေ့ပြောင်း သွားလာရေး ဌာနခွဲမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့အပြင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် အလုပ်အကိုင် ဝန်ဆောင်မှုပေးသည့် ကိုယ်စားလှယ်လုပ်ငန်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။ လေ့လာမှု၏ တွေ့ရှိချက်များမှ ကျွမ်းကျင်မှု သင်တန်းဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်၍ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအကြား အသိပညာပေးရန်၊ ကိုက်ညီသည့် အလုပ်ရှာဖွေ ခြင်းဆိုင်ရာ ပလက်ဖောင်းများ တိုးတက်ကောင်းမွန်စေရန် တို့ လိုအပ်နေကြောင်း မီးမောင်း ထိုးပြခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲအား ရွှေ့ပြောင်း လုပ်သားများ အလုံးအရင်းဖြင့် ပြန်လာသည့် ၂၀၂၀ ခုနှစ် မတ်လ မတိုင်မီ ကျင်းပခဲ့ပါသည်။ နောက်ပိုင်းတွင် COVID-19 ကပ်ရောဂါ အခြေအနေနှင့် စပ်လျဉ်း၍ နိုင်ငံတော် အတိုင်ပင်ခံ ပြောကြားခဲ့သည့် မိန့်ခွန်း၌ နေရပ်ပြန်လာခဲ့သည့် ရွှေ့ပြောင်း သွားလာသူများ၏ ကျွမ်းကျင်မှုများကို မြန်မာနိုင်ငံ ကောင်းကျိုးအတွက် အပြည့်အဝ အသုံးချသင့်သည်ဟု မှတ်ချက်ပြုဆိုပြီးသည့် အချိန်မှစ၍ ပို၍ သိသာစေခဲ့ပါသည်။ အပြီးသတ်အစီရင်ခံစာအား ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် အင်္ဂလိပ်၊ မြန်မာ ဘာသာများဖြင့် ထုတ်ဝေခဲ့ပြီး နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအတွက် ကျွမ်းကျင်မှုများ အကဲဖြတ် သုံးသပ်ခြင်းနှင့် အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်းတို့အား တိုးချဲ့ ဆောင်ရွက်ရန်အတွက် အားပေး လှုံ့ဆော်ရန် အသုံးပြု သွားမည် ဖြစ်ပါသည်။

ILO မှလည်း COVID-19 ကပ်ရောဂါ ကာလအတွင်း ASEANဒေသ ရွှေ့ပြောင်းသွားလာသူများထဲမှ နေရပ်ပြန် မြန်မာနိုင်ငံသား ရွှေ့ပြောင်း သွားလာသူများ၏ အတွေ့အကြုံများအပေါ် အလျင်အမြန် ဆန်းစစ် အကဲဖြတ်သည့် လေ့လာမှု တစ်ရပ်အား ထုတ်ဝေခဲ့ပါသည်။ တွေ့ရှိချက်များအရ COVID-19 ကပ်ရောဂါကြောင့် ဆိုက်ရောက်နိုင်ငံများရှိ ရွှေ့ပြောင်း သွားလာသူ အများအပြားတို့ကြား အလုပ်အကိုင် မရေရာ မသေချာမှုနှင့် အနိုင်ထက်ပြုကျင့်ခြင်း ခံရနိုင်သည့် အားနည်းထိခိုက်လွယ်မှုများ တိုးပွားလာခဲ့သည့်အပြင် မြန်မာနိုင်ငံသို့ ပြန်လာရာတွင် စိန်ခေါ်မှုများပြီး ရုံဖန်ရံခါ စိတ်ထိခိုက်နာကျင်ရသည့် ဖြစ်စဉ်များလည်း တိုးပွားလာခဲ့ကြောင်း မီးမောင်း ထိုးပြလျက်ပါသည်။ ရှမ်းပြည်နယ်မှ နေရပ်ပြန် အမျိုးသမီးတစ်ဦးမှ "ကျွန်မ ကျိုင်းတုံကို ဘတ်စ်ကားနဲ့ ပြန်လာခဲ့ပါတယ်။ ကျွန်မ အစ်ကိုက အဝေးပြေးဂိတ်မှာ လာကြိုခဲ့ပါတယ်။ ဘတ်စ်ကားပေါ်မှာ လူတွေအများကြီး ပါလာတာကြောင့် ကျွန်မ ရောဂါကူးစက်ခံရမှာ စိုးရိမ်ခဲ့ပါတယ်။ ပြန်လာတဲ့လမ်းတလျှောက် စစ်ဆေးရေး ဂိတ် (၃) ဂိတ်မှာ ကျွန်မ ကိုယ်အပူချိန်ကို တိုင်းခဲ့ပါတယ်။ ကျွန်မမှာ အဖျားမရှိလို့ သူတို့က အိမ်ပြန်ခွင့် ပေးခဲ့ပါတယ်။ စစ်ဆေးရေးဂိတ်မှာရှိတဲ့ အာဏာပိုင်တွေကို ကျွန်မ အရမ်းကြောက်ခဲ့ရပါတယ်။ တကယ်လို့များ ကျွန်မမှာ အဖျားရှိနေရင် ကျွန်မ အိမ်ပြန်နိုင်မှာ မဟုတ်တော့ဘူးဆိုပြီး စိုးရိမ် ပူပန်ခဲ့ရပါတယ်" ဟု ပြန်ပြောပြခဲ့ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးသို့ ပြန်လာသည့် ရွှေ့ပြောင်းသွားလာသူများ ရုတ်ခြည်း တိုးလာသည်အား သတိပြုမိသဖြင့် IOM ၏ ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှု မဟာဗျူဟာအဖြစ် မြစ်ဝကျွန်းပေါ် ဒေသတွင် အသုံးပြုခြင်း (MILDAS) စီမံချက်သည် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများအား ဆန်းစစ်လေ့လာမှုတွင် ပြည်တွင်း ရွှေ့ပြောင်းသွားလာသူများအား ထည့်သွင်းနိုင်ရန်အတွက် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ဆန်းစစ်လေ့လာမှုသည် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ရွှေ့ပြောင်းသွားလာသူများ ထွက်ရှိလာသည့် လူမှုအသိုက်အဝန်းများအပေါ် COVID-19 ကမ္ဘာ့ ကပ်ရောဂါ၏ သက်ရောက်မှုများကို စစ်ဆေးခြင်း မှတဆင့် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအတွက် မြန်မြန်ဆန်ဆန် ပြောင်းလဲသွားသည့် အခြေအနေများကို ပိုမိုသဘောပေါက် နားလည်စေရန်အတွက် ရည်ရွယ်ပါသည်။ MILDAS နှင့် မိတ်ဖက် လူမှုအဖွဲ့အစည်းများသည် ဘိုကလေး၊ မော်လမြိုင် ကျွန်းနှင့် လပွတ္တာတို့ရှိ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ (၃၈၄)ဦးနှင့် ရပ်ရွာလူထု ခေါင်းဆောင် (၅၀)ဦးတို့အား တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ ဆန်းစစ် လေ့လာမှုမှ ပြည်တွင်းနေရပ်ပြန် ရွှေ့ပြောင်း သွားလာသူ အများစုမှာ နေရပ် မပြန်မီကတည်းက ၎င်းတို့ အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြကြောင်းကို တွေ့ရှိခဲ့ပါသည်။ ဝင်ငွေဆုံးရှုံးသွားသဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ရွှေ့ပြောင်းသွားလာသူများမှ လူမှုအသိုက်အဝန်းများထံ ပေးပို့သော ငွေလွှဲပေးပို့မှုများ လျော့ကျသွားခဲ့ပြီး အဆိုပါအသိုက်အဝန်းများမှ ပြင်ပအကူအညီလိုအပ်မှု တိုးတက်များပြားလာသည့်အပြင် အဆိုပါ လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ခြင်းလည်းမရှိပါ။

ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) နှင့် မိတ်ဖက်ပြု၍ ILO MILDAS စီမံချက်သည် ဧရာဝတီတိုင်းဒေသကြီးရှိ ရွှေ့ပြောင်းသွားလာခြင်း သံသရာအကြောင်း မှတ်တမ်း ဗီဒီယို (၃)ခုအား ထုတ်လုပ်ခဲ့ပါသည်။ ဒေသတွင်း၌ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် မိသားစုများသည် စိုက်ပျိုးရာသီ ကုန်ဆုံးချိန်တွင် ယာယီ လုပ်သားရွှေ့ပြောင်း သွားလာမှုမှတဆင့် ၎င်းတို့၏ ဝင်ငွေ ရရှိအောင် လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်ခြင်းမှာ တစ်စတစ်စ တိုးတက်များပြားလာနေပါသည်။ ဤဖြစ်စဉ်နှင့် ပတ်သက်၍ မှတ်တမ်းတင်ရန်နှင့် အသိအမြင် တိုးတက်စေရန်တို့အတွက် DVD သည် ရုပ်ရှင်မှတ်တမ်းများ စုဆောင်းရန်နှင့် အကျိုးခံစားခွင့်ရှိသူများအား တွေ့ဆုံမေးမြန်းခြင်းတို့အတွက် ရိုက်ကူးရေးအဖွဲ့အား MIDLAS ၏ ဦးတည်ရည်ရွယ်သော ဒေသအများအပြားသို့ စေလွှတ်ခဲ့ပါသည်။ နားလည် သဘောပေါက်မှု တိုးမြှင့်ရန်နှင့် မူဝါဒ ရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေရန်တို့အတွက် "ဘိုကလေးရှိ ရာသီ အလိုက် အလုပ်အကိုင်များ၏ စိန်ခေါ်မှုများ"၊ "လပွတ္တာတွင် ငွေရေး ကြေးရေး ဆိုင်ရာ စနစ်တကျကြိုတင်စီမံခန့်ခွဲခြင်း"၊ နှင့် "ရန်ကုန်တွင် ရာသီအလိုက် အလုပ်လုပ်ကိုင်ခြင်း" ခေါင်းစဉ်များနှင့် ရိုက်ကူး ထုတ်လုပ်ထားသော မှတ်တမ်း ဗီဒီယိုများကို ရုပ်မြင်သံကြားနှင့် လူမှုရေး မီဒီယာကွန်ရက်များမှတဆင့် ကျယ်ကျယ်ပြန့်ပြန့် ပြသခဲ့ပါသည်။ အချောသတ်ပြီးဖြစ်သည့် မှတ်တမ်းဗီဒီယို (၃)ခု၏ တင်ဆက်မှုများကို DVB ၏ ရုပ်မြင်သံကြားလိုင်းတွင် ထုတ်လွှင့်ခဲ့ပြီး မယ်ရွှေ့ပြောင်း ဖေ့စ်ဘုတ် စာမျက်နှာ (ကြည့်ရှုမှု ၄၁၀,၈၀၀)တွင် မျှဝေခဲ့ပါသည်။

အသိပညာအခြေခံတွင် ကြီးမားသည့် ကွာဟချက်ရှိသည်အား သတိပြုပြီး IOM ၏ တိုးတက်ပွားလာသည့် လုံခြုံ စိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်း သွားလာမှုမှတဆင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ လူမှုအသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်း အားကောင်းစေခြင်း (SAFE) စီမံချက်သည် ပြည်တွင်း နေရပ်





စွန့်ခွာတိမ်းရှောင်သူများနှင့် ဒေသခံ လူမှုအသိုက်အဝန်းများအကြား လုပ်သား ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ ဆန်းစစ်သည့် လေ့လာမှုအား အပြီးသတ်ခဲ့ပါသည်။ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုတွင် လုပ်သား ရွှေ့ပြောင်း သွားလာမှုသည် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှပါဝင်သည့်အပေါ် လက်တွေ့ အထောက်အထားများ များစားစား မရှိသည့် တင်ပြချက်သည် အထူးသဖြင့် တရုတ်နိုင်ငံတွင် အတင်းအဓမ္မ လက်ထပ်စေရန်အတွက် လူကုန်ကူးခြင်းကဲ့သို့သော အပျက်သဘောဆောင်သည့် ရလဒ်များအပေါ် အလွန်ကျဉ်းမြောင်းစွာ အာရုံစိုက်ခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ရွှေ့ပြောင်း သွားလာမှုများ၏ ဦးတည်ရာ နှင့် ပုံစံများနှင့် သက်ဆိုင်သည့် အချက်အလက်များ မရှိခြင်းကို ဖြေရှင်းရန်အတွက် အရည်အသွေးဆိုင်ရာ သုတေသနအား Dr. Victoria Jack မှ ပြုလုပ်ခဲ့ပြီး ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများ၏ ရှုဒေါင့်နှင့် လိုအပ်ချက်များဆိုင်ရာ အသိအမြင်ကို ပေးအပ်ခဲ့ပါသည်။ လေ့လာမှုမှ နိုင်ငံရပ်ခြားရှိ သွားရောက်လေ့ရှိသော ဆိုက်ရောက်နိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းသွားလာရန်အတွက် အမျိုးသမီးနှင့် အမျိုးသားများတွင် လုံလောက်သည့် အခွင့်အလမ်းများ မရှိကြောင်း ရှာဖွေတွေ့ရှိခဲ့ပါသည်။ ရလဒ်အနေဖြင့် ဒေသတွင်းမှ နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားလာသူ အများစုသည် နေထိုင်ရန်နှင့် အလုပ်လုပ်ရန် တို့အတွက် လိုအပ်သော တရားဝင် အထောက်အထားများ မရှိဘဲ ရွှေ့ပြောင်းသွားလာကြသည်ကို တွေ့ရပါသည်။ ထို့အတွက်ကြောင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်း အချက်အလက်များသည် ပုံမှန်လမ်းကြောင်းများ အသုံးပြုရန်အားပေးသည်သာမက ၎င်းတို့အား အလွဲသုံးစားပြု ခံရနိုင်ချေအား လျှော့ချရန် အတွက် ပုံမှန် မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူများအတွက် သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြေရှင်းပေးသည့် အတွက်ကြောင့် အလွန်အရေးပါပါသည်။ လေ့လာမှုမှ တွေ့ရှိချက်များအား လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများအား လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းသွားလာသူများအား ကာကွယ် စောင့်ရှောက်မှု မြှင့်တင်ရန်အတွက် မူဝါဒဆိုင်ရာ နည်းလမ်းများ ရေးသားပြုစုရာတွင် သတင်းအချက်အလက်ပေးခြင်း နှင့် ရွှေ့ပြောင်းသွားလာမှု၏ အကျိုး ကျေးဇူး များအား အမြင့်ဆုံး ရရှိစေခြင်းတို့ အပါအဝင် စီမံကိန်းလုပ်ငန်းများတွင် အထောက်အထား အခြေခံသည့် ချဉ်းကပ် နည်းလမ်းအား ကူညီပံ့ပိုးပေးရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

IOM ၏ တွဲလက်စီမံချက်သည် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (CESD) နှင့်အတူ ၎င်း၏ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ သုတေသနအား ရှေ့ဆက်လုပ်ဆောင်ခဲ့ပါသည်။ CESD အတွက် သင်တန်း ပို့ချပေးရန်အတွက် IOM နှင့် သြစတြေးလျ အမျိုးသား တက္ကသိုလ် (ANU) တို့ အကြား နားလည်မှု စာချွန်လွှာ တစ်စောင်ကို ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤပူးပေါင်း ဆောင်ရွက်မှုတွင် ANU မှ ရွှေ့ပြောင်းသွားလာခြင်း၊ လူဦးရေ စာရင်းကောက်ယူခြင်းနှင့် စစ်တမ်း ဒီဇိုင်းပုံစံရေးဆွဲခြင်း ဆိုင်ရာ ကျွမ်းကျင်သူများ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်တွင်း သုတေသန ပညာရှင် (၂၆)ဦး (အမျိုးသမီး ၅၀%) အတွက် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် (၈)ရက်ကြာ စွမ်းဆောင်ရည် တည်ဆောက်ပေးသည့် အလုပ်ရုံ ဆွေးနွေးပွဲ ပါဝင်ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲ၏ လက်တွေ့ရလဒ်များတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ ဒေသများတွင် ရွှေ့ပြောင်း သွားလာမှုနှင့် ငွေလွှဲပို့ခြင်း၏ သက်ရောက်မှုများအပေါ် CESD မှ အစီအစဉ် ရေးဆွဲထားသည့် လေ့လာမှု (၄)ခု အနက်မှ ပထမဆုံး တစ်ခုအတွက် သုတေသန နည်းကိရိယာများနှင့် စစ်တမ်း မေးခွန်းတွဲများကို ရေးသားပြုစုခြင်း ပါဝင်ပါသည်။ ANUသည် တက်ရောက်သူ (၃၄) ဦးအတွက် အရည်အသွေးဆိုင်ရာ သုတေသန အလေ့အကျင့်များ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ပံ့ပိုးကူညီပေး ခဲ့ပါသည်။ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ငွေလွှဲပေးပို့မှုများအပေါ် ပထမဆုံး လေ့လာမှု အား ၂၀၂၀ ခုနှစ် အောက်တို ဘာ လတွင် တရားဝင် ခွင့်ပြုပေးခဲ့ပါသည်။ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနထံမှ ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အခြေခံ အဆောက်အဦ လေ့လာမှုအတွက် တရားဝင် ခွင့်ပြုချက်နှင့် အသေးစား လေ့လာမှု (၂)ခု အတွက် အလွတ်သဘော ခွင့်ပြုချက်တို့ ရရှိနိုင်ရန် မျှော်မှန်းထားခဲ့ပါသည်။

IOM တွဲလက်စီမံချက် စတင်သည့် အချိန်မှစပြီး ပြည်တွင်း CSO မိတ်ဖက် အဖွဲ့အစည်းများတွင် အဖွဲ့အစည်းနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်းအား အဓိကထား အာရုံစိုက်ခြင်းဖြင့် စီမံချက် သက်တမ်း ကုန်ဆုံးသွားသည့် နောက်ပိုင်းတွင် ထိုအဖွဲ့အစည်းများမှ ရွှေ့ပြောင်းသွားလာသူများနှင့် ယင်းတို့၏ မိသားစုများအား ဆက်လက် ကူညီပံ့ပိုး ပေးနိုင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် အစောပိုင်းကာလတွင် IOM သည် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ စီမံကိန်းဒီဇိုင်းပုံစံ ရေးဆွဲခြင်း နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ၎င်း၏ CSO မိတ်ဖက် အဖွဲ့အစည်းများ၏ အသိအမြင်နှင့် ကျွမ်းကျင်မှုများ တိုးတက်လာခဲ့သည့် အတိုင်းအတာအား စနစ်တကျ ဆုံးဖြတ်နိုင်ရန်အတွက် အဖွဲ့အစည်း စွမ်းဆောင်ရည်ဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှုများအား ပြုလုပ်ခဲ့ပါသည်။ စောင့်ကြည့် စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ တာဝန်ခံမှုနှင့် လေ့လာသင်ယူခြင်း (MEAL) နယ်ပယ်သည် မိတ်ဖက်အဖွဲ့အစည်းများအားလုံးမှ အထူးသဖြင့် စောင့်ကြည့်စစ်ဆေးသည့် နည်းကိရိယာများ အသုံးပြုခြင်း၊ အချက်အလက် ကောက်ယူခြင်း၊ ကိန်းဂဏန်း အချက်အလက်များ စီမံခန့်ခွဲခြင်းနှင့် ဆန်းစစ်ခြင်းတို့တွင် စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေရန် လုပ်ဆောင်သည့် နယ်ပယ်တစ်ခု ဖြစ်သည်မှာ ထင်ရှားပါသည်။ ကျား၊ မ အလေးထားမှုတွင်လည်း မိတ်ဖက်အဖွဲ့အစည်းများသည် ကောင်းမွန်စွာ သိရှိနားလည် ကြောင်း၊ ကျား၊မ ရေးရာအား စီမံကိန်း လုပ်ငန်းတိုင်းတွင် ထည့်သွင်းခြင်းအား မိတ်ဖက်အဖွဲ့အစည်းများမှ ကောင်းစွာ နားလည်သဘောပေါက်ကြောင်းနှင့် လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ထည့်သွင်း စဉ်းစားထားကြောင်းလည်း တွေ့ရှိရပါသည်။ မိတ်ဖက် အဖွဲ့အစည်းများသည် စီမံကိန်း အစီအစဉ် ရေးဆွဲနည်း၊ ဘတ်ဂျက်အသေးစိတ် ရေးဆွဲနည်း နှင့် အသုံးစရိတ်များနှင့် ဆိုင်သည့် ပြေစာများ၊ လက်ခံ ဖြတ်ပိုင်းများအား မည်သို့ မှတ်တမ်း ထားရှိရမည် ဆိုသည်တို့နှင့် စပ်လျဉ်း၍ ပိုမိုသဘောပေါက်နားလည်လာကြကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် လူမှုအမူအကျင့် ပြောင်းလဲရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများတွင် စွမ်းဆောင်ရည် တည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုများသည် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များပေးသည့် စည်းရုံး လှုပ်ရှားမှုများအား မည်ကဲ့သို့ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်နှင့် ပတ်သက်၍ အသိအမြင် တိုးတက်လာခြင်းဆီသို့ ဦးတည်စေခဲ့ပါသည်။ လုပ်သားရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ စကားရပ်များ နှင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများ၊ လိမ်လည်မှုများအား တားဆီးကာကွယ်ခြင်း နှင့် အဂတိလိုက်စားမှု

တိုက်ဖျက်ရေးနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ တားဆီးကာကွယ်ခြင်းတို့အပါအဝင် နောက်ထပ်သင်တန်းများအား သုံးလပတ် စီမံချက်စီမံအုပ်ချုပ်သူများ အစည်းအဝေးများမှတဆင့် မျှဝေပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလတို့တွင် ပြည်တွင်း မိတ်ဖက် အဖွဲ့အစည်းဖြစ်သော RAFT သည် တွဲလက် စီမံချက်၏ မိတ်ဖက်အဖွဲ့အစည်းများအား ပဋိပက္ခ အလေးထားသည့် နည်းပညာဆိုင်ရာ လမ်းညွှန်မှုနှင့် စွမ်းဆောင်ရည် တည်ဆောက်ရေးဆိုင်ရာ အကူအညီတို့အား ပေးအပ်ခဲ့ပါသည်။

COVID-19 ကပ်ရောဂါ ကာလအတွင်း နေရပ်သို့ အလုံးအရင်းနှင့် ပြန်လည် ဝင်ရောက်လာမှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် IOM နှင့် ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် နေရပ်မှ လူမှုအသိုက်အဝန်းများအပေါ် အလျင်အမြန် ဆန်းစစ် အကဲဖြတ်ခြင်းအား ၂၀၂၀ ခုနှစ် ဇွန်လမှ ဇူလိုင်လအထိ ပြုလုပ်ခဲ့ပါသည်။ ဆန်းစစ်အကဲဖြတ်ခြင်းအား မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၀)ခု – ဧရာဝတီ၊ မကွေး၊ မန္တလေး၊ တနင်္သာရီ၊ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်နှင့် ရှမ်း – တို့တွင် ပြုလုပ်ခဲ့ပါသည်။ နေရပ်ပြန်သူများအတွက် စစ်တမ်းမေးခွန်းလွှာတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများအတွက် မေးခွန်းများ ပါဝင်ခဲ့ပြီး စုစုပေါင်း တုံ့ပြန်ဖြေကြားသူ (၂,၃၁၁) ဦး (အမျိုးသမီး ၄၇%) ထံ ရောက်ရှိခဲ့ပါသည်။ ရပ်ရွာ လူထုခေါင်းဆောင်များအတွက် မေးခွန်းလွှာကိုလည်း နေရပ်ပြန် ရွှေ့ပြောင်း လုပ်သားများနှင့် ပတ်သက်သည့် ၎င်းတို့၏ အမြင်များနှင့် အတွေ့အကြုံများကို စုစည်းနိုင်ရန် အဓိကထား၍ ရေးဆွဲခဲ့ပြီး တုံ့ပြန်ဖြေကြားသူ (၄၅၃) ဦး (အမျိုးသမီး ၂၃%) ထံ ရောက်ရှိခဲ့ပါသည်။ လေ့လာမှု၏ တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များအား စီမံကိန်းဆောင်ရွက်ချက်များ ရေးဆွဲရေးနှင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ၊ ၎င်းတို့၏ မိသားစုများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများ၏ ကျန်းမာရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ နှင့် လူမှု စီးပွားရေးလိုအပ်ချက်များနှင့် အားနည်းထိခိုက်လွယ်မှုများနှင့် ဆက်နွယ်နေသည့် အသိပေးအရေးဆိုမှု တို့တွင် သတင်းအချက်အလက်များ ပေးအပ်ရန်အတွက် အသုံးပြုခဲ့ပါသည်။

World Vision ၏ မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်းပေးသည် – ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှုအသိုက်အဝန်းများအတွက် အားလုံးပါဝင်ပြီး ပြောင်းလဲစေနိုင်သည့် အသက်မွေးဝမ်းကျောင်းအား ကူညီပံ့ပိုးပေးခြင်း (SHE) စီမံချက်သည် ယင်းမှ အစီအစဉ် ရေးဆွဲထားခဲ့သည့် ကြိုတင် ပုံဖော်ပုံစံချထားသည့် သုတေသနလေ့လာမှု(၃)ခုအား ၂၀၂၀ခုနှစ် ပထမနှစ်ဝက်တွင် အဆုံးသတ်ခဲ့ပါသည်။ လူမှုအသိုက်အဝန်း၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်စွာ နားလည်စေနိုင်ရန်နှင့် စီမံချက်၏ စွမ်းဆောင်နိုင်မှု ညွှန်းကိန်းများတွင် ကျား၊မ ရေးရာ တန်းတူညီမျှမှုအတွက် အခြေခံ ဆောင်ရွက်မှု ပေးအပ်ရန်တို့အတွက် ပြုလုပ်သည့် ကနဦး စစ်တမ်းကောက်ယူမှုသည် စီမံချက် ဆောင်ရွက်သည့် မြို့နယ် (၅)မြို့နယ်ရှိ အိမ်ထောင်စု (၉၀၀) ပြီးစီးခဲ့ပါသည်။ ရရှိနိုင်သည့် ကျွမ်းကျင်မှုများ၊ အလုပ်ရှင်များ၏ လုပ်သား တောင်းဆိုမှုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပေးသူများမှ ပေးအပ်ခဲ့သည့် ဝန်ဆောင်မှုများ ဆန်းစစ် လေ့လာမှု တစ်ခု ပါဝင်သည့် အလုပ်သမားဈေးကွက် ဆန်းစစ်သည့် လုပ်ငန်းစဉ်အား ဖေဖော်ဝါရီလတွင် အပြီးသတ်ခဲ့ပါသည်။ သင်တန်းအတွက် ရှာဖွေ ဖော်ထုတ်ခဲ့သည့် အဓိက ကဏ္ဍများမှာ ဆောက်လုပ်ရေး၊ အစားအသောက်နှင့် အဖျော်ယမကာ၊ ရက်ကန်းလုပ်ငန်း၊ အချုပ်အလုပ်၊ အပ်ချုပ်လုပ်ငန်း၊ လက်မှုပညာ၊ အစားအသောက် ထုတ်လုပ် စီမံပြုပြင်ခြင်းနှင့် မော်တော်ဆိုင်ကယ်ပြင်ခြင်းလုပ်ငန်း တို့ဖြစ်ပါသည်။ IDP စခန်းများတွင် အိမ်ထောင်စုများအတွက် အဓိက ဝင်ငွေရင်းမြစ်များနှင့် အသုံးစရိတ်များအား ဆန်းစစ်အကဲဖြတ်သော အိမ်ထောင်စု စီးပွားရေး ဆန်းစစ်ချက် တစ်ရပ်အား တတိယလေ့လာမှုတွင် ပြီးစီးခဲ့ပြီး ယင်း အိမ်ထောင်စုများအား ချမ်းသာကြွယ်ဝမှု အပေါ် မူတည်၍ အုပ်စု (၄)စုအတွင်း၌ ထည့်သွင်းခဲ့ပါသည်။ အသိပညာဆိုင်ရာ သတင်းအချက်အလက်များ စုစည်းမှုအတွက် ထည့်ဝင်ပေးရန်နှင့် စီမံချက် ဆောင်ရွက်ချက်များ၏ ဒီဇိုင်းအား ပုံဖော်ရန်တို့အတွက် လေ့လာမှု အများအပြားအား ထုတ်ဝေဖြန့်ချိ သွားမည် ဖြစ်ပါသည်။

ADRA ၏ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှုအသိုက်အဝန်းများအား ကူညီပံ့ပိုးပေးရန် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ပညာရေး (VESI) စီမံချက်သည် ယင်း၏ အသက်မွေးဝမ်းကျောင်း သင်တန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်း အချက် အလက် များ ပေးရန်အတွက် အလုပ်သမားဈေးကွက် စစ်တမ်းတစ်ခု ပြုလုပ်ရန် အစီအစဉ် ရေးဆွဲခဲ့ပါသည်။ စစ်တမ်း ကောက်ယူမှု အား စီမံကိန်း စတင်သည့် အဆင့်အတွင်း ၂၀၁၉ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါကြောင့် အခြေအနေများ ပြောင်းလဲသွားသဖြင့် ဒုတိယအကြိမ် ဆန်းစစ် အကဲဖြတ်မှု လုပ်ဆောင်ရန် လိုအပ်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ပြန့်ပွားမှုအား တားဆီးရန် အစိုးရမှ အသွားအလာ ကန့်သတ်သည့် ကာလရှည်ကြာသောကြောင့် ဦးတည်ရည်ရွယ်သည့် ဒေသများရှိ ဒေသခံ စီးပွားရေးများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှု အများအပြား ရှိခဲကြောင်း တွေ့ရှိခဲ့ပါသည်။ ထို့အပြင် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းလုပ်သားများသည် တရုတ်နိုင်ငံမှ ရုတ်တရက် ပြန်လာခဲ့ကြသဖြင့် အလုပ်သမား လိုအပ်ချက်နှင့် ရှိနေသည့် အလုပ်သမား ဦးရေမျှခြေ အပေါ် သက်ရောက်မှု ရှိခဲ့ပါသည်။ ဒုတိယ ကောက်ယူခဲ့သည့် ကိန်းဂဏန်း အချက်အလက်များကို စိစစ်ပြီးသည့်နောက် လိုက်လျောညီထွေ ဖြစ်အောင် ပြုပြင် ပြောင်းလဲပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပေးအပ်မည့် သင်တန်း သင်ရိုးများအား ပြန်လည် ဆန်းစစ်ခဲ့ပါသည်။ LIFT မှ ပေးအပ်ခဲ့သည့် နည်းပညာအကူအညီဖြင့် ADRA နှင့် World Vision စီမံချက်များ၏ လုပ်သားဈေးကွက် ဆန်းစစ်အကဲဖြတ်မှုများအတွက် စတင်ကြောင်း အသိပေးသည့် ပူးတွဲ အခမ်းအနားအား စီစဉ်ကျင်းပခဲ့ပါသည်။ အခမ်းအနားအား Zoom အပ်ပလီကေးရှင်းဖြင့် ကျင်းပခဲ့ပြီး INGO များ၊ CSO များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် အလှူရှင်များမှ ပါဝင်တက်ရောက်သူ (၁၀၀) ကျော်ခန့် ရှိခဲ့ပါသည်။ အခမ်းအနား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးမှ တာဝန်ခံ နှင့် ပူးပေါင်းဆောင်ရွက်ရေး ဌာန အကြီးအကဲ Johann Hesse မှ အဖွင့်အမှာ စကား ပြောကြားခဲ့ပါသည်။

ADRA သည် ယင်း၏ လုပ်သားဈေးကွက် ဆန်းစစ်အကဲဖြတ်မှု ပြီးဆုံးပြီးသည့် နောက်ပိုင်းတွင် VESI စီမံချက်မှ မျှော်မှန်းထားသည့် လုပ်သား ဈေးကွက်ရလဒ်များ ရရှိအောင်မြင်ရန်အတွက် မြစ်ကြီးနား၊ လားရှိုးနှင့် ဗန်းမော်ရှိ အစိုးရ နည်းပညာ အထက်တန်းကျောင်း (၃)ကျောင်းတွင် ရရှိနိုင်သည့် သင်တန်းများသည် အရည်အသွေးအားဖြင့် လုံလောက်မှု မရှိပါ (သို့) ဈေးကွက်နှင့် ကိုက်ညီမှု မရှိပါဟု ဆုံးဖြတ်ခဲ့ပါသည်။ အထူးသဖြင့် သင်ရိုးများသည် လက်တွေ့ ကျွမ်းကျင်မှုများနှင့် လိုအပ်သည့် စွမ်းရည်များ ဆည်းပူးရသည်ထက် သီအိုရီအပေါ်တွင် အဓိက ထားသောကြောင့် အလုပ်ရှင် လိုအပ်ချက်များနှင့် ကိုက်ညီမှု နည်းပါးပါသည်။ ADRA သည် ယင်း၏ စွမ်းဆောင်ရည်တည်ဆောက်သည့် ကူညီပံ့ပိုးမှုအား သတင်းအချက်အလက်များ ပေးအပ်ရန်အတွက် သင်ကြားရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ရရှိနိုင်သည့် အဖွဲ့အစည်းဆိုင်ရာ ရင်းမြစ်များကို ဆန်းစစ် အကဲဖြတ်မှု တစ်ရပ်အား ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ကျောင်း (၃)ကျောင်း၌ သင်ကြားနည်းဆိုင်ရာ ချဉ်းကပ် နည်းလမ်းအား တိုးတက် ကောင်းမွန်စေရန် ဆရာ/ဆရာမ (၆၆)ဦးအတွက် သင်တန်း စတင်ပို့ချခဲ့ပါသည်။ ၎င်းတို့အနေဖြင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ကာလတို သင်တန်းများ၏ ဒီဇိုင်းပုံစံနှင့် သင်ရိုး ရေးဆွဲနည်းတို့ကို လေ့လာသင်ယူနိုင်ခဲ့ပါသည်။ ဆရာ အရည်အသွေးဆိုင်ရာ ညွှန်းကိန်းကို အသုံးပြု၍ သင်တန်းပြီးနောက် စစ်ဆေးခဲ့သည့် စာမေးပွဲများမှ ဆရာများ အနေဖြင့် တိုးတက်မှုများရှိသည်ကို တွေ့ရှိခဲ့ပါသည်။

COVID-19 ကပ်ရောဂါကြောင့် သင်တန်းသင်ကြားမှု အနှောင့်အယှက်ဖြစ်စေရာ ADRA သည် လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်ညှိနှိုင်းရန်အတွက် နည်းပညာ၊ အသက်မွေးပညာ နှင့် လေ့ကျင့်ရေးဦးစီးဌာန နှင့် အနီးကပ် လုပ်ကိုင် ဆောင်ရွက်ခဲ့သဖြင့် သင်တန်းများ ဆက်လက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရမှ COVID-19 ကပ်ရောဂါ ပြန့်နှံ့မှုအား ထိန်းချုပ်ရန် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များသည် နည်းပညာ အထက်တန်းကျောင်း (၃)ကျောင်း ပိတ်ခြင်းနှင့် စီမံချက်ပံ့ပိုးသည့် IDP စခန်းများသို့ သွားလာမှုကို ကန့်သတ်ခြင်းတို့ဆီသို့ ဦးတည်ခဲ့ပါသည်။ သို့သော် LIFT ၏ အားပေးမှုနှင့် နည်းပညာ အကြံဉာဏ်တို့ကြောင့် သင်တန်းဆရာများနှင့် သင်တန်းသားများအတွက် သင်တန်းများအား ရောနှော ပေါင်းစပ်ထားသည့် ဒီဂျစ်တယ် လေ့လာသင်ယူခြင်းဆိုင်ရာ နည်းစနစ်၊ အလုပ်ရှင် လိုအပ်ချက်အပေါ် အခြေခံသည့် သင်တန်းနှင့် အခြား ချဉ်းကပ်နည်းလမ်းများကို အသုံးပြု၍ ဆက်လက်ပြီး လုံခြုံစိတ်ချစွာ ပြန်လည် စတင်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ADRA မှ ပူးပေါင်း ထားသည့် အဖွဲ့အစည်းသည် COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ကြုံတွေ့ခဲ့ရသည့် နှောင့်နှေးမှုများကို ပြန်လည် အစားထိုးနိုင်ရန်အတွက် အဆိုပါ ချဉ်းကပ်နည်းလမ်းများကို တိုးချဲ့သွားရန် အစီအစဉ်များ ရေးဆွဲနေပါသည်။

CARE ၏ အောင်မြင်မှု စီမံချက်သည် အထည်ချုပ်နှင့် လူမှုဆက်ဆံရေးဆိုင်ရာ သင်တန်းမှတဆင့် ကျောင်းပြင်ပ ရောက်နေသော လူငယ်များအား သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ရရှိစေရန် အတွက် သင်တန်းအစီအစဉ် (၁)ခု တည်ဆောက်ရာတွင် အခွင့် အလမ်းများနှင့် စိန်ခေါ်မှုများကို စူးစမ်းရှာဖွေရန် အတွက် ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖြစ်နိုင်ခြေ လေ့လာမှုတစ်ခု ပြုလုပ်ရန် ဆောင်ရွက်ခဲ့ ပါသည်။ သုတေသနမှ ထိုသို့သောအစီအစဉ် တစ်ရပ်အား ကူညီပံ့ပိုးပေးရန်အတွက် အမျိုးမျိုးသော ပုဂ္ဂလိကနှင့် အစိုးရ ကဏ္ဍမှ လှုပ်ရှား ဆောင်ရွက်သူများအကြား ပူးပေါင်း ဆောင်ရွက်မှုများ အလွန်အမင်း လိုအပ်နေခြင်းနှင့် လုပ်ဆောင်ရန်လိုအပ်သည် ကဏ္ဍ အများအပြားရှိနေကြောင်း တွေ့ရှိခဲ့ပါသည်။ လေ့လာမှုသည် နည်းပညာ၊ အသက်မွေးမှုနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ အကောင်အထည် ဖော်သည့် အမျိုးသား အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခြေခံ သင်တန်းဆင်း လက်မှတ် (NVFC) ဟု ခေါ်ဆိုသည့် အသက်မွေးမှု ကျွမ်းကျင် အတတ်ပညာ သင်တန်း သင်ရိုးညွှန်းတမ်း၊ အသိအမှတ်ပြု လက်မှတ်တို့နှင့် ချိတ်ဆက်နေပါသည်။ CARE တွင် သင်တန်း သင်ရိုးရေးဆွဲရာတွင် ကူညီပံ့ပိုးပေးခြင်းမှတဆင့် နှင့်/သို့ အသိအမှတ်ပြု သင်တန်းပေးအပ်သူအဖြစ် ရေရှည် မိတ်ဖက်ပြုမှုတို့မှတဆင့် NVFC အစီအစဉ်တွင် မိတ်ဖက် ပြုရန်အတွက် အခွင့်အလမ်း ရှိနေပါသည်။ အဆိုပါ မိတ်ဖက်ပြုမှုအား ဆက်လက် ဆောင်ရွက်ရန် CARE သည် NVFC ရွေ့ပြေးစမ်းသပ်မှုမှ အထောက်အထားများကို စောင့်ဆိုင်းနေပါသည်။ သို့သော် ရွေ့ပြေးစမ်းသပ်မှုအား ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ သဖြင့် CARE ၏ အလားအလာရှိသော မိတ်ဖက်ပြုမှု လုပ်ငန်းစဉ်အား အပြီးသတ်နိုင်ရန် နှောင့်နှေးခဲ့ပါသည်။ အစီအစဉ်သည် မကြာခဏ ဆိုသလို အလယ်တန်း ပညာရေး ပြီးဆုံးအောင် တက်ရောက်နိုင်ခြင်းသည့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအား ဆက်လက် တက်ရောက်ရန်အတွက် အသိအမှတ်ပြုမှု လိုအပ်သော ပြည်တွင်း နေရပ် စွန့်ခွာ တိမ်းရှောင်သူများနှင့် ရွှေ့ပြောင်း သွားလာသူများအတွက် LIFT ၏ စီမံကိန်း လုပ်ငန်းများနှင့် အထူးသဖြင့် ဆက်စပ်နေပါသည်။ အစီအစဉ်တွင် အကောင်အထည် ဖော်ရေး မိတ်ဖက်များ၏ ပူးပေါင်းပါဝင်မှုနှင့် အလုပ်သမား အခွင့်အရေးနှင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းတို့အား LIFT ၏ သင်တန်းတွင် ပို့ချမည့် အကြောင်းအရာ များတွင် ပါဝင်စေရန်သတ်မှတ်ပြဋ္ဌာန်းရာတွင် ကူညီပံ့ပိုးပေးရန်အတွက် နားလည်မှု သဘောတူ စာချွန်လွှာအား LIFT နှင့် နည်းပညာ၊ အသက်မွေးမှုနှင့် သင်တန်း ဦးစီးဌာန အကြား လက်မှတ်ရေးထိုးနိုင်ရန် မျှော်မှန်းထားပါသည်။

**ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး စင်တာ(MRC) များ တိုးချဲ့ဖွင့်လှစ်ခြင်း**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ရွှေ့ပြောင်း သွားလာသူများအတွက် သတင်း အချက်အလက်နှင့် အကူအညီ ရရှိနိုင်မှုကို တိုးချဲ့ရန် အတွက် IOM သည် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး စင်တာ (MRC) တစ်ခုကို မြစ်ကြီးနားမြို့၌ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ စင်တာများအတွက် MRC ဆွေးနွေးအကြံပေးသူများ ခန့်ထားမှုအား အပြီးသတ်ခဲ့ပြီး ဝန်ဆောင်မှုပေးခြင်းမှာလည်း စတင် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ MRC ဝန်ဆောင်မှုများတွင် လုံခြုံစိတ်ချရသည့် ပုံမှန် ရွှေ့ပြောင်း သွားလာခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ အလွဲသုံးစားပြုခံရခြင်းအတွက် တရားသဖြင့် ဖြစ်စေရန်အတွက် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန၏ တိုင်တန်းမှုဆိုင်ရာ ယန္တရားသို့ ညွှန်းပို့ခြင်းများ၊ တရားဝင် အထောက်အထား စာရွက်စာတမ်းများ ရရှိအောင် ကူညီပံ့ပိုးပေးခြင်း နှင့် အခက်အခဲ ကြုံတွေ့ နေချိန်တွင် ရွှေ့ပြောင်းသွားလာသူများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခြင်းတို့ ပါဝင် ပါသည်။



*ပုံ ၄.၆ မြစ်ကြီးနားမြို့ရှိ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး စင်တာ/ဗဟိုဌာန (MRC) အား ပြည်နယ်ဝန်ကြီး ဦးဇော်ဝင်းမှ ဖွင့်လှစ်ပေးစဉ်*

၂၀၂၀ ခုနှစ်တွင် IOM ၏ တွဲလက် စီမံချက်မှလည်း မြိတ်နှင့် တာချီလိတ်မြို့များရှိ MRC အသစ် (၂)ခုအား လုပ်ငန်းလည်ပတ်နိုင်ရန် အစိုးရအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ တာချီလိတ်မြို့ရှိ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးမှ MRC ဆွေးနွေးအကြံပေးသူ များအား နေရာထိုင်ခင်း ပေးရန် အဆင်သင့်ဖြစ်မှုနှင့် အခြေအနေ တည်ငြိမ်သွားသည်နှင့် တပြိုင်နက် ရွှေ့ပြောင်း သွားလာသူများအား ဝန်ဆောင်မှု စတင်ပေးရန် အဆင်သင့် ဖြစ်နေကြောင်းတို့အား ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ဇွန်လတွင် ပြုလုပ်သည့် အစည်းအဝေး၌ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ MRC (၂)ခုအား ဦးစားပေး ဖွင့်လှစ်ရန် စီစဉ် ထားကြောင်းနှင့် နေရပ်ပြန်များအတွက် အချိန်နှင့် တပြေးညီဖြစ်သော သတင်းအချက်အလက် များနှင့် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကိုပေးအပ်နိုင်ပြီ ဖြစ်ကြောင်းကို IOM အား အသိပေးခဲ့ ပါသည်။ သို့သော် ပဋိပက္ခများ ပြင်းထန်လာပြီး အသွားအလာကန့်သတ်မှုများကြောင့် အဆိုပါ ကိစ္စနှင့် ပတ်သက်၍ တိုးတက်မှုမှာ နှေးကွေးသွားခဲ့ပါသည်။

**လူကုန်ကူးမှု ခံရခြင်းမှ လွတ်မြောက်လာသူများအတွက် ဝန်ဆောင်မှုများ တိုးတက် ကောင်းမွန်စေခြင်း**

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် (သို့) အတင်းအဓမ္မ လက်ထပ်စေရန် ရည်ရွယ်ချက်ဖြင့် ရွှေ့ပြောင်း သွားလာသူ မြန်မာ အမျိုးသမီးများနှင့် မိန်းကလေးများ ကယ်တင်ရေး ဒေင် စီမံချက်သည် အဓိက ပတ်သက် ဆက်နွှယ်သူများအတွက် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေခြင်းမှတဆင့် ပြန်လည်ထူထောင်ရန်အတွက် ပထမဆုံးတုံ့ပြန်ဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှုမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန်နေရသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ ဝန်းကျင်တစ်ခုလုံး တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ခဲ့ပါသည်။ Eden သည် စိတ်ဒဏ်ရာရခြင်းအား ပိုမိုသိရှိပြီး ပြုစုစောင့်ရှောက်ပေးသည့် ဝန်ဆောင်မှုအပေါ် အစိုးရ အရာရှိ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်နှင့် ပြည်သူ့ရဲများ (၇၂) ဦး အား သင်တန်းပို့ချပေးခဲ့ပါသည်။ စီမံချက်သည် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ခဲ့ပြီး ကြိုးပမ်းရှင်သန်နေရသူများသည် ၎င်းတို့၏ ပြန်လည်ထူထောင်ရေး အတွေ့အကြုံ တလျှောက်လုံး၌ ကြိုးပမ်းရှင်သန်နေသူ ဗဟိုပြုသည့် ကူညီစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်စေရန်အတွက် အကူအညီပေးရန် အဆိုပါ သင်တန်းများမှတဆင့် အဖွဲ့အစည်းအဆင့်၌ စိတ်ဒဏ်ရာရခြင်းအား နားလည်သဘောပေါက်မှု တိုးတက်စေရန် ကြိုးပမ်းနေပါသည်။ စိတ်ဒဏ်ရာရခြင်းအား နှစ်သိမ့် ဆွေးနွေး လမ်းညွှန်ပေးသူ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသည့် သင်တန်းအား စတင် ပို့ချခြင်းဖြင့် မြန်မာနိုင်ငံတွင် အဆင့်မီသည့် စိတ်ဒဏ်ရာ ဆိုင်ရာ ဆွေးနွေးလမ်းညွှန်ပေးခြင်းမှု ရရှိခြင်းအား တိုးမြှင့်ပေး ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စိတ်ဒဏ်ရာအား ဆွေးနွေး လမ်းညွှန်ပေးသူ (၅)ဦးအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခဲ့ပြီး မြန်မာနိုင်ငံတွင် အရည်အသွေး ပြည့်မီသည့် ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးခြင်းအတွက် တနှစ်လျှင် နာရီ (၇၈၀) အထိ တိုးတက်ရရှိနိုင်ရန် အလားအလာ ရှိနေပါသည်။





Eden စီမံချက်သည် ကွင်းဆင်း အထောက်အကူပေးခြင်းကို လုပ်ဆောင်ခဲ့ပြီး ရန်ကုန်မြို့နှင့် လားရှိုးမြို့များရှိ လိင်လုပ်ငန်းများ လုပ်ကိုင်သည့် နေရာများ၊ လူကုန်ကူးမှု ပြုလုပ်သည့် အချက်အချာ နေရာများနှင့် အားနည်းထိခိုက်လွယ်မှုရှိသော လူမှုအသိုက်အဝန်းများတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် (သို့) အတင်းအဓမ္မ လက်ထပ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံထားရသည့် အမျိုးသမီးများထံ ကူညီ ပံ့ပိုးမှုများ ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စီမံချက်မှ လူကုန်ကူးမှု ခံခဲ့ရသည့် ရွှေ့ပြောင်း သွားလာသူ အမျိုးသမီး (၇၅)ဦးအား စိတ်ဒဏ်ရာအား အဓိကထားသည့် သိမှု အမှုအကျင့်ကုထုံးဖြင့် အလေးထားကုသပေးသည့် နားခိုစရာနေရာနှင့် ဘက်စုံ ပြန်လည် ထူထောင်ရေး အစီအစဉ်များဖြင့် ကူညီပေးခဲ့ပါသည်။ ယင်းတွင် အခြား ဝန်ဆောင်မှု ပေးသူများမှ ညွှန်းပို့ခဲ့သည့် (သို့) ကွင်းဆင်း အထောက်အကူပေးခြင်းမှ ရှာဖွေဖော်ထုတ်ခဲ့သည့် လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန် နေရသူအသစ် (၃၉)ဦး ပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲ စိတ်ကျန်းမာရေး ဆန်းစစ်အကဲဖြတ်ချက်အပေါ် မူတည်၍ ၅၀% သည် စိတ်ဒဏ်ရာရပြီးနောက် စိတ်ကစဉ့်ကလျားဖြစ်သည့် လက္ခဏာများ လျော့ကျလာခဲ့ခြင်း အပါအဝင် Eden ၏ အကျိုးခံစားခွင့်ရှိသူ (၉၀%) မှာ စိတ်ပိုင်းနှင့် စိတ်ခံစားမှုဆိုင်ရာ အခြေအနေများ တိုးတက် ကောင်းမွန်လာသည်ကို တွေ့ကြုံခဲ့ကြပါသည်။ Eden သည် တာချီလိတ်မြို့နယ် နားခိုရာ နေရာတစ်ခု ကိုလည်း စတင် တည်ဆောက်နေပြီး ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ယင်းတို့အား လေ့ကျင့် သင်ကြားပေးခြင်းတို့ကို စတင် လုပ်ဆောင် နေပါသည်။

ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခြင်း၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် Eden သည် ယင်း၏ လက်ဝတ်ရတနာ ပြုလုပ်သည့် လူမှုစီးပွားလုပ်ငန်းတွင် အကျိုးခံစားခွင့်ရှိသူတိုင်းအား ချက်ချင်းဝင်ရောက်လုပ်ကိုင်ရန် ကမ်းလှမ်းသည့်အပြင် ၎င်းတို့၏ ရေရှည်အတွက် စိတ်ဝင်စားမှုအပေါ် မူတည်၍ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်း (၁၁)မျိုးအားလည်း တက်ရောက်ရန် ကမ်းလှမ်းခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ပထမနှစ်ဝက်တွင် စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ (၇၅)ဦးသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း တက်ရောက်ခဲ့ပါသည်။ အိမ်ထောင်စုအညွှန်း စစ်တမ်းအရ (၆)လအတွင်း ယခင်ဘွဲ့ရပြီးသူများ အနက်မှ (၄)ဦးသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်နိုင်ခဲ့ပြီး (၅၆)ဦးမှာ တည်ငြိမ်သည့် အလုပ်အကိုင်များ ရရှိခဲ့ပါသည်။ စီမံချက်မှ အကျိုးခံစားခွင့်ရှိသူများ၏ ၇၀% တွင် နိုင်ငံသားစိစစ်ရေးကဒ်ပြား မရှိသဖြင့် ၎င်းတို့ ပုံမှန်အလုပ်အကိုင်များ ရရှိအောင် လုပ်ဆောင်ရာတွင် ဖွဲ့စည်းပုံဆိုင်ရာ အတားအဆီးများ မရှိစေရန်အတွက် မှတ်ပုံတင် လျှောက်ထားရန် ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့်လည်း အတူ လုပ်ဆောင်နေပါသည်။

COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် အစောပိုင်းနေ့ရက်များတွင် စီမံချက်သည် ရန်ကုန်နှင့် မန္တလေးမြို့များရှိ အားနည်းထိခိုက် လွယ်သည့် လူမှုအသိုက်အဝန်းများတွင် နေထိုင်သည့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အရေးတကြီး လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ရန်အတွက် လုပ်ဆောင်ခဲ့ပါသည်။ ဝင်ငွေဆုံးရှုံးသွားမှုအား အစားထိုးရန်အတွက် လူကုန်ကူးမှု ခံရခြင်းမှ လွတ်မြောက်လာသည့် ကြိုးပမ်းရှင်သန်နေရသူ အမျိုးသမီးများအတွက် လက်ဝတ်ရတနာ ထုတ်လုပ်ခြင်းမှ ပြန်လည်အသုံးပြုနိုင်သော နှာခေါင်းစည်း ချုပ်လုပ်ခြင်းနှင့် ဆပ်ပြာရည် ထုတ်လုပ်ခြင်းသို့ ပြောင်းလဲခဲ့ပါသည်။ ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးသည့် ဤလုပ်ငန်းမှ ရန်ကုန်နှင့် မန္တလေးမြို့များရှိ အထည်ချုပ်လုပ်ငန်းမှ အလုပ်အကိုင်ဆုံးရှုံးခဲ့သူ အများစု ပါဝင်သည့် ရွှေ့ပြောင်း သွားလာသူ အမျိုးသမီး (၆၉၂)ဦးအား ကူညီပေးခဲ့ပါသည်။ ထုတ်လုပ်ခဲ့သည့် ဆပ်ပြာရည်နှင့် ပြန်လည်အသုံးပြုနိုင်သော နှာခေါင်းစည်းများအား ဆင်းရဲနွမ်းပါးသည့် လူမှု အသိုက်အဝန်းများတွင် ရောဂါကူးစက်မှုမှ ကာကွယ်ရာတွင် အကူအညီပေးရန်အတွက် ရွှေ့ပြောင်းသွားလာသူ (၇၇,၄၀၀) ဦး (အမျိုးသမီး ၅၄ %) ထံ ဖြန့်ဝေပေးခဲ့ပါသည်။ အဆိုပါ ဒေသများတွင် လက်ဆေးခြင်းဆိုင်ရာ သတင်းအချက်အလက်များဖြင့် စည်းရုံးဆော်သြမှုကိုလည်း အကောင်အထည်ဖော်ခဲ့ပြီး မှန်ကန်စွာ လက်ဆေးသည့် နည်းစနစ်နှင့် ပတ်သက်သည့် သတင်း အချက်အလက်များနှင့်အတူ ရွှေ့ပြောင်း သွားလာသူ (၁၇,၃၀၀)ဦး (အမျိုးသမီး ၅၄%) ထံ ရောက်ရှိခဲ့ပါသည်။ Eden သည် ချက်ပြုတ်ထားသည့် အစားအစာ၊ ပဲနီလေးဟင်းချိုနှင့် အားဖြည့်ဆန် တို့အား ၎င်းတို့၏ အာဟာရ ဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန်စေရန်နှင့် အန္တရာယ်ရှိသော ဖြေရှင်းသည့် နည်းလမ်းများ လျော့ကျ စေရန်တို့အတွက် အကျိုးခံစားခွင့်ရှိသူ (၃၆,၀၆၄) ဦး (အမျိုးသမီး ၅၄%) ထံ ပေးအပ်ခဲ့ပါသည်။

**ရွှေ့ပြောင်းလုပ်သားများအား ကူညီပံ့ပိုးပေးမှု တိုးတက် ကောင်းမွန်လာစေရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမား အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း**

၂၀၂၀ ခုနှစ်တွင် People in Need ၏ ရွှေပြည်သာမြို့နယ်ရှိ ရွှေ့ပြောင်းအလုပ်သမားများ စွမ်းရည် မြှင့်တင်ခြင်း (အေးချမ်းသောအိမ်) စီမံချက်သည် ရန်ကုန်မြို့တွင် ရွှေ့ပြောင်းလုပ်သားများအား ကူညီပံ့ပိုးပေးနေသော CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ရန်အတွက် သင်တန်းများ ပို့ချပေးခဲ့ပါသည်။ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းနှင့် အလုပ်သမား အခွင့်အရေးများဆိုင်ရာ ဆရာဖြစ်သင်တန်းအား စီမံချက်မှ အဓိကဝန်ထမ်း (၃၂)ဦးနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားသမဂ္ဂများမှ တက်ရောက်သူ (၅၀)ဦးထံ ပို့ချခဲ့ပါသည်။ သင်တန်းမှ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အလုပ်သမားဥပဒေများ၊ အလုပ်ခန့်ထားခြင်း ဆိုင်ရာ သဘောတူ စာချုပ်များ၊ လူမှုဖူလုံရေး၊ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် အကူအညီ လက်လှမ်းမီ ရယူနိုင်မှုအပါအဝင် ရွှေ့ပြောင်းလုပ်သားများ ကြုံတွေ့နေရသည့် အလွန်အရေးပါသော အကြောင်းအရာများကို ပို့ချပေးခဲ့ပါသည်။ ဥပဒေအထောက်အကူပြု သင်တန်းများအားရေးဆွဲခဲ့ပြီး ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများအတွင်း ဥပဒေရေးရာ ဝန်ဆောင်မှုများ ပေးအပ်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် တက်ရောက်သူ (၂၆) ဦး (အမျိုးသမီး ၄၈%) ထံ ပို့ချပေးခဲ့ပါသည်။ သင်တန်း၏ သင်ရိုးညွှန်းတမ်းတွင် ဥပဒေ အထောက်အကူပြုသူများ၏ အခန်းကဏ္ဍ၊ အလုပ်သမား ဥပဒေများ၊ အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ ယန္တရားများနှင့် အမှုတွဲဆိုင်ရာ မှတ်တမ်းမှတ်ရာ ထိန်းသိမ်းခြင်းတို့ ပါဝင်ခဲ့ပါသည်။ ငွေကြေးဆိုင်ရာ အသိပညာပေး သင်တန်းများအားလည်း လိုက်လျော ညီထွေဖြစ်စေရန် ဆောင်ရွက်ခဲ့ပြီး တက်ရောက်သူ (၂၀) ဦးထံ ပို့ချပေးခဲ့ပါသည်။ CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများအနေဖြင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှု များနှင့် အထောက်အထား အခြေခံ ဖြစ်ရပ် လေ့လာမှုများအား ရေးသားပြုစုခြင်းတို့တွင် ထိထိရောက်ရောက် ပါဝင် ဆောင်ရွက်နိုင်ရန် အတွက် ကူညီပံ့ပိုးပေးရန် အသိပေး အရေးဆိုခြင်းဆိုင်ရာ သင်တန်းကိုလည်း တက်ရောက်သူ (၁၆) ဦး (အမျိုးသမီး ၅၀%) အတွက် စီစဉ် ပြုလုပ်ပေး

ခဲ့ပါသည်။ သင်တန်း မှ ထွက်ပေါ်လာသည့် လက်တွေ့ကျသည့် ရလဒ်မှာ စီမံချက်၏ မိတ်ဖက် အဖွဲ့အစည်းများမှ ရှေ့ဆက်လုပ်ဆောင်ရန် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာရေးနှင့် အလုပ်သမား အခွင့်အရေးများအပေါ် မူဝါဒဆိုင်ရာ အသိပေး အရေးဆိုသည့် လုပ်ငန်းစဉ် ကနဦး မူကြမ်း ရေးဆွဲခြင်း ဖြစ်ခဲ့ပါသည်။

IOM ၏ SAFE စီမံချက်မှလည်း ပဋိပက္ခဒဏ်ခံ လူမှုအသိုက်အဝန်းများတွင် ရွှေ့ပြောင်း သွားလာသူများနှင့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန်နေရသူများထံ CSO များမှ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်း အချက်အလက်များနှင့် ကာကွယ် စောင့်ရှောက်သည့် ဝန်ဆောင်မှုများ ပေးအပ်ရန်အတွက် အခြေခံများ ထူထောင်ပေးရာတွင် တိုးတက်မှု အများအပြားရရှိခဲ့ပါသည်။ လူကုန်ကူးမှုမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန် နေရသူများနှင့် အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူများအတွက် ဖြစ်ရပ် စီမံခန့်ခွဲမှုနှင့် လူမှုပြန်လည် ပေါင်းစည်းရေးဝန်ဆောင်မှုများ ပေးအပ်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် (၃)ရက်တာ ကြာမြင့်သည့် စွမ်းဆောင်ရည် တည်ဆောက်ရေး အလုပ်ရုံ ဆွေးနွေးပွဲများအား ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ပြည်တွင်း CSO မိတ်ဖက် အဖွဲ့အစည်း (၉)ဖွဲ့အတွက် စီစဉ် ကျင်းပခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲများတွင် လုပ်သား ရွှေ့ပြောင်းသွားလာခြင်း၊ လူကုန်ကူးခြင်း၊ ရွှေ့ပြောင်း သွားလာသူများအား တရားမဝင် ခိုးသွင်းခြင်း၊ တိုက်ရိုက် အကူအညီပေးခြင်းဆိုင်ရာ အခြေခံ သဘောတရားများ၊ ဖြစ်ရပ်စီမံခန့်ခွဲမှု၊ ညွှန်းပို့ပေးသည့် လမ်းကြောင်းများ၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း၊ အချက်အလက်များ ဖြည့်သွင်းခြင်းတို့ အပါအဝင် သက်ဆိုင်ရာ အဓိက အမြင်သဘောထားနှင့် ချဉ်းကပ်နည်းလမ်းများအား ဆွေးနွေးခဲ့ပါသည်။ သင်တန်းပြီးနောက် လူကုန်ကူးမှု ခံရခြင်းမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်း ရှင်သန်နေရသူနှင့် အားနည်း ထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူ (၈၅)ဦးအား CSO များမှ ၎င်းတို့ အောင်မြင်စွာ နေရပ်ပြန် ခြင်းနှင့် လူမှု ပြန်လည် ပေါင်းစည်းရေးတို့တွင် ကူညီပံ့ပိုးပေးရန်အတွက် ညွှန်းပို့ပေးခဲ့သည် (သို့) တိုက်ရိုက် အကူအညီ ပေးအပ်ခဲ့ပါသည်။ ထို့အပြင် လုံခြုံစိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ပေးအပ်နိုင်ရန် (၄) ရက်ကြာ ဆရာဖြစ် သင်တန်း အလုပ်ရုံ ဆွေးနွေးပွဲအား ကျင်းပခဲ့ပြီး ပြည်တွင်း CSO (၇)ဖွဲ့ထံ သင်တန်း ပို့ချပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဩဂုတ်လနှင့် ဒီဇင်ဘာလ အကြား ကချင်ပြည်နယ်တွင် ကျင်းပခဲ့သည့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ သင်တန်းအား တက်ရောက်သူ (၄၉၃)ဦး (အမျိုးသမီး ၇၈%) ထံ နှစ်ရက်ကြာ သင်တန်း (၂၆) ကြိမ် ပို့ချပေးခဲ့ပြီး ရှမ်းပြည် မြောက်ပိုင်းတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် စတင် ပို့ချမည် ဖြစ်ပါသည်။

World Vison သည် ရပ်ရွာလူထု လုပ်ငန်း စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများ (VDCs) အား သင်တန်းပေးခြင်းမှတဆင့် ကချင်ပြည်နယ်တွင် အမျိုးသမီးများနှင့် မသန်စွမ်းသူများ အားလုံးပါဝင်စေမှုအား မြှင့်တင်ရာတွင် တိုးတက်မှု ရရှိအောင် လုပ်ဆောင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လေ့လာမှု လုပ်ငန်းစဉ်မှ ပြည်တွင်း နေရပ် စွန့်ခွာ တိမ်းရှောင်သူများ စခန်းများနှင့် ဌာနေလူထုအသိုက်အဝန်းများတွင် အဖွဲ့ဝင် (၆၇၆)ဦး (အမျိုးသမီး ၅၅%) ပါဝင်သည့် VDC (၆၁)ဖွဲ့အား ရှာဖွေ ဖော်ထုတ်ခဲ့ပါသည်။ ထို့နောက် ကျားမရေးရာနှင့် မသန်စွမ်းမှုဆိုင်ရာ သင်တန်းအား VDC အဖွဲ့ဝင် (၁၉၄)ဦး (အမျိုးသမီး ၆၉%) အနေဖြင့် ကျား၊မ ရေးရာ တန်းတူ ညီမျှမှု၊ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် မသန်စွမ်းသူများအားလုံး ပါဝင်စေမှုတို့အား ပိုမို နားလည် သဘောပေါက်ပြီး  ကော်မတီများ၏ ဖွဲ့စည်းမှုနှင့် လှုပ်ရှားဆောင်ရွက်မှုများတွင် အဆိုပါ သဘောတရားများအား သေချာစွာ ထည့်သွင်းစဉ်းစား  လုပ်ဆောင် စေရန်အတွက် ကျား-မ ရေးရာ တန်းတူညီမျှမှု၊ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် မသန်စွမ်းသူများ အားလုံး ပါဝင်စေမှု တို့ဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပါသည်။ ထို့နောက် VDC များအား စခန်းများနှင့် ဌာနေလူမှုအသိုက်အဝန်းများတွင် စီမံချက်၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်ရန်အတွက် အကျိုးခံစားခွင့်ရှိသူ လူငယ်များ ပဏာမ ရွေးချယ်ခြင်းနှင့် တုံ့ပြန်မှတ်ချက်ပြုခြင်းဆိုင်ရာ ယန္တရား တည်ဆောက်ခြင်းတို့အား ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ခဲ့ပါသည်။ VDC များ ခိုင်မာ အားကောင်းခြင်းသည် World Vision ၏ ငွေစုဆောင်းသည့် အုပ်စုများ၊ အမျိုးသမီးများ၏ ကွန်ရက်များ၊ ကျား၊မ ရေးရာ၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ရပ်ရွာလူထု ခေါင်းဆောင်မှုတို့တွင် အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများ ပါဝင်မှုကို မြှင့်တင်ပေးမည့် လုပ်ကိုင်နိုင်စွမ်းရှိသော ပတ်ဝန်းကျင် တရပ်ကို ဖန်တီးရန်အတွက် အားလုံး ပါဝင်စေမှုတွင် စံပြဖြစ်ခြင်းတို့နှင့် သက်ဆိုင်သည့် လှုပ်ရှား ဆောင်ရွက်မှုများနှင့် အပြန်အလှန် ချိတ်ဆက်သွားမည် ဖြစ်ပါသည်။

**သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စရပ်များအား သတင်းမီဒီယာများတွင် ဖော်ပြမှု တိုးတက် ကောင်းမွန်လာခြင်း**

BBC Media Action သည် ၂၀၂၀ ခုနှစ်အတွင်း သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းမှုဆိုင်ရာ ကိစ္စရပ်များအား မီဒီယာတွင် ဖော်ပြမှု ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ၎င်း၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို တိုးချဲ့ခဲ့ပါသည်။ ရုပ်မြင်သံကြားနှင့် အွန်လိုင်း ပလက်ဖောင်းများပေါ်တွင် ရေကြည်ရာ အစီအစဉ်အား ထုတ်လွှင့်ဖြန့်ဖြူးပေးရန်အတွက်နှင့် အပြန်အလှန်အားဖြင့် ၎င်းတို့၏ လွတ်လပ်သော မီဒီယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအား ကူညီပံ့ပိုးပေးရန်တို့အတွက် မိတ်ဖက်ပြုမှု သဘောတူ စာချုပ်များအား DVB၊ မဇ္ဈိမတို့နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ စီမံချက်သည် ဒေသခံ တိုင်းရင်းသားမီဒီယာ မိတ်ဖက် အဖွဲ့အစည်း (၄)ခု (မြစ်ကြီးနား သတင်းဂျာနယ်၊ ရှမ်း သံတော်ဆင့်၊ ထားဝယ်စောင့်ကြည့် (Dawei Watch) နှင့် မြန်မာ့အသံ (Voice of Myanmar) တို့အား ၎င်းတို့၏ ပရိသတ်များကို အသိပေးရန်အတွက် ရွှေ့ပြောင်းသွားလာခြင်းနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အပေါ် အသားပေးသည့် အစီရင်ခံ တင်ပြမှု (၁၉)ခုအား ထုတ်လုပ်နိုင်သည်အထိ ဦးတည်စေရန် လမ်းညွှန်နည်းပြမှုပေးခြင်းကိုလည်း ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ ဥပမာအားဖြင့် Dawei Watch မှ အခြားရွေးချယ်စရာမရှိဘဲ မြဝတီနယ်စပ် စစ်ဆေးရေးဂိတ်မှတဆင့်သာ ဖြတ်၍ မြန်မာနိုင်ငံသို့ ပြန်လာရမည် ဖြစ်သော နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား တင်ဆက်ပြသထားသည့် “ကျွန်တော်တို့အား ရနောင်း-မြဝတီ လမ်းကြောင်းမှတဆင့် အိမ်ပြန်ခွင့်ပြုပါ” ဟု ခေါင်းစဉ်ပေးထားသည့် ဗီဒီယိုအစီအစဉ်တစ်ခုအား ထုတ်လုပ်ခဲ့ပါသည်။ များမကြာမီ တွင် နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများအား မြန်မာနိုင်ငံအတွင်းသို့ ကော့သောင်းမှ တဆင့် ဝင်ရောက်ခွင့်ပြုရန်အတွက် မူဝါဒ ပြောင်းလဲခဲ့ပါသည်။






*ပုံ ၄.၇ ။   ။ COVID-19 ကပ်ရောဂါကာလအတွင်း အမျိုးသမီး ရွှေ့ပြောင်းသွားလာသူများ ကော့သောင်းသို့ ပြန်လာခြင်းအား တင်ပြသည့် Dawei Watch ၏ ဆောင်းပါး*

ပတ်သက်ဆက်နွယ်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် မျှတစွာ အစီရင်ခံခြင်းတို့အား ပိုမိုကောင်းမွန်စေရန်အတွက် BBC Media Action သည် ချင်း၊ ကချင်၊ မွန်နှင့် နေပြည်တော် တို့တွင် အလုပ်ရုံဆွေးနွေးပွဲ (၄)ခုအား စီစဉ်ကျင်းပပေးခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများမှ ကဏ္ဍအမျိုးစုံရှိ လူများအကြား ချိတ်ဆက်မှုများကို တည်ဆောက်ခြင်းဖြင့် ရွှေ့ပြောင်း သွားလာခြင်းနှင့် ပတ်သက်၍ ဒေသခံနှင့် နိုင်ငံအတွင်းရှိ ပရိသတ်များထံ သတင်းအချက်အလက်များ မျှဝေခြင်းတွင် ထိရောက်သည့် တိုးတက်မှု ရှိလာကြောင်း သက်သေပြခဲ့ပါသည်။ နေပြည်တော်ရှိ အစိုးရ အရာရှိတစ်ဦးမှလည်း “ကျွန်တော့်ရဲ့ သဘောထားတွေ ပြောင်းလဲလာခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမတိုင်ခင်က ကျွန်တော် မီဒီယာတွေကို ကြောက်ခဲ့တယ်။ သူတို့တွေ ရေးချင်ရာတွေ ရေးနေတယ်လို့ ထင်ခဲ့တာပေါ့။ အခုတော့ မီဒီယာမရှိဘဲ ကျွန်တော်တို့ အလုပ်လုပ်လို့ မရဘူးဆိုတာကို လေ့လာခဲ့ရပါတယ်။ သူတို့ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကျွန်တော် နားလည်လာခဲ့လို့ သူတို့နဲ့ အလုပ်လုပ်ကိုင်တဲ့အခါ နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် ညှိညှိနှိုင်းနှိုင်း လုပ်ချင်စိတ်ရှိလာတယ်လို့ ကျွန်တော် ခံစားရတယ်” ဟု ပြောကြားခဲ့ပါသည်။ ပါဝင် တက်ရောက်ခဲ့သည့် မီဒီယာများသည် အလုပ်ရုံ ဆွေးနွေးပွဲပြီးနောက်ပိုင်း သက်ဆိုင်သည့် ဖြစ်စဉ်များအား ထုတ်ဝေရာတွင် အရေးသွက်လာခဲ့ပြီး ယနေ့အထိ သတင်း (၅၅)ခု အား ထုတ်ဝေခဲ့ပြီး ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ ကိစ္စရပ်များအား အခွင့်အရေးများ အခြေခံသည့် ရှုဒေါင့်မှ ရေးသားခြင်းကို ပိုမို အသုံးပြုလာခဲ့ပါသည်။ နေပြည်တော်တွင် သတင်းထောက်တစ်ဦးမှ “ဒီအလုပ်ရုံ ဆွေးနွေးပွဲအတွင်းမှာ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ စကားရပ်တွေကို မှန်မှန်ကန်ကန် အသုံးပြုခြင်းကို ကျွန်တော် သင်ယူခဲ့ရပါတယ်။ လူ့အခွင့်အရေး စံချိန်စံညွှန်းတွေအရဆို တရားမဝင် ရွှေ့ပြောင်းလုပ်သားများလို့ မရည်ညွှန်းသင့်ဘူး။ လူတိုင်းက တရားဝင်သူ များဖြစ်သည့် အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ တရားဝင် အထောက်အထားမရှိတဲ့သူတွေဟု ပြောဆို ရေးသားသင့်ပါတယ်။ ကျွန်တော့် အနေနဲ့ ကျွန်တော့်ဌာနအတွင်းမှာ ဒီလိုမျိုး အသိအမြင်တွေကို မျှဝေပေးခဲ့ပြီးပါပြီ” ဟု ပြောကြားခဲ့ပါသည်။

**အမျိုးသမီး၊ အမျိုးသား ရွှေ့ပြောင်းသွားလာသူများနှင့် အခြား အားနည်းထိခိုက်လွယ်သည့် အလုပ်သမားများအတွက် သတင်း အချက်အလက်များ၊ သင်တန်းနှင့် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှုအား တိုးမြှင့်စေခြင်း**

**ရွှေ့ပြောင်းသွားလာသူ အထည်ချုပ် လုပ်သားများ၏ ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း**

ရန်ကုန်မြို့သို့ ရွှေ့ပြောင်းလာသည့် အမျိုးသမီးများအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ရရှိနိုင်သည့် အလားအလာ ပိုမို တိုးတက် ကောင်းမွန်စေရန်အတွက် CARE ၏ အောင်မြင်မှုစီမံချက်သည် မြောက်ဒဂုံရှိ ယင်း၏ သင်တန်းစင်တာနှင့် စက်ရုံများရှိ လေ့ကျင့်လိုင်း များမှတဆင့် အထည်ချုပ်ကဏ္ဍအတွက် ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းပေးခဲ့ပါသည်။ စတင်သည့်အချိန်မှစ၍ စီမံချက်သည် အပ်ချုပ်စက် အော်ပရေတာများ၊ အပ်ချုပ်စက်ပြင်သူများ၊ အထည်ညှပ်ခန်း အော်ပရေတာများနှင့် အရည်အသွေး ထိန်းချုပ်သူများအဖြစ် အလုပ်သမား (၅,၂၄၆)ဦး (အမျိုးသမီး ၉၂%) အား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် COVID-19 ကပ်ရောဂါနှင့် ပတ်သက်၍ အစိုးရမှ ထုတ်ပြန်ချက်များကို လိုက်နာရန်အတွက် အောင်မြင်မှုသင်တန်းစင်တာအား မတ်လ (၁၈)ရက်နေ့တွင် ပိတ်ခဲ့သည့်အတွက်ကြောင့် ယခင်ပုံမှန် (အလုပ်သမား ၇၄၄ ဦး) လေ့ကျင့်သင်ကြားပေးနေသည်ထက် အကျိုး ခံစားခွင့်ရှိသူ အနည်းငယ်ကိုသာ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ယင်းသင်တန်းအား ဩဂုတ်လ (၂၄)ရက်နေ့တွင် ပြန်လည် ဖွင့်လှစ်ခဲ့သော်လည်း စက်တင်ဘာလ (၁)ရက်နေ့တွင် ပြန်ပိတ်ခဲ့ရပါသည်။ သင်တန်းစင်တာ ပိတ်ထားရသည်အား ဖြေရှင်းပေးသည့် အနေဖြင့် အောင်မြင်မှုသည် ဗီဒီယိုဖိုင် (၂၃)ခုနှင့် ကာတွန်းရုပ်ပုံများဖြင့် တင်ပြသည့် ဗီဒီယိုဖိုင် (၄)ခုတို့ဖြင့် အွန်လိုင်းမှတဆင့် သင်တန်းပေးရန် ရေးဆွဲရိုက်ကူး အကောင်အထည်ဖော်ခဲ့ပြီး အလုပ်သမား ဥပဒေများ၊ အရောင်းလုပ်ငန်းနှင့် စက်မှု လုပ်ငန်း အင်ဂျင်နီယာပညာတို့ကို ပို့ချပေးသည့် အွန်လိုင်းမှ ပြုလုပ်သည့် သင်တန်းအား (၁၃၃)ဦး (အမျိုးသမီး ၈၃%) တက်ရောက်ခဲ့ပါသည်။

စေ့စပ်သေချာစွာ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်အကဲဖြတ်မှုအရ ပြင်ပတွင် သမားရိုးကျ လေ့ကျင့်သင်ကြားပေးထားသည့် အထည်ချုပ် လုပ်သားများနှင့် နှိုင်းယှဉ်လျှင် CARE ၏ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း၏ ရလဒ်များမှ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကုန်ထုတ် စွမ်းအားနှင့် ဝင်ငွေများ အလုံးစုံ တိုးတက်လာကြောင်း ဆက်လက်ပြသနေပါသည်။ အောင်မြင်မှုစီမံချက်မှ လေ့ကျင့်သင်ကြားပေးခဲ့သည့် အလုပ်သမားများသည် စွမ်းဆောင်မှုဆိုင်ရာ အပိုဆုကြေးနှင့် ရာထူးတိုးခြင်းများကြောင့် ၎င်းတို့ လေ့ကျင့်သင်ကြားခြင်း မခံယူမီအချိန်ထက် ပျမ်းမျှ တစ်လလျှင် လုပ်ခလစာ မြန်မာကျပ်ငွေ (၆၉,၀၀၀) (ကန်ဒေါ်လာ ၅၀) ပိုမို ရရှိပါသည်။ အောင်မြင်မှု၏ သင်တန်းသားများသည် လစဉ်ပျမ်းမျှ မြန်မာကျပ်ငွေ (၁၁၃,၀၀၀) (ကန်ဒေါ်လာ ၈၁)အား နေအိမ်များသို့ ငွေလွှဲပေးပို့နိုင်ခဲ့ပြီး ဝင်ငွေတိုးတက်လာခြင်းမှ အလုပ်သမားများနှင့် ၎င်းတို့နေရပ်ရှိ လူမှုအသိုက်အဝန်းများမှ မိသားစုများ၏ ကြံ့ကြံ့ခံနိုင်စွမ်းအတွက် အထောက်အပံ့ပေးပါသည်။ အပ်ချုပ်စက် အော်ပရေတာများ၏ ထုတ်လုပ်နိုင်စွမ်း တိုးတက်လာမှုကြောင့် ထပ်ဆောင်းရရှိသည့် အကျိုးသက်ရောက်မှုမှာ ၎င်းတို့၏ ရည်မှန်းချက်များ ပြည့်မီရန်အတွက် အချိန်ပို အနည်းငယ်သာ လုပ်ကိုင်နိုင်လာခြင်း၊ နားနေရန်အတွက် အချိန်ပို၍ ရလာခြင်း၊ ကောင်းမွန်စွာ စားသောက်နိုင်ခြင်းနှင့် မိသားစုအတွက် အချိန်ပေးနိုင်ခြင်း တို့ ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့သည် အာဟာရချို့တဲ့မှု၊ ကျန်းမာရေး ချို့ယွင်းမှုနှင့် အလုပ်ပင်ပန်းခြင်းဒဏ်တို့အား အလွယ်တကူ ခံစားရခြင်းမှ လျော့နည်းလာပါသည်။

ခရီးသွားလာရာတွင် အန္တရာယ်များ ကျရောက်နိုင်ချေရှိပြီး အထည်ချုပ်စက်ရုံများမှ အလုပ်သမား ငှားရမ်းမှုများ မရှိသည့်အတွက် သင်တန်း တက်ရန်အတွက် ရန်ကုန်မြို့သို့ လာရောက်ရန် ရွှေ့ပြောင်းလုပ်သားအသစ်များ စုဆောင်းရန်မှာ ဖြစ်နိုင်ခြေမရှိသော်လည်း CARE သည် အလုပ်အကိုင် ဆုံးရှုံးသွားခဲ့သည့် အထည်ချုပ်လုပ်သားများအား ကျွမ်းကျင်မှု အဆင့်မြှင့်တင်ပေးသည့် သင်တန်းများ ပေးအပ်နိုင်ရန်အတွက် မြန်ကူရန်ပုံငွေနှင့် ပေါင်းစည်းခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ၂၀၂၀ ခုနှစ်တွင် အလုပ်အကိုင် မရှိသည့် အလုပ်သမားများအား သင်တန်းများ ပြန်လည်ပို့ချပေးနိုင်ရန်အတွက် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်တွင် ActionAid ၏ ရန်ကုန်မြို့ပြဝန်းကျင်ဒေသများတွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှု (Secure) စီမံချက်သည် ပိုမိုစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ လမ်းကြောင်းများ ချမှတ်နိုင်ရန်အတွက် ၎င်းတို့၏ အလုပ်သမား အခွင့်အရေးများအား နားလည်သဘောပေါက်စေရန်နှင့် တောင်းဆိုနိုင်ရန်နှင့် သတင်းအချက်အလက်များနှင့် ကွန်ရက်များအား ချိတ်ဆက်နိုင်ရန် အားနည်းထိခိုက်လွယ်သည့် အမျိုးသမီး အများစုပါဝင်သည့် ရွှေ့ပြောင်းလုပ်သား (၈၅၃)ဦး ၏ စွမ်းဆောင်ရည် တည်ဆောက်ပေးရန်အတွက် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မထွက်ခွာမီပေးသည့် သင်တန်း၊ သက်တူဆင့်တူ ကွန်ရက် သင်တန်း၊ တနင်္ဂနွေကော်ဖီစကားဝိုင်း (Sunday Cafe) များ၊ စိတ်လူမှုဆိုင်ရာ ဆွေးနွေးလမ်းညွှန်ပေးခြင်း၊ ခေါင်းဆောင်မှုသင်တန်း၊ဥပဒေရေးရာ အသိပညာပေးသည့်သင်တန်းတို့မှတဆင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ COVID-19 ကပ်ရောဂါကြောင့် အထည်ချုပ်ကဏ္ဍတွင် အလုပ်သမားအများအပြား အလုပ်မှရပ်ဆိုင်းခံခဲ့ကြရပြီး ရန်ကုန်မြို့ပြဒေသတွင် အလုပ်သမားများ နစ်နာကြေးတောင်းဆိုရန်အတွက် ဥပဒေ အထောက်အကူပြုဝန်ဆောင်မှုများ များများစားစား လိုအပ် လာခဲ့ပါသည်။ ActionAid စီမံချက်မှ အလုပ်သမား အငြင်းပွားမှုများအား စုပေါင်း ဖြေရှင်းရန်နှင့် တစ်ဦးချင်း ဖြေရှင်းရန်တို့အတွက် အလုပ်သမားများနှင့် အလုပ်သမား သမဂ္ဂများအတွက် ဥပဒေရေးရာ အကူအညီများ ပေးအပ်ခဲ့ပါသည်။ လူမှုအသိုက်အဝန်းများအတွင်း ဝန်ဆောင်မှုများကို ဥပဒေရေးရာ ကုစားရေး အဖွဲ့ (မြန်မာ)၊ ပြည်သူ့အတွက်တို့မျိုးဆက် ကွန်ရက်နှင့် အလုပ်သမားသမဂ္ဂများ ပူးပေါင်း ဆောင်ရွက်ရေး ကော်မတီတို့မှ ပေးအပ်ခဲ့ပြီး တိုင်ကြားမှုပေါင်း (၂၆၅)မှုအား အကူအညီပေးခဲ့ပါသည်။ ဥပဒေရေးရာ ကုစားရေး အဖွဲ့ (မြန်မာ)သည် ၎င်းတို့၏ ၂၄နာရီ အရေးပေါ် ဆက်သွယ်နိုင်သည့် ဝန်ဆောင်မှုမှတဆင့် တယ်လီဖုန်းဖြင့် ဆက်သွယ်လာမှု (၇၅၇)ဦးကို ဥပဒေရေးရာ ဆွေးနွေးလမ်းညွှန်မှု ပေးအပ်ခဲ့ပါသည်။ အမှုအကြောင်းအရာများတွင် အလုပ်မှ ထုတ်ပယ်ခြင်းခံရသည့် အတွက် နစ်နာကြေး တောင်းဆိုခြင်း၊ သဘောတူစာချုပ်ဆိုင်ရာ အငြင်းပွားမှုများ၊ နှင်ထုတ်သည့် အသိပေးစာများနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုတို့ ပါဝင်ခဲ့ပါသည်။ စက်ရုံပိုင်ရှင်များမှ အလုပ်သမား (၁၀၅) ဦးအတွက် နစ်နာကြေး ကန်ဒေါ်လာ (၂၂,၇၀၀) ပေးခဲ့ကြပါသည်။

**အထည်ချုပ်ကဏ္ဍအတွက် အမျိုးသမီးများအား ကူညီပံ့ပိုးပေးသည့် ဆင့်တူသက်တူ ကွန်ရက် ထူထောင်ပေးခဲ့ခြင်း**

ယခုအခါတွင် NGO အနေဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သော Business Kind Myanmar သည် ၎င်း၏ (၅)နှစ်တာ ရည်မှန်းချက်ဖြစ်သော အထည်ချုပ်ကဏ္ဍတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ထပ်မံတိုးချဲ့နိုင်သည့် အမျိုးသမီးများအား ကူညီပံ့ပိုးပေးသည့် ဆင့်တူသက်တူ ကွန်ရက်- သုံးပန်လှအသင်း- ဖွဲ့စည်းတည်ထောင်ခြင်းအား ပြီးစီးအောင်မြင်ခဲ့ပါသည်။ CARE စီမံချက်၏ ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအပိုင်းတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သုံးပန်လှသည် လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များတွင် ဆင့်တူ သက်တူများမှ စီမံဆောင်ရွက်သည့် ဝန်ဆောင်မှုများအား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် ပူးပေါင်းပါဝင်မှုတွင် လျော့ကျသွားခဲ့သော်လည်း အမျိုးသမီးစက်ရုံ အလုပ်သမား (၂,၉၀၂) ဦးသည် ၎င်းတို့၏ အသိအမြင် တိုးတက်ကောင်းမွန်စေရန်နှင့် ကူညီထောက်ပံ့ပေးသည့် ဆင့်တူသက်တူ ကွန်ရက် တည်ဆောက်ရန် တို့အတွက် Sunday Cafe ၏ စကားဝိုင်းများတွင် တက်ရောက် ပါဝင်ခဲ့ကြပါသည်။





COVID-19 ကပ်ရောဂါကာလအတွင်း Sunday Cafe ၏ သတင်းစကားများအား တက်ကြွသည့် သုံးပန်လှ သက်တူ ရွယ်တူ အုပ်စု ခေါင်းဆောင်များမှ ကွန်ရက်အတွင်းရှိ အလုပ်သမား (၂၈,၂၀၀)ဦးထံ ဖြန့်ဖြူးပေးခဲ့ပါသည်။ ဤသတင်းအချက်အလက်များ ရောက်ရှိမှုအား ဖေ့စ်ဘုတ်နှင့် စာတိုပေးပို့ခြင်း တို့မှတဆင့် “Sunday Blast Messages” များ ထပ်မံပေးပို့ခဲ့ပြီး ယင်းတို့အား ရွှေ့ပြောင်းလုပ်သား (၆၅,၉၂၆)ဦးတို့မှ လက်ခံ ရရှိခဲ့ပါသည်။ သုံးပန်လှ၏ ကွန်ပျူတာအခြေခံများအား တစ်ဆင့်ချင်းပေးသည့် သင်တန်း (LeapFrog) အား အမျိုးသမီး ရွှေ့ပြောင်းလုပ်သား ၁၂၁ ဦးထံ ပို့ချပေးခဲ့ပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး (၁၇၉)ဦးသည် အိမ်ယာမဲ့ ဖြစ်သွားခြင်း၊ အလုပ်အကိုင် ဆုံးရှုံးသွားခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လူကုန်ကူးခြင်းဆိုင်ရာ ပြဿနာများအတွက် ဆောင်ရွက် နေသည့် Women in Crisis စီမံကိန်းမှတဆင့် အရေးပေါ် ကူညီထောက်ပံ့မှု အား လက်ခံ ရရှိခဲ့ပါသည်။

**ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများအား ကျား၊မ အခြေပြု အကြမ်းဖက်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်ပေးခြင်း**

ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများအား ကျား-မအခြေပြု အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းတို့မှ ကာကွယ် စောင့်ရှောက်မှု အရေးတကြီးလိုအပ်နေမှုအား တုံ့ပြန်ဆောင်ရွက်ရာတွင် CARE သည် ပညာပေးခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်သည့် ယန္တရားဆိုင်ရာ ကျယ်ပြန့်သည့် စီမံကိန်းတစ်ခုအား အကောင်အထည် ဖော်ခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှုနှင့် ကျား၊ မ အခြေပြုသည့် အကြမ်းဖက်မှုဆိုင်ရာ သတင်းစကားများအား သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် အထူးအခမ်းအနားများမှတဆင့် လူမှုအသိုက်အဝန်းများ အတွင်းမှ လူဦးရေ (၁၅,၇၀၀) ဦးထံ ပေးပို့ခဲ့ပါသည်။ ယင်းတို့သည် လူမှုကွန်ရက်မီဒီယာ အထူးသဖြင့် စီမံချက်၏ YAT (လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား ချက်ချင်းရပ်) ခေါင်းစဉ်ဖြင့် ၂၀၂၀ ခုနှစ် ဇွန်လတွင် လွှင့်တင်ထားသည့် ဖေ့စ်ဘုတ် စာမျက်နှာမှတဆင့်လည်း ပေးပို့ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် လုပ်ငန်းခွင်အတွင်း ထိပါးနှောက်ယှက်မှုနှင့် စပ်လျဉ်း၍ စက်ရုံ (၂၀)မှ လူသားအရင်းအမြစ် ဝန်ထမ်းများသည် စက်ရုံအဆင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု မူဝါဒချမှတ်ခြင်းနှင့် စက်ရုံ (၁၃)ရုံတွင် တိုင်ကြားခြင်းဆိုင်ရာ ယန္တရားများ ချမှတ်နိုင်ခြင်းဆီသို့ ဦးတည်နိုင်ခြင်းဖြင့် တိုးတက်မှုများ ရရှိခဲ့ပါသည်။ CARE ၏ အလုပ်သမားသမဂ္ဂများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းမှ လုပ်ငန်းခွင်အဆင့်တွင် မူဝါဒ/စနစ်ပြောင်းလဲရေးဆိုင်ရာ တောင်းဆိုမှုများနှင့် အဆင့်မြင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုတို့အား ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် ပိုမိုများပြားသည့် အလုပ်သမားများထံ ရောက်ရှိခဲ့ပါသည်။ စက်ရုံ (၄)ရုံမှ အမျိုးသမီးခေါင်းဆောင် (၂၀)ဦးသည် အလုပ်အကိုင်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ်များတွင် လိင်ပိုင်းဆိုင်ရာ နှောက်ယှက်ထိပါးမှုအား ထည့်သွင်းပေးရန်အတွက် အသိပေးအရေးဆိုခြင်းအား ပြုလုပ်ခဲ့သည်ဟု အလုပ်သမား သမဂ္ဂများမှ အစီရင်ခံ တင်ပြခဲ့ပါသည်။ CARE မှ အလုပ်သမားများအတွက် အွန်လိုင်းသင်တန်းအား စီစဉ်ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ သင်တန်း ပို့ချသည့်နည်းလမ်းအား လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင် ပြောင်းလဲခဲ့ပြီး ကူညီပံ့ပိုးမှုများ ပေးရန်အတွက် စက်ရုံများနှင့် ပုံမှန်တယ်လီဖုန်း ခေါ်ဆိုခြင်း တို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။ စက်ရုံများနှင့် ပြုလုပ်သည့် အသေးစား စစ်တမ်းမှ တုံ့ပြန်ဖြေကြားသူ အများစုသည် တိုင်ကြားခြင်းဆိုင်ရာ ယန္တရားများအား ထားရှိပြီးသည့်အချိန်မှစ၍ ၎င်းတို့၏ စက်ရုံများတွင် ပိုမိုလုံခြုံမှုရှိသည်ဟု ခံစားရကြောင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု နှင့် စပ်လျဉ်း၍ အစီရင်ခံ တိုင်ကြား ရာတွင် စိတ်သက်တောင့် သက်သာ ဖြစ်နိုင်သည်ဟု ခံစားရကြောင်းကို ပြသခဲ့ပါသည်။

COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုနှင့်အတူ ရန်ကုန်မြို့တွင် ကျား-မအခြေပြု အကြမ်းဖက်သည့် ဖြစ်ရပ်များ တိုးပွားလာသည့် အထောက် အထားလည်း ရှိနေပါသည်။ CARE ၏ အောင်မြင်မှုစီမံချက်သည် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ)၊ ရပ်ရွာလူထု ပတ်သက် ဆက်နွယ်သူများနှင့် မိတ်ဖက်ပြု၍ အဆိုပါဖြစ်ရပ်များကို ထိရောက်စွာ တုံ့ပြန်ကာကွယ်ရန် ကျား၊မ အခြေပြု အကြမ်းဖက်မှုအတွက် ယင်း၏ ညွှန်းပို့ပေးသည့် လမ်းကြောင်းများ ခိုင်မာအားကောင်းစေရန်အတွက် ဆက်လက် ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။ အောင်မြင်မှု သည် စနစ်တကျ ညွှန်းပို့သည့် စနစ်နှင့် ထိရောက်သည့် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များ ရှိစေရန်အတွက် ကျား၊မ အခြေပြု အကြမ်းဖက်မှု ညွှန်းပို့ခြင်းဆိုင်ရာ လမ်းညွှန်များအား ပြန်လည် ပြင်ဆင်မွမ်းမံခဲ့ပါသည်။ နောက်ဆုံး ပြင်ဆင်ထားသည့် လမ်းညွှန်အား မြို့နယ် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေး ကွန်ရက်များနှင့် ရပ်ရွာလူထု အခြေပြုသည့် အဖွဲ့အစည်းများအကြား မျှဝေပေးခဲ့ပါသည်။ ဥပဒေရေးရာ ကုစားမှုအဖွဲ့ (မြန်မာ) (LCM) ရရှိနိုင်သော ဝန်ဆောင်မှုများကို တိုးချဲ့ရန် ရပ်ရွာလူထု အခြေပြု ဥပဒေရေးရာ အထောက်အကူပြု စင်တာတစ်ခုကိုလည်း တည်ထောင်ခဲ့ပါသည်။ LCM သည် ကပ်ရောဂါကာလအတွင်း အကြမ်းဖက်သည့် ဖြစ်ရပ်များ တိုးတက်များပြားလာလျက်ရှိသည့် အကျပ်အတည်းအား သတိပြုလျက် DVB ရုပ်မြင်သံကြား၊ မဇ္ဈိမရုပ်မြင်သံကြားနှင့် MNTV ရုပ်မြင်သံကြားတို့မှတဆင့် သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် LCM ၏ ၂၄ နာရီ အရေးပေါ် ဆက်သွယ်နိုင်သည့် ဝန်ဆောင်မှု မှတဆင့် တယ်လီဖုန်း ခေါ်ဆိုမှု (၂၄၂) ကြိမ်အား လက်ခံရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ (၂၂၀)ဦးအား ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်မှုများနှင့် ညှိနှိုင်း ဖြန်ဖြေပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပြီး၊ အကျိုးခံစားခွင့်ရှိသူ (၁၄)ဦးအား တရားရုံးများတွင် အမှုရင်ဆိုင်ရန်အတွက် ဥပဒေရေးရာ ကိုယ်စားပြုမှု ပေးအပ်ခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူ (၁၇)ဦးအတွက် အရပ်ရွာလူထု အခြေပြု ဥပဒေ အထောက်အကူပြု စင်တာထံမှ ဥပဒေ အထောက်အကူပြု ကူညီပံ့ပိုးမှုအား ပေးအပ်ခဲ့ပါသည်။

**COVID-19 ဆိုင်ရာ ကူညီပံ့ပိုးပေးခြင်း**

CARE ၏ စီမံချက်သည် ယင်း၏ CSO မိတ်ဖက်အဖွဲ့အစည်းများ၊ Business Kind Myanmar နှင့် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ)တို့နှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များတွင် COVID-19 ကမ္ဘာ့ ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် တက်ကြွစွာ ဆောင်ရွက်ခဲ့ပါသည်။ CARE သည် ယင်း၏ ပုဂ္ဂလိက ကဏ္ဍနှင့် ခိုင်မာသည့် ဆက်ဆံရေးများအား မြှင့်တင်ခြင်းဖြင့် အထည်ချုပ်စက်ရုံ (၁၄)ရုံမှတဆင့် ကုန်ကျစရိတ် နည်းပါးသည့် ပြန်လည် အသုံးပြုနိုင်သော နှာခေါင်းစည်းအခုရေ (၃.၃) သန်းအား ထုတ်လုပ်ရန်အတွက် အကျိုးဆောင်ပေးခဲ့ခြင်းမှ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းအတွက် ပံ့ပိုးပေးနိုင်ခဲ့ပြီး အမျိုးသမီးစက်ရုံ အလုပ်သမား (၇၉၅)ဦးအား ဆက်လက် အလုပ်ခန့်ထားနိုင်ရန် အကူအညီပေးခဲ့ပါသည်။ INGO နှင့် CSO များအတွက် နှာခေါင်းစည်း ပုံစံနမူနာ၊ နည်းပညာဆိုင်ရာ အချက်အလက်များ ပါဝင်သည့် မှတ်တမ်း နှင့် ကုန်ကျစရိတ် တွက်ချက်ထားသည့် စာရွက်

တို့ နှင့်တကွ လုပ်ငန်းစဉ်စာရွက်နှင့် ဗီဒီယိုတို့ ထုတ်လုပ် ဖြန့်ဝေပေးခြင်းဖြင့် နှာခေါင်းစည်း အမြောက်အများ ထုတ်လုပ်ခြင်းမှ ၎င်းတို့၏ ကိုယ်ပိုင် ဝင်ငွေရှာသည့် လုပ်ငန်းများကို ကူညီပံ့ပိုး ပေးနိုင်ခဲ့ပါသည်။ အထည်ချုပ်စက်ရုံများနှင့် အလုပ်သမားများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုအား နားလည်သဘောပေါက် နိုင်ရန်အတွက် အလျင်အမြန် ပြုလုပ်သည့် ဆန်းစစ် အကဲဖြတ်မှုတစ်ခုအား MDRI-CESD နှင့် မိတ်ဖက်ပြု၍ ဆောင်ရွက်ခဲ့ပါသည်။ စက်ရုံ (၅၀)ရုံနှင့် အလုပ်သမား (၂၃၁)ဦးထံမှ စက်ရုံ၏ ထုတ်လုပ်မှု၊ အမှာစာများအတွက် ငွေပေးချေမှု၊ စက်ရုံအလုပ်သမားများအတွက် အလုပ် ခန့်ထားမှုနှင့် အခြေအနေများနှင့် ၎င်းတို့၏ အနာဂတ်အစီအစဉ်များနှင့် စပ်လျဉ်း၍ စစ်တမ်း ကောက်ယူခဲ့ပါသည်။ ကူးစက်ရောဂါ ကာကွယ်ရေး ပစ္စည်းများအား အစိုးရရုံးများ၊ မြို့နယ်တရားရုံးများ၊ အလုပ်သမားသမဂ္ဂများ၊ အဆောင်များနှင့် ဖျားနာအခမဲ့ကု ဆေးခန်းများသို့ ထောက်ပံ့ပေးခဲ့ပြီး လှိုင်သာယာမြို့နယ်တွင် COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးရန်အတွက် သတင်းအချက်အလက်နှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေး ပစ္စည်းများအား အလုပ်သမား (၁၂၅,၄၇၄)ဦးနှင့် ရပ်ကွက်နေပြည်သူများထံ ဖြန့်ဝေပေးခဲ့ပါသည်။



*ပုံ ၄.၈ – လှိုင်သာယာမြို့နယ်တွင် Business Kind Myanmar မှ သတင်းအချက်အလက်နှင့် တကိုယ်ရေသုံး သန့်ရှင်းရေး ပစ္စည်းများအား ဖြန့်ဝေပေးစဉ်*

COVID-19 ကပ်ရောဂါ ကာလအတွင်း ရန်ကုန်မြို့၏ ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများအကြား ဝင်ငွေ အစားထိုးပေးရန်အတွက် အရေးပေါ် လိုအပ်ချက်အား တုံ့ပြန်ကာကွယ်ရာတွင် ငွေကြေးထောက်ပံ့သည့် အစီအစဉ်များအား CARE ၏ CSO မိတ်ဖက် အဖွဲ့အစည်းများ မှတဆင့် အလျင်အမြန် အကောင်အထည်ဖော်ခဲ့ပါသည်။ Business Kind Myanmar မှ အလုပ်အကိုင် ဆုံးရှုံးသွားသော အထည်ချုပ်ကဏ္ဍရှိ ရွှေ့ပြောင်း လုပ်သားများအား ချက်ချင်း ကူညီပံ့ပိုးမှုပေးခဲ့ပါသည်။ စက်ရုံ အလုပ်သမား (၆,၄၅၀)ဦးသည် အဆောင်ခများနှင့် အစားအသောက်တို့အတွက် မြန်မာကျပ်ငွေ (၅,၀၀၀) (ကန်ဒေါ်လာ ၃၆)အထိ Wave Money နှင့် လူကိုယ်တိုင် ပေးဝေခြင်းတို့မှတဆင့် လက်ခံရရှိခဲ့ပါသည်။ CARE သည် အလုပ်ခွင်များ ပိတ်သိမ်းသွားသောကြောင့် ၎င်းတို့ ဝင်ငွေများ ဆုံးရှုံးသွားသော၊ အမည်ပျက် ကြုံတွေ့နေရသော အစိုးရ၏ ကူညီပံ့ပိုးမှုများအား လက်လှမ်းမီ ရယူရာတွင် အဟန့်အတားများရင်ဆိုင်နေရသော ဥပဒေနှင့်မညီသည့် လုပ်ငန်းလုပ်ကိုင်နေသော ရွှေ့ပြောင်း လိင်အလုပ်သမားများထံ ငွေကြေးထောက်ပံ့မှုနှင့် မိမိကိုယ်ကို ကာကွယ်ခြင်းဆိုင်ရာ  သတင်းအချက်အလက်များ ပေးအပ်ရန်အတွက် မြန်မာနိုင်ငံရှိ လိင်လုပ်သားများ ကွန်ရက် (Sex Workers in Myanmar Network) CSO နှင့်လည်း ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းမှ ရွေးချယ်သင့်သည့် မူနှင့် ကိုက်ညီသည့် အမျိုးသမီးလိင် အလုပ်သမား (၅၀၀)အား ရှာဖွေ ဖော်ထုတ်ခဲ့ပြီး Wave Money မှတဆင့် ငွေကြေးထောက်ပံ့မှုများ  ပေးအပ်ခဲ့ပါသည်။





COVID-19 ကမ္ဘာ့ ကပ်ရောဂါကာလအတွင်း ILO သည် ပဋိပက္ခဒဏ်ခံ လူမှုအသိုက်အဝန်းများရှိ နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ ရှမ်းပြည်နယ် ဒုက္ခသည်ဆိုင်ရာ ကော်မတီ၏ အရေးပေါ် မေတ္တာရပ်ခံချက်အား တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ILO သည် ရှမ်းပြည်နယ်နှင့် ထိုင်းနိုင်ငံ နယ်စပ်တလျှောက်ရှိ အသိအမှတ်ပြုထားခြင်းမရှိသော စခန်း (၆)ခုတွင် နေထိုင်သော ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ/ နယ်စပ်ဖြတ်ကျော်လာသည့် ရွှေ့ပြောင်းသွားလာသူ (၆,၁၀၁)ဦး (အမျိုးသမီး ၄၉%) ထံ စားနပ်ရိက္ခာ ခွဲတမ်းများ ကူညီ ဖြည့်တင်းပေးခဲ့ပါသည်။ အဆိုပါစခန်းများတွင် နေထိုင်သူများသည် ပုံမှန်အားဖြင့် နယ်စပ်ဖြတ်ကျော်၍ ထိုင်းနိုင်ငံတွင် နေ့စား အလုပ်သမားများအဖြစ် အလုပ်လုပ်ကိုင်ပြီး ရပ်တည်နေကြသော်လည်း နယ်စပ် ပိတ်လိုက်ပြီးသည့်နောက်ပိုင်း ထိုကဲ့သို့လုပ်ကိုင်နိုင်ခြင်းမရှိသောကြောင့် ၎င်းတို့ကိုယ်တိုင် စားသောက်ရန် နှင့် မိသားစုအား ကျွေးမွေးနိုင်ခြင်း မရှိတော့ပါ။ လိုအပ်ချက်များ ဆန်းစစ်အကဲဖြတ်မှုတစ်ခုအား စခန်း ကော်မတီများနှင့်အတူ လုပ်ဆောင်ခဲ့ပြီး ဆန်နှင့် ပဲပုတ်စေ့များ ဖြန့်ဝေပေးခဲ့ပါသည်။ ထို့အပြင် ကရင်ကျန်းမာရေးနှင့် လူမှုရေးဌာနသည် ကရင် အမျိုးသား အစည်းအရုံးမှ ထိန်းချုပ်ထားသော ဘားအံမြို့နယ်ရှိ ဒေသများတွင် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူ (၆၅၀)ဦး (အမျိုးသမီး ၅၀%) ထံ ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်စတုတ္ထလေးလပတ်အတွင်း၌ နေရပ်ပြန်ရွှေ့ပြောင်း သွားလာသူများနှင့် COVID-19 ကပ်ရောဂါပြန့်နှံ့မှုအကြား ဆက်သွယ်နေသည်ဟူသော အများပြည်သူများ၏ အပြုသဘောမဆောင်သော လက်ခံယုံကြည်မှုနှင့် ခွဲခြားဆက်ဆံသည့် သဘောထားများကြောင့် ချောက်ချားနေခြင်းများ မြင့်တက်လာသည်ကို ဂရုပြုမိခဲ့ပါသည်။ IOM ၏ တွဲလက် စီမံချက်သည် ယင်း၏ လွတ်လပ်သော ရုပ်သံထုတ်လွှင့်သူ ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) နှင့် ဆက်ဆံရေးကို မြှင့်တင်ခြင်းဖြင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ပတ်သက်၍ စာနာ နားလည်ခြင်းနှင့် ခွဲခြားဆက်ဆံမှုများအား ဆန့်ကျင်တုံ့ပြန်သည့် သတင်းစကားများ ပိုမိုတိုးတက်လာစေရန်အတွက် ‘နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများ၏ အသံများ’ အမည်ရသည့် မီဒီယာ စည်းရုံးလှုံ့ဆော်မှု တစ်ခုကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှ စက်တင်ဘာလ ၂၉ ရက်နေ့အထိ စည်းရုံးလှုံ့ဆော်မှုမှ ဆွေးနွေးပွဲ (၄)ခုနှင့် တွေ့ဆုံမေးမြန်းခြင်း (၁၁)ခု တို့ကို ထုတ်လွှင့်ပြသခဲ့ပြီး လူမှုကွန်ရက်မီဒီယာပေါ်တွင် စုစုပေါင်း ကြည့်ရှုသည့် အကြိမ် (၄၁၄,၅၅၃) ရှိခဲ့ပါသည်။ ရေပန်းစားနေသည့် အမြင်များ (Vox Pop – သတင်းထောက်များမှ အများပြည်သူအမြင်များကို မေးမြန်းသည့် လျှပ်တပြက်တွေ့ဆုံမေးမြန်းခြင်း) နှင့် COVID-19 ကပ်ရောဂါကြောင့် အသွားအလာကန့်သတ်ထားသဖြင့် ဆွေးနွေးသူများနှင့် ပရိသတ်များမှ အွန်လိုင်းပေါ်တွင် တိုက်ရိုက် ဆွေးနွေးမှုများဖြင့် ပါဝင်သည့် အွန်လိုင်း ဆွေးနွေးပွဲများကို ရိုက်ကူးခြင်းနှင့် ဖြန့်ချိပြသခြင်းကို ပေါင်းစပ်ထားသည့် ဆန်းသစ်တီထွင်မှုရှိသော ပုံစံကို အသုံးပြုခဲ့ပါသည်။ စည်းရုံးလှုံ့ ဆော်မှုသည် တိုက်ရိုက်ပါဝင်ခဲ့သည့် ပရိသတ်များမှ ကပ်ရောဂါ၏ လူမှုစီးပွားရေး သက်ရောက်မှုများအား ကျော်လွှားနိုင်ရန် အထူးသဖြင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအား မည်ကဲ့သို့ ကူညီပံ့ပိုးပေးသင့်သည်ဆိုသည့် အားပေးထောက်ခံသည့် ဆွေးနွေးမှုများအပြင် ကြည့်ရှုသူ များနှင့် လူမှုကွန်ရက် မီဒီယာ ကြည့်ရှုအသုံးပြုသူများမှ အားပေး ပူးပေါင်းဆောင်ရွက်သည့် သဘောထား မှတ်ချက်အများအပြား ပေးခဲ့ခြင်းတို့ဆီသို့ ဦးတည်ခဲ့ကြောင်းကို DVB မှ အစီရင်ခံ တင်ပြခဲ့ပါသည်။

တရုတ်နိုင်ငံတွင် အလုပ်အကိုင် ဆုံးရှုံးသွားပြီးနောက် ပြန်လာသည့် ထောင်ပေါင်းများစွာသော အလုပ်သမားများ ရှိနေခြင်းကြောင့် IOM ၏ SAFE စီမံချက်သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများအတွက် ခိုင်မာအားကောင်းသည့် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေး အစီအစဉ် တစ်ရပ်ကို ရေးဆွဲအကောင်အထည် ဖော်ခဲ့ပါသည်။ စီမံချက် ဒေသများတွင် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေခံ လိုအပ်ချက်များ ပြည့်မီစေရန် သာမက COVID-19 ကပ်ရောဂါ ပြန့်နှံ့မှုအား လျော့ပါးသက်သာစေရန် ပိုမိုကျယ်ပြန့်သည့် ပြည်သူ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီပံ့ပိုး ပေးခြင်း တို့အတွက်လည်း စီမံကိန်း ဆောင်ရွက်ချက်များအား ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ IOM၊ မေတ္တာနှင့် အခြား CSO မိတ်ဖက် အဖွဲ့အစည်းများသည် သီးသန့်ထား စောင့်ကြည့်နေစဉ်အတွင်း အစားအသောက်၊ တစ်ကိုယ်ရေသုံး သန့်ရှင်းရေး ပစ္စည်းများ၊ အိပ်ယာ၊ အိပ်ယာခင်း နှင့် အခြား ကူညီပံ့ပိုးပေးသည့် ပုံစံများဖြင့် အကျိုးခံစားခွင့်ရှိသူ (၁၄၈,၇၆၃) ဦး (အမျိုးသမီး ၅၂%) ထံ တိုက်ရိုက်အကူအညီများ ရောက်ရှိခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းတွင် IOM ၏ တုံ့ပြန် ကာကွယ်မှု၏ တစ်မူထူးခြားချက်မှာ ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ အပါအဝင် ပြန်လည် ထူထောင်ရေး ဦးစီးဌာန၏ နားခိုရာနေရာများမှတဆင့် အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်းသွားလာသူနှင့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန်နေရသူ (၇,၅၉၆)ဦးထံ တိုက်ရိုက် အကူအညီ ပေးအပ်ခြင်း ဖြစ်ခဲ့ပါသည်။ ထို့အပြင် IOM သည် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာတွင် ရွှေ့ပြောင်း သွားလာသူ (၇,၄၇၄)ဦး (အမျိုးသမီး ၇၂%) ထံ ဆွေးနွေး တိုင်ပင် လမ်းညွှန်ပေးခြင်းအား ပေးအပ်ရန်အတွက် COVID-19 ကပ်ရောဂါ နှင့် ဆက်နွယ်နေသည့် ဖိစီးမှုများနှင့် ကိုင်တွယ် ဖြေရှင်းခြင်းဆိုင်ရာ စာစောင် အပါအဝင် စိတ်ကျန်းမာရေး နှင့် စိတ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးသည့် စာအုပ်စာတမ်းများကိုလည်း ရေးသား ပြုစုခဲ့ပါသည်။

COVID-19 ကပ်ရောဂါကာလအတွင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီးတွင် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ဌာနေလူမှု အသိုက်အဝန်းများအတွက် အခြေအနေမှာ လျင်မြန်စွာ ပြောင်းလဲသွားသည်အား အသိအမှတ်ပြု လက်ခံကာ IOM ၏ MILDAS စီမံချက်သည် အဆိုပါ လူမှုအသိုက်အဝန်းများ၏ အရေးတကြီး လိုအပ်သော အရေးကြီးဆုံး လိုအပ်ချက်အား ပြည့်မီစေရန်အတွက် အရေးပေါ် တုံ့ပြန် ကာကွယ်မှု စီမံချက် တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ တကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ အထောက်အပံ့ ပစ္စည်းများ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းများ၊ ရွေးချယ်ထားသည့် အစားအသောက် မဟုတ်သည့် ပစ္စည်းများ၊ ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်များဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သည့် သတင်းစကားများ ပါဝင်သည့် IEC အသိပညာပေး ပစ္စည်းများအား အလျင်အမြန် ဝယ်ယူခဲ့ပြီး MILDAS စီမံကိန်း၏ ဦးတည် ရည်ရွယ်သည့် ဒေသများသို့ ပေးပို့ခဲ့ပါသည်။ ဧပြီလမှ စတင်၍ CSO မိတ်ဖက် အဖွဲ့အစည်းများသည် ဒေသ အာဏာပိုင်များနှင့် အနီးကပ် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများရှိ နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများနှင့် နေအိမ်၌ သီးသန့်ထား စောင့်ကြည့်နေသည့် ပြည်တွင်းနေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများ

ထံ ပစ္စည်းများအား ဖြန့်ဝေ ပေးခဲ့ပါသည်။ ဩဂုတ်လအကုန်တွင် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများနှင့် မိသားစုဝင် (၉,၉၂၄)ဦး (အမျိုးသမီး ၄၄%) သည် ပစ္စည်း အကူအညီအား လက်ခံရရှိခဲ့ပြီး ခန့်မှန်းခြေ (၁၆၂,၅၈၈)ဦး (အမျိုးသမီး ၅၁%) အား COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးခြင်း ဆိုင်ရာ အသိပညာ ပေးသည့် သတင်း အချက်အလက်များအား ပေးအပ်ခဲ့ပါသည်။ ဇူလိုင်လတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရနှင့် တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့၏ မေတ္တာရပ်ခံမှုကို တုံ့ပြန် ဆောင်ရွက်သည့် အနေဖြင့် IOM သည် တစ်ကိုယ်ရေ သန့်ရှင်းရေး၊ WASH ၊ အစားအသောက် မဟုတ်သည့် ပစ္စည်းများ၊ သောက်သုံးရေ တို့အား ထောက်ပံ့ ပေးခြင်းနှင့်အတူ ပုသိမ်၊ ဟင်္သာတ နှင့် မအူပင်မြို့နယ်များရှိ အသွားအလာ ကန့်သတ် စောင့်ကြည့်ရာ နေရာများရှိ နေရပ်ပြန် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူ (၁,၈၈၇)ဦး (အမျိုးသမီး ၅၀၆ ဦး) ထံ ထပ်မံ၍ ရောက်ရှိခဲ့ပြီး ပုသိမ်မြို့ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန ရုံးဝင်းအတွင်း၌ ရေရရှိရေး နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အခြေခံ အဆောက်အဦ တပ်ဆင်ခြင်းတွင် ကူညီပံ့ပိုးပေးခဲ့ပါသည်။

PIN စီမံချက်သည် ရွှေပြည်သာမြို့နယ်ရှိ ဦးတည်ရည်ရွယ်သော ရပ်ကွက် (၈)ခု၌ ရွှေ့ပြောင်း သွားလာသူများနှင့် ၎င်းတို့၏ အိမ်ထောင်စုများ အတွက် COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်သည့် ပြီးပြည့်စုံသော စီမံကိန်းကို အကောင်အထည် ဖော်ခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်း အချက်အလက်များ ပါဝင်သည့် လက်ကမ်း စာစောင်များအား ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရုံးများနှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာများမှတဆင့် အကျိုးခံစားခွင့်ရှိသူ (၂၀,၀၀၀)ဦးထံ ပေးအပ်ခဲ့ပါသည်။ လက်ဆေး ရည်နှင့် ဆပ်ပြာများအား အိမ်ထောင်စုများ (သို့) ရပ်ရွာလူထု အခြေပြု အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများထံ တိုက်ရိုက်ပေးပို့ ခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ (၃၈,၅၀၀)ဦး (အမျိုးသမီး ၅၄%) နီးပါးထံ ရောက်ရှိ ခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ကာကွယ် တားဆီးရေးနှင့် အကူအညီတို့နှင့် ပတ်သက်၍ ရပ်ရွာ လူထုအား ထပ်မံ၍ အသိအမြင် မြှင့်တင်ရန်အတွက် PIN သည် ကြော်ငြာဘုတ် (၄၉) ခု စိုက်ထူခဲ့ပြီး ဗီနိုင်းပိုစတာ (၁၆၀)ခုအား ဖြန့်ဝေပေးခဲ့ပါသည်။ သတင်းအချက်အလက်များအား လော်စပီကာမှတဆင့် ကြေငြာပေးခဲ့ပြီး ရွှေ့ပြောင်း သွားလာသူနှင့် ဌာနေလူမှုအသိုက်အဝန်း အဖွဲ့ဝင် ခန့်မှန်းခြေ (၇၈,၀၀၀)ဦးထံ ရောက်ရှိခဲ့ပါသည်။ ဤကူညီ ထောက်ပံ့မှုအား ရရှိခဲ့သည့် အိမ်ထောင်စု (၁၉၃)စုမှ တုံ့ပြန်ဖြေကြားမှုများကို သိရှိနိုင်ရန်အတွက် ဖြန့်ဝေပေးပြီး နောက်ပိုင်း စောင့်ကြည့် စစ်ဆေးသည့် လေ့လာမှုအား ပြုလုပ်ခဲ့ပါသည်။ တုံ့ပြန် ဖြေကြားသူအားလုံးနီးပါးမှ ပေးအပ်သည့် သတင်းအချက်အလက်များနှင့် ပစ္စည်းများ၏ အရည်အသွေး ကို စိတ်ကျေနပ်မှုရှိခဲ့ကြပါသည်။ သို့သော်လည်း တွေ့ရှိချက်များမှ လက်ခံရရှိသူ များသည် ဝင်ငွေဆုံးရှုံးမှုနှင့် ဆက်နွယ်သည့် အကြီးမားဆုံးသော ပြဿနာများကို တွေ့ကြုံနေခဲ့ပြီး အများစုသည် ငွေကြေးထောက်ပံ့မှု ထပ်မံများ လိုအပ်ခဲ့ကြောင်းကိုလည်း တွေ့ရှိခဲ့ပါသည်။

EVE စီမံချက်သည် သတင်းအချက်အလက်များ၊ ဆပ်ပြာများ၊ လက်သန့်ဆေးရည်များနှင့် နှာခေါင်းစည်းများအား COVID-19 ကပ်ရောဂါ ကာလအတွင်း ရွှေ့ပြောင်းလုပ်သားများထံ ဖြန့်ဝေပေးရန်အတွက် ကြီးမားသည့် လှုပ်ရှား ဆောင်ရွက်မှု တစ်ခုအား အစပျိုးခဲ့ပါသည်။ မြို့နယ် ကျန်းမာရေးနှင့် လူမှုဖူလုံရေးအာဏာပိုင်များနှင့် အနီးကပ် ပူးပေါင်း လုပ်ကိုင်ခြင်းဖြင့် ရွှေ့ပြောင်း သွားလာသည့် လူမှုအသိုက်အဝန်းများရှိ အကျိုးခံစားခွင့်ရှိသူ (၆၃၉၂၈)ဦး အား အကူအညီ ပေးအပ်ခဲ့ပါသည်။ စနစ်တကျ လက်ဆေးနည်း အချိန်တို သင်တန်းအစီအစဉ် အပါအဝင် မရှိမဖြစ် လိုအပ်သော သတင်းအချက်အလက်များနှင့် ပစ္စည်းများကို တစ်အိမ်တက်ဆင်း ပေးအပ်ခဲ့ပါသည်။ WON သည် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများနှင့် ခိုင်မာသည့် ဆက်ဆံရေးရှိသည့် အတွက်ကြောင့် ဒေသခံ အမျိုးသမီး အုပ်စုများမှ ဖြန့်ဝေပေးရန်အတွက် ၎င်းတို့၏ ကိုယ်ပိုင် ဆပ်ပြာနှင့် လက်သန့်ဆေးရည်ထုတ်လုပ်ရန် အတွက် ကူညီပံ့ပိုး ပေးနိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် ညောင်ကျေးရွာမှ လမ်းပြကြယ်စင် အမျိုးသမီး အုပ်စုအား ရောင်းချ ရန်အတွက် အဆိုပါ ပစ္စည်းများ ပြုလုပ်နည်းကို သင်ကြားပေးပြီးနောက် ကပ်ရောဂါကာလအတွင်း သူတို့သည် အမှာစာများ လက်ခံ ရရှိခဲ့ပြီး မိမိကိုယ်ကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ အလားတူပင် ညောင်ရွာ ကျေးရွာတွင် လမ်းပြကြယ်စင် အမျိုးသမီး အုပ်စုသည် ရန်ကုန်မြို့ရှိ ဆင်းရဲ နွမ်းပါးသော ရွှေ့ပြောင်း လူမှုအသိုက်အဝန်းများထံ ဖြန့်ဝေပေးရန်အတွက် အခြားအဖွဲ့အစည်း များထံ လက်သန့်ဆေးရည် ပုလင်း များ ထုတ်လုပ် ရောင်းချခဲ့ပါသည်။

COVID-19 ကပ်ရောဂါကာလအတွင်း အလုပ်လက်မဲ့ ဖြစ်နေသည့် အလုပ်သမားများကို ကူညီပံ့ပိုးပေးရန်အတွက် ActionAid ၏ Secure စီမံချက်သည် Wave Money နှင့် လူကိုယ်တိုင်ပေးအပ်ခြင်းတို့မှတဆင့် အားနည်း ထိခိုက်လွယ်သည့် အလုပ်သမား (၁,၄၅၈)ဦး (အမျိုးသမီး ၇၆%) ထံ ငွေကြေး ထောက်ပံ့မှု ပေးခဲ့ပါသည်။ ရွေးချယ်သင့်သည့် သူများအား ကနဦး အကဲဖြတ် ဆန်းစစ်ရာတွင် CSO မိတ်ဖက် အဖွဲ့အစည်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းတို့၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ ပါသည်။ အလုပ်သမား (၃,၃၀၀)ဦးအား ဆန်းစစ် အကဲဖြတ်ပြီးနောက် အစိုးရနှင့် အစိုးရမဟုတ်သော လှုပ်ရှား ဆောင်ရွက်သူများထံမှ မည်သည့်ပုံစံနှင့်မဆို ကူညီပံ့ပိုးမှုအား မရရှိဘူးသည့် အားနည်းထိခိုက်မှု အများဆုံးဖြစ် သည့် အလုပ်သမားများအား မြန်မာကျပ်ငွေ (၂၄၀,၀၀၀) အထိ ငွေကြေး ထောက်ပံ့မှုကို ပေးအပ်ခဲ့ပါသည်။ ယင်းတို့တွင် အလုပ်လက်မဲ့ စက်ရုံအလုပ်သမားများ (၆၃%)၊ တရားဝင် မဟုတ်သည့် ကဏ္ဍမှ အလုပ်သမားများ (၂၁%)၊ မသန်စွမ်းသူများ (၉%) နှင့် HIV ရောဂါပိုးကူးစက်ခံထားရသူများ (၇%) ပါဝင်ခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှု များသည် ကပ်ရောဂါကာလအတွင်း အရေးပါသည့် လိုအပ်ချက်များနှင့် ပတ်သက်၍ မိသားစုများမှ ၎င်းတို့၏ ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်ရန် ခွင့်ပြုပေးသည့် အမြန်ဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းတစ်ခု ဖြစ်ကြောင်း ကို သက်သေပြခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှုပေးအပ်သည့် မိတ်ဖက် အဖွဲ့အစည်းထံမှ ပေးအပ်သည့် သတင်း အချက်အလက်များအရ ၈၀% မျှ သည် အစားအသောက် ဝယ်ယူရန်နှင့် အိမ်လခများ ပေးရန်အတွက် အသုံးပြုခဲ့ ကြောင်းကို ညွှန်ပြနေပါသည်။ (၁,၄၅၈)ဦးထံ ပေးအပ်ခဲ့သည့် ငွေကြေးထောက်ပံ့မှုသည် သွယ်ဝိုက်သောအားဖြင့် ထပ်မံ၍ (၅,၉၃၂)ဦးအား အကျိုးခံစားရမည်ဟု မျှော်မှန်းထားခဲ့ပါသည်။





ActionAid သည် ၎င်း၏ ဒေသခံ CSO များနှင့် အလုပ်သမား သမဂ္ဂများနှင့် ရောက်ရှိမှုများ မြှင့်တင်ခြင်းဖြင့် ၎င်း၏ လှုပ်ရှားဆောင်ရွက်မှုများမှ အလုပ်သမား (၉၅,၉၇၁)ဦး (အမျိုးသမီး ၇၉%) ထံ COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အသိအမြင် မြှင့်တင်ပေးသည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးခဲ့ပါသည်။ ထို့အပြင် လက်သန့်ဆေးရည်၊ လက်အိတ်နှင့် နှာခေါင်းစည်းများအား ခန့်မှန်းခြေ အလုပ်သမား ဦးရေ (၁၀,၀၀၀) (အမျိုးသမီး ၈၇%) ထံ ဖြန့်ဝေပေးခဲ့ပါသည်။ ပေါင်းစည်းထားသည့်အဖွဲ့သည် ရပ်ရွာလူထု အခြေပြုသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာများနှင့် ဖျားနာကု အခမဲ့ ဆေးခန်းများအား စီမံခန့်ခွဲနေသည့် ကျန်းမာရေးဦးစီးဌာနအား ကူညီပံ့ပိုးပေးရာတွင် အကူအညီပေးရန်အတွက် လှိုင်သာယာတွင် သင်တန်းစီစဉ် ပို့ချ ခဲ့ပြီး စေတနာ့ဝန်ထမ်းအဖွဲ့ ဖွဲ့စည်းပေးခဲ့ပါသည်။ စုစုပေါင်း စေတနာ့ဝန်ထမ်း (၃၃၃) (အမျိုးသမီး ၅၈%) ဦးအား COVID-19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် အခြေခံ ကျန်းမာရေးပညာကို လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ အဆိုပါ စေတနာ့ဝန်ထမ်းများသည် အာဏာပိုင်များ၏ တုံ့ပြန်ကာကွယ်ရေး အစီအစဉ် အကောင်အထည်ဖော်ရာတွင် တက်ကြွစွာ ကူညီ ပံ့ပိုးပေးခဲ့ပြီး နောင်လာမည့် အနာဂတ်တွင် ကပ်ရောဂါလှိုင်းများ ဖြစ်ပေါ်လာသည့်အခါ မြို့နယ်အာဏာပိုင်များကို ကူညီပံ့ပိုးပေးရန်အတွက် ဆက်လက် လုပ်ဆောင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။




*ပုံ ၄.၉ – အနာဂတ် အလင်းတန်း ဆုံမှတ်မှ ဒါရိုက်တာ ဒေါ်သက်သက်အောင်မှ COVID-19 ကပ်ရောဂါ ကာလအတွင်း အလုပ်အကိုင် ဆုံးရှုံးသွားသည့် ကိုယ်ဝန်ဆောင် စက်ရုံ အလုပ်သမားအား ငွေကြေးထောက်ပံ့မှု ပေးအပ်စဉ်။*

သန်းပေါင်းများစွာသော အလုပ်အကိုင်များ ဆုံးရှုံးစေပြီး နယ်စပ်ဂိတ်များ ပိတ်ခြင်းကို ဖြစ်ပေါ်စေသည့် COVID-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လာသူများနှင့် ဆိုက်ရောက်နိုင်ငံများရှိ ရွှေ့ပြောင်း သွားလာသူများထံ အချိန်နှင့် တပြေးညီ တိကျသည့် သတင်းအချက်အလက်များ ပေးအပ်နိုင်ရန်မှာ အရေးကြီး လိုအပ်ချက် တစ်ရပ် ဖြစ်လာခဲ့ပါသည်။ BBC Media Action သည် ရုပ်မြင်သံကြားမှ ရေဒီယိုဘက် သို့ အလျင်အမြန် ကူးပြောင်းကာ COVID-19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် ရေကြည်ရာ ရေဒီယို အစီအစဉ် အပိုင်းသစ် (၁၄)ပိုင်းကို ပြန်လည် တင်ဆက်ခဲ့ပြီး ယင်းတို့အား မြန်မာ့အသံ (သောတရှင် ၃.၂ သန်း)၊ ပတ္တမြား FM (သောတရှင် ၂.၈ သန်း) နှင့် ထိုင်းနိုင်ငံရှိ MAP ရေဒီယိုတို့တွင် တစ်ပါတ်လျှင် (၂)ကြိမ်နှုန်းဖြင့် ထုတ်လွှင့်ခဲ့ ပါသည်။ ပရိသတ်များနှင့် ထိတွေ့မှု ကို ထိန်းသိမ်းထားရန် လိုအပ်ချက်အား မျက်ခြည်ပြတ်ခြင်း မရှိစေရန် အတွက် အစီအစဉ် အပိုင်းတိုင်းတွင် လူအများ စိတ်ဝင်စားမည့် ဇာတ်လမ်းများ၊ ကျော်ကြားသည့် ဇာတ်ဆောင် ဦးဦးပိုက်ဆံ ပါဝင်သည့် အပန်းပြေစေမည့် အပိုင်းများအပြင် COVID-19 ကပ်ရောဂါ ဆိုင်ရာ အရေးကြီးသည့် သတင်း အချက်အလက်များ ထည့်သွင်းခဲ့ပါသည်။ ရေဒီယိုအစီအစဉ်အား အကဲဖြတ်သုံးသပ်ခြင်းမှ ရယ်မောဖွယ်ရာနှင့် မိမိကိုယ်ပိုင် အဖြစ်အပျက်များနှင့် ဆက်စပ်နေသည်တို့အား အသုံးပြုခြင်းကြောင့် နားဆင်သူများ အနေဖြင့် သတင်းအချက်အလက် ရရှိနိုင်မှု အလွန်မြင့်မားခဲ့ကြောင်းကို ပြသခဲ့ပါသည်။ ပရိသတ် အဖွဲ့ဝင်များကို တွေ့ဆုံ မေးမြန်းခဲ့ရာတွင် နှာခေါင်းစည်းတပ်ခြင်း၊ မကြာခဏ လက်ဆေးကြောခြင်း၊ ပုံမှန်ဘဝတွင် ခပ်ခွာခွာ နေခြင်းနှင့် အခြား ကာကွယ် တားဆီးရေး ဆိုင်ရာ အစီအမံများ အပါအဝင် အကြံဉာဏ်ပေးခဲ့သည့် COVID-19 ကပ်ရောဂါ တားဆီးကာကွယ်ခြင်းဆိုင်ရာ အလေ့အကျင့်များကို ကျင့်သုံးနေကြောင်း အစီရင်ခံ တင်ပြခဲ့ပါသည်။

ပရိသတ်တစ်ဦးမှ “ဒီအစီအစဉ်ကို နားထောင်ပြီးတဲ့နောက်ပိုင်း အကြံပေးချက်ကို လိုက်နာခဲ့ပါတယ်။ COVID–19 ကပ်ရောဂါဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော် အခုအခါ နှာခေါင်းစည်းတပ်ဖို့ သတိထားနေပြီး လက်ကို မှန်မှန် ဆေး ပါတယ်” ဟု ပြောကြားခဲ့ပါသည်။

ရေကြည်ရာ ဖေ့စ်ဘုတ် စာမျက်နှာတွင်လည်း ၎င်း၏ COVID–19 ကပ်ရောဂါနှင့် သက်ဆိုင်သည့် အကြောင်းအရာများအား ဒီဂျစ်တယ် ဖြင့် ထုတ်လုပ်မှုကို ၂၀၂၀ ခုနှစ် မတ်လမှစ၍ ဦးစားပေးဆောင်ရွက်ခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အကြောင်းအရာ စုစုပေါင်း (၂၃၄)ခုကို တင်ခဲ့ပြီး ကြိုက်နှစ်သက်သည်ဟူသော တုံ့ပြန်မှု (၉၁၈,၃၁၃)အား ရရှိခဲ့ပါသည်။ ဖေ့စ်ဘုတ် စာမျက်နှာအား ၂၀၂၀ ခုနှစ်အတွင်း ပုံမှန် ကြည့်ရှုသူများ အလျင်အမြန်တိုးပွားလာပြီး နိုင်ငံပေါင်း (၁၀)နိုင်ငံကျော်မှ ကြည့်ရှုသူ ၁ သန်းကျော် (အမျိုးသမီး ၄၀%) ထံ ရောက်ရှိခဲ့ပါသည်။ ဒီဂျစ်တယ်နည်းဖြင့် လွှင့်တင်သည့် အကြောင်းအရာများသည် ရွှေ့ပြောင်းသွားလာသူ ပရိသတ်များအား COVID–19 ကပ်ရောဂါ ကာလအတွင်း ၎င်းတို့၏ အလုပ်အကိုင်နှင့် ခရီးသွားလာမှုနှင့် သက်ဆိုင်သည့် အချိန်နှင့်တပြေးညီ ရယူနိုင်သော သတင်းအချက်များပေးအပ်ခဲ့သည် သာမက မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာသူများထံ ပိုမိုကောင်းမွန်သည့် အပြုသဘောဆောင်သော သဘောထားများကို မြှင့်တင်ပေးခဲ့ပြီး အခြား အရေးကြီးသည့် သတင်းအချက်အလက်ဆိုင်ရာ လစ်ဟာချက်များကို ဖြည့်ဆည်းပေးခဲ့ပါသည်။ COVID–19 ကပ်ရောဂါနှင့် ပတ်သက်သည့် အကြံဉာဏ်များနှင့် သတင်းအချက်အလက်များ ပေးသည့် ကျော်ကြားသူများနှင့် ရိုက်ကူးထားသော ဗီဒီယိုများမှာ အထူးသဖြင့် လူကြိုက် များကြောင်းကို အဆိုပါ ဗီဒီယို လွှင့်တင်မှုများအား ကြည့်ရှုသည့် အကြိမ်ရေ (၂၆.၉)သန်း ကြည့်ရှုခဲ့ခြင်းမှ သက်သေပြခဲ့ပါသည်။

စီမံချက် ပြီးဆုံးချိန် ဆောင်ရွက်သည့် အကဲဖြတ် သုံးသပ်ခြင်းမှ ရေကြည်ရာ ဖေ့စ်ဘုတ်စာမျက်နှာသည် စီမံချက်၏ အမွေအနှစ်များ မှတ်တိုင်များအနက် အသိသာ အထင်ရှားဆုံး တစ်ခု ဖြစ်လာနိုင်ဖွယ် ဖြစ်သဖြင့် ၎င်းစာမျက်နှာသည် မြန်မာနိုင်ငံတွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စရပ်များတွင် ယုံကြည်စိတ်ချရသည့် ရင်းမြစ်တစ်ခု အနေဖြင့် ဆက်လက် တည်ရှိနေဦးမည် ဖြစ်ပါသည်။ ပရိသတ်များ နှင့် ပြုလုပ်သည့် စစ်တမ်းမှ တုံ့ပြန်ဖြေကြားသူများ၏ (၈၀%) သည် ရေကြည်ရာ ဖေ့စ်ဘုတ် စာမျက်နှာတွင် တင်ထားသည့် အကြောင်းအရာများသည် အသုံးဝင်ကြောင်းအား ထုတ်ဖော် ပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။ ပုံမှန် ကြည့်ရှုသူ အမျိုးသမီးငယ် တစ်ဦးမှလည်း “ရေကြည်ရာက ပညာပေးတဲ့ စာမျက်နှာဖြစ်တဲ့အပြင် အလုပ်သမားတွေရဲ့ အခွင့်အရေး နဲ့ပတ်သက်တဲ့ လက်တွေ့ကျကျ သတင်းအချက်အလက်တွေလည်း ပေးပါတယ်။ အလုပ်သမားတွေရဲ့ ဖြစ်ရပ်မှန်တွေနှင့် အလုပ်ရှင် အလုပ်သမားကြားက ပြဿနာတွေကိုလည်း သိရှိနိုင်ဖို့ မျှဝေပေးတယ်လို့ ထင်ပါတယ်” ဟု ပြောကြားခဲ့ပါသည်။ စာမျက်နှာမှတဆင့် တည်ဆောက်ထားသည့် ပရိသတ်များနှင့် အခိုင်အမာ အပြန်အလှန် ရင်းနှီးနားလည်မှုကိုလည်း ပရိသတ်အဖွဲ့ဝင်များမှ သတင်းအချက်အလက် ရယူရန် တိုက်ရိုက် မေးမြန်းမှု (၂,၄၀၀) ကျော်မှ လက်တွေ့ ပြသခဲ့ပါသည်။ ပုံမှန် မေးမြန်းမှုများအား ဖြေဆိုရန်နှင့် အကူအညီ ပေးနိုင်ရန် ရနိုင်သည့် ရင်းမြစ်များနှင့် အဖွဲ့အစည်းများထံ ပုံမှန်ညွှန်းပို့ပေးလျက် ရှိပါသည်။ ဥပမာ တစ်ခုမှာ အလုပ်သမား (၇၀)ကျော်အား နစ်နာကြေး မပေးဘဲ အလုပ်မှ ထုတ်ပယ်ခဲ့သည့် HAGL စက်ရုံမှ အလုပ်သမားများ ဖြစ်ပါသည်။ ၎င်းတို့သည် ရေကြည်ရာဖေ့စ်ဘုတ် စာမျက်နှာမှတဆင့် ဆက်သွယ်ခဲ့ပြီး ၎င်းတို့၏ ဆက်သွယ်မှုကို အလုပ်သမား ဦးစီးဌာနနှင့် ချိတ်ဆက်ပံ့ပိုး ကူညီပေးခဲ့ပါသည်။ (၂)ရက်ကြာသည့်အခါ အလုပ်သမားများထဲမှ တစ်ဦးက ကျေးဇူးတင်ကြောင်း နှင့် အလုပ်မှ ထုတ်ပယ်ခံခဲ့ရသည့် သူများအားလုံး ၎င်းတို့ အလုပ်အကိုင်များ ပြန်လည်ရရှိခဲ့ကြောင်းကို တယ်လီဖုန်းဖြင့် ပြန်လည်ဆက်သွယ် ပြောကြားခဲ့ပါသည်။

**ရွှေ့ပြောင်း သွားလာသူ/ရွှေ့ပြောင်းလုပ်သား ရှိသည့် အိမ်ထောင်စုများအား ကူညီပံ့ပိုးပေးခြင်း**

IOM MIDLAS စီမံချက် ပြီးဆုံးချိန်တွင် ပြုလုပ်သည့် စစ်တမ်းမှ စီမံချက်သည် မြေယာမဲ့များနှင့် အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုများတွင် ၎င်းတို့၏ ဝင်ငွေအမျိုးမျိုး ရရှိစေရန်အတွက်နှင့် ကျေးလက်အိမ်ထောင်စုများတွင် တုန်လှုပ်ချောက်ချားမှုများမှ အားနည်း ထိခိုက်လွယ်မှု လျော့နည်းစေရန်တို့အတွက် ချမှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်များအား ကျော်လွန် ရရှိခဲ့ကြောင်း ပြသခဲ့ပါသည်။ ယင်းအား ရွှေ့ပြောင်း သွားလာသူရှိသော အိမ်ထောင်စုများအား ဦးတည်ရည်ရွယ်သည့် ငွေကြေးဆိုင်ရာ အသိပညာပေးခြင်းနှင့် စီးပွားရေးလုပ်ငန်း စတင်ထူထောင်ရန် ကူညီပံ့ပိုးပေးခြင်းနှင့် ငွေရေးကြေးရေးနှင့် ငွေလွှဲပေးပို့မှုများအား စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်နည်းပြမှုပေးခြင်းတို့မှတဆင့် ရရှိအောင်မြင်ခဲ့ပါသည်။ အကျိုးခံစားခွင့် ရှိသူများအား ခြေရာကောက်သည့် စစ်တမ်းမှ အသေးစား စီးပွားရေးလုပ်ငန်း စတင်တည်ထောင်မှုအတွက် လမ်းညွှန် နည်းပြမှုရရှိခဲ့သော သူများအနက်မှ (၇၆%) သည် စီးပွားရေးလုပ်ငန်းများအား အောင်မြင်စွာ ထူထောင်နိုင်ခဲ့ပြီး ရွှေ့ပြောင်းသွားသာသူ ရှိသည့် အိမ်ထောင်စုများ ၏ (၉၃) ရာခိုင်နှုန်းတို့သည် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များ တိုးတက်လာခဲ့ကြောင်း အစီရင်ခံခဲ့ပါသည် ။ စီမံချက်မှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှု လုံလောက်စွာ မရှိသည့် ကျေးရွာများတွင် ရွှေ့ပြောင်းသွားလာမှုနှင့် ဆက်နွယ် နေသည့် အကြွေးများကို လျှော့ချရန်အတွက် လည်ပတ်ရန်ပုံငွေများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဧရာဝတီတိုင်း ဒေသကြီးအတွင်း ရန်ပုံငွေဆိုင်ရာ ယန္တရား (၆၃)ခုအား တည်ထောင်ခဲ့ပါသည်။ ရန်ပုံငွေများမှ ချေးငွေအပေါ် ၂% အတိုးနှုန်းဖြင့် ပြန်လည် ပေးဆပ်ရမည် ဖြစ်သော အသေးစားချေးငွေ မြန်မာကျပ်ငွေ ၂၀၀,၀၀၀ (ကန်ဒေါ်လာ ၁၄၄) အထိ အား ရွှေ့ပြောင်းသွားလာသည့် ကုန်ကျစရိတ်များ (သို့) နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအား နေရပ်တွင် အသက်မွေးဝမ်းကျောင်းမှု လုပ်ကိုင်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် ပံ့ပိုးပေးခဲ့ပါသည်။ ၎င်းချေးငွေများသည် စီးပွားရေးဘဏ်နှင့် တစ်လလျှင် ၁၀% အထိ အတိုးရယူသော ငွေချေးသူများထံမှ ချေးငွေများ ရယူရန် မဖြစ်နိုင်သော ရွှေ့ပြောင်း သွားလာရန် အလားအလာရှိသည့် ဆင်းရဲနွမ်းပါးသော လူမှုအသိုက်အဝန်းများတွင် အကြွေးရယူရာတွင် ရှိနေသည့် ကွာဟချက်အားဖြည့်ဆည်းပေးရာတွင် ကူညီပေးပါသည်။ ယခုအခါတွင် စုစုပေါင်း ရွှေ့ပြောင်းသွားလာသူ (၂,၃၉၁)ဦး (အမျိုးသမီး ၆၁%) သည် ရန်ပုံငွေများမှ ထုတ်ချေးခဲ့သည့် ချေးငွေများအား ပြန်လည် ပေးဆပ်ရာတွင် ပျက်ကွက်မှုမရှိဘဲ ရယူခဲ့ကြပါသည်။ ကန်ဒေါ်လာ (၁၄၉,၁၅၅) တန်ဖိုးရှိသည့် ချေးငွေများအား ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါသည်။

IOM MIDLAS မှလည်း သင်တန်း ပြီးဆုံးပြီးနောက် ကူညီပံ့ပိုးပေးသည့် လုပ်ငန်းများကို သတင်းအချက်အလက်ပေးရန်အတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းများကို ခြေရာကောက်ခဲ့ပြီး စုစုပေါင်း သင်တန်းဆင်းသူ (၁၈၁)ဦး (အမျိုးသမီး ၆၉%) အား ခြေရာကောက်နိုင်ခဲ့ပါသည်။ ခြေရာကောက်ခြင်းမှ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းအား တက်ရောက်ခဲ့ပြီးနောက်ပိုင်း သင်တန်းဆင်းသူများ၏ (၇၁%) သည် အလုပ်အကိုင်ရရှိခဲ့သည်နှင့် (၁၇%) မှာ ကိုယ်ပိုင်လုပ်ငန်း စတင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။ သင်တန်းပြီးဆုံးပြီးနောက် ပေးအပ်သည့် ကူညီပံ့ပိုးမှုအား သင်တန်းပြီးဆုံးအောင် တက်ရောက်ပြီးသူ (၂၉)ဦးထံ ပေးအပ်ခဲ့ပါသည်။

**ရွှေ့ပြောင်းသွားလာခြင်း မပြုမီ ကွင်းဆင်းထောက်ကူပြုသည့် ဝန်ဆောင်မှုများ**

IOM ၏ တွဲလက်စီမံချက်သည် လုံခြုံစိတ်ချရပြီး အကျိုးဖြစ်ထွန်းသည့် အတွေ့အကြုံများ တွေ့ကြုံစေရန်အတွက် ရွှေ့ပြောင်းသွားလာခြင်း မပြုမီ ကွင်းဆင်း အထောက်အကူပြုပေးသည့် လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှု အများအပြား ရရှိခဲ့ပါသည်။ IOM နှင့် ယင်း၏ CSO မိတ်ဖက်အဖွဲ့အစည်းများ (ပါရမီ ဖွံ့ဖြိုးရေးကွန်ရက်၊ ချင်းလူ့အခွင့်အရေးအဖွဲ့၊ မွန်အမျိုးသမီးများ အဖွဲ့နှင့် လူမှု စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းအဖွဲ့) တို့မှ အပူပိုင်းဇုန်၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ ဦးတည် ရည်ရွယ်သည့် ကျေးရွာ (၁၇၃)ရွာမှ အကျိုးခံစားခွင့်ရှိသူ (၅၈,၃၃၀)ဦး (အမျိုးသမီး ၅၅%) အား ကူညီပံ့ပိုးပေးခဲ့ပါသည်။ ဝန်ဆောင်မှုများအား အခြေအနေတစ်ခုချင်းစီအတွက် လိုက်လျောညီထွေဖြစ်အောင် ပြုပြင် ပြောင်းလဲခဲ့ပြီး၊ ယင်းတွင် လုံခြုံစိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်း သွားလာမှုဆိုင်ရာသင်တန်း (ရွှေ့ပြောင်းသွားလာခြင်း မပြုမီ/ ငွေရေးကြေးရေးဆိုင်ရာ ပညာပေးခြင်း)၊ အဆင့်မြင့် ငွေကြေးဆိုင်ရာ အသိ ပညာပေး သင်တန်း၊ ရပ်ရွာလူထု အခြေပြုငွေ စုဆောင်းသည့် အုပ်စုများ၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပညာပေး ဖြေဖျော်သည့်ပွဲများ၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပြဇာတ်ပွဲများ ရောနှော ပေါင်းစပ် ပါဝင်ပါသည်။ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အကြံပေး စင်တာများမှ တဆင့် သတင်းအချက်အလက်များနှင့် အကူအညီများကိုလည်း (၂,၉၃၁)ဦးထံ ပေးအပ်ခဲ့ပါသည်။ သင်တန်းနှင့် သတင်းအချက်အလက်များကိုလည်း COVID–19 ကပ်ရောဂါဆိုင်ရာ လမ်းညွှန်မှုတွင် ပြောင်းလဲသွားသည်များနှင့် ကိုက်ညီစေရန်အတွက် နောက်ဆုံးအခြေအနေများကို ပုံမှန်ထည့်သွင်းခဲ့ပါသည်။ တွဲလက်၏ ရလဒ်များအား ဆန်းစစ်သည့် စစ်တမ်းရလဒ်များမှ အကျိုးခံစားခွင့်ရှိသူများ၏ သိသာထင်ရှားသည့် အရေအတွက်ပမာဏတွင် ရွှေ့ပြောင်းသွားလာမှုအတွက် အသိအမြင်များ ရှိခဲ့ပြီး ငွေစုဆောင်းသည့် အလေ့အကျင့်များ တိုးတက်ကောင်းမွန်ခဲ့သည်ကို တွေ့ရှိခဲ့ကာ စီမံချက်၏ ဦးတည်ရည်ရွယ်သော ဒေသများအားလုံးတွင် အလုပ်သမား အကြမ်းဖက်မှုများ လျော့ကျခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ ယင်းတွင် ရွှေ့ပြောင်းအလုပ်သမားများမှ အကျိုးဆောင်များမှ ကမ်းလှမ်းသည့် အလုပ်နှင့် ၎င်းတို့ လုပ်ကိုင်ရမည့် အလုပ်များတွင် ကွဲလွဲမှုရှိသည်အား သတိပြုမိသဖြင့် စာချုပ်များအား လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့သည်ဟု အစီအရင်ခံ တင်ပြမှုများလည်း ပါဝင်ခဲ့ပါသည်။

အပူပိုင်းဇုန်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်များတွင် CSO မိတ်ဖက်အဖွဲ့အစည်းများမှ စီစဉ်ကျင်းပခဲ့သော ပြဇာတ်ပွဲများနှင့် ပညာရေး ဖြေဖျော်သည့် အခမ်းအနားများသည် IOM ၏ တွဲလက်စီမံချက်မှ အထူးသဖြင့် ရည်မှန်းချက်ရှိသော ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ မိသားစုများအား ဦးတည်ရည်ရွယ်သည့် ကျေးရွာအဆင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးသည့် သင်တန်းများထက် ပိုမိုကျယ်ပြန့်သည့် ပရိသတ်များထံ ရောက်ရှိစေခဲ့ပါသည်။ ဖြေဖျော်မှုများအားလုံးတွင် ဖြေဖျော်ပြီးသည့်နောက် ဆွေးနွေးမှုအား ဆက်လက်လုပ်ဆောင်ခဲ့ပြီး ယင်းမှ ပရိသတ်များသည် အလွန်စိတ်ဝင်စားစွာ ပူးပေါင်းပါဝင်ခဲ့ပြီး၊ ပေးအပ်ခဲ့သည့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းစကားများအား ရရှိခဲ့ကြောင်းကို ပြသခဲ့ပါသည်။ ပွဲများမှ လုံလောက်သည့် သတင်း အချက်အလက်များ ပေးအပ်နိုင်ခြင်း မရှိသော်လည်း ရွှေ့ပြောင်းသွားလာရန် ရည်ရွယ်ချက်ရှိသည့်သူများသည် ရွှေ့ပြောင်း သွားလာခြင်းမပြုမီ ထပ်မံ၍ သတင်း အချက်အလက်များနှင့် ကူညီပံ့ပိုးမှုကို ရယူနိုင်ရန် ရှာဖွေမှု ပြုလုပ်ခြင်းမှ ထိရောက်မှု ရှိသည်အား သက်သေပြခဲ့ပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ဖြေဖျော်မှု ပြုလုပ်ပြီးနောက် ပါရမီ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်မှ စီမံခန့်ခွဲနေသည့် တောင်ကြီးမြို့ရှိ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကြံပေးစင်တာတွင် ဆိုက်ရောက်နိုင်ငံများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရရှိရန်အတွက် ဖုန်းခေါ်ဆိုမှုနှင့် လူကိုယ်တိုင် လာရောက်တွေ့ဆုံမှု အကြိမ် (၉၀)ကျော်အား လက်ခံ ရရှိခဲ့ပါသည်။

မတ်လတွင် COVID–19 ကပ်ရောဂါ ဖြစ်ပွားမှုသည့်အခါ IOM ၏ တွဲလက်စီမံချက်နှင့် ယင်း၏ CSO မိတ်ဖက်အဖွဲ့အစည်းများသည် မြန်မာ တနိုင်ငံလုံးရှိ ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ မိသားစုများအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုများအား တုံ့ပြန် ကာကွယ်ရန်အတွက် ဆက်လက်ဆောင်ရွက်နိုင်မည့် ပြုပြင်ပြောင်းလဲရန် လိုအပ်မည့် တိုးချဲ့ဆောင်ရွက်နိုင်မည့် စီမံကိန်းလုပ်ငန်းများ၏ လှုပ်ရှားဆောင်ရွက်မှုများကို အကဲဖြတ် ဆန်းစစ်ခဲ့ပါသည်။ အဓိက ချိန်ညှိမှုများအား COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှု တုံ့ပြန် ကာကွယ်ခြင်းတို့အား နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ၊ အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်းသွားလာသူများ၊ လူကုန်ကူးမှုမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန်နေသူများနှင့် ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများအတွက် ကူညီပံ့ပိုးမှု တိုးမြှင့်ပေးရန် အတွက် ပြုလုပ်ခဲ့ပါသည်။ IOM နှင့် ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် အဆိုပါ စီမံကိန်းလုပ်ငန်းများနှင့်အတူ ဦးတည်ရည်ရွယ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လူဦးရေ တစ်သန်းကျော် (အမျိုးသမီး ၅၂%) ထံ ရောက်ရှိခဲ့ပြီး နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် လူမှုအသိုက်အဝန်းများအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများအပေါ် အာရုံစိုက်သည့် တနိုင်ငံလုံး အတိုင်းအတာဖြင့် ပြုလုပ်သော အလျင်အမြန် ဆန်းစစ် အကဲဖြတ်မှုအား ပြီးစီးအောင် လုပ်ဆောင်ခဲ့ပါသည်။ ရွှေ့ပြောင်းသွားလာခြင်း မပြုမီ ပေးအပ်သည့် သင်တန်းပါ အကြောင်းအရာများတွင် ကျန်းမာရေးနှင့် ဆက်နွယ်နေသည့် သတင်းအချက်အလက်များ၊ ဆိုက်ရောက်နိုင်ငံများရှိ စည်းမျဉ်းစည်းကမ်းများနှင့် လိုအပ်ချက်များအား ပေးအပ်ခြင်း အပါအဝင် နောက်ဆုံးရရှိသည့် အချက်အလက်များ ထည့်သွင်းခဲ့ပါသည်။ နေရပ်ပြန်များအတွက် အသက်မွေးဝမ်းကျောင်းမှုများတွင် ပြန်လည်ပေါင်းစပ်သည့် ကူညီပံ့ပိုးမှုအား ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း၊ ဦးတည် ရည်ရွယ်သည့် လမ်းညွှန်နည်းပြပေးခြင်းဖြင့် အသေးစား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးခြင်းနှင့် ကိုက်ညီသည့် အလုပ်အကိုင် ရှာဖွေပေးသည့် ဝန်ဆောင်မှုများမှတဆင့် တိုးတက်အောင် လုပ်ဆောင်ခဲ့ပါသည်။

**လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များနှင့် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအား ထူးခြား ကောင်းမွန်အောင် တိုးချဲ့ဆောင်ရွက်ခြင်း**

IOM ၏ DIILM စီမံချက်သည် ကော့သောင်း၊ မြဝတီ၊ မြောက်ဒဂုံ၊ လှိုင်သာယာ၊ ပဲခူးနှင့် တာချီလိတ်မြို့များရှိ CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများမှ စီမံခန့်ခွဲသည့် ရွှေ့ပြောင်း အလုပ်သမားထောက်ပံ့ကူညီပေးရေး ဗဟိုဌာန (၆)ခုမှတဆင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များ၊ သင်တန်းနှင့် ဝန်ဆောင်မှုများကို ပေးအပ်ခြင်းကို ထူးခြား ကောင်းမွန်အောင် တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။ ထပ်မံ၍ ကွင်းဆင်း အထောက်အကူပြု ဆောင်ရွက်မှု၊ လူမှုကွန်ရက်မီဒီယာမှ စည်းရုံးဆော်ဩမှုများနှင့် ရေဒီယို အစီအစဉ်များကို အရှေ့တောင်ပိုင်း နယ်စပ်ဒေသရှိ ရွှေ့ပြောင်းသွားလာသူများအား ဦးတည် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဝန်ဆောင်မှုများသည် အစိုးရ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ရင်းမြစ်စင်တာ (MC) များ၏ ထိရောက်စွာ ကွင်းဆင်း အထောက်အကူပြုမှုနှင့် အကူအညီ တောင်းခံရန်အတွက် အစိုးရအရာရှိများအား ချဉ်းကပ် တောင်းဆိုရာတွင် ရွှေ့ပြောင်းသွားလာသူ အများအပြားသည် စိုးရွံ့နေသောကြောင့် ၎င်းတို့မှ ကမ်းလှမ်းသည့် ကူညီပံ့ပိုးမှုများအပေါ် အရေးပါသည့် ထပ်ဆောင်းပေးသည့် ဝန်ဆောင်မှုများ ဖြစ်ပါသည်။ လွန်ခဲ့သည့် (၁၈)လ၊ MC များ စတင်တည်ထောင်ပြီးသည်မှစ၍ ရွှေ့ပြောင်းသွားလာသူ (၃၇,၃၈၈)ဦး (အမျိုးသမီး ၄၄%) လုံခြုံစိတ်ချရပြီး အကျိုးခံစားရသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အတွေ့အကြုံများ တွေ့ကြုံစေရန် ကူညီပေးရန်အတွက် တိုက်ရိုက် ပေးအပ်သည့် ဝန်ဆောင်မှုများကို ရရှိခဲ့ပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသူ (၆၁,၀၀၀)ဦးထံ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ သတင်း အချက်အလက် စာရွက်စာတမ်းများကို ပံ့ပိုးပေးခဲ့ပါသည်။ ရှမ်းနှင့် မြန်မာဘာသာတို့ဖြင့် ထုတ်လွှင့် တင်ပြသည့် ရေဒီယိုနှင့် လူမှုမီဒီယာ ကွန်ရက်များမှတဆင့် ထောင်ပေါင်းများစွာသော သူများထံ ထပ်မံရောက်ရှိခဲ့ပါသည်။

| ဝန်ဆောင်မှု | ကျား | မ | မသိရှိနိုင် | စုစုပေါင်း |
|---|---|---|---|---|
| ရပ်ရွာလူထုအသိပညာပေးခြင်း | ၇,၇၀၉ | ၇,၀၃၄ | - | ၁၄,၇၄၃ |
| အားပေးထောက်ခံသည့် စည်းရုံးလှုံ့ဆော်မှု | ၁,၄၅၀ | ၁,၅၀၇ | - | ၂,၉၅၇ |
| သင်တန်းဝန်ဆောင်မှုများ | ၂,၉၈၇ | ၂,၆၀၄ | - | ၅,၅၉၁ |
| တိုင်ကြားသည့်ဖြစ်ရပ်များ | ၂,၀၇၁ | ၉၁၄ | - | ၂,၉၈၅ |
| ကိုယ်တိုင်လာရောက်သူများထံ ပေးအပ်သည့် ဝန်ဆောင်မှုများ | ၃,၁၄၈ | ၂,၉၃၄ | - | ၆,၀၈၂ |
| အရေးပေါ်တယ်လီဖုန်းလိုင်း | ၃,၅၅၁ | ၁,၄၂၉ | - | ၄,၉၈၀ |
| IEC ပစ္စည်းများ | - | - | ၆၁,၇၈၂ | ၆၁,၇၈၂ |
| လူမှုကွန်ယက်မီဒီယာမှ အပြန်အလှန် ပြောဆို ဆက်ဆံမှုများ | - | - | ၁၅၄,၅၈၄ | ၁၅၄,၅၈၄ |
| စုစုပေါင်း | ၂၀,၉၁၆ | ၁၆,၄၂၂ | ၂၁၆,၃၆၆ | ၂၅၃,၇၀၄ |

*ဇယား ၄.၁၄။ ၂၀၁၉–၂၀၂၀ ခုနှစ်တွင်း ILO ၏ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ စင်တာများမှ ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည့် ရွှေ့ပြောင်း သွားလာသူ အမျိုးသမီး နှင့် အမျိုးသားအရေအတွက်*

MC များသည် အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်သမားအခွင့်အရေးများအား အလွဲသုံးစားပြုခံရခြင်းနှင့် ဆက်နွယ်နေသော တိုင်ကြားချက်များကို ဖြေရှင်းရန်နှင့် လူမှုကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်များအား တောင်းဆိုခြင်းများ ပြုလုပ်ရန်အတွက် တရားမျှတမှုအား တိုးတက်ရရှိစေမှုတွင် ထိရောက်မှုရှိခဲ့ပါသည်။ MC များမှ အဆိုပါ ဝန်ဆောင်မှုများ စတင်ပေးသည့် အချိန်မှစ၍ မြောက်ဒဂုံမြို့နယ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် ကြိုးပမ်းအားထုတ်မှုများ၏ ဦးဆောင်မှုဖြင့် ရွှေ့ပြောင်းသွားလာသူ (၃၀,၀၀၀) (အမျိုးသမီး ၃၁%) နီးပါးသည် ၎င်းတို့၏ နစ်နာမှုများအား ဖြေရှင်းနိုင်ခဲ့ကြပါသည်။ အဆိုပါ အငြင်းပွားမှုများ တွင် နစ်နာကြေးအဖြစ် မြန်မာကျပ်ငွေ (၁၁၅)သန်း (ကန်ဒေါ်လာ ၈၂၈,၀၀၀)အား ပေးအပ်ခဲ့ပါသည်။ အများဆုံး တူညီသည့် ဖြစ်ရပ်များမှာ အလုပ်အကိုင်ခန့်ထား ပေးရန်အတွက် ဝန်ဆောင်ခ ပေးပြီးနောက် အလုပ်ခန့်ထားပေးနိုင်ခြင်း မရှိခြင်းနှင့် စာချုပ်အား အစားထိုးလိုက်ခြင်းတို့နှင့် ဆက်စပ်ပါသည်။

MC များသည် ရွှေ့ပြောင်းသွားလာသူများအတွက် LIFT ၏ COVID–19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ကာကွယ်မှုတွင် အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် နယ်စပ် ထိတွေ့နေသည့် အဓိကနယ်စပ် စစ်ဆေးရေးဂိတ်များရှိသည့် ကော့သောင်း၊ ထီးခီး၊ ဘုရားသုံးဆူတောင်ကြား၊ မြဝတီနှင့် တာချီလိတ်မြို့များတွင် ပထမဆုံး တုံ့ပြန်ကာကွယ်သည့် စင်တာများအဖြစ် ဆောင်ရွက်နေပါသည်။ ၎င်းတို့သည် မတ်လကုန်ပိုင်းတွင် ရွှေ့ပြောင်းသွားလာသူ ထောင်ပေါင်းများစွာ ပြန်လာသည့် ဖရိုဖရဲ ဖြစ်နေသည့်ကာလအတွင်း ဒေသအာဏာပိုင်များနှင့် အနီးကပ်ပူးပေါင်း လုပ်ဆောင်ခဲ့ကာ သတင်းအချက်အလက်များ၊ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ၊ အမျိုးသမီးလစဉ်သုံးပစ္စည်းများ၊ အစားအသောက်၊ ရေနှင့် ဆွေးနွေးတိုင်ပင် လမ်းညွှန်ခြင်းနှင့် ဥပဒေ အထောက်အကူပြု ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။ နေရပ်ရှိ လူမှုအသိုက်အဝန်းများတွင် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများ တည်ဆောက်ခဲ့ရာတွင် MRC များသည် သီးသန့်ထား စောင့်ကြည့်နေသည့် ကာလအတွင်း ရွှေ့ပြောင်းသွားလာသူများအား ကူညီပံ့ပိုးပေးရန်အတွက် ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှု များကို ပဲခူး၊ ဖားအံ၊ မော်လမြိုင်၊ စစ်ကိုင်း၊ ပခုက္ကူ၊ မကွေးနှင့် မြောက်ဒဂုံအထိ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ရွှေပြည်သာမြို့နယ်တွင် ရောင်ခြည်ဦး အလုပ်သမား အဖွဲ့သည် World Jin အထည်ချုပ်စက်ရုံမှ အလုပ်ထုတ်ခံခဲ့ရသည့် အလုပ်သမား (၅၀)ဦးအား နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ ထုတ်လုပ်ရန် သင်တန်းပေးခဲ့ပြီး ယင်းထုတ်ကုန်များအား ရန်ကုန်တိုင်းဒေသကြီး COVID–19 ကော်မတီမှ သီးသန့်ထား အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာများသို့ ဖြန့်ဖြူးပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ILO နှင့် ယင်း၏ CSO မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်သည့် COVID–19 ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရေးဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများမှ အကျိုးခံစားခွင့်ရှိသော ရွှေ့ပြောင်းသွားလာသူ (၁၄၁,၇၁၆)ဦး (အမျိုးသမီး ၄၄ ရာခိုင်နှုန်း) ထံ ကျား၊မ ရေးရာ အလေးထားသည့် ပညာပေးစာစောင်များ ပံ့ပိုးပေးခြင်းဖြင့် ရောက်ရှိခဲ့ကာ (၅၀,၆၆၆)ဦးထံ ကာကွယ် တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များ ပေးအပ်ခြင်းဖြင့် ရောက်ရှိခဲ့ပါသည်။ MC များသည် COVID–19 ကပ်ရောဂါ ကာလအတွင်း ရွှေ့ပြောင်း သွားလာသူများထံ ပေးအပ်သည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံ လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြု လက်မှတ်ရရှိခဲ့ပါသည်။

ဇန်နဝါရီလနှင့် မတ်လတို့တွင် အမျိုးသမီးအဖွဲ့အစည်းများ ကွန်ရက်၏ EVE စီမံချက်သည် ရန်ကုန်မြို့ လှိုင်သာယာနှင့် ဒဂုံမြို့သစ် မြို့နယ် များတွင် CSO မိတ်ဖက်အဖွဲ့အစည်းများ စီမံခန့်ခွဲသည့် ရွှေ့ပြောင်း အလုပ်သမားထောက်ပံ့ကူညီပေးရေး ဗဟိုဌာန (၄)ခု၏ ဖွင့်ပွဲ အခမ်းအနားများကို ကျင်းပခဲ့ပါသည်။ စင်တာများသည် အထူးသဖြင့် COVID–19 ကပ်ရောဂါ စတင်သည့် အချိန်၌ လည်ပတ်ဆောင်ရွက်နိုင်ပြီ ဖြစ်သဖြင့် အချိန်ကိုက်ဖြစ်ခဲ့ပြီး ကပ်ရောဂါကြောင့် ဆိုးရွားစွာ ထိခိုက်ခံခဲ့ရသည့် ရွှေ့ပြောင်းလုပ်သားများအတွက် မရှိမဖြစ် လိုအပ်သော အကူအညီပေးအပ်ရန်အတွက် အဆင်သင့် ဖြစ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် အလုပ်အကိုင် ဆုံးရှုံးသွားသည့် (သို့) ကျား၊ မ အခြေပြု အကြမ်းဖက်မှုအား ခံခဲ့ရသည့် အမျိုးသမီး ရွှေ့ပြောင်းလုပ်သား (၁၆၆)ဦးထံ အရေးပေါ် နားခိုစရာနေရာများ ပံ့ပိုးပေးခဲ့ပါသည်။ နေစရာအပြင် ၎င်းတို့အား အစားအသောက်များ၊ ကျား၊မ အခြေပြု အကြမ်းဖက်ခံရခြင်းအတွက် နှစ်သိမ့် ဆွေးနွေး လမ်းညွှန်မှုပေးခြင်း၊ အလုပ်သမား အခွင့်အရေးများ နှင့်ဆိုင်သည့် ပညာပေးခြင်းနှင့် ကိုက်ညီသည့် အလုပ်အကိုင် ရှာဖွေပေးသည့် ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။ ရွှေ့ပြောင်းအလုပ်သမားထောက်ပံ့ ကူညီပေးရေး ဗဟိုဌာနများမှ ကူညီပံ့ပိုးပေးခဲ့သည့် အဆိုပါသူများအနက်မှ အမျိုးသမီး (၃၅)ဦးသည် အလုပ်အကိုင် အသစ်များ ရရှိခဲ့ပါသည်။ စီမံချက်မှ ဆင့်တူသက်တူ ခေါင်းဆောင် (၇၅)ဦးအား ရှာဖွေဖော်ထုတ်ခဲ့ပြီး ယင်းတို့အား ကျား၊မ အခြေပြု အကြမ်းဖက်မှုနှင့် အလုပ်သမား အခွင့်အရေးများဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပါသည်။




*ပုံ ၄.၁၀။ ကော့သောင်းမြို့တွင် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ ထိုင်းနိုင်ငံမှ ပြန်ပို့ခြင်း ခံရပြီး သီးသန့်ထား စောင့်ကြည့်နေစဉ် ကလေးမွေးဖွားခဲ့သည့် အမျိုးသမီးတစ်ဦးထံ ဆေးကုသစောင့်ရှောက်မှု၊ ကလေးပစ္စည်းများ၊ အစားအသောက် နှင့် အဝတ်အထည်များ ပံ့ပိုးပေးခဲ့စဉ်*

PIN ၏ အေးချမ်းသော အိမ်စီမံချက်သည် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များ၊ ဥပဒေရေးရာ အကူအညီ၊ ငွေရေးကြေးရေးဆိုင်ရာ ပညာပေးသင်တန်းနှင့် အခြားဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူနိုင်ခြင်းဖြင့် ရွှေ့ပြောင်းလုပ်သားများ၏ အားနည်းထိခိုက်လွယ်မှုကို လျှော့ချရန်နှင့် ကြံ့ကြံ့ခံနိုင်စွမ်းအား ခိုင်မာအားကောင်းစေရန်တို့အတွက် အလုပ်သမား စင်တာ (၄)ခုအား တည်ထောင်ခဲ့ပါသည်။ အလုပ်သမား စင်တာများမှတဆင့် ရွှေ့ပြောင်းလုပ်သားများအတွက် ပေးအပ်သည့် အဓိက ဝန်ဆောင်မှုမှာ အလုပ်သမားအား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းဆိုင်ရာ ဖြစ်ရပ်များအတွက် ဥပဒေအထောက်အကူပြု ကူညီပံ့ပိုးမှု ဖြစ်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါဖြစ်ပွားမှုနှင့်အတူ Action Labour Rights နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်တို့မှ ပေးနေသည့် အဆိုပါဝန်ဆောင်မှုများအတွက် လိုအပ်ချက်မှာ အလွန်မြင့်မားလာခဲ့ပါသည်။ အလုပ်သမား (၄၁,၂၆၉)ဦး (အမျိုးသမီး ၇၆%) ပါဝင်ပတ်သက်နေသည့် တိုင်ကြားသည့် ဖြစ်ရပ် စုစုပေါင်း (၂၇၂)ခုအား လက်ခံရရှိခဲ့ပြီး ယင်းတို့အား အုပ်စုလိုက်နှင့် တစ်ဦးချင်းအလိုက် ဥပဒေ အထောက်အကူပြု ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပါသည်။ ဖြစ်ရပ်များ အနီးကပ်စောင့်ကြည့် စီမံခန့်ခွဲရန်နှင့် မျက်ခြည်မပြတ် စောင့်ကြည့်ရန်တို့အတွက် ဒီဂျစ်တယ်စနစ်ဖြင့် ဖြစ်ရပ် အထောက်အထား စာရွက်စာတမ်းများအား မှတ်တမ်းတင်သည့် စနစ်အား အကောင်အထည်ဖော်ခဲ့ပါသည်။ယခုအချိန်အထိ ဥပဒေကြောင်းဖြင့် ရယူပေးခဲ့သည့် ငွေကြေးဆိုင်ရာ ကုစားမှု ပမာဏ မှာ မြန်မာကျပ်ငွေ (၁,၃၄၀,၀၀၀,၀၀၀) (ကန်ဒေါ်လာ ၉၅၂,၀၀၀) ရှိကြောင်းကို မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်သား (၂,၀၀၀)ကျော်သည် သက်မွေးမှုဆိုင်ရာ ဆွေးနွေး လမ်းညွှန်ပေးခြင်း (ရွှေ့ပြောင်း သွားလာသူ ၁၂၅ ဦး)၊ အသက်မွေးမှု ကျွမ်းကျင် အတတ်ပညာ သင်တန်း (ရွှေ့ပြောင်းသွားလာသူ ၁၈၂ ဦး) ၊ အလုပ်အကိုင် ခန့်ထားမှုဆိုင်ရာ စိန်ခေါ်မှုများအပေါ် ဆင့်တူသက်တူ အပြန်အလှန်ဖလှယ်သည့် အခွင့်အလမ်းများ (ရွှေ့ပြောင်းသွားလာသူ ၁၈၂ ဦး) တို့အား ရရှိခဲ့ပါသည်။ လူ (၃၀)ဦးမှ တက်ရောက်ခဲ့သည့် အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ အသိပညာပေးသည့် အခမ်းအနားအား အွန်လိုင်းပေါ်မှ ထပ်မံ၍ (၂,၃၅၄)ဦးမှ ကြည့်ရှုခဲ့ပါသည်။ သတင်းအချက်အလက်များအား ပျို့ပျို့မြ မိုဘိုင်းလ်အပလီကေးရှင်းနှင့် ဖေ့စ်ဘုတ် စာမျက်နှာမှတဆင့် ထပ်မံ ဖြန့်ဝေခဲ့ရာ (၆၅၆,၇၀၃)ဦးထံ ရောက်ရှိခဲ့ပြီး၊ အေးချမ်းသောအိမ် ဖေ့စ်ဘုတ် စာမျက်နှာမှတဆင့် (၇,၅၀၀)ဦးထံ ရောက်ရှိခဲ့ပါသည်။

**ဥပဒေအထောက်အကူပြုသူ** (၂၆)ဦး အား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။

**အလုပ်သမားအခွင့်ရေးဆိုင်ရာ အမှု** (၂၇၂) မှုအား **ကိုင်တွယ်ခဲ့ပြီး** စုစုပေါင်း အလုပ်သမား (၄၁,၂၆၉)ဦးအား ကိုယ်စားပြုခဲ့ကာ **ကန်ဒေါ်လာ** (၉၅၂,၀၀၀) ကျော်အား **လျော်ကြေးပေး**ခဲ့ပါသည်။




*ပုံ ၄.၁၁ ။ ။ ရွှေပြည်သာတွင် အလုပ်သမား အခွင့်အရေး အလွဲသုံးစားပြုမှုများအတွက် ရွှေ့ပြောင်းလုပ်သားများထံ ပေးအပ်ခဲ့သည့် ဥပဒေရေးရာ အကူအညီများ*

COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ စိတ်ကျန်းမာရေးအပေါ် အန္တရာယ်ဖြစ်စေသော သက်ရောက်မှုအား ကာကွယ်တုံ့ပြန်ရာတွင် PIN နှင့် Helvetas တို့သည် အလုပ်သမားများ၏ မြင့်တက်လာသည့် စိုးရိမ်ကြောင့်ကြမှုများကို ဖြေရှင်းရာတွင် ကူညီပံ့ပိုးပေးရန်အတွက် စိတ်လူမှုပိုင်းဆိုင်ရာ ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးသည့် ဝန်ဆောင်မှုများကို စတင်လုပ်ဆောင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း၌ အလုပ်သမား (၆၄၀) ဦး (အမျိုးသမီး ၇၀% ကျော်)အား အလုပ်သမား စင်တာများ၌ (သို့) Call Me Today ဟု အမည်ရသော အရေးပေါ် တယ်လီဖုန်း ဆက်သွယ်ရေးလမ်းကြောင်းမှတဆင့် ဆွေးနွေးတိုင်ပင် လမ်းညွှန်ခြင်းကို ပေးအပ်ခဲ့ပါသည်။ တယ်လီဖုန်းခေါ်ဆိုမှု အများဆုံးမှာ အလုပ်အကိုင် ဆုံးရှုံးခြင်း၊ စိတ်ထိခိုက်ခံစားရမှုအား ကူညီပံ့ပိုးပေးမှုမရှိခြင်း၊ နေမကောင်းဖြစ်မည်ကို ကြောက်ရွံ့နေခြင်းတို့နှင့် ဆက်စပ် နေပါသည်။ အလုပ် သမား အများစုမှာ တစ်ဦးချင်း ဆွေးနွေးလမ်းညွှန်မှုပေးခြင်းထက် အုပ်စုလိုက်ပြုလုပ်ခြင်းသည် ၎င်းတို့အတွက် ပိုမိုသက်တောင့်သက်သာရှိသည်ဟု ခံစားရသောကြောင့် လူကိုယ်တိုင်ပါဝင်တက်ရောက်ရသည့် အုပ်စုလိုက် ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးသည့် ပွဲပုံစံမျိုးကို ပိုလိုလားကြပါသည်။ ဥပဒေရေးရာ အကူအညီ၊ ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းနှင့် အသက်မွေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးခြင်းကဲ့သို့သော ဝန်ဆောင်မှုများ ထပ်မံလိုအပ်ခဲ့ပါက ညွှန်းပို့မှုများကို ပြုလုပ်ခဲ့ပါသည်။





**အိမ်အကူအလုပ်သမားများအတွက် ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်း**

ILO သည် လူမှုရေးဆိုင်ရာ စီးပွားရေးလုပ်ငန်း Three Good Spoons နှင့် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့သော ၂၀၂၀ ခုနှစ်တွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအား အိမ်အကူ အလုပ်သမားအတွက် နောက်ထပ် (၂)သုတ်ကို ပို့ချပေးခဲ့ပါသည်။ လေးပတ်တာ ကြာမြင့်သည့် “Licence to Stir” အမည်ရသည့် အချိန်တိုအတွင်း အပြင်းအထန်ကြိုးပမ်းရသည့် သင်တန်းအား ယခုအခါတွင် အိမ်အကူ အလုပ်သမား (၅၁)ဦးမှ ပြီးစီးအောင် တက်ရောက်ခဲ့ပြီး ဖြစ်ပါသည်။ သင်ရိုးတွင် အစားအသောက်များအား ဘေးအန္တရာယ် ကင်းရှင်းစွာ ကိုင်တွယ်ခြင်း၊ မီးဖိုချောင်သန့်ရှင်းရေး၊ အချက်အပြုတ်အတတ်၊ မီးဖိုချောင် စီမံခန့်ခွဲခြင်း၊ အာဟာရဖွံ့ဖြိုးမှု၊ ငွေနှင့် အချိန်စီမံခန့်ခွဲခြင်းနှင့် ကိုယ်တိုင် ဘေးကင်းလုံခြုံရေးတို့ ပါဝင်ပါသည်။ သင်တန်းချဉ်းကပ်နည်းလမ်းမှ အိမ်အကူ လုပ်ငန်းတွင် လုပ်ကိုင်နေသည့် အမျိုးသမီးများသည် ပင်ကိုယ်အားဖြင့် အားနည်းထိခိုက်လွယ်သည့် (သို့) ပြောဆိုနိုင်ခွင့်မရှိ ဆိုသော အယူအဆ သဘောထားကို ငြင်းပယ်ပါသည်။ စင်စစ် ချဉ်းကပ်နည်းလမ်းသည် ၎င်းတို့အား လုပ်ပိုင်ခွင့်မပေးဘဲ ဘေးဖယ်ထားသည့် လူမှုရေးနှင့် ဥပဒေစံနှုန်းများ၊ အမျိုးသမီးများ၏ အလုပ်အားတန်ဖိုး မထားခြင်း၊ အထက်သို့ တက်လှမ်းနိုင်မှုအား လျော့ကျစေခြင်းနှင့် ၎င်းတို့၏ အပြည့်အဝ ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်ခြင်းအား တားဆီးထားခြင်းတို့အား တုံ့ပြန် ဆောင်ရွက်ပါသည်။ သင်တန်းမှ အိမ်အကူ အလုပ်အား ကျွမ်းကျင်မှုလိုအပ်သော အလုပ်အနေဖြင့် ပိုမိုထူးကဲစွာ အသိအမှတ်ပြုခံရစေရန်အတွက် ကူညီပံ့ပိုးပေးရန် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် လုပ်ကိုင်နိုင်စွမ်းတို့ကို တိုးမြှင့်စေရန်အတွက် ရည်ရွယ်ပါသည်။ သင်တန်းဆင်းခဲ့သည့် အိမ်အကူအလုပ်သမား (၁၉)ဦးသည် အိမ်အကူ အလုပ်သမား အခွင့်အရေးများအတွက် အသိပေးအရေးဆိုရန် ကင်မရာရှေ့တွင် လုံလောက်သည့် ယုံကြည်မှုရှိခဲ့သည်ကို လက်တွေ့ ပြသပေးခဲ့ပါသည်။ COVID-19 ကပ်ရောဂါကြောင့် သင်တန်းပို့ချရာတွင် အကန့် အသတ်များ ရှိလာခြင်းအား တုံ့ပြန်ဆောင်ရွက်ရာတွင် ILO သည် Licence to Stir သင်ရိုးညွှန်းတမ်းမှ အကြောင်းအရာများအား ပိုမို၍ လက်လှမ်းမီ ရယူနိုင်စေရန် လေ့လာသင်ယူသည့် ဗီဒီယိုဖိုင်အတို အခု (၄၀)နှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ ဗီဒီယိုဖိုင် (၅)ခု အပါအဝင် လေ့လာသင်ယူနိုင်သည့် ဒီဂျစ်တယ် နည်းစနစ်ဖြင့် ပြုလုပ်ထားသည့် အကြောင်းအရာအား ပေးအပ်နိုင်ရန် အတွက်လည်း ဘာသာ (၂)မျိုးဖြင့် အသုံးပြုနိုင်သည့် ဝက်ဆိုဒ်စာမျက်နှာအား ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။

**ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များအား လူမှုကွန်ရက်မီဒီယာမှ ပေးပို့ခြင်း**

IOM ၏ မယ်ရွှေ့ပြောင်း (Miss Migration) အလိုအလျောက်တုံ့ပြန် ပြောဆိုနိုင်သည့် ချက်ဘော့ (Chatbot) နှင့် ဖေ့စ်ဘုတ်စာမျက်နှာတို့မှ လူအများအလွယ်တကူ လက်လှမ်းမီ ရယူနိုင်သည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နောက်ဆုံးတိကျသည့် သတင်းအချက်အလက်များကို ပေးအပ်ပါသည်။ မယ်ရွှေ့ပြောင်းအား စတင်မိတ်ဆက်ပေးခဲ့သည့် အချိန်မှစ၍ နှစ်ခုစလုံး၏ အသုံးပြုသူ အရေအတွက်မှာ တဖြည်းဖြည်းခြင်း တိုးပွားလာခဲ့ပါသည်။ မယ်ရွှေ့ပြောင်း (Chatbot) တွင် အသုံးပြုသူများနှင့် ထူးခြားသည့် အပြန်အလှန် ပြောဆိုမှု (၅,၉၀၀) ကြိမ်ရှိခဲ့ပြီး ပုံမှန်စောင့်ကြည့်သူ (၂၀,၄၇၁)ဦး ရှိနေကာ လူပေါင်း (၄)သန်းထံ ရောက်ရှိသည့် အကြောင်းအရာများအား လွှင့်တင်ပေးခဲ့ပြီး ဖြစ်ပါသည်။ အများဆုံး တူညီသည့် စုံစမ်းမေးမြန်းမှုများမှာ မလေးရှား၊ ထိုင်းနှင့် ဂျပန်နိုင်ငံသို့ ရွှေ့ပြောင်းသွားလာခြင်းနှင့် ရွှေ့ပြောင်း လုပ်သားရင်းမြစ် စင်တာနှင့် ပတ်သက်သည့် မေးခွန်းများ ဖြစ်ခဲ့ပါသည်။



*ပုံ ၄.၁၂ ။ ။ ရှမ်းပြည်နယ်ရှိ နေရပ်ပြန် ရွှေ့ပြောင်းလုပ်သားတစ်ဦးမှ ပါရမီ ဖွံ့ဖြိုးရေးကွန်ယက်မှ ပေးအပ်သည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တစ်ဦးချင်းအလိုက် လမ်းညွှန်နည်းပြပေးခြင်းအား ခံယူနေစဉ်*

ဤအွန်လိုင်းပေါ်ရှိ သတင်းအချက်အလက်များသည် မြစ်ဝကျွန်းပေါ်ဒေသတွင် လုံခြုံစိတ်ချရပြီး အကျိုးဖြစ်ထွန်းသော ရွှေ့ပြောင်းသွားလာမှုအပေါ် ရွှေ့ပြောင်းသွားလာသူများနှင့် ယင်းတို့၏ မိသားစုဝင် (၈,၀၀၀)ကျော်အား အသေးစိတ်ပို့ချခဲ့သည့် သင်တန်းအား အတွက် သာမက ရပ်ရွာလူထု အခြေပြု လုံခြုံ စိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းအား မြှင့်တင်ပေးသူများ မှတဆင့် ရွှေ့ပြောင်းသွားလာသူ (၂,၃၀၀)ဦးမှ လက်ခံရရှိခဲ့သည့် ဆင့်တူသက်တူဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ထပ်မံ၍ အသုံးဝင်မည့် ဖြည့်စွက်ချက် တစ်ခုဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ အကျိုးခံစားခွင့် ရှိသူများအား ခြေရာကောက်ခြင်းမှ IOM MILDAS စီမံချက်သင်တန်းမှ ရွှေ့ပြောင်းသွားလာရန် ရည်ရွယ်ချက်ရှိသူများ၏ ၈၉% သည် ရွှေ့ပြောင်းသွားလာရန် အစီအစဉ် ရေးဆွဲရာတွင် အပြုသဘော ပိုဆောင်သည့် အမူအကျင့်များကို လက်ခံကျင့်သုံးသည့် ရလဒ် ရရှိခဲ့သည်ကို တွေ့ရှိခဲ့ပါသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း**

စီးပွားရေး၌ စွန့်ဦးတီထွင်လိုစိတ်အား ပြန့်နှံ့စေရန်အတွက် World Vision ၏ SHE စီမံချက်သည် ၂၀၂၀ ခုနှစ်တွင် ကချင်ပြည်နယ်၏ မြို့နယ် (၅)မြို့နယ်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအား စတင်ပေးအပ်ခဲ့ပါသည်။ ပြည်တွင်းနေရပ် စွန့်ခွာသူများစခန်း (၆၅)ခုနှင့် ဌာနေလူမှုအသိုက်အဝန်းများတွင် ပို့ချခဲ့သော စီးပွားရေး အမြင်ဖွင့် သင်တန်းအား စီးပွားရေးလုပ်ငန်းရှင် ဖြစ်ရန် ရည်မှန်းချက်ရှိသူ (၅၀၀)ဦး (အမျိုးသမီး ၉၇%) နီးပါးထံ ပေးအပ်ခဲ့ပါသည်။သင်တန်းတွင် ဈေးကွက်နှင့် ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ အခြေခံ အသိအမြင်များ၊ အရှုံးအမြတ် တွက်ချက်ခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခု၏ သဘောတရား၊ ငွေကြေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှု ရှိစေခြင်း နှင့် အခြားခေါင်းစဉ်များအား ပါဝင်ပါသည်။ သင်တန်းသည် မိတ်ဆက်ပေးသည့် သင်တန်းတစ်ခု ဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် ILO ၏ သင်၏ စီးပွားရေးလုပ်ငန်းအား စတင် လုပ်ကိုင်ပြီး တိုးတက်အောင် ဆောင်ရွက်သည့် နည်းစနစ် (Improve Your Business Methodology) မှ ဖြစ်နိုင်ခြေရှိသည့် စီးပွားရေးဆိုင်ရာ အကြံဉာဏ်များ ရှာဖွေဖော်ထုတ်ရန်၊ စီးပွားရေးလုပ်ငန်း အစီအစဉ် ရေးဆွဲရန်နှင့် စီးပွားရေးလုပ်ငန်းများ စတင် ထူထောင်ရန် တို့အတွက် ထပ်မံ၍ သင်တန်းများ ပို့ချသွားမည် ဖြစ်ပြီး ယခုအချိန်အထိ အကျိုးခံစားခွင့်ရှိသူ (၁၂၃)ဦး (အမျိုးသမီး ၉၆%) မှ လက်ခံရရှိခဲ့ပြီး ဖြစ်ပါသည်။ သင်တန်းနှင့် ပေါင်းစပ်ပြီး စီးပွားရေးလုပ်ငန်းရှင်ဖြစ်ရန် ရည်မှန်းချက်ရှိသောသူများမှ အသေးစား စီးပွားရေးလုပ်ငန်း တစ်ခု စတင်လုပ်ဆောင်နိုင်ရန် ဘဏ္ဍာရေး ရင်းမြစ်များ ရယူရာတွင် အကူအညီပေးရန်အတွက် ငွေစုဆောင်းသည့် အုပ်စု (၆၄)စုအား အဖွဲ့ဝင် (၁,၁၈၅)ဦး (အမျိုးသမီး ၈၇%) ဖြင့် ထူထောင်ခဲ့ပါသည်။ အလားအလာရှိသော စီးပွားရေး အကြံဉာဏ်များအတွက် အသေးစား ထောက်ပံ့မှု များ အား ပေးအပ်သွားမည် ဖြစ်ပါသည်။ စခန်းများရှိ စီးပွားရေးလုပ်ငန်းရှင်ဖြစ်ရန် ရည်မှန်းချက်ရှိသောသူများ၏ ချေးငွေ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်အား ဖြည့်ဆည်းပေးသည့် အခြေအနေလိုက်၍ သီးသန့်ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ရန်အတွက် ပံ့ပိုး ကူညီပေးရန် LIFT မှ ပံ့ပိုးပေးသည့် VisionFund Myanmar နှင့် MFI များနှင့် ချိတ်ဆက်မှုများကို တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုများအား အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ ရရှိစေနိုင်ရန်အတွက် World Vision သည် တနှစ်တာလုံး လယ်ယာပြင်ပ အလုပ်အကိုင် ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပို့ချခြင်းကိုလည်း စတင် ဆောင်ရွက်ခဲ့ပါသည်။ ယင်း၏ အလုပ်သမားဈေးကွက်ရှာဖွေဖော်ထုတ်သည့် ကာလအတွင်းသင့်တော်သည့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ အသက်မွေးဝမ်းကျောင်း သင်တန်းပေးသူများအား ရှာဖွေဖော်ထုတ်ခြင်း ပြုလုပ်ပြီးနောက် SHE စီမံချက်သည် အလုပ်အကိုင်အတွက် အဆင့်သင့်ဖြစ်မှု၊ ဘဝသက်တာ ကျွမ်းကျင်မှုများနှင့် လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာမှုတို့ဆိုင်ရာ အကြိုသင်တန်းအား စခန်း (၅၄)ခုနှင့် ဌာနေ လူမှု အသိုက်အဝန်းများရှိ လူငယ် (၅၇၈)ဦး (အမျိုးသမီး ၇၂%) ထံ ပို့ချပေးခဲ့ပါသည်။ ဤကနဦး သင်တန်းအား အောင်မြင်ပြီးစီးအောင် တက်ရောက်ပြီး နောက်ပိုင်းတွင် အလုပ်အကိုင်ရှာဖွေရာတွင် ၎င်းတို့၏ ဆုံးဖြတ်ချက်အပေါ် မူတည်၍ ဈေးကွက်ဦးစားပေး သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန်အတွက် လူငယ်များအား ရွေးချယ်ခဲ့ ပါသည်။ ပထမအသုတ် သင်တန်းသား ၅၂ဦး (အမျိုးသမီး ၇၂%) သည် နှစ်လမှ ခြောက်လအထိ ကြာမြင့်သည့် ဆံသလုပ်ငန်း၊ အပ်ချုပ်လုပ်ငန်း၊ အလှဖန်တီးရှင်၊ ဆေးရောင်းသူ/ သူနာပြုအကူ၊ မော်တော်ဆိုင်ကယ်ပြုပြင်ရေး၊ ကားပြုပြင်ရေး ဆိုင်ရာ အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ သင်တန်းများတွင် ပါဝင်တက်ရောက်နေကြပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်း၊ မန္တလေးနှင့် ရန်ကုန်တို့ရှိ အဆိုပါ လုပ်ငန်း ကဏ္ဍများမှ ပုဂ္ဂလိက ကဏ္ဍ အလုပ်ရှင် (၅၈)ဦးနှင့် ဆွေးနွေးတိုင်ပင်၍ သင်တန်းများအား ပြီးဆုံးအောင် တက်ရောက်ပြီး သည့်နောက် အဆိုပါ သင်တန်းသားများ အားလုံးအား အလုပ်သင်အနေဖြင့် လုပ်ကိုင်နိုင်ရန်နှင့် အလုပ်ခန့်ထားပေးမှု တို့အတွက် အခွင့်အလမ်းများကို ရှာဖွေ ဖော်ထုတ်ခဲ့ပါသည်။

ADRA ၏ VESI စီမံချက်သည် လားရှိုး၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့များရှိ အစိုးရ နည်းပညာ အထက်တန်းကျောင်း (၃)ကျောင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း စတင် ပို့ချပေးခဲ့ပါသည်။ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေလူမှုအသိုက်အဝန်းများမှ လူငယ် (၂၅၈)ဦး (အမျိုးသမီး ၂၂% နှင့် မသန်စွမ်းသူ ၅%) အား ခေါ်ယူ၍ အမျိုးသားအဆင့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်းများနှင့် ချိန်ညှိထားသော ကွန်ပျူတာနှင့် ရုံးလုပ်ငန်းစီမံခန့်ခွဲခြင်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးကြိုး သွယ်တန်းခြင်းဆိုင်ရာ စွမ်းရည်အပေါ် အခြေခံသည့် အသက်မွေးဝမ်းကျောင်း သင်တန်းကို ပြီးစီးအောင် တက်ရောက်စေခဲ့ပါသည်။ သင်တန်း တစ်ခုချင်းစီ၏ စုစုပေါင်း သင်တန်းချိန်မှာ (၃၆၀) နာရီ ဖြစ်ပြီး စာတွေ့ (၂၀%) ပါဝင်ပြီး လက်တွေ့မှာ (၈၀%) ပါဝင်ပါသည်။ အားလုံး ပါဝင်စေမည့် ချဉ်းကပ်နည်းလမ်း ဖြစ်စေရန် စက်ချုပ်ပညာ၊ လက်မှုပညာနှင့် ဆောက်လုပ်ရေး ဆိုင်ရာ ရက်တိုသင်တန်းများလည်း ထပ်မံ ဖော်ဆောင်ခဲ့ပါသည်။ အထက်တန်းတွင် အမျိုးသမီးများပါဝင် တက်ရောက်ခွင့်ရရှိခြင်းအား တိုးမြှင့်စေရန်အတွက် အထောက်အကူ ဖြစ်စေရန် ကျား၊ မ တန်းတူညီမျှမှုကို အလေးပေးသည့် လေ့လာမှုတစ်ရပ်အား လုပ်ဆောင်ခဲ့ပါသည်။ သင်တန်းသားများအား ၎င်းတို့၏ အလုပ်အကိုင် ရရှိနိုင်မှု တိုးတက်များပြားလာစေရန် နှင့် သင်တန်း တက်ရောက်ပြီးသည့် နောက်ပိုင်း အောင်မြင်နိုင်မည့် အလားအလာရှိစေရန်တို့အတွက် ဘဝသက်တာ ကျွမ်းကျင်မှုများ၊ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများ၊ အလုပ်သင်အဖြစ် လုပ်ကိုင်ခြင်းများနှင့် ကိုက်ညီသည့် အလုပ် ရှာဖွေပေးသည့် ကူညီပံ့ပိုးမှုတို့ကိုလည်း ပေးအပ်





ခဲ့ပါသည်။ ခြေရာကောက် လေ့လာမှုတစ်ရပ်အား ပြုလုပ်ခဲ့ပြီး ယင်းမှ ခန့်မှန်းခြေ သင်တန်းဆင်းသူများ၏ (၄၅%) သည် ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ စတင် လုပ်ကိုင်နိုင်ခဲ့ကြသည် (သို့) အလုပ်အကိုင် ရရှိခဲ့သည် ကို တွေ့ရှိခဲ့ပါသည်။

ADRA ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများသည် အလုပ်သမား ဈေးကွက် လိုအပ်ချက်များနှင့် အလုပ်သင် အဖြစ်ခန့်အပ်နိုင်ရန်နှင့် အလုပ်အကိုင် ရှာဖွေပေးသည့် လုပ်ရှားဆောင်ရွက်မှုများအား ပံ့ပိုးကူညီပေး ရာတွင် လျင်မြန်စွာ တုံ့ပြန် ဆောင်ရွက်နိုင်စေရန် ပုဂ္ဂလိက ကဏ္ဍနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ခြင်းမှာ မရှိမဖြစ် လိုအပ်ပါသည်။ သို့သော်လည်း ကံမကောင်း အကြောင်းမလှစွာ ယခင်က ဈေးကွက် လိုအပ်ချက်နှင့်များစွာ သင့်လျော်ခြင်းမရှိသည့် သင်တန်းများကိုသာ ပို့ချခဲ့သည့် သမိုင်းကြောင်းရှိခဲ့ခြင်းမှာ မြန်မာနိုင်ငံ၏ TVET စနစ်များ၏ ကာလရှည်ကြာနေပြီဖြစ်သည့် အားနည်းချက် ဖြစ်ပါသည်။ အစိုးရ နည်းပညာ အထက်တန်းကျောင်းများ နှင့် ပြည်တွင်းကုမ္ပဏီများအကြား ချိတ်ဆက်မှုများ တိုးတက်ကောင်းမွန်စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် အစည်းအဝေးများအား စီးပွားရေးလုပ်ငန်းရှင် (၁၁၁)ဦးနှင့် စီစဉ် ကျင်းပပေးခဲ့ပါသည်။ VES မှ လေ့ကျင့် သင်ကြား ပေးသည့် ကျောင်းသားများအား စာတွေ့ သင်ရိုးများကို ပြီးဆုံးအောင် တက်ရောက်ပြီးသည်နှင့် အလုပ်သင်အဖြစ် အလုပ်အကိုင် ခန့်ထားပေးရန်အတွက် ကုမ္ပဏီ (၅၇)ခုနှင့် နားလည်မှု စာချွန်လွှာများအား သဘောတူ ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ကြိုးပမ်းအားထုတ်မှုများအရ မြစ်ကြီးနား၊ လားရှိုးနှင့် ဗန်းမော်ရှိ သင်တန်းသားများ အားလုံးနီးပါးသည် ယခုအခါတွင် အလုပ်သင်အဖြစ် လုပ်ကိုင်ခဲ့ပြီးဖြစ်ကာ ၎င်းတို့သည် သင်တန်းပြီးဆုံးပြီးနောက် အလုပ်အကိုင် ရရှိရန် (သို့) အသေးစား စီးပွားရေးလုပ်ငန်းများ စတင် ထူထောင်ရန်အတွက် ကူညီပံ့ပိုးမှုအား ထပ်မံ ရရှိခဲ့ပါသည်။

# ရှေ့သို့မျှော်ကြည့်လျှင်

အာဏာရှင်အစိုးရများအောက်၌ ဆယ်စုနှစ်ပေါင်းများစွာ လျစ်လျူရှုမှုအား ကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံ အလုပ်သမား ဈေးကွက်ရှိ လုပ်ငန်းခွင် အခြေအနေများမှာ အလုပ်ရှင်များမှ ၎င်းတို့၏ အလုပ်သမားများအတွက် အလုပ်အကိုင် ခန့်ထားခြင်းဆိုင်ရာ စည်းမျဉ်းများကို တစ်ဖက်သတ် ချမှတ်ခြင်းနှင့် အလုပ်သမား အခွင့်အရေးများအားလုံလောက်စွာ ပြဋ္ဌာန်းထားမှု မရှိခြင်း (သို့) လက်တွေ့ကျင့်သုံးရာတွင် ဥပဒေ/အမိန့်တို့ဖြင့် အာဏာတည်စေမှု မရှိခြင်းတို့ကြောင့် အစိုးရမှ စွက်ဖက်ခြင်း မရှိဘဲ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် စနစ်ဖြစ်ပေါ်စေရန် ဖြည့်ဆည်းပံ့ပိုး ပေးနေပါသည်။ တပြိုင်နက်တည်းမှာပင် နိုင်ငံတကာ အသိုက်အဝန်းများမှ အထီးကျန်စေခြင်းနှင့် တင်းကြပ်သည့် စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုခံရသည့် အစိုးရတို့ကြောင့် ဖွံ့ဖြိုးမှုနိမ့်ကျခြင်းကို ဖြစ်ပေါ်စေခဲ့ပြီး ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ လုံလုံလောက်လောက် မရှိခြင်းနှင့် လုပ်သား အင်အားအများစုမှာ ကုန်ထုတ်စွမ်းအား နိမ့်ကျသည့် တနိုင်တပိုင် စိုက်ပျိုးရေးလုပ်ငန်းတွင်သာ အလုပ်အကိုင် ရရှိကြပါသည်။ အလုပ်သမား စီမံအုပ်ချုပ်မှု အားနည်းခြင်း နှင့် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားခြင်းတို့ ပေါင်းစပ်လိုက်သည့်အခါ အလုပ်သမား ဈေးကွက်မှာ မြန်မာ့ အလုပ်သမား အများစုအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ရရှိနိုင်မည့် အခြေအနေများအား စီစဉ် ဖန်တီးပေးနိုင်ခြင်း မရှိခဲ့ပါ။

၂၀၁၀ ခုနှစ်တွင် နိုင်ငံရေးနှင့် စီးပွားရေးတို့တွင် ကန့်သတ်ချက်များ အများအပြားအား ဖယ်ရှားလိုက်သည့် လုပ်ငန်းစဉ် စတင်သည့် အချိန်မှစ၍ မြန်မာနိုင်ငံ၏ ခေတ်နှင့် ကိုက်ညီမှု မရှိသော အလုပ်သမားဥပဒေနှင့် မူဝါဒမူဘောင်များအား ပြုပြင်ပြောင်းလဲရာတွင် အစွမ်းကုန် အားထုတ် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ အလုပ်သမား ရွှေ့ပြောင်း သွားလာခြင်း၊ အနိမ့်ဆုံး လုပ်ခလစာများ၊ လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းခွင့်၊ အငြင်းပွားမှု ဖြေရှင်းခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေး နှင့် အလုပ်သမား စီမံအုပ်ချုပ်မှုဆိုင်ရာ အခြား အဓိက လိုအပ်ချက်များနှင့် ဆက်နွယ်နေသည့် အရေးပါသည့် ပိုမိုတိုးတက် ကောင်းမွန်အောင် မွမ်းမံထားသည်များကို ဥပဒေပြုခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း အဆိုပါ ဥပဒေနှင့် မူဝါဒများသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိခြင်းနှင့် ထိရောက်စွာ အကောင်အထည် ဖော်ခြင်းတို့တွင် စိန်ခေါ်မှုများစွာ ဆက်လက် ကျန်ရှိနေပြီး ပါဝင်ပတ်သက်နေသည့် လှုပ်ရှား ဆောင်ရွက်သူများအတွက် အားပေးထောက်ခံမှုနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့အား ထပ်မံ၍ လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။ ထို့အပြင် ထိုကဲ့သို့သော မူဝါဒအသစ်နှင့် ဥပဒေများအား ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားပြီး ဖြစ်သော်လည်း ပါဝင်ပတ်သက်နေသည့် အဓိက ပတ်သက် ဆက်နွယ်နေသူများ အကြား ပိုမို၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ဆွေးနွေးခြင်းများပြုလုပ်ရန် လိုအပ်သည့် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်အား မြှင့်တင် ရာတွင် အစိုးရ၏ အရေးယူဆောင်ရွက်မှုများအတွင်း၌ ဆက်စပ်မှုများ မရှိဘဲ ဖြစ်နေပါသည်။

ဤသို့ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် ကာလအတွင်း မြန်မာနိုင်ငံ၏ အလုပ်သမား ဈေးကွက်၌ အလုပ်သမားများ၏ အခွင့်အရေးများ တိုးတက်ရရှိစေခြင်းနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် နည်းပါးခြင်းတို့ကို ဖြေရှင်းဆောင်ရွက်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့သော်လည်း ပြောင်းလဲမှုများ စတင် ဖြစ်ပေါ်သည့် အဆင့်၌သာ ရှိနေပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိလွယ်ရှလွယ်သော အဆင့်တွင်သာ ရှိနေပါသေးသည်။ မြန်မာနိုင်ငံတွင် မကြာသေးမီက စစ်တပ်မှ အာဏာသိမ်းလိုက်ခြင်းနှင့်အတူ ဤတိုးတက်မှု အများအပြားမှာ နောက်ပြန်ဆုတ်သွားပါသည်။ ယခုပင် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခြင်းနှင့် စုပေါင်း၍ ညှိနှိုင်းခြင်းတို့အား အတိအလင်း ပြင်းထန်စွာ ဝေဖန်တိုက်ခိုက်ခြင်း ခံနေရခြင်းများ များပြားလာပြီး စစ်တပ်၏ အာဏာဖြင့် အတင်းအဓမ္မစေခိုင်းရန် အသုံးပြုခြင်း ရှိကြောင်း တင်ပြသည့် အစီရင်ခံစာ အသစ်အချို့လည်း ရှိနေပါသည်။ မြန်မာနိုင်ငံရှိ အလုပ်သမား သမဂ္ဂနှင့် အလုပ်သမား အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်း အများစုအား တရားဝင် အဖွဲ့အစည်းများ မဟုတ်ကြောင်း ကြေငြာခဲ့ပြီး အကယ်၍ ဆက်လက် လှုပ်ရှားဆောင်ရွက်ပါက ခေါင်းဆောင်သူများအား ဖမ်းဆီးခံရခြင်း နှင့် တရားစွဲဆို ခံရခြင်းတို့ကို ကြုံတွေ့နေပါသည်။ ၎င်းတို့၏ အလုပ်သမား အခွင့်အရေးများကို ရဲရဲဝံ့ဝံ့ ပြောဆိုရန် ကြိုးပမ်းသည့် အလုပ်သမားများမှာ အကြမ်းဖက် နှိပ်ကွပ်ခြင်း ကြုံတွေ့

ခဲ့ရပြီး ရန်ကုန်မြို့ပြဝန်းကျင် ဒေသရှိ များပြားလှသည့် ပြည်တွင်းရွှေ့ပြောင်း သွားလာသူများ သည် ၎င်းတို့ နေအိမ်များရှိရာ ဌာနေလူမှုအသိုက်အဝန်းများ ဆီသို့ ထွက်ပြေးသွား ခဲ့ကြပါသည်။

တုံ့ပြန် ဆောင်ရွက်ရာတွင် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှုဆိုင်ရာ စီမံကိန်းသည် ရုတ်ချည်း ပြောင်းလဲသွားသည့် လက်တွေ့အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ထိရောက်သည့် ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရန် လိုအပ်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အခွင့်အရေးများ အခြေခံသည့် အလုပ်သမား စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ထက်သန်နေသည့် အစိုးရ မိတ်ဖက်အဖွဲ့အစည်းများ ရှိမနေသည့်အချိန်တွင် စီမံချက်သည် ၎င်း၏ လှုပ်ရှားဆောင်ရွက်မှု များအား အထူးသဖြင့် အဖွဲ့အစည်းဆိုင်ရာ ကြံ့ခိုင်ခံနိုင်စွမ်း၊ ဝန်ဆောင်မှုပေးအပ်သည့် စွမ်းဆောင်ရည်နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းနှင့် အလုပ်သမား အဖွဲ့အစည်းများ၏ အလုပ်သမားများအား စည်းရုံးလှုပ်ရှား ဆောင်ရွက်မှုများကို တည်ဆောက်ခြင်းမှတဆင့် ရွှေ့ပြောင်း သွားလာသူ အမျိုးသားများ၊ အမျိုးသမီးများနှင့် အခြား အားနည်းထိခိုက်လွယ်သူများထံ တိုက်ရိုက် ပေးအပ်သည့် ကူညီပံ့ပိုးမှုများ ခိုင်မာ အားကောင်းစေခြင်းအပေါ် ပြောင်းလဲ အာရုံစိုက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းသည် အဆိုပါ အောက်ခြေ အဖွဲ့အစည်းများနှင့် အဓိက အခိုင်အမာ မိတ်ဖက်ပြုမှုများနှင့် ဝန်းရံဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ကသောင်းကနင်း ဖြစ်နေသည့် ဤကာလအတွင်း ရွှေ့ပြောင်း သွားလာသူများနှင့် အခြား အားနည်းထိခိုက်လွယ်သည့် အလုပ်သမားများအား မရှိမဖြစ် လိုအပ်သော ကူညီပံ့ပိုးမှုအား ဆက်လက် ပေးအပ်နိုင်ရန် အတွက် သင့်လျော်သည့် အနေအထားကောင်း တစ်ခုတွင် ရောက်ရှိနေပြီ ဖြစ်ပါသည်။





*ဤလိုက်လျောညီထွေ ပြုပြင်စီမံခန့်ခွဲသည့် မဟာဗျူဟာသည် LIFT နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများအား မြန်မာနိုင်ငံရှိ ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများအတွက် COVID-19 ကပ်ရောဂါအား အကြီးဆုံး စီမံကိန်းဖြင့် တုံ့ပြန်ကာကွယ်မှုပေးရန်အတွက် လုပ်ဆောင်နိုင်ခဲ့ပါသည်။*



ကျွမ်းကျင်မှုများ တိုးတက်လာအောင် ကြိုးပမ်းပြီး ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင်အခြေအနေများရရှိအောင် ညှိနှိုင်းသည့် နည်းလမ်းများ သင်ယူလျက်ရှိသည့် မမြအေး

# မြအေး

ကျွန်မ နာမည်က မမြအေး ဖြစ်ပါတယ်။ ကျွန်မက ဧရာဝတီမြစ်ဝကျွန်းပေါ်သူ ဖြစ်ပါတယ်။ ကျွန်မ အထက်တန်းကျောင်းသူဘဝက ကျောင်းလခ နဲ့ ကျောင်းစရိတ် ကာမိစေဖို့အတွက် ရန်ကုန်ကို အလုပ်လုပ်ဖို့ လာခဲ့ပါတယ်။ ကျွန်မ ကျောင်းပြီးသွားပြီးတဲ့နောက် ကလေးထိန်း အနေနဲ့ (၁၃)နှစ်လောက် လုပ်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အိမ်အကူ အလုပ်သမားအနေနဲ့ စလုပ်ခဲ့ပြီး အခုဆိုရင် လုပ်နေတာ (၇)နှစ် ရှိသွားပါပြီ။

အဲဒီအချိန်မှာ ရန်ကုန်မှာရှိတဲ့ Three Good Spoons မှ ပေးတဲ့ “License to Stir” လို့ ခေါ်တဲ့ ILO သင်တန်းကို တက်ဖို့ အခွင့်အရေး ရရှိခဲ့ပါတယ်။ သင်တန်းတက်ပြီးတဲ့နောက်မှာတော့ လုပ်ခလစာနဲ့ လုပ်ငန်းခွင် အခြေအနေက ဘယ်လိုဖြစ်သင့်သလဲဆိုတာကို ပိုမိုနားလည်လာပါတယ်။ ကျွန်မ အလုပ်ပြန်လုပ်တဲ့အခါ ကျွန်မလုပ်ရမဲ့ အလုပ်ချိန်နာရီ၊ နားရမဲ့ အချိန်နဲ့ ကျွန်မရမဲ့ လစာကို အလုပ်ရှင်နဲ့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ကျွန်မ အလုပ်ရှင်က ကျွန်မ အဆိုပြုတဲ့ အချက်အလက်တွေကို သဘောတူခဲ့ပြီး ကျွန်မ လစာကို တစ်လ ကန်ဒေါ်လာ (၂၅၀) ကနေ (၃၅၀) တိုးပေးခဲ့ပါတယ်။

၂၀၂၀ ခုနှစ် ဇွန်လထဲမှာ ကျွန်မ အလုပ်ရှင်က သူ့နိုင်ငံသူ ပြန်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့က သူတို့မသွားခင် အလုပ်ရှင် အသစ် တစ်ယောက်ကို ရှာဖို့လည်း ကူညီပေးခဲ့ပါတယ်။ အခု ကျွန်မ အလုပ်မှာ ကျွန်မ ပျော်နေပါတယ်။ ကျွန်မ ကောင်းမွန်တဲ့ လုပ်ငန်းခွင် အခြေအနေတွေနဲ့ ခံစားပိုင်ခွင့် တွေရပြီး လစာ တစ်လကို ကန်ဒေါ်လာ (၄၀၀) ရပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ ယုံကြည်မှုတွေနဲ့ အလုပ်သမား အခွင့် အရေးများနဲ့ ပတ်သက်ပြီး အသိအမြင် တိုးစေခဲ့တဲ့ Three Good Spoons အစီအစဉ်ကနေ ကျွန်မ သင်ယူခဲ့ရတာတွေကြောင့်ပါ။ အခု အခါမှာတော့ ကျွန်မ အလုပ်ရဲ့ တန်ဖိုးကို ပိုမိုတန်ဖိုးထားတတ်လာတယ်လို့ ခံစားရပြီး ကျွန်မရဲ့ အလုပ်ခန့်ထားတဲ့ စာချုပ်မှာ ပါတဲ့ စည်းမျဉ်းစည်းကမ်းတွေကို သိရှိပြီး နားလည် သဘောပေါက်လာပါတယ်။

ကျွန်မ သင်ယူခဲ့ရတဲ့ ကျွမ်းကျင်မှုများနဲ့ သင်ခန်းစာတွေက ကျွန်မ ဘဝမှာ အကြီးအကျယ် ပြောင်းလဲတွေ ဖြစ်ခဲ့တဲ့အတွက် Three Good Spoons ရဲ့ အစီအစဉ်ကို ကျွန်မ အနေနဲ့ အလွန်ကျေးဇူးတင်ပါတယ်။ အခြား အိမ်အကူ အလုပ်သမားတွေလည်း အဲ့လိုမျိုး ကျွမ်းကျင်မှုတွေကို ရနိုင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်မိပါတယ်။ အခုတော့ ကျွန်မ လစာတွေကို ကျွန်မ မွေးတဲ့မြို့မှာ စီးပွားရေးလုပ်ငန်း တစ်ခု တည်ထောင်ဖို့ စုနေ ပါတယ်။ ဒါဟာ ကျွန်မ အိပ်မက်ပါဘဲ။ ကျွန်မအနေနဲ့ အိမ်အကူ အလုပ်သမားအားလုံးကို Three Good Spoons သင်တန်းကို တက်ဖို့ တိုက်တွန်းချင်ပါတယ်။ ဒါမှသာ သူတို့တွေလည်း သူတို့အိပ်မက်တွေကို အကောင်အထည် ဖော်နိုင်မှာပါ။

*ကျွန်မ သင်ယူခဲ့ရတဲ့ ကျွမ်းကျင်မှုများ နဲ့ သင်ခန်းစာတွေက ကျွန်မ ဘဝမှာ အကြီးအကျယ် ပြောင်းလဲတွေ ဖြစ်ခဲ့တဲ့ အတွက် Three Good Spoons ရဲ့ အစီအစဉ်ကို ကျွန်မ အနေနဲ့ အလွန် ကျေးဇူးတင်ပါတယ်။ အခြား အိမ်အကူ အလုပ်သမားတွေလည်း အဲ့လိုမျိုး ကျွမ်းကျင်မှုတွေကို ရနိုင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်မိပါတယ်။*

*— မြအေး*




# မနန်းကြူအတွက် COVID-19 ကပ်ရောဂါ ကာလအတွင်း အိမ်အပြန် ခရီးရှည်





မနန်းကြူသည် ထိုင်းနိုင်ငံမှ ရှမ်းပြည်နယ်သို့ မကြာသေးမီက ပြန် လာသည့် အသက် (၂၇)နှစ် အရွယ် အမျိုးသမီး ရွှေ့ပြောင်း သွားလာသူ တစ်ဦး ဖြစ်ပါသည်။ ယခုအခါတွင် သူမ၏ ခင်ပွန်းသည် ထိုင်းနိုင်ငံရှိ ဆောက်လုပ်ရေး လုပ်ငန်းတွင် ဆက်လက် အလုပ်လုပ် ကိုင်နေသော်လည်း သူမသည် နေရပ် ဟိုနမ်ရွာသို့ ပြန်ရောက်နေပြီ ဖြစ်ပြီး သူမ၏ သား ယောကျ်ားလေး (၂)ဦးအား အချိန်ပေး၍ ပြုစု စောင့်ရှောက်နေပြီ ဖြစ်ပါသည်။

COVID-19 ကပ်ရောဂါ မဖြစ်ပွားမီ မနန်းကြူသည် သူမ ကိုယ်ဝန်ရှိနေသော်လည်း ထိုင်းနိုင်ငံရှိ သူမအမျိုးသားထံ သွားရောက်ရန်အတွက် ဒေသခံ ပွဲစားမှတဆင့် ရွှေ့ပြောင်း လုပ်ကိုင်ခဲ့ပါသည်။ ပွဲစား မှ တောင်းသည့် အကျိုးဆောင်ခ (၅)သိန်းခွဲ ပေးရန် မတတ်နိုင်သဖြင့် သူမ သည် (၁၀)% အတိုးနှုန်းဖြင့် ငွေချေးခဲ့ရပါသည်။ ထိုင်းနိုင်ငံ သို့ ရောက်သွားသည့်အခါ မနန်းကြူသည် ဒူးရင်းသီး ပြုပြင်ထုတ်လုပ်သည့် စက်ရုံ၌ (၄)လ အလုပ်လုပ်ကိုင်ခဲ့ပါသည်။ သို့သော်လည်း သူမတွင် ကိုယ်ဝန်ရှိခြင်း နှင့် COVID-19 ကပ်ရောဂါ ဖြစ်ပွားလာခြင်း တို့ကြောင့် မြန်မာနိုင်ငံသို့ ပြန်ရန် သူမ ဆုံးဖြတ်ချက် ချခဲ့ပါသည်။ အထူးသဖြင့် သူမသည် ဘာသာစကား အခက်အခဲကြောင့် ထိုင်းနိုင်ငံရှိ ဆေးရုံတွင် ကျန်းမာရေး ဝန်ဆောင်မှု မရရှိနိုင်မှာ ကို စိုးရိမ်ခဲ့ပါသည်။

မနန်းကြူသည် ဒူးရင်းသီး စက်ရုံတွင် အလုပ်လုပ်ကိုင်စဉ်က တစ်လလျှင် ထိုင်းဘတ်ငွေ (၆,၀၀၀)သာ ရရှိခဲ့ပါသည်။ ဤလစာမှာ ထိုင်းနိုင်ငံရှိ ဥပဒေအရ ပေးအပ်ရမည့် လစာထက် အလွန်လျော့နည်းနေပြီး ထိုသို့ဖြစ်ရခြင်းမှာ သူမ၏ အလုပ်ရှင်မှ သူမ၏ တရားဝင် မဟုတ်သည့်/ အထောက်အထားမရှိသည့် အနေအထားကို အခွင့်ကောင်းယူသည့်အတွက်ကြောင့်ဟု မနန်းကြူက ယုံကြည်ထားပါသည်။ အဆိုပါ လစာသည် ငွေစုရန် (သို့) ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာရန်အတွက် သူမယူခဲ့သည့် ချေးငွေအား ပြန်ဆပ်ရန် လုံလောက်မှု မရှိပါ။ သူမ မြန်မာနိုင်ငံသို့ ပြန်ရန်အတွက် ကုန်ကျငွေ ပွဲစားခ ဘတ်ငွေ (၃,၅၀၀)ကိုလည်း ပေးရန်အတွက်လည်း လုံလောက်ခြင်းလည်း မရှိခဲ့ပါ။ သို့သော်လည်း နောက်ဆုံးတွင် သူမ အမျိုးသားမှ သူမ၏အိမ်ပြန်ခရီး အတွက် ကုန်ကျစရိတ် ပေးရန် လုံလောက်သည့် ငွေပမာဏအား ရှာဖွေပေးခဲ့ပါသည်။

နယ်စပ်ဖြတ်ကျော်ရသည့် လမ်းခရီးတွင် အခက်အခဲတစ်စုံတစ်ရာ မရှိခဲ့ပါ။ သို့သော် သူမ၏ နေရပ်ရွာကို ပြန်ရောက်သည်နှင့် တပြိုင်နက် သူမအား ကျေးရွာရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာ၌ (၁၄)ရက် နေထိုင်ရမည်ဟု မနန်းကြူအား ပြောကြားခြင်းကို ခံခဲ့ရပါသည်။ အသွားအလာ ကန့်သတ်စောင့်ကြည့်ရာနေရာ၌ တစ်ရက်သာ နေထိုင်ရသေးချိန်တွင် မနန်းကြူ ကိုယ်ဝန်ပျက်ကျခဲ့ပါသည်။ သူမ သွေး အလွန်အကျွံ သွန်ခဲ့ပြီး အရေးပေါ် ဆေးဝါးကုသမှု ခံယူရန်အတွက် ဆေးရုံသွားရန် လိုအပ်ခဲ့ပါသည်။ သူမအား ခေါ်ဆောင်သွားသည့် ဒေသရှိ ဆေးရုံမှ ဝန်ထမ်းမှခွဲစိတ်ရန် လိုအပ်ကြောင်း ရှင်းပြခဲ့သဖြင့် ကားတစ်စီးအားငှား၍ သူမအား တောင်ကြီးသို့ ပို့ဆောင်ခဲ့ပါသည်။

မနန်းကြူနှင့် သူမနှင့်အတူ ပါလာသော မိသားစုဝင်များတွင် မည်သူမျှ မြန်မာ စကား မပြောတတ်သောကြောင့် တောင်ကြီးရှိ ဆေးရုံ ဝန်ထမ်းများနှင့် ဆက်သွယ် ပြောဆိုရာတွင် အခက်အခဲ များစွာ ကြုံခဲ့ရပါသည်။ မနန်းကြူအား အကူအညီ ပေးနေသည့် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းမှ ပုဂ္ဂိုလ်သည် အကူအညီ ထပ်မံရရှိနိုင်ရန်အတွက် IOM ၏ မိတ်ဖက် အဖွဲ့အစည်း ပါရမီ ဖွံ့ဖြိုးရေး ကွန်ရက် (PDN) နှင့် ချိတ်ဆက်ခဲ့ပါသည်။ PDN သည် စကားပြန်လုပ်ပေးရန်နှင့် အကူအညီပေးရန်တို့အတွက် ဆေးရုံသို့ ချက်ချင်း သွားရောက်ခဲ့ပါသည်။ မနန်းကြူ၏ မိသားစုသည် ဆရာဝန်မှ သွေးသွင်းရန်လိုအပ်နေခြင်း နှင့် ဆေးကုသခြင်းတို့နှင့် ပတ်သက်၍ ကြိုးစားပြီး ရှင်းပြသည်ကို နားမလည်ကြသဖြင့် ၎င်းတို့ အနေဖြင့် မနန်းကြူနှင့်အတူ နေပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ သူတို့သည် တောင်ကြီးမြို့၌ သိသူ တစ်ယောက်မှ မရှိရုံမက ဆေးရုံစရိတ်များကို ပေးရန် လုံလောက်သည့် ငွေကြေးလည်း မရှိခဲ့ပါ။ PDN သည် မနန်းကြူနှင့် အတူရှိနေရန်နှင့် ဆေးရုံ ကုန်ကျစရိတ်များ ပေးရန်အတွက် သဘောတူခဲ့ပြီး သွေးသွင်းရန် အတွက် သွေးလှူရှင်များအား ရှာဖွေရာတွင် ကူညီ ပေးခဲ့ပါသည်။

ယခုအခါတွင် မနန်းကြူ၏ ကျန်းမာရေးမှာ ပိုမိုကောင်းမွန်လာ ပြီဖြစ် သော်လည်း သူမသည် အခက်အခဲများစွာကို ဆက်လက် ကြုံတွေ့နေရပါ သေးသည်။ သူမအမျိုးသားသည် ထိုင်းနိုင်ငံ၌ ဆက်လက်ရှိနေသေးသော်လည်း သူမ အမျိုးသား၏ ဝင်ငွေမှာ COVID-19 ကပ်ရောဂါကြောင့် ဆိုးဆိုးရွားရွား ထိခိုက်သွားသောကြောင့် မည်သည့် ငွေလွှဲပေးပို့မှုကိုမျှ သူမလက်ခံရရှိခြင်း မရှိခဲ့ပါ။ သူမသည် သူမ၏ ကျေးရွာ၌ တနေ့လျှင် မြန်မာကျပ်ငွေ (၃,၀၀၀) (ကန်ဒေါ်လာ ၂.၁၅)သာ ရရှိသည့်နေ့စား အလုပ်အား လုပ်ကိုင်ရင်း သူမ ဘာသာ ရပ်တည်နေရပါသည်။ ဤဝင်ငွေမှာ သူမနှင့် သူမ၏ ကလေးနှစ်ဦး ရပ်တည်ရန် လုံလောက်မှု မရှိသည့်အပြင် သူမ ခွဲစိတ်ထားသည့် ဒဏ်ရာမှာ အနာမကျက်သေးသဖြင့် နေ့စဉ် လုပ်ကိုင်နိုင်ခြင်းလည်း မရှိပါ။ သူမသည် PDN မှ ပေးသည့် များစွာသော ကူညီထောက်ပံ့မှုများအတွက် အလွန် ကျေးဇူးတင်နေပါသည်။ သို့သော် လည်း အဖွဲ့အစည်းများနှင့် အစိုးရအာဏာပိုင်များအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လာမည့်သူများအတွက် အသက်မွေးဝမ်းကျောင်းများ ပိုမို ကူညီပံ့ပိုးပေးရန်နှင့် ဒေသတွင်း အလုပ်အကိုင်များ ရရှိစေရေးအတွက် ကြိုးစားဖန်တီးပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ “ကျွန်မ ဆိုင်သေးသေးလေး ဖွင့်နိုင်ဖို့ အခွင့်အရေးလေး ရချင်ပါတယ်။ ဒါမှသာ ကျွန်မ ကျန်းမာရေးအတွက် ပိုပြီး အဆင်ပြေမှာပါ” ဟု ပြောကြားခဲ့ပါသည်။

# အကြောင်းအရာ အလိုက် အစီအစဉ်များ



# ၄

## အကြောင်းအရာအလိုက် အစီအစဉ်များ


၄.၁ အာဟာရ ဖွံ့ဖြိုးမှု ၅၅

၄.၂ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများ ၈၇

၄.၃ စိုက်ပျိုးရေး ၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ ၁၁၃

၄.၄ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု ၁၂၅

# အာဟာရ ဖွံ့ဖြိုးမှု

အကြောင်းအရာအလိုက် အစီအစဉ်များ

# ၄.၁

## ၄.၁။ အာဟာရ ဖွံ့ဖြိုးမှု

### ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအကြား ဆိုးဆိုးရွားရွား အဖြစ်များနေသည့် အာဟာရချို့တဲ့မှုဒဏ်အား ဆက်လက် ခံစားနေရကြောင်းကို ပုညက်မှု၊ ကျုံလှီမှုနှင့် အဏုအာဟာရ ချို့တဲ့မှုများမှတဆင့် သိသာထင်ရှားစွာ ပြသလျက်ရှိပါသည်။ ရပ်ရွာလူထု အာဟာရ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှု လျော့ကျလာခြင်း၊ စားနပ်ရိက္ခာစနစ်များ ပြတ်တောက်ခြင်း၊ စားသောက်ကုန် ဈေးနှုန်းများ တစ်စထက်တစ်စ တိုးမြင့်လာခြင်း နှင့် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု လျှော့ချရေးနှင့် တားဆီး ကာကွယ်ရေး အစီအမံများကြောင့် ဝင်ငွေများကျဆင်းခဲ့ခြင်းတို့က ပိုမိုဆိုးရွားစေသည့် စိုးရိမ်ဖွယ်ရာ အခြေအနေများ ဖြစ်အောင် တွန်းပို့ပေးလျက်ရှိရာ မြန်မာနိုင်ငံရှိ အားနည်းထိခိုက်လွယ်ပြီးဖြစ်သော ပြည်သူများအား ပိုမိုဆိုးရွားသည့် အာဟာရချို့တဲ့မှုနှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာရလဒ်များသာ ရရှိစေမည့် အခြေအနေ ဖြစ်စေပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ အစီအမံများသည် ပြည်သူတစ်ဦးချင်း၊ အိမ်ထောင်စုများ နှင့် လူမှုအသိုက်အဝန်းများမှ အလိုအပ်ဆုံး ဖြစ်နေသည့် အချိန်တွင် အထက်ဖော်ပြပါ အကြောင်းအချက်များကြောင့် လူမှုရေးနှင့် စီးပွားရေး ကြံ့ကြံ့ခံနိုင်စွမ်းဆိုင်ရာ စွမ်းရည်များအားနည်းသည့် အထူးသဖြင့် ရောက်ရှိရန် ခက်ခဲသည့် ဒေသများတွင် ပိုမို သိသာခဲ့ပါသည်။

ပုညက်မှု (သို့) နာတာရှည် အာဟာရချို့တဲ့မှုတို့သည် ၁၉၉၀ ပြည့်နှစ်များတွင် (၅၀%) ခန့်ရှိရာမှ ၂၀၁၆ ခုနှစ်တွင် (၂၉%)[၂၀]သို့ ကျဆင်းခဲ့ သော်လည်း ပုညက်သည်ဟု သတ်မှတ်ထားသော အသက်(၅)နှစ်အောက် ကလေးသူငယ် (၁.၄) သန်း ခန့်ရှိနေပါသည်။ လတ်တလောအာဟာရ ချို့တဲ့မှု (သို့) ကျုံလှီမှုမှာ ဆက်လက်မြင့်မားနေပြီး မူကြိုအရွယ် ကလေးသူငယ်များ၏ (၇%) မှ ခံစားနေကြရပါသည်။ COVID-19 ကမ္ဘာ့ကပ် ရောဂါ၏ ရလဒ်အနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်၌ အမျိုးသားဝင်ငွေ တိုးတက်မှုနှုန်းတွင် (၈.၆%) လျော့ကျသည်ကို မြင်တွေ့ရမည်ဟု Global Modelling မှ ကြိုတင်ခန့်မှန်းခဲ့ ပါသည်။ သို့ဖြစ်ရာ အသက် (၅)နှစ်အောက် ကလေးသူငယ် နောက်ထပ် (၁၁၀,၀၀၀) ဦးသည် လတ်တလော အာဟာရချို့တဲ့မှု ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ ယင်းကလေးသူငယ်များသည် အာဟာရဓာတ်ပြည့်ဝစွာရသည့် ကလေးသူငယ်များနှင့် နှိုင်းယှဉ်ပါက ၎င်းတို့၏ ငါးနှစ်မြောက် မွေးနေ့[၂၁] မတိုင်မီ သေဆုံးနိုင်ချေ (၁၂) ဆ ရှိသည်ဟု အဓိပ္ပါယ်ရပါသည်။

ကလေးသူငယ်များ ကောင်းမွန်စွာ လူလားမြောက်လာစေရန် အာဟာရချို့တဲ့မှု မဖြစ်စေရန်အတွက် ကာကွယ်တားဆီးရန်နှင့် အထွေထွေ ကျန်းမာရေး နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များ ပိုမိုတိုးတက် ကောင်းမွန်စေရန်တို့အတွက် ဘဝအစရက်ပေါင်း (၁,၀၀၀)အတွက် ဦးတည် ရည်ရွယ် သည့် စီမံကိန်း ဆောင်ရွက်ချက်များအပေါ် အာရုံစိုက်၍ ဆက်လက် လုပ်ဆောင်ရန်မှာ ထိုက်သင့် လျော်ကန်မှု ရှိပြီး လိုအပ်နေဆဲ လုပ်ငန်း ဖြစ်ပါသည်။ အသက် (၆)လမှ (၅၉)လ အကြားရှိ ကလေးသူငယ်များ (၅၈%) နှင့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများ၏ (၄၆%) အကြားတွင် အလွန်ဆိုးရွားသည့် သွေးအားနည်း ရောဂါ ပြဿနာ၏ ဝန်ပိမှုနှင့်တကွ ဘဝအစရက်ပေါင်း (၁,၀၀၀)အတွင်း အာဟာရ ချို့တဲ့မှု နိမ့်ပါးခြင်းဆိုင်ရာ ညွှန်းကိန်းများသည် မြန်မာနိုင်ငံ အတွက် စိုးရိမ်မကင်းဖြစ်စရာ အခြေအနေအဖြစ် ဆက်လက်ရှိဆဲ ဖြစ်ပါသည်။[၂၂]ဤရောဂါ ဖြစ်ရခြင်းမှာ အစားအသောက် ကောင်းမွန်စွာ စားသုံးမှု မရှိခြင်း နှင့် သံဓာတ်စားသုံးမှု နည်းပါးခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ချေ အလွန် များပါသည်။

---

၂၀။ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက်စစ်တမ်း၊ ၂၀၁၅-၂၀၁၆

၂၁။ နိုင်ငံတကာစားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့ (မြန်မာ) (၂၀၂၀ ခုနှစ် ဩဂုတ်လ) "မြန်မာနိုင်ငံရှိ မိခင်နှင့် ကလေး အာဟာရချို့တဲ့မှုအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများ"

၂၂။ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက်စစ်တမ်း၊ ၂၀၁၅-၂၀၁၆

မျိုးရိုးလိုက်သည့် အာဟာရချို့တဲ့မှု သံသရာသည် အိမ်ထောင်စုများနှင့် လူမှုအသိုက်အဝန်းများ လက်ရှိ ကြုံတွေ့နေရသည့် အားနည်း ထိခိုက် လွယ်မှု ဆက်ကြုံတွေ့စေမည် ဖြစ်ပါသည်။ မကြာသေးမီက ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသ[၂၃]မှ ရရှိသော အထောက်အထားများမှ အရပ်အမောင်း ပုသည့် အမျိုးသမီးများ (အရပ် ၁၄၅ စင်တီမီတာထက်ပုသော) သည် ပုညှက်သည့် ကလေး မွေးဖွားလာနိုင်ချေ (၆)ဆအထိ ရှိသဖြင့် ကိုယ်ဝန်ဆောင်မိခင် အာဟာရဖွံ့ဖြိုးမှု နှင့် ကလေးသူငယ် အာဟာရချို့တဲ့မှုတို့အကြား ခိုင်မာသည့် အပြန်အလှန် ဆက်နွယ်မှုရှိကြောင်းကို အတည်ပြု ပေးပါသည်။ မွေးကင်းစ ကလေးငယ် ကိုယ်အလေးချိန် လျော့နည်းရခြင်းမှာ ကိုယ်ဝန်ဆောင်စဉ် အာဟာရ ဖွံ့ဖြိုးမှု နိမ့်ပါးခြင်း၏ တိုက်ရိုက်ရလဒ် ဖြစ်သောကြောင့် မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့် မွေးကင်းစ ကလေးငယ် ကိုယ်အလေးချိန် လျော့နည်းမှုနှုန်း (၈%) သည် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသူငယ်အာဟာရဖွံ့ဖြိုးမှု နှစ်မျိုးလုံး၏ အရေးပါသည့် ညွှန်းကိန်း တစ်ခု ဖြစ်ပါသည်။[၂၄] ဤအထောက်အထားမှ အာဟာရဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ အိမ်ထောင်စု တစ်ခုလုံးအား ချဉ်းကပ်သည့် နည်းလမ်းအား အသုံးပြုရန်မှာ အလွန်အရေးပါသည်ဟူသောအချက်ကို ထပ်လောင်း အားဖြည့်ပေးပါသည်။ ဤချဉ်းကပ်နည်းလမ်းအရ မိသားစုများ၏ အားနည်းထိခိုက်လွယ်မှုများအားလုံးကို လျှော့ချရန်နှင့် ၎င်းတို့၏ ဆင်းရဲနွမ်းပါးမှုနှင့် ထိတ်လန့်တုန်လှုပ်မှုများကို ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုတိုးတက်ကောင်းမွန်စေရန်တို့အတွက် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများနှင့် ဆယ်ကျော်သက်ရွယ်မိန်းကလေးများ စားသုံးသည့် အစားအသောက်၏ အရည်အသွေး တိုးတက် ကောင်းမွန်စေခြင်း နှင့် အန္တရာယ်ဖြစ်နိုင်သည့် အရင်းခံအကြောင်းတရားများကို လျှော့ချပေးခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

ဘဝအစရက်ပေါင်း (၁,၀၀၀)အပါအဝင် အာဟာရဖွံ့ဖြိုးမှုအရ အားနည်းထိခိုက်လွယ်သည့် အသက်အရွယ်များအတွင်း၌ အစာအာဟာရ စုံလင် မျှတစွာ စားသုံးမှုနှင့် အရည်အသွေး ပြည့်ဝသည့် အစားအစာ စားသုံးမှုသည် မြန်မာတနိုင်ငံလုံးတွင် အလွန်နည်းပါးကြောင်းအား သိရှိပြီးဖြစ်ပါသည်။ရခိုင်၊ ကရင်နှင့် ကယားပြည်နယ်များရှိ LIFT ၏ စီမံချက်များမှ မကြာသေးမီက ရရှိခဲ့သော ကိန်းဂဏန်း အချက်အလက်များသည် အသက် ၆ လမှ ၂၄ လ အတွင်းရှိ ကလေးသူငယ် (၁၆)ရာခိုင်နှုန်းကသာလျှင် အာဟာရဖွံ့ဖြိုးမှုအတွက် လုံလောက်သည့် အစားအသောက်များအား စားသုံးနိုင်ကြောင်း တွေ့ရှိခဲ့သည့် အမျိုးသားအဆင့် စစ်တမ်းရလဒ်များနှင့် ကိုက်ညီမှုရှိပါသည်။ စားသောက်သင့်သည်ထက် လျော့နည်း စားသုံးခြင်းသည် ကလေးသူငယ်၏ ကျန်းမာရေးနှင့် ကလေးသူငယ်၏ လက်ရှိ အချိန်နှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးရွားစွာ ထိခိုက်စေမည့် သက်ရောက်မှုရှိ နိုင်ပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်စဉ်၊ နို့တိုက်နေစဉ်နှင့် ဖြည့်စွက်စာ ကျွေးမွေးနေစဉ် ကာလများအတွင်း ရိုးရာဓလေ့ထုံးစံအရ ခွင့်မပြုသည့် အစားအသောက်များနှင့် အစားရှောင်ခြင်းတို့က အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အစားအသောက် စားသုံးမှုများအပေါ် အလွန်အမင်း လွှမ်းမိုးမှု ရှိနေဆဲဖြစ်ပြီး၊ ဆင်းရဲ နွမ်းပါးမှုနှင့် အစားအသောက်များအား လက်လှမ်းမီ ရယူနိုင်မှု အပါအဝင် အခြားအကြောင်းခြင်းရာများကလည်း အာဟာရဖူလုံမှုအတွက် အဆုံးအဖြတ်ပေးသော ခိုင်မာသည့် အချက်များ ဖြစ်ပါသည်။ အထူးသဖြင့် ပဋိပက္ခဒဏ်ခံဒေသများနှင့် ရွှေ့ပြောင်း သွားလာသည့် လူမှုအသိုက်အဝန်းများ အကြားတွင် ပြည့်စုံလုံလောက်သည့် အရည်အသွေး ပြည့် အစာအာဟာရများ လက်လှမ်းမီရယူနိုင်ရန် အခက်အခဲ ရှိပါသည်။

ကျေးလက်နှင့် မြို့ပြရှိ လူမှုအသိုက်အဝန်းများအကြား ကွာဟချက်များအား မီးမောင်းထိုးပြသည့် အဓိကအရေးပါသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်းကိန်းများသည် ဒေသအလိုက်ကွဲပြားမှုရှိပြီး ပဋိပက္ခဒဏ်ခံဒေသများနှင့် ရောက်ရှိရန် ခက်ခဲသော ဒေသများတွင် ပိုမိုဆိုးရွားနေသည့် အခြေအနေ တစ်ရပ်လုံးအား ပြသလျက်ရှိပါသည်။ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် LIFT ၏ ပံ့ပိုးကူညီမှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR)၏ လူမှုဝန်ထမ်း ဦးစီးဌာန (DSW) ကိုယ်စား မကြာသေးမီက ကောက်ယူခဲ့သည့် ကနဦး စစ်တမ်းမှ ကယားပြည်နယ်တွင် ကလေးသူငယ် ပုညှက်မှုနှုန်းမှာ ရောက်ရှိရန် ခက်ခဲသည့်ဒေသများတွင် (၄၈%) အထိ မြင့်မားနေပြီး ဝန်ဆောင် မှုများနှင့် အသက်မွေးဝမ်းကျောင်းမှုများ လက်လှမ်းမီရယူနိုင်မှု အလွန် ကောင်းမွန်သည့် မြို့ပြဒေသများတွင် (၁၇.၄%) ရှိသည်အထိ လျော့နည်း ထင်ရှားစေခဲ့သည်ကို တွေ့ရှိရပါသည်။ ကလေးသူငယ် ပုညှက်မှု ဖြစ်ပွားနှုန်းမှာ နေရာဒေသအလိုက်ကွဲပြားမှုရှိပြီး မြို့ပြမှ ကျေးလက်၊ ကျေးလက်မှ ရောက်ရှိရန် ခက်ခဲသော ဒေသများတွင် ပို၍ ပို၍ များပြားလာပြီး ထင်ရှားလာသည် တွေ့ရှိရပါသည်။ ကယားပြည်နယ်တွင် ကျုံလှီမှု မှာ ကျေးလက်ဒေသများ၌ ၆% အထိ မြင့်ပြီး မြို့ပြဒေသများတွင် ၃.၈% အထိ နည်းပါသည်။ သို့သော်လည်း ဤသည်မှာ ပဋိပက္ခဒဏ် မခံရသည့်ဒေသများတွင် ဆက်တိုက် ဖြစ်ပွားလေ့ရှိသည့် နမူနာပုံစံတော့ မဟုတ်ပါ။ ဥပမာအားဖြင့် NNC၊ UNICEF နှင့် WFP တို့မှ မကြာ သေးမီက ပြုလုပ်ခဲ့သည့် စစ်တမ်းမှရရှိသည့် ကိန်းဂဏန်း အချက်အလက်များအရ ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသများတွင် ကျုံလှီမှု ဖြစ်ပွားမှုနှုန်းမှာ တနိုင်ငံလုံးတွင် တွေ့ရှိရသည့် ကိန်းဂဏန်းများထက် (၉.၄%) ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။[၂၅]

အာဟာရ အမျိုးအမည်စုံလင်သည့် အစားအသောက်များအား လုံလုံလောက်လောက် ရယူနိုင်မှုတွင် အားနည်းနေခြင်းသည် မြန်မာနိုင်ငံရှိ မိသားစုများအတွက် စိန်ခေါ်မှု တစ်ရပ် ဖြစ်နေပြီး ဆက်လက်၍လည်း ဖြစ်နေဦးမည် ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါ မဖြစ်ပွားမီ ကာလကတည်းကပင် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ (၉၀%) သည် ၎င်းတို့၏ ကာယဉာဏ စွမ်းအားအတွက် လိုအပ်ချက်များအား ပြည့်မီစေမည့် အစားအစာများအား ဝယ်ယူရန်အတွက် တတ်နိုင်သော်လည်း (၄၀-၅၂ % )တို့ကသာ ၎င်းတို့၏ အာဟာရ ဖွံ့ဖြိုးမှု လိုအပ်ချက် ပြည့်မီသည့် အစားအသောက်များကို ဝယ်ယူရန် တတ်နိုင်သည်ဟူသော အချက်က အစားအသောက်များအား သာတူညီမျှ လက်လှမ်းမီ ရယူနိုင်မှု မရှိကြောင်းကို မီးမောင်းထိုးပြလျက် ရှိပါသည်။[၂၆][၂၇] ဤသည်မှာ တိရိစ္ဆာန် ရင်းမြစ်များမှ လာသည့် အစားအသောက်များ၊ သစ်သီးနှင့် ဟင်းသီး ဟင်းရွက် အပါအဝင် အာဟာရကြွယ်ဝသည့် အစားအသောက်များ၏ ဈေးနှုန်း မြင့်မားခြင်းကြောင့် ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့် အထူးသဖြင့် ရောက်ရှိရန် ခက်ခဲသော ဒေသများ၌ ကုန်ဈေးနှုန်းများ မြင့်တက်မည်ဟု ခန့်မှန်း ထားသောကြောင့် ဤအကြောင်းခြင်းရာမှာ ပို၍ပို၍ စိုးရိမ်ပူပန်စရာ အခြေအနေ ဖြစ်လာပါသည်။ ဤအခြေအနေအား အလုပ်အကိုင်များ ဆုံးရှုံးခြင်းနှင့် အခြား စီးပွားရေးဆိုင်ရာ အခက်အခဲများပါ ထပ်ပေါင်းလိုက်သည့်အခါ မိသားစုများ၏ ဝယ်ယူနိုင်စွမ်းအားကို ကျဆင်းစေပြီး အစားအသောက်အမျိုးစုံကို လုံလောက်စွာ စားသုံး နိုင်ရန်အတွက် အကန့်အသတ်များ ဖြစ်စေပါသည်။

အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်းကိန်းများမှ အလွန်နိမ့်ကျနေသည်ဟု ညွှန်းပြပြီးဖြစ်သည့် အခြေအနေတွင် COVID-19 ကပ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ဟန့်တားရန် အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သော ကြိုးပမ်းအားထုတ်မှုများနှင့် အစီအမံများမှ မြန်မာနိုင်ငံရှိ အားနည်းထိခိုက်လွယ်မှုအရှိဆုံးသော လူမှုအသိုက်အဝန်းများ၏ အာဟာရဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုများ ရှိမည်ဟု မျှော်မှန်းထားပါသည်။ ကပ်ရောဂါ၏ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ရလဒ်များအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုများ နှင့် စပ်လျဉ်း၍ ခိုင်မာသည့် သုံးသပ်ချက်များ ချမှတ်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များ ရရှိမှုမှာ အကန့်အသတ်ရှိနေသော်လည်း အလုပ်အကိုင်၊ ပညာသင်ကြားရေးတို့တွင် အနှောက်အယှက်များ ရှိခြင်း၊ ငွေလွှဲပေးပို့မှုများ လျော့ကျသွားခြင်း၊ ရပ်ရွာလူထုအနေဖြင့် အာဟာရ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူရာတွင် အလျဉ်ပြတ်တောကသွားခြင်းတို့က အာဟာရ ဖွံ့ဖြိုးမှုအပေါ်၌ လတ်တလော၊ ကာလလတ်နှင့် ရေရှည် အကျိုးဆက်များ ရှိလာမည်ဆိုသည့် စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။

**LIFT ၏ အာဟာရ ဖွံ့ဖြိုးမှု အစီအစဉ်မှ COVID-19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ကာကွယ်မှု**

LIFT ၏ အာဟာရဖွံ့ဖြိုးမှု အစီအစဉ်၏ COVID-19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ကာကွယ်မှုသည် မိတ်ဖက် အဖွဲ့အစည်းများအနေဖြင့် အစား အသောက် လုံလောက်စွာမစားနိုင်ခြင်း နှင့် ကျန်းမာရေးမကောင်းခြင်း အပါအဝင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အရေးပေါ် လိုအပ်ချက်များနှင့် အာဟာရချို့တဲ့ခြင်းကို ဖြစ်ပေါ်စေသည့် လတ်တလော အကြောင်းရင်းများကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အာဟာရသီးသန့် စီမံကိန်း ဆောင် ရွက်ချက်များ ကို လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးပါသည်။ တစ်ချိန်တည်းမှာပင် LIFT သည် COVID-19 ကပ်ရောဂါဆိုင်ရာ အစီအမံများကြောင့် သိသိသာသာ ထိခိုက်ခံရသည့် အာဟာရချို့တဲ့ရခြင်း အကြောင်းရင်းများအား ဖြေရှင်းပေးသည့် အာဟာရ အလေးပေး စီမံကိန်း ဆောင်ရွက်ချက်များအား အဆင့်မြှင့်တင်ခြင်းနှင့် ဆောင်ရွက်ခြင်းတို့အတွက် ကူညီပံ့ပိုးပေး လျက် ရှိပါသည်။ LIFT ၏ အာဟာရဖွံ့ဖြိုးမှု အစီအစဉ်သည် COVID-19 ကပ်ရောဂါ အပါအဝင် လူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းများမှ အထိတ်တလန့် ဖြစ်မှုများ၏ သက်ရောက်မှုအား ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရာတွင် အဓိကကျသည့်အရာအားလုံး ပါဝင်ပြီး၊ ကဏ္ဍစုံစနစ်များ ခိုင်မာ အားကောင်းစေသည့် ချဉ်းကပ်နည်းလမ်းအား မြှင့်တင်ရန်နှင့် ပံ့ပိုးကူညီပေးရန် တို့အတွက် ဆက်လက် ဆောင်ရွက်ပါသည်။

အာဟာရဖွံ့ဖြိုးမှု တိုးတက် ကောင်းမွန်စေရန်အတွက် အဆင့်ဆင့် ဆောင်ရွက်သည့် နည်းလမ်းအမျိုးမျိုးအား အထောက်အကူပြုသည့် LIFT မှ ကူညီပံ့ပိုးပေးသည့် COVID-19 ကပ်ရောဂါဆိုင်ရာ ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည် –

» **လူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားမှတဆင့် ရင်းမြစ်များအား လက်လှမ်းမီ ရယူနိုင်မှု တိုးတက်လာခြင်း –** အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ အားနည်းထိခိုက်လွယ်သူတစ်ဦးချင်းစီအား ကူညီပံ့ပိုးပေးရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် တစ်နိုင်ငံလုံးအဆင့် တုံ့ပြန်ဆောင်ရွက်ပေးသည့် စီမံကိန်း (၂)ခု ဖြစ်သော ကိုယ်ဝန်ဆောင်မိခင်မှစ၍ မွေးဖွားလာသော ကလေးအသက် နှစ်နှစ်ပြည့်သည်အထိ ငွေကြေး အထောက်အပံ့ပေးရေးအစီအစဉ် (MCCT) နှင့် လူမှုရေး ပင်စင် အစီအစဉ်တို့အား တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။ MCCT နှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့်ရှိသူများအတွက် ပုံမှန်ပေးအပ်သည့် ထောက်ပံ့ငွေအပြင် တစ်ဦးချင်းစီအတွက် တစ်ကြိမ်တည်း ထပ်ဆောင်း ပေးအပ်သည့် ထောက်ပံ့ငွေ မြန်မာကျပ်ငွေ (၃၀,၀၀၀) (ကန်ဒေါ်လာ ၂၂) အတွက် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပြီး လူမှုဝန်ထမ်း ဦးစီးဌာနမှ ပေးအပ်ခဲ့ပါသည်။
» **အာဟာရ ဇောင်းပေး စားနပ်ရိက္ခာစနစ်များအား ကူညီပံ့ပိုးပေးခြင်း** – အိမ်ခြံခင်း စိုက်ပျိုးမွေးမြူရေးတို့မှ ရရှိသည်များနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်းသာမက ဈေးကွက်နှင့် စားသောက်ကုန် ဈေးနှုန်းများအား စောင့်ကြည့်စစ်ဆေးခြင်းအပါအဝင် အာဟာရ အမျိုးအမည်စုံလင်သည့် စားသောက်ကုန် ထုတ်လုပ်ခြင်းအား တိုးမြှင့်ခြင်းမှတဆင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ စနစ်များအား အရှိန်အဟုန် မြှင့်တင်ခြင်း၊ COVID-19 ကပ်ရောဂါကြောင့် ပေါ်ပေါက်လာခဲ့သည့် စားနပ်ရိက္ခာစနစ်၏ အားနည်းထိခိုက်လွယ်နိုင်ချေ အလားအလာများအရ စီမံကိန်း ဒီဇိုင်းပုံစံ၊ ဦးတည်ရည်ရွယ်ခြင်းနှင့် တိုင်းတာခြင်းတို့တွင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အမြင်များဖြင့် ရှုမြင်ခြင်းတို့သည် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ သက်ရောက်မှုများ ရရှိနိုင်ရန်အတွက် အထူးအရေးပါပါသည်။

---

၂၃။ NNC ၊ UNICEF နှင့် WFP (၂၀၁၈) –ရန်ကုန်မြို့ရှိ မြို့နယ် (၁၄)မြို့နယ်မှ ဆင်းရဲနွမ်းပါးသည့် မြို့ပြ လူမှုအသိုက်အဝန်းများ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရ ချို့တဲ့မှု အဆင့်အတန်းနှင့် အဆုံးအဖြတ် ပေးသောအရာများ (SDFU)

၂၄။ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း၊ ၂၀၁၅–၂၀၁၆

၂၅။ NNC ၊ UNICEF နှင့် WFP (၂၀၁၈)–ရန်ကုန်မြို့ရှိ မြို့နယ် (၁၄)မြို့နယ်မှ ဆင်းရဲနွမ်းပါးသည့် မြို့ပြ လူမှုအသိုင်းအဝန်းများ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရချို့တဲ့မှု အဆင့်အတန်းနှင့် အဆုံးအဖြတ် ပေးသောအရာများ

၂၆။ WFP (၂၀၁၉) အာဟာရဓာတ်ကွာဟမှုအား ဖြည့်ဆည်းခြင်း စစ်တမ်း

၂၇။ Mahrt, K. နှင့် အခြားသူများ (၂၀၁၉) မြန်မာနိုင်ငံတွင် အိမ်ထောင်စု အစားအသောက် စားသုံးမှုပုံစံနှင့် အာဟာရ ပြည့်ဝသည့် အစားအစာ အတွက် ကုန်ကျစရိတ်၊ နိုင်ငံတကာစားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့၊ https:www.ifpri.org/publication/household-dictary-patterns-and-wst-netritious-dict-myanmar တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

- **ဈေးများတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်များအား အဆင့်မြှင့်တင်ပေးခြင်း** – LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် ပြည်သူများအား အစားအသောက် သန့်ရှင်းမှုမရှိခြင်းနှင့် ဖျားနာမှုဖြစ်ခြင်း တို့မှ ကာကွယ်စောင့်ရှောက်ရန်အတွက် ဈေးများတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး နှင့် COVID-19 ကပ်ရောဂါ ကာကွယ် တားဆီးရေးဆိုင်ရာ အစီအမံများအတွက် ကူညီပံ့ပိုးပေးပါသည်။
- **မရှိမဖြစ်လိုအပ်သော ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား ဆက်လက်ဆောင်ရွက်ခြင်း** – လူမှုအသိုက်အဝန်းများ အထူးသဖြင့် အားနည်းထိခိုက်လွယ်သည့်အုပ်စုများနှင့် ရောက်ရှိရန်ခက်ခဲသည့်ဒေသများမှ အုပ်စုများအနေဖြင့် လိုက်လျော ညီထွေဖြစ်စွာ နေထိုင်နိုင်ရန် ကူညီပံ့ပိုးပေးခဲ့ပြီး ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား ထောက်ပံ့ပေးခြင်းကို ဆက်လက်ဆောင်ရွက် ပေးလျက်ရှိပါသည်။ ဤ ကြိုးပမ်းအားထုတ်မှုများတွင် လတ်တလောအာဟာရချို့တဲ့မှုအား ဘက်စုံ စီမံခန့်ခွဲရာတွင် လူမှုအသိုက်အဝန်း ကဏ္ဍအားကောင်းစေရေး ကြိုးပမ်းမှုများလည်း ပါဝင်ပါသည်။
- **ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား အဆင့်မြှင့်တင်ခြင်း** – LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် အာဟာရဖွံ့ဖြိုးမှု စီမံချက်များတွင် ရောဂါ ကူးစက်မှု ကာကွယ် တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်းတို့အား ထည့်သွင်းရန်အတွက် လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင် ပြောင်းလဲထားသည့် ပိုမိုကောင်းမွန်သော WASH ဆိုင်ရာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် WASH ဆိုင်ရာ အစိတ်အပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် အဆင့်မြှင့်တင်ခဲ့ပါသည်။

COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် အခြေအနေတွင် ကျန်းမာရေးကဏ္ဍနှင့် ကျန်းမာရေးစနစ်တို့မှ တဆင့် ပေးအပ်သည့် မရှိမဖြစ် လိုအပ်သည့် အာဟာရ သီးသန့်စီမံကိန်း ဆောင်ရွက်ချက်များ၏ ဆက်လက်လုပ်ဆောင်စေခြင်းအပြင် အာဟာရဇောင်းပေး စိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်ချက်များ၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်၊ လူမှုကာကွယ် စောင့်ရှောက်မှု၊ ကျား၊ မ ရေးရာ၊ ပညာရေးနှင့် အခြားကဏ္ဍများ သည်လည်း အလွန်အရေးပါသည်။

အာဟာရသီးသန့် စီမံချက်များသည် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အားနည်းထိခိုက်လွယ်သည့် အုပ်စုများအတွက် အာဟာရ ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး နိမ့်ကျရခြင်း၏ တိုက်ရိုက်အဖြစ်ဆုံး အကြောင်းရင်းများအပေါ် အာရုံစိုက်ပါသည်။ ဥပမာများတွင် အသက် (၅)နှစ်အောက် ကလေးသူငယ်များအကြား လတ်တလောအာဟာရချို့တဲ့မှုအား ကုသခြင်း (သို့) ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များထံ အဏုအာဟာရ ဖြည့်စွက်စာများ ပံ့ပိုးပေးခြင်းတို့ ပါဝင်ပါသည်။ အားနည်းထိခိုက်လွယ်သူများ၏ လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များအား ဖြည့်စွက်ပေးရန် အာဟာရဇောင်းပေး စီမံကိန်းလုပ်ငန်းများသည် အာဟာရ ဖွံ့ဖြိုးမှု နိမ့်ကျရခြင်း၏ အဓိက အကြောင်းရင်းများနှင့် အခြေခံ အကြောင်းရင်းများကို ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ အာဟာရ ဇောင်းပေး စီမံချက်များသည် အမျိုးမျိုး ကွဲပြားခြားနား လျက်ရှိပြီး ယင်းတို့တွင် မိသားစုများ အနေဖြင့် အာဟာရ အမျိုးအမည် စုံလင်သည့် စားနပ်ရိက္ခာ များအား လက်လှမ်းမီ ရယူ နိုင်ရန် ကူညီပံ့ပိုးပေးခြင်း၊ အဏု အာဟာရ ကြွယ်ဝသည့် အစားအသောက် ထုတ်လုပ်မှု တိုးတက် များပြားလာခြင်း၊ သန့်ရှင်းသည့် ရေ ရရှိနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုရယူသည့် အမူအကျင့်များ၊ အမျိုးသမီးများ ဝင်ငွေရရှိမှု နှင့် အခြား အကြောင်းအရာများစွာ ပါဝင်ပါသည်။ စီမံချက်တွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်ရှိပြီး ယင်းရည်မှန်းချက် ပြီးစီးအောင်မြင်မှုဆီသို့ ဦးတည်သည့် တိုးတက်မှုအား ဦးတည် ရည်ရွယ်ထားသည့် ပြည်သူများအတွက် ဆောင်ရွက်ပေးသည့် လုပ်ငန်းပြီးစီးမှုများဖြင့် တိုင်းတာပါက အခြား အကြောင်းအရာလိုက် နယ်ပယ်များ အနက်မှ စိုက်ပျိုးရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်၊ ကျား၊မ ရေးရာနှင့် ပညာရေး စီမံချက်များသည် အာဟာရ ဇောင်းပေး စီမံချက်များ ဖြစ်လာနိုင်ပါသည်။ LIFT ၏ အာဟာရဖွံ့ဖြိုးမှု အစီအစဉ်သည် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်း ထိခိုက်မှု အလွယ်ဆုံးဖြစ်သည့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများ (အသက် ၁၅ နှစ်မှ ၄၉ နှစ်အကြား)၊ အလွန် ငယ်ရွယ် သည့် ဆယ်ကျော်သက်ရွယ် မိန်းကလေးများ (အသက် ၁၀ နှစ်နှင့် ၁၄ နှစ် အကြား)နှင့် ငါးနှစ်အောက် ကလေးသူငယ်များအား ဦးတည် ရည်ရွယ် ပါသည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များနှင့် အသက်(၂) နှစ်အောက် ကလေးများ ၏ ဘဝအစရက်ပေါင်း (၁,၀၀၀) ကာလတွင် အထူးအာရုံစိုက်ပါသည်။

**မိတ်ဖက်အဖွဲ့အစည်းများမှ COVID-19 ကပ်ရောဂါနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်း**

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းအများစုအတွက် ၂၀၂၀ခုနှစ်သည် စီမံချက်လုပ်ငန်းများ နှင့် ဝန်ထမ်းများ၏ ပုံမှန်လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်းတို့အား COVID-19 ကပ်ရောဂါနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရန် လိုအပ်သော တမူထားခြားသည့် နှစ်တစ်နှစ်ဖြစ်ပါသည်။ မိတ်ဖက် အဖွဲ့အစည်းအများအပြား၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအား ထိခိုက်စေသည့် အပြောင်းအလဲများမှာ ခရီးသွားလာမှုများ ကန့်သတ်ထားခြင်း၊ စီမံချက် ဧရိယာများတွင် တစ်စိတ်တစ်ပိုင်း (သို့) လုံးဝ အသွားအလာ ကန့်သတ်ထားခြင်း၊ သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရ အမိန့်ထုတ်ပြန်ခြင်း၊ လူစုလူဝေး ပြုလုပ်ရာတွင် လူဦးရေ ကန့်သတ်ခြင်း၊ အကန့်အသတ် ဖြင့်သာ ရောဂါပိုး စစ်ဆေး ပေးနိုင်ခြင်းနှင့် အသွားအလာ ကန့်သတ် စောင့်ကြည့်ခြင်းအတွက် ဒေသအလိုက် စည်းကမ်း သတ်မှတ်ခြင်းတို့ ဖြစ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် စီမံချက်များမှ လုပ်ငန်းအကောင်အထည် ဆောင်ရွက်နိုင်မည့် ဖြစ်နိုင်ခြေ ဆန်းစစ်အကဲဖြတ်မှု ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယနှစ်ဝက်တွင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများသည် လုပ်ငန်း ဆောင်ရွက်မှုများ၊ စစ်တမ်း ကောက်ယူခြင်းနှင့် ဆက်သွယ် ဆောင်ရွက်ခြင်းတို့အတွက် အင်တာနက် အွန်လိုင်း ပလက်ဖောင်းများ မှတဆင့် ပြောင်းရွှေ့ လုပ်ဆောင်ခြင်းဖြင့် (သို့) ရောဂါပိုး ပျံ့နှံ့မှုကို ကာကွယ်တားဆီးခြင်း၊ WASH ၊ လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များအား တိုးချဲ့ခြင်းနှင့် ဒေသန္တရ အစိုးရ၏ ကာကွယ် တုံ့ပြန်မှုများတွင် ကူညီပံ့ပိုးပေးခြင်းတို့နှင့် ဆက်နွယ်နေသည့် လုပ်ငန်းများအပါအဝင် လုပ်ငန်းအသစ်များထံသို့ ရန်ပုံငွေထောက်ပံ့မှုများအား ပြောင်းရွှေ့အသုံးပြုခြင်းဖြင့် လုပ်ငန်းများ ဆက်လက် လုပ်ဆောင်နိုင်မည့် သမားရိုးကျ မဟုတ်သော မဟာဗျူဟာများကို ကြံဆ ဖန်တီးခဲ့ပါသည်။





၂၀၂၀ ခုနှစ်သည် ကျန်းမာရေးဆိုင်ရာ အရင်းအမြစ် အများအပြားအား COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ခြင်းအတွက် ပြောင်းရွှေ့ လိုက်ရသည့် စိန်ခေါ်မှုများသည့် နှစ်တစ်နှစ် ဖြစ်ခဲ့သော်လည်း အခွင့်အလမ်းအသစ်များအတွက်လည်း လမ်းခင်း ပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂ တို့မှစတင် ဆောင်ရွက်သည့် ကြီးမားသော အတိုင်းအတာဖြင့် ရင်းနှီး မြှုပ်နှံထားသည့် စီမံကိန်း အများအပြားမှ အာဟာရဖွံ့ဖြိုးမှု ကဏ္ဍ အပေါ် ကောင်းမွန်သည့် သက်ရောက်မှုများရှိခဲ့ပြီး LIFT အား အာဟာရ ဆိုင်ရာရလဒ်များ တိုးတက်ကောင်းမွန်စေရန်အတွက် မူဝါဒနှင့် စီမံကိန်းလုပ်ငန်းများမှတဆင့် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများ ပေးအပ်ခဲ့ပါသည်။ ယင်းတို့တွင် (၁) စီးပွားရေး ပြန်လည် ဦးမော့နိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရမှ ဦးဆောင်သည့် COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) – အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ် သီးသန့် အာရုံစိုက်မှုနှင့်အတူ CERP သည် အလုပ်အကိုင် နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား အကာအကွယ်ပေးရန်အတွက် စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့် ကွင်းဆက်အတွင်း လှုပ်ရှား ဆောင်ရွက်သူများအားလုံးကို ပန်ကြားခဲ့ပါသည်။ ထို့အပြင် CERP သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) မှ ဆောင်ရွက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေရေးလှုံ့ဆော်မှု အစီအစဉ်များ အား ကူညီ ပံ့ပိုးခြင်းနှင့် MCCT နှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့်ရှိသူများအတွက် ထပ်ဆောင်းပေးသည့် အကျိုးခံစားခွင့်များမှတဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးယန္တရား ခိုင်မာ အားကောင်း စေရေးအတွက် ကူညီပံ့ပိုးမှုအား ပေးအပ်ခဲ့ပါသည်။ (၂) ကမ္ဘာ့ဘဏ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန တို့သည် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် ခိုင်မာအားကောင်းစေမည့် အစီအစဉ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အမျိုးသား MCCT စီမံကိန်းအား တိုးချဲ့ရာတွင် ငွေကြေး ထောက်ပံ့ပေးမည့် နိုင်ငံတကာ ဖွံ့ဖြိုး တိုးတက်ရေးအသင်း (IDA) ချေးငွေ အတွက် လက်မှတ်ရေးထိုးခဲ့ပါသည်။ MCCT စီမံကိန်းအား ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ၂၀၂၁ ခုနှစ်၌ အပြည့်အဝ လုပ်ငန်းလည်ပတ် ဆောင်ရွက်ရန် စီစဉ်ထားခဲ့ပါသည်။[၂၈] ဤချေးငွေသည် လက်ရှိ IDA ၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းအတွက် ဖြည့်ဆည်းပေးပြီး ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ရာတွင်နှင့် အမျိုးသား ကျန်းမာရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်စေရန်တို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) အား ကူညီပံ့ပိုး ပေးခြင်းနှင့် အမျိုးသမီးများ ပညာရေး ခိုင်မာအားကောင်းစေရန် အတွက် ပညာရေးဝန်ကြီးဌာန (MoE) ၏ ကြိုးပမ်း အားထုတ်မှုများကို ကူညီပံ့ပိုး ပေးခြင်း အပါအဝင် အာဟာရချို့တဲ့မှု လျှော့ချရေးအတွက်လည်း အထောက်အပံ့ပေးပါသည်။ (၃) အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းပြမြေပုံ – အစားအသောက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း မူဘောင်အား MoLAI ၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) တို့၏ ကူညီပံ့ပိုးမှုဖြင့် ASEAN အစီအစဉ်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ရေးဆွဲခဲ့ပါသည်။ (၄) MS-NPAN ၏ အာဟာရဇောင်းပေးသည့် စိုက်ပျိုးရေး ဆိုင်ရာ ရည်မှန်းချက်များ ပြီးစီးအောင်မြင်မှု ရရှိရန်အတွက် ကူညီပံ့ပိုးပေးရန် ဥရောပသမဂ္ဂ ဘဏ္ဍာရေး ထောက်ပံ့မှုအစီအစဉ် မှ MoLAI ထံ ကူညီပံ့ပိုးပေးခဲ့ပါသည်။

| အကောင်အထည်ဖော် ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက်အမည် | အဓိကလုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့်ဒေသ |
|---|---|---|---|---|
| **Catholic Relief Services (CRS)** | ရပ်ရွာလူထုနှင့် ထိတွေ့ ဆောင်ရွက်မှု မှတဆင့် စိုက်ပျိုး ထုတ်လုပ်မှု မြင့်မားရေး (PACE) | အာဟာရဖွံ့ဖြိုးမှုနှင့် အာဟာရ ဇောင်းပေး စိုက်ပျိုးရေး | ၂၀၁၆ ဇွန်–၂၀၂၀ ဇွန် | ချင်းပြည်နယ်– ဖလမ်း၊ ထန်တလန်နှင့် မတူပီ မြို့နယ်များ |
| **Catholic Relief Services** | ပြည်သူ့ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အာဟာရ ဖွံ့ဖြိုးမှု နှင့် ကျား၊မ ရေးရာ လုပ်ကိုင်နိုင်စွမ်း (CHANGE) | အာဟာရဖွံ့ဖြိုးမှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း | ၂၀၂၀ ဇွန်– ၂၀၂၃ မေ | ချင်းပြည်နယ် |
| **Consortium of Dutch NGOs (CDN)– ZOA** | ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးလက်နေ ဆင်းရဲနွမ်းပါး သူများ၏ ဝင်ငွေများနှင့် အာဟာရ ဆိုင်ရာ ရလဒ်များ တိုးတက်စေခြင်း | အာဟာရဇောင်းပေး စိုက်ပျိုးရေး | ၂၀၁၆ ဇူလိုင်– ၂၀၂၀ စက်တင်ဘာ | ကရင်ပြည်နယ် မြောက်ပိုင်း |
| **Community Partners International (CPI)** | Project Nourish– အာဟာရဖွံ့ဖြိုး တိုးတက်ရေး (nutrition)၊ ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး လုပ်ငန်းများ (WASH) မှတဆင့် မြန်မာနိုင်ငံ အရှေ့တောင် ပိုင်းရှိ ပြည်သူများ၏ စွမ်းရည်များဖွံ့ဖြိုး တိုးတက်ရေး စီမံချက် | ကရင်ပြည်နယ် MCCT အား ကူညီ ပံ့ပိုးပေးရန် အာဟာရ ဖွံ့ဖြိုးမှုနှင့် WASH လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၂၀၂၀ စက်တင်ဘာ– ၂၀၂၃ ဩဂုတ် | ကရင်ပြည်နယ် |
| **Department of Social Welfare (DSW)** | မြန်မာနိုင်ငံအတွက် ပေးသည့် အထောက် အပံ့အား အကောင်အထည် ဖော်ခြင်း | အာဟာရဖွံ့ဖြိုးမှု– MCCT | ၂၀၁၇ မတ် – ၂၀၂၀ ဇွန် | ချင်းပြည်နယ် |
| **Department of Social Welfare (DSW)** | လူမှုဝန်ထမ်းဦးစီးဌာန၏ ကရင်ပြည်နယ် MCCT အစီအစဉ်အား ကူညီပံ့ပိုး ပေးခြင်း | အာဟာရဖွံ့ဖြိုးမှု – M&E | ၂၀၁၉ ဖေဖော်ဝါရီ – ၂၀၂၀ ဇွန် | ကရင်ပြည်နယ် |
| **Department of Social Welfare (DSW)** | လူမှုဝန်ထမ်းဦးစီးဌာန၏ ကယားပြည်နယ် MCCT အစီအစဉ်အား ကူညီပံ့ပိုး ပေးခြင်း | အာဟာရဖွံ့ဖြိုးမှု – M&E | ၂၀၁၉ ဖေဖော်ဝါရီ – ၂၀၂၀ ဇွန် | ကယားပြည်နယ် |

***ဇယား ၄.၁။ LIFT မှ ပံ့ပိုးပေးသည့် အာဟာရဖွံ့ဖြိုးရေး စီမံချက်များ***

၂၈။ ၂၀၂၁ ခုနှစ်တွင် ဤအစီရင်ခံစာရေးသားနေသည့် အချိန်၌ ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ ၎င်းမှာ ဖြစ်နိုင်ခြင်း မရှိတော့ပါ။

| အကောင်အထည်ဖော် ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက်အမည် | အဓိကလုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့်ဒေသ |
|---|---|---|---|---|
| **Health Poverty Action (HPA)** | ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ ပဋိပက္ခဒဏ် ခံစားရသည့် အားနည်း ထိခိုက်လွယ် ပြည်သူများ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်း ပိုမိုကောင်းမွန် စေခြင်း | အာဟာရဖွံ့ဖြိုးမှု | ၂၀၂၀ ဇန်နဝါရီ – ၂၀၂၂ ဒီဇင်ဘာ | ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကချင်ပြည်နယ် |
| **International Rescue Committee (IRC)** | ကယားပြည်နယ် ဘက်စုံ အာဟာရဖွံ့ဖြိုးမှု (KIN) စီမံချက် | အာဟာရဖွံ့ဖြိုးမှု | ၂၀၂၀ ဩဂုတ် – ၂၀၂၃ ဇူလိုင် | ကယားပြည်နယ် |
| **Karuna Mission Social Solidarity (KMSS)** | ပဋိပက္ခဒဏ်ခံရသည့် အမျိုးသမီးများ နှင့် လူငယ်များအား အာဟာရဖွံ့ဖြိုးမှု နှင့် အလုပ်အကိုင်များ အတွက် ကူညီပံ့ပိုးပေးခြင်း (SAFEWAY NET) | အာဟာရဖွံ့ဖြိုးမှု | ၂၀၁၉ ဇူလိုင် – ၂၀၂၂ ဇွန် | ကချင်ပြည်နယ် – မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်၊ မန်စီနှင့် မိုးမောက် မြို့နယ်များ ရှမ်းပြည်နယ် မြောက်ပိုင်း– သိန္နီ၊ ကွတ်ခိုင်နှင့် မူဆယ် မြို့နယ်များ |
| | | | | |
| **Koe Koe Tech Co.,Ltd.** | ရွှေခရီးလမ်းဘောဂမေမေ (ရွှေမေမေ) | အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကား ပေးပို့ခြင်း | ၂၀၁၈ ဇွန် – ၂၀၂၀ ဇွန် | တနိုင်ငံလုံး |
| **PATH** | မြန်မာနိုင်ငံတွင် အားဖြည့်ဆန်အား မိတ်ဆက်ခြင်း | အာဟာရဖွံ့ဖြိုးမှုနှင့် အားဖြည့်ဆန် | ၂၀၁၃ ဇူလိုင် – ၂၀၂၀ ဇွန် | ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး နှင့် မန္တလေးတိုင်း ဒေသကြီးများ |
| | | | | |
| **PATH in Partnership with Terres des Hommes Italy, BKM, and BoPInc.** | SMART MOVE | စားနပ်ရိက္ခာစနစ်၊ အာဟာရ ထပ်ဖြည့် အစားအစာ | ၂၀၁၉ အောက်တိုဘာ– ၂၀၂၂ စက်တင်ဘာ | ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသ |
| **People in Need (PIN)** | အေးချမ်းသောအိမ်– ရွှေပြည်သာတွင် ရွှေ့ပြောင်း သွားလာသည့် အလုပ်သမား များအား လုပ်ကိုင်နိုင်စွမ်း ပေးအပ်ခြင်း | အာဟာရဖွံ့ဖြိုးမှု အစိတ်အပိုင်းပါရှိသည့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့်အလုပ်သမား ရွှေ့ပြောင်း သွားလာမှု | ၂၀၁၉ အောက်တိုဘာ – ၂၀၂၂ စက်တင်ဘာ | ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသ |
| **Save the Children** | ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ပဋိပက္ခ ဒဏ်ခံရသည့် ဒေသများတွင် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း (BRICKS) | အာဟာရဖွံ့ဖြိုးမှု၊ လူမှု ကာကွယ်စောင့်ရှောက်ရေး | ၂၀၁၉ ဇူလိုင် – ၂၀၂၂ ဇွန် | ရှမ်းပြည်နယ် မြောက်ပိုင်း– ကွတ်ခိုင်၊ နမ့်ခမ်း၊ ကျောက်မဲနှင့် နမ့်မတူ မြို့နယ်များ ကချင်ပြည်နယ် – မန်စီနှင့် မိုးမောက် မြို့နယ်များ |
| | | | | |
| **Save the Children** | ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ | အာဟာရဖွံ့ဖြိုးမှု၊ ကျန်းမာရေး၊ WASH ကာကွယ် စောင့်ရှောက်ခြင်းနှင့် အသက်မွေး ဝမ်းကျောင်းများ/ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် | ၂၀၂၀ ဇန်နဝါရီ – ၂၀၂၂ ဒီဇင်ဘာ | ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသ |
| **Save the Children** | အာဟာရချို့တဲ့မှု လျှော့ချရန် အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း (LEARN) | အာဟာရဖွံ့ဖြိုးမှု – စွမ်းဆောင်ရည် တည်ဆောက်ခြင်း | ၂၀၂၀ မေ – ၂၀၂၃ မေ | တစ်နိုင်ငံလုံး |
| **Shalom Nyein Foundation** | မြန်မာနိုင်ငံ ကချင်ပြည်နယ် အာဟာရ ဖွံ့ဖြိုးမှုနှင့် အသက်မွေး ဝမ်းကျောင်းမှု တို့ အတွက် SGH မှ တဆင့် ထောက်ပံ့ပေးခြင်း | IDP များ၊ ကိုယ့်အားကိုယ်ကိုး အုပ်စုများအတွက် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အား လက်လှမ်းမီ ရရှိစေရန် အတွက် အာဟာရ ဖွံ့ဖြိုးမှု၊ အသက်မွေး ဝမ်းကျောင်းမှုများ ပံ့ပိုးပေးခြင်း | ၂၀၂၀ ဇန်နဝါရီ – ၂၀၂၁ ဒီဇင်ဘာ | ကချင်ပြည်နယ် |
| **Sustainable Development Knowledge Network (Spectrum)** | မြန်မာနိုင်ငံရှိ စားသုံးနိုင်သော အင်းဆက်ပိုးများ ကဏ္ဍ အနာဂတ် ဖွံ့ဖြိုးမှု အလားအလာ ဖော်ဆောင်ခြင်း | အာဟာရဖွံ့ဖြိုးမှု – စားသုံးနိုင်သည့် အင်းဆက် ပိုးများအား သုတေသနပြုခြင်း | ၂၀၁၈ စက်တင်ဘာ – ၂၀၂၀ စက်တင်ဘာ | တနိုင်ငံလုံး |
| **The Border Consortium (TBC)** | တောင်တန်းဒေသ အာဟာရဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးအတွက် ရေရှည်တည်တံ့သည့် အသွင်ကူးပြောင်းမှု (STAND UP) အဆင့် ၂ | အာဟာရဖွံ့ဖြိုးမှု နှင့် စိုက်ပျိုးရေး | ၂၀၁၉ အောက်တိုဘာ – ၂၀၂၂ စက်တင်ဘာ | တနင်္သာရီ၊ ကယား၊ ကရင် နှင့် မွန် |
| **World Food Programme (WFP)** | မြန်မာနိုင်ငံတွင် အစိုးရ၏ အမျိုးသား အာဟာရဆိုင်ရာ မဟာဗျူဟာများအား SBN (SUN Business Network) မှ တဆင့် ပေးအပ်ရန် စီးပွားရေး လုပ်ငန်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း | ပုဂ္ဂလိက ကဏ္ဍ အာဟာရ ဖွံ့ဖြိုးမှု၊ အာဟာရ ထပ်မံ ဖြည့်တင်းထားသည့် အစားအစာ၊ လုပ်ငန်းခွင်တွင် အာဟာရ ဖွံ့ဖြိုးမှု၊ စားနပ်ရိက္ခာ စနစ်များ၊ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး | ၂၀၁၉ နိုဝင်ဘာ – ၂၀၂၁ အောက်တိုဘာ | ရန်ကုန်မြို့ပြ ဝန်းကျင် ဒေသ |
| **World Food Programme (WFP)** | မြန်မာနိုင်ငံ တဝှမ်း အားဖြည့်ဆန် ထုတ်လုပ်ရေး နှင့် စားသုံးမှု တိုးချဲ့ခြင်း | အာဟာရဖွံ့ဖြိုးမှု – အားဖြည့်ဆန် ဖြန့်ဝေပေးခြင်း | ၂၀၁၇ ဩဂုတ် – ၂၀၂၀ ဇွန် | ရခိုင်ပြည်နယ် |



| အကောင်အထည်ဖော် ရေး မိတ်ဖက် အဖွဲ့အစည်းများ | စီမံချက်အမည် | အဓိကလုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့်ဒေသ |
|---|---|---|---|---|
| **World Concern** | ကချင်ပြည်နယ်ရှိ ပဋိပက္ခ ဒဏ်ခံ ပြည်သူများ၏ အာဟာရ ဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေခြင်း | အာဟာရဖွံ့ဖြိုးမှု ၊ အာဟာရ ဖောင်းပေး စိုက်ပျိုးရေး | ၂၀၂၀ ဇန်နဝါရီ – ၂၀၂၂ ဒီဇင်ဘာ | ကချင်ပြည်နယ် |
| **World Vision** | ဘိုကလေးတွင် အသက်မွေးမှု တိုးပွားလာခြင်း | အာဟာရဖွံ့ဖြိုးမှု၊ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု၊ လွတ်လပ်သည့် အသေးစား ကုန်စုံ ဆိုင်များ အသင်း၊ အိမ်ခြံ ဥယျာဉ် စိုက်ပျိုးခြင်း၊ ရပ်ရွာ အခြေပြု အဖွဲ့အစည်းများ စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် ဘေးအန္တရာယ် လျော့ပါးရေး | ၂၀၁၅ စက်တင်ဘာလ – ၂၀၂၀ ဇွန် | ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသ၊ ဘိုကလေးမြို့နယ် |

# စိတ်ဝင်စားဖွယ်ရာများ

## မူဝါဒအဆင့်

### MS–NPAN – COVID–19 ကပ်ရောဂါ ကာကွယ်တုံ့ပြန်ခြင်း ဆိုင်ရာ တိုးတက်မှုနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ခြင်း

၂၀၁၈ ခုနှစ်တွင် အတည်ပြုခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှုအတွက် အမျိုးသားအဆင့် မဟာဗျူဟာနှင့် မူဝါဒလမ်းညွှန် ဖြစ်သည့် ကဏ္ဍပေါင်းစုံ ပါဝင် သော အမျိုးသား အာဟာရဆိုင်ရာ (၅)နှစ် စီမံကိန်း (MS–NPAN) သည် မြန်မာနိုင်ငံတွင် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် ဆယ်ကျော် သက်များ၏ အာဟာရဖွံ့ဖြိုးမှုတွင် စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် ကဏ္ဍအသီးသီးမှ အဓိကလှုပ်ရှားဆောင်ရွက်သူများနှင့် ပတ်သက် ဆက်နွှယ်သူများအကြား ပူးပေါင်း ဆောင်ရွက်ခြင်းမှာ အလွန်အရေးကြီးသည်ဆိုသော ကြောင်းကျိုးဆက်နွှယ်မှု ယူဆချက်ပေါ်တွင် အခြေခံထားပါသည်။ ရပ်ရွာလူထုအဆင့်၊ အိမ်ထောင်စုအဆင့်နှင့် တစ်ဦးချင်းအဆင့်များ၌ ကဏ္ဍပေါင်းစုံမှ စုပေါင်း စွမ်းဆောင်မှုများအား တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များအပေါ် သိသာထင်ရှားသည့် သက်ရောက်မှု ရရှိနိုင်မည် ဖြစ်ပါသည်။ စီမံကိန်း ဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုများအား ကဏ္ဍမျိုးစုံမှ စွမ်းဆောင်နိုင်မှု အမျိုးမျိုးဖြင့် အားဖြည့်ပေးသော ထည့်ဝင်မှုများက ရည်မှန်းချက် တစ်ခုတည်းဆီသို့ ဦးတည် ဆောင်ရွက်နိုင်စေမည် ဖြစ်ပါသည်။ LIFT ၏ MS–NPAN လုပ်ငန်းစဉ်အတွက် တစိုက်မတ်မတ် လုပ်ကိုင် ဆောင်ရွက်မှုမှာ LIFT ၏ လက်ရှိမဟာဗျူဟာ၏ မူဝါဒရေးရာနှင့်စီမံကိန်းလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များတွင် ထင်ဟပ်လျက် ရှိပါသည်။ မဟာဗျူဟာသည် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့သည့် အစီအစဉ် (MCCT) နှင့် လူထုအတွင်း အသက် (၂)နှစ်အောက် ကလေးငယ် များ ဖြည့်စွက်စာကျွေးခြင်း (MYICF) တို့အတွက် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC)၊ လတ်တလော အာဟာရ ချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာ ကုထုံး (IMAM) အဆင့်မြှင့်တင်ခြင်းနှင့် အစားအသောက်တွင် အာဟာရဓာတ်များ ထပ်မံဖြည့်တင်းခြင်းတို့ အပါအဝင် MS–NPAN ၏ ဦးစားပေး စီမံကိန်း ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန် ကျား၊မ ရေးရာ အလေးပေးသည့် အစိုးရ ကဏ္ဍမူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များအား ကူညီပံ့ပိုးပေးပါသည်။

မြန်မာနိုင်ငံ MS–NPAN (၂၀၁၈–၂၀၂၂)၏ ရည်မှန်းချက်မှာ ဝန်ကြီးဌာန (၅)ခု ဖြစ်သည့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) ၊ ပညာရေး ဝန်ကြီးဌာန (MoE)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဦးစီးဌာန (MoSWRR) နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MoNREC) အသီးသီး၌ ပူးပေါင်းဆောင်ရွက်သည့် ကြိုးပမ်း အားထုတ်မှုနှင့် ပေါင်းစည်းမှုတို့မှတဆင့် မိခင်များ၊ ကလေးသူငယ်များနှင့် ဆယ်ကျော်သက်ရွယ် မိန်းကလေးများ တွင် ပုံစံမျိုးစုံဖြင့် အာဟာရ ချို့တဲ့နေခြင်းအား လျှော့ချရန် ဖြစ်ပါသည်။ စွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း၊ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ အဆင့် စီမံကိန်း ရေးဆွဲခြင်း၊ အချက်အလက်များ ဆန်းစစ်ခြင်းနှင့် ကဏ္ဍအလိုက် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ ဆိုင်ရာ အထူးကျွမ်းကျင်သူများ ပါဝင်သည့် အမျိုးသားအာဟာရ ဖွံ့ဖြိုးရေး သုတေသနဌာနခွဲ (NNC) မှ ဦးဆောင်သည့် အဖွဲ့ဝင် (၁၅)ဦး ပါဝင်သည့် MS–NPAN ပင်မအဖွဲ့လည်း ရှိပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်များ၏ ရန်ပုံငွေများ၊ အလှူရှင်များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများဖြင့် တည်ဆောက်ထားသည့် နည်းပညာ ဆိုင်ရာ ပညာပေးသည့် ကွန်ရက်မှ MS–NPAN အား ကူညီပံ့ပိုး ပေး ပါသည်။

LIFT သည် လွှတ်တော်ကော်မတီ အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးဖြင့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သော ထောက်ခံ အားပေးသည့် အဆင့်မြင့် အစည်းအဝေးအား ကူညီပံ့ပိုးပေးခဲ့ပါသည်။[၂၉] လွှတ်တော် ကိုယ်စားလှယ်များသည် အာဟာရ ဖွံ့ဖြိုးမှုနှင့် MS–NPAN လုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ရန်အတွက် NNC မှ ဦးဆောင်သည့် MS–NPAN ပင်မအဖွဲ့နှင့် အစည်းအဝေး ကျင်းပခဲ့ပါသည်။ အစည်း အဝေးသည် နားလည်မှု တည်ဆောက်ရာတွင် အောင်မြင်မှု ရရှိစေခဲ့ပြီး ရင်းမြစ်များ ရရှိအောင် ဆောင်ရွက်ခြင်းနှင့် ကဏ္ဍအလိုက် ဘတ်ဂျက် ခွဲဝေခြင်း တို့အတွက် လုပ်ဆောင်ရန် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ရရှိခဲ့ပါသည်။ အရေးပါဆုံးမှာ

၂၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေး ဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ကော်မတီ

MS–NPAN အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော် (၂)ရပ်စလုံးမှ လွှတ်တော် ကော်မတီများ၏ ကူညီပံ့ပိုးမှုနှင့် ကတိကဝတ်ပြုမှုတို့ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ် များက အမျိုးသားအဆင့်/ ဒေသဆိုင်ရာ အဆင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များနှင့် ဘတ်ဂျက်များအတွင်း ပြည်နယ်/ တိုင်းဒေသကြီး အဆင့် MS–NPAN အား ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန် ကတိကဝတ်ပြုခဲ့ခြင်း ဖြစ်ပါသည်။ ဧရာဝတီ၊ ကယား၊ ချင်း၊ ကရင်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် ဒေသအခြေအနေနှင့် ကိုက်ညီသည့် ပြည်နယ်/ တိုင်းဒေသကြီး ဆိုင်ရာ ကဏ္ဍပေါင်းစုံ ပါဝင်သော အာဟာရဆိုင်ရာ အစီအစဉ်များအား ရေးဆွဲခဲ့ကြပြီး MS–NPAN ကဏ္ဍအလိုက် တာဝန်ခံများမှ စိစစ်ပြီး အတည်ပြု ခဲ့ပါသည်။

## COVID–19 ကပ်ရောဂါ နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ခြင်း

မြန်မာနိုင်ငံမှ COVID–19 ကမ္ဘာ့ကပ်ရောဂါအား တုံ့ပြန်ကာကွယ် နေချိန်တွင် MS–NPAN သည် ပြောင်းလဲနေသည့် အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် ပြုပြင်ပြောင်းလဲခဲ့ပါသည်။ MS–NPANသည် လူတစ်ဦးချင်း၊ အိမ်ထောင်စု နှင့် ရပ်ရွာလူထု အဆင့်များ၌ ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းအားထုတ်မှုများဖြင့် ပေးအပ်သည့် အာဟာရသီးသန့်နှင့် အာဟာရဓာင်းပေး စီမံကိန်းများမှတဆင့် အရေးပါပြီး ဆီလျော်မှုရှိသော မူဘောင်တစ်ရပ်အား ပြဋ္ဌာန်းပေးပါသည်။ COVID–19 ကမ္ဘာ့ကပ်ရောဂါအား ရင်ဆိုင်နေရသည့် အချိန်တွင် ကဏ္ဍပေါင်းစုံ၌ တုံ့ပြန် ဆောင်ရွက်ရန်အတွက် (၁)စီမံကိန်းများသည် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်း ထိခိုက်လွယ်သူများအား ဦးတည် ရည်ရွယ်၍ ဆောင်ရွက်ခြင်း (၂) အကြောင်း အရာမျိုးစုံပါဝင်ပြီး အပြန်အလှန်ဆက်စပ်မှု ရှိနေသည့် အာဟာရဖွံ့ဖြိုးမှု မရှိခြင်း၏ အကြောင်းရင်းများအား ဖြေရှင်းရာတွင် အိမ်ထောင်စုအဆင့် စီမံကိန်း ဆောင်ရွက်ချက်များ၏ လွှမ်းခြုံမှုသည် ကဏ္ဍဆိုင်ရာ အစီအစဉ်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် လုပ်ဆောင်ရန် မှာ ယခင်က ထက် ပိုမိုလိုအပ်လျက်ရှိကြောင်း သိသာထင်ရှား လာခဲ့ပါသည်။

လုပ်ငန်းစဉ်အတွက် အရေးပါသည့် အားပေးထောက်ခံသူများနှင့် ရပ်တည် ကာကွယ်ပေးသူများ ဖြစ်သည့် ဒေသဆိုင်ရာမှ ကဏ္ဍအလိုက် ဦးဆောင်သူ များနှင့် တိုင်ပင် ဆွေးနွေး သဘောထား ရယူသည့်အစည်းအဝေးများမှ နိုင်ငံတော်အဆင့် MS–NPAN အစီအစဉ်များအား COVID–19 ကပ်ရောဂါနှင့် လိုက်လျောညီထွေ ပြင်ဆင်ပြောင်းလဲနိုင်ခဲ့ပါသည်။

## COVID ကပ်ရောဂါ အလေးပေးသည့် စီမံကိန်းလုပ်ငန်းများအတွက် လမ်းညွှန်ချက်

LIFT သည် MS–NPAN ခေါင်းစဉ်အောက်မှ COVID–19 ကပ်ရောဂါ ကာကွယ် တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း တို့အတွက် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် ပြောင်းလဲမှုများ ပြုလုပ်ခြင်းနှင့် COVID–19 ကပ်ရောဂါ ပြန့်ပွားမှု လျှော့ချခြင်း၊ တားဆီး ကာကွယ် ခြင်း နှင့် ပြန်လည်ထူထောင်ခြင်းများ ဆောင်ရွက်နေသည့် အခြေအနေတွင် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် ပြုပြင် ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်အတွက် ဒီဇိုင်းရေးဆွဲထားသော လမ်းညွှန်မှု စာတမ်းနှစ်စောင် ရေးသားပြုစုခြင်း[၃၀]တို့တွင် ကူညီပံ့ပိုးပေးသော အရေးပေါ် အခြေအနေများတွင် အာဟာရဖွံ့ဖြိုးမှု (NiE) ဆိုင်ရာ မဟာဗျူဟာမြောက် အကြံပေးအဖွဲ့ (SAG) တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည့် အဖွဲ့ဝင် ဖြစ်ပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် MS–NPAN မူဘောင်အတွင်း ဆောင်ရွက် သည့် အဓိကစီမံကိန်း ဆောင်ရွက်ချက်များအတွက် တန်ဘိုးရှိသော နည်းပညာဆိုင်ရာ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပါသည်။

## SBCC မဟာဗျူဟာ

အာဟာရဖွံ့ဖြိုးမှုနှင့် ချိတ်ဆက်နေသည့် အမူအကျင့်ဆိုင်ရာ အဆုံးအဖြတ်ပေးသည့်အရာ အများအပြားအား MS–NPAN တွင် လုံလောက် ပြည့်စုံစွာ ဖြေရှင်းပေးနိုင်စေရန်အတွက် LIFT သည် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး အသိပညာပေးခြင်း (SBCC) မဟာဗျူဟာရေးဆွဲရန် (သို့) SBCC– အာဟာရဆိုင်ရာ (၅)နှစ် စီမံကိန်း (SBCC–NPAN) ရေးဆွဲအကောင်အထည်ဖော်ရန်အတွက် UNICEF မြန်မာနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) ၏ အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ (NNC) နှင့် ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ (HLPU) ဦးဆောင်မှုဖြင့် LIFT နှင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ (Access to Health) တို့သည် မဟာဗျူဟာအား ဆက်လက် အကောင်အထည်ဖော်ရန်အတွက် UNICEF နှင့် ပူးပေါင်း ဆောင်ရွက် နေပါသည်။

SBCC–NPAN တွင် မူဝါဒရေးရာ ရည်မှန်းချက်များအတွက် ဦးတည်ရည်ရွယ်သည့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ စီမံချက်များ ပါဝင်သည့် အစီအစဉ် နှင့် MS–NPAN မှ အရေးပါသည့် အစိတ်အပိုင်းတရပ် ဖြစ်လာမည့် စီမံကိန်းဆောင်ရွက်ချက်များအတွက် ကုန်ကျစရိတ်ပါဝင်သည့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အစီအစဉ်များ ပါဝင်မည် ဖြစ်ပါသည်။ အဆိုပါ စီမံကိန်း ဆောင်ရွက်ချက်များသည် MS–NPAN ရလဒ်များ ခိုင်မာအားကောင်းစေပြီး အရှိန်အဟုန်မြှင့်တင်ပေးခြင်းဖြင့် အသက်(၅)နှစ် အောက် ကလေးသူငယ်များအတွက် ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှု ရလဒ်များ ဆီသို့ ဦးတည်စေမည် ဖြစ်ပါသည်။ SBCC–NPAN တွင် ပင်မ MS–NPAN ဆောင်ရွက်ချက်များ နှင့် LIFT ၏ စီမံကိန်း ဆောင်ရွက်ချက်များနှင့် လိုက်လျောညီထွေ ဖြစ်သည့် စီမံကိန်းလုပ်ငန်းများ ပါဝင်မည် ဖြစ်ပါသည်။ MoHS အတွင်း အကောင် အထည်ဖော် ဆောင်ရွက်နေသည့် SBCC ဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများအပေါ် ကနဦး အာရုံစိုက်မည် ဖြစ်ပြီး SBCC–NPAN သည် လူမှုဝန်ထမ်းဦးစီးဌာန၏ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်မှ မွေးဖွားလာသော ကလေးအသက် နှစ်နှစ်ပြည့်သည်အထိ ငွေကြေး အထောက်အပံ့ပေးရေး အစီအစဉ် (MCCT) စီမံကိန်းအပါအဝင် အာဟာရဓာင်းပေး ကဏ္ဍများရှိ အခြားစီမံချက်များအတွက် ဖြည့်ဆည်း ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများမှ ဆက်လက်၍ ဖန်တီး၊ စမ်းသပ်၊ တိုင်းတာမည့် ဆန်းသစ်တီထွင်မှုရှိပြီး ထိရောက်မှုရှိသော SBCC ဆိုင်ရာ ချဉ်းကပ်နည်းလမ်းများနှင့် နည်းကိရိယာများသည် စီမံချက်များ ပါဝင်သည့် အစီအစဉ်အား ပံ့ပိုးပေးမည် ဖြစ်ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများ၏ စီမံချက်များသည် စိုက်ပျိုးရေး၊ သင့်တင့် လျောက်ပတ်သော အလုပ်အကိုင်၊ WASH နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ အပါအဝင် အာဟာရဖွံ့ဖြိုးမှုအတွက် သက်ရောက်မှုရှိသော လမ်းကြောင်းများ အားလုံးတွင် ဆန်းသစ် တီထွင်မှုရှိသော နည်းနာများနှင့် ချဉ်းကပ်နည်းလမ်းများအား အဆင့်မြှင့်တင်ရန်နှင့် ပုံတူပွားနိုင်ရန်တို့အတွက် ကူညီပံ့ပိုး ပေးနိုင်မည် ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်အား ဦးဆောင်ရန်အတွက် သင့်လျော်သည့် ကျွမ်းကျင်မှု ရရှိနိုင်ရန် MoHS နှင့် ညှိနှိုင်းဆွေးနွေးခြင်းများအား ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း အပြီးသတ် ဝန်ဆောင်မှု အစီအစဉ်များ လုပ်ဆောင်ပေးရန်အတွက် နိုင်ငံအဆင့် SBCC မဟာဗျူဟာများအား ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ပြည်တွင်းအဖွဲ့အစည်းတစ်ဖွဲ့သည် အတွေ့အကြုံရှိပြီး နာမည်ကောင်းနှင့် ကျော်ကြားသည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်ရန် သဘောတူညီမှု ရရှိခဲ့ပါသည်။

## အာဟာရဖွံ့ဖြိုးမှုအဆင့်အတန်းအား မြှင့်တင်ခြင်း

မြန်မာနိုင်ငံရှိ အာဟာရမြှင့်တင်ရေး (SUN) သည် အာဟာရချို့တဲ့မှုအား တိုက်ဖျက်ရာတွင် စုပေါင်းတိုးတက်မှုကို ရရှိစေရန် အမျိုးမျိုးသော ပတ်သက်ဆက်နွယ်သူများအား တစ်ဦးချင်းစီ၏ စွမ်းအားများကို ညှိနှိုင်းဆောင်ရွက်ရန်၊ ပူးပေါင်းဆောင်ရွက်ရန်နှင့် တွန်းအား ပေးရန်တို့အတွက် အတူတကွ စုစည်းပေးမည့် ကဏ္ဍအလိုက် ပေါင်းစည်းဆောင်ရွက်သည့် လှုပ်ရှားမှု တစ်ရပ် ဖြစ်ပါသည်။ LIFT သည် အာဟာရမြှင့်တင်ရေး လူမှုအဖွဲ့အစည်းများကွန်ရက်(SUN–CSA) နှင့် SUN စီးပွားရေး ကွန်ရက် (SUN–BN) အပါအဝင် မြန်မာနိုင်ငံရှိ SUN ၏ ကွန်ရက် (၅)ခု အနက်မှ (၂)ခုအား ရန်ပုံငွေ ထောက်ပံ့ပေးပါသည်။ SUN–BN သည် လူအများ၏ အစားအသောက်နှင့် အာဟာရဖွံ့ဖြိုးမှုအား ရယူနိုင်သည့် အခွင့်အရေးအား ကူညီပံ့ပိုးပေးရန်အတွက် စီးပွားရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအား စုစည်းရန်နှင့် အရှိန်အဟုန် မြှင့်တင်ရန် တို့အတွက် တည်ထောင်ခဲ့ပါသည်။ SUN–CSA သည် ပုဂ္ဂလိက ကဏ္ဍ၊ အစိုးရ၊ ကုလသမဂ္ဂ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် SUN လှုပ်ရှားမှုဆိုင်ရာ သဘောသဘာဝ နှင့် ဖွဲ့စည်း တည်ဆောက်ပုံများကို အသုံးပြုပြီး မူဝါဒနှင့် စီမံကိန်းများတွင် ပါဝင် ဆောင်ရွက်ရန်အတွက် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဆင့်များရှိ အရပ်ဘက် လူမှုအဖွဲ့အစည်း အမျိုးမျိုးမှ လှုပ်ရှား ဆောင်ရွက်သူများကို စုစည်းပေးပါသည်။

## SUN စီးပွားရေး ကွန်ရက် (SUN Business Network)

၂၀၂၀ ခုနှစ် တနှစ်လုံးတွင် SUN–BN သည် ကဏ္ဍပေါင်းစုံ ပါဝင်သည့် မဟာဗျူဟာများနှင့် အစိုးရ၏ စီမံကိန်းလုပ်ငန်းများမှ တဆင့် နိုင်ငံ၏ အာဟာရဖွံ့ဖြိုးမှုအစီအစဉ်တွင် ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်းပါဝင်လာစေရန် အတွက် အားပေးလှုံ့ဆော်ခဲ့ပါသည်။ SUN–BN သည် အာဟာရ ဖွံ့ဖြိုးမှု အတွက် တုံ့ပြန် ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ကဏ္ဍအတွက် မူဝါဒများ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်ရန်အတွက် အားပေး မြှင့်တင်နိုင်ရန်ကိုလည်း ရည်ရွယ် ထား ပါသည်။ SBN ၏ အဓိက အာရုံစိုက်သည့် နယ်ပယ်များမှာ (၁) အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း (၂) အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး (၃) လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးရေး (၄) အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အသိအမြင်ပေးခြင်းနှင့် ပညာပေးခြင်း တို့ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် အမျိုးသမီးများ ဦးဆောင်သည့် စီးပွားရေး လုပ်ငန်း (၆)ခု အပါအဝင် စီးပွားရေးလုပ်ငန်း (၁၆)ခု သည် SBN အဖွဲ့ဝင် ဖြစ်လာခဲ့ပါသည်။ ယခုအခါတွင် စုစုပေါင်း အနေဖြင့် နိုင်ငံတကာ ကုမ္ပဏီ (၁၀)ခုနှင့် မြန်မာကုမ္ပဏီ (၉)ခုတို့သည် SUN–BN ဖြင့် အဖွဲ့ဝင်များ အဖြစ် ရှိနေပါသည်။[၃၁]

SUN–BN တွင် LIFT ၏ စီမံချက် ဦးစားပေးများ အထူးသဖြင့် မြို့ပြဝန်းကျင် ဒေသစီမံကိန်းအတွင်း ကူညီပံ့ပိုးပေးရန်အတွက် မူဝါဒနှင့် ထိတွေ့ ဆောင်ရွက်မှုဆိုင်ရာ မူဘောင်အား ဖြည့်ဆည်းပေးနိုင်မည့် အလားအလာ ရှိနေပါသည်။ SUN–BN ၏ ကနဦး အာရုံစိုက်မှုမှာ အစားအစာ ဘေး အန္တရာယ်ကင်းရှင်းရေး ၊ အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် အာဟာရဓာတ် ထပ်မံဖြည့်သွင်းခြင်းဆိုင်ရာ သတ်မှတ်ချက်များ အပါအဝင် အစားအသောက်နှင့် ဆက်နွယ်နေသည့် မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပေါ်၌ ဖြစ်ပါသည်။ SBN သည် အဆိုပါ စံသတ်မှတ် ချက်များ ရေးဆွဲ အကောင်အထည် ဖော်ခြင်းနှင့် အသုံးချခြင်းတို့တွင် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာန (FDA) နှင့် NNC တို့ဖြင့် အနီးကပ် ပူးပေါင်း လုပ်ဆောင်ရန် ရည်ရွယ်ပြီး အဆိုပါ အဓိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို စတင်ခဲ့ပါသည်။ အစောပိုင်း အချိန်များတွင် ပုဂ္ဂလိက ကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှုမှာ တုံ့နှေးသော်လည်း SUN–BN သည် ဤလုပ်ငန်းအား ရှေ့ဆက် လုပ်ဆောင်ရန် လိုအပ်သည့် အစိုးရဌာနများအတွင်း ကူညီပံ့ပိုးမှုအား ဖြည့်ဆည်းပေးရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်း လုပ်ဆောင်ခဲ့ ပါသည်။

၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားလာမှုမှာ ပတ်သက် ဆက်နွယ်သူများ အထူးသဖြင့် အခြေတည်စ SUN–BN ၏ ပတ်သက်ဆက်နွယ်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံကိန်းလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိသော အစိုးရ၏ ဦးစားပေးလုပ်ငန်းများတွင် အပြောင်းအလဲဖြစ်ခြင်း ဆီသို့ ဦးတည်ခဲ့ပါသည်။ ဤသို့သော စိန်ခေါ်မှုများ ရှိနေသည့် အခြေအနေ ဖြစ်သော်ငြားလည်း လွှတ်တော် ကျင်းပနေစဉ်အတွင်း လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဝန်ကြီးများသည် နိုင်ငံအတွင်း အာဟာရ ဖွံ့ဖြိုးမှု ပိုမိုတိုးတက် ကောင်းမွန်စေရန်အတွက် SUN–BN နှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ကူညီ ထောက်ပံ့ပေးသည့် အခန်းကဏ္ဍအား အလေးပေးဆွေးနွေးခဲ့ကြပါသည်။

[၃၀] (၁)မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကာလအတွင်း လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲထားသည့် အရေးပေါ် အာဟာရ ဖွံ့ဖြိုးမှု စီမံကိန်း လမ်းညွှန်ချက် – အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များ (၂) မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကာလအတွင်း လိုက်လျောညီထွေစွာ ပြုပြင် ပြောင်းလဲထားသည့် အရေးပေါ် အာဟာရ ဖွံ့ဖြိုးမှု စီမံကိန်း လမ်းညွှန်ချက်၊ အာဟာရဓာင်းပေး စီမံကိန်း ဆောင်ရွက်ချက်များ

[၃၁] SBN အဖွဲ့ဝင်များတွင် BASF ၊ DeHeus ၊ Dakota ၊ Fedwell ၊ Healthy and Healthy Families ၊ Kasanta ၊ Koe Koe Tech ၊ MAPCO ၊ METRO ၊ MILAS ၊ MRF ၊ Uniliver နှင့် Wilmar နှင့် အခြားအဖွဲ့အစည်းများ ပါဝင်ပါသည်။

## SUN အာဟာရမြှင့်တင်ရေး လူမှုအဖွဲ့အစည်းများ ကွန်ရက်(SUN–CSA)

LIFT သည် တိုင်းဒေသကြီး/ ပြည်နယ် အဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာ အဆင့်နှင့် ကမ္ဘာ့အဆင့်များ၌ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အားပေး ထောက်ခံသည့် ကြိုးပမ်းအားထုတ်မှုများအား အရှိန်အဟုန် မြှင့်တင်ရန် အတွက် SUN–CSA အား ၂၀၁၇ ခုနှစ်မှ စတင်၍ ကူညီ ပံ့ပိုးပေးခဲ့ပါသည်။ ယခုအခါတွင် SUN–CSA ၏ အဖွဲ့ဝင် အဖွဲ့အစည်းအရေအတွက်မှာ (၇၀)အထိ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။ မကြာသေးမီက ပြုလုပ်သည့် စီမံကိန်း စစ်တမ်းအရ အဆိုပါ အဖွဲ့အစည်းများအနက်မှ ၃၂ ဖွဲ့သည် MS–NPAN တွင် ပါဝင်ဆောင်ရွက်ခြင်း မှတဆင့် အမျိုးသား အာဟာရ ဖွံ့ဖြိုးမှု မြှင့်တင်ရေး အစီအစဉ် နှင့် အညီ ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၂၀ ခုနှစ်အတွင်း SUN–CSA သည် အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် ခိုင်မာ အားကောင်းစေခြင်း၊ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ အောင်မြင်မှုများအတွက် အားပေး ထောက်ခံသည့် ကြိုးပမ်း ဆောင်ရွက်မှုများအား အရှိန် အဟုန် မြှင့်တင်ခြင်း နှင့် ကွန်ရက်အား မိမိပိုင်ဆိုင်သည့် ကွန်ရက်အဖြစ် မှတ်ယူခြင်းနှင့် ကွန်ရက် ရေရှည် တည်တံ့ခိုင်မြဲမှု တို့အတွက် မြှင့်တင်ခြင်းတို့အပေါ် အာရုံစိုက်ခြင်းဖြင့် ကဏ္ဍပေါင်းစုံတွင် ဆောင်ရွက်လျက်ရှိကြသည့် အရပ်ဘက် လူမှု အဖွဲ့အစည်း လှုပ်ရှား ဆောင်ရွက်သူ များအား ကိုယ်စားပြုရန်အတွက်နှင့် ပူးပေါင်း ပါဝင်မှုအား သေချာစေရန် အတွက် ကြိုးပမ်း အားထုတ်ခဲ့ပါသည်။ SUN–CSA သည် SUN UN ပညာပေး နည်းပညာအဖွဲ့နှင့် ကိုယ်ဝန်ဆောင်၊ မွေးကင်းစနှင့် ကလေးသူငယ် အာဟာရဖွံ့ဖြိုးမှု (MICN) မဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ခြင်း အပါအဝင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပလက်ဖောင်း အချို့တွင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အရပ်ဘက် လူမှု အဖွဲ့ အစည်းများအား ကိုယ်စားပြုသည့် အရေးပါသော အဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်နေပါသည်။

## LEARN (အဆင့် ၃)

LEARN သည် LIFT မှ ပံ့ပိုးပေးသည့် နည်းပညာ အကြံဉာဏ် ဝန်ဆောင်မှုများအား ပေးအပ်သည့် စီမံချက် တစ်ခု ဖြစ်ပါသည်။ SUN–CSA သည် အရပ်ဘက် လူမှု လှုပ်ရှား ဆောင်ရွက်သူများထံ LEARN နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများ မဟာဗျူဟာမြောက် ပံ့ပိုးပေးနိုင်ရန်အတွက် LEARN စီမံချက်နှင့် ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ ပါသည်။ ကူညီပံ့ပိုးပေးသည့် ပလက်ဖောင်း များတွင် SUN–CSA အင်တာနက် ဝက်ဘ်ဆိုဒ် စာမျက်နှာ နှင့် SUN–CSA ၏ အွန်လိုင်း ရင်းမြစ် စာကြည့်တိုက်တို့ ပါဝင်ပါသည်။ LEARN ၏ SUN–CSA များနှင့် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများထံ ကူညီပံ့ပိုးမှု အလွန်ကျယ်ပြန့်ပြီး အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း ဒီဇိုင်းရေးဆွဲခြင်း နှင့် ဆန်းစစ်အကဲဖြတ်ခြင်း၊ နည်းပညာဆိုင်ရာ သင်တန်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် သင်တန်းတို့ ပါဝင်ပါသည်။ စီမံကိန်း စတင်သည့် ကာလတခုတည်း အတွင်း၌ပင် SUN–CSA အဖွဲ့ဝင်များမှ ပြည်တွင်း CSO အဖွဲ့ဝင် ၈% သည် LEARN မှ ပို့ချခဲ့သည့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းမှ အကျိုးကျေးဇူး ရရှိခံစားခဲ့ကြရပါသည်။

LEARN အဆင့်သစ်၏ အဓိက ရည်မှန်းချက်မှာ တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများနှင့် တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများ အပါအဝင် တိုင်းရင်းသား ဒေသများတွင် လုပ်ကိုင် ဆောင်ရွက်နေသည့် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန် အတွက် ဖြစ်ပါသည်။ LEARN သည် ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များအတွက် ကူညီပံ့ပိုးပေးရာတွင် အဆိုပါ အဖွဲ့အစည်းများ အနေဖြင့် ပါဝင်လုပ်ဆောင်နိုင်မည့် အခန်းကဏ္ဍများအား မည်ကဲ့သို့ အကောင်းဆုံး ရှာဖွေဖော်ထုတ်ရမည်ဆိုသည်နှင့် စပ်လျဉ်း၍ မဟာဗျူဟာ တစ်ရပ် ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။

## လူထု အခြေပြု ကျန်းမာရေး လုပ်သားဆိုင်ရာ မူဝါဒ

လူထု အခြေပြု ကျန်းမာရေးလုပ်သား (CBHW) ဆိုင်ရာ မူဝါဒအား ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ အတည်ပြု ပေးခဲ့ပြီး ၂၀၂၀ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ ဤမူဝါဒသည် လူထု နှင့် ဆေးဝါးကုသမှု နှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ ကွင်းဆင်း အကောင်အထည်ဖော်ခြင်းအား ကူညီပံ့ပိုးပေးရာတွင် အရေးပါသည့် မှတ်တိုင် တစ်ခု ဖြစ်ပါသည်။ မူဝါဒသည် ရပ်ရွာအခြေပြု ကျန်းမာရေးလုပ်သားများနှင့် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍများအတွက် မိတ်ဖက်အဖွဲ့အစည်းများအတွက် အရေးပါသည့် လမ်းညွှန်မှုပေးပြီး နိုင်ငံတော်အဆင့် နှင့် မြို့နယ် အဆင့်များ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လက်တွဲ၍ စည်းရုံးလှုံ့ဆော်ရန်နှင့် ပူးပေါင်း ဆောင်ရွက်ရန် ကူညီပံ့ပိုးပေးပါသည်။ LIFT နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများသည် ဤမူဝါဒနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် MCCT နှင့် IYCF စီမံကိန်းများ အကောင်အထည် ဖော်ရာတွင် အရန်သားဖွား ဆရာမ များနှင့် ရပ်ရွာအခြေပြု ကျန်းမာရေး လုပ်သားများ၏ အခန်းကဏ္ဍ အား ထပ်မံ ၍ အားဖြည့် ပေးနိုင်ခဲ့ပါသည်။ CBHW များ စနစ်တကျဖွဲ့စည်း ဖြစ်ပေါ်လာခြင်းသည် မြန်မာနိုင်ငံတွင် အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများပေးရာတွင် ရေရှည် အောင်မြင်မှု ရရှိနိုင်ရန်အတွက် အလွန်အရေးပါပါသည်။ ဤမူဝါဒအား လက်တွေ့ အသုံးချရာတွင် ကူညီပံ့ပိုး ပေးနိုင်ရန်အတွက် LIFT နှင့် Access to Health တို့သည် MCCT မှတဆင့် CBHW ဦးဆောင်သော အာဟာရနှင့် ဆက်နွယ်နေသည့် အမူအကျင့် ပြောင်းလဲခြင်း ခိုင်မာအားကောင်းစေမည့် အလုံးစုံပါဝင်သည့် ချင်းပြည်နယ် အာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်း အစီအစဉ် ရေးဆွဲ အကောင် အထည် ဖော်ရန်အတွက် နိုင်ငံတော်အဆင့် MoHS နှင့် MoSWRR တို့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

လုပ်ငန်းလမ်းညွှန် (ToR) များနှင့် စံသတ်မှတ်ထားသည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း (SoP) များ ရေးဆွဲ အကောင်အထည်ဖော်နိုင်ခြင်း မပြုမီ MoHS ထံမှ နောက်ထပ် လမ်းညွှန်မှု လိုအပ်လျက်ရှိပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် မရှိမဖြစ် လိုအပ်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား လူမှုအသိုက်အဝန်း အတွင်း မည်ကဲ့သို့ ပေးနိုင်မည်နှင့် မည်သူမှ ပေးမည် ဆိုသည့် အပေါ် ပိုမို၍ ရှင်းလင်းသည့် ညွှန်ပြမှုကို ပေးမည် ဖြစ်ပါသည်။ LIFT နှင့် Access to Health တို့သည် များအား အတိအကျ သတ်မှတ်ထားသည့် ToR များ၊ သင်တန်း များနှင့် SOP များတွင် မရှိမဖြစ် လိုအပ်သော ရပ်ရွာလူထု အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ပြည့်စုံစွာ ထည့်သွင်းထားမည် ဖြစ်သည့် အဆိုပါ လမ်းညွှန်ချက်များအား ရေးဆွဲရာတွင် ကူညီ ပံ့ပိုးပေးရန် လိုလားပါသည်။





## အာဟာရမျှတ၍ ကျန်းမာစေရန် စားသောက်နည်းလမ်းညွှန်

အစိုးရမှ ဦးဆောင်သည့် ပြည်သူများ အာဟာရမျှတ၍ ကျန်းမာစေမည့် စားသောက်နည်း လမ်းညွှန်ချက်များ (FBDG) အား နိုင်ငံတကာနှင့် နိုင်ငံသား အကြံပေး ပုဂ္ဂိုလ်များ၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၂၀ ခုနှစ်တွင် စတင် ရေးဆွဲ ခဲ့ပါသည်။ FBDG များအား SBCC ချဉ်းကပ်နည်းလမ်းများမှ တဆင့် အာဟာရ ဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်စေရန် အတွက် ကူညီပံ့ပိုးပေးမည် အစိုးရနှင့် LIFT မိတ်ဖက် အဖွဲ့အစည်းများအတွက် တန်ဖိုးရှိသော အထောက်အထား အခြေခံသည့် လမ်းညွှန်ချက် ပေးအပ်ရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲထားပါသည်။ လမ်းညွှန်ချက်များအား မတူညီ သည့် ဦးတည် အုပ်စု (၇)စု ဖြစ်သည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ အသက် ၆ လမှ ၂၄ လအတွင်းရှိ ကလေးသူငယ်များ၊ ကျောင်းနေ အရွယ် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အရွယ်ရောက်ပြီးသူများနှင့် သက်ကြီးရွယ်အိုများအတွက် ရေးဆွဲမည် ဖြစ်ပါသည်။

အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးသုတေသန ဌာနခွဲ (NNC) ၏ ဦးဆောင်မှုဖြင့် FBDG လုပ်ငန်းအဖွဲ့အား ကုလသမဂ္ဂ အာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာ[၃၂]အဖွဲ့ဝင်များ[၃၃]၊ စားနပ်ရိက္ခာနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အရှေ့တောင် အာရှ ပညာရေးဝန်ကြီးများအဖွဲ့၊ စားနပ်ရိက္ခာနှင့် အာဟာရ ဖွံ့ဖြိုးရေး ဒေသဆိုင်ရာ ဌာန (SEAMEO RECFON) နှင့် International Food Policy Research Institute တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ပြည်သူ့ ကျန်းမာရေးတက္ကသိုလ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဆေးသုတေသန ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ (HLPU) နှင့် မကူးစက်တတ်သော ရောဂါများ ကာကွယ် နှိမ်နင်းရေး ဌာနခွဲ (NCD) အပါအဝင် မြန်မာနိုင်ငံ အစိုးရ ဌာန အဖွဲ့အစည်းများသည်လည်း အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများထံမှ ၎င်းတို့၏ နည်းပညာဆိုင်ရာ အားသာချက်များနှင့် စွမ်းဆောင် နိုင်မှုများအပေါ် မူတည်၍ သတ်မှတ်ထားသော ကူညီပံ့ပိုးမှုများကို ရယူခြင်းဖြင့် FDBG လုပ်ငန်းအဖွဲ့သည် PLW Food Plate ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အာဟာရတစ်ခွက် (FAO) ၊ Complementary Feeding Bowl ဖြည့်စွက်အာဟာရ ပန်းကန်လုံး (UNICEF) ၊ Banana Bag ငှက်ပျောသီးအိတ် (SCI/ UNICEF) ၊ Cost of Diet/ Fill the Nutrient Gap Analysis tool အစာအာဟာရအတွက် ကုန်ကျစားရိတ်/ အာဟာရဆိုင်ရာ ကွက်လပ်ဖြည့်ခြင်း ဆန်းစစ်ချက် နည်းလမ်း(WFP) ၊ အမျိုးသားအဆင့် SBCC မဟာဗျူဟာ (LIFT နှင့် UNICEF တို့၏ ကူညီပံ့ပိုးမှုဖြင့် MoHS) တို့အပါအဝင် အခြားအမျိုးသားအဆင့် ရင်းမြစ်များနှင့် အစီအစဉ်များတို့နှင့် စုပေါင်း ဆောင်ရွက်သည့် အကျိုးရလဒ်များ ရရှိအောင်ကိုလည်း ဆက်လက် လုပ်ဆောင်ခဲ့ ပါသည်။

၂၀၂၀ ခုနှစ်တွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် နို့တိုက်မိခင်များအတွက် FBDG အား အပြီးသတ် ရေးဆွဲခဲ့ ပါသည်။ ကျန်ရှိနေသည့် ဦးတည် ရည်ရွယ်သော အုပ်စုများအတွက်မှာမူ ဆက်လက် သုံးသပ်ဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် စားသောက်နည်းလမ်းညွှန် လမ်းညွှန်ချက်များ ဖန်တီးရန်အတွက် နိုင်ငံတော်အဆင့် ကြိုးပမ်း အားထုတ်မှုများ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ၂၀၂၀ ခုနှစ်တွင် ကျောင်းနေအရွယ် ကလေး သူငယ်များနှင့် ရွှေ့ပြောင်းသွားလာသူများနှင့် မသန်စွမ်းသူ (PWD) များ အပါအဝင် အခြားအားနည်းထိခိုက်လွယ်သော အုပ်စုများအား ဦးတည်ရည်ရွယ်သည့် လမ်းညွှန်ချက်များ ရေးဆွဲရန်အတွက် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် မိတ်ဖက် အဖွဲ့အစည်း ဖြစ်သည့် PATH မှ စီစဉ်လျက် ရှိပါသည်။

## အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း

အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်းသည် LIFT နှင့် MS–NPAN တို့အတွက် အဓိက အာရုံစိုက်သည့် နယ်ပယ်အဖြစ် ဆက်လက် ရှိနေဆဲ ဖြစ်ပါသည်။ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်းထိခိုက် လွယ်သူများ၏ အဓိက အဏုအာဟာရများအား လက်လှမ်းမီရယူနိုင်မှု တိုးတက်စေမည့် အာဟာရထပ်ဖြည့် အစားအစာများ၏ အလားအလာမှာ ကုန်ပစ္စည်းများအားဝယ်ယူရန် ငွေကြေးအရ တတ်နိုင်မှု၊ လက်လှမ်းမီ ရယူနိုင်မှုနှင့် လက်ခံစားသုံးမှုတို့ တိုးတက် ကောင်းမွန်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု၊ သုတေသနနှင့် အားပေး ထောက်ခံမှု စည်းရုံးလှုံ့ဆော်မှုတို့ ဆက်လက် လိုအပ်နေပါသေးသည်။ PATH ၏ ဦးဆောင်မှုအောက်၌ ရှိသည့် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသော Smart Move မိတ်ဖက် အဖွဲ့အစည်းများအပြင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ ပေးထားသော SUN–BN တို့သည် မြန်မာနိုင်ငံ၌ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်းဆိုင်ရာ ရည်မှန်းချက်များအား ရှေ့ဆက် ဆောင်ရွက်ရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်း အားထုတ်လျက် ရှိပါသည်။ SUN–BN ၏ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း အကြောင်းအရာဆိုင်ရာ အဖွဲ့သည် ဘေးကင်း စိတ်ချရပြီး အာဟာရပြည့်ဝသည့် အာဟာရဖြည့်စွက် အစားအစာ ဖွံ့ဖြိုး တိုးတက်ရေး၊ ဖြန့်ဖြူးရေးနှင့် ဈေးကွက်တင်ခြင်းတို့အား အားပေး မြှင့်တင်ပေးလျက်ရှိပါသည်။ အဖွဲ့၏ ကနဦး အာရုံစိုက်မှုမှာ အာဟာရ ထပ်မံ ဖြည့်စွက်ထားသည့် အစားအသောက်များအတွက် ဈေးကွက် မြှင့်တင် ခြင်းနှင့် ကုန်အမှတ်တံဆိပ်အား လူအများ အသိတွင် စွဲထင်အောင် လုပ်ခြင်းတို့အား ကူညီပံ့ပိုးပေးရန် ကိုယ်ပိုင် အမှတ်အသား ရေးဆွဲရန်၊ မြန်မာနိုင်ငံ၌ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း နှင့် ဆက်စပ် စဉ်းစားရမည့် အကြောင်းအရာအပေါ် လေ့လာမှုတစ်ရပ် စတင်ရန်၊ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်းဆိုင်ရာ လက်ရှိ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အဓိကမူဝါဒနှင့် စီမံကိန်းဆိုင်ရာ အကြံပြုထောက်ခံမှုများအား လိုရင်း အနှစ်ချုပ် ဖော်ပြနိုင်ရန် အတွက် အစီရင်ခံစာ တစ်စောင်အား ရေးသားပြုစုရန်တို့ ဖြစ်ပါသည်။ အစားအသောက်တွင် အာဟာရဓာတ် ထပ်မံ ဖြည့်တင်းခြင်းဆိုင်ရာ အဓိက မိတ်ဖက် အဖွဲ့အစည်းများတွင် PATH ၊ BoPInc ၊ BASF ၊ ဆန်စက်ပိုင်ရှင်များ၏ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် (MRF) နှင့် Wilmar တို့ ပါဝင်ပါသည်။

---

၃၂။ ယခင်က SUN UN ကွန်ယက်ဟု အမည်ရ ပါသည်။

၃၃။ WFP, FAO, UNOPS, UNICEF, UNFPA, WHO

ချင်းပြည်နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS)သည် အခြား အဓိက အာဟာရသီးသန့် လုပ်ငန်းများကို အကောင်အထည် ဖော်ခဲ့ပါသည်။ ပေါင်းစပ်ညှိနှိုင်းထားသည့် ရန်ပုံငွေထောက်ပံ့မှုအား အတည်ပြုခဲ့ပြီးဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှု ဝန်ထမ်းဦးစီးဌာနတို့သည် ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာရလဒ်များ ရရှိနိုင်ရန်အတွက် အာဟာရချို့တဲ့ရခြင်း၏ အဓိက အကြောင်းရင်း မျိုးစုံအပေါ် အကျိုးသက်ရောက်မှု ရှိစေရန် စနစ်များအဆင့်၌ ညီညွတ်စွာ ပေါင်းစည်းထားသည့် ချဉ်းကပ်နည်းလမ်းအား ကျင့်သုံးနိုင်ခဲ့ပါသည်။

ကယားပြည်နယ်တွင် အမျိုးသမီး (၁၅၇၆၅ ) ဦးအား ၃ လ တကြိမ် တစ်ဦးလျှင် မြန်မာကျပ်ငွေ ၄၅,၀၀၀ (ကန်ဒေါ်လာ ၃၂)ဖြင့် ပေးအပ်ခဲ့ပြီး SBCC စီမံကိန်းလုပ်ငန်းများအား မိခင်အချင်းချင်း ရိုင်းပင်းကူညီသည့် အုပ်စုများမှ တဆင့် ပေးအပ်ခဲ့ပါသည်။ ပထမအကြိမ် ငွေကြေးထောက်ပံ့မှု ပေးအပ်ပြီးနောက် စောင့်ကြည့် စစ်ဆေးသည့် တွေ့ရှိချက်များမှ ထောက်ပံ့ငွေများအား ၎င်းတို့၏ အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ အတွက် အသုံးပြုသည့် အကျိုးခံစားခွင့် ရှိသူများအတွက် ကောင်းမွန်သည့် တိုးတက်မှုရှိကြောင်း ပြသခဲ့ပါသည်။ ကရင်ပြည်နယ်တွင် အမျိုးသမီး (၇၁,၂၁၉) ဦးသည် MCCT ထောက်ပံ့ငွေအား (၄)ကြိမ် ရရှိခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ကျေးရွာ အုပ်စုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် MCCT သင်တန်းအား တက်ရောက်ခဲ့ပြီး ဖြစ်ပါသည်။ အစိုးရမှ ထိန်းချုပ်ထားသော ဒေသများတွင် ကျေးရွာခေါင်းဆောင်များ၏ ကူညီပံ့ပိုးမှုဖြင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများမှ SBCC အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အစိုးရထိန်းချုပ်မှု မရှိသော ဒေသများတွင် ကရင် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနသည် အကျိုးခံစားခွင့် ရှိသူများအား မှတ်ပုံတင်ပြီး၊ ထောက်ပံ့ငွေများ ပေးအပ်ပါသည်။

ကချင်ပြည်နယ်အတွက် MCCT စီမံကိန်းအား ၂၀၂၀/ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စတင်နိုင်ရန်အတွက် လူမှုဝန်ထမ်း ဦးစီးဌာနသည် လွှတ်တော်မှ ဘတ်ဂျက်ခွင့်ပြုချက်ကို ရယူနိုင်ခဲ့ပါသည်။ ပထမဦးဆုံး ခြေလှမ်းမှာ ကနဦး စစ်တမ်း ကောက်ယူရန် ဖြစ်ပြီး ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် လုပ်ဆောင်နိုင်မည်ဟု မျှော်မှန်းထားပါသည်။

### MCCT အကျိုးခံစားခွင့်ရှိသူများအတွက် COVID–19 ကပ်ရောဂါ ဆိုင်ရာ ထပ်ဆောင်း ထောက်ပံ့မှု

မေလနှင့် ဇွန်လတွင် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့မှုအစီအစဉ် (MCCT) စီမံကိန်းမှ ထောက်ပံ့ငွေ မြန်မာကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၂)အား ဆောင်ရွက်ဆဲ MCCT စီမံကိန်းမှ ပေးအပ်သည့် ထောက်ပံ့ငွေအပြင် ထပ်ဆောင်း ထောက်ပံ့ငွေအဖြစ် ကိုယ်ဝန်ဆောင် အမျိုးသမီးနှင့် အသက်(၂)နှစ်အောက် ကလေးငယ်ရှိသည့် မိခင် (၂၃၈,၄၁၀) ဦးထံ တပေါင်းတည်း ပေးအပ်ခဲ့ ပါသည်။ ဤကြိုးပမ်းအားထုတ်မှုအတွက် ဘတ်ဂျက်မှာ MCCT အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုများအတွက် ကန်ဒေါ်လာ (၄.၉)သန်းနှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုများအတွက် ကန်ဒေါ်လာ (၄.၁)သန်း ဖြစ်သဖြင့် စုစုပေါင်း ဘတ်ဂျက်မှာ ကန်ဒေါ်လာ (၉)သန်း ဖြစ်ပါသည်။ ငွေကြေး ထောက်ပံ့မှုများအား COVID–19 ကပ်ရောဂါ တားဆီးကာကွယ်ရေး နှင့် လျှော့ချရေးဆိုင်ရာ သတင်းအချက်အလက် များနှင့် အတူ စာအိတ်များတွင် ထည့်၍ ပေးဝေပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် LIFT ၏ COVID–19 ဆိုင်ရာ ငွေကြေးထောက်ပံ့မှု အစီအစဉ်အား ဤအစီရင်ခံစာ၏ ၅.၄ – လူမှု ကာကွယ်စောင့်ရှောက်ရေးတွင် အပြည့်အစုံ တင်ပြထားပါသည်။

### မိတ်ဖက်အဖွဲ့အစည်းများသည် အမျိုးသား MCCT စီမံကိန်းနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခဲ့ခြင်း

မိတ်ဖက်အဖွဲ့အစည်းများ၏ စီမံကိန်း အများအပြားသည် စီမံကိန်းဆိုင်ရာ လေ့လာသင်ယူခြင်း၊ မဟာဗျူဟာ ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ ငွေကြေးထောက်ပံ့မှုများအား ပံ့ပိုးပေးရန်အတွက် SBCC လှုပ်ရှား ဆောင်ရွက်မှုများအား စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း (သို့) SBCC လှုပ်ရှား ဆောင်ရွက်မှုများအတွက် ရပ်ရွာလူထု အခြေပြုသည့် ကူညီပံ့ပိုးခြင်းတို့အနက်မှ တနည်းနည်းဖြင့် အစိုးရ၏ MCCT စီမံကိန်းတွင် ထိရောက်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခဲ့ပါသည်။ ကယားပြည်နယ်ကဲ့သို့သော အစိုးရအုပ်ချုပ်ရေး လက်လှမ်းမမီသော ဒေသအချို့တွင် LIFT မိတ်ဖက် အဖွဲ့အစည်းများသည် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အကျိုးခံစားခွင့်ရှိသူများ အနေဖြင့် စီမံကိန်း အကျိုးခံစားခွင့်အား လူတိုင်း လက်လှမ်းမီ ရယူနိုင်စေရန်အတွက် စီမံကိန်း၏ ငွေကြေးထောက်ပံ့မှုအား ပေးအပ်သည့် အစိတ်အပိုင်းတွင်လည်း ကူညီပံ့ပိုးပေးခဲ့ပါသည်။

### ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသတွင် MCCT နှင့် SBCC ပေါင်းစပ်၍ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်း

ပြီးခဲ့သည့် ကာလများအတွင်း LIFT ရန်ပုံငွေ ထောက်ပံ့ပေးသည့် MCCT စီမံကိန်းများမှ ငွေကြေးထောက်ပံ့မှု နှင့် SBCC အား ပေါင်းစပ် ဆောင်ရွက်သည့်အခါ ငွေကြေး ထောက်ပံ့မှုတစ်မျိုးတည်းကို ဆောင်ရွက်သည်ထက် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ နို့တိုက် မိခင်များနှင့် ကလေးသူငယ်များတွင် ပိုမိုထူးကဲသော အာဟာရဆိုင်ရာ ရလဒ်များကို ရနိုင်ကြောင်းကို သက်သေ သာဓကဖြင့် ထင်ထင်ရှားရှား ပြသခဲ့ပါသည်။ Save the Children International ၏ ရန်ကုန်မြို့ပြဝန်းကျင်အတွင်း ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ စီမံချက်သည် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လမှစ၍ MCCT ထောက်ပံ့မှုကို လက်ခံရရှိခဲ့သော ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အမျိုးသမီး (၁,၅၀၂) ဦးအကြား အမူအကျင့် ပြောင်းလဲရေးကို ပံ့ပိုးကူညီပေးရန်အတွက် မိခင်အချင်းချင်းရိုင်းပင်းကူညီရေး အုပ်စု (၁၂၂)စုအား ဖွဲ့စည်းခဲ့ပါသည်။ ပြည်ထောင်စု အစိုးရမှ ဦးဆောင်သော ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်များ နှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ MCCT စီမံကိန်းနှင့်အညီ ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ စီမံချက်သည် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာလျက် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အမျိုးသမီးများအား ကလေးအသက် (၂)နှစ် ရောက်သည့် အချိန်ထိ တစ်ဦးလျှင် မြန်မာကျပ်ငွေ ၁၅,၀၀၀ (ကန်ဒေါ်လာ ၁၁) ပေးအပ်ပါသည်။ စီမံချက်မှ အမူအကျင့် ပြောင်းလဲရေးအတွက် ကူညီပံ့ပိုးပေးရန် မိခင်အုပ်စုများအား ဖွဲ့စည်းပေးခဲ့သော်လည်း COVID–19 ကပ်ရောဂါကြောင့် လစဉ် အစည်းအဝေးများအား စီစဉ်ထားသည့်အတိုင်း ကျင်းပနိုင်ခဲ့ခြင်းမရှိပါ။ ထိုအစား စီမံချက်သည် အုပ်စုများဖွဲ့စည်းခြင်းနှင့် အခြေခံ အာဟာရဖွံ့ဖြိုးမှု၊ အမူအကျင့် ပြောင်းလဲရေးအတွက် စီမံကိန်း ဒီဇိုင်းပုံစံ ရေးဆွဲခြင်းနှင့် မိခင်နို့ရည် တိုက်ကျွေးခြင်းဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှုတို့ အပါအဝင် အင်တာနက် အွန်လိုင်းမှပြုလုပ်သည့် အခြေခံသင်တန်းများအား အလေးပေး ဆောင်ရွက်ခဲ့ပါသည်။ မြို့ပြဒေသတွင်





တိုးချဲ့နိုင်ရန် အလားအလာရှိသည့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်သည့် ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်(၂)နှစ်အောက် ကလေးသူငယ်များ၏ ငွေကြေးထောက်ပံ့မှုပေးသည့် စီမံကိန်း သတင်း အချက်အလက်များပေးနိုင်ရန်အတွက် စီမံချက်သည် မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ လူမှု ဝန်ထမ်း ဦးစီးဌာနတို့ နှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်ရန်နှင့် မြို့ပြဒေသများတွင် ဘဝအစ ရက်ပေါင်း (၁,၀၀၀)အတွင်း အာဟာရ ဖွံ့ဖြိုးမှုကို မြှင့်တင်ရန် စီမံချက်မှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများအား မျှဝေရန်တို့အတွက် စီစဉ်လျက် ရှိပါသည်။

### CDN ၏ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စုများအား အချိန်နှင့်တပြေးညီလွှဲပြောင်းပေးခြင်း

ကရင်ပြည်နယ်တွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော CDN–ZOA သည် အစိုးရမှ ထိန်းချုပ်ထားသော ဒေသများ၌ လူမှုဝန်ထမ်းဦးစီးဌာနမှ MCCT စီမံကိန်းအား စတင် ဆောင်ရွက်သည့်အချိန်၌ စီမံချက်၏ SBCC ချဉ်းကပ် နည်းလမ်းအား ကူညီပံ့ပိုးပေးရန်အတွက် မိခင်အချင်းချင်း ရိုင်းပင်းကူညီသည့် အုပ်စုများ၏ အစည်းအဝေးများ နှင့် လစဉ် အသိပညာပေးပွဲများအား အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ CDN–ZOA သည် MoHS မှ စီစဉ်ဆောင်ရွက်သည့် SBCC ဆိုင်ရာ လုပ်ငန်းများအတွင်းသို့ စီမံချက်၏ လုပ်ငန်းများအား ပေါင်းစပ် ထည့်သွင်းရန် အတွက် MoHS နှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများနှင့် တွဲဖက်၍ လုပ်ကိုင်ခဲ့ပါသည်။ အစောပိုင်းကာလများတွင် ရပ်ရွာ လူထု အဆင့်၌ အခြေခံ ကျန်းမာရေး ဝန်ထမ်းများသည် စီမံချက်မှ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက် နိုင်မည် ဖြစ်ကြောင်း အရိပ်လက္ခဏာများ ပြသခဲ့ခြင်းများ ရှိခဲ့သော်လည်း စီမံချက် ပြီးဆုံးသည်အထိ လက်တွေ့ ဖြစ်ပေါ်လာခြင်း မရှိခဲ့ပါ။ သို့သော်ငြားလည်း ရပ်ရွာလူထု အဆင့်၌ SBCC လုပ်ငန်းများအား အချိန်နှင့် တပြေးညီ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါသည်။ CDN–ZOA စီမံချက်သည် စက်တင်ဘာလ တွင် ပြီးဆုံးခဲ့ပြီး၊ အစိုးရ ကျန်းမာရေး ဝန်ထမ်းများမှ SBCC လုပ်ငန်း ဆောင်ရွက်မှုများကို အောက်တိုဘာလတွင် စတင်ခဲ့ပါသည်။

### ကယားနှင့် ကရင်ပြည်နယ် MCCT စီမံကိန်းများအား ကူညီပံ့ပိုးပေးရန် စီမံချက်များ စတင် ဆောင်ရွက်ခြင်း

၂၀၂၀ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့သည့် International Rescue Committee ၏ ကယားပြည်နယ် ဘက်စုံ အာဟာရ ဖွံ့ဖြိုးရေးစီမံချက် (KIN) အား အစိုးရမှ ထိန်းချုပ်မှုရှိသော ဒေသများ နှင့် အစိုးရမှ ထိန်းချုပ်ထားခြင်း မရှိသောဒေသများတွင် စတင်ဆောင်ရွက်သည့် ကယားMCCTအား ပံ့ပိုးကူညီပေးရန် ဝန်ဆောင်မှုပေးသူများ၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲထားပါသည်။ လူမှုဝန်ထမ်း ဦးစီးဌာန၏ MCCT စီမံကိန်းမှာ ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ပြီး ငွေကြေးထောက်ပံ့မှု (၈) ကြိမ်မှတဆင့် အကျိုးခံစားခွင့်ရှိသူ (၁၅,၇၆၅) ဦးထံ ရောက်ရှိခဲ့ပါသည်။ လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက် (CHDN) နှင့် ကရင်နီ အမျိုးသမီးများ အစည်းအရုံး (KNWO) တို့နှင့် မိတ်ဖက်ပြု၍ အကောင်အထည် ဆောင်ရွက်နေပြီ ဖြစ်သော LIFT မှ ထောက်ပံ့ပေးသည့် စီမံချက်သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အနီးကပ် လက်တွဲ ဆောင်ရွက်လျက် ရှိပါသည်။ International Rescue Committee (IRC) သည် စီမံချက်တွင် အဓိက တွဲဖက် လုပ်ကိုင်နေသူများအကြား စီမံချက်၏ ဝန်ဆောင်မှုများနှင့် ပစ္စည်းများ (SBCC သတင်းစကားပေးပို့ခြင်း၊ သတင်း အချက်အလက်များ၊ ပညာရေးနှင့် သတင်းအချက်အလက်နှင့် ပြန်ကြားဆက်သွယ်မှုဆိုင်ရာ အထောက်အကူပြုပစ္စည်း (IEC) နှင့် သင်ထောက်ကူ ပစ္စည်းများ) ကို မိမိကိုယ်ပိုင်ပစ္စည်းများအဖြစ် ရှုမြင်စေရန်အတွက် လုပ်ဆောင်ခဲ့ပါသည်။ MCCT အာဟာရ ဖွံ့ဖြိုးမှု ရလဒ်များအား မြှင့်တင်ရန် စီမံချက်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် တည်ဆောက်ထားသော WASH အခြေခံ အဆောက်အဦ၏ ရေရှည်တည်တံ့ ခိုင်မြဲမှုရှိစေရန်အတွက် စီမံချက်သည် အခြေခံ အဆောက်အဦ တည်ဆောက်ရန် နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်တို့အတွက် လူမှု အသိုက်အဝန်းများ၏ စွမ်းဆောင်ရည်အား ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ် စက်တင်ဘာလတွင် Community Partners International (CPI) သည် ကရင်ပြည်နယ်ရှိ မြို့နယ် (၇) မြို့နယ်လုံးရှိ အစိုးရမှ ထိန်းချုပ်ထားသော ဒေသနှင့် အစိုးရမှ ထိန်းချုပ်ထားခြင်း မရှိသည့် ဒေသ နှစ်ခုလုံးတွင် ကရင် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW)၊ ကရင်တိုင်းရင်းသားများ ကျန်းမာရေးအဖွဲ့အစည်း (KEHOC)၊ ရိုးမ လူမှုရေးနှင့် ဖွံ့ဖြိုးရေးအသင်း (YSDA)နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ ကရင်လူထုအတွက် ကော်မတီ(CIDKP) တို့နှင့် မိတ်ဖက်ပြုကာ အာဟာရဓာတ်ပြည့်ဝရေး စီမံချက် – မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အာဟာရဖွံ့ဖြိုးမှုနှင့် WASH ပိုမို တိုးတက် ကောင်းမွန်စေခြင်းမှတဆင့် လူအများအား လုပ်ကိုင်နိုင်စွမ်း ပေးအပ်ခြင်းကို စတင် ဆောင်ရွက်ခဲ့ပါသည်။ ဤစီမံချက်အား အမျိုးသား MCCT စီမံကိန်းစတင်ဆောင်ရွက်ရာတွင် ခိုင်မာ အားကောင်းစေရန်အတွက်လည်း ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ CPI နှင့် ယင်း၏ ဒေသခံ မိတ်ဖက်အဖွဲ့အစည်း များသည် ရပ်ရွာလူထုအား လှုံ့ဆော်သည့် ချဉ်းကပ်နည်းလမ်းအား အသုံးပြု၍ အာဟာရဖွံ့ဖြိုးမှုနှင့် WASH ဆိုင်ရာ အသိပညာ သဘောထားများနှင့် အလေ့အကျင့်များကို မြှင့်တင်ရန် လုပ်ဆောင်လျက် ကရင် ပြည်နယ်တွင် MCCT လုပ်ငန်း လည်ပတ်ဆောင်ရွက်မှု ပိုမို တိုးတက် ကောင်းမွန်စေရန် ရည်ရွယ်ပါသည်။ ကရင်ပြည်နယ်ရှိ လူမှုဝန်ထမ်း ဦးစီးဌာန၏ MCCT စီမံကိန်းသည် ယခုအချိန်အထိ အကျိုးခံစားခွင့်ရှိသူ (၅၂,၀၀၀) ထံသို့ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။ အမျိုးသားအဆင့် MCCTစီမံကိန်း ဖွဲ့စည်းပုံ၏ တစ်စိတ်တစ်ဒေသဖြစ်သော စေတနာ့ဝန်ထမ်း ရပ်ရွာလူထု လူမှုရေးလုပ်သားများနှင့် မိခင်အချင်း ရိုင်းပင်းကူညီသည့် အုပ်စုများသည် စီမံချက်၏ အရေးပါသည့် အစိတ်အပိုင်းများ ဖြစ်ပါသည်။

### အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လက်တွေ့ကျင့်သုံးသည့် အသိုက်အဝန်းများမှ မြို့ပြဝန်းကျင် စီမံကိန်းများအား ပံ့ပိုးပေးခြင်း

၂၀၂၀ ခုနှစ်တွင် ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသ၌ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကြောင်းအရာအလိုက် လုပ်ငန်းအဖွဲ့ များကို ဖွဲ့စည်း ထူထောင် ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများသည် အကြောင်းအရာ အလိုက် နယ်ပယ် (၂)ခု အပေါ်၌ အာရုံစိုက်ရန် ဆုံးဖြတ်ခဲ့သဖြင့် SBCC လုပ်ငန်းအဖွဲ့နှင့် အစားအစာရောင်းချသူများ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပေါက်ပေါက်လာပါသည်။ နယ်မြေခြင်း နီးကပ်စွာတည်ရှိပြီး တူညီသည့် အကျိုး ခံစားခွင့်ရှိသည့် လူမှု အသိုက်အဝန်းများတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ လုပ်ငန်းအဖွဲ့ (၂)ဖွဲ့လုံးသည် သတင်း အချက်အလက်နှင့် နည်းပညာ ရင်းမြစ်မျှဝေခြင်း၊ တူညီသည့် ချဉ်းကပ်နည်းလမ်းများ ထူထောင်ခြင်း၊ တူညီသည့် အမူအကျင့်များနှင့် သတင်း စကားပေးပို့ခြင်းတို့ ဖြစ်စေရန် ချိန်ညှိခြင်းနှင့် ဒေသဆိုင်ရာ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် မဟာဗျူဟာများအား မျှဝေခြင်းတို့တွင် အလေးပေး

အာရုံစိုက်ခဲ့ပါသည်။ အဖွဲ့ (၂)ဖွဲ့ စလုံးသည် ၎င်းတို့ စီမံချက်များ၏ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အစိတ်အပိုင်း အားလုံးတွင် တူညီသည့် အမူအကျင့်များကို ရှာဖွေ ဖော်ထုတ်ရန်အတွက် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ မျိုးဆက်ပွားနိုင်သည့် အသက်အရွယ် ရှိသည့် အမျိုးသမီးများ နှင့် ဦးတည်ရည်ရွယ် လုပ်ကိုင်ဆောင်ရွက်နေသူများမှ တူညီသည့် အမူအကျင့် (၃)ခု ဖြစ်သည့် (၁)မိခင်များသည် ၎င်းတို့၏ ကလေးများအား ကလေးအသက် (၆)လပြည့်သည့် အချိန်ထိ မိခင်နို့ရည်တမျိုးတည်းကိုသာ တိုက်ကျွေးခြင်း (၂)မျိုးဆက် ပွားနိုင်သည့် အသက် အရွယ်ရှိသော အမျိုးသမီးများသည် နေ့စဉ် အစားအစာ အုပ်စု (၄)အုပ်စု စလုံးမှ အစားအသောက်များကို စားသုံးကြခြင်း (၃) အသက် (၂)နှစ် အောက် ကလေးငယ် မိခင်များနှင့် စောင့်ရှောက်ပေးသူများသည် အရေးကြီးသည့် အချိန်များတွင် ၎င်းတို့၏ လက်အား ဆပ်ပြာနှင့် ရေကို အသုံးပြု၍ ဆေးကြောကြခြင်း တို့အား တွေ့ရှိခဲ့ပါသည်။[၃၄] LEARN စီမံချက်၏ ကူညီပံ့ပိုးမှုဖြင့် အစားအစာ ရောင်းချသူများ လုပ်ငန်းအဖွဲ့မှလည်း ရောင်းချသူ၏ တကိုယ်ရေ သန့်ရှင်းရေး၊ အစားအသောက် သန့်ရှင်းရေး၊ အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက် များ စီးပွားဖြစ် ရောင်းချခြင်းနှင့် ဆက်နွယ်နေသည့် ၎င်းတို့၏ သင်တန်းများနှင့် အသိအမှတ်ပြု သော အစီအစဉ်များမှ တဆင့် မြှင့်တင်ရန်အတွက် တူညီသည့် အမူအကျင့်များအား ရှာဖွေ ဖော်ထုတ်ခဲ့ပါသည်။

### ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး (WASH)

**အာဟာရဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန်စေရန်အတွက် ရေရှိရေးအား တိုးမြှင့်ခြင်း**

၂၀၂၀ ခုနှစ်တွင် CDN–ZOA သည် ကရင်ပြည်နယ် မြောက်ပိုင်းတွင် ဘေးကင်းစိတ်ချရသည့် သောက်သုံးရေ လက်လှမ်းမီ ရယူနိုင်မှု တိုးမြှင့်ရန် အပြင် တကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အသိဉာဏ် ဗဟုသုတနှင့် အလေ့အကျင့်များ ခိုင်မာအားကောင်းစေရန် တို့အတွက် WASH အစိတ်အပိုင်းပါဝင်သော ကဏ္ဍပေါင်းစုံ ပါဝင်သည့် (၄)နှစ် စီမံချက်ကို အဆုံးသတ်ခဲ့ပါသည်။ စီမံချက်သည် မိုးရာသီကာလအတွင်း ကာကွယ် စောင့်ရှောက်ထားသည့် ရေအရင်းအမြစ်မှ ရေကို အသုံးပြုသည့် အိမ်ထောင်စု အရေအတွက်မှာ ၃၉% မှ ၆၅% ထိ တိုးတက်လာခဲ့သည့်အတွက်ကြောင့် သိသိသာသာ တိုးတက်ပြောင်းလဲလာသည့် ရလဒ်များ ရရှိခဲ့ပါသည်။ စီမံချက် အကဲဖြတ် သုံးသပ်သည့် အဖွဲ့သည် ကျေးရွာ (၂၇)ရွာတွင် ရေနှင့် သက်ဆိုင်သည့် အခြေခံ အဆောက်အဦ ဆောက်လုပ်ခြင်း၏ ရလဒ်အနေဖြင့် ရေရရှိမှု တိုးမြင့်လာသည်ဟု မှတ်ချက်ပေးခဲ့ပါသည်။ ယခုအခါတွင် လူအများအပြားသည် သောက်သုံးရန်အတွက်သာမက လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ ဆေးကြောခြင်း အပါအဝင် ဘေးကင်းစိတ်ချရသည့် တစ်ကိုယ်ရေနှင့် အိမ်သန့်ရှင်းရေး အမူအကျင့်များအတွက် အကာအကွယ်ရှိထားသည့် ရေအရင်းအမြစ်များမှ ရေပမာဏ အများအပြားအား အသုံးပြုနိုင်နေပြီ ဖြစ်ပါသည်။ စီမံချက် ပြီးဆုံးချိန်၌ တင်ပြသည့် အစီရင်ခံစာအရ ရေအရင်းအမြစ်များအား လက်လှမ်းမီ ရယူနိုင်မှု တိုးတက်လာခြင်းကြောင့် အိမ်သာအသုံးပြုသည့် အိမ်ထောင်စု အရေအတွက်မှာ (၆၉%) (၂၀၁၆ ခုနှစ်)မှ ၉၃.၅% (၂၀၂၀ ခုနှစ်) အထိ တိုးတက်လာခြင်းဆီသို့ ရောက်ရှိစေခဲ့ပါသည်။ အာဟာရ ဖွံ့ဖြိုးမှု စီမံကိန်း ဆောင်ရွက်ချက်များနှင့် ထပ်လောင်း ပေါင်းစပ်လိုက်သည့်အခါ ရေအား လက်လှမ်းမီ ရယူနိုင်မှု တိုးတက်လာခြင်းမှ ရောဂါဖြစ်စေသည့် အရာများအား မစင်မှ ခံတွင်းအတွင်းသို့ ဝင်ရောက်ခြင်းအား ကာကွယ်တားဆီးနိုင်သဖြင့် ဝမ်းရောဂါ ဖြစ်ပွားခြင်းကို ၂၉% မှ ၇.၉% ရာခိုင်နှုန်း အထိ ကျဆင်းအောင် လျှော့ချပေးခဲ့သည်အထိ အထောက်အကူဖြစ်စေနိုင်ခြေ ရှိခဲ့ပါသည်။

ရေပေးဝေရေး စနစ်အသစ်များ၏ နောက်ထပ် အကျိုးကျေးဇူးတစ်ခုမှာ ရေသယ်ယူရာတွင် အချိန်လျှော့ချနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ရေ (၂၀)မီတာ အား သယ်ယူရသည့်အချိန် ပျမ်းမျှ ၂၀ မိနစ်မှ ၆၀ မိနစ် အကြား ကြာမြင့်သည်မှ ၅ မိနစ်မှ ၁၀ မိနစ်ခန့်သာ ကြာမြင့်သည်အထိ သိသိသာသာ လျှော့ချနိုင်ခဲ့ခြင်းဖြင့် အမျိုးသမီးများနှင့် အခြားသူများအား စိုက်ပျိုးရေး၊ အိမ်တွင်း ဥယျာဉ်ခြံမြေမှ အစားအသောက်များ ထုတ်လုပ်ခြင်းနှင့် ဝင်ငွေတိုး လုပ်ငန်းများ အပါအဝင် အခြား အကျိုးရှိသည့် အလုပ်များ လုပ်ကိုင်နိုင်ရန်အတွက် အချိန် ပိုရစေပါသည်။

စီမံချက်မှတဆင့် CDN–ZOA သည် ရောက်ရှိရန် ခက်ခဲသော ဒေသများနှင့် ပဋိပက္ခဒဏ်ခံဒေသများတွင် အဓိက လုပ်ဆောင်ပေးနေသည့် ပြည်တွင်း အရပ်ဘက် လူမှုအဖွဲ့အစည်း KORD နှင့် အောင်မြင်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ KORD မှ တောင်ပေါ်ဒေသနှင့် စိန်ခေါ်မှု များသည့် မြေပြင် အနေအထားများ၌ ဆောင်ရွက်ရသည့် အင်ဂျင်နီယာလုပ်ငန်းနှင့် ဆက်နွယ်နေသည့် ကျွမ်းကျင်မှုကို ယူဆောင်လာနိုင်ခဲ့ပါသည်။ ယင်းအား CDN မှ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ပေါင်းစပ်လိုက်ခြင်းမှ မြောက်မြားစွာသော လူမှု အသိုက်အဝန်းများအတွက် အကျိုးရှိစေသည့် ထိရောက်မှု ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ရေ ပေးဝေရေး စနစ်များအား မိတ်ဆက်ပေးနိုင်ခြင်းဆီသို့ ဦးတည်ခဲ့ပါသည်။

KORD နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် The Border Consortium (TBC) ၏ STAND UP အဆင့် (၂) စီမံချက်မှလည်း အိမ်တွင်း အသုံးပြုနိုင်သည့် အရည်အသွေးရှိသော ရေပေးဝေမှုအတွက် ကူညီပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ဒေသခံ မိတ်ဖက် အဖွဲ့အစည်းများဖြစ်သော BPHWT နှင့် KnMHC တို့သည် စီမံကိန်းဆောင်ရွက်ချက်များ လုပ်ဆောင်သည့် လုပ်ငန်းခွင်များအား မြို့နယ် (၆)ခုစလုံးတွင် ဖြန့်ကျက်ထားခဲ့ပြီး ကျေးရွာအုပ်စု (၅)စုတွင် မြေဆွဲအားကို အသုံးချ၍ စီးဆင်းစေသည့် ရေပေးဝေသည့် (Gravity Flow) စနစ်တပ်ဆင်ပေးခဲ့ပြီး ကျေးရွာအုပ်စု (၄)စုတွင် ရေတွင်း(၈)တွင်း တူးဖော်ပေးခဲ့ကော ကျေးရွာအုပ်စု (၁၀)စုတွင် အဆင့်ဆင့် ရေစစ်သည့် စနစ်များ တပ်ဆင်ပေးခဲ့ ပါသည်။ ထို့အပြင် မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် KDHW သည် ကျေးရွာအုပ်စု ကျန်းမာရေးဆေးခန်း ပတ်ဝန်းကျင်နေရာများ၌ မြေဆွဲအားကို အသုံးချ၍ စီးဆင်းစေသည့် ရေပေးဝေရေး စနစ် (၇)ခုအား တပ်ဆင်ပေးခဲ့ပါသည်။ ရေးမြို့နယ် တလျှောက်ရှိ မွန်ပြည်သစ်ပါတီ (NMSP) နှင့် အပစ်အခတ် ရပ်စဲထားသည့် ဒေသများတွင် မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် MNHC မှ စစ်တမ်း ကောက်ယူပြီးနောက် အိမ်ထောင်စု (၅၄) စုမှ လူဦးရေ (၂,၆၂၂) ဦးအတွက် အိမ်ထောင်စုအသုံးပြုရန် ရေရရှိမှု ပိုမိုကောင်းမွန်စေရန် မြေဆွဲအားကို အသုံးချ၍ စီးဆင်းစေသည့် ရေပေးဝေရေး စနစ် (၂)ခုအား တည်ဆောက်ပေးခဲ့ပါသည်။

၃၄။ (က) အိမ်သာအသုံးပြုပြီးနောက်/ အညစ်အကြေးစွန့်ပြီးနောက် (ခ) ကလေးငယ်အား သန့်ရှင်းရေး လုပ်ပေးပြီးနောက်/ သေးခံလဲပြီးနောက် (ဂ) တိရိစ္ဆာန် မစင်များအား ကိုင်တွယ်ပြီးနောက် (ဃ) ကလေးငယ်အတွက် အစားအသောက် မပြင်ဆင်မီနှင့် (င) ကလေးငယ်အား အစာမကျွေးမီ





အိမ်တွင်းအသုံးပြုရန် ရေလက်လှမ်းမီ ရယူနိုင်မှုမှာ အမှန်တကယ် တိုးတက် ကောင်းမွန်လာခဲ့သော်လည်း အရည်အသွေး ပိုမိုကောင်းမွန်စေရန်အတွက် ရေသန့်စင်သည့် စနစ်များတပ်ဆင်ရာတွင် COVID–19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ ကြောင့် နှောင့်နှေးနေခဲ့ပါသည်။ သို့သော်ငြားလည်း အိမ်တွင်း အသုံးပြုရန် ရေအား လက်လှမ်းမီ ရယူရာတွင် တိုးတက်ခဲ့မှုများ ရှိခဲ့သဖြင့် ပတ်ဝန်းကျင် သန့်ရှင်းရေးမှာလည်း တိုးတက်ခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ ကျန်းမာရေး လုပ်သားများ၏ဖြစ်ရပ် အစီရင်ခံစာများတွင် အဆိုပါ ဒေသများတွင် အရေပြား ရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် အော့အန်ခြင်းတို့ လျော့နည်း ကျဆင်းသွားခဲ့သည်ဟု ဖော်ပြထားပါသည်။ မွန်နှင့် ကရင်ပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည့် ရေအရည်အသွေးအား ထိန်းချုပ်ခြင်းနှင့် ဆက်နွယ်နေသည့် လူမှုအသိုက်အဝန်းများအား ဆန်းစစ် အကဲဖြတ်မှုများမှ ရှာဖွေ ဖော်ထုတ်ခဲ့သည့် တူညီသော အလေးထားစရာ အကြောင်းအရာမှာ ရေအရင်းအမြစ်များတွင် ဓာတုဗေဒနှင့် ဇီဝဗေဒဆိုင်ရာ ညစ်ညမ်းစေသည့် အရာများ ပါဝင်မှုကို စောင့်ကြည့် စစ်ဆေးရန်အတွက် စမ်းသပ်သည့် ကိရိယာများအား လက်လှမ်းမီ ရယူနိုင်မှုတွင် အကန့်အသတ်ရှိသည်ဟု ဖော်ပြထားပါသည်။

**မြို့ပြရှိ WASH စနစ်များ ခိုင်မာအားကောင်းစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း**

Save the Children International ၏ ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်မှုများ စီမံချက်တွင် ရပ်ရွာလူထုသည် ၎င်းတို့ ဖွံ့ဖြိုး တိုးတက်မှုအတွက် WASH ဆိုင်ရာ ဝန်ဆောင်မှုများအား ထိန်းသိမ်းကာကွယ်ရန်နှင့် ကြီးကြပ်ရန်တို့ အတွက် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် အဓိကနေရာ၌ ရှိနေပါသည်။ မိတ်ဖက်အဖွဲ့ အဖွဲ့အစည်း ဖြစ်သည့် WaterAid မှတဆင့် စီမံချက်သည် ကျူးကျော် ရပ်ကွက်များတွင် နေထိုင်သူများ၏ လိုအပ်ချက်များကို နားလည် သဘောပေါက်စေရန်နှင့် ဘေးကင်းစိတ်ချရသည့် သောက်သုံးရေနှင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲသည့် စနစ်များအတွက် ၎င်းတို့၏ အခွင့်အရေးများကို ထောက်ခံဆော်ဩပေးရန် တို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ (YCDC) အပါအဝင် သက်ဆိုင်ရာ အစိုးရဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်၌ စီမံချက်သည် ၂၀၂၀ ခုနှစ်၌ စီမံချက် ဝန်ထမ်းများအား နည်းပညာဆိုင်ရာ သင်တန်းပေးရန်အတွက် YCDC ထံမှ သဘောတူညီမှုအား ရရှိခဲ့ပြီး ဖြစ်ပါသည်။

**COVID–19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရန်အတွက် ဒေသခံဦးဆောင်သူများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း**

COVID–19 ကပ်ရောဂါအား စနစ်များအဆင့် ကာကွယ် တုံ့ပြန်မှုများတွင် ကူညီပံ့ပိုးပေးခြင်း၏ အရေးပါမှုများ အသိအမှတ်ပြုလျက် LIFT အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ ကမ္ဘာ့ကပ်ရောဂါအား တိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများကို အားဖြည့်နိုင်ရန်အတွက် နိုင်ငံအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ဒေသဆိုင်ရာအဆင့် အစိုးရများ၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ခဲ့ပါသည်။

World Concern Myanmar ၏ ကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံရသူများ၏ အာဟာရ ရလဒ်များ တိုးတက်စေခြင်း စီမံချက်သည် (၁)နိုင်ငံတော်အဆင့် COVID–19 ကပ်ရောဂါ ကာကွယ် တုံ့ပြန်မှုများတွင် ကူညီပံ့ပိုးပေးရန်အတွက် MoHS နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း (၂)ဝန်ထမ်းများ ရောဂါကူးစက်မှုမှ ကာကွယ်တားဆီးရေး အစီအမံများ (၃) COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ ရပ်ရွာလူထုကြား အသိပညာပေးခြင်းအပါအဝင် ရပ်ရွာလူထုမှ ကာကွယ်တားဆီးသည့် အစီအမံများ အပါအဝင် COVID–19 ကပ်ရောဂါ ကာကွယ်တုံ့ပြန်သည့် လုပ်ငန်းများအား ဦးစားပေးနိုင်ရန် ပုံမှန်ဖွံ့ဖြိုးရေး လုပ်ငန်းများအား လျှော့ချခဲ့ပါသည်။

KMSS သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ မြို့နယ်များ၊ ကျေးရွာများနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ၌ အရေးပေါ် ကာကွယ် တုံ့ပြန်ရေး အဖွဲ့များ ဖွဲ့စည်းခြင်းဖြင့် အရေးပေါ် တုံ့ပြန်ကာကွယ်သည့် ယန္တရားတစ်ခုအား စတင် အသက်သွင်းခဲ့ပါသည်။

ကယား၊ ကရင်နှင့် မွန်ပြည်နယ်များနှင့် တနင်္သာရီတိုင်း ဒေသကြီးရှိ TBC ၏ STAND UP အဆင့် (၂) စီမံချက်သည် ရေ ရယူနိုင်မှု တိုးမြှင့်ရန်အတွက် မြေဆွဲအားကို အသုံးချ၍ စီးဆင်းစေသည့် ရေပေးဝေရေး စနစ် တပ်ဆင်ခြင်းနှင့် ရေတွင်းတူးခြင်း၊ ရေအရေအသွေး ကောင်းမွန်စေရန် အဆင့်အမျိုးမျိုးဖြင့် ရေသန့်စင်သည့် စနစ်များ တပ်ဆင်ခြင်းနှင့် အိမ်သာ တည်ဆောက်ခြင်းများအပါအဝင် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် နောက်ထပ်ရင်းမြစ်များအား ထပ်မံ၍ ပြန်လည် ခွဲဝေသတ်မှတ်ခဲ့ပါသည်။ အဆိုပါ ပတ်ဝန်းကျင် သန့်ရှင်းရေး အဆင့်မြှင့်တင်မှုများနှင့်အတူ ကျေးရွာအုပ်စု (၁၇)လုံးတွင် လူထု အစည်းအဝေးများနှင့် ကျေးရွာအုပ်စု ကျန်းမာရေး ဆေးခန်း (၆)ခုမှ ရပ်ရွာလူထုအခြေပြု ကျန်းမာရေး လုပ်သားများအတွက် ရေတွင်း ပိုးသတ်ဆေးခတ်ခြင်း၊ ရေသန့်စင်စက်များ တည်ဆောက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးကြောခြင်း၊ စွန့်ပစ်အမှိုက် စီမံခန့်ခွဲခြင်းနှင့် ကိန်းဂဏန်း အချက်အလက်များ ကောက်ယူခြင်း စသည်ကဲ့သို့သော ခေါင်းစဉ်များ ပါဝင်သည့် ဝန်ထမ်း စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး သင်တန်းများ ပို့ချပေးခြင်းတို့ လုပ်ဆောင်ခဲ့ပါသည်။

Health Poverty Action (HPA) ၏ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ COVID–19 ကပ်ရောဂါ ကာကွယ်တားဆီးသည့် လုပ်ငန်းများမှလည်း ရပ်ရွာလူထုမှ ဦးဆောင်သည့် ကာကွယ်တားဆီးရေး မဟာဗျူဟာများမှတဆင့် ထိတ်လန့် တုန်လှုပ်ဖွယ်ရာများအား ပိုမိုကောင်းမွန်စွာ ကိုင်တွယ် ဖြေရှင်းနိုင်ရန်အတွက် အားနည်း ထိခိုက်လွယ်သည့် လူမှုအသိုက်အဝန်းများ အထူးသဖြင့် ရွှေ့ပြောင်း သွားလာသူများအား အကူအညီပေးရန် ရည်ရွယ်ခဲ့ပါသည်။ ယင်းတွင် ရပ်ရွာလူထု စေတနာ့ဝန်ထမ်းနှင့် လှုပ်ရှား ဆောင်ရွက်သူ များမှတဆင့် ကျရောက်နိုင်ချေရှိသည့် အန္တရာယ်များအား ဆက်သွယ် အသိပေးခြင်း၊ လက်ဆေးသည့် နေရာများ တည်ဆောက်ခြင်း နှင့် ဆပ်ပြာများ ဝေငှပေးခြင်း တို့ပါဝင်ခဲ့ပါသည်။

CDN-ZOA ပူးပေါင်းထားသည့် မိတ်ဖက် အဖွဲ့အစည်းများအား ကရင်ပြည်နယ်တွင် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်မှုတွင် ကူညီပံ့ပိုးပေးရန်အတွက် တောင်းဆိုခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများသည် သတင်းအချက်အလက်များနှင့် လမ်းညွှန်မှုများကို မျှဝေခြင်း၊ အာဟာရ ဖွံ့ဖြိုးမှုနှင့် WASH ဆိုင်ရာ ပုံမှန်အစည်းအဝေးများ တက်ရောက်ခြင်းတို့မှတဆင့် ဆက်သွယ် အသိပေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း တို့အတွက် ကူညီပံ့ပိုးပေးနေသော တနင်္သာရီတိုင်းဒေသကြီး မြို့နယ် ကျန်းမာရေး အရာရှိ၊ ကရင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနတို့နှင့်အတူ လုပ်ကိုင် ဆောင်ရွက်သည့် အတွေ့အကြုံ ရှိပြီးသား ဖြစ်ပါသည်။ ဤဆက်ဆံရေးမှ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားသည့် အစောပိုင်း ကာလအတွင်း အစိုးရမှ ထိန်းချုပ်ထားသော ဒေသများနှင့် ကရင်အမျိုးသား အစည်းအရုံး ထိန်းချုပ်ဒေသများရှိ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမို၍ အံဝင်ခွင်ကျဖြစ်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် အခြား မိတ်ဖက် အဖွဲ့အစည်းများမှလည်း လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများဖြင့် ဒေသဆိုင်ရာ အစိုးရများထံ ပံ့ပိုးပေးခဲ့ပါသည်။ ဥပမာအားဖြင့် Save the Children သည် PPEများ၊ လေကာ-ရေကာ မျက်မှန်များ၊ လက်သန့်ဆေးရည်၊ ခွဲစိပ်ခန်းသုံး ဖိနပ်များ၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း များနှင့် N-95 နှာခေါင်းစည်းများ အပါအဝင် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းအစုံ (၅၀၀)အား ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည် မြောက်ပိုင်းနှင့် မကွေးတိုင်း ဒေသကြီးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနများထံ ဖြန့်ဝေပေးခဲ့ပါသည်။

**ကချင်ပြည်နယ်တွင် ဈေးကွက်ဆန်းစစ် အကဲဖြတ်ခြင်းနှင့် စားသောက်ကုန် ဈေးနှုန်းအား စောင့်ကြည့်စစ်ဆေးခြင်း**

COVID-19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ဝင်ငွေဆုံးရှုံးသွားသဖြင့် ရွှေ့ပြောင်းသွားလာသည့် လူမှု အသိုက်အဝန်းများမှ ကြုံတွေ့နေရသည့် စားနပ်ရိက္ခာ ပြတ်လပ်မှုနှင့် အာဟာရချို့တဲ့မှု ဖြစ်နိုင်ချေ အလွန်မြင့်မားသည် ဖြစ်ရာ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော Health Poverty Action (HPA) သည် မရှိမဖြစ် လိုအပ်သော စားသောက်ကုန်များအား ဝယ်ယူရရှိနိုင်မှုနှင့် ဝယ်ယူရန် ငွေကြေးတတ်နိုင်မှု ရှိမရှိတို့အား သိရှိနားလည်နိုင်ရန်အတွက် ဈေးကွက်ဆန်းစစ် အကဲဖြတ်ခြင်းဆိုင်ရာ နည်းလမ်းတစ်ခုအား ၂၀၂၀ ခုနှစ် ဧပြီလတွင် ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ ကချင်ပြည်နယ်ရှိ ရွှေ့ပြောင်းသွားလာသူ စခန်းများ အနီးတဝိုက်နှင့် စခန်းအတွင်းရှိ စားသောက်ဆိုင်များနှင့် ပျံ့ကျရောင်းချသည့် စားသောက်ဆိုင်များထံမှ လေ့ကျင့်သင်ကြားပေးထားသည့် စီမံချက်မှ ကွင်းဆင်းဆောင်ရွက်သည့် ဝန်ထမ်းများ ကောက်ယူခဲ့သည့် ကိန်းဂဏန်း အချက်အလက်များအပေါ်၌ အခြေခံသည့် အစားအသောက် ဈေးကွက် ဆန်းစစ် အကဲဖြတ်ခြင်းတွင် အစားအသောက်အုပ်စု (၈)စု ဖြစ်သည့် ကောက်ပဲသီးနှံများ၊ သားငါးများ၊ ပဲတောင့်ရှည်များ၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ၊ နို့ထွက်ပစ္စည်းများ၊ ကြက်ဥများနှင့် အခြား လူသုံးကုန်ပစ္စည်းများ ဝယ်ယူရရှိနိုင်မှုအပေါ် စားသောက်ကုန် ဈေးနှုန်းများ စောင့်ကြည့်စစ်ဆေးသည့် သတင်းအချက်အလက်များ ပါဝင်ပါသည်။ အစားအသောက် ဈေးကွက် ဆန်းစစ် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်မှ ဒေသတွင်းရှိ အစားအသောက် ဈေးကွက် အများစုမှာ အသေးစားနှင့် အလတ်စားများဖြစ်ပြီး နေ့စဉ်ရောင်းဝယ်ဖောက်ကားကြောင်း တွေ့ရှိခဲ့ပါသည်။

စောင့်ကြည့်စစ်ဆေးခဲ့သည့် ကိန်းဂဏန်း အချက်အလက်များအရ နို့ထွက်ပစ္စည်းများမှအပ စားသောက်ကုန် အများစုမှာ ကျယ်ကျယ်ပြန့်ပြန့် ဝယ်ယူရရှိနိုင်ပါသည်။ စားနပ်ရိက္ခာကွင်းဆက် တစ်ခုလုံးမှာ တည်တည်ငြိမ်ငြိမ် ရှိခဲ့သဖြင့် ကပ်ရောဂါကာလအတွင်း၌ပင် ဒေသခံ အစားအသောက် ရောင်းချသူများနှင့် စားသောက်ဆိုင်များသည် ဝိုင်းမော်နှင့် မြစ်ကြီးနားရှိ အလတ်စားနှင့် အကြီးစား ဈေးများထံမှ အစားအသောက်များကို ဝယ်ယူနိုင်ခဲ့ပါသည်။ သို့သော်လည်း သယ်ယူပို့ဆောင်ရာတွင် ထိန်းချုပ်ကန့်သတ်မှုများရှိနေသောကြောင့် စားသောက်ကုန်များ ပြန်လည် ဖြည့်တင်းရာတွင် နောက်ကျမှုအချို့ ရှိစေခဲ့ပါသည်။ စောင့်ကြည့်စစ်ဆေးသည့် ရလဒ်များမှ ၂၀၂၀ ခုနှစ် ဧပြီလနှင့် စက်တင်ဘာလအကြားတွင် ဆန်လက်လီဈေးမှာ အနည်းငယ်ကျဆင်း (၁% ထက်လျော့နည်း) ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ ဟင်းသီးဟင်းရွက်၊ အသားနှင့် ငါး အပါအဝင် လတ်ဆတ်သော အစားအသောက်များ၏ ဈေးကွက်ပေါက်ဈေးမှာ တည်ငြိမ်မှု ရှိခဲ့ပါသည်။ အစားအသောက် ဈေးကွက် ဆန်းစစ် အကဲဖြတ်မှု တခုလုံးမှ ရှာဖွေတွေ့ရှိချက်များမှာ အစားအသောက်များအား ရရှိနိုင်ပြီး ယေဘုယျအားဖြင့် လက်လှမ်းမီနိုင်သော်လည်း စီးပွားရေးအရ ခက်ခဲနေသောအချိန်တွင် လူအများ၏ အစားအသောက်ဝယ်ယူရန် ငွေကြေးအရ တတ်နိုင်စွမ်းမှာ သဲသဲကွဲကွဲ မသိနိုင်သေးသည့် အခြေ အနေ ဖြစ်ပါသည်။

**အိမ်ထောင်စုအဆင့်**

၂၀၂၀ ခုနှစ်တွင် မိတ်ဖက် အဖွဲ့အစည်းများသည် အခြေအနေသစ်နှင့် လိုက်လျောညီထွေဖြစ်သည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ချဉ်းကပ်နည်းလမ်းအချို့အား ပြုပြင် ပြောင်းလဲခဲ့ရသော်လည်း စီမံကိန်း လုပ်ငန်းအများအပြားအား စီစဉ်ထားသည့်အတိုင်း ဆက်လက် လုပ်ဆောင်နိုင် ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများသည် COVID-19 ကပ်ရောဂါ ပျံ့နှံ့မှုအား တားဆီး ကာကွယ်ရန်အတွက်သာ လုပ်ဆောင်ခဲ့ခြင်း မဟုတ်ဘဲ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အားနည်းထိခိုက်လွယ်မှုရှိသော အိမ်ထောင်စုများအပေါ် ကပ်ရောဂါ၏ အန္တရာယ် ဖြစ်စေသော သက်ရောက်မှုများအား လျှော့ချရန်အတွက်လည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

**COVID-19 ကပ်ရောဂါ**

အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများသည် အိမ်ထောင်စုများအပေါ် COVID-19 ကပ်ရောဂါ၏ ဆိုးကျိုးဖြစ်စေသော လူမှုစီးပွားရေး သက်ရောက်မှုများကို ဖြေရှင်းပေးရန်နှင့် ရောဂါပြန့်နှံ့မှုကို ကာကွယ်တားဆီးရန် တို့အတွက် အမျိုးစုံလှသည့် စီမံကိန်း ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ရန် ၂၀၂၀ ခုနှစ်တွင် ဦးတည်ရာ လမ်းကြောင်းအား အလျင်အမြန် ပြောင်းရွှေ့ခဲ့ကြပါသည်။ မိတ်ဖက် အဖွဲ့အစည်းများ၏ အိမ်ထောင်စု အဆင့် တုံ့ပြန်ကာကွယ်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည်-





**ရွှေ့ပြောင်းလုပ်သားများ၏ ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို တည်ဆောက်ရန် နှာခေါင်းစည်းများ ထုတ်လုပ်ခြင်း**

Smart Move ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်ဖြစ်သော BoPinc သည် အဝတ်ဖြင့် ပြုလုပ်သော နှာခေါင်းစည်း အရေအတွက် (၁၀,၀၀၀) အား ထုတ်လုပ်ပြီး ဖြန့်ဝေပေးရာတွင် ကူညီပံ့ပိုးပေးရန် အလုပ်အကိုင် ဆုံးရှုံးသွားသည့် အလုပ်သမားများကို အလုပ်ခန့်ထားပေးခြင်းမှတဆင့် ရွှေ့ပြောင်းလုပ်သားများ၏ ရေတို ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ရန်အတွက် BKM နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ဤလှုပ်ရှား ဆောင်ရွက်မှုအတွက် LIFT မှ ရန်ပုံငွေ တစ်စိတ်တစ်ပိုင်း ထောက်ပံ့ပေးခဲ့ပြီး BoPincမှ ကိုယ်ပိုင် မတည်ရင်းနှီးငွေဖြင့် ကျခံခဲ့ပါသည်။

**COVID-19 ကပ်ရောဂါအား ကာကွယ်တားဆီးနိုင်ရန် ပေးအပ်သည့် ငွေကြေးထောက်ပံ့မှုများ**

COVID-19 ကပ်ရောဂါကြောင့် နိုင်ငံစီးပွားရေး တုံ့နှေးသွားခြင်းမှ မရေတွက်နိုင်သော အသေးစား စီးပွားရေးလုပ်ငန်းများအား ထိခိုက်စေခဲ့သည့်အပြင် အထည်ချုပ်အလုပ်သမား အများအပြားသည် အလုပ်အကိုင် ဆုံးရှုံးခြင်းနှင့် အလုပ်ရှင်များမှ လုပ်ခလစာမပေးချေဘဲ တိမ်းရှောင်သွားခြင်းတို့အား တွေ့ကြုံခံစားနေကြပါသည်။ Save the Children ၏ ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသများရှိ ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ စီမံချက်မှတဆင့် ရည်ရွယ်ချက် အမျိုးမျိုးအတွက် ငွေကြေးထောက်ပံ့မှုများအား ထိခိုက်မှုအများဆုံးဖြစ်ခဲ့သည့် အထည်ချုပ်အလုပ်သမားများ (အမျိုးသမီး ၈၇%) နှင့် အသေးစား စီးပွားရေးလုပ်ငန်းရှင်များထံ ပေးအပ်ခဲ့ပါသည်။ မိသားစုများ ငွေကြေးအခက်အခဲကြုံတွေ့ရသည့် အခြေအနေများတွင် တွေ့ရလေ့ရှိသည့် ကလေး အလုပ်သမားနှင့် ကလေးသူငယ်များ အပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းခံရနိုင်သည့် အန္တရာယ်အား လျှော့ချပေးပြီး အိမ်ထောင်စု၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ပေးအပ်သည့် မြန်မာကျပ်ငွေ ၁၂၀,၀၀၀ (ကန်ဒေါ်လာ ၈၆) ထောက်ပံ့မှုအား အထည်ချုပ် အလုပ်သမား (၁,၂၀၀)ကျော်မှ လက်ခံရရှိခဲ့ပါသည်။ ငွေကြေးထောက်ပံ့ပေးပြီးနောက် ပြုလုပ်သည့် စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းစဉ်အရ တုံ့ပြန်ဖြေကြားသူများ၏ ၈၅% သည် ၎င်းတို့ ရရှိသော ငွေကြေးအား အစားအသောက် ဝယ်ယူရန်အတွက် အသုံးပြုသည်ကို တွေ့ရှိခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှုအား လက်ခံရရှိခဲ့သော အသေးစား စီးပွားရေးလုပ်ငန်း (၅၂)ခုသည် ကပ်ရောဂါကာလအတွင်း အသွားအလာ ကန့်သတ်သည့် စည်းမျဉ်းစည်းကမ်းများကြောင့် ရင်းနှီးမြှုပ်နှံမှုများ ဆုံးရှုံးခဲ့ကြသည် (သို့) ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများ ပိတ်သိမ်းခဲ့ကြပါသည်။

COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် TBC သည် တစ်ကြိမ်တည်း ပေးအပ်သည့် ငွေကြေးထောက်ပံ့မှု (သို့) အစားအသောက် ထောက်ပံ့ပေးမှုအား အကျိုးခံစားခွင့်ရှိသူ (၃,၀၀၀) ခန့်ထံ ပေးအပ်ခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှု (၁၅,၀၀၀ ကျပ်မှ ၂၀,၀၀၀ ကျပ်) အား (၁,၄၂၉) ဦးထံ ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာများမှတဆင့် (၈၆၀) ဦးထံ အစားအသောက်များ ထောက်ပံ့ပေးခဲ့ပါသည်။ ကျောင်းသား စုစုပေါင်း (၇၀၈) ဦးသည်လည်း မြန်မာကျပ်ငွေ (၂,၆၀၀) နှင့် ညီမျှသော စားသောက်ကုန်များ (သို့) ငွေကြေးအား လက်ခံရရှိခဲ့ပါသည်။

**ပစ္စည်းများဖြန့်ဝေပေးခြင်း**

စီမံချက်အချို့သည် လူမှုအသိုက်အဝန်းများသာမက ကျန်းမာရေး လုပ်သားများထံ ထောက်ပံ့ရေးပစ္စည်းများအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ လူဦးရေ ထူထပ်သောဒေသများတွင် COVID-19 ကပ်ရောဂါ ပျံ့နှံ့မှုအား ကာကွယ်တားဆီးရာတွင် အကူအညီပေးရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်မှုများ စီမံချက်သည် ရွှေပြည်သာမြို့နယ်ရှိ အိမ်ထောင်စု (၈၉,၁၀၀) စုထံ ဆပ်ပြာများ ဖြန့်ဝေပေးခဲ့ပါသည်။ ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသတွင်လည်း PATH ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော BKM မှ အရည်အသွေးမြင့် ဟင်းချက်ဆီ၊ ဒြပ်မထအားဖြည့်ဆန် (၂) ကီလိုဂရမ်၊ နှာခေါင်းစည်းများနှင့် တကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများပါသည့် အထုတ်များအား ရွှေ့ပြောင်းသွားလာသူများ ထောက်ပံ့ကူညီရေး ဗဟိုဌာနမှတဆင့် အလုပ်အကိုင် ဆုံးရှုံးသွားသည့် အားနည်းထိခိုက်လွယ်သော အမျိုးသမီး အထည်ချုပ်အလုပ်သမားများထံ ဖြန့်ဝေပေးခဲ့ပါသည်။

ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် TBS ၏ STAND-UP အဆင့် ၂ စီမံချက်မှ နှာခေါင်းစည်းများ၊ အနီအောက်ရောင်ခြည်သုံး အဖျားတိုင်း ကိရိယာများနှင့် လက်ဆေးကန်များကို ရပ်ရွာလူထု အခြေပြုသည့် ကျန်းမာရေးလုပ်သားများထံ ဖြန့်ဝေပေးခဲ့ပါသည်။ KMSS ၏ SAFE-WIN စီမံချက်မှ ဆပ်ပြာ၊ လက်ဆေးကန်နှင့် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ခြင်းအတွက် ပညာပေး ဗီနိုင်းပိုစတာ ကဲ့သို့သော ကာကွယ် တားဆီးရေးဆိုင်ရာ ပစ္စည်းများအား မြို့နယ်ကျန်းမာရေး ဦးစီးဌာနများထံ ဖြန့်ဖြူးပေးခြင်းဖြင့် ကူညီထောက်ပံ့ခဲ့ပါသည်။ World Concern Myanmar မှ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ၊ ဆပ်ပြာများ၊ လက်ကိုင်စပီကာများနှင့် အနီအောက်ရောင်ခြည်သုံး အဖျားတိုင်း ကိရိယာများအား ဖြန့်ဝေပေးခြင်းဖြင့် လူမှုအသိုက်အဝန်း (၅၂)ခုထံ ကူညီပံ့ပိုးမှုများ ပေးအပ်ခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် Save the Children ၏ BRICKS စီမံချက်မှ မူဆယ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများအတွက် ဗီနိုင်းပိုစတာများ၊ လက်ကမ်းစာစောင်များနှင့် ဆပ်ပြာများ ပေးအပ်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ LIFT ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းအား ဤအစီရင်ခံစာ၏ အခန်း ၅.၁.၁ -ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် တင်ပြထားပါသည်။

**COVID-19 ကပ်ရောဂါ နှင့် ဆက်နွှယ်နေသည့် အမူအကျင့်ပြောင်းလဲရေး**

COVID-19 ကပ်ရောဂါ သင့်ပြီး နောက်ပိုင်း အာဟာရဖွံ့ဖြိုးမှုအတွက် အမူအကျင့် ပြောင်းလဲရေးစီမံကိန်း လုပ်ငန်းများတွင် ဆောင်ရွက်နေကြသော LIFT ၏ မိတ်ဖက်အဖွဲ့အစည်းအချို့သည် လက်အား ရေနှင့်ဆပ်ပြာဖြင့် ဆေးကြောခြင်း အပါအဝင် ရောဂါ ကာကွယ် တားဆီးရေးဆိုင်ရာ အမူအကျင့်များကို ထည့်သွင်းလုပ်ဆောင်ရန် ၎င်းတို့၏ စီမံကိန်း ဆောင်ရွက်ချက်များကို တိုးချဲ့ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ မြှင့်တင်ပေးခဲ့သည့် COVID-19 ကပ်ရောဂါနှင့် ဆက်နွှယ်နေသော အမူအကျင့်များတွင် မိခင်နို့ရည် တစ်မျိုးတည်းကိုသာ ဆက်လက်တိုက်ကျွေးခြင်း၊ ကျန်းမာရေး ကောင်းမွန်စေရန် အထောက်အကူပြုသည့်

အမျိုးစုံလင်သော အစားအသောက်များ စားသုံးခြင်း၊ နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေခြင်း၊ လူထုထပ်သည့် နေရာများအား ရှောင်ရှားခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းနှင့် COVID–19 ကပ်ရောဂါ လက္ခဏာများ ပြလာပါက ကြိုတင်ကုသမှု ခံယူခြင်းတို့ ပါဝင်ခဲ့ပါသည်။ အချို့သော ဖြစ်ရပ်များတွင် သတင်းစကားများအား ထောက်ပံ့ရေး ပစ္စည်းများ (ဆပ်ပြာ၊ နှာခေါင်းစည်း၊ အစရှိသည်များ) ဖြန့်ဝေပေးခြင်းနှင့်အတူ ပေးပို့ခဲ့ပါသည် (သို့) မြှင့်တင်ပေးသည့် အမူအကျင့်များအား လက်ခံကျင့်သုံးရန်အတွက် စွမ်းဆောင်နိုင်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးရာတွင် အကူအညီပေးရန် အိမ်ထောင်စုအဆင့်နှင့် စနစ်များအဆင့်တို့၌ အခြားစီမံကိန်း ဆောင်ရွက်ချက်များမှ ပေးပို့ခဲ့ပါသည်။

## အာဟာရဖောင်းပေးစိုက်ပျိုးရေး

### အားဖြည့်ဆန်

၂၀၂၀ ခုနှစ်တွင် PATH မှ ဦးဆောင်သည့် Smart Move Consortium သည် ဆန်စက်ပိုင်ရှင် (၅)ဦးအတွက် အားဖြည့်ဆန် ထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့် လုပ်ရှားဆောင်ရွက်သူများ (ကြိုတင်ရောနှောခြင်း၊ ဆန်စေ့တွင် အားဖြည့်ခြင်း၊ ရောစပ်ခြင်းလုပ်ငန်းများ) မှ ကုန်ကျစရိတ် လျှော့ချခြင်းမှတဆင့် အားဖြည့်ဆန် ဝယ်ယူရရှိနိုင်မှုနှင့် ဝယ်ယူရန် ငွေကြေးအရ တတ်နိုင်မှုတို့ကို တိုးမြှင့်လာစေရန် ဆောင်ရွက်ခဲ့ပါသည်။ ရောနှောသည့် ဗီတာမင်နှင့် သတ္တုဓာတ်များအား ဝယ်ယူနိုင်သည့် ရင်းမြစ်အသစ်များ ရှာဖွေဖော်ထုတ်ခြင်းဖြင့် တစ်ကီလိုဂရမ်လျှင် ကန်ဒေါ်လာ (၂၃)မှ (၁၂.၅) ဒေါ်လာသို့ ကျဆင်းစေခြင်းဖြင့် စားသုံးသူများအတွက် အားဖြည့်ဆန် ကုန်ကျစရိတ်အား ၂၇ % အထိ လျှော့ကျစေခဲ့ပြီး တစ်ကီလိုဂရမ်လျှင် မြန်မာကျပ်ငွေ ၅,၄၀၀ (ကန်ဒေါ်လာ ၃.၉) မှ မြန်မာကျပ်ငွေ ၃,၈၅၀ (ကန်ဒေါ်လာ ၂.၈) သို့ ကျဆင်းခဲ့ခြင်းဆီသို့ ဦးတည်ခဲ့ပါသည်။ ရောစပ်သည့် အချိုး (၉၈:၂ မှ ၉၉:၁) သို့ ပြောင်းလဲခြင်းအပါအဝင် ဈေးနှုန်းကျဆင်းလာခြင်းက စားသုံးသူ တစ်ဦးအနေဖြင့် ကုန်ကျစားရိတ် တစ်ကီလိုဂရမ်တွင် မြန်မာကျပ်ငွေ ၁၅၀ (ကန်ဒေါ်လာ ၀.၁၀) အထိ သက်သာစေခဲ့ပါသည်။ PATH သည် ဧည့်မထ အမျိုးအစား အားဖြည့်ဆန် ထုတ်လုပ်ရန်နှင့် ယင်းဆန်အား ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် အပါအဝင် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုပေးသူများမှတဆင့် မြှင့်တင်ရန်၊ ယင်းဆန်အား ယင်းဝန်ဆောင်မှုပေးသူများမှ ဝေငှသည့် အစားအသောက်ထုတ်များတွင် ပါဝင်စေရန်တို့အတွက် ဆန်စက်ပိုင်ရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ လက်ရှိနှင့် အသစ်ရောင်းချသည့် နေရာများ ဖြန့်ဖြူးပေးသည့်နေရာများ ထပ်မံတိုးချဲ့ခြင်းနှင့် အစားအသောက်ရောင်းချသူများ/စားသောက်ဆိုင်ငယ်လေး (SFVs) မှ အားဖြည့်ဆန်အား ချက်ပြုတ်ရောင်းချခြင်းတို့မှတဆင့် ရွှေ့ပြောင်း လုပ်သားများ၊ အစားအသောက်ရောင်းချသူများ/စားသောက်ဆိုင်ငယ်လေး (SFVs) နှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအကြား အားဖြည့်ဆန်နှင့် ပတ်သက်၍ အသိပညာပေးခြင်းတွင် တိုးတက်မှု ရရှိခဲ့ပါသည်။

ဒီဇင်ဘာလတွင် SMART MOVE မှ ဈေးကွက်မြှင့်တင်နိုင်မည့်ပုံစံ (၃)ခုအား ရှာဖွေဖော်ထုတ်ခဲ့ပြီး COVID–19 ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ဗဟိုမှချုပ်ကိုင်ပြီး ဈေးကွက်မြှင့်တင်ခြင်းနှင့် ဖြန့်ဖြူးခြင်း ဆိုင်ရာ မဟာဗျူဟာတစ်ရပ်အား ရေးဆွဲရန်အတွက် ဆန်စက်ပိုင်ရှင်(၃)ဦးနှင့် ဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။ BoPinc နှင့် Be Kind Myanmar တို့မှ ရောင်းအားမြှင့်တက်စေရန်အတွက် အဓိက ရောင်းချရမည့်နေရာများနှင့် ဖြန့်ဖြူးပေးမည့်သူများကို ရှာဖွေဖော်ထုတ်ခဲ့ပြီး တချိန်တည်းမှာပင် မိတ်ဖက်အဖွဲ့အစည်းများမှ စားသုံးသူအဆင့်၌ ဝယ်လိုအားရှိလာစေရန် ဖန်တီးခဲ့ကြပါသည်။ စုစုပေါင်း အားဖြည့်ဆန် ၂၆ မက်ထရစ်တန် (MT) အား ထုတ်လုပ်ခဲ့ပြီး မိတ်ဖက်အဖွဲ့အစည်းအားလုံးမှတဆင့် ဖြန့်ဖြူးပေးခဲ့ပါသည်။ Smart Move ၏ ကြိုးပမ်းအားထုတ်မှုများမှတဆင့် အကျိုးခံစားခွင့်ရှိသူ (၁၈,၅၇၉) ဦးကျော်တို့ သည် ဧည့်မထ အားဖြည့်ဆန်အား စားသုံးခဲ့ကြပြီး (၄၈)ဆိုင်မှ ရောင်းချပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် စီမံချက်သည် အားဖြည့်ဆန် စားသုံးရန်အတွက် အဓိက အတားအဆီး အချို့ဖြစ်သည့် – အားဖြည့်ဆန်သည် သဘာဝဆန် မဟုတ်၊ သို့အတွက်ကြောင့် ခန္ဓာကိုယ်ကို ဒုက္ခပေးနိုင်သည်။ အဆိုပါ ဆန်သည် လူချမ်းသာများ အတွက်သာဖြစ်သည်– စသော စိုးရိမ်ပူပန်မှုများနှင့် ယုံကြည်စိတ်ချရသည့် အရောင်းဆိုင်များသည် အရေးပါမှု စသော အချက်များ ပါဝင်သည့် BoPinc မှ ဦးဆောင်သော စားသုံးသူနှင့် ဈေးကွက်ဆိုင်ရာ အသိအမြင်ကို လေ့လာသည့် သုတေသနမှတဆင့် သင်ခန်းစာ အချို့အားလည်း စုစည်းနိုင်ခဲ့ပါသည်။ အဆိုတွေ့ရှိချက်များအား တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် SMART MOVE စီမံချက်မှ ၎င်း၏ အားဖြည့်ဆန်ဆိုင်ရာ ပညာပေး ဝက်ဘ်ဆိုဒ်အား ရောင်းချသည့် နေရာများအဖြစ်ပါ ပြောင်းလဲခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အဆိုပါ ဝက်ဘ်ဆိုဒ်များမှတဆင့် အားဖြည့်ဆန် (၁,၂၁၃) အိတ်အား ရောင်းချပေးခဲ့ပြီး ဝန်ထမ်းများမှ အားဖြည့်ဆန် စားသုံးရသည့် အတွေ့အကြုံများနှင့် စပ်လျဉ်း၍ စားသုံးသူများ၏ တုံ့ပြန်မှတ်ချက်များ ကိုလည်း တောင်းခံခဲ့ပါသည်။

### အိမ်ခြံဝင်း စိုက်ပျိုးရေး

CDN–ZOA သည် ဝင်ငွေ၊ ပုညှက်မှုအပြင် ပုညှက်မှုနှင့် ကျုံလှီမှုကို ဖြစ်စေသည့် အဓိက လမ်းကြောင်းများအပေါ် သိသာထင်ရှားသည့် သက်ရောက်မှု ရှိသည့် WASH နှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အသိအမြင်နှင့် အလေ့အကျင့်နှင့် အာဟာရ အမျိုးစုံလင်သည့် အစား အသောက် များအား လက်လှမ်းမီ ရရှိနိုင်ခြင်းတို့အတွက် ဖြေရှင်းပေးရန် ဦးတည်ရည်ရွယ်သည့် ပေါင်းစပ်စီမံကိန်း ဆောင်ရွက်ချက်များအား ဆောင်ရွက်သည့် ကရင်ပြည်နယ် မြောက်ပိုင်းတွင် ကဏ္ဍစုံပါဝင်သည့် စီမံချက်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း လက်တွေ့ပြသခဲ့ပါသည်။ စီမံကိန်းပြီးဆုံးချိန် ဆောင်ရွက်သည့် စစ်တမ်းမှ စီမံကိန်းဆောင်ရွက်ချက်များ၏ အကျိုးကျေးဇူးအား အပြည့်အဝခံစားခဲ့ကြသည့် အဓိက ကျေးရွာ (၄၀)ရွာရှိ အသက်(၅)နှစ်အောက် ကလေးသူငယ်များ၏ ပုညှက်မှုမှာ ၂၀၁၆ ခုနှစ်တွင် ၅၃% ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၄၆.၅% ထိ လျော့ကျခဲ့ကြောင်း နှင့် ကျုံလှီမှုတွင် ၁၅.၁% မှ ၆.၅% အထိ လျော့ကျခဲ့ကြောင်းအား တွေ့ရှိခဲ့ပါသည်။ စစ်တမ်းမေးခွန်းများအား တုံ့ပြန်ဖြေကြားသူများ၏ သုံးပုံနှစ်ပုံကျော် (၇၀%)မှ မော်တော်ဆိုင်ကယ်သွားလမ်း တည်ဆောက်ခြင်း၊ ရေ ပေးဝေရေးစနစ်များ ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊ အိမ်တွင်း ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းနှင့် ငွေစုငွေချေးလုပ်ငန်းများအား အဓိကထား၍ စီမံချက်မှ ၎င်းတို့၏ ဘဝများအား အလွန်တိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်ဟု အစီရင်ခံ ပြောကြားခဲ့ပါသည်။





စီမံချက်သည် အိမ်ခြံဝင်း စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များ၊ တာဝန်ခံ အမျိုးသမီးများ နှင့် ရပ်ရွာလူထုအား ပံ့ပိုးကူညီပေးသူများ၏ ပုံမှန်နှင့် အဓိကထား ပို့ချသည့် သင်တန်းများအပြင် အိမ်တွင်းဥယျာဉ်ခြံမြေစိုက်ပျိုးရေး လက်စွဲဖြန့်ဝေခြင်းနှင့် ရွေးချယ်ထားသည့် သွင်းအားစုများ (မျိုးစေ့ နှင့် စိုက်ပျိုးရေးသုံး ပစ္စည်းများ) ထောက်ပံ့ပေးခြင်း အိမ်ထောင်စု (၆၀၀)ကျော်တို့၏ အိမ်တွင်း ဥယျာဉ်ခြံမြေမှ အစားအသောက် ထုတ်လုပ်ရာတွင် ကူညီပံ့ပိုးပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ကနဦးစစ်တမ်းတွင် အိမ်ထောင်စုများ၏ ၁၀%ကျော်သည် သီးနှံ(၆)မျိုးကိုသာ စိုက်ပျိုး သော်လည်း စီမံကိန်း ပြီးဆုံးပြီးနောက် ပြုလုပ်သည့် စစ်တမ်းတွင် အိမ်ထောင်စုများ (၁၀%) ကျော်သည် သီးနှံ (၂၃)မျိုးအထိ တိုးတက်စိုက်ပျိုးခဲ့သည်ဟု ဖော်ပြထားသောကြောင့် စီမံချက်သည် အာဟာရပြည့်ဝသည့် ပိုမိုများပြားသည့် အစားအသောက် အမျိုးအစားများ ဒေသအတွင်း၌ ရရှိနိုင်မှု ပိုမိုတိုးတက်များပြားလာစေရန် ကူညီပေးခဲ့ပါသည်။ အမျိုးသမီး ၈၄.၃% မျှက လွန်ခဲ့သည့် (၃)နှစ်မှစ၍ အစားအသောက် ပိုမိုများပြားစွာ ရရှိခဲ့သည်ဟု ဖြေကြားခဲ့ပြီး ထိုသို့ရရှိခြင်းမှာ ဟင်းသီးဟင်းရွက်/အိမ်တွင်းဥယျာဉ်ခြံမြေ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမှုနှင့် ဆက်နွယ်နေသည်ဟုလည်း အတည်ပြုခဲ့ပါသည်။

အဆိုပါ တိုးတက်လာမှုများကိုလည်း မိခင်များ၏ အနိမ့်ဆုံးစားသုံးရမည့် အာဟာရအမျိုးအမည် စုံလင်စွာ စားသုံးမှု အချိုးတွင် (၂၁.၈%) မှ (၄၄%) ထိ တိုးတက်လာခြင်းနှင့် အသက် ၆ လမှ ၂၃လ အတွင်းရှိ ကလေးသူငယ်များ၏ ဗီတာမင်အေ ကြွယ်ဝသည့် အစားအသောက်များ စားသုံးမှုတွင် (၂၄%) မှ (၄၇%) ထိ တိုးတက်လာခဲ့သည်နှင့် သံဓာတ်ကြွယ်ဝသည့် အစားအသောက် စားသုံးမှုတွင် (၂၃%) မှ (၄၆%) ထိ တိုးတက်လာခြင်းတို့တွင်လည်း တွေ့မြင်ခဲ့ရပါသည်။

စီမံကိန်းပြီးဆုံးချိန်၌ ပြုလုပ်သည့်ဆန်းစစ်မှုမှ စီမံချက်၏အောင်မြင်မှုအတွက်လည်း ဖြည့်ဆည်းပံ့ပိုးပေးသည့် မရည်ရွယ်ဘဲ ရရှိလာသော ကောင်းမွန်သည့် အကျိုးဆက်မှာ အိမ်ထောင်စုများသည် ၎င်းတို့၏ ခြံမြေအတွင်း စိုက်ပျိုးမှုမှ ပိုလျှံသည့် ဟင်းသီးဟင်းရွက်များကို ဝေငှပေးသည်သာမက ၎င်းတို့ ရရှိခဲ့သည့် သွင်းအားစုများနှင့် အသိအမြင်များကိုပါ မျှဝေပေးခဲ့သဖြင့် အခြားသူများမှလည်း ၎င်းတို့၏ အိမ်တွင်းဥယျာဉ်ခြံမြေ အတွင်း အစားအသောက် ထုတ်လုပ်မှု တိုးတက်လာကြောင်းကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

### ကချင်ဒေသခံ လူမှုအသိုက်အဝန်းများနှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အိမ်တွင်းဥယျာဉ်ခြံမြေအတွင်း ဩဂဲနစ် အစားအသောက်များ ထုတ်လုပ်ခြင်း

အနီးပတ်ဝန်းကျင်ရှိ ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများကို ရောင်းချပေးရန်အတွက် အဏုအာဟာရကြွယ်ဝသည့် အစားအသောက်များအား တိုးတက် ထုတ်လုပ်ရာတွင် ကချင်ဒေသခံ လူမှုအသိုက်အဝန်းများအား ကူညီပံ့ပိုးပေးရန် Health Poverty Action (HPA) သည် အိမ်တွင်း ဥယျာဉ်ခြံမြေတွင် ဩဂဲနစ် အစားအသောက် ထုတ်လုပ်ခြင်းအပြင် တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းများဦးဆောင် ပို့ချပေးခဲ့ပါသည်။ အိမ်ခြံဝင်း စိုက်ပျိုးရေးသင်တန်းတွင် အိမ်တွင်းဥယျာဉ်ခြံမြေတွင် ဩဂဲနစ် အစားအသောက်များ စိုက်ပျိုးခြင်းဆိုင်ရာ အခြေခံနည်းစနစ်များ၊ မြေဆီနှင့် ရေ စီမံခန့်ခွဲခြင်း၊ သီးနှံဖျက်ပိုးမွှားနှင့် ဩဂဲနစ် သီးနှံများအား ဖျက်ဆီးသည့် ပိုးမွှားများစီမံခန့်ခွဲခြင်းနှင့် ရိတ်သိမ်းပြီးနောက် စီမံခန့်ခွဲခြင်းဆိုင်ရာ သင်ခန်းစာများပါဝင်ပါသည်။ သင်တန်းအား စာသင်ခန်းအတွင်း လေ့လာသင်ယူခြင်းနှင့် စံပြစိုက်ခင်းများတွင် လက်တွေ့လေ့ကျင့်ခြင်းတို့ ပါဝင်သည့် သင်တန်းသား ကိုယ်တိုင်ပူးပေါင်းပါဝင် ဆောင်ရွက်ရသည့်ပုံစံဖြင့် ပို့ချခဲ့ပါသည်။ သင်တန်းသားကိုယ်တိုင် ပါဝင်ဆောင်ရွက်ရသည့် တိရစ္ဆာန်မွေးမြူရေးသင်တန်းတွင် တိရစ္ဆာန်အစာကျွေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ကြက်ဘဲနှင့် ဝက်များအတွက် တိရစ္ဆာန်စီမံခန့်ခွဲခြင်းဆိုင်ရာ အဓိက ခေါင်းစဉ်များအား ပါဝင်ပါသည်။ အဆိုပါ သင်တန်းများ ပို့ချပြီးနောက် နောက်ဆက်တွဲအနေဖြင့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများနှင့် အသက် ငါးနှစ်အောက် ကလေးသူငယ်များရှိသော အိမ်ထောင်စုများထံ ကြက်ဘဲပေါက်စ ကလေးများ နှင့် ဝက်ပေါက်ကလေးများကို ဖြန့်ဝေပေးခဲ့ပါသည်။ သင်တန်းပို့ချပြီးနောက် စောင့်ကြည့် စစ်ဆေးမှုမှ သွားရောက် လေ့လာခဲ့သည့် အိမ်ထောင်စုများသည် သင်တန်းပြီးဆုံးအောင် တက်ရောက်ပြီးသည့်နောက်၌ ကိုယ်ပိုင်အိမ်တွင်း ဥယျာဉ်ခြံမြေ စိုက်ခင်းများ ထူထောင်ထားကြောင်း တွေ့ရှိခဲ့ပါသည်။ စောင့်ကြည့် စစ်ဆေးခြင်းမှ အိမ်တွင်း ဥယျာဉ်ခြံမြေ စိုက်ပျိုးရေးမှ ဟင်းသီးဟင်းရွက် အထွက်နှုန်းကောင်းလာသည့်အပြင် မိသားစုများသည် ၎င်းတို့၏ ထုတ်ကုန်များအား ၎င်းတို့ အိမ်နီးနားချင်းများထံ ဝေမျှပေးခဲ့သည်ကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ သင်တန်း တက်ရောက်ခဲ့သော အိမ်ထောင်စုအချို့သည် ဝင်ငွေရရှိစေရန်အတွက် အိမ်ခြံဝင်းအတွင်း ကြက်မွေးမြူရေးခြံ တည်ဆောက်ခြင်း ကဲ့သို့ တိရစ္ဆာန်မွေးမြူသည့် အသေးစား စီးပွားရေးလုပ်ငန်း များအား တည်ထောင်ရန် စီစဉ်လျက်ရှိပါသည်။

နှစ်ကုန်ပိုင်းတွင် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (SAZ) ၌ HPA မှ ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် စိုက်မွေးဆည်ဝန်ကြီးဌာန၏ ဝန်ထမ်းများ၏ ကူညီပံ့ပိုးမှုဖြင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များ ရှိသည့် အိမ်ထောင်စုများအတွက် တူညီသည့် အိမ်တွင်း ဥယျာဉ်ခြံမြေအတွင်း အစားအသောက်ထုတ်လုပ်ခြင်းနှင့် တိရစ္ဆာန် (ကြက်)မွေးမြူရေးတို့အား သင်ကြားပေးခဲ့ပါသည်။ မိသားစုများအား အိမ်တွင်း ဥယျာဉ်ခြံမြေတွင် အစားအသောက်ထုတ်လုပ်ခြင်းကို စတင်လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးပေးရန် ဟင်းသီးဟင်းရွက်မျိုးစေ့ (မုန်လာ၊ မုန်ညင်း၊ မုန်လာဥနီ၊ ပဲတောင့်ရှည် နှင့် ကြက်ပေါက်များအား ဖြန့်ဝေပေးခဲ့ပါသည်။ ဤကြိုးပမ်း အားထုတ်မှုများ၏ ရလဒ်များအား ၂၀၂၁ ခုနှစ်တွင် မြင်တွေ့ရမည် ဖြစ်ပါသည်။

### ပဋိပက္ခဒဏ်ခံရသည့် လူငယ်များအား အာဟာရ ဖောင်းပေး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များအား ပညာပေးခြင်း

The Border Consortium ၏ STAND UP (အဆင့် ၂) စီမံချက်သည် မြို့နယ် (၁၄)မြို့နယ်ရှိ ပဋိပက္ခဒဏ်ခံရသည့် လူမှုအသိုက်အဝန်းများတွင် တိုင်းရင်းသား ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) (၁၈)ဖွဲ့နှင့်အတူ လုပ်ကိုင် ဆောင်ရွက်နေပါသည်။ TBC သည် အဆိုပါ လူမှုအသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ပေးရန်အတွက် အာဟာရဖောင်းပေး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များကို လက်ခံကျင့်သုံးခြင်းကို မြှင့်တင်ပေးလျက်ရှိပါသည်။ ၂၀၂၀ ခုနှစ်၌ TBC ၏ မိတ်ဖက် အဖွဲ့အစည်းဖြစ်သော KAD သည် သံတောင်ကြီးမြို့နယ်ရှိ KNU မှ စီမံအုပ်ချုပ်သည့် အထက်တန်းကျောင်းမှ အဆောင်နေ ကျောင်းသူ၊ ကျောင်းသားများအား

အာဟာရဖေါင်းပေး စိုက်ပျိုးရေးကို မိတ်ဆက်ပေးရန်အတွက် KNU ၏ ပညာရေးနှင့် ယဉ်ကျေးမှုဌာန၊ ခရိုင်ခေါင်းဆောင်များနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော MWO သည် ရေးမြို့နယ်၊ မွန်ပြည်သစ်ပါတီ (NMSP) စီမံအုပ်ချုပ်သည့်ဒေသရှိ ညီစားအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအကြား ဩဂဲနစ် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းနှင့် သီးနှံပင်များ စိုက်ပျိုးခြင်း အပါအဝင် အာဟာရဖေါင်းပေး စိုက်ပျိုးရေးနည်းစနစ်များအား မြှင့်တင်ရန်အတွက် မွန်အမျိုးသား ပညာရေးကော်မတီ (MNEC) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် KESAN သည် ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပွားသည့်အခါ ၎င်းတို့၏ အာဟာရဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့အတွက် အာမခံနိုင်ရန်အတွက် သီးညှပ်စိုက်ပျိုးခြင်းနှင့် ဒေသခံ မျိုးစေ့အမျိုးစုံအား ဆက်လက် စိုက်ပျိုးခြင်းကဲ့သို့သော တိုင်းရင်းသားရိုးရာဓလေ့ ကျင့်သုံးမှုဆိုင်ရာ အသိအမြင်များအား ဆက်လက်ထိန်းသိမ်းထားမှုအပေါ် အလေးပေးသည့် ဖာပွန်မြို့နယ်၌ ပြုလုပ်သော မြေဩဇာပြုလုပ်ခြင်း နှင့် သဘာဝနည်းလမ်းအတိုင်း ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ သင်တန်းအား ပံ့ပိုးကူညီပေးခဲ့ပါသည်။

**ဘဝအစရက်ပေါင်း (၁,၀၀၀)အတွင်း လတ်ဆတ်သည့် အစားအသောက်များနှင့် လဲလှယ်နိုင်သည့် ဘောင်ချာဖြတ်ပိုင်း**

ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်း အဖွဲ့ဝင်များအနေဖြင့် အာဟာရပြည့်ဝသည့် အစားအသောက်များအား ဝယ်ယူနိုင်စွမ်းတွင် အကန့်အသတ်ရှိသည်အား ကျော်လွှားနိုင်ရန် Health Poverty Action (HPA) သည် အစားအသောက်နှင့် လဲလှယ်နိုင်သည့် ဘောင်ချာဖြတ်ပိုင်းများကို ကချင်ပြည်နယ်မှ စိုက်ခင်းများနှင့် အနီးပတ်ဝန်းကျင်ရှိ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးရှိသည့် အိမ်ထောင်စုများထံ ဖြန့်ဝေပေးခဲ့ပါသည်။ ယင်းမှ ရွှေ့ပြောင်းသွားလာသူများထံ စားသောက်ကုန်နှင့် အခြားစားသောက်ကုန် မဟုတ်သော ပစ္စည်းများကို အကြွေးရောင်းချပေးခဲ့ပြီး ထိုအကြွေးများအား ပြန်မဆပ်ကြသဖြင့် ဆုံးရှုံးမှုများကြုံတွေ့နေကြရသည်ဟု အစီရင်ခံတင်ပြခဲ့သည့် ဒေသခံအသေးစားနှင့် အလတ်စား ဈေးဆိုင်များအား ကူညီပံ့ပိုးပေးနိုင်သည့် အကျိုးအား ထပ်လောင်းရရှိစေခဲ့ပါသည်။ အများယုံကြည်ရသည့် အဖွဲ့အစည်းမှ အထောက်အပံ့ပေးသည့် အစားအသောက်နှင့် လဲလှယ်နိုင်သည့် ဘောင်ချာ ဖြတ်ပိုင်း အစီအစဉ်သည် ၎င်းတို့အား ပုံမှန်ဝင်ငွေ ရရှိမှုနှင့် ၎င်းတို့၏ ငွေကြေးအရ ဖူလုံမှု တိုးတက်လာစေရန် အကူအညီပေးပါသည်။ စိုက်ကွင်းများ ရှိသည့် ဒေသ(၃)ခုမှ ဘဝအစရက်ပေါင်း (၁,၀၀၀)အတွင်း ကလေးသူငယ်ရှိသည့် အိမ်ထောင်စုများအား အာဟာရပြည့်ဝသည့် အစားအသောက်များ ရရှိစေရန်အတွက် စုစုပေါင်း ဆိုင်ရှင် (၃၅)ဦး (ဆိုင်ရှင် ၂ ၁ဦး၊ မော်တော်ဆိုင်ကယ်ရောင်းသူ ၁၄)အား လေ့ကျင့် သင်ကြားပေးခဲ့ပြီး စာချုပ်များ ချုပ်ဆိုခဲ့ပါသည်။ အစားအသောက်နှင့် လဲလှယ်နိုင်သည့် ဘောင်ချာ ဖြတ်ပိုင်းများသည် အမျိုးသမီး (၄၅၁ ဦး) နှင့် အသက် (၂)နှစ်အောက် ကလေးသူငယ် (၃၄၂)ဦးထံရောက်ရှိခဲ့ပါသည်။ အမျိုးသမီးနှင့် ကလေးသူငယ်တစ်ဦးချင်းစီတို့သည် တစ်လလျှင် အသားငါး အတွက် မြန်မာကျပ်ငွေ ၅,၂၀၀ (၃၅%)၊ ဗီတာမင်အေနှင့် သံဓာတ်ကြွယ်ဝသော ဟင်းသီးဟင်းရွက်များအတွက် မြန်မာကျပ်ငွေ ၄,၀၀၀ (၂၅%) နှင့် ကြက်ဥ ၊ နို့၊ ပဲ နှင့် အခြား ကုန်ခြောက်များအတွက် မြန်မာကျပ်ငွေ ၅,၈၀၀ (၄၀%) ဖြင့် တဦးလျှင် တစ်လ စုစုပေါင်း မြန်မာကျပ်ငွေ ၁၅,၀၀၀ (ကန်ဒေါ်လာ ၁၁) အား ခံစားခွင့်ရှိခဲ့ကြပါသည်။

အစားအသောက်နှင့် လဲလှယ်နိုင်သည့် ဘောင်ချာ ဖြတ်ပိုင်းများ၏ တန်ဖိုးအား ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ အစားအသောက်များအတွက် အနိမ့်ဆုံး အသုံးစရိတ် သတ်မှတ်ချက် (တစ်လလျှင် မြန်မာကျပ်ငွေ ၁၅,၀၀၀) အပြင် ဦးတည်ရည်ရွယ်သည့် အစားအသောက်များ၏ လက်ရှိ ပေါက်ဈေးများအား ဈေးကွက်ဆန်းစစ်အကဲဖြတ်မှုမှ တွေ့ရှိချက်များအပေါ် အခြေခံ၍ တွက်ချက်ခဲ့ပါသည်။ ပုံမှန်ဈေးနှုန်း စောင့်ကြည့် စစ်ဆေးခြင်းအား အစားအသောက်နှင့် လဲလှယ်နိုင်သော ဘောင်ချာ ဖြတ်ပိုင်းများ၏ တန်ဖိုးသည် လက်ရှိ ဈေးကွက်ပေါက်ဈေးများနှင့် ကိုက်ညီမှုရှိစေရန်နှင့် အကယ်၍ လိုအပ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ချိန်ညှိနိုင်ရန် တို့အတွက် လုပ်ဆောင်ခဲ့ပါသည်။ ပုပ်သိုးလွယ်သည့် ပစ္စည်းများအားဝယ်ယူရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် အစားအသောက်နှင့် လဲလှယ်နိုင်သော ဘောင်ချာဖြတ်ပိုင်းများအား အကျိုးခံစားခွင့်ရှိသူများ ဈေးဝယ်လေ့ရှိသည့် ပုံစံနှင့်လည်း ကိုက်ညီမှုသည့် (၂)ပတ် တစ်ကြိမ်နှုန်းဖြင့် ပေးဝေပါသည်။

**တိရစ္ဆာန်မွေးမြူရေး**

ချင်းပြည်နယ်ရှိ CRS ၏ CHANGE စီမံချက်သည် အာဟာရဖွံ့ဖြိုးမှု၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကျား၊ မ တန်းတူညီမျှရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် ကောင်းမွန်သည့် ရလဒ်များရရှိစေရန် ဆင်းရဲနွမ်းပါးသူများနှင့် အားနည်းထိခိုက်လွယ်သည့် အုပ်စုများ အထူးသဖြင့် အမျိုးသမီးများနှင့် လုပ်ကွက်ငယ်တောင်သူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်း နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့အား ခိုင်မာအားကောင်းစေရန်တို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အာဟာရ ဖေါင်းပေး စီမံချက်သည် ပုညက်မှုကို လျှော့ချရန်နှင့် အိမ်ထောင်စု၏ ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ရန် ဆောင်ရွက်သည့် လမ်းကြောင်းအချို့အပေါ် ထိရောက်သော အကျိုးသက်ရောက်မှု ရှိစေရန်အတွက် ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အမျိုးသမီးများနှင့် အသက်(၅)နှစ်အောက် ကလေးသူငယ်များရှိသည့် အိမ်ထောင်စုများကို ဦးတည်ရည်ရွယ်ပါသည်။ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း၊ ဝင်ငွေ တိုးတက်ရရှိစေခြင်းနှင့် အစားအသောက် စားသုံးနိုင်မှု ပိုမိုကောင်းမွန်စေခြင်းတို့အား ဆောင်ရွက် သည့် စီမံချက်၏ အလွန်အရေးပါသော အစိတ်အပိုင်းမှာ အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုဝင်များ၏ ကြက်နှင့် ဝက် မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်မှု များ တည်ဆောက်ခြင်းဖြင့် တိရစ္ဆာန်မှ အစားအသောက် ထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာစေရန် ဖြစ်ပါသည်။ စီမံချက်သည် ဦးတည်ရည်ရွယ်သည့် သင်တန်းနှင့် လက်တွေ့ပြသခြင်းနှင့် အမျိုးသားနှင့် အမျိုးသမီးများ ပါဝင်သော တိရစ္ဆာန်မွေးမြူရေး အုပ်စုများ ဖွဲ့စည်းခြင်း တို့ မှတဆင့် ကြက်နှင့် ဝက် မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်မှုများအား လက်လှမ်းမီ ရယူနိုင်မှုကို တိုးတက်စေပါသည်။

စီမံချက်တွင် အမျိုးသမီးများ၏ပါဝင်မှုအား မြှင့်တင်ပေးရန်အတွက် အမျိုးသမီးများ ဦးစီးသည့် မွေးမြူရေးလုပ်ငန်းများတွင် ဝက်နှင့်ကြက်ကို အဓိက မွေးမြူလေ့ရှိသဖြင့် ဝက်နှင့် ကြက်တို့အား ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျား၊ မတန်းတူညီမျှမှုအား မြှင့်တင်ပေးသည့် သတင်းစကား ပေးပို့ခြင်းကို တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ သင်ခန်းစာများတွင် ထည့်သွင်းထားပါသည်။ ဥပမာအားဖြင့် တိရစ္ဆာန်မွေးမြူရေး သင်ခန်းစာများတွင် ခင်ပွန်းများနှင့် ဇနီးများ



အနေဖြင့် အလုပ်တာဝန်များအား ညီတူညီမျှ ခွဲဝေလုပ်ကိုင်ရမည်ဆိုသည့် သတင်းစကားများ ပါဝင်ပါသည်။ ကျား၊ မ ရေးရာ နှင့် ပတ်သက်၍ CHANGE ၏ ချဉ်းကပ်နည်းလမ်းမှာ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိခြင်းအပေါ်၌သာမက သာတူညီမျှရှိသည့် ဆုံးဖြတ်ချက်ချခွင့်တို့ ကျင့်သုံးရန် အမျိုးသားများအား တိုက်တွန်းအားပေးခြင်းနှင့် အိမ်အလုပ်များကို မျှဝေ လုပ်ကိုင်ခြင်းတို့ကို ကျင့်သုံးရန် အားပေးခြင်း အပေါ်၌လည်း အာရုံစိုက်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတဆင့် မွေးမြူရေးဆိုင်ရာ အလေ့အကျင့်များအား အများပြည်သူထံသို့ ထိထိရောက်ရောက် ရောက်ရှိစေရန် ရပ်ရွာအခြေပြု တိရစ္ဆာန် ကျန်းမာရေးလုပ်သားများ (CAHWs) ၏ အခန်းကဏ္ဍ မှာ စီမံချက်၏ အောင်မြင်မှုအတွက် အလွန်အရေးပါပါသည်။ သို့သော်လည်း ၂၀၂၀ ခုနှစ် နှစ်ကုန်သည်အထိ ချင်းပြည်နယ်ရှိ CAHW များအတွက် စီစဉ်ထားသည့် သင်တန်းများ မရှိခဲ့ပါ။ ထိုအတောအတွင်း စီမံချက်၏ မွေးမြူရေဆိုင်ရာ အဖွဲ့များသည် CHANGE မှ ရည်မှန်းထားသော ပါဝင်ဆောင်ရွက်နေသည့် အိမ်ထောင်စုများအတွင်း ဝက်နှင့် ကြက်ထုတ်လုပ်မှုအား ကူညီပံ့ပိုးပေးခြင်း မှတဆင့် ကနဦး လုပ်ဆောင်သွားမည်ဖြစ်ပြီး၊ ထိုမှတဆင့် ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ပေးအပ်သည့် ဝန်ဆောင်မှု ကွာဟချက်များကို ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါသည်။

**ရာသီဥတု ပြောင်းလဲခြင်း**

ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး အာဟာရဖေါင်းပေးသည့် Six-legged မွေးမြူရေး စီမံချက်သည် စိုက်ပျိုးမွေးမြူရေး နှင့် မြန်မာနိုင်ငံတွင် စားသုံးနိုင်သည့် အင်းဆက်များ စားသုံးခြင်းကို မြှင့်တင်ရန်အပြင် ပိုးမွှားဗေဒနယ်ပယ်တွင် ပညာရပ် ဆိုင်ရာ သုတေသန ကွာဟချက်များကို ဖြည့်ဆည်းပေးရန် တို့အတွက် ဆန်းသစ်သော ချဉ်းကပ်နည်းလမ်းတစ်ရပ် ဖြစ်ခဲ့ပါသည်။ သုတေသနတွင် စားသုံးနိုင်သည့် အင်းဆက်များ စားသုံးမှုအပြင် မြန်မာနိုင်ငံ၌ ၎င်းတို့အား ရောင်းဝယ်ဖောက်ကားခြင်း၊ တန်ဖိုးမြှင့်ကွင်းဆက် များနှင့် ငါးစာအနေဖြင့် အသုံးပြုနိုင်သည့် အလားအလာတို့အား ဆန်းစစ်မှု တစ်ရပ် ပါဝင်ခဲ့ပါသည်။

စီမံချက်မှ အင်းဆက်များအား အစားအသောက်အနေဖြင့် ထိရောက်စွာ မြှင့်တင်ပေးခြင်းသည် အင်းဆက်မွေးမြူရေး လုပ်ငန်းတွင် စိတ်ဝင်စားမှု မြင့်တက်စေရန်အတွက် အထောက်အကူ ပြုမည်ဖြစ်ပြီး တိရစ္ဆာန်အစားအစာ ကဏ္ဍသည် စားနပ်ရိက္ခာ ကဏ္ဍ၏ တန်ဖိုးထက် ၁၀ ဆ ခန့် မြင့်မားနိုင်ချေရှိသည်ဟု သုံးသပ်ခဲ့ပါသည်။ စီမံချက်မှ တွေ့ရှိထားသည့် စားသုံးနိုင်သည့် အင်းဆက်များ ဖမ်းဆီးခြင်း၊ မွေးမြူခြင်းနှင့် ရောင်းဝယ်ခြင်း မှတဆင့် ရရှိနိုင်သည့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများနှင့် လူမှုစီးပွားရေး ဆိုင်ရာ အကျိုးအမြတ်များနှင့် ဆက်နွယ်နေသည့် ထူးခြားသည့် တွေ့ရှိချက်များ ရှိပါသည်။ အင်းဆက်များအား ပရိုတိန်းရင်းမြစ်တစ်ခုအနေဖြင့် စားသုံးခြင်းကို မြှင့်တင်ခြင်း၏ တန်ဖိုးနှင့် စပ်လျဉ်း၍ နားလည်သဘောပေါက်ရန် လိုအပ်သည့် အကြောင်းအရာအတော်များများ ကျန်ရှိနေပါသေးသည်။

စားသုံးသူများ၏ အမူအကျင့်အပေါ် ဆန်းစစ်မှုနှင့် ဝယ်လိုအား လေ့လာမှုတို့အရ မြန်မာနိုင်ငံတွင် စားသုံးနိုင်သည့် အင်းဆက်များအား ကျယ်ကျယ်ပြန့်ပြန့် လက်ခံစားသုံးကြသည်ကို ပြသခဲ့ပါသည်။ Spectrum မှ ပြုလုပ်ခဲ့သည့် စစ်တမ်းတွင် တုံ့ပြန်ဖြေကြားသူများ၏ (၉၇% )သည် အင်းဆက်များ စားသုံးကြကြောင်းကို တွေ့ရှိခဲ့ပါသည်။ သို့သော်လည်း အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင်သာရှိသည့် အင်းဆက်များတွင် အာဟာရပါဝင်မှုနှင့် စပ်လျဉ်း၍ တိကျသည့် ကိန်းဂဏန်းအချက်အလက်များ မရှိခြင်းတို့ကြောင့် အလေးထားစရာ ကိစ္စများစွာ ရှိနေပါသေးသည်။ စီမံချက်သည် အင်းဆက် ဝယ်လိုအားများကို လှုံ့ဆော်ပေးရန်နှင့် ထုတ်လုပ်သူများအတွက် ရေရှည် တည်တံ့ခိုင်မြဲပြီး ရာသီဥတုနှင့် ကိုက်ညီသော ပရိုတိန်းရင်းမြစ်အဖြစ် ပိုမိုကြီးမားသည့် ဈေးကွက်များအား ဖော်ဆောင်ပေးရန်တို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အင်းဆက်ချက်ပြုတ်ခြင်းဆိုင်ရာ အသိပညာပေးရန် နေ့စဉ်အင်းဆက် ချက်နည်းပြုတ်နည်း စာအုပ်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ပြီးနောက် MITV နှင့် ပူးပေါင်း၍ သရုပ်ဖော် ရိုက်ကူးပြသခဲ့ပါသည်။

စီမံချက်မှ ၂၀၂၀ ခုနှစ်တွင် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆန်းစစ်မှုနှင့် ဓာတ်ခွဲခန်း စမ်းသပ်မှုတို့တွင် ပါဝင်ဆောင်ရွက် ခဲ့ပါသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါ ဆိုင်ရာ ကန့်သတ်မှုများကြောင့် မြို့နယ် (၂၈)မြို့နယ်ရှိဆိုင်များမှ ကောက်ယူခဲ့သည့် နမူနာများအား စင်္ကာပူနိုင်ငံတွင် ဆန်းစစ်မှုပြုလုပ်ရန်အတွက် ပေးပို့နိုင်ခြင်း မရှိခဲ့ပါ။ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအား အထောက်အထားမှတ်တမ်းဖြင့် ကောင်းမွန်စွာကျော်လွှားနိုင်ရန်အတွက် ရှေ့ဆက်ဆောင်ရွက်မည့် မည်သည့် မဟာဗျူဟာမဆိုတွင် စားသုံးနိုင်သည့် အင်းဆက်များအား လူသားတို့ ဘေးကင်းစိတ်ချစွာ စားသုံးနိုင်ကြောင်း ထောက်ပံ့ပေးသည့် အထောက်အထားများအား အဓိက အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ထည့်သွင်းရန် လိုအပ်မည်ဖြစ်ပါသည်။

အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားအာဟာရ ဖွံ့ဖြိုးရေး သုတေသနဌာနခွဲမှ တက်ရောက်ခဲ့သည့် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သည့် မူဝါဒဆိုင်ရာ စားပွဲဝိုင်း ဆွေးနွေးပွဲသည် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် အစားအသောက်များအား လက်လှမ်းမီ ရယူနိုင်မှုအား တိုးတက် ကောင်းမွန်စေရန်အတွက် အာဟာရဖွံ့ဖြိုးမှု ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု၌ အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဤဆွေးနွေးပွဲတွင် သုတေသနမှ ရှာဖွေတွေ့ရှိချက် အချို့အား MS-NPAN အောက်ရှိ ဦးစားပေးမှုများနှင့် ချိန်ညှိထားပါသည်။

## ရပ်ရွာလူထုအဆင့်၌ လူမှု အမူအကျင့် ပြောင်းလဲရေး

လိုအပ်ချက်နှင့် အံဝင်ခွင်ကျ စီမံထားပြီး ထိရောက်မှုရှိသော နည်းကိရိယာများနှင့် ရင်းမြစ်များအား အသုံးပြုခြင်း ချင်းပြည်နယ်တွင် CRS နှင့် KMSS တို့မှ ဦးဆောင်သည့် CHANGE စီမံချက်သည် စောင့်ရှောက်ကူညီပေးသည့် အုပ်စု (Care Group) မော်ဒယ် ပုံစံမှတဆင့် ရပ်ရွာလူထုအဆင့်၌ အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များအတွက် အသုံးပြုရန် ချင်းပြည်နယ် သီးသန့် အစားအသောက် စားသုံးသည့် ပုံစံအပါအဝင် နည်းကရိယာများနှင့် ရင်းမြစ်များ ရေးဆွဲပြုစုရာ၌ ယခင်ကတည်းက ဆောင်ရွက်ခဲ့သည့် စီမံကိန်း ရင်းနှီးမြှုပ်နှံမှုများအား အသုံးချ၍ ဆက်လက် အကောင်အထည်ဖော်လျက်ရှိပါသည်။ ပြီးခဲ့သည့် စီမံချက်မှ လေ့လာသင်ယူခဲ့သည်များအပေါ် အခြေခံ၍ နည်းလမ်းများနှင့် ရင်းမြစ်များအား နောက်ဆုံး အခြေအနေများနှင့် ကိုက်ညီအောင် ပြင်ဆင်မွမ်းမံခဲ့ပြီး LIFT ရန်ပုံငွေ ထောက်ပံ့ပေးသည့် အာဟာရချို့တဲ့မှု လျှော့ချရန် အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း စီမံချက် (LEARN) မှ ထပ်မံ ရရှိခဲ့သည့် အသိပညာများနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) မှ စံသတ်မှတ်ထားသည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကား စာအုပ်နှင့် ကိုက်ညီမှု ရှိစေရန် ပြင်ဆင် မွမ်းမံခဲ့ပါသည်။ ယင်းအား ချင်းပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှ နှုတ်အားဖြင့် အတည်ပြုပေးခဲ့ခြင်းသည် နယ်ပယ်တစ်ခုချင်းစီအလိုက် သက်ဆိုင်သည့် အခြေအနေနှင့် ကိုက်ညီကာ သတ်မှတ်ထားသည့် အမူအကျင့်များနှင့် အတားအဆီးများအား ဦးတည်ရည်ရွယ်သည့် နည်းလမ်းများအား ဖွံ့ဖြိုးအောင် တည်ဆောက်ပြုပြင်ရာတွင် အရေးပါသည့် ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။

## ရန်ကုန်မြို့ပြဝန်းကျင်ဒေသတွင် အမူအကျင့် ပြောင်းလဲရေးအတွက် အထောက်အထား အခြေခံသည့် စည်းရုံးလှုံ့ဆော်မှုများ

၂၀၁၉ ခုနှစ်တွင် Bridge Creative Agency မှ ဒီဇိုင်းရေးဆွဲပေးခဲ့ပြီး Save the Children နှင့်မိတ်ဖက်အဖွဲ့အစည်းများမှ ဦးဆောင်ခဲ့သည့် အလွန်အောင်မြင်ခဲ့သော မိခင်နို့တစ်မျိုးတည်းသာလိုအပ်သည့် ခြောက်လတာကာလ #6la စည်းရုံးလှုံ့ဆော်မှုအပေါ်၌ တည်ဆောက်ထားသည့် ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ စီမံချက်သည် ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသရှိ အမျိုးသမီးများအကြား မိခင်နို့ရည် တစ်မျိုးတည်းကိုသာ တိုက်ကျွေးမှု မြှင့်တင်ရန်အတွက် အမူအကျင့်ပြောင်းလဲရေး စည်းရုံးလှုံ့ဆော်မှုများကို တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ စည်းရုံးလှုံ့ဆော်မှုအတွက် ကြိုတင်ပြင်ဆင်ရာတွင် MCCT မြို့ပြ ရွေ့ပြောင်း စမ်းသပ်မှုအစီအစဉ်နှင့် ညှိနှိုင်းပြီး ၂၀၂၁ ခုနှစ် မတ်လတွင် လုပ်ဆောင်ရန် အစီအစဉ် ရေးဆွဲခဲ့ကာ Bridge သည် စည်းရုံးလှုံ့ဆော်မှုတွင် ပါဝင်ရမည့် အကြောင်းအရာ စာရွက်စာတမ်းများဖြင့် သုတေသန ပြုလုပ်ခဲ့ပါသည်။ ဒီဇိုင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများမှ တာဝန်ရှိသူများတက်ရောက်သည့် အလုပ်ရုံဆွေးနွေးပွဲများအား အွန်လိုင်းမှ ပြုလုပ်ခဲ့ကာ M&E အစီအစဉ် ပါဝင်သည့် စည်းရုံးလှုံ့ဆော်ရေး မဟာဗျူဟာကို ရေးဆွဲခဲ့ပါသည်။

## အားဖြည့်ဆန် ရောင်းအားမြှင့်တင်ရန်အတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်း

PATH ၏ Smart Move စီမံချက် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော BoPinc သည် အားဖြည့်ဆန်အတွက် စီမံချက်မှ စီးပွားဖြစ်လုပ်ဆောင်မည့် ချဉ်းကပ်နည်းလမ်းအား ဒီဇိုင်းပုံစံရေးဆွဲရန်အတွက် တာဝန်ယူထားပါသည်။ ဤချဉ်းကပ်နည်းလမ်းအတွက် စားသုံးသူများ၏ သဘောထား ဆန်းစစ်သည့် စစ်တမ်းအပြင် အားဖြည့်ဆန် ဈေးကွက်ဆန်းစစ်မှုတို့မှ ရရှိခဲ့သော သတင်းအချက်အလက်များကို အသုံးပြုခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ဖြစ်ပွားချိန်တွင် BoPinc သည် COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် အဆက်ပြတ်သွားခဲ့သည့် ရပ်ရွာလူထုအဆင့်လှုပ်ရှားဆောင်ရွက်မှုများအား လည်ပတ်လုပ်ဆောင်နိုင်ခဲ့ပါသည်။ အတွင်းသဘော ဆန်းစစ်သည့် စစ်တမ်းအား လူကိုယ်တိုင်တွေ့ဆုံခြင်း၊ အွန်လိုင်းမှ မေးမြန်းခြင်းတို့ဖြင့် ကောက်ယူခဲ့ပါသည်။ နေအိမ်တွင်သာ နေထိုင်ရသည့် ကာလအတွင်း အွန်လိုင်းဝန်ဆောင်မှုများ ပိုမိုအသုံးပြုလာခြင်းနှင့်အတူ ရောင်းလိုအားနှင့် ဝယ်လိုအား နှစ်ရပ်လုံးဆိုင်ရာ အသိအမြင်များသည် စီးပွားရေးနေးကွေးမှု နှင့် နေ့စဉ်ဝင်ငွေနှင့် စပ်လျဉ်း၍ စိတ်ပူပန်ရမှုတို့နှင့် ချိတ်ဆက်နေပါသည်။ ၂၀၂၀ ခုနှစ်တွင် BoPinc သည် ဆန်စက်ပိုင်ရှင်များအတွက် တည်ထောင်ထားသည့် ဖေ့စ်ဘုတ် စာမျက်နှာမှတဆင့် ကြည့်ရှုသူပေါင်း (၅,၂၈၆) ဦးထံ ရောက်ရှိခဲ့ပါသည်။ BoPinc သည် အွန်လိုင်းမှ ဝယ်လိုအား ဖန်တီးခြင်းနှင့် အသိပညာပေးသည့် လမ်းကြောင်းတို့အား တည်ဆောက်ရန် ဆန်စက်ပိုင်ရှင် (၃)ဦးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဆန်စက်ပိုင်ရှင်တစ်ဦးအတွက် ရွေ့ပြောင်း စမ်းသပ်မှုတစ်ခုအား ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့သဖြင့် အဖွဲ့မှ လေ့လာသင်ယူနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အတွက် မဟာဗျူဟာအား ပြန်လည်မွမ်းမံနိုင်ခဲ့ကာ အဆိုပါ အွန်လိုင်းမှတဆင့် အားဖြည့်ဆန်နှင့် ပတ်သက်သော လှုပ်ရှားဆောင်ရွက်မှုများအား NNC မှ စီမံခန့်ခွဲသည့် ဖေ့စ်ဘုတ် စာမျက်နှာ (ပြန်လည် ဆန်းသစ်ပြီးပါက)နှင့် အခြား ဆန်စက်ပိုင်ရှင်နှစ်ဦး၏ ဖေ့စ်ဘုတ်မှ ပြုလုပ်သည့် စည်းရုံးလှုံ့ဆော်မှုများနှင့် ပေါင်းစပ်နိုင်ခဲ့ပါသည်။ စီမံချက်သည် ဈေးကွက်ဝယ်လိုအား ဖန်တီးခြင်းနှင့် အာဟာရ ဖွံ့ဖြိုးမှု အသိပညာ ပေးခြင်း ဆိုင်ရာ ပုံမှန် လှုပ်ရှားဆောင်ရွက်မှုများ စီစဉ်ဆောင်ရွက်ရန်လည်း ရည်ရွယ်ထားပါသည်။

## ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ SBCC

KMSS ၏ SAFE WIN စီမံချက်၏ အလုံးစုံ ရည်မှန်းချက်မှာ ကာလရှည်ကြာ ဖြစ်ပွားနေသော ပဋိပက္ခဒဏ်ခံရသည့် ကချင်ပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပြည်သူများအကြား အာဟာရအမျိုးအမည်စုံလင်သည့် အစားအသောက်များ စားသုံးရန်နှင့် အာဟာရ ဖွံ့ဖြိုးမှုရှိအောင် လုပ်ဆောင်သည့် အမူအကျင့်များကို အားပေးထောက်ခံခြင်းဖြင့် အသိပညာ၊ စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုများနှင့် မိမိကိုယ်မိမိယုံကြည် အားထားခြင်းတို့ တိုးတက်ကောင်းမွန်စေရန်အတွက် ဖြစ်ပါသည်။ ဦးတည်ရည်ရွယ်သည့် အကျိုးခံစားခွင့်ရှိသူများမှာ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်ရှိသည့် မိခင်များ ဖြစ်ပါသည်။ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အမူအကျင့်ပြောင်းလဲရေးအား ပံ့ပိုးကူညီရန်နှင့် အာဟာရဖော်ပေး စားနပ်ရိက္ခာဖူလုံမှု မြှင့်တင်ပေးရန်အတွက် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများအား ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာ ရလဒ်များ ရရှိရန် အမျိုးအမည်စုံလင်သည့် အာဟာရ ပြည့်ဝသော အစားအသောက်များ ရရှိနိုင်မှု တိုးမြှင့်ရန် နှင့် ဦးဆောင်သည့် မိခင်အုပ်စုများ လည်ပတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ဒီဇိုင်း ရေးဆွဲထားပါသည်။ KMSS ၏ SBCC ချဉ်းကပ်နည်းလမ်းသည် အိမ်ခြံခင်း စိုက်ပျိုးရေး၊ ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်မှုများနှင့် ဒေသခံများ





နှင့် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတဆင့် အိမ်ထောင်စု၊ လူမှုအသိုက်အဝန်းနှင့် မူဝါဒအဆင့်များ၌ လုပ်ကိုင်ဆောင်ရွက်နေဆဲတွင် ဦးတည်ရည်ရွယ်သည့် အုပ်စုအဖွဲ့ဝင်(မိခင်များ)အကြား ကောင်းမွန်သည့် အမူအကျင့် ပြောင်းလဲလာစေရန် လုပ်ကိုင်နိုင်စွမ်းရှိသည့် ပတ်ဝန်းကျင် တစ်ရပ်အား ဖန်တီးပေးရန်အတွက် တစ်ဦးချင်း၊ မိသားစု၊ သက်တူဆင့်တူ၊ လူမှုအသိုက်အဝန်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ဆိုင်ရာ အဆင့်များ၌ လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ စီမံချက်သည် COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စုများမှ ဦးဆောင်သူများထံ ကျန်းမာရေးဆိုင်ရာ သတင်းစကားများ မျှဝေပေးရန် Viber နှင့် Messenger ကဲ့သို့သော အွန်လိုင်း ဆက်သွယ်ရေး ပလက်ဖောင်းများအပေါ် အလွန်အမင်း မှီခိုလာခဲ့ပါသည်။ စီမံချက်သည် အမူအကျင့် ပြောင်းလဲရေးအား ကူညီပံ့ပိုးပေးရန်နှင့် မိသားစု စားသုံးရန်အတွက် အိမ်တွင်း ဥယျာဉ်ခြံမြေတွင် အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းအား ကူညီပံ့ပိုးပေးရန် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စုများမှ ဦးဆောင်သူများ မှ ဦးဆောင်သည့် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ပညာပေးခြင်းနှင့် အချက်အပြုတ်သရုပ်ပြပွဲများ ပြုလုပ်ပေးခြင်း နှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များအား ဦးတည်ရည်ရွယ်သည့် အိမ်ထောင်စုများထံ ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

စစ်ဘေးရှောင် စခန်းနှင့် စခန်းပြင်ပရှိ လူမှုအသိုက်အဝန်းများရှိ မိခင်များ၊ မွေးကင်းစမှ အသက် (၂၃) လရှိသည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက် လူငယ်များ၏ အာဟာရ ဖွံ့ဖြိုးမှုအဆင့်အတန်း တိုးတက်ကောင်းမွန်စေရန်အတွက် Save the Children ၏ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ ပဋိပက္ခဒဏ်ခံ ဒေသများတွင် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း (BRICKS) စီမံချက်သည် ရပ်ရွာလူထုအာဟာရ ဖွံ့ဖြိုးရေးဆိုင်ရာ အကြံပေး (CNC) များနှင့် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စုများမှ ဦးဆောင်သူများ မှတဆင့် SBCC လုပ်ငန်းများအား စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများသည် အစိုးရအုပ်ချုပ်ရေး လက်လှမ်းမမီသည့် ဒေသများတွင် အခြေခံကျန်းမာရေး လုပ်သားများနှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေခြင်းဖြင့် လူမှုအသိုက်အဝန်းများ လုပ်ကိုင်နိုင်စွမ်း ရှိစေရန်အတွက် ရည်ရွယ်ခဲ့ပါသည်။ အဖွဲ့အစည်းဆိုင်ရာ ပြန်လည်သုံးသပ်သည့် ဘုတ်အဖွဲ့ (IRB) လုပ်ငန်းစဉ် လုပ်ဆောင်ရန် တစ်လနောက်ကျပြီးသည့်နောက်ပိုင်းတွင် Save the Children သည် ၎င်းတို့၏ အမူအကျင့် ပြောင်းလဲရေး လုပ်ငန်းများအတွက် သတင်းအချက်အလက်များ ပေးအပ်နိုင်ရန် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် စီစဉ်ကောက်ယူခဲ့ပါသည်။ ဤအချက်အလက် ကောက်ယူသည့် ဆောင်ရွက်မှုအား ကြိုတင်ပြင်ဆင်ရာတွင် စီမံချက်သည် ဝန်ထမ်းများမှ ဦးဆောင်သည့် မိခင်ခေါင်းဆောင် အစည်းအဝေးများ၊ မိခင်ခေါင်းဆောင်များမှ ဦးဆောင်သည့် အိမ်နီးချင်းမိခင်များနှင့် အစည်းအဝေးပွဲများ၊ အခြေခံအာဟာရ ဖွံ့ဖြိုးမှုနှင့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအပါအဝင် ခေါင်းစဉ်အမျိုးမျိုးဖြင့် ပြုလုပ်သော ဆွေးနွေးပွဲများ ပါဝင်သည့် SBCC လှုပ်ရှားဆောင်ရွက်မှုအတွက် မြေပြင်တွင် လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်ချမှတ်ရန် အလေးထား အာရုံစိုက်ခဲ့ပါသည်။ လက်မောင်းလုံးပတ် တိုင်းတာခြင်း (MUAC)၊ အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ဖြည့်စွက်စာကျွေးခြင်း (c-IYFC) ၊ အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ မူဘောင်ရေးဆွဲခြင်း၊ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ကူညီ ပံ့ပိုးခြင်း၊ အာဟာရ ဖွံ့ဖြိုးမှုအတွက် ပံ့ပိုးကူညီပေးသည့် နည်းလမ်းများဆိုင်ရာ သင်တန်းအမျိုးမျိုးအား စီစဉ်ပို့ချပေးခဲ့ပါသည်။ အာဟာရဖွံ့ဖြိုးမှု ပညာပေး ဗီဒီယိုများ၊ ရုပ်ပြစာအုပ်များနှင့် လက်စွဲစာအုပ်များ အပါအဝင် SBCC ပစ္စည်းများအားလည်း SBCC လုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် ရိုက်ကူး ဖန်တီးခဲ့ပါသည်။ စီမံချက်သည် အဆိုပါ ပညာပေး စာအုပ်စာတမ်းနှင့် ဗီဒီယိုများအား မြန်မာ၊ ကချင်နှင့် ရှမ်းဘာသာ အပါအဝင် ဘာသာစကားအမျိုးသို့ ဘာသာပြန်ခဲ့ပါသည်။

## ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ကူညီပံ့ပိုးပေးခြင်း

World Concern Myanmar ၏ ကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံ ပြည်သူများ၏ အာဟာရဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေခြင်း စီမံချက်သည် ဆယ်ကျော်သက် မိန်းကလေးများ၊ အမျိုးသမီးများ၊ အသက်(၂)နှစ်အောက် ကလေးသူငယ်များအကြား အစားအစာ စားသုံးသည့် အလေ့အကျင့်များ တိုးတက် ကောင်းမွန်စေရန်၊ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ယင်းတို့၏ ဒေသခံ လူမှုအသိုက်အဝန်းတို့အကြား တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်များ ပိုမိုကောင်းမွန်စေရန်နှင့် အာဟာရကြွယ်ဝသည့် အစားအသောက်များအား ရပ်ရွာလူထု၏ လက်လှမ်းမီရယူနိုင်မှု ပိုမိုကောင်းမွန်စေရန် တို့အတွက် လုပ်ကိုင် ဆောင်ရွက်ပါသည်။ စီမံချက်သည် မသန်စွမ်းဖြစ်နေသည့် ကလေးသူငယ် များအား စောစီးစွာ ရှာဖွေဖော်ထုတ်ခြင်းနှင့် မသန်စွမ်းသူများအား ၎င်းတို့၏ ပုံမှန် စီမံကိန်းလုပ်ငန်း များတွင် ထည့်သွင်းခြင်း တို့အား သေချာစွာ လုပ်ဆောင်ပါသည်။ သင်တန်းများနှင့် လူစုဝေးခြင်းများအား အရေအတွက် လျှော့ချခြင်း(သို့) ဖျက်သိမ်းခြင်း၊ COVID-19 ရောဂါ ရှိမရှိ စစ်ဆေးသည့် စွမ်းဆောင်ရည်တွင် အကန့်အသတ်ရှိခြင်း အပြင် သီးသန့်ထား စောင့်ကြည့်စစ်ဆေးသည့် အကန့်အသတ်များကြောင့် ဝန်ထမ်းများ စခန်းများသို့ သွားရောက်ရာတွင် ကန့်သတ် ချုပ်ချယ်ခြင်းတို့ အပါအဝင် COVID-19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် ကန့်သတ်ထိန်းချုပ်မှုများ ရှိသော်လည်း စီမံချက်သည် ပုံမှန်စီမံချက် လုပ်ငန်းများမှတဆင့် စီမံကိန်း တစ်ခုလုံးမှ ဦးတည် ရည်ရွယ်ထားသည့် အကျိုးခံစားခွင့် ရှိသူများ၏ ၅၈% ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် စီမံချက်သည် ကြီးထွားမှု စောင့်ကြည့်စစ်ဆေးခြင်း၊ မိခင်အုပ်စု အစည်းအဝေးများ၊ တစ်ဦးချင်း အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးလမ်းညွှန်ပေးခြင်း၊ ရပ်ရွာလူထု အသိပညာပေး ဆွေးနွေးပွဲများ၊ အစားအသောက်ထုတ်လုပ်သည့် အုပ်စုများအတွက် စီးပွားရေးသင်တန်းနှင့် မသန်စွမ်းမှု စစ်ဆေးခြင်းတို့တွင် အာရုံစိုက်ရန် ရည်မှန်းထားပါသည်။

## ပြင်းထန် အာဟာရ ချို့တဲ့မှု ဝေဒနာ (SAM) အား စစ်ဆေးခြင်း၊ လွှဲပြောင်းညွှန်းပို့ခြင်းနှင့် ကုသခြင်း

TBC ၏ STAND-UP စီမံချက်သည် ဘီးလင်း၊ သံတောင်ကြီးနှင့် ဖာပွန်မြို့နယ် များတွင် အသက် (၆)လမှ (၅၉)လ အကြားရှိ ကလေးသူငယ်များအား ပုံမှန်စစ်ဆေးမှု ပြုလုပ်ရာတွင် ကူညီပံ့ပိုးပေးခဲ့ပါသည်။ BPHWT နှင့် KDHW တို့သည် ၎င်းတို့၏ သက်ဆိုင်ရာ ဒေသများတွင် လက်မောင်း လုံးပတ် တိုင်းတာသည့် (MUAC) စစ်ဆေးမှုအား ပြုလုပ်ခဲ့ပြီး ကျေးရွာအုပ်စု (၁၁)စုမှ ကလေးသူငယ် (၄,၁၃၄) ဦးထံ ရောက်ရှိခဲ့ ပါသည်။ စုစုပေါင်းအနေဖြင့် ကလေးသူငယ် (၅,၄၃၈)ဦးအား စစ်ဆေးပေးခဲ့ပြီး (၅.၃%) တွင် အသင့်အတင့်နှင့် ဆိုးရွားသည့် အာဟာရချို့တဲ့မှု ရှိကြောင်း ရှာဖွေဖော်ထုတ်ခဲ့ပါသည်။

KNMHC နှင့် MNHC တို့သည် ကယားပြည်နယ်နှင့် မွန်ပြည်နယ်ရှိ အပစ်အခတ်ရပ်စဲထားသည့် ဒေသများရှိ အိမ်ထောင်စုများထံ သွားရောက် လေ့လာမှုများ ပြုလုပ်သည့် အချိန်အတွင်း ကလေးသူငယ် (၁,၁၂၇) ဦးအား ဆန်းစစ်မှု ပြုလုပ်ခဲ့ပါသည်။ KNMHC နှင့် MNHC တို့သည် STAND-UP အဆင့် ၂ စီမံချက်၏ မိတ်ဖက်အဖွဲ့အစည်းသစ်များ ဖြစ်သောကြောင့် MUAC ဆန်းစစ်မှုနှင့် ညွှန်းပို့ခြင်း တို့အတွက် လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များအား ရှင်းလင်းစွာ သိနိုင်ရန် လိုအပ်နေပါသေးသည်။ သို့သော်လည်း ကလေးသူငယ် (၅၆) ဦး (၄.၉%) သည် အသင့်အတင့် ကျုံလှီ၍ အာဟာရ ချို့တဲ့မှုရှိသည်ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

အသင့်အတင့်နှင့် ဆိုးရွားစွာ အာဟာရချို့တဲ့နေသည်ဟု ရှာဖွေဖော်ထုတ်ခဲ့သည့် ကလေးသူငယ်များအား အာဟာရ တိုက်ကျွေးရန်အတွက် ဒေသန္တရ ကျန်းမာရေးဆေးပေးခန်းများသို့ ညွှန်းပို့ပေးခဲ့ပါသည်။ BPHWT မှလည်း ကနဦး စမ်းသပ်သည့် ကျေးရွာအုပ်စု (၅)စုမှ ကိုယ်ဝန်ဆောင် အမျိုးသမီး (၃၃၆) ဦးအတွက် ဖြည့်စွက် အာဟာရ တိုက်ကျွေးသည့် အစီအစဉ်နှင့် မိတ်ဆက်ပေးခဲ့ပါသည်။ သို့သော်လည်း ဒေသန္တရ ကျန်းမာရေး ဆေးပေးခန်းများတွင် လက်ရှိအချိန်၌ ကုသပေးနိုင်သော ဆေးများ ရရှိနိုင်ခြင်း မရှိသေးပါ။ LIFT သည် လူမှုအသိုက်အဝန်းများ၌ ထပ်မံ ကူညီပံ့ပိုးပေးရန် လိုအပ်နေသည့် အာဟာရချို့တဲ့မှု လိုအပ်ချက်များ ရှိနေကြောင်း ရှာဖွေဖော်ထုတ်ခဲ့သည့် မိတ်ဖက် အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်အတွက် Access to Health ၊ UNICEF ၊ WFP နှင့် LEARN စီမံချက် တို့နှင့် ညှိနှိုင်းဆောင်ရွက်နေပါသည်။

**ရခိုင်ပြည်နယ်တွင် လတ်တလော ပြင်းထန်သည့် အာဟာရချို့တဲ့မှုအား ကုသရာတွင် ကူညီပံ့ပိုးပေးခြင်း**

တက်လမ်းပလပ်စ် စီမံချက်၏ တစ်စိတ်တစ်ဒေသအနေဖြင့် Save the Children နှင့် မိတ်ဖက် အဖွဲ့အစည်းများသည် စစ်တွေနှင့် ပေါက်တော မြို့နယ်များရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် မရှိမဖြစ် လိုအပ်သော အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများအား ဆက်လက် လုပ်ဆောင် ခဲ့ ပါသည်။

စီမံကိန်းသည် လက်မောင်းလုံးပတ်တိုင်းတာ စစ်ဆေးခြင်းနှင့် ဆွေးနွေးလမ်းညွှန်မှုပေးသည့် ဆောင်ရွက်မှုများအား COVID-19 ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာ၍ ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ ပြင်းထန်နှင့် အသင့်အတင့် လတ်တလော အာဟာရချို့တဲ့နေသည့် ကလေးသူငယ်များအား ပေါက်တော မြို့နယ်တွင် Save the Children နှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့မှ လည်ပတ်ဆောင်ရွက်နေပြီး စစ်တွေမြို့နယ်တွင် SCF နှင့် MHAA တို့မှ လည်ပတ်ဆောင်ရွက်နေသည့် ပြင်းထန်အာဟာရချို့တဲ့မှုကို ကုသပေးသည့် ဌာန (သို့မဟုတ်) ဖြည့်စွက်အဟာရ တိုက်ကျွေးသည့် အစီအစဉ်များသို့ ညွှန်းပို့ပေးခဲ့ပါသည်။

အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလော အာဟာရချို့တဲ့မှု စစ်ဆေးခြင်းနှင့် ကုသခြင်းအား လက်ရှိ ကျန်းမာရေး စနစ်အတွင်းသို့ ပေါင်းစပ်ရန်အတွက် အမျိုးသား လတ်တလော အာဟာရချို့တဲ့မှု ဝေဒနာ ဘက်စုံကုသ စောင့်ရှောက်ရေး (IMAM) အစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ Save the Children သည် ကျန်းမာရေး စေတနာ့ဝန်ထမ်းများမှ ဝေဒနာခံစားနေရသည့် လူနာများအား ရှာဖွေပြီး အာဟာရ တိုက်ကျွေးသည့် အစီအစဉ် (သို့) ပြင်းထန်အာဟာရချို့တဲ့မှုကို ကုသပေးသည့် ဌာန/အစီအစဉ်ထံ ညွှန်းပို့ပေးခြင်း တို့ဖြင့် အမျိုးသား IMAM လမ်းညွှန်ချက်များအတိုင်း စတင်ဆောင်ရွက်ရန် မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအား ကူညီပံ့ပိုး ပေးလျက် ရှိပါသည်။ ကျေးလက် ကျန်းမာရေးဌာနများအား အဆိုပါ ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် သင်တန်းများ ပေးခြင်း၊ လမ်းညွှန် ပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုများ ထောက်ပံ့ပေးခြင်း တို့ဖြင့် ကူညီပံ့ပိုး ပေးလျက် ရှိပါသည်။

LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် စီမံချက်သည် အခြေခံကျန်းမာရေး ဝန်ထမ်းများအား စစ်ဘေးရှောင် စခန်းများနှင့် ကျေးရွာများရှိ အာဟာရချို့တဲ့ နေသည့် လူနာများအား ဆောလျင်စွာ ရှာဖွေဖော်ထုတ်ရန်အတွက် လက်မောင်း လုံးပတ် တိုင်းတာသည့် (MUAC) စစ်ဆေး ခြင်း နှင့် ညွှန်းပို့ခြင်းများ ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း လွှမ်းခြုံနှုန်း ၈၉% ဖြင့် တစ်လလျှင် အသက် (၆)လမှ (၅၉)လ အကြား ရှိ ကလေးသူငယ် ဦးရေ ပျမ်းမျှ (၁၀,၀၀၀) အား စစ်ဆေးပေးခဲ့သဖြင့် စုစုပေါင်း အနေဖြင့် (၁၂၀,၀၀၀) ဦးအား စစ်ဆေး ပေးခဲ့ပါသည်။ သို့သော်လည်း အလယ်အလတ်အဆင့် လတ်တလော အာဟာရချို့တဲ့မှု ဝေဒနာခံစားနေရသည့် ကလေးသူငယ် (၇၇၆) ဦး၏ ၅၈% သည်သာ ကုသမှု ခံခဲ့ရပါသည်။ MAM ကုသပေးခြင်း လွှမ်းခြုံနိုင်မှု နည်းပါးရခြင်းမှာ အဖွဲ့အစည်းများသည် အများအားဖြင့် ကုသမှုပေးရာတွင် ရန်ပုံငွေ ကွာဟချက် များ ရှိနေခြင်း (သို့) ခရီးသွားလာရာတွင် အကန့်အသတ်ရှိနေခြင်းကြောင့် စိန်ခေါ်မှုများအား ကြုံတွေ့နေသောကြောင့် ဖြစ်ပါသည်။ Save the Children သည် လူနာများ စခန်းများသို့ ရောက်အောင်လာနိုင်ပါက ဦးစားပေးလူနာ ရွေးချယ်ရန်နှင့် လူနာတစ်ဦးချင်းစီ အနေဖြင့် တစ်ဦးချင်း ဆွေးနွေးလမ်းညွှန်မှုနှင့် ဂျုံနှင့် ပဲပိစပ်ရောပြီး သတ္တုဓာတ်များ ပေါင်းစပ်ထားသည့် အရည်နှင့် နွားနို့ (WSB ++) တို့အား ရရှိစေနိုင်ရန် အတွက် အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

စီမံချက်သည် မိခင်များအား ၎င်းတို့အနေဖြင့် ၎င်းတို့၏ ကလေးငယ်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိပါက စစ်ဆေးရန်အတွက် OTP စင်တာ များသို့ သွားရောက်ရန် တိုက်တွန်း အားပေးခဲ့ပါသည်။ အဆိုပါ နေရာများတွင် ကလေးငယ်များ အာဟာရချို့တဲ့မှုအတွက် စစ်ဆေးပေးပြီး ဤ နည်းလမ်း ဖြင့် ကလေးသူငယ် (၁,၂၀၃) ဦးအား စစ်ဆေးပေးခဲ့ပါသည်။

ပေါက်တောစခန်းရှိ OTP ကုသပေးသည့် နေရာတွင် SAM လူနာသစ် (၃၅၂) ဦးနှင့် ပြန်လည် တက်ရောက်ကုသသူ (၄)ဦးတို့အား လက်ခံ ကုသပေးပြီး ပျောက်ကင်းမှုနှုန်း ၉၉.၇% ရရှိခဲ့ပါသည်။ ဝန်ထမ်းများသည် အသင့်စား ကုထုံး အာဟာရ (RTUF) အသုံးပြု ရန် ကူညီပံ့ပိုးမှု ပေးအပ်ရန်အတွက် နှင့် နို့စို့ကလေးနှင့် ကလေးသူငယ် ဖြည့်စွက် အာဟာရ ပံ့ပိုးပေးရန်အတွက် နေအိမ်များသို့ သွားရောက်ကြည့်ရှု ပေးခြင်းမှ တဆင့် လတ်တလော ပြင်းထန် အာဟာရချို့တဲ့နေသည့် ကလေးသူငယ်များအား နောက်ဆက်တွဲ ကုသမှုများ ပေးခဲ့ပါသည်။





**မိခင်များမှ ကလေးသူငယ်များအား SAM စစ်ဆေးခြင်း**

Save the Children ၏ BRICKS စီမံချက်သည် ရပ်ရွာလူထု အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှုပေးသူများအား လေ့ကျင့်သင်ကြားပေးခဲ့ပြီး ထို့နောက် ၎င်းတို့မှ မိခင်များနှင့် စောင့်ရှောက်မှု ပေးသူများအား အသက် (၆) လမှ (၂၄) လ အတွင်းရှိ ကလေးသူငယ် များအား MUAC ကို အသုံးပြု၍ စစ်ဆေးရန်နှင့် ဆောလျင်စွာ ဖော်ထုတ်နိုင်ရန် တို့အတွက် လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ ပထမ ၅ လတွင် ဆွေးနွေး လမ်းညွှန်မှု ပေးသူများသည် မိခင်များမှ လက်မောင်းလုံးပတ် တိုင်းတာခြင်းပြုလုပ်ရာတွင် စောင့်ကြည့်စစ်ဆေးပေးခဲ့ပြီး အကယ်၍ လိုအပ်ပါက နောက်ထပ် သင်တန်းများ ပေးအပ်ခဲ့ပါသည်။ ၅ လအတွင်း၌ ကလေးသူငယ် (၈၀၀) အား တိကျမှုနှုန်း ၉၉% ဖြင့် တိုင်းတာပေးခဲ့ပါသည်။ MAM ခံစားရသည့် ကလေးသူငယ် (၁၄)ဦးနှင့် SAM ခံစားရသည့်ကလေးသူငယ် (၃)ဦး ရှိခဲ့ပါသည်။

SAM ဖြစ်နေသည့် ကလေးသူငယ်များအား လူနာများအားကုသမှုပေးရာတွင် ကူညီပံ့ပိုးပေးနေသည့် အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (IRC) ထံ ညွှန်းပို့ပေးခဲ့ပါသည်။ IRC စီမံချက် ပိတ်သိမ်းသွားသည့်အခါ SAM ဝေဒနာခံစားနေရသည့် ကလေးသူငယ်များအား Access to Health ၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာနထံ ညွှန်းပို့ပေးခဲ့ပါသည်။ ရပ်ရွာလူထု အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှု ပေးသူများက MAM ခံစားနေရသည့် ကလေးသူငယ်များအား နှစ်သိမ့်ဆွေးနွေးပေးခြင်း နှင့် ၎င်းတို့၏ အခြေအနေကို စောင့်ကြည့်စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ဤစီမံချက်၏ ရလဒ်များသည် မိခင်များ (သို့) မိသားစုဝင်များ၏ MUAC တိုင်းတာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမည် ဆိုပါက အလွန်တရာ တန်ဖိုးရှိကြောင်း သက်သေပြခဲ့ပြီး၊ ရောက်ရှိရန် ခက်ခဲသည့် ဒေသများတွင် တိုင်းတာစစ်ဆေးခြင်းကို တိုးမြှင့်ရန် နှင့် ဆောလျင်စွာ ရှာဖွေဖော်ထုတ်နိုင်ခြင်း တို့နှင့်တကွ လုံလောက်သည့် ကုသမှု ရယူနိုင်ရန် ညွှန်းပို့ပေးရန်အတွက် အထောက်အကူ ဖြစ်ခြင်းဆီသို့ ဦးတည်သွားနိုင်မည် ဖြစ်ပါသည်။

မိခင်များ (သို့) မိသားစုဝင်များအား လတ်တလော အာဟာရ ချို့တဲ့မှုအတွက် ၎င်းတို့၏ ကလေးသူငယ်များကို စစ်ဆေးရန်အတွက် MUAC တိုင်းတာသည့်ကြိုး အသုံးပြုနည်း သင်တန်းပေးခြင်းသည် ကလေးသူငယ်များမှ ကျုံလှီသည့် အရိပ်လက္ခဏာများ ပြသသည်နှင့် ဖော်ထုတ် နိုင်ရန် ရိုးရှင်းသည့်နည်းကိရိယာအား အသုံးပြုခြင်းအား ထောက်ခံသည့် ကောင်းမွန်သည့် အထောက်အထားဖြစ်ပြီး ကမ္ဘာအနှံ့ရှိ နိုင်ငံများတွင် အစိုးရများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အသုံးပြုနေသော ချဉ်းကပ်နည်းလမ်းတစ်ခု ဖြစ်ပါသည်။ လတ်တလော အာဟာရချို့တဲ့မှုအား ဆောလျင်စွာ ရှာဖွေဖော်ထုတ်နိုင်ခြင်းသည် ဆေးရုံတက်ရသည့် အကြိမ်ရေ လျော့နည်းခြင်း၊ ရောဂါသစ်များ ထပ်တိုးလာသည့် အန္တရာယ်မှ လျော့ကျစေခြင်းနှင့်အတူ ရေရှည်တွင် အပြည့်အဝ ပြန်လည်ကျန်းမာလာစေရန်အတွက် အဓိကကျသည့် အကြောင်းအရင်းများအနက်မှ တစ်ခု ဖြစ်ပါသည်။ HARP ၊ Access to Health တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် ရန်ပုံငွေ (၃)ခု၏ တစ်စိတ်တစ်ဒေသအနေဖြင့် LIFT သည် အထူးသဖြင့် ရပ်ရွာလူထု ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူရာတွင် အကန့်အသတ်ရှိသည့် ပဋိပက္ခဒဏ်ခံဒေသများနှင့် ဝေးလံခေါင်းပါးသည့် ဒေသများမှ လူမှုအသိုက်အဝန်းများတွင် မိသားစု မှ MUAC တိုင်းတာစစ်ဆေးရန် ဖြစ်နိုင်ခြေအား စူးစမ်းရှာဖွေသည့် ရခိုင်ပြည်နယ်ရှိ Action contre la Faim (FAC) အား ကူညီပံ့ပိုး ပေးခဲ့ပါသည်။ NNC နှင့် MoHS တို့သည် ဤလေ့လာမှု၏ ရလဒ်များအား မြင်တွေ့ရန် အလွန်စိတ်ဝင်စားခဲ့ကြပါသည်။ အကယ်၍ ဤလုပ်ဆောင်ချက်အား ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တိုးချဲ့ခြင်း နှင့် ကျန်းမာရေးစနစ်အတွင်းသို့ ပေါင်းစပ်ခြင်းတို့ ပြုလုပ်မည်ဆိုပါက စည်းရုံး လှုံ့ဆော်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ ဆက်လက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

**အာဟာရဖွံ့ဖြိုးမှုတွင် တိုးတက်မှုများ ရှိရန်အတွက် ကဏ္ဍစုံ ပါဝင်သည့် စီမံကိန်းလုပ်ငန်း**

ကမ္ဘာလုံးဆိုင်ရာ အထောက်အထားများသည် ဘဝအစရက်ပေါင်း (၁,၀၀၀) အတွင်း လူအများထံ ရောက်ရှိသည့် အာဟာရချို့တဲ့မှု လျှော့ချရန်အတွက် ကဏ္ဍစုံပါဝင်သည့် မဟာဗျူဟာများအား ကူညီပံ့ပိုးပေးရာတွင် ထပ်မံ၍ ဆက်လက်ပံ့ပိုးပေးလျက် ရှိပါသည်။

ကရင်ပြည်နယ်ရှိ CDN-ZOA စီမံချက်သည် ဘေးကင်းလုံခြုံစိတ်ချရသည့် ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့များ၊ ဈေးကွက်များ၊ အာဟာရအမျိုးအမည်စုံလင်သည့် အစားအသောက်များ၊ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ဝင်ငွေ တိုးတက်လာခြင်းတို့အား လက်လှမ်းမီ ရယူနိုင်ခြင်း အပါအဝင် အာဟာရချို့တဲ့မှု ဖြစ်စေသည့် လမ်းကြောင်းများအား သက်ရောက်မှုရှိသည့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သည့် စီမံကိန်းဆောင်ရွက်ချက်များသည် အာဟာရ ချို့တဲ့မှုအပေါ် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုများရှိနိုင်သည်ကို လက်တွေ့ပြသခြင်းဖြင့် ဤအထောက်အထား အခြေခံအတွက် ကူညီပံ့ပိုးပေးနေပါသည်။ စီမံချက်မှ အာဟာရဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်ကောင်းမွန်စေခြင်းမှတဆင့် တစ်ဦးချင်းစီနှင့် အိမ်ထောင်စုအဆင့်များ၌ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်းဖြင့် ပုညက်မှုမှာ တနှစ်လျှင် (၂.၄%) ဖြင့် (၅၄%) မှ (၄၇%) အထိ ကျဆင်းစေခဲ့ပြီး ကျုံလှီမှုတွင် အမှတ် (၈%) လျော့ကျစေရန် ဆောင်ရွက်ပေးခဲ့ပါသည်။

စီမံချက်သည် အာဟာရချို့တဲ့မှုအား လျှော့ချခြင်း၊ ဘဝအစရက်ပေါင်း (၁,၀၀၀) အတွင်း အာဟာရ ဖွံ့ဖြိုးမှုတွင် အကျိုးသက်ရောက်မှုများ ပေးအပ်ရန် ကျွမ်းကျင်မှုများ ယူဆောင်လာသည့် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုမှုအား တည်ဆောက်ခြင်း၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အောင်မြင်ရန်အတွက် သက်သေအထောက်အထားများ ပေးခြင်း၊ အကောင်အထည်ဖော်သည့် အချိန်တွင် ကဏ္ဍစုံ ပါဝင်သည့် အစီအစဉ်ရေးဆွဲခြင်းနှင့် အလွန်အရေးပါသည့် ဦးတည်ရည်ရွယ်ချက်ချမှတ်ခြင်း တို့တွင် တူညီသည့် ရည်မှန်းချက် ပန်းတိုင်ရရှိ အောင်မြင်စေရန်အတွက် ကဏ္ဍအမျိုးမျိုးအား ပေါင်းစည်းထားသော မိတ်ဖက်အဖွဲ့အစည်းအမျိုးမျိုး ပူးပေါင်းထားသည့် အဖွဲ့အစည်း ဖြစ်ပါ သည်။

ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရာတွင် ရှိရင်းစွဲ စိန်ခေါ်မှု အချို့ရှိသော်လည်း ပူးပေါင်းထားသည့် အဖွဲ့အစည်းသည် အစားအသောက်များအား လက်လှမ်းမီ ရယူနိုင်မှုနှင့် ရရှိနိုင်မှု၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးတို့အပေါ် အကျိုးသက်ရောက်မှု ရှိစေရန်နှင့် ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အမျိုးသမီးများနှင့် အသက်(၅)နှစ်အောက် ကလေးများအား ဦးစားပေး ဆောင်ရွက်သည့် အမူအကျင့်နှင့် အလေ့အကျင့်များ တိုးတက် ကောင်းမွန်အောင် ကူညီပံ့ပိုးပေးရန် တို့အတွက် ချိန်ညှိထားသော စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ငွေစု၊ ငွေချေးအုပ်စုများနှင့်လည်း ခိုင်မာသည့် ချိတ်ဆက်မှုများပြုလုပ်ခဲ့ပြီး အဆိုပါအုပ်စုများတွင် မိခင်များ ပိုမိုပါဝင်နိုင်ရန် အခွင့်အရေးပေးခဲ့ပါသည်။

ဤရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ဦးတည်ရည်ရွယ်ခြင်းသည် ဘက်စုံ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်း၏ မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများနှင့် အထောက်အထားတို့သည် အဆိုပါ ချဉ်းကပ်နည်းလမ်းများအား မည်ကဲ့သို့ ချဲ့ထွင်နိုင်မည်ဆိုသည်နှင့် မြန်မာနိုင်ငံရှိ မည်သည့်နေရာများတွင် ပုံတူကူး ဆောင်ရွက်နိုင်မည်ဆိုသည်တို့အား ပုံဖော်ရာတွင် အထောက်အကူ ဖြစ်စေနိုင်မည် ဖြစ်ပါသည်။

**အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း**

အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းသည် LIFT စီမံကိန်းများအတွက် အောင်မြင်မှုရရှိစေရန်နှင့် ကိုယ်တိုင်အောင်မြင်မှု ရယူနိုင်သည့် မဟာဗျူဟာမြောက် ဦးစားပေးဖြစ်သည့်အပြင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေရန်အတွက် အရေးပါသည့်လမ်းကြောင်း တစ်ခုလည်း ဖြစ်ပါသည်။ LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးသည့် စီမံကိန်းများသည် အထူးသဖြင့် ပဋိပက္ခဒဏ်ခံ ဒေသများတွင် အမျိုးသားများနှင့်နှိုင်းယှဉ်လျှင် အဆင့်နိမ့်ခြင်း၊ ရင်းမြစ်များအား လက်လှမ်းမီ ရယူရာတွင် အကန့်အသတ်ရှိခြင်း၊ ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာ မရှိခြင်း၊ လုပ်ရမည့် အလုပ်ပမာဏ အလွန်များပြားခြင်း (အထူးသဖြင့် ကိုယ်ဝန်ဆောင်နေစဉ်နှင့် မိခင်နို့တိုက်ကျွေးနေချိန်)နှင့် စိတ်ပိုင်းလူမှုရေးပိုင်းဆိုင်ရာ သောက ဖိစီးမှုရှိခြင်းတို့ အပါအဝင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းတွင် အတားအဆီးအနေဖြင့် ရှိနေသော အကြောင်းခြင်းရာများအား ဖြေရှင်းပေးလျက်ရှိပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးနှင့် မြို့ပြနှင့် ကျေးလက်ဒေသများတွင် အမျိုးသမီးများ ကြုံတွေ့နေရသည့် အတွေ့အကြုံများနှင့် မညီမျှမှုများမှာ အမျိုးမျိုး ကွဲပြားခြားနားနေသော်လည်း တူညီသည့် ကိစ္စရပ်များလည်း ဆက်လက် ရှိနေပါသည်။

**အမျိုးသမီးအထည်ချုပ်အလုပ်သမားများအပေါ် စီးပွားရေး ကျဆင်းခြင်း၏ သက်ရောက်မှုများအား သက်သာစေရန် ကြားခံအဖြစ် ဆောင်ရွက်ပေးခြင်း**

ရန်ကုန်မြို့ပြဝန်းကျင်ဒေသတွင် LIFT ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ စီမံချက်များမှတဆင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအား တိုးတက်လာစေရန်အတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံချက် အများအပြားသည် အလုပ်သမားများ (၉၀%) ကျော်သည် အမျိုးသမီးများ[၃၅]ဖြစ်သည့် အထည်ချုပ်ကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အမျိုးသမီးများသည် ၎င်းတို့၏ နေအိမ်များတွင် လုပ်ခလစာမရသည့် အိမ်အလုပ်များဖြင့် ဝန်ပိနေသည့်အပြင် လုပ်ငန်းခွင်တွင် ကျား၊ မ လိုက်၍ လုပ်ခလစာကွာခြားမှု၊ ခွဲခြားဆက်ဆံမှုရှိသည့် အလုပ်ခန့်ထားရေးဆိုင်ရာ အလေ့အကျင့်များနှင့် အကြမ်းဖက်ခြင်းနှင့် ထိပါးနှောက်ယှက်ခြင်း တို့အား မကြာခဏဆိုသလို ခံစားနေကြရပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ထုတ်ပြန်ပြီးနောက် အလုပ်အကိုင် မရှိခြင်းအား တုန့်ပြန်ရန်အတွက် ကျန်းမာရေးကောင်းမွန်စေမည့် ရွေးချယ်စရာများ စီမံချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဘက်စုံသုံးနိုင်ရန် ငွေကြေးထောက်ပံ့မှုများအား အကျိုးခံစားခွင့်ရှိသူ (၁,၂၇၃) ဦး (အမျိုးသမီး ၈၄%) ထံ ဖြန့်ဝေပေးခဲ့ပါသည်။ အဆိုပါ အမျိုးသမီးများ၏ ၇၅% မှ ၎င်းတို့သည် အဓိက ဝင်ငွေ ရှာနေသူများဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သော်လည်း (၂၉%) ကသာလျှင် မိမိကိုယ်ကို အိမ်ထောင်ဦးစီးများ ဖြစ်သည်ဟု မှတ်ယူကြကာ ငွေကြေးထောက်ပံ့မှုအား လက်ခံရရှိသူ အများစုမှာ အမျိုးသမီးများဖြစ်ကြသော်လည်း တုံ့ပြန်ဖြေကြားသူများ၏ ထက်ဝက်ထက်နည်းသည့် (၄၃%) ကသာ ၎င်းတို့၏ အိမ်ထောင်စုအတွက် ငွေကို မည်ကဲ့သို့ သုံးစွဲရမည်ဆိုသည့် ဆုံးဖြတ်ချက်အား ချမှတ်သည်ဟု ပြောကြားခဲ့ပါသည်။

အချိန်ကြာလာသည်နှင့်အမျှ မြို့ပြဝန်းကျင်စီမံကိန်းများရှိ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသော စီမံကိန်း ဆောင်ရွက်ချက်များသည် ကျား၊ မ ရေးရာနှင့် ပတ်သက်သည့် သဘောထားများ ပြောင်းလဲခြင်း၊ အိမ်ထောင်စုနှင့် လုပ်ငန်းခွင်တွင် အမျိုးသမီးများ၏ ဆုံးဖြတ်ပိုင်ခွင့်များ တိုးတက် ရရှိ စေခြင်း၊ အမျိုးသမီးများမှ ရင်းမြစ်များအား လက်လှမ်းမီရယူနိုင်မှု တိုးတက်ကောင်းမွန်စေခြင်းနှင့် အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးများအတွက် ကျား၊ မရေးရာ အမြင်ပြောင်းလဲရေး မူဝါဒများအား ကူညီပံ့ပိုးပေးခြင်းတို့အား တိုက်တွန်းအားပေးရန်အတွက် မူဝါဒ၊ စနစ်များနှင့် အိမ်ထောင်စုအဆင့်များ၌ လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ချင်းပြည်နယ်တွင် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအတွက် စီမံကိန်း ဆောင်ရွက်ချက်များ စတင်လုပ်ဆောင်နိုင်မည့် နေရာများအား CRS မှ ရှာဖွေဖော်ထုတ်ခြင်း**

ချင်းပြည်နယ်ရှိ CHANGE စီမံချက်တွင် အာဟာရဖွံ့ဖြိုးမှု/ WASH နှင့် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းအတွက် ပူးတွဲဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် တာဝန်ခွဲဝေယူခြင်း၊ အာဟာရဖွံ့ဖြိုးမှုနှင့် တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုကောင်းမွန်စေရန်တို့အတွက် ပူးတွဲဘတ်ဂျက်ရေးဆွဲခြင်းနှင့် ငွေကြေးစီမံခန့်ခွဲခြင်းတို့ အပါအဝင် ကျား၊မ တန်းတူ ညီမျှရေးဆိုင်ရာ အမူအကျင့်များနှင့် တိုက်ရိုက်ဆက်နွှယ်နေသော အခြေခံရလဒ် (၂)ခု ရှိပါသည်။ အဆိုပါ အရေးပါသည့် နယ်ပယ်(၂)ခုအတွင်း စီမံကိန်း လုပ်ငန်းစတင်သည့် ကာလအတွင်း လုပ်ကိုင်ရမည့် လုပ်ငန်း၏ တစ်စိတ်တစ်ဒေသအနေဖြင့် CRS သည် ကျား၊ မ ရေးရာ နည်းပညာဆိုင်ရာ ဆန်းစစ်မှုတစ်ရပ်အား ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ရေတိုလက်တွေ့လိုအပ်ချက်များ (အာဟာရဖွံ့ဖြိုးမှု နှင့် တိရစ္ဆာန်မွေးမြူရေးအတွက် ဝင်ငွေအပါအဝင် အိမ်ထောင်စုအတွင်းလုပ်ငန်းများ ညီတူညီမျှခွဲဝေလုပ်ကိုင်ခြင်းနှင့် ရင်းမြစ်များ အသုံးပြုမှုအပေါ် ပူးတွဲဆုံးဖြတ်ချက်ချမှတ်ခြင်း) နှင့် ၎င်းတို့၏ ရေရှည် မဟာဗျူဟာမြောက် လိုအပ်ချက်များ (အမျိုးသမီး

၃၅။ ILO ၏ ကျား၊မ ရေးရာဟန်ချက် – မြန်မာ့အထည်ချုပ်လုပ်ငန်း၏ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ။ ၂၀၁၉ ခုနှစ်





အမွေဆက်ခံပိုင်ခွင့်နှင့် အမျိုးသမီးများအတွက် မြေယာပိုင်ဆိုင်မှု)တို့အရ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းသည် ခိုင်မာသည့် အကြောင်းအရာတစ်ရပ်အနေဖြင့် ပေါ်ထွက်လာခဲ့ပါသည်။ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအား စီမံကိန်းလုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်းအတွင်းသို့ ထည့်သွင်းရန် လိုအပ်နေပြီး စီမံချက်မှ အဆိုပြုသည့် ဆောင်ရွက်နိုင်သော နည်းလမ်းတစ်ခုမှာ သင်တန်းများတွင် အမျိုးသမီးသီးသန့်နေရာများနှင့် ဆွေးနွေးပွဲများ ထည့်သွင်းစေခြင်း ရပ်ရွာလူထု အသိပညာပေးခြင်း၊ လုပ်ငန်းများတွင် အမျိုးသားများ ပါဝင်စေခြင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် အာဟာရဖွံ့ဖြိုးမှုတို့တွင် ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ အမူအကျင့်များ အားလုံးနှင့် အထူးသဖြင့် မိသားစုအတွင်း ပူးတွဲဆုံးဖြတ်ချက်ချခြင်း တို့နှင့် ပတ်သက်သည့် ကိစ္စရပ်များအား စတင်ဆွေးနွေးနိုင်သည့် အချက်များအဖြစ် အသုံးပြုခြင်း ဖြစ်ပါသည်။

**ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ပြုလုပ်သည့် KMSS ၏ ကျားမရေးရာနှင့် အာဟာရဖွံ့ဖြိုးမှု ဆန်းစစ်ချက်မှ တွေ့ရှိခဲ့သည့် ထိုးထွင်းသိမြင်မှုများ**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ KMSS ၏ SAFE WIN စီမံချက်တွင် အာဟာရဖွံ့ဖြိုးမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း တို့နှင့် ပတ်သက်၍ အပြန်အလှန် ဆောင်ရွက်မည့် ရည်မှန်းချက်များ ရှိပါသည်။ စီမံချက်သည် မိသားစုအတွင်း ဆက်ဆံရေးတွင် အခွင့်အာဏာမှ မည်သို့ သက်ရောက်သည် ဆိုသည်နှင့် အစားအသောက်နှင့် အာဟာရ ဖွံ့ဖြိုးမှုတို့နှင့် ဆက်နွှယ်နေသည့် အမျိုးသားနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုတို့အား နားလည်သဘောပေါက်နိုင်ရန်သာမက အစားအသောက်နှင့် အာဟာရ ဖွံ့ဖြိုးမှု စံနှုန်းများနှင့် ဆက်နွှယ်နေသည့် ဆုံးဖြတ်ချက် ချခြင်းဆိုင်ရာ ဒေသခံတို့၏ အမြင်များ နားလည်သဘောပေါက် နိုင်ရန် တို့အတွက် အာဟာရဖွံ့ဖြိုးမှုအပေါ် ကျားမရေးရာ ဆန်းစစ်မှု တစ်ရပ်အား ပြုလုပ်ခဲ့ပါသည်။ စာရွက်စာတမ်းများဖြင့် သုံးသပ်မှုမှ တွေ့ရှိချက်များမှ ဦးတည်ပေးသည့်အတိုင်း မိခင်များ၊ ဖခင်များနှင့် အဖွားများနှင့် ဦးတည်ရည်ရွယ်သည့် အုပ်စုလိုက် ဆွေးနွေးပွဲ (၆၈)ကြိမ်နှင့် မြစ်ကြီးနား၊ လားရှိုးနှင့် ဗန်းမော်ရှိ စီမံချက်များမှ အဓိက ဆက်သွယ်ဆောင်ရွက်ရမည့်သူများနှင့် တွေ့ဆုံမေးမြန်းမှု (၆)ကြိမ်အား ၂၀၂၀ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ပြုလုပ်ခဲ့ပါသည်။

ဆန်းစစ်မှုအရ နေ့စဉ်အစားအသောက် ပြင်ဆင်ခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း တို့သည် အသက်(၂)နှစ်အောက် ကလေးသူငယ်များ အား အစားအသောက် ကျွေးမွေးရန် တာဝန်ရှိသည့် မိခင်များမှ တာဝန်ယူထားကြောင်း တွေ့ရှိရပါသည်။ အဖွားများသည် နေ့စဉ် အစားအသောက် ပြင်ဆင်ခြင်းတွင် ပါဝင်ပတ်သက်မှု နည်းပါးသော်လည်း ၎င်းတို့(သို့) အခြား ဒုတိယ စောင့်ရှောက်မှုပေးသူများသည် အမျိုးသမီးများ ၎င်းတို့၏ ကိုယ်ဝန်တတိယ (၃)လပတ် ရှိနေချိန်နှင့် မီးဖွားပြီး (၁)လအတွင်း၌ ဤတာဝန်အား တာဝန်ယူလေ့ရှိပါသည်။ မိခင်များအပါအဝင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း လုပ်ငန်းများနှင့် ကိုယ်တိုင်ကြုံတွေ့ခဲ့သူများမှ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာအသိအမြင်များ ကိုယ်တိုင်သိရှိခဲ့ ကြောင်း အစီရင်ခံတင်ပြမှုမှာ ယေဘုယျအားဖြင့် စီမံကိန်းဆောင်ရွက်ချက်များမှ ဦးတည်မှုနည်းပါးသည့် အဖွားများနှင့် ခင်ပွန်းများကဲ့သို့သော အရန် စောင့်ရှောက်ပေး သူများ ထက်ပိုမိုမြင့်မားပါသည်။ ရလဒ်အနေဖြင့် အဖွားများသည် ယေဘုယျအားဖြင့် မိရိုးဖလာ အစားအစာ စားသုံးသည့် အလေ့အကျင့်များကို အသုံးပြုသဖြင့် အဆိုပါ တူညီသည့် ဓလေ့ထုံးစံ များကို လေးစား လိုက်နာ စေရန် အတွက် ၎င်းတို့၏ သမီးများနှင့် ချွေးမများ အပေါ် ဖိအားပေးမှုများ ဖြစ်ပေါ်စေပါသည်။ ဆန်းစစ်မှုမှ အသိအမြင် အချို့အား ဖော်ထုတ်နိုင်ခဲ့ပါသည်။

အမျိုးသားပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ ဖခင်အများအပြားသည် ၎င်းတို့ကိုယ်ကို မိန်းမများနှင့် ကလေးသူငယ်များ၏ အာဟာရဖွံ့ဖြိုးမှုတွင် အရေးပါသည့် အခန်းကဏ္ဍ၌ ရှိနေကြောင်း စဉ်းစားမိလေ့မရှိကြပါ။ ဥပမာအားဖြင့် ဖခင်အများစုသည် ချက်ပြုတ်ခြင်းမှာ ၎င်းတို့ အတွက် ဦးစားပေး လုပ်ဆောင်ရမည့် အရာမဟုတ်သည့်အတွက် သူတို့ချက်ပြုတ်ခြင်း မပြုလုပ်ပါဟု ဆိုပါသည်။ တုံ့ပြန်ဖြေကြားသူ အမျိုးသမီးများ အားလုံးမှ အမျိုးသားများ၏ အဓိကတာဝန်မှာ မိသားစုအတွက် ဝင်ငွေရှာပေးခြင်း ဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။ ၎င်းတို့၏ ခင်ပွန်းများ ဝင်ငွေ ပုံမှန်မရှိခြင်းနှင့် ဝင်ငွေနည်းပါး ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် ဖိအားများကြောင့် အမျိုးသမီးများသည် ၎င်းတို့၏ ပုံမှန် အိမ်ထောင့် တာဝန်များ အပြင် မကြာခဏဆိုသလို အပိုဝင်ငွေ ရရှိအောင် အလုပ်လုပ်နေကြရပါသည်။ ထိုမှတဆင့် အမျိုးသမီးများအပေါ် အလုပ်ချိန်နှင့် အလုပ်ဝန်တို့ သိသိသာသာ ထပ်မံတိုးလာစေသည်သာမက စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် အလုပ်အကိုင် အခွင့်အလမ်းများတွင် နည်းပါးခြင်း၊ လုပ်ခလစာ နည်းပါးပြီး ပုံမှန်အလုပ်မရှိခြင်း၊ မှီခိုသူအချိုးအစားမြင့်မားသည့် မိသားစုများ ရှိနေခြင်းတို့မှ မိသားစုဝင်များအားလုံး၏ စားနပ်ရိက္ခာဖူလုံမှုအား ပြည့်မီအောင် လုပ်ဆောင်ရာတွင် ထပ်မံ၍ စိန်ခေါ်မှုများ ရှိသည်ဆီသို့ ဦးတည် နေပါသည်။

ငွေရေးကြေးရေး ခက်ခဲမှုသည် မိသားစုများ အပြောအများဆုံး စိုးရိမ်ပူပန်စရာ ကိစ္စရပ် ဖြစ်ပြီး ယင်း၏ နောက်တွင် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးနှင့် အိမ်ထောင်ရေး ကိစ္စများ လိုက်ပါသည်။ အာဟာရ ဖွံ့ဖြိုးမှု နှင့် ပတ်သက်ပါက မိခင်များအတွက် ၎င်းတို့၏ ကလေးများ အား ထူးချွန်ထက်မြက်ပြီး ပညာတတ်များ ဖြစ်စေချင်ကြောင်း၊ သို့မှသာ ၎င်းတို့ကဲ့သို့ အလုပ်ကြမ်းများ လုပ်ရန် မလိုတော့မှာဟု ပြောကြားခဲ့ သည့် မိခင်များ အတွက် ကလေး၏ ဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် ဦးနှောက်ဖွံ့ဖြိုးမှုမှာ အရေးပါသည့် စိတ်ခွန်အားတက်စေရန် အားပေး လှုံ့ဆော်မှု တစ်ခု ဖြစ်ပါသည်။

ပဋိပက္ခဒဏ်ခံဒေသများတွင် ဆုံးဖြတ်ချက်နှင့် ဆက်နွှယ်နေသည့် ဆက်စပ်မှု ရှိသော နောက်ထပ် ရှာဖွေတွေ့ရှိချက်တစ်ခုမှာ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် နေထိုင်သူများသည် ၎င်းတို့ စားသုံးသည့် အစားအသောက်များအတွက် ထိန်းချုပ်နိုင်မှုနှင့် ဆုံးဖြတ် နိုင်မှု တို့တွင် အကန့်အသတ် ရှိနေခြင်း ဖြစ်ပါသည်။ ထိုသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် ရွေးချယ်မှုများကို ပြုလုပ်နိုင်သည်ထက် ၎င်းတို့ အတွက် ပေးသည် ကိုသာ စားသုံးနေကြရပါသည်။

ဆန်းစစ်မှုမှ အဓိက အကြံပြုထောက်ခံပေးချက်များတွင် ကောင်းမွန်သည့် ကျား၊ မ ရေးရာနှင့် အာဟာရဖွံ့ဖြိုးမှု ရလဒ်များ နှစ်ခုလုံးကို ကူညီပံ့ပိုးပေးရန်အတွက် အမျိုးသမီးများအကြား ညှိနှိုင်းပြောဆိုနိုင်သည့် ကျွမ်းကျင်မှုများ တည်ဆောက်ခြင်းနှင့် စီမံကိန်းလုပ်ငန်းများတွင် ယောကျ်ားများနှင့် အဖွားများ အပါအဝင် အရန်စောင့်ရှောက်မှု ပေးသူများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော် လည်းကောင်း ထိတွေ့ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေခြင်းတို့ ပါဝင်ပါသည်။

# ရှေ့သို့မျှော်ကြည့်လျှင်

## မူဝါဒအဆင့်

### MS–NPAN

၂၀၂၀ ခုနှစ် နှစ်ကုန်တွင် MS–NPAN သည် အာဟာရ ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှု ရှိရန်အတွက် ကဏ္ဍပေါင်းစုံတွင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပြီး ဦးတည်ရည်ရွယ်ထားခဲ့သည့် စီမံကိန်း ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခြင်းအား စတင်ရန် အသင့်ဖြစ်ခဲ့ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်မှ သက်ဆိုင်ရာ အစိုးရဌာနများမှ ရေးဆွဲ အတည်ပြု ခဲ့သည့် အစီအစဉ်များ အပေါ် အခြေခံပါသည်။

စီမံချက်များအတည်ပြုခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး (၅)ခုတွင် ၂၀၂၁ ခုနှစ်အတွင်း လက်ရှိ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးမှု စတင်ရန် စီစဉ်နေချိန်အတွင်း စီမံကိန်း လုပ်ငန်းများ အဆင့်မြှင့်တင်ရန်၊ တိုးချဲ့ရန် (သို့) လုပ်ငန်း အသစ်များ စတင်မိတ်ဆက်ရန်အတွက်လည်း ရင်းမြစ်များရယူခဲ့ပါသည်။ အဆိုပါ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ပံ့ပိုးပေးမည့် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ လုပ်ငန်းစဉ်နှင့် စွမ်းဆောင်ရည်များ တည်ဆောက်ရန် လိုအပ်နေပါသေးသည်။ ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများမှ ပြည်နယ်တစ်ခုချင်းစီ၏ အစီအစဉ်များအတွင်းရှိ ရည်မှန်းချက်များ၏ ပြီးစီးအောင်မြင်မှုကိုရရှိရန် ပြုလုပ်ပေးမည့် ကူညီထောက်ပံ့မှုများအား ပြည်နယ်အဆင့် MS–NPAN စောင့်ကြည့်စစ်ဆေးသည့် စနစ်အတွင်း ထည့်သွင်းသွားမည် ဖြစ်ပါသည်။

ကြံ့ကြံ့ခံနိုင်စွမ်းရှိရန်နှင့် စိန်ခေါ်မှုရှိသည့် အခြေအနေများတွင် တိုးတက်မှု ရှိစေရန်လိုအပ်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများအား အာဟာရဆိုင်ရာ အားနည်းထိခိုက်မှု အလွယ်ဆုံး လူမှုအသိုက်အဝန်းများမှ ရရှိစေရန် ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးဒေသများမှာ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်း ဖြစ်ပါသည်။ ရခိုင်ပြည်နယ် အကြံပေးကော်မရှင် (RAC) ၏ အကြံပြုထောက်ခံချက်များ အရ ဆောင်ရွက်ပေးရန် သဘောတူထားသည့် အရေးယူဆောင်ရွက်ချက်များ၏ ရလဒ်အနေဖြင့် ရခိုင်ပြည်နယ်တွင် ဘက်စုံ အာဟာရဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများသို့ ဦးတည်သည့် ကနဦး ခြေလှမ်းအချို့အား လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ LIFT သည် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တွင် အစိုးရ၏ MS–NPAN အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ကူညီပံ့ပိုးပေးရန်အတွက် International Rescue Committee (IRC) နှင့် Community Partner International တို့အား ရန်ပုံငွေ ထောက်ပံ့ပေးလျက်ရှိပြီး တိုင်းရင်းသား ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ကူညီ ပံ့ပိုးပေးလျက်ရှိပါသည်။ LEARN စီမံချက်နှင့် SUN–CSA တို့သည်လည်း MS–NPAN ပတ်သက်ဆက်နွယ်သူများ ပူးပေါင်းပါဝင်ခြင်း၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အား ကူညီပံ့ပိုးပေးရန် ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၀ ခုနှစ်တွင် LIFT သည် MS–NPAN ၏ လုပ်ငန်းစဉ်တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း လုပ်ငန်းစဉ်အား ကူညီပံ့ပိုးရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ခေါင်းဆောင်မှုအား အားပေးမြှင့်တင်ရန်တို့အတွက် Access to Health နှင့် အခြား ကုလသမဂ္ဂ မိတ်ဖက် အဖွဲ့အစည်းများနှင့် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ LIFT မှ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် တလျှောက်လုံး ကူညီပံ့ပိုးပေးခဲ့သည့် MS–NPAN ၏ ပင်မ အဖွဲ့သည် ၂၀၂၁ ခုနှစ် ပထမ နှစ်ဝက်တွင်လည်း အစိုးရ ဌာနများအတွင်း ရေရှည်တည်တံ့နိုင်မည့် နည်းပညာဆိုင်ရာ ရင်းမြစ်များအား ထူထောင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့နှင့် လုပ်ကိုင် ဆောင်ရွက်နေပါသည်။ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအတွက် ဥရောပသမဂ္ဂ ဘဏ္ဍာရေး ထောက်ပံ့မှုအစီအစဉ်မှ ပံ့ပိုးပေးပါသည်။

### SBCC မဟာဗျူဟာ

SBCC မဟာဗျူဟာအား ရှေ့ဆက်အကောင်အထည်ဖော်ရန် ရည်ရွယ်ထားပြီး LIFT စီမံကိန်းလုပ်ငန်းများ အားလုံးတွင် စမ်းသပ်ခဲ့ပြီး ဖြစ်သည့် အတွေ့အကြုံများနှင့် ချဉ်းကပ်နည်းလမ်းများ အပေါ်၌ တည်ဆောက်ရန်အတွက် MoHS အတွက် အခွင့်အလမ်းများအား ပေးအပ်သွားမည် ဖြစ်ပါသည်။ ယင်းမှ အာဟာရမျှတ၍ ကျန်းမာစေရန် စားသောက်နည်းလမ်းညွှန်ချက်များ၊ မြို့ပြဝန်းကျင်ဒေသ စည်းရုံးလှုံ့ဆော်မှုများနှင့် အစားအသောက် ရောင်းချသူများနှင့် လက်တွဲလုပ်ကိုင်ခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့် MCCT–SBCC အစီအစဉ်များအား ချိတ်ဆက်ရန်အတွက် အခွင့်အလမ်းများအား ဆောင်ယူလာပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် မဟာဗျူဟာတွင် ပါဝင်ရမည့် အကြောင်းအရာများအတွက် ပံ့ပိုးပေးခြင်း၊ အတွေ့အကြုံ၊ အချက်အလက်များ၊ မည်သည်က လိုအပ်သည်၊ မည်သည်က အလုပ်ဖြစ်သည်တို့နှင့် စပ်လျဉ်း၍ သုံးသပ်ချက်အမြင်များ ပေးရာတွင် အလွန်အရေးပါမည် ဖြစ်ပါသည်။ ရေးဆွဲထားသည့်ပေါ်တွင် သဘောတူညီမှု ရရှိပြီးပါက မဟာဗျူဟာနှင့် နည်းကိရိယာများအား လိုက်လျောညီထွေဖြစ်ရန် ပြင်ဆင်ညှိနှိုင်းရန် လိုအပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် အသုံးချနိုင်ရန်အတွက် လုပ်ဆောင်ရမည် ဖြစ်ပါသည်။





### အာဟာရဖွံ့ဖြိုးမှုအား အဆင့်မြှင့်တင်ခြင်း

SUN UN ကွန်ရက် အဖွဲ့ဝင်အနေဖြင့် LIFT ၏ အာဟာရမြှင့်တင်ရေး လူမှုအဖွဲ့အစည်းများ ကွန်ရက် (SUN–CSA) နှင့် SUN စီးပွားရေး ကွန်ရက် (SUN–BN) တို့အတွက် ကူညီပံ့ပိုးမှုသည် အာဟာရ ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှု ရှိစေရန်အတွက် လုပ်ငန်းများချိန်ညှိရန် လိုအပ် သော ပတ်သက်ဆက်နွယ်သူ အမျိုးမျိုးအား တစ်စုတစ်စည်းတည်း ဖြစ်စေမည့် တန်ဖိုးရှိပြီး ထိုက်သင့်လျော်ကန်သော ပလက်ဖောင်းများ တည်ဆောက်ရန်အတွက် ဆက်လက် လုပ်ဆောင်ပေးမည် ဖြစ်ပါသည်။ အဆိုပါ ကွန်ရက်များ၏ အားသာမှုမှာ ၎င်းတို့၏ ကျယ်ပြန့်သည့် ပြည့်စုံလုံလောက်သည့် အဖွဲ့ဝင်များရှိခြင်းနှင့် ဖွံ့ဖြိုးရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများ၊ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများတွင် လုပ်ငန်းလည်ပတ်ရန်အတွက် ရှင်းလင်းပြတ်သားသည့် မဟာဗျူဟာရှိခြင်းတို့ ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင် အဆိုပါ ကဏ္ဍအမျိုးမျိုးတို့အား ပေါင်းစည်းရန်နှင့် ဗဟိုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် (၂)ဆင့်လုံး၌ အချို့သော တူညီသည့် ရည်မှန်းချက်များအတွက် ကြိုးပမ်းအားထုတ်မှုများအား ပူးပေါင်းဆောင်ရွက်ရန် တို့အတွက် ကြိုးပမ်းအားထုတ်မှုများကို မြင်တွေ့ရမည် ဖြစ်ပါသည်။

SUN–BN သည် အာဟာရဖွံ့ဖြိုးမှုအပေါ် ကောင်းမွန်သည့် သက်ရောက်မှု ရရှိရန်အတွက် အစိုးရ၏ကဏ္ဍပေါင်းစုံ ပါဝင်သည့် မဟာဗျူဟာများနှင့် လှုပ်ရှားဆောင်ရွက်မှုများတွင် စီးပွားရေးလုပ်ငန်းတို့နှင့် ထပ်မံ၍ ပူးပေါင်း ဆောင်ရွက်နိုင်ရန်နှင့် အာဟာရဖွံ့ဖြိုးမှု အထူးသဖြင့် အစားအ သောက်နှင့် အာဟာရဖွံ့ဖြိုးမှု၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အစားအစာများတွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း နှင့် အလုပ်သမားများ၏ အာဟာရဖွံ့ဖြိုးမှုတို့နှင့် ဆက်နွယ်နေသည်တို့နှင့် သက်ဆိုင်သည့် မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပုဂ္ဂလိကကဏ္ဍအတွက် ချမှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် အားပေးမြှင့်တင်ရန်တို့အတွက် ရည်ရွယ်သွားမည် ဖြစ်ပါသည်။

SUN–CSA သည် ပဋိပက္ခဒဏ်ခံဒေသများသို့ တိုးချဲ့ဆောင်ရွက်ရန်အတွက် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပြီး ထိုဒေသများတွင် CSA အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ ကွန်ရက်ကို ထပ်မံ၍ တည်ဆောက်ရန်အတွက်လည်း ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### အစားအစာများတွင် အာဟာရဓာတ် ထပ်မံဖြည့်တင်းခြင်း

SUN–BN သည် လက်ရှိအစားအသောက်တွင် အာဟာရ ထပ်မံထည့်သွင်းခြင်းဆိုင်ရာ အခြေအနေများ၊ အဓိက မူဝါဒနှင့် စီမံကိန်း ဆောင်ရွက်ချက်များအပေါ် ထောက်ခံ အကြံပြုချက်များနှင့်အတူ အစားအသောက်တွင် အာဟာရထပ်မံ ဖြည့်သွင်းရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား အကြမ်းဖျဉ်း ပုံဖော်ခြင်း အပေါ် နည်းပညာဆိုင်ရာ အနှစ်ချုပ် စာတမ်းတစ်စောင်အား ထုတ်ဝေသွားမည် ဖြစ်ပါသည်။

အားဖြည့်ဆန် စားသုံးမှုနှင့် ယုံကြည်လက်ခံမှု တိုးတက်အောင် မြှင့်တင်ရန်အတွက် SUN–BN သည် စားသုံးရာတွင် ထပ်မံကြုံတွေ့ရမည့် အတားအဆီးများအား အသေးစိတ် ဖော်ပြနိုင်မည့် ၁:၉၉ အချိုးဖြင့် ရောနှောထားသည့် အားဖြည့်ဆန်အား လက်ခံ စားသုံးမှုဆိုင်ရာ လေ့လာမှုအား ဆောင်ရွက်ရန်အတွက် PATH ၊ WFP ၊ NNC တို့နှင့် လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။ COVID–19 ကပ်ရောဂါကြောင့် နှောင့်နှေးမှု ရှိခဲ့သဖြင့် ၎င်းလေ့လာမှုအား ၂၀၂၁ ခုနှစ်တွင် လုပ်ဆောင်မည် ဖြစ်ပါသည်။

### အာဟာရမျှတ၍ ကျန်းမာစေရန် စားသောက်နည်းလမ်းညွှန် (FBDG)

FBDG များအား အပြီးသတ်ရေးဆွဲပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် အတည်ပြုနိုင်မည်ဟု မျှော်မှန်းထားပါသည်။ SUN–BN နှင့် LIFT ၏ မြို့ပြဝန်းကျင်ဒေသ မိတ်ဖက်အဖွဲ့အစည်းများသည် FBDG များအပေါ် အခြေခံ၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ စားသုံးမှုကို မြှင့်တင်ရန်၊ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးတွဲစည်းရုံး လှုံ့ဆော်မှုတစ်ရပ်အား ရေးဆွဲအကောင်အထည်ဖော်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းအဖွဲ့အား ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။ သီးသန့်အုပ်စုများအတွက် ဦးတည်ရည်ရွယ်သည့် အဆိုပါ လမ်းညွှန်ချက်များအား အသုံးပြုခြင်းကို ကောင်းမွန်စွာ သုတေသနပြုခဲ့ပြီး အတည်ပြုပေးခဲ့ပါသည်။ သို့ဖြစ်၍ မိတ်ဖက် အဖွဲ့အစည်းများအား နိုင်ငံတော်အဆင့်၌ သဘောတူညီထားပြီး ဖြစ်သော တူညီသည့် ချဉ်းကပ်နည်းလမ်းများဖြင့် ပေါင်းစည်းနိုင်မည် ဖြစ်သော စာအုပ်စာတမ်းများ ရေးဆွဲနိုင်ရန်အတွက် အကောင်းဆုံးဖြစ်သည့် ရင်းမြစ်များအား ပေးအပ်ပါသည်။

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသားများအတွက် အာဟာရမျှတ၍ ကျန်းမာစေရန် စားသောက်နည်းလမ်းညွှန်တွင် နောက်ဆုံး အချက်အလက်များထည့်သွင်းနိုင်ရန်အတွက် အမျိုးသားအဆင့် ကြိုးပမ်းအားထုတ်မှုများ၏ တစ်စိတ်တစ်ဒေသအနေဖြင့် PATH သည် ရွှေ့ပြောင်းသွားလာသူများနှင့် မသန်စွမ်းသူများအပါအဝင် မူကြိုကျောင်းသားများ နှင့် အခြားအားနည်း ထိခိုက်လွယ်သူများအား ဦးတည်ရည်ရွယ်သည့် လမ်းညွှန်ချက်များ ရေးဆွဲရန်အတွက် အစီအစဉ် ရေးဆွဲနေပါသည်။

## စနစ်အဆင့်

### နောင်တွင် လုပ်ဆောင်မည့် ရခိုင်ပြည်နယ် စီမံကိန်းတွင် ပါဝင်သည့် အာဟာရဖွံ့ဖြိုးမှု

LIFT သည် စီမံကိန်း၏ အဓိက မဏ္ဍိုင် (၃)ခုအနက်မှ တစ်ခုဖြစ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အကြား အာဟာရ ဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေခြင်း ပါဝင်သည့် ရခိုင်ပြည်နယ် စီမံကိန်းအတွက် အယူအဆတင်ပြချက်များ တင်သွင်းနိုင်ရန်အတွက် ဖိတ်ခေါ် ခဲ့ပါသည်။ ရခိုင် ပြည်နယ်ရှိ ကလေးသူငယ်များ၏ အာဟာရ ဖွံ့ဖြိုးမှု အဆင့်အတန်းမှာ အသက် (၅)နှစ်အောက် ကလေးများ ပုညှက်မှုနှုန်း ၃၈% နှင့် ကျုံလှီမှုနှုန်း ၁၄% တို့ဖြင့် နိုင်ငံအတွင်း အဆိုးရွားဆုံး ဒေသများအနက်မှ တစ်ခု ဖြစ်ပါသည်။ ရခိုင်ပြည်နယ် စီမံကိန်းတွင် LIFT သည် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများရှိ ဝန်ဆောင်မှု အပြည့်အဝ မရရှိသော လူမှုအသိုက်အဝန်းများ၊ ဒေသခံနှင့် အနီးဝန်းကျင်များရှိ လူမှုအသိုက်အဝန်းများအပေါ် အာရုံစိုက်သည့် ပုညှက်မှုနှင့် ကျုံလှီမှုအား ဖြေရှင်းရန် ဆောင်ရွက်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ (IMAM ၊ IYCF ၊ MCCT) အား ကူညီပံ့ပိုးပေးသည့် ယခင် ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်ပြီး အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအား

ကဏ္ဍာပေါင်းစုံ ပါဝင်သည့် စီမံကိန်းရေးဆွဲခြင်း၊ အစိုးရမှ ဦးဆောင်သည့် MCCT ၊ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းတို့သာမက COVID-19 ကပ်ရောဂါ ကျရောက်နေသည့် အခြေအနေတွင် ကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များဆီသို့ ဦးတည်စေမည့် WASH လုပ်ငန်းများနှင့် အခြေခံ အဆောက်အဦများအတွက် ကူညီပံ့ပိုးခြင်း အပေါ် အာရုံစိုက်စေမည် ဖြစ်ပါသည်။

**ချင်းပြည်နယ် MCCT အတွက် မဟာဗျူဟာမြောက် ဆက်သွယ်ဆောင်ရွက်မှုများ**
၂၀၂၀ ခုနှစ်တွင် LIFT သည် ချင်းပြည်နယ်ရှိ MCCT စီမံကိန်းအတွက် ဆန်းသစ်တီထွင်မှုရှိသော အစိုးရဆက်သွယ်ဆောင်ရွက်မှုများ၏ ဒီဇိုင်းပုံစံနှင့် ရပ်ရွာလူထု တုံ့ပြန်မှုဆိုင်ရာ ယန္တရားရေးဆွဲရာတွင် လူမှုဝန်ထမ်းဦးစီးဌာန (DSW) နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းတစ်ခုအား ရန်ပုံငွေ ထောက်ပံ့ပေးရန် သဘောတူခဲ့ပါသည်။ ဆက်သွယ်ဆောင်ရွက်မှုများမှ လူမှုအသိုက်အဝန်း အဖွဲ့ဝင်များနှင့် အခြားပတ်သက်ဆက်နွယ်သူများအကြား၊ MCCT စီမံကိန်းအကြောင်းနှင့် ယင်းတွင် ပါဝင်နိုင်မည့် အရည်အချင်း သတ်မှတ်ချက်များအား အသိအမှတ်ပြု နားလည်သဘောပေါက်ခြင်းအား တည်ဆောက်ပေးနိုင်မည်ဖြစ်ပြီး MoHS မှ မြှင့်တင်ပေးနေသော အရေးပါသည့် ဘဝအစ ရက်ပေါင်း (၁,၀၀၀)ဆိုင်ရာ သတင်းစကားများကို ထပ်ဆင့်တိုးမြှင့်ပေးနိုင်ကာ MoSWRR မှ လက်ခံထားသည့် အာဟာရဖောင်းပေး အမူအကျင့်များအား လက်ခံ ကျင့်သုံးခြင်းကို ကူညီပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။ ရပ်ရွာလူထု တုံ့ပြန်မှုဆိုင်ရာ ယန္တရားသည် အစိုးရအတွက် အကျိုးခံစားခွင့်ရှိသူများနှင့် လူမှုအသိုက်အဝန်းများမှ တုံ့ပြန်မှုများကို တိုက်ရိုက် လမ်းကြောင်းမှ လက်ခံ ရရှိစေရန်အတွက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး စီမံကိန်းနှင့် ပတ်သက်၍ တိုင်ကြားခြင်း (သို့) နစ်နာမှုများ၊ အကြံဉာဏ်များနှင့် အကြံပြုချက်များအား ဆက်သွယ်ဆောင်ရွက်ရာတွင် အမည်မဖော်လိုသူများပါ တုံ့ပြန်မှု ပြုလုပ်နိုင်သော သုံးစွဲသူများနှင့် အကျွမ်းတဝင်ဖြစ်စေမည့် ယန္တရား (သို့) ပလက်ဖောင်း တစ်ခုအနေဖြင့်လည်း ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ ယင်းတို့အား ဖန်တီးတည်ဆောက်ပြီးပါက ဆက်သွယ်မှုများနှင့် တုံ့ပြန်မှုဆိုင်ရာ ယန္တရားတို့အား LIFT ၏ ပံ့ပိုးကူညီမှုဖြင့် အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည်။

**ကချင် MCCT ကနဦးစစ်တမ်း**
၂၀၂၀ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အပြီးသတ် အတည်ပြုရန် ရည်ရွယ်ထားသော ကချင် MCCT အတွက် ကနဦး စစ်တမ်း ကောက်ယူရာတွင် LIFT မှ ကူညီပံ့ပိုးပေးရန်အတွက် မေတ္တာရပ်ခံခဲ့ပါသည်။ ကနဦး စစ်တမ်း မှ အချိန်ကြာလာသည်နှင့်အမျှ စီမံကိန်းမှ ရရှိလာမည့် ရလဒ်များနှင့် သက်ရောက်မှုများကို တိုင်းတာခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းတို့အတွက် အခြေခံ စနစ်တစ်ခုအား ပံ့ပိုးပေးရန် လိုအပ်သည့်အပြင် အနာဂတ်တွင် ပြုလုပ်မည့် ကနဦး စစ်တမ်းများအား လုပ်ဆောင်နိုင်ရန်အတွက် လူမှုဝန်ထမ်း ဦးစီးဌာနအတွင်း ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အရေး တစ်ရပ်အား ပေးအပ်ရန် လိုအပ်ပါသည်။ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ လက်တွေ့ကျင့်သုံးနေသည့် အသိုက်အဝန်း မြို့ပြဝန်းကျင်ဒေသရှိ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လက်တွေ့ကျင့်သုံးနေသည့် အသိုက်အဝန်း (CoP) များ ၏ အောင်မြင်မှုအပေါ် အခြေခံ၍ ကချင် ပြည်နယ် နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ မိတ်ဖက် အဖွဲ့အစည်းများအတွက် စီမံချက်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် နည်းပညာ ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်း တို့အား ကူညီပံ့ပိုးပေးမည့် CoP အား ၂၀၂၁ ခုနှစ်တွင် မိတ်ဆက် ပေးသွားမည် ဖြစ်ပါသည်။

**အိမ်ထောင်စုအဆင့်**

**အွန်လိုင်းမှမှာယူခြင်းများအား ပို့ဆောင်ပေးခြင်းမှတဆင့် အားဖြည့်ဆန်အား လွယ်လင့်တကူရှိစေခြင်း**
ကပ်ရောဂါကာလအတွင်း စားသုံးသူများသည် အွန်လိုင်းဈေးဝယ်ခြင်းနှင့် ပိုမို၍ အကျွမ်းတဝင် ရှိလာခဲ့ပြီး အစားအသောက် လုပ်ငန်းတွင် အွန်လိုင်းမှ မှာယူသည့် အစားအသောက်များအား အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည့်နည်းလမ်းကို တစ်စထက်တစ်စ ပိုမို အသုံးပြုလာကြပါသည်။ ဆန်စက်ပိုင်ရှင်များမှ ၂၀၂၁ ခုနှစ်တွင် စမ်းသပ်ဆောင်ရွက်မည့် ချဉ်းကပ်နည်းလမ်း အသစ်တစ်ခုဖြစ်သော အွန်လိုင်းမှ ဆန်ရောင်းချခြင်းအား မြှင့်တင်ရန်အတွက် ဆန်စက်ပိုင်ရှင်များအား BoPinc မှ ကူညီပံ့ပိုးပေးပါသည်။ PATH နှင့် ဆန်စက်ပိုင်ရှင်များသည် ထုတ်လုပ်မှုကို တိုးမြှင့်ရန်အတွက် ပူးပေါင်း ဆောင်ရွက်နေစဉ် လူမှုကွန်ရက်တွင် ကြေငြာသည့် အွန်လိုင်း အရောင်းဆိုင်သည် ပြည်သူများအားလုံးမှ အားဖြည့်ဆန်အတွက် ဝယ်လိုအားများကို တိုးမြှင့်လာစေရန်အတွက် ရည်ရွယ်သွားမည် ဖြစ်ပါသည်။

**ရပ်ရွာလူထု အခြေပြု စေတနာ့ဝန်ထမ်းများအတွက် အားပေးမြှင့်တင်သည့် စနစ်အား ရှေ့ပြေးစမ်းသပ်ခြင်း**
ကချင်ပြည်နယ်ရှိ LIFTရန်ပုံငွေ ထောက်ပံ့ပေးသည့် စီမံချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် World Concern Myanmar (WCM) သည် အသစ်ထုတ်ပြန်လိုက်သည့် ရပ်ရွာလူထု အခြေပြု ကျန်းမာရေးလုပ်သားဆိုင်ရာ အမျိုးသားမူဝါဒ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသား အဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ (NNC) မှ စိတ်ဝင်စားနေသည့် ရေရှည်တည်တံ့ပြီး အဆင့်မြှင့်တင်နိုင်သော စနစ်များအား အဆင့်မြှင့်တင်ခြင်းနှင့် ကိုက်ညီမှုရှိသည့် ရပ်ရွာလူထုအခြေပြုအစိုးရ စေတနာ့ဝန်ထမ်းများအတွက် အားပေးသည့်စနစ်အား ရှေ့ပြေးစမ်းသပ်ရန်နှင့် ဆန်းစစ်အကဲဖြတ်ရန်တို့အတွက် အစီအစဉ်ရေးဆွဲနေပါသည်။ WCM သည် ရပ်ရွာလူထု အခြေပြု စေတနာ့ဝန်ထမ်းများမှ အမှန်တကယ် လှုပ်ရှားဆောင်ရွက်သည့် လုပ်ငန်းများနှင့် အလုပ်ပြီးစီးမှုတို့အပေါ် အခြေခံ၍ အားပေးသည့်စနစ်အား စမ်းသပ်ရန် စီစဉ်ဆောင်ရွက်နေပြီး လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများကို စုစည်းရန်အတွက် ပြန်လည်သုံးသပ်သည့် လေ့လာမှုကို လုပ်ဆောင်နေပါသည်။





**စည်းရုံးဆော်ဩမှု နှစ်ရပ်အား စတင်ဆောင်ရွက်ရန်အတွက် အရှိန်အဟုန်မြှင့်တင်ခြင်း မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးသည့် ခြောက်လတာကာလ #6la နှင့် ကျန်းမာရေးနှင့် ညီညွတ်စေမည့် ရွေးချယ်စရာများ**
Save the Children ၏ မိတ်ဖက် အဖွဲ့အစည်းဖြစ်သော Bridge သည် ၂၀၂၀ ခုနှစ်တွင် မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးသည့် ခြောက်လ တာ ကာလ (#6la) စည်းရုံး လှုံ့ဆော်မှု အတွက် နောက်ဆုံးအဆင့် ပြင်ဆင်မှုအား စတင်လုပ်ဆောင်နေပြီး မြို့ပြဒေသ MCCT အကျိုးခံစားခွင့်ရှိသူများအကြား ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးခြင်းအား မြှင့်တင်နေသည့် ကျန်းမာရေးနှင့် ညီညွတ်စေမည့် ရွေးချယ်စရာများ စီမံချက်အတွက် ဆက်လက် လုပ်ဆောင်မည့် စည်းရုံး လှုံ့ဆော်မှုအတွက် ဒီဇိုင်းပုံစံ ရေးဆွဲမည် ဖြစ်ပါသည်။

*LIFT ၏ အာဟာရဖွံ့ဖြိုးမှု အစီအစဉ်သည် COVID-19 ကပ်ရောဂါ အပါအဝင် လူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်းများမှ အထိတ်တလန့် ဖြစ်မှုများ၏ သက်ရောက်မှုအား ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရာတွင် အဓိကကျသည့် အရာအားလုံး ပါဝင်ပြီး၊ ကဏ္ဍစုံစနစ်များ ခိုင်မာ အားကောင်းစေသည့် ချဉ်းကပ် နည်းလမ်းအား မြှင့်တင်ရန်နှင့် ပံ့ပိုး ကူညီပေးရန် တို့အတွက် ဆက်လက် ဆောင်ရွက်ပါသည်။*

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများ





# ၄.၂

# ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများ

## ခြုံငုံဖော်ပြချက်

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း (၂၀၁၉-၂၀၂၃) သည် အောက်ပါ အကြောင်းအရာများ ပေါ်တွင် အခြေခံပါသည်-

» မြန်မာ့စီးပွားရေး စတင် ပွင့်လင်းလာသည့် ၂၀၁၂ ခုနှစ်မှ အစပြု၍ ငွေကြေးဆိုင်ရာ ကဏ္ဍအား ကြီးကြီးမားမား တိုးချဲ့ခဲ့သော်လည်း အားနည်းထိခိုက်လွယ်မှုအများဆုံးသူများ အပါအဝင် ပြည်သူလူထု အများအပြားမှာ ဝန်ဆောင်မှု မရရှိခြင်း (သို့) ဝန်ဆောင်မှု အပြည့်အဝ မရရှိခြင်း ရှိနေဆဲ ဖြစ်ခြင်း

» မြန်မာနိုင်ငံရှိ အသေးစား ငွေရေးကြေးရေးလုပ်ငန်း (MFI) များ အနေဖြင့် ယင်းတို့၏ ချေးငွေ ဝန်ဆောင်မှု များအား တိုးချဲ့ဆောင်ရွက်ရန် ပိုမိုများပြားသည့် မတည်အရင်းအနှီးများ လက်လှမ်းမီရရှိရန် လိုအပ်ဆဲ ဖြစ်ခြင်း

» မြန်မာနိုင်ငံရှိ (MFI) များအနေဖြင့် အပ်နှံငွေ ရယူသည့် ဝန်ဆောင်မှုများ လက်လှမ်းမီ ရယူနိုင်မှု တိုးချဲ့ခြင်းတွင် တိုးတက်မှု နှေးကွေးနေ ဆဲဖြစ်ပြီး ယင်းတို့ အနေဖြင့် တင်းပြည့်ကြပ်ပြည့် ငွေကြေးဆိုင်ရာ ကြားခံလုပ်ငန်း များအဖြစ် ဖွံ့ဖြိုးတိုးတက်လာမှုတွင် အကန့်အသတ် ရှိနေ ခြင်း

» MFI အများစုသည် ချေးငွေအတွက်သာ ဝန်ဆောင်မှုပေးပြီး စုငွေစုဆောင်းရန် ဆော်ဩစည်းရုံးခြင်းမှာ မြန်မာနိုင်ငံရှိ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ၏ အမေ့လျော့ခံ ကဏ္ဍတစ်ခု ဖြစ်နေဆဲဖြစ်ခြင်း

» မိုဘိုင်းလ်ဖုန်း ပိုင်ဆိုင်မှု တဟုန်ထိုး မြင့်တက်လာခြင်းမှ[၃၆] ဆင်းရဲနွမ်းပါးသူများထံသို့ စုငွေ၊ ချေးငွေ နှင့် ငွေလွှဲပို့သည့် ဝန်ဆောင်မှုများ ရောက်ရှိနိုင်ရန်အတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးချဲ့နိုင်မည့် အခွင့်အလမ်း အများအပြားကို လမ်းဖွင့်ပေးခဲ့ခြင်း

» လူမှုအရေးအရ တာဝန်ယူမှုရှိပြီး အားလုံးပါဝင်စေသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများမှ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ နှင့် စီးပွားရေးအတွက် အကျိုးကျေးဇူး အမျိုးမျိုးတို့ကို ပံ့ပိုးပေးခြင်း[၃၇]

မကြာသေးမီ ကာလများအတွင်း ငွေကြေးဆိုင်ရာ ကဏ္ဍ သည် ကြီးထွားလာခဲ့ပြီး အမျိုးအစားလည်း စုံလင်လာပါသည်။ စီးပွားရေး ဘဏ်များ၊ MFI များနှင့် သမဝါယမ အသင်းများ လျင်မြန်စွာ ကြီးထွားလာခဲ့ကြပါသည်။ ယခုအခါတွင် MFI များနှင့် သမဝါယမ အသင်းများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ် (MADB) မှ တချိန်က လွှမ်းမိုးချုပ်ကိုင် နေရာယူထားသည့် ကျေးလက်ကဏ္ဍတွင် အလားတူ ဝန်ဆောင်မှုရယူသူ အရေအတွက်များအား ဝန်ဆောင်မှု ပေးနေပြီ ဖြစ်ပါသည်။ တရားမဝင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများရှိနေဆဲ ဖြစ်သော်လည်း ၎င်းတို့၏ အရေးပါမှု ကျဆင်းသွားပြီဖြစ်ကာ တရားမဝင် ဝန်ဆောင်မှုအပေါ်တွင်သာ လုံးဝဥဿုံ မှီခိုနေမှုများမှာ လျော့နည်းလာပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အားလုံးပါဝင်နိုင်သည့် ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ ၂၀၁၉- ၂၀၂၃ အစီရင်ခံစာတွင် တရားဝင်ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း အစီအစဉ်တွင် ပါဝင်သည့် အရွယ်ရောက်ပြီးသူများမှာ (၃၀) ရာခိုင်နှုန်းမှ (၄၈) ရာခိုင်နှုန်း အထိ တိုးတက်များပြားလာခဲ့ပြီး ဝန်ဆောင်မှု အမျိုးအစား တစ်မျိုးထက်ပို၍ အသုံးပြုသည့်အရွယ်ရောက်ပြီးသူ အရေအတွက်မှာ (၆)ရာခိုင်နှုန်းမှ (၁၇) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်ဟု ဖော်ပြထားပါသည်။ ပြီးစီးအောင်မြင်မှု နှစ်ခုစလုံးမှာ အထက်ဖော်ပြပါ ရည်မှန်းချက်များဖြစ်သည့် (၄၀) ရာခိုင်နှုန်း နှင့် (၁၅) ရာခိုင်နှုန်း တို့ထက်ကျော်လွန် ပါသည်။[၃၈]

---

၃၆။ မိုဘိုင်းလ်ဖုန်း ပိုင်ဆိုင်မှုမှာ ၂၀၁၃ ခုနှစ်တွင် ၂၃ % မှ ၂၀၁၈ ခုနှစ်တွင် ၇၈ % သို့ မြင့်တက်ခဲ့ပါသည်- ၂၀၁၈ ခုနှစ် FinSCope လေ့လာဆန်းစစ်မှု ၂၀၁၈ ခုနှစ်

၃၇။ LIFT မဟာဗျူဟာ ၂၀၁၉-၂၀၂၃

၃၈။ UNCDF ၊ ငွေကြေးဆိုင်ရာတွင် လက်လှမ်းမီ ရယူနိုင်မှုအား ဖြစ်နိုင်အောင် ဆောင်ရွက်ခြင်း (MAP) ၊ မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးတွင် အားလုံးပါဝင်စေမည့် လမ်းပြမြေပုံ (၂၀၁၉-၂၀၂၃)၊ ၂၀၁၉ ခုနှစ်

မည်သို့ဆိုစေ မြန်မာနိုင်ငံအနေဖြင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ဆက်နွယ်နေသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား ဆက်လက် ရင်ဆိုင် ကြုံတွေ့ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်း ငွေစုဆောင်းသည့်နှုန်းမှာ ပြည်တွင်း အသားတင်ထုတ်ကုန် (GDP) ၏ ၁၈ ရာခိုင်နှုန်းသာရှိပြီး အလွန်နည်းပါးနေဆဲ ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများအတွင်းသို့ စီးဝင်နိုင်မည့် ပြည်တွင်း စုငွေစုဆောင်းသည့်နှုန်းများအား တိုးမြှင့်နိုင်ရန်မှာ စီးပွားရေး ဦးစားပေးတစ်ခု ဖြစ်ပါသည်။

လက်ရှိတွင် စိုက်ပျိုးရေးကဏ္ဍမှာ GDP ၏ ၂၇ ရာခိုင်နှုန်းရှိပြီး လူဦးရေ ၏ ၆၅ ရာခိုင်နှုန်းနေထိုင်သည့် ကျေးလက်ဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်း အများအပြား ပံ့ပိုးပေးနိုင်သဖြင့် စိုက်ပျိုးရေးကဏ္ဍ အတွက် ငွေကြေးထောက်ပံ့ရန် လိုအပ်ချက်မှာ အလွန် အရေးကြီး ပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ[၃၉] မှ လယ်ယာထုတ်ကုန်များနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် လုပ်ကွက်ငယ် တောင်သူများအနေဖြင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမှုရယူနိုင်မှု အကန့်အသတ်ရှိနေခြင်းမှာ အဓိက စိန်ခေါ်မှုများအနက် တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။

မြန်မာနိုင်ငံအစိုးရမှ အလုပ်အကိုင်များ ဖန်တီးပေးမှု (အထူးသဖြင့် အသေးစားစီးပွားရေး လုပ်ငန်းများ) ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး နှင့် အိမ်ထောင်စုများ၏ ကြံ့ကြံ့ခံနိုင်စွမ်းတို့အား ပံ့ပိုးပေးရန်အတွက် ပတ်သက်ဆက်နွယ်သူအားလုံး ပေါင်းစည်းကာ အတူတကွဆောင်ရွက်ခြင်းဖြင့် တာဝန်ယူမှုရှိသည့် ငွေရေးကြေးရေးဆိုင်ရာ ထောက်ပံ့မှုတွင် နိုင်ငံတကာ အသိအမှတ်ပြု စံ သတ်မှတ်ချက် နှင့် ကိုက်ညီမှုရှိသည့် ငွေကြေးအရတတ်နိုင်ပြီး အရည်အသွေးပြည့်ဝကာ အကျိုးရှိရှိအသုံးပြုနိုင်သော ငွေရေးကြေးရေး ဝန်ဆောင်မှုအမျိုးမျိုးတို့နှင့်အတူ "မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၌ ၂၀၁၈ ခုနှစ်တွင် (၄၈) ရာခိုင်နှုန်း ရှိရာမှ ၂၀၂၃ ခုနှစ်တွင် (၆၀) ရာခိုင်နှုန်းအထိ တိုးတက်လာစေရေးနှင့် တစ်မျိုးထက်ပိုသည့် ဝန်ဆောင်မှုများအား အသုံးပြု သည့် အရွယ်ရောက်သူ (၁၇) ရာခိုင်နှုန်း ရှိရာမှ (၂၅) ရာခိုင်နှုန်းအထိ တိုးတက်လာစေရေး ဟူသည့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုတွင် ၂၀၁၉–၂၀၂၃ အတွက် ပန်းတိုင်အသစ်တစ်ခု သတ်မှတ် ပြဋ္ဌာန်းခဲ့ပါသည်။"[၄၀]

အဆိုပါ ရည်မှန်းချက်ပန်းတိုင်အား ရယူအောင်မြင်နိုင်ရန်အတွက် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စက်မှုဝန်ကြီးဌာန (MoPFI) မှ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအတွက် အလေးထား အာရုံစိုက်ရမည့် နယ်ပယ်များအဖြစ် – စိုက်ပျိုးရေးကဏ္ဍ ငွေကြေးထောက်ပံ့ပေးခြင်း၊ အငယ်စား၊ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များအတွက် ငွေကြေးထောက်ပံ့ပေးခြင်း နှင့် ဝင်ငွေနည်းကဏ္ဍများအတွက် ငွေကြေးထောက်ပံ့ပေးခြင်းတို့အား သတ်မှတ်ခဲ့ပါသည်။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းသည် အဆိုပါ ရည်မှန်းချက်ပန်းတိုင်များနှင့် အလေးထား အာရုံစိုက်ရမည့် နယ်ပယ်များအား အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

LIFT ၏ စီမံကိန်းလုပ်ငန်း၏ အဓိက အလေးပေးသည့်အရာမှာ အားလုံးပါဝင်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူအဖြစ် ပံ့ပိုးပေးနိုင်သော အားလုံးပါဝင်သည့် ငွေရေးကြေးရေး ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိမှုအား တိုးချဲ့ရန် ဖြစ်ပါသည်။

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက်ပြုမှုများ စီမံကိန်း၏ အရေးပါသည့် အစိတ်အပိုင်းများမှာ –

**အသေးစား ငွေရေးကြေးရေး လုပ်ငန်း** – ဆင်းရဲနွမ်းပါးမှု နှင့် အားနည်း ထိခိုက်လွယ်မှု လျော့ချခြင်းကို ကူညီပံ့ပိုးပေးရန်အတွက် မတူကွဲပြားသည့် ဈေးကွက် ကဏ္ဍများအတွက် သီးခြားစီ ရည်ရွယ်ဆောင်ရွက်ထားသည့် လိုအပ်ချက်မှ တွန်းအားပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု အမျိုးမျိုး ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးပေးရန်နှင့် ဝေးလံခေါင်သီသည့် ဒေသများ နှင့် ပဋိပက္ခ ဒဏ်ခံဒေသများတွင် MFI များ ရောက်ရှိမှုကို တိုးမြှင့်ရန်တို့ အတွက် MFI များ အား ကူညီပံ့ပိုးပေးခြင်း။

**ငွေကြေးဆိုင်ရာ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှု** – မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဈေးကွက်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်ရန် နှင့် နိုင်ငံတဝှမ်းတွင် အားလုံးပါဝင်နိုင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရရှိမှု တိုးပွားစေရန်တို့အတွက် ငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ဆုံးရှုံးရနိုင်ချေ နည်းပါးစေရန် ကူညီပံ့ပိုးပေးခြင်း။

**ဒီဂျစ်တယ် ငွေကြေး ဝန်ဆောင်မှုများ** – အဓိကအားဖြင့် အမျိုးသမီးများအား ဦးတည်ရည်ရွယ်သည့် ဒီဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု နည်းလမ်းများ တည်ဆောက်ပေးခြင်း။

**လယ်ယာစီးပွား ငွေကြေးပံ့ပိုးမှု**– လယ်ယာ ကဏ္ဍအတွက် ဦးတည်ရည်ရွယ် စီစဉ်ထားသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးရာတွင် ဆွဲဆောင်မှုများပေးခြင်း

[၃၉]။ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (၂၀၁၈–၁၉ ~ ၂၀၂၂–၂၃)

[၄၀]။ UNCDF ၊ ငွေကြေးဆိုင်ရာတွင် လက်လှမ်းမီ ရယူနိုင်မှုအား ဖြစ်နိုင်အောင် ဆောင်ရွက်ခြင်း (MAP) ၊ မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးတွင် အားလုံးပါဝင်စေမည့် လမ်းပြမြေပုံ (၂၀၁၉–၂၀၂၃)၊ ၂၀၁၉ ခုနှစ်



**ရာသီဥတုကြောင့် ဖြစ်သည့် သဘာဝဘေးအန္တရာယ်မှ ပြန်လည်ထူထောင်မှု** – ရာသီဥတုကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် ငွေပေါ်လွယ်မှု ကွာဟချက်များအား ထေမိစေရန် နှင့် ငွေကြေးစီးဆင်းမှု ကို စီမံခန့်ခွဲရန် MFI များနှင့် သမဝါယမများထံသို့ ရန်ပုံငွေများ စီးဆင်းနိုင်ရန်အတွက် ငွေကြေးဆိုင်ရာ နည်းကိရိယာများ ရေးဆွဲဖော်ဆောင်ပေးခြင်း။

**အမျိုးသမီးများ ပါဝင်မှုနှင့် လုပ်ကိုင်နိုင်စွမ်း** – အမျိုးသမီးများအား ဦးတည်ရည်ရွယ်ခြင်းနှင့် လုပ်ကိုင်နိုင်စွမ်းရှိစေခြင်းတို့မှာ စီမံကိန်း ၏ ဦးစားပေးခြင်း

မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ် မတ်လ၌ စတင် ဖြစ်ပွားခဲ့သည့် COVID–19 ကပ်ရောဂါသည် LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ယင်းတို့၏ ဝန်ဆောင်မှုရယူသူများ အပေါ် သက်ရောက်မှုများ ချက်ချင်း ဖြစ်စေခဲ့ပါသည်။

### COVID–19 ကမ္ဘာ့ ကပ်ရောဂါ

COVID–19 ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်တွင် ပြဋ္ဌာန်းခဲ့သည့် ကန့်သတ်ချက်များ မှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများအား ယင်းတို့၏ ဝန်ဆောင်မှုအသုံးပြုသူများ နှင့် တွေ့ဆုံမှုများအား ရပ်တန့်စေခဲ့ပါသည်။ ကန့်သတ်ချက်များ၏ အကျိုးဆက်ကြောင့် နိုင်ငံတဝှမ်းရှိ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှု အသုံးပြုသူများအနေဖြင့် ချေးငွေရယူနိုင်မှုမှာ တဟုန်ထိုး ကျဆင်းသွားခဲ့ပြီး စုငွေထုတ်ယူမှုများ မြင့်မားလာခဲ့ပါသည်။ ဤကဏ္ဍတွင် အကြီးမားဆုံး သက်ရောက်မှုမှာ MFI များတွင် ငွေပေါ်လွယ်မှု (သို့) ရယူနိုင်သည့် ချေးငွေ အရင်းအနှီး လျော့နည်းကျဆင်းလာခြင်း ဖြစ်ပါသည်။ ထိုအခြေအနေသို့ရောက်ရှိရန် အကြောင်းအရာ အမျိုးမျိုးမှ တွန်းပို့ခဲ့ပါသည်။

COVID–19 ကမ္ဘာ့ကပ်ရောဂါ ပထမလှိုင်းတွင် ထိန်းချုပ်သည့် အစီအမံများကြောင့် ၂၀၂၀ ခုနှစ် ဧပြီ/မေ လတွင် ဒေသတွင်း ဈေးများ၊ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများ နှင့် စက်ရုံများ အား ပိတ်ထားကြရသဖြင့် MFI များအပေါ် တိုက်ရိုက်ထိခိုက်ခဲ့ပါသည်။ နေအိမ်တွင်သာ နေထိုင်ရေး အစီအမံများကြောင့် စီးပွားရေးလုပ်ငန်းငယ်များ လုပ်ကိုင်နေကြသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု အသုံးပြုသူများ ဝင်ငွေ ဆုံးရှုံးခြင်းကို ဖြစ်စေခဲ့ပါသည်။ စက်ရုံများ ပိတ်သိမ်းခဲ့ပြီး ကျေးလက်ဒေသများသို့ ငွေလွှဲပို့ခြင်းများ သိသိသာသာ ကျဆင်းခဲ့ပါသည်။

ဇွန်လအတွင်း၌ World Vision မြန်မာ နှင့် VisionFund မြန်မာတို့က မြန်မာနိုင်ငံအတွင်း ယင်းတို့ စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ဒေသများတွင် အလျင်အမြန်ပြုလုပ်ခဲ့သည့် လိုအပ်ချက်များ ဆန်းစစ်လေ့လာမှုမှ အောက်ပါတို့ကို ဖော်ထုတ်နိုင်ခဲ့ပါသည်–

- » COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် အိမ်ထောင်စုများ၏ (၃၃) ရာခိုင်နှုန်း (မြို့ပြများ၌ (၂၇) ရာခိုင်နှုန်းနှင့် ကျေးလက်ဒေသများ၌ (၆) ရာခိုင်နှုန်း) မှ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများ လုံးလုံးလျားလျား (သို့) ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ကြောင်း အစီရင်ခံခြင်း
- » အိမ်ထောင်စုများ၏ (၆၀) ရာခိုင်နှုန်းမှ အသက်မွေးဝမ်းကျောင်းမှုများ ဆုံးရှုံးခြင်း၊ ဝင်ငွေ လျော့ကျခြင်းနှင့် ဝင်ငွေ အလုံးစုံလျော့ကျခြင်းတို့ ကြုံတွေ့ရကြောင်း အစီရင်ခံခြင်း
- » အိမ်ထောင်စုများ၏ (၂၅) ရာခိုင်နှုန်းသည် အသက်မွေးဝမ်းကျောင်းမှုများ ပြတ်တောက်သွားသဖြင့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများအတွက် ဝယ်လိုအား လျော့ကျခဲ့ခြင်း
- » အိမ်ထောင်စုများ၏ (၈) ရာခိုင်နှုန်းတို့သည် အခြားဝင်ငွေရလမ်းပေါ်တွင် မှီခိုနေကြရခြင်း

စီးပွားရေးလုပ်ငန်းများ ကမောက်ကမဖြစ်ကြရသဖြင့် ဝန်ဆောင်မှုရယူသူအများစုမှာ ၎င်းတို့ပုံမှန်ချေးငွေပြန်ဆပ်မှုများ လုပ်ဆောင်ရန်အတွက် အခက်အခဲများ ရင်ဆိုင်နေကြရပါသည်။ စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှု ဝန်ကြီးဌာန (MoPFI) ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (FRD) မှ MFI များနှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများအား မေလလယ်အထိ ချေးငွေပြန်လည်ပေးဆပ်မှုကောက်ခံခြင်း ရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့ပါသည်။ LIFT မှ MFI မိတ်ဖက်အဖွဲ့အစည်းများသည် အသွားအလာ ကန့်သတ်ထားသည့် ကာလအတွင်း ပြန်ဆပ်ရမည့် ချေးငွေ ခန့်မှန်းခြေ ကန်ဒေါ်လာ ၁၁၅ သန်း နီးပါးခန့်မရခဲ့သဖြင့် ငွေကြေးစီးဆင်းမှု စီမံခန့်ခွဲရေးအား ထိခိုက်စေခဲ့ပြီး ရလဒ်အနေဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုရယူသူများအတွက် ချေးငွေထုတ်ချေးပေးနိုင်မှုကိုပါ ထိခိုက်စေခဲ့ပါသည်။ မတ်လတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) မှလည်း ဘဏ်အတိုးနှုန်း၊ အပ်ငွေအတိုးနှုန်းနှင့် ချေးငွေအတိုးနှုန်းများကို ထိန်းညှိသည့် ညွှန်ကြားချက်များ ထုတ်ပြန်ကြေငြာခဲ့ပါသည်။ LIFT အနေဖြင့် CBM ၏ ဆောင်ရွက်ချက်များ၏ ရည်ရွယ်ချက်အား သဘောတူသော်လည်း LIFT ၏ အရင်းအနှီးဈေးကွက်များ အစီအစဉ်မှတဆင့် MFI ကဏ္ဍအတွက် ရရှိထားသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ မရည်ရွယ်ဘဲနှင့် လျော့ကျသွားစေသည့်အပြင် ဆက်လက်၍ ဝန်ဆောင်မှုရယူသုံးစွဲသူများထံ ချေးငွေများ ထပ်မံထုတ်ချေးပေးရန်အတွက် MFIများ၏ စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုများ ရှိစေခဲ့ပါသည်။

အကျိုးဆက်အနေဖြင့် အားနည်းထိခိုက်လွယ်သည့် ဝန်ဆောင်မှုရယူသူများအတွက် ပေးအပ်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လျော့ကျသွားခြင်း ဖြစ်ပါသည်။ MFI များသည် မိုးစပါး ရာသီ သီးနှံစိုက်ပျိုးရေးအတွက် ဒုတိယ အကြီးမားဆုံး ဝန်ဆောင်မှု ပံ့ပိုးပေးသည့် အဖွဲ့များဖြစ်ပြီး မိုးရာသီအလွန် ကျေးလက်ဒေသ စီးပွားရေးအတွက် ငွေကြေးဆိုင်ရာ အကြီးမားဆုံး ပံ့ပိုးပေးသည့် အဖွဲ့များ ဖြစ်ကြပါသည်။ MFI ၏ ငွေပေါ်လွယ်မှု ကိစ္စရပ်များအား ဖြေရှင်းနိုင်ခြင်းမရှိပါက မိုးရာသီ အလွန်ကာလ၌ ကျေးလက်ဒေသများတွင် ဝင်ငွေဆိုင်ရာနှင့် ပတ်သက်၍ ကြီးမားသည့် ဆိုးကျိုးများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း မှ မူဝါဒချမှတ်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် အသေးစားငွေရေးကြေးရေး ကဏ္ဍအတွက် ချေးငွေအရင်းအနှီးများ ပေးအပ်ရန်တို့အတွက် အဆင့်အမျိုးမျိုး၌ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။ LIFT ၏ ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း၏ မိတ်ဖက်အဖွဲ့အစည်းများမှလည်း အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ကပ်ဆိုက်နေသည့်ကာလ စီမံခန့်ခွဲရေးအတွက် တုံ့ပြန်ကာကွယ်ရေးဆိုင်ရာ အစီအစဉ်များအား အလျင်အမြန် ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။

**ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ ပြန်လည်ထူထောင်ရေး နှင့် စီးပွားရေးတိုးတက်မှုတို့အတွက် ချေးငွေများ ထပ်မံ၍ ဖြည့်သွင်းခြင်း**

ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၊ ပြန်လည်ထူထောင်ရေး နှင့် စီးပွားရေးတိုးတက်မှုရှိစေရန်အတွက် ကျေးလက်စီးပွားရေး အတွင်းသို့ ချေးငွေများထပ်မံ၍ ဖြည့်သွင်းခြင်းသည် ကမ္ဘာ့ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် အလွန်တရာ အရေးပါခဲ့ပါသည်။ LIFT သည် အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍတွင် ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုအား လျှော့ချရန်အတွက် ဆောလျင်စွာ တုံ့ပြန်ခြင်းအဖြစ် ကန်ဒေါ်လာ (၅.၅) သန်းအား ထည့်ဝင်ခဲ့ပါသည်။ ဤကန်ဒေါ်လာ (၅.၅) သန်း မှ LIFTမှ ပံ့ပိုးသော MFI များအတွက် အရင်းအနှီးစျေးကွက်များ ဖြစ်ထွန်းရေး အစီအစဉ်နှင့် ငွေလဲနှုန်းကြောင့် ဆုံးရှုံးနိုင်ချေများကို ကာမိစေမည့် ရန်ပုံငွေအစီအစဉ် (TCX) တို့မှတဆင့် အသေးစား ငွေရေးကြေးရေးကဏ္ဍအတွင်း နိုင်ငံတကာ မတည်ရင်းနှီးငွေ ကန်ဒေါ်လာ (၆၇.၁၃) သန်းအား ရင်းနှီး မြှုပ်နှံမှု ရရှိစေနိုင်ခဲ့ပါသည်။ ဒီဇင်ဘာလတွင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်း MFI (၇)ဖွဲ့သည် COVID –19 ကပ်ရောဂါ အရေးပေါ် တုန့်ပြန်ကာကွယ်ရေး ဆောင်ရွက်ရန်အတွက် ဤရန်ပုံငွေထောက်ပံ့မှု အသစ်ထံမှ ချေးငွေများကို ရယူနိုင်ခဲ့ပါသည်။

**LIFT ၏ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း မိတ်ဖက်အဖွဲ့အစည်းများ တုံ့ပြန်ဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံတွင် COVID –19 ကပ်ရောဂါ ပထမဦးဆုံး စတင် သက်ရောက်ခဲ့သည့် မတ်လလယ်မှ စတင်၍ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက် အဖွဲ့အစည်းများအားလုံးသည် ကပ်ဆိုက်နေသည့် ကာလ အတွင်း ဝန်ဆောင်မှုရယူအသုံးပြုသူများအား ကူညီပံ့ပိုးပေးရန်၊ ၎င်းတို့၏ ငွေကြေးဆိုင်ရာ တည်ငြိမ်မှုအတွက် အခြေအနေကို ထိန်းသိမ်းထားပေးရန်နှင့် ဝန်ဆောင်မှုရယူ အသုံးပြုသူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ကောင်းမွန်စေရန်တို့အတွက် ပံ့ပိုးပေးရန် တာဝန်ယူမှုရှိသော ချေးငွေထုတ်ပေးသည့်အဖွဲ့၏ အခန်း ကဏ္ဍကို ရယူခဲ့ပါသည်။ LIFT၏ MFI များသည် ချေးငွေများအပေါ် အရင်း ပြန်လည်ကောက်ခံမှုများနှင့် အတိုး နှုန်းတို့အား ဆိုင်းငံ့ခဲ့ပြီး ချေးငွေထုတ်ပေးခြင်းနှင့် အပ်နှံငွေလက်ခံခြင်းတို့ အတွက် လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်မွမ်းမံခဲ့ပါသည်။ ဇူလိုင်လတွင် ဝန်ဆောင်မှုရယူ အသုံးပြုသူများမှ ချေးငွေပြန်ဆပ်နိုင်စွမ်းအား ကောင်းစွာ နားလည်သဘောပေါက် ပြီးနောက် MFI ချေးငွေ အစီအစဉ်များကို အချိန်ပြောင်းလဲ သတ်မှတ်ပေးခဲ့ပါသည်။ ဒီဇင်ဘာလကုန်တွင် LIFT မှ ကူညီပံ့ပိုး ပေးထားသည့် MFI (၂၂) ဖွဲ့အနက်မှ (၂၀) ဖွဲ့တို့က ကန်ဒေါ်လာ (၄၇.၆) သန်းတန်ဖိုးရှိသည့် ချေးငွေ (၃၈၃,၁၈၈) ခုနီးပါးအား ပြန်ဆပ်ရမည့် အချိန်ဇယားကို ပြောင်းလဲရေးဆွဲပေးခဲ့ ကြောင်း အစီရင်ခံ တင်ပြခဲ့ပါသည်။

**၂၀၂၀ ခုနှစ် အောက်တိုဘာလအထိ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများမှ အိမ်ထောင်စု ၂.၉၄ သန်းအတွက် ကန်ဒေါ်လာ ၃၀၅.၇ သန်း ထုတ်ချေးပေးခဲ့ပါသည်။** LIFT ၏ MFI (၁၀)ဖွဲ့သည် ၎င်းတို့၏ စီမံကိန်းလုပ်ငန်းဆောင်ရွက်သည့် ဒေသများ၌ အစိုးရ၏ ငွေကြေး ထောက်ပံ့မှု အစီအစဉ်များထဲမှ တစ်ခုဖြစ်သော ငွေဖိုက်အစီအစဉ်အား ကူညီပံ့ပိုး ပေးခဲ့ပါသည်။

LIFT ၏ MFI များသည် ယင်းတို့၏ ဝန်ဆောင်မှုရယူသူများ နှင့် ယင်းတို့ လုပ်ငန်းဆောင်ရွက်မှုများ ရေရှည် တည်တံ့နိုင်မှုတို့နှင့် သင့်လျော်သည့် ဆုံးရှုံးရနိုင်ချေ လျှော့ချသည့်ဗျူဟာ အမျိုးမျိုး ရေးဆွဲ ချမှတ်ခဲ့ကြပါသည်။

- » **ရိုးမဘဏ်**သည် ယင်းထံမှ ဝန်ဆောင်မှုရယူသူများအတွက် ချေးငွေ ပြန်ဆပ်ရမည့်ကာလအား သုံးလ ရွှေ့ဆိုင်း ပေးခဲ့ပြီး အတိုးများကိုသာ ကောက်ယူခဲ့ပါသည်။
- » **သစ္စာဥယျာဉ်**သည် ချေးငွေ မြန်မာကျပ်ငွေ သန်း (၃၆၀) (ကန်ဒေါ်လာ ၂၆၀,၀၀၀) တန်ဖိုးရှိသည့် ချေးငွေများအား ပြန်ဆပ်ရမည့် အချိန်ဇယား ပြန်လည် ပြင်ဆင်ပေးခဲ့ပါသည်။ အဆုံးရှုံးခံလိုက်ရသည့် ချေးငွေ လုံးဝမရှိပါ။
- » **Proximity** သည် မူလစီစဉ်ထားသည့် ချေးငွေ ထုတ်ပေးသည့် ရုံးခွဲများ နှင့် ဝန်ဆောင်မှုရယူသူများ တိုးချဲ့ ဆောင်ရွက်ရန် ပြုလုပ်ရမည့်အစား COVID–19 ကပ်ရောဂါ ကာလအတွင်း လက်ရှိ ဝန်ဆောင်မှုရယူသူများ အတွက် ချေးငွေများ ထုတ်ပေးရန် အလေး ထား အာရုံစိုက်ခဲ့ပါသည်။
- » **ရိုးမဘဏ်** သည် IDA စီမံချက်မှတဆင့် IDA ဘဏ် ငွေစာရင်းရှိပြီးသားဖြစ်သည့် MCCT အကျိုးခံစားခွင့် ရှိသူများအား ကန်ဒေါ်လာ ( ၅၀ ) ထပ်မံထုတ်ပေးခဲ့ပြီး MCCT အကျိုးခံစားခွင့် ရှိသူအသစ်များအားလုံးအား ကန်ဒေါ်လာ ၁၅၀ ထုတ်ပေးခဲ့ပါသည်။
- » **VisonFund မြန်မာ (VFM)** သည် အချိန်လွန် ပြန်ဆပ်ငွေများအတွက် ဒဏ်ကြေးများ ပယ်ဖျက်ပေးခဲ့ပါသည်။ ထို့ပြင် ဝန်ဆောင်မှု ရယူသူများအား ၎င်းတို့ပေးဆပ်ရမည့် ပမာဏအား ခွဲ၍ ပေးဆပ်ခွင့်ပေးခဲ့ပါသည်။ VFM သည် ဝန်ဆောင်မှု ရယူသူများအနေဖြင့် ၎င်းတို့၏ ငွေများ အလွယ်တကူ ထုတ်ယူနိုင်ရန်အတွက် စုငွေများ ထုတ်ရာတွင် တစ်လ ကြိုတင် အသိပေး အကြောင်းကြားရသည့် စနစ်ကိုလည်း ပယ်ဖျက်ပေးခဲ့ပါသည်။
- » **VFM** သည် COVID–19 ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုခံစားခဲ့ရသည့် ဝန်ဆောင်မှရယူသူများအတွက် ပြန်လည်ထူထောင်ရေးချေးငွေများ ထုတ်ချေးပေးခဲ့ပြီး ကပ်ဘေး အခြေအနေများ (သဘာဝ ဘေးအန္တရာယ်၊ ကမ္ဘာ့ကပ်ရောဂါ၊ စသဖြင့်) ကြုံရချိန်တွင် ဝန်ဆောင်မှုရယူ သူများအတွက် ချေးငွေအမျိုးအစားအသစ် Offset Loan ကို ဖော်ဆောင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အတွင်း စတင် ထုတ်ချေးရန် စီစဉ်ထားပါသည်။





- » **PGMF** သည် ဝန်ဆောင်မှုရယူသူများနှင့် ဆွေးနွေးညှိနှိုင်းမှုပေါ် အခြေခံ၍ ချေးငွေများ ပြန်ဆပ်မှုတောင်းခံ နေခြင်းကို ဆိုင်းငံ့ခဲ့ပြီး စုငွေထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အကျိုးခံစားခွင့်ရှိသူများ လူမှုဖူလုံရေး အစီအစဉ် (BWP) အား အထောက်အပံ့ပေးခြင်း၊ ချေးငွေ ပြန်ဆပ်ရမည့် ရက်များ ညှိနှိုင်းပြင်ဆင်ပေးခြင်း နှင့် ချေးငွေ ပြန်ဆပ်နိုင်ရန် ထပ်မံ ထုတ်ချေးပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါသည်။

**စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းသူများမှ COVID–19 ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်ကာကွယ်ခြင်း**

ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MoPFI) ၏ ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာန (FRD) မှ ဝန်ဆောင်မှုရယူသူများမှ ချေးငွေ ပြန်ဆပ်ခြင်းနှင့် ဆိုင်သည့် ဆုံးရှုံးရနိုင်ချေ လျှော့ချနိုင်ရန်အတွက် MFI များ၏ လုပ်ငန်းများ အား ရပ်ဆိုင်းစေခဲ့ပါသည်။ MFI များအား အောက်ပါအတိုင်း ညွှန်ကြားခဲ့ပါသည်–

- » ဝန်ထမ်းဦးရေ အများဆုံး ငါးဦးအထိ လျှော့ချပြီး လုပ်ငန်းများ ဆက်လက်လည်ပတ်ဆောင်ရွက်ရန်
- » ဝန်ဆောင်မှုအသုံးပြုသူများထံမှ ချေးငွေ အရင်းနှင့် အတိုးနှုန်း ပေးဆပ်မှုများ ကောက်ခံခြင်း မပြုရန်
- » ချေးငွေ ထုတ်ပေးခြင်း အပ်နှံငွေ လက်ခံခြင်းများ မပြုရန် နှင့်
- » လိုင်စင်ထုတ်ပေးခြင်း၊ တိုးချဲ့ခြင်း၊ ဝန်ဆောင်မှုရယူသူ အဖွဲ့များနှင့် အစည်းအဝေးများ ပြုလုပ်ခြင်း နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု အသစ်များ ဖော်ဆောင်ခြင်း တို့ကဲ့သော ပုံမှန် လုပ်ငန်းဆောင်ရွက်မှုများ ဆိုင်းငံ့ထားရန်

LIFT၊ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်း နှင့် ကုလသမဂ္ဂ ငွေရင်းငွေနှီး ဖွံ့ဖြိုးမှု ရန်ပုံငွေ (UNCDF) အပါအဝင် ပတ်သက်ဆက်နွယ်သူများက စည်းမျဉ်းစည်းကမ်း ကြီးကြပ်ထိန်းသိမ်း သူများ နှင့် ဆွေးနွေးညှိနှိုင်းပြီး COVID–19 ကပ်ရောဂါကြောင့် ဖြစ်ပွားသည့် အကြပ်အတည်း နှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍအပေါ် သက်ရောက်မှုများ နှင့် စပ်လျဉ်း၍ တပြေးညီ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ရန် စည်းရုံးနိုင်ခဲ့ပြီးသည့်နောက် အဆိုပါ ညွှန်ကြားချက်များအား မေလတွင် ရုတ်သိမ်း ပေးခဲ့ပါသည်။ ပတ်သက် ဆက်နွယ်သူများက အောက်ပါတို့အား တောင်းဆိုခဲ့ပါသည်–

- » MFI များအား မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများအဖြစ် ကြေညာပေးရန် (ဗဟိုဘဏ်မှ ဘဏ်များ၏ အနေအထားနှင့် စပ်လျဉ်း၍ ကြေငြာပေးသကဲ့သို့) ။ သို့ဖြင့် မေလ ၁ ရက်နေ့တွင် MFI များလုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများ ပြန်လည် စတင်ခွင့်ပြုခဲ့ပါသည်။
- » စီးပွားရေးအရ ကြံ့ကြံ့ခံနိုင်စွမ်းရှိလာစေရန် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍမှ အလျင်အမြန် ကူညီပံ့ပိုးပေးခွင့်ပြုရန်
- » MFI များအနေဖြင့် မတည်ရင်းနှီးငွေ ဖြည့်သွင်းမှုများအား လက်လှမ်းမီ ရရှိစေနိုင်ရန် ဗဟိုဘဏ်နှင့် MoPFI တို့မှ ပြင်ပချေးငွေများအား လက်တွေ့ကျသည့် အချိန်ဇယားများဖြင့် မြန်မြန်ဆန်ဆန် ခွင့်ပြုပေးနိုင်ရန် အတွက် စဉ်းစားပေးရန်
- » ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးနိုင်ရန် အရေးပါသည့် ဖိုရမ်များ သတ်မှတ် ကျင်းပခြင်း နှင့် အကောင်းဆုံးအသုံးချခြင်း
- » COVID–19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေ ဖြစ်မည့် ချေးငွေဝန်ဆောင်မှုများ ခွင့်ပြုပေးရန်အတွက် စဉ်းစားပေးရန်
- » မေလကဲ့သို့သော အဓိကကျသည့် ကာလမျိုးတွင် လယ်ယာစိုက်ပျိုးရေးအတွက် မိုးရာသီ ချေးငွေထုတ်ချေးခြင်းကို စဉ်းစားပေးရန်

ရလဒ်အနေဖြင့် ဧပြီလ(၂၇)ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရမှ ထုတ်ပြန်ကြေငြာခဲ့သည့် COVID –19 စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက်(CERP) တွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများအတွက် အစိုးရအသုံးစရိတ် များမှ ကုန်ကျစရိတ် နည်းပါးသည့် ရန်ပုံငွေများအား လက်လှမ်းမီ ရယူနိုင်ရန် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကဏ္ဍများအတွက် အရေးယူ ဆောင်ရွက်မှုများ ပါဝင်ခဲ့ပါသည်။ ယင်း ဆောင်ရွက်မှုအား CERP ၏ အပိုဒ် ၂.၃.၁ (က) တွင် “လက်ရှိတွင် ကြန့်ကြာမှုများ ကြုံတွေ့နေရသော ကောင်းမွန်သော ဂုဏ်သတင်းရှိသည့် ပုဂ္ဂလိကပိုင် လုပ်ငန်း ကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများအား ပွင့်လင်းမြင်သာစွာနှင့် မြန်ဆန်စွာခွင့်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ် ဆောင်ရွက်ရန်” ဟူ၍ ထည့်သွင်း ဖော်ပြခဲ့ပါသည်”။ ဤအချက်မှာ MFI များအနေဖြင့် မိုးရာသီအတွက် ကျေးလက်စီးပွားရေးအတွင်း အချိန်မီ ချေးငွေများ ဖြည့်သွင်းနိုင်ရန်မှာ အရေးကြီးခဲ့ပါသည်။ CERP ၏ အပိုဒ် ၁.၁.၁ *က) တွင် (က) “ဘဏ်” ချေးငွေနှင့် အပ်နှံငွေများအတွက် အများဆုံး အတိုးနှုန်းသတ်မှတ်ချက်အား အနည်းဆုံး (၃) ရာခိုင်နှုန်း အထိ လျှော့ချပေးရန် ပါဝင်ပါသည်။ CERP တွင် “ရောင်းအားကျဆင်း၍ ဝင်ငွေမရှိသော သို့မဟုတ် ပုံမှန် ငွေလွှဲပို့မှု များမှ ဝင်ငွေမရရှိတော့သော လုပ်ကွက်ငယ် တောင်သူလယ်သမားများ အနေဖြင့် မိုးရာသီ စိုက်ပျိုးချိန်အမီ လိုအပ် သည့် သွင်းအားစုများ ဝယ်ယူနိုင်ရန် ငွေကြေး (သို့) ချေးငွေများ ထောက်ပံ့ပေးရန်” လုပ်ငန်းစီမံချက် ပါဝင်ပြီး အပိုဒ် ၂.၁.၇ (ခ)အရ မြန်မာ လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) မှ ပုံမှန်ပေးနေကျဖြစ်သည့် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေ တစ်ဧကလျှင် ကျပ် (၁၅၀,၀၀၀) (ကန်ဒေါ်လာ ၁၀၈) အပြင် COVID–19 ပြန်လည်ထူထောင်ရေး အထူး ချေးငွေ တစ်ဧကလျှင် ကျပ် (၅၀,၀၀၀) (ကန်ဒေါ်လာ ၃၆) ထပ်မံ ပံ့ပိုးပေးခဲ့ပါသည်။

COVID–19 ကပ်ရောဂါ ဒုတိယလှိုင်း၏ အကျိုးဆက်အဖြစ် FDA မှ မတ်လက ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များ နှင့် အလားတူ ညွှန်ကြားချက်များကို အောက်တိုဘာလ၌ ထုတ်ပြန်ခဲ့ပြီး ကူးစက်နှုန်းမြင့်မားသည့် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် လုပ်ငန်းလုပ်ဆောင်လျက်ရှိသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေး သူများအား လုပ်ငန်းများ ရပ်ဆိုင်းစေခဲ့ပါသည်။

LIFT သည် ငွေကြေး ကဏ္ဍ ဆိုင်ရာ လုပ်ငန်းအဖွဲ့ မှ တဆင့် အောက်တိုဘာလ တွင် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များ နှင့် စပ်လျဉ်း၍ FRD နှင့် ဆွေးနွေးပြီး MFI များ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ နှင့် MFI များ၏ ငွေပေါ်လွယ်မှုအပေါ် COVID-19 ကပ်ရောဂါ ၏ သက်ရောက်မှုများအား စာရင်းပြုစုထားသည့် စာတမ်း တစ်စောင် တင်ပြခဲ့ပါသည်။ FRD မှ MFI များ၏ ချေးငွေ လျှော့က်လွှာများအား အလျင်အမြန် ခွင့်ပြုပေးသည့် လုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

အစိုးရ ချေးငွေဝန်ဆောင်မှုအသစ်မှတဆင့် FRD ၏ အသေးစား ငွေရေးကြေးရေး ကဏ္ဍတွင် ငွေပေါ်လွယ်မှု ထပ်မံ ချဲ့ထွင်ရန် အလေးထား အာရုံစိုက်မှုကြောင့် ပုံမှန်ပြုမြဲ မြို့နယ်အသစ်တိုးချဲ့ရန် နှစ်ဝက်ခွင့်ပြုမိန့်များအား နှောင့်နှေး စေခဲ့သဖြင့် MIDIFA ၏ ကချင်ပြည်နယ်တွင် တိုးချဲ့ ရန် အစီအစဉ်များ နှင့် EdM SOO၊ AMDA၊ နှင့် ECLOF တို့၏ အသေးစား ငွေရေးကြေးရေးဆိုင်ရာ ကုမ္ပဏီ စတင်တည်ထောင်မည့် အစီအစဉ်များအား ဆက်လက် နှောင့်နှေး စေခဲ့ပါသည်။

သို့သော်လည်း MFI မိတ်ဖက်အဖွဲ့အစည်း အများအပြားသည် ချေးငွေ ဝန်ဆောင်မှုအတွက် ငွေကြေးပံ့ပိုးမှုပေးရန် လျှောက်ထားခဲ့ပြီး ၂၀၂၀ခုနှစ် နှစ်ကုန်တွင် ခွင့်ပြုမိန့် ရရှိခဲ့ပါသည်။





# စိတ်ဝင်စားဖွယ်ရာများ

## အသေးစား ငွေရေးကြေးရေး လုပ်ငန်း

၂၀၂၀ ခုနှစ် ဒီဇင်ဘာလ အကုန်တွင် LIFT မှ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း၏ မိတ်ဖက်အဖွဲ့ အစည်း (၂၃) ဖွဲ့ (ပြည်တွင်း MFI (၁၀) ဖွဲ့၊ နိုင်ငံတကာ MFI (၁၀) ဖွဲ့၊ ဖက်စပ် ကုမ္ပဏီတစ်ခု နှင့် သမဝါယမ အသင်း နှစ်သင်း) အား ကူညီပံ့ပိုးပေးခဲ့ပါသည်။ PGMF မှလွဲ၍ MFI များ အားလုံးက ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခဲ့ကြပြီး ချေးငွေ ထုတ်ပေးခြင်းနှင့် စုဆောင်းငွေများ ဆော်သြစည်းရုံးခြင်းတို့ကို လုပ်ကိုင်ရန် အသေးစား ငွေရေးကြေးရေး လုပ်ငန်း အပြည့်အဝ လုပ်ကိုင်နိုင်သည့် လိုင်စင်များ ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် PGMF သည် အစိုးရမဟုတ်သည့် အဖွဲ့အစည်းမှ ကုမ္ပဏီ အဖြစ် စတင်အသွင်ပြောင်းလာခဲ့သော်လည်း လုပ်ငန်းစဉ်မှာ မပြီးစီးသေးပါ။ LIFT ၏ MFI မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုများအား နောက်ဆက်တွဲ ၅ တွင် ဖော်ပြထားပါသည်။

| ရင်းနှီးမြှုပ်နှံမှုအစုစု၏ ညွှန်းကိန်းများ | ၂၀၂၀ ခုနှစ် ဒီဇင်ဘာ လကုန်အထိ ရှိသည့် အခြေအနေ (စုစုပေါင်း) |
|---|---|
| ရောက်ရှိခဲ့သည့် ဝန်ဆောင်မှုရယူသူများ အရေအတွက် | 2,912,271 |
| အမျိုးသမီး ဝန်ဆောင်မှုရယူသူ အရေအတွက် | 2,628,452 |
| စုစုပေါင်းချေးငွေ ရင်းနှီးမြှုပ်နှံမှု | ကန်ဒေါ်လာ 1,366 သန်း (ထုတ်ချေးပြီး)<br>ကန်ဒေါ်လာ 1,093 သန်း (ပေးရန်ကျန်) |
| စုဆောင်းငွေ စုစုပေါင်း | ကန်ဒေါ်လာ ၁၄၇ သန်း |
| ရိုးမဘဏ် နှင့် TCX တို့၏ နိုင်ငံခြားငွေ ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးသည့် အစီအစဉ်မှတဆင့် MFI များတွင် ရင်းနှီး မြှုပ်နှံခဲ့သည့် စုစုပေါင်း ချေးငွေ အရင်းအနှီး | ကန်ဒေါ်လာ ၈၉ သန်း (ရိုးမ)<br>ကန်ဒေါ်လာ 135.96 (TCX) |

*ဇယား ၄.၂။ LIFT၏ ၂၀၂၀ ခုနှစ် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှု အစုစု*

**ဆင်းရဲနွမ်းပါးမှု အဆိုးရွားဆုံးနှင့် အားနည်းထိခိုက်လွယ်မှု အများဆုံးရှိသူများအား ဦးတည်ရည်ရွယ်ခြင်း**

LIFT ၏ MFI ဝန်ဆောင်မှုရယူသူ စုစုပေါင်း (2,912,271) ဦး (အမျိုးသမီး ၉၀%) မှာ ရွှေ့ပြောင်းသွားလာသူများ၊ အမျိုးသမီးများ နှင့် မြေယာမဲ့ (၂၈,၉၇၃) ဦး နှင့် ပြည်တွင်းနေရပ်စွန့်ခွါ တိမ်းရှောင်သူများ (သို့) ပဋိပက္ခဒဏ်ခံ ဒေသများတွင် နေထိုင်သူ(၁၂,၇၇၅) ဦး အပါအဝင် မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှု အဆိုးရွားဆုံးနှင့် အားနည်း ထိခိုက်လွယ်မှုအများဆုံးရှိသူများ ဖြစ်ကြပါသည်။ ၂၀၂၀ခုနှစ်တွင် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းတွင် MFI ရင်းနှီးမြှုပ်နှံမှု၏ (၇၀)%မှာ စိုက်ပျိုးရေး လုပ်ငန်းများတွင် အဓိက မြှုပ်နှံသည့် ကျေးလက် ဒေသ အခြေပြု ချေးငွေများသာ ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် အကုန်တွင် နယ်မြေဒေသအလိုက် MFI ၏ ချေးငွေ အမျိုးအစား ပြန့်နှံ့မှုကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| ချေးငွေ အမျိုးအစား | မြစ်ဝကျွန်းပေါ် | အပူပိုင်းဇုန် | ရခိုင် | တောင်တန်းဒေသ | ပျမ်းမျှ |
|---|---|---|---|---|---|
| စိုက်ပျိုးရေး | ၂၆ | ၃၈ | ၉ | ၃၅ | ၃၂ |
| စီးပွားရေး (ကျပ် 500,000 အောက်) | ၂ | ၁ | ၃ | ၄ | ၂ |
| စီးပွားရေး (ကျပ် 500,000 အထက်) | ၂ | ၁ | ၃ | ၄ | ၂ |
| မွေးမြူရေး | ၁၂ | ၁၈ | ၂၇ | ၄ | ၁၄ |
| ထုတ်လုပ်ရေး | ၁ | ၂ | ၀.၃ | ၂ | ၁ |
| ထုတ်လုပ်ရေး (ကျပ် 500,000 အောက်) | ၀.၁ | ၀.၄ | ၀.၁ | ၀.၁ | ၀.၂ |
| ထုတ်လုပ်ရေး (ကျပ် 500,000 အထက်) | ၁.၃ | ၂ | ၀.၅ | ၁ | ၁ |
| ဝန်ဆောင်မှုများ | ၄ | ၃ | ၃ | ၆ | ၄ |
| ဝန်ဆောင်မှုများ (ကျပ် 500,000 အောက်) | ၃ | ၁ | ၁ | ၂ | ၂ |
| ဝန်ဆောင်မှုများ (ကျပ် 500,000 အထက်) | ၃ | ၃ | ၄ | ၂ | ၃ |
| လူမှုရေး | ၂ | ၆ | ၃ | ၄ | ၄ |
| ကုန်သွယ်ရေး | ၄၃ | ၂၆ | ၄၈ | ၃၇ | ၃၅ |
| အတိအကျမရှိ | ၀.၅ | ၀.၂ | - | - | ၀.၂ |

*ဇယား ၄.၃။ ချေးငွေ အမျိုးအစားနှင့် ဒေသအလိုက် LIFT ၏ ကျေးလက်ဒေသ ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပြန့်နှံ့ပုံ (% အလိုက်)*

LIFT ၏ MFI မိတ်ဖက်အဖွဲ့အစည်းများသည် ဆင်းရဲနွမ်းပါးသူများထံ အကူအညီများ ရောက်နိုင်ရန်အတွက် ဖြစ်နိုင်မည့် နည်းလမ်းအားလုံးအသုံးပြု၍ ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။ ဥပမာ LIFT ၏ MFI မိတ်ဖက်အဖွဲ့ အစည်းများအနက်မှ တစ်ဖွဲ့ဖြစ်သည့် သစ္စာဥယျာဉ်က (၆၂) ရာခိုင်နှုန်းမျှသော ယင်းတို့၏ ဝန်ဆောင်မှု ရယူသည့် အိမ်ထောင်စုများသည် တစ်နေ့ဝင်ငွေ ကန်ဒေါ်လာ (၂.၅) အောက်မျှဖြင့်သာ နေထိုင် စားသောက်နေကြရပြီး (၂၉.၄) ရာခိုင်နှုန်းမှာ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု မျဉ်း အောက်တွင် ရှိကြောင်း အစီရင်ခံခဲ့ပါသည်။

၂၀၂၀ခုနှစ်တွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် MFI များသည် ယင်းတို့ ရောက်ရှိခဲ့သည့် အိမ်ထောင်စုများအား အိမ်ထောင်စုများ၏ စရိုက်လက္ခဏာများနှင့် အခြေခံပစ္စည်း ပိုင်ဆိုင်မှုအကြောင်းအား မေးခွန်း (၁၀) ခုပါ ဆင်းရဲနွမ်းပါးမှုတိုင်းတာသည့် ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ချေအညွှန်းကို အသုံးပြု၍ လူမှုဖူလုံရေး ဆန်းစစ်လေ့လာချက် စစ်တမ်းအား ဆောင်ရွက်ခဲ့ပါသည်။ Innovations for Poverty Action မှ LIFT နှင့် MFI ဝန်ထမ်းများအား PPI စစ်တမ်း ကောက်ယူပုံနည်းလမ်းကို သင်တန်းပို့ချပေးခဲ့ပါသည်။ LIFT ၏ MFI (၁၅) ဖွဲ့တို့က MFI ဝန်ဆောင်မှု အသုံးပြုသည့် အိမ်ထောင်စုပေါင်း (433,847) စုအား စစ်တမ်းကောက်ယူခဲ့ပါသည်။ ယုံကြည်စိတ်ချရမှု အဆင့်မှာ (၉၅) ရာခိုင်နှုန်းဖြစ်ပြီး မှားယွင်းနိုင်ချေ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုမျဉ်း သတ်မှတ်ရန်အတွက် ကောက်ယူခဲ့သည့် ဆင်းရဲ နွမ်းပါးမှု ဆိုင်ရာ အချက်အလက် များအား စိစစ်ချိန်ကိုက်မှု ဆောင်ရွက်ပါသည်။ ကိန်းဂဏန်းအချက်အလက်များအရ (၁၄.၆၅) ရာခိုင်နှုန်း နှင့် (၁၄.၉၅) ရာခိုင်နှုန်းကြားရှိ LIFT ၏ အကျိုးခံစားခွင့်ရှိသူများမှာ နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုမျဉ်း အောက်တွင် နေထိုင်ရှင်သန်နေကြရကြောင်း ပြသလျက်ရှိပါသည်။[၄၁] နိုင်ငံတကာ အလယ်အလတ် အဆင့် ဝင်ငွေနည်း ဆင်းရဲနွမ်းပါးမှုမျဉ်းစံဖြင့် တိုင်းတာပါက (၁၃.၂၅) ရာခိုင်နှုန်း နှင့် (၁၃.၅၅) ရာခိုင်နှုန်းကြားရှိ LIFT ၏ အကျိုးခံစား ခွင့်ရှိသူများမှာ ၂၀၁၁ခုနှစ် တစ်ရက်ဝင်ငွေ ကန်ဒေါ်လာ ၃.၂ ဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်း (PPP) အောက်တွင် ရှိနေပြီး၊ နိုင်ငံတကာ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု မျဉ်းဖြင့် တိုင်းတာပါက LIFT ၏ အကျိုးခံစား ခွင့်ရှိသူများ၏ (၁.၂၅) ရာခိုင်နှုန်း နှင့် (၁.၅၅) ရာခိုင်နှုန်းတို့မှာ ၂၀၁၁ခုနှစ် တစ်ရက်ဝင်ငွေ ကန်ဒေါ်လာ (၁.၉) ဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်း (PPP) အောက်တွင် ရှိပါသည်။ ၂၀၂၀ ခုနှစ် PPI စစ်တမ်းမှာ LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးထားသည့် MFI များမှ ပထမဆုံး ကောက်ယူခဲ့သည့် စစ်တမ်းဖြစ်ပြီး ရလဒ်များအား စံ အဖြစ် သတ်မှတ် အသုံးပြုမည် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် စီမံချက်အပြီးသတ်ကာလ အကဲဖြတ်သုံးသပ်မှု နှင့် ကာလလယ် အကဲဖြတ်သုံးသပ်မှု အစီရင်ခံစာများ[၄၂]တွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိခြင်းက အိမ်ထောင်စု ကြံ့ကြံ့ခံနိုင်စွမ်းအား ခိုင်မာအားကောင်းစေပြီး ယုံကြည်စိတ်ချရသည့် ချေးငွေရင်းမြစ်များ ပံ့ပိုးပေးခဲ့ပြီး စုဆောင်းငွေများ ဆော်ဩစည်းရုံးနိုင်ခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ ယင်းမှနည်းလမ်းအမျိုးမျိုးဖြင့်လည်း ဝင်ငွေရလမ်း တိုးတက်လာပြီး၊ စားနပ်ရိက္ခာ ထုတ်လုပ်မှုနှင့် ထုတ်ကုန်အရောင်းများ တိုးမြင့်လာစေခဲ့ခြင်းဖြင့် အိမ်ထောင်စုများ၏ စားနပ်ရိက္ခာ နှင့် အာဟာရဖွံ့ဖြိုးမှုများ လက်လှမ်းမီရရှိမှုအပေါ် ကောင်းမွန်သည့် သက်ရောက်မှုများ ရှိလာခဲ့ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်သည့် အိမ်ထောင်စုများသည် အခြေခံပစ္စည်းများ တည်ဆောက်ခြင်း နှင့် ကာကွယ် စောင့်ရှောက်ခြင်း၊ ကိုယ်တိုင်ရွေးချယ်ထားသည့် သွင်းအားစုများဖြင့် ကောက်ပဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံခြင်း၊ တစ်ဖန် ထွက်နှုန်းတိုးတက်စေမည့် နည်းပညာအသစ်များ နှင့် အလေ့အကျင့်များ အသုံးချခြင်းတို့ကို လုပ်ဆောင်နိုင်ခဲ့ကြပါသည်။

**ပဋိပက္ခ ဒဏ်ခံဒေသများရှိ အသေးစား ငွေရေးကြေးရေးလုပ်ငန်း**

LIFT မှ ပဋိပက္ခ ဒဏ်ခံဒေသများတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည့် MFI ငါး ဖွဲ့၊ NGO တစ်ဖွဲ့နှင့် ပြည်တွင်း ဘဏ်တစ်ဘဏ်တို့အား ၂၀၁၅ ခုနှစ်မှ စတင်၍ ကူညီပံ့ပိုးပေးခဲ့ပြီး ထောက်ပံ့ငွေ စုစုပေါင်းမှာ ကန်ဒေါ်လာ (၁၈.၈) သန်း ရှိပါသည်။ စီမံချက်သုံးခုမှာ ပိတ်သိမ်းခဲ့ပြီး စီမံချက် ခြောက်ခုမှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။ ၂၀၂၀ခုနှစ် အကုန်တွင် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ ကန်ဒေါ်လာ (၈၉.၈) သန်း ဖြစ်ပြီး ပဋိပက္ခဒဏ်ခံ ဒေသများရှိ မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ဆောင်မှု ရယူသူပေါင်း (၁၉၉,၄၆၃) ဦးထံ ရောက်ရှိခဲ့ပါသည်။

ပဋိပက္ခဒဏ်ခံ ဒေသများရှိ မိတ်ဖက်အဖွဲ့အစည်း လေးဖွဲ့ဖြစ်သည့် VisionFund၊ PGMF၊ MIFIDA နှင့် Proximity တို့သည် TCX မှ အကောင် ထည်ဖော် ဆောင်ရွက်သည့် MFI များ မတည်ငွေ အရင်းအနှီး ဈေးကွက်ဖော်ဆောင်ရေး အစီအစဉ်မှတဆင့် ရင်းနှီးမြှုပ်နှံမှုများ ရရှိခဲ့ကြပါသည်။

| မိတ်ဖက် အဖွဲ့အစည်း | တည်နေရာ | ထုတ်ချေးပေးခဲ့သည့် ချေးငွေ (ကန်ဒေါ်လာ) | ချေးငွေ စုစုပေါင်း (ကန်ဒေါ်လာ) | ဆော်ဩစည်းရုံး နိုင်ခဲ့သည့် စုငွေ (ကန်ဒေါ်လာ) | ဝန်ဆောင်မှု ရယူသူ အရေအတွက် | စုစုပေါင်း ဝန်ဆောင်မှု ရယူသူ အရေအတွက် |
|---|---|---|---|---|---|---|
| VisionFund Myanmar | ရခိုင်ပြည်နယ် အလယ်ပိုင်း ကချင် ရှမ်းပြည်နယ် မြောက်ပိုင်း | ၂၃,၂၃၅,၂၅၂ | ၁၄,၂၁၈,၃၂၂ | ၁,၁၄၁,၇၂၇ | ၃၇,၇၂၃ (၈၆% မ) | ၅၀,၈၉၄ (၈၃% မ) |
| Pact Global Microfinance Fund (PGMF) | ရှမ်းပြည်နယ် မြောက်ပိုင်း ရခိုင် | ၅၇,၇၆၅,၅၅၈ | ၄၈,၄၂၃,၂၈၀ | ၆,၆၀၉,၅၇၈ | ၁၁၈,၀၁၀ (၉၉% မ) | ၁၂၅,၁၅၇ (၉၉% မ) |
| UNCDF's Partners Wanlark၊ MIFIDA | ရခိုင် နှင့် ကချင် | ၆,၁၃၉,၂၈၆ | ၄,၁၇၅,၄၃၃ | ၆၇၀,၄၂၀ | ၁၉,၃၅၅ (၉၇% မ) | ၁၉,၀၃၅ (၉၇% မ) |
| Proximity Finance | ရှမ်းပြည်နယ် မြောက်ပိုင်း | ၅၁၇,၉၈၆ | ၅၁၆,၄၃၉ | ၂၇,၆၄၂ | ၁,၆၇၅ (၆၉% မ) | ၁,၆၇၅ (၆၉% မ) |
| Yoma Bank | ကချင်၊ ကရင်၊ ရခိုင်နှင့် ရှမ်း | ၂,၁၀၃,၀၇၉ | ၁၀,၉၄၂,၇၀၇ | ၃၃,၉၆၀ | ၂၅၂ | ၅၂၃ |
| BRAC | ကရင် | ၅၇၂,၃၃၈ | ၅၇၂,၃၃၈ | ၂၉,၂၇၃ | ၂,၁၇၉ | ၂,၁၇၉ |
| စုစုပေါင်း | | ၉၀,၃၃၃,၄၉၉ | ၇၈,၈၆၈,၅၁၉ | ၈,၅၁၂,၆၀၀ | ၁၇၉,၁၉၄ | ၁၉၉,၄၆၃ |

*ဇယား ၄.၄။ ၂၀၂၀ ခုနှစ်အတွင်း ပဋိပက္ခဒဏ်ခံ ဒေသများရှိ LIFT မှ ကူညီပံ့ပိုးပေးသည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ*[၄၃]



ပဋိပက္ခဒဏ်ခံဒေသများတွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်ချက်မှာ မြင့်မားသော်လည်း ထိုဒေသများရှိ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအနေဖြင့် အဆိုပါ ဒေသများတွင် ဝန်ဆောင်မှုများပေးရာ၌ ဆုံးရှုံးရနိုင်ချေအန္တရာယ်များနှင့် စိန်ခေါ်မှုများ ထပ်လောင်း ကြုံတွေ့ကြရသည့်အပြင် ဒေသတစ်ခုချင်းစီ၌လည်း သီးခြားထူးခြားသည့် စိန်ခေါ်မှုများ ရှိနေပါသည်။ ပဋိပက္ခဒဏ်ခံ ဒေသများရှိ LIFT မှ ကူညီပံ့ပိုးပေးသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများသည် ဆုံးရှုံးရနိုင်ချေအန္တရာယ်များ လျှော့ချရန်နှင့် စိန်ခေါ်မှုများအား ကျော်လွှားရန်အတွက် မတူကွဲပြားသည့် ဗျူဟာများ ချမှတ်ဖော်ဆောင်ကြရပါသည်။

ရခိုင်ပြည်နယ်တွင် ၂၀၂၀ခုနှစ်အတွင်း ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများ ရင်ဆိုင်ကြရသည့် အဓိက စိန်ခေါ်မှုများမှာ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်နက်ကိုင် ပဋိပက္ခနှင့် COVID-19 ကပ်ရောဂါဆိုင်ရာ တားမြစ်ကန့်သတ်မှုများ ဖြစ်ပါသည်။

မတ်လတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ၌ တပ်မတော်နှင့် ရခိုင့်တပ်မတော်တို့ကြား ဖြစ်ပွားခဲ့သည့် ပဋိပက္ခသည် UNCDF ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း မှ စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်သည့် ပုဏ္ဏားကျွန်းမြို့နယ် ပါဝင်လာသည်အထိ ကျယ်ပြန့်လာခဲ့ပါသည်။ ကျေးရွာ သုံးရွာမှ ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ ဝန်ဆောင်မှုရယူသူများအား အတင်းအကြပ် စွန့်ခွါစေခဲ့သဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများ နှင့် ချေးငွေ ပေးဆပ်ရမည့် အချိန်အတိုင်း ပေးဆပ်နိုင်စွမ်းတို့အား ထိခိုက်စေခဲ့ပါသည်။ ဥပမာအားဖြင့် ကျေးရွာနှစ်ရွာရှိ ရွာသားများအား အတင်းအကြပ် ရွှေ့ပြောင်းစေခဲ့သဖြင့် စိုက်ခင်းများ ထံသို့ မသွားနိုင်တော့သောကြောင့် ၎င်းတို့၏ ကောက်ပဲသီးနှံများ၏ (၂၀) ရာခိုင်နှုန်း ဆုံးရှုံးခဲ့ပြီး ကျွဲနွား တိရိစ္ဆာန်များလည်း သေကြေပျက်စီးခဲ့ကြပါသည်။ လုံခြုံရေး အခြေအနေများ တိုးတက်ကောင်းမွန်လာပြီး ဝံလက် ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း နှင့် ယင်း၏ ဝန်ဆောင်မှု ရယူသူများကြား ချေးငွေ ပြန်လည်ပေးဆပ်ရန် အစီအစဉ်များ ပြင်ဆင်နိုင်ရန်အတွက် အလေးအနက် ဆွေးနွေးတိုင်ပင်နိုင်သည့် အချိန်အထိ ပြန်ဆပ်ရန် သတ်မှတ်ချိန်ထက် နောက်ကျနေသည့်ချေးငွေ မြန်မာကျပ်ငွေ (၁၁၁) သန်း (ကန်ဒေါ်လာ ၈၀,၀၀၀) နီးပါးခန့်သည် 'ဆုံးရှုံးနိုင်ချေ အန္တရာယ်' ရှိနေပါသည်။

ရခိုင်ပြည်နယ်တွင် VisionFund မြန်မာ (VFM) မှ လက်ရှိ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ မရရှိကြသည့် ပြည်သူများထံ ရောက်ရှိရန် ရည်ရွယ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် VFM မှ ပြည်တွင်းနေရပ်စွန့်ခွါ တိမ်းရှောင်သူ စခန်းများမှ ဝန်ဆောင်မှုရယူသူ (၈၆) ဦး (အမျိုးသမီး ၇၃%) အား ချေးငွေများ ပံ့ပိုးပေးခဲ့ပြီး အနီးပတ်ဝန်းကျင် ရွာကိုးရွာမှ မွတ်ဆလင် နှင့် ကမန် ဝန်ဆောင်မှုရယူသူများအား စုစုပေါင်း ကန်ဒေါ်လာ (၂၀၅,၈၉၈) တန်ဖိုးရှိ ချေးငွေ (၄၅၆) ခုအား ထုတ်ပေးခဲ့ပါသည်။ VFM မှ ၂၀၂၀ ခုနှစ်အတွင်း ယင်းတို့လုပ်ငန်းလည်ပတ် ဆောင်ရွက်သည့် နေရာများတွင် လုံခြုံရေးဆိုင်ရာ ဖြစ်ရပ်ပေါင်း (၈၂) ဖြစ်ပွားခဲ့ပြီး အချို့အခြေအနေများတွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုအား ယာယီ ရပ်ဆိုင်းကြရသည်အထိ ဖြစ်ခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ VFM မှ အခြေအနေများ တည်ငြိမ်သည့်အခါ လုပ်ငန်းအစီအစဉ်များ တိုးချဲ့နိုင်ရန်အတွက် ဆန်းစစ်လေ့လာရန် ဆုံးရှုံးရနိုင်ချေ ဇယားတစ်ခု ပြုစုရေးဆွဲခဲ့ပါသည်။ ပဋိပက္ခများကြောင့် မြောက်ဦးနှင့် ကျောက်တော်တို့တွင် လုပ်ငန်းဆောင်ရွက်မှုများ လျှော့ချခဲ့ရသဖြင့် စစ်တွေ ရုံးခွဲတွင် ဝန်ဆောင်မှုများ အလွန်အကျွံ စုပုံလာသည့်အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ကျောက်ဖြူ ခရိုင်တွင် ရုံးခွဲအသစ်များ တည်ထောင်နိုင်ရန် ဗျူဟာမြောက် အရွှေ့တစ်ခု လုပ်ဆောင်ခဲ့ပါသည်။ VFM မှ ချေးငွေတာဝန်ခံအရာရှိ၏ စွမ်းဆောင်နိုင်မှုနှင့် ရောက်ရှိရန်ခက်ခဲသည့် ဝန်ဆောင်မှုရယူသူများထံ ဝန်ဆောင်မှုများရောက်ရှိနိုင်စွမ်းတို့ တိုးမြှင့်နိုင်ရန် VFM ၏ cloud-based အခြေခံသည့် ပင်မ ဘဏ်လုပ်ငန်းစနစ်နှင့် ချိတ်ဆက်ထားသည့် ကွင်းဆင်း ဒီဂျစ်တယ် အပ်ပလီကေးရှင်းများကိုလည်း အသုံးပြု၍ လုပ်ငန်း လည်ပတ် ဆောင်ရွက် ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် BRAC Microfinance မှ ကရင်ပြည်နယ်တွင်းရှိ ပဋိပက္ခဒဏ်ခံ ဒေသများတွင် နေထိုင်သည့် ပြည်သူများ နှင့် ရန်ကုန် မြို့ပြဝန်းကျင်ရှိ ရွှေ့ပြောင်း အမျိုးသမီးအား ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ပါသည်။ အားနည်းထိခိုက်လွယ် အမျိုးသမီး (၂,၁၇၉) ဦးအတွက် ချေးငွေ ကျပ် (795,550,000) (ကန်ဒေါ်လာ 572,000) ထုတ်ပေးခဲ့ပါသည်။ ဤစီမံချက်မှ မသန်စွမ်းများကိုလည်း ဦးတည် ရည်ရွယ်ပြီး ဝန်ဆောင်မှုရယူသူများ အနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝရှိစွာ ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းမှုများ လုပ်ကိုင်နိုင်စေရန်အတွက် အထောက်အကူဖြစ်စေရန် ဒီဇိုင်းရေးဆွဲထားသည့် ကျွမ်းကျင်မှု သင်တန်းများလည်း ပို့ချပေးပါသည်။ ၂၀၂၀ ခုနှစ်တွင် BRAC မှ ကရင်ပြည်နယ်တွင် ပံ့ပိုးပေးလျက်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အနေဖြင့် ဒေသအခြေအနေ နှင့် ဝန်ဆောင်မှု ရယူသူတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် စီမံချက် မှ ငွေကြေးဆိုင်ရာ အသိပညာပေး သင်တန်းနှင့် အခြေခံ အသက်မွေးဝမ်းကျောင်းမှု သင်တန်း သင်ခန်းစာများအား စီမံချက် ဝန်ထမ်းအားလုံးကို ပို့ချပေးခဲ့ပြီး ၎င်းဝန်ထမ်းများမှ ဝန်ဆောင်မှု ရယူသူများအတွက် သင်တန်းများ ဆင့်ပွား ပို့ချပေးစေခဲ့ပါသည်။ သင်တန်းသင်ခန်းစာများအား ဒေသသုံး ဘာသာစကားများသို့ ဘာသာပြန်ဆိုခဲ့ပြီး ရပ်ရွာလူထုအား စမ်းသပ် ပို့ချခဲ့ပါသည်။

MFI မိတ်ဖက်အဖွဲ့အစည်းများအားလုံး၏ စီမံချက် လုပ်ငန်းများအားလုံးအား နောက်ဆက်တွဲ ၄ တွင် ဖော်ပြထားပါသည်။

၄၁။ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ခဲ့သည့် မြန်မာ့လူနေမှု အခြေအနေ စစ်တမ်း ၂၀၁၇ မှ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၂၆.၄ ရာခိုင်နှုန်းမှ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်တွင် နေထိုင်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

၄၂။ ၂၀၂၀ ခုနှစ်တွင် Cordaid Foundation ၊ GRET ၊ International Finance Corporation ၊ PGMG ၊ TCX ၊ UNCDF နှင့် CDF တို့မှ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းတွင် စီမံချက်များ ပြီးဆုံးချိန်နှင့် ကြားကာလ ဆန်းစစ် အကဲဖြတ်မှုများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၄၃။ ပဋိပက္ခဒဏ်ခံ ဒေသများရှိ ဝန်ဆောင်မှုရယူသူများနှင့် ချေးငွေပမာဏများအားလုံးမှာ အထက်တွင် အစီရင်ခံထားသည့် LIFT ၏ MFI များအတွက် ပံ့ပိုးပေးသည့် ပမာဏများတွင် ပါဝင်ပါသည်။

## အသေးစား ငွေရေးကြေးရေးလုပ်ငန်း အရင်းအနှီးဈေးကွက်များ အစီအစဉ်

**မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေး ဈေးကွက်အတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်း**

LIFT သည် ၂၀၁၆ ခုနှစ် နှောင်းပိုင်းတွင် မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍအတွက် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးရပ်ဝန်းကို စတင်ဖော်ဆောင်ခဲ့ပါသည်။ အကြောင်းမှာ ချေးငွေ အရင်းအနှီး လိုအပ်ချက်မြင့်မားခြင်းနှင့် ဒွန်တွဲနေသည့် ထိုလိုအပ်ချက်အတွက် ပြည်တွင်းဘဏ်များမှ ချေးငွေများ လက်လှမ်းမီ ရရှိနိုင်မှု မရှိခြင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံခြား ငွေလဲနှုန်းကြောင့် ဆုံးရှုံးရနိုင်ချေ အန္တရာယ် မြင့်မားခြင်းတို့ ဖြစ်ပါသည်။ ကူးသန်းရောင်းဝယ်ရေးချေးငွေအတွက် ဗဟိုဘဏ်၏ အတိုးနှုန်း (၁၃) ရာခိုင်နှုန်းအထိ မြင့်နေခြင်းနှင့် ငွေလဲလှယ်နှုန်း မတည်ငြိမ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကဏ္ဍတွင် ပြည်တွင်းငွေကြေးနှင့် ချေးငွေများ ထုတ်ချေးပေးရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားမှု အလွန်နည်းပါးပါသည်။ ထိုစိန်ခေါ်မှုများအား ရင်ဆိုင်နိုင်ရန်အတွက် LIFT မှ ငွေလဲနှုန်းကာမိစေမည့် အရန်ရန်ပုံငွေ (TCX) နှင့် ပူးပေါင်း၍ နိုင်ငံခြားငွေလဲလှယ်နှုန်း ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးသည့် သတ်မှတ်ဈေးနှုန်းဖြင့် နိုင်ငံခြားငွေအား ပြန်လည်ဝယ်ယူနိုင်သည့် ဈေးကွက် (SWAP) ကို တည်ထောင်ခဲ့ပါသည်။ LIFT သည် ရန်ပုံငွေ အလှူရှင်ဖြစ်ပြီး TCX သည် ရင်းနှီးမြှုပ်နှံသူများအတွက် ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးရာတွင် လိုအပ်သည့် အကာအကွယ်ပေးသည့် ဝန်ဆောင်မှုပေးသည့် အဖွဲ့ ဖြစ်ပါသည်။ MFI များအနေဖြင့် LIFT မှ ကူညီထောက်ပံ့ပေးသည့် ရင်းနှီးမြှုပ်နှံငွေမပါဘဲ ၎င်းတို့၏ ချေးငွေ အရင်းအနှီး လိုအပ်ချက်များ ပြည့်မီရန်အတွက် အခြားနည်းလမ်းများအား တစ်စထက်တစ်စ တိုးတက် ရှာဖွေနိုင်မည်ဟူသော ယူဆချက်နှင့် အရေးအကြီးဆုံးဖြစ်သည့် မြန်မာနိုင်ငံ၏ အတိုးနှုန်း ဖွဲ့စည်းတည်ဆောက်ပုံမှာ ဈေးကွက်မှ ဦးဆောင်သည့် ပုံစံအတိုင်း ဖြစ်လာလိမ့်မည်ဟူသော ယူဆချက်တို့ပေါ်တွင် အခြေခံ၍ စီမံချက်မှ နှစ်နှစ်ကျော်ကာလအတွင်း ပြောင်းလဲရန် ရည်ရွယ်ထားပါသည်။ ၂၀၂၀ ခုနှစ် မတိုင်မီ၌ LIFT ၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးရသည့် ဖြစ်စဉ် နှစ်ကြိမ် ရှိခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် MFI များ၏ မတည်ရင်းနှီးငွေဆိုင်ရာ လိုအပ်ချက်များ ပြည့်မီနိုင်စေရန်အတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရသည့် ပတ်ဝန်းကျင်မှာ COVID-19 ကပ်ရောဂါကြောင့် ပြောင်းလဲသွားခဲ့ပြီး ပြောင်းလွယ်ပြင်လွယ်ရှိမှု လိုအပ်ခဲ့ပါသည်။ LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့မှ TCX ၏ ဒုတိယအဆင့်အတွက် ကန်ဒေါ်လာ (၃) သန်း ထပ်မံခွင့်ပြုပေးခဲ့ပါသည်။ ကန်ဒေါ်လာ (၃) သန်း ပံ့ပိုးမှုအား TCX မှ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများနှင့် MFI များကို တွဲစပ်နိုင်သည့် အချိန်တွင် ပံ့ပိုးပေးခဲ့ခြင်း ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများ ရှိသော်လည်း TCX အစီအစဉ်အား ၂၀၂၀ ခုနှစ်အတွင်း အခက်အခဲမရှိ ချောချောမွေ့မွေ့ အကောင်အထည်ဖော်နိုင်ခဲ့ပြီး အသေးစားငွေရေးကြေးရေး လုပ်ငန်း ကဏ္ဍအတွင်းသို့ ကာလလတ် ရန်ပုံငွေ အမြောက်အမြား ဝင်ရောက်လာစေရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပြီး MFI များအတွက် ပေးအပ်သည့် ပမာဏများအား တိုးမြှင့်နိုင်ခဲ့ပါသည်။ LIFT ၏ ရင်းနှီးမြှုပ်နှံမှု မှ ခိုင်မာအားကောင်းသည့် အားဖြည့်ပေးမှုကို ဆက်လက် ရရှိစေနိုင်ခဲ့ပါသည်။ (ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စွမ်းဆောင်နိုင်မှုအား အောက်တွင် ဖော်ပြထားပါသည်)

၂၀၂၀ ခုနှစ်အတွင်း စိတ်ကျေနပ်ဖွယ် ရလဒ်များ ရရှိအောင်မြင်နိုင်ရန်အတွက် အထောက်အကူပေးခဲ့သည့် အချက်အလက်များမှာ –

- ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားလျက်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် မက်ခရို စီးပွားရေးဆိုင်ရာ တည်ငြိမ်မှုအား ဆက်လက် ထိန်းသိမ်းထားနိုင်ပြီး တစ်နှစ်အတွင်း မြန်မာကျပ်ငွေနှင့် ကန်ဒေါ်လာ ငွေလဲလှယ်နှုန်းဆိုင်ရာ ဆုံးရှုံးရနိုင်ချေအား အကာအကွယ် ပေးသည့် ဈေးနှုန်းမှာ တစ်နှစ်လျှင် ၁၁ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ အနည်းငယ်မျှသာ မြင့်တက်ခဲ့ခြင်း
- အသေးစား ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများမှ ချေးငွေ အရင်းအနှီး လိုအပ်ချက် မြင့်မားခြင်း
- ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားသည့် အခြေအနေ ရှိနေသော်လည်း နိုင်ငံတကာ ရင်းနှီး မြှုပ်နှံသူများမှ ချေးငွေများ စဉ်ဆက်မပြတ် ပံ့ပိုးပေးရန် ဆန္ဒရှိခြင်း

LIFT မှ TCX သို့ ပံ့ပိုးပေးသည့် ရန်ပုံငွေ အသုံးပြုမှုမှာ အလယ်အလတ် အခြေအနေတွင် ဆက်လက်ရှိနေပါသည်။ ရလဒ်အနေဖြင့် TCX နှင့် LIFT တို့မှ ၂၀၂၁ ခုနှစ် တလျှောက်လုံးတွင် ရန်ပုံငွေ ရရှိနိုင်သည့် အခြေအနေပေါ်တွင် မူတည်၍ ချေးငွေအသစ်များ ဆက်လက် ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ စီမံချက်မှ ၂၀၂၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့အထိ ခြောက်လ သက်တမ်းတိုးခဲ့ပြီး ၂၀၂၁ ခုနှစ် အစောပိုင်းတွင် အစီအစဉ်အား ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ထပ်မံ သက်တမ်းတိုးခဲ့ပါသည်။



**ရင်းနှီးမြှုပ်နှံမှုများ၏ စွမ်းဆောင်နိုင်မှု**

၂၀၂၀ ခုနှစ်ကုန်တွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူ (၂၂) ဦးမှ MFI ကိုးဖွဲ့အတွက် ကန်ဒေါ်လာ (၁၁၂.၇) သန်းတန် ချေးငွေ အသစ်များ ပံ့ပိုး ပေးခဲ့ ပါသည်။ အစီအစဉ်၏ ဒုတိယအဆင့်အတွင်း ထုတ်ပေးရန် ကြိုတင် မှန်းဆထားသည့် ပမာဏ စုစုပေါင်းမှာ ကန်ဒေါ်လာ (၁၃၅.၉) သန်း ဖြစ်ပါ သည်။

| MFI | ခန့်မှန်းချေပမာဏ (ကန်ဒေါ်လာ သန်းပေါင်း) |
|---|---|
| PGMF | ၃၃ |
| Dawn | ၂၈.၅ |
| Proximity Finance | ၂၅ |
| VisionFund | ၁၄.၂ |
| MIFIDA | ၅ |
| Thitsar Ooyin | ၂ |
| MAHA | ၂ |
| Advans | ၁.၅ |
| LOLC | ၁.၅ |
| စုစုပေါင်း | ၁၁၂.၇ |

*ဇယား ၄.၅ – မြန်မာ MFI များအတွက် TCX၏ ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးမှုမှ အကာအကွယ်ပေးရေး အစီအစဉ်မှတဆင့် ရရှိခဲ့သည့် ရင်းနှီးမြှုပ်နှံမှု*

| ၂၀၁၉–၂၀၂၀ စုပေါင်းထားသည့် ပမာဏများ | |
|---|---|
| ကန်ဒေါ်လာဖြင့် ထုတ်ပေးသည့် ခန့်မှန်းချေ ပမာဏ | ၁၃၅,၉၄၅,၀၀၀ |
| ကန်ဒေါ်လာဖြင့် ခန့်မှန်းချေ ထုတ်ပေးရမည့် ပမာဏ | ၇၅,၄၈၀,၀၀၀ |
| LIFT မှ တာဝန်ယူ ပံ့ပိုးပေးသည့် စုစုပေါင်း ပမာဏ (က) | ၁၅,၀၀၀,၀၀၀ |
| ပံ့ပိုးပေးသည့်ငွေ ကန်ဒေါ်လာဖြင့် အသုံးပြုသည့် ပမာဏ (ခ) | ၉,၁၁၆,၂၀၅ |
| ၂၀၂၀ ခုနှစ် ဒီဇင်ဘာကုန်ရှိ အသုံးပြုနိုင်သည့် ပံ့ပိုးပေးသည့် လက်ကျန်ငွေ ပမာဏ | ၅,၈၈၃,၇၉၅ |
| LIFT ၏ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့်ပေးမှု | ၁၅% |

*ဇယား ၄.၆– ၂၀၁၉ ခုနှစ်မှ အစပြုသည့် TCX အစီအစဉ်၏ စွမ်းဆောင်ရည်*

MFI များအနေဖြင့် မြန်မာ ကြီးကြပ်စစ်ဆေးသူများမှ သတ်မှတ်ထားသည့် ကန့်သတ်ချက်နှင့် အညီ တစ်နှစ်လျှင် (၁၆) ရာခိုင်နှုန်းဖြင့် မြန်မာကျပ်ငွေဖြင့် ချေးငွေများအား တသမတ်တည်း ရရှိခဲ့ပါသည်။ နိုင်ငံတော် ဗဟိုဘဏ် မှ အတိုးနှုန်း သတ်မှတ်ချက်အား (၁၆) ရာခိုင်နှုန်း မှ (၁၄.၅) ရာခိုင်နှုန်းသို့ လျှော့ချရန် ဆုံးဖြတ်လိုက်ချိန်တွင် TCX နှင့် LIFT တို့သည် ချေးငွေများအား အတိုးနှုန်း (၁၆) ရာခိုင်နှုန်းဖြင့် ဆက်လက် ဆောင်ရွက် ပေးနိုင်ခွင့်ရရှိရန် ဗဟိုဘဏ်မှ အရာရှိများနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါသည်။ သို့ဖြင့် TCX မှ ၎င်းတွင်ရှိသည့် ပံ့ပိုးပေးသည့် ရန်ပုံငွေအား အကောင်းဆုံး အသုံးချခွင့် ဆက်လက် ရရှိခဲ့ပါသည်။

TCX တွင် ၂၀၂၀ခုနှစ်ကုန်၌ ပံ့ပိုးပေးသည့် ရန်ပုံငွေလက်ကျန် ကန်ဒေါ်လာ ၅.၈၈သန်း ရှိခဲ့ပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းများအတွက် ချေးငွေအသစ်များ ထုတ်ပေးရန် ကန်ဒေါ်လာ ၇၅ သန်း ရှိပါသည်။

၂၀၂၀ခုနှစ် ဇွန်လတွင် LIFT မှ TCX စီမံကိန်း၏ ကာလလယ် အကဲဖြတ်သုံးသပ်မှု ပြုလုပ်ခဲ့ပြီး ချေးငွေ ရရှိရန် TCX ၏ အရည်အချင်း သတ်မှတ်ချက်များ ပြည့်မီရန် လိုအပ်ခဲ့သည့်အခြေအနေမှ MFI စီမံခန့်ခွဲမှုဆိုင်ရာ ကျင့်သုံးမှုများ တိုးတက်လာခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ ဤ အကဲဖြတ်သုံးသပ်မှုမှ နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် TCX ၏ လက်ရှိ လုပ်ငန်းကာလ ကျော်လွန်သည့်အချိန်တွင် LIFT အနေဖြင့် ဆက်လက် ပံ့ပိုးနိုင်မည် မဟုတ်

ဟူသော ကြိုတင်မှန်းဆချက်ဖြင့် မြန်မာနိုင်ငံအတွက် အခြားနည်းလမ်း နှင့် ရန်ပုံငွေ ပံ့ပိုးပေးနိုင်မည့် အစီအစဉ်များအား ယခုကတည်းက စဉ်းစားနေပြီဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

**MFI ချေးငွေထုတ်ပေးခြင်း– ရိုးမဘဏ်၏ ပြန်လည်ထုတ်ချေးရန် ပေးအပ်မည့် ချေးငွေရန်ပုံငွေများ**
ရိုးမဘဏ်မှ ယင်း၏ တစ်စိတ်တစ်ပိုင်း အာမခံ ထားသည့် ရန်ပုံငွေ ၏ အစိတ်အပိုင်းအဖြစ် ရိုးမဘဏ်၏ ပြန်လည်ထုတ်ချေးရန် ပေးအပ်မည့် ချေးငွေရန်ပုံငွေများ မြှင့်တင်ပေးပါသည်။ သို့ဖြင့် နိုင်ငံခြားမှ ရန်ပုံငွေများအား ငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးရနိုင်ချေကို အကာအကွယ်ပေးနိုင်ခဲ့ပြီး တောင်သူများထံ အငယ်စား/အသေးစား ချေးငွေ ထုတ်ပေးသည့် MFI များအတွက် ချေးငွေ ဆက်ထုတ်ပေးနိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဒုတိယနှစ်ဝက်တွင် အတည်ပြုခဲ့သည့် ဥပဒေပြင်ဆင်မှုကြောင့် စီးပွားရေးဘဏ်များ မှ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများသို့ စတင်ငွေချေးနိုင်ခွင့် ရရှိခဲ့ပါသည်။ ရိုးမဘဏ်မှ ဝန်ဆောင်မှုရယူသူများထံ ငွေကြေးပံ့ပိုးပေးရန် လိုအပ်ချက်အား တုံ့ပြန်သည့် အနေဖြင့် ၄၀ ရာခိုင်နှုန်းအထိ နည်းသည့် ကန်ဒေါ်လာ ငွေသားအာမခံဖြင့် ချေးငွေ ၃ နှစ် သက်တမ်းရှိ ပြန်လည်ချေးငှားရန် ငွေကြေးပံ့ပိုးသည့် ဝန်ဆောင်မှုကို ဖော်ဆောင်ခဲ့ပါသည်။ LIFT မှ ယင်း ပြန်လည်ချေးငှားရန် ငွေကြေးပံ့ပိုးသည့် ဝန်ဆောင်မှု တစ်ခုစီအတွက် အာမခံ မထားသည့် (တစ်စိတ်တစ်ပိုင်း အာမခံထားသည့်) ချေးငွေ ပထမဆုံး ဆုံးရှုံးမှုအတွက် ၁၀ ရာခိုင်နှုန်းအထိ ကြားခံပေးခြင်းဖြင့် ဆုံးရှုံးနိုင်ချေကို မျှခံပေးခဲ့ပါသည်။

ဤချေးငွေဝန်ဆောင်မှုမှ ရိုးမဘဏ်အား ၎င်းတို့၏ ဒေါ်လာငွေဖြင့် သတ်မှတ်ထားသည့် အကြွေး နှင့်/သို့ ရှယ်ယာအား အာမခံပေးခြင်းဖြင့် MFI (၁၅)ဖွင့်၏ မြန်မာကျပ်ငွေ/ကန်ဒေါ်လာ ငွေလဲလှယ်နှုန်း အတက်အကျကြုံတွေ့ရခြင်းကို အကာအကွယ်ပေးနိုင်မည့် ငွေကြေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ ၂၀၂၀ခုနှစ် စက်တင်ဘာလတွင် ရိုးမဘဏ်မှ MFI (၁၅) ဖွဲ့အတွက် ကန်ဒေါ်လာ (၉၁) သန်း ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပြီး သွယ်ဝိုက်သောနည်းလမ်းဖြင့် လူပေါင်း (၃၀၀,၀၀၀) ခန့်အထိ အကူအညီများ ပေးနိုင်ခဲ့ပါသည်။

စီမံချက်မှ ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုမှာ စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရသော ခွင့်ပြုမိန့်ဆိုင်ရာ လုပ်ငန်းစဉ် ဖြစ်ပါသည်။

**MFI များအနေဖြင့် စည်းမျဉ်းစည်းကမ်းကြီးကြပ်မှုအတိုင်း လိုက်နာသည့် ငွေကြေးဆိုင်ရာ လုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲခြင်းအား ကူညီပံ့ပိုးပေးခြင်း**
UNCDF သည် ပြည်တွင်း MFI (၁၁) ဖွဲ့နှင့် နိုင်ငံတကာ MFI (၁)ဖွဲ့တို့အား အစိုးရမဟုတ်သည့် အဖွဲ့အစည်း MFI များအဖြစ်မှ စည်းမျဉ်းစည်းကမ်းကြီးကြပ်မှုအတိုင်းလိုက်နာသည့် ဘဏ္ဍာရေးအရ ရေရှည်တည်တံ့နိုင်သည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီများအဖြစ် ပြောင်းလဲနိုင်ရန် ကူညီပံ့ပိုးပေးခဲ့ပြီး ဝန်ဆောင်မှုအသုံးပြုသူများထံ ကွင်းဆင်းအထောက်အကူပြုမှု တိုးမြှင့်ရန် စည်းမျဉ်းစည်းကမ်းလိုက်နာသည့် အဖွဲ့အစည်းများအဖြစ် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအား ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ရန်တို့အတွက် MFI များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း MFI အဖွဲ့နှစ်ဖွဲ့မှ စည်းမျဉ်းစည်းကမ်းကြီးကြပ်မှုအတွက် သုံးသပ်နိုင်ရန် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီလိုင်စင် လျှောက်ထားမှု ပြီးစီးခဲ့ပြီး ခွင့်ပြုမိန့်ရရှိခဲ့ကာ ကုမ္ပဏီ အဆင့်အတန်းသို့ ပြောင်းလဲခဲ့ပါသည်။ MFI အဖွဲ့ ခြောက်ဖွဲ့၏ အခြေခံပစ္စည်းများအား စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှုအား လိုက်နာသည့် ကုမ္ပဏီ အသစ်များသို့ ပြောင်းရွှေ့ခဲ့ပါသည်။

UNCDF မှ MFI အဖွဲ့ငါးဖွဲ့အား တရားဝင် ချေးငွေဆိုင်ရာ သဘောတူညီမှု စည်းမျဉ်းစည်းကမ်းများ ရေးဆွဲခြင်းနှင့် ဒေသန္တရ နှင့် ဗဟို အစိုး၏ ချေးငွေ ခွင့်ပြုမိန့်ရရှိရန် စည်းမျဉ်းစည်းကမ်းကြပ်မတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခဲ့ပါသည်။ MFI အဖွဲ့ သုံးဖွဲ့မှ မြန်မာ့စီးပွားရေးဘဏ် (MEB) ၏ ချေးငွေအတွက် ငွေကြေးပံ့ပိုးမှုများ ရရှိခဲ့ပြီး တစ်ဖွဲ့ချင်းစီအတွက် ချေးငွေ စုစုပေါင်းမှာ ကျပ် သန်း (၁၀၀) (ကန်ဒေါ်လာ ၇၂,၀၀၀) စီ ရရှိခဲ့ပါသည်။ MFI အဖွဲ့ သုံးဖွဲ့သည် FRD ၏ ချေးငွေ ခွင့်ပြုချက်များ ရရှိရန် စောင့်ဆိုင်းဆဲဖြစ်ပါသည်။

ထိုနှစ်အတွင်း MFI (၁၁) ဖွဲ့လုံးအား စာရင်းစစ်ခြင်းလုပ်ငန်းစဉ် ပြီးစီးခဲ့ပါသည်။ MFI များ ၏ အဖွဲ့အစည်းတွင်း ထိန်းချုပ်မှုဆိုင်ရာ အားနည်းချက်များအား ဖော်ထုတ်နိုင်ခဲ့ပြီး UNCDF သည် WTA စာရင်းစစ်အဖွဲ့တို့မှ အဆိုပါ ကွာဟချက်များအား ဖြေရှင်းပေးရန်အတွက် နည်းပညာ အကူအညီ ပံ့ပိုးပေးခဲ့ပါသည်။

MFI မိတ်ဖက်အဖွဲ့အစည်း တစ်ဖွဲ့ ဖြစ်သည့် Social Vision Services (SVS) သည် ၂၀၂၀ ခုနှစ်တွင် လမ်းကြောင်းမှန်ပေါ်တွင် ရှိပြီး အသွင်ပြောင်းလဲခြင်းအတွက် အရည်အချင်းသတ်မှတ်ချက်အားလုံး ပြည့်စုံသော်လည်း စာရင်းစစ်လုပ်ငန်းစဉ်မှ တွေ့ရှိချက်များ ထွက်ပေါ်လာပြီးနောက် UNCDF ၏ နည်းပညာ အကူအညီ မိတ်ဖက်ပြုမှုမှ ၎င်းတို့ သဘောဆန္ဒအရ ပြန်လည် ရုတ်သိမ်းသွားခဲ့ပါသည်။

၂၀၂၀ ခုနှစ်၏ ဒုတိယနှင့် တတိယ သုံးလပတ်တို့တွင် LIFT သည် PGMF မိတ်ဖက်ပြုမှုမှ တဆင့် MFI (၇) ဖွဲ့အတွက် အခြေပစ္စည်းများ စာရင်းပယ်ဖျက်ခြင်းအတွက် ခွင့်ပြုချက်များ ထုတ်ပေးခဲ့ပါသည်။ MFI အဖွဲ့ တစ်ဖွဲ့ဖြစ်သည့် Sun အသေးစား ငွေရေးကြေးရေးလုပ်ငန်းမှ နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာရေးအရ ရေရှည်တည်တံ့နိုင်မှု [ဆိုလိုသည်မှာ အမြတ်ရှိခြင်း (သို့) အရှုံးမရှိခြင်း] ဘဏ္ဍာရေး အဆင့်အတန်းကို ဆက်လက် ထိန်းသိမ်းထားနိုင်စွမ်း မရှိသဖြင့် အရည်အချင်းမပြည့်မီသည့် လုပ်ငန်းအဖြစ် ဆက်လက် ရှိနေပါသည်။





**ကမ္ဘာ့ကပ်ရောဂါနှင့် ပဋိပက္ခတို့မှ နှောင့်နှေးမှုများ**
ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ကြိုတင်စီစဉ်ထားသည့် အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှု တိုးချဲ့ရန်မှာ စစ်ရေး ပဋိပက္ခများနှင့် အစိုးရခွင့်ပြုချက်များ နှောင့်နှေးသဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ တိုးချဲ့မှုများအား ၂၀၂၁ ခုနှစ်အတွင်းသို့ ရွှေ့ဆိုင်းထားပါသည်။ သမဝါယမကဏ္ဍအတွက် ကူညီပံ့ပိုးမှုမှာလည်း ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ ထိန်းချုပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ကန့်သတ်ထိန်းချုပ်ထားသဖြင့် နှောင့်နှေးခဲ့ပါသည်။ ဝံလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းမှ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အသေးစား ငွေရေးကြေးရေးဆိုင်ရာ တိုးချဲ့မှုအား ဆိုးရွားပျက်ယွင်းနေသည့် လုံခြုံရေး အခြေအနေများနှင့် UNCDF ၏ ဆန်းစစ် အကဲဖြတ်မှုပေါ်တွင် မူတည်၍ အဖွဲ့အစည်း၏ သဘောဆန္ဒအလျောက် ရက်ရွှေ့ဆိုင်းခဲ့ပါသည်။ FRD မှ ကချင်ပြည်နယ်ရှိ ဗန်းမော်နှင့် မိုးကောင်းမြို့နယ်များတွင် တိုးချဲ့ရန် ခွင့်ပြုမိန့်များအား ထုတ်ပြန်ပေးရန် နှောင့်နှေးထားသဖြင့် မိတ်ဖက်ပြုမှုများ ဖွဲ့စည်းတည်ထောင်မှု ရှုပ်ထွေးစေခဲ့ပါသည်။

MFI ၁၁ ဖွဲ့အား ၁၂ လတာ ကူညီပံ့ပိုးပေးပြီးသည့်နောက် MFI များတွင် မတူညီသည့် ရည်မှန်းချက်များနှင့် စွမ်းဆောင်ရည်များ ရှိကြပြီး MFI တစ်ဖွဲ့ချင်းနှင့် သင့်လျော်မည့် နည်းပညာ အကူအညီများ စီစဉ်ပေးရန် လိုအပ်ကြောင်းUNCDF မှ သိရှိခဲ့ပါသည်။

**ငွေကြေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ခြင်း**
ငွေကြေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ခြင်းမှာ MFI များ၏ ဝန်ဆောင်မှုရယူသူများမှ ချေးငွေများ၊ စုငွေများနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအား ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အလွန် အရေးကြီးပါသည်။ အထူးသဖြင့်ငွေကြေးဆိုင်ရာ အသိပညာပေးမှုမှာ ဝန်ဆောင်မှုအသုံးပြုသူများ အနေဖြင့် အသက်မွေးဝမ်းကျောင်းမှုများ ထိခိုက်ခြင်း၊ ချေးငွေ ရရှိနိုင်မှု အကန့်အသတ်ရှိခြင်းနှင့် စုငွေများ အများအပြားထုတ်သုံးနေကြရသည့် ကမ္ဘာ့ကပ်ရောဂါကာလတွင် အလွန်တန်ဖိုးရှိပါသည်။ LIFT သည် ငွေကြေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်သည့် အစီအစဉ် အများအပြားအတွက် ကူညီပံ့ပိုးပေးပါသည်။

**မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေးအသင်း (MMFA)နှင့် မိတ်ဖက်ပြုခြင်း**
၂၀၂၀ ခုနှစ် မတ်လတွင် LIFT သည် MMFA နှင့် ပူးပေါင်း၍ ရုပ်ပြကာတွန်းပုံစံ ငွေကြေးဆိုင်ရာ အသိပညာပေးစာအုပ်ကို ထုတ်ဝေမှု စတင်ခဲ့ပါသည်။ LIFT မှ MFI (၈၆) ဖွဲ့အတွက် အုပ်ရေ (၁၅၀,၀၀၀) ဖြန့်ဝေပေးခဲ့ပါသည်။ LIFT မှ ကူညီပံ့ပိုးပေးသည့် PGMF၊ သစ္စာဥယျာဉ် ၊ Proximity Finance နှင့် မြို့နယ် ငွေချေးသမဝါယမ အသင်းနှစ်သင်းတို့မှ ဝန်ဆောင်မှု ရယူသူများအနေဖြင့် ချေးငွေရယူခြင်းမပြုမီ အသေးစား ငွေရေးကြေးရေးဆိုင်ရာ သင်ခန်းစာ ငါးခု၊ စည်းမျဉ်းစည်းကမ်းများ၊ ငွေကြေးဆိုင်ရာ အသိပညာပေးခြင်း သင်ခန်းစာ နှင့် အငယ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်သည့် အလွတ်သဘော စီးပွားရေး ပညာပေးသင်တန်း မဖြစ်မနေတက်ရောက်ရမည်ဟူသည့် လိုအပ်ချက်တစ်ရပ်သတ်မှတ်ထားပါသည်။

VisionFund Myanmar ၏ ငွေကြေးဆိုင်ရာ အသိပညာပေးခြင်းအား ချေးငွေထုတ်ပေးသည့် လုပ်ငန်းစဉ်ထဲတွင် ထည့်သွင်းထားပါသည်။ ၂၀၂၀ခုနှစ်တွင် ချေးငွေစာချုပ်ချုပ်ဆိုသည့် စက်ဝန်းတစ်ခုစီတိုင်းအတွက် ဝန်ဆောင်မှုရယူသူ (၁၁,၇၇၇) ဦးလုံးအား ငွေကြေးဆိုင်ရာ သင်တန်း ပို့ချပေးခဲ့ပါသည်။ ဤဗျူဟာ၏ အဓိက အာရုံစိုက်မှုမှာ VFM ဝန်ဆောင်မှုရယူသူများအနေဖြင့် ဒီဂျစ်တယ် ငွေကြေး ဝန်ဆောင်မှုများနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုတို့ အသုံးပြုနိုင်ရန်နှင့် လက်ခံကျင့်သုံးနိုင်ရန်တို့အတွက် ကျွမ်းကျင်မှုနှင့် မိမိကိုယ်ကို ယုံကြည်မှု တည်ဆောက်ပေးရန် ဖြစ်ပါသည်။ ဤ ဗျူဟာသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးဆုံးမည် ဖြစ်ပြီး အကောင်အထည်ဖော်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါသည်။

## ငွေကြေးဆိုင်ရာ သမဝါယမ အသင်းများ

**မြန်မာ– သမဝါယမအသင်းများမှတဆင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ချဲ့ထွင်ခြင်း (MyFINANCE) စီမံချက်**
CDF ကနေဒါ (ယခင် ကနေဒါနိုင်ငံ သမဝါယမအသင်း) သည် ကျေးလက်ဒေသ ဈေးကွက်များနှင့် အမျိုးသမီးများအား ဦးတည်ကာ ဘဏ်ဝန်ဆောင်မှု အသုံးမပြုသော အုပ်စုများအတွက် အပ်နှံငွေ ဝန်ဆောင်မှုများ နှင့် ငွေကြေးအရ တတ်နိုင်သည့် ချေးငွေ ဝန်ဆောင်မှုများ ပေးရန်အတွက် အပူပိုင်းဇုန် မြို့နယ်နှစ်မြို့နယ်တွင် ငွေစုငွေချေး သမဝါယမသင်းများ ထူထောင်ရန် LIFT မှ ရန်ပုံငွေ ကန်ဒေါ်လာ (၃.၂)သန်း အား ပံ့ပိုးပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်ကုန်တွင် သမဝါယမအသင်းများတွင် ဝန်ဆောင်မှုအသုံးပြုသူ (၆၅,၀၇၇)ဦးရှိပြီး ချေးငွေပေါင်း (၂၇,၅၇၂) ခု ထုတ်ပေးခဲ့ကာ စုစုပေါင်းထုတ်ပေးခဲ့သည့် ချေးငွေ ပမာဏမှာ ကျပ် (၅) ဘီလျံ (ကန်ဒေါ်လာ ၃.၆ သန်း) ရှိပါသည်။ သမဝါယမ အသင်းများမှ အပ်နှံငွေ စုစုပေါင်း ကျပ် (၇၀၈) သန်း (ကန်ဒေါ်လာ ၅၁၀,၀၀၀) ရရှိခဲ့ပါသည်။ အသင်းဝင်များအား သက်သာသော အတိုးနှုန်း၊ ငွေပေးငွေယူပြုလုပ်ရာတွင် ကုန်ကျစရိတ် နည်းပါးခြင်းနှင့် လယ်ယာ သွင်းအားစုများအတွက် ငွေကြေးလိုအပ်ချက်များနှင့် ကိုက်ညီစေရန် စီမံထားသည့် စိုက်ပျိုးစရိတ်ချေးငွေများဖြင့် ဆွဲဆောင် ထားပါသည်။

၂၀၂၀ ခုနှစ်တွင် ငွေကြေးဆိုင်ရာ အသိပညာပေးသင်တန်းအား ဒေသခံအမျိုးသမီးများ၊ အသင်းဝင် ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေး အရာရှိများ နှင့် CDF ကနေဒါမှ လေ့ကျင့်သင်တန်းပေးထားသည့် မိုဘိုင်းလ် ဘဏ် ဝန်ဆောင်မှုအရာရှိများဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ သင်တန်းတွင် ငွေကြေးဆိုင်ရာ အသိပညာ၊ ကျား၊ မ ရေးရာ နှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုတို့ ပါဝင်ပါသည်။ စွမ်းဆောင်ရည် တည်ဆောက်ရာတွင် သမဝါယမများ၏ စီမံအုပ်ချုပ်မှုနှင့် ချေးငွေနှင့် စုငွေ များ စီမံခန့်ခွဲမှုတို့ ခိုင်မာအားကောင်းစေရန် အလေးထား အာရုံစိုက်ပါသည်။

ချေးငွေလိုအပ်ချက်များပြားသဖြင့် သမဝါယမများက အလွန်နည်းပါးသည့် ချေးငွေပမာဏဖြင့် အသေးစား ချေးငွေ ဝန်ဆောင်မှုများ ဖန်တီးခဲ့ပြီး အသင်းသားများအနေဖြင့် ချေးငွေ တစ်ခုချင်းစီ၏ (၁၀) ရာခိုင်နှုန်းအား ပုံသေအပ်နှံငွေအဖြစ် ထည့်ဝင်ရန် သတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါ ပြောင်းလဲမှုများမှ ချေးငွေတိုင်းအတွက် အပ်နှံငွေထားရှိရန် မလိုဘဲ များပြားသည့်ချေးငွေများ ရယူလိုသည့် အသင်းဝင်များကြားတွင် လူကြိုက် နည်းခဲ့ပါသည်။ CDF မှ ဤကဏ္ဍအတွက် သမဝါယမ ဥပဒေများ၊ နည်းဥပဒေများ၊ မူဝါဒများ နှင့် ဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်းတို့အား ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း နှင့် အဆိုပါ ပြန်လည်သုံးသပ်ခြင်းများအတွက် ထောက်ခံစည်းရုံးရန် အစီအစဉ်များ လိုအပ်နေကြောင်း တွေ့ရှိခဲ့ပါသည်။ CDF မှ အသင်းဝင်များအနေဖြင့် လူမှုအရင်းအနှီး တည်ဆောက်ရာတွင် သမဝါယမ ချဉ်းကပ်နည်းလမ်းဖြင့် အကျိုးဖြစ်နိုင်ချေရှိသည့် ဝေးလံခေါင်ဖျား ပဋိပက္ခဒဏ်ခံ ဒေသများတွင် ငွေကြေးဆိုင်ရာ သမဝါယမအသင်းများ တည်ထောင်နိုင်မည့် အလားအလာကိုလည်း စူးစမ်းရှာဖွေမည် ဖြစ်ပါသည်။

**မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုမှတဆင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း လည်ပတ်ဆောင်ရွက်မှုကို ပံ့ပိုးကူညီခြင်း**

၂၀၂၀ ခုနှစ်တွင် LIFT မှ ကျေးလက်ဒေသ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးမည့် ဝန်းကျင်တစ်ရပ် ပျိုးထောင် နိုင်ရန်အတွက် အစီအစဉ်အမျိုးမျိုး ပံ့ပိုးပေးခဲ့ပါသည်။

မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေး အသင်း (MMFA) နှင့် မိတ်ဖက်ပြု၍ LIFT သည် MFI များနှင့် ယင်းတို့ ၏ ဝန်ဆောင်မှုရယူအသုံးပြုသူများအတွက် ချေးငွေ ရန်ပုံငွေများ တိုးမြှင့်နိုင်ရန်နှင့် အတိုးနှုန်းများ နှင့် ကြွေးဆုံးလျာထားငွေများ လျှော့ချရန်ရန် မူဝါဒရေးရာ ဝန်းကျင်၌ အပြောင်းအလဲများ ဖြစ်စေရန် အတွက် ထောက်ခံအားပေးခဲ့ပါသည်။ ဗဟိုဘဏ် မှ ၂၀၂၀ခုနှစ် ဧပြီလတွင် အာမခံ ပစ္စည်း ထက်ချေးငွေ တန်ဖိုးမြင့်မားသည့် ချေးငွေများ၏ အများဆုံး အတိုးနှုန်းအား (၁၆) ရာခိုင်နှုန်းမှ (၁၄.၅) ရာခိုင်နှုန်းအထိ လျှော့ချခဲ့ပါသည်။ သို့သော်လည်း ဤကဏ္ဍတစ်ခုလုံးအတွက် တပြေးညီထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ မရှိသဖြင့် ဗဟိုဘဏ်၏ ညွှန်ကြားချက်အား အဓိပ္ပါယ် အမျိုးမျိုးဖွင့်ဆို၍ အကောင်အထည်ဖော်ခြင်းတို့ ဖြစ်ပေါ်စေခဲ့ပါသည်။ ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရမှ MFI များအားလုံးအား ချေးငွေများအတွက် အတိုးနှုန်းများအား လျှော့ပေးစေခဲ့ပြီး အဆိုပါ လုပ်ရပ်မှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ ရပ်တည်ရှင်သန်မှုကို ခြိမ်းခြောက်လာသကဲ့သို့ ဖြစ်ခဲ့ပါသည်။

**မူဝါဒရေးရာ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း**

၂၀၂၀ ခုနှစ် ပထမခြောက်လအတွင်းတွင် LIFT သည် COVID – 19 ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေးအတွက် အသေးစား ငွေရေးကြေးရေး လုပ်ငန်းကဏ္ဍ၊ ဗဟိုဘဏ် နှင့် စီမံကိန်း၊ဘဏ္ဍာရေး နှင့် စက်မှု ဝန်ကြီးဌာနအပါအဝင် မူဝါဒချမှတ်သူများနှင့် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှု အများအပြားတွင် ပါဝင် ဆောင်ရွက်ခဲ့ပါသည်။

ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ အောက်ပါ ထောက်ခံအကြံပြုချက်များနှင့် အပြောင်းအလဲများ ပြုလုပ်ခဲ့ပါသည် –

- အသေးစားငွေရေးကြေးရေးလုပ်ငန်းများထံ ချေးပေးသည့် နိုင်ငံတကာချေးငွေများအတွက် အလျင်အမြန်ဆောင်ရွက်ပေးသည့် (fast-track) လုပ်ငန်းစဉ်အား လက်ရှိတွင် (၃)လ (သို့) (၃)လထက်ပိုကြာသည့် အချိန်မှ (၂)ပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက်စေခြင်း
- MFI များမှ ချေးငွေထုတ်ချေးမှု တိုးမြှင့်နိုင်ရန် အတွက် MFI များ၏ အကြွေးနှင့် ပိုင်ဆိုင်မှု အချိုးအား (၄:၁) မှ (၅:၁) သို့တိုးမြှင့်ခြင်း
- လက်ရှိထုတ်ချေးပေးနေသည့် ချေးငွေများ တိုးမြှင့်နိုင်ရန်အတွက် လိုအပ်သည့် ငွေပေါ်လွယ်ကူမှု အချိုးအား (၂၅%) မှ (၂၀%) သို့ ဖြေလျှော့ပေးခြင်း
- ချေးငွေအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖွင့်ဆိုခြင်း

ကမ္ဘာ့ကပ်ရောဂါကြောင့် ဒေသအာဏာပိုင်များအနေဖြင့် ဆင်းရဲနွမ်းပါးသည့် လူမှုအသိုက်အဝန်းများတွင် အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ အသိအမြင် ဗဟုသုတ နည်းပါးကြောင်း ထင်ရှားစေခဲ့ပါသည်။ ကျေးရွာများ၊ မြို့နယ်များ၊ ပြည်နယ်များ နှင့် တိုင်းဒေသကြီးများတွင် ဒေသ အာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ် များ နှင့် CSO များအား အသိပညာပေးခြင်း နှင့် အသိအမြင်များ မျှဝေခြင်းတို့ ပိုမိုဆောင်ရွက်ရန်လိုအပ်ပါသည်။

**FRD အတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးခြင်း**

FRD သည် FMI များ၏ လုပ်ငန်းများနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများအား ပုံမှန် လုပ်ငန်းလုပ်ဆောင်သည့် နေရာများသို့ သွားရောက် စစ်ဆေးခြင်း နှင့် လုပ်ငန်း ပြင်ပမှ စစ်ဆေးခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် စည်းမျဉ်းစည်းကမ်းလိုက်နာစေရန် ကြီးကြပ်ပေးပါသည်။ လုပ်ငန်းခွင် ပြင်ပမှ စစ်ဆေးခြင်းတွင် MFI များအနေဖြင့် ငွေစာရင်းရှင်းတမ်းများ အပါအဝင် လစဉ် တိုးတက်မှုအစီရင်ခံစာများ တင်ပြရန် လိုပါသည်။ လုပ်ငန်းခွင်တွင် စစ်ဆေးခြင်းအား FRD မှ တာဝန်ရှိသူများက MFI များသို့ တစ်နှစ်လျှင် နှစ်ကြိမ် စာရင်းစစ်ရန် သွားရောက်ခြင်းဖြင့် ဆောင်ရွက်ပါသည်။ FRD သည် MFI များအား အပ်နှံငွေ လက်ခံခွင့် လိုင်စင်များ မထုတ်ပေးမီ အထူးစုံစမ်းစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်ပါသည်။

LIFT မှ FRD အတွက် အစီရင်ခံသည့် ပုံစံများ ရေးဆွဲခြင်း နှင့် ကြီးကြပ်သူများအား အစီရင်ခံသည့် ပုံစံများ အသုံးပြုပုံနှင့် ရည်ရွယ်ချက်တို့နှင့် စပ်လျဉ်း၍ သင်တန်းပေးခြင်းတို့တွင် နည်းပညာအကူအညီ ပံ့ပိုးပေးခြင်း နှင့် မူဝါဒရေးရာနှင့် စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှုဆိုင်ရာ လမ်းညွှန်များ ရေးဆွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုတို့တွင် စွမ်းဆောင်ရည် တိုးတက်စေရေးပါဝင်သည့် နည်းပညာဆိုင်ရာ အကူအညီအား ပံ့ပိုးပေးပါသည်။





၂၀၂၀ ခုနှစ်တွင် (၂၁၁) ဦး (အမျိုးသမီး ၈၈ ရာခိုင်နှုန်း) အား သင်တန်းပေးခဲ့ပါသည်။ LIFT မှ ငါးရက်ကြာ လုပ်ငန်းခွင် စစ်ဆေးခြင်း နှင့် အပ်နှံငွေ လက်ခံခွင့် လိုင်စင်ရယူခြင်း လုပ်ငန်းစဉ်အတွက် စနစ်တကျ စိစစ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ သင်တန်းလေးကြိမ် ပို့ချပေးခဲ့ပြီး FRD ဒေသဆိုင်ရာ ရုံး (၁၀) ရုံးမှ သင်တန်းသား (၇၄) ဦး တက်ရောက်ခဲ့ပါသည်။ (၇) ရက်ကြာ စာရင်းပညာသင်တန်း လေးကြိမ် ပို့ချပေးခဲ့ပြီး FRD ဒေသဆိုင်ရာ ရုံး (၁၅) ရုံးမှ သင်တန်းသား (၉၇) ဦး တက်ရောက်ခဲ့ကြပါသည်။ (၇) ရက်ကြာ ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်လေ့လာမှု သင်တန်းအား online မှ နှစ်ကြိမ် ပို့ချပေးခဲ့ပြီး FRD ဒေသဆိုင်ရာရုံး (၇) ရုံးမှ သင်တန်းသား (၄၀) ဦး တက်ရောက်ခဲ့ကြပါသည်။

Online မှ ပို့ချသည့် သင်တန်းမှာ ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်းတွင် လိုအပ်သော်လည်း သင်တန်းသားများ ပါဝင်ဆွေးနွေးမှုနှင့် အင်တာနက် ဆက်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကြောင့် လူကိုယ်တိုင်တက်ရောက်သည့် သင်တန်းများထက် ထိရောက်မှု နည်းကြောင်း တွေ့ရှိရပါသည်။ သင်တန်း သင်ခန်းစာများအား ပိုမိုထိရောက်စေရန် ပြန်လည် ပြုပြင်ခဲ့ပြီး ကြိုတင်စီစဉ်ထားသည့် ရည်မှန်းချက်များ ပြီးစီးအောင်မြင်ခဲ့ပါသည်။ ၂၀၂၀ခုနှစ် ဒီဇင်ဘာလကုန်တွင် LIFT မှ သင်တန်း (၂၇) ကြိမ် ကျင်းပပေးခဲ့ပြီး FRD မှ ဝန်ထမ်းဦးရေ (၅၈၃) ဦးထံ ရောက်ရှိခဲ့ပါသည်။

MFI များနှင့် ၎င်းတို့၏ ဝန်ဆောင်မှုရယူသူများ ၏ ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုများ အသုံးပြုမှု တိုးမြှင့်လာခြင်းအတွက် ရည်ရွယ်၍ LIFT မှ ဒီဂျစ်တယ် ငွေကြေး ဝန်ဆောင်မှု (DFS) ပေးသူများထံမှ ဝန်ဆောင်မှုများ ရယူလျက်ရှိသည့် MFI များအတွက် ညွှန်ကြားချက်များဟု အမည်ရသည့် လမ်းညွှန်ချက်များအား FRDအတွက် ရေးသားပြုစုပေးခဲ့ပါသည်။

LIFT မှ MFI များ အနေဖြင့် FRD ၏ လိုက်နာရန် လိုအပ်သည့် အချက်များအား သဘောပေါက်နားလည်နိုင်ရန် ကူညီပံ့ပိုးမှုများ ထပ်မံ လိုအပ်ကြောင်း FRD အား အကြံပြုခဲ့ပါသည်။

**ဒီဂျစ်တယ် ငွေကြေး ဝန်ဆောင်မှုများ မြှင့်တင်ခြင်း**

ဒီဂျစ်တယ် ပလက်ဖောင်းများသည် အထူးသဖြင့် ကျေးလက်ဒေသနှင့် ဝေးလံခေါင်ဖျား ဒေသများတွင် နေထိုင်သူများထံသို့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ရောက်ရှိမှု တိုးမြှင့်ပေးပါသည်။ LIFT သည် ကျေးလက်ဒေသများရှိ ဝင်ငွေနည်း ပြည်သူများ အထူးသဖြင့် အမျိုးသမီးများအား ဦးတည်ရည်ရွယ်၍ ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုများ အသုံးပြုမှုနှင့် ရောက်ရှိမှု တိုးမြှင့်လာစေရေးတို့အတွက် မြှင့်တင်ပေးရန် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။


**တစ်ဦးချင်း အပ်ငွေ စာရင်း (IDA) အစီအစဉ်**

ရိုးမဘဏ်၏ IDA အစီအစဉ်သည် ရိုးမဘဏ် ၏ SMART အပလီကေးရှင်း အားအသုံးပြုခြင်း WAVE မိုဘိုင်းလ်ငွေစာရင်းများ နှင့် ငွေစာရင်းချင်း ချိတ်ဆက်ခြင်းတို့ဖြင့် ချေးငွေရရှိမှု မြှင့်တင်ရန် နှင့် စုငွေများစုရန် စည်းရုံးရန် အမျိုးသမီးများ နှင့် ကျေးလက်ဒေသ အိမ်ထောင်စုများအား ဦးတည် ဆောင်ရွက်ပါသည်။

ချဉ်းကပ်နည်းလမ်း နှစ်မျိုး အသုံးပြုပါသည် (၁) နှစ်ထပ်အပ်ငွေ– ရိုးမ ဘဏ်မှ ငွေအပ်နှံသူများမှ အပ်နှံသည့် IDA ရန်ပုံငွေများအား SMART ငွေစာရင်းများ နှင့် ချိတ်ဆက်ထားပါသည်။ အသုံးပြုနိုင်သည့် ငွေအပ်နှံသူများအနေဖြင့် IDA စုငွေ စာရင်းသို့ ကျပ် (၇၅,၀၀၀) (ကန်ဒေါ်လာ ၅၄) (သို့) ကျပ် (၁၅၀,၀၀၀) (ကန်ဒေါ်လာ ၁၀၈) အပ်နှံနိုင်ရန် ရွေးချယ်ခွင့် ရှိပါသည်။ ငွေများအား ၁၂ လအတွင်း ပြန်မထုတ်ပါက ဝန်ဆောင်မှု ရယူသူများ အနေဖြင့် မူရင်းအပ်ငွေ ပမာဏပေါ်မူတည်၍ ပမာဏတူ ထောက်ပံ့မှု ရန်ပုံငွေရယူရန် အရည်အချင်းပြည့်မီခြင်း နှင့် (၂) ကိုယ်ဝန်ဆောင်မိခင်မှစ၍ မွေးဖွားလာသော ကလေးအသက် နှစ်နှစ်ပြည့်သည်အထိ ငွေကြေး အထောက်အပံ့ပေးရေးအစီအစဉ် (MCCT) အကျိုး ခံစားခွင့်ရသူများသည် MCCT ထောက်ပံ့ငွေ ရသည့်အချိန်တွင် SMART အကောင့်များ ဖွင့်ခြင်း ဖြစ်ပါသည်။ MCCT ထောက်ပံ့ငွေ ရရှိသူ များ ကိုလည်း အပ်ငွေနှင့် ပမာဏညီမျှသည့် ငွေကို ထုတ်ယူခွင့်ပြုပါသည်။ ငွေစာရင်းများတွင် (၁၂) လအထိ ဆက်လက်ရှိနေသည့် ငွေများ အတွက် (၈) ရာခိုင်နှုန်း အတိုးရရှိပါသည်။

ငွေအပ်သူများအနေဖြင့် ၎င်းတို့ အပ်နှံသည့် ငွေသား အာမခံပေါ်တွင် တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်း အတိုးဖြင့် သက်တမ်း တစ်လ မှ သုံးလအထိ ချေးငွေများ ရယူနိုင်ပါသည်။ ရန်ပုံငွေများအား မည်သည့် အရေးပေါ် လိုအပ်ချက်မဆိုအတွက် ထောက်ပံ့ပေးရန် ထားရှိပါသည်။

COVID–19 ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ဝန်ဆောင်မှုရယူသူများအား ကူညီပံ့ပိုးပေးရန် ရိုးမ ဘဏ်မှ MCCT ဝန်ဆောင်မှု ရယူသူများအား ကန်ဒေါ်လာ ၅၀ ထပ်မံ ပံ့ပိုးပေးခဲ့ပြီး ယင်းပမာဏအား ရိုးမဘဏ်မှ ငွေချေးရန် အတွက် ငွေသား အာမခံအဖြစ် အသုံးပြုနိုင်ပါသည်။ LIFT မှ အပ်ငွေ တစ်နှစ်သက်တမ်းအတွက် ရန်ပုံငွေများ ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ဝန်ဆောင်မှုရယူသူများမှ စုငွေ ပိုမို ထည့်ဝင်လေ ၎င်းတို့အနေ ဖြင့် နောက်ပိုင်းတွင် ချေးငှားနိုင်လေ ဖြစ်ပါသည်။




*ပုံ ၄.၁။ တစ်ဦးချင်း အပ်ငွေ စာရင်း (IDA) အစီအစဉ် ခြုံငုံလေ့လာခြင်း*

IDA စီမံချက်မှ ကျေးလက်ဒေသများရှိ အမျိုးသမီးများအား အဓိကထား ဦးတည်ရည်ရွယ်ပြီး စီမံချက်မှ (၁၈,၈၂၄) ဦး (အမျိုးသမီး ၈၁%) ထံ ရောက်ရှိခဲ့ပါသည်။

၂၀၂၀ခုနှစ်အတွင်း အဓိကကျသည့် ပြီးစီးအောင်မြင်မှုမှာ ငွေအပ်သူများအနေဖြင့် ၎င်းတို့၏ ရိုးမဘဏ် ငွေစာရင်း နှင့် WAVE money ငွေစာရင်းတို့အား ဘဏ်ခွဲသို့ သွားရောက်ရန်မလိုဘဲ ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်ပါသည်။ ရိုးမဘဏ်မှ ၂၀၂၀ခုနှစ် ပထမ နှစ်ဝက် အတွင်း ဝန်ဆောင်မှုရယူသူများအား ဒီဂျစ်တယ် ဝန်ဆောင်မှု စတင်အသုံးပြုရာတွင် လူကိုယ်တိုင်လာရောက်ရန် လိုအပ်သည့် တင်းကြပ်သည့် စည်းမျဉ်းစည်းကမ်းအချို့အား ကျော်လွှားနိုင်ခဲ့ပါသည်။ ရိုးမဘဏ်မှ တိုက်ရိုက် ပါဝင်ပတ်သက်ခြင်းမရှိသည့် တတိယအဖွဲ့များ မှတဆင့် ကူညီပေး၍ စတင်အသုံးပြုနိုင်ခွင့်ကို ဗဟိုဘဏ်မှ ရရှိခဲ့ပြီး LIFT နှင့် Opportunity Now တို့နှင့် မိတ်ဖက်ပြု၍ ဝန်ဆောင်မှု ရယူသူများ စတင်အသုံးပြုခြင်း နှင့် ဒီဂျစ်တယ်နည်းလမ်း အသုံးပြုခြင်းတို့တွက် လမ်းညွှန်ပေးခဲ့ပါသည်။ ၂၀၂၀ခု နှစ်ကုန်တွင် ဝန်ဆောင်မှုအသုံးပြုသူ (၁၈,၈၂၄) ဦးထံ ရောက်ရှိခဲ့ပြီး/ဝန်ဆောင်မှုကို စတင် အသုံးပြုခဲ့ကြပါသည်။ ယခုအခါ ရိုးမဘဏ် ဘဏ်ခွဲ အနီးတွင် နေထိုင်ခြင်းမရှိသည့် ကျေးလက်နေ ငွေအပ်နှံသူများအနေဖြင့် ၎င်းတို့၏ ငွေများအား ပုံမှန်ရိုးမဘဏ်ငွေစာရင်းများမှ ဒီဂျစ်တယ် နည်းပညာဖြင့် ရွှေ့ပြောင်းလိုပါက ၎င်းတို့ ကျေးရွာများရှိ WAVE money ကိုယ်စားလှယ် ကွန်ရက်ကို အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။ သို့ဖြင့် ငွေအပ်သူများ၏ အချိန်နှင့် ရင်းမြစ်များအား ချွေတာနိုင်ပြီး ရိုးမဘဏ်မှ ကျေးလက်ဒေသများတွင် ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိမှု နှင့် ချဲ့ထွင်နိုင်မှု တို့အား ကြီးကြီးမားမား ပံ့ပိုးပေးပါသည်။

| ဝန်ဆောင်မှုများ | SMART ငွေစာရင်းများ | ထုတ်ပေးခဲ့သည့် ပမာဏ (ကျပ် ဘီလျံပေါင်း ) | စုဆောင်းခဲ့သည့် ပမာဏ (ကျပ် ဘီလျံပေါင်း ) |
|---|---|---|---|
| **နှစ်ထပ်အပ်ငွေ အစီအစဉ်** | ၈,၇၀၉ | ၁.၃ | ၁.၃ |
| **MCCT** | ၁၀,၁၁၅ | ၂ | မရနိုင်ပါ |
| **စုစုပေါင်း** | ၁၈,၈၂၄ | ၃.၄ | ၁.၃ |

*ဇယား ၄.၇။ ၂၀၂၀ နှစ် IDA စွမ်းဆောင်ရည်*

ရိုးမ ဘဏ်သည် ဘဏ်စာရင်း (၁၈,၈၂၄) ခု ဖွင့်ပေးခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် ကာလတိုး အပ်နှံငွေမှာ မြန်မာကျပ်ငွေ ၄၆၈ သန်း (ကန်ဒေါ်လာ ၃.၄ သန်း) ရှိခဲ့ပြီး ယင်းတို့ အနက်မှ မြန်မာကျပ်ငွေ (၃၃၈) သန်း (ကန်ဒေါ်လာ ၂.၄ သန်း) အား LIFT မှရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။ ငွေစာရင်းတစ်ခုစီချင်းစီ၏ ပျမ်းမျှ ပမာဏမှာ မြန်မာကျပ်ငွေ (၁၄၈,၉၄၉) (ကန်ဒေါ်လာ ၁၀၇) ဖြစ်ပါသည်။





### ဒီဂျစ်တယ် ငွေကြေးဆိုင်ရာ စိန်ခေါ်မှုများ

ဒီဂျစ်တယ်နှင့် ငွေကြေးဆိုင်ရာ အသိပညာများ အဆင့်နိမ့်ကျခြင်းသည် ဒီဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု များ တိုးချဲ့ရန်အတွက် အတားအဆီး ဖြစ်နေဆဲဖြစ်ပါသည်။ ဒီဂျစ်တယ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများသည် ဝန်ဆောင်မှုရယူသူများအား ဒီဂျစ်တယ် နည်းပညာ အသုံးပြုရာတွင် သက်တောင့်သက်သာ ဖြစ်စေပြီး ၎င်းတို့၏ စမတ်ဖုန်းများဖြင့် ဝန်ဆောင်မှုများ လွယ်လွယ်ကူကူ လက်လှမ်းမီပြီး အသုံးပြုနိုင်စေပါသည်။ ငွေအပ်သူများသည် WavePay နှင့် Yoma မိုဘိုင်းဖုန်းအပ်ပ်များ ဒေါင်းလုတ်လုပ်ရန်အတွက် ကျွမ်းကျင်မှုမရှိသဖြင့် အကူအညီလိုအပ်ပြီး ဘဏ်စာရင်းချင်းချိတ်ဆက်သည့် လုပ်ငန်းစဉ် လုပ်ဆောင်ရန် နှင့် လက်ကျန်ငွေ စစ်ဆေးခြင်း နှင့် ငွေလွှဲခြင်း အပါအဝင် မိုဘိုင်းလ်အပ်ပ် အသုံးပြုပုံ နည်းလမ်းများ၏ အဓိက လုပ်ဆောင်ချက်များ အသုံးပြုရန်အတွက် အကူအညီလိုအပ်ပါသည်။ ယင်းမှာ ကွင်းဆင်းဝန်ထမ်းများ မှ ဒီဂျစ်တယ် သင်တန်းပို့ချပေးရန် ကွင်းဆင်း ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု များများစားစားလိုအပ်ပြီး အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကနဦး စတင် အသုံးပြုသည်မှ အကူအညီပေးသည့် ကဏ္ဍပြီးစီးသွားသည့်တိုင် နည်းပညာအသုံးပြု ခြင်းနှင့် ပတ်သက်၍ မည်မျှ သက်တောင့်သက်သာ ရှိသည်ဆိုသည်မှာ သဲသဲကွဲကွဲ မရှိပါ။

အလားတူပင် ငွေကြေးဆိုင်ရာ အသိပညာသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်နိုင်ပြီး ဒီဂျစ်တယ် ချေးငွေကဲ့သို့ ရှုပ်ထွေး ခက်ခဲသည့် ဝန်ဆောင်မှုများသည် သမားရိုးကျ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကိုသာ အသုံးပြုလေ့ရှိသူများ (သို့) အတွက် ဝန်ဆောင်မှုများ ပထမဆုံးအကြိမ် အသုံးပြုသူများအား မဝံ့မရဲ ဖြစ်စေပါသည်။ ဒီဂျစ်တယ်နှင့် ငွေကြေးဆိုင်ရာ အသိပညာသည် ဒီဂျစ်တယ်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား တိုးချဲ့ရာတွင် အရေးကြီးပါသည်။

ကျေးလက် နှင့် မြို့ပြ အခြေအနေများတွင် မတည်ငြိမ်သည့် အင်တာနက် ချိတ်ဆက်မှုကလည်း ဒီဂျစ်တယ် ငွေကြေး စတင်အသုံးပြုခြင်းအတွက် စိန်ခေါ်မှုများ ဖြစ်စေခဲ့ပါသည်။ နောက်ထပ် စိန်ခေါ်မှုတစ်ခုမှာ ကျေးလက် အိမ်ထောင်စုများသည် များသောအားဖြင့် အိမ်ထောင်စုဝင်များသုံးရန် စမတ်ဖုန်း တစ်လုံးသာရှိပြီး လူများက မကြာခဏဆိုသလို ဖုန်းနံပါတ်များ ပြောင်းကိုင်တတ်ကြသဖြင့် ရိုးမဘဏ် ဝန်ထမ်းများ(သို့) ၎င်းတို့၏ ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဝန်ဆောင်မှုရယူသူများအား ယုံကြည်စိတ်ချစွာ ဆက်သွယ်ရန် ခက်ခဲလျက် ရှိပါသည်။

### ကျေးလက်နေ အမျိုးသမီးများအတွက် ဒီဂျစ်တယ် ငွေကြေး အစီအစဉ်

LIFT မှ ရှမ်းပြည်နယ် မြောက်ပိုင်း နှင့် တောင်ပိုင်း၊ အပူပိုင်းဇုန်၊ မွန်၊ ကချင်နှင့် ကရင်ပြည်နယ်များအား လွှမ်းခြုံသည့် ကျေးလက်နေ အမျိုးသမီးများအတွက် ဒီဂျစ်တယ် ငွေကြေး အစီအစဉ် အစပြုရန် ရိုးမဘဏ်နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ဤအစီအစဉ်မှ ကျေးလက်နေ ဝင်ငွေနည်းအမျိုးသမီးများအား ဒီဂျစ်တယ်နည်းလမ်းဖြင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိစေရန် နှင့် ၎င်းတို့၏ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုကို ပိုမို တိုးတက်ကောင်းမွန်စေရန် သင်တန်းများပို့ချပေးခြင်းတို့ဖြင့် ပံ့ပိုးပေးပါသည်။ ဝန်ဆောင်မှုအသုံးပြုသူထံမှ အပ်ငွေအပ်ထားရန် မလိုအပ်ပါ။ ဒီဂျစ်တယ် ဝန်ဆောင်မှုများအား ငွေပေးငွေယူကိစ္စများအတွက် ကုန်ကျစရိတ် မြင့်မားခြင်းကို လျှော့ချရန် နှင့် ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေ ပြည်သူများအား တရားဝင် ငွေကြေးစနစ် အတွင်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာနိုင်မှုကို အဟန့်အတား ဖြစ်စေသည့် ဝန်ဆောင်မှုများအသုံးပြုရန် ဘဏ်ခွဲသို့ ငွေအပ်သူများအနေဖြင့် လူကိုယ်တိုင်လာရောက်ရန်လိုအပ်ကို လျှော့ချရန် ရည်ရွယ် ပါသည်။

ကျေးလက်နေ အမျိုးသမီးများအတွက် ဒီဂျစ်တယ် ငွေကြေး အစီအစဉ်၏ အကျိုးခံစားခွင့်ရှိသူများသည် ရိုးမ၏ SMART နှင့် WAVE Pay အကောင့်များ/ စာရင်းများအား ၎င်းတို့၏ မိုဘိုင်းလ်ဖုန်းများမှ လက်လှမ်းမီ အသုံးပြုနိုင် သဖြင့် ဘဏ်ခွဲသို့ သွားရောက်ရန်မလိုဘဲ ငွေစာရင်း အချင်းချင်း ဒီဂျစ်တယ် နည်းပညာဖြင့် ငွေလွှဲနိုင်ပြီ ဖြစ်ပါသည်။

SMART Credit အကြွေး ဝန်ဆောင်မှုရယူသူများသည် (၁၂) လတာ ကာလအတွင်း ချေးငွေစက်ဝန်း သုံးခုတွင် ချေးငွေ ပမာဏ ကန်ဒေါ်လာ (၃၀၀) အထိ ရယူနိုင်ကာ လစဉ် ပမာဏတူအား အရစ်ကျ ပြန်ဆပ်ခြင်းဖြင့် နှစ်တိုးတွင် (၁၄.၅) ရာခိုင်နှုန်းရရှိပြီး ၎င်းတို့အနေဖြင့် ထိုငွေကို WAVE Pay အကောင့်သို့ ဒီဂျစ်တယ်နည်းပညာဖြင့် ငွေလွှဲပြီးနောက် နီးစပ်ရာ WAVE ကိုယ်စားလှယ် ထံမှ ထုတ်ယူနိုင်ပါသည်။ အရည်အချင်း ပြည့်မီသည့် ကျေးလက် အမျိုးသမီးများသည် ယင်းတို့၏ SMART အပ်ငွေစာရင်းသို့ ကန်ဒေါ်လာ (၁၀၀) ကာလတို အပ်ငွေအား နှစ်နှစ်တာ ကာလအတွင်း ထုတ်ယူနိုင်ခြင်းမရှိဘဲ တစ်နှစ်လျှင် သတ်မှတ်အတိုးနှုန်း (၂)ရာခိုင်နှုန်းဖြင့် ထည့်ပေးသည်ကို လက်ခံရရှိပြီး ၎င်းငွေအား SMART အကောင့်နှင့် WAVE အကောင့်အပြင် SMART Credit ချေးငွေအဖြစ် အသုံးပြု နိုင်ပါသည်။

၂၀၂၀ ခုနှစ် ပထမနှစ်ဝက်တွင် ရိုးမဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလအတွင်း IDA စိန်ခေါ်မှု များမှ သင်ယူလေ့လာ ခဲ့သည်များနှင့် COVID-19 ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများအား ထင်ဟပ်စေရန် စီမံချက် ချဉ်းကပ်နည်းလမ်းအား ပြန်လည် ပြင်ဆင်ခဲ့ပါသည်။ သင်ယူခဲ့သည်များတွင် အောက်ပါတို့ ပါဝင်ပါသည်-

- စီမံချက် ဝန်ထမ်းများမှ ဝန်ဆောင်မှုရယူသူများ၏ စမတ်ဖုန်းများအား ရိုးမဘဏ်၏ WAVE အပ်ပလီကေးရှင်း အသုံးပြုနိုင်ရန် နည်းပညာအရ ကိုက်ညီမှု ရှိမရှိ သေချာစေခြင်း.
- ဝန်ဆောင်မှု အသုံးပြုသူများအတွက် သီးခြားရည်ရွယ် စီစဉ်ထားသည့် ငွေကြေးဆိုင်ရာ အသိပညာ သင်တန်း (လုပ်ငန်းခွင် တည်နေရာ၌ နှင့် ဒီဂျစ်တယ် နည်းလမ်းဖြင့်)၊ ဒီဂျစ်တယ် သင်တန်း နှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာ သင်တန်းများ ရရှိခြင်း
- ရိုးမဘဏ်မှ LIFT နှင့် ဆက်လက် လက်တွဲ၍ ဝန်ဆောင်မှုအသုံးပြုသူများ စတင်အသုံးပြုရန်အတွက် ကွင်းဆင်းဆောင်ရွက်ခြင်း နှင့် Opportunity Now နှင့် လက်တွဲ၍ ငွေကြေးဆိုင်ရာ ဒီဂျစ်တယ် အသိပညာ သင်တန်းပေးခြင်း

၂၀၂၀ ခုနှစ် ဒီဇင်ဘာလအကုန်တွင် စီမံကိန်းသည် ဖေ့စ်ဘုတ်ကဲ့သို့သော လက်ရှိ လူမှုမီဒီယာ ပလက်ဖောင်းကို အသုံးပြု၍ အွန်လိုင်းမှ သင်ကြားပို့ချပေးခဲ့ပြီး ဝန်ဆောင်မှု ရယူသုံးစွဲသူ (၁,၅၂၈) ဦးထံ ရောက်ရှိခဲ့ပါသည်။

COVID-19 ကပ်ရောဂါမှ ၂၀၂၀ ခုနှစ်တွင် ဝန်ဆောင်မှု ရယူသုံးစွဲမည့်သူများ စတင်သုံးစွဲနိုင်ရန် အကူအညီပေးသည့် အစီအစဉ်အား အနှောင့်အယှက်ဖြစ်စေခဲ့သောကြောင့် စီမံကိန်းမှ ဦးတည်ရည်ရွယ်ထားသူများထံ ရောက်ရှိမှုအား ထိခိုက်စေခဲ့ပါသည်။

ရိုးမဘဏ်သည်လည်း ယင်း၏စနစ်များနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ခဲ့ပါသည်။ ဤအခက်အခဲအား လက်ရှိ Wave Pay နှင့် ရိုးမဘဏ် SMART ငွေစာရင်း နှစ်မျိုးလုံး ရှိသူများအတွက် အဆိုပါ ငွေစာရင်းများအား ဒီဂျစ်တယ် နည်းပညာဖြင့် အလွယ်တကူ ချိတ်ဆက်နိုင်ခဲ့ပြီး ငွေလွှဲပြောင်းခြင်းအား လုပ်ဆောင်နိုင်ခဲ့ခြင်းဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါသည်။

**MFI မိတ်ဖက် အဖွဲ့အစည်းများမှ ဒီဂျစ်တယ်စနစ် ငွေကြေးဆိုင်ရာ ဆန်းသစ် ပြောင်းလဲမှုများအား မြှင့်တင်ခြင်း**

LIFT ၏ MFI မိတ်ဖက် အဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုတွင် ထိရောက်စွာ စွမ်းဆောင်နိုင်မှု တိုးတက်ကောင်းမွန်စေရန်၊ ပဋိပက္ခဒဏ်ခံ ဒေသများတွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်ရာ၌ ဆုံးရှုံးရနိုင်ချေ အန္တရာယ်များအား လျော့ပါးသက်သာစေရန် ဝန်ဆောင်မှု ရယူသုံးစွဲသူများအား ကွင်းဆင်း အထောက်အကူပေးမှု တိုးတက်လာစေရန်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ရန်တို့အတွက် ဒီဂျစ်တယ်စနစ် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုခြင်းအား မြှင့်တင်ပေးခြင်း၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြပါသည်။

**Proximity အသေးစား ငွေရေးကြေးရေး လုပ်ငန်း**

Proximity သည် ယင်း၏ လက်ကိုင်ဖုန်းမှ ငွေကြေးဝန်ဆောင်မှုများ အသုံးပြုသည့်စနစ် (Mobile Money) ၏ ရှေ့ပြေး စမ်းသပ်မှုကို ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် စတင်လုပ်ဆောင်ခဲ့ပြီး ချေးငွေ အတိုးကောက်ယူရာတွင် ဒီဂျစ်တယ်စနစ်ဖြင့် ပေးချေမှုပေါင်း (၃၅,၀၀၀)ကျော်အား Ongo Mobile ငွေကြေးဝန်ဆောင်မှုနှင့်အတူ ကောက်ယူခဲ့ပြီး ဖြစ်ပါသည်။ Proximity သည် လက်ကိုင်ဖုန်း များမှတဆင့် ငွေပေးချေမှုများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိခဲ့သောကြောင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ အပါအဝင် အခြားရုံးခွဲများ၌ ဤအစီအမံအား စတင်လုပ်ဆောင်ရန် အစီအစဉ် ရေးဆွဲခဲ့ပါသည်။

**VisionFund Myanmar အသေးစား ငွေရေးကြေးရေး လုပ်ငန်း**

VFM သည် Musoni Cloud စနစ်အား အသုံးပြုပြီး VFM ၏ ပင်မဘဏ် လုပ်ငန်းစနစ်နှင့် ချိတ်ဆက်ကာ ကွင်းဆင်း ဆောင်ရွက်နိုင်သည့် ဒီဂျစ်တယ်စနစ် အပလီကေးရှင်းအသုံးပြု၍ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ MFI ဝန်ထမ်းများမှ ပဋိပက္ခဒဏ်ခံ ဒေသများနှင့် ဝေးလံခေါင်သီသည့် ဒေသများမှ ဝန်ဆောင်မှု ရယူသုံးစွဲသူများနှင့် တွေ့ဆုံရာတွင် အခက်အခဲ ရှိနိုင်သောကြောင့် ချေးငွေ လျှောက်ထားခြင်း၊ ချေးငွေထုတ်ပေးခြင်း များနှင့် ပြန်လည်ပေးဆပ်ခြင်းများအတွက် VFM ၏ လုပ်ငန်းလည်ပတ်မှုများ စဉ်ဆက်မပြတ် လုပ်ဆောင် နိုင်ရန် အတွက် ကူညီပံ့ပိုးပေးရန် ဖြစ်ပါသည်။

VFM မှ ချေးငွေပြန်ဆပ်ခြင်းများကို MPT Money အပလီကေးရှင်းမှတဆင့် ရှေ့ပြေးစမ်းသပ်မှုကိုလည်း အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပါပြီး ၎င်း၏ ရုံးခွဲများအားလုံးတွင် စတင် လုပ်ဆောင်ခဲ့ပါသည်။ ဒီဇင်ဘာလအထိ ချေးငွေ ပြန်လည် ပေးဆပ်မှုများ အားလုံး၏ (၁၃%) (သို့မဟုတ် ၁၇,၇၁၁ ကြိမ်) အား Mobile Money မှတဆင့် ပြုလုပ်နိုင်ခဲ့ခြင်းဖြင့် တစ်လထက်တစ်လ ပုံမှန် တိုးတက်အသုံးပြုလာကြောင်း ပြသခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်တွင် (၂%) တိုးတက်ခဲ့သည်ဟု မှတ်တမ်းတင်ခဲ့ပါသည်။

VFM ၏ ဒီဂျစ်တယ်စနစ်ဖြင့် ချေးငွေ ပြန်ဆပ်သည့် စနစ်သည် စွမ်းဆောင်နိုင်မှု Mobile Money ကိုယ်စားလှယ် များအကြား အီလက်ထရွန်နစ် ငွေကြေးဖြင့် ငွေဖြစ်လွယ်မှု၊ အချို့ မြို့နယ်များတွင် ကိုယ်စားလှယ် အရေအတွက်၊ နားလည်သဘောပေါက်မှု၊ ဝန်ဆောင်မှု ရယူသူများ မှ ဒီဂျစ်တယ်စနစ် အသုံးပြုသည့် လုပ်ငန်းစဉ်ကို အသုံးပြုနိုင်မှု တို့တွင် အကန့်အသတ်များ ရှိနေခြင်း အပါအဝင် စိန်ခေါ်မှု အချို့အား ကြုံတွေ့ ခဲ့ပါသည်။

လက်ရှိ VFM လုပ်ငန်းဆောင်ရွက်နေသည့် ဒေသများအားလုံးတွင် မိုဘိုင်းလ်အပလီကေးရှင်းမှတဆင့် ချေးငွေများ ပြန်လည်ပေးဆပ်မှုအတွက် လုပ်ကိုင်ခွင့် လိုင်စင် လျှောက်ထားခဲ့သော်လည်း မိုဘိုင်းလ် လမ်းကြောင်းများမှတဆင့် ချေးငွေ ထုတ်ပေးခြင်းများ လုပ်ဆောင်ရန်အတွက် FRD မှ အတည်ပြုချက်ရယူသည့် လုပ်ငန်းစဉ်များမှာ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

**စိုက်ပျိုးစီးပွား ငွေကြေးဆိုင်ရာ အစီအစဉ် (AFP)**

LIFT သည် ကျေးလက် စီးပွားရေးလုပ်ငန်းရှင်များအား လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရာတွင် ငွေကြေးပံ့ပိုးပေးရန်အတွက် ရိုးမဘဏ်နှင့်အတူ စိုက်ပျိုးစီးပွား ငွေကြေးပံ့ပိုးမှု အစီအစဉ်ကို ၂၀၁၆ ခုနှစ်တွင် စတင် မိတ်ဆက်လုပ်ဆောင်ခဲ့ပါသည်။ LIFT ၏ ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ် တစ်စိတ်တစ်ပိုင်း အတွက် အာမခံပေးသော ကန်ဒေါ်လာ(၉)သန်း ရင်းနှီးမြှုပ်နှံမှုမှ ကျေးလက်ဒေသများတွင် ဤကဲ့သို့သော ချေးငွေ အမျိုးအစားမျိုးအား ရိုးမဘဏ်မှ ထုတ်ချေးလာစေရန် ဆွဲဆောင်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ကျေးလက် ငွေကြေး ဝန်ဆောင်မှုများ ပိုမိုပေးအပ်နိုင်ရန်အတွက် တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။





**AFP ၏ အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူခြင်း**

LIFT သည် ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်များ၏ တစ်စိတ်တစ်ပိုင်းအား အာမခံပေးသည် သာမက တောင်သူ များနှင့် ကျေးလက်စီးပွားရေး လုပ်ငန်းရှင်များမှ လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူရာတွင် ၎င်းတို့အနေဖြင့် အလွယ်တကူ ပေးဆပ်နိုင်မည့် ချေးငွေ စည်းကမ်းချက်များ၏ ဒီဇိုင်းပုံစံ ရေးဆွဲရန်အတွက် ရိုးမဘဏ်နှင့် ပူးပေါင်း လုပ်ဆောင်ခဲ့ပါသည်။ လိုအပ်သည့် စပေါ်ငွေအား (၃၀%) မှ (၁၀%) အထိ လျှော့ချပေးခဲ့ပြီး ချေးငွေ သက်တမ်းအား တနှစ်မှ သုံး နှစ်သို့ တိုးမြှင့် ပေးခဲ့ပါသည်။

စီမံကိန်း သက်တမ်းတလျှောက်လုံးမှ ရရှိခဲ့သည့် ရလဒ်များမှာ ရည်မှန်းချက်များထက် များစွာသာလွန် ကောင်းမွန်အောင် စွမ်းဆောင် နိုင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလအကုန်တွင် မြန်မာကျပ်ငွေ (၂၅၂) ဘီလီယံ (ကန်ဒေါ်လာ ၁၈၁ သန်း) တန်ဖိုးရှိသည့် လယ်ယာ စိုက်ပျိုးရေး သုံး စက်ကိရိယာများအတွက် ငွေကြေးထောက်ပံ့ခဲ့ပါသည်။ ငွေကြေး ထောက်ပံ့မှုပေးခဲ့သည့် စက်ကရိယာ (၈,၅၄၈)ခုတွင် လယ်ထွန်စက် (၅,၅၂၃) စီး၊ ရိပ်သိမ်းခြွေလှေ့စက် (၁,၂၈၄) ခု၊ ထွန်ယက်ပေါင်းသင်စက် (၄၁၆)ခုနှင့် သယ်ယူပို့ဆောင်ရေးယာဉ် (၁,၃၂၅) စီး ပါဝင်ပါသည်။

AFP စီမံကိန်း ပထမနှစ်တွင် ပြန်ပေးဆပ်ရန် အချိန်တန်သည့် ချေးငွေမရှိသဖြင့် ရရန်ချေးငွေ ဆုံးရှုံးနိုင်ချေ/ မပြေကျန်ငွေ (PAR)မှာ အလွန်နည်းပါးခဲ့ပါသည်။ “ရိုးမဘဏ်သည် LIFT မှ ပံ့ပိုးပေးသည့် ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်များအတွက် တစ်စိတ်တစ်ပိုင်း အာမခံ (ကြွေးဆုံး လျာထားငွေ)မှ ထုတ်ယူခဲ့ခြင်း မရှိခဲ့ပါ။ အရစ်ကျငွေချေသည့် စနစ်ဖြင့် ပေးအပ်သည့်ချေးငွေ သက်တမ်းစေ့သည့်အခါ၌ PAR မြင့်တက်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် စက်တင်ဘာလအကုန်တွင် AFP အရစ်ကျငွေချေစနစ် အထူးသီးသန့် ငွေစာရင်းမှ ကန်ဒေါ်လာ (၁.၄) သန်း (မြန်မာကျပ်ငွေ ၂ ဘီလီယံ) အား စာရင်းမှ ပယ်ဖျက်ခဲ့ ပါသည်။ (ဆုံးရှုံးနိုင်ချေရှိသည့် အန္တရာယ်များ၏ တစိတ်တပိုင်းအား အာမခံပေးသည့် ရန်ပုံငွေ စုစုပေါင်း၏ ၁၆%) LIFT ၏ ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ (၉)သန်းမှ စိုက်ပျိုးရေး လုပ်ငန်းသုံး စက်ကိရိယာများ အရစ်ကျငွေချေသည့် စနစ်ဖြင့် ဝယ်ယူသည့် ချေးငွေများအတွက် ရိုးမ ဘဏ်မှ ပုဂ္ဂလိက ကဏ္ဍ အရင်းအနှီး ကန်ဒေါ်လာ (၁၅၂)သန်း ထည့်ဝင်စေရန်အတွက် တွန်းအား ပေးခဲ့ပါသည်။

| နှစ် | ဝန်ဆောင်မှု ရယူသုံးစွဲသူ အရေအတွက် | စက်ကိရိယာ ဈေးနှုန်း (ကန်ဒေါ်လာ-သန်း) | HP ချေးငွေ ပမာဏ (ကန်ဒေါ်လာ-သန်း) | အပြည့်အဝ ပြန်လည် ပေးဆပ်သည့် ဝန်ဆောင်မှု ရယူသုံးစွဲသူ အရေအတွက် | ချေးငွေပြန်လည် ပေးဆပ်ခဲ့သည့် ပမာဏ (ကန်ဒေါ်လာ-သန်း) | ချေးငွေပြန်လည် ရရှိရန် ကျန်ရှိနေသည့် ပမာဏ (ကန်ဒေါ်လာ-သန်း) |
|---|---|---|---|---|---|---|
| ၂၀၁၆ | ၂,၉၇၄ | ၅၆ | ၄၄ | ၀ | ၄ | ၄၀ |
| ၂၀၁၇ | ၂,၁၅၃ | ၅၀ | ၄၃ | ၂၅၇ | ၂၄ | ၅၉ |
| ၂၀၁၈ | ၁,၄၀၃ | ၃၃ | ၂၈ | ၂,၃၈၀ | ၃၄ | ၄၉ |
| ၂၀၁၉ | ၁,၂၀၅ | ၂၆ | ၂၂ | ၁,၄၂၆ | ၂၆ | ၄၂ |
| ၂၀၂၀ | ၈၁၃ | ၂၁ | ၁၇ | ၁,၀၉၂ | ၂၀ | ၄၃ |
| စုစုပေါင်း | ၈,၅၄၈ | ၁၈၅ | ၁၅၅ | ၅,၁၅၅ | ၁၀၇ | ၄၃ |

*ဇယား ၄.၈။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ AFP အရစ်ကျငွေချေသည့် စနစ်ဖြင့် ဝယ်ယူခဲ့သည့် ရင်းနှီး မြှုပ်နှံမှု အစုစု*


**အာမခံထက် ချေးငွေတန်ဖိုးမြင့်မားသည့် ချေးယူမှုအား အားပေး အထောက်အကူပြုခြင်း**

AFP သည် စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက်တွင် လှုပ်ရှား ဆောင်ရွက်မှုများအတွက် ချေးငွေ တန်ဖိုးထက် အာမခံ တစ်ဝက်သာရှိသည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် ချေးငွေများကိုလည်း အားပေးအထောက်အကူ ပြုပါသည်။

ရိုးမဘဏ်သည် အမျိုးမျိုးသော တန်ဖိုးမြှင့် ကွင်းဆက်များအား ကူညီပံ့ပိုးပေးသည့် အာမခံထက် ချေးငွေ တန်ဖိုး မြင့်မားသည့် ငွေချေးမှုများနှင့်အတူ စိုက်ပျိုးရေး ပစ္စည်းရောင်းချသည့် ကုန်သည်၊ သွင်းအားစုပေးသွင်းသူ၊ မွေးမြူရေးနှင့် သီးနှံထုတ်လုပ်မှုအတွက် တဆင့်ခံပြန်လည် ရောင်းချပေးသူ (၃၇၅)ဦးထံ ရောက်ရှိခဲ့ပါသည်။ ဥပမာ အားဖြင့် စိုက်ပျိုးရေး သွင်းအားစုများအတွက် တန်ဖိုးမြှင့်ကွင်းဆက် ဖြစ်ပါသည်။ ကုန်ပစ္စည်း ပေးသွင်းသည့် ကုန်သည်ကြီးများသည် ထုံးစံအတိုင်း တောင်သူများအတွက် ကုန်ပစ္စည်း ဖြန့်ဖြူးပေးသူများအဖြစ် ဆောင်ရွက် ပေးသူများဖြစ်သည့် ကိုယ်စားလှယ် ကွန်ရက်မှတဆင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်ပါသည်။ မျိုးစေ့များ၊ ဓာတ်မြေသြဇာများနှင့် ပိုးသတ်ဆေးများအား အဆိုပါ ဖြန့်ဖြူးပေးသူများထံ အကြွေးရောင်းချပေးပြီး၊ ၎င်းတို့မှတဆင့် တောင်သူများထံ အကြွေးရောင်းချပေးပါသည်။ ငွေကြေး ထောက်ပံ့မှု မရရှိပါက အရည်အသွေးမြင့် သွင်းအားစုများအား လက်လှမ်းမီ ရယူနိုင်သည့် တောင်သူများမဟုတ်လျှင် ရယူနိုင်ခြင်း မရှိသည့် တောင်သူများအား ဖယ်ထုတ်လိုက်ခြင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ပုံစံအရ ကွင်းဆက်တစ်ခုလုံး ကြီးထွားနိုင်မည့် အလားအလာကို အကန့်အသတ် ဖြစ်စေပါသည်။ အဆိုပါ ချို့ယွင်းချက်များအား ဖြေရှင်းရန်အတွက် ရိုးမဘဏ်သည် သွင်းအားစု ပေးသွင်းသူများ၏ အပေါ်၌ ရှိနေသည့် အရောင်းကိုယ်စားလှယ်များ၏ အရောင်းလက်ခံ ဖြတ်ပိုင်းများအပေါ် မူလတန်ဖိုးထက် ဈေးလျှော့ပေးခြင်းဖြင့် စနစ်အတွင်းသို့ ငွေဖြစ်လွယ်မှုအား ဖြည့်သွင်းပေးပါသည်။ အလားတူပင် ဤချေးငွေ မှ သွင်းအားစု ပေးသွင်းသူများ၏ အရောင်း အားတက်စေနိုင်ခဲ့ပြီး ရလဒ်အနေဖြင့် ပိုမိုကြီးမားသည့် ပမာဏမှာ

တောင်သူများ/ ထုတ်လုပ်သူများထံ စီးဆင်းရောက်ရှိစေသည့် ရလဒ်အား ရရှိပါသည်။ ပေးသွင်းသူ တဦးချင်းစီအတွက် ရိုးမဘဏ်မှ အကြွေးအတွက် ဈေးလျှော့ပေးမည့် ရွေးချယ်ထားသော ရရန်ရှိ အရောင်းကိုယ်စားလှယ် အရေအတွက်အား အတည်ပြုပေးပါသည်။ ချေးငွေမှတဆင့် အရောင်းကိုယ်စားလှယ်၏ သွင်းအားစု ပေးသွင်းသူများထံ ပေးရန်ရှိသည့် တာဝန်များအား အခြေခံအားဖြင့် ဘဏ်မှငွေကြေး စိုက်ထုတ် ပေးပါသည်။ ဤသည်မှ ပေးသွင်းသူများသည် အရောင်းကိုယ်စားလှယ်များထံ အကြွေးဖြင့် ပိုမိုရောင်းချပေးရန် ခွင့်ပြုပေးခဲ့ပြီး အပြန်အလှန်အားဖြင့် အရောင်းကိုယ်စားလှယ်များသည် ၎င်းတို့၏ တောင်သူများထံ ပိုမိုရောင်းချပေးနိုင်မည် ဖြစ်ပါသည်။

တန်ဖိုးမြင့်ကွင်းဆက်၏အပေါ်၌ ရရန်ရှိသည်များနှင့် ကုန်လက်ကျန်တို့အား ဈေးလျှော့ပေးခြင်းဖြင့် ခန့်မှန်းခြေ တောင်သူ စုစုပေါင်း (၃၅,၄၇၅)ဦးသည် ၎င်းတို့၏ စိုက်ပျိုးရေးသွင်းအားစုများကို အကြွေးဝယ်ယူရရှိနိုင်မှု တိုးတက်လာခြင်းဖြင့် သွယ်ဝိုက်၍ အကျိုးကျေးဇူး ခံစားရပါသည်။





*ပုံ ၄.၂။ ဈေးလျှော့ပေးသည့် ရရန်ရှိငွေစာရင်းများအတွက် ငွေကြေး ထောက်ပံ့မှုတွင် အကြွေးစီးဆင်းပုံ*

၂၀၂၀ ခုနှစ် စက်တင်ဘာလအကုန်၌ ရရန်ရှိသည့် ချေးငွေလက်ကျန် ပမာဏမှာ မြန်မာကျပ်ငွေ (၁၁.၁) ဘီလီယံ (ကန်ဒေါ်လာ ၈ သန်း) ဖြစ်ပါသည်။ ဤသည်မှာ လည်ပတ်နေသည့် ကိန်းဂဏန်း ဖြစ်သောကြောင့် စုစုပေါင်း ချေးပေးထားသည့် ရန်ပုံငွေ ထောက်ပံ့မှု (နှင့် ပြန်လည် ပေးဆပ်ခြင်း) သည် ပို၍ များပြားပါသည်။

| နှစ် | ချေးငှားသူများအတွက် အများဆုံး ကန့်သတ်ထားသည့် ပမာဏ (မြန်မာကျပ်-သန်းပေါင်း) | ကုန်လက်ကျန်/ ရရန်ရှိသည့် တန်ဖိုး (မြန်မာကျပ်-သန်းပေါင်း) | စုစုပေါင်း ပေးရန် ကျန်သည့် ပမာဏ (မြန်မာကျပ်-သန်းပေါင်း) | ခန့်မှန်းခြေ ရောက်ရှိခဲ့သည့် တောင်သူ အရေအတွက် |
|---|---|---|---|---|
| ၂၀၁၇ | ၁,၅၀၀ | ၁,၂၆၄ | ၁,၂၁၀ | ၁,၁၃၀ |
| ၂၀၁၈ | ၉,၅၀၀ | ၁၉,၄၄၃ | ၉,၁၀၇ | ၂၀,၃၃၀ |
| ၂၀၁၉ | ၂၀,၆၄၃ | ၃၂,၂၉၇ | ၁၈,၃၄၄ | ၃၅,၀၀၀ |
| ၂၀၂၀ | ၁၁,၅၅၆ | ၁၅,၉၅၈ | ၁၁,၁၃၀ | ၃၅,၄၇၅ |

*ဇယား ၄.၉။ ၂၀၁၇-၂၀၂၀ အတွင်း AFP မှ ထုတ်ချေးပေးထားသည့် အာမခံထက် တန်ဖိုးမြင့်မားသည့် ချေးငွေ*

**အာမခံထက် ချေးငွေတန်ဖိုးမြင့်မားသည့် ချေးယူခြင်း - ပေးရန်ရှိသည်များအတွက် ငွေကြေးထောက်ပံ့မှု**
ရိုးမဘဏ်၏ သွင်းအားစုပေးသွင်းသူများထံ ပေးချေမှုအား ငွေကြေးထောက်ပံ့သည့်ဝန်ဆောင်မှုသည် တောင်သူများထံ ပေးသွင်းသူများ၏ ပစ္စည်းများအား ဖြန့်ဖြူး ရောင်းချပေးသည့် အရောင်းကိုယ်စားလှယ်များအား ငွေကြေး ထောက်ပံ့ပေးခြင်း ဖြင့်နောက်ထပ် ခြေလှမ်းတစ်လှမ်း ထပ်တိုးရန် ကြိုးပမ်းနေပါသည်။




*ပုံ ၄.၃။ ပေးရန်ရှိသည့် အရောင်းကိုယ်စားလှယ်အား ငွေကြေးထောက်ပံ့မှုတွင် အကြွေးစီးဆင်းပုံ*

ဤချေးငွေအမျိုးအစားအတွက် ဦးတည်ရည်ရွယ်ထားသည့် ဝန်ဆောင်မှုအသုံးပြုသူများမှာ သွင်းအားစု ပေးသွင်းသူများ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရောင်း ကိုယ်စားလှယ် များသည် စိုက်ပျိုးရေး သွင်းအားစုများအား အကြွေးဖြင့် ရောင်းချပေးသူများထံမှ ဝယ်ယူပြီးသည့်နောက် တဆင့်ခံ ရောင်းချသူများ နှင့်/သို့ တောင်သူများထံ လက်လီ ရောင်းချသောကြောင့် ဖြစ်ပါသည်။ အရောင်းကိုယ်စားလှယ်များအား ငွေကြေး ထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့သည် ကုန်ပစ္စည်းများ လာရောက်ပို့ဆောင်သည့်အချိန်၌ ပေးသွင်းသူများထံ ငွေသားပေးချေနိုင်မည် ဖြစ်ပြီး အဆိုပါ ပစ္စည်းများအား အကြွေးဖြင့် တောင်သူများထံ ရောင်းချနိုင်မည် ဖြစ်ပါသည်။ ဘဏ်အတွက် စိန်ခေါ်မှုများမှာ (၁) အရောင်းကိုယ်စားလှယ် တစ်ဦးချင်းအတွက် သင့်တော်သည့် ချေးငွေပမာဏအား ဆုံးဖြတ်ရန် နှင့် (၂) ဤကုန်ပစ္စည်းအား စီမံခန့်ခွဲရာတွင် လုပ်ငန်း လည်ပတ် စရိတ် လျှော့ချစေရန်အတွက် လက်တွေ့ကျပြီး အလုပ်သမား လိုအပ်မှုနည်းသော ဖြန့်ဖြူးရောင်းချသည့် ကွန်ရက်တစ်ခုအား ရှာဖွေရန် တို့ဖြစ်ပါသည်။ စွန့်စားရနိုင်ခြေ လျော့ပါးသက်သာစေရန်အတွက် ရိုးမဘဏ်သည် ကုန်ပစ္စည်း ပေးသွင်းသူများအား အရောင်းကိုယ်စားလှယ်များအတွက် အာမခံပေးသည့်သူများအဖြစ် အသုံးပြုပါသည်။

အရောင်းကိုယ်စားလှယ် တစ်ဦးချင်းစီနှင့် လက်ခံနိုင်ဖွယ်ရှိသော လုပ်ငန်းလုပ်ဆောင်နိုင်မှု မှတ်တမ်းများကို တည်ဆောက်ပြီးသည်နှင့် တပြိုင်နက် ပေးသွင်းသူများမှ အာမခံပေးရမည့် လိုအပ်ချက်အား ပယ်ဖျက်မည် ဖြစ်ပြီး အရောင်း ကိုယ်စားလှယ်များသည် ရိုးမဘဏ်၏ ချေးငွေဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်သည့် စွမ်းရည်အလိုက် ငွေချေးနိုင်မည် ဖြစ်ပါသည်။ ဤသည်အား အဆင့် -၂ အနေဖြင့် ထားရှိထားပါသည်။ ဤဝန်ဆောင်မှု၏ ရင်းနှီးမြှုပ်နှံမှု အစုစု၏ အခြေအနေအား အောက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားပါသည်

| နှစ် | အတည်ပြုထားသော စုစုပေါင်း ပမာဏ (ကျပ်သန်းပေါင်း) | ရရန်ရှိသည့် ချေးငွေ အရေအတွက် | စုစုပေါင်း ရရန်ရှိသည့် ပမာဏ (ကျပ်သန်းပေါင်း) | ခန့်မှန်းချေ ရောက်ရှိခဲ့သည့် တောင်သူများ၏ အရေအတွက် |
|---|---|---|---|---|
| ၂၀၁၇ | ၁၅၀ | ၂ | ၉၆ | ၂၀၀ |
| ၂၀၁၈ | ၆,၉၉၆ | ၂၇၀ | ၄,၃၇၆ | ၁၅,၇၃၃ |
| ၂၀၁၉ | ၁၀,၅၁၂ | ၄၁၄ | ၈,၇၇၂ | ၃၅,၀၀၀ |
| ၂၀၂၀ | ၁၁,၃၂၇ | ၆၅ | ၆,၆၆၁ | ၃၆,၅၀၃ |

*ဇယား ၄.၁၀ ။ ၂၀၁၇ မှ ၂၀၂၀ ခုနှစ်တွင်း ပေးရန်ရှိသည်များအတွက် ငွေကြေးထောက်ပံ့မှု၏ စွမ်းဆောင်နိုင်မှု*

**ပြောင်းနှင့် ဆန်စပါးအတွက် ရာသီအလိုက် ဘဏ်စာရင်းရှိငွေထက် ပိုထုတ်ချေးခြင်း**
ပြောင်းသည် အရေအတွက်ပမာဏအားဖြင့် ဆန်စပါးနှင့် ပဲမျိုးစုံပြီးလျှင် တတိယအရေးကြီးဆုံး သီးနှံတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ထုတ်လုပ်သော ပြောင်းပမာဏအများအပြားအား တိရိစ္ဆာန်အစာအဖြစ် အဓိကထား အသုံးပြုသော တရုတ်နိုင်ငံသို့ တင်ပို့ပါသည်။ သို့သော် နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်လာသဖြင့် ပရိုတင်းဓာတ် ကြွယ်ဝသည့် အစားအသောက်အတွက် ကြက်ဘဲမွေးမြူရေးကဲ့သို့သော လုပ်ငန်းများ၏ ပြည်တွင်း လိုအပ်ချက်မှာ တိုးတက်များပြားလာမည်ဖြစ်ပြီး ပိုမိုကြီးမားလာသည့် ပြည်တွင်းပြောင်းဈေးကွက်အတွက် ဖြည့်ဆည်းပေးမည် ဖြစ်ပါသည်။

ရိုးမဘဏ်၏ စီမံကိန်း ဆောင်ရွက်ချက်သည် လက်ရှိ တောင်သူများ ဈေးကွက်များနှင့် ချိတ်ဆက်နေသော အသေးစား နှင့် အလတ်စား ကုန်သည်များထံ လုပ်ငန်းလည်ပတ်သည့် အရင်းအနှီးကို ပံ့ပိုးပေးရန် ရည်မှန်းထားပါသည်။ ချေးငွေ ရရှိနိုင်မှုဆိုသည်မှာ ကုန်သည်များအနေဖြင့် ၎င်းတို့၏ ဖောက်သည်များမှ ၎င်းတို့အား ငွေချေပြီးမှ ပေးသည်ထက် တောင်သူများထံမှ ပြောင်းအား လာရောက်ယူသည့်နေ့၌ ၎င်းတို့မှ ပေးချေနိုင်ခြင်းဖြင့် တောင်သူများ၏ ငွေကြေး စီးဆင်းမှုဆိုင်ရာ စီမံခန့်ခွဲမှုတွင် တိုးတက်ကောင်းမွန်စေပြီး၊ တန်ဖိုးမြှင့် ကွင်းဆက်တလျှောက်တွင် ယုံကြည်မှု ဖြစ်ပေါ်စေကာ ထုတ်လုပ်မှုတွင် ပိုမိုတိုးတက်စေခြင်းကို ဆိုလိုပါသည်။

၂၀၁၉ ခုနှစ် မတ်လတွင် ဆန်စပါး ကဏ္ဍအတွက် ရာသီကြို ဘဏ်စာရင်းရှိငွေထက်ပိုထုတ်ချေးငွေ ဝန်ဆောင်မှုအား ရိုးမဘဏ်၏ ဝန်ဆောင်မှုများတွင် ထပ်မံထည့်သွင်းခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု အစုစု ကျဆင်းသွားခဲ့ရခြင်းမှာ ကုန်သည်များ၏ လှုပ်ရှားဆောင်ရွက်မှုအား ထိခိုက်စေခဲ့သည့် COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများကြောင့် ဖြစ်ပါသည်။

| ပြောင်းအတွက် ရာသီအလိုက် စာရင်းပို ချေးငွေ | ချေးငွေများ၏ အရေအတွက် | စုစုပေါင်း ထုတ်ချေးပေးခဲ့သည့် ပမာဏ (ကျပ်သန်းပေါင်း) | စုစုပေါင်းရရန် ရှိသည့် ပမာဏ (ကျပ်သန်းပေါင်း) | ခန့်မှန်းချေ ရောက်ရှိခဲ့သည့် တောင်သူ အရေအတွက် |
|---|---|---|---|---|
| ၂၀၁၇ | ၃၄ | ၃,၉၈၄ | ၃,၇၃၀ | ၆,၈၀၀ |
| ၂၀၁၈ | ၇၂ | ၈,၅၆၈ | ၇,၆၈၅ | ၁၄,၄၀၀ |
| ၂၀၁၉ | ၇၄ | ၉,၆၇၃ | ၄,၈၂၀ | ၁၄,၈၀၀ |
| ၂၀၂၀ | ၁၁ | ၁,၂၇၅ | ၉၈၂ | ၂,၂၀၀ |

*ဇယား ၄.၁၁။ ပြောင်းတန်ဖိုး ကွင်းဆက်တွင် ရိုးမဘဏ်မှ ငွေကြေးထောက်ပံ့မှု အခြေအနေ*

| ဆန်စပါးအတွက် ရာသီအလိုက် စာရင်းပို ချေးငွေ | ချေးငွေများ၏ အရေအတွက် | စုစုပေါင်း ထုတ်ချေးပေးခဲ့သည့် ပမာဏ (ကျပ်သန်းပေါင်း) | စုစုပေါင်း ရရန်ရှိသည့် ပမာဏ (ကျပ်သန်းပေါင်း) | ခန့်မှန်းချေရောက်ရှိခဲ့ သည့် တောင်သူများ၏ အရေအတွက် |
|---|---|---|---|---|
| ၂၀၁၉ | ၁၁၁ | ၁၄,၂၄၀ | ၈,၀၅၅ | ၂၂,၂၀၀ |
| ၂၀၂၀ | ၈၂ | ၈,၆၄၁ | ၇,၁၆၁ | ၁၆,၄၀၀ |

*ဇယား ၄.၁၂ ။ ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက်တွင် ရိုးမဘဏ်၏ ငွေကြေးထောက်ပံ့မှု အခြေအနေအား ပြသခြင်း*

**အသေးစားငွေရေးကြေးရေးဆိုင်ရာ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသည့် အရေးပေါ် အခြေအနေတွင် ငွေပေါ်လွယ်မှု အစီအမံ (MFI CDLF)**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် LIFT/ UNOPS တို့သည် မြန်မာနိုင်ငံ အစိုးရနှင့် အနီးကပ်ဆွေးနွေး တိုင်ပင်ပြီး အသေးစား ငွေရေးကြေးရေးဆိုင်ရာ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသည့် အရေးပေါ် အခြေအနေတွင် ငွေပေါ်လွယ်မှု အစီအမံအတွက် ဒီဇိုင်းပုံစံ ရေးဆွဲရန်အတွက် မိတ်ဖက်ပြုခဲ့ပါသည်။ MFI CDLF အား ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ ကျရောက်နေစဉ်အတွင်း လတ်တလော ဆုံးရှုံး သွားသည်များနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ငွေကြေးထောက်ပံ့မှုများနှင့် ပံ့ပိုးကူညီရန်အတွက်သာမက ဘေးအန္တရာယ်မှ ရုန်းထွက်ပြီး လျင်မြန်စွာ ဖွံ့ဖြိုး တိုးတက်လာစေရန် မတည်ရင်းနှီးငွေများ လက်လှမ်းမီ ရယူနိုင်ရန်တို့အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။

CDLF သည် ကြီးမားသည့် ရာသီဥတု ဘေးအန္တရာယ် ဖြစ်ပွားနေသည့်အခါ၌ ငွေဖြစ်လွယ်မှုရှိ ကွာဟချက်များကို လွှမ်းခြုံနိုင်ရန်နှင့် ငွေကြေးစီးဆင်းမှုကို ပိုမိုစီမံခန့်ခွဲနိုင်ရန် MFI များနှင့် ငွေချေးပေးသည့် သမဝါယမအသင်းများထံ ရန်ပုံငွေများ ပို့ဆောင်ပေးမည်ဖြစ်သည့် အထူး ရည်ရွယ်ချက်တစ်ခုအတွက် ပေါင်းစပ်ထားသည့် ငွေကြေးပံ့ပိုးမှုဆိုင်ရာ အစီအမံတစ်ခု ဖြစ်ပါသည်။ CDLF သည် ပုဂ္ဂလိကနှင့် အစိုးရ ကဏ္ဍများမှ ကာလတိုနှင့် ကာလလတ် ချေးငွေများအတွက် အထောက်အကူပြုပြီး ညှိနှိုင်းဆောင်ရွက် သွားမည်ဖြစ်ကာ အလှူရှင်များထံမှ ရရှိသော အလှူရှင် တစ်ဦးချင်းအလိုက် ဖွံ့ဖြိုးရေးငွေစာရင်း (IDA) များမှတဆင့် ငွေကြေးလွှဲပြောင်းပေးပို့မှုများကို ပံ့ပိုး ကူညီပေးမည့် အစီအမံအဖြစ် ဖြည့်ဆည်းပေးနိုင်သည့် အလားအလာရှိပါသည်။ ထို့ပြင် CDLF သည် MFI များ/ သမဝါယမ အသင်းများအတွက် ပံ့ပိုးပေးရန် အလှူရှင်များ/ ရင်းနှီးမြှုပ်နှံသူများကိုယ်စား စနစ်တကျ စိစစ်ခြင်း နှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ ပေးမည်ဖြစ်ပြီး အလှူရှင်များ/ ရင်းနှီးမြှုပ်နှံသူများအတွက် ငွေဖြစ်လွယ်မှုစီးဆင်းခြင်းကို ကူညီပံ့ပိုးပေးရန် နောက်ထပ် အစီအမံများ လိုမလို အကဲဖြတ် သုံးသပ်မည် ဖြစ်ပါသည် ။

ဤစီမံချက်၏ အခြေခံအုတ်မြစ်မှာ ဝန်ဆောင်မှုရယူသူများအတွက် ဆက်လက်ထုတ်ချေးပေးရန် MFI များ အတွက် အရေးပေါ် ငွေဖြစ်လွယ်မှုအတွက် ပံ့ပိုးပေးခြင်းသည် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ချိန်တွင် အိမ်ထောင်စုများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို အရှိန် မြှင့်တင်ပေးမည့် ငွေကုန်ရကျိုးနပ်သည့် နည်းလမ်း ဖြစ်ကြောင်း ကမ္ဘာတလွှား တစ်စထက်တစ်စ တိုးတက်များပြားလာသည့် အထောက်အထားများပေါ်တွင် မှီတည်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ (နှင့် မည်သည့်နေရာ၌မဆို) တွင် သဘာဝဘေးအန္တရာယ်မှ နိုးထလာသည့် အချိန်တွင် ပြန်လည်ပြုပြင် တည်ဆောက်ထားသည့် ချေးငွေများအား ပြန်လည်ပေးဆပ်နိုင်မည့် စွမ်းဆောင်နိုင်မှုတွင် ယေဘုယျအားဖြင့် ခိုင်မာအားကောင်းမှု ရှိပါသည်။ အကြောင်းမှာ MFI များသည် ဘေးအန္တရာယ် ကျရောက်ပြီးသည့်နောက်ပိုင်း ပြန်လည် ထူထောင်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသောကြောင့် ဖြစ်ပါသည်။ MFI များသည် ဝန်ဆောင်မှု ရယူသုံးစွဲသူများအား ပြန်လည်ပေးဆပ်ရမည့် အချိန် ကာလကို ရွှေ့ဆိုင်းပေးခြင်း၊ မဖြစ်မနေ ငွေစုဆောင်းမှုများ ပြုလုပ်ရန်တို့အတွက် အကူအညီပေးနိုင်မည် ဖြစ်ပြီး ပြည်သူများမှ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ပြန်လည် ထူထောင်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် အကူအညီ ပေးနိုင်မည် ဖြစ်ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအား ယင်း၏ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များတွင် အားနည်း ထိခိုက်လွယ်မှု ရှိခြင်းနှင့် ဒေသအတွင်း၌ MFI များ၏ ခိုင်မာအားကောင်းသည့် လွှမ်းခြုံမှုရှိခြင်းတို့ကြောင့် ပံ့ပိုးပေးမှုအား ရှေ့ပြေး စမ်းသပ်မှု ပြုလုပ်ရန်အတွက် ရွေးချယ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် MFI (၁၉၃) ဖွဲ့ခန့် ရှိနေပြီး ဧရာဝတီတိုင်းဒေသကြီးတွင် MFI (၃၄)ဖွဲ့မှာ MFI များ၏ ဝန်ဆောင်မှုအား ရယူသုံးစွဲနေသူ (၇၂၅,၀၀၀)ဦး ရှိပြီး ရရန်ကျန်ရှိနေသည့် ချေးငွေအရပ်ရပ်မှာ ကန်ဒေါ်လာ (၁၇၅) သန်း ရှိပါသည်။ ရရှိရန် ကျန်ရှိနေသည့် ချေးငွေများသည် MFI များ၏ ရရန်ကျန်ရှိနေသည့် ချေးငွေ စုစုပေါင်း၏ ခန့်မှန်းချေ (၁၄%) အား ကိုယ်စားပြုပါသည်။ ယင်းဒေသတွင် သမဝါယမအသင်းသား ဦးရေ ခန့်မှန်းခြေ (၅၀၀,၀၀၀)ဦးခန့် ရှိနေပါသည်။

ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် MFI များအား ငွေကြေးထောက်ပံ့မှုအတွက် ဝင်ရောက် လုပ်ဆောင်ပေးနိုင်သည့် အချက် (၄)ချက် ရှိပါသည်။ CDLF ၏ တုံ့ပြန်ဆောင်ရွက်မှုအား ဒီဇိုင်းပုံစံ ရေးဆွဲရာတွင် ဝင်ရောက် လုပ်ဆောင်ပေးမည့် အချက် တစ်ချက်တိုင်းသည် ငွေကြေး ထောက်ပံ့မှုဆိုင်ရာ နည်းလမ်းများကို ပံ့ပိုး ကူညီသွားမည် ဖြစ်ပါသည်။

» မိခင်ကုမ္ပဏီများ (အရင်းအနှီးနှင့် ကြွေးမြီများအား ပံ့ပိုးပေးသူများ)၊ ကိုယ်ပိုင် အရင်းအနှီးနှင့် ကြွေးဆုံး လျာထားငွေများ မှတဆင့် MFI များ၏ အဖွဲ့အစည်းအတွင်း ရင်းမြစ်များ
» LIFT ၏ အရင်းအနှီး ဈေးကွက်စီမံကိန်း အစီအစဉ် မှ ပံ့ပိုးကူညီပေးသည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံပိုင် စီးပွားရေးဘဏ်များ
» အပ်နှံငွေများ ဆုံးရှုံးမှုကို အာမခံပေးမည် ဖြစ်သော အဆိုပြုထားသော MFI အပ်နှံငွေ အာမခံသည့် အစီအစဉ် မှတဆင့် မြန်မာနိုင်ငံအစိုးရ





» ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးနေသည့်အလှူရှင်များ ဥပမာ–မြစ်ဝကျွန်းပေါ် ဒေသအထက်ပိုင်းနှင့် အပူပိုင်းဇုန်တောင်ပိုင်းတွင် ၂၀၁၆ခုနှစ်က ရေကြီးရေလျှံမှုများ ဖြစ်ပွားနေစဉ်အတွင်း အလှူရှင်များသည် အရှုံးအမြတ်စာရင်းများ ပြန်လည်တည်ငြိမ်လာစေရန်နှင့် ပြန်လည်ထူထောင်ရေး ချေးငွေများ ပေးအပ်နိုင်ရန်တို့အတွက် အသုံးပြုခဲ့သော ထောက်ပံ့ရေး ရန်ပုံငွေများ ပံ့ပိုးကူညီပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ် နှစ်ကုန်၌ CDLF စီမံချက်မှ အောက်ပါတို့အား ဆောင်ရွက်ခဲ့ပါသည်–

» ရန်ပုံငွေအတွက် စီးပွားရေးဆိုင်ရာ ရပ်တည်ချက်အား ရေးဆွဲအကောင်အထည်ဖော်ခြင်း
» ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ နည်းကိရိယာ ဒီဇိုင်းပုံစံအား ရလဒ်အဖြစ် ရရှိနိုင်ရန်အတွက် ပတ်သက်ဆက်နွယ်သူများနှင့် ထိတွေ့ပူးပေါင်း ဆောင်ရွက်ခြင်း
» ဘေးအန္တရာယ်နှင့် ဆက်နွယ်နေသည့် ဖိအားများကို စမ်းသပ်စစ်ဆေးရန် MFI များအတွက် နည်းကိရိယာ ဆော့ဝဲလ်တစ်ခုအား ဖန်တီးပေးခြင်း
» အရေးပေါ်ငွေဖြစ်လွယ်မှုဆိုင်ရာ အထောက်အပံ့နှင့် အပ်နှံငွေ အာမခံဆိုင်ရာ မူဘောင်တစ်ရပ်အား ဒီဇိုင်းပုံစံ ရေးဆွဲခြင်း
» ဖိအားများအား စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ ပဏာမလုပ်ငန်းအား ဆောင်ရွက်ခဲ့ခြင်း
» ဦးတည်ရည်ရွယ်သည့်ဒေသရှိ MFI (၂၉)ဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး စီမံချက်တွင် ပါဝင်ရန်အတွက် (၁၄)ဖွဲ့မှ သဘောတူညီခဲ့ကာ ယင်းတို့အား ၂၀၂၀ ခုနှစ်တွင် သင်တန်းပို့ချပေးခြင်း

**အသေးစားငွေရေးကြေးရေးလုပ်ငန်းတွင် ကျား၊မ ရေးရာ အမြင်များ ထည့်သွင်း ပါဝင်စေခြင်း**

LIFT တွင် အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း (၂၃)ဖွဲ့ ရှိပြီး ယင်းတို့၏ ဝန်ဆောင်မှု များအား ရယူသုံးစွဲသူများ၏ ၉၁% မှာ အမျိုးသမီးများ ပါဝင်နေပါသည်။

LIFT သည် စီမံခန့်ခွဲသူများအဆင့်၌ ကျား၊ မ ရေးရာအမြင်များ ထည့်သွင်းလုပ်ကိုင်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန် ဆက်လက် လုပ်ဆောင်နေပါသည်။ မြို့နယ် ငွေစုငွေချေးသမဝါယမအသင်း နှင့် မိတ်ဖက်ပြုခြင်းဖြင့် ဒါရိုက်တာ အဖွဲ့မှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူရာတွင် အမျိုးသမီးများအား ဦးစားပေးသင့်ကြောင်း သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ သို့ရာတွင် အဖွဲ့ဝင်အများစုမှာ အမျိုးသမီးများဖြစ်သော်လည်း အခြေခံ သမဝါယမအသင်းအဆင့်၌ အမျိုးသမီးအနည်းငယ်သာလျှင် ခေါင်းဆောင်မှုပေးသည့်အဆင့်၌ ရှိနေပြီး အဖွဲ့ချုပ် အဆင့်၌ အမျိုးသမီး ခေါင်းဆောင်မရှိပါ။ အခြေအနေ ဆန်းစစ်လေ့လာမှုမှ အသင်းသားအဖြစ် ပါဝင်နိုင်သည့် စည်းမျဉ်းစည်းကမ်းများတွင် သမဝါယမအသင်း၏ အဖွဲ့ဝင်အဖြစ် အိမ်ထောင်စု ဦးစီးသူသာ ပါဝင်နိုင်သည် ဟူသော လိုအပ်ချက်ကြောင့် အိမ်ထောင်စုဦးစီးများသည် များသောအားဖြင့် အမျိုးသားများ ဖြစ်နေသည့် အတွက် အစကတည်းကပင် နည်းဥပဒေနှင့် မူဝါဒများသည် သမိုင်းကြောင်းအရ ဘက်လိုက်မှုရှိခဲ့ပြီး ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

အနာဂတ်တွင် လုပ်ဆောင်မည့် စီမံကိန်း ဆောင်ရွက်မှုများတွင် LIFT အနေဖြင့် အဆင့်မြင့် စီမံခန့်ခွဲရေး အဖွဲ့တွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှု တိုးတက်ပါဝင်လာစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ကူညီပံ့ပိုးပေးရန် လိုအပ်မည့် အပြင် ရန်ပုံငွေ ထောက်ပံ့မှု၏ လိုအပ်ချက် တစ်ရပ်အနေဖြင့် ရည်ရွယ်ချက်ရှိရှိဖြင့် အမျိုးသမီးများအား ကွင်းဆင်း အထောက်အကူပြုခြင်းအား ထည့်သွင်းရန်အတွက်လည်း လိုအပ်မည် ဖြစ်ပါသည်။ ထို့အပြင် IP များတွင် လုပ်ကိုင်နေသည့် မန်နေဂျာများ/ ခေါင်းဆောင်များအား ၎င်းတို့၏ လုပ်ငန်းတာဝန်များနှင့် အခန်းကဏ္ဍများ စွမ်းဆောင်နိုင်စေရန် ၎င်းတို့၏ စွမ်းဆောင်ရည်များ တည်ဆောက်နိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုး ကူညီမှုများ ပေးအပ်သွားမည် ဖြစ်ပါသည်။

မတူကွဲပြားသည့် စီမံချက်အမျိုးမျိုး၏ အကဲဖြတ်သုံးသပ်ခြင်းမှ အဓိက ရှာဖွေတွေ့ရှိထားသည်များမှ အောက်ပါတို့အား ဖော်ထုတ်ပေးခဲ့ပါသည်–

» MFI များ၏ ချေးငွေဝန်ဆောင်မှုများသည် ကျား၊မ ခွဲခြားမှုမရှိဘဲ မည်သည့်ဝန်ဆောင်မှု ရယူသုံးစွဲသူ မည်သူမဆို အတွက် ဒီဇိုင်းပုံစံရေးဆွဲခဲ့ထားခြင်း။ အနာဂတ်တွင် အမျိုးသမီးများအတွက် သီးသန့်လိုအပ်ချက်များ နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများတွင် အမျိုးသမီးများအပြည့်အဝ ပါဝင်ဆောင်ရွက်မှုအား အဟန့်အတား ဖြစ်စေနိုင်သည့် ၎င်းတို့၏ မိသားစုများနှင့် လူမှုအသိုက်အဝန်းများအတွင်း ပါဝင်ဆောင်ရွက် နေသည့် အခန်းကဏ္ဍ အမျိုးမျိုးတို့အား ဖြေရှင်းပေးရန်အတွက် ချေးငွေ ဒီဇိုင်းပုံစံရေးဆွဲသည့် အဆင့်၌ ထည့်သွင်းစဉ်းစားသင့်ပါသည်။
» အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ပင် ဝန်ဆောင်မှု ရယူသုံးစွဲသူကောင်းများ ဖြစ်ခြင်း
» အမျိုးသမီး အများစုသည် သူတို့၏ ခင်ပွန်းများနှင့် ၎င်းတို့၏ ချေးငွေများအား အတူတကွ သုံးစွဲကြခြင်း
» ချေးငွေများအား ပုံမှန်ပြန်ဆပ်နိုင်ရန်အတွက် အမျိုးသမီးများသည် ပြန်လည်ပေးဆပ်ရမည့်နေ့ မတိုင်မီ ကတည်းကပင် ငွေစုဆောင်းခြင်း
» အမျိုးသားများသည် အမျိုးသမီးများမှ ချေးငွေပြန်ဆပ်ရမည့် တာဝန်များအား ကျေပွန်စွာ ဆောင်ရွက်ရန် အတွက် ငွေကြေး လုံလောက်မှု မရှိသည့်အခါ အမျိုးသမီးများ ချေးငွေ ပြန်လည်ပေးဆပ်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးခြင်း
» အမျိုးသမီးများသည် အိမ်ထောင်စု၏ ငွေကြေးများအား စီမံခန့်ခွဲသည့် အနေအထားများမှတဆင့် အပြင် အာမခံပစ္စည်းအဖြစ် လိုအပ်သော မြေယာပိုင်ဆိုင်မှုအား ထိန်းချုပ်ထားသည့် အနေအထားတို့မှတဆင့် ချေးငှားရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် ဩဇာလွှမ်းမိုးမှုရှိသည့် အခန်းကဏ္ဍမှ ပါဝင်ဆုံးဖြတ်ခြင်း

# ရှေ့သို့မျှော်ကြည့်လျှင်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်းယူမှုနှင့် တဆက်တည်းဆိုသလို ဖြစ်ပေါ်လာသည့် လူမှုရေးနှင့် စီးပွားရေး ပြိုကွဲပျက်စီးသွားခြင်းတို့သည် အားလုံးပါဝင်စေသည့် ငွေရေးကြေးရေး ကဏ္ဍအပေါ် သက်ရောက်မှုများ ရှိနေပါသည်။ MFI များသည် ငွေဖြစ်လွယ်မှု မလုံလောက်ခြင်းများကို ထပ်မံ၍ ကြုံတွေ့နေရပါသည်။ ပြန်မဆပ်နိုင်သည့် ချေးငွေများနှင့် စုဆောင်းငွေများအား ပြန်လည်ထုတ်ယူမှုများလည်း မြင့်တက်လာနေပါသည်။ MFI များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ/ မတ်လတို့တွင် အင်အား (၂၀%) မှ (၃၀%) အကြားဖြင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်ခဲ့ကြပါသည်။ ဧပြီလတွင် လုပ်ငန်း ပြန်လည် စတင်လည်ပတ်ခဲ့ပြီး အချို့သော MFI များသည် မေလတွင် ၎င်းတို့၏ အင်အား (၅၀%) မှ (၈၀%) အကြားဖြင့် လည်ပတ်ဆောင်ရွက်ခဲ့ပါသည်။

LIFT နှင့် TCX တို့သည် LIFT မှ အရင်းအနှီး ဈေးကွက်များ စီမံကိန်း အစီအစဉ်အတွက် ကတိပြုပြီးဖြစ်သည့် ရန်ပုံငွေ ထောက်ပံ့မှုများကို အသုံးပြု၍ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံရှိ MFI များအတွက် နိုင်ငံတကာ ငွေကြေးထောက်ပံ့မှုအတွက် ပံ့ပိုး ကူညီပေးရန်အတွက် ဆက်လက် လုပ်ဆောင်သွားရန် ရည်ရွယ်ထားပါသည်။

မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာ မဖူလုံမှု မြင့်တက်လာမည့် အန္တရာယ်လည်း ရှိနေပါသည်။ LIFT သည် သွင်းအားစု၊ ထုတ်လုပ်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ အကြွေးများပေးချေရန် ဆိုင်းငံ့ခြင်း၊ အခြေခံပြုပြင် ထုတ်လုပ်သည့် စက်ကိရိယာများ ဝယ်ယူခြင်း၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးများ၊ ငွေစုဆောင်း ခြင်းနှင့် စိုက်ပျိုးရေး အာမခံများအား မြှင့်တင်ပေးရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ ငွေရေးကြေးရေးဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှုနှင့် သုံးစွဲခြင်းတို့ တိုးတက်စေရန် ကူညီပံ့ပိုးပေးမည့် ဆန်းသစ် တီထွင်မှုရှိသော ဖြေရှင်းနည်းလမ်းများဖြင့် အားပေးအထောက်အကူပြုမည် ဖြစ်ပါသည်။ ကြိုတင်စီစဉ်ထားသည့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် အဓိက နယ်ပယ်များမှာ ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများအား စိုက်ပျိုးစီးပွားဆိုင်ရာ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှု အစုစုတို့အတွက် ၎င်းတို့၏ ငွေဖြစ်လွယ်မှု တိုးတက် ကောင်းမွန်စေရန်အတွက် ကြိုတင်သတ်မှတ်ထားသည့် ချေးငှားနိုင်သည့် ပမာဏပါဝင်သော တန်ဖိုးမြှင့်ကွင်းဆက် ငွေကြေးထောက်ပံ့မှုနှင့် ဆုံးရှုံးရနိုင်ချေ အန္တရာယ်များအား စီမံခန့်ခွဲနိုင်သည့် ရွေးချယ်စရာ နည်းလမ်းတို့ ဖြစ်ပါသည်။ ပဋိပက္ခဒဏ်ခံ ဒေသများတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော LIFT နှင့် ပံ့ပိုးပေးသည့် MFI များသည် စိန်ခေါ်မှုများအား ပိုမိုများပြားစွာ ကြုံတွေ့နေကြပါသည်။ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှု ပိုမိုတိုးတက် များပြားလာစေရန်နှင့် အဆိုပါ ဒေသများရှိ စိန်ခေါ်မှုများကို ဖြေရှင်းပေးရန်တို့အတွက် LIFT သည် ကျေးလက်ငွေစုငွေချေး အသင်းများ (VSLA) များနှင့် တရားဝင် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ချိတ်ဆက်မှုများအား မြှင့်တင်ပေးနိုင်မည့် အရာများအား စူးစမ်းရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ LIFT မှ စိုက်ပျိုးစီးပွား ငွေကြေးထောက်ပံ့မှု စီမံကိန်းအတွက် ရိုးမဘဏ်ထံ ကမ်းလှမ်းသည့် ဆုံးရှုံးရနိုင်ချေ အန္တရာယ်များအတွက် ကန်ဒေါ်လာ (၉)သန်းကဲ့သို့သော တစ်ပိုင်းတစ်စ အာမခံပေးခြင်းမျိုးအား MFI များအနေဖြင့် ပြည်တွင်းသုံး ငွေကြေးဖြင့် ထားရှိသည့် ရန်ပုံငွေများအား လက်လှမ်းမီ ရယူနိုင်ရန် စီးပွားရေး ဘဏ်များနှင့် MFI များအကြား ပြန်လည်ထုတ်ချေးရန် ပေးအပ်သည့် ချေးငွေ (Wholesale Loans) များဖြင့် ကူညီရာတွင် မက်လုံးပေးရန်အတွက် အသုံးပြုနိုင်ခြင်းရှိမရှိကိုလည်း ရှာဖွေသွားမည် ဖြစ်သည်။

COVID–19 ကပ်ရောဂါနှင့် စစ်တပ်အာဏာသိမ်းမှုတို့ ဖြစ်ပွားနေသည့် ကာလအတွင်း MFI များ ကြုံတွေ့နေရသည့် လက်ရှိ ဆုံးရှုံးရနိုင်ခြေများအား ထည့်သွင်းစဉ်းစားကာ LIFT သည် MFI ကဏ္ဍတွင် လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန်အတွက် ဘေးအန္တရာယ်နှင့် ဆက်နွယ်နေသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များအား ဖော်ထုတ်ဖန်တီးရန်နှင့် မြှင့်တင်ပေးရန်တို့အတွက် မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်း (MMFA) နှင့် ထိတွေ့ ပူးပေါင်းဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်နေပါသည်။ MMFA နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် LIFT သည် ဤကဏ္ဍအတွင်း စွမ်းဆောင်ရည် မြင့်သည့် ဆုံးရှုံးရနိုင်ချေ အန္တရာယ် စီမံခန့်ခွဲမှု၊ စားသုံးသူ အခွင့်အရေး ကာကွယ်ရေး နှင့် ငွေကြေးဆိုင်ရာ အသိပညာပေးခြင်း အလေ့အကျင့်များအားလည်း မြှင့်တင်မည် ဖြစ်ပါသည်။

LIFT သည် ငွေရေးကြေးရေးနှင့် ဒီဂျစ်တယ်စနစ်ဆိုင်ရာ အသိပညာတို့အား မြှင့်တင်ပေးရန်အတွက် Mobile Moneyဖြင့် ငွေလွှဲပေးပို့မှုများ၊ ဝန်ဆောင်မှုရရှိသုံးစွဲမည့်သူ အသစ်များ ပါဝင်လာစေမည့် လုပ်ငန်းစဉ်များ ချေးငွေထုတ်ချေးမှုနှင့် ပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်၊ ဒီဂျစ်တယ် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ရေးဆွဲအကောင်အထည်ဖော်ခြင်းအပါအဝင် ၎င်းတို့၏ ဒီဂျစ်တယ်စနစ်ငွေကြေးရေး ဝန်ဆောင်မှုများ လည်ပတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်အတွက် အစီအစဉ် ရေးဆွဲနေပါသည်။ LIFT သည် လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီပေးအပ်ရန် ဒီဂျစ်တယ်စနစ် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုမှုကို မြှင့်တင်ပေးရာတွင် နောက်ဆုံး အသုံးပြုသည့် ဝန်ဆောင်မှု ရယူသူများနှင့် အနီးကပ် ချိတ်ဆက်မှုများ ရရှိစေရန်အတွက် အီလက်ထရွန်နစ်နည်းဖြင့် ငွေပေးချေမှု စနစ်များနှင့် အီလက်ထရွန်နစ်နည်းဖြင့် ငွေပေးချေမှုအတွက် ပြင်ဆင်မှုများ ခိုင်မာအားကောင်းစေခြင်းအား ကူညီပံ့ပိုးပေးရန် အစီအစဉ် ရေးဆွဲနေပါသည်။



*မြန်မာနိုင်ငံတွင် COVID –19 ကပ်ရောဂါ ပထမဦးဆုံး စတင် သက်ရောက်ခဲ့သည့် မတ်လလယ်မှ စတင်၍ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက် အဖွဲ့အစည်းများအားလုံးသည် ကပ်ဆိုက်နေသည့် ကာလအတွင်း ဝန်ဆောင်မှုရယူအသုံးပြုသူများအား ကူညီပံ့ပိုးပေးရန် တာဝန်ယူမှုရှိသော ချေးငွေထုတ်ပေးသည့်အဖွဲ့၏ အခန်းကဏ္ဍကို ရယူခဲ့ပါသည်။*

စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ

အကြောင်းအရာအလိုက် အစီအစဉ်များ



# ၄.၃

## စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာစနစ်များ

### ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဖိုး (GDP) ၏ ခန့်မှန်းခြေ (၃၀)% ပါဝင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယင်း၏ ထည့်ဝင်မှုမှာ ဝန်ဆောင်မှုများကဏ္ဍ ပြီးလျှင် ဒုတိယအများဆုံး ဖြစ်ပါသည်။ သို့ရာတွင် ဆင်းရဲနွမ်းပါးမှု၏ (၈၅%) နီးပါး မှာ လူဦးရေ၏ (၇၀%) ခန့် နေထိုင်သည့် ကျေးရပ်ဒေသများတွင် စုစည်းတည်ရှိနေပါသည်။ စိုက်ပျိုးရေးကဏ္ဍမှ နိုင်ငံ၏ အလုပ်သမား ဈေးကွက်ရှိသူများ၏ (၅၆%) အား အလုပ်အကိုင်ပေးထားသဖြင့် ယင်းသည် မြန်မာနိုင်ငံတွင် အလုပ်အကိုင် အများဆုံး ပေးသည့် ကဏ္ဍ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ COVID–19 ကပ်ရောဂါ အလွန်ကာလတွင် စိုက်ပျိုးရေး ကဏ္ဍသည် အလွန်အရေးပါလာမည် ဖြစ်ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာက စိုက်ပျိုးရေးကဏ္ဍသည် အခြားစီးပွားရေးကဏ္ဍများ[၄၄]နှင့် နှိုင်းယှဉ်လျှင် တိုးတက်မှု အခြေခံ အဆောက်အဦ၌ ရင်းနှီးမြှုပ်နှံမှု မရှိခြင်း၊ တောင်သူများ၏ ရင်းနှီးမြှုပ်နှံမှုကို ပံ့ပိုးပေးရန် ငွေရေးကြေးရေးဝ်ရာ ဝန်ဆောင်မှုများနှင့် သုတေသန စွမ်းဆောင်ရည်တို့တွင် အကန့်အသတ် ရှိခြင်းတို့ကြောင့် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း နှင့် သစ်တောလုပ်ငန်း တို့တွင် ထုတ်လုပ်မှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်မှုတို့အတွက် အလားအလာ အတော်များများရှိသော်လည်း စိုက်ပျိုးရေးကဏ္ဍတွင် စိန်ခေါ်မှု အတော်များများအား ကြုံတွေ့နေရပါသည်။ ယင်းတို့တွင် ကျေးလက်နှင့် ထိစပ်နေသော ကဏ္ဍများအကြား အခြေခံ အဆောက်အဦ အားနည်းခြင်း၊ ရှုတ်ထွေးပြီး အများအားဖြင့် မဖြေရှင်းနိုင်သေးသော လယ်ယာငှားရမ်းလုပ်ပိုင်ခွင့် ပြဿနာများ ရှိနေခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်နိုင်စွမ်းရည်နိမ့်ခြင်း နှင့် စိုက်ပျိုးရိက္ခာများ၏ယှဉ်ပြိုင်နိုင်စွမ်း နိမ့်ပါးခြင်း၊ စိုက်ပျိုးရေးသုတေသန၊ ပညာပေးရေးနှင့် တိုးချဲ့ပညာပေးရေး စနစ်များတွင် ရန်ပုံငွေထောက်ပံ့မှု နည်းပါးခြင်းနှင့် အလွန်ညံ့ဖျင်းစွာ စီမံဆောင်ရွက်ခြင်း၊ သွင်းအားစုများ (ဥပမာ မျိုးစေ့များ၊ ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ၊ တိရိစ္ဆာန် ကျန်းမာရေးဆိုင်ရာ ဆေးများ စသဖြင့်)အား အချိန်မီ လက်လှမ်းမီ ရယူနိုင်မှု နှင့် အရည်အသွေးကောင်းများအား လက်လှမ်းမီ ရယူနိုင်မှုတွင် အကန့်အသတ် ရှိခြင်း၊ စိုက်ပျိုးရေး ထုတ်ကုန်များ၏ အရည်အသွေးနှင့် ဘေးကင်းစိတ်ချရမှု နိမ့်ပါးခြင်း၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် အခြားပတ်သက် ဆက်နွယ်နေသူ များအကြား ညှိနှိုင်း ဆောင်ရွက်မှု အားနည်း ခြင်းနှင့် သဘာဝဘေးအန္တရာယ်များ (ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း၊ ပင်လယ် ရေမျက်နှာပြင် မြင့်တက်လာခြင်း) နှင့် ရာသီဥတု ပြောင်းလဲခြင်း တို့တွင် အားနည်း ထိခိုက်လွယ်ခြင်းတို့ ပါဝင်ပါသည်။

အလုပ်သမား ဈေးကွက်အတွင်း ပေါ်ပေါက်လာခဲ့သည့် စီးပွားရေး စွမ်းဆောင်နိုင်မှုနှင့် အခွင့်အလမ်းများ တိုးတက်ကောင်းမွန် လာခြင်းအပေါ် တုံ့ပြန်မှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကဏ္ဍတစ်ခုလုံးတွင် လယ်ယာမြေဆိုင်ရာ ပြောင်းလဲမှု တစ်ရပ် ဖြစ်ပွားနေသည့် သက်သေ အထောက် အထားလည်း ရှိနေပါသည်။[၄၅]စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင် ဆောင်ရွက်ရန် လူငယ်လူရွယ်များ တွန့်ဆုတ်နေကြခြင်း ကြောင့် အလုပ်သမားခ များလည်း မြင့်တက်ခဲ့ပါသည်။ လုပ်သား ဈေးကွက်တွင်းရှိ အပြောင်းအလဲများနှင့် တောင်သူများမှ စွမ်းဆောင်ရည်မြင့် စေရန် ကြိုးပမ်းမှုများက စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲစေခဲ့ပြီး လုပ်သားအခြေပြု လယ်ယာစိုက်ပျိုးမှု စနစ်များ လျော့ကျစေခဲ့ပါသည်။

၄၄။ ADS ၂၀၁၈ ။ မြန်မာနိုင်ငံ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု စီမံချက် (၂၀၁၈–၂၀၁၉–၂၀၂၂–၂၀၂၃)

၄၅။ ADB ၂၀၁၅ ။ မြန်မာ –အလားအလာရှိသည်များအား ဖော်ထုတ်လမ်းဖွင့်ပေးခြင်း – မြင့်မားပြီး ရေရှည်တည်တံ့ခိုင်မြဲကာ အားလုံးပါဝင်သည့် ဖွံ့ဖြိုး တိုးတက်မှု အတွက် မဟာဗျူဟာ။ ADB ၏ စီးပွားရေး စာတမ်းများ အမှတ်စဉ် ၄၃၇

ဤအသွင်ကူးပြောင်းနေသည့် အခြေအနေအတွင်း၌ ရေရှည်တည်တံ့ခိုင်မြဲမှု မရှိသော သဘာဝအရင်းအမြစ်များအား အသုံးပြုခြင်းနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ လျော့ပါးသွားခြင်းနှင့်အတူ လုပ်ကွက်ငယ် တောင်သူများမှ အဆိုပါ ရင်းမြစ်များကို ညီတူညီမျှ လက်လှမ်းမီ ရယူနိုင်မှု မရှိခြင်းတို့နှင့် ဆက်နွယ်နေသည့် ရည်ရွယ်ချက်မရှိဘဲ ဖြစ်ပေါ်လာသည့် အကျိုးဆက်များ၏ ဖြစ်လာနိုင်သော အလားအလာအား အသိအမှတ်ပြုရန် လိုအပ်ပါသည်။ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု နှင့် အာဏာပိုင်များက သယံဇာတများ သိမ်းယူခြင်းတို့က လုပ်ကွက်ငယ်တောင်သူများ၏ ရပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန် ညှိနှိုင်းတောင်းဆိုနိုင်သည့် စွမ်းရည်ကို အားနည်းသဖြင့် ယင်းသယံဇာတများ လက်လှမ်းမီ ရရှိနိုင်ရန်အတွက် ကြီးမားသည့် နစ်နာဆုံးရှုံးမှု ဖြစ်စေပါသည်။ ဆင်းရဲနွမ်းပါးမှု လျော့ချခြင်း နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များအတွက် ပြည်သူများ၏ မျှော်လင့်ချက်များနှင့် နိုင်ငံတော်၏ ကတိကဝတ်များကို ပြည့်မီစေရန် ဖြည့်ဆည်းပေးမည့် သာတူညီမျှပြီး အားလုံးပါဝင်သည့် စီးပွါးရေး ဖွံ့ဖြိုးတိုးတက်ခြင်းရရှိစေရန် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆိုပါ ရင်းမြစ်များအား ညီတူညီမျှ လက်လှမ်းမီ ရယူနိုင်ခြင်းတို့မှာ အလွန်အရေးပါမည် ဖြစ်ပါသည်။ ဤသည်အား မြန်မာနိုင်ငံ၏ လက်ရှိစားနပ်ရိက္ခာစနစ်များ အတွင်းရှိ အားနည်းချက်များကို ဖြေရှင်းပေးနိုင်ပြီး စိုက်ပျိုးရေး ကဏ္ဍအား ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့် အစိုးရ၏ လမ်းပြမြေပုံနှင့် ကိုက်ညီသော ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး အထွက်တိုးစေမည့် အလေ့အကျင့်များနှင့် မူဝါဒများအား မြှင့်တင်ပြီး ကျင့်သုံးခြင်းတို့မှတဆင့် အကောင်းဆုံးအောင်မြင်ရရှိနိုင်မည် ဖြစ်ပါသည်။ ယင်းမှလည်း စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှု၊ စိုက်ပျိုးရေး ဂေဟစနစ်များ တည်တံ့ခိုင်မြဲမှုနှင့် အသုံးချနိုင်မှုနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ရာသီဥတုအတွက် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်းတို့အတွက် အကူအညီ ပေးပါသည်။[၄၆] အထူးသဖြင့် ယင်းမှာ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သမျှမှ ပြန်လည်ထူထောင်သည့် ကာလအတွင်း အသုံးပြုနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍ အသွင်ကူးပြောင်းရေးတွင် အများအပြား လိုအပ်မည်ဖြစ်သော အခြေခံ အကြောင်းအရင်းများကို ပံ့ပိုးကူညီပေးနိုင်မည် ဖြစ်ပါသည်။

LIFT သည် ရေရှည်တည်တံ့ခိုင်မြဲသည့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအား ဆင်းရဲနွမ်းပါးမှု လျော့ပါး သက်သာအောင် ဆောင်ရွက်ရာတွင် ပံ့ပိုး ကူညီပေးမည်ဖြစ်သော မျှတပြီး အားလုံးပါဝင်သည့် စီးပွားရေး တိုးတက်မှု ရရှိစေမည့် မဟာဗျူဟာ တစ်ရပ်အနေဖြင့် ကူညီပံ့ပိုးပေးရန်အတွက် ရည်ရွယ်ထားပါသည်။

**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဈေးကွက်များအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများ**
COVID–19 ကပ်ရောဂါမှ စိုက်ပျိုးရေးကဏ္ဍအပေါ် အောက်ပါ သက်ရောက်မှုများ ရှိခဲ့ပါသည်–

- တောင်သူများ၏ ၂၀၂၀ ခုနှစ် မုတ်သုန်ရာသီ ထွန်ယက်စိုက်ပျိုးခြင်းအတွက် သွင်းအားစုများတွင် အလုပ်သမားနှင့် ထုတ်လုပ်မှုအား ရင်းနှီးမြှုပ်နှံရာတွင် ၎င်းတို့၏ စွမ်းဆောင်ရည်၌ အကန့်အသတ်ရှိခြင်းကြောင့် ကျေးလက်ဒေသရှိ တောင်သူများ၏ ဝင်ငွေများ သာမက အလုပ်အကိုင် အခွင့်အလမ်းများလည်း ကျဆင်းခဲ့ခြင်း
- သွင်းအားစု ရောင်းချသူများမှ နေရာအနှံ့အပြားတွင် သွင်းအားစု ရောင်းလိုအားနှင့် ဝယ်လိုအား ပြတ်တောက်မှုများ ရှိခဲ့သည်ဟု အစီရင် ခံ တင်ပြခဲ့ပါသည်။ အရောင်းများ ကျဆင်းခြင်းနှင့် ပုံမှန်ထက် ပိုမိုနည်းပါးသည့် ဖောက်သည်များသာ ရှိသောကြောင့် ၂၀၂၀ ခုနှစ်တွင် ဝင်ငွေများ လျော့ကျသွားခြင်းဆီသို့ ဦးတည်ခဲ့ပြီး ပြန်ဆပ်ရမည့် အကြွေးများကောက်ယူရာတွင်လည်း အခက်အခဲများ ကြုံတွေ့နေရခြင်း။[၄၇]
- ဧပြီ/မေလမှစ၍ ဩဂုတ်လ အနှောင်းပိုင်းအထိ မြန်မာတနိုင်ငံလုံးနှင့် အိမ်နီးချင်း နိုင်ငံများတွင် အသွားအလာ ကန့်သတ်သည့် ညွှန်ကြားချက်များ ချမှတ်လိုက်သဖြင့် ရွှေ့ပြောင်းလုပ်သားများ အလုပ်အကိုင် နှင့် ဝင်ငွေ များ ဆုံးရှုံးခဲ့ခြင်း။
- ငွေလွှဲပေးပို့မှုများ ကျဆင်းခဲ့ပြီး အနည်းဆုံး စီးပွားရေးလုပ်ငန်းများ ပြန်လည် စတင်လုပ်ကိုင်နိုင်ပြီး ရွှေ့ပြောင်းသွားလာသူများ အလုပ်ပြန်လည်ရရှိသည့်အချိန်ထိ ကျဆင်းမှုမှာ ကာလရှည်ကြာမည်ဟု မျှော်မှန်းထားခဲ့ပါသည်။ လေ့လာမှုများမှ နိုင်ငံတကာမှ ငွေလွှဲ ပေးပို့မှု များ (၅၀%) ကျဆင်းခြင်းနှင့် ပြည်တွင်းငွေလွှဲပေးပို့မှုများတွင် (၃၀%) ကျဆင်းသွားခြင်းသည် နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းတွင် (၇.၅%) မြင့်တက်လာသည့် ရလဒ်ကို ရရှိလိမ့်မည်ဟု ညွှန်ပြခဲ့ခြင်း။
- မြန်မာနိုင်ငံတွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်း (MFI) များ၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုများသည် အသွားအလာ ကန့်သတ်သည့် ကာလအတွင်း၌ ခေတ္တရပ်နားခဲ့ရပြီး ပြန်လည်ပေးဆပ်ရမည်များအား ကောက်ယူနိုင်ခြင်းမရှိခဲ့သဖြင့် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများ လိုအပ်ချက် အလွန်မြင့်မားသော တောင်သူများ အပါအဝင် ဖောက်သည်များထံ ချေးငှားနိုင်သည့် အရင်းလျော့နည်းစေခဲ့ပါသည်။ ယင်းမှ မိုးရာသီ စိုက်ပျိုး ထုတ်လုပ်မှုနှင့် လုပ်ကွက်ငယ် တောင်သူများ၏ ဝင်ငွေတို့အပေါ် သက်ရောက်မှုရှိခြင်း။
- စက်မှုလယ်ယာ ဝန်ဆောင်မှုပေးသူများသည် ၎င်းတို့၏ ဝန်ဆောင်မှုများအားရယူမှု ကျဆင်းခြင်းနှင့် ကျွမ်းကျင် အလုပ်သမားများ ရှားပါးသွားခြင်းတို့ကို ကြုံတွေ့ခဲ့ကြရပါသည်။ တဆက်တည်းမှာပင် ၎င်းတို့၏ ဝင်ငွေများလည်း လျော့ကျခဲ့ခြင်း
- ကျေးလက်ထုတ်လုပ်ရေးစနစ်များ၊ တန်ဖိုးမြှင့်ကွင်းဆက်များ၊ ကျေးလက်အိမ်ထောင်စုများ၏ ဝင်ငွေများအပေါ် COVID–19 ကပ် ရောဂါ ၏ သက်ရောက်မှုကြောင့် တနိုင်ငံလုံးတွင် စားနပ်ရိက္ခာနှင့် အာဟာရ ဖွံ့ဖြိုးမှုများ အခြေအနေ ဆိုးရွားသွားနိုင်သည့် အန္တရာယ်ရှိနေခြင်း

[၄၆]။ ၂၀၁၉ – မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပင်မစီမံချက် http://myanmar.un.org/en/25466-myanmar-climate-change-master-plan-2018-2030

[၄၇]။ နိုင်ငံတကာ စားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့ (IFPRI) စစ်တမ်း ၊ ၂၀၂၀ခုနှစ် မေလ





COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများအား ကာကွယ် တုံ့ပြန်ရာတွင် အစိုးရ၏ COVID–19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) သည် စိုက်ပျိုးနိုင်ရန်နှင့် ဝင်ငွေ ထိန်းသိမ်းထားရန် တို့အတွက် တောင်သူများ၊ အသေးစား စိုက်ပျိုးရေး ထုတ်ကုန် ထုတ်လုပ်သူများ၊ မျိုးစေ့စိုက် တောင်သူများနှင့် စိုက်ပျိုးစီးပွားရေး လုပ်ငန်းတို့အား ကူညီပံ့ပိုးပေးရန်အတွက် အာရုံစိုက်ခဲ့ပါသည်။

**ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအား ကူညီပံ့ပိုးပေးရန်အတွက် LIFT ၏ COVID–19 ဆိုင်ရာ တုံ့ပြန်ကာကွယ်ခြင်း**
LIFT သည် ယင်း၏ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ စီမံကိန်း နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများမှ COVID–19 ကပ်ရောဂါ နှင့် ဆက်နွယ်နေသည့် ချက်ချင်း အရေးယူ ဆောင်ရွက်မှုများ ပေးအပ်နိုင်ရန် အတွက် လက်ရှိရင်းမြစ်များအား အသုံးပြုခဲ့ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ COVID–19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် ခန့်မှန်းခြေ လူဦးရေ (၁၅၂,၂၀၀)ဦး (အမျိုးသမီး ၅၀%) ထံ ရောက်ရှိခဲ့ပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ (IPs) သည် တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းများ၊ လက်သန့်ဆေးရည်များ၊ လက်ဆေး ဆပ်ပြာများ၊ လက်အိတ်များ၊ ဗိုင်းရပ်စ်ပိုးနှိမ်နင်းသည့် ဖြန်းဆေးများ၊ တစ်ခါသုံး နှာခေါင်းစည်းများ၊ အဖျားတိုင်း ကိရိယာများနှင့် တကိုယ်ရေသုံးရောဂါ ကာကွယ်ရေးပစ္စည်း (PPE) ကဲ့သို့သော အသေးစား ဆေးဝါးကုသသည့် ပစ္စည်းများ၊ အစားအသောက် နှင့် ရေနှင့် သတင်းအချက်အလက်၊ ပညာပေးနှင့် ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ (IEC) ပစ္စည်းများအား ဖြန့်ဝေပေးခဲ့ပါသည်။ ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ အချို့မြို့နယ်များတွင် ငွေသားကန်ဒေါ်လာ (၁၀၀) မျိုးစေ့စိုက်တောင်သူ (၄၀)ဦးနှင့် အကျိုးတူလယ်ယာသည့် တောင်သူ (၃၂)ဦးထံ အမြန် ပြန်လည်ထူထောင်ရာတွင် ကူညီပံ့ပိုးပေးသည့် အနေဖြင့် ပေးဝေပေးခဲ့ပါသည်။ မြို့နယ် (၁၂)မြို့နယ်တွင် COVID–19 ကပ်ရောဂါ ကာကွယ်တားဆီးသည့် အစီအမံများအား ကြေငြာဘုတ်ကြီးများ စိုက်ထူကြေငြာခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ကယား၊ ကရင်နှင့် ချင်းပြည်နယ်များတွင် ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် နေရာများထံ ရေသန့်စင်စက်များနှင့် ကူညီပံ့ပိုးမှုတို့အား ပေးအပ်ခဲ့ပါသည်။ စိုက်ပျိုးစီးပွားလုပ်ငန်းများနှင့် ကျေးလက်အသက်မွေးဝမ်းကျောင်းမှုများအပေါ် သက်ရောက်မှုအား စူးစမ်းဖော်ထုတ်ရန်အတွက် မြစ်ဝကျွန်းပေါ် ဒေသတွင် ဈေးကွက် ဆန်းစစ် အကဲဖြတ်မှုအား အလျင်အမြန် ပြုလုပ်ရန် အတွက် ရန်ပုံငွေများ ထပ်မံ ခွင့်ပြုပေးခဲ့ပါသည်။

## စိတ်ဝင်စားဖွယ်ရာများ

မြန်မာနိုင်ငံတွင် COVID–19 ကမ္ဘာ့ကပ်ရောဂါအား တုံ့ပြန် ကာကွယ်ရန်အတွက် ရန်ပုံငွေများအား ပြန်လည်ခွဲဝေသည့် အတွက်ကြောင့် ၂၀၂၀ ခုနှစ်တွင် LIFT ၏ စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ (AMFS) စီမံကိန်း အစီအစဉ်အတွက် ရန်ပုံငွေ ထောက်ပံ့မှုမှာ လျော့ကျသွားခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်း စီမံကိန်းနှင့် အရှေ့တောင်ပိုင်း စီမံကိန်းတို့အောက်၌ AMFS စီမံချက်အသစ် (၄)ခုမျှသာ အတည်ပြုပေးခဲ့ပြီး စာချုပ်ချုပ်ဆိုခဲ့ပါသည်။ အဆိုပါ စီမံချက်များသည် ပဋိပက္ခဒဏ်ခံ ဒေသများတွင် မြေယာနှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအပေါ် အဓိကထား အာရုံစိုက်ခဲ့ပြီး အခန်း (၅) ပဋိပက္ခဒဏ်ခံဒေသများတွင် အစီရင်ခံ တင်ပြထားပါသည်။ အာဟာရ ဖောင်းပေး စိုက်ပျိုးရေးလုပ်ငန်းအား ဤအစီရင်ခံစာ၏ အခန်း ၄.၁ – အာဟာရဖွံ့ဖြိုးမှုတွင် အစီရင်ခံ တင်ပြထားပါသည်။

**မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**
ပိုမိုကောင်းမွန်သည့် မျိုးစေ့များအား လက်လှမ်းမီ ရယူနိုင်မှု တိုးမြှင့်လာခြင်းမှ တောင်သူများ၏ ထုတ်ကုန်များ၏ ထွက်နှုန်းနှင့် ဈေးနှုန်းများ ပိုမိုကောင်းမွန်စွာ ရရှိနိုင်ရန်အတွက် ပံ့ပိုးကူညီပေးပါသည်။ အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြု လက်မှတ်ရရှိထားသော မျိုးစေ့များသည် အရည်အသွေးနိမ့်မျိုးစေ့အား အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်သည့် ထွက်နှုန်းနှင့် နှိုင်းယှဉ်လျှင် ထွက်ရှိမှု ၂၀% အထိ တိုးတက်ရရှိ နိုင်သည်ကို သက်သေပြနိုင်သည့် အထောက်အထား ရှိပါသည်။[၄၈] တောင်သူများသည် အရည်အသွေး ပိုမိုကောင်းမွန်သည့် သီးနှံများအား ပိုမိုမြင့်မားသည့်ဈေးဖြင့် ရောင်းချနိုင်ပြီး လုပ်ကွက်ငယ်တောင်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် အမြတ်အစွန်းတို့ တိုးတက်လာမည် ဖြစ်ပါသည်။ တနိုင်ငံလုံးရှိ ဆန်စပါး စိုက်ပျိုးသူများမှ ထုတ်လုပ်သည့် လက်ရှိ မျိုးစေ့ထုတ်လုပ်မှုမှာ အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြု လက်မှတ်ရ ဆန်စပါးမျိုးစေ့ လိုအပ်ချက်၏ ၁၀% အောက်သာ ဖြည့်ဆည်းပေးပါသည်။ အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြု လက်မှတ်ရ အရည်အသွေးမြင့် မျိုးစေ့ ထုတ်လုပ်ခြင်းအတွက် မရှိမဖြစ် လိုအပ်သော ပထမ မျိုးဆက် မျိုးစေ့ ထုတ်လုပ်ခြင်းတွင် နိုင်ငံပိုင်မျိုးစေ့ စိုက်ခင်းများ၏ အရွယ်အစားနှင့် စွမ်းဆောင်နိုင်မှုတွင် အကန့်အသတ် ရှိနေပါသည်။ LIFT သည် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တွင် ဆန်စပါးနှင့် ပဲအမျိုးမျိုးတို့၏ မျိုးစေ့ကဏ္ဍအတွက် အကောင်အထည် ဖော်နေသည့် စီမံချက်များကို ကူညီပံ့ပိုးပေးပါသည်။

**ဆန်စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**
ဆန်စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (RSSD) စီမံချက်အား Welthungerhilfe (WHH) မှ ၂၀၁၇ ခုနှစ်တွင် LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် စတင် အကောင်အထည်ဖော်ခဲ့ပါသည်။ စီမံချက်သည် ဆန်စပါးမျိုးစေ့ တန်ဖိုးမြှင့်ကွင်းဆက် ခိုင်မာအားကောင်း စေခြင်းဖြင့် လုပ်ကွက်ငယ် တောင်သူများ၏ ကောင်းမွန်စွာ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ထားသည့် အရည်အသွေးဖြင့် ဆန်စပါးအား အသုံးပြုမှုကို တိုးတက်စေ ပါသည်။ စီမံချက်သည် အော်ပရေတာများနှင့် ဝန်ဆောင်မှု ပေးသူများ၏ စွမ်းဆောင်နိုင်မှု ပိုမိုတိုးတက်ကောင်းမွန် စေရန်နှင့် မျိုးစေ့ တန်ဖိုးမြှင့် ကွင်းဆက်အတွင်း လုပ်ရှားဆောင်ရွက်သူများအကြား ပူးပေါင်း ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရန် တို့အတွက် လုပ်ဆောင်ပါသည်။

[၄၈]။ ၂၀၁၉ – မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပင်မစီမံချက် http://myanmar.un.org/en/25466-myanmar-climate-change-master-plan-2018-2030

COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် စီမံချက် အကောင်အထည်ဖော်ရာတွင် ထိခိုက်မှုများရှိခဲ့သဖြင့် စီမံချက်သည် COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် အထောက်အကူပေးရန်အတွက် ရင်းမြစ်များအား လက်တွေ့အသုံးချခဲ့ပြီး ဧပြီလတွင် မျိုးစေ့ စိုက်ပျိုးသူများထံ ပတ်ဝန်းကျင်သန့်ရှင်းရေး ပစ္စည်းအစုံ (၁၀၇)စုံအား ပေးအပ်ခဲ့ကာ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် (၁၆)မြို့နယ်တွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MoHS) နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီး COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတင်းစကားများ ပါဝင်သည့် ကြေငြာဘုတ်ကြီး (၁၈)ဘုတ်အား စိုက်ထူခဲ့ပါသည်။

ဧပြီလနှင့် မေလအတွင်း စီမံချက်သည် Mercy Corps နှင့် မိတ်ဖက်ပြု၍ ဈေးကွက် ဆန်းစစ်အကဲဖြတ်ခြင်း တစ်ခုအား အလျင်အမြန် လုပ်ဆောင်ခဲ့ပြီး တွေ့ရှိချက်များအား ဦးတည်ရည်ရွယ်သည့် မျိုးစေ့စိုက်ပျိုးသူများနှင့် အကျိုးတူလယ်ယာ စိုက်ပျိုးသည့် တောင်သူများမှ ကြံ့ကြံ့ ခံနိုင်စွမ်း တိုးမြှင့်စေရန်နှင့် အရည်အသွေးမြင့် ဆန်စပါး မျိုးစေ့များအား ဆက်လက်ပြီး ပုံမှန် ထုတ်လုပ် စေရန်တို့အတွက် အလျင်အမြန် ပြန်လည် ထူထောင်နိုင်ရန် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ဒီဇိုင်းပုံစံ ရေးဆွဲရာတွင် အသုံးပြုခဲ့ပါသည်။

**ပထမမျိုးဆက်မျိုးစေ့ လိုအပ်ချက်အား ကြိုတင်ခန့်မှန်းရာတွင် အထောက်အကူပေးသည့် မိုဘိုင်းလ်အပလီကေးရှင်းများ**

RSSD စီမံချက်သည် စိုက်ပျိုးရေးဦးစီးဌာန (DoA) နှင့် စိုက်ပျိုးရေး သုတေသန ဦးစီးဌာန (DAR) တို့မှ ပထမမျိုးဆက်မျိုးစေ့ လိုအပ်ချက်အား ကြိုတင်ခန့်မှန်းရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် အပလီကေးရှင်း (၂)ခုနှင့် အင်တာနက် ဝက်ဘ်ဆိုဒ်တစ်ခုတို့အား ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် အသုံးပြုသူ (၆,၀၁၉)ဦးသည် “အရည်အသွေးမြင့် မျိုးစေ့ Quality Seeds” မိုဘိုင်းလ် အပလီကေးရှင်းအား ရယူအသုံးပြုခဲ့ကြပါသည်။ မိုဘိုင်းလ် အပလီကေးရှင်း စနစ်အတွင်း၌ မျိုးစေ့ စိုက်ပျိုးသူ (၆၈၀)ဦး၊ မျိုးစေ့ပျိုးပင် (၃၇)ခုနှင့် သီးနှံ(၁၄)မျိုးတို့ မှတ်ပုံတင်ထားခဲ့ကြပါသည်။ WWH မှလည်း “ပထမ မျိုးဆက် မျိုးစေ့” အပလီကေးရှင်း အသုံးပြုသည့် သင်တန်းအား ရေဇင်း စိုက်ပျိုးရေး တက္ကသိုလ်မှ စတုတ္ထနှစ် ကျောင်းသား (၂၀၂)ဦး၊ DOA ဝန်ထမ်း (၃၆၆)ဦးနှင့် မြို့နယ် (၉)မြို့နယ်မှ အစိုးရဝန်ထမ်း (၇၂)ဦးထံ ပို့ချပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် ပထမမျိုးဆက် မျိုးစေ့ မိုဘိုင်းလ်အပလီကေးရှင်းအား တနိုင်ငံလုံး အတိုင်းအတာဖြင့် ချဲ့ထွင် သုံးစွဲနိုင်ရန်အတွက် ပြုပြင် မွမ်းမံ ခဲ့ပါသည်။

**မျိုးစေ့ထုတ်လုပ်မှုအတွက် စွမ်းဆောင်ရည် တိုးတက်စေခြင်း**

RSSD စီမံချက်သည် အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့ထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပုဂ္ဂလိက မျိုးစေ့ ကုမ္ပဏီများ၊ စွန့်ဦးတီထွင် မျိုးစေ့ ထုတ်လုပ်သူများနှင့် ပူးတွဲ၍ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် ကုမ္ပဏီ (၃)ခုသည် သိုလှောင်ရုံများ ဆောက်လုပ်မှု ပြီးစီးခဲ့ပြီး ၎င်းတို့၏ မျိုးစေ့ သိုလှောင်သိမ်းဆည်းနိုင်သည့် ပမာဏ တိုးတက်လာသောကြောင့် မိုးရာသီတွင် အကျိုးတူလယ်ယာ စိုက်ပျိုးသည့် လုပ်ငန်းများအား တိုးချဲ့နိုင်သည့် ရလဒ်အား ရရှိခဲ့ပါသည်။ မိုးရာသီတွင် မြေဧက (၃၉၀)နီးပါးအား မျိုးစေ့ထုတ်လုပ်ရန်အတွက် ပြင်ဆင်ခဲ့ရာတွင် အကျိုးတူ လယ်ယာမျိုးစေ့ စိုက်ပျိုးသည့် တောင်သူ (၁၁၈)ဦး ပါဝင် ဆောင်ရွက်ခဲ့ပါသည်။ ကွန်ရက်အတွင်း လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် မျိုးစေ့ထုတ်လုပ်သူများမှ ကျိုက်လတ် ကုမ္ပဏီလီမိတက်ထံ မျိုးစေ့ ၄၇၀ တင်း (ပေါ်ဆန်းရင်အမျိုးအစား) အား ရောင်းချနိုင်ခဲ့ပြီး တစ်တင်းလျှင် မြန်မာကျပ်ငွေ (၁၇,၅၀၀) ရရှိခဲ့သဖြင့် ဒေသတွင်း ဈေးကွက်ရှိ မျိုးစေ့ ပေါက်ဈေးထက် တစ်တင်းလျှင် (၃,၅၀၀)ကျပ် ပိုမိုရရှိခဲ့ ပါသည်။

စီမံချက်မှ မြန်မာနိုင်ငံတွင် အကျိုးတူလယ်ယာ စိုက်ပျိုးခြင်းအား ကူညီပံ့ပိုးပေးရန်အတွက် ဥပဒေတစ်ရပ် လိုအပ်ကြောင်းကို ရှာဖွေ ဖော်ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

**မျိုးစေ့အရည်အသွေးအာမခံချက် တိုးတက်ကောင်းမွန်လာခြင်း**

RSSD စီမံချက်သည် အစိုးရမျိုးစေ့စိုက်ခင်းများ၏ အခြေခံအဆောက်အဦ တိုးတက်ကောင်းမွန်စေရန်နှင့် ပုသိမ်မြို့ရှိ မျိုးစေ့ စမ်းသပ်ခန်း အခြေခံ အဆောက်အဦနှင့် လိုအပ်သည့် အထောက်အပံ့ပစ္စည်းများအား အဆင့်မြှင့်တင်ရန်တို့အတွက် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ခဲ့ပါသည်။ ISO အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့ စမ်းသပ်ခန်းအား ၂၀၁၉ ခုနှစ် မေလတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ဖွင့်လှစ်ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် ဓာတ်ခွဲခန်းမှ မျိုးစေ့ နမူနာ (၁,၄၃၈)ခု အား လက်ခံ ရရှိခဲ့ပြီး နမူနာ (၄၁၃)ခုအား စမ်းသပ် စစ်ဆေးပေးခဲ့ကာ မျိုးစေ့ နမူနာ (၃၃၅)ခုအား အသိအမှတ်ပြုပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် မြို့နယ် အရည်အသွေး အာမခံသည့် စနစ်များအား ဘိုကလေးနှင့် လပွတ္တာတို့တွင် တစ်စိတ်တပိုင်း တည်ထောင်ခဲ့ပါသည်။ မျိုးစေ့ စမ်းသပ် စစ်ဆေးသည့် ပစ္စည်းကိရိယာများအား အိန္ဒိယနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော်လည်း ကမ္ဘာ့ကပ်ရောဂါကြောင့် တပ်ဆင်ရာတွင် နှောင့်နှေးခဲ့ပါသည်။

**မျိုးစေ့ကဏ္ဍ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်နှင့် ပူးပေါင်း၍ RSSD စီမံချက်သည် စီးပွားရေးလုပ်ငန်းမှ စီးပွားရေးလုပ်ငန်းသို့ (B2B) Web Portal တစ်ခု နှင့် စွမ်းဆောင်နိုင်မှု တိုးတက်စေရန် မျိုးစေ့လက်ကျန် စာရင်းစနစ်တို့ကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်အကုန်တွင် ကုမ္ပဏီ (၁၀)ခုသည် Web Portal တွင် ပူးပေါင်း ပါဝင်လာခဲ့ပါသည်။ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ B2B Web Portal အား LIFT မှ ရန်ပုံငွေထောက်ပံ့ပေးသည့် စီမံချက် ပြီးဆုံးသွားပြီးနောက်ပိုင်းတွင် ဆက်လက် ဆောင်ရွက်သွားရန်အတွက် ကတိပြုခဲ့ပါသည်။

ရပ်ရွာလူထုအဆင့်၌ စီမံချက်သည် အမျိုးသမီးများအား မျိုးစေ့စီးပွားရေးလုပ်ငန်းများအား စတင်လုပ်ကိုင်နိုင်ရန် နှင့် အမျိုးသမီး တောင်သူအသင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကူညီပံ့ပိုးပေးရန်တို့အတွက် ပြည်တွင်း အမျိုးသမီး အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အမျိုးသမီးများ ဦးဆောင်သည့်





စီးပွားရေးလုပ်ငန်းများအား ကူညီပံ့ပိုးပေးရန်အတွက် ကန်ဒေါ်လာ (၅၀,၀၀၀)အား ပူးတွဲ အားပေးသည့် ထောက်ပံ့ငွေအဖြစ် ပြန်လည် ခွဲဝေပေးခဲ့ပြီး အမျိုးသမီး (၁၀)ဦးအား ပူးပေါင်း ပါဝင်ရန်အတွက် ရွေးချယ်ခဲ့ပါသည်။

**အရည်အသွေးမြင့် ပဲမျိုးစုံမျိုးစေ့များ ပေးသွင်းမှု တိုးတက်စေရန်အတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း**

LIFT သည် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရ၏ထည့်ဝင်မှုတို့အား အရှိန်အဟုန်မြှင့်တင်ခြင်းဖြင့် အရည်အသွေးမြင့် ပဲမျိုးစုံမျိုးစေ့များ ပေးသွင်းမှုကို တိုးပွားလာစေရန်အတွက် ပုဂ္ဂလိက–အစိုးရ မိတ်ဖက်ပြုမှုကို တည်ဆောက်ပေးခဲ့ပါသည်။ ပထမမျိုးစေ့ ကုမ္ပဏီလီမိတက်အား တောင်သူများမှ အဖွဲ့ဝင်အဖြစ်နှင့် ရှယ်ယာပိုင်ဆိုင်ခွင့်ရှိစေခြင်းဖြင့် ဩဘာနှင့် မျိုးသန့် မြန်မာ (MTM) တို့မှ ပူးတွဲပိုင်ဆိုင်သည့် နိုင်ငံသားပိုင် ကုမ္ပဏီအဖြစ် ဖွဲ့စည်းခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ မျိုးစေ့ထုတ်လုပ်မှု ဌာနခွဲမှ မျိုးစေ့ဖောင်ဒေးရှင်းနှင့် မျိုးစေ့မှတ်ပုံတင်ခြင်းတို့ကို ပံ့ပိုးကူညီခဲ့ပါသည်။ တောင်သူများမှ မျိုးစေ့ထုတ်လုပ်မှုအတွက် ပုံမှန်ထည့်ဝင်မှုပေါ်တွင်မူတည်၍ အမြတ်နှင့် အကျိုးခံစားခွင့်များ ပေးအပ်ခဲ့ပါသည်။
တောင်သူ အဖွဲ့အစည်းဖြစ်သည့် မျိုးသန့်မြန်မာ (MTM) သည် ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၃၀)ရက်နေ့တွင် ဖက်စပ်ကုမ္ပဏီအဖြစ် တရားဝင် မှတ်ပုံတင်ခဲ့ပါသည်။ LIFT သည် MTM ကိုယ်စားကန်ဒေါ်လာ (၃)သန်းအား အရင်းအနှီးအနေဖြင့် ထည့်သွင်းစိုက်ထုတ်ပေးခဲ့ပြီး ဩဘာမှ ကန်ဒေါ်လာ (၃.၁)သန်းအား ပူးတွဲ ငွေကြေး ထောက်ပံ့ပေးခြင်းဖြင့် ပထမမျိုးစေ့ ကုမ္ပဏီအတွက် စုစုပေါင်း ရင်းနှီးမတည်ငွေ ကန်ဒေါ်လာ (၆.၁)သန်းအား ပေးအပ်ခဲ့ပါသည်။ LIFT မှ ကုမ္ပဏီ စတင်ထူထောင် လည်ပတ်ရာတွင် ကုန်ကျစရိတ်များ ကာမိစေရန်အတွက် စုစုပေါင်း ကန်ဒေါ်လာ (၃.၇)သန်းအား ထပ်တိုး ထောက်ပံ့ငွေအဖြစ်ထောက်ပံ့သည့်အပြင် ထပ်မံ၍ ကနဦးဆုံးရှုံးမှုများအတွက် ထေမိစေရန် ကန်ဒေါ်လာ (၁.၂၅)သန်းအား တိုးချဲ့ ထောက်ပံ့ပေးခဲ့ပါသည်။ အစုရှယ်ယာ ပိုင်ဆိုင်မှုမှာ MTM မှ (၄၉%) နှင့် ဩဘာမှ (၅၁%) ဖြစ်ပါသည်။ စီမံချက်အဖွဲ့သည် MTM တောင်သူအဖွဲ့အစည်းအတွက် တောင်သူအသစ်များအား ပါဝင်လာစေရန် စည်းရုံးရာတွင် ကူညီပံ့ပိုးပေးရန် နှင့် ကုမ္ပဏီ ၏ စီမံအုပ်ချုပ်မှုနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းများ တည်ဆောက်ရာတွင် ဦးဆောင်ရန် တို့အတွက် Mercy Corps နှင့် စာချုပ်ချုပ် ဆိုခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် မျိုးစေ့တန် (၈၉)တန်အား ထုတ်လုပ်ခဲ့ပြီး မျိုးစေ့ စိုက်ပျိုးသည့် နှုန်းအား ရှေးရိုးအသုံးပြုသည့် နှုန်းအား အသုံးပြု၍ ခန့်မှန်းပါက လယ်ဧက (၁၂,၇၀၀)စိုက်ပျိုးရန် လုံလောက်ပါသည်။ ဆိုလိုသည်မှာ ထပ်ဆင့်အကျိုး ၁:၃၅ ဖြစ်ပြီး ပထမမျိုးစေ့ကုမ္ပဏီမှ ထုတ်လုပ်သော မျိုးစေ့ (၁)တင်းသည် သီးနှံဧက (၃၅)ဧက စိုက်ပျိုးနိုင်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့် အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့မှ စုစုပေါင်း ဝင်ငွေ ရရှိမှုမှာ ကန်ဒေါ်လာ (၁၆၉,၂၉၀) ဝန်းကျင် ရှိပါသည်။ စိုက်ပျိုးသူများမှ စုစုပေါင်း အကြမ်းဖျဉ်းအမြတ် ကန်ဒေါ်လာ (၁၁၁,၇၄၂) အား ရရှိခဲ့ပါသည်။ တစ်ဧကလျှင် အကြမ်းဖျဉ်း အမြတ်အပေါ် ခန့်မှန်းခြေ သက်ရောက်မှုမှာ နောက်ထပ် ကန်ဒေါ်လာ (၁၄၁) ဒေါ်လာ ဖြစ်ပါသည်။

စီမံချက်မှ မြေဧက (၈၇၆) ဧက ကို အသုံးပြု၍ မျိုးစေ့ အသိအမှတ်ပြုလက်မှတ်ရ မျိုးစေ့ (၂၄၈)တန် (ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ နှမ်း နှင့် ပဲပိစပ်) ထုတ်လုပ်ခဲ့ပြီး ယခုအချိန်အထိ ထုတ်လုပ်ခဲ့သော အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့မှ ဝင်ငွေသည် ကန်ဒေါ်လာ (၈၃၈,၃၁၈) ဝန်းကျင်ရှိပါသည်။

ပထမမျိုးစေ့ ကုမ္ပဏီသည် အမျိုးသမီး ၂၅ ဦး အပါအဝင် တောင်သူ (၂၇၅)ဦးနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့ (၂၄၈,၄၆၇) ကီလိုဂရမ်အား ထုတ်လုပ်ခဲ့ပါသည်။ ၂၀၁၉ အောက်တိုဘာလမှ ၂၀၂၀ ဒီဇင်ဘာလ အထိ ထုတ်လုပ်မှု စက်ဝန်းတွင် အမျိုးသမီး (၂၅) ဦး အပါအဝင် စိုက်ပျိုးသူ (၂၁၄)ဦး ရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စုစုပေါင်း ထုတ်လုပ်သည့် ဧရိယာမှာ (၇၁၆.၄)ဧက ရှိပြီး အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့ (၁၀၁,၁၁၇) ကီလိုဂရမ် ထုတ်လုပ်ခဲ့ပါသည်။

Mercy Corps အဖွဲ့သည် MTM လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများအတွက် လမ်းညွှန်ချက်များ ပြုစုခဲ့ပြီး ၂၀၂၀ ခုနှစ် စတုတ္ထ (၃)လပတ်တွင် အဖွဲ့ဝင် အသစ်များနှင့် စတင် စာချုပ်လက်မှတ်ရေးထိုးခဲ့ရာ ဒီဇင်ဘာလ၌ တောင်သူ (၁၅၆)ဦး တို့နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ အသစ်ပါဝင်လာသည့် တောင်သူများအတွက် လမ်းညွှန်ပြသသည့် ချဉ်းကပ်နည်းလမ်းအား အသုံးပြုပါသည်။ ဝန်ထမ်းအသစ်များသည် လက်ရှိ လုပ်ကိုင်နေ သည့် ဝန်ထမ်းများနှင့်တွဲ၍ အနည်းဆုံး သီးနှံ စိုက်ပျိုးရာသီ စက်ဝန်းတစ်ခု ကြာသည်အထိ တွဲဖက် လုပ်ကိုင်ခဲ့ပါသည်။ ယင်းနောက်တွင် မျိုးစေ့ စိုက်ပျိုး ထုတ်လုပ်မှုအတွက် စိုက်ပျိုးသူအသစ်များမှ ၎င်းတို့၏ တောင်သူ အုပ်စုများကို စီမံခန့်ခွဲပါသည်။ သီးနှံအများစု၏ ထွက်နှုန်းမှာ အလွန်ကောင်းသည်မှ အလွန်ညံ့ဖျင်းသည်အထိ အမျိုးမျိုး ကွဲပြားပါသည်။ စီမံချက်အဖွဲ့သည် ပိုမို ကျပ်တည်းသော တောင်သူ များနှင့် နေရာ ရွေးချယ် သည့် လုပ်ငန်းစဉ်များ တွင်ကူညီ ဆောင်ရွက်ပေးပါသည်။

လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်း (Cash for work) ရှေ့ပြေးစမ်းသပ်ဆောင်ရွက်မှု ၂၀၂၀ ခုနှစ်တွင် LIFT သည် မြန်မာနိုင်ငံအစိုးရအား COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးခဲ့ပါသည်။ LIFT နှင့် စိုက်မွေးဆည် ဝန်ကြီးဌာနတို့သည် COVID-19 ကပ်ရောဂါ ၏ သက်ရောက်မှုအား လျော့ပါး သက်သာစေပြီး ပြန်လည် ထူထောင်ရေး အစီအမံတစ်ခု အနေဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ကဏ္ဍတွင် ငွေကြေး ထောက်ပံ့မှုပေးသည့် ပုံစံများ ကို စမ်းသပ်ရန်အတွက် အလျင်အမြန် ရှေ့ပြေးစမ်းသပ်သည့် စီမံချက်အား ပူးပေါင်းပြီး အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ပါသည်။

LIFT နှင့် စိုက်မွေးဆည်ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး Welthungerhilfe (WWH) သည် စိုက်ပျိုးရေး ဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသန ဦးစီးဌာနတို့၏ မျိုးစေ့စိုက်ခင်း (၆)ခုနှင့် ရွေးချယ်ထားသည့် မျိုးစေ့ စီးပွားရေးလုပ်ငန်း (၂)ခု တို့အား ဦးတည်ရည်ရွယ်၍ အလုပ်လုပ်ကိုင်သည့်အတွက် ငွေကြေးထောက်ပံ့သည့် ရှေ့ပြေးစမ်းသပ်သည့် စီမံကိန်း လုပ်ငန်းများအား ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ စီမံချက် ၏ အလုံးစုံ ရည်ရွယ်ချက်မှာ မြစ်ဝကျွန်းပေါ် ဒေသတွင် COVID-19 ကပ်ရောဂါကြောင့် ဖြစ်လာသည့် ဆိုးကျိုးသက်ရောက်မှု အလားအလာများ လျော့ပါး

သက်သာစေရန် အလွန်အရည်အသွေး မြင့်မားသော ပထမမျိုးဆက် မျိုးစေ့များကို ပုံမှန်ထောက်ပံ့ပေးခြင်းအား သေချာရန်အတွက် ဖြစ်ပါသည်။ ရှေ့ပြေးစမ်းသပ်မှုမှ ချဉ်းကပ် လမ်းများ၊ အုတ်ရေနုတ်မြောင်းများနှင့် သိုလှောင်ရုံများ ဆောက်လုပ်ခြင်း အပါအဝင် အစီအစဉ်အတွက် အဆိုပြုထားသည့် လုပ်ငန်းဖြင့် အားနည်းထိခိုက် အလွယ်ဆုံး သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခဲ့ပါသည်။ ရှေ့ပြေးစမ်းသပ်မှုမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများအား Cash for Work အစီအစဉ်အား တနိုင်ငံလုံး အတိုင်းအတာဖြင့် တိုးချဲ့ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များ ပေးအပ်ရန်အတွက် ရည်ရွယ်ပါသည်။

Cash for Work ရှေ့ပြေးစမ်းသပ်မှု အစီအစဉ်အတွက် စုစည်းထားသည့် သူများအား အုတ်ရေမြောင်း ဆောက်လုပ်ရာတွင် လုပ်ကိုင်နိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဆောက်လုပ်မည့် နေရာနှင့် ဒီဇိုင်းပုံစံတို့အား နောက်ဆုံး အတည်ပြုပြီးသည်နှင့် တပြိုင်နက် အလုပ်ပုံစံများနှင့် မြောင်းမြရှိ မျိုးစေ့ စိုက်ခင်း အနီးအနားရှိ ကျေးရွာ (၅)ရွာမှ အလုပ်သမားများ ရွေးချယ်သည့် လုပ်ငန်းစဉ်တို့အား သတ်မှတ်နိုင်ရန်အတွက် ရပ်ရွာလူထု အစည်းအဝေးများအား ကျင်းပခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်တွင် အလုပ်သမား (၈၂)ဦး (အမျိုးသမီး ၂၇%) သည် ၁၅၄ မီတာ ရှည်လျားသည့် ရေမြောင်းအား ဘိလပ်မြေ အချောကိုင်ရန်သာ ကျန်သည်အထိ တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။ အလုပ်သမားများအား ၎င်းတို့ လုပ်ဆောင်ရသည့် အခန်းကဏ္ဍအပေါ် မူတည်၍ တစ်လလျှင် မြန်မာကျပ်ငွေ (၆,၀၀၀) (ကန်ဒေါ်လာ ၄) နှင့် မြန်မာကျပ်ငွေ (၁၂၀,၀၀၀) (ကန်ဒေါ်လာ ၈၆) တို့အကြား ပေးခဲ့ပါသည်။

**ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး**

Mercy Corps နှင့် ယင်း၏ မိတ်ဖက် အဖွဲ့အစည်းများသည် တောင်သူများအား ထုတ်လုပ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးတက်ကောင်းမွန်စေရန် အလေ့အကျင့်ကောင်းများ လက်ခံကျင့်သုံးစေရန်အတွက် ကူညီပံ့ပိုးပေးရန် လပွတ္တာအား ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း (LLM) စီမံချက်အား အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းမှ အောက်ဖော်ပြပါ ရလဒ်များ ရရှိခဲ့ပါသည်–

» တောင်သူ (၁,၃၄၂)ဦးသည် အရည်အသွေး မြင့်မားသည့် မျိုးစေ့များအား အသုံးပြုမှု မြင့်တက်ခဲ့ခြင်း (၂၉% မြင့်တက်ခဲ့ပါသည်)

» တောင်သူ (၅၁၆)ဦးသည် နွေရာသီ၌ ဆည်မြောင်းရေအား အသုံးပြု၍ ရေစိုတလှည့် ခြောက်တစ်ခါ ရေထိန်းစနစ်ကို အသုံးပြုခဲ့ခြင်း။ (၄၃% တိုးတက်ခဲ့ပါသည်။)

» တောင်သူအုပ်စုများသည် အုပ်စုလိုက် စုပေါင်းသိုလှောင်သည့်ပုံစံဖြင့် သိုလှောင်ခြင်းမှတဆင့် ကောင်းမွန်သော သိုလှောင်သိမ်းဆည်းသည့် အလေ့အကျင့်များအား လက်ခံကျင့်သုံးခဲ့သဖြင့် တောင်သူများသည် ၎င်းတို့၏ ထုတ်ကုန်များကို ရောင်းချရန် ပိုမိုကောင်းမွန်သည့် ဈေးကွက်အနေအထား ရောက်သည့် အချိန်အထိ စောင့်ဆိုင်းနိုင်ခဲ့သောကြောင့် အရည်အသွေး ကောင်းမွန်အောင် ထိန်းသိမ်းထားခဲ့ပြီး ဈေးကောင်းရရှိခဲ့ခြင်း

» စီမံချက်မှ တောင်သူ (၂,၉၈၇)ဦး (အမျိုးသမီး ၃၁%) ထံ ရောက်ရှိခဲ့ပြီး ဖြစ်ခြင်း

စုစုပေါင်းအနေဖြင့် စီမံချက်၏ ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက် အစိတ်အပိုင်းမှ အသားတင်ဝင်ငွေဆိုင်ရာ အကျိုးအမြတ် ကန်ဒေါ်လာ (၃.၉) သန်းအား ဖန်တီးပေးခဲ့ပြီး LIFT ၏ ရင်းနှီးမြှုပ်နှံမှု (၂.၉) သန်းမှ စီးပွားရေး အကျိုးအမြတ် ပြန်ရသည့်နှုန်း ၈.၃%အား ဖြစ်ထွန်းစေခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများကြောင့် စုစုပေါင်း တိုးတက်လာသည့် တောင်သူများ၏ ဝင်ငွေမှာ ကန်ဒေါ်လာ (၂.၃)သန်းရှိခဲ့ပြီး ဈေးကွက်အတွင်း လုပ်ရှား ဆောင်ရွက်သူများ၏ ဝင်ငွေမှာ ကန်ဒေါ်လာ (၁.၆)သန်း တိုးတက်ခဲ့ပါသည်။

စီမံချက်အား ၂၀၂၀ ခုနှစ်တွင် ပိတ်သိမ်းခဲ့ပြီး စီမံကိန်း ပြီးဆုံးချိန် လုပ်ဆောင်သည့် စစ်တမ်းမှ စီမံချက်၏ အကျိုးဆက်အနေဖြင့် တောင်သူများသည် စီမံချက်အခြေခံသည့် စီမံကိန်း လုပ်ဆောင်ချက်များမှတဆင့် နွေရာသီတွင် ပျမ်းမျှ ကန်ဒေါ်လာ (၆၉၉) ထပ်မံ ဝင်ငွေ ရရှိခဲ့ပြီး (တိုးတက်မှု ၁၂၂% ) မိုးရာသီတွင် ကန်ဒေါ်လာ (၃၀၀) (တိုးတက်မှု ၃၃%) ထပ်မံ ဝင်ငွေ ရရှိခဲ့ပါသည်။

ပျမ်းမျှအထွက်နှုန်းများမှာ နွေရာသီအတွင်း၌ တစ်ဧကလျှင် (၆၄၉) ကီလိုဂရမ် (တိုးတက်မှု ၆၀%) နှင့် မိုးရာသီတွင် တစ်ဧကလျှင် (၁၄၆) ကီလိုဂရမ် (တိုးတက်မှု ၁၇%) တိုးတက် ရရှိခဲ့ပါသည်။ မိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်မှုအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော်လည်း ဆားဓာတ်ပါဝင်မှု ရှိနေသဖြင့် ထုတ်လုပ်မှု နည်းပါးပါသည်။ ရေစိုတလှည့် ခြောက်တစ်ခါ ရေထိန်းစနစ်ကို ကျင့်သုံးခြင်းနှင့် ဓာတ်မြေဩဇာများ အချိုးညီစွာ အသုံးပြုခြင်း ကဲ့သို့သော အလေ့အကျင့်များအား ရေကြီးသည့်အတွက်ကြောင့် အလွယ်တကူ လက်တွေ့ အသုံးပြုခြင်း မလုပ်နိုင်ခဲ့ပါ။ မိုးရာသီတွင် တောင်သူများအားလုံး စိုက်ပျိုးကြသော်လည်း နွေရာသီတွင် ရေအရည်အသွေး ကွာဟချက်နှင့် ဆည်မြောင်း အခြေခံ အဆောက်အဦ မရှိခြင်းတို့ကြောင့် (၃၅%) သာ စိုက်ပျိုးကြပါသည်။

**ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက်အတွင်းရှိ ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေး**

တူညီသည့် စီမံချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် Mercy Corps သည် လုပ်ရှားဆောင်ရွက်သူများဖြစ်သည့် တောင်သူများ၊ ဆန်စက် ပိုင်ရှင်များ၊ ကုန်သည်များ၊ ပွဲစားများနှင့် သွင်းအားစု ဝန်ဆောင်မှု ပေးသူများ အားလုံး အတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ဈေးကွက် ပြောင်းလဲမှုများကို ဖန်တီးပေးရန်အတွက် ရည်မှန်းထားပါသည်။ အသုံးပြုသည့် ချဉ်းကပ်နည်းလမ်းများတွင် အကျိုးတူလယ်ယာ စိုက်ပျိုးခြင်း၊ အကြွေးစနစ်ဖြင့် မျိုးစေ့ရောင်းချပေးခြင်းနှင့် သီးနှံအာမခံထားရှိခြင်းတို့ ပါဝင်ပါသည်။ စီမံချက်သည် တန်ဖိုးမြှင့်ကွင်းဆက်အတွင်းရှိ လုပ်ရှား ဆောင်ရွက်သူများအား ပိုမိုကောင်းမွန်သည့် အမြတ်အစွန်းနှင့် ယှဉ်ပြိုင်နိုင်မှုတို့ကို ရရှိစေရန် ပြောင်းလဲမှုများကို အစဉ်အမြဲ လက်ခံနိုင်ရန်နှင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများ ချဲ့ထွင်ရန် တို့အတွက် လုပ်ဆောင် ပေးနိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် စီမံချက်သည် တောင်သူလယ်သမားများအတွက် ဈေးကွက်ဈေးနှုန်းအား ပုံသေသတ်မှတ်ထားသည့် ဈေးကွက်တစ်ခုအား ရယူပေးခဲ့ပါသည်။ ဆန်စက်ပိုင်ရှင်များအတွက် တူညီသော အရည်အသွေးရှိသည့် ဆန်စပါးများအား ပေးသွင်းပေးမည် ဆိုသည့် အာမခံချက် ရရှိခဲ့ပါသည်။





စီမံချက်သည် စင်္ကာပူနိုင်ငံမှ Golden Sunland ကုမ္ပဏီအား လပွတ္တာမြို့နယ်တွင် လုပ်ငန်းများ ထူထောင်ရန် တောင်သူများနှင့် ဒေသ အာဏာပိုင်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့် ကူညီပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ကုမ္ပဏီသည် ယင်း၏ နှစ်မျိုးစပ်ထားသည့် ဆန်စပါးအမျိုးအစားအား အသုံးပြု၍ ကွင်းဆင်း စမ်းသပ်မှု ပြုလုပ်ခဲ့ပါသည်။ စမ်းသပ်မှုမှ အောင်မြင်မှု ရရှိခဲ့သောကြောင့် Golden Sunland သည် ၂၀၁၉ ခုနှစ်တွင် လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုအား တိုးချဲ့ခဲ့ရာတွင် အကျိုးတူလယ်ယာ စိုက်ပျိုးသည့် တောင်သူ (၄၈)ဦး ပါဝင်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် တောင်သူ (၇၅)ဦး ပါဝင်ခဲ့ပါသည်။

Golden Sunland ၏ ဆန်အမျိုးအစားသည် တောင်သူများ၏ အထွက်နှုန်းအား ခန့်မှန်းခြေ (၁၀%) တိုးတက်စေပါသည်။ သို့သော် လည်း ဒေသခံ စားသုံးသူများ၏ ဝယ်လိုအား နည်းပါးသဖြင့် Golden Sunland သည် ရိတ်သိမ်းခဲ့သည်များ အားလုံးကို ဝယ်ယူခဲ့ပြီး စင်္ကာပူနိုင်ငံနှင့် ရန်ကုန်မြို့ တို့တွင် ရောင်းချခဲ့ရပါသည်။

Golden Sunland သည် တောင်သူများထံမှ ရိတ်သိမ်းပြီးနောက် ၂၄ နာရီအတွင်း စိုထိုင်းဆရှိနေသည့် စပါးများ ဝယ်ယူသည့် ဆန်းသစ် တီထွင်မှုရှိသော အသစ်တစ်ခုအား မိတ်ဆက်ပေးခဲ့ပါသည်။ တောင်သူများသည် ၎င်းတို့၏ ဆန်စပါးများကို အခြောက်ခံရန်အတွက် Golden Sunland နှင့် စာချုပ်ချုပ်ဆိုထားသော တိုင်းဝင်းဆန်စက် ပို့ပေးခဲ့ပါသည်။ တောင်သူများ၏ ၎င်းတို့၏ ဆန်စပါးများအား အခြောက်လှန်းရန် မလိုတော့သဖြင့် အလုပ်သမား များ သက်သာခဲ့ပါသည်။ ဆန်စပါးများအား ဆန်စက်ပိုင်ရှင်မှ အရည်အသွေး အာမခံချက်ဖြင့် မြန်မြန်ဆန်ဆန် အခြောက်ခံနိုင်သဖြင့် ဆန်စပါး၏ ထွက်နှုန်းနှင့် အရည်အသွေးမှာ တိုးတက်လာပါသည်။

Golden Sunland နှင့် Mercy Corps တို့သည် အကျိုးတူလယ်ယာစနစ် အစီအစဉ်အတွက် အားဖြည့်နိုင်ရန်နှင့် Golden Sunland တောင်သူများနှင့် ပိုမိုအားကောင်းလာသည့် ဆက်ဆံရေး နှင့် တန်ဖိုးမြှင့်ကွင်းဆက်တလျှောက် ပေါင်းစပ်ညှိနှိုင်းခြင်း တို့ကို ထပ်မံ အားဖြည့်ပေးရန် အခြား ကုမ္ပဏီများအား မိတ်ဆက်ပေးခဲ့ပါသည်။

ဤမိတ်ဖက်ပြုမှုမှ ရရှိသော အခြား ပြီးစီးအောင်မြင်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည် –

» Golden Sunland သည် မြန်မာ့ဩဘာမှ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား ဝယ်ယူခဲ့ပြီး အဆိုပါ သွင်းအားစုများအား တောင်သူများထံ တစ်လလျှင် အတိုးနှုန်း (၂.၅%) ဖြင့် အကြွေး ရောင်းချပြီး ပံ့ပိုးပေးခဲ့ခြင်း

» မှတ်ပုံတင်ထားသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း Daung Capital သည် Golden Sunland လမ်းကြောင်းမှတဆင့် တစ်ဧကလျှင် ကန်ဒေါ်လာ (၁၀၀)နီးပါးရှိသည့် လုပ်ငန်းလည်ပတ်သည့် အရင်းအနှီး ချေးငွေအား တလလျှင် ၂.၅% အတိုးနှုန်းဖြင့် ပေးအပ်ခဲ့ခြင်း

» တောင်သူများသည် ၎င်းတို့၏ စိုက်ပျိုးထုတ်လုပ်မှု စက်ဝန်းနှင့် ငွေကြေး လည်ပတ်သည့် အချိန်နှင့် ကိုက်ညီသော ရိတ်သိမ်းချိန်၌ ကျန်ရှိနေသည့် ချေးငွေများ အားလုံးအား ပြန်လည်ပေးဆပ်ခဲ့ခြင်း

» Village Link သည် အန်းဒရိုက်စမတ်ဖုန်းများတွင် အသုံးပြုနိုင်သော ယင်း၏ “ထွက်တိုး” မိုဘိုင်းလ် အပလီကေးရှင်းမှတဆင့် ရာသီဥတုနှင့် သီးနှံစိုက်ပျိုးရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း

» Golden Sunland နှင့် စာချုပ်ချုပ်ဆို စိုက်ပျိုးခဲ့သည့် တောင်သူများသည် ၎င်းတို့မှ ဒေသတွင်း ဈေးကွက်များသို့ ရောင်းချသည်ထက် ခန့်မှန်းခြေ (၄၀%) ဈေးပိုရသဖြင့် ပျမ်းမျှကန်ဒေါ်လာ (၁၅၀) ပိုမိုရရှိခဲ့ ခြင်း။ ဤတိုးတက်ရရှိမှုမှာ တိုးတက်ကောင်းမွန်သည့် နှစ်မျိုးစပ်မျိုးစေ့ အမျိုးအစားကြောင့် အထွက်နှုန်း တိုးတက်လာသည်နှင့် Golden Sunland မှ ဈေးကောင်း ရရှိသည့် အဆင့်မြင့် ဈေးကွက်များအား လက်လှမ်းမီသည့်အတွက်ကြောင့် ဈေးကွက်ဈေးနှုန်းထက် ပိုမိုသည့် မြင့်မားသည့် ဈေးဖြင့် ကမ်းလှမ်းသည့်အတွက်တို့ကြောင့် ဖြစ်ပါသည်။

» Golden Sunland အပြင် Mercy Corps သည် တောင်သူ (၂၅၈)ဦးနှင့် ဈေးနှုန်း အသေသတ်မှတ်ပြီး အကျိုးတူလယ်ယာ စိုက်ပျိုးသည့် စနစ်အား ဆန်စက်ပိုင်ရှင် (၄)ဦးနှင့် မိတ်ဆက်ပေးခဲ့ခြင်း

Golden Sunland ၏ အကျိုးတူလယ်ယာ စိုက်ပျိုးသော အစီအစဉ်သည် ၂၀၂၄ ခုနှစ်တွင် တောင်သူ (၅,၀၀၀)ဦးထံ ရောက်ရှိမည်ဟူသော ရည်မှန်းချက်နှင့်အတူ LLM မှ ဖန်တီး တည်ထောင်ပေးခဲ့သည့် တောင်သူအုပ်စုများကို အခြေခံအဖြစ် အသုံးပြုပြီး နောက်ထပ် စာချုပ်ချုပ်ဆို စိုက်ပျိုးမည့် တောင်သူများအား ထပ်မံ ပေါင်းစည်းကာ လပွတ္တာတွင် ဤစီမံချက်အား တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှု မြင့်မားမည် ဖြစ်ပါသည်။

စီမံချက်၏ အောင်မြင်မှုအပေါ် အခြေခံ လုပ်ရှားဆောင်ရွက်သူအမျိုးမျိုးအတွက် ရရှိခဲ့သော အဓိကသင်ခန်းစာများတွင် အောက်ပါတို့ ပါဝင် ပါသည်–

» ဈေးကွက် အခြေပြု စီမံကိန်းဆောင်ရွက်ချက်များအား စတင် မိတ်ဆက် လုပ်ဆောင်ရာတွင် အားလုံးပါဝင်သည့် ပလက်ဖောင်းတစ်ခုအား ဖန်တီးတည်ဆောက်ခြင်းသည် ဈေးကွက်ဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အဓိကကျခြင်း

» အရည်အသွေးမြင့်မားသည့် မျိုးစေ့များအား လက်လှမ်းမီရယူနိုင်ခြင်းသည် တောင်သူများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် ဝင်ငွေ တိုးတက်စေရန်အတွက် အထောက်အကူပြုခြင်း

» သင့်တော်သည့် မိတ်ဖက်ပြုမှုမှ ပိုမိုကြီးမားသည့် မိတ်ဖက်ပြုခြင်းဆီသို့ ဦးတည်နေပြီး တဆက်တည်းမှာပင် ဆန်စပါး တန်ဖိုးမြှင့်ကွင်းဆက်အတွင်းရှိ လုပ်ရှားဆောင်ရွက်နေသူများ အားလုံးအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်း

» တန်ဖိုးမြှင့်ကွင်းဆက်တလျှောက်ရှိ လုပ်ရှားဆောင်ရွက်သူ အမျိုးမျိုးအတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ကိစ္စရပ်များအား ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် ဖြစ်ပေါ်လာစေရန် ဝန်ဆောင်မှုများမှ စိုက်ပျိုးရေး ကဏ္ဍတွင် ကျရောက်နိုင်သည့် အန္တရာယ်များ လျော့ကျစေရန်အတွက် လုပ်ဆောင်ရမည့် လိုအပ်ချက် တစ်ရပ်ရှိနေခြင်း

**တောင်တန်းဒေသများတွင် လယ်ယာအကြံပေး ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာခြင်း**

International Fertilizer Development Center (IFDC) မှ အပူပိုင်းဇုန်၏ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် (၆)မြို့နယ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ခုနှစ် အောက်တိုဘာလအထိ ဆောင်ရွက်ခဲ့သည့် စီမံချက်အား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံချက်သည် အရည်အသွေးမြင့် သွင်းအားစုများအား မှန်ကန်စွာ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့် သတင်းအချက်အလက်များအား တောင်သူများထံ ပေးအပ်နေသည့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများနှင့် ဝန်ဆောင်မှုပေးသူများ၏ ကွန်ရက်အား တည်ထောင်ပေးခြင်း၊ ခိုင်မာအားကောင်းစေခြင်းဖြင့် လယ်ယာအကြံပေး ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေခဲ့ပါသည်။ ရလဒ်အနေဖြင့် တောင်သူများ၏ သီးနှံအပေါ်၌ရှိသည့် စိုးရိမ်ကြောင့်ကြစိတ်ကြောင့် အားနည်းထိခိုက်လွယ်မှုအား လျှော့ချပေးခဲ့ပြီး ဝင်ငွေများတိုးတက် ကောင်းမွန်စေခဲ့ပါသည်။ ချဉ်းကပ်နည်းလမ်း အောင်မြင်မှု၏ အဓိကအချက်မှာ တောင်သူများ၊ အစိုးရ တိုးချဲ့ ပညာပေးသည့် လုပ်သားများနှင့် ပုဂ္ဂလိက ကဏ္ဍတို့အကြား ဆက်ဆံရေးများ တိုးတက် ကောင်းမွန်ခဲ့ခြင်း ဖြစ်ခဲ့ပါသည်။

စီမံချက်သည် အပူပိုင်းဇုန်တွင် ပိတ်သိမ်းခဲ့ပြီး IFDC သည် ကယားပြည်နယ် (လွိုင်ကော် နှင့် ဒီမောဆိုး) နှင့် ကရင်ပြည်နယ် (ဖားအံ၊ ကော့ကရိတ် နှင့် ကြာအင်းဆိပ်ကြီး) ရှိ မြို့နယ် (၅)မြို့နယ်တွင် အစီအစဉ်များအား ပုံတူပွား ဆောင်ရွက်ရန် LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှု ရရှိခဲ့ပါသည်။

စီမံချက်သည် ကယားနှင့် ကရင်ပြည်နယ်များရှိ တောင်တန်းဒေသများတွင် အာဟာရဓာတ်အမျိုးစုံပါဝင်သည့် အစားအသောက်များနှင့် ရိက္ခာသီးနှံများ လက်လှမ်းမီ ရရှယူနိုင်ရန်အတွက် အထောက်အကူရရန် စီးပွားဖြစ် သီးနှံ စိုက်ပျိုးခြင်းအပါအဝင် အာဟာရဓာတ် အမျိုးစုံပါဝင်သည့် အစားအသောက်များအတွက် ဖြည့်ဆည်းပေးသည့် သီးနှံများ ထုတ်လုပ်နိုင်စွမ်း မြှင့်တင်ပေးခြင်းကိုလည်း အာရုံစိုက်ခဲ့ပါသည်။ ရွေးချယ်ခဲ့သည့် သီးနှံများတွင် သဘော်သီး၊ ရုံးပတီသီး၊ တရုတ်ကိုက်လန်၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ပဲတောင့်ရှည်၊ ဆလပ်ရွက်နှင့် ဖရုံသီးတို့ ပါဝင်ပါသည်။

၂၀၂၀ ခုနှစ်တွင် IFDC သည် တောင်သူ ဦးရေ (၁၃,၀၀၀)နီးပါးထံ (အမျိုးသမီး ၆၂%) ထံ ရောက်ရှိခဲ့သဖြင့် ယခုအချိန်အထိ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တွင် ရောက်ရှိခဲ့သည့် စုစုပေါင်း တောင်သူအရေအတွက်မှာ (၃၁,၀၀၀)ဦး ရှိခဲ့ပြီ ဖြစ်ပါသည်။

တောင်သူများမှ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအား လိုအပ်သလောက်သာ အသုံးပြုခြင်းအပြင် စိုက်ပျိုးရာတွင် နေရာခြား၍ စိုက်ပျိုးခြင်းဖြင့် မျိုးစေ့ဖိုး ကုန်ကျစရိတ် လျော့ကျခဲ့ခြင်းတို့ကြောင့် ထုတ်လုပ်မှုစရိတ်တွင် (၂၀%) မှ (၂၅%) အထိ သက်သာစေခဲ့ကြောင်း နှင့် ထိုသို့ သက်သာခြင်းမှာ သင်တန်းတွင် သင်ယူခဲ့သည့် သတင်းအချက်အလက်များကို လက်တွေ့အသုံးချခြင်းကြောင့် ဖြစ်ကြောင်း သိရှိခဲ့ကြပါသည်။ စီမံချက်မှ တောင်သူများအား သီးနှံဘတ်ဂျက်များအား မည်ကဲ့သို့ အသုံးပြုရမည်ကို သင်ကြားပေးခဲ့ပြီး တောင်သူများမှ စိုက်ပျိုးခြင်း မပြုမီ အသုံးချခဲ့ပါသည်။

စီမံချက်သည် သွင်းအားစု ဝန်ဆောင်မှုပေးအပ်သူ (ISP) ၇၉ ဦးအား ကုန်ပစ္စည်းများအား မှန်ကန်သည့် နည်းလမ်းဖြင့် ထားသို သိမ်းဆည်းခြင်း၊ ရောင်းချသည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု အမျိုးစုံရောင်းချပေးခြင်း၊ နှင့် ၎င်းတို့၏ ကိုယ်ပိုင်ဆိုင်များမှ (သို့) ပြန်လည် ဝယ်ယူရောင်းချသူများမှတဆင့် ရောင်းချမည့် နေရာအသစ်များ ဖွင့်လှစ်ခြင်း တို့တွင် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ စီမံဆောင်ရွက်မှု များသည် အရောင်း ပမာဏနှင့် အရေအတွက်တို့ တိုးပွားလာခြင်းဆီသို့ ဦးတည်ခဲ့ပါသည်။

ISP များအား ထောက်ပံ့ငွေ ကန်ဒေါ်လာ (၁၀,၀၀၀) အား ပေးအပ်ခဲ့ပြီး စရိတ်မျှပေးအစီအစဉ်အဖြစ် အနည်းဆုံး ကန်ဒေါ်လာ (၂,၀၀၀) ထည့်ဝင်ရန်လိုအပ်ပါသည်။ ထောက်ပံ့မှု တစ်ခုချင်းဆီတွင် ကြိုတင်သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များ ရှိပြီး – တောင်သူများမှ ကုန်ပစ္စည်းများနှင့် လဲလှယ်နိုင်သည့် ဘောင်ချာများ အတွက် (၂၅%) မှ (၃၀%) ၊ နည်းပညာလွှဲပြောင်း ပေးမှု အတွက် (၂၅%) နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် (၅၀%) ဖြစ်ပါသည်။ ISP တစ်ဦးချင်းစီသည် တစ်ကြိမ်လျှင် တောင်သူ (၅၀) မှ (၇၀) ဦးကြားအား ဦးတည် ရည်ရွယ်ရမည့် သင်တန်း (၄)ကြိမ်၊ တစ်ကြိမ်လျှင် တောင်သူ (၅၀)ဦးအား ဦးတည်ရည်ရွယ်၍ လက်တွေ့ စိုက်ပျိုး ပြသမှုအတွက် စိုက်ခင်း (၃)ခင်းနှင့် တစ်ကြိမ်လျှင် တောင်သူ (၇၀) မှ (၁၀၀) ဦးအကြား ဦးတည်ရည်ရွယ်၍ တောင်သူ ကွင်းဆင်းဆောင်ရွက်သည့် ရက် (၃)ရက်တို့အား အစီအစဉ် ရေးဆွဲထားရန် ဖြစ်ပါသည်။

ISP များသည် တောင်သူ (၉,၇၉၉) ဦး (အမျိုးသမီး ၄၀%) မှ တက်ရောက်ခဲ့သည့် သင်တန်း အကြိမ်ရေ (၁၂၂)ကြိမ်အား ပြုလုပ်ပေးခဲ့ပြီး လက်တွေ့စိုက်ပျိုးပြသသည့် စိုက်ခင်း (၈၀) (ကရင်ပြည်နယ်တွင် ၅၁ ခင်းနှင့် ကယားပြည်နယ်တွင် ၂၉ ခင်း) အား တည်ထောင်ခဲ့ပြီးဖြစ်ကာ တောင်သူ (၅,၀၃၅) ဦး (အမျိုးသမီး ၄၀%) တို့မှ တက်ရောက်ခဲ့သည့် တောင်သူကွင်းဆင်း နေ့ရက်ပေါင်း (၆၀)အား စီစဉ် ပြုလုပ်ခဲ့ပါသည်။

ISP များသည် ၎င်းတို့နှင့် တောင်သူများအကြား အပြန်အလှန်ဆက်သွယ် ဆောင်ရွက်မှုများ တိုးတက်လာစေရန် ဈေးကွက်မြှင့်တင်သည့် နည်းကိရိယာ တစ်ခုအနေဖြင့် ဘောင်ချာတစ်ခုလျှင် တန်ဖိုး မြန်မာကျပ်ငွေ (၁၀,၀၀၀) (ကန်ဒေါ်လာ ၇)ခန့် တန်ဖိုးရှိသော ကုန်ပစ္စည်းများနှင့် အခမဲ့ လဲလှယ်ယူနိုင်သည့် ပြေစာ (၆,၄၈၉) ခုအား ဖြန့်ဝေပေးခဲ့ပါသည်။

စံပြကွက်များအား IFDC၏ စိုက်ပျိုးရေး ပညာရှင်များ၏ တိုက်ရိုက်တာဝန်ယူမှုအောက်၌ ထားရှိခဲ့ပါသည် (သို့) စိုက်ပျိုးရေး ဦးစီးဌာန၏ တိုးချဲ့ပညာပေးရေးဝန်ထမ်းများ၏ ကူညီပံ့ပိုးပေးမှုဖြင့် ISP များ၏ တာဝန်ယူမှု အောက်၌ ထားရှိခဲ့ပါသည်။ IFDC ၏ အစီရင်ခံစာများအရ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် စိုက်ခင်း (၁၁၆)ခင်းအား တည်ထောင်ခဲ့ပြီး (၅၀)ခင်းမှာ ဆန်စပါး၊ (၅)ခင်းမှာ ပြောင်း၊ (၃၆)ခင်းမှာ စီးပွားဖြစ်သီးနှံနှင့် (၂၅)ခင်းမှာ စီးပွားဖြစ် ဟင်းသီးဟင်းရွက် သီးနှံတို့အတွက် သီးသန့်ထားရှိခဲ့ပါသည်။





စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)အတွက် သင်ကြား ပို့ချပေးသည့် သင်တန်းတွင် ပျိုးပင်အတွက် အောက်ခံမြေ အနေအထား ပြုပြင်ခြင်း၊ ပျိုးကျဲခြင်း၊ ရေလောင်းခြင်း၊ မြေဆွေးပြုလုပ်နည်းအား လက်တွေ့ပြသခြင်း၊ အစေ့မှ အညှောက်ပေါက်သည်အထိ လက်တွေ့ ပြုစုခြင်းနှင့် မြေလွှာအမျိုးအစား ရွေးချယ်ခြင်းတို့ ပါဝင်ခဲ့ပါသည်။ သရုပ်ပြစိုက်ခင်းများမှ ပျမ်းမျှ အမြတ် (၃၅%) တိုးတက် ရရှိခဲ့ပါသည်။ အမြတ်များမှာ ဆန်စပါးအတွက် တစ်ဧကလျှင် မြန်မာကျပ်ငွေ (၁,၁၀၀,၀၀၀) (ကန်ဒေါ်လာ ၇၉၀) နှင့် ခရမ်းသီးအတွက် တစ်ဧကလျှင် မြန်မာကျပ်ငွေ (၁၀,၀၀၀,၀၀၀) (ကန်ဒေါ်လာ ၇,၂၀၀) ဟူ၍ အစားစား ရှိပါသည်။

**IFDC သည် တောင်သူများ၏ လေ့လာသင်ယူမှု တိုးတက်ကောင်းမွန်စေရန်အတွက် သင်တန်း နည်းစနစ်အမျိုးမျိုး အသုံးပြုခြင်း**

တောင်သူတိုးချဲ့ ပညာပေးလက်စွဲ –နည်းပညာများနှင့် တိုးချဲ့ပညာပေးဆိုင်ရာ အချက်အလက်များ (၂)ခုလုံး ပါရှိသည့် လက်စွဲ လမ်းညွှန်စာအုပ်အား ထုတ်ဝေခဲ့ပါသည်။ သတင်းအချက်အလက်များအား စိုက်မွေးဆည် ဝန်ကြီးဌာန၊ IFDC ၏ ယခင်စီမံချက်များနှင့် သွင်းအားစု ကုမ္ပဏီများ အပါအဝင် ရင်းမြစ်အချို့မှ ကောက်နုတ် စုစည်းခဲ့ပါသည်။ ဖြစ်နိုင်သည့် နေရာများတွင် စီမံချက်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ပြုလုပ်ခဲ့သည့် လက်တွေ့ သရုပ်ပြမှုများ၏ ရလဒ်များနှင့်အတူ သတင်းအချက်အလက်များအား တင်ပြခဲ့ပါသည်။ မတူညီသည့် ပရိသတ်များအား သင်တန်းပို့ချရာတွင် သင်ခန်းစာများ အကောင်းဆုံး အသုံးပြုနိုင်မည့် နည်းလမ်းများဆိုင်ရာ လမ်းညွှန်ချက်လည်း ပါဝင်ပါသည်။ လက်စွဲလမ်းညွှန်စာအုပ်တွင် ထည့်သွင်းထားသည့် မကြာသေးမီမှ ရရှိခဲ့သည့် သတင်း အချက်အလက်များအား COVID–19 ကပ်ရောဂါကာလအတွက် ကမ္ဘာ့ဘဏ်မှပို့ချခဲ့သည့် ဒီဂျစ်တယ် စိုက်ပျိုးရေးသင်တန်းအား ပြီးစီး အောင်မြင်စွာ တက်ရောက်ခဲ့သည့် စီမံချက်ဝန်ထမ်းများမှ စုစည်းပေးခဲ့ပါသည်။ လက်စွဲ လမ်းညွှန်စာအုပ်အား မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး နည်းပညာတွင် နောက်ဆုံး သတင်းအချက်အလက်များအား စုစည်းထားသည့် ထုတ်ဝေမှုအား စိုက်မွေးဆည် ဝန်ကြီးဌာနမှ သုံးသပ်ပြီး အတည်ပြုပေးခဲ့ပါသည်။

Farm Walks (စိုက်ကွင်းအတွင်း လမ်းလျှောက်ခြင်း) – စီမံချက်သည် ပုဂ္ဂလိက ကဏ္ဍ/ ဝန်ဆောင်မှု ဦးစားပေးသည့် သတင်း အချက်အလက် များကို တောင်သူများနှင့် ပိုမို၍ အပြန်အလှန် ဖလှယ်ခြင်းဆီသို့ လျှောက်လှမ်းသည့် ခြေလှမ်းတစ်ရပ်အနေဖြင့် စိုက်ကွင်းအတွင်း လမ်းလျှောက် ခြင်း (Farm Walks) တိုးချဲ့ ပညာပေးသည့် မိုဒယ်ပုံစံအသစ်ကိုလည်း မိတ်ဆက်ပေးခဲ့ပါသည်။ Farm Walks သည် စိုက်ပျိုးရေး ပညာရှင်များမှ ၎င်းတို့၏ ပုံမှန်လှုပ်ရှားမှုဖြစ်သော စိုက်ကွင်းအတွင်း လှည့်လည် ကြည့်ရှုပြီး စိုက်ကွင်း အတွင်း၌ တောင်သူများထံ ချက်ချင်း အကြံဉာဏ် ပေးခြင်းနှင့် ချိတ်ဆက်နေသည့် ကုန်ကျစရိတ် သက်သာသည့် နည်းစနစ်ဖြစ်ပါသည်။

ဗီဒီယိုများအား သင်တန်းပေးရာတွင် နည်း ကိရိယာများအဖြစ် အသုံးပြုခြင်း – သင်ကြားနည်း နည်းစနစ်အမျိုးမျိုး အသုံးပြုနိုင်ရန် ဤကာလ အတွင်း ဗီဒီယိုဖိုင် (၁၉)ဖိုင်အား ထုတ်လုပ်ခဲ့ပြီး တောင်သူများထံ ဖြန့်ဝေပေးခဲ့ပါသည်။

တန်ဖိုးမြှင့်ကွင်းဆက်သီးသန့်လုပ်ငန်းအဖွဲ့များ – သီးသန့် တန်ဖိုးမြှင့်ကွင်းဆက်များအတွက် အကြောင်းအရာအလိုက် လုပ်ငန်း အဖွဲ့များအား ဖွဲ့စည်းခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန (သို့) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ စိုက်ပျိုးရေးဌာနများ၊ ISP များ၊ တောင်သူများနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

IFDC ၏ ကယားနှင့် ကရင်ပြည်နယ်များရှိ စီမံချက်များသည် ရာသီဥတုနှင့် COVID–19 ကပ်ရောဂါနှင့် ဆက်နွှယ်နေသည့် စိန်ခေါ်မှုများကို တွေ့ကြုံခဲ့ရပါသည်။

ပြီးခဲ့သည့် မိုးရာသီအတွင်း စီမံချက်ဒေသများ အားလုံးတွင် ပုံမှန် မိုးရေချိန်ထက် လျော့နည်းခြင်းနှင့် နွေရာသီတွင် လုံးဝ မိုးမရွာခြင်း ကြုံတွေ့ခဲ့ကြပါသည်။ ရလဒ်အနေဖြင့် မိုးကြိုကာလ စီးပွားဖြစ် သီးနှံများ၏ ထုတ်လုပ်နိုင်မှု ကျဆင်းခဲ့ပြီး တဆက်တည်းမှာပင် သွင်းအားစု ပေးသွင်းသူများ၏ ဝင်ငွေလည်း ကျဆင်းသွားခဲ့ပါသည်။ COVID–19 ကပ်ရောဂါကြောင့် နယ်စပ်များ ပိတ်လိုက်သဖြင့် နိုင်ငံခြားပို့ကုန်များ ရပ်တန့်သွားခြင်း နှင့် ဒေသတွင်း ကုန်ဈေးနှုန်းများ ကျဆင်းခဲ့ခြင်းတို့မှ ဤအခြေအနေအား ပိုမို ဆိုးရွားစေခဲ့ပါသည်။ ထို့အပြင် အစိုးရ၏ ထိန်းချုပ်သည့် အစီအမံများကြောင့် သယ်ယူပို့ဆောင်ခြင်းနှင့် ကုန်သွယ်ခြင်းတို့တွင် အချိန်အကန့်အသတ်ဖြင့်သာ ပြုလုပ်နိုင်ခဲ့သဖြင့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ တန်ဖိုးမြှင့်ကွင်းဆက်များတွင် ပြတ်တောက်မှု ရှိခဲ့ပါသည်။

အကြီးမားဆုံး စိန်ခေါ်မှုမှာ အဆိုပါအချက်များ သေချာရေရာမှုမရှိခြင်းမှ တောင်သူများအား ရင်းနှီးမြှုပ်နှံရန်အတွက် ဆုံးဖြတ်ချက်များ မချမှတ်နိုင်တော့ခြင်းနှင့် ဝင်ငွေများ ထိန်းသိမ်းနိုင်မှုမရှိတော့ခြင်းတို့ ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ ယင်းမှ တောင်သူများအတွက် စီးပွားရေးထိခိုက်စေသည့် သက်ရောက်မှုများဆီသို့ ဦးတည်ခဲ့ပါသည်။ အိမ်ထောင်စုများမှ ဈေးများတွင် လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် သားငါးဝယ်ယူမှု လျော့ကျခဲ့ခြင်းမှ ကုန်ပစ္စည်းများ ပိုလျှံခြင်း၊ ကုန်ဈေးနှုန်းများ ကျဆင်းခြင်း၊ ထုတ်လုပ်သူများအတွက် ဝင်ငွေလျော့ကျခြင်း၊ ၎င်းတို့၏ နေထိုင် စားသောက်မှုဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရန်နှင့် ဆုံးရှုံးသွားသည့် ဝင်ငွေများအား အစားထိုးပေးရန်တို့အတွက် ချေးငွေ လိုအပ်ချက်များ မြင့်တက်လာခြင်းတို့ဆီသို့ ဦးတည်ခဲ့ပါသည်။ တရားဝင် မဟုတ်သော ရင်းမြစ်များမှ ချေးငှားခဲ့သော တောင်သူများသည် အကြွေးဒုက္ခများအား ကြုံတွေ့နေပါသည်။

စိုက်ပျိုးရေးတိုးချဲ့ ပညာပေးခြင်းအား ကူညီပံ့ပိုးပေးသည့် ချဉ်းကပ်နည်းလမ်းများသည် သင့်တော် အသုံးဝင်ကြောင်းနှင့် ထပ်မံ၍ ပုံတူပွားနိုင်ကြောင်းကို စီမံချက်မှ လက်တွေ့ပြသခဲ့ပြီး အကယ်၍ နည်းပညာ စွမ်းဆောင်ရည်အရ အခြေအနေပေးပါက ဈေးကွက်စနစ်အတွင်းရှိ မတူညီသည့် တန်ဖိုးမြှင့်ကွင်းဆက်တွင်းရှိ လှုပ်ရှား ဆောင်ရွက်သူ အမျိုးမျိုးအတွက် တိုးချဲ့ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

LIFT သည် ရေရှည်တည်တံ့ခိုင်မြဲမှုအား မြှင့်တင်ရန်နှင့် ကြံ့ကြံ့ခံနိုင်စွမ်းအား တည်ဆောက်ရန်တို့အတွက် စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ (AMFS) စီမံကိန်းရှိ ယင်း၏ လက်ရှိရင်းမြစ်များကို ဆက်လက် အသုံးပြုသွားမည် ဖြစ်ပါသည်။ LIFT သည် ယင်း၏ လက်ရှိ မဟာဗျူဟာအား ဆက်လက် ကျင့်သုံးသွားမည် ဖြစ်သော်လည်း COVID–19 ကမ္ဘာ့ကပ်ရောဂါနှင့် စစ်တပ်မှ အာဏာသိမ်းမှုတို့အား တုံ့ပြန်ဆောင်ရွက်ရာတွင် အသက်မွေးဝမ်းကျောင်း ခိုင်မာအားကောင်းစေသည့် စီမံကိန်း ဆောင်ရွက်ချက်များဆိုင်ရာ ချဉ်းကပ်နည်းလမ်းအသစ်များအတွက် ဒီဇိုင်းပုံစံ ရေးဆွဲသွားမည် ဖြစ်ပါသည်။ AMFS စီမံကိန်းသည် LIFT ၏ ငွေရေးကြေးရေးတွင် အားလုံးပါဝင်စေမှု စီမံကိန်းနှင့် ချိတ်ဆက်ပြီး လုပ်ကွက်ငယ် တောင်သူများနှင့် စီးပွားရေးလုပ်ငန်း ပိုင်ရှင်များအတွက် ချေးငွေများအား ရယူနိုင်ခြင်းအား တိုးမြှင့်ပံ့ပိုးပေးခြင်းနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် LIFT ၏ ဦးတည်ရည်ရွယ်သည့် အုပ်စုများ၏ ဝင်ငွေတိုးတက်ခြင်းတို့အတွက် ရေရှည်တည်တံ့သည့် လမ်းကြောင်းအနေဖြင့် ကုန်ပစ္စည်း တန်ဖိုးမြှင့်ကွင်းဆက်များ မြှင့်တင်ခြင်းနှင့် ၎င်းတို့အား ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်းတို့နှင့်အတူ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအား ဆက်လက် ကူညီပံ့ပိုးပေးခြင်းတို့နှင့်အတူ မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုအား ကူညီပံ့ပိုးပေးရန် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

LIFT သည် COVID–19 ကပ်ရောဂါ သက်ရောက်မှုနှင့် စစ်တပ်အာဏာသိမ်းမှုတို့အတွက် လျော့ပါးသက်သာစေပြီး ပြန်လည် ထူထောင်သည့် စီမံဆောင်ရွက်မှုများအနေဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ကဏ္ဍတို့တွင် ငွေကြေးထောက်ပံ့သည့် ပုံစံများဖြင့် ဆက်လက်ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ မျိုးစေ့ထုတ်လုပ်မှုကဏ္ဍတွင် အကျိုးခံစားခွင့်ရှိသူများအား အလုပ်အကိုင် အခွင့်အလမ်းများဖြင့် ကူညီပံ့ပိုးပေးရန်အတွက် Cash for Work နည်းလမ်းဖြင့် ငွေကြေးထောက်ပံ့မှုအား ရရှိမည် ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသ၌ အကောင်အထည်ဖော်ခဲ့သည့် ရွှေ့ပြောင်းစမ်းသပ်မှုမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာ များအား ၂၀၂၁ ခုနှစ်တွင် အသုံးချသွားမည် ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများနှင့် Cash for Work အစီအစဉ်အား ကနဦး စမ်းသပ်မှုပြုလုပ်ခဲ့သည့် အစီအစဉ်အား တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရာတွင် သင်ခန်းစာများ ဖော်ထုတ်ပြီး သတင်းအချက်အလက်များပေးနိုင်ရန်တို့အတွက် အစီအစဉ်တွင် အားနည်းထိခိုက်မှု အလွယ်ဆုံးသူများ (နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများ၊ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့/ စိုက်ပျိုးရေး အလုပ်သမားများ) ပါဝင်လာစေရန်အတွက် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

*LIFT ၏ စိုက်ပျိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ COVID–19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် ခန့်မှန်းခြေ လူဦးရေ (၁၅၂,၂၀၀)ဦး (အမျိုးသမီး ၅၀%) ထံ ရောက်ရှိခဲ့ပါသည်။*

သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှု

အကြောင်းအရာအလိုက် အစီအစဉ်များ

# ၄.၄

## သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု

### ခြုံငုံဖော်ပြချက်

၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် COVID–19 ကပ်ရောဂါကာလအတွင်း စီးပွားရေး လုံးဝဥဿုံ ကျဆင်းခြင်းကို ကြုံတွေ့ရခြင်းမရှိသည့် နိုင်ငံအနည်းငယ် အနက်မှ တစ်နိုင်ငံဖြစ်သော်လည်း စီးပွားရေး အကြီးအကျယ် နှေးကွေးသွားခြင်း ဆင်းရဲနွမ်းပါးမှုမှာ သိသာထင်ရှားစွာ တိုးပွား လာခြင်းတို့ ကြုံတွေ့ခဲ့ရပါသည်။[၄၉] လူမှုစီးပွားအခြေအနေ ကျဆင်းသွားမှုကို ဖြေရှင်းရန် မြန်မာနိုင်ငံအစိုးရသည် အရေးပေါ် တုံ့ပြန်ကာကွယ်ရေး အစီအမံများ ပါဝင်ပြီး ဘဏ္ဍာရေးအရ ပြန်လည် ကောင်းမွန်လာစေရန်အတွက် လမ်းကြောင်းအား ချမှတ်ပေးသည့် ရည်မှန်းချက်မြင့်မားသော COVID–19 စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက် (CERP) အား ရေးဆွဲခဲ့ပါသည်။ ချမှတ်ထားသော ဆောင်ရွက်ချက်များ၏ တစ်စိတ်တစ်ဒေသအနေဖြင့် CERP သည် လူမှုဖူလုံရေးအဖွဲ့မှ ၎င်း၏ အဖွဲ့ဝင်များအား ထောက်ပံ့ကြေးများ တိုးမြှင့်ပေးခြင်းမှတဆင့် အလုပ်သမားများအပေါ် သက်ရောက်မှုအား လျှော့ပါးစေရန် ကြိုးပမ်းခဲ့ပါသည်။ အစိုးရမှ ရပ်ရွာလူထုဆိုင်ရာ အခြေခံ ဆောက်လုပ်ရာတွင် အလုပ်အကိုင် ဆုံးရှုံးခဲ့ကြသည့် သူများအတွက် လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်း အစီအစဉ်များ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။ သို့သော်လည်း အစိုးရ၏ အားနည်းထိခိုက်လွယ်သည့် အလုပ်သမားများအတွက် ငွေကြေးထောက်ပံ့မှု အထူးသဖြင့် အလုပ်လက်မဲ့ ဖြစ်သွားသည့် အလုပ်သမားများနှင့် တရားဝင် မဟုတ်သည့် ကဏ္ဍများအတွက် လူမှုကာကွယ်စောင့်ရှောက်မှုပေးရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်အတွက် လုံလောက်မှု မရှိသောကြောင့် စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့ ပါသည်။[၅၀]

အထူးသဖြင့် အလွန် အရေးပါသည့် အထည်ချုပ်လုပ်ငန်းတွင် အလုပ်အကိုင် ရရှိထားသည့် ပြည်တွင်း ရွှေ့ပြောင်း သွားလာသူများသည် ထိခိုက် ခံစားခဲ့ရပါသည်။ ကန်ဒေါ်လာ (၄.၆) ဘီလီယံ တန်ဖိုးရှိသည့် အထည်ချုပ်ကဏ္ဍသည် မြန်မာနိုင်ငံတွင် ပြည်ပသို့ အများဆုံး တင်ပို့နေသည့် လုပ်ငန်းဖြစ်ပြီး တရုတ်နိုင်ငံနှင့် ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များ ပြတ်တောက်ခဲ့ပြီး အဓိကဈေးကွက်များမှ အမှာစာများ ဖျက်သိမ်းခဲ့သည့် ရလဒ်ကြောင့် သိသိသာသာနှေးကွေးသွားခဲ့ပါသည်။ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်းမှ အထည်ချုပ် စက်ရုံများသည် အမှာစာ (၇၅%) ကျဆင်းသွားသည်ကို ကြုံတွေ့ခဲ့ကြပြီး စက်ရုံများပိတ်သိမ်းမှုများ ထပ်မံ ကြုံတွေ့ရမည်ကို မျှော်လင့်ထားကြောင်း အစီရင်ခံ တင်ပြခဲ့ပါသည်။[၅၁] အထည်ချုပ် စက်ရုံများတွင် အမျိုးသမီးများ ဦးစားပေး ခန့်ထားလေ့ရှိသည့် သဘော သဘာဝရှိသည့်အတွက်ကြောင့် ထိုသို့ စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခြင်းကြောင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုများအား ကြီးမားစွာ ထိခိုက်နစ်နာစေခဲ့ပါသည်။

ကမ္ဘာ့ ကပ်ရောဂါ မဖြစ်ပွားမီကပင် ရွှေ့ပြောင်းသွားလာသူများ နေထိုင်သည့် မြို့ပြဝန်းကျင် ဒေသများသည် မြန်မာနိုင်ငံ၏ အားနည်း ထိခိုက်လွယ်မှု အဆိုးရွားဆုံးဖြစ်သည့် လူမှုအသိုက်အဝန်းများရှိသည့် ဒေသအချို့ ဖြစ်နေပြီး ဖြစ်ပါသည်။ ဝင်ငွေဆုံးရှုံးသွားခြင်းနှင့်အတူ ဒွန်တွဲပါလာသည့် စုဆောင်းငွေ၊ တစ်ကိုယ်ရေ သန့်ရှင်းမှုအား

---

၄၉။ Xinshen Diao, နှင့် အခြားသူများ – မြန်မာ့စီးပွားရေးအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများအား ဆန်းစစ်ခြင်း – အဖွဲ့အစည်း၏ လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်သည့် ညွှန်းကိန်း (SAM) ၏ မြှောက်ကိန်း ချဉ်းကပ်နည်းလမ်း၊ မြန်မာ SSP မူဝါဒ၊ နိုင်ငံတကာ စားနပ်ရိက္ခာ မူဝါဒ သုတေသနအဖွဲ့ (IFPRI)၊ ဝါရှင်တန်ဒီစီ၊ မေ–၂၀၂၀

၅၀။ Benjamin Harkins – COVID–19 ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း လိုအပ်နေသည့် မြန်မာ့အလုပ်သမားများ၏ အခွင့်အရေးများ ပိုမိုကောင်းမွန်အောင် ကာကွယ်စောင့်ရှောက်ခြင်း၊ ဧရာဝတီ၊ ၂၀၂၀၊ စက်တင်ဘာ ၅.

၅၁။ မျိုးပပစန်း – COVID ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အမှာစာများ ၇၅% ကျဆင်းခဲ့သည်ဟု အထည်ချုပ်စက်ရုံများမှ သတင်းပေးခြင်း၊ ဧရာဝတီ၊ ရန်ကုန်၊ ၂၀၂၀ စက်တင်ဘာ

အထောက်အပံ့ ဖြစ်စေမည့် ပစ္စည်းများ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းများနှင့် COVID-19 နှင့် ပတ်သက်၍ အသိအမြင်တို့ မရှိခြင်းတို့က အဆိုပါ အလုပ်သမားများ၏ လူမှုဖူလုံရေးသာမက ၎င်းတို့၏ နေရပ်ဒေသမှ လူမှုအသိုက်အဝန်းများရှိ ၎င်းတို့ ထောက်ပံ့ပေးသည့် မိသားစုများ၏ လူမှုဖူလုံရေးကိုလည်း ခြိမ်းခြောက်နေပါသည်။ ယင်းမှ အန္တရာယ်ရှိသော ကိုင်တွယ် ဖြေရှင်းသည့် ဗျူဟာများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများလည်း မြင့်တက်စေပါသည်။ အလျင်အမြန် ပြုလုပ်သည့် ဆန်းစစ် အကဲဖြတ်မှုများမှ ရန်ကုန်မြို့၏ ကျူးကျော်ရပ်ကွက်များရှိ အိမ်ထောင်စု အများအပြားသည် ၎င်းတို့ ကိုယ်တိုင်သုံးစွဲရန်နှင့် အစားအသောက် ဝယ်ယူရန်တို့အတွက် ပြန်လည်ပေးဆပ်နိုင်သည့် အခြေအနေ မရှိသော အကြွေးများကို ရယူနေသည်ဟု တင်ပြခဲ့ပါသည်။[၅၂] ဝင်ငွေဆုံးရှုံးမှုမှ ရွှေ့ပြောင်းသွားလာသူ အများအပြားအား အန္တရာယ်များပြီး ခေါင်းပုံဖြတ်နိုင်သည့် ပုံစံများရှိသော အလုပ်အား လုပ်ကိုင်ရန် တွန်းပို့သွား နိုင်ပြီး ကျား၊ မအခြေပြု အကြမ်းဖက်မှုများ တိုးပွားလာသည်ဟု ဝန်ဆောင်မှုပေးသူများမှ အစီရင်ခံခဲ့သည်များလည်း ရှိနေပါသည်။[၅၃]

COVID-19 ကပ်ရောဂါမှလည်း မြန်မာနိုင်ငံမှ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူ ၄.၂၅ သန်း အပေါ် သိသာထင်ရှားသည့် သက်ရောက်မှုရှိခဲ့ ပြီး အောက်တိုဘာလကုန်အထိ တရားဝင် နယ်စပ်ဂိတ်များနှင့် ကယ်ဆယ်ရေးလေယာဉ်များမှတဆင့် နေရပ် ပြန်လာသည့် ရွှေ့ပြောင်း သွားလာသူ (၁၈၇,၀၀၀) ဦးရှိခဲ့ပါသည်။[၅၄] ဆိုက်ရောက်နိုင်ငံများတွင် အလုပ်အကိုင် ဆုံးရှုံးခြင်းခဲ့ခြင်းနှင့်အတူ နေရပ်ပြန်လာခြင်းများ ကြောင့် အများစုမှာ ကျေးလက်နှင့် တိုင်းရင်းသား လူနည်းစု ဒေသများတွင် နေထိုင်သည့် အမျိုးသမီးများအား ထောက်ပံ့ပေးနေသည့် မြန်မာနိုင်ငံသို့ ငွေလွှဲပေးပို့သည့် ပမာဏ သိသိသာသာ လျော့ကျသွားခဲ့ပါသည်။ ယင်းမှ လုပ်အား ခေါင်းပုံဖြတ်ခြင်းတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် ပြဿနာများကိုလည်း ပိုမို ဆိုးရွားစေခဲ့ပါသည်။[၅၅] သာမန် အခြေအနေများ ၌ပင် လျှင် တရားမဝင် အလုပ်အကိုင် ခန့်ထားပေးခများ ရယူခြင်း၊ စာချုပ် ပြောင်းလဲ အစားထိုးခြင်း၊ လုပ်အားခများ ခိုးယူခြင်း/ ခေါင်းပုံဖြတ်ခြင်း နှင့် ရွှေ့ပြောင်းသွားလာသူများ အပေါ် အခြား အလွဲသုံးစားပြုခြင်းတို့မှာ သာမန်ဖြစ်ရိုးဖြစ်စဉ်များ ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါကာလအတွင်း သွားလာမှုများ တင်းကြပ်စွာ ကန့်သတ်လိုက်သဖြင့် ရွှေ့ပြောင်း လုပ်သား များ၏ အလုပ်လုပ်ကိုင်ရသည့် အခြေအနေများမှ ပိုမို၍ မရေမရာဖြစ်လာခဲ့ပြီး အလွဲသုံးစား အလုပ်ခံရခြင်းများ တဟုန်ထိုး တိုးပွားလာခဲ့ပါသည်။[၅၆]

COVID-19 ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုအား ကာကွယ်တားဆီးရန် ကြိုးပမ်းအားထုတ်မှု တစ်ရပ်အနေဖြင့် ထိုင်းနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသများတွင် နယ်စပ်ဖြတ်ကျော်သည့် နေရာများ၌ ရွှေ့ပြောင်းသွားသူများ ဝင်ထွက်သွားလာခြင်းအား တားဆီးရန် နှစ်ဖက်စလုံးမှ စစ်တပ်များအား တိုးချဲ့ချထားခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းမှ ရွှေ့ပြောင်းသွားလာမှုများအား လုံးဝတားဆီးနိုင်ခြင်း မရှိသည့်အပြင် ဗိုင်းရပ်စ်ထိန်းချုပ် ရာတွင်လည်း အောင်မြင်မှုမရရှိခဲ့သော်လည်း ရွှေ့ပြောင်း လုပ်သားများအတွက် နယ်စပ် ဖြတ်ကျော်သည့် လုပ်ငန်းစဉ်တွင် ပိုမိုအန္တရာယ်များပြီး၊ ပိုမိုကုန်ကျစရိတ် ကြီးမြင့်သည့်ရလဒ်ကို ဖြစ်ပေါ်စေခဲ့ပါသည်။ ပွဲစားများမှ အလွန်များပြားသည့် ဝန်ဆောင်ခရယူခဲ့ပြီး ရွှေ့ပြောင်း သွားလာသူ အများအပြားသည် ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်းနှင့် နိုင်ငံမှ နှင်ထုတ်ခြင်းတို့ကို ခံခဲ့ရပါသည်။အလုပ်သမား လိုအပ်ချက်များကို ဖြည့်ဆည်း နိုင်ရန်အတွက် ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သားများ အများအပြားအား အမြဲတမ်း လိုအပ်နေသည့် အခြေအနေအရ အနည်းငယ်သော ရွှေ့ပြောင်းလုပ်သားများအား အလုပ်ရှင်မှ အကုန်အကျခံသည့် သီးသန့်ထား စောင့်ကြည့်စစ်ဆေးသည့် စီစဉ် ဆောင်ရွက်မှုများဖြင့် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်ရန် အစီအစဉ်များ ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း ဩဂုတ်လအတွင်း ပိုမိုကြီးမားသည့် ဒုတိယလှိုင်းအား ကြုံတွေ့နေသောကြောင့် ထိုင်းနိုင်ငံသည် ၎င်း၏ နယ်စပ်လုံခြုံရေးအား တင်းကြပ်ခဲ့ပြီး မည်သည့် ပုံမှန် ရွှေ့ပြောင်းသွားလာခြင်းမျှ ခွင့်မပြုတော့ပါ။ ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ စမွတ်စခွန် (Samut Sakhon) ရှိ ငါးလမ်းလုပ်ငန်းနှင့် ပင်လယ်စာ ထုတ်လုပ်သည့် အချက်အချာနေရာ၌ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု သိသိသာသာ ဖြစ်ပွားခဲ့ပါသည်။ ရောဂါ ကူးစက်ရသည့် အကြောင်းရင်းကို ရှင်းလင်းစွာ မသိရသော်လည်း ရောဂါဖြစ်ပွားရခြင်းမှာ မြန်မာနိုင်ငံမှ အထောက်အထား စာရွက်စာတမ်း မရှိသည့် ရွှေ့ပြောင်းသွားလာသူများကြောင့်ဟု ပြစ်တင်ခဲ့ခြင်းမှ နိုင်ငံခြားသားများအား မုန်းတီးခြင်းနှင့် ခွဲခြား ဆက်ဆံခြင်းဆီသို့ ဦးတည်စေခဲ့ပါသည်။

LIFT၏ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာခြင်း စီမံကိန်းမှ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် COVID-19 ကမ္ဘာ့ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှအစပြု၍ အရေးပါသည့် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အကူအညီ၊ သတင်းအချက်အလက်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီတို့အား ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများထံ ပေးအပ်ခြင်းဖြင့် ကပ်ရောဂါ ကာကွယ်တားဆီး ရေးလုပ်ငန်းများတွင် ရှေ့တန်းမှ လုပ်ကိုင်ဆောင်ရွက်ခဲ့ ပါသည်။ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးသည် မတ်လတွင် ဖြစ်ပေါ်လာသည့် ဤခြိမ်းခြောက်မှုအား တုံ့ပြန်ကာကွယ်ရာတွင် စီမံကိန်းလုပ်ငန်းများအား ပြန်လည် ပြင်ဆင်ရန် မိတ်ဖက် အဖွဲ့အစည်းများနှင့် အလျင်အမြန် ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိ ကပ်ရောဂါအား အရေးပေါ် တုံ့ပြန်ကာကွယ်မှု ပြုလုပ်ရန်အတွက် လက်ရှိ ဘတ်ဂျက်များအား ပြန်လည် ခွဲဝေသတ်မှတ်ပြီး စီမံချက် (၁၀)ခုမှ ကပ်ရောဂါ၏ သက်ရောက်မှုအား ခံရသည့် ရွှေ့ပြောင်းသွားလာသူများအတွက် ကူညီပံ့ပိုးမှုအား မြှင့်တင် လုပ်ဆောင်ရန် နောက်ထပ် ပေးအပ်သည့် ရန်ပုံငွေ ကန်ဒေါ်လာအတွက် (၃)သန်းအတွက် စီမံချက် အဆိုပြုလွှာအသစ်များကို ရေးသား ပြုစုခဲ့ပါသည်။

ဤလိုက်လျောညီထွေ ပြုပြင်စီမံခန့်ခွဲသည့် မဟာဗျူဟာသည် LIFT နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများအား မြန်မာနိုင်ငံရှိ ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများအတွက် COVID-19 ကပ်ရောဂါအား အကြီးဆုံး စီမံကိန်းဖြင့် တုံ့ပြန်ကာကွယ်မှုပေးရန် အတွက် လုပ်ဆောင် နိုင်ခဲ့ပြီး စက်တင်ဘာလအလယ်တွင် ကူညီပံ့ပိုးမှုနှင့်အတူ တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူ ၁.၄ သန်း (အမျိုးသမီး ၆၀%) ထံ ပေးအပ်နိုင်ခဲ့ပါသည်။ ကာကွယ်တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းများ၊ အစားအသောက် ထောက်ပံ့ပေးခြင်း၊ ငွေကြေးထောက်ပံ့မှု၊ နားခိုစရာနေရာ၊ သယ်ယူပို့ဆောင်ရေး၊ ဥပဒေရေးရာ အကူအညီနှင့် စိတ်လူမှု ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေး လမ်းညွှန်ခြင်းတို့ ပံ့ပိုးပေးခြင်း အပါအဝင် အားနည်း ထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူများအတွက် စီမံကိန်း လုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၂)ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ရေဒီယိုနှင့် လူမှုကွန်ရက် မီဒီယာများအား ပိုမိုများပြားသည့် ပရိသတ်များထံ COVID-19 ကာကွယ်တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရန်အတွက် တိုးမြှင့် လုပ်ဆောင်ခဲ့သဖြင့် မြန်မာနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများရှိ သန်းပေါင်းများစွာသောသူများထံ တိုက်ရိုက်ရောက်ရှိပါသည်။

| အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း | စီမံချက်အမည် | လွှမ်းခြုံသည့်ဒေသ | ဘတ်ဂျက် (ကန်ဒေါ်လာ သန်း) | ကာလ |
|---|---|---|---|---|
| International Labour Organization (ILO) | ပြည်တွင်း ပြည်ပ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး စီမံကိန်း (DIILM) | တနိုင်ငံလုံး | ၄.၃ | ၂၀၁၆-၂၀၂၀ |
| BBC Media Action | မီဒီယာအတွက် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု (ရေကြည်ရာ) | တနိုင်ငံလုံး | ၃.၂ | ၂၀၁၆-၂၀၂၀ |
| International Organization for Migration (IOM) | စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက်ပြုမှု အားကောင်းစေခြင်းမှတဆင့် လုပ်သား ပြောင်းရွှေ့ သွားလာမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုး သက်ရောက်မှုများ တိုးပွားလာခြင်း (တွဲလက်) | ချင်း၊ မန္တလေး၊ မကွေး၊ ရှမ်း၊ မွန်၊ ကရင်၊ တနင်္သာရီ | ၁၃.၆ | ၂၀၁၇-၂၀၂၁ |
| CARE | လုံခြုံစိတ်ချရသည့် အလုပ်အကိုင်အတွက် လုပ်ငန်းဆိုင်ရာ ဖြေရှင်းနည်းလမ်းများ (အောင်မြင်မှု) | ရန်ကုန် | ၆.၇ | ၂၀၁၇-၂၀၂၁ |
| Eden Myanmar | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် (သို့) အတင်း အဓမ္မ လက်ထပ်စေရန် ရည်ရွယ်ချက်ဖြင့် ရွှေ့ပြောင်း သွားလာသူ မြန်မာအမျိုးသမီးများ နှင့် မိန်းကလေးများ ကယ်တင်ရေး ဒေင် စီမံချက် (ဒေင်) | ရန်ကုန်၊ ရှမ်း | ၀.၉ | ၂၀၁၇-၂၀၂၁ |
| International Organization for Migration (IOM) | ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှု မဟာဗျူဟာအဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း (MILDAS) | ဧရာဝတီ | ၁.၆ | ၂၀၁၅-၂၀၂၀ |
| World Vision | မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်းပေးသည်။ ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ များနှင့် ဌာနေ လူမှု အသိုက်အဝန်းများအတွက် အားလုံး ပါဝင်ပြီး ပြောင်းလဲစေ နိုင်သည့် အသက်မွေး ဝမ်းကျောင်းအား ကူညီပံ့ပိုးပေးခြင်း (SHE) | ကချင် | ၂.၆ | ၂၀၁၉-၂၀၂၂ |
| Adventist Development and Relief Agency | ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှု အသိုက်အဝန်းများအား ကူညီပံ့ပိုးပေးရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး (VEST) | ကချင်၊ ရှမ်း | ၂.၂ | ၂၀၁၉-၂၀၂၂ |
| International Organization for Migration (IOM) | တိုးပွားလာသည့် လုံခြုံစိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်း သွားလာမှုမှတဆင့် ကချင် ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ လူမှု အသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်း အားကောင်းစေခြင်း (SAFE) | ကချင်၊ ရှမ်း | ၁.၃ | ၂၀၁၉-၂၀၂၂ |
| ActionAid | ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသများတွင် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အတွက် လုံခြုံ စိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှု (SECURE) | ရန်ကုန် | ၂.၈ | ၂၀၁၉-၂၀၂၂ |
| People in Need (PIN) | ရွှေပြည်သာတွင် ရွှေ့ပြောင်းလုပ်သားများအား လုပ်ကိုင်နိုင်စွမ်း ပေးအပ်ခြင်း (အေးချမ်း အောင်မြင်) | ရန်ကုန် | ၃.၂ | ၂၀၁၉-၂၀၂၂ |
| Women's Organization Network | ရွှေ့ပြောင်း လုပ်သားများ၏ အားနည်း ထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရခြင်းမှ အဆုံးသတ်ခြင်း (EVE) | ရန်ကုန် | ၁.၁ | ၂၀၁၉-၂၀၂၂ |
| International Organization for Migration (IOM) | အရှေ့တောင်ပိုင်း နယ်စပ်မျဉ်း တလျှောက်တွင် ရွှေ့ပြောင်း သွားလာသူများ၏ ရွှေ့ပြောင်း သွား လာမှု အခွင့်အလမ်းများနှင့် လုပ်ကိုင်နိုင်စွမ်းတို့အတွက် အခြေခံ အဆောက်အဦ အသစ် | မွန်၊ ကရင်၊ တနင်္သာရီ | ၂ | ၂၀၂၀-၂၀၂၃ |
| Gender Equality Network | နေရပ်ပြန်ပို့ခံရသည့် ရွှေ့ပြောင်းလုပ်သားများနှင့် နေရပ်ပြန်လာသူများအတွက် အခွင့်အရေးများ နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား လက်လှမ်းမီ ရယူနိုင်ခြင်း (ARRIVE) | မွန်၊ ကရင်၊ တနင်္သာရီ | ၀.၆ | ၂၀၂၀-၂၀၂၃ |

*ဇယား ၄.၁၃။ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှုဆိုင်ရာ စီမံချက်များ*

၅၂။ UN-Habitat – ရန်ကုန်မြို့တွင် ကျူးကျော် အခြေပြုနေထိုင်သူများအား အလျင်အမြန် ဆန်းစစ် အကဲဖြတ်ခြင်း၊ ရန်ကုန် ၂၀၂၀

၅၃။ CARE – မြန်မာနိုင်ငံရှိ ကျား-မရေးရာကဏ္ဍအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုအား အလျင်အမြန် ဆန်းစစ်ခြင်း၊ ရန်ကုန် ၂၀၂၀ခုနှစ်

၅၄။ အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်သူများဆိုင်ရာ အဖွဲ့အစည်း (IOM)– COVID-19 ကပ်ရောဂါ ဆိုင်ရာ တုံ့ပြန်ကာကွယ်သည့် အခြေအနေ အစီရင်ခံစာ–၁၂၊ ရန်ကုန် ၂၀၂၀ ခုနှစ်

၅၅။ Robin Gravestejin ၊ Paul Luchtenberg နှင့် Benjamin Harkis – မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသွားလာသူများနှင့် ငွေလွှဲပေးပို့မှုများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှု၊ ဘန်ကောက်၊ UNCDF နှင့် LIFT ရန်ပုံငွေ ၊ ၂၀၂၀ ခုနှစ်

၅၆။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကြီး – COVID-19 ကပ်ရောဂါကာလအတွင်း ASEAN ရွှေ့ပြောင်းလုပ်သားများ၏ အတွေ့အကြုံများ၊ ကပ်ရောဂါကာလအတွင်း လုပ်ငန်းခွင်အခွင့်အရေးများ၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်းနှင့် ပြန်လည် ရွှေ့ပြောင်း သွားလာမည့် အစီအစဉ်များ၊ ဘန်ကောက်၊ ၂၀၂၀ ခုနှစ်

# စိတ်ဝင်စားဖွယ်ရာများ

**အလုပ်သမားအခွင့်အရေးများနှင့် လူမှုကာကွယ်စောင့်ရှောက်ခြင်း၊ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု၊ လူကုန်ကူးမှု တိုက်ဖျက် ရေးနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် သက်ဆိုင်သည့် မူဝါဒများနှင့် ဥပဒေ ပြဋ္ဌာန်းမှုများ ခိုင်မာအားကောင်းစေခြင်း**

**ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ**

ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ (၁၉၉၉)သည် မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ လုပ်သား ရွှေ့ပြောင်း သွားလာခြင်းအတွက် အလုပ်အကိုင် ခန့်ထားခြင်းနှင့် ရွှေ့ပြောင်းသွားလာသည့် လုပ်ငန်းစဉ်အား ဥပဒေပြုပေးသည့် ပထမဆုံးဥပဒေဖြစ်ပြီး၊ ရွှေ့ပြောင်း လုပ်သားများ၏ အခွင့်အရေးများအား ပိုမိုကောင်းမွန်စွာ အကာအကွယ် ပေးရန်အတွက် အရေးတကြီး ပြင်ဆင်ရန် လိုအပ်နေပါသည်။ နိုင်ငံတကာ ဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ILO ၏ ပြည်တွင်း ပြည်ပ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး (DIILM) စီမံကိန်း (https://www.ilo.org/yangon/publications/lang--en/index.htm) မှ ပေးအပ်သည့် ပြည့်စုံလုံလောက်သော နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုဖြင့် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနသည် ပြင်ဆင်သည့် ဥပဒေ မူကြမ်းအား လွန်ခဲ့သည့် (၂)နှစ်ခွဲကျော်လောက်က ရေးဆွဲ ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း အဆိုပြုခဲ့သည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရ မှ ဦးစားပေး ဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် ဥပဒေမူကြမ်းအား သဘောတူ လက်ခံခဲ့ခြင်း မရှိခဲ့ပါ။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု ဖြစ်လာသည့်အခါ လူမှုကာကွယ် စောင့်ရှောက်မှုများမရှိခြင်း၊ နိမ့်ကျသည့် လုပ်ငန်းခွင်နှင့် လူနေမှု အခြေအနေများ ကြုံတွေ့နေရသည့် ရွှေ့ပြောင်းသွားလာသူများ၏ အားနည်းထိခိုက်လွယ်မှုနှင့် အထောက်အထား စာရွက်စာတမ်းများ မရှိခြင်းကြောင့် ၎င်းတို့ ကြုံတွေ့ခဲ့သည့် အန္တရာယ်များ အပါအဝင် လက်ရှိ ဥပဒေမူဘောင်၏ အားနည်းချက်များ ပိုမို၍ ရှင်းလင်းထင်ရှားလာပါသည်။ ကပ်ရောဂါကာလအတွင်း ရွှေ့ပြောင်း သွားလာသူများ ကြုံတွေ့ နေရသည့် ကြီးမားသည့် ပြဿနာများအား တုံ့ပြန်ဆောင်ရွက်ရာတွင် သုံးပွင့်ဆိုင် ဆွေးနွေးမှုအား ဖြစ်နိုင်သမျှ အမြန်ဆုံး စီစဉ်ကျင်းပရန်နှင့် ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဥပဒေပြုရန်အတွက် ရှေ့ဆက် ဆောင်ရွက်ရန်တို့အတွက် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနသည် ILO နှင့် ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း အစိုးရမှ ဆွေးနွေးတိုင်ပင် သဘောထားရယူမှုအား လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးလိုခြင်း နှင့် ဆက်တိုက်ဆိုသလို ညွှန်ကြား ရေးမှူးချုပ်မှ အငြိမ်းစားယူသွားခြင်း တို့ကြောင့် ၂၀၂၀ ခုနှစ်အတွင်း၌ ဆွေးနွေး တိုင်ပင် သဘောထားရယူမှုအား စီစဉ်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

**အိမ်အကူအလုပ်သမားများဆိုင်ရာ ဥပဒေမူကြမ်း**

အိမ်အကူအလုပ်သမားများ၏ အလုပ်သည် အလွတ်သဘောဆန်ပြီး တသီးတသန့် ဖြစ်နေသည့် သဘောသဘာဝအရ မြန်မာနိုင်ငံနှင့် နိုင်ငံရပ်ခြားရှိ အိမ်အကူအလုပ်သမားများသည် အလုပ်သမားဈေးကွက်အတွင်း အကာအကွယ်ပေးမှု အနည်းဆုံး ရရှိသည့် အလုပ်သမားများထဲ တွင် ပါဝင်ပြီး အလုပ်ရှင်များ၏ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းကြောင့် အားနည်း ထိခိုက်လွယ်မှု အများဆုံးသူများ ဖြစ်ပါ သည်။ CSO များ၊ အလုပ်သမား အဖွဲ့အစည်းများ၊ အစိုးရအရာရှိကြီးများနှင့် လွှတ်တော်အမတ်များ အကြား ပြောင်းလဲရန်အတွက် အရှိန်အဟုန်ဖြင့် နှစ်ပေါင်းများစွာ ပုံဖော်လာပြီးနောက် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် အိမ်အကူ အလုပ်သမားများ အတွက် အလုပ်သမား အခွင့်အရေး ကာကွယ်ပေးသည့် ဥပဒေကြမ်းအား ရေးဆွဲခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ လွှတ်တော်ကော်မတီ၊ အမျိုးသမီးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ အဖွဲ့တို့နှင့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဆွေးနွေး တိုင်ပင် သဘောထားရယူခြင်းများအတွက် ILO မှ ကူညီပံ့ပိုးပေးခဲ့ပါသည်။ ILO ၏ ဥပဒေရေးရာ အထူးကျွမ်းကျင်သူများ၊ ဥပဒေ ရေးရာ ကုစားရေးအဖွဲ့၊ မြန်မာနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ်တို့မှလည်း ဥပဒေမူကြမ်းအပေါ် သုံးသပ်ချက်များ ပေးခဲ့ကြပါသည်။ ယင်းသုံးသပ်ချက်များမှ အလုပ်ချိန်သတ်မှတ်ပေးရန် လိုအပ်မှု၊ အချိန်ပိုလုပ်ခ တွက်ချက်သည့် နည်းလမ်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြု လက်မှတ်အတွက် အခွင့်အလမ်းများ၊ တိုင်တန်းမှုများအား ကိုင်တွယ် ဖြေရှင်းရန်အတွက် ရှင်းလင်း ပြတ်သားသည့် လုပ်ထုံး လုပ်နည်းများနှင့် အခြားကိစ္စရပ်များကို မီးမောင်း ထိုးပြခဲ့ပါသည်။ အချက်အလက်များ ထပ်မံ ဖြည့်သွင်းပြီးနောက် ဥပဒေကြမ်းအား ပြန်လည် ပြင်ဆင်ထားသည့် အဆိုအား အမျိုးသားလွှတ်တော် ကော်မတီမှ မျှဝေခဲ့ပြီး ILO မှ နောက်ထပ် နည်းပညာဆိုင်ရာ မှတ်ချက်များအား ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပေးအပ်မည် ဖြစ်ပါသည်။ သဘောတူလက်ခံပြီးပါက အိမ်အကူ အလုပ်သမားများဆိုင်ရာ ဥပဒေ မူကြမ်းသည် မြန်မာနိုင်ငံတွင် ကျား၊မ တန်းတူညီမျှမှု၌ မှတ်တိုင်တစ်ခု ဖြစ်လာမည်ဖြစ်ပြီး အိမ်အကူအလုပ်အား လုပ်ငန်းပုံစံတစ်ခု အနေဖြင့် ဥပဒေအရ အသိအမှတ်ပြုခြင်းအား ပေးအပ်ကာ အမျိုးသမီးများ၏ အလုပ်အား တန်ဖိုးမထားသည့် ခွဲခြားဆက်ဆံသည့် လူမှုရေးဆိုင်ရာ စံနှုန်းများအား စိန်ခေါ်သွားမည် ဖြစ်ပါသည်။ အိမ်အကူ အလုပ်သမားများဆိုင်ရာ ဥပဒေမူကြမ်းသည် အတည်ပြုပြဋ္ဌာန်းပြီးပါက မြန်မာနိုင်ငံတွင် ကျား၊မ တန်းတူညီမျှမှုဆိုင်ရာ မှတ်တိုင်တစ်ခု ဖြစ်လာမည် ဖြစ်ပြီး အိမ်အကူအလုပ်အား လုပ်ငန်းပုံစံတစ်ခု အနေဖြင့် ဥပဒေအရ အသိအမှတ်ပြုပေးမည် ဖြစ်ကာ အမျိုးသမီး များ၏ အလုပ် အား တန်ဖိုးနိမ့်ချသော ခွဲခြားဆက်ဆံသည့် လူမှုရေး ဆိုင်ရာ စံနှုန်းများအား စိန်ခေါ် သွားမည် ဖြစ်ပါသည်။

အိမ်အကူ အလုပ်သမားများ၏ အခြေအနေကို အများပြည်သူ စိတ်ဝင်စားမှုအား ဆက်လက် ထိန်းထားရန်နှင့် COVID-19 ကပ်ရောဂါကာလ အတွင်း အိမ်အကူ အလုပ်သမားများ အကာအကွယ်ပေးသည့် ဥပဒေ အတည်ပြုချမှတ်နိုင်ရန်အတွက် စည်းရုံးလှုံ့ဆော်မှုကို အထောက်အကူပြု အားဖြည့်ပေးရန်တို့အတွက် ILO သည် နိုင်ငံတကာ အိမ်အကူအလုပ်သမားများနေ့ အထိမ်းအမှတ် ဖေ့စ်ဘုတ်မှ တိုက်ရိုက်ထုတ်လွှင့်သည့် လှုပ်ရှားမှု အများအပြား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ အွန်လိုင်း စည်းရုံးဆော်သြမှု၏ အဓိကဆောင်ပုဒ်မှာ 'ကျွန်ုပ်တို့ သင်တို့အား စောင့်ရှောက်ပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်တို့အတွက်လည်း စောင့်ရှောက်ပေးပါ' ဟူ၍ ဖြစ်ပါသည်။ ILO သည် နိုင်ငံတကာ အိမ်အကူအလုပ်သမားများနေ့ကို ဆင်နွှဲနိုင်ရန်အတွက် အလုပ်သမား (၈၀၀) အထိ လူကိုယ်တိုင် တက်ရောက်နိုင်သည့် အခမ်းအနား တစ်ခုအား ကျင်းပရန် စီစဉ်ခဲ့သော်လည်း COVID-19 ကပ်ရောဂါ အခြေအနေကြောင့် ကျင်းပနိုင်ခဲ့ခြင်း မရှိပါ။ ထိုအစား ပေါ့ပ်အဆိုကျော် ချမ်းချမ်းမှ အိမ်အကူ အလုပ်သမားများအား အားပေးသည့် သီချင်းများ



သီဆိုပြီး အိမ်အကူ အလုပ်သမားများ၏ သတင်းစကားများကို ပါဝင်သည့် ဗီဒီယို (၅)ခုအား BBC Media Action နှင့် ထုတ်လုပ်ရေး ကုမ္ပဏီတို့၏ နည်းပညာ အကူအညီဖြင့် ရိုက်ကူးထုတ်လုပ်ပြီး တိုက်ရိုက် ထုတ်လွှင့်ခဲ့ပါသည်။ ထုတ်လွှင့်သည့်ရက် နောက်ဆုံးနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး မှ ကြည့်ရှုသူများအား သူမပါဝင် ဆောင်ရွက်သည့် ကော်မတီမှ အိမ်အကူ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှု ပေးရန်အတွက် ရေးဆွဲခဲ့သည့် ဥပဒေမူကြမ်းနှင့် ပတ်သက်၍ ပြောကြားခဲ့ပါသည်။ ILO မြန်မာ၏ ဖေ့စ်ဘုတ် စာမျက်နှာတွင် ထုတ်လွှင့်သည့် ဗီဒီယိုများအား ကြည့်ရှုသည့် အကြိမ်ရေ (၄၂,၇၀၀) ရှိခဲ့ပါသည်။

**အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု**

ILO သည် အလုပ်သမားရွှေ့ပြောင်းသွားခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ခိုင်မာအားကောင်းစေရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးခြင်းဖြင့် အရေးပါသည့် အဖွဲ့အစည်း ဖြစ်လာခဲ့ပြီး လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပတ်သက်ဆက်နွယ်သူများ နှစ်ပတ်လည် အစည်းအဝေးနှင့် နိုင်ငံတကာ လုပ်သားရွှေ့ပြောင်း သွားလာမှုဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ဒုတိယမြောက် အမျိုးသား လုပ်ငန်း အစီအစဉ် (NPA) ရေးဆွဲ အကောင်အထည်ဖော်ခြင်းတွင် ယင်းအဖွဲ့အစည်းများအား အဓိက အခန်းကဏ္ဍမှ ပါဝင် စေခဲ့ပါသည်။ NPA အတွက် နှစ်အလိုက် လုပ်ငန်းအစီအစဉ်များ၏ ဒီဇိုင်းပုံစံရေးဆွဲရန် အတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်း တည်ထောင်ခဲ့သည့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့တွင် အဆိုပါ အဖွဲ့အစည်းများ ပထမဆုံး အကြိမ် ပါဝင်လာခဲ့ပါသည်။




*ပုံ ၄.၄။ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေမှ နေပြည်တော်၌ ကျင်းပသည့် ILO ၏ လုပ်သား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ပတ်သက် ဆက်နွယ်သူများ အစည်းအဝေး၌ မိန့်ခွန်း ပြောကြားစဉ်*

၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်း သွားလာသူများနေ့အား ဂုဏ်ပြုရန် ILO ၏ DIILM စီမံချက်သည် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ပြီး မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည့် ရွှေ့ပြောင်း သွားလာသူများ၏ အောင်မြင်ခဲ့သည့် ဘဝဇာတ်ကြောင်းများကို ပြသသည့် အွန်လိုင်း အခမ်းအနား တစ်ခုအား စီစဉ်ပြုလုပ်ခဲ့ပါသည်။ ဓာတ်ပုံများပါ ပါဝင်သည့် ဘဝဇာတ်ကြောင်း (၉)ခုအား ILO ဖေ့စ်ဘုတ်စာမျက်နှာတွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် တင်ပေးခဲ့ပါသည်။ ဘဝဇာတ်ကြောင်းများ အနက်မှ တစ်ခုမှာ ဧရာဝတီတိုင်း ဒေသကြီးမှ အိမ်ထောင် မရှိသည့် မိခင်တဦး ဖြစ်သည့် အသက် ၃၃ နှစ်အရွယ် မယမင်းအိ ၏ ဘဝဇာတ်ကြောင်း ဖြစ်ပါသည်။ “ကျွန်မ ထိုင်းနိုင်ငံမှာ အလုပ်လုပ်တုန်းက စက်ချုပ်လုပ်ငန်းနဲ့ ပတ်သက်ပြီး လေ့လာခဲ့ပါတယ်။ ကျွန်မ မိသားစုရဲ့ အနာဂတ်အတွက် ကြိုတင် စဉ်းစားထားတဲ့အတိုင်း ကျွန်မ ဝင်ငွေထဲက တချို့ကိုစုခဲ့ပြီး ပြန်ရောက်တဲ့အခါကျတော့ ဒီ အင်္ဂပူမြို့နယ်မှာ အထည်ဆိုင် ဖွင့်ပါတယ်။ အသင့်ချုပ် အဝတ်အထည်တွေ ရောင်းသလို ကျွန်မ ကိုယ်တိုင်လည်း အဝတ်အထည်ချုပ် ပါတယ်။ ထိုင်းနိုင်ငံက ရရှိခဲ့တဲ့ ကျွန်မရဲ့ အတွေ့အကြုံတွေက ဒီဆိုင်ဖွင့်တဲ့ နေရာမှာ တော်တော် အသုံးဝင်ပါတယ်” ဟု ပြောကြားခဲ့ပါသည်။ အခမ်းအနားသည် အထူးသဖြင့် COVID-19 ကပ်ရောဂါ ကာလ အတွင်း ရွှေ့ပြောင်း သွားလာသူများကို ဆန့်ကျင်သည့် စိတ်ခံစားချက်များမြင့်တက်နေသည့် အရေးကြီးသည့် အခြေအနေတွင် ရွှေ့ပြောင်း လုပ်သားများ၏ အထောက်အကူပြုသော လုပ်ဆောင်ချက်များအား ပိုမိုကျယ်ပြန့်စွာ နားလည် သဘောပေါက်စေရန် အထောက် အကူပြု ခဲ့ပါသည်။

IOM ၏ စီမံအုပ်ချုပ်မှုနှင့် မဟာမိတ်ပြုမှု ပိုမိုအားကောင်း စေခြင်းမှတဆင့် လုပ်သားရွှေ့ပြောင်း သွားလာမှု ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အကျိုးသက်ရောက်မှုများ တိုးပွားလာခြင်း (တွဲလက်) စီမံချက် မှ ကာလရှည်ကြာ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ရွှေ့ပြောင်းသွားလာခြင်း အလေးပေး ဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့ တည်ထောင်ရေး မူဝါဒဆိုင်ရာ ရည်မှန်းချက်အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့အား အပြည်ပြည်ဆိုင်ရာ လုပ်သား ရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲမှုအတွက် ဒုတိယမြောက် အမျိုးသားလုပ်ငန်း အစီအစဉ်အား အကောင်အထည်ဖော်ရန်အတွက် တာဝန်ရှိသော ဝန်ကြီးဌာနများအကြား ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ခွဲအဖြစ် ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ယင်းတွင် အစိုးရဝန်ကြီးဌာန (၉)ခု၊ CSO (၈)ဖွဲ့၊ ကုလသမဂ္ဂအဖွဲ့ (၃)ဖွဲ့နှင့် အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်း(၁) သင်း တို့ဖြင့် ကိုယ်စားပြုမှု ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပါသည်။ ပထမ သုံးလပတ် လုပ်ငန်း အဖွဲ့ အစည်းအဝေးအား တက်ရောက်သူ ၄၈ ဦးဖြင့် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ငွေလွှဲပေးပို့မှုများအတွက် ဆန်းသစ်တီထွင်မှုရှိသည့် အစီအစဉ်နှင့် လုပ်ငန်းခွင်တွင်း ထိပါးနှောင့်ယှက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းတို့အား ထိရောက်စွာ ဖြေရှင်းရာတွင် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုများ လိုအပ်ခြင်းတို့အတွက် ဦးစားပေး ကူညီပံ့ပိုးရန် ဆွေးနွေးမှုများနှင့် အကြံပြုချက် ထောက်ခံချက်များ ပါဝင်ခဲ့ပါသည်။

IOM သည် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများဆိုင်ရာ ကုလသမဂ္ဂ ပင်မ အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်း၊ နှစ်ပတ်တကြိမ် အခြေအနေ အစီရင်ခံစာများ ရေးသား ထုတ်ဝေခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအား အကူအညီပေးခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည့် အဓိက ဆက်သွယ်ဆောင်ရွက်ရမည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးခြင်းတို့ဖြင့် မြန်မာနိုင်ငံတွင် COVID-19 ကမ္ဘာ့ ကပ်ရောဂါကြောင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ရှုထောင့်များအား ညှိနှိုင်းတုံ့ပြန် ဆောင်ရွက်ရာတွင် ဦးဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ဤပင်မအဖွဲ့သည် လူမှုစီးပွားရေး ပြန်လည် ထူထောင်ရေးအပေါ် ပြောင်းလဲ အာရုံစိုက်သဖြင့် တွဲလက်သည် အဓိက ပတ်သက်ဆက်နွှယ်သူများအား ကူညီပံ့ပိုးပေးရန်နှင့် ပူးပေါင်း ဆောင်ရွက်နိုင်သည်များကို စူးစမ်းရှာဖွေရန်တို့အတွက် ဆက်လက် ဆောင်ရွက်နေပါသည်။ ထို့အပြင် IOM သည် ၂၀၂၀ ခုနှစ် မတ်လတွင် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌ ဖြစ်လာခဲ့ပါသည်။ အဆိုပါ ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ အဓိက အခန်းကဏ္ဍများတွင် တာဝန်ယူထားသည့် IOM သည် မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်မှု လုပ်ငန်းတစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ခြင်းဆိုင်ရာ အစီအမံများအား လုပ်ငန်းတိုင်းတွင် ထိထိရောက်ရောက် ထည့်သွင်းနိုင်ရန် လုပ်ဆောင်ခဲ့ပါသည်။ ၎င်းတို့မှ လုံခြုံစိတ်ချရပြီး ပုံမှန်ရွှေ့ပြောင်း သွားလာမှုအတွက် အခွင့်အလမ်းများ လျော့ကျနေသည့် အခြေအနေတွင် အဆိုပါ ကိစ္စရပ်များအပေါ် တုံ့ပြန်ဆောင်ရွက်သည့် မူဝါဒများနှင့် စီမံကိန်းလုပ်ငန်းများ ရေးဆွဲ အကောင်အထည်ဖော်ခြင်းအား အဓိက ပတ်သက်ဆက်နွှယ်သူ အချို့အား အသိပေး အရေးဆိုရန်အတွက် အသုံးဝင်သည့် အခွင့်အလမ်း တစ်ခုအားလည်း ပေးအပ်ခဲ့ပါသည်။

People In Need ၏ ရှမ်းပြည်သာတွင် ရွှေ့ပြောင်းလုပ်သားများအား လုပ်ကိုင်နိုင်စွမ်းပေးအပ်ခြင်း (အေးချမ်းသော အိမ်) စီမံချက်မှ အစိုးရ ကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားများ၏ ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် သုံးပွင့်ဆိုင်ဆွေးနွေးမှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အွန်လိုင်းဆွေးနွေးပွဲအား စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အလုပ်သမားများ၊ အလုပ်ရှင်များနှင့် အလုပ်သမား အခွင့်အရေးများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုအား ဆွေးနွေးခဲ့ကြပါသည်။ People In Need မှလည်း လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုနှင့် အလုပ်သမား အခြေအနေများအပေါ် အားပေးလှုံ့ဆော်သည့် အွန်လိုင်းမှတဆင့် ပြုလုပ်သော မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်သည့် အခမ်းအနား (၂)ခုအတွက် ကူညီ ပံ့ပိုးပေးခဲ့ပါသည်။ အဆိုပါအခမ်းအနားအများအား လူပေါင်း (၁၂,၀၈၁) ဦးကျော်မှ ကြည့်ရှုခဲ့ပါသည်။ အထောက်အထား အခြေခံသည့် အားပေး လှုံ့ဆော်သော ဗီဒီယို (၂)ခုအားလည်း အပြီးသတ် လုပ်ဆောင်ခဲ့ပါသည်။

IOM ၏ အရှေ့တောင်ပိုင်း နယ်စပ်မျဉ်းတလျှောက်တွင် ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အခွင့်အလမ်းများနှင့် လုပ်ကိုင်နိုင်စွမ်း တို့အတွက် အခြေခံ အဆောက်အဦ အသစ် စီမံချက်သည် ၎င်း၏ စီမံကိန်း စတင်သည့် အဆင့်အား ဒီဇင်ဘာလအကုန်တွင် ပြီးစီးအောင် လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ ဤကာလအတွင်း၌ စီမံချက်၏ မူဝါဒဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များအတွက် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းများအား အရပ်ဘက် လူမှု မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော မွန်အမျိုးသမီးအဖွဲ့နှင့် ကရင်လူမျိုးနေရပ် စွန့်ခွာ တိမ်းရှောင်သူများအတွက် ကော်မတီတို့နှင့်အတူ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုအဆင့် ဆွေးနွေးတိုင်ပင် သဘောထားရယူသည့် အစည်းအဝေးများအား အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့နှင့်အတူ ကျင်းပခဲ့ပြီး ကျင့်ဝတ်နှင့် ညီညွတ်သော အလုပ်အကိုင် ရှာဖွေရေး နှင့် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစဉ် နားလည်မှု သဘောတူညီစာချုပ်ချုပ်ဆိုရာတွင် ထိရောက်သည့် စနစ်အား အသုံးပြုခြင်းအပေါ် ဆွေးနွေးခြင်းတို့မှ ဂုဏ်သိက္ခာရှိသော နိုင်ငံတကာ အလုပ်အကိုင်ရှာဖွေရေး စနစ်အတွင်း ပါဝင် ဆောင်ရွက်ရန်အတွက် အလုပ်အကိုင် ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း (၆)ခု တို့မှ စိတ်ဝင်စားကြောင်း ဖော်ထုတ်လာခြင်းဆီသို့ ဦးတည်စေ ခဲ့ပါသည်။ အစိုးရ ထိန်းချုပ်ထားသည့် ဒေသများနှင့် အစိုးရ ထိန်းချုပ်မှု မရှိသည့် ဒေသများတွင် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အကြံပေးဗဟိုဌာနများ တည်ထောင်ခြင်းအပေါ် ဆွေးနွေးရန် အတွက် ဆွေးနွေးတိုင်ပင် သဘောထားရယူမှုများအား ကရင်အမျိုးသား အစည်းအရုံးနှင့် မွန်ပြည်သစ် ပါတီ အပါအဝင် မွန်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ အစိုးရ မဟုတ်သော လှုပ်ရှား ဆောင်ရွက်သူများ၊ လူမှုအသိုက်အဝန်းများနှင့် စီစဉ် ကျင်းပခဲ့ပါသည်။ ကနဦး စစ်တမ်းအား စတင်လုပ်ဆောင်ခဲ့ပြီး အလုပ်အကိုင် ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ နားလည်မှု စာချွန်လွှာ နှင့် အလုပ်အကိုင်ခန့်ထားရေး လုပ်ငန်းစဉ်တို့အား စီမံခန့်ခွဲရန်အတွက် ဒီဂျစ်တယ် သတင်း အချက်အလက်စနစ် ရေးဆွဲ အကောင်အထည်ဖော်ခြင်း အပေါ် လေ့လာ သုံးသပ်သည့် လေ့လာမှုတစ်ခုကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ နားလည်မှု စာချွန်လွှာတွင် အကျုံးဝင်သည့် ပုံမှန်





ရွှေ့ပြောင်း သွားလာခြင်းမှာ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ် မတ်လ ကတည်းမှ ရပ်ဆိုင်းသွားခဲ့သော်လည်း ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်း လုပ်သားများအတွက် အလုပ်သမား ဈေးကွက်၏ လိုအပ်ချက်အရ ၂၀၂၁ ခုနှစ်တွင် လုပ်ငန်းစဉ်အား ပြန်လည်စတင်ရန် အဓိက ပတ်သက် ဆက်နွှယ်သူများက ထက်သန်စွာ မျှော်လင့်နေကြပါသည်။

## လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား တိုက်ဖျက်ခြင်း

လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား တိုက်ဖျက်ခြင်းအတွက် မြန်မာနိုင်ငံတွင် အမျိုးသား ဥပဒေ မူဘောင်တစ်ရပ်အား တည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုများတွင် အဓိက ထိုးဖောက် ကျော်လွှားနိုင်မှုကို CARE လုံခြုံစိတ်ချရသည့် အလုပ်အကိုင်အတွက် လုပ်ငန်းဆိုင်ရာ ဖြေရှင်းရေး နည်းလမ်းများ (အောင်မြင်မှု) စီမံချက်နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စုပေါင်းအားပေး ထောက်ခံမှုများမှတဆင့် ရရှိခဲ့ပါသည်။ (၇) နှစ်ကြာ မူကြမ်းရေးဆွဲပြီးနောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး (POVAW) ဥပဒေမှာ အတည်ပြုရန်အတွက် အဆင်သင့် ဖြစ်နေပြီဖြစ်ပါသည်။ CARE သည် ကျား၊မ တန်းတူ ညီမျှရေး ကွန်ရက်မှ ပေးပို့သည့် ယေဘုယျ အကြံဉာဏ်နှင့် အချက်အလက်များအား ထပ်မံဖြည့်ဆည်းပေးခဲ့ပြီး လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ ခိုင်မာအားကောင်းစေရန်အတွက် ဦးတည်ရည်ရွယ်သည့် အားပေး ထောက်ခံမှုကို ပြုလုပ်ခဲ့ပါသည်။ POVAW ဥပဒေအတွက် အကြံပြု ထောက်ခံချက်များပေးသည့် အားပေး ထောက်ခံသော စာတမ်းတစ်စောင်အပြင် ILO ၏ အကြမ်းဖက်မှုနှင့် ထိပါး နှောက်ယှက်မှုဆိုင်ရာ ညီလာခံ (ဆုံးဖြတ်ချက်အမှတ် ၁၉၀)အား အတည်ပြု လက်မှတ်ရေးထိုးခြင်း နှင့် သက်ဆိုင်သည့် အကြံပြုချက် တစ်ရပ်တို့အား လွှတ်တော် ကိုယ်စားလှယ် ၇၉ ဦး ထံတင်ပြခဲ့ပြီး၊ ဤအကြောင်းအရာအား လွှတ်တော်ကိုယ်စားလှယ် ၂၉ ဦးနှင့် ပြုလုပ်သည့် အွန်လိုင်း အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြပါသည်။ ဥပဒေအား ပြဋ္ဌာန်းနိုင်ရေးမှာ ၂၀၁၉ ခုနှစ် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေအောက်ရှိ ကျား၊မ ရေးရာ အလေးပေးမှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား ကာကွယ်တားဆီးရေးဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ပေါင်းစပ်ရန်အတွက် CARE ၏ အောင်မြင်မှုရရှိခဲ့သော အားပေး လှုံ့ဆော်မှုအပေါ် တည်ဆောက်ခြင်းမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါကြောင့် လွှတ်တော် အစည်းအဝေးများ ရွှေ့ဆိုင်းခဲ့ရသဖြင့် POVAW ဥပဒေကြမ်းအား နိုဝင်ဘာ အထွေထွေ ရွေးကောက်ပွဲ မတိုင်မီ တင်သွင်းနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ သို့သော်လည်း အားပေး ထောက်ခံသည့် စာတမ်းသည် လွှတ်တော်ကိုယ်စားလှယ် (၅)ဦးနှင့် ပြုလုပ်သည့် ညီလာခံ ဆုံးဖြတ်ချက် ၁၉၀ အား အတည်ပြု လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်သည့် အစည်းအဝေး၌ ဆွေးနွေး ခဲ့သည့် အကြောင်းအရာ ဖြစ်ပါသည်။ ဤသည်မှ ၂၀၂၀ ခုနှစ် ဇူလိုင်လ (၂၄)ရက်နေ့၌ ပြုလုပ်သည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေးတွင် မှတ်တမ်းတင်ထားသည့်အတိုင်း အတည်ပြု လက်မှတ် ရေးထိုးရန်အတွက် လွှတ်တော်အမတ်များမှ အခိုင်အမာ တောင်းဆိုသည့် အဆို တင်သွင်း ခဲ့သည့် ရလဒ်ကို ရရှိစေခဲ့ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ မဖြစ်ပွားမီက အမျိုးသမီး အဖွဲ့အစည်းများ ကွန်ရက် (WON) ၏ ရွှေ့ပြောင်းလုပ်သားများ၏ အားနည်းထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရခြင်းမှ အဆုံးသတ်ခြင်း (EVE) စီမံချက်မှ မတ်လ (၈)ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာ အမျိုးသမီးများနေ့အား ဂုဏ်ပြုရန်အတွက် စည်းရုံးလှုံ့ဆော်သည့် အခမ်းအနား (၃)ခုကို ဆက်တိုက် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားများ အနက် အကြီးကျယ်ဆုံးသော အခမ်းအနားမှာ တောင်ဒဂုံတွင် စီစဉ်ကျင်းပသည့် အခမ်းအနားဖြစ်ပြီး (၄၈၇) ဦး (အမျိုးသမီး ၇၇%) တက်ရောက်ခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အချို့မှ မိန့်ခွန်းပြောကြားခြင်း၊ အဆိုတော် သာဒီးလူ၏ ဖြေဖျော်တင်ဆက်မှု၊ အကများဖြင့် ဖြေဖျော်တင်ဆက်မှုများနှင့် နိုင်ငံတကာ အမျိုးသမီးများနေ့ ပေါ်ပေါက်လာရသည့် သမိုင်း ကြောင်းအား အသိပညာပေးခြင်းတို့ ပါဝင်ခဲ့သည့် မြူးကြွသော အစီအစဉ်ဖြင့် အဆိုပါ အခမ်းအနားအား အထင်ကရဖြစ်အောင် လုပ်ဆောင်ခဲ့ နိုင်ပါသည်။ အခမ်းအနားမှ အမျိုးသမီးများနှင့် အလုပ်သမားများ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အားပေး လှုံ့ဆော်သည့် အဓိက သတင်းစကားများတွင် မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်၌ ကျား-မအခြေပြုအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှု အဆုံးသတ်ရန် လိုအပ်မှု၊ ကိုယ်ဝန်ဆောင်မိခင် ကာကွယ် စောင့်ရှောက်မှု ပေးခြင်းအား ရန် လိုအပ်မှု၊ ကျား-မလိုက်၍ လုပ်ခလစာ ကွာဟခြင်းအား လျှော့ချရန် လိုအပ်မှုတို့ ပါဝင်ခဲ့ပါသည်။ WON သည် နိုဝင်ဘာလနှင့် ဒီဇင်ဘာလ တို့တွင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု အဆုံးသတ်ရန်အတွက် အသိပညာပေးရန်၊ ခွဲခြား ဆက်ဆံသည့် သဘောထားများကို စိန်ခေါ် မေးခွန်းထုတ်ရန်၊ ဥပဒေများ နှင့် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန် စေရန် တို့အတွက် ကျား-မ အခြေပြု အကြမ်းဖက်မှုအား ဆန့်ကျင်သည့် (၁၆) ရက်တာ လှုပ်ရှားမှုအတွက် အခမ်းအနားများအား စီစဉ် ဆောင်ရွက်ခဲ့ ပါသည်။ ပါဝင်တက်ရောက်သူများတွင် ရွှေ့ပြောင်း သွားလာသူ အမျိုးသားများနှင့် အမျိုးသမီးများ ပါဝင်ခဲ့ပါသည်။

## ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမတည်ခြင်း

လုပ်ငန်းခွင် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေမူကြမ်းရေးဆွဲမှုအပေါ် တိုးတက်မှုအား ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်နိုင် ခဲ့ပါသည်။ ဤဥပဒေမှ မြန်မာနိုင်ငံတွင် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် ဥပဒေပြုသည့် အခြေခံစနစ်အား ထူထောင်မည် ဖြစ်ပါသည်။ CARE သည် ဥပဒေအား ရေးဆွဲရန်အတွက် တက်ကြွစွာ ပံ့ပိုးကူညီပေးခဲ့သော်လည်း COVID-19 ကပ်ရောဂါနှင့် အထွေထွေ ရွေးကောက်ပွဲတို့ကြောင့် နှောင့်နှေးခဲ့သဖြင့် ၂၀၂၀ ခုနှစ်အတွင်း အပြီးသတ်နိုင်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်၍ ၂၀၂၀ ခုနှစ် ဇွန်လ စီမံချက် ပိတ်သိမ်းချိန် အထိ သင်တန်းဗဟိုဌာနများအတွက် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးရန်ပုံငွေအား အလားအလာရှိသော ဘဏ္ဍာရေး ရင်းမြစ်ဟု စဉ်းစားထားသည်မှာ လက်တွေ့ကျခြင်း မရှိဟု ကောက်ချက်ချခဲ့ပါသည်။ သင်တန်းဗဟိုဌာနများ၏ ဘဏ္ဍာရေးအရ ရေရှည်တည်တံ့ ခိုင်မြဲမှုအတွက် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေး ရန်ပုံငွေများ ပတ်သက်မှုမရှိ ဖြစ်နေပါသည်။ COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုအား ထင်ဟပ်သည့် ဈေးကွက်သုတေသနနှင့် ရေရှည် တည်တံ့ခိုင်မြဲရေး အစီအစဉ်အား ဒီဇင်ဘာလတွင် အကောင်အထည်ဖော်ခဲ့ပြီး သင်တန်းဗဟိုဌာနများအား အသင်း/ အကျိုးအမြတ်မယူသော အဖွဲ့အစည်း အဖြစ် မှတ်ပုံတင်ရန်နှင့် ပေးအပ်သည့် သင်တန်းများအတွက် အခကြေးငွေ ကောက်ခံရန်မှာ ဖြစ်နိုင်ခြေရှိနေကြောင်းအား ထောက်ခံ အကြံပြုခဲ့ပါသည်။

**အလုပ်သမား အခွင့်အရေးများဆိုင်ရာ ဆွေးနွေးမှုများအား မြှင့်တင်ခြင်း**

BBC Media Action ၏ မီဒီယာအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု (ရေကြည်ရာ) စီမံချက်သည် ရန်ကုန်မြို့ ဝန်ကြီးများရုံး အဆောက်အဦ၌ ပြုလုပ်သည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ ဆွေးနွေးပွဲအား အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် UK နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID) ၏ ဌာနမှူးတို့၏ အဖွင့်မိန့်ခွန်းများဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် အစီအစဉ်ကို စတင်ခဲ့ပါသည်။ အစီအစဉ်သည် အဓိက ဆုံးဖြတ်ချက်ချမှတ်သူများ၊ အစိုးရရှေ့နေများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍနှင့် အလုပ်သမား သမဂ္ဂများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလုပ်သမားနှင့် သက်ဆိုင်သော မူဝါဒဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဆွေးနွေးညှိနှိုင်း တိုင်ပင်မှုများနှင့် အစိုးရ၏ တာဝန်ခံမှုတို့အား တိုးမြှင့်ရန် ရည်ရွယ်ပါသည်။ အရေးကြီးသည့်အချက်မှာ ဆွေးနွေးပွဲမှ ထုံးစံအရ မူဝါဒချမှတ်သူများနှင့် ထုံးစံတိုက်ရိုက်ထိတွေ့ ဆွေးနွေးနိုင်သည့် အခွင့်အရေးမရှိသော အလုပ်သမားများ၏အသံကို ထုတ်ဖော်ပြောဆိုနိုင်ရန် စီစဉ်ပေးခဲ့ ခြင်းပါသည်။ လွတ်လပ်သော သတင်းမီဒီယာလိုင်းများဖြစ်သည့် DVB (ကြည့်ရှုသူ ၆.၇ သန်း)နှင့် မဇ္ဈိမ သတင်းဌာန (ကြည့်ရှုသူ ၁.၆ သန်း) တို့မှ ဆွေးနွေးပွဲအပိုင်း (၁၁)ပိုင်းအား ထုတ်လွှင့်ပြသခြင်းဖြင့် အဓိက မူဝါဒရေးရာ နှင့် အလုပ်သမား အခွင့်အရေးဆိုင်ရာ ဆွေးနွေးမှုများအား မြန်မာနိုင်ငံတဝှမ်းလုံးရှိ များပြားသည့် ပရိသတ်အမျိုးစုံထံသို့ ရောက်ရှိသော မီဒီယာပလက်ဖောင်းပေါ်တွင် ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသည်။ ရေကြည်ရာ အစီအစဉ်အား မြန်မာ့ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသရန်အတွက် အလွတ်သဘော သဘောတူညီမှု ရရှိခဲ့ပြီး၊ ၎င်းတို့၏ ကူညီပံ့ပိုးမှုနှင့် ပါဝင်မှုများ တည်ဆောက်ရန် အကြိမ်ကြိမ် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း အစိုးရကွန်ရက်မှ ပါဝင်သည့် အကြောင်းအရာများမှ "အလွန် ထိလွယ်ရှလွယ်သည့် အကြောင်းအရာများ" ဟု ထင်မြင်ယူဆသဖြင့် အစီအစဉ်အား ထုတ်လွှင့်ပြသရန် နောက်ဆုံး၌ ငြင်းပယ်ခဲ့ပါသည်။

ရုပ်မြင်သံကြား အစီအစဉ် ဒီဇိုင်းပုံစံရေးဆွဲရာတွင် ထုတ်လုပ်ရေးအဖွဲ့သည် ပါဝင်ဆောင်ရွက်ခြင်း၊ ထိတွေ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ မူဝါဒပြုပြင် ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးမှုများ၏ သက်ရောက်မှုတို့အား အမြင့်ဆုံး ရရှိစေရန် ဆွေးနွေးမည့် ခေါင်းစဉ်များနှင့် ရိုက်ကူးမည့်နေရာတို့အား ဂရုတစိုက် ရွေးချယ်ခဲ့ပါသည်။ ရေကြည်ရာ ရုပ်မြင်သံကြား ဆွေးနွေးပွဲ (၁၁)ခုမှ လွှမ်းခြုံသည့် အဓိကအကြောင်းအရာနှင့် ၎င်းတို့အား ရိုက်ကူးသည့် နေရာများမှာ –

- » အိမ်အကူ အလုပ်သမားများ၏ အခွင့်အရေး၊ ပုသိမ်မြို့၌ ရိုက်ကူးခဲ့ပါသည်။
- » လုပ်ငန်းခွင်၌ ခွဲခြားဆက်ဆံခြင်း၊ မကွေးမြို့၌ ရိုက်ကူးခဲ့ပါသည်။
- » ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ မန္တလေးမြို့၌ ရိုက်ကူးခဲ့ပါသည်။
- » ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှု၊ ရန်ကုန်မြို့၌ ရိုက်ကူးခဲ့ပါသည်။
- » အလုပ်သမားသမဂ္ဂများ၊ ပဲခူးမြို့၌ ရိုက်ကူးခဲ့ပါသည်။
- » ကလေးအလုပ်သမား၊ ဖားအံမြို့၌ ရိုက်ကူးခဲ့ပါသည်။
- » လုပ်သားရွှေ့ပြောင်း သွားလာမှုလုပ်ငန်းစဉ်ဆိုင်ရာ နားလည်မှု စာချွန်လွှာ (MOU)၊ နေပြည်တော်၌ ရိုက်ကူးခဲ့ပါသည်။
- » အလုပ်သမား အငြင်းပွားမှုများ၊ နေပြည်တော်တွင် ရိုက်ကူးခဲ့ပါသည်။
- » လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ကယားပြည်နယ်တွင် ရိုက်ကူးခဲ့ပါသည်။
- » နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားလာခြင်း၊ ရန်ကုန်မြို့၌ ရိုက်ကူးခဲ့ပါသည်။
- » လူမှုဖူလုံရေး၊ ရန်ကုန်မြို့၌ ရိုက်ကူးခဲ့ပါသည်။

ရေကြည်ရာ ရုပ်မြင်သံကြား အစီအစဉ်အတွက် ပြုလုပ်သည့် အကဲဖြတ်ခြင်းမှ တွေ့ဆုံမေးမြန်းခဲ့သူ အားလုံး နီးပါး (၉၅%)သည် ၎င်းတို့အနေဖြင့် အသိအမြင်သစ်တစ်ခု ရရှိခဲ့သည်ဟု ခံစားခဲ့ရပြီး၊ အများအပြားမှာ အစီအစဉ်ကြည့်ပြီးနောက်ပိုင်း လုပ်ကိုင်နိုင်စွမ်း ရှိလာသည်ဟု ခံစားခဲ့ရကြောင်း နှင့် "ရေကြည်ရာကို ကြည့်ပြီးတဲ့နောက်ပိုင်း အကယ်၍ ကျွန်တော်တစ်ခုခုဖြစ်လာလို့ရှိရင် ကျွန်တော်အဲဒီနေရာမှာပဲ ရပ်ပြီး ငြိမ်ခံနေဖို့ မလိုဘူးဆိုတာ ကျွန်တော် သိလာခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော် တစ်ခုခု ပြန်လုပ်လို့ရနိုင်တယ်။ ကျွန်တော့် အခွင့်အရေးတွေက ဘာတွေလဲဆိုတာကို ကျွန်တော် သိတယ်။ ပြီးတော့ သူတို့ကို ဘယ်လိုပြန်ရင်ဆိုင်ရမလဲ ဆိုတာတွေကို သိတဲ့အတွက်ကြောင့် ဥပဒေကြောင်းအရ အရေးယူဖို့ ကျွန်တော်မှာ ယုံကြည်ချက် ရှိတယ်လို့ ခံစားရပါတယ်" ဟု ပြောကြားခဲ့ပါသည်။ ရုပ်မြင်သံကြား အစီအစဉ်ပွဲတွင် ကိုယ်တိုင် ပါဝင်ခဲ့သည့် ဦးဆောင် ဆွေးနွေးသူများ အနက်မှ ၉၄% တို့က ဆွေးနွေးခဲ့သည့် ကိစ္စရပ်များအပေါ် အရေးယူဆောင်ရွက်ရန်အတွက် စိတ်ပါလာအောင် ဆွဲဆောင်နိုင်သည်ဟု ခံစားရကြောင်းကို ပြောကြားခဲ့ပါသည်။ ဦးဆောင် ဆွေးနွေးသူ အနေဖြင့် ပါဝင်ခဲ့သော အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ်ကမူ "ကျွန်တော်အနေနဲ့ ပတ်သက်ဆက်နွယ်သူများရဲ့ အမြင်အမျိုးမျိုးနှင့် ပြဿနာ အမျိုးမျိုးကို တစ်နေရာတည်းမှ ကြားသိခွင့်ရနိုင်ခဲ့ပါတယ်။ ပြီးတော့ ၎င်းတို့ မေးတဲ့ မေးခွန်းတွေကိုလည်း ဖြေရှင်းဖို့ အခွင့်အရေး ရခဲ့ပါတယ်။ အကယ်၍ ကျွန်တော်တို့အနေနဲ့ အလုပ်သမား ဥပဒေကို ပိုကောင်းတဲ့ ဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲမယ်ဆိုရင် ပြဿနာတွေကို ထည့်သွင်း စဉ်းစားပေးနိုင်မှာဖြစ်ပြီး၊ ကဏ္ဍအသီးသီးက ထုတ်ဖော်ပြောဆိုတဲ့ အသံတွေကိုလည်း ထည့်သွင်း သွားမှာပါ" ဟု ပြောကြားခဲ့ပါသည်။ အိမ်အကူ အလုပ်သမား၏ အခွင့်အရေးများ နှင့် ပတ်သက်သည့် ရုပ်မြင်သံကြား အစီအစဉ်၏ အလွန်အရေးပါသည့် မူဝါဒဆိုင်ရာ သက်ရောက်မှုမှာ ပါဝင်ဆွေးနွေးသူ အများအပြားမှ လွှတ်တော်၌ ဥပဒေအား ဆွေးနွေးနေစဉ် ထိုအစီအစဉ်အား ထုတ်လွှင့်ခဲ့ခြင်းသည် အိမ်အကူအလုပ်သမား ဥပဒေမူကြမ်းကို အတည်ပြုရန်အတွက် အထောက်အပံ့ဖြစ်စေခဲ့သည်ဟု ခံစားခဲ့ကြခြင်း ဖြစ်ပါသည်။



*ပုံ ၄.၅ – သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ ရေကြည်ရာ ရုပ်မြင်သံကြား အစီအစဉ်မှ မြင်ကွင်းများ*

**သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်၊ လုပ်သားရွှေ့ပြောင်း သွားလာမှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ပတ်သက် ဆက်နွယ်သူများ၏ အသိပညာနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း**

အလုပ်သမားရွှေ့ပြောင်းသွားလာမှု စီမံအုပ်ချုပ်ရေး အကောင်အထည်ဖော်ခြင်းအား တိုးတက်ကောင်းမွန်စေခြင်း ILO ၏ DIILM စီမံကိန်းသည် မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်း သွားလာမှု စီမံအုပ်ချုပ်ရေး အကောင်အထည်ဖော်ခြင်းအား တိုးတက် ကောင်းမွန်စေရန် အဓိက ပတ်သက်ဆက်နွယ်သူများထံ စွမ်းဆောင်ရည် တည်ဆောက်သည့် သင်တန်းများပေးရန်အတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။၂၀၂၀ ခုနှစ်တွင် စီမံချက်သည် ထိုင်း၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံများရှိ ရာထူးနေရာများအတွက် အသစ် ရွေးချယ် ခန့်အပ်ခြင်းခံရသော အလုပ်သမား သံအရာရှိများအတွက် သင်တန်း ပို့ချပေးခဲ့ပါသည်။ ထို့အပြင် အလုပ်သမား တိုင်တန်းချက်များအတွက် အချက်အလက်များ စီမံခန့်ခွဲသည့် နှစ်ရက်ကြာ ဆရာဖြစ် သင်တန်းများကို အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနမှ အစိုးရ အရာရှိများအတွက် စီစဉ်ပို့ချပေးခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲများ၏ ရလဒ်အနေဖြင့် ဆိုက်ရောက်နိုင်ငံအလိုက် တိုင်တန်းချက် အမျိုးအစား၊ လုပ်ငန်း ကဏ္ဍနှင့် တိုင်တန်းမှုများ ပြုလုပ်သည့် ကျား၊ မ ဆိုင်ရာ အချက်အလက်များ တောင်းဆိုသည့်အခါ ပေးအပ်ရသည့် အမျိုးသားအဆင့် အစီရင်ခံစာများ ပြုစုရသည့် စွမ်းဆောင်ရည် အပါအဝင် ရွှေ့ပြောင်း လုပ်သားများမှ တိုင်တန်းသည့် အမှုများအား အမှုတွဲဖွင့်ခြင်းဆိုင်ရာ အချက်အလက် ကောက်ယူသည့် စနစ်မှာ ထူးခြားစွာ တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ကျန်းမာရေးနှင့် ဆေးစစ်ခြင်း၊ မထွက်ခွာမီပေးသည့် သင်တန်း၊ နေရပ်ပြန်လာသူများအတွက် လုပ်ထုံးလုပ်နည်းနှင့် ရွှေ့ပြောင်း သွားလာသူများ လူမှုအသိုက်အဝန်းအတွင်း ပြန်လည် ပေါင်းစည်းခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ဦးနှစ်ဘက် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမား သမဂ္ဂ မိတ်ဖက်အဖွဲ့အစည်းများအတွက်လည်း သင်တန်း ပို့ချပေးခဲ့ပါသည်။

**ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပတ်သက်ဆက်နွယ်သူများအား အသိပညာ မြှင့်တင်ပေးသည့် ၂၀၂၀ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကိန်းဂဏန်း အချက်အလက်များ၊ လေ့လာမှုများနှင့် မှတ်တမ်းရုပ်ရှင်များ တိုးတက် များပြားလာခြင်း**

ILO မှ ပြုစုခဲ့သည့် သုတေသန အစီရင်ခံစာ အမျိုးမျိုးအား ပတ်သက်ဆက်နွယ်သူများထံ အထောက်အထား ပြသရန်အတွက် တင်ပြခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် လေ့လာမှု (၅)ခုအား ထုတ်ဝေခဲ့ပါသည်။ ပါမောက္ခ Maris Oliver မှ ပြုလုပ်သည့် ပုံစံတကျမဟုတ်သောစီးပွားရေးအတွင်းရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအတွက် လူမှုဖူလုံရေး အတိုင်းအတာကို တိုးချဲ့ဆောင်ရွက်ခြင်း ဆန်းစစ်လေ့လာမှုအား အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ လူမှု ဝန်ထမ်း ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့သည့် နေပြည်တော်၌ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ပါသည်။ စာတမ်း၏ ခိုင်မာသော ဆန်းစစ်မှုများအား အစိုးရမှ ကောင်းမွန်စွာ လက်ခံခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့မှ တရားမဝင်ကဏ္ဍအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအား တိုးချဲ့ခြင်း၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ အလွယ်တကူ ရယူနိုင်မှု တိုးတက် များပြားလာစေခြင်းနှင့် ရွှေ့ပြောင်းသွားလာသူများအတွက် လူမှုဖူလုံရေး ရန်ပုံငွေ ထူထောင်နိုင်ရန်အတွက် ဖြစ်နိုင်ခြေများကို စူးစမ်းရှာဖွေခြင်း အပါအဝင် ထောက်ခံ အကြံပြုချက်များအား အကောင်အထည်ဖော်ရန် အတွက် နောက်အဆင့်များကို စူးစမ်းရှာဖွေရန် ILO နှင့် ပုံမှန် အစည်းအဝေးများ ပြုလုပ်ရန်အတွက် တောင်းဆိုခဲ့ပါသည်။ သုတေသန လေ့လာမှုအား ILO ၏ အင်တာနက် စာမျက်နှာတွင် အင်္ဂလိပ်၊ မြန်မာ ဘာသာတို့ဖြင့် ထုတ်ဝေခဲ့ပါသည်။

ILO မှ နေရပ်ပြန် မြန်မာရွှေ့ပြောင်းလုပ်သားများ၏ ကျွမ်းကျင်မှုများအား ဆန်းစစ်အကဲဖြတ်သည့် လေ့လာမှုကို ခိုင်လုံကြောင်း အထောက်အထားပြသသည့် အခမ်းအနားအား အွန်လိုင်းမှကျင်းပခဲ့ပြီး အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရွှေ့ပြောင်း သွားလာရေး ဌာနခွဲမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့အပြင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် အလုပ်အကိုင် ဝန်ဆောင်မှုပေးသည့် ကိုယ်စားလှယ်လုပ်ငန်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။ လေ့လာမှု၏ တွေ့ရှိချက်များမှ ကျွမ်းကျင်မှု သင်တန်းဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်၍ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအကြား အသိပညာပေးရန်၊ ကိုက်ညီသည့် အလုပ်ရှာဖွေ ခြင်းဆိုင်ရာ ပလက်ဖောင်းများ တိုးတက်ကောင်းမွန်စေရန် တို့ လိုအပ်နေကြောင်း မီးမောင်း ထိုးပြခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲအား ရွှေ့ပြောင်း လုပ်သားများ အလုံးအရင်းဖြင့် ပြန်လာသည့် ၂၀၂၀ ခုနှစ် မတ်လ မတိုင်မီ ကျင်းပခဲ့ပါသည်။ နောက်ပိုင်းတွင် COVID–19 ကပ်ရောဂါ အခြေအနေနှင့် စပ်လျဉ်း၍ နိုင်ငံတော် အတိုင်ပင်ခံ ပြောကြားခဲ့သည့် မိန့်ခွန်း၌ နေရပ် ပြန်လာခဲ့သည့် ရွှေ့ပြောင်း သွားလာသူများ၏ ကျွမ်းကျင်မှုများကို မြန်မာနိုင်ငံ ကောင်းကျိုးအတွက် အပြည့်အဝ အသုံးချသင့်သည်ဟု မှတ်ချက်ပြုဆိုပြီးသည့် အချိန်မှစ၍ ပို၍ သိသာစေခဲ့ပါသည်။ အပြီးသတ်အစီရင်ခံစာအား ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် အင်္ဂလိပ်၊ မြန်မာ ဘာသာများဖြင့် ထုတ်ဝေခဲ့ပြီး နေရပ်ပြန် ရွှေ့ပြောင်းသွားလာ သူများအတွက် ကျွမ်းကျင်မှုများ အကဲဖြတ် သုံးသပ်ခြင်းနှင့် အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်းတို့အား တိုးချဲ့ ဆောင်ရွက်ရန်အတွက် အားပေး လှုံ့ဆော်ရန် အသုံးပြု သွားမည် ဖြစ်ပါသည်။

ILO မှလည်း COVID–19 ကပ်ရောဂါ ကာလအတွင်း ASEANဒေသ ရွှေ့ပြောင်းသွားလာသူများထဲမှ နေရပ်ပြန် မြန်မာနိုင်ငံသား ရွှေ့ပြောင်း သွားလာသူများ၏ အတွေ့အကြုံများအပေါ် အလျင်အမြန် ဆန်းစစ် အကဲဖြတ်သည့် လေ့လာမှု တစ်ရပ်အား ထုတ်ဝေခဲ့ပါသည်။ တွေ့ရှိချက်များအရ COVID–19 ကပ်ရောဂါကြောင့် ဆိုက်ရောက်နိုင်ငံများရှိ ရွှေ့ပြောင်း သွားလာသူ အများအပြားတို့ကြား အလုပ်အကိုင် မရေရာ မသေချာမှုနှင့် အနိုင်ထက်ပြုကျင့်ခြင်း ခံရနိုင်သည့် အားနည်းထိခိုက်လွယ်မှုများ တိုးပွားလာခဲ့သည့်အပြင် မြန်မာနိုင်ငံသို့ ပြန်လာရာတွင် စိန်ခေါ်မှုများပြီး ရုံဖန်ရံခါ စိတ်ထိခိုက်နာကျင်ရသည့် ဖြစ်စဉ်များလည်း တိုးပွားလာခဲ့ကြောင်း မီးမောင်း ထိုးပြလျက်ပါသည်။ ရှမ်းပြည်နယ်မှ နေရပ်ပြန် အမျိုးသမီးတစ်ဦးမှ "ကျွန်မ ကျိုင်းတုံကို ဘတ်စ်ကားနဲ့ ပြန်လာခဲ့ပါတယ်။ ကျွန်မ အစ်ကိုက အဝေးပြေးဂိတ်မှာ လာကြိုခဲ့ပါတယ်။ ဘတ်စ်ကားပေါ်မှာ လူတွေအများကြီး ပါလာတာကြောင့် ကျွန်မ ရောဂါကူးစက်ခံရမှာ စိုးရိမ်ခဲ့ပါတယ်။ ပြန်လာတဲ့လမ်းတလျှောက် စစ်ဆေးရေး ဂိတ် (၃) ဂိတ်မှာ ကျွန်မ ကိုယ် အပူချိန်ကို တိုင်းခဲ့ပါတယ်။ ကျွန်မမှာ အဖျားမရှိလို့ သူတို့က အိမ်ပြန်ခွင့် ပေးခဲ့ပါတယ်။ စစ်ဆေးရေးဂိတ်မှာရှိတဲ့ အာဏာပိုင်တွေကို ကျွန်မ အရမ်းကြောက်ခဲ့ရပါတယ်။ တကယ်လို့များ ကျွန်မမှာ အဖျားရှိနေရင် ကျွန်မ အိမ်ပြန် နိုင်မှာ မဟုတ်တော့ဘူးဆိုပြီး စိုးရိမ် ပူပန်ခဲ့ရပါတယ်" ဟု ပြန်ပြောပြခဲ့ပါသည်။

COVID–19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးသို့ ပြန်လာသည့် ရွှေ့ပြောင်းသွားလာသူများ ရုတ်ခြည်း တိုးလာသည်အား သတိပြုမိသဖြင့် IOM ၏ ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှု မဟာဗျူဟာအဖြစ် မြစ်ဝကျွန်းပေါ် ဒေသတွင် အသုံးပြုခြင်း (MILDAS) စီမံချက်သည် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများအား ဆန်းစစ်လေ့လာမှုတွင် ပြည်တွင်း ရွှေ့ပြောင်းသွားလာသူများအား ထည့်သွင်းနိုင်ရန်အတွက် တိုးချဲ့ဆောင်ရွက်ခဲ့ ပါသည်။ ဆန်းစစ်လေ့လာမှုသည် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ရွှေ့ပြောင်းသွားလာသူများ ထွက်ရှိလာသည့် လူမှုအသိုက်အဝန်းများအပေါ် COVID–19 ကမ္ဘာ့ ကပ်ရောဂါ၏ သက်ရောက်မှုများကို စစ်ဆေးခြင်း မှတဆင့် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအတွက် မြန်မြန်ဆန်ဆန် ပြောင်းလဲသွားသည့် အခြေအနေများကို ပိုမိုသဘောပေါက် နားလည်စေရန်အတွက် ရည်ရွယ်ပါသည်။ MILDAS နှင့် မိတ်ဖက် လူမှုအဖွဲ့အစည်းများသည် ဘိုကလေး၊ မော်လမြိုင် ကျွန်းနှင့် လပွတ္တာတို့ရှိ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ (၃၈၄)ဦးနှင့် ရပ်ရွာလူထု ခေါင်းဆောင် (၅၀)ဦးတို့အား တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ ဆန်းစစ် လေ့လာမှုမှ ပြည်တွင်းနေရပ်ပြန် ရွှေ့ပြောင်း သွားလာသူ အများစုမှာ နေရပ် မပြန်မီကတည်းက ၎င်းတို့ အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြကြောင်းကို တွေ့ရှိခဲ့ ပါသည်။ ဝင်ငွေဆုံးရှုံးသွားသဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ရွှေ့ပြောင်းသွားလာသူများမှ လူမှုအသိုက်အဝန်းများထံ ပေးပို့သော ငွေလွှဲပေးပို့မှုများ လျော့ကျသွားခဲ့ပြီး အဆိုပါအသိုက်အဝန်းများမှ ပြင်ပအကူအညီလိုအပ်မှု တိုးတက် များပြားလာသည့်အပြင် အဆိုပါ လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ခြင်းလည်းမရှိပါ။

ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) နှင့် မိတ်ဖက်ပြု၍ ILO MILDAS စီမံချက်သည် ဧရာဝတီတိုင်းဒေသကြီးရှိ ရွှေ့ပြောင်းသွားလာခြင်း သံသရာအကြောင်း မှတ်တမ်း ဗီဒီယို (၃)ခုအား ထုတ်လုပ်ခဲ့ပါသည်။ ဒေသတွင်း၌ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် မိသားစုများသည် စိုက်ပျိုးရာသီ ကုန်ဆုံးချိန်တွင် ယာယီ လုပ်သားရွှေ့ပြောင်း သွားလာမှုမှတဆင့် ၎င်းတို့၏ ဝင်ငွေ ရရှိအောင် လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်ခြင်းမှာ တစ်စတစ်စ တိုးတက်များပြားလာနေပါသည်။ ဤဖြစ်စဉ်နှင့် ပတ်သက်၍ မှတ်တမ်းတင်ရန်နှင့် အသိအမြင် တိုးတက်စေရန်တို့အတွက် DVD သည် ရုပ်ရှင်မှတ်တမ်းများ စုဆောင်းရန်နှင့် အကျိုးခံစားခွင့်ရှိသူများအား တွေ့ဆုံမေးမြန်းခြင်းတို့အတွက် ရိုက်ကူးရေးအဖွဲ့အား MIDLAS ၏ ဦးတည်ရည်ရွယ်သော ဒေသအများအပြား သို့ စေလွှတ်ခဲ့ပါသည်။ နားလည် သဘောပေါက်မှု တိုးမြှင့်ရန်နှင့် မူဝါဒ ရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေရန် တို့အတွက် "ဘိုကလေးရှိ ရာသီ အလိုက် အလုပ်အကိုင်များ၏ စိန်ခေါ်မှုများ"၊ "လပွတ္တာတွင် ငွေရေး ကြေးရေး ဆိုင်ရာ စနစ်တကျကြိုတင်စီမံခန့်ခွဲခြင်း"၊ နှင့် "ရန်ကုန်တွင် ရာသီအလိုက် အလုပ်လုပ်ကိုင်ခြင်း" ခေါင်းစဉ်များ နှင့် ရိုက်ကူး ထုတ်လုပ်ထားသော မှတ်တမ်း ဗီဒီယိုများကို ရုပ်မြင်သံကြားနှင့် လူမှုရေး မီဒီယာကွန်ရက်များမှတဆင့် ကျယ်ကျယ်ပြန့်ပြန့် ပြသခဲ့ပါသည်။ အချောသတ်ပြီးဖြစ်သည့် မှတ်တမ်းဗီဒီယို (၃)ခု၏ တင်ဆက်မှုများကို DVB ၏ ရုပ်မြင်သံကြားလိုင်းတွင် ထုတ်လွှင့်ခဲ့ပြီး မယ်ရွှေ့ပြောင်း ဖေ့စ်ဘုတ် စာမျက်နှာ (ကြည့်ရှုမှု ၄၁၀,၈၀၀)တွင် မျှဝေ ခဲ့ပါသည်။

အသိပညာအခြေခံတွင် ကြီးမားသည့် ကွာဟချက်ရှိသည်အား သတိပြုပြီး IOM ၏ တိုးတက်ပွားလာသည့် လုံခြုံ စိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်း သွားလာမှုမှတဆင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပဋိပက္ခ ဒဏ်ခံ လူမှုအသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်း အားကောင်းစေခြင်း (SAFE) စီမံချက်သည် ပြည်တွင်း နေရပ်





စွန့်ခွာတိမ်းရှောင်သူများနှင့် ဒေသခံ လူမှုအသိုက်အဝန်းများအကြား လုပ်သား ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ ဆန်းစစ်သည့် လေ့လာမှုအား အပြီးသတ်ခဲ့ပါသည်။ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုတွင် လုပ်သား ရွှေ့ပြောင်း သွားလာမှုသည် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှပါဝင်သည့်အပေါ် လက်တွေ့ အထောက်အထားများ များစားစား မရှိသည့် တင်ပြချက်သည် အထူးသဖြင့် တရုတ်နိုင်ငံတွင် အတင်းအဓမ္မ လက်ထပ်စေရန်အတွက် လူကုန်ကူးခြင်းကဲ့သို့သော အပျက်သဘောဆောင်သည့် ရလဒ်များအပေါ် အလွန်ကျဉ်းမြောင်းစွာ အာရုံစိုက်ခဲ့ ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ရွှေ့ပြောင်း သွားလာမှုများ၏ ဦးတည်ရာ နှင့် ပုံစံများနှင့် သက်ဆိုင်သည့် အချက်အလက်များ မရှိခြင်းကို ဖြေရှင်းရန်အတွက် အရည်အသွေးဆိုင်ရာ သုတေသနအား Dr. Victoria Jack မှ ပြုလုပ်ခဲ့ပြီး ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများ၏ ရှုဒေါင့်နှင့် လိုအပ်ချက်များဆိုင်ရာ အသိအမြင်ကို ပေးအပ်ခဲ့ပါသည်။ လေ့လာမှုမှ နိုင်ငံရပ်ခြားရှိ သွားရောက်လေ့ရှိသော ဆိုက်ရောက်နိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းသွားလာရန်အတွက် အမျိုးသမီးနှင့် အမျိုးသား များတွင် လုံလောက်သည့် အခွင့်အလမ်းများ မရှိကြောင်း ရှာဖွေတွေ့ရှိခဲ့ပါသည်။ ရလဒ်အနေဖြင့် ဒေသတွင်း မှ နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားလာသူ အများစုသည် နေထိုင်ရန်နှင့် အလုပ်လုပ်ရန် တို့အတွက် လိုအပ် သော တရားဝင် အထောက်အထားများ မရှိဘဲ ရွှေ့ပြောင်းသွားလာကြသည်ကို တွေ့ရပါသည်။ ထို့အတွက် ကြောင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်း အချက်အလက်များသည် ပုံမှန်လမ်းကြောင်း များ အသုံးပြုရန်အားပေးသည်သာမက ၎င်းတို့အား အလွဲသုံးစားပြု ခံရနိုင်ချေအား လျှော့ချရန် အတွက် ပုံမှန် မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူများအတွက် သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြေရှင်းပေး သည့် အတွက်ကြောင့် အလွန်အရေးပါပါသည်။ လေ့လာမှုမှ တွေ့ရှိချက်များအား လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများအား လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းသွားလာ သူများအား ကာကွယ် စောင့်ရှောက်မှု မြှင့်တင်ရန်အတွက် မူဝါဒဆိုင်ရာ နည်းလမ်းများ ရေးသားပြုစုရာတွင် သတင်းအချက်အလက်ပေးခြင်း နှင့် ရွှေ့ပြောင်းသွားလာမှု၏ အကျိုး ကျေးဇူး များအား အမြင့်ဆုံး ရရှိစေခြင်းတို့ အပါအဝင် စီမံကိန်းလုပ်ငန်းများတွင် အထောက်အထား အခြေခံသည့် ချဉ်းကပ် နည်းလမ်းအား ကူညီပံ့ပိုးပေးရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

IOM ၏ တွဲလက်စီမံချက်သည် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (CESD) နှင့်အတူ ၎င်း၏ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ သုတေသနအား ရှေ့ဆက်လုပ်ဆောင်ခဲ့ပါသည်။ CESD အတွက် သင်တန်း ပို့ချ ပေးရန်အတွက် IOM နှင့် ဩစတြေးလျ အမျိုးသား တက္ကသိုလ် (ANU) တို့ အကြား နားလည်မှု စာချွန်လွှာ တစ်စောင်ကို ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤပူးပေါင်း ဆောင်ရွက်မှုတွင် ANU မှ ရွှေ့ပြောင်းသွားလာခြင်း၊ လူဦးရေ စာရင်းကောက်ယူခြင်းနှင့် စစ်တမ်း ဒီဇိုင်းပုံစံရေးဆွဲခြင်း ဆိုင်ရာ ကျွမ်းကျင် သူများ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်တွင်း သုတေသန ပညာရှင် (၂၆)ဦး (အမျိုးသမီး ၅၀%) အတွက် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် (၈)ရက်ကြာ စွမ်းဆောင်ရည် တည်ဆောက်ပေးသည့် အလုပ်ရုံ ဆွေးနွေးပွဲ ပါဝင်ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲ၏ လက်တွေ့ရလဒ်များတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ ဒေသများတွင် ရွှေ့ပြောင်း သွားလာမှုနှင့် ငွေလွှဲပို့ခြင်း၏ သက်ရောက်မှုများအပေါ် CESD မှ အစီအစဉ် ရေးဆွဲထားသည့် လေ့လာမှု (၄)ခု အနက်မှ ပထမဆုံး တစ်ခုအတွက် သုတေသန နည်းကိရိယာများနှင့် စစ်တမ်း မေးခွန်းတွဲများကို ရေးသားပြုစုခြင်း ပါဝင်ပါသည်။ ANUသည် တက်ရောက်သူ (၃၄) ဦးအတွက် အရည်အသွေးဆိုင်ရာ သုတေသန အလေ့အကျင့်များ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ပံ့ပိုးကူညီပေး ခဲ့ပါသည်။ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ငွေလွှဲ ပေးပို့မှုများအပေါ် ပထမဆုံး လေ့လာမှု အား ၂၀၂၀ ခုနှစ် အောက်တိုဘာ လတွင် တရားဝင် ခွင့်ပြုပေးခဲ့ပါသည်။ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနထံမှ ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အခြေခံ အဆောက်အဦ လေ့လာမှုအတွက် တရားဝင် ခွင့်ပြုချက်နှင့် အသေးစား လေ့လာမှု (၂)ခု အတွက် အလွတ်သဘော ခွင့်ပြုချက်တို့ ရရှိနိုင်ရန် မျှော်မှန်းထားခဲ့ပါသည်။

IOM တွဲလက်စီမံချက် စတင်သည့် အချိန်မှစပြီး ပြည်တွင်း CSO မိတ်ဖက် အဖွဲ့အစည်းများတွင် အဖွဲ့အစည်းနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ခြင်းအား အဓိကထား အာရုံစိုက်ခြင်းဖြင့် စီမံချက် သက်တမ်း ကုန်ဆုံးသွားသည့် နောက်ပိုင်းတွင် ထိုအဖွဲ့အစည်းများမှ ရွှေ့ပြောင်းသွားလာသူများနှင့် ယင်းတို့၏ မိသားစုများအား ဆက်လက် ကူညီပံ့ပိုး ပေးနိုင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် အစောပိုင်းကာလတွင် IOM သည် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ စီမံကိန်းဒီဇိုင်းပုံစံ ရေးဆွဲခြင်း နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ၎င်း၏ CSO မိတ်ဖက် အဖွဲ့အစည်းများ၏ အသိအမြင်နှင့် ကျွမ်းကျင်မှုများ တိုးတက်လာခဲ့သည့် အတိုင်းအတာအား စနစ်တကျ ဆုံးဖြတ် နိုင်ရန်အတွက် အဖွဲ့အစည်း စွမ်းဆောင်ရည်ဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှုများအား ပြုလုပ်ခဲ့ပါသည်။ စောင့်ကြည့် စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ တာဝန်ခံမှုနှင့် လေ့လာသင်ယူခြင်း (MEAL) နယ်ပယ်သည် မိတ်ဖက်အဖွဲ့ အစည်းများအားလုံးမှ အထူးသဖြင့် စောင့်ကြည့်စစ်ဆေးသည့် နည်းကိရိယာများ အသုံးပြုခြင်း၊ အချက်အလက် ကောက်ယူခြင်း၊ ကိန်းဂဏန်း အချက်အလက်များ စီမံခန့်ခွဲခြင်းနှင့် ဆန်းစစ်ခြင်းတို့တွင် စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေရန် လုပ်ဆောင်သည့် နယ်ပယ်တစ်ခု ဖြစ်သည်မှာ ထင်ရှားပါသည်။ ကျား၊ မ အလေးထားမှုတွင်လည်း မိတ်ဖက်အဖွဲ့အစည်းများသည် ကောင်းမွန်စွာ သိရှိနားလည် ကြောင်း၊ ကျား၊မ ရေးရာအား စီမံကိန်း လုပ်ငန်း တိုင်းတွင် ထည့်သွင်းခြင်းအား မိတ်ဖက်အဖွဲ့အစည်းများမှ ကောင်းစွာ နားလည်သဘောပေါက်ကြောင်းနှင့် လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ထည့်သွင်း စဉ်းစားထားကြောင်းလည်း တွေ့ရှိရပါသည်။ မိတ်ဖက် အဖွဲ့အစည်းများသည် စီမံကိန်း အစီအစဉ် ရေးဆွဲနည်း၊ ဘတ်ဂျက်အသေးစိတ် ရေးဆွဲ နည်း နှင့် အသုံးစရိတ်များနှင့် ဆိုင်သည့် ပြေစာများ၊ လက်ခံ ဖြတ်ပိုင်းများအား မည်သို့ မှတ်တမ်း ထားရှိရမည် ဆိုသည်တို့နှင့် စပ်လျဉ်း၍ ပိုမိုသဘောပေါက်နားလည်လာကြကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် လူမှုအမူအကျင့် ပြောင်းလဲရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများတွင် စွမ်းဆောင်ရည် တည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှု များသည် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များပေးသည့် စည်းရုံး လှုပ်ရှားမှုများအား မည်ကဲ့သို့ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်နှင့် ပတ်သက်၍ အသိအမြင် တိုးတက်လာခြင်းဆီသို့ ဦးတည်စေခဲ့ပါသည်။ လုပ်သားရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ စကားရပ်များ နှင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများ၊ လိမ်လည်မှုများအား တားဆီးကာကွယ်ခြင်း နှင့် အဂတိလိုက်စားမှု

တိုက်ဖျက်ရေးနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ တားဆီးကာကွယ်ခြင်းတို့အပါအဝင် နောက်ထပ်သင်တန်းများအား သုံးလပတ် စီမံချက်စီမံအုပ်ချုပ်သူများ အစည်းအဝေးများမှတဆင့် မျှဝေပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလတို့တွင် ပြည်တွင်း မိတ်ဖက် အဖွဲ့အစည်းဖြစ်သော RAFT သည် တွဲလက် စီမံချက်၏ မိတ်ဖက်အဖွဲ့အစည်းများအား ပဋိပက္ခ အလေးထားသည့် နည်းပညာဆိုင်ရာ လမ်းညွှန်မှုနှင့် စွမ်းဆောင်ရည် တည်ဆောက်ရေးဆိုင်ရာ အကူအညီတို့အား ပေးအပ်ခဲ့ပါသည်။

COVID-19 ကပ်ရောဂါ ကာလအတွင်း နေရပ်သို့ အလုံးအရင်းနှင့် ပြန်လည် ဝင်ရောက်လာမှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် IOM နှင့် ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် နေရပ်မှ လူမှုအသိုက်အဝန်းများအပေါ် အလျင်အမြန် ဆန်းစစ် အကဲဖြတ်ခြင်းအား ၂၀၂၀ ခုနှစ် ဇွန်လမှ ဇူလိုင်လအထိ ပြုလုပ်ခဲ့ပါသည်။ ဆန်းစစ်အကဲဖြတ်ခြင်းအား မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၀)ခု – ဧရာဝတီ၊ မကွေး၊ မန္တလေး၊ တနင်္သာရီ၊ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်နှင့် ရှမ်း – တို့တွင် ပြုလုပ်ခဲ့ပါသည်။ နေရပ်ပြန်သူများအတွက် စစ်တမ်းမေးခွန်းလွှာတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများအတွက် မေးခွန်းများ ပါဝင်ခဲ့ပြီး စုစုပေါင်း တုံ့ပြန်ဖြေကြားသူ (၂,၃၁၁) ဦး (အမျိုးသမီး ၄၇%) ထံ ရောက်ရှိခဲ့ပါသည်။ ရပ်ရွာ လူထုခေါင်းဆောင်များအတွက် မေးခွန်းလွှာကိုလည်း နေရပ်ပြန် ရွှေ့ပြောင်း လုပ်သားများနှင့် ပတ်သက်သည့် ၎င်းတို့၏ အမြင်များနှင့် အတွေ့အကြုံများကို စုစည်းနိုင်ရန် အဓိကထား၍ ရေးဆွဲခဲ့ပြီး တုံ့ပြန်ဖြေကြားသူ (၄၅၃) ဦး (အမျိုးသမီး ၂၃%) ထံ ရောက်ရှိခဲ့ပါသည်။ လေ့လာမှု၏ တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များအား စီမံကိန်းဆောင်ရွက်ချက်များ ရေးဆွဲရေးနှင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ၊ ၎င်းတို့၏ မိသားစုများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများ၏ ကျန်းမာရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ နှင့် လူမှု စီးပွားရေးလိုအပ်ချက်များနှင့် အားနည်းထိခိုက်လွယ်မှုများနှင့် ဆက်နွယ်နေသည့် အသိပေးအရေးဆိုမှု တို့တွင် သတင်းအချက်အလက်များ ပေးအပ်ရန် အတွက် အသုံးပြုခဲ့ပါသည်။

World Vision ၏ မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်းပေးသည် – ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှုအသိုက်အဝန်းများအတွက် အားလုံးပါဝင်ပြီး ပြောင်းလဲစေနိုင်သည့် အသက်မွေးဝမ်းကျောင်းအား ကူညီပံ့ပိုးပေးခြင်း (SHE) စီမံချက်သည် ယင်းမှ အစီအစဉ် ရေးဆွဲထားခဲ့သည့် ကြိုတင် ပုံဖော်ပုံစံချထားသည့် သုတေသနလေ့လာမှု(၃)ခုအား ၂၀၂၀ခုနှစ် ပထမနှစ်ဝက်တွင် အဆုံးသတ်ခဲ့ပါသည်။ လူမှုအသိုက်အဝန်း၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်စွာ နားလည်စေနိုင်ရန်နှင့် စီမံချက်၏ စွမ်းဆောင်နိုင်မှု ညွှန်းကိန်းများတွင် ကျား၊မ ရေးရာ တန်းတူညီမျှမှုအတွက် အခြေခံ ဆောင်ရွက်မှု ပေးအပ်ရန်တို့အတွက် ပြုလုပ်သည့် ကနဦး စစ်တမ်းကောက်ယူမှုသည် စီမံချက် ဆောင်ရွက်သည့် မြို့နယ် (၅)မြို့နယ်ရှိ အိမ်ထောင်စု (၉၀၀) ပြီးစီးခဲ့ပါသည်။ ရရှိနိုင်သည့် ကျွမ်းကျင်မှုများ၊ အလုပ်ရှင်များ၏ လုပ်သား တောင်းဆိုမှုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပေးသူများမှ ပေးအပ်ခဲ့သည့် ဝန်ဆောင်မှုများ ဆန်းစစ် လေ့လာမှု တစ်ခု ပါဝင်သည့် အလုပ်သမားဈေးကွက် ဆန်းစစ်သည့် လုပ်ငန်းစဉ်အား ဖေဖော်ဝါရီလတွင် အပြီးသတ်ခဲ့ပါသည်။ သင်တန်းအတွက် ရှာဖွေ ဖော်ထုတ်ခဲ့သည့် အဓိက ကဏ္ဍများမှာ ဆောက်လုပ်ရေး၊ အစားအသောက်နှင့် အဖျော်ယမကာ၊ ရက်ကန်းလုပ်ငန်း၊ အချုပ်အလုပ်၊ အပ်ချုပ်လုပ်ငန်း၊ လက်မှုပညာ၊ အစားအသောက် ထုတ်လုပ် စီမံပြုပြင်ခြင်းနှင့် မော်တော်ဆိုင်ကယ်ပြင်ခြင်းလုပ်ငန်း တို့ဖြစ်ပါသည်။ IDP စခန်းများတွင် အိမ်ထောင်စုများအတွက် အဓိက ဝင်ငွေရင်းမြစ်များနှင့် အသုံးစရိတ်များအား ဆန်းစစ်အကဲဖြတ်သော အိမ်ထောင်စု စီးပွားရေး ဆန်းစစ်ချက် တစ်ရပ်အား တတိယလေ့လာမှုတွင် ပြီးစီးခဲ့ပြီး ယင်း အိမ်ထောင်စုများအား ချမ်းသာကြွယ်ဝမှု အပေါ် မူတည်၍ အုပ်စု (၄)စုအတွင်း၌ ထည့်သွင်းခဲ့ပါသည်။ အသိပညာဆိုင်ရာ သတင်းအချက်အလက်များ စုစည်းမှုအတွက် ထည့်ဝင်ပေးရန်နှင့် စီမံချက် ဆောင်ရွက်ချက်များ၏ ဒီဇိုင်းအား ပုံဖော်ရန်တို့အတွက် လေ့လာမှု အများအပြားအား ထုတ်ဝေဖြန့်ချိ သွားမည် ဖြစ်ပါသည်။

ADRA ၏ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှုအသိုက်အဝန်းများအား ကူညီပံ့ပိုးပေးရန် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ပညာရေး (VESI) စီမံချက်သည် ယင်း၏ အသက်မွေးဝမ်းကျောင်း သင်တန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်း အချက် အလက် များ ပေးရန်အတွက် အလုပ်သမားဈေးကွက် စစ်တမ်းတစ်ခု ပြုလုပ်ရန် အစီအစဉ် ရေးဆွဲခဲ့ပါသည်။ စစ်တမ်း ကောက်ယူမှု အား စီမံကိန်း စတင်သည့် အဆင့်အတွင်း ၂၀၁၉ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါကြောင့် အခြေအနေများ ပြောင်းလဲသွားသဖြင့် ဒုတိယအကြိမ် ဆန်းစစ် အကဲဖြတ်မှု လုပ်ဆောင်ရန် လိုအပ်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ပြန့်ပွားမှုအား တားဆီးရန် အစိုးရမှ အသွားအလာ ကန့်သတ်သည့် ကာလရှည်ကြာသောကြောင့် ဦးတည်ရည်ရွယ်သည့် ဒေသများရှိ ဒေသခံ စီးပွားရေးများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှု အများအပြား ရှိခဲကြောင်း တွေ့ရှိခဲ့ပါသည်။ ထို့အပြင် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းလုပ်သားများသည် တရုတ်နိုင်ငံမှ ရုတ်တရက် ပြန်လာခဲ့ကြသဖြင့် အလုပ်သမား လိုအပ်ချက်နှင့် ရှိနေသည့် အလုပ်သမား ဦးရေမျှခြေ အပေါ် သက်ရောက်မှု ရှိခဲ့ပါသည်။ ဒုတိယ ကောက်ယူခဲ့သည့် ကိန်းဂဏန်း အချက်အလက်များကို စိစစ်ပြီးသည့်နောက် လိုက်လျောညီထွေ ဖြစ်အောင် ပြုပြင် ပြောင်းလဲပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပေးအပ်မည့် သင်တန်း သင်ရိုးများအား ပြန်လည် ဆန်းစစ်ခဲ့ပါသည်။ LIFT မှ ပေးအပ်ခဲ့သည့် နည်းပညာအကူအညီဖြင့် ADRA နှင့် World Vision စီမံချက်များ၏ လုပ်သားဈေးကွက် ဆန်းစစ်အကဲဖြတ်မှုများအတွက် စတင်ကြောင်း အသိပေးသည့် ပူးတွဲ အခမ်းအနားအား စီစဉ်ကျင်းပခဲ့ပါသည်။ အခမ်းအနားအား Zoom အပ်ပလီကေးရှင်းဖြင့် ကျင်းပခဲ့ပြီး INGO များ၊ CSO များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် အလှူရှင်များမှ ပါဝင်တက်ရောက်သူ (၁၀၀) ကျော်ခန့် ရှိခဲ့ပါသည်။ အခမ်းအနား မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးမှ တာဝန်ခံ နှင့် ပူးပေါင်းဆောင်ရွက်ရေး ဌာန အကြီးအကဲ Johann Hesse မှ အဖွင့်အမှာ စကား ပြောကြားခဲ့ပါသည်။

ADRA သည် ယင်း၏ လုပ်သားဈေးကွက် ဆန်းစစ်အကဲဖြတ်မှု ပြီးဆုံးပြီးသည့် နောက်ပိုင်းတွင် VESI စီမံချက်မှ မျှော်မှန်းထားသည့် လုပ်သား ဈေးကွက်ရလဒ်များ ရရှိအောင်မြင်ရန်အတွက် မြစ်ကြီးနား၊ လားရှိုးနှင့် ဗန်းမော်ရှိ အစိုးရ နည်းပညာ အထက်တန်းကျောင်း (၃)ကျောင်းတွင် ရရှိနိုင်သည့် သင်တန်းများသည် အရည်အသွေးအားဖြင့် လုံလောက်မှု မရှိပါ (သို့) ဈေးကွက်နှင့် ကိုက်ညီမှု မရှိပါဟု ဆုံးဖြတ်ခဲ့ပါသည်။ အထူးသဖြင့် သင်ရိုးများသည် လက်တွေ့ ကျွမ်းကျင်မှုများနှင့် လိုအပ်သည့် စွမ်းရည်များ ဆည်းပူးရသည်ထက် သီအိုရီအပေါ်တွင် အဓိက ထားသောကြောင့် အလုပ်ရှင် လိုအပ်ချက်များနှင့် ကိုက်ညီမှု နည်းပါးပါသည်။ ADRA သည် ယင်း၏ စွမ်းဆောင်ရည် တည်ဆောက်သည့် ကူညီပံ့ပိုးမှုအား သတင်းအချက်အလက်များ ပေးအပ်ရန်အတွက် သင်ကြားရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ရရှိနိုင်သည့် အဖွဲ့အစည်းဆိုင်ရာ ရင်းမြစ်များကို ဆန်းစစ် အကဲဖြတ်မှု တစ်ရပ်အား ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ကျောင်း (၃)ကျောင်း၌ သင်ကြားနည်းဆိုင်ရာ ချဉ်းကပ် နည်းလမ်းအား တိုးတက် ကောင်းမွန်စေရန် ဆရာ/ဆရာမ (၆၆)ဦးအတွက် သင်တန်း စတင်ပို့ချခဲ့ပါသည်။ ၎င်းတို့အနေဖြင့် အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ ကာလတို သင်တန်းများ၏ ဒီဇိုင်းပုံစံနှင့် သင်ရိုး ရေးဆွဲနည်းတို့ကို လေ့လာသင်ယူနိုင်ခဲ့ပါသည်။ ဆရာ အရည်အသွေးဆိုင်ရာ ညွှန်းကိန်းကို အသုံးပြု၍ သင်တန်းပြီးနောက် စစ်ဆေးခဲ့သည့် စာမေးပွဲများမှ ဆရာများ အနေဖြင့် တိုးတက်မှုများရှိသည်ကို တွေ့ရှိခဲ့ပါသည်။

COVID-19 ကပ်ရောဂါကြောင့် သင်တန်းသင်ကြားမှု အနှောင့်အယှက်ဖြစ်စေရာ ADRA သည် လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်ညှိနှိုင်းရန်အတွက် နည်းပညာ၊ အသက်မွေးပညာ နှင့် လေ့ကျင့်ရေးဦးစီးဌာန နှင့် အနီးကပ် လုပ်ကိုင် ဆောင်ရွက်ခဲ့သဖြင့် သင်တန်းများ ဆက်လက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရမှ COVID-19 ကပ်ရောဂါ ပြန့်နှံ့မှုအား ထိန်းချုပ်ရန် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များသည် နည်းပညာ အထက်တန်းကျောင်း (၃)ကျောင်း ပိတ်ခြင်းနှင့် စီမံချက်ပံ့ပိုးသည့် IDP စခန်းများသို့ သွားလာမှုကို ကန့်သတ်ခြင်းတို့ဆီသို့ ဦးတည်ခဲ့ပါသည်။ သို့သော် LIFT ၏ အားပေးမှုနှင့် နည်းပညာ အကြံဉာဏ်တို့ကြောင့် သင်တန်းဆရာများနှင့် သင်တန်းသားများအတွက် သင်တန်းများအား ရောနှော ပေါင်းစပ်ထားသည့် ဒီဂျစ်တယ် လေ့လာသင်ယူခြင်းဆိုင်ရာ နည်းစနစ်၊ အလုပ်ရှင် လိုအပ်ချက်အပေါ် အခြေခံသည့် သင်တန်းနှင့် အခြား ချဉ်းကပ်နည်းလမ်းများကို အသုံးပြု၍ ဆက်လက်ပြီး လုံခြုံစိတ်ချစွာ ပြန်လည် စတင်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ADRA မှ ပူးပေါင်း ထားသည့် အဖွဲ့အစည်းသည် COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ကြုံတွေ့ခဲ့ရသည့် နှောင့်နှေးမှုများကို ပြန်လည် အစားထိုးနိုင်ရန်အတွက် အဆိုပါ ချဉ်းကပ်နည်းလမ်းများကို တိုးချဲ့သွားရန် အစီအစဉ်များ ရေးဆွဲနေပါသည်။

CARE ၏ အောင်မြင်မှု စီမံချက်သည် အထည်ချုပ်နှင့် လူမှုဆက်ဆံရေးဆိုင်ရာ သင်တန်းမှတဆင့် ကျောင်းပြင်ပရောက်နေသော လူငယ်များအား သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ရရှိစေရန် အတွက် သင်တန်းအစီအစဉ် (၁)ခု တည်ဆောက်ရာတွင် အခွင့် အလမ်းများနှင့် စိန်ခေါ်မှုများကို စူးစမ်းရှာဖွေရန် အတွက် ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖြစ်နိုင်ခြေ လေ့လာမှုတစ်ခု ပြုလုပ်ရန် ဆောင်ရွက်ခဲ့ ပါသည်။ သုတေသနမှ ထိုသို့သောအစီအစဉ် တစ်ရပ်အား ကူညီပံ့ပိုးပေးရန်အတွက် အမျိုးမျိုးသော ပုဂ္ဂလိကနှင့် အစိုးရ ကဏ္ဍမှ လှုပ်ရှား ဆောင်ရွက်သူများအကြား ပူးပေါင်း ဆောင်ရွက်မှုများ အလွန်အမင်း လိုအပ်နေခြင်းနှင့် လုပ်ဆောင်ရန်လိုအပ်သည် ကဏ္ဍ အများအပြားရှိနေကြောင်း တွေ့ရှိခဲ့ပါသည်။ လေ့လာမှုသည် နည်းပညာ၊ အသက်မွေးမှုနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ အကောင်အထည် ဖော်သည့် အမျိုးသား အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခြေခံ သင်တန်းဆင်း လက်မှတ် (NVFC) ဟု ခေါ်ဆိုသည့် အသက်မွေးမှု ကျွမ်းကျင် အတတ်ပညာ သင်တန်း သင်ရိုးညွှန်းတမ်း၊ အသိအမှတ်ပြု လက်မှတ်တို့နှင့် ချိတ်ဆက်နေပါသည်။ CARE တွင် သင်တန်း သင်ရိုးရေးဆွဲရာတွင် ကူညီပံ့ပိုးပေးခြင်းမှတဆင့် နှင့်/သို့ အသိအမှတ်ပြု သင်တန်းပေးအပ်သူအဖြစ် ရေရှည် မိတ်ဖက်ပြုမှုတို့မှတဆင့် NVFC အစီအစဉ်တွင် မိတ်ဖက် ပြုရန်အတွက် အခွင့်အလမ်း ရှိနေပါသည်။ အဆိုပါ မိတ်ဖက်ပြုမှုအား ဆက်လက် ဆောင်ရွက်ရန် CARE သည် NVFC ရှေ့ပြေးစမ်းသပ်မှုမှ အထောက်အထားများကို စောင့်ဆိုင်းနေပါသည်။ သို့သော် ရှေ့ပြေးစမ်းသပ်မှုအား ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ သဖြင့် CARE ၏ အလားအလာရှိသော မိတ်ဖက်ပြုမှု လုပ်ငန်းစဉ်အား အပြီးသတ်နိုင်ရန် နှောင့်နှေးခဲ့ပါသည်။ အစီအစဉ်သည် မကြာခဏ ဆိုသလို အလယ်တန်း ပညာရေး ပြီးဆုံးအောင် တက်ရောက်နိုင်ခြင်းသည့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအား ဆက်လက် တက်ရောက်ရန်အတွက် အသိအမှတ်ပြုမှု လိုအပ်သော ပြည်တွင်း နေရပ် စွန့်ခွာ တိမ်းရှောင်သူများနှင့် ရွှေ့ပြောင်း သွားလာသူများအတွက် LIFT ၏ စီမံကိန်း လုပ်ငန်းများနှင့် အထူးသဖြင့် ဆက်စပ်နေပါသည်။ အစီအစဉ်တွင် အကောင်အထည် ဖော်ရေး မိတ်ဖက်များ၏ ပူးပေါင်းပါဝင်မှုနှင့် အလုပ်သမား အခွင့်အရေးနှင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းတို့အား LIFT ၏ သင်တန်းတွင် ပို့ချမည့် အကြောင်းအရာ များတွင် ပါဝင်စေရန်သတ်မှတ်ပြဋ္ဌာန်းရာတွင် ကူညီပံ့ပိုးပေးရန်အတွက် နားလည်မှု သဘောတူ စာချွန်လွှာအား LIFT နှင့် နည်းပညာ၊ အသက်မွေးမှုနှင့် သင်တန်း ဦးစီးဌာန အကြား လက်မှတ်ရေးထိုးနိုင်ရန် မျှော်မှန်းထားပါသည်။

**ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး စင်တာ(MRC) များ တိုးချဲ့ဖွင့်လှစ်ခြင်း**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ရွှေ့ပြောင်း သွားလာသူများအတွက် သတင်း အချက်အလက်နှင့် အကူအညီ ရရှိနိုင်မှုကို တိုးချဲ့ရန် အတွက် IOM သည် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး စင်တာ (MRC) တစ်ခုကို မြစ်ကြီးနားမြို့၌ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ စင်တာများအတွက် MRC ဆွေးနွေးအကြံပေးသူများ ခန့်ထားမှုအား အပြီးသတ်ခဲ့ပြီး ဝန်ဆောင်မှုပေးခြင်းမှာလည်း စတင် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ MRC ဝန်ဆောင်မှုများတွင် လုံခြုံစိတ်ချရသည့် ပုံမှန် ရွှေ့ပြောင်း သွားလာခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ အလွဲသုံးစားပြုခံရခြင်းအတွက် တရားသဖြင့် ဖြစ်စေရန်အတွက် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန၏ တိုင်တန်းမှုဆိုင်ရာ ယန္တရားသို့ ညွှန်းပို့ခြင်းများ၊ တရားဝင် အထောက်အထား စာရွက်စာတမ်းများ ရရှိအောင် ကူညီပံ့ပိုးပေးခြင်း နှင့် အခက်အခဲ ကြုံတွေ့ နေချိန်တွင် ရွှေ့ပြောင်းသွားလာသူများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခြင်းတို့ ပါဝင် ပါသည်။



*ပုံ ၄.၆ မြစ်ကြီးနားမြို့ရှိ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး စင်တာ/ဗဟိုဌာန (MRC) အား ပြည်နယ်ဝန်ကြီး ဦးဇော်ဝင်းမှ ဖွင့်လှစ်ပေးစဉ်*

၂၀၂၀ ခုနှစ်တွင် IOM ၏ တွဲလက် စီမံချက်မှလည်း မြိတ်နှင့် တာချီလိတ်မြို့များရှိ MRC အသစ် (၂)ခုအား လုပ်ငန်းလည်ပတ်နိုင်ရန် အစိုးရအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ တာချီလိတ်မြို့ရှိ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးမှ MRC ဆွေးနွေးအကြံပေးသူ များအား နေရာထိုင်ခင်း ပေးရန် အဆင်သင့်ဖြစ်မှုနှင့် အခြေအနေ တည်ငြိမ်သွားသည်နှင့် တပြိုင်နက် ရွှေ့ပြောင်း သွားလာသူများအား ဝန်ဆောင်မှု စတင်ပေးရန် အဆင်သင့် ဖြစ်နေကြောင်းတို့အား ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ဇွန်လတွင် ပြုလုပ်သည့် အစည်းအဝေး၌ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ MRC (၂)ခုအား ဦးစားပေး ဖွင့်လှစ်ရန် စီစဉ် ထားကြောင်းနှင့် နေရပ်ပြန်များအတွက် အချိန်နှင့် တပြေးညီဖြစ်သော သတင်းအချက်အလက် များနှင့် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်ပြီ ဖြစ်ကြောင်းကို IOM အား အသိပေးခဲ့ ပါသည်။ သို့သော် ပဋိပက္ခများ ပြင်းထန်လာပြီး အသွားအလာ ကန့်သတ်မှုများကြောင့် အဆိုပါ ကိစ္စနှင့် ပတ်သက်၍ တိုးတက်မှုမှာ နှေးကွေးသွားခဲ့ပါသည်။

**လူကုန်ကူးမှု ခံရခြင်းမှ လွတ်မြောက်လာသူများအတွက် ဝန်ဆောင်မှုများ တိုးတက် ကောင်းမွန်စေခြင်း**

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် (သို့) အတင်းအဓမ္မ လက်ထပ်စေရန် ရည်ရွယ်ချက်ဖြင့် ရွှေ့ပြောင်း သွားလာသူ မြန်မာ အမျိုးသမီးများနှင့် မိန်းကလေးများ ကယ်တင်ရေး ဇေဒင် စီမံချက်သည် အဓိက ပတ်သက် ဆက်နွယ်သူများအတွက် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေခြင်းမှတဆင့် ပြန်လည်ထူထောင်ရန်အတွက် ပထမဆုံးတုံ့ပြန်ဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှုမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန်နေရသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ ဝန်းကျင်တစ်ခုလုံး တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ခဲ့ပါသည်။ Eden သည် စိတ်ဒဏ်ရာရခြင်းအား ပိုမိုသိရှိပြီး ပြုစုစောင့်ရှောက်ပေးသည့် ဝန်ဆောင်မှုအပေါ် အစိုးရ အရာရှိ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်နှင့် ပြည်သူ့ရဲများ (၇၂) ဦး အား သင်တန်းပို့ချပေးခဲ့ပါသည်။ စီမံချက်သည် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ခဲ့ပြီး ကြိုးပမ်းရှင်သန်နေရသူများသည် ၎င်းတို့၏ ပြန်လည်ထူထောင်ရေး အတွေ့အကြုံ တလျှောက်လုံး၌ ကြိုးပမ်းရှင်သန်နေသူ ဗဟိုပြုသည့် ကူညီစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်စေရန်အတွက် အကူအညီပေးရန် အဆိုပါ သင်တန်းများမှတဆင့် အဖွဲ့အစည်းအဆင့်၌ စိတ်ဒဏ်ရာရခြင်းအား နားလည်သဘောပေါက်မှု တိုးတက်စေရန် ကြိုးပမ်းနေပါသည်။ စိတ်ဒဏ်ရာရခြင်းအား နှစ်သိမ့် ဆွေးနွေး လမ်းညွှန်ပေးသူ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသည့် သင်တန်းအား စတင် ပို့ချခြင်းဖြင့် မြန်မာနိုင်ငံတွင် အဆင့်မီသည့် စိတ်ဒဏ်ရာ ဆိုင်ရာ ဆွေးနွေးလမ်းညွှန်ပေးခြင်းမှု ရရှိခြင်းအား တိုးမြှင့်ပေး ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စိတ်ဒဏ်ရာအား ဆွေးနွေး လမ်းညွှန်ပေးသူ (၅)ဦးအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခဲ့ပြီး မြန်မာနိုင်ငံတွင် အရည်အသွေး ပြည့်မီသည့် ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးခြင်းအတွက် တနှစ်လျှင် နာရီ (၇၈၀) အထိ တိုးတက်ရရှိနိုင်ရန် အလားအလာ ရှိနေပါသည်။





Eden စီမံချက်သည် ကွင်းဆင်း အထောက်အကူပေးခြင်းကို လုပ်ဆောင်ခဲ့ပြီး ရန်ကုန်မြို့နှင့် လားရှိုးမြို့များရှိ လိင်လုပ်ငန်းများ လုပ်ကိုင်သည့် နေရာများ၊ လူကုန်ကူးမှု ပြုလုပ်သည့် အချက်အချာ နေရာများနှင့် အားနည်းထိခိုက်လွယ်မှုရှိသော လူမှုအသိုက်အဝန်းများတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် (သို့) အတင်းအဓမ္မ လက်ထပ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံထားရသည့် အမျိုးသမီးများထံ ကူညီ ပံ့ပိုးမှုများ ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စီမံချက်မှ လူကုန်ကူးမှု ခံခဲ့ရသည့် ရွှေ့ပြောင်း သွားလာသူ အမျိုးသမီး (၇၅)ဦးအား စိတ်ဒဏ်ရာအား အဓိကထားသည့် သိမှု အမူအကျင့်ကုထုံးဖြင့် အလေးထားကုသပေးသည့် နားခိုစရာနေရာနှင့် ဘက်စုံ ပြန်လည် ထူထောင်ရေး အစီအစဉ်များဖြင့် ကူညီပေးခဲ့ပါသည်။ ယင်းတွင် အခြား ဝန်ဆောင်မှု ပေးသူများမှ ညွှန်းပို့ခဲ့သည့် (သို့) ကွင်းဆင်း အထောက်အကူပေးခြင်းမှ ရှာဖွေဖော်ထုတ်ခဲ့သည့် လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန် နေရသူအသစ် (၃၉)ဦး ပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲ စိတ်ကျန်းမာရေး ဆန်းစစ်အကဲဖြတ်ချက်အပေါ် မူတည်၍ ၅၀% သည် စိတ်ဒဏ်ရာရပြီးနောက် စိတ်ကစဉ့်ကလျားဖြစ်သည့် လက္ခဏာများ လျော့ကျလာခဲ့ခြင်း အပါအဝင် Eden ၏ အကျိုးခံစားခွင့်ရှိသူ (၉၀%) မှာ စိတ်ပိုင်းနှင့် စိတ်ခံစားမှုဆိုင်ရာ အခြေအနေများ တိုးတက် ကောင်းမွန်လာသည်ကို တွေ့ကြုံခဲ့ကြပါသည်။ Eden သည် တာချီလိတ်မြို့နယ် နားခိုရာ နေရာတစ်ခု ကိုလည်း စတင် တည်ဆောက်နေပြီး ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ယင်းတို့အား လေ့ကျင့် သင်ကြားပေးခြင်းတို့ကို စတင် လုပ်ဆောင် နေပါသည်။

ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခြင်း၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် Eden သည် ယင်း၏ လက်ဝတ်ရတနာ ပြုလုပ်သည့် လူမှုစီးပွားလုပ်ငန်းတွင် အကျိုးခံစားခွင့်ရှိသူတိုင်းအား ချက်ချင်း ဝင်ရောက်လုပ်ကိုင်ရန် ကမ်းလှမ်းသည့်အပြင် ၎င်းတို့၏ ရေရှည်အတွက် စိတ်ဝင်စားမှုအပေါ် မူတည်၍ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်း (၁၁)မျိုးအားလည်း တက်ရောက်ရန် ကမ်းလှမ်းခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ပထမနှစ်ဝက်တွင် စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ (၇၅)ဦးသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း တက်ရောက်ခဲ့ပါသည်။ အိမ်ထောင်စုအညွှန်း စစ်တမ်းအရ (၆)လအတွင်း ယခင်ဘွဲ့ရပြီးသူများ အနက်မှ (၄)ဦးသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်နိုင်ခဲ့ပြီး (၅၆)ဦးမှာ တည်ငြိမ်သည့် အလုပ်အကိုင်များ ရရှိခဲ့ပါသည်။ စီမံချက်မှ အကျိုးခံစားခွင့်ရှိသူများ၏ ၇၀% တွင် နိုင်ငံသားစိစစ်ရေးကဒ်ပြား မရှိသဖြင့် ၎င်းတို့ ပုံမှန်အလုပ်အကိုင်များ ရရှိအောင် လုပ်ဆောင်ရာတွင် ဖွဲ့စည်းပုံဆိုင်ရာ အတားအဆီးများ မရှိစေရန်အတွက် မှတ်ပုံတင် လျှောက်ထားရန် ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့်လည်း အတူ လုပ်ဆောင်နေပါသည်။

COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် အစောပိုင်းနေ့ရက်များတွင် စီမံချက်သည် ရန်ကုန်နှင့် မန္တလေးမြို့များရှိ အားနည်းထိခိုက် လွယ်သည့် လူမှုအသိုက်အဝန်းများတွင် နေထိုင်သည့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အရေးတကြီး လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ရန်အတွက် လုပ်ဆောင်ခဲ့ပါသည်။ ဝင်ငွေဆုံးရှုံးသွားမှုအား အစားထိုးရန်အတွက် လူကုန်ကူးမှု ခံရခြင်းမှ လွတ်မြောက်လာသည့် ကြိုးပမ်းရှင်သန်နေရသူ အမျိုးသမီးများအတွက် လက်ဝတ်ရတနာ ထုတ်လုပ်ခြင်းမှ ပြန်လည်အသုံးပြုနိုင်သော နှာခေါင်းစည်း ချုပ်လုပ်ခြင်းနှင့် ဆပ်ပြာရည် ထုတ်လုပ်ခြင်းသို့ ပြောင်းလဲခဲ့ပါသည်။ ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးသည့် ဤလုပ်ငန်းမှ ရန်ကုန်နှင့် မန္တလေးမြို့များရှိ အထည်ချုပ်လုပ်ငန်းမှ အလုပ်အကိုင်ဆုံးရှုံးခဲ့သူ အများစု ပါဝင်သည့် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး (၆၉၂)ဦးအား ကူညီပေးခဲ့ပါသည်။ ထုတ်လုပ်ခဲ့သည့် ဆပ်ပြာရည်နှင့် ပြန်လည်အသုံးပြုနိုင်သော နှာခေါင်းစည်းများအား ဆင်းရဲနွမ်းပါးသည့် လူမှု အသိုက်အဝန်းများတွင် ရောဂါကူးစက်မှုမှ ကာကွယ်ရာတွင် အကူအညီပေးရန်အတွက် ရွှေ့ပြောင်းသွားလာသူ (၇၇,၄၀၀) ဦး (အမျိုးသမီး ၅၄ %) ထံ ဖြန့်ဝေပေးခဲ့ပါသည်။ အဆိုပါ ဒေသများတွင် လက်ဆေးခြင်းဆိုင်ရာ သတင်းအချက်အလက်များဖြင့် စည်းရုံးဆော်သြမှုကိုလည်း အကောင်အထည်ဖော်ခဲ့ပြီး မှန်ကန်စွာ လက်ဆေးသည့် နည်းစနစ်နှင့် ပတ်သက်သည့် သတင်း အချက်အလက်များနှင့်အတူ ရွှေ့ပြောင်း သွားလာသူ (၁၇,၃၀၀)ဦး (အမျိုးသမီး ၅၄%) ထံ ရောက်ရှိခဲ့ပါသည်။ Eden သည် ချက်ပြုတ်ထားသည့် အစားအစာ၊ ပဲနီလေးဟင်းချိုနှင့် အားဖြည့်ဆန် တို့အား ၎င်းတို့၏ အာဟာရ ဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန်စေရန်နှင့် အန္တရာယ်ရှိသော ဖြေရှင်းသည့် နည်းလမ်းများ လျော့ကျ စေရန်တို့အတွက် အကျိုးခံစားခွင့်ရှိသူ (၃၆,၀၆၄) ဦး (အမျိုးသမီး ၅၄%) ထံ ပေးအပ်ခဲ့ပါသည်။

**ရွှေ့ပြောင်းလုပ်သားများအား ကူညီပံ့ပိုးပေးမှု တိုးတက် ကောင်းမွန်လာစေရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမား အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း**

၂၀၂၀ ခုနှစ်တွင် People in Need ၏ ရွှေပြည်သာမြို့နယ်ရှိ ရွှေ့ပြောင်းအလုပ်သမားများ စွမ်းရည် မြှင့်တင်ခြင်း (အေးချမ်းသောအိမ်) စီမံချက်သည် ရန်ကုန်မြို့တွင် ရွှေ့ပြောင်းလုပ်သားများအား ကူညီပံ့ပိုးပေးနေသော CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ရန်အတွက် သင်တန်းများ ပို့ချပေးခဲ့ပါသည်။ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းနှင့် အလုပ်သမား အခွင့်အရေးများဆိုင်ရာ ဆရာဖြစ်သင်တန်းအား စီမံချက်မှ အဓိကဝန်ထမ်း (၃၂)ဦးနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားသမဂ္ဂများမှ တက်ရောက်သူ (၅၀)ဦးထံ ပို့ချခဲ့ပါသည်။ သင်တန်းမှ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အလုပ်သမားဥပဒေများ၊ အလုပ်ခန့်ထားခြင်း ဆိုင်ရာ သဘောတူ စာချုပ်များ၊ လူမှုဖူလုံရေး၊ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် အကူအညီ လက်လှမ်းမီ ရယူနိုင်မှုအပါအဝင် ရွှေ့ပြောင်းလုပ်သားများ ကြုံတွေ့နေရသည့် အလွန်အရေးပါသော အကြောင်းအရာများကို ပို့ချပေးခဲ့ပါသည်။ ဥပဒေအထောက်အကူပြု သင်တန်းများအားရေးဆွဲခဲ့ပြီး ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများအတွင်း ဥပဒေရေးရာ ဝန်ဆောင်မှုများ ပေးအပ်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် တက်ရောက်သူ (၂၆) ဦး (အမျိုးသမီး ၄၈%) ထံ ပို့ချပေးခဲ့ပါသည်။ သင်တန်း၏ သင်ရိုးညွှန်းတမ်းတွင် ဥပဒေ အထောက်အကူပြုသူများ၏ အခန်းကဏ္ဍ၊ အလုပ်သမား ဥပဒေများ၊ အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ ယန္တရားများနှင့် အမှုတွဲဆိုင်ရာ မှတ်တမ်းမှတ်ရာ ထိန်းသိမ်းခြင်းတို့ ပါဝင်ခဲ့ပါသည်။ ငွေကြေးဆိုင်ရာ အသိပညာပေး သင်တန်းများအားလည်း လိုက်လျော ညီထွေဖြစ်စေရန် ဆောင်ရွက်ခဲ့ပြီး တက်ရောက်သူ (၂၀) ဦးထံ ပို့ချပေးခဲ့ပါသည်။ CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများအနေဖြင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှု များနှင့် အထောက်အထား အခြေခံ ဖြစ်ရပ် လေ့လာမှုများအား ရေးသားပြုစုခြင်းတို့တွင် ထိထိရောက်ရောက် ပါဝင် ဆောင်ရွက်နိုင်ရန် အတွက် ကူညီပံ့ပိုးပေးရန် အသိပေး အရေးဆိုခြင်းဆိုင်ရာ သင်တန်းကိုလည်း တက်ရောက်သူ (၁၆) ဦး (အမျိုးသမီး ၅၀%) အတွက် စီစဉ် ပြုလုပ်ပေး

ခဲ့ပါသည်။ သင်တန်း မှ ထွက်ပေါ်လာသည့် လက်တွေ့ကျသည့် ရလဒ်မှာ စီမံချက်၏ မိတ်ဖက် အဖွဲ့အစည်းများမှ ရှေ့ဆက်လုပ်ဆောင်ရန် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာရေးနှင့် အလုပ်သမား အခွင့်အရေးများအပေါ် မူဝါဒဆိုင်ရာ အသိပေး အရေးဆိုသည့် လုပ်ငန်းစဉ် ကနဦး မူကြမ်း ရေးဆွဲခြင်း ဖြစ်ခဲ့ပါသည်။

IOM ၏ SAFE စီမံချက်မှလည်း ပဋိပက္ခဒဏ်ခံ လူမှုအသိုက်အဝန်းများတွင် ရွှေ့ပြောင်း သွားလာသူများနှင့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန်နေရသူများထံ CSO များမှ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်း အချက်အလက်များနှင့် ကာကွယ် စောင့်ရှောက်သည့် ဝန်ဆောင်မှုများ ပေးအပ်ရန်အတွက် အခြေခံများ ထူထောင်ပေးရာတွင် တိုးတက်မှု အများအပြားရရှိခဲ့ပါသည်။ လူကုန်ကူးမှုမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန် နေရသူများနှင့် အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူများအတွက် ဖြစ်ရပ် စီမံခန့်ခွဲမှုနှင့် လူမှုပြန်လည် ပေါင်းစည်းရေးဝန်ဆောင်မှုများ ပေးအပ်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် (၃)ရက်တာ ကြာမြင့်သည့် စွမ်းဆောင်ရည် တည်ဆောက်ရေး အလုပ်ရုံ ဆွေးနွေးပွဲများအား ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ပြည်တွင်း CSO မိတ်ဖက် အဖွဲ့အစည်း (၉)ဖွဲ့အတွက် စီစဉ် ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများတွင် လုပ်သား ရွှေ့ပြောင်းသွားလာခြင်း၊ လူကုန်ကူးခြင်း၊ ရွှေ့ပြောင်း သွားလာသူများအား တရားမဝင်ခိုးသွင်းခြင်း၊ တိုက်ရိုက် အကူအညီပေးခြင်းဆိုင်ရာ အခြေခံ သဘောတရားများ၊ ဖြစ်ရပ်စီမံခန့်ခွဲမှု၊ ညွှန်းပို့ပေးသည့် လမ်းကြောင်းများ၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း၊ အချက်အလက်များ ဖြည့်သွင်းခြင်းတို့ အပါအဝင် သက်ဆိုင်ရာ အဓိက အမြင်သဘောထားနှင့် ချဉ်းကပ်နည်းလမ်းများအား ဆွေးနွေးခဲ့ပါသည်။ သင်တန်းပြီးနောက် လူကုန်ကူးမှု ခံရခြင်းမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်း ရှင်သန်နေရသူနှင့် အားနည်း ထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူ (၈၅)ဦးအား CSO များမှ ၎င်းတို့ အောင်မြင်စွာ နေရပ်ပြန် ခြင်းနှင့် လူမှု ပြန်လည် ပေါင်းစည်းရေးတို့တွင် ကူညီပံ့ပိုးပေးရန်အတွက် ညွှန်းပို့ပေးခဲ့သည် (သို့) တိုက်ရိုက် အကူအညီ ပေးအပ်ခဲ့ပါသည်။ ထို့အပြင် လုံခြုံစိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ပေးအပ်နိုင်ရန် (၄) ရက်ကြာ ဆရာဖြစ် သင်တန်း အလုပ်ရုံ ဆွေးနွေးပွဲအား ကျင်းပခဲ့ပြီး ပြည်တွင်း CSO (၇)ဖွဲ့ထံ သင်တန်း ပို့ချပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဩဂုတ်လနှင့် ဒီဇင်ဘာလ အကြား ကချင်ပြည်နယ်တွင် ကျင်းပခဲ့သည့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ သင်တန်းအား တက်ရောက်သူ (၄၉၃)ဦး (အမျိုးသမီး ၇၈%) ထံ နှစ်ရက်ကြာ သင်တန်း (၂၆) ကြိမ် ပို့ချပေးခဲ့ပြီး ရှမ်းပြည် မြောက်ပိုင်းတွင် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် စတင် ပို့ချမည် ဖြစ်ပါသည်။

World Vison သည် ရပ်ရွာလူထု လုပ်ငန်း စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများ (VDCs) အား သင်တန်းပေးခြင်းမှတဆင့် ကချင်ပြည်နယ်တွင် အမျိုးသမီးများနှင့် မသန်စွမ်းသူများ အားလုံးပါဝင်စေမှုအား မြှင့်တင်ရာတွင် တိုးတက်မှု ရရှိအောင် လုပ်ဆောင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လေ့လာမှု လုပ်ငန်းစဉ်မှ ပြည်တွင်း နေရပ် စွန့်ခွာ တိမ်းရှောင်သူများ စခန်းများနှင့် ဌာနေလူထုအသိုက်အဝန်းများတွင် အဖွဲ့ဝင် (၆၇၆)ဦး (အမျိုးသမီး ၅၅%) ပါဝင်သည့် VDC (၆၁)ဖွဲ့အား ရှာဖွေ ဖော်ထုတ်ခဲ့ပါသည်။ ထို့နောက် ကျားမရေးရာနှင့် မသန်စွမ်းမှုဆိုင်ရာ သင်တန်းအား VDC အဖွဲ့ဝင် (၁၉၄)ဦး (အမျိုးသမီး ၆၉%) အနေဖြင့် ကျား၊မ ရေးရာ တန်းတူ ညီမျှမှု၊ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် မသန်စွမ်းသူများအားလုံး ပါဝင်စေမှုတို့အား ပိုမို နားလည် သဘောပေါက်ပြီး ကော်မတီများ၏ ဖွဲ့စည်းမှုနှင့် လှုပ်ရှားဆောင်ရွက်မှုများတွင် အဆိုပါ သဘောတရားများအား သေချာစွာ ထည့်သွင်းစဉ်းစား လုပ်ဆောင် စေရန်အတွက် ကျား-မ ရေးရာ တန်းတူညီမျှမှု၊ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် မသန်စွမ်းသူများ အားလုံး ပါဝင်စေမှု တို့ဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပါသည်။ ထို့နောက် VDC များအား စခန်းများနှင့် ဌာနေလူမှုအသိုက်အဝန်းများတွင် စီမံချက်၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်ရန်အတွက် အကျိုးခံစားခွင့်ရှိသူ လူငယ်များ ပဏာမ ရွေးချယ်ခြင်းနှင့် တုံ့ပြန်မှတ်ချက်ပြုခြင်းဆိုင်ရာ ယန္တရား တည်ဆောက်ခြင်းတို့အား ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ခဲ့ပါသည်။ VDC များ ခိုင်မာ အားကောင်းခြင်းသည် World Vision ၏ ငွေစုဆောင်းသည့် အုပ်စုများ၊ အမျိုးသမီးများ၏ ကွန်ရက်များ၊ ကျား၊မ ရေးရာ၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ရပ်ရွာလူထု ခေါင်းဆောင်မှုတို့တွင် အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများ ပါဝင်မှုကို မြှင့်တင်ပေးမည့် လုပ်ကိုင်နိုင်စွမ်းရှိသော ပတ်ဝန်းကျင် တရပ်ကို ဖန်တီးရန်အတွက် အားလုံး ပါဝင်စေမှုတွင် စံပြဖြစ်ခြင်းတို့နှင့် သက်ဆိုင်သည့် လှုပ်ရှား ဆောင်ရွက်မှုများနှင့် အပြန်အလှန် ချိတ်ဆက်သွားမည် ဖြစ်ပါသည်။

**သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စရပ်များအား သတင်းမီဒီယာများတွင် ဖော်ပြမှု တိုးတက် ကောင်းမွန်လာခြင်း**

BBC Media Action သည် ၂၀၂၀ ခုနှစ်အတွင်း သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းမှုဆိုင်ရာ ကိစ္စရပ်များအား မီဒီယာတွင် ဖော်ပြမှု ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ၎င်း၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို တိုးချဲ့ခဲ့ပါသည်။ ရုပ်မြင်သံကြားနှင့် အွန်လိုင်း ပလက်ဖောင်းများပေါ်တွင် ရေကြည်ရာ အစီအစဉ်အား ထုတ်လွှင့်ဖြန့်ဖြူးပေးရန်အတွက်နှင့် အပြန်အလှန်အားဖြင့် ၎င်းတို့၏ လွတ်လပ်သော မီဒီယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအား ကူညီပံ့ပိုးပေးရန်တို့အတွက် မိတ်ဖက်ပြုမှု သဘောတူ စာချုပ်များအား DVB၊ မဇ္ဈိမတို့နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ စီမံချက်သည် ဒေသခံ တိုင်းရင်းသားမီဒီယာ မိတ်ဖက် အဖွဲ့အစည်း (၄)ခု (မြစ်ကြီးနား သတင်းဂျာနယ်၊ ရှမ်း သံတော်ဆင့်၊ ထားဝယ်စောင့်ကြည့် (Dawei Watch) နှင့် မြန်မာ့အသံ (Voice of Myanmar) တို့အား ၎င်းတို့၏ ပရိသတ်များကို အသိပေးရန်အတွက် ရွှေ့ပြောင်းသွားလာခြင်းနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အပေါ် အသားပေးသည့် အစီရင်ခံ တင်ပြမှု (၁၉)ခုအား ထုတ်လုပ်နိုင်သည်အထိ ဦးတည်စေရန် လမ်းညွှန်နည်းပြမှုပေးခြင်းကိုလည်း ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ ဥပမာအားဖြင့် Dawei Watch မှ အခြားရွေးချယ်စရာမရှိဘဲ မြဝတီနယ်စပ် စစ်ဆေးရေးဂိတ်မှတဆင့်သာ ဖြတ်၍ မြန်မာနိုင်ငံသို့ ပြန်လာရမည် ဖြစ်သော နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား တင်ဆက်ပြသထားသည့် “ကျွန်တော်တို့အား ရနောင်း-မြဝတီ လမ်းကြောင်းမှတဆင့် အိမ်ပြန်ခွင့်ပြုပါ” ဟု ခေါင်းစဉ်ပေးထားသည့် ဗီဒီယိုအစီအစဉ်တစ်ခုအား ထုတ်လုပ်ခဲ့ပါသည်။ မျှားမကြာမီ တွင် နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများအား မြန်မာနိုင်ငံအတွင်းသို့ ကော့သောင်းမှ တဆင့် ဝင်ရောက်ခွင့်ပြုရန်အတွက် မူဝါဒ ပြောင်းလဲခဲ့ပါသည်။






*ပုံ ၄.၇ ။ ။ COVID-19 ကပ်ရောဂါကာလအတွင်း အမျိုးသမီး ရွှေ့ပြောင်းသွားလာသူများ ကော့သောင်းသို့ ပြန်လာခြင်းအား တင်ပြသည့် Dawei Watch ၏ ဆောင်းပါး*

ပတ်သက်ဆက်နွယ်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် မျှတစွာ အစီရင်ခံခြင်းတို့အား ပိုမိုကောင်းမွန်စေရန်အတွက် BBC Media Action သည် ချင်း၊ ကချင်၊ မွန်နှင့် နေပြည်တော် တို့တွင် အလုပ်ရုံဆွေးနွေးပွဲ (၄)ခုအား စီစဉ်ကျင်းပပေးခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများမှ ကဏ္ဍအမျိုးစုံရှိ လူများအကြား ချိတ်ဆက်မှုများကို တည်ဆောက်ခြင်းဖြင့် ရွှေ့ပြောင်း သွားလာခြင်းနှင့် ပတ်သက်၍ ဒေသခံနှင့် နိုင်ငံအတွင်းရှိ ပရိသတ်များထံ သတင်းအချက်အလက်များ မျှဝေခြင်းတွင် ထိရောက်သည့် တိုးတက်မှုရှိလာကြောင်း သက်သေပြခဲ့ပါသည်။ နေပြည်တော်ရှိ အစိုးရ အရာရှိတစ်ဦးမှလည်း “ကျွန်တော့်ရဲ့ သဘောထားတွေ ပြောင်းလဲလာခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမတိုင်ခင်က ကျွန်တော် မီဒီယာတွေကို ကြောက်ခဲ့တယ်။ သူတို့တွေ ရေးချင်ရာတွေ ရေးနေတယ်လို့ ထင်ခဲ့တာပေ့ါ။ အခုတော့ မီဒီယာမရှိဘဲ ကျွန်တော်တို့ အလုပ်လုပ်လို့ မရဘူးဆိုတာကို လေ့လာခဲ့ရပါတယ်။ သူတို့ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ကျွန်တော် နားလည်လာခဲ့လို့ သူတို့နဲ့ အလုပ်လုပ်ကိုင်တဲ့အခါ နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် ညှိညှိနှိုင်းနှိုင်း လုပ်ချင်စိတ်ရှိလာတယ်လို့ ကျွန်တော် ခံစားရတယ်” ဟု ပြောကြားခဲ့ပါသည်။ ပါဝင် တက်ရောက်ခဲ့သည့် မီဒီယာများသည် အလုပ်ရုံ ဆွေးနွေးပွဲပြီးနောက်ပိုင်း သက်ဆိုင်သည့် ဖြစ်စဉ်များအား ထုတ်ဝေရာတွင် အရေးသွက်လာခဲ့ပြီး ယနေ့အထိ သတင်း (၅၅)ခု အား ထုတ်ဝေခဲ့ပြီး ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ ကိစ္စရပ်များအား အခွင့်အရေးများ အခြေခံသည့် ရှုဒေါင့်မှ ရေးသားခြင်းကို ပိုမိုအသုံးပြုလာခဲ့ပါသည်။ နေပြည်တော်တွင် သတင်းထောက်တစ်ဦးမှ “ဒီအလုပ်ရုံ ဆွေးနွေးပွဲအတွင်းမှာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စကားရပ်တွေကို မှန်မှန်ကန်ကန် အသုံးပြုခြင်းကို ကျွန်တော် သင်ယူခဲ့ရပါတယ်။ လူ့အခွင့်အရေး စံချိန်စံညွှန်းတွေအရဆို တရားမဝင် ရွှေ့ပြောင်းလုပ်သားများလို့ မရည်ညွှန်းသင့်ဘူး။ လူတိုင်းက တရားဝင်သူ များဖြစ်သည့် အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ တရားဝင် အထောက်အထားမရှိတဲ့သူတွေဟု ပြောဆို ရေးသားသင့်ပါတယ်။ ကျွန်တော့် အနေနဲ့ ကျွန်တော့်ဌာနအတွင်းမှာ ဒီလိုမျိုး အသိအမြင်တွေကို မျှဝေပေးခဲ့ပြီးပါပြီ” ဟု ပြောကြားခဲ့ပါသည်။

**အမျိုးသမီး၊ အမျိုးသား ရွှေ့ပြောင်းသွားလာသူများနှင့် အခြား အားနည်းထိခိုက်လွယ်သည့် အလုပ်သမားများအတွက် သတင်း အချက်အလက်များ၊ သင်တန်းနှင့် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှုအား တိုးမြှင့်စေခြင်း**

**ရွှေ့ပြောင်းသွားလာသူ အထည်ချုပ် လုပ်သားများ၏ ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း**

ရန်ကုန်မြို့သို့ ရွှေ့ပြောင်းလာသည့် အမျိုးသမီးများအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ရရှိနိုင်သည့် အလားအလာ ပိုမို တိုးတက် ကောင်းမွန်စေရန်အတွက် CARE ၏ အောင်မြင်မှုစီမံချက်သည် မြောက်ဒဂုံရှိ ယင်း၏ သင်တန်းစင်တာနှင့် စက်ရုံများရှိ လေ့ကျင့်လိုင်း များမှတဆင့် အထည်ချုပ်ကဏ္ဍအတွက် ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းပေးခဲ့ပါသည်။ စတင်သည့်အချိန်မှစ၍ စီမံချက်သည် အပ်ချုပ်စက် အော်ပရေတာများ၊ အပ်ချုပ်စက်ပြင်သူများ၊ အထည်ညှပ်ခန်း အော်ပရေတာများနှင့် အရည်အသွေး ထိန်းချုပ်သူများအဖြစ် အလုပ်သမား (၅,၂၄၆)ဦး (အမျိုးသမီး ၉၂%) အား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် COVID-19 ကပ်ရောဂါနှင့် ပတ်သက်၍ အစိုးရမှ ထုတ်ပြန်ချက်များကို လိုက်နာရန်အတွက် အောင်မြင်မှုသင်တန်းစင်တာအား မတ်လ (၁၈)ရက်နေ့တွင် ပိတ်ခဲ့သည့်အတွက်ကြောင့် ယခင်ပုံမှန် (အလုပ်သမား ၇၄၄ ဦး) လေ့ကျင့်သင်ကြားပေးနေသည်ထက် အကျိုး ခံစားခွင့်ရှိသူ အနည်းငယ်ကိုသာ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ယင်းသင်တန်းအား ဩဂုတ်လ (၂၄)ရက်နေ့တွင် ပြန်လည် ဖွင့်လှစ်ခဲ့သော်လည်း စက်တင်ဘာလ (၁)ရက်နေ့တွင် ပြန်ပိတ်ခဲ့ရပါသည်။ သင်တန်းစင်တာ ပိတ်ထားရသည်အား ဖြေရှင်းပေးသည့် အနေဖြင့် အောင်မြင်မှုသည် ဗီဒီယိုဖိုင် (၂၃)ခုနှင့် ကာတွန်းရုပ်ပုံများဖြင့် တင်ပြသည့် ဗီဒီယိုဖိုင် (၄)ခုတို့ဖြင့် အွန်လိုင်းမှတဆင့် သင်တန်းပေးရန် ရေးဆွဲရိုက်ကူး အကောင်အထည်ဖော်ခဲ့ပြီး အလုပ်သမား ဥပဒေများ၊ အရောင်းလုပ်ငန်းနှင့် စက်မှု လုပ်ငန်း အင်ဂျင်နီယာပညာတို့ကို ပို့ချပေးသည့် အွန်လိုင်းမှ ပြုလုပ်သည့် သင်တန်းအား (၁၃၃)ဦး (အမျိုးသမီး ၈၃%) တက်ရောက်ခဲ့ပါသည်။

စေ့စပ်သေချာစွာ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်အကဲဖြတ်မှုအရ ပြင်ပတွင် သမားရိုးကျ လေ့ကျင့်သင်ကြားပေးထားသည့် အထည်ချုပ် လုပ်သားများနှင့် နှိုင်းယှဉ်လျှင် CARE ၏ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း၏ ရလဒ်များမှ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကုန်ထုတ် စွမ်းအားနှင့် ဝင်ငွေများ အလုံးစုံ တိုးတက်လာကြောင်း ဆက်လက်ပြသနေပါသည်။ အောင်မြင်မှုစီမံချက်မှ လေ့ကျင့်သင်ကြားပေးခဲ့သည့် အလုပ်သမားများသည် စွမ်းဆောင်မှုဆိုင်ရာ အပိုဆုကြေးနှင့် ရာထူးတိုးခြင်းများကြောင့် ၎င်းတို့ လေ့ကျင့်သင်ကြားခြင်း မခံယူမီအချိန်ထက် ပျမ်းမျှ တစ်လလျှင် လုပ်ခလစာ မြန်မာကျပ်ငွေ (၆၉,၀၀၀) (ကန်ဒေါ်လာ ၅၀) ပိုမို ရရှိပါသည်။ အောင်မြင်မှု၏ သင်တန်းသားများသည် လစဉ်ပျမ်းမျှ မြန်မာကျပ်ငွေ (၁၁၃,၀၀၀) (ကန်ဒေါ်လာ ၈၁)အား နေအိမ်များသို့ ငွေလွှဲပေးပို့နိုင်ခဲ့ပြီး ဝင်ငွေတိုးတက်လာခြင်းမှ အလုပ်သမားများနှင့် ၎င်းတို့နေရပ်ရှိ လူမှုအသိုက်အဝန်းများမှ မိသားစုများ၏ ကြံ့ကြံ့ခံနိုင်စွမ်းအတွက် အထောက်အပံ့ပေးပါသည်။ အပ်ချုပ်စက် အော်ပရေတာများ၏ ထုတ်လုပ်နိုင်စွမ်း တိုးတက်လာမှုကြောင့် ထပ်ဆောင်းရရှိသည့် အကျိုးသက်ရောက်မှုမှာ ၎င်းတို့၏ ရည်မှန်းချက်များ ပြည့်မီရန်အတွက် အချိန်ပို အနည်းငယ်သာ လုပ်ကိုင်နိုင်လာခြင်း၊ နားနေရန်အတွက် အချိန်ပို၍ ရလာခြင်း၊ ကောင်းမွန်စွာ စားသောက်နိုင်ခြင်းနှင့် မိသားစုအတွက် အချိန်ပေးနိုင်ခြင်း တို့ ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့သည် အာဟာရချို့တဲ့မှု၊ ကျန်းမာရေး ချို့ယွင်းမှုနှင့် အလုပ်ပင်ပန်းခြင်းဒဏ်တို့အား အလွယ်တကူ ခံစားရခြင်းမှ လျော့နည်းလာပါသည်။

ခရီးသွားလာရာတွင် အန္တရာယ်များ ကျရောက်နိုင်ချေရှိပြီး အထည်ချုပ်စက်ရုံများမှ အလုပ်သမား ငှားရမ်းမှုများ မရှိသည့်အတွက် သင်တန်း တက်ရန်အတွက် ရန်ကုန်မြို့သို့ လာရောက်ရန် ရွှေ့ပြောင်းလုပ်သားအသစ်များ စုဆောင်းရန်မှာ ဖြစ်နိုင်ခြေမရှိသော်လည်း CARE သည် အလုပ်အကိုင် ဆုံးရှုံးသွားခဲ့သည့် အထည်ချုပ်လုပ်သားများအား ကျွမ်းကျင်မှု အဆင့်မြှင့်တင်ပေးသည့် သင်တန်းများ ပေးအပ်နိုင်ရန်အတွက် မြန်ကူရန်ပုံငွေနှင့် ပေါင်းစည်းခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ၂၀၂၀ ခုနှစ်တွင် အလုပ်အကိုင် မရှိသည့် အလုပ်သမားများအား သင်တန်းများ ပြန်လည်ပို့ချပေးနိုင်ရန်အတွက် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်တွင် ActionAid ၏ ရန်ကုန်မြို့ပြဝန်းကျင်ဒေသများတွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှု (Secure) စီမံချက်သည် ပိုမိုစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ လမ်းကြောင်းများ ချမှတ်နိုင်ရန်အတွက် ၎င်းတို့၏ အလုပ်သမား အခွင့်အရေးများအား နားလည်သဘောပေါက်စေရန်နှင့် တောင်းဆိုနိုင်ရန်နှင့် သတင်းအချက်အလက်များနှင့် ကွန်ရက်များအား ချိတ်ဆက်နိုင်ရန် အားနည်းထိခိုက်လွယ်သည့် အမျိုးသမီး အများစုပါဝင်သည့် ရွှေ့ပြောင်းလုပ်သား (၈၅၃)ဦး ၏ စွမ်းဆောင်ရည် တည်ဆောက်ပေးရန်အတွက် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မထွက်ခွာမီပေးသည့် သင်တန်း၊ သက်တူဆင့်တူကွန်ရက် သင်တန်း၊ တနင်္ဂနွေကော်ဖီစကားဝိုင်း (Sunday Cafe) များ၊ စိတ်လူမှုဆိုင်ရာ ဆွေးနွေးလမ်းညွှန်ပေးခြင်း၊ ခေါင်းဆောင်မှုသင်တန်း၊ဥပဒေရေးရာ အသိပညာပေးသည့်သင်တန်းတို့မှတဆင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ COVID-19 ကပ်ရောဂါကြောင့် အထည်ချုပ်ကဏ္ဍတွင် အလုပ်သမားအများအပြား အလုပ်မှရပ်ဆိုင်းခံခဲ့ကြရပြီး ရန်ကုန်မြို့ပြဒေသတွင် အလုပ်သမားများ နစ်နာကြေးတောင်းဆိုရန်အတွက် ဥပဒေ အထောက်အကူပြုဝန်ဆောင်မှုများ များများစားစား လိုအပ် လာခဲ့ပါသည်။ ActionAid စီမံချက်မှ အလုပ်သမား အငြင်းပွားမှုများအား စုပေါင်း ဖြေရှင်းရန်နှင့် တစ်ဦးချင်း ဖြေရှင်းရန်တို့အတွက် အလုပ်သမားများနှင့် အလုပ်သမား သမဂ္ဂများအတွက် ဥပဒေရေးရာ အကူအညီများ ပေးအပ်ခဲ့ပါသည်။ လူမှုအသိုက်အဝန်းများအတွင်း ဝန်ဆောင်မှုများကို ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ)၊ ပြည်သူ့အတွက်တို့မျိုးဆက် ကွန်ရက်နှင့် အလုပ်သမားသမဂ္ဂများ ပူးပေါင်း ဆောင်ရွက်ရေးကော်မတီတို့မှ ပေးအပ်ခဲ့ပြီး တိုင်ကြားမှုပေါင်း (၂၆၅)မှုအား အကူအညီပေးခဲ့ပါသည်။ ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ)သည် ၎င်းတို့၏ ၂၄နာရီ အရေးပေါ် ဆက်သွယ်နိုင်သည့် ဝန်ဆောင်မှုမှတဆင့် တယ်လီဖုန်းဖြင့် ဆက်သွယ်လာမှု (၇၅၇)ဦးကို ဥပဒေရေးရာ ဆွေးနွေးလမ်းညွှန်မှု ပေးအပ်ခဲ့ပါသည်။ အမှုအကြောင်းအရာများတွင် အလုပ်မှ ထုတ်ပယ်ခြင်းခံရသည့် အတွက် နစ်နာကြေး တောင်းဆိုခြင်း၊ သဘောတူစာချုပ်ဆိုင်ရာ အငြင်းပွားမှုများ၊ နှင်ထုတ်သည့် အသိပေးစာများနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုတို့ ပါဝင်ခဲ့ပါသည်။ စက်ရုံပိုင်ရှင်များမှ အလုပ်သမား (၁၀၅) ဦးအတွက် နစ်နာကြေး ကန်ဒေါ်လာ (၂၂,၇၀၀) ပေးခဲ့ကြပါသည်။

**အထည်ချုပ်ကဏ္ဍအတွက် အမျိုးသမီးများအား ကူညီပံ့ပိုးပေးသည့် ဆင့်တူသက်တူ ကွန်ရက် ထူထောင်ပေးခဲ့ခြင်း**
ယခုအခါတွင် NGO အနေဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သော Business Kind Myanmar သည် ၎င်း၏ (၅)နှစ်တာ ရည်မှန်းချက်ဖြစ်သော အထည်ချုပ်ကဏ္ဍတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ထပ်မံတိုးချဲ့နိုင်သည့် အမျိုးသမီးများအား ကူညီပံ့ပိုးပေးသည့် ဆင့်တူသက်တူ ကွန်ရက်- သုံးပန်လှအသင်း- ဖွဲ့စည်းတည်ထောင်ခြင်းအား ပြီးစီးအောင်မြင်ခဲ့ပါသည်။ CARE စီမံချက်၏ ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအပိုင်းတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သုံးပန်လှသည် လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များတွင် ဆင့်တူ သက်တူများမှ စီမံဆောင်ရွက်သည့် ဝန်ဆောင်မှုများအား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် ပူးပေါင်းပါဝင်မှုတွင် လျော့ကျသွားခဲ့သော်လည်း အမျိုးသမီးစက်ရုံ အလုပ်သမား (၂,၉၀၂) ဦးသည် ၎င်းတို့၏ အသိအမြင် တိုးတက်ကောင်းမွန်စေရန်နှင့် ကူညီထောက်ပံ့ပေးသည့် ဆင့်တူသက်တူ ကွန်ရက် တည်ဆောက်ရန် တို့အတွက် Sunday Cafe ၏ စကားဝိုင်းများတွင် တက်ရောက် ပါဝင်ခဲ့ကြပါသည်။





COVID-19 ကပ်ရောဂါကာလအတွင်း Sunday Cafe ၏ သတင်းစကားများအား တက်ကြွသည့် သုံးပန်လှ သက်တူ ရွယ်တူ အုပ်စု ခေါင်းဆောင်များမှ ကွန်ရက်အတွင်းရှိ အလုပ်သမား (၂၈,၂၀၀)ဦးထံ ဖြန့်ဖြူးပေးခဲ့ပါသည်။ ဤသတင်းအချက်အလက်များ ရောက်ရှိမှုအား ဖေ့စ်ဘုတ်နှင့် စာတိုပေးပို့ခြင်း တို့မှတဆင့် “Sunday Blast Messages” များ ထပ်မံပေးပို့ခဲ့ပြီး ယင်းတို့အား ရွှေ့ပြောင်းလုပ်သား (၆၅,၉၂၆)ဦးတို့မှ လက်ခံ ရရှိခဲ့ပါသည်။ သုံးပန်လှ၏ ကွန်ပျူတာ အခြေခံများအား တစ်ဆင့်ချင်းပေးသည့် သင်တန်း (LeapFrog) အား အမျိုးသမီး ရွှေ့ပြောင်းလုပ်သား ၁၂၁ ဦးထံ ပို့ချပေးခဲ့ပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး (၁၇၉)ဦးသည် အိမ်ယာမဲ့ ဖြစ်သွားခြင်း၊ အလုပ်အကိုင် ဆုံးရှုံးသွားခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လူကုန်ကူးခြင်းဆိုင်ရာ ပြဿနာများအတွက် ဆောင်ရွက် နေသည့် Women in Crisis စီမံကိန်းမှတဆင့် အရေးပေါ် ကူညီထောက်ပံ့မှု အား လက်ခံ ရရှိခဲ့ပါသည်။

**ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများအား ကျား၊မ အခြေပြု အကြမ်းဖက်ခံရခြင်းမှ ကာကွယ်စောင့်ရှောက်ပေးခြင်း**
ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများအား ကျား-မအခြေပြု အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းတို့မှ ကာကွယ် စောင့်ရှောက်မှု အရေးတကြီးလိုအပ်နေမှုအား တုံ့ပြန်ဆောင်ရွက်ရာတွင် CARE သည် ပညာပေးခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်သည့် ယန္တရားဆိုင်ရာ ကျယ်ပြန့်သည့် စီမံကိန်းတစ်ခုအား အကောင်အထည် ဖော်ခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှုနှင့် ကျား၊ မ အခြေပြုသည့် အကြမ်းဖက်မှုဆိုင်ရာ သတင်းစကားများအား သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် အထူးအခမ်းအနားများမှတဆင့် လူမှုအသိုက်အဝန်းများ အတွင်းမှ လူဦးရေ (၁၅,၇၀၀) ဦးထံ ပေးပို့ခဲ့ပါသည်။ ယင်းတို့သည် လူမှုကွန်ရက်မီဒီယာ အထူးသဖြင့် စီမံချက်၏ YAT (လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား ချက်ချင်းရပ်) ခေါင်းစဉ်ဖြင့် ၂၀၂၀ ခုနှစ် ဇွန်လတွင် လွှင့်တင်ထားသည့် ဖေ့စ်ဘုတ် စာမျက်နှာမှတဆင့်လည်း ပေးပို့ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် လုပ်ငန်းခွင်အတွင်း ထိပါးနှောက်ယှက်မှုနှင့် စပ်လျဉ်း၍ စက်ရုံ (၂၀)မှ လူသားအရင်းအမြစ် ဝန်ထမ်းများသည် စက်ရုံအဆင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု မူဝါဒချမှတ်ခြင်းနှင့် စက်ရုံ (၁၃)ရုံတွင် တိုင်ကြားခြင်းဆိုင်ရာ ယန္တရားများ ချမှတ်နိုင်ခြင်းဆီသို့ ဦးတည်နိုင်ခြင်းဖြင့် တိုးတက်မှုများ ရရှိခဲ့ပါသည်။ CARE ၏ အလုပ်သမားသမဂ္ဂများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းမှ လုပ်ငန်းခွင်အဆင့်တွင် မူဝါဒ/စနစ် ပြောင်းလဲရေးဆိုင်ရာ တောင်းဆိုမှုများနှင့် အဆင့်မြင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုတို့အား ကူညီပံ့ပိုးပေးခြင်းတို့ဖြင့် ပိုမိုများပြားသည့် အလုပ်သမားများထံ ရောက်ရှိခဲ့ပါသည်။ စက်ရုံ (၄)ရုံမှ အမျိုးသမီးခေါင်းဆောင် (၂၀)ဦးသည် အလုပ်အကိုင်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ်များတွင် လိင်ပိုင်းဆိုင်ရာ နှောက်ယှက်ထိပါးမှုအား ထည့်သွင်းပေးရန်အတွက် အသိပေးအရေးဆိုခြင်းအား ပြုလုပ်ခဲ့သည်ဟု အလုပ်သမား သမဂ္ဂများမှ အစီရင်ခံ တင်ပြခဲ့ပါသည်။ CARE မှ အလုပ်သမားများအတွက် အွန်လိုင်းသင်တန်းအား စီစဉ်ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ သင်တန်း ပို့ချသည့်နည်းလမ်းအား လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင် ပြောင်းလဲခဲ့ပြီး ကူညီပံ့ပိုးမှုများ ပေးရန်အတွက် စက်ရုံများနှင့် ပုံမှန်တယ်လီဖုန်း ခေါ်ဆိုခြင်း တို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။ စက်ရုံများနှင့် ပြုလုပ်သည့် အသေးစား စစ်တမ်းမှ တုံ့ပြန်ဖြေကြားသူ အများစုသည် တိုင်ကြားခြင်းဆိုင်ရာ ယန္တရားများအား ထားရှိပြီးသည့်အချိန်မှစ၍ ၎င်းတို့၏ စက်ရုံများတွင် ပိုမိုလုံခြုံမှုရှိသည်ဟု ခံစားရကြောင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှု နှင့် စပ်လျဉ်း၍ အစီရင်ခံ တိုင်ကြား ရာတွင် စိတ်သက်တောင့် သက်သာ ဖြစ်နိုင်သည်ဟု ခံစားရကြောင်းကို ပြသခဲ့ပါသည်။

COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုနှင့်အတူ ရန်ကုန်မြို့တွင် ကျား-မအခြေပြု အကြမ်းဖက်သည့် ဖြစ်ရပ်များ တိုးပွားလာသည့် အထောက် အထားလည်း ရှိနေပါသည်။ CARE ၏ အောင်မြင်မှုစီမံချက်သည် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ)၊ ရပ်ရွာလူထု ပတ်သက် ဆက်နွယ်သူများနှင့် မိတ်ဖက်ပြု၍ အဆိုပါဖြစ်ရပ်များကို ထိရောက်စွာ တုံ့ပြန်ကာကွယ်ရန် ကျား၊မ အခြေပြု အကြမ်းဖက်မှုအတွက် ယင်း၏ ညွှန်းပို့ပေးသည့် လမ်းကြောင်းများ ခိုင်မာအားကောင်းစေရန်အတွက် ဆက်လက် ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။ အောင်မြင်မှု သည် စနစ်တကျ ညွှန်းပို့သည့် စနစ်နှင့် ထိရောက်သည့် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များ ရှိစေရန်အတွက် ကျား၊မ အခြေပြု အကြမ်းဖက်မှု ညွှန်းပို့ခြင်းဆိုင်ရာ လမ်းညွှန်များအား ပြန်လည် ပြင်ဆင်မွမ်းမံခဲ့ပါသည်။ နောက်ဆုံး ပြင်ဆင်ထားသည့် လမ်းညွှန်အား မြို့နယ် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရေး ကွန်ရက်များနှင့် ရပ်ရွာလူထု အခြေပြုသည့် အဖွဲ့အစည်းများအကြား မျှဝေပေးခဲ့ပါသည်။ ဥပဒေရေးရာ ကုစားမှုအဖွဲ့ (မြန်မာ) (LCM) ရရှိနိုင်သော ဝန်ဆောင်မှုများကို တိုးချဲ့ရန် ရပ်ရွာလူထု အခြေပြု ဥပဒေရေးရာ အထောက်အကူပြု စင်တာတစ်ခုကိုလည်း တည်ထောင်ခဲ့ပါသည်။ LCM သည် ကပ်ရောဂါကာလအတွင်း အကြမ်းဖက်သည့် ဖြစ်ရပ်များ တိုးတက်များပြားလာလျက်ရှိသည့် အကျပ်အတည်းအား သတိပြုလျက် DVB ရုပ်မြင်သံကြား၊ မဇ္ဈိမရုပ်မြင်သံကြားနှင့် MNTV ရုပ်မြင်သံကြားတို့မှတဆင့် သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် LCM ၏ ၂၄ နာရီ အရေးပေါ် ဆက်သွယ်နိုင်သည့် ဝန်ဆောင်မှု မှတဆင့် တယ်လီဖုန်း ခေါ်ဆိုမှု (၂၄၂) ကြိမ်အား လက်ခံရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ (၂၂၀)ဦးအား ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်မှုများနှင့် ညှိနှိုင်း ဖြန်ဖြေပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပြီး၊ အကျိုးခံစားခွင့်ရှိသူ (၁၄)ဦးအား တရားရုံးများတွင် အမှုရင်ဆိုင်ရန်အတွက် ဥပဒေရေးရာ ကိုယ်စားပြုမှု ပေးအပ်ခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူ (၁၇)ဦးအတွက် အရပ်ရွာလူထု အခြေပြု ဥပဒေ အထောက်အကူပြု စင်တာထံမှ ဥပဒေ အထောက်အကူပြု ကူညီပံ့ပိုးမှုအား ပေးအပ်ခဲ့ပါသည်။

**COVID-19 ဆိုင်ရာ ကူညီပံ့ပိုးပေးခြင်း**
CARE ၏ စီမံချက်သည် ယင်း၏ CSO မိတ်ဖက်အဖွဲ့အစည်းများ၊ Business Kind Myanmar နှင့် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ)တို့နှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များတွင် COVID-19 ကမ္ဘာ့ ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် တက်ကြွစွာ ဆောင်ရွက်ခဲ့ပါသည်။ CARE သည် ယင်း၏ ပုဂ္ဂလိကကဏ္ဍနှင့် ခိုင်မာသည့် ဆက်ဆံရေးများအား မြှင့်တင်ခြင်းဖြင့် အထည်ချုပ်စက်ရုံ (၁၄)ရုံမှတဆင့် ကုန်ကျစရိတ် နည်းပါးသည့် ပြန်လည် အသုံးပြုနိုင်သော နှာခေါင်းစည်းအခုရေ (၃.၃) သန်းအား ထုတ်လုပ်ရန်အတွက် အကျိုးဆောင်ပေးခဲ့ခြင်းမှ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းအတွက် ပံ့ပိုးပေးနိုင်ခဲ့ပြီး အမျိုးသမီးစက်ရုံ အလုပ်သမား (၇၉၅)ဦးအား ဆက်လက် အလုပ်ခန့်ထားနိုင်ရန် အကူအညီပေးခဲ့ပါသည်။ INGO နှင့် CSO များအတွက် နှာခေါင်းစည်း ပုံစံနမူနာ၊ နည်းပညာဆိုင်ရာ အချက်အလက်များ ပါဝင်သည့် မှတ်တမ်း နှင့် ကုန်ကျစရိတ် တွက်ချက်ထားသည့် စာရွက်

တို့ နှင့်တကွ လုပ်ငန်းစဉ်စာရွက်နှင့် ဗီဒီယိုတို့ ထုတ်လုပ် ဖြန့်ဝေပေးခြင်းဖြင့် နှာခေါင်းစည်း အမြောက်အများ ထုတ်လုပ်ခြင်းမှ ၎င်းတို့၏ ကိုယ်ပိုင် ဝင်ငွေရှာသည့် လုပ်ငန်းများကို ကူညီပံ့ပိုး ပေးနိုင်ခဲ့ပါသည်။ အထည်ချုပ်စက်ရုံများနှင့် အလုပ်သမားများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုအား နားလည်သဘောပေါက် နိုင်ရန်အတွက် အလျင်အမြန် ပြုလုပ်သည့် ဆန်းစစ် အကဲဖြတ်မှုတစ်ခုအား MDRI-CESD နှင့် မိတ်ဖက်ပြု၍ ဆောင်ရွက်ခဲ့ပါသည်။ စက်ရုံ (၅၀)ရုံနှင့် အလုပ်သမား (၂၃၀)ဦးထံမှ စက်ရုံ၏ ထုတ်လုပ်မှု၊ အမှာစာများအတွက် ငွေပေးချေမှု၊ စက်ရုံအလုပ်သမားများအတွက် အလုပ် ခန့်ထားမှုနှင့် အခြေအနေများနှင့် ၎င်းတို့၏ အနာဂတ်အစီအစဉ်များနှင့် စပ်လျဉ်း၍ စစ်တမ်း ကောက်ယူခဲ့ပါသည်။ ကူးစက်ရောဂါ ကာကွယ်ရေး ပစ္စည်းများအား အစိုးရရုံးများ၊ မြို့နယ်တရားရုံးများ၊ အလုပ်သမားသမဂ္ဂများ၊ အဆောင်များနှင့် ဖျားနာအခမဲ့ကု ဆေးခန်းများသို့ ထောက်ပံ့ပေးခဲ့ပြီး လှိုင်သာယာမြို့နယ်တွင် COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးရန်အတွက် သတင်းအချက်အလက်နှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေး ပစ္စည်းများအား အလုပ်သမား (၁၂၅,၄၇၄)ဦးနှင့် ရပ်ကွက်နေပြည်သူများထံ ဖြန့်ဝေပေးခဲ့ပါသည်။



*ပုံ ၄.၈ – လှိုင်သာယာမြို့နယ်တွင် Business Kind Myanmar မှ သတင်းအချက်အလက်နှင့် တကိုယ်ရေသုံး သန့်ရှင်းရေး ပစ္စည်းများအား ဖြန့်ဝေပေးစဉ်*

COVID-19 ကပ်ရောဂါ ကာလအတွင်း ရန်ကုန်မြို့၏ ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများအကြား ဝင်ငွေ အစားထိုးပေးရန်အတွက် အရေးပေါ် လိုအပ်ချက်အား တုံ့ပြန်ကာကွယ်ရာတွင် ငွေကြေးထောက်ပံ့သည့် အစီအစဉ်များအား CARE ၏ CSO မိတ်ဖက် အဖွဲ့အစည်းများ မှတဆင့် အလျင်အမြန် အကောင်အထည်ဖော်ခဲ့ပါသည်။ Business Kind Myanmar မှ အလုပ်အကိုင် ဆုံးရှုံးသွားသော အထည်ချုပ်ကဏ္ဍရှိ ရွှေ့ပြောင်းလုပ်သားများအား ချက်ချင်း ကူညီပံ့ပိုးမှုပေးခဲ့ပါသည်။ စက်ရုံ အလုပ်သမား (၆,၄၅၀)ဦးသည် အဆောင်ခများနှင့် အစားအသောက်တို့အတွက် မြန်မာကျပ်ငွေ (၅,၀၀၀) (ကန်ဒေါ်လာ ၃၆)အထိ Wave Money နှင့် လူကိုယ်တိုင် ပေးဝေခြင်းတို့မှတဆင့် လက်ခံရရှိခဲ့ပါသည်။ CARE သည် အလုပ်ခွင်များ ပိတ်သိမ်းသွားသောကြောင့် ၎င်းတို့ ဝင်ငွေများ ဆုံးရှုံးသွားသော၊ အမည်ပျက် ကြုံတွေ့နေရသော အစိုးရ၏ ကူညီပံ့ပိုးမှုများအား လက်လှမ်းမီ ရယူရာတွင် အဟန့်အတားများရင်ဆိုင်နေရသော ဥပဒေနှင့်မညီသည့် လုပ်ငန်းလုပ်ကိုင်နေသော ရွှေ့ပြောင်း လိင်အလုပ်သမားများထံ ငွေကြေးထောက်ပံ့မှုနှင့် မိမိကိုယ်ကို ကာကွယ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ပေးအပ်ရန်အတွက် မြန်မာနိုင်ငံရှိ လိင်လုပ်သားများ ကွန်ရက် (Sex Workers in Myanmar Network) CSO နှင့်လည်း ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းမှ ရွေးချယ်သင့်သည့် မူနှင့် ကိုက်ညီသည့် အမျိုးသမီးလိင်အလုပ်သမား (၅၀၀)အား ရှာဖွေ ဖော်ထုတ်ခဲ့ပြီး Wave Money မှတဆင့် ငွေကြေးထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။





COVID-19 ကမ္ဘာ့ ကပ်ရောဂါကာလအတွင်း ILO သည် ပဋိပက္ခဒဏ်ခံ လူမှုအသိုက်အဝန်းများရှိ နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ ရှမ်းပြည်နယ် ဒုက္ခသည်ဆိုင်ရာ ကော်မတီ၏ အရေးပေါ် မေတ္တာရပ်ခံချက်အား တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ILO သည် ရှမ်းပြည်နယ်နှင့် ထိုင်းနိုင်ငံ နယ်စပ်တလျှောက်ရှိ အသိအမှတ်ပြုထားခြင်းမရှိသော စခန်း (၆)ခုတွင် နေထိုင်သော ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ/နယ်စပ်ဖြတ်ကျော်လာသည့် ရွှေ့ပြောင်းသွားလာသူ (၆,၁၀၁)ဦး (အမျိုးသမီး ၄၉%) ထံ စားနပ်ရိက္ခာ ခွဲတမ်းများ ကူညီ ဖြည့်တင်းပေးခဲ့ပါသည်။ အဆိုပါစခန်းများတွင် နေထိုင်သူများသည် ပုံမှန်အားဖြင့် နယ်စပ်ဖြတ်ကျော်၍ ထိုင်းနိုင်ငံတွင် နေ့စား အလုပ်သမားများအဖြစ် အလုပ်လုပ်ကိုင်ပြီး ရပ်တည်နေကြသော်လည်း နယ်စပ် ပိတ်လိုက်ပြီးသည့်နောက်ပိုင်း ထိုကဲ့သို့လုပ်ကိုင်နိုင်ခြင်းမရှိသောကြောင့် ၎င်းတို့ကိုယ်တိုင် စားသောက်ရန် နှင့် မိသားစုအား ကျွေးမွေးနိုင်ခြင်း မရှိတော့ပါ။ လိုအပ်ချက်များ ဆန်းစစ်အကဲဖြတ်မှုတစ်ခုအား စခန်း ကော်မတီများနှင့်အတူ လုပ်ဆောင်ခဲ့ပြီး ဆန်နှင့် ပဲပုတ်စေ့များ ဖြန့်ဝေပေးခဲ့ပါသည်။ ထို့အပြင် ကရင်ကျန်းမာရေးနှင့် လူမှုရေးဌာနသည် ကရင် အမျိုးသား အစည်းအရုံးမှ ထိန်းချုပ်ထားသော ဘားအံမြို့နယ်ရှိ ဒေသများတွင် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ (၆၅၀)ဦး (အမျိုးသမီး ၅၀%) ထံ ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်စတုတ္ထလေးလပတ်အတွင်း၌ နေရပ်ပြန်ရွှေ့ပြောင်း သွားလာသူများနှင့် COVID-19 ကပ်ရောဂါပြန့်နှံ့မှုအကြား ဆက်သွယ်နေသည်ဟူသော အများပြည်သူများ၏ အပြုသဘောမဆောင်သော လက်ခံယုံကြည်မှုနှင့် ခွဲခြားဆက်ဆံသည့် သဘောထားများကြောင့် ချောက်ချားနေခြင်းများ မြင့်တက်လာသည်ကို ဂရုပြုမိခဲ့ပါသည်။ IOM ၏ တွဲလက်စီမံချက်သည် ယင်း၏ လွတ်လပ်သော ရုပ်သံထုတ်လွှင့်သူ ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) နှင့် ဆက်ဆံရေးကို မြှင့်တင်ခြင်းဖြင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ပတ်သက်၍ စာနာ နားလည်ခြင်းနှင့် ခွဲခြားဆက်ဆံမှုများအား ဆန့်ကျင်တုံ့ပြန်သည့် သတင်းစကားများ ပိုမိုတိုးတက်လာစေရန်အတွက် 'နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများ၏ အသံများ' အမည်ရသည့် မီဒီယာ စည်းရုံးလှုံ့ဆော်မှု တစ်ခုကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှ စက်တင်ဘာလ ၂၉ ရက်နေ့အထိ စည်းရုံးလှုံ့ဆော်မှုမှ ဆွေးနွေးပွဲ (၄)ခုနှင့် တွေ့ဆုံမေးမြန်းခြင်း (၁၁)ခု တို့ကို ထုတ်လွှင့်ပြသခဲ့ပြီး လူမှုကွန်ရက်မီဒီယာပေါ်တွင် စုစုပေါင်း ကြည့်ရှုသည့် အကြိမ် (၄၁၄,၅၅၃) ရှိခဲ့ပါသည်။ ရေပန်းစားနေသည့် အမြင်များ (Vox Pop – သတင်းထောက်များမှ အများပြည်သူအမြင်များကို မေးမြန်းသည့် လျှပ်တပြက်တွေ့ဆုံမေးမြန်းခြင်း) နှင့် COVID-19 ကပ်ရောဂါကြောင့် အသွားအလာကန့်သတ်ထားသဖြင့် ဆွေးနွေးသူများနှင့် ပရိသတ်များမှ အွန်လိုင်းပေါ်တွင် တိုက်ရိုက် ဆွေးနွေးမှုများဖြင့် ပါဝင်သည့် အွန်လိုင်း ဆွေးနွေးပွဲများကို ရိုက်ကူးခြင်းနှင့် ဖြန့်ချိပြသခြင်းကို ပေါင်းစပ်ထားသည့် ဆန်းသစ်တီထွင်မှုရှိသော ပုံစံကို အသုံးပြုခဲ့ပါသည်။ စည်းရုံးလှုံ့ ဆော်မှုသည် တိုက်ရိုက်ပါဝင်ခဲ့သည့် ပရိသတ်များမှ ကပ်ရောဂါ၏ လူမှုစီးပွားရေး သက်ရောက်မှုများအား ကျော်လွှားနိုင်ရန် အထူးသဖြင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအား မည်ကဲ့သို့ ကူညီပံ့ပိုးပေးသင့်သည်ဆိုသည့် အားပေးထောက်ခံသည့် ဆွေးနွေးမှုများအပြင် ကြည့်ရှုသူ များနှင့် လူမှုကွန်ရက် မီဒီယာ ကြည့်ရှုအသုံးပြုသူများမှ အားပေး ပူးပေါင်းဆောင်ရွက်သည့် သဘောထား မှတ်ချက်အများအပြား ပေးခဲ့ခြင်းတို့ဆီသို့ ဦးတည်ခဲ့ကြောင်းကို DVB မှ အစီရင်ခံ တင်ပြခဲ့ပါသည်။

တရုတ်နိုင်ငံတွင် အလုပ်အကိုင် ဆုံးရှုံးသွားပြီးနောက် ပြန်လာသည့် ထောင်ပေါင်းများစွာသော အလုပ်သမားများ ရှိနေခြင်းကြောင့် IOM ၏ SAFE စီမံချက်သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများအတွက် ခိုင်မာအားကောင်းသည့် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေး အစီအစဉ် တစ်ရပ်ကို ရေးဆွဲအကောင်အထည် ဖော်ခဲ့ပါသည်။ စီမံချက် ဒေသများတွင် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေခံ လိုအပ်ချက်များ ပြည့်မီစေရန် သာမက COVID-19 ကပ်ရောဂါ ပြန့်နှံ့မှုအား လျော့ပါးသက်သာစေရန် ပိုမိုကျယ်ပြန့်သည့် ပြည်သူ့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီပံ့ပိုး ပေးခြင်း တို့အတွက်လည်း စီမံကိန်း ဆောင်ရွက်ချက်များအား ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ IOM၊ မေတ္တာနှင့် အခြား CSO မိတ်ဖက် အဖွဲ့အစည်းများသည် သီးသန့်ထား စောင့်ကြည့်နေစဉ်အတွင်း အစားအသောက်၊ တစ်ကိုယ်ရေသုံး သန့်ရှင်းရေး ပစ္စည်းများ၊ အိပ်ယာ၊ အိပ်ယာခင်း နှင့် အခြား ကူညီပံ့ပိုးပေးသည့် ပုံစံများဖြင့် အကျိုးခံစားခွင့်ရှိသူ (၁၄၈,၇၆၃) ဦး (အမျိုးသမီး ၅၂%) ထံ တိုက်ရိုက်အကူအညီများ ရောက်ရှိခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းတွင် IOM ၏ တုံ့ပြန် ကာကွယ်မှု၏ တစ်မူထူးခြားချက်မှာ ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ အပါအဝင် ပြန်လည် ထူထောင်ရေး ဦးစီးဌာန၏ နားခိုရာနေရာများမှတဆင့် အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်းသွားလာသူနှင့် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန်နေရသူ (၇,၅၉၆)ဦးထံ တိုက်ရိုက် အကူအညီ ပေးအပ်ခြင်း ဖြစ်ခဲ့ပါသည်။ ထို့အပြင် IOM သည် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာတွင် ရွှေ့ပြောင်း သွားလာသူ (၇,၄၇၄)ဦး (အမျိုးသမီး ၇၂%) ထံ ဆွေးနွေး တိုင်ပင် လမ်းညွှန်ပေးခြင်းအား ပေးအပ်ရန်အတွက် COVID-19 ကပ်ရောဂါ နှင့် ဆက်နွယ်နေသည့် ဖိစီးမှုများနှင့် ကိုင်တွယ် ဖြေရှင်းခြင်းဆိုင်ရာ စာစောင် အပါအဝင် စိတ်ကျန်းမာရေး နှင့် စိတ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးသည့် စာအုပ်စာတမ်းများကိုလည်း ရေးသား ပြုစုခဲ့ပါသည်။

COVID-19 ကပ်ရောဂါကာလအတွင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီးတွင် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် ဌာနေလူမှု အသိုက်အဝန်းများအတွက် အခြေအနေမှာ လျင်မြန်စွာ ပြောင်းလဲသွားသည်အား အသိအမှတ်ပြု လက်ခံကာ IOM ၏ MILDAS စီမံချက်သည် အဆိုပါ လူမှုအသိုက်အဝန်းများ၏ အရေးတကြီး လိုအပ်သော အရေးကြီးဆုံး လိုအပ်ချက်အား ပြည့်မီစေရန်အတွက် အရေးပေါ် တုံ့ပြန် ကာကွယ်မှု စီမံချက် တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ တကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ အထောက်အပံ့ ပစ္စည်းများ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းများ၊ ရွေးချယ်ထားသည့် အစားအသောက် မဟုတ်သည့် ပစ္စည်းများ၊ ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်များဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သည့် သတင်းစကားများ ပါဝင်သည့် IEC အသိပညာပေး ပစ္စည်းများအား အလျင်အမြန် ဝယ်ယူခဲ့ပြီး MILDAS စီမံကိန်း၏ ဦးတည် ရည်ရွယ်သည့် ဒေသများသို့ ပေးပို့ခဲ့ပါသည်။ ဧပြီလမှ စတင်၍ CSO မိတ်ဖက် အဖွဲ့အစည်းများသည် ဒေသ အာဏာပိုင်များနှင့် အနီးကပ် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများရှိ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် နေအိမ်၌ သီးသန့်ထား စောင့်ကြည့်နေသည့် ပြည်တွင်းနေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများ

ထံ ပစ္စည်းများအား ဖြန့်ဝေ ပေးခဲ့ပါသည်။ ဩဂုတ်လအကုန်တွင် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူများနှင့် မိသားစုဝင် (၉,၉၂၄)ဦး (အမျိုးသမီး ၄၄%) သည် ပစ္စည်း အကူအညီအား လက်ခံရရှိခဲ့ပြီး ခန့်မှန်းချေ (၁၆၂,၅၈၈)ဦး (အမျိုးသမီး ၅၁%) အား COVID–19 ကပ်ရောဂါ ကာကွယ်တားဆီးခြင်း ဆိုင်ရာ အသိပညာ ပေးသည့် သတင်း အချက်အလက်များအား ပေးအပ်ခဲ့ပါသည်။ ဇူလိုင်လတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရနှင့် တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့၏ မေတ္တာရပ်ခံမှုကို တုံ့ပြန် ဆောင်ရွက်သည့် အနေဖြင့် IOM သည် တစ်ကိုယ်ရေ သန့်ရှင်းရေး၊ WASH ၊ အစားအသောက် မဟုတ်သည့် ပစ္စည်းများ၊ သောက်သုံးရေ တို့အား ထောက်ပံ့ ပေးခြင်းနှင့်အတူ ပုသိမ်၊ ဟသ်ာတ နှင့် မအူပင်မြို့နယ်များရှိ အသွားအလာ ကန့်သတ် စောင့်ကြည့်ရာ နေရာများရှိ နေရပ်ပြန် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူ (၁,၈၈၇)ဦး (အမျိုးသမီး ၅၀၆ ဦး) ထံ ထပ်မံ၍ ရောက်ရှိခဲ့ပြီး ပုသိမ်မြို့ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန ရုံးဝင်းအတွင်း၌ ရေရရှိရေး နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အခြေခံ အဆောက်အဦ တပ်ဆင်ခြင်းတွင် ကူညီပံ့ပိုးပေးခဲ့ပါသည်။

PIN စီမံချက်သည် ရွှေပြည်သာမြို့နယ်ရှိ ဦးတည်ရည်ရွယ်သော ရပ်ကွက် (၈)ခု၌ ရွှေ့ပြောင်း သွားလာသူများနှင့် ၎င်းတို့၏ အိမ်ထောင်စုများ အတွက် COVID–19 ကပ်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်သည့် ပြီးပြည့်စုံသော စီမံကိန်းကို အကောင်အထည် ဖော်ခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်း အချက်အလက်များ ပါဝင်သည့် လက်ကမ်း စာစောင်များအား ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ရုံးများနှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာများမှတဆင့် အကျိုးခံစားခွင့်ရှိသူ (၂၀,၀၀၀)ဦးထံ ပေးအပ်ခဲ့ပါသည်။ လက်ဆေး ရည်နှင့် ဆပ်ပြာများအား အိမ်ထောင်စုများ (သို့) ရပ်ရွာလူထု အခြေပြု အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများထံ တိုက်ရိုက်ပေးပို့ ခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ (၃၈,၅၀၀)ဦး (အမျိုးသမီး ၅၄%) နီးပါးထံ ရောက်ရှိ ခဲ့ပါသည်။ COVID–19 ကပ်ရောဂါ ကာကွယ် တားဆီးရေးနှင့် အကူအညီတို့နှင့် ပတ်သက်၍ ရပ်ရွာ လူထုအား ထပ်မံ၍ အသိအမြင် မြှင့်တင်ရန်အတွက် PIN သည် ကြေငြာဘုတ် (၄၉) ခု စိုက်ထူခဲ့ပြီး ဗီနိုင်းပိုစတာ (၁၆၀)ခုအား ဖြန့်ဝေပေးခဲ့ပါသည်။ သတင်းအချက်အလက်များအား လော်စပီကာမှတဆင့် ကြေငြာပေးခဲ့ပြီး ရွှေ့ပြောင်း သွားလာသူနှင့် ဌာနေလူမှုအသိုက်အဝန်း အဖွဲ့ဝင် ခန့်မှန်းချေ (၇၈,၀၀၀)ဦးထံ ရောက်ရှိခဲ့ပါသည်။ ဤကူညီ ထောက်ပံ့မှုအား ရရှိခဲ့သည့် အိမ်ထောင်စု (၁၉၃)စုမှ တုံ့ပြန်ဖြေကြားမှုများကို သိရှိနိုင်ရန်အတွက် ဖြန့်ဝေပေးပြီး နောက်ပိုင်း စောင့်ကြည့် စစ်ဆေးသည့် လေ့လာမှုအား ပြုလုပ်ခဲ့ပါသည်။ တုံ့ပြန် ဖြေကြားသူအားလုံးနီးပါးမှ ပေးအပ်သည့် သတင်းအချက်အလက်များနှင့် ပစ္စည်းများ၏ အရည်အသွေး ကို စိတ်ကျေနပ်မှုရှိခဲ့ကြပါသည်။ သို့သော်လည်း တွေ့ရှိချက်များမှ လက်ခံရရှိသူ များသည် ဝင်ငွေဆုံးရှုံးမှုနှင့် ဆက်နွယ်သည့် အကြီးမားဆုံးသော ပြဿနာများကို တွေ့ကြုံနေခဲ့ပြီး အများစုသည် ငွေကြေးထောက်ပံ့မှု ထပ်မံများ လိုအပ်ခဲ့ကြောင်းကိုလည်း တွေ့ရှိခဲ့ပါသည်။

EVE စီမံချက်သည် သတင်းအချက်အလက်များ၊ ဆပ်ပြာများ၊ လက်သန့်ဆေးရည်များနှင့် နှာခေါင်းစည်းများအား COVID–19 ကပ်ရောဂါ ကာလအတွင်း ရွှေ့ပြောင်းလုပ်သားများထံ ဖြန့်ဝေပေးရန်အတွက် ကြီးမားသည့် လှုပ်ရှား ဆောင်ရွက်မှု တစ်ခုအား အစပျိုးခဲ့ပါသည်။ မြို့နယ် ကျန်းမာရေးနှင့် လူမှုဖူလုံရေးအာဏာပိုင်များနှင့် အနီးကပ် ပူးပေါင်း လုပ်ကိုင်ခြင်းဖြင့် ရွှေ့ပြောင်း သွားလာသည့် လူမှုအသိုက်အဝန်းများရှိ အကျိုးခံစားခွင့်ရှိသူ (၆၃၉၂၈)ဦး အား အကူအညီ ပေးအပ်ခဲ့ပါသည်။ စနစ်တကျ လက်ဆေးနည်း အချိန်တို သင်တန်းအစီအစဉ် အပါအဝင် မရှိမဖြစ် လိုအပ်သော သတင်းအချက်အလက်များနှင့် ပစ္စည်းများကို တစ်အိမ်တက်ဆင်း ပေးအပ်ခဲ့ပါသည်။ WON သည် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများနှင့် ခိုင်မာသည့် ဆက်ဆံရေးရှိသည့် အတွက်ကြောင့် ဒေသခံ အမျိုးသမီး အုပ်စုများမှ ဖြန့်ဝေပေးရန်အတွက် ၎င်းတို့၏ ကိုယ်ပိုင် ဆပ်ပြာနှင့် လက်သန့်ဆေးရည်ထုတ်လုပ်ရန် အတွက် ကူညီပံ့ပိုး ပေးနိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် ညောင်ကျေးရွာမှ လမ်းပြကြယ်စင် အမျိုးသမီး အုပ်စုအား ရောင်းချ ရန်အတွက် အဆိုပါ ပစ္စည်းများ ပြုလုပ်နည်းကို သင်ကြားပေးပြီးနောက် ကပ်ရောဂါကာလအတွင်း သူတို့သည် အမှာစာများ လက်ခံ ရရှိခဲ့ပြီး မိမိကိုယ်ကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ အလားတူပင် ညောင်ရွာ ကျေးရွာတွင် လမ်းပြကြယ်စင် အမျိုးသမီး အုပ်စုသည် ရန်ကုန်မြို့ရှိ ဆင်းရဲ နွမ်းပါးသော ရွှေ့ပြောင်း လူမှုအသိုက်အဝန်းများထံ ဖြန့်ဝေပေးရန်အတွက် အခြားအဖွဲ့အစည်း များထံ လက်သန့်ဆေးရည် ပုလင်း များ ထုတ်လုပ် ရောင်းချခဲ့ပါသည်။

COVID–19 ကပ်ရောဂါကာလအတွင်း အလုပ်လက်မဲ့ ဖြစ်နေသည့် အလုပ်သမားများကို ကူညီပံ့ပိုးပေးရန်အတွက် ActionAid ၏ Secure စီမံချက်သည် Wave Money နှင့် လူကိုယ်တိုင်ပေးအပ်ခြင်းတို့မှတဆင့် အားနည်း ထိခိုက်လွယ်သည့် အလုပ်သမား (၁,၄၅၈)ဦး (အမျိုးသမီး ၇၆%) ထံ ငွေကြေး ထောက်ပံ့မှု ပေးခဲ့ပါသည်။ ရွေးချယ်သင့်သည့် သူများအား ကနဦး အကဲဖြတ် ဆန်းစစ်ရာတွင် CSO မိတ်ဖက် အဖွဲ့အစည်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းတို့၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ ပါသည်။ အလုပ်သမား (၃,၃၀၀)ဦးအား ဆန်းစစ် အကဲဖြတ်ပြီးနောက် အစိုးရနှင့် အစိုးရမဟုတ်သော လှုပ်ရှား ဆောင်ရွက်သူများထံမှ မည်သည့်ပုံစံနှင့်မဆို ကူညီပံ့ပိုးမှုအား မရရှိဘူးသည့် အားနည်းထိခိုက်မှု အများဆုံးဖြစ် သည့် အလုပ်သမားများအား မြန်မာကျပ်ငွေ (၂၄၀,၀၀၀) အထိ ငွေကြေး ထောက်ပံ့မှုကို ပေးအပ်ခဲ့ပါသည်။ ယင်းတို့တွင် အလုပ်လက်မဲ့ စက်ရုံအလုပ်သမားများ (၆၃%)၊ တရားဝင် မဟုတ်သည့် ကဏ္ဍမှ အလုပ်သမားများ (၂၁%)၊ မသန်စွမ်းသူများ (၉%) နှင့် HIV ရောဂါပိုးကူးစက်ခံထားရသူများ (၇%) ပါဝင်ခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှု များသည် ကပ်ရောဂါကာလအတွင်း အရေးပါသည့် လိုအပ်ချက်များနှင့် ပတ်သက်၍ မိသားစုများမှ ၎င်းတို့၏ ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်ရန် ခွင့်ပြုပေးသည့် အမြန်ဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းတစ်ခု ဖြစ်ကြောင်း ကို သက်သေပြခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှုပေးအပ်သည့် မိတ်ဖက် အဖွဲ့အစည်းထံမှ ပေးအပ်သည့် သတင်း အချက်အလက်များအရ ၈၀% မျှ သည် အစားအသောက် ဝယ်ယူရန်နှင့် အိမ်လခများ ပေးရန်အတွက် အသုံးပြုခဲ့ ကြောင်းကို ညွှန်ပြနေပါသည်။ (၁,၄၅၈)ဦးထံ ပေးအပ်ခဲ့သည့် ငွေကြေးထောက်ပံ့မှုသည် သွယ်ဝိုက်သောအားဖြင့် ထပ်မံ၍ (၅,၉၃၂)ဦးအား အကျိုးခံစားရမည်ဟု မျှော်မှန်းထားခဲ့ပါသည်။





ActionAid သည် ၎င်း၏ ဒေသခံ CSO များနှင့် အလုပ်သမား သမဂ္ဂများနှင့် ရောက်ရှိမှုများ မြှင့်တင်ခြင်းဖြင့် ၎င်း၏ လှုပ်ရှားဆောင်ရွက်မှုများမှ အလုပ်သမား (၉၅,၉၇၁)ဦး (အမျိုးသမီး ၇၉%) ထံ COVID–19 ကပ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အသိအမြင် မြှင့်တင်ပေးသည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးခဲ့ပါသည်။ ထို့အပြင် လက်သန့်ဆေးရည်၊ လက်အိတ်နှင့် နှာခေါင်းစည်းများအား ခန့်မှန်းခြေ အလုပ်သမား ဦးရေ (၁၀,၀၀၀) (အမျိုးသမီး ၈၇%) ထံ ဖြန့်ဝေပေးခဲ့ပါသည်။ ပေါင်းစည်းထားသည့်အဖွဲ့သည် ရပ်ရွာလူထု အခြေပြုသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာများနှင့် ဖျားနာကု အခမဲ့ ဆေးခန်းများအား စီမံခန့်ခွဲနေသည့် ကျန်းမာရေးဦးစီးဌာနအား ကူညီပံ့ပိုးပေးရာတွင် အကူအညီပေးရန်အတွက် လှိုင်သာယာတွင် သင်တန်းစီစဉ် ပို့ချ ခဲ့ပြီး စေတနာ့ဝန်ထမ်းအဖွဲ့ ဖွဲ့စည်းပေးခဲ့ပါသည်။ စုစုပေါင်း စေတနာ့ဝန်ထမ်း (၃၃၃) (အမျိုးသမီး ၅၈%) ဦးအား COVID–19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် အခြေခံ ကျန်းမာရေးပညာကို လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ အဆိုပါ စေတနာ့ဝန်ထမ်းများသည် အာဏာပိုင်များ၏ တုံ့ပြန်ကာကွယ်ရေး အစီအစဉ် အကောင်အထည်ဖော်ရာတွင် တက်ကြွစွာ ကူညီ ပံ့ပိုးပေးခဲ့ပြီး နောင်လာမည့် အနာဂတ်တွင် ကပ်ရောဂါလှိုင်းများ ဖြစ်ပေါ်လာသည့်အခါ မြို့နယ်အာဏာပိုင်များကို ကူညီပံ့ပိုးပေးရန်အတွက် ဆက်လက် လုပ်ဆောင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။




*ပုံ ၄.၉ – အနာဂတ် အလင်းတန်း ဆုံမှတ်မှ ဒါရိုက်တာ ဒေါ်သက်သက်အောင်မှ COVID–19 ကပ်ရောဂါ ကာလအတွင်း အလုပ်အကိုင် ဆုံးရှုံးသွားသည့် ကိုယ်ဝန်ဆောင် စက်ရုံ အလုပ်သမားအား ငွေကြေးထောက်ပံ့မှု ပေးအပ်စဉ်။*

သန်းပေါင်းများစွာသော အလုပ်အကိုင်များ ဆုံးရှုံးစေပြီး နယ်စပ်ဂိတ်များ ပိတ်ခြင်းကို ဖြစ်ပေါ်စေသည့် COVID–19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လာသူများနှင့် ဆိုက်ရောက်နိုင်ငံများရှိ ရွှေ့ပြောင်း သွားလာသူများထံ အချိန်နှင့် တပြေးညီ တိကျသည့် သတင်းအချက်အလက်များ ပေးအပ်နိုင်ရန်မှာ အရေးကြီး လိုအပ်ချက် တစ်ရပ် ဖြစ်လာခဲ့ပါသည်။ BBC Media Action သည် ရုပ်မြင်သံကြားမှ ရေဒီယိုဘက် သို့ အလျင်အမြန် ကူးပြောင်းကာ COVID–19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် ရေကြည်ရာ ရေဒီယို အစီအစဉ် အပိုင်းသစ် (၁၄)ပိုင်းကို ပြန်လည် တင်ဆက်ခဲ့ပြီး ယင်းတို့အား မြန်မာ့အသံ (သောတရှင် ၃.၂ သန်း)၊ ပတ္တမြား FM (သောတရှင် ၂.၈ သန်း) နှင့် ထိုင်းနိုင်ငံရှိ MAP ရေဒီယိုတို့တွင် တစ်ပါတ်လျှင် (၂)ကြိမ်နှုန်းဖြင့် ထုတ်လွှင့်ခဲ့ ပါသည်။ ပရိသတ်များနှင့် ထိတွေ့မှု ကို ထိန်းသိမ်းထားရန် လိုအပ်ချက်အား မျက်ခြည်ပြတ်ခြင်း မရှိစေရန် အတွက် အစီအစဉ် အပိုင်းတိုင်းတွင် လူအများ စိတ်ဝင်စားမည့် ဇာတ်လမ်းများ၊ ကျော်ကြားသည့် ဇာတ်ဆောင် ဦးဦးပိုက်ဆံ ပါဝင်သည့် အပန်းပြေစေမည့် အပိုင်းများအပြင် COVID–19 ကပ်ရောဂါ ဆိုင်ရာ အရေးကြီးသည့် သတင်း အချက်အလက်များ ထည့်သွင်းခဲ့ပါသည်။ ရေဒီယိုအစီအစဉ်အား အကဲဖြတ်သုံးသပ်ခြင်းမှ ရယ်မောဖွယ်ရာနှင့် မိမိကိုယ်ပိုင် အဖြစ်အပျက်များနှင့် ဆက်စပ်နေသည်တို့အား အသုံးပြုခြင်းကြောင့် နားဆင်သူများ အနေဖြင့် သတင်းအချက်အလက် ရရှိနိုင်မှု အလွန်မြင့်မားခဲ့ကြောင်းကို ပြသခဲ့ပါသည်။ ပရိသတ် အဖွဲ့ဝင်များကို တွေ့ဆုံ မေးမြန်းခဲ့ရာတွင် နှာခေါင်းစည်းတပ်ခြင်း၊ မကြာခဏ လက်ဆေးကြောခြင်း၊ ပုံမှန်ဘဝတွင် ခပ်ခွာခွာ နေခြင်းနှင့် အခြား ကာကွယ် တားဆီးရေး ဆိုင်ရာ အစီအမံများ အပါအဝင် အကြံဉာဏ်ပေးခဲ့သည့် COVID–19 ကပ်ရောဂါ တားဆီးကာကွယ်ခြင်းဆိုင်ရာ အလေ့အကျင့်များကို ကျင့်သုံးနေကြောင်း အစီရင်ခံ တင်ပြခဲ့ပါသည်။

ပရိသတ်တစ်ဦးမှ "ဒီအစီအစဉ်ကို နားထောင်ပြီးတဲ့နောက်ပိုင်း အကြံပေးချက်ကို လိုက်နာခဲ့ပါတယ်။ COVID–19 ကပ်ရောဂါဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော် အခုအခါ နှာခေါင်းစည်းတပ်ဖို့ သတိထားနေပြီး လက်ကို မှန်မှန် ဆေး ပါတယ်" ဟု ပြောကြားခဲ့ပါသည်။

ရေကြည်ရာ ဖေ့စ်ဘုတ် စာမျက်နှာတွင်လည်း ၎င်း၏ COVID–19 ကပ်ရောဂါနှင့် သက်ဆိုင်သည့် အကြောင်းအရာများအား ဒီဂျစ်တယ် ဖြင့် ထုတ်လုပ်မှုကို ၂၀၂၀ ခုနှစ် မတ်လမှစ၍ ဦးစားပေးဆောင်ရွက်ခဲ့ပြီး လူမှုကွန်ရက် စာမျက်နှာပေါ်တွင် အကြောင်းအရာ စုစုပေါင်း (၂၃၄)ခုကို တင်ခဲ့ပြီး ကြိုက်နှစ်သက်သည်ဟူသော တုံ့ပြန်မှု (၉၁၈,၃၁၃)အား ရရှိခဲ့ပါသည်။ ဖေ့စ်ဘုတ် စာမျက်နှာအား ၂၀၂၀ ခုနှစ်အတွင်း ပုံမှန် ကြည့်ရှုသူများ အလျင်အမြန် တိုးပွားလာပြီး နိုင်ငံပေါင်း (၁၀)နိုင်ငံကျော်မှ ကြည့်ရှုသူ ၁ သန်းကျော် (အမျိုးသမီး ၄၀%) ထံ ရောက်ရှိခဲ့ ပါသည်။ ဒီဂျစ်တယ်နည်းဖြင့် လွှင့်တင်သည့် အကြောင်းအရာများသည် ရွှေ့ပြောင်းသွားလာသူ ပရိသတ်များအား COVID–19 ကပ်ရောဂါ ကာလအတွင်း ၎င်းတို့၏ အလုပ်အကိုင်နှင့် ခရီးသွားလာမှုနှင့် သက်ဆိုင်သည့် အချိန်နှင့် တပြေးညီ ရယူနိုင်သော သတင်းအချက်များပေးအပ်ခဲ့သည် သာမက မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာသူများ ထံ ပိုမိုကောင်းမွန်သည့် အပြုသဘောဆောင်သော သဘောထားများကို မြှင့်တင်ပေးခဲ့ပြီး အခြား အရေးကြီး သည့် သတင်းအချက်အလက်ဆိုင်ရာ လစ်ဟာချက်များကို ဖြည့်ဆည်းပေးခဲ့ပါသည်။ COVID–19 ကပ်ရောဂါနှင့် ပတ်သက်သည့် အကြံဉာဏ်များနှင့် သတင်းအချက်အလက်များ ပေးသည့် ကျော်ကြားသူများနှင့် ရိုက်ကူးထားသော ဗီဒီယိုများမှာ အထူးသဖြင့် လူကြိုက် များကြောင်းကို အဆိုပါ ဗီဒီယို လွှင့်တင်မှုများအား ကြည့်ရှုသည့် အကြိမ်ရေ (၂၆.၉)သန်း ကြည့်ရှုခဲ့ခြင်းမှ သက်သေပြခဲ့ပါသည်။

စီမံချက် ပြီးဆုံးချိန် ဆောင်ရွက်သည့် အကဲဖြတ် သုံးသပ်ခြင်းမှ ရေကြည်ရာ ဖေ့စ်ဘုတ်စာမျက်နှာသည် စီမံချက်၏ အမွေအနှစ်များ မှတ်တိုင်များအနက် အသိသာ အထင်ရှားဆုံး တစ်ခု ဖြစ်လာနိုင်ဖွယ် ဖြစ်သဖြင့် ၎င်းစာမျက်နှာသည် မြန်မာနိုင်ငံတွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စရပ်များတွင် ယုံကြည်စိတ်ချရသည့် ရင်းမြစ်တစ်ခု အနေဖြင့် ဆက်လက် တည်ရှိနေဦးမည် ဖြစ်ပါသည်။ ပရိသတ်များ နှင့် ပြုလုပ် သည့် စစ်တမ်းမှ တုံ့ပြန်ဖြေကြားသူများ၏ (၈၀%) သည် ရေကြည်ရာ ဖေ့စ်ဘုတ် စာမျက်နှာတွင် တင်ထားသည့် အကြောင်းအရာများသည် အသုံးဝင်ကြောင်းအား ထုတ်ဖော် ပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။ ပုံမှန် ကြည့်ရှုသူ အမျိုးသမီးငယ် တစ်ဦးမှလည်း "ရေကြည်ရာက ပညာပေးတဲ့ စာမျက်နှာဖြစ်တဲ့အပြင် အလုပ်သမားတွေရဲ့ အခွင့်အရေး နဲ့ပတ်သက်တဲ့ လက်တွေ့ကျကျ သတင်းအချက်အလက်တွေလည်း ပေးပါတယ်။ အလုပ်သမားတွေရဲ့ ဖြစ်ရပ်မှန်တွေနှင့် အလုပ်ရှင် အလုပ်သမားကြားက ပြဿနာတွေကိုလည်း သိရှိနိုင်ဖို့ မျှဝေပေးတယ်လို့ ထင်ပါတယ်" ဟု ပြောကြားခဲ့ပါသည်။ စာမျက်နှာမှတဆင့် တည်ဆောက်ထားသည့် ပရိသတ်များနှင့် အခိုင်အမာ အပြန်အလှန် ရင်းနှီးနားလည်မှုကိုလည်း ပရိသတ်အဖွဲ့ဝင်များမှ သတင်းအချက်အလက် ရယူရန် တိုက်ရိုက် မေးမြန်းမှု (၂,၄၀၀) ကျော်မှ လက်တွေ့ ပြသခဲ့ပါသည်။ ပုံမှန် မေးမြန်းမှုများအား ဖြေဆိုရန်နှင့် အကူအညီ ပေးနိုင်ရန် ရနိုင်သည့် ရင်းမြစ်များနှင့် အဖွဲ့အစည်းများထံ ပုံမှန်ညွှန်းပို့ပေးလျက် ရှိပါသည်။ ဥပမာ တစ်ခုမှာ အလုပ်သမား (၇၀)ကျော်အား နစ်နာကြေး မပေးဘဲ အလုပ်မှ ထုတ်ပယ်ခဲ့သည့် HAGL စက်ရုံမှ အလုပ်သမားများ ဖြစ်ပါသည်။ ၎င်းတို့သည် ရေကြည်ရာဖေ့စ်ဘုတ် စာမျက်နှာမှတဆင့် ဆက်သွယ်ခဲ့ပြီး ၎င်းတို့၏ ဆက်သွယ်မှုကို အလုပ်သမား ဦးစီးဌာနနှင့် ချိတ်ဆက်ပံ့ပိုး ကူညီပေးခဲ့ပါသည်။ (၂)ရက်ကြာသည့်အခါ အလုပ်သမားများထဲမှ တစ်ဦးက ကျေးဇူးတင်ကြောင်း နှင့် အလုပ်မှ ထုတ်ပယ်ခံခဲ့ရသည့် သူများအားလုံး ၎င်းတို့ အလုပ်အကိုင်များ ပြန်လည်ရရှိခဲ့ကြောင်း ကို တယ်လီဖုန်းဖြင့် ပြန်လည်ဆက်သွယ် ပြောကြားခဲ့ပါသည်။

**ရွှေ့ပြောင်း သွားလာသူ/ရွှေ့ပြောင်းလုပ်သား ရှိသည့် အိမ်ထောင်စုများအား ကူညီပံ့ပိုးပေးခြင်း**

IOM MIDLAS စီမံချက် ပြီးဆုံးချိန်တွင် ပြုလုပ်သည့် စစ်တမ်းမှ စီမံချက်သည် မြေယာမဲ့များနှင့် အားနည်းထိခိုက်လွယ် သည့် အိမ်ထောင်စုများတွင် ၎င်းတို့၏ ဝင်ငွေအမျိုးမျိုး ရရှိစေရန်အတွက်နှင့် ကျေးလက်အိမ်ထောင်စုများတွင် တုန်လှုပ် ချောက်ချားမှုများမှ အားနည်း ထိခိုက်လွယ်မှု လျော့နည်းစေရန်တို့အတွက် ချမှတ်ထားသည့် ရည်မှန်းချက် ပန်းတိုင်များအား ကျော်လွန် ရရှိခဲ့ကြောင်း ပြသခဲ့ပါသည်။ ယင်းအား ရွှေ့ပြောင်း သွားလာသူရှိသော အိမ်ထောင်စု များအား ဦးတည်ရည်ရွယ်သည့် ငွေကြေးဆိုင်ရာ အသိပညာပေးခြင်းနှင့် စီးပွားရေးလုပ်ငန်း စတင်ထူထောင်ရန် ကူညီပံ့ပိုးပေးခြင်းနှင့် ငွေရေးကြေးရေးနှင့် ငွေလွှဲပေးပို့မှုများအား စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်နည်းပြမှုပေးခြင်း တို့မှတဆင့် ရရှိအောင်မြင်ခဲ့ပါသည်။ အကျိုးခံစားခွင့် ရှိသူများအား ခြေရာကောက်သည့် စစ်တမ်းမှ အသေးစား စီးပွားရေးလုပ်ငန်း စတင်တည်ထောင်မှုအတွက် လမ်းညွှန် နည်းပြမှုရရှိခဲ့သော သူများအနက်မှ (၇၆%) သည် စီးပွားရေးလုပ်ငန်းများအား အောင်မြင်စွာ ထူထောင်နိုင်ခဲ့ပြီး ရွှေ့ပြောင်းသွားသာသူ ရှိသည့် အိမ်ထောင်စုများ ၏ (၉၃) ရာခိုင်နှုန်းတို့သည် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များ တိုးတက်လာခဲ့ကြောင်း အစီရင်ခံခဲ့ပါသည် ။ စီမံချက်မှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှု လုံလောက်စွာ မရှိသည့် ကျေးရွာများတွင် ရွှေ့ပြောင်းသွားလာမှုနှင့် ဆက်နွှယ် နေသည့် အကြွေးများကို လျှော့ချရန်အတွက် လည်ပတ်ရန်ပုံငွေများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဧရာဝတီတိုင်း ဒေသကြီးအတွင်း ရန်ပုံငွေဆိုင်ရာ ယန္တရား (၆၃)ခုအား တည်ထောင်ခဲ့ပါသည်။ ရန်ပုံငွေများမှ ချေးငွေအပေါ် ၂% အတိုးနှုန်းဖြင့် ပြန်လည် ပေးဆပ်ရမည် ဖြစ်သော အသေးစားချေးငွေ မြန်မာကျပ်ငွေ ၂၀၀,၀၀၀ (ကန်ဒေါ်လာ ၁၄၄) အထိ အား ရွှေ့ပြောင်းသွားလာသည့် ကုန်ကျ စရိတ်များ (သို့) နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအား နေရပ်တွင် အသက်မွေးဝမ်းကျောင်းမှု လုပ်ကိုင်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် ပံ့ပိုးပေးခဲ့ပါသည်။ ၎င်းချေးငွေများသည် စီးပွားရေးဘဏ်နှင့် တစ်လလျှင် ၁၀% အထိ အတိုးရယူသော ငွေချေးသူများထံမှ ချေးငွေများ ရယူရန် မဖြစ်နိုင်သော ရွှေ့ပြောင်း သွားလာရန် အလားအလာ ရှိသည့် ဆင်းရဲနွမ်းပါးသော လူမှုအသိုက်အဝန်းများတွင် အကြွေးရယူရာတွင် ရှိနေသည့် ကွာဟချက်အား ဖြည့်ဆည်းပေးရာတွင် ကူညီပေးပါသည်။ ယခုအခါတွင် စုစုပေါင်း ရွှေ့ပြောင်းသွားလာသူ (၂,၃၉၁)ဦး (အမျိုးသမီး ၆၁%) သည် ရန်ပုံငွေများမှ ထုတ်ချေးခဲ့သည့် ချေးငွေများအား ပြန်လည် ပေးဆပ်ရာတွင် ပျက်ကွက်မှုမရှိဘဲ ရယူ ခဲ့ကြပါသည်။ ကန်ဒေါ်လာ (၁၄၉,၁၅၅) တန်ဖိုးရှိသည့် ချေးငွေများအား ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါသည်။





IOM MIDLAS မှလည်း သင်တန်း ပြီးဆုံးပြီးနောက် ကူညီပံ့ပိုးပေးသည့် လုပ်ငန်းများကို သတင်းအချက်အလက် ပေးရန်အတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းများကို ခြေရာကောက်ခဲ့ပြီး စုစုပေါင်း သင်တန်းဆင်းသူ (၁၈၁)ဦး (အမျိုးသမီး ၆၉%) အား ခြေရာကောက်နိုင်ခဲ့ပါသည်။ ခြေရာကောက်ခြင်းမှ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းအား တက်ရောက်ခဲ့ပြီးနောက်ပိုင်း သင်တန်းဆင်းသူများ၏ (၇၁%) သည် အလုပ်အကိုင်ရရှိခဲ့သည်နှင့် (၁၇%) မှာ ကိုယ်ပိုင်လုပ်ငန်း စတင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။ သင်တန်းပြီးဆုံးပြီး နောက် ပေးအပ်သည့် ကူညီပံ့ပိုးမှုအား သင်တန်းပြီးဆုံးအောင် တက်ရောက်ပြီးသူ (၂၉)ဦးထံ ပေးအပ်ခဲ့ပါသည်။

**ရွှေ့ပြောင်းသွားလာခြင်း မပြုမီ ကွင်းဆင်းထောက်ကူပြုသည့် ဝန်ဆောင်မှုများ**

IOM ၏ တွဲလက်စီမံချက်သည် လုံခြုံစိတ်ချရပြီး အကျိုးဖြစ်ထွန်းသည့် အတွေ့အကြုံများ တွေ့ကြုံစေရန်အတွက် ရွှေ့ပြောင်းသွားလာခြင်း မပြုမီ ကွင်းဆင်း အထောက်အကူပြုပေးသည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုးတက်မှု အများအပြား ရရှိခဲ့ပါသည်။ IOM နှင့် ယင်း၏ CSO မိတ်ဖက်အဖွဲ့အစည်းများ (ပါရမီ ဖွံ့ဖြိုးရေးကွန်ရက်၊ ချင်းလူ့အခွင့်အရေးအဖွဲ့၊ မွန်အမျိုးသမီးများ အဖွဲ့နှင့် လူမှု စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း အဖွဲ့) တို့မှ အပူပိုင်းဇုန်၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ ဦးတည် ရည်ရွယ် သည့် ကျေးရွာ (၁၇၃)ရွာမှ အကျိုးခံစားခွင့်ရှိသူ (၅၈,၃၃၀)ဦး (အမျိုးသမီး ၅၅%) အား ကူညီပံ့ပိုးပေးခဲ့ပါသည်။ ဝန်ဆောင်မှုများအား အခြေအနေတစ်ခုချင်းစီအတွက် လိုက်လျောညီထွေဖြစ်အောင် ပြုပြင် ပြောင်းလဲခဲ့ပြီး၊ ယင်း တွင် လုံခြုံစိတ်ချရပြီး အကျိုးရှိသော ရွှေ့ပြောင်း သွားလာမှုဆိုင်ရာသင်တန်း (ရွှေ့ပြောင်းသွားလာခြင်း မပြုမီ/ ငွေရေးကြေးရေးဆိုင်ရာ ပညာပေးခြင်း)၊ အဆင့်မြင့် ငွေကြေးဆိုင်ရာ အသိ ပညာပေး သင်တန်း၊ ရပ်ရွာလူထု အခြေပြုငွေ စုဆောင်းသည့် အုပ်စုများ၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပညာပေး ဖြေဖျော် သည့်ပွဲများ၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပြဇာတ်ပွဲများ ရောနှော ပေါင်းစပ် ပါဝင်ပါသည်။ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အကြံပေး စင်တာများမှ တဆင့် သတင်းအချက်အလက်များနှင့် အကူအညီများ ကိုလည်း (၂,၉၃၁)ဦးထံ ပေးအပ်ခဲ့ပါသည်။ သင်တန်းနှင့် သတင်းအချက်အလက်များကိုလည်း COVID–19 ကပ် ရောဂါဆိုင်ရာ လမ်းညွှန်မှုတွင် ပြောင်းလဲသွားသည်များနှင့် ကိုက်ညီစေရန်အတွက် နောက်ဆုံးအခြေအနေများကို ပုံမှန်ထည့်သွင်းခဲ့ပါသည်။ တွဲလက်၏ ရလဒ်များအား ဆန်းစစ်သည့် စစ်တမ်းရလဒ်များမှ အကျိုးခံစားခွင့် ရှိသူများ၏ သိသာထင်ရှားသည့် အရေအတွက်ပမာဏတွင် ရွှေ့ပြောင်းသွားလာမှုအတွက် အသိအမြင်များ ရှိခဲ့ပြီး ငွေစုဆောင်းသည့် အလေ့အကျင့်များ တိုးတက်ကောင်းမွန်ခဲ့သည်ကို တွေ့ရှိခဲ့ကာ စီမံချက်၏ ဦးတည်ရည်ရွယ်သော ဒေသများအားလုံးတွင် အလုပ်သမား အကြမ်းဖက်မှုများ လျော့ကျခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ ယင်းတွင် ရွှေ့ပြောင်းအလုပ်သမားများမှ အကျိုးဆောင်များမှ ကမ်းလှမ်းသည့် အလုပ်နှင့် ၎င်းတို့ လုပ်ကိုင်ရမည့် အလုပ်များတွင် ကွဲလွဲမှုရှိသည်အား သတိပြုမိသဖြင့် စာချုပ်များအား လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့သည်ဟု အစီအရင်ခံ တင်ပြမှု များလည်း ပါဝင်ခဲ့ပါသည်။

အပူပိုင်းဇုန်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်များတွင် CSO မိတ်ဖက်အဖွဲ့အစည်းများမှ စီစဉ်ကျင်းပခဲ့သော ပြဇာတ်ပွဲများနှင့် ပညာရေး ဖြေဖျော်သည့် အခမ်းအနားများသည် IOM ၏ တွဲလက်စီမံချက်မှ အထူးသဖြင့် ရည်မှန်းချက်ရှိသော ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ မိသားစုများအား ဦးတည်ရည်ရွယ်သည့် ကျေးရွာ အဆင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးသည့် သင်တန်းများထက် ပိုမို ကျယ်ပြန့်သည့် ပရိသတ်များထံ ရောက်ရှိစေခဲ့ပါသည်။ ဖြေဖျော်မှုများအားလုံးတွင် ဖြေဖျော်ပြီးသည့်နောက် ဆွေးနွေးမှုအား ဆက်လက်လုပ်ဆောင်ခဲ့ပြီး ယင်းမှ ပရိသတ်များသည် အလွန်စိတ်ဝင်စားစွာ ပူးပေါင်းပါဝင်ခဲ့ပြီး၊ ပေးအပ်ခဲ့သည့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းစကားများအား ရရှိခဲ့ကြောင်းကို ပြသ ခဲ့ပါသည်။ ပွဲများမှ လုံလောက်သည့် သတင်း အချက်အလက်များ ပေးအပ်နိုင်ခြင်း မရှိသော်လည်း ရွှေ့ပြောင်း သွားလာရန် ရည်ရွယ်ချက်ရှိသည့်သူများသည် ရွှေ့ပြောင်း သွားလာခြင်းမပြုမီ ထပ်မံ၍ သတင်း အချက်အလက် များနှင့် ကူညီပံ့ပိုးမှုကို ရယူနိုင်ရန် ရှာဖွေမှု ပြုလုပ်ခြင်းမှ ထိရောက်မှု ရှိသည်အား သက်သေပြခဲ့ပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ဖြေဖျော်မှု ပြုလုပ်ပြီးနောက် ပါရမီ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်မှ စီမံခန့်ခွဲ နေသည့် တောင်ကြီးမြို့ရှိ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကြံပေးစင်တာတွင် ဆိုက်ရောက်နိုင်ငံများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရရှိရန်အတွက် ဖုန်းခေါ်ဆိုမှုနှင့် လူကိုယ်တိုင် လာရောက်တွေ့ဆုံမှု အကြိမ် (၉၀)ကျော်အား လက်ခံ ရရှိခဲ့ပါသည်။

မတ်လတွင် COVID–19 ကပ်ရောဂါ ဖြစ်ပွားမှုသည့်အခါ IOM ၏ တွဲလက်စီမံချက်နှင့် ယင်း၏ CSO မိတ်ဖက်အဖွဲ့ အစည်းများသည် မြန်မာ တနိုင်ငံလုံးရှိ ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ မိသားစုများအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုများအား တုံ့ပြန် ကာကွယ်ရန်အတွက် ဆက်လက်ဆောင်ရွက်နိုင်မည့် ပြုပြင်ပြောင်းလဲရန် လိုအပ်မည့် တိုးချဲ့ဆောင်ရွက်နိုင်မည့် စီမံကိန်းလုပ်ငန်းများ၏ လှုပ်ရှားဆောင်ရွက်မှုများကို အကဲဖြတ် ဆန်းစစ်ခဲ့ပါသည်။ အဓိက ချိန်ညှိမှုများအား COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှု တုံ့ပြန် ကာကွယ်ခြင်းတို့အား နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ၊ အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်းသွားလာသူများ၊ လူကုန်ကူးမှုမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်းရှင်သန်နေသူများနှင့် ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများအတွက် ကူညီပံ့ပိုးမှု တိုးမြှင့်ပေးရန် အတွက် ပြုလုပ်ခဲ့ပါသည်။ IOM နှင့် ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများသည် အဆိုပါ စီမံကိန်းလုပ်ငန်းများနှင့်အတူ ဦးတည်ရည်ရွယ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လူဦးရေ တစ်သန်းကျော် (အမျိုးသမီး ၅၂%) ထံ ရောက်ရှိခဲ့ပြီး နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် လူမှုအသိုက်အဝန်းများအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများအပေါ် အာရုံစိုက်သည့် တနိုင်ငံလုံး အတိုင်းအတာဖြင့် ပြုလုပ်သော အလျင်အမြန် ဆန်းစစ် အကဲဖြတ်မှုအား ပြီးစီးအောင် လုပ်ဆောင်ခဲ့ပါသည်။ ရွှေ့ပြောင်းသွားလာခြင်း မပြုမီ ပေးအပ်သည့် သင်တန်းပါ အကြောင်းအရာများတွင် ကျန်းမာရေးနှင့် ဆက်နွှယ်နေသည့် သတင်းအချက်အလက်များ၊ ဆိုက်ရောက်နိုင်ငံများရှိ စည်းမျဉ်းစည်းကမ်းများနှင့် လိုအပ်ချက်များအား ပေးအပ်ခြင်း အပါအဝင် နောက်ဆုံး ရရှိသည့် အချက်အလက်များ ထည့်သွင်းခဲ့ပါသည်။ နေရပ်ပြန်များအတွက် အသက်မွေးဝမ်းကျောင်းမှုများတွင် ပြန်လည်ပေါင်းစပ်သည့် ကူညီပံ့ပိုးမှုအား ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း၊ ဦးတည် ရည်ရွယ်သည့် လမ်းညွှန်နည်းပြပေးခြင်းဖြင့် အသေးစား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုး ပေးခြင်းနှင့် ကိုက်ညီသည့် အလုပ်အကိုင် ရှာဖွေပေးသည့် ဝန်ဆောင်မှုများမှတဆင့် တိုးတက်အောင် လုပ်ဆောင်ခဲ့ပါသည်။

**လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များနှင့် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအား ထူးခြား ကောင်းမွန်အောင် တိုးချဲ့ဆောင်ရွက်ခြင်း**

IOM ၏ DIILM စီမံချက်သည် ကော့သောင်း၊ မြဝတီ၊ မြောက်ဒဂုံ၊ လှိုင်သာယာ၊ ပဲခူးနှင့် တာချီလိတ်မြို့များရှိ CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများမှ စီမံခန့်ခွဲသည့် ရွှေ့ပြောင်း အလုပ်သမားထောက်ပံ့ကူညီပေးရေး ဗဟိုဌာန (၆)ခုမှတဆင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များ၊ သင်တန်းနှင့် ဝန်ဆောင်မှုများကို ပေးအပ်ခြင်းကို ထူးခြား ကောင်းမွန်အောင် တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။ ထပ်မံ၍ ကွင်းဆင်း အထောက်အကူပြု ဆောင်ရွက်မှု၊ လူမှုကွန်ရက်မီဒီယာမှ စည်းရုံးဆော်သြမှုများနှင့် ရေဒီယို အစီအစဉ်များကို အရှေ့တောင်ပိုင်း နယ်စပ်ဒေသရှိ ရွှေ့ပြောင်းသွားလာသူများအား ဦးတည် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဝန်ဆောင်မှုများသည် အစိုးရ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ရင်းမြစ်စင်တာ (MC) များ၏ ထိရောက်စွာ ကွင်းဆင်း အထောက်အကူပြုမှုနှင့် အကူအညီ တောင်းခံရန်အတွက် အစိုးရအရာရှိများအား ချဉ်းကပ် တောင်းဆိုရာတွင် ရွှေ့ပြောင်းသွားလာသူ အများအပြားသည် စိုးရွံ့နေသောကြောင့် ၎င်းတို့မှ ကမ်းလှမ်းသည့် ကူညီပံ့ပိုးမှုများအပေါ် အရေးပါသည့် ထပ်ဆောင်းပေးသည့် ဝန်ဆောင်မှုများ ဖြစ်ပါသည်။ လွန်ခဲ့သည့် (၁၈)လ၊ MC များ စတင်တည်ထောင်ပြီးသည်မှစ၍ ရွှေ့ပြောင်းသွားလာသူ (၃၇,၃၈၈)ဦး (အမျိုးသမီး ၄၄%) လုံခြုံစိတ်ချရပြီး အကျိုးခံစားရသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အတွေ့အကြုံများ တွေ့ကြုံစေရန် ကူညီပေးရန်အတွက် တိုက်ရိုက် ပေးအပ်သည့် ဝန်ဆောင်မှုများကို ရရှိခဲ့ပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသူ (၆၁,၀၀၀)ဦးထံ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ သတင်း အချက်အလက် စာရွက်စာတမ်းများကို ပံ့ပိုးပေးခဲ့ပါသည်။ ရှမ်းနှင့် မြန်မာဘာသာတို့ဖြင့် ထုတ်လွှင့် တင်ပြသည့် ရေဒီယိုနှင့် လူမှုမီဒီယာ ကွန်ရက်များမှတဆင့် ထောင်ပေါင်းများစွာသော သူများထံ ထပ်မံရောက်ရှိခဲ့ပါသည်။

| ဝန်ဆောင်မှု | ကျား | မ | မသိရှိနိုင် | စုစုပေါင်း |
|---|---|---|---|---|
| ရပ်ရွာလူထုအသိပညာပေးခြင်း | ၇,၇၀၉ | ၇,၀၃၄ | - | ၁၄,၇၄၃ |
| အားပေးထောက်ခံသည့် စည်းရုံးလှုံ့ဆော်မှု | ၁,၄၅၀ | ၁,၅၀၇ | - | ၂,၉၅၇ |
| သင်တန်းဝန်ဆောင်မှုများ | ၂,၉၈၇ | ၂,၆၀၄ | - | ၅,၅၉၁ |
| တိုင်ကြားသည့်ဖြစ်ရပ်များ | ၂,၀၇၁ | ၉၁၄ | - | ၂,၉၈၅ |
| ကိုယ်တိုင်လာရောက်သူများထံ ပေးအပ်သည့် ဝန်ဆောင်မှုများ | ၃,၁၄၈ | ၂,၉၃၄ | - | ၆,၀၈၂ |
| အရေးပေါ်တယ်လီဖုန်းလိုင်း | ၃,၅၅၁ | ၁,၄၂၉ | - | ၄,၉၈၀ |
| IEC ပစ္စည်းများ | - | - | ၆၁,၇၈၂ | ၆၁,၇၈၂ |
| လူမှုကွန်ယက်မီဒီယာမှ အပြန်အလှန် ပြောဆို ဆက်ဆံမှုများ | - | - | ၁၅၄,၅၈၄ | ၁၅၄,၅၈၄ |
| စုစုပေါင်း | ၂၀,၉၁၆ | ၁၆,၄၂၂ | ၂၁၆,၃၆၆ | ၂၅၃,၇၀၄ |

*ဇယား ၄.၁၄။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင်း ILO ၏ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ စင်တာများမှ ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည့် ရွှေ့ပြောင်း သွားလာသူ အမျိုးသမီး နှင့် အမျိုးသားအရေအတွက်*

MC များသည် အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်သမားအခွင့်အရေးများအား အလွဲသုံးစားပြုခံရခြင်းနှင့် ဆက်နွယ်နေသော တိုင်ကြားချက်များကို ဖြေရှင်းရန်နှင့် လူမှုကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ အကျိုးခံစားခွင့်များအား တောင်းဆိုခြင်းများ ပြုလုပ်ရန်အတွက် တရားမျှတမှုအား တိုးတက်ရရှိစေမှုတွင် ထိရောက်မှုရှိခဲ့ပါသည်။ MC များမှ အဆိုပါ ဝန်ဆောင်မှုများ စတင်ပေးသည့် အချိန်မှစ၍ မြောက်ဒဂုံမြို့နယ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် ကြိုးပမ်းအားထုတ်မှုများ၏ ဦးဆောင်မှုဖြင့် ရွှေ့ပြောင်း သွားလာသူ (၃၀,၀၀၀) (အမျိုးသမီး ၃၁%) နီးပါးသည် ၎င်းတို့၏ နစ်နာမှုများအား ဖြေရှင်းနိုင်ခဲ့ကြပါသည်။ အဆိုပါ အငြင်းပွားမှုများ တွင် နစ်နာကြေးအဖြစ် မြန်မာကျပ်ငွေ (၁၁၅)သန်း (ကန်ဒေါ်လာ ၈၂၈,၀၀၀)အား ပေးအပ်ခဲ့ပါသည်။ အများဆုံး တူညီသည့် ဖြစ်ရပ်များမှာ အလုပ်အကိုင်ခန့်ထား ပေးရန်အတွက် ဝန်ဆောင်ခ ပေးပြီးနောက် အလုပ်ခန့်ထားပေးနိုင်ခြင်း မရှိခြင်းနှင့် စာချုပ်အား အစားထိုးလိုက်ခြင်းတို့နှင့် ဆက်စပ်ပါသည်။

MC များသည် ရွှေ့ပြောင်းသွားလာသူများအတွက် LIFT ၏ COVID-19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ကာကွယ်မှုတွင် အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် နယ်စပ် ထိတွေ့နေသည့် အဓိကနယ်စပ် စစ်ဆေးရေးဂိတ်များရှိသည့် ကော့သောင်း၊ ထီးခီး၊ ဘုရားသုံးဆူတောင်ကြား၊ မြဝတီနှင့် တာချီလိတ်မြို့များတွင် ပထမဆုံး တုံ့ပြန်ကာကွယ်သည့် စင်တာများအဖြစ် ဆောင်ရွက်နေပါသည်။ ၎င်းတို့သည် မတ်လကုန်ပိုင်းတွင် ရွှေ့ပြောင်းသွားလာသူ ထောင်ပေါင်းများစွာ ပြန်လာသည့် ဖရိုဖရဲ ဖြစ်နေသည့်ကာလအတွင်း ဒေသအာဏာပိုင်များနှင့် အနီးကပ် ပူးပေါင်း လုပ်ဆောင်ခဲ့ကာ သတင်းအချက်အလက်များ၊ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ၊ အမျိုးသမီး လစဉ်သုံးပစ္စည်းများ၊ အစားအသောက်၊ ရေနှင့် ဆွေးနွေးတိုင်ပင် လမ်းညွှန်ခြင်းနှင့် ဥပဒေ အထောက်အကူပြု ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။ နေရပ်ရှိ လူမှုအသိုက်အဝန်းများတွင် အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများ တည်ဆောက်ခဲ့ရာတွင် MRC များသည် သီးသန့်ထား စောင့်ကြည့်နေသည့် ကာလအတွင်း ရွှေ့ပြောင်း





သွားလာသူများအား ကူညီပံ့ပိုးပေးရန်အတွက် ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှု များကို ပဲခူး၊ ဖားအံ၊ မော်လမြိုင်၊ စစ်ကိုင်း၊ ပခုက္ကူ၊ မကွေးနှင့် မြောက်ဒဂုံအထိ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ရွှေပြည်သာမြို့နယ်တွင် ရောင်ခြည်ဦး အလုပ်သမား အဖွဲ့သည် World Jin အထည်ချုပ်စက်ရုံမှ အလုပ်ထုတ်ခံခဲ့ရသည့် အလုပ်သမား (၅၀)ဦးအား နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ ထုတ်လုပ်ရန် သင်တန်းပေးခဲ့ပြီး ယင်းထုတ်ကုန်များအား ရန်ကုန်တိုင်းဒေသကြီး COVID-19 ကော်မတီမှ သီးသန့်ထား အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာများသို့ ဖြန့်ဖြူးပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ILO နှင့် ယင်း၏ CSO မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက်သည့် COVID-19 ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရေးဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများမှ အကျိုးခံစားခွင့်ရှိသော ရွှေ့ပြောင်းသွားလာသူ (၁၄၁,၇၁၆)ဦး (အမျိုးသမီး ၄၄ ရာခိုင်နှုန်း) ထံ ကျား၊မ ရေးရာ အလေးထားသည့် ပညာပေးစာစောင်များ ပံ့ပိုးပေးခြင်းဖြင့် ရောက်ရှိခဲ့ကာ (၅၀,၆၆၆)ဦးထံ ကာကွယ် တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များ ပေးအပ်ခြင်းဖြင့် ရောက်ရှိခဲ့ပါသည်။ MC များသည် COVID-19 ကပ်ရောဂါ ကာလအတွင်း ရွှေ့ပြောင်း သွားလာသူများထံ ပေးအပ်သည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံ လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြု လက်မှတ်ရရှိခဲ့ပါသည်။

ဇန်နဝါရီလနှင့် မတ်လတို့တွင် အမျိုးသမီးအဖွဲ့အစည်းများ ကွန်ရက်၏ EVE စီမံချက်သည် ရန်ကုန်မြို့ လှိုင်သာယာနှင့် ဒဂုံမြို့သစ် မြို့နယ် များတွင် CSO မိတ်ဖက်အဖွဲ့အစည်းများ စီမံခန့်ခွဲသည့် ရွှေ့ပြောင်း အလုပ်သမားထောက်ပံ့ကူညီပေးရေး ဗဟိုဌာန (၄)ခု၏ ဖွင့်ပွဲ အခမ်းအနားများကို ကျင်းပခဲ့ပါသည်။ စင်တာများသည် အထူးသဖြင့် COVID-19 ကပ်ရောဂါ စတင်သည့် အချိန်၌ လည်ပတ်ဆောင်ရွက်နိုင်ပြီ ဖြစ်သဖြင့် အချိန်ကိုက်ဖြစ်ခဲ့ပြီး ကပ်ရောဂါကြောင့် ဆိုးရွားစွာ ထိခိုက်ခံခဲ့ရသည့် ရွှေ့ပြောင်းလုပ်သားများအတွက် မရှိမဖြစ် လိုအပ်သော အကူအညီပေးအပ်ရန်အတွက် အဆင်သင့် ဖြစ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် အလုပ်အကိုင် ဆုံးရှုံးသွားသည့် (သို့) ကျား၊ မ အခြေပြု အကြမ်းဖက်မှုအား ခံခဲ့ရသည့် အမျိုးသမီး ရွှေ့ပြောင်းလုပ်သား (၁၆၆)ဦးထံ အရေးပေါ် နားခိုစရာနေရာများ ပံ့ပိုးပေးခဲ့ပါသည်။ နေစရာအပြင် ၎င်းတို့အား အစားအသောက်များ၊ ကျား၊မ အခြေပြု အကြမ်းဖက်ခံရခြင်းအတွက် နှစ်သိမ့် ဆွေးနွေး လမ်းညွှန်မှုပေးခြင်း၊ အလုပ်သမား အခွင့်အရေးများ နှင့်ဆိုင်သည့် ပညာပေးခြင်းနှင့် ကိုက်ညီသည့် အလုပ်အကိုင် ရှာဖွေပေးသည့် ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။ ရွှေ့ပြောင်းအလုပ်သမားထောက်ပံ့ ကူညီပေးရေး ဗဟိုဌာနများမှ ကူညီပံ့ပိုးပေးခဲ့သည့် အဆိုပါသူများအနက်မှ အမျိုးသမီး (၃၅)ဦးသည် အလုပ်အကိုင် အသစ်များ ရရှိခဲ့ပါသည်။ စီမံချက်မှ ဆင့်တူသက်တူ ခေါင်းဆောင် (၇၅)ဦးအား ရှာဖွေဖော်ထုတ်ခဲ့ပြီး ယင်းတို့အား ကျား၊မ အခြေပြု အကြမ်းဖက်မှုနှင့် အလုပ်သမား အခွင့်အရေးများဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပါသည်။



*ပုံ ၄.၁၀။ ကော့သောင်းမြို့တွင် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ ထိုင်းနိုင်ငံမှ ပြန်ပို့ခြင်း ခံရပြီး သီးသန့်ထား စောင့်ကြည့်နေစဉ် ကလေးမွေးဖွားခဲ့သည့် အမျိုးသမီးတစ်ဦးထံ ဆေးကုသစောင့်ရှောက်မှု၊ ကလေးပစ္စည်းများ၊ အစားအသောက် နှင့် အဝတ်အထည်များ ပံ့ပိုးပေးခဲ့စဉ်*


PIN ၏ အေးချမ်းသော အိမ်စီမံချက်သည် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များ၊ ဥပဒေရေးရာ အကူအညီ၊ ငွေရေးကြေးရေးဆိုင်ရာ ပညာပေးသင်တန်းနှင့် အခြားဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူနိုင်ခြင်းဖြင့် ရွှေ့ပြောင်းလုပ်သားများ၏ အားနည်းထိခိုက်လွယ်မှုကို လျှော့ချရန်နှင့် ကြံ့ကြံ့ခံနိုင်စွမ်းအား ခိုင်မာအားကောင်းစေရန်တို့အတွက် အလုပ်သမား စင်တာ (၄)ခုအား တည်ထောင်ခဲ့ပါသည်။ အလုပ်သမား စင်တာများမှတဆင့် ရွှေ့ပြောင်းလုပ်သားများအတွက် ပေးအပ်သည့် အဓိက ဝန်ဆောင်မှုမှာ အလုပ်သမားအား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းဆိုင်ရာ ဖြစ်ရပ်များအတွက် ဥပဒေအထောက်အကူပြု ကူညီပံ့ပိုးမှု ဖြစ်ခဲ့ပါသည်။ COVID–19 ကပ်ရောဂါဖြစ်ပွားမှုနှင့်အတူ Action Labour Rights နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်တို့မှ ပေးနေသည့် အဆိုပါဝန်ဆောင်မှုများအတွက် လိုအပ်ချက်မှာ အလွန်မြင့်မားလာခဲ့ပါသည်။ အလုပ်သမား (၄၁,၂၆၉)ဦး (အမျိုးသမီး ၇၆%) ပါဝင်ပတ်သက်နေသည့် တိုင်ကြားသည့် ဖြစ်ရပ် စုစုပေါင်း (၂၇၂)ခုအား လက်ခံရရှိခဲ့ပြီး ယင်းတို့အား အုပ်စုလိုက်နှင့် တစ်ဦးချင်းအလိုက် ဥပဒေ အထောက်အကူပြု ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပါသည်။ ဖြစ်ရပ်များ အနီးကပ်စောင့်ကြည့် စီမံခန့်ခွဲရန်နှင့် မျက်ခြည်မပြတ် စောင့်ကြည့်ရန်တို့အတွက် ဒီဂျစ်တယ်စနစ်ဖြင့် ဖြစ်ရပ် အထောက်အထား စာရွက်စာတမ်းများအား မှတ်တမ်းတင်သည့် စနစ်အား အကောင်အထည်ဖော်ခဲ့ပါသည်။ယခုအချိန်အထိ ဥပဒေကြောင်းဖြင့် ရယူပေးခဲ့သည့် ငွေကြေးဆိုင်ရာ ကုစားမှု ပမာဏ မှာ မြန်မာကျပ်ငွေ (၁,၃၄၀,၀၀၀,၀၀၀) (ကန်ဒေါ်လာ ၉၅၂,၀၀၀) ရှိကြောင်းကို မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်သား (၂,၀၀၀)ကျော်သည် သက်မွေးမှုဆိုင်ရာ ဆွေးနွေး လမ်းညွှန်ပေးခြင်း (ရွှေ့ပြောင်း သွားလာသူ ၁၂၅ ဦး)၊ အသက်မွေးမှု ကျွမ်းကျင် အတတ်ပညာ သင်တန်း (ရွှေ့ပြောင်းသွားလာသူ ၁၈၂ ဦး) ၊ အလုပ်အကိုင် ခန့်ထားမှုဆိုင်ရာ စိန်ခေါ်မှုများအပေါ် ဆင့်တူသက်တူ အပြန်အလှန်ဖလှယ်သည့် အခွင့်အလမ်းများ (ရွှေ့ပြောင်းသွားလာသူ ၁၈၂ ဦး) တို့အား ရရှိခဲ့ပါသည်။ လူ (၃၀)ဦးမှ တက်ရောက်ခဲ့သည့် အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ အသိပညာပေးသည့် အခမ်းအနားအား အွန်လိုင်းပေါ်မှ ထပ်မံ၍ (၂,၃၅၄)ဦးမှ ကြည့်ရှုခဲ့ပါသည်။ သတင်းအချက်အလက်များအား ပျို့ပျို့မြ မိုဘိုင်းလ်အပလီကေးရှင်းနှင့် ဖေ့စ်ဘုတ် စာမျက်နှာမှတဆင့် ထပ်မံ ဖြန့်ဝေခဲ့ရာ (၆၅၆,၇၀၃)ဦးထံ ရောက်ရှိခဲ့ပြီး၊ အေးချမ်းသောအိမ် ဖေ့စ်ဘုတ် စာမျက်နှာမှတဆင့် (၇,၅၀၀)ဦးထံ ရောက်ရှိခဲ့ပါသည်။

**ဥပဒေအထောက်အကူပြုသူ** (၂၆)ဦး အား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။

**အလုပ်သမားအခွင့်ရေးဆိုင်ရာ အမှု** (၂၇၂) မှုအား **ကိုင်တွယ်ခဲ့ပြီး** စုစုပေါင်း အလုပ်သမား (၄၁,၂၆၉)ဦးအား ကိုယ်စားပြုခဲ့ကာ **ကန်ဒေါ်လာ** (၉၅၂,၀၀၀) ကျော်အား **လျော်ကြေးပေး**ခဲ့ပါသည်။



**အမျိုးသမီး ၇၆% အား ကိုယ်စား ပြုခဲ့ပါသည်။**




*ပုံ ၄.၁၁ ။ ။ ရွှေပြည်သာတွင် အလုပ်သမား အခွင့်အရေး အလွဲသုံးစားပြုမှုများအတွက် ရွှေ့ပြောင်းလုပ်သားများထံ ပေးအပ်ခဲ့သည့် ဥပဒေရေးရာ အကူအညီများ*

COVID–19 ကမ္ဘာ့ကပ်ရောဂါ၏ စိတ်ကျန်းမာရေးအပေါ် အန္တရာယ်ဖြစ်စေသော သက်ရောက်မှုအား ကာကွယ်တုံ့ပြန်ရာတွင် PIN နှင့် Helvetas တို့သည် အလုပ်သမားများ၏ မြင့်တက်လာသည့် စိုးရိမ်ကြောင့်ကြမှုများကို ဖြေရှင်းရာတွင် ကူညီပံ့ပိုးပေးရန်အတွက် စိတ်လူမှုပိုင်းဆိုင်ရာ ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးသည့် ဝန်ဆောင်မှုများကို စတင်လုပ်ဆောင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း၌ အလုပ်သမား (၆၄၀) ဦး (အမျိုးသမီး ၇၀% ကျော်)အား အလုပ်သမား စင်တာများ၌ (သို့) Call Me Today ဟု အမည်ရသော အရေးပေါ် တယ်လီဖုန်း ဆက်သွယ်ရေး လမ်းကြောင်းမှတဆင့် ဆွေးနွေးတိုင်ပင် လမ်းညွှန်ခြင်းကို ပေးအပ်ခဲ့ပါသည်။ တယ်လီဖုန်းခေါ်ဆိုမှု အများဆုံးမှာ အလုပ်အကိုင် ဆုံးရှုံးခြင်း၊ စိတ်ထိခိုက်ခံစားရမှုအား ကူညီပံ့ပိုးပေးမှုမရှိခြင်း၊ နေမကောင်းဖြစ်မည်ကို ကြောက်ရွံ့နေခြင်းတို့နှင့် ဆက်စပ် နေပါသည်။ အလုပ် သမား အများစုမှာ တစ်ဦးချင်း ဆွေးနွေးလမ်းညွှန်မှုပေးခြင်းထက် အုပ်စုလိုက်ပြုလုပ်ခြင်းသည် ၎င်းတို့အတွက် ပိုမိုသက်တောင့်သက်သာရှိသည်ဟု ခံစားရသောကြောင့် လူကိုယ်တိုင်ပါဝင်တက်ရောက်ရသည့် အုပ်စုလိုက် ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးသည့် ပွဲပုံစံမျိုးကို ပိုလိုလားကြပါသည်။ ဥပဒေရေးရာ အကူအညီ၊ ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းနှင့် အသက်မွေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးခြင်းကဲ့သို့သော ဝန်ဆောင်မှုများ ထပ်မံလိုအပ်ခဲ့ပါက ညွှန်းပို့မှုများကို ပြုလုပ်ခဲ့ပါသည်။





**အိမ်အကူအလုပ်သမားများအတွက် ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်း**

ILO သည် လူမှုရေးဆိုင်ရာ စီးပွားရေးလုပ်ငန်း Three Good Spoons နှင့် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့သော ၂၀၂၀ ခုနှစ်တွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအား အိမ်အကူ အလုပ်သမားအတွက် နောက်ထပ် (၂)သုတ်ကို ပို့ချပေးခဲ့ပါသည်။ လေးပတ်တာ ကြာမြင့်သည့် “Licence to Stir” အမည်ရသည့် အချိန်တိုအတွင်း အပြင်းအထန်ကြိုးပမ်းရသည့် သင်တန်းအား ယခုအခါတွင် အိမ်အကူ အလုပ်သမား (၅၁)ဦးမှ ပြီးစီးအောင် တက်ရောက်ခဲ့ပြီး ဖြစ်ပါသည်။ သင်ရိုးတွင် အစားအသောက်များအား ဘေးအန္တရာယ် ကင်းရှင်းစွာ ကိုင်တွယ်ခြင်း၊ မီးဖိုချောင်သန့်ရှင်းရေး၊ အချက်အပြုတ်အတတ်၊ မီးဖိုချောင် စီမံခန့်ခွဲခြင်း၊ အာဟာရဖွံ့ဖြိုးမှု၊ ငွေနှင့် အချိန်စီမံခန့်ခွဲခြင်းနှင့် ကိုယ်တိုင် ဘေးကင်းလုံခြုံရေးတို့ ပါဝင်ပါသည်။ သင်တန်းချဉ်းကပ်နည်းလမ်းမှ အိမ်အကူ လုပ်ငန်းတွင် လုပ်ကိုင်နေသည့် အမျိုးသမီးများသည် ပင်ကိုယ်အားဖြင့် အားနည်းထိခိုက်လွယ်သည့် (သို့) ပြောဆိုနိုင်ခွင့်မရှိ ဆိုသော အယူအဆ သဘောထားကို ငြင်းပယ်ပါသည်။ စင်စစ် ချဉ်းကပ်နည်းလမ်းသည် ၎င်းတို့အား လုပ်ပိုင်ခွင့်မပေးဘဲ ဘေးဖယ်ထားသည့် လူမှုရေးနှင့် ဥပဒေစံနှုန်းများ၊ အမျိုးသမီးများ၏ အလုပ်အားတန်ဖိုး မထားခြင်း၊ အထက်သို့ တက်လှမ်းနိုင်မှုအား လျော့ကျစေခြင်းနှင့် ၎င်းတို့၏ အပြည့်အဝ ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်ခြင်းအား တားဆီးထားခြင်းတို့အား တုံ့ပြန် ဆောင်ရွက်ပါသည်။ သင်တန်းမှ အိမ်အကူ အလုပ်အား ကျွမ်းကျင်မှုလိုအပ်သော အလုပ်အနေဖြင့် ပိုမိုထူးကဲစွာ အသိအမှတ်ပြုခံရစေရန်အတွက် ကူညီပံ့ပိုးပေးရန် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် လုပ်ကိုင်နိုင်စွမ်းတို့ကို တိုးမြှင့်စေရန်အတွက် ရည်ရွယ်ပါသည်။ သင်တန်းဆင်းခဲ့သည့် အိမ်အကူအလုပ်သမား (၁၉)ဦးသည် အိမ်အကူ အလုပ်သမား အခွင့်အရေးများအတွက် အသိပေးအရေးဆိုရန် ကင်မရာရှေ့တွင် လုံလောက်သည့် ယုံကြည်မှုရှိခဲ့သည်ကို လက်တွေ့ ပြသပေးခဲ့ပါသည်။ COVID–19 ကပ်ရောဂါကြောင့် သင်တန်းပို့ချရာတွင် အကန့် အသတ်များ ရှိလာခြင်းအား တုံ့ပြန်ဆောင်ရွက်ရာတွင် ILO သည် Licence to Stir သင်ရိုးညွှန်းတမ်းမှ အကြောင်းအရာများအား ပိုမို၍ လက်လှမ်းမီ ရယူနိုင်စေရန် လေ့လာသင်ယူသည့် ဗီဒီယိုဖိုင် အတို အခု (၄၀)နှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ ဗီဒီယိုဖိုင် (၅)ခု အပါအဝင် လေ့လာသင်ယူနိုင်သည့် ဒီဂျစ်တယ် နည်းစနစ်ဖြင့် ပြုလုပ်ထားသည့် အကြောင်းအရာအား ပေးအပ်နိုင်ရန် အတွက်လည်း ဘာသာ (၂)မျိုးဖြင့် အသုံးပြုနိုင်သည့် ဝက်ဆိုဒ်စာမျက်နှာအား ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။

**ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များအား လူမှုကွန်ရက်မီဒီယာမှ ပေးပို့ခြင်း**

IOM ၏ မယ်ရွှေ့ပြောင်း (Miss Migration) အလိုအလျောက်တုံ့ပြန် ပြောဆိုနိုင်သည့် ချက်ဘော့ (Chatbot) နှင့် ဖေ့စ်ဘုတ်စာမျက်နှာတို့မှ လူအများအလွယ်တကူ လက်လှမ်းမီ ရယူနိုင်သည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နောက်ဆုံးတိကျသည့် သတင်းအချက်အလက်များကို ပေးအပ်ပါသည်။ မယ်ရွှေ့ပြောင်းအား စတင်မိတ်ဆက်ပေးခဲ့သည့် အချိန်မှစ၍ နှစ်ခုစလုံး၏ အသုံးပြုသူ အရေအတွက်မှာ တဖြည်းဖြည်းခြင်း တိုးပွားလာခဲ့ပါသည်။ မယ်ရွှေ့ပြောင်း (Chatbot) တွင် အသုံးပြုသူများနှင့် ထူးခြားသည့် အပြန်အလှန် ပြောဆိုမှု (၅,၉၀၀) ကြိမ်ရှိခဲ့ပြီး ပုံမှန်စောင့်ကြည့်သူ (၂၀,၄၇၁)ဦး ရှိနေကာ လူပေါင်း (၄)သန်းထံ ရောက်ရှိသည့် အကြောင်းအရာများအား လွှင့်တင်ပေးခဲ့ပြီး ဖြစ်ပါသည်။ အများဆုံး တူညီသည့် စုံစမ်းမေးမြန်းမှုများမှာ မလေးရှား၊ ထိုင်းနှင့် ဂျပန်နိုင်ငံသို့ ရွှေ့ပြောင်းသွားလာခြင်းနှင့် ရွှေ့ပြောင်း လုပ်သားရင်းမြစ် စင်တာနှင့် ပတ်သက်သည့် မေးခွန်းများ ဖြစ်ခဲ့ပါသည်။



*ပုံ ၄.၁၂ ။ ။ ရှမ်းပြည်နယ်ရှိ နေရပ်ပြန် ရွှေ့ပြောင်းလုပ်သားတစ်ဦးမှ ပါရမီ ဖွံ့ဖြိုးရေးကွန်ယက်မှ ပေးအပ်သည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တစ်ဦးချင်းအလိုက် လမ်းညွှန်နည်းပြပေးခြင်းအား ခံယူနေစဉ်*

ဤအွန်လိုင်းပေါ်ရှိ သတင်းအချက်အလက်များသည် မြစ်ဝကျွန်းပေါ်ဒေသတွင် လုံခြုံစိတ်ချရပြီး အကျိုးဖြစ်ထွန်းသော ရွှေ့ပြောင်းသွားလာမှုအပေါ် ရွှေ့ပြောင်းသွားလာသူများနှင့် ယင်းတို့၏ မိသားစုဝင် (၈,၀၀၀)ကျော်အား အသေးစိတ်ပို့ချခဲ့သည့် သင်တန်းအား အတွက် သာမက ရပ်ရွာလူထု အခြေပြု လုံခြုံ စိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းအား မြှင့်တင်ပေးသူများ မှတဆင့် ရွှေ့ပြောင်းသွားလာသူ (၂,၃၀၀)ဦးမှ လက်ခံရရှိခဲ့သည့် ဆင့်တူ သက်တူဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ထပ်မံ၍ အသုံးဝင်မည့် ဖြည့်စွက်ချက် တစ်ခုဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ အကျိုးခံစားခွင့် ရှိသူများအား ခြေရာကောက်ခြင်းမှ IOM MILDAS စီမံချက်သင်တန်းမှ ရွှေ့ပြောင်းသွားလာရန် ရည်ရွယ်ချက်ရှိသူများ၏ ၈၉% သည် ရွှေ့ပြောင်းသွားလာရန် အစီအစဉ် ရေးဆွဲရာတွင် အပြုသဘော ပိုဆောင်သည့် အမူအကျင့်များကို လက်ခံကျင့်သုံးသည့် ရလဒ် ရရှိခဲ့သည်ကို တွေ့ရှိခဲ့ပါသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း**

စီးပွားရေး၌ စွန့်ဦးတီထွင်လိုစိတ်အား ပြန့်နှံ့စေရန်အတွက် World Vision ၏ SHE စီမံချက်သည် ၂၀၂၀ ခုနှစ်တွင် ကချင်ပြည်နယ်၏ မြို့နယ် (၅)မြို့နယ်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအား စတင်ပေးအပ်ခဲ့ပါသည်။ ပြည်တွင်းနေရပ် စွန့်ခွာသူများစခန်း (၆၅)ခုနှင့် ဌာနေလူမှုအသိုက်အဝန်းများတွင် ပို့ချခဲ့သော စီးပွားရေး အမြင်ဖွင့် သင်တန်းအား စီးပွားရေးလုပ်ငန်းရှင် ဖြစ်ရန် ရည်မှန်းချက်ရှိသူ (၅၀၀)ဦး (အမျိုးသမီး ၉၇%) နီးပါးထံ ပေးအပ်ခဲ့ပါသည်။သင်တန်းတွင် ဈေးကွက်နှင့် ဈေးကွက် မြှင့်တင်ခြင်းဆိုင်ရာ အခြေခံ အသိအမြင်များ၊ အရှုံးအမြတ် တွက်ချက်ခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခု၏ သဘောတရား၊ ငွေကြေးဆိုင်ရာ ရေရှည်တည်တံ့ ခိုင်မြဲမှု ရှိစေခြင်း နှင့် အခြားခေါင်းစဉ်များအား ပါဝင်ပါသည်။ သင်တန်းသည် မိတ်ဆက်ပေးသည့် သင်တန်းတစ်ခု ဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် ILO ၏ သင်၏ စီးပွားရေးလုပ်ငန်းအား စတင် လုပ်ကိုင်ပြီး တိုးတက်အောင် ဆောင်ရွက်သည့် နည်းစနစ် (Improve Your Business Methodology) မှ ဖြစ်နိုင်ခြေရှိသည့် စီးပွားရေးဆိုင်ရာ အကြံဉာဏ်များ ရှာဖွေဖော်ထုတ်ရန်၊ စီးပွားရေးလုပ်ငန်း အစီအစဉ် ရေးဆွဲရန်နှင့် စီးပွားရေးလုပ်ငန်းများ စတင် ထူထောင်ရန် တို့အတွက် ထပ်မံ၍ သင်တန်းများ ပို့ချသွားမည် ဖြစ်ပြီး ယခုအချိန်အထိ အကျိုးခံစားခွင့်ရှိသူ (၁၂၃)ဦး (အမျိုးသမီး ၉၆%) မှ လက်ခံရရှိခဲ့ပြီး ဖြစ်ပါသည်။ သင်တန်းနှင့် ပေါင်းစပ်ပြီး စီးပွားရေးလုပ်ငန်းရှင်ဖြစ်ရန် ရည်မှန်းချက် ရှိသောသူများမှ အသေးစား စီးပွားရေးလုပ်ငန်း တစ်ခု စတင်လုပ်ဆောင်နိုင်ရန် ဘဏ္ဍာရေး ရင်းမြစ်များ ရယူရာတွင် အကူအညီပေးရန်အတွက် ငွေစုဆောင်းသည့် အုပ်စု (၆၄)စုအား အဖွဲ့ဝင် (၁,၁၈၅)ဦး (အမျိုးသမီး ၈၇%) ဖြင့် ထူထောင်ခဲ့ပါသည်။ အလားအလာရှိသော စီးပွားရေး အကြံဉာဏ်များအတွက် အသေးစား ထောက်ပံ့မှု များ အား ပေးအပ်သွားမည် ဖြစ်ပါသည်။ စခန်းများရှိ စီးပွားရေးလုပ်ငန်းရှင်ဖြစ်ရန် ရည်မှန်းချက်ရှိသောသူများ၏ ချေးငွေ လိုအပ်ချက်များနှင့် စွမ်းဆောင်ရည်အား ဖြည့်ဆည်းပေးသည့် အခြေအနေလိုက်၍ သီးသန့်ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ရန်အတွက် ပံ့ပိုး ကူညီပေးရန် LIFT မှ ပံ့ပိုးပေးသည့် VisionFund Myanmar နှင့် MFI များနှင့် ချိတ်ဆက်မှုများကို တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုများအား အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ ရရှိစေနိုင်ရန်အတွက် World Vision သည် တနှစ်တာလုံး လယ်ယာပြင်ပ အလုပ်အကိုင် ရရှိ ရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပို့ချခြင်းကိုလည်း စတင် ဆောင်ရွက်ခဲ့ပါသည်။ ယင်း၏ အလုပ်သမားဈေးကွက်ရှာဖွေဖော်ထုတ်သည့် ကာလအတွင်းသင့်တော်သည့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ အသက်မွေးဝမ်းကျောင်း သင်တန်းပေးသူများအား ရှာဖွေဖော်ထုတ်ခြင်း ပြုလုပ်ပြီးနောက် SHE စီမံချက်သည် အလုပ်အကိုင်အတွက် အဆင့်သင့်ဖြစ်မှု၊ ဘဝသက်တာ ကျွမ်းကျင်မှုများနှင့် လုံခြုံစိတ်ချစွာ ရွှေ့ပြောင်း သွားလာမှုတို့ဆိုင်ရာ အကြိုသင်တန်းအား စခန်း (၅၄)ခုနှင့် ဌာနေ လူမှု အသိုက်အဝန်းများရှိ လူငယ် (၅၇၈)ဦး (အမျိုးသမီး ၇၂%) ထံ ပို့ချပေးခဲ့ပါသည်။ ဤကနဦး သင်တန်းအား အောင်မြင်ပြီးစီးအောင် တက်ရောက်ပြီး နောက်ပိုင်းတွင် အလုပ်အကိုင်ရှာဖွေရာတွင် ၎င်းတို့၏ ဆုံးဖြတ်ချက်အပေါ် မူတည်၍ ဈေးကွက်ဦးစားပေး သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန်အတွက် လူငယ်များအား ရွေးချယ်ခဲ့ ပါသည်။ ပထမအသုတ် သင်တန်းသား ၅၂ဦး (အမျိုးသမီး ၇၂%) သည် နှစ်လမှ ခြောက်လအထိ ကြာမြင့်သည့် ဆံသလုပ်ငန်း၊ အပ်ချုပ်လုပ်ငန်း၊ အလှဖန်တီးရှင်၊ ဆေးရောင်းသူ/ သူနာပြုအကူ၊ မော်တော်ဆိုင်ကယ်ပြုပြင်ရေး၊ ကားပြုပြင်ရေး ဆိုင်ရာ အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ သင်တန်းများတွင် ပါဝင်တက်ရောက်နေကြပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်း၊ မန္တလေးနှင့် ရန်ကုန်တို့ရှိ အဆိုပါ လုပ်ငန်း ကဏ္ဍများမှ ပုဂ္ဂလိက ကဏ္ဍ အလုပ်ရှင် (၅၈)ဦးနှင့် ဆွေးနွေးတိုင်ပင်၍ သင်တန်းများအား ပြီးဆုံးအောင် တက်ရောက်ပြီး သည့်နောက် အဆိုပါ သင်တန်းသားများ အားလုံးအား အလုပ်သင်အနေဖြင့် လုပ်ကိုင်နိုင်ရန်နှင့် အလုပ်ခန့်ထားပေးမှု တို့အတွက် အခွင့်အလမ်းများကို ရှာဖွေ ဖော်ထုတ်ခဲ့ပါသည်။

ADRA ၏ VESI စီမံချက်သည် လားရှိုး၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့များရှိ အစိုးရ နည်းပညာ အထက်တန်းကျောင်း (၃)ကျောင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း စတင် ပို့ချပေးခဲ့ပါသည်။ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေလူမှုအသိုက်အဝန်းများမှ လူငယ် (၂၅၈)ဦး (အမျိုးသမီး ၂၂% နှင့် မသန်စွမ်းသူ ၅%) အား ခေါ်ယူ၍ အမျိုးသားအဆင့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်းများနှင့် ချိန်ညှိထား သော ကွန်ပျူတာနှင့် ရုံးလုပ်ငန်းစီမံခန့်ခွဲခြင်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးကြိုး သွယ်တန်းခြင်းဆိုင်ရာ စွမ်းရည်အပေါ် အခြေခံသည့် အသက်မွေးဝမ်းကျောင်း သင်တန်းကို ပြီးစီးအောင် တက်ရောက်စေခဲ့ပါသည်။ သင်တန်း တစ်ခုချင်းစီ၏ စုစုပေါင်း သင်တန်းချိန်မှာ (၃၆၀) နာရီ ဖြစ်ပြီး စာတွေ့ (၂၀%) ပါဝင်ပြီး လက်တွေ့ မှာ (၈၀%) ပါဝင်ပါသည်။ အားလုံး ပါဝင်စေမည့် ချဉ်းကပ်နည်းလမ်း ဖြစ်စေရန် စက်ချုပ်ပညာ၊ လက်မှုပညာနှင့် ဆောက်လုပ်ရေး ဆိုင်ရာ ရက်တိုသင်တန်းများလည်း ထပ်မံ ဖော်ဆောင်ခဲ့ပါသည်။ အထက်တန်းတွင် အမျိုးသမီး များပါဝင် တက်ရောက်ခွင့်ရရှိခြင်းအား တိုးမြှင့်စေရန်အတွက် အထောက်အကူ ဖြစ်စေရန် ကျား၊ မ တန်းတူ ညီမျှမှုကို အလေးပေးသည့် လေ့လာမှုတစ်ရပ်အား လုပ်ဆောင်ခဲ့ပါသည်။ သင်တန်းသားများအား ၎င်းတို့၏ အလုပ်အကိုင် ရရှိနိုင်မှု တိုးတက်များပြားလာစေရန် နှင့် သင်တန်း တက်ရောက်ပြီးသည့် နောက်ပိုင်း အောင်မြင် နိုင်မည့် အလားအလာရှိစေရန်တို့အတွက် ဘဝသက်တာ ကျွမ်းကျင်မှုများ၊ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများ၊ အလုပ်သင်အဖြစ် လုပ်ကိုင်ခြင်းများနှင့် ကိုက်ညီသည့် အလုပ် ရှာဖွေပေးသည့် ကူညီပံ့ပိုးမှုတို့ကိုလည်း ပေးအပ်





ခဲ့ပါသည်။ ခြေရာကောက် လေ့လာမှုတစ်ရပ်အား ပြုလုပ်ခဲ့ပြီး ယင်းမှ ခန့်မှန်းခြေ သင်တန်းဆင်းသူများ၏ (၄၅%) သည် ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ စတင် လုပ်ကိုင်နိုင်ခဲ့ကြသည် (သို့) အလုပ်အကိုင် ရရှိခဲ့သည် ကို တွေ့ရှိခဲ့ပါသည်။

ADRA ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများသည် အလုပ်သမား ဈေးကွက် လိုအပ်ချက်များနှင့် အလုပ်သင် အဖြစ်ခန့်အပ်နိုင်ရန်နှင့် အလုပ်အကိုင် ရှာဖွေပေးသည့် လှုပ်ရှားဆောင်ရွက်မှုများအား ပံ့ပိုးကူညီပေး ရာတွင် လျင်မြန်စွာ တုံ့ပြန် ဆောင်ရွက်နိုင်စေရန် ပုဂ္ဂလိက ကဏ္ဍနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ခြင်းမှာ မရှိမဖြစ် လိုအပ်ပါသည်။ သို့သော်လည်း ကံမကောင်း အကြောင်းမလှစွာ ယခင်က ဈေးကွက် လိုအပ်ချက်နှင့်များ စွာ သင့်လျော်ခြင်းမရှိသည့် သင်တန်းများကိုသာ ပို့ချခဲ့သည့် သမိုင်းကြောင်းရှိခဲ့ခြင်းမှာ မြန်မာနိုင်ငံ၏ TVET စနစ်များ၏ ကာလရှည်ကြာနေပြီဖြစ်သည့် အားနည်းချက် ဖြစ်ပါသည်။ အစိုးရ နည်းပညာ အထက်တန်းကျောင်းများ နှင့် ပြည်တွင်းကုမ္ပဏီများအကြား ချိတ်ဆက်မှုများ တိုးတက်ကောင်းမွန်စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် အစည်းအဝေးများအား စီးပွားရေးလုပ်ငန်းရှင် (၁၁၁)ဦးနှင့် စီစဉ် ကျင်းပပေးခဲ့ပါသည်။ VES မှ လေ့ကျင့် သင်ကြား ပေးသည့် ကျောင်းသားများအား စာတွေ့ သင်ရိုးများကို ပြီးဆုံးအောင် တက်ရောက်ပြီးသည်နှင့် အလုပ်သင်အဖြစ် အလုပ်အကိုင် ခန့်ထားပေးရန်အတွက် ကုမ္ပဏီ (၅၇)ခုနှင့် နားလည်မှု စာချွန်လွှာများအား သဘောတူ ချုပ်ဆို ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ကြိုးပမ်းအားထုတ်မှုများအရ မြစ်ကြီးနား၊ လားရှိုးနှင့် ဗန်းမော်ရှိ သင်တန်းသားများ အားလုံးနီးပါးသည် ယခုအခါတွင် အလုပ်သင်အဖြစ် လုပ်ကိုင်ခဲ့ပြီးဖြစ်ကာ ၎င်းတို့သည် သင်တန်းပြီးဆုံးပြီးနောက် အလုပ်အကိုင် ရရှိရန် (သို့) အသေးစား စီးပွားရေးလုပ်ငန်းများ စတင် ထူထောင်ရန်အတွက် ကူညီပံ့ပိုးမှုအား ထပ်မံ ရရှိခဲ့ပါသည်။

# ရှေ့သို့မျှော်ကြည့်လျှင်

အာဏာရှင်အစိုးရများအောက်၌ ဆယ်စုနှစ်ပေါင်းများစွာ လျစ်လျူရှုမှုအား ကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံ အလုပ်သမား ဈေးကွက်ရှိ လုပ်ငန်းခွင် အခြေအနေများမှာ အလုပ်ရှင်များမှ ၎င်းတို့၏ အလုပ်သမားများအတွက် အလုပ်အကိုင် ခန့်ထားခြင်းဆိုင်ရာ စည်းမျဉ်းများကို တစ်ဖက်သတ် ချမှတ်ခြင်းနှင့် အလုပ်သမား အခွင့်အရေးများအားလုံလောက်စွာ ပြဋ္ဌာန်းထားမှု မရှိခြင်း (သို့) လက်တွေ့ကျင့်သုံးရာတွင် ဥပဒေ/အမိန့်တို့ဖြင့် အာဏာတည်စေမှု မရှိခြင်းတို့ကြောင့် အစိုးရမှ စွက်ဖက်ခြင်း မရှိဘဲ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် စနစ်ဖြစ်ပေါ်စေရန် ဖြည့်ဆည်းပံ့ပိုး ပေးနေ ပါသည်။ တပြိုင်နက်တည်းမှာပင် နိုင်ငံတကာ အသိုက်အဝန်းများမှ အထီးကျန်စေခြင်းနှင့် တင်းကြပ်သည့် စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုခံရသည့် အစိုးရတို့ကြောင့် ဖွံ့ဖြိုးမှုနိမ့်ကျခြင်းကို ဖြစ်ပေါ်စေခဲ့ပြီး ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ လုံလုံလောက်လောက် မရှိခြင်းနှင့် လုပ်သား အင်အားအများစုမှာ ကုန်ထုတ် စွမ်းအား နိမ့်ကျသည့် တနိုင်တပိုင် စိုက်ပျိုးရေးလုပ်ငန်းတွင်သာ အလုပ်အကိုင် ရရှိကြပါသည်။ အလုပ်သမား စီမံအုပ်ချုပ်မှု အားနည်းခြင်း နှင့် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားခြင်းတို့ ပေါင်းစပ်လိုက်သည့်အခါ အလုပ်သမား ဈေးကွက်မှာ မြန်မာ့ အလုပ်သမား အများစုအတွက် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် ရရှိနိုင်မည့် အခြေအနေများအား စီစဉ် ဖန်တီးပေးနိုင်ခြင်း မရှိခဲ့ပါ။

၂၀၁၁ ခုနှစ်တွင် နိုင်ငံရေးနှင့် စီးပွားရေးတို့တွင် ကန့်သတ်ချက်များ အများအပြားအား ဖယ်ရှားလိုက်သည့် လုပ်ငန်းစဉ် စတင်သည့် အချိန်မှစ၍ မြန်မာနိုင်ငံ၏ ခေတ်နှင့် ကိုက်ညီမှု မရှိသော အလုပ်သမားဥပဒေနှင့် မူဝါဒမူဘောင်များအား ပြုပြင်ပြောင်းလဲရာတွင် အစွမ်းကုန် အားထုတ် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ အလုပ်သမား ရွှေ့ပြောင်း သွားလာခြင်း၊ အနိမ့်ဆုံး လုပ်ခလစာများ၊ လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းခွင့်၊ အငြင်းပွားမှု ဖြေရှင်းခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေး နှင့် အလုပ်သမား စီမံ အုပ်ချုပ်မှုဆိုင်ရာ အခြား အဓိက လိုအပ်ချက်များနှင့် ဆက်နွယ်နေသည့် အရေးပါသည့် ပိုမိုတိုးတက် ကောင်းမွန်အောင် မွမ်းမံထားသည်များကို ဥပဒေပြုခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း အဆိုပါ ဥပဒေနှင့် မူဝါဒများသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိခြင်းနှင့် ထိရောက်စွာ အကောင်အထည် ဖော်ခြင်းတို့တွင် စိန်ခေါ်မှုများစွာ ဆက်လက် ကျန်ရှိနေပြီး ပါဝင်ပတ်သက်နေသည့် လှုပ်ရှား ဆောင်ရွက်သူများအတွက် အားပေးထောက်ခံမှုနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့အား ထပ်မံ၍ လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။ ထို့အပြင် ထိုကဲ့သို့ သော မူဝါဒအသစ်နှင့် ဥပဒေများအား ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားပြီး ဖြစ်သော်လည်း ပါဝင်ပတ်သက်နေ သည့် အဓိက ပတ်သက် ဆက်နွယ်နေသူများ အကြား ပိုမို၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် ဆွေးနွေးခြင်း များပြုလုပ်ရန် လိုအပ်သည့် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်အား မြှင့်တင် ရာတွင် အစိုးရ၏ အရေးယူ ဆောင်ရွက်မှုများအတွင်း၌ ဆက်စပ်မှုများ မရှိဘဲ ဖြစ်နေပါသည်။

ဤသို့ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် ကာလအတွင်း မြန်မာနိုင်ငံ၏ အလုပ်သမား ဈေးကွက်၌ အလုပ်သမားများ၏ အခွင့်အရေးများ တိုးတက်ရရှိစေခြင်းနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် နည်းပါး ခြင်းတို့ကို ဖြေရှင်းဆောင်ရွက်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့သော်လည်း ပြောင်းလဲမှုများ စတင် ဖြစ်ပေါ်သည့် အဆင့်၌သာ ရှိနေပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိလွယ်ရှလွယ်သော အဆင့်တွင်သာ ရှိနေ ပါသေးသည်။ မြန်မာနိုင်ငံတွင် မကြာသေးမီက စစ်တပ်မှ အာဏာသိမ်းလိုက်ခြင်းနှင့်အတူ ဤတိုးတက်မှု အများ အပြားမှာ နောက်ပြန်ဆုတ်သွားပါသည်။ ယခုပင် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခြင်းနှင့် စုပေါင်း၍ ညှိနှိုင်းခြင်းတို့အား အတိအလင်း ပြင်းထန်စွာ ဝေဖန်တိုက်ခိုက်ခြင်း ခံနေရခြင်းများ များပြားလာပြီး စစ်တပ်၏ အာဏာဖြင့် အတင်းအဓမ္မစေခိုင်းရန် အသုံးပြုခြင်း ရှိကြောင်း တင်ပြသည့် အစီရင်ခံစာ အသစ်အချို့လည်း ရှိ နေပါသည်။ မြန်မာနိုင်ငံရှိ အလုပ်သမား သမဂ္ဂနှင့် အလုပ်သမား အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်း အများစုအား တရားဝင် အဖွဲ့အစည်းများ မဟုတ်ကြောင်း ကြေငြာခဲ့ပြီး အကယ်၍ ဆက်လက် လှုပ်ရှားဆောင်ရွက်ပါက ခေါင်းဆောင် သူများအား ဖမ်းဆီးခံရခြင်း နှင့် တရားစွဲဆို ခံရခြင်းတို့ကို ကြုံတွေ့နေပါသည်။ ၎င်းတို့၏ အလုပ်သမား အခွင့်အရေးများကို ရဲရဲဝံ့ဝံ့ ပြောဆိုရန် ကြိုးပမ်းသည့် အလုပ်သမားများမှာ အကြမ်းဖက် နှိပ်ကွပ်ခြင်း ကြုံတွေ့

ခဲ့ရပြီး ရန်ကုန်မြို့ပြဝန်းကျင် ဒေသရှိ များပြားလှသည့် ပြည်တွင်းရွှေ့ပြောင်း သွားလာသူများ သည် ၎င်းတို့ နေအိမ်များရှိရာ ဌာနေလူမှုအသိုက်အဝန်းများ ဆီသို့ ထွက်ပြေးသွား ခဲ့ကြပါသည်။

တုံ့ပြန် ဆောင်ရွက်ရာတွင် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှုဆိုင်ရာ စီမံကိန်းသည် ရုတ်ချည်း ပြောင်းလဲသွားသည့် လက်တွေ့အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ထိရောက်သည့် ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရန် လိုအပ်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အခွင့်အရေးများ အခြေခံသည့် အလုပ်သမား စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ထက်သန်နေသည့် အစိုးရ မိတ်ဖက်အဖွဲ့အစည်းများ ရှိမနေသည့်အချိန်တွင် စီမံချက်သည် ၎င်း၏ လှုပ်ရှားဆောင်ရွက်မှု များအား အထူးသဖြင့် အဖွဲ့အစည်းဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်း၊ ဝန်ဆောင်မှုပေးအပ်သည့် စွမ်းဆောင်ရည်နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းနှင့် အလုပ်သမား အဖွဲ့အစည်းများ၏ အလုပ်သမားများအား စည်းရုံးလှုပ်ရှား ဆောင်ရွက်မှုများကို တည်ဆောက်ခြင်းမှတဆင့် ရွှေ့ပြောင်း သွားလာသူ အမျိုးသားများ၊ အမျိုးသမီးများနှင့် အခြား အားနည်းထိခိုက်လွယ်သူများထံ တိုက်ရိုက် ပေးအပ်သည့် ကူညီပံ့ပိုးမှုများ ခိုင်မာ အားကောင်းစေခြင်းအပေါ် ပြောင်းလဲ အာရုံစိုက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းသည် အဆိုပါ အောက်ခြေ အဖွဲ့အစည်းများနှင့် အဓိက အခိုင်အမာ မိတ်ဖက်ပြုမှုများနှင့် ဝန်းရံဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ကသောင်းကနင်း ဖြစ်နေသည့် ဤကာလအတွင်း ရွှေ့ပြောင်း သွားလာသူများနှင့် အခြား အားနည်းထိခိုက်လွယ်သည့် အလုပ်သမားများအား မရှိမဖြစ် လိုအပ်သော ကူညီပံ့ပိုးမှုအား ဆက်လက် ပေးအပ်နိုင်ရန် အတွက် သင့်လျော်သည့် အနေအထားကောင်း တစ်ခုတွင် ရောက်ရှိနေပြီ ဖြစ်ပါသည်။



*ဤလိုက်လျောညီထွေ ပြုပြင်စီမံခန့်ခွဲသည့် မဟာဗျူဟာသည် LIFT နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများအား မြန်မာနိုင်ငံရှိ ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများအတွက် COVID-19 ကပ်ရောဂါအား အကြီးဆုံး စီမံကိန်းဖြင့် တုံ့ပြန်ကာကွယ်မှုပေးရန်အတွက် လုပ်ဆောင်နိုင်ခဲ့ပါသည်။*



ကျွမ်းကျင်မှုများ တိုးတက်လာအောင် ကြိုးပမ်းပြီး ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင်အခြေအနေများရရှိအောင် ညှိနှိုင်းသည့် နည်းလမ်းများ သင်ယူလျက်ရှိသည့် မမြအေး

# မြအေး

ကျွန်မ နာမည်က မမြအေး ဖြစ်ပါတယ်။ ကျွန်မက ဧရာဝတီမြစ်ဝကျွန်းပေါ်သူ ဖြစ်ပါတယ်။ ကျွန်မ အထက်တန်းကျောင်းသူဘဝက ကျောင်းလခ နဲ့ ကျောင်းစရိတ် ကာမိစေဖို့အတွက် ရန်ကုန်ကို အလုပ်လုပ်ဖို့ လာခဲ့ပါတယ်။ ကျွန်မ ကျောင်းပြီးသွားပြီးတဲ့နောက် ကလေးထိန်း အနေနဲ့ (၁၃)နှစ်လောက် လုပ်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အိမ်အကူ အလုပ်သမားအနေနဲ့ စလုပ်ခဲ့ပြီး အခုဆိုရင် လုပ်နေတာ (၇)နှစ် ရှိသွားပါပြီ။

အဲဒီအချိန်မှာ ရန်ကုန်မှာရှိတဲ့ Three Good Spoons မှ ပေးတဲ့ "License to Stir" လို့ ခေါ်တဲ့ ILO သင်တန်းကို တက်ဖို့ အခွင့်အရေး ရရှိခဲ့ပါတယ်။ သင်တန်းတက်ပြီးတဲ့နောက်မှာတော့ လုပ်ခလစာနဲ့ လုပ်ငန်းခွင် အခြေအနေက ဘယ်လိုဖြစ်သင့်သလဲဆိုတာကို ပိုမိုနားလည်လာပါတယ်။ ကျွန်မ အလုပ်ပြန်လုပ်တဲ့အခါ ကျွန်မလုပ်ရမဲ့ အလုပ်ချိန်နာရီ၊ နားရမဲ့ အချိန်နဲ့ ကျွန်မရမဲ့ လစာကို အလုပ်ရှင်နဲ့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ကျွန်မ အလုပ်ရှင်က ကျွန်မ အဆိုပြုတဲ့ အချက်အလက်တွေကို သဘောတူခဲ့ပြီး ကျွန်မ လစာကို တစ်လ ကန်ဒေါ်လာ (၂၅၀) ကနေ (၃၅၀) တိုးပေးခဲ့ပါတယ်။

၂၀၂၀ ခုနှစ် ဇွန်လထဲမှာ ကျွန်မ အလုပ်ရှင်က သူ့နိုင်ငံသူ ပြန်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့က သူတို့မသွားခင် အလုပ်ရှင် အသစ် တစ်ယောက်ကို ရှာဖို့လည်း ကူညီပေးခဲ့ပါတယ်။ အခု ကျွန်မ အလုပ်မှာ ကျွန်မ ပျော်နေပါတယ်။ ကျွန်မ ကောင်းမွန်တဲ့ လုပ်ငန်းခွင် အခြေအနေတွေနဲ့ ခံစားပိုင်ခွင့် တွေရပြီး လစာ တစ်လကို ကန်ဒေါ်လာ (၄၀၀) ရပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ ယုံကြည်မှုတွေနဲ့ အလုပ်သမား အခွင့် အရေးများနဲ့ ပတ်သက်ပြီး အသိအမြင် တိုးစေခဲ့တဲ့ Three Good Spoons အစီအစဉ်ကနေ ကျွန်မ သင်ယူခဲ့ရတာတွေကြောင့်ပါ။ အခု အခါမှာတော့ ကျွန်မ အလုပ်ရဲ့ တန်ဖိုးကို ပိုမိုတန်ဖိုးထားတတ်လာတယ်လို့ ခံစားရပြီး ကျွန်မရဲ့ အလုပ်ခန့်ထားတဲ့ စာချုပ်မှာ ပါတဲ့ စည်းမျဉ်းစည်းကမ်းတွေကို သိရှိပြီး နားလည် သဘောပေါက်လာပါတယ်။

ကျွန်မ သင်ယူခဲ့ရတဲ့ ကျွမ်းကျင်မှုများနဲ့ သင်ခန်းစာတွေက ကျွန်မ ဘဝမှာ အကြီးအကျယ် ပြောင်းလဲတွေ ဖြစ်ခဲ့တဲ့အတွက် Three Good Spoons ရဲ့ အစီအစဉ်ကို ကျွန်မ အနေနဲ့ အလွန်ကျေးဇူးတင်ပါတယ်။ အခြား အိမ်အကူ အလုပ်သမားတွေလည်း အဲ့လိုမျိုး ကျွမ်းကျင်မှုတွေကို ရနိုင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်မိပါတယ်။ အခုတော့ ကျွန်မ လစာတွေကို ကျွန်မ မွေးတဲ့မြို့မှာ စီးပွားရေးလုပ်ငန်း တစ်ခု တည်ထောင်ဖို့ စုနေ ပါတယ်။ ဒါဟာ ကျွန်မ အိပ်မက်ပါဘဲ။ ကျွန်မအနေနဲ့ အိမ်အကူ အလုပ်သမားအားလုံးကို Three Good Spoons သင်တန်းကို တက်ဖို့ တိုက်တွန်းချင်ပါတယ်။ ဒါမှသာ သူတို့တွေလည်း သူတို့အိပ်မက်တွေကို အကောင်အထည် ဖော်နိုင်မှာပါ။

*ကျွန်မ သင်ယူခဲ့ရတဲ့ ကျွမ်းကျင်မှုများနဲ့ သင်ခန်းစာတွေက ကျွန်မ ဘဝမှာ အကြီးအကျယ် ပြောင်းလဲတွေ ဖြစ်ခဲ့တဲ့အတွက် Three Good Spoons ရဲ့ အစီအစဉ်ကို ကျွန်မ အနေနဲ့ အလွန်ကျေးဇူးတင်ပါတယ်။ အခြား အိမ်အကူ အလုပ်သမားတွေလည်း အဲ့လိုမျိုး ကျွမ်းကျင်မှုတွေကို ရနိုင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်မိပါတယ်။*

*— မြအေး*




## မနန်းကြူအတွက် COVID-19 ကပ်ရောဂါ ကာလအတွင်း အိမ်အပြန် ခရီးရှည်

မနန်းကြူသည် ထိုင်းနိုင်ငံမှ ရှမ်းပြည်နယ်သို့ မကြာသေးမီက ပြန် လာသည့် အသက် (၂၇)နှစ် အရွယ် အမျိုးသမီး ရွှေ့ပြောင်း သွားလာသူ တစ်ဦး ဖြစ်ပါသည်။ ယခုအခါတွင် သူမ၏ ခင်ပွန်းသည် ထိုင်းနိုင်ငံရှိ ဆောက်လုပ်ရေး လုပ်ငန်းတွင် ဆက်လက် အလုပ်လုပ် ကိုင်နေသော်လည်း သူမသည် နေရပ် ဟိုနမ်ရွာသို့ ပြန်ရောက်နေပြီ ဖြစ်ပြီး သူမ၏ သား ယောကျာ်းလေး (၂)ဦးအား အချိန်ပေး၍ ပြုစု စောင့်ရှောက်နေပြီ ဖြစ်ပါသည်။


COVID-19 ကပ်ရောဂါ မဖြစ်ပွားမီ မနန်းကြူသည် သူမ ကိုယ်ဝန်ရှိနေသော်လည်း ထိုင်းနိုင်ငံရှိ သူမအမျိုးသားထံ သွားရောက်ရန်အတွက် ဒေသခံ ပွဲစားမှတဆင့် ရွှေ့ပြောင်း လုပ်ကိုင်ခဲ့ပါသည်။ ပွဲစား မှ တောင်းသည့် အကျိုးဆောင်ခ (၅)သိန်းခွဲ ပေးရန် မတတ်နိုင်သဖြင့် သူမ သည် (၁၀)% အတိုးနှုန်းဖြင့် ငွေချေးခဲ့ရပါသည်။ ထိုင်း နိုင်ငံ သို့ ရောက်သွားသည့်အခါ မနန်းကြူသည် ဒူးရင်းသီး ပြုပြင်ထုတ်လုပ်သည့် စက်ရုံ၌ (၄)လ အလုပ်လုပ် ကိုင်ခဲ့ပါသည်။ သို့သော်လည်း သူမတွင် ကိုယ်ဝန်ရှိခြင်း နှင့် COVID-19 ကပ်ရောဂါ ဖြစ်ပွားလာခြင်း တို့ကြောင့် မြန်မာနိုင်ငံသို့ ပြန်ရန် သူမ ဆုံးဖြတ်ချက် ချခဲ့ပါသည်။ အထူးသဖြင့် သူမသည် ဘာသာစကား အခက်အခဲကြောင့် ထိုင်းနိုင်ငံရှိ ဆေးရုံတွင် ကျန်းမာရေး ဝန်ဆောင်မှု မရရှိနိုင်မှာ ကို စိုးရိမ်ခဲ့ပါသည်။

မနန်းကြူသည် ဒူးရင်းသီး စက်ရုံတွင် အလုပ်လုပ်ကိုင်စဉ်က တစ်လလျှင် ထိုင်းဘတ်ငွေ (၆,၀၀၀)သာ ရရှိခဲ့ ပါသည်။ ဤလစာမှာ ထိုင်းနိုင်ငံရှိ ဥပဒေအရ ပေးအပ်ရမည့် လစာထက် အလွန်လျော့နည်းနေပြီး ထိုသို့ဖြစ် ရခြင်းမှာ သူမ၏ အလုပ်ရှင်မှ သူမ၏ တရားဝင် မဟုတ်သည့်/ အထောက်အထားမရှိသည့် အနေအထားကို အခွင့်ကောင်းယူသည့်အတွက်ကြောင့်ဟု မနန်းကြူက ယုံကြည်ထားပါသည်။ အဆိုပါ လစာသည် ငွေစုရန် (သို့) ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာရန်အတွက် သူမယူခဲ့သည့် ချေးငွေအား ပြန်ဆပ်ရန် လုံလောက်မှု မရှိပါ။ သူမ မြန်မာနိုင်ငံသို့ ပြန်ရန်အတွက် ကုန်ကျငွေ ပွဲစားခ ဘတ်ငွေ (၃,၅၀၀)ကိုလည်း ပေးရန်အတွက်လည်း လုံလောက်ခြင်း လည်း မရှိခဲ့ပါ။ သို့သော်လည်း နောက်ဆုံးတွင် သူမ အမျိုးသားမှ သူမ၏အိမ်ပြန်ခရီး အတွက် ကုန်ကျစရိတ် ပေးရန် လုံလောက်သည့် ငွေပမာဏအား ရှာဖွေပေးခဲ့ပါသည်။

နယ်စပ်ဖြတ်ကျော်ရသည့် လမ်းခရီးတွင် အခက်အခဲတစ်စုံတစ်ရာ မရှိခဲ့ပါ။ သို့သော် သူမ၏ နေရပ်ရွာကို ပြန်ရောက် သည်နှင့် တပြိုင်နက် သူမအား ကျေးရွာရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်ရာ နေရာ၌ (၁၄)ရက် နေထိုင်ရမည်ဟု မနန်းကြူအား ပြောကြားခြင်းကို ခံခဲ့ရပါသည်။ အသွားအလာ ကန့်သတ်စောင့်ကြည့်ရာနေရာ၌ တစ်ရက်သာ နေထိုင်ရသေးချိန်တွင် မနန်းကြူ ကိုယ်ဝန်ပျက်ကျခဲ့ပါသည်။ သူမ သွေး အလွန်အကျွံ သွန်ခဲ့ပြီး အရေးပေါ် ဆေးဝါးကုသမှု ခံယူရန်အတွက် ဆေးရုံသွားရန် လိုအပ်ခဲ့ပါသည်။ သူမအား ခေါ်ဆောင်သွားသည့် ဒေသရှိ ဆေးရုံ မှ ဝန်ထမ်းမှခွဲစိတ်ရန် လိုအပ်ကြောင်း ရှင်းပြခဲ့သဖြင့် ကားတစ်စီးအားငှား၍ သူမအား တောင်ကြီးသို့ ပို့ဆောင်ခဲ့ ပါသည်။

မနန်းကြူနှင့် သူမနှင့်အတူ ပါလာသော မိသားစုဝင်များတွင် မည်သူမျှ မြန်မာ စကား မပြောတတ်သောကြောင့် တောင်ကြီးရှိ ဆေးရုံ ဝန်ထမ်းများနှင့် ဆက်သွယ် ပြောဆိုရာတွင် အခက်အခဲ များစွာ ကြုံခဲ့ရပါသည်။ မနန်းကြူအား အကူအညီ ပေးနေသည့် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းမှ ပုဂ္ဂိုလ်သည် အကူအညီ ထပ်မံရရှိနိုင်ရန်အတွက် IOM ၏ မိတ်ဖက် အဖွဲ့အစည်း ပါရမီ ဖွံ့ဖြိုးရေး ကွန်ရက် (PDN) နှင့် ချိတ်ဆက်ခဲ့ပါသည်။ PDN သည် စကားပြန် လုပ်ပေးရန်နှင့် အကူအညီပေးရန်တို့အတွက် ဆေးရုံသို့ ချက်ချင်း သွားရောက်ခဲ့ပါသည်။ မနန်းကြူ၏ မိသားစုသည် ဆရာဝန်မှ သွေးသွင်းရန်လိုအပ်နေခြင်း နှင့် ဆေးကုသခြင်းတို့နှင့် ပတ်သက်၍ ကြိုးစားပြီး ရှင်းပြသည်ကို နားမလည် ကြသဖြင့် ၎င်းတို့ အနေဖြင့် မနန်းကြူနှင့်အတူ နေပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ သူတို့သည် တောင်ကြီးမြို့၌ သိသူ တစ်ယောက်မှ မရှိရုံမက ဆေးရုံစရိတ်များကို ပေးရန် လုံလောက်သည့် ငွေကြေးလည်း မရှိခဲ့ပါ။ PDN သည် မနန်းကြူနှင့် အတူရှိနေရန်နှင့် ဆေးရုံ ကုန်ကျစရိတ်များ ပေးရန်အတွက် သဘောတူခဲ့ပြီး သွေးသွင်းရန် အတွက် သွေးလှူရှင်များအား ရှာဖွေရာတွင် ကူညီ ပေးခဲ့ပါသည်။

ယခုအခါတွင် မနန်းကြူ၏ ကျန်းမာရေးမှာ ပိုမိုကောင်းမွန်လာ ပြီဖြစ် သော်လည်း သူမသည် အခက်အခဲများစွာ ကို ဆက်လက် ကြုံတွေ့နေရပါ သေးသည်။ သူမအမျိုးသားသည် ထိုင်းနိုင်ငံ၌ ဆက်လက်ရှိနေသေးသော်လည်း သူမ အမျိုးသား၏ ဝင်ငွေမှာ COVID-19 ကပ်ရောဂါကြောင့် ဆိုးဆိုးရွားရွား ထိခိုက်သွားသောကြောင့် မည်သည့် ငွေလွှဲပေးပို့မှုကိုမျှ သူမလက်ခံရရှိခြင်း မရှိခဲ့ပါ။ သူမသည် သူမ၏ ကျေးရွာ၌ တနေ့လျှင် မြန်မာကျပ်ငွေ (၃,၀၀၀) (ကန်ဒေါ်လာ ၂.၁၅)သာ ရရှိသည့်နေ့စား အလုပ်အား လုပ်ကိုင်ရင်း သူမ ဘာသာ ရပ်တည်နေရပါသည်။ ဤဝင်ငွေမှာ သူမနှင့် သူမ၏ ကလေးနှစ်ဦး ရပ်တည်ရန် လုံလောက်မှု မရှိသည့်အပြင် သူမ ခွဲစိတ်ထားသည့် ဒဏ်ရာမှာ အနာမကျက် သေးသဖြင့် နေ့စဉ် လုပ်ကိုင်နိုင်ခြင်းလည်း မရှိပါ။ သူမသည် PDN မှ ပေးသည့် များစွာသော ကူညီထောက်ပံ့မှုများ အတွက် အလွန် ကျေးဇူးတင်နေပါသည်။ သို့သော် လည်း အဖွဲ့အစည်းများနှင့် အစိုးရအာဏာပိုင်များအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လာမည့်သူများအတွက် အသက်မွေးဝမ်းကျောင်းများ ပိုမို ကူညီပံ့ပိုးပေးရန်နှင့် ဒေသတွင်း အလုပ်အကိုင်များ ရရှိစေရေးအတွက် ကြိုးစားဖန်တီးပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ "ကျွန်မ ဆိုင်သေးသေးလေး ဖွင့်နိုင်ဖို့ အခွင့်အရေးလေး ရချင်ပါတယ်။ ဒါမှသာ ကျွန်မ ကျန်းမာရေးအတွက် ပိုပြီး အဆင်ပြေမှာပါ" ဟု ပြောကြားခဲ့ပါသည်။






# ၅

## ပဋိပက္ခဒဏ်ခံ ဒေသများ


| | | |
|---|---|---|
| ၅.၁ | ရခိုင် | ၁၆၅ |
| ၅.၂ | အရှေ့မြောက်ပိုင်း – ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း | ၁၇၉ |
| ၅.၃ | အရှေ့တောင်ပိုင်းဒေသ | ၁၈၇ |

ရခိုင်

ပဋိပက္ခဒဏ်ခံ ဒေသများ

# ၅.၁

## ရခိုင်

### ခြုံငုံဖော်ပြချက်

၂၀၁၂ ခုနှစ်အတွင်း လူမှုအသိုက်အဝန်းများအကြား ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် မွတ်စလင်မ် ဘာသာဝင် (၁၂၅,၀၀၀)ဦးခန့်သည် ရခိုင်ပြည်နယ်တဝှမ်းရှိ စခန်း (၂၁)ခုသို့ နေရပ်စွန့်ခွာ တိမ်းရှောင်နေခဲ့ကြရပါသည်။[၅၇] ၂၀၁၇ခုနှစ်တွင် မောင်တောခရိုင်၌ ရက်စက်ကြမ်းကြုတ်သော စစ်ဆင်ရေးများမှ လွတ်မြောက်နိုင်ရန်အတွက် လူပေါင်း (၇၄၂,၀၀၀)ကျော်တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သို့ ထွက်ပြေးသွားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည်များအား နေရပ်သို့ပြန်ပို့ရန် ကြိုးပမ်းမှုများမှာ ယခုတိုင် အောင်မြင်မှု မရရှိသေးပါ။ ရခိုင် ပြည်နယ်တွင် မွတ်စလင်မ် အများစုအတွက် နိုင်ငံသား ဖြစ်မှု အခွင့်အရေးများ ငြင်းပယ်ခံရမှုနှင့် တရားဝင်နှင့် တရားဝင်မဟုတ်သော အသွားအလာ ကန့်သတ်ချက် များသည် "မွတ်စလင်မ် အများစုအား အမြဲတစေ ဖိနှိပ်ဆက်ဆံနေခြင်း၏ အဓိကကျသည့် အကြောင်းရင်း" ဖြစ်ပါသည်။[၅၈] ဆိုလိုသည်မှာ ၎င်းတို့သည် အခြေခံပြည်သူ့ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှု မရှိခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာရွေးချယ်စရာ အနည်းငယ်သာရှိခြင်းတို့ကြောင့် စားနပ်ရိက္ခာ အပါအဝင် အခြေခံ လိုအပ်ချက် အများစု အတွက် ကူညီပံ့ပိုးပေးခြင်းအပေါ်တွင်သာ အလွန်အမင်း မှီခိုနေကြရခြင်း ကို ဖြစ်စေပါသည်။ မှီခိုနေရမှုအား လျှော့ချရန်၊ ကြံ့ကြံ့ခံ နိုင်စွမ်း တည်ဆောက်ရန်နှင့် ဂုဏ်သိက္ခာရှိရှိ နေနိုင်မည့် အလားအလာများ ရနိုင်ရန် တို့အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကူညီပံ့ပိုးမှုများ လိုအပ်နေသည့် ယာယီ စခန်းများတွင် နေထိုင်သူများနှင့် ဌာနေလူမှု အသိုက်အဝန်းများ အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ကြာရှည်ခံမည့် ဖြေရှင်း နည်းလမ်းများ အားရှာဖွေဖော်ထုတ်ရာတွင် ကြီးမားသည့် အတားအဆီးများ ဆက်လက် ရှိနေပါသည်။

ရခိုင်ပြည်နယ် အကြံပေးကော်မရှင် (Advisory Commission on Rakhine State RAC) ၏ ထောက်ခံအကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုးတက်မှုမှာ အကန့် အသတ်ဖြင့်သာ ရှိနိုင်ဆဲ ဖြစ်ပါသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား ပြန်လည်နေရာချထားခြင်းနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ[၅၉] တွင် ပြဋ္ဌာန်းခဲ့သည့် ထိခိုက်ခံစားရသည့် လူထုများ ပါဝင်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းရေးမှာလည်း အပြီးသတ်နိုင်ခြင်း မရှိသေးပါ။ ဒေသအာဏာပိုင်များမှ ပြန်လည် နေရာချထားပေးရန် တစ်ဖက်သတ် ကြေညာခဲ့သော ကျောက်ဖြူ မြို့နယ်ရှိ ကျောက်တစ်လုံး စခန်းနှင့် ပတ်သက်သည့် ဖြစ်ပေါ်တိုးတက်မှုများမှ အမျိုးသား မဟာဗျူဟာတွင် ဖော်ပြထားသည့် လည်ပတ်ဆောင်ရွက်မှုများ/ လုပ်ထုံး လုပ်နည်းများအား လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်းနှင့် ပါဝင်ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ကွာဟချက်များကို ချိန်ညှိရန် လိုအပ်ခြင်းကိုလည်း ဖော်ပြနေပါသည်။ ကုလသမဂ္ဂ လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေး အဖွဲ့ (Humanitarian Country Team HCT) ၏ 'ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများ'[၆၀] အား အဓိပ္ပါယ် ဖွင့်ဆိုရာတွင် အမျိုးမျိုး

၅၇။ CCCM (Camp Coordination Camp Management) အချက်အလက် ကိန်းဂဏန်းများ။၂၀၂၀ခုနှစ်

၅၈။ ရခိုင်ပြည်နယ်တွင် လွတ်လပ်စွာ သွားလာနိုင်မှု၊ လွတ်လပ်သော ရခိုင်ပြည်နယ် အစီအစဉ်၊ IRI၊ ၂၀၂၀ ခုနှစ်

၅၉။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ နှင့် IDP များ အတွက် ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသော ဘဝများ ပြန်လည်ထူထောင်ခြင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန။ ၂၀၁၉ ခုနှစ် အောက်တိုဘာလ

၆၀။ အစိုးရမှ ပိတ်သိမ်းရန်အတွက် ကြေညာထားသော ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများတွင် လူသားချင်း စာနာ ထောက်ထား မှုဆိုင်ရာ အဖွဲ့အစည်းများ လိုက်နာ ဆောင်ရွက်ရမည့် မူဝါဒများ၊ မြန်မာ့ လူမှုကာကွယ် စောင့်ရှောက်ရေး ကဏ္ဍ၏ အနေအထား

ကွဲပြားနေခြင်း နှင့် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ထိတွေ့ ပူးပေါင်း ဆောင်ရွက်ရာတွင် အခက်အခဲ ရှိနေခြင်း တို့ကြောင့် ‘ပိတ်သိမ်းပြီး စခန်းများ’ တွင် လုပ်ကိုင်ဆောင်ရွက်ရန်အတွက် သင့်လျော်မည့် ချဉ်းကပ်နည်းလမ်းများ အကြား သိသိသာသာ ကွဲလွဲမှုများ ဖြစ်စေခဲ့ပါသည်။ စခန်း အလိုက် စောင့်ကြည့် စစ်ဆေးသည့် မူဘောင်များ အား[၆၁] ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီးသတ် လုပ်ဆောင်ခဲ့ပြီး ကွင်းဆင်း စမ်းသပ်ခဲ့ပါသည်။ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ အနေဖြင့် အသက်မွေးဝမ်းကျောင်းမှုများ၊ ဈေးကွက်များ၊ ခွဲခြား ဆက်ဆံမှုမရှိသော ဝန်ဆောင်မှု များအား လက်လှမ်းမီ ရယူနိုင်စေမည့် လွတ်လပ်စွာ သွားလာ လှုပ်ရှားနိုင်မှုဆိုင်ရာ အပြောင်းအလဲ များကို တိုင်းတာရန် အဓိကနည်းကိရိယာများအား စတင်အသုံးပြုခဲ့သော်လည်း ၎င်းတို့အား အသုံးပြုခြင်းဖြင့် စီမံကိန်းလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ အပေါ် မည်ကဲ့သို့ လမ်းပြပေး နိုင်မည် ဆိုသည်နှင့် အပြောင်းအလဲ အား မည်ကဲ့သို့ စုပေါင်းအကဲဖြတ် သုံးသပ်နိုင်မည် ဆိုသည်တို့နှင့် ပတ်သက်၍ သဘောတူညီမှု မရရှိခဲ့ပါ။

### လူမှုအသိုက်အဝန်းအချင်းချင်း တင်းမာမှုများ ဆက်လက်မြင့်မားနေခြင်း

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းဆီသို့ ဦးတည်သည့်လမ်းကြောင်း နှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းသို့ တစ်ဆင့်တက်လှမ်းနိုင်သည့် လှေကားထစ်တစ်ခုအဖြစ် ထိခိုက်ခံစားရသည့် ပြည်သူလူထုများမှ ထိထိရောက် ရောက် ပိုမိုပါဝင်ဆောင်ရွက်ခြင်း နှင့် ရပ်ရွာလူထု ပါဝင် ဆောင်ရွက်သည့် လုပ်ငန်းများအစီအစဉ်ရေးဆွဲခြင်းများ လုပ်ဆောင်ရန် ဆက်လက် တောင်းဆိုမှုများ ရှိနေဆဲပါသည်။ ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင်သူများ နေရပ် ပြန်ရာတွင်နှင့် ပြန်လည် နေရာချထားရာတွင် များပြားလှသည့် အခက်အခဲများအား ထည့်သွင်းစဉ်းစား နေရသ ဖြင့် ၎င်းတို့အတွက် နေအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှု ဆိုင်ရာ[၆၂] ကိစ္စရပ်များအား ယခုအချိန်အထိ သတိမူနိုင်ခြင်း မရှိ သေးပါ။ အကယ်၍ ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိပါက အဆိုပါ ကိစ္စရပ်များသည် လူမှုပေါင်းစည်း ညီညွတ်မှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုတို့ ပိုမို တိုးတက် လာစေရန် ဦးတည်ရည်ရွယ် လုပ်ဆောင်ခဲ့သည့် ကြိုးပမ်းအားထုတ်မှုများ နှင့် အလားအလာရှိသည့် အကျိုးအမြတ်များအား ဆက်လက် အားနည်း နေစေမည် ဖြစ် ပါသည်။

ရခိုင်ပြည်နယ်တွင် မွတ်စလင်မ်အများစုအား နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်ခြင်းနှင့် သွားလာလှုပ်ရှားမှုများ အပေါ် တရားဝင် နှင့် တရားဝင် မဟုတ် သော ကန့်သတ်မှုများ ဆိုသည်မှာ ၎င်းတို့အနေဖြင့် အခြေခံ ဝန်ဆောင်မှု များနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ရွေးချယ်မှုများကို လက်လှမ်းမီ ရယူနိုင်မှု မရှိဟု အဓိပ္ပါယ်ရပါသည်။ (Internally displaced persons IDP) စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများသည် မြေယာ လုပ်ကိုင်ခွင့် လုံးဝမရှိခြင်း၊ ပိုင်ဆိုင်မှုများ လျော့ပါးသွားခြင်း နှင့် ဝင်ငွေ ရရှိနိုင်မည့် နည်းလမ်းများလည်း အလွန် နည်းပါးပါသည်။ ခြုံငုံကြည့်လျှင် ရခိုင်ပြည်နယ် အလယ်ပိုင်း အထူးသဖြင့်  နှင့် နေရပ် စွန့်ခွာတိမ်းရှောင်သူ စခန်း များတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်နိမ့်ကျဆဲ ဖြစ်နေပါသည်။ စခန်းများနှင့် အနီးပတ်ဝန်းကျင် ရွာများတွင် ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၌ ကျပန်းအလုပ်အတွက် အခွင့်အလမ်းများ ရှိ နေသော်လည်း အလုပ်သမား ဈေးကွက်မှာ အလုပ်အကိုင်လိုအပ်သူများ အဆမတန်များပြား နေပါသည်။ သို့ဖြင့် အစားအသောက်၊ တကိုယ်ရေ သန့်ရှင်းရေးနှင့် အခြား အိမ်ထောင်စု အခြေခံ လိုအပ်ချက်များအတွက် ကူညီပံ့ပိုး ပေးမှုအပေါ် အလွန်အကျွံ မှီခိုနေရသည့် ရလဒ်ကို ဖြစ်ပေါ်စေခဲ့ ပါသည်။ သူတပါး အပေါ် မှီခိုနေရမှုအား လျှော့ချ ရန်၊ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရန်နှင့် ဂုဏ်သိက္ခာရှိရှိ နေနိုင်မည့် အလားအလာများရနိုင်ရန် တို့အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကူညီပံ့ပိုးမှုများ လိုအပ်နေသည့် IDP စခန်းများတွင် နေထိုင်သူများနှင့် ဌာနေ လူမှုအသိုက်အဝန်းများ အတွက် ရေရှည်တည်တံ့ခိုင်မြဲ ပြီး ကြာရှည်ခံမည့် ဖြေရှင်းနည်းလမ်းများအား ရှာဖွေ ဖော်ထုတ်ရာတွင် ကြီးမား သည့် အတားအဆီးများ ရှိနေဆဲ ဖြစ်ပါသည်။

တပ်မတော်နှင့် ရက္ခိုင့် တပ်မတော် တို့အကြား ဖြစ်ပွားသည့် ပဋိပက္ခမှ အရပ်သားများအား အပြင်းအထန် ထိခိုက် သေကြေ ပျက်စီး ဆုံးရှုံး စေခဲ့သည်သာမက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ဆက်ဆံရေး ကိုလည်း ထပ်လောင်း၍ ရှုပ်ထွေးမှု ဖြစ်စေခဲ့ပါသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ နေရာ (၁၉၄)နေရာ တွင် ပဋိပက္ခကြောင့် လူပေါင်း (၁၀၃,၀၀၀)ဦးခန့်သည် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ ကြ ပါသည်။[၆၃] တနိုင်ငံလုံးရှိ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် အခြားပစ္စည်းများကြောင့် ထိခိုက် ဒဏ်ရာရသူများ၏ ထက်ဝက် ကျော် မှာ ရခိုင် ပြည်နယ် တွင် ရှိသည်ဟု ခန့်မှန်းထားပါသည်။ စစ်တပ်နှင့် ရဲတို့မှ ထပ်ခါတလဲလဲ စစ်ဆေးမေးမြန်း ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ ခြိမ်းခြောက် ၍ ငွေတောင်းခြင်း နှင့် လုံခြုံရေး စနစ်များကျိုးပျက်သည့် ဖြစ်ရပ်များ များပြားလာခြင်းတို့သည် ပြည်သူများ၏ အကျိုးစီးပွား၊ ဒေသ အာဏာပိုင်များ အပေါ် ယုံကြည်မှုနှင့် ယခင်က အကန့်အသတ်ရှိသည့် လူမှုပေါင်းစည်းရေး တို့အား အနှောက်အယှက် ဖြစ်စေပါသည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ နောက်ပိုင်းမှ စတင်၍ ဖြစ်ပွားနေဆဲပဋိပက္ခများ ရပ်စဲသွားခြင်းအား တွေ့ရှိရခြင်းမှာ ကောင်းမွန်သည့် ဖြစ်ပေါ် တိုးတက်မှု ဖြစ်သော်လည်း ယင်းအခြေအနေအား သတိဖြင့်ကိုင်တွယ်ဖြေရှင်းရန်  လိုအပ်မည် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ မဲဆန္ဒနယ် သုံးပုံနှစ်ပုံတွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပခြင်း မပြုရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် ရခိုင်လူထုကြား နိုင်ငံရေးအရ ပြစ်တင် ဝေဖန်မှု များ မြင့်တက် လာစေခဲ့ပါသည်။  သို့ဖြင့် အုပ်ချုပ်ရေးနှင့် လွှတ်တော် လုပ်ငန်းစဉ်များတွင် ထပ်မံ၍ ကွဲလွဲမှုများ နှင့် ယုံကြည်မှု ကင်းမဲ့ခြင်းများ တိုးပွားလာနိုင်သည်ဟု မျှော်လင့်ထားပါသည်။ အဆိုပါကိစ္စရပ်များအား ဖြေရှင်းနိုင်ခြင်းမရှိပါက ရခိုင်ပြည်နယ်နှင့် နေပြည်တော်ကြား တင်းမာမှု များ နှင့် ပဋိပက္ခ ဆက်လက် ဖြစ်လာနိုင်မည် ဖြစ်ပါသည်။

---

၆၁။ လွတ်လပ်စွာ သွားလာနိုင်ခွင့်/ အသက်မွေးဝမ်းကျောင်းမှု တို့၏ တိုးတက်မှုအား တိုင်းတာသည့် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ မူဘောင်

၆၂။ နေရပ်စွန့်ခွါ မတိမ်းရှောင်မီ အိမ်များ မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့၏ မြေယာများတွင် နှင့်/သို့ နေရပ်မှ အိမ်များတွင် ကျူးကျော် နေထိုင်ခြင်းများအတွက် လုံလောက်မှုမရှိသည့် အထောက်အထားများ

၆၃။ ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် ချင်းပြည်နယ် ပလက်ဝက်ရှိ လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ နောက်ဆုံး အခြေအနေများ၊ OCHA

၆၄။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဘဏ် ဆင်းရဲနွမ်းပါးမှု အချက်အလက် ကိန်း ဂဏန်း များအား သုံးသပ်ခြင်း ။ တနိုင်ငံလုံး ဖြစ်ပွားမှုနှုန်း ၃၇.၅% နှင့် နှိုင်းယှဉ်သည့် ၇၈%





### COVID-19 ကပ်ရောဂါ

အားနည်းထိခိုက်လွယ်မှု အလွန်မြင့်မားသောကြောင့် ရခိုင်ပြည်နယ်သည် COVID-19 ကမ္ဘာ့ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် လူမှု စီးပွားရေး အကျပ်အတည်းအတွက် များစွာ ပေးဆပ်နေရပြီး ရခိုင်ပြည်နယ်၌ ၂၀၂၀ ခု နှစ်တွင် ရောဂါ ကူးစက်မှုများ အလျင်အမြန် တဟုန်ထိုး တိုးတက် များပြားလာခဲ့ပါသည်။ ရခိုင်ပြည်နယ်သည် နိုင်ငံအတွင်း၌ ဆင်းရဲနွမ်းပါးမှု အများဆုံး ပြည်နယ်ဖြစ်ပြီး[၆၄] COVID-19 ကပ်ရောဂါမှ ယူဆောင် လာသည့် လူမှုစီးပွားရေးဆိုင်ရာ ဖိစီးမှုများအား တုံ့ပြန်ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်ဖြင့် အလျင်အမြန် အစွမ်းကုန် အားထုတ် ကြိုးပမ်းနေ ကြပါသည်။

ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ကုန်သွယ်ရေး၊ တန်ဖိုးမြှင့်ကွင်းဆက်များ၊ အိမ်ထောင်စု အသက်မွေး ဝမ်းကျောင်းမှုများနှင့် စားနပ် ရိက္ခာဖူလုံမှု တို့အား ထိခိုက်စေခဲ့ပါသည်။ အသွားအလာကန့်သတ်ခြင်းကဲ့သို့သော အစီအမံများကြောင့် ကုန်သွယ်မှုများ လျော့ကျခဲ့ပြီး၊ စားသုံးသူများ၏ ဝယ်လိုအားနှင့် ဒေသတွင်း အလုပ်အကိုင် လိုအပ်ချက်မှာလည်း လျော့ကျသွားခဲ့ကာ ဝင်ငွေများ ဆုံးရှုံးစေခဲ့ပါသည်။ တနိုင်ငံလုံးတွင် ဖြစ်နေသကဲ့သို့ ပင် ရခိုင်ပြည်နယ်တွင်လည်း “လူမှုအသိုက်အဝန်းများတွင် အိမ်ထောင်စု များ၏ သုံးပုံနှစ်ပုံ သည် ၂၀၂၀ ခုနှစ် ဇန်နဝါရီလနှင့် ဇွန်လအတွင်း၌ ဝင်ငွေများ လျော့ကျခဲ့ကြောင်း” လူမှုအသိုက်အဝန်းများမှ အစီရင်ခံ တင်ပြခဲ့ ပါသည်။[၆၅] ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်နေသူများကဲ့သို့သော အားနည်း ထိခိုက်လွယ်သည့် အိမ်ထောင်စု များအတွက် အဓိက ရင်ဆိုင်ဖြေရှင်းသည့် ဗျူဟာများမှ အခြေခံလိုအပ်ချက်များ အပါအဝင် အသုံးစရိတ်များ လျှော့ချခြင်းနှင့် စုဆောင်း ငွေများ အသုံးပြုသည့် နည်းလမ်းကို ရွေးချယ်ခြင်း နှင့် အကြွေးရယူခြင်းများ ဖြစ်ခဲ့ ပါသည်။ အစားအသောက်များ ဝယ်လိုအားနှင့် လက်လှမ်းမီ ရယူနိုင်မှုတို့ ဆက်လက် လျော့ကျခဲ့ပြီး အားနည်း ထိခိုက်လွယ်သည့် အိမ်ထောင်စုများအား မတတ်သာသည့် အဆုံး အန္တရာယ်ရှိသည့် နည်းလမ်းများအား ကျင့်သုံး စေရန် တွန်းအားများ ဖြစ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများမှ ကောက်ယူ ခဲ့သည့် မွတ်ဆလင် IDP စခန်းများရှိ အိမ်ထောင်စု များအား စောင့်ကြည့် စစ်ဆေးသည့် အချက်အလက်များမှ COVID-19 ကပ်ရောဂါ၏ နေ့စဉ်လိုအပ်ချက်များအပေါ် မည်ကဲ့သို့ သက်ရောက်မှု ရှိသည်အား ပြသနေပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အိမ်ထောင်စုများ၏ ထက်ဝက်ကျော်သည် လက်ခံနိုင်လောက်သည့် အစားအစာ စား သုံးနိုင်မှုအား ဆက်လက်ထိန်းထားနိုင်ရန်အတွက် ၎င်းတို့ အသုံးပြုခဲ့သည့် နည်းလမ်းများအပေါ် မူတည်၍ ပူပင် ကြောင့်ကြနေရသည့် အခြေအနေတွင် နေထိုင်နေကြပြီး (၈၈%)  မှ ၎င်းတို့၏ ဝင်ငွေ တစ်စိတ်တစ်ပိုင်း (သို့) အားလုံး ဆုံးရှုံးသွားသည်ဟု အစီရင်ခံ ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလ အကြားတွင် ပြုလုပ်ခဲ့ သည့် စောင့်ကြည့် စစ်ဆေးခြင်း လုပ်ငန်းစဉ် မှ ရခိုင်ပြည်နယ်တွင် တွေ့ဆုံမေးမြန်းခဲ့သည့် အိမ်ထောင်စု များ၏ (၂၅%) သည် စားနပ်ရိက္ခာ မဖူလုံမှု အတွေ့အကြုံဆိုင်ရာ အတိုင်းအတာ (food insecurity experience scale FIES) အရ စားနပ်ရိက္ခာမဖူလုံမှုကို အတန် အသင့် ကြုံတွေ့နေရ ကြောင်းကို ပြသနေပါသည်။[၆၆]

အသေးစားနှင့် တပိုင်တနိုင် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုရှိခဲ့ပြီး ဗိုင်းရပ်စ်ပိုးအား ထိန်းချုပ်သည့် အစီအမံ များ ကြောင့် ဆက်လက် ထိခိုက်လျက် ရှိနေပါသည်။ ၂၀၂၀ ခုနှစ် နှစ်လယ်ပိုင်းတွင် ရခိုင်ပြည်နယ် အလယ်ပိုင်း တွင် တွေ့ဆုံမေးမြန်းခဲ့သည့် စီးပွားရေးလုပ်ငန်းများ၏ သုံးပုံလေးပုံမှ[၆၇] COVID-19 ကပ်ရောဂါကြောင့် ထိခိုက်မှု များ ရှိခဲ့ပါသည်ဟု အစီရင်ခံခဲ့ပါသည်။ မောင်တော မြို့နယ် ရှိ  စီးပွားရေးလုပ်ငန်းရှင်များ၏ ၈၀% မှ COVID-19 ကပ်ရောဂါကြောင့် အန္တရာယ်ဖြစ်စေသော သက်ရောက်မှုများ ရှိခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပြီး ၉၅% မှ နောက် လာမည့် (၃)လ အတွင်း၌ အခက်အခဲများ ဆက်လက်ကြုံတွေ့လိမ့်မည် ဟု ကြိုတင် မျှော်မှန်းထားခဲ့ပါသည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။[၆၈]

ရခိုင်ပြည်နယ်တွင် ကလေးသူငယ်များ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်းမှာ တနိုင်ငံလုံးတွင် အဆိုးရွားဆုံး ပြည်နယ်များအနက်မှ တစ်ခု ဖြစ်ပြီး  အသက်(၅)နှစ်အောက် ကလေးသူငယ်များ၏ ၃၈% မှာ ပုညှက်နေပြီး ၁၄% မှာ ကြုံလှီမှုရှိ နေပါသည်။[၆၉]  ကျန်းမာရေး အတွက် ရည်ရွယ် သတ်မှတ်ထားသည့် ရင်းမြစ်များအား COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရန်  ဦးစားပေးလိုက်သည့်အတွက် အထူးသဖြင့် ကျေးလက်ဒေသများနှင့် နေရပ် စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် အခြေခံ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ် ရာတွင် ထိခိုက် ခဲ့ပါသည်။ အဆိုပါ ဝန်ဆောင်မှုများ မရှိပါက မိခင်များနှင့် ငယ်ရွယ်သည့် ကလေးသူငယ်များ၏ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အဆင့်အတန်းမှာ ပိုမိုဆိုးရွား သွားမည် ဖြစ်ပါသည်။

COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ရက္ခိုင့် တပ်မတော်မှ ဖြစ်စေ (သို့) တပ်မတော်မှဖြစ်စေ တစ်ဖွဲ့ဖွဲ့မှ မည် သည့် ပဋိပက္ခ (သို့) အကြမ်း ဖက်မှု ကိုမျှ အရှိန်လျော့ကျစေ ခဲ့ခြင်းမရှိပါ။  ဆန့်ကျင်ဘက်အနေဖြင့် ရခိုင်ပြည်နယ် တွင် ၂၀၂၀ ခုနှစ် တစ်လျှောက်လုံးနှင့် COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့် အခြေအနေများတွင်  လုံခြုံမှု ကင်း မဲ့ခြင်း နှင့် ပဋိပက္ခဖြစ်ပွားမှုများ တိုးတက်များပြားလာခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပြီး ဆက်စပ်ဖြစ်ပေါ်လာသည့် ကန့်သတ်မှုများသည် ရခိုင်ပြည်နယ်တွင် အုပ်စုများအကြား မူလရှိပြီးသား ပဋိပက္ခများနှင့် တင်းမာမှုများ ပိုမို ဆိုးရွား လာစေ ခဲ့သည်ဟု မှတ်ယူနိုင်ပါသည်။ ရခိုင်ပြည်နယ်ရှိ ပဋိပက္ခ ပြင်းထန်သည့်နေရာများတွင် နေထိုင်နေ

---

၆၅။ COVID-19 ကပ်ရောဂါ နှင့် ပတ်သက်သည့် အမျိုးသား လူမှုအသိုက်အဝန်း စစ်တမ်း (NCCS) တွေ့ရှိချက်များမှ မြန်မာနိုင်ငံတွင် COVID-19 လူမှုရေးနှင့် စီးပွားရေး သက်ရောက်မှု အများအပေါ် လူမှု အသိုက်အဝန်း၏ သဘောထား အမြင်များ- ၂၀၂၀ခုနှစ် ဇွန်လနှင့် ဇူလိုင်လ၊ IFPRI၊ မြန်မာ၊ ၂၀၂၀ခုနှစ် စက်တင်ဘာလ

၆၆။ FAO -WFP တို့မှ ပူးတွဲ ပြုလုပ်သည့်  COVID-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားသည့်အခြေအနေအတွင်း စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းမှုများနှင့် စားနပ် ရိက္ခာ ဖူလုံမှုဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း

၆၇။ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းပိုင်ရှင် (၇၅) ဦး နှင့် ပြုလုပ်ခဲ့သည့် အဓိက သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ACTED၊ ၂၀၂၀ခုနှစ် ဇွန်လ၊

၆၈။ အလျင်အမြန် ပြုလုပ်သည့် လိုအပ်ချက်များ ဆန်းစစ်အကဲဖြတ်ခြင်း၊ DRC၊ ၂၀၂၀ ခုနှစ်၊ ဇွန်လ၊ စီးပွါး ရေး လုပ်ငန်းရှင် ၈၀ ဦး နှင့် ပြုလုပ်သော ကုန်သွယ်မှု ဆိုင်ရာ စစ်တမ်း

၆၉။ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက်စစ်တမ်း၊ ၂၀၁၆ ခုနှစ်

ကြသည့် များစွာသော လူမှု အသိုက် အဝန်း အတွက် COVID–19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်စေသည့် ခြိမ်းခြောက်မှုများနှင့်အတူ ပြင်းထန်လာသည့် ပဋိပက္ခများကြောင့် လုံခြုံမှု ကင်းမဲ့ခြင်းကိုပါ ခံစားနေရစဉ်အတွင်း ခရီးသွားလာမှုများအား ကန့်သတ်လိုက်ခြင်းကြောင့် ပေးအပ်သည့် အခြေခံဝန်ဆောင်မှုများနှင့် ကူညီ ထောက်ပံ့မှုအား လက်လှမ်းမီ ရယူရာတွင် အကန့် အသတ် ရှိလာခဲ့ပါသည်။

စီးပွားရေး ကဏ္ဍအားလုံး၌ COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများကို ကြုံတွေ့ခဲ့ကြရပါသည်။ ရခိုင်ပြည်နယ် စီးပွားရေးမှာ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၁.၅% သာ တိုးတက်မှုရှိသည်ဟု ခန့်မှန်းထားခဲ့သဖြင့် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် တွက်ချက်ထားခဲ့သည့် တိုးတက်မှု ၆.၈% ထက် သိသိသာသာကျဆင်းခဲ့ပါသည်။[၇၀]

၂၀၂၀ ခုနှစ်တွင် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စု အများအပြားသည် ဆက်တိုက်ပိုမို၍ ဆင်းရဲလာနိုင်ချေရှိပြီး ဆင်းရဲနွမ်းပါးမှုမှာ ကပ်ရောဂါ မဖြစ်ပွားမည့် အချိန်က အဆင့်ထက် ပိုမို၍ ဆိုးရွား လာမည် ဖြစ်ပါသည်။[၇၁] ပုံမှန်အချိန်များ၌ အသေးစား စီးပွားရေး လုပ်ငန်းများနှင့် မိသားစု များ ၏ အခြေခံလိုအပ်ချက်များအား ကူညီပံ့ပိုးပေးရာတွင် အဓိကကျသည့် ရွှေ့ပြောင်းသွားလာသူများထံမှ ငွေလွှဲပေးပို့မှုများမှာ ၂၀၂၀ ခုနှစ်တွင် မရှိသလောက်နီးပါး လျော့ကျသွားခဲ့ပါသည်။ ရခိုင်ပြည်နယ်မှ နိုင်ငံအတွင်း ရွှေ့ပြောင်း သွားလာသူ (၂)သန်းကျော်ထံမှ ငွေလွှဲပေးပို့မှုများ မရှိတော့ခြင်းသည် ရခိုင်ပြည်နယ်အား အထိနာစေခဲ့ပါသည်။[၇၂] IDP စခန်းများနှင့် ဌာနေလူမှု အသိုက်အဝန်းများမှ အသေးစားနှင့် အငယ်စား စီးပွားရေး လုပ်ငန်းပိုင်ရှင်များသည် ၎င်းတို့၏ ထုတ်လုပ်နိုင်စွမ်းရှိသော ပိုင်ဆိုင်မှုများအား ရောင်းချပြီး ဝင်ငွေရရှိရန်အတွက် စွမ်းဆောင်နိုင် စွမ်း မရှိ တော့မည့် အန္တရာယ်အား ကြုံတွေ့ရနိုင်ချေ ရှိနေပါသည်။

ဤကဲ့သို့ စီးပွားရေး နှေးကွေးသွားခြင်းသည် ရခိုင်ပြည်နယ်တွင် အားနည်းထိခိုက်မှု အလွယ်ဆုံး အုပ်စုများအတွက် ကြီးမားသည့် ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်စေခဲ့ပြီး ကာလရှည်ကြာ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ဖြစ်လာခဲ့သည့် သိသာထင်ရှားသည့် စိန်ခေါ်မှုများ အပေါ်တွင် စိန်ခေါ်မှု များ ထပ်မံ၍ ကြုံတွေ့စေပါသည်။ ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများသည် ကပ်ရောဂါအား ရင်ဆိုင်ဖြေရှင်းရန်နှင့် ကပ်ရောဂါမှ ပြန်လည်ထူထောင်ရန် တို့အတွက် ကြံ့ကြံ့ခံနိုင်စွမ်းအား အနည်းဆုံးသူများ ဖြစ်ပါသည်။ အခြေခံလိုအပ်ချက်များ လက်လှမ်းမီ ရယူနိုင်မှုအား ထိန်းသိမ်းထားနိုင်ရန်အတွက် ရရှိနိုင်သည့် ငွေကြေး အရင်းအမြစ်များမှာ လုံလောက်ရန် အလွန် ခက်ခဲနေပြီး ဝင်ငွေရရှိရန်အတွက် ရွေးချယ်စရာ နည်းလမ်းများ အလွန်နည်းပါးနေပါသည်။ အကြွေးဝန်ပိနေခြင်းနှင့် အကြွေးတင်ရှိနေမှုတို့နှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခြင်းများမှ COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် မကြာခဏဆိုသလို ဆက်တိုက် ဖြစ်ပေါ်နေသည့် ပြဿနာများအား ပိုမို ဆိုးရွားစေခဲ့ပါသည်။ ရင်းမြစ်များ မရှိခြင်းနှင့် အသွားအလာကန့်သတ်မှုများသည် အိမ်ထောင်စုများ အထူးသဖြင့် မွတ်စလင်မ် မိသားစုများအတွက် ယင်းတို့၏ အခြေခံ လိုအပ်ချက်များနှင့် ဆေးကုသစရိတ်များအတွက် အကြွေး ပိုမို ရယူရသည့် ရလဒ်ဖြစ်ပေါ်စေပါသည်။ အထူးသဖြင့် ကလေးငယ်များ ရှိသော မိသားစုများသည် အစားအသောက် ကူညီထောက်ပံ့ပေးရန်အတွက် မေတ္တာရပ်ခံ တောင်းဆိုမှုများ ပိုမိုများပြား လာခဲ့ပါသည်။ ဂုဏ်သိက္ခာပိုရှိစွာ နေထိုင်စားသောက်နိုင်သည့် အခြေအနေများအား တွေ့ကြုံခံစားနိုင်မည့် မျှော်လင့်ချက်များ လျော့နည်း ပျောက်ဆုံးသွားသောကြောင့် ကျား၊ မအခြေပြု အကြမ်းဖက်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် လူကုန်ကူးခံရခြင်း အန္တရာယ်များ ဆက်လက် ရှိနေပြီး ပိုမိုဆိုးရွားလာမည် ဖြစ်ပါသည်။

### ရခိုင်ပြည်နယ်တွင် COVID–19 ကပ်ရောဂါအား LIFT မှ တုံ့ပြန်ကာကွယ်ခြင်း

LIFT သည် ရခိုင်ပြည်နယ်တွင် COVID–19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် အရေးယူ ဆောင်ရွက်မှုများအား ချက်ချင်း ပေးအပ်နိုင်ရန်အတွက် လက်ရှိ ဆောင်ရွက်ဆဲ စီမံချက်များမှ ရှိဆဲအရင်းအမြစ်များကို ရယူအသုံးပြုခဲ့ပါသည်။ LIFT သည် International Labour Organization (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့)၊ Save the Children၊ Danish Refugee Council၊ International Rescue Committee၊ VisionFund Myanmar နှင့် Relief International တို့နှင့်အတူ ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင်သူ စခန်းများရှိ မွတ်စလင်မ်များ နှင့် ရခိုင်လူမျိုး သာမက ကျေးလက်နှင့် မြို့ပြဒေသများရှိ ပြည်သူများအား ကူညီပံ့ပိုးမှုများ ပေးအပ်ရန်အတွက် ဘတ်ဂျက်ချိန်ညှိမှု ပြုလုပ်ထားသည်များအား ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ စီမံကိန်းလုပ်ငန်းများအတွက် စုစုပေါင်း ဘတ်ဂျက် ကန်ဒေါ်လာ ၁ သန်း နီးပါး ခွင့်ပြုပေးခဲ့ပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်၌ ယင်း၏ ကူညီပံ့ပိုးမှုများ ရောက်ရှိမှုအား တိုးချဲ့ရန်နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းအားကောင်းစေရန် တို့အတွက် LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့သည် ရခိုင်ပြည်နယ်တွင် အသေးစား ရန်ပုံငွေ စီမံကိန်း ခွင့်ပြုပေးခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် အသေးစား ရန်ပုံငွေ စီမံကိန်းကို ၂၀၂၀ ခုနှစ် ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး COVID–19 ကပ်ရောဂါနှင့် ယင်း၏ လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုများမှ ပြန်လည်ထူထောင်ရန်အတွက် အားနည်းထိခိုက်လွယ်သည့် အုပ်စုများနှင့် ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများအား အကူအညီပေးရန် ရခိုင်ပြည်နယ်အခြေစိုက် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် (၁၈)လကြာ လုပ်ကိုင် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

---

၇၀။ မြန်မာနိုင်ငံ၏ စီးပွါးရေးအား စောင့်ကြည့်စစ်ဆေးခြင်း၊ ၂၀၂၀ခုနှစ် ဒီဇင်ဘာလ၊ COVID–19 ကပ်ရောဂါအား ကိုင်တွယ် ဖြေရှင်းခြင်း

၇၁။ မြန်မာနိုင်ငံတွင် အိမ်ထောင်စု ဝင်ငွေများနှင့် ဆင်းရဲနွမ်းပါးမှု အပေါ် COVID–19 ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများအား ဆန်းစစ်အကဲဖြတ်ခြင်း၊ ဘက်မလိုက်သော ထင်မြင်ယူဆချက်များ ဖော်ထုတ်သည့် ချဉ်းကပ်နည်းလမ်း Xinshen. Diao နှင့် Kristi Mahrt၊ IFPRI။ ၂၀၂၀ခုနှစ် ဇူလိုင်လ

၇၂။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အား ဆန်းစစ်သုံးသပ်ခြင်း၊ILO





ရခိုင်ပြည်နယ်တွင် LIFT ၏ ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ဆောင်ချက် အများစုအား ရောဂါပိုး ပြန့်နှံ့မှုကို တုံ့ပြန်ကာကွယ်ရန် ဒေသ အာဏာပိုင်များမှ ချမှတ်သည့် ကန့်သတ်ချက်များကြောင့် ရပ်ဆိုင်းထားခဲ့ပါသည်။ သို့သော် LIFT သည် ယင်း၏ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း ဖြစ်သည့် Save the Children နှင့်အတူ ပေါက်တောမြို့နယ်တွင် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ အတွက် မရှိမဖြစ် လိုအပ်သော အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ လှုပ်ရှားမှုများကို ဆက်လက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြင်းထန် နှင့် လတ်တလော အာဟာရ ချို့တဲ့သည့် ကလေးသူငယ်များအား ကုသပေးသည့် ပြင်ပလူနာ ကုသရေးအစီအစဉ် (OTP) စင်တာများ အား ရောဂါပိုး ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက် များနှင့် ကိုက်ညီစေရန်အတွက် လုပ်ငန်းလည်ပတ်မှုအား ပြင်ဆင် ညှိနှိုင်းပြီး ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် LIFT ၏ ရခိုင်စီမံကိန်းမှ COVID–19 ကပ်ရောဂါအတွက် ကူညီပံ့ပိုးမှုမှာ တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူ (၂၉၃,၃၇၃)ဦး (အမျိုးသမီး ၅၂%)ထံ ရောက်ရှိခဲ့သည့်အပြင် ထပ်မံ၍ နေရာ (၅၁၉) နေရာ (ကျေးရွာ ၃၂၂)ရွာ၊ ရပ်ကွက်(၁၂၈)ရပ်ကွက်၊ နေရပ် စွန့်ခွာ တိမ်းရှောင်သူ စခန်း (၆၉)ခု၊ ပြည်နယ်အတွင်းရှိ မြို့နယ် (၁၇) မြို့နယ်မှ ဆေးရုံ (၆)ရုံနှင့် အသွားအလာ ကန့်သတ် စောင့်ကြည့်ရာ နေရာ (၁၇)ခုတို့မှ သွယ်ဝိုက်၍ အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ (၁၇၈,၀၂၅)ဦးထံ ရောက်ရှိခဲ့ပါသည်။ ထို့အပြင် လူမှုဝန်ထမ်း ဦးစီးဌာနနှင့်အတူ ရခိုင်ပြည်နယ်တွင် MCCT အကျိုးခံစားခွင့်ရှိသူများအား COVID–19 ကပ်ရောဂါ ဆိုင်ရာ ကူညီပံ့ပိုးမှုပေးအပ်ခဲ့ရာ ပြည်တွင်း နေရပ် စွန့်ခွာ တိမ်းရှောင်သူ (၃,၅၆၄)ဦး အပါအဝင် တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူ (၁၃၇,၆၃၂)ဦးထံ ရောက်ရှိခဲ့ ပါသည်။

LIFT သည် ရခိုင်ပြည်နယ်၏ လိုအပ်ချက်များနှင့် ကွာဟချက်များကို ရှာဖွေဖော်ထုတ်ရန်နှင့် တုံ့ပြန် ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းရန်နှင့် ကိုက်ညီမှုရှိစေရန် တို့အတွက် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ၊ အခြား လှုပ်ရှားဆောင်ရွက်သူများနှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ LIFT ၏ တုံ့ပြန်ကာကွယ်မှုသည် အသိပညာပေးခြင်းမှတဆင့် အားနည်းထိခိုက်လွယ်သည့် ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင်သူများ၊ ဌာနေ လူမှုအသိုက်အဝန်းများ၊ ကျေးလက်နှင့်မြို့ပြရှိ ပြည်သူများအကြား ရောဂါပိုး ပြန့်နှံ့မှုအား တုံ့ပြန်ကာကွယ်ခြင်း အပေါ်၌ အာရုံစိုက်ခဲ့ပါသည်။ ယင်းအား အောက်ပါတို့ မှတဆင့် လုပ်ဆောင်ခဲ့ပါသည် –

- » အားနည်းထိခိုက်လွယ်မှုအများဆုံး အုပ်စုများ အထူးသဖြင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများရှိ ကလေးသူငယ်များနှင့် အမျိုးသမီးများထံ မရှိမဖြစ် လိုအပ်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ကူညီ ထောက်ပံ့မှုအား ထောက်ပံ့ပေးခြင်းနှင့် လက်လှမ်းမီ ရယူနိုင်မှုအား ဆက်လက် ထိန်းသိမ်းထားခြင်း
- » ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် WASH ဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများ၊ PPE ထုတ်လုပ်ခြင်း၊ ကျန်းမာရေး လုပ်သား များနှင့် စေတနာ့ဝန်ထမ်းများအား ဦးတည်ရည်ရွယ်သည့် PPE ထောက်ပံ့မှု၊ အသွားအလာကန့်သတ် စောင့်ကြည့်ရာ နေရာများ ထူထောင် ခြင်းနှင့် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း တို့မှတဆင့် ရောဂါ ကူးစက်မှု ကာကွယ် တားဆီးရေးနှင့် ထိန်းချုပ်ရေး အားပိုမိုတိုးတက် ကောင်းမွန်စေခြင်းဖြင့် Access to Health ရန်ပုံငွေနှင့် အခြားပတ်သက် ဆက်နွယ်သူ များမှ ပံ့ပိုးပေးသည့် အကူအညီ အား ဖြည့်ဆည်း ပေးခြင်း
- » ငွေကြေးထောက်ပံ့မှုများနှင့် အသေးစားနှင့် အငယ်စားစီးပွားရေး လုပ်ငန်းများအား ကူညီပံ့ပိုးပေးခြင်း မှတဆင့် သက်မွေးဝမ်းကျောင်းမှုနှင့် ဝင်ငွေဆုံးရှုံးမှုတို့အား ကြုံတွေ့နေရသည့် အားနည်း ထိခိုက်လွယ်သည့် ပြည်သူများအပေါ် COVID–19 ကပ်ရောဂါ၏ လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာ သက်ရောက်မှုများအား လျော့ပါးသက်သာစေခြင်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) သည် ၂၀၂၀ ခုနှစ် စက်တင်ဘာလ ယင်း၏ စီမံချက် မပြီးဆုံးမီအချိန်အထိ ရခိုင်ပြည်နယ်ရှိ ကျေးရွာ (၃၄)ရွာနှင့် ရပ်ကွက် (၅၄)ခု တို့မှ သက်ကြီးရွယ်အို (၂,၃၀၄)ဦးနှင့် မသန်စွမ်းသူ (၂၈၅)ဦး အပါအဝင် လူဦးရေ (၂၂,၆၁၉)ဦးထံ အကူအညီ များ တိုက်ရိုက် ရောက်ရှိခဲ့ပါသည်။ ILO သည် လက်ဆေးသည့်နေရာ (၃၄)ခုအား တည်ဆောက်ခဲ့ပြီး အသိပညာပေး ပိုစတာကြီး (၆၄)ခုအား စိုက်ထူခဲ့ကာ အိမ်ထောင်စု တကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းအစုံ (၄,၄၀၀) ခုအား ဖြန့်ဝေပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း တက်လမ်း–၂ စီမံချက် လုပ်ငန်းများ အား ၂၀၂၀ ခုနှစ် အောက်တိုဘာလ စီမံချက်ပြီးဆုံးချိန်အထိ ဆက်လက် ရပ်နားထားခဲ့ သော်လည်း အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (IRC) မှ ၂၀၂၀ ခုနှစ် ဧပြီလတွင် လတ်တလော ဆန်းစစ်အကဲဖြတ်မှုအား ပြုလုပ်ပြီးသည့် နောက်ပိုင်းတွင် IDP စခန်း (၉)ခုတွင် WASH ဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ခြင်း၊ မြေပုံနှင့် မင်းပြားမြို့နယ်များရှိ ကျေးရွာ (၃၉)ရွာနှင့် မြေပုံမြို့နယ်ရှိ စခန်း(၉)ခုတွင် အသိပညာပေးခြင်း တို့ဖြင့် LIFT ၏ COVID–19 ကပ်ရောဂါ တုံ့ပြန် ကာကွယ် ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား ပံ့ပိုးကူညီခဲ့ပါသည်။ ဤကူညီပံ့ပိုးမှုမှ အကျိုးခံစားခွင့်ရှိသူ (၂၀,၂၃၂)ဦး (အမျိုးသမီး ၅၇%) ထံ ရောက်ရှိခဲ့ ပါသည်။

COVID–19 ကပ်ရောဂါဆိုင်ရာ အသိပညာပေးသည့် ဆင့်ပွားသင်တန်းများအား ရပ်ရွာလူထု အာဟာရဖွံ့ဖြိုးမှု မြှင့်တင်သူများ၊ ရပ်ရွာလူထု တကိုယ်ရေ သန့်ရှင်းရေးမြှင့်တင်ပေးသူများနှင့် လေ့ကျင့်သင်ကြားပေးထားသည့် ကျေးလက် ဖွံ့ဖြိုးရေး ကော်မတီများ၏ ကွန်ရက်များမှ တဆင့် ပို့ချပေးခဲ့ပြီး စုစုပေါင်း (၄,၅၀၅)ဦး (အမျိုးသမီး ၇၇%) ထံ ရောက်ရှိခဲ့ပါသည်။ တကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းများအား ခန့်မှန်းခြေ အိမ်ထောင်စု (၂,၇၂၃)စု ထံ ဖြန့်ဝေပေးခဲ့သဖြင့် မြေပုံမြို့နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ (၂,၇၁၄)ဦး အပါအဝင် ခန့်မှန်းခြေ (၁၁,၇၀၉)ဦးအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ စီမံချက်မှ အသွားအလာကန့်သတ် စောင့်ကြည့်ရာနေရာ အတွက် လက်ဆေးသည့်နေရာ (၆)ခု၊ အိမ်သာ(၂) လုံး နှင့် ၅၀၀ လီတာဆန့် ရေကန် (၂)ခုတို့အား တည်ဆောက်တပ်ဆင်ပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ် မတ်လကုန်မှစတင်၍ အုပ်စုများတွင် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်း များအား တနှစ်လုံး မပြုလုပ်ဘဲ ရွှေ့ဆိုင်းခဲ့ပါသည်။ သို့သော် Save the Children သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) ၏ COVID–19 ကပ်ရောဂါ ဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာ၍ Tat Lan Plus စီမံချက်၏ ရှင်သန်နေထိုင်နိုင်ရေး ပံ့ပိုးမှုလုပ်ငန်း များကို ဆက်လက် ထိန်းသိမ်း ဆောင်ရွက်ခဲ့ပါသည်။ ယင်းလှုပ်ရှားဆောင်ရွက်မှုများတွင် လက်မောင်းလုံးပတ်တိုင်းတာခြင်း (mid–upper arm circumference MUAC) (IDP စခန်းများ၌သာ)၊ ပြင်းထန်နှင့် အတန်အသင့် အာဟာရချို့တဲ့သည့် ကလေးသူငယ်များအား ကုသပေးသည့် အာဟာရကုသမှု ဌာန (OTP) များသို့ ညွှန်းပို့ပေးခြင်းနှင့် ပေါက်တော နှင့် စစ်တွေရှိ IDP စခန်းများ၌ တစ်ဦးချင်း ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးခြင်းတို့ ပါဝင်ခဲ့ပါသည်။ မိခင် ခေါင်းဆောင်များ၊ စိန်ခေါ်မှုများအား ကြုံတွေ့နေရသည့် ကိုယ်ဝန်ဆောင်/ နို့တိုက်မိခင်များနှင့် ပြုလုပ်သည့် တစ်ဦးချင်း ကျန်းမာရေးဆိုင်ရာ ပညာပေးခြင်းများကို ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။ Save the Children မှလည်း PPE အစုံ (၄၀၀)အား ပြည်နယ် ကျန်းမာရေးဦးစီးဌာနထံ ပံ့ပိုးပေးခဲ့ပါသည်။ အများပြည်သူထံ အသိပေးကြေညာချက်များအား အသံချဲ့စက်များ၊ ကြော်ငြာဆိုင်းဘုတ်ကြီးများ၊ လက်ကမ်းစာစောင်များမှ တဆင့် ကြေညာ ပေးခြင်းမှတဆင့် အသိပညာပေးသည့် လုပ်ငန်းနှင့် မိုဘိုင်းလ်ဖုန်းများ မှတဆင့် COVID–19 ကပ်ရောဂါဆိုင်ရာ သတင်းစကားများနှင့် သတင်းအချက်အလက်များ အား ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ Save the Children သည် WASH ဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပြီး ပေါက်တောနှင့် စစ်တွေမြို့နယ်များရှိ IDP စခန်း(၄)ခုနှင့် ကျေးရွာ (၃၂)ရွာမှ လူပေါင်း (၂၅,၇၄၄)ဦးထံ ဆပ်ပြာ (၈၈,၉၈၄)တုံးအား ပံ့ပိုး ကူညီပေးခဲ့ ပါသည်။ ရခိုင်ပြည်သို့ ပြန်ပို့ခံရသည့် မွတ်စလင်မ် အကျဉ်းသားဟောင်းများအတွက် ဖွင့်လှစ်ထားသည့် အုန်းတောကြီး စခန်းအနီးရှိ အသွားအလာ ကန့်သတ် စောင့်ကြည့်ရာနေရာ တွင်လည်း WASH ဆိုင်ရာ ကူညီပံ့ပိုးမှု ပေးခဲ့ပါသည်။ Save the Children သည် ပေါက်တောမြို့တွင် နှာခေါင်းစည်းများ ထုတ်လုပ်သည့် အပ်ချုပ်သူ (၃၀)ဦးနှင့် Cash–for–Work အစီအစဉ်မှတဆင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ထို့နောက် အဆိုပါ နှာခေါင်းစည်းများအား လူဦးရေ (၁၁,၅၁၄)ဦး (အမျိုးသမီး ၅၀%) ထံ ဖြန့်ဝေပေးခဲ့ ပါသည်။ Save the Children သည် အဝေးမှ သင်ယူလေ့လာနိုင်သည့် စီမံဆောင်ရွက်မှုများဖြင့် ငွေရေးကြေးရေး ဆိုင်ရာ အသိပညာပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း များ အား ၂၀၂၀ ခုနှစ် နောက်ဆုံး သုံးလပတ်တွင် ပြန်လည် စတင်ပို့ချခဲ့ပါသည်။

Danish Refugee Council (DRC) နှင့် Norwegion Refugee Council (NRC) တို့သည် ရခိုင်ပြည်နယ်တွင် ရပ်ရွာလူထုအဆင့် တုံ့ပြန် ကာကွယ်ရေး ပိုမိုခိုင်မာအားကောင်းစေခြင်း၊ COVID–19 ကပ်ရောဂါကြောင့် ဖြစ်ပွားခဲ့သည့် စီးပွားရေးဆိုင်ရာ အကျပ်အတည်း အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ကာကွယ်ခြင်း တို့အတွက် ဦးတည်၍ စီမံကိန်း အရင်းအမြစ်များအား အဓိကထား ၍ ဦးစားပေး လုပ်ဆောင်ခဲ့ပါသည်။ ယင်းတို့တွင် WASH ဆိုင်ရာ ကူညီပံ့ပိုးပေးခြင်း၊ အစားအသောက် မဟုတ်သည့် ပစ္စည်းများ၊ တကိုယ်ရေ သန့်ရှင်းရေး သုံးပစ္စည်းများ၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းနှင့် COVID–19 ကပ်ရောဂါ ကြံ့ကြံ့ခံခြင်းဆိုင်ရာ မဟာဗျူဟာ များအား စီးပွားရေး လုပ်ငန်းရှင်များမှ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကူညီပေးရန်အတွက် အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများထံ စီးပွားရေး ဆိုင်ရာ ငွေကြေးထောက်ပံ့မှုတို့ ပါဝင်ခဲ့ပါသည်။ ပညာပေးခြင်းနှင့် တကိုယ်ရေ သန့်ရှင်းရေးအား မြှင့်တင်ပေးခြင်း တို့မှတဆင့် လူငယ် (၅,၆၀၀)ဦး (အမျိုးသမီး ၄၈%) ထံ ရောက်ရှိခဲ့ပါသည်။ စီမံချက်မှ COVID–19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ခြင်းနှင့် တုံ့ပြန်ကာကွယ်ခြင်း တို့နှင့် ကိုက်ညီသည့် TVET သင်တန်းများတွင် လေ့ကျင့်သင်ကြားပေးခဲ့သည့် ပါဝင် တက်ရောက်သူများနှင့် ထိတွေ့ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် TVET အစိတ်အပိုင်းတွင် လက်ရှိ စွမ်းဆောင်နိုင်မှုများအပေါ်၌ ရင်းနှီးမတည်နိုင်ရန် လုပ်ဆောင်ခဲ့ပါသည်။ ပြန်လည် အသုံးပြု၍ရသော နှာခေါင်းစည်း များနှင့် မျက်နှာကာများ ထုတ်လုပ်ရန်အတွက် Cash for Work အစီအစဉ် မှတဆင့် အပ်ချုပ်သင်တန်း ပြီးစီးအောင်မြင်စွာ တက်ရောက်ခဲ့သည့် သူများအား ခေါ်ယူအသုံးပြုခဲ့ပါသည်။ အဆိုပါ ပစ္စည်းများအား ဖြန့်ဝေပေးခြင်းမှ လူဦးရေ (၃၁,၂၃၁)ဦး အကျိုးခံစားခဲ့ရပြီး ဖြန့်ဝေရာတွင် စခန်းများရှိ အားနည်းထိခိုက်လွယ်သည့် အုပ်စုများအား ဦးစားပေး ဖြန့်ဝေခဲ့ပါသည်။ စီမံချက်၏ သင်ကြားပို့ချခြင်းဆိုင်ရာအပိုင်း တွင် အများစု အား အွန်လိုင်းမှ သင်ကြားပေးခြင်းဆီသို့ ရွှေ့ပြောင်းခဲ့ပါသည်။ လူငယ်များအတွက် ပိုမိုကောင်းမွန်သည့် လေ့လာ သင်ယူခြင်း ဆိုင်ရာ အစီအစဉ် သည် စိတ်လူမှုဆိုင်ရာ ကူညီပံ့ပိုးမှု ပေးအပ်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်းတို့အပေါ် အာရုံစိုက်ခဲ့ပြီး နှစ်အကုန်တွင် လူငယ် (၁,၅၀၄)ဦး (အမျိုးသမီး ၅၀%) ထံ ရောက်ရှိခဲ့ပါသည်။

Relief International သည် အမျိုးသမီး (၃)ဦးနှင့် ကလေး (၂)ဦး အပါအဝင် အကျဉ်းထောင်မှ လွတ်မြောက်လာသည့် မွတ်စလင်မ် (၉၂ ဦး) နားခိုရန်အတွက် အသုံးပြုသည့် မြောက်ဦးမြို့နယ် ကျေးရွာများရှိ အခြေခံ မူလတန်းနှင့် အလယ်တန်းကျောင်း (၃)ကျောင်းတွင် အသွားအလာ ကန့်သတ် စောင့်ကြည့်ရာနေရာ များအတွက် အိမ်သာ (၁၀)လုံး၊ လက်ဆေးသည့် နေရာ (၁၀)နေရာ၊ ရေချိုးသည့်နေရာ (၃) နေရာနှင့် သောက်ရေ ကန် (၃)ခု တို့အား တည်ဆောက်ပေးခဲ့ပါသည်။ တည်ဆောက် ပေးခဲ့သည် များသည် SPHERE စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိခဲ့ပြီး ကျောင်းရှိ လက်ရှိ အထောက်အပံ့များအား ပိုမို အားဖြည့်ပေးခဲ့ကာ အမြဲတမ်းရှိနေမည့် အခြေခံအဆောက်အဦအဖြစ် ဆက်လက် ကျန်ရှိနေမည် ဖြစ်ပါ သည်။ Relief International မှ အစားအစာ မဟုတ်သည့် မရှိမဖြစ်လိုအပ်သော အသုံးဆောင်ပစ္စည်းအစုံအား အဆိုပါ (၉၂)ဦးအားလည်း ပံ့ပိုးကူညီပေးခဲ့ပါသည်။ မြေပုံတွင် Relief International သည် COVID–19 ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက် အသစ်များနှင့် ချိန်ညှိကာ တောင်ပေါ်စခန်းရှိ LIFT မှ ရန်ပုံငွေ ထောက်ပံ့ ပေးသည့် စီမံချက်အောက်ရှိ စီမံကိန်းလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စောင့်ကြည့် စစ်ဆေးခြင်းတွင် စီမံချက် အဖွဲ့များမှ မြေပုံမြို့နှင့် တောင်ပေါ် IDP စခန်းတို့၌ အဓိက သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ရန် ကျန်ရှိနေပါသေးသည်။

မိတ်ဖက်အဖွဲ့အစည်း မေတ္တာဖောင်ဒေးရှင်းမှ ရခိုင်လူမှုအဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်နေသည့် အသေးစား ထောက်ပံ့မှု ရန်ပုံငွေ သည် LIFT အား ရခိုင်ပြည်နယ်တွင် COVID–19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ကာကွယ်သည့် စွမ်းဆောင်ရည်များ သိသိသာသာ တိုးတက်စေရန် အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် (၆)လ လုပ်ငန်းလည်ပတ် ဆောင်ရွက်ရာ၌ ရန်ပုံငွေသည် (၃)လမှ (၆)လ အထိ ကြာမြင့်သည့် စီမံချက်များ





အတွက် ထောက်ပံ့မှု (၃၅)ခုအား ရခိုင်ပြည်နယ် အခြေစိုက် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်မှု လက်မှတ်ရေးထိုး ခဲ့ပါသည်။ အဆိုပါ ထောက်ပံ့မှု များမှတဆင့် ပေးအပ်သည့် ကူညီပံ့ပိုးမှုသည် ယခင် LIFT မှ ရောက်ရှိခဲ့ခြင်း မရှိသည့် ဒေသများမှ အားနည်း ထိခိုက်လွယ် သည့် အုပ်စုများထံ ရောက်ရှိခဲ့ပါသည်။ ရပ်ရွာလူထု အခြေပြု အသွားအလာကန့်သတ် စောင့်ကြည့်ရာနေရာ များအား ကူညီပံ့ပိုးပေးခြင်း၊ ကာလတို အတွက် အစားအသောက်နှင့် ငွေကြေးထောက်ပံ့ပေးခြင်း၊ PPE နှင့် တကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများ ဖြန့်ဝေပေးခြင်းနှင့် COVID–19

| ပါဝင်သည့်အဖွဲ့အစည်း | စီမံချက်အမည် | အဓိကလှုပ်ရှား ဆောင်ရွက်မှုများ | စီမံချက်ကာလ | လွှမ်းခြုံသည့်ဒေသများ |
|---|---|---|---|---|
| **Metta** | အသေးစားထောက်ပံ့မှု ရန်ပုံငွေ | COVID–19 ကပ်ရောဂါ တားဆီး ကာကွယ်ခြင်းနှင့် ပြန်လည်ထူ ထောင်ခြင်း အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးပေါ် ကူညီထောက်ပံ့မှု | ၂၀၂၀ ဇူလိုင်<br>–<br>၂၀၂၁ နိုဝင်ဘာ | ရခိုင်ပြည်နယ်ရှိ မြို့နယ် များအားလုံး |
| **Danish Refugee Council (DRC) and Norwegian Refugee Council (NRC)** | ရခိုင်ပြည်နယ်ရှိ စခန်းများ နှင့် စခန်းပြင်ပရှိ လူငယ်များ အတွက် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်း နှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အခွင့်အလမ်းများ – ဒုတိယ အဆင့် | အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း | ၂၀၁၉ ဇန်နဝါရီ<br>–<br>၂၀၂၀ ဒီဇင်ဘာ | စစ်တွေနှင့် မောင်တော မြို့နယ် များ |
| **International Labour Organization (ILO)** | ပိုမိုကောင်းမွန်သည့် အသက် မွေးဝမ်းကျောင်းမှု၊ စီးပွားရေး အခွင့်အလမ်းများနှင့် ဘေးကင်း လုံခြုံမှုများ ရှိစေ မည့် ကျွမ်းကျင်မှုများ | ရခိုင်ပြည်နယ်တွင် အားလုံးပါဝင် သည့် TVET ဆိုင်ရာ မူဝါဒ ဖွံ့ဖြိုး တိုးတက်ရေး ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက် စေရန် အမျိုးအစား စုံလင်ပြီး ပြုလွယ်ပြောင်းလွယ်ရှိသည့် ချဉ်းကပ်နည်းလမ်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ၂၀၁၇ ဇူလိုင်<br>–<br>၂၀၂၀ စက်တင်ဘာ | စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ဂွ၊ ဗူးသီးတောင် နှင့် မောင်တော မြို့နယ်များ |
| **International Rescue Committee (IRC)**[72] | တက်လမ်း – ရေရှည် ရိက္ခာ ဖူလုံမှုနှင့် အသက်မွေးဝမ်း ကျောင်းမှု စီမံကိန်း – အဆင့် ၂ | စိုက်ပျိုးရေးနည်းပညာ ကူညီ ပံ့ပိုး ပေးခြင်း မိခင်အချင်းချင်း ရိုင်းပင်း ကူညီသည့် အုပ်စုများ WASH ဆိုင်ရာ အခြေခံ အဆောက်အဦနှင့် တကိုယ်ရေ သန့်ရှင်းရေးအား မြှင့်တင်ခြင်း | ၂၀၁၆ ဇန်နဝါရီ<br>–<br>၂၀၂၀ အောက်တိုဘာ | မြေပုံနှင့် မင်းပြား မြို့နယ်များ |
| **PATH**[74] | မြန်မာနိုင်ငံတွင် အားဖြည့် ဆန်အား မိတ်ဆက်ခြင်း | မြန်မာနိုင်ငံတွင် အားဖြည့်ဆန်အား မိတ်ဆက်ခြင်း | ၂၀၁၃ အောက်တိုဘာ<br>–<br>၂၀၂၀ ဇွန် | စစ်တွေနှင့် ကျောက်တော် မြို့နယ် များ |
| **UNOPS/LIFT** | Rakhine Communication Hub (RCH) | ဒေသခံ လူမှုအသိုက်အဝန်းများ၊ မီဒီယာနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း<br>မီဒီယာထုတ်လုပ်မှုသင်တန်း | ၂၀၁၉ ဇူလိုင်<br>–<br>၂၀၂၁ ဇွန် | ရခိုင်ပြည်နယ် |
| **Relief International (RI)** | ရခိုင်ပြည်နယ် မြောက်ဦးနှင့် မြေပုံတွင် ကာလရှည်ကြာ ဖြစ်ပွားနေသည့် နေရပ် စွန့်ခွာ တိမ်းရှောင်ခြင်း ပြဿနာအား ဖြေရှင်းရန် တုံ့ပြန် ဆောင်ရွက်သည့် စီမံချက် | အသက်မွေးဝမ်းကျောင်းမှုများနှင့် လူမှု ပြန်လည်ပေါင်းစည်းမှု ဆိုင်ရာ ဝန်ဆောင်မှုများ ခိုင်မာ အားကောင်းစေခြင်း<br>ပြန်လည်ထူထောင်သည့် လုပ်ငန်းစဉ်အား ကူညီပံ့ပိုးပေးရန် ဝန်ဆောင်မှုများ ပေးအပ်ခြင်း<br>ကာကွယ်စောင့်ရှောက်မှုအား စောင့်ကြည့် စစ်ဆေးခြင်းနှင့် ယန္တရားများ | ၂၀၁၉ ဇန်နဝါရီ<br>–<br>၂၀၂၁ ဒီဇင်ဘာ | မြေပုံနှင့် မြောက်ဦး မြို့နယ်များ |
| **Save the Children (SCI)** | Tat Lan Plus | လူမှုအသိုက်အဝန်းများ အားလုံးရှိ ဦးတည်ရည်ရွယ်သည့် အိမ်ထောင်စု များမှ အမျိုးသား၊ အမျိုးသမီး၊ မိန်းကလေးငယ်များ နှင့် ယောကျ်ားကလေးများ အတွက် အာဟာရဖွံ့ဖြိုးမှု တိုးတက် ကောင်းမွန် လာစေခြင်း ခိုင်မာ အားကောင်း သည့် ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ ဝန်ဆောင်မှုများနှင့် WASH ဆိုင်ရာ အသုံးအဆောင် ပစ္စည်းများ | ၂၀၁၉ ဇန်နဝါရီ<br>–<br>၂၀၂၁ ဇွန် | စစ်တွေနှင့် ပေါက်တော မြို့နယ် များ |
| **Vision Fund Myanmar (VFM)** | ရခိုင်ပြည်နယ်အလယ်ပိုင်း တွင် ငွေကြေးဆိုင်ရာ အားလုံး ပါဝင်စေမှု | ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ လူမှု အသိုက်အဝန်းများတွင် ရေရှည် တည်တံ့ပြီး အားလုံး ပါဝင်စေ သည့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခြင်း | ၂၀၁၈ စက်တင်ဘာ<br>–<br>၂၀၂၁ စက်တင်ဘာ | စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ ကျောက်ဖြူ၊ ရမ်းဗြဲ မြို့နယ်များ |
| **World Food Programme (WFP)** | မြန်မာတနိုင်ငံလုံးတွင် အားဖြည့်ဆန် ထုတ်လုပ်မှု နှင့် စားသုံးမှုကို မြှင့်တင်ခြင်း | အရေးပေါ်/ ကယ်ဆယ်ရေး အစီအစဉ်မှတဆင့် အကြပ် အတည်းနှင့် ကြုံတွေ့နေရသည့် သူများထံ အားဖြည့်ဆန်အား ဖြန့်ဖြူးပေးခြင်း | ၂၀၁၇ ဩဂုတ်<br>–<br>၂၀၂၀ ဇွန် | ရခိုင်ပြည်နယ် အပါအဝင် တနိုင်ငံလုံး |

၇၃။ မသွားလာနိုင်ခြင်း မရှိခြင်းကြောင့် ၂၀၂၀ ခုနှစ် ဇန္နဝါရီလတွင် စီမံချက်အား ဆိုင်းငံ့ထားခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် WASH လုပ်ငန်း၌ COVID–19 ကပ် ရောဂါအား ကာကွယ်တားဆီးရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ပါသည်။

၇၄။ စီမံချက်သည် နိုင်ငံ၏ အခြားဒေသများတွင်လည်း ဆောင်ရွက်နေပါသည်။

| ပါဝင်သည့်အဖွဲ့အစည်း | စီမံချက်အမည် | အဓိကလှုပ်ရှား ဆောင်ရွက်မှုများ | စီမံချက်ကာလ | လွှမ်းခြုံသည့်ဒေသများ |
|---|---|---|---|---|
| Yoma Bank | စိုက်ပျိုးစီးပွား ငွေကြေးထောက်ပံ့မှု အစီအစဉ် (Yoma Bank AFP) | စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်း | ၂၀၁၅ ဒီဇင်ဘာ<br>–<br>၂၀၂၀ ဇွန် | ရခိုင်ပြည်နယ် အပါအဝင် တနိုင်ငံလုံး |
| United Nations Capital Development Fund (UNCDF) | မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခဲ့ခြင်း မရှိစေရ | နည်းပညာအကူအညီနှင့် အားလုံး ပါဝင်စေသည့် ငွေရေးကြေးရေး ကဏ္ဍအား ငွေကြေးထောက်ပံ့မှုမှ တဆင့် MFI များ ခိုင်မာအားကောင်းစေခြင်း | ၂၀၁၉ ဒီဇင်ဘာ<br>–<br>၂၀၂၂ ဒီဇင်ဘာ | ရခိုင်ပြည်နယ် အပါအဝင် တနိုင်ငံလုံး |
| Pact Global Microfinance Fund (PGMF) | အားနည်းထိခိုက်လွယ်သည့် ပတ်ဝန်းကျင်တွင် အသက် မွေးဝမ်းကျောင်းမှု တိုးတက် စေခြင်း | ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု များအား လက်လှမ်းမီ ရယူနိုင်ခြင်း | ၂၀၁၉ အောက်တိုဘာ<br>–<br>၂၀၂၂ ဇွန် | ရခိုင်ပြည်နယ် အပါအဝင် တနိုင်ငံလုံး |
| Microfinance Delta International Company Limited (MIFIDA) | အသေးစားငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာ အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း | MFI များ၏ အတိုးနှုန်းသက်သာသော ငွေကြေးဝန်ဆောင်မှုအား လက်လှမ်းမီ ရယူနိုင်ရန် ကူညီ ပံ့ပိုးပေးခြင်း၊<br>MFI များ၏ စွမ်းဆောင်ရည်နှင့် တစ်ဦးချင်း ချေးငှားသူများ အတွက် ရန်ပုံငွေများ ရရှိနိုင်မှု ဆက်လက် တိုးတက်ကြီးထွား လာစေရန် MFI များအား အခြေအနေ တစ်ရပ် ဖြစ်ပေါ် အောင် ဆောင်ရွက်ပေးခြင်း | ၂၀၂၀ ဖေဖော်ဝါရီ<br>–<br>၂၀၂၄ ဇန်နဝါရီ | ရခိုင်ပြည်နယ် အပါအဝင် တနိုင်ငံလုံး |

*ဇယား ၅.၁ – ရခိုင်ပြည်နယ်ရှိ LIFT မှ ပံ့ပိုးပေးသည့် စီမံချက်များ*

ကပ်ရောဂါ ဆိုင်ရာ အသိပညာပေးခြင်း အပါအဝင် စီမံကိန်းလုပ်ငန်းအမျိုးမျိုးဖြင့် ပေးအပ်ခဲ့ပါသည်။ နှစ်အကုန်တွင် ပံ့ပိုးပေးသည့် CSO များမှ လူဦးရေ (၁၁၅,၉၅၁)ဦး (အမျိုးသမီး ၅၃%)ထံ ရောက်ရှိခဲ့ပါသည်။
ခရီးသွားလာမှုများ၊ စုရုံးနိုင်သည့် လူအရေအတွက်နှင့် ကွင်းဆင်းဆောင်ရွက်နိုင်သည့် စီမံကိန်းလုပ်ငန်း အမျိုးအစားများအား အတည်ပြု ကန့်သတ်လိုက်သည်များကြောင့် COVID–19 ကပ်ရောဂါသည် ရခိုင်ပြည်နယ်၌ ၂၀၂၀ ခုနှစ်တွင် LIFT မှ လုပ်ဆောင်ရန် ရည်ရွယ်ထားသော စီမံကိန်း လုပ်ငန်းများ အပေါ်၌ အကြီးအကျယ် သက်ရောက်မှု ရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ် မတ်လနှောင်းပိုင်းမှ စတင်၍ ၂၀၂၀ ခုနှစ် နှစ်အကုန်အထိ ရခိုင်ပြည်နယ်ရှိ အာဏာပိုင်များမှ မရှိမဖြစ် လိုအပ်သော စီမံကိန်းလုပ်ငန်း များ (သို့) COVID–19 ကပ်ရောဂါ အတွက် သီးသန့် လှုပ်ရှားဆောင်ရွက်မှုများကိုသာ လုပ်ကိုင် ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပါသည်။ လုံခြုံရေး အခြေအနေများ ဆိုးရွားလာခဲ့ပြီး ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းသို့ ခရီးသွားလာခွင့်တောင်းခံမှု အများစုအား ဒေသ အာဏာပိုင်များမှ အစဉ်တစိုက် ငြင်းပယ်မှုများကြောင့် COVID–19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် ကန့်သတ်မှုများသည် လက်ရှိ ဖြစ်ပေါ်နေသည့် လုပ်ငန်းလည်ပတ်မှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စိန်ခေါ်မှုများကို ပိုမိုဆိုးရွား စေခဲ့ပါသည်။ ခြုံငုံကြည့်လျှင် ၂၀၂၀ ခုနှစ် နှစ်ကုန်၌ LIFT သည် COVID–19 ကပ်ရောဂါ မဖြစ်ပွားမီက ကူညီပံ့ပိုးပေးရန်အတွက် အစီအစဉ် ရေးဆွဲထားသည့် လူဦးရေ (၇၄,၈၄၇)ဦး (အမျိုးသမီး ၅၅%) ထံ ရောက်ရှိခဲ့ပြီး ၂၀၂၀ ခုနှစ်အတွက် ချမှတ်ထား သည့် ရည်မှန်းချက်၏ ၈၀% ကို ပြီးစီး အောင်မြင်ခဲ့ပါသည်။

**မရှိမဖြစ် လိုအပ်သော အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအား ဆက်လက် ဆောင်ရွက်ခြင်း**

အထူးသဖြင့် လတ်တလော ပြင်းထန် အာဟာရချို့တဲ့နေသည့် ကလေးသူငယ်များ ပုညက်မှု မဖြစ်ပွားအောင် ကာကွယ်တားဆီးခြင်း၊ စစ်ဆေး ပေးခြင်း၊ ညွှန်းပို့ပေးခြင်းနှင့် ကုသပေးခြင်း ကဲ့သို့သော မရှိမဖြစ် လိုအပ်နေသည့် လှုပ်ရှား ဆောင်ရွက်မှု များအား လက်ရှိ စခန်းများ/ ကျေးရွာများ အခြေပြုသည့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ကွန်ရက်များမှတဆင့် ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ အစိုးရ ကျန်းမာရေး ဝန်ထမ်းများနှင့် ကျန်းမာရေး လုပ်သားများအား COVID–19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေး အတွက် အပြည့်အဝ တာဝန်ပေး ထားသည့် အတွက်ကြောင့် အထူးသဖြင့် အားနည်းထိခိုက်လွယ်သည့် အမျိုးသားများနှင့် ကလေးသူငယ်များ အတွက် အာဟာ ရဖွံ့ဖြိုးမှု ဆိုင်ရာ ဆွေးနွေးတိုင်ပင် လမ်းညွှန် ပေးခြင်းနှင့် ကူညီပံ့ပိုးပေးခြင်းတို့အား အနိမ့်ဆုံးထိန်းသိမ်း ဆက်လက် ဆောင်ရွက်ရန်အတွက် မိခင်ခေါင်းဆောင်များကဲ့သို့သော လွှမ်းမိုးနိုင် သည့် ပတ်သက်ဆက်နွယ်သူများအား ခေါ်ယူအသုံးပြုခြင်းမှာ ဖြေရှင်း နည်းလမ်းတစ်ခု ဖြစ်ခဲ့ပါသည်။ အသွားအလာကန့်သတ်ထားသည့် ကာလ (သို့) ခရီးသွား ခွင့်တောင်းခံ ခြင်းအား ငြင်းပယ်သည့် ကာလအတွင်း ရပ်ရွာလူထု အခြေပြုအာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများ၏ တာဝန်ယူပေးမှုဖြင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအား ဆက်လက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ တာဝန်ယူ ဆောင်ရွက် နိုင်ခြင်းမှာ အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးသူငယ်များနှင့် ပုံမှန်ထက်လျော့နည်းသော်လည်း အရေးပါသည့် ထိတွေ့ ဆက်ဆံမှုများ ဆက်လက်လုပ်ဆောင်နိုင်ခြင်းနှင့် စစ်ဆေးပေးခြင်းနှင့် ပြင်းထန် အာဟာရချို့တဲ့ ဝေဒနာခံစားနေရသည့် ကလေးသူငယ်များအား ကုသ ကျွေးမွေးရေးဌာနများသို့ ညွှန်းပို့ခြင်းတို့  ဆက်လက်လုပ်ဆောင်နိုင်ခြင်း၏ အရေးပါသည့် အဓိကအချက် ဖြစ်ပါသည်။  ပေါက်တောနှင့် စစ်တွေရှိ ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင်သူစခန်းများတွင် စစ်ဆေးခြင်း နှင့် ညွှန်းပို့ခြင်းများအား အလျဉ်ပြတ်တောက်မှု အနည်းဆုံးဖြင့် တနှစ်လုံးနီးပါး ဆက်လက်လုပ်ဆောင်နိုင်ခဲ့ပါသည်။သို့သော်လည်း စီမံချက်သည် ဇန်နဝါရီနှင့် မတ်လ အတွင်း၌ စစ်ဆေးခြင်းနှင့် ညွှန်းပို့ခြင်းတို့အား အခြေခံ ကျန်းမာရေး ဝန်ထမ်းများဖြင့်သာ လုပ်ကိုင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း အသက် (၅)လမှ (၅၉)လ အတွင်းရှိ ကလေးသူငယ် ပျမ်းမျှ (၉,၉၆၉)ဦးအား တစ်လလျှင် တစ်ကြိမ် စစ်ဆေးပေးခဲ့ပြီး အဆိုပါ အသက်အရွယ်ရှိ ကလေးများ၏ ၈၉% ခန့်မှာ သက်ဆိုင်ရာ စခန်းများနှင့် ကျေးရွာများတွင် နေထိုင်ကြပါသည်။ ၂၀၂၀ ခုနှစ် တနှစ်လုံးတွင် လက်မောင်းလုံးပတ် တိုင်းတာစစ်ဆေးသည့် အကြိမ်ရေ (၁၁,၉၂၇) ကြိမ် လုပ်ဆောင်ပေးခဲ့ပါသည်။





ပျမ်းမျှအားဖြင့် တစ်လလျှင် လက်မောင်းလုံးပတ် တိုင်းတာစစ်ဆေးပေးခဲ့သည့် ကလေးသူငယ် (၃၆)ဦးအား လတ်တလော ပြင်းထန် အာဟာရချို့တဲ့မှု ဝေဒနာ (Severe acute malnutrition SAM) ကုသမှု ခံယူရန်အတွက် ညွှန်းပို့ပေးခဲ့ပြီး ယင်းမှာ စစ်ဆေးပေးခဲ့သည့် ကလေးသူငယ်များအားလုံး၏ ပျမ်းမျှ ၀.၃၆% အား ကိုယ်စားပြုပါသည်။ တစ်နှစ်လုံးတွင် SAM ဖြစ်နေသည်ဟု ရှာဖွေ ဖော်ထုတ်ခဲ့သည့် ကလေးသူငယ် (၄၃၃)ဦး (မိန်းကလေး ၅၈%) အား စီမံချက်မှ ကုသမှုခံ ယူရန်အတွက် ညွှန်းပို့ပေးခဲ့ပါသည်။ အဆိုပါ ကလေးသူငယ်များ အားလုံးအား ပေါက်တောနှင့် စစ်တွေမြို့နယ်များရှိ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ၌ တွေ့ရှိခဲ့ ခြင်း ဖြစ်ပါသည်။ ရခိုင်စီမံကိန်းမှ ပံ့ပိုးပေးသည့် အာဟာရ တိုက်ကျွေး ကုသပေး အစီအစဉ်၏ SAM ပျောက်ကင်းမှုနှုန်းမှာ ၉၉.၇% ရှိခဲ့ပါသည်။

**အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကူညီပံ့ပိုးမှုအား လိုက်လျောညီထွေ ရှိအောင် ပြင်ဆင်ညှိနှိုင်းခြင်း**

ရောဂါပိုးမွှား ပြန့်နှံ့မှုကို ကန့်သတ်ရန်နှင့် အားနည်းထိခိုက်လွယ်သည့် အုပ်စုများအား အကာအကွယ် ပေးရန် တို့အတွက် တားဆီး ကာကွယ်ရေး ဆိုင်ရာ အစီအမံများ ထားရှိခဲ့ခြင်း ကြောင့် ကပ်ရောဂါ ဖြစ်ပွားသည့် အစောပိုင်းကာလများတွင် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ စီမံကိန်း လုပ်ငန်းများ ရပ်တန့်စေခဲ့ပါသည်။ ယေဘူယျအားဖြင့် အသက် မွေး ဝမ်းကျောင်း ဆိုင်ရာ စီမံကိန်းလုပ်ငန်းဆိုသည်မှာ ကပ်ရောဂါကာလ အတွင်း ဒေသအာဏာပိုင်များမှ မရှိမဖြစ် လိုအပ်သည်ဟု ယူဆခြင်းမရှိသည့် တဦးချင်းနှင့် အုပ်စုလိုက် ပို့ချသည့် သင်တန်းများနှင့် ကွင်းဆင်း လုပ်ဆောင် မှု များအား ပါဝင်ပါသည်။ LIFT ၏ COVID–19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်မှုအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် ရင်းမြစ်များကို စုစည်းပြီးသည်နှင့် တပြိုင်နက် အစီအမံ အသစ်အောက်ရှိ သက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်များအား လုပ်နိုင်သရွေ့ ပြန်လည် ဆောင်ရွက်ရန် အတွက် ပြောင်းရွှေ့အာရုံစိုက်ခဲ့ပါသည်။ TVET လုပ်ငန်း အတွက် သင်တန်းသင်ရိုး ညွှန်းတမ်းများကို မိုဘိုင်းလ် ဆက်သွယ်ရေး ပစ္စည်းများအား လက်လှမ်းမီ ရယူနိုင်သော ကျောင်းသားများအတွက် ဒီဂျစ်တယ် စနစ်ဖြင့် ပြောင်းလဲခဲ့ပါသည်။ အဆိုပါ ပစ္စည်းများ မရှိသည့် ကျောင်းသားများ အတွက် ၎င်းတို့အနေဖြင့် လက်လှမ်းမီ ရယူနိုင်မှုအား ပံ့ပိုးပေးရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ ရခိုင်ပြည်နယ်ရှိနေရာ အတော်များများ တွင် မိုဘိုင်းလ်ဖုန်းဖြင့် အင်တာနက် အသုံးပြုမှုအား ကာလရှည်ကြာ ဖြတ်တောက် ထားသည့် အတွက် ကြောင့် နည်းပညာ အသုံးမပြုရသည့် အစီအမံများလည်း လိုအပ်ပါသည်။ သို့ဖြင့် လေ့လာသင်ယူမှုများအား ရပ်ရွာ လူထုများထံ နောက်ထပ် ဖြန့်ဝေပေးနိုင်သည့် ရပ်ရွာလူထု အခြေပြု ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများထံ အဝေးမှ သင်တန်းများ ပို့ချပေးခြင်းအား အဓိက ထား လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ DRC နှင့် NRC တို့သည် ကပ်ရောဂါကြောင့် ဖြစ်ပွားသည့် စီးပွားရေး ထိခိုက်မှု များကို တွေ့ကြုံ ရုန်းကန်နေရသည့် စီးပွားရေးလုပ်ငန်းများအား ကူညီပံ့ပိုးပေးရန်အတွက် စီးပွားရေး ဖွံ့ဖြိုးမှုနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ အကူအညီများ တိုးချဲ့ လုပ်ဆောင်ခဲ့ပါသည်။ ပူးပေါင်းထားသည့် အဖွဲ့အစည်းသည် ပြည်တွင်း စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့အစည်း (ONOW) နှင့် မိတ်ဖက်ပြုခဲ့ပြီး လိုအပ်ချက် နှင့် အံဝင်ခွင်ကျ စီမံထားသည့် လမ်းညွှန်ပေးခြင်းနှင့် နည်းပြပေးသည့် ကူညီပံ့ပိုးမှုမှတဆင့် စီးပွားရေး ကြံ့ကြံ့ခံနိုင်စွမ်း ဆိုင်ရာ မဟာဗျူဟာ များဖြင့် လူငယ်များ ဦးစီးသည့် စီးပွားရေးလုပ်ငန်းများအား ပံ့ပိုး ကူညီ ပေးခဲ့ပါသည်။

NRC သည် အသွားအလာ ကန့်သတ်ထားသည့် ကာလအား ထပ်မံ တိုးမြှင့်လိုက်သောကြောင့် အထူးသဖြင့် ရင်ဆိုင်ဖြေရှင်းသည့် မဟာဗျူဟာများ မရှိခဲ့သည့် အိမ်ထောင်စုများအတွင်း ဖိအားများနှင့် စိုးရိမ်ကြောင့်ကြမှုများ တိုးပွားလာသည်ကို အသိအမှတ်ပြုကာ အင်တာနက် မရှိဘဲ အသုံးပြု နိုင်သည့် ဒီဂျစ်တယ် အပလီကေးရှင်းနှင့် အသံဖြင့် သတင်းစကားများ ပို့ပေးခြင်းတို့မှတဆင့် ယင်း၏ ပိုမို ကောင်းမွန်သော လေ့လာသင်ယူမှု အစီအစဉ်အား အသုံးပြုခြင်းကို မြှင့်တင်ပေးခဲ့ပြီး လူငယ်နှင့် လူမှုအသိုက်အဝန်းအဖွဲ့ဝင် (၁,၅၈၂)ဦး (အမျိုးသမီး ၄၉%) ထံ ရောက်ရှိစေခဲ့ပါသည်။ ထို့ပြင် NRC မှ ထပ်မံ၍ စခန်းနှင့် ကျေးရွာ (၁၃) နေရာ၌ ကြံ့ကြံ့ခံနိုင်စွမ်းဆိုင်ရာ လှုပ်ရှား



ဆောင်ရွက်မှုများကို ကူညီပံ့ပိုးပေးရန်အတွက် အပန်း ဖြေမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းကိရိယာ (၁၃)စုံအား ဖြန့်ဝေပေးခဲ့ပါသည်။ လှုပ်ရှားဆောင်ရွက်မှုမှ ဤသင်တန်းကို ပထမဆုံး လက်ခံရရှိသူ ဖြစ်ပြီးနောက်ပိုင်းတွင် ၎င်းတို့၏ လူမှုအသိုက်အဝန်းများအတွင်း တယ်လီဖုန်းဖြင့်ဖြစ်စေ နှင့် ဖြစ်နိုင်ပါက လူကိုယ်တိုင် ဖြစ်စေ သွားရောက် တွေ့ဆုံ၍ အသိအမြင်များအား ဖြန့်ဖြူးပေးနေသည့် တာဝန်ခံ လူငယ်များမှ ကူညီပံ့ပိုးပေးခဲ့ ပါသည်။ ပိုမိုကောင်းမွန်သော လေ့လာသင်ယူမှု အစီအစဉ်၏ နည်းကိရိယာ အစုံအလင်အား စိတ်လူမှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှု များအား ပံ့ပိုးကူညီပေးရန်နှင့် ဖိအားများ ကြုံတွေ့ နေရသည့် ကာလအတွင်း ကြံ့ကြံ့ခံနိုင်စွမ်း တိုးတက်ကောင်းမွန်စေရန် အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ COVID–19 နှင့် ဆက်နွှယ်နေသည့် ကြောက်ရွံ့မှု များကို မိသားစုများမှ ကပ်ရောဂါနှင့် ပတ်သက်၍ ပိုမိုနားလည်စေခြင်း၊ ကောင်းမွန်သည့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်များကို မည်ကဲ့သို့ မြှင့်တင်ရမည်ဆိုသည်နှင့် ဖိအားများအား စီမံခန့်ခွဲမှုနှင့် ကောင်းကျိုး ချမ်းသာများကို တိုးတက်ရရှိအောင် မည်သို့ ခိုင်မာ အားကောင်းအောင် ဆောင်ရွက်ရမည် ဆိုသည်နှင့် ပတ်သက်၍ အကူအညီ ပေးနိုင်သည့် အကြောင်းအရာများဖြင့် ဒီဇိုင်းပုံစံကို ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

**ရခိုင်ပြည်နယ်တွင် အရပ်ဘက်လူမှု အဖွဲ့အစည်းအား ကူညီပံ့ပိုးပေးခြင်း**

၂၀၂၀ ခုနှစ်တွင် မေတ္တာနှင့် စတင် မိတ်ဆက်ဆောင်ရွက်ခဲ့သည့် အသေးစား ရန်ပုံငွေထောက်ပံ့မှုသည် LIFT ၏ ရခိုင်ပြည်နယ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်း ခိုင်မာအားကောင်းစေရန် လုပ်ဆောင်မည့် ဆုံးဖြတ်ချက်အား အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ် အသေးစား ရန်ပုံငွေ ထောက်ပံ့မှုသည် မေတ္တာအဖွဲ့၏ လူသားချင်း စာနာထောက်ထားမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု တို့အကြား ပေါင်းစပ် ဆက်နွှယ်မှု အတွင်း ရှုပ်ထွေးမှု များသည့် တောင်တန်းဒေသ ဝန်းကျင်များ၌ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် အသေးစား ထောက်ပံ့မှုများအား စီမံခန့်ခွဲခဲ့သည့် အတွေ့အကြုံပေါ်၌ တည်ဆောက်ထားပါသည်။ အသေးစား ထောက်ပံ့မှု ရန်ပုံငွေသည် ရခိုင်ပြည်နယ်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း၏ အားလုံးပါဝင်သော ပဋိပက္ခနှင့် ကျား၊ မရေးရာ ကဏ္ဍများအား အလေးထားဆောင်ရွက်သည့် ကူညီပံ့ပိုးမှုမှတဆင့် ရခိုင်ပြည်နယ်ရှိ အားနည်းထိခိုက်လွယ်မှုအများဆုံးနှင့် မေ့လျော့ခံ ပြည်သူများအနေဖြင့် COVID–19 ကပ်ရောဂါအား ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်လာစေရန်အတွက် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

ရန်ပုံငွေ မှ ထောက်ပံ့မှု အမျိုးအစား (၃)မျိုးအား ဆောင်ရွက်ပါသည် –

- » မြန်မာကျပ်ငွေ သန်း(၇၀) (ကန်ဒေါ်လာ ၅၀,၄၀၀)ရှိ ဘတ်ဂျက်များဖြင့် အဓိက ထောက်ပံ့မှုများ
- » မြန်မာကျပ်ငွေ သန်း(၂၀) (ကန်ဒေါ်လာ ၁၄,၄၀၀)ရှိ ဘတ်ဂျက်များဖြင့် အသေးစား ထောက်ပံ့မှုများ
- » မြန်မာကျပ်ငွေ သန်း(၂၀) (ကန်ဒေါ်လာ ၁၄,၄၀၀)ရှိ ဘတ်ဂျက်များဖြင့် အခွင့်အလမ်းဆိုင်ရာ ထောက်ပံ့မှုများ

၂၀၂၀ ခုနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် ထောက်ပံ့မှု (၃၅)ခုအနက်မှ (၆)ခုမှာ အဓိကထောက်ပံ့မှု ဖြစ်ပြီး (၁၂) ခုမှာ အသေးစား ထောက်ပံ့မှုဖြစ်ကာ (၁၇)ခုမှာ အခွင့်အလမ်းဆိုင်ရာ ထောက်ပံ့မှုများ ဖြစ်ခဲ့ပါသည်။ ထောက်ပံ့မှုများအားလုံးတွင် COVID–19 ကပ်ရောဂါ တားဆီး ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများ ပါဝင်ခဲ့ပြီး ၄၆% တွင် ကပ်ရောဂါ ကူးစက်မှု လျော့ပါး သက်သာစေမည့်လှုပ်ရှား ဆောင်ရွက်မှုများ ပါဝင်ခဲ့ကာ ၆% သည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးရန် ပံ့ပိုးကူညီပေးခဲ့ပါသည်။

အသေးစား ထောက်ပံ့မှုရန်ပုံငွေမှ အမျိုးသမီးအုပ်စု (၆)စုအား စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ၊ အမျိုးသမီးများအပေါ် ကျား၊ မအခြေပြု အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုဆိုင်ရာ ဆွေးနွေး တိုင်ပင် လမ်းညွှန်ပေးသည့် သင်တန်းအပါအဝင် COVID–19 ကပ်ရောဂါနှင့် ဆက်နွှယ်နေသည့် ကူညီပံ့ပိုးမှုများ ပေးအပ်ရန်အတွက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ အုပ်စုများသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သက်ကြီး ရွယ်အိုများ၊ မုဆိုးမများနှင့် မသန်စွမ်းသူများ ရှိသည့် အိမ်ထောင်စုများထံ စားနပ်ရိက္ခာများ အပိုဆောင်း ပေးအပ်ခဲ့သည့်အပြင် အသွားအလာ ကန့်သတ် စောင့်ကြည့်ရာနေရာများရှိ နေရပ်ပြန် ရွှေ့ပြောင်းလုပ်သားများအား စက်ချုပ်သင်တန်းနှင့် ကျား၊ မ တန်းတူညီမျှမှု အား အလေးထားပံ့ပိုးသည့် အထောက်အပံ့များလည်း ပေးအပ်ခဲ့ပါသည်။

မေတ္တာအဖွဲ့သည် လက်ရှိဒေသတွင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကွန်ရက်ဖြစ်သော ရခိုင် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းရေး စုပေါင်းအဖွဲ့ (AHCT) ခိုင်မာအားကောင်းစေရန်အတွက် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး မေတ္တာသည် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လိုအပ်မှုများအား လက်လှမ်းမီ ရယူနိုင်စေရန် အတွက် AHCT အဖွဲ့ဝင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ AHCT တွင် အားနည်းထိခိုက်လွယ်မှု အရှိဆုံးသူများနှင့် ဖြစ်ပွားနေသည့် ပဋိပက္ခဒဏ်ခံစားနေရသူများအား အဓိက အာရုံစိုက်သည့် COVID–19 ကပ်ရောဂါ ပြန့်နှံ့နေမှုအား တုံ့ပြန်ကာကွယ်ရန်နှင့် ရခိုင်ပြည်သူများအပေါ် ကပ်ရောဂါ၏ သက်ရောက်မှု အနည်းဆုံးဖြစ်စေရန်တို့အတွက် လုပ်ငန်းစီမံချက် ရှိနေပြီး ဖြစ်ပါသည်။

အသေးစားထောက်ပံ့မှု ရန်ပုံငွေများ၏ ကူညီပံ့ပိုးမှုနှင့်အတူ AHCT သည် COVID–19 လူနာအများဆုံးဖြင့် မှတ်တမ်းတင်ထားသည့် စစ်တွေတွင် အသွားအလာကန့်သတ် စောင့်ကြည့်ရာနေရာ များ ဖွင့်လှစ်ရာ၌ ဦးဆောင်ကဏ္ဍမှ တာဝန်ယူခဲ့ပါသည်။ AHCT မှ အသွားအလာကန့်သတ် စောင့်ကြည့်ရာနေရာများ ကူညီပံ့ပိုးပေးမှုနှင့် ပတ်သက်၍ မြို့နယ်အသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် CSO များအား နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုကိုလည်း ပေးအပ်ခဲ့ပါသည်။





လူအများစုဝေးခြင်းကို ကန့်သတ်ထားသည့် အတွက်ကြောင့် ၂၀၂၀ ခုနှစ်တွင် စွမ်းဆောင်ရည် တည်ဆောက်သည့် လှုပ်ရှား ဆောင်ရွက်မှု အားလုံးအား အွန်လိုင်းမှတဆင့် ပြုလုပ်ခဲ့ပါသည်။ တနှစ်ပတ်လုံးတွင် ရခိုင်ပြည်နယ်၌ အင်တာနက် ဆက်သွယ်မှုမှာ အလွန် နှေးကွေးခဲ့ပါသည်။ သို့ရာတွင် အသေးစားထောက်ပံ့မှု ရန်ပုံငွေမှ ဘဏ္ဍာရေးဆိုင်ရာ လမ်းညွှန်ချက်များပံ့ပိုးပေးခြင်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် M&E လမ်းညွှန်ချက် များအား မိတ်ဆက်ပေးသည့် သင်တန်းများ ပို့ချပေးခြင်း၊ CSO များအတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ ကူညီပံ့ပိုးမှုများပေးခြင်း နှင့် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်မှုများ ပြုလုပ်နေသည့် ကာလအတွင်း နှင့် ငွေပေးချေမှုများအား ဖြန့်ဝေမှုများ/ ငွေသားပေးခြင်းများ ပြုလုပ်နေစဉ် အတွင်းတို့၌ အသုံးပြုရန်အတွက် စံသတ်မှတ် ထားသည့် ပုံစံများအား ပံ့ပိုး ကူညီပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

# ရှေ့သို့မျှော်ကြည့်လျှင်

၂၀၂၁ ခုနှစ်တွင် နောက်လာမည့် ရခိုင်ပြည်နယ် စီမံကိန်းဒီဇိုင်းပုံစံအား ရေးဆွဲခြင်းနှင့်အတူ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလဆန်းတွင် စီမံချက် အယူအဆတင်ပြချက် များ ပေးပို့ရန် ကြေညာခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မတ်လတွင် အယူအဆ တင်ပြချက်များ လက်ခံရရှိခဲ့ပါသည်။ တင်သွင်းရမည့် အယူအဆတင်ပြချက်များတွင် LIFT ၏ မဟာဗျူဟာတွင် အဓိကကျသည့် ကြံ့ကြံ့ခံနိုင်စွမ်းဆိုင်ရာ ရည်မှန်းချက်များအား ရယူရာ၌ အရေးပါသည့် 'ပြန်လည် တည်ဆောက်ခြင်း နှင့် ပိုမို ကောင်းမွန်အောင် တည်ဆောက်ခြင်း'တို့အား ဆောင်ရွက်မည့် ပိုမိုကျယ်ပြန့်သော COVID–19 ပြန်လည် ထူထောင်ခြင်းဆိုင်ရာ မူဘောင်အတွင်း တွင်သာ ဖြစ်စေရန် သတ်မှတ်ထားပါသည် ။ ၂၀၂၁ ခုနှစ်တွင် လတ်တလော ပြောင်းလဲသွားသည့် နိုင်ငံရေးနှင့် လူမျိုးစီးပွားရေးဆိုင်ရာ အခြေအနေ ပြောင်းလဲမှုများ နှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကျပ်အတည်းဖြစ်ပွားမည့် အလားအလာများ ရှိနေသည် အတွက်ကြောင့် LIFT သည် ရခိုင်ပြည်နယ်၌ ယင်း၏ မဟာဗျူဟာ အရွေ့များအား ထပ်မံတိုးချဲ့လုပ်ဆောင်ရန် လိုအပ်မည် ဖြစ်ပါသည်။ LIFT သည် လူသားချင်း စာနာထောက်ထားမှု ဖွံ့ဖြိုးရေး အသွင်ကူးပြောင်းမှုအား ကူညီပံ့ပိုးပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များ တိုးတက် ကောင်းမွန်လာစေရန်အတွက် ပံ့ပိုးကူညီပေးခြင်း၊ အခွင့်အလမ်းများ ပေါ်ပေါက်လာသည့်အခါ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား အလုပ်အကိုင်များနှင့် ဝင်ငွေရရှိစေရန် အကူအညီပေးခြင်း၊ လူကုန်ကူးခံရမှုမှ လွတ်မြောက်ပြီး ကြိုးပမ်းရှင်သန်နေသူများအား ကာကွယ်စောင့်ရှောက်သည့် ဝန်ဆောင်မှုများ ပေးအပ်ခြင်းနှင့် ဌာနေလူမှု အသိုက်အဝန်းများနှင့် ပြန်လည် ပေါင်းစည်းမှုအား တည်ဆောက်ခြင်း တို့ဖြင့် ယင်း၏ စီမံကိန်းအတွင်းသို့ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ များနှင့် နေရပ်ပြန်များအား ထည့်သွင်း ဆောင်ရွက်နိုင်ရန်အတွက် ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

နောက်ဆုံးတွင် LIFT သည် ပဋိပက္ခဒဏ်ခံဒေသများရှိ အားနည်းထိခိုက်လွယ်သည့် အုပ်စုများအတွက် ရေရှည် ခိုင်မြဲမည့် အသက်မွေး ဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ ပေးအပ်ခြင်းနှင့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရယူနိုင်ခြင်းတို့အတွက် ပံ့ပိုးကူညီပေးရန် ရည်ရွယ် ထားပါသည်။

လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေ၌ ယင်းရည်မှန်းချက်အား အောက်ဖော်ပြပါတို့မှ တဆင့် လက်တွေ့ အကောင်အထည်ဖော် နိုင်မည် ဖြစ်ပါ သည်–

- » အားလုံး ပါဝင်စေပြီး ကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်ကာ မိမိတို့သဘော ဆန္ဒအလျောက် ဖြစ်သည့် နေရပ်ပြန်ခြင်းနှင့် ပြန်လည် နေရာချ ထားခြင်းဆိုင်ရာ အစီအစဉ်များအား ကူညီပံ့ပိုးပေးခြင်း။ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများအား ပြန်လည် နေရာ ချထားခြင်းနှင့် စခန်းပိတ်သိမ်းခြင်း တို့အပါအဝင် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင် နေရသူများ နှင့် ဌာနေလူမှု အသိုက်အဝန်းတို့အနေဖြင့် ပိုမိုခိုင်မာစွာ ထုတ်ဖော်ပြောဆိုနိုင် ခွင့် ရရှိစေမည် ဖြစ်ပါသည်။ LIFT သည် အဆင့်အမျိုးမျိုး၌ သက်ဆိုင်ရာ ပတ်သက်ဆက်နွှယ်သူများနှင့် အတူတကွ လက်တွဲလုပ်ဆောင်နိုင်ရန် ယင်း ယခင်က ပံ့ပိုးပေးခဲ့သည့် အခွင့်အရေး အခြေခံသည့် စီမံကိန်း ဆောင်ရွက်ချက်များပေါ်တွင် ဆက်လက် တည်ဆောက်သွားမည် ဖြစ်ပါသည်။ LIFT သည် အထူးသဖြင့် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းမှုတို့အား လက်လှမ်းမီ ရယူရာတွင် သက်ရောက်မှု ရှိသည့် ဆုံးဖြတ်ချက်များတွင် အခွင့်အရေးများ၊ ဂုဏ်သိက္ခာနှင့် ဘေးကင်းလုံခြုံမှုတို့ကို အလေးထား သည့် ပြည်သူလူထု ဗဟိုပြု ချဉ်းကပ် နည်းလမ်း များအား မြှင့်တင်ပေးမည် ဖြစ်ပါသည်။
- » ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများ အထူးသဖြင့် အမျိုးသမီးများအတွက် အိမ်ယာ၊ မြေ နှင့် ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေး များနှင့် ဆက်နွှယ်နေသည့် ပြဿနာများအား ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ပူးပေါင်း ရှာဖွေဖော်ထုတ်ခြင်း။ ယင်းတွင် LIFT နှင့် ဖြစ်နိုင်ပါက အခြား ပတ်သက်ဆက်နွှယ်သူများ အတွက် စီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်မည့် အခွင့်အလမ်းများ ရှာဖွေ ဖော်ထုတ်နိုင်ရန် လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာနှင့် ဥပဒေရေးရာ အခြေအနေများအား နားလည် သဘောပေါက်မှုနှင့် အသိအမြင်များ တိုးတက်ကောင်းမွန်လာခြင်းတို့ ပါဝင်မည် ဖြစ်ပါသည်။
- » ရေရှည်တည်တံ့မည့် ပြောင်းလဲမှု အတွက် အဓိက ဖန်တီးသူများ အဖြစ် အရပ်ဘက် လူမှုအဖွဲ့အစည်းအား ခိုင်မာ အားကောင်းစေခြင်း။ LIFT သည် စွမ်းဆောင်နိုင်မှုများ၊ ကွန်ရက်ချိတ်ဆက်မှုများ၊ သုတေသနပြုခြင်း၊ အသိပေး အရေးဆိုခြင်းနှင့် ဝန်ဆောင်မှု ပေးအပ်ခြင်းတို့ ခိုင်မာ အားကောင်းပြီး တိုးတက်ကောင်းမွန်လာစေရန် တို့အတွက် ဒေသခံများ၏ ခေါင်းဆောင်မှုအား ထပ်မံမြှင့်တင် ပေးသွားမည် ဖြစ်ပါသည်။
- » စီမံကိန်းလုပ်ငန်းများတွင် ပဋိပက္ခအလေးပေးမှုနှင့် လူမှုပြန်လည်ပေါင်းစည်းမှု ဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုများအား ပေါင်းစပ် ထည့်သွင်း ပါဝင်စေခြင်း။ LIFT သည် ငြိမ်းချမ်းရေး တည်ဆောက်မှုအား ဦးတည်သည့် ခြေလှမ်းတစ်ရပ်အနေဖြင့် ပဋိပက္ခ လျော့ပါး စေခြင်း နှင့် လူမှုပြန်လည်ပေါင်းစည်းမှု ခိုင်မာအားကောင်းစေခြင်း (သို့) ပြန်လည် တည်ဆောက်ခြင်းတို့ အပေါ်၌ အလေးထား လုပ်ဆောင်မည် ဖြစ်

ပါသည်။ LIFT သည် လူသားချင်း စာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတို့ ပေါင်းစပ်ဆက်နွယ်မှု အတွင်းမှ လိုအပ်သည့် အဆင့်တိုင်းတွင် ဒေသခံ ရပ်ရွာလူထုများ၊ ပတ်သက် ဆက်နွယ်သူများနှင့် ပူးပေါင်း လုပ်ကိုင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

» ကျား၊ မတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းရှိမှုတို့အား ဦးတည် ရည်ရွယ်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း။ LIFT ၏ ကျား၊ မ ရေးရာ အလေးထား တုံ့ပြန် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းသည် အမျိုးသမီးများ၏ အသံကို ကြားနိုင်စေရန် တန်းတူညီမျှ ပါဝင်ဆောင်ရွက်မှုအပေါ် အလေးထား ဆောင်ရွက်မည်ဖြစ်သည်။ စီမံကိန်းလုပ်ဆောင်ချက်သည် ပတ်သက်ဆက်နွယ်သူများ၏ စွမ်းဆောင်ရည်များနှင့် ကျား၊ မရေးရာ ကိစ္စရပ်များအား နားလည် သဘောပေါက်မှုတို့ တိုးတက် ကောင်းမွန်လာခြင်းအပေါ် အာရုံစိုက်မည် ဖြစ်သောကြောင့် အမျိုးသမီးများ အနေဖြင့် ၎င်းတို့၏ လူမှုအသိုက်အဝန်း များအတွင်း ခေါင်းဆောင်သည့် အခန်းကဏ္ဍ၌ တာဝန်ယူနိုင်မည် ဖြစ်ပါသည်။ LIFT သည် အမျိုးသမီးအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုရန် ကြိုးပမ်းမည် ဖြစ်ပါသည်။

» လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေအနေ (ဥပမာ အာဟာရဖွံ့ဖြိုးမှုနှင့် စားနပ်ရိက္ခာဖူလုံမှု)တွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းအား ကူညီပံ့ပိုးပေးခြင်း။ ဒေသတွင်းနှင့် နိုင်ငံအဆင့်များ၌ အရပ်ဘက် လူမှုအဖွဲ့အစည်း များ အကြား နှင့် နိုင်ငံတကာ လှူပ်ရှားဆောင်ရွက်သူများအကြား ဆက်သွယ် ဆောင်ရွက်မှုများ ပိုမိုများပြားပြီး တိုးတက်ကောင်းမွန် လာစေရန် တို့အတွက်လည်း မြှင့်တင်ပေးသွားမည် ဖြစ်ပါသည်။

LIFT ၏ ရခိုင်ပြည်နယ် စီမံကိန်းအသစ်အား ၂၀၂၁ ခုနှစ် ဒုတိယနှစ်ဝက်တွင် စတင် လုပ်ဆောင်နိုင်မည်ဟု မျှော်မှန်းထားပါသည်။





# အရှေ့မြောက်ပိုင်း - ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း

## ပဋိပက္ခဒဏ်ခံ ဒေသများ



# ၅.၂

## အရှေ့မြောက်ပိုင်း - ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း

### ခြုံငုံဖော်ပြချက်

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် တွင်းထွက်သတ္တုများ၊ ရေအားလျှပ်စစ် နှင့် သစ်တို့ အပါအဝင် သဘာဝ သယံဇာတများ ပေါကြွယ်ဝပြီး အလွန်ကျယ်ပြန့်သည့် စိုက်ပျိုးထုတ်လုပ်နိုင်သော မြေနှင့် လယ်ယာ သစ်တော ထုတ်လုပ်နိုင်သည့် မြေဧရိယာများစွာ ရှိပါသည်။ သို့သော် လည်း မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (ethnic armed organisations EAO) များအကြား ကာလရှည်ကြာ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် ပဋိပက္ခ သမိုင်းကြောင်း၊ EAO များ အချင်းချင်း ရှည်ကြာစွာ ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ များပြားလှသည့် ပြည်သူ့စစ်များရှိနေခြင်းအပြင် ဘိန်းနှင့် ဘိန်းဖြူများ တရားမဝင် အများအပြား ထုတ်လုပ်ခြင်းနှင့် လောင်းကစားနှင့် မှောင်ခိုကဲ့သို့သော အခြား တရားမဝင် လုပ်ငန်းများ ရှိနေခြင်း စသည့် များပြားလှသော အကြောင်းတရားများသည် လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအား ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့ပါသည်။ ကချင် ပြည်နယ်၏ ဆင်းရဲ နွမ်းပါးမှုအဆင့်မှာ ပျမ်းမျှအဆင့်များထက် ပိုမိုမြင့်မားနေပါသည်။ (အမျိုးသားအဆင့် ပျမ်းမျှ ၂၄.၈% နှင့် နှိုင်းယှဉ်လျှင် ၃၆.၆% ရှိနေပါသည်)။[၇၅] ရှမ်းပြည်နယ်တွင် နေထိုင်သည့် လူဦးရေ၏ ၃၇.၄% မှာ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်၌ နေထိုင်သူများဟု သတ်မှတ်ထားခြင်း ခံရသဖြင့် ဆင်းရဲ နွမ်းပါးမှုမှာ ပိုမိုဆိုးရွားပါသည်။[၇၆]

ကာလရှည်ကြာပြီဖြစ်သည့် ပဋိပက္ခများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား အဟန့်အတား ဖြစ်စေခဲ့ပြီး များပြားလှသည့် ရပ်ရွာလူထုများအား နေရပ်စွန့်ခွာ တိမ်းရှောင်မှုကို ဖြစ်စေခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လအထိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ (၁၀၅,၁၉၂)ဦး[၇၇] နီးပါး နေထိုင်နေကြရသည့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းပေါင်း (၁၆၉)ခု ရှိပါသည်။ နေရပ် စွန့်ခွာသူ အများအပြား (ကချင်ပြည်နယ်တွင် ၄၀% နီးပါး)သည် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီ အား လက်လှမ်းမီ ရယူရန် အကန့်အသတ်ရှိသည့် အစိုးရအုပ်ချုပ်မှု ဒေသများ၏ ပြင်ပ၌ နေထိုင်ခဲ့ကြသူများ ဖြစ်ကြပါသည်။[၇၈] လူအများ အပြားသည် နေရပ်စွန့်ခွာရခြင်းနှင့်အတူ တောင်ပေါ် ဒေသများ၏ ပြင်းထန်သော ရာသီဥတုဒဏ်တို့ကြောင့် ဆင်းရဲဒုက္ခများကို တွေ့ကြုံ ခံစားနေရပါသည်။

---

၇၅။ မြန်မာ့လူနေမှု အခြေအနေ စစ်တမ်း ၂၀၁၇ ဗဟိုစာရင်းအင်းအဖွဲ့။ (https://www.worldbank.org/en/country/ myanmar/publication/poverty-report-myan-mar-living-conditionssurvey-2017) ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာ၊ ၂၀၁၉ခုနှစ်၊ စီအက်စ်အို၊ ဒဗလျူဘီဂျီယူအန်ဒီပီ (http:// documents1.worldbank.org/curated/ en/921021561058201854/ pdf/Myanmar-Living-Condition-Survey-2017-Report-3- Poverty-Report.pdf) လူမှုစီးပွား အစီရင်ခံစာ၊ ၂၀၂၀ခုနှစ် စီအက်စ်အို၊ ဒဗလျူဘီဂျီယူအန်ဒီပီ (http://documents1.worldbank.org/curated/ en/151001580754918086/ pdf/Myanmar-Living-ConditionsSurvey-2017-Socio-Economic-Re-port.pdf)

၇၆။ MIMU အင်တာနက် စာမျက်နှာ၊ ၂၀၁၈ ခုနှစ်

၇၇။ https://reliefweb.int/map/myanmar/myanmar-idp-sites-kachin-and-northern-shan-states-30-june-2020

၇၈။ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA)- ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဆိုင်ရာ သတင်းလွှာ။ ၂၀၂၀ ခုနှစ် ဇွန်လ

မကြာသေးမီနှစ်များက ရာဘာထုတ်လုပ်သည့် စိုက်ပျိုး စီးပွား လုပ်ငန်း များနှင့် တရုတ် တစ်သျှူးငှက်ပျောဖြင့် စီးပွားဖြစ် စိုက်သည့် စိုက်ခင်းများ ကြောင့် ဖြစ်ပွားခဲ့သည့် လယ်ယာမြေ အဓမ္မသိမ်းယူမှုများမှ နေရပ်စွန့်ခွာရမှု များ ထပ်မံ ဖန်တီးခဲ့ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက် စေခဲ့ ပါသည်။ လူအများအပြား တောတောင်ထဲသို့ ထွက်ပြေးရခြင်း၊ အသက်မွေးဝမ်းကျောင်းမှု များနှင့် နေအိမ်များ မြေယာများ ဆုံးရှုံးခြင်းတို့ ဖြစ်ခဲ့သည့်အပြင် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ခံရသဖြင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသည့် အတွေ့အကြုံများကြောင့် စိတ်ထိခိုက် ခံစား ခဲ့ကြရပါသည်။ ကာလကြာမြင့်စွာ နေရပ်စွန့်ခွာ တိမ်းရှောင်နေရခြင်းမှ လက်ရှိ စိတ်ဒဏ်ရာ များနှင့် ဆင်းရဲဒုက္ခများကို ဆက်လက် ရှည်ကြာစေ ပါသည်။ ပေါ်ပေါက်လာသည့် ပြဿနာများသည် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများအကြား မွေးရပ်မြေရှိ ၎င်းတို့၏ မြေယာများ ဆုံးရှုံး သွားမည်ကို ကြောက်ရွံ့မှုကဲ့သို့သော လက်ရှိကြုံတွေ့နေရသည့် အခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါသည်။[၇၉]

ရှမ်းပြည်မြောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အခြားဒေသများတွင် တွေ့ကြုံနေကြရသည့် စိန်ခေါ်မှုများကို ကြုံတွေ့နေရသည့်အပြင် ထူးခြားပြီး ရှုပ်ထွေးကာ အစဉ်အမြဲ ပြောင်းလဲနေသည့် စိန်ခေါ်မှု အများအပြားလည်း ရှိနေပါသည်။

ရှမ်းပြည်မြောက်ပိုင်းသည် ရှမ်း၊ တအောင်းန်၊ ဗမာ၊ ကချင်၊ တရုတ်၊ လားဟူ၊ လီဆူးနှင့် ဝ တိုင်းရင်းသားလူမျိုးစုများ ပါဝင်သည့် တိုင်းရင်းသား လူမျိုး ကွဲပြားခြားနားမှု အလွန်မြင့်မားသည့်အတွက်ကြောင့် ထူးခြားသည့် လက္ခဏာရှိပါသည်။ ဒေသအတွင်း၌ လှုပ်ရှားနေသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အရေအတွက် အများအပြားလည်း ရှိနေပါသည်။

ရှမ်းပြည်မြောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ မည်သည့် ဒေသနှင့်မှ မတူသည့် ကွဲပြားခြားနားသော နေရပ် စွန့်ခွာ တိမ်းရှောင်ရသည့် ပုံစံများကို မြင်တွေ့နေရပါသည်။ ရှမ်းပြည်မြောက်ပိုင်းရှိ ပြည်တွင်းနေရပ် စွန့်ခွာသူ အရေအတွက်မှာ ကချင်ပြည်နယ်ရှိ (၉၅,၅၀၀)ဦး နီးပါး နှင့် နှိုင်းယှဉ်လျှင် ရှမ်းပြည်မြောက်ပိုင်းတွင် (၉,၇၄၃) ဦးသာ ရှိသဖြင့် အတော်နည်းပါး ပါသည်။ သို့သော် ရှမ်းပြည်မြောက်ပိုင်းတွင် ဖြစ်ပွါးခဲ့သည့် နေရပ်စွန့်ခွာ တိမ်းရှောင်မှု အများစုမှာ ကာလတို နေရပ်စွန့်ခွာမှုများ အကြိမ်ကြိမ် ဖြစ်ပွါးခဲ့ခြင်း ဖြစ်သဖြင့် နေရပ်စွန့်ခွာ တိမ်းရှောင်မှု အများစုသည် အမြဲတမ်း ပြောင်းလဲနေသည့် လက္ခဏာရှိသည့် အတွက်ကြောင့် ဤအရေအတွက်သည် အတော်အတန် ထင်ယောင်ထင်မှား ဖြစ်စေခဲ့ပါသည်။ သို့ဖြင့် ပဋိပက္ခဒဏ်ခံ ပြည်သူများ၏ လိုအပ်ချက်များအတွက် မှန်ကန်တိကျသော စာရင်း ရရှိအောင် ကြိုးပမ်းနေသူများ (သို့) တနှစ် အတွင်း အရေးပေါ် တုံ့ပြန်ကာကွယ်မှု အကြိမ်ပေါင်းများစွာအတွက် တိုက်ရိုက်တာဝန်ယူရလေ့ရှိသည့် ဌာနေလူမှု အသိုက်အဝန်း များကို ကူညီပံ့ပိုးပေး ရန် မဟာဗျူဟာများ ရေးဆွဲနေသူများအတွက် မတူညီသည့် စိန်ခေါ်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ မရှိခြင်းသည် အစိုးရမှ ထိန်းချုပ်ထားသော ဒေသများနှင့် ထိန်းချုပ်မှု လက်လှမ်းမမီသည့် ဒေသများရှိ IDP စခန်းများမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေလူမှု အသိုက်အဝန်းများအတွက် အဓိက စိန်ခေါ်မှု တစ်ခု ဖြစ်ပါသည်။ များစွာသော လူမှုအသိုက်အဝန်းများသည် အသက်ရှင် ရပ်တည်ရန် အတွက် လူသားချင်း စာနာထောက်ထားမှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများပေါ်တွင် လုံးဝမှီခိုနေရပါသည်။ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများသည် အလုပ်အကိုင်ရှာဖွေရန်နှင့် အစားအသောက် ရောင်းချသည့် ဈေးများသို့ သွားရောက်ရာတွင် ကြီးမားသည့် အန္တရာယ်များ ကြားစွန့်စား သွားရောက်ကြရသဖြင့် စားနပ်ရိက္ခာ ဖူလုံမှု မရှိခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အန္တရာယ်များ များပြားလာခြင်းကို အစဉ်အမြဲ ကြုံတွေ့စေပါသည်။ ကချင်ပြည်နယ်တွင် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ စိန်ခေါ်မှုများသည် ကြီးမား သည့် ပြဿနာတစ်ရပ် ဖြစ်ပြီး အခြားများပြားလှသည့် လူမှုရေးပြဿနာ များနှင့်လည်း နီးကပ်စွာ ဆက်နွယ်နေပါသည်။

၂၀၁၈ ဖွန်လတွင် မြန်မာ သတင်း အချက်အလက် စီမံခန့်ခွဲရေး ယူနစ် (Myanmarr Information Management Unit MIMU) နှင့် လူသားချင်း စာနာ ထောက်ထားမှု အကူအညီ နှင့် ပြန်လည် ထူထောင်နိုင်စွမ်း ထောက်ပံ့မှု အစီအစဉ် (Humanitarian Assistance and Resilience Program HARP-F) တို့မှ သန်းခေါင်စာရင်း ကိန်းဂဏန်း အချက်အလက်များကို တနိုင်ငံလုံး အတိုင်းအတာဖြင့် ပြန်လည် သုံးသပ်ပြီးနောက် ရေးဆွဲခဲ့သည့် ထိခိုက်လွယ်မှု ညွှန်းကိန်းဇယားတွင် ကချင်ပြည်နယ်သည် ပြည်နယ်များ အားလုံးအနက် စတုတ္ထ အဆင့်၌ ရပ်တည်နေပါသည်။ ကချင်ပြည်နယ်ရှိ ခန့်မှန်းခြေ (၉၈၈,၃၀၀)ဦး (သို့) လူဦးရေ၏ ၆၀% တွင် အိမ်ဆောက် ပစ္စည်းများ၊ ပညာရေး/ ပညာရေးဆိုင်ရာ ရယူနိုင်မှု၊ ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သောက်သုံးရေ၊ ကလေးသူငယ်များ ပြုစုစောင့်ရှောက်နေရခြင်း ၊ မှတ်ပုံတင် ကဒ်ပြားရရှိနိုင်မှုနှင့်/ သို့ ပဋိပက္ခဒဏ် တိုက်ရိုက်ခံစားရခြင်း တို့နှင့် ဆက်နွယ်နေသည့် ပုံစံတစ်မျိုးမျိုးနှင့် အားနည်းထိခိုက်လွယ် လျက်ရှိပါသည်။

မြန်မာ့လူနေမှု အခြေအနေ စစ်တမ်း အရ ကချင်ပြည်နယ်ရှိ နေရာအများအပြားတွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညွှန်းကိန်း များဖြင့် နှိုင်းယှဉ် ကြည့်လျှင် တိုးတက်ကောင်းမွန်နေသော်လည်း ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးတွင် လူဦးရေနှင့် လုပ်သားအင်အားစု ပါဝင်မှုအချိုးသည် ဒုတိယ အဆိုးရွားဆုံးဖြစ် ပြီး အလုပ်လက်မဲ့ အများဆုံး ဖြစ်ပါသည်။ လူအများစုအတွက် ဝင်ငွေရရှိရန် အလားအလာ အကောင်းဆုံး နည်းလမ်းမှာ ဘိန်းစိုက်ပျိုးခြင်းနှင့် မူးယစ်ဆေးဝါးမှောင်ခိုကူးခြင်း အပါအဝင် တရားမဝင် စီးပွားရေးလုပ်ငန်း (သို့) မိုင်းတွင်းများတွင် အလုပ်လုပ်ခြင်း (သို့) မူးယစ်ဆေးဝါးသုံးစွဲမှု အလွန်များပြားသည့် ဒေသများတွင် ကုန်ရောင်းကုန်ဝယ် ပြုလုပ်ခြင်း တို့ ဖြစ်ပါသည်။[၈၀] [၈၁]

၇၉။ စွန့်ခွာတိမ်းရှောင်ခြင်း နှင့် စွန့်လွှတ်ခြင်း- ကချင်ပြည်နယ်ရှိ ပဋိပက္ခ ဒဏ်ခံ လူမှုအသိုက်အဝန်းများနှင့် မူရင်းဒေသ။ ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေး အစီအစဉ်။ ၂၀၁၈ ခုနှစ် မေလ

၈၀။ ရှုပ်ထွေးမှုများအား စူးစမ်းရှာဖွေ ဖော်ထုတ်ခြင်း။ ကချင်ပြည်နယ်တွင် လူမှုပေါင်းစည်းခြင်းဆိုင်ရာ စနစ်တကျ ဆန်းစစ်မှု၊ RAFT၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ

၈၁။ မြောက်ပိုင်းနှင့် ရှမ်းပြည်မြောက်ပိုင်း ပဋိပက္ခ ဆန်းစစ်လေ့လာခြင်း။ မူကြမ်း။ RAFT၊ ၂၀၁၉ ခုနှစ်





မြန်မာနိုင်ငံတွင် နာတာရှည် အာဟာရချို့တဲ့မှု အဆင့်အတန်းမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ဝေးလံခေါင်ဖျား ဒေသများနှင့် ပဋိပက္ခဒဏ်ခံ ဒေသများတွင် အဓိကအားဖြင့် ဆိုးရွားနေသည်ကို မြင်တွေ့နေရပါသည်။ မြို့နယ် အဆင့်များနှင့် ဒေသတွင်း နယ်မြေ အဆင့်များအကြားရှိ ကိန်းဂဏန်းများ၏ ကွာဟချက်များကို ဖော်ပြထားခြင်း မရှိသော်လည်း ကချင်ပြည်နယ်ရှိ ပုညက်မှုနှင့် ကြုံလှီမှုနှုန်းမှာ ခန့်မှန်းခြေ ၂၄.၄% နှင့် ၃% အသီးသီးရှိကြပါသည်။[၈၂] ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်း ကောက်ယူသည့် စစ်တမ်း မှ ရရှိခဲ့သည့် ကိန်းဂဏန်း အချက်အလက်များအရ ကချင်ပြည်နယ်တွင် မသန်စွမ်းမှု ဖြစ်ပွားသည့် နှုန်းမှာ ခန့်မှန်းခြေ ၈.၉% ရှိပါသည်။[၈၃] အစိုးရ၏ ကိုယ်ဝန် ဆောင် မိခင်ကျန်းမာရေး ညွှန်းကိန်းဇယား (၂၀၁၇)အရ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ကိုယ်ဝန်ဆောင် မိခင်ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှု၏ လွှမ်းခြုံမှုတွင် မြို့နယ် (၂၀)အနက်မှ (၅)မြို့နယ်သည် 'စိတ်ကျေနပ်ဖွယ်ရာ' အဆင့် ဝ.၇ ထက် အောက်ရောက်ရှိနေသဖြင့် မညီမျှမှုတွင် အမြင့်ဆုံး ဖြစ်နေပါသည်။ ၂၀၁၅ ခုနှစ် တွင် မြို့နယ်နှင့် နယ်မြေ အဆင့်များ၌ အဆိုပါ ကိန်းဂဏန်း အချက်အလက်များတွင် ကွာဟချက်များ ပိုရှိသည် ထုတ်ဖော်ပြသခြင်း မရှိသော်လည်း ပုညက်မှုနှင့် ကြုံလှီမှုနှုန်းမှာ ခန့်မှန်းခြေ ၃၀% နှင့် ၂ % အသီးသီး ရှိပြီး အာဟာရဖွံ့ဖြိုးမှုနှုန်းမှာ ပဋိပက္ခနှင့် အခြားအကြောင်းအရာများကြောင့် သိသိသာသာ မြင့်မားနေမည် ဖြစ်ပါသည်။ ယင်းသည် လက်ရှိ ဖြစ်ပေါ်နေသည့် ကျန်းမာရေး ဆိုင်ရာ ပြဿနာတစ်ခုတည်းကိုသာ ကိုယ်စားပြုသည် မဟုတ်ဘဲ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ၎င်းတို့၏ လူမှု အသိုက်အဝန်းများအတွက် ရေရှည်တည်တံ့ ခိုင်မြဲစေမည့် အသက်မွေးဝမ်းကျောင်းမှုများ အောင်မြင်စွာ ရရှိစေရန်အတွက် အဓိက အခက်အခဲ တစ်ခုလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ အခြေအနေတွင် ပြင်းထန်သော စိန်ခေါ်မှုများနှင့် အလားအလာရှိသော အခွင့်အလမ်းများ နှစ်ရပ်လုံး ရှိနေပါသည်။ ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်မှစတင်၍ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ (၉၅,၀၀၀)ကျော်သည် စခန်းများတွင် နေထိုင်နေကြပြီး ၂၀၁၈ခု ဩဂုတ်လမှ စတင်ပြီး လက်နက်ကိုင် ပဋိပက္ခအသစ်များနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်မှုတို့ လျော့နည်း သွားခဲ့ကာ ကြာရှည်ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်ရေးအတွက် ဆွေးနွေးမှုများ တိုးတက်များပြားလာစေမည့် အခွင့် အလမ်း များ ပံ့ပိုးပေးနိုင်မည့် အလားအလာရှိ ပါသည်။ သို့သော် ကြီးမားသည့် အခက်အခဲများ ဆက်လက် ရှိနေ ဆဲဖြစ်ပါသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား စဉ်ဆက်မပြတ် လက်လှမ်းမီ ရယူနိုင်မှု မရှိခြင်း အပြင် လုံခြုံမှုမရှိခြင်းနှင့် မြေမြှုပ်မိုင်းများ နှင့် အခြားပေါက်ကွဲစေတတ်သည့် စစ်ကျန်ပစ္စည်းများ ရှိနေခြင်းတို့ ထပ်မံဖိစီးခြင်းခံနေသဖြင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရခြင်း များမှ အသွင် ကူးပြောင်း နိုင်ရန် ကြိုးပမ်းအားထုတ်မှုများ ဆက်လက် လုပ်ဆောင်နေရဆဲ ဖြစ်ပါသည်။

ရှုပ်ထွေးလှသည့် အိမ်ယာ၊ မြေနှင့် ပိုင်ဆိုင်မှု ဆိုင်ရာ အခွင့်အရေးများသည်လည်း နေရပ်စွန့်ခွာ တိမ်းရှောင်မှုအတွက် ရေရှည် ဖြေရှင်းနိုင်သည့် နည်းလမ်းများအား ရယူရန် ကြိုးပမ်းအားထုတ်ရာတွင် ကြီးမားသည့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပါသည်။ ထို့အတွက်ကြောင့် ကချင်ပြည်နယ်ရှိ အခြေအနေမှာ နေရပ်စွန့်ခွာ တိမ်းရှောင်မှုနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်းနိုင်မည့် နည်းလမ်းများအတွက် အထောက်အကူ မဖြစ်နိုင်သေး သည့် ချိန်တွင် မကြာသေးမီသော နှစ်များ၌ ထောင်ပေါင်း အနည်းငယ်သော ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွက် အသေးစားဖြေရှင်း နည်းလမ်းများ ပေါ်ထွက် လာခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် ယင်း၏ မကြာသေးမီက ချမှတ်ခဲ့သည့် ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီ ခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ရေရှည်ဖြေရှင်းနိုင်မည့် နည်းလမ်း များအား နားလည်သဘောပေါက်စေရန်အတွက် ကြိုးပမ်း ရှာဖွေနေပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်တွင် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အသိုက်အဝန်းသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် မိမိသဘောဆန္ဒအလျောက် လုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့ခိုင်မြဲမည့် နေရပ်စွန့်ခွာ တိမ်းရှောင်မှုဆိုင်ရာ ဖြေရှင်းနည်းလမ်းများ အောင်မြင် ဖြစ်ထွန်းလာမှုကို မြှင့်တင်ပေးရန်နှင့် ပူးပေါင်း ဆောင်ရွက်ရန်တို့အတွက် ဖြစ်နိုင်မည့် နယ်ပယ်များကို ရှာဖွေ ဖော်ထုတ်ရန် အစိုးရ၊ ဒေသခံ လှုပ်ရှား ဆောင်ရွက်နေသူ များနှင့် ထိတွေ့ ပူးပေါင်း ဆောင်ရွက်နေ ပါသည်။

**COVID-19 ကပ်ရောဂါ**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းသည် တရုတ်နိုင်ငံနှင့် နီးကပ်စွာ ထိစပ်မှုရှိပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် အလုပ်အကိုင် တို့အတွက် အလွန်အမင်း မှီခိုနေရသည့် အခြေအနေကြောင့် COVID-19 ကပ်ရောဂါကြောင့် အားနည်းထိခိုက်လွယ်မှု အရှိဆုံး ဒေသများထဲမှ ဒေသများ ဖြစ်ပါသည်။ ခရီးသွားလာမှု မကန့်သတ်မီနှင့် နယ်စပ်မပိတ်မီ အချိန်၌ မူဆယ်နယ်စပ် စစ်ဆေးရေးဂိတ်တစ်ခုတည်းရှိ အပြန်အလှန် ကုန်သွယ်မှု စုစုပေါင်းမှာ နှစ်စဉ် ၄.၉ ဘီလီယံတန်ဖိုးရှိပြီး နေ့စဉ် မြန်မာနိုင်ငံသား (၂၀,၀၀၀) ကျော်သည် တရုတ်နိုင်ငံတွင် အလုပ် လုပ်ရန် အတွက် နယ်စပ်ဖြတ်ကျော်ခဲ့ကြပါသည်။[၈၄] မြန်မာရွှေ့ပြောင်း သွားလာသူ ထောင်ပေါင်းများစွာသည် တရုတ်နိုင်ငံတွင် တရားဝင် အလုပ် လုပ်ကိုင် ခွင့်မရှိဘဲ လုပ်ကိုင်နေကြသည်ဟု သိရှိရပါသည်။

၈၂။ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အချက်အလက်စစ်တမ်း၊ ၂၀၁၅-၂၀၁၆ (https://mohs. gov.mm/cat/MDHS)

၈၃။ http://themimu.info/Census_2014_SR_dashboard

၈၄။ https://www.mmtimes.com/news/myanmar-negotiates-china-sending-workers.html

ဇွန်လကုန်အထိ ရွှေ့ပြောင်းသွားလာသူ (၃၆,၂၈၀)ဦးသည် လွယ်ဂျယ်နှင့် မူဆယ်နယ်စပ် စစ်ဆေးရေးဂိတ်များမှ တဆင့် တရုတ်နိုင်ငံမှ[၈၅] အလုံးအရင်းဖြင့် ပြန်လာခဲ့ကြပါသည်။ မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းမှ အစပိုင်းတွင် နေရပ်ပြန်သည့် လုပ်ငန်းစဉ်များ "စနစ်တကျမရှိဘဲ စီမံခန့်ခွဲမှု အားနည်းနေပါသည်" ဟု ထုတ်ဖော် ပြောဆိုခဲ့သော်လည်း ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (IOM) နှင့် ပူးတွဲ မဟာဗျူဟာ အဖွဲ့[၈၆]တို့၏ ညှိနှိုင်းပူးပေါင်း လုပ်ဆောင်သည့် များပြားလှသော ကြိုးပမ်း အားထုတ်မှုများကြောင့် တိုးတက်မှု အချို့ ရရှိခဲ့ ပါသည်။

မတ်လဆန်းတွင် ပြည်နယ်များအားလုံးရှိ မြို့နယ်အာဏာပိုင်များနှင့်အတူ ပြည်ထောင်စုအစိုးရသည် အုပ်စုလိုက် လှုပ်ရှား ဆောင်ရွက်မှုများ အားလုံးကို ရပ်ဆိုင်းထားရန် မေတ္တာရပ်ခံခဲ့ပါသည်။ အစီအမံများသည် တဖြည်းဖြည်း ချင်း များပြားလာခဲ့ပြီး နောက်ဆုံး၌ အများပြည်သူ ဆိုင်ရာ နေရာများသို့ သွားလာမှုကို ပိတ်ပင်လိုက်ပြီး နေအိမ်တွင်သာ နေထိုင်ရန် အလေးအနက် မေတ္တာရပ်ခံခဲ့ကာ အများပြည်သူဆိုင်ရာ သယ်ယူ ပို့ဆောင်ရေးအား ရပ်ဆိုင်း၍ ခရီးသွားလာမှုအား တားမြစ် ပိတ်ပင်မှုများ ထုတ်ပြန်ခဲ့ပါသည်။

တားမြစ်မှုများကြောင့် စီးပွားရေး အပေါ် သက်ရောက်မှုများမှာ ဒေသအတွင်း၌ ချက်ချင်းဖြစ်ပေါ်လာခဲ့ပါသည်။ နှစ်အလိုက် နှိုင်းယှဉ်မှုများအရ နယ်စပ်ကုန်သွယ်ရေးမှာ ၂၀၁၉ ခုနှစ်တွင် ကန်ဒေါ်လာ (၄၇၉)သန်းရှိရာမှ ၂၀၂၀ ခုနှစ်တွင် ကန်ဒေါ်လာသန်း (၂၇၀)အထိ ထိုးကျသွား ခဲ့ပါ သည်။[၈၇]

မေလတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ[၈၈] ရခိုင်ပြည်နယ်အား ချန်လှပ်ပြီး တနိုင်ငံလုံး၌ တဖက်သတ် အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပါသည်။ မဟာမိတ်ညီနောင်များ အဖွဲ့မှလည်း ယင်း၏ တဖက်သတ် အပစ်အခတ် ရပ်စဲခြင်းအား COVID-19 ကပ်ရောဂါဖြစ်ပွားမှုကို အာရုံစိုက်ရန် လိုအပ်သည်ဟု အတိအလင်း ကြေညာပြီး အချိန်တိုးမြှင့်ခဲ့ပါသည်။[၈၉] ကချင်ပြည်နယ်၌ ၂၀၂၀ ခုနှစ် ပထမ နှစ်ဝက်ကာလအတွင်း ပဋိပက္ခများ ကျယ်ကျယ်ပြန့်ပြန့် အတိုင်းအတာဖြင့် ဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပါ။

ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် တပ်မတော်အကြား ပဋိပက္ခဖြစ်ပွားသည့် အဆင့်များ လျော့ကျနေသည့် အနေအထားတွင် ကပ်ရောဂါ စတင် ဖြစ်ပွားခဲ့ပါသည်။ တိုင်းရင်းသားလူနည်းစုအုပ်စုများအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန် လာသည့် အရိပ်လက္ခဏာ များလည်း ရှိလာခဲ့ပါသည်။ သို့သော် အိမ်နီးချင်း ရှမ်းပြည်မြောက်ပိုင်းတွင် ပဋိပက္ခဖြစ်နိုင်မည့် အန္တရာယ်များ ဆက်လက် မြင့်မားနေဆဲ ဖြစ်ပါ သည်။ ကချင်ပြည်နယ်သည် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုနှင့် ပတ်သက်၍ ပထဝီနိုင်ငံရေးဆိုင်ရာ ရှန်းကန်လှုပ်ရှားမှုများနှင့် ပြည်တွင်းရေးရာ ဆွေးနွေးပွဲများ စတင်မြစ်ဖျားခံရာ ဒေသ ဖြစ်ပါသည်။ ဒေသတွင်း ပဋိပက္ခဆိုင်ရာ ပြောင်းလဲစေနိုင်သည့် အင်အားများနှင့် ပိုမိုကျယ်ပြန့်သည့် နိုင်ငံခြားရေး မဟာဗျူဟာများ၏ ပေါင်းစည်းချိတ်ဆက်ခြင်း သည် ကပ်ရောဂါ တုံ့ပြန်ကာကွယ်ခြင်းနှင့် ပဋိပက္ခဖြေရှင်းသည့် ကြိုးပမ်း အားထုတ်မှု နှစ်ခုစလုံးအပေါ်၌ သက်ရောက်လျက် ရှိပါသည်။[၉၀]

၂၀၂၀ ခုနှစ် ဇွန်လတွင် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ IDP စခန်းများတွင် COVID-19 ကပ်ရောဂါ ရှိသည့် လူနာတစ်ဦးမျှ တွေ့ရှိ ရခြင်း မရှိပါ။ ၂၀၂၀ ခုနှစ် နှစ်ကုန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) ၏ စာရင်းများအရ ကချင်ပြည်နယ်ရှိ အစိုးရမှ ထိန်းချုပ်ထားသော ဒေသများတွင် ကပ်ရောဂါကူးစက်ခံခဲ့ရသူ (၆၂၀)ဦး ရှိ ပြီး ရှမ်းပြည်မြောက်ပိုင်းရှိ အစိုးရမှ ထိန်းချုပ်ထားသော ဒေသများတွင် လူနာ (၂၁၄)ဦး ရှိခဲ့သည်ဟု မှတ်တမ်း တင်ထားခဲ့ ပါသည်။

ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများသည် ၎င်းတို့အတွက် လိုအပ်သည့် ရင်းမြစ်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့အား လက်လှမ်းမီ ရယူနိုင်ခြင်း မရှိသဖြင့် ၎င်းတို့သည် ကပ်ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် အသုံးအဆောင် ပစ္စည်းများ လုံလောက်မှု မရှိသောကြောင့် အကယ်၍ စခန်းများအတွင်း၌ ရောဂါဖြစ်ပွားခဲ့ပါက လျင်မြန်စွာ ပြန့်နှံ့ပြီး စခန်းတစ်ခုလုံးတွင် ရှိသမျှ လူများ အားလုံးကို ကူးစက်သွားမည် ဖြစ်ပါသည်။ ယခင်ကတည်းကပင် အကန့်အသတ်များနှင့် ရင်ဆိုင်နေရသည့် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင် နေရသူများသည် ဈေးသို့ သွားရောက်နိုင်ရန် အခက်အခဲရှိခြင်း၊ စားနပ်ရိက္ခာ လျော့နည်းလာခြင်း၊ အသွားအလာ ကန့်သတ်ထားခြင်းများနှင့် ကြုံတွေ့ဖူးပြီးသား (သို့) မျှော်မှန်းထားသည့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အခွင့်အလမ်းများ လျော့ကျခြင်း တို့ကြောင့် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်နိုင်ရန်အတွက် အားနည်းထိခိုက်လွယ်မှု ပိုမြင့်မားလာပါသည်။ ဆင်းရဲ နွမ်းပါးခြင်း၊ ဝင်ငွေ မရှိခြင်း၊ ဈေးနှုန်းများ ရုတ်တရက် မြင့်တက်သွားခြင်း၊ ဈေးများသို့ သွားရောက်နိုင်မှုတွင် အကန့်အသတ်ရှိခြင်းတို့ကြောင့် ဆယ်ကျော်သက် မိန်းကလေးများ၊ မိခင်များနှင့် ၎င်းတို့၏ ကလေးငယ်များနှင့် လူ အများအပြားတို့အနေဖြင့် ကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုနှင့် လုံလောက်သည့် အစားအသောက် စားသုံးနိုင်ရန်အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါ ဖြစ်ပွားခြင်း မရှိသေးခင်က ကချင် ပြည်နယ်ရှိ စခန်းများတွင် ရှိသည့် ကြီးမားသော ကျန်းမာရေးဆိုင်ရာ ကွာဟချက်အချို့မှာ တကိုယ်ရေ သန့်ရှင်းမှု မြှင့်တင်ရေး၊ လက်ဆေးသည့် နေရာများအား အသုံးပြုနိုင်ခြင်းနှင့် ဓမ္မတာသွေးဆိုင်ရာ တကိုယ်ရေ သန့်ရှင်းရေးတို့နှင့် ဆက်စပ်နေပါသည်။ အလုပ်အကိုင် မည်မည်ရရ မရှိခြင်း၊ ကိုယ်ရေးကိုယ်တာ လုံခြုံမှု မရှိခြင်းနှင့် ၎င်းတို့၏ စခန်းများတွင် ကြာရှည်စွာ နေထိုင်နေရခြင်း တို့ကြောင့်လည်း လူများ၏ စိတ်ပိုင်း ဆိုင်ရာ အေးချမ်းမှုမရှိဘဲ ထိခိုက်လွယ်မှုများ ရှိနေခဲ့ပြီး အကြမ်းဖက်ခံရမှုနှင့် လူကုန်ကူးခံရနိုင်သည့် အန္တရာယ်များ တိုးပွားလာခြင်း တို့နှင့်လည်း ဆက်နွှယ်နိုင်ပါသည်။[၉၁]

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ဖြစ်ပွားမှု မြင့်တက်လာနေသဖြင့် အဆိုပါ ပြဿနာများအား ဖြေရှင်းရာတွင် ကျန်းမာရေး စနစ်၏ စွမ်းဆောင်နိုင်မှုတွင် အကန့်အသတ်များ ရှိနေခြင်းသည် ပုံမှန်ဝန်ဆောင်မှုများ ပေးအပ်နိုင်ခြင်း မရှိသည့် အထူးသဖြင့် အစိုးရ တပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ရင်ဆိုင်တိုက်ခိုက်နေသည့် ဒေသများတွင် ရောဂါကူးစက်မှု လျှော့ချရန်အတွက် လုံလောက်စွာ ကြိုးပမ်းနိုင်မှု မရှိခြင်းနှင့် အသေအပျောက်နှုန်း မြင့်မားခြင်းတို့ ဖြစ်နိုင်ခြေရှိနေပါသည်။ အစီရင်ခံစာများမှ အထူးသဖြင့် အစိုးရမှ ထိန်းချုပ်ထားခြင်း မရှိသည့် ဒေသများတွင် ရင်းမြစ်များ မရှိသည့်အတွက်ကြောင့် အားနည်း နေသည်ဟု ဖော်ပြနေပါသည်။

ကချင်ပြည်နယ်တွင် ပြည်နယ်အဆင့် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေးအား COVID-19 ကပ်ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီနှင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနတို့မှ ဦးဆောင်နေပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ လုပ်ငန်းအဖွဲ့အား ကုလသမဂ္ဂ လူသားချင်းစာနာမှု ညှိနှိုင်းရေးရုံး (OCHA) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့မှ ပူးတွဲဦးဆောင်ခဲ့ပါသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မတ်လဆန်းပိုင်း၌ အစိုးရမှ ပြည်နယ် COVID-19 ကပ်ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီအား ဖွဲ့စည်းခဲ့ပါသည်။ ရှမ်းပြည်မြောက်ပိုင်းအတွက် COVID-19 ကပ်ရောဂါဆိုင်ရာ လုပ်ငန်းအဖွဲ့အား ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ဦးဆောင်ပါသည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ဖြစ်သည့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIO)၊ တအောင်းန်အမျိုးသား လွတ်မြောက်ရေးတပ် (TNLA) နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့သည် ၎င်းတို့ ထိန်းချုပ်နယ်မြေများတွင်ရှိသူများအား COVID-19 ကပ်ရောဂါမှ ကာကွယ်ပေးရန်အတွက် စီမံဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့သည် တရုတ် နိုင်ငံ နှင့် နယ်စပ်တလျှောက် လူနှင့် ကုန်ပစ္စည်းများ တရားမဝင်ဖြတ်သန်းနေမှု အများအပြားအား ပိတ်ပင်ခဲ့ပါသည်။ အဖွဲ့အများစုသည် အသိပညာပေးသည့် စည်းရုံး လှုံ့ဆော်မှုများ၊ အသွားအလာကန့်သတ် စောင့်ကြည့်သည့် အစီအမံ အချို့ ချမှတ်ခြင်း၊ ခရီးသွားလာမှု စတင် ကန့်သတ်ခြင်း တို့ ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့များသည် ခရီးသွားလာသူများ၏ ကိုယ်အပူချိန် စစ်ဆေးသည့် နေရာများ သတ်မှတ်ထားရှိ ခဲ့ကာ ခရီးသွားလာသူ များအား ကျန်းမာရေး ဆိုင်ရာ သတင်း အချက်အလက်များ ပေးအပ်ခဲ့ပါသည်။ ခြုံငုံကြည့်လျှင် အဆိုပါ အစီအမံများသည် ဒေသအား အကာအကွယ်ပေးရာ၌ အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်သော်လည်း COVID-19 ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရာတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ စွမ်းဆောင်နိုင်မှုမှာ အကန့်အသတ် ဆက်လက် ရှိနေဆဲ ဖြစ်ပါသည်။ ယခုအချိန် အထိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ ကျန်းမာရေးစနစ်များ အကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် ကြိုးပမ်း အားထုတ်မှုများတွင် အကန့်အသတ်များ ရှိနေဆဲ ဖြစ်ပါသည်။

ပူးတွဲမဟာဗျူဟာအဖွဲ့မှ ပြုလုပ်ခဲ့သည့် KIO မှ ထိန်းချုပ်ထားသော ဒေသများ (KCA) တွင် COVID-19 ကပ်ရောဂါနှင့် ဆက်နွှယ်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများအပေါ် အလျင်အမြန် ပြုလုပ်သည့် ဆန်းစစ်အကဲဖြတ်မှု မှ အိမ်ထောင်စုများ အားလုံး နီးပါး အထူးသဖြင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများသည် ဝင်ငွေလျော့နည်းလာသည်ကို တွေ့ကြုံနေရခြင်း၊ WASH ဆိုင်ရာ ဝန်ဆောင်မှု များအား လက်လှမ်းမှု ရယူနိုင်မှု လုံလောက်စွာ မရှိခြင်း၊ လူများ ပြည့်ကျပ်နေသည့် စခန်းများတွင် နေ့စဉ် ဘဝ၌ ခပ်ခွာခွာ နေရန်မှာ ခက်ခဲခြင်း၊ တကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများ လုံလောက်စွာ ပံ့ပိုးပေးမှု မရှိခြင်း၊ အိမ်တွင်းနှင့် ကျား၊ မအခြေပြု အကြမ်းဖက်မှုများ တိုးပွားလာခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများမရှိခြင်းတို့ကြုံတွေ့နေရပြီး စားနပ် ရိက္ခာဖူလုံမှု မှာ ဆိုးဆိုးရွားရွား ယိုယွင်း လာလျက် ရှိကြောင်း မီးမောင်းထိုးပြလျက် ရှိ ပါသည်။

၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် Community Partners International သည် အစိုးရမှထိန်းချုပ်မှု မရှိသော ဒေသများတွင် ရပ်ရွာလူထုများနှင့် တွေ့ဆုံမေးမြန်းမှု အများအပြား ပြုလုပ်ခဲ့ပါသည်။ Kachin Development Group (KDG) မှ ကချင်ပြည်နယ်ရှိ အစိုးရ ထိန်းချုပ်ခြင်း မရှိသည့် ဒေသများတွင် ၎င်းတို့၏ လူမှုအသိုက်အဝန်းများ၌ နေထိုင်နေကြသည့်သူများ၏ ဘဝများ နှင့် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ပြီး စခန်း များတွင် နေထိုင်သူများ၏ ဘဝတို့မှာ တစ်စထက်တစ်စ ပို တူညီလာပါသည်ဟု ရှင်းပြခဲ့ပါသည်။ နှစ်ဖွဲ့စလုံးသည် ၎င်းတို့၏ အခြေခံ လိုအပ်ချက် များကို ပြည့်မီစေရန်အတွက် အခက်အခဲ အများအပြား ကြုံတွေ့နေကြပါသည်။ ပဋိပက္ခနှင့် မြေမြှုပ်မိုင်းများကြောင့် အဆိုပါ ဒေသများတွင် လုံခြုံမှုမရှိသဖြင့် ရပ်ရွာလူထုအနေဖြင့် ၎င်းတို့၏ တောင်ယာများသို့ သွားရောက်နိုင်ခြင်း မရှိတော့ပါ။ ယခုအခါတွင် လူများသည် အသက်ရှင် ရပ်တည်နိုင်ရန် အတွက် နေ့စား အလုပ်သမားအဖြစ် အများဆုံး လုပ်ကိုင်နေကြခြင်း (သို့) ရွှေ့ပြောင်းလုပ်သားများအဖြစ် စတင် လုပ်ကိုင်ရန်အတွက် ၎င်းတို့၏ လူမှုအသိုက်အဝန်းများမှ စွန့်ခွာနေကြခြင်း တို့ ဖြစ်နေပါသည်။ ယခုအခါတွင် ၎င်းတို့၏ နေအိမ်များ သာမက ၎င်းတို့၏ ပိုင်ဆိုင်မှုများ ဆုံးရှုံးခဲ့ကြသည့် IDP စခန်းများ၌ နေထိုင်သော သူများသည် ကျပန်း အလုပ်များအား လုပ်ကိုင်ခြင်းဖြင့် ရှင်သန် ရပ်တည်နေရသည် (သို့) တရုတ်နိုင်ငံတွင် အလုပ်အကိုင်ရှာဖွေရန်အတွက် နယ်စပ်ဖြတ်ကျော်၍ သွားနေကြပါသည်။ COVID-19 ကပ်ရောဂါကာလအတွင်း တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် လူအများအပြားမှာ နေရပ် ပြန်ပို့ခြင်း ခံခဲ့ရပြီး နယ်စပ်ကုန်သွယ်ရေးများ ရပ်ဆိုင်းခဲ့သောကြောင့် နောက်ဆက်တွဲ အကျိုးဆက်အဖြစ် လူအများအပြားသည် ၎င်းတို့၏ မိသားစုများအား ထောက်ပံ့ရန်အတွက် အခက်အခဲများအား ရင်ဆိုင် ကြုံတွေ့ခဲ့ကြရပါသည်။

၈၅။ IOM မြန်မာ COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေး အစီရင်ခံစာ။ ၂၀၂၀ ခုနှစ် ဇူလိုင်လ

၈၆။ ကချင်ပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သည့် ပူးတွဲ မဟာဗျူဟာ အဖွဲ့ (JST) သည် ကချင်ပြည်နယ်ရှိ ပြည်တွင်း နေရပ်စွန့်ခွါ တိမ်းရှောင်သူများအတွက် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ တုံ့ပြန် ကာကွယ်မှုတွင် ပြည်တွင်း လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ (၈) ဖွဲ့ ၏ ပူးပေါင်း ဆောင်ရွက်သည့် ကြိုးပမ်း အားထုတ်မှု ဖြစ်ပါသည်။

၈၇။ https://www.irrawaddy.com/news/burma/myanmar-china-border-trade-drops-us200-m-amid-coronavirus-outbreak.html#:~:text=The%20value%20of%20border%20trade,and%

၈၈။ မြန်မာ့ တပ်မတော်

၈၉။ https://www.arakanarmy.net/post/emergency-press-release-of-the-three-brotherhood-alliance-in-the-time-of-the-spread-of-covid-19

၉၀။ ကချင်ပြည်နယ်တွင် COVID-19 ကပ်ရောဂါ နှင့် ပဋိပက္ခ မည် ကဲ့သို့ ပိုင်းခြား သတ်မှတ်ထားပါသနည်း။ အာရှ ဖောင်ဒေးရှင်း။ ၂၀၂၀ ခုနှစ် အောက်တိုဘာလ





၉၁။ ကချင် ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည် မြောက်ပိုင်း၏ ကဏ္ဍပေါင်းစုံ ကနဦး ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှု

ဒေသဆိုင်ရာ အစိုးရသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အနီးကပ် ပူးပေါင်း လုပ်ဆောင်ရန် အတွက် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် COVID-19 ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရေးကော်မတီ အား ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မတီသည် ဒေသတွင်းရှိ ရုပ်မြင်သံကြားလိုင်းများနှင့် လူမှုကွန်ရက် မီဒီယာတို့မှ တဆင့် ဒေသခံ ဘာသာစကားများဖြင့် အများပြည်သူ ကျန်းမာရေး ဆိုင်ရာ သတင်း အချက်အလက်များ၊ အမိန့်များ၊ လမ်းညွှန်ချက်များအား လူမှုအသိုက်အဝန်းများထံ မျှဝေပေးခြင်းဖြင့် COVID-19 ကပ်ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး ပညာပေးခြင်းအား ပံ့ပိုးကူညီပေးခဲ့ပါသည်။ ၎င်းတို့သည် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ ကဲ့သို့သော ကာကွယ် တားဆီးရေး အခြေခံ အထောက်အပံ့ပစ္စည်းများအား IDP စခန်းများအပါအဝင် လူမှုအသိုက်အဝန်းများထံ ဖြန့်ဝေပေးခဲ့ပြီး ဈေးများကဲ့သို့သော အများပြည်သူ သွားလာသည့် နေရာများ၌ လက်ဆေးသည့် နေရာနှင့် အထောက်အပံ့ပစ္စည်းများအား ပံ့ပိုးကူညီပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဧပြီလမှစတင်၍ ၎င်းတို့သည် အစိုးရ ထိန်းချုပ်ထားသည့် ဒေသမှ ပြန်လာသူများတွက် ဝင်ရောက်လာသည့် နေရာများတွင် စစ်ဆေးရေး ဂိတ်များ ထားရှိခဲ့ပြီး အသွားအလာကန့်သတ် စောင့်ကြည့်သည့် နေရာ များကို ဖွင့်လှစ်ခဲ့ ပါသည်။

၎င်းတို့၏ COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် ကြုံတွေ့နေရသည့် အဓိက စိန်ခေါ်မှုများမှာ လူသားအရင်းအမြစ်နှင့် ပစ္စည်းကိရိယာအရင်းအမြစ်များ၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ၊ ဆေးဝါးများနှင့် စမ်းသပ်ခြင်းနှင့် ကုသခြင်း ဆိုင်ရာ အထောက်အပံ့ ပစ္စည်းတို့တွင် အကန့်အသတ် ရှိနေခြင်းတို့ ဖြစ်ပါသည်။ သံသယရှိသည့် လူနာများအား စမ်းသပ် စစ်ဆေးရန်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ နှာခေါင်းတို့ဖတ်ယူ၍ တရုတ်နိုင်ငံသို့ ပေးပို့ စစ်ဆေးခြင်း ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလအထိ ၎င်းတို့၏ ဒေသအတွင်း၌ COVID-19 အတည်ပြုလူနာတစ်ဦးမျှ မှတ်တမ်းတင်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

မြန်မာနိုင်ငံ မြောက်ပိုင်းတွင် စနစ်နှင့် ဆိုင်သည့် အမြင်မတူသော ကိစ္စရပ်များအား ရေရှည်တည်တံ့ခိုင်မြဲမှု ရှိမည့် နိုင်ငံရေး ဖြေရှင်း နည်းလမ်း များဖြင့် ဖြေရှင်းရန်မှာ ဖြစ်နိုင်မည်မဟုတ်ဟု ထင်မြင်ယူဆရပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပြည်သူ များအား ကူညီပံ့ပိုးပေး ရသည့် တာဝန် မှာ နှစ်ပေါင်းများစွာ ရင်းမြစ်များ မလုံလောက်သည့် ဒုက္ခကို တွေ့ကြုံခံစားခဲ့ ရပြီးဖြစ်သည့် ရပ်ရွာလူထု ကွန်ရက်များနှင့် အဖွဲ့အစည်းများအပေါ် ကျရောက်လာခဲ့ပါသည်။ ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်ရချိန်တွင် ၎င်းတို့တွင် အဆမတန် မနိုင်ဝန်ထမ်း ရသည့် အန္တရာယ်ဖြင့် ကြုံတွေ့ကြရပါသည်။[၉၂]

**LIFT ၏ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း စီမံကိန်းနှင့် ၂၀၁၉–၂၀၂၃ MEAL မူဘောင်**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း စီမံကိန်းအား ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် တင်သွင်းလာသည့် အဆိုပြုလွှာများမှတဆင့် ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသူများနှင့် အတူ အစိုးရမှ ထိန်းချုပ်ထားသော ဒေသများနှင့် အစိုးရမှ ထိန်းချုပ်မှု မရှိသော ဒေသများတွင် ပေါင်းစပ် လုပ်ကိုင်သည့် စီမံကိန်း ဆောင်ရွက်ချက်များ ပါဝင်ပြီး ပေါင်းစပ်ဆက်နွယ်[၉၃] နိုင်သည့် အနေအထားအတွင်း လက်ရှိ လူသားချင်းစာနာထောက်ထားမှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ဆိုင်ရာအစီအစဉ်များအား လက်တွဲလုပ်ကိုင်ရန် ဖန်တီးပေးပါသည်။ LIFT သည် ဤစီမံကိန်းအောက်တွင် မိတ်ဖက်အဖွဲ့အစည်း များနှင့်အတူ မူဝါဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ အသံများကို မြှင့်တင်ပေးရန် ညှိနှိုင်း ဆောင်ရွက်သည့် သုတေသနနှင့် အသိပေးအရေးဆိုမှု တို့အတွက် အခွင့်အလမ်းများအား စူးစမ်းရှာဖွေပြီး ဖော်ထုတ်ကာ ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေပါသည်။ အားနည်းထိခိုက်လွယ်မှု၊ အာဟာရ ဖွံ့ဖြိုးမှု၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိမှု၊ ကာကွယ်စောင့်ရှောက်ပေးမှု၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် ကြွေးမြီတင်ရှိမှု တို့အကြားရှိ ဆက်နွယ်မှုမှာ တစ်ဆင့်ပြီးတစ်ဆင့် ဆက်တိုက် ဖြစ်နေသည် မဟုတ်သောကြောင့် ပေါင်းစပ်ထားသည့် စီမံကိန်းတစ်ခုလုံးရှိ အားနည်းထိခိုက်လွယ်မှုနှင့် ရှုပ်ထွေးသည့် အားနည်းထိခိုက်လွယ်မှု ဖြစ်နိုင်ချေ အန္တရာယ်ရှိသော အကြောင်းတရားများကို လျော့ချနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် တုံ့ပြန်ဆောင်ရွက်နေသည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း များအား သတင်းအချက်အလက်များ ပေးရန်အတွက် အားနည်းထိခိုက်လွယ်မှုကို ဖြစ်စေသည့် အခြေခံ အကြောင်းအရင်းများကို ကောင်းစွာ နားလည်သဘောပေါက်ရန် လိုအပ်ပါ သည်။

LIFT ၏ စီမံကိန်းသည် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးရန်နှင့် ဦးတည်ရည်ရွယ်သည့် ပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်းပေါ် သက်ရောက်မှု အမြင့်ဆုံး ပေးနိုင်ရန် စုပေါင်း ညှိနှိုင်း ဆောင်ရွက်မှု၏ အကျိုး ရလဒ် များ၊ ပေါင်းစည်းခြင်းဖြင့် အရည်အသွေး များ တိုးမြှင့်စေခြင်းနှင့် ၎င်းတို့အကြား ညှိနှိုင်း ဆောင်ရွက်ခြင်းများအား ထိရောက်စွာ အသုံးချနိုင် စေရန် အတွက် ဘက်စုံ ပေါင်းစည်းနိုင်ရန် အလုံးစုံ ပါဝင်သည့် မူဘောင်တစ်ခု အား ပံ့ပိုးပေးပါသည်။

၂၀၂၀ ခုနှစ် ပထမနှစ်ဝက်အတွင်း LIFT သည် ဘက်စုံပါဝင်သည့် စီမံကိန်း၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ၊ စီမံကိန်း အဆင့် မူဝါဒ၊ လေ့လာ သင်ယူခြင်းဆိုင်ရာ ရည်ရွယ်ချက်များနှင့် ဆက်စပ်နေသည့် အစီအစဉ်၊ စီမံကိန်း အဆင့် ညွှန်းကိန်းများ၊ စီမံကိန်းအဆင့် အပြန်အလှန် လေ့လာ သင်ယူခြင်းနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြောင်းလဲရေးအတွက် စနစ်တကျ ပုံစံချထားသည့် ချဉ်းကပ်နည်းလမ်းတို့ ပါဝင်သည့် စီမံကိန်း၏ စောင့်ကြည့် စစ်ဆေးခြင်း၊ အကဲဖြတ် သုံးသပ်ခြင်း၊ တာဝန်ခံခြင်းနှင့် လေ့လာသင်ယူခြင်းဆိုင်ရာ (MEAL) ဆိုင်ရာ မူဘောင်အား အပြီးသတ်ခဲ့ပါသည်။ MEAL ချဉ်းကပ်နည်းလမ်း တစ်ခုလုံးအား အကောင်အထည် ဖော်ရေးမိတ်ဖက်များ၊ သက်ဆိုင်ရာ ပတ်သက် ဆက်နွယ်သူ များ နှင့်အတူ ပူးပေါင်း၍ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခဲ့ပါသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း စီမံကိန်းသည် LIFT ၏ ၂၀၁၉–၂၀၂၃ မဟာဗျူဟာနှင့်အညီ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများနှင့် အားနည်းထိခိုက်လွယ်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းမှုများ တိုးမြှင့်ပေးရန်အတွက် ပံ့ပိုးကူညီ ရန် အာရုံစိုက်ပါသည်။ စီမံချက်သည် ဤရည်မှန်းချက် အား အိမ်ထောင်စုအဆင့်၊ စနစ် အဆင့်နှင့် မူဝါဒအဆင့်၌ ဆောင်ရွက်နေ သည့် စီမံကိန်း ဆောင်ရွက်ချက်များမှတဆင့် ဝင်ငွေနှင့် ပိုင်ဆိုင်မှုများ တိုးတက်များပြားလာခြင်း၊ အာဟာရ ဖွံ့ဖြိုးမှုအဆင့်အတန်း တိုးတက်ကောင်းမွန်လာ ခြင်းနှင့် အားနည်းထိခိုက်လွယ်မှုများ လျော့ချခြင်းတို့ဖြင့် ရရှိရန် ရည်မှန်းထားပါသည်။

ထိုသို့ လုပ်ဆောင်ရာတွင် စီမံကိန်းသည် အောက်ဖော်ပြပါတို့အပေါ် အထူး အလေးထားပါသည်။

- ပဋိပက္ခ/ လူမှုပြန်လည် ပေါင်းစည်းခြင်း
- ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် စခန်းများ ပိတ်သိမ်းခြင်း[၉၄]
- မြေယာပြဿနာများ
- လူသားချင်း စာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး ပေါင်းစပ်ဆက်နွယ်မှု ပုံစံအတွင်းမှ လုပ်ကိုင် ဆောင်ရွက်ခြင်း
- ကျား၊ မရေးရာနှင့် အားလုံးပါဝင်စေခြင်း

စီမံကိန်းအတွက် မူဝါဒနှင့် စနစ်နှင့် ဆက်နွယ်နေသည့် ပြောင်းလဲခြင်း ဆိုင်ရာ ရည်မှန်းချက်များအား LIFT ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးနှင့် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ ပါဝင်သည့် ဆွေးနွေး တိုင်ပင်သဘောထား ရယူသည့် လုပ်ငန်းစဉ်များမှတဆင့် ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ လွှတ်တော်၌ ဆောင်ရွက်ရမည် ဖြစ်သော မူဝါဒဆိုင်ရာ ပြောင်းလဲရမည့် နယ်ပယ် (၆)ခုအား လက်ရှိ အခြေ အနေ တွင် အဓိက မူဝါဒဆိုင်ရာ ပြဿနာများ ပိုမိုကျယ်ပြန့်စွာ ရှာဖွေဖော်ထုတ်ခြင်းနှင့် စပ်လျဉ်းသည့် LIFT ၏ အားသာချက်များမှတဆင့် ရွေးချယ်ခဲ့ပါသည်။ အဆိုပါ နယ်ပယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- မြေယာနှင့် သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲမှု / စီမံအုပ်ချုပ်မှု
- စခန်းများ ပိတ်သိမ်းခြင်းနှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ
- အလုပ်သမားနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များ
- အာဟာရဖွံ့ဖြိုးမှု
- အသက်မွေးဝမ်းကျောင်းမှုများနှင့် စားနပ်ရိက္ခာစနစ်များ
- အမျိုးသမီးများနှင့် လူငယ်များ

လေ့လာသင်ယူခြင်းနှင့် ဆန်းသစ်တီထွင်ခြင်းဆိုင်ရာ အစီအစဉ်တစ်ရပ်အား မိတ်ဖက်အဖွဲ့အစည်း များနှင့် ပူးပေါင်း ရေးဆွဲ အကောင်အထည် ဖော်ခဲ့ပြီး အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများနှင့်အတူ LIFT မှ တန်ဖိုးရှိသော အသိအမြင်နှင့် အထောက်အထား တို့ဖြင့် ပံ့ပိုး ကူညီပေးရန် မျှော်မှန်းထားသည့် အဓိကနယ်ပယ်များကို ဖော်ပြထားပါသည်။

ဒေသအလိုက် စီမံကိန်းအဆင့် MEAL မူဘောင်အား အကြောင်းအရာအလိုက်နှင့် စီမံချက်အဆင့် MEAL မူဘောင်တို့ မှ ရယူ တည်ဆောက်ထား ပါသည်။ ယင်းသည် စီမံကိန်းအဆင့် မူဝါဒနှင့် စနစ်နှင့် ဆက်နွယ်နေသည့် ပြောင်းလဲခြင်းဆိုင်ရာ ရည်မှန်းချက်များအား ပံ့ပိုးကူညီပေးရန် အတွက် စီမံချက်များ၏ MEAL မူဘောင်များ၊ လေ့လာသင်ယူခြင်းနှင့် အသိအမြင် မျှဝေပေးခြင်းတို့အတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် အထောက်အထား ရှာဖွေဖော်ထုတ်ခြင်းနှင့် အသုံးပြုခြင်းတို့မှတဆင့် ရှာဖွေ တွေ့ရှိထားသည့် အထောက်အထားအား စုစည်းခြင်းအပေါ်၌ အဓိကထား အာရုံစိုက်ပါသည်။

LIFT သည် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်းကိန်းများအပေါ် ကနဦးစစ်တမ်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်အတူ ကချင် ပြည်နယ်တွင် ၂၀၂၁–၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၌ စတင် ဆောင်ရွက်သည့် လူမှုဝန်ထမ်းဦးစီးဌာန၏ ကိုယ်ဝန်ဆောင်မိခင်များနှင့် ယင်းတို့၏ အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့မှု (MCCT) အစီအစဉ်အား ကူညီပံ့ပိုးပေးရန်အတွက် သဘောတူညီခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် LIFT သည် လူမှုဝန်ထမ်းဦးစီးဌာန၏ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ဆိုင်ရာ စွမ်းဆောင်ရည်များ ခိုင်မာ အားကောင်းစေရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန (DSW) နှင့်အတူ လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

အစိုးရ၏ COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများ တွင် ကူညီပံ့ပိုးပေးရန်အတွက် LIFT သည် ကချင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်း၊ ရခိုင်နှင့် ကရင်ပြည်နယ်များတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများအား ငွေကြေးထောက်ပံ့မှုပေးသည့် အစီအစဉ်အတွက် DSW အား ရန်ပုံငွေ ထောက်ပံ့ပေးရန် သဘောတူခဲ့ပါသည်။ ပြည်နယ် (၄)ခုရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ အိမ်ထောင်စု ခန့်မှန်းခြေ (၆၁,၀၀၀)စုအား COVID-19 ကပ်ရောဂါမှ ဖြစ်ပေါ်လာသည့် လူမှုစီးပွားရေး သက်ရောက်မှုများကို ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရန် အတွက် တစ်ကြိမ်

---

၉၂။ ကချင်ပြည်နယ်တွင် COVID-19 ကပ်ရောဂါ နှင့် ပဋိပက္ခ မည် ကဲ့သို့ ပိုင်းခြား သတ်မှတ်ထားပါသနည်း။ အာရှ ဖောင်ဒေးရှင်း။ ၂၀၂၀ ခုနှစ် အောက်တိုဘာလ

၉၃။ ပေါင်းစပ်ဆက်နွယ်မှု” ဟူသော ဝေါဟာရ အား ‘အကျပ်အတည်း ကာလ မတိုင်မီ၊ အကြပ်အတည်း ကာလအတွင်းနှင့် အကျပ်အတည်းမှ လွန်မြောက်သည့် ကာလအတွင်း တို့တွင် လူအများ၏ အားနည်း ထိခိုက်လွယ်မှုများအား ကျိုးကြောင်းညီညွတ်စွာ ဖြေရှင်းရာတွင် လိုအပ်နေသည့် လုပ်ငန်း’ ဟူ၍ ရည်ညွှန်းရန်အတွက် တစ်စထက် တစ်စ တိုးတက် အသုံးပြုလာခဲ့ပါသည်။ ယင်း ဝေါဟာရသည် အစဉ်အလာ အတိုင်း စုစည်းမှု မရှိသော/ ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်မှု မရှိ သော အပြုအမူများနှင့် ဆောင်ရွက်ခဲ့ သောကြောင့် ကျေနပ် ဖွယ်ရာ မရှိ သော ရလဒ်များရစေခဲ့သည်ဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံ ထား သည့် လူသားချင်း စာနာ ထောက်ထားမှု၊ ငြိမ်းချမ်းရေး နှင့် ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာ အစီအစဉ် များအား ပိုင်းခြား ဆောင်ရွက်ခြင်း နှင့် သက်ဆိုင်ပါ သည်။ အသေးစိတ်အား https://reliefweb.int/sites/reliefweb.int/files/resources/dp-humanitarian-development-peace-nexus-260619-en_0.pdf တွင် ဖတ်ရှုနိုင်ပါသည်။

၉၄။ စခန်း ပိတ်သိမ်းသည့် လုပ်ငန်းအား အဓိက အားဖြင့် ကချင်ပြည်နယ်တွင် လုပ်ဆောင်ပါသည်။

သာ ပေးအပ်မည် ဖြစ်သော ငွေကြေးထောက်ပံ့မှုအား ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ထုတ်ပေးနိုင်ရန်အတွက် စီစဉ်ခဲ့ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် စီမံကိန်းအတွက် အစိုးရမှ ထိန်းချုပ်မှု မရှိသော ဒေသများတွင် ပူးတွဲမဟာဗျူဟာအဖွဲ့၏ ကူညီ ပံ့ပိုးမှု ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှတဆင့် ခန့်မှန်းခြေ အိမ်ထောင်စု (၂၀,၀၀၀)အား လွှမ်းခြုံနိုင်ရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် LIFT သည် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ (၅)နှစ် စီမံကိန်း (MS-NPAN) နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၌ အဆိုပါ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် ယင်း၏ ကူညီပံ့ပိုးပေးခြင်းအား ဆက်လက် ဆောင်ရွက်ရန် အစီအစဉ် ရေးဆွဲခဲ့ပါသည်။ ဤလုပ်ငန်းစဉ်အတွက် ကချင်ပြည်နယ်အား ဦးစားပေး သတ်မှတ်ခဲ့ပြီး လုပ်ငန်း အား ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ဆောင်ရွက်ရန် မျှော်မှန်းထားခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းခြင်းမှ အစိုးရမှ ကူညီပံ့ပိုးပေးမည့် အဆိုပါ အစီအစဉ်များအတွက် ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ အဆိုပါ ပြောင်းလဲမှုများအား ဤအခန်းရှိ "ရှေ့သို့ မျှော်ကြည့်လျှင်" အပိုင်း၌ အနှစ်ချုပ်ဖော်ပြထားပါသည်။

| အကောင်အထည် ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း | စီမံချက်အမည် | အဓိကလုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့်ဒေသ |
|---|---|---|---|---|
| **ADRA Myanmar** | ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက် ပိုင်းရှိ နေရပ်စွန့်ခွာ တိမ်း ရှောင်သူ များ နှင့် ဒေသခံ လူမှု အသိုက်အဝန်းများ အတွက် အသက် မွေးဝမ်းကျောင်း ပညာ ကူညီပံ့ပိုးပေးခြင်း (VESI)- သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အခွင့်အလမ်းများအား ရေရှည် တည်တံ့ခိုင်မြဲအောင် မြှင့်တင် ပေးခြင်း နှင့် IDP စခန်းများမှ လူငယ်များနှင့် အားနည်း ထိခိုက် လွယ်သည့် ဌာနေ လူမှုအသိုက်အဝန်း များ အကြား လိုအပ်ချက်များအား ပေါင်းကူး ပေးခြင်း | TVET ၊ သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် | ၂၀၁၉ ဇူလိုင်<br>-<br>၂၀၂၂ ဇွန် | ရှမ်းပြည်မြောက်ပိုင်း နှင့် ကချင်ပြည်နယ် |
| **Health Poverty Action (HPA)** | ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ ရသည့် အားနည်းထိခိုက်လွယ် ပြည်သူများ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်း ပိုမို ကောင်းမွန် စေခြင်း | အာဟာရဖွံ့ဖြိုးမှု | ၂၀၂၀ ဇန်နဝါရီ<br>-<br>၂၀၂၂ ဒီဇင်ဘာ | ရှမ်းပြည်မြောက်ပိုင်း နှင့် ကချင်ပြည်နယ် |
| **International Organiza- tion for Migration (IOM)** | ပဋိပက္ခဒဏ်ခံရသည့် အမျိုးသမီးများနှင့် လူငယ်များအား အာဟာရဖွံ့ဖြိုးမှု နှင့် အလုပ်အကိုင် များ ကူညီ ပံ့ပိုးပေးခြင်း (SAFEWAY NET) | ရွှေ့ပြောင်း သွားလာ ခြင်းနှင့် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် | ၂၀၁၉ ဇူလိုင်<br>-<br>၂၀၂၂ ဇွန် | ကချင်ပြည်နယ်- ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ မြစ်ကြီးနား နှင့် ဝိုင်းမော် မြို့နယ်များ<br>ရှမ်းပြည်မြောက်ပိုင်း- ဟိုပုံး၊ ကွန်လုံ၊ ကွတ်ခိုင်၊ မန်တုံ၊ မိုးမိတ်၊ မူဆယ်၊ နမ့်ဆန်၊ နမ့်ခမ်း၊ နမ္မတူ နှင့် တန့်ယန်း မြို့နယ်များ |
| **Karuna Mission Social Solidarity (KMSS)** | ပဋိပက္ခဒဏ်ခံရသည့် အမျိုးသမီးများနှင့် လူငယ်များအား အာဟာရဖွံ့ဖြိုးမှု နှင့် အလုပ်အကိုင် များ ကူညီ ပံ့ပိုးပေးခြင်း (SAFEWAY NET) | အာဟာရဖွံ့ဖြိုးမှု | ၂၀၁၉ ဇူလိုင်<br>-<br>၂၀၂၂ ဇွန် | ကချင်ပြည်နယ်- မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်၊ မန်စီနှင့် မိုးမောက် မြို့နယ်များ<br>ရှမ်းပြည်မြောက်ပိုင်း- သိန္နီ၊ ကွတ်ခိုင် နှင့် မူဆယ် မြို့နယ်များ |
| **Save the Children** | ရှမ်းပြည် မြောက်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ ရသည့် ဒေသများတွင် ကြံ့ကြံ့ခံ နိုင်စွမ်းတည်ဆောက်ခြင်း (BRICKS) | အာဟာရဖွံ့ဖြိုးမှုနှင့် လူမှု ကာကွယ် စောင့်ရှောက်ခြင်း | ၂၀၁၉ ဇူလိုင်<br>-<br>၂၀၂၂ ဇွန် | ရှမ်းပြည်မြောက်ပိုင်း-နမ့်ခမ်း၊ ကျောက်မဲနှင့် နမ့်တူ မြို့နယ်များ<br>ကချင်ပြည်နယ်- မန်စီနှင့် မိုးမောက် မြို့နယ်များ |
| **Shalom Nyein Foundation** | မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် အာဟာရ ဖွံ့ဖြိုးမှုနှင့် အသက်မွေး ဝမ်းကျောင်းမှု တို့အတွက် ကိုယ့်အားကိုယ်ကိုးအုပ်စုများမှ တဆင့် ကူညီပံ့ပိုးပေးခြင်း | ပြည်တွင်း နေရပ် စွန့်ခွာ တိမ်းရှောင်သူ များ နှင့် အချင်းချင်း ရိုင်းပင်း ကူညီသည့် အုပ်စုများ အတွက် သင့်တင့် လျောက်ပတ်သည့် အလုပ် အကိုင် အခွင့်အလမ်း များ အား လက် လှမ်းမီ ရယူနိုင် ရန် အာဟာရဖွံ့ဖြိုးမှုနှင့် အသက်မွေးဝမ်း ကြောင်းမှု များအား ကူညီ ပံ့ပိုးပေးခြင်း | ၂၀၂၀ ဇန်နဝါရီ<br>-<br>၂၀၂၁ ဒီဇင်ဘာ | ကချင်ပြည်နယ် |
| **SWISSAID, Metta, GRET** | အရပ်ဘက်လူမှု အဖွဲ့အစည်း အတွက် တောင်တန်းဒေသ မြို့နယ် ရန်ပုံငွေ (UTF) အစီစဉ် | CSO များအတွက် အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ အသေးစား ထောက်ပံ့မှုများ | ၂၀၁၉ ဇန်နဝါရီ<br>-<br>၂၀၂၁ ဇွန် | ချင်း၊ ကချင်၊ ရှမ်းနှင့် ကယား ပြည်နယ်များ (၁၆ မြို့နယ်) |
| **World Concern** | ကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ် ခံရသူများ၏ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များ တိုးတက်စေခြင်း | အာဟာရဖွံ့ဖြိုးမှုနှင့် အာဟာရ ဓောင်းပေး စိုက်ပျိုးရေး | ၂၀၂၀ ဇန်နဝါရီ<br>-<br>၂၀၂၂ ဒီဇင်ဘာ | ကချင်ပြည်နယ် |
| **World Vision International** | မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်း ပေးသည်(SHE)- ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှု အသိုက်အဝန်းများအတွက် အားလုံးပါဝင်ပြီး ပြောင်းလဲနိုင်သည့် အသက်မွေးဝမ်းကျောင်းမှုအား ကူညီပံ့ပိုးပေးခြင်း စီမံချက် | TVET နှင့် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် | ၂၀၁၉ ဇူလိုင်<br>-<br>၂၀၂၂ ဇွန် | ကချင်ပြည်နယ်- ချီဖွေ၊ ဗန်းမော်၊ မန်စီ နှင့် မိုးမောက် မြို့နယ်များ |
| **Metta Foundation and Gret** | Ring Chying | မြေယာ | ၂၀၂၀ ဇူလိုင်<br>-<br>၂၀၂၃ ဇွန် | ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း |
| **BadeidhaMoe (BDM)** | ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ ပြည်တွင်း နေရပ် စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေလူမှု အသိုက် အဝန်းများ ၏ လူမှု စီးပွားရေး နှင့် ဥပဒေရေးရာ ကြံ့ကြံ့ခံနိုင်စွမ်း ခိုင်မာအားကောင်း စေခြင်း | စိုက်ပျိုးရေးနှင့် မြေယာ | ၂၀၂၀ ဇူလိုင်<br>-<br>၂၀၂၃ ဇွန် | ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း |

*ဇယား ၅.၂ – ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း (NSS) ရှိ LIFT ၏ စီမံချက်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ*





## စိတ်ဝင်စားဖွယ်ရာများ

**ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် COVID-19 ကပ်ရောဂါအား LIFT မှ တုံ့ပြန်ကာကွယ်ခြင်း**

LIFT သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် COVID-19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် လှုပ်ရှား ဆောင်ရွက်မှုများကို ချက်ချင်း ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ဆဲ စီမံချက်များမှ တဆင့် လက်ရှိ ရှိနေသည့် ရင်းမြစ်များကို အသုံးပြုခဲ့ပါသည်။

LIFT သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့ရှိ ကျေးရွာများနှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများမှ လူအများအား လှုပ်ရှားဆောင်ရွက်မှုများဖြင့် ကူညီပံ့ပိုးပေးရန်အတွက် Save the children KMSS ၊ World Concern ၊ Shalom ၊ Health Poverty Action (HPA)၊ SWISSAid တို့နှင့် ဘတ်ဂျက် ပြင်ဆင်ချက်များအား အတည်ပြုပေးခဲ့ပါသည်။ IOM သည် ခိုကိုးရာမဲ့ပြီး အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်းသွားလာသူများနှင့် လူကုန်ကူးခြင်းခံခဲ့ရသည့်သူများအား တရုတ်နိုင်ငံမှ ပြန်လာနိုင်ရန် အတွက် ကူညီပံ့ပိုးပေးရန် ရန်ပုံငွေ ထောက်ပံ့မှုတွင် နောက်ထပ် ကန်ဒေါ်လာ (၄၅၀,၀၀၀) ခွင့်ပြုပေးခဲ့မှုအား ရရှိခဲ့ပါသည်။

အကောင်အထည်ဖော်ရေး မိတ်ဖက်များအားလုံးသည် အဆင့်အမျိုးမျိုး၌ရှိသော အစိုးရဌာနများ အထူးသဖြင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် လူမှုဝန်ထမ်း ဦးစီးဌာန တို့နှင့် အနီးကပ် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ ကချင်ပြည်နယ်ရှိ အစိုးရမှ ထိန်းချုပ်ထားခြင်း မရှိသည့် ဒေသများတွင် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် ဒေသခံ အကောင်အထည်ဖော်ရေး အဖွဲ့အစည်းများမှတဆင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၏ ကျန်းမာရေးဌာနကဲ့သို့သော တိုင်းရင်းသား ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ အဓိက လှုပ်ရှား ဆောင်ရွက်မှုများသည် ရောဂါ ကာကွယ်ရေး ဆိုင်ရာ ပစ္စည်းကိရိယာများ ပံ့ပိုးကူညီပေးခြင်းနှင့် အသွားအလာကန့်သတ် စောင့်ကြည့်သည့် နေရာရှိ အဆောက်အဦများ မွမ်းမံပြင်ဆင် ပေးခြင်း တို့ အပါအဝင် ကျရောက်နိုင်သည့် အန္တရာယ်များဆိုင်ရာ ဆက်သွယ် ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုမှ ပူးပေါင်းပါဝင်ခြင်း၊ WASH နှင့် ကျန်းမာရေးစနစ်များ အတွက် ကူညီပံ့ပိုးပေးခြင်းတို့နှင့် ဆက်နွယ်ပါသည်။

LIFT ၏ ကူညီပံ့ပိုးပေးမှုမှာ ကချင်ပြည်နယ်ရှိ မြို့နယ် (၁၂)မြို့နယ်မှ လူဦးရေ (၃၄,၂၆၆)ဦး (အမျိုးသမီး ၅၀%) ထံ ရောက်ရှိခဲ့ပါသည်။ ရှမ်းပြည် မြောက်ပိုင်းတွင် LIFT သည် မြို့နယ် (၁၄) မြို့နယ်မှ လူဦးရေ (၅၉,၃၂၀)ဦး (အမျိုးသမီး ၅၉%) ထံ ရောက်ရှိခဲ့ပါသည်။

ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှုအသိုက်အဝန်းများအတွက် COVID-19 ကပ်ရောဂါဆိုင်ရာ စီမံကိန်း ဆောင်ရွက်မှု၏ တုံ့ပြန်ကာကွယ်ခြင်း၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- COVID-19 ကပ်ရောဂါ ဆိုင်ရာ သတင်းအချက်အလက်များ လုံလောက်စွာ ပံ့ပိုးပေးခြင်း၊ မိမိကိုယ်ကို ကာကွယ်ရမည့်နည်းလမ်းများ၊ ရယူနိုင်မည့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ၊ တစ်ကိုယ်ရည် ကာကွယ်ရေး ပစ္စည်းများ (PPE) ထုတ်လုပ်ခြင်းနှင့် ပံ့ပိုးပေးခြင်းတို့မှတဆင့် အားနည်းထိခိုက်လွယ်သည့် ပြည်တွင်း နေရပ်စွန့်ခွာသူ လူများအကြားနှင့် ဌာနေလူမှုအသိုက်အဝန်းများအကြား COVID-19 ကပ်ရောဂါ ပြန့်နှံ့မှုအား တားဆီးကာကွယ်ပေးခြင်း။ ကျား၊ မအခြေပြု အကြမ်းဖက်မှုများ တိုးတက်များပြားလာခြင်းမှ ကာကွယ်တားဆီးရန် အတွက် ယန္တရားများကိုလည်း LIFT က ပံ့ပိုးကူညီပေးခဲ့ပါသည်။
- လက်မကြာခဏ ဆေးနိုင်စေရန်နှင့် အထောက်အထားခိုင်မာသည့် အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ ချဉ်းကပ် နည်းလမ်း များအား အသုံးပြုနိုင်စေရန် အခြေခံ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စံချိန်စံညွှန်းများ[၉၅]ကို လိုက်နာ ကျင့်သုံး၍ WASH ဆိုင်ရာ စီမံကိန်းလုပ်ငန်းများမှတဆင့် IDP စခန်းများတွင် ကူးစက်မှု ကာကွယ် တားဆီးခြင်း နှင့် ထိန်းချုပ်ခြင်းတို့ တိုးတက် ကောင်းမွန် လာစေခြင်း။

» အားနည်းထိခိုက်လွယ်သည့် အုပ်စုများထံ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ကူညီပံ့ပိုးမှု ပေးအပ်ခြင်း။ လက်ရှိ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း လုပ်ငန်းများနှင့် လိုက်လျောညီထွေအောင် ပြင်ဆင်ထားသည့် ဘက်စုံ ချဉ်းကပ်နည်းလမ်းတွင် ကျန်းမာရေးနှင့် WASH ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များနှင့်အတူ မရှိမဖြစ် လိုအပ်သော အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များအား ဦးစားပေး ထားပါသည်။

» Access to Health ရန်ပုံငွေ မိတ်ဖက် အဖွဲ့အစည်းများမှ ပေးအပ်သည့် ကူညီပံ့ပိုးမှုအား ထပ်မံအားဖြည့် သည့် ကွင်းဆင်း လှည့်လည် အထောက်အကူ ပြုခြင်းနှင့် ကျန်းမာရေးလုပ်သားများအတွက် PPE များ တိုးချဲ့ ထောက်ပံ့ပေးခြင်းနှင့် သီးသန့်ထား စောင့်ကြည့်သည့် စင်တာများ တည်ထောင်ခြင်း နှင့် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့ အပါအဝင် အားနည်းထိခိုက်လွယ်သည့် အုပ်စုများထံ ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း။

» အသက်မွေးဝမ်းကျောင်းမှုနှင့် ဝင်ငွေဆုံးရှုံးမှုများကို ကြုံတွေ့နေရသည့် အားနည်းထိခိုက်လွယ်သည့် လူ များအပေါ် COVID-19 ကပ်ရောဂါ ၏ လူမှုရေးနှင့် စီးပွားရေး သက်ရောက်မှုများအား လျော့ပါးသက်သာစေ ခြင်း။ ကုန်သွယ်မှုများ ကျဆင်းခဲ့ခြင်းနှင့် အလုပ် အကိုင်များ ဆုံးရှုံး သွားခဲ့ခြင်းတို့ကြောင့် ဝင်ငွေမရှိတော့ သည့် သူများအား ငွေကြေးပံ့ပိုးပေးမှုမှတဆင့် ကူညီပံ့ပိုးမှုများ ပေးအပ်နိုင်ရန် အတွက် ငွေကြေး ဆိုင်ရာ အခက်အခဲအား ကာကွယ်ပေးမှုများ ထပ်မံ လိုအပ်ခဲ့ပါသည်။ ပေါင်းစပ်ထားသည့် စီမံကိန်း ဆောင်ရွက် ချက် များသည် အိမ်ထောင်စုများ၏ အခြေခံလိုအပ်ချက်များ လက်လှမ်းမီ ရယူနိုင်ရန်အတွက် ဖြေရှင်းပေးခဲ့ ပြီး ဆက်လက်လည်ပတ်နိုင်ရန်နှင့် ပြန်လည် ထူထောင်ရန် လိုအပ်နေသော အသေးစား စီးပွားရေးလုပ်ငန်း များကို ကူညီပံ့ပိုးပေးပါသည်။

အဆိုပါ အခြေအနေများ၌ COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာမှ ရရှိခဲ့သည့် သင်ခန်းစာအချို့တွင် အောက်ပါတို့ ပါဝင်ပါသည်။

» ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းကဲ့သို့ ရှုပ်ထွေးသည့် အခြေအနေများတွင် ရေရှည်စီမံကိန်း ဆောင်ရွက်ချက်များထက် ရေတို လုပ်ငန်းဖြစ်သည့် ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ခြင်းများအား ဦးစားပေး ဆောင်ရွက်ခြင်း ကြောင့် ဒေသနှစ်ခုလုံးအပေါ် သက်ရောက်မှု များ အားပျော့ သွားဖွယ်ရာ ရှိ ပါသည်။ သို့ဖြစ်၍ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ တည်ရှိနေမှုအား ထိန်းသိမ်း ထား ရန်နှင့် ၎င်းတို့၏ စီမံကိန်းများ၏ ကာလလတ်နှင့် ရေရှည်ရည်မှန်းချက်များအား ပြည့်မီစေရန်အတွက် လိုက်လျောညီထွေ ပြုပြင် ပြောင်းလဲမှု များ ဆက်လက် လုပ်ဆောင်ရန်တို့မှာ အရေးကြီးပါသည်။

» ကချင်ပြည်နယ်ရှိ ရပ်ရွာလူထုမှ ဦးဆောင်သည့် COVID-19 နှင့် သက်ဆိုင်သည့် တုံ့ပြန်ကာကွယ်ရေး ကော်မတီ၊ ဒေသခံအရပ်ဘက် အဖွဲ့အစည်းများ၊ ခရစ်ယာန်ဘုရားကျောင်းများနှင့် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ ပေးအပ်သည့် ကူညီ ထောက်ပံ့မှုသည် မရှိမဖြစ် လိုအပ်သည့် ပစ္စည်းများအား တစ်ကြိမ်တည်း ပေးအပ်ခြင်းများ ပြုလုပ်ရန်အတွက် ဖြစ်ပါသည်။ ယခုအချိန်အထိ လစ် ဟာနေသည်မှာ ကယ်ဆယ်ရေးနှင့် ကူညီပံ့ပိုးပေးခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုအမျိုးမျိုးတွင် မည်သူ တို့ ကျန်ရစ်နေသည်ကို ပေါင်းစပ်ညှိနှိုင်း၍ ဆန်းစစ် အကဲဖြတ်ခြင်း ဖြစ်ပါသည်။ အရပ်ဘက် ကွန်ရက် များသည် ရပ်ရွာလူထုအဆင့်၌ လုပ်ကိုင် ဆောင်ရွက်နေ သည့် အဓိကလှုပ်ရှား ဆောင်ရွက်နေသူများ ဖြစ် သောကြောင့် အဆိုပါကွန်ရက်များ၏ စွမ်းဆောင်နိုင်မှုအပေါ် ဝန်ထုတ်ဝန်ပိုး ဖြစ်စေခြင်းထက် အလှူရှင် စီမံကိန်း ဆောင်ရွက်ချက် များမှ ကူညီပံ့ပိုးပေး သင့်ပါသည်။

» ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ဆောင်ရွက်မည့် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ခြင်း ဆိုင်ရာ မည်သည့်အစီအစဉ် အသစ်မဆိုသည် ကျား၊ မရေးရာ အခြေပြုသည့် လိုအပ်ချက်များကို ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အမျိုးသမီး အခွင့်အရေးများ ဆိုင်ရာ အဖွဲ့များမှ အသွားအလာ ကန့်သတ် စောင့်ကြည့်သည့် နေရာ များအတွက် ကျား၊ မရေးရာနှင့် ပတ်သက်၍ အစိုးရတွင် မည်သည့် လမ်းညွှန်ချက် မျှ မရှိကြောင်း အစီရင်ခံ ကြပါသည်။ ကျား၊ မအခြေပြု အကြမ်းဖက်သည့် ဖြစ်ရပ်များ ရှိကြောင်းကိုလည်း အစီရင်ခံ တင်ပြ ကြပါသည်။

» မြန်မာနိုင်ငံမြောက်ပိုင်း တစ်ခွင်လုံးတွင် ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ခြင်းမှာ – အများအားဖြင့် တရုတ် နိုင်ငံ နှင့် နယ်စပ်အား ပိတ်ထား ခြင်း၊ နေအိမ်မှ အပြင်မထွက်ရန် တားမြစ်ခြင်း၊ သွားလာမှုများအား ကန့်သတ်ခြင်းတို့ကြောင့်– အသက်မွေးဝမ်းကျောင်းမှုနှင့် အချိန် ကြာလာသည်နှင့် စားနပ်ရိက္ခာဖူလုံမှု တို့အပေါ် အကြီးမားဆုံးသော သက်ရောက်မှုများ ရှိလာခဲ့ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ပြုလုပ်သည့် ဈေးကွက်စောင့်ကြည့် စစ်ဆေးမှုအရ ဆန်၊ ပဲမျိုးစုံနှင့် စားသုံးဆီ ဈေးများသည် နှစ်အကုန်တွင် ပုံမှန်ဈေးသို့ ပြန်လည် ရောက်ရှိခဲ့သော်လည်း ကနဦးမြင့်တက်ခဲ့ခြင်းမှ မတည်ငြိမ်မှုသည် ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် ပြတ်တောက်မှုများနှင့် ချိတ်ဆက် နေကြောင်း ပြသနေပါသည်။[၉၆]

တောင်သူများအတွက် ၎င်းတို့၏ ထုတ်ကုန်များအား ရောင်းချရန်မှာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့ပါသည်။ ကချင်ပြည်နယ် အတွင်းသို့နှင့် ပြည်နယ်ပြင်ပသို့ အလွန်ကြီးမားသည့် ကုန်သွယ်မှု ပမာဏအား ကိုယ်စားပြု သည့် အလွန်အရေးပါသည့် တရုတ်နိုင်ငံ ဈေးကွက်များသို့ သွားရောက်သည့် လမ်းကြောင်းများအား ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှစ၍ အကြိမ်ကြိမ် ရုတ်တရက် ပိတ်လိုက်ခြင်း များ ဖြစ်ပေါ်ခဲ့သဖြင့် ရုတ်တရက် ပိတ်ပစ်သည့် ဖြစ်နိုင် ချေလည်း ရှိနေဆဲ ဖြစ်ပါသည်။

၉၅။ နယ်ပယ်အလိုက် စံချိန်စံညွှန်းများသည် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ နည်းပညာ နယ်ပယ်(၄) ခုဖြစ်သည့် WASH ၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် အာဟာရ ဖွံ့ဖြိုးမှု၊ နားခိုရာ နေရာ နှင့် ပြန်လည်နေရာချထားရေး နှင့် ကျန်းမာရေး တို့တွင် အနိမ့်ဆုံး သတ်မှတ် ထားသည့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ မူဝါဒများနှင့် စံချိန်စံညွှန်း များ ဖြစ်ပါသည်။

၉၆။ WFP ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်း။ ၂၀၂၀ ခုနှစ် မေလ





### တောင်တန်းဒေသမြို့နယ်ရန်ပုံငွေ

၂၀၂၀ ခုနှစ်တွင် တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ (UTF) သည် ၎င်း၏ ရန်ပုံငွေ ထောက်ပံ့ပေးသည့် ယန္တရားများ အား ပြင်ဆင်ချိန်ညှိခဲ့ပြီး ပြည်နယ် (၂)ခုရှိ မြို့နယ် (၆)မြို့နယ်နှင့် ခန့်မှန်းခြေ ကျေးရွာ (၄၀၀)အား လွှမ်းခြုံပြီး COVID-19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် လှုပ်ရှားဆောင်ရွက်မှုများအား အကောင်အထည်ဖော် ဆောင်ရွက် ရန်အတွက် ကချင်ပြည်နယ်ရှိ CSO (၁၁)ဖွဲ့နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ CSO (၁၀)ဖွဲ့ထံ ထောက်ပံ့မှုများ ပေးအပ် ခဲ့ပါသည်။

၂၀၂၀ ခုနှစ် မတ်လမှစတင်၍ CSO များသည် UTF ထံမှ ရရှိခဲ့သော ထောက်ပံ့မှုများဖြင့် ၎င်းတို့၏ လူမှု အသိုက်အဝန်းများတွင် COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရန်အတွက် ရပ်ရွာလူထုအား ကျရောက် နိုင်ခြေရှိသည့် အန္တရာယ်များ ကို ဆက်သွယ်အသိပေးခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ရောဂါကူးစက်မှု မှ တားဆီးကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၊ အရေးပေါ် စားနပ်ရိက္ခာများ၊ အစားအစာ မဟုတ်သည့် ပစ္စည်း များ၊ မျိုးစေ့များနှင့် ဓာတ်မြေဩဇာများ ပံ့ပိုးကူညီပေးခြင်း၊ အားနည်း ထိခိုက်လွယ်သူများ၏ စိုးရိမ်ပူပန်မှုများ ကို ဆုံးဖြတ်ချက် ချမှတ်သူများ သိရှိစေရန် ဆောင်ရွက်ခြင်းတို့ အပါအဝင် ဒေသဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှု များကို အလျင်အမြန် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ UTF သည် အခြေအနေများနှင့် ပတ်သက်၍ ခိုင်မာသည့် အသိအမြင်များရှိသော၊ ဒေသရှိ အရင်းအမြစ်များနှင့် လူများအား ထိရောက်စွာ စုစည်းနိုင်သော၊ ဆန်းသစ် တီထွင် မှု ရှိသော၊ ထိတွေ့ ပူးပေါင်း ဆောင်ရွက်ရန်အတွက် အခြားစတင် လုပ်ဆောင်နိုင်မည့် နယ်ပယ်များ ရှာဖွေနေ သော၊ ပိုမိုကြီးမား ကျယ်ပြန့်သည့် လှုပ်ရှား ဆောင်ရွက်မှုအတွက် အဆက်အသွယ်များ တည်ဆောက်နေသော၊ မူ ဝါဒနှင့် အလေ့အကျင့်များ ပုံဖော်ရာတွင် ကူညီပေးနိုင်ပြီး အားနည်းထိခိုက်လွယ်မှု အရှိဆုံးသူများထံ ရောက်ရှိရန် အတွက် အားလုံး ပါဝင်စေသည့် နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သော CSO များမှ COVID-19 ကပ်ရောဂါ တုံ့ပြန် ကာကွယ်မှုများ ဆောင်ရွက်ရာတွင် ထိရောက်စွာနှင့် အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည့် CSO များ၏ ထူးခြားသော ပင်ကို လက္ခဏာများကို ရှာဖွေဖော်ထုတ်ခဲ့ပါသည်။

### မိတ်ဖက်အဖွဲ့အစည်းများအား ပဋိပက္ခ အလေးထားသည့် ကူညီပံ့ပိုးမှုပေးခြင်း

ပဋိပက္ခကို အလေးထားတုံ့ပြန်ခြင်းသည် လုပ်ကိုင် ဆောင်ရွက်ရမည့် နည်းလမ်း တစ်ခုဖြစ်ပြီး အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့ လုပ်ငန်း လည်ပတ် ဆောင်ရွက်နေသည့် ဒေသများ၏ အခြေအနေကို နားလည်သဘောပေါက် ရန်၊ စီမံကိန်းသည် အခြေအနေအား မည်သို့ တုံ့ပြန် ဆောင်ရွက်သသည်၊ အခြေအနေအား မည်သို့ စောင့်ကြည့် စစ်ဆေးသည်နှင့် ရွေးချယ်စရာ နည်းလမ်းများအား မည်သို့ အကောင်အထည် ဖော်သည် ဆိုသည်ကို နားလည် သဘောပေါက်ရန် လိုအပ်ပါသည်။

၂၀၂၀ ခုနှစ်အတွင်း၌ RAFT သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် လုပ်ကိုင် ဆောင်ရွက်နေသည့် LIFT ၏ IP များ အားလုံးအတွက် ပဋိပက္ခအလေးထားခြင်းနှင့် ပတ်သက်၍ ပထမအကြိမ် စွမ်းဆောင်ရည် တည်ဆောက်ခြင်းကို ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။ ကချင် ပြည်နယ် အတွက် ပဋိပက္ခအလေးထားခြင်းနှင့် သက်ရောက်မှုနည်းလမ်းများအား ပြန်လည် သုံးသပ်ခြင်း(CSIOR) ခေါင်းစဉ်ဖြင့် ကချင် ပြည်နယ်ရှိ အခြေအနေ တွင် ပဋိပက္ခအလေးထားခြင်းနှင့် လူမှုပြန်လည်ပေါင်းစည်းရေး တို့နှင့် ဆက်နွယ်နေသည့် ကောင်းကျိုးဆိုးပြစ် များ၏ အခြေအနေ အသေးစိတ် ဖော်ပြထားသည့် စုစည်းထားသော အစီရင်ခံစာအား ရေးသား ပြုစုခဲ့ပါသည်။

RAFT မှ ၂၀၂၀ ခုနှစ်တွင် ကချင်ပြည်နယ်၌ အချို့သော အကြောင်းခြင်းရာများကြောင့် တင်းမာမှုများ၊ နစ်နာမှုများ နှင့် မညီမျှမှုများ တိုးတက် များပြားလာသည်ကို တွေ့ရှိခဲ့ပါသည်–

» ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ ကျင်းပသည့်အခါ မြို့နယ်အချို့၌ ရွေးကောက်ပွဲအား မကျင်းပဘဲ ဖျက်သိမ်းခဲ့သောကြောင့် လူအများမှ နိုင်ငံရေးအရ ရည်ရွယ်ချက် ရှိရှိ လုပ်ဆောင်ခဲ့သည်ဟု သံသယရှိခဲ့ပါသည်။ ပါတီအသီးသီး၏ ထောက်ခံသူများအကြား ယှဉ်ပြိုင်မှုသည် လူမှု အသိုက်အဝန်းများအကြား ကွဲပြားမှုကို ဆက်လက် ဖြစ်ပေါ်စေခဲ့ပြီး COVID-19 ကပ်ရောဂါ ကြောင့် ဆိုင် များ ပိတ်ထားရပြီး ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများကို တားမြစ်ထား သော ကြောင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခြင်းကို လူမှုအသိုက်အဝန်းများမှ ကန့်ကွက်ခဲ့ပါသည်။

» အသက်မွေးဝမ်းကျောင်းမှုများနှင့် ကိုယ်စိတ်နှစ်ဖြာအေးချမ်းသာယာမှု အပေါ် COVID-19 ကပ်ရောဂါ၏ ဆိုးကျိုး သက်ရောက်မှုများမှ တင်းမာမှုများ၊ သံသယဖြစ်မှုများနှင့် မညီမျှမှုများ တိုးတက်များပြား လာစေ ရန် ဦးတည်ခဲ့ပါသည်။ ခရီးသွားလာမှု ကန့်သတ်ခြင်းနှင့် နယ်စပ်ပိတ်ခြင်းများမှ လူအများအပြားအတွက် လူမှုရေးနှင့် စီးပွားရေး အခက်အခဲများ ဖြစ်ပေါ်စေခဲ့ပြီး ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များ ပြတ် တောက်သွားခြင်းမှ ကုန်ဈေးနှုန်းတက်ခြင်း ဆီသို့ ဦးတည်ခဲ့ ပါသည်။

» အလုပ်ရှင်များနှင့် လူမှုအသိုက်အဝန်းများမှ COVID-19 ကပ်ရောဂါ ကူးစက်မည်ကို ကြောက်ရွံ့သောကြောင့် ပြင်ပ သူစိမ်းများအား ကြောက်ရွံ့မှုနှင့် မယုံကြည်မှုတို့ တိုးပွားလာခဲ့ပါသည်။ ရခိုင်ပြည်နယ်မှ ရောက်လာ သည့် ရွှေ့ပြောင်းလုပ်သား အသစ်များကြောင့် စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့ပါသည်။ ကချင်ပြည်နယ်တွင် လက်နက်ကိုင် အဖွဲ့အစည်းများ နှင့် နီးနွယ်မှုရှိသည့် လူများမှ ‘သူလျှို’လုပ် နေသည်ဟူသော ထင်မြင် ယူဆချက်များကြောင့် ပြင်ပမှ သူစိမ်းများ အပေါ် သံသယရှိမှုမှာ ယခင်ကတည်းက မြင့် တက်နေပြီးသား ဖြစ်ပါသည်။

» နေရပ်စွန့်ခွာတိမ်းရှောင်မှု ကိစ္စရပ်များနှင့် ဆက်နွယ်နေသည့် တင်းမာမှုများနှင့် သံသယဖြစ်မှုများ များပြား လာပါသည်။ လူဦးရေထူထပ်သော ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှုတွင် အကန့်အသတ်ရှိသည် ဖြစ်ရာ COVID-19 ကပ် ရောဂါ ကူးစက်ခံရမည်ကို ကြောက်ရွံ့မှု မြင့်မားပါသည်။ ပဋိပက္ခဖြစ်လေ့ရှိသော ကျေးရွာများမှ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများသည် မြေမြှုပ်မိုင်းများနှင့် လက်နက်ကိုင် အဖွဲ့များ၏ ခြိမ်းခြောက်မှုများ

ကြောင့် နေရပ်သို့ ပြန်ရာတွင် လုံခြုံစိတ်ချရမှု မရှိနိုင်သည့်အတွက် ကြောက်ရွံ့နေကြပါသည်။ နေရပ်ပြန်ခဲ့သူများကိုလည်း 'သူစိမ်းများ' အဖြစ် သံသယဖြင့် ဆက်ဆံခဲ့ကြရပါသည်။

- » လက်နက်ကိုင် ပဋိပက္ခသည် တနှစ်ပတ်လုံး တင်းမာမှုများ ဖြစ်စေရန်အတွက် အကြောင်းရင်းခံ ဖြစ်ခဲ့ပါသည်။ တပ်မတော်နှင့် ကချင် လွတ်မြောက်ရေး တပ်မတော် (KIA) အကြား တိုက်ခိုက်မှုများသည် ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းလများတွင် ပိုမိုများပြား လာခဲ့ပါသည်။ လူမှုအသိုက်အဝန်းများသည် တပ်မတော်မှ တပ်များ ရွှေ့ပြောင်းချထားမှုများ တိုးမြှင့်ခဲ့သည့်အတွက်ကြောင့် စိုးရိမ်ပူပန်ခဲ့ကြရ ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ အဓမ္မ စစ်သား စုဆောင်းမှုသည်လည်း ကချင်လူမှု အသိုက်အဝန်းများတွင် တင်းမာမှုဖြစ်စေခြင်း၏ နောက်ထပ်ရင်းမြစ် တစ်ခု ဖြစ်ပါသည်။
- » အသက်မွေးဝမ်းကျောင်းမှုများနှင့် အလုပ်အကိုင်ခန့်ထားခြင်း ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တင်းမာမှုများ များပြား လာခဲ့ ပါသည်။ အတိအကျဆိုရလျှင် အလွန်နည်းပါးသည့် လုပ်ခလစာပေးပြီး မိုင်းတွင်း လုပ်သားများအား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ စီးပွားရေး လုပ်ငန်းကြီးများနှင့် ရင်ဆိုင်နေရသည့် မြေယာအသုံးချမှုဆိုင်ရာ နစ်နာမှုများနှင့် ဝိုင်းမော် တစ်ရှူး ငှက်ပျော စိုက်ပျိုးခြင်းနှင့် မြစ်ကြီးနားရှိ စက်ရုံများနှင့် ၎င်းတို့၏ အလုပ်သမားများအကြား တင်းမာမှုများ နှင့်ဆိုင်သည့် ကိစ္စရပ်များ ဖြစ်ပါသည်။

အပြုသဘောဆောင်သည့်ဘက်၌မူ COVID–19 ကပ်ရောဂါ ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ကာကွယ်ခြင်းတို့တွင် စိတ်ဝင်စားမှုများ၊ တူညီ နေသောကြောင့် ယုံကြည်မှု၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အခြေအနေများ တိုးတက် များပြားလာခဲ့ပါသည်။ နှစ်အကုန်တွင် COVID–19 ကပ်ရောဂါနှင့်အတူ ရှင်သန်ရပ်တည်နိုင်ရန်နှင့်  နေထိုင်မှု ပုံစံအသစ်အား ဖန်တီးနိုင်ရန် တို့အတွက် အတူတကွ ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း အသိအမှတ်ပြုမှုများ တိုးတက်များပြားလာခဲ့ပါသည်။ COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ တူညီသည့် စိုးရိမ်ပူပန်မှုများသည် ရပ်ရွာလူထုမှ ဦးဆောင်သည့် အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများသို့ ဦးတည်ခဲ့ ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) သည် COVID–19 တုံ့ပြန် ကာကွယ်ခြင်းနှင့် ပတ်သက်၍ ကချင် လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) နှင့် စတင် ပူးပေါင်း ဆောင်ရွက်ခဲ့ပြီး သတင်းအချက်အလက်များ မျှဝေပေးနေပါသည်။

RAFT တွင် ၂၀၂၀ ခုနှစ် ကချင်ပြည်နယ် အခြေအနေ နှင့်ဆိုင်သည့် အလားအလာများရှာဖွေ ဖော်ထုတ်ထား ပြီးဖြစ်သဖြင့် ကချင်ပြည်နယ်တွင် လုပ်ကိုင် ဆောင်ရွက်နေသည့် မိတ်ဖက် အဖွဲ့အစည်းများထံ လေ့လာသင်ယူမှုများနှင့် အကြံပြုထောက်ခံချက်များ ပေးအပ်ခဲ့ ပါသည်။ COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ RAFT သည် အောက်ပါတို့အား အကြံပြုခဲ့ပါသည် –

အကျိုးခံစားခွင့်ရှိသူများထံ ရောက်ရှိရန်အတွက် တယ်လီဖုန်းနှင့် အင်တာနက် အသုံးပြုမှုသည် ယေဘူယျအားဖြင့် COVID–19 ကပ်ရောဂါ ဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို လျော့ပါး သက်သာစေခဲ့ သော်လည်း အဆိုပါ ချဉ်းကပ်နည်းလမ်းများသည် နေရာဒေသ၊ လူမှုစီးပွားရေး အဆင့်အတန်း (သို့) ယဉ်ကျေးမှု (သို့) ကျား၊ မရေးရာ စံနှုန်းတို့အနက် တစ်ခု မဟုတ် တစ်ခုကြောင့် တယ်လီဖုန်း (သို့) အင်တာနက် လွှမ်းခြုံမှုကို လက်လှမ်းမီ ရယူနိုင်ခြင်း မရှိသူများအား ထည့်တွက်ထားခြင်း မရှိပါ။

အသက်မွေးဝမ်းကျောင်းမှုများနှင့် စားနပ်ရိက္ခာဖူလုံမှု ဆိုင်ရာ စီမံကိန်းများတွင် COVID–19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်မှုအား လုပ်ငန်းစဉ် တိုင်းတွင် ထည့်သွင်းပါဝင်စေခြင်းဆီသို့ ဦးတည်သည့် အရွေ့သည် လူမှုအသိုက်အဝန်းများနှင့် စီမံအုပ်ချုပ်သည့် ပတ်သက် ဆက်နွယ်သူ များ၏ လက်ခံနိုင်မှုအား ဖြည့်ဆည်းပေးရာတွင်နှင့် တည်ဆောက်ရာတွင် ထိရောက်မှု ရှိခဲ့ပါသည်။

မိတ်ဖက်အဖွဲ့အစည်းများသည် COVID–19 ကပ်ရောဂါ၏ နေထိုင်မှု ပုံစံအသစ်နှင့် လိုက်လျောညီထွေ ဖြစ်အောင်ပြင်ဆင် ပြောင်းလဲရန် လိုအပ်ပြီး လူအများ ၎င်းတို့၏ လူမှုအသိုက်အဝန်းအတွင်းသို့ ဝင်ရောက်ရာတွင် လူမှုအသိုက်အဝန်းအား အန္တရာယ် မဖြစ်စေခြင်းနှင့် အကောင်အထည်ဖော်ရေး အဖွဲ့အစည်းများမှ ပေးအပ်သည့် ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီ နှင့် ဝန်ဆောင်မှု များအား လက်လှမ်းမီ ရယူနိုင်မှု သေချာစေခြင်းတို့အကြား မျှခြေ တစ်ခုကို ရှာဖွေရမည် ဖြစ်ပါသည်။ အားနည်း ထိခိုက်လွယ်သည့် အုပ်စုများအတွက် အထူး ဂရုစိုက်မှု ပေးရမည် ဖြစ်ပါသည်။

COVID–19 ကပ်ရောဂါ၏ အန္တရာယ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များ မျှဝေခြင်းသည် အကြောင်းမခိုင်လုံဘဲ ကြောက်ရွံ့ နေသည်များနှင့် လွဲမှားစွာ ယုံကြည်မှုများအား ရှောင်ရှားနိုင်ရန်အတွက် အရေးပါပါသည်။ အကယ်၍ ပေးအပ်သည့် သတင်း အချက် အလက် များအား ဒေသခံ ဘာသာစကားများဖြင့် ပြန်ဆိုနိုင်ပါက အဆိုပါ ကြိုးပမ်း အားထုတ်မှုများသည် ပိုမိုထိရောက်မည် ဖြစ်ပါသည်။

COVID–19 ကပ်ရောဂါ နှင့် လက်နက်ကိုင် ပဋိပက္ခတို့ ၏ ဈေးကွက်အပေါ် သက်ရောက်မှုများ စီမံကိန်းလုပ်ငန်းများနှင့် ဦးတည်ရည်ရွယ် သည့် လူမှုအသိုက်အဝန်းများ၏ ငွေရေးကြေးရေးနှင့် စီးပွားရေး အခြေအနေများအပေါ် မည်သို့ သက်ရောက်မှု ရှိသည်  ဆိုသည်ကို သတိထား ဆင်ခြင်ရန်မှာ အရေးကြီးပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အဖွဲ့များသည် ဒေသခံ လူ့ပ်ရှားဆောင်ရွက်သူများနှင့် ထိတွေ့ ပူးပေါင်း ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်မျှဝေပေးခြင်းနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် လက်လှမ်းမီ ရယူနိုင်ခြင်းအား ကန့်သတ်ထားသည့် ကန့်သတ်ချက်များအား လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ လက်လှမ်းမီရယူနိုင်မှု၊ ယုံကြည်မှုနှင့် ပဋိပက္ခအလေးထားမှုတို့ တိုးတက် ကောင်းမွန်လာစေရန်အတွက် CSO များနှင့်/သို့ CSO များမှတဆင့် လုပ်ကိုင် ဆောင်ရွက်သင့်ပါသည်။





အထူးသဖြင့် လူမျိုးစုအရနှင့် ဘာသာရေးအရ ကွဲပြားမှုများရှိသော လူမှုအသိုက်အဝန်းများတွင် လုပ်ကိုင်ဆောင်ရွက်ရာ၌ ခိုင်မာသည့် ပဋိပက္ခ အလေးထားမှု/ မည်သူ့ကိုမျှ ထိခိုက်နစ်နာစေခြင်း မရှိအောင် သတိထား လုပ်ဆောင်ခြင်းနှင့် ရည်မှန်းချက်ရှိသော စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့သည် ဒေသခံများနှင့် မိတ်ဖက်ပြုရာတွင် မရှိမဖြစ် လိုအပ်သော အောင်မြင်မှုဆိုင်ရာ အခြေခံအကြောင်းရင်းများ ဖြစ်ပါသည်။

နေရပ်စွန့်ခွာ တိမ်းရှောင်မှုနှင့် ပတ်သက်၍ RAFT မှ မိတ်ဖက်များအား အကြံပြုခဲ့သည်များမှာ –

- » နေရပ် စွန့်ခွာ တိမ်းရှောင်နေသူ လူမှုအသိုက်အဝန်းများအကြား ပဋိပက္ခနှင့် ဆက်နွယ်နေသည့် ဖိစီးမှုများနှင့် တင်းမာမှု ဖြစ်ပွားရသည့် ရင်းမြစ်များကို တစ်ဦးချင်းအဆင့်တွင် ဆန်းစစ် လေ့လာခြင်း ပြုလုပ်ရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် အချို့ ဖြစ်ရပ်များတွင် ငွေသား လိုအပ်ကောင်း လိုအပ်နိုင်ပြီး (ဥပမာ– အိမ်ပြုပြင်ရန်အတွက်) အခြားသော ဖြစ်ရပ်များတွင် အထူးသဖြင့် အိမ်ထောင်စု များအတွင်း ပို၍သြဇာအာဏာရှိသူမှ အခြားသူ တစ်ဦးအား ခြိမ်းခြောက်သည်ဟု ထင်မြင်ယူဆသည့်အခါ ငွေသားထုတ်ပေးခြင်းများမှ တင်းမာမှုများကို ပိုမိုတိုးပွားစေမည် ဖြစ်ပါသည်။ ဤ ဆန်းစစ် လေ့လာမှုတွင် ဒေသခံ ပတ်သက်ဆက်နွယ်သူများ၊ လူမှု အသိုက်အဝန်း များနှင့် အားနည်းထိခိုက်လွယ်သည့် အုပ်စုများ၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှု၊ ကျား၊ မရေးရာ အလေးထားမှုနှင့် အားလုံးပါဝင်စေမှုတို့ လိုအပ်ပါသည်။
- » ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများအား နေရပ်ပြန်ပို့ခြင်းနှင့် နေရာချထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် ဘေးကင်း လုံခြုံမှု ရှိပြီး ဂုဏ်သိက္ခာရှိသော နည်းလမ်းများဖြင့် ပြုလုပ်ရန်မှာ အဓိကကျသော အချက်ဖြစ်ပါသည်။ ပြန်လည် နေရာချထားပေးမည့် နေရာများရှိ မြေယာများနှင့် ပတ်ဝန်းကျင်နေရာများသည် လုံခြုံစိတ်ချရပြီး မြေမြှုပ်မိုင်းများ ရှင်းလင်းဖယ်ရှား ထားရမည် ဖြစ်ပါ သည်။ မြေမြှုပ်မိုင်းများနှင့် ပတ်သက်၍ အသိပေး အရေးဆိုခြင်းသည် နိုင်ငံရေး သဘောသဘာဝပါဝင်နှင့် ဆက်နွယ်နေသည့် ကိစ္စရပ်ဖြစ်သောကြောင့် ပဋိပက္ခအလေးပေးမှု/ မည်သူတဦးတယောက်ကိုမျှ ထိခိုက်နစ်နာစေခြင်း မရှိစေ ရေး ဆန်းစစ် သုံးသပ်မှုဖြင့် အသိပေးသင့်ပါသည်။
- » ကာလကြာမြင့်စွာ နေရပ်စွန့်ခွာ တိမ်းရှောင်သူများသည် ၎င်းတို့၏ မူရင်းဒေသရှိ ၎င်းတို့၏ မြေယာများအား တောင်းယူရာတွင် အချိန်ကာလ သတ်မှတ်ချက် ကုန်ဆုံးသွားခြင်းနှင့်/သို့ တစ်သျှူး ငှက်ပျောစိုက်ပျိုးသည့် ကုမ္ပဏီများအား သိမ်းယူခြင်း ခံရနိုင်သည့် အန္တရာယ်များရှိသောကြောင့် ယင်းအား နားလည် သဘောပေါက်ပြီး သတိထား ဆင်ခြင်ကာ ကြိုတင်သတိထားရမည့် အနေအထား၌ ရှိနေရန်မှာ အလွန်အရေးကြီးပါသည်။ ယင်းမှာ နေရပ်စွန့်ခွာ တိမ်းရှောင်သူများမှ ၎င်းတို့ ပြန်လည် အခြေချသည့် ဒေသများတွင် မြေယာ အခြေခံသည့် အသက်မွေးဝမ်းကျောင်းမှုများကို လုံလောက်စွာ လက်လှမ်းမီ ရယူနိုင်ခြင်းအား သေချာစေရုံသာမက ၎င်းတို့တွင် မြေယာအသုံးချခွင့်နှင့် မှတ်ပုံတင်ခြင်းတို့နှင့် ဆက်နွယ်နေသည့် သက်ဆိုင်ရာ အခွင့်အရေးများ၊ လုပ်ငန်းစဉ်များတို့နှင့် ပတ်သက်၍ ဥပဒေရေးရာ သတင်းအချက်အလက်များကို လက်လှမ်းမီ ရယူနိုင်မှုရှိသည်ကိုလည်း သေချာစေ ရန်လည်း အရေးကြီး ပါသည်။
- » မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ဒုတိယလှိုင်းကြောင့် ကချင်ပြည်နယ်တွင် လူအများအား နေရပ်ပြန်ပို့ရန်နှင့် ပြန်လည် နေရာချထားရန် တို့အတွက် ကြိုးပမ်း အားထုတ်မှုများသည် သိသိသာသာ ရပ်ဆိုင်းသွားခဲ့ပါသည်။ ကချင်အရပ်ဘက် လူမှု အဖွဲ့ အစည်း၊ ဘာသာရေး အသင်းအဖွဲ့များ၏ ကူညီပံ့ပိုးပေးခြင်းနှင့် ရှုထောင့်မျိုးစုံ ပါဝင်သည့် နေရပ်ပြန်ပို့ခြင်းနှင့် ပြန်လည် နေရာ ချထားရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများအား ဖော်ဆောင်ပေးသည့် ရှုပ်ထွေးသည့် နိုင်ငံရေးဆိုင်ရာ အကြောင်းခြင်းရာ များအား သေချာစွာ စီမံခန့်ခွဲခြင်းတို့မှာ မရှိမဖြစ်လိုအပ်သည့် အလေ့အကျင့်များ ဖြစ်နေဆဲ ဖြစ်ပါသည်။
- » အစိုးရမှ စီစဉ်ဆောင်ရွက်ထားသည့် ပြန်လည်နေရာချထားမည့် နေရာများနှင့် ပတ်သက်၍ ပြဿနာများ ရှိနေပြီး အစိုးရ ဦးဆောင်သည့် နေရပ်ပြန်ပို့ခြင်းနှင့် ပြန်လည် နေရာချထားရေးဆိုင်ရာ လုပ်ငန်းစဉ်အား အစီအစဉ်နှင့် ဒီဇိုင်းပုံစံ ရေးဆွဲရာတွင် ပဋိပက္ခဒဏ်ခံ လူမှုအသိုက်အဝန်းများနှင့် ဒေသခံ ပတ်သက်ဆက်နွယ်သူများမှ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများနှင့် ထုတ်ဖော်ပြောကြားနိုင်ပြီး ပါဝင် အကြံပြုနိုင်သည့် အားလုံးပါဝင်သည့် လုပ်ငန်းစဉ်မှတဆင့် ဖြေရှင်းရန် လိုအပ်မည် ဆိုသည်မှာ ရှင်းလင်း ထင်ရှားနေပါသည်။ ဖြစ်ပေါ်နေသည့် အကျပ်အတည်း၏ အတိုင်းအတာအရ အဖွဲ့အစည်းအမျိုးမျိုးမှ ရန်ပုံငွေထောက်ပံ့ပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အစီအစဉ် အမျိုးစုံရှိနေရန် လိုအပ်နေသည်မှာ ရှင်းလင်းထင်ရှားသော်လည်း အစိုးရ ဦးဆောင်သည့် အစီအစဉ်များနှင့် ကချင်ဒေသရှိ စစ်ဘေးရှောင် ပြည်သူများအား ကူညီစောင့်ရှောက်ရေး ကော်မတီမှ ဦးဆောင်သည့် အစီအစဉ်များအကြား ညှိနှိုင်း ဆောင်ရွက်မှု မရှိခြင်းသည် နှစ်ဖက်လုံးအား ထိခိုက်စေနိုင်သည့် နားလည်မှု လွဲခြင်းများ၊ အကျိုး သက်ရောက်မှု မရှိခြင်းနှင့် တင်းမာမှု ဖြစ်လာနိုင်ချေများ ဖန်တီးပေးသည့်အပြင် ပိုမိုကျယ်ပြန့်သည့် ပဋိပက္ခဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုအားများကြောင့် ထိခိုက်မှုခံရနိုင်ချေလည်း ရှိနေပါသည်။

၂၀၂၀ ခုနှစ် မတ်လလယ်တွင် ကချင်ဒေသရှိ စစ်ဘေးရှောင် ပြည်သူများအား ကူညီစောင့်ရှောက်ရေး ကော်မတီနှင့် ပူးတွဲမဟာဗျူဟာအဖွဲ့တို့မှ အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ညီလာခံ၌ အရပ်ဘက် လူမှုအဖွဲ့များ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၊ အနောက်နိုင်ငံများမှ သံရုံးများနှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁၀၀)ကျော် တွေ့ဆုံခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ၂၀၁၁ ခုနှစ် ဇွန်လတွင် အစိုးရနှင့် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) (၁၇)နှစ်ကြာ အပစ်အခတ် ရပ်စဲထားပြီးနောက် ပဋိပက္ခများ ပြန်လည် စတင် အချိန်မှစ၍ နေအိမ်များမှ စွန့်ခွာတိမ်းရှောင် ခဲ့ရသူ ဦးရေ (၁၀၀,၀၀၀)ကျော် နေထိုင်သည့် စခန်းများ ပိတ်သိမ်းရန်အတွက် အစိုးရမှ ရေးဆွဲ ထားသည့် အစီအစဉ်များအား ဆွေးနွေးရန်အတွက် ဖြစ်ပါသည်။ ဆွေးနွေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ပြီး   ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေခြင်း၊ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏ အားနည်းထိခိုက်လွယ်မှုနှင့် လုံခြုံမှုမရှိခြင်း၊ မြေယာနှင့် နေအိမ်များ ဆုံးရှုံးရခြင်းနှင့် ဒွိဟဖြစ်စရာ ဥပဒေရေးရာမူဘောင်များ၊ မြေမြှုပ်မိုင်းများ၏ အန္တရာယ်များနှင့် အားလုံး ပါဝင်စေသည့်

နိုင်ငံရေးနှင့် စီးပွားရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မရှိခြင်းတို့နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ပြည်တွင်း တက်ရောက်သူ များမှ အလေးအနက် ထုတ်ဖော်ဆွေးနွေးခဲ့ပါသည်။ ဒေသခံ လူမှုအသိုက်အဝန်းများ တွင်လည်း ၎င်းတို့ ကြိုတင် ပြင်ဆင်ထားနိုင်ခြင်း မရှိခဲ့သော COVID-19 ကပ်ရောဂါ၏ ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများ ရှိနေပါသည်။ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်နေသူ များသည် နှစ်ပေါင်းများစွာ ကြာမြင့်ပြီးဖြစ်သော ပဋိပက္ခကြောင့် နေရပ်စွန့်ခွာခဲ့ပြီးနောက် အဆင့်တိုင်း၌ အလွန်ခက်ခဲစွာ ရုန်းကန်နေကြသည့် အနေအထား၌ ရှိနေပါသည်။ ဆွေးနွေးမှုများမှ ရရှိခဲ့သော ရှင်းလင်း ပြတ်သားသည့် ရလဒ်မှာ ထိရောက်မှုရှိပြီး လေးနက်သော ဖြေရှင်းနည်းလမ်း များအား ရှာဖွေ တွေ့ရှိလိုပါက IDP များ ၏ ဘဝများအား သက်ရောက်မှုရှိမည့် ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၎င်းတို့ကိုယ်တိုင် အဓိကနေရာမှ တက်ရောက် ပါဝင်ခွင့်ရရန် လိုအပ်ကြောင်း ဖြစ်ပါသည်။[၉၇]

### ရှမ်းပြည်မြောက်ပိုင်းတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအား ခိုင်မာအားကောင်းစေခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ Save the Children စီမံချက်၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အစိတ်အပိုင်း သည် ရပ်ရွာ လူထု အဆင့်၌ အခြေခံ သဘောတရား (၃)ခုဖြစ်သည့် (၁) မိတ်ဖက် အဖွဲ့အစည်းများမှ တဆင့် လူငယ်များနှင့် ဆယ်ကျော်သက်များ၏ စွမ်းဆောင်ရည် တည်ဆောက်ရာတွင် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ခြင်း ဆိုင်ရာ ကိစ္စရပ်များ ထည့်သွင်းခြင်း (၂) ရပ်ရွာလူထု အခြေပြုသည့် လူငယ်နှင့် ကလေးသူငယ် များ ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ ယန္တရားများ ခိုင်မာ အားကောင်းစေခြင်းနှင့် (၃) မိန်းကလေး များ၊ ယောကျ်ား လေးများနှင့် လူငယ်များအတွက် ကူညီပံ့ပိုးပေးခြင်းနှင့် ညွှန်းပို့ပေးခြင်း အပါအဝင် ဖြစ်ရပ်စီမံခန့်ခွဲပေးသည့် ဝန်ဆောင်မှု များအား လက်လှမ်းမီ ရယူနိုင်မှု ခိုင်မာအားကောင်းစေခြင်း အပေါ်တို့၌ အာရုံစိုက်ခဲ့ပါသည်။

အသိပညာပေးဆောင်ရွက်မှုများသည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ကိစ္စရပ်များ၊ လူကုန်ကူးခံရသည့် ဖြစ်ရပ်များ၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုနှင့် အရွယ်မရောက်ခင် လက်ထပ်ထိမ်းမြားခြင်း ၏ နောက်ဆက်တွဲ အကျိုးဆက်များအား ကိုင်တွယ်ဖြေရှင်းရာတွင် ကလေးသူငယ်များ၏ သိမြင်နိုင်မှု စွမ်းရည်များ တိုးတက်ကောင်းမွန် စေရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ကျေးရွာ (၄၈)ရွာတွင် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ခြင်း၊ ကလေးသူငယ် အခွင့်အရေးများ၊ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်း တို့နှင့် ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲ (၂၃၀)ပွဲအား ပြုလုပ်ခဲ့ပြီး ပါဝင် တက်ရောက်သူ (၃,၂၀၄)ဦး (မိန်းကလေး ၄၉%) တို့ တက်ရောက်ခဲ့ပါသည်။ နယ်စပ်ဒေသများတွင် ကျောင်းမတက်နိုင်တော့သော ကလေး သူငယ်များသည် မိသားစုဝင်ငွေ ရရန် အတွက် အလုပ်လုပ်ကိုင်ရန် များသောအားဖြင့် နယ်စပ်ဖြတ်ကျော် သွားလာလေ့ ရှိ ပါသည်။ ၂၀၂၀ ခုနှစ် အတွင်း၌ အဆိုပါ ကလေးသူငယ်များသည် COVID-19 ကပ်ရောဂါ ဆိုင်ရာ ကန့်သတ်ချက်များကြောင့် အလုပ်လုပ်ကိုင်ရန်အတွက် သွားလာ နိုင်ခြင်း မရှိတော့ပါ။ စီမံချက်သည် အိမ်တွင်နေသည့် အချိန်အတွင်း ကလေးသူငယ်နှင့် မိဘများကြား ပဋိပက္ခများ အနည်းဆုံးဖြစ်စေမည့် လမ်းညွှန်ချက်များကို ကလေးများနှင့် ကိုက်ညီမည့် ကာတွန်းပုံပြင် စာအုပ်ကို ဖန်တီးခဲ့ပါသည်။

၂၀၂၀ ခုနှစ် စက်တင်ဘာလတွင် စီမံချက်သည် အတင်းအဓမ္မနှင့် အရွယ်မရောက်ခင် လက်ထပ်ထိမ်းမြားခြင်းနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ဆိုင်ရာ သတင်း အချက်အလက် ပေးသည့် လှုပ်ရှားမှု (၂)ခုအား တရုတ်နိုင်ငံ နယ်စပ်တလျှောက်တွင် ပြုလုပ်ခဲ့ပါသည်။ နိုဝင်ဘာလတွင် စီမံချက်သည် ကျေးရွာများတွင် အုပ်စုငယ်လေးများအပြင် ရှမ်းပြည်မြောက်ပိုင်း ကလေးသူငယ်ကာကွယ် စောင့်ရှောက်သည့် အစုအဖွဲ့ များနှင့် အွန်လိုင်း အစည်းအဝေးများ ပြုလုပ်ခြင်းတို့ဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် နှင့် ဆိုင်သည့် လှုပ်ရှားမှု တစ်ခုကို စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ ဤအခမ်းအနားသို့ ကလေးသူငယ် (၆,၀၀၀)ကျော်နှင့် လူကြီး (၆၃၈)ဦးတို့ ပါဝင် တက်ရောက်ခဲ့ ကြပါသည်။ Save the Children သည် ဦးတည်ရည်ရွယ်သည့် လူမှုအသိုက်အဝန်းများမှ စေတနာ့ဝန်ထမ်းများကို ၎င်းတို့၏ ဒေသများတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ တုံ့ပြန်ကာကွယ်သည့် ယန္တရားများအား တိုးချဲ့လုပ်ဆောင်ရာတွင် ရပ်ရွာလူထု လူမှု လုပ်သား များ ဖြစ်လာစေရန် အတွက် ပါဝင်လာစေရန် စည်းရုံးစုဆောင်းကာ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ရပ်ရွာလူထု လူမှု လုပ်သားများသည် အားနည်းထိခိုက်လွယ်သည့် ကလေးသူငယ်များအား ဒေသခံ ခေါင်းဆောင်များ၊ ရပ်ရွာလူထု၏ ကူညီပံ့ပိုးမှု၊ အားပေးမှုအား ပေးနိုင်သူများနှင့် ချိတ်ဆက်ပေးပါသည်။ ၎င်းတို့သည် အခြေခံ ဖြစ်ရပ်စီမံခန့်ခွဲမှု လိုအပ်သော ကလေးသူငယ်များကို ရှာဖွေ ဖော်ထုတ်ပြီး၊ အခြေခံ ဆန်းစစ် အကဲဖြတ်မှုများ ပြုလုပ်ကာ စိတ်လူမှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှု ပေးခြင်း၊ ရပ်ရွာလူထု၏ ကူညီပံ့ပိုးမှု ရယူရာတွင် ကူညီပေးခြင်း၊ အချိန်နှင့် တပြေးညီ ကလေးသူငယ်များနှင့် လိုက်ဖက်သော ညွှန်းပို့မှုများ တို့ဖြင့် ပံ့ပိုးကူညီပေးပြီး ကလေးသူငယ်များသည် လုံခြုံစိတ်ချရမှု ရှိပြီး ကာကွယ် စောင့်ရှောက် ခံယူပြီးသည့်အခါ ဖြစ်ရပ် ပိတ်သိမ်း ခြင်း ဆောင်ရွက်ပါသည်။

ရပ်ရွာလူထု လူမှုလုပ်သားများသည် ရှာဖွေ ဖော်ထုတ်ထားသည့် လိုအပ်ချက်များကို တုံ့ပြန် ဆောင်ရွက်ရန်နှင့် အကြမ်းဖက်မှု၊ အလွဲသုံးစား ပြုမှု၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း (သို့) လစ်လျူရှုခံရခြင်းအား ကြုံတွေ့နေရသည့် (သို့) တွေ့ကြုံနိုင်မည့် အန္တရာယ်ရှိသည့် ကလေးသူငယ် များအား ကာကွယ်စောင့်ရှောက်ရန် ရပ်ရွာလူထုများ၊ မိသားစုများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ၎င်းတို့သည် ကလေးသူငယ် များနှင့် မိသားစုများ၏ လိုအပ်ချက်သည် ရှုပ်ထွေးမှု မရှိဟု ယူဆရပြီး ဖြစ်ရပ် စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီပါက ကူညီပံ့ပိုး ပေးပါသည်။ ပိုမိုရှုပ်ထွေးသည့် လိုအပ်ချက်များ ရှိနေသည့် ကလေးသူငယ်များနှင့် မိသားစုများအား NGO ဖြစ်ရပ်စီမံခန့်ခွဲသည့် လုပ်သားများ (သို့) လူမှုဝန်ထမ်းဦးစီးဌာန၏ ဖြစ်ရပ်စီမံခန့်ခွဲသည့် မန်နေဂျာများထံ ညွှန်းပို့ ပေးပါသည်။

၉၇။ ပဋိပက္ခနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်မှု ဆက်စပ်၍ လည်ပတ်နေသည်အား ရပ်ဆိုင်းအောင် ပြုလုပ်ရမည်။ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ IDP အကြပ် အတည်း။ လဖိုင် ဆိုင်းရော်၊ TNI၊ ၂၀၂၀ ခုနှစ် မတ်လ





၂၀၂၀ ခုနှစ်တွင် Save the Children နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ဖြစ်ရပ် (၁၉၃)ခုအား စီမံခန့်ခွဲခဲ့ပါသည်။ ဖြစ်ရပ်များတွင် မိဘထံမှ သင့်တော်သော စောင့်ရှောက်မှု မရရှိသည့် ကလေးသူငယ်များ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအား ကြုံတွေ့ခဲ့ရသည့် ကလေးသူငယ်များ၊ မသန်စွမ်းဖြစ်နေသော ကလေးသူငယ်များ၊ အသွားအလာ ကန့်သတ် စောင့်ကြည့်သည့် နေရာများတွင် နေထိုင်နေသည့် ကလေးသူငယ်များ ပါဝင်ပါသည်။ ဖြစ်ရပ်များ၏ ထက်ဝက်အား ရပ်ရွာလူထုလူမှု လုပ်သားများမှ ရှာဖွေ ဖော်ထုတ်ခဲ့ပြီး ၁၀% အား ကလေးသူငယ်များကိုယ်တိုင်၊ မိသားစု များနှင့် ၎င်းတို့၏ ဆွေမျိုးများမှ ကိုယ်တိုင် ရှာဖွေဖော်ထုတ်ခဲ့ကာ ၂၀% အား ရပ်ရွာလူထုမှ သတင်းပေးပို့ခဲ့ပြီး အခြား (၂၀)% မှာ ရှမ်းပြည်မြောက်ပိုင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် အခြားအဖွဲ့အစည်းများ၏ ညွှန်းပို့ ပေးခဲ့ပါသည်။ စီမံချက်သည် ဖြစ်ရပ်များအားလုံးအား လိုအပ်ချက် ဆန်းစစ်အကဲဖြတ်မှုများ၊ အစီအစဉ်ရေးဆွဲခြင်း၊ စိတ်လူမှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးခြင်းနှင့် လိုအပ်သည့် နောက်ဆက်တွဲ ဆောင်ရွက်ချက်များဖြင့် တုံ့ပြန် ဆောင်ရွက် ပေးခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ခံရသည့် ဖြစ်ရပ်များတွင် ဆေးဝါးကုသမှုခံယူရန် လိုအပ်ခဲ့ပါက စီမံချက်သည် သွားလာစရိတ်များနှင့် ကလေးသူငယ်များနှင့် မိဘများအတွက် အစားအသောက် ကူညီပံ့ပိုးမှုများ ပေးအပ်ခဲ့ပါသည်။ Save the Children သည် အသွားအလာကန့်သတ် စောင့်ကြည့်သည့် နေရာ များရှိ ကလေးသူငယ် (၃)ဦးထံ ကူညီပံ့ပိုးမှုများ ပေးအပ်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပြီး ကလေးစစ်သားအဖြစ် စုဆောင်းခံခဲ့ရသည့် ဖြစ်ရပ်များတွင် ကူညီပံ့ပိုးပေးရန်အတွက် World Vision မြန်မာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ ပါသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အဖွဲ့မှ မသန်စွမ်း ကလေးသူငယ်တစ်ဦးအား ခြေတုလက်တုများ တပ်ဆင်နိုင်ရန် အတွက် အကူအညီပေးခဲ့ပါသည်။

## ရှေ့သို့မျှော်ကြည့်လျှင်

၂၀၂၀ ခုနှစ်တွင် COVID-19 ကပ်ရောဂါ၏ စိန်ခေါ်မှုများ ရှိခဲ့သော်လည်း LIFT ၏ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း စီမံကိန်း သည် အာဟာရဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန်စေခြင်း၊ ကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်းနှင့် ကုန်ထုတ်လုပ်နိုင်သည့် ပိုင်ဆိုင်မှုများ (မြေယာ အပါအဝင်) အား လက်လှမ်းမီ ရယူနိုင်မှုတို့အား မြှင့်တင်ပေးခြင်းအပြင် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ နည်းလမ်း များနှင့် အနာဂတ်တွင် လူသားတို့၏ ကုန်ထုတ်စွမ်းအား တိုးတက် များလာစေရန် ကူညီပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူနိုင်ခြင်း တို့မှတဆင့် ဆင်းရဲနွမ်းပါးမှု လျော့ကျစေခြင်း နှင့် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှု အသိုက်အဝန်းများ၏ အားနည်းထိခိုက်လွယ်မှု လျော့ကျစေခြင်း တို့အပေါ် ပေါင်းစပ် အာရုံစိုက်ခဲ့ပါသည်။

စီမံကိန်း၊ ယင်းနှင့် သက်ဆိုင်သည့် MEAL အစီအစဉ်သည် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား လမ်းညွှန်မှု ပေးရန်နှင့် ၎င်းတို့အကြား စုပေါင်းညှိနှိုင်းဆောင်ရွက်မှုများ၊ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မှုများနှင့် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်မှုများသည် သက်ရောက်မှုအား အမြင့်ဆုံး ရရှိရန်အတွက် ထိရောက်စွာ တွန်းအားပေး အရှိန်အဟုန်မြှင့်တင်နိုင်စေရန် စုစည်း ပေါင်းစပ် ပေးနိုင်မည့် အလုံးစုံ ပါဝင်သည့် မူဘောင်တစ်ခုအား ပေးအပ်ပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုင်ရာ ယန္တရားများသည် ပဋိပက္ခအလေးထားသည့် နည်းလမ်းများနှင့် လုပ်ကိုင်ခြင်းနှင့် LIFT ၏ ပဋိပက္ခ အလေးပေးမှုဆိုင်ရာ မူဝါဒများအား အကောင်အထည်ဖော်ခြင်းတို့အပေါ်၌ အထူးအလေးထားပါသည်။ RAFT သည် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၏ ပဋိပက္ခ အလေးထားသည့် စီမံကိန်းလုပ်ငန်းများ အပေါ် နည်းပညာဆိုင်ရာ အကူအညီ များ ဆက်လက် ပံ့ပိုးကူညီပေး လျက်ရှိ ပါသည်။

LIFT သည် ပြည်နယ်အစိုးရများနှင့် ထိတွေ့ပူးပေါင်း ဆောင်ရွက်မှုများ ရှိသော်လည်း လက်ရှိ ဖြစ်ပွားနေဆဲဖြစ်သည့် ပဋိပက္ခဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုအားများ၊ ပတ်သက်ဆက်နွှယ်သူများအားလုံး ပါဝင်စေခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့နှင့် ဆက်နွှယ်နေမှု များ အား ထိုက်သင့်သည့် ထည့်သွင်းစဉ်းစားမှုများ ပြုလုပ်ပေးသည့် အခြားသော အစိုးရမဟုတ်သည့် လှုပ်ရှား ဆောင်ရွက်သူများနှင့် ထိတွေ့ ပူးပေါင်း ဆောင်ရွက်ခြင်း ဆိုင်ရာ သင့်တော်သည့် ယန္တရားများအား ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ယခုအခါ LIFT ၏ နိုင်ငံသား ညှိနှိုင်း ရေးတာဝန်ခံ နှစ်ဦးအား လားရှိုးမြို့နယ်နှင့် မြစ်ကြီးနားမြို့တို့တွင် အခြေစိုက်ထားရှိပြီး ၎င်းတို့သည် ပြည်နယ် (၂)ခု၌ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးဆိုင်ရာ ယန္တရားများအား စီမံခန့်ခွဲသွားမည်ဖြစ်ကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အမျိုးမျိုးသော ပတ်သက်ဆက်နွှယ်သူများနှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် LIFT အား ကိုယ်စားပြုသွားမည် ဖြစ်ပါသည်။

### ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်းလိုက်ခြင်းသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ အခြေအနေအား တဟုန်ထိုး ပြောင်းလဲသွားစေခဲ့ပါသည်။

ဖေဖော်ဝါရီလလယ်မှစတင်၍ ရှမ်းပြည်မြောက်ပိုင်းတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် တပ်မတော် အကြား ရင်ဆိုင် တိုက်ခိုက်မှုများ နေ့စဉ်နီးပါး ဖြစ်ပွားနေပါသည်။ မတ်လ (၁၁)ရက်နေ့တွင် ကချင်ပြည်နယ်ရှိ မြို့နယ်(၄) မြို့နယ်၌ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး လူဦးရေ (၅,၈၀၀)ဝန်းကျင်ခန့်သည် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြပါသည်။ ၂၀၂၁ ခုနှစ် မေလအထိ လူဦးရေ (၅,၀၀၀)သည် နေရပ်စွန့်ခွာ တိမ်းရှောင်နေဆဲ ဖြစ်ပါသည်။ ရှမ်းပြည်မြောက်ပိုင်းတွင် အများအားဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများ ပါဝင်ပတ်သက်နေသည့် လုံခြုံရေးဆိုင်ရာ မတည်ငြိမ်သည့် အခြေအနေနှင့် ရင်ဆိုင်တိုက်ခိုက်မှုများကြောင့် ဇန်နဝါရီလမှ စတင်၍ လူဦးရေ (၁၁,၀၀၀)နီးပါးသည် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြပါသည်။

ကချင်ပြည်နယ်ရှိ မြို့နယ်များတွင် စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သည့် ဆန္ဒပြပွဲများအား အလွန်ပြင်းထန်သည့် အကြမ်းဖက် နှိမ်နင်းမှုများ ပေါ်ပေါက်လာခြင်းသည် တပ်မတော်အား KIA မှ တိုက်ခိုက်ရန် အစပျိုးပေးခဲ့ပါသည်။ ရဲစခန်းများနှင့် စစ်တပ်အခြေစိုက် စခန်းများကို မကြာခဏ တိုက်ခိုက်ပြီး လက်နက်များနှင့် ထောက်ပံ့ရေးပစ္စည်းများအား သိမ်းဆည်းခြင်းသည် KIA မှ ရေရှည်တိုက်ခိုက်ရန်အတွက် ပစ္စည်းများ စုဆောင်း နေခြင်းဟု သွယ်ဝိုက် ညွှန်းဆိုပါသည်။ ဖားကန့်ကျောက်စိမ်း မော်တွင်းများ အနီးတဝိုက်တွင် တိုက်ခိုက်မှုများမှ ပဋိပက္ခအတွက် သယံဇာတ များ၏ အရေးပါမှုကို ပြသနေပါသည်။ လတ်တလော တစ်စထက်တစ်စ ပြင်းထန်လာသည့် လက်နက်ကိုင် ပဋိပက္ခသည် အဆိုပါဒေသရှိ များပြား လှသည့် ရွှေ့ပြောင်းသွားလာသူများ အပေါ် သက်ရောက်မှု ရှိလာမည် ဖြစ်ပါသည်။ ကရင် ပြည်နယ်မှာကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နယ်မြေအတွင်း၌ရှိသော အခြေစိုက်စခန်းများအား ပြန်လည်သိမ်းပိုက် လိုက်ခြင်းကြောင့် တပ်မတော်မှ ပြန်လည် တုံ့ပြန်လာနိုင်ချေရှိပြီး ပိုမိုများပြားသည့် နေရပ်စွန့်ခွာ တိမ်းရှောင်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများဆီသို့ ဦးတည်နိုင်ပါသည်။ ကချင်ပြည်နယ်တွင် မတ်လ(၁၂)ရက်နေ့မှ စတင်၍ ပြည်နယ်၏ မြို့တော် အပါအဝင် အနည်းဆုံး မြို့နယ် (၃) မြို့နယ်၌ KIO/ KIA လိုလားသည့် လူထုဆန္ဒထုတ်ဖော်ပွဲများ ဖြစ်ပွားခဲ့ပြီး တိုင်းရင်းသားလူမျိုးစု အမျိုးမျိုး တက်ရောက်ခဲ့ကြပါသည်။ ပြည်သူများကို ကာကွယ် စောင့်ရှောက်ရန်နှင့် အစိုးရအား ဖော်ထုတ်ရန်အတွက် ပြည်ထောင်စု တပ်မတော် တည်ထောင်ရန် တောင်းဆိုမှုများ တိုးပွားလာနေစဉ် လူမှုကွန်ရက်များပေါ်၌ တိုင်းရင်းသား လူနည်းစုများအပေါ် တောင်းပန်မှုများအား တဟုန်ထိုး များပြား လာခဲ့ပါသည်။ အာဏာသိမ်းမှုအား ဆန့်ကျင် တွန်းလှန်မှုသည် တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့် အတွက် ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သည့် ရုန်းကန်လှုပ်ရှားမှုအား လူများစုဖြစ်သည့် ဗမာလူမျိုးအပါအဝင် ပိုမိုများပြားသည့် လူထုဆန္ဒများနှင့်အညီ အာဏာသိမ်း စစ်အုပ်စုအား ဖြုတ်ချရန် အတွက် ဖြစ်ပေါ်စေလာခဲ့ပါသည်။ တပ်မတော်မှ တဖက်သတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို သက်တမ်းတိုးခြင်းအား ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ပထမဆုံးအကြိမ်အဖြစ် မဟာမိတ်ညီနောင်များအဖွဲ့မှ ပယ်ချခဲ့ပါသည်။

လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုများနှင့် နဂိုရှိနှင့်ပြီးသား ဝင်ထွက်သွားလာနိုင်မှု ဆိုင်ရာ စိန်ခေါ်မှုများအပေါ် နိုင်ငံရေး အကျပ်အတည်း၏ သက်ရောက်မှုများ ရှိနေသော်လည်း ပဋိပက္ခဒဏ်ခံဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် ကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ ဝန်ဆောင်မှုများအား ဆက်လက်ဆောင်ရွက်နေပါသည်။ မြန်မာနိုင်ငံရှိ နေရာများတွင် အကြမ်းဖက်မှုများ တစ်စထက်တစ်စ မြင့်တက်လာမှုသည် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ခြင်း၏ လုံခြုံစိတ်ချရမှုအား ခြိမ်းခြောက် နေပြီး လက်ရှိ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ပို၍ ဆိုးရွားစေခဲ့ပါသည်။[၉၈]

စစ်တပ်မှ အာဏာသိမ်းမှုကြောင့် ပြည်တွင်းနေရပ် စွန့်ခွာ တိမ်းရှောင်သူများအား နေရပ်ပြန်ပို့ခြင်းနှင့် ပြန်လည်နေရာချထားခြင်း လုပ်ငန်းစဉ် သည် လုံးဝနီးပါး နောက်ပြန်လှည့်သွားပြီဟု ထင်မြင်ယူဆရပြီး ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်မှုသည် ယခုအခါတွင် အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခနှင့် လူမှုစီးပွားရေးများ ကျဆင်းသွားခြင်းတို့ကြောင့် မရေရာ မသေချာသည့် အခြေအနေ၌ ရှိနေပါသည်။ KIO နှင့် ကချင်ဒေသ အရပ်ဘက် လူမှုအသိုက်အဝန်းတို့သည် နေရပ်ပြန်ပို့ခြင်းနှင့် ပြန်လည် ထူထောင်ရေး အတွက် တပ်မတော်နှင့် အပစ်အခတ် ရပ်စဲခြင်းသည် လိုအပ်သော အခြေအနေ တစ်ရပ် ဖြစ်သည်ဟု ရှုမြင်ခဲ့ပါသည်။ မကြာသေးမီက တစ်စတစ်စကျယ်ပြန့်လာခြင်းသည် ၎င်းတို့တွင် များပြားလှသည့် လူများအား နေရပ်ပြန်ပို့ရန်အတွက် မျှော်လင့်ချက် အနည်းငယ်သာ ရှိပြီး အာဏာသိမ်းမှုအား ဆန့်ကျင် တွန်းလှန်ရန်အတွက် ပိုမိုများပြားသည့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများကို လိုလိုလားလား လက်ခံလိမ့်မည်ဖြစ်ကြောင်း ရည်ညွှန်းနေပါသည်။

အဆိုပါ ဖြစ်ပေါ်လာသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များအား ပြောင်းလဲပြင်လွယ်ရှိပြီး ကျရောက်နိုင်ချေ ရှိသည့် အန္တရာယ်အား အလေးထား တုံ့ပြန်ဆောင်ရွက်ကာ (ယာယီအားဖြင့်) အစီရင်ခံ တင်ပြခြင်းနှင့် လေးစားလိုက်နာရမည့် လိုအပ်ချက်များ အနည်း ဆုံး လိုအပ်သည့် နည်းလမ်းတစ်ရပ်ဖြင့် ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် တိုင်းရင်းသား ဝန်ဆောင်မှု ပေးအပ်သူများထံ အရေးပေါ် ကူညီပံ့ပိုးပေးခြင်းဖြင့် ဖြေရှင်းရန် အလွန်အရေးကြီး ပါသည်။

အထူးသဖြင့် CSO များအတွက် ဆန်းသစ်ပြီး တီထွင်မှုရှိသော ရန်ပုံငွေ ထောက်ပံ့မှု ပုံစံများ လိုအပ်မည် ဖြစ်ပါသည်? ရန်ပုံငွေ ထောက်ပံ့မှုအား လက်ခံရယူရာတွင်နှင့် လွှဲပြောင်းရာတို့တွင် အဆိုပါ အလွတ်သဘော ချဉ်းကပ်နည်းလမ်းများဖြင့် တိုးချဲ့ရန် ဆောင်ရွက်သည့် မည်သည့် ကြိုးပမ်း အားထုတ်မှုမဆိုမှ ယခင်ရှိနေသည့် အဖွဲ့အစည်း တည်ဆောက်ပုံ များအား အားနည်းစေခြင်း (သို့) ဖိစီးစေခြင်းမျိုး မဖြစ် စေရန်အတွက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာစေခြင်း မရှိခြင်းနှင့် ဆုံးရှုံးရနိုင်ချေ အန္တရာယ်တို့အား ဆန်းစစ် အကဲဖြတ်ခြင်းအပေါ် အခြေခံရန် မှာ အရေးကြီးပါသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် လူမှုအသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်း၊ အသက်မွေး ဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့ ခိုင်မာအားကောင်းအောင် ဆောင်ရွက်နေစဉ်အတွင်း လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူ အညီ ပေးအပ်ရာတွင် ကူညီပံ့ပိုးပေးရန် ညှိနှိုင်းဆောင်ရွက်မှုနှင့် လူသားချင်း စာနာထောက်ထားမှု ရန်ပုံငွေများဆိုင်ရာ ယန္တရားများ ခိုင်မာအားကောင်းစေရန် အတွက် လုပ်ဆောင်ရန် လိုအပ်မည် ဖြစ်ပါသည်။





၉၈။ OCHA လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ၊ အမှတ် ၆၊ ဧပြီ၊ ၂၀၂၁

အရှေ့တောင်ပိုင်း ဒေသ

ပဋိပက္ခဒဏ်ခံ ဒေသများ



# ၅.၃

## အရှေ့တောင်ပိုင်းဒေသ

### ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်၊ ကရင်၊ ကယားပြည်နယ်များနှင့် ရှမ်းပြည်တောင်ပိုင်း တို့ပါဝင်ပါသည်။ အရှေ့တောင်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် မြန်မာနိုင်ငံပြည်ထောင်စု အစိုးရတို့အကြား ၂၀၂၀ ခုနှစ်တွင် နှစ်ဦးနှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များအား လက်မှတ်ရေးထိုး ပြီးခဲ့သည့် အချိန်မှစ၍ ကျေးရွာ၊ ခရိုင်နှင့်ပြည်နယ်တိုင်းဒေသကြီး အဆင့်၌ လှုပ်ရှားပြောင်းလဲစေနိုင်သော အင်အားများသည် ရှုပ်ထွေးစွာပြောင်းလဲသွားသည် ကို မြင်တွေ့ခဲ့ရပါသည်။ တနိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု (NCA)လုပ်ငန်းစဉ်မှ နှစ်ဦးနှစ်ဘက်ပါဝင် စတင်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထပ်မံ၍အရှိန်အဟုန်မြှင့်တင်ပေးခဲ့သော်လည်း NCA အကောင်အထည်ဖော်ရာတွင် တိုးတက်မှု မရှိဟူသော ထင်မြင်ယူဆချက်မှ နောက်ထပ် မရေရာမသေချာမှု အဆင့်သစ်တစ်ခုအား ဖြစ်ပေါ်စေခဲ့ပါသည်။ KNU နှင့် KNPP အပြင်အခြား လက်နက်ကိုင်အဖွဲ့များမှလည်း အရှေ့တောင်ပိုင်းဒေသရှိ ဒေသအချို့၌ ဩဇာအာဏာအားထိန်းချုပ်ထားပါသည်။ ယင်းအဖွဲ့များ အနက်မှ အချို့သောအဖွဲ့များသည် ယခုအခါတွင် တပ်မတော် လက်အောက်သို့ ဝင်ရောက် ပေါင်းစည်းခဲ့ပြီး နယ်ခြားစောင့်တပ်များအဖြစ် အမည် ပြောင်းလဲခဲ့ပါသည်။

**ငြိမ်းချမ်းရေးလုပ်ငန်း**

၂၀၁၂ ခုနှစ်မှ စတင်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးသို့ ဦးတည်သည့် တိုးတက်မှုမြန်ဆန်လာစေရေး မျှော်လင့်ချက်များအား အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။

ယေဘုယျအားဖြင့် အပစ်အခတ်ရပ်စဲမှုများအား ထိန်သိမ်းထားနိုင်ခဲ့သော်လည်း NCA တွင်ချမှတ်ထားသည့် ကြားကာလ အစီအမံများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှုများ နှောင့်နှေးနေပါသည်။ ၂၀၁၉ ခုနှစ်တွင် KNU မှ ယင်း၏ အပြည့်အဝပါဝင်မှုအား အစပိုင်းတွင် ရပ်သိမ်းခဲ့သော်လည်း ၂၀၂၀ ခုနှစ်နိုဝင်ဘာလ ရွေးကောက်ပွဲပြီးသည့် နောက်ပိုင်း ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် များအား သေချာအောင် လုပ်ဆောင်မည်ဟူသော ရည်မှန်းချက်ဖြင့် ပြန်လည် ပူးပေါင်းလာသည်ကို မြင်တွေ့ရပါသည်။ KNPP နှင့် ယင်း၏ ငြိမ်းချမ်းရေး လုပ်ငန်းတွင် ထိတွေ့ပူးပေါင်းပါဝင်လာခြင်းအား သက်ရောက်မှုရှိသည့် နိုင်ငံရေး ဆိုင်ရာ လှုပ်ရှားပြောင်းလဲမှု အရွေ့များသည် လည်း အရှေ့တောင်ပိုင်းဒေသအပေါ်၌ သက်ရောက်မှုတစ်ခုရှိနေပါသည်။ ကြားဖြတ်ကာလအစီအမံများအား အကောင်အထည်ဖော်ရာတွင် ရှင်းလင်းပြတ်သားမှုရှိစေခြင်းမှ ဒေသခံပြည်သူများ အတွက် မသေချာ မရေရာမှုများ ပိုမိုဖြစ်စေခဲ့ပြီး ထိန်းချုပ်မှု ရောထွေးနေသည့် ဒေသများတွင် စင်ပြိုင်အုပ်ချုပ်သည့် ဖွဲ့စည်း တည်ဆောက်ပုံများအား ဖန်တီးကာ လူမှုအသိုက်အဝန်းများ၏ ထိလွယ်ရှလွယ်ရှိမှုနှင့် အားနည်းထိခိုက်လွယ်မှုတို့ကို ထပ်လောင်း ဖန်တီးပေးနိုင်သည့် အလားအလာရှိ ပါသည်။ ဤ ဖြစ်စဉ်များအားလုံးမှ အခွန်ကောက်ခြင်း၊ နိုင်ငံသားဖြစ်မှုမှတ်ပုံတင်ခြင်း မြေယာပိုင်ဆိုင်မှုနှင့် အသုံးချမှုဆိုင်ရာ ကိစ္စရပ် များအားလုံး အပေါ် သက်ရောက်မှုရှိခဲ့ပါသည်။

စစ်ရေးယှဉ်ပြိုင်အားထုတ်မှုနှင့်သဘာဝသယံဇာတများ အပေါ်ထိန်းချုပ်မှုတိုးချဲ့ခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ လက်လှမ်းမီရရှိမှုအား စီမံခန့်ခွဲခြင်း တို့ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးအခွင့်အလမ်း တို့နှင့် ဆက်နွှယ်၍ နိုင်ငံရေးအရ ယှဉ်ပြိုင်နေသည့် အဖွဲ့များအကြား ပုံမှန်ဆက်သွယ်ဆောင်ရွက်မှုရှိပါသည်။ နိုင်ငံရေးအဆင့်၌ ဖြစ်ပေါ်လာသည့် အပြောင်းအလဲများသည် လူမှုအသိုက်အဝန်း များတွင် နေထိုင်ကြ

သူများ အထူးသဖြင့် EAO များ၏ထိန်းချုပ်မှု (သို့) EAO များ ဩဇာလွှမ်းမိုးမှု အောက်တွင် ရှိသူများ (သို့) စစ်ရေးလှုပ်ရှား မှုကြောင့် သက်ရောက်မှုရှိသူများအား တိုက်ရိုက်သက်ရောက်မှုရှိပါသည်။

ငြိမ်းချမ်းရေး သဘောတူစာချုပ်များသည် ဤအခြေအနေ ပေါ်တွင် သက်ရောက်မှုမျိုးစုံရှိခဲ့ပါသည်။ ဒေသအများအပြားတွင် အသွားအလာ ကန့်သတ်ထားမှု အားရုပ်သိမ်းခဲ့သဖြင့် ကျေးရွာများနှင့် ခရိုင်များအကြား သွားလာနိုင်ရန်အတွက် အခွင့်အလမ်းများ ပွင့်လာပါသည်။ အရပ်သားများအား နိုင်လိုမင်းထက်ပြုကျင့်ခြင်းများ လျော့ကျသွားခြင်း အပါအဝင် အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှု အဆင့်များ လျော့ကျခဲ့ပြီး အဓိကအားဖြင့် အမျိုးသမီးများအား ဦးတည်ရည်ရွယ်၍ ပြုလုပ်သောအကြမ်းဖက်မှု အဆင့်များ လျော့ကျသွား ခဲ့ပါသည်။ NCA မှ လမ်းဖွင့် ပေးသည့် နယ်ပယ်ကို အခွင့်အရေးယူ၍ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် အရပ်ဘက်လူမှုအဖွဲ့များ ပါဝင်မှု မြင့်တက်လာခဲ့ခြင်းနှင့် ဒေသခံပြည်သူများ ၏ လူမှုရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုလည်း တိုးတက်လာခဲ့ ပါသည်။ သို့ဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒေသခံပြည်သူ များအား ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့တွင် တိုးတက်ကောင်းမွန်မှုများ ရှိစေရန် အတွက် ဦးတည်ခဲ့ပါသည်။ ယခုအခါတွင် လူမှုဝန်ဆောင်မှုများ တိုးတက်ကောင်းမွန် လာစေခြင်းနှင့် ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်နေသူများ၏ ရေရှည်လိုအပ်မှုများကို ဖြေရှင်းပေးနိုင်ရန်တို့အတွက် အခွင့်အလမ်းများလည်း ရှိနေပါသည်။

ဆက်သွယ်ရေးနည်းပညာအသစ်များနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦတို့သည် လူမှုအသိုက်အဝန်းများ အကြား ဆက်စပ် ပေးသောအရာများအဖြစ် ဖြည့်ဆည်းပေးပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တွန်းအားအဖြစ် ထပ်မံဖြည့်ဆည်း ပေးနေပါသည်။ စိုက်ပျိုး စီးပွားလုပ်ငန်းများ နှင့် လယ်ယာ ပြင်ပကဏ္ဍ များအပါအဝင် သဘာဝ သယံဇာတ များအား လက်လှမ်းမီရယူနိုင်မှုနှင့် အသက်မွေး ဝမ်းကျောင်းမှု ဆိုင်ရာ အခွင့်အလမ်းများတို့အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များအတွက် အလားအလာများ တိုးတက်များပြားလာ ခဲ့ပါသည်။

အဆိုပါဖွံ့ဖြိုးတိုးတက်မှုများအား အစိုးရနှင့် အစိုးရနှင့် အစိုးရမဟုတ်သော လှုပ်ရှားဆောင်ရွက်သူများ အပါအဝင် လူအများအပြား မှ ကြိုဆိုခဲ့ ကြပါသည်။ သို့သော် ခိုင်မာအားကောင်းသည့် ဥပဒေစိုးမိုးမှုမရှိခြင်းနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ယန္တရားများ အားနည်းခြင်းတို့ ကြုံသည့်အခါ ပတ်သက်ဆက်နွှယ်သူအများအပြားကြားရှိ အပြောင်းအလဲများနှင့် ရင်းမြစ်များအား တိုးမြှင့် ချုုပ်ကိုင်နိုင်ရန် ပြိုင်ဆိုင်မှုများကြောင့် တင်းမာမှု များကိုလည်း မြှင့်တက်စေမည်ဖြစ်ပါသည်။

**ပြည်သူများ၏ နေရပ်စွန့်ခွာတိမ်းရှောင်မှု**

ပဋိပက္ခများသည် မြန်မာနိုင်ငံနယ်စပ်ဒေသနှင့် အိမ်နီးချင်းနိုင်ငံများအတွင်းသို့ ရေရှည်နေရပ်စွန့်ခွာတိမ်းရှောင်မှု အကြိမ်ကြိမ် ဖြစ်ပေါ်စေခဲ့ပါသည်။ စီမံကိန်းကြီးများအတွက် မြေယာ အမြောက်အများ သိမ်းယူခြင်းသည် အရှေ့တောင်ပိုင်း ဒေသတစ်ခုလုံးတွင် နေရပ်စွန့်ခွာတိမ်းရှောင်မှုများအား ထပ်မံ၍ဆက်လက်ဖြစ်ပေါ်စေပါသည်။ အပစ်အခတ် ရပ်စဲထားသည့် ကာလအတွင်း တိုင်းရင်းသားများ၏ နယ်မြေများတွင် သယံဇာတထုတ်ယူသည့် လုပ်ငန်းများ၊ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းနှင့် လမ်းဖောက်လုပ်ခြင်းတို့သည် သစ်တော ပြုန်းတီးမှု အား ပိုမိုဆိုးရွားစေခဲ့ပါသည်။ ရလဒ်အနေဖြင့် အရှေ့တောင်ပိုင်းဒေသရှိ ရေဝေ ရေလွှဲဒေသ များတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းများ စတင်၍ ပိုမိုဖြစ်လေ့ဖြစ်ထရှိလာသည်ကို တွေ့မြင်လာရပါသည်။ လွန်ခဲ့သည့် (၅)နှစ် အတွင်း အရှေ့တောင်ပိုင်းဒေသတွင် ပဋိပက္ခဒဏ်ခံ လူမှု အသိုက်အဝန်းများမှ လူဦးရေ (၃၈,၀၀၀)ကျော်သည် သဘာဝဘေးအန္တရာယ်များကြောင့် နေရပ်စွန့်ခွာခဲ့ကြသည်ဟု ခန့်မှန်းထားပါသည်။

အရှေ့တောင်ပိုင်းဒေသတစ်ခုလုံးရှိ မြို့နယ်(၂၆)မြို့နယ်၏ ကျေးလက်ဒေသများတွင် ပြည်တွင်းနေရပ်စွန့်ခွာနေရသည့် လူဦးရေအနည်းဆုံး (၁၆၂,၀၀၀)ဦးကျန် နေသေးသည်ဟု ခန့်မှန်းထားပါသည်။[၉၉]

၂၀၂၀ ခုနှစ် ဒီဇင်ဘာလ၌ ဒုက္ခသည် (၉၁,၈၀၃)ဦးသည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်း (၉)ခုတွင် နေထိုင်နေကြပါသည်။[၁၀၀] ၂၀၁၃ ခုနှစ် ဇွန်လမှ စတင်၍ UNHCR သည် မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်လို ပါက စနစ်တကျပြန်လည်ပို့ဆောင်ပေးသည့် အစီအစဉ် မရှိသည့် အချိန်တွင် စတင်ခဲ့သော လုပ်ငန်းစဉ် ဖြစ်သည့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသသို့ အလိုအလျောက် နေရပ်ပြန်ခြင်းများအား ဆန်းစစ်လေ့လာရန် အတွက် စနစ်တစ်ခုအားရှေ့ပြေးစမ်းသပ်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်ကုန်တွင် ဒုက္ခသည် (၄,၀၀၀)ကျော်နှင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူ (၁၁,၅၀၀)နီးပါးသည် မိမိနေရပ်ကျေးရွာ (၄၀၀)ကျော်ထံသို့ ပြန်လာခဲ့ပါသည်။ ၂၀၁၉ခုနှစ်အတွင်း၌ (၂,၅၇၅)ဦးသည် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြပြီး (၂,၉၉၉)ဦးသည် တတိယနိုင်ငံတွင် အခြေချနေထိုင်ရန်အတွက် ထွက်ခွာခဲ့ကြကာ (၁,၅၅၅)ဦးသည် ထိုင်းနိုင်ငံတွင် နေထိုင်ရှင်သန်နိုင်မည့် အခြားနည်းလမ်းများ ရှာဖွေရန် IDP စခန်းများအား စွန့်ခွာခဲ့ကြပါသည်။[၁၀၁] ၂၀၂၀ ခုနှစ်တွင် COVID-19 ကပ်ရောဂါ ဆိုက်ခြင်းနှင့်အတူ ဖေဖော်ဝါရီလအကုန်တွင် အစီအစဉ်ပြုလုပ်ထားသည့် (၅)ကြိမ်မြောက် မိမိသဘောဆန္ဒအလျောက် နေရပ်ပြန်ခြင်းအား ပံ့ပိုးကူညီမှုကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွက် ကနဦးအစီအစဉ်ရေးဆွဲထားရာ၌ တနှစ်လုံးတွင် နေရပ်ပြန်သူ ဦးရေ (၇)% လျော့ကျသွားမည်ဟု ခန့်မှန်းထားခဲ့ပါသည်။ ထိုအစား စခန်းများရှိ လူဦးရေမှာ ကလေးများမွေးဖွားလာခြင်း နှင့် ပြင်ပတွင် အလုပ်လုပ်နေသည့် သူများပြန်လာခဲ့ကြသဖြင့် တိုးပွားလာခဲ့ပါသည်။ လုံခြုံစိတ်ချရပြီး အသိပေးထားသည့် နေရပ်ပြန် ပို့မှုများအတွက် ကြိုတင် ပြင်ဆင်မှုများကို ပထမနှစ်ဝက်

၉၉။ TBC (၂၀၁၈) မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ လူများ၏ ဘေးကင်းလုံခြုံရေး။

၁၀၀။ UNHCR ၏ ကိန်းဂဏန်းအချက်အလက်များ ၊ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ

၁၀၁။ TBC နှစ်ပါတ်လည် အစီရင်ခံစာ ၂၀၁၉ ခုနှစ်





တလျှောက်လုံးတွင် ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။ ကပ်ရောဂါမဖြစ်ပွားမီ အချိန်၌ 'ကွင်းဆင်း သွားရောက်ကြည့်ရှု'သည့် လေ့လာမှု (၄)ကြိမ်ပြုလုပ်ခဲ့ပါသည်။ သွားရောက် လေ့လာမှုများတွင် အသက်မွေးဝမ်းကျောင်းမှုများအတွက် မြေယာ၏ သင့်တော်မှုနှင့် ရရှိနိုင်မှု၊ သောက်သုံးရန်နှင့် တိရစ္ဆာန်မွေးမြူရေးအပါအဝင် စိုက်ပျိုးရန်တို့အတွက် တစ်နှစ်ပတ်လုံး ရေ ရယူနိုင်ခြင်းနှင့် ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေး ထုတ်လုပ်မှုအတွက် မြေဩဇာကောင်းမွန်မှု၊ တနှစ်ပတ်လုံး သွားလာနိုင်မှုနှင့် လမ်းအခြေအနေနှင့် ဌာနေလူမှု အသိုက်အဝန်းများနှင့် ဒေသ အာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့အပါအဝင် အဓိကအကြောင်း ခြင်းရာများကို အနီးကပ် ဂရုပြု လေ့လာ ခဲ့ပါသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါ ဆက်လက်ဖြစ်ပွား နေသောကြောင့် ယခုအခါ တွင်ထိုင်း၊ မြန်မာနယ်စပ်အား ဖြတ်သန်းရာတွင် ၎င်းတို့၏ မိခင်နိုင်ငံများသို့ ပြန်လာသည့် နိုင်ငံသားများကိုသာ ဖြတ်သန်းခွင့်ပြုပါသည်။[၁၀၂]

၂၀၂၀ ခုနှစ်အတွင်း စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအား ကျင်းပခဲ့ပြီး တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ် ရေးထိုးထားသည့် (၁၀)ဖွဲ့မှ ကိုယ်စားလှယ်များတက် ရောက်ခဲ့ပါသည်။ ပုံမှန်ငြိမ်းချမ်းရေးဆွေးနွေးမှုများအား အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးသည့် နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးရန် သဘောတူညီမှု တစ်ရပ် ရရှိခဲ့ပါသည်။ သို့သော်လည်း မြန်မာ့ တပ်မတော်မှ ရန်လိုမှုများ တိုးတက် များပြားလာခဲ့ပြီး ထိရောက်သော တိုးတက်မှုအတွက် အလားအလာများမှာ အားရဖွယ်မရှိ ဖြစ်ခဲ့ပါသည်။

ကရင်လူမှုအသိုက်အဝန်းများတွင် လက်နက်ကြီးများနှင့် မဆင်မခြင် ပစ်ခတ်တိုက်ခိုက်မှုများအပါအဝင် တပ်မတော်၏ စစ်တပ်များ ချထားခြင်း ကြောင့် အရပ်သား(၄,၀၀၀)ကျော်သည် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြပြီး ဖာပွန်မြို့နယ်နှင့် အနီးအနားတွင်ရှိသော ကျောက်ကြီးမှ လယ်ယာ များသို့ သွားလာမှုကို ကန့်သတ်ခဲ့ပါသည်။ ရှားတောမြို့နယ်မြောက်ပိုင်းရှိ ကရင်နီလူမှုအသိုက်အဝန်းများတွင် တပ်မတော်နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) အကြား စစ်မက်ဖြစ်ပွားမှုများ ပြန်လည် စတင်ခဲ့ပါသည်။ ဒီမောဆို မြို့နယ်အရှေ့ပိုင်း၊ ဖရူဆိုမြို့နယ် အရှေ့ပိုင်းနှင့် ဖားဆောင်းမြို့နယ် အနောက်ပိုင်း တို့တွင် တပ်မတော်၏ တပ်များဖြန့်ကျက်ချထားမှုတိုးပွားလာခြင်းကြောင့် တင်းမာမှုများ တိုးပွားလာခဲ့သည်ဟု အစီရင်ခံတင်ပြမှု များ လည်း ရှိခဲ့ပါသည်။

NCA စာချုပ်၏ အပိုဒ်(၂၅)တွင် ပါဝင်သည့် ပဋိပက္ခဒဏ်ခံဒေသများတွင် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အဓိပ္ပါယ် အမျိုးမျိုး ဖွင့်ဆိုမှုများသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကို အနှောင့်အယှက် ဖြစ်စေရန် ဆက်လက်တွန်းပို့နေပါသည်။ တပ်မတော်မှ ကြားဖြတ်ကာလအစီအစဉ်များ အကောင်အထည်ဖော်ခြင်းမပြုမီ အပစ်အခတ်ရပ်စဲသည့် ဧရိယာများအား သတ်မှတ်ရန် တိုက်တွန်းခဲ့သော်လည်း KNU နှင့် အခြား EAO များမှ ယုံကြည်မှု တည်ဆောက်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီ စနစ်အား တွေ့ကြုံခံစားရန်တို့အတွက် အကြောင်းကိစ္စရပ်ပေါ် အခြေခံသည့် ချဉ်းကပ်နည်းလမ်းအား အဆိုပြုပါသည်။

**အားနည်းထိခိုက်လွယ်မှု**

ခြုံငုံကြည့်လျှင် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသတွင် အားနည်းထိခိုက်လွယ်မှုနှုန်း အတော်မြင့်မားသည့် လက္ခဏာ ရှိသည်ဟု ပြောဆို နိုင်ပါသည်။ HARP နှင့် MIMU[၁၀၃] တို့မှ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည့် အားနည်းထိခိုက်လွယ်မှုဆိုင်ရာ ဆန်းစစ်မှု အရမြန်မာနိုင်ငံ၏ အားနည်းထိခိုက်လွယ်မှုအရှိဆုံး ပြည်နယ်/တိုင်းဒေသကြီးများအထဲတွင် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့လည်းပါဝင်ပါသည်။ အဆိုပါရှာဖွေတွေ့ရှိချက်များအား ကမ္ဘာ့ဘဏ်၏ ရှုထောင့်နယ်ပယ်စုံ ချို့တဲ့မှု ညွှန်းကိန်း (Multidimensional Deprivation Index MDI)[၁၀၄] နှင့် အတည်ပြုခဲ့ပြီး နိုင်ငံအတွင်း ချို့တဲ့မှုအ များဆုံး ပြည်နယ်များ/ တိုင်းဒေသကြီးများအနက် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးသည် (ရခိုင်နှင့် ဧရာဝတီပြီးလျှင်) တတိယနှင့် စတုတ္ထ ၌ ရပ်တည်နေပါသည်။ ဒေသများ၏ ရပ်တည်နေသော အဆင့်များသည် သတိပြုလောက်အောင် ကွဲပြားခြားနားမှုများအားထင်ဟပ်စေခြင်း မရှိသော်လည်း ညွှန်းကိန်းတွင် ရွေးချယ်ထားသည့် မြို့နယ်များသည် အခြားသော မြို့နယ်များထက် ပိုမိုကောင်းမွန်သည်ကို ကြုံတွေ့နေ ပါသည်။

အရှေ့တောင်ပိုင်းဒေသတစ်ခုလုံးတွင် ဆင်းရဲနွမ်းပါးမှုနှင့် စားနပ်ရိက္ခာမဖူလုံမှုမှာ ပြန့်နှံ့လျက်ရှိပြီး အထူးသဖြင့် ကျေးလက် တောင်ပေါ်ဒေသနှင့် ပိုမိုဝေးလံခေါင်းပါးသည့် ဒေသများတွင် အဓိကဖြစ်ပွားနေပါသည်။ မြန်မာအဏုအာဟာရနှင့် အစားအသောက် စားသုံးမှုစစ်တမ်း[၁၀၅]မှ ရရှိသည့် အချက်အလက်များအရ စားနပ်ရိက္ခာမဖူလုံမှုအမြင့်ဆုံးနှုန်းများမှာ မွန်ပြည်နယ် (အိမ်ထောင်စုများ၏ ၈၆%) တနင်္သာရီ (အိမ်ထောင်စုများ၏ ၇၇%) နှင့်အနိမ့်ဆုံးမှာ ကယားပြည်နယ် (အိမ်ထောင်စုများ၏ ၂၁%)နှင့် ကရင်ပြည်နယ် (၃၇%)တို့ ဖြစ်သည်ဟု အစီရင်ခံတင်ပြခဲ့ပါသည်။ အိမ်ထောင်စု ရိက္ခာအမျိုးအမည် စုံလင်စွာ စားသုံးနိုင်မှု ရမှတ် (Household Dietary Diversity Scores HDDS) တွင်လည်း တူညီသည့် ပုံစံရှိနေပြီး ကရင်ပြည်နယ်သည် (HDDS) ရမှတ် (၆)အောက်ရောက်ရှိနေသည့် အိမ်ထောင်စု ၆၈% ရှိပြီး ယင်းနောက်တွင် ကယားပြည်နယ်သည် အိမ်ထောင်စုများ၏ ၅၃% ရှိနေသည်ကို တွေ့ရှိခဲ့ပါသည်။ အရှေ့တောင်ပိုင်းဒေသတွင် ဆင်းရဲနွမ်းပါးမှုနှင့် ပတ်သက်၍ တနင်္သာရီ တိုင်းဒေသကြီးသည် အိမ်ထောင်စုများ၏ အချိုးတွင် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက် ရောက်ရှိနေသည့် အချိုးမှာ ၁၃% ဖြင့် အနိမ့်ဆုံး၌ ရှိနေပါသည်။ ယင်းနောက်တွင် မွန်ပြည်နယ် (၁၉%)၊ ကရင် ပြည်နယ်(၂၄%)နှင့် ကယား(၃၂%) အသီးသီး ရှိနေပါသည်။[၁၀၆]

၁၀၂။ TBC နှစ်ပတ်လည် အစီရင်ခံစာ ၂၀၂၀ ခုနှစ်

၁၀၃။ HARP-MIMU (၂၀၁၈ ခုနှစ်) ထိခိုက်လွယ်မှုအခြေအနေ- မြန်မာနိုင်ငံ- လိုအပ်နေမှုများ၊ လွှမ်းခြုံပေးနိုင်မှု အတိုင်းအတာနှင့် လစ်ဟာနေမှုများ အတွက် အချက် အလက်များအပေါ် ဆင့်ပွါးလေ့လာ သုံးသပ်မှု

၁၀၄။ ကမ္ဘာ့ဘဏ်နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန (၂၀၁၈ ခုနှစ်) မြန်မာနိုင်ငံရှိ ဘက်စုံ လူမှုဘဝ ဖူလုံရေး

၁၀၅။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (၂၀၁၈) မြန်မာနိုင်ငံတွင် အဏုအာဟာရနှင့် အစားအသောက် စားသုံးမှု စစ်တမ်း

၁၀၆။ ကမ္ဘာ့ဘဏ် (၂၀၁၈ခုနှစ်) မြန်မာ့လူနေမှု အဆင့်အတန်း စစ်တမ်း၊၂၀၁၇ ခုနှစ်၊ အစီရင်ခံစာ အမှတ် (၃) နေပြည်တော်နှင့် ရန်ကုန်၊ မြန်မာ၊ ကမ္ဘာ့ဘဏ်

### COVID-19 ကပ်ရောဂါ

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ဝေးလံခေါင်ဖျားဒေသများမှ လူမှုအသိုက်အဝန်းများအတွင်း COVID-19 ကပ်ရောဂါကူးစက်မှုများကို အစီရင်ခံတင်ပြနိုင်ခြင်းမရှိသော်လည်း ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းလုပ်သား (၁၀၀,၀၀၀) ဦး နေရပ်ပြန်လာခြင်း[၁၀၇]ကြောင့် ကာကွယ်တားဆီးခြင်း၊ စောင့်ရှောက် ပေးခြင်းနှင့် ထိန်းချုပ်ခြင်း အစီအမံများ၏ အရေးပါမှုများ မြင့်တက်စေခဲ့ပါသည်။ အဆိုပါ ကန့်သတ်ချက်များကြောင့် ဈေးကွက် များ ပျက်ပြားခဲ့ပြီး လယ်ယာစိုက်ခင်းများသို့ သွားရောက်ရာတွင် ကန့်သတ်ခဲ့ကာ ကုန်ဈေးနှုန်းတက်လာသည့် ဖိအားများဆီသို့ ဦးတည် ခဲ့ပါသည်။

LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် စီမံကိန်းလုပ်ငန်း အများစုအား ရွှေ့ဆိုင်းခဲ့ပြီး ကျန်းမာရေးလုပ်သားများအတွက် တကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်းများ ဖြန့်ဝေပေးရန်၊ အစိုးရမှုထိန်းချုပ်ထားသော ဒေသများနှင့် အစိုးရမှ ထိန်းချုပ်ထားခြင်း မရှိသောဒေသများနှင့် ထိန်းချုပ်မှု ရောထွေးနေ သည့် ဒေသများအတွက် အရေးပေါ်တုန့်ပြန် ကူညီမှုများပေးရန်နှင့် ကျရောက်နိုင်ချေရှိသည့် အန္တရာယ် များအား ပညာပေးသည့် လုပ်ငန်းများနှင့် ရပ်ရွာလူထုမှ ပူးပေါင်း ပါဝင်လာစေသည့် လှုပ်ရှားဆောင်ရွက်မှုများအား လုပ်ဆောင် ရန်တို့အတွက် ဘတ်ဂျက်ခေါင်းစဉ်များအား ပြန်လည်ခွဲဝေ သတ်မှတ်ခဲ့ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးခြင်းနှင့် ရပ်ရွာလူထုအခြေပြု အသွားအလာ ကန့်သတ် စောင့်ကြည့်သည့် နေရာများ စီမံခန့်ခွဲခြင်းတို့မှတဆင့် COVID-19 အားကာကွယ်တားဆီးရာတွင် ကြီးမားသည့် အခန်းကဏ္ဍ မှ ပါဝင်ခဲ့ပါသည်။

မေလ (၁၅)ရက်နေ့တွင် KNU မှကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် "မကြာခဏနှေး ကွေးပြီး အကြပ်ရိုက် နေသည့်" လက္ခဏာရှိသည့်အပြင် COVID-19 ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့်အတွက်ကြောင့် "ကာကွယ် ၊ ထိန်းချုပ်၊ ကုသရေး .... အွန်လိုင်းဗီဒီယိုဖြင့် ပြုလုပ်သည့်ညှိနှိုင်းဆွေးနွေးပွဲနှင့် အခြားဆက်သွယ်ဆောင်ရွက်သည့် နည်းလမ်းများ မှတဆင့်" COVID-19 ကပ်ရောဂါတုန့်ပြန်ကာကွယ်မှုတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အတွက်လည်း တောင်းခံ ခဲ့ပါသည်။
ကရင် EAO များမှလည်း COVID-19 ကပ်ရောဂါတားဆီးကာကွယ်ခြင်းအတွက် ကျန်းမာရေးအဖွဲ့အစည်းဆိုင်ရာ ကော်မတီ (EHOC) အားဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် နယ်ခြားစောင့်တပ်များ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေး ကောင်စီ၊ KNU၊ ကရင်အမျိုးသားရဲတပ်ဖွဲ့နှင့် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) တို့ပါဝင်ပါသည်။

မတ်လတွင် KDHW သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လမ်းညွှန်ချက်များအပေါ် အခြေခံသည့် ညွှန်ကြားချက်များကို ၎င်းတို့ ထိန်းချုပ် ထားသည့် မြို့နယ်များအားလုံးသာမက ၎င်း၏တပ်ရင်းတပ်ဖွဲ့များထံ ပေးပို့ခဲ့ပါသည်။ KNU ၏ ကာကွယ်တားဆီးရေး အစီအမံများတွင် ၎င်း၏ထိန်းချုပ်မှုအောက်၌ ခရိုင်(၇)ခုတွင် စစ်ဆေးသည့် နေရာ(၅၀)ကျော်အား တည်ထောင် ခြင်းအား ထည့်သွင်း ခဲ့ပါသည်။ ကျန်းမာရေး စစ်ဆေးသည့် နေရာတစ်နေရာခြင်းစီအတွက် အပူချိန်တိုင်းသည့်ကရိယာများ၊ လက်အိတ်များ၊ နှာခေါင်းစည်းများနှင့် အရည်အသွေးမြင့် လက်သန့်ဆေးရည်များပါဝင်သော WHO မှ အကြံပြုထားသည့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ဧပြီလလယ်မှစ၍ မေလတစ်လလုံး နယ်စပ်များ ပိတ်ထားရန်အတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအား EAO များမှ ကူညီပံ့ပိုး ပေးခဲ့ပြီးနောက် ခရီးသွားလာမှု ကန့်သတ်ရန်နှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် အစီအမံများအား တင်းတင်း ကြပ်ကြပ် ပြုလုပ်ရန် တို့အတွက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရန်အတွက် ကြေညာခြင်းနှင့် EAO များနှင့် အစိုးရပူးပေါင်းဆောင်ရွက်မှုကို အများပြည်သူ များအား ပြသခြင်းများ ရှိသော်ငြားလည်း KNU နှင့် မွန်ပြည်သစ်ပါတီ (NMSP)တို့မှ စီမံခန့်ခွဲနေသည့် COVID-19 ကပ်ရောဂါ စစ်ဆေးသည့် နေရာအနည်းဆုံး (၆)နေရာအား အစိုးရအရာရှိများနှင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များမှ ဖျက်သိမ်းစေခြင်း (သို့) ပိတ်သိမ်းရန် အတင်းအကြပ် ဖိအားပေးခြင်းများ ရှိခဲ့ပါသည်။ ပြည်သူ့ကျန်းမာရေးဆိုင်ရာဘုံရန်သူအား တိုက်ဖျက်ရာတွင် စည်းလုံးညီညွတ်ရန် အတွက် အခွင့်အရေးတစ်ရပ် အား လက်လွှတ် ဆုံးရှုံးခဲ့ရပြီး သည့်အပြင် အားနည်းထိခိုက်လွယ်မှုများအား ပိုမိုဆိုးရွားစေခဲ့ပါသည်။

### LIFT ၏ အရှေ့တောင်ပိုင်းဒေသစီမံကိန်း

LIFT သည် ၂၀၁၉ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလအတွင်း စာရွက်စာတမ်းများ ပြန်လည်သုံးသပ်လေ့လာခြင်း၊ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးနှင့် ရန်ပုံငွေဘုတ်အဖွဲ့ တို့၏ အသေးစိတ်ဆွေးနွေးမှုများနှင့် ကရင်၊ မွန်နှင့် ကယားပြည်နယ်များနှင့် တနင်္သာရီတိုင်း ဒေသကြီး တို့အား လွှမ်းခြုံသည့် လေ့လာဆန်းစစ်သည့် ခရီးစဉ်တို့မှ သတင်းအချက်အလက်များ ပေါင်းစပ်၍ အရှေ့တောင်ပိုင်းဒေသ အတွက် စီမံကိန်းမူဘောင်အား ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ လေ့လာဆန်းစစ်သည့် ခရီးစဉ်အတွင်း အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်း NGO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားဝန်ဆောင်မှုပေးသူများ၊ ပုဂ္ဂလိကကဏ္ဍမှ လှုပ်ရှား ဆောင်ရွက်သူများ၊ LIFT ၏စီမံကိန်းများမှ ရွေးချယ်ထားသည့် အကျိုးခံစားခွင့်ရှိသူများအား ကိုယ်စားပြုသူ အများအပြားတို့နှင့် ဆွေးနွေးတိုင်ပင် သဘောထားရယူမှုများ ပြုလုပ်ခဲ့ပါသည်။

၁၀၇။ TBC နှစ်ပါတ်လည် အစီရင်ခံစာ ၂၀၂၀ ခုနှစ်





LIFT ၏ မြန်မာနိုင်ငံအရှေ့ တောင်ပိုင်းစီမံကိန်းတစ်ခုလုံးသည် ပဋိပက္ခအလေးထား တုံ့ပြန်ဆောင်ရွက်သည့်နည်းဟန်ဖြင့် ကြားဖြတ်အစီအမံများအတွင်း လုပ်ငန်း လည်ပတ်ဆောင်ရွက်ရာတွင် အားနည်းထိခိုက်လွယ်ဆုံးသူများ အတွက် စားနပ်ရိက္ခာ၊ အာဟာရဖွံ့ဖြိုးမှု နှင့် အသက်မွေးဝမ်းကျောင်းဖူလုံမှုတို့အား ဖြေရှင်းပေးမည့် ဒေသတွင်း ဖြစ်နိုင်သည့် နေရာများ၌ အားလုံး ပါဝင်စေခြင်း၊ ရာသီဥတုကြံ့ကြံ့ခံနိုင်စွမ်း၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှု များအတွက် အခြေခံ အုတ်မြစ်ချပေးရန် နှင့် အထောက်အကူပေးရန် ရည်ရွယ်ထားပါသည်။ ယင်းတွင်ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ ၊ နေရပ်ပြန်လာသူများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် လုပ်အားခေါင်းပုံဖြတ်အမြတ်ထုတ်ခံရနိုင်ချေ အန္တရာယ်ရှိနေသူများ အပေါ် သီးသန့် အာရုံစိုက်မှု ပါဝင်ပါသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အယူအဆတင်ပြချက်များ တင်သွင်းရန် ဖိတ်ခေါ်ခြင်းအား စတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ခုနှစ်ကာလ ပထမနှစ်ဝက်တွင် LIFT ၏ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် မိတ်ဖက်အဖွဲ့အစည်းများအား ရွေးချယ်ခဲ့ပြီး ၂၀၂၀ခုနှစ် ဒုတိယနှစ် ဝက်ကာလအတွင်း၌ စာချုပ်ချုပ်ဆိုနိုင် ရန် မျှော်မှန်းထား သည့် စီမံချက်အဆိုပြုလွှာအပြည့်အစုံအား ပူးတွဲရေးဆွဲခဲ့ ပါသည်။

အယူအဆတင်ပြချက်များအားပြန်လည်သုံးသပ်ပြီး မိတ်ဖက်အဖွဲ့အစည်းများအား ရွေးချယ်ပြီးသည့်အချိန်၌ မြန်မာနိုင်ငံ တွင်COVID-19 ကပ်ရောဂါ စတင်သက်ရောက်လာခဲ့ပြီး အရေးပေါ်တုန့်ပြန်ကာကွယ်မှုများအပြင် နောက်ပိုင်းလျော့ပါးသက်သာစေခြင်းနှင့် ပြန်လည် ထူထောင်ရေး အစီအစဉ်များအတွက် ရင်းမြစ်များအား အရန်အဖြစ်ထားရှိရန် စီမံကိန်း အတွက် မူလခွဲဝေသက်မှတ်ထားသည့် ဘတ်ဂျက်များကို လျှော့ချခဲ့ ပါသည်။ ရန်ပုံငွေဘုတ်အဖွဲ့မှ LIFT ၏ ၂၀၁၉-၂၀၂၃ မဟာဗျူဟာနှင့် COVID-19 ကပ်ရောဂါတုန့်ပြန်ကာကွယ် မှုတို့နှင့် ကိုက်ညီမှုပေါ်အခြေခံ၍ FMO မှ အဆိုပြုခဲ့သည့် စီမံချက် အနည်းငယ်ကိုသာအတည်ပြုပေးခဲ့ပါသည်။ ကနဦး စီမံကိန်း မူဘောင်၏ အစိတ်အပိုင်း များအား ပြန်လည် ပြင်ဆင်ခဲ့ပြီး ပမာဏ အားလျှော့ချခဲ့ကာ LIFT ၏ အရှေ့တောင်ပိုင်းဒေသစီမံကိန်း (၂၀၂၀-၂၀၂၃) အား အောက်ပါတို့ အပေါ်အာရုံစိုက်ရန် ဆုံးဖြတ်ခဲ့ပါသည်-

- » ကယားနှင့် ကရင်ပြည်နယ်များရှိ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ချဉ်းကပ်နည်းလမ်းများအတွက် အစိုးရဦးဆောင်သည့် ကိုယ်ဝန် ဆောင်မိခင်များနှင့် ယင်းတို့မှမွေးဖွားလာသည့် အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ် (maternal and child cash transfers MCCT) နှင့် လူမှုအမူအကျင့်ပြောင်းလဲရေး အစီအစဉ် (social behaviour change SBC) တို့အားကူညီပံ့ပိုးပေးခြင်း
- » တောင်တန်းဒေသ စိုက်ပျိုးရေး၊ သဘာဝ သယံဇာတများ စီမံခန့်ခွဲရေးနှင့် မြေယာအခွင့်အရေးများ
- » သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်း

| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | စီမံချက်အမည် | အဓိကလုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့်ဒေသ |
|---|---|---|---|---|
| **Department of Social Welfare (DSW)၊ Ministry of Social Welfare, relief and resettlement (MoSWRR)** | ကရင်ပြည်နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာန ၏ MCCT အစီအစဉ်အား ကူညီပံ့ပိုး ပေးခြင်း | MCCTအား ကူညီပံ့ပိုးပေးရာတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ ထောက်ပံ့မှု၊ ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ SBCC | ၂၀၁၉၊ ဖေဖော်ဝါရီ ၂၀၂၀ ဒီဇင်ဘာ | ကရင်ပြည်နယ် |
| **Department of Social Welfare (DSW) ၏ Ministry of Social Welfare, relief and resettlement (MoSWRR)** | ကယားပြည်နယ်တွင် DSW ၏ MCCT အစီအစဉ်အား ကူညီပံ့ပိုး ပေးခြင်း | MCCTအား ကူညီပံ့ပိုးပေးရာတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင် ရာ ထောက်ပံ့မှု၊ ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ SBCC | ၂၀၁၉၊ ဖေဖော်ဝါရီ ၂၀၂၀ ဒီဇင်ဘာ | ကရင်ပြည်နယ် |
| **Karen Development Network (KDN)** | နေရပ်စွန့်ခွာတိမ်းရှောင် သူများ၏ အသက်မွေးမှုများ ပိုမိုကောင်းမွန်လာရေး (ELDP) | TVET၊ရပ်ရွာသင်တန်းစင်တာ များတည်ဆောက်ခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝသယံဇာတများ စီမံခန့်ခွဲခြင်း | ၂၀၁၆၊ ဇွန် ၂၀၂၀ စက်တင်ဘာလ | တနင်္သာရီတိုင်းဒေသကြီး |
| **Stitching ZOA, The Netherlands , registered as Consortium of Dutch NGOs (CDN) in Myanmar** | ကရင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးလက်နေဆင်းရဲနွမ်းပါး သူများ၏ ဝင်ငွေနှင့် အာဟာရဆိုင်ရာရလဒ်များ တိုးတက်ကောင်းမွန်စေခြင်း | အာဟာရဖွံ့ဖြိုးမှု၊WASH၊ စိုက်ပျိုးရေး၊ တန်ဖိုးမြှင့်ကွင်းဆက်၊ လူမှု ကာကွယ်စောင့်ရှောက်ခြင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ချေ လျှော့ချခြင်း၊ အငယ်စားအခြေခံအဆောက်အဦများ | ၂၀၁၆၊ ဇွန် ၂၀၂၀ စက်တင်ဘာလ | သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်မြောက်ပိုင်း |
| **Swissaid, Metta, GRET** | အရပ်ဘက်လူမှုအဖွဲ့အစည်းများ အတွက် တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ | CSO များအတွက် အသေးစား ထောက်ပံ့မှုများ - အသက်မွေးဝမ်းကျောင်းမှု | ၂၀၁၉၊ ဇန်နဝါရီ ၂၀၂၁၊ ဇွန် | ကယားပြည်နယ် |
| **The Border Consortium (TBC)** | တောင်တန်းဒေသအတွက် စိုက်ပျိုးရေး၊ အာဟာရဖွံ့ဖြိုးမှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အား ရေရှည်တည်တံ့ခိုင်မြဲစေမည့် ပြုပြင်ပြောင်းလဲခြင်း (STAND UP) အဆင့်၂ | မြေယာအခွင့်အရေးများ၊ အာဟာရ ဖွံ့ဖြိုးမှု၊ WASH၊ လူမှုကာကွယ် စောင့်ရှောက်ရေး၊ ဒေသခံပတ် သက်ဆက်နွယ်သူများ၊ CSOများ နှင့် ESPများ) အတွက်စွမ်းဆောင်ရည် တည်ဆောက်ခြင်း အပါအဝင် သဘာဝ သယံဇာတများ စီမံခန့်ခွဲခြင်း | ၂၀၁၉၊ စက်တင်ဘာ ၂၀၂၂၊ဩဂုတ်လ | ကယား၊ ကရင်နှင် မွန်ပြည်နယ်များ နှင့် တနင်္သာရီတိုင်းဒေသကြီး |

| အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း | စီမံချက်အမည် | အဓိကလုပ်ငန်းများ | ကာလ | လွှမ်းခြုံသည့် ဒေသ |
|---|---|---|---|---|
| **Community Partners International (CPI) in partnership with Karen Department of Health & Welfare, Karen Ethnic Health Organization Consortium, Yoma Social Development Association and the Committee for Internally Displaced Karen People** | Project Nourish– အာဟာရဖွံ့ဖြိုး တိုးတက်ရေး ၊ ရေ၊ ပတ်ဝန်းကျင် နှင့် တကိုယ်ရေ သန့်ရှင်းရေး လုပ်ငန်းများ (WASH)နှင့် အသက်မွေးဝမ်းကျောင်းမှုတို့မှတဆင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပြည်သူများ၏ စွမ်းရည်များ ဖွံ့ဖြိုး တိုးတက်ရေး | အာဟာရဖွံ့ဖြိုးမှု၊ WASH၊ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း၊ ကရင်ပြည်နယ်ရှိ DSW ၏ MCCT အားကူညီပံ့ပိုးပေးခြင်း | ၂၀၂၀၊ စက်တင်ဘာ ၂၀၂၃၊ဩဂုတ် | ကရင်ပြည်နယ်ရှိ မြို့နယ်များ အားလုံး |
| **IRC in partnership with the Community Health Development Network၊** | ကယားပြည်နယ်ဘက်စုံ အာဟာရ(KIN) | အာဟာရဖွံ့ဖြိုးမှု၊ WASH၊ အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း၊ လူမှုကာကွယ်စောင့်ရှောက်ခြင်း၊ ကရင်ပြည်နယ်ရှိ DSW ၏ MCCT အား ကူညီပံ့ပိုးပေးခြင်း | ၂၀၂၀၊ ဩဂုတ် ၂၀၂၃၊ဇွန်လိုင် | ကယားပြည်နယ်ရှိ မြို့နယ်များ အားလုံး |
| **Forest Trends in partnership with Karen Environmental and Social Network, TRIP NET, MATA and Karenni Evergreen** | မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ဒေသ ငြိမ်းချမ်းရေးဆီသို့ – မြေယာ လုပ်ပိုင်ခွင့် လုံခြုံ စိတ်ချရခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုကြံ့ကြံ့ခံနိုင်မှု တို့ ခိုင်မာအား ကောင်းစေရန် ပြည်နယ်အဆင့်၌ စွမ်းဆောင် ရည်တည်ဆောက်ခြင်း | မြေယာအခွင့်အရေးများ၊ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု၊ သုတေသန | ၂၀၂၀၊ စက်တင်ဘာ ၂၀၂၃၊ဩဂုတ် | ကရင်၊ကယား တနင်္သာရီ |
| **Tharthi Myay Foundation** | မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း တွင် COVID ကပ်ရောဂါအလွန် ကာလ၌ မြေယာနှင့် ရေရှည် တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းမှု များအား လက်လှမ်းမီရယူ နိုင်ခြင်း | မြေယာအခွင့်အရေးများအတွက် CSO များ အတွက် အသေးစား ထောက်ပံ့မှုများ၊ သဘာဝ အတိုင်း အပြစ်စီမံခန့်ခွဲခြင်း၊ ဒေသအတွင်း အသက်မွေးဝမ်းကျောင်းမှု | ၂၀၂၀၊ စက်တင်ဘာ ၂၀၂၃၊ဩဂုတ် | ကရင်၊ မွန်နှင့် တနင်္သာရီ |
| **IOM in partnership with Mon Women's Organization, Committee for Internally Displaced Karen People, IJM, LCM** | မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သွားရောက်ခြင်း နှင့် နေရပ် တဖန် ပြန်လာခြင်း– ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အခွင့်အလမ်းများအတွက် အခြေခံ အဆောက်အဦအသစ် နှင့် အရှေ့တောင်ပိုင်းနယ်စပ်မျဉ်း တလျှောက်တွင် ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာ အခွင့်အလမ်း များနှင့် လုပ်ကိုင် နိုင်စွမ်း တို့အတွက် အခြေခံ အဆောက်အဦ အသစ် | လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုအား ကူညီပံ့ပိုး ပေးခြင်း | ၂၀၂၀၊ စက်တင်ဘာ ၂၀၂၃၊ဩဂုတ် | ကရင်၊ မွန် |
| **Gender Equality Network (GEN)** | ရွှေ့ပြောင်းသွားလာသူများ နှင့် နေရပ်ပြန်များအတွက် ကူညီ ပံ့ပိုးမှုနှင့် အခွင့်အလမ်း များ တိုးတက်ကောင်းမွန်စေခြင်း | နေရပ်ပြန်ပို့ခံရသည့် ရွှေ့ပြောင်း သွားလာသူများအား ကူညီပံ့ပိုးပေး ခြင်း၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှု၊ အသက်မွေးဝမ်းကျောင်းမှု၊ | ၂၀၂၀၊ စက်တင်ဘာ ၂၀၂၃၊ဩဂုတ် | ကရင်၊ မွန် |

*ဇယား ၅.၃ – အရှေ့တောင်ပိုင်းဒေသရှိ LIFT ၏ စီမံချက်နှင့် မိတ်ဖက်အဖွဲ့အစည်းများ*





# စိတ်ဝင်စားဖွယ်ရာများ

**အရှေ့တောင်ပိုင်းဒေသတွင် LIFT ၏ COVID–19 ကပ်ရောဂါတုန့်ပြန်ကာကွယ်ခြင်း**
ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းကဲ့သို့ပင် အရှေ့တောင်ပိုင်းဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် အစိုးရအာဏာပိုင်များ၊ EAO များ အထူးသဖြင့် ကရင်အမျိုးသား အစည်းအရုံး (KNU) တို့နှင့် ပူးပေါင်း၍ COVID–19 ကပ်ရောဂါအား အလျင်အမြန်တုန့်ပြန်ကာကွယ်ရာတွင် ပံ့ပိုးကူညီမှုပေးရန်အတွက် လက်ရှိစီမံချက် ဘတ်ဂျက်များ ၏ ဦးစားပေးမှုအား ပြောင်းရွှေ့ခဲ့ ကြပါသည်။

၂၀၂၀ ခုနှစ် ဒုတိယ (၃)လပတ်တွင် Border Consortium ၏ မိတ်ဖက်အဖွဲ့အစည်းများသည် အဓိကနည်းလမ်း (၄)ခုဖြင့် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများကို လျော့ပါးသက်သာစေရန်အတွက် စီမံချက်များနှင့် ဘတ်ဂျက်များအား အလျင်အမြန် ပြန်လည် ချိန်ညှိခဲ့ပါသည်။ ကနဦးတုန့်ပြန်ကာကွယ်မှုများသည် ကူးစက်နိုင်ချေ အန္တရာယ်များအား ဆက်သွယ်အသိပေးခြင်း၊ အသိပညာပေး လှုပ်ရှားများ တွင် ရပ်ရွာလူထု ပူးပေါင်းပါဝင်ခြင်း နှင့် နေ့စဉ်ဘဝ၌ ခပ်ခွာခွာနေခြင်း၊ ပုံမှန်လက်ဆေးခြင်းနှင့် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း တို့နှင့် စပ်ဆိုင်သည့် အမူအကျင့်ပြောင်းလဲရေး ကို မြှင့်တင်ပေးခြင်းတို့တွင် အာရုံစိုက်ခဲ့ပါသည်။ အဆိုပါ ဆောင်ရွက်ချက်များအား အနီးအောက် ရောင်ခြည်သုံး အဖျားတိုင်း ကိရိယာများ၊ လက်ဆေးကန်များ အပါအဝင် တကိုယ်ရေကာကွယ်ရေး ပစ္စည်းများ (PPE)များအား ပြည်သူ့ ကျန်းမာရေး လုပ်သားများအတွက် ဖြန့်ဝေခြင်းတို့ဖြင့် ထပ်မံအားဖြည့်ပေးခဲ့ပါသည်။ ကန့်သတ်မှုများ ပိုမိုတိုးပွားလာခြင်းကြောင့် နေရပ် ပြန်ရွှေ့ပြောင်းသွားလာသူများကို စီမံခန့်ခွဲရာ၌ ကပ်ရောဂါစစ်ဆေးသည့်နေရာများ နှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာများ တွင် တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများနှင့် CSO များ ကိုယ်တိုင်ရှိနေပြီး ကူညီပံ့ပိုးပေးရန်မှာ မရှိမဖြစ်လိုအပ်ပါသည်။ STAND UP စီမံချက်သည် ၎င်းတို့အကြားရှိ COVID–19 ကပ်ရောဂါစစ်ဆေးသည့် နေရာ (၁၀၀) ကျော်နှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာ(၁၂)ခုအား စီမံခန့်ခွဲနေသည့် ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ မွန်အမျိုးသားကျန်းမာရေး ကော်မတီနှင့် ကရင်နီ နယ်လှည့် ကျန်းမာရေး ကော်မတီတို့အား ကူညီပံ့ပိုးပေးခဲ့ပါသည်။

ဈေးကွက်များနှင့် တောင်ယာများသို့ သွားလာမှုများကို ကန့်သတ်ခြင်းများမှ ပဋိပက္ခဒဏ်ခံလူမှု အသိုက်အဝန်းများတွင် စားနပ်ရိက္ခာမဖူလုံမှုကို ပိုမိုဆိုးရွားစေခဲ့ပြီး စားနပ်ရိက္ခာအကူအညီများနှင့် ငွေကြေးထောက်ပံ့မှုများအား ဦးတည်ရည်ရွယ်သူများထံ ဖြန့်ဝေပေးမှုများလည်း ပိုမို၍ အရေးပါလာခဲ့ပါသည်။

ပြည်သူလူထုအား အသိပညာပေးသည့် ဆော်ဩစည်းရုံးမှုများမှ ရောက်ရှိသည့် လူဦးရေ အရေအတွက်အားရရှိရန် ခက်ခဲသော်လည်း ဤကာလအတွင်း COVID–19 ကပ်ရောဂါဒဏ်ခံရခြင်းမှ လျှော့ချရန်အတွက် လူဦးရေ (၂၀၀,၀၀၀)ဦးအား ကာကွယ်တားဆီးရေးအစီအမံများနှင့် ပတ်သက်၍ သတင်းအချက်အလက်များပေးခဲ့သည်နှင့်/ သို့ ရောဂါကာကွယ်ရေးဆိုင်ရာ ပစ္စည်းကရိယာ များ ပံ့ပိုးပေးခဲ့သည်ဟု မိတ်ဖက် အဖွဲ့အစည်းများမှ အစီရင်ခံခဲ့ပါသည်။ ခန့်မှန်းခြေ လူဦးရေ(၁၀,၀၀၀) သည် စားနပ်ရိက္ခာရှားပါးပြတ်လပ်နေသည် ကို ရှာဖွေဖော် ထုတ်နိုင်ခဲ့ပြီး စားနပ်ရိက္ခာနှင့်/သို့ ငွေကြေးထောက်ပံ့မှုဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသည်။

CDN ZOA သည် ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် တောင်ငူ– သံတောင် ဘွဲ့မိုဘွား နှစ်ခြင်းအသင်းတော်၊ တောင်ငူ ဂယ်ခိုဂယ်ဘ ကရင်နှစ်ခြင်းအသင်းတော်၊ တောင်ငူ ပါကူး ကရင်နှစ်ခြင်းအသင်းတော်နှင့် ကရုဏာ မြန်မာလူမှုဝန်ဆောင်မှုများ (KMSS) တို့နှင့်အတူ ပညာပေး လှုပ်ရှားဆောင်ရွက်မှုများ၊ တကိုယ်ရေ သန့်ရှင်းရေးပစ္စည်းများဖြန့်ဝေပေးခြင်း၊ စစ်ဆေးရေး ဂိတ်များနှင့် KNU အသွားအလာ ကန့်သတ် စောင့်ကြည့်သည့် နေရာများအား ကူညီပံ့ပိုးပေးခြင်းများကို လုပ်ဆောင်ခဲ့ပြီး ကရင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာ(၁၃၀)မှ ခန့်မှန်းခြေ လူဦးရေ (၇၂,၀၀၀)ဦး (အမျိုးသမီး ၅၀%) ထံရောက်ရှိခဲ့ပါသည်။ စီမံချက်အဖွဲ့သည် နှစ်ဖက်စလုံးမှ အာဏာပိုင်များနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများသည် COVID–19 အသိပညာပေးသည့် ပုံနှိပ်ထုတ်ဝေထားသော လက်ကမ်း စာစောင်များကို သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျန်းမာရေးဌာန(၄၂)ခု အပါအဝင် ကျေးရွာ (၁၀၁)ရွာတွင် ဖြန့်ဝေပေးခဲ့ပါသည်။ ယင်းတို့သည် အိမ်ထောင်စု (၇,၁၀၂)စုထံ နှာခေါင်းစည်း (၃၅,၀၆၀) ခုအားလည်း ဖြန့်ဝေပေးခဲ့ပြီး အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာ များတွင် သင်တန်းများ ပို့ချပေးခဲ့ကာ ဝန်ထမ်းများနှင့် လူနာများအတွက် တကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်းများ၊ ခြင်ထောင်များ၊ PPE နှင့် နှာခေါင်းစည်းများကဲ့သို့သော အခြေခံပစ္စည်းများကို ကူညီပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် အဝတ်နှာခေါင်းစည်း (၆၁၀) ခုအား KNU စာသင် ကျောင်း(၂)ကျောင်းနှင့် ရပ်ရွာလူထုစင်တာ (၁)ခုတို့ထံ ဖြန့်ဝေပေးခဲ့ပါသည်။ ကျောင်းပြန်တက်သည့် ကျောင်းသားများအတွက် တကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းအစုံ(၃၀၀) အား ကရင်ပညာရေးဌာနထံ ပေးဝေခဲ့ ပါသည်။ သံတောင်ကြီး မြို့နယ် COVID–19 ကပ်ရောဂါ တုန့်ပြန် ကာကွယ်သည့် ကော်မတီထံ ပြန်လည်အသုံးပြုနိုင်သော အဝတ်နှာခေါင်းစည်းများ(၅၀၀၀)ခု ၊ တစ်ခါသုံး ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းများ (၂၀၀၃)၊ လက်သန့်ဆေးရည်များ (၂၀၀) ဗူး၊ PPE (၃၀)စုံနှင့်အနီအောက် ရောင်ခြည်သုံးအဖျားတိုင်း ကိရိယာ (၄)ခု တို့အား ပေးဝေပေးခဲ့ပြီး အိမ်ထောင်စုများထံ ပြန်လည် ဖြန့်ဝေပေးရန် အတွက် တကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းအစုံ (၁၅၀၀)အား KNU ထံဖြန့်ဝေပေးခဲ့ပါသည်။

LIFT သည် ကယားနှင့် ကရင်ပြည်နယ်များတွင် မျှော်မှန်းဝင်ငွေရရှိနိုင်မည့်အခွင့်အလမ်းများ လျော့ကျလာခြင်းနှင့် အစားအသောက်နှင့် အခြားပစ္စည်းများအတွက် ကုန်ကျစရိတ်များ များပြားလာခြင်း၏ သက်ရောက်မှုများအား လျော့ပါးသက်သာစေရန်တို့အတွက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသည့် အသက်(၂)အောက် ကလေး သူငယ်များအား ငွေကြေးထောက်ပံ့မှု (MCCT) အစီအစဉ်၏ အကျိုးခံစားခွင့်ရှိသူများအားလုံးအား မြန်မာကျပ်ငွေ (၃၀၀၀၀) (ကန်ဒေါ်လာ၂၂) ကို တစ်ပေါင်းတစ်စည်းတည်း ပေးသည့် ငွေကြေးထောက်ပံ့မှုပေးအပ်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနအား ဘဏ္ဍာရေးအထောက်အပံ့ ပေးခဲ့ပါသည်။ ငွေကြေး ထောက်ပံ့

မှု နှင့်အတူ COVID-19 ကပ်ရောဂါကူးစက်မှု ကာကွယ်တားဆီးခြင်းဆိုင်ရာ သတင်းစကားများ ကိုလည်း ပေးပို့ခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှုသည် ပြည်နယ်(၂)ခုရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်(၂) နှစ်အောက်ကလေးသူငယ်ရှိသည့်မိခင် (၆၄,၀၀၀) ဝန်းကျင်ထံရောက်ရှိခဲ့ပါသည်။

**ကျား၊ မ ရေးရာ**

COVID-19 ကပ်ရောဂါ၏ စီးပွားရေးဆိုင်ရာ သက်ရောက်မှုတွင် ကျား၊ မ ရေးရာဆိုင်ရာ လှုပ်ရှားပြောင်းလဲစေသည့် အားများနှင့် လူမှုရေးတွင် ချန်လှပ်ထားခြင်း၏ အရေးပါမှုအား မေးမှိန်စေရန်မှာ အလွန်ခက်ခဲပါသည်။ ကရင်ပြည်နယ်တွင် အမျိုးသမီးများ ကလေးသူငယ်များ၊ ကျေးရွာ အခြေပြု အချင်းချင်းရိုင်းပင်းကူညီသည့် အုပ်စုများနှင့် အမျိုးသမီးများ ဦးဆောင်သည့် အဖွဲ့အစည်းများအား ကူညီပံ့ပိုးပေးရန်အတွက် ဆောင်ရွက်နေသည့် ကရင်အမျိုးသမီးများ ဖွံ့ဖြိုးရေးအဖွဲ့၏ အဆိုအရ ကပ်ရောဂါမှ အမျိုးသမီးနှင့် အမျိုးသားများအပေါ် မတူညီသည့် နည်းလမ်း အမျိုးမျိုးနှင့် သက်ရောက်ခဲ့ခြင်းမှာ ကျား၊ မတန်းတူညီမျှမှုမရှိခြင်း၊ ညီမျှမှုမရှိသော အခန်းကဏ္ဍများ၊ တာဝန်ယူမှုများ နှင့် မျှော်မှန်းချက်များ ကြောင့် ဖြစ်ပါသည်။ ကရင်ပြည်နယ်မြောက်ပိုင်းရှိ လူမှုအသိုက်အဝန်းများ၏ အသက်မွေးဝမ်းကျောင်းမှုများ သည် အများအားဖြင့် စိုက်ပျိုးရေး ဆိုင်ရာ လုပ်ငန်းနှင့် ရွှေ့ပြောင်းလုပ်သားများ၏ ငွေလွှဲပေးပို့မှုများဖြင့် လည်ပတ်နေခြင်း ဖြစ်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ပြန့်ပွားနေသည့် ကာလ မိုးရာသီတွင် လူမှုအသိုက်အဝန်းများသည် ရာသီပေါ်သီးနှံများ ရောင်းဝယ်ခြင်း၊ ဆီထွက်သီးနှံများအား ကောက်ယူခြင်းနှင့် ရောင်းချခြင်း၊ သစ်ခုတ်ခြင်းတို့အပေါ် အများအားဖြင့် မှီခိုနေကြပါသည်။ အသွားအလာ ကန့်သတ်သည့် အစီအမံများသည် ဒေသရှိ စျေးကွက်များကို အားနည်းစေခဲ့ပြီး သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ပြတ်တောက်စေခဲ့ကာ စျေးကွက် လက်လှမ်းမီမှု ကျဆင်းခဲ့ခြင်းကြောင့် ကောက်ပဲသီးနှံစျေးနှုန်းများထိုးကျသွားစေခဲ့ပါသည်။ ဝင်ငွေရရန်အတွက် ကောက်ပဲသီးနှံများကို ရောင်းချမည့်အစား မိသားစုအများအပြားသည် ရိတ်သိမ်းရရှိသည့် ကောက်ပဲသီးနှံများအား ၎င်းတို့အတွက် လိုအပ်သောပစ္စည်းများရနိုင်ရန် အိမ်နီးချင်းများနှင့် ကုန်ပစ္စည်းချင်း ဖလှယ်ရန် အသုံးပြုခဲ့ကြရပါသည်။ ၎င်းတို့၏ ကျေးရွာပြင်ပရှိတောင်ယာများတွင် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်နေသူများသည် သွားရောက်နိုင်ခြင်း မရှိတော့ဘဲ တောင်ယာပိုင်ရှင်များသည် ၎င်းတို့၏အနီးဝန်းကျင်မှသူများကို ဦးစားပေးငှားရမ်းခဲ့ပါသည်။ အစိုးရ/ KNU မှ ထိန်းချုပ်မှုများ ရောနှောနေသည့်ဒေသများရှိ ပြည်သူများသည် အာဏာပိုင်များ၏ COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို လိုက်နာရန် အတွက် အချို့ကိစ္စများ ကို ထပ်ချည်းတလဲလဲ လုပ်ဆောင်ရသည်များရှိခဲ့ပြီး တစ်ခါတစ်ရံတွင် ကွဲလွဲဆန့်ကျင်နေသည်လည်း ရှိခဲ့ပါသည်။ သို့ဖြစ်ရာ အရေးကြီးသည့် ရိတ်သိမ်းချိန်အတွင်း အလုပ်များ၊ တောင်ယာများနှင့် စျေးကွက်များသို့ သွားရောက်နိုင်မှုအား ပိုမိုဆိုးရွားစေခဲ့ပြီး ထိန်းသိမ်းခံရမည်(သို့) တရားစွဲခံရမည်တို့ ကို စိုးရိမ်ကြောက်ရွံ့မှုများအား ပိုမိုမြင့်မားစေခဲ့ပါသည်။

၂၀၂၀ခုနှစ် ဒီဇင်ဘာဒုတိယပတ်တွင် International Rescue Committee (IRC) နှင့် ကရင်နီတိုင်းရင်းသားအမျိုးသမီးအဖွဲ့ တို့သည် ကယားပြည်နယ်ရှိ မြို့နယ်(၃)မြို့နယ်ဖြစ်သည့် လွိုင်ကော်၊ ဒီမောဆို၊ ရှားတောမြို့နယ်များမှ ကျေးရွာ (၃၀)ရွာ (အစိုးရမှ ထိန်းချုပ်မှုမရှိသော ကျေးရွာ (၁၄)ရွာနှင့်အစိုးရမှ ထိန်းချုပ်ထားသော ကျေးရွာ(၁၆)ရွာ) တို့တွင် ကျား၊ မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှုများအား ပြုလုပ်ခဲ့ပါသည်။ လူပေါင်း (၁၆,၂၁၇)ဦးအား ကိုယ်စားပြုသည့် အိမ်ထောင်စု (၃,၀၀၀) ကျော် (အမျိုးသမီးများနှင့် မိန်းကလေးငယ် ၄၉%) အား ဆန်းစစ်လေ့လာခဲ့ပါသည်။ ဆန်းစစ်အကဲဖြတ်မှုအား လက်ရှိ ကျား၊ မရေးရာစံနှုန်းများ၊ လူမှုအသိုက်အဝန်းများအတွင်းရှိ အမျိုးသမီးများနှင့် အမျိုးသားများ၏ အခန်းကဏ္ဍများနှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များကို နားလည်သဘော ပေါက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ဆန်းစစ်အကဲဖြတ်မှုမှ ကယားပြည်နယ်တွင် ကျား၊ မအခြေပြုအကြမ်းဖက်မှုတားဆီး ကာကွယ်ခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များ၏ ဒီဇိုင်းပုံစံနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့အတွက် သတင်းအချက် အလက်များ ပေးခဲ့ပါသည်။ အဓိကရှာဖွေတွေ့ရှိချက်များသည် အောက်ပါအတိုင်းဖြစ်ပါသည် –

- » ကျေးလက်ဒေသ ကျန်းမာရေးဝန်ဆောင်မှုများတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ကိုယ်ရေးကိုယ်တာနှင့် လျှို့ဝှက် အပ်သည့် ကိစ္စများအတွက် လုံခြုံစိတ်ချရသည့် နေရာများမရှိသည့်အတွက် ကြောင့်နှင့် ဝေးလံမှု၊ ငွေရေးကြေးရေးတွင် အကန့်အသတ် ရှိသည့်အတွက်တို့ကြောင့် ကျန်းမာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီရယူရာတွင် အခက်အခဲများ တွေ့ကြုံ နေရပါသည်။
- » ကယားပြည်နယ်တွင် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အိမ်တွင်း အကြမ်းဖက်မှုများသည် အဓိက စိန်ခေါ် မှုများဖြစ်ပါသည်။
- » မိန်းကလေးများသည် အတင်းအဓမ္မလက်ထပ်စေခြင်းနှင့် အရွယ်မရောက်မီ လက်ထပ်ထိမ်းမြားစေသည့် အန္တရာယ်များ ကျရောက်နိုင် ချေရှိ ပါသည်။
- » အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့အနေဖြင့် လုံခြုံမှုအနည်းဆုံးဟု ခံစားရပြီး အကြမ်းဖက်ခြင်းခံရမည်ကို ကြောက်ရွံ့ သည့် နေရာများမှာ 'အလုပ်သွားသည့် လမ်းတလျှောက်'နှင့် ရေခပ်သည့်နေရာများဖြစ်သည်ဟု အစီရင်ခံခဲ့ပါသည်။
- » အမျိုးသမီးများနှင့် မိန်းကလေးများသည် အကြမ်းဖက်မှုအား တိုင်ကြားရန်နှင့် နောက်ဆုံးသတင်းအချက်အလက်များကို ပုံမှန်ရရှိ နိုင်သော လုံခြုံစိတ်ချရသည့် နေရာများမရှိဟု ခံစားနေကြရပါသည်။ လူမှုရေးဆိုင်ရာ အကန့်အသတ်များနှင့် ရပ်ရွာ လူထု၏ သဘောထားအမြင်များကြောင့်လည်း ဖြစ်ပွားသမျှ အကြမ်းဖက်မှုများအား တိုင်ကြားခြင်း မပြုလုပ်နိုင်ကြပါ။ အကယ်၍ အကြမ်းဖက် မှုအား တိုင်ကြားခဲ့ပါက အများအားဖြင့် မိသားစုဝင်များ(သို့) ကျေးရွာခေါင်းဆောင်များထံသို့ တိုင်ကြား လေ့ ကြပါသည်။
- » ကျား၊ မအခြေပြုအကြမ်းဖက်မှုအား လူမှုရေးဆိုင်ရာ ကန့်သတ်ချက်များ၊ ရပ်ရွာလူထု၏သဘောထားအမြင်များ၊ ဝေးလံလွန်းခြင်း၊ သယ်ယူ ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုရရှိနိုင်သည့် သတင်းအချက်အလက်များမရှိခြင်း ကဲ့သို့သော လုပ်ငန်း လည်ပတ် ဆောင်ရွက်မှု ဆိုင်ရာ အတားအဆီး များကြောင့် တိုင်ကြားခြင်းမပြုလုပ်ကြပါ။
- » ကျား၊ မအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးမှုတို့အတွက် ဝန်ဆောင်မှုများမှာ အကန့် အသတ်ဖြင့်သာ ရှိနေပါသည်။
- » အနည်းငယ်သော အဖွဲ့အစည်းများသည်သာ ကျား၊ မအခြေပြုအကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း ဆိုင်ရာ စီမံကိန်းလုပ်ငန်းအပေါ်၌ အာရုံစိုက်ပါသည်။
- » အကြမ်းဖက်ခံရမှုမှ လွတ်မြောက်လာသူများအတွက် အရည်အသွေးပြည့်မီသော တရားဝင် ဥပဒေရေးရာ အထောက်အကူပြု ဝန်ဆောင်မှုများ မရှိပါ။
- » ကျား၊ မဖြစ်တည်မှုဆိုင်ရာ အစဉ်အလာလက်ခံထားမှု များနှင့် လူမှုရေးစံနှုန်းများသည် အမျိုးသမီးနှင့် မိန်းကလေးများအား ကျား၊ မအခြေ ပြု အကြမ်းဖက်မှု ဖြစ်နိုင်သည့်အန္တရာယ် အလွန်မြင့်မားသည့် အနေအထား၌ ရှိနေစေပါသည်။

ကျား၊ မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှုမှ ရှာဖွေတွေ့ရှိချက်များကို ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလတွင် စီမံချက် မိတ်ဖက် အဖွဲ့ အစည်း များအားလုံးနှင့် ဆွေးနွေးတိုင်ပင်မည်ဖြစ်ပြီး စီမံချက်လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဦးဆောင်လမ်းပြ သွားမည် ဖြစ်ပါသည်။

# ရှေ့သို့မျှော်ကြည့်လျှင်

အရှေ့တောင်ပိုင်းဒေသတွင် LIFT ၏ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ၂၀၂၀ ခုနှစ်ဒုတိယနှစ်ဝက်တွင် စတင် အကောင် အထည်ဖော်ခဲ့ပြီး ၂၀၂၃ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ LIFT သည် ရွေးချယ်ထားသည့် မိတ်ဖက်အဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ ဒေသအလိုက် MEAL မူဘောင်အား ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး မြို့နယ်နှင့် ပြည်နယ်အဆင့်များ၌ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းဆိုင်ရာ ယန္တရားများအား တည်ဆောက်သွားမည်ဖြစ်ပါသည်။ LIFT စီမံကိန်းဒီဇိုင်းပုံစံအတွက် ဆန်းစစ် လေ့လာသည့် ခရီးစဉ်အတွင်း၌ အရှေ့တောင်ပိုင်းဒေသတွင် ပတ်သက်ဆက်နွှယ်သူ အမျိုးမျိုးနှင့် ဆွေးနွေးတိုင်ပင်သဘော ထားရယူမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပြီး စီမံကိန်းဆိုင်ရာ ဆွေးနွေးတင်ပြချက်အား ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် တင်ပြသွားရန် စီစဉ်ထားပါသည်။

စာချုပ်ချုပ်အသစ်ဆိုခဲ့သော စီမံချက်များတွင် COVID-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက် အခြေအနေသစ်များနှင့် လိုက်လျော ညီထွေဖြစ်အောင် ပြုပြင်ထားခြင်းများအား ထည့်သွင်းထားခဲ့ပြီး အားနည်းထိခိုက်လွယ်သူများအပေါ် COVID-19 ကပ်ရောဂါ၏ လူမှုစီးပွားရေး သက်ရောက်မှုများ ကို လျော့ပါးသက်သာစေခြင်းသို့ ဦးတည်၍လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဥပမာ မိတ်ဖက်အဖွဲ့အစည်း အားလုံးသည် COVID-19 ကပ်ရောဂါ အလေးထားဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်းများဖြင့် သင်တန်းနှင့် အခြား စီမံကိန်းလုပ်ငန်း များကို ပြန်လည်ပြင်ဆင်ဒီဇိုင်း ရေးဆွဲခဲ့ပြီး နိုင်ငံတကာနှင့် ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများအတွက် COVID-19 ကပ်ရောဂါဆိုင်ရာ အရေးပေါ် အစီအစဉ် များအား ရေးဆွဲခဲ့ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ MCCT အစီအစဉ်အား ကူညီပံ့ပိုးပေးနေသည့် Communities Partners International (CPI) နှင့် International Rescue Committee တို့သည် Access to Health ရန်ပုံငွေထောက်ပံ့ပေးသည့် စီမံချက်များနှင့် ပူးပေါင်းခဲ့ပြီး လူမှုအသိုက်အဝန်းများအကြားရှိ ပြောင်းလဲနေသည့် လိုအပ်ချက်များအား တုန့်ပြန်ဆောင်ရွက်ရန်နှင့် အာဟာရချို့တဲ့မှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများနှင့် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်ရန်တို့ အတွက်လည်း ဒီဇိုင်း ပုံစံရေးဆွဲခဲ့ပါသည်။ ယင်းတွင် စောင့်ရှောက်မှုပေးသည့် အလေ့အကျင့်များနှင့် အိမ်ထောင်စု စားနပ်ရိက္ခာဖူလုံမှုတို့အပေါ် လွှမ်းမိုးမှုရှိသည့် ကျန်းမာရေးစနစ်များနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုပါဝင်ပါသည်။ တနိုင်ငံလုံးရှိ ပုညက်မှုနှုန်း အမြင့်ဆုံး ပြည်နယ် (၂)ခုအတွက် COVID-19 ကပ်ရောဂါပြန်လည်ထူထောင်မှုလုပ်ငန်းများတွင် ဤရင်းနှီးမြှုပ်နှံမှုသည် အထူးတလည် အရေးပါပါသည်။ စီမံချက်များသည် တကိုယ်ရေ သန့်ရှင်းမှုမြှင့်တင်ခြင်းနှင့် WASH ဆိုင်ရာ အထောက်အပံ့ များ လက်လှမ်းမီရယူနိုင်ခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်ခြင်းနှင့် ကပ်ရောဂါမှ မီးမောင်း ထိုးပြခဲ့သည့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုတုန့်ပြန်ကာကွယ်ပေးသည့် ဝန်ဆောင်မှုများတိုးချဲ့ လုပ်ကိုင် ဆောင်ရွက်မှု လိုအပ်ချက် တို့ကိုလည်း ဦးစားပေးဆောင်ရွက် သွားမည် ဖြစ်ပါသည်။

အထူးသဖြင့် COVID-19 ကပ်ရောဂါ ခံစားနေရသည့် လူနာများအား စီမံခန့်ခွဲရာ တွင် အာရုံစိုက်ရန်အတွက် ကျန်းမာရေး ဝန်ထမ်း အင်အား တွင် သိသာထင်ရှားသည့် အပြောင်းအလဲရှိခဲ့ပါက MoHS ၏အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းတွင် အဆက်ပြတ်သွားနိုင်သည့် အန္တရာယ်ဖြစ်လာနိုင်ချေအား ထည့်သွင်းစဉ်းစား၍ မိတ်ဖက်အဖွဲ့အစည်းများ၏ တုန့်ပြန်ကာကွယ်ရေး အစီအစဉ် များသည် ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသည်အား သေချာစေခြင်းနှင့် ဖြစ်နိုင်သည့်နေရာများတွင် စီမံကိန်းလုပ်ငန်းအား အားပေး မြှင့်တင်ပေးခြင်းတို့အပေါ် အာရုံစိုက်ပါသည်။

အဆိုပါစီမံချက်များ အောက်၌ အစီအစဉ်ရေးဆွဲထားသည့် WASH ဆိုင်ရာ စီမံကိန်းလုပ်ငန်းများသည် ယခင်ကထက်ပိုမို လိုအပ်နေပါသည်။ COVID-19 ကပ်ရောဂါ မဖြစ်ပွားမီကတည်းက တကိုယ်ရေသန့်ရှင်းမှု တိုးမြှင့်လုပ်ဆောင်ရာ၌ လမ်းညွှန်ချက်အားလိုက်နာ ဆောင်ရွက်ရာတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များရှိနေသည့် လူမှုအသိုက်အဝန်းများအတွက် အခက်အခဲဖြစ် နေပါသည်။ ပြည်နယ်(၂)ခု တွင် ကူးစက်နိုင်သည့် ရောဂါပိုးမွှားများအား တားဆီးကာကွယ်ရန်အတွက် အိမ်ထောင်စုအဆင့် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာ စီမံကိန်းဆောင်ရွက်မှုများကို ဦးစားပေးလုပ်ဆောင်ရန်မှာ အလွန်အရေးကြီးပါသည်။ ရပ်ရွာ

လူထုမှ ဦးဆောင်သည့် တကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စီမံကိန်းဆောင်ရွက်မှုများနှင့် WASH ဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ခြင်းတို့သည် COVID-19 ကပ်ရောဂါကြောင့် ရှာဖွေဖော်ထုတ်ခဲ့သည့် လတ်တလော လိုအပ်ချက်များသာမက ဦးတည် ရည်ရွယ်သည့် လူမှုအသိုက်အဝန်းများတွင် အမြဲတစေ လိုအပ်လျက်ရှိသည့် WASH ဆိုင်ရာလိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများနှင့် မိတ်ဖက်ပြုမှုများသည် ပဋိပက္ခဒဏ်ခံဒေသများတွင် COVID-19 ကပ်ရောဂါကာကွယ်တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်းတို့အတွက် ပထမဦးဆုံး တုန့်ပြန်ကာကွယ်မှုပေးအပ်ခြင်း အတွက် မရှိမဖြစ် လိုအပ်ပြီး အထိရောက်ဆုံး ယန္တရားများဖြစ်သည်ဆိုသည်အား သက်သေပြနိုင်ခဲ့ပါသည်။ အရှေ့တောင်ဒေသ စီမံကိန်း အသစ်သည် အဆိုပါအဖွဲ့ များနှင့် ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ပူးပေါင်းဆောင်ရွက်နေပြီး အလွန်ဝေးလံခေါင်းပါးပြီး အားနည်းထိခိုက်လွယ်မှုအရှိဆုံး လူမှု အသိုက် အဝန်းများထံ ရောက်ရှိနိုင်ရန်အတွက် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အဆိုပါနေရာများတွင် ဝန်ဆောင်မှုများ ရရှိနိုင်မှုကို တိုးမြှင့်ဆောင်ရွက် သွားနိုင်မည် ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၏ စစ်အာဏာသိမ်းမှုသည် အရှေ့တောင်ပိုင်းဒေသရှိ အခြေအနေများ သိသိသာသာ ပြောင်းလဲ သွားစေခဲ့ပြီး အခြေအနေအသစ်တွင် မဟာဗျူဟာမြောက် ပြန်လည်ပြုပြင်မှုများ လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် မတ်လနှောင်းပိုင်းမှ စတင်၍ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် ကရင်အမျိုးသား အစည်းအရုံးနှင့် တပ်မတော် အကြား ပဋိပက္ခများ သိသိသာသာမြင့်တက်လာသည်အား မျက်မြင်တွေ့ကြုံခဲ့ရပါသည်။ ဤမကြာသေးမီက မြင့်တက်လာခဲ့သည့် ပဋိပက္ခ၏ မူလ ဇစ်မြစ်များသည် ဖေဖော်ဝါရီလ အာဏာသိမ်းမှုတွင် အလုံးစုံ မြစ်ဖျားခံ နေသည်တော့ မဟုတ်ပါ။ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ အောင်မြင်မှုမရှိဟု ယူဆသည့်အတွက်ကြောင့် ၂၀၂၀ ခုနှစ်တနှစ်လုံးတွင် KNU နှင့်တပ်မတော်တို့အကြား တင်းမာမှုများ မြင့်တက်နေခဲ့ပါသည်။ ဤအကြောင်းကြောင့် ၂၀၂၁ ခုနှစ် မတ်လအကုန်ပိုင်းတွင် အနည်းဆုံး လူဦးရေ (၅၀,၀၀၀)[၁၀၈](အချို့မှ ၁၀၀,၀၀၀ အထိဟု ခန့်မှန်းပါသည်)[၁၀၉] တို့သည် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ကြပါသည်။ လူအများအပြားသည် ကျေးရွာများအနီးရှိ တောတောင်များ အတွင်း သို့ ထွက်ပြေးခဲ့သော်လည်း အများအပြားသည် ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြရပါသည်။ ပြည်တွင်း CSO များမှ စားနပ်ရိက္ခာနှင့် ငွေကြေးမှာ အဓိကလိုအပ်ချက်ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ပါသည်။ ကယားပြည်နယ်တွင် IRC နှင့် ယင်း၏မိတ်ဖက်အဖွဲ့အစည်းများမှ ပထမဆုံး ပြုလုပ်ခဲ့သည့် လိုအပ်ချက် ဆန်းစစ် အကဲဖြတ်မှုမှ စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရဖွံ့ဖြိုးမှုနှင့် ဈေးများတွင် အာဟာရပြည့်ဝသည့် အစားအသောက်များ ရရှိနိုင်မှုနှင့် ဝယ်ယူရန် ငွေကြေးအရ တတ်နိုင်မှုတို့နှင့် ပတ်သက်၍ အခြေအနေမှာ ဆိုးရွားလာနေသည်ကို မီးမောင်း ထိုးပြခဲ့ပါသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကပ်ဘေးအား တုန့်ပြန်ကာကွယ်နိုင် ရန်အတွက် အတန်အသင့် များပြားသည့် ဒေသတွင်း စွမ်းဆောင် နိုင်မှု ရှိပါသည်။ ပြည်တွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတော်တော်များများသည်[၁၁၀] ကရင်ဒေသတစ်ခုလုံးတွင် ဤအကျပ်အတည်းများအား ထုံးစံအတိုင်း ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ ကရင်လူမျိုးများအတွက် ကော်မတီ (CIDKP)၊ ကရင် အမျိုးသမီးအဖွဲ့ (KWO)၊ ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး (KORD) နှင့်/ သို့ ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှု လှုပ်ရှားမှုအဖွဲ့ (KESAN) တို့မှပေးအပ်သည့် ဦးဆောင်မှုဖြင့် တုန့်ပြန်ဆောင်ရွက်နေပါသည်။

LIFT သည် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသူ အသစ်များအား ကူညီပံ့ပိုးပေးရန်အတွက် ပထမဆုံး တုံ့ပြန်ဆောင်ရွက်ရာတွင် Border Consortium (TBC) နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများနှင့် ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ အရှေ့တောင်ဒေသ စီမံကိန်းအသစ်အောက်ရှိ အခြား မိတ်ဖက်အဖွဲ့အစည်းသည်လည်း နေရပ်စွန့်ခွာ တိမ်းရှောင်ရသည့် ပြည်သူများအတွက် ပံ့ပိုးပေးရန် ပထမဆုံး လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ပေးရာတွင် တိုင်းရင်းသား CSO များနှင့် ဝန်ဆောင်မှုပေးသူများနှင့် မိတ်ဖက် ပြုဆောင်ရွက်လျက် ရှိပါသည်။

LIFT သည် ကယားနှင့် ကရင်ပြည်နယ်တို့ရှိ MCCT အစီအစဉ်အတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့် ကုန်ကျစရိတ်များအား ၂၀၂၀ခုနှစ် နှစ်ကုန်အထိ ကူညီပံ့ပိုးပေးခဲ့ပါသည်။ ဖေဖော်ဝါရီလတွင် အာဏာသိမ်းမှုဖြစ်ပွားပြီးသည့် နောက်ပိုင်း၌ LIFT သည် ယင်းကူညီ ပံ့ပိုးပေးမှုအား ပယ်ဖျက်ခဲ့ပြီး IRC နှင့် CPI တို့၏ စီမံချက်များသည် ဆန်းစစ်အကဲဖြတ်မှုများ လုပ်ဆောင်နေကြကာ LIFT ၏ ပြန်လည်ပြင်ဆင်ထားသော အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာနှင့်အညီ အခြေအနေအသစ်၌ ၎င်းတို့၏ စီမံကိန်းများအား ပြန်လည် ချိန်ညှိရန်အတွက် တိုင်ပင်ဆွေးနွေး သဘောထားရယူမှုများ ပြုလုပ်နေပါသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းကဲ့သို့ပင် LIFT ၏ MS-NPAN အတွက်ကူညီပံ့ပိုးမှုအား နောက်ထပ်တစ်နှစ် ဆက်လက်ကူညီပံ့ပိုးပေးရန် အစီအစဉ်ရေးဆွဲပြီး ကယားပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်နယ်အဆင့်၌ ရှေ့ပြေးစမ်းသပ်မှုအား လုပ်ဆောင် ခဲ့ပြီး ဖြစ်ပါသည်။ သို့သော် LIFT ၏ တာဝန်ရှိသူများသည် ယခုအချိန်အထိ ဆောင်ရွက်ခဲ့သည်များအပေါ် အခြေခံ၍ အခြားရွေးချယ်ရေး နည်းလမ်းဖြင့် ကဏ္ဍစုံပါဝင်သည့် အစီအစဉ်အား အစိုးရမဟုတ်သော ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများမှတဆင့် မတူညီသော အကောင် အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းပုံစံများ ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

၁၀၈။ ပြည်တွင်း CSO များ၏ ခန့်မှန်းခြေအရေအတွက်

၁၀၉။ IOM ၏ မြန်မာနိုင်ငံရှိ နေရပ်စွန့်ခွါတိမ်းရှောင်မှုဆိုင်ရာ နောက်ဆုံးအခြေအနေများ၊ အမှတ် (၁)၊၂၀၂၁ ခုနှစ် ဧပြီလ (၁၉) ရက်နေ့အရ ကရင်ပြည်နယ်တွင် နေရပ်စွန့်ခွါ တိမ်းရှောင်သူ ၁၀၀,၀၀၀ ကျော်ရှိခဲ့ပါသည်။

၁၁၀။ နယ်လှည့် ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့ (backpakers)၊ ကရင် ကျန်းမာရေးနှင့် ကယ်ဆယ်ရေး ဌာန (KDHW) ကရင် ပညာရေး ဌာန (KED)၊ ကရင် လူ့အခွင့်အရေး အဖွဲ့ (KHRG)၊ ကရင် ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက် (KPSN)၊ ကရင် ကျောင်းဆရာ၊ ဆရာမ များ လုပ်ငန်း အဖွဲ့ (KTWG) တို့ ပါဝင်ပါသည်။




# ၆

## အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ


| | | |
|---|---|---|
| ၆.၁ | မူဝါဒ | ၂၁၁ |
| ၆.၂ | ဒေသတွင်းအခြေအနေနှင့် ကိုက်ညီစွာ ဆောင်ရွက်ခြင်း | ၂၂၅ |
| ၆.၃ | အရှေ့တောင်ပိုင်းဒေသ | ၂၃၇ |
| ၆.၄ | ကျား၊ မ ရေးရာ | ၂၅၁ |

မူဝါဒ

အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ



# ၆.၁

## မူဝါဒ

**မူဝါဒရေးရာ ညွှန်းကိန်းများ**

၂၀၂၀ခုနှစ်အတွင်း LIFT နှင့် ၎င်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များသည် မူဝါဒရေးရာ အခမ်းအနားပေါင်း (၁၀၀) ကျင်းပခဲ့ပြီး မူဝါဒရေးရာ စာတမ်းအစောင် (၈၀) ထုတ်ဝေခဲ့ပါသည်။ မူဝါဒ/စီမံကိန်း ဆိုင်ရာ အပြောင်းအလဲ (၁၂) ခုနှင့် အစိုးရ ဘတ်ဂျက် ခွဲဝေ ချထားမှု/ သုံးစွဲမှုတွင် အပြောင်းအလဲ နှစ်ခု ရှိခဲ့ပါသည်။ အဆိုပါ အခမ်းအနားများနှင့် အပြောင်းအလဲ အများစုမှာ ၂၀၂၀ခုနှစ် ပထမ နှစ်ဝက် အတွင်း ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။

၂၀၂၀ခုနှစ် ပထမ သုံးလတာကာလအတွင်း မူဝါဒရေးရာ လုပ်ငန်းများအား ကြိုတင်စီစဉ်ထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ COVID-19 ပထမလှိုင်းသည် ဧပြီလနှင့် မေလအတွင်း ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများအား အနှောင့်အယှက်ဖြစ်စေခဲ့ပြီး အချို့ အခမ်းအနားများအား ရက်ရွှေ့ဆိုင်းခြင်း (သို့) ဖျက်သိမ်းခြင်း ပြုလုပ်ခဲ့ရပါသည်။ LIFT၊ မိတ်ဖက်အဖွဲ့ (Implementing partner IP) များနှင့် အစိုးရ မိတ်ဖက်အဖွဲ့အစည်းများမှ အင်တာနက်အွန်လိုင်း ပလက်ဖောင်းများသို့ အလျင်အမြန် အလိုက်သင့်ပြောင်းလဲခဲ့ပြီး ဇူလိုင်/ဩဂုတ်တွင် စီမံကိန်းလုပ်ငန်းအများအပြား ပြန်လည် စတင်ခဲ့ပါသည်။ ဥပမာအားဖြင့် မြေယာ ပြန်လည်ခွဲဝေချထားရေး လုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသည့် REAL DEV ပူးပေါင်း အဖွဲ့အစည်းသည် စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တိုးတက်မှုများ ပြန်လည် သုံးသပ်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်အား ပြည်ထောင်စုအဆင့် နှင့် မကွေးတိုင်း ဒေသကြီးမှ တာဝန်ရှိသူများနှင့် နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ LIFT မှ ထိုကာလအတွင်း မကွေးသို့ ကွင်းဆင်းသွားရောက်သည့် ခရီးစဉ်ကိုပင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော်လည်း စတုတ္ထ သုံးလတာ ကာလတွင် COVID-19 ဒုတိယလှိုင်း ကြောင့် စီမံကိန်း လုပ်ငန်းအများစု နှေးကွေးသွားခြင်း (သို့) ရပ်ဆိုင်းသွားခြင်းတို့ ဖြစ်စေခဲ့ပါသည်။ မတ်လအလယ်မှ ဇွန်လအထိ ထို့နောက် ဆက်လက်၍ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ လွှတ်တော် ကိုယ်စားလှယ်များနှင့် ကြိုတင်စီစဉ်ထားသည့် အပြန်အလှန် ဆက်သွယ် ဆောင်ရွက်ခြင်းအချို့ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အပြင် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် စီမံချက်များသို့ သွားရောက်သည့် ကွင်းဆင်းခရီးစဉ်များအား ပိတ်ပင်ခြင်းခံခဲ့ရကာ LIFT နှင့် IP များမှ နှစ်အစတွင် စီစဉ်ထားသည့် ပြည်နယ်/တိုင်းဒေသကြီး နှင့် ဒေသအာဏာပိုင် များနှင့် ပိုမို တွေ့ဆုံဆက်သွယ်မှုများ ပြုလုပ်ရန်အတွက် အတားအဆီး ဖြစ်စေခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ဆိုင်ရာ ကန့်သတ်မှုများနှင့် နိုဝင်ဘာလ အစောပိုင်းတွင် ကျင်းပရန်ရှိသည့် အထွေထွေ ရွေးကောက်ပွဲ တို့ကြောင့် ဒုတိယ နှစ်ဝက်အတွင်း လွှတ်တော် အစည်းအဝေးများ ကျင်းပနိုင်ခြင်း မရှိခဲ့ပါ။

ယေဘုယျအားဖြင့် ကျင်းပခဲ့သည့် မူဝါဒဆိုင်ရာ အခမ်းအနားများ၏ (၅၅) ရာခိုင်နှုန်းနှင့် ထုတ်ဝေခဲ့သည့် ထုတ်ဝေမှုများ၏ (၉၀) ရာခိုင်နှုန်းမှာ မိတ်ဖက်အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဖြစ်ပါသည်။ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး (Fund Management Office FMO) သည် ၂၀၂၀ ခုနှစ်တွင် မူဝါဒဆိုင်ရာ အခမ်းအနားများ၏ (၄၅) ရာခိုင်နှုန်း နှင့် မူဝါဒ ဆိုင်ရာ ထုတ်ဝေမှုများ၏ (၁၀) ရာခိုင်နှုန်းအား တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့လျားသွားလာမှု နှင့် စိုက်ပျိုးရေး၊ ဈေးကွက်များ နှင့် စားနပ်ရိက္ခာ စနစ်များ ဆိုင်ရာ အကြောင်း အရာအလိုက် နယ်ပယ်များတွင် မူဝါဒ ဆိုင်ရာ အခမ်းအနားများ၏ လေးပုံသုံးပုံခန့်အား IP များမှ စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့အစည်းအချို့သည် မူဝါဒ အထောက်အကူပြု စီမံကိန်းများအား အဓိကအားဖြင့် (သို့) လုံးဝဥဿုံတာဝန်ယူပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ ဥပမာအားဖြင့် မီချီဂန် တက္ကသိုလ် (Michigan State University MSU) မှ အကောင်အထည် ဖော်ဆောင်ရွက်သည့် မြန်မာနိုင်ငံ စိုက်ပျိုးရေးလုပ်ငန်း တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး

(Agriculture Value Chain Development AVCD) နှင့် REAL DEV မြေယာ ခွဲဝေချထားရေး စီမံချက်တို့ သည် အဓိကအားဖြင့် မူဝါဒရေးရာနှင့် သက်ဆိုင်ပြီး စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ အကြောင်းအရာ နယ်ပယ်အတွင်း စီမံချက် လုပ်ငန်းအများအပြားအား လုပ်ဆောင်လျက် ရှိပါသည်။ ထိုနည်းတူစွာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့(ILO) နှင့် အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်သူများဆိုင်ရာအဖွဲ့အစည်း (IOM)၏ စီမံချက်များသည်လည်း အဓိကအားဖြင့် မူဝါဒရေးရာ ကိစ္စရပ်များအတွက် ဦးတည်ပြီး သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု စီမံကိန်းအတွင်း မူဝါဒဆိုင်ရာ စီမံကိန်းလုပ်ငန်း အများအပြားအား တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

စင်စစ်တွင် COVID-19 ကပ်ရောဂါကြောင့် နယ်ပယ်အမြောက်အမြားတွင် မူဝါဒဆိုင်ရာ စီမံကိန်းလုပ်ငန်း အများအပြား ထွက်ပေါ်စေခဲ့ပါသည်။ ယင်းဖြစ်စဉ်၏ ဥပမာ တစ်ခုမှာ လယ်ယာထုတ်ကုန် ကဏ္ဍ၊ ကျေးလက် ဒေသ စီးပွားနှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့ အပေါ် COVID-19 ကပ်ရောဂါ ၏ သက်ရောက်မှုကို ခြေရာကောက်ရန် International Food Policy Research Institute (IFPRI) မှ စတင်ဆောင်ရွက်ခဲ့သည့် တယ်လီဖုန်း မှတဆင့် ကောက်ယူသည့် စစ်တမ်း ဖြစ်ပါသည်။ အဆိုပါ စစ်တမ်းများမှ ရလဒ် များအား အဓိက ပတ်သက်ဆက်နွယ် သူများထံသို့ မျှဝေရန် အတွက် ထုတ်ဝေမှုအများအပြား ထုတ်လုပ်ခဲ့သည့်အပြင် အွန်လိုင်း အခမ်းအနားများ လည်း ကျင်းပခဲ့ပါသည်။ MSU စီမံချက်သည် COVID-19 ကပ်ရောဂါအား ကာကွယ်တုံ့ပြန်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ မည်ကဲ့သို့ စဉ်းစားသင့်သည် ဆိုသည့် အကြံပြုချက်များ ပါဝင်သည့် မူဝါဒ ဆိုင်ရာ ထုတ်ဝေမှု နှစ်စောင် ထုတ်ဝေခဲ့ပါသည်။

LIFT ၏ အကြောင်းအရာအလိုက် အစီအစဉ်များဖြစ်သည့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် အာဟာရ ဖွံ့ဖြိုးမှု နယ်ပယ်များတွင် မူဝါဒ ဆိုင်ရာ အခမ်းအနား အများစုများအား LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲမှု ရုံးမှ စီစဉ် ကျင်းပခဲ့ပါသည်။ LIFT ၏ FMO သည် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်းအား တိုက်ရိုက် ကူညီပံ့ပိုးပေးပြီး မူဝါဒရေးရာ ဌာနမှ အဆင့်မြင့် မူဝါဒဆိုင်ရာ အခမ်းအနားများအား နေပြည်တော် နှင့် ရန်ကုန်တို့တွင် ပုံမှန်ကျင်းပပေးလျက်ရှိပါသည်။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ် သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်မှုကို ဆိုးကျိုးများ သက်ရောက်စေခဲ့သည့် COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် မူဝါဒရေးရာ ဦးတည်ချက်များအား ချိန်ညှိနိုင်ရန်အတွက် မူဝါဒချမှတ်သူများနှင့် အနီးကပ် ပူးပေါင်း လုပ်ကိုင် ခဲ့ပါသည်။ ဤအကြောင်းအရာများအား ဤအစီရင်ခံစာ၏ အခန်း ၄.၂ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု တွင် ဖော်ပြထားပါသည်။

မူဝါဒဆိုင်ရာ အခမ်းအနားများနှင့် ထုတ်ဝေမှုများသည် မူဝါဒ နှင့် ဘတ်ဂျက်ဆိုင်ရာ အပြောင်းအလဲများနှင့် တိုက်ရိုက် ဆက်စပ်နေသည်ဟု ပင်ကိုအားဖြင့် ရှုမြင်နိုင်ရန် ခက်ခဲပါသည်။ စိန်ခေါ်မှုများသည် အချိန်၊ ပတ်သက် ဆက်နွယ်သူ ဆက်ဆံရေးများနှင့် အကျိုးစီးပွားများ၊ ပြည်သူ လူထု အသိပညာပေးမှု နှင့် အခြေအနေအလိုက် နှင့် အဖွဲ့အစည်းအလိုက် လှုပ်ရှားပြောင်းလဲမှုများ အပါအဝင် အကြောင်းအချက် အများအပြား တို့ ဒွန်တွဲ ပါဝင်နေ ပါသည်။ အချို့ဖြစ်ရပ်များတွင် မူဝါဒရေးရာနှင့် အသုံးစရိတ်ဆိုင်ရာ အပြောင်းအလဲများ သည် ကာလရှည်ကြာစွာ စီမံကိန်း ဆိုင်ရာနှင့် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ပြီးမှသာ ဖြစ်တတ်ပြီး အချို့အခြေအနေ များတွင် ထိုထက်ပို၍ မြန်မြန်ဆန်ဆန် ဖြစ်တတ်ပါသည်။ LIFT ၏ ထည့်ဝင်မှုများအပြင် မူဝါဒ အပြောင်းအလဲ အပေါ် လွှမ်းမိုးနိုင်သည့် (သို့) သက်ရောက်မှုရှိသည့် အခြား အကြောင်း အချက်များအား ထည့်သွင်းစဉ်းစားရန် နှင့် မြေယာ ငှားရမ်းလုပ်ကိုင်မှု ကဲ့သို့သော မူဝါဒနယ်ပယ်များမှာ တမူထူးခြားစွာ ကွဲလွဲနေပြီး လူမှု ကာကွယ် စောင့်ရှောက်ရေးကဲ့သို့သော မူဝါဒရေးရာ အခြားနယ်ပယ်များတွင် ကွဲလွဲမှု နည်းကြောင်းတို့အား ထည့်သွင်း စဉ်းစားရန် မှာ အရေးကြီး ပါသည်။ အချို့သော မူဝါဒဆိုင်ရာ ကိစ္စရပ်များတွင် အပြောင်းအလဲ ဖြစ်စေရန် တောင်းဆိုမှု အကောင်အထည် မဖော်မီ အစိုးရ အရာရှိများနှင့် အများပြည်သူတို့ကြား အသိပညာပေးနိုင်ရန် ကြိုးပမ်း အားထုတ်မှု ကြီးကြီးမားမား လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဤဖြစ်ရပ်များ အား ထင်ဟပ်သည့် ဥပမာ နှစ်ရပ်မှာ ရွှေ့ပြောင်းလုပ်သား အခွင့်အရေးများနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုတို့နှင့် ဆိုင်သည့် မူဝါဒများ ဖြစ်ပါသည်။

**အစိုးရနှင့် မူဝါဒ ရေးရာ ပူးပေါင်းဆောင်ရွက်ခြင်း**

နေပြည်တော်တွင် မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုကို ၂၀၂၀ခုနှစ်အစောပိုင်းတွင် ကောင်းစွာ စတင်နိုင်ခဲ့ ပါသည်။ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် MS-NPAN ပင်မ အဖွဲ့အား ပြည်သူ့လွှတ်တော် ကော်မတီ များမှ လက်ခံ တွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှု၏ ရည်ရွယ်ချက်မှာ ပင်မ အဖွဲ့အနေဖြင့် MS-NPAN စီမံကိန်း လုပ်ငန်းနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းများ၏ တိုးတက်မှုများနှင့် စပ်လျဉ်းသည့် နောက်ဆုံး အခြေအနေ များအား သက်ဆိုင်ရာ ကော်မတီများအား တင်ပြနိုင်ရန် အခွင့်အရေးပေးခြင်း ဖြစ်ပါသည်။ ဤအစည်းအဝေး မှာ MS-NPAN ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ အား ရေရှည် တည်တံ့နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးရန် ရင်းမြစ်များ ရယူနိုင်ရန်ရည်ရွယ်သည့် ပိုမိုကျယ်ပြန့်သည့် ဗျူဟာ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပါသည်။ အစည်းအဝေးတွင် MS-NPAN အဖွဲ့မှ အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် MS-NPAN ကော်မတီ များ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ အကောင်အထည်ဖော်ရေး အစီအစဉ်နှင့် စီမံကိန်းလုပ်ငန်းများကို တင်ပြခဲ့ပါသည်။ တင်ပြဆွေးနွေးမှုတွင် စိုက်ပျိုးရေး၊မွေး မြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာ ကော်မတီ၊ ကျန်းမာရေး နှင့် အားကစား ရေးရာ ကော်မတီ နှင့် တောင်သူလယ်သမား နှင့် အလုပ်သမား ရေးရာ ကော်မတီ ဥက္ကဋ္ဌများ နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန ၊ အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသန ဌာနခွဲ မှကိုယ်စားလှယ်များ နှင့် အခြား MS-NPAN ပင်မ အဖွဲ့ဝင်များ မှ တက်တက်ကြွကြွ ဆွေးနွေးခဲ့ကြပါသည်။ ဤအခမ်းအနားကျင်းပခြင်း၏ ရလဒ်အဖြစ် ၂၀၂၀ ခုနှစ် ဇူလိုင်လတွင် လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်အတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက MS-NPAN နှင့် စပ်လျဉ်းသည့် မေးခွန်း မေးခဲ့ပါသည်။





ပြည်ထောင်စုအဆင့် အစိုးရနှင့် ပြည်နယ်အဆင့် အစိုးရကြား မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန် စေရန်အတွက် ကူညီပံ့ပိုးပေးရန် ကယားပြည်နယ်သို့ လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းခရီးစဉ် သွားရောက်ရန် စီစဉ်ခဲ့ပါသည်။ ယူကေနိုင်ငံမှ Westminster Foundation for Democracy ၏ ပူးပေါင်းကူညီမှု နှင့် စီစဉ်ခဲ့သည့် အဆိုပါ ခရီးစဉ်အား ၂၀၂၀ ခုနှစ် မတ်လတွင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကွင်းဆင်းခရီးစဉ်တွင် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် ခြောက်ဦးတို့ လိုက်ပါခဲ့ကြပါသည်။ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များသည် LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးပြီး အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် International Fertilizer Development Center (IFDC) တို့၏ မိတ်ဖက်ပြုမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှု - တောင်တန်းဒေသ စီမံချက် သို့ သွားရောက်လေ့လာခဲ့ပါသည်။ ၎င်းတို့သည် LIFT မှ လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုအတွက် ထောက်ပံ့ငွေ ပံ့ပိုးပေးထားပြီး လူမှုဝန်ထမ်းဦးစီးဌာန (DSW) မှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် ကိုယ်ဝန်ဆောင်မိခင်မှစ၍ မွေးဖွားလာသော ကလေးအသက် နှစ်နှစ်ပြည့်သည်အထိ ငွေကြေး အထောက်အပံ့ပေးရေး အစီအစဉ် (MCCT) ၏ စီမံကိန်းကျေးရွာ နှစ်ရွာသို့လည်း သွားရောက်လေ့လာခဲ့ပါသည်။ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်နယ် ဝန်ကြီးချုပ်၊ တောင်သူအုပ်စုများနှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ နှင့် တွေ့ဆုံ၍ ခရီးစဉ်တွင် မြင်တွေ့ခဲ့သည့် အချက်များနှင့် သတိပြုမိသည့်အချက်များကို ဆွေးနွေးခဲ့ပါသည်။ ကော်မတီမှ ရေရရှိရေးနှင့် ဘဏ္ဍာရေးဆိုင်ရာများ နှင့် စပ်လျဉ်း၍ ဆက်လက် ဆွေးနွေးနိုင်ရန်အတွက်လည်း စိုက်ပျိုးရေး ဦးစီးဌာန၊ လူမှုဝန်ထမ်း ဦးစီး နှင့် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန တို့နှင့်လည်း တွေ့ဆုံခဲ့ကြပါသည်။ ကယားပြည်နယ် ဝန်ကြီးချုပ် မှ ရေပြတ်လပ်မှုများ လျှော့ချနိုင်ရန် ပြည်နယ် ဘတ်ဂျက်ခွဲဝေမှုများအား ပြန်လည် သုံးသပ်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းက MCCT အစီအစဉ်အား လွန်စွာ စိတ်ဝင်စားကြောင်းနှင့် ဆက်လက် ပံ့ပိုးပေးသွားရန် ကတိကဝတ်ပြု ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ခရီးစဉ်အတွင်းဆွေး နွေးခဲ့သည့် ကိစ္စရပ်များအား လွှတ်တော်ဥက္ကဋ္ဌ ထံ အစီရင်ခံတင်ပြမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အရေး ပါသည့် တွေ့ရှိချက်များ ကို တင်ပြထားသည့် အစီရင်ခံစာများအား LIFT ၏ FMO နှင့် ရန်ပုံငွေ ဘုတ်အဖွဲ့ တို့ ထံ တင်ပြခဲ့ပါသည်။

ဤ လွှတ်တော် အမတ်များ၏ ကနဦး ကွင်းဆင်းခရီးစဉ် အောင်မြင်ပြီးနောက် LIFT နှင့် Westminster Foundation for Democracy မှ လွှတ်တော် အစည်းအဝေး ကျင်းပနေစဉ်အတွင်း LIFT ၏ စီမံချက် နေရာများ သို့ ပို၍ ရည်ရွယ်ချက်မြင့်မားသည့် ကွင်းဆင်းခရီးစဉ် အများအပြား ဆက်တိုက် စေလွှတ်နိုင်ရန် စီစဉ်ခဲ့ပါသည်။ စီစဉ်ထားသည့် နေရာများတွင် LIFT မှ ကူညီပံ့ပိုးပေးထားသည့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံချက်များအား လေ့လာရန် ရှမ်းပြည်နယ်ခရီးစဉ်၊ MCCT စီမံကိန်း နေရာများ သို့ သွားရောက်လေ့လာရန် ချင်းပြည်နယ် ကန်ပက်လက်မြို့ ခရီးစဉ်နှင့် မသန်စွမ်းဆိုင်ရာ စီမံကိန်းလုပ်ငန်းများ လေ့လာရန် အပူပိုင်းဇုန် ခရီးစဉ်တို့ ပါဝင်ပါသည်။ အဆိုပါ စိတ်ကူးများသည် LIFT နှင့် ပူးပေါင်းဆောင်ရွက်သည့် လွှတ်တော် ကော်မတီ အမျိုးမျိုးတို့ အပြင် ထပ်မံ တိုးချဲ့ရန် နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် များတွင် ပို၍ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန် LIFT ၏ မဟာဗျူဟာမြောက် တွေးတော ဆင်ခြင်မှုများအား ထင်ဟပ် လျက်ရှိပါသည်။ သို့သော်လည်း ၂၀၂၀ ခုနှစ် မတ်လတွင်း COVID-19 ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပြန့်နှံ့လာမှု နှင့် ဆက်နွယ်လာသည့် အစိုးရ၏ တုံ့ပြန်ကာကွယ်ရေးနှင့် လျှော့ချရေး အစီအမံများက အဆိုပါ ကွင်းဆင်းလေ့လာရေး ခရီးစဉ်များ အကောင်အထည်ဖော် ရာတွင် အဟန့်အတား ဖြစ်လာခဲ့ပါသည်။

အသွားအလာ ကန့်သတ်ခြင်းများ နှင့် အသွားအလာ ပိတ်ပင်ခြင်းများအပါအဝင် COVID-19 ကပ်ရောဂါ ဆိုင်ရာ အစီအမံများသည် မူဝါဒရေးရာ ဌာနမှ မူဝါဒဆိုင်ရာ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် စီစဉ် ထားသော မူဝါဒ ဆိုင်ရာ လက်တွေ့ကျင့်သုံးသည့် အသိုက်အဝန်းဆိုင်ရာ အခမ်းအနား စီစဉ်ဆောင်ရွက်ရာတွင် အဟန့်အတား ဖြစ်ခဲ့ပါသည်။ မြေယာငှားရမ်းလုပ်ကိုင်ခြင်း၊ မသန်စွမ်းခြင်း နှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများလည်း ရပ်ဆိုင်းထားခဲ့ရပါသည်။ မူဝါဒဆိုင်ရာ ဌာန မှ COVID-19 ကပ်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်လိုအပ်သဖြင့် မြေယာငှားရမ်း လုပ်ကိုင်ခြင်း၊ မသန်စွမ်းခြင်း နှင့် လူမှုကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒ အနှစ်ချုပ်များ ရေးသားပြုစုခြင်း ကို ခေတ္တ ဆိုင်းငံ့ထားလိုက်ရပါသည်။ ဓလေ့ထုံးတမ်း မြေယာ ငှားရမ်းလုပ်ကိုင်ခွင့် ဆိုင်ရာ သုတေသန လုပ်ငန်း မှာ မူလ စီစဉ်ထားသည့်အတိုင်း နှစ်အစတွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**အသိအမြင်နှင့် အထောက်အထား စီမံခန့်ခွဲခြင်း**

မူဝါဒ သီးသန့် အသုံးချနည်းများပါဝင်သည့် အသိအမြင်ဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အတွက် အဖွဲ့ အစည်း စွမ်းဆောင်ရည် အားကောင်းစေခြင်းသည် LIFT အား မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းရုံး လှုံ့ဆော်မှုများအတွက် ပိုမို ခိုင်မာတိကျသည့် သတင်း အချက်အလက်ပေးနိုင်စွမ်း ရှိစေပါသည်။ အသိအမြင်နှင့် အထောက်အထားများ၏ အဓိက ရင်းမြစ် များမှာ စီမံချက် အကောင်အထည်ဖော်ခြင်းများမှ လေ့လာသင်ယူ ခဲ့သည့် သင်ခန်းစာများ၊ စောင့်ကြည့် စစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံစာများ၊ စစ်တမ်း ကောက်ယူခြင်း ဆိုင်ရာ လုပ်ငန်းများနှင့် သုတေသန တွေ့ရှိချက်များ ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း LIFT ၏ FMO နှင့် IP များမှ အစီရင်ခံစာများ၊ မူဝါဒ အနှစ်ချုပ်များနှင့် အခြား စာတမ်းများ အဖြစ် ထုတ်ဝေမှု (၉၁) စောင် ထုတ်ဝေခဲ့ပါသည်။

LIFT သည် သတင်းအချက်အလက်များအား စုဝေး တက်ရောက်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အဓိက ပတ်သက်ဆက်နွယ်သူများထံ ပေးပို့သည့် ဆွေးနွေးတင်ပြမှုများမှတဆင့် ဖြန့်ဝေလေ့ရှိပါသည်။ ဥပမာအားဖြင့် LIFT သည် ၂၀၂၀ ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးမှု နှင့် MS-NPAN တို့နှင့် ဆိုင်သည့် သတင်းအချက်အလက် ပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစည်းအဝေး နှစ်ကြိမ် ကျင်းပခဲ့ပါသည်။ သို့ရာတွင် COVID-19 ကပ်ရောဂါ နှင့်ဆက်စပ်နေသည့် ခရီးသွားလာမှုနှင့် စုဝေးမှုများဆိုင်ရာ အကန့်အသတ်

များကြောင့် အွန်လိုင်း ပလက်ဖောင်းများသို့ ပြောင်းလဲကျင်းပခဲ့ရပါသည်။ COVID-19 ကပ်ရောဂါ ကြောင့် ကိန်းဂဏန်း အချက်အလက်များ ကောက်ယူသည့် နည်းစနစ်များနှင့် ချဉ်းကပ်နည်းလမ်းများကိုလည်း ပြောင်းလဲခဲ့ရပါသည်။ ယင်းသို့ပြောင်းလဲမှု၏ ဥပမာကောင်းနှစ်ခုမှာ IFPRI မှ ဒုတိယ နှစ်ဝက်တွင် ဆောင်ရွက်ခဲ့သည့် ကျေးလက် စီးပွားရေး အပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများအား တယ်လီဖုန်းဖြင့် စစ်တမ်းကောက်ယူသည့် လုပ်ငန်းနှင့် COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရန်အတွက်ပေးသည့် LIFT ၏ လူမှုကာကွယ်စောင့်ရှောက်ရေး

ထောက်ပံ့ကြေးနှင့် ဆိုင်သည့် ထောက်ပံ့ငွေများ ပေးပြီးနောက် တယ်လီဖုန်းဖြင့် ကောက်ယူသော စောင့်ကြည့်စစ်ဆေးသည့် စစ်တမ်းတို့ ဖြစ်ကြ ပါသည်။

MSU နှင့် IFPRI တို့သည် သိသိသာသာ များပြားသည့် ထုတ်ဝေမှုများအပြင် တယ်လီဖုန်း စစ်တမ်းများမှ ရရှိသည့် အဓိက တွေ့ရှိချက်များအား ဖြန့်ဝေရန် အွန်လိုင်း အလုပ်ရုံဆွေးနွေးပွဲ အများအပြား ပြုလုပ်ခဲ့ပါသည်။ အွန်လိုင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ အရာရှိများ၊ အကောင်အထည်ဖော်ရေး မိတ်ဖက်များ၊ LIFT ၏ အလှူရှင်များ၊ NGO များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပါဝင်ခဲ့ ပါသည်။

LIFT အတွက် စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် သုတေသနဆိုင်ရာ အသိအမြင်များနှင့် အထောက်အထားများအား မူဝါဒ အနှစ်ချုပ်များ၊ သုတေသန အကျဉ်းချုပ်များ၊ နည်းပညာဆိုင်ရာ ဆွေးနွေးတင်ပြမှုများ ကဲ့သို့သော မူဝါဒ ဆိုင်ရာ နည်းလမ်းများ နှင့် ဗွီဒီယိုများ၊ ဒီဂျစ်တယ် အသံဖိုင် (podcast) များ နှင့် ဘလော့ဂ် (blog) များ ကဲ့သို့သော အခြား ဆက်သွယ်ရေး ပုံစံများ အဖြစ် တင်ပြခြင်းတို့တွင် အဓိက စိန်ခေါ်မှုတစ်ရပ် အဖြစ်ရှိနေဆဲ ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် အတွက် မူဝါဒ ရေးရာဌာန ၏ လုပ်ငန်းစီမံချက်၏ အဓိက အစိတ်အပိုင်းမှာ LIFT ၏ အကြောင်းအရာ လိုက် နှင့် ကဏ္ဍအားလုံးနှင့် ဆိုင်သည့် အဖွဲ့များကြား ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်း တိုးတက်များပြား လာစေခြင်းအပေါ် အာရုံစိုက်ခဲ့ပါသည်။ ဤရည်ရွယ်ချက်အား ဖြည့်ဆည်းနိုင်ရန်အတွက် LIFT မှ လူမှုကာကွယ်စောင့်ရှောက်ရေး၊ အာဟာရ ဖွံ့ဖြိုးရေး၊ သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့လျားသွားလာမှု နှင့် ရခိုင်ပြည်နယ်အပါအဝင် LIFT ၏ စီမံကိန်းနှင့် မူဝါဒ ရေးရာဌာန တာဝန်ရှိသူများကြား ပူးပေါင်း ညှိနှိုင်းဆောင်ရွက်မှုများ ပါဝင်သည့် ခိုင်မာအားကောင်းသည့် COVID-19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများအတွက် ပံ့ပိုးပေးရန် ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ပေးခြင်းဖြင့် တစ်စိတ်တစ်ဒေသအားဖြင့် ပြီးစီးအောင်မြင်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွက် အထင်ရှားဆုံး လေ့လာသင်ယူခဲ့သည့် သင်ခန်းစာအချို့မှာ အွန်လိုင်း ပလက်ဖောင်းများ အသုံးပြု၍ လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ခြင်းများနှင့် ဆက်နွှယ်နေပါသည်။ LIFT နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ကောင်းမွန်သည့် အွန်လိုင်း ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ ကျွမ်းကျင်မှုများ အလျင်အမြန် တိုးတက်လာခဲ့ပါသည်။ ၂၀၂၀ခုနှစ်အတွင်း ပေါ်ပေါက်လာသည့် စိတ်ဝင်စားစရာ ဆန်းသစ်တီထွင်မှုတစ်ရပ်မှာ 'virtual ကွင်းဆင်း ခရီးစဉ်' ဖြစ်ပါသည်။ နိုင်ငံသား စီမံကိန်း အရာရှိ အများအပြား သည် အွန်လိုင်းမှ ကွင်းဆင်း လေ့လာသည့်ခရီးစဉ်များ ဆောင်ရွက်ခဲ့ပြီး အခြားအရာရှိများသည် ကာလလတ်နှင့် အပြီးသတ်ကာလ အကဲဖြတ်သုံးသပ်ခြင်းများအား အွန်လိုင်း မှ ဆောင်ရွက်ခဲ့ပါသည်။

**မိတ်ဖက်ပြုခြင်း နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း**

LIFT ၏ မူဝါဒဆိုင်ရာ လုပ်ငန်းအများစုအား LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက် အရပ်ဘက်အဖွဲ့အစည်း မိတ်ဖက်များ မှ ဆောင်ရွက်ခဲ့ပြီး ယင်းတို့သည် LIFT ၏ မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာတွင် အရေးပါသည့် အစိတ်အပိုင်းအဖြစ် ပါဝင် ပါသည်။ LIFT ၏ မူဝါဒဆိုင်ရာတွင် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်စွမ်းရှိသည်မှာ ယင်း၏ မိတ်ဖက်ပြုမှု ကွန်ရက်များ၏ ခွန်အားများ နှင့် စွမ်းရည်များအပေါ်တွင် များစွာ မှီတည်နေပါသည်။

LIFT ၏ စီမံကိန်းလုပ်ငန်းများတွင် မိတ်ဖက် အဖွဲ့အစည်းများ၏ ထိရောက်သည့် မူဝါဒ ပူးပေါင်း ဆောင်ရွက်ခြင်း ဆိုင်ရာ စွမ်းဆောင်ရည်များမှာ အမျိုးမျိုး ကွဲပြားပါသည်။ သို့ဖြစ်၍ LIFT ၏ အဓိက ရည်ရွယ်ချက်မှာ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းအပါအဝင် မိတ်ဖက် အဖွဲ့အစည်းများ၏ မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်နှင့် အလေ့အကျင့်များ ခိုင်မာအားကောင်းစေရန်အတွက် အကူအညီ ပေးရန် ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် နှောင်းပိုင်းမှ စတင်၍ ကျင့်သုံးခဲ့သည့် အရေးပါသည့် ချဉ်းကပ်နည်းလမ်းတစ်ခုမှာ CSO မိတ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဖက်အစိုးရ အဖွဲ့အစည်းများ အပါအဝင် မိတ်ဖက်များမှ ၎င်းတို့ သက်ဆိုင်ရာ မူဝါဒရေးရာ အတွေ့အကြုံများမှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများအား မျှဝေပေးနိုင်ရန်အတွက် အတူတကွ စည်းဝေးနိုင်သည့် လက်တွေ့ကျင့်သုံးသည့် အသိုက်အဝန်း (CoP) အလုပ်ရုံဆွေးနွေးပွဲ များ ပုံမှန် ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၉ ခုနှစ်အတွင်း LIFT FMO မှ နှစ်စဉ်နှစ်တိုင်း မူဝါဒဆိုင်ရာ CoP နှစ်ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။ သို့သော်လည်း ၂၀၂၀ ခုနှစ်အတွင်း COVID- 19 ကပ်ရောဂါအား ခိုင်မာအားကောင်းစွာ တုံ့ပြန်ကာကွယ်နိုင်ရန်အတွက် ဦးစားပေးများ ပြောင်းလဲသတ်မှတ်ခဲ့သဖြင့် မူဝါဒရေးရာ ဌာနမှ မူလက ကြိုတင်စီစဉ်ထားသည့်အတိုင်း CoP များ ကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့ပါ။ ၂၀၂၀ ခုနှစ်အတွက် လုပ်ငန်း စီမံချက်တွင် အနည်းဆုံး CoP ဆိုင်ရာ အထွေထွေ မူဝါဒ တစ်ရပ် နှင့် အကြောင်းအရာအလိုက် သီးသန့် နယ်ပယ်များ အတွက် CoP များ ပါဝင်ပါသည်။

LIFT အတွက် ၂၀၂၀ ခုနှစ် လုပ်ငန်းစီမံချက်၏ နောက်ထပ် ရည်မှန်းချက် တစ်ခုမှာ ဒေသဆိုင်ရာ အဆင့် တွင် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်တွင်း CSO များနှင့် မိတ်ဖက်ပြုမှုများသည် တစ်စထက်တစ်စ ပိုမို အရေးပါလာပါသည်။ သီးခြားအရေးပါမှု တစ်ရပ်မှာ ရပ်ရွာလူထုအား စည်းရုံးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းတို့အတွက် ရပ်ရွာလူထု အဆင့်နှင့် မြို့နယ်အဆင့် ဒေသခံ CSO များအား ကူညီပံ့ပိုးပေးရန် အတွက် အသေးစား ထောက်ပံ့မှု ရန်ပုံငွေများ ဖြစ်ပါသည်။ ဒေသ အဆင့်တွင် ပူးပေါင်းဆောင်ရွက်မှုအား





ကူညီပံ့ပိုးပေးသည့် ဤ နည်းလမ်းမှာ အထူးသဖြင့် ပဋိပက္ခ ဒဏ်ခံဒေသများနှင့် ဆီလျော်ပါသည်။ ဥပမာအားဖြင့် ပဋိပက္ခဒဏ်ခံ ဒေသများရှိ ဒေသဆိုင်ရာအဆင့် မိတ်ဖက်ပြုမှု ခိုင်မာအားကောင်းစေခြင်းတွင် အသိအမှတ် ပြုရမည့် ပြီးစီးအောင်မြင်မှုမှာ LIFT မှ အရှေ့တောင်ပိုင်းဒေသရှိ Forest Trends အား အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ (ဆက်လက်၍ ဖော်ပြထားပါသည်)

၂၀၂၀ ခုနှစ်အတွင်း LIFT မှ ဆက်ဆံရေး အသစ်များနှင့် မိတ်ဖက်ပြုမှုအသစ်များ ဆက်လက် ထူထောင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်အထိ Westminster Foundation for Democracy (WFD) နှင့် ဆက်ဆံရေးတခု တည်ဆောက်ခဲ့ပြီး ၂၀၂၀ ခုနှစ် မတ်လအတွင်း ကယားပြည်နယ်ရှိ LIFT ၏ စီမံကိန်းနေရာများတွင် လွှတ်တော်ကိုယ်စားလှယ်များ သွားရောက်လေ့လာသည့် ခရီးစဉ် ဖြစ်ပေါ်လာခဲ့ပါသည်။ LIFT သည် ၂၀၂၀ ခုနှစ်နောက်ပိုင်းတွင် စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်ရေး တွင် ပူးပေါင်းဆောင်ရွက်မှု ဖြစ်နိုင်ချေနှင့် စပ်လျဉ်း၍ FAO Investment Centre နှင့် ဆွေးနွေးမှုများ စတင်ခဲ့ပါသည်။ ဤစီမံချက်အား အောက်တွင် အသေးစိတ်ဆွေးနွေးတင်ပြထားသည့်အတိုင်း 'ဈေးကွက် ချိတ်ဆက်ခြင်း' ဟု ခေါ်ဆိုပါသည်။

**လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ**

ခိုင်မာသည့် မိတ်ဖက်ပြုမှုများသည် အထူးသဖြင့် စီမံကိန်းလုပ်ဆောင်မှုနှင့် စီမံအုပ်ချုပ်ရေးများတွင် အလျင်အမြန် လိုက်လျောညီထွေ ဖြစ်အောင် လုပ်ဆောင်ရန် လိုအပ်သည့် အရေးပေါ် အခြေအနေများတွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံ ဖြစ်ပါသည်။ ထိရောက် သည့် COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးရေး အစီအမံများ အဖြစ် အလျင်အမြန် ဦးစားပေးလုပ်ငန်းများ ပြောင်းလဲနိုင်ခဲ့သည့် LIFT ၏ စွမ်းဆောင်ရည် အများစုမှာ ယင်း၏ အစိုးရ၊ အလှူရှင်များ၊ အကောင်အထည်ဖော်ရေး မိတ်ဖက်များ နှင့် မဟာဗျူဟာမြောက် CSO မိတ်ဖက် အဖွဲ့အစည်းများ နှင့် ခိုင်မာသည့် မိတ်ဖက်ပြုမှုများ ဖြင့် ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။ အမှန်စင်စစ် ထိရောက်သည့် မိတ်ဖက်ပြုမှုများ ထူထောင်ခြင်းနှင့် ဆက်လက် ထိန်းသိမ်းခြင်းသို့ ဦးတည်သည့် LIFT ၏ ချဉ်းကပ်နည်းလမ်းသည် စီမံကိန်းလုပ်ငန်းနှင့် မူဝါဒ ဆိုင်ရာတွင် မိတ်ဖက်ပြု၍ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်း အပေါ် မှီခိုအားထားနေရသည့် အခြား အဖွဲ့အစည်းများ အတွက် စံပုံစံ မော်ဒယ်လ် ဖြစ်စေပါသည်။

ယခင်နှစ်ကကဲ့သို့ပင် ၂၀၂၀ ခုနှစ်အတွင်း လှုပ်ရှားမှုများက သုံးနှစ်ကြာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မူဝါဒနှင့် ဘတ်ဂျက် စက်ဝန်းများနှင့် ကိုက်ညီမှု နည်းပါးနေဆဲ ဖြစ်ကြောင်း အားလုံးကို သတိပေးလျက်ရှိပါသည်။ မူဝါဒ ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု အတွက် မိတ်ဖက်အဖွဲ့အစည်း၏ စွမ်းဆောင်ရည် တည်ဆောက်ရေး ကြိုးပမ်းမှု၏ တစိတ်တဒေသအဖြစ် LIFT FMO မှ မူဝါဒနှင့် ဘတ်ဂျက် စက်ဝန်းများအား လက်တွေ့ဆောင်ရွက်ခြင်းနှင့် မဟာဗျူဟာမြောက် သဘောပေါက်နားလည်မှုတို့ ခိုင်မာအားကောင်းစေရန် အတွက် ဆက်လက် အကူအညီပေးရန် လိုပါသည်။

**အဖွဲ့အစည်းတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း**

LIFT အဖွဲ့အစည်းအတွင်း သာမက LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့နှင့် ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး (FMO) တို့နှင့် ဆက်သွယ် ဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ ပိုမိုတိုးတက်ကောင်းမွန်စေခြင်းဖြင့် ၂၀၁၉-၂၀၂၃ မဟာဗျူဟာ တွင် ချမှတ်ထားသည့် မူဝါဒ ရေးရာ ရည်မှန်း ချက်နှင့်အညီ သက်ဆိုင်သည့် အချက်အလက်ပေးရန်နှင့် ဩဇာလွှမ်းမိုးရန်တို့အတွက် LIFT ၏ စွမ်းဆောင်ရန် မြှင့်တင်ပေးရန် အဓိပ္ပါယ် ပြည့်ဝသည့် အခွင့်အလမ်းများ ပံ့ပိုးပေးပါသည်။

ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ တိုးတက်ကောင်းမွန်စေမည့် ချဉ်းကပ်နည်းလမ်းတစ်ခုမှာ LIFT ၏ မူဝါဒ ဆိုင်ရာ ဦးတည်ချက်များအား ရှင်းလင်းအသိပေးရန် ဖြစ်ပါသည်။ လူမှုစီးပွားအခြေအနေ နှင့် ပထဝီနိုင်ငံရေးဆိုင်ရာ နောက်ခံ အခြေအနေ များသည် အလွန်လှုပ်ရှားပြောင်းလဲလျက် ရှိသဖြင့် မူဝါဒဆိုင်ရာဦးတည်ချက်များ နှင့် ချဉ်းကပ်နည်းလမ်းများသည် အချိန်တစ်ခုသို့ ရောက်သည့် အခါ ပြောင်းလဲသွားနိုင်ချေ ရှိပါသည်။ ဒုတိယ ချဉ်းကပ်နည်းလမ်းမှာ FMO မှ ကြိုးပမ်းအားထုတ်မှုများတွင် ပိုမိုကောင်းမွန်သည့် တိုးတက်မှုရှိစေရန် ၎င်း၏ ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များအနေဖြင့် မူဝါဒ ဆိုင်ရာ ဦးတည်ချက်များအား ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက် စေရန် အတွက် ဆောင်ရွက်ရန် ဖြစ်ပါသည်။

LIFT အနေဖြင့် အဆိုပါ နယ်ပယ်အချို့တွင် ၂၀၂၀ ခုနှစ် အစဦး ကောင်းမွန်သည့် တိုးတက်မှုများ ရရှိခဲ့ပါသည်။ အရှေ့တောင်ပိုင်းဒေသအတွက် ပူးပေါင်း လေ့လာ ဆန်းစစ်သည့် ခရီးစဉ်မှာ ၂၀၂၀ ခုနှစ် အစောပိုင်းတွင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များ နှင့် တကွ စီမံကိန်းနှင့် မူဝါဒ ရေးရာဌာန တာဝန်ရှိသူများအနေဖြင့် ပူးပေါင်း ဆန်းစစ်လေ့လာနိုင်ရန် အခွင့်အလမ်းကောင်း တစ်ရပ်ပံ့ပိုးပေးခဲ့ပြီး နောက်ဆုံးတွင် အရှေ့တောင်ပိုင်း အစီအစဉ် ဒီဇိုင်းရေးဆွဲရန် ဖြစ်ပါသည်။ အရှေ့တောင်ပိုင်းဒေ စီမံကိန်း နှင့် အရှေ့မြောက်ပိုင်း ဒေသ စီမံကိန်း ဒီဇိုင်းများ ရေးဆွဲရာတွင် မဟာဗျူဟာမြောက် လေ့လာသင်ယူရေးဆိုင်ရာ ကိစ္စရပ်များ ထည့်သွင်းမိတ်ဆက်ခြင်းမှလည်း စီမံကိန်း နှင့် မူဝါဒရေးရာ အဖွဲ့များ ကြား အဖွဲ့အစည်းအတွင်း ဆက်သွယ်ဆောင်ရွက်ရေး နှင့် ပေါင်းစပ်ညှိနှိုင်းရေးတို့ကို တိုးတက်ကောင်းမွန်စေရန် အထောက်အကူ ဖြစ်စေ ပါသည်။

LIFTသည် ရင်းမြစ်များအား COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများအတွက် ပြောင်းလဲ ဦးစားပေးလိုက်သည့်အခါ အာရုံစိုက်မှုမှာ ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များ နှင့်အတူ မူဝါဒ ဦးတည်ချက်ဆိုင်ရာ သုံးသပ်မှုများနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများ လမ်းကြောင်းပြောင်း သွားခဲ့ပါသည်။ မူဝါဒ ရေးရာ ဌာနမှ တာဝန်ရှိသူများသည်

၂၀၂၀ ခုနှစ် ပထမ နှစ်ဝက်အတွင်း မူဝါဒ ရေးရာ သုံးသပ်မှုများကို ဆောင်ရွက်ခဲ့ပါသည်။

**COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

မူဝါဒရေးရာ ဌာနသည် COVID-19 ကပ်ရောဂါ ဆိုင်ရာ LIFT ၏ လူမှုကာကွယ်စောင့်ရှောက်ရေး တုံ့ပြန်ဆောင်ရွက်မှုကို ကူညီပံ့ပိုးပေးရာတွင် တက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်ခဲ့ပါသည်။ မူဝါဒရေးရာ ဌာနမှ တာဝန်ရှိသူများ သည် အာဟာရဖွံ့ဖြိုးရေး စီမံကိန်း အစီအစဉ်မှ တာဝန်ရှိသူများနှင့် ပူးပေါင်းလက်တွဲ၍ လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အယူအဆတင်ပြချက် နှင့် ဘတ်ဂျက် ရေးဆွဲခဲ့ပြီး မတ်လလယ် တွင် ရန်ပုံငွေအဖွဲ့မှ အတည်ပြုပေးခဲ့ပါသည်။ ဤအယူအဆ တင်ပြချက်တွင် MCCT နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ် အကျိုး ခံစားခွင့်ရှိသည့် အိမ်ထောင်စုများအား တစ်ပေါင်းတည်း ထပ်ဆောင်းပေးသည့် ထောက်ပံ့ကြေး မြန်မာကျပ် ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၂) ပေးရန် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် ထည့်သွင်းထားပါသည်။ ဤကြိုးပမ်းမှုအတွက် စုစုပေါင်း ဘတ်ဂျက်မှာ MCCT အကျိုး ခံစားခွင့်ရှိသည့် အိမ်ထောင်စုများအတွက် ကန်ဒေါ်လာ (၄.၉) သန်း နှင့် လူမှုရေး ပင်စင်အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုများအတွက် ကန်ဒေါ်လာ (၄.၁) သန်း အပါအဝင် ကန်ဒေါ်လာ (၉) သန်းဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လတွင် ထောက်ပံ့ငွေများအား COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေးနှင့် လျှော့ချရေး သတင်းအချက်အလက်များ နှင့် တကွ MCCT အကျိုးခံစားခွင့်ရှိသူ (၂၄၂,၀၀၀) နှင့် လူမှုရေးပင်စင် အကျိုး ခံစားခွင့်ရှိသူ (၂၀၀,၀၀၀) ကျော်ထံ ဖြန့်ဝေပေးခဲ့ပါသည်။ အိမ်ထောင်စုဝင်အားလုံးကိုပါ ထည့်သွင်းတွက်ချက်ပါက ထောက်ပံ့ငွေများမှ လူပေါင်း (၁.၈) သန်း နီးပါး အကျိုးခံစားခွင့် ရရှိခဲ့ကြပါသည်။ LIFT၊ DSW နှင့် CSO မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများအား ထောက်ပံ့ငွေပေးရာတွင် မူဝါဒရေးရာ အဖွဲ့မှလည်း ပံ့ပိုးပေးခဲ့ပါသည်။

လူမှုအဖွဲ့အစည်းအတွင်း အားနည်းထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံကိန်း ဆောင်ရွက်ချက်များ ဒီဇိုင်း ရေးဆွဲ ရာတွင် သိသာထင်ရှားမှု အများဆုံး စိန်ခေါ်မှုမှာ ထောက်ပံ့ငွေ ဖြန့်ဖြူးပေးခြင်း ဖြစ်ပါသည်။ MCCT နှင့် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရရှိနေသည့် အိမ်ထောင်စုများအား ဦးတည် ရည်ရွယ်ရသည့် အကြောင်းရင်းမှာ နှစ်ပိုင်း ရှိပါသည်။ ပထမ အကြောင်းရင်းမှာ MCCT နှင့် လူမှုရေး ပင်စင် အကျိုး ခံစားခွင့်ရရှိသူများမှာ COVID-19 ကပ်ရောဂါ ၏ အသက်မွေးဝမ်းကျောင်းနှင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုး သက်ရောက်မှုများ ကြောင့် ပိုမိုထိခိုက်လွယ် အုပ်စုများ ဖြစ်နေခြင်း ဖြစ်ပါသည်။ ဒုတိယ အကြောင်းရင်းမှာ MCCT နှင့် လူမှုရေး ပင်စင် ဖြန့်ဝေရေး ပလက်ဖောင်း များမှာ ရှိနှင့်ပြီးသား ဖြစ်သည့်အပြင် အလွန်တိုတောင်းသည့် အချိန်ကာလ အတွင်း အသက်ဝင်အောင် လုပ်ဆောင်နိုင်သောကြောင့် ဖြစ်ပါသည်။ ဤ အတွေ့အကြုံမှ အဓိက လေ့လာသင်ယူခဲ့သည့် သင်ခန်းစာမှာ နဂိုရှိနှင့်ပြီးသား ဖြစ်ပြီး ကောင်းစွာ လုပ်ဆောင်နိုင်သည့် ဖြန့်ဝေရေး နည်းလမ်းများမှ တဆင့် လုပ်ကိုင်ရခြင်းမှာ ပိုမို ထိရောက်ပြီး စွမ်းဆောင်ရည် မြင့်မားခြင်း ဖြစ်ပါသည်။

LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးနှင့် DSW တို့ ရင်ဆိုင်ရသည့်အခြား အရေးပါသည့် စိန်ခေါ်မှုမှာ စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ အစီအမံများ ဖြစ်ပါသည်။ နှစ်ဖက်လုံးရှိ စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများမှာ အလွန်ခက်ခဲရှုပ်ထွေးပြီး အဖွဲ့အစည်းတွင်းနှင့် အဖွဲ့အစည်း ပြင်ပ ဆွေးနွေးမှုများတွင် အချိန် နှင့် ကြိုးပမ်းအားထုတ်မှုများစွာ လိုအပ်ပါသည်။ ဤအတွေ့အကြုံမှ ရရှိသည့် အဓိက သင်ခန်းစာမှာ လိုက်လျော ညီထွေဖြစ်ပြီး ပြောင်းလွယ်ပြင်လွယ်ရှိသည့် စီမံခန့်ခွဲမှုအတွက် မြင့်မားသည့် စွမ်းဆောင်ရည် လိုအပ်ကြောင်း ဖြစ်ပါသည်။ နောက်ထပ် သင်ခန်းစာတစ်ခုမှာ စာချုပ်ဆိုင်ရာ ညှိနှိုင်းမှုများ အား အောင်မြင်သည့် အဆုံးသတ်သို့ ရောက်စေရန် နှစ်ဦးနှစ်ဖက်ကြား ဖော်ရွေပျူငှာပြီး ကျွမ်းကျင်ပညာရှင်ဆန်သည့် ဆက်ဆံရေးများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ခြင်း ဖြစ်ပါသည်။ တစ်ဖက်မှလည်း အဆိုပါ ဆက်ဆံ ရေး များမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာအတွင်း ဆောင်ရွက်လာခဲ့သည့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု ပေါ်တွင် တည်ဆောက်ထားသည့် မြင့်မားသော ယုံကြည်မှုဖြင့်သာ ဖြစ်ပေါ်လာသည့် သွင်ပြင်လက္ခဏာ ရှိပါသည်။

FMO နှင့် DSW တို့ ရင်ဆိုင်ရသည့် တတိယမြောက် စိန်ခေါ်မှုမှာ ထောက်ပံ့ကြေးများအား အချိန်နှင့်တပြေးညီ ဖြန့်ဝေပေးနိုင်ခြင်း ရှိမရှိ အတည် ပြုနိုင်ရန်နှင့် လက်ခံရရှိသည့် အိမ်ထောင်စုများအပေါ် အကျိုးသက်ရောက်မှုများကို ဆန်းစစ် အကဲဖြတ်ရန် ထောက်ပံ့ငွေ ပေးအပ်ပြီးနောက် စောင့်ကြည့်စစ်ဆေးသည့် (post-distribution monitoring PDM) ယန္တရားများ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ဆက်နွှယ်နေသည့် စိန်ခေါ်မှုမှာ LIFT ၏ COVID -19 တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများမှ အစိုးရ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် CSO များကဲ့သို့ အခြား လှုပ်ရှားဆောင်ရွက်သူများ အပေါ် မူဝါဒနှင့် စီမံကိန်းလုပ်ငန်းများတွင် မည်သည့်အတိုင်းအတာအထိ လွှမ်းမိုးနိုင်ခဲ့သည်ဆိုသည်ကို ဆန်းစစ် အကဲဖြတ်ခြင်း ဖြစ်ပါသည်။ LIFT သည် အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုများထံ ပေးသည့် ထောက်ပံ့ငွေများအတွက် PDM လုပ်ငန်းစဉ် ဆောင်ရွက်ရန် ဒီဇိုင်းရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ခြင်းတို့တွင် DSW နှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ LIFT ၏ နိုင်ငံတကာနှင့် ပြည်တွင်း M&E အကြံပေးများသည် PDMဆိုင်ရာ ဒီဇိုင်း ရေးဆွဲခြင်း နှင့် DSW ဖြစ်ရပ်စီမံခန့်ခွဲသူများအတွက် အွန်လိုင်း သင်တန်း သင်ခန်းစာများ ရေးဆွဲခြင်းတို့ တွင် DSW ဝန်ထမ်းများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ လူမှုရေးပင်စင် ပေးအပ်ခြင်းအား စောင့်ကြည့်စစ်ဆေးသည့် ယန္တရားများမှာ အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးသဖြင့် လူမှု ကာကွယ်စောင့်ရှောက်ရေး အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုများ အတွက် PDM ယန္တရား အကောင်အထည်ဖော်ခြင်းတွင် စိန်ခေါ်မှုများ ပို၍ များနေပါသည်။

COVID-19 ကပ်ရောဂါဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေး PDM ယန္တရား ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ဝါရင့်တန် တက္ကသိုလ်ပေးအပ်သည့် လူမှုရေးလုပ်ငန်း ပညာ မဟာဘွဲ့ အတွက် ကွင်းဆင်း လေ့ကျင့်မှု ဆောင်ရွက်သည့် DSW ဝန်ထမ်း အမျိုးသမီးမှ LIFT နှင့် အတူ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ DSW မှ COVID-19 ကပ်ရောဂါကြောင့် မူလ ကွင်းဆင်းလုပ်ငန်း လုပ်ကိုင်ရမည့် ကင်ညာနိုင်ငံတွင် ဆက်လက် ကွင်းဆင်းလုပ်ငန်းလုပ်နိုင်ခြင်း မရှိတော့သည့် သင်တန်းသူအား ကြီးကြပ်ပေးရန် LIFTအား ပန်ကြားခဲ့ပါသည်။ LIFT ၏ လူမှုရေးလုပ်ငန်း မဟာဘွဲ့ရရှိထားသည့် မူဝါဒဆိုင်ရာ အထူးကျွမ်းကျင်အရာရှိမှ စစ်တမ်း ဒီဇိုင်း၊





ကွင်းဆင်းစစ်တမ်းကောက်သူများအား သင်တန်းပေးခြင်း နှင့် ကိန်းဂဏန်း အချက်အလက်များ ကောက်ယူခြင်းနှင့် ဆန်းစစ်လေ့လာခြင်းတို့အား ကြီးကြပ်ခြင်း တို့ပါဝင်သည့် ကွင်းဆင်း လုပ်ငန်းကို ကြီးကြပ်ပေးနိုင်ခဲ့ရှိပါသည်။ သင်တန်းသူသည် LIFT နှင့် DSW ကြား ဆက်သွယ်ဆောင်ရွက်ရာတွင်လည်း အရေးပါသည့် အခန်းကဏ္ဍ မှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

LIFT ၏ ထောက်ပံ့ငွေ ပေးအပ်ပြီးနောက် စောင့်ကြည့်စစ်ဆေးသည့် ယန္တရားများ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ နှင့် စပ်လျဉ်းသည့် အတွေ့အကြုံမှ အရေးပါသည့် သင်ခန်းစာ နှစ်ရပ်ပေါ်ပေါက်လာခဲ့ပါသည်။ ပထမ သင်ခန်းစာ မှာ စီမံကိန်းဆောင်ရွက်ချက် ဒီဇိုင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ စတင်ချိန်မှစ၍ စောင့်ကြည့်စစ်ဆေးရန်အတွက် စဉ်းစားရန်မှာ အရေးကြီး ပါသည်။ ဒုတိယ သင်ခန်းစာ မှာ လူမှုရေး ပင်စင်များအတွက် ရေရှည်တည်တံ့မည့် စောင့်ကြည့် စစ်ဆေးရေး ယန္တရား အကောင်အထည်ဖော်ရေးကို အရှိန်အဟုန် မြှင့်တင်ရန် လိုအပ်မှုနှင့် သက်ဆိုင်ပါသည်။ ယင်းကြိုးပမ်းအားထုတ်မှုအား DSW နှင့် ဆောင်ရွက်နေသည့် HelpAge International မှ ၎င်း၏ ထိတ်လန့်တုန်လှုပ်မှု တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရင်း ကူညီပံ့ပိုးပေး နိုင်ပါသည်။ LIFT ၏ M&E အတိုင်ပင်ခံများကလည်း ဤကြိုးပမ်းအားထုတ်မှုကို ကူညီပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်။

ဇွန်လတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အရာရှိ အပါအဝင် မူဝါဒရေးရာဌာနမှ မသန်စွမ်းများအတွက် ထောက်ပံ့ငွေပေးရန် အယူအဆ တင်ပြချက်နှင့် ဘတ်ဂျက်တို့ကို ရေးဆွဲခဲ့ပါသည်။ လွန်ခဲ့သည့် သုံးနှစ်တာ ကာလအတွင်း DSW မှ အကျိုးခံစားခွင့်ရှိသူ ပေါင်း (၁၆၂,၀၀၀) နီးပါး အတွက် တစ်ကြိမ်တည်း ပေးသည့် နှစ်စဉ်ထောက်ပံ့ကြေး ပေးခဲ့ပါသည်။ ရလဒ်အနေဖြင့် DSW မှ မသန်စွမ်းများထံ ရောက်ရှိနိုင်သည့် ဖြန့်ဝေရေး စနစ်ကို ထားရှိနိုင်ခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် မသန်စွမ်းသူပေါင်း (၁၆၂,၀၀၀) ဦးထက် များစွာ ကျော်လွန်နေသဖြင့် အကျိုးခံစားခွင့်ရှိသူများ ဦးတည်ရည်ရွယ်ခြင်းနှင့် စပ်လျဉ်း၍ မေးခွန်းများ ပေါ်ထွက်လာခဲ့ပါသည်။ စိစစ်ရွေးချယ်သည့် အရည်အချင်း သတ်မှတ် ချက်တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိရန်မှာ အရေးကြီးပါသည်။ နောက်ဆုံးတွင် DSW မှ မသန်စွမ်းသူများ အတွက် ထောက်ပံ့ကြေးပေးရန် ဆုံးဖြတ်ခဲ့ပြီး ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများအား ထောက်ပံ့ကြေးပေးရန်အတွက် LIFT ၏ ရင်းမြစ်များအား အလေးထားပေးရန် ပန်ကြားခဲ့ပါသည်။

COVID-19 တုံ့ပြန်ကာကွယ်ရေး ဆောင်ရွက်ချက်များ – စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI)- LIFT မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာနနှင့် COVID-19 တုံ့ပြန်ကာကွယ်ရေး စီမံကိန်းဆောင်ရွက်ချက် လေးခု စတင်လုပ်ဆောင်ခဲ့ပါသည်။ စီမံကိန်းဆောင်ရွက်ချက် နှစ်ခု အား ၂၀၁၇ ခုနှစ်တွင် ရန်ပုံငွေ ဘုတ်အဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာနအတွက် ခွဲဝေသတ်မှတ်ပေးသည့် လက်ကျန် ရန်ပုံငွေများ ဖြင့် ငွေကြေး ပံ့ပိုးပေးခဲ့ခြင်း ဖြစ်ပါသည်။ ခွဲဝေသတ်မှတ်ပေးသည့် စုစုပေါင်း ဘတ်ဂျက်မှာ ကန်ဒေါ်လာ (၄.၁) သန်း ဖြစ်ပါသည်။ ကန်ဒေါ်လာ (၂.၉) သန်းအား REAL DEV မြေယာငှားရမ်းလုပ်ပိုင်ခွင့်ဆိုင်ရာ စီမံချက် အတွက် သတ်မှတ်ပေးခဲ့ပြီး ကန်ဒေါ်လာ (၁.၂) သန်း ကျန်ရှိနေပါသည်။ ဧရာဝတီတိုင်း ဒေသကြီးအတွင်း မျိုးစေ့ ပျိုးခင်း အခြေခံအဆောက်အဦများ ခိုင်မာအားကောင်းစေရေးတွင် အလေးထား အာရုံစိုက်ပြီး လုပ်ငန်းတွင် ပါဝင် ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်း (cash-for-work) စီမံချက် တစ်ခုအား ရွေးချယ်ခဲ့ပါသည်။ စီမံချက် ဘတ်ဂျက် မှာ ကန်ဒေါ်လာ (၉၉၅,၀၀၀) ရှိပြီး ဤအစီရင်ခံစာ၏ စိုက်ပျိုးရေး နှင့် ကျေးလက်စျေးကွက်များ စီမံကိန်း အခန်းတွင် အသေးစိတ် ဖော်ပြထားပါသည်။

ဒုတိယ စီမံချက်မှာ စိုက်မွေးဆည် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှ ငွေကြေးပံ့ပိုးပေးမှုများ ရရှိနိုင်ရန် စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန (Department of Planning DoP) မှ ရန်ပုံငွေ အဆိုပြုလွှာ ရေးသားနိုင်ရေးအတွက် နည်းပညာအကူအညီတောင်းခံသည့် သီးသန့် ပန်ကြားမှု ကို တုံ့ပြန်လက်ခံခြင်း ဖြစ်ပါသည်။ DoP မှ ဤစီမံချက်အား 'စျေးကွက်ချိတ်ဆက်ခြင်း' ဟု ရည်ညွှန်းပြီး ဘတ်ဂျက်မှာ (၂၅၀,၀၀၀) ရှိပါသည်။ LIFT ၏ အခန်းကဏ္ဍမှာ အဆိုပြုလွှာ ရေးသားနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် အနီးကပ်လုပ်ကိုင်နိုင်မည့် နိုင်ငံတကာ စီးပွားရေး လုပ်ငန်းတစ်ခုထံမှ ဝန်ဆောင်မှုများ ရယူပေးရန်ဖြစ်ပါသည်။ လုပ်ငန်းလမ်းညွှန် ရေးသားပြုစုခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း ဝန်ကြီးဌာနမှ အတည်ပြု ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် မူဝါဒရေးရာ ဌာနမှ ဤ စီမံချက်အား စတင်တာဝန်ယူလုပ်ဆောင်နိုင်ရေး အတွက် FAO Investment Centre နှင့် ဆွေးနွေးမှုများ စတင်ခဲ့ပါသည်။

တတိယမြောက် အစီအစဉ်မှာ IFPRI မှ ဆောင်ရွက်သည့် တယ်လီဖုန်းဖြင့် ပြုလုပ်သည့် စစ်တမ်းများအတွက် ငွေကြေး ကူညီပံ့ပိုးခြင်း ဖြစ် ပါသည်။ ကျေးလက်ဒေသ စီးပွါးရေးနှင့် လယ်ယာထုတ်ကုန် ကဏ္ဍအပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါ ၏ ဆိုးကျိုးများ ထင်ရှားလာချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန နှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များမှ ကျေးလက်ဒေသ စီးပွားရေးနှင့် လယ်ယာထုတ်ကုန် ကဏ္ဍအပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါ ၏ ဆိုးကျိုးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် အာဟာရဖွံ့ဖြိုးမှုတို့အား စနစ်တကျ စောင့်ကြည့် စစ်ဆေးရန် လိုအပ်ကြောင်း အလျင်အမြန် သဘောပေါက် လာခဲ့ကြပါသည်။ LIFT မှ ထပ်မံရရှိသည့် ရန်ပုံငွေ ဖြင့် IFPRI သည် ၂၀၂၀ ခုနှစ် ဇွန်လတွင် တယ်လီဖုန်းဖြင့် ပြုလုပ်သည့် စစ်တမ်းများ အများအပြား ပြုလုပ်ခဲ့ပါသည်။ IFPRI သည် တယ်လီဖုန်းဖြင့် ပြုလုပ်သည့် စစ်တမ်း ခြောက်ခု ပြုလုပ် ပြီးစီးခဲ့ပြီး ၂၀၂၀ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း စစ်တမ်း လုပ်ငန်း စာတွဲများနှင့် မူဝါဒဆိုင်ရာ မှတ်စုတွဲများအား ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇူလိုင်လနှင့် နိုဝင်ဘာလတွင် စီမံချက်မှ ဤစစ်တမ်းများမှ တွေ့ရှိချက်များအပေါ် အခြေခံ၍ လစဉ် webinar များကိုလည်း ကျင်းပခဲ့ပါသည်။ အဆိုပါ webinar များအား IFPRI မှ ဦးဆောင်ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်း ဝန်ကြီးဌာန နှင့် အခြား ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ NGO များနှင့် ပုဂ္ဂလိက ကဏ္ဍ တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ webinar များတွင် တက်ရောက်နိုင်ရန် စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးမှု ကဏ္ဍ ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ဝင်များနှင့် အခြား

စိတ်ပါဝင်စားသူများအား ဖိတ်ကြားခဲ့ ပါသည်။ Webinar နှစ်ခုတွင် LIFT ၏ ရန်ပုံငွေ ဒါရိုက်တာအား ပါဝင် ပံ့ပိုးပေးရန် ဖိတ်ကြားခဲ့ပါသည်။
တတိယ အစီအစဉ်မှာ တနိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးရေး ဦးစီးဌာနမှ ကွင်းဆင်း ဆောင်ရွက်ရသည့် စုစုပေါင်း ဝန်ထမ်း ဦးရေ ၇,၅၀၀ အတွက် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ (PPE) များ ဝယ်ယူရန် အတွက် ငွေကြေး အကူအညီ နှင့် သက်ဆိုင်ပါသည်။ PPE တွင် ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်၊ အသားနှင့် ထိစရာမလိုသည့် အနီအောက် ရောင်ခြည်သုံး အဖျားတိုင်း ကိရိယာများ၊ ရာဘာ လက်အိတ်ရှည်များ နှင့် တစ်ခါသုံး လက်အိတ်များ ပါဝင်ပါသည်။ အဆိုပါ ပစ္စည်းများအား နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ ပို့ဆောင်ပြီး ထိုမှတဆင့် နိုင်ငံအနှံ့ရှိ စိုက်ပျိုးရေး ဦးစီးဌာနများသို့ ဆက်လက် ဖြန့်ဖြူးပေးခဲ့ပါသည်။

## အစိုးရနှင့် မူဝါဒ ရေးရာ ပူးပေါင်းဆောင်ရွက်ခြင်း

### မြန်မာနိုင်ငံ၏ စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက် စီမံချက် (AVCD)

AVDC စီမံကိန်း အား LIFT နှင့် USAID တို့မှ ပူးတွဲ ရန်ပုံငွေ ပံ့ပိုးပေးပြီး မီချီဂန် ပြည်နယ် တက္ကသိုလ် (MSU) နှင့် International Food Policy Research Institute (IFPRI) တို့မှ အကောင်အထည်ဖော်လျက် ရှိပါသည်။ စီမံချက်၏ ယေဘူယျ ပန်းတိုင်မှာ အားလုံးပါဝင်သည့် စိုက်ပျိုးရေး ဆိုင်ရာ ကုန်ထုတ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ရန်၊ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များ ပိုမို ကောင်းမွန်စေရန် နှင့် ပိုမို ကောင်းမွန် သည့် မူဝါဒဆိုင်ရာ အထောက်အကူဖြစ်စေသည့် ဂန်းကျင် မှတဆင့် အမျိုးသားများနှင့် အမျိုးသမီးများ ၏ အသက်မွေး ဝမ်းကျောင်းမှုဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်ရန် တို့ဖြစ်ပါသည်။ ယခင်က စီမံချက်မှ စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက်များ၊ အိမ်ထောင်စုနှင့် ရပ်ရွာလူထု အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့နှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စီမံချက်မှ စီမံကိန်းလုပ်ငန်းနယ်ပယ်သုံးခုတွင် အာရုံစိုက်သည့် ပြန်လည်ပြင်ဆင်ထားသော လုပ်ငန်းနယ်ပယ်တွင် နောက်ထပ် နှစ်နှစ်အတွက် ဘတ်ဂျက် ပါဝင်သည့် သက်တမ်းတိုးမှု ရရှိခဲ့ပါသည်။

**စီမံကိန်းလုပ်ငန်းနယ်ပယ် ၁–** ၂၀၂၁ ခုနှစ်အတွင်း ပြည်ထောင်စု အစိုးရအဖွဲ့ နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အသစ်များနှင့် ထိရောက်သည့် မူဝါဒ ရေးရာ ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံဖြစ်သည့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ် ဆန်းစစ်လေ့လာမှု

စီမံချက်မှ ၂၀၂၁ ခုနှစ်တွင် တာဝန်လွှဲပြောင်းရယူရန် မျှော်မှန်းထားသည့် အစိုးရအဖွဲ့သစ် အတွက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ စနစ် မူဝါဒ ဆန်းစစ်လေ့လာမှု စာတမ်း ရေးသားပြုစုခြင်းကို ၂၀၂၀ခုနှစ်အတွင်း အလေးထား အာရုံစိုက်ခဲ့ပါသည်။ ဤစာတမ်းတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုး ရေး ကဏ္ဍမှ ခေါင်းဆောင်သစ်များ အတွက် မူဝါဒဆန်းစစ်လေ့လာမှုနှင့် လက်တွေ့လုပ်ဆောင်နိုင်မည့် ထောက်ခံအကြံပြုချက်များ ပါဝင် ပါသည်။ ၂၀၂၀ ခုနှစ် မတ်လ ၁၈ ရက် နေ့တွင် စီမံချက်မှ LIFT ရန်ပုံငွေ စီမံခန့်ခွဲရေး ရုံးနှင့် ရန်ပုံငွေ ဘုတ်အဖွဲ့တို့နှင့် စာတမ်းမိတ်ဆက်ခြင်းနှင့် တိုင်ပင်ဆွေးနွေး သဘောထားရယူခြင်း အစည်းအဝေးအား ရန်ကုန်တွင် ကျင်းပခဲ့ပြီး ဆန်းစစ်လေ့လာမှု စာတမ်းတွင် ပဋိပက္ခဒဏ် ခံ ဒေသများတွင် စိုက်ပျိုးရေးကဏ္ဍအား ထည့်သွင်းနိုင်ရန် လမ်းညွှန်ပေးထားပါသည်။

လုပ်ငန်းနယ်ပယ်–၁ အကောင်အထည်ဖော်ရာတွင် COVIS–19 ကပ်ရောဂါဘေးကြောင့် နှောင့်နှေးခဲ့ပါသည်။ သို့သော်လည်း ကနဦး စာတမ်း မူကြမ်းအား ၂၀၂၁ ခုနှစ် အစောပိုင်းတွင် ပြီးစီးနိုင်ခဲ့ပြီး LIFT ၏ တာဝန်ခံ အရာရှိများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာရှိများ၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင်များ၊ ပုဂ္ဂလိက ကဏ္ဍနှင့် NGO မှ လုပ်ရှားဆောင်ရွက်သူများထံ သုံးသပ်ချက်များနှင့် မှတ်ချက်များ ပေးနိုင်ရန်အတွက် ပေးပို့ခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် လွှတ်တော်အသစ် စတင်ချိန် အစောပိုင်းကာလတွင် အချိန်မီ တင်ပြနိုင်ရန် အတွက် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသည့် ဤစာတမ်းအား ၂၀၂၁ ခုနှစ်မတ်လကုန်တွင် အပြီးသတ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ပေးပို့ရန် စီစဉ်ထားပါသည်။

**စီမံချက်လုပ်ငန်းနယ်ပယ် ၂–** စိုက်ပျိုးရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ပင်မစီမံချက်အတွက် ကြိုတင် ပြင်ဆင်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန မှ မြန်မာ့ တောင်သူများနှင့် စိုက်ပျိုးစီးပွားလုပ်ငန်းများ အနေဖြင့် ရာသီဥတုနှင့် သဟဇာတဖြစ်ရန်လိုသည့် နည်းပညာများအား လက်လှမ်းမီရရှိစေနိုင်ရန်နှင့် အာဟာရ ဖွံ့ဖြိုးမှု အရည်အသွေး မြင့်မားသည် တန်ဖိုးမြှင့် စီးပွားရေး လုပ်ငန်းများ အတွက် ဈေးကွက်သစ် အခွင့်အလမ်းများ ရရှိအောင် တုံ့ပြန်ဆောင်ရွက်ရန်တို့အတွက် စိုက်ပျိုးရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ပင်မ စီမံချက်တစ်ခု လိုအပ်နေမှုကို အသိအမှတ်ပြုပါသည်။ AVCD စီမံချက်သည် ပင်မစီမံချက် ရေးသား ပြုစုရေးအတွက် ကူညီပံ့ပိုးပေးရန် ၂၀၁၈ ခုနှစ်ကတည်းက စိုက်ပျိုးရေး သုတေသန ဦးစီးဌာန (Department of Agriculture Research) နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း စီမံချက်မှ အထူးသဖြင့် DAR ၏ စိုက်ပျိုးရေးသုတေသနစွမ်းရည် တည်ဆောက်ခြင်းတွင် အလေးထား အာရုံစိုက်သည့် အမျိုးသားအဆင့် အနှစ် ၂၀ စီမံကိန်း ရေးဆွဲလျက်ရှိသည့် DAR ၏ လုပ်ငန်းအဖွဲ့ (၇) ဖွဲ့အား နည်းပညာ အကူအညီပေးရန် နိုင်ငံခြားသား အကြံပေး တစ်ဦး ပံ့ပိုးပေးခဲ့ပါသည်။ COVID–19 ကမ္ဘာ့ကပ်ရောဂါကြောင့် လုပ်ငန်းအဖွဲ့များနှင့် ပင်မစီမံချက် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီတို့ အနေဖြင့် ပြီးစီးမည့်ရက်စွဲအား ၂၀၂၁ ခုနှစ် မေလအထိ ရွှေ့ဆိုင်းခဲ့ကြရပါသည်။ စီမံချက်မှ စိုက်ပျိုးရေး သုတေသနစနစ်အတွက် ဖွဲ့စည်း တည်ဆောက်ပုံ ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး မူကြမ်း ကို ရေးသားပြီးစီးခဲ့ပြီး စိုက်မွေးဆည် ဝန်ကြီးဌာန





အကြီးအကဲများအားလုံးမှ သုံးသပ်ချက် နှင့် ဖြည့်စွက် ဆွေးနွေးချက်များပေးနိုင်ရန် ဖြန့်ဝေထားပြီး ဖြစ်ပါသည်။

**စီမံကိန်းလုပ်ငန်းနယ်ပယ် ၃–** ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့မှ ဆောင်ရွက်မည့် မူဝါဒ ရေးရာ သုတေသနနှင့် ဆန်းစစ်လေ့လာမှုတို့အတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအတွင်း စိုက်ပျိုးရေး သုတေသနနှင့် လက်တွေ့ အသုံးချမူဝါဒ ရေးရာ သုတေသန ဆိုင်ရာ စွမ်းဆောင်ရည်မှာ အနည်းငယ်သာရှိပြီး ပြည့်စုံမှုမရှိပါ။ စွမ်းဆောင်ရည်အတန်အသင့်ရှိသည့် ဌာနများမှာ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ရှိ စိုက်ပျိုးစီးပွားပညာ ဌာန နှင့် DoP လက်အောက်ရှိ အတွေ့အကြုံနည်းသေးသည့် စိုက်ပျိုးရေး မူဝါဒ ဌာန တို့ ဖြစ်ပါသည်။ အဆိုပါ ဌာနနှစ်ခုအပြင် DoA နှင့် DAR တို့တွင်လည်း စိုက်ပျိုးစီးပွားပညာဘွဲ့ရ အနည်းငယ် ရှိပါသည်။ ဤ စီမံကိန်းလုပ်ငန်း နယ်ပယ်သည် နိုင်ငံရေး စက်ဝန်းတွင် နောက်ကျနေသည့် အကြီးစား ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အပြောင်းအလဲများ ဖြစ်စေရန် တွန်းအားပေးခြင်းထက် ဆုံးဖြတ်ချက်ချသူများ ထံမှ အထောက်အထားအခြေခံ အကြံဉာဏ်များ ပိုမိုတိုးတက် တောင်းဆိုနိုင်စေမည့် ရှင်းလင်းတိကျသည့် မူဝါဒဆိုင်ရာ (သို့) ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဆိုင်ရာ ထောက်ခံအကြံပြုချက်များ ရေးသားပြုစုတင်ပြနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဆန်းစစ်သုံးသပ်သူများ၏ စွမ်းဆောင်ရည် ခိုင်မာ အားကောင်း စေရန်အတွက် အာရုံစိုက်လုပ်ဆောင်ပါသည်။ ဤလုပ်ငန်းနယ်ပယ်ရှိ မြေယာ မူဝါဒ/မြေယာ စီမံအုပ်ချုပ်ရေး နှင့် အာဟာရ ဖွံ့ဖြိုးမှု နယ်ပယ်များတွင် ဥရောပသမဂ္ဂမှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် အကြံပေးပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ လုပ်ငန်းနယ်ပယ်မှ ဆန်းစစ်သုံးသပ်သူများ၏ ကွန်ရက်အား ခိုင်မာအားကောင်းစေပြီး သင်ကြားရေးနှင့် သုတေသန အရည်အသွေးများကို ပိုမိုကောင်းမွန်စေပါသည်။

COVID–19 ကမ္ဘာ့ကပ်ရောဂါ မဖြစ်ပွားမီ အချိန်တွင် စီမံချက် ဝန်ထမ်းများသည် ၂၀၂၀ခုနှစ်အတွက် ကြိုတင်စီစဉ်ရေးဆွဲထားသည့် ပညာသင် ကာလ နှစ်ခု၌ တစ်ခုတွင် သင်ခန်းစာများ ဒီဇိုင်းရေးဆွဲပြီး သင်ကြားပေးနိုင်ခဲ့ပါသည်။ စီမံချက်မှ ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် ပြန်လည် ဖွင့်လှစ်နိုင်မည်ဟု ယူဆလျက် ဒီဇင်ဘာလအတွင်း ဒုတိယပညာသင်ကာလကို စတင်နိုင်ရန် နှင့် LIFT မှ သဘောတူခွင့်ပြုခဲ့သည့် ထပ်တိုး ရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးရိက္ခာ စနစ်များနှင့် ကျေးလက်စီးပွားရေးတို့အပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှုများ နှင့် စပ်လျဉ်းသည့် စစ်တမ်း ရလဒ်များနှင့် ဆန်းစစ်လေ့လာမှုတို့အား ထည့်သွင်းပို့ချနိုင်ရန် ရည်မှန်းထားခဲ့ပါသည်။ သို့ဖြင့် ဘွဲ့ရများ အနေဖြင့် COVID–19 ကာလအလွန် စိုက်ပျိုးရိက္ခာ စနစ်များတွင် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းမှ အလုပ်အကိုင် ခန့်ထားသူများ အား အကူအညီပေးရန် ပိုမိုကောင်းမွန်သည့် အရည်အချင်းများ ပြည့်စုံစေမည် ဖြစ်ပါသည်။

**၂၀၁၉ ခုနှစ်အတွင်းက ကောက်ယူခဲ့သည့် ကိန်းဂဏန်း အချက်အလက်များ အသုံးပြု၍ သုတေသန အစီရင်ခံစာများ အပြီးသတ်ခြင်းနှင့် ကိန်းဂဏန်း အချက်အလက်များအား ထုတ်ဝေခြင်း**

စီမံချက် တာဝန်ရှိသူများသည် ၂၀၁၉ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း နောက်ဆုံး သုတေသန အစီရင်ခံစာ နှစ်စောင်ကို အပြီးသတ်နိုင်ခဲ့ပါသည်။ သုတေသနသည် (၁) ရှမ်းပြည်နယ် တောင်ပိုင်းတွင် ပြောင်းနှင့် ပဲစဉ်းငုံတို့ စိုက်ပျိုးထုတ်လုပ်ခြင်း နှင့် (၂) မွေးမြူရေးကဏ္ဍ (ကြက်/ဘဲနှင့် ဝက်) အား မြို့ပြရှိ ဈေးကွက်များနှင့် ချိတ်ဆက်ခြင်း တို့တွင် အလေးထား လုပ်ဆောင်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း Harvard Dataverse တွင် အများပြည်သူ လေ့လာနိုင်ရန် ကိန်းဂဏန်း အချက်အလက် (၁၇) စုံ လွှင့်တင်ထားပါသည်။

AVCD စီမံကိန်း ဆိုင်ရာ အချက်အလက်များအား ဤ အစီရင်ခံစာ၏ နောက်ဆက်တွဲ ဖ – မူဝါဒ ရေးရာ ပူးပေါင်းဆောင်ရွက်မှု တွင် ဖော်ပြ ထားပါသည်။

### စွန့်လွှတ်မြေ ပြန်လည်ချထားရေးနှင့် ဒေသဖွံ့ဖြိုး ရေးစီမံကိန်း အသုံးပြုခြင်း မရှိသည့် မြေလွတ် မြေလပ်မြေရိုင်းများကို ပြန်လည်နေရာချထားခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (REAL DEV)

REAL DEV မြေယာ စီမံကိန်း အကောင်အထည်ဖော်ခြင်းလုပ်ငန်းမှာ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့ပါသည်။ စီမံချက်အား ပေါင်းစည်းလုပ်အား အကူအညီပေးရေး အဖွဲ့ (NAG) ၊ မြေယာမဏ္ဍိုင်အဖွဲ့ (LCG) နှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဗဟိုဌာန (CDE) အဖွဲ့သုံးဖွဲ့ ပေါင်းစည်းထားသည့် အဖွဲ့အစည်းမှ အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ ပြည်တွင်း NGO ဖြစ်သည့် NAG သည် အဖွဲ့အစည်း၏ ဦးဆောင်အဖွဲ့ ဖြစ်ပြီး LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းလည်း ဖြစ်ပါသည်။ ယင်းတို့တွင် အသက် မွေးဝမ်းကျောင်းမှု၊ စိုက်ပျိုးရေး၊ ရာသီဥတု ပြောင်းလဲမှု၊ ကောက်ပဲသီးနှံ တန်ဖိုးမြှင့်ကွင်းဆက်များ မြှင့်တင်ခြင်းအပြင် ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်း စီမံခန့်ခွဲမှုတို့တွင် စီမံကိန်း အကောင်အထည်ဖော်သည့် လုပ်ငန်းအား ကောင်းမွန်စွာ လုပ်ဆောင်နိုင်သည့် မှတ်တမ်းရှိပါသည်။ REAL DEV စီမံကိန်းတွင် NAG ၏ အခန်းကဏ္ဍမှာ စီမံကိန်း၏ မြေယာ ငှားရမ်းလုပ်ကိုင်ခွင့်ဆိုင်ရာ အစိတ်အပိုင်းတွင် ဦးဆောင်သည့် LCG နှင့် CDE တို့နှင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်သည့်အဆင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းတွင် ပေါင်းစပ်ညှိနှိုင်းပေးရသည့် တာဝန်ဖြစ်ပါသည်။ NAG သည် စီမံကိန်း၏ စိုက်ပျိုးရေး ဆိုင်ရာ အစိတ်အပိုင်းအား အကောင်အထည်ဖော်ခြင်းလုပ်ငန်းတွင် အပြည့်အဝ တာဝန်ယူ ထားပါသည်။ LCG သည် LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်း ဖြစ်ပြီး မြန်မာနိုင်ငံ၏ မြေယာ စီမံအုပ်ချုပ်ရေး ဆိုင်ရာ ပြုပြင် ပြောင်းလဲမှု အတွက် ကူညီပံ့ပိုးပေးရာတွင် ပြည်တွင်း ဦးဆောင်မှု ပေးသည့် ကဏ္ဍမှလည်း ပါဝင်ပါသည်။ CDE သည် ဆွစ်ဇာလန် နိုင်ငံ ဘာန်း တက္ကသိုလ်၏ ဘာသာရပ်ပေါင်းစုံပါဝင်သည့် အဆင့်မြင့် သုတေသန ဌာန ဖြစ်ပါသည်။ CDE တွင် မြေယာ ဧရိယာဆိုင်ရာ ကိန်းဂဏန်း အချက်အလက် စီမံခန့်ခွဲမှုနှင့် သတ်မှတ်ထားသည့် ဧရိယာ တစ်ခုအတွင်း မြေနယ်နမိတ်များနှင့် ပိုင်ဆိုင်မှုတို့ကို ဖော်ပြသည့် မြေပုံ ရေးဆွဲ ခြင်းတို့တွင် ခိုင်မာ အားကောင်းသည့် နည်းပညာ နှင့် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်

မှုများ ရှိပါသည်။ CDE သည် စိုက်ပျိုးမွေးမြူရေးနှင့် မိတ်ဖက်ပြု၍ OneMap Myanmar စီမံချက်အောက်၌ အမျိုးသား မြေယာသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် တည်ထောင် နိုင်ရန် အကူအညီ ပေးလျက် ရှိပါသည်။ စီမံကိန်း စတင်သည့် ကနဦး ခြောက်လတာကာလသည် ၂၀၂၀ ခုနှစ် မတ်လတွင် ပြီးဆုံးပါသည်။ ထို့နောက် COVID-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသော်လည်း စီမံကိန်း အကောင်အထည်ဖော်ခြင်း ပထမနှစ်ကို စတင်ခဲ့ပါသည်။

စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်သည့် ပထမနှစ်အတွင်း စီမံကိန်းမှ ဝန်ထမ်းခန့်ထားခြင်းနှင့် LIFT FMO ၏ ကူညီပံ့ပိုးမှုဖြင့် MEAL ကဏ္ဍအား အပြီးသတ်ခဲ့ပါသည်။ REAL DEV ကွင်းဆင်းရုံးအဖွဲ့ကို မကွေးမြို့တွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးဝင်းအတွင်း၌ ရုံးခန်း ဖွင့်လှစ်ခဲ့ ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း စီမံကိန်း အဖွဲ့မှ အောက်ပါ စီမံကိန်း လုပ်ငန်းများအား ပြီးစီးခဲ့ပါသည် –

စီမံကိန်းမှ တာဝန်ရှိသူများသည် ကျေးရွာ (၁၅) ရွာတွင် တိုင်ပင်ဆွေးနွေးသဘောထားရယူသည့် အစည်းအဝေးများ စီစဉ်ကျင်းပခဲ့ပြီး ထိုအစည်း အဝေးများတွင် အမျိုးသမီး ၄၁ ရာခိုင်နှုန်းနှင့် လူနည်းစု တိုင်းရင်းသား အုပ်စု ၆.၅ ရာခိုင်နှုန်း ပါဝင်သည့် ကျေးရွာသူ ကျေးရွာသား (၉၇၁) ဦး တက်ရောက်ခဲ့ ပါသည်။ မကွေးတိုင်းဒေသကြီးရှိ အဓိက အရပ်ဘက် လူမှုအဖွဲ့အစည်း များနှင့် တိုင်ပင်ဆွေးနွေး သဘောထားရယူသည့် အစည်းအဝေး သုံးကြိမ် ကျင်းပခဲ့ပါသည်။ အဆိုပါ တိုင်ပင်ဆွေးနွေးသဘောထားရယူသည့် အစည်းအဝေးများတွင် CSO အဖွဲ့ (၁၀) ဖွဲ့မှ ကိုယ်စားလှယ်များ တက် ရောက် ခဲ့ပြီး ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအား ထုတ်ဖော်ခဲ့ကြပြီး မြေယာ ပြန်လည်ခွဲဝေချထားခြင်းဆိုင်ရာ လုပ်ငန်းစဉ် နှင့် စပ်လျဉ်း၍ အကြံဉာဏ် များ ပေးခဲ့ပါသည်။ အမျိုးသမီး (၆) ဦးအပါအဝင် စုစုပေါင်း (၃၆) ဦးတို့မှ တိုင်ပင်ဆွေးနွေးသဘောထားရယူသည့် အလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင် တက်ရောက်ခဲ့ကြပါသည်။ အရေးပေါ် ဦးဆောင် ကော်မတီ အစည်းအဝေး နှစ်ကြိမ်အား မကွေးတိုင်း ဒေသကြီး စိုက်ပျိုးရေးဝန်ကြီးက ဦးဆောင်ကျင်းပ ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ မြေယာနှင့်ဆိုင်သည့် ဥပဒေ များ နှင့် မူဝါဒများ အား စနစ်တကျ ပြန်လည်သုံးသပ်မှု အပြီးသတ်ခဲ့ပါသည်။ ဤသုံးသပ်မှုတွင် လက်ရှိ မူဝါဒများနှင့် ဥပဒေများဆိုင်ရာ အခြေအနေနှင့် မြေယာ ပြန်လည်ခွဲဝေချထားရေး လုပ်ငန်းစဉ်မှ ဖော်ထုတ်ခဲ့သည်များအား ထည့်သွင်း စဉ်းစား ခဲ့ပါသည်။

မြေယာ ပြန်လည်ခွဲဝေချထားရေးဆိုင်ရာ လမ်းညွှန်များ အား ဝန်ကြီးချုပ်မှသည် ကျေးရွာသူကြီး/ခေါင်းဆောင်များအထိ အမျိုးမျိုးကွဲပြားသည့် မတူညီသော အစိုးရဌာနဆိုင်ရာ အဆင့်များ ပါဝင်တက်ရောက်သည့် ပတ်သက်ဆက်နွယ်သူများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့ပါသည်။ ထပ်မံ ဆွေးနွေးတိုင်ပင် သဘောထားရယူခြင်းများ ဆောင်ရွက်ပြီးနောက် လုပ်ငန်းလမ်းညွှန်များအား ပြန်လည် မွမ်းမံမည် ဖြစ်ပါသည်။

မြေယာ အသုံးချခြင်းနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရန်နှင့် ဆန်းစစ်လေ့လာရန် အပလီကေးရှင်း သုံးခု ဖန်တီးခဲ့ပြီး ကွင်းဆင်းဆောင်ရွက်ရာတွင် စမ်းသပ် အသုံးပြုခဲ့ပါသည်။ အပလီကေးရှင်းများတွင် ကွင်းဆင်း အချက်အလက် ကောက်ယူခြင်း၊ မြေကွက် အသေးစိတ် မြေပုံတိုင်းတာခြင်း နှင့် ဒရုန်းများ ပျံသန်းနိုင်မည့် အစီအစဉ်များ ပါဝင်ပါသည်။

စိုက်ပျိုးမြေယာအသုံးချမှု နှင့် မြေယာ ပြန်လည်တောင်းဆိုမှုများ ဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ အား စနစ်တကျ ကောက်ယူခဲ့ပြီး မြေယာပြန်လည်တောင်းဆိုမှု ဆိုင်ရာ ကနဦး ဆန်းစစ်လေ့လာမှုကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းအား ကွင်းမြေပုံတိုင်းတာခြင်း ပြီးစီးသည့်အခါ အတည်ပြုမည် ဖြစ်ပါသည်။

မြေယာတည်ရှိမှု နှင့် မြေယာအသုံးချမှု (LULC) ဆိုင်ရာ ကနဦး ဆန်းစစ်လေ့လာမှုအား GIS နှင့် အဝေးမှ အာရုံခံစနစ်ဖြင့် တိုင်းတာခြင်း (remote sensing) တို့ကို အသုံးပြု ၍ ၁၉၉၀ မှ ၂၀၂၀ ခုနှစ် အတွင်း ဆောင်ရွက် ခဲ့ပါသည်။

ရှိဆဲ စိုက်ပျိုးမွေးမြူရေး မြေနှင့် သိမ်းဆည်းဧရိယာရှိ မြေယာ ပြန်လည် တောင်းခံခြင်းများကိုလည်း ဆန်းစစ်သုံးသပ်ခဲ့ပါသည်။ ကိန်းဂဏန်း အချက်အလက်များဖြင့် အခြားမြို့နယ်ဖြစ်သည့် ငါးဖယ် မြို့နယ်မှ တောင်သူများလည်း မြေယာအချို့ကို ပြန်လည်တောင်းခံခဲ့ပါသည်။ အိမ်ထောင်စု စုစုပေါင်း (၆၇၆) စုမှ သိမ်းဆည်း ဧရိယာအတွင်း မြေယာငှားရမ်းလုပ်ကိုင်ခွင့်ကို တောင်းဆိုခဲ့ပါသည်။ သိမ်းဆည်းဧရိယာ အတွင်းရှိ အိမ်ထောင်စု စုစုပေါင်း (၁၅၄) စုတို့မှ ပုံစံ (၇) ရရှိပြီး ဖြစ်သည့် လွှမ်းခြုံမှုမှာ ၁,၀၀၂ ဧက ဖြစ်ပါသည်။ ကိန်းဂဏန်း အချက်အလက်များမှ တောင်သူ (၁၂၂) ဦး မှာ သိမ်းဆည်း ဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်နေပြီး ဖြစ်ပါသည်။

စီမံချက်သည် ကျေးရွာအဆင့် မြေယာ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (၁၂)ဖွဲ့အား ဖွဲ့စည်းခဲ့ပါသည်။

တိုင်တန်းမှုများနှင့် အကျိုးခံစားခွင့်ရှိသူများမှ တုံ့ပြန်မှတ်ချက်ပေးသည့် နည်းစနစ်ကို ထူထောင်ခဲ့ပြီး အငြင်းပွားမှု စီမံခန့်ခွဲရေးဆိုင်ရာ အခြေခံ မူများကိုလည်း သတ်မှတ် ပြဋ္ဌာန်းခဲ့ပါသည်။

LIFT ၏FMO မှ COVID-19 ကပ်ရောဂါ ဒုတိယလှိုင်းမစတင်မီအချိန် ဩဂုတ်လအတွင်း REAL DEV စီမံကိန်း အား စောင့်ကြည့်စစ်ဆေးရန် စီမံကိန်းလုပ်ငန်းနေရာသို့ ကွင်းဆင်းသွားရောက် ခဲ့ပါသည်။ FMO ဝန်ထမ်းများသည် စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆင့်မြင့် အစိုးရ အရာရှိ များနှင့်အတူ ဩဂုတ်လ ၁၈ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပသည့် စီမံကိန်းနောက်ဆုံးအခြေအနေများ တင်ပြဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ကြပါသည်။ ဤ အလုပ်ရုံဆွေးနွေးပွဲ နှင့် စိုက်မွေးဆည်ဝန်ကြီးဌာနနှင့် ကျင်းပသည့် virtual အစည်းအဝေးများ၏ ရလဒ်အဖြစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ (VFV) လုပ်ကိုင်ခွင့်/အသုံးပြုခွင့် ခွင့်ပြုမိန့် (ပုံစံ–၁၁) အား REAL DEV ၏ မြေယာ ပြန်လည် ခွဲဝေချထားရေး လုပ်ငန်းစဉ်အတွက် ကနဦး အနေဖြင့်





ထုတ်ပေးခဲ့ပါသည်။ လယ်ယာမြေလုပ်ပိုင်ခွင့် အသိအမှတ်ပြုလက်မှတ် (ပုံစံ–၇) အား စိုက်ပျိုး ရာသီတစ်ခုပြီးနောက် ထုတ်ပေးခြင်းဖြင့် VFV မြေများ၏ အဆင့်အတန်းကို လယ်ယာမြေ အဖြစ် ပြောင်းလဲပေးမည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ခြင်းအတွက် (ပုံစံ–၁၁) အား အသုံးပြုရန် သဘောတူညီထားသော်လည်း တောင်သူ (၁၀၀) ဦးခန့်က (ပုံစံ–၇) ရရှိပြီး ဖြစ်သဖြင့် REAL DEV စီမံကိန်းနေရာရှိ မြေများသည် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ အမျိုးအစားထက် လယ်ယာမြေ အမျိုးအစားတွင် ပါဝင်နေခြင်း ရှိ၊ မရှိမှာ ရှင်းလင်းပြတ်သားမှု မရှိကြောင်း စီမံကိန်း၏ တာဝန်ရှိသူများမှ အကြံပြုခဲ့ပါသည်။

စီမံကိန်း အကောင်အထည်ဖော်ခြင်းလုပ်ငန်း ပထမနှစ်အတွင်း REAL DEV စီမံကိန်း တာဝန်ရှိသူများမှ ၎င်းတို့တွေ့ကြုံရသည့် အဓိက စိန်ခေါ်မှုမှာ စီမံကိန်း တစ်ခွင်ရှိ ဌာနအမျိုးမျိုးတို့တွင် စီမံကိန်းနှင့် ပတ်သက်၍ တစိုက်မတ်မတ်ဆောင်ရွက်မှုများမှာ ဌာနတစ်ခုနှင့် တစ်ခု မတူညီကြခြင်း ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။ ဥပမာအားဖြင့် အောက်ခြေကွင်းဆင်းအဆင့် မြေပုံထုတ်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းများအတွက် ခွင့်ပြုပေးခြင်း မရှိသေးပါ။ LIFT FMO သည် မြေပုံထုတ်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ရရှိရန် ပြည်ထောင်စု အဆင့် အရာရှိများနှင့် ညှိနှိုင်းဆောင်ရွက်သည့် အခန်းကဏ္ဍမှ တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။

စိုက်မွေးဆည် ဝန်ကြီးဌာနအတွင်း လူပ်ရှားပြောင်းလဲမှုအားများနှင့် ဌာနအချင်းချင်း ဆက်ဆံရေးများအား ပိုမိုအားစိုက်သည့် ကနဦး ဆန်းစစ်လေ့လာမှု လုပ်ဆောင်ရန် ဤဖြစ်စဉ်မှ ညွှန်ပြနေပါသည်။ LIFT အနေဖြင့် စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် စိုက်မွေးဆည် ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် DoP တို့မှ အပြည့်အဝ ထောက်ခံချက်ရရှိမှ လုံလောက်မည် ဖြစ်ကြောင်း ယူဆထားပါသည်။ စီမံကိန်းမှ ရရှိသည့် အရေးကြီးသင်ခန်းစာ တစ်ခုမှာ FMO အနေဖြင့် REAL DEV စီမံချက်အား ဒီဇိုင်းရေးဆွဲနေသည့်အချိန်တွင်ဝန်ကြီးဌာန အတွင်းအဖွဲ့အစည်း ဆိုင်ရာ လူပ်ရှားပြောင်းလဲမှုအားများကို ပိုမို ထည့်သွင်းစဉ်းစားခြင်းဖြင့် လုပ်ငန်းစဉ်များ နှင့် ကတိပြုပြီးဖြစ်သည့် လုပ်ငန်း များအား ပိုမို နားလည်သဘောပေါက်နိုင်မည် ဖြစ်ပါသည်။

REAL–DEV စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များအား ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ ၆– မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တွင် ဖော်ပြထားပါသည်။

**စောင့်ကြည့်စစ်ဆေးခြင်း နှင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်း ယန္တရား (MADM)**

REAL DEV စီမံကိန်း အတွက် အဆိုပြုလွှာများ ဖိတ်ခေါ်နေချိန်အတွင်း အဖွဲ့အစည်းအများအပြားတို့မှ LIFT အားဆက်သွယ်ပြီး REAL DEV စီမံကိန်းနှင့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်း ဥပဒေ ကြား ဆက်နွယ်မှုနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအား အသိပေးခဲ့ကြပါသည်။ ယင်းကိစ္စရပ် နှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ရာတွင် LIFT မှ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး သဘောထားရယူသည့် အစည်းအဝေး အများအပြားနှင့် မည်သူမဆို ပါဝင်တက်ရောက်နိုင်သော တိုင်ပင်ဆွေးနွေး သဘောထား ရယူသည့် အစည်းအဝေးတစ်ခုကို ကျင်းပခဲ့ပါသည်။ တိုင်ပင်ဆွေးနွေး သဘောထား ရယူခြင်း များမှ ထွက်ပေါ်လာသည့် အဓိက ထောက်ခံ အကြံပြုချက်များထဲမှ အဓိက အချက်မှာ REAL DEV ၏ မြေယာငှားရမ်းမှု အစိတ်အပိုင်း အား စောင့်ကြည့်စစ်ဆေးရန်နှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းအား မှတ်တမ်းတင် ထိန်းသိမ်းရန် ပြင်ပမှ လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်နှင့် ဆောင်ရွက်ရမည့် ကိစ္စနှင့် သက်ဆိုင်ပါသည်။ ရလဒ်အနေဖြင့် LIFT မှ REAL DEV စီမံကိန်းစတင်ဆောင်ရွက်သည့် အဆင့်အတွင်းတွင် စောင့်ကြည့်စစ်ဆေးခြင်း နှင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်း ယန္တရား (MADM) ကိုဖော်ဆောင်ခဲ့ပါသည်။ MADM သည် LIFT ၏ M&E လုပ်ငန်းစဉ်အတွက် ဆောင်ရွက်မြဲ MEAL အစီအစဉ် ကို ထပ်မံအားဖြည့်ပေးရန် ဒီဇိုင်း ရေးဆွဲထားသည့် ဆန်းသစ်တီထွင်သည့် ချဉ်းကပ်နည်းလမ်း ဖြစ်ပါသည်။ အတိအကျဆိုရလျှင် REAL DEV မှ တာဝန်ရှိသူများ က တိုင်းတာ စစ်ဆေးခြင်း အစီအစဉ်နှင့် စီမံကိန်း ညွှန်းကိန်းများ ဆိုင်ရာ M&E လုပ်ငန်းတာဝန်များ အတွက် တာဝန်ရှိပြီး MADM သည် မြေယာ ငှားရမ်း လုပ်ကိုင်ခွင့် ဆိုင်ရာ အစိတ်အပိုင်းအား အကောင်အထည်ဖော်နေချိန်အတွင်း စီမံကိန်း၏ အဓိက မူ/အခြေခံ သဘောတရားများအား မည်သည့်အတိုင်းအတာအထိ လိုက်နာကြောင်း ဆန်းစစ်အကဲဖြတ် အစီရင်ခံတင်ပြမည် ဖြစ်ပါသည်။ မြေယာငှားရမ်းလုပ်ကိုင်ခွင့်ဆိုင်ရာ အစိတ်အပိုင်းတွင် သတ်မှတ်ထားသည့် အခြေခံသဘောတရားများမှာ ၁) အားလုံးပါဝင်ပြီးကိုယ်တိုင်ပါဝင်ဆောင်ရွက်ကာ ရိုးရှင်းမြန်ဆန်သည့် လုပ်ငန်းစဉ်များ ၊ ၂) ပဋိပက္ခ အလေးထားမှု (မည်သူ့ကိုမျှမထိခိုက်စေရ)၊ ၃) ပွင့်လင်းမြင်သာမှု ၄) ကျား၊မ ရေးရာ အလေးထားမှု နှင့် ၅) ဆင်းရဲ နွမ်းပါးသူများအား ဦးစားပေးမှု တို့ ဖြစ်ပါသည်။

ဤ လုပ်ငန်းအတွက် မြန်မာနိုင်ငံတွင် ဆယ်စုနှစ် တစ်ခုကျော် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ပြင်သစ်နိုင်ငံမှ INGO ဖြစ်သည့် GRET နှင့် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ၎င်းတို့တွင် လုပ်ငန်း ကောင်းမွန်စွာ ဆောင်ရွက်သည့် မှတ်တမ်း ရှိသည့်အပြင် အသက်မွေးဝမ်းကျောင်းမှု၊ စိုက်ပျိုး ရေးနှင့် မြေယာငှားရမ်းလုပ်ကိုင်ခွင့် ခိုင်မာအားကောင်းစေရေးတို့တွင် LIFT နှင့် ကာလရှည်ကြာ လုပ်ငန်း ဆက်ဆံရေး ရှိပါသည်။ GRET သည် REAL DEV စီမံကိန်း၏ လုပ်ငန်းစီမံချက်ဆိုင်ရာ မှတ်တမ်းများအား သုံးသပ်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဩဂုတ် တွင် မကွေးနှင့် မင်းလှမြို့နယ် သို့ ပထမဆုံး ကွင်းဆင်းခရီးစဉ် သွားရောက်ခဲ့ကာ သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများ နှင့် တွေ့ဆုံခဲ့ပြီး အကောင်အထည်ဖော်ရေး လုပ်ငန်း ဆိုင်ရာ စိန်ခေါ်မှုများအား မှတ်တမ်းတင်ခဲ့ပါသည်။ GRET သည် ဆက်သွယ်ဆောင်ရွက်ရေး မဟာဗျူဟာများ ပိုမိုတိုးတက် ကောင်းမွန်စေရေး၊ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်းအပြင် မြေယာ ငှားရမ်းလုပ်ကိုင်ခွင့်ဆိုင်ရာ အစိတ်အပိုင်းနှင့် ဆိုင်သည့် ပင်မ အခြေခံသဘောတရားများနှင့်အညီ အစိုးရ ဌာနများ၊ CSO များ နှင့် ရပ်ရွာလူထုများ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဆိုင်ရာ ထောက်ခံ အကြံပြုချက်များ ပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း REAL DEV အဖွဲ့အစည်းဝင်များ သည် စီမံချက်ဘတ်ဂျက် အချို့အား မကွေး၌ COVID-19 ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ အတွက် ကူညီပံ့ပိုးပေးရန် ပြောင်းလဲသတ်မှတ်

ပေးခဲ့ပါသည်။ စီမံကိန်းမှ မြို့နယ် (၇) မြို့နယ်ရှိ ယာယီ အသွားအလာ ကန့်သတ်စောင့်ကြည့်သည့်နေရာ (Quarantine Centres) (၇၆) ခုအတွက် ကူညီပံ့ပိုးပေးခဲ့ပြီး အိမ်ထောင်စု (၃,၀၀၀) ကျော် (အမျိုးသမီး ၆၀ %) တို့ အကျိုးခံစားခွင့်ရရှိခဲ့ပါသည်။ စီမံကိန်း မှ အမျိုးသမီး ဦးဆောင်သည့် မိသားစု (၂၇၀) အပါအဝင် အားနည်းထိခိုက်လွယ် မိသားစု (၃၉၀) စု (မသန်စွမ်း၊ သက်ကြီးရွယ်အို နှင့် နာတာရှည် ရောဂါသည်များ) အတွက် ထောက်ပံ့ကြေး ပေးခဲ့ပါသည်။ COVID–19 ကမ္ဘာ့ ကပ်ရောဂါ ကြောင့် နေ့စားလုပ်ခများ ဆုံးရှုံးခဲ့သည့် အိမ်ထောင်စုများအတွက် စုစုပေါင်း မြန်မာကျပ်ငွေ ၂၇.၃ သန်း (ကန်ဒေါ်လာ ၁၉,၆၀၀) အား ဖြန့်ဝေ ပေးခဲ့ပါသည်။

**Forest Trends**

Forest Trends ၏ စီမံကိန်း အကောင်အထည်ဖော်ခြင်းအား ၂၀၂၀ခုနှစ် စက်တင်ဘာလတွင် စတင်ခဲ့ပါသည်။ စီမံကိန်း အမည်မှာ – မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဆီသို့ – မြေယာ ငှားရမ်းလုပ်ကိုင်ခွင့် နှင့် အသက်မွေးဝမ်းကျောင်းမှုများ ခိုင်မာ အားကောင်းစေရန် ဒေသဆိုင်ရာ အစိုးရ၊ EAO များ နှင့် CSO များ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း ဖြစ်ပါသည်။

Forest Trends သည် စီးပွားရေး လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား ထည့်သွင်းရန် နှင့် ကြိုတင် စီစဉ်မှုအားနည်းပြီး၊ ရေရှည်တည်တံ့နိုင်ခြင်းမရှိသည့် သယံဇာတ ခွဲဝေသတ်မှတ်မှုနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းတို့ကြောင့် ဖြစ်လာသော သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု တို့အား ဟန့်တားရာတွင် ကူညီဆောင်ရွက်ပေးရန်အတွက် လူမှုအသိုက်အဝန်းများ၊ အစိုးရအဖွဲ့များနှင့် စီးပွါးရေး လုပ်ငန်းများနှင့် အတူ လက်တွဲဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ အကျိုးအမြတ်မယူသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ Forest Trends သည် ၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် သစ်တောနှင့် မြေယာ စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် ဆောင်ရွက်နေသည့် အဖွဲ့အစည်း ဖြစ်ပါသည်။

စီမံချက်၏ အလုံးစုံ ဦးတည်ချက်မှာ ဒေသဆိုင်ရာ အစိုးရနှင့် အာဏာပိုင်များ၏ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေခြင်း ဖြင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု နှင့် မြေယာငှားရမ်းလုပ်ကိုင်ခွင့် ဆိုင်ရာ အာမခံချက်တို့အား တိုးမြှင့်ရန် ဖြစ်ပါသည်။ စီမံချက်မှ တိုင်းရင်းသားဒေသများအတွက် မြေယာမူဝါဒ ရေးဆွဲ အကောင်အထည်ဖော်ခြင်းနှင့် သဘာဝ သယံဇာတများအား စီမံခန့်ခွဲသည့် စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်ခံမှု နှင့် ပွင့်လင်း မြင်သာမှုတို့ အား မြှင့်တင်ခြင်း နှင့် အထောက်အကူပေးခြင်းတို့အား ဆောင်ရွက်မည် ဖြစ်ပါသည်။ စီမံချက်၏ လုပ်ငန်းများမှ မြန်မာနိုင်ငံရှိ မြေယာ နှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှုစနစ်တစ်ခုလုံး အတွက် သတင်းအချက်အလက်များဖြင့် ကူညီပေးမည် ဖြစ်သော်လည်း စီမံချက် သည် တနင်္သာရီ၊ မွန်၊ ကယား နှင့် ကရင် ပြည်နယ်တို့ တွင် အဓိက လုပ်ကိုင်ဆောင်ရွက်ပါသည်။

**ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS–NPAN)**

အထက်ဖော်ပြပါ လွှတ်တော်နှင့် ဆက်နွယ်နေသည့် လှုပ်ရှားဆောင်ရွက်မှုနှစ်ခု အပြင် LIFT ရန်ပုံငွေ ဒါရိုက်တာ နှင့် မူဝါဒရေးရာ ဌာနမှ တာဝန်ရှိသူများ သည် ဩဂုတ်လ ၂၈ ရက်နေ့က ကျန်းမာရေး နှင့် အားကစား ဝန်ကြီး နှင့် တွေ့ဆုံခဲ့ကြပါသည်။ တွေ့ဆုံဆွေးနွေးရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဝန်ကြီးအနေဖြင့် LIFT ၏ MS–NPAN နှင့် အခြား ထင်ရှားသည့် သက်ဆိုင်ရာ စိန်ခေါ်မှု များတွင် ပိုမို ပူးပေါင်းဆောင်ရွက်မှု ပေးစေရန် ဖြစ်ပါသည်။ ဆွေးနွေးမှု၏ အဓိက အာရုံစိုက်မှုမှာ MS–NPAN အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဦးဆောင်မှုပေးရန် နှင့် ရင်းမြစ် စည်းရုံးဆော်သြပေးရန်တို့အတွက် ပန်ကြားရန် ဖြစ်ပါသည်။ ဒေသဆိုင်ရာ အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေး တိုင်းဒေသကြီး/ပြည်နယ် ကော်မတီများ သည် ထိရောက်သည့် ပေါင်းစပ်ညှိနှိုင်းမှု နှင့် အဆုံးအဖြတ်ပေးနိုင်သည့် အာဏာပိုင် အဖွဲ့အဖြစ် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် နည်းပညာနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းဆိုင်ရာ ကူညီပံ့ပိုးမှု လိုအပ်လျက် ရှိပါသည်။ သို့သော်လည်း အဆိုပါ ကော်မတီများမှာ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ MS–NPAN တွင် ချမှတ်ထားသည့် ရည်မှန်းချက်များ ပြီးစီးအောင်မြင်နိုင်ရန် လိုအပ်သည့် ဦးစားပေး စီမံကိန်းဆောင်ရွက်ချက်များနှင့် လူ့စွမ်းအား အရင်းအမြစ်များအတွက် ရန်ပုံငွေ လုံလောက်စွာ ပံ့ပိုးပေးရန် ကဏ္ဍအလိုက် ရင်းမြစ် ခွဲဝေ သတ်မှတ်ခြင်းအား ဌာနဆိုင်ရာ ဘတ်ဂျက်များတွင် ထည့်သွင်းရေးဆွဲထားခြင်းလည်း မရှိသေးပါ။ ၂၀၂၀/၂၀၂၂ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်များအား MS–NPAN ဦးစားပေး စီမံကိန်းဆောင်ရွက်ချက်များ ထည့်သွင်းရန် ရည်ရွယ်ထားပြီး ကြိုးပမ်းအားထုတ်မှုများ ပိုမိုအားကောင်းစေရန်လည်း ကူညီပံ့ပိုးမှုပေးရန်လိုအပ်ပါသည်။

၂၀၂၀ခုနှစ် ဒီဇင်ဘာလတွင် FMO နှင့် MS–NPAN ပင်မ တာဝန်ရှိသူများအဖွဲ့မှ အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်တို့မှ ကျန်းမာရေး နှင့် အားကစား ကော်မတီများ၏ ဥက္ကဋ္ဌများအား တတိယအကြိမ်မြောက် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေးတွင် ဖိတ်ကြားခဲ့ခြင်းဖြင့် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၏ ပထမဆုံးအကြိမ် ပါဝင်တက်ရောက်မှု အဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။ ဝန်ကြီး ဌာနနှင့် ကော်မတီ





တို့သည် လွှတ်တော်တွင် အဏုအာဟာရ စစ်တမ်းအား တင်ပြဆွေးနွေးရန် သဘောတူခဲ့ပါသည်။

## ရှေ့သို့မျှော်ကြည့်လျှင်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့မှ စ၍ မြန်မာနိုင်ငံတွင် ပြောင်းလဲခဲ့သည့် အခြေအနေများအား ထည့်သွင်းစဉ်းစား၍ LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲမှုရုံးသည် ၂၀၂၁ အတွင်း မူဝါဒဆိုင်ရာ ရည်မှန်းချက်များနှင့် စီမံကိန်းလုပ်ငန်းများအား ပြန်လည် ပြင်ဆင်လျက်ရှိပါသည်။ မူဝါဒ ရေးရာ ပူးပေါင်းဆောင်ရွက်မှုအား အလှူရှင်များ/သံရုံးများ၊ CSO များနှင့် NGO များ ၊ ပုဂ္ဂလိက ကဏ္ဍ လှုပ်ရှားဆောင်ရွက်သူများ အပါအဝင် အစိုးရမဟုတ်သည့် ပတ်သက်ဆက်နွယ်သူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ဝန်ဆောင်မှုပေးသူများနှင့်လည်း အလေးထား ချိတ်ဆက်၍ ဆောင်ရွက်မည် ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှုနှင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာမဖူလုံမှု အကျပ်အတည်း ဆိုင်ရာ မူဝါဒ ရေးရာ စာတမ်းအား ရေးသားပြုစုခဲ့ပြီး လက်ရှိအခြေအနေအား အသေးစိတ် ဆန်းစစ်လေ့လာတင်ပြထားပြီး အလှူရှင်များနှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ အကျပ်အတည်းအား တုံ့ပြန်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုလည်း ထောက်ခံ အကြံပြုထားပါသည်။



# ဒေသတွင်းအခြေအနေနှင့် ကိုက်ညီစွာဆောင်ရွက်ခြင်း

အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ

# ၆.၂

## ဒေသတွင်းအခြေအနေနှင့် ကိုက်ညီစွာဆောင်ရွက်ခြင်း


မူဝါဒ ရေးရာ ပြန်လည် ပြင်ဆင်မှု၏ အစိတ်အပိုင်းအဖြစ် LIFT ၏ အဓိက မူဝါဒဆိုင်ရာညွှန်းကိန်း လေးခုကိုလည်း ပြန်လည် ပြင်ဆင် သတ်မှတ်မည် ဖြစ်ပါသည်။

ဒေသတွင်း အခြေအနေနှင့် လျော်ညီစွာ ဆောင်ရွက်ခြင်း၏ အနှစ်သာရမှာ နိုင်ငံတကာဖွံ့ဖြိုးရေး လုပ်ရှားဆောင်ရွက်သူများထံမှ စွမ်းအားကို ပြည်တွင်း ဖွံ့ဖြိုးရေး လုပ်ရှားဆောင်ရွက်သူများထံ ပြောင်းရွှေ့ခြင်း ဖြစ်ပါသည်။ LIFT သည် ဒေသတွင်း အခြေအနေနှင့် လျော်ညီစွာ ဆောင်ရွက် ခြင်းအစီအစဉ်မှတဆင့် မြန်မာနိုင်ငံတွင် အရပ်ဘက်ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဒေသခံပြည်တွင်းမှ သူများ ဦးဆောင် ပြီး ရေရှည်တည်တံ့သည့် ခိုင်မာအားကောင်းသော အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ရပ်အား ပံ့ပိုးထောက်ကူပေးနိုင်မည့် အခြေ အနေကို ဖန်တီးပေးရန် ရည်ရွယ်ပါသည်။ LIFT သည် အောက်ပါတို့ကို အသိအမှတ်ပြုပါသည်–


- » ပြည်တွင်းအဖွဲ့အစည်းများတွင် ဒေသနှင့်ပတ်သက်သည့် အသိအမြင်များ ကျယ်ကျယ်ပြန့်ပြန့် ရှိပြီးလူမှုအသိုက်အဝန်းများနှင့် ရေရှည် ခိုင်မြဲသည့် ဆက်ဆံရေးများနှင့် ယုံကြည်မှုများတည်ဆောက်ထားပါသည်။
- » ပြည်တွင်းအဖွဲ့များသည် နိုင်ငံ၏ မည်သည့်အဆင့် (အောက်ခြေ၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် နိုင်ငံအဆင့်များ)၌မဆို လုပ်ကိုင် ဆောင်ရွက် နိုင်ပါသည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုတွင် ပြည်တွင်းအဖွဲ့များသည် နိုင်ငံတကာအဖွဲ့အစည်း အများအပြားတို့ မရောက်ရှိနိုင်သော ဒေသများ သို့ ခရီးသွားလာနိုင်သလို ထိုဒေသများ အနှံ့အပြား သွားလာနိုင် ပါသည်။
- » အကျပ်အတည်းများ ဆိုက်ရောက်နေချိန်တွင် ထိခိုက်ခံစားနေရသည့် လူမှုအသိုက်အဝန်းများ၏ အလျင်အမြန် သွားရောက်နိုင်ပြီး ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်မှုများကို အစဉ်အမြဲပေးအပ်နိုင်ပါသည်။ COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် အခြေအနေ တွင် ပြည်တွင်း အဖွဲ့အစည်း များသည် နိုင်ငံတကာအဖွဲ့အစည်းများ ကဲ့သို့သော လုပ်ငန်းများ အနှောင့်အယှက်ဖြစ်ခြင်း၊ အဆက်ပြတ်ခြင်း (သို့) ဆုံးရှုံး နစ်နာမှုများ ခံစားရခြင်း မရှိပါ။
- » ပြည်တွင်းအဖွဲ့အစည်းများ၏ အကြောင်းအရာတစ်ခုချင်းစီ၏ ကုန်ကျစရိတ်များမှာ နိုင်ငံတကာအဖွဲ့အစည်းများထက် ယေဘုယျအားဖြင့် လျော့နည်းသဖြင့် အလှူရှင်များအပေါ်မှီခိုနေရသည့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို လျော့နည်းစွာ တောင်းခံနိုင် ပြီး ကောင်းမွန်သည့်ရလဒ်များကို ပေးစွမ်း နိုင်ပါသည်။

၂၀၂၀ခုနှစ်တွင် LIFT ၏ ရန်ပုံငွေထောက်ပံ့မှုမှ ၃၁% အား ပြည်တွင်း CSO များထံတိုက်ရိုက် ထောက်ပံ့ခဲ့ပါသည်။

**အရပ်ဘက်လူပ်ရှားဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်မှု လုပ်ငန်းများ**
LIFT ၏ COVID-19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ကာကွယ်မှုတွင် ပြည်တွင်း အရပ်ဘက် လှုပ်ရှားဆောင်ရွက်သည့် အဖွဲ့အစည်းများသည် အဓိက ကျပြီး ယင်းတို့၏ရောက်ရှိမှုမှာ အံ့မခန်းဖြစ်ခဲ့ရပါသည်။ LIFT ၏ ပြည်တွင်း အရပ်ဘက် မိတ်ဖက် အဖွဲ့အစည်းများသည် COVID-19 ကပ်ရောဂါ ကာလအတွင်း စုစုပေါင်းအကျိုးခံစား ခွင့်ရှိသည့် ၂.၉ သန်း၏ ၆၄ % ထံရောက်ရှိခဲ့ပြီး LIFT ၏မဟာဗျူဟာ မြောက် မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် ထိုအရေအတွက်၏ ထက်ဝက်ကျော်သာ ရောက်ရှိခဲ့ ပါသည်။





*ပုံ ၆. ၁ – မြန်မာ CSO များအတွက် LIFT ရန်ပုံငွေထောက်ပံ့မှုမှ ခွင့်ပြုပေးခဲ့သည့်ရာခိုင်နှုန်း*





*ပုံ ၆.၂ LIFT ၏ COVID-19 ကပ်ရောဂါ တုန့်ပြန်ကာကွယ်မှု ပံ့ပိုးမှုလုပ်ငန်းများ ရောက်ရှိခဲ့သည့် အကျိုးခံစားခွင့်ရှိသူအရေအတွက်*








*ပုံ ၆.၃– ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှရောက်ရှိခဲ့သည့် အကျိုးခံစားခွင့် ရှိသူ ဦးရေ*




*ပုံ ၆.၄– ပြည်တွင်း CSO များမှ COVID-19 ကပ်ရောဂါအား တုန့်ပြန်ကာကွယ်သည့် လှုပ်ရှားဆောင်ရွက်မှုများ*

အကျိုးခံစားခွင့်ရှိသူများ၏ ၅၆% သည်အမျိုးသမီးများဖြစ်ပြီး ၆% မှာ အသက်၆၀နှင့် အထက်ရှိသူများ ဖြစ်ကာ ၁%သည် မသန်စွမ်းသူ များ ဖြစ်ကြပါသည်။

၂၀၂၀ခုနှစ်အတွင်း အဖွဲ့အစည်း (၂၈၅)ဖွဲ့သည် LIFT ၏ အရေးပေါ်တုံ့ပြန်ကာကွယ်ရေး ရန်ပုံငွေဖြင့် ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပြီး ယင်း အဖွဲ့ အစည်းအနက်မှ အဖွဲ့ (၂၆၀)(၉၁%)သည် ဒေသခံ နှင့် ပြည်တွင်းအဖွဲ့အစည်းများဖြစ်ပါသည်။ အဆိုပါ အဖွဲ့အစည်း များသည် LIFT မှ COVID-19 ကပ်ရောဂါတုံ့ပြန် ကာကွယ်ရန်အတွက် ကတိပြုထားသော ကန်ဒေါ်လာ (၂၅.၅) သန်း၏ ၂၀% ကန်ဒေါ်လာ (၅.၂၇သန်း) အား မျှဝေ သုံးစွဲခဲ့ပါသည်။ LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းများ၏ COVID-19 ကပ်ရောဂါတုံ့ပြန် ကာကွယ်မှုအတွက် ကန်ဒေါ်လာ (၈.၅)သန်းအား ထပ်မံ၍ ခွဲဝေ သတ်မှတ်ပေးခဲ့ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် LIFT ၏ အရပ်ဘက် လူမှုမိတ်ဖက်အဖွဲ့အစည်းများသည် COVID-19 ကပ်ရောဂါ ကာကွယ် တုံ့ပြန် သည့် လှုပ်ရှားဆောင်ရွက်မှု အများအပြားအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အများစုမှာ အသိပညာ ပေးခြင်းနှင့် သင်တန်း ပို့ချခြင်းတို့မှတဆင့် ဆောင်ရွက်သည့် ကူးစက်ပြန့်ပွားမှု တားဆီးခြင်းနှင့် စောင့်ရှောက်ကာကွယ်ခြင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများဖြစ်ကာ ဆက်လက်၍ ရောဂါကာကွယ်ရေး ပစ္စည်းများဖြစ်သည့် လက်သန့်ဆေးရည်၊ နှာခေါင်း စည်းများနှင့် လက်အိတ်များ ဖြန့်ဝေခြင်း ဖြစ်ပါသည်။

မြေယာမဏ္ဍိုင်အဖွဲ့နှင့် ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်း (၂၃) ဖွဲ့တို့ လက်တွဲဆောင်ရွက်သည့် COVID-19 ကပ်ရောဂါဆိုင်ရာ အသိပညာပေးသည့် စီမံကိန်းလုပ်ငန်း များသည် ပြည်နယ်နှင့် တိုင်းဒေသကြီး (၆)ခု ဖြစ်သည့် ပဲခူး၊ မကွေး၊ မွန်၊ ကရင်၊ ဧရာဝတီနှင့် စစ်ကိုင်းတို့ရှိ မြို့နယ်(၄၈) မြို့နယ်မှ ကျေးရွာပေါင်း (၈၆၁)ရွာအား လွှမ်းခြုံခဲ့ပါသည်။

LIFTနှင့် အရပ်ဘက်လူမှုမိတ်ဖက်အဖွဲ့အစည်းများ လက်တွဲလုပ်ဆောင်သည့် COVID-19 ကပ်ရောဂါဆိုင်ရာ အသိပညာပေးလှုပ်ရှား ဆောင်ရွက်မှုများသည် လူမှုအသိုက်အဝန်းများမှ COVID-19 ကပ်ရောဂါဆိုင်ရာ ဘေးကင်းလုံခြုံသည့် အလေ့အကျင့်များကို လိုက်နာနိုင်ရန်အတွက် ၎င်းတို့၏ အမူအကျင့်များအား အလိုက်သင့်ပြုမူနေထိုင်ခြင်းအပေါ် ကြီးမားသည့် သက်ရောက်မှုရှိခဲ့ပါသည်။ အချို့သော ဖြစ်ရပ်များအရ အသိပညာပေးခြင်း မှတဆင့် လူမှုအသိုက်အဝန်းများသည် ၎င်းတို့ ကိုယ်တိုင်ကာကွယ်တားဆီးသည့် လှုပ်ရှားဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက်ခြင်းဆီသို့ ဦးတည်စေခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ မွန်ပြည်နယ်တွင် နေထိုင်ကြသူအများအပြားသည် ၎င်းတို့ ဒေသအတွင်း KNU မှအကောင်အထည်ဖော်သည့် အသွားအလာ ကန့်သတ်သည့် အစီအစဉ်အား ကူညီခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စေတနာ ဝန်ထမ်းများသည် အသွားအလာ ကန့်သတ်သည့် အစီအမံများအား အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အခြားဒေသမှ ပြန်လာသူများ၏စာရင်းများအား စုဆောင်း ပြုစုခဲ့ပါသည်။ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာမှ သက်ကြီး ဝါကြီးပုဂ္ဂိုလ်များနှင့် စေတနာ့ဝန်ထမ်းများ ပါဝင်သော COVID-19 တုံ့ပြန်ကာကွယ်ရေး ကော်မတီများ ဖွဲ့စည်းခဲ့ပြီး ၎င်းတို့၏ လူမှုအသိုက်အဝန်းများတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (MOHS) မှ ထုတ်ပြန်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးခဲ့ကြပါသည်။ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် တို့တွင် ဈေးများနှင့် လူစည်ကားသည့် နေရာများတွင် နှာခေါင်းစည်းများ ဖြန့်ဝေပေးသည့် လှုပ်ရှား မှုများအား ပြုလုပ်ခဲ့ပါသည်။

**ငွေကြေးထောက်ပံ့မှု**

မေတ္တာအဖွဲ့ သည် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) မှထိန်းချုပ်ထားသော ဒေသများတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးပြဿနာဝန်ပိနေမှုများကို လျှော့ချရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် ငွေကြေးထောက်ပံ့မှုများကို ကချင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ NGO တစ်ခုဖြစ်သည့် WPN ၊ နှင့် ပူးတွဲ မဟာဗျူဟာအဖွဲ့၏ အခြားအဖွဲ့ဝင်များမှတဆင့် ပေးအပ်ခဲ့ပါသည်။ WPN သည် Pa Kahtwang၊ Lana Zupjaနှင့် Bum Tsit Pa စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ အိမ်ထောင်စု (၁,၅၁၀)စုအား ဝင်ငွေကြေးထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။ WPN သည် ငွေကြေးထောက်ပံ့မှု ဖြန့်ဝေပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို ရေးဆွဲခဲ့ပြီး ဖြန့်ဝေပေးရန်အတွက် IDP စခန်း ခေါင်းဆောင်များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက် ခဲ့ပါသည်။

မတ်လနှင့် စက်တင်ဘာလအကြားတွင် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (NAG)သည် ကပ်ရောဂါကာလအတွင်း အားနည်းထိခိုက် လွယ်သူ (သို့) မိသားစုဝင်များတွင် ရောဂါကူးစက်မှုခံရသည့် မိသားစု (၇၃၁)စု (အမျိုးသမီး ၅၅ ရာခိုင်နှုန်း) ထံ ငွေကြေး ပံ့ပိုးပေးခဲ့ပါသည်။ ငွေကြေးပမာဏမှာ မများသော်လည်း နှစ်လတာ အခြေခံ မိသားစုအသုံးစရိတ်များ အတွက် လုံလောက်မှုရှိပြီး မိသားစု အများအပြားသည် ထောက်ပံ့ငွေအား အစားအသောက်(သို့) ဆေးကုသမှု စရိတ်များအတွက် အသုံးပြုခဲ့ပါသည်။ NAG သည် ထောက်ပံ့မှုနှင့် ကူညီပံ့ပိုးမှု လိုအပ် နေသော အားနည်းထိခိုက်လွယ်ဆုံးသော အိမ်ထောင်စုများကို ရှာဖွေဖော်ထုတ်ရန်အတွက် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီများနှင့် အတူလက်တွဲ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ အားနည်းထိခိုက်လွယ်ဆုံးသူများထံ ရောက်ရှိစေရန် အတွက် မိသားစုများ၏ အားနည်းထိခိုက်လွယ်မှု အတိုင်းအတာပေါ် မူတည်၍ အဆင့် သတ်မှတ်ခဲ့ပါသည်။





**အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာများနှင့် ကျန်းမာရေး ဌာနများအား ကူညီပံ့ပိုးပေးခြင်း**

အသွားအလာ ကန့်သတ် စောင့်ကြည့်သည့် နေရာ အများစုသည် စေတနာ့ဝန်ထမ်းများ၏အကူအညီဖြင့် လည်ပတ်နေရသဖြင့် ရရှိနိုင်သော အထောက်အပံ့ပစ္စည်းများနှင့် လူမှုအသိုက်အဝန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အတွက် လုံလောက်မှုမရှိပါ။ အစိုးရသည် ကူညီပံ့ပိုးမှုကို တိုးချဲ့လုပ်ဆောင်ခဲ့ပြီး အလှူရှင်များ၊ CSO များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုအသိုက်အဝန်းများအနေဖြင့် ကွာဟချက်များကို ဖြည့်ဆည်းပေးရာတွင် အဓိကအခန်းကဏ္ဍများမှ ပါဝင်ခဲ့ပါသည်။

KMSS သည် မြန်မာတစ်နိုင်ငံလုံးရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအား အသွားအလာ ကန့်သတ် စောင့်ကြည့်သည့်နေရာများ အဖြစ် ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် ဌာနဆိုင်ရာ ကျန်းမာရေး အရာရှိများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ KMSS ၏ စေတနာ့ဝန်ထမ်းများသည် အသွားအလာ ကန့်သတ်စောင့်ကြည့်သည့်နေရာများအား စီမံခန့်ခွဲရန်နှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်ခံရသူများနှင့် စေတနာ့ ဝန်ထမ်းများအတွက် အစားအသောက်နှင့် ကုတင်များ၊ WASH နှင့် တကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့များနှင့် ရှေ့တန်းမှ လုပ်ကိုင် ဆောင်ရွက်နေသည့် လူမှုရေး လုပ်သားများအတွက် PPEများ ပံ့ပိုးကူညီပေးရန် မြို့နယ် ကျန်းမာရေး ဦးစီးဌာနများနှင့် ပူးပေါင်း လုပ်ဆောင်ခဲ့ပါသည်။ ကချင်၊ ကရင်နှင့် ကယားပြည်နယ်များတွင် KMSSအဖွဲ့မှ စေတနာ့ဝန်ထမ်းများသည် ပြည်နယ်အစိုးရများမှ ထုတ်ပြန် သည့် အသွားအလာ ကန့်သတ်သော အမိန့်များကို အကောင်အထည်ဖော်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ KMSS ၏ ကူညီပံ့ပိုးမှုသည် အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာ (၅၄)ခု ထံရောက်ရှိခဲ့ပါသည်။ ယင်း နေရာ များတွင် အစိုးရမှ စီမံခန့်ခွဲနေသည့် နေရာ (၃၈)ခု၊ ဘုရားကျောင်းများမှ ပံ့ပိုးပေးနေသည့် နေရာ (၁၃)ခုနှင့် KIO နှင့် ဘုရားကျောင်းတို့ ပူးတွဲစီမံခန့်ခွဲသည့် နေရာ (၃)ခုတို့ ပါဝင်ခဲ့ပါသည်။ အသွားအလာ ကန့်သတ်စောင့်ကြည့် နေရာများအား ပံ့ပိုးကူညီမှုပေးခဲ့ရာတွင် COVID-19 ပြန့်ပွားမှု တားဆီးကာကွယ်ခြင်းဆိုင်ရာ ပစ္စည်းများ၊ လက်ဆေး အထောက်အပံ့ပစ္စည်းများ၊ တကိုယ်ရေ သန့်ရှင်းရေး သုံးပစ္စည်းများ၊ ကုတင်များ၊ အိမ်သာများနှင့် ရေချိုးခန်း အသုံးအဆောင်ပစ္စည်းများ၊ ဘီးတပ်ကုလားထိုင်များနှင့် COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးရေးနှင့် ပတ်သက်သည့် သတင်း အချက်အလက်၊ ပညာပေးခြင်းနှင့် ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ ပစ္စည်းများ ပါဝင်ပါသည်။

NAGသည် နေရပ်စွန့်ခွာသူစခန်းများ/အသွားအလာ ကန့်သတ်စောင့်ကြည့် နေရာ (၂၁၂)ခုတို့၌ အကျိုးခံစားခွင့်ရှိသူ (၆,၆၂၆)ဦးထံ COVID-19 ကပ်ရောဂါ ကာကွယ် တားဆီးခြင်းဆိုင်ရာ ပစ္စည်းအမျိုးအစား(၂၂)မျိုးအား ဖြန့်ဝေပေးခဲ့ပါသည်။ LCG မှ မကွေး၊ ဧရာဝတီနှင့် ပဲခူးတိုင်း ဒေသကြီးများရှိ ကျန်းမာရေးဌာန (၂၀)ခု ၊ အစိုးရဌာနများ၊ COVID-19 ကပ်ရောဂါတုံ့ပြန်ကာကွယ်ရေး ကော်မတီများ၊ မိဘမဲ့ဂေဟာများနှင့် ဘိုးဘွားရိပ်သာများထံ COVID-19 ကပ်ရောဂါ ကာကွယ်တားဆီးရေး ပစ္စည်းများ ပံ့ပိုးကူညီ ပေးခဲ့ပါသည်။ LCG မှ ဧရာဝတီ၊ ပဲခူး၊ မကွေးတိုင်း ဒေသကြီး များနှင့် ကရင်ပြည်နယ်တို့ရှိ မြို့နယ်(၂၆)မြို့နယ်မှ အသွားအလာ ကန့်သတ် စောင့်ကြည့်သည့် စင်တာ(၁၆၄)ခု ကိုလည်း ကူညီပံ့ပိုး ပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် KMSS သည် အခြား CSO များနှင့် ပူးပေါင်း၍ COVID-19 ကပ်ရောဂါသံသယရှိသည့် လူနာ (၁၂၀) ဦးအား ရှာဖွေဖော်ထုတ်ခဲ့ပြီး အစိုးရမှ ညွှန်ကြားထားသည့်အတိုင်း လူနာများအား ကုသရေးဌာနများသို့ ညွှန်းပို့ပေးခဲ့ပါသည်။

**COVID-19 ကပ်ရောဂါနှင့် ယင်း၏ စီးပွားရေးဆိုင်ရာ သက်ရောက်မှုအပေါ် လေ့လာမှုများ**

NAG သည် ၂၀၂၀ ခုနှစ်ဇွန်လတွင် *ဧရာဝတီတိုင်းဒေသကြီးရှိ ငါးလုပ်ငန်းကဏ္ဍအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများ* ကို လေ့လာသည့် သုတေသန (၁)ခုအား ပြုလုပ်ခဲ့ပြီး ဇူလိုင်လတွင် အစီရင်ခံစာအား အပြီးသတ် ဆောင်ရွက်ခဲ့ပါသည်။ ငါးလုပ်ငန်း အခြေခံသည့် အသက်မွေးဝမ်းကျောင်းမှုများအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုရှိခဲ့သော မြို့နယ်(၆)မြို့နယ်အား လွှမ်းခြုံသည့် ဧရာဝတီတိုင်း ဒေသကြီးရှိ ငါးလုပ်ငန်းကဏ္ဍအပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများကို နားလည်သဘောပေါက်စေရန် ရည်ရွယ်ခဲ့ပါသည်။ လေ့လာမှုသည် ငါးဒိုင်များ၊ ရေထွက်ပစ္စည်း ပြုပြင်စီမံထုတ်လုပ်သူများနှင့် စပါး-ငါး စိုက်ပျိုးမွေးမြူသည့် တောင်သူများ အပါအဝင် အသေးစား/ မိရိုးဖလာနည်းဖြင့် ငါးဖမ်းသူများနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများအပေါ် အာရုံစိုက်ခဲ့ပါသည်။ အဓိက အားဖြင့် လေ့လာမှုမှ အသေးစား ငါးဖမ်းလုပ်ငန်းများ၏ ဖမ်းယူရရှိမှု၊ ငါးလုပ်ငန်းဆိုင်ရာ အရင်းအမြစ် များရရှိနိုင်မှု၊ ပြုပြင်စီမံထုတ်လုပ်သည့် ရေထွက်ပစ္စည်းများ ၊ ဈေးကွက်လည်ပတ်နေမှုများနှင့် လူများ၏အသက်မွေးဝမ်းကျောင်းမှုများ အပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါမှ မည်ကဲ့သို့ သက်ရောက်မှုရှိခဲ့သည်နှင့် ယင်းတို့မှ မည်ကဲ့သို့ရင်ဆိုင်ဖြေရှင်းကြသည်တို့အား ရှာဖွေဖော်ထုတ် ခဲ့ပါသည်။

အချက်အလက်ကိန်းဂဏန်းများအား ဆန်းစစ်ရန်အတွက် ရပ်ရွာလူထု စားနပ်ရိက္ခာ စနစ် မူဘောင်အား အသုံးပြုခဲ့ပါသည်။ ဆန်းစစ် အကဲဖြတ် မှုမှ ရှာဖွေတွေ့ရှိချက်များသည် COVID-19 ကပ်ရောဂါ ဒုတိယလှိုင်းအားတုံ့ပြန်ကာကွယ်မှုအတွက် LIFT ၏ မဟာဗျူဟာ မြောက် မိတ်ဖက် အဖွဲ့အစည်းများ၏ သဘောထားအဆိုပြုလွှာများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီပေးခဲ့ပါသည်။

အဓိကသတင်းပေးနိုင်သူများနှင့် ဖြစ်ရပ်လေ့လာမှုများမှ ကောက်ယူစုဆောင်းခဲ့သည့် သတင်းအချက်အလက်များကို ပြန်လည် သုံးသပ်ရန် အတွက် ပါဝင်သည့် အကြောင်းအရာ ဆန်းစစ်မှုတစ်ခုအား ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် NAG သည် SME စီးပွားရေးလုပ်ငန်းများ၏ ထိရောက်မှုရှိသော အလေ့အကျင့်များနှင့် စိန်ခေါ်မှုများကို နားလည်သဘောပေါက်နိုင်ရန်နှင့် SME များအပေါ် ကပ်ရောဂါ၏ သက်ရောက်မှု များကို စူးစမ်းရှာဖွေဖော်ထုတ်ရန်တို့အတွက် SME အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ အစီရင်ခံစာ တစ်စောင် ကိုလည်း ရေးသား ပြုစုခဲ့ပါသည်။

**မူဝါဒဆိုင်ရာအားပေးထောက်ခံခြင်း**

COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် LIFT အရပ်ဘက်လူမှုမိတ်ဖက်အဖွဲ့အစည်း အများအပြား၏ လျာထားစီမံကိန်းလုပ်ငန်းများမှာ ကန့်သတ်မှုများကြောင့် (သို့)ရင်းမြစ်များအား COVID-19 ကပ်ရောဂါတုံ့ပြန်ကာကွယ်ရန် ပြောင်းလဲဦးစားပေးခဲ့ခြင်းကြောင့် အနှောင့်အယှက် များရှိခဲ့သော်လည်း မြောက်များစွာသော မိတ်ဖက်အဖွဲ့အစည်းများသည် မူဝါဒဆိုင်ရာ ရည်မှန်းချက်များအား လိုက်လျော ညီထွေ ဖြစ်စေရန်အတွက် စီမံ ဆောင်ရွက်ခဲ့ကြပြီး တိုးတက်ကောင်းမွန်မှုများ ဆက်လက်ရရှိအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် “*အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး (PoVAW)*” ဥပဒေမူကြမ်းအား ရေးဆွဲခဲ့ပြီး ဥပဒေ မူကြမ်းအား လွှတ်တော်သို့တင်ပြရန်အတွက် တောင်းဆိုမှုများနှင့်အတူ ကြေညာခဲ့သည့်အချိန်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန (MoSWRR)သည် ဥပဒေပြုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပံ့ပိုးပေးရာတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှု ကွန်ရက် (GEN)၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုခဲ့ပါသည်။

GEN သည် ယင်း၏အဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြား CSO များနှင့်အတူ ဥပဒေအားလွှတ်တော်သို့ တင်ပြခြင်းများအတွက် ကြိုတင်ပြင်ဆင်ရန် PoVAW ဥပဒေ အားပေးထောက်ခံသည့် လုပ်ငန်းအဖွဲ့အားဖွဲ့စည်းခဲ့ပါသည်။ GEN သည် အမျိုးသားလွှတ်တော်မှ ဥပဒေ မူကြမ်းကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဌ၊ လွှတ်တော် ကိုယ်စားလှယ်(၁၀) ဦးတို့နှင့် တွေ့ဆုံခဲ့ပြီး ဥပဒေမူကြမ်းနှင့် ပတ်သက်သည့် အကြံပြုချက်များနှင့် ထောက်ခံချက်များကို တင်ပြခဲ့ပါသည်။ လွှတ်တော်အမတ်များမှ အကြံပြု ချက် အများစုအား သဘောတူညီခဲ့ပါသည်။ ဥပဒေအား ထောက်ခံအားပေးသည့် လုပ်ငန်းအဖွဲ့ကိုယ်စား GEN မှ ဇွန်လ ၂၉ ရက်နေ့တွင် လွှတ်တော်ဥက္ကဌထံ စာတစ်စောင်ပေးပို့ခဲ့ပြီး *PoVAW ဥပဒေမူကြမ်း*အား ပြင်ဆင်မှုများပြုလုပ်ရန်အတွက် တိုက်တွန်းအားပေးခဲ့ပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် ၂၀၂၀ ခုနှစ်တွင် ဥပဒေအဖြစ် အတည်ပြုရာ၌ ကြန့်ကြာနေခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် GENသည် LGBTQ+ လိင်ပိုင်းဆိုင်ရာ ကိစ္စရပ်များ / လိင်ပိုင်းဆိုင်ရာ ပတ်သက်ဆက်နွှယ်မှုများများအား တားမြစ်သည့် ပြစ်မှုဆိုင်ရာ ဥပဒေ (၃၇၇)အား ပြင်ဆင်မှုနှင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်သည့် ပြစ်ဒဏ် ထည့်သွင်းထားခြင်းတို့ အပေါ် LGBT အခွင့်အရေးများ ကွန်ရက် နှင့် ဆွေးနွေးမှုများကိုလည်း အစပျိုးဆောင်ရွက်ခဲ့ပါသည်။ GEN သည် ကွန်ရက်အား နောက်ပိုင်းတွင် ဆောင်ရွက်ရန်ရှိသော လှုံ့ဆော်အားပေး ထောက်ခံရေး ကြိုးပမ်းမှုများတွင် အသုံးပြုမည်ဖြစ်သော မူဝါဒ အနှစ်ချုပ် စာတမ်းရေး သား ပြုစုရာတွင် အကူအညီပေးခဲ့ပါသည်။

မြေယာမဏ္ဍိုင်အဖွဲ့ (LCG)သည် အမျိုးသားမြေယာအသုံးချမှုကောင်စီ လက်အောက်ရှိ အမျိုးသားမြေယာဥပဒေရေးဆွဲရေးနှင့် ဥပဒေများ လိုက်လျောညီထွေ ဖြစ်စေရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မှုမှတဆင့် *အမျိုးသားမြေယာ ဥပဒေ* ရေးဆွဲရာတွင် သိသာထင်ရှားသည့် ပံ့ပိုးကူညီမှုများပေးရန်အတွက် ဆက်လက်လုပ်ဆောင်နေပါသည်။ LCG သည် ပွင့်လင်းမြင်သာမှုရှိရန် နှင့် အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်မှု လိုအပ်ချက်အပေါ် အစဉ်အလေးထား ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ခုနှစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် မည်သည့်ဥပဒေမူကြမ်းကိုမျှ အသုံးပြုမည်မဟုတ်ဘဲ ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်များမှတဆင့် ဥပဒေ မူကြမ်းအား ရေးဆွဲမည်ဖြစ်ကာ *အမျိုးသားမြေယာဥပဒေ* လမ်းပြမြေပုံရေးဆွဲအကောင်အထည်ဖော်ခြင်းတွင် CSO ကိုယ်စားလှယ်များအား ထည့်သွင်းသွားမည်ဟူသော ကတိကဝတ်များပေးခဲ့ပါသည်။ လုပ်ငန်းစီမံချက်မူကြမ်းအား အများပြည်သူမှတ်ချက်ပေးနိုင်ရန် ထုတ်ပြန်ပေးခဲ့ပါသည်။

LCG သည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS) နှင့်အတူ ပူးပေါင်း၍ စွမ်းဆောင်ရည်တည်ဆောက်သည့် အလုပ်ရုံ ဆွေးနွေးပွဲများအား ကျင်းပခဲ့ပြီး ယင်းတို့မှ DALMS အနေဖြင့် ပိုမိုကောင်းမွန်သည့် မြေယာစီမံအုပ်ချုပ်မှုအတွက် ပံ့ပိုးပေးနိုင်စွမ်း ရှိစေရန် လိုအပ်သည့် ဌာနတွင်း စီမံအုပ်ချုပ်မှုတိုးတက်ကောင်းမွန်လာသည့် ရလဒ်ကိုဖြစ်ပေါ်စေခဲ့ပါသည်။

LCG နှင့် OneMap Myanmar (OMM) ၏ နေရာဒေသအလိုက် ကိုးကားမှီငြမ်းနိုင်သည့် သတင်းအချက်အလက်များရယူနိုင်သော Web Portal နှင့် ပူးပေါင်းဆောင်ရွက်မှုမှတဆင့် လုပ်ငန်းစဉ် အားလုံးတွင် ပွင့်လင်းမြင်သာမှုနှင့် အားလုံးအကျုံးပါဝင်မှုတို့ တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ယခုအခါတွင် OMM ၏လုပ်ငန်းကော်မတီ အဖွဲ့ဝင်(၃)နေရာအား CSO များအတွက် လျာထားထားပြီး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ရှေ့ပြေး စမ်းသပ်သည့် အစီအစဉ်များတွင် CSO ပူးပေါင်း ဆောင်ရွက်မှုအများအပြား ရှိလာကာ၊ မူဝါဒရေးဆွဲသည့် အယူအဆတွင် ထိရောက်မှုရှိသော ဆွေးနွေး တိုင်ပင်သည့် လုပ်ငန်းစဉ်ကို ထည့်သွင်းခဲ့ပြီးသည့်အပြင် ဌာနအချင်းချင်း အပြန်အလှန် ဆက်သွယ် ဆောင်ရွက်ရ သည့် လုပ်ငန်းစဉ်တွင် ပိုမိုထိရောက်သည့် အပြန်အလှန် အကျိုးပြုမှုများ ရှိလာပါသည်။

LCG သည် မြေယာနှင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ၌ ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုအား ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရာတွင် တိုးတက်မှုအချို့ ရရှိခဲ့ပါသည်။ LCG သည် ဖယ်ဒရယ်မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ တစ်ခုအား ကျင်းပနိုင်ရန်အတွက် ကရင်အမျိုးသားအစည်းအရုံး (KNU) ခေါင်းဆောင်များနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေး လုပ်ငန်းအတွက် Kaw Lah Foundation နှင့် မိတ်ဖက်ပြု၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Covenant Foundation နှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ပါသည်။





ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (NAG) မှ အဓိကပံ့ပိုးကူညီပေးခဲ့ပြီး ၂၀၁၈ခုနှစ် ၂၀၁၉ ခုနှစ်တို့တွင် ပြဋ္ဌာန်းခဲ့သည့် မူဝါဒနှင့် ဥပဒေ (၃)ခုတို့၏ အကျိုးကျေးဇူးများကို ၂၀၂၀ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးရှိ ရေလုပ်သားများ ခံစားခဲ့ကြပါသည်။

*တန်ဖိုးငွေသိန်း (၄၀) အောက် တင်ဒါခေါ်ယူမှုအား ခွဲဝေပေးသည့် မူဝါဒ နှင့် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေနှင့် ဧရာဝတီ တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေ များမှ တိုင်းဒေသကြီးအတွင်း ရပ်ရွာလူထု ငါးလုပ်ငန်းအသင်းများ* ဖွဲ့စည်းနိုင်ရန် အခွင့်အရေးများ အပါအဝင် လုပ်ကွက်ငယ် ရေလုပ်သားများ၏ ငါးဖမ်းခွင့်များ လက်လှမ်းမီရရှိရေး မြှင့်တင်ပေးပြီး ရပ်ရွာလူထုငါးဖမ်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်နိုင်ရန် ဒေသတွင်း စည်းမျဉ်း စည်းကမ်းများနှင့် နည်းဥပဒေများ အတည်ပြု ပေးပါသည်။ ငါးဖမ်းလုပ်ကွက်များအား လက်လှမ်းမီ ရယူနိုင်သည့် ရေလုပ်သား အသိုက်အဝန်းများအား ငါးဖမ်းယူမှုနှင့် မျှခြေဖြစ်အောင် ရေသယံဇာတများ ထိန်းသိမ်း စောင့်ရှောက်မှုတွင် ပါဝင်လာစေရန် အားပေး တိုက်တွန်းခဲ့ပါသည်။ မူဝါဒအသစ်ကြောင့် ငါးလုပ်ငန်း အခွန်ဝင်ငွေများ အနည်းငယ် လျော့နည်းသွားသော်လည်း အခွန်ဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများမှ ငါးဖမ်းလုပ်ကွက်များအား လက်လှမ်းမီရယူနိုင်ခြင်းတွင် သာတူညီမျှမှု တိုးတက်ကောင်းမွန် လာပါသည်။ ငါးလုပ်ငန်း ဦးစီးဌာန (Department of Fisheries) ၏အစီရင်ခံစာအရ NAG မှပံ့ပိုးပေးပြီး DoF နှင့် ဧရာဝတီတိုင်း ဒေသကြီး ရေလုပ်သားများကွန်ရက် (Ayeyarwaddy Region Fishery Network ARFN) တို့နှင့်အတူ ဥပဒေရေးရာ ပညာပေးခြင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီးနောက်ပိုင်း ၂၀၂၀ခုနှစ်တွင် ငါးလုပ်ငန်း လုပ်ကိုင်သည့် လူမှု အသိုက်အဝန်းများနှင့် တရားမဝင် ငါးဖမ်းသူများအကြား ငါးဖမ်းခြင်းနှင့် ပတ်သက်သည့် ပဋိပက္ခများ လျော့ကျသွား ခဲ့ပါသည်။

ငါးလုပ်ငန်းအုပ်စုများအား ငှားရမ်းလုပ်ကိုင်ခွင့်နှင့် တင်ဒါခွဲဝေပေးမှုတို့ကို ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ပံ့ပိုးကူညီခဲ့ပြီး NAG ၏ စီမံချက် မြို့နယ်(၁၉) မြို့နယ်အတွင်း၌ ငှားရမ်းလုပ်ပိုင်ခွင့် (၁၃၃)ခု၊ လေလံအင်း ငါးဖမ်းကွက် (၄၄)ခုနှင့် ဘုံငါးဖမ်း လုပ်ကွက် (၃)ကွက်တို့ကို ငါးလုပ်ငန်းအုပ်စုများထံ ခွဲဝေချထားပေးခဲ့ပါသည်။

**COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးအခက်အခဲများကို လျော့ပါးသက်သာစေခြင်း**

NAG စီမံချက်မှ လွှမ်းခြုံသည့် မြို့နယ်ပေါင်း (၁၉)မြို့နယ်ရှိ ရေလုပ်သားများနှင့် ၎င်းတို့၏ အိမ်ထောင်စုများသည် ကပ်ရောဂါကြောင့် ဝင်ငွေများ သိသိ သာသာကျဆင်းလာခြင်းကို ကြုံတွေ့ခဲ့ကြရပါသည်။ လုပ်ကွက်ငယ် ရေလုပ်သားများသည် COVID -19 ကပ်ရောဂါ ကာကွယ်တားဆီးရာတွင် နေစဉ်ဘဝတွင် ခပ်ခွာခွာနေထိုင်ရမည့် ကန့်သတ်ချက်များကြောင့် အကျိုးအမြတ်များသည့် ညအချိန် ငါးဖမ်းခြင်းကို ဆက်လက်လုပ်ဆောင်နိုင်ခြင်း မရှိတော့ပါ။ နေ့အချိန်တွင် ငါးဖမ်းရန် လူအနည်းသာ လိုအပ်သည့်အတွက်ကြောင့် ၎င်းတို့သည် ၂၀၂၀ ခုနှစ် ဧပြီလအထိ နေ့အချိန်၌သာ ငါးဖမ်းခြင်းကို ဆက်လက်လုပ်ဆောင်နိုင်ခဲ့ပါသည်။ သို့ဖြင့် ဝင်ငွေရရှိမှုမှာ သိသိသာသာလျော့ကျသွား ခဲ့ပါသည်။ ငါးဖမ်းရာသီကုန်ဆုံးသည့် မေ/ဇွန်လသို့ ရောက်ရှိလာခဲ့ချိန်တွင် ရေလုပ်သားများနှင့် ယင်းတို့၏ အိမ်ထောင်စုများသည် အခြားလုပ်ကိုင်ရမည့် အလုပ်လိုအပ်သော်လည်း COVID -19 ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ ကန့်သတ်မှုများကြောင့် စက်ရုံများပိတ်ထားခဲ့ရာ အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးနေခဲ့ပါသည်။ ကပ်ရောဂါကြောင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက် သွားခြင်းနှင့် ငါးဒိုင်များမှ ငါးဝယ်ယူရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်းတို့ ဖြစ်စေခဲ့ပါသည်။ ငါးလုပ်ငန်းကဏ္ဍအတွင်း အလုပ်လုပ်ကိုင်နေသည့် လူအများ အပြားသည် စီးပွားရေး ဆိုင်ရာ အခက်အခဲအကျပ်အတည်းများကို ကြုံတွေ့ခဲ့ ကြရပါသည်။

အစိုးရသည် ဧပြီလတွင် သက်ကြီးရွယ်အိုများအတွက် ဆန်၊ဆီ၊ ကြက်သွန်နှင့် ငွေကြေးထောက်ပံ့မှုတို့အား ဖြန့်ဝေပေးခဲ့ပြီး ရေလုပ်သား အိမ်ထောင်စု များအတွက် ကယ်ဆယ်ရေးရိက္ခာပစ္စည်း အနည်းငယ်အား ပံ့ပိုးပေးခဲ့ပါသည်။ NAG သည် ရေလုပ်သား လူမှုအသိုက်အဝန်းများအား ဦးတည်ရည်ရွယ်၍ အသေးစားချေးငွေများကို စတင်ချေးပေးနိုင်ရန် ဧရာဝတီ တိုင်းဒေသကြီး ရေလုပ်သားများ ကွန်ရက် (ARFN)၊ ရေလုပ်သား ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်(MEB) တို့နှင့် ပူးပေါင်း လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

ရေလုပ်သားများကို ၎င်းတို့လုပ်ငန်းလည်ပတ်မှုအား ကူညီပံ့ပိုးပေးရန်အတွက် ချေးငွေအမျိုးအစား(၃)မျိုးဖြစ်သည့် မြေအပေါင်ထားရသည့် ချေးငွေ၊ လေလံအင်း ချေးငွေ နှင့် ဘုံငါးဖမ်းကွက် ချေးငွေ တို့အား ဆန်းသစ်စွာ ဖန်တီးပေးခဲ့ပါသည်။ NAG အဖွဲ့သည် အတူ ချေးငွေ အစီအစဉ်အသေးစိတ်နှင့် ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ် နှင့် လက်တွဲ လုပ်ဆောင်ပြီး ဧရာဝတီတိုင်းဒေသကြီးရှိ အငယ်စား ရေလုပ်သားများအား တရားဝင်နှင့် စနစ်တကျရှိသော ချေးငွေများကို လက်လှမ်းမီ ရယူနိုင်ရန် အကူအညီပေးခဲ့ပါသည်။

လူအများ၏ လိုအပ်ချက်ကို ရှာဖွေဖော်ထုတ်ရန်အတွက် စစ်တမ်းတစ်ခုအား ကောက်ယူပြီးသည့်နောက် ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် ARFN နှင့်အတူ MEB ၏ချေးငွေလမ်းညွှန်ချက်များ လက်စွဲရေးသားပြုစုရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ (၁)ခုအား ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အောက်တိုဘာလတွင် MEB ချေးငွေအစီအစဉ်အား မိတ်ဆက်ပေးရန်နှင့် ချေးငွေများအတွက် အဆိုပြုလွှာများ ကောက်ယူရန်တို့အတွက် ဓနုဖြူမြို့နယ်ရှိ လေ့ဆိပ်နှင့် အကျော်ကျေးရွာ၊ ပန်းတနော်မြို့နယ်ရှိ မင်းတစု ကျေးရွာ (၃)ရွာနှင့် ပန်းတနော် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရုံးတို့၌ အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၂၀ခုနှစ် နိုဝင်ဘာလတွင် MEB သည် ARFN နှင့်အတူ ချေးငွေ အဆိုပြုလွှာများကို သုံးသပ်ပြီး အတည်ပြုပေးခဲ့ပါသည်။ ဩဂုတ်လ/စက်တင်ဘာလတွင် သတ်မှတ်ခဲ့သည့် ဆုံးဖြတ်ရန်မူများအပေါ် အခြေခံ၍ ဝန်ဆောင်မှု ရယူအသုံးပြုသည့် သူများကို သေချာစွာ ရွေးချယ်ခဲ့ပါသည်။ ယင်းမှာ MEB ၏ ရေလုပ်သားအုပ်စုများအတွက် ချေးငွေများနှင့် ဝန်ဆောင်မှုများ ပံ့ပိုးကူညီပေးသည့် ပထမဦးဆုံးသော အတွေ့အကြုံဖြစ်ပြီး NAG အနေဖြင့် ငါးဖမ်းခြင်းမှဝင်ငွေများ ရရှိနိုင်မည့် ရာသီအချိန် များနှင့် ဝန်ဆောင်မှုရယူ အသုံးပြုသူများ၏ ပြန်လည်ပေးဆပ်နိုင်စွမ်းတို့ကို ထည့်သွင်းစဉ်းစား၍ ချေးငွေပြန်ဆပ်ရမည့် သတ်မှတ်ချိန်အတိုင်း ပြန်ဆပ်နိုင်ရေး အစီအစဉ်အတွက် ကူညီပံ့ပိုးပေးရန် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**ပြည်တွင်းရှိ အရပ်ဘက်လူ့ပ်ရှားဆောင်ရွက်သူများအကြား ကွန်ရက်ချိတ်ဆက်ခြင်း**
ကွန်ရက်ချိတ်ဆက်ခြင်း (သို့) အချင်းချင်းချိတ်ဆက်ခြင်းသည် ပိုမိုခိုင်မာအားကောင်းသည့် အရပ်ဘက် လူမှုအသိုက်အဝန်း တည်ဆောက်ရာတွင် အဓိကကျသည့်အချက်များအနက်မှ တစ်ချက်ဖြစ်ပြီး LIFT ၏ အရပ်ဘက်လူမှုမိတ်ဖက်အဖွဲ့အစည်းများမှ ဤချဉ်းကပ်နည်းလမ်းအား ၎င်းတို့၏ မူဝါဒဆိုင်ရာ အားပေးထောက်ခံသည့် နည်းနာလက်စွဲများအနက်မှ တစ်ခုအနေဖြင့်သာမက အရပ်ဘက်လူမှုအသိုက်အဝန်းများ စည်းရုံး၊ ပါဝင်၊ ဆက်သွယ်ဆောင်ရွက်နိုင်မှု ကျယ်ပြန့်လာစေခြင်းနှင့် ခိုင်မာ အားကောင်းစေခြင်းအတွက်ပါ အသုံးပြုပါသည်။

၂၀၂၀ခုနှစ်တွင် LIFT ၏ မဟာဗျူဟာမြောက်မိတ်ဖက် အဖွဲ့အစည်း(၅)ဖွဲ့ (ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း၊ မြေယာ မဏ္ဍိုင်အဖွဲ့၊ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့၊ မေတ္တာနှင့် ကျား၊ မ ရေးရာတန်းတူညီမျှရေးကွန်ရက်) တို့ မကြာခဏပူးပေါင်း ဆောင်ရွက်ပြီး COVID–19 ကပ်ရောဂါအား ထိရောက်စွာ တုံ့ပြန်ကာကွယ်ခဲ့ပါသည်။ LIFT မဟာဗျူဟာမြောက်မိတ်ဖက် အဖွဲ့အစည်းများ၏ စုပေါင်း ကြိုးပမ်း အားထုတ်မှုများအနက် တစ်ခုမှာ CSO များ၏ သတင်းအချက်အလက်များ မျှဝေပေးနိုင်ရန်အတွက် CSO–COVID အပလီ ကေးရှင်းအား ဖန်တီးအကောင်အထည်ဖော်ခြင်းဖြစ်ခဲ့ပါသည်။ အပလီကေးရှင်းတွင် COVID–19 ကပ်ရောဂါဆိုင်ရာ နေ့စဉ် နောက်ဆုံးရရှိသည့် သတင်း အချက် အလက်များ၊ အစီရင်ခံစာများ တစုတစည်းတည်း ရှာဖွေ ကြည့်ရှုနိုင်သည့် dashboard ပါဝင်ပါသည်။ အချက်အလက်များသည် အစိုးရနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများအတွက် ထပ်မံ ရရှိနိုင်သည့် သတင်းရင်းမြစ် အဖြစ် ပံ့ပိုးပေးပါသည်။

LCG သည် ပဲခူးတိုင်းဒေသကြီးတွင် CSO (၂)ဖွဲ့အား လမ်းညွှန်ပြသပေးခြင်းဖြင့် လူမှုအသိုက်အဝန်းများအတွင်း ၎င်းတို့၏ အလုပ်ကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းများဖြစ်လာစေရန် ကူညီပေးခဲ့ပါသည်။ အထူးသဖြင့် ရေကြည်စမ်း အဖွဲ့သည် NGO ပုံစံ စီမံချက်များ အကောင်အထည်ဖော်သည့် ပုံစံ မှ မြေယာဆိုင်ရာ ကိစ္စရပ်များ၌ ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ရာတွင် ကူညီ ပံ့ပိုးပေးသည့် ပုံစံ သို့ပြောင်းလဲခဲ့ပါသည်။ LCG ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပဲခူးတိုင်းဒေသကြီးတွင် လူမှု အသိုက်အဝန်းများစွာမှလည်း ၎င်းတို့၏ မြေယာရပိုင်ခွင့်များအတွက် ခိုင်ခိုင်မာမာ အသိပေးအရေးဆိုမှုများ စတင်ပြုလုပ် လာခဲ့ကြပါသည်။ ပဲခူးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့် စပ်လျဉ်းသည့် ဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများ စတင်လုပ်ဆောင်ခဲ့ပြီး ယင်းတွင် CSO များ ပါဝင်ခဲ့ကြပြီး တောင်သူများ ကိုယ်တိုင် အသိပေး အရေးဆိုမှုအား ကူညီပံ့ပိုးပေးခဲ့ပါသည်။

LCG သည် အွန်လိုင်းပေါ်တွင် ပြုလုပ်သည့် အမျိုးသားမြေယာ ဥပဒေ လုပ်ငန်းစဉ် CSO ဖိုရမ် ဆွေးနွေးပွဲများတွင် ဧရာဝတီအခြေစိုက် CSO များ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပလက်ဖောင်းတစ်ခုအား တည်ဆောက်ခဲ့ပါသည်။ ယခင်က CSO များထံ သတင်းအချက်အလက် အနည်းငယ် မျှဝေပေးခဲ့ဖူးသော အမျိုးသားမြေယာဥပဒေရေးဆွဲရေးနှင့် ဥပဒေများ လိုက်လျောညီထွေ ဖြစ်စေရေး ကော်မတီ၏ အဖွဲ့ဝင်တစ်ဦးသည် အွန်လိုင်းတွင် ပြုလုပ်သည့် ဆွေးနွေးပွဲတစ်ခုအား အသုံးပြု၍ အမျိုးသား မြေယာဥပဒေလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သတင်းအချက်အလက်များ မျှဝေ ပေးခဲ့ပါသည်။ ယင်းနောက် အဆိုပါ ပုဂ္ဂိုလ်သည် ဥပဒေမူကြမ်းရေးဆွဲရေး ကော်မတီအတွက် အများပြည်သူနှင့် ဆွေးနွေးတိုင်ပင် သဘောထားရယူသည့် အစည်းအဝေး (၃)ကြိမ် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ CSO များသည် အမျိုးသား မြေယာဥပဒေ လုပ်ငန်းစဉ်တွင် အဓိကအရေးကြီးသည့် ကဏ္ဍမှ ပါဝင်နိုင်လိမ့်မည်ဟု ယူဆထားသော တိုင်းဒေသကြီး မြေယာအသုံးချမှု ကော်မတီအတွက် ပြင်ပ ပတ်သက် ဆက်နွယ်သူ ကိုယ်စားလှယ်များ အဖြစ် ပါဝင်မည့်သူများကို ရွေးချယ်ရန်အတွက်လည်း စတင် ပြင်ဆင်ခဲ့ပါသည်။

NAG သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ရေလုပ်ငန်းအသင်းများအကြား အတွေ့အကြုံမျှဝေသည့် အလုပ်ရုံ ဆွေးနွေးပွဲများ စီစဉ် ကျင်းပ ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် အလုပ်ရုံဆွေးနွေးပွဲများအား အွန်လိုင်း ပလက်ဖောင်းကို အသုံးပြု၍ (၂)ကြိမ်ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ငါးလုပ်ငန်းဆိုင်ရာ မိတ်ဖက်ပြုထားသူများ တက်ရောက်ခဲ့ပါသည်။ ယင်း အခမ်းအနားများတွင် ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ် ငါးလုပ်ငန်းအသင်းများမှ တက်ရောက်သူများသည် ပြဿနာများ၊ စိန်ခေါ်မှုများနှင့် စုပေါင်းအဖြေရှာနိုင်ရန်တို့အတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် NAG သည် အမျိုးသားအဆင့် လုပ်ကွက်ငယ် ရေလုပ်သားများ ကွန်ရက်တခု ဖော်ဆောင်ရန်အတွက် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုကွန်ရက်သည် လုပ်ကွက်ငယ် ရေလုပ်သား ကိုယ်စားလှယ်များအား ၎င်းတို့ကိုယ်တိုင် အခွင့်အရေးများနှင့် ကာကွယ် စောင့်ရှောက်မှု များအား ထောက်ပံ့ပေးရန်အတွက် ဆွဲဆောင်ရန် အမျိုးသားအဆင့်အားပေးထောက်ခံသည့် ပလက်ဖောင်း အနေဖြင့် ဖြည့်ဆည်းပေးမည့် လုပ်ငန်း ကော်မတီအား NGOများ၊ NGOများနှင့် CSOများမှ ကိုယ်စားလှယ်တို့ဖြင့် ဖွဲ့စည်းခဲ့ကာ၊ ကော်မတီအတွက် လုပ်ငန်း လမ်းညွှန် နှင့် ခြောက်လတာ လုပ်ငန်း အစီအစဉ်အား ရေးဆွဲခဲ့ပါသည်။

GEN သည် ၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာကိစ္စရပ်များကို မြန်မာနိုင်ငံမှ ပြည်သူများနှင့် ၎င်း၏ ကွန်ရက်ပြင်ပမှသူများပူးပေါင်း ပါဝင်လာစေရန်အတွက် ဆွဲဆောင်မည့် ရည်မှန်းချက်ပန်းတိုင်နှင့်အတူ ကွန်ရက်အတွင်းနှင့် ကွန်ရက်ပြင်ပ ပူးပေါင်းဆောင်ရွက်မှု တို့ ခိုင်မာ အားကောင်းစေရန် ဆောင်ရွက်ခဲ့ပါသည်။ GENသည် ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေး မဟာမိတ်အဖွဲ့၏ ဥက္ကဋ္ဌနေရာအား လက်ခံခဲ့ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နိုင်ငံရေးဆွေးနွေးမှုများတွင် လွှတ်တော်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ပတ်သက်သည့် နှီးနှောဖလှယ်ပွဲများတွင် ပါဝင်ခဲ့ပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့် နှီးနှော ဖလှယ်ပွဲများတွင် အဓိက ဦးဆောင် ဆွေးနွေးသည့် အဖွဲ့ဝင်တစ်ဦးအနေဖြင့် GEN သည် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးအား တည်ဆောက် ရာတွင် အားလုံး အကျုံးဝင် ပါဝင်စေခြင်းနှင့် မည်သူတစ်ဦး တယောက်မျှ နောက်ကျမကျန်စေရေး တို့သည် မည်သည့်အတွက်ကြောင့် အရေးပါသည် ဆိုသည်ကို မီးမောင်းထိုးပြခဲ့ပါသည်။





GEN သည် မြန်မာနိုင်ငံ၏ ICT ကဏ္ဍတွင် မိန်းကလေးများနှင့် အမျိုးသမီးများ၏ ပါဝင်လုပ်ကိုင် နိုင်စွမ်းပေးအပ်နိုင်ရန် ရန်ကုန်မြို့ ပညာရေး တက္ကသိုလ်၌ ကျင်းပခဲ့သည့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာနေ့ အခမ်းအနားတွင် အဓိကပါဝင် ဆွေးနွေးသည့် အဖွဲ့ဝင် တစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ GEN သည် COVID–19 ကပ်ရောဂါအလွန် စီးပွားရေး ပြန်လည် ထူထောင်ရန် ကျား၊ မ ရေးရာအား လုပ်ငန်းစဉ်တိုင်းတွင် ထည့်သွင်းပါဝင်စေခြင်းနှင့် ပတ်သက်သည့် Webinar တွင် ဟောပြောသူအနေဖြင့် ပါဝင်ခဲ့ကာ စီးပွားရေး လုပ်ငန်းများ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်း ဆောင်ရွက်မှု အသင်းကြီး နှင့် လည်း ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

GEN သည် ရော့ကာဖဲလား ဖောင်ဒေးရှင်း၊ ဂျော့ချ်တောင်း အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး တက္ကသိုလ်တို့ နှင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဟီလာရီ ကလင်တန်တို့ ပူးပေါင်းဖွင့်လှစ်သော အွန်လိုင်းမှ ကျင်းပသည့် ဘေဂျင်း + ၂၅ ထိပ်သီးဆွေးနွေးပွဲ (Virtual Summit) တွင် ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါ ထိပ်သီး ဆွေးနွေးပွဲတွင် သမ္မတဟောင်းများ၊ နိုင်ငံခြားရေးဝန်ကြီးများ နှင့် ထင်ရှားသည့် တက်ကြွလှုပ်ရှားသူ ၂၅ ဦး တက်ရောက်ခဲ့ပြီး ကမ္ဘာတလွှားရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်တို့၏ တိုးတက်မှု အရှိန်အဟုန် မြှင့်စေရေးအတွက် ထူးခြားပြောင်မြောက်သည့် အကြံပြုချက်များ ကြေညာခဲ့ပါသည်။

LIFT ၏ နောက်ထပ်မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း (KMSS) သည် COVID–19 ကပ်ရောဂါတုံ့ပြန်ကာကွယ်ရာတွင် CSO (၇၁)ဖွဲ့နှင့်အတူ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ KMSS သည် CSO များနှင့် တွဲဖက်လုပ်ကိုင်ခြင်းဖြင့် ဦးတည်ရည်ရွယ်သည့် လူမှုအသိုက်အဝန်းများထံ COVID–19 ကပ်ရောဂါဆိုင်ရာ သတင်းစကားများ ဖြန့်ဝေခြင်းနှင့် လက်ဆေးသည့် နေရာများ ပံ့ပိုးထောက်ပံ့ပေးခြင်းတို့ တွင် ပိုမိုလျင်မြန်စွာရောက်ရှိအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ဥပမာ– KMSS ပုသိမ်ရုံးသည် COVID–19 ကပ်ရောဂါ ဆိုင်ရာ သတင်းစကားများနှင့် ဗီဒီယိုအပိုင်းများအား ပိုးကရင်နှင့် စကောကရင် ဘာသာစကားများနှင့် ထုတ်လုပ်နိုင်ရေးအတွက် ပဒုမ္မာ လူမှုဖွံ့ဖြိုးရေးအသင်း၊ မေတ္တာနှင့် Radio Veritas Asia ကဲ့သို့သော ကက်သလစ် FM ရေဒီယိုအသံလွှင့်ဌာနနှင့် လူမှုဆက်သွယ်ရေးရုံး တို့နှင့် ကွန်ရက်ချိတ်ဆက် ခဲ့ပါသည်။ ထိုနည်းတူစွာ KMSS မော်လမြိုင်သည် အစိုးရနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် သတင်း အချက်အလက်များ မျှဝေရန် တို့အတွက် ဒေသခံအဖွဲ့အစည်းများဖြစ်သော Candle Light နှင့် ပုလဲရောင်စဉ် အဖွဲ့များနှင့် ကွန်ရက် ချိတ်ဆက် ခဲ့ပါသည်။

**ဒေသတွင်းအခြေအနေနှင့် လိုက်လျောညီစွာဆောင်ရွက်ခြင်းနှင့် ကျား၊ မ ရေးရာ**
LIFT ၏ ပြည်တွင်း မိတ်ဖက်အဖွဲ့အစည်းများအားလုံးသည် ယင်းတို့၏စီမံချက်အကောင်အထည်ဖော်သည့် လုပ်ငန်းများတွင် ကျား၊ မ ရေးရာကဏ္ဍအား ပါဝင်ရန် အလေးပေးဆောင်ရွက်ပါသည်။

GEN သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၊ မြန်မာအမျိုးသမီးများနေ့တို့တွင် LGBT ဂုဏ်ပြုသော ကျား၊ မ အခြေပြု အကြမ်းဖက်မှုအား ဆန့်ကျင်သည့် (၁၆)ရက်တာ လှုပ်ရှားဆောင်ရွက်မှုတို့တွင် ပူးပေါင်းပါဝင်ခြင်းဖြင့် ၂၀၂၀ ခုနှစ်၏ ကျား၊ မ ရေးရာ ကိစ္စရပ်များ အပေါ် အများပြည်သူအား ပညာပေးသည့် လှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ COVID – 19 ကပ်ရောဂါ ကာလတွင် လူစုလူဝေးခြင်းများ မပြုလုပ်ရန် ကန့်သတ်ထားသဖြင့် အချို့သော အများပြည်သူ အသိပညာပေး လှုပ်ရှားဆောင်ရွက်မှုများအား အွန်လိုင်းမှ တဆင့် နှင့် မီဒီယာ အဖွဲ့အစည်းများမှတဆင့် ပေးအပ် ခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် NAG သည် ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ် (၁၉)မြို့နယ်မှ ရေလုပ်သားဖွံ့ဖြိုးရေးအသင်းများတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှု ၁၅% ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ရေလုပ်သားများကွန်ရက်၏ ၁၃% ဖြစ်သည့် အဖွဲ့ဝင်(၃၈)ဦးမှာ အမျိုးသမီးများ ဖြစ်ကြပြီး ရေလုပ်သားကွန်ရက်မှ အမျိုးသမီးများအား ၎င်းတို့၏ ကျေးရွာများတွင် လုပ်ငန်းလည်ပတ်ခြင်း၊ ပြဿနာ ဖြေရှင်းခြင်း၊ ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ခြင်းတို့အတွက် အရေးပါသူများအဖြစ် ရှုမြင်ကြပါသည်။

NAG မှစတင်လုပ်ဆောင်ခဲ့သည့် စီမံကိန်းများအနက်မှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) ဆိုင်ရာ စီမံကိန်းလုပ်ငန်း များသည် ခေါင်းဆောင်သူနေရာများတွင် အမျိုးသမီးများပါဝင်စေမှု တိုးမြှင့်တင်ရာ၌ အထင်ရှားဆုံးဖြစ်ပါသည်။ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး ကော်မတီများ နှင့် ဈေးကွက်ချိတ်ဆက်မှုများ မြှင့်တင်ရေးတွင် အမျိုးသမီးများ တာဝန်ယူ ဦးဆောင်သည့် ကော်မတီများ တိုးတက် များပြား လာခြင်းဖြင့် ငါးလုပ်ငန်း ဖွံ့ဖြိုးရေးအသင်းများတွင် ကျား၊ မ ညီမျှမှု ပိုမို ဖြစ်လာစေရန် မျှော်မှန်းထားခဲ့ပါသည်။ SME (၅)ခုတွင် အမျိုးသမီးများ ဝင်ငွေရရှိရေးအတွက် သီးသန့်ရည်ရွယ်ချက်များ ရှိနေပြီး အမျိုးသမီးများ၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်မှု စွမ်းဆောင်ရည်အား ဆန်းစစ် အကဲဖြတ်ရန်အတွက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများမှ စွမ်းဆောင်နိုင်မှု ဆိုင်ရာ လိုအပ်ချက်များ ဆန်းစစ်အကဲဖြတ်မှု ပြုလုပ်ပြီး သည့်နောက်တွင် အမျိုးသမီးများ တင်သွင်းလာသည့် SME လုပ်ငန်း အဆိုပြုလွှာများ သုံးသပ်နိုင်ရန်အတွက် စနစ်တကျသုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ထားရှိပါသည်။ ကူညီပံ့ပိုးပေးသည့် SME များသည် စားသုံးသူများအတွက် အစားအသောက် ဘေးကင်းစိတ်ချရမှု စံနှုန်းများနှင့် ကိုက်ညီစေရန် ထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် ဓာတုဆေးဝါးများ အသုံးပြုမှုကိုရှောင်ရှားသည့် ကောင်းမွန်စွာ ထုတ်လုပ်ခြင်းနှင့် တာရှည်ခံအောင် ပြုလုပ်သည့် အလေ့အကျင့်များကို အသုံးပြု၍ထုတ်လုပ်သော ငါးပိ၊ ငံပြာရည်၊ ငါးခြောက်နှင့် အသင့်စားသုံးနိုင်သည့် ငါးခြောက်ကဲ့သို့သော ဒေသထွက်ကုန်များ မြှင့်တင်ပေးပါသည်။ SME များအနက်မှ တစ်ခုဖြစ်သော သင်ဖြူးဖျာ ထုတ်လုပ်ရေး လုပ်ငန်းသည် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနေပြီး အစီအစဉ်မှ အမျိုးသမီး (၁၀၀)ဝန်းကျင်ခန့်သည် မြန်မာကျပ်ငွေ (၇၀,၀၀၀) (ကန်ဒေါ်လာ ၅၀) နီးပါး ရရှိနေပါသည်။ စီမံချက် လက်ရှိ အကောင်အထည်ဖော်နေသည့် အဆင့်၌ SME စီမံခန့်ခွဲမှုနှင့် တန်ဖိုးမြှင့်ကွင်းဆက် ဆိုင်ရာ အသိပညာပေး သင်တန်းမှတဆင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်စေခြင်းနှင့် ၎င်းတို့၏ကျွမ်းကျင်မှုများ ခိုင်မာအား ကောင်းစေခြင်းတို့ အပေါ် အလေးပေး ဆောင်ရွက်လျက် ရှိပါသည်။

COVID-19 ကပ်ရောဂါတုံ့ပြန်ကာကွယ်မှုများဆောင်ရွက်ရာ၌ ကာလတိုနှင့် ကာလလတ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အမျိုးသမီး များ၊ အမျိုးသားများနှင့် ကလေးသူငယ်များအတွက် မတူညီသည့် လိုအပ်ချက်များအား ထည့်သွင်းစဉ်းစားခဲ့ပါသည်။ စီမံချက်အဖွဲ့သည် လူမှုအသိုက်အဝန်းများ၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ ပါဝင်မှုကို အထူးအာရုံစိုက်ခဲ့ပါသည်။ ထို့အပြင် ရပ်ရွာလူထု COVID-19 ကပ်ရောဂါတုံ့ပြန် ကာကွယ်ရေး ကော်မတီများသည် ရပ်ရွာလူထု အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာများတွင် ကျား၊ မ အခြေပြုအကြမ်းဖက်မှု၊ အန္တရာယ်ရှိသည့် ကျား၊ မ ရေးရာ စံနှုန်းများ၊ ခွဲခြား ဆက်ဆံသည့် အလေ့အကျင့်များနှင့် မညီမျှမှုများနှင့် စပ်လျဉ်း ၍ ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။ ရှင်းလင်းပြောကြားမှုများမှာ အသွားအလာ ကန့်သတ် စောင့်ကြည့်ရာ နေရာများသည် အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသည့် နေရာများဖြစ်ကြောင်း သေချာစေရန်အတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်း ဖြစ် ပါသည်။

စခန်းများနှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာများတွင် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အသုံး အဆောင် ပစ္စည်းများဖြန့်ဝေပေးရာ၌ အမျိုးသမီးများ၏ သီးသန့်လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါသည်။ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများသည် ငွေကြေးထောက်ပံ့မှု ပေးအပ်ရန်အတွက် အကျိုးခံစားခွင့်ရှိသူများအား ရွေးချယ်ရာတွင် အဓိက ဦးတည် ရည်ရွယ်သည့် အုပ်စုများ အနက်မှ တစ်စုဖြစ်ပါသည်။

**ဒေသတွင်းစွမ်းဆောင်နိုင်မှုများဖွံ့ဖြိုးတိုးတက်စေခြင်း**

LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ အဖွဲ့အစည်းများအတွင်း စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် အစိုးရ အဖွဲ့အစည်းများ၊ အခြား CSO များနှင့် လူမှုအသိုက်အဝန်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့တွင် လုပ်ကိုင်ဆောင်ရွက်လျက် ရှိ ပါသည်။

၂၀၂၀ ခုနှစ် နှစ်ကုန်တွင် LIFT မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေခြင်းဆိုင်ရာ သင်တန်းများသည် အကျိုး ခံစားခွင့် ရှိသူ (၆၂၁,၈၈၀)ဦး ထံရောက်ရှိခဲ့ပြီး ၎င်းတို့အနက် (၅၆) %မှာ အမျိုးသမီးများ ဖြစ်ကြပါသည်။





အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ

# ၆.၃

## လူမှုကာကွယ်စောင့်ရှောက်ရေး

### ခြုံငုံဖော်ပြချက်

လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် LIFT ၏ စီမံကိန်းလုပ်ငန်းများသည် LIFT ၏ ၂၀၁၉-၂၀၂၃ မဟာဗျူဟာနှင့် ကောင်းစွာ ကိုက်ညီမှု ရှိပါသည်။ လူမှု ကာကွယ်စောင့်ရှောက်ရေး စီမံကိန်းသည် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် အားနည်းထိခိုက်လွယ်သူများ၏ လိုအပ်ချက် များအား ဖြေရှင်းခြင်းကို အာရုံစိုက် လုပ်ဆောင်သည့်အပြင် အခြားအားနည်းထိခိုက်လွယ်သည့် အုပ်စုများ၊ အမျိုးသမီးများ၊ ကလေး သူငယ်များ၊ ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် နေရပ်ပြန်များအပေါ်၌လည်း အာရုံစိုက်ပါသည်။

LIFT ၏လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်သည် အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုများနှင့် လူမှုအသိုက်အဝန်း များ၏ လိုအပ်ချက်များအား တုံ့ပြန်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည်ခိုင်မာအားကောင်းစေခြင်းအပေါ်၌ လည်း အာရုံစိုက်ပါသည်။ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ၏လိုအပ်ချက်များအား ဖြေရှင်းပေးသည့် မသန်စွမ်းသူများအတွက် အထောက်အပံ့ နှင့် လူမှုရေးပင်စင် အစီအစဉ်များတွင် အစိုးရနှင့် သက်ဆိုင်ရာ အဆင့်များအားလုံး၌ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ LIFT သည် ပြည်ထောင်စုအဆင့်၌လည်း အဖွဲ့အစည်းနှင့် လူသား အရင်းအမြစ်ဆိုင်ရာ စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေရန်အတွက် နည်းပညာဆိုင်ရာ အကူအညီအား ကူညီပံ့ပိုးပေးပါသည်။ စီမံချက်အကောင်အထည်ဖော်ခြင်းဆိုင်ရာ အတွေ့အကြုံများနှင့် သုတေသနတို့မှ ရရှိသည့် သတင်းအချက် အလက်များဖြင့် ဆောင်ရွက်နေသော LIFT၏ လူမှုကာကွယ်စောင့်ရှောက်ရေး စီမံကိန်းလုပ်ငန်း အတွက်လည်း ခိုင်မာသည့် မူဝါဒဆိုင်ရာ မဟာဗျူဟာများကို စုစည်း ပေးပါသည်။

၂၀၂၀ခုနှစ်တွင် COVID-19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် LIFTသည် လက်ရှိ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ် (ငွေကြေးထောက်ပံ့မှုများ ၊ အစားအသောက်များ ထောက်ပံ့ပေးသည့် အစီအစဉ်များ၊ လူမှုရေးအာမခံအစီအစဉ်များနှင့် ကလေးသူငယ် အကျိုးခံစားခွင့်များ ) အား ကပ်ရောဂါ သက်ရောက်မှုရှိခဲ့သည့် မိသားစုများအတွက် ကူညီပံ့ပိုးပေးနိုင်ရန် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ LIFT၏ ငွေကြေးထောက်ပံ့မှုသည် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများကို လျော့ပါးသက်သာစေရန် အတွက် အားနည်း ထိခိုက်လွယ်သူများ နှင့် လူမှုအသိုက် အဝန်းများထံ ငွေကြေးထောက်ပံ့ပေးခြင်းအား အစိုးရများမှ အသုံးပြုနိုင်သော ထိရောက်မှုရှိသည့် စီမံကိန်း ဆောင်ရွက်ချက်များအနက် တစ်ခုအနေဖြင့် နိုင်ငံတကာတွင် ရှာဖွေဖော်ထုတ်ရရှိသည့် အထောက်အထားများပေါ်၌ အခြေခံထား ပါသည်။

**COVID-19 ကပ်ရောဂါတုံ့ပြန်ကာကွယ်ခြင်းနှင့် သက်ရောက်မှု**
မြန်မာနိုင်ငံတွင် LIFT ၏ COVID-19 ကပ်ရောဂါတုံ့ပြန်ကာကွယ်မှု၏ အဓိကအစိတ်အပိုင်းမှာ COVID-19 ကပ်ရောဂါ ဆိုးကျိုး သက်ရောက်မှု များကြောင့် အားနည်းထိခိုက်သွားသည့် အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့မှုဖြင့် ကူညီပံ့ပိုးပေးရန် ရန်ပုံငွေ ထောက်ပံ့မှုများ အား အလျင်အမြန်ရယူနိုင်ခြင်း ဖြစ်ခဲ့ပါသည်။

LIFT ၏ ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရန်အတွက် ဆောင်ရွက်သော ငွေကြေးအခြေခံသည့် အစီအစဉ်များတွင် အောက်ပါတို့ ပါဝင်ပါသည် –

- ကိုယ်ဝန်ဆောင်မိခင်နှင့် ယင်းတို့မှ မွေးဖွားလာသည့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့မှု (MCCT) အစီအစဉ် – လက်ရှိ MCCT အစီအစဉ်မှ မေ/ဇွန်လတွင် ပေးအပ်ခဲ့သည့် ငွေကြေးထောက်ပံ့မှုအပေါ် ‘ထပ်ဆောင်း’ ထောက်ပံ့သည့် အနေဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်(၂)အောက်ကလေးငယ်ရှိသည့် မိခင်များ အတွက် တပေါင်းတည်း ပေးအပ်သည့် မြန်မာကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ ၂၁) ထောက်ပံ့မှု
- လူမှုရေးပင်စင်များ – လက်ရှိလူမှုရေးပင်စင် အစီအစဉ်မှ မေ/ဇွန်လတွင်ပေးအပ်ခဲ့သည့် ငွေကြေးထောက်ပံ့မှု အပေါ် ‘ထပ်ဆောင်း’ ထောက်ပံ့သည့် အနေဖြင့် အသက်(၈၅)နှစ်အထက်ရှိသည့် သူများအတွက် တပေါင်းတည်း ပေးအပ်သည့် မြန်မာကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ၂၂) ထောက်ပံ့မှု
- ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ – အိမ်ထောင်စု (၆၄,၇၈၅)စု (လူဦးရေ၃၂၅၆၆၄) အတွက် အိမ်ထောင်စုတစ်စုလျှင် တစ်ကြိမ် သာ ပေးအပ်သည့် မြန်မာကျပ်ငွေ ၆၅,၀၀၀ (ကန်ဒေါ်လာ ၄၇)ထောက်ပံ့မှု
- လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်စေပြီး လုပ်အားခ ငွေပေးချေခြင်းအစီအစဉ် – ဧရာဝတီတိုင်းဒေသကြီးတွင် လူဦးရေ (၁,၄၃၅)ခန့် အတွက် ပျမ်းမျှ တစ်ရက်လျှင် မြန်မာကျပ်ငွေ ၅,၀၀၀ (ကန်ဒေါ်လာ၃.၆)ပေးသည့် ပျှမ်းမျှရက်(၃၀)ကြာမြင့်သည့် လုပ်ငန်း
- အရေးပေါ် ထောက်ပံ့ငွေ – ဝင်ငွေဆုံးရှုံးသွားခြင်းကို အစားထိုးပေးသည့် အနေဖြင့် ရန်ကုန်မြို့ရှိ စက်ရုံ(၂) ရုံမှ အထည်ချုပ် အလုပ်သမား (၇၅၃)ဦးအတွက် လုပ်ခလစာ (၃)လစာနှင့် ညီမျှသောမြန်မာကျပ်ငွေ (၁၂၀,၀၀၀) (ကန်ဒေါ်လာ၈၆)အား မေ/ဇွန်လတွင် ထောက်ပံ့ ပေးအပ်ခဲ့ခြင်း
- မြို့ပြဝန်းကျင်ဒေသရှိ ရွှေ့ပြောင်း လုပ်သားများ – ရွှေပြည်သာနှင့် လှိုင်သာယာရှိ အလုပ်အကိုင်ဆုံးရှုံးသွားခဲ့သည့် အထည်ချုပ် လုပ်သား စုစုပေါင်း (၇,၆၅၅)ဦးအား ဧပြီလနှင့် စက်တင်ဘာလအတွင်း အရေးပေါ် လိုအပ်သည်များအား အသုံးပြုရန်အတွက် မြန်မာ ကျပ်ငွေ (၅၀,၀၀၀) (ကန်ဒေါ်လာ၃၆) အထိ ငွေကြေး ထောက်ပံ့မှုပေးခြင်း၊ လိင်အလုပ်သမများအသင်းမှ တစ်ဆင့် ရန်ကုန်မြို့ရှိ နောက်ထပ် အမျိုးသမီး လိင်အလုပ်သမား (၅၀၀)ဦးထံ တစ်ကြိမ်တည်း ပေးသည့် ငွေကြေးထောက်ပံ့မှု အဖြစ် ထောက်ပံ့ငွေ မြန်မာ ကျပ်ငွေ ၇၂၀၀၀ (ကန်ဒေါ်လာ၅၂) အား ပေးအပ်ခြင်း၊ ရန်ကုန်မြို့ရှိ အလုပ်လက်မဲ့ စက်ရုံအလုပ်သမား၊ အလွတ်သဘော အလုပ်လုပ်ကြသည့် ကဏ္ဍများမှ အလုပ်သမား၊ မသန်စွမ်းသူ နှင့် HIV ရောဂါခံစားနေရသူ (၁,၄၅၈)ဦးထံ မြန်မာ ကျပ်ငွေ ၂၄၀,၀၀၀ (ကန်ဒေါ်လာ၁၇၃) ငွေကြေး ထောက်ပံ့မှုကိုလည်း ပေးအပ်ခဲ့ခြင်း
- ၂၀၂၀ခုနှစ် မတ်လဆန်းပိုင်းတွင် LIFT သည် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ အသက်(၂)နှစ်အောက် ကလေးငယ်ရှိသည့်မိခင်များ၊ အသက်(၈၅)နှစ်နှင့် အထက်ရှိသူများထံ ရောက်ရှိစေရန် လက်ရှိ ရှိနေပြီးဖြစ်သော ငွေကြေးထောက်ပံ့ပေးသည့် ယန္တရား များကို အသုံးပြုကာ MCCT နှင့် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုများထံ ‘ထပ်ဆောင်း’၍ ငွေကြေး ထောက်ပံ့ရန် အတွက် အစီအစဉ် ရေးဆွဲရန် လူမှုဝန်ထမ်း ဦးစီးဌာန (DSW)နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း။ ဤကြိုးပမ်း ဆောင်ရွက်မှုအတွက် ဘတ်ဂျက်မှာ MCCT အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုများအတွက် ကန်ဒေါ်လာ ၄.၉သန်းနှင့် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စု များအတွက် ကန်ဒေါ်လာ ၄.၁သန်းဖြစ်ပြီး စုစုပေါင်းဘတ်ဂျက်မှာ ကန်ဒေါ်လာ (၉)သန်းဖြစ်ပါသည်။
- ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် အသက်(၂)နှစ်အောက်ကလေးငယ်ရှိသည့် မိခင် (၂၃၈,၄၁၀) ဦးနှင့် အသက်၈၅နှစ်နှင့် အထက်ရှိသူ ဦးရေ(၂၀၀,၀၀၀) နီးပါးထံပေးအပ်သည့် ငွေကြေးထောက်ပံ့မှုများအား COVID–19 ကပ်ရောဂါကာကွယ်တားဆီးရေးနှင့် လျော့ပါး သက်သာစေခြင်းဆိုင်ရာသတင်းအချက်အလက် များနှင့်အတူ ဖြန့်ဝေပေးခဲ့ပါသည်။ မိသားစုဝင်များအားလုံးကိုပါ ထည့်သွင်း တွက်ချက်ပါက ခန့်မှန်းခြေ လူဦးရေ ၁.၈သန်းသည် ငွေကြေးထောက်ပံ့မှုအကျိုးကျေးဇူးများကို ခံစားခဲ့ရသည်ဟု LIFT မှ ခန့်မှန်း ထားပါသည်။ COVID–19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်သည့် LIFT ငွေကြေးထောက်ပံ့မှု၏ ရောက်ရှိမှုနှင့် သက်ရောက်မှုအား ပိုမို နားလည်သဘောပေါက်စေရန်အတွက် ငွေကြေး ထောက်ပံ့ပေးပြီးနောက် စောင့်ကြည့်စစ်ဆေးသည့် ယန္တရားများကိုလည်း ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။

**MCCT ငွေကြေးထောက်ပံ့ခြင်း**

DSW သည် MCCT အစီအစဉ်လုပ်ဆောင်နေသည့် ဒေသ(၅)ခုဖြစ်သော ချင်း၊ကယား၊ကရင်နှင့် ရခိုင်ပြည်နယ် များနှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများတွင် ကိုယ်ဝန်ဆောင်နှင့် အသက်(၂)နှစ်အောက် အရွယ် ကလေးရှိသည့် မိခင်များထံ ငွေကြေးထောက်ပံ့မှုအား ဖြန့်ဝေ ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် မေလနှင့် ဇွန်လတွင် DSW သည် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးငယ်ရှိသည့် မိခင်(၂၃၈,၄၁၀) ဦးထံ COVID–19 ကပ်ရောဂါအတွက် တစ်ကြိမ်တည်းသာ ပေးအပ်သည့် ‘ထပ်ဆောင်း’ထောက်ပံ့ငွေ မြန်မာကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ၂၂) အားပေးအပ်ခဲ့ပါသည်။

ငွေကြေးထောက်ပံ့မှုများ ပေးအပ်ပြီးနောက် LIFT နှင့် DSW ပူးပေါင်းအဖွဲ့သည် COVID–19 ကပ်ရောဂါ၏ အိမ်ထောင်စုများအပေါ် သက်ရောက်မှု၊ ၎င်းတို့၏ရင်ဆိုင်ဖြေရှင်းသည့် မဟာဗျူဟာများနှင့် ၎င်းတို့ရရှိသည့် ငွေကြေးအား မည်ကဲ့သို့သုံးစွဲခဲ့သည်တို့ကို နားလည် သဘောပေါက်နိုင်ရန်အတွက် စက်တင်ဘာလ လဆန်းပိုင်းတွင် အိမ်ထောင်စု (၃၉၉)ကို စစ်တမ်း ကောက်ယူခဲ့ပါသည်။ COVID–19 ကပ်ရောဂါ ကူးစက်ခံရသည့် လူနာများတိုးပွားလာပြီး နောက်ပိုင်း အသွားအလာများ ကန့်သတ်ခဲ့ခြင်းနှင့် လုံခြုံရေးအခြေအနေများကြောင့် ရခိုင်ပြည်နယ်တွင် ငွေကြေးထောက်ပံ့ပြီးနောက် စောင့်ကြည့်စစ်ဆေးသည့် စစ်တမ်း ကောက်ယူနိုင်ခဲ့ခြင်းမရှိပါ။ စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများ အားလုံးမှ COVID–19 ကပ်ရောဂါဆိုင်ရာ ငွေကြေးထောက်ပံ့မှုအား လက်ခံရရှိကြောင်းကို





အစီရင်ခံတင်ပြခဲ့ပြီး ပေးအပ်သည့် ငွေကြေး ပမာဏအား အပြည့်အဝလက်ခံရရှိကြောင်းကို အိမ်ထောင်စုတစ်စုမှ လွဲလျှင် ကျန် အိမ်ထောင်စုအားလုံးမှ အစီရင်ခံတင်ပြခဲ့ပါသည်။ စစ်တမ်းကောက်ယူခဲ့သူများ၏ ၆၃%မှ ငွေကြေး ထောက်ပံ့မှုသည် အကျိုးရှိသည်ဟု ခံစားခဲ့ရပြီး ၃၇% မှာ “အလွန်အကျိုးရှိသည်” ဟု ခံစား ရကြောင်း ဖြေဆိုခဲ့ကြပါသည်။

**စိန်ခေါ်မှုများနှင့် ရင်ဆိုင်ဖြေရှင်းသည့် မဟာဗျူဟာများ**

COVID–19 ကပ်ရောဂါကြောင့် အိမ်ထောင်စုများကြုံတွေ့ခဲ့ရသည့် အဓိကစိန်ခေါ်မှု(၃)ခုမှာ ဝင်ငွေဆုံးရှုံးခြင်း (၈၇%)၊ ရောဂါ ကူးစက်ခံရ မည်ကို ကြောင့်ကြသည့် စိတ်ဖိစီးမှု (သို့)ကြောက်ရွံ့မှု (၈၆%) နှင့် ဈေးများသို့ သွားရောက်နိုင်မှုမရှိခြင်း (၃၉%)တို့ဖြစ်ပါသည်။ ဈေးများသို့ သွားရောက် နိုင်မှု မရှိခြင်း နောက်တွင် ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် ဌာနများသို့ သွားရောက်နိုင်မှု မရှိခြင်းလည်း အတူပင် ဖြစ်ပါသည်။ ဝင်ငွေ ဆုံးရှုံးမှု၊ ဈေးများသို့ သွားရောက်နိုင်မှု မရှိခြင်း ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် ဌာနများသို့ သွားရောက်နိုင်မှု မရှိခြင်းတို့သည် အဓိကအားဖြင့် COVID–19 ကပ်ရောဂါပြန့်ပွားမှုအား ကာကွယ်တားဆီးရန်အတွက် အဓိက ဗျူဟာအနေဖြင့် သွားလာမှုအား ကန့်သတ်သော အစီအမံများ၏ ရလဒ်ကြောင့်ဖြစ်ခဲ့ပါသည်။

စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများသည် COVID–19 ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း စိန်ခေါ်မှုများကို ရင်ဆိုင် ဖြေရှင်းရန်အတွက် အမျိုးမျိုးသောရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းများကို အသုံးပြုခဲ့ကြပါသည်။ ဥပမာအားဖြင့် ဝင်ငွေဆုံးရှုံးသွားသည့် အိမ်ထောင်စု ၃၃% သည် အသုံးစရိတ်များ လျှော့ချပြီး အကုန်အကျသက်သာအောင် ဆောင်ရွက်ခဲ့ကာ ၂၀% သည် ငွေချေးငှားသုံးစွဲခဲ့ပြီး ၁၀%သည် ဆွေမျိုးများထံမှ အကူအညီအပေါ် မှီခိုနေခဲ့ကြပါသည်။ ငွေချေးငှားရယူခဲ့သူများ (သို့) ဆွေမျိုးများ၏ အကူအညီအပေါ် မှီခိုနေခဲ့ကြသူများအနက်မှ ၃၀% သည် အကြွေးတင်ခြင်း (သို့) တစ်နည်းတစ်ဖုံဖြင့် လူမှုရေးအရ ပေးရန်တာဝန်ရှိခြင်းတို့ ဖြစ်ခဲ့ပါသည်။ ထို့အပြင် ၇% သည် ပိုင်ဆိုင်မှုများ (သို့) စားနပ်ရိက္ခာများကို ရောင်းချခဲ့ ပါသည်။ အဆိုပါ(၂)မျိုးလုံးသည် အဆိုပါအိမ်ထောင်စုများ၏ ရေရှည်ကြံ့ကြံ့ခံနိုင်စွမ်းအတွက် ဂယက် ရိုက်ခတ် မှုများ ရှိနိုင်မည်ဖြစ်ပါသည်။ COVID–19 ကပ်ရောဂါကူးစက်ခံရမည်ကို ကြောက်ရွံ့သည်ဟု ပြောကြားခဲ့သည့် အမျိုးသမီးများအနက်မှ ၈၅% သည် COVID–19 ကပ်ရောဂါ ဆိုင်ရာ ကျန်းမာရေးလမ်းညွှန်ချက်များကို လိုက်နာခဲ့ပါသည်ဟုပြောကြားခဲ့ပါသည်။ ဈေးများသို့ သွားလာရသည်ကို ကြီးမားသည့် စိန်ခေါ်မှု တစ်ရပ်ဟု ထင်မြင်ယူဆသည့် အမျိုးသမီးများအနက်မှ (၄၃%) တို့သည် အစားအသောက်များ ဝယ်ယူစုဆောင်း ခဲ့ကြပြီး (၂၂%) က ဈေးများ၌ ကျန်းမာရေးလမ်းညွှန်ချက်များကို လိုက်နာကြသည်ဟု ပြောကြားခဲ့ကာ (၁၃%) တို့မှ ရပ်ရွာလူထုကိုယ်စား ဈေးဝယ်ရန်အတွက် တစ်စုံတစ်ဦးကိုသာ တာဝန်ပေးထားခဲ့သည်ဟု ဖြေကြားခဲ့ပါသည်။

**COVID–19 ကပ်ရောဂါဆိုင်ရာ ငွေကြေးထောက်ပံ့မှုအား လက်ခံရယူခြင်းနှင့် ငွေကြေးအားအသုံးပြုခြင်း**

ငွေကြေးထောက်ပံ့မှုအား လက်ခံရရှိခဲ့သည့် အမျိုးသမီး (၉၁%)သည် ရရှိခဲ့သော ငွေကြေးနှင့် ပတ်သက်၍ မည်သို့ အသုံးပြုမည်ဆိုသည်ကို ၎င်းတို့ ကိုယ်တိုင် ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်ဟု ပြောကြားခဲ့ပြီး (၆%)မှ ၎င်းတို့၏ခင်ပွန်းများနှင့် တိုင်ပင်၍ ဆုံးဖြတ်ချက်များချခဲ့သည်ဟု ပြောကြား ခဲ့ပါသည်။

အများစု (၆၁%) မှာ ၎င်းတို့၏မိသားစုများအား အစားအသောက်ကျွေးမွေးရန်အတွက် ငွေအချို့အား အသုံးပြုခဲ့ပြီး (၄၆%)က ကျန်းမာရေး စောင့်ရှောက်မှုအတွက် ပေးရန်ငွေအချို့အား အသုံးပြုခဲ့ပါသည်။ (၁၆%) သည် အဝတ်အထည်များဝယ်ယူခဲ့ပြီး အများစုမှာ မွေးကင်းစ ကလေးငယ်များ အတွက် ဖြစ်ပါသည်။ အဆိုပါရလဒ်များသည် COVID–19 ကပ်ရောဂါကာလအတွင်း အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စု များ၏ စားနပ်ရိက္ခာ ဖူလုံမှု၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးရန်အတွက် ငွေကြေး ထောက်ပံ့မှု များ၏ အဓိက ရည်ရွယ်ချက်များနှင့်လည်း ကောင်းစွာ ညီညွတ်ပါသည်။

**COVID–19 ကပ်ရောဂါတားဆီးကာကွယ်ခြင်းနှင့် လျော့ပါးသက်သာစေမည့် အစီအမံများနှင့် ပတ်သက်သည့် အသိအမြင်**

အကျိုးခံစားခွင့်ရှိသူ အားလုံးသည် COVID–19 ကပ်ရောဂါတားဆီးကာကွယ်ခြင်းနှင့် လျော့ပါးသက်သာစေမည့် အစီအမံများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လက်ခံရရှိခဲ့ပါသည်။ စစ်တမ်းအရ လူအများ၏ (၉၆%) သည် လက်ဆေးခြင်းနှင့် ပတ်သက်သည့် သတင်း အချက်အလက်များကို လက်ခံရရှိခဲ့ပြီး (၉၃%) မှ နှာခေါင်းစည်းများ အကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကာ (၈၅%) အား နေထိုင်မှုဘဝတွင် ခပ်ခွာခွာ နေထိုင်ရန် အတွက် သတိပေးခဲ့ပါသည်။

**COVID–19 ကပ်ရောဂါတားဆီးကာကွယ်ခြင်းနှင့် လျော့ပါးသက်သာစေမည့် အစီအမံများအတွက် ဆက်သွယ် ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများ**

COVID–19 ကပ်ရောဂါတားဆီးကာကွယ်ခြင်းနှင့် လျော့ပါးသက်သာစေမည့် အစီအမံများနှင့် ပတ်သက်သည့် သတင်းစကားများ မျှဝေအတွက် အထင်ရှားဆုံးသောလမ်းကြောင်းမှာ အခြေအနေမျိုးစုံ၌ ရှိနေသည့် လူများ နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ထိရောက်သော နည်းလမ်းတစ်ခု ဖြစ်သည့် အသံချဲ့စက် များဖြင့် လှည့်လည် ကြေညာခြင်း ဖြစ်ခဲ့ပါသည်။ စစ်တမ်းအရ (၄၇%) မှ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် ကျန်းမာရေး ဝန်ထမ်းများနှင့် ဆွေးနွေးပြောဆိုမှုများသည် COVID–19 ကပ်ရောဂါမှ မည်သို့တားဆီးကာကွယ် ရမည်ဆိုသည်နှင့် ပတ်သက်၍ သတင်းအချက်အလက်ရရှိနိုင်သော ရင်းမြစ်တစ်ခုဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ အမျိုးသမီးများ၏ ၄၂%က ပုံနှိပ်ထုတ်ဝေ ထားသည့် စာရွက်စာတမ်းစာစောင်များမှ ရရှိသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ မိုဘိုင်းလ်ဖုန်းများသည်လည်း သတင်း အချက်အလက် များပေးရန် နောက်ထပ် ထိရောက်သည့် နည်းလမ်းတစ်မျိုး ဖြစ်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနသည် နိုင်ငံတဝှမ်း ကျန်းမာရေး ဝန်ဆောင်မှုများပေးရာတွင် ယင်း၏ နည်းပညာဆိုင်ရာ အခန်းကဏ္ဍနှင့် ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိမှု တို့ကြောင့် ဒေသအလိုက် စီမံကိန်းဧရိယာ(၄)ခုစလုံးတွင် COVID–19 ကပ်ရောဂါတားဆီးကာကွယ်ခြင်းနှင့် လျော့ပါးသက်သာစေမည့် အစီအမံများ

နှင့် ပတ်သက်၍ သတင်းအချက်အလက်များ ဖြန့်ဝေနိုင်သည့် အသိအမှတ်ပြုမှုရရှိမှု အများဆုံး အဖွဲ့အစည်း အဖြစ် သတ်မှတ်ခြင်းခံရပါသည်။ DSW နှင့်ပေါင်းစပ် လိုက်သည့်အခါ မြန်မာနိုင်ငံအစိုးရသည် ကောက်ယူခဲ့သည့် စစ်တမ်းများ အတွက် COVID–19 ကပ်ရောဂါဆိုင်ရာ သတင်းအချက်အလက် များအတွက် အသိသာအထင်ရှားဆုံးသော ရင်းမြစ် ဖြစ်ခဲ့ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) သည်လည်း COVID–19 ကပ်ရောဂါဆိုင်ရာ သတင်းအချက်အလက်ပေးသည့် အဖွဲ့များအဖြစ် မကြာခဏ သတ်မှတ်ခံရပြီး တသမတ် တည်းဖြစ်သော သတင်းစကားများနှင့် သတင်းအချက် အလက်များ ချိတ်ဆက်မိစေခြင်း၏ အရေးပါမှုကို ထင်ရှားစေပါသည်။ CSO များနှင့် NGO များသည် MOHS မှ ရေးသားပြုစုခဲ့ပြီး အတည်ပြုထားသော သတင်းအချက်အလက်များကို ဖြန့်ဝေပေးခဲ့ပါသည်။

### ထပ်မံလိုအပ်လျက်ရှိသော ကူညီပံ့ပိုးမှု

ဒေသအလိုက်စီမံကိန်းဧရိယာ (၄)ခုစလုံးတွင် အမျိုးသမီး ၈၃% မှ COVID–19 ကပ်ရောဂါဆိုင်ရာ တစ်ကြိမ်တည်း ထပ်ဆောင်း ပေးသည့် ငွေကြေးထောက်ပံ့မှု နောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် ကူညီပံ့ပိုးမှု ထပ်မံ လိုအပ်ခဲ့သည်ဟု ပြောကြားခဲ့ပြီး၊ အမျိုးသမီး ၈၀% မှ ၎င်းတို့အနေဖြင့် ငွေကြေးထပ်မံလိုအပ်သည်ဟု ပြောကြားခဲ့ကာ ၅၁% မှ စားနပ်ရိက္ခာအကူအညီကို တောင်းခံခဲ့ပါသည်။ အဆိုပါ ကူညီပံ့ပိုးပေးမှု ထပ်မံ လိုအပ်နေသည့် သူများ၏ သုံးပုံတစ်ပုံကျော်မှ တကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်း(PPE) နှင့် ဆေးဝါးများ လိုအပ်ကြောင်း ပြောဆိုခဲ့ပါသည်။

### လူမှုရေးပင်စင် လက်ခံရယူနေသူများအား ငွေကြေးထောက်ပံ့ပေးမှု

၂၀၂၀ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လတွင် DSW သည် အသက်(၈၅)နှစ်နှင့် အထက် သက်ကြီးရွယ်အို (၁၉၇,၅၀၈)ဦးထံ လူမှုရေးပင်စင်တွင် တစ် ကြိမ်တည်းသာ ထပ်ဆောင်းပေးသည့် မြန်မာကျပ်ငွေ ၃၀,၀၀၀ (ကန်ဒေါ်လာ၂၂) ငွေကြေးထောက်ပံ့မှုအား ပေးအပ်ခဲ့ပါသည်။ DSW ရောက်ရှိနိုင်ခြင်းမရှိသော ပဋိပက္ခဒဏ်ခံဒေသများမှလွဲ၍ မြန်မာနိုင်ငံရှိ လူမှုရေး ပင်စင်လက်ခံရယူရန် သတ်မှတ်ချက် ပြည့်မီသော သက်ကြီးရွယ်အိုများ အားလုံး ထပ်ဆောင်း ထောက်ပံ့ငွေအား လက်ခံရရှိခဲ့ပါသည်။ ငွေလဲလှယ်နှုန်း အတက်အကျများကြောင့် LIFT ၏ ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၄.၁သန်းမှာ တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း(၁၇၆,၁၃၈) ဦးထံသို့သာ ရောက်ရှိခဲ့ပြီး DSW သည် ကျန်ရှိနေသော (၂၁,၃၇၀) ဦးထံ ထပ်ဆောင်းထောက်ပံငွေအား ပေးခြင်းဖြင့် ကွာဟချက်အား ဖြည့်ဆည်းပေးခဲ့ပါသည်။ LIFT သည် COVID–19 ကပ်ရောဂါ ဒုတိယလှိုင်းကြောင့် နောက်ထပ်ကွင်းဆင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ခြင်း မပြုနိုင်တော့သည့် အချိန်မတိုင်မီ အထိ အိမ်ထောင်စုများအပေါ် ငွေကြေးထောက်ပံ့မှုများ၏ သက်ရောက်မှုများကို လေ့လာနိုင်ရန်အတွက် ပဲခူးနှင့်ရန်ကုန်တိုင်း ဒေသကြီး၊ ကယားနှင့် ရှမ်းပြည်နယ်များသို့ သွားရောက်ခဲ့သည့် HlelpAge နှင့် DSW တို့မှ စစ်တမ်းကောက်ယူသည့် အဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းကောက်ယူသည့် အဖွဲ့သည် အိမ်ထောင်ဘက်မရှိတော့သည့် သက်ကြီးအမျိုးသား(၆)ဦး၊ သက်ကြီးအမျိုးသမီး(၆)ဦးနှင့် လင်မယား(၄)စုံတွဲတို့ အပါအဝင် သက်ကြီးရွယ်အို (၂၀)ဦးထံ သွားရောက်ခဲ့ပါသည်။ (၁၃)ကြိမ်မြောက် သွားရောက်သည့် ခရီးစဉ်တွင် သက်ကြီးရွယ်အိုများသည် COVID–19 ထောက်ပံ့မှုနှင့် ပတ်သက်၍ သီးခြားပြောဆိုမှုများ ပြုလုပ်ခဲ့ပါသည်။ လူမှုရေးပင်စင်လက်ခံရယူနေသည့်လူများ အားလုံးအနက်မှ အလွန်နည်းပါးသည့်အရေအတွက်ကိုသာ နမူနာအဖြစ် ကောက်ယူခဲ့သော်လည်း ၎င်းတို့၏အတွေ့အကြုံများအရ အဆိုပါ အသက်၈၅နှစ်နှင့် အထက် ရှိသူများအား COVID–19 ကပ်ရောဂါမှ မည်ကဲ့သို့သက်ရောက်မှုရှိခဲ့သည်နှင့် ငွေကြေးအား မည်ကဲ့သို့ သုံးခဲ့ဆိုသည်တို့နှင့် သက်ဆိုင်သည့် သိမြင်နားလည်မှုများကို ပေးအပ်ခဲ့ပါသည်။

### နေ့စဉ်ဘဝတွင် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှု

ရေဒီယိုနှင့် ရုပ်မြင်သံကြားသည် COVID–19 ကပ်ရောဂါနှင့် ပတ်သက်သည့် သတင်းအချက် အလက်များ အတွက် အဓိကရင်းမြစ်များ ဖြစ်သည်ဟု လူမှုရေးပင်စင်လက်ခံရရှိသူများမှ ရည်ညွှန်းပြောဆိုခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှုနှင့် အတူပါရှိလာသည့် COVID–19 ကပ်ရောဂါဆိုင်ရာ သတင်းအချက်အလက် လက်ကမ်းစာစောင်များသည်လည်း အရေးပါသည့် သတင်းရင်းမြစ်များ ဖြစ်ခဲ့ပါသည်။ အချို့လူများမှ ၎င်းတို့ အနေဖြင့် COVID–19 ကပ်ရောဂါအား ကြောက်ရွံ့ခြင်းမရှိသော်လည်း မိမိနေအိမ်၌သာနေခြင်း၊ အပြင်သွားလျှင် လူများစည်ကားနေသည့် နေရာများ ရှောင်ရှားခြင်းတို့ဖြင့် ဘေးအန္တရာယ် လျှော့ချရေး လမ်းညွှန်ချက်များကို လိုက်နာကြောင်း ပြောကြားခဲ့ပါသည်။ အိမ်ထောင်ဘက်မရှိတော့သည့် အမျိုးသမီးတစ်ဦးသည် ကပ်ရောဂါစတင်သည့် အချိန်မှစ၍ ဘုန်းကြီးကျောင်းသို့ သွားရောက်ခြင်း မရှိတော့ပါ။ သက်ကြီးရွယ်အိုအများအပြားမှ ၎င်းတို့ အပြင်ထွက်သည့်အခါ နှာခေါင်းစည်း ဝတ်ဆင်သွားပြီး အိမ်ပြန်ရောက်သည့်အခါ လက်ဆေးကြပါသည်ဟု ပြောကြားခဲ့ပြီး အပြင်မှ ပြန်လာပြီးသည့်နောက် သူမ၏ အဝတ်အစားများအား လျှော်ဖွတ်သည်ဟု အမျိုးသမီးတစ်ဦးမှ ပြောကြားခဲ့ပါသည်။ နေအိမ်တွင်သာ နေထိုင်ကြသူ အများစုတို့သည် ဥယျာဉ်စိုက်ပျိုးခြင်း (သို့) အိမ်အလုပ်များ လုပ်ခြင်းတို့ လုပ်ကိုင်ကြပါသည်။ တရားနာခြင်း၊ တရားထိုင်ခြင်းတို့လုပ်ကြောင်း အိမ်ထောင်ဘက် မရှိတော့သည့် သက်ကြီးအမျိုးသားနှစ်ဦးမှ ပြောကြားခဲ့ပြီး သက်ကြီးရွယ်အို လင်မယားနှစ်ဦးမှ အိမ်တွင် ပိုမိုသွက်လက် ဖျတ်လတ်မှုရှိစေရန် မလုပ်ဖူးသေးသော လေ့လာမှုအသစ်များ ကို လေ့လာသင်ယူ နေသည်ဟု ပြောကြား ခဲ့ပါသည်။ သို့သော် အခြားသူများမှာ အိမ်၌နေရသည့် အချိန်တွင် စိတ်ပျက် အားငယ် ကြောက်ရွံ့ဖွယ် ကောင်းကာ အထီးကျန်သည်ဟု ခံစားနေခဲ့ကြပါသည်။

### ငွေကြေးအသုံးပြုခြင်းနှင့် သက်ရောက်မှု

သက်ကြီးရွယ်အို (၉)ဦးမှ အပိုဆောင်းထောက်ပံ့ကြေးမှ ငွေတစ်ချို့အား လှူဒါန်းရန်အတွက် သုံးစွဲခဲ့ပြီး၊ သက်ကြီးပုဂ္ဂိုလ် မုဆိုးဖို (၂)ဦးမှ ငွေအချို့(သို့) အားလုံးကို သားသမီးများ(သို့) မြေးများအား ပေးခဲ့ပါသည်။ အခြားသူများမှ အစားအသောက်နှင့် ဆေးဝါးအပြင် အဝတ်အစားများနှင့် အိမ်ထောင်စု သုံးပစ္စည်းများအတွက် အသုံးပြုခဲ့ကြပါသည်။ အရေးပါသောအချက်မှာ ထောက်ပံ့ပေးသည့် ငွေကြေးများသည် လူအများ၏ မိမိကိုယ်ကို လေးစားသည့် ခံစားမှုအပေါ် ကောင်းမွန်သည့် သက်ရောက်မှုရှိခဲ့ပါသည်။ သက်ကြီးရွယ်အို အများအပြားအတွက်မူ လူမှုရေးပင်စင်များသည် ၎င်းတို့သည် အရေးကြီးသည့်သူများဖြစ်ပြီး ဂရုစိုက်မှုနှင့် ထိုက်တန်ကြောင်း အသိအမှတ်ပြုခြင်းကို ကိုယ်စားပြုခဲ့ပါသည်။ ထို့အပြင် များစွာသော သက်ကြီး မုဆိုးဖိုများသည် လူမှုရေးပင်စင်ကြောင့် ပိုမို၍ အမှီခို





ကင်းလာသည်ဟု ခံစားခဲ့ကြရပါသည်။ လူမှုရေးပင်စင် လက်ခံရရှိသူ အားလုံးမှ ၎င်းတို့ အနေဖြင့် ထပ်ဆောင်း ထောက်ပံ့ငွေ အပါအဝင် လူမှုရေး ပင်စင်–ရရှိသဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါသည်။ "တကယ်လို့ ငွေပမာဏတိုးပေးမယ်ဆိုရင် ကျွန်တော် အရမ်းဝမ်းသာမှာ ဒါမှသာ ကျွန်တော် မသေခင် လိုအပ်နေတဲ့လူတွေ ကို ကျွန်တော့်ကိုယ်ပိုင်ပိုက်ဆံလေးနဲ့ ကူညီပံ့ပိုးပေးနိုင်မှာပါ"ဟု သက်ကြီး မုဆိုးဖို တစ်ဦးမှ ပြောကြားခဲ့ခြင်း အပါအဝင် အချို့သော သက်ကြီးရွယ်အိုများမှ ပိုများသည့် ထောက်ပံ့မှု ရရှိလိုကြောင်း ပြောကြားခဲ့ကြပါသည်။

ဒေါ်ခင်လှကြီး အကြောင်း ရန်ကုန်တိုင်းဒေသကြီး မှအသက်၉၆နှစ် အရွယ် ဒေါ်ခင်လှ ကြီးသည် လူမှုရေးပင်စင်မှ ငွေအချို့အား ဘုရား ဆွမ်းတော် ကပ်ရန် အတွက်အသုံးပြုခဲ့ပါသည်။ သူမသည် လွတ်လပ်မှုကို ကြိုက်နှစ်သက်သည့်အတွက်ကြောင့် သူမ ၏လမ်းထဲသို့ ၄က်ရောင်းသူများ လာရောက် ရောင်းချတိုင်း လှောင်အိမ်တခုလုံးရှိ ငှက်များကို ဝယ်ယူပြီး လွှတ်ပေးလေ့ ရှိပါသည်။ သူမသည် လမ်းဘေး၌ ပိုက်ဆံတောင်းနေသည့် မသန်စွမ်း ကလေးငယ်များကိုတွေ့သည့်အခါတိုင်း သူမ၏ လူမှုရေးပင်စင်မှ ရရှိသောငွေများကို ပေးပါသည်။ အဆိုပါ အပြုအမူများသည် COVID–19 ကပ်ရောဂါအတွက် ထပ်ဆောင်းထောက်ပံ့ငွေအပါအဝင် ငွေကြေးထောက်ပံ့မှုမှ လူမှုရေးအရ ပြန်လည်မျှဝေပေး ခြင်းကို ကိုယ်စား ပြုပါသည်။

### ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများအား ငွေကြေးထောက်ပံ့မှု

ဇွန်လတွင် LIFT သည် ရခိုင်၊ ချင်း၊ ကရင်၊ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့ရှိ နေရပ်စွန့်ခွာတိမ်းရှောင်နေသည့် အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့မှုဖြင့် ကူညီပံ့ပိုးပေးရန်အတွက် ကန်ဒေါ်လာ (၃.၂) သန်းကို ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ COVID–19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် အကျပ်အတည်း ဖိစီးမှုများအား ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် IDP စခန်းများ၌ နေထိုင်နေကြသည့် သူများအား ကူညီပံ့ပိုးပေးရန် မြန်မာကျပ်ငွေ (၆၅,၀၀၀/ကန်ဒေါ်လာ၄၇)အား တစ်ကြိမ်တည်း ထောက်ပံ့ပေးရန်အတွက် စီစဉ်ခဲ့ပါသည်။ ကုလသမဂ္ဂကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ်သည် စခန်းများတွင် နေထိုင်သော ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများအား လစဉ်ပျှမ်းမျှ လိုအပ်သော ကယ်လိုရီ ပမာဏ နှင့် အရွယ်ရောက်သူများအတွက် လိုအပ်သော အာဟာရ တစ်စိတ်တစ်ဒေသတို့အတွက် လုံလောက်မှုရှိသည်ဟု သုံးသပ်ထားသော မြန်မာကျပ်ငွေ ၁၅,၀၀၀ (ကန်ဒေါ်လာ၁၁) ငွေကြေးထောက်ပံ့မှုအား ပေးအပ်ခဲ့ပါသည်။ LIFT ၏ ငွေကြေးထောက်ပံ့မှုများသည် အစားအသောက်၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် PPE ကဲ့သို့သော အခြေခံလိုအပ်ချက်များကို ဖူလုံမှုရှိစေရန်အတွက် အထောက်အပံ့ ဖြစ်စေရန်နှင့် လူအများ၏ စွမ်းဆောင်နိုင်မှု တိုးတက်လာစေရန်တို့အတွက် ရည်ရွယ်ပါသည်။

နိုင်ငံတစ်ဝန်းလုံးရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများထံ ကူညီပံ့ပိုးမှုများ များနိုင်သမျှများများ ပါဝင်နိုင်မှုရှိပြီး ရောက်ရှိနိုင်သ၍ ရောက်ရှိစေ နိုင်စေရန် ဖြန့်ဝေပေးရန်အတွက် ဤကူညီပံ့ပိုးမှုတွင် အောက်ပါ အစီအစဉ်များ ရေးဆွဲထားခဲ့ပါသည်–

- » လူမှုဝန်ထမ်းဦးစီးဌာနမှ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်း (အစိုးရမှ ထိန်းချုပ်ထားသည့်ဒေသများ) ကရင်၊ ရခိုင်နှင့် ချင်းပြည်နယ်များတွင် အိမ်ထောင်စု (၅၄,၇၇၄) စု (လူဦးရေ ၂၇၂,၆၈၃ ဦး)အား ကူညီပံ့ပိုးပေးရန်
- » ပူးတွဲမဟာဗျူဟာအဖွဲ့ (JST) မှ ကချင်နှင့် ရှမ်းပြည်နယ်များ (အစိုးရမှ ထိန်းချုပ်ထားသောဒေသများနှင့် အစိုးရမှ ထိန်းချုပ် ထားခြင်းမရှိ သော ဒေသများ) တွင် အိမ်ထောင်စု ၈,၉၉၄ စု (လူဦးရေ ၄၅,၀၀၀ဦး)အား ကူညီပံ့ပိုးပေးရန်
- » LIFT ၏ လက်ရှိအကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းမှ ရခိုင်ပြည်နယ်ရှိ မှတ်ပုံတင်ထားခြင်းမရှိသော အိမ်ထောင်စု (၁,၇၃၂) စု (လူဦးရေ ၈၆,၇၉ ဦး)အား ကူညီပံ့ပိုးပေးရန်

ဆိုးရွားရနိုင်ချေ အန္တရာယ် လျော့ပါးသက်သာစေမည့် မဟာဗျူဟာများ ရေးဆွဲခြင်း၊ ကောင်းမွန်သည့် စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်းဆိုင်ရာ စနစ်အား ရေးဆွဲရာတွင် ဒီဇိုင်းပုံစံအဆင့်၌ ငွေသားထောက်ပံ့သည့် အခြေအနေများတွင် စိန်ခေါ်မှုများနှင့် ကျရောက် နိုင်ချေရှိသည့် အန္တရာယ်များ အား ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ပတ်သက်ဆက်နွှယ်သူအမျိုးမျိုးတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး တိုင်ပင်ရမည် ဖြစ်ပါသည်။ မိုဘိုင်းလ်/ဒီဂျစ်တယ်ဖြေရှင်း နည်းလမ်းများအား အသုံးပြုခြင်းနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်မှုများ အပါအဝင် အဆိုပါ ဆွေးနွေးတိုင်ပင် သဘောထားရယူမှုများအား ၂၀၂၀ ခုနှစ် စတုတ္ထ (၃)လပတ်အတွင်း၌ ဆက်လက် ပြုလုပ်ခဲ့ကြပါသည်။ ငွေကြေးထောက်ပံ့မှုများအား ၂၀၂၀ ခုနှစ် နိုဝင်ဘာ/ဒီဇင်ဘာလတို့တွင် ပေးရန် အစီအစဉ်ရေးဆွဲထားခဲ့သော်လည်း အထွေထွေ ရွေးကောက်ပွဲ အား နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပရန်စီစဉ်ထားသည့် အတွက်ကြောင့်နှင့် တဆက်တည်းဆိုသလိုပင် LIFT နှင့် DSW တို့အကြား ခက်ခဲရှုပ်ထွေးသည့် စာချုပ်ချုပ်ဆိုခြင်း နည်းစနစ်များကြောင့် ပေးဝေမည့် အချိန်ဇယားတွင် နှောင့်နှေးမှုရှိခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှု အတွက် ပေးဝေခြင်းများကို ၂၀၂၁ ခုနှစ် ပထမ (၃)လပတ်အတွင်း၌ ဆောင်ရွက်ရန်အတွက် အချိန်ဇယားအား ပြောင်းလဲ ပြင်ဆင်ခဲ့ပါသည်။

### ရန်ကုန်မြို့ပြဝန်းကျင်ဒေသတွင် အထည်ချုပ်လုပ်သားများအား ငွေကြေးထောက်ပံ့ပေးခြင်း

ပေးရန်ကျန်ရှိနေသည့် လုပ်ခလစာများကို မပေးဘဲ အလုပ်ရှင်များ နိုင်ငံမှ ထွက်ပြေး သွားသည့် အတွက်ကြောင့် အလုပ်အကိုင်ဆုံးရှုံးသွားခဲ့သည့် အလုပ်သမားများအား ရှာဖွေဖော်ထုတ်ပြီး ကူညီပံ့ပိုးမှု ပေးအပ်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ရှိ ရွှေပြည်သာမြို့နယ်တွင် လူမှုကာကွယ် စောင့်ရှောက်ရေး စီမံကိန်း ဆောင်ရွက်ချက်တစ်ခု အကောင်အထည်ဖော်ရန် LIFT နှင့် Save the Children တို့ ပူးပေါင်းကာ ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။ ဤနည်းလမ်းဖြင့် အလုပ်သမားများအား ၎င်းတို့၏ အိမ်ထောင်စု အတွက် စားနပ်ရိက္ခာ၊ နေရာထိုင်ခင်း နှင့် အခြား အခြေခံ လိုအပ်ချက်များ လက်လှမ်းမီ ရရှိနိုင်ရန် နှင့် အိမ်ထောင်စုများ အနေဖြင့် မကြုံစဖူး ဝင်ငွေ ဆုံးရှုံးရသဖြင့် အကြွေး အဆမတန် ပိနေခြင်းမှ ဟန့်တား ကာကွယ်ရန်တို့အတွက် အထည်ချုပ်ကဏ္ဍတွင် သတ်မှတ်ထားသည့် အနိမ့်ဆုံး လုပ်ခလစာ ကျပ် ၁၂၀,၀၀၀ (ကန်ဒေါ်လာ ၈၄)အား အလုပ်သမားများကို ပံ့ပိုးပေးရန် ဒီဇိုင်းရေးဆွဲထားပါသည်။

**လက်ကိုင်ဖုန်းများထံငွေလွှဲပေးသည့် စနစ်အား COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားနိုင်သည့် အန္တရာယ်အား လျှော့ချရန်နှင့် ထိရောက်မှု ရှိသော ငွေကြေးထောက်ပံ့မှုတို့အတွက် အသုံးပြုခဲ့ခြင်း**

ဤ ထောက်ပံ့ ကူညီမှု၏ ထိရောက်မှုနှင့် အကျိုးသက်ရောက်မှုတို့ကို မှတ်တမ်းတင်ရန်အတွက် ထောက်ပံ့ငွေ ထုတ်ပေးပြီးနောက် စောင့်ကြည့် စစ်ဆေးခြင်းအား ငွေလွှဲပို့ပေးပြီး နောက် ရက်ပေါင်း ၃၀ နီးပါး ကြာမြင့်သည့် အချိန်တွင် ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်း ကောက်ယူရာတွင် အကျိုးခံစားခွင့် ရှိသူ ၁၀၀ ဦးအား တယ်လီဖုန်းဖြင့် ဆက်သွယ် ဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့ အနက်မှ ၇၁ ရာခိုင်နှုန်းမှာ ရွှေ့ပြောင်း လုပ်သားများဖြစ်ပြီး ၈၈ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ပါသည်။ ပျမ်းမျှ အနေဖြင့် ၎င်းတို့၏ အိမ်ထောင်စုများတွင် အိမ်ထောင်စုဝင် ငါးဦး ရှိပြီး ၈၇ ရာခိုင်နှုန်းမှာ ငှားရမ်းထားသည့် အခန်းများ၊ အိမ်များ (သို့) အလုပ်သမား များနေသည့် အဆောင်များတွင် နေထိုင်ကြပါသည်။

အကျိုးခံစားခွင့်ရှိသူများ၏ ပျမ်းမျှအသက်မှာ (၂၆)နှစ်ဖြစ်ပါသည်။ အကျိုးခံစားခွင့်ရှိသူများ၏ လေးပုံသုံးပုံမှာ ၎င်းတို့၏ မိသားစုများအတွက် အဓိကဝင်ငွေရှာပေးနေသူများဖြစ်သော်လည်း (၂၉%) သည်သာ ၎င်းတို့အိမ်ထောင်စုများအတွက် ၎င်းတို့သည် အိမ်ထောင်ဦးစီးများဖြစ်သည်ဟု သတ်မှတ်ကြပြီး ထက်ဝက်အောက် (၄၃%)ရှိသူများမှ ငွေကြေးထောက်ပံ့မှုအား မည်ကဲ့သို့ အသုံးပြုမည်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ခဲ့သည်ဟု ပြောကြားခဲ့ပါသည်။ ထောက်ပံ့ကြေးအား အစားအသောက် ဝယ်ယူရန်အတွက် အဓိကအားဖြင့် အသုံးပြုကြပြီး (၈၅%) မှ ထောက်ပံ့ငွေများအား အစားအသောက်အတွက် အသုံးပြုသည်ဟု ဆိုခဲ့ပါသည်။ အခြား အသုံးပြုမှုများမှာ အိမ်ယာနှင့် ငှားရမ်းခများအတွက် (၅၉%)၊ ချေးငွေ/ အကြွေးပြန်လည်ပေးဆပ်ခြင်း(၂၄%) နှင့် ဆေးဝါးကုသမှုကုန်ကျစရိတ်များအတွက် (၁၅%) အသီးသီးရှိ ပါသည်။ မိသားစုအများစုမှ ၎င်းတို့၏ အခြေခံ လိုအပ်ချက်များကို ပံ့ပိုးပေးရန်အတွက် ကြိုးပမ်း စီမံနေရသည်ဟု ပြောကြားခဲ့ပြီး စစ်တမ်း၏ အိမ်ထောင်စုအလိုက် ဆာလောင် ငတ်မွတ်မှု အတိုင်းအတာ (HHS) ဆိုင်ရာ ကိန်းဂဏန်း အချက်အလက် များမှ (၈၈%) သည် အနည်းငယ် ငတ်မွတ်ခေါင်းပါးသည် မှ လုံးဝ ငတ်မွတ်ခေါင်းပါးမှု မရှိ ဟု ဖော်ပြခဲ့ပါသည်။ သို့သော်လည်း (၁၂%) မှာ အတန်အသင့် ငတ်မွတ်ခေါင်းပါးသဖြင့် ငွေကြေးထောက်ပံ့မှုအား လက်ခံရရှိပြီးသည့် နောက်ပိုင်းတွင်ပင် ၎င်းတို့အိမ်ထောင်စုများအတွက် လုံလောက်သည့် အစားအသောက်များ ဝယ်ယူရန်အတွက် ရုန်းကန် နေခဲ့ရ သည်ဟု ဖော်ပြထားပါသည်။

တုံ့ပြန်ဖြေကြားသူများ၏ လေးပုံတစ်ပုံမှ အထည်ချုပ်စက်ရုံများ ပိတ်လိုက်ပြီးသည့်နောက်ပိုင်းတွင် နောက်ထပ် အလုပ်တစ်ခု ရရှိခဲ့သည်ဟု ပြောကြားခဲ့သော်လည်း ထိုသူများ၏ ၇၅% မှ ၎င်းတို့၏အလုပ်အကိုင်အသစ်သည် ၎င်းတို့၏ ယခင်အလုပ်ထက် များစွာ နည်းပါးသည့် လုပ်ခ လစာအား ပေးသည်ဟု ပြောကြားခဲ့ပါသည်။

အကြွေးရယူခြင်းသည် စစ်တမ်းဖြေဆိုသူများအကြား တူညီသော ရင်ဆိုင်ဖြေရှင်းသည့် ဗျူဟာဖြစ်ကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။ ပေါင်းစပ် ထားသည့် အချက်အလက် ကိန်းဂဏန်းများအရ တုံ့ပြန်ဖြေကြားသူများ အားလုံး၏ စုစုပေါင်းအကြွေးပမာဏမှာ ဇန်နဝါရီလနှင့် နှိုင်းယှဉ်လျှင် (၅၀)% ပိုမိုများပြားလာသည်ကို ညွှန်ပြနေပါသည်။ အကြွေးတင်သည့် လူ အရေအတွက် တိုးတက်လာသလို ပျမ်းမျှ အကြွေး ပမာဏ မှာလည်း အလားတူ များပြားပါသည်။ COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် ပထမ (၂)လအတွင်း၌ ဘဏ်များမှ လွဲ၍ အခြားပုံစံများ အားလုံးဖြင့် အကြွေးရှိနေသူ တိုးတက်များပြားလာခဲ့ပြီး သတိပြုလောက်အောင် ထင်ရှားသည့် တိုးတက်များပြားလာမှုမှာ ငွေတိုးချေးစား သူများထံတွင် အကြွေးတင်နေခြင်း (၁၈%) ဖြစ်ပါသည်။ ယင်းသို့ ငွေတိုးချေးစားသူများထံတွင် အကြွေးတင်မှုနှုန်း များပြားပြန့်နှံ့မှုတွင်ရော ပျမ်းမျှ အကြွေးတင်သည့် ပမာဏတွင်ပါ ကြီးထွားလာမှုမှာ ထိုသူများအတွက် ရေရှည် ဆင်းရဲမွဲတေမှု စက်ဝန်းတွင် စိုးရိမ်ပူပန်စရာ အကောင်းဆုံး အချက်တစ်ချက်များထဲမှ တစ်ချက် အနေဖြင့် ကိုယ်စားပြုပါသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်းများ**

LIFT အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ၏ ပိုမိုကျယ်ပြန့်သည့် မူဝါဒနှင့် စီမံကိန်း လုပ်ငန်းများ အတွက် မည်သည့်အတိုင်းအတာအထိ ကူညီပံ့ပိုးပေးနိုင်ခဲ့သည် (သို့) သတင်း အချက်အလက် ပေးနိုင်ခဲ့သည် ဆိုသည်ကို သုံးသပ်ရန် အတွက် အဓိက ပံ့ပိုးပေးသည့် ဆွေးနွေးမှုအတွက် LIFT မှ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး အပါအဝင် ဝန်ကြီးဌာနမှ တာဝန် ရှိသူ များနှင့် တွေ့ဆုံခဲ့ ပါသည်။

ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ စီမံကိန်း အယူအဆတင်ပြချက်များ သုံးသပ်၍ ဒီဇိုင်း ရေးဆွဲနေချိန်တွင် LIFT အနေဖြင့် အခြား အဖွဲ့အစည်း များနှင့် အတူ အခြား နိုင်ငံများမှ ငွေကြေးထောက်ပံ့ခြင်း၏ လက်တွေ့ကျမှုနှင့် အသုံးတည့်မှု တို့နှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်နှင့် အထောက်အထားများအား DSW အတွက် ပံ့ပိုး ပေးနိုင်ခဲ့ ပါသည်။ ဝန်ကြီးဌာနသည် COVID-19 ကပ်ရောဂါ ဆိုင်ရာ မြန်မာနိုင်ငံ၏ တုံ့ပြန် ကာကွယ်ရေး လုပ်ငန်းများ ဒီဇိုင်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးတို့အား အထောက်အကူပြုရန် ရင်းမြစ် အများအပြား မှ သတင်း အချက်အလက် ရယူခဲ့ကြပါသည်။

MCCT နှင့် လူမှုရေးပင်စင်များ ထပ်ဆောင်းထောက်ပံ့မှုများအတွက် LIFT ၏ ကူညီပံ့ပိုးပေးမှုသည် အရေးပေါ် အခြေအနေတွင် ငွေကြေး ထောက်ပံ့မှုများအား အောင်မြင်စွာ ဖြန့်ဝေပေးနိုင်သည်အား ကနဦးလက်တွေ့ပြသပြီး အရေးပါသော "အယူအဆဆိုင်ရာ သက်သေအထောက်အထား" ကဏ္ဍ မှ ပါဝင်ခဲ့ပါသည်။ DSW သည် အစိုးရ၏ MCCT စီမံကိန်းလုပ်ငန်း၏ ပြင်ပ၌ ရှိနေသော မသန်စွမ်းသူများ၊ အသက် ၈၀မှ ၈၄နှစ်အတွင်းရှိသည့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက် ကလေးငယ်ရှိသည့် မိခင်များအား ငွေကြေးထောက်ပံ့မှုများ အပါအဝင် အားနည်းထိခိုက်လွယ်သည့် အုပ်စုများအတွက် ဆက်လက်၍ ငွေကြေးထောက်ပံ့ပေးသည့် စီမံကိန်းဆောင်ရွက်ချက်များကို ဒီဇိုင်းပုံစံ ရေးဆွဲအကောင်အထည်ဖော်ရန်အတွက် ပထမအကြိမ် ငွေကြေး ထောက်ပံ့မှုမှ ရယူခဲ့သည့် အတွေ့ အကြုံ နှင့် သင်ခန်းစာများကို အသုံးပြုခဲ့ပါသည်။





ဒီဂျစ်တယ်ပလက်ဖောင်းများအား အစောပိုင်းတွင် စူးစမ်းရှာဖွေပြီး ဆွေးနွေးမှုများပြုလုပ်ထားခြင်းမှ DSW ၏ နောက်ပိုင်း အကျိုးခံစားခွင့်ရှိသူများ စာရင်းပေးသွင်းခြင်းနှင့် ဒီဂျစ်တယ်နည်းလမ်းဖြင့် ငွေကြေးထောက်ပံ့ပေးမှုအတွက် အသုံးပြုခြင်းတို့တွင် အထောက်အကူ ဖြစ်စေခဲ့ပါသည်။ အဆိုပါ အီလက်ထရွန်နစ်ပလက်ဖောင်းများသည် လက်ရှိ MCCT စီမံကိန်း ဧရိယာ၏ ပြင်ပ၌ ရှိနေသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မိခင်များနှင့် လူမှုရေးပင်စင် ရရှိနေသည့် သက်ကြီးရွယ်အိုများအတွက် ကူညီပံ့ပိုးမှုများအား ၂၀၂၀ ခုနှစ် စက်တင်ဘာလတွင် ပေးအပ်ရာ၌ ကူညီပံ့ပိုးပေးခဲ့ပြီး ကပ်ရောဂါကာလအတွင်း လူကိုယ်တိုင်သွားရောက်၍ ငွေကြေးဖြန့်ဝေပေးခြင်းနှင့် ဆက်နွယ်နေသည့် အန္တရာယ်များ လျော့ပါးသက်သာစေရန်အတွက်လည်း အထောက်အကူဖြစ်စေ ခဲ့ပါသည်။ ဒီဂျစ်တယ် နည်းဖြင့် ငွေပေးချေမှုများ နှင့် ဒီဂျစ်တယ် နည်းဖြင့် စောင့်ကြည့်စစ်ဆေးခြင်း ချဉ်းကပ်နည်းလမ်းများအား ကျင့်သုံးခြင်းနှင့်အတူ အကျိုးခံစားခွင့်ရှိသူဖက်မှ တုံ့ပြန်မှတ်ချက်များ လက်ခံနိုင်ရန်အတွက် ဒီဂျစ်တယ် နည်းပညာ အကောင်အထည်ဖော်ခြင်းသည် စီမံကိန်းရေးဆွဲသူများ အနေဖြင့် စီမံကိန်း အကောင်အထည်ဖော်ရေးတွင် ပိုမိုကောင်းမွန်သည့် ချိန်ညှိမှုများ ပြုလုပ်နိုင်စေမည် ဖြစ်ပါသည်။

ဥပမာအားဖြင့် ရခိုင်ပြည်နယ်တွင် COVID-19 ပိုးတွေ့လူနာဦးရေ အများအပြား တိုးတက်လာခြင်းနှင့် လုံခြုံရေး အခြေအနေများ ဆိုးရွားလာခြင်းကြောင့် ထိုဒေသမှ အကျိုးခံစားခွင့် ရှိသူများ နှင့် လူကိုယ်တိုင် တွေ့ဆုံ၍ စောင့်ကြည့်စစ်ဆေးခြင်းကို အဟန့်အတား ဖြစ်စေခဲ့ ပါသည်။ အကျိုးခံစားခွင့်ရှိသူများ၏ တယ်လီဖုန်း နံပါတ်များ မှတ်တမ်းတင် သိမ်းဆည်းထားခြင်းဖြင့် အနာဂတ်တွင် ဒီဂျစ်တယ် နည်းအရ စောင့်ကြည့်စစ်ဆေးရာတွင် အထောက်အကူဖြစ်စေပြီး အရေးပေါ် အခြေအနေတွင် ဆောင်ရွက်ရမည့် စီမံကိန်းဆောင်ရွက်ချက် များအတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် စောင့်ကြည့်စစ်ဆေးသည့် ပလက်ဖောင်း တီထွင် အကောင်အထည်ဖော်ခြင်းဖြင့် အစိုးရအနေဖြင့် စောင့်ကြည့်စစ်ဆေးခြင်းကို ပိုမိုထိရောက်စွာ အချိန်နှင့် တပြေးညီ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး စီမံကိန်းဆောင်ရွက်ချက်များ၏ ဒီဇိုင်းများကို လက်ရှိ အသုံးပြုနေသည့် ပလက်ဖောင်းများပေါ်တွင် တည်ဆောက်ခြင်း၏ အရေးပါပုံကို မီးမောင်း ထိုးပြခဲ့ပါသည်။ MCCT နှင့် လူမှုရေး ပင်စင် ရရှိသည့် အိမ်ထောင်စုများအား ဦးတည်ရည်ရွယ်ရန် အတွက် ဆုံးဖြတ်ရခြင်းမှာ အကြောင်းရင်း နှစ်ချက် ပါဝင်ပါသည်။ MCCT နှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့် ရှိသူများသည် အထူးသဖြင့် ၎င်းတို့၏ ကျန်းမာရေး အခြေအနေအရ လူမှုအသိုက်အဝန်းအတွင်းတွင် COVID-19 ကပ်ရောဂါ ၏ ဆိုးကျိုးများအား ပိုမို ထိခိုက်လွယ်သူများ ဖြစ်နေခြင်း ဖြစ်ပါသည်။ ထိုပြင် အဆိုပါ အုပ်စုများ အတွက် ဖြန့်ဝေရေး ပလက်ဖောင်းများ ရှိထားပြီး ဖြစ်နေပြီ ဖြစ်ပါသည်။ ထောက်ပံ့ပေးသည့် 'ထပ်ဆောင်း ပံ့ပိုးငွေ' အား အချိန်တိုအတွင်း စတင်ဆောင်ရွက်နိုင်ပြီး ပေးပို့သည့် နည်းလမ်းများမှာလည်း အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရာတွင် ထိရောက်မှုရှိပြီး စွမ်းဆောင်ရည် ပြည့်ဝကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင် သူများအတွက် ငွေကြေးထောက်ပံ့မှု အစီအစဉ်သစ်များ၏ ဒီဇိုင်းပုံစံ နှင့် နောက်ထပ် ဆက်လာမည့် အခြား အစီအစဉ်များအတွက် ဆွေးနွေးတိုင်ပင်ရန် နှင့် ဖန်တီးရေးဆွဲရန် အချိန် ပိုလိုမည် ဖြစ်ပါသည်။

သဘောတူစာချုပ်များ အလျင်အမြန်ချုပ်ဆိုသည့် အစီအမံများတွင် DSW နှင့် LIFT (UNOPS) တို့၏ ပြောင်းလွယ်ပြင်လွယ် ရှိမှု လိုအပ်ခဲ့ပြီး တည်ဆောက်ထားရှိသည့် ယုံကြည်မှုနှင့် ဆက်ဆံရေး တို့အပေါ် တည်မှီနေပါသည်။ အဖွဲ့အစည်းနှစ်ရပ်လုံး၏ စည်းမျဉ်းစည်းကမ်းများ သည် ခက်ခဲရှုပ်ထွေးပြီး ဆွေးနွေး ညှိနှိုင်းရန် အတွက် အချိန်နှင့် ကြိုးပမ်းအားထုတ်မှု အများအပြား လိုအပ်သည်ကို တွေ့ကြုံခဲ့ကြပါသည်။ လေးစားလောက်ဖွယ် လိုက်လျောညီထွေ ဖြစ်အောင် စီမံခန့်ခွဲနိုင်သည့် စွမ်းဆောင်ရည် လိုအပ်ပြီး နှစ်ပေါင်းများစွာကတည်းက တည်ဆောက်လာခဲ့သည့် လုပ်ငန်းပိုင်း နှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင် လိမ္မာမှု နှင့် ယုံကြည်မှုရှိသည့် ဆက်ဆံရေးနှင့် ကြိုတင် ပူးပေါင်းဆောင်ရွက်မှုများ ကြောင့် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စီမံကိန်းဆောင်ရွက်ချက် ဒီဇိုင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ စတင် သည့်အချိန်မှစ၍ စနစ်တကျ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ခြင်း နှင့် ဝန်ထမ်းများ ခန့်ထားခြင်း အပါအဝင် စောင့်ကြည့်စစ်ဆေးခြင်းအား အကောင်းဆုံး ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ ကံကောင်း ထောက်မစွာဖြင့် LIFT နှင့် DSW တို့သည် ထောက်ပံ့ကြေး 'ထပ်ဆောင်း ပံ့ပိုးမှု' ဒီဇိုင်းရေးဆွဲခြင်းနှင့် ငွေကြေးထောက်ပံ့ပြီးနောက် စောင့်ကြည့်စစ်ဆေးခြင်းအား အကောင်အထည်ဖော်ရန်အတွက် အဆောတလျင် လုပ်ဆောင်ရသော်လည်း ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ PDM ၏ နည်းပညာဒီဇိုင်း နှင့် DSW မှ ဖြစ်ရပ် စီမံခန့်ခွဲသူများအတွက် အွန်လိုင်း သင်ခန်းစာများ ရေးဆွဲရန်အတွက် LIFT ၏ နိုင်ငံတကာ နှင့် ပြည်တွင်း စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း ဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်များသည် လူမှုဝန်ထမ်း ဦးစီးဌာန ဝန်ထမ်းများနှင့် အနီးကပ် လက်တွဲလုပ်ဆောင်ခဲ့ကြပါသည်။ ဘွဲ့လွန် အတွက် LIFT တွင် အလုပ်သင်အဖြစ် လာရောက် လုပ်ကိုင်လျက်ရှိသည့် လူမှုဝန်ထမ်း ဦးစီးဌာနမှ ဝန်ထမ်းသည် စစ်တမ်း ကောက်ယူသည့် နည်းနာ ဒီဇိုင်းရေးဆွဲခြင်း ၊ ကွင်းဆင်း စစ်တမ်း ကောက်ယူသူများအတွက် သင်တန်းပေးခြင်း နှင့် အချက်အလက်ကောက်ယူရာတွင် စိစစ်ကြီးကြပ်ပေးခြင်းတို့ဖြင့် စောင့်ကြည့်စစ်ဆေးခြင်းအတွက် ကူညီပံ့ပိုးပေးခဲ့သည့်အပြင် LIFT နှင့် DSW ကြား ဆက်သွယ်ပြန်ကြားရေး ပိုမို အားကောင်းစေရန်အတွက် ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။ HelpAge International နှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့ လက်တွဲကာ လူမှုရေး ပင်စင်များအတွက် ထိရောက်မှုရှိပြီး ရေရှည်တည်တံ့သည့် စောင့်ကြည့်စစ်ဆေးရေး ယန္တရားအား ရေးဆွဲအကောင်အထည်ဖော်မည် ဖြစ်သည်။ ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်း နေထိုင်သူများအတွက် ငွေကြေးထောက်ပံ့မှု အစီအစဉ် စောင့်ကြည့်ကြီးကြပ်ရေးအတွက် ဒီဇိုင်း ရေးဆွဲခြင်း နှင့် အကောင်အထည် ဖော်ခြင်း တို့တွင် စောင့်ကြည့်စစ်ဆေးရန်အတွက် ကြိုတင် စီစဉ် ရန် အချိန်ပေးခြင်းကြောင့် အကျိုးရှိမည်ဖြစ်သည်။

COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်မှုများ ထပ်မံ၍ဆောင်ရွက်နိုင်ရန် အတွက် MCCT နှင့် လူမှုရေးပင်စင် နှစ်ရပ်လုံးအား ငွေကြေး ထောက်ပံ့မှု ပေးအပ်သည့် ငွေပမာဏကို ပြန်လည်စဉ်းစားသုံးသပ်သင့်ပါသည်။ ထောက်ပံ့ခဲ့သည့် ငွေကြေးပမာဏသည် ထိုအချိန်၌ ရရှိခဲ့သော ရင်းမြစ်များ၏ ပမာဏအပေါ်၌ တစိတ်တဒေသ အားဖြင့် အခြေခံခဲ့ပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ အကျပ်အတည်း အခြေအနေအတွင်း လက်ရှိ

အစားအသောက် ဈေးကွက်ပေါက်ဈေးများနှင့် စေ့စပ် သေချာစွာ နှိုင်းယှဉ်သုံးသပ်ခြင်းဖြင့် လက်ရှိဆောင်ရွက်ဆဲ MCCTများ အပါအဝင် ငွေကြေးထောက်ပံ့မှုများ အားလုံးအတွက် အထောက်အကူ ဖြစ်နိုင်မည် ဖြစ်ပါသည်။ မည်သည့် နည်းလမ်းမဆိုအား တိုးမြှင့် လုပ်ဆောင်မည်ဆိုပါက ရင်းမြစ် ရယူနိုင်မည့် မဟာဗျူဟာများအား ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

**လူမှုရေး ပင်စင်**

LIFTရန်ပုံငွေ ထောက်ပံ့ပေးပြီး HelpAge International (HAI) မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် လူမှုရေး ပင်စင် ထောက်ပံ့မှု စီမံချက်သည် အမျိုးသား လူမှုရေး ပင်စင် အစီအစဉ် အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာနအား နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို ၂၀၁၄ ခုနှစ် ကတည်းက အနီးကပ် ပံ့ပိုးပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် စီမံချက်မှ ဆောင်ရွက်ဆဲ လူမှုကာကွယ်စောင့်ရှောက်ရေး အတွက် ဆက်လက် ပံ့ပိုးရုံမျှမက COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေး စီမံချက် (CERP) အောက်တွင် အစပြု ဆောင်ရွက်ခဲ့သည့် အရေးပေါ် လူမှု ကာကွယ်စောင့်ရှောက်ရေး တုံ့ပြန်ဆောင်ရွက်မှုများ အကောင်အထည်ဖော်ရာတွင်လည်း ကူညီပေးခဲ့ပါသည်။

ကပ်ရောဂါအမြင့်ဆုံးဖြစ်ပွားနေသည့် လများအတွင်း၌ လူမှုရေးပင်စင်ပေးအပ်ခြင်းမှတဆင့် အသက်၈၅နှစ်နှင့် အထက် သက်ကြီး ရွယ်အို စုစုပေါင်း (၂၄၉,၂၄၁)ဦး ဖြင့် အကျိုးခံစားခွင့်ရှိသူအရေအတွက် အများဆုံးထံ ရောက်ရှိခဲ့ပါသည်။ ဤစနစ်အား လူမှုရေးပင်စင် ရရှိသည့် အိမ်ထောင်စုများထံ COVID-19 ကပ်ရောဂါဘေးကင်းလုံခြုံရေး ဆိုင်ရာ အများပြည်သူနှင့် သက်ဆိုင်သည့် ကျန်းမာရေး သတင်း အချက် အလက်များ ပေးအပ်ခြင်းအပါအဝင် အပိုဝန်ဆောင်မှုများကို ပေးအပ်ရန်အတွက်လည်း အသုံးပြုခဲ့ပါသည်။ ဤစနစ်မှ LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ကပ်ရောဂါကာလအတွင်း လူမှုရေးပင်စင်၏ အကျိုးခံစားခွင့် ရှိသူများထံ မြန်မာကျပ်ငွေ (၃၀,၀၀၀) (ကန်ဒေါ်လာ၂၂) အား အပိုဝင်ငွေထောက်ပံ့မှုအဖြစ် ပေးအပ်ခဲ့ပြီး အစိုးရ ဘတ်ဂျက်မှ ရန်ပုံငွေထောက်ပံ့ပေးခဲ့သည့် နောက်ထပ် တစ်ကြိမ်တည်းသာ ပေးအပ်သော မြန်မာကျပ်ငွေ (၃၀,၀၀၀) (ကန်ဒေါ်လာ၂၂)အား စက်တင်ဘာလတွင် ပေးအပ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်ဒီဇင်ဘာလတွင် ပုံမှန်ပင်စင် ထောက်ပံ့မှုနှင့် တကြိမ်တည်းပေးအပ်သည့် ထောက်ပံ့မှုအား လက်ခံရရှိသော သက်ကြီးရွယ်အိုစုစုပေါင်း အရေအတွက်မှာ (၅၀၀,၀၀၀) ကျော်ရှိခဲ့ပြီး ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလရှိ စုစုပေါင်း အရေအတွက် (၁၉၇,၅၉၃) နှင့် နှိုင်းယှဉ်လျှင် (၆၀)% ကျော် တိုးတက် များပြားလာခဲ့ပါသည်။

| နှစ် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ခုနှစ်တွက် အသက်၈၀မှ ၈၄အတွင်းရှိ သူများအား တစ်ကြိမ်တည်းထောက်ပံ့မှု |
|---|---|---|---|---|---|
| **အကျိုးခံစားခွင့်ရှိသူ အရေအတွက်** | ၄၀,၈၆၁ (အသက်၉၄နှစ် နှင့် အထက်) | ၁၆၈,၅၇၈ (အသက်၈၅နှစ် နှင့် အထက်) | ၁၉၇,၅၉၃ (အသက်၈၅နှစ် နှင့် အထက်) | ၂၄၉,၂၄၁ (အသက်၈၅နှစ် နှင့် အထက်) | ၂၉၂,၇၀၂ (အသက်၈၀မှ ၈၄နှစ်အကြား) |

အမျိုးသားအဆင့် သက်ကြီးရွယ်အိုများဆိုင်ရာ မူဝါဒ မူကြမ်းနှင့် လုပ်ငန်းစီမံချက် တို့အား အပြီးသတ်ဆောင်ရွက်ခဲ့ပြီး သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေ၏ နည်းဥပဒေများကို အမျိုးသားသက်ကြီးရွယ်အိုဆိုင်ရာ ကော်မတီမှ သုံးသပ်ပြီးသည့်နောက်တွင် အစိုးရအဖွဲ့ထံ တင်ပြသွားမည် ဖြစ်ပါသည်။ အမျိုးသား လူမှုရေးအကူအညီ ဆိုင်ရာ ဥပဒေ ဖြစ်ပေါ်လာရေးနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှုအား ၂၀၂၀ ခုနှစ်အတွင်း စတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းဥပဒေသည် လူမှုရေးပင်စင်များ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ် ငွေကြေး ထောက်ပံ့မှုများနှင့် လူမှုကာကွယ်ရေး စောင့်ရှောက်ရေးအတွက် အမျိုးသားမဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အတွက် ကုန်ကျစရိတ်ပါဝင်သော ကဏ္ဍအလိုက် အစီအစဉ်အောက်ရှိ မသန်စွမ်းသူ ထောက်ပံ့ခြင်းကဲ့သို့သော အနာဂတ် အစီအစဉ်များ အပါအဝင် ငွေကြေးထောက်ပံ့မှုပေးသည့် စီမံကိန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ခိုင်မာ အားကောင်းသည့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သော စနစ်တို့အတွက် ဥပဒေရေးရာ အာမခံချက်များပေးအပ်ရန် ရည်ရွယ် ပါသည်။ HelpAge စီမံချက်သည် ဥပဒေမူကြမ်းအား ဒေသခံဘာသာစကားများသို့ ဘာသာပြန်ဆိုခဲ့ရာတွင် ကူညီပံ့ပိုးပေးခဲ့ပြီး ကနဦး တုံ့ပြန်မှတ်ချက်များ ပေးနိုင်ရန်နှင့် ဆွေးနွေးနိုင်ရန်တို့အတွက် ဝန်ကြီးဌာနအတွင်း ဖြန့်ဝေခဲ့ပါသည်။ ဝန်ကြီးဌာနမှ ဥပဒေကြမ်းအား ၂၀၂၁ ခုနှစ် ဧပြီလ၌ ကျင်းပမည့် လွှတ်တော် အသစ်ထံ တင်ပြ နိုင်ရန်အတွက် အစီအစဉ်ရေးဆွဲခဲ့ပါသည်။ HelpAgeသည် လူမှုဝန်ထမ်း ဥပဒေမူကြမ်း ရေးဆွဲပြုစုခြင်း အတွက် နည်းပညာဆိုင်ရာ အကူအညီကိုလည်း ပံ့ပိုးပေးခဲ့ပြီး ဥပဒေမူကြမ်းအတွက် ဥပဒေရေးရာသုံးသပ်ခြင်း/ မူကြမ်းရေးဆွဲ ခြင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တရားဝင်ခွင့်ပြုချက်ရယူပြီးနောက် ၂၀၂၁ ခုနှစ်တွင် အစိုးရအဖွဲ့ထံတင်ပြခြင်းစသော အဆင့်များကို ထပ်မံ ဖြတ်သန်းရမည် ဖြစ်ပါသည်။

၂၀၂၀ ခုနှစ်အတွင်း၌ HelpAge သည် အသက်၈၅နှစ်နှင့် အထက် အမျိုးသား လူမှုရေး ပင်စင်စီမံကိန်း Database ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း အားလုံးအပေါ် စဉ်ဆက်မပြတ် ကူညီပံ့ပိုးမှု ပေးခဲ့ပါသည်။ နောက်ဆုံးအတည်ပြု ငွေထုတ်ပေးခြင်းအတွက် သုံးလတစ်ကြိမ် အချက်အလက်များ ထုတ်ပေးနိုင်ရန် Database စနစ်၏ အချက်အလက် များ တိကျမှု၊ ယုံကြည်စိတ်ချရမှုနှင့် တညီတညွတ်တည်းဖြစ်စေရန်အတွက် DSW တာဝန်ခံ အဖွဲ့ အား ပုံမှန် အွန်လိုင်းမှ တဆင့်/ လူကိုယ်တိုင် ကူညီပံ့ပိုးမှုများအား ဆက်လက်ပေးအပ်ခဲ့ပါသည်။ လူမှုရေးပင်စင် Database အား ၂၀၂၁ ခုနှစ် နှစ်လည်တွင် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (SMIS) အတွင်းသို့ ပေါင်းစည်းထည့်သွင်းရန်အတွက် အစီအစဉ် ရေးဆွဲခဲ့ ပါသည်။ Database စနစ် ရှိပြီးသည်နှင့် တပြိုင်နက် စီမံချက်သည် DSW ၏ CERP လူမှုရေး ဆိုင်ရာ ကူညီပံ့ပိုးပေးမည့် အစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား ကူညီပံ့ပိုးပေးရန် စီစဉ်ထားပြီး လူမှုရေးပင်စင် ပေးအပ်ခြင်းများအား အသက်၈၀မှ ၈၄နှစ် အကြား ရှိသည့် သူများ အတွက် တိုးချဲ့ရန်အတွက်လည်း အစီအစဉ်ရေးဆွဲထားပါသည်။





အမျိုးသားလူမှုရေး ပင်စင် ဆန်းစစ်အကဲဖြတ်မှုအား ၂၀၂၀ ခုနှစ်အတွင်း အပြီးသတ်လုပ်ဆောင်ခဲ့ပါသည်။ ဤဆန်းစစ်အကဲဖြတ်မှုအရ စီမံကိန်း အကျိုးခံစားခွင့်ရှိသူများနှင့် ယင်းတို့၏ အိမ်ထောင်စုဝင်များသာမက စီမံကိန်း အကောင်အထည်ဖော်နေသည့် ဒေသဆိုင်ရာ အစိုးရများနှင့် လူမှုအသိုက်အဝန်းများအကြား ဆက်ဆံရေးများအတွက် အလားအလာရှိသည့် အကျိုးကျေးဇူးများကို စူးစမ်းရှာဖွေ ဖော်ထုတ်ခဲ့ပါသည်။ HelpAge သည် လူမှုရေး ပင်စင်လက်ခံရယူနေသူများနှင့် ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးများနှင့် ရှမ်းနှင့် ကယားပြည်နယ် များတွင် သက်ကြီး ရွယ်အိုများ အတွက် LIFTမှ ရန်ပုံငွေထောက်ပံ့ပေးသည့် တကြိမ်တည်းသာ ပေးအပ်သည့် ငွေကြေး အကူအညီ တို့အတွက် ဖြစ်ရပ်လေ့လာမှုများ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ရန် DSW နှင့်လည်း ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ဖြစ်ရပ်လေ့လာမှုများသည် သက်ကြီးရွယ်အိုများအတွက် ငွေကြေးအကူအညီအား အသုံးချမှုနှင့် ပတ်သက်၍ နားလည်သဘောပေါက်စေရန်နှင့် အရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူရာတွင် DSW ဝန်ထမ်းများအတွက် လုပ်ဆောင်ရင်းနှင့် လေ့လာသင်ယူသည့် ရပ်ဝန်းတစ်ခုအား ပံ့ပိုးပေးရန်တို့ အတွက် ရည်ရွယ်ထား ပါသည်။ တတိယလေ့လာမှုသည် လူမှုကာကွယ်စောင့်ရှောက်ရေး၊ ပဋိပက္ခနှင့် အမျိုးသား ပြန်လည် ရင်ကြားစေ့ရေး တို့နှင့် သက်ဆိုင်ပါသည်။ ယင်းလေ့လာမှုမှ တွေ့ရှိချက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှုများနှင့် ခရိုင်ရုံးများထံ ဖြန့်ဝေပေးခဲ့ ပါသည်။

DSW သည် ယင်း၏မြို့နယ်ရုံးများအား တဖြည်းဖြည်းခြင်း တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် မြို့နယ်ရုံး (၃)ရုံးအား ဖွင့်လှစ်ခဲ့သောကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စုစုပေါင်း (၁၅၄)ရုံး(ခရိုင်ရုံး ၄၅ရုံးနှင့် မြို့နယ်ရုံး ၁၀၉ရုံး) ရှိလာခဲ့ပါသည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ (၂၅)ရုံးတွင် လူမှုရေးပင်စင် အကူအညီပေးသည့် စီမံကိန်းများအတွက် တိုးချဲ့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များအား ဖြည့်ဆည်းပေးရန်နှင့် ချိန်ညှိပေးရန် တာဝန်ပေးထားသည့် အရာရှိတစ်ဦးစီအား ခန့်အပ်ခဲ့ပါသည်။ HelpAge သည် ပြည်နယ်နှင့် တိုင်းဒေသကြီး DSW ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးဦးစီးဌာန (GAD) ထံ အစီရင်ခံရသည့် ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ဒေသ အာဏာပိုင်များအတွက် စွမ်းဆောင်ရည် ဖွံ့ဖြိုးမှုဆိုင်ရာ ကူညီပံ့ပိုးမှုအား စဉ်ဆက်မပြတ် ပံ့ပိုး ပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် DSW ၏ ပံ့ပိုးကူညီမှုဖြင့် သက်ကြီး ရွယ်အို နှင့် လူမှုရေးပင်စင်တို့နှင့် သက်ဆိုင်သော သင်တန်း သင်ရိုးညွှန်းတမ်း (၂)ခုကို ရေးသားပြုစု ခဲ့ပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ ခရီးသွားလာမှုကန့်သတ်ချက်များကြောင့် ရန်ကုန်မြို့နှင့် နေပြည်တော် အခြေစိုက် DSW ဝန်ထမ်း များအတွက် လူမှုပင်စင် Database စီမံ ခန့်ခွဲခြင်း၊ သက်ကြီးရွယ်အိုနှင့် လူမှုရေး ပင်စင် ရှေ့ပြေးစမ်းသပ် အကောင်အထည်ဖော်သည့် သင်တန်းအား အွန်လိုင်းမှ တဆင့် ပို့ချခဲ့ပါသည်။ DSW ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရုံးအသစ်(၂၃)ရုံးမှ ဝန်ထမ်းများမှလည်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းကို တက်ရောက်ခဲ့ပါသည်။

HelpAgeသည် တနိုင်ငံလုံးရှိ လူမှုရေး ပင်စင်အကျိုးခံစားခွင့်ရှိသူများကို ဦးတည်ရည်ရွယ်သော COVID-19 ကပ်ရောဂါနှင့် သက်ဆိုင် သည့် သတင်း အချက်အလက်များအား လက်လှမ်းမီရယူနိုင်မှု တိုးတက်များပြားလာစေရန် အတွက်လည်း ကူညီပံ့ပိုးပေးခဲ့ပါသည်။ သတင်းအချက်အလက်၊ ပညာပေးနှင့် ဆက်သွယ်ဆောင်ရွက်ရေး (IEC) ဆိုင်ရာစာရွက်စာတမ်း (၃)ခုအား ရေးသားပြုစုကာ ဖြန့်ဝေပေးခဲ့ ပါသည်။ COVID-19 ကပ်ရောဂါဖြစ်ပွားနေစဉ် အတွင်း "ရှောင်ရန်နှင့် ဆောင်ရန်များ"အား ပြထားသည့် စာစောင် (၁၈၀,၀၀၀) အစုံအား ရပ်ကွက်/ ကျေးရွာ အုပ်စု အာဏာပိုင်များထံ ပေးအပ်ခဲ့ပါသည်။ COVID-19 ကမ္ဘာ့ ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် အကြံပြုချက်များ ပါဝင်သည့် သက်ကြီးရွယ်အို များအတွက် အကြံပြုချက်စာစောင် (၂၁၇,၀၀၀) အားပြည်နယ်နှင့် တိုင်းဒေသကြီး များရှိ DSW ရုံးခွဲများ GAD မြို့နယ်ရုံးများ နှင့် ရပ်ကွက် အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆရာဆရာမများ၊ ရပ်ရွာထူထုခေါင်းဆောင်များ အပါအဝင် ဒေသဆိုင်ရာ အာဏာပိုင်များ အားလုံးထံ ဖြန့်ဝေပေးခဲ့ပါသည်။ နောက်ဆုံး၌ ဘိုးဘွားရိပ်သာများအတွက် COVID-19 ကပ်ရောဂါတားဆီးကာကွယ်ခြင်းဆိုင်ရာ အစီအမံများ ပါဝင်သည့် စာစောင် အစုံ (၁,၀၀၀)အား MoSWRR တွင် မှတ်ပုံတင်ထားသော တနိုင်ငံလုံးရှိ ဘိုးဘွားရိပ်သာများထံ ဖြန့်ဝေပေးခဲ့ပါသည်။ COVID-19 ကပ်ရောဂါဆိုင်ရာ IEC အတွက်စာတမ်းများသည် မြန်မာနိုင်ငံရှိ မြို့နယ် (၃၃၀) အနက်မှ မြို့နယ် (၃၁၄) မြို့နယ် (တနိုင်ငံလုံးရှိ မြို့နယ်များ၏ ၉၅%) ရှိအိမ်ထောင်စုစုပေါင်း (၄၈၈,၀၇၃)စုထံရောက်ရှိခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွင်း၌ စီမံချက်သည် DSW မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဖိစီးမှုအကျပ်အတည်းကို တုံ့ပြန် ကာကွယ်သည့် လူမှုကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ယန္တရား ခိုင်မာအားကောင်းစေခြင်းအပေါ် အာရုံစိုက်ဆောင်ရွက်ရန် အတွက် ဘတ်ဂျက် ပါဝင်သည့် စီမံချက်သက်တမ်းတိုးမှုကို နောက်ထပ် (၁၁)လ အတွက် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ DSW ဝန်ထမ်းများ ရုံးတက်ရောက်မှုကို တစ်ဝက်တက် တစ်ဝက်နား စနစ်ဖြင့် ဆောင်ရွက်သည့်အတွက်ကြောင့် DSW ဝန်ထမ်း ရုံးတက်ရောက်သည့် အရေအတွက် လျော့ကျသွားခဲ့သော်လည်း စီမံချက်မှ DSW အားကူညီပံ့ပိုးပေးမှုကြောင့် လူမှုရေးပင်စင်စီမံကိန်း၏ ငွေကြေးပေးအပ်မှုနှင့် စနစ်များအား အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**မသန်စွမ်းသူများ**

LIFT ၏ မသန်စွမ်းသူများဆိုင်ရာ စီမံကိန်းလုပ်ငန်းတွင် (၁) အားနည်းနေသူများအား မသန်မစွမ်းများအဖြစ် ရှုမြင်စေသည့် ရလဒ်အား ဖြစ်ပေါ်စေသည့် အတားအဆီးများကို ဖြိုချဖျက်ဆီးခြင်း (၂)မသန်စွမ်းသူများအား ယင်းတို့၏ လူမှုအသိုက်အဝန်းများတွင် ပါဝင် ဆောင်ရွက် စေခြင်းဖြင့် လုပ်ကိုင်နိုင်စွမ်းပေးခြင်းဆိုင်ရာ ချဉ်းကပ်လမ်း (၂)ခုအားပေါင်းစပ်ထားသော ချဉ်းကပ်နည်းလမ်း တစ်ခု ရှိပါသည်။ ၂၀၂၀ ခုနှစ် အတွင်း COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် ယင်းနှင့်ဆက်နွယ်နေသည့် အစီအမံများကြောင့် မသန်စွမ်းသူများနှင့် ယင်းတို့၏ အိမ်ထောင်စုများ အပေါ် သက်ရောက်မှုများရှိခဲ့ပါသည်။ အသက်မွေးဝမ်းကျောင်းမှုများ၊ အလုပ်အကိုင်ဆုံးရှုံးမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် ဝန်ဆောင်မှုများ လက်လှမ်းမီရယူနိုင်မှု လျော့ကျခဲ့ခြင်းတို့သာမက အခြေခံကုန်ပစ္စည်း ဈေးနှုန်းများ တက်လာခဲ့ခြင်းတို့သည် အဓိက အလေးထားရမည့် နယ်ပယ်များ ဖြစ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာန (DSW)၊ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန (DRD)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD)နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) တို့အပါအဝင် ဒေသဆိုင်ရာ အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်မှု အပေါ်

အခြေခံတည်ဆောက်ထားသော LIFT ၏ မသန်စွမ်းသူများအတွက် ထောက်ပံ့သည့် စီမံချက်(၄)ခုသည် ရပ်ရွာလူထု ကိုယ့်အားကိုယ်ကိုး အုပ်စု များနှင့်ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရာတွင် အကူအညီပေးနိုင်ခဲ့ပါသည်။

၂၀၁၈ခုနှစ် မသန်စွမ်းမှုဆိုင်ရာ အထူးအလေးပေးသည့် ရန်ပုံငွေအောက်ရှိ စီမံချက် (၄)ခုသည် ၂၀၂၀ ခုနှစ်ကုန်ပိုင်းတွင် ပိတ်သိမ်းရမည့် အချိန် ရောက်ရှိခဲ့ပါသည်။ သို့သော်လည်း စီမံချက်(၄)ခုလုံးသည် ၂၀၂၁ ခုနှစ်ကုန်အထိ ဘတ်ဂျက် ပါဝင်သည့် သက်တမ်းတိုးမှုကို ရရှိခဲ့ပါသည်။

| အကောင်အထည်ဖော်ရေးမိတ်ဖက်အဖွဲ့အစည်းများ | ဘတ်ဂျက် ပါဝင်သည့်သက်တမ်းတိုးမှုအတွက် စီမံချက်၏ ဧရိယာများ |
|---|---|
| Golden Pearl Organization (GPO) | ရှမ်းပြည်မြောက်ပိုင်း–လားရှိုး၊ ကျောက်မဲ၊ သိန္နီ၊ သီပေါ၊ နောင်ချိုမြို့နယ်များ |
| Eden Center for Disable Children (ECCD) | ချင်းပြည်နယ်– တီးတိန်၊ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မတူပီ၊ မင်းတပ်မြို့နယ်များ |
| HelpAge International (HAI) | မန္တလေးတိုင်းဒေသကြီး– နွားထိုးကြီး၊ မြင်းခြံမြို့နယ်များ<br>မကွေးတိုင်းဒေသကြီး–ရေစကြို၊ ပခုက္ကူမြို့နယ်များ<br>ကရင်ပြည်နယ် ဖာပွန်မြို့နယ် |
| Social Policy and Poverty Reduction Group (SPPRG) | စစ်ကိုင်းတိုင်းဒေသကြီး –ဘုတလင်မြို့နယ် |

## ချင်းပြည်နယ်

ဧဒင် မသန်စွမ်း သက်ငယ်များ ပြုစုရာရိပ်မြုံ(ECDC)သည် ချင်းပြည်နယ်ရှိ မြို့နယ်(၆)မြို့နယ်တွင် LIFTမှ ရန်ပုံငွေ ထောက်ပံ့ထားသည့် စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ၂၀၂၀ ခုနှစ် အတွင်း စုစုပေါင်း (၁,၇၀၂)ဦးသည် မသန်စွမ်းမှုဆိုင်ရာ ပညာပေးသင်တန်းအား တက်ရောက်ခဲ့ကြပါသည်။ ECDC မှ ပြုလုပ်ခဲ့သည့် စစ်တမ်းအရ တုံ့ပြန်ဖြေကြားသူ (၁၄၄)ဦး အနက်မှ ၆၃% တွင် မသန်စွမ်းသူများအားလုံး ပါဝင်စေခြင်းနှင့် ၎င်းတို့ လူမှုအသိုက်အဝန်းများတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခြင်းအား ကန့်သတ်ထားသည့် အတားအဆီးများ နှင့် ပတ်သက်၍ နားလည်သဘောပေါက်မှု တိုးတက်လာခဲ့ကြောင်းကို တွေ့ရှိခဲ့ပါသည်။ ECDC သည် မသန်စွမ်းမှုအား စီမံကိန်းလုပ်ငန်းများအားလုံးတွင် ထည့်သွင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအား CSO များနှင့် စီစဉ်ကျင်းပခဲ့ပါသည်။ ဤနည်းဖြင့် ဒေသခံ CSO များမှ မသန်စွမ်းသူများ အားလုံးပါဝင်စေသည့် စီမံကိန်းလုပ်ငန်းများတိုးတက်ဆောင်ရွက်လာစေခြင်းသို့ ဦးတည်ခဲ့ပါသည်။ ဥပမာအားဖြင့် CSO (၂၄) ဖွဲ့သည် ကျေးရွာ (၁၁) ရွာ၌ လုပ်ငန်း စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယင်းအား ၎င်းတို့၏ စီမံကိန်းများနှင့် လှုပ်ရှားဆောင်ရွက်မှုများ အတွင်းသို့ ပေါင်းစပ် ထည့်သွင်းလုပ်ဆောင်နေပါသည်။

ရပ်ရွာလူထုအဆင့်၌ မသန်စွမ်းသူများသည် ရပ်ရွာ လူထု အခမ်းအနားများနှင့် လှုပ်ရှားဆောင်ရွက်မှုများတွင် ယခုအခါ၌ ပါဝင် ဆောင်ရွက် နေကြပါသည်။ COVID–19 ကပ်ရောဂါကာလအတွင်း ဖလမ်းမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုး အုပ်စုများသည် COVID–19 ကပ်ရောဂါ ကူးစက် ပြန့်ပွားမှုများအား ကာကွယ်တားဆီးရန် အတွက် COVID–19 ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရေး ကော်မတီနှင့်အတူ လက်တွဲ ဆောင်ရွက်လျက် ရှိပါသည်။ ရပ်ရွာလူထု ကိုယ့်အားကိုယ်ကိုး အုပ်စုများတွင် လူအများ၏ ပါဝင်ဆောင်ရွက်မှုများ တိုးတက် များပြားလာခဲ့ပြီး အဖွဲ့ဝင်များ၏ ၇၉% မှာ မသန်စွမ်းသူများဖြစ်ကြပြီး မသန်စွမ်းသူများ၏ ၆၅%သည် ကိုယ့်အားကိုယ်ကိုး အုပ်စုများတွင် ခေါင်းဆောင်မှုပေးသည့် အခန်းကဏ္ဍတွင် ပါဝင်နေခဲ့ကြပါသည်။ ၂၀၁၉ခုနှစ်မှ စ၍ ကိုယ့်အားကိုယ်ကိုး အုပ်စု များ၏ အဖွဲ့ဝင်အရေအတွက်မှာ (၃၀% )နီးပါးခန့် တိုးတက်များပြားလာခဲ့ပြီး ၂၀၂၀ခုနှစ်တွင် အဖွဲ့ဝင်ဦးရေ (၁,၀၃၃)ဦးရှိခဲ့ပါသည်။ စီမံချက် အဆိုပြုလွှာရေးသားနည်း၊ စာရင်းကိုင်ပညာနှင့် အသေးစားထောက်ပံ့မှု ရန်ပုံငွေ များအား ကိုယ့်အားကိုယ်ကိုး အုပ်စု(၆၂)စုထံ ပံ့ပိုးကူညီပေးခဲ့ပြီး မသန်စွမ်းသူ (၅၈၂)ဦးမှ တက်ရောက်ခဲ့ပါသည်။ ကိုယ့်အားကိုယ်ကိုး အုပ်စု (၄၃)စုသည် သင်တန်းတက်ရောက်ပြီးသည့် နောက်ပိုင်းတွင် ၎င်းတို့ ကိုယ်ပိုင်အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ စတင်လုပ်ဆောင်ရန်အတွက် အစီအစဉ်များ ရေးဆွဲခဲ့ကြပါသည်။ ထို့အပြင် ကိုယ့်အားကိုယ်ကိုး အုပ်စုအဖွဲ့ဝင် (၁၂၉)ဦးသည် ဒေသခံအသေးစားငွေရေးကြေးရေး လုပ်ငန်းများထံမှ အသေးစား ငွေရေးကြေးရေးဆိုင်ရာ ပံ့ပိုးမှုများအား လက်လှမ်းမီ ရယူနိုင်ခဲ့ ပါသည်။

ကပ်ရောဂါဖြစ်ပွားနေသော်လည်း ၂၀၂၀ ခုနှစ်တွင် မသန်စွမ်းသူ (၁၆)ဦးသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအား အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပါသည်။ စီမံချက်မှ အသက်မွေး ဝမ်းကျောင်းဆိုင်ရာ သင်တန်း စတင်ပို့ချခဲ့သည့် ၂၀၁၈ ခုနှစ်မှစ၍ မသန်စွမ်းသူ (၂၆)ဦးသည် သင်တန်းဆင်းပြီးချိန်မှ (၆)လအတွင်း အလုပ်အကိုင်များ ရရှိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

Social Policy and Poverty Research Group (SPPRG) မှ ဘုတလင်မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်သည့်စီမံချက်သည် DRD ၏ မြစိမ်းရောင် (MSY) စီမံချက်တွင် မသန်စွမ်းသူများအားလုံး ပါဝင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအား ဦးတည် ရည်ရွယ်သည့် လုပ်ငန်း ဆောင်ရွက်ရင်း သုတေသနပြုသည့် စီမံချက် ဖြစ်ပါသည်။ SPPRG သည် မသန်စွမ်းသူများ၏ အားနည်းထိခိုက်လွယ်မှုအား လျှော့ချရာတွင် ကူညီပံ့ပိုးပေးရန် အတွက် သင်တန်း(၂)ကြိမ်ပို့ချပေးခဲ့ပါသည်။ သင်တန်းသည် လူဦးရေ (၂၁၈) ဦးအတွက် အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေး ဆိုင်ရာ ပညာပေးခြင်း (မသန်စွမ်း ဖြစ်ခြင်းမှ တားဆီးကာကွယ်ခြင်း အပါအဝင်) နှင့် မသန်စွမ်းသူ (၂၂၈)ဦးအတွက် အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ သင်တန်း (ပလပ်စတစ်ခြင်းပြုလုပ်ခြင်း နှင့် ကတ္တီပါ ဖိနပ်ချုပ်ခြင်း) တို့အပေါ် အလေးထား အာရုံစိုက်ခဲ့ပါသည်။ ကာလလယ် သုတေသန အစီရင်ခံစာအရ မသန်စွမ်းသူရှိသော အိမ်ထောင်စုများ၏ အားနည်းထိခိုက်လွယ်မှုမှာ ကနဦး စစ်တမ်းတွင် ၃၇% ရှိခဲ့ရာမှ ၂၄.၅%သို့ ကျဆင်းသွားခဲ့ပါသည်။ သက်မွေးဝမ်းကျောင်းမှုများအား လုပ်ကိုင်နိုင်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိသော မသန်စွမ်း သူရှိသည့် အိမ်ထောင်စုများတွင်အကြားတွင် (၄၃%) မှ (၁၁%) အထိ လျော့ကျသွားသည့် အတွက်ကြောင့် လျော့ကျသွားမှုမှာ ပိုမို သိသာ ထင်ရှားခဲ့ပါသည်။





စီမံချက်သည် ရပ်ရွာလူထုအခြေပြု မသန်စွမ်းသူများ အားလုံးပါဝင်သောအုပ်စုများ တည်ထောင်ရန်အတွက် အစီအစဉ်(၂)ခုအား တာဝန်ယူ ခဲ့ပါသည်။ အစီအစဉ်တစ်ခုတွင် အားလုံးအကျုံးဝင် ပါဝင်စေခြင်းဆိုင်ရာ ချဉ်းကပ်နည်းလမ်းအတွက် ရပ်ရွာလူထု၏ ကူညီပံ့ပိုးမှုများ ဆော်ဩစည်းရုံး ရယူရန်အတွက် ကျေးရွာအဆင့်အသိပညာပေးသည့် လှုပ်ရှားဆောင်ရွက်မှုများ ပါဝင်ခဲ့ပါသည်။ ဒုတိယ အစီအစဉ်တွင် မသန်စွမ်းသူများ ငွေချေးအုပ်စုအဖွဲ့ဝင်ဖြစ်နိုင်သည့် နေရာများတွင် ကိုယ့်အားကိုယ်ကိုး အုပ်စုများ ဖွဲ့စည်းခြင်းပါဝင်ခဲ့ပါသည်။ စီမံချက်သည် အဓိကအားဖြင့် မသန်စွမ်းသူများနှင့် ယင်းတို့၏ မိသားစုလိုအပ်ချက်များကို ဖြေရှင်းပေးရန်အတွက် ရန်ပုံငွေများ ပံ့ပိုးကူညီခဲ့ပါသည်။ စီမံချက်သည် မသန်စွမ်းသူ (၂၇၀) ဦးအား မြစိမ်းရောင် ကျေးရွာများ (သို့) မြစိမ်းရောင်ကျေးရွာ မဟုတ်သည့် ကျေးရွာများမှ စီမံခန့်ခွဲနေသည့် ကုန်ကျ စရိတ်နည်းပါးသည့် ချေးငွေများရယူနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ စီမံကိန်းမစတင်မီတွင် ချေးငွေများအား လက်လှမ်းမီရယူနိုင်မှု (၃.၃%) ရှိရာမှ စီမံကိန်းကာလအလယ်တွင် (၂၂.၁%) သို့ တိုးတက်များပြားလာခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း၌ အစိုးရအဆောက်အဦများ၊ ဈေးများနှင့် အစည်းအဝေးပြုလုပ်သည့် နေရာများသို့ လူကိုယ်တိုင်သွားရောက်ခြင်းအား ပိုမိုပြုလုပ်လာနိုင်သည့် အတားအဆီးမရှိ သွားလာနိုင်မှုအား ကျေးရွာ (၁၆)ရွာတွင် အကောင်အထည်ဖော်ခဲ့ပါသည်။

## ရှမ်းပြည်နယ်မြောက်ပိုင်း

Golden Pearl Organization (GPO) မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံချက်သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ် (၃)မြို့နယ် မှ မသန်စွမ်းသူများ၏ အသက်မွေးဝမ်းကျောင်းမှုများကို ကူညီပံ့ပိုးပေးခဲ့ပါသည်။ စီမံချက် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုလုပ်မီအချိန်က အဆိုပါဒေသများတွင် မသန်စွမ်းသူများ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ စဉ်းစားပေးမှု အနည်းငယ်သာ ရှိခဲ့ပြီး မသန်စွမ်းမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်း မရှိခဲ့ပါ။ GPO ၏ ကြိုးပမ်း အားထုတ်မှုများ၏ ရလဒ်အနေဖြင့် ၂၀၂၀ ခုနှစ်တွင် မသန်စွမ်းသူများ အတွက် ကိုယ်စားပြုမှုနှင့် အမျိုးမျိုးသော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်များပြားခဲ့ပါသည်။

စီမံချက်သည် အမျိုးမျိုးသော ပတ်သက်ဆက်နွယ်သူများနှင့်အတူ ရပ်ရွာလူထုအသိပညာပေးခြင်းများနှင့် အားပေးထောက်ခံသည့် အစီအစဉ် များမှ တဆင့် ရပ်ရွာလူထုအဆင့်၌ မသန်စွမ်းသူများအားလုံးပါဝင်စေရေး အပေါ် အာရုံစိုက်၍ တနှစ်ပတ်လုံး ဆက်လက်လုပ် ဆောင်ခဲ့ပါသည်။ ရလဒ်အနေဖြင့် မသန်စွမ်းသောသူများ အဖြစ် နှိမ်ချခြင်း၊ ခွဲခြားဆက်ဆံခြင်း နှင့် မသန်စွမ်းသူများဆိုင်ရာ အသိပညာပေးသည့် လှုပ်ရှား ဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်လာမှုများ တိုးတက်များပြား လာခဲ့ပါသည်။ အသက်မွေးဝမ်းကျောင်းမှုများနှင့် ပတ်သက်၍ တိရစ္ဆာန် မွေးမြူရေး၊ အပ်ချုပ်လုပ်ငန်း နှင့် ကုန်စုံဆိုင်များ ဖွင့်ခြင်းကဲ့သို့သော အသက်မွေး ဝမ်းကျောင်းဆိုင်ရာ သင်တန်းအား (၁၄)ဦးမှ တက်ရောက် ရယူခဲ့ပါသည်။

စီမံချက်ဧရိယာများတွင် မိမိနေအိမ်တွင်သာ နေထိုင်ရေး အမိန့်များထုတ်ပြန်ထားသည့် COVID–19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း အထူးသဖြင့် အရေးကြီးသည့် စိတ်ပိုင်း လူမှုရေးပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးမှုအား မသန်စွမ်းသူ (၄၄၁)ဦးထံ ပေးအပ်ခဲ့ပါသည်။ ထို့အပြင် မသန်စွမ်းသူ (၅၇)ဦးနှင့် ယင်းတို့၏အိမ်ထောင်စုများသည် အခြေခံစားသောက်ကုန်များအား ရရှိခဲ့ပါသည်။ မွေးဖွားလာသည့် ကလေးများတွင် မသန်စွမ်းဖြစ်မှုအား ကာကွယ်တားဆီးရန်အတွက် ကိုယ်ဝန်ဆောင်အမျိုးသမီး (၁၈၄)ဦးအား အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ ပညာပေးခြင်း ရရှိခဲ့ကြပြီး နို့တိုက်မိခင် အမျိုးသမီး(၂၀)ဦးသည် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ကူညီထောက်ပံ့မှုအား လက်ခံရယူခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း မသန်စွမ်း ကလေးသူငယ် များအတွက် နေ့ကလေးထိန်း ဌာန အား ဆက်လက်လည်ပတ်ဆောင်ရွက်ခဲ့ပါသည်။ မသန်စွမ်း ကလေးသူငယ်(၈)ဦးအား နေ့စဉ် ဘဝတွင် အမှီအခိုမပါဘဲ နေထိုင်နိုင်ရန်နှင့် ဆက်သွယ်ပြောဆိုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများအား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ယင်းကလေး များ၏ မိသားစုများမှ ကလေးသူငယ်များ၏ လေ့လာသင်ယူမှုဆိုင်ရာ စွမ်းဆောင်ရည်များတိုးတက် ကောင်းမွန်လာခဲ့ပြီး အချို့ကလေးသူငယ်များသည် နေ့ကလေးထိန်း ဌာန တွင် လေ့ကျင့်သင်ယူခဲ့ပြီး သည့်နောက်၌ မူကြိုကျောင်းများသို့ စတင် တက်ရောက်ခဲ့သည်ဟု တုံ့ပြန်မှတ်ချက် ပေးခဲ့ ပါသည်။

စီမံချက်သည် ဒေသအဆင့်၌ အမျိုးမျိုးသော အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သည် Access to Health မှ ရန်ပုံငွေထောက်ပံ့ပေးပြီး ဖွံ့ဖြိုးရေး မဏ္ဍိုင်အဖွဲ့ (Local Resource Center) မှ စီမံခန့်ခွဲသည့် COVID–19 တုံ့ပြန်ကာကွယ်မှုဆိုင်ရာ ထောက်ပံ့မှုများအား လျှောက်ထားနိုင်ရန်အတွက် လားရှိုး၊ ကျောက်မဲနှင့် သန္နီ မြို့နယ်တို့ရှိ မသန်စွမ်းသူအသင်းများအား ကူညီပံ့ပိုး ပေးခဲ့ပါသည်။ ထို့အပြင် လားရှိုးမှ မြို့နယ် မသန်စွမ်းအဖွဲ့အစည်းများသည် စီမံချက်၏ နည်းပညာ ဆိုင်ရာ ကူညီပံ့ပိုး မှုဖြင့် မေတ္တာ ဖောင်ဒေးရှင်းမှ စီမံခန့်ခွဲနေသည့် တောင်တန်းဒေသစီမံကိန်းမှ ရန်ပုံငွေထောက်ပံ့မှု ရရှိခဲ့ပါသည်။ စီမံချက်သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကူညီပံ့ပိုးမှုတွင် မသန်စွမ်းသူများ အားလုံးပါဝင်စေခြင်းအား တိုးမြှင့်ဆောင်ရွက်ရန်အတွက် World Vision နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သည် မသန်စွမ်းသူများအား ကူညီပံ့ပိုးပေးရန်အတွက် ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် အတူ လုပ်ကိုင် ဆောင်ရွက်ခဲ့ပြီး လားရှိုးမြို့နယ်ရှိ မသန်စွမ်း (၄၈)ဦးသည် ကူညီပံ့ပိုးမှုအား ရရှိခဲ့ပါသည်။

## အပူပိုင်းဇုန်နှင့် ကရင်ပြည်နယ်

HelpAge International သည် မန္တလေးနှင့် မကွေးတိုင်းဒေသကြီးများနှင့် ကရင်ပြည်နယ်ရှိမြို့နယ် (၅) မြို့နယ်တွင် ဦးတည် ရည်ရွယ်သည့် မသန်စွမ်းသူများ အားလုံးပါဝင်စေခြင်း စီမံချက်အား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်၏ အဓိက ဆောင်ရွက် ချက်များ အနက်မှ တစ်ခုမှာ ကျေးရွာအဆင့်၌ ရပ်ရွာလူထု အခြေပြု ကိုယ့်အားကိုယ်ကိုး အုပ်စု (ISHG) များတည်ထောင်ခြင်းဖြစ်ပါသည်။ ISHG များသည် လူမှုကာကွယ် စောင့်ရှောက်မှုပေးသည့် ဝန်ဆောင်မှုများနောက်ကွယ်မှ တွန်းအားပေးသည့် အုပ်စုများ ဖြစ်ပြီး ၂၀၂၀ ခုနှစ် အတွင်း အိမ်ထောင်စု စုစုပေါင်း (၄,၆၈၂)စုသည် အဆိုပါဝန်ဆောင်မှုများ၏ အကျိုးကျေးဇူး ကို ခံစားခဲ့ကြပါသည်။ စီမံချက်သည် ၂၀၂၀ ခုနှစ်တွင် ISHG (၉၀) ဖွဲ့ အတွက် မျိုးစေ့ အရင်းအနှီး ချေးငွေ ဝန်ဆောင်မှုများ ပံ့ပိုးပေးခဲ့

ပါသည်။ ISHG များသည် ချေးငွေအမျိုးအစား (၂)မျိုးဖြစ်သည့် အတိုးကောက်ယူမှု (၂%) နှင့် အရေးပေါ်ဆေးဝါးကုသမှုအတွက် အတိုးပေးရန်မလိုသည့် ချေးငွေများအား ချေးပေးခဲ့ပါသည်။ အားနည်း ထိခိုက်လွယ်မှုတွင် အများဆုံးအဆင့်၌ ရပ်တည်နေသည့် အိမ်ထောင်စုများကို ဦးစားပေးခဲ့ပါသည်။ စီမံကိန်းသည့် စတင်သည့် အချိန်မှစ၍ ယခုအချိန်ထိ အတိုးရယူသည့် ချေးငွေ စုစုပေါင်း (၇,၀၅၇) ခုနှင့် အတိုးပေးရန်မလိုသည့် ချေးငွေ(၈၉)ခုတို့အား ပေးအပ်ခဲ့ပါသည်။

လူမှုရေး အကူအညီနှင့် ပတ်သက်၍ စီမံချက်သည် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပေးပို့များအား ရှေ့ပြေးစမ်းသပ်ခဲ့ပြီး အတန်အသင့်နှင့် ပြင်းထန် မသန်စွမ်း (၅,၂၃၉)ဦးထံ လစဉ်ငွေကြေး အကူအညီပေးအပ်ခဲ့ပါသည်။ ငွေကြေးထောက်ပံ့မှုများ အား လက်ခံရယူသူ များသည် ငွေကြေးထောက်ပံ့မှု (၇၅%) အား ဝင်ငွေရှာရန်အတွက်နှင့်/ သို့ အစားအသောက်၊ ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်များနှင့် အစားအသောက် မဟုတ်သည့် ကုန်ပစ္စည်းများကဲ့သို့သော ၎င်းတို့၏ အခြေခံလိုအပ်ချက်များအတွက် အသုံးပြုခဲ့ပါသည်။ စီမံချက်မှ ကျေးရွာတွင်း၌ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးရန်အတွက် စေတနာ့ဝန်ထမ်းများကိုလည်း လေ့ကျင့်သင်ကြား ပေးခဲ့ပါသည်။ ၂၀၂၀ခုနှစ်တွင် စုစုပေါင်း (၁,၁၅၃)ဦးသည် အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးသည့် ဝန်ဆောင်မှုများကို ရရှိခဲ့ပါသည်။

နောက်ထပ်အရေးပါသည့် အစီအစဉ်မှာ မသန်စွမ်းကလေးသူငယ်များမှ ပညာရေးအား လက်လှမ်းမီရယူနိုင်ခြင်းနှင့် သက်ဆိုင်ပါသည်။ မသန်စွမ်းသူများနှင့် ကိုက်ညီမည့် ပတ်ဝန်းကျင်အား ဖန်တီးပေးခြင်းသည် မသန်စွမ်းကလေးသူငယ်များအကြားတွင် ကျောင်းမှ နုတ်ထွက်သွား သည့်နှုန်း လျော့ကျစေသည့် ရလဒ်ကိုရရှိစေခဲ့ပါသည်။ HAI သည် ပခုက္ကူနှင့် ရေစကြိုရှိ စာသင်ကျောင်း(၄)ကျောင်း အား မသန်စွမ်းသူနှင့် ကိုက်ညီစေရန် ပြုပြင်မွမ်းမံပေးခဲ့သဖြင့် မသန်စွမ်းကလေးသူငယ်(၅၃)ဦးသည် မူလတန်းကျောင်း၌ ကျောင်းတက်ရန်စာရင်းသွင်းနိုင်ခဲ့သည် (သို့) ကျောင်းဆက်လက်တက်နိုင်ခဲ့ပါသည်။ ထို့အပြင် မသန်စွမ်းကလေးသူငယ် (၅၃)ဦးအား ကျောင်းအသုံးအဆောင်ပစ္စည်းများနှင့် နားလည်ရန် လွယ်ကူသော သင်ကြားရေးဆိုင်ရာ ကိရိယာအစုံအလင်အား ပံ့ပိုးပေးခဲ့ပါသည်။

စီမံချက်သည် မသန်စွမ်းသူများ၏ အသက်မွေးဝမ်းကျောင်းမှုများနှင့် ဝင်ငွေများတိုးတက်ကောင်းမွန်စေရန်အတွက် အသက်မွေး ဝမ်းကျောင်း ဆိုင်ရာ သင်တန်းအား မသန်စွမ်း (၇၅)ဦးထံ ပို့ချပေးခဲ့ပါသည်။ စီမံကိန်းစတင်သည့် အချိန်မှစ၍ အသက်မွေးဝမ်းကျောင်း သင်တန်းအား တက်ရောက်ခဲ့ကြသည့် သင်တန်းသားများကို လေ့လာခဲ့ရာ (၂၁၈)ဦး (မသန်စွမ်းသူ ၆၁ဦး)သည် စီးပွားရေးလုပ်ငန်းများ တည်ထောင်ခဲ့ကြပြီး (၁၄၅)ဦးမှ ဝင်ငွေများတိုးတက်ရရှိခဲ့သည်ဟု အစီရင်ခံတင်ပြခဲ့ပါသည်။

## မူဝါဒဆိုင်ရာလွှမ်းမိုးမှု

SPPRG မှ အကောင်အထည်ဖော်ဆောင်ရွက်သည့်စီမံချက်သည် မူဝါဒဆိုင်ရာဖော်ထုတ်ခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော် ခြင်းတို့တွင် မသန်စွမ်းသူများအားလုံးပါဝင်စေခြင်းကို ထည့်သွင်းရန်အတွက် အဓိကပတ်သက်ဆက်နွယ်သူများအား ဦးတည်ရည်ရွယ် ဆောင်ရွက်ခဲ့ပါသည်။ ရလဒ်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ဒေသဆိုင်ရာအဆင့်၌ မသန်စွမ်းသူများ အားလုံးပါဝင်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းနှင့် ဗဟိုအဆင့်၌ မူဝါဒဆိုင်ရာ အားပေးထောက်ခံမှုများကြောင့် CERP နှင့် မြစိမ်းရောင်စီမံချက် (၂)ခုလုံး၏ အဆိုပြုထားသော M&E မူဘောင်တွင် မသန်စွမ်းမှုအား ထည့်သွင်းခဲ့ပါသည်။

HelpAge၏ အဓိကပတ်သက်ဆက်နွယ်သူများနှင့်အတူ မသန်စွမ်းသူများပါဝင်စေခြင်းဆိုင်ရာ ဆောင်ရွက်ဆဲလုပ်ငန်း၏ ရလဒ်အနေဖြင့် လူမှု ဝန်ထမ်းဦးစီးဌာနသည် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက် ၏ အားလုံး ပါဝင်သော ကိုယ့်အားကိုယ်ကိုး အုပ်စုများ (Inclusive Self Help Group ISHG )ဆိုင်ရာ ဦးဆောင် စီမံချက်အတွင်းသို့ ကိုယ့်အားကိုယ်ကိုး အုပ်စု ပုံစံအား ထည့်သွင်းခြင်းကို တရားဝင် လက်ခံခဲ့ပါသည်။ စီမံချက်သည် မြန်မာနိုင်ငံရှိ လူမှုအသိုက်အဝန်း ဖွဲ့စည်း တည်ဆောက်ပုံနှင့် ကိုက်ညီမည့် ISHG ပုံစံတစ်ခုအား ရေးဆွဲ အကောင်အထည်ဖော်ရန်အတွက် ပံ့ပိုးပေးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် တနှစ်လုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ လက်စွဲလမ်းညွှန် ရေးဆွဲ အကောင်အထည်ဖော်ခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး DSW သည် တစ်နိုင်ငံလုံးတွင် ISHG စတင်ဆောင်ရွက်ခြင်းကို ကြီးကြပ်ရန်အတွက် တာဝန်ခံ ဝန်ထမ်း ခန့်ထားခဲ့ပါသည်။ DSW သည်တနိုင်ငံလုံးတွင် ISHG ပုံစံအား ပုံတူပွား ဆောင်ရွက်လိုသည့် အစိုးရ၏ ရည်ရွယ်ချက်နှင့်အညီ မြင်းခြံနှင့် နွားထိုးကြီးမြို့နယ်များရှိ ISHG ကျေးရွာများ အား ရန်ပုံငွေထောက်ပံ့မှုများ ပံ့ပိုးပေးခဲ့ပါသည်။ သို့ဖြင့် (မဟာဗျူဟာမြောက် အစီအစဉ်တွင် ဖော်ပြထားသည့်အတိုင်း) ၂၀၂၃ ခုနှစ်နှစ်အကုန်တွင် တနိုင်ငံလုံးတွင် တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်သော အုပ်စု (၈၀၀) အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိကာ၊ တိုးချဲ့ နိုင်သော မိုဒယ်ပုံစံတစ်ခုအား ရရှိလာခဲ့ပါသည်။

HAI မှ ရှေ့ပြေးစမ်းသပ်ခဲ့သည့် အီလက်ထရွန်နစ်နည်းဖြင့် ငွေကြေးထောက်ပံ့သည့် နည်းလမ်းသည် မြန်မာနိုင်ငံ၌ အီလက် ထရွန်နစ်နည်းဖြင့် ငွေကြေးထောက်ပံ့မှုအား တိုးချဲ့လုပ်ဆောင်ရာတွင်လည်း အထောက်အကူဖြစ်စေခဲ့ပါသည်။ ဥပမာ– ကရင် ပြည်နယ်အစိုးရသည် ကိုယ်ဝန် ဆောင် မိခင်နှင့် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်တွင် စမ်းသပ်လုပ်ဆောင်ရန် အတွက် စိတ်ဝင်စားမှု ရှိနေပါသည်။ ထို့အပြင် အကောင်အထည်ဖော်ရေးလုပ်ငန်းမှ အတွေ့အကြုံများ၊ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများနှင့် အကောင်းဆုံးအလေ့အကျင့်များသည် အမျိုးသား လူမှုရေးပင်စင် စီမံကိန်းအတွက် အီလက်ထရွန်နစ်နည်းဖြင့် ငွေကြေးထောက်ပံ့မှုအတွက် မူဝါဒ ရေးဆွဲခြင်းအတွက် တိုက်ရိုက် အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။





## လေ့လာသင်ယူခဲ့သည့်သင်ခန်းစာများ

ခြုံငုံကြည့်လျှင် ရပ်ရွာလူထုအဆင့်၌ မသန်စွမ်းသူများအား ဦးတည်ရည်ရွယ်ဆောင်ရွက်သည့် စီမံချက်များသည် အစိုးရ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းနှင့် ရပ်ရွာလူထုအပါအဝင် ဒေသဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများနှင့်အတူ အစဉ်ဆက်မပြတ်အားပေး ထောက်ခံမှုများ ပြုလုပ်ခဲ့သည့် ရလဒ်အနေဖြင့် စီမံချက်ဧရိယာများဖြစ်သော ရှမ်းပြည်မြောက်ပိုင်း၊ ချင်း၊ ကရင်၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတို့တွင် မသန်စွမ်းသူ များ အားလုံးပါဝင်စေခြင်းအား မြှင့်တင်ရာတွင် အကူအညီပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် လေ့လာသင်ယူခဲ့ရသည့် အဓိက သင်ခန်းစာများအနက်မှ သင်ခန်းစာတစ်ခုမှာ မသန်စွမ်းမှုဆိုင်ရာကိစ္စရပ်များအပေါ် အဓိကထား လုပ်ကိုင်သည့် အဖွဲ့အစည်းများ ရှိနေခြင်းသည် မသန်စွမ်းသူများနှင့် ဒေသဆိုင်ရာအဆင့်၌ လုပ်ကိုင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ အကြား ပေါင်းကူးတံတား အဖြစ် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။ ဥပမာ– ရှမ်းပြည်မြောက်ပိုင်းတွင် GPO မှ Save the Children ၊ METTA နှင့် World Vision တို့အား နည်းပညာအကူအညီ ပေးအပ်ခဲ့သောကြောင့် COVID–19 ကမ္ဘာ့ ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရန်အတွက် မသန်စွမ်းသူများအားလုံးပါဝင်သည့် စီမံကိန်းဆောင်ရွက်ချက်များအား ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းမှ မသန်စွမ်းသူများနှင့် ၎င်းတို့၏ အိမ်ထောင်စုများအကြားတွင် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ အကူအညီနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအား လက်လှမ်းမီရယူနိုင်မှု တိုးတက်များပြားလာခဲ့သည့် ရလဒ်အား ရရှိခဲ့ ပါသည်။

အရေးကြီးသည့် ပြောင်းလဲမှုများအနက်မှ တစ်ခုမှာ ကပ်ရောဂါကာလအတွင်း စီမံချက်များမှ တည်ထောင်ပေးခဲ့သည့် ကိုယ့်အားကိုယ်ကိုး အုပ်စုများ၏ အခန်းကဏ္ဍနှင့် သက်ဆိုင်သည့် ပြောင်းလဲမှု ဖြစ်သည်ကို တွေ့ရှိရပါသည်။ မသန်စွမ်းသူများနှင့် ပတ်သက်သည့် အသိအမြင်နှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည်အား တည်ဆောက်ပေးခဲ့သည့် ရလဒ်အနေဖြင့် ကိုယ့်အားကိုယ်ကိုး အုပ်စုများသည် COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ ရပ်ရွာလူထုအားအသိပညာပေးရာတွင် ဦးဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ကိုယ့်အားကိုယ်ကိုးအုပ်စုများသည် ဒေသခံ လူမှု အသိုက်အဝန်းအတွင်းမှလူများနှင့် ဖွဲ့စည်းထားခြင်း ဖြစ်သဖြင့် ဒေသခံ ကျန်းမာရေး ဝန်ထမ်းများ၏ နည်းပညာဆိုင်ရာ အကူအညီဖြင့် အဆိုပါ အုပ်စုများသည် COVID–19 ကပ်ရောဂါ တားဆီးကာကွယ်ခြင်းနှင့် ကာကွယ် စောင့်ရှောက်မှုများနှင့် ပတ်သက်၍ တိကျသည့် သတင်းအချက်အလက်များအား မသန်စွမ်းသူများနှင့် ၎င်းတို့၏အိမ်ထောင်စုများထံ လျင်မြန်စွာ ပေးအပ်နိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် မန္တလေး၊မကွေးနှင့် ကရင်ပြည်နယ်တို့တွင် HAI မှ တည်ထောင်ပေးခဲ့သည့် ကိုယ့်အားကိုယ်ကိုး အုပ်စုများသည် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် များအား အကောင်အထည်ဖော်ရန်အတွက် ဆက်လက် ဆောင်ရွက်ခဲ့ပြီး အိမ်ထောင်စု (၁၇,၆၆၁) စုသည် ကိုယ့်အားကိုယ်ကိုး အုပ်စုများမှ ပေးအပ်သည့် အကူအညီအား လက်ခံရရှိခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ နောက်ထပ် ဥပမာတစ်ခုမှာ COVID–19 ကပ်ရောဂါ ကာလအတွင်း မသန်စွမ်းသူများအား လူမှုရေးအကူအညီ ပံ့ပိုးပေးရာတွင် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်မသန်စွမ်းမှုဆိုင်ရာ အဖွဲ့အစည်းများမှ ဆက်သွယ်ဆောင်ရွက်ရမည့် တာဝန်ခံများအဖြစ် ဆောင်ရွက်ခဲ့ ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် အားနည်းထိခိုက်လွယ်ဆုံးသူများသည် လိုအပ်သော အကူအညီများအား ရရှိခဲ့ကြပါသည်။

ထိုသို့သော အရေးပါသည့် ပြီးစီးအောင်မြင်မှုများအား ရရှိခဲ့သော်လည်း COVID–19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသည့်အတွက်ကြောင့် မသန်စွမ်းမှု ဆိုင်ရာ စီမံချက်များသည် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများကြုံတွေ့ခဲ့ရပါသည်။ ကွင်းဆင်းဆောင်ရွက်သည့် ဝန်ထမ်းများ အား စီမံချက်ကျေးရွာများသို့ သွားရောက်ခြင်းကို ကန့်သတ်ထားသည့်အတွက်ကြောင့် လူကိုယ်တိုင်လုပ်ဆောင်ရသည့် စီမံကိန်းလုပ်ငန်း အများစုတွင် နှောင့်နှေးမှုများ ရှိခဲ့သော်လည်း စီမံချက်များသည် တိုတောင်းသည့် အချိန်ကာလအတွင်း၌ MoHS ၏ လမ်းညွှန်ချက်များနှင့် ကိုက်ညီအောင် ပြင်ဆင်နိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် စီမံချက်သည် ဒေသအခြေအနေပေါ်မူတည်၍ ဆောင်ရွက်ဆဲ အုပ်စုငယ်ဆွေးနွေးပွဲများနှင့် သင်တန်းများကို ချိန်ညှိခဲ့ပါသည် (သို့) အွန်လိုင်း အသုံးချသည့် ချဉ်းကပ်နည်းလမ်းများကို အသုံးပြု နေပါသည်။ စီမံချက် ဆောင်ရွက်ချက် များအပြင် သွယ်ဝိုက်၍ ရရှိသော အကျိုးရလဒ်အနေဖြင့် မသန်စွမ်းများနှင့် ယင်းတို့၏ လူမှု အသိုက်အဝန်း များကြားတွင် ဒီဂျစ်တယ်စနစ်နှင့် ပတ်သက်သည့် အသိအမြင်များ တိုးပွားလာခဲ့ပါသည်။



ဒေါ်ခင်လှကြီး (အသက် ၉၆ နှစ်)

### ဒေါ်ခင်လှကြီး အကြောင်း

ရန်ကုန်တိုင်းဒေသကြီး မှအသက်၉၆နှစ် အရွယ် ဒေါ်ခင်လှ ကြီးသည် လူမှုရေးပင်စင်မှ ငွေအချို့အား ဘုရားဆွမ်းတော် ကပ်ရန် အတွက်အသုံးပြုခဲ့ပါသည်။ သူမသည် လှူတ်လပ်မှုကို ကြိုက်နှစ်သက်သည့်အတွက်ကြောင့် သူမ ၏လမ်းထဲသို့ ငှက်ရောင်းသူများ လာရောက် ရောင်းချတိုင်း လှောင်အိမ်တခုလုံးရှိ ငှက်များကို ဝယ်ယူပြီး လွှတ်ပေးလေ့ ရှိပါသည်။ သူမသည် လမ်းဘေး၌ ပိုက်ဆံတောင်းနေသည့် မသန်စွမ်း ကလေးငယ်များကို တွေ့သည့်အခါတိုင်း သူမ၏ လူမှုရေးပင်စင်မှ ရရှိသောငွေများကို ပေးပါသည်။ အဆိုပါ အပြုအမူများသည် COVID–19 ကပ်ရောဂါအတွက် ထပ်ဆောင်းထောက်ပံ့ငွေအပါအဝင် ငွေကြေးထောက်ပံ့မှုမှ လူမှုရေးအရ ပြန်လည်မျှဝေပေး ခြင်းကို ကိုယ်စား ပြုပါသည်။

ကျား၊မ ရေးရာ

အားလုံးနှင့် အကျုံးဝင်သည့် နည်းပယ်များ



# ၆.၄

## ကျား၊မ ရေးရာ

**လုပ်ငန်းစဉ်တိုင်း၌ ကျား၊ မ ရေးရာ အမြင် ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်ခြင်း (Gender Mainstreaming)**

ကျား၊ မ ရေးရာအလေးထား တုံ့ပြန်ဆောင်ရွက်ခြင်းသည် LIFT ၏ ၂၀၁၉–၂၀၂၃ မဟာဗျူဟာအောက်ရှိ ဦးစားပေးရည်မှန်းချက် တစ်ခု ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်မှ စတင်၍ ကျား၊ မ ရေးရာ သဘောတရားအား စီမံချက်အသစ်များနှင့် ကျား၊ မ တန်းတူညီမျှမှု အလေးထားခြင်း ဆိုင်ရာ စီမံချက်ဒီဇိုင်းပုံစံတို့တွင် ထည့်သွင်းပါဝင်နိုင်စေရန်အတွက် စီမံချက်ဘတ်ဂျက်၏ အနိမ့်ဆုံး (၂၀)% အား လုပ်ငန်းစဉ်တိုင်းတွင် ကျား၊ မ ရေးရာ သဘောတရား ထည့်သွင်းစေခြင်းကို ခွဲဝေသတ်မှတ်ရန် လိုပါသည်။ ၂၀၂၀ ခုနှစ်နှစ်ဆန်းပိုင်းတွင် အဆိုပြုလွှာ များတွင် လုပ်ငန်းစဉ်တိုင်း၌ ကျား၊ မ ရေးရာ သဘောတရားထည့်သွင်းခြင်းအား သေချာစေရန် အတွက် FMO သည် အရှေ့တောင်ပိုင်း ဒေသ စီမံကိန်းအတွက် တင်ပြခဲ့သည့် အဆိုပြုလွှာများအား သုံးသပ်ပြီး အကဲဖြတ် ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများမှ ဆောင်ရွက် သည့် စီမံချက်များ၏ MEAL ဆိုင်ရာ အစီအစဉ်များတွင် လုပ်ငန်းစဉ်တိုင်း၌ ကျား၊ မ ရေးရာ သဘောတရားများ ထည့်သွင်း နိုင်ရန်အတွက် နောက်ဆုံးပြင်ဆင်ထားသည့်တင်ပြမှုများအား မတင်ပြမီ မိတ်ဖက်အဖွဲ့အစည်းများအား အကြံပြု ထောက်ခံချက်များ ပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် LIFT ၏ စီမံချက်အသစ်များရှိ ကျား၊ မ ရေးရာအတွက် ဘတ်ဂျက် သတ်မှတ်သည့် ချဉ်းကပ်နည်းလမ်းအား ပြန်လည်သုံးသပ်ခဲ့ပါသည်။ LIFT စီမံကိန်း မန်နေဂျာများသည် ကျား၊ မ ရေးရာ ကျွမ်းကျင် သူနှင့်အတူ ကျား၊ မ ရေးရာနှင့် ဆက်နွှယ်နေသည့် ဘတ်ဂျက်ခေါင်းစဉ်များနှင့် စီမံကိန်းလုပ်ငန်း များကို ရှာဖွေဖော်ထုတ်ရန်အတွက် စီမံချက်ဘတ်ဂျက်များအား ပြန်လည်သုံးသပ်ခဲ့ပြီး မိတ်ဖက်အဖွဲ့အစည်းများထံ အကြံပြုနိုင်မည့် လုပ်ငန်းစဉ်တိုင်းတွင် ကျား၊ မ ရေးရာ သဘောတရားပါဝင်စေခြင်းဆိုင်ရာ အခြားချဉ်းကပ်နည်းလမ်းများနှင့် ပတ်သက်၍ လေ့လာခဲ့ ပါသည်။

၂၀၁၉ခုနှစ် စိုက်ပျိုးရေးကဏ္ဍတွင် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိခြင်းဆိုင်ရာညွှန်းကိန်း (women's empowerment in agriculture index WEAI) အား LIFT ၏ လုပ်ငန်းစဉ်တိုင်း၌ ကျား၊ မ ရေးရာ သဘောတရားထည့်သွင်းခြင်းဆိုင်ရာ တစိုက်မတ်မတ် ဆောင်ရွက်မှု၏ တစိတ်တဒေသအဖြစ် LIFT ၏ ယုတ္တိဗေဒ မူဘောင်အတွင်းသို့ ထည့်သွင်းခဲ့ပါသည်။ WEAI ဆိုင်ရာအချက်အလက်များအား ၂၀၁၉/၂၀၂၀ ခုနှစ်တွင် LIFT ၏ အိမ်ထောင်စုစစ်တမ်း အစိတ်အပိုင်းတစ်ခုအဖြစ် ကောက်ယူမည် ဖြစ်သော်လည်း စစ်တမ်း ကောက်ယူမှု တွင် နှောင့်နှေးခဲ့ပါသည်။

ကျား၊ မ ရေးရာတန်းတူညီမျှမှုနှင့် လူမှုရေးတွင် အားလုံးပါဝင်စေခြင်းတို့ အပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုမှာ အလွန် အလွန်ကြီးမားခဲ့ပါသည်။

LIFT သည် COVID-19 ကပ်ရောဂါမှ အမျိုးသမီးများနှင့် အမျိုးသားများအပေါ်မည်ကဲ့သို့ ကွဲပြားခြားနားစွာ သက်ရောက်မှု ရှိခဲ့သည်နှင့် အရေးပေါ်တုံ့ပြန်ကာကွယ်မှုများတွင် ကျား၊ မ ရေးရာတန်းတူညီမျှမှုအား မည်ကဲ့သို့ ထည့်သွင်း စဉ်းစားသည်တို့အတွက် အသိအမြင် များ ဖြန့်ဝေပေးရန်အတွက် လူမှုကွန်ရက်မီဒီယာ ပလက်ဖောင်းများအား အသုံးပြုခဲ့ပါသည်။ LIFT သည် အရေးပေါ်တုံ့ပြန် ကာကွယ်မှုများ ပြုလုပ်နေသည့် ကာလအတွင်း ကျား၊ မ ရေးရာ လိုအပ်ချက်များအား လက်တွေ့ ဖြေရှင်းပေးနိုင်စေရန် မိတ်ဖက်များ အတွက် ရိုးရှင်းသည့် ကျား၊ မ ရေးရာလမ်းညွှန်မှုဆိုင်ရာ ရှင်းလင်းချက်များကို ဒေသခံဘာသာစကားများဖြင့် ထုတ်ဝေခဲ့ပါသည်။

ယင်းမှာ အမျိုးသမီးများနှင့် အမျိုးသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန် မရှိမဖြစ် လိုအပ်ပါသည်။ ဥပမာ – သီးသန့်ထား စောင့်ကြည့်သည့်နေရာများတွင် အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသည့် နေရာထိုင်ခင်းနှင့် ရေချိုးခန်း အထောက်အပံ့ ပစ္စည်းများကို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

ထို့အပြင် LIFT ၏ မိတ်ဖက်အဖွဲ့အစည်းများသည် အများပြည်သူတို့၏ လိုအပ်ချက်နှင့် အံဝင်ခွင်ကျ စီမံထားသော အသိပညာပေးသည့် စည်းရုံးလှုပ်ရှားမှုများ၊ ဆွေးနွေးပွဲများ၊ မီဒီယာမျိုးစုံမှ သတင်းစကားများ ပေးပို့ခြင်းနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ လမ်းညွှန်ချက်များအား စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ COVID–19 ကပ်ရောဂါကြောင့် အသွားအလာ ကန့်သတ်ထားသည့် ကာလများတွင် ကျား၊ မ အခြေပြုအကြမ်းဖက်မှု သိသိသာသာ များပြားလာခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများသည် COVID–19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ကာကွယ်မှု၏ တစိတ်တဒေသအဖြစ် ကျား၊ မ အခြေပြု အကြမ်းဖက်မှုမှ လွတ်မြောက်ပြီးနောက် ကြိုးပမ်း ရှင်သန်နေသူများ အတွက် စိတ်ပိုင်း လူမှုရေးပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှု၊ အစားအသောက်၊ ငွေကြေးထောက်ပံ့မှုနှင့် ဥပဒေရေးရာ အကူအညီများ ပေးအပ်ခဲ့ပါသည်။

ကျား၊ မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN)သည် LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းများ အနက်မှ တစ်ဖွဲ့ ဖြစ်ပါသည်။ ၂၀၂၀ခုနှစ်အတွင်း GEN ၏ စီမံကိန်းလုပ်ငန်းများနှင့် ပြီးစီးအောင်မြင်မှုများအား ဤအစီရင်ခံစာ၏ ဒေသတွင်း အခြေအနေနှင့်လျော်ညီစွာဆောင်ရွက်ခြင်း အခန်းတွင် အသေးစိတ်ဖော်ပြထားပါသည်။

**စိတ်ဝင်စားဖွယ်ရာများနှင့် စီမံချက်များမှ လေ့လာသင်ယူမှုများ**

LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရုဏာမြန်မာ လူမှုကူညီရေးအသင်း (KMSS) သည် မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါအား အစောဆုံး တုံ့ပြန်ကာကွယ်ခဲ့သည့် အဖွဲ့အစည်းများထဲမှ တစ်ဖွဲ့ဖြစ်ခဲ့ပါသည်။ LIFT ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် KMSS ၏ သာသနာ့နယ်မြေတစ်ခုခြင်းစီသည် ၎င်းတို့၏ သက်ဆိုင်ရာ နယ်မြေများရှိ သီးသန့်ထား စောင့်ကြည့်သည့် နေရာများအတွက် အရေးပေါ် တကိုယ်ရေ ကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေးခဲ့ပြီး ထိုနေရာများတွင် ရှိနေသည့် အမျိုးသမီးများအတွက် ပံ့ပိုးပစ္စည်းများတွင် လစဉ်သုံး တကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများလည်း ပါဝင်ပါသည်။

ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ စိုက်ပျိုးရေးသွင်းအားစုပေးသွင်းသူများအား နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးအပ်သည့် International Fertilizer Development Centre (IFDC) ၏ စီမံချက်သည် ကူညီပံ့ပိုးပေးရန် လိုအပ်သည့် အမျိုးသမီး (၁၃)ဦးအား ရှာဖွေဖော်ထုတ်ခဲ့ပါသည်။ စိုက်ပျိုးရေးသွင်းအားစု ပေးသွင်းသည့် စီးပွားရေးလုပ်ငန်းသည် အမျိုးသားများ ကြီးစိုး ထား သည့် လုပ်ငန်းဖြစ်ပါသည်။ IFDC သည် ပုဂ္ဂလိကကဏ္ဍလုပ်ကိုင်နိုင်စွမ်း ပေးအပ်ခြင်းနှင့် အစိုးရ–ပုဂ္ဂလိက မိတ်ဖက်ပြုမှုမှ ဦးဆောင်သည့် ချဉ်းကပ်နည်းလမ်းအား အသုံးပြုခဲ့ပြီး ကျေးရွာများမှ အမျိုးသမီး သွင်းအားစု ပေးသွင်းသူများကို ရွေးချယ်ပြီး လေ့ကျင့်သင်ကြားပေးကာ လမ်းညွှန်နည်းပြပေးခဲ့ပါသည်။ အဆိုပါအမျိုးသမီးများအားလုံးမှ ယင်းတို့လုပ်ငန်းများတွင် ဈေးဝယ်သူ အရေအတွက် တိုးတက်များ ပြားလာခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန တိုးချဲ့ပညာပေးရေး ဝန်ထမ်းများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန် လာခဲ့ကာ စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများနှင့် ပတ်သက်၍ အသိအမြင်နှင့် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်လာသည့်အပြင် အလွန် အရေးကြီးဆုံးဖြစ်သည့် ဝင်ငွေလည်းတိုးတက်ရရှိခဲ့သည်ဟု အစီရင်ခံခဲ့ပါသည်။

စီမံချက်သည် အဆိုပါ အမျိုးသမီးများအတွက် ပုံမှန်သင်တန်းများ၊ ချေးငွေ ထောက်ပံ့မှုများ နှင့် စီမံချက်မှ ကူညီပံ့ပိုးပေးသည့် စံပြစိုက်ခင်းများအား ပံ့ပိုးပေးသည်သာမက ရေရှည်ကူညီပံ့ပိုးပေးမှုနှင့် လမ်းညွှန်နည်းပြပေးမှုတို့ကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။

Relief International သည် ရခိုင်ပြည်နယ်တွင် ကျား၊ မ ရေးရာလေ့လာမှု နှင့် ကျား၊ မ ရေးရာ အမြင် ပြောင်းလဲခြင်း ပါဝင်သည့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်းအတွက် အသေးစိတ် အစီအစဉ်များနှင့် နည်းလမ်းများအား ရေးဆွဲ ခဲ့ပါသည်။ Relief International သည် ကနဦး ပြင်ဆင်မှုများ ၊ နိုင်ငံတကာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင် သဘောထားရယူခြင်းများ၊ စာရွက်စာတမ်းများဖြင့် သုံးသပ်ခြင်းများနှင့် ဆန်းစစ် လေ့လာ သုံးသပ်မှုများ ပြုလုပ်ပြီးနောက် ရခိုင်ပြည်နယ်အတွက် မော်ဒယ်ပုံစံ တစ်ခုအား အဆိုပြုခဲ့ပါသည်။ မော်ဒယ်ပုံစံတွင် တစ်နှစ်ကြာမြင့်သည့် ကြိုတင်ပြင်ဆင်မှုအပိုင်း၊ ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း၊ လုပ်ငန်းတစ်ခု စတင်ခြင်းနှင့် လုပ်ကိုင်နိုင်စွမ်းရှိသည့် အမျိုးသမီးများနှင့် ချိတ်ဆက်ခြင်းတို့ ပါဝင်ပါသည်။ Relief International သည် လေ့လာမှုမှ တွေ့ရှိချက်များကို ပြန်လည်သုံးသပ်ရန်နှင့် နည်းပညာဆိုင်ရာ နည်းလမ်းအား အဆိုပြုရန်တို့အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုအား စစ်တွေမြို့၌ ကျင်းပရန် စီစဉ်ခဲ့သော်လည်း ခရီးသွားလာမှုနှင့် လူစုလူဝေး ပြုလုပ်ခြင်းဆိုင်ရာ COVID–19 ၏ ကန့်သတ်မှုများကြောင့် ရွှေ့ဆိုင်းခဲ့ပါသည်။

Golden Pearl သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မသန်စွမ်းသူများအား ဦးတည်ရည်ရွယ်သည့် စီမံချက်တစ်ခုအား အကောင်အထည် ဖော်ဆောင်ရွက်နေပြီး ကျား၊ မ အခြေပြုအကြမ်းဖက်မှုသည် အကျိုးခံစားခွင့် ရှိသူများအား သက်ရောက်မှုရှိသည့် ပြဿနာ တစ်ခု ဖြစ်ကြောင်းကို ရှာဖွေဖော်ထုတ်ခဲ့ပါသည်။ တုံ့ပြန်ကာကွယ်ရန်အတွက် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ရာတွင် Golden Pearl သည် ကျား၊ မ ရေးရာ ကွန်ရက်နှင့် ပူးပေါင်းခဲ့ပြီး ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ပို့ချသည့် ကျား၊ မ ရေးရာ သင်တန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်အဖွဲ့သည် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြို့နယ်တိုင်းတွင် ကျား၊ မ ရေးရာ တာဝန်ခံ တစ်ဦးစီ ခန့်အပ်ပြီး LIFT မှ ပို့ချသည့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု နှင့် အနိုင်ထက်ပြုကျင့်မှုတို့ တားဆီး ကာကွယ်သည့် သင်တန်းတွင် ပါဝင် တက်ရောက် ခဲ့ပါသည်။ Golden Pearl သည် ၎င်းတို့ ဦးတည်ရည်ရွယ်သည့် ကျေးရွာများတွင် ပုံမှန် ကျား၊ မ ရေးရာ အသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး မသန်စွမ်းသူများ





နှင့် ယင်းတို့၏ မိသားစုများနှင့် အမျိုးသမီးများ၏ လုပ်ကိုင် နိုင်စွမ်း တို့အပေါ် ဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။ စီမံချက်အဖွဲ့သည် ဝန်ဆောင်မှု များကို ကူညီပံ့ပိုးပေးရာတွင် လူကုန်ကူးမှုနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်ခံရသူများအား ညွှန်းပို့ပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ အခြားဒေသခံ NGO များနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ကျား၊ မ အခြေပြု အကြမ်းဖက်မှုခံရသည့်သူ အချို့တို့အပေါ် ကျူးလွန်ခဲ့သူများမှာ တစ်ရွာတည်းနေသည့် ဆွေမျိုးများ ဖြစ်နေသည့်အတွက်ကြောင့် ၎င်းတို့အနေဖြင့် အာဏာပိုင်များထံတိုင်ကြားရန်အတွက် တွန့်ဆုတ်နေကြခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

သင်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံကိန်းအောက်ရှိ BBC Media Action ၏ စီမံချက်သည် ၎င်းတို့၏ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် အွန်လိုင်းတွင် တင်ဆက်သည့် အကြောင်းအရာများတွင် အစဉ်အလာအရ လက်ခံထားသည့် ကျား၊ မ ဖြစ်တည်မှုဆိုင်ရာ အတွေးအခေါ်များကို စောဒကတက်ရန်/မေးခွန်းထုတ်တတ်ရန် ရည်ရွယ်ပါသည်။ အမျိုးသမီးများ အလုပ်အကိုင် အတွက် လုံခြုံစိတ်ချစွာ ရွှေ့ပြောင်း သွားလာခြင်းအား ပုံမှန်ဖြစ်မြဲ အခြေအနေတစ်ခု ဖြစ်လာစေရန် ရွှေ့ပြောင်းသွားလာသူများအပါအဝင် အမျိုးသမီးနှင့် အမျိုးသား အလုပ်သမားများအား ဆန်းသစ်တီထွင်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးခဲ့ပါသည်။ ပြည်တွင်းမီဒီယာများ၌ အမျိုးသမီး အခွင့်အရေးများ၊ အမျိုးသမီးများ အားလုံးပါဝင်စေခြင်းနှင့် ပတ်သက်သည့် ရုပ်မြင်သံကြား အစီအစဉ်များတွင် မသန်စွမ်းသူများ၊ LGBTQI ဟု ဝန်ခံထားသူများ နှင့် လိင်လုပ်သားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် ဦးဆောင်ဆွေးနွေးသူများနှင့် ကြည့်ရှုသူပရိသတ်များအကြား အမျိုးသမီးများအား ခွဲခြားဆက်ဆံသည့် လူမှုရေး စံနှုန်းများဆိုင်ရာ ဆွေးနွေးမှုများအား မြှင့်တင်လာခဲ့ပါသည်။





# ရန်ပုံငွေ စီမံခန့်ခွဲမှု

# ၇

## အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ


၇.၁ LIFT ၏ စီမံ အုပ်ချုပ်မှု ၂၅၇
၇.၂ LIFT ရန်ပုံငွေများ ခွဲဝေ ချထားခြင်း ၂၆၀
၇.၃ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ၂၆၆
၇.၄ ဘဏ္ဍာရေး ၂၆၆
၇.၅ တာဝန်ခံမှုနှင့် သင်ယူမှုအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း (MEAL) ၂၆၇
၇.၆ ဆက်သွယ်ရေး ၂၆၉

ရန်ပုံငွေ စီမံခန့်ခွဲမှု



# ၇

## ရန်ပုံငွေ စီမံခန့်ခွဲမှု

### ၇.၁။ LIFT ၏ စီမံ အုပ်ချုပ်မှု

LIFT ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ အထောက်အထားစာတမ်းမှာ LIFT ၏ အလှူရှင်များအားလုံး လက်မှတ်ရေးထိုးထားသည့် တရားဥပဒေအရ စည်းနှောင်မှု မရှိသည့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (JCA) ဖြစ်ပါသည်။ အလှူရှင်တစ်ဖွဲ့ချင်းစီတွင် UNOPS နှင့် ညှိနှိုင်းမှု ပြုလုပ်ထားသည့် နှစ်ဖက်သဘောတူစာချုပ် ရှိပါသည်။ JCA တွင် အလှူရှင်အဖွဲ့၊ ရန်ပုံငွေဘုတ်အဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲရေး မန်နေဂျာ (FMO အား ရည်ညွှန်းပါသည်) တို့၏ လုပ်ငန်းလမ်းညွှန်များအား နောက်ဆက်တွဲ (၃) ခုဖြင့် ဖော်ပြထားပါသည်။

**အလှူရှင်အဖွဲ့**

LIFT ၏ အလှူရှင်အဖွဲ့သည် ၂၀၂၀ ခုနှစ်တွင် မျက်နှာစုံညီတွေ့ဆုံခြင်း မရှိသော်လည်း ၂၀၂၁ ခုနှစ် ဧပြီလ(၇) ရက်နေ့တွင် အတူတကွ တွေ့ဆုံ ခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်တွင် ၂၀၂၀ ခုနှစ် LIFT ၏ တိုးတက်မှုအား ပြန်လည်သုံးသပ်ခြင်း၊ COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုအား ဆွေးနွေးခြင်းနှင့် ဖေဖော်ဝါရီလ (၁) ရက်နေ့ အာဏာသိမ်းမှုတို့နှင့် ရှေ့ဆက် လုပ်ဆောင်ရမည့် LIFT ၏ ဦးစားပေး လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် အလှူရှင်အဖွဲ့၏ လမ်းညွှန်မှုပေးခြင်းတို့ ပါဝင်ခဲ့ပါသည်။

**ရန်ပုံငွေဘုတ်အဖွဲ့**

၂၀၂၀ ခုနှစ်တွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် အရေးပေါ်အစည်းအဝေး(၉) ကြိမ်အပြင် တရားဝင် အစည်းအဝေး (၃)ကြိမ်ကိုလည်း ကျင်းပခဲ့ပါသည်။ တရားဝင် ပုံမှန်အစည်းအဝေးများတွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ရန်ပုံငွေစီးဆင်းမှု နှင့် ဆုံးရှုံးရနိုင်ချေ ဇယား အပါအဝင် ပုံမှန်ကိစ္စရပ်များအားလုံးအား ပြန်လည်သုံးသပ်ပြီး ဆုံးဖြတ်ချက် ချမှတ်ပါသည်။ အရေးပေါ်အစည်းအဝေးများအား ဥပမာအားဖြင့် အဆိုပြုလွှာဖိတ်ခေါ်မှုများ နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်များဖြစ်သည့် အရပ်ဘက်လူမှု အဖွဲ့ အစည်းများ နှင့် အစည်းအဝေးပြုလုပ်ခြင်းနှင့် COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် ပတ်သက်၍ တွေ့ဆုံ ဆွေးနွေးခြင်းတို့ အပါအဝင် ဆုံးဖြတ်ချက်များ ချမှတ်ရန်လိုအပ်သည့် အချိန်တွင် ခေါ်ယူပါသည်။

၂၀၂၀ ခုနှစ်တွင် ရန်ပုံငွေဘုတ်အဖွဲ့ဥက္ကဋ္ဌတာဝန်အား အမေရိကန်ပြည်ထောင်စု မှ တာဝန်ယူဆောင်ရွက်ခြင်း နှင့် အလှူရှင်အဖွဲ့၏ ဥက္ကဋ္ဌတာဝန်အား ယူနိုက်တက် ကင်းဒမ်း မှ တာဝန်ယူဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ စီမံအုပ်ချုပ်မှုဆိုင်ရာ အစီအမံများတွင်  ပြောင်းလဲမှုများ ရှိခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် ရန်ပုံငွေဘုတ်အဖွဲ့အား ကိုယ်စားပြုသည့် ရန်ပုံငွေဘုတ်အဖွဲ့အလှူရှင်များမှာ ယူနိုက်တက် ကင်းဒမ်း၊ ဥရောပသမဂ္ဂ၊ ဩစတြေး လျ၊ ဆွစ်ဇာလန်၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါ နိုင်ငံများအဖြစ် ဆက်လက်ရှိနေခဲ့ပါသည်။ LIFT အတွက် ပိုမိုကျယ်ပြန့်သည့် အလှူရှင် အဖွဲ့တွင် အိုင်ယာလန်လည်း ပါဝင်ပြီး ၂၀၂၀ ခုနှစ်တွင် LIFT နှင့် နှစ်ဖက်သဘောတူ စာချုပ်အား လက်မှတ်ရေးထိုးခဲ့သည့် နော်ဝေးနှင့် နယူးဇီလန် တို့အား ရန်ပုံငွေဘုတ်အဖွဲ့တွင် ပါဝင်လာခြင်းကိုလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ပါသည်။

ရန်ပုံငွေဘုတ်အဖွဲ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) သည် ကိုယ်စားလှယ်နှစ်ဦး (စီမံကိန်းဦးစီးဌာန နှင့် ဝန်ကြီးရုံး) ကိုယ်စားပြု၍ ပါဝင်ခဲ့ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) သည် လူမှုဝန်ထမ်း ဦးစီးဌာန (DSW) ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့နှစ်ဦး ကိုယ်စားပြု၍ ရန်ပုံငွေဘုတ်အဖွဲ့တွင် အမြဲတမ်းအဖွဲ့အဖြစ် ပါဝင်လာခဲ့ပါသည်။

ရန်ပုံငွေဘုတ်အဖွဲ့သည် COVID-19 ကပ်ရောဂါအား တုန့်ပြန်ကာကွယ်ရန်အတွက် ရန်ပုံငွေအဖွဲ့ နှင့် မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် မြန်မာနိုင်ငံ၏ အားနည်း ထိခိုက်လွယ်မှု အများဆုံး အုပ်စုများအား ကူညီပံ့ပိုးပေးရာတွင် အချိန်နှင့် တပြေးညီ ထိုက်သင့်လျော်ကန်စွာ ထိရောက်မှု ရှိသော အခန်းကဏ္ဍမှ ပံ့ပိုးပေးနိုင်ရန် LIFT ၏ ရန်ပုံငွေများအား မြန်မြန်ဆန်ဆန် နှင့် ရှင်းလင်းပြတ်သားစွာ ဦးစားပေး ပြောင်းလဲ သတ်မှတ်အသုံးပြုရန်အတွက် သဘောတူညီခဲ့ပါသည်။ ထို့အတွက် ကြိုတင်မျှော်မှန်းထားခြင်း မရှိသည့် ရန်ပုံငွေ အမြောက်အများ ထုတ်ပေးရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး အထူးသဖြင့် ပမာဏများပြားလှသည့် ငွေကြေးထောက်ပံ့မှု အစီအစဉ်များ အတွက် ရန်ပုံငွေထောက်ပံ့မှုများအား ထုတ်ပေး ခဲ့ပါသည်။ သို့ဖြင့် ရန်ပုံငွေ ငွေကြေး စီးဆင်းမှုတွင် ငွေသားမလုံလောက်မှုများ ဖြစ်ခဲ့ပြီး စာချုပ်ချုပ်ဆိုရန် အတွက် မျှော်မှန်းထားသည့် အခြား စီမံကိန်းများကို ရပ်ဆိုင်းရန်အတွက် ရန်ပုံငွေဘုတ်အဖွဲ့မှ ခက်ခဲသည့် ဆုံးဖြတ်ချက်အချို့အား ချမှတ်ရန် လိုအပ်ခဲ့ပါသည်။

| | | |
|---|---|---|
| **စီမံအုပ်ချုပ်မှု**<br>ယေဘုယျအားဖြင့် LIFT အတွက် MOU အား UNOPS နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန (MoIFER) တို့အကြား လက်မှတ်ရေးထိုးပါသည်။ | **ရန်ပုံငွေဘုတ်အဖွဲ့**<br>(အလှူရှင်များ၊ အစိုးရ၊ ရန်ပုံငွေညွှန်ကြားရေးမှူး နှင့် အကြံပေးပုဂ္ဂိုလ်များ အပါအဝင် (၅)ဦးမှ (၈)ဦး ထိပါဝင်သည့် အမှုဆောင်များ) | » တစ်နှစ်လျှင် တစ်ကြိမ်တွေ့ဆုံခြင်း<br>» LIFT ၏ မဟာဗျူဟာအား အတည်ပြုခြင်း<br>» ရန်ပုံငွေဘုတ်အဖွဲ့၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များ ရွေးချယ်ခြင်း |
| အလှူရှင်များအားလုံးသည် အဖွဲ့များအားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်များကို သတ်မှတ်ပေးထားသည့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (JCA) အား လက်မှတ်ရေးထိုးပါသည်။ | **ရန်ပုံငွေဘုတ်အဖွဲ့**<br>(အလှူရှင်များ၊ အစိုးရ၊ ရန်ပုံငွေညွှန်ကြားရေးမှူး နှင့် အကြံပေးပုဂ္ဂိုလ်များ အပါအဝင် (၅)ဦးမှ (၈)ဦး ထိပါဝင်သည့် အမှုဆောင်များ) | » တနှစ်လျှင် (၃)ကြိမ် တရားဝင်တွေ့ဆုံခြင်း<br>» မဟာဗျူဟာ၊ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ၊ ရန်ပုံငွေ ထောက်ပံ့ရန်အတွက် စီမံချက်များ ရွေးချယ်ခြင်းနှင့် ပတ်သက် ဆက်နွယ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းရေး တို့တွင် အာရုံစိုက်၍ LIFT အား ဦးဆောင်မှု ပေးခြင်း |
| အလှူရှင်များ အားလုံးသည် နှစ်ဖက်သဘောတူ ရန်ပုံငွေ ထောက်ပံ့မှု ဆိုင်ရာ သဘောတူစာချုပ်များအား UNOPS နှင့် လက်မှတ်ရေးထိုးပါသည်။ | **ရန်ပုံငွေမန်နေဂျာ**<br>ရန်ပုံငွေ စီမံခန့်ခွဲမှုရုံးအဖွဲ့<br>(FMO-UNOPS) | » LIFT ၏ ထိရောက်မှုရှိပြီး ပွင့်လင်းမြင်သာမှုရှိကာ စွမ်းဆောင်နိုင်သည့် စီမံခန့်ခွဲမှုအတွက် တာဝန်ယူခြင်း<br>» အဓိက တာဝန်ဝတ္တရားများတွင် ပါဝင်သည်များမှာ (က) စီမံကိန်းများအား မဟာဗျူဟာနှင့်အညီ စီမံခန့်ခွဲခြင်း (ခ) ရန်ပုံငွေများအား စီမံခန့်ခွဲခြင်း (ဂ) LIFT ၏ တစုတစည်းတည်းဖြစ်သော သက်ရောက်မှုများအား တိုင်းတာခြင်း (ဃ) ပတ်သက်ဆက်နွယ်သူများထံ အစီရင်ခံတင်ပြခြင်း |
| အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအားလုံးသည် သက်ဆိုင်ရာ အစိုးရဌာန/များနှင့် သဘောတူ စာချုပ်များ ချုပ်ဆို ထားပြီး ဖြစ်မည်ဟု မျှော်လင့်ပါသည်။<br>**စနစ်တကျ စိစစ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းမှာ အဓိက အချက်ဖြစ်ပါသည်။** | **ရန်ပုံငွေတစ်ဆင့်ခံ ရရှိ ကြသည့် မိတ်ဖက် အဖွဲ့များ အပါအဝင် အကောင်အထည် ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ**<br>(CSO ၊ NGO ၊ NGO၊ အစိုးရ၊ ကုလသမဂ္ဂ၊ ပုဂ္ဂလိက ကဏ္ဍ၊ သုတေသန) | » LIFT ၏ လုပ်ငန်း လမ်းညွှန်ချက်များနှင့် အညီ စီမံချက်များအကောင်အထည်ဖော် ဆောင်ရွက်ခြင်း<br>» လိမ်လည်မှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ထက်ပြုကျင့်ခြင်းတို့မှ ကာကွယ်တားဆီးရေးဆိုင်ရာ UNOPS/LIFT ၏ မူဝါဒများအား လိုက်နာခြင်း |

*အထက်ဖော်ပြပါ ပုံစံကားချပ်သည် ၂၀၁၉-၂၀၂၃ ခုနှစ်အတွက် LIFT ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ ဆက်နွယ်မှုများကို ဖော်ပြထားပါသည်။*

## ၂၀၂၀ ခုနှစ်တွင် LIFT သည် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအား အားကောင်းခိုင်မာစေရန်အတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်

**ရန်ပုံငွေစီမံခန့်ခွဲမှုရုံးအဖွဲ့**
ရန်ပုံငွေစီမံခန့်ခွဲမှုရုံးအဖွဲ့(FMO) သည် ၂၀၁၉-၂၀၂၃ မဟာဗျူဟာနှင့်အညီ အချို့သောအဖွဲ့များနှင့် ဝန်ထမ်းအပြောင်းအလဲ ပြုလုပ်မှုများကို အပြီးသတ်ဆောင်ရွက်ခဲ့ပါသည်။

**မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**
LIFT ၏ရန်ပုံငွေ စီမံခန့်ခွဲမှုရုံးအဖွဲ့ (FMO) နှင့် ရန်ပုံငွေဘုတ်အဖွဲ့တို့သည် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ အဆင့် ဝန်ကြီးဌာန အများအပြားနှင့် ကောင်းမွန်သည့် ဆက်ဆံရေးများ ရှိပါသည်။ LIFT သည်ယင်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များမှတဆင့် အဆင့်အားလုံးရှိ အစိုးရအဖွဲ့အစည်းများနှင့် ထပ်မံ၍ ချိတ်ဆက်ဆောင်ရွက်နေပါသည်။

**မြန်မာနိုင်ငံ၏ ပဋိပက္ခဒဏ်ခံ ဒေသများတွင် လှုပ်ရှားဆောင်ရွက်နေသူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း**
LIFT သည် ပဋိပက္ခဒဏ်ခံရသည့် ဒေသများနှင့် အားနည်း ထိခိုက်လွယ်သည့် အုပ်စုများအပေါ် အာရုံစိုက်ခြင်းဖြင့် ၂၀၁၉-၂၀၂၃ မဟာဗျူဟာသို့ အသွင်ကူးပြောင်းခဲ့ရာ ရန်ပုံငွေဘုတ် အဖွဲ့ အနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အပါအဝင် ပဋိပက္ခဒဏ်ခံရသည့် ဒေသများနှင့် စပ်လျဉ်း၍ နားလည်သဘော ပေါက်မှုနှင့် ဆက်ဆံရေးများ နှင့် ဆက်နွယ်နေသည်များကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ကချင်ပြည်နယ် မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသတို့အတွက် LIFT ၏ စီမံကိန်းများအား အပြီးသတ် အတည်ပြုပြီး ဖြစ်သဖြင့် LIFT သည် အဆိုပါ မိတ်ဖက် အဖွဲ့အစည်းများနှင့် ယင်း၏ ဆက်ဆံရေးများ၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ထပ်မံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**ကဏ္ဍ အလိုက် ညှိနှိုင်းဆောင်ရွက်ရေး အုပ်စုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**
LIFT သည် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့ (Agriculture and Rural Development Sector Coordination Group ARD-SCG)တွင် စိုက်မွေးဆည် ဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနရှိ အုပ်ချုပ်ရေးရုံးနှင့် အနီးကပ် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန်နှင့် ပူးတွဲပံ့ပိုးကူညီသည့် အဖွဲ့အစည်းများဖြစ်သော USAID နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့အား ကူညီပံ့ပိုးပေးရန်တို့အတွက် ဆက်လက် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ မူဝါဒဆိုင်ရာ တာဝန်ရှိသူများသည် အဆိုပါ လုပ်ငန်းတာဝန်များ အတွက် ကူညီပံ့ပိုးပေးခဲ့ပြီး LIFTနှင့် သက်ဆိုင်သည့် အသုံးဝင်သော အသိအမြင်များကို ပေးအပ်ကာ မိတ်ဖက် အဖွဲ့အစည်းများနှင့် စီမံကိန်းများ အားလုံးအား ချိတ်ဆက် ဆောင်ရွက် ပေးနေပါသည်။ LIFT သည် အခြားကဏ္ဍနှင့် ကဏ္ဍခွဲ ဆိုင်ရာ အုပ်စုများ အထူးသဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး၊ အာဟာရဖွံ့ဖြိုးမှု၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး နှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ပါသည်။

**အစိုးရအတွက် ရန်ပုံငွေ ပံ့ပိုးပေးခြင်း**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်နှင့် အသက် (၂)နှစ် အောက် ကလေးငယ်ရှိသော မိခင်တိုင်းအား လစဉ်ငွေကြေးထောက်ပံ့မှုအတွက် အစိုးရ ဘတ်ဂျက်မှပေးရန် အောင်မြင်စွာ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ခြင်းနှင့်အတူ ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ယင်းတို့မှ မွေးဖွားသည့် အသက်(၂)နှစ်အောက် ကလေးသူငယ် များအား ငွေကြေးထောက်ပံ့မှု (MCCT) အစီအစဉ်အတွက် LIFT ၏ ရန်ပုံငွေထောက်ပံ့မှုအပေါ် မှီခိုနေရခြင်း လုံးဝမရှိတော့ပါ။ ၂၀၂၀ ခုနှစ်တွင် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များနှင့် နည်းပညာဆိုင်ရာ အကူအညီ အထူးသဖြင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများအတွက် LIFT၏ ကူညီပံ့ပိုးပေးမှုအား ဆက်လက်ပေးအပ်ခဲ့ပါသည်။ LIFT ၏ DSW နှင့် MCCT အစီအစဉ်အတွက် ကူညီပံ့ပိုးမှုကို ကယားနှင့် ကရင်ပြည်နယ်များအထိ တိုးချဲ့ ပေးအပ်ခဲ့ပါသည်။ LIFT သည် ကျန်းမာရေးနှင့် အားကစား ဝန်ကြီး ဌာန အောက်ရှိ အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ (NNC) နှင့် စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန အောက်ရှိ ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာန (FRD) တို့အတွက် နည်းပညာဆိုင်ရာ အကူအညီပေးခြင်းကိုလည်း ဆက်လက်ပံ့ပိုးကူညီပေးခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် LIFT သည် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအား အားကောင်းခိုင်မာစေရန်အတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်

**ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**
၂၀၂၀ ခုနှစ်တွင် LIFT သည် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ (Access to Health Fund) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းအား အားကောင်းခိုင်မာစေရန်အတွက် ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ အာဟာရဖွံ့ဖြိုးမှု သည် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဓိကကျသည့် နယ်ပယ်အဖြစ် ဆက်လက်တည်ရှိပြီး မဟာဗျူဟာနှင့် စီမံကိန်း အသစ်များ ရေးဆွဲရန် အတွက် နည်းပညာ ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးအား ခန့်ထားခြင်းအတွက် ရန်ပုံငွေနှစ်ခုမှ ဆက်လက် မျှဝေ ကျခံခဲ့ပါသည်။

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ရန်ပုံငွေ စီမံခန့်ခွဲရေး ရုံးအဖွဲ့တို့အတွက် RAFT Myanmar မှ ကူညီပံ့ပိုးပေးသော ပဋိပက္ခ အလေးထားခြင်း ဆိုင်ရာ နည်းပညာ အကူအညီ အတွက် LIFT နှင့် Access to Health ရန်ပုံငွေတို့မှ ပူးတွဲ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပြီး ရန်ပုံငွေ (၂)ဖွဲ့လုံး အတွက် အကျိုးကျေးဇူးရရှိခဲ့ပါသည်။

**၂၀၂၀ ခုနှစ်တွင် UNOPS မြန်မာသည် အလှူရှင်ပေါင်းစုံ ပါဝင်သည့် ရန်ပုံငွေကြီး (၃)ရပ်အား စီမံခန့်ခွဲခဲ့ပါသည်**

၂၀၂၀ ခုနှစ်တွင် UNOPS မြန်မာသည် အလှူရှင်ပေါင်းစုံ ပါဝင်သည့် ရန်ပုံငွေကြီး (၃)ရပ်ဖြစ်သည့် Joint Peace Fund၊ Access to Health နှင့် LIFT တို့အား စီမံခန့်ခွဲခဲ့သည့် အပြင် EU မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ ပူးပေါင်း တုံ့ပြန်ဆောင်ရွက်မှု ယန္တရား (Nexus Response Mechanism–NRM) ကိုလည်း စီမံ ခန့်ခွဲခဲ့ပါသည်။ UNOPS သည် Global Fund ၏ ရန်ပုံငွေ အဓိက လက်ခံရရှိသည့် အဖွဲ့ဖြစ်ပြီး SECO အတွက် UN Trade Cluster ရန်ပုံငွေကိုလည်း စီမံခန့်ခွဲနေပါသည်။ ရန်ပုံငွေတစ်ခုချင်းစီအတွက် ပြီးခဲ့သည့် စီမံကိန်းတစ်ခုခြင်းစီအလိုက် အထောက်အကူပြု ဌာနများ၏ လုပ်ငန်းစွမ်းဆောင်မှုများ ပိုမိုကောင်းမွန်စေရန်အတွက် သဘောတူစာချုပ်များ ချုပ်ဆိုပြီးသည်နောက်ပိုင်း ၂၀၁၈ ခုနှစ်တွင် စီမံကိန်း စီမံခန့်ခွဲရေးရုံး (PMO) အား တည်ထောင်ခဲ့ပါသည်။ အနိမ့်ဆုံးအနေဖြင့် ယင်းမျှဝေပေးသည့် ဖွဲ့စည်း တည်ဆောက်ပုံမှ ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲခြင်း၊ စနစ်တကျစီစစ်ခြင်းနှင့် စောင့်ကြပ် ကြည့်ရှုခြင်း၊ စွမ်းဆောင်ရည်စီမံခန့်ခွဲရေးနှင့် ရန်ပုံငွေများ ပူးပေါင်းဆောင်ရွက်ခြင်း ကဲ့သို့သော စီမံကိန်း စီမံခန့်ခွဲမှုဆိုင်ရာ အခြားလုပ်ငန်းများအား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း တို့အပြင် စီမံကိန်းဆိုင်ရာ ကူညီပံ့ပိုးမှုဆိုင်ရာ အဓိကလုပ်ငန်းတာဝန်(၄)ရပ် (ထောက်ပံ့မှု စီမံခန့်ခွဲခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အစီရင်ခံ တင်ပြ ခြင်း) တို့အား ပံ့ပိုးကူညီပေးပါသည်။

၂၀၂၀ ခုနှစ်တွင် COVID–19 ကပ်ရောဂါအား ထည့်သွင်းစဉ်းစားပြီး UNOPS တစ်ခုလုံးအနေဖြင့် အဝေးမှ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းပုံစံသို့ ပြောင်းလဲလုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

**Raise awareness on Standards of Conduct and Prevention of Sexual Exploitation and Abuse (PSEA).**

ထောက်ပံ့ငွေ စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်ဖွံ့ဖြိုးစေရန်နှင့် ကျင့်ဝတ်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အနိုင်ထက်ပြုကျင့်ခြင်းတို့မှ ကာကွယ်တားဆီးရေး (PSEA) ဆိုင်ရာ အသိအမြင်များမြှင့်တင်ပေးရန် LIFT ၏ မိတ်ဖက် အဖွဲ့အစည်း များအတွက် အွန်လိုင်းမှ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲအချို့ကိုလည်း ပံ့ပိုး ကူညီပေးခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများသည် မိတ်ဖက်အဖွဲ့အစည်းများ၏ အလုံးစုံ စွမ်းဆောင်ရည် တည်ဆောက်ရေး အတွက် ပံ့ပိုးကူညီပေးခဲ့ပါသည်။

LIFT တွင် စနစ်တကျ စိစစ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ဆန်းစစ်မှုများ၊ ရန်ပုံငွေ တဆင့်ခံရယူမည့် မိတ်ဖက်အဖွဲ့အစည်း စာရင်းပြုစုရေးဆွဲခြင်း၊ နှစ်စဉ် မိတ်ဖက်အဖွဲ့အစည်း စာရင်း စစ်ဆေးခြင်း/အသုံးစရိတ် စစ်ဆေးအတည်ပြုခြင်း၊ လုပ်ငန်းလမ်းညွှန် အသေးစိတ်၊ ဖြစ်ရပ် အစီရင်ခံခြင်းနှင့် ဖြစ်ရပ်စီမံခန့်ခွဲခြင်းတို့ ပါဝင်သည့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အနိုင်ထက် ပြုကျင့်ခြင်းတို့မှ ကာကွယ်တားဆီးရေးအပါအဝင် လိမ်လည်မှု/မသမာမှု နှင့် စောင့်ကြပ် ကြည့်ရှုခြင်း ဆိုင်ရာ မူဘောင် အပါအဝင် ရန်ပုံငွေ တဆင့်ခံရယူမည့် မိတ်ဖက်အဖွဲ့အစည်း များ စီမံခန့်ခွဲရန် အတွက် ဆုံးရှုံးရနိုင်ချေ အန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ အလေ့အကျင့်များ အခိုင်အမာ ရှိပါသည်။

UNOPS မြန်မာသည် အလှူရှင်များအတွက် တာဝန်ခံရခြင်း ၏ တစ်စိတ်တစ်ဒေသအဖြစ် LIFT ၏ ဆုံးရှုံးရနိုင်ချေအန္တရာယ် စီမံခန့်ခွဲမှုမူဘောင်နှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများအား စနစ်တကျ စိစစ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ဆန်းစစ်မှုများ ဆောင်ရွက်ပါသည်။ အဖွဲ့အစည်း ကိုယ်တိုင် ဆန်းစစ်သုံးသပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်၊ စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံများ၊ စနစ်များ၊ မူဝါဒများ နှင့် လုပ်ထုံး လုပ်နည်းများ၊ PSEA နှင့် လုံခြုံဘေးကင်းရေး တို့တွင် တစိုက်မတ်မတ်ဆောင်ရွက်နိုင်ခြင်းတို့ အား အကဲဖြတ်သုံးသပ်ရန် ဖြစ်ပါသည်။

အာရှတိုက် ဆိုင်ရာ ရန်ပုံငွေ စီမံခန့်ခွဲမှု ဗဟိုဌာန (Asia Centre for Fund Management) အနေဖြင့် စီမံကိန်း စီမံခန့်ခွဲမှုရုံး၏ လုပ်ပိုင်ခွင့်ဖြင့် LIFT ၏ အကောင်းဆုံး နည်းနာများနှင့် စံနမူနာများကို UNOPS ၏ ရုံးများအားလုံးထံ ကျယ်ကျယ်ပြန့်ပြန့် မျှဝေပေးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှား တို့ကဲ့သို့သော ရွေးချယ်ထားသည့် ရုံးများတွင် ပုံတူပွား ကျင့်သုံးခဲ့ကြပါသည်။

## ၇.၂ ။ LIFT ရန်ပုံငွေများ ခွဲဝေ ချထားခြင်း

LIFT သည် ရန်ပုံငွေဘုတ်အဖွဲ့၏ မူဝါဒများနှင့်အညီ ခွဲဝေပေးခဲ့သည့် ရန်ပုံငွေများ၏ အတိုင်းအတာနှင့် ပမာဏအား လေ့လာသုံးသပ်ရန် ညွှန်းကိန်းအချို့အား အသုံးပြုပြီး ပွင့်လင်းမြင်သာသည့် နည်းလမ်းအား အသုံးပြု၍ တိုင်းတာခဲ့ပါသည်။ ရန်ပုံငွေစီမံ ခန့်ခွဲမှုရုံးအဖွဲ့ (FMO) သည် ခိုင်မာသည့် ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်ထိန်းချုပ်မှုများ ဆက်လက်ထားရှိခဲ့ပြီး ၎င်းတို့အား တစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် LIFT FMO အား နှစ်အလိုက် စာရင်းစစ်ခြင်းကို ၂၀၂၀ ခုနှစ် မေလတွင် ဆောင်ရွက်ခဲ့ပါသည်။ LIFT သည် စာရင်း စစ်ဆေးသူများထံမှ LIFT တစ်ခုလုံးအနေဖြင့် ကျေနပ်ဖွယ်ရာရှိ သည်ဟူသော အဆင့် သတ်မှတ်ချက်ကို ရရှိခဲ့သည့် အပြင် ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ထောက်ပံ့ ဖြည့်တင်းရေး၊ လူ့စွမ်းအား အရင်း အမြစ်များနှင့် အထွေထွေ စီမံအုပ်ချုပ်ရေး ကဲ့သို့သော စာရင်း စစ်ဆေးသည့် နယ်ပယ် များ ဖြစ်သည့် လုပ်ငန်းနယ်ပယ် အမျိုးမျိုးတို့တွင်လည်း ကျေနပ်ဖွယ်ရာ ရှိသည်ဟူသော အဆင့် သတ်မှတ်ချက်များကိုလည်း ရရှိခဲ့ပါသည်။ စီမံချက်စီမံခန့်ခွဲမှုတွင် တစ်စိတ်တစ်ပိုင်း အားဖြင့် ကျေနပ် ဖွယ်ရာရှိသည်ဟူသော အဆင့် သတ်မှတ်ချက် ကို ရရှိခဲ့ပါသည်။ ဤနှစ်တွင် FMO အတွက် အလယ် အလတ်အဆင့် ဦးစား ပေးရမည့် စာရင်းစစ်၏ သဘောထား မှတ်ချက် တစ်ခုရှိ ပါသည်။






**၈၇**

**၂၀၂၀ ခုနှစ်တွင် LIFT သည် ထောက်ပံ့မှု (၈၇)ခုအား စီမံခန့်ခွဲ ခဲ့ပါသည်။**

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအား စာရင်း၊ စစ်ဆေးရာတွင် အဖွဲ့(၇၇)ခုအား စာရင်းစစ်ဆေးခဲ့ရသဖြင့် အလွန်အလုပ်များခဲ့သည့် နှစ်တစ်နှစ်ဖြစ်ပြီး LIFT စတင် ဆောင်ရွက်သည့် အချိန်မှ စတင်၍ စာရင်းစစ်ရသည့် မိတ်ဖက်အဖွဲ့အစည်း ပိုများသည့် နှစ်မှာ တစ်နှစ်သာ ရှိခဲ့ပါသည်။ ၂၀၁၉ခုနှစ်တွင် (၈၇) ဖွဲ့ကို စာရင်းစစ် ခဲ့ရပါသည်။ ပြီးခဲ့သည့်စာရင်း စစ်ဆေးခြင်းတွင် အလွန်ဦးစားပေး ရမည်ဟူသော သဘောထားမှတ်ချက် (၁၄)ခုရှိခဲ့ရာမှ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် (၂)ခုဆီသို့ အနည်းငယ် လျော့ကျသွားခဲ့ပါသည်။

ထောက်ပံ့ငွေများ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ၂၀၂၀ ခုနှစ်တွင် LIFT သည် ထောက်ပံ့မှု (၈၇)ခု အား စီမံခန့်ခွဲပြီး ယင်းတို့အနက်မှ ဒီဇင်ဘာလတွင် ပြီးဆုံးသွားသည့် ထောက်ပံ့မှု(၄)ခုအပါအဝင် ထောက်ပံ့ မှု (၂၈)ခုတို့မှာ ၂၀၂၀ ခုနှစ်အတွင်း၌ ပြီးဆုံးသွားခဲ့ပါသည်။ ၂၀၂၀ ခုနှစ်ဒီဇင်ဘာလအကုန်တွင် LIFT ၌ ဆောင်ရွက်ဆဲ စီမံချက် (၅၉)ခုရှိခဲ့ပြီး FMO သည် နှစ်တလျှောက်လုံးတွင် ပြီးဆုံးသည့် ထောက်ပံ့မှု များ ပိတ်သိမ်းခြင်း လုပ်ငန်းစဉ်အား စီမံခန့်ခွဲရန်အတွက် ဆက်လက်လုပ်ဆောင် နေပါသည်။ LIFT သည် ၂၀၂၀ ခုနှစ်တွင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း (၅၇)ဖွဲ့နှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး INGO နှင့် ပုဂ္ဂလိကကဏ္ဍမှ မိတ်ဖက်အဖွဲ့အစည်း အနည်းငယ် တိုးပွား လာ (ပုံ ၇.၁ တွင် ကြည့်ပါ) သည်မှအပ မိတ်ဖက်အဖွဲ့အစည်းများ အချိုးအစားမှာ ယခင်နှစ်များနည်းတူပင် ဖြစ်ပါသည်။




*ပုံ ၇.၁–၂၀၂၀ ခုနှစ်အတွင်း စီမံချက် အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း အမျိုးအစားလိုက် ပါဝင်သည့် အချိုး*

| ညွှန်းကိန်း | LIFT ၏ ရည်မှန်းချက် (၂၀၂၀)(%) | ပြီးစီးအောင်မြင်မှု ၂၀၂၀ (%) | ရာခိုင်နှုန်း |
|---|---|---|---|
| သတ်မှတ်ထားသော ကာလအတွင်း ရန်ပုံငွေအဖွဲ့ (FB) ၏ ရှင်းလင်းတိကျသည့် ထောက်ခံအကြံပြုချက်များအား ရန်ပုံငွေ စီမံခန့်ခွဲမှု မန်နေဂျာ (FM) မှအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ရာခိုင်နှုန်း | ၁၀၀ | ၁၀၀ | ၁၀၀ |
| စာရင်းစစ်များမှ စာရင်းစစ်ခဲ့သည့် နယ်ပယ်များတွင် အဓိကဦးစားပေးဟု သတ်မှတ်ခဲ့သည့် နယ်ပယ်ခွဲ၊ (FM နှင့် IP များနှစ်ခုစလုံး) ၏ အရေအတွက် နှင့် ရာခိုင်နှုန်း | အဖွဲ့များအားလုံး အတွက် ၀ | ၂* | |

*ဇယား ၇.၁ – ရန်ပုံငွေစီမံခန့်ခွဲရေးရုံးအဖွဲ့၏ စွမ်းဆောင်နိုင်မှုညွှန်းကိန်းများ*

**မှတ်ချက်။** ။ * IP များအတွက် စာရင်းစစ်၏ အဓိကဦးစားပေးရမည့် သဘောထားမှတ်ချက် (၂)ခု ရှိခဲ့ပါသည်။ (စုစုပေါင်းလေ့လာတွေ့ ရှိမှု ၁,၆၄၃ အနက်မှ)၊ FMO တွင် အလယ်အလတ်အဆင့် သဘောထားမှတ်ချက် တစ်ခု ရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ် အသုံးစရိတ်စာရင်း စစ်ဆေးခြင်းအား ၂၀၂၁ ခုနှစ်တွင် လုပ်ဆောင်မည်ဖြစ်ပါသည်။

| ကဏ္ဍဟောင်းများအတွက် ရန်ပုံငွေ ထောက်ပံ့မှုများ/ အကြောင်းအရာအသစ် | လက်မှတ်ရေး ထိုးခဲ့သည့် စာချုပ်များ | ပြီးစီးခဲ့သည့် စီမံချက် များ (၂၀၂၀ ဒီဇင်ဘာ လကုန်အထိ) | ဆောင်ရွက်ဆဲ စီမံ ချက်များ | စာချုပ်ပြင်ဆင်မှုများ | | |
|---|---|---|---|---|---|---|
| | ၂၀၁၉ | ၂၀၂၀ | | | ၂၀၁၉ | ၂၀၂၀ |
| | က | ခ | ဂ | ဃ=ခ-ဂ | င | စ |
| ယခင်က ရရှိခဲ့သည့် LIFT ရန်ပုံငွေ ထောက်ပံ့မှု | ၁၀၃ | ၁၀၃ | ၁၀၃ | ၀ | ၁၉၀ | ၁၉၀ |
| စိုက်ပျိုးရေးဈေးကွက်များနှင့် စားနပ်ရိက္ခာ စနစ်များ | ၂၅ | ၁၆ | ၇ | ၉ | ၇၁ | ၈၇ |
| သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် နှင့် လုပ်သား ရွှေ့ပြောင်းသွားလာမှု | ၂၅ | ၂၄ | ၅ | ၁၉ | ၅၀ | ၈၀ |
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း နှင့် ပုဂ္ဂလိကကဏ္ဍ | ၂၀ | ၁၅ | ၄ | ၁၁ | ၄၉ | ၆၁ |
| အာဟာရဖွံ့ဖြိုးမှု | ၂၈ | ၃၀ | ၁၁ | ၁၉ | ၅၁ | ၇၇ |
| အခြား(ကမ္ဘာ့ဘဏ်/ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်) | ၂ | ၁ | ၀ | ၁ | ၁ | ၂ |
| စုစုပေါင်း | ၂၀၃ | ၁၈၉ | ၁၃၀ | ၅၉ | ၄၁၂ | ၄၉၇ |

*ဇယား ၇.၂ – ၂၀၂၀ ခုနှစ် ဒီဇင်ဘာလကုန်တွင်ရှိသည့် ကဏ္ဍအလိုက် ရန်ပုံငွေထောက်ပံ့ပေးထားသည့် စီမံချက်များ၏ အခြေအနေ*

| ညွှန်းကိန်း | ၂၀၂၀ ခုနှစ် အတွက် LIFT ၏ ရည်မှန်းချက် | ၂၀၂၀ ခုနှစ် အတွင်းရရှိခဲ့သည့် ပြီးစီးအောင်မြင်မှု | ရာခိုင်နှုန်း |
|---|---|---|---|
| | | | ပြီးစီးအောင်မှုများ |
| သဘောတူစာချုပ်များနှင့်အညီ FMO မှ ထုတ်ပေးခဲ့သည့် IP များ ရရှိခဲ့သော ရန်ပုံငွေ များ၏ ရာခိုင်နှုန်း | ၈၇% | ၉၈.၈%[၁၁၁] | ၁၁၄% |
| FMO မှ ဘဏ္ဍာရေးဆိုင်ရာ စနစ်များအား သုံးသပ်ပြီးစီးပြီးဖြစ်သည့် IP များ၏ ရာခိုင်နှုန်း | ၁၀၀% | ၉၈.၁% | ၉၈% |

*ဇယား ၇. ၃– ရန်ပုံငွေစီးဆင်းမှုရလဒ်များနှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှု – ၂၀၂၀ ခုနှစ်*

၁၁၁။ TBC နှစ်ပါတ်လည် အစီရင်ခံစာ ၂၀၂၀ ခုနှစ်






| | ညွှန်းကိန်း | ဆုံးရှုံးနိုင်ခြေနည်းပါးခြင်း (အစိမ်းရောင်) | | ဆုံးရှုံးနိုင်ခြေ အလယ်အလတ် (အဝါရောင်) | | ဆုံးရှုံးနိုင်ခြေ မြင့်မားခြင်း (အနီရောင်) | |
|---|---|---|---|---|---|---|---|
| | | သတ်မှတ် အဆင့် | ထောက်ပံ့မှုများ၏ ရာခိုင်နှုန်း | သတ်မှတ်အဆင့် | ထောက်ပံ့မှုများ၏ ရာခိုင်နှုန်း | သတ်မှတ်အဆင့် | ထောက်ပံ့မှုများ၏ ရာခိုင်နှုန်း |
| ၁ | အကောင်အထည်ဖော် ဆောင်ရွက်သည့် နှုန်း | > ၉၀% (လမ်းကြောင်းမှန် ပေါ်တွင်) | ၄၅% | ၇၁%-၉၀% (လမ်းကြောင်းမှန် ပေါ်တွင်) | ၃၀% | < = ၇၀% လမ်းကြောင်းမှန် ပေါ်တွင် | ၂၅% |
| ၂ | နှစ်စဉ်အသုံးစရိတ် | > ၉၀% အသုံးပြုပြီး | ၃၄% | ၇၁%-၉၀% (အသုံးပြုပြီး) | ၄၇% | < = ၇၀% (အသုံးပြုပြီး) | ၁၉% |
| ၃ | အစီရင်ခံစာအချိန်မီ ပြီးစီးမှု | ၀ ရက် နောက်ကျခြင်း | ၉၈% | ၁ရက် မှ ၇ရက် နောက်ကျခြင်း | ၂% | >၈ ရက်ထက် နောက်ကျခြင်း | ၀% |
| ၄ | အစီရင်ခံစာပြည့်စုံမှု | ၁၀၀% အပြည့်အစုံ | ၁၀၀% | ၇၁ – ၉၉% ပြည့်စုံခြင်း | ၀% | < = ၇၀% ပြည့်စုံခြင်း | ၀% |
| ၅ | စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းမှု** | သဘောထား မှတ်ချက်များ "၀" ခု | ၄၅% | သဘောထား မှတ်ချက်များ ၁ခု မှ ၃ ခုကြား | ၄၂% | > ၃ ခု ထက်ပိုသည့် သဘောထား မှတ်ချက်များ | ၁၃% |
| စုစုပေါင်း(ယေဘူယျအဆင့် သတ်မှတ်ချက်)*** | | | | | | | |
| ၂၀၂၀ | | | ၅၉% | | ၄၁% | | ၀% |
| ၂၀၁၉ | | | ၅၁% | | ၄၁% | | ၈% |
| ၂၀၁၈ | | | ၄၅% | | ၄၄% | | ၁၁% |
| ၂၀၁၇ | | | ၄၅% | | ၄၅% | | ၁၁% |
| ၂၀၁၆ | | | ၄၉% | | ၄၅% | | ၆% |
| ၂၀၁၅ | | | ၄၁% | | ၄၅% | | ၁၄% |
| ၂၀၁၄ | | | ၅၁% | | ၃၇% | | ၁၂% |
| ၂၀၁၃ | | | ၄၈% | | ၄၁% | | ၁၁% |
| ၂၀၁၂ | | | ၃၂% | | ၄၁% | | ၃၂% |

*ဇယား ၇.၄။ ၂၀၂၀ ခုနှစ်အတွင်း စိမ်း ဝါ နီ နည်းကိရိယာ၏ သတ်မှတ်ချက်အလိုက် စီမံချက်စီမံခန့်ခွဲမှုဆိုင်ရာ ညွှန်းကိန်းများ၏ အကျဉ်းချုပ်*

*၂၀၂၀ ခုနှစ်ဧပြီလတွင် ရရှိသည့် အချက်အလက်များအပေါ် အခြေခံပါသည်။ UN အေဂျင်စီများ သို့ ပေးအပ်ခဲ့သည့် ထောက်ပံ့မှုများအား စာရင်းစစ်ဆေးခြင်း မပြုလုပ်ခဲ့ပါ။ ထို့အတွက်ကြောင့် သတ်မှတ်ထားသော ညွှန်းကိန်းအချို့အတွက် ထည့်သွင်းစဉ်းစားခြင်း မပြုလုပ်ခဲ့ပါ။ စုစုပေါင်းအဆင့် သတ်မှတ်ခြင်းသည် ညွှန်းကိန်း (၅) ခုစလုံးတွင် တစ်ခုချင်း ဆုံးရှုံးနိုင်ခြေများအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းအားဖြင့် သတ်မှတ်ပါသည်။
**၂၀၂၀ ခုနှစ် ဧပြီလတွင်ရရှိသည့် အချက်အလက်များအပေါ် အခြေခံသော်လည်း သက်ဆိုင်ရာ နှစ်အတွက် စာရင်းစစ်ဆေးခြင်းအား နောက်လာသည့်နှစ်၏ ဒုတိယ(၃)လပတ်တွင် ပြုလုပ်ပါသည်။
***စုစုပေါင်း အဆင့်သတ်မှတ်ခြင်းသည် ညွှန်းကိန်း(၅)ခုစလုံးတွင် ဆုံးရှုံးရနိုင်ခြေများအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းအားဖြင့် သတ်မှတ်ပါသည်။

| အလှူရှင် | လက်မှတ်ရေးထိုး ကတိပြုထားခြင်းများ* | စုစုပေါင်း၏ ရာခိုင်နှုန်း |
|---|---|---|
| | ကန်ဒေါ်လာ | |
| ဩစတြေးလျ | ၃၈,၈၅၁,၂၀၇ | ၆.၈% |
| ကနေဒါ | ၁၂,၁၁၄,၂၇၀ | ၂.၁% |
| ဒိန်းမတ် | ၉,၉၉၁,၅၆၆ | ၁.၇% |
| ဥရောပသမဂ္ဂ | ၁၄၃,၈၅၂,၄၀၀ | ၂၅.၁% |
| ပြင်သစ် | ၁,၃၁၉,၈၀၀ | ၀.၂% |
| အိုင်ယာလန် | ၂,၄၃၃,၈၀၅ | ၀.၄% |
| အီတလီ | ၈၅၂,၀၄၀ | ၀.၁% |
| လူဇင်ဘတ် | ၁,၁၂၉,၃၂၈ | ၀.၂% |
| မစ်ဆူဘီရှီ | ၂၀၀,၀၀၀ | ၀.၀% |
| နယ်သာလန် | ၂,၉၅၀,၀၀၀ | ၀.၅% |
| နယူးဇီလန် | ၅,၄၉၀,၈၆၉ | ၁.၀% |
| နော်ဝေး | ၁,၁၃၃,၈၁၂ | ၀.၂% |
| ဆွီဒင် | ၂,၇၂၅,၇၇၆ | ၀.၅% |
| ဆွစ်ဇာလန် | ၄၀,၂၄၉,၃၁၇ | ၇.၀% |
| ယူနိုက်တက်ကင်းဒမ်း | ၂၈၁,၄၃၅,၃၀၅ | ၄၉.၁% |
| အမေရိကန်ပြည်ထောင်စု | ၂၃,၇၂၅,၀၀၀ | ၄.၁% |
| UNDP/PGMF | ၄,၆၉၄,၃၉၉ | ၀.၈% |
| **အလှူရှင်ထည့်ဝင်မှု စုစုပေါင်း** | ၅၇၃,၁၄၈,၈၉၄ | ၁၀၀% |
| **အတိုးမှ ဝင်ငွေ** | ၅,၆၄၁,၀၃၈ | |
| **စုစုပေါင်း** | ၅၇၈,၇၈၉,၉၃၂ | |

*ဇယား ၇.၅။ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ စုစည်းထားသည့် အလှူရှင်ထည့်ဝင်မှုများ (ကန်ဒေါ်လာ)*





*ပုံ ၇.၂ – ၂၀၁၀– ၂၀၂၀ ခုနှစ်အတွင်း LIFT ၏ အလှူရှင်များထည့်ဝင်မှုဖြင့် ရရှိခဲ့သည့် အလှူငွေစုစုပေါင်း ကန်ဒေါ်လာ (သန်း)*





| လုပ်ဆောင်မှုများ | လုပ်ငန်းဘတ်ဂျက် (ကန်ဒေါ်လာ) | အမှန်တကယ်သုံးစွဲမှု (ကန်ဒေါ်လာ) | ကျော်လွန်/ လျော့နည်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| ထောက်ပံ့မှုများနှင့် ကူညီပံ့ပိုးပေးမှုများ | | | | |
| အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများထံ ထောက်ပံ့မှုများ | ၅၃,၉၀၁,၀၀၆ | ၅၀,၆၀၉,၆၇၂ | (၃,၂၉၁,၃၃၄) | -၆% |
| ထောက်ပံ့မှုမဟုတ်သည့် ကူညီပံ့ပိုးမှုများ | ၆,၅၃၉,၉၀၁ | ၁၁,၁၀၇,၂၇၈ | ၄,၅၆၇,၃၇၇ | ၇၀% |
| သုတေသန | ၃,၇၉၈,၆၃၈ | ၁,၂၄၉,၁၈၁ | (၂,၅၄၉,၄၅၇) | -၆၇% |
| ရန်ပုံငွေစီမံခန့်ခွဲမှုရုံးအဖွဲ့ လုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်း | ၆,၉၁၃,၈၄၇ | ၅,၅၀၀,၈၇၃ | (၁,၄၁၂,၉၇၄) | -၂၀% |
| ရန်ပုံငွေဘုတ်အဖွဲ့အတွက် ထောက်ပံ့ငွေ | ၂၄,၆၃၀ | ၂၃,၃၇၉ | (၁,၂၅၁) | -၅% |
| အထောက်အပံ့ပစ္စည်းများနှင့် စီမံ အုပ်ချုပ်ရေး | ၁,၆၂၈,၄၀၁ | ၁,၄၈၆,၁၉၅ | (၁၄၂,၂၀၆) | -၉% |
| **စုစုပေါင်း** | ၇၂,၈၀၆,၄၂၃ | ၆၉,၉၇၆,၅၇၈ | (၂,၈၂၉,၈၄၅) | -၄% |

*ဇယား ၇.၆ – ၂၀၂၀ ခုနှစ် LIFT ၏ အသုံးစရိတ်*




*ပုံ ၇.၃ – ၂၀၁၀ –၂၀၂၀ ခုနှစ်အတွင်း စုစုပေါင်း အသုံးစရိတ်များ ကန်ဒေါ်လာ (သန်း)*

## ၇.၃ ။ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်

LIFT သည် ရန်ပုံငွေစီးဆင်းမှု စွမ်းဆောင်နိုင်မှုအား လေ့လာသုံးသပ်ရန်အတွက် ညွှန်းကိန်း(၂)ခုအား အသုံးပြုပါသည်။ ဇယား ၇.၃ တွင်မြင်တွေ့ရသကဲ့သို့ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများသည် LIFT ၏ လုပ်ငန်းဆောင်ရွက်ခြင်း ဆိုင်ရာ လမ်းညွှန်ချက်များအား အသေးစိတ် လိုက်နာပြီး ကောင်းမွန်သည့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းမှုများအား ထားရှိပြီး ဖြစ်ပါသည်။ IP များမှ အသုံးပြုခဲ့သည့် စုစုပေါင်းအသုံးစရိတ်၏ ၁% ဖြစ်သော ကန်ဒေါ်လာစုစုပေါင်း (၂၀၃,၆၈၄) အား သုံးစွဲခွင့် မရှိသော အသုံးစရိတ်များ အဖြစ်ရှာဖွေဖော်ထုတ်ခဲ့ပါသည်။ (ပြီးခဲ့သည့် နှစ်တွင် ၁.၂%)

ထို့အပြင် ၂၀၁၂ ခုနှစ်တွင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအားလုံး၏ စီမံချက် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်နိုင်မှုအား စောင့်ကြည့်စစ်ဆေးရန် လိုအပ်ချက်နှင့် လိုက်လျော ညီထွေဖြစ်အောင် စီမံထားသည့် " စိမ်း၊ဝါ၊နီ" ဟုခေါ် ဆိုသည့် နည်းလမ်း အား စတင် အသုံးပြုခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် ဆောင်ရွက်သည့် စီမံချက်များ၏ ရလဒ်များအား ဇယား ၇.၄ တွင် စုစည်း ဖော်ပြထားပါသည်။ စုစုပေါင်း စီမံချက် (၆၄)ခုအား ဤနည်းဖြင့် ဆန်းစစ်ခဲ့ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုမှာ ပြီးခဲ့သော နှစ်များနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၀၂၀ ခုနှစ်တွင် COVID–19 ကပ်ရောဂါ ကြောင့် အကောင်အထည်ဖော် ဆောင်ရွက်သည့်နှုန်းမှာ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ် လျော့နည်းခဲ့ပါသည်။

COVID–19 ကပ်ရောဂါဖြစ်ပွားနေသည့် အခြေအနေအတွင်း၌ပင် ပိုမို၍ လက်တွေ့ကျသော ဘတ်ဂျက်များ ပြင်ဆင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှောင့်နှေးနေသည်များကို ဆက်လက် အရေးယူ ဆောင်ရွက်ရန်တို့အတွက် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူ လုပ်ကိုင်ဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ပါသည်။ စီမံချက်အားလုံးနီးပါးအား ပြောင်းလွဲ သွားသည့် အခြေအနေနှင့် ကိုက်ညီမှုရှိအောင် ချိန်ညှိရန်အတွက် မိတ်ဖက် အဖွဲ့အစည်း များနှင့် အနီးကပ် ပြန်လည် စဉ်းစား သုံးသပ်ခဲ့ပါသည်။ ရလဒ်အနေဖြင့် စီမံချက်များ၏ ၁၉% တွင် အသုံးစရိတ် အသုံးပြုခဲ့သည့်နှုန်း ၇၀% ထက်လျော့ နည်းသည့် ရလဒ်ကို ရရှိခဲ့ပါသည်။ အသုံးစရိတ်များ နည်းပါးရသည့် အကြောင်းရင်းများမှာ ပုံမှန်တိုးတက်မှုအား နှောင့်နှေးစေသည့် အသွားအလာကန့်သတ်ထားသည့် ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ စိန်ခေါ်မှုများကြောင့် အဓိက ဖြစ်ပါသည်။

မိတ်ဖက်အဖွဲ့အစည်း များ၏ အစီရင်ခံတင်ပြခြင်းအတွက် အစီရင်ခံတင်ပြရမည့် ကာလအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းမှုဖြစ်ပွားခဲ့သည့်အတွက်ကြောင့် (၂)ပတ်အချိန်တိုးပေးခဲ့ပြီး မိတ်ဖက် အဖွဲ့အစည်းများ၏ ၉၈% သည် ထပ်မံတိုးပေးသည့် အချိန်ကာလအတွင်း တင်ပြခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် LIFT မှ IP များအတွက် စာရင်းစစ်ဆေးရာတွင် အဝေးမှ စစ်ဆေးခြင်းအား မိတ်ဆက်ပေးခဲ့ပြီး ဆောင်ရွက်ခဲ့ပါသည်။ အထောက်အထားစာရွက် စာတမ်းများရယူရာတွင် စိန်ခေါ်မှုများရှိနေသည့် အတွက်ကြောင့် အဝေးမှ စာရင်းစစ်ဆေးခြင်းတွင် ပါဝင်နိုင်ခြင်း မရှိခဲ့သည့် IP များအား ၂၀၂၁ ခုနှစ် စာရင်းစစ်ဆေးမည့် အသုတ် အတွင်းသို့ ထည့်သွင်းပြီးဖြစ်ပါသည်။

FMO သည် ရလဒ် အလုံးစုံအား တည်ဆောက်ထားပြီး ဖြစ်သည့် စနစ်များနှင့် ယန္တရားများ၊ လုပ်ငန်း လည်ပတ် ဆောင်ရွက်မှုများ အား ဆန်းစစ်သုံးသပ်ရန် အသုံးပြုမည်ဖြစ်ပြီး အကောင်အထည်ဖော်ရေး မိတ်ဖက်များအတွက် တစ်ဖွဲ့ချင်း စီ၏ "ဝါ၊ စိမ်း၊ နီ" အဆင့်အတန်းအား အသိပေးအကြောင်းကြားမည် ဖြစ်ပါသည်။

## ၇.၄။ ဘဏ္ဍာရေး

LIFT သည် ၂၀၁၉ ခုနှစ် နှစ်အကုန်တွင် သတ်မှတ်ထားသည့် ကန်ဒေါ်လာ (၅၃၉)သန်းမှ ၂၀၂၀ ခုနှစ်တွင် ကန်ဒေါ်လာ (၅၇၉)သန်း အထိတိုးမြှင့်ခဲ့ပါသည်။

LIFT သည် ၂၀၁၉ ခုနှစ် နှစ်အကုန်တွင် သတ်မှတ်ထားသည့် ကန်ဒေါ်လာ (၅၃၉)သန်းမှ ၂၀၂၀ ခုနှစ်တွင် ကန်ဒေါ်လာ (၅၇၉)သန်း အထိတိုးမြှင့်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွက် ကန်ဒေါ်လာ (၇၂.၈) သန်းအား ထောက်ပံ့ရန် ဘတ်ဂျက်ရေးဆွဲထားခဲ့ပြီး နောက်ဆုံးအသုံးစရိတ်စုစုပေါင်းမှာ ကန်ဒေါ်လာ သန်း(၇၀) ရှိခဲ့ ပါသည်။

COVID–19 ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ခရီးသွားလာမှုနှင့် လူစုလူဝေး ပြုလုပ်ခြင်း ဆိုင်ရာ ကန့်သတ်မှုများကြောင့် (စစ်တမ်းများ၊ လေ့လာမှု များ၊ စောင့်ကြည့်စစ်ဆေးခြင်း) တို့ကဲ့သို့သော အခြား နယ်ပယ်များတွင် များပြားသည့်ပမာဏအား လျော့နည်းသုံးစွဲထားသည်ကို တွေ့ရှိခဲ့သော်လည်း LIFT သည် အချို့သောနယ်ပယ်များ (ငွေကြေးထောက်ပံ့မှုများ ပေးရန်အတွက် ပမာဏ များပြားသည့် ထောက်ပံ့မှု အသစ်များ ကဲ့သို့သော)တွင် ထပ်မံ၍ အသုံးစရိတ်များလိုအပ်သည့် အတွက်ကြောင့် ရန်ပုံငွေများအား ဦးစားပေး ပြောင်းလဲသတ်မှတ်ပြီး လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ခဲ့ပါ သည်။ ငွေလွှဲနှုန်းကြောင့် ဆုံးရှုံးမှုကို အကာအကွယ်ပေးသည့် ဝန်ဆောင်မှုများ (TCX) တွင် ရင်းနှီး မြှုပ်နှံမှုများအား ထပ်မံပြီး တိုးတက်မြှုပ်နှံခဲ့ပြီး COVID–19 ကပ်ရောဂါ တားဆီးကာကွယ်ရေးအတွက် တစ်ကိုယ်ရေသုံး ရောဂါ ကာကွယ်ရေး ပစ္စည်းများကို စိုက်မွေးဆည်ဝန်ကြီးဌာနထံ ထပ်မံ၍ အရေးပေါ် ပံ့ပိုး ပေးခဲ့ပါသည်။ ယေဘုယျအားဖြင့် ထောက်ပံ့မှုများသည် အစီအစဉ် ရေးဆွဲ ထားသည့် ဘတ်ဂျက်၏ (၉၄%) အား သုံးစွဲခဲ့ ပြီး ထောက်ပံ့မှု မဟုတ်သည့် ကူညီပံ့ပိုး ပေးမှုသည် အစီအစဉ် ရေးဆွဲထားသည့် ဘတ်ဂျက်၏ (၁၇၀%) အား သုံးစွဲခဲ့ပါသည်။





လူ့စွမ်းအား ရင်းမြစ်ဆိုင်ရာ ဘတ်ဂျက်တွင် လျော့နည်းသုံးစွဲခဲ့ခြင်းမှာ မျှော်မှန်းသတ်မှတ်ချိန်ထက် နောက်ကျ၍ လုပ်ငန်းခွင်ဝင်မှု အများအပြားရှိခြင်း၊ ဝန်ထမ်း အပြောင်းအလဲများ ရှိခြင်း နှင့် လူ့စွမ်းအား အရင်းအမြစ်များတွင် စွမ်းဆောင်နိုင်မှု ရှိစေရန် ဆောင်ရွက်ထားခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၇.၅ ။ တာဝန်ခံမှုနှင့် သင်ယူမှုအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း (MEAL)

၂၀၂၀ ခုနှစ်တွင် LIFT သည် ရန်ပုံငွေစီမံခန့်ခွဲရေးရုံးအဖွဲ့ (FMO) နှင့် IP များမှ တာဝန်ယူ ဆောင်ရွက်သည့် လုပ်ငန်းများမှ တဆင့် LIFT ၏ ပြန်လည်ဆန်းသစ်ထားသော MEAL မူဘောင်အား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

LIFT ၏ FMO သည် ပြန်လည်ဆန်းသစ်ထားသော LIFT ၏ MEAL မူဘောင်အား မည်ကဲ့သို့ လက်တွေ့ကျင့်သုံးနိုင်သည် ဆိုသည်နှင့် စပ်လျဉ်း၍ သဘောတူညီချက် ရယူရန်အတွက် ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် နှစ်ရက်တာ ကြာမြင့်သည့် ပြန်လည်ဆန်းသစ်ထားသော LIFT မူဘောင် မိတ်ဆက်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲအား စီစဉ်ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသည် ပြန်လည် ဆန်းသစ် ထားသော MEAL မူဘောင်နှင့် စီမံကိန်း လုပ်ငန်းများအတွက် ယင်းမူဘောင်အား အသုံးချမှုတို့ကို အတူတကွ နားလည်သဘောပေါက်ခြင်းအား တည်ဆောက်ရာတွင် အသုံးဝင်သည့် အခွင့်အလမ်း တစ်ရပ် ဖြစ်ခဲ့ပါသည်။ အဓိက လုပ်ဆောင်ရမည့် အချက်တစ်ချို့တွင် MEAL လမ်းညွှန်မှု ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများတွင် နောက်ဆုံး အခြေအနေများ ထည့်သွင်းခြင်း၊ IP စွမ်းဆောင်ရည်အား ကူညီပံ့ပိုးပေးသည့် ပြည့်စုံလုံလောက်သည့် အစီအစဉ် ရေးဆွဲခြင်း၊ LIFT ၏ မဟာဗျူဟာမြောက် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ မေးခွန်းများ (SEQ) များအား အပြီးသတ် ဆောင်ရွက်ခြင်း၊ LIFT ရန်ပုံငွေအဖွဲ့ တစ်ဖွဲ့လုံးတွင် အကြောင်းအရာအလိုက်နှင့် မူဝါဒဆိုင်ရာ လေ့လာသင်ယူမှု အစီအစဉ်အား သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့် IP ၏ MEAL လမ်းညွှန်ချက်များတွင် နောက်ဆုံးအခြေအနေများ ထည့်သွင်း ခြင်း တို့ ပါဝင်ခဲ့ပါသည်။

၂၀၂၀ ခုနှစ် ဇွန်လတွင် FMO သည် (၄)ရက်တာ ကြာမြင့်သည့် webinar ဆွေးနွေးပွဲများအား စီစဉ်ကျင်းပခဲ့ပါသည်။

၂၀၂၀ ခုနှစ် ဇွန်လတွင် FMO သည် နှစ်ဝက်နှင့် နှစ်ပတ်လည် အစီရင်ခံတင်ပြရမည့် နမူနာပုံစံများနှင့် ပတ်သက်၍ LIFT ၏ IP များအားလုံးအတွက် (၄)ရက်တာ ကြာမြင့်သည့် WEBINAR ဆွေးနွေးပွဲအား စီစဉ်ကျင်းပခဲ့ပါသည်။ အစီရင်ခံတင်ပြခြင်းဆိုင်ရာ လမ်းညွှန်ချက်များတွင် ဆောင်ရွက်ဆဲ ဆန်းစစ်အကဲဖြတ်မှုနှင့် လေ့လာသင်ယူခြင်းတို့ တွင် SEQ များ အား ထည့်သွင်းရန်နှင့် လေ့လာသင်ယူမှုများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြောင်းလဲခြင်းတို့အား အထောက်အကူ ဖြစ်စေရန် သတင်းအချက်အလက်များ ထပ်နေခြင်း၊ ရလဒ်များ ဆန်းစစ်အကဲဖြတ်ရန် နှင့် အစီရင်ခံရန် လိုအပ်ခြင်း တို့အား အလေးပေး ဖော်ပြသည့် MEAL ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်မှ တုန့်ပြန်မှတ်ချက် တို့အား ပေါင်းစပ်ထည့်သွင်းရန်တို့အတွက် လမ်းညွှန်များတွင် နောက်ဆုံးအခြေအနေ များ ထည့်သွင်းရန် လိုအပ်ပါသည်။

LIFT ၏ M&E တာဝန်ရှိ ဝန်ထမ်းများသည် လေ့လာမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း များ၊ နည်းကိရိယာ များအား ပြန်လည်ပြင်ဆင်ခြင်း၊ အချက်အလက်ကောက်ယူမည့် အဖွဲ့အစည်းများနှင့် ပြန်လည် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ဖြင့် ၂၀၂၀ ခုနှစ် အိမ်ထောင်စုစစ်တမ်း ကောက်ယူရန်အတွက် ပြင်ဆင် ခဲ့ပါသည်။ COVID–19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် စစ်တမ်းအား ကောက်ယူ နိုင်ရန် မဖြစ်နိုင်ခဲ့ပါ။ M&E တာဝန် ရှိ ဝန်ထမ်းများသည် တယ်လီဖုန်း ဖြင့် ပြုလုပ်သော စစ်တမ်းအား ဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်း လိုက်သည့် အတွက်ကြောင့် ကောက်ယူနိုင်ခဲ့ခြင်း မရှိပါ။

FMO သည် အချက်အလက်များ အတည်ပြုခြင်းနှင့် စနစ်ဆန်းစစ် အကဲဖြတ်ခြင်းတို့တွင် နောက်ဆုံးရ အချက်အလက်များကို ထည့်သွင်းခဲ့ပါသည်။

၂၀၂၀ ခုနှစ် ဩဂုတ်လတွင် LIFT ၏ M&E ဆိုင်ရာ တာဝန် ရှိဝန်ထမ်းများသည် LIFT ၏ စီမံကိန်း ဆိုင်ရာ တာဝန်ရှိ ဝန်ထမ်းများအတွက် လိုက်လျော ညီထွေဖြစ်အောင် စီမံခန့်ခွဲသည့် လမ်းညွှန်ချက်များနှင့် အဆိုပါ လမ်းညွှန်ချက်များကို LIFT ၏ MEAL ဆိုင်ရာ မူဘောင်နှင့် စီမံချက် စီမံခန့်ခွဲမှု စက်ဝန်းများတွင် မည်ကဲ့သို့ ထည့်သွင်း အသုံးပြု သွားမည်ဆိုသည် တို့အပေါ် အာရုံစိုက်၍ ဌာနတွင်း လေ့လာသင်ယူသည့် လှုပ်ရှား ဆောင်ရွက်မှုများအား စီစဉ်ပြုလုပ်ခဲ့ပါသည်။

LIFT ၏ M&E ဆိုင်ရာ တာဝန်ရှိဝန်ထမ်းများသည် အချက်အလက်များအတည်ပြုခြင်းနှင့် စနစ် ဆန်းစစ် အကဲဖြတ်ခြင်းဆိုင်ရာ နည်းကိရိယာများနှင့် ယင်းတို့၏ လမ်းညွှန်ချက်များတွင် နောက်ဆုံးရ အချက်အလက်များကို ထည့်သွင်းခဲ့ပါသည်။ အကြောင်းအရာအလိုက် M&E တာဝန်ခံ အရာရှိများနှင့် စီမံကိန်း အဓိက တာဝန်ခံများသည် ရွေးချယ်သတ်မှတ်ထားသည့် စီမံချက်များအား အွန်လိုင်းမှတဆင့် စောင့်ကြည့်စစ်ဆေးသည့် စနစ်များနှင့် အချက်အလက်အတည်ပြုခြင်းများကို လုပ်ဆောင်ခဲ့ပြီး IP များအတွက် လိုအပ်သည့် နည်းပညာဆိုင်ရာ အကြံဉာဏ်များနှင့် ကူညီပံ့ပိုးပေးမှုများကို ပေးအပ်ခဲ့ ပါသည်။

LIFT ၏ M&E ဆိုင်ရာ တာဝန်ရှိ ဝန်ထမ်းများ သည် IP စောင့်ကြည့်စစ်ဆေးသည့် စနစ်များတွင် မသန်စွမ်းဆိုင်ရာ သဘောထားအမြင်များ ပါဝင်စေခြင်း နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများကို ထည့်သွင်းရန်အတွက် လမ်းညွှန်များ စတင်အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန်အတွက် အကြောင်းအရာအလိုက် စီမံကိန်းနှင့် M&E ဆိုင်ရာ အဓိက တာဝန်ခံများနှင့် အတူ အစည်းအဝေးများ အများအပြား စီစဉ် ကျင်းပခဲ့ပါသည်။ မသန်စွမ်းများ၏ အချက်အလက်ကောက်ယူရာတွင် တိုးတက်ကောင်းမွန်လာစေရန်အတွက် M&E ဆိုင်ရာ အဓိက တာဝန်ရှိသည့် အဖွဲ့ ဝန်ထမ်းများ နှင့် အတူ လမ်းညွှန်ချက်များ ရေးဆွဲ အကောင်အထည် ဖော်ခဲ့ပါသည်။

| စဉ် | အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ အစည်း | စီမံချက် | LIFT စီမံကိန်း |
|---|---|---|---|
| ၁ | **Michigan State University** | မြန်မာနိုင်ငံ၏ စိုက်ပျိုးရိက္ခာတန်ဖိုး ကွင်းဆက် ဖွံ့ဖြိုး တိုးတက်ရေး- ကျေးလက် ဒေသနွမ်းပါး သူများ၏ အသက်မွေးမှုကို သက်ရောက်ခြင်းများ | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာစနစ် များ၊ သင့်တင့်လျောက်ပတ် သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု |
| ၂ | **Save the Children** | Tat Lan Plus | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာစနစ် များ၊ သင့်တင့်လျောက်ပတ် သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု |

*၂၀၂၀ ခုနှစ်ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ပြုလုပ်ခဲ့သော စီမံချက်ကာလလယ် အကဲဖြတ်သုံးသပ်ခြင်းများ*

| စဉ် | အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ အစည်း | စီမံချက် | LIFT ၏ စီမံကိန်း |
|---|---|---|---|
| ၁ | **Cordaid Foundation** | LIFT/ Cordaid မိတ်ဖက် MFI များထံ နည်းပညာအကူအညီ ပေးခြင်း | ငွေကြေး ဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း |
| ၂ | **GRET** | ချင်း အသေးစားငွေရေးကြေးရေး လုပ်ငန်း ဖွဲ့စည်းပုံခိုင်မာ အားကောင်းစေခြင်းဖြင့် ကျေးလက်ဒေသ ငွေရေးကြေးရေး ဈေးကွက်ကို တိုးချဲ့ ခြင်း | ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း |
| ၃ | **GRET** | မြန်မာနိုင်ငံအပူပိုင်းဇုန်တွင် အသေးစားငွေရေးကြေးရေး လုပ်ငန်း တစ်ခု ဖန်တီးခြင်း | ငွေကြေး ဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း |
| ၄ | **IFC** | IFC အရှေ့အာရှနှင့် ပစိဖိတ်ဒေသ အကြံပေးဝန်ဆောင်မှုများ- မြန်မာနိုင်ငံတွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း (အားလုံးပါဝင်သည့် ငွေရေးကြေးရေး ကဏ္ဍအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း) | ငွေကြေး ဆိုင်ရာတွင် အားလုံး ပါဝင်စေခြင်း |
| ၅ | **International Organization for Migration (IOM)** | ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှုမဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးချခြင်း (MILDAS) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု |
| ၆ | **Land Core Group (LCG)** | မြန်မာနိုင်ငံတွင် မြေယာနှင့် ဆက်စပ်နေသည့် သဘာဝ အရင်းမြစ်များအပေါ် သာတူညီမျှ လက်လှမ်းမီရရှိ နိုင်မှုနှင့် ထိန်းချုပ်မှုအား ထိန်းသိမ်းစောင့်ရှောက်ခြင်း | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ |
| ၇ | **Metta Development Foundation** | တောင်ပေါ်ဒေသစားနပ်ရိက္ခာဖူလုံရေးနှင့် ဈေးကွက် ဝင်ရောက်ခြင်း | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ |
| ၈ | **PGMF** | ရခိုင်ပြည်နယ်တွင် အားလုံးပါဝင်လက်လှမ်းမီသော ငွေကြေးဝန်ဆောင်မှုစီမံချက် (RAFIN) | ငွေကြေးဆိုင် ရာတွင်အားလုံး ပါဝင်စေခြင်း |
| ၉ | **The Currency Exchange Fund N.V. (TCX)** | The Currency Exchange Fund N.V. (TCX)-မြန်မာနိုင်ငံရှိ အသေးစားငွေလွှဲနှုန်းကြောင့် ဖြစ်ပေါ်နိုင်သည့် စွန့်စားမှုများ အတွက် အထောက်အကူပေးသည့် ဝန်ဆောင်မှုများ | ငွေကြေးဆိုင် ရာတွင်အားလုံး ပါဝင်စေခြင်း |
| ၁၀ | **UNCDF** | UNCDF -မြန်မာနိုင်ငံအတွင်းသို့ ငွေစုဆောင်းမှုမှ ဦးဆောင် သည့် အသေးစား ငွေရေးကြေးရေး ဈေးကွက်ဦးဆောင်နေ သူများဝင်ရောက်လာစေရန်အတွက် ကူညီပံ့ပိုးပေးခြင်း (Microlead တိုးချဲ့ရေး စီမံကိန်း) | ငွေကြေးဆိုင် ရာတွင်အားလုံး ပါဝင်စေခြင်း |
| ၁၁ | **Canadian Cooperative Association (CCA) / Cooperative Development Foundation of Canada (CDF)** | မြန်မာနိုင်ငံတွင် သမဝါယမအသင်းများမှတဆင့် ငွေကြေး ရေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအား ချဲ့ထွင်ခြင်း (MyFINANCE) စီမံချက် | ငွေကြေးဆိုင် ရာတွင်အားလုံး ပါဝင်စေခြင်း |
| ၁၂ | **BBC Media** | ကျပ်ချပ်-ရွှေ့ပြောင်းသွားလာခြင်းနှင့် ငွေကြေးတို့ကို အကျိုးအရှိဆုံးဖြစ်စေခြင်း (ရေကြည်ရာစီမံချက်) | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု |
| ၁၃ | **International Fertilizer Development Centre (IFDC)** | မြန်မာနိုင်ငံ စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာလုပ်ငန်းဝန်ဆောင်မှု ဆိုင်ရာ စီမံချက်(MAFS) (တောင်တန်းဒေသ) | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ |
| ၁၄ | **International Labour Organisation (ILO)** | ရခိုင်ပြည်နယ်တွင် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံချက် | သင့်တင့်လျောက်ပတ် သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု |
| ၁၅ | **Karen Development Network (KDN)** | နေရပ်စွန့်ခွာတိမ်းရှောင်နေသူများ၏ အသက်မွေးမှုများ ပိုမို ကောင်းမွန်လာစေခြင်း (ELDP) စီမံချက် | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ အာဟာရဖွံ့ဖြိုး မှု |
| ၁၆ | **Stichting ZOA, The Netherlands (Registered as Consortium of Dutch NGOs (CDN) in Myanmar** | ကရင်ပြည်နယ်မြောက်ပိုင်း ကျေးလက်နေ ဆင်းရဲနွမ်းပါး သူများ၏ ဝင်ငွေနှင့် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေခြင်း | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ အာဟာရဖွံ့ဖြိုး မှု |

*၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် အပြီးသတ် သုံးသပ်အကဲဖြတ်ခြင်းများ*





# ၇.၆ ။ ဆက်သွယ်ရေး

LIFT ၏ တာဝန်ရှိ ဝန်ထမ်းများအားလုံး အနေဖြင့် LIFT တန်ဖိုးထားမှုများနှင့် ပတ်သက်၍ ခိုင်မာ အားကောင်းစေရန် အဖွဲ့အစည်းအတွင်း ဆက်သွယ်ဆောင်ရွက်မှုများ ပိုမို တိုးတက်ပြီး ခိုင်မာ အားကောင်း စေရန် ဆောင်ရွက်နေစဉ်အတွင်း ၂၀၂၀ ခုနှစ်အတွင်း LIFT ၏ ဆက်သွယ် ဆောင်ရွက်ခြင်းများအတွက် အဓိက ဦးစားပေးများမှာ LIFT ၏ COVID-19 ကပ်ရောဂါ တုန့်ပြန်ကာကွယ်မှုဆိုင်ရာ ဆက်သွယ် ဆောင်ရွက်ခြင်းများ၊ ၂၀၁၉-၂၀၂၃ LIFT မဟာဗျူဟာနှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း နှင့် အလှူရှင်များ နှင့် စပ်လျဉ်း၍ မြင်သာမှု၊ တိုးမြှင့်ခြင်း၊ အသိပညာမျှ ဝေပေးခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဒီဂျစ်တယ် နည်းပညာသုံး ဆက်သွယ်ဆောင်ရွက်သည့် လမ်းကြောင်းများနှင့် ချဉ်းကပ် နည်းလမ်းများအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း တို့ ဖြစ်ပါသည်။

**COVID-19 ကပ်ရောဂါတုန့်ပြန်ကာကွယ်မှုဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ခြင်းများ။** ။ မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ခုနှစ် မတ်လနောက်ပိုင်းတွင် LIFT နှင့် ယင်း၏ မိတ်ဖက် အဖွဲ့ အစည်းများ၏ COVID-19 ကပ်ရောဂါတုန့်ပြန် ကာကွယ်ပေးမှုတွင် ပံ့ပိုးကူညီခြင်းများသည် LIFT ၏ ဆက်သွယ် ဆောင်ရွက်ရေး လုပ်ငန်းများ၏ အဓိကဦးစားပေးများ ဖြစ်လာပါသည်။ အသွားအလာနှင့် လူစုလူဝေး ပြုလုပ်ခြင်းဆိုင်ရာ ကန့်သတ်မှုများကို ထည့်သွင်းစဉ်းစားပြီး စတင်သည့်အချိန်တွင် LIFT သည် ယင်း၏ ဆက်သွယ်ဆောင်ရွက်ခြင်း ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြခြင်း နှင့် လူမှုကွန်ရက်မီဒီယာများ၏ ရောက်ရှိမှုတို့အပေါ် အာရုံစိုက် လုပ်ဆောင်ခဲ့ပါသည်။ LIFT နှင့် မိတ်ဖက် အဖွဲ့အစည်းများသည် အားနည်း ထိခိုက်မှု အများဆုံးသူများအား ကူညီပံ့ပိုးပေးရာတွင် COVID-19 ကပ် ရောဂါ တုန့်ပြန်ကာကွယ်ခြင်း လုပ်ငန်းများကို အလျင်အမြန် ဆောင်ရွက်ပေးနိုင်ရန်အတွက် ရင်းမြစ်များကို ဦးစားပေးမှု အလျင်အမြန် ပြောင်းရွှေ့ခဲ့သောကြောင့် LIFT ဆက်သွယ်ဆောင်ရွက်ရေး တာဝန်ရှိသူများသည် LIFT ၏ COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေး လုပ်ငန်းများအတွက် ရန်ပုံငွေ ထောက်ပံ့မှု သီးသန့် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာရန်အတွက် အွန်လိုင်းမှ ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲဖြင့် စတင်ခဲ့သော သတင်းအချက် အလက်များဖြင့် စည်းရုံး လှုံ့ဆော်မှုတစ်ခုနှင့် နောက်ဆက်တွဲ လူမှုကွန်ရက် မီဒီယာမှ စည်းရုံး လှုံ့ဆော်ခြင်း တို့ကို ဆက်လက်၍ လုပ်ဆောင် နိုင်ခဲ့ပါသည်။ စာနယ်ဇင်းရှင်းလင်းပွဲ မှ ရုပ်မြင်သံကြားလိုင်းများ (မြန်မာတိုင်းမ်၊ 7Day သတင်းစာနှင့် 7Day ရုပ်မြင် သံကြား လိုင်း၊ Balance News Agency၊ ရွှေဝတီ၊ တောင်သူ လယ်သမားဂျာနယ်၊ MNTV၊ Myanmar Platform၊ The Voice နေ့စဉ် သတင်းစာ၊ ဒီမိုကရက်တစ် မြန်မာ့အသံတို့အပါအဝင်) နှင့် အွန်လိုင်း သတင်းမီဒီယာ ပလက်ဖောင်းများ အပါအဝင် သတင်းဌာန (၁၅)ခု တို့၏ ဒီဂျစ်တယ် မီဒီယာနှင့် အစဉ်အလာအတိုင်းဆောင်ရွက်သည့် သတင်း မီဒီယာများ အားလုံးတွင် LIFT ၏ COVID-19 ကပ်ရောဂါ တုန့်ပြန်ကာကွယ်မှုနှင့် ပတ်သက်သည့် သတင်းအား ကောင်းမွန်စွာ အကျယ်တဝင့် ထည့်သွင်းဖော်ပြပေးမှုကို ရရှိခဲ့ပါသည်။ LIFT ၏ ကြေညာချက်အား လူမှုကွန်ရက်မီဒီယာ များတွင် ထည့်သွင်းဖော်ပြခဲ့ခြင်းမှ အချို့သောလွှင့်တင်ဖော်ပြမှုများတွင် ကြည့်ရှုသူ ပရိသတ် (၆၀,၀၀၀) မှ (၁၀၀,၀၀၀) ဦးအထိ ကြည့်ရှုသည့် ရလဒ်များထွက်ပေါ်လာခဲ့ခြင်းကြောင့် များပြားသည့် အားပေးမှုအား ရရှိ ခဲ့ပါသည်။

အောင်မြင်မှု ဖြစ်ရပ်များ ထုတ်ပြန်ခဲ့ပြီးနောက် LIFT ၏ လူမှုကွန်ရက် စာမျက်နှာတွင် စောင့်ကြည့်သူ ၃၈,၀၀၀ ရရှိခဲ့ ပါသည်။

LIFT ၏ သတင်းနှင့် ပြန်ကြားဆက်သွယ်ရေး တာဝန်ရှိသူများ သည် LIFT၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်များ၏ အောင်မြင်မှုရရှိခဲ့သော ဖြစ်ရပ်များနှင့် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများကို အလေးပေး သည့် အကြောင်းအရာအလိုက် နယ်ပယ်အားလုံးမှ COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရေး ဆိုင်ရာ လုပ်ငန်းများ နှင့် ပတ်သက်၍ မူရင်း အကြောင်းအရာများအား ရေးသား ပြင်ဆင်ထုတ်ဝေခြင်းများ(သို့) ထပ်ဆင့် လွှင့်တင်ခြင်းများ နှင့် Twitter တွင် မျှဝေခြင်းဖြင့် တစ်နှစ်ပတ်လုံးတွင် အထူး အာရုံစိုက်၍ အစီရင်ခံခဲ့ပါသည်။ ယေဘုယျအားဖြင့် LIFT မှစတင်လုပ်ဆောင်ခဲ့သည့် COVID-19 ကပ်ရောဂါ တုံ့ပြန် ကာကွယ်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများသည် ၂၀၂၀ခုနှစ်၌ LIFT ၏ စီမံကိန်းများအား မီဒီယာ များတွင် ဖော်ပြမှု သိသိသာသာ တိုးတက်များပြားလာစေရန်အတွက် ပံ့ပိုး ပေးခဲ့ပါသည်။ မြန်မာနိုင်ငံရှိ LIFT နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ COVID-19 ကပ်ရောဂါ တုန့်ပြန်ကာကွယ်မှုနှင့် ပတ်သက်သည့် လုပ်ငန်းများအား ထုတ်ပြန်ပေးသည့် 7Day၊ Balance News Agency၊ BBC မြန်မာပိုင်း အစီအစဉ်၊ Bloomberg၊ Channel K၊ Democracy Vision၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ဓူဝံ၊ DVB ရုပ်မြင်သံကြား သတင်း၊ Eleven Media၊ iMyanmar House၊ Just Style၊ မဇ္ဈိမ ၊ MNTV၊ MRTV၊ မြန်မာအလင်း၊ Myanmar Digital News ၊ မြန်မာတိုင်းမ်၊ မြဝတီသတင်းစာ၊ ပြည်မြန်မာ၊ ReliefWeb၊ ရွှေမီဒီယာ၊ Skynet Up to Date၊ တောင်သူလယ်သမားဂျာနယ်၊ ရွှေဝတီ၊ Myanmar Times၊ စံတော်ချိန်နေ့စဉ်၊ The Voice နေ့စဉ်တို့ အပါအဝင် လူသိများကျော်ကြားသည့် ရုပ်မြင်သံကြား၊ ပုံနှိပ်နှင့် အွန်လိုင်း မီဒီယာ သတင်းဌာန အမျိုးစုံမှ LIFTရန်ပုံငွေထောက်ပံ့ပေးသည့် စီမံချက်များနှင့် စည်းရုံးလှုပ်ရှားမှု များနှင့် ပတ်သက်သည့် သတင်းပေါင်း (၁၆၅) ခု ခန့်အား ဖော်ပြပေးခဲ့ပါသည်။

အချို့ ရေးသားမှုများအား/ ထုတ်ပြန်ချက်များအား ပရိသတ် ၆၀,၀၀၀ မှ ၁၀၀,၀၀၀ အထိ များပြားစွာ အားပေး ဖတ်ရှုခဲ့ ကြပါသည်

၂၀၂၀ ခုနှစ်တွင် LIFT သည် COVID-19 ကပ်ရောဂါတုန့်ပြန်ကာကွယ်မှုဆိုင်ရာ ကျယ်ပြန့်သည့် ကိစ္စရပ် များနှင့် ပတ်သက်သည့် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုအား မျှဝေပေးခြင်းဖြင့် ယင်း၏ မီဒီယာများအား ထောက်ကူ ပေးခြင်းကို အရှိန်မြှင့်တင်ခဲ့ပါသည်။ အဓိကအားဖြင့် LIFT ၏ ကျွမ်းကျင်သူများသည် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ၊ လူမှု ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ငွေကြေး ထောက်ပံ့မှုနှင့် အရပ်ဘက်လူမှုအသိုက်အဝန်းမှ ဦးဆောင်သည့် COVID-19 ကပ်ရောဂါ တုန့်ပြန်ကာကွယ်မှုများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် သဘောထား အမြင်ဆိုင်ရာ ဆောင်းပါးတို့ဖြင့် လူမှုစီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အသိအမြင်များကို မျှဝေပေးခဲ့ ပါသည်။

၂၀၂၀ ခုနှစ် တွင် LIFT သည် UNOPS ၏ ၂၀၁၉ ခုနှစ် အတွက် တစ်နှစ်တာ အကောင်းဆုံး စီမံကိန်းဆုကို ရရှိခဲ့ပါသည်

၂၀၂၀ ခုနှစ်တွင် စီမံကိန်းစီမံခန့်ခွဲမှုအား ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် UNOPS ၏ အနာဂတ်မျှော်မှန်းချက်၊ ရည်မှန်းချက် နှင့် တန်ဖိုးထားမှုများကို ထည့်သွင်းဆောင်ရွက်နိုင်ခြင်း တို့အတွက် UNOPS ၏ ၂၀၁၉ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံး စီမံကိန်းဆုကို LIFT မှ ရရှိခဲ့ပါသည်။

**မိတ်ဖက် အဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်မှုများကို အားပေးမြှင့်တင်ခြင်း။** ။ LIFT သည် အကောင်အထည်ဖော်ရေးမိတ်ဖက် အဖွဲ့အစည်းများ နှင့် ပုံမှန်ညှိနှိုင်းဆောင်ရွက်သည့် အစည်းအဝေးများ၊ ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ဦးဆောင်စတင်ကျင်းပခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ အစီအစဉ်များ ဆွေးနွေးခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ လိုအပ်ချက် အမျိုးမျိုးနှင့် စပ်လျဉ်းသည့် သင်တန်းများအား ပံ့ပိုးပေးခြင်း အကောင်းဆုံးအလေ့အကျင့်များကို မျှဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများအား မိတ်ဖက် အဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ များအား အရှိန်အဟုန် မြှင့်တင် ပေးခြင်းမှ တဆင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် ပိုမိုခိုင်မာအားကောင်းစွာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် LIFT၏ ကွင်းဆင်း အထောက်အကူပြု လုပ်ငန်းများအား ပိုမိုထိရောက်စွာ စီစဉ် ဆောင်ရွက်ခြင်းတို့အတွက် မိတ်ဖက် အဖွဲ့အစည်းများထံမှ တုံ့ပြန်မှတ်ချက်များကို ကြားသိနိုင်ရန်အတွက် အခွင့်အလမ်းများ အနေဖြင့် အသုံးပြုခဲ့သည်သာမက မိတ်ဖက်အဖွဲ့အစည်းများအား ဆက်သွယ် ဆောင်ရွက်ခြင်းဆိုင်ရာ ကူညီပံ့ပိုးမှု နှင့် အကြံဉာဏ်များပေးခြင်းတို့ဖြင့် ပံပိုးကူညီပေးခဲ့ပါသည်။

LIFT သည် အဖွဲ့အစည်းများ၏ ပြင်ပလောကသို့ သတင်းအချက်အလက်များ ရောက်ရှိမှု တိုးမြှင့်နိုင်ရေးအတွက် ကျွမ်းကျင်မှုများ ခိုင်မာ အားကောင်းစေရန်၊ ဆက်သွယ် ဆောင်ရွက်ခြင်းဆိုင်ရာ ကွန်ရက်ချိတ်ဆက်မှု အားမြှင့်တင်ပေးရန် နှင့် ဓာတ်ပုံမှ ခံစားရသည့် ဖြစ်စဉ် တင်ပြခြင်းများအား မြှင့်တင်ပေးရန် ရည်ရွယ်၍ မိတ်ဖက်အဖွဲ့အစည်းများအတွက် ဓာတ်ပုံပညာနှင့် ဇာတ်ကြောင်း မျှဝေခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုအား အွန်လိုင်းမှ စီစဉ်ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် စာသင်ခန်းအတွင်း ဆွေးနွေးမှုများနှင့် စီမံချက်မှတ်တမ်းဇာတ်လမ်း ရေးသားခြင်း/ ဓာတ်ပုံရိုက်ကူးခြင်းဆိုင်ရာ တာဝန်ပေးမှုများအား ပေါင်းစပ် ထည့်သွင်းထားခဲ့ပါသည်။ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံး မှတ်တမ်းဇာတ်လမ်းများအား LIFT ၏ အင်တာနက် ဝက်ဘ်ဆိုဒ်စာမျက်နှာနှင့် လူမှုကွန်ရက်မီဒီယာတို့တွင် မျှဝေခဲ့ပါသည်။

LIFT သည်ဓာတ်ပုံပညာနှင့် စီမံချက် မှတ်တမ်း အကြောင်းအရာရေးသား မျှဝေခြင်း ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုအား အွန်လိုင်းမှ စီစဉ် ကျင်းပပေးခဲ့ ပါသည်

**အလှူရှင်များနှင့် စပ်လျဉ်းသည့် မြင်သာမှုကို အားပေးမြှင့်တင်ခြင်း ။** ။ COVID-19 ကပ်ရောဂါကြောင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနေသော်လည်း LIFT ၏ ၂၀၂၀ ခုနှစ် ဆက်သွယ် ဆောင်ရွက်မှုများတွင် အလှူရှင်များနှင့် စပ်လျဉ်းသည့် မြင်သာမှုအား တိုးတက် ကောင်းမွန်အောင် လုပ်ဆောင် ခြင်းမှာ အာရုံစိုက်သည့် နယ်ပယ်တစ်ခု ဖြစ်ပါသည်။ LIFT သည် ယင်း၏ ၂၀၂၀ ခုနှစ် အစီအစဉ်၌ ထည့်သွင်းထားသည့် အလှူရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် မြင်သာမှုဆိုင်ရာ ဦးစားပေးများကို တိုင်းတာရန်၊ LIFT ၏ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့် တုန့်ပြန်မှုများကို ကြားသိနိုင်ရန်နှင့် ပူးတွဲဆောင်ရွက်သည့် မဟာဗျူဟာများနှင့် အစီအစဉ်များကို မဟာဗျူဟာမြောက် ရေးဆွဲနိုင်ရန် တို့အတွက် အလှူရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တစ်ခုအား စီစဉ် ကျင်းပခဲ့ပါသည်။ နောက်ဆက်တွဲအနေဖြင့် LIFT သည် အွန်လိုင်းဖြင့် ပြုလုပ်သောပွဲများ၊ အခမ်းအနားများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ လူမှုမီဒီယာမှ တဆင့် စည်းရုံးလှုံ့ဆော်မှုများ၊ ကွင်းဆင်း လေ့လာမှုများတွင် အလှူရှင်များ ပါဝင်တက်ရောက်စေခြင်းဖြင့် အလှူရှင်များအတွက် ပွင့်လင်းမြင်သာမှု ရှိစေခြင်းအား ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆန်းသစ် တီထွင်မှုရှိသော အခွင့်အလမ်းများကို ဖော်ဆောင်ခဲ့ပါသည်။ LIFT မှ ပံ့ပိုးပေးထားသည့် လှုပ်ရှား ဆောင်ရွက်မှုများ၊ စီမံချက်များ၊ အသိပညာ ဆိုင်ရာပစ္စည်းများနှင့် မီဒီယာ/ လူမှုကွန်ရက်များမှ အထောက်အကူပေးခြင်း အားလုံးတို့တွင် အလှူရှင်များအား မြင်သာမှု ရှိစေခဲ့ပါသည်။












လူမှုကွန်ရက်မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သည့် ကျား၊ မအခြေပြု အကြမ်းဖက်မှု တိုက်ဖျက်ရေး ၁၆ ရက် ကြာ လှုပ်ရှားမှု အတွက် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်သည့် ကာလအတွင်း ထုတ်ဝေဖြန့်ဖြူးပေးခဲ့သည့် သတင်းအချက်အလက်နှင့် အားပေးထောက်ခံမှုဆိုင်ရာ စာရွက်စာတမ်းများတွင် LIFT ၏ အလှူရှင်များ၏ အမှတ်တံဆိပ်များအား ထင်ထင်ရှားရှား ဖော်ပြထားခဲ့ပါသည်။ LIFT သည် မြန်မာနိုင်ငံတွင် ကျား၊မ ရေးရာတန်းတူညီမျှမှု အစီအစဉ်များကို မီးမောင်းထိုး ပြရန်အတွက် ဖေ့စ်ဘုတ်စာမျက်နှာတွင် ထင်ရှားသော အမြင် (၂၃) ခု ထုတ် ပြန်ခြင်း ပါဝင်သည့် ယင်း၏လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်စေရန် စီမံထားသော လူမှုကွန်ရက် မီဒီယာမှတဆင့် စည်းရုံးလှုံ့ဆော်မှုနှင့် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတို့အား စတင်ဦးဆောင်ခဲ့ပါသည်။ LIFT ၏ (၁၆)ရက်ကြာမြင့်သည့် လှုပ်ရှားမှုအား လူမှု ကွန်ရက် မီဒီယာတွင် စည်းရုံးလှုံ့ဆော်မှုတွင် အကြောင်းအရာများအား ဝင်ရောက် ဖတ်ရှုသူ အရေအတွက် မြင့်မားခဲ့ပြီး စုပေါင်းလိုက်ပါက လူဦးရေ (၁၀၀,၀၀၀) ကျော်ထံသို့ ရောက်ရှိခဲ့ပါသည်။

**ဒီဂျစ်တယ် နည်းပညာဖြင့် ဆောင်ရွက်သည့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ လမ်းကြောင်းများ နှင့် ချဉ်းကပ်နည်းလမ်းများကို ပြန်လည်ပြုပြင်မွမ်းမံခြင်း ။** ။ COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် အများပြည်သူဆိုင်ရာ အခမ်းအနားများ၊ ကွင်းဆင်း သွားရောက် ဆောင်ရွက်မှုများ၊ ကွင်းဆင်း အထောက်အကူပြုခြင်းနှင့်ဆိုင်သည့် လူစုလူဝေး ပြုလုပ်မှုများ၊ လူမှုကွန်ရက်မီဒီယာ၊ အင်တာနက်စာမျက်နှာနှင့် အွန်လိုင်းထုတ်ဝေသည့် သတင်းလွှာအပါအဝင် ဆက်သွယ် ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းကြောင်းများအတွက် LIFT ၏ အစီအစဉ်များအား သက်ရောက်မှုရှိခဲ့သဖြင့် ထိရောက်မှုရှိသည့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်မှာ အလွန်အရေးပါပါသည်။

၂၀၂၀ခုနှစ်တွင် LIFT သည် ၎င်း၏ ဝက်ဘ်ဆိုဒ် အင်တာနက်စာမျက်နှာတွင် ပါဝင်သည့် အကြောင်းအရာများနှင့် ဖွဲ့စည်းတည်ဆောက်မှုတို့အား LIFT ၏ ၂၀၁၉-၂၀၂၃ မဟာဗျူဟာနှင့် ကိုက်ညီအောင် ပြင်ဆင် မွမ်းမံခဲ့ပြီး လေ့လာမှုများ ပြုလုပ်ရာတွင် အသုံးပြုသူများ အကျွမ်းတဝင် ရှိစေရန်အတွက် ဝက်ဘ်ဆိုဒ် တစ်ခုလုံး၏ အသုံးဝင်မှုအား အဆင့်မြှင့်တင်ခဲ့ပါသည်။ LIFT ၏ ပြန်လည် ဆန်းသစ်ထားသော ဝက်ဘ်ဆိုဒ်အား နိုဝင်ဘာလတွင် ပြန်လည်စတင်လွှင့်တင်ခဲ့ပြီး LIFT ၏ ၂၀၁၉-၂၀၂၃ ခုနှစ်အတွက် ပြန်လည် ဆန်းသစ်ထားသော မဟာဗျူဟာနှင့်အညီ အကြောင်းအရာ အလိုက်နယ်ပယ်နှင့် ချဉ်းကပ် နည်းလမ်းများအပေါ် အဓိကထားသည့် စီမံချက်အလိုက် သတင်း အချက်အလက်များကို ပေးအပ်ပါသည်။ ၂၀၂၀ ခုနှစ် တနှစ်တည်းတွင် ဝက်ဘ်ဆိုဒ်တွင် သတင်းဆောင်းပါး(၅၀) ခန့်အား ထုတ်ဝေ လွှင့်တင်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် LIFT ၏တုန့်ပြန်ကာကွယ်မှုနှင့် စီမံကိန်းများနှင့် ပတ်သက်၍ အလွန်အရေးပါသော သတင်းအချက်အလက်များ မျှဝေခြင်းဖြင့် LIFT ၏ ဖေ့စ်ဘုတ်စာမျက်နှာသည် LIFT ၏ ဒီဂျစ်တယ် နည်းပညာသုံး ဆက်သွယ်ဆောင်ရွက်မှုများတွင် အရေးပါသည့် ပလက်ဖောင်းတစ်ခု ဖြစ်ခဲ့ပါသည်။ LIFT သည် ယင်း၏ ဆက်သွယ်ဆောင်ရွက်မှုများအား ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းလုပ်ငန်းစဉ်၏ တစ်စိတ် တစ်ဒေသ အနေဖြင့် ယင်း၏ လူမှုကွန်ရက်မီဒီယာအတွက် ပါဝင်သည့် အကြောင်းအရာဖန်တီးခြင်းကို လစဉ် ပါဝင်မည့် အကြောင်းအရာများအတွက် အချိန်ဇယားရေးဆွဲ အကောင်အထည်ဖော်ခြင်းမှ တဆင့်နှင့် ပိုမိုစိတ်ဝင်စားဖွယ်ရှိပြီး အမျိုးစုံလင်လှသည့် အကြောင်းအရာ များ ထည့်သွင်းခြင်းဖြင့် အထောက်အကူပြုမှုအား အားပေးမြှင့်တင်ပေးခြင်းတို့ဖြင့် ခိုင်မာအားကောင်းစေခဲ့ပါသည်။ ရလဒ်အနေဖြင့် LIFT ၏ လူမှုကွန်ရက်မီဒီယာပေါ်တွင် ဆက်သွယ်ဆောင်ရွက်သည့် အကြောင်းအရာများအား အရည်အသွေး ရှိစွာဖြင့် ပုံမှန် ပြုစု လွှင့်တင်နိုင်ခဲ့ပါသည်။ ထို့အပြင် LIFT ၏ ဆက်သွယ် ဆောင်ရွက်မှုများကို လူမှု ကွန်ရက်တွင် ပိုမိုအထောက်အကူပြုနိုင်သည့် မိတ်ဖက်အဖွဲ့အစည်းများ၏ လူမှုကွန်ရက်မီဒီယာ ပလက်ဖောင်းများမှတဆင့် တိုးမြှင့်ပေးခဲ့ပါသည်။ LIFT ၏ စီမံကိန်းများ၊ COVID-19 ကပ်ရောဂါ ကာကွယ် တုန့်ပြန်မှုများ၊ အများပြည်သူအသိပညာပေးသည့် စည်းရုံး လှုံ့ဆော်မှုများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အခမ်းအနားများ၊ အောင်မြင်ခဲ့သည့် အကြောင်းအရာများအား အလေးပေးသည့် လွှင့်တင်မှုစုစုပေါင်း (၂၄၉) ခုအား လွှင့်တင်ခဲ့ပြီး ၂၀၂၀ ခုနှစ်ကုန်၌ ဖေ့စ်ဘုတ် စာမျက်နှာတွင် ပုံမှန်စောင့်ကြည့်သူ (၃၈,၀၀၀) ကျော် ရရှိခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများ၏ အောင်မြင်မှုရရှိခဲ့သည့် အကြောင်းအရာ များနှင့် အဖွဲ့အစည်း အတွင်းထုတ်လုပ်ခဲ့သည့် အကြောင်းအရာများ ပါဝင်သည့် LIFT ၏ အကြောင်းအရာများသည် အလွန် မြင့်မားသည့် စိတ်ဝင်စားမှုကို ဖြစ်ပေါ်စေခဲ့ပြီး ပရိသတ် အရေအတွက် စုစုပေါင်း (၈၂၆, ၀၀၀) ဦးကျော်ထံ ရောက်ရှိလာခဲ့ပါသည်။




LIFT သည် လူမှုကွန်ရက် ရောက်ရှိမှု တစ်စိတ်တစ်ဒေသအဖြစ် ရည်ရွယ်သည့် သတင်းစကားများ ပေးရန် အတွက် လိုအပ်ချက်နှင့်ကိုက်ညီစေရန် ရည်ရွယ်ပြုလုပ်ထားသည့် လူမှုကွန်ရက်မှတဆင့် စည်းရုံးလှုံ့ဆော်မှု အများအပြား ဖန်တီးခဲ့ပြီး အဖွဲ့အစည်းဆိုင်ရာ အကြောင်းအရာကို တည်ဆောက် နေစဉ်အတွင်း ပရိသတ် အများအပြားနှင့် ထိတွေ့မှုကို တိုးမြှင့်နိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် LIFT သည် Access to Health၊ အမျိုးသား အာဟာရ ဖွံ့ဖြိုးမှု သုတေသန ဌာနခွဲ တို့နှင့် လက်တွဲ၍ ထုတ်ဝေမှုများ၊ ပိုစတာများ၊ ကာတွန်း ရုပ်ရှင်များ၊ ဗွီဒီယိုများ၊ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အကြံဉာဏ်ပေးခြင်းများနှင့် အကောင်းဆုံး နည်းနာများ ပါဝင်သည့် တစ်လကြာ အာဟာရ ဖွံ့ဖြိုးမှု မြှင့်တင်ရေး လှုပ်ရှားမှုတစ်ခုကို ပံ့ပိုး ပေးခဲ့ပါသည်။

လူမှုကွန်ရက်မှတဆင့် စည်းရုံးလှုံ့ဆော်မှု အများအပြား နှင့် ထုတ်ဝေမှုများအား ကြည့်ရှုမှုနှုန်း မြင့်မားခဲ့ ပါသည် –
မြန်မာနိုင်ငံ၏ COVID–19 ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများအား ထောက်ပံ့ကူညီပေးရန် အတွက် ရန်ပုံငွေ ကန်ဒေါ်လာ (၁၅.၈) သန်း ထပ်မံ ပံ့ပိုးပေးမည့် အကြောင်း LIFT ၏ ကြေညာချက် – ခံစားမှုသရုပ်ဖော်ပုံအမျိုးမျိုး ပေးသူပေါင်း (၁၁၁,၁၀၃) နှင့် ကြည့်ရှုမျှဝေ ဆွေးနွေးမှုပေါင်း (၂၁,၁၃၆) ခု မိခင်များနှင့် လူမှုရေး ပင်စင်ရရှိသူများအား ထောက်ပံ့ပေးရန်အတွက် LIFT နှင့် DSW တို့မှ ပူးပေါင်း၍ ငွေကြေး ထောက်ပံ့မှု ထပ်မံပေးမည့် အကြောင်း ကြေညာချက် – ခံစားမှုသရုပ်ဖော်ပုံအမျိုးမျိုး ပေးသူ ပေါင်း (၆၁,၉၄၄) နှင့် ကြည့်ရှုမျှဝေဆွေးနွေးမှုပေါင်း (၅,၃၀၀) ခု

LIFT နှင့် MoHS တို့မှ ပူးတွဲ ရေးသားပြုစုသည့် COVID–19 ကပ်ရောဂါဆိုင်ရာ တုံ့ပြန် ကာကွယ်မှု လုပ်ငန်းများ နှင့် ဆိုင်သည့် နောက်ဆုံးရ အချက်အလက်များ နှင့် ကျန်းမာစွာ နေထိုင် နည်း လမ်းညွှန်များ – ခံစားမှု သရုပ်ဖော်ပုံအမျိုးမျိုး ပေးသူ ပေါင်း (၇၅,၇၁၁) နှင့် ကြည့်ရှုမျှဝေ ဆွေးနွေးမှုပေါင်း (၄,၈၉၂) ခု

မိခင်နို့တမျိုးတည်းသာတိုက်ကျွေးရေး လှုပ်ရှားမှု ၏ တစ်စိတ်တစ်ဒေသ အဖြစ် LIFT မှ ကူညီ ပံ့ပိုးပေး သည့် အာဟာရဖွံ့ဖြိုးမှု အသိပညာပေး လုပ်ငန်းများ၏ နောက်ဆုံးရ သတင်းအချက်အလက်များ ခံစားမှု သရုပ်ဖော်ပုံအမျိုးမျိုး ပေးသူ ပေါင်း (၃၆,၀၅၈) နှင့် ကြည့်ရှုမျှဝေ ဆွေးနွေးမှုပေါင်း (၁,၉၅၇) ခု

**ဖေ့စ်ဘုတ် ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ( ၂၀၂၀ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ)**

၂၀၂၀ ခုနှစ် အတွင်း LIFT သည် ယင်း၏ ဒီဂျစ်တယ် နည်းပညာသုံး၍ ဆက်သွယ်ဆောင်ရွက်ခြင်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဖွဲ့အစည်းအတွင်း ဗွီဒီယို အကြောင်းအရာများ ဖန်တီးထုတ်လုပ်ခြင်း နှင့် မိတ်ဖက် အဖွဲ့အစည်းမှ ဖန်တီးထုတ်လုပ်သည့် ဗွီဒီယိုများ ဖြန့်ဝေခြင်းသို့ ဦးတည်သည့် လှုပ်ရှားမှုရုပ်ပုံများ အသုံးပြု သော ဆက်သွယ်ဆောင်ရွက်မှုများ ထုတ်လုပ်ရန် ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ COVID–19 ကပ်ရောဂါ











ဆိုင်ရာ ကာကွယ်တုံ့ပြန်မှုများနှင့် အရေးကြီး သတင်းအချက်အလက်များ အဓိကထား တင်ဆက်သည့် ဗွီဒီယို နှင့် ကာတွန်း ရုပ်ရှင်ပေါင်း (၅၀) ခန့်အား LIFT ၏ လူမှုကွန်ရက် စာမျက်နှာတွင် ထုတ်လွှင့်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် LIFT သည် အလှူရှင် အသိုက်အဝန်းအား ဦးတည်ရည်ရွယ်သည့် လူမှုကွန်ရက် မှတဆင့် ဆက်သွယ်ဆောင်ရွက်မှုများအား အရှိန်မြှင့်နိုင်ရန် ၎င်း၏ တွစ်တာ (Twitter) အကောင့်အား ပိုမို ခိုင်မာ အားကောင်းစေရန် ပြုပြင်မွမ်းမံခဲ့ပါသည်။
COVID–19 ကပ်ရောဂါ ဖြစ်ပွားသည့် အခြေအနေတွင် LIFT ၏ သတင်းအချက်အလက်များ ရောက်ရှိနိုင်မှု တိုးချဲ့ရန် LIFT ၏ သတင်းလွှာအား နှစ်လတစ်ကြိမ် ထုတ်ပြန်သည့် ဒီဂျစ်တယ် ဆက်သွယ် ဆောင်ရွက်မှု ဆိုင်ရာ ဖန်တီးမှုအဖြစ် ပြန်လည် ဒီဇိုင်းရေးဆွဲထုတ်ဝေခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်သို့ ရောက်သည့်အခါ LIFT ၏ သတင်းလွှာ အား ရယူဖတ်ရှုသူပေါင်း ၂,၄၀၀ ကျော် ရှိခဲ့ပါသည်။

LIFT ၏ လေ့လာသင်ယူမှု၊ အသိပညာပေးစီမံခန့်ခွဲမှုနှင့် အသိအမြင်မျှဝေခြင်းတို့နှင့် ပတ်သက်သည့် ဦးစားပေးမှုများကို ကူညီပံ့ပိုးပေးရန် ရည်ရွယ် ဆောင်ရွက်ခဲ့ပါသည်။

**အဖွဲ့အစည်းတွင်း ဆက်သွယ်ဆောင်ရွက်မှုများ ပြန်လည်အားကောင်းစေခြင်း။** ။ ၂၀၂၀ ခုနှစ်တွင် LIFT သည် နေအိမ်မှ အလုပ်လုပ်ရန် လိုအပ်ခြင်း အပါအဝင် COVID–19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် ပိုမိုထင်ရှားလာသည့် ဝန်ထမ်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ခိုင်မာ အားကောင်းစေရန် နှင့် LIFT ၏ တန်ဖိုးများ မြှင့်တင်နိုင်ရန် ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ဤကြိုးပမ်း အားထုတ်မှု၏ အစိတ်အပိုင်း တစ်ခုအဖြစ် LIFT သည် လစဉ်ကျင်းပသည့် ဝန်ထမ်းများ အားလုံး/ပေါင်းစုံ တက်ရောက်သည့် အစည်းအဝေး များအား ဝန်ထမ်းအားလုံး နှင့် ချိတ်ဆက်နိုင်သည့် အွန်လိုင်း UpLIFT ဖိုရမ် အဖြစ် ကျင်းပခဲ့ပြီး စည်းလုံး ညီညွတ်ရေးနှင့် စိတ်ဓာတ်မြှင့်တင်ပေးခြင်းအပြင် အဝေးမှ အလုပ်လုပ်ရသည့် အတွေ့အကြုံများ၊ အကောင်းဆုံး အလေ့အကျင့်များ အပြန်အလှန် နမူနာယူလုပ်ဆောင်ခြင်း၊ အခြားဌာနများမှ လုပ်ငန်းများအား လေ့လာ သင်ယူခြင်း ၊ အွန်လိုင်းမှ စိတ်ပိုင်း လူမှုရေးပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း တို့နှင့် စပ်လျဉ်း၍ FMO ဝန်ထမ်းများ အားလုံးကို သတင်းအချက်အလက်များ ပေးခဲ့ပါသည်။

**အသိအမြင်မျှဝေမှုအား မြှင့်တင်ခြင်း ။** ။ LIFT ၏ လေ့လာသင်ယူမှု၊ အသိပညာပေးစီမံခန့်ခွဲမှုနှင့် အသိအမြင်မျှဝေခြင်းတို့နှင့် ပတ်သက်သည့် ဦးစားပေးမှုများကို ကူညီပံ့ပိုးပေးရန် ရည်ရွယ် ဆောင်ရွက်ခဲ့ ပါသည်။ ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ တာဝန်ရှိဝန်ထမ်းများသည် သုတေသနနှင့် အထောက်အထား ရှာဖွေ ဖော်ထုတ်ခြင်းတို့မှတဆင့် LIFT အား ‘အတွေးအမြင်ဆိုင်ရာ ဦးဆောင်သူ အနေအထား’ သို့ ရောက်ရှိ စေရန် ဆောင်ရွက်ခဲ့ပါသည်။ လက်လှမ်းမီရယူနိုင်ပြီး လိုအပ်ချက်နှင့် ကိုက်ညီစေရန် စီစဉ်ထားသည့် မျှဝေမှုများ နှင့် ပတ်သက်ဆက်နွယ်သူ အများအပြားထံ ယင်းမျှဝေမှုများ ပေးအပ်မှုတဆင့် LIFT နှင့် ယင်း၏ မိတ်ဖက် အဖွဲ့အစည်းများမှ ရှာဖွေဖော်ထုတ်ခဲ့သည့် အသိပညာဆိုင်ရာ မျှဝေမှုများကို ပံ့ပိုးပေးခဲ့ပါသည်။ ယင်း ကြိုးပမ်းအားထုတ်မှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် LIFT သည် ယင်း၏ ဝက်ဘ်ဆိုဒ်အား ထုတ်ဝေမှုများနှင့် အစီရင်ခံစာများကို အလွယ်တကူရယူနိုင်သော ရင်းမြစ်တစ်ခုအဖြစ် ပြောင်းလဲခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် အောက် ဖော်ပြပါများ အပါအဝင် လေ့လာမှုများ၊ သုတေသနစာတမ်းများ၊ အသိပညာ စီမံခန့်ခွဲမှုနှင့် လေ့လာသင်ယူခြင်း ဆိုင်ရာ ထုတ်ဝေမှုများ (၄၀) နီးပါးခန့်ကို LIFT ၏ ဝက်ဆိုဒ် https://www.lift-fund.org/publications တွင် ထုတ်ဝေလွှင့်တင်ခဲ့ပါသည် –

- » မြန်မာနိုင်ငံရှိ နနွင်း တန်ဖိုးမြှင့်ကွင်းဆက်အား ဆန်းစစ်အကဲဖြတ်ခြင်း၊ အစီရင်ခံစာ အကျဉ်းချုပ်
- » ၂၀၁၄–၂၀၁၈ ခုနှစ်အတွင်း LIFT မှ ပံ့ပိုးပေးသည့် ကျေးရွာများတွင် ကြံ့ကြံ့ခံနိုင်စွမ်းအားကောင်းလာခြင်း၊ စုစည်းသုံးသပ် ထားသည့် လေ့လာမှုစာတမ်း
- » ကိုယ်ဝန်ဆောင်မိခင်နှင့် ယင်းတို့မှ မွေးဖွားလာသည့်အသက်(၂)အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အာဟာရဖွံ့ဖြိုးမှုအတွက် အမူအကျင့်ပြောင်းလဲရေး – မြန်မာနိုင်ငံ မူဝါဒနှင့် စီမံကိန်းလုပ်ငန်း တို့အတွက် သင်ခန်းစာများ
- » စပါးအထွက်တိုးနည်းပညာ အခြေခံဖြင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ပုံ နည်းလမ်း
- » ၂၀၁၄–၂၀၁၈ LIFT စီမံချက်များ၏ ဆီလျော် မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု
- » LIFT ၏ အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ COVID–19 ကပ်ရောဂါတုန့်ပြန်ကာကွယ်ရေး လုပ်ငန်းများ
- » LIFT ၏ ၂၀၁၅–၂၀၁၉ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် လေ့လာသင်ယူမှုဆိုင်ရာ မေးခွန်းများ
- » အလွတ်သဘော လုပ်ဆောင်သည့် စီးပွားရေး လုပ်ငန်းများအတွင်းရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာ သူများ အတွက် လူမှုဖူလုံရေး အခွင့်အလမ်းအား တိုးချဲ့ခြင်း၊ မြန်မာနိုင်ငံ ဆိုင်ရာ ဆန်းစစ်လေ့လာမှု
- » နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများ၏ ကျွမ်းကျင်မှုများအား အကဲဖြတ်ဆန်းစစ်သည့် လေ့လာမှု
- » မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါကာလအတွင်း ဆင်းရဲနွမ်းပါးမှု၊ စားနပ်ရိက္ခာမဖူလုံမှုနှင့် လူမှု ကာကွယ်စောင့်ရှောက်ရေး
- » မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါဖြစ်ပွားနေသည့် အခြေအနေ၌ အာဟာရ ဖောင်းပေး လမ်းညွှန်ချက်
- » မသေချာမရေရာမှုများအတွင်းသို့ တိုးဝင်ခြင်း– မြန်မာနိုင်ငံတောင်ပိုင်းရှိ ပြည်တွင်း၊ပြည်ပ ဒုက္ခသည် များ၏ နေရပ်ပြန်သည့် အတွေ့အကြုံများ
- » လုပ်သားဈေးကွက်စစ်တမ်း
- » COVID–19 ကပ်ရောဂါနှင့် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ– အပူပိုင်းဒေသအား လေ့လာဆန်းစစ်ခြင်း




# ၈

## ငွေကုန်ရကျိုးနပ်မှု

# ၈

ငွေကုန်ရကျိုးနပ်မှု

## ငွေကုန်ရကျိုးနပ်မှု

ငွေကုန်ရကျိုးနပ်မှု (Value for Money) သည် LIFT အတွက် အရေးပါသည့် ကဏ္ဍအားလုံးနှင့် အကျိုးဝင်သောကိစ္စရပ်တစ်ခု ဖြစ်ပြီး ကူညီထောက်ပံ့မှု၏ ထိရောက်မှုအား တိုင်းတာရာတွင် အဓိကကျပါသည်။ VfM အား ကျင့်သုံးခြင်းဆိုသည်မှာ LIFT ရင်းနှီးမြှုပ်နှံမှုများ/ စီမံချက်များ၏ သက်ရောက်မှု နှင့် ရလဒ်များကို အကောင်းဆုံး ရရှိစေပြီး အသက်မွေးဝမ်းကျောင်းမှုများ ဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့ကို ခိုင်မာအားကောင်းစေရန် အတွက် ရင်းမြစ်များကို ဖြစ်နိုင်သမျှ အကောင်းဆုံး အသုံးပြုနိုင်အောင် ပြုလုပ်ကာ LIFT ၏ ၂၀၁၉–၂၀၂၃ စီမံကိန်းကာလအတွက် သက်ရောက်မှုအဆင့်ရလဒ် (၃)ခုကို ပံ့ပိုးကူညီပေး ခြင်း ကို ဆိုလိုပါသည်။

» အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်း တိုးတက်ကောင်းမွန်စေခြင်း

» အမျိုးသမီးများမှ ထိန်းချုပ်မှု ပိုမိုရရှိသည့် အိမ်ထောင်စု၏ ဝင်ငွေနှင့် ပိုင်ဆိုင်မှုများ တိုးတက်များပြားလာစေခြင်း

» ထိတ်လန့်တုန်လှုပ်မှုများ၊ ဖိစီးမှုများနှင့် ကျရောက်နိုင်ချေရှိသည့် အန္တရာယ်များကြောင့် အိမ်ထောင်စုများနှင့် တစ်ဦးချင်းစီ၏ အားနည်း ထိခိုက်လွယ်မှုအား လျော့ကျစေခြင်း

၂၀၁၉–၂၀၂၃ ခုနှစ် စီမံကိန်း သက်တမ်းကာလတွင် LIFT သည် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် စီမံချက်၏ ရလဒ်များအား အစီရင်ခံတင်ပြခြင်းတို့တွင် VFM ဆန်းစစ် အကဲဖြတ်မှုများအား အသုံးပြုခြင်းကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ရည်ရွယ်ထား ပါသည်။ VfM အား LIFT ၏ မတူညီသည့် အဆင့်များအားလုံးတွင် အရေးပါသည်ဟု ယူဆထားသော်လည်း အဓိက ဦးစားပေး အာရုံစိုက်မှုမှာ အောက်တွင် ဖော်ပြထားသည့် မေးခွန်းများ အပေါ်၌ ဖြစ်ပါသည်–

**LIFT ၏ FMO အဆင့်**

» **လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းများ** – စီမံချက် သက်တမ်းကာလ တလျှောက်လုံးတွင် VFM ဆိုင်ရာ ထည့်သွင်း စဉ်းစားရမည့် အချက်များကို သေချာစွာ ထည့်တွက်စဉ်းစားနိုင်ရန်အတွက် LIFT သည် မည်ကဲ့သို့ ကြိုးပမ်း လုပ်ဆောင်ရပါမည်နည်း။

» **ရလဒ်များ** – လူတစ်ဦးချင်းစီ/ အိမ်ထောင်စုများထံ ရောက်ရှိရန်အတွက် LIFT သည် ငွေပမာဏ မည်မျှ သုံးစွဲရပါမည်နည်း။

» **LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှုဆိုင်ရာ ယန္တရား** – အလှူရှင် အများအပြား ပါဝင်သည့် ရန်ပုံငွေ အဖြစ် ဒီဇိုင်းရေးဆွဲထားရာတွင် ငွေကုန်ရ ကျိုးနပ်မှု ရှိ၊ မရှိ (ဥပမာ– စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံ၊ ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲမှု)

### LIFT ၏ စီမံကိန်းအဆင့်

- **စီမံချက် ရွေးချယ်ခြင်း –** မိတ်ဖက်အဖွဲ့အစည်း၏ စီမံချက် ဒီဇိုင်းပုံစံတွင် VfM အား မည်သည့် အတိုင်းအတာအထိ အလေးအနက်ထား စဉ်းစားဆင်ခြင်သည် ဆိုသည်နှင့် စီမံချက် ရွေးချယ်နေစဉ်အတွင်း ယင်း ထည့်သွင်းစဉ်းစားမှုအား မည်သည့်အတိုင်းအတာအထိ အလေး အနက်ထား စဉ်းစားဆင်ခြင်သည်တို့အား ဆန်းစစ်အကဲဖြတ်ခြင်း
- **လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုများ –** စီမံချက် သက်တမ်း ကာလတလျှောက်လုံးတွင် VfM ဆိုင်ရာ ထည့်သွင်း စဉ်းစားရမည့် အချက်များကို မည်ကဲ့သို့ ထည့်သွင်းစဉ်းစားခဲ့သည်နှင့် စီမံချက်များသည် VfM ဆိုင်ရာ တိုင်းတာမှုများကို မည်ကဲ့သို့ အသုံးပြုသည် ဆိုသည်တို့အား ဆန်းစစ် အကဲဖြတ်ခြင်း
- **ရလဒ်များ –** ရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှုများကို မျှော်မှန်းထားသည့် ရလဒ်များရရှိအောင် မည်သည့် အတိုင်းအတာအထိ အကောင်အထည်ဖော်နိုင်ခဲ့သည်ဆိုသည်အား ဆန်းစစ်အကဲဖြတ်ခြင်း (ဆိုလိုသည်မှာ အကျိုးရလဒ်များ (သို့) ပြန်လည်ရရှိလာသည့် အကျိုးကျေးဇူးကောင်းများ)

၂၀၁၅ ခုနှစ်မှစတင်၍ LIFT သည် စီမံကိန်း၏ စွမ်းဆောင်နိုင်မှုအား တိုင်းတာရာတွင် VfM ဆိုင်ရာ ဆန်းစစ်ချက်ကို ပေါင်းစပ် ထည့်သွင်းခဲ့ပါသည်။ LIFT သည် ယင်း၏ ပြန်လည် ဆန်းသစ်ထားသော MEAL မူဘောင်နှင့် ကိုက်ညီသည့် ပြီးပြည့်စုံသော VfM တိုင်းတာသည့် စံနှုန်းစာရင်းအား ရေးဆွဲ အကောင်အထည်ဖော်ရန်အတွက် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ယင်းချဉ်းကပ်နည်းလမ်းအား LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ၏ M&E စနစ်များအတွင်း၌ VfM အား အရေးပါသည့် အစိတ်အပိုင်း ဖြစ်နေစေခြင်းဖြင့် VfM အချက်အလက်များ ကောက်ယူသည့် လုပ်ငန်းစဉ်တွင် လွယ်ကူစေရန်အတွက် ရည်ရွယ်ပါသည်။ LIFT သည် ယင်း၏ စီမံကိန်း အဖွဲ့များမှ အကောင်အထည်ဖော်သည့် လိုက်လျောညီထွေ ပြုပြင်နိုင်သော စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များတွင် VfM အတွက် မူဝါဒ (၄)ရပ်ဖြစ်သည့် အသုံးအစွဲကျစ်လစ်မှု၊ စွမ်းဆောင်နိုင်မှု၊ ထိရောက်မှုနှင့် သာတူညီမျှရှိမှု အား ထည့်သွင်းထားပါသည် –

**အသုံးအစွဲကျစ်လစ်မှု** သည် သွင်းအားစုများအား မှန်ကန်သည့် အရေအတွက်ကို မှန်ကန်သည့် ဈေးနှုန်းဖြင့် ဝယ်ယူခဲ့သည့် အတိုင်းအတာအား ဆန်းစစ် အကဲဖြတ်ပါသည်။ စီမံချက်တစ်ခုချင်းစီ၏ ဘတ်ဂျက်သည် တိကျမှန်ကန်မှု ရှိမရှိနှင့် အဆိုပြုထားသည့် လုပ်ငန်းများ၊ လုပ်ငန်း အစီအစဉ်နှင့် မျှော်မှန်းထားသည့် ရလဒ်နှင့် အကျိုးရလဒ်များနှင့် ဆီလျော်မှု ရှိမရှိတို့အား ပြန်လည် သုံးသပ်ပါသည်။

**စွမ်းဆောင်နိုင်မှု**သည် စီမံကိန်းဆောင်ရွက်ချက်များ၏ ထည့်ဝင်မှုများအား မည်သည့်အချိုးအစားဖြင့် ရလဒ်များနှင့် ကုန်ကျစရိတ်၏ အကျိုး ဖြစ်ထွန်းမှုတို့သို့ ပြောင်းလဲပေးနိုင်သည်ဆိုသည်ကို ထည့်သွင်းစဉ်းစား၍ ရလဒ်များ ရရှိအောင် မည်သို့ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့သည် ဆိုသည်နှင့် အကျိုးခံစားခွင့်ရှိသူများထံ မည်သို့ ကောင်းမွန်စွာ လွှဲပြောင်းပေးနိုင်ခဲ့သည် ဆိုသည်တို့အား ဆန်းစစ် အကဲဖြတ်ပါသည်။

**ထိရောက်မှု**သည် ရလဒ်များအား အကျိုးရလဒ်များ၊ သက်ရောက်မှုများနှင့် ကုန်ကျစရိတ်၏ ထိရောက်မှုတို့အဖြစ် ပြောင်းလဲနိုင်သည့် အချိုးအစား ကို ထည့်သွင်း စဉ်းစား၍ လုပ်ငန်း၏ အရည်အသွေးနှင့် ရလဒ်များအား မည်ကဲ့သို့ ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည် ဆိုသည်နှင့် ရေရှည် တည်တံ့ခိုင်မြဲ အောင် ထိန်းထားနိုင်သည် ဆိုသည်တို့အား ဆန်းစစ် အကဲဖြတ်ပါသည်။

**သာတူညီမျှရှိမှု**သည် LIFT ၏ ရင်းနှီးမြှုပ်နှံမှု ရလဒ်များအား အကျိုးခံစားခွင့်ရှိသူအားလုံး – ကျား၊ မ ရေးရာ၊ ဒေသ၊ ချမ်းသာကြွယ်ဝမှုအပေါ် ခွဲခြားထားသည့် အုပ်စု (၅)စု၊ မျိုးနွယ်အုပ်စု စသည်တို့အတွက် သာတူညီမျှ ခွဲဝေ ဖြန့်ဖြူးပေးသည့် အတိုင်းအတာအား တိုင်းတာပါသည်။





ငွေကုန်ရကျိုးနပ်မှုအား အရေအတွက်အရ သာမက အရည်အသွေးအရပါ တိုင်းတာပါသည်။

| VfM အခြေခံအကြောင်း | VfM တိုင်းတာသည့်စနစ် | အကြောင်းအရာ |
|---|---|---|
| **စီမံကိန်းရေးဆွဲခြင်း** | အဆိုပြုထားသည့် စီမံကိန်း ဆောင်ရွက်ချက်များ အစီအစဉ် ရေးဆွဲခြင်းနှင့် လုပ်ငန်း ကိစ္စရပ်၏ ငွေကုန်ရကျိုးနပ်မှုအား ဆန်းစစ်ခြင်း | အဆိုပြုထားသည် စီမံကိန်း ဆောင်ရွက်ချက်များနှင့် အခြားနည်းလမ်းဖြင့် ဆောင်ရွက်မည် ဖြစ်သော စီမံကိန်း ဆောင်ရွက်ချက်များ၏ ငွေကုန်ရကျိုးနပ်မှု အား ဆန်းစစ်ခြင်း – စီမံကိန်း ရေးဆွဲသည့် အဆင့် |
| **အသုံးအစွဲကျစ်လစ်မှု** | စုစုပေါင်း စီမံကိန်းမှ အသုံးပြုသည့် ကုန်ကျ စရိတ်နှင့် စီမံခန့်ခွဲမှုနှင့် အထွေထွေ ကုန်ကျစရိတ်တို့၏ % | စုစုပေါင်း စီမံခန့်ခွဲမှု/ အထွေထွေ ကုန်ကျစရိတ်နှင့် စုစုပေါင်း စီမံကိန်း ကုန်ကျစရိတ်တို့အား နှိုင်းယှဉ် တွက်ချက်ခြင်း – ကမ္ဘာ့အဆင့်နှင့် နိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ရုံး အဆင့် |
| **အသုံးအစွဲကျစ်လစ်မှု** | ကုန်ကျစရိတ် ဖြစ်ပေါ်စေသည့် တိုက်ရိုက် အကြောင်းအရင်းများကို ဆန်းစစ်ခြင်း | ကုန်ကျစရိတ်များကို ဖြစ်ပေါ်စေသည့် အဓိက အကြောင်းရင်း များကို ရှာဖွေ ဖော်ထုတ်ခြင်း/ အရေအတွက်အား တိုင်းတာခြင်း၊ ထိန်းချုပ်ထားသည့် ကုန်ကျစရိတ်များအား အနီးကပ် စောင့်ကြည့် စစ်ဆေးခြင်း |
| **စွမ်းဆောင်နိုင်မှု** | ရလဒ်များနှင့် ရည်မှန်းချက်များအား ညွှန်းကိန်းများ နှိုင်းယှဉ်ခြင်း | ညွှန်းကိန်းဖြင့် ပြီးစီးအောင်မြင်ခဲ့သည့် ရလဒ်များနှင့် ရည်မှန်းချက်များအား နှိုင်းယှဉ် တွက်ချက်ခြင်း နှင့် လားရာ တွက်ချက်ခြင်း |
| **စွမ်းဆောင်နိုင်မှု** | ညွှန်းကိန်းဖြင့် အသုံးစရိတ်နှင့် ဘတ်ဂျက်အား နှိုင်းယှဉ်ခြင်း | ညွှန်းကိန်းဖြင့် အသုံးစရိတ်နှင့် ဘတ်ဂျက်အား နှိုင်းယှဉ် တွက်ချက်ခြင်းနှင့် လားရာအား တွက်ချက်ခြင်း |
| **စွမ်းဆောင်နိုင်မှု** | တစ်ခုချင်းစီ၏ ကုန်ကျစရိတ်အား ဆန်းစစ်ခြင်း | အဓိက အကျိုးရလဒ် တစ်ခုချင်းစီအတွက် ကုန်ကျစရိတ်၊ အချိန်/ နေရာ ဒေသအလိုက် နှိုင်းယှဉ်ခြင်းမှ စီမံကိန်း ရေးဆွဲ ခြင်းအား ခိုင်မာအားကောင်းစေခြင်း၊ မိတ်ဖက် အဖွဲ့အစည်း နှင့် စေ့စပ်ဆွေးနွေးခြင်း |
| **စွမ်းဆောင်နိုင်မှု** | ညွှန်းကိန်းအလိုက် ကုန်ကျစရိတ်နှင့် စွမ်းဆောင်နိုင်မှု အချိုး (CPR) | ပြီးစီးအောင်မြင်မှု အချိုးနှင့် အသုံးစရိတ် အချိုး တို့အား နှိုင်းယှဉ် တွက်ချက်ခြင်း၊ ရလဒ်၏ စွမ်းဆောင်နိုင်မှုကို ဆုံးဖြတ် ခြင်း |
| **ထိရောက်မှု** | အကျိုးရလဒ်အဆင့် (CPR) | အကျိုးရလဒ်များ၏ ကုန်ကျစရိတ်နှင့် ရလဒ် အချိုးအား တွက်ချက်ခြင်း |
| **ထိရောက်မှု** | ပြောင်းလဲစေနိုင်သည့် အကျိုးကျေးဇူးများ နှင့် ရေရှည် တည်တံ့ခိုင်မြဲမှု တို့အား ဆန်းစစ်ခြင်း | ထည့်သွင်းတွက်ချက်ခြင်းမရှိသည့် ရလဒ်များဖြင့် ဆုံးရှုံး/ ရရှိခဲ့သည့် တန်ဖိုးအား တွက်ချက်ခြင်း၊ ထပ်မံ၍ ရင်းနှီးမြှုပ်နှံခြင်း၏ အကျိုးကျေးဇူး များအား တွက်ချက်ခြင်း |
| **သာတူညီမျှမှု** | အကျိုးခံစားခွင့်ရှိသူများ၏ သာတူညီမျှမှု အား ဆန်းစစ်ခြင်း | ကျား–မရေးရာ (အနိမ့်ဆုံး)၊ အသက်၊ လူမှုရေးအရ သတ်မှတ် ထားသူများ၊ နေရာဒေသ စသည်တို့ဖြင့် ခွဲခြား ထားသည့် အကျိုးခံစားခွင့်ရှိသူများ |

*ဇယား ၈.၁ – ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ ဖြေဆိုရမည့် မေးခွန်းများ၏ ဇယား*

### စီမံကိန်းအဆင့် ငွေကုန်ရကျိုးနပ်မှု

စီမံကိန်းဒီဇိုင်းပုံစံသည် အဆိုပြုလွှာများနှင့် အယူအဆ တင်ပြချက်များအား ဖိတ်ခေါ်မှုဖြင့် ရေးဆွဲ အကောင်အထည်ဖော်ခြင်းမှ စတင်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်သည် မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်သည့် ဖိတ်ခေါ်ခြင်းမှတဆင့် ပွင့်လင်း မြင်သာမှု ရှိပြီး တင်ဒါစနစ်ဖြင့် ဈေးပြိုင် ကမ်းလှမ်းခြင်းအား ခွင့်ပြုပေးပါသည်။ ဖိတ်ခေါ်မှုများတွင် စီမံချက် အကောင်ထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း ငွေကုန်ရ ကျိုးနပ်မှု ဆိုင်ရာ (VfM) ဆန်းစစ် အကဲဖြတ်မှု ပြုလုပ်နိုင်ရန်အတွက် ပြောင်းလဲခြင်းဆိုင်ရာ သီအိုရီနှင့် ချိတ်ဆက်နေသည့် ဘတ်ဂျက်များအား တင်ပြရန် တောင်းဆိုပါသည်။ ဖိတ်ခေါ်သည့် စာရွက်စာတမ်းများတွင် VfM ဆိုင်ရာ လမ်းညွှန်ချက်များအား နောက်ဆက်တွဲအနေဖြင့် ထည့်သွင်းထားပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် အဆိုပြုလွှာ စာရွက်စာတမ်းများ ပြင်ဆင်ရာတွင် လိုက်နာရမည့် စံသတ်မှတ်ချက် ဖြစ်ပါသည်။

အနိမ့်ဆုံးအနေဖြင့် လမ်းညွှန်ချက်များသည် စီမံချက် တစ်ခုလုံးအပြင် သီးသန့် အစိတ်အပိုင်းများတွင် ရင်းနှီးမြှုပ်နှံမှု အပေါ်မှ ပြန်လည်ရရှိသည်တို့အား ခြုံငုံတင်ပြရန် လိုအပ်ပါသည်။ အကျိုးအမြတ်များအား ငွေကြေးဖြင့် တိုင်းတာ၍ မရသည့်အခါ ငွေကြေးဆိုင်ရာ ဆန်းစစ် အကဲဖြတ်ခြင်း (သို့) သက်ရောက်မှု ဆန်းစစ်ခြင်း ကိုလည်း ပြုလုပ်နိုင်ပါသည်။ အဆိုပြုလွှာတွင် အခြား ချဉ်းကပ် နည်းလမ်းများ တင်ပြရန်နှင့် အဆိုပြုသည့် ချဉ်းကပ်နည်းလမ်းအား ရွေးချယ်ရခြင်းအကြောင်းရင်းကို အကျိုးသင့် အကြောင်းသင့် ရှင်းပြရန်လည်း လိုအပ်ပါသည်။ လမ်းညွှန်ချက်များအရ စီမံကိန်း ဆောင်ရွက်ချက်၏ ရေရှည်အကျိုးအမြတ်များနှင့် စီမံချက် ဆောင်ရွက်ချက်၏ ရေရှည်တည်တံ့ခိုင်မြဲမှု၊ ပြန်လည်ပုံတူကူး အသုံးချနိုင်မှု၊ စွမ်းဆောင်ရည်တွင် အရွယ်အစားနှင့် ပမာဏ ပြောင်းလဲနိုင်မှုတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ တင်ပြရန် လိုအပ်ပါသည်။

### စီမံချက်အဆင့် ငွေကုန်ရကျိုးနပ်မှု

မိတ်ဖက်အဖွဲ့အစည်းများ အားလုံးသည် VfM၊ ယင်းတို့၏ VfM ချဉ်းကပ်နည်းလမ်းများနှင့် လုပ်ငန်းအစီရင်ခံစာတို့၏ အရေးပါမှုကို နားလည် သဘောပေါက်ရမည် ဖြစ်ပါသည်။ VfM ဆန်းစစ်မှုအား ဆောင်ရွက်ဆဲ စီမံချက် စီမံခန့်ခွဲမှုနှင့် အစီရင်ခံတင်ပြခြင်းတို့အတွက် အသုံးပြုပါသည်။ အောက်ဖော်ပြပါ အခန်းခွဲများတွင် စီမံချက်နှင့် စီမံကိန်းဆိုင်ရာ စွမ်းဆောင်နိုင်မှုအား ခိုင်မာအားကောင်းစေရန်အတွက် LIFT ၏ လုပ်ငန်းစဉ်တွင် VfM အား မည်သို့ ပေါင်းစပ်ထားသည်ကို ဖော်ပြထားပါသည်။

**စီမံကိန်းဒီဇိုင်းနှင့် အကဲဖြတ်သုံးသပ်သည့် အဆင့်များတွင် ပါဝင်သည့် ငွေကုန်ရကျိုးနပ်မှု**
မကြာသေးမီနှစ်များအတွင်း၌ စီမံချက် ဒီဇိုင်းပုံစံအဆင့်တွင် VfM ဆိုင်ရာ စဉ်းစား ဆင်ခြင်မှုများ တိုးတက်များပြားလာပါသည်။ အဆိုပြုလွှာ များအတွက် မည်သည့်အဖွဲ့အစည်းမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်သည့် တင်ဒါစနစ်ဖြင့် ဈေးပြိုင်ကမ်းလှမ်းခြင်းမှတဆင့် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးမည့် မိတ်ဖက်အဖွဲ့အစည်းများအား ရွေးချယ်ပါသည်။ VfM တိုင်းတာသည့် စနစ်တစ်ခုတည်းနှင့်သာ တိုက်ရိုက် ဆက်နွယ်မှု မရှိသော်လည်း အဆိုပြုလွှာများအတွက် မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ပြီး၊ ယှဉ်ပြိုင်မှုနှင့် ထိရောက်မှုရှိသော အကောင်အထည် ဖော်ဆောင်ရွက်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်မှတဆင့် FMO ၏ ဆန်းစစ် အကဲဖြတ်မှုနှင့် ကြီးကြပ်မှုသည် ခိုင်မာသည့် စီမံကိန်း ဒီဇိုင်းပုံစံနှင့် ရန်ပုံငွေ ပံ့ပိုးပေးမှုအရ တွက်ချေကိုက်မှုကို ပံ့ပိုးပေးပါသည်။ အဆိုပြုလွှာ ဖိတ်ခေါ်မှုများတွင် အဆိုပြုလွှာများ၊ ဘတ်ဂျက်များနှင့် တာဝန်ခံမှု နှင့် သင်ယူမှု အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း (MEAL) အစီအစဉ်များတွင် ငွေကုန်ရကျိုးနပ်မှုအား မည်ကဲ့သို့ ပေါင်းစပ်ထည့်သွင်းရမည်ဆိုသည့် လိုအပ်ချက်များအား ရှင်းလင်းပြတ်သားစွာ သတ်မှတ်ထားပါသည်။ ထို့ကြောင့် တင်ပြခဲ့သည့် အဆိုပြုလွှာများ ဆန်းစစ် အကဲဖြတ်ခြင်းတွင် VfM အား လေးစားလိုက်နာ မှု ရှိမရှိ ကြည့်ရှု စစ်ဆေးသည့် နည်းလမ်းတစ်ရပ်အား ထည့်သွင်းထားပါသည်–

» ဘတ်ဂျက်သည် VfM ဆန်းစစ်အကဲဖြတ်မှု ပြုလုပ်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်နှင့် ပြောင်းလဲမှုဆိုင်ရာ သီအိုရီ/ တိုင်းတာသည့် ဇယား တို့နှင့် လုံလောက်စွာ ချိတ်ဆက်ထားပါသလား။
» မျှော်မှန်းထားသည့် ရလဒ်များကို ဆန်းစစ်ရန်အတွက် စီစဉ်ဆောင်ရွက်ထားသည့် တိုင်းတာရေးစနစ်များသည် လက်တွေ့ကျပြီး ဆီလျော်မှု ရှိပါသလား။
» စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း VfM ဆန်းစစ်အကဲဖြတ်မှုအား ဆက်လက်ဆောင်ရွက်ရန်အတွက် အချက် အလက် ကောက်ယူမည့် အစီအစဉ်များနှင့် တိုင်းတာမည့် စနစ်များသည် လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိပါသလား။
» စီမံကိန်းဆောင်ရွက်ချက်အား ပြန်လည် ပုံတူကူးနိုင်မှုတွင် စွမ်းဆောင်ရည်တွင် အရွယ်အစားနှင့် ပမာဏအား ပြောင်းလဲနိုင်မှုတို့ ရှိပါသလား။
» စီမံချက်သည် ဒေသတွင်းရှိ စီမံကိန်းနှင့် LIFT တခုလုံးအတွက် မည်ကဲ့သို့ တန်ဖိုးများ ထပ်မံ ဖြည့်သွင်း မြှင့်တင်ပေးနိုင်ပါမည်နည်း။
» စီမံချက်အတွက် ကနဦး ကုန်ကျစရိတ်များအတွက် အဓိက ကုန်ကျမည့် အကြောင်းအရာများမှာ မည်သည်တို့ ဖြစ်ပါသနည်း။ အကောင် အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း ယင်းတို့အား မည်ကဲ့သို့ နောက်ဆက်တွဲ အရေးယူဆောင်ရွက်ပါမည်နည်း။

စီမံချက်မှ ရွေးချယ်ထားသော အစိတ်အပိုင်းများအတွက် မျှော်မှန်းထားသည့် စီးပွားရေးအရ အကျိုးအမြတ်များသည် မည်သည်တို့ ဖြစ်ပါသနည်း။ (ဖြစ်နိုင်ပါက ငွေကြေးဖြင့် ဖော်ပြပါ)

ရည်မှန်းချက်ပန်းတိုင်မှာ စီမံချက် စတင် အကောင်အထည်ဖော် ဆောင်ရွက်သည့် အဆင့်နှင့် VfM ခေါင်းစဉ်များနှင့် ပတ်သက်၍ အစီရင်ခံ တင်ပြရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများမှ ပြင်ဆင်မှု ပြုလုပ်ခြင်းတို့ မတိုင်မီအချိန် VfM ၏ အရေးပါမှုနှင့် သက်ဆိုင်သည့် အသိ အမြင်များအား ဖန်တီးပေးရန်အတွက် ဖြစ်ပါသည်။ မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် လေးနက်သည့် VfM အစီရင်ခံစာ များအား တင်ပြ နိုင်ရန်အတွက် စတင်ဆောင်ရွက်သည့် အချိန်တွင် စီမံချက်၏ ဖွဲ့စည်းတည်ဆောက်ပုံအား အစီအစဉ် ချမှတ်ထားရန် အလွန် အရေး ကြီးပါသည်။

ဆန်းစစ်အကဲဖြတ်သည့် အဆင့်တွင် FMO သည် စီမံချက်အတွင်း၌ ဖြစ်နိုင်ချေရှိသော VfM အား ဆန်းစစ်ရန်အတွက် အရေအတွက်နှင့် အရည် အသွေး ဆိုင်ရာ အချက်အလက်များကို အသုံးပြုပြီး LIFT ၏ FMO သည် VfM အား တိုးမြှင့် လုပ်ဆောင်ရာတွင် စီမံချက်ဆိုင်ရာ ပြင်ဆင် ချိန်ညှိမှုများ ပြုလုပ်နိုင်ရန်အတွက် ထောက်ခံအကြံပြုချက်များ ပေးပါသည်။

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း စီမံကိန်းအတွက် VfM ဆိုင်ရာ ဆုံးဖြတ်ရန် မူများမှာ အနည်းငယ်ကွဲလွဲပါသည်။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (FRD) နှင့် လုပ်ကိုင် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအနေဖြင့် LIFT ၏ လစဉ် အစီရင်ခံ တင်ပြရပြီး ယင်းတို့၏ လုပ်ငန်းအပေါ် မူတည်၍ VfM သတင်းအချက်အလက်များ အစီရင်ခံတင်ပြရန် သီးခြားပုံစံတစ်ခု ရှိပါသည်။ FMO သည် ဥပမာအားဖြင့် နေရာဒေသအသစ်များတွင် ရုံးခန်းများ တည်ထောင်သည့် ကုန်ကျစရိတ်များ၊ ရရန်ရှိ ချေးငွေ ဆုံးရှုံးနိုင်ခြေရှိခြင်း (portfolio at risk PAR)၊ လုပ်ငန်း အရရော ငွေကြေးအရပါ ကိုယ်တိုင် ရပ်တည်နိုင်မှု (financial self-sustainability FSS) (သို့) စီမံချက်များမှ အမြင့်ဆုံး အကျိုးရရှိရန် သုံးစွဲခဲ့သည့် ပမာဏကဲ့သို့သော ကဏ္ဍဆိုင်ရာ စံနှုန်းများဖြင့် ရလဒ်များအား ဆန်းစစ်အကဲဖြတ်ပြီး နှိုင်းယှဉ်ပါသည်။

**စီမံကိန်းရလဒ်များ ရရှိအောင် ဆောင်ရွက်သည့် ကာလအတွင်း ငွေကုန်ရကျိုးနပ်မှု**
VfM ဆန်းစစ်မှုအား LIFT စီမံကိန်း တစ်ခုလုံးတွင် ဆောင်ရွက်ဆဲ စီမံကိန်း စီမံခန့်ခွဲမှုနှင့် အစီရင်ခံ တင်ပြခြင်းတို့အတွက် အသုံးပြုပါသည်။ စီမံချက်ရလဒ်များ ရရှိအောင် ဆောင်ရွက်သည့် ကာလအတွင်း လူ့စွမ်းအားအရင်းအမြစ်များနှင့် ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ ကုန်ကျစရိတ် များအား စိစစ်ခြင်းနှင့် ချိန်ညှိခြင်း၊ ခရီးသွားလာစရိတ်များနှင့် အခြား ကုန်ကျစေမည့် အကြောင်းရင်းများအား ကျိုးကြောင်း ညီညွတ်ကြောင်း အထောက်အထားပြခြင်းနှင့် လုံလောက်သည့် ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိန်းချုပ်မှုများ ချမှတ်ထားရှိခြင်းတို့ဖြင့် VfM ၏ ‘အသုံးအစွဲ ကျစ်လစ်မှု’ အစိတ်အပိုင်းအပေါ်၌ အာရုံစိုက်ပါသည်။ ဤချဉ်းကပ်နည်းလမ်းအား LIFT ၏ လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းထားပါသည်။ အသုံးအစွဲ ကျစ်လစ်မှု အား ခိုင်မာအားကောင်းစေသည့် LIFT လုပ်ထုံးလုပ်နည်း၏ အခြားဥပမာများတွင် ဝန်ဆောင် မှုများ၊ အထောက်အပံ့များနှင့် အထောက်အကူပြု ဝန်ထမ်း





များအား မျှဝေသုံးစွဲသည့် အတွက်ကြောင့် ကုန်ကျစရိတ် သိသိသာသာ လျော့ကျသည့် ရလဒ်ကို ရရှိစေသည့်အပြင် ဆောင်ရွက်နေသော စီမံကိန်း များနှင့် ရုံးခန်းနေရာများအတူ ငှားရမ်းခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ မိတ်ဖက်အဖွဲ့အစည်း အများအပြားသည် LIFT ၏ ၂၀၂၀ ခုနှစ်အတွက် အစီရင်ခံ တင်ပြသည့် ၎င်းတို့၏ အစီရင်ခံစာတွင် VfM နှင့် ဆက်နွယ်နေသည့် အောက်ပါခေါင်းစဉ်များကို အစီရင်ခံထားပါသည် –

» ဘတ်ဂျက်နှင့် အသုံးစရိတ်နှိုင်းယှဉ်တင်ပြမှု
» တိုက်ရိုက်ကုန်ကျစရိတ်နှင့် သွယ်ဝိုက်ကုန်ကျစရိတ်တို့အား နှိုင်းယှဉ်တင်ပြမှု
» ကုန်ကျစရိတ်နှင့် စွမ်းဆောင်နိုင်မှုအချိုး (CPR)

အချို့သော မိတ်ဖက်အဖွဲ့အစည်းများသည် အဆိုပါ ခေါင်းစဉ်များ သာမက အကျိုးရလဒ် တစ်ခုချင်းစီအတွက် ကုန်ကျစရိတ် (သို့) တစ်ခုချင်းစီ၏ ကုန်ကျစရိတ် ဆန်းစစ်မှု ကိုလည်း တင်ပြခဲ့ပါသည်။ ဥပမာအားဖြင့် CDN–ZOA သည် စီမံချက် စတင်သည့်အဆင့်၌ ခန့်မှန်းထားခဲ့သည့် ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်၍ အကျိုးရလဒ် ညွှန်းကိန်း တစ်ခုချင်းစီအတွက် ရောက်ရှိခဲ့သော အိမ်ထောင်စုတစ်ခုချင်းစီ အတွက် ကုန်ကျစရိတ်နှင့် တစ်ဦးချင်းစီအတွက် ကုန်ကျစရိတ်တို့ကို အစီရင်ခံ တင်ပြခဲ့ပါသည်။ ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးလက်နေ နွမ်းပါးသူများ၏ ဝင်ငွေတိုးရေးနှင့် အာဟာရဆိုင်ရာ ရလဒ်များ ကောင်းမွန်စေရေးစီမံချက် တစ်ခုလုံးအတွက် ကုန်ကျစရိတ်နှင့် စွမ်းဆောင်နိုင်မှုအချိုး (CPR) (၁:၁၈) ရှိသည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ Save the children သည် တက်လမ်း Plus စီမံချက်အတွက် ၎င်းတို့၏ ၂၀၂၀ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၏ VFM ဆိုင်ရာ နောက်ဆက်တွဲတွင် အကျိုးရလဒ် ညွှန်းကိန်း တစ်ခုချင်းစီအတွက် ကုန်ကျစရိတ် ဆန်းစစ်မှုကို ထည့်သွင်းခဲ့ပါသည်။ ဥပမာ– ငွေကြေးဆိုင်ရာ ပညာပေး သင်တန်း အတွက် တက်ရောက်သူ တစ်ဦးချင်းစီ၏ ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ (၃၉) ဒေါ်လာဖြစ်ပြီး အကျိုး ရှိသည့် ထောက်ပံ့မှုနှင့် BSD သင်တန်းတစ်ခုချင်းစီအတွက် ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ (၆၈၆)ဒေါ်လာ ဖြစ်ကာ မိခင်၏ တကိုယ်ရေ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် မီးဖွားခြင်းနှင့် ကလေးနှင့် သက်ဆိုင်သည့် အသုံးအဆောင်ပစ္စည်း တစ်စုံအတွက် ကန်ဒေါ်လာ (၅.၇၀) ကုန်ကျခဲ့ပါသည်။ Eden ၏ မသန်စွမ်း သက်ငယ်များ ပြုစုရာ ရိပ်မြုံ (ECDC) သည် စီမံချက် ကုန်ကျစရိတ်၏ ထိရောက်မှုအား ဖော်ပြသည့် ရလဒ်တစ်ခုချင်းစီအတွက် ကုန်ကျစရိတ်ကို ကိန်းဂဏန်းများဖြင့် အသေးစိတ် ခွဲခြမ်း စိတ်ဖြာ တင်ပြခဲ့ပါသည်။ ဥပမာအားဖြင့် မသန်စွမ်းဆိုင်ရာ ပညာပေးသည့် သင်တန်းအတွက် ပါဝင်တက်ရောက်သူ တစ်ဦးချင်းစီ၏ ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ (၂.၈) ဖြစ်ခဲ့ပြီး အချင်းချင်း ရိုင်းပင်းကူညီသည့်အုပ်စု များအား စွမ်းဆောင်ရည် တည်ဆောက်ခြင်းအတွက် ပါဝင်တက်ရောက်ခဲ့သူ တစ်ဦးချင်းစီ၏ ကုန်ကျ စရိတ်မှာ ကန်ဒေါ်လာ (၇.၁၀) ဖြစ်ခဲ့ ပါသည်။

၂၀၂၀ ခုနှစ်တွင် Mercy Corps သည် VfM ဆိုင်ရာ ရှုထောင့်များ အထူးသဖြင့် အဆင့်မြင့် ရလဒ်များနှင့် ရည်မှန်းချက် ညွှန်းကိန်းများအား တိုင်းတာခဲ့ပြီး VFM အစိတ်အပိုင်း၏ ‘စွမ်းဆောင်နိုင်မှု’နှင့် ‘ထိရောက်မှု’တို့အတွက် သတင်းအချက်အလက်များ ပေးရန် အသုံးပြုခဲ့သည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန်စပါးတန်ဖိုး ကွင်းဆက်ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များအား ဆန်းစစ်မှု ပါဝင်သည့် လပွတ္တာအား ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း စီမံချက်၏ စီမံကိန်း ပြီးဆုံးချိန်၌ ကောက်ယူသည့် စစ်တမ်းအား ပြုလုပ်ခဲ့ပါသည်။ Mercy Corps သည် ဆန်စပါး တန်ဖိုးမြှင့် ကွင်းဆက်လုပ်ငန်း၏ စီးပွားရေးအရ ပြန်လည် ရရှိသည်များကို တင်ပြသည့် ဖြစ်ရပ် လေ့လာမှုတစ်ခု နှင့် TVET စီမံကိန်း လုပ်ဆောင်ချက်များမှ အလားအလာရှိသည့် အကျိုးသက်ရောက်မှုများအပေါ် ဆန်းစစ်အကဲဖြတ်မှု တစ်ခုကိုလည်း တင်ပြခဲ့ပါသည်။

၂၀၂၀ ခုနှစ်တွင် LIFT သည် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မည်သည့် စီမံချက်အဆင့် VfM ဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှု အပြည့်အစုံအား ပြုလုပ်ခဲ့ခြင်း မရှိခဲ့ပါ။ သို့သော်လည်း VfM ဆိုင်ရာ တာဝန်ရှိသူများ သည် LIFT စီမံချက်များ၏ ၂၀% ကို ကိုယ်စားပြုသည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများအား နမူနာအနေဖြင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ နမူနာ အရေအတွက် ရယူရာတွင် VfM ဆိုင်ရာ အစီရင်ခံ တင်ပြခြင်းအပေါ် သက်ရောက်မှု ရှိမည်ဖြစ်သော LIFT ထံ ယခင်က အစီရင်ခံတင်ပြခဲ့သည့် VfM အဆင့်အတန်း သတ်မှတ်ချက်၊ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အဆင့်၊ အကြောင်းအရာအလိုက် နယ်ပယ်၊ မြေမျက်နှာ သွင်ပြင်ဆိုင်ရာဒေသ၊ နှင့် စီမံချက်နှင့် သက်ဆိုင်သည့် သီးသန့်အခြေအနေတို့ အပါအဝင် သတ်မှတ်ထားသည့် ဆုံးဖြတ်ရန်မူများအပေါ် အခြေခံ၍ ရွေးချယ်ခဲ့ပါသည်။ အဆိုပါ တွေ့ဆုံမေးမြန်းမှုများအရ မိတ်ဖက် အဖွဲ့အစည်းအားလုံးသည် ၎င်းတို့၏ စီမံချက် အဆိုပြုလွှာနှင့် ဒီဇိုင်းပုံစံ ရေးဆွဲသည့် အဆင့်တို့၌ VfM ဆိုင်ရာ စဉ်းစားဆင်ခြင်ခြင်းများကို ထည့်သွင်းခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ ဖြေဆိုသည့် အဖွဲ့အစည်း အားလုံးသည် ၎င်းတို့၏ စွမ်းဆောင်နိုင်မှုနှင့် အသုံးစရိတ် ဆိုင်ရာ အချက်အလက်များကို မျက်ခြေ မပြတ်စောင့်ကြည့်သည်ဟုလည်း အစီရင်ခံ တင်ပြခဲ့သဖြင့် VfM ဆိုင်ရာ ဆန်းစစ်မှုများအတွက် အချက်အလက်များမှ အထောက်အကူ ပေးသည်မှာ သဘောတရား  အရ ဖြစ်နိုင်ချေရှိ သည်ဟု အဓိပ္ပါယ်ရပါသည်။ တုံ့ပြန် ဖြေကြားသည့် မိတ်ဖက်အဖွဲ့အစည်း များ၏ ၉၀% သည် VfM ဆိုင်ရာ ဆန်းစစ်မှုများအား သုံးလပါတ်နှင့် (၆)လပတ် အစည်းအဝေးများနှင့် နှစ်ပတ်လည် အစီရင်ခံစာအတွက် ပြင်ဆင်သည့် အချိန်များတွင် အလွတ်သဘော ပြုလုပ်ခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ ပါသည်။ စီမံချက်မှ ရလဒ်များ ရရှိအောင် ဆောင်ရွက်နေသည့် ကာလတွင် VfM အား ထည့်သွင်းစဉ်းစားသည့် အဆိုပါ မိတ်ဖက် အဖွဲ့အစည်းများသည် ဝယ်ယူရေး ဆိုင်ရာ မူဝါဒများနှင့် ကုန်ကျစရိတ်ဖြစ်ပေါ်စေသည့် အကြောင်းအရာများအား ဆန်းစစ်ခြင်းအပေါ်၌ အာရုံစိုက် ပါသည်။ သို့သော် တွေ့ဆုံမေးမြန်းမှုများမှ ပေါ်ထွက်လာသည့် တူညီသည့် အကြောင်းခြင်းရာတစ်ခုမှာ VfM ၏ အစိတ်အပိုင်း (၄)ခု (အသုံးအစွဲကျစ်လစ်မှု၊ စွမ်းဆောင်နိုင်မှု၊ ထိရောက်မှုနှင့် သာတူညီမျှရှိမှု) အနက် အသုံးအစွဲကျစ်လစ်မှု တစ်ခုကိုသာ မိတ်ဖက်အဖွဲ့အစည်းများမှ လက်ရှိ အချိန်တွင် ကောင်းမွန်စွာ နားလည်သဘောပေါက်ခြင်းဖြစ်ပြီး ပုံမှန်အစီရင်ခံတင်ပြနေခြင်း ဖြစ်ပါသည်။ ယင်းအချက်အား LIFT ထံ အစီရင်ခံ တင်ပြသည့် အစီရင်ခံစာများအား သုံးသပ်ခြင်းမှတဆင့် အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း စီမံကိန်းမှ တွေ့ဆုံမေးမြန်းခဲ့သည့် မိတ်ဖက်အဖွဲ့အစည်း တစ်ဖွဲ့သာလျှင် မည်သည့် စီမံချက်နှင့်မျှ အပြန်အလှန် VfM ဆိုင်ရာ ဆန်းစစ်မှုအား (လုပ်ဆောင်ခြင်း (သို့) စီစဉ်ထားခြင်း) မရှိပါဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများမှ VfM

အစိတ်အပိုင်းများ၏ အပြည့်အစုံအား ကွဲကွဲပြားပြား နားလည်သဘောပေါက်မှု မရှိခြင်းနှင့် VfM ဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှုများနှင့် စောင့်ကြည့် စစ်ဆေးခြင်းတို့အတွက် နည်းပညာ ဆိုင်ရာ အကူအညီ ပိုမိုလိုအပ်လျက်ရှိသည် ဆိုသည်တို့အား မှတ်ချက် ပြုခဲ့ပါသည်။

| | အတိုင်းအတာ/ တိုင်းတာသည့်စနစ် | ၂၀၂၀ ခုနှစ် ပြီးစီးအောင်မြင်မှု | အသေးစိတ် အချက်အလက်များ/ဥပမာများ |
|---|---|---|---|
| **ဒီဇိုင်းပုံစံ** | အဆိုပြုလွှာ/ ဒီဇိုင်းပုံစံ အဆင့်တွင် VfM စဉ်းစား ဆင်ခြင်မှုများဖြင့် ကြိုတင် စီမံထားသော စီမံချက် များ၏ % | ၁၀၀% | (LIFT ၏ စီမံချက် ရွေးချယ်သည့် လုပ်ငန်းစဉ်ရှိ လိုအပ်ချက်) |
| **စတင်သည့်အဆင့်/ ရလဒ်များ ရရှိအောင် ဆောင်ရွက် သည့် အဆင့်** | VfM ဆန်းစစ် အကဲဖြတ်မှုအား ဆောင်ရွက်သည့် စီမံချက်များ၏ % | ၈၃% | VfM ဆန်းစစ် အကဲဖြတ်မှုများ/ ဆန်းစစ်မှု များ အား ပုံမှန်စီမံချက် စောင့်ကြည့် စစ်ဆေးခြင်း၏ တစ်စိတ်တစ်ဒေသ အဖြစ် သုံးလပါတ်နှင့် ခြောက်လပါတ် စီမံချက် ပြန်လည် သုံးသပ်သည့် အစည်းအဝေးများနှင့် နှစ်ပတ်လည် အစီရင်ခံစာ ပြင်ဆင် သည့် ကာလအတွင်းတို့၌ အလွတ်သဘော လုပ်ဆောင်ခဲ့ပါသည်။ စီမံချက် ကာလ အတွင်း IP (၉)ဖွဲ့မှ VfM ဆန်းစစ်မှု/ ဆန်းစစ် အကဲဖြတ်မှု စုစုပေါင်း (၁၇)ခုအား အစီရင်ခံ တင်ပြခဲ့ပါသည်။ အဆိုပါ ဆန်းစစ်မှု များသည် အဖွဲ့အစည်းအတွင်း ပုံမှန် ဆန်းစစ်မှုနှင့် ပြင်ပအတိုင်ပင်ခံများ၏ VfM ဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှုတို့ဖြင့် ကွဲပြား ခြားနားပါသည်။ |
| | စီမံချက် အချင်းချင်း အပြန်အလှန် VfM ဆန်းစစ် အကဲဖြတ်မှုများအား ဆောင်ရွက်ခဲ့ သည့် စီမံချက်များ၏ % | မရှိပါ | |
| **ရလဒ်များ ရရှိအောင် ဆောင်ရွက်သည့်အဆင့်** | အသုံးစရိတ်များနှင့် စွမ်းဆောင်မှု ဆိုင်ရာ အချက်အလက်များအား မျက်ခြည်မပြတ် စောင့် ကြည့် သည့် စီမံချက်များ ၏ % | ၁၀၀% | IP များသည် လုပ်ငန်းတစ်ခုချင်းစီ၏ စွမ်းဆောင် နိုင်မှုကို ပြန်လည် သုံးသပ်ရန် အတွက် MEAL အစီအစဉ်နှင့် ယင်း၏ ညွှန်းကိန်းများကို လက်ရှိ စောင့်ကြည့် စစ်ဆေးသည့် အနေဖြင့် အသုံးပြု ပါသည်။ စီမံချက်၏ ထိရောက်မှုအား သိရှိနိုင်ရန် အတွက် စီမံချက်ကာလလယ်နှင့် စီမံချက် ပြီးဆုံးချိန် ပြုလုပ်သည့် စစ်တမ်းများ၌ အဆင့်မြင့် ညွှန်းကိန်းများဖြင့် တိုင်းတာပါသည်။<br>IP များအားလုံးသည် (လစဉ် ပြန်လည် သုံးသပ်သည့်) ၎င်းတို့၏ ဘတ်ဂျက် ခေါင်းစဉ် များ အလိုက် အသုံးစရိတ် များအား ခြေရာခံ ခြင်းဖြင့် LIFT ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများအား လိုက်နာ ဆောင်ရွက် ပါသည်။ |

*ဇယား ၈.၂ – ဒီဇိုင်းပုံစံမှ ရလဒ်များ ရရှိအောင် ဆောင်ရွက်သည့် အဆင့်အထိ ငွေကုန်ရကျိုးနပ်မှု (နမူနာအဖြစ် ရယူထားသော အဖွဲ့အစည်းများ)*

**စီမံချက်၏ ကုန်ကျစရိတ်နှင့် စွမ်းဆောင်နိုင်မှု အချိုးများ (CPR)**

LIFT သည် လိုက်လျောညီထွေဖြစ်ရန် ဆောင်ရွက်နိုင်သည့် စီမံခန့်ခွဲမှုအား ကျင့်သုံးရန်အတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရှာဖွေ ဖော်ထုတ်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုနှင့် ကုန်ကျစရိတ် ဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို စစ်ဆေးရန် CPR တွက်ချက်မှုများအား အသုံးပြုပါသည်။ CPR တွက်ချက်မှုသည် စီမံချက်လုပ်ငန်း၏ စွမ်းဆောင်ရည် ဆိုလိုသည်မှာ ရလဒ်အား စီမံချက် ဘတ်ဂျက်နှင့် MEAL အစီအစဉ်များဖြင့် နှိုင်းယှဉ်ခြင်းဖြင့် ရန်ပုံငွေများအား ရလဒ်များအဖြစ်သို့ မည်ကဲ့သို့ ကောင်းမွန်စွာ ပြောင်းလဲသည်ကို စောင့်ကြည့် စစ်ဆေးပါသည်။ CPR သည် အသုံးပြုခဲ့သည့် ဘတ်ဂျက်၏ မည်သည့် ရာခိုင်နှုန်းက အကျိုးခံစားခွင့် ရှိသူအရေအတွက် မည်မျှထံသို့ ရောက်ရှိခဲ့သည်ကို ရှင်းပြပါသည်။ ယေဘူယျအားဖြင့် ရမှတ်သည် ၁ (သို့) ထိုထက်ပိုပါက အပြုသဘောဆောင်သည်ဟု ယူဆနိုင်ပါသည်။ အကယ်၍ ပိုင်းခြေ ကိန်းဂဏန်းသည် (အသုံးပြု ခဲ့သည့် ဘတ်ဂျက် %) များလာပါက ကုန်ကျစရိတ်နှင့် စွမ်းဆောင်နိုင်မှု အချိုး လျော့နည်းကျဆင်းသွားပါသည်။ အကယ်၍ ပိုင်းဝေ ကိန်းဂဏန်းသည်(အမှန်တကယ် ရောက်ရှိခဲ့သည့် /ဦးတည်ရည်ရွယ်သည့် အရေအတွက်) သည် ကုန်ကျစရိတ်နှင့် စွမ်းဆောင်နိုင်မှု အချိုးသည် မြင့်တက်လာမည်။ အောက်တွင် ဖော်ပြထားသည့် ဥပမာများသည် LIFT ၏ စီမံချက် အမျိုးမျိုးမှ တိုက်ရိုက် လုပ်ငန်းဆောင်ရွက်သည့် ကုန်ကျစရိတ်များအား ပြသပါသည်။ ရလဒ် အဆင့်၌ CPR တွက်ချက်ရာတွင် တူညီသည့် ညွှန်းကိန်းများအား တသမတ်တည်းဖြစ်သော အဓိပ္ပါယ်ဖွင့်ဆိုမှုများ နှင့် အသုံးစရိတ်ဆိုင်ရာ အချက်အလက်များနှင့် ကိုက်ညီစွာဖြင့် စီမံချက်များ တလျှောက်လုံးတွင် အသုံးပြုရမည် ဖြစ်ပါသည်။





| ညွှန်းကိန်း | မိတ်ဖက်အဖွဲ့အစည်း | ၂၀၁၉ CPR | ၂၀၂၀ CPR | |
|---|---|---|---|---|
| ၁ | SBCC လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင် တက်ရောက်ခဲ့သည့် ဦးတည်ရည်ရွယ်သော မိခင်များနှင့် အခြား ရွာသူ ရွာသားများ၏ အရေအတွက် | CDN | ၂၀၁၉ VfM အစီရင်ခံစာ တွင် ရရှိ နိုင် ခြင်း မရှိပါ။ | ၁.၁၆ |
| | | Save the Children (Healthy Choice) | စီမံချက်သည် ၂၀၂၀ ခုနှစ် ဇန်နဝါရီလ တွင် စတင်ခဲ့သည့် အတွက် ရရှိ နိုင်ခြင်း မရှိပါ။ | ၀.၉၉ |
| ၂ | ဖောက်လုပ်ခဲ့သည့် မော်တော်ဆိုင်ကယ်လမ်း အရှည် စုစုပေါင်း ကီလိုမီတာ | CDN | ၀.၈၆ | ၀.၉၅ |
| ၃ | ကာကွယ်စောင့်ရှောက်ထားသည့် ရေအရင်းအမြစ်အား အသုံးပြုနေသည့် အိမ်ထောင်စုများ၏ အရေအတွက် | CDN | ၀.၈၇ | ၁.၀၁ |
| ၄ | သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ ထုတ်ကုန်များနှင့် အလေ့အကျင့်များ တိုးတက် ကောင်းမွန်စေခြင်းမှတဆင့် ကုန်ထုတ်စွမ်းအား နှင့် အမြတ် တိုးပွားလာသည့် တောင်သူများ၏ အရေအတွက် | IFDC | ၁.၁ | ၁.၄၄ |
| | | CDN | ၂၀၁၉ ခုနှစ် VfM အစီရင်ခံ စာ တွင် ရရှိ နိုင်ခြင်း မရှိပါ။ | ၂.၁၁ |

*ဇယား ၈.၃ – LIFT ၏ စီမံကိန်းအဆင့် ညွှန်းကိန်းများအတွက် ရွေးချယ်ထားသော မိတ်ဖက် အဖွဲ့အစည်းများ၏ ကုန်ကျစရိတ်နှင့် စွမ်းဆောင်နိုင်မှုအချိုး*

CDN သည် SBCC လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်တက်ရောက်ခဲ့သည့် ဦးတည် ရည်ရွယ်သော မိခင်များနှင့် အခြားရွာသူ ရွာသားများ၏ အရေအတွက်အား CPR တွက်ချက်ရာတွင် ရလဒ်အဆင့်၏ တိုင်းတာမှုဆိုင်ရာ မူဘောင်တွင် မည်သည့် ရည်မှန်းချက်ကိုမျှ ချမှတ်ထားခြင်း မရှိပါ။ ယင်းအစား CPR တွက်ချက်ရန်အတွက် တူညီ သည့် ရလဒ်အောက်ရှိ ဆက်နွယ်နေသည့် ညွှန်းကိန်း (WASH နှင့် ဆက်နွယ်နေသည့် SBCC လှုပ်ရှားဆောင်ရွက်မှု များအတွက်) အတွက် ရည်မှန်းချက်ကို အသုံးပြုခဲ့ပါသည်။

Save the children ၏ Healthy Choice စီမံချက်သည် SBCC လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်တက်ရောက်ခဲ့သည့် ဦးတည်ရည်ရွယ်သော မိခင်များနှင့် အခြား ရွာသူရွာသားများ၏ အရေအတွက် အတွက် တစ်ဦးချင်း ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ (၆၂) ဒေါ်လာဖြစ်ပြီး CPR မှာ (၀.၉၉) ဖြစ်သည်ဟု တင်ပြခဲ့ပါသည်။ ယင်းကုန်ကျစရိတ်တွင် မိခင် များထံ လစဉ် ငွေကြေးထောက်ပံ့မှု၊ ဘဏ်ငွေလွှဲခများ၊ မိုဘိုင်းဝန်ဆောင်မှု ပေးသူများအတွက် ငွေလွှဲပေးပို့ခနှင့် တယ်လီဖုန်းဘီလ် ဖြည့်သွင်းသည့် ကဒ်ပြား ဝယ်ယူသည့် အဖိုးအခများ ပါဝင်ပါသည်။

CDN မှ ဖောက်လုပ်ခဲ့သည့် မော်တော်ဆိုင်ကယ်လမ်းအရှည် စုစုပေါင်း ကီလိုမီတာအတွက် CPR မှာ ၂၀၁၉ ခုနှစ် CPR (၀.၈၆) နှင့် နှိုင်းယှဉ်လျှင် (၀.၉၅) ရှိသည်ဟု ဖော်ပြထားပါသည်။ ယင်းမှာ မော်တော်ဆိုင်ကယ် လမ်းဖောက် လုပ်မှုအတွက် ဘတ်ဂျက်ထပ်မံ ခွင့်ပြုပေးခဲ့သဖြင့် ၂၀၂၀ ခုနှစ်တွင် ဖောက်လုပ်ခဲ့သည့် မော်တော်ဆိုင်ကယ်လမ်း အရှည်မှာ ရည်မှန်းချက်၏ (၅၉%) မှ (၉၃%) အထိ တိုးတက် များပြားလာခြင်းကြောင့် ဖြစ်ပါသည်။ ရပ်ရွာလူထုမှ ထည့်ဝင်မှုများ အများအပြား ရှိသော်လည်း စီမံချက်တွင် အရင်းအနှီး အလိုအပ်ဆုံးသော လုပ်ငန်း အဖြစ် ဆက်လက် တည်ရှိနေပါသည်။ အားရကျေနပ်မှုဆိုင်ရာ စစ်တမ်းအရ လူမှုအသိုက်အဝန်းများအတွက် သိသာ ထင်ရှားသည့် အကျိုးကျေးဇူးများ ရရှိခဲ့ပြီး တန်ဖိုးအထားဆုံးလုပ်ငန်းများ အနက်မှ တစ်ခုအဖြစ် ဆက်လက် တည်ရှိနေပါသည်။

CDN မှ တည်ဆောက်နေသည့် ရေနှင့် သက်ဆိုင်သည့် အခြေခံအဆောက်အဦများအတွက် CPR မှာ စီမံချက်၏ နောက်ဆုံးလများတွင် သိသိ သာသာတိုးတက်ခဲ့ပါသည်။ ရေလက်လှမ်းမီ ရယူနိုင်မှု တိုးတက်ကောင်းမွန်စေရန် အတွက် ပံ့ပိုးကူညီပေးရာတွင် တစ်ဦးချင်းစီအတွက် ကုန်ကျ စရိတ်မှာ ကန်ဒေါ်လာ (၂၀) သာ ရှိပါသည်။ အခြား လုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် ဤလုပ်ငန်းသည် အရင်းအနှီး အလွန်လိုအပ်သည့် လုပ်ငန်း ဖြစ်သော်လည်း ရေ လက်လှမ်းမီ ရယူနိုင်မှ တိုးတက်ကောင်းမွန်စေခြင်းမှာ မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ယင်း၏ အကျိုး ကျေးဇူးအား နှစ်ပေါင်းများစွာ ခံစားနိုင်မည် ဖြစ်ပါသည်။

စီမံချက် ပြီးဆုံးသည့်အချိန်၌ International Fertilizer Development Center (IFDC) သည် စီမံချက် အကျိုး ရလဒ် ဖြစ်သည့် 'သီးနှံ စီမံ ခန့်ခွဲမှုဆိုင်ရာ ထုတ်ကုန်များနှင့် အလေ့အကျင့်များ တိုးတက်ကောင်းမွန်စေခြင်းမှ တဆင့် ကုန်ထုတ်စွမ်းအားနှင့် အမြတ်တိုးပွားသည့် တောင်သူ များ အရေအတွက်' အတွက် CPR (၁.၄၄) ဖြင့် ဦးတည်ရည်ရွယ်သည့် အကျိုးခံစားခွင့်ရှိသူ အရေအတွက်၏ (၁၅၃%) အား ပြီးစီးအောင်မြင်ခဲ့ ပါသည်။ ၂၀၂၀ ခု နှစ်အတွက် စီမံချက်၏ အစိတ်အပိုင်းတစ်ခုချင်းစီအတွက် အမှန်တကယ် ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ (၁၃.၀၃) ဒေါ်လာ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ (၁၃.၁၂) ဒေါ်လာ ရှိခဲ့ပါသည်။

CDN ၏ 'သီးနှံ စီမံခန့်ခွဲမှုဆိုင်ရာ ထုတ်ကုန်များနှင့် အလေ့အကျင့်များ တိုးတက် ကောင်းမွန်စေခြင်းမှတဆင့် ကုန်ထုတ်စွမ်းအားနှင့် အမြတ်တိုးပွားလာသည့် တောင်သူများ၏ အရေအတွက်' အကျိုးရလဒ် အတွက် CPR သည် CDN ၏ သင်တန်း အမျိုးမျိုး ပေါင်းစပ် ပါဝင်သည့် စိုက်ပျိုးရေးသင်တန်း၏ ရလဒ်အပေါ်၌ အခြေခံထားပါသည်။ CPR (၂.၁၁) မှ စရိတ်နည်းသည့် နည်းဟန်ဖြင့် သိသာထင်ရှားသည့် တောင်သူ အရေအတွက်ထံ ရောက်ရှိခြင်း၏ ရလဒ်အနေဖြင့် ကောင်းမွန်သည့် စွမ်းဆောင်နိုင်မှုကို ပြသပါသည်။ ဤသည်အား လက်တွေ့ ထုတ်လုပ်နေ

သည့် အုပ်စုတွင် ပါဝင်သည့် အဖွဲ့ဝင် အိမ်ထောင်စုများ၏ အရေအတွက် (၁.၅)၊ စီမံချက်မှ လေ့ကျင့် သင်ကြားပေးခဲ့သည့် တောင်သူ အရေအတွက် (၂.၃၆)နှင့် အပြန်အလှန် သွားရောက်လေ့လာမှုနှင့် လေ့လာသင်ယူသည့်ပွဲများသို့ တက်ရောက်ခဲ့သည့် တောင်သူများ၏ အရေအတွက် (၁.၇၇) အပါအဝင် မြေဩဇာ ပြုလုပ်သည့် ရလဒ်အမျိုးမျိုးအတွက် CPR များတွင်လည်း တွေ့မြင်နိုင်ပါသည်။ အပြန်အလှန် သွားရောက် လေ့လာသည့် ခရီးစဉ်များသည် ကုန်ကျစရိတ်များပြားသည့် လှုပ်ရှား ဆောင်ရွက်မှု ဖြစ်သော်လည်း မူလဦးတည်ရည်ရွယ်ထားသည့် အရေအတွက်ထက် ပိုမိုများပြားသည့် တောင်သူများ ပါဝင်နိုင်ခဲ့ပြီး အချိုးမှာ အပြုသဘောဆောင်ပါသည်။ အပြန်အလှန် သွားရောက် လေ့လာ သည့် ခရီးစဉ်များသည် တောင်သူများအား စိတ်ပါဝင်စားအောင် ဆွဲဆောင်ရန် ၎င်းတို့အား အလေ့အကျင့်အသစ်များကို လက်ခံ ယုံကြည်ခြင်းဖြင့် ဖော်ထုတ်ရန်နှင့် ၎င်းတို့၏ ဆင့်တူ သက်တူ တောင်သူများနှင့် အတွေ့အကြုံဖလှယ်နိုင်စေရန် တို့အတွက် ဆောင်ရွက် နိုင်ခဲ့ကြောင်းကို ပြသခဲ့ ပါသည်။

**ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှုဆိုင်ရာ စီမံချက်များ၏ ငွေကုန်ရကျိုးနပ်မှု**

LIFT ၏ ငွေကြေးဆိုင်ရာ အားလုံးပါဝင်မှု အတွက် ငွေကုန်ရကျိုးနပ်မှု ဆိုင်ရာ ချဉ်းကပ်နည်းလမ်းသည် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ (MFIs) ၏ စွမ်းဆောင်နိုင်မှုအပေါ် ဗဟိုပြုထားပါသည်။ ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ ဆန်းစစ် အကဲဖြတ်သည့် လုပ်ငန်းစဉ်အား စီမံကိန်း အကောင် အထည်ဖော်နေသည့် တလျှောက်လုံးတွင် စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့ပြီး ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာန (FRD) နှင့် LIFT တို့ထံ MFI များမှ လစဉ်အစီရင်ခံ တင်ပြရာတွင် ထည့်သွင်း တင်ပြရန် လုပ်ဆောင်ခဲ့ပါသည်။ LIFT သည် အောက်တွင် ဖော်ပြထားသည့် VfM မူဝါဒ များနှင့် နှိုင်းယှဉ်၍ MFI များအား ဆန်းစစ် အကဲဖြတ်ပါသည်–

**အသုံးအစွဲကျစ်လစ်မှု**သည် သွင်းအားစုများအား မှန်ကန်သည့် အရေအတွက်အား မှန်ကန်သည့် ဈေးနှုန်းဖြင့် ဝယ်ယူခဲ့သည့် အတိုင်းအတာအား ဆန်းစစ်အကဲဖြတ်ပါသည်။ စီမံချက် တစ်ခုချင်းစီ၏ ဘတ်ဂျက်အား တိကျမှုရှိခြင်းနှင့် အဆိုပြုထားသည့် လုပ်ငန်းများ၊ လုပ်ငန်းအစီအစဉ်နှင့် မျှော်မှန်းထားသည့် ရလဒ်နှင့် အကျိုးရလဒ်များနှင့် ကိုက်ညီမှုတို့အား ပြန်လည် သုံးသပ်ပါသည်။ MFI များ၏ လုပ်ငန်းလည်ပတ်မှုများမှ တူညီ သည့် ဝန်ဆောင်မှုများကို ပေးအပ်သဖြင့် အလွယ်တကူ နှိုင်းယှဉ်နိုင်ခဲ့ပါသည်။ အထူးသဖြင့် လူ့စွမ်းအား အရင်းအမြစ်နှင့် ရုံးခန်းအတွက် ကုန်ကျ စရိတ်များကို စုစုပေါင်း ဘတ်ဂျက်၏ % များဖြင့် အသေးစား ငွေရေးကြေးရေးဆိုင်ရာ စီမံချက်များ အကြား တစ်ခုနှင့်တစ်ခု နှိုင်းယှဉ် ကြည့် ပါသည်။

**ထိရောက်မှု**သည် ရလဒ်များအား အကျိုးရလဒ်များ၊ အကျိုးသက်ရောက်မှုများနှင့် ကုန်ကျစရိတ်၏ ထိရောက်မှု အဖြစ် ပြောင်းလဲနိုင်သည့် အချိုးကို ထည့်သွင်းစဉ်းစား၍ လုပ်ငန်း၏ အရည်အသွေးနှင့် အကျိုးရလဒ်များအား မည်ကဲ့သို့ ကောင်းမွန်စွာ ရရှိအောင် လုပ်ဆောင်သည်နှင့် မည်သို့ ရေရှည်တည်တံ့အောင် လုပ်ဆောင်သည်တို့အား ဆန်းစစ် အကဲဖြတ်ပါသည်။ MFI အဖွဲ့အစည်းတစ်ခု အတွက် ထိရောက်မှုမှ ယင်းအဖွဲ့၏ ရလဒ်၏ အရည်အသွေး နှင့် ယင်းအဖွဲ့၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းတွင် ရေရှည်ရပ်တည်နိုင်မှု တို့အား တိုင်းတာပါသည်။ အဓိက ညွှန်းကိန်းများမှာ ရရန်ချေးငွေ ဆုံးရှုံးနိုင်ခြေ/ မပြေကျန်ငွေ (PAR)၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိုယ်တိုင် ရပ်တည်နိုင်မှုတို့ ဖြစ်ပါသည်။

- » LIFT MFI များ၏ ရရန်ချေးငွေ ဆုံးရှုံးနိုင်ခြေ/ မပြေကျန်ငွေ (PAR) – ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိဘဲ ဆုံးရှုံးနိုင်ခြေရှိသည့် ရက် (၃၀)ကျော်နေသော ကြွေးကျန်နှင့် ချေးငွေ စုစုပေါင်း၏ အချိုးသည် ၂၀၁၉ ခုနှစ်တွင် (၀.၅%) ထက် လျော့ နည်းရာမှ ၂၀၂၀ ခုနှစ်တွင် (၁၀%) ရှိခဲ့သဖြင့် သိသိသာသာဖြင့် တက်လာပါသည်။ ကမ္ဘာတဝှမ်းရှိ အကောင်းဆုံး MFI များ၏ PAR မှာ ၁% မှ ၆% အကြား ရှိကြောင်း ညွှန်ပြနေပါသည်။ MFI များ လုပ်ငန်း ဆောင်ရွက်နေသည့် ပဲခူး၊ ရခိုင်နှင့် ရန်ကုန်တို့တွင် ၂၀၂၀ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ COVID–19 ကပ်ရောဂါ ဆိုင်ရာ ကန့်သတ်ချက်များကြောင့် ချေးငွေပြန်လည် ပေးဆပ်မှုများအား ထိခိုက်စေခဲ့ပါသည်။
- » ၂၀၂၀ ခုနှစ်တွင် LIFT MFI များသည် လုပ်ငန်းလည်ပတ် ဆောင်ရွက်ရာတွင် မိမိဘာသာရပ်တည်နိုင်မှုတွင် ၈၃% ပြီးစီးအောင်မြင်မှု ရရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှစတင်၍ ရရှိခဲ့သော ပြီးစီးအောင်မြင်မှု ၁၀၀% ထက် လျော့နည်းခဲ့ပါသည်။
- » ဘဏ္ဍာရေးအရ မိမိဘာသာ ရပ်တည်နိုင်မှုတွင် ၅၈% ရရှိခဲ့ခြင်းမှ ၂၀၁၉ ခုနှစ်တွင် ပြီးစီးအောင်မြင်ခဲ့သည့် ၉၀% ထက် လျော့ကျ လာခဲ့သည်ကို ညွှန်ပြနေပါသည်။

**သာတူညီမျှမှု**သည် သာတူညီမျှမှု ရှိခြင်းမှ MFI ရင်းနှီးမြှုပ်နှံမှုများ၏ ရလဒ်များအား သာတူညီမျှမှုရှိစွာ ခွဲဝေသည့် အဆင့် အတိုင်းအတာအား တိုင်းတာပါသည်။ ၂၀၂၀ ခုနှစ် နှစ်အကုန်တွင် LIFT ၏ မိတ်ဖက် အဖွဲ့အစည်းများသည် အမျိုးသမီး (၉၀%) ပါဝင်သည့် ဝန်ဆောင်မှု ရယူ အသုံးပြုသူ (၂,၉၁၂,၂၇၁) ဦးထံ အဓိကအားဖြင့် ချေးငွေပုံစံဖြင့် ပေးအပ်ခဲ့ပါသည်။

**ငွေကုန်ရကျိုးနပ်မှုအပေါ် COVID–19 ကပ်ရောဂါ၏ သက်ရောက်မှု**

COVID–19 ကမ္ဘာ့ကပ်ရောဂါနှင့် ယင်းနှင့် ဆက်နွယ်နေသည့် လူစုလူဝေးပြုလုပ်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို ထည့်သွင်းစဉ်းစား၍ မိတ်ဖက် အဖွဲ့အစည်းများသည် ၎င်းတို့၏ ငွေကုန်ရကျိုးနပ်မှု သက်ရောက်မှုများ ရှိခဲ့သဖြင့် စီမံချက်အား လိုက်လျောညီထွေ ဖြစ်စေရန် ပြင်ဆင် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ အဖွဲ့အစည်း အများစုအတွက် အွန်လိုင်းပေါ်တွင် ပြုလုပ်သည့် သင်တန်းများနှင့် အစည်းအဝေးများသည် ပြန်လည် ပြင်ဆင်ထားသည့် ချဉ်းကပ်နည်းလမ်း ဖြစ်လာခဲ့ပါသည်။ စီမံကိန်းလုပ်ငန်း အများစုအား ရွှေ့ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း ပြုလုပ်ခြင်းထက် အွန်လိုင်းအား အသုံးပြုခြင်း (သို့) အွန်လိုင်းအား တစိတ်တဒေသ အသုံးပြုခြင်း (Team၊ Zoom၊ Skype နှင့် Facebook Messenger မှ တဆင့်) အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းအများအပြားသည် ၎င်းတို့စီစဉ်ထားသည့် လူကိုယ်တိုင် မျက်နှာချင်းဆိုင် သင်တန်းပို့ချခြင်းနှင့် အစည်းအဝေးများ ကျင်းပခြင်းတို့နှင့် နှိုင်းယှဉ်လျှင် ကုန်ကျစရိတ် လျှော့ချနိုင်သည့် ရလဒ် ရရှိခဲ့ပါသည်။ သို့သော်လည်း ကုန်ကျစရိတ် သက်သာသွားသည်ဟု အကဲဖြတ် သုံးသပ် အသိပေးနိုင်ရန် အတွက် အဆိုပါ ပြောင်းလဲခဲ့သည့် လုပ်ငန်းများ၏ ထိရောက်မှုနှင့် ကုန်ကျစရိတ် နည်းပါးသွားခြင်းအပေါ် မည်သည့် အကဲဖြတ် ဆန်းစစ်မှုကိုမျှ လုပ်ဆောင်ခဲ့ခြင်း မရှိသေးပါ။ အွန်လိုင်းမှ ပြုလုပ်သည့် သင်တန်းများအတွက် အကျိုးခံစားခွင့်ရှိသူ တစ်ဦးအတွက် သင်တန်း ကုန်ကျစရိတ် (cost per beneficiary–CPB) လျော့နည်းသွားသည်မှာ ဖြစ်နိုင်ပါသည်။ VfM ဆန်းစစ်မှုအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များတွင် ရောက်ရှိမှု နှင့် ခရီးသွားလာမှုဆိုင်ရာ ကုန်ကျစရိတ်များသာ ပါဝင်ခြင်း မဟုတ်သဖြင့် အပြည့်အဝ ဆန်းစစ်မှု ပြုလုပ်ရာတွင် အသုံးအစွဲ ကျစ်လစ်မှု၊ သာတူညီမျှရှိမှု၊ ထိရောက်မှု စသည့် ရှုဒေါင့်များမှ ထည့်သွင်း စဉ်းစားရန်နှင့် သင်တန်းများ၏ ကုန်ကျစရိတ်အားလုံးကို ထည့်သွင်းရန်တို့လည်း လိုအပ်ပါသည်။

COVID–19 ကပ်ရောဂါကြောင့် အခြား စီမံချက်ဆိုင်ရာ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင် ညှိနှိုင်းမှုများ ပြုလုပ်ရာတွင် mobile money ပလက်ဖောင်းများအပေါ် မှီခိုမှုအား တိုးမြှင့်အသုံးပြုရန် ထည့်သွင်းခဲ့ပါသည်။ ဥပမာ Action Aid Myanmar သည် ငွေကြေး ထောက်ပံ့မှု များအတွက် Wave Money နှင့် Mobile Wallet အပ်ပလီကေးရှင်းတို့အား အသုံးပြုခဲ့ပါသည်။ ActionAid သည် COVID–19 ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် ငွေလွှဲမှုများအပေါ် ကောက်ယူသည့် ကော်မရှင်များအား သက်ညှာခွင့်ပေး ရန်အတွက် ညှိနှိုင်းခဲ့ပြီး Mobile Wallet ငွေကြေးလွှဲပြောင်းမှုများ၏ ကုန်ကျစရိတ်ကို လျော့ကျစေပါသည်။ မိတ်ဖက်အဖွဲ့အစည်း အများအပြားသည် ၂၀၂၀ ခုနှစ်တွင် COVID–19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်သည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများအား ပြန်လည် ခွဲဝေသတ်မှတ်ခဲ့ပါသည် (သို့) နောက်ထပ် အပိုရန်ပုံငွေများ လက်ခံရရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ပထမလှိုင်းအတွင်း အထည်ချုပ် စက်ရုံများသည် အမှာစာများ မရှိတော့သည့် အတွက်ကြောင့် အလုပ်သမားများအား အတင်းအကြပ် အလုပ်မှ နုတ်ထွက်စေခြင်းကို CARE International မှ သတိပြုမိခဲ့သည့် အတွက်ကြောင့် ယင်း၏ အောင်မြင်မှု စီမံချက်သည် အဝတ်နှာခေါင်းစည်းများ ချုပ်လုပ်ရန်အတွက် နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ကူညီပံ့ပိုးမှုအပါအဝင် ထုတ်ကုန် ပစ္စည်းနှင့် ပတ်သက်သည့် နည်းပညာဆိုင်ရာ သတင်း အချက်အလက် အားလုံးပါဝင်သည့် အထောက်အထား များကို ကူညီပံ့ပိုးပေးခဲ့ပါသည်။ နည်းလမ်းတကျ ပြုလုပ်သည့် VfM ဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှုအား မပြုလုပ်နိုင်သေးသော်လည်း အလုပ်သမား (၇၅၉)ဦးအား ထိန်းထားနိုင်ပြီး နှာခေါင်းစည်း အရေအတွက်(၃.၃ သန်း) ထုတ်လုပ်နိုင်ခဲ့သည့် အထည်ချုပ်စက်ရုံ (၁၄)ရုံ အပေါ် ခိုင်မာအားကောင်းသည့် အကျိုး သက်ရောက် မှုများ ရှိခဲ့သော ဤလုပ်ငန်းအတွက် ကူညီပံ့ပိုးပေးရန် ဝန်ထမ်း (၄)ဦးသာ လိုအပ်သည်ကို CARE မှ သတိပြုမိ ခဲ့ပါသည်။

**ငွေကုန်ရကျိုးနပ်မှုအား ဆန်းစစ်မှု ပြုလုပ်ခဲ့သည့် စီမံချက်များ**

Welthungerhilfe (WHH) ၏ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ ဆန်စပါး မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (RSSD) စီမံချက်သည် စီမံချက်၏ အကျိုးရလဒ် (၃)ခုအား ပံ့ပိုးပေးသည့် ယင်း၏ အဓိက လုပ်ငန်း (၃)ခု၏ ကုန်ကျစရိတ် ထိရောက်မှုအား အလေးပေးသည့် အစီရင်ခံစာတစ်ခုအား ရေးသားပြင်ဆင်ခဲ့ပါသည်။ WHH မှ မျိုးစေ့ ထုတ်လုပ်သူများနှင့် မျိုးစေ့ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ၂၀၁၉ ခုနှစ်တွင် CPR (၀.၉၃) ဖြင့် ရည်မှန်းချက် ပြီးစီးအောင်မြင်မှု ၈၈% နှင့် နှိုင်းယှဉ်လျှင် ၂၀၂၀ ခုနှစ်၌ CPR (၁.၀၆) ဖြင့် ရည်မှန်းချက်၏ ပြီးစီးအောင်မြင်မှု ၁၀၀% ရရှိခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ပါသည်။ စီမံချက်သည် ၂၀၂၀ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးရလဒ်အနေဖြင့် မျိုးစပါး ထုတ်လုပ်သည့် စိုက်ပျိုးမြေ ဧကနှင့် ထွက်ရှိသည့် မျိုးစပါး တင်းအရေအတွက်တို့ တိုးတက် များပြားလာမှုအား အောင်မြင်စွာ ရရှိခဲ့ပါသည်။ အဆိုပါ အောင်မြင်မှု အား တိုးတက် ကောင်းမွန်သည့် အလေ့အကျင့်များနှင့် နည်းပညာတို့အား အသုံးပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ ရွေးချယ်ခြင်း မှတဆင့် ရရှိခဲ့ ပါသည်။

ဥပမာအားဖြင့် WHH သည် မျိုးစပါးထုတ်လုပ်မှုကို တိုးတက်အောင် ပြုလုပ်ခဲ့ပြီး သိုလှောင်နိုင်သည့် ပမာဏကို ချဲ့ထွင်ခြင်းဖြင့် ပိုမို ကောင်းမွန်သည့် ဈေး ရရှိခဲ့ပါသည်။ ဖြစ်ရပ်လေ့လာမှုများမှ ကောက်ယူခဲ့သည့် အချက်အလက်များမှ ရိတ်သိမ်းပြီးနောက် မျိုးစပါး များကို (၆)လကြာအထိ သိုလှောင်ထားပါလျှင် တစ်တင်းဈေးနှုန်း အတော်များများ တက်လာမည်ဆိုသည်ကို အာမခံသည်ဟု ဖော်ပြထားပါသည်။ ဖြစ်ရပ် (၂)ခုမှ ရရှိခဲ့သည့် ပျမ်းမျှဈေးနှုန်းများ အကယ်၍ မျိုးစပါးအား ချက်ချင်း ရောင်းချခဲ့ပါက တစ်တင်းလျှင် မြန်မာကျပ်ငွေ (၁၄,၃၁၉) (ကန်ဒေါ်လာ ၁၀.၃၀) ဖြစ်ပါသည်။ မျိုးစပါး သိုလှောင်နိုင်သည့် ပမာဏ တိုးတက်များပြားလာခြင်းသည် မျိုးစပါးအား ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ပြီး အသေးစားထုတ်လုပ်သူများထံ အခြား သွယ်ဝိုက်သော အကျိုးကျေးဇူးများကို ပေးအပ်ပါသည်။

Mercy Corps ၏ လပွတ္တာအား ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက်မှ ပြုလုပ်သော စီမံကိန်း ပြီးဆုံးချိန် ကောက်ယူခဲ့သည့် စစ်တမ်းအရ စီမံချက်၏ ဆန်စပါး တန်ဖိုးမြှင့် ကွင်းဆက် အစိတ်အပိုင်းမှ လေးနှစ်ခွဲကျော် အတွင်း စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်လည်ရရှိခဲ့သည့် အကျိုး အမြတ်နှုန်း ၈.၃% အား ဖြစ်ပေါ်စေခဲ့ ကြောင်းကို ပြသလျက် ရှိပါသည်။ စီမံချက် သက်တမ်း တလျှောက်လုံးတွင် အားလုံး စုပေါင်း လိုက်ပါက တောင်သူ များသည် ဝင်ငွေ ကန်ဒေါ်လာ (၂.၃) သန်း ထပ်မံ ရရှိခဲ့ပြီး အခြား ဈေးကွက်အတွင်း လှုပ်ရှားဆောင်ရွက်သူများ (ဆန်စက် ပိုင်ရှင်များ၊ ကုန်သည်များနှင့် ကုမ္ပဏီများ)မှ အမြတ် ကန်ဒေါ်လာ (၁.၆) သန်း ထပ်မံရရှိခဲ့ပါသည်။ တောင်သူများသည် နွေရာသီတွင် ပျမ်းမျှအပိုဝင်ငွေ ကန်ဒေါ်လာ (၆၉၉) (၁၂%) တိုးတက် ရရှိခဲ့ကြပြီး မိုးရာသီတွင် ကန်ဒေါ်လာ (၃၀၀) (၃၃%) တိုးတက် ရရှိခဲ့ပါသည်။ ဝင်ငွေ တိုးတက်ရရှိမှုအား တောင်သူ အုပ်စုများ ဖွဲ့စည်းခြင်း နှင့် ယင်းအုပ်စုများအား ထုတ်လုပ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ ပိုမို တိုးတက်ကောင်းမွန်စေမည့် အလေ့အကျင့်များ၊ စီးပွားရေးလုပ်ငန်း မိုဒယ်ပုံစံများနှင့် နည်းပညာများကို ကျင့်သုံးရန် အတွက် ကူညီပံ့ပိုးပေးခြင်းဖြင့် ဖန်တီးပေးခဲ့ ပါသည်။ သယ်ယူပို့ဆောင်ရေး အခက်အခဲ များရှိသည့်အတွက်ကြောင့် လုပ်ငန်းကုန်ကျစရိတ်များ မြင့်မားခြင်းမှာ လပွတ္တာ မြို့နယ်အတွင်းရှိ ကျေးရွာ များမှ တောင်သူများနှင့် လုပ်ကိုင် ဆောင်ရွက်ရာတွင် အကြီးမားဆုံး စိန်ခေါ်မှုများ အနက်မှ တစ်ခုဖြစ်ခဲ့ပါသည်။ တောင်သူအုပ်စုများမှ တောင်သူများ၏ စုပေါင်း ဆောင်ရွက်မှုများကြောင့် ဈေးကွက် ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်မှုနှင့် ဆက်နွယ်နေသည့် လုပ်ငန်း ကုန်ကျစရိတ်များ လျော့ကျသွား ပါသည်။

စီမံချက်သည် အကျိုးတူ လယ်ယာစိုက်ပျိုးခြင်း၊ အရည်အသွေး ပြည့်မီကြောင်း အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့များအား အကြွေး ရောင်းချ ပေးခြင်းနှင့် သီးနှံ အာမခံထားပေးခြင်းတို့မှတဆင့် တောင်သူအုပ်စုများအား ဈေးကွက်အတွင်း လှုပ်ရှား ဆောင်ရွက်နေသူများနှင့် ချိတ်ဆက် ပေးခဲ့ပါသည်။ အကျိုးတူလယ်ယာ စိုက်ပျိုးရေးတွင် တောင်သူများနှင့် ဆန်စက်ပိုင်ရှင်များသည် ပုံသေ ဈေးနှုန်း သတ်မှတ်၍ စာချုပ်ချုပ်ဆိုပြီး စိုက်ပျိုးသည့် အစီအမံ များကြောင့် တောင်သူများသည် ဒေသတွင်း ဈေးကွက်များသို့ ရောင်းချခဲ့သည့် အချိန်ထက်စာလျှင် တစ်ဧကလျှင် ပျမ်းမျှဝင်ငွေ ကန်ဒေါ်လာ (၁၅၀) (ပျမ်းမျှ ၄၀% တိုးတက်) ပိုမိုတိုးတက် ရရှိခဲ့ပါသည်။ ထိုသို့တိုးတက်ရရှိမှုမှာ ပိုမိုကောင်းမွန်သည့် စပ်မျိုး -မျိုးစေ့ အမျိုးအစား၏ ထွက်နှုန်းပိုမို ကောင်းမွန်ခြင်း၊ ဈေးကွက်ပေါက်ဈေးထက် ပိုမို မြင့်မားသည့် ဈေးအား ရရှိခြင်းနှင့် တောင်သူများအား စာချုပ်ချုပ်ဆိုခဲ့သည့် ကုမ္ပဏီများမှ ပေးအပ်သည့် အာမခံချက် ရှိသော ဈေးကွက်တို့ကြောင့် ဖြစ်ပါသည်။ စီးပွားရေး အကျိုးအမြတ်အနေဖြင့် ဈေးကွက်အတွင်း လှုပ်ရှားဆောင်ရွက် နေသူများနှင့် စီမံချက်၏ အကျိုးဟု လယ်ယာ မိတ်ဖက်ပြုမှုများသည် အခြား စီမံကိန်း ဆောင်ရွက်ချက်များထက် ပိုမို သာလွန်ခဲ့ပါသည်။

**၂၀၂၀ ခုနှစ်အတွင်း ငွေကုန်ရကျိုးနပ်မှုဆိုင်ရာ တိုးတက်ကောင်းမွန်လာခြင်းများ**

၂၀၂၀ ခုနှစ်တွင် ငွေကုန်ရကျိုးနပ်မှုတွင် တစိုက်မတ်မတ် ဆောင်ရွက်မှုများ တိုးမြှင့် လုပ်ဆောင်ခဲ့ပြီး VFM အဖွဲ့အား လုပ်ငန်းအတွက် စာချုပ်ချုပ်ဆို ငှားရမ်းထားသည့် VfM ဆိုင်ရာ နိုင်ငံတကာ ကျွမ်းကျင်သူတစ်ဦး နှင့် ပြည်တွင်း ကျွမ်းကျင်သူတစ်ဦးတို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်ခဲ့ ပါသည်။ ယင်းအဖွဲ့သည် VfM ဆိုင်ရာ အသိအမြင်နှင့် နားလည် သဘောပေါက်မှုတို့အား တည်ဆောက်ရန်၊ လုပ်ငန်းစဉ်နှင့် လိုအပ်ချက်များကို လက်ခံပြီး တက်ကြွစွာ ပါဝင် ကူညီပံ့ပိုးပေးရန်၊ ဆန်းစစ်မှုများနှင့် အစီရင်ခံ တင်ပြခြင်းအား ကူညီပံ့ပိုးပေးရန် တို့အတွက် M&E ဆိုင်ရာ တာဝန် ရှိသူများ၊ စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် တိုက်ရိုက် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် VfM ဆိုင်ရာ တာဝန်ရှိသူများသည် LIFT ၊ FMO ၊ အကြောင်းအရာ အလိုက်/ စီမံကိန်းအဆင့်များ၌ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ အတွက် စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းများအား ဆောင်ရွက်ရာတွင် လက်ရှိ VfM ချဉ်းကပ်နည်းလမ်းများ၏ ပြည့်စုံလုံလောက်မှု ရှိမရှိအား ဆန်းစစ်ရန်အတွက် ပြန်လည်သုံးသပ်မှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ VfM ဆိုင်ရာ တာဝန်ရှိသူများသည် VfM မူဘောင်အား ပြန်လည် ဆန်းသစ်ခြင်း အတွက် အကြံပြုထောက်ခံချက်များ ပေးအပ်ခဲ့ပြီး မိတ်ဖက် အဖွဲ့ အစည်းများ၏ ၂၀၂၀ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာများရှိ VfM ဆိုင်ရာ အခန်းများအား ပြန်လည် သုံးသပ်ခဲ့ကာ IP များ၏ ပန်ကြားချက် အပေါ် မူတည်၍ VfM နှင့် ဆက်နွယ်နေသည့် နည်းပညာဆိုင်ရာ အကူအညီအား ပေးအပ် ခဲ့ပါသည်။

၂၀၂၁ ခုနှစ်တွင် VfM အဖွဲ့သည် ပြန်လည် ဆန်းသစ်ထားသော VfM မူဘောင်အား ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပြီး စီမံကိန်း၊ M&E ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအား သင်တန်းပို့ချသွားမည် ဖြစ်ကာ အဆင့်များအားလုံးတွင် LIFT ၏ MEAL စနစ်များ အတွင်း၌ VfM အချက်အလက်များ ကောက်ယူခြင်းအား ပေါင်းစပ်ထည့်သွင်းခြင်းအား ကူညီ ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

*၂၀၁၅ ခုနှစ်မှစတင်၍ LIFT သည် စီမံကိန်း၏ စွမ်းဆောင်နိုင်မှုအား တိုင်းတာရာတွင် VfM ဆိုင်ရာ ဆန်းစစ်ချက်ကို ပေါင်းစပ် ထည့်သွင်းခဲ့ပါသည်။*

# နောက်ဆက်တွဲများ

# ၉

## နောက်ဆက်တွဲများ


| | | |
|---|---|---|
| ၉.၁ | LIFT ၏ စီမံချက် တည်နေရာများ | ၂၉၆ |
| ၉.၂ | ၂၀၂၀ ခုနှစ်အတွင်း ဆောင်ရွက်ဆဲစီမံချက်များ | ၂၉၈ |
| ၉.၃ | COVID –19 ကပ်ရောဂါ တုန့်ပြန် ကာကွယ်ရေးဆိုင်ရာ ရန်ပုံငွေထောက်ပံ့မှု ၁၉၇ | ၃၀၁ |
| ၉.၄ | စီမံချက်၏ နောက်ဆုံး အခြေအနေ တင်ပြချက်များ | ၃၀၃ |
| ၉.၅ | LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်အဖွဲ့အစည်းများ | ၃၂၂ |
| ၉.၆ | မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု | ၃၂၃ |
| ၉.၇ | LIFT ၏ ယုတ္တဗေဒ မူဘောင် | ၃၃၄ |

# နောက်ဆက်တွဲ ၁– LIFT ၏ စီမံချက် တည်နေရာများ

၂၀၂၀ခုနှစ် ဒီဇင်ဘာလ၌ LIFT သည် နိုင်ငံတဝှမ်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄)ခု၊ (၆၄)ခရိုင်နှင့် မြို့နယ်(၂၅၅)မြို့နယ်တို့၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

| | မြို့နယ်အရေအတွက် | ခရိုင်အရေအတွက် | ပြည်နယ်နှင့် တိုင်းဒေသကြီး အရေအတွက် |
|---|---|---|---|
| LIFT လုပ်ငန်းလည်ပတ်ဆောင်ရွက် နေစဉ်အတွင်း ရောက်ရှိခဲ့သည့် အရေအတွက် စုစုပေါင်း | ၂၉၅ | ၇၂ | ၁၄ |
| ၂၀၂၀ ခုနှစ်တွင် လုပ်ငန်းလည်ပတ်ဆောင်ရွက် နေမှု | ၂၅၅ | ၆၄ | ၁၄ |

*၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်ကုန်အထိ LIFT မှ ရောက်ရှိခဲ့သည့် မြို့နယ်များ*

| ပြည်နယ်/ တိုင်းဒေသကြီး | ခရိုင် | မြို့နယ်များ |
|---|---|---|
| **ဧရာဝတီ** | ဟင်္သာတ | ဟင်္သာတ၊ အင်္ဂပူ၊ ကြံခင်း၊ လေးမျက်နှာ၊ မြန်အောင်၊ ဇလွန် |
| | လပွတ္တာ | လပွတ္တာ၊ မော်လမြိုင်ကျွန်း |
| | မအူပင် | ဓနုဖြူ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော် |
| | မြောင်းမြ | အိမ်မဲ၊ မြောင်းမြ၊ ဝါးခယ်မ |
| | ပုသိမ် | ကန်ကြီးဒေါင့်၊ ကျောင်း ကုန်း၊ ကျုံပျော်၊ ငပုတော၊ ပုသိမ်၊ သာပေါင်း၊ ရေကြည်၊ |
| | ဖျာပုံ | ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဖျာပုံ |
| **ပဲခူး (အရှေ့)** | ပဲခူး | ပဲခူး၊ ဒိုက်ဦး၊ ကဝ၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ရွှေကျင်၊ သနပ်ပင်၊ ဝေါ |
| | တောင်ငူ | ထန်းတပင်၊ ကျောက်ကြီး၊ အုတ်တွင်း၊ ဖြူး၊ တောင်ငူ၊ ရေတာရှည် |
| **ပဲခူး(အနောက်)** | ပြည် | ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ပြည်၊ ရွှေတောင်၊ သဲကုန်း |
| | သာယာဝတီ | ကြို့ပင်ကောက်၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ နတ္တလင်း၊ အုတ်ဖို၊ သာယာဝတီ၊ ဇီးကုန်း |
| **ချင်း** | ဖလမ်း | ဖလမ်း၊ တီးတိန်၊ တွန်းဇန် |
| | ဟားခါး | ဟားခါး၊ ထန်တလန် |
| | မင်းတပ် | ကန်ပက်လက်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ |
| **ကချင်** | ဗန်းမော် | ဗန်းမော်၊ မံစီ၊ မိုးမောက်၊ ရွှေဂူ |
| | မိုးညှင်း | ဖားကန့်၊ မိုးကောင်း၊ မိုးညှင်း |
| | မြစ်ကြီးနား | ချီဖွေ၊ အင်ဂျားယန်၊ မြစ်ကြီးနား၊ တနိုင်း၊ ဝိုင်းမော် |
| | ပူတာအို | မချမ်းဘော၊ နောင်မွန်း၊ ပူတာအို၊ ဆွမ်ပရာဘွမ် |
| **ကယား** | ဘော်လခဲ | ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့ |
| | လွိုင်ကော် | ဒီမောဆိုး၊ မရှူးဆိုး၊ လွိုင်ကော်၊ ရှားတော |
| **ကရင်** | ဘားအံ | လှိုင်းဘွဲ၊ ဘားအံ၊ သံတောင်ကြီး |
| | ဖာပွန် | ဖာပွန် |
| | ကော့ကရိတ် | ကော့ကရိတ်၊ ကြာအင်းဆိတ်ကြီး |
| | မြဝတီ | မြဝတီ |
| **မကွေး** | ဂန့်ဂေါ | ဂန့်ဂေါ၊ ဆော |
| | မကွေး | ချောက်၊ မကွေး၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီး၊ ရေနံချောင်း |
| | မင်းဘူး | မင်းဘူး၊ ငဖဲ ၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာ |
| | ပခုက္ကူ | မြိုင်၊ ပခုက္ကူ၊ ပေါက်၊ ဆိတ်ဖြူ၊ ရေစကြို |
| | သရက် | အောင်လံ၊ ကံမ၊ မင်းတုန်း၊ မင်းလှ၊ ဆင်ပေါင်ဝဲ၊ သရက် |





| ပြည်နယ်/ တိုင်းဒေသကြီး | ခရိုင် | မြို့နယ်များ |
|---|---|---|
| **မန္တလေး** | ကျောက်ဆည် | ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦး |
| | မန္တလေး | အမရပူရ၊ အောင်မြေသာဇံ၊ ချမ်းအေးသာဇံ၊ ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ပုသိမ်ကြီး၊ ပြည်ကြီးတံခွန် |
| | မြင်းခြံ | မြင်းခြံ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ တောင်သာ |
| | မိတ္ထီလာ | မလှိုင်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း |
| | ညောင်ဦး | ကျောက်ပန်းတောင်း၊ ညောင်ဦး |
| | ပြင်ဦးလွင် | မတ္တရာ၊ မိုးကုတ်၊ ပြင်ဦးလွင်၊ စဉ့်ကူ |
| | ရမည်းသင်း | ပျော်ဘွယ်၊ ရမည်းသင်း |
| **မွန်** | မော်လမြိုင် | ချောင်းဆုံ၊ ကျိုက်မရော၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး |
| | သထုံ | ဘီးလင်း၊ ကျိုက်ထို၊ ပေါင်၊ သထုံ |
| **နေပြည်တော်** | ဒက္ခိဏ | ဒက္ခိဏာသီရိ၊ လယ်ဝေး၊ ပျဉ်းမနား၊ ဇဗ္ဗူသီရိ |
| | ဥတ္တရ | ဥတ္တရသီရိ၊ ပုပ္ပသီရိ၊ တပ်ကုန်း၊ ဇေယျာသီရိ |
| **ရခိုင်** | ကျောက်ဖြူ | အမ်း၊ ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ |
| | မောင်တော | ဘူးသီးတောင်၊ မောင်တော |
| | မြောက်ဦး | ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ |
| | စစ်တွေ | ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ စစ်တွေ |
| | သံတွဲ | ဂွ၊ သံတွဲ၊ တောင်ကုတ် |
| **စစ်ကိုင်း** | ကလေး | ကလေး၊ မင်းကင်း |
| | ကန့်ဘလူ | ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ရေဦး |
| | ကသာ | အင်းတော်၊ ကသာ၊ ထီးချိုင့် |
| | မော်လိုက် | ဖောင်းပြင် |
| | မုံရွာ | အရာတော်၊ ဘုတလင်၊ ချောင်းဦး၊ မုံရွာ |
| | စစ်ကိုင်း | မြောင်၊ မြင်းမူ၊ စစ်ကိုင်း |
| | ရွှေဘို | ခင်ဦး၊ ရွှေဘို၊ ဒီပဲယင်း၊ ဝက်လက် |
| | တမူး | တမူး |
| | ယင်းမာပင် | ကနီ၊ ပုလဲ၊ ဆားလင်းကြီး၊ ယင်းမာပင် |
| **ရှမ်း(အရှေ့)** | ကျိုင်းတုံ | ကျိုင်းတုံ |
| | မိုင်းဆတ် | မိုင်းတုံ |
| | တာချီလိတ် | မိုင်းဖြတ်၊ တာချီလိတ် |
| **ရှမ်း(မြောက်)** | ဟိုပန် | ဟိုပန်၊ ပန်ဝိုင် |
| | ကျောက်မဲ | သီပေါ၊ ကျောက်မဲ၊ မန်တုံ၊ နမ့်ခမ်း၊ နမ္မတူ၊ နောင်ချို |
| | လားရှိုး | သိန္နီ၊ ကွန်လုံ၊ လားရှိုး၊ တန့်ယန်း |
| | လောက်ကိုင် | လောက်ကိုင် |
| | မိုးမိတ် | မိုးမိတ် |
| | မူဆယ် | ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း |
| **ရှမ်း(တောင်)** | လင်းခေး | မောက်မယ်၊ မိုးနဲ |
| | လွိုင်လင် | ကြေးသီး၊ လဲချား၊ လွိုင်လင်၊ မိုင်းကိုင်၊ နမ့်ဆန် |
| | တောင်ကြီး | ဟိုပင်၊ ဆီဆိုင်၊ ကလော၊ ရပ်စောက်၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ပင်းတယ၊ ပင်လောင်း၊ တောင်ကြီး၊ ရွာငံ |
| **တနင်္သာရီ** | ထားဝယ်၊ | ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ရေဖြူ |
| | ကော့သောင်း | ဘုတ်ပြင်း၊ ကော့သောင်း |
| | မြိတ် | မြိတ်၊ ပုလော၊ တနင်္သာရီ |
| **ရန်ကုန်** | ရန်ကုန်(အရှေ့) | ဗိုလ်တထောင်၊ ဒဂုံမြို့သစ်(အရှေ့)၊ ဒဂုံမြို့သစ်(မြောက်)၊ ဒဂုံမြို့သစ်(တောင်)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ ပုဇွန်တောင်၊ တောင်ဥက္ကလာပ၊ တာမွေ၊ သာကေတ၊ သင်္ဃန်းကျွန်း၊ရန်ကင်း |
| | ရန်ကုန် (မြောက်) | လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ တန်းတပင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တိုက်ကြီး |
| | ရန်ကုန် (တောင်) | ဒလ၊ ကော့မှူး၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ ဆိပ်ကြီး၊ ခနောင်တို၊ သန်လျင်၊ သုံးခွ၊ တွံတေး |
| | ရန်ကုန် (အနောက်) | အလုံ၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ ကမာရွတ်၊ ကျောက်တံတား၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ စမ်းချောင်း |

# နောက်ဆက်တွဲ၂ -၂၀၂၀ ခုနှစ်အတွင်း ဆောင်ရွက်ဆဲ စီမံချက်များ

| စဉ် | အဖွဲ့အစည်း/IP အမည် | အကြောင်းအရာ အလိုက် နယ်ပယ် | စီမံချက်ခေါင်းစဉ် | ဘတ်ဂျက် (ကန်ဒေါ်လာ) |
|---|---|---|---|---|
| ၁ | ActionAid Myanmar | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့်လုပ်သား ရွှေ့ပြောင်း သွားလာမှု | ရန်ကုန်မြို့ပြဝန်းကျင်ဒေသများတွင် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် အတွက် လုံခြုံ စိတ်ချသည့် ရွှေ့ပြောင်းသွားလာမှု (SECURE) | ၂,၈၀၀,၀၀၀ |
| ၂ | Adventist Development and Relief Agency | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့်လုပ်သား ရွှေ့ပြောင်း သွားလာမှု၊ | ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဌာနေလူမှု အသိုက် အဝန်းများအား ကူညီပံ့ပိုးပေးရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာ ရေး(VESI)- သင့်တင့်လျောက်ပတ်သည့်အလုပ်အကိုင် အခွင့်အလမ်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် မြင့်တင် ခြင်းနှင့် IDP လူငယ်များနှင့် အားနည်း ထိခိုက်လွယ်သော ဌာနေလူမှုအသိုက်အဝန်းများ အကြား လိုအပ်ချက်များအား ပေါင်းကူးပေးခြင်း | ၂,၂၀၀.၀၀၀ |
| ၃ | BadeiDha Moe | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ | ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဌာနေလူမှု အသိုက်အဝန်းများ၏ လူမှုစီးပွားရေးနှင့် ဥပဒေရေးရာကြံ့ကြံ့ခံနိုင်စွမ်း ခိုင်မာအားကောင်းစေခြင်း | ၄၉၉,၉၉၅ |
| ၄ | BRAC Microfinance Company Ltd | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိကကဏ္ဍ | ပဋိပက္ခဒဏ်ခံဒေသများသို့ ငွေကြေး ဆိုင်ရာဝန်ဆောင်မှုများ တိုးချဲ့ခြင်းနှင့် ပဋိပက္ခကြောင့်နေရပ် စွန့်ခွာတိမ်းရှောင်သူများ၊ မသန်စွမ်း များနှင့် မြို့ပြဝန်းကျင်ဒေသများမှ အမျိုးသမီးရွှေ့ပြောင်းသွားလာသူများ အာလုံး ပါဝင်စေခြင်း | ၁,၀၀၀,၀၀၀ |
| ၅ | CARE International in Myanmar | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | အောင်မြင်မှု စီမံချက်-လုံခြုံစိတ်ချသော အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း | ၆,၆၈၅,၆၄၃ |
| ၆ | Catholic Relief Services | အာဟာရဖွံ့ဖြိုးမှု | ပြည်သူ့ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အာဟာရ ဖွံ့ဖြိုးမှု နှင့်ကျား-မရေးရာ လုပ်ကိုင်နိုင်စွမ်း (CHANGE) | ၂,၀၀၀,၀၀၀ |
| ၇ | Community Partners International | အာဟာရဖွံ့ဖြိုးမှု | Project Nourish- အာဟာရဖွံ့ဖြိုးတိုးတက်ရေး ၊ ရေ၊ ပတ်ဝန်းကျင် နှင့် တကိုယ်ရည် သန့်ရှင်းရေး လုပ်ငန်းများ (WASH)နှင့် အသက်မွေးဝမ်းကျောင်းမှု တို့ မှတဆင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ပြည်သူများ၏ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် | ၄,၇၆၇,၁၈၅ |
| ၈ | Department of Social Welfare | အာဟာရဖွံ့ဖြိုးမှု | အသက်မွေးဝမ်းကျောင်းနှင့် စားနပ် ရိက္ခာဖူလုံရေးရန်ပုံငွေမှ ပံ့ပိုးပေးသည့် မြန်မာနိုင်ငံအတွက် အထောက်အပံ့ အားအကောင်အထည်ဖော်ခြင်း | ၂,၅၀၀,၀၀၀ |
| ၉ | Department of Social Welfare | အာဟာရဖွံ့ဖြိုးမှု | ကရင်ပြည် နယ် တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ MCCT အစီအစဉ်အား ကူညီပံ့ပိုး ပေးခြင်း | ၁,၂၉၀,၂၆၄ |
| ၁၀ | Department of Social Welfare | အာဟာရဖွံ့ဖြိုးမှု | ကယားပြည် နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ MCCT အစီအစဉ်အား ကူညီပံ့ပိုး ပေးခြင်း | ၄၄၇,၅၈၆ |
| ၁၁ | Eden Ministry Ltd | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် လူ ကုန်ကူးခြင်းခံရသည့် ရန်ကုန်မြို့ရှိ ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများ နှင့် မိန်းကလေးငယ်လေးများအား ကယ်တင်ရေးဒေင်စီမံချက် | ၉၄၆,၉၇၆ |
| ၁၂ | Eden Centre for Disabled children | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် နှင့်လုပ်သား ရွှေ့ပြောင်း သွားလာမှု | ကျွန်ုပ်တို့အားလုံး မပါဝင်ဘဲ မည်သည် ကမျှ ကျွန်ုပ်တို့အတွက်ဖြစ်မည်မဟုတ်- ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မသန်စွမ်းသူ အားလုံးပါဝင်သည့် ချင်းလူမှုအသိုက်အဝန်းအားမြှင့်တင်ခြင်း | ၅၆၆,၇၇၀ |
| ၁၃ | Food and Agriculture Organization | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိကကဏ္ဍ | တိရစ္ဆာန်များ၏ကျန်းမာရေး၊ ကုန် ထုတ်စွမ်းအားနှင့် ဈေးကွက်တင်ခြင်း တို့ကိုပိုမိုကောင်းမွန်စေခြင်းဖြင့် တောင်တန်းဒေသရှိ တောင်သူများ၏ သက်မွေးမှုကို တိုးတက်ကောင်းမွန် စေခြင်း (အဆင့်-၂) | ၂,၀၀၀,၀၀၀ |
| ၁၄ | Forest Trends | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ | မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ ငြိမ်းချမ်းရေးဆီသို့-မြေယာလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရခြင်းနှင့် အသက်မွေး ဝမ်းကျောင်းမှုကြံ့ကြံ့ခံနိုင်မှုတို့ ခိုင်မာ အားကောင်းစေရန် ပြည်နယ်အစိုးရ၊ EAO နှင့် CSO တို့၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်း | ၈၀၀,၀၀၀ |
| ၁၅ | Gender Equality Network | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | LIFT နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုဆိုင်ရာ သဘောတူ စာချုပ် | ၁,၅၉၉,၀၆၈ |
| ၁၆ | Gender Equality Network | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | နေရပ်ပြန်ပို့ခံရသည့် ရွှေ့ပြောင်းလုပ်သားများနှင့် နေရပ်ပြန်လာသူများ အတွက် အခွင့်အရေးများ နှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အခွင့် အလမ်း များအား လက်လှမ်းမီ ရယူနိုင်ခြင်း (ARRIVE) | ၆၀၀,၀၀၀ |
| ၁၇ | Golden Pearl | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | မသန်စွမ်းများ၏ လူမှုစီးပွားရေး အခြေအနေပိုမိုကောင်းမွန်တိုးတက် စေခြင်း | ၃၉၉,၉၉၆ |
| ၁၈ | Health Poverty Action | အာဟာရဖွံ့ဖြိုးမှု | ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက် ပိုင်းရှိ ပဋိပက္ခဒဏ်ခံရသည့် အားနည်း ထိခိုက်လွယ်ပြည်သူများ၏ အာဟာရ ဖွံ့ဖြိုးမှုအဆင့်အတန်း ပိုမိုကောင်းမွန် စေခြင်း | ၁,၂၉၉,၅၅၅ |
| ၁၉ | HelpAge International | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | လူမှုကာကွယ်စောင့်ရှောက်ရေးတိုးချဲ့ ရန်အတွက်လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအား အားဖြည့်ခြင်း | ၄,၁၃၄,၄၅၈ |
| ၂၀ | HelpAge International | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည် နယ်တွင်အားလုံးပါဝင်သည့် လူမှုကာ ကွယ် စောင့်ရှောက်ရေးနှင့် အသက် မွေးဝမ်းကျောင်းမှု | ၂,၈၈၄,၅၄၈ |
| ၂၁ | International Labour Organization | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | ပြည်တွင်း ၊ပြည်ပ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး စီမံကိန်း (DIILM) | ၄,၃၂၉,၇၅၁ |
| ၂၂ | International Organization for Migration | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက်ပြုမှု (G&P) အားကောင်းစေခြင်းမှတဆင့် အလုပ်သမား ရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကျိုးသက်ရောက်မှုများ တိုးပွားစေခြင်း (အဖွဲ့အစည်းများ ပူးပေါင်း အကောင်အထည်ဖော် ပါသည်) | ၁၃,၅၅၆,၇၆၀ |
| ၂၃ | International Organization for Migration | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | ကောင်းမွန်လုံခြုံသည့် ရွှေ့ပြောင်း နေထိုင်ခြင်းမှ တဆင့်ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပဋိ ပက္ခဒဏ်ခံရသည့် လူမှုအသိုက်အဝန်း များ၏ ကြံ့ကြံ့ခံနိုင်စွမ်းအားကောင်း စေခြင်း (SAFE) | ၁,၃၃၁,၀၆၂ |
| ၂၄ | International Organization for Migration | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | အရှေ့တောင်ပိုင်းနယ်စပ်မျဉ်း တလျှောက်တွင် ရွှေ့ပြောင်းသွားလာသူများ၏ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာအခွင့်အလမ်းများနှင့် လုပ်ကိုင်နိုင်စွမ်းတို့အတွက် အခြေခံအဆောက်အဦအသစ် | ၂,၀၀၀,၀၀၀ |
| ၂၅ | International Rescue Committee | အာဟာရဖွံ့ဖြိုးမှု | ကယားပြည်နယ်ဘက်စုံအာဟာရဖွံ့ဖြိုး မှု (KIN) စီမံချက် | ၃,၀၀၀,၀၀၀ |
| ၂၆ | Karuna Mission Social Solidarity | အာဟာရဖွံ့ဖြိုးမှု | အာဟာရဖွံ့ဖြိုးမှုအတွက် ပဋိပက္ခဒဏ်ခံ ရသည့် အမျိုးသမီးများနှင့် မွေးကင်းစ ကလေးငယ် များအား ကူညီပံ့ပိုးပေး ခြင်း (SAFE WIN) | ၁,၉၉၆,၂၉၀ |
| ၂၇ | Karuna Mission Social Solidarity | အာဟာရဖွံ့ဖြိုးမှု | အရပ်ဘက်လူမှုအဖွဲ့အစည်းလုပ်ကိုင် နိုင်စွမ်းအတွက် မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်း (SPaCE) အဆင့်-၂ | ၂,၄၀၀,၀၀၀ |
| ၂၈ | Land Consulting Group Co., Ltd. | စိုက်ပျိုးရေး ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ | ပိုမိုကောင်းမွန်သည့် မြေယာဆိုင်ရာ အကျိုးရလဒ်များအတွက် ပတ်သက်ဆက်နွှယ်သူများနှင့် ပူးပေါင်းဆောင် ရွက်ခြင်း | ၁,၅၈၄,၄၄၀ |
| ၂၉ | Lodestar Company Ltd./SPPRG | သင့်တင့်လျောက်ပတ် သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | လက်ရှိလုပ်ရှားဆောင်ရွက်နေသူများ၏လုပ်ကိုင် နိုင်စွမ်းအားဖြည့်ဆည်းပေးခြင်းဖြင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု (IDEA) စီမံချက် | ၆၂၆,၉၁၅ |
| ၃၀ | Metta Development Foundation | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ | မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု အဆိုပြုလွှာ | ၃,၅၀၆,၈၆၆ |
| ၃၁ | Metta Development Foundation | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ | Ring Chying:- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ IDP စခန်း များမှ အိမ်ထောင်စုများနှင့် ဌာနေလူမှု အသိုက်အဝန်းများအား အကျိုးဖြစ်ထွန်း စေမည့် စီမံကိန်း | ၅၀၀,၀၀၀ |
| ၃၂ | Michigan State University | စိုက်ပျိုးရေး၊ ဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ | မြန်မာနိုင်ငံ၏ စိုက်ပျိုးရိက္ခာတန်ဖိုး မြှင့်ကွင်းဆက်ဖွံ့ဖြိုးရေး- ကျေးလက်ဒေသနွမ်းပါးသူများ၏ အသက်မွေးမှု ကိုသက်ရောက်ခြင်း | ၅,၇၁၀,၃၅၄ |
| ၃၃ | Myanma Awba Group (Awba) Co., Ltd. | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိကကဏ္ဍ | မြန်မာ့တောင်သူများနှင့် ဖွဲ့ စည်းထားသည့် ပထမမျိုးစေ့ကုမ္ပဏီ (MAFSCO)/ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ် | ၃,၇၄၉,၇၃၄ |
| ၃၄ | Myo Thant Myanmar Limited by Guarantee | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိကကဏ္ဍ | မြန်မာ့တောင်သူများနှင့် ဖွဲ့စည်းထား သည့်ပထမမျိုးစေ့ကုမ္ပဏီ (MAFSCO) / ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက် ရေးအစီအစဉ်၊ ရည်ညွှန်းအမှတ် CFP/LIFT/2018/2/Seed Project Dry Zone | ၃,၀၀၀,၀၀၀ |
| ၃၅ | Network Activities Group | စိုက်ပျိုးရေးဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ | အသုံးပြုခြင်းမရှိသည့် သိမ်းဆည်းမြေများ ပြန်လည်ခွဲဝေပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း | ၂,၉၇၀,၈၆၂ |
| ၃၆ | Network Activities Group | စိုက်ပျိုးရေးဈေးကွက် များနှင့် စားနပ်ရိက္ခာ စနစ်များ | ရေချိုနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ စီမံအုပ်ချုပ်မှုအတွက် LIFT နှင့် NAG အကြား မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု | ၁,၄၄၉,၉၉၀ |
| ၃၇ | Nyein (Shalom) Foundation | အာဟာရဖွံ့ဖြိုးမှု | မြန်မာနိုင်ငံ ကချင်ပြည်နယ် တွင် အာဟာရ ဖွံ့ဖြိုးမှုနှင့် အသက်မွေးဝမ်းကျောင်းမှုတို့အတွက် ကိုယ့်အားကိုယ်ကိုး အုပ်စု (SHG) များ မှ တဆင့် ကူညီပံ့ပိုးပေးခြင်း | ၅၀၀,၀၀၀ |

| စဉ် | အဖွဲ့အစည်း/IP အမည် | အကြောင်းအရာ အလိုက် နယ်ပယ် | စီမံချက်ခေါင်းစဉ် | ဘတ်ဂျက် (ကန်ဒေါ်လာ) |
|---|---|---|---|---|
| ၃၈ | PATH | အာဟာရဖွံ့ဖြိုးမှု | SMART MOVE: ရန်ကုန်မြို့တွင် ရွှေ့ပြောင်း လုပ်သားများအတွက် မြို့ပြစားနပ်ရိက္ခာ စနစ်များ ဆန်းသစ် ပြောင်းလဲခြင်းနှင့် သက်တူဆင့်တူမှ စီမံညွှန်ကြားသည့် ဝန်ဆောင်မှုများမှ တဆင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကူးအပြောင်းများအား မြှင့်တင်ခြင်း | ၁,၉၉၉,၈၆၁ |
| ၃၉ | People in Need | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | အေးချမ်းသောအိမ်– ရွှေပြည်သာတွင် ရွှေ့ပြောင်းလုပ်သားများအား လုပ်ကိုင် နိုင်စွမ်းပေးအပ်ခြင်း | ၃,၂၀၈,၉၅၀ |
| ၄၀ | PGMF | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိက ကဏ္ဍ | အားနည်းထိခိုက်လွယ်သည့် ပတ်ဝန်းကျင်တွင် အသက် မွေးဝမ်းကျောင်းမှု တိုးတက်စေခြင်း (LIVE) | ၁,၁၆၃,၂၅၉ |
| ၄၁ | Proximity Finance Microfinance Company Limited | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိက ကဏ္ဍ | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေ မှု– အခွင့်အလမ်းများဖန်တီးခြင်း | ၈၀၀,၀၀၀ |
| ၄၂ | RAFT Myanmar | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | ပဋိပက္ခ အလေးထားတုန့်ပြန်ဆောင် ရွက်မှု ခိုင်မာအားကောင်း စေရန် ကူညီပံ့ပိုးပေးခြင်း | ၅၀၀,၀၀၀ |
| ၄၃ | Relief International UK | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | ရခိုင်ပြည်နယ် မြောက်ဦးနှင့်မြေပုံတို့ တွင်ကာလရှည်ကြာဖြစ်ပွားနေသည့် နေရပ်စွန့်ခွာတိမ်းရှောင်ခြင်း ပြဿနာ အား ဖြေရှင်းရန်တုန့်ပြန်ဆောင်ရွက်သည့် ယန္တရား | ၃,၄၃၅,၆၃၉ |
| ၄၄ | Save the Children | အာဟာရဖွံ့ဖြိုးမှု | Tat Lan Plus | ၅,၆၅၇,၉၄၅ |
| ၄၅ | Save the Children | အာဟာရဖွံ့ဖြိုးမှု | ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက် ပိုင်းရှိ ပဋိပက္ခဒဏ်ခံရသည့် ဒေသများတွင် ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ခြင်း (BRICKS) | ၃၅,၀၀၀,၀၀၀ |
| ၄၆ | Save the Children | အာဟာရဖွံ့ဖြိုးမှု | ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ– ရွှေပြည်သာမြို့နယ်တွင်သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးတိုးတက် ကောင်းမွန်စေခြင်း တို့အတွက် အခွင့်အလမ်းများ ကူညီပံ့ပိုးပေးခြင်း | ၅,၁၄၈,၂၀၃ |
| ၄၇ | Save the Children | အာဟာရဖွံ့ဖြိုးမှု | အာဟာရချို့တဲ့မှု လျှော့ချရန် အဓိကကျ သောအာဟာရဆိုင်ရာ လုပ်ဆောင်မှုများကို အားဖြည့်ခြင်း (LEARN) အဆင့်၃ | ၁,၅၀၀,၀၀၀ |
| ၄၈ | SwissAid | အာဟာရဖွံ့ဖြိုးမှု | တောင်တန်းဒေသမြို့နယ်ရန်ပုံငွေ (အဆင့် ၂) | ၃,၈၉၉,၉၉၉ |
| ၄၉ | The Border Consortium | အာဟာရဖွံ့ဖြိုးမှု | တောင်တန်းဒေသအတွက် စိုက်ပျိုးရေး၊ အာဟာရဖွံ့ဖြိုးမှု နှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အား ရေရှည်တည်တံ့ခိုင်မြဲစေမည့် ပြုပြင်ပြောင်းလဲခြင်း (STAND UP) အဆင့်၂ | ၄,၁၆၆,၈၉၄ |
| ၅၀ | Thitsar Ooyin Company Limited | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍ | မြန်မာနိုင်ငံချင်းပြည်နယ်နှင့် စစ်ကိုင်း တိုင်းဒေသကြီးတွင် သစ္စာဥယျာဉ် ငွေရေးကြေးရေး ဝန်ဆောင်မှုများအား အားနည်းထိခိုက်လွယ်သည့် ကျေးလက်အိမ်ထောင်စုများထံတိုးချဲ့ ခြင်း | ၂၅၀,၀၀၀ |
| ၅၁ | United Nations Capital Development Fund | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍ | မည်သူ တစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခဲ့ခြင်း မရှိစေရ | ၂,၅၀၀,၀၀၀ |
| ၅၂ | VisionFund International | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍ | ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု | ၃,၅၀၀,၀၀၀ |
| ၅၃ | VisionFund International | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍ | မြန်မာနိုင်ငံဝန်ဆောင်မှု အပြည်အဝမရ ရှိ သောသူများ အတွက် အားလုံး ပါဝင်စေမှု | ၃,၂၅၀,၀၀၀ |
| ၅၄ | Welthungerhilfe | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍ | မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသရှိ မျိုးစပါး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အပံ့ | ၃,၆၆၉,၆၄၂ |
| ၅၅ | World Food Programme | အာဟာရဖွံ့ဖြိုးမှု | မြန်မာနိုင်ငံတွင် အစိုးရ၏ အမျိုးသား အာဟာရဆိုင်ရာ မဟာဗျူဟာများအား SBN (SUN–Business Network) မှ တဆင့်ပေးအပ်ရန် စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၂၉၇,၈၁၃ |

၁၁၂။ UNCDF နှင့် ၂၀၂၀ ခုနှစ် မတ်လတွင် စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် စာချုပ် ဖျက်သိမ်းခဲ့ပါသည်။





| စဉ် | အဖွဲ့အစည်း/IP အမည် | အကြောင်းအရာ အလိုက် နယ်ပယ် | စီမံချက်ခေါင်းစဉ် | ဘတ်ဂျက် (ကန်ဒေါ်လာ) |
|---|---|---|---|---|
| ၅၆ | Women's Organizations Network | သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွာလာမှု | ရွှေ့ပြောင်းလုပ်သားများ၏ အားနည်း ထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ် အမြတ် ထုတ်ခံရခြင်းအား အဆုံးသတ်ခြင်း (EVE) | ၁,၁၀၈,၇၄၉ |
| ၅၇ | World Concern Myanmar | အာဟာရဖွံ့ဖြိုးမှု | ကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံပြည် သူများ၏ အာဟာရဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေခြင်း | ၁,၈၈၈,၇၀၂ |
| ၅၈ | World Vision | သင့်တင့်လျောက်ပတ် သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု | မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်း ပေးသည် – (SHE) ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှု အသိုက်အဝန်းများအတွက် အားလုံးပါဝင်စေပြီး ပြောင်းလဲနိုင်သည့် အသက်မွေးဝမ်းကျောင်းမှုအား ကူညီ ပံ့ပိုးပေးသည့် စီမံချက် | ၂,၅၈၄,၇၄၁ |
| ၅၉ | Yoma Bank | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် ပုဂ္ဂလိက ကဏ္ဍ | ကျေးလက်ဒေသနေအမျိုးသမီးများအတွက် ဒီဂျစ်တယ် ဘဏ္ဍာရေး အစီအစဉ် | ၅,၈၀၀,၀၀၀ |
| စုစုပေါင်း | | | | ၁၅၁,၅၂၅,၄၆၅ |

# နောက်ဆက်တွဲ ၃– COVID –19 ကပ်ရောဂါတုန့်ပြန်ကာကွယ်ရေးဆိုင်ရာ ရန်ပုံငွေထောက်ပံ့မှု

LIFTသည် မြန်မာနိုင်ငံတွင် COVID–19 ကမ္ဘာ့ကပ်ရောဂါအား မြန်မြန်ဆန်ဆန် တုံ့ပြန်ကာကွယ်ခဲ့ပြီး COVID–19 ကပ်ရောဂါ တုန့်ပြန်ကာကွယ်ရန် အတွက် ရန်ပုံငွေများ အလျင်အမြန် ရယူခဲ့ပြီး ကန်ဒေါ်လာ (၂၈.၉) သန်းအား လက်ရှိဆောင်ရွက်ဆဲ စီမံချက်များမှ တဆင့် ဆောင်ရွက်ရန် ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။

| စဉ် | အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | LIFT ၏ အကြောင်းအရာ အလိုက်နယ် ပယ် | စီမံချက်ခေါင်းစဉ် | COVID–19 ကပ်ရောဂါ တုန့်ပြန် ကာကွယ်မှု အတွက် ခွဲဝေသတ်မှတ် ပေးခဲ့ သည့်ဘတ်ဂျက် (ကန်ဒေါ်လာ) |
|---|---|---|---|---|
| ၁ | People in Need | သင့်တင့်လျောက်ပတ် သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | အေးချမ်းသောအိမ်–ရွှေပြည်သာတွင် ရွှေ့ပြောင်းလုပ်သားများ အား လုပ်ကိုင်နိုင်စွမ်းပေးအပ်ခြင်း | ၅၀,၀၀၀ |
| ၂ | CARE International in Myanmar | သင့်တင့်လျောက်ပတ် သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | အောင်မြင်မှုစီမံချက် – လုံခြုံစိတ်ချသော အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း | ၇၀၀,၀၀၀ |
| ၃ | International Labour Organization | သင့်တင့်လျောက်ပတ် သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | ပြည်တွင်း ပြည်ပ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး စီမံကိန်း (DIILM) | ၃၃၀,၀၀၀ |
| ၄ | Women's Organizations Network | သင့်တင့်လျောက်ပတ် သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | ရွှေ့ပြောင်းလုပ်သားများ၏ အားနည်း ထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ်အမြတ် ထုတ်ခံရခြင်းအား အဆုံးသတ်ခြင်း (EVE) | ၅၀,၀၀၀ |
| ၅ | Land Consulting Group Co., Ltd. | စိုက်ပျိုးရေး၊ ဈေးကွက်များနှင့်စားနပ်ရိက္ခာ စနစ်များ | ပိုမိုကောင်းမွန်သည့် မြေယာဆိုင်ရာ အကျိုးရလဒ်များအတွက် ပတ်သက် ဆက်နွယ်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၁၈၄,၄၄၀ |
| ၆ | Department of Social Welfare | အာဟာရဖွံ့ဖြိုးမှု | COVID–19 ကပ်ရောဂါအကျပ်အတည်းအား LIFT ၏ လူမှု ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ တုန့်ပြန်ကာကွယ်မှု | ၉,၀၀၀,၀၀၀ |
| ၇ | Department of Social Welfare | လူမှုကာကွယ် စောင့်ရှောက်မှု | LIFT နှင့် မဟာဗျူဟာမြောက်မိတ်ဖက်ပြုမှုဆိုင်ရာ သဘောတူ စာချုပ် | ၁၅၉,၀၆၈ |
| ၈ | Gender Equality Network | သင့်တင့်လျောက်ပတ် သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | LIFT နှင့် မဟာဗျူဟာမြောက်မိတ်ဖက်ပြုမှုဆိုင်ရာ သဘောတူ စာချုပ် | ၁၅၉,၀၆၈ |
| ၉ | ActionAid Myanmar | သင့်တင့်လျောက်ပတ် သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | ရန်ကုန်မြို့ မြို့ပြဝန်းကျင်ဒေသများတွင်သင့်တင့် လျောက်ပတ် သည့် အလုပ်အကိုင်အတွက် လုံခြုံစိတ်ချရသည့်ရွှေ့ပြောင်း သွားလာမှု (SECURE) | ၃၀၀,၀၀၀ |

| စဉ် | အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း | LIFT ၏ အကြောင်းအရာ အလိုက်နယ် ပယ် | စီမံချက်ခေါင်းစဉ် | COVID-19 ကပ်ရောဂါ တုန့်ပြန် ကာကွယ်မှု အတွက် ခွဲဝေသတ်မှတ် ပေးခဲ့ သည့်ဘတ်ဂျက် (ကန်ဒေါ်လာ) |
|---|---|---|---|---|
| ၁၀ | Karuna Mission Social Solidarity | အာဟာရဖွံ့ဖြိုးမှု | အရပ်ဘက်လူမှုအဖွဲ့အစည်းလုပ်ကိုင်နိုင်စွမ်းအတွက် မဟာဗျူ ဟာမြောက်မိတ်ဖက်ပြုခြင်း (SPaCE) အဆင့်၂ | ၁,၀၀၀,၀၀၀ |
| ၁၁ | Save the Children | အာဟာရဖွံ့ဖြိုးမှု | ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများ- ရွှေပြည်သာမြို့နယ် တွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုး တိုးတက် ကောင်းမွန် စေခြင်းတို့အတွက် အခွင့်အလမ်းများ ကူညီပံ့ပိုးပေးခြင်း | ၅၉၈,၂၀၃ |
| ၁၂ | Mercy Corps | စိုက်ပျိုးရေး၊ ဈေး ကွက်များနှင့် စားနပ်ရိပ်ကွာ စနစ်များ | လယ်ပွတ္တာအား ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း(LLM) စိုက်ပျိုးရေး၊ လုပ်ငန်းကျွမ်းကျင်မှု၊ အလုပ်အကိုင်တို့ဖြင့် ဝင်ငွေတိုး စေခြင်း | ၄၃,၄၆၀ |
| ၁၃ | BBC Media Action | စိုက်ပျိုးရေး၊ ဈေး ကွက်များနှင့် စားနပ်ရိပ်ကွာ စနစ်များ | ကျပ်ချပ်–ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် ငွေကြေးတို့ကို အကျိုးအရှိဆုံးဖြစ်စေခြင်း | ၁၂၀,၀၀၀ |
| ၁၄ | The Border Consortium | အာဟာရဖွံ့ဖြိုးမှု | တောင်တန်းဒေသအတွက် စိုက်ပျိုးရေး၊ အာဟာရဖွံ့ဖြိုးမှု နှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အား ရေရှည်တည်တံ့ခိုင်မြဲစေမည့် ပြုပြင်ပြောင်းလဲခြင်း (STAND UP) အဆင့်၂ | ၇၀,၀၀၀ |
| ၁၅ | Koe Koe Tech Co., Ltd | အာဟာရဖွံ့ဖြိုးမှု | ရွှေခရီးလမ်း ဘောဂမေမေ (ရွှေမေမေ) ရွှေခရီးလမ်းပေါ်က မေမေ | ၁၉၇,၂၁၇ |
| ၁၆ | HelpAge International | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | လူမှုကာကွယ်စောင့်ရှောက်ရေး တိုးချဲ့ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအားအားဖြည့်ခြင်း | ၄၉၄,၄၅၈ |
| ၁၇ | Michigan State University | စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ စနစ် များ | မြန်မာနိုင်ငံ၏ စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက်ဖွံ့ဖြိုးရေး– ကျေးလက်ဒေသ နွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်း မှုကို သက်ရောက်ခြင်း | ၂၀၀,၀၀၀ |
| ၁၈ | Metta Development Foundation | စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ စနစ် များ | မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု အဆိုပြုလွှာ | ၂,၀၀၀,၀၀၀ |
| ၁၉ | Metta Development Foundation | လူမှုကာကွယ် စောင့်ရှောက်ရေး | ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ငွေကြေးထောက်ပံ့မှု | ၅၁၃,၉၃၁ |
| ၂၀ | International Organization for Migration | သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှုမဟာဗျူဟာအဖြစ် မြစ်ဝကျွန်းပေါ် ဒေသတွင် အသုံးပြုခြင်း (MILDAS) | ၃၉,၀၁၁ |
| ၂၁ | International Organization for Migration | သင့်တင့်လျောက် ပတ်သည့်အလုပ် အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက်ပြုမှု (G&P) အားကောင်း စေခြင်း မှတဆင့် အလုပ်သမား ရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုး တိုးတက်ရေးဆိုင် အကျိုး သက်ရောက်မှုများ တိုးပွားစေခြင်း (အဖွဲ့အစည်းများ ပူးပေါင်း အကောင်အထည်ဖော် ပါသည်) | ၆၁၂,၂၃၉ |
| 22 | International Organization for Migration | သင့်တင့်လျောက် ပတ်သည့်အလုပ် အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွား လာမှု | ကောင်းမွန်လုံခြုံသည့် ရွှေ့ပြောင်း နေထိုင်ခြင်းမှ တဆင့်ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပဋိ ပက္ခဒဏ်ခံရသည့် လူမှုအသိုက် အဝန်း များ၏ ကြံ့ကြံ့ခံနိုင်စွမ်းအားကောင်း စေခြင်း (SAFE) | ၁၄၈,၇၄၉ |
| ၂၃ | Network Activities Group | စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ စနစ် များ | ရေချိုနှင့် ပင်လယ် ငါးဖမ်းလုပ်ငန်းများ စီမံအုပ်ချုပ်မှုအတွက် LIFT နှင့် NAG အကြား မဟာဗျူဟာမြောက်မိတ်ဖက်ပြုမှု | ၁၄၉,၉၉၀ |
| ၂၄ | Network Activities Group | စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ စနစ် များ | REAL Dev မြေယာပြန်လည် နေရာချထားရေး | ၅၉,၄၄၆ |
| ၂၅ | Save the Children | အာဟာရဖွံ့ဖြိုးမှု | Tat Lan Plus | ၉၉,၀၀၀ |
| ၂၆ | The Currency Exchange (TCX) | ငွေကြေးဆိုင်ရာ တွင် အားလုံးပါဝင် မှု | MFI များအတွက် ရင်းနှီးမြှုပ်နှံမှုဈေးကွက် ဖော်ဆောင်ရေး စီမံကိန်း | ၉,၀၂၅,၀၀၀ |
| စုစုပေါင်း | | | | ၂၈,၉၅၃,၅၁၂ |





# နောက်ဆက်တွဲ ၄– စီမံချက်၏ နောက်ဆုံး အခြေအနေ တင်ပြချက်များ

## သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု

| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
|---|---|---|
| ၁ | BBC Media Action<br><br>သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ မီဒီယာ ကဏ္ဍ (ရေကြည်ရာ)<br><br>၁/၁၀/၂၀၁၆ မှ ၃၀/၉/၂၀၂၀ အထိ<br><br>ကန်ဒေါ်လာ ၃,၁၅၅,၉၄၃ | » ရေကြည်ရာ စီမံချက်သည် မြန်မာနိုင်ငံတွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် ပတ်သက်၍ ပထမဦးဆုံးသော ရုပ်မြင်သံကြား ဆွေးနွေး ခန်း အစီအစဉ်ကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် စတင် ထုတ်လွှင့် ပြသ ခဲ့ပါသည်။ ရေကြည်ရာ ဆွေးနွေးခန်းနှင့် သတင်းမှတ်တမ်း အစီအစဉ်ကို အလုပ်သမားနှင့် လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီးဌာန ဝန်ကြီး (ရုပ်မြင် သံကြား အဖွင့်အမှာစကား) နှင့် DFID အကြီးအကဲတို့မှ ဖွင့်လှစ် ပေးသည့် လူအများ စိတ်ဝင်စားမှု မြင့်မားသော အစီအစဉ်အား စတင် ထုတ်လွှင့်ခဲ့ ပါသည်။<br><br>» သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွား လာမှု ဆိုင်ရာ ဆွေးနွေးခန်း အစီအစဉ် (၁၁)ခုအား လွတ်လပ်သည့် သတင်း မီဒီယာ ချယ်နယ်များ ဖြစ်သည့် DVB နှင့် မဇ္ဈိမ တို့မှ ထုတ်လွှင့် ပြသခဲ့ပြီး မူဝါဒနှင့် အလုပ်သမား အခွင့်အရေးများနှင့် ပတ်သက်၍ ပွင့်လင်း လွတ်လပ်စွာ ဆွေးနွေးပြောဆိုမှုများနှင့် ရွှေ့ပြောင်း သွားလာ သူများနှင့် သက်ရောက်မှုအား ခံစားရသည့် လူမှု အသိုက်အဝန်း များ၏ သဘောထား များကို နိုင်ငံ၏ အများပြည်သူဆိုင်ရာ မီဒီယာ ပလက်ဖောင်း များပေါ်သို့ ယူဆောင် လာခဲ့ပါသည်။<br><br>» COVID-19 ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်ကာကွယ်ရာတွင် စီမံကိန်းသည် COVID-19 ကပ်ရောဂါနှင့် ကိုက်ညီအောင် စီစဉ်ထားသည့် အကြောင်း အရာ များ ပါဝင်သည့် ရေဒီယို အစီအစဉ် အဖြစ် ဇွန်လ တွင် ပြန်လည် စတင်ခဲ့ပြီး မြန်မာ့အသံနှင့် ထိုင်းနိုင်ငံရှိ MAP ရေဒီယိုတို့မှ တစ်ပတ်လျှင် နှစ်ကြိမ် ထုတ်လွှင့်ခဲ့ပါသည်။<br><br>» ၂၀၂၀ ခုနှစ် တနှစ်လုံးတွင် မီဒီယာများဖြင့် စွမ်းဆောင်ရည် တည် ဆောက် ရေးဆိုင်ရာ မိတ်ဖက်ပြုမှုများကို တိုးချဲ့လုပ်ဆောင်ခဲ့ပြီး ပြည်တွင်း မီဒီယာ မိတ်ဖက် အဖွဲ့အစည်း (၄)ဖွဲ့ ဖြစ်သည့် မြစ်ကြီးနား သတင်း ဂျာနယ်၊ သျှမ်းသံတော်ဆင့်၊ ထားဝယ်စောင့်ကြည့်နှင့် မြန်မာတို့၏အသံ တို့အား ပြည်တွင်း ပရိသတ်များ အတွက် ရွှေ့ပြောင်း သွားလာခြင်းနှင့် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်နှင့် COVID-19 ကပ်ရောဂါနှင့် စပ်လျဉ်း သည့် အကြောင်းအရာ တို့အား အသားပေးသည့် အစီရင်ခံမှု (၁၃)ခု အတွက် ဆက်လက် လမ်းညွှန် နည်းပြ ပေးခဲ့ပါသည်။<br><br>» ပုံမှန်စောင့်ကြည့်သူ (၁)သန်းကျော် ရှိသည့် ရေကြည်ရာ ဖေ့စ်ဘုတ် စာမျက်နှာတွင် အကြောင်းအရာများအား မြန်မာဘာသာဖြင့် လွှင့်တင်ခဲ့ ပြီး ပုံမှန် ခါတ်ပုံ၊ ရုပ်သံတို့ဖြင့် အကြောင်းအရာများအား ဆက်လက် ထုတ်လုပ် ဖြန့်ချိခဲ့ပါသည်။ ဖေ့စ်ဘုတ်စာမျက်နှာသည် မတ်လမှ စတင်၍ COVID-19 ကပ်ရောဂါနှင့် ဆက်နွယ်နေသည့် အကြောင်းအရာများကို ဒီဂျစ်တယ် နည်းပညာဖြင့် ထုတ်လုပ်မှုဆီသို့ ဦးတည် ပြောင်းလဲခဲ့ပြီး ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း COVID ကပ်ရောဂါဆိုင်ရာ အကြောင်းအရာ (၁၀၀)ခု ခန့် ပါဝင်သည့် လွှင့်တင်မှု အပါအဝင် အလုပ် သမား အခွင့်အရေး ဆိုင်ရာ အကြောင်းအရာများ ပါဝင်သည့် လွှင့်တင်မှုပေါင်း (၂၃၄) ခုကို လွှင့်တင်ခဲ့ပြီး ဗီဒီယိုများအား အကြိမ်ရေ (၂၆.၈၈) သန်း ကြည့်ရှုခဲ့ပါသည်။<br><br>» ပရိသတ်များနှင့် ရေကြည်ရာ အစီအစဉ်တို့အကြား ဖေ့စ်ဘုတ် မက်ဆင် ဂျာ မှ တဆင့် အလုပ်သမား အခွင့်အရေးများ၊ လူမှုဖူလုံရေး၊ လုံခြုံ စိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှု၊ ပြည်ပသို့ ရွှေ့ပြောင်းသွားလာခြင်း နှင့် နာမည်ကောင်းရှိသည့် ကိုယ်စားလှယ် လုပ်ငန်းအား မည်ကဲ့သို့ ရှာဖွေ ရွေးချယ်ရမည် ဆိုသည် နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ရှာဖွေခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများအား အဓိကထား၍ တိုက်ရိုက် အပြန်အလှန် ပြောဆိုမှုပေါင်း (၂,၄၀၈)ကြိမ်ကျော် ရှိခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
|---|---|---|
| ၂ | International Labour Organization (ILO)<br><br>ပြည်တွင်း ပြည်ပ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး စီမံကိန်း (DIILM)<br><br>၁/၂/၂၀၁၆ မှ ၃၀/၆/၂၀၂၁ အထိ<br><br>ကန်ဒေါ်လာ ၄,၃၂၈,၇၅၁<br><br>ဆောင်ရွက်ဆဲ | » စီမံချက်သည် လူဝင်မှုကြီးကြပ်ရေး၊ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများရှိ အလုပ်သမား ဆိုင်ရာ အမျိုးသားလွှတ်တော် ကော်မတီ နှင့် အမျိုးသမီးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ နှင့် အိမ်အကူ အလုပ်သမား ဥပဒေကြမ်း ဆိုင်ရာ ဆွေးနွေးတိုင်ပင် သဘောထား ရယူ သည့် အစည်းအဝေးများသို့ တက်ရောက်ရန် အတွက် လုပ်ငန်းအဖွဲ့ နှင့် ကွန်ရက်အဖွဲ့ဝင်များအား ကူညီပံ့ပိုး ပေးခဲ့ပါသည်။<br>» ILO သည် လာမည့်နှစ် နှစ်ဆန်းပိုင်းတွင် တင်ပြမည်ဖြစ်သော DIILM နှင့်အတူ ILO ၏ အလုပ်သမား ဥပဒေနှင့် နိုင်ငံတကာ စံနှုန်းများဆိုင်ရာ ကျွမ်းကျင်သူ များဖြင့် ပြုစုထားခဲ့သည့် အိမ်အကူအလုပ်သမား ဆိုင်ရာ ဥပဒေမူကြမ်း အတွက် နည်းပညာဆိုင်ရာ ထင်မြင်သုံးသပ်ချက်များ ပေးရန် အတွက် လက်ခံ ရရှိခဲ့ပါသည်။<br>» Three Good Spoons မှ ပြုစုထားသည့် License to Stir သင်ရိုး ညွှန်းတမ်း၊ သင်တန်းဆရာများ နှင့် သင်တန်းသားများအသုံးပြုရမည့် စာရွက်စာတမ်းများအား ပြန်လည် ပြင်ဆင်ခဲ့ပြီး ကျွမ်းကျင်သူ သင်တန်း ဆရာ (၅)ဦးမှ သင်တန်းသား ဗဟိုပြုသည့် အရွယ်ရောက်ပြီးသူများ လေ့လာသင်ယူခြင်းဆိုင်ရာ တို့အား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ ဗီဒီယို သင်ခန်းစာ အတို (၄၀)ခုနှင့် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သည့် ဗီဒီယို (၅)ခု အပါအဝင် ဒီဂျစ်တယ် နည်းပညာဖြင့် ပြုလုပ်ထားသော သင်ခန်းစာ များဖြင့် ဝက်ဆိုဒ်တစ်ခုအား ဘာသာစကား (၂)မျိုး ဖြင့် လေ့လာနိုင်ရန် ရေးဆွဲအကောင်အထည်ဖော် ခဲ့ပါသည်။ ဗီဒီယိုများသည် License to Stir သင်ရိုးညွှန်းတမ်းမှ အဓိက သင်ခန်းစာများနှင့် အကြောင်း အရာတို့အား အလေးပေးထားပါသည်။<br>» ILO နှင့် စာချုပ်ချုပ်ဆိုထားသည့် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ) သည် အထူးသဖြင့် COVID–19 ကပ်ရောဂါ၏ ခြိမ်းခြောက်မှုခံရသည့် အိမ်အကူ အလုပ်သမားများ၏ အလုပ်အကိုင် စိတ်ချရမှု ဘေးကင်း လုံခြုံမှု ဆိုင်ရာ လက်ရှိ အခြေအနေများအတွက် တုံ့ပြန် ဆောင်ရွက်ရာတွင် သေချာစေမည့် ဥပဒေ ပြင်ဆင်မှု အတွက် အချက်အလက်များ ပေးမည့် COVID–19 ကပ်ရောဂါ ကာလအတွင်း အိမ်အကူ အလုပ်သမား များ၏ အခြေအနေ ဆန်းစစ်မှု မူကြမ်းအား ပြီး စီးခဲ့ပါသည်။<br>» ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာနများ (COVID–19 ကပ်ရောဂါနှင့် ဆက်နွယ်မှုမရှိသော) ၏ ပုံမှန်လုပ်ငန်းများနှင့် ဆက်နွယ် ပြီး (၂၄,၄၂၄) ဦး (အမျိုးသမီး ၄၃%၊ အမျိုးသား ၅၇%) တို့သည် ဤကာလအတွင်း တိုက်ရိုက် ဝန်ဆောင်မှုများကို ရရှိခဲ့ကြပြီး အွန်လိုင်း၊ ရေဒီယိုနှင့် လူမှုကွန်ရက် မီဒီယာများမှတဆင့် လူပေါင်း (၁၀၀,၀၀၀) ကျော်သည် သတင်းအချက်အလက်များအား လက်လှမ်းမီ ရယူခဲ့ကြ ပါသည်။<br>» ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာနများသည် ရွှေ့ ပြောင်းသွားလာသူများအား နှစ်သိမ့်ဆွေးနွေးခြင်း နှင့် နစ်နာသည့် ဖြစ်ရပ် များအား ညှိနှိုင်း ဖြေရှင်းရန် ရွှေ့ပြောင်း သွားလာသူများအား ဥပဒေ ရေးရာ ဆွေးနွေး အကြံပေး လမ်းညွှန်မှုနှင့် ဥပဒေရေးရာ ကူညီ ပံ့ပိုးမှုများ ပေးအပ်ခဲ့ပြီး နစ်နာကြေး တောင်းဆိုသူ ၇၀၆ ဦး (အမျိုးသမီး ၃၀%) တို့သည် လျော်ကြေးပေးအပ်ခြင်းနှင့် အကျိုးခံစားခွင့် အတွက် တောင်းခံမှု များကို ဖြည့်ဆည်းပေးခြင်း တို့အတွက် စုစုပေါင်း ကန်ဒေါ်လာ (၃၆၅,၁၂၀) အား ရရှိခဲ့ပါသည်။<br>» COVID–19 နှင့် ဆက်နွယ်နေသည့် လုပ်ငန်းများအတွက် ရွှေ့ပြောင်း လုပ်သား များ ထောက်ပံ့ကူညီရေး ဗဟိုဌာနများ/ GIFT များမှ ချက်ချင်း အကူအညီ ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုး ပေးသည့် ဝန်ဆောင်မှု များနှင့် ဆွေးနွေး တိုင်ပင် လမ်းညွှန်ပေးခြင်းနှင့် အစားအသောက် ပေး ဝေ ခြင်းတို့အား လူပေါင်း (၁၄၁,၇၁၆) ဦး (အမျိုးသား ၇၈,၇၄၁ ဦးနှင့် အမျိုး သမီး ၆၂,၉၇၅ ဦး) ထံ ကူညီ ပံ့ပိုး ပေးခဲ့ပါသည်။<br>» အလွတ်သဘော ရွှေ့ပြောင်းသွားလာသူများအတွက် လူမှု ကာကွယ် စောင့်ရှောက်ပေးခြင်း ဆိုင်ရာ စာတမ်းမူကြမ်းအား နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော ပြီးစီးကြောင်း အသိပေး သည့် အတည်ပြု ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ၌ ပတ်သက်ဆက်နွယ်သူ များထံ တင်ပြခဲ့ ပါသည်။ စာတမ်းနှင့် ယင်းနှင့် ပတ်သက်သည့် ထောက်ခံ အကြံပြုချက်များကို ကောင်းမွန်စွာ လက်ခံခဲ့ကြပြီး လူမှုဖူလုံရေး ဘုတ် အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်မှ ပြည်တွင်းနှင့် ပြည်ပ ရွှေ့ပြောင်း သွားလာ သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအား တိုးချဲ့ရာတွင် ရှေ့ လုပ်ငန်းစဉ်များ စူးစမ်းရှာဖွေရန် ILO နှင့် ပုံမှန် အစည်းအဝေးများ ကျင်းပ ပြုလုပ်ရန် ပန်ကြားသည့် ရလဒ် ထွက်ပေါ် ခဲ့ပါသည်။ |





| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
|---|---|---|
| | | » အစိုးရအရာရှိ (၈)ဦးသည် မတ်လ (၅)နှင့် (၆)ရက်နေ့၌ ပြုလုပ်ခဲ့သည့် မကျေနပ် ချက်အား တိုင်ကြားသည့် ယန္တရား၏ အချက်အလက်များ စီမံ ခန့်ခွဲခြင်း ဆိုင်ရာ (၂)ရက်တာ ဆရာဖြစ် သင်တန်းအား ပါဝင် တက်ရောက် ခဲ့ပါသည်။ ပါဝင်တက်ရောက်သူများမှာ ရွှေ့ပြောင်း အလုပ်သမားဌာနခွဲ၊ အလုပ်သမား ရေးရာ ဆက်ဆံရေးဦးစီးဌာန (DOR) နှင့် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန (FGLLID) တို့မှ ဖြစ်ကြပြီး အလုပ်သမား ဝန်ကြီးဌာနမှ တက်ရောက်သူ (၃) ဦး သည် ယခင် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ပြုလုပ်ခဲ့သည့် သင်တန်းများတွင် ပါဝင် တက်ရောက်ခဲ့ဖူးပါသည်။ သင်တန်းအား စီမံချက် ၏ M&E အရာရှိ နှင့် NPC တို့မှ ပို့ချပေးခဲ့ပါသည်။<br>» စီမံချက်သည် ပြည်တွင်း ရွှေ့ပြောင်းသွားလာသူများ နေထိုင်ရာ (သို့) လုပ်ငန်းခွင်များ ရှိရာ လှိုင်သာယာ စက်မှုဇုန်ရှိ ရွေးချယ်ထားသည့် နေရာ များတွင် ရောဂါပိုးသတ်ရန်နှင့် COVID–19 ကပ်ရောဂါ ကူးစက်မှုအား လျှော့ချရန် တို့အတွက် စေတနာ့ဝန်ထမ်း (၃၀)ဦးတို့နှင့်အတူ လုပ်ဆောင်ရန် အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ်အား ကူညီပံ့ပိုး ပေးခဲ့ ပါသည်။<br>» စီမံချက်သည် ရှမ်းပြည်နယ် စစ်ဘေးရှောင် ကော်မတီ/ Building Resilient Communities Foundation ၏ မြန်မာ–ထိုင်း နယ်စပ် တလျှောက်ရှိ စခန်းများမှ IDP များ/ နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်း သွားလာသူများအား အရေးပေါ် စားနပ်ရိက္ခာ အကူအညီပေးရန်အတွက် တောင်းခံမှု အား တုံ့ပြန် ဆောင်ရွက်ခဲ့ပါသည်။ |
| ၃ | International Organization for Migration<br><br>အရှေ့တောင်ပိုင်းနယ်စပ်မျဉ်း တလျှောက်တွင် ရွှေ့ပြောင်း သွားလာ သူများ၏ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာအခွင့်အလမ်းများနှင့် လုပ်ကိုင် နိုင်စွမ်းတို့အတွက် အခြေခံ အဆောက်အဦ အသစ်<br><br>၁၇/၈/၂၀၂၀ မှ ၃၁/၇/၂၀၂၃ အထိ<br><br>ကန်ဒေါ်လာ ၂,၀၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | » အလုပ်အကိုင်ခန့်ထားမှု အားလုံး ပြီးစီးအောင် လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါ သည်။<br>» ထိုင်းနိုင်ငံနှင့် နားလည်မှု စာချွန်လွှာ ရေးထိုးထားသည့် အလုပ်အကိုင် ရှာဖွေရေး လုပ်ငန်း (၈၃)ခု အပါအဝင် အလုပ်အကိုင် ရှာဖွေရေးလုပ်ငန်း (၂၀၇)ခုသည် ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ၏ အပြည့် အဝ ရန်ပုံငွေ ထောက်ပံ့မှု အောက်မှ ကူညီပံ့ပိုးပေးသည့် IOM ၏ နှစ်ရက် ကြာ ကျင်းပသည့် IRIS ဆိုင်ရာ ပဏာမ မိတ်ဆက် သင်တန်းကို တက် ရောက် ခဲ့ပြီး ဖြစ်ပါသည်။<br>» မြဝတီမြို့နယ် လေးကေကောမြို့သစ်နှင့် ဖားအံမြို့နယ် ပိုင်ကျုံးတို့တွင် CSO အကြံပေးဌာန (၂)ခု တည်ဆောက်ရန်အတွက် ပြင်ဆင်ရာ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် CIDKP သည် ဒေသခံ ခေါင်းဆောင်များ ပူးပေါင်း ပါဝင်မှုနှင့် အတူ ဒေသအာဏာပိုင်များ၊ ပတ်သက်ဆက်နွယ်နေသူများနှင့် တွေ့ဆုံ ဆွေးနွေး တိုင်ပင်ခဲ့ပါသည်။ MWO သည် မွန်ပြည်နယ်ပါတီ (NMSP) ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး MOU နှင့် စပ်လျဉ်းသည့် အကြံဉာဏ်များ နှင့် အကြံပေးဌာနများ၌ ပေးအပ်ရန် စီစဉ်ထားသည့် ကွင်းဆင်း အထောက်အကူပြုလုပ်ငန်းများကို ရှင်းလင်း တင်ပြခဲ့ပါသည်။<br>» MWO သည် NMSP ထိန်းချုပ်ထားသော ဒေသများရှိ လူမှု အသိုက်အဝန်း များ၏ ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အခြေအနေနှင့် ပြောင်းလဲစေ နိုင်သည့် အင်အားများနှင့် လိုအပ်ချက်များအား ပိုမိုသိမြင် နားလည် နိုင်ရန် ဆန်းစစ် လေ့လာမှု တစ်ရပ်အား ပြုလုပ်ရန် အတွက် NMSP ၏ အမျိုးသမီး အဖွဲ့အစည်းနှင့် ဆွေးနွေးမှုအား စတင်လုပ်ဆောင်ခဲ့ပါသည်။<br>» IOM ၏ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူ အဖွဲ့သည် ဝန်ဆောင်မှုဆိုင်ရာ သဘောတူ စာချုပ်များ၊ ဘဏ္ဍာရေးရာမူဝါဒ၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံ တင်ပြခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက် အထားများ မှတ်တမ်းတင်ခြင်းတို့နှင့် ပတ်သက်သည့် IOM နှင့် LIFT တို့၏ စည်းမျဉ်းများကို ရှင်းလင်းစွာ အသိပေးရန်အတွက် CSO မိတ်ဖက် အဖွဲ့ အစည်းများနှင့်အတူ အသိအမြင်မျှဝေသည့် အစည်းအဝေးအား အွန်လိုင်း မှတဆင့် ကျင်းပ ပြုလုပ်ခဲ့ပါသည်။<br>» Inter Connect ၏ နည်းပညာ ကူညီပံ့ပိုးမှုနှင့်အတူ IOM ၊ MWO နှင့် CIDKP တို့အကြား တုံ့ပြန်ဖြေကြားမည့်သူများ၊ စစ်တမ်း နမူနာ ရယူမည့် အရွယ်အစား ပမာဏနှင့် စစ်တမ်းတစ်ခုလုံး၏ နည်းစနစ်တို့အား ရှာဖွေ ဖော်ထုတ်ခြင်း အပါအဝင် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ် မှတဆင့် ကနဦးစစ်တမ်း အား ရေးဆွဲ အကောင်အထည် ဖော်ခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
| --- | --- | --- |
| ၄ | International Organization for Migration<br><br>စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက်ပြုမှု (G&P) အားကောင်းစေခြင်းမှတဆင့် အလုပ်သမား ရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ တိုးပွားစေခြင်း (တွဲလက်) စီမံချက်<br><br>၁/၁/၂၀၁၇ မှ ၃၀/၆/၂၀၂၁ အထိ<br><br>ကန်ဒေါ်လာ ၁၃,၅၅၆,၇၆၀<br><br>ဆောင်ရွက်ဆဲ | » စီမံချက်သည် ရွှေ့ပြောင်းသွားလာခြင်း မပြုမီ ကွင်းဆင်း အထောက်အကူ ပြုခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပေါင်းစပ်ထားသည့် သင်တန်း များ နှင့် ပတ်သက်၍ စမ်းသပ်ခဲ့သော အကျိုးခံစားခွင့်ရှိသူ (၃,၄၉၉) ဦး၏ မသွားလာမီ နှင့် သွားလာပြီးနောက် ရရှိခဲ့သည့် ရမှတ်များကို ဆန်းစစ်ခဲ့ပြီး ယင်းမှ ပါဝင်သူ (၃,၂၉၁) ဦး (၉၄%) ၏ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုနှင့် ငွေလွှဲ ပေးပို့မှုများအား စုဆောင်းခြင်းဆိုင်ရာ အသိအမြင် များ တိုးတက်ကောင်းမွန်လာသည်ဟု ညွှန်ပြခဲ့ပါသည်။<br>» စီမံချက်သည် စီမံချက်၏ မိတ်ဖက်အဖွဲ့အစည်း ဖြစ်သည့် ချင်း လူ့အခွင့် အရေး အဖွဲ့ (CHRD) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထိုင်းနိုင်ငံ၊ ရနောင်း ရှိ လူဝင်မှု ကြီးကြပ်ရေး ထိန်းသိမ်းရေး စင်တာ (IDC) တွင် ထိန်းသိမ်းခံ ထားရသည့် ရွှေ့ပြောင်းသွားလာသူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်လာ နိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ပြီး ချင်းပြည်နယ်နှင့် နေပြည်တော် ရှိ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန (DOL) တို့နှင့် ထိုင်းနိုင်ငံရှိ အလုပ် သမား သံအရာရှိ များ အား ကူညီ ပံ့ပိုး ပေးခဲ့ပါသည်။<br>» IOM နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ ပေါင်းစပ်ထားသည့် သင်တန်း၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာ ခြင်းနှင့် ပေါင်းစပ်ထားသည့် သတင်း အချက်အလက်များနှင့် ငွေလွှဲပေး ပို့မှုအား စုဆောင်းမှု ဆိုင်ရာ အကြောင်းအရာတို့အား ဆက်လက် ပံ့ပိုး ကူညီပေးခဲ့ပြီး အခြားရွှေ့ပြောင်းသွားလာခြင်း မတိုင်မီ ကွင်းဆင်း အထောက်အကူပြုသည့် လုပ်ငန်းများမှ ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ ဝန်ဆောင်မှုများဖြင့် စုစုပေါင်း (၇,၂၇၆) ဦး (အမျိုးသား ၃,၅၆၅ ဦးနှင့် အမျိုးသမီး ၃,၇၁၁ ဦး) ထံ ရောက်ရှိခဲ့ပြီး ပညာပေး ဖျော်ဖြေသည့် ပွဲများနှင့် ပြဇာတ်ပွဲများမှတဆင့် အပူပိုင်းဇုန်၊ အရှေ့တောင်ပိုင်းဒေသ၊ ရှမ်းနှင့် ချင်းပြည်နယ်များတွင် (၅၁,၀၅၄) ဦး (အမျိုးသား ၂၂,၇၂၂ ဦးနှင့် အမျိုး သမီး ၂၈,၃၃၂ ဦး) ထံ ရောက်ရှိခဲ့ ပါသည်။<br>» စီမံချက်သည် ရွှေ့ပြောင်းသွားလာခြင်း၊ အလုပ်အကိုင်တို့နှင့် ဆက်နွှယ် နေသည့် အကြံဉာဏ်ပေးခြင်းနှင့် ရွှေ့ပြောင်းသွားလာသူများအား ကူညီ ပံ့ပိုးပေးခြင်း တို့ဖြင့် CHRO ၊ MWC နှင့် PDN တို့မှ ၂၀၁၉ ခုနှစ် နှောင်းပိုင်း ကာလမှ ၂၀၂၀ ခုနှစ် ဩဂုတ်လအကြား စီမံခန့်ခွဲခဲ့သည့် MRC (၂)ခု နှင့် SATMAC (၈)ခု ထံသို့ ဖိတ်ကြားခဲ့သည့် (၂,၉၃၂)ဦး အား ကူညီပံ့ပိုး ပေးခဲ့ ပါသည်။<br>» ချင်းပြည်နယ်တွင် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းအား မြှင့် တင်ပေးသူများမှ စီစဉ်ကျင်းပခဲ့သည့် ကျေးရွာ အခြေပြု အသိ ပညာ ပေးသည့် အစည်းအဝေးများတွင် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (၆,၅၁၇) ဦး (အမျိုးသမီး ၄၂%) တက်ရောက်ခဲ့ပါသည်။<br>» ချင်းပြည်နယ်နှင့် အပူပိုင်းဇုန်တွင် စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ (၁,၈၃၅) ဦး (အမျိုးသား ၃၉၁ ဦးနှင့် အမျိုးသမီး ၁,၄၄၄ ဦး)သည် ရွှေ့ပြောင်း သွားလာသူ ရှိသည့် အိမ်ထောင်စုများနှင့် နေရပ်ပြန်သူ များမှ လွှဲပေးပို့ သည့် ငွေအား စုဆောင်းခြင်း (IRS) ၏ အရေးပါပုံ ပတ်သက်၍ လေ့လာသင်ယူနိုင်သော ငွေရေးကြေးရေးဆိုင်ရာ ပညာပေး သင်တန်းများ အား တက်ရောက်ခဲ့ ကြပါသည်။<br>» IOM နှင့် DVB သည် ဆွေးနွေးပွဲ (၄)ခုနှင့် တွေ့ဆုံမေးမြန်းမှု (၁၁)ခုအား ထုတ်လုပ်ပြသခဲ့သည့် ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ စည်းရုံး လှုံ့ဆော်မှုအား ဆက်လက် လုပ်ဆောင်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှ ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ လူမှုကွန်ရက် မီဒီယာ ပေါ်တွင် စုစုပေါင်း ကြည့်ရှုမှု အကြိမ်ရေ (၄၁၄,၅၅၃) ခန့် ရှိခဲ့ပါသည်။<br><br>၂၀၂၀ ခုနှစ် ဇန်နဝါရီ လ ၁ ရက် မှ ဒီဇင်ဘာ ၃၁ ရက် နေ့အထိ–<br>» နည်းပြများအား ပိုမိုအဆင့်မြင့်သည့် စီးပွားရေးအမြင် များဖြင့် ပံ့ပိုး ပေး နိုင်ရန် ပြန်လည် ဆန်းသစ်ထားသည့် အွန်လိုင်း သင်တန်း (၂)ခု ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပြီး မိတ်ဖက် အဖွဲ့အစည်းများမှ နည်းပြပေးသူ (၁၁၄) ဦး (အမျိုးသား ၅၄ ဦးနှင့် အမျိုးသမီး ၆၀ဦး) တို့မှ အဆိုပါ ဉာဏ်သစ်လောင်း သင်တန်းများအား ပြီးစီး အောင်မြင် ခဲ့ပါသည်။<br>» စီမံချက်သည် ရွှေ့ပြောင်းသွားလာခြင်း မပြုမီ ကွင်းဆင်း အထောက်အကူ ပြုခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပေါင်းစပ်ထားသည့် သင်တန်း များ နှင့် ပတ်သက်၍ စမ်းသပ်ခဲ့သော အကျိုးခံစားခွင့်ရှိသူ (၃,၄၉၉) ဦး၏ မသွားလာမီ နှင့် သွားလာပြီးနောက် ရရှိခဲ့သည့် |





| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
| --- | --- | --- |
| | | » ရမှတ်များကို ဆန်းစစ်ခဲ့ပြီး ယင်းမှ ပါဝင်သူ (၃,၂၉၁) ဦး (၉၄%) ၏ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုနှင့် ငွေလွှဲ ပေးပို့မှုများအား စုဆောင်းခြင်းဆိုင်ရာ အသိအမြင် များ တိုးတက်ကောင်းမွန်လာသည်ဟု ညွှန်ပြခဲ့ပါသည်။<br>» စီမံချက်သည် စီမံချက်၏ မိတ်ဖက်အဖွဲ့အစည်း ဖြစ်သည့် ချင်း လူ့အခွင့် အရေး အဖွဲ့ (CHRD) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထိုင်းနိုင်ငံ၊ ရနောင်း ရှိ လူဝင်မှု ကြီးကြပ်ရေး ထိန်းသိမ်းရေး စင်တာ (IDC) တွင် ထိန်းသိမ်းခံ ထားရသည့် ရွှေ့ပြောင်းသွားလာသူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်လာ နိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ပြီး ချင်းပြည်နယ်နှင့် နေပြည်တော် ရှိ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန (DOL) တို့နှင့် ထိုင်းနိုင်ငံရှိ အလုပ် သမား သံအရာရှိ များ အား ကူညီ ပံ့ပိုး ပေးခဲ့ပါသည်။<br>» IOM နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ ပေါင်းစပ်ထားသည့် သင်တန်း၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာ ခြင်းနှင့် ပေါင်းစပ်ထားသည့် သတင်း အချက်အလက်များနှင့် ငွေလွှဲပေး ပို့မှုအား စုဆောင်းမှု ဆိုင်ရာ အကြောင်းအရာတို့အား ဆက်လက် ပံ့ပိုး ကူညီပေးခဲ့ပြီး အခြားရွှေ့ပြောင်းသွားလာခြင်း မတိုင်မီ ကွင်းဆင်း အထောက်အကူပြုသည့် လုပ်ငန်းများမှ ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ ဝန်ဆောင်မှုများဖြင့် စုစုပေါင်း (၇,၂၇၆) ဦး (အမျိုးသား ၃,၅၆၅ ဦးနှင့် အမျိုးသမီး ၃,၇၁၁ ဦး) ထံ ရောက်ရှိခဲ့ပြီး ပညာပေး ဖျော်ဖြေသည့် ပွဲများနှင့် ပြဇာတ်ပွဲများမှတဆင့် အပူပိုင်းဇုန်၊ အရှေ့တောင်ပိုင်းဒေသ၊ ရှမ်းနှင့် ချင်းပြည်နယ်များတွင် (၅၁,၀၅၄) ဦး (အမျိုးသား ၂၂,၇၂၂ ဦးနှင့် အမျိုး သမီး ၂၈,၃၃၂ ဦး) ထံ ရောက်ရှိခဲ့ ပါသည်။<br>» စီမံချက်သည် ရွှေ့ပြောင်းသွားလာခြင်း၊ အလုပ်အကိုင်တို့နှင့် ဆက်နွှယ် နေသည့် အကြံဉာဏ်ပေးခြင်းနှင့် ရွှေ့ပြောင်းသွားလာသူများအား ကူညီ ပံ့ပိုးပေးခြင်း တို့ဖြင့် CHRO ၊ MWC နှင့် PDN တို့မှ ၂၀၁၉ ခုနှစ် နှောင်းပိုင်း ကာလမှ ၂၀၂၀ ခုနှစ် ဩဂုတ်လအကြား စီမံခန့်ခွဲခဲ့သည့် MRC (၂)ခု နှင့် SATMAC (၈)ခု ထံသို့ ဖိတ်ကြားခဲ့သည့် (၂,၉၃၂)ဦး အား ကူညီပံ့ပိုး ပေးခဲ့ ပါသည်။<br>» ချင်းပြည်နယ်တွင် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းအား မြှင့် တင်ပေးသူများမှ စီစဉ်ကျင်းပခဲ့သည့် ကျေးရွာ အခြေပြု အသိ ပညာ ပေးသည့် အစည်းအဝေးများတွင် အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (၆,၅၁၇) ဦး (အမျိုးသမီး ၄၂%) တက်ရောက်ခဲ့ပါသည်။<br>» ချင်းပြည်နယ်နှင့် အပူပိုင်းဇုန်တွင် စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ (၁,၈၃၅) ဦး (အမျိုးသား ၃၉၁ ဦးနှင့် အမျိုးသမီး ၁,၄၄၄ ဦး)သည် ရွှေ့ပြောင်း သွားလာသူ ရှိသည့် အိမ်ထောင်စုများနှင့် နေရပ်ပြန်သူ များမှ လွှဲပေးပို့ သည့် ငွေအား စုဆောင်းခြင်း (IRS) ၏ အရေးပါပုံ ပတ်သက်၍ လေ့လာသင်ယူနိုင်သော ငွေရေးကြေးရေးဆိုင်ရာ ပညာပေး သင်တန်းများ အား တက်ရောက်ခဲ့ ကြပါသည်။<br>» IOM နှင့် DVB သည် ဆွေးနွေးပွဲ (၄)ခုနှင့် တွေ့ဆုံမေးမြန်းမှု (၁၁)ခုအား ထုတ်လုပ်ပြသခဲ့သည့် ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ စည်းရုံး လှုံ့ဆော်မှုအား ဆက်လက် လုပ်ဆောင်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှ ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ လူမှုကွန်ရက် မီဒီယာ ပေါ်တွင် စုစုပေါင်း ကြည့်ရှုမှု အကြိမ်ရေ (၄၁၄,၅၅၃) ခန့် ရှိခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
|---|---|---|
| ၅ | CARE<br><br>အောင်မြင်မှုစီမံချက် – လုံခြုံစိတ်ချသော အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း<br><br>၁/၃/၂၀၁၇ မှ ၃၀/၆/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၆,၆၈၅,၆၄၃<br><br>ဆောင်ရွက်ဆဲ | » ၂၀၂၀ ခုနှစ်တွင် အောင်မြင်မှု သင်တန်းစင်တာ MOBA ၊ TOTs နှင့် စက်ရုံ လေ့ကျင့်သင်ကြားရေး လိုင်းများတွင် တက်ရောက် သင်ကြားခဲ့သည့် သင်တန်း သား (၇၄၄)ဦးသည် သင်တန်း ပြီးဆုံး အောင်မြင်ခဲ့ပါသည်။<br>» AMH သင်တန်းစင်တာမှ သင်တန်းသား (၁၈၂)ဦးအား သင်တန်းပြီးဆုံး အောင်မြင်သည်အထိ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။<br>» သင်တန်းသား (၁၆၅)ဦးသည် Business Kind Myanmar ၏ သုံးပန်လှ စင်တာတွင် လိင်ပိုင်း ဆိုင်ရာ ထိပါးနှောက်ယှက်မှု အသိပညာပေးသည့် သင်တန်းအား တက်ရောက်ခဲ့ပါသည်။<br>» ရွှေ့ပြောင်းလုပ်သား (၅၂)ဦးသည် သုံးပန်လှ စင်တာမှ ပို့ချသည့် သင်တန်း အား တက်ရောက်ခဲ့ကြပြီး စက်ရုံအလုပ်သမား (၅,၄၅၇)ဦးအား AMH ၏ မိတ်ဖက် စက်ရုံများ၌ လေ့ကျင့် သင်ကြား ပေးခဲ့ပါသည်။<br>» ရွှေ့ပြောင်းသွားလာသူ အမျိုးသမီး (၁၇၉)ဦးသည် အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည့် အမျိုးသမီးများအတွက် သုံးပန်လှ၏ အရေးပေါ် ဆက်သွယ်ရေး လမ်းကြောင်းနှင့် သုံးပန် လှ သက်တူဆင့်တူ ခေါင်းဆောင် များအား ဆက်သွယ်ခြင်းမှတဆင့် (သို့) ရပ်ရွာလူထု အဆက်အသွယ်များ မှတဆင့် အလျင်အမြန် ကူညီပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို ရရှိခဲ့ ပါသည်။<br>» ဥပဒေရေးရာကုစားရေးအဖွဲ့ (မြန်မာ)မှ ဥပဒေရေးရာ ဆွေးနွေး အကြံပေး လမ်းညွှန်ခြင်းနှင့် စေ့စပ် ဖျန်ဖြေပေးခြင်း ဖြစ်ရပ်(၂၂၀)အား ကိုင်တွယ် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ရပ် (၂၂၀)အနက် (၉၉)ခုအား ဖြေရှင်းပေးခဲ့ နိုင်ပါသည်။<br>» အောင်မြင်မှုမှ ချိတ်ဆက်ထားသည့် စက်ရုံများတွင် သင်တန်း အောင်မြင် ပြီးဆုံးအောင် တက် ရောက်ခဲ့သည့် သင်တန်းသားများ၏ (၆၉%) သည် သင်တန်း မတက်ရောက်ရသေးသူများထက် ပိုမိုမြင့်မားသည့် လုပ်ခလစာ များ ရရှိခဲ့ ကြပါသည်။<br>» COVID–19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် စီမံချက်သည် အဆင့် မြင့် မော်တာ စက်ချုပ် အော်ပရေတာသင်တန်း၊ ကြီးကြပ်မှုဆိုင်ရာ ကျွမ်းကျင်မှု များ သင်တန်း၊ စက်မှု လုပ်ငန်း အင်ဂျင်နီယာ၊ အရောင်း ကြော်ငြာ လုပ်ငန်းနှင့် အလုပ်သမား ဥပဒေ ဆိုင်ရာ သင်တန်း တို့အတွက် ဗီဒီယိုဖိုင် (၂၃)ဖိုင်နှင့် ရုပ်ပုံများနှင့် ပြသသည့် ဗီဒီယိုဖိုင် (၄)ခုတို့ကို မြန်မာ ဘာသာ ဖြင့် ရိုက်ကူး ထုတ်လုပ်ခဲ့ပါသည်။<br>» စီမံချက်သည် အွန်လိုင်းမှတဆင့် စက်မှုလုပ်ငန်း အင်ဂျင်နီယာ သင်တန်း အား သင်တန်းသား (၄၂)ဦးနှင့် အရောင်း ကြော်ငြာသင်တန်းအား သင်တန်း သား (၂၂)ဦး တို့ထံ ပို့ချပေးခဲ့ပါသည်။<br>» လူ့စွမ်းအား အရင်းအမြစ်ဌာန မန်နေဂျာများအတွက် အလုပ်သမား ဥပဒေ သင်တန်းအား သင်တန်းသား (၆၉) ဦးအတွက် စီစဉ် ပြုလုပ်ပေးခဲ့ပါ သည်။<br>» စုစုပေါင်း NOCS (၁၁)ခုအား မူကြမ်းရေးဆွဲခဲ့ပြီး ပတ်သက်ဆက်နွယ်သူ အမျိုးမျိုးနှင့် ဆွေးနွေး တိုင်ပင် သဘောထား ရယူရန်အတွက် အဆင်သင့် ဖြစ်နေပြီ ဖြစ် ပါသည်။<br>» ၂၀၂၀ ခုနှစ် ဇွန်လတွင် နိုင်ငံတဝှမ်းရှိ ပရိသတ်များအား လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက် မှုနှင့် ပတ်သက်၍ ပညာပေးခြင်းကို စတင် ဆောင်ရွက် ရန်နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက် ယှက်မှုအား ဆန့်ကျင်မှုကို မြှင့်တင်ရန် တို့အတွက် လူမှု ကွန်ရက် ပေါ်တွင် “ရပ်” (လိင်ပိုင်း ဆိုင်ရာ ထိပါးနှောင့်ယှက်မှုများ ရပ်) စာမျက်နှာ အား စတင် လွှင့်တင်ခဲ့ပါသည်။<br>» ILO Convetion 190 ၏ အရေးပါမှုနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်သူများအား အသိပညာ ပေးရန်နှင့် လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှုအား ဖြေရှင်းရာတွင် ပိုမို ခိုင်မာသည့် ပြဋ္ဌာန်းချက် ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် PoVAW ဥပဒေ မူကြမ်းအား ပထမ ဆုံးအနေဖြင့် စတင် ဆောင်ရွက်နိုင်သည့် လက်ရှိ အခွင့် အလမ်းအား တင်ပြရန် တို့အတွက် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်များမှ လွှတ်တော် ကိုယ်စားလှယ် (၂၉)ဦးနှင့် အွန် လိုင်း ပေါ်မှ တဆင့် ပြုလုပ်သော အစည်းအဝေး များကို စီစဉ် ကျင်းပခဲ့ပါသည်။<br>» အောင်မြင်မှုသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား ဆန့်ကျင်ပြီး ရေရှည်တည်တံ့ခိုင်မြဲ မည့် ယန္တရားများအား ကျင့်သုံးခြင်း အပါအဝင် လိင်ပိုင်း ဆိုင်ရာ ထိပါးနှောက်ယှက်မှုအား ကာ ကွယ်တားဆီးခြင်း ဆိုင်ရာ အစီအမံများ ရေးဆွဲ အကောင်အထည် ဖော်ရန် အတွက် မိတ်ဖက် စက်ရုံ (၂၀)ရုံနှင့် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ |





| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
|---|---|---|
| | | » စက်ရုံ (၁၃)ရုံသည် လုပ်ငန်းခွင်အဆင့် လိင်ပိုင်းဆိုင်ရာ ထိပါး နှောက် ယှက်မှု တိုက်ဖျက်ရေး မူဝါဒကို ချမှတ်ကျင့်သုံး နေကြပြီး ယင်းတို့၏ လုပ်ငန်းအစီအစဉ်ပေါ် မူတည်၍ မကျေနပ်ချက် များ တိုင်ကြား နိုင် သည့် ယန္တရားများအား အကောင် အထည် ဖော်ဆောင်ရွက် လျက်ရှိပါသည်။<br>» အလုပ်သမား (၁၅,၆၉၉)ဦးသည် လူမှုကွန်ရက်မီဒီယာအပါအဝင် စက်ရုံ အတွင်း နှင့် စက်ရုံ ပြင်ပ၌ ပြုလုပ်သည့် သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲ များနှင့် အခမ်းအနားများ/ စည်းရုံး လှုံ့ဆော်သည့် လှုပ်ရှား မှုများမှတဆင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုနှင့် ကျား–မ အခြေပြု အကြမ်းဖက်မှု ဆိုင်ရာ အသိပညာပေးသည့် သတင်းစကားများ ကို လက်ခံ ရရှိခဲ့ ပါသည်။<br>» ကျား–မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ရပ်ရွာလူထုဆွေးနွေးပွဲ (၆)ပွဲသို့ (၉၇)ဦးမှ ပါဝင်တက် ရောက်ခဲ့ပြီး ဦးတည်ရည်ရွယ်သည့် လူမှု အသိုက် အဝန်းမှ အမျိုးသား (၇၇)ဦးသည် အမျိုးသား များအတွက် GBV သင်တန်း (၅)ကြိမ်၌ ပါဝင် တက်ရောက်ခဲ့ပါသည်။<br>» အောင်မြင်မှု စီမံချက်သည် အထည်ချုပ်လုပ်သားများ အနေဖြင့် ၎င်းတို့၏ အသက်မွေး ဝမ်းကျောင်းမှုအား ဆက်လက်ထိန်းထားနိုင်ရန် ကူညီပံ့ပိုး ပေးသည့် အနေဖြင့် နှာခေါင်းစည်း များ ထုတ်လုပ်ရာတွင် စက်ရုံများအား ကူညီပံ့ပိုးပေးရန်အတွက် ဒီဇိုင်း ပုံစံများ၊ လမ်းညွှန် ချက်များ၊ အတိုင်း အထွာ များနှင့် ပါဝင်သည့် နည်းပညာ ဆိုင်ရာ သတင်း အချက် အလက် များ ပါဝင်သည့် အထောက်အထား စာရွက် စာတမ်း တစ်စုံ၊ နမူနာများနှင့် လမ်းညွှန်မှုပေး သည့် ဗီဒီယိုဖိုင်တစ်ခု တို့အား ရေးဆွဲ အကောင်အထည် ဖော်ခဲ့ပါသည်။ NGO အဖွဲ့ (၁၃)ဖွဲ့ ခန့် အတွက် နှာခေါင်းစည်း (၃.၃)သန်း ခုအား မှာယူပေးခြင်းဖြင့် စက်ရုံ (၁၄)ရုံနှင့် အလုပ်သမား (၇၉၅)ဦးအား အလုပ်ဆက်လက်ရှိနေစေရန်အတွက် ကူညီ ပံ့ပိုးပေးခဲ့ပါသည်။<br>» အောင်မြင်မှုစီမံချက်သည် COVID–19 ကပ်ရောဂါ ဆိုင်ရာ ကယ်ဆယ်ရေး အထောက်အပံ့ ပစ္စည်းများအား စက်ရုံများနှင့် အလုပ်သမားများထံ ဖြန့်ဝေ ပေးခဲ့ပြီး ရန်ကုန်မြို့ရှိ လှိုင်သာယာ မြို့နယ်နှင့် အခြားမြို့နယ်များမှ လူဦးရေ (၁၂၅,၄၇၄) ဦးထံ ရောက်ရှိခဲ့ပါသည်။<br>» အောင်မြင်မှုစီမံချက်သည် မြန်မာနိုင်ငံရှိ လိင်အလုပ်သမားများ ကွန်ရက် နှင့် ပူးပေါင်း၍ အမျိုးသမီး လိင်အလုပ်သမား (၅၀၀)ဦးထံ ငွေကြေး ထောက်ပံ့မှု ပေးအပ်ခဲ့ပြီး COVID–19 ကပ် ရောဂါ တားဆီး ကာကွယ်ရေး ဆိုင်ရာ IEC စာရွက် စာတမ်းများကို ဖြန့်ဝေပေးခဲ့ပါသည်။ |
| ၆ | **Eden Myanmar**<br><br>လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် (သို့) အဓမ္မ ထိမ်းမြားရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံရသည့် မြန်မာရွှေ့ပြောင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကူညီကယ်ဆယ်ရေး Eden စီမံချက်<br><br>၁/၃/၂၀၁၇ မှ ၃၁/၁၂/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၉၄၆,၉၅၇<br><br>ဆောင်ရွက်ဆဲ | » Eden သည် ၎င်းတို့၏ ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ အဆင့်အတန်း အပေါ် သတင်း အချက်အလက်များ ကောက်ယူရန် လိင်ဖျော်ဖြေရေး လုပ်ငန်းများ ရှိသည့် နေရာများတွင် တုံ့ပြန်ဖြေကြားသူ (၂၀၀) ဦး နှင့် တွေ့ဆုံ မေးမြန်းပါသည်။<br>» Eden သည် ၂၀၂၀ ခုနှစ်တွင် ပြန်လည် ထူထောင်ရေးဦးစီးဌာန၊ လူကုန် ကူးမှု တိုက်ဖျက်ရေး အဖွဲ့၊ CSO များ၊ CBO များ ၊ NGO များနှင့် INGO များမှ ညွှန်းပို့သည့် လူကုန်ကူးမှု ခံရသူများနှင့် လွတ်မြောက်ပြီး ကြိုးပမ်းရှင်သန် နေရသူ (၃၉)ဦးအား လက်ခံခဲ့ ပါသည်။<br>» လူကုန်ကူးခံရမှုမှ လွတ်မြောက်လာပြီးနောက် ကြိုးပမ်းရှင်သန်နေရသူ (၆၄) ဦးအတွက် လုံခြုံ စိတ်ချရသည့် ခိုလှုံရာ နေရာ နှင့်/သို့ ကူညီ ပံ့ပိုး ပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။<br>» Eden သည် စိတ်ဒဏ်ရာအတွက် အမူအကျင့်ဆိုင်ရာ ကုထုံး ဖြင့် ပံ့ပိုးကူညီခြင်းအပေါ် ရောဂါ လက္ခဏာ မျိုးစုံကို ခြုံငုံသုံးသပ် ကုသပေးသည့် အစီအစဉ်များမှ တဆင့် ရန်ကုန်မြို့နှင့် လားရှိုး မြို့တို့ရှိ လူကုန်ကူးခံရသည့် ရွှေ့ပြောင်း သွားလာသူ အမျိုးသမီး (၇၅)ဦးအား ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပါသည်။<br>» ဤအစီရင်ခံတင်ပြသည့် ကာလအတွင်း ပြန်လည် ထူထောင်ရေး စီမံကိန်းမှ ပို့ချသည့် သင်တန်း အား အကျိုးခံစားခွင့်ရှိသူ (၁၈)ဦး ပြီးစီး အောင်မြင်အောင် တက်ရောက်ခဲ့ပြီး (၄)ဦးသည် ၎င်း တို့၏ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများ အား စတင်ထူထောင် လုပ်ကိုင်ခဲ့ပါသည်။<br>» LIFT မှ ပံ့ပိုးပေးသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းဆင်း (၅၆)ဦး သည် သင်တန်းဆင်းပြီး (၆)လအတွင်း အလုပ် အကိုင် များ ရရှိခဲ့ပါသည်။<br>» အစီရင်ခံ တင်ပြနေသည့် ကာလအတွင်း LIFT မှ ပံ့ပိုးပေးသည့် သင်တန်း ဆင်း အကျိုးခံစားခွင့် ရှိသူ (၇၅)ဦးသည် ၎င်းတို့၏ အလုပ်အကိုင်နှင့် ဝင်ငွေ များ တိုးတက် ရရှိခဲ့ပါသည်။<br>» Eden သည် တာချီလိတ်ရှိ နားခိုရာ ဂေဟာအတွက် ဝန်ထမ်းများ ခန့်အပ် ခြင်း နှင့် သင်တန်း ပို့ချခြင်းတို့ကို စတင်ဆောင်ရွက်ခဲ့ပါသည်။<br>» Eden သည် အစိုးရအရာရှိများ၊ CSO များနှင့် ပြည်သူ့ရဲများ အပါအဝင် (၇၂)ဦး အား လူကုန်ကူး မှုနှင့် ပတ်သက်၍ ပညာပေးခဲ့ပါသည်။<br>» Eden သည် စိတ်ဒဏ်ရာ နှစ်သိမ့်ဆွေးနွေးအကြံပေးသူ (၅)ဦးအား လေ့ကျင့်သင်ကြားပေးခဲ့ပြီး အသိအမှတ်ပြု လက်မှတ် ပေးအပ်ခဲ့ပါ သည်။<br>» စီမံချက်သည် ပြန်လည်ထူထောင်ရေး ဦးစီးဌာန၏ နားခိုရာ နေရာများရှိ လူကုန်ကူးခံရသူ အမျိုးသမီး (၃၁)ဦးအား ဆွေးနွေး လမ်းညွှန်ပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
| --- | --- | --- |
| | | » ပြည်တွင်း NGO တစ်ခုဖြစ်သည့် New Hope နှင့် ပူးပေါင်း၍ Eden သည် ဝင်ငွေ ရရှိနိုင်သည့် လုပ်ငန်းတစ်ခုအနေဖြင့် နှာခေါင်းစည်း ထုတ်လုပ်မှု တွင် အမျိုးသမီး (၆၉၂) ဦးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ပါသည်။<br>» Eden သည် ရာဇသတ်တရားစီရင်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူ (၃၁)ဦး အား စိတ်ဒဏ်ရာ ရခြင်းကို ပိုမိုသိရှိပြီး ပြုစု စောင့်ရှောက်ပေးသည့် သင်တန်း ဗီဒီယိုဖိုင်အား မျှဝေပေးခဲ့ပါသည်။ |
| ၇ | International Organization for Migration<br><br>ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာအဖြစ် မြစ်ဝကျွန်းပေါ် ဒေသတွင် အသုံးပြုခြင်း စီမံချက်<br><br>၁၅/၁၂/၂၀၁၅ မှ ၃၀/၈/၂၀၂၀ အထိ<br><br>ကန်ဒေါ်လာ ၁,၅၈၈,၁၁၁ | » IOM သည် သင်တန်းပြီးဆုံးပြီးနောက် ကူညီပံ့ပိုးပေးသည့် လုပ်ငန်းများ အား သတင်းအချက်အလက်ပေးရန်နှင့် စုစုပေါင်း သင်တန်းဆင်း (၁၈၁) ဦး (အမျိုးသမီး ၁၁ဦး နှင့် အမျိုးသမီး ၆၉ဦး) အား လေ့လာသုံးသပ်ခြင်းကို စီမံခန့်ခွဲရန်တို့အတွက် MILDAS ၏ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းများကို စာရင်းပြုစုလေ့လာခြင်း ကို စတင်ဆောင်ရွက်ခဲ့ပါသည်။<br>» သင်တန်းဆင်း ၁၂၈ ဦး (စာရင်းကောက်ယူခဲ့သည့် သင်တန်းဆင်းများ၏ ၇၁%) သည် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း တက်ရောက် ပြီးနောက် အလုပ်အကိုင် ရရှိခဲ့သော်လည်း သင်တန်းဆင်း (၃၁) ဦး (ကောက်ယူခဲ့သည့် သင်တန်းဆင်းများ၏ ၁၇%) သည် ကျွမ်းကျင်မှု များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းတက်ရောက်ပြီးသည့် နောက်ပိုင်း မိမိ ကိုယ်ပိုင် အလုပ်အား စတင်လုပ်ကိုင်ခဲ့ပါသည်။<br>» DVB ရုပ်မြင်သံကြားလိုင်းတွင် "ရာသီအလိုက် ရွှေ့ပြောင်း သွားလာ သည့် အလုပ်သမားများ၏ ဘဝများ" ခေါင်းစဉ်ဖြင့် မှတ်တမ်း ဗီဒီယို (၃)ခုအား ဖေဖော်ဝါရီလ (၁၄)ရက်နေ့နှင့် (၁၆)ရက် တို့တွင် ထုတ်လွှင့် ပြသခဲ့ပါသည်။ ထို့နောက် မှတ်တမ်း ဗီဒီယိုများအား မယ်ရွှေ့ပြောင်း ဖေ့စ်ဘုတ် စာမျက်နှာပေါ်တွင် တစ်ခုချင်းစီ လွှင့်တင်ခဲ့ ပါသည်။<br>» ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ် (၃)မြို့နယ်ရှိ ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အစီအစဉ်များ၏ လည်ပတ်ရန်ပုံငွေ (၁၅)ခု (၆၃ ခု ရှိသည့် အနက်) အတွက် စောင့်ကြည့်စစ်ဆေးသည့် ခရီးစဉ်များ သွားရောက်ခဲ့ပြီး စောင့်ကြည့်စစ်ဆေးသည့် ခရီးစဉ်များတွင် မိတ်ဖက် CSO ဝန်ထမ်းများနှင့် အတူ MILDAS ဝန်ထမ်းများ မှ စစ်ဆေးခဲ့ပါသည်။<br>» IOM သည် SAFE ၊ တွဲလက်နှင့် MILDAS စီမံချက်များ၏ မိတ်ဖက် အဖွဲ့အစည်းများအပြင် နေရပ်ပြန်ရွှေ့ပြောင်း သွားလာသူများဆိုင်ရာ ကုလသမဂ္ဂ အဓိကအဖွဲ့၏ တာဝန်ခံ ကုလသမဂ္ဂအဖွဲ့များနှင့်အတူ အလျင် အမြန် ပြုလုပ်သည့် ဆန်းစစ်အကဲဖြတ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားမှုအား အွန်လိုင်းမှ တဆင့် ပြုလုပ်ခဲ့ပါသည်။<br>» မြန်မာနိုင်ငံ တွင် ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သည့် အသိအမြင် ကွာဟမှုအား ဖြည့်ဆည်းပေးရန် နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ဘိုက လေး၊ မော်လမြိုင်ကျွန်း နှင့် လပွတ္တာမြို့နယ် (၃)မြို့နယ်ရှိ လူအများ အတွက် ရွှေ့ပြောင်းသွားလာမှု သံသရာလည်ပတ်နေခြင်း၏ ကောင်းကျိုး နှင့် ဆိုးကျိုးများနှင့် ရွှေ့ပြောင်း သွားလာသည့် ပုံစံများအား ပိုမို နားလည်သဘောပေါက်စေရန် ကြိုးပမ်းမှုအဖြစ် ရွှေ့ပြောင်း သွားလာမှု သံသရာ လည်ပတ်နေခြင်း အမည်ရှိ အကျဉ်းချုပ်စာတမ်း အား ထုတ်ဝေခဲ့ပါသည်။<br>» COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်မှုများဖြင့် တိုက်ရိုက် အကျိုး ခံစားခွင့်ရှိသူ စုစုပေါင်း (၉,၉၂၄) ဦး (အဓိကအားဖြင့် နေရပ်ပြန် ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများ) ထံ ရောက်ရှိခဲ့ပြီး သွယ်ဝိုက် သော ကူညီပံ့ပိုးပေးမှုများဖြင့် အကျိုးခံစားခွင့်ရှိသူ (၁၆၃,၆၈၈) ဦး ထံ ရောက်ရှိခဲ့ ပါသည်။<br>» IOM သည် မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှု ကြောင့် နေရပ်ပြန်ခဲ့သည့် ရွှေ့ပြောင်းသွားလာသူများ၏ အတွေ့အကြုံ များကို နားလည် သဘောပေါက်စေရန်အတွက် နေရပ်ပြန် ရွှေ့ပြောင်း သွားလာသူ (၂,၃၁၁) ဦးနှင့် ရပ်ရွာ လူထုခေါင်းဆောင် (၄၅၃)ဦး တို့အား တွေ့ဆုံမေးမြန်း၍ အလျင်အမြန် ဆန်းစစ် အကဲဖြတ်သည့် စစ်တမ်း (၁)ခုအား အလုပ်သမား လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ CSO မိတ်ဖက် အဖွဲ့အစည်းများ နှင့် ပူးပေါင်း လုပ်ဆောင်ခဲ့ ပါသည်။<br>» ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ သည့် စီမံချက်၏ ဒုတိယ အဆင့်အား အာရုံစိုက်ခဲ့သည့် စီမံကိန်း ပြီးဆုံးချိန် ကောက်ယူသည့် စစ်တမ်းအား ဆောင်ရွက်ခဲ့ပြီး နမူနာအိမ်ထောင်စု (၃၀၀) အား တွေ့ဆုံမေးမြန်းခြင်း အပါအဝင် အရေအတွက် အခြေခံ နည်းစနစ်များနှင့် အရည်အသွေး အခြေခံ သုတေသနပြုသည့် အသေးစိတ် တွေ့ဆုံမေးမြန်းမှု (IDI) ၁၅ ကြိမ်နှင့် ဦးတည်ရည်ရွယ်သည့် အုပ်စု ဆွေးနွေးပွဲ(၆)ကြိမ်အပြင် စီမံချက် ကျေးရွာများသို့ ကွင်းဆင်း သွားရောက် သည့် ခရီးစဉ်များအပါအဝင် အရည်အသွေးဆိုင်ရာ တိုင်းတာမှု များကို အသုံးပြု၍ စီမံချက်လုပ်ငန်းများအား ဆန်းစစ် အကဲဖြတ် ခဲ့ပါ သည်။ |





| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
| --- | --- | --- |
| ၈ | Adventist Development and Relief Agency (ADRA)<br><br>ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှု အသိုက်အဝန်းများအား ကူညီပံ့ပိုးပေးရန် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ပညာရေး (VESI)စီမံချက်<br><br>၁/၇/၂၀၁၉ မှ ၃၀/၆/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၂,၂၀၀,၀၀<br>ဆောင်ရွက်ဆဲ | » စုစုပေါင်း လူဦးရေ (၂၅၈)ဦးသည် နည်းပညာ၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကျွမ်းကျင်မှုများနှင့် စီးပွားရေးလုပ်ငန်းတို့နှင့် သက်ဆိုင်သည့် သင်တန်းအား ပြီးစီးအောင်မြင်စွာ တက်ရောက်ခဲ့ပါသည်။ ဆရာများ အရည်အသွေးဆိုင်ရာ အညွှန်းတွင် တိုးတက်ကောင်းမွန်စေရန် အတွက် သင်ကြား နည်းဆိုင်ရာ မွမ်းမံ သင်တန်း (အွန်လိုင်း) နှင့် စီမံခန့်ခွဲမှု သင်တန်း (အွန်လိုင်း) တို့အား ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများနှင့် ဆရာများ အပါအဝင် အစိုးရနည်းပညာ အထက်တန်း ကျောင်းများမှ ဝန်ထမ်း (၆၆)ဦးထံ ပို့ချပေးခဲ့ပါသည်။ သင်ရိုးညွှန်းတမ်း ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ဆရာ/ဆရာမ (၂၂)ဦး ပါဝင်ရေးဆွဲခဲ့ပြီး ကျွမ်းကျင်သူများ နှင့် အတိုင်ပင်ခံများ၏ ကြီးကြပ်လမ်းညွှန်မှု ဖြင့် လူငယ်များအတွက် ကာလတို အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း ၏ သင်ရိုးညွှန်းတမ်း ဒီဇိုင်းပုံစံနှင့် အကောင်အထည်ဖော်ရမည့် နည်းလမ်းတို့ကို စနစ်တကျ လေ့လာခဲ့ပါသည်။ |
| ၉ | International Organization for Migration<br><br>ကောင်းမွန်လုံခြုံသည့် ရွှေ့ပြောင်း နေထိုင်ခြင်းမှ တဆင့် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပဋိ ပက္ခဒဏ်ခံရသည့် လူမှုအသိုက် အဝန်း များ၏ ကြံ့ကြံ့ခံနိုင်စွမ်းအားကောင်း စေခြင်း (SAFE) စီမံချက်<br><br>၁၅/၀၇/၂၀၁၉ မှ ၃၀/၀၆/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၁,၃၃၁, ၀၆၂<br><br>ဆောင်ရွက်ဆဲ | » ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ လူမှု အသိုက် အဝန်း များ အကြားရှိ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လေ့လာ သုံးသပ် သည့် လေ့လာမှုတစ်ခုကို အပြီးသတ်ဆောင်ရွက်ခဲ့ပြီး ရွှေ့ပြောင်း သွားလာသူ များအား ကာကွယ်စောင့်ရှောက်ခြင်းကို မြှင့်တင်ရန်အတွက် နိုင်ငံတော် အဆင့် ဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့် အချက်များနှင့် ထည့်သွင်းစဉ်းစားရမည့် အချက် များကို ပံ့ပိုးပေးရန် စီမံချက်၏ ပတ်သက် ဆက်နွယ်သူများထံ မျှဝေ ပေးခဲ့ပါသည်။<br>» မြစ်ကြီးနားမြို့ရှိ MRC အား စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းလည်ပတ် ဆောင်ရွက်ခဲ့ ပါသည်။ MRC မှ ပေးအပ်သည့် ဝန်ဆောင်မှုများမှာ လုံခြုံ စိတ်ချရသည့် ပုံမှန်ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ သတင်း အချက်အလက် များ၊ မကျေနပ်ချက်များ တိုင်တန်းရန် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနထံ ညွှန်းပို့ပေးခြင်း နှင့် အလုပ်သမားမှတ်ပုံတင်ကဒ်များ မှတ်ပုံတင်ခြင်းတို့အပြင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူ အညီ တို့ဖြစ်ပါသည်။<br>» စုစုပေါင်း တက်ရောက်သူ (၄၉၃) ဦး (အမျိုးသမီး ၇၈%) အတွက် နှစ်ရက်တာ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်တန်း (၂၆)ကြိမ်အား ပို့ချပေးခဲ့ပါသည်။<br>» သင်ရိုးညွှန်းတမ်း ပြန်လည် သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ လေ့လာ သုံးသပ် သည့် လေ့လာမှု အစီရင်ခံစာအား ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ CSO များနှင့် ဆွေးနွေးတိုင်ပင်သဘောထား ရယူခြင်းမှ အတည်ပြုခြင်းတို့၏ ရလဒ်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံ မြောက်ပိုင်း အတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်ရိုး ညွှန်းတမ်းအား လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင် ခဲ့ပါသည်။<br>» COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်သည့်လုပ်ငန်းများမှ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများနှင့် အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူများ အပါအဝင် အကျိုးခံစားခွင့်ရှိသူ (၁၄၈,၇၆၃) ဦး (အမျိုး သမီး ၅၂%) အား အစားအသောက်များ၊ အစားအသောက် မဟုတ်သည့် ပစ္စည်း များ၊ အိပ်ယာ ခင်း အသုံးအဆောင် များ၊ တကိုယ်ရည် သန့်ရှင်းရေး ပစ္စည်းများနှင့် WASH ဆိုင်ရာ အထောက်အပံ့ များ ကူညီပံ့ပိုး ပေးခဲ့ ပါသည်။ |
| ၁၀ | World Vision<br><br>မြင်သည်၊ ကြားသည်၊ လုပ်ကိုင်နိုင်စွမ်း ပေးသည် – (SHE) ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ဌာနေ လူမှုအသိုက်အဝန်းများအတွက် အားလုံးပါဝင်စေပြီး ပြောင်းလဲနိုင်သည့် အသက်မွေးဝမ်းကျောင်းမှုအား ကူညီ ပံ့ပိုးပေးသည့် စီမံချက်<br><br>၀၅/၀၇/၂၀၁၉ မှ ၃၀/၆/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၂,၅၈၄,၇၄၄၁<br><br>ဆောင်ရွက်ဆဲ | » အလုပ်အကိုင်အတွက် ကြိုတင်ပြင်ဆင်မှု/ TVET အကြိုသင်တန်းနှင့် ပတ်သက်၍ စခန်းများ/ ကျေးရွာ (၅၄)ခုမှ အသက် (၁၇) နှစ်မှ (၃၅)နှစ် အကြားရှိ လူငယ် (၅၇၈) ဦး (အမျိုးသမီး ၇၂%) တို့သည် လုံခြုံ စိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှု၊ ဘဝတစ်သက်တာ ကျွမ်းကျင်မှု များ၊ ငွေလွှဲပေးပို့မှု များအား စုဆောင်းခြင်းဆိုင်ရာ သင်တန်းအား တက်ရောက် ခဲ့ပါသည်။ လက်ရှိ အချိန်၌ စခန်း/ ကျေးရွာ (၂၇)ခုမှ အဆိုပါ လူငယ်များ အနက်မှ (၅၂ ) ဦးသည် TVET/ TNFE သင်တန်း တက်ရောက် ရန် စာရင်း ပေးသွင်းထားပါသည်။<br>» စီးပွားရေးဆိုင်ရာ သင်တန်းများနှင့် ပတ်သက်၍ BEO နှင့် GYB/ SYB နည်းစနစ် များကို အကျိုးခံစားခွင့်ရှိသူ (၅၃၃)ဦး (အမျိုးသမီး ၉၇%) အား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ အဆိုပါ အကျိုးခံစားခွင့်ရှိသူများမှာ စခန်း/ ကျေးရွာ (၆၅)ခု မှ ဖြစ်ပါသည်။<br>» အိမ်ထောင်စု (၉၄၃) စုမှ အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (၁,၁၈၅) ဦး (အမျိုးသမီး ၁,၀၃၆ ဦး နှင့် အမျိုးသား ၁၄၉ ဦး) တို့ဖြင့် စခန်း/ကျေးရွာ (၄၂)ခုတွင် VSLA အုပ်စု စုစုပေါင်း (၆၀)စုအား ဖွဲ့စည်းခဲ့ပါသည်။ စခန်း/ ကျေးရွာ ၂၅ ခုမှ VSLA အဖွဲ့ဝင် (၃၇၀) (အမျိုးသမီး ၈၆%) နှင့် VDC/ CDC အဖွဲ့ဝင် (၁၉၄) ဦးကို ကျား-မအားလုံး ပါဝင်စေခြင်းနှင့် မသန်စွမ်း သူများ အားလုံးပါဝင်စေခြင်းတို့ နှင့် စပ်လျဉ်း၍ လေ့ကျင့်သင်ကြားပေးခဲ့ ပါသည်။ |

| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
|---|---|---|
| ၁၁ | Women's Organization Network<br><br>ရွှေ့ပြောင်းလုပ်သားများ၏ အားနည်း ထိခိုက်လွယ်မှုနှင့် ခေါင်းပုံဖြတ်အမြတ် ထုတ်ခံရခြင်းအား အဆုံးသတ်ခြင်း (EVE)<br><br>၁၀/၁၀/၂၀၁၉ မှ ၃၀/၀၉/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၁,၀၅၈,၇၄၉<br><br>ဆောင်ရွက်ဆဲ | » လှိုင်သာယာ မြို့နယ်တွင် ရွှေ့ပြောင်းလုပ်သား ကူညီထောက်ပံ့ရေး ဗဟို ဌာန (၃)ခုနှင့် တောင်ဒဂုံမြို့နယ်တွင် (၁)ခု တို့အား ဖွင့်လှစ်ခဲ့ပြီး အမျိုး သမီး ရွှေ့ပြောင်းလုပ်သား (၁၆၆)ဦး ကို နားခိုရာနေရာ၊ အစား အသောက် တို့ ပံ့ပိုး ကူညီပေးခဲ့ကာ ယင်းတို့သည် GBV ဆွေးနွေး တိုင်ပင် လမ်းညွှန် ပေးခြင်း၊ အလုပ်သမား အခွင့်အရေးများ ဆိုင်ရာ အသိပညာ ပေးခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများအတွက် သတင်းအချက် အလက်များ လက်ခံရရှိခဲ့ပါသည်။<br>» ရွှေ့ပြောင်းသွားလာသည့် လူမှုအသိုက်အဝန်းများတွင် ရရှိလာသည့် အသိ အမြင် များကို မျှဝေပေးရန်အတွက် ကျား-မအခြေပြု အကြမ်းဖက်မှု နှင့် အလုပ်သမား အခွင့်အရေးများဆိုင်ရာ သင်တန်းအား ဆင့်တူသက်တူ စေတနာ့ဝန်ထမ်း (၇၅)ဦးမှ တက်ရောက်ခဲ့ပါသည်။<br>» ရွှေ့ပြောင်း လုပ်သားများအတွက် သင့်တော်မှုရှိပြီး တောင်းဆိုမှု အများဆုံး သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအား ရွေးချယ်ရန် အတွက် အလုပ်သမား ဈေးကွက်ဆန်းစစ် အကဲဖြတ်မှုအား လုပ်ဆောင်ခဲ့ ပါသည်။<br>» COVID-19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်သည့် လုပ်ငန်းများအနေဖြင့် စေတနာ့ ဝန်ထမ်းအုပ်စုများနှင့် CBO များအတွက် လက်သန့်ဆေးရည်နှင့် ဆပ်ပြာအရည် ထုတ်လုပ်ခြင်းဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပြီး ရွှေ့ပြောင်းလုပ်သား (၆၃,၉၂၈) ဦးအား လက်သန့်ဆေးရည်နှင့် ဆပ်ပြာ အရည်များ ပေးအပ်ခဲ့ပြီး ယင်းတို့သည် COVID-19 ကပ်ရောဂါ ကာကွယ် တားဆီးခြင်းနှင့် GBV အသိပညာ ပေးခြင်းဆိုင်ရာ သတင်း အချက်များကို လက်ခံရရှိခဲ့ပါသည်။ |
| ၁၂ | ActionAid<br><br>ရန်ကုန်မြို့ မြို့ပြဝန်းကျင်ဒေသများတွင် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်အတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှု (SECURE) စီမံချက်<br><br>၂၁/၁၀/၂၀၁၉ မှ ၃၀/၉/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၂,၈၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | » မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တွင် ရွှေ့ပြောင်းလုပ်သား (၁၉၀)ဦး အား လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်း၊ ငွေရေး ကြေးရေး ဆိုင်ရာ အသိပညာပေးခြင်း၊ လုပ်ငန်းခွင် အခြေအနေများ၊ ခွင့်နှင့် စက်ရုံ များ၏ HR မူဝါဒ/ လုပ်ထုံး လုပ်နည်းများနှင့် ပတ်သက်၍ မထွက်ခွာမီ အကြိုသင်တန်း (၆)ကြိမ် ပို့ချပေးခဲ့ပါသည်။<br>» ရွှေ့ပြောင်းလုပ်သားများ၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် လုပ်ကိုင်နိုင်စွမ်း ပေးအပ်ရန်အတွက် လှိုင်သာယာမြို့နယ်တွင် ရွှေ့ပြောင်းလုပ်သား (၅၄)ဦး သည် လူမှုရေးဆိုင်ရာ ဆင့်တူသက်တူ ကွန်ရက် ချိတ်ဆက်ခြင်း သင်တန်း အား တက်ရောက်ခဲ့ပါသည်။<br>» COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် အလုပ် သမား အငြင်းပွားမှုများ (သို့) အလုပ်မှ ထုတ်ပယ်ခံရခြင်း တို့ အတွက် ရွှေ့ပြောင်းလုပ်သား (၉၅)ဦးသည် စိတ်ပိုင်း လူမှုရေးပိုင်း ဆိုင်ရာ ကူညီ ပံ့ပိုးပေးမှု ကို ရရှိခဲ့ပါသည်။<br>» လုပ်ငန်းခွင်တွင် အမျိုးသမီး ခေါင်းဆောင်များ ဖြစ်လာစေရန်၊ မိသားစု အတွင်း၌ ခေါင်းဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို အသုံးချရန်နှင့် ပိုမို ကျယ်ပြန့်စွာ အသုံးချနိုင်ရန်တို့အတွက် အမျိုးသမီး ခေါင်းဆောင်မှု သင်တန်းအား တက်ရောက်သူ (၉၀)ဦး (အမျိုးသမီး (၉၆%) အား ပို့ချ ပေးခဲ့ပါသည်။<br>» ရွှေ့ပြောင်းလုပ်သား – စက်ရုံအလုပ်သမား (၃၃၉) ဦး (အမျိုးသမီး ၈၁%) သည် ဥပဒေရေးရာ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ အလုပ်သမား အခွင့်အရေးများ၊ ချိုးဖောက်ခြင်းများ ဆိုင်ရာ ဥပဒေများနှင့် ၎င်းတို့၏ ခံစား ပိုင်ခွင့်များနှင့် ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင် အခြေ အနေ များ ရရှိအောင် မည်သို့ တောင်းဆိုရမည် ဆိုသည် တို့နှင့် ပတ်သက် သည့် သင်တန်း တက်ရောက်ခဲ့ ပါသည်။<br>» (၁၀၂၂) ဦး (၂၄ နာရီ အရေးပေါ် ဝန်ဆောင်မှု လမ်းကြောင်းများ မှတဆင့် ၇၅၇ ဦးနှင့် လူကိုယ်တိုင် တိုက်ရိုက်ရရှိသူ ၂၆၅ ဦး) သည် ဥပဒေရေးရာနှင့် ဝန်ဆောင်မှုများကို လက်ခံ ရရှိခဲ့ပါသည်။ ၁၀၅ ဦးသည် စက်ရုံပိုင်ရှင် များ ထံမှ နစ်နာကြေး ရရှိခဲ့ပါသည်။<br>» အလုပ်သမား သမဂ္ဂများ၊ အလုပ်သမား အခွင့်အရေးများဆိုင်ရာ အဖွဲ့ အစည်း များမှ တက်ရောက်သူ (၅၈)ဦးအား ခေါင်းဆောင်မှု၊ ဆက်သွယ် ဆောင်ရွက်ခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်း၊ အသိပေး အရေးဆိုခြင်း၊ စေ့စပ်ညှိနှိုင်းခြင်း နှင့် ပဋိပက္ခ ဖြေရှင်းခြင်းတို့နှင့် ပတ်သက်၍ ၎င်းတို့၏ အသိအမြင်နှင့် ကျွမ်းကျင်မှုများ တိုးတက် ကောင်းမွန်စေရန် တို့အတွက် စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်ရေး သင်တန်းများ ပို့ချပေးခဲ့ပါသည်။<br>» ရန်ကုန်မြို့ပြ ဝန်းကျင်ဒေသများရှိ စက်ရုံပိုင်ရှင်များ၊ HR မန်နေဂျာများ အပါအဝင် တက်ရောက်သူ (၉၆)ဦးအား လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး (OHS) ၊ အလုပ်သမား ဥပဒေများနှင့် မဟာ ဗျူဟာမြောက် စီမံခန့်ခွဲရေးဆိုင်ရာ သင်တန်းအား ပို့ချပေးခဲ့ပါသည်။<br>» အသိပညာပေးသည့် နည်းလမ်းတခုအနေဖြင့် အသုံးပြုရန်နှင့် အားပေး ထောက်ခံမှု အတွက် အခြေအနေများ ဖန်တီးရန်အတွက် လေ့လာ သင်ယူခဲ့သည့် သင်ခန်းစာများ၊ ရွှေ့ပြောင်းလုပ်သားများ ကြုံတွေ့ခဲ့ရသည့် အဓိက စိန်ခေါ်မှုများ နှင့် အလုပ်သမား (၃၀)ဦး၏ ဘဝ ဇာတ်ကြောင်းများအား မှတ်တမ်းတင်ထားသည့် အလုပ်သမား ဂျာနယ် (၇,၄၀၀)စောင်အား မြို့ပြဒေသများရှိ ရွှေ့ပြောင်း လုပ်သားများနှင့် စက်ရုံပိုင်ရှင်များ၏ အခြေအနေ နှင့် စပ်လျဉ်း၍ အသိပညာပေးရန် အတွက် ရွှေ့ပြောင်း လုပ်သားများ၊ CSO များ၊ အလုပ်သမား သမဂ္ဂများနှင့် လွှတ်တော် ကိုယ်စားလှယ်များ (MPs) ထံ ဖြန့်ဝေ ပေးခဲ့ပါသည်။ |





| စဉ် | IP ၊ စီမံချက်အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေ တင်ပြချက်များ |
|---|---|---|
| ၁၃ | People in Need<br><br>အေးချမ်းသောအိမ် – ရွှေပြည်သာတွင် ရွှေ့ပြောင်းလုပ်သားများအား လုပ်ကိုင် နိုင်စွမ်း ပေးအပ်ခြင်း စီမံချက်<br><br>၁၀/၁၀/၂၀၁၉ မှ ၃၀/၉/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၃,၂၀၈,၉၅၀<br><br>ဆောင်ရွက်ဆဲ | » ရွှေပြည်သာမြို့နယ်တွင် အလုပ်သမားစင်တာ (၄)ခုအား တည်ထောင်ခဲ့ပြီး အလုပ်သမား စင်တာများမှ သတင်းအချက်အလက်များ ပေးသည့် ဝန်ဆောင်မှု များအား ရွှေ့ပြောင်းသွားလာသူ (၁,၆၀၂) ဦး (အမျိုးသမီး ၅၅%) မှ ရရှိခဲ့ပါသည်။<br>» ဥပဒေအထောက်အကူပြု သင်တန်းအား ရေးဆွဲ အကောင် အထည် ဖော်ခဲ့ပြီး ဥပဒေအထောက်အကူပြုသူ (၂၆ ဦး) (အမျိုးသမီး ၄၈%) အား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။<br>» စုစုပေါင်း အလုပ်သမား (၄၁,၂၆၉) ဦးအား ကိုယ်စားပြုသည့် အလုပ်သမား ပြဿနာ (၂၇၂)ခုအား ALR နှင့် STUM တို့မှ ပေးအပ်သည့် ဥပဒေ အထောက်အကူပြု ကူညီထောက်ပံ့မှုများမှတဆင့် ကူညီပံ့ပိုး ပေးခဲ့ ပါသည်။<br>» ဥပဒေအကူအညီပေးသည့် ဖြစ်ရပ်များအား ဒီဂျစ်တယ်နည်းပညာဖြင့် မှတ်တမ်း တင်သည့် စနစ်အား အကောင်အထည် ဖော်ခဲ့ပါသည်။<br>» လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းနှင့် အလုပ်သမား အခွင့် အရေး များ ဆိုင်ရာ သင်တန်းများကို ရေးဆွဲ အကောင်အထည် ဖော်ခဲ့ပြီး စီမံချက်၏ အဓိက ဝန်ထမ်း (၃၂)ဦးနှင့် CSO နှင့် အလုပ်သမား သမဂ္ဂများမှ တက်ရောက်သူ (၅၀)ဦးထံ ပို့ချပေးခဲ့ပါသည်။<br>» ပျိုပျိုမေ မိုဘိုင်းလ် အပလီကေးရှင်းနှင့် ဖေ့စ်ဘုတ် စာမျက်နှာသည် လုံခြုံ စိတ်ချသည့် ရွှေ့ပြောင်းသွားလာမှုနှင့် အလုပ်သမား အခွင့်အရေး များနှင့် ပတ်သက်သည့် အစီအစဉ်အသစ်များဖြင့် လူဦးရေ (၆၅,၆၇၀၃) ဦးထံ ရောက်ရှိခဲ့ ပါသည်။ အသစ် သုံးစွဲသူများအားလုံးသည် အမျိုးသမီး များ ဖြစ်ကြပါသည်။<br>» အေးချမ်းသောအိမ် ဖေ့စ်ဘုတ် စာမျက်နှာအား ဖန်တီးခဲ့ပြီး လူဦးရေ (၇,၅၀၀) ဦးထံ ရောက်ရှိခဲ့ပါသည်။<br>» အလုပ်သမား စင်တာများရှိ နေရာအား အသုံးပြု၍ ရွှေ့ပြောင်းလုပ်သား (၁၈၂) ဦး သည် လုပ်ငန်းခွင်၌ ဆက်သွယ်ပြောဆိုမှုများ၊ လုပ်ငန်းခွင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရေး ကော်မတီ၊ အလုပ်အကိုင် ခန့်ထားမှု ဆိုင်ရာ စာချုပ်များ၊ လူမှု ဖူလုံရေးအဖွဲ့ (SSB) နှင့် သက်ဆိုင်သည့် အခြား အထွေထွေ ပြဿနာများနှင့် ကြီးကြပ်ရေးမှူးများနှင့် ဆက်ဆံရေးတို့နှင့် ပတ်သက်သည့် ၎င်းတို့၏ အတွေ့အကြုံများကို ဖလှယ်ခဲ့ကြပါသည်။<br>» အသက်မွေးမှုဆိုင်ရာ ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးသည့် ဝန်ဆောင်မှု အား ရွှေ့ပြောင်းလုပ်သား (၁၂၅)ဦးထံ ပေးအပ်ခဲ့ပါသည်။<br>» သင်တန်းလိုအပ်ချက်များဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှုနှင့် လူမှု ဆက်ဆံ ရေး ဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများအား ရေးဆွဲ အကောင် အထည် ဖော်ခဲ့ပြီး ရွှေ့ပြောင်းလုပ်သား (၃၆၉) ဦးအား လေ့ကျင့် သင်ကြား ပေးခဲ့ ပါသည်။<br>» အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ ဥပဒေနှင့် အလုပ်သမားဥပဒေများနှင့် ပတ်သက်သည့် အသိပညာပေးသည့် အခမ်းအနား တစ်ခုအား စီစဉ် ကျင်းပခဲ့ပြီး တိုက်ရိုက် ကျင်းပနေမှုတွင် စက်ရုံများမှ အလုပ်သမား (၃၀)ဦး ပါဝင် တက်ရောက်ခဲ့ပြီး ကြည့်ရှုသည့် အကြိမ်ရေ (၂,၃၅၄) ကြိမ် ရှိသည်ဟု မှတ်တမ်း တင်ထားခဲ့ပါသည်။<br>» အစားအသောက် ရောင်းချသူ ဆန်းစစ်အကဲဖြတ်မှုအား ပြုလုပ်ခဲ့ပြီး အတည်တကျ ရောင်းချသူများအတွက် သင်တန်းအစီအစဉ်အား ရေးဆွဲ ခဲ့ကာ အစားအသောက် ရောင်းချသူ (၆)ဦးအား လေ့ကျင့် သင်ကြားပေး၍ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခဲ့ပါသည်။<br>» ကောင်းမွန်သည့်လွဲချော်မှုဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှုအတွက် နည်းစနစ် အား ပြင်ဆင်ခဲ့ပြီး အချက်အလက် ကောက်ယူခြင်းအား ဇန်နဝါရီလ တွင် စတင် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။<br>» အလုပ်မှထုတ်ပယ်ခြင်းခံရသည့် အလုပ်သမားများ အနက် (၆၄၀)ဦး (အမျိုး သမီး ၇၀%)သည် စိတ်လူမှုပိုင်းဆိုင်ရာ ဆွေးနွေးတိုင်ပင် လမ်းညွှန် မှု အား ရရှိခဲ့ပါသည်။ |

# အာဟာရဖွံ့ဖြိုးမှုနှင့် ပဋိပက္ခဒဏ်ခံ ဒေသများ

| စဉ် | IP ၊ စီမံချက် အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေတင်ပြချက်များ |
|---|---|---|
| ၁ | Save the Children<br><br>ကျန်းမာရေးနှင့် ညီညွတ်သော ရွေး ချယ်စရာ များ- ရွှေပြည်သာမြို့နယ် တွင်သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးတိုးတက် ကောင်းမွန် စေခြင်းတို့အတွက် အခွင့်အလမ်းများ ကူညီပံ့ပိုးပေးခြင်း<br><br>၂၉/၀၁/၂၀၂၀ မှ ၃၁/၁၂/၂၀၂၁ အထိ<br><br>ဆောင်ရွက်ဆဲ | SCI နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ – Water Aid ၊ ပန်းတိုင်ရှင် ၊ Rays of Light ၊ BRIDGE နှင့် သွေးစည်းညီညွတ်သော သမဂ္ဂများ အဖွဲ့ချုပ် မြန်မာ (STUM) တို့သည် ရခိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အဓိကအားဖြင့် ကျေးလက်ဒေသများမှ ရွှေ့ပြောင်းသွားလာသူ အများအပြားရှိသည့် ရွှေပြည်သာ မြို့နယ်မှ ဦးတည်ရည်ရွယ်သော ရပ်ကွက်(၄)ရပ်ကွက်တွင် သင့်တင့်လျောက် ပတ်သည့် အလုပ်အကိုင်အား ရေရှည်တည်တံ့ခိုင်မြဲစွာ လက်လှမ်းမီ ရယူနိုင်ခြင်း၊ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အမူအကျင့်များ တိုးတက် ကောင်းမွန်စေခြင်း၊ ရေမှတဆင့် ကူးစက်ရောဂါ ကူးစက်နိုင်ချေ အန္တရာယ်များအား လျှော့ချခြင်း တို့မှတဆင့် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီးများနှင့် ၎င်းတို့မှ မွေးဖွားလာသည့် ဘ၀အစရက်ပေါင်း (၁၀၀၀)အတွင်းရှိ ကလေးသူငယ်များအတွက် လုံလောက်သည့် ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုတို့ ရှိစေရန်အတွက် "ကျန်းမာရေး နှင့် ညီညွတ်သော ရွေးချယ်စရာများ" စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက နေပါသည်။ ၂၀၂၀ ခုနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက် ခဲ့ပါသည်–<br>» COVID–19 ကပ်ရောဂါကာလအတွင်း စီမံချက်သည် အလုပ်လက်မဲ့ ဖြစ်သွားပြီး လုပ်ခလစာများ မရရှိသည့်နှင့်/သို့ နစ်နာကြေး မရရှိသည့် အထည်ချုပ် အလုပ်သမား (၁,၂၃၇) ဦးအား ငွေကြေးထောက်ပံ့မှုဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် ကပ်ရောဂါကာလအတွင်း အသွားအလာ ကန့်သတ်ပြီး နေအိမ်၌သာ နေထိုင်ရန် ချမှတ်ထားသော စည်းမျဉ်းများကြောင့် အရင်းအနှီးများ ဆုံးရှုံးပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခဲ့ရသည့် အသေးစား စီးပွားရေး လုပ်ကိုင်သူ (၅၂)ဦးအား ငွေကြေး အခြေခံသည့် လူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားမှတဆင့် ကူညီပံ့ပိုးပေးခဲ့ပါသည်။<br>» စီမံချက်သည် လက်ဆေးသည့် အမူအကျင့်အား မြှင့်တင်ပေးခဲ့ပြီး ရွှေပြည်သာ မြို့နယ်ရှိ အိမ်ထောင်စု (၈၉,၀၉၄) စုထံ ဆပ်ပြာများ ဖြန့်ဝေပေးခဲ့ပါသည်။<br>» ဝန်ထမ်းများသည် ငွေရေးကြေးရေးဆိုင်ရာ အသိပညာပေးခြင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်း၊ ပြန်လည်မျှဝေပေးနိုင်သည့် ဘဝသက်တာ ကျွမ်း ကျင်မှု များနှင့် အခြေခံအာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ဆရာဖြစ် သင်တန်းများ အား တက်ရောက်ခဲ့ပါသည်။<br>» မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိသော အမျိုးသမီး (၃၀၄)ဦးသည် ငွေရေး ကြေးရေးဆိုင်ရာ အသိပညာပေး သင်တန်းအား တက်ရောက်ခဲ့ပါသည်။<br>» ဖြစ်ရပ်စီမံခန့်ခွဲသည့် မန်နေဂျာ (၁၄)ဦးအား လေ့ကျင့် သင်ကြားပေးခဲ့ပြီး လူမှု ဝန်ဆောင်မှုပေးသည့် လုပ်သား (၂၄)ဦးအား ခန့်အပ်ခဲ့ပါသည်။<br>» စီမံချက်၏ အသက်မွေးဝမ်းကျောင်းမှုနှင့် WASH ဆိုင်ရာ အစိတ် အပိုင်းများအတွက် စီမံချက် ပြီးဆုံးချိန် အချက်အလက်များ ကောက်ယူ ခြင်းကို အပြီးသတ် လုပ်ဆောင်ခဲ့ပါသည်။ အာဟာရဖွံ့ဖြိုးမှု အစိတ်အပိုင်း၏ စီမံချက် ပြီးဆုံးချိန် ပြုလုပ်သည့် စစ်တမ်းအား IRB ၏ အတည်ပြုမှု ရရှိရန် အတွက် တင်ပြခဲ့ပြီး ဖြစ်သော်လည်း အတည်ပြုမှုအား လက်ခံ ရရှိခြင်း မရှိသေးပါ။<br>» စီမံချက်တွင် ပါဝင်သည့် ရပ်ကွက်များရှိ စီမံချက်မှ ရွေးချယ် ထားသော အကျိုးခံစားခွင့်ရှိသူ (၉၈၄) ဦး (အမျိုးသမီး ၈၁%) ဖြင့် ကလေး သူငယ် အခွင့်အရေးများ နှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပပြီးစီးခဲ့ပါသည်။<br>» မိခင် (၁,၃၇၆) ဦး ပါဝင်သည့် မိခင်အုပ်စု (၁၂၂)စုအား ရွေးချယ်ထားသော မိခင် ခေါင်းဆောင် (၁၂၂)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။<br>» စီမံချက်မှ MCCT ငွေကြေးထောက်ပံ့မှုကို အကျိုးခံစားခွင့်ရှိသူ (၁,၀၁၅) ဦးထံ ပေးအပ်ခဲ့ပါသည်။ |





| စဉ် | IP ၊ စီမံချက် အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေတင်ပြချက်များ |
|---|---|---|
| ၂ | PATH<br><br>မြန်မာနိုင်ငံတွင် အားဖြည့်ဆန်အား မိတ်ဆက်ခြင်း စီမံချက်<br><br>၀၇/၂၀၁၃ မှ ၀၆/၂၀၂၀ အထိ<br><br>ကန်ဒေါ်လာ ၄,၆၅၉,၆၂၆<br><br>ပိတ်သိမ်းပြီး | PATH သည် မြန်မာနိုင်ငံတွင် အဏုအာဟာရဓာတ် ချို့တဲ့မှုများ လျှော့ချနိုင်ရန် အတွက် ပုဂ္ဂလိကနှင့် အစိုးရ ကဏ္ဍများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် အားဖြည့်ဆန် (FR) အား မြန်မာနိုင်ငံတွင် မိတ်ဆက်ပေးခဲ့ပါသည်။ စီမံချက်အား ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဇွန်လတွင် ပြီးဆုံးခဲ့ပါသည်။ ၂၀၂၀ ခုနှစ် အတွင် အဓိက ပြီးစီးအောင်မြင်မှုများမှာ –<br>» PATH သည် ၂၀၁၉ ခုနှစ် အစောပိုင်းမှစတင်၍ မျိုးစေ့ ထုတ်လုပ်သူ နှစ်ဦး၊ စက်များထုတ်လုပ်တပ်ဆင်သူ နှစ်ဦး နှင့် ဆန်စက်ပိုင်ရှင် ၁၄ ဦးအပါအဝင် ဖြည့်တင်းထောက်ပံ့မှု ကွင်းဆက်အတွင်း လှုပ်ရှားဆောင်ရွက်သူ ၁၈ ဦးနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။<br>» ရန်ကုန်၊ဧရာဝတီ၊ ပဲခူး နှင့် စစ်ကိုင်းရှိ ဆန်စက်ပိုင်ရှင်များသည့် အားဖြည့်ဆန် များအား ထုတ်လုပ်လျက်ရှိပြီး စီးပွားရေးနှင့် လူမှုရေး ကဏ္ဍများတွင် ဖြန့်ဖြူး လျက် ရှိပါသည်။ ၂၀၂၀ခုနှစ်အတွင်း ယခုအထိ PATH သည် ဆန်စက်ပိုင်ရှင် ၁၄ ဦးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနက်မှ ၅ ဦး မှ စုစုပေါင်း မက်ထရစ်တန် (၇,၁၅၁.၈၇) ထုတ်လုပ်ခဲ့ပြီး အားဖြည့်ဆန် မက်ထရစ်တန် (၆,၇၃၀.၃၈) ဖြန့်ဖြူး ပေးခဲ့ပြီး ဖြစ်ပါသည်။<br>» MOHS မှ ဆန်တွင် အဏုအာဟာရဖြည့်စွက်ခြင်း လုပ်ငန်းလမ်းညွှန်အား ထုတ်ပြန်ခဲ့ပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကဲ့သို့သော MOHS အောက်မှ အဖွဲ့အစည်းများတွင် အားဖြည့်ဆန်အသုံးပြုရန် လမ်းညွှန်ထား ပါသည်။<br>» အားဖြည့်ဆန် မူဝါဒအား ရေးသားပြုစုခဲ့ပြီး ဆန်တွင် အဏုအာဟာရ ဖြည့်စွက် ခြင်း ဆိုင်ရာ (RFWG) မှ ထောက်ခံခဲ့ကာ MoHS ဝန်ကြီးထံမှ ခွင့်ပြုချက် ရရန် ပေးပို့ခဲ့ပါသည်။<br>» အားဖြည့်ဆန် စရိတ်ကို လျှော့ချနိုင်ရန် ပုံမှန်ဆန်တွင် အားဖြည့်ဆန်စေ့ ရောစပ် အချိုးအား ၉၈း၂ မှ ၉၉း၁ သို့ ပြောင်းလဲခဲ့ပါသည်။<br>» PATH သည် လူမှုရေး ကဏ္ဍမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက် ခြင်း မှတဆင့် လူမှုရေး ကဏ္ဍမှ အားဖြည့်ဆန် ဝယ်လိုအား ဖန်တီးပေး နိုင်ခဲ့ ပါသည်။<br>» ရခိုင်ပြည်နယ်တွင် IDP များအတွက် WFP ၏ စားနပ်ရိက္ခာ ထောက်ပံ့မှု အစီ အစဉ်တွင် အားဖြည့်ဆန် အသုံးပြုနိုင်ရန် WFP နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ ပါသည်။ |
| ၃ | World Food Programme<br><br>စီမံချက် – မြန်မာတနိုင်ငံလုံးတွင် အားဖြည့်ဆန် ထုတ်လုပ်မှု နှင့် စားသုံးမှုကို မြှင့်တင်ခြင်း<br>၀၈/၂၀၁၇ မှ ၀၉/၂၀၂၀ အထိ<br>ကန်ဒေါ်လာ ၃၈၇,၃၈၀<br><br>ပိတ်သိမ်းပြီး | WFP သည် ရခိုင်ပြည်နယ်ရှိ ၎င်း၏ စားနပ်ရိက္ခာ ဖြန့်ဖြူးရေးအစီအစဉ် တွင် အားဖြည့်ဆန် (FR) အား ထည့်သွင်းပါဝင်စေခဲ့ပါသည်။ စီမံချက်သည် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့ပြီး ၂၀၂၀ခုနှစ် စက်တင်ဘာလတွင် ပြီးဆုံးခဲ့ပါသည်။၂၀၂၀ ခုနှစ်အတွင်း အဓိက ပြီးစီးအောင်မြင်မှုများမှာ –<br>» WFP သည် အားဖြည့်ဆန် အစေ့ စုစုပေါင်း ၁၁၂ မက်ထရစ်တန်( ၂၀၁၈ ခုနှစ်တွင် မက်ထရစ်တန် ၂၀၊ ၂၀၁၉ ခုနှစ်တွင် မက်ထရစ်တန် ၆၄ နှင့် ၂၀၂၀ ခုနှစ်တွင် မက်ထရစ်တန် ၂၈) ရရှိခဲ့ပြီး အားဖြည့်ဆန် (၆,၄၄၉) မက်ထရစ်တန် အထိ ရောစပ်ခဲ့ပြီး ရခိုင်ပြည်နယ်ရှိ စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူ များအတွက် ဖြန့်ဖြူးပေးခဲ့ပါသည်။<br>» စီမံချက် ကာလတလျောက် WFP သည် ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ပေါက်တော၊ မြေပုံ နှင့် ရသေ့တောင် မြို့နယ်များရှိ အကျိုးခံစားခွင့်ရှိသူ (၈၃,၄၇၆) ဦးအတွက် အားဖြည့်ဆန် (၆,၄၄၈) မက်ထရစ်တန် ဖြန့်ဖြူးပေးခဲ့ပါသည်။<br>» စစ်တွေမြို့ရှိ WFP ၏ တာဝန်ရှိသူများသည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အားဖြည့်ဆန်၏ အာဟာရပြည့်ဝမှု တန်ဖိုးနှင့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများအား ပိုမို သဘောပေါက်နားလည်စေရန် ဖြန့်ဖြူးမှုများ မပြု လုပ်မီ အားဖြည့်ဆန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေတင်ပြချက်များ |
|---|---|---|
| ၄ | Save the Children International<br><br>အာဟာရချို့တဲ့မှု လျှော့ချရန် အဓိက ကျသော အာဟာရ ဆိုင်ရာ လုပ်ဆောင်မှု များအား အားဖြည့်ခြင်း (LEARN) အဆင့် ၃<br><br>ကန်ဒေါ်လာ ၁,၅၀၀,၀၀၀<br><br>၂၈/၀၅/၂၀၂၀ မှ ၁၄/၀၅/၂၀၂၃ အထိ<br><br>ဆောင်ရွက်ဆဲ | LEARN စီမံချက် အဆင့် ၃ တွင် အကျိုးရလဒ် နှစ်ခုရှိပြီး IP များအတွက် နည်းပညာ ပိုင်းဆိုင်ရာ အကူအညီ ပေးခြင်းမှတဆင့် နည်းပညာပိုင်း စွမ်းဆောင်ရည် တိုးမြှင့် စေခြင်း နှင့် SUN CSA မှ အာဟာရဖွံ့ဖြိုးမှု စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ ကြိုးပမ်း အားထုတ်မှုအား တိုးမြှင့်စေခြင်း တို့ဖြစ်ပါသည်။ LEARN အဆင့်-၃ သည် INGO များ၏ တဆင့်ခံ IP များဖြစ်ကြသည့် ပဋိပက္ခ ဒဏ်ခံဒေသများ တွင် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိကြသည့် LNGO/CSO များအား ကူညီပံ့ပိုးပေးရန် ရည်ရွယ် ပါသည်။ စီမံကိန်းစတင်သည့် အဆင့်မှာ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ တွင် ပြီးဆုံးခဲ့ပြီး အောက်ပါ တို့ ပြီးစီးအောင်မြင်ခဲ့ပါသည် –<br><br>အကျိုးရလဒ် ၁– နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည် တိုးမြှင့်စေခြင်း<br>» လက်ရှိ သင်တန်း သင်ခန်းစာများအား ပြန်လည်သုံးသပ်ခြင်း၊ COVID–19 အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊ အင်တာနက်မှ သင်ယူရသည့် e–learning ပလက်ဖောင်း ထူထောင်ခြင်း၊ မရှိမဖြစ် လိုအပ်သည့် စာရွက်စာတမ်း များအား ကချင်၊ရှမ်းနှင့် တရုတ်ဘာသာသို့ ပြန်ဆိုခြင်း၊ IEC ပစ္စည်းများ အသုံးပြု နည်းလမ်းညွှန်နှင့် သင်တန်း ရည်ညွှန်း လမ်းညွှန်တို့ ရေးသား ပြုစုခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။<br>» သင်ကြားရေး အထောက်အကူ အသစ်များဖြစ်သည့် အခြေခံ အာဟာရ ဖွံ့ဖြိုးမှု ဆိုင်ရာ MEAL သင်တန်းအား အကောင်အထည်ဖော်ခဲ့ပြီး ရှေ့တန်းမှ အကြံပေး ဆွေးနွေး သူများအတွက် မိခင်နို့တိုက်ကျွေးရန် စည်းရုံး ဆွေးနွေးခြင်း လမ်းညွှန် ရေးသားပြုစုရာတွင် နည်းပညာအကူအညီ ပေးခဲ့ပါသည်။<br>» ကျွမ်းကျင် သင်တန်းမှူး ကွန်ရက် ဖြင့် စီမံကိန်း ဆောင်ရွက်မည့် ပုံစံကို စတင် ကျင့်သုံးခဲ့ပြီး သင်တန်းဆရာ ၁၅ ဦး (အမျိုးသမီး ၅၀%) အား ခေါ်ယူ လေ့ကျင့် ပေး ခဲ့ပါသည်။ LEARN အဆင့်–၂ တွင် လေ့ကျင့်သင်ကြားပေးပြီး သင်တန်းပြီးစီး အောင်မြင်ခဲ့သည့် ကျွမ်းကျင်သင်တန်းမှူး (၇) ဦးတို့သည် COVID–19 ကပ်ရောဂါ အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ဆောင်ရွက်ထားသည့် သင်တန်း နည်းကရိယာများ အသုံးပြုသည့် TOT သင်တန်းအား အွန်လိုင်းမှ တက်ရောက်ခဲ့ပါသည်။ သင်တန်းမှူး လေးဦးတို့သည် အဖွဲ့အစည်း (၈) ခုမှ သင်တန်းသား ၁၀၇ ဦး (အမျိုးသမီး ၆၂ %) တို့အား အခြေခံ အာဟာဖွံ့ဖြိုးမှုနှင့် ပံ့ပိုးကူညီခြင်းဆိုင်ရာ သင်တန်း များ ပို့ချပေးခဲ့ပါသည်။<br>» IP အဖွဲ့အစည်း (၂၆) ဖွဲ့မှ မသန်စွမ်း (၁၃)ဦး အပါအဝင် သင်တန်းသား ၃၁၇ ဦး (အမျိုးသမီး ၅၂%) တို့ LEARN မှ ပို့ချပေးသည့် သင်တန်းများ တိုက်ရိုက် တက်ရောက်ခဲ့ကြပြီး၊ အဖွဲ့အစည်း (၁၂) ဖွဲ့ တို့ သည် အခြား နည်းပညာဆိုင်ရာ အကူအညီ ရရှိခဲ့ကြကာ IP (၂၇)ဖွဲ့တို့သည် LEARN မှ IEC ပစ္စည်းများ ရရှိခဲ့ ကြပါသည်။<br>» စွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်မှုဆိုင်ရာ နည်းလမ်းကို ဖန်တီးခဲ့ပြီး IP သုံးဖွဲ့ သည် တွေ့ရှိချက်များပေါ်တွင် အခြေခံ၍ စွမ်းဆောင်ရည် တည်ဆောက်ရေး အစီအစဉ်များ ရေးဆွဲခဲ့ကြပါသည်။<br><br>အကျိုးရလဒ် ၂– အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စည်းရုံးလှုံ့ဆော်မှု တိုးမြှင့်စေခြင်း<br>» မိခင်နို့အစားထိုး ထုတ်ကုန် များ ဈေးကွက်တင်ခြင်းဆိုင်ရာ နိုင်ငံတကာကျင့်ဝတ် စည်းကမ်းချိုးဖောက်မှုအား စောင့်ကြည့် စစ်ဆေးခြင်းနှင့် သတင်းပေး တိုင်ကြား ခြင်း တို့ အား ပံ့ပိုး ကူညီပေးခဲ့ပါသည်။<br>» အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် အစည်းအဝေး/ အလုပ်ရုံ ဆွေးနွေးပွဲ များ တွင် ပါဝင် တက်ရောက်ခြင်းနှင့် အမျိုးသားအဆင့် မဟာဗျူဟာ တွင် CSO များ၏ သဘောထားအမြင်များ ပါဝင်စေရန် သေချာစွာ ဆောင်ရွက်ပါသည်။<br>» ဒေသဆိုင်ရာအဆင့်တွင် SUN CSA သည် SUN နှစ်ပတ်လည် ပူးတွဲ ဆန်းစစ် အကဲဖြတ်မှု၊ CSA ၏ အာဟာရ ဖွံ့ဖြိုးမှုအတွက် အချိန်မဆွဲရေး လှုပ်ရှားမှု အစီအစဉ် နှင့် SUN CSA မဟာဗျူဟာ ၃.၀ –ဖွံ့ဖြိုးရေးတို့အား ကူညီ ပံ့ပိုး ပေးခဲ့ပါသည်။<br>» ယခုအခါ အဖွဲ့ဝင် ၇၀ ရှိပါသည်။ (INGO ၁၇ ဖွဲ့၊ LNGO ၇ ဖွဲ့နှင့် CSO ၄၄ဖွဲ့)<br>» CSO လေးဖွဲ့အပါအဝင် အဖွဲ့ဝင် ၁၂ ဖွဲ့ တို့သည် LEARN သင်ကြားရေး အဖွဲ့၏ နည်းပညာဆိုင်ရာ အကူအညီများ ရရှိကြပါသည်။<br>» အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေး ရက်သတ္တပါတ် အတွင်း အာဟာရ ဖွံ့ဖြိုးမှု ချန်ပီယံ ပြိုင်ပွဲနှင့် မီဒီယာ စည်းရုံးလှုံ့ဆော်မှု တို့ စီစဉ်ကျင်းပခဲ့ပါသည်။<br>» ပတ်သက်ဆက်နွယ်သူပေါင်းစုံ ပါဝင်သည့် စုံညီ အစည်းအဝေး (၇) ကြိမ် အတွက် ကူညီပံ့ပိုးပေးခဲ့ပြီး ဦးဆောင်ကော်မတီ အစည်းအဝေး (၆) ကြိမ် စီစဉ်ကျင်းပခဲ့ပါသည်။<br>» သုံးလတစ်ကြိမ် မျှဝေရေး ဆွေးနွေးပွဲ တစ်ကြိမ် ကျင်းပခဲ့ပြီး INGO (၃၅) ဖွဲ့နှင့် CSO (၇)ဖွဲ့ တက်ရောက်ခဲ့ကြပါသည်။ မီဒီယာ မှ ထိတွေ့ဆောင်ရွက်ခြင်း – ၂၀၂၀ခုနှစ် နှစ်ကုန်တွင် SUN CSA ဖေ့စ်ဘုတ် စာမျက်နှာအား လူပေါင်း (၃၉၆,၆၈၃) ဝင်ရောက်ကြည့်ရှုပြီး တုန့်ပြန် ဆွေးနွေးခဲ့ကြပါသည်။ |





| စဉ် | IP ၊ စီမံချက် အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေတင်ပြချက်များ |
|---|---|---|
| ၅ | Catholic Relief Services (CRS) in partnership with Karuna Mission Social Solidarity (KMSS) Hakha<br><br>ရပ်ရွာလူထုနှင့် ပူးပေါင်း ဆောင်ရွက်မှုမှတဆင့် စိုက်ပျိုး ထုတ်လုပ်မှု မြင့်မားရေး<br><br>၀၆/၂၀၁၆ မှ ၀၆/၂၀၂၀ အထိ<br><br>ဒေါ်လာ ၁,၈၁၃,၂၀၃<br><br>ပိတ်သိမ်းပြီး | PACE စီမံချက်အား ချင်းပြည်နယ် အလယ်ပိုင်းရှိ မြို့နယ် (၃)မြို့နယ်မှ ကျေးရွာ (၆၀)တွင် လုပ်ကွက်ငယ် တောင်သူများအား ကူညီပံ့ပိုးပေးရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲထား ပါသည်။ PACE သည် ရပ်ရွာလူထု အခြေပြုသည့် ချဉ်းကပ် နည်းလမ်းမှ တဆင့် တိုးတက် ကောင်းမွန်သည့် စိုက်ပျိုးရေးနှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အလေ့အကျင့်များနှင့် ပတ်သက်သည့် သင်တန်းနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း တို့အား ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း စီမံချက်သည် COVID–19 ကပ်ရောဂါ တုံ့ပြန်ကာကွယ်သည့် လုပ်ငန်းများနှင့် ဆက်နွယ် နေသည့် လုပ်ငန်းများ ကိုသာ ဆောင်ရွက်ခဲ့ပါသည်–<br>» အဆိုပါ COVID–19 ကပ်ရောဂါဆိုင်ရာ လုပ်ငန်းများဖြင့် ရည်မှန်းချက် ဦးတည် ရည်ရွယ်သော အကျိုးခံစားခွင့်ရှိသူ (၂၀,၀၀၀) ဦးထက် ကျော်လွန်၍ (၂၂,၉၃၆) ဦး (အမျိုးသမီး ၄၉%) ထံ ရောက်ရှိခဲ့ပါသည်။<br>» ပိုစတာ (၁၁၆)ခု၊ လက်ဆေးခြင်းဆိုင်ရာ အရန်သင့် ကပ်နိုင်သည့် စာရွက် (၃,၆၅၃) ရွက်၊ အသံချဲ့ စကားပြောစက် (၄၃)စုံ (ရပ်ရွာလူထုထံ သတင်းစကား များ ဖြန့်ဝေရန် ကျေးရွာခေါင်းဆောင်များအတွက် သတင်းအချက်အလက်များ ထည့်သွင်းထားသည့် လက်ကိုင် အသံချဲ့စက် အပါအဝင်)၊ အဖုံးတိုင်း ကိရိယာ (၄၈)ခု၊ ဆပ်ပြာခဲ (၉၅,၃၀၃) ဆပ်ပြာရည် (၁,၄၉၂) ဗူး၊ လက်သန့်ဆေးရည် (၄၉၀) ဗူးနှင့် လက်ဆေးသည့် အထောက်အပံ့ ပစ္စည်း (၇၃)စုံ အပါအဝင် IEC ဆိုင်ရာ ပစ္စည်းကိရိယာများအား ဝယ်ယူပြီး ဖြန့်ဝေ ပေးခဲ့ပါသည်။<br>» မြို့နယ်များရှိ ဆေးရုံ (၇)ရုံအတွက် လက်သန့်ဆေးရည် (၁,၁၉၀) ဗူးနှင့် နှာခေါင်းစည်း (၂၁,၉၀၀) ခုအား ဝယ်ယူဖြန့်ဝေပေးခဲ့ပါသည်။ |
| ၆ | PATH in partnership with BusinessKind Myanmar (BKM) Terres Des Hommes Italy (TDH–Italy), and Base of the Pyramid Innovation Center (BoPInc)<br><br>SMART MOVE: ရန်ကုန်မြို့တွင် ရွှေ့ပြောင်း လုပ်သားများအတွက် မြို့ပြစားနပ်ရိက္ခာ စနစ်များ ဆန်းသစ် ပြောင်းလဲခြင်းနှင့် သက်တူဆင့်တူမှ စီမံညွှန်ကြားသည့် ဝန်ဆောင်မှုများမှ တဆင့် ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာ အကူးအပြောင်းများအား မြှင့်တင်ခြင်း<br><br>၁၀/၂၀၁၉ မှ ၀၉/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၁,၉၉၉,၈၆၁<br>ဆောင်ရွက်ဆဲ | စီမံချက်သည် သက်တူဆင့်တူများမှ စီစဉ် ညွှန်ကြားသည့် ကွန်ရက်များအား မိတ်ဆက် ပေးခြင်းအပြင် အားဖြည့်ဆန် (FR) အပါအဝင် အာဟာရ ပြည့်ဝသည့် စားနပ်ရိက္ခာများအတွက် ဝန်ဆောင်မှုများနှင့် ဆန်းသစ်တီထွင်မှု ရှိသော မြို့ပြ ထောက်ပံ့ရေး ကွင်းဆက်များမှတဆင့် စက်ရုံအလုပ်သမားများ၊ လမ်းဘေး အစား အသောက် ရောင်းချသူများနှင့် ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စုများ အပါအဝင် အားနည်းထိခိုက်လွယ်သည့် ရွှေ့ပြောင်း သွားလာသူများအတွက် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အကူးအပြောင်းများကို မြှင့်တင်ပေးရန် အတွက် ရည်ရွယ် ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများကို လုပ်ဆောင်ခဲ့ ပါသည်–<br>» အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်း တစ်ခုဖြစ်သည့် BKM သည် ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဆင့်တူသက်တူ ခေါင်းဆောင်မှုဆိုင်ရာ သင်တန်း အား ပို့ချပေးခဲ့ပြီး ဆင့်တူသက်တူ (၃၉)ဦးထံ ရောက်ရှိခဲ့ပါသည်။ (ရည်မှန်းချက် မှာ ဆင့်တူသက်တူ ခေါင်းဆောင် (၃၀)ဦး ဖြစ်ပါသည်)။ သင်တန်း ခေါင်းစဉ် များတွင် အာဟာရဖွံ့ဖြိုးမှု၊ FR ၊ အကြပ်အတည်းဆိုင်ရာ ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးခြင်းနှင့် (ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (WHO) မှ မျှဝေပေးခဲ့သည့်)<br>» COVID–19 ကပ်ရောဂါဆိုင်ရာ သတင်းအချက်အလက် များ ပါဝင်သည့် ခေါင်းစဉ်များကို လွှမ်းခြုံထားပါသည်။<br>» BKM သည် ၂၀၂၀ ခုနှစ် ဇွန်လတွင် ပါဝင်တက်ရောက်သူ (၄၆၃) ဦးအတွက် တနင်္ဂနွေ ကော်ဖီဆိုင် (Sunday Cafe') (၆)ကြိမ် ကျင်းပရန်အတွက် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ အာဟာရ ဖွံ့ဖြိုးမှု မြှင့်တင်ခြင်းအပေါ် အာရုံစိုက်သည့် အခမ်းအနား (၈)ခုမှ အမျိုးသမီး အထည်ချုပ် အလုပ်သမား (၂၁၅) ဦး (ယင်းတို့အနက်မှ ၂၁ ဦးသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများ ဖြစ်ပါသည်) ထံ ရောက်ရှိခဲ့ပါသည်။<br>» အကျပ်အတည်းဆိုင်ရာ စီမံကိန်း ဆောင်ရွက်မှုများတွင် BKM သည် အမျိုးသမီး (၅၀)ဦးအား ကူညီပံ့ပိုးပေးခဲ့ပြီး ၂၀၂၀ ခုနှစ် နှစ်အကုန်တွင် အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည့် အမျိုးသမီး (၉၅)ဦးသည် အစားအသောက်၊ နားခိုစရာ နေရာများ၊ အကျပ်အတည်း ဆိုင်ရာ ဆွေးနွေးတိုင်ပင် လမ်းညွှန်ပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် ဥပဒေရေးရာ ဝန်ဆောင်မှု များဖြင့် ချက်ချင်း တုံ့ပြန် ဆောင်ရွက်သည့် စီမံကိန်း ဆောင်ရွက်ချက် များအား လက်ခံရရှိခဲ့ပါသည်။<br>» အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် TDH–It သည် NNC နှင့် YCDC ကျန်းမာရေးဌာနနှင့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် LEARN သင်ရိုးညွှန်းတမ်းအား မှီငြမ်း၍ လမ်းဘေး အစားအသောက်ရောင်းချသူ ဆိုင်ရာ လမ်းညွှန်ချက်များအား သက်ဆိုင်သည့် ပတ်သက် ဆက်နွယ်သူများ နှင့် ရေးသားပြုစုခဲ့ပါသည်။ သင်ခန်းစာများအား ကွင်းဆင်း စမ်းသပ်မှုများမှ ရရှိခဲ့သည့် အကြံဉာဏ်များ၊ လေ့လာသင်ယူမှု များဖြင့် ပြန်လည် ပြင်ဆင်ခဲ့ ပါသည်။<br>» အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် TDH–It သည် NNC နှင့် YCDC ကျန်းမာရေးဌာနနှင့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် LEARN သင်ရိုးညွှန်းတမ်းအား မှီငြမ်း၍ လမ်းဘေး အစားအသောက်ရောင်းချသူ ဆိုင်ရာ လမ်းညွှန်ချက်များအား သက်ဆိုင်သည့် ပတ်သက် ဆက်နွယ်သူများ နှင့် ရေးသားပြုစုခဲ့ပါသည်။ သင်ခန်းစာများအား ကွင်းဆင်း စမ်းသပ်မှုများမှ ရရှိခဲ့သည့် အကြံဉာဏ်များ၊ လေ့လာသင်ယူမှု များဖြင့် ပြန်လည် ပြင်ဆင်ခဲ့ ပါသည်။<br>» ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် ရေအုတ်ကန်နှင့် အလယ်ရွာကြီး ကျေးရွာများတွင် HDN ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရပ်ရွာလူထု အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ဆော်သြ စည်းရုံးသူများမှ လမ်းဘေး အစားအသောက် ရောင်းချသူများအတွက် သင်တန်းအား အွန်လိုင်းမှတဆင့် ပို့ချပေးခဲ့ပါသည်။<br>» BoPinc သည် ဆန်စက်ပိုင်ရှင် ဖေ့စ်ဘုတ်စာမျက်နှာမှတဆင့် လူဦးရေ (၅,၂၈၆) ဦးထံ ရောက်ရှိခဲ့ပါသည်။ BoPinc သည် အွန်လိုင်းတွင် ဝယ်လိုအား ဖန်တီးပြီး အသိပညာပေးသည့် လမ်းကြောင်း တည်ဆောက်ရန်တို့ အတွက် ဆန်စက် ပိုင်ရှင် (၃)ဦးနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေတင်ပြချက်များ |
|---|---|---|
| ၇ | World Food Programme (WFP)<br><br>မြန်မာနိုင်ငံတွင် အစိုးရ၏ အမျိုးသား အာဟာရ ဆိုင်ရာ မဟာဗျူဟာများအား SBN (SUN Business Network) မှ တဆင့် ပေးအပ်ရန် စီးပွားရေး လုပ်ငန်း များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း<br><br>၁၁/၂၀၁၉ မှ ၁၀/၂၀၂၁ အထိ<br><br>ကန်ဒေါ်လာ ၂၉၇,၈၁၃<br><br>ဆောင်ရွက်ဆဲ | စီမံချက်သည် မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်း စိတ်ချရသည့် အစားအသောက်များအား လက်လှမ်းမီရယူနိုင်မှု တိုးတက်ကောင်းမွန်စေခြင်း ဆီသို့ ဦးတည်၍ ပုဂ္ဂလိကကဏ္ဍ၏ ကူညီထောက်ပံ့မှု တိုးတက် ကောင်းမွန်ပြီး ခိုင်မာ အားကောင်းစေရန် အတွက် ရည်ရွယ်ပါသည်။ SUN စီးပွားရေး ကွန်ရက်မှတဆင့် မြန်မာနိုင်ငံတွင် ပုဂ္ဂလိက ကုမ္ပဏီများ တက်ကြွစွာ ပါဝင် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၂၀ ခုနှစ် အတွက် ပြီးစီးအောင်မြင်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–<br>» SBN တွင် စီးပွားရေး အဖွဲ့ဝင်အဖြစ် ပါဝင်ရန်အတွက် စီးပွားရေး လုပ်ငန်းရှင် (၁၅)ဦး တို့သည် လျှောက်လွှာ များ တင်သွင်းခဲ့ကာ ကတိကဝတ် အား လက်မှတ် ရေးထိုးခဲ့ပြီး (၃)ဦးမှာ စိစစ်ဆဲ ဖြစ်ပါသည်။<br>» SBN သည် SBN စီးပွားရေးအဖွဲ့ဝင်များ၊ ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများ ဖြင့် ကွန်ရက်အစည်းအဝေး အား ဩဂုတ်လတွင် စီစဉ် ကျင်းပခဲ့ပါသည်။<br>» SBN သည် SUN နှစ်ပတ်လည် ပူးတွဲ ဆန်းစစ် အကဲဖြတ်မှု (JAA) အတွက် ကူညီပံ့ပိုးပေးခဲ့ပြီး မြန်မာနိုင်ငံ တွင် အာဟာရဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန် စေခြင်း အတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်မှုအား အလေးပေးခဲ့ ပါသည်။<br>» လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ (MS-NPAN နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ) သည် မြန်မာနိုင်ငံတွင် အာဟာရဖွံ့ဖြိုးမှု တိုးတက် ကောင်းမွန် စေရန် အတွက် SBN ၏ အခန်းကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍ၏ ကူညီ ထောက်ပံ့မှု အား အထူးသဖြင့် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ၌ ပြုလုပ်ခဲ့သည့် အမျိုးသား အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေး၌ အလေးထား ပြောကြား ခဲ့ပါသည်။<br>» မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှု နည်းပညာဆိုင်ရာ ကွန်ရက် အစည်းအဝေးများ/ မူဝါဒဆိုင်ရာ ဆွေးနွေးမှုများ၊ အာဟာရ ဖွံ့ဖြိုးမှု မြှင့်တင်ရေး၊ အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေး ဦးဆောင်ကော်မတီ၊ SUN နှစ်ပတ်လည် ပူးတွဲ ဆန်းစစ် အကဲဖြတ်မှု တို့တွင် ပုဂ္ဂလိက ကဏ္ဍ၏ အခန်းကဏ္ဍနှင့် SBN တို့ကိုလည်း အသားပေး ဖော်ပြခဲ့ ပါသည်။<br>» SBN သည် အုပ်ချုပ်ရေးရုံးကို တည်ထောင်ခဲ့ပြီး အုပ်ချုပ်ရေးရုံးသည် ပုံမှန် အုပ်ချုပ်ရေး ဝန်ထမ်းများမှတ ဆင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်ပါသည်။<br>» SBN ၏ မဟာဗျူဟာမြောက် မူဝါဒအား ရေးဆွဲခဲ့ပြီး MoHS ထံ မျှဝေပေးခဲ့ကာ MoHS နှင့် NNC တို့၏ အကြံပြုချက်များဖြင့် ပြန်လည် ပြင်ဆင်၍ နောက်ဆုံး အတည်ပြုချက် ရယူရန်အတွက် တင်ပြခဲ့ပါသည်။ ဩဂုတ်လတွင် ကွန်ရက်၏ စတင် မိတ်မဆက်မီ အကြိုအစည်းအဝေးအား အွန်လိုင်းမှတဆင့် ကျင်းပခဲ့ ပါသည်။<br>» အဓိက ပတ်သက် ဆက်နွယ်သူ (၄၅)ဦးခန့် (အမျိုးသား ၂၃ ဦးနှင့် အမျိုးသမီး ၂၁ ဦး ဖြစ်ပြီး ပုဂ္ဂလိက ကဏ္ဍ မှ ၂၁ ဦးနှင့် အကျိုးအမြတ် ရယူခြင်း မရှိသော ကဏ္ဍမှ ၂၄ ဦး) သည် SBN ညှိနှိုင်း/ ပူးပေါင်း ဆောင်ရွက်ရေး အစည်းအဝေး ကို တက်ရောက်ခဲ့ကြပြီး အာဟာရ ဖွံ့ဖြိုးမှုတွင် စီးပွားရေး လုပ်ငန်း၏ အခန်း ကဏ္ဍနှင့် SBN ၏ အဓိက လှုပ်ရှား ဆောင်ရွက်မှုများကို တင်ပြခဲ့ပါသည်။<br>» အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာပေးခြင်းအတွက် ပုဂ္ဂလိက ကဏ္ဍမှ ပူးပေါင်း ပါဝင်မှုသည် ကုမ္ပဏီ (၁၀၀) ကျော်ထံ SBN သတင်းအချက်အလက်များ ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ၂၀၂၀ ခုနှစ်အတွင်း (၂)ကြိမ် ထုတ် ဝေခဲ့သည့် သတင်းလွှာ တို့မှတဆင့် ရောက်ရှိခဲ့ပါသည်။<br>» SUN စီးပွားရေးကွန်ရက် မြန်မာ၏ သတင်းအချက်အလက်မျှဝေ ပေးခြင်းနှင့် နောက်ဆုံး အခြေအနေ တင်ပြ ချက်များကို ဖေ့စ်ဘုတ်စာမျက်နှာမှတဆင့် SBN ပရိသတ် (၁၂၁)ဦးမှ ရယူခဲ့ကြပါသည်။<br>» COVID-19 ကပ်ရောဂါ ဆိုင်ရာ စစ်တမ်း အစီရင်ခံစာ၊ COVID-19 ကပ်ရောဂါ ကြောင့် မြန်မာနိုင်ငံတွင် အစားအသောက် ထုတ်လုပ်မှုနှင့် ထောက်ပံ့ခြင်း တို့တွင် များပြား လာသည့် အကန့်အသတ်များနှင့် အစား အသောက် ကဏ္ဍရှိ SME လုပ်ငန်းများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုနှင့် အာဟာရ ဖွံ့ဖြိုး မှု ရရှိရန်အတွက် ယင်း၏ ဂယက် ရိုက်ခတ်မှုတို့ကို ပြည်တွင်း အစား အသောက် ဆိုင်ရာ စီးပွားရေးလုပ်ငန်း များ၊ SUN စီးပွားရေးကွန်ရက် နှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပတ်သက် ဆက်နွယ်သူ များထံ မျှဝေပေးခဲ့ ပါသည်။ |





| စဉ် | IP ၊ စီမံချက် အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေတင်ပြချက်များ |
|---|---|---|
| ၈ | Karuna Mission Social Solidarity (KMSS)<br><br>အာဟာရ ဖွံ့ဖြိုးမှုအတွက် ပဋိပက္ခဒဏ် ခံရသည့် အမျိုးသမီးများနှင့် မွေးကင်းစ ကလေးသူငယ်များ အား ကူညီ ပံ့ပိုး ပေးခြင်း (SAFE WIN)<br><br>၀၇/၂၀၁၉ မှ ၀၆/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၁,၉၉၆,၂၉၀<br><br>ဆောင်ရွက်ဆဲ | KMSS သည် SAFE WIN စီမံချက်အား ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပဋိပက္ခဒဏ်ခံ ဒေသများမှ ပြည်တွင်း နေရပ်စွန့်ခွာသူ စခန်း (၄)ခု အပါအဝင် လူမှု အသိုက်အဝန်း (၅၁)ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ စီမံချက် အား KMSS နိုင်ငံလုံးဆိုင်ရာ စီမံခန့်ခွဲမှုရုံးမှ စီမံခန့်ခွဲပြီး ဂိုဏ်းအုပ် ဘုန်းတော်ကြီး နယ်မြေရုံး (၃) ရုံး ဖြစ်သည့် KMSS မြစ်ကြီးနား၊ ဗန်းမော်နှင့် လားရှိုးရုံး တို့မှ ကြီးကြပ်ကွပ်ကဲပါသည်။ ၂၀၂၀ ခုနှစ် တွင် အောက်ဖော်ပြပါ လုပ်ငန်းများအား လုပ် ဆောင် ခဲ့ပါသည်–<br>» အသက် (၂)နှစ်အောက် ကလေးရှိသည့် မိခင်များအား စောင့်ရှောက်သည့် အုပ်စု အား ဖွဲ့စည်းခဲ့ပါသည်။<br>» စောင့်ရှောက်မှုပေးသည့် အုပ်စုဆိုင်ရာ သင်တန်းအား အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ သတင်းစကားများဖြင့် ပါဝင် စေလျက် ဦးဆောင်မိခင် (၃၅၇) ဦးထံ ပို့ချစေ ခဲ့ပါ သည်။<br>» ဦးဆောင်မိခင်များသည် ၎င်းတို့၏ ကျေးရွာများရှိ အိမ်နီးနားချင်း အမျိုးသမီး များအတွက် လစဉ် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ပညာပေးသည့် ဆွေးနွေးပွဲ (အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ သတင်းစကားများ ဖြန့်ဝေသည့် ဆွေးနွေးပွဲများ) များကို ပံ့ပိုး ကူညီကျင်းပခဲ့ပြီး အမျိုးသမီး (၁,၈၂၈) ဦး တက်ရောက်ခဲ့ပါသည်။<br>» မြို့နယ် (၅)မြို့နယ်နှင့် စခန်း/ ကျေးရွာ (၂၆)ခု၌ အမျိုးသမီး (၂,၀၂၅) ဦးနှင့် အမျိုးသား (၁၃၆) ဦး ပါဝင်တက် ရောက်ခဲ့သည့် မိခင်နို့တိုက်ကျွေးခြင်း/ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများအား စီစဉ်ကျင်းပခဲ့ ပါသည်။<br>» အမျိုးသမီးများ၏ အသိအမြင် တိုးတက် ကောင်းမွန်စေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်းစိတ်ချ ရသည့် အစားအသောက် ပြင်ဆင်ခြင်းအား လက်ခံ ကျင့်သုံးခြင်းကို အားပေးရန်တို့အတွက် အမျိုးသမီး (၇၉၈) ဦးတို့နှင့်အတူ ချက်နည်းပြုတ်နည်း သရုပ်ပြပွဲ (၄၅)ပွဲအား ကျင်းပခဲ့ပါသည်။<br>» စီမံချက်သည် အိမ်တွင်းဥယျာဉ် စိုက်ပျိုးခြင်းဆိုင်ရာ IEC ပစ္စည်းများ ဖြန့်ဝေ ပေးပြီးသည့်နောက်ပိုင်းတွင် အိမ်ခြံဥယျာဉ်အတွင်း အစားအသောက် ထုတ်လုပ် မှုအား မြှင့်တင်ပေးခဲ့ပြီး ဦးဆောင်မိခင်များ အပါအဝင် အမျိုးသမီး (၂,၃၇၀) ဦးအား အိမ်တွင်း ဥယျာဉ်စိုက်ပျိုးခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုကို ပေးအပ်ခဲ့ ပါသည်။<br>» လက်ဆေးရန်အတွက် ကူညီပံ့ပိုးပေးခြင်း၊ ဦးတည်ရည်ရွယ်သည့် လူမှု အသိုက် အဝန်းများထံ ကာကွယ် တားဆီးရေး ဆိုင်ရာ ပစ္စည်းများနှင့် IEC ပစ္စည်းများ ဖြန့်ဝေပေးခြင်းတို့ အပါအဝင် COVID-19 ကပ်ရောဂါ ဆိုင်ရာ ကြိုတင် ပြင်ဆင် ခြင်းနှင့် တုံ့ပြန်ကာကွယ်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ ပါသည်။ |
| ၉ | Save the Children in partnership with:<br>Shan State Youth Capacity Building Centre (SSYCBC)<br>Wunpawng Ninghtoi (WPN)<br><br>Building Resilience In Conflict affected areas of Kachin and Shan States (BRICKS)<br><br>ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း ရှိ ပဋိပက္ခ ဒဏ်ခံရသည့် ဒေသများတွင် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း (BRICKS)<br><br>၀၁၀/၈/၂၀၁၉ မှ ၃၁/၀၇/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၃,၅၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | ဆယ်ကျော်သက် ယောကျ်ားကလေးများနှင့် မိန်းကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အမျိုးသမီးများနှင့် အသက် ၂၃ လသားအထိ ကလေးငယ်လေးများ အပေါ် အာရုံစိုက်ပါသည်။ စီမံချက်သည် အာဟာရဖွံ့ဖြိုးမှု၊ အသက်မွေးဝမ်းကျောင်း မှုနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်း တို့အပေါ် အဓိက အာရုံစိုက်ခဲ့ ပါသည်။<br>» ကျေးရွာတစ်ခုချင်းစီနှင့် စခန်းတစ်ခုချင်းစီတိုင်းတွင် ရွေးချယ်ထားသည့် ရပ်ရွာ လူထု အာဟာရ ဖွံ့ဖြိုး မှုဆိုင်ရာ ဆွေးနွေး လမ်းညွှန်ပေးသူများ (CNCs) နှင့် မိခင်ခေါင်းဆောင်များဖြင့် မိခင်အချင်းချင်း ရိုင်းပင်း ကူညီပေးသည့် အုပ်စုများ (MtMSGs) နှင့် မိခင်ခေါင်းဆောင် အုပ်စုများကို ဖွဲ့စည်းခဲ့ပါသည်။ စီမံချက် ဧရိယာ အတွင်းရှိ စခန်း (၂၂)ခုနှင့် ကျေးရွာ (၂၆)ရွာတွင် စုစုပေါင်း CNC (၅၆)ဦး ရှိပါသည်။<br>» ကျေးရွာခေါင်းဆောင်များနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများ၏ ကူညီပံ့ပိုးမှုဖြင့် (MtMSG) အား ဖွဲ့စည်းခဲ့ ပါသည်။ မိခင်အုပ်စု တစ်ခုချင်းစီတွင် အဖွဲ့ဝင် ၁၀ ဦးမှ ၁၅ ဦးပါဝင်ပါသည်။ စီမံကိန်းလုပ်ငန်း ဧရိယာ (၄၈) ခုတွင် စုစုပေါင်း MtMsG (၁၂၁)စုအား သက်ဆိုင်ရာ မိခင်ခေါင်းဆောင်များ ဦးဆောင်သည့် ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် အမျိုးသမီး (၁,၄၁၄)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။<br>» SCI ၏ အာဟာရဖွံ့ဖြိုးရေး ဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်တွင်း မိတ်ဖက် အဖွဲ့အစည်း WPN နှင့် SSYCBC ဝန်ထမ်းများအတွက် MUAC နှင့် ရပ်ရွာလူထု အသက်(၂)နှစ်အောက် ကလေးသူငယ်များ ဖြည့်စွက်စာကျွေး ခြင်း ဆိုင်ရာ သင်တန်းအား ပို့ချပေးခဲ့ပါသည်။ ပါဝင် တက်ရောက်သူ ၁၀ ဦး (အမျိုးသမီး ၆ ဦး) တက်ရောက် ခဲ့ပါသည်။<br>» COVID-19 ကပ်ရောဂါကြောင့် နေအိမ်တွင်သာ နေထိုင်နေရသည့် ကာလအတွင်း စီမံချက် ဝန်ထမ်း များသည် အာဟာရ မဖွံ့ဖြိုးသည့် ကလေးသူငယ်များနှင့် PLW တို့အား ဆွေးနွေးတိုင်ပင်လမ်းညွှန်ပေး သည့် ဝန်ဆောင်မှုများ ပေးအပ်ရန်နှင့် ကျေးရွာတစ်ရွာချင်းစီနှင့် စခန်းတစ်ခုချင်းစီ နောက်ဆုံး သတင်း အချက်အလက် များကို မျှဝေရန်တို့အတွက် CNC များနှင့် အနီးကပ် ဆက်သွယ်ဆောင်ရွက်ခဲ့ ပါသည်။<br>» ဦးတည်ရည်ရွယ်သည့် မြို့နယ်အားလုံးတွင် ငွေရေးကြေးရေးဆိုင်ရာ ပညာပေး သင်တန်း (၁၃) ကြိမ် ပို့ချပေးခဲ့ပြီး အရွယ်ရောက်ပြီးသူ စုစုပေါင်း (၂၈၁) ဦး (အမျိုးသမီး ၇၉%) ပါဝင် တက် ရောက်ခဲ့ပါသည်။<br>» လူငယ်နှင့် ဆယ်ကျော်သက်များအတွက် ငွေရေးကြေးရေး ဆိုင်ရာ ပညာပေး သင်တန်း (၂၃)ကြိမ် ပြုလုပ်ပေး ခဲ့ပြီး လူငယ် (၃၈၅) ဦး (အမျိုးသမီး ၇၆%) တက်ရောက်ခဲ့ပါသည်။ |

| စဉ် | IP ၊ စီမံချက် အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေတင်ပြချက်များ |
|---|---|---|
| | | » ကျေးရွာ (၄၈)ရွာတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ ကလေး သူငယ် အခွင့်အရေးများ၊ လူကုန်ကူးမှု ဆန့်ကျင် တိုက်ဖျက်ရေးနှင့် လုံခြုံစိတ်ချ ရသည့် ရွှေ့ပြောင်းသွားလာခြင်းတို့နှင့် ပတ်သက်၍ အသိပညာပေးသည့် သင်တန်း (၂၃၀)ကြိမ်အား ပို့ချပေးခဲ့ပြီး ပါဝင်တက်ရောက်သူ (၃,၂၀၄ ဦး (မိန်းကလေး ၁,၅၈၂ ဦး၊ ယောကျ်ားလေး ၅၁၇၊ အမျိုးသမီး ၂၅၆ ဦးနှင့် အမျိုးသား ၁၂၂ ဦး) ရှိခဲ့ပါသည်။<br>» စီမံချက်သည် မူဆယ်ခရိုင် လူမှုဝန်ထမ်း ဦးစီးဌာနများ ထံ ဗီနိုင်းများ၊ လက်ကမ်းစာစောင်များနှင့် ဆပ်ပြာများ ဖြန့်ဝေပေးခြင်းဖြင့် COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ တကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးသည့် လုပ်ငန်းဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသည်။ တနိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကူညီပံ့ပိုးရာတွင် စီမံချက်သည် ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည် မြောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနများထံ PPE အစုံ ၅၀၀ ပံ့ပိုးပေးခဲ့ပါသည်။ |
| ၁၀ | Health Poverty Action (HPA) in partnership with Kokang Charity Alliance (KCA)<br><br>ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ပဋိပက္ခဒဏ် ခံရသည့် အားနည်းထိခိုက်လွယ် ပြည်သူများ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်း ပိုမိုကောင်းမွန်စေခြင်း<br><br>၂၃/၀၁/၂၀၂၀ မှ ၃၁/၁၂/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၁,၂၉၉,၅၅၅<br><br>ဆောင်ရွက်ဆဲ | » HPA ၏ ဝိုင်းမော်ကွင်းဆင်း ဆောင်ရွက်သည့် အဖွဲ့သည် UNOPS–AFC ဖောင်ဒေးရှင်း စီမံချက်၏ လိုအပ်ချက်များ ဆန်းစစ်အကဲဖြတ်မှု၊ ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ရေးဆိုင်ရာ ကူညီပံ့ပိုးမှု တို့အား ကူညီ ပံ့ပိုး ပေးခဲ့ပါသည်။<br>» ကိုးကန့်ရှိ အဖွဲ့သည် SAZ အာဏာပိုင်များ၊ ကျန်းမာရေးဌာနနှင့် အမျိုးမျိုးသော စီမံချက်များ အားလုံးမှ CSO မိတ်ဖက် အဖွဲ့အစည်းများနှင့် COVID–19 ကပ်ရောဂါ အား တုံ့ပြန်ကာကွယ်ရာတွင် အနီးကပ်ပူးပေါင်း ဆောင်ရွက်ခဲ့ပြီး အရေးပါသည့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ဖလှယ် ခဲ့ကြပြီး သက်ဆိုင်ရာ ဒေသ၏ ညွှန်ကြားချက်များနှင့် အရေးပေါ် စီစဉ် ဆောင်ရွက်ထားသည်တို့ကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။<br>» HPA သည် ရာသီအလိုက် ဈေးကွက်ပေါက်ဈေးများကို စောင့်ကြည့် စစ်ဆေးပြီး ဒေသတွင်း အခြေအနေ၌ အာဟာရပြည့်ဝသည့် အစားအသောက် စားသုံးခြင်း နှင့် ကျန်းမာရေးနှင့် ညီညွတ်စွာ အစားအသောက် ပြင်ဆင်ခြင်း တို့နှင့် ပတ်သက်၍ အကြံဉာဏ်တမ်းကောက်ယူခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။<br>» RAFT မှ ပြုလုပ်သည့် ပဋိပက္ခ အလေးထားမှု၏ သက်ရောက်မှုနှင့် ရွေးချယ်စရာ နည်းလမ်းများအား ပြန်လည် သုံးသပ်သည့် (CSIOR) အွန်လိုင်းမှ တဆင့် ပြုလုပ်သည့် ပွဲတွင် ပါဝင် တက်ရောက်ခဲ့ပြီး မရှိမဖြစ်လိုအပ်သော ကျန်းမာရေး နှင့် တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ သတင်းစကားများ ဖြန့်ဝေပေးရန်အတွက် ရွှေ့ပြောင်း သွားလာသည့် လူမှုအသိုက်အဝန်းများမှ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။<br>» HPA သည် အစားအသောက်နှင့် လဲလှယ်နိုင်သည့် ဘောက်ချာဖြတ်ပိုင်းများကို ဖြန့်ဝေပြီးသည့်နောက်ပိုင်းတွင် ဝိုင်းမော်ရှိ PLW နှင့် U2 မိခင်များအား ပိုမို ကောင်းမွန်စွာ ကူညီပံ့ပိုးပေးရန်အတွက် ခေါင်းရွက် ဗျတ်ထိုးဈေးသည် (၃၅)ဦး အား လေ့ကျင့် သင်ကြားပေးခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် PLW နှင့် U2 မိခင် (၄၅၁) ဦး နှင့် အသက် (၂)နှစ်အောက် ကလေးငယ် (၃၂၄) ဦးထံ ရောက်ရှိခဲ့သဖြင့် တနှစ်လုံးအတွက် ချမှတ်ထားသည့် ရည်မှန်းချက်ထက် ကျော်လွန် ရရှိခဲ့ ပါသည်။<br>» HPA မှ အိမ်တွင်း ဥယျာဉ်အတွင်း၌ အစားအသောက် ထုတ်လုပ်ခြင်း သင်တန်း နှင့် တိရိစ္ဆာန် စောင့်ရှောက်ရေး သင်တန်းတို့ကိုလည်း ပို့ချပေးခဲ့ပြီး အကျိုး ခံစားခွင့်ရှိသူ (၄၄၁) ဦးထံ တိုက်ရိုက် ရောက်ရှိခဲ့ကာ အိမ်ထောင်စု (၃၀၁)စု တို့သည် သွင်းအားစုဆိုင်ရာ ကူညီပံ့ပိုးမှုကို ရရှိခဲ့ပါသည်။<br>» ဝိုင်းမော်ရှိ HPA သည် ကလေးသုံး အိမ်သာအိုး အစုံ (၄၀၀)၊ ၁၀ လီတာဝင် ရေပုံး ၄၀၀၊ လီတာ (၃၀)ဝင် ရေပုံး (၄၀၀)တို့အား PLW နှင့် U2 အိမ်ထောင်စုများထံ ဖြန့်ဝေပေးခဲ့ပါသည်။<br>» စီမံချက် ရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းမှာ A2H စီမံချက်နှင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာနများနှင့် စုပေါင်းညှိနှိုင်း ဆောင်ရွက်မှု၏ အကျိုးရလဒ်ကို ဖန်တီးရန် ဖြစ်သောကြောင့် စီမံချက်အဖွဲ့သည် ၂၀၂၀ ခုနှစ်တွင် ဝန်ဆောင်မှု များ စတင်ပေးအပ်ခြင်းနှင့် COVID–19 ကပ်ရောဂါ တားဆီး ကာကွယ်သည့် ကြိုးပမ်းအားထုတ်မှုများအား ကူညီပံ့ပိုးပေးရာတို့တွင် အထက်ဖော်ပြပါ အဓိက ပါဝင်ပတ်သက်သူများနှင့် အနီးကပ်ပူးပေါင်း လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။<br>» HPA သည် Save the Children ၏ LEARN စီမံချက်အဖွဲ့နှင့်အတူ ဆရာဖြစ် သင်တန်း တက်ရောက်ခဲ့ပြီး ထို့နောက် ဩဂုတ်လတွင် အမျိုးသမီး အုပ်စုများထံ သင်တန်းများ စီစဉ်ပို့ချပေးခဲ့ကာ ဝိုင်းမော်ရှိ HPA သည် A2H နှင့် UNICEF စီမံချက်များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကာ အမျိုးသား အာဟာရ ဖွံ့ဖြိုးမှု၊ စည်းရုံးလှုံ့ဆော်မှုကိုလည်း ကူညီပံ့ပိုးပေးခဲ့ပါသည်။ |





| စဉ် | IP ၊ စီမံချက် အမည်၊ ကာလ သတ်မှတ်ချက်၊ ဘတ်ဂျက် အခြေအနေ | အရေးပါသော နောက်ဆုံးအခြေအနေတင်ပြချက်များ |
|---|---|---|
| ၁၁ | Nyein (Shalom) Foundation<br><br>မြန်မာနိုင်ငံ ကချင်ပြည်နယ် တွင် အာဟာရ ဖွံ့ဖြိုးမှုနှင့် အသက်မွေးဝမ်းကျောင်း မှုတို့အတွက် ကိုယ့်အားကိုယ်ကိုး အုပ်စု (SHG) များ မှ တဆင့် ကူညီပံ့ပိုးပေးခြင်း<br><br>၂၈/၀၁/၂၀၂၀ မှ ၃၁/၁၂/၂၀၂၁ အထိ<br><br>ကန်ဒေါ်လာ ၅၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | » စီမံချက်သည် ပြည်တွင်း နေရပ်စွန့်ခွာသူများအတွက် စခန်း (၁၄)ခုတွင် လုပ်ကိုင် ဆောင်ရွက်နေပြီး စေတနာ့ဝန်ထမ်း (၁၂)ဦးအား ပါဝင် ဆောင်ရွက်ရန် စည်းရုံး နိုင်ခဲ့ကာ စွမ်းဆောင်ရည် တည်ဆောက်သည့် သင်တန်းပို့ချပေးခဲ့ ပါသည်။<br>» စီမံချက်သည် ကိုယ့်အားကိုယ်ကိုး အုပ်စု (၁၁)စုအား ဖွဲ့စည်း ပေးခဲ့ပါသည်။<br>» စီမံချက်သည် လစဉ် အသက်(၁၇)နှစ်အောက် လူငယ် ၄၀၀ မှ ၄၅၀ ဦးခန့်ကို ကူညီပံ့ပိုးပေးခဲ့ပြီး လုပ်ငန်းများမှာ စာဖတ်ခြင်း၊ အားကစားနှင့် အခြား ဘဝ သက်တာ ကျွမ်းကျင်မှု ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ဖြစ်ပါသည်။<br>» အရွယ်ရောက်ပြီးသူများ (အသက် ၁၈ နှစ်ခန့်) အတွက် TVET ဆိုင်ရာ လုပ်ငန်း များမှာ စီစဉ် ဆောင်ရွက်ဆဲဖြစ်ပြီး TVET သင်တန်းအား တက်ရောက်လိုသူ (၆၀)ဦးမှာ တက်ရောက်ရန်အတွက် စောင့်ဆိုင်းဆဲဖြစ်ပါသည်။<br>» COVID–19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် စီမံချက်သည် ရေပိုက်စနစ် တပ်ဆင်ထားသည့် လက်ဆေးစင် (၁၈၆) ခု၊ လက်ဆေးဆပ်ပြာ (၂,၅၇၇) တုံး၊ ရေအရင်းအမြစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး ပစ္စည်း (၁၇)ခု၊ ရေစုပ်စက် များအတွက် လောင်စာဆီ ထောက်ပံ့ပေးခြင်း (၁၁ကြိမ်)၊ ပစ္စည်းများ (နှာခေါင်းစည်း၊ လက်အိတ်နှင့် ကလိုရင်း ဓာတုပစ္စည်း) ဖြန့်ဝေပေးခြင်းနှင့်အတူ အသိပညာ ပေးသည့် ကူညီပံ့ပိုးမှု (၂၆)ကြိမ်တို့အား ဖြန့်ဝေ ဆောင်ရွက် ပေးခဲ့ ပါသည်။ |
| ၁၂ | SWISSAID, GRET and Metta Development Foundation<br><br>တောင်တန်းဒေသမြို့နယ် ရန်ပုံငွေ (အဆင့် ၂)<br>၁၁/၂၀၁၉ မှ ၉/၂၀၂၂ အထိ<br><br>ကန်ဒေါ်လာ ၃,၈၉၉,၉၉၉<br><br>ဆောင်ရွက်ဆဲ | » တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေအဆင့် ၂ အား ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် စတင် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဒီဇင်ဘာလအထိ ပထမ (၁၄)လ အတွင်း၌ အရပ်ဘက် လူမှုအုပ်စု (၅၈)စုနှင့် ထောက်ပံ့မှု (၇၀)အတွက် စာချုပ်ချုပ်ဆိုနိုင်ခဲ့ သောကြောင့် (၃)နှစ်အတွက် ရည်မှန်းချက် ချမှတ်ထားသည့် ထောက်ပံ့ငွေ လက်ခံရရှိသည့် အုပ်စု (၃၆)စုထက် ကျော်လွန်သွားပြီ ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် မတ်လ နောက်ပိုင်းတွင် ထောက်ပံ့မှု အများစုအား လက်မှတ် ရေးထိုး စာချုပ်ချုပ်ဆိုခဲ့သည် (သို့) ပြန်လည် အစီအစဉ် ရေးဆွဲခဲ့ပြီး COVID–19 ကပ်ရောဂါ ကူးစက်မှုကို လျော့နည်း နှေးကွေးသွားစေရန်နှင့် ရောဂါပိုး၏ လူမှု စီးပွားရေးဆိုင်ရာ သက်ရောက်မှုများအား လျော့ပါး သက်သာစေရန် တို့အပေါ် အာရုံစိုက်ပါသည်။<br>» UTF – ၂ ၏ ဒီဇိုင်းပုံစံတွင် ပူးပေါင်း ဆောင်ရွက်မှုအတွက် အစီအစဉ် ရေးဆွဲထားခဲ့ ပြီး၊ တစ်စိတ်တစ်ဒေသအားဖြင့် မြို့နယ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စနစ် များ တွင် ပူးပေါင်း ဆောင်ရွက်ရန် အစီအစဉ် ရေးဆွဲသည့် လုပ်ငန်းစဉ်ဖြင့် လှုံ့ဆော်အားပေးရန် ဖြစ်ပါသည်။ ယခုအချိန်၌ မြို့နယ် (၈)မြို့နယ်တွင် ဤလုပ်ငန်းစဉ်အား စတင် လုပ်ဆောင်နေပြီ ဖြစ်ပါသည်။ မိတ်ဖက် CSO အဖွဲ့အစည်းများသည် EAO အာဏာပိုင်များနှင့် ယင်းတို့၏ ကျန်းမာရေးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ယင်းမှ အထူးသဖြင့် အားနည်းထိခိုက်လွယ်သည့် အုပ်စုများ အပါအဝင် လူမှုအသိုက်အဝန်းများ၏ လိုအပ်ချက်များနှင့် ကော်မတီ၏ အစီအစဉ်များအကြား CSO များမှ ပေါင်းကူး ပေးသည့် ပံ့ပိုးကူညီမှုများ ပေးခြင်းဖြင့် COVID–19 ကပ်ရောဂါအား တုံ့ပြန်ကာကွယ်ရာတွင် အားလုံးပါဝင်စေမည့် စနစ်အတွက် ပံ့ပိုးကူညီပေးခဲ့ပါသည်။<br>» UTF မှ မေ့လျော့ခံ အုပ်စုများအား ကူညီပံ့ပိုးပေးခြင်းကိုလည်း အာရုံစိုက် ခဲ့ပါသည်။ ထောက်ပံ့ငွေ လက်ခံရယူထားသော အုပ်စုများသည် ၎င်းတို့၏ စီမံချက်များတွင် အားနည်းထိခိုက်လွယ်သည့် အုပ်စုများထံ ရောက်ရှိခြင်းအား ထည့်သွင်းထားသော်လည်း CSO (၁၄)ဖွဲ့ (၂၄%) သည် ယင်းတို့၏ အစီအစဉ် များတွင် ၎င်းတို့၏ အခွင့်အရေးများကို ပိုမိုနားလည်သဘောပေါက်စေရန် အတွက် စနစ်များ ပူးပေါင်း ဆောင်ရွက်ရာတွင် မေ့လျော့ခံအုပ်စုများ အားလုံး ပါဝင်စေခြင်းကို အဓိကထား ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ CSO များ ဦးတည် ရည်ရွယ်သည့် မေ့လျော့ခံအုပ်စုများတွင် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ၊ မသန်စွမ်းသူများ၊ PLHA ၊ IDP များနှင့် တိုင်းရင်းသား လူနည်းစုများတို့ ပါဝင် ပါသည်။ ပုဂ္ဂလိက ကဏ္ဍ အစီအစဉ်များ အပါအဝင် အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ စနစ်များ ပူးပေါင်း ဆောင်ရွက်ခြင်းအတွက် LIFT ၏ ထောက်ပံ့မှုအား လက်ခံ ရယူထားသည့် အုပ်စုများ၏ အစီအစဉ်သည် ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အခြေခံထားခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှ အာဏာသိမ်းလိုက်သည့် အတွက်ကြောင့် စနစ်များ အားလုံး ပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်များကို ၂၀၂၁ ခုနှစ်တွင် အကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖြစ်နိုင်ချေ ရှိမရှိအား သိရှိနိုင်ခြင်း မရှိသေးပါ။ |

# နောက်ဆက်တွဲ ၅– LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်အဖွဲ့အစည်းများ

| | LIFT Partners | 2019 (Annual) | | 2020 (Annual) | | 2019 (Annual) | 2020 (Annual) | 2019 (Annual) | 2020 (Annual) | 2019 (Annual) | 2020 (Annual) | 2019 (Annual) | | 2020 (Annual) | | PAR>30 days |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | All Client | Client (Female) | All Client | Client (Female) | Loan portfolio (USD) | Loan portfolio (USD) | Saving (USD) | Saving (USD) | Total Asset (USD) | Total Asset (USD) | OSS | FSS | OSS | FSS | |
| Local Microfinance Institutions | | | | | | | | | | | | | | | | |
| 1 | AYO Microfinance Co., Ltd | 6,572 | 6,537 | 6,723 | 6,669 | 1,191,277 | 1,591,688 | 120,803 | 183,918 | 1,253,603 | 1,623,573 | 170% | 142% | 170% | 133% | 0.80% |
| 2 | Focal Points Microfinance Service Co., Ltd | 5,881 | 5,807 | 5,729 | 5,635 | 985,130 | 1,155,091 | 236,042 | 262,023 | 1,039,630 | 1,211,081 | 156% | 106% | 129% | 103% | 0.00% |
| 3 | Jasmines Season Microfinance Co., Ltd | 5,061 | 5,031 | 3,047 | 3,031 | 399,713 | 295,217 | 64,449 | 60,531 | 394,812 | 398,332 | 63% | 58% | 64% | 58% | 2.90% |
| 4 | Maha Agriculture Public Co., Ltd | 71,767 | 38,251 | 93,545 | 48,385 | 31,163,749 | 46,517,634 | 1,622,696 | 2,380,559 | 38,801,647 | 65,550,336 | 126% | 126% | 118% | 111% | 1.00% |
| 5 | Ratana Metta Microfinance Co., Ltd | 5,536 | 5,415 | 5,929 | 5,786 | 1,005,586 | 1,304,763 | 179,647 | 192,119 | 1,150,273 | 1,305,137 | 190% | 168% | 130% | 100% | 0.00% |
| 6 | Shine Heart Microfinance Co., Ltd | 6,498 | 6,358 | 5,894 | 5,790 | 915,683 | 1,010,398 | 181,332 | 184,540 | 949,215 | 1,179,742 | 139% | 132% | 141% | 78% | 0.00% |
| 7 | Social Vision Microfinance Co., Ltd | 4,732 | 4,673 | 4,580 | 4,527 | 758,957 | 1,116,551 | 150,509 | 147,312 | 933,823 | 1,117,913 | 172% | 160% | 241% | 228% | 0.00% |
| 8 | Wan Lark Microfinance Co., Ltd | 5,833 | 5,641 | 7,497 | 7,393 | 873,534 | 933,560 | 182,479 | 240,414 | 907,023 | 1,024,178 | 140% | 102% | 95% | 77% | 8.40% |
| 9 | Yadanar Thanlar Microfinance Co, Ltd (YTM) | 6,463 | 6,450 | 9,606 | 9,577 | 1,232,236 | 1,470,726 | 218,150 | 240,659 | 1,402,600 | 1,748,569 | 215% | 190% | 182% | 134% | 16.90% |
| 10 | Yangon Y Rural Development Microfinance Company Ltd (YYRDM) | 6,022 | 5,737 | 5,573 | 5,532 | 738,431 | 810,353 | 143,207 | 99,655 | 879,905 | 948,863 | 210% | 211% | 128% | 107% | 0.00% |
| Joint Venture Company | | | | | | | | | | | | | | | | |
| 11 | Microfinance Delta International (MIFIDA) | 155,586 | 148,656 | 222,078 | 216,494 | 22,052,722 | 37,604,717 | 3,416,088 | 6,850,734 | 30,359,055 | 46,530,810 | 109% | 105% | 105% | 88% | 23.60% |
| Cooperatives | | | | | | | | | | | | | | | | |
| 12 | Myingyan Township Cooperative Syndicate | 41,196 | 14,980 | 41,846 | 27,370 | 2,075,727 | 2,337,325 | 1,513,752 | 130,935 | 2,157,959 | 2,467,121 | 109% | 101% | 110% | 102% | 3.00% |
| 13 | Natogyi Township Cooperative Syndicate | 23,395 | 12,440 | 23,231 | 11,725 | 1,531,220 | 1,922,601 | 779,836 | 74,599 | 2,106,604 | 2,195,489 | 188% | 173% | 115% | 98% | 6.00% |
| International Microfinance Institutions | | | | | | | | | | | | | | | | |
| 14 | Advans MFI Myanmar Co., Ltd | 52,598 | 43,126 | 68,535 | 56,313 | 15,209,490 | 21,339,179 | - | 72,502 | 19,377,226 | 29,530,710 | 120% | 78% | 118% | 102% | 11.00% |
| 15 | Association of Medical Doctors of Asia (AMDA) | | | 2,895 | 2,895 | | 520,914 | | 38,613 | | 572,301 | | | 134% | 100% | 10.10% |
| 16 | BRAC | 124,889 | 119,025 | 154,188 | 145,536 | 25,877,154 | 42,670,320 | 2,477,031 | 3,499,511 | 30,863,820 | 47,097,231 | 115% | 107% | 103% | 91% | 6.54% |
| 17 | Early Dawn Microfinance Co., Ltd | 249,826 | 248,868 | 293,407 | 291,552 | 50,617,581 | 82,389,198 | 2,402,997 | 4,969,791 | 68,257,960 | 111,206,028 | 122% | 145% | 106% | 98% | 25.00% |
| 18 | ENTERPRENEURS du-Monde (EdM) | 11,286 | 10,157 | 11,306 | 9,273 | 1,752,627 | 1,778,865 | 56,682 | 56,397 | 1,988,280 | 2,162,130 | N/A | N/A | 75% | 73% | 17.90% |
| 19 | LOLC Myanmar Micro-Finance Co., Ltd | 189,079 | 173,825 | 263,396 | 236,517 | 37,688,052 | 118,072,735 | 10,228,352 | 18,416,844 | 90,687,049 | 167,378,289 | 130% | 120% | 122% | 115% | 14.00% |
| 20 | Thitsar Ooyin Company Limited | 25,545 | 20,102 | 33,750 | 26,905 | 4,940,811 | 9,306,455 | - | - | 7,339,172 | 10,177,403 | 122% | 97% | 125% | 110% | 2.00% |
| 21 | Pact Global Microfinance Fund | 1,033,620 | 1,018,900 | 1,065,866 | 1,039,247 | 281,744,293 | 436,332,695 | 81,744,732 | 95,348,919 | 309,969,902 | 486,481,601 | 149% | 129% | 167% | 144% | 7.00% |
| 22 | Proximity Finance Microfinance Company Limited | 140,786 | 97,360 | 180,860 | 124,485 | 31,914,049 | 63,109,962 | 1,072,364 | 3,377,500 | 40,023,289 | 82,083,710 | 117% | 111% | 108% | 100% | 2.00% |
| 23 | VisionFund Myanmar (VFM) | 354,816 | 302,111 | 380,396 | 322,326 | 61,182,274 | 75,099,567 | 8,664,998 | 9,870,775 | 67,686,399 | 79,693,786 | 102% | 96% | 72% | 69% | 19.73% |
| Total for LIFT MFIs | | **2,526,987** | **2,299,450** | **2,889,877** | **,612,963** | **575,850,298** | **948,690,513** | **115,456,146** | **146,698,851** | **718,529,246** | **,143,684,331** | | | | | |
| Private Bank | | | | | | | | | | | | | | | | |
| 24 | Yoma Bank | | | | | | | | | | | | | | | |
| | AFP Hire Purchase | 3,672 | 273 | 3,393 | 316 | 41,665,322 | 43,310,758 | | | | | | | | | |
| | Un(der)secured Lending | | | | | | | | | | | | | | | |
| | Dicounted Receivable Finance/borrowing base (Input Suppliers) | 9 | | 7 | - | 12,013,129 | 8,007,435 | | | | | | | | | |
| | Payable Financ (Input Dealers) | 68 | | 65 | - | 5,744,637 | 4,791,850 | | | | | | | | | |
| | Seasonal Overdraft (Maize Traders) | 185 | | 90 | - | 8,432,393 | 5,857,690 | | | | | | | | | |
| | MFI lending | 12 | | 15 | - | 61,782,948 | 82,880,097 | | | | | | | | | |
| | Individual Development Account (IDA): Saving | | | 18,824 | 15,173 | | | | 3,363,853 | | | | | | | |
| | Total for all LIFT financial inclusion | **2,530,933** | **2,299,723** | **2,912,271** | **,628,452** | **705,488,727** | **1,093,538,343** | **115,456,146** | **150,062,704** | **718,529,246** | **,143,684,331** | | | | | |

*၂၀၂၀ခုနှစ် ဒီဇင်ဘာအထိ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း မိတ်ဖက်အဖွဲ့အစည်းများမှ စွမ်းဆောင်ခဲ့သည့် အောင်မြင်မှုများ*





# နောက်ဆက်တွဲ ၆– မူဝါဒဆိုင်ရာပူးပေါင်း ဆောင်ရွက်မှု

| ရန်ပုံငွေစီမံခန့်ခွဲမှုရုံးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု | |
|---|---|
| | ၂၀၂၀ ခုနှစ်တွင် COVID-19 ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ရှိသော်လည်း LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေး ရုံးအဖွဲ့ (FMO) သည် အစိုးရ၏ မူဝါဒဆိုင်ရာ အစီအစဉ်များတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက် ခဲ့ပါသည်။ |
| **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့ အစည်းများ၊ NGO များနှင့် ပုဂ္ဂလိက ကဏ္ဍတို့နှင့် အတူ** | စိုက်ပျိုးရေးကဏ္ဍရှိ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပူးပေါင်း ညှိနှိုင်း ဆောင်ရွက် ရေးအဖွဲ့ (ARDSCG) တွင် FMO သည် ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI) တို့အကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်း အချက်အလက်များ မျှဝေခြင်း တို့အတွက် ကြားခံ ဆက်သွယ် ဆောင်ရွက်ပေးသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ အစိုးရ၏ COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် (CERP) အကောင်အထည်ဖော်ချိန်တွင် ARDSCG ၏ ပါဝင်အားဖြည့်မှုဖြင့် FMO နှင့် အခြား ARDSCG ၏ ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်း များသည် ၎င်းတို့၏ သက်ဆိုင်သော လုပ်ငန်းများကို MoALI မှ ရေးဆွဲ အကောင်အထည်ဖော်သည့် စာရင်း ကိန်းဂဏန်းအချက်အလက် ဇယားတွင် ထည့်သွင်းခဲ့ ပါသည်။ IFPRI သည် MoALI နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားနပ် ရိက္ခာဖူလုံမှုအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများကို ဆန်းစစ် အကဲဖြတ်မှု ပြုလုပ်သည့် Webinar များကို လစဉ် စီစဉ် ကျင်းပခဲ့ပြီး LIFT ၏ ရန်ပုံငွေညွှန်ကြားရေးမှူးသည် IFPRI နှင့် MoALI တို့မှ စီစဉ်ကျင်းပသည့် များစွာသော Webinar များတွင် ဦးဆောင်၍ COVID-19 ကပ်ရောဂါ စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ တယ်လီဖုန်း စစ်တမ်းများမှ တွေ့ရှိ ချက်များကို တင်ပြခဲ့ပါသည်။ FMO သည် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ (၃)ကြိမ်တိုင် မေတ္တာရပ်ခံသောကြောင့် ၂၀၂၀ ခုနှစ် ဧပြီလတွင် အင်္ဂလိပ်ဘာသာဖြင့် အလွတ်သဘော ပြန်ဆိုထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဥပဒေ ကို ပေးအပ်ခဲ့ပါသည်။ |
| **ငွေရေးကြေးရေးဆိုင်ရာ ကြီးကြပ် စစ်ဆေး ရေး ဦးစီးဌာနနှင့်အတူ** | FMO သည် ငွေရေးကြေးရေးဆိုင်ရာ ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာန (FRD) အတွက် နည်းပညာ ပိုင်းဆိုင်ရာ အကူအညီ (TA) နှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း ဆိုင်ရာ အကူအညီတို့ကို ပေးအပ်ရန်အတွက် နိုင်ငံတကာ ဝန်ထမ်းတစ်ဦးနှင့် နိုင်ငံသားဝန်ထမ်း တစ်ဦး တို့ကို တာဝန်ပေးအပ်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ကူးစက်မှု မဖြင့်မားမီအချိန်က နည်းပညာအကူအညီပေးရေး တာဝန်ရှိသူများသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးရှိ (FRD) ရုံးများမှ အရာရှိများအတွက် အပ်ငွေ လက်ခံရယူခွင့် လိုင်စင် ထုတ်ပေးသည့် လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ လုပ်ငန်းနေရာတွင် စစ်ဆေးခြင်းနှင့် စနစ်တကျ စိစစ်ခြင်း နှင့် စောင့်ကြပ် ကြည့်ရှုခြင်း ဆိုင်ရာ သင်တန်းအား ပို့ချပေးခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ကြောင့် ခရီးသွားလာခြင်းနှင့် လူကိုယ်တိုင် တွေ့ဆုံခြင်းတို့ကို ကန့်သတ်လိုက်သည့် နောက်ပိုင်းတွင် ငွေစာရင်းသွင်းခြင်း နှင့် ငွေကြေးဆိုင်ရာ ဆန်းစစ်မှုဆိုင်ရာ သင်တန်းအား အွန်လိုင်းမှ တဆင့် ပို့ချပေးခဲ့ပါသည်။ ဤသင်တန်းသည် မြန်မာနိုင်ငံတွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်း များအား ပိုမိုထိရောက်စွာ စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းမတ် ကြီးကြပ်ရန်အတွက် မူဝါဒနှင့် စည်းမျဉ်းစည်းကမ်း ဆိုင်ရာ လမ်းညွှန်ချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း တို့တွင် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများ၊ အသိအမြင်များဖြင့် ဌာန၏ လူ့စွမ်းအား အရင်းအမြစ်များကို စိတ်ဓာတ်ရေးရာ၌ အသင့် ဖြစ်စေ ခဲ့ပါသည်။ |
| **MoHS ၊ အခြား သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်နယ်/ တိုင်း ဒေသကြီး အစိုးရများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းနှင့် အရပ်ဘက် လူမှု အသိုက်အဝန်းမှ ပတ်သက် ဆက်နွယ် သူများ နှင့်အတူ** | FMO သည် ကုလသမဂ္ဂ အဖွဲ့အစည်းများ / INGO များ/ CSO များနှင့် ပူးပေါင်း ၍ ကဏ္ဍစုံ၌ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၌ ခိုင်မာ အားကောင်း စေရန် အတွက် MoHS နှင့် အခြားဝန်ကြီးဌာနများကို ကူညီပံ့ပိုးပေးခဲ့ပါသည်။ FMO သည် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်များတွင် အစိုးရ၏ ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း (MS-NPAN) လုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်း အတွက် အမျိုးသား အာဟာရ ဖွံ့ဖြိုးရေး သုတေသန ဌာနခွဲ (NNC) အား နည်းပညာ နှင့် ထောက်ပံ့ရေးဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးအပ်ရန်အတွက် နိုင်ငံတကာ အကြံပေး ပုဂ္ဂိုလ်တစ်ဦး၊ နိုင်ငံသား အကြံပေး ပုဂ္ဂိုလ်တစ်ဦးနှင့် နိုင်ငံသား ဝန်ထမ်း(၃)ဦး တို့အား တာဝန် ပေးအပ်ခဲ့ပါသည်။ အဆိုပါ FMO ဝန်ထမ်း များသည် COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့် အခြေအနေတွင် အစီအစဉ်ရေးဆွဲခြင်း၊ ဦးစားပေးများ သတ်မှတ်ခြင်း၊ စွမ်းဆောင်ရည်အား ဆန်းစစ်အကဲဖြတ်သည့် နည်းလမ်းများအား လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်ပြီး ၂၀၂၀ ခုနှစ်တွင် ကရင် ပြည်နယ်၌ MS-NPAN အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးခဲ့သည့် MS-NPAN ပင်မအဖွဲ့၏ အဖွဲ့ဝင်များ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ FMO သည် SUN UN ကွန်ရက် နှင့်အတူ မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သော အာဟာရ သီးသန့်နှင့် အာဟာရ ဖော်ပေး စီမံကိန်း ဆောင်ရွက်ချက်များ ဆက်လက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ် အခြေအနေ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာ မြောက် အကြံပေးအဖွဲ့၏ တက်ကြွသော အဖွဲ့ဝင်အဖြစ် ရှိနေခဲ့ပါသည်။ ဤအဖွဲ့သည် COVID-19 ကပ်ရောဂါ လျော့ပါး သက်သာစေခြင်း၊ ကာကွယ်တားဆီးခြင်းနှင့် ပြန်လည် ထူထောင်ခြင်း တို့အတွက် အာဟာရဖွံ့ဖြိုးရေး ဆိုင်ရာ စီမံကိန်း လုပ်ငန်းများကို လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်ညှိနှိုင်းခြင်း ပြုလုပ်ရာတွင် အဖွဲ့အစည်း များအား အကူအညီ ပေးရန်အတွက် လမ်းညွှန်မှု (၂)ခုကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ ပါသည်။ FMO သည် ၂၀၂၀ ခုနှစ်တွင် SBN နှင့် SUN CSA တို့၏ အဓိက ကူညီ ပံ့ပိုးပေးသူ ဖြစ်ခဲ့ပြီး SBN တွင် ကုမ္ပဏီ (၈)ခုနှင့် အဖွဲ့အစည်း (၆၈)ဖွဲ့ ပူးပေါင်း ပါဝင်ခဲ့ကာ SUN CSA တွင် INGO နှင့် CSO (၇၀) ဖွဲ့တို့ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြပါသည်။ |

| စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာစနစ်များ | |
|---|---|
| **မူဝါဒဆိုင်ရာ အကြောင်းအရာ- မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**<br><br>**LIFT ၏ IP – မြန်မာသြဘာ၊ Welthungerhilfe (WHH)၊ တောင်သူသမဝါယမ အသင်းများ၊ တောင်သူများ**<br><br>**ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့ အစည်းများ- စိုက်ပျိုးရေး ဦးစီး ဌာန၊ စိုက်ပျိုးရေး သုတေသန ဦးစီးဌာန၊ Mercy Corps ၊ Wageningen University Research ၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် (MRF)** | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ရည်မှန်းချက်များနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အမျိုးသား ရည်မှန်းချက် ပန်းတိုင် တို့အား အထောက်အပံ့ဖြစ်စေရန် အတွက် LIFT သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များ၌ မြစ်ဝကျွန်းပေါ် ဒေသနှင့် အပူပိုင်းဇုန်တို့တွင် မျိုးစေ့ စီမံချက် (၂)ခုအတွက် ရန်ပုံငွေ ထောက်ပံ့မှု အသီးသီး ကို စတင် ဆောင်ရွက်ခဲ့ ပါသည်။ ၂၀၂၀ ခုနှစ်တွင် LIFT သည် လုပ်ကွက်ငယ် တောင်သူများအား ဖြည့်ဆည်း ပေးခြင်းအပေါ် အာရုံစိုက်၍ ရေရှည် တည်တံ့ခိုင်မြဲသည့် ပြည်တွင်း မျိုးစေ့ ထုတ်လုပ်ခြင်းကို ကူညီပံ့ပိုးပေးခြင်းဖြင့် လက်ရှိတွင် ပြည်တွင်း လိုအပ်ချက်၏ ၁% ခန့်ကိုသာ ပြည့်မီစေသည့် အရည် အသွေးပြည့်ဝသော မျိုးစေ့ ထောက်ပံ့ ပေးခြင်းအား ပိုမိုတိုးတက် ကောင်းမွန်စေရန် အတွက် စီမံချက် (၂)ခု စလုံးအား ဆက်လက် ကူညီပံ့ပိုးပေး ခဲ့ပါသည်။<br><br>မြန်မာ့တောင်သူများနှင့် ဖက်စပ်ဖွဲ့စည်းထားသည့် ပထမမျိုးစေ့ကုမ္ပဏီ/ ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်း ဆောင်ရွက်သည့် အစီအစဉ်<br><br>DoA ၊ DAR တို့နှင့် ပူးပေါင်း၍ အရည်အသွေး ပြည့်ဝသည့် မျိုးစေ့ ထုတ်လုပ်ရန်အတွက် မြန်မာသြဘာ သည် အပူပိုင်းဇုန်တွင် အဓိက ထား စိုက်ပျိုးမည့် အများအားဖြင့် ပဲနှင့်ဆီထွက် သီးနှံတို့အား မျိုးတူများ ဝတ်မှုန်ကူးထားသည့် ဦးစားပေး သီးနှံမျိုးစေ့များ ထုတ်လုပ်ခြင်း၊ စီမံပြုပြင်ခြင်း၊ ဈေးကွက်တင်ခြင်း တို့အား ပြုလုပ်ရန်အတွက် သမဝါယမ မူဝါဒများဖြင့် ပုဂ္ဂလိက ကုမ္ပဏီ တစ်ခုအား ဖွဲ့စည်း မှတ်ပုံတင် ခဲ့ပါသည်။ မြန်မာသြဘာသည် အဆိုပါ ကုမ္ပဏီအား တည်ထောင်ပြီး စီမံခန့်ခွဲရန်အတွက် တာဝန်ရှိသော ပုဂ္ဂလိက အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်း ဖြစ်ခဲ့ပါသည်။ ဤဖက်စပ် ကုမ္ပဏီအား ပထမမျိုးစေ့ ကုမ္ပဏီဟု အမည်ပေးထားပြီး အစုရှယ်ယာပိုင်ဆိုင်မှု၊ အစုရှယ်ယာအပေါ် အမြတ်ဝေစုနှင့် ယင်း၏ အဖွဲ့ဝင်များ (တောင်သူတစ်ဦးခြင်းနှင့် တောင်သူသမဝါယမ အသင်းများ) ၏ ထုတ်လုပ်မှု နှင့် အခြား ကုမ္ပဏီထံ ကတိကဝတ်ပြုထားသည်များနှင့် ဆက်နွယ်နေသည့် အကျိုးအမြတ်များဖြင့် ယင်း ကုမ္ပဏီ သည် နိုင်ငံသားပိုင်ဖြစ်ပါသည်။ ပထမမျိုးစေ့ ကုမ္ပဏီလီမိတက် အနေဖြင့် သမဝါယမ မူဝါဒများနှင့် မျိုးစေ့ထုတ်လုပ်မှုအား စတင်လည်ပတ် ဆောင်ရွက်နိုင်ရန်အတွက် စီမံချက် သည် မျိုးသန့် မြန်မာဟု အမည်ရသည့် ဖက်စပ် မိတ်ဖက် အဖွဲ့ အစည်း (တောင်သူများ၏ အဖွဲ့အစည်း) ကို လည်း စတင် တည်ထောင်ခဲ့ပါသည်။<br><br>၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် မျိုးသန့်မြန်မာ ကုမ္ပဏီလီမိတက်အား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်ခဲ့ပါသည်။ စီမံချက်မှလည်း မျိုးသန့်မြန်မာ ကုမ္ပဏီ လီမိတက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးရန် Mercy Corps နှင့် စာချုပ်ချုပ်ဆို ခဲ့ပါသည်။ COVID-19 ကပ်ရောဂါမှ ပြုပြင်စီမံထုတ်လုပ်သည့် ခေတ်မီ စက်ရုံ တည်ဆောက်ရန် အတွက် စီမံချက်၏ နေရာနှင့် သင့်တော်သော မြေရရှိရန် ကြိုးပမ်းအားထုတ်မှု အပေါ် သက်ရောက်မှု ရှိခဲ့ပါသည်။ သို့သော်လည်း ကမ္ဘာ့ကပ်ရောဂါကြောင့် စီမံချက်၏ မျိုးစေ့ ထုတ်လုပ်မှုအပေါ် ကြီးကြီးမားမား ထိခိုက်စေခဲ့ခြင်းမရှိပါ။ စီမံချက်သည် COVID-19 ကပ်ရောဂါကြောင့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ် ချက်များ မထုတ်ပြန်မီ အချိန်၌ ဦးတည်ရည်ရွယ်ထားသည့် နေရာ ဒေသများ၌ ဝန်ထမ်းများ အား တာဝန်ချ ထားပေးနိုင်ခဲ့ပြီး ထုတ်လုပ်သည့် ဒေသအတွင်း ခရီးသွားလာမှုနှင့် စီမံချက်များနှင့် တောင်သူ များ/ မျိုးစေ့ စိုက်ပျိုးသူများ အကြား အပြန်အလှန် ဆက်သွယ် ဆောင်ရွက်မှုများကိုလည်း လုပ်ဆောင် နိုင်ခဲ့ပါသည်။<br><br>၂၀၂၀ ခုနှစ်တွင် စီမံချက်သည် မျိုးစေ့ စိုက်ပျိုးထုတ်လုပ်မှုအတွက် DAR ထံမှ ပထမမျိုးဆက် မျိုးစေ့ (EGS) ရယူသည့် စီမံချက်၏ အလေ့အကျင့်တွင် ပြောင်းလဲမှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းတွင် စီမံချက်သည် အစိုးရ မျိုးစေ့ စိုက်ခင်း (၂)ခုမှ EGS ဝယ်ယူရာတွင် သန့်စင်မှုဆိုင်ရာ စိုးရိမ်မကင်းဖြစ်ဖွယ် ပြဿနာတစ်ခုကို ကြုံတွေ့ခဲ့ရပါသည်။ အရည်အသွေး မြင့်မားသည့် EGS များအား အလွန်များပြားသည့် အရေအတွက် ပမာဏ ထုတ်လုပ် ပါက မျိုးစေ့ စိုက်ခင်းတစ်ခုချင်းစီ၏ ထုတ်လုပ်နိုင်သည့် ပမာဏ ထက် ကျော်လွန်သွားမည် ဖြစ်သည့်အတွက်ကြောင့် အနာဂတ်တွင် ဤပြဿနာအား ဖြေရှင်းရန်အတွက် စီမံချက်သည် မျိုးစေ့ စိုက်ခင်း (၂)ခုတည်းထံမှ ပမာဏ များပြား သည့် EGS များ အား ဝယ်ယူမည် မဟုတ်တော့ပါ။ ထိုအစား စီမံချက်သည် DAR ၏ မျိုးစေ့ စိုက်ခင်းအများအပြားထံမှ ယခင်ကနှင့် နှိုင်းယှဉ်လျှင် ပိုမိုနည်းပါးသည့် အရေအတွက်ကို မှာယူ သွားမည် ဖြစ်ပါသည်။ အဆိုပါ ပထမ မျိုးဆက် မျိုးစေ့များ ထုတ်လုပ်ပြီးသည့် နောက်ပိုင်းတွင်မှ မှာယူခြင်းအစား စီမံချက်သည် EGS ပေးသွင်းရန် အတွက် ပိုမိုကြာမြင့်သည့် ကာလ အတွက် ကြိုတင် ခန့်မှန်းခြင်းအား လုပ်ဆောင် သွားမည် ဖြစ်ပြီး DAR ထံမှ မျိုးစေ့များကို (၁၂)လ ကြိုတင်၍ မှာယူသွားမည် ဖြစ်ပါသည်။ စီမံချက် ဝန်ထမ်းများသည် အဆိုပါ မျိုးစေ့ စိုက်ခင်းများထံ ပုံမှန် သွားရောက်ပြီး စိုက်ပျိုးသည့် စက်ဝန်း တလျှောက်လုံးတွင် EGS ထုတ်လုပ်မှု၏ အရည်အသွေးနှင့် အထွက်တိုးနှုန်းတို့အား စောင့်ကြည့်စစ်ဆေးရာတွင် နည်းပညာပိုင်း ဆိုင်ရာ အကြံဉာဏ်များ ကူညီ ပေး သွားမည် ဖြစ်ပါသည်။<br><br>မြန်မာနိုင်ငံဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီ ပံ့ပိုးပေးခြင်း (RSSD)<br><br>WHH ၏ RSSD စီမံချက်သည် ဧရာဝတီတိုင်းဒေသကြီးတွင် လုပ်ကွက်ငယ် တောင်သူများ၏ ဝင်ငွေနှင့် ထုတ်လုပ်မှု ရေရှည်တည်တံ့စွာ တိုးတက်စေရန် အတွက် လုပ်ကွက်ငယ် တောင်သူများ၏ အရည် အသွေး ပြည့်ဝသည့် ဆန်စပါးမျိုးစေ့များ လက်လှမ်းမီ ရယူနိုင်ပြီး အသုံးပြုမှု တိုးတက် ကောင်းမွန် စေရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ စီမံချက်သည် လုပ်ကွက်ငယ် တောင်သူများ၏ ဝင်ငွေ အပေါ် ဆိုးကျိုးဖြစ်စေသည့် သက်ရောက်မှုများ ရှိသည့် EGS ထုတ်လုပ်မှု၊ မျိုးစပါး စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ မျိုး စပါး အရည်အသွေးအာမခံရှိမှုနှင့် မျိုးစပါး ကဏ္ဍတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက် မှု တို့မှ အဓိက စိန်ခေါ်မှုများကို ဖြေရှင်းပေးပါသည်။ စီမံချက်သည် ၂၀၂၀ ခုနှစ်တွင် DoA ၊ MRF တို့နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် မျိုးစပါး ကဏ္ဍတွင် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ခြင်း အတွက် မူဝါဒနှင့် ဆက်နွယ်နေသည့် အခမ်းအနား အများအပြားအား ကျင်းပပြုလုပ် ခဲ့ပါသည်။ |
| | စီမံချက်သည် ပူးပေါင်း ဆောင်ရွက်မှုအား တိုးတက် ကောင်းမွန်စေရန်အတွက် အတွေ့အကြုံများနှင့် ဆန်းသစ် တီထွင်မှုများကို မျှဝေရန် ဒေသဆိုင်ရာ မျိုးစေ့ကဏ္ဍ ရပ်ဝန်း အစည်းအဝေး (၂)ခုအား စီစဉ် ဆောင်ရွက်ရန် DoA ၊ MRF တို့နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ အကျိုးတူ လယ်ယာလုပ်ငန်းနှင့် သီးနှံအာမခံထားခြင်းတို့နှင့် ပတ်သက်သည့် အတွေ့အကြုံနှင့် လေ့လာသင်ယူမှုတို့ကို ပတ်သက် ဆက်နွယ်သူများအား မျှဝေပေးရန်အတွက် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် စတုတ္ထအကြိမ်မြောက် ဧရာဝတီ မျိုးစေ့ကဏ္ဍ ရပ်ဝန်း ဆိုင်ရာ အစည်းအဝေးများအား ကျင်းပပြုလုပ်ခဲ့ပါသည်။ ပဉ္စမအကြိမ် မြောက် ဧရာဝတီ မျိုးစေ့ကဏ္ဍ ရပ်ဝန်း ဆိုင်ရာ အစည်းအဝေးအား အစိုးရ၏ COVID-19 ကပ်ရောဂါ အရေးပေါ် တုံ့ပြန်ကာကွယ်ခြင်းဆိုင်ရာ အစီအစဉ်နှင့်အညီ DoA နှင့်အတူ ဆောင်ရွက်သည့် RSSD ၏ လုပ်ငန်းတွင် ပါဝင် ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေသည့် (Cash for Work) အစီအစဉ်အား မိတ်ဆက် ပေးရန် အတွက် ၂၀၂၀ ခုနှစ် စက်တင်ဘာလတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ စီမံချက်သည် RSSD ၏ လေ့လာ သင်ယူခဲ့သည့် သင်ခန်းစာများအား လေ့လာမှုနှင့် မျိုးစေ့ကဏ္ဍ လမ်းပြမြေပုံ တို့ကိုလည်း မျှဝေပေးခဲ့ပါသည်။ အစည်းအဝေးသို့ အစိုးရဌာနများ၊ တောင်သူများနှင့် မျိုးစေ့ စိုက်ပျိုး သူများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြပါသည်။<br><br>RSSD အဖွဲ့သည် ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၂၈)ရက် နှင့် (၂၉)ရက်၌ နေပြည်တော်၌ ပြုလုပ်သည့် အမျိုးသား မျိုးစေ့ပြပွဲ၌ EGS အပလီကေးရှင်း အား ပရိသတ် အများအပြား ရှေ့မှောက်တွင် လက်တွေ့ သရုပ် ပြသခဲ့ပါသည်။ စီမံချက်သည် DoA နှင့် MRF တို့နှင့် ပူးပေါင်း၍ ဧရာဝတီ တိုင်းဒေသကြီး မျိုးစေ့ပြပွဲအား ၂၀၂၀ ခုနှစ် မတ်လ ၁၁ ရက်နှင့် ၁၂ ရက် တို့တွင် စီစဉ် ကျင်းပခဲ့ပြီး ပုဂ္ဂလိက၊ အများပြည်သူနှင့် ဖွံ့ဖြိုးရေး ကဏ္ဍများမှ တက်ရောက်သူ (၆၆၁)ဦး ရှိခဲ့ကာ ပြပွဲတွင် ကုမ္ပဏီနှင့် အဖွဲ့အစည်း (၃၄)ခုသည် ပြခန်း (၄၀)၌ ယင်းတို့၏ ဝန်ဆောင်မှုများကို ပြသခဲ့ ပါသည်။<br><br>COVID-19 ကပ်ရောဂါအား ကြုံတွေ့နေရသည့် ၂၀၂၀ ခုနှစ် ဧပြီလနှင့် မေလတွင် စီမံချက်သည် ဈေးကွက်ဆန်းစစ် အကဲဖြတ်မှု တစ်ရပ် အလျင်အမြန် ပြုလုပ်ရန်အတွက် Mercy Corps အား တာဝန်ပေးအပ်ခဲ့ပါသည်။ ရှာဖွေ တွေ့ရှိချက်များနှင့် ဦးတည်ရည်ရွယ်သည့် မျိုးစေ့ စိုက်ပျိုးသူများနှင့် အကျိုးတူ လယ်ယာ လုပ်ဆောင်သည့် တောင်သူများအတွက် မြန်မြန်ဆန်ဆန် ပြန်လည်ထူထောင်ပေးသည့် တုံ့ပြန်ဆောင်ရွက်မှု တစ်ရပ်နှင့်  အရည်အသွေးပြည့်မီသည့် မျိုးစပါးများ ပုံမှန် ထောက်ပံ့ ဖြည့်ဆည်း နိုင်စေရန်အတွက် သုံးသပ်ခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာ အကြောင်းအရာ – စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက် များ<br><br>LIFT ၏ IP – မီချီဂန် ပြည်နယ် တက္ကသိုလ်<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်းများ – IFPRI ၊ စီမံကိန်း ဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် | မြန်မာနိုင်ငံတွင် စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး – ကျေးလက်နေ ဆင်းရဲ နွမ်းပါးသူများ၏ အသက်မွေးမှုများကို သက်ရောက်ခြင်း<br><br>၂၀၁၉ ခုနှစ် နှစ်အကုန်တွင် AVCD စီမံချက်အား အဓိကလုပ်ငန်း (၃)ခုအား  ဖြေရှင်းရန် အတွက် (၂)နှစ် ထပ်မံ သက်တမ်းတိုးခဲ့ပါသည်။<br><br>(၁) အားလုံးပါဝင်သည့် ကြီးပွားတိုးတက်စေခြင်းနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ ပိုမို တိုးတက် ကောင်းမွန်စေခြင်းတို့အတွက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ စနစ် ဆန်းစစ်မှုအား ရေးဆွဲ အကောင်အထည်ဖော်ရန်<br>(၂) စိုက်ပျိုးရေးသုတေသနနှင့် တိုးချဲ့ပညာပေးခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမည့် ပင်မ စီမံချက်အား ရေးဆွဲ ပြင်ဆင်ရန် နှင့်<br>(၃) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် MoALI ၌ အသုံးချ မူဝါဒဆိုင်ရာ သုတေသနနှင့် ဆန်းစစ်မှု တို့အတွက် စွမ်းဆောင်ရည် တည်ဆောက်ရန်<br><br>၂၀၂၀ ခုနှစ် နှစ်လယ်၌ စီမံချက်သည် ကျေးလက်ဒေသ စီးပွားရေး၏ အစိတ်အပိုင်းများအပေါ် COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုကို စောင့်ကြည့်စစ်ဆေးရန်နှင့် စိုက်ပျိုးရိက္ခာစနစ်များ ဆန်းစစ် အကဲဖြတ်မှုအား စောင့်ကြည့်စစ်ဆေးရန် တို့အတွက် တယ်လီဖုန်းဖြင့် စစ်တမ်းများ ကောက်ယူရန် ထပ်မံ၍ တိုးချဲ့ လုပ်ဆောင်ခဲ့ပါသည်။<br><br>AVCD စီမံချက်နှင့် ပတ်သက်၍ ပိုမိုအသေးစိတ် တင်ပြထားသည်အား ဤအစီရင်ခံစာ၏ အခန်း ၆.၁ မူဝါဒ အခန်းတွင် ကြည့်ရှုနိုင်ပါသည်။ |
| မူဝါဒဆိုင်ရာ အကြောင်းအရာ – မြေယာ ငှားရမ်း လုပ်ပိုင်ခွင့် ဆိုင်ရာ မူဝါဒများ<br><br>LIFT ၏ IP – ပေါင်းစု လုပ်အား အကူအညီ ပေးရေး အဖွဲ့ (NAG)<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်းများ – စိုက်မွေးဆည် ဝန်ကြီးဌာန၊ မြေယာမဏ္ဍိုင် အဖွဲ့ (LCG) ၊ စီးပွားရေးနှင့် လူမှု ဖွံ့ဖြိုး တိုးတက်ရေး အဖွဲ့ (CESD) နှင့် ပြည်တွင်း CSO များ | စွန့်လွှတ်မြေ ပြန်လည်နေရာချထားခြင်းနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများမှ အသုံးပြုခြင်း မရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြန်လည် နေရာချထားခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (REAL DEV)<br><br>သိမ်းဆည်းထားပြီး အသုံးပြုခြင်းမရှိသည့် မြေယာများကို မူလပိုင်ရှင်ထံ ပြန်လည် ပေးအပ်ခြင်း/ ခွဲဝေနေရာချထားခြင်းအတွက် ကနဦး စမ်းသပ်သည့်အနေဖြင့် MoALI သည် REAL DEV စီမံချက်အား LIFT ၏ ပံ့ပိုးကူညီမှုဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ကနဦး စမ်းသပ်သည့် စီမံချက်နေရာမှာ မကွေးတိုင်း ဒေသကြီး၊ မင်းလှမြို့နယ် ဖြစ်ပါသည်။ စီမံချက်၏ အဓိက ရည်ရွယ်ချက်မှာ မြေယာ ငှားရမ်း လုပ်ပိုင်ခွင့်နှင့် မြေယာအသုံးချမှုတို့နှင့် ချိတ်ဆက်နေသော မူဝါဒဆိုင်ရာ ပြုပြင် ပြောင်းလဲ သည့် လုပ်ငန်းစဉ်တွင် သတင်းအချက်အလက်များ ပေးအပ်နိုင်ရန် ဖြစ်ပါသည်။ လူမှု အသိုက် အဝန်းများထံ မြေယာ ပြန်လည် နေရာချထားခြင်းပေးရာတွင် သိမ်းဆည်းမှုများအား ခွင့်မပြုမီ အချိန်က  မြေယာများအား မည်သူက ပိုင်ဆိုင်ခဲ့သည်ဆိုသည်နှင့် စပ်လျဉ်း၍ ရှင်းလင်း ပြတ်သားမှု သိပ်မရှိခဲ့ပါ။ ဤရှင်းလင်း ပြတ်သားမှု မရှိသည့်အချိန်၌  အစိုးရ၏ စည်းမျဉ်း စည်းကမ်းများနှင့် စနစ်ကျသည့် ချဉ်းကပ်နည်းလမ်း အသစ်၏ ရှင်းလင်းပြတ်သားမှုသည် ပြန်လည် နေရာချထားခြင်း လုပ်ငန်းစဉ်ကို ပံ့ပိုးကူညီပေးနိုင်မည် ဖြစ်ပြီး ယင်းကဲ့သို့ ရှင်းလင်း ပြတ်သားမှုတွင် နှောင့်နှေး နေခြင်းမှ လုပ်ငန်းစဉ်တွင် ထပ်မံ၍ နှောင့်နှေးမှုကို ဖြစ်ပေါ်စေပါသည်။<br><br>စီမံချက်၏ ဒုတိယအစိတ်အပိုင်းသည် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်စွမ်းအား တိုးပွားလာစေရန် အတွက် လုပ်ကွက်ငယ်တောင်သူများ၏ စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းစေခြင်းအပေါ် အာရုံ စိုက်သွားမည်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် စီမံချက်သည် နောက်လာမည့် အစီရင်ခံ တင်ပြသည့် ကာလတွင် စိုက်ပျိုးသည့် စနစ်များ ဆန်းစစ်မှု၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး ဆိုင်ရာ အခြေခံအဆောက်အဦနှင့် သီးနှံနှင့် မွေးမြူရေးဆိုင်ရာ တန်ဖိုးမြှင့် ကွင်းဆက် ဆန်းစစ်မှု တို့အား လုပ်ဆောင်သွားမည် ဖြစ်ပါသည်။<br><br>REAL DEV စီမံချက်နှင့် ပတ်သက်၍ ပိုမိုအသေးစိတ် တင်ပြထားသည်များအား ဤအစီရင်ခံစာ၏ အခန်း ၆.၁ မူဝါဒ အခန်းတွင် ကြည့်ရှုနိုင်ပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာ အကြောင်းအရာ။ ။ မြေယာ ငှားရမ်းလုပ်ပိုင်ခွင့် ဆိုင်ရာ မူဝါဒများ<br><br>LIFT ၏ IP ။ ။ မြေယာမဏ္ဍိုင် အဖွဲ့ (LCG)<br><br>ပူးပေါင်း ဆောင်ရွက်သည့် အဖွဲ့ အစည်းများ။ ။ UAGO ၊ MONREC ၊ စိုက်မွေးဆည် ဝန်ကြီး ဌာန၊ CSO များနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများ | ပိုမိုကောင်းမွန်သည့် မြေယာဆိုင်ရာ အကျိုးရလဒ်များ ရရှိစေရန်အတွက် ပတ်သက် ဆက်နွယ်သူ များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း<br><br>၂၀၂၀ ခုတွင် LCG သည် အမျိုးသား မြေယာဥပဒေရေးဆွဲပြုစုခြင်းနှင့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီမှ စီစဉ်ကျင်းပသည့် အစည်းအဝေးအား ပါဝင် တက်ရောက်ခဲ့ပြီး ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်များနှင့် အများ ပြည်သူနှင့် ဆွေးနွေးတိုင်ပင် သဘောထား ရယူခြင်းများ လိုအပ်သည်ကို အလေးထား၍ အမျိုးသားမြေယာဥပဒေ (NLL) ဖွံ့ဖြိုး တိုးတက်မှုအတွက် ပံ့ပိုးကူညီပေးခဲ့ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး (UAGO) မှ အများပြည်သူ နှင့် တိုင်ပင် ဆွေးနွေးသဘောထား ရယူသည့် လုပ်ငန်းစဉ်မှတဆင့် NLL အား မူကြမ်း ရေးဆွဲရန်နှင့် NLL ဆိုင်ရာ လမ်းပြမြေပုံ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် CSO ကိုယ်စားလှယ်များ အား ထည့်သွင်းရန်တို့အတွက် LCG ၏ အကြံပြုချက်အား လက်ခံခဲ့ပါသည်။ UAGO မှ လုပ်ငန်း အစီအစဉ် မူကြမ်းကို အများပြည်သူ သိရှိနိုင်ရန်အတွက် ကြေညာခဲ့ပြီး ယင်းအပေါ်၌ ပြည်သူလူထုမှ အကြံဉာဏ် မှတ်ချက်ပေးရန် အတွက်လည်း ဖိတ်ခေါ်ခဲ့ပါသည်။<br><br>LCG သည် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ (၁၄)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော လယ်ယာဥပဒေ အား ပြင်ဆင်သည့် ဥပဒေတွင် ပိုမို၍ မျှတမှု ရှိပြီး နည်းပညာအရ ခိုင်မာမှုရှိသော ဥပဒေအပိုဒ်ခွဲများ အတွက် အသိပေးအရေးဆို မှု ဆောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဥပမာ အားဖြင့် ယခင် မြေယာဥပဒေတွင် ပါဝင်ခဲ့ခြင်း မရှိသေးသည့် ရွှေ့ပြောင်း တောင်ယာမြေ၏ အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် တောင်သူ လယ်သမား အဖွဲ့အစည်းများအား တောင်သူလယ်သမားများနှင့်သာ ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုလို သည့် ရှင်းလင်းချက်တို့အား ဥပဒေတွင် ထည့်သွင်းခဲ့ပါသည်။ ဥပဒေတွင် လယ်ယာမြေ အရောင်း အဝယ် ပြုလုပ်ရာတွင် မျှတသည့် တန်ဖိုးသတ်မှတ်ရန်အတွက် ဖွဲ့စည်းထားသော တောင်သူ လယ်သမား ကိုယ်စားလှယ်များ၊ အစိုးရဌာန အသီးသီးမှ အရာရှိများ ပါဝင်သည့် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၌ မှတ်ပုံတင်ရမည် ဟူသည့် ပြဋ္ဌာန်းချက်ကိုလည်း ထည့်သွင်းထားခဲ့ပါသည်။<br><br>စီမံချက်သည် ဌာနတွင်း စီမံအုပ်ချုပ်မှုနှင့် မြန်မာနိုင်ငံတွင် အားလုံးပါဝင်စေသည့် မြေယာစီမံခန့်ခွဲမှု တို့ ဆက်လက် တိုးတက် ကောင်းမွန်စေရန်အတွက် DALMS နှင့်အတူ စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာ သင်တန်းများအား စီစဉ်ကျင်းပကာ ပံ့ပိုး ကူညီပေးခဲ့ပါသည်။<br><br>ဒေသဆိုင်ရာ အဆင့်၌ စီမံချက်၏ ပြည်တွင်းမိတ်ဖက် CSO များသည် COVID-19 ကပ်ရောဂါ ဆိုင်ရာ စီမံချက်များတွင် EAO များနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကရင်ပြည်နယ်တွင် ပြည်တွင်း မိတ်ဖက်အဖွဲ့အစည်းများသည် KNU အား သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းအား ခွင့်ပြု ပေးရန် အတွက် စည်းရုံးနိုင်ခဲ့သည့် အတွက်ကြောင့် လူအများသည် အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ လုပ်ငန်း များကို ဆက်လက်လုပ်ကိုင်နိုင်ခဲ့ကြပြီး အာဏာပိုင်များ အားလုံးအား ကျား-မရေးရာ ကိစ္စရပ် များအား ပိုမို၍ အလေးအနက်ထားရန်အတွက် သိမ်းသွင်း စည်းရုံးခဲ့ပါသည်။ ယင်းတို့သည် အစိုးရမှ ပံ့ပိုးပေး သည့် ကူညီပံ့ပိုးမှုများအား လိုအပ်နေ သည့် မိသားစုများ ရရှိအောင်လည်း ကူညီပေးခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ – စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု<br><br>LIFT ၏ IP – International Fertilizer Development Center<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်းများ – စိုက်ပျိုးရေး ဦးစီးဌာန၊ တောင်သူများနှင့် ပုဂ္ဂလိက သွင်းအားစု ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ | အပူပိုင်းဇုန် စိုက်ပျိုးရေးသွင်းအားစုနှင့် လယ်ယာဝန်ဆောင်မှုများ ဆိုင်ရာ စီမံချက်<br><br>စီမံချက်သည် အရည်အသွေးပြည့်ဝသည့် လယ်ယာသွင်းအားစုများနှင့် အကြံပေးဝန်ဆောင်မှုများမှ တဆင့် ကုန်ထုတ်စွမ်းအားနှင့် လုပ်ကွက်ငယ် တောင်သူများ၏ ဝင်ငွေများ တိုးတက် ကောင်းမွန်စေရန် အတွက် ရည်ရွယ်ပါသည်။ စီမံချက်သည် ယင်း၏ လေ့လာ သင်ယူမှုများဖြင့် မြန်မာနိုင်ငံတွင် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုများနှင့် ပတ်သက်သည့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများအတွက်လည်း ပံ့ပိုးကူညီ ပေးခဲ့ပါသည်။<br><br>၂၀၂၀ ခုနှစ်၊ မတ်လ (၁၄)ရက်နေ့တွင် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌနှင့် ၎င်း၏အဖွဲ့ဝင်များသည် ကယားပြည်နယ်ရှိ စီမံချက်မှ ဆောင်ရွက်နေသည့် နေရာများသို့ LIFT ၏ အမှုထမ်းတို့ နှင့်အတူ သွားရောက် လေ့လာခဲ့ ပါသည်။<br><br>အဆိုပါ သွားရောက်လေ့လာသည့် ခရီးစဉ်၏ အကြောင်းအရာ အသေးစိတ်အား ဤအစီရင်ခံစာ၏ အခန်း ၆.၁ မူဝါဒတွင် ကြည့်ရှုနိုင် ပါသည်။ |
| မူဝါဒဆိုင်ရာ အကြောင်းအရာ– ဧရာဝတီတိုင်း ဒေသကြီးတွင် အသေးစား ငါး ဖမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး<br><br>LIFT ၏ IP – ပေါင်းစု လုပ်အား အကူအညီ ပေးရေးအဖွဲ့ (NAG)<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်းများ – ဧရာဝတီတိုင်း ဒေသကြီး အစိုးရ၊ ငါး လုပ်ငန်း ဦးစီးဌာန၊ မြန်မာ့စီးပွားရေး ဘဏ်၊ ဧရာဝတီတိုင်း ဒေသကြီး ရေလုပ်သား ကွန်ရက်၊ ရေလုပ်ငန်း တိုးတက်ရေး အဖွဲ့ | ရေချိုနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ စီမံအုပ်ချုပ်မှု တိုးတက် ကောင်းမွန်စေရန်အတွက် LIFT နှင့် NAG အကြား မဟာဗျူဟာ မြောက် မိတ်ဖက်ပြုမှု<br><br>စီမံချက်သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဒေသဆိုင်ရာ မူဝါဒအသစ်အား အကောင်အထည် ဖော်ခြင်းနှင့် ဥပဒေပြုခြင်းတို့မှ ရေလုပ်သား အသိုက်အဝန်းအား ၎င်းတို့၏ ဥပဒေဆိုင်ရာ အခွင့် အရေး များကို သိရှိပြီး အကျိုးခံစားနိုင်စေရန်အတွက် ကူညီပံ့ပိုးပေး ရန် ကြိုးပမ်းနေပါသည်။ LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် ပြီးခဲ့သည့် စီမံချက်တွင် NAG သည် ရေချိုငါးဖမ်းလုပ်ငန်းများအတွက် ဒေသဆိုင်ရာ မူဝါဒနှင့် ဥပဒေပြုခြင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မူဝါဒ အကောင်အထည် ဖော်ခြင်းနှင့် ဥပဒေပြု ခြင်းတို့မှ ရေလုပ်သား အသိုက်အဝန်းများ အနေဖြင့် ဥပဒေကြောင်းအရ အခွင့် အရေးများကို သိရှိစေရန်နှင့် ခံစားနိုင်စေရန် တို့ အတွက် ကူညီပံ့ပိုးပေးရန် တိုင်းဒေသကြီးနှင့် ဒေသ ဆိုင်ရာ အာဏာပိုင်များ၊ ရေလုပ်သား အသိုက်အဝန်းများနှင့် အတူ အောင်မြင်စွာ လုပ်ကိုင် ဆောင်ရွက် ခဲ့ပါသည်။<br><br>လက်ရှိစီမံချက်အား မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ခုနှစ် မတ်လ နှောင်းပိုင်းတွင် စတင်ဆောင်ရွက် ခဲ့ပါသည်။ သို့ဖြစ်၍ စီမံချက်သည် ၂၀၂၀ ခုနှစ် ယင်း၏ အကောင် အထည် ဖော် ရေးလုပ်ငန်းများ အား မျှော်မှန်းထားသည့် နယ်ပယ် အတိုင်းအတာ ထက် ပိုမိုလျှော့ချရန် အတွက် ကန့်သတ် ခဲ့ရပါသည်။ ၂၀၂၀ ခုနှစ်တွင် စီမံချက်မှ စီမံချက်ဧရိယာများအတွင်း ငါး လုပ်ငန်း ပူးတွဲစီမံခန့်ခွဲမှု ဆိုင်ရာ လေ့လာမှုတစ်ခုကို ဆောင်ရွက်ရန် မျှော်မှန်းထားခဲ့သော်လည်း ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ရပါသည်။ စီမံချက်သည် ၂၀၂၀ခုနှစ်တွင် စစ်တမ်း မေးခွန်းလွှာနှင့် စစ်တမ်းဒီဇိုင်း ပုံစံ မူကြမ်းတို့ကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ လေ့လာမှုသည် ရေလုပ်သား အသိုက်အဝန်း များ၏ တည်ရှိရာဒေသနှင့် လူမှုရေး အခြေအနေ တစ်ခုချင်းစီ အလိုက် နှိုင်းယှဉ် အကျိုးကျေးဇူးများ နှင့် အခြေအနေ ဆန်းစစ်မှုတို့ကို ဖော်ထုတ်ပေးခြင်း ဖြင့် ရေရှည်တည်တံ့သည့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု ဆိုင်ရာ အမျိုးသားရည်မှန်းချက် ပန်းတိုင်များနှင့် ငါးလုပ်ငန်းပူးတွဲ စီမံခန့်ခွဲခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ရေးဆွဲအကောင်အထည် ဖော်ခြင်းတို့တွင် ပံ့ပိုးကူညီပေးနိုင်မည် ဖြစ်ပါသည်။ |





| | |
|---|---|
| | ၂၀၂၀ ခုနှစ် အောက်တိုဘာလမှစတင်၍ NAG သည် အသေးစား ငါးလုပ်ငန်းများကို ရေရှည်ခိုင်မာ လုံခြုံမှုရှိစေရန်အတွက် လိုက်နာ လုပ်ဆောင်သင့်သည့် လမ်းညွှန်ချက်များ အကောင်အထည် ဖော်ခြင်း အတွက် အမျိုးသားအဆင့် စီမံချက် ရေးဆွဲ အကောင်အထည် ဖော်ရာတွင် တက်ကြွစွာ ပါဝင်ခဲ့ပါသည်။ အမျိုးသား အဆင့် စီမံချက် ရေးဆွဲ အကောင်အထည် ဖော်ရာတွင် အဓိက ပတ်သက် ဆက်နွယ်သူ များအား မရှိမဖြစ် လိုအပ်သော အသိအမြင် တို့အား မျှဝေပေးရန်အတွက် စီမံချက်သည် ရေလုပ်သား ကွန်ရက်များ၏ စွမ်းဆောင်ရည်၊ မိတ်ဖက်ပြုမှုများ၊ ဥပဒေမူဘောင်များနှင့် ရင်းမြစ် စီမံအုပ်ချုပ်မှုတို့ ခိုင်မာ အားကောင်းစေခြင်းတွင် လမ်းညွှန်မှု ပေးအပ်သည့် အထောက်အထား စာရွက်စာတမ်း များ ကိုလည်း ဘာသာပြန်ဆို ပေးခဲ့ပါသည်။ ထိုလအတွင်း၌ပင် NAG သည် လုပ်ကွက်ငယ် ရေလုပ်သား ကိုယ်စားလှယ်များမှ ၎င်းတို့၏ အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုတို့ကို အသိပေး အရေး ဆို ရာတွင် အကူအညီ ပေးရန် ပလက်ဖောင်းတစ်ခုအနေဖြင့် အမျိုးသားအဆင့် ရေလုပ်သားငယ်များ ကွန်ရက် ဖွဲ့စည်းခြင်း ကို စတင် ဆောင်ရွက်ခဲ့ပါသည်။<br><br>၂၀၂၀ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးရှိ အငယ်စား ရေလုပ်သားများ အနေဖြင့် ၎င်းတို့၏ ငါးဖမ်း လုပ်ငန်း လည်ပတ်ဆောင်ရွက်နိုင် ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေများကို တရားဝင် စနစ်တကျ ချေးယူနိုင်ရန်အတွက် အစီအစဉ်များကို ရေးဆွဲ အကောင်အထည်ဖော်နိုင်ရန် စီမံချက် မှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး ရေလုပ်သား ကွန်ရက်၊ ရေလုပ်ငန်း တိုးတက် ရေး အဖွဲ့တို့ နှင့်အတူ ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ဤအစီအစဉ်ကို စတင် ဆောင်ရွက် ရန်အတွက် စီမံချက် တာဝန်ရှိသူများ သည် ချေးငွေအစီအစဉ်၏ လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်းကို ရေးဆွဲ အကောင်အထည်ဖော်ရန်အတွက် မြန်မာ့ စီးပွားရေးဘဏ်နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ဆိုင်ရာ ကန့်သတ်ချက်များအပေါ် မူတည်၍ ချေးငွေ အစီအစဉ်အား ၂၀၂၁ ခုနှစ်တွင် စတင် ဆောင်ရွက်နိုင်ရန် အစီအစဉ် ရေးဆွဲထားခဲ့ပါသည်။ |
| **ပဋိပက္ခဒဏ်ခံဒေသများ** | |
| မူဝါဒဆိုင်ရာ အကြောင်းအရာ – ပဋိပက္ခ ဒဏ်ခံ ဒေသများတွင် မူဝါဒနှင့် စီမံအုပ်ချုပ်မှု တိုးတက် ကောင်းမွန်စေခြင်း<br><br>LIFT ၏ IP – The Border Consortium<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်းများ – နယ်လှည့် ကျောပိုးအိတ် ကျန်းမာရေး လုပ်သား အဖွဲ့၊ မွန်ပြည်လူ့အခွင့် အရေး ဖောင်ဒေးရှင်း၊ ကရင့် ကျန်းမာရေးနှင့် လူမှု ဖူလုံရေး ဌာန၊ ကရင် သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာ လှုပ်ရှားမှု ကွန်ရက်၊ ကရင် ကယ်ဆယ်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး၊ ကရင် အမျိုးသမီးအဖွဲ့၊ ကရင်နီ အမြဲစိမ်း အဖွဲ့၊ တနင်္သာရီ မြစ်မကြီး နှင့် ဌာနေ တိုင်းရင်းသားများ ကွန်ရက်နှင့် အခြား EAO များ နှင့် CSO များ | တောင်တန်းဒေသ စိုက်ပျိုးရေး၊ အာဟာရဖွံ့ဖြိုးရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည် တည်တံ့ သည့် အသွင်ကူးပြောင်းမှု (STAND UP)<br><br>စီမံချက်သည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ပဋိပက္ခဒဏ်ခံဒေသများတွင် နေထိုင်သော လူမှု အသိုက်အဝန်းများ၏ အသက်မွေးဝမ်းကျောင်းမှုများနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ ပိုမိုတိုးတက် ကောင်းမွန် စေရန် အတွက် ဒေသခံ အဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ဒေသများတွင် စိုက်ပျိုးရေး၊ မြေယာလုပ်ကိုင်ခွင့် လုံခြုံစိတ်ချရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် အာဟာရဖွံ့ဖြိုးရေးတို့အား တိုက်ရိုက်ကူညီပံ့ပိုးပေးသည့် လုပ်ငန်းများကို အာရုံစိုက် ဆောင်ရွက် သော်လည်း စီမံ ချက်သည် အဆိုပါဒေသများတွင် မူဝါဒနှင့် စီမံအုပ်ချုပ်မှုတို့ တိုးတက် ကောင်းမွန် စေရန်အတွက်လည်း နည်းပညာဆိုင်ရာ အကူအညီ ပေးအပ်လျက် ရှိပါသည်။<br><br>STAND UP ၏ မိတ်ဖက်အဖွဲ့အစည်းများသည် အဓိကအားဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ တွင် ၎င်းတို့၏ မူဝါဒများ မြှင့်တင် ရေးအတွက် EAO များနှင့် ပူးပေါင်း ဆောင်ရွက်နေပါသည်။ ၂၀၂၀ ခုနှစ်အတွင်း စီစဉ်ထားသည့် ပူးပေါင်းဆောင်ရွက်မှုများအား လုပ်ဆောင်ရာတွင် COVID-19 ကပ်ရောဂါကြောင့် မိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်း တိုးတက်မှုများ ထိခိုက်ခဲ့ပါသည်။<br><br>အစီရင်ခံတင်ပြသည့် ကာလအတွင်း စီမံချက်၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်းနှင့် အခြားမွန် CSO များသည် မွန်ပြည်သစ်ပါတီ (NMSP) ထိန်းချုပ်ထားသော ဒေသများရှိ ကျေးရွာများတွင် အခြေချနေထိုင်သူများသည် မြေယာများ နှင့် ပိုင်ဆိုင်မှုများသည် ၎င်းတို့နှင့် သက်ဆိုင်ကြောင်း သေချာစေရန်အတွက် NMSP ၏ သက်ဆိုင်ရာဌာနများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်ခဲ့ကြပြီး ဒေသတွင်းရှိ သစ်တောများ၊ မြစ်များနှင့် မြေယာများကို စီမံခန့်ခွဲရန်နှင့် သဘာဝပတ်ဝန်းကျင်အား ကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်ရန် NMSP အား တိုက်တွန်း အားပေးခဲ့ပါသည်။ ယခင်က NMSP သည် မူဝါဒဆိုင်ရာ ဆွေးနွေးမှုတွင် အရပ်ဘက် အဖွဲ့အစည်း ပူးပေါင်း ပါဝင်မှုကို အားပေးခဲ့ခြင်း မရှိခဲ့သော်လည်း မူဝါဒဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုအတွက် အခွင့်အလမ်းများ ယခုမှစ၍ စတင် ပွင့်လာနိုင်ခြေ များ ပါသည်။<br><br>အစီရင်ခံ တင်ပြနေသည့်ကာလအတွင်း နောက်ထပ်စီမံချက်၏ မိတ်ဖက်အဖွဲ့အစည်း တစ်ခုဖြစ်သည့် ကရင်နီ အမြဲစိမ်းအဖွဲ့သည် ကရင်နီ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNPP) ၏ မြေယာနှင့် သစ်တောဆိုင်ရာ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို တရားဝင်ဖြစ် စေရန်အတွက် KNPP ၏ မြေယာ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဌာနနှင့်လည်း လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။ ရွေးချယ်ထား သည့် လူမှုအသိုက်အဝန်းများထံ မြေယာအသုံးပြုခွင့် လက်မှတ်များ ပေးအပ်သည့် ရှေ့ပြေးစမ်းသပ်မှုကို ၂၀၂၀ ခုနှစ်အတွင်း၌ စတင် လုပ်ဆောင်ခဲ့ပါသည်။ ကရင်နီ အမြဲစိမ်းအဖွဲ့ အနေဖြင့် နောက်လာမည့် အစီရင်ခံ တင်ပြရမည့် ကာလအတွင်း၌ အထူးသဖြင့် KNPF မှ အစိုးရနှင့် ဤကိစ္စရပ်ကို နိုင်ငံရေး ဆွေးနွေးမှုတွင် ထည့်သွင်းဆွေးနွေးခဲ့ပါက ဤဆွဲဆောင်စည်းရုံးမှုနှင့် အားပေးထောက်ခံမှုကို ဆက်လက် လုပ်ဆောင်ရန်အတွက် အစီအစဉ် ရေးဆွဲထားခဲ့ပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာ အကြောင်းအရာ – ရခိုင်ပြည်နယ်တွင် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေးနှင့် အလုပ် အကိုင် ခန့်ထားရေး<br><br>LIFT ၏ IP – အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်းများ – အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာန၊ NGO များ၊ CSO များ | အသက်မွေးဝမ်းကျောင်းမှုများ (စီးပွားရေးအခွင့်အလမ်းများနှင့် ဘေးကင်းလုံခြုံမှု တိုးတက်ကောင်းမွန် စေခြင်း အတွက် ကျွမ်းကျင်မှုများ)<br><br>စီမံချက်သည် ရခိုင်ပြည်နယ် အစိုးရအား ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး (၅)နှစ် စီမံချက်၏ ရည်မှန်း ချက်များနှင့် ရခိုင်ပြည်နယ် အကြံပေး ကော်မရှင်၏ TVET ဆိုင်ရာ ထောက်ခံ အကြံပြုချက် များအပေါ် အခြေခံ၍ ရခိုင်ပြည်သူများအတွက် ခွဲခြား ဆက်ဆံမှုမရှိဘဲ အားလုံးပါဝင်စေမည့် အလုပ် အကိုင် ခန့်ထားမှု၊ သင်တန်းနှင့် ကျွမ်းကျင်မှုများ ဖြစ်ပေါ်စေရန်အတွက် လုပ်ဆောင်ရာတွင် ကူညီ ပံ့ပိုး ပေးရန် ကြိုးပမ်းအားထုတ်နေပါသည်။<br><br>ILO သည် GIZ နှင့်အတူ ပူးပေါင်း၍ ရခိုင်ပြည် TVET ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့အား လွန်ခဲ့သည့် (၃)နှစ်ကျော်က တည်ထောင်ခဲ့ပါသည်။ TCG တည်ထောင်သည့် ပူးတွဲဥက္ကဋ္ဌအနေဖြင့် ILO သည် ရခိုင်ပြည်နယ်ရှိ ကုလသမဂ္ဂနှင့် NGO များ၏ TVET ဆိုင်ရာ လုပ်ငန်းများအားလုံးနှင့် ညှိနှိုင်း ဆောင်ရွက် ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင် ဦးဆောင်နေပါသည်။ ၂၀၂၀ ခုနှစ်တွင် စီမံချက် သည် သတ္တမ အကြိမ်မြောက် TVET ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးအား အဖွဲ့ဝင် အဖွဲ့အစည်း (၁၅)ဖွဲ့ နှင့် အွန်လိုင်းမှတဆင့် ကျင်းပခဲ့ပါသည်။ အစည်းအဝေး၌ COVID-19 ကပ်ရောဂါ အား တုံ့ပြန် ကာကွယ် ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ အထူးသဖြင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၏ အဆင့်ဆင့် ညှိနှိုင်း ဆောင်ရွက်မှုများနှင့် ထပ်တူ ဖြစ်ပွား နေသည့် ကူညီ ပံ့ပိုးမှု များနှင့် အဆိုပါ စိန်ခေါ်မှုများအား မည်ကဲ့သို့ ကျော်လွှားမည် ဆိုသည် တို့နှင့် ပတ်သက်၍ ထိထိ ရောက်ရောက် ဆွေးနွေးခဲ့ ပါသည်။<br><br>ရခိုင်ပြည်နယ်အစိုးရသည် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့အား ဖွဲ့စည်းတည်ထောင်ပြီး ဦးဆောင်ခဲ့ပါသည်။ ထိုအဖွဲ့အား ညှိနှိုင်းဆောင်ရွက်သည့် အဖွဲ့အဖြစ် ဆောင်ရွက်ရန် အတွက် လုပ်ပိုင်ခွင့်ပေးခဲ့ပြီး ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေး ဝမ်းကျောင်းမှုများနှင့် အလုပ်အကိုင် ဖန်တီးပေးခြင်းတို့အတွက် မူဝါဒဆိုင်ရာ ဆွေးနွေးမှု ဖိုရမ်အဖြစ် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းအဖွဲ့တွင် သက်ဆိုင် ရာ အစိုးရဌာနများနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ပါသည်။ ILO သည် အလုပ်သမား ညွှန်ကြားရေး ဦးစီး ဌာနနှင့်အတူ အဖွဲ့၏ ရုံးအဖွဲ့ တာဝန်ကို ယူခဲ့ပြီး အဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်အညီ အဖွဲ့၏ လုပ်ငန်း တာဝန်များကို ပံ့ပိုးကူညီခဲ့ပါသည်။ အဖွဲ့၏ ပထမဆုံးအကြိမ် အစည်းအဝေးအား ကျင်းပခဲ့ပြီး TVET ဝန်ဆောင်မှုပေးသူ အမျိုးမျိုးနှင့် အခြား ကျွမ်းကျင်မှုများ ဖွံ့ဖြိုး တိုးတက်ရေး ဝန်ဆောင်မှုများ၏ အစီအစဉ်များနှင့် စီမံကိန်း ဆောင်ရွက်ချက် များကို စာရင်း ကောက်ယူပြီး ဆန်းစစ်နိုင်မည့် အချက် အလက်များ စုစည်းသည့် စနစ် တစ်ခုအား တည်ဆောက်ရန် အတွက် သဘောတူညီမှု ရရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်၏ ပဋိပက္ခဒဏ်ခံ ဒေသများတွင် သီးခြားစီ ဆောင်ရွက်နေသည့် စီမံကိန်း ဆောင်ရွက် ချက်များကို စုစည်းပြီး ညီညွတ်စွာ လုပ်ဆောင်ရန်အတွက် အချက်အလက် စုစည်းသည့် စနစ်အား အကောင် အထည် ဖော်ရာတွင် ကူညီပံ့ပိုးပေးရန်အတွက် ILO အား တာဝန်ပေးအပ်ခဲ့ပါသည်။ |

## သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှု

| | |
|---|---|
| မူဝါဒဆိုင်ရာ အကြောင်းအရာ – ပြည်တွင်းနှင့် ပြည်ပ ရွှေ့ပြောင်း သွားလာခြင်း အတွက် မူဝါဒနှင့် ဥပဒေမူဘောင် ဖွံ့ဖြိုး တိုးတက်ရေး<br><br>LIFT ၏ IP –။ အပြည်ပြည် ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်း – အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလုပ်သား ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုး တိုးတက် စေခြင်း<br><br>စီမံချက်သည် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ မူဝါဒနှင့် ဥပဒေပြုခြင်းများ တိုးတက် ကောင်းမွန်စေရန် ရည်ရွယ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ရရှိခဲ့သည့် တိုးတက်မှု များမှ ဥပမာ အချို့ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–<br><br>အမျိုးသားအဆင့် ဒုတိယ (၅)နှစ် လုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၂၃) ရေးဆွဲ အကောင်အထည် ဖော်ခြင်း<br><br>စီမံချက်သည် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅) နှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၈–၂၀၂၃) ရေးဆွဲ အကောင်အထည်ဖော်ရန်အတွက် အစိုးရနှင့် အခြား ပတ်သက်ဆက်နွယ်သူ များအား နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပြီး ရေးဆွဲအကောင်အထည်ဖော်သည့် လုပ်ငန်း စဉ်တွင် အလုပ်သမား အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအသိုက်အဝန်းများ ပါဝင်စေခဲ့ ပါသည်။ သို့ဖြင့် လုပ်ငန်း စီမံချက်သည် ရွှေ့ပြောင်းသွားလာသူများအား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အနိုင်ထက်ပြုကျင့်ခံရခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် ရွှေ့ပြောင်း သွားလာသူများ၏ အခွင့် အရေး များ၊ မူဝါဒနှင့် အလေ့အကျင့် များနှင့် ပတ်သက်၍ ပိုမိုအလေးပေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံချက် ဝန်ထမ်း (၂)ဦးသည် နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှု ဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅) နှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၈–၂၀၂၂) အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အတွက် နည်း ပညာ ဆိုင်ရာ လုပ်ငန်း အဖွဲ့၏ တရားဝင် အဖွဲ့ဝင်များအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။<br><br>၂၀၂၀ ခုနှစ်တွင် COVID-19 ကပ်ရောဂါ ကူးစက်မှု တဟုန်ထိုး မြင့်တက်လာသည့်အတွက်ကြောင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နှောင့်နှေးမှု ရှိခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် လုပ်ငန်းစီမံချက်တွင်ပါဝင်သည့် ကဏ္ဍအမျိုးမျိုးအား သင့်လျော်သလို အကောင်အထည်ဖော် ခဲ့ရ ပါသည်။ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်းအား ကာလယ် ပြန်လည်သုံးသပ်ခြင်း ပြုလုပ် သည့် အနေဖြင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး တစ်ကြိမ်တည်း ကိုသာ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ကျင်းပ ခဲ့ပါသည်။<br><br>အိမ်အကူအလုပ်သမားများအား ဥပဒေအရ အကာအကွယ်ပေးခြင်း<br><br>စီမံချက်သည် အမျိုးသမီးများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အဖွဲ့နှင့် အမျိုး သား လွှတ်တော် လူဝင်မှု ကြီးကြပ်ရေး၊ ပြည်တွင်းပြည်ပ အလုပ်သမားများ ဆိုင်ရာ ကော်မတီ တို့နှင့်အတူ NDI မှ ပြုလုပ်သည့် အိမ်အကူ အလုပ်သမား ဆိုင်ရာ ဥပဒေမူကြမ်း ဆွေးနွေး တိုင်ပင် သဘောထား ရယူခြင်းတွင် CSO များနှင့် အလုပ်သမား အဖွဲ့အစည်းများမှ တုံ့ပြန်မှတ်ချက် ပေးရန် အတွက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ စီမံချက်သည် ၂၀၁၉ ခုနှစ်တွင် ဥပဒေကြမ်း ရေးဆွဲ အကောင်အထည် ဖော် ဆောင်ရွက်နေသည့် အုပ်စုအား နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှု ပေးအပ်ခဲ့ပြီး ပါဝင်သူများ အားလုံး ကို အိမ်အကူ အလုပ်သမားများ ဆိုင်ရာ ညီလာခံ ဆုံးဖြတ်ချက် နှင့် အကျွမ်းတဝင် ရှိစေခဲ့ပါသည်။ ဥပဒေမူကြမ်း အပေါ် မှတ်ချက်များပေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော်၊ MoLIP နှင့် MoSWRR တို့ထံ တင်ပြခဲ့ပါသည်။ |





| | |
|---|---|
| | လေ့လာမှု အစီရင်ခံစာများ ရေးသားပြုစုခြင်း<br><br>စီမံချက်သည် “ပုံစံတကျမဟုတ်သော စီးပွားရေးအတွင်းရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ အတွက် လူမှုဖူလုံရေးအတိုင်းအတာကို တိုးချဲ့ဆောင်ရွက်ခြင်း – မြန်မာနိုင်ငံနှင့် ဆန်းစစ်လေ့လာမှု” မူကြမ်းအား ပြုစုခဲ့ပြီး နေပြည်တော်တွင် ကျင်းပ ပြုလုပ်သည့် အစီရင်ခံစာ ပြီးမြောက်ကြောင်း အသိပေးသည့် အတည် ပြု ခြင်း ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတွင် အဓိက ပတ်သက် ဆက်နွယ်သူများအား စာတမ်း၏ တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များကို တင်ပြခဲ့ပါသည်။ လူမှုရေး ပင်စင် ဘုတ်အဖွဲ့နှင့် လူမှုဝန်ထမ်း ဦးစီးဌာနမှ တာဝန်ရှိသူ များသည် အထူး အာရုံစိုက် ဆွေးနွေးခဲ့ ကြ ပါသည်။ လူမှုဖူလုံရေးအဖွဲ့မှ ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာသူများ အတွက် လူမှု ကာကွယ် စောင့်ရှောက်ရေးအား တိုးချဲ့ပေးအပ်နိုင်မည့် နည်းလမ်းများ ပတ်သက်၍ ထပ်မံ ဆွေးနွေးရန် ILO အား ပုံမှန်အစည်းအဝေးများ ပြုလုပ်ရန် ပန်ကြား ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ တရားဝင် မဟုတ်သည့် ကဏ္ဍ အတွက် လူမှုကာကွယ်စောင့်ရှောက်ခြင်း တိုးချဲ့ပေးအပ်ခြင်းကို ရှေ့ပြေး စတင် စမ်းသပ်ရန်အတွက် စိတ်ဝင်စားမှု ရှိကြောင်းကိုလည်း ထုတ်ဖော် ပြောကြားခဲ့ပါသည်။<br><br>စီမံချက်သည် နေရပ်ပြန် ရွှေ့ပြောင်း လုပ်သားများ၏ ကျွမ်းကျင်မှုများအပေါ် ဆန်းစစ် အကဲဖြတ်သည့် လေ့လာမှုတစ်ရပ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဆန်းစစ် အကဲဖြတ်သည့် လေ့လာမှု ပြီးစီးကြောင်း အသိပေးအကြောင်းကြားသည့် အတည်ပြုခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ အား အွန်လိုင်းမှတဆင့် ကျင်းပခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲသည် နေရပ်ပြန် ရွှေ့ပြောင်း သွားလာ သူများ၏ ကျွမ်းကျင်မှုများအား အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း နှင့် ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများအား ထပ်မံရယူနိုင်ရေး နှင့် သက်ဆိုင်သည့် မူဝါဒ ဆိုင်ရာ ဆွေးနွေးမှုများ အတွက် အခွင့်အလမ်း တစ်ခု ပေးနိုင်ခဲ့ပါသည်။ အပြီးသတ် အစီရင်ခံစာအား အွန်လိုင်း ပေါ်၌ ထုတ်ဝေ လွှင့်တင် ခဲ့ ပါသည်။ |
| မူဝါဒဆိုင်ရာ အကြောင်းအရာ – လုပ်ငန်းခွင်၌ လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှုအား တိုက်ဖျက်ခြင်း<br><br>LIFT ၏ IP – Care International<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်း – BusinessKind Myanmar ၊ ဥပဒေရေးရာ ကုစား ရေးအဖွဲ့ (မြန်မာ)၊ အလုပ်သမား လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာန | အောင်မြင်မှုစီမံချက် – လုံခြုံစိတ်ချရသည့် အလုပ်အကိုင်အတွက် လုပ်ငန်း ဆိုင်ရာ ဖြေရှင်း နည်းလမ်း များ<br><br>လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ကင်းစင်သည့် လုပ်ငန်းခွင်သည် လုံခြုံစိတ်ချရသည့် အလုပ်ခန့် ထားမှုနှင့် ခွဲခြား၍ မရသော အစိတ်အပိုင်းဖြစ်သည့် အတွက်ကြောင့် စီမံချက်သည် လိင်ပိုင်း ဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းအား ၎င်း၏ မူဝါဒဆိုင်ရာ အားပေး ထောက်ခံသည့် ကြိုးပမ်း အားထုတ်မှုများ၏ အဓိက အာရုံစိုက်သည့်နေရာအဖြစ် ထားရှိပါသည်။ ၂၀၂၀ ခုနှစ်တွင် အောက်ဖော်ပြပါ တိုးတက်မှု အချို့ ရရှိခဲ့ပါသည် –<br><br>အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ<br><br>စီမံချက်သည် ၂၀၂၀ ခုနှစ်တွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ မူကြမ်း ရေးဆွဲသည့် ကော်မတီ၏ အဖွဲ့ဝင်အဖြစ် ဆက်လက်၍ တက်ကြွစွာ ပါဝင် ဆောင်ရွက်ခဲ့ ပါသည်။ COVID-19 ကပ်ရောဂါ ဖြစ်ပွားနေခြင်းနှင့် ရွေးကောက်ပွဲများ ကျင်းပရန် ရှိသည့် အတွက်ကြောင့် ကော်မတီ အစည်းအဝေးအား ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပါသည်။ ဥပဒေအား အပြီးသတ်နိုင်ခဲ့ခြင်း မရှိသေးပါ။<br><br>လုပ်ငန်းခွင်တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းအား ဖြေရှင်းရန်အတွက် ဥပဒေနှင့် မူဝါဒ ပြုပြင်ပြောင်းလဲခြင်း<br><br>ယခင်က စီမံချက် အမှုထမ်းများနှင့် မိတ်ဖက် အဖွဲ့အစည်းများသည် ILO ညီလာခံ ဆုံးဖြတ်ချက် အမှတ် (၁၉၀) (လုပ်ငန်းခွင်တွင် အကြမ်းဖက်မှုနှင့် ထိပါးနှောက်ယှက်မှုမှ ကာကွယ်တားဆီးခြင်း) အား လက်မှတ် ရေးထိုးရန် အစိုးရ ကိုယ်စားလှယ်များအား အသိပေးအရေးဆိုခဲ့ပါသည်။ ၂၀၂၀ ခုနှစ်တွင် Care သည် နိုင်ငံတော်အဆင့်၌ ညီလာခံ၏ ဆုံးဖြတ်ချက်များအား အတည်ပြု လက်မှတ်ရေးထိုးရန် အတွက် အသိပေးအရေးဆိုသည့် လုပ်ငန်းအဖွဲ့တွင် Fair Ware နှင့်အတူ ဆက်လက်၍ ပါဝင် ဆောင်ရွက်ခဲ့ပါသည်။<br><br>လုပ်ငန်းအဖွဲ့သည် ညီလာခံ ဆုံးဖြတ်ချက်အား လက်မှတ်ရေးထိုးရန်မှာ မည်သည့် အတွက်ကြောင့် အရေးကြီးသည်၊ အတည်ပြု လက်မှတ်ရေးထိုးခြင်း လုပ်ငန်းစဉ်ဆိုင်ရာ လမ်းပြမြေပုံ၊ ဥပဒေ ရေးရာ ကွာဟချက်များနှင့် သီးသန့် အကြံပြုထောက်ခံချက်များ အပါအဝင် အသိပေး အရေးဆိုသည့် စာတမ်းတစောင်အား ရေးသား ပြုစုခဲ့ပြီး စာတမ်းအား လွှတ်တော် ကိုယ်စားလှယ် များထံ ဖြန့်ဝေ ပေးခဲ့ပါသည်။ စီမံချက်သည် စိတ်ဝင်စားသည့် လွှတ်တော် ကိုယ်စားလှယ် အချို့နှင့် အစည်းအဝေး (၂)ကြိမ်အား အွန်လိုင်းမှတဆင့် ပြုလုပ်ခဲ့ပြီး လူကိုယ်တိုင် ပါဝင် တက်ရောက်သည့် အစည်းအဝေး တစ်ကြိမ် ကျင်းပခဲ့ပါသည်။<br><br>စီမံချက်သည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု ဆိုင်ရာ ကိစ္စရပ်အား ဖြေရှင်းရန်အတွက် လုပ်ငန်း ခွင် အဆင့် မူဝါဒဆိုင်ရာ ပြောင်းလဲမှုများ နှင့် စပ်လျဉ်း၍ ယခုအချိန်အထိ အထည်ချုပ်စက်ရုံ (၂၀)ရုံနှင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး စက်ရုံ (၁၃) ရုံတွင် လိင်ပိုင်း ဆိုင်ရာ ထိပါးနှောက်ယှက်မှု ကာကွယ်တားဆီးရေး မူဝါဒနှင့် တိုင်တန်းချက်များ ကိုင်တွယ်ဖြေရှင်းသည့် ယန္တရားတို့ကို အကောင် အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသည်။<br><br>အမျိုးသားအဆင့် ကျွမ်းကျင်မှုစံ (NOCS) ရေးဆွဲအကောင်အထည်ဖော် ဆောင် ရွက် ခြင်း<br><br>စီမံချက်သည် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နှင့် အထည်ချုပ် လုပ်ငန်းတို့ အတွက် နည်းပညာနှင့် ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ ကူညီပံ့ပိုးပေးမှုအား ပေးအပ်ခဲ့ ပါသည်။ ၂၀၂၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် စုစုပေါင်း (NOCS) (၁၁)ခုအား မူကြမ်းရေးဆွဲခဲ့ပြီး ပတ်သက်ဆက်နွယ်သူ အမျိုးမျိုးနှင့် ဆွေးနွေးတိုင်ပင် သဘောထားရယူရန်အတွက် အဆင်သင့် ဖြစ်နေခဲ့ပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာ အကြောင်းအရာ– ရွှေ့ပြောင်း သွားလာမှုနှင့် ဖွံ့ဖြိုး တိုးတက်ရေး<br><br>LIFT ၏ IP – အပြည်ပြည် ဆိုင်ရာ ပြောင်းရွှေ့ နေထိုင်သူများ ဆိုင်ရာ အဖွဲ့အစည်း<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်း – အလုပ်သမား လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာန၊ မွန်အမျိုးသမီး ပူးပေါင်း အဖွဲ့၊ ပါရမီ ဖွံ့ဖြိုးရေး ကွန်ရက်၊ ချင်း လူ့အခွင့်အရေး အဖွဲ့၊ Social Care Volunteer Group၊ မြန်မာ့လူမှု စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ ဩစတြေးလျအမျိုးသား တက္ကသိုလ် | တွဲလက် – စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက်ပြုမှုအားကောင်းစေခြင်းမှတဆင့် အလုပ်သမား ရွှေ့ပြောင်း သွားလာမှု ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အကျိုးသက်ရောက်မှုများ တိုးပွားစေခြင်း<br><br>တွဲလက်စီမံချက်သည် မြန်မာနိုင်ငံတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်း သွားလာခြင်း နှစ်ရပ် လုံးတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ သက်ရောက်မှု တိုးပွားလာစေရန်အတွက် ရွှေ့ပြောင်း သွားလာ သူများအား ကာကွယ်စောင့်ရှောက်ခြင်း၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် မိမိကိုယ်ပိုင် စီးပွားရေးလုပ်ငန်း အောင်မြင်စွာ ထူထောင်ခြင်း တို့ တိုးမြှင့်စေရန် နှင့် အစိုးရ မူဝါဒများကို တိုးတက် ကောင်းမွန်လာစေ စေရန် အတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိ ပါသည်။ ၂၀၂၀ ခုနှစ်တွင် COVID-19 ကပ်ရောဂါ ဆိုင်ရာ အကန့်အသတ်များကြောင့် စီမံချက်၏ လုပ်ငန်း တိုးတက်မှုမှာ နှေးကွေးခဲ့ပါသည်။<br><br>စီမံချက်သည် MoLIP ၏ ကူညီပံ့ပိုးမှုဖြင့် ရွှေ့ပြောင်းသွားလာခြင်းအား စီမံကိန်းလုပ်ငန်းတိုင်းတွင် ပါဝင်စေခြင်း ဆိုင်ရာ လုပ်ငန်းအဖွဲ့ အား တည်ထောင်နိုင်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့မှတဆင့် စီမံချက် သည် အဓိက ပတ်သက်ဆက်နွယ်သူများနှင့်အတူ လုပ်ကိုင် ဆောင်ရွက်သွားမည် ဖြစ်ပြီး ရွှေ့ပြောင်း သွားလာခြင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေမည့် အလားအလာအား အရှိန်အဟုန် မြှင့်တင်ရန် အတွက် အစိုးရ မူဝါဒများနှင့် မဟာဗျူဟာများအား ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရာတွင် နည်းပညာ ဆိုင်ရာ ကူညီပံ့ပိုးမှု ပေးအပ်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းအဖွဲ့သည် MoLIP နှင့်အတူ ရွှေ့ပြောင်း သွားလာခြင်း သီးသန့် သုတေသန ဆောင်ရွက်ရန်နှင့် မူဝါဒ ဖော်ဆောင်ရေးတို့ အတွက် ပေါင်းစပ် ညှိနှိုင်းရေး ပလက်ဖောင်းတစ်ခုအနေဖြင့် တာဝန်ယူသွားမည် ဖြစ်ပြီး ရွှေ့ပြောင်း သွားလာခြင်းအား စီမံကိန်းလုပ်ငန်းတိုင်းတွင် တစ်ဆင့်ပြီး တစ်ဆင့် ထည့်သွင်းသွားမည့် အစိုးရ၏ ကြိုးပမ်း ဆောင်ရွက်မှု များအား ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ စီမံချက်သည် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ပထမအကြိမ် လုပ်ငန်း အဖွဲ့ အစည်းအဝေးအား အွန်လိုင်းမှတဆင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ အွန်လိုင်းမှတဆင့် ကျင်းပခဲ့သော အဆိုပါ အစည်းအဝေး တွင် အစိုးရဌာနများ၊ ပုဂ္ဂလိက ကဏ္ဍ၊ နိုင်ငံတကာ အဖွဲ့အစည်း များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ တက်ရောက်ခဲ့ကြပြီး အစိုးရ နှင့် အရပ်ဘက် လူမှုအသိုက်အဝန်းအကြား အထူးသဖြင့် ရွှေ့ပြောင်းသွားလာခြင်းနှင့် မူဝါဒဖွံ့ဖြိုး တိုးတက် ရေး တို့နှင့် ပတ်သက်၍ အကျိုး ရလဒ်ကောင်းများ ရရှိသော ဆွေးနွေးမှု များကို ဆွေးနွေးခဲ့ ပါသည်။ |
| မူဝါဒဆိုင်ရာ အကြောင်းအရာ– သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်နှင့် ရွှေ့ပြောင်း သွားလာခြင်း၊ မူဝါဒဆိုင်ရာ အားပေး ထောက်ခံမှုအား မီဒီယာတွင် အကျယ်တဝင့် ဖော်ပြခြင်းနှင့် ဆွေးနွေး အဖြေရှာခြင်းများ<br><br>LIFT ၏ IP – BBC Media Action<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်း။ ။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MAP ရေဒီယို၊ ပြည်နယ် (၇)ခုမှ မီဒီယာ မိတ်ဖက် အဖွဲ့ အစည်း (၉)ဖွဲ့နှင့် ထိုင်းနိုင်ငံ မဲဆောက်ရှိ မီဒီ ယာ အဖွဲ့အစည်း တစ်ဖွဲ့ | ရေကြည်ရာ – သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ မီဒီယာ ကဏ္ဍ<br><br>ရေကြည်ရာ စီမံချက်သည် မြန်မာနိုင်ငံအတွင်း လုပ်သားရွှေ့ပြောင်း သွားလာခြင်းနှင့် ပတ်သက်၍ မီဒီယာတွင် အကျယ်အဝင့်ဖော်ပြ နိုင်ရန် သတင်းအချက်လက်များ ပိုမိုပံ့ပိုးပေးရန် နှင့် လုပ်သား ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင် ဆိုင်ရာ အစီအစဉ်တို့နှင့် ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားသမဂ္ဂများနှင့် ရွှေ့ပြောင်း သွားလာ သူများ အပါအဝင် အဓိက ပတ်သက်ဆက်နွယ်သူများအကြား ဆွေးနွေးမှုများ တိုးတက်များပြား လာစေရန် တို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။<br><br>၂၀၂၀ ခုနှစ်တွင် စီမံချက်သည် ILO မှ ဦးဆောင်သည့် အလုပ်ရှင်များ၊ အလုပ်သမား သမဂ္ဂများနှင့် အစိုးရတို့၏ သုံးပွင့်ဆိုင် ဆွေးနွေးမှု တွင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် မူဝါဒဆိုင်ရာ အဓိက ပြုပြင်ပြောင်းလဲရမည့် ကဏ္ဍများ အား ရှာဖွေဖော်ထုတ်ခဲ့ ပါသည်။ အဆိုပါ ပြုပြင် ပြောင်းလဲ မှုများအား ကူညီပံ့ပိုးပေးရန်အတွက် စီမံချက်သည် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ လူမှု ဖူလုံ ရေး ဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေ တို့ ကဲ့သို့ သော သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် ဆက်နွယ်နေသည့် ဥပဒေရေးရာ ဆွေးနွေးမှုနှင့် သုံးသပ်မှုများပါဝင်သည့် ရုပ်မြင်သံကြားအစီအစဉ်ကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ထုတ်လွှင့်ပြသခဲ့ပါသည်။ စီမံချက်အဖွဲ့သည် နိုင်ငံတကာတွင် ကျင့်သုံးလျက် ရှိသည့် ကောင်းမွန်သည့် အလေ့အကျင့်များနှင့် ချိတ်ဆက်နေသည့် အမျိုးသားမူဝါဒ ရေးဆွဲ အကောင် အထည်ဖော် ရေး ဆိုင်ရာ ဆွေးနွေးမှုပါဝင်သည့် ဒီဂျစ်တယ် အစီအစဉ် တစ်ခုကိုလည်း ထုတ်လုပ်ခဲ့ ပါသည်။ ဥပမာအားဖြင့် ဆွေးနွေးမှုသည် အိမ်အကူ အလုပ်သမားများ အတွက် ILO ညီလာခံ ဆုံးဖြတ်ချက် အမှတ် (၁၈၉) နှင့် ကလေး အလုပ်သမား အနိမ့်ဆုံး အသက်အရွယ် ဆိုင်ရာ ဆုံးဖြတ် ချက်အမှတ် (၁၃၈) တို့အား မြန်မာနိုင်ငံတွင် အိမ်အကူ အလုပ်များအား ကာကွယ် စောင့်ရှောက်ရန် အတွက် အဆိုပြု ထားသည့် ဥပဒေနှင့် ချိတ်ဆက် ဆွေးနွေးခြင်းမျိုး ဖြစ်ပါသည်။<br><br>၂၀၂၀ ခုနှစ်တွင် စီမံချက်အဖွဲ့သည် မူဝါဒဆိုင်ရာ ဆွေးနွေးမှု အဆင့်တို့ ပါဝင်သည့် ရေကြည်ရာ၏ ရေဒီယို၊ ဒီဂျစ်တယ်နှင့် ရုပ်မြင်သံကြားအစီအစဉ်များတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြီး တန်း အစိုးရအရာရှိကြီးများအား ပါဝင်အကြံပြုသူနှင့် ဦးဆောင် ဆွေးနွေးသူများအဖြစ် ပါဝင်လာစေရန် အတွက်လည်း အောင်မြင်စွာ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ |

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

| | |
|---|---|
| မူဝါဒဆိုင်ရာ အကြောင်းအရာ – မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် ငွေကြေး စုဆောင်းရန် စည်းရုံး ခြင်း<br><br>LIFT ၏ IP – ရိုးမဘဏ် | ရိုးမဘဏ် စိုက်ပျိုးစီးပွား ငွေကြေးဆိုင်ရာအစီအစဉ် (AFP)<br><br>ရိုးမဘဏ်နှင့် ဆောင်ရွက်သည့် AFP စီမံချက်အား တစ်ဦးချင်း ဖွံ့ဖြိုးရေးငွေစာရင်း (IDA) အား မိတ်ဆက်ပေးခြင်းမှတဆင့် ကျေးလက် နေ လုပ်ကွက်ငယ် တောင်သူများ အကြား ငွေစုဆောင်းမှုကို စည်းရုံးသည့် ကျန်ရှိနေသော အစိတ်အပိုင်းအား လုပ်ကိုင် ဆောင်ရွက်ရန် အတွက် သက်တမ်း တိုးမြှင့် ပေးပါသည်။ အခြားအစိတ်အပိုင်း (၂)ခုဖြစ်သည့် (၁) စက်မှုလယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုး မြှင့်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်း (၂) စိုက်ပျိုးရေးတန်ဖိုးမြှင့် ကွင်းဆက်များတွင် လုပ်ရှား ဆောင်ရွက်သူများ အတွက် ငွေကြေးပံ့ပိုး ပေးမှုကို လက်လှမ်းမီ ရယူနိုင်ခြင်းအား တိုးမြှင့်စေခြင်း တို့သည် ၂၀၁၈ ခုနှစ်တွင် ပြီးဆုံးခဲ့ပြီး ဖြစ်ပါသည်။<br><br>IDA အသုံးပြုခြင်းအား လူများနိုင်သမျှ များများထံ ရောက်ရှိစေရန် အတွက် ဒီဂျစ်တယ် အခြေခံ အဆောက်အဦ တစ်ခုရှိရမည် ဖြစ် ပါသည်။ သို့သော်လည်း ရိုးမဘဏ်တွင် မရှိမဖြစ် လိုအပ်သော အခြေခံ အဆောက်အဦရှိ မနေသည့်အတွက်ကြောင့် စီမံချက်သည် ကျေးလက်နေ လုပ်ကွက်ငယ် တောင်သူများ အစီအစဉ်တွင် ပါဝင်လာစေရန် မက်လုံးပေးခြင်းနှင့် ငွေစုဆောင်းမှုများ အတွက် ချီးမြှင့် ပေးခြင်းတို့ကို ဆောင်ရွက်နေစဉ် ကာလအတွင်း အခြေခံ အဆောက်အဦ ရေးဆွဲ အကောင် အထည် ဖော်ခြင်း အတွက်လည်း ကူညီ ပံ့ပိုးပေးရန် လိုအပ်ခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ ဗဟိုဘဏ် (CBM) ၏ စည်းမျဉ်းစည်းကမ်းများတွင် စိန်ခေါ်မှုများ ရှိ သည့်အတွက်ကြောင့် စီမံချက် အကောင် အထည်ဖော် ဆောင်ရွက်သည့်ကာလအတွင်း ဒီဂျစ်တယ်နည်းပညာဆိုင်ရာ အစိတ် အပိုင်း များ အား အပြည့်အဝ ထားရှိနိုင်ခဲ့ခြင်း မရှိပါ။ |





| | |
|---|---|
| | ပထမစိန်ခေါ်မှုမှာ CBM စည်းမျဉ်းစည်းကမ်းတွင် ဝန်ဆောင်မှု ရယူသုံးစွဲသူအား ရိုးမဘဏ် စာရင်းထဲသို့ ငွေကြေးထည့်သွင်းရာတွင် ရိုးမဘဏ်ခွဲများသို့ သွားရောက် ထည့်သွင်းရသည်ထက် Wave ကိုယ်စား လှယ် (ကျေးလက်ဝန်ဆောင်မှု ရယူသုံးစွဲသူများနှင့် အမှန် တကယ် နီးကပ်သည့် နေရာ၌ တည်ရှိနေ သည့်) ထံ သွားရောက်၍ Wave ကိုယ်စားလှယ်အား အသုံးပြု၍ SMART အပလီကေးရှင်း ဖြင့် ငွေသွင်း ငွေထုတ်ပြုလုပ်ခြင်းအား အတည်ပြုပေးရန် လိုအပ်ခြင်း ဖြစ်ပါသည်။ ထိုသို့ခွင့်ပြုပေးရာတွင် နှောင့်နှေး မှု ရှိခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင်းမှ CBM မှ အတည်ပြု ပေးခဲ့ပါသည်။ ထိုအချိန်၌ ရိုးမဘဏ် သည် အဆိုပါ အစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် အတားအဆီး ဖြစ်စေသည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုအား ကြုံတွေ့နေခဲ့ပါသည်။ ယခုအခါတွင် ဝန်ဆောင်မှု ရယူသုံးစွဲသူများမှ Wave Pay အကောင့်/ငွေစာရင်း နှင့် ရိုးမဘဏ် SMART ငွေစာရင်းတို့ (ဒီဂျစ်တယ် နည်း ပညာအရ) အလွယ်တကူ ချိတ်ဆက်ပြီး အဆိုပါ ငွေစာရင်း(၂)ခု အကြား ငွေလွှဲ ပေးပို့နိုင်သည့် အချိန်မှစ၍ အဆိုပါ စာရင်း(၂)ခုလုံးရှိ သည့် ဝန်ဆောင်မှုရယူသုံးစွဲသူများ အတွက် ဤအခက်အခဲအား ယခုအခါတွင် ကျော်လွှားနိုင်ပြီ ဖြစ်ပါသည်။<br><br>ဒုတိယစိန်ခေါ်မှုမှာ CBM စည်းမျဉ်းစည်းကမ်းတွင် ဝန်ဆောင်မှုရယူသုံးစွဲသူများအတွက် ရိုးမ ဘဏ်ခွဲ များ (သို့) တတိယကြားခံ အဖွဲ့ အစည်း (ဥပမာ– WAVE ကိုယ်စားလှယ်) ထံ သွားရောက်ရန် မလိုအပ်ပဲ မိုဘိုင်းအပလီကေးရှင်းကို အသုံးပြုကာ SMART ငွေစာရင်း ဖွင့်ခြင်းအား အဝေးမှနေ၍ လျှောက်ထား နိုင်သည့် ဒီဂျစ်တယ် နည်းပညာအပြည့်အဝ အသုံးချနိုင်သည့် စတင်လျှောက်ထားသည့် လုပ်ငန်းစဉ် အား ခွင့်ပြုပေးရန် လိုအပ်နေခြင်း ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် အဆိုပါ စည်းမျဉ်း စည်းကမ်းအား CBM မှ အတည်ပြုခဲ့ ခြင်း မရှိသည့်အတွက်ကြောင့် ဝန်ဆောင်မှု ရယူသုံးစွဲသူများ ငွေစာရင်းများ ဖွင့်လှစ် ရန်နှင့် ၎င်းတို့၏ မည်သူမည်ဝါဖြစ်ကြောင်းကို အတည်ပြုရန်တို့အတွက် (အကူအညီယူရသည့် စတင် လျှောက်ထားခြင်း လွှတ်လပ်သည့်တတိယ အဖွဲ့အစည်း နှင့် ရိုးမဘဏ်ခွဲ ဝန်ထမ်းများအပေါ် အားထား၍) ယခုတိုင် ဆက်လက်၍ မှီခိုနေရပါသည်။ ရိုးမဘဏ်သည် သင့်တော်သည့်အချိန်၌ ကျေးလက်ဒေသ များသို့ လက်လှမ်းမီ ရောက်ရှိမှုအား ကန့်သတ်ထားသည့် ဤစည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်၍ CBM နှင့် ပူးပေါင်း ဆောင်ရွက်သွား မည် ဖြစ်ပါသည်။<br><br>IDA အစီအစဉ် အကောင်အထည်ဖော်ခြင်းအား ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဇွန်လအကုန်တွင် အပြီးသတ်ရန် မူလက အစီအစဉ်ရေးဆွဲခဲ့ပါသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့် အခြေအနေတွင် အစိုးရ၏ ကန့်သတ်ချက်များနှင့် အခြား ကန့်သတ်ချုပ်ချယ်မှုများကြောင့် စီမံချက်အား အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိ ခဲ့ပါ။ သို့ဖြစ်၍ စီမံချက် ပြီးဆုံးသည့် ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ ဆက်လက် ဆောင်ရွက် ခဲ့ရပါသည်။ စီမံချက်သည် IDA အကျိုးခံစားခွင့်ရှိသူ ၁၈,၀၀၀ ဦးမှ SMART ငွေစာရင်း များ ဖွင့်လှစ်ခဲ့ ကြပြီး ရန်ပုံငွေထောက်ပံ့မှုစုစုပေါင်း ကန်ဒေါ်လာ (၂.၈၁) သန်း (၉၅%) အား ထုတ်ပေးခဲ့ ပါသည်။ |

## အာဟာရဖွံ့ဖြိုးမှု

| | |
|---|---|
| မူဝါဒဆိုင်ရာ အကြောင်းအရာ– COVID-19 ကပ်ရောဂါအား တုံ့ပြန် ကာကွယ်ရန် MCCT နှင့် လူမှုရေး ပင်စင်ငွေကြေး ထောက်ပံ့မှု<br><br>LIFT ၏ IP – လူမှုဝန်ထမ်း ဦးစီးဌာန<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်း – ပြည်သူ့ကျန်းမာရေး ဦးစီးဌာန နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | COVID-19 ကပ်ရောဂါအတွက် LIFT ၏ လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ တုံ့ပြန်ကာကွယ်မှု<br><br>မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ပထမလှိုင်းကာလအတွင်း၌ လူမှုဝန်ထမ်းဦးစီးဌာနသည် LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ် (MCCT) နှင့် လူမှုရေး ပင်စင် အကျိုးခံစားခွင့် ရရှိသော အိမ်ထောင်စုများအား တစ်ကြိမ်တည်း ထပ်ဆောင်းပေးသည့် ထောက်ပံ့ကြေးပေးအပ်ခြင်းဖြင့် မြန်မာ နိုင်ငံတွင် အစိုးရ COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် (CERP) ၏ အဓိက အစိတ်အပိုင်းအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ MCCT အစိတ်အပိုင်းသည် ရခိုင်၊ ချင်း၊ ကယား၊ ကရင်ပြည်နယ်များနှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများရှိ အကျိုးခံစားခွင့် ရှိသည့် အိမ်ထောင်စု (၂၃၈,၃၉၂) စုထံ ရောက်ရှိခဲ့ပါသည်။ လူမှုရေးပင်စင် အစိတ်အပိုင်း သည် တစ်နိုင်ငံလုံးရှိ အသက် (၈၅)နှစ် အထက်ရှိသည့် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ (၁၇၆,၁၃၈) ဦးထံ ရောက်ရှိခဲ့ ပါသည်။ MCCT နှင့် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူများသည် တစ်ကြိမ်တည်းသာ ဆောင်ရွက် သည့် စီမံကိန်း ဆောင်ရွက်ချက်မှ တစ်ဦး လျှင် မြန်မာကျပ်ငွေ (၃၀,၀၀၀) (ကန်ဒေါ်လာ ၂၂) အား ထပ်မံရရှိခဲ့ပါသည်။ ငွေကြေး ထောက်ပံ့မှု နှစ်ရပ်လုံးတွင် COVID-19 ကပ် ရောဂါ တားဆီး ကာကွယ် ခြင်းနှင့် လျှော့ချခြင်းဆိုင်ရာ သတင်းစကားများကို တွဲဖက် ပေးအပ်ခဲ့ပါသည်။<br><br>LIFT ၏ COVID-19 ကပ်ရောဂါအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ တုံ့ပြန် ကာကွယ်သည့် ကြိုးပမ်းအားထုတ်မှုများနှင့် ပိုမိုအသေးစိတ် ဆွေးနွေးတင်ပြထားမှုအား ဤအစီရင်ခံစာ၏ အခန်း ၆.၃ လူမှုကာကွယ် စောင့်ရှောက်ရေးတွင် လေ့လာနိုင်ပါသည်။ |
| မူဝါဒဆိုင်ရာ အကြောင်းအရာ– ဆန်တွင် အ ဏုအာဟာရဖြည့် သွင်းခြင်း<br><br>LIFT ၏ IP – PATH<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်း – စေ တနာ့ လုပ်ငန်း လူမှုရေးအသင်း (Business Kind Myanmar) Terres Des Hommes Italy ၊ Base of the Pyramid Innovation Center နှင့် အမျိုးသား အာဟာရ ဖွံ့ဖြိုး မှု သုတေသန ဌာနခွဲ (NNC) | SMART MOVE – ရန်ကုန်မြို့တွင် ရွှေ့ပြောင်းလုပ်သားများ အတွက် မြို့ပြစားနပ်ရိက္ခာ စနစ်များ ဆန်းသစ် ပြောင်းလဲခြင်းနှင့် သက် တူဆင့်တူမှ စီမံညွှန်ကြားသည့် ဝန်ဆောင်မှုများမှတဆင့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အကူးအပြောင်းများအား မြှင့်တင်ခြင်း<br><br>စီမံချက်သည် လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များတွင် သက်တူဆင့်တူမှ စီမံညွှန်ကြားသည့် ကွန်ရက်များနှင့် ဝန်ဆောင်မှုများ၊ အားဖြည့်ဆန်အတွက် ဆန်းသစ်တီထွင်မှုရှိသော ထောက်ပံ့ရေး ကွင်းဆက်များနှင့် အခြားအာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများကို မိတ်ဆက်ပေးခြင်းဖြင့် စက်ရုံ အလုပ်သမားများ၊ လမ်းဘေးဈေးသည်များနှင့် ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စုများအတွက် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ အကူးအပြောင်းများကို မြှင့်တင်ပေးရန်အတွက် ကြိုးပမ်း ဆောင်ရွက် နေပါသည်။<br><br>၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် PATH သည် NNC မှ စီစဉ် ကျင်းပသည့် အာဟာရ မျှတ၍ ကျန်းမာ စေရန် စားသောက်နည်း လမ်းညွှန်ချက်များ ရေးဆွဲ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစည်းအဝေး တွင် တက်ကြွစွာ ပါဝင် တက်ရောက်ဆွေးနွေးခဲ့ ပါသည်။ ၂၀၂၀ ခုနှစ် ဒုတိယနှစ်ဝက်တွင် PATH ဝန် ထမ်းများ သည် မူကြိုကျောင်းသူကျောင်းသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် မသန်စွမ်းများ အပါအဝင် အထူးအုပ်စုများအတွက် NNC မှ ဦးဆောင်သည့် အစားအသောက် အမျိုးအစား ခွဲခြား သတ်မှတ်ခြင်း မူ ကြမ်းရေးဆွဲရာ၌ တာဝန်ခံများအဖြစ် တာဝန်ယူ၍ ပံ့ပိုးကူညီပေးခဲ့ပါသည်။ စီမံချက် သည် NNC ၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် တိကျသော သတင်းအချက်အလက်များဖြင့် ထောက်ခံချက် ပေးသည့် ဆန်အမျိုးအစားအဖြစ် အားဖြည့်ဆန်အား မြှင့်တင်ရန် အတွက် သတင်း စကားပေးခြင်းအား အားပေး ထောက်ခံရန်အတွက်လည်း ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် စီမံချက် သည် ဖေ့စ်ဘုတ်တွင် ပြန်လည်ဆန်းသစ် အသက်ဝင်စေမည့်ဗျူဟာအား ရေးဆွဲခဲ့ပြီး အကြံပြု ချက်များနှင့် အတည်ပြုချက် ရယူရန် တို့အတွက် NNC ထံ တင်ပြခဲ့ပါသည်။ |

| အခြား (အားလုံးနှင့် အကျုံးဝင်သော) | |
|---|---|
| မူဝါဒဆိုင်ရာ အကြောင်းအရာ- မသန်စွမ်းသူများ အားလုံး ပါဝင်စေသည့် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး<br><br>LIFT ၏ IP – LODESTAR COMPANY LTD./ SPPRG<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်းများ – ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၊ ပြန်လည် ထူထောင်ရေး ဦးစီးဌာန | လက်ရှိ လုပ်ရှားဆောင်ရွက်နေသူများ၏ လုပ်ကိုင်နိုင်စွမ်းအား ဖြည့်ဆည်းပေးခြင်းဖြင့် အားလုံး ပါဝင် သည့် ဖွံ့ဖြိုးတိုးတက်မှု (IDEA)<br><br>IDEA စီမံချက်သည် ကျေးလက်ရပ်ရွာလူထု အခြေပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးတွင် မသန်စွမ်းသူများ အားလုံး ပါဝင်နိုင်မည့် ပတ်သက်ဆက်နွယ်သူများ၏ စွမ်းဆောင်ရည်များကို တည်ဆောက်ရန် အတွက် ရည်ရွယ်ပါသည်။ စီမံချက်သည် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာ (၂၀) တွင် ဆောင်ရွက်ဆဲ စီမံချက်အတွက် စီမံချက် အကောင်အထည် ဖော်ရင်း သုတေသန ပြုလုပ်သည့် ချဉ်းကပ် နည်းလမ်းကိုလည်း အသုံးပြုပါသည်။ DRD နှင့် မိတ်ဖက်ပြု၍ လုပ်ကိုင် ဆောင်ရွက်နေသည့် စီမံချက်သည် အစိုးရနှင့် အစိုးရမဟုတ်သော လှုပ်ရှား ဆောင်ရွက်သူများမှ မည်သည့်နေရာ၌မဆို အသုံးပြုနိုင်သော ရှင်းလင်းပြတ်သားသည့် နည်းလမ်း ပုံစံအား ပေးအပ်သည့် ကုန်ကျစရိတ် ပါဝင်သည့် မိုဒယ်ပုံစံများ ဖန်တီးရန် အတွက် ရည်ရွယ် ပါသည်။<br><br>၂၀၂၀ ခုနှစ်တွင် စီမံချက်သည် COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အတွက် DRD ၏ အဆိုပြုထားသော M&E မူဘောင် နှင့် DRD ၏ အခြား အနာဂတ် စီမံကိန်းလုပ်ငန်းများတွင် မသန်စွမ်းများအားလုံး ပါဝင်စေခြင်းအား ညွှန်းကိန်း တစ်ခုအနေဖြင့် ပါဝင်လာစေသည့် မူဝါဒဆိုင်ရာ အဓိက ပြောင်းလဲမှုအတွက် ပံ့ပိုးကူညီ ပေးခဲ့ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ရင်း ပြုလုပ်သည့် သုတေသနမှ DRD ၏ မြစိမ်းရောင်နှင့် အခြားစီမံကိန်းများတွင် မသန်စွမ်းများ ပါဝင်ခြင်း၏ ကုန်ကျစရိတ်၏ ထိရောက်မှုကိုလည်း ဆန်းစစ် အကဲဖြတ်ခဲ့ပါသည်။ DRD အနေဖြင့် ယင်း၏ မူဝါဒနှင့် အလေ့အကျင့်များတွင် မသန်စွမ်းသူများ အားလုံးပါဝင်စေခြင်းကို ထည့်သွင်း စဉ်းစားနိုင်ရန်အတွက် တွေ့ရှိချက်များအား နိုင်ငံတော်အဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်ရှိ DRD ထံ ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် တင်ပြမည် ဖြစ်ပါသည်။ |
| မူဝါဒဆိုင်ရာ အကြောင်းအရာ – ရပ်ရွာလူထု အခြေပြု လူမှု ကာကွယ်စောင့်ရှောက်ရေး နှင့် အားလုံးပါဝင်စေမှု<br><br>LIFT ၏ IP – အပြည်ပြည် ဆိုင်ရာ သက်ကြီး ရွယ်အို စောင့် ရှောက်ရေးအဖွဲ့ (HelpAge International)<br><br>ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်း များ- မသန်စွမ်းသူများ ဘဝ မြှင့်တင်ရေးအဖွဲ့၊ ကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် လူမှုဝန်ထမ်း ဦးစီးဌာန၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ | မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တွင် အားလုံးပါဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စီမံချက်<br><br>ဤစီမံချက်သည် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် စီမံချက် (၂)ခု ဖြစ်သည့် အပူပိုင်းဇုန် လူမှု ကာကွယ် စောင့်ရှောက်ရေး စီမံချက်နှင့် အားလုံးပါဝင်စေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှုတို့ကို ပေါင်းစည်းထားပါသည်။ စီမံချက်သည် ရပ်ရွာလူထု အခြေပြု ဖွံ့ဖြိုး တိုးတက်ရေးတွင် ကျေးလက်နေ အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုများ အားလုံး ပါဝင် စေခြင်း အပေါ် အာရုံစိုက်၍ အဆိုပါ အိမ်ထောင်စုများထံ လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှု များ အားလုံးပါဝင်သည့် ကိုယ့်အားကိုယ်ကိုး (ISHGs) နှင့် အားလုံး ပါဝင်သည့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး ကော်မတီများ (VDCs) တို့မှတဆင့် ပေးအပ်ခဲ့ပါသည်။<br><br>စီမံချက်သည် DSW နှင့် GAD တို့နှင့် ပူးပေါင်း၍ အစိုးရမှ တနိုင်ငံလုံး အတိုင်းအတာဖြင့် ပုံတူကူး ဆောင်ရွက်နိုင်ရန်အတွက် အလားအလာရှိသော မိုဘိုင်းလ်တယ်လီဖုန်း နည်းပညာကို အသုံးပြု၍ အီလက်ထရွန်နစ်နည်းဖြင့် ငွေကြေးထောက်ပံ့သည့် ရွှေ့ပြောင်းစမ်းသပ်သော စီမံကိန်း ဆောင်ရွက်ချက် ကိုလည်း စမ်းသပ်ခဲ့ပါသည်။ ရွှေ့ပြောင်းစမ်းသပ်မှုသည် ၂၀၂၃ ခုနှစ်တွင် လူမှုရေးပင်စင်၏ ၄၀% အား အီလက်ထရွန်နစ် နည်းဖြင့် စီမံခန့်ခွဲမည့် DSW ၏ အစီအစဉ် နှင့်လည်း ကိုက်ညီမှု ရှိပါသည်။<br><br>မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးပံ့ပိုးမှုများ နှင့် ပတ်သက်သည့် LIFT ၏ စီမံကိန်းများအား ဤအစီရင်ခံစာ၏ အခန်း ၆.၃ လူမှု ကာကွယ်စောင့်ရှောက်ရေးတွင် ပိုမို အသေးစိတ် ဆွေးနွေးတင်ပြထားပါသည်။ |
| မူဝါဒဆိုင်ရာ အကြောင်းအရာ- ကျား-မ ရေးရာတန်းတူ ညီမျှမှု နှင့် အမျိုးသမီးများ၏ လုပ်ကိုင် နိုင်စွမ်း<br><br>LIFT ၏ IP – ကျားမရေးရာ တန်းတူ ညီမျှရေး ကွန်ရက် (GEN)<br><br>ပူပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်းများ – CSO များ၊ NGO များ၊ အစိုးရ ဝန်ကြီးဌာန များ | မြန်မာနိုင်ငံတွင် ကျား-မရေးရာ တန်းတူညီမျှရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်မှုကို နက်ရှိုင်းစေခြင်း<br><br>စီမံချက်သည် မြန်မာနိုင်ငံတွင် ကျား၊မရေးရာတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း မြှင့်တင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ GEN သည် ဝန်ကြီးဌာန ပေါင်းစုံ ပါဝင်သည့် အဆင့်မြင့် ကော်မတီဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ အဖွဲ့ဝင် ဖြစ်သည်နှင့်အညီ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂) (NSPAW) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကော်မတီ၏ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (TWGs) (၄)ဖွဲ့တွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး (PoVAW) ဥပဒေရေးဆွဲ အကောင် အထည်ဖော်သည့် လုပ်ငန်းစဉ်တို့တွင် ပါဝင်ခဲ့ပါသည်။ GEN သည် TWG (၄)ဖွဲ့အနက် (၂)ဖွဲ့ဖြစ်သည့် (၁)ကျား-မရေးရာ အား လုပ်ငန်းစဉ်တိုင်းတွင် ထည့်သွင်းပါဝင်စေရေး လုပ်ငန်း အဖွဲ့နှင့် (၂)အမျိုးသမီးများနှင့် မိန်းကလေး များအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး လုပ်ငန်းအဖွဲ့ တို့တွင်လည်း ပူးတွဲ ဥက္ကဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ MNCW အစည်းအဝေးများတွင် စီမံချက်၏ အချက်အလက်နှင့် အကြံဉာဏ်များ ပေးခြင်းနှင့် စီမံကိန်း လုပ်ငန်းများသည် မြန်မာနိုင်ငံ တွင် ကျား-မ တန်းတူညီမျှမှု ရရှိစေရန်အတွက် MNCW ၏ အဖွဲ့အစည်းဆိုင်ရာ ခိုင်မာ အားကောင်းစေသည့် ယန္တရားများအား ကူညီ ပံ့ပိုးပေးခဲ့ပါသည်။<br><br>၂၀၂၀ ခုနှစ်တွင် စီမံချက်သည် PoVAW ဥပဒေ ရေးဆွဲ အကောင်အထည်ဖော်ခြင်းအတွက် နည်းပညာ ပိုင်းဆိုင်ရာ အကြံဉာဏ်များ ပေးရန်အတွက် ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ MoSWRR သည် ယင်း၏ PoVAW ဥပဒေမူကြမ်းအား တရားဝင်ကြေငြာခဲ့ပြီး လွှတ်တော်မှ ဥပဒေမူကြမ်းအတွက် အကြံဉာဏ်များ တောင်းခံခဲ့သောကြောင့် GEN သည် ၂၀၂၀ ခုနှစ် ဇန်နဝါရီလ (၃၁)ရက်နေ့တွင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ GEN အဖွဲ့ဝင်များ၊ အခြားအဖွဲ့ဝင်များနှင့် အစည်းအဝေးတစ်ခု ကျင်းပခဲ့ပြီး ဥပဒေမူကြမ်းအတွက် လုပ်ငန်းအစီအစဉ် တစ်ရပ်ကို ရေးဆွဲပြီး စုပေါင်း အကြံပြုချက် များကို ရယူ နိုင်ခဲ့ပါသည်။ အစည်းအဝေး၏ ရလဒ်အနေဖြင့် PoVAW ဥပဒေဆိုင်ရာ အသိပေး အရေးဆိုသည့် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ စီမံချက်မှ PoVAW ဥပဒေမူကြမ်းကို အင်္ဂလိပ်ဘာသာသို့ အလွတ်သဘော ပြန်ဆိုပေးခြင်းဖြင့် ပံ့ပိုးကူညီပေးခဲ့ပါသည်။ စီမံချက်သည် PoVAW ဥပဒေဆိုင်ရာ အသိပေးအရေးဆိုသည့် လုပ်ငန်း ကော်မတီ အစည်းအဝေးအား စီစဉ် ကျင်းပခဲ့ပြီး ဥပဒေမူကြမ်း အတွက် အကြံဉာဏ်များနှင့် ထောက်ခံအကြံပြုချက်များကို စာဖြင့် ရေးသားကာ အပြီးသတ်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပါစာအား လွှတ်တော်သို့ တင်သွင်း ခဲ့ပါသည်။ မတ်လတွင် စီမံချက်သည် သက်ဆိုင်ရာ လွှတ်တော် ကော်မတီများထံ အကြံပြုချက်များကို နှုတ်ဖြင့်လည်း ရှင်းလင်းတင်ပြခဲ့ပြီး ဇွန်လ (၂၉)ရက်နေ့တွင် အကြံပြုတင်ပြချက်များနှင့်အညီ PoVAW ဥပဒေမူကြမ်းအား ပြင်ဆင်ရန် အတွက် တိုက်တွန်း အားပေးသည့် စာတစောင်အား လွှတ်တော်ထံ ပေးပို့ခဲ့ပါသည်။ သို့သော် လည်း COVID-19 ကပ်ရောဂါ ဆိုင်ရာ အခြေအနေများကြောင့် PoVAW ဥပဒေ ပြဋ္ဌာန်းရန်အတွက် လွှတ်တော်၌ ဆွေးနွေးမှုများ ပြုလုပ်ခြင်းကို ရွှေ့ဆိုင်းခဲ့ပါသည်။ |
| | စီမံချက်သည် ရာဇဝတ်ပြစ်မှုပုဒ်မ ၃၇၇ အား ပြင်ဆင်ရန်အတွက် LGBT အခွင့်အရေးများ ဆိုင်ရာ ကွန်ရက်နှင့်လည်း ဆွေးနွေးခဲ့ပြီး၊ ယင်းနောက်တွင် ကွန်ရက်သည် မူဝါဒအနှစ်ချုပ် မူကြမ်းအား ပြုစုနိုင်ခဲ့ပါသည်။ မူဝါဒအနှစ်ချုပ်သည် အနာဂတ် LGBT အခွင့်အရေးများဆိုင်ရာ အသိပေး အရေးဆိုမှု များ အတွက် အသုံးပြုသွားမည် ဖြစ်ပါသည်။<br><br>၂၀၂၀ ခုနှစ်တွင် စီမံချက်သည် ပြည်ထောင်စုဝန်ကြီးဌာန (၅)ခု၏ လုပ်ငန်းနယ်ပယ်တွင် ကျား-မ ရေးရာ တန်းတူညီမျှရှိမှုနှင့် ကျား-မ ရေးရာအား လုပ်ငန်းစဉ်တိုင်းတွင် ထည့်သွင်းခြင်းကို ပြုလုပ်ရန် အတွက် အဆိုပါ ဝန်ကြီးဌာနများအား အသိပေးအရေးဆိုမှုကို စတင်လုပ်ဆောင်ခဲ့ပါသည်။ ယင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနအား နိုင်ငံပိုင်မီဒီယာနှင့် ကျား-မရေးရာကိစ္စရပ်များနှင့် ဆက်နွယ်နေသည့် သတင်းအချက်အလက် ဖြန့်ဝေရာတွင် ကျား-မရေးရာအား လုပ်ငန်းစဉ်တိုင်း၌ ထည့်သွင်းရန် အသိပေးအရေးဆိုခြင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအား မြန်မာနိုင်ငံရှိ ကျား-မအခြေပြု အကြမ်းဖက်မှု အခြေအနေနှင့် တုံ့ပြန်ဆောင်ရွက်မှုတို့နှင့် ပတ်သက်သည့် အသိပေး အရေးဆိုမှုတို့ ပါဝင်ခဲ့ပါသည်။<br><br>COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် အခြေအနေကြောင့် စီမံချက်သည် ပြည်သူများနှင့် အစိုးရတို့၏ ကျား-မရေးရာ တန်းတူညီမျှမှုနှင့် ကျား-မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိအမြင်များ တိုးပွား လာစေရန် အတွက် အခမ်းအနားများနှင့် အသိပညာပေးသည့် စည်းရုံးလှုံ့ဆော်မှုများကို အွန်လိုင်းမှ တဆင့် စီစဉ် ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားများနှင့် စည်းရုံးလှုံ့ဆော်မှုများတွင် အပြည်ပြည် ဆိုင်ရာ အမျိုးသမီးများနေ့၊ မြန်မာအမျိုးသမီးများနေ့၊ LGBT ကိုယ်စားပြုသည့်လနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုအား ဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားဆောင်ရွက်မှုတို့ ပါဝင်ပါသည်။ |
| **မူဝါဒဆိုင်ရာ အကြောင်းအရာ – သက်ကြီး ရွယ်အိုများ အတွက် လူမှုရေး ပင်စင်**<br><br>**LIFT ၏ IP – အပြည်ပြည် ဆိုင်ရာ သက်ကြီး ရွယ်အို စောင့် ရှောက်ရေး အဖွဲ့**<br><br>**ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့ အစည်းများ – လူမှုဝန်ထမ်း ဦးစီးဌာန၊ တိုင်းဒေသကြီး အစိုးရများ** | လူမှုကာကွယ်စောင့်ရှောက်ရေး တိုးချဲ့ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာနအား အားဖြည့်ပေးခြင်း<br><br>ဤစီမံချက်သည် အားနည်းထိခိုက်လွယ်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်မှု ပေးအပ်ရာတွင် ထိရောက်သည့် အစိုးရ အသုံးစရိတ်များဖြင့် ခိုင်မာသည့် မူဝါဒဆိုင်ရာ အကျိုးရလဒ်များ ရရှိစေရန် အတွက် MoSWRR အား လုပ်ကိုင်နိုင်စွမ်း ပိုမို အားကောင်းစေပါသည်။ သက်ကြီးရွယ်အိုများအတွက် လူမှု ကာကွယ်စောင့်ရှောက်မှု ပေးရာတွင် စီမံချက်၏ နည်းပညာပိုင်း ဆိုင်ရာ ကူညီပံ့ပိုးပေးမှုသည် ၂၀၁၇ ခုနှစ် ဧပြီလတွင် စတင်ခဲ့သည့် အမျိုးသား လူမှုရေးပင်စင် အစီအစဉ် ဖွံ့ဖြိုးတိုးတက်မှု ရရှိရန် အတွက်နှင့် လူမှုရေးပင်စင် ခံစားနိုင်သည့် အသက်အရွယ်အား လျှော့ချခြင်းဖြင့် သက်ကြီး ရွယ်အို များအား ပိုမို၍ လွှမ်းခြုံနိုင်ရန် အစီအစဉ် တိုးချဲ့မှုအတွက်လည်း သိသာထင်ရှားသည့် ကူညီပံ့ပိုးမှု ပေးနိုင်ခဲ့ကာ အချိန်ကြာလာသည်နှင့်အမျှ အစိုးရ၏ အသုံးစရိတ်များလည်း တိုးတက် သုံးစွဲလာ ခဲ့ ပါသည်။<br><br>အစိုးရသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်၍ အမျိုးသား လူမှုရေးပင်စင် ခံစားခွင့်ရှိသည့် အသက် (၉၀)အရွယ်မှ အသက်(၈၅)နှစ်သို့ လျှော့ချခဲ့ပါသည်။ ဤသည်မှ တနိုင်ငံလုံး၌ အမျိုးသား ပင်စင် ပေးအပ်သည့် လွှမ်းခြုံမှုမှာ ကျယ်ပြန့်လာခဲ့ပြီး ထိုသို့ဖြင့် ၂၀၁၇ ခုနှစ် နှစ်ကုန်တွင် အကျိုး ခံစားခွင့် ရှိသူ အရေအတွက် (၄၀,၈၇၂) ဦးမှ ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် (၁၆၅,၈၅၇) ဦး၊ ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် (၁၉၇,၅၉၃) ဦးနှင့် ၂၀၂၀ ခုနှစ် နှစ်ကုန်တွင် (၂၄၉,၂၄၁) ဦး အသီးသီး တိုးတက်လာခဲ့ ပါသည်။ |

# နောက်ဆက်တွဲ ၇– LIFT ၏ ယုတ္တိဗေဒမူဘောင်

**တာဝန်အဆင့်အကျိုးရလဒ် ၁–၁ – အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အတွက် ပိုမို ကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်း တိုးတက်ကောင်းမွန်လာခြင်း**

I–၁.၁ LIFT ၏ စီမံကိန်း ဧရိယာ အတွင်း လက်ခံနိုင်သည့် အစာအာဟာရ မျှတစုံလင်စွာ စားသုံးသည့် အမှတ် ရရှိသည့် အိမ်ထောင်စု များ၏ ရာခိုင်နှုန်း/အရေအတွက်

ဤ ညွှန်းကိန်းသည် LIFT ၏ ကျေးရွာများတွင် အစာအာဟာရ မျှတစုံလင်စွာ စားသုံးမှုအမှတ် အနည်းဆုံး ၆ (ရိက္ခာအမျိုးအမည် အုပ်စု ၁၂ မျိုး အနက်မှ ၆ မျိုး) ရရှိသည့် စုစုပေါင်း အိမ်ထောင်စုအရေအတွက်အား တိုင်းတာပါသည်။ ဤညွှန်းကိန်း သည် အိမ်ထောင်စု၏ စားနပ်ရိက္ခာ လက်လှမ်းမီရရှိမှုအပြင် အိမ်ထောင်စု၏ လူမှုစီးပွားအဆင့် အား တိုင်းတာခြင်းအတွက် စားနပ်ရိက္ခာ နှင့် အာဟာရ ဖွံ့ဖြိုးမှု နည်းပညာ အကူအညီ (FANTA) ၏ အိမ်ထောင်စု အစာအာဟာရမျှတ စုံလင်စွာ စားသုံးနိုင်မှု ရမှတ် (HDDS) နည်းလမ်း များ ပေါ်တွင် အခြေခံပါသည်။

I–၁.၂ LIFT ၏ဧရိယာအတွင်းရှိ အတန်အသင့်/ ဆိုးရွားစွာ ပုညှက်နေသည့် အသက် (၅)နှစ်အောက် ကလေးသူငယ်များ၏ ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် LIFT ကျေးရွာများတွင် အတန်အသင့် (သို့) ဆိုးရွားပြင်းထန်စွာ ပုညှက်နေသည့် အသက်ငါးနှစ်အောက် (၀–၅၉ လ) အတွင်း ကလေးသူငယ်များ၏ ရာခိုင်နှုန်း အား တိုင်းတာပါသည်။ ပုညှက်ခြင်းအား ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ (WHO) ၏ ကလေးသူငယ် ပျမ်းမျှ ဖွံ့ဖြိုးမှု စံသတ်မှတ်ချက်များ အောက်တွင် အရပ်အမြင့် သတ်မှတ်ချက် နှစ်ခုထက် ပိုသည့် စံသတ်မှတ်မှု ဖြင့် အဓိပ္ပါယ် ဖွင့်ဆိုပါသည်။

I–၁.၃ LIFT ဧရိယာများအတွင်း အနိမ့်ဆုံးအဆင့် အစာအာဟာရ မျှတစုံလင်စွာ စားသုံးသော မျိုးဆက်ပွား နိုင်သည့် (အသက်၁၅နှစ်မှ ၄၉နှစ်အတွင်း) အသက်အရွယ်ရှိသည့် အမျိုးသမီးများ၏ ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် စီမံကိန်း ဆောင်ရွက်ချက်များ အကောင်အထည်ဖော်သည့် ဧရိယာများအတွင်း အနိမ့်ဆုံးအဆင့် အစာအာဟာရ မျှတ စုံလင်စွာ စားသုံးနိုင်မှု ရရှိခဲ့သည့် အသက် ၁၅– ၄၉ နှစ်ကြား အမျိုးသမီးများဟု အဓိပ္ပါယ် ဖွင့်သည့် မျိုးဆက်ပွား အသက်အရွယ်ရှိသည့် အမျိုးသမီး များ ၏ ရာခိုင်နှုန်း အား တိုင်းတာပါသည်။ MDD–W သည် သတ်မှတ်ထားသည့် ရိက္ခာအုပ်စု ဆယ်ခု အနက်မှ အနည်းဆုံး ငါးခု အား လွန်ခဲ့သည့် နေ့ (သို့) ည တွင် စားသုံးခဲ့သည့် (သို့) စားသုံးခဲ့ခြင်းမရှိသည့် အသက် ၁၅–၄၉ နှစ်ကြား အမျိုးသမီး စသည်ဖြင့် နှစ်မျိုး ခွဲခြား တိုင်းတာသည့် ညွှန်းကိန်းဖြစ်ပါသည်။

**တာဝန်အဆင့် အကျိုးရလဒ် ၁–၂ – အမျိုးသမီးများ ပိုမို ထိန်းချုပ်သည့် အိမ်ထောင်စု ဝင်ငွေနှင့် အခြေ ပစ္စည်းများ တိုးပွားလာခြင်း**

I–၂.၁ LIFT စီမံကိန်း ဧရိယာအတွင်းရှိ နိုင်ငံတကာ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်တွင် ရှိသည့် အိမ်ထောင်စုများ၏ ရာခိုင် နှုန်း

ဤညွှန်းကိန်းသည် ငွေဖောင်းပွမှုနှုန်း နှင့် စားသုံးသူ ဈေးနှုန်းညွှန်းကိန်း (Purchasing Power Parity –PPP) တို့ နှင့် ချိန် ညှိထားသည့် စားသုံးမှုနှင့် အသုံးစရိတ်တို့အား အသေးစိတ် ဆန်းစစ်မှု တို့တွင် အခြေခံသည့် တစ်ဦးချင်း တစ်နေ့ ဝင်ငွေ ကန်ဒေါ်လာ (၁.၉၀) အောက် ရရှိသော ဆင်းရဲနွမ်းပါးမှု မျဉ်း အောက်တွင် ရှိသည့် LIFT ကျေးရွာများ ရှိ အိမ်ထောင်စု များ ၏ ရာခိုင်နှုန်း အား တိုင်းတာပါသည်။

I–၂.၂ LIFT ၏ ဧရိယာများအတွင်း ဝင်ငွေ တိုးပွားလာသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤညွှန်းကိန်းသည် LIFT ကျေးရွာများမှ လွန်ခဲ့သည့် ၁၂ လအတွင်း မည်သည့် ရင်းမြစ်မှမဆို ဝင်ငွေ တိုးလာကြောင်း အစီရင်ခံခဲ့သည့် အိမ်ထောင် စု အရေအတွက် စုစုပေါင်း အား တိုင်းတာပါသည်။ ယင်း ညွှန်းကိန်းသည် သဘောထားအမြင်ဆိုင်ရာ အချက်အလက်ပေါ်တွင် အခြေခံ ပါသည်။

I–၂.၃ LIFT ၏ ဧရိယာများအတွင်း အခြေခံပစ္စည်း ပိုင်ဆိုင်မှု တိုးပွားလာသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤညွှန်းကိန်းသည် LIFT ကျေးရွာများမှ လွန်ခဲ့သည့် ၁၂ လအတွင်း အခြေခံပစ္စည်းပိုင်ဆိုင်မှု တိုးပွားလာကြောင်း အစီရင်ခံခဲ့သည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း အား တိုင်းတာပါသည်။ ယင်း ညွှန်းကိန်းသည် သဘောထားအမြင်ဆိုင်ရာ အချက်အလက်ပေါ်တွင် အခြေခံပါသည်။

I–၂.၄ LIFT ဧရိယာများအတွင်း အမျိုးသမီးများသည် အခြေခံပစ္စည်းများနှင့် ဝင်ငွေအပေါ်အနိမ့်ဆုံး တူညီစွာ ထိန်းချုပ် နိုင်သည်ဟု အသိပေးအစီရင်ခံခဲ့သည့် အမျိုးသားများ ဦးဆောင်သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် အိမ်ထောင်စုအတွင်း ကုန်ထုတ်လုပ်မှု/လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ရရှိလာသည့် ဝင်ငွေနှင့် အခြေပစ္စည်းများ အား အသုံးပြုရန် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ၏ အကြံပြုချက် ပါဝင်နိုင်သည့် အတိုင်းအတာနှင့် လုပ်ခ (သို့) လစာ ရရှိသည့် အလုပ်အကိုင် နှင့် ပတ်သက်၍ အမျိုးသမီးများက ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်ခြင်းနှင့် စပ်လျဉ်း၍ ခံစားရသည့် အတိုင်းအတာ တို့ကို တိုင်းတာပါသည်။ တိုင်းတာခြင်းအား စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍ ညွှန်းကိန်း (WEAI) နှင့် တိုင်းတာ ပါသည်။

**တာဝန်အဆင့် အကျိုးရလဒ် ၁–၃ – ထိတ်လန့်မှုများ၊ ဖိစီးမှုများနှင့် ကျရောက်နိုင်ခြေ ရှိသည့် အန္တရာယ်များ ကြောင့် အိမ်ထောင်စုများနှင့် တစ်ဦးချင်းစီ ၏ အားနည်းထိခိုက်လွယ်မှု လျော့ကျစေခြင်း**

I–၃.၁ LIFT ဧရိယာများအတွင်း စားနပ်ရိက္ခာ မဖူလုံမှု အတွေ့အကြုံဆိုင်ရာ အတိုင်းအတာ (FIES) ပေါ်အခြေခံသည့် အတန်အသင့် နှင့် ဆိုးရွားစွာ စားနပ်ရိက္ခာ မဖူလုံမှု ဖြစ်ပွားခြင်း

ဤညွှန်းကိန်းသည် စားနပ်ရိက္ခာ မဖူလုံမှု အတွေ့အကြုံဆိုင်ရာ အတိုင်းအတာ (FIES) ပေါ်တွင် အခြေခံ၍ စားနပ်ရိက္ခာ မဖူလုံမှု အတန်အသင့် နှင့် ဆိုးရွားပြင်းထန်စွာ တွေ့ကြုံခဲ့ကြရသည့် LIFT ၏ အိမ်ထောင်စုများ ၏ အချိုးအား တိုင်းတာပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ





စားနပ်ရိက္ခာ မဖူလုံမှုမှာ ဘေးကင်းစိတ်ချရပြီး၊ အာဟာရ ပြည့်ဝသော လုံလောက်သည့် စားနပ်ရိက္ခာ အား ပုံမှန် လက်လှမ်းမီ ရယူနိုင်မှု မရှိခြင်းနှင့် ဆက်စပ်နေပါသည်။

I–၃.၂ LIFT ဧရိယာများအတွင်း ကြံ့ကြံ့ခံနိုင်စွမ်းတိုးတက်ခဲ့ပြီး နိုင်နင်းစွာ ကိုင်တွယ် ဖြေရှင်းနိုင်သည့် စွမ်းဆောင်နိုင်မှု တိုးတက်ခဲ့သည့် သူများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤညွှန်းကိန်းသည် ဝင်ငွေ၊ အခြေပစ္စည်းနှင့် စားနပ်ရိက္ခာ ရရှိနိုင်မှုတို့တွင် ကောင်းမွန်သည့် အပြောင်းအလဲများ ရရှိသဖြင့် ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုကောင်းမွန်လာသည့် သူများ၏ အရေအတွက်အား တိုင်းတာပါသည်။ ယင်းမှာ သဘောထား အမြင်ဆိုင်ရာ အချက်အလက်ပေါ်တွင် အခြေခံ ပါသည်။

I–၃.၃ LIFT ဧရိယာများအတွင်း အားနည်းထိခိုက်လွယ်သည့် အိမ်ထောင်စုဟု အမျိုးအစားခွဲခြားသတ်မှတ်ထားသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤ ညွှန်းကိန်းသည် LIFT ၏ ပေါင်းစုထားသည့် ညွှန်းကိန်း ၁၀ ခု (မှီခိုအားထားမှု၊ အကြွေး၊ ကုန်ကျစရိတ်၊ အသက်မွေးမှု အမျိုးမျိုး၊ စားနပ်ရိက္ခာဖူလုံမှု၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာရေး၊ လူမှုရေး အရင်းအနှီး နှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း) တို့အပေါ်မူတည်၍ ရမှတ် ၃ မှတ်နှင့်အထက် ရရှိသည့် အိမ်ထောင်စုများ၏ အရေအတွက် အား တိုင်းတာပါသည်။ ယေဘူယျအားဖြင့် အများပြည်သူ အဓိပ္ပါယ် သတ်မှတ်သည့်အနက်မှ စံသတ်မှတ်မှုလွဲခြင်း တစ်ခုထက်ပိုရရှိသည့် အမှတ်ပေါ်တွင် အခြေခံ၍ ‘အားနည်းထိခိုက်လွယ်’ သည်ဟု အမျိုး အစား သတ်မှတ်သည့် အကြောင်းရင်း ၁၀ ချက်အနက်မှ သုံးမှတ်နှင့် အထက် ရရှိမှုအား အခြေခံသည့် အိမ်ထောင်စုအဆင့်၌ အားနည်း ထိခိုက်လွယ်မှု ကို ဆိုလိုပါသည်။

I–၃.၄ LIFT ဧရိယာများအတွင်း လယ်ယာပြင်ပ အလုပ်အကိုင်ခန့်ထားမှု၌ အလွတ်သဘောအလုပ်ခန့်ထားသည့် ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် LIFT ဧရိယာများအတွင်း လယ်ယာပြင်ပ အလုပ်အကိုင်များတွင် အလွတ်သဘော အလုပ်အကိုင်လုပ်ကိုင် သည့် အရေ အတွက်ကို တိုင်းတာပါသည်။ အလုပ်အကိုင်ဆိုသည်အား အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူအားလုံး သတ်မှတ် ကာလတိုအတွင်း (ရက်သတ္တ တစ်ပါတ်) လုပ်ခ (သို့) အမြတ်အစွန်းအတွက် ကုန်ပစ္စည်း ထုတ်လုပ်ရန် (သို့) ဝန်ဆောင်မှုပေးရန် လုပ်ငန်းတစ်ခုခုတွင် ဆောင်ရွက် ခြင်းဟု အဓိပ္ပါယ်ဖွင့်ပါသည်။

**အာဟာရဖွံ့ဖြိုးမှု**

**အာဟာရ ဖွံ့ဖြိုးမှု မူဝါဒ ဆိုင်ရာ ညွှန်းကိန်းများ**

NP ၁ အသစ်နှင့်/(သို့) ပိုမိုကောင်းမွန်လာသည့် ကျား၊မ အလေးထား တုံ့ပြန်သည့် ပြည်သူ့ရေးရာ မူဝါဒများ၊ အစီအစဉ်များနှင့် ကုန်ကျစရိတ်များ မှ ပံ့ပိုးပေးသည့်–

နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် ကဏ္ဍပေါင်းစုံ ပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS–NPAN) (MICYN အတွက် SBCC ၊ IMAM အဆင့်မြှင့်တင်ခြင်း၊ အစားအသောက် အားဖြည့်ခြင်းနှင့် ADS အာဟာရ ဇောင်းပေး စိုက်ပျိုးရေး အစိတ်အပိုင်း တို့ အပါ အဝင်)

လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက် (NSPSP) ၏ အမျိုးသားအဆင့် (သို့) ဒေသန္တရ အဆင့် (အာဟာရ ဇောင်းပေး နှင့် ပဋိပက္ခ အလေးထား MCCT၊ လူမှုရေး ပင်စင်၊ မသန်စွမ်းများ အပါအဝင် )

NP– ၁.၁ LIFT မှ ပံ့ပိုးသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ပြည်သူရေးရာ မူဝါဒ များနှင့် စီမံကိန်းများရှိ အပြောင်းအလဲ များ၏ အရေအတွက်

ဤ ညွှန်းကိန်းသည် LIFT (သို့) LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ ရည်ရွယ်ဆောင်ရွက်ခဲ့သည့် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများ နှင့်/သို့ မူဝါဒဆိုင်ရာ /ဥပဒေရေးရာ/စီမံကိန်း လုပ်ငန်းများမှ ဖြစ်ပေါ်လာသည့် အမျိုးသားအဆင့် စီမံချက်များအပါအဝင် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒအသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ပြည်သူ့ရေးရာ စီမံကိန်းအသစ်များ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများအတွက် ပံ့ပိုးထည့်ဝင်မှုများအား တိုင်းတာပါသည်။ အဆိုပါ အသစ်/ ပိုမို အဆင့်မြှင့် ထားသည့် မူဝါဒနှင့် စီမံကိန်း အားလုံးအား ကျား၊မရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်မှု ရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

NP– ၁.၂ LIFT မှ ပံ့ပိုးပေးသည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အစိုးရ ဘတ်ဂျက် ခွဲဝေမှုနှင့် သုံးစွဲမှုမှ အပြောင်းအလဲများ၏ အရေ အတွက်

ဤညွှန်းကိန်းသည် LIFT (သို့) LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ ရည်ရွယ်ဆောင်ရွက်ခဲ့သည့် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများ နှင့် ကဏ္ဍအလိုက် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုမှ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အပိုဆောင်း ဘတ်ဂျက် အများအပြား ခွဲဝေ ချထားမှုများ၊ ကိုက်ညှိမှုများနှင့် သုံးစွဲမှုများ၏ အရေအတွက်ကို တိုင်းတာပါသည်။ အဆိုပါ အသစ်/ ပြင်ဆင်ထား သည့် ဘတ်ဂျက် ခွဲဝေချထားခြင်း (သို့) သုံးစွဲခြင်း အားလုံးသည် ကျား၊မရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်မှု ရှိစေရန် ဆောင်ရွက် ရမည် ဖြစ်ပါသည်။

NP–၁.၃ LIFT မှ ပံ့ပိုးပေးခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှု မူဝါဒ အထောက်အကူပြု လှုပ်ရှားဆောင်ရွက်မှုများ၏ အရေအတွက်

ဤ ညွှန်းကိန်းသည် အားနည်းထိခိုက်လွယ်သည့် ပြည်သူများအတွက် အာဟာရ ဖွံ့ဖြိုးမှု ရလဒ်များအား ကူညီပံ့ပိုးရန် မူဝါဒ ဆိုင်ရာ ပြုပြင် ပြောင်းလဲရေးများ၊ မူဝါဒ အသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ပြည်သူ့ရေးရာ စီမံကိန်းအသစ်များ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများအား မြှင့်တင်ရန်/အားပေးထောက်ခံရန် အတွက် သတင်းအချက်အလက် နှင့် အထောက်အထား ပံ့ပိုးပေးရန် LIFT (သို့) LIFT ၏ အကောင်အထည် ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ စီစဉ်ဆောင်ရွက်ခဲ့သည့် အာဟာရ ဖွံ့ဖြိုးမှု မူဝါဒ အထောက်အကူပြု လှုပ်ရှား ဆောင်ရွက်မှု များ၏ အရေအတွက်ကို တိုင်းတာပါသည်။

NP–၁.၄ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည် LIFT မှ ထောက်ပံ့ပေးခဲ့သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်

ဤညွှန်းကိန်းသည် LIFT ၏ IP များမှ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးအပ်ခဲ့သော အားနည်းထိခိုက်လွယ်သည့် ပြည်သူများအတွက် ကောင်းမွန်သည့်

အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ ရရှိစေရန်အတွက် ကူညီပံ့ပိုးပေးရန် မူဝါဒ ဆိုင်ရာ ပြုပြင် ပြောင်းလဲရေး များ၊ မူဝါဒ အသစ်များ၊ ဥပဒေ ပြင်ဆင်မှု များ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် သက်ဆိုင်သည့် မူဝါဒ အလေးပေးသည့် ထုတ်ဝေမှုများ အား တိုင်းတာပါသည်။

**အာဟာရဖွံ့ဖြိုးမှု စနစ်များအဆင့်**

အကျိုးရလဒ် NS 1– အရည်အသွေးနှင့် လွှမ်းခြုံမှု တိုးတက်လာသည့် အာဟာရဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များ

NS–၁.၁ LIFT မှ ထောက်ပံ့ပေးသည့် အာဟာရ သီးသန့် စီမံကိန်းဆောင်ရွက်ချက်များ မှ ရောက်ရှိခဲ့သည့် အရေအတွက်

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် မည်သည့် အာဟာရ သီးသန့် စီမံကိန်းဆောင်ရွက်ချက် မဆို မှ ရောက် ရှိခဲ့သည့် သူ များ၏ အရေ အတွက်အား တိုင်းတာပါသည်။ အာဟာရ သီးသန့် စီမံကိန်းဆောင်ရွက်ချက်များသည် အစာအာဟာရမျှတ စုံလင်စွာ စားသုံးနိုင်မှု မရှိခြင်း ကြောင့် အာဟာရချို့တဲ့မှုနှင့် ရောဂါဖြစ်ပွားနိုင် မှုတို့ ၏ လတ်တလော အကြောင်းရင်းများအား ဖြေရှင်းဆောင်ရွက်ပေးပါသည်။

NS–၁.၂ LIFT မှ ထောက်ပံ့ပေးသည့် အာဟာရ ဇောင်းပေး စီမံကိန်းဆောင်ရွက်ချက်များမှ ရောက်ရှိခဲ့သူများ၏ အရေအတွက်

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် အာဟာရဇောင်းပေး စီမံကိန်းဆောင်ရွက်ချက်များအား မည်သည့် တိုက်ရိုက် လမ်းကြောင်းဖြင့် မဆို ရောက်ရှိခဲ့သည့် သီးသန့်ဖြစ်သော တစ်ဦးတစ်ယောက်ချင်းစီ၏ အရေအတွက်အား တိုင်းတာပါသည်။ ယင်းလမ်းကြောင်းများတွင် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် လုပ်သားများ၊ လူထုကျန်းမာရေး လုပ်သား များ (သို့) စေတနာ့ ဝန်ထမ်းများ၊ ထောက်ပံ့ကူညီပေးရေး အုပ်စုများ၊ ဒေသခံ အာဏာပိုင်များ၊ တိုးချဲ့ပညာပေးရေး ကိုယ်စားလှယ်များ (သို့) အခြား ကျန်းမာရေး ဝန်ထမ်း မဟုတ်သည့် ဝန်ထမ်းများ ၏ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များ ပါဝင်ပါသည်။ အာဟာရဇောင်းပေး စီမံကိန်းဆောင်ရွက်ချက်များမှာ အာဟာရချို့တဲ့မှု ဖြစ်စေသည့် အရင်းခံနှင့် အခြေခံ အကြောင်းရင်းများအား ဖြေရှင်းဆောင်ရွက်ပေးပါသည်။

NS ၁.၃ အိမ်ခြံဝင်းအတွင်းရှိ ကောင်းမွန်သည့် ရေအရင်းအမြစ်များမှ သောက်သုံးရေအား တစ်နှစ်ပတ်လုံးရရှိသည်ဟု အသိပေးအစီရင်ခံသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤ ညွှန်းကိန်းသည် အိမ်ထောင်စုများ၏ သောက်သုံးရန်နှင့် အိမ်သုံးရန် အတွက် လုံလောက်ပြီး ဘေးကင်းစိတ်ချရသည့် ရေအား ဝင်းခြံအတွင်း မှ ရယူနိုင်ပြီး တနှစ်ပတ်လုံး လိုအပ်သည့် အချိန်၌ ရရှိနိုင်သော ကောင်းမွန်သည့် အရင်းအမြစ်မှ ရေအား လက်လှမ်းမီ ရရှိသည့် အိမ်ထောင်စု များ၏ ရာခိုင်နှုန်းနှင့် အရေအတွက်အား တိုင်းတာပါသည်။

**အာဟာရ ဖွံ့ဖြိုးမှု အိမ်ထောင်စု အဆင့်**

အာဟာရ ဖွံ့ဖြိုးမှု အကျိုးရလဒ်–၁ ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှု၊ အစာအာဟာရ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အမူအကျင့်များ ပိုမို ကျင့်သုံးလာခြင်း

NH–၁.၁ LIFT ဧရိယာများအတွင်း မိခင်နို့တမျိုးတည်းကိုသာ တိုက်ကျွေးသည့် အသက်(၆)လအောက် ကလေးငယ်များ၏ ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် စစ်တမ်းကောက်ယူသည့်အချိန်မှ ပြီးခဲ့သည့် ၂၄ နာရီအတွင်း LIFT ကျေးရွာများအတွင်း မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခဲ့သည့် အသက်ခြောက်လအောက် (ဆိုလိုသည်မှာ အသက် ဝ–၅ လအတွင်း) ကလေးသူငယ်များ ၏ အရေအတွက်အား တိုင်းတာပါသည်။ မိခင်နို့ သက်သက် တိုက်ကျွေးခြင်း ဆိုသည်မှာ မိခင်နို့သက်သက် (သိုလှောင် သိမ်းဆည်းထားသည့် မိခင်နို့ (သို့) နို့ထိန်းသည် ထံမှ ) သာ တိုက်ကျွေးထား ပြီး မည်သည့် အစားအစာ (သို့) ရေအပါအဝင် မည်သည့် အရည်မျှ မရရှိသည့် ကလေးကို ဆိုလိုပါသည်။

NH–၁.၂ LIFT ဧရိယာများအတွင်း (မိခင်နို့ အပြင်) အနိမ့်ဆုံးလက်ခံနိုင်လောက်သည့် အာဟာရကို ရရှိသည့် အသက်၆လမှ ၂၃လအကြားရှိ ကလေးငယ်များ၏ ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် မိခင်နို့အပြင် အနိမ့်ဆုံးလက်ခံနိုင်လောက်သည့် အစားအစာ ကိုရရှိသည့် အသက်၆လမှ ၂၃လအကြားရှိ ကလေးငယ်များ၏ ရာခိုင်နှုန်း အား တိုင်းတာပါသည်။ MAD ညွှန်းကိန်းသည် အသက်အရွယ်အုပ်စု အမျိုးမျိုးအတွက် သင့်လျော်သလို အနိမ့်ဆုံး ဖြည့်စွက်စွာ ကျွေးသည့် ကြိမ်နှုန်း နှင့် အနိမ့်ဆုံး အစာအာဟာရ မျှတစုံလင်စွာ စားသုံးမှု နှစ်မျိုးလုံးအား တိုင်းတာပါသည်။

NH–၁.၃ LIFT ဧရိယာများအတွင်း (က)ဘေးကင်းလုံခြုံစွာစီမံထားသည့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ နှင့် (ခ)ဆပ်ပြာနှင့် ရေကိုအသုံးပြုသည့် လက်ဆေးကန်တို့အား အသုံးပြုနေသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/ အရေအတွက်

ဤညွှန်းကိန်း၏ ပထမ အစိတ်အပိုင်း (က) သည် ဘေးကင်းလုံခြုံစွာ စီမံထားသည့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုသည့် ပြည်သူများ၏ ရာခိုင်နှုန်းကို ခြေရာကောက်ပါသည်။ ဒုတိယ အစိတ်အပိုင်း (ခ) သည် လက်ဆေးသည့် အမူအကျင့်အတွက် ကြားခံအဖြစ် အသုံးပြုသည့် လက်ဆေးကန် ရှိသည့် အိမ်တွင် လက်ဆေးကန် အသုံးပြုသည့် ပြည်သူများ၏ ရာခိုင်နှုန်း အား ခြေရာကောက် ပါသည်။

NH–၁.၄ LIFT ဧရိယာများအတွင်း အိမ်ခြံဝင်းအတွင်းမှ ရရှိသော ကောင်းမွန်သည့် ရေအား သောက်သုံးနေကြသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤ ညွှန်းကိန်းသည် သောက်သုံးရန်နှင့် အိမ်သုံးရန်အတွက် လုံလောက်ပြီး ဘေးကင်းစိတ်ချရသည့် ရေအား ဝင်းခြံအတွင်း မှ ပေးအပ်ပြီး တနှစ်ပတ်လုံး လိုအပ်သည့် အချိန်၌ ရရှိနိုင်သော ကောင်းမွန်သည့် အရင်းအမြစ်မှ ရေအား အသုံးပြု သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းနှင့် အရေ အတွက်အား တိုင်းတာပါသည်။





NH–၁.၅ ကလေးသူငယ်၏ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တစ်ဦးချင်း(သို့) ပူးတွဲ၍ ပါဝင်ပတ်သက်သည့် အမျိုးသမီးများ၏ ရာခိုင်နှုန်း

ဤ ကျား–မ အလေးထား ညွှန်းကိန်း သည် အသက် ငါးနှစ်အောက် ကလေးသူငယ် ရှိသည့် အမျိုးသမီးများ(အသက် ၁၅ နှင့် အထက်) အနေဖြင့် များသောအားဖြင့် ကလေးသူငယ် ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ဆုံးဖြတ်ချက်များအား မည်သို့ဆုံးဖြတ်ချက် ချလေ့ရှိသည်ကို တိုင်းတာ ပါသည်။ အိမ်ထောင်စုများ စာရင်းမှတဆင့် ရှာဖွေ ဖော်ထုတ်ထားသည့် အသက်ငါးနှစ် အောက် ကလေးသူငယ်၏ မိဘများ ဖြစ်သည့် အသက် ၁၅ နှစ်နှင့် အထက် အမျိုးသမီးများအား ဤညွှန်းကိန်းနှင့် သက်ဆိုင်သည့် မေးခွန်းတွဲများ ဖြေဆိုရန် ရွေးချယ်ထားပါသည်။

**ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း**

**ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း – မူဝါဒ အဆင့်**

FP–၁ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း မူဝါဒ အဆင့် – အသစ်နှင့်/သို့ တိုးတက်လာသည့် ကျား–မရေးရာ အလေးထား တုံ့ပြန် ဆောင်ရွက်သည့် အစိုးရကဏ္ဍ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များ

FP–၁.၁ LIFT မှ ပံ့ပိုးပေးထားသည့် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှုနှင့် သက်ဆိုင်သော အစိုးရကဏ္ဍ မူဝါဒများနှင့် စီမံကိန်းများဆိုင်ရာ အပြောင်းအလဲများ၏ အရေအတွက်

ဤ ညွှန်းကိန်းသည် MFI များမှ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ၏ အမျိုးသား စုဆောင်းငွေ စည်းရုံးလှုံ့ဆော်ရေးမူဝါဒ အကောင်အထည် ဖော်ခြင်း နှင့် ဝန်ဆောင်မှု ရယူထားသူများထံ ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးရန် အသေးစား အာမခံ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အား ပြန်လည် ပြင်ဆင်ခြင်း တို့အား ကူညီပံ့ပိုးပေးသည့် သည့် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒအသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ပြည်သူ့ရေးရာ စီမံကိန်း အသစ်များ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများ အတွက် ပံ့ပိုး ထည့်ဝင်မှုများအား တိုင်းတာပါသည်။

FP–၁.၃ LIFT မှ ထောက်ပံ့ပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုနှင့် ဆက်နွယ်နေသည့် မူဝါဒ အထောက်အကူပြု ဆောင်ရွက်မှု များအား စီစဉ်ဆောင်ရွက်ပေးခဲ့သည့် အရေအတွက်

ဤ ညွှန်းကိန်းသည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်းအား မြှင့်တင်ရန် ရည်ရွယ်သည့် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒ အသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် လက်တွေ့ကျသည့် ပြည်သူ့ရေးရာ စီမံကိန်း အသစ်များ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများ မြှင့်တင်ရန်/စည်းရုံးလှုံ့ဆော်ရန် အတွက် သတင်းအချက်အလက် နှင့် အထောက်အထား ပံ့ပိုးပေးရန် ဒီဇိုင်း ပုံစံရေးဆွဲထားသည့် LIFT (သို့) LIFT ၏ အကောင်အထည် ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ စီစဉ်ဆောင်ရွက်ခဲ့သည့် မူဝါဒ အထောက် အကူ ပြု လှုပ်ရှား ဆောင်ရွက်မှုများ၏ အရေအတွက်ကို တိုင်းတာပါသည်။

FP –၁.၄ LIFT မှ ထောက်ပံ့ပေးသည့် ငွေကြေးဆိုင်ရာ အားလုံး ပါဝင်စေမှုနှင့် ဆက်နွယ်နေသည့် အဓိကမူဝါဒ ချမှတ်သူများထံ ပေးအပ်သည့် မူဝါဒ အလေးပေးသည့် ထုတ်ဝေမှုများ၏ အရေအတွက်

ဤ ညွှန်းကိန်းသည် LIFT FMO နှင့် LIFT မှ ထောက်ပံ့ပေးသည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ မှ အဓိကကျသည့် မူဝါဒ ချမှတ်သူများထံ ဖြန့်ဝေပေးသည့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်းအား မြှင့်တင်ရန် ကြိုးပမ်းသည့် မူဝါဒ ဆိုင်ရာ ပြုပြင် ပြောင်းလဲရေး များ၊ မူဝါဒ အသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် သက်ဆိုင်သည့် မူဝါဒ အလေးပေးသည့် ထုတ်ဝေမှုများ အား တိုင်းတာပါသည်။

**ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း – စနစ်အဆင့်**

FS–၁– အားလုံးပါဝင်စေပြီး လူမှုရေးအရ တာဝန်ယူမှုရှိသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား ထောက်ပံ့ပေးခြင်း၊ ဖန်တီး ပေး ခြင်း အတွက် အဖွဲ့အစည်း ဆိုင်ရာ စွမ်းဆောင်ရည် တိုးမြှင့်လာခြင်း

FS–၁.၁ ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်သည့် LIFT မှ ထောက်ပံ့ပေးထားသည့် MFI များ၏ ရာခိုင်နှုန်း /အရေအတွက်

ဤညွှန်းကိန်းသည် ဘဏ္ဍာရေးအရ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်သည့် LIFT မှ ထောက်ပံ့ပေးထားသည့် MFI (အသေးစား ငွေရေး ကြေးရေးလုပ်ငန်း) များ၏ အရေအတွက် အား တိုင်းတာပါသည်။ MFI ၏ နှစ်စဉ် ဝင်ငွေသည် နှစ်စဉ် လုပ်ငန်းလည်ပတ် ဆောင်ရွက်သည့် ကုန်ကျစရိတ်များနှင့် ငွေကြေးဆိုင်ရာ ကုန်ကျစရိတ်များ ထက် ပိုများပါက ထို MFI သည် ငွေရေးကြေးရေးအရ မိမိ ဘာသာ ရေရှည် ရပ်တည်နိုင် ပါသည်။

FS–၁.၂ ကောင်းမွန် ကျွမ်းကျင်စွာ လုပ်ငန်း လည်ပတ်ဆောင်ရွက်နေသည့် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ အရေအတွက်နှင့် ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် ယင်း၏ ရင်းမြစ်များ (အခြေခံပစ္စည်း ပိုင်ဆိုင်မှုများနှင့် ဝန်ထမ်းများ) အား အသုံးပြုလျက် ထိထိရောက်ရောက် လုပ်ငန်း လည်ပတ် ဆောင်ရွက်နေသည့် LIFT မှ ပံ့ပိုးပေးသည့် MFI များ၏ အရေအတွက် နှင့် ရာခိုင်နှုန်း အား တိုင်းတာပါသည်။

FS–၁.၃ LIFT မှ ပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူနိုင်ခြင်း ရှိသည့် လူအရေအတွက် (လက်ရှိ ဝန်ဆောင်မှုရယူသူ ဦးရေ)

ဤညွှန်းကိန်းသည် LIFT မှ ပံ့ပိုးပေးသည့် MFI၊ သမဝါယမများ နှင့်/သို့ ဘဏ်များ တွင် အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ထားသည့် မိသားစုဝင် အနည်းဆုံး တစ်ဦးဦး ရှိသည့် အိမ်ထောင်စုများ ၏ အရေအတွက်အား တိုင်းတာပါသည်။ ငွေကြေးဆိုင်ရာ ဝေါဟာရများတွင် ယင်းအား “သက်ဝင် လှုပ်ရှားနေသည့် ဝန်ဆောင်မှုရယူသူ” ဟု ခေါ်ပါသည်။

FS-၁.၄ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး (ကန်ဒေါ်လာ)

ဤညွှန်းကိန်းသည် အသေးစား ငွေရေးကြေးရေး လုပ်ငန်း (သို့) ကုးသန်းရောင်းဝယ်ရေးဘဏ် (သို့) ရင်းနှီးမြှုပ်နှံသူများ (LIFT မှ ပံ့ပိုးပေးသည့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု စီမံချက်များမှ တဆင့် ပုဂ္ဂလိက ကဏ္ဍ ပူးတွဲ ငွေကြေးထောက်ပံ့ခြင်း) မှတဆင့် တိုက်ရိုက် (သို့) သွယ်ဝိုက်၍ ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှ အားဖြည့်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု ၏ တန်ဖိုးအား တိုင်းတာပါသည်။

**ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း – အိမ်ထောင်စု အဆင့်**

FH-၁ – လူမှုရေးအရ တာဝန်ယူမှု ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲမှု ရှိသော ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား အသုံးပြုမှု တိုးမြှင့်လာခြင်း

FH-၁.၁ LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ အသေးစား၊ အငယ်စားနှင့် အလယ်အလတ် ပမာဏရှိသည့် စီးပွားရေး လုပ်ငန်း ချေးငွေများအား ရယူနေသည့် ဝန်ဆောင်မှု အသုံးပြုသူ အရေအတွက်

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ စိုက်ပျိုးရေး၊ အငယ်စား စီးပွားရေး လုပ်ငန်း ( ကျပ် ၅၀၀,၀၀၀ အောက်)၊ အလယ်အလတ် စီးပွားရေးလုပ်ငန်း (ကျပ် ၅၀၀,၀၀၀ အထက်) ချေးငွေများ ရယူနေသည် ဝန်ဆောင်မှု အသုံးပြုသူ အရေအတွက်အား တိုင်းတာပါသည်။

FH-၁.၂ LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ ထုတ်ပေးခဲ့သည့် ချေးငွေ များ၏ စုစုပေါင်း တန်ဖိုး (ကန်ဒေါ်လာ)

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များမှ ထုတ်ပေးခဲ့သည့် ချေးငွေများ၏ စုစုပေါင်း တန်ဖိုး အား တိုင်းတာ ပါသည်။ အသေးစား ငွေရေးကြေးရေး လုပ်ငန်းတွင် LIFT ၏ စီမံကိန်း လုပ်ငန်း ထိုးဖောက်မှုမှာ မြန်မာနိုင်ငံတွင် အားလုံးပါဝင်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူအဖြစ် ပံ့ပိုးပေးမည့် အားလုံးပါဝင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရယူမှု တိုးချဲ့ရန် ဖြစ်ပါသည်။

FH-၁.၃ ချေးငွေပြန်လည်ပေးဆပ်ရမည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ပြန်လည် မပေးဆပ်နိုင်သည့် LIFT မှ ထောက်ပံ့ပေးသည့် MFI များနှင့် ဘဏ်များ၏ ဝန်ဆောင်မှု အသုံးပြု သူများ၏ ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် ရရန်ရှိချေးငွေ ဆုံးရှုံးနိုင်ချေ (Portfolio at Risk – PAR) ရှိသည့် ဝန်ဆောင်မှု အသုံးပြုသူများ၏ ရာခိုင်နှုန်းအား တိုင်းတာ ပါသည်။

FH-၁.၄ လွန်ခဲ့သည့် (၁၂)လအတွင်း လွန်စွာဆင်းရဲနွမ်းပါးသည့် အဆင့်/ ဆင်းရဲနွမ်းပါးသည့် အဆင့်သို့ နီးကပ်စွာ ရောက်ရှိနေသဖြင့် ရုန်းထွက်ရန် LIFT မှပံ့ပိုးပေးသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်ခံရရှိနေသည့် အိမ်ထောင်စု တစ်ခုချင်းစီ၏ ရာခိုင်နှုန်း

ဤ ညွှန်းကိန်းသည် LIFT ကျေးရွာများတွင် နိုင်ငံတကာ နှင့် ပြည်တွင်း ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အပေါ် အခြေခံ၍ ဆင်းရဲနွမ်းပါးသည် ဟု သတ်မှတ်သည့် အခြေအနေသို့ ဝင်ရောက်လာသည့် အိမ်ထောင်စုများနှင့် ယင်းအခြေအနေမှ လွတ်မြောက်သွားသည့် အိမ်ထောင်စုများ၏ အချိုးကို တိုင်းတာပါသည်။ အစီရင်ခံခြင်းအား ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ချေ အညွှန်း (PPI) ၏ တိုးမြှင့်ထားသည့် ပုံစံပေါ်တွင် အခြေခံမည် ဖြစ်ပါသည်။ ဤ ညွှန်းကိန်းသည် အသုံးစရိတ်များနှင့် ယခင်နှစ်များအတွင်း ဆင်းရဲနွမ်းပါးသည့် အခြေအနေ အား မှန်းဆ၍ ရသည့် အရေးပါ သော အစားအသောက် နှင့် အိမ်သုံးပစ္စည်း အမျိုးအမည် (၂၀) အား စားသောက်အသုံးပြုမှု အပါအဝင် အိမ်ထောင်စု ဝိသေသလက္ခဏာ အမျိုးမျိုး ပေါ်တွင် အခြေခံ ပါသည်။

FH-၂ အမျိုးသမီးများမှ ချေးငွေနှင့် စုဆောင်းငွေများအပေါ် ပိုမိုထိန်းချုပ်နိုင်လာခြင်း

FH-၂.၁ LIFT မှပံ့ပိုးပေးသည့် ချေးငွေနှင့် စုဆောင်းငွေများအပေါ် ညီတူညီမျှ (သို့) ပိုမို၍ထိန်းချုပ်နိုင်သည်ဟု အသိပေး အစီရင်ခံသည့် အမျိုးသမီးများ ရှိသော အိမ်ထောင်စုများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း

ဤညွှန်းကိန်း သည် WEAI အပေါ် မူတည်ပြီး LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု ဆိုင်ရာ ဝန်ဆောင်မှုများ နှင့် ဆက်နွယ်နေသည့် ချေးငွေနှင့် စုဆောင်းငွေတို့ ရယူခြင်း နှင့် အသုံးပြုခြင်း တို့တွင် အမျိုးသမီးများ ဆုံးဖြတ်ချက် ချနိုင်သည့် အခန်းကဏ္ဍ အား တိုင်းတာပါသည်။ ငွေစုခြင်း၊ ငွေချေးခြင်း ကိစ္စများ နှင့် ဆက်နွယ်နေသည့် ဆုံးဖြတ်ချက်ချမှတ်မှု အနည်းဆုံး တစ်ခုတွင် ပါဝင်ခဲ့ခြင်းအား လုံလောက်သည်ဟု စဉ်းစားသော်လည်း တန်းတူ ထိန်းချုပ်နိုင်ခွင့်နှင့် ပိုမို ထိန်းချုပ်နိုင်ခွင့် ရှိခြင်းဆိုသည်မှာ အမျိုးသမီးများအနေဖြင့် ဆုံးဖြတ်ချက်များ အားလုံး (သို့) အများစု တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်ဟု အစီရင်ခံမှသာ အကျုံးဝင်ပါသည်။

**စိုက်ပျိုးရေး၊ ဈေးကွက်များနှင့် စားနပ်ရိက္ခာ စနစ်များ**

AFMS မူဝါဒ အဆင့်–

AP-၁ ADS အကောင်အထည်ဖော်ရေး နှင့် MS-NPAN အတွက် စိုက်မွေးဆည် ဝန်ကြီးဌာန ၏ ပံ့ပိုးထည့်ဝင်မှု၊ အားလုံးပါဝင်သည့် တန်ဖိုးမြှင့် ကွင်းဆက်များ၊ အားလုံးပါဝင်သည့် အာဟာရ ဓာတ်ပေး သီးနှံ၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆိုင်ရာ အလေ့အကျင့်များ၊ အားလုံးပါဝင်သည့် ရာသီဥတုနှင့် သဟဇာတ ဖြစ်သည့် သီးနှံ၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆိုင်ရာ အလေ့အကျင့်များ၊ လုပ်ကွက်ငယ် တောင်သူများအတွက် မြေယာငှားရမ်းလုပ်ကိုင်ခွင့်ဆိုင်ရာ အာမခံချက် နှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့အား ကူညီပံ့ပိုးပေးသည့် အသစ်ဖြစ်သော နှင့်/သို့မဟုတ် ကျား-မရေးရာ အလေးထား တုံ့ပြန်သည့် ပြည်သူ့ရေးရာ မူဝါဒများ၊ စီမံကိန်းများ နှင့် ကုန်ကျစရိတ်များ

AP-၁.၁ LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး ဆိုင်ရာ အစိုးရကဏ္ဍ မူဝါဒများနှင့် စီမံကိန်း အပြောင်းအလဲများ၏ အရေအတွက်

ဤညွှန်းကိန်းသည် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ ရည်ရွယ်ဆောင်ရွက်ခဲ့သည့် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများ နှင့်/သို့ မူဝါဒဆိုင်ရာ /ဥပဒေရေးရာ/စီမံကိန်း လုပ်ငန်းများမှ ဖြစ်ပေါ်လာသည့် စိုက်ပျိုးရေး၊ မြေယာ စီမံအုပ်ချုပ်ရေး (သို့) သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့တွင် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒအသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ဥပဒေရေးရာ/စီမံကိန်း ရေးရာ စီမံကိန်းအသစ်များ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများ အတွက် သိသာထင်ရှားသည့် ပံ့ပိုးထည့်ဝင်မှုများအား တိုင်းတာပါသည်။ အဆိုပါ အသစ်/ပိုမိုကောင်းမွန်သည့် မူဝါဒများ





နှင့် စီမံကိန်းများ အားလုံးသည် သင့်လျော်သည့် ကဏ္ဍ များတွင် ကျား၊မရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်ခြင်း၊ အာဟာရ ဓာတ်ပေးခြင်း နှင့် ရာသီဥတုနှင့် သဟဇာတ ဖြစ်ခြင်းတို့ ပါဝင် ရမည် ဖြစ်ပါသည်။

AP-၁.၂ LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှုနှင့် မြေယာစီမံအုပ်ချုပ်ရေး ဆိုင်ရာ အစိုးရကဏ္ဍ ဘတ်ဂျက်ခွဲဝေမှု/အသုံးစရိတ် တို့တွင် အပြောင်းအလဲ များ၏ အရေအတွက်

ဤညွှန်းကိန်းသည် LIFT နှင့် ၎င်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းများ မှ ရည်ရွယ်ဆောင်ရွက်ခဲ့သည့် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများ နှင့် ကဏ္ဍအလိုက် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် စီမံကိန်း ရေးဆွဲခြင်းဆိုင်ရာ ကူညီပံ့ပိုးမှုမှ ဖြစ်ပေါ်လာသည့် စိုက်ပျိုးရေး၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု နှင့် မြေယာ စီမံအုပ်ချုပ်ရေး သိသာထင်ရှားသည့် ဘတ်ဂျက်ခွဲဝေမှုအသစ်များ နှင့် အသုံးစရိတ် များအား တိုင်းတာပါသည်။ အဆိုပါ ဘတ်ဂျက်ခွဲဝေမှုအသစ်များ နှင့် အသုံးစရိတ် အားလုံးသည် သင့်လျော်သည့် ကဏ္ဍ များတွင် ကျား၊မရေးရာ အလေးထား တုံ့ပြန်ဆောင်ရွက်ခြင်း၊ အာဟာရ ဓာတ်ပေးခြင်း နှင့် ရာသီဥတုနှင့် သဟဇာတ ဖြစ်ခြင်းတို့ ပါဝင်ရမည် ဖြစ်ပါသည်။

AP-၁.၃ LIFT ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး ၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု နှင့် မြေယာ စီမံအုပ်ချုပ်ရေး ဆိုင်ရာ မူဝါဒ အထောက်အကူပြု လှုပ်ရှားဆောင်ရွက်မှု များ၏ အရေအတွက်

ဤညွှန်းကိန်းသည် စိုက်ပျိုးရေး၊ မြေယာ စီမံအုပ်ချုပ်ရေး (သို့) သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့တွင် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ၊ မူဝါဒအသစ်များ၊ ဥပဒေ ပြင်ဆင်မှုများ၊ ဥပဒေသစ်များ (သို့) နည်းဥပဒေများ နှင့် ဥပဒေရေးရာ/စီမံကိန်း ရေးရာ စီမံကိန်းသစ်များ (သို့) စီမံကိန်း ပြန်လည်ပြင်ဆင်မှုများအား မြှင့်တင်ရန်/စည်းရုံးလှုံ့ဆော်ရန်အတွက် သတင်းအချက်အလက်နှင့် အထောက်အထားများ ပံ့ပိုးပေးရန် LIFT နှင့် LIFT ၏ IP များ မှ စီစဉ်ဆောင်ရွက်ခဲ့သည့် မူဝါဒ အထောက်အကူပြု လှုပ်ရှားဆောင်ရွက်မှုများ၏ အရေအတွက်အား တိုင်းတာပါသည်။

AP-၁.၄ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည့် LIFT မှ ထောက်ပံ့ပေးခဲ့သော စိုက်ပျိုးရေးဆိုင်ရာ မူဝါဒ အထောက် အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်

ဤညွှန်းကိန်းသည် LIFT ၏ IP များ မှ အရေးပါသည့် မူဝါဒ ချမှတ်သူများထံ ပေးပို့ခဲ့သည် စိုက်ပျိုးရေး၊ မြေယာ စီမံ အုပ်ချုပ်ရေး (သို့) သဘာဝ သယံဇာတ စီမံခန့်ခွဲမှု ဆိုင်ရာ မူဝါဒ အထောက်အကူပြု ထုတ်ဝေမှုများ၏ အရေအတွက်အား တိုင်းတာပါသည်။ အဆိုပါ အသစ်/ ပိုမို ကောင်းမွန်သည့် မူဝါဒများ နှင့် စီမံကိန်းများ အားလုံးသည် သင့်လျော်သည့် ကဏ္ဍ များတွင် ကျား-မရေးရာ အလေးထား တုံ့ပြန် ဆောင်ရွက် ခြင်းနှင့် ရာသီဥတုနှင့် သဟဇာတ ဖြစ် ခြင်းတို့ ပါဝင် ရမည် ဖြစ်ပါသည်။

**AFMS စနစ်များ အဆင့်**

AS-၁ အားလုံးပါဝင်သော ရာသီဥတု နှင့် သဟဇာတ ဖြစ်သည့် အာဟာရ ဓာတ်ပေး စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက် လှုပ်ရှား ဆောင်ရွက်သူများ

AS-၁.၁ LIFT မှ ထောက်ပံ့ပေးသည့် အားလုံးပါဝင်သည့်၊ ရာသီဥတု နှင့် သဟဇာတဖြစ်သည့်၊ အာဟာရ ဓာတ်ပေး စိုက်ပျိုး ထုတ်လုပ်မှုကို မြှင့်တင်ပေးသည့် တန်ဖိုးမြှင့်ကွင်းဆက် ဝန်ဆောင်မှု ပေးသူ (အစိုးရ၊ ပုဂ္ဂလိက၊ CSO) များ၏ အရေအတွက်

ဤညွှန်းကိန်းသည် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးမြှင့် ကွင်းဆက်လုပ်ငန်းများတွင် ကျေးလက်အိမ်ထောင်စုများအား ပံ့ပိုးကူညီပေးလျက်သည့် LIFT မှ ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုပေးသူများ၏ အရေအတွက်အား တိုင်းတာပါသည်။ တန်ဖိုးမြှင့်ကွင်းဆက် ဝန်ဆောင်မှုပေးသူများအနေဖြင့် သွင်းအားစုများ နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ၊ နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ဈေးကွက် ဖော်ဆောင်ခြင်း၊ တောင်သူ အဖွဲ့အစည်းဆိုင်ရာ ကူညီပံ့ပိုးပေးမှု၊ ဈေးကွက်တင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ စက်မှုလယ်ယာ ကဏ္ဍ အစရှိသဖြင့်တို့ ပံ့ပိုးပေးနိုင်ပါသည်။ ယင်းတို့သည် အစိုးရ အဖွဲ့အစည်းများ၊ NGO/CSO များ သို့ ပုဂ္ဂလိက ကဏ္ဍမှ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိတ်ဖက်ပြုမှုများ (သို့) ကုမ္ပဏီများ ဖြစ်နိုင်ပါသည်။ ဝန်ဆောင်မှုများသည် သင့်လျော်သည့် ကဏ္ဍ များတွင် အားလုံးပါဝင်စေခြင်း ကျား၊မရေးရာ အလေးထား တုံ့ပြန် ဆောင်ရွက် ခြင်းနှင့် ရာသီဥတုနှင့် သဟဇာတ ဖြစ်ခြင်း တို့ပါဝင်ရမည် ဖြစ်ပါသည်။

AS-၁.၂ စီးပွားရေးတိုးတက်ကြောင်း အသိပေးအစီရင်ခံသည့် LIFT မှ ထောက်ပံ့ပေးထားသော သွင်းအားစု/ ဝန်ဆောင်မှု ပေးသူများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤညွှန်းကိန်း သည် LIFT မှ ထောက်ပံ့ပေးထားသည့် သွင်းအားစု/ဝန်ဆောင်မှုပေးသူများ၏ စီးပွားရေး ဖွံ့ဖြိုးမှုများအား တိုင်းတာပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အား နည်းလမ်းပေါင်းများစွာနှင့် တိုင်းတာ/ဖော်ထုတ် သတ်မှတ်နိုင်သော်လည်း ဤညွှန်းကိန်းသည် ဖွံ့ဖြိုးမှုအား အလျင်အမြန် တိုင်းတာပြီး ဝန်ဆောင်မှုပေးသူများမှ ဝန်ဆောင်မှုများ (သို့) သွင်းအားစုများ ရရှိခဲ့သည့် ဦးရေ အား အစီရင်ခံသည့် ရိုးရှင်းသည့် နည်းလမ်း ပေါ်တွင် အခြေခံပါသည်။ (ထို့ပြင် ဤညွှန်းကိန်းသည် အောက်ဖော်ပြပါ ညွှန်းကိန်း A.S – ၁.၃ အတွက် တွက်ချက်မှုများနှင့်လည်း ကောင်းစွာ ကိုက်ညီပါသည်။)

AS-၁.၃ LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှု များမှ ရောက်ရှိခဲ့သူများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤညွှန်းကိန်းသည် LIFT မှ ထောက်ပံ့ပေးသည့် IP ၏ စီမံကိန်း ဆောင်ရွက်ချက် များမှ တဆင့် ပေးအပ်သည့် စိုက်ပျိုးရေး အကြံပေး ဝန်ဆောင်မှု များမှ ရောက်ရှိခဲ့သူများ၏ စုစည်းလာသည့် အရေအတွက် အား တိုင်းတာပါသည်။ ဆက်နွယ်နေသည့် စိုက်ပျိုးရေး အကြံပေးမှု ရရှိခြင်း မရှိပါက သွင်းအားစုများသက်သက် (ဥပမာ ဓာတ်မြေဩဇာ အိတ်များ) ပေးသွင်းသူများအား ထည့်သွင်းခြင်းမရှိပါ။ စိုက်ပျိုးရေး အကြံပေးခြင်းအား အား ကျေးရွာ များရှိ တိုက်ရိုက် တိုးချဲ့အကြံပေး ဝန်ဆောင်မှု ရရှိခဲ့သူများ ( တောင်သူတစ်ဦးချင်း (သို့) အုပ်စုများ အတွက်)၊ သင်တန်း များ ( ကျေးရွာ၊ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ် အဆင့်၊ သင်တန်းခန်းမ စသဖြင့်)၊ တောင်သူ သင်တန်းကျောင်းများ၊ သင်တန်းဆင်းရွာသားများမှ ပို့ချပေးသည့် သင်တန်း (ဆရာဖြစ်သင်တန်းဆင်းဖြင့် ပို့ချသည့် သင်တန်း ချဉ်းကပ်နည်းလမ်း) တို့အပါအဝင် နည်းလမ်း အများအပြား နှင့် ပေးအပ်နိုင်ပါသည်။

AS-၁.၄ LIFT ၏ ထောက်ပံ့မှုဖြင့် အားနည်းထိခိုက်လွယ်သူများ အတွက် ဖန်တီးပေးခဲ့သည့် တန်ဖိုးမြှင့်ကွင်းဆက် နှင့် ဆိုင်သည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် များ၏ အရေအတွက်

ဤညွှန်းကိန်းသည် LIFT ၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့် ပြုလုပ်သည့် စီမံကိန်း ဆောင်ရွက်ချက်များမှ ပံ့ပိုးပေးခဲ့သည့် စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက်များ အတွင်းတွင် ဖန်တီးပေးနိုင်ခဲ့သည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် အရေအတွက်အား တိုင်းတာပါသည်။ သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်ဆိုသည်

မှာ ‘…ကောင်းမွန်သည့် လုပ်ခ နှင့် လုပ်ငန်းခွင် အခြေအနေများ လွတ်လပ်စွာ သင်းပင်း ဖွဲ့နိုင်ခွင့်ရှိပြီး စုပေါင်းညှိနှိုင်းနိုင်သည့် အခွင့်အရေး ပေးအပ်နိုင်ပြီး၊ အဓမ္မစေခိုင်းခြင်း နှင့် ကလေးလုပ်သား ခိုင်းစေခြင်း (သို့) အလုပ်အကိုင် နှင့် ရာထူးနေရာ ဆိုင်ရာ ခွဲခြားဆက်ဆံမှု တို့အား လုပ်ခွင့်မပေးသည့် အလုပ်’ ဖြစ်ပါသည်။ (LIFT မဟာဗျူဟာ ၂၀၁၉-၂၀၂၃။ စာ ၃၂)

**AFMS အိမ်ထောင်စုအဆင့်**

AH-၁ ရေရှည်တည်တံ့သည့် အာဟာရ ဖောင်းပေး စိုက်ပျိုးရေး အား စီးပွားဖြစ် လုပ်ကိုင်ခြင်း နှင့်/(သို့) အမျိုးမျိုးအား လုပ်ကိုင်ခြင်း တို့မှတဆင့် ကုန်ထုတ်လုပ်မှု၊ ဝင်ငွေ နှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးမြင့်လာခြင်း

AH-၁.၁ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)၊ သွင်းအားစုများနှင့် နည်းပညာများ(စက်မှုလယ်ယာ အပါအဝင်) အသုံးပြုသည့် LIFT မှ ထောက်ပံ့ပေးသော အကြံပေး ဝန်ဆောင်မှုများ ရောက်ရှိခဲ့သည့်သူများ၏ ရာခိုင်နှုန်း/အရေအတွက်

ဤ ညွှန်းကိန်းသည် စိုက်ပျိုးရေး အကြံပေးဝန်ဆောင်မှုများ ရောက်ရှိခဲ့သူများ နှင့် GAP ၊ သွင်းအားစုများ၊ ပိုမိုကောင်းမွန်သည့် နည်းပညာများ၊ စက်မှုလယ်ယာ စသဖြင့် တိုးချဲ့အကြံပေးခဲ့သည့် ပိုမိုကောင်းမွန်သည့် နည်းပညာများ ကျင့်သုံးသူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်းအား တိုင်းတာပါသည်။ စိုက်ပျိုးရေး တွင် သီးနှံများ (စီးပွားဖြစ် သီးနှံစိုက်ပျိုးခြင်း နှင့် ဝမ်းစာ/ရိက္ခာ သီးနှံ) စိုက်ပျိုးခြင်း၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းများ ပါဝင်ပါသည်။

AH-၁.၂ LIFT ဧရိယာများအတွင်းမှ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့ အကျင့်များ ကျင့်သုံး သည့် စိုက်ပျိုးမြေ ဧရိယာ

ဤညွှန်းကိန်းသည် အကြံပေး/တိုးချဲ့ပညာပေး ဝန်ဆောင်မှုများ မှ တဆင့် GAP မြှင့်တင်ပေးသည့် LIFT ၏ IP များ မှ ကူညီပံ့ပိုးပေးခဲ့သည့် တောင်သူများ GAP စနစ် ကျင့်သုံးသည့် မြေဧရိယာဧကများ အား တိုင်းတာပါသည်။ ယင်းတွင် GAP အသိအမှတ်ပြု အစီအစဉ် မှ အသိအမှတ်ပြု လက်မှတ်ရှိထားရန် (သို့) ဤသို့သော အစီအစဉ်အောက်တွင် ထုတ်လုပ်သူများ (သို့) ၎င်းတို့၏ စိုက်ပျိုးထုတ်ကုန်များအား အသိအမှတ်ပြု ထားရန် မလိုအပ်ပါ။

AH-၁.၃ LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေးဆိုင်ရာ အကြံပေး ဝန်ဆောင်မှုများ ရရှိသည့် အိမ်ထောင်စုများမှ စားသုံးခဲ့သည့် (သို့) ရောင်းချခဲ့သည့် လယ်ယာ ထုတ်ကုန်များ၏ ပျမ်းမျှ ခန့်မှန်း တန်ဖိုး

ဤညွှန်းကိန်း သည် LIFT မှ ထောက်ပံ့ပေးသည့် စိုက်ပျိုးရေးဆိုင်ရာ အကြံပေး ဝန်ဆောင်မှုများမှ ရောက်ရှိခဲ့သည့် အိမ်ထောင်စုများ၏ နှစ်စဉ် လယ်ယာထုတ်ကုန် ပျမ်းမျှ တန်ဖိုး (မြန်မာကျပ်ငွေဖြင့်) အား တိုင်းတာပါသည်။ ယင်းတွင် အိမ်ထောင်စုမှ ရောင်းချခဲ့သည့်၊ စားသုံးခဲ့သည့်၊ လက်ဆောင်အဖြစ် ပေးခဲ့သည့်၊ ကုန်သွယ်ခဲ့သည့်၊ မျှဝေခဲ့သည့် (သို့) အကြွေးဆပ်ရန် အသုံးပြုခဲ့သည့် လယ်ယာ ထုတ်ကုန် တန်ဖိုး စုစုပေါင်း ပါဝင်ပါသည်။

AH-၁.၄ စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ထောက်ပံ့ပေးသည့် တောင်သူများ၏ အရေအတွက်/ရာခိုင်နှုန်း

ဤညွှန်းကိန်း သည် LIFT ၏ မဟာဗျူဟာသစ် (၂၀၁၉) ခုနှစ် စတင်သည့်အချိန်ကတည်းက စိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးခဲ့ကြောင်း အစီရင်ခံခဲ့သည့် LIFT မှ ထောက်ပံ့ပေးသည့် တောင်သူများ၏ အရေအတွက်အား တိုင်းတာပါသည်။
AH-၂- လယ်ယာထုတ်ကုန်နှင့် ဆက်စပ် ဝင်ငွေ တို့အပေါ် အမျိုးသမီးများ ထိန်းချုပ်မှု နှင့် ဆုံးဖြတ်ချက်ချနိုင်မှု တိုးမြင့်လာခြင်း

AH-၂.၁ လယ်ယာထုတ်ကုန်နှင့် ဆက်စပ်ဝင်ငွေ တို့တွင် တူညီသည့် (သို့) ပိုမိုများပြားသည့် လက်လှမ်းမီမှု၊ ထိန်းချုပ်မှု ရလာခဲ့သည်ဟု အစီရင်ခံသည့် LIFT မှ ထောက်ပံ့ပေးသည့် အိမ်ထောင်စုများမှ အမျိုးသမီးများ အရေအတွက်/ရာခိုင်နှုန်း

ဤညွှန်းကိန်းသည် မဟာဗျူဟာ အသစ် (၂၀၁၉) စတင်သည့် အချိန်မှစ၍ လယ်ယာထုတ်ကုန်နှင့် ဆက်စပ်ဝင်ငွေ တို့တွင် တူညီသည့် (သို့) ပိုမိုများပြားသည့် လက်လှမ်းမီမှု၊ ထိန်းချုပ်မှု ရလာခဲ့သည်ဟု အစီရင်ခံသည့် LIFT မှ ထောက်ပံ့ပေးသည့် အိမ်ထောင်စုများမှ အမျိုးသမီးများ၏ အရေအတွက် အား တိုင်းတာပါသည်။

**သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သား ရွှေ့လျားသွားလာနေထိုင်မှု**

DP-၁ အလုပ်သမား အခွင့်အရေး နှင့် လူမှု ကာကွယ်စောင့်ရှောက်ရေး (ဥပမာ စီ-၁၈၉၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေ၊ လူမှုကာကွယ် စောင့်ရှောက်ရေး ဥပဒေ တို့အား အတည်ပြုရန်)၊ လုပ်သား ရွှေ့လျားသွားလာ နေထိုင်မှု ဆိုင်ရာ စီမံအုပ်ချုပ်ရေး (ဥပမာ ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေ၊ လုပ်သားရွှေ့ပြောင်းသွားလာ လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်းစီမံချက်)၊ အဓမ္မ အလုပ်ခိုင်းစေခြင်း၊ ကလေး အလုပ်သမားနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး (ဥပမာ အဓမ္မ အလုပ်ခိုင်းစေခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်၊ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ)၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး (ဥပမာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းပညာ နှင့် သက်မွေးပညာနှင့် လေ့ကျင့်ရေး ပညာရပ် ဥပဒေ၊ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံနှုန်းများ) တို့နှင့် စပ်လျဉ်းသည် အသစ် နှင့်/သို့မဟုတ် ပိုမို ကောင်းမွန်သည့် ကျားမရေးရာ အလေးထား တုံ့ပြန်သည့် ပြည်သူ့ရေးရာ ကဏ္ဍ၊ မူဝါဒများ၊ စီမံကိန်းများနှင့် အသုံးစရိတ်များ

DP-၁.၁ LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမားနှင့် ဆက်နွယ်နေသည့် ပြည်သူရေးရာ မူဝါဒ များနှင့် စီမံကိန်းများတွင် ပြောင်းလဲမှုများ၏ အရေအတွက်

ဤညွှန်းကိန်း သည် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ၏ စီမံကိန်းများ အကောင်အထည် ဖော်ရေး တို့အတွက် ကူညီပံ့ပိုးပေးရန် LIFT ၏ ဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသည့် အပြောင်းအလဲများအား တိုင်းတာပါသည်။ “အပြောင်း အလဲများ” ၏ အတိုင်းအတာတွင် မူဝါဒ နှင့် စီမံကိန်း အသစ်များ ချမှတ်ကျင့်သုံးခြင်း၊ ရှိဆဲ မူဝါဒများနှင့် အစီအစဉ်များတွင် ပါဝင်သည့် အကြောင်းအရာနှင့် ချဉ်းကပ်မှုနည်းလမ်းများ ပြောင်းလဲခြင်း နှင့် မူဝါဒများနှင့် စီမံကိန်းများ ရေးဆွဲဖော်ဆောင်ခြင်း လုပ်ငန်းစဉ်အတွင်း အပြောင်းအလဲများ (ဥပမာ လူမှုရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ လုပ်ငန်းအဖွဲ့များ နှင့် ကော်မတီများ ဖွဲ့စည်း တည်ထောင်ခြင်း စသဖြင့်) တို့ ပါဝင် ပါသည်။

DP-၁.၂ အစိုးရကဏ္ဍ အလုပ်သမား ဆိုင်ရာ ဘတ်ဂျက် ခွဲဝေချထားခြင်း/ အသုံးစရိတ် တို့တွင် LIFT မှ ကူညီပံ့ပိုးပေးခဲ့သည့် ပြောင်းလဲမှု အရေအတွက်

ဤညွှန်းကိန်းသည် အစိုးရကဏ္ဍ အလုပ်သမားဆိုင်ရာ ဘတ်ဂျက် ခွဲဝေချထားခြင်း (သို့) အသုံးစရိတ် များတွင် LIFT မှ ကူညီပံ့ပိုးပေးခဲ့သည့် ပြောင်းလဲမှု အရေအတွက်





အား တိုင်းတာပါသည်။ ယင်း၏ ရည်ရွယ်ချက် မှာ အစိုးရကဏ္ဍ နှင့် အစိုးရ မဟုတ်သည့် လှုပ်ရှားဆောင်ရွက်သူများ ၏ အစိုးရ ဘတ်ဂျက် ခွဲဝေချထားခြင်းများနှင့် အသုံးစရိတ် များ အား တိုးမြှင့်ခြင်း (သို့) ပိုမိုကောင်းမွန်သည့် ရည်မှန်းချက် များ ချမှတ်ရာတွင် LIFT မှ ကူညီပံ့ပိုးပေးထားခြင်း ရှိမရှိ သတ်မှတ်ဖော်ထုတ်ရန် ဖြစ်ပါသည်။ ယင်းတွင် အစိုးရ ဘတ်ဂျက်တွင်း အပြောင်းအလဲများအပြင် ရှိဆဲ ငွေကြေးဆိုင်ရာရင်းမြစ်များအား ပိုမို ထိရောက်စွာ အသုံးပြုခြင်းတို့ ပါဝင် ပါသည်။

DP-၁.၃ LIFT ၏ အထောက်အပံ့ဖြင့် ကျင်းပခဲ့သည့် အလုပ်သမားရေးရာနှင့် ဆိုင်သည့် မူဝါဒ အထောက်အကူပြု လှုပ်ရှားဆောင်ရွက်မှုများ အရေအတွက်

ဤညွှန်းကိန်းသည် LIFT (သို့) ယင်း၏ IP များ မှ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍ သော်လည်းကောင်း ထောက်ပံ့ပေးခဲ့သည့် အလုပ်သမားရေးရာနှင့် ဆိုင်သည့် မူဝါဒ အထောက်အကူပြု ဆွေးနွေးပွဲများ၏ အရေအတွက် အား တိုင်းတာပါသည်။ ယင်းတွင် မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေး (သို့) အကောင်အထည် ဖော်ခြင်း တို့အား ကူညီပံ့ပိုး ရန် သီးသန့်ရည်ရွယ်ချက်ရှိသည့် လှုပ်ရှား ဆောင်ရွက်မှုများ အားလုံး ပါဝင်ပါသည်။ “လှုပ်ရှားဆောင်ရွက်မှုများ ” ဟူသည့် ဝေါဟာရအား ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပါယ်ဖွင့်ပြီး ယင်းတွင် မူဝါဒ လုပ်ငန်းစဉ်များအား လွှမ်းမိုးရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲများ ၊ တိုင်ပင်ဆွေးနွေး မှုများ၊ အများပြည်သူ ပါဝင်သည့် စည်းရုံး လှုံ့ဆော်မှုများ၊ အစီအစဉ် စတင်သည့် အခမ်းအနားများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲ ဖိုရမ်များ၊ ကွင်းဆင်းခရီးများ (သို့) အားပေး ထောက်ခံသည့် အခမ်းအနား များ ပါဝင် ပါသည်။

DP-၁.၄ အဓိကမူဝါဒ ချမှတ်သူများထံ ပေးအပ်ခဲ့သည့် LIFT မှ ပံ့ပိုးပေးသည့် အလုပ်သမား ရေးရာနှင့် ဆက်နွယ်နေသည့် မူဝါဒ အထောက် အကူပြု သည့် ထုတ်ဝေမှုများ၏ အရေအတွက်

ဤ ညွှန်းကိန်းသည် မူဝါဒ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သတင်းပေးရန် အတွက် LIFT FMO အပြင်၊ LIFT မှ ထောက်ပံ့ပေးသည့် IP များနှင့် အစီအစဉ်များမှ ဖြန့်ဝေခဲ့သည့် ထုတ်ဝေမှုများ၏ အရေအတွက်အားတိုင်းတာပါသည်။ ဤ ညွှန်းကိန်း၏ ရည်ရွယ်ချက်များအတွက် “ထုတ်ဝေမှု” ဆိုသည်မှာ မူဝါဒနှင့်ဆိုင်သည့် အကြောင်းအရာပါဝင်ပြီး ပြင်ပမှ စာဖတ်သူ ပရိသတ်များထံ ရောက်ရှိရန် စာဖြင့် ရေးသား ထုတ်ဝေထားသည့် စာပေများ ဟု သတ်မှတ်ပါသည်။ ယင်းတို့တွင် ဗီဒီယို (သို့) လူမှုကွန်ရက်မှ ဆက်သွယ် ဆောင်ရွက်မှုများ (သို့) အဖွဲ့အစည်း အတွင်း ၌ သာ သက်ဆိုင်သည့် စီမံချက် စီမံခန့်ခွဲမှုဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ မပါဝင်ပါ။

**DWLM စနစ်များအဆင့်**

DS-၁ သင့်တင့်လျောက်ပတ်သောအလုပ်အကိုင် (လုပ်ခလစာကွာခြားမှုအား လျှော့ချခြင်းအပါအဝင်) အတွက် ကူညီပံ့ပိုးပေးရန် ပတ်သက်ဆက်နွယ်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ လုပ်သား ရွှေ့ပြောင်းသွားလာမှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ခြင်း။

DS-၁.၁ လုပ်သားဆိုင်ရာ နှင့် လူမှု ကာကွယ်စောင့်ရှောက်ခြင်း၊ ဘေးကင်း လုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးတို့တွင် LIFT ၏ ထောက်ပံ့မှုဖြင့် လေ့ကျင့်သင်ကြားပေးခဲ့သည့် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက်လူမှု အဖွဲ့အစည်း၊ အလုပ်သမား အဖွဲ့အစည်းများ နှင့် မီဒီယာ တို့မှ ကိုယ်စားလှယ်များ၏ အရေအတွက်

ဤ ညွှန်းကိန်း သည် LIFT ၏ အထောက်အပံ့နှင့် ပို့ချသည့် သင်တန်းများတွင် ပါဝင်တက်ရောက်ခဲ့သည့် ပတ်သက်ဆက်နွယ်သူ ကိုယ်စား လှယ်များ၏ အရေအတွက်ကို တိုင်းတာပါသည်။ သင်တန်းအကြောင်းအရာအား ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားပြီး အလုပ်သမားနှင့် လူမှု စောင့်ရှောက်ရေး (လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းနှင့် ကျားမအခြေပြု အကြမ်းဖက်မှုအပါအဝင်)၊ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာနေထိုင်မှု၊ လူကုန်ကူးမှု တားဆီးရေး၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှု နှင့် အခြား ခေါင်းစဉ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာ များ အပါအဝင် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှု နှင့် ဆိုင်ရာ ကိစ္စရပ်များ အားလုံး ပါဝင်ပါသည်။ သင်တန်းများတွင် အဆိုပါ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ လှုပ်ရှား ဆောင်ရွက်သူ များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးမည့် အရေးပါသည့် သင်တန်းများ (ဥပမာအားဖြင့် စီမံချက် စီမံခန့်ခွဲမှု၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း ဆိုင်ရာ သင်တန်းစသဖြင့်) လည်း ပါဝင်ပါသည်။

DS-၁.၃ အလုပ်သမားများ၏ နစ်နာမှုများကို ပြန်လည်ကုစားခြင်းနှင့် နစ်နာကြေး တောင်းခံမှုများအား ဖြည့်ဆည်းပေးခြင်း တို့အတွက် ချီးမြှင့်သည့် ငွေပမာဏ

ဤ ညွှန်းကိန်းသည် အလုပ်သမား အခွင့်အရေးနှင့် လူကုန်ကူးမှုဆိုင်ရာ တိုင်တန်းသည့် ဖြစ်ရပ်များတွင် အလုပ်သမားများအတွက် ပေးအပ်သည့် ငွေကြေးပမာဏကို ခြေရာကောက်ပါသည်။ တိုင်တန်းမှုများ ၏ အကြောင်းအရာ ကို ကန့်သတ်ထားခြင်းမရှိဘဲ LIFT မှ ထောက်ပံ့ပေးသည့် ဥပဒေရေးရာ ဝန်ဆောင်မှုပေးသူများထံမှ အကူအညီတောင်းခံခဲ့သည့် ကိစ္စရပ်များအားလုံး ပါဝင်ပါသည်။ ယင်းတို့တွင် အလုပ်အကိုင် ခန့်ထားခြင်း၊ လုပ်ခများနှင့် လုပ်ငန်းခွင် အခြေအနေများ၊ အလုပ်မှ ရပ်ဆိုင်းခြင်း၊ လုပ်ငန်းခွင် မတော်တဆဖြစ်မှုများ၊ လူမှု ဖူလုံရေး အကျိုး ခံစားခွင့် တောင်းခံမှုများ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ နိုင်ငံရပ်ခြားတွင် ရှိနေစဉ် သေဆုံးခြင်းနှင့် အခြား ကိစ္စရပ်များ ပါဝင်ပါသည်။

**သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းသွားလာမှု – အိမ်ထောင်စုအဆင့်**

DH-၁: အမျိုးသမီး၊ အမျိုးသား ရွှေ့ပြောင်းလုပ်သားများနှင့် အခြားထိခိုက်လွယ်သော အလုပ်သမားများအတွက် သတင်း အချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား လက်လှမ်းမှီရယူနိုင်မှု တိုးပွားလာခြင်း

DH-၁.၁ LIFT မှပံ့ပိုးပေးသည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သင်တန်းအား အောင်မြင်စွာ တက်ရောက်ပြီးခဲ့သူများ၏ အရေအတွက်

ဤညွှန်းကိန်းသည် လယ်ယာပြင်ပ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းများ ရောက်ရှိခဲ့သူများ၏ စုစုပေါင်းအရေအတွက်ကို တိုင်းတာ ပါသည်။ ယင်းတွင် အလုပ်အကိုင်ရရှိမှု တိုးမြင့်စေရန် ရည်ရွယ်ပို့ချပေးသည့် အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်ရာ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ၊ လုပ်ငန်း/စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သင်တန်းများ နှင့် ဘဝတွက်တာ/အသက်မွေးမှု ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ အပြင် အခြားကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများပါဝင်ပါသည်။ သင်တန်းကာလအား အနည်းဆုံး (သို့) အများဆုံး မည်မျှ ကြာမြင့်ရမည်ဟု သတ်မှတ်ထားခြင်း လုံးဝမရှိပါ။

DH-၁.၂ LIFT မှ ပံ့ပိုးပေးသည့် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့်/သို့ ငွေကြေးဆိုင်ရာအသိပညာ တို့နှင့် ဆိုင်သည့် သတင်းအချက်အလက်များ၊ သင်တန်း နှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား ပေးအပ်ခဲ့သည် ရွှေ့ပြောင်းလုပ်သားများနှင့် မိသားစုဝင်များ၏ အရေအတွက်

ဤဉ္စွန်းကိန်း မှ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း (သို့) ငွေကြေးဆိုင်ရာ အသိပညာတို့နှင့် ဆိုင်သည့် သတင်းအချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည် ရွှေ့ပြောင်းလုပ်သားများနှင့် မိသားစုဝင်များ၏ အရေအတွက်အား မှတ်သား ပါသည်။ ယင်းတွင် ကွင်းဆင်းဆောင်ရွက်မှု၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ဥပဒေရေးရာ အကူအညီ၊ ပညာရေး၊ သင်တန်း၊ ကွန်ရက်ချိတ်ဆက်ခြင်း နှင့် စီစဉ်ဆောင်ရွက်ခြင်း ဆိုင်ရာ ဝန်ဆောင်မှုများအပါအဝင် ဝန်ဆောင်မှု အမျိုးအစား များစွာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပါသည်။ သို့ရာတွင် ယင်း တို့တွင် တစ်ဦးချင်းအလိုက် ပူးပေါင်းဆောင်ရွက်မှုအတွက် ပံ့ပိုးပေးခြင်းမရှိသည့် မီဒီယာ လမ်းကြောင်းများမှ တဆင့် ဆက်သွယ် ဆောင်ရွက်မှု များ မပါဝင်ပါ။

DH–၁.၃ LIFT မှပံ့ပိုးပေးသည့် နားခိုရန် ရိပ်သာ နှင့်/ သို့အကူအညီပေးသည့် ဝန်ဆောင်မှုများ ပေးအပ်ခဲ့သည့် လူကုန်ကူးမှုမှ လွတ်မြောက်၍ ရုန်းကန် ကြိုးပမ်း ရှင်သန်နေရသူများ၏ အရေအတွက်

ဤဉ္စွန်းကိန်းသည် လူကုန်ကူးခံရသူများအား တွေ့ရှိပြီးနောက် ဘေးကင်းသည့် နားခိုရာနှင့် ဝန်ဆောင်မှုများ ရရှိခဲ့သည့် အရေအတွက်အား တိုင်းတာပါသည်။ လူကုန်ကူးခံရပြီးနောက် ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများတွင် လူကုန်ကူးခံရပြီးနောက် ကြိုးပမ်း ရှင်သန်နေရသူများ အနေဖြင့် မိမိကိုယ်ကို ပြန်လည် ထူထောင်ရန်နှင့် ဝန်ဆောင်မှုများ အကူအညီဖြင့် ပြန်လည်ထူထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် ပံ့ပိုးပေးခဲ့သည့် ဝန်ဆောင်မှုများ အားလုံး ပါဝင်သည်ဟု ယူဆနိုင်ပါသည်။ ဥပမာ များတွင် ယာယီ နားခိုရာ ဂေဟာ၊ စိတ်ဒဏ်ရာ အခြေအနေအသိပေး၍ နှစ်သိမ့် ဆွေးနွေးပေးခြင်း၊ လူမှု စိတ်ပညာ ပံ့ပိုးမှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ ဥပဒေရေးရာ အကူအညီ၊ မှတ်တမ်းမှတ်ရာ ပြုစုရေးသားပေးခြင်းနှင့် အခြား ဆက်နွယ်နေသည့် ဝန်ဆောင်မှုများ ပါဝင်ပါသည်။

DH ၂ အထူးသဖြင့် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း ခံနိုင်ရခြေ အန္တရာယ် မြင့်မားသည့် အလုပ်သမားများအတွက် သင့်တင့် လျောက်ပတ်သည့် အလုပ်အကိုင်ဆိုင်ရာ တိုးချဲ့ခဲ့သည့် အခွင့်အလမ်းများ

DH–၂.၁ LIFT မှ ပံ့ပိုးပေးသည့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းထူထောင်သည့်သူများ (လူကုန်ကူးခံရခြင်းမှ လွတ်မြောက်ပြီး ကြိုးပမ်း ရှင်သန်နေသူ များအပါအဝင်) အတွက် သင်တန်းပြီးဆုံးသည်အထိ အောင်မြင်စွာ တက်ရောက်ခဲ့သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း

ဤ ဉ္စွန်းကိန်းသည် ၎င်းတို့ကိုယ်ပိုင် အသေးစား (သို့) အလတ်စား လုပ်ငန်း ထူထောင်သည့်သူများအတွက် သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ခဲ့သူများ (DH–၁.၁) အရေအတွက် ကို တိုင်းတာပါသည်။ ထိုလုပ်ငန်းများသည် မည်သည့် စီးပွားရေး ကဏ္ဍမှ မဆို (စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း (သို့) ဝန်ဆောင်မှုများ အပါအဝင်) ဖြစ်နိုင်ပါသည်။ သို့သော်လည်း တပိုင်တနိုင် စိုက်ပျိုးမွေးမြူခြင်းနှင့် ငါးဖမ်းခြင်းတို့ မပါဝင်ပါ။

DH–၂.၂ LIFT မှ ပံ့ပိုးပေးသည့် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ပြီးနောက် (၆)လ အတွင်း အလုပ်ခန့်ထားခြင်း ခံရသော သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း

ဤဉ္စွန်းကိန်းသည် LIFT မှ ပံ့ပိုးပေးသည့် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းအား ပြီးဆုံးအောင် တက်ရောက်ပြီးနောက် (၆)လ အတွင်း အလုပ်ခန့်ထားခြင်း ခံရသော သူများ၏ အရေအတွက် DH –၁.၁ အား တိုင်းတာပါသည်။ အလုပ်အကိုင်ခန့်ထားခြင်းအား မည်သည့် စီးပွားရေး ကဏ္ဍ(စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း (သို့) ဝန်ဆောင်မှုများ အပါအဝင်) မှ မဆို ဖြစ်နိုင်ပါသည်။ သို့သော်လည်း ကိုယ်ပိုင် လုပ်ငန်း နှင့် မိသားစု အလုပ်လုပ်ကိုင်သူများ ၏ ထည့်ဝင်မှုတို့ ပါဝင်ခြင်းမရှိပါ။

DH–၂.၃ LIFT မှ ပံ့ပိုးပေးသည့် သင်တန်းအား အောင်မြင်ပြီးဆုံးအောင် တက်ရောက်ပြီး ၎င်းတို့၏ အလုပ်အကိုင် (သို့) စီးပွားရေး လုပ်ငန်းမှ ဝင်ငွေ တိုးတက် ရရှိလာသည့် သူများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း

ဤဉ္စွန်းကိန်းသည် အသက်မွေးဝမ်းကျောင်းမှု (သို့) စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းပြီးဆုံးပြီးနောက် ခြောက်လ အတွင်း ဝင်ငွေတိုးတက် ရရှိလာသည့်သူများ၏ အရေအတွက်ကို တိုင်းတာပါသည်။ ယင်းမှာ ပုဂ္ဂလိက ဝင်ငွေ တိုးလာသည်နှင့် စပ်လျဉ်း၍ ဖြေဆိုသူ၏ ပုဂ္ဂလဓိဌာန်ကျသည့် သဘောထားအမြင်ပေါ်တွင် အခြေခံပြီး အပြောင်းအလဲကို ရေတွက်ရန် မျက်မြင်လက်တွေ့ အချက်အလက်အား မှတ်သား နိုင်ခြင်းမရှိပါ။ ယင်းတွင် ယခင်က အလုပ်အကိုင်မရှိသော်လည်း အလုပ်အကိုင် ရှာဖွေပြီးနောက် ဝင်ငွေတိုးလာခြင်းများ ပါဝင်ပါသည်။

DH–၂.၄ LIFT၏ စီမံချက် ဒေသများအတွင်းရှိ အဓမ္မ ခိုင်းစေသည့် အခြေအနေ၌ အလုပ်ခန့်ထားသည့် သူများ၏ရာခိုင်နှုန်း

ဤ ဉ္စွန်းကိန်းသည် LIFT၏ စီမံချက်ဒေသများအတွင်းရှိ အဓမ္မ ခိုင်းစေသည့် အခြေအနေ၌ အလုပ်ခန့်ထားသည့် သူများ ရှိနေသည့် အခြေအနေကို တိုင်းတာပါသည်။ အရွယ်ရောက်ပြီးသူများအား အဓမ္မအလုပ်စေခိုင်းခြင်းကို ခန့်မှန်းသည့် ILO ၏ စစ်တမ်းကို အသုံးပြုသည့် လမ်းညွှန်ချက်များဖြင့် အိမ်ထောင်စု စစ်တမ်းများ ကောက်ယူခြင်းမှတဆင့် အဓမ္မအလုပ်စေခိုင်းခြင်း ရှိမရှိ ဆုံးဖြတ်ခြင်းကို ဆောင်ရွက်မည် ဖြစ်ပါသည်။ စစ်တမ်းများမှ ကောက်ယူရရှိသည့် ကိန်းဂဏန်း များမှ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း ဆိုင်ရာ ကိန်းဂဏန်း အချက်အလက် များသည် ဖော်ထုတ်နိုင်ခြင်းမရှိသည့် ကျူးလွန်ခံရသူများ၏ အချက်အလက် များ အပါအဝင် LIFT မှ ဦးတည်ရည်ရွယ်သည့် ဒေသများအတွင်းရှိ အဓမ္မ ခိုင်းစေမှု ဖြစ်ပွားခြင်းအား ကိုယ်စားပြုသည့် ခန့်မှန်း အရေအတွက်အား ပံ့ပိုးကူညီပေးမည် ဖြစ်သည်။





| မူလ ညွှန်းကိန်း တွက်ချက်ပုံ | ပြန်လည်ပြင်ဆင်ထားသည့်/မွမ်းမံထားသည့် ညွှန်းကိန်း တွက်ချက်ပုံ |
|---|---|
| NS ၁.၃ LIFT စီမံကိန်းဧရိယာများအတွင်းမှ သန့်ရှင်းသော သောက်သုံးရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများ လက်လှမ်းမီ ရရှိသည့် အိမ်ထောင်စုများ၏<br>အရေအတွက် | LIFT ဧရိယာများအတွင်းရှိ အိမ်ခြံဝင်းအတွင်းရှိ သန့်ရှင်းသော ရေ အရင်း အမြစ်များမှ သောက်သုံးရေအား တနှစ်ပတ်လုံးရရှိသည်ဟု အသိပေးအစီရင်ခံသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/ အရေ အတွက် |
| NH–၁.၄ LIFT ဧရိယာများအတွင်း ဘေးကင်းလုံခြုံစွာ စီမံထားသည့် သောက်သုံးရေဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုလျက်ရှိသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/အရေအတွက် | LIFT ဧရိယာများအတွင်း အိမ်ခြံဝင်းအတွင်းမှ ရရှိသော ဘေးကင်း လုံခြုံစွာ စီမံထားသည့် သောက်သုံးရေအား သောက်သုံးနေကြသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း/ အရေအတွက် |
| NH–၁.၅ LIFT ဧရိယာများအတွင်း အသက်နှစ်နှစ်အောက် ကလေးသူငယ် ရှိသည့် အမျိုးသား/အမျိုးသမီး များမှ ကလေးသူငယ်၏ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းများတွင် အိမ်ထောင်ဖက်/ လက်တွဲဖော်နှင့် အတူ ဆောင်ရွက်သည့် ရာခိုင်နှုန်း | ကလေးသူငယ်၏ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဆုံးဖြတ် ချက်များ ချမှတ်ရာတွင် တစ်ဦးချင်း(သို့) ပူးတွဲ၍ ပါဝင်ပတ်သက်သည့် အမျိုးသမီးများ၏ ရာခိုင်နှုန်း |
| DS–၁.၁ အလုပ်သမားဆိုင်ရာ နှင့် လူမှု ကာကွယ်စောင့်ရှောက်ရေး၊ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးတို့တွင် LIFT ၏ ထောက်ပံ့မှုဖြင့် လေ့ကျင့် သင်ကြားပေးခဲ့သည့် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ၊ အရပ်ဘက်လူမှု အဖွဲ့အစည်း၊ အလုပ်သမား အဖွဲ့အစည်းများ နှင့် မီဒီယာ တို့မှ ကျားမ အလိုက် ကိုယ်စားလှယ်များ၏ အရေအတွက် | "သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်း သွားလာမှုတို့အား ကူညီပံ့ပိုးပေးရန်" လေ့ကျင့်သင်ကြားပေးထားသည့် ပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်များ၏ အရေအတွက် |
| DS ၁.၂ စာရင်းစစ်ပြီးနောက် အလုပ်အကိုင်ခေါ်ယူ ခန့်ထားခြင်းဆိုင်ရာ အလေ့အကျင့်များသည် ကျင့်ဝတ်နှင့် အညီ လိုက်နာဆောင်ရွက်ကြောင်း တွေ့ရှိရသည့် စစ်ဆေးပြီးသော ပုဂ္ဂလိက ကဏ္ဍ စီးပွားရေးလုပ်ငန်းများ၏ အရေအတွက် | အဆိုပြုချက်အား ဆိုင်းငံ့ထားဆဲ ဖြစ်ပါသည်။ အဆိုပြုချက် အား အစားထိုးရန် သင့်တော်သည့် အချက်အလက် သုတေသန ဆက်လက် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ |
| DS–၁.၃. အလုပ်သမား အခွင့်အရေးများ ချိုးဖောက်ခံရခြင်းနှင့် လူကုန်ကူးခြင်းတို့နှင့် ဆိုင်သည့် နစ်နာမှုများအတွက် ပြန်လည်ကုစားပေးရန် အလုပ်သမားများအား လျော်ကြေး/နစ်နာကြေး အဖြစ် ချီးမြှင့်သည့် ငွေပမာဏ | "အလုပ်သမားများ၏ နစ်နာမှုများအား ပြန်လည်ကုစားခြင်းနှင့် နစ်နာကြေးတောင်းခံမှုအတွက် အလုပ်သမားများထံ ဖြည့်ဆည်းပေး သော ချီးမြှင့်သည့်ငွေပမာဏ" |
| DH–၁.၁ LIFT မှပံ့ပိုးပေးသည့် နည်းပညာနှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ သင်တန်းနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သင်တန်းအား အောင်မြင်စွာ တက်ရောက်ပြီးခဲ့သည့် သူများ၏ အရေအတွက် | "LIFT မှပံ့ပိုးပေးသည့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း တက်ရောက်ပြီးခဲ့သူများ၏ အရေအတွက် " |
| DH–၁.၂ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်း နှင့် ငွေကြေးဆိုင်ရာ အသိပညာ တို့တွင် LIFT မှပံ့ပိုးပေးသည့် သတင်း အချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှု များအား ပေးအပ်ခဲ့သည် ရွှေ့ပြောင်းလုပ်သားများနှင့် မိသားစုဝင်များ၏ အရေအတွက် | "LIFT မှပံ့ပိုးပေးသည့် သတင်းအချက်အလက်များ၊ သင်တန်းနှင့် ကူညီပေးသည့် ဝန်ဆောင်မှုများအား ပေးအပ်ခဲ့သော ရွှေ့ပြောင်း လုပ်သား များနှင့် မိသားစုဝင်များ၏ အရေ အတွက်" |
| DH–၂.၄ LIFT ၏ စီမံချက် ဒေသများအတွင်း အဓမ္မ ခိုင်းစေသည့် အခြေအနေ၌ အလုပ်ခန့်ထားသည့် သူများ၏ ရာခိုင်နှုန်း | "LIFT ၏ စီမံချက် ဒေသများအတွင်း အဓမ္မ ခိုင်းစေသည့် အခြေအနေ၌ အလုပ်ရသည့် သူများ၏ရာခိုင်နှုန်း " |

**အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ**
UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း ။ ။ ၀၁ – ၆၅၇ ၂၈၀~၇၊ ဖက်စ် ၀၁ – ၆၅၇ ၂၇၉

**အီးမေးလ်။ ။ lift@unops.org**
**www.facebook.com/liftfund**